အဘိဓမ္မာ(၇)ကျမ်းလာ

ကိုယ်ကြင်ကားများ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်

သန်လျင်တောရ ယင်းတော်မင်းကျောင်းဆရာတော်

ဟိတေသီနေလ အဂ္ဂဒိဋ္ဌက

သာသနာ ၂၅၁၉

ကောဇာ ၁၃၇၇

ခရစ် ၂၀၁၅



“သန့်လျင်တောရွာနှင့် ယင်းတော်မင်းကျောင်း ပတန နာယကဆရာတော်”

ဟိတေသီနေလ အရှင်နိုဝုတ

ပုံနှိပ်မှတ်တမ်း
ကွန်ပျူတာစာစီ
ဆရာလေး မတီကွဲညာဏီ
ဆရာလေး မသီကွဲဝတီ
ပိုနိုပ်သူ
ရွှေမြန်မာ ဝ ပိုနိုပ်တိုက်
ဦးမျိုးလွင် (မြဲ - ၁၃၉၄)
လယ်/ဆည်ရုံးဝင်း၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ

မာတိကာ

I. ကျေးဇူးတင်လွှာ ---------- (က - တ)

II. မိတ်ဆက် ---------- (i - xi)

III. နိဒါန်း ---------- (၁ - ၇)

IV. ရတနာ ၃-ပါးကို ရှိခိုးခြင်း ---------- (၉ - ၁၅)

၁။ ဓမ္မသင်္ဂဏီကျမ်းလာ ကိုယ်ကျင့်တရားများ (၁၇ - ၆၀၅)

တိကမာတိကာ

၁။ ကုသလတိက်လာ ကိုယ်ကျင့်တရားများ ---------- ၁၇

၂။ ကုသလပုဒ်၊ ဓမ္မပုဒ် ဝဝနတ္ထလာ ကိုယ်ကျင့်တရားများ ---------- ၂၃

၃။ ကုသလ၊ အကုသလ၊ အဗျာကတတို့၏ လက္ခဏာများ ---------- ၂၉

ဒုကတ္တိကဒုကလုတ္တိ

၄။ ယသို့ သမယေ၌ သမယသဒ္ဒါဖြင့် ပြဆိုခြင်းလာ ကိုယ်ကျင့်တရားများ ---------- ၃၂

၅။ ကာမာဝစရပုဒ်လာ ကိုယ်ကျင့်တရားများ ---------- ၄၂

၆။ ကုသလပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၄၅

၇။ စိတ္တာပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၄၈

၈။ ဥပ္ပန္နပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၅၅

၉။ စိတ္တံ ဥပ္ပန္နံ ဟောတိလာ ကိုယ်ကျင့်တရားများ ---------- ၅၈

၁၀။ သောမနဿသဟဂတပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၆၃

၁၁။ ဉာဏသမ္ပယုတ္တံ အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၇၀

၁၂။ ရူပါရမ္မဏံဇ၏ အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၇၂

၁၃။ အိန၊ သိလ၊ ဘာဝနာတို့ဖြင့် ဝေဖန်ခြင်းလာ ကိုယ်ကျင့်တရားများ ---------- ၈၀

၁၄။ ယံ ယံ ဇ၏ပနလာ ကိုယ်ကျင့်တရားများ ---------- ၁၀၂

ဓမ္မဥဒ္ဒေသ အဖွင့်

၁၅။ ဖဿ အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၁၀၅

၁၆။ ဝေဒနာ အဖွင့်လာ ကိုယ်ကျင့်တရားများ ---------- ၁၁၇

- မဋ္ဌကုဏ္ဍလိ၏ သုခဝေဒနာ ---------- ၁၁၉
- ခေမာမိဂုရား၏ ကုသိုလ် သုခဝေဒနာ ---------- ၁၁၉
- အနာထပိဏ်သူဌေး၏ ကုသိုလ် သုခဝေဒနာ ---------- ၁၂၀
- ယောဂီများ၏ သုခဝေဒနာ ---------- ၁၂၁

- သာရိပုတ္တရာမကြီး၏ ကုသိုလ် သုခဝေဒနာ ——— ၁၂၂
- အမ္မပါလိ၏ ကုသိုလ် သုခဝေဒနာ ——— ၁၂၃
- သိင်္ဂီနာမင်း၏ ကုသိုလ် သုခဝေဒနာ ——— ၁၂၄
- ဘာတိယမင်း၏ ကုသိုလ် သုခဝေဒနာ ——— ၁၂၅
- သုမင်္ဂလသူဌေး၏ ကုသိုလ် သုခဝေဒနာ ——— ၁၂၅
- ဗိမ္ဗိသာရမင်းကြီး၏ အမျှဝေ သုခဝေဒနာ ——— ၁၂၆

၁၇။ သညာ အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၃၅
- ဟား၏ ကုသိုလ်သညာ ——— ၁၃၆
- လင်းနို့သားငါးရော်၏ ကုသိုလ်သညာ ——— ၁၃၇
- နိဝိတ္တသညကထေရ်၏ ကုသိုလ်သညာ ——— ၁၃၇
- ဗုဒ္ဓသညကထေရ်၏ ကုသိုလ်သညာ ——— ၁၃၈
- ဝုဋ္ဌပန်ထေရ်၏ အနိစ္စသညာ ——— ၁၃၈
- ယသထေရ်၏ အသုဘသညာ ——— ၁၃၉

၁၈။ ဧဝတနာ အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၄၃
- သင်္ကိ သမ္မဋ္ဌကထေရ်၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၅
- တိကဏ္ဍကီယကထေရ်၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၆
- သောဏဟခင်၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၆
- တမ္ဗဒါဋ္ဌိက၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၇
- ကုန်သည်တို့၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၇
- ဒုဋ္ဌဂါမဏိမင်း၏ သေဒါနိုး ကုသိုလ်ကံ ——— ၁၄၈

၁၉။ စိတ္တံ ဟောတိ အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၅၄

၂၀။ ဝိတက် အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၅၆
- ဗုဒ္ဓ၏ အကြံတော် ——— ၁၅၇
- သဟမ္ပတိဗြဟ္မာ၏ အကြံ ——— ၁၅၈
- အရှင်ဗာဟိယဒါရုစီ၏ အကြံ ——— ၁၆၀
- မြတ်စွာဘုရား၏ အကြံ ——— ၁၆၁
- အရှင်အနုရုဒ္ဓါ၏ မဟာပုရိသဝိတက် ——— ၁၆၃

၂၁။ ဝိစာရ အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၆၆
- ဆရာဇိဝက၏ အကြံ ——— ၁၆၈
- သုသိမ၏ အကြံ ——— ၁၆၉
- အရှင်အာနန္ဒာ၏ အကြံ ——— ၁၇၂

၂၂။ ဝိတိ အဖွဲ့လာ ကိုယ်ကျင့်တရားများ ——— ၁၇၅
- တိဿထေရ်၏ ဥဇ္ဇဂါဝိတိ ——— ၁၇၇

- ကိုယ်ဝန်သည်၏ ဥဖွေဂါထိတိ ——— ၁၇၈
- ပဓာနိယထေရ်၏ ဖရဏာထိတိ ——— ၁၇၉
- ပုဿဒေဝထေရ်၏ ဖရဏာထိတိ ——— ၁၈၀
- မဟာကပ္ပိနထေရ်၏ ဖရဏာထိတိ ——— ၁၈၁
- အရှင်ရာဟုလာ၏ ဓမ္မရတိ ——— ၁၈၃

၂၃။ သုခဝေဒနာ အဖွင့်လာ ကိုယ်ကျင့်တရားများ ——— ၁၈၅

၂၄။ ကေဂ္ဂတာ (သမာဓိ) အဖွင့်လာ ကိုယ်ကျင့်တရားများ ——— ၁၈၉

- မလ္လိကာ၏ လောကဓံ သမာဓိ ——— ၁၉၂
- ဗာရာဏသိသူဌေး၏ ဒါနသမာဓိ ——— ၁၉၅
- မင်းသားငယ်၏ ရည်ရွယ်ချက် သမာဓိ ——— ၁၉၇
- အသိတာဘူမိဖုရား၏ သမာဓိ ——— ၂၀၁
- သူငယ်တို့၏ သမာဓိ ——— ၂၀၃
- အရှင်သောဏမယ်တော်၏ တရားနာသမာဓိ ——— ၂၀၆
- အကိတ္တိရသေ့၏ ဌာနသမာဓိ ——— ၂၀၉

၁၁။ သဒ္ဓါ အဖွင့်လာ ကိုယ်ကျင့်တရားများ ——— ၂၁၅

- အရှင်ဝက္ကလိထေရ်၏ သဒ္ဓါတရား ——— ၂၁၉
- အရှင်ရဋ္ဌပါလထေရ်၏ သဒ္ဓါတရား ——— ၂၂၂
- အနာထပိဏ်သူဌေး၏ သဒ္ဓါတရား ——— ၂၂၅
- ဝိသာခါ၏ သဒ္ဓါတရား ——— ၂၃၃
- ဥဂ္ဂသူဌေး၏ သဒ္ဓါတရား ——— ၂၃၅
- ဥဂ္ဂတသူဌေး၏ သဒ္ဓါတရား ——— ၂၃၇

၂၅။ ဝိရိယ အဖွင့်လာ ကိုယ်ကျင့်တရားများ ——— ၂၄၁

- စက္ခုပါလထေရ်၏ လုံ့လဝိရိယ ——— ၂၄၄
- ကုမ္ဘဃောသကသူဌေး၏ လုံ့လဝိရိယ ——— ၂၄၇
- မဟာဒုဂ်၏ လုံ့လဝိရိယ ——— ၂၅၀
- မဃလုလင်၏ လုံ့လဝိရိယ ——— ၂၅၈

၂၆။ သတိ အဖွင့်လာ ကိုယ်ကျင့်တရားများ ——— ၂၆၃

- ရဟန်းတစ်ပါး၏ သတိတရား ——— ၂၆၈
- ရဟန်းငယ်၏ သတိတရား ——— ၂၇၁
- ဂဝေသီ ဥပါသကာ၏ သတိတရား ——— ၂၇၃
- သမဏာနုတ်သား၏ သတိတရား ——— ၂၇၈
- မိလကထေရ်၏ သတိတရား ——— ၂၈၁
- ပံသုကူလထေရ်၏ သတိတရား ——— ၂၈၄

၂၇။ ပညာ အဖွဲ့လာ ကိုယ်ကျင့်တရားများ ---------- ၂၈၆
- အရှင်ကုဟရကသပ၏ ဝိပဿနာပညာ ---------- ၂၈၉
- အရှင်မာဂဏ္ဍိယ၏ ဝိပဿနာပညာ ---------- ၂၉၇
- ပုက္ကုသာတိမင်း၏ ဝိပဿနာပညာ ---------- ၃၀၁
၂၈။ ဇီဝိတိန္ဒြေ အဖွဲ့လာ ကိုယ်ကျင့်တရားများ ---------- ၃၀၈
၂၉။ ဟိရိ၊ ဩတ္တပ္ပ အဖွဲ့လာ ကိုယ်ကျင့်တရားများ ---------- ၃၁၀
၃၀။ ကုသိုလ်မူလရာသိ (အလောဘ၊ အဒေါသ) အဖွဲ့လာ ကိုယ်ကျင့်တရားများ ------- ၃၁၅
- ကုဒ္ဒါလပဏ္ဍိတ၏ အလောဘတရား ---------- ၃၂၂
- သာမာဝတီ၏ အဒေါသမေတ္တာတရား ---------- ၃၂၅
- ဥတ္တရာ၏ အဒေါသမေတ္တာတရား ---------- ၃၃၄
၃၁။ အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ အဓိပ္ပါယ်များ ---------- ၃၃၉
၃၂။ ယေဝါ ပနကာ တရားများ၏ အဓိပ္ပါယ်များ ---------- ၃၄၉
(က) ဆန္ဒဓေတသိက်၏ လက္ခဏာများ ---------- ၃၄၉
(ခ) အဓိမောက္ခ၏ လက္ခဏာများ ---------- ၃၅၀
(ဂ) မနသိကာရ၏ လက္ခဏာများ ---------- ၃၅၁
(ဃ) တတြမဇ္ဈတ္တတာ၏ လက္ခဏာများ ---------- ၃၅၂
(င) ကရုဏာ၏ လက္ခဏာများ ---------- ၃၅၃
- ဘုရားလောင်း မျောက်မင်း၏ ကရုဏာတရား ---------- ၃၅၄
(စ) မုဒိတာ၏ လက္ခဏာများ ---------- ၃၅၇
- သူဌေးနှင့် ဘုရင်၏ မုဒိတာများ ---------- ၃၅၉
(ဆ) ဝိရတိ စေတသိက်များ၏ လက္ခဏာများ ---------- ၃၆၃
၃၃။ မဟာကုသိုလ် ပဌမစိတ်၌ ဖြစ်သောတရားများ ---------- ၃၆၇
၃၄။ နာမ်တရားကို ပညတ်တပ်၍ ထုတ်ဖော်ရန် အလွန်ခဲယဉ်း ---------- ၃၇၂

တိကမာတိကာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၅။ ကုသိုလ် ပဌမစိတ်ကို ကုသလတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၇၄
၃၆။ ကုသိုလ် ပဌမစိတ်ကို ဝေဒနာတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၇၇
၃၇။ ကုသိုလ် ပဌမစိတ်ကို ဝိပါကတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၇၉
၃၈။ ကုသိုလ် ပဌမစိတ်ကို ဥပါဒိန္နတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၈၁
၃၉။ ကုသိုလ် ပဌမစိတ်ကို သံကိလိဋ္ဌတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ----- ၃၈၄
၄၀။ ကုသိုလ် ပဌမစိတ်ကို ဝိတက္ကတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------ ၃၈၆
၄၁။ ကုသိုလ် ပဌမစိတ်ကို ဝိတိတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၈၈
၄၂။ ကုသိုလ် ပဌမစိတ်ကို ဒဿနတိက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ------- ၃၉၁

၄၅။ ကုသိုလ် ပဌမစိတ်ကို အာစေဝဏ်ဖိတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ---- ၃၉၄
၄၆။ ကုသိုလ် ပဌမစိတ်ကို သေက္ခတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------- ၃၉၆
၄၇။ ကုသိုလ် ပဌမစိတ်ကို ပရိတ္တတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -------- ၃၉၉
၄၆။ ကုသိုလ် ပဌမစိတ်ကို ပရိတ္တာရုံမဂ္ဂင်္ဂတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ --- ၄၀၁
၄၇။ ကုသိုလ် ပဌမစိတ်ကို ဟီနတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ --------- ၄၀၃
၄၈။ ကုသိုလ် ပဌမစိတ်ကို မိဇ္ဈတ္တတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -------- ၄၀၅
၄၉။ ကုသိုလ် ပဌမစိတ်ကို မဂ္ဂါရုံမဂ္ဂင်္ဂတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ----- ၄၀၈
၅၀။ ကုသိုလ် ပဌမစိတ်ကို ဥပ္ပန္နတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ --------- ၄၁၁
၅၁။ ကုသိုလ် ပဌမစိတ်ကို အတီတတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------- ၄၁၃
၅၂။ ကုသိုလ် ပဌမစိတ်ကို အတီတာရုံမဂ္ဂင်္ဂတိက်ဖြင့် ဝေဖန်ခြင်းခဲ့ကိုယ်ကျင့်တရားများ -- ၄၁၄
၅၃။ ကုသိုလ် ပဌမစိတ်ကို အဇ္ဈတ္တတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------- ၄၁၆
၅၄။ ကုသိုလ် ပဌမစိတ်ကို အဇ္ဈတ္တာရုံမဂ္ဂင်္ဂတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -- ၄၁၈
၅၅။ ကုသိုလ် ပဌမစိတ်ကို သနိဒဿနတိက်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ----- ၄၂၀

ဒုကမာတိကာဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ

၅၆။ ကုသိုလ် ပဌမစိတ်ကို ဟေတုဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------ ၄၂၄
၅၇။ ကုသိုလ် ပဌမစိတ်ကို စူဠန္တေရုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ --------- ၄၃၁
၅၈။ ကုသိုလ် ပဌမစိတ်ကို အာသဝဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ----- ၄၄၁
၅၉။ ကုသိုလ် ပဌမစိတ်ကို သညောဇနဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ --- ၄၄၈
၆၀။ ကုသိုလ် ပဌမစိတ်ကို ဂန္ထဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -------- ၄၅၅
၆၁။ ကုသိုလ် ပဌမစိတ်ကို ဩဃဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------ ၄၆၂
၆၂။ ကုသိုလ် ပဌမစိတ်ကို ယောဂဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------ ၄၇၀
၆၃။ ကုသိုလ် ပဌမစိတ်ကို နီဝရဏဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ----- ၄၈၁
၆၄။ ကုသိုလ် ပဌမစိတ်ကို ပရာမာသဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ---- ၄၉၆
၆၅။ ကုသိုလ် ပဌမစိတ်ကို မဟန္တရုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -------- ၅၀၅
၆၆။ ကုသိုလ် ပဌမစိတ်ကို ဥပါဒါနဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------ ၅၁၆
၆၇။ ကုသိုလ် ပဌမစိတ်ကို ကိလေသဂါမ္ဆကဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ---- ၅၂၅
၆၈။ ကုသိုလ် ပဌမစိတ်ကို ပိဋ္ဌဒုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ---------- ၅၃၄

သုတ္တန္တိကမာတိကာဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ

၆၉။ ကုသိုလ် ပဌမစိတ်ကို ဝိဇ္ဇာဘာဂိဒုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------- ၅၄၉
၇၀။ ကုသိုလ် ပဌမစိတ်ကို ဝိဇ္ဇုပမဒုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ -------- ၅၆၁
၇၁။ ကုသိုလ် ပဌမစိတ်ကို ဇာလဒုဒ်၊ ကဏ္ဏဒုဒ်၊ တပနီယဒုဒ်ဖြင့် ဝေဖန်ခြင်း ------ ၅၆၃
၇၂။ ကုသိုလ် ပဌမစိတ်ကို အဓိဝစနဒုဒ်ဖြင့် ဝေဖန်ခြင်းခဲ့ ကိုယ်ကျင့်တရားများ ------- ၅၆၅

၇၃။ ကုသိုလ် ပဌမစိတ်ကို နိရုတ္တိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၆၆
၇၄။ ကုသိုလ် ပဌမစိတ်ကို ပဋိတ္တိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၆၇
၇၅။ ကုသိုလ် ပဌမစိတ်ကို နာမရူပဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၆၇
၇၆။ ကုသိုလ် ပဌမစိတ်ကို အဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၆၈
၇၇။ ကုသိုလ် ပဌမစိတ်ကို ဘဝဒိဋ္ဌိ စသောဒုက်တို့ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ------ ၅၇၀
၇၈။ ကုသိုလ် ပဌမစိတ်ကို အဟိရိကဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၇၂
၇၉။ ကုသိုလ် ပဌမစိတ်ကို ဟိရိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၇၃
၈၀။ ကုသိုလ် ပဌမစိတ်ကို ဒေါဝစသတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ --------- ၅၇၄
၈၁။ ကုသိုလ် ပဌမစိတ်ကို သောဝစသတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ -------- ၅၇၅
၈၂။ ကုသိုလ် ပဌမစိတ်ကို အာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ----- ၅၇၆
၈၃။ ကုသိုလ် ပဌမစိတ်ကို သမာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ --- ၅၇၉
၈၄။ ကုသိုလ် ပဌမစိတ်ကို ဓာတုကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ------ ၅၈၀
၈၅။ ကုသိုလ် ပဌမစိတ်ကို အာယတနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ --- ၅၈၁
၈၆။ ကုသိုလ် ပဌမစိတ်ကို ဌာနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ -------- ၅၈၂
၈၇။ ကုသိုလ် ပဌမစိတ်ကို အဇ္ဈဝဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၈၃
၈၈။ ကုသိုလ် ပဌမစိတ်ကို ခန္ဓိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၈၄
၈၉။ ကုသိုလ် ပဌမစိတ်ကို သာခလျဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၈၅
၉၀။ ကုသိုလ် ပဌမစိတ်ကို ဂ္ဂါန္ဒြိယေသုအဂုတ္တဒ္ဓိရတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ - ၅၈၆
၉၁။ ကုသိုလ် ပဌမစိတ်ကို ဂ္ဂါန္ဒြိယေသုဂုတ္တဒ္ဓိရတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ -- ၅၈၈
၉၂။ ကုသိုလ် ပဌမစိတ်ကို မုဋ္ဌဿစ္စဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၀
၉၃။ ကုသိုလ် ပဌမစိတ်ကို သတိသမ္ပဇညဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ --------- ၅၉၁
၉၄။ ကုသိုလ် ပဌမစိတ်ကို ပဋိသင်္ခါနဗလဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၂
၉၅။ ကုသိုလ် ပဌမစိတ်ကို သမထ၊ ဝိပဿနာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ------ ၅၉၃
၉၆။ ကုသိုလ် ပဌမစိတ်ကို သမထနိမိတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၄
၉၇။ ကုသိုလ် ပဌမစိတ်ကို ပဂ္ဂဟဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၅
၉၈။ ကုသိုလ် ပဌမစိတ်ကို သိလဝိပတ္တိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၆
၉၉။ ကုသိုလ် ပဌမစိတ်ကို သိလသမ္ပဒါဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၇
၁၀၀။ ကုသိုလ် ပဌမစိတ်ကို သိလဝိသုဒ္ဓိဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၅၉၉
၁၀၁။ ကုသိုလ် ပဌမစိတ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဧါ ပနဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ------- ၆၀၀
၁၀၂။ ကုသိုလ် ပဌမစိတ်ကို သံဝေဇနီယဌာနဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ -------- ၆၀၀
၁၀၃။ ကုသိုလ် ပဌမစိတ်ကို အသန္နဇ္ဈိတာ ကုသလဓမ္မဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ - ၆၀၂
၁၀၄။ ကုသိုလ် ပဌမစိတ်ကို ဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၆၀၃
၁၀၅။ ကုသိုလ် ပဌမစိတ်ကို ခယေဉာဏဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၆၀၅

၂။ ဝိဘင်းကျမ်းလာ ကိုယ်ကျင့်တရားများ (၆၀၇ - ၇၃၉)

၁။ ကုသိုလ် ပဌမစိတ်ကို ခန္ဓဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၀၈
၂။ ကုသိုလ် ပဌမစိတ်ကို အာယတနဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၂၇
၃။ ကုသိုလ် ပဌမစိတ်ကို ဓာတုဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၂၉
၄။ ကုသိုလ် ပဌမစိတ်ကို သစ္စဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၄၂
၅။ ကုသိုလ် ပဌမစိတ်ကို ဣန္ဒြိယဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၅၄
၆။ ကုသိုလ် ပဌမစိတ်ကို ပဋိစ္စသမုပ္ပါဒဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၅၈
၇။ ကုသိုလ် ပဌမစိတ်ကို သတိပဋ္ဌာနဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၆၆၅
- ကာယာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ---------- ၆၆၉
- ဝေဒနာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ---------- ၆၉၂
- စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ---------- ၆၉၇
- ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ---------- ၇၀၀
၈။ ကုသိုလ် ပဌမစိတ်ကို သမ္မပ္ပဓာနဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၁၆
၉။ ကုသိုလ် ပဌမစိတ်ကို ဣဒ္ဓိပါဒဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၂၀
၁၀။ ကုသိုလ် ပဌမစိတ်ကို ဗောဇ္ဈင်္ဂဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၂၂
၁၁။ ကုသိုလ် ပဌမစိတ်ကို သိက္ခာပဒဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၂၅
၁၂။ ကုသိုလ် ပဌမစိတ်ကို ပဋိသမ္ဘိဒါဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၂၆
၁၃။ ကုသိုလ် ပဌမစိတ်ကို ဉာဏဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၃၁
၁၄။ ကုသိုလ် ပဌမစိတ်ကို ခုဒ္ဒကဝတ္ထုဝိဘင်းဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၃၄

၃။ ဓာတုကထာကျမ်းလာ ကိုယ်ကျင့်တရားများ (၇၄၁ - ၇၄၆)

၁။ ကုသိုလ် ပဌမစိတ်ကို ဓာတုကထာဖြင့် ဝေဖန်ခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၄၁

၄။ ပုဂ္ဂလပညတ္တိကျမ်းလာ ကိုယ်ကျင့်တရားများ (၇၄၇ - ၇၈၁)

၁။ ဗာလပုထုဇ္ဇဉ်အဖြစ်မှ ရှောင်ရန် ---------- ၇၄၈
၂။ ဂေါတြဘူပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၅၀
၃။ ဘယူပရတပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၅၃
၄။ အဘဗ္ဗာဂမနပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၅၇
၅။ ဘဗ္ဗာဂမနပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၆၀
၆။ နိယတပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၆၂
၇။ ဋိတကပ္ပိပုဂ္ဂိုလ်ကို ဖော်ပြခြင်းခဏ် ကိုယ်ကျင့်တရားများ ---------- ၇၆၇

အဘိဓမ္မာ (၇) ကျမ်းလာ ကိုယ်ကျင့်တရားများ

၈။ ဒွေဒုလ္လဘပုဂ္ဂိုလ်ကို ဖော်ပြခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၇၇၁
၉။ ဒွိစက္ခုကပုဂ္ဂိုလ်ကို ဖော်ပြခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၇၇၄
၁၀။ ပုပ္ဖဘာဏီပုဂ္ဂိုလ်ကို ဖော်ပြခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၇၇၆
၁၁။ ဒုပ္ပမေယျပုဂ္ဂိုလ်ကို ဖော်ပြခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၇၇၈
၁၂။ သာရ သာရပရိဝါရပုဂ္ဂိုလ်ကို ဖော်ပြခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၇၈၀

၅။ ကထာဝတ္ထုကျမ်းလာ ကိုယ်ကျင့်တရားများ (၇၈၃ - ၈၂၁)

၁။ ကထာဝတ္ထုကျမ်း နိဒါန်းဖော်ပြချက် ---------- ၇၈၃
၂။ ပုဂ္ဂိုလ်ကို ပရမတ္ထသစ္စာအားဖြင့် ရအပ်/မရအပ် စိစစ်ခြင်း ---------- ၇၈၇
၃။ ရဟန္တာဌ အဝိဇ္ဇာမရှိပုံကို ပြဆိုပုံများ ---------- ၇၉၅
၄။ ဒုက္ခဟုဆိုတိုင်း မဂ်ကိုပွားစေခြင်း မဟုတ်ပုံကို ပြဆိုခြင်း ---------- ၇၉၈
၅။ သဒ္ဓိရအားလုံး ပြာပုံနှင့်တူဏ်ဟူသော အယူကို ပယ်ဖျက်ခြင်း ---------- ၈၀၀
၆။ ပရိဘောဂမယ ပုညကထာကို ပြဆိုခြင်း ---------- ၈၀၆
၇။ ဇီဝိတာ ဝေါရောပနကထာကို ဖော်ပြခြင်း ---------- ၈၁၄
၈။ နဝတ္တွဗ္ဗံ သံဃသဿ ဒိန္နံ မဟပ္ဖလံ ကထာကို ပြဆိုခြင်း ---------- ၈၁၇

၆။ ယမိုက်ကျမ်းလာ ကိုယ်ကျင့်တရားများ (၈၂၃ - ၈၉၉)

၁။ ကုသိုလ် ပဌမစိတ်ကို မူလယယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၂၃
၂။ ကုသိုလ် ပဌမစိတ်ကို ခန္ဓယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၃၂
၃။ ကုသိုလ် ပဌမစိတ်ကို အာယတနယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၄၂
၄။ ကုသိုလ် ပဌမစိတ်ကို ဓာတုယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၄၈
၅။ ကုသိုလ် ပဌမစိတ်ကို သစ္စယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၄၉
၆။ ကုသိုလ် ပဌမစိတ်ကို သဒ္ဓိရယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၆၂
၇။ ကုသိုလ် ပဌမစိတ်ကို အနုသယယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၇၃
၈။ ကုသိုလ် ပဌမစိတ်ကို စိတ္တယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၇၈
၉။ ကုသိုလ် ပဌမစိတ်ကို ဓမ္မယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၈၅
၁၀။ ကုသိုလ် ပဌမစိတ်ကို ဣန္ဒြိယယိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ---------- ၈၉၃

ရေးပဌာန်းကျမ်းလာ ကိုယ်ကျင့်တရားများ (၉၀၁ - ၉၈၁)

၁။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဟေတုပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၀၁
၂။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အာရမ္မဏပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ —— ၉၀၅
၃။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အဓိပတိပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၁၆
၄။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အနန္တရပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၂၂
၅။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ သမနန္တရပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ----- ၉၂၅
၆။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ သဟဇာတပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ —— ၉၂၅
၇။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အညမညပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ---- ၉၂၈
၈။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ နိဿယပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၃၁
၉။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဥပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ —— ၉၃၄
၁၀။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ပုရေဇာတပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ —— ၉၄၆
၁၁။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ပစ္ဆာဇာတပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၄၇
၁၂။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အာသေဝနပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ —— ၉၄၉
၁၃။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ကမ္မပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၅၃
၁၄။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဝိပါကပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၅၆
၁၅။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အာဟာရပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ---- ၉၆၀
၁၆။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဣန္ဒြိယပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ----- ၉၆၅
၁၇။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဈာနပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၇၀
၁၈။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ မဂ္ဂပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၇၃
၁၉။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ သမ္ပယုတ္တပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ---- ၉၇၅
၂၀။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဝိပ္ပယုတ္တပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ---- ၉၇၆
၂၁။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၇၈
၂၂။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ နတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၇၉
၂၃။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ ဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ——— ၉၈၀
၂၄။ ကုသိုလ် ပဌမစိတ်ကို ပဋ္ဌာဒါရ အဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်းခွ် ကိုယ်ကျင့်တရားများ ---- ၉၈၁

ကျေးဇူးတင်လွှာ

ဟိတေသီနေလ အရှင်နိုပုဏ္ဏာ၏

ကျေးဇူးတင်လွှာ

အနှစ်(၃၀)ကျော် ။ ။ သဗ္ဗညုဗုဒ္ဓ (၄၅)ဝါတိုင်တိုင် ဇင် (၄၅)ဝါကာလပတ်လုံး လူ, နတ်, ဗြဟ္မာ ဝေနေယျသတ္တဝါအပေါင်းတို့အား လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာနိုင်သော အကျိုးတရားများကို ရရှိစေခြင်းငှာ ဟောကြားတော်မူထားအပ်သော ပိဋကသုံးပုံ, နိကာယ်ငါးရပ်တို့၌ လူအများ လိုက်နာကျင့်သုံးရန် 'ကိုယ်ကျင့်တရားများ' ပြောက်များစွာ ပါလေ၏။ ထိုကိုယ်ကျင့်တရားများကို လူအများဖတ်ရှုနိုင်ရေးအတွက် စာအုပ်အဖြစ်သို့ရောက်ရန် စာရေးသားလိုသော ဆန္ဒသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ကပင် ဤစာရေးသူ၌ ဖြစ်ပေါ်ခဲ့လေ၏။

တစ်နှစ်အဖိုဌာန် ဝင်ဆဲ့ကယင် ။ ။ ဤကျေးဇူးတင်လွှာကို ရေးသားနေသော ၁၃၇၇ - ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်၊ (၇-၅-၂၀၁၅) ကြာသပတေးနေ့၌ ဤစာရေးသူ၏အသက်သည် (၇၀)ရှိပြီ ဖြစ်၏။ ဤနှစ်မှထောက်သော် လွန်ခဲ့သော နှစ်ပေါင်း (၃၆)နှစ်၊ ၁၃၄၀ - ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်၊ (၃၁-၁၀-၁၉၇၈) အင်္ဂါနေ့ မှစ၍ သန်လျင်မြို့ သန်လျင်တောရွာ၌ တစ်နှစ်တိုင်တိုင် အဓိဌာန်ဝင်ခဲ့ရာ ထိုအချိန်၌ ဤစာရေးသူ၏ အသက်သည် (၃၄)နှစ်ရှိခဲ့လေ၏။ ထိုအချိန်ကပင် ပိဋကသုံးပုံ နိကာယ်ငါးရပ် မြန်မာပြန်စာအုပ်များကို အကြမ်းဖျင်း ဖတ်ရှုပြီး စာရေးသားလိုသောစိတ် ဖြစ်ပေါ်ခဲ့ပေ၏။

ပို၍ ဆန္ဒပြင်းလာ ။ ။ ထို့နောက် ၁၃၄၃ - ခုနှစ်၊ ဇါဒေါင်လပြည့်ကျော် (၁)ရက်၊ (၁၆-၈-၁၉၈၁) တနင်္ဂနွေနေ့ မှစ၍ ထိုသန်လျင်မြို့ သန်လျင်တောရွာပင် သုံးနှစ်အဓိဌာန် ထပ်မံဝင်လိုက်ပြန်လေ၏။ ဒီတစ်ခါ၌ ပိဋကသုံးပုံ, နိကာယ်ငါးရပ်တို့ကို ရှေးတစ်နှစ်ကထက် ပို၍ဖတ်ရှုလေ့လာ နေမိခဲ့သည့်အားလျော်စွာ

ထိုပဋိဋ္ဌကနိကာယ်များမှ ထုတ်နှုတ်၍ လူအများအတွက် ရေးသားဖို့ရာ ပို၍ဆန္ဒပြင်းပြခဲ့လေ၏။ ထိုအချိန်၌ အသက်သည် (၃၇)နှစ်သို့ ရောက်ခဲ့လေ၏။

ရေးနိုင်ရန် မလွယ် ။ ။ သို့ရာတွင် သဗ္ဗညုဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားဒေသနာတော်သည်ကား ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ နူးညံ့၏။ သိပြင်နိုင်ခဲ၏။ လူတို့၏ သာမညဉာဏ်နှင့် လိုက်၍မမိနိုင်သော ဈာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားများ ပါဝင်၏။ မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ပြန့်၏။ ယင်းသဘောကို လူအများ နားလည်အောင်, လိုက်နိုင်အောင် ရေးနိုင်ဖို့ရာသည်ကား အတော်မလွယ်သောကိစ္စ ဖြစ်လေ၏။ ရေးနည်းရေးဟန်ကို ဘယ်လိုမှုချ၍ ရေးရမည်ဟူသည်ကိုပင် စဉ်းစားရခက်လှက် ရှိနေလေ၏။

ကျင့်စုံဦးကာ ။ ။ ဤသို့စဉ်းစားရင်းပင် (၁၂)နှစ်ဟူသော အချိန်သည် ကုန်လွန်ခဲ့ပြီး နောက် ဆန္ဒပြင်း၍ မနေနိုင်သည့်အဆုံး ၁၃၆၈ - ခုနှစ်၊ နယုန်လ၊ ၂၀၀၆ - ခုနှစ်၊ နိုဝင်ဘာလ - အသက် (၆၂)နှစ်သို့ ရောက်လာသော အချိန်၌ သီလကွန်ပါဠိတော်ကို အဋ္ဌကထာ, ဋီကာအဖွင့်ကို မူတည်ထား၍ စတင်ရေးသားရာ (၇)လ အကြာတွင် သုတ်သီလကွန်တစ်အုပ် ပြီးလေ၏။ ကျမ်းအမည်ကို 'ပဋိဋ္ဌကသုံးပုံ ကျင့်စုံဋီကာ အမှတ်(၁)' ဟူ၍ တပ်လိုက်လေ၏။ ထိုကျမ်းကို အင်္ဂလိပ်လိုပင် ဘာသာပြန်၍ ထုတ်ဝေလိုက်သေး၏။

၃-နှစ်ဝင်ရန် ဆုံးဖြတ် ။ ။ သို့ရာတွင် ထိုအဋ္ဌကထာ, ဋီကာအဖွင့်ကို မူတည်၍ ရေးသားလိုက်ခြင်းသည်ကား လူအများလိုက်၍ မမိကြသည့်အပြင် တွင်ကျယ်မှုလည်း မရှိသည်ကို သတိပြုမိသောကြောင့် ထိုအတိုင်းသာ ဆက်၍ရေးပါက ပဋိဋ္ဌကသုံးပုံ နိကာယ်ငါးရပ်ကို ဤဘဝ၌ ဘယ်လိုမှ ပြီးအောင် ရေးနိုင်မည် မဟုတ်သည်ကို ကောက်ချက်ချမိပြန်လေ၏။ သို့ဖြစ်၍ 'ဆက်၍ ဘယ်လို ရေးရ ကောင်းမည်နည်း' ဟူ၍ စဉ်းစားရင်းပင် (၆)နှစ်ကျော် ကာလသို့ ရောက်လာခဲ့ပြီး အသက်လည်း (၆၈)နှစ်အရွယ်သို့ ရောက်ရှိလာခဲ့လေ၏။

တစ်ဖြည်းဖြည်း အသက်လည်းရလာ၊ ကြီးလာပြီဖြစ်၍ 'ဤအတိုင်းချည်း ဆက်လက်စဉ်းစားနေ၍ မဖြစ်ချေတော့ဘူး။ ပြီးအောင်တော့ ရေးတော့မည်' ဟု သတိပြုမိကာ အဓိဌာန်မဝင်ဘဲ ရေးနေလိုက်တော့ ဟိုအကြောင်း, ဒီအကြောင်းနှင့် ပြီးနိုင်မည် မဟုတ်။ အဓိဌာန်ဝင်၍ရေးမှ ပြီးနိုင်မည်ကို စဉ်းစားမိ၍ (၃)နှစ်အဓိဌာန်ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်ရလေ၏။

(၃)နှစ် ဝင်ပြန်ခြင်း ။ ။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ဝိဋ္ဌကသုံးပုံ, နိကာယ၎းရပ် ဟူသော မဟာသမုဒ္ဒရာကြီးကို ကူးခတ်နိုင်ရန် ဘုဂ္ဂ - ခုနှစ်၊ ဒုတိယ၀ါဆိုလပြည့်ကျော် (၁)ရက် (၃-၈-၂၀၁၂) သောကြာနေ့ ည (၁၀)နာရီခွဲ အချိန်မှစ၍ (၃)နှစ်အဓိဌာန် ဝင်ရောက်ခဲ့လေတော့၏။

နိကာယ်တစ်ခု ကျန်ဦးမည် ။ ။ စဝင်ခဲ့စဉ်က နိကာယ၎းရပ် ရှိသည့်အနက် နိကာယ်လေးရပ်လောက် ပြီးနိုင်၏။ စာအုပ်ရေများသော၊ ဝတ္ထုကြောင်းလည်းများသော ခုဒ္ဒကနိကာယ် တစ်ခုလောက်တော့ ကျန်ပေဦးမည်။ ယင်းကို နောက်တစ်ခါ အဓိဌာန်ဝင်၍ ရေးမည်ဟူ၍ ပိုင်းဖြတ်ထားလေ၏။

ရေးမည့်နိကာယ်များ ။ ။ ရေးရန်ဆုံးဖြတ်ထားသော ဝိဋ္ဌကကျမ်းစာ နိကာယ်များမှာ -

၁။	ဝိနည်း (၅)ကျမ်း	- (၆)လ၊
၂။	အဘိဓမ္မာ (၇)ကျမ်း	- (၆)လ၊
၃။	အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်း	- (၆)လ၊
၄။	သံယုတ္တနိကာယ် (၅)ကျမ်း	- (၆)လ၊
၅။	မဇ္ဈိမနိကာယ် (၃)ကျမ်း	- (၆)လ၊
၆။	ဒီဃနိကာယ် (၃)ကျမ်း	- (၆)လ -

- အားဖြင့် ရေးရန် (၆)စုရှိသည့်အနက် တစ်စုကို ၆-လစီအားဖြင့် ၃-နှစ်ဆို ပြီးနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် အဓိဌာန်စတင်ဝင်ခဲ့ပြီ ဖြစ်လေ၏။

ပိဋကတပေါဠ ဘာဂ–အုပ် ။ ။ ထိုပိဋကနိကာယ ၅–ရပ်များကို စာအုပ်အရေအတွက် အားဖြင့် ရေတွက်ကြည့်သောအခါ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဟူ၍ ရှိသည့်အနက်က ပါဠိတော်အုပ်ရေ –

၁။	ဝိနည်း ၅–ကျမ်း	– ၅	– အုပ်ရှိ၏။
၂။	အဘိဓမ္မာ ၇–ကျမ်း	– ၁၂	– အုပ်ရှိ၏။
၃။	အင်္ဂုတ္တရနိကာယ ၁၁–ကျမ်း	– ၃	– အုပ်ရှိ၏။
၄။	သံယုတ္တနိကာယ ၅–ကျမ်း	– ၃	– အုပ်ရှိ၏။
၅။	မဇ္ဈိမနိကာယ ၃–ကျမ်း	– ၃	– အုပ်ရှိ၏။
၆။	ဒီဃနိကာယ ၃–ကျမ်း	– ၃	– အုပ်ရှိ၏။
၇။	ခုဒ္ဒကနိကာယ ၂၁–ကျမ်း	– ၁၁	– အုပ်ရှိ၏။

စုစုပေါင်း ပါဠိတော်အုပ်ရေ ၄၀–ရှိလေ၏။ ထိုပါဠိတော်၏အဖွင့် အဋ္ဌကထာအုပ်ရေ ၅၁–အုပ်ရှိ၏။ ထိုအဋ္ဌကထာအဖွင့် ဋီကာအုပ်ရေ ၂၆–အုပ်ရှိ၏။ စုစုပေါင်း ၁၁၇–အုပ် ရှိလေ၏။

ပြီးအောင်ရေးတော့မည် ။ ။ ၎င်း ၁၁၇–အုပ်ကုန်သော ပိဋကတ ၃–ပုံ၊ နိကာယ ၅–ရပ် စာပေတို့သည် မြန်မာစာပေနှင့် ရှိကြသည် မဟုတ်။ ပါဠိတော်စာပေနှင့်သာ ရှိကြခြင်း ဖြစ်လေ၏။ အားလုံးသည် သဗ္ဗညုဗုဒ္ဓ ဟောတော်မူအပ်သော ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်းများ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ရနိုင်ကြောင်းများကို ဟောတော်မူထားအပ်သည်ချည်း ဖြစ်၍ ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ နူးညံ့၏။ မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ပြန့်၏။ သို့ဖြစ်၍ –

'ဘယ်လိုလဲ။ ရေးနိုင်ပါမည်လား' – ဟူ၍ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရ၏။

'အဓိဋ္ဌာန်ဝင်၍ ပြီးအောင် ရေးမည်ဟူ၍ ဆုံးဖြတ်ပြီးမှတော့ ဘယ်လိုဖြစ်ဖြစ် ပြီးအောင်ရေးရတော့မှာပဲ' – ဟူ၍သာ အဖြေပေးလိုက်ရလေတော့၏။

တစ်ရက်လုပ်ငန်းစဉ် ။ ။ အဓိဌာန်မဝင်ခင်က ကျန်းမာရေးနှင့် ညီညွတ်အောင် တစ်နေ့ကို (၈)နာရီပြည့်အောင် အိပ်၏။ အဓိဌာန်ဝင်တော့ တစ်နေ့ကို (၆)နာရီ အိပ်၏။ မပြီးမှာစိုးလို့ တစ်ဖန် (၅)နာရီလောက်လည်း အိပ်၏။ အအိပ်နည်းခဲ့လား မသိ။ တစ်ဘဝတစ်ဘဝ အလွန်အမင်း အိပ်ချင်၏။ စာရေးနေရင်း ဘောပင်လွတ်ကျလို့ လွတ်ကျ၏။ စာကြည့်နေရင်း စာအုပ်လွတ်ကျလို့ လွတ်ကျ၏။ ဤနည်းဖြင့် တစ်ရက်ကို (၂၄)နာရီ ရှိသည့်အနက်က (၆)နာရီလောက် စာရေး၊ စာကြည့်၊ စာလေ့လာ ဖြစ်လေ၏။

ကျန်အချိန်တို့၌ နံနက်အစော ၃-နာရီ ဝိနစ် ၂၀-တွင် အိပ်ရာမှ ထ၏။ မျက်နှာသစ်၏။ ကိုယ်လက်သုတ်သင်၏။ ရေသောက်၏။ ဆေးသောက်၏။ ယင်းအတွက် နာရီဝက်လောက် အချိန်ကုန်သွား၏။ ထို့နောက် များစွာသော ဗုဒ္ဓရုပ်ပွားတော်များကို မျက်နှာတော် သုတ်ပေး၏။ ဖုန်ဝါပေး၏။ ထို့နောက် သောက်တော်ရေ ၆၅-ခွက်တို့ကို သောက်တော်ရေလဲ၏။ ပေတ္တာပို့၏။ ဂုဏ်တော်ပွား၏။ အမျှဝေ၏။ ပရိတ်ရွတ်၏။ ပန်း၊ ရေချမ်း ဆီမီးကပ်၏။ အမွှေးတိုင်ကပ်၏။ ဘုရားခန်း (၁၁)ခန်း တစ်ခန်းဝင် တစ်ခန်းထွက် ဘုရားရှိခိုး၏။ တရားထိုင်၏။ ထို့နောက် အရက်ဆွမ်း စား၏။ ဤလိုနှင့် နံနက် (၇)နာရီတိုးအထိ အချိန်ကုန်လေ၏။

အရက်စားပြီး ၁၅-မိနစ်ခန့် အိပ်၏။ ထို့နောက် အိပ်ရာမှထ၍ ကျောင်း သန့်ရှင်းရေး လုပ်၏။ ရေပိုးချို၏။ (၈)နာရီခွဲသို့ ရောက်၏။ ထိုမှစ၍ နံနက် (၁၀)နာရီခွဲအထိ စာရေးတော့၏။

(၁၀)နာရီ (၄၅)မိနစ်တွင် နေ့ဆွမ်းစား၏။ ဆွမ်းစားချိန် မိနစ် (၄၀), (၄၅)မိနစ် ကြာ၏။ ဆွမ်းစားပြီး မေတ္တာပို့ အမျှဝေ ဂုဏ်တော်ပွား (၁၀)မိနစ်လောက် လုပ်၏။ ထို့နောက် မွန်းတည့် (၁၂)နာရီအထိ မိနစ် (၂၀)ခန့် စာရေးလေ၏။ ထို့နောက် မွန်းလွဲ (၂)နာရီတိုးအထိ အိပ်လေ၏။ ဆရာလေး မတိကွဉာဏ်၊ မသိက္ခဝတီတို့က အရက်ဆွမ်း၊ နေ့ဆွမ်းကပ်ကြ၏။ ဆရာလေး မအာသာဝတီတို့က ချက်ပြုတ်ပေးလေ၏။

မွန်းလွဲ (၂)နာရီတိုး အိပ်ရာမှထပြီး မျက်နှာသစ်ပြီးနောက် ဆေးသောက်၏။ ရေသောက်၏။ သွားသန့်ရှင်းရေး လုပ်၏။ ထို့နောက် နာရီဝက်ခန့် လမ်းလျှောက်၏။

လမ်းလျှောက်ရင်း မေတ္တာပို့၏။ ဂုဏ်တော်ပွား၏။ ပရိတ်ရွတ်၏။ ဤလိုနှင့် ညနေ (၃)နာရီခွဲ, (၄)နာရီသို့ ရောက်လေ၏။

ထိုမှနောက် ညဉ့် (၁၀)နာရီခွဲအထိ စာရေး၏။ စာကြည့်၏။ စာလေ့လာ၏။ ထို့နောက် တရားထိုင်၏။ ဤကြားထဲ စာရေး၍ နာရီဝက်ရှိတိုင်း (၅)မိနစ်ခန့် လမ်းလျှောက်၏။ လမ်းလျှောက်ရင်း ဗောဇ္ဈင်သုတ်ကို ရွတ်လေ၏။ ညနေ (၆)နာရီခွဲ သံပုရာရည် သောက်၏။ ည(၈)နာရီခွဲ ပျားရည်တစ်ဇွန်း သောက်၏။ ဆရာလေး မအာသာ၀တီ၊ မသုမနာ၊ မဓမ္မဉာဏီတို့ ကပ်ကြ၏။

ညဉ့် (၁၁)နာရီခွဲကျော်၌ အိပ်၏။ မအိပ်ခင် ဘုရားရှိခိုး၊ မေတ္တာပို့ အမျှ၀ေ၏။ နံနက် (၃)နာရီ မိနစ် (၂၀)လောက် ထ၏။ ဤကား တစ်ရက်တာ နေ့စဉ် အဓိဋ္ဌာန်လုပ်ငန်း ကျင့်စဉ်ပြစ်လေ၏။

တကယ်လုပ်တော့ အဟုတ်ပြီး ။ ။ ဤနည်းဖြင့် (၂)နှစ်နှင့် (၂)လမျှ ကြာသောအခါ အစက မပြီးဘူးလို့ ထင်ထားခဲ့သော ခုဒ္ဒကနိကာယ် (၂၁)ကျမ်းအပါအ၀င် ပိဋကတ ၃-ပုံ၊ နိကာယ ၅-ရပ် အလုံးစုံ ပြီးစီးသွားလေ၏။ ပြီးမြောက်သောနေ့၌ 'တကယ်လုပ် အဟုတ်ပြီး' သဘောအရ မယုံကြည်နိုင်လောက်အောင် ပြီးမြောက်သွားသည်ဖြစ်၍ ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရှိရလေ၏။

နောက်ထပ် ၃-ကျမ်း ။ ။ အဓိဋ္ဌာန်၀င်သည့်ရက် ၁၃၇၄-ခု၊ ဒုတိယ ၀ါဆိုလပြည့်ကျော် (၁)ရက် ၃-၈-၂၀၁၂ သောကြာနေ့ စ၀င်၍၊ အဓိဋ္ဌာန်ထွက်မည့်ရက် ၁၃၇၇-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက် ၂၁-၉-၂၀၁၅ တနလ်ာနေ့ ဖြစ်ရာ အဓိဋ္ဌာန်၀င်မှုသည် ၃-နှစ်၊ ၂-လနှင့် ရက်ပေါင်း ၂၀-ဖြစ်လေ၏။

၃-နှစ် အဓိဋ္ဌာန်၀င်ခြင်း၏ အဓိကလုပ်ငန်း ပြီးမြောက်ပြီဖြစ်၏။ အဓိဋ္ဌာန်ထွက်ရန် ၁-နှစ်ခန့် ကျန်နေသေး၏။ ထိုကျန်နေသော အချိန်၌ အချိန်ပြုန်းမနေဘဲ ပြုထိုက်သော ကျမ်းစာများကို ဆက်လက်ပြုစုရာ -

၁။ တတ်ကြွေးလေးပါးနှင့် ဝိပဿနာ၊

၂။ သန္ဓိဗျောဓိ၊

၃။ အရိယာဘုံသွား ဉာဏ်လှေခါးကျပ်။

ထို ၃-ကျပ်းကိုပင် အပိုရေးသားမှု ပြီးစီး၏။ အားလုံး ၂-နှစ်နှင့် ၁၀-လ အတွင်း၌ပင် ကျပ်းပေါင်း ၁၂-ကျပ်းကို ရေးသားပြုစုမှု ပြီးစီးလေ၏။ ဤသို့တိုင် အဓိဋ္ဌာန်ထွက်ရန် ၄-လမျှ ကျန်နေသေး၏။ ထိုကျန်ရှိနေသော ၄-လ၌ ဝိဒူက ၃-ပုံမှ လေ့လာမှတ်သားသင့်သည်များကို လေ့လာမှတ်သားရမည် ဖြစ်ပေ၏။

<u>ပြီးဆီးပုံ အငြခြအနေ</u> ။ ။ အဓိဋ္ဌာန်ဝင်ခြင်း၏ အဓိကလုပ်ငန်းဖြစ်သော ဝိဒူက ၃-ပုံ နိကာယ ၅-ရပ် စာအုပ်များ ရေးသားပြီးစီး၍ လူအတော်လေး ပေါ့ပါးရွှင်လန်းမှု ဖြစ်သွား၏။ ဤသို့ ဝိဒူက ၃-ပုံ၊ နိကာယ ၅-ရပ်တို့ကို ရေးသားမှု ပြီးစီးသည် ဆိုရာ၌ အကုန်လုံး လုံးစေ့ပါဂ်စေ့ ရေးသားပြီးစီးခြင်းမျိုး မဟုတ်ပေ။ ရဟန်း၊ ရှင်၊ လူအများ လိုက်၍မိန့်ဝင်လောက်သော၊ နားလည်နိုင်လောက်သော 'ကိုယ်ကျင့်တရားများ'ကို ရွေးချယ် ထုတ်နှုတ်၍ ရေးသားခြင်းကြောင့်သာ ပြီးစီးခြင်း ဖြစ်လေ၏။

လုံးစေ့ပါဂ်စေ့သော ရေးနေမည် ဆိုပါက ဝိဒူက ၃-ပုံ၊ နိကာယ ၅-ရပ်ကို မပြောနဲ့။ ဝိဒူက ၁-ပုံ၊ နိကာယ ၁-ရပ်ပင် မပြီးနိုင်ရုံမက ဝိနည်း ၅-ကျပ်းပင် ပြီးနိုင်ရန် မလွယ်ကူပေ။ လူအများ လိုက်နိုင်၊ နားလည်နိုင်လောက်သော 'ကိုယ်ကျင့်တရားများ' ကို ရွေးချယ်ထုတ်နှုတ်၍ ရေးသားချက်ကြောင့်သာ ပြီးစီးခြင်း ဖြစ်လေ၏။

၁။ ရှေးဦးစွာ ဝိနည်း (၅)ကျပ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၂။ ထို့နောက် အဘိဓမ္မာ (၇)ကျပ်းကို ရေး၏။ ၅-လအကြာ၌ ပြီး၏။

၃။ ထို့နောက် အင်္ဂုတ္တရနိကာယ် (၁၁)ကျပ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၄။ ထို့နောက် သံယုတ္တနိကာယ် (၅)ကျပ်းကို ရေး၏။ ၃-လအကြာ၌ ပြီး၏။

၅။ ထို့နောက် မဇ္ဈိမနိကာယ် (၃)ကျပ်းကို ရေး၏။ ၃-လမျှနှင့် ပြီး၏။

၆။ ထို့နောက် ဒီဃနိကာယ် (၃)ကျမ်းကို ရေး၏။ ၃-လမျှနှင့် ပြီး၏။
၇။ ထို့နောက် ခုဒ္ဒကနိကာယ် (၁၁)အုပ်၊ (၂၁)ကျမ်းတို့ကို ရေး၏။ ၃-အုပ် ရေးရ၏။ ၆-လမျှနှင့် ပြီး၏။

၈။ ထို့နောက် ဓာတ်ကြီးလေးပါးနှင့် ဝိပဿနာကို ရေး၏။ ၂-လကျော်ကြာ၏။

၉။ ထို့နောက် သန္တိနိဗ္ဗာန်ကို ရေး၏။ ၃-လကျော် ကြာ၏။

၁၀။ ထို့နောက် သန်လျင်မြို့ သန်လျင်တောရ၏ ပဌမဆရာတော်ကြီးပြစ်သော ဓမ္မဝါဒီဆရာတော်ကြီး ရေးသားအပ်သော 'အရိယာဘုံသွား ဉာဏ်လှေခါးကျမ်းကြီး'ကို ဒုတိယအကြိမ် ထုတ်ဝေနိုင်ရန် သူတစ်ပါးကမ္မဌာန်း ၀၈တို့ကို ဝေဖန်ပိုင်းခြားထားမှုများကို ဖယ်နှုတ်၍ ဓမ္မဝါဒီဆရာတော်ကြီး၏ မူဝါဒသက်သက်ကိုသာ ထုတ်နှုတ်၍ လက်ရေးပြင့် စိစစ်ရေးသား၏။ ၁-လနှင့် ၁၀-ရက် ကြာ၏။

စုစုပေါင်း ၂-နှစ်နှင့် ၁၀-လအကြာ၌ ကျမ်းစာအုပ် ၁၂-အုပ် ရေးသားပြီးစီးလေ၏။

ကျန်းမာရေး ချုတ်ယွင်းလာ ။ ။ ဤကျေးဇူးတင်လွှာကို ရေးနေချိန်၌ အဓိဌာန်ထွက်ရန် ၄-လကျော် လိုသေး၏။ ဤအချိန်အထိ မသေလို့ အသက်ရှင်နေသေးခြင်း ဖြစ်ပေ၏။ ကျမ်းစာအုပ်တွေ ရေးနေစဉ် အတွင်း၌ပင် ကျန်းမာရေးအခြေအနေသည် ယိုယွင်းဖောက်ပြန်လာခဲ့ပေ၏။ မျှော်လင့်တွက်ဆ မထားသောရောဂါများသည် ဖြစ်ပေါ်၍ လာခဲ့ပေ၏။

ဝိနည်း ၅-ကျမ်းနှင့် ကျန်းမာရေး ။ ။ သွေးတိုးရောဂါသည် အဓိဌာန်ဝင်ခြင်းနှင့် အတူပါလာခဲ့ပုံရ၏။ အဓိဌာန်မဝင်ခင်က ပိပိ၌ သွေးတိုးရောဂါရှိသည်ဟူ၍ မသိခဲ့ပေ။ ဝိနည်း ၅-ကျမ်းကို ရေးနေစဉ်၌ပင် ခေါင်းတွေမူးနောက် ကိုက်ခဲလာ၏။ ဇက်ကြောတွေ ထိုးလာ၏။ အခိုက်အတန့် ဖြစ်မည်ဟုပဲ ထင်၏။ စာရေးနေတုန်းပဲ သက်သာနေသည် ထင်ရ၏။ ဤလိုနှင့် ဝိနည်း ၅-ကျမ်း ၃-လနှင့် ပြီးခဲ့ရပေ၏။

အဘိဓမ္မာ ၇–ကျမ်းနှင့် ကွန်းမာဇရ ။ ။ အဘိဓမ္မာ ၇–ကျမ်းကို ဆက်ရေးနေစဉ် တစ်ရက်ထက်တစ်ရက် ဆော်အူ။ ဆော်အိုက်ခ် ဂက်ထိုးတွေ ပြင်းထန်လာ၏။ ပေ၌တော်သာ ရေးနေရ၏။ သက်သာမှု မရပေ။ ၁–လကျော်လောက် အရှိမှာ နံနက် ၁၀–နာရီ ပိန်စ် ၄၀–တွင် နွေဆွမ်းစားရန် အောက်သို့ ဆင်းလာစဉ် ကျောင်းချောချာလည်အောင် မူးသွား၏။ လဲကျမသွားအောင် လှေခါး လက်ရမ်းကို ကိုင်ထားရ၏။ သွေးပေါင်ချိန်ကြည့်သောအခါ ၁၄၀–ကျော် ၉၀–ကျော် ဖြစ်နေ၏။ ဆရာလေး မတိကွဉာဏီး မသိက္ခဝတီတို့က သွေးတိုးရှိနေပြီဟု ဆိုကြလေ၏။ သို့ဖြင့် သွေးကျဆေး သောက်ရလေ၏။

အစားအစာများကို ဖြတ်ခြင်း ။ ။ သွေးကျဆေးကို တစ်ကို သောက်၏။ ထို့နောက် ၂–ခွဲကို သောက်၏။ သွေးတိုးကျမလာ၍ ၅–ကို သောက်ရ၏။ သွေးတိုး ၁၄၀–၈၀ က ကျမလာပေ။ ခေါင်းခဲ၊ ဂက်ထိုးခြင်းကလည်း သက်သာခြင်း မရှိပေ။ တစ်ရက်ထက်တစ်ရက် ဆိုးဆိုးလာ၏။ တစ်ခါတစ်ခါ – 'အဘိဓမ္မာ ၇–ကျမ်းတောင် ရေးပြီးပါ့မလား' ဟူ၍ အောက်မေ့ရ၏။ ရောဂါတိုး လာလေ စာကိုသာ ဖိရေးလေ ရေးနေရလေ၏။ စာရေးနေတုန်းပဲ သက်သာနေသည်ဟု ထင်ရပေ၏။

အဘိဓမ္မာ ၇–ကျမ်းကို ရေးလာသည်မှာ ၂–လကျော်လာပြီ ဖြစ်၏။ ရောဂါက သက်သာမလာသည်ဖြစ်၍ 'ဘာများမှားသလဲ' ဟု သွေးတိုးရောဂါနှင့် စပ်၍ ရေးသားထားသော စာအုပ်များကို လေ့လာရပြန်၏။ စားတာက သက်သတ်လွတ်ဖြစ်၏။ အသီးအနှံကိုသာ စားသောကြောင့် အစားအသောက် မမှားနိုင်ဟု ထင်၏။

အရက်ဆွမ်း၊ နွေဆွမ်းရှိရာ အရက်ဆွမ်းတွင် မုန့်ဟင်းခါး စား၏။ နွေဆွမ်းတွင် ဆွမ်းပဲစား၏။ ပြေပဲဆီ၊ နှမ်းဆီတို့ကိုသာ အသုံးပြု၏။ သို့ပါလျက်လည်း သွေးတိုး ရောဂါက သက်သာမလာ။ သို့နှင့် မုန့်ဟင်းခါးကို စဉ်းစားရလေ၏။

ဤစာရေးသူသည် မုန့်ဟင်းခါးကို အလွန်ကြိုက်၏။ အသက် ၃၀–ကျော်စ ကပင် မုန့်ဟင်းခါးကို စွဲစွဲမြဲမြဲ စား၏။ ယင်းတော်မင်းကျောင်း ရောက်တော့

မုန့်ဟင်းခါးဖတ် မလွယ်သည်နှင့် ကြာရှည်ခံအောင် ပြုလုပ်ထားသော၊ ဆန်ခေါက်ဆွဲဟုလည်း ခေါ်သော မုန့်ဟင်းခါးခြောက်ကို ရေနွေးနှင့်ဖျော်ပြီး မုန့်ဟင်းခါးဖတ်အဖြစ် စားလာသည်မှာ နှစ်ပေါင်း ၂၀-ကျော်လာပြီ ဖြစ်၏။

ကျန်းမာရေး ဆောင်းပါးရေးသူတို့က ခေါက်ဆွဲခြောက်ကိုသာ ကျန်းမာရေးနှင့် မညီညွတ်ဟု ရေးကြ၏။ မုန့်ဟင်းခါးခြောက်ကို ရေးသည်ကို မတွေ့ရ။ သို့ဖြစ်၍ မုန့်ဟင်းခါးခြောက်ကို ကျန်းမာရေးနှင့် ညီညွတ်သည်ထင်ကာ စွဲစွဲမြဲမြဲ နှစ်ပေါင်း ၂၀-ကျော်ကြာ စားလာခဲ့ခြင်း ဖြစ်လေ၏။

ကြာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာမှန်သမျှ ကျန်းမာရေးနှင့် မညီညွတ်၊ သွေးတိုးကို ဖြစ်စေတတ်၏ဟူသော စာကို ဖတ်မိသောကြောင့် အလွန် ကြိုက်နှစ်သက်သော မုန့်ဟင်းခါးကို လုံးဝဖြတ်လိုက်ရလေ၏။ ထို့ပြင် ဆားကိုလည်း လုံးဝမထည့်ဘဲ စားပေတော့၏။ အချို့မှုန့်၊ ဟင်းခတ်မှုန့်တို့ကိုလည်း ဖြုတ်ပစ်ရ၏။ နောက်ဆုံး နှမ်းဆီ၊ ပဲဆီတို့ပင် စိတ်မချရ၍ သံလွင်ဆီကိုပင် အသုံးပြုရပေတော့၏။

<u>နောက်ကျမ်းများနှင့် ကျန်းမာရေး</u> ။ ။ ထိုသို့ပြု၍ အနည်းငယ် သက်သာသလို အောက်မေ့ရ၏။ သွေးတိုးက ၁၄၀-၈၀ က ကျမလာပေ။ ခေါင်းက ခဲမြဲ၊ ဇက်က ထိုးမြဲ ဖြစ်၏။ ဂျုံလိုနှင့်ပဲ ၅-လကြာတော့ အဘိဓမ္မာ ၇-ကျမ်း ပြီးခဲ့ရလေ၏။

အဘိဓမ္မာပြီးတော့ အဂုံတွာရနိကာယကို ဆက်၍ ရေး၏။ ရေးနေစဉ်မှာပင် ကျန်းမာရေးက ပိုဆိုးလာ၏။ ခေါင်းမူး၊ ဇက်ထိုးမှား မပျောက်သည့်အပြင် နှလုံးတုန်၊ ရင်ခုန် ပြင်းထန်လာ၏။ အလိုလိုနေရင်း မောတိုက်လာ၏။ အသက်ရှူမှုတွေ မြန်လာ၏။

သွေးတိုး၊ ခေါင်းခဲ၊ ဇက်ထိုးတာတို့ကို သည်းခံနိုင်သေး၏။ နှလုံးတုန်၊ ရင်ခုန်၊ မောတိုက်လာတာတို့ကို သည်းခံ၍ မရတော့ပေ။ မိတ္ထီလာမှ 'ဇော်'ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်မြင့်ကို ခေါ်ရလေတော့၏။ ECG ဆွဲကြည့်၏။ နှလုံးသွေးကြောကျဉ်းနေသည်ဟု ဆိုလေ၏။

သို့နှင့် သွေးတိုးဆေးများအပြင် နှလုံးဆေး၊ သွေးကျဲဆေးတွေကို သောက်ရ ပြန်လေ၏။ ထိုဆေးတွေကို သောက်လိုက်တော့ မောပန်းတာ၊ မောဟိုက်တာ သက်သာ သွား၏။ သို့ရာတွင် သွေးကျဲဆေးက အစာအိမ်ကို ထိ၍ လွန်ခဲ့သော နှစ်ပေါင်း ၃၀– ကျော်က သန်လျင်တောရမှာနေစဉ် ဖြစ်ခဲ့ဖူးသော အစာအိမ်ရောင် ရောဂါက ပြန်၍ ပေါ်လာပြန်လေ၏။

ဆရာဝန် ဦးခင်မောင်မြင့်က အစာအိမ် မထိတဲ့ သွေးကျဲဆေးကို ပြောင်းပေး၏။ သို့ရာတွင် အစာအိမ်ရောင်တာက မသက်သာ။ ဆက်၍ ဖြစ်နေ၏။ အလွန်အခံရ ခက်သော အစာအိမ် နာကျင်မှုဒဏ်ကို အပြင်းအထန် ခံရပြန်လေ၏။

နောက်ပိုင်း၌ ဆွမ်းလည်း လုံးဝစားလို့မရသည့်အပြင် ဆန်ပြုတ်ပင် အစာအိမ်က လက်မခံသောကြောင့် အင်ဂျူဂါးသာ သောက်၍ နေရလေ၏။ အဓိဋ္ဌာန်ဝင် နေရင်း ပျံတော်မူရင်တော့ တစ်ပိုင်းတစ်စနှင့် ဒုက္ခပဲ ဟူ၍ပင် စိတ်က မကြာမကြာ ဆင်ခြင်မိလေ၏။ ရက် ၂၀–ကျော်လာသည့်တိုင် အစာအိမ်ရောင်ရောဂါ မသက်မသာ ဖြစ်နေသည်ဖြစ်၍ ဆရာလေး တိကွဉာဏာ၊ သိက္ခဝတီတို့၏ စိစဉ်ပေးမှုဖြင့် ရန်ကုန် မင်္ဂလာဒုံမှ ဆရာဝန် ဗိုလ်ကြီးဝဏ္ဏတိုင်းကျော်နှင့် ကုရပြန်၏။ ဗိုလ်ကြီးဝဏ္ဏတိုင်းကျော် နှင့် ကု၍ ရက် ၂၀–လောက်ရှိလာတော့ အစာအိမ်ရောဂါ သက်သာလာ၏။

တစ်လကျော်လောက် ရှိလာတော့ ဆန်ပြုတ်သောက်နိုင်လာ၏။ တစ်ပြည်းပြည်း နှင့် ဆွမ်းအာဟာရပါ စားနိုင်လာ၏။ တော်ပါသေး၏ဟု အောက်မေ့ရတော့၏။ အစာအိမ် ရောဂါကို အပြင်းအထန် ခံနေရစဉ်က ဤရောဂါမှ ထမှထပါတော့မလားဟု ဆင်ခြင်မိလေ၏။

အစာအိမ်ရောဂါဖြစ်နေစဉ် အစာအာဟာရတွေ ကင်းရှင်းနေလို့လား မသိ။ သွေးကြောတွေပဲ ကျယ်သွားလို့လား မသိ။ မောဟိုက်တာတွေ သက်သာနေလေ၏။ ခေါင်းခဲ၊ ဇက်ထိုးတွေ ကင်းပျောက်နေ၏။ သွေးတိုးရောဂါတွေ ကင်းရှင်းနေ၏။ ၁၂၀– ၇၀ အောက်မှာပဲ ရှိနေလေ၏။

မောဟိုက်ခြင်း ပြန်ပြစ်လာ ။ ။ အစာအိမ်ရောဂါပြစ်၍ ၁-လခွဲကျော်ရှိလာတော့ အစာအိမ်ရောဂါ ပျောက်သလောက်နီးပါး သက်သာသွား၏။ အစားအစာတွေကို ပုံမှန်ပြန်၍ စားလာနိုင်၏။ သို့ရာတွင် တစ်မျိုးဖောက်ပြန်လာ၏။ အစားအစာတွေကို စားလာနိုင်သည်နှင့်အမျှ သွေးကြောတွေ ပြန်၍ မာလာပုံရ၏။ မောဟိုက်လာပြန်၏။ နှလုံးခုန်တွေ မြန်လာ၏။ ဦးနှောက်ကြော၊ နောက်ဓေ့ကြော၊ နားထင်ကြောတွေ လှုပ်ခုန်လာ၏။ နားက လေထွက်လာ၏။ နားတွေ အူလာ၏။ လှဲအိပ်နေလျှင် ပို၍ဆိုး၏။ ပျောက်နိုး, ပျောက်နိုးနှင့် ၂-လ ကျော်လာသည်တိုင် မပျောက်နိုင်သည်နှင့် မိတ္ထိလာမှ 'ဇော်'ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်မြင့်ကို ခေါ်၍ ECG ဆွဲကြည့်ရပြန်လေ၏။ သွေးကြော မာလာ၊ ထူလာသည်ဟု ဆိုလေ၏။ သို့ဖြစ်၍ သောက်နေကျ နှလုံးဆေးများအပြင် အစာအိမ်ကို မထိသော နိုင်ထိုးသွေးကျဲဆေး၊ ဗမာ သွေးကျဲဆေး၊ ဆေးပြီးတို့ သွေးကျဲဆေးများကို သောက်ရပြန်လေ၏။ အတော်အတန် သက်သာမှု ရသွားလေ၏။

သွေးတိုးပေါ်မလာ ။ ။ အစာအိမ်ရောဂါ မဖြစ်ခင် တစ်နှစ်ကျော်ကျော်လောက် သွေးတိုးရောဂါကို အပြင်းအထန် ခံစားခဲ့ရပြီးနောက် အစာအိမ်ရောဂါ ဖြစ်ပေါ်လာသောအခါ သွေးတိုးရောဂါ ကင်းပျောက်နေ၏။ ယခုအချိန်အထိ ပြန်၍ ပေါ်မလာတော့ပေ။ တစ်နှစ်ကျော်လောက် တာရှည်ခံ အစာများနှင့် ဟင်းချိုမှုန့်၊ ဟင်းခတ်မှုန့်၊ ဆားတို့ကို ရှောင်ကြဉ်လိုက်၍ ဖြစ်ဟန်တူပေ၏။

နေသာထိုင်သာ ရှိလာ ။ ။ ၃-နှစ် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ ၂-နှစ်ခွဲကျော် ရှိလာခဲ့ပြီ ဖြစ်၏။ အံ့ဖွယ်ကောင်းသည်ကား သွေးတိုးရောဂါ လုံးဝ ကင်းစင်နေခြင်းပင် ဖြစ်၏။ အပေါ်သွေး ၁၂၀၊ အောက်သွေး ၇၀-ဝန်းကျင်သာ ရှိနေတော့၏။ ဆီးချို၊ သွေးချိုလည်း ကင်းစင်နေ၏။ အစာအိမ်ရောဂါလည်း သက်သာနေ၏။ နှလုံးသွေးကြောကျဉ်းရောဂါနှင့် နားအူ၊ နားယား၊ လည်ချောင်းယား ရောဂါ ကျန်နေ၏။ နားယား၊ လည်ချောင်းယားကား အဓိဋ္ဌာန်မဝင်ခင် အတော်ကြာကြာကပင် ဖြစ်နေ၏။ အထူးကု ဆရာဝန်တို့နှင့် ကုခဲ့၍လည်း မပျောက်နိုင် ဖြစ်နေရ၏။

ရင်ထဲမှာ တစ်ဆို့ဆို့နှင့် မောနေခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းများ မပျောက်နိုင်သည်နှင့် ယင်းတော်မင်းကျောင်းသို့ ရောက်ပူးသော ရန်ကုန်မှ ခွဲစိတ်ဟိရှု ဆရာဝန်ကြီး ဗိုလ်မှူးချုပ် မြသိန်းဟန်ကို စာရေးပြီး အကူအညီတောင်းရ၏။ ထို့ပြင် နှလုံးအထူးကု ဆရာဝန်ကြီး ဦးအောင်ကျော်ဇော၊ နား, နှာခေါင်း, လည်ချောင်း အထူးကု ဟိရှု ဆရာဝန် ဦးဘုန်းမြင့်ထွန်းတို့ကိုလည်း ဆရာလေး မတီကွဉာဏ်၊ မသိကွဝတီတို့မှတစ်ဆင့် ရောဂါအခြေအနေကို စာရေး၍ ပြောပြရ၏။

နားထင်ကြောလှုပ်ခြင်း၊ ဦးနှောက်ကြောလှုပ်ခြင်း၊ နားအူခြင်းတို့သည် ဇက်ကြော အရိုးကျိုးပေါင်းကြောင့်လည်း ဖြစ်နိုင်၏ဟု ဆိုကြလေ၏။ ထို့နောက် အစာအိမ်ဆေး Esomeprazole ကို ကြာရှည်သောက်လျှင် နှလုံးခုန်မြန်သည်ဟု ဆိုပြန်၏။ ထို့ပြင် ဘီးကြောများကလည်း တင်းတင်းတောင့်တောင့်ကြီး ဖြစ်နေ၏။ ကျောကုန်းဘေးကြောတွေကလည်း တင်းတောင့်ပြီး ထိုးကျင့်ကျင့် ဖြစ်နေ၏။ ဘီးရိုးခွံ အရိုးကျိုးပေါင်း ရှိကောင်းရှိနိုင်၏။ အရိုးကျိုးပေါင်းအတွက်က သောက်ဆေးမရှိ။ လိမ်းဆေးပဲ ရှိပေ၏။ လေ့ကျင့်ခန်း လုပ်ရ၏ဟု ဆို၏။ သို့ဖြစ်၍ အရိုးကျိုးပေါင်းအတွက် လိမ်းဆေးကို လိမ်းရ၏။ Esomeprazole ဆေးကို ဖြတ်ရ၏။ ထိုဆရာဝန်များပေးသော အစာအိမ်ဆေး၊ အာရုံကြောဆေး၊ နှလုံးဆေး၊ သွေးကျဲဆေးများကို သောက်ရပြန်လေ၏။

ဤသို့ဖြင့် ၂-နှစ်ခွဲကျော် ၃-နှစ်နီးပါး ရှိလာသောအခါ၌ အဓိဋ္ဌာန်ပင်ခြင်း၏ အဓိကလုပ်ငန်းကိစ္စတွေ ပြီးစီးသွားပြီ ဖြစ်ပေ၏။ အဓိဋ္ဌာန်ထွက်ပွဲကိုသာ အောင်မြင်စွာ ကျင်းပနိုင်ရန်ပဲ ရှိပေတော့၏။ အသက်ကြီးလာလေ ဇရာ၊ ဗျာဓိတရားတို့၏ နှိပ်စက်မှုကို ခံရလေပြစ်ပြီး အားလုံးသည် မရဏမင်းဆီသို့ သွားနေကြရသည်ကို ကောင်းကောင်းကြီး သတိပြုမိနေပေတော့၏။

ကျေးဇူးတင်ရှိခြင်း

၁။ ဝိဋ္ဌက ၃-ပုံ၊ နိကာယ် ၅-ရပ်တို့မှ ထုတ်နှုတ်၍ လူအများလိုက်နာနိုင်သော လက်လှမ်းမီနိုင်သော 'ကိုယ်ကျင့်တရားများ' ကို ရေးသားမှု ပြီးစီးသည် ဆိုရာ၌ ကျွန်တော်သူသည် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းအထိ ပရိယတ်စာပေကို ၁၀-နှစ်မျှ သင်ကြားခဲ့ရသော်လည်း စာပေးပွဲအောင်ဖို့ကိုသာ အဓိကထား လေ့လာသင်ကြားခဲ့သည် ဖြစ်သောကြောင့် ပါဠိစာပေကို တတ်ကျွမ်းခြင်း မရှိပေ။ သို့ဖြစ်လျက် ပြီးစီးအောင် ရေးသားနိုင်ခြင်းသည်ကား ပါဠိတော်များကို လူအများ ဖတ်ရှုလေ့လာနိုင်အောင် မြန်မာဘာသာသို့ ပြန်ဆိုပေးထားကြကုန်သော ဆရာတော်များ၏ ကျေးဇူးကြောင့် ဖြစ်ပေ၏။ ထို့ကြောင့် ထိုပါဠိတော် မြန်မာပြန် ဆရာတော်များ၊ လူပုဂ္ဂိုလ်များတို့ကိုလည်း အထူးကျေးဇူးတင်ရပေ၏။

၂။ ထို့ပြင် ပါဠိတော်အဖွင့်၊ အဋ္ဌကထာများကို လေ့လာရာ၌ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဘာသာဋီကာ စာအုပ်များသည်လည်းကောင်း၊ ဦးထိပ္ပ နိဿယများသည်လည်းကောင်း၊ အခြားသော အဋ္ဌကထာနိဿယများသည်လည်းကောင်း၊ မင်းကွန်းတိပိဋကဆရာတော်ကြီး အရှင်ထိစိတ္တာသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် စာအုပ်တို့သည်လည်းကောင်း၊ ဓမ္မပဒ မြန်မာပြန် ဝတ္ထုများသည်လည်းကောင်း၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု မြန်မာပြန်များသည်လည်းကောင်း၊ ဇားရာဇားဆယ် ဇာတ်ဝတ္ထုမြန်မာပြန်များသည်လည်းကောင်း၊ ဇာတ်တော်ကြီး ဆယ်ဘွဲ့ မြန်မာပြန်များသည်လည်းကောင်း၊ တိပိဋကက ပါဠိမြန်မာ အဘိဓာန် စာအုပ်ကြီးများတို့သည်လည်းကောင်း၊ အခြားသော ပါဠိမြန်မာ အဘိဓာန် စာအုပ်များတို့သည်လည်းကောင်း၊ ပိဋကဝတ္ထုလမ်းညွှန်များတို့သည်လည်းကောင်း ပိဋကသုံးပုံ သရုပ်စုံတို့သည်လည်းကောင်း၊ ပါဠိပဒ၊ ပိဋကကျမ်းညွှန်းများတို့သည်လည်းကောင်း၊ အခြားသော ပိဋကကျမ်းညွှန်းများတို့သည်လည်းကောင်း အထူးအကူအညီ အားကိုးအားထားရပေ၏။ ထို့ကြောင့် ထိုဖော်ပြပါ သက်ဆိုင်ရာ ဆရာတော်များ၊ လူပုဂ္ဂိုလ်များတို့ကိုလည်း အထူးကျေးဇူးတင်ရှိပါ၏။

၃။ ထိုပြင် အဓိဌာန်ဝင်နေစဉ် ယင်းတော်မင်းကျောင်းကို ထိန်းသိမ်း စောင့်ရှောက်ပေးသော ယင်းတော်မင်းကျောင်း တိုက်အုပ်ဘုန်းကြီး ဘိအေ ဓမ္မာစရိယ ဦးကဝိဇ အားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၄။ ထိုပြင် ရေးပြီးသမျှ စာမူများကို ကွန်ပျူတာ စာစီပေးသော တိုက်အုပ် ဆရာလေးများ ဖြစ်ကြသော မဟာဝိဇ္ဇာ ပဌမကျော် ဓမ္မာစရိယ ဆရာလေး မတိကဉ္စာဏီ နှင့် အဂ္ဂမဟာအကျော် ဓမ္မာစရိယ ဆရာလေး မသိက္ခဝတီတို့အားလည်း အထူး ကျေးဇူးတင်ရှိပါ၏။

၅။ ထိုပြင် ကျန်းမာရေးနှင့် ညီညွတ်အောင် စီမံချက်ပြုတ်ပေးသော ယင်းတော် မင်းကျောင်း၏ ချက်ပြုတ်ရေး မီးဖိုချောင် တာဝန်ခံဖြစ်သော ဆရာလေး မအာသာဝတီ အားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၆။ ထိုပြင် ကျန်းမာရေး ချွတ်ယွင်းစဉ် ကုသပေးကြသော ပိတ္ထိလာပြိုမှ 'ဇော်' ဆေးရုံပိုင်ရှင် ဆရာဝန် ဦးခင်မောင်ပြင့်၊ ရန်ကုန်ပြိုမှ ပါမောက္ခ ဗိုလ်မှူးချုပ်ပြဿနီးဟန်၊ ဆရာဝန် ဗိုလ်ကြီးဝက္ကာတိုင်းကျော်၊ နှလုံးအထူးကု ဆရာဝန်ကြီး ဦးအောင်ကျော်ဇော၊ နား, နှာခေါင်း, လည်ချောင်း အထူးကုဆရာဝန် ဦးဘုန်းပြင့်ထွန်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးဝင်းပြင့်၊ နေပြည်တော်မှ နှလုံးအထူးကု ဆရာဝန် ဒေါက်တာဦးသက်ဟိန်းနှင့် နား, နှာခေါင်း, လည်ချောင်း အထူးကုဆရာဝန် ဒေါက်တာကျော်မင်းဦးတို့အားလည်း အထူးကျေးဇူးတင်ရှိပါ၏။

၇။ ထိုပြင် အဓိဌာန်ဝင်နေစဉ်၊ ကျန်းမာရေး ချွတ်ယွင်းနေစဉ် ဝေယျာဝစ္စပြုလုပ်ကြသူများအားလည်းကောင်း၊ လှူဒါန်းကြသူများအားလည်းကောင်း၊ စောင့်ရှောက်ကြသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါ၏။

အားလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် သူတော်ကောင်းတရားများ၌ ပျော်ပိုက်နှစ်မြို့က်နိုင်ကြပါစေ။

ကိုယ်ကျင့်တရားများကို ကောင်းစွာ လိုက်နာကျင့်သုံးနိုင်ကြပါစေ။

ကျေးဇူးရှိသူတို့အပေါ်၌ ကျေးဇူးတရားများကို အထူးသိတတ်ကြပါစေ –

– ဟူ၍ တောင်းဆုပြုပါ၏။

ဟိုတေသီနေလ အရှင်နိပုဏ္ဏာ
သန်လျင်တောရ ယင်းတော်မင်းကျောင်း
ပျော်ဘွယ်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၁၃၇၇-ခုနှစ် ကဆုန်လပြည့်ကျော် (၇)ရက်၊ (၉-၅-၂၀၁၅) စနေနေ့။

(၁) အဘိဓမ္မာ မိတ်ဆက်

ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်တို့သည် ဓမ္မ၊ ဝိနယဟူ၍ (၂)မျိုးရှိလေသည်။ ထိုတွင် ဓမ္မ၌ - သုတ္တန္တဓမ္မ ၊ အဘိဓမ္မာဓမ္မ ဟူ၍ (၂)မျိုးရှိလေသည်။ ထိုတွင် -

(၁) အဘိဓမ္မာ တူသည် အဘယ်နည်း?

အဘိဓမ္မာ = အဘိ + ဓမ္မာ

အဘိ - လွန်ကဲသော၊ ထူးကဲသော၊ ဓမ္မာ - တရား။

အဘိဓမ္မာ - ဟူသည် သုတ္တန်ပိဋကတို့ထက် လွန်ကဲသော၊ ထူးကဲသော တရား - ဟူ၍ အဓိပ္ပါယ်ရလေသည်။

(သုတ္တန်၌ သုတ္တန်ဝေဖန်နည်း တစ်နည်းတည်းဖြင့် ဝေဖန်ဟောကြားသော်လည်း အဘိဓမ္မာ၌ အဘိဓမ္မာ ဝေဖန်နည်းသာမက သုတ္တန်ဝေဖန်နည်း၊ အဘိဓမ္မာအပေးအဖြေနည်းများဖြင့် တရားအကြောင်းအကျန်မရှိ ဟောတော်မူသောကြောင့် သုတ္တန်ပိဋကထက် လွန်ကဲသည်၊ ထူးမြတ်သည်ဟု ဆိုရခြင်းဖြစ်သည်)

အဘိဓမ္မာသည် ဝိဇ္ဇကအားဖြင့် အဘိဓမ္မာဝိဇ္ဇက ဖြစ်၏။ နိကာယအားဖြင့် ခုဒ္ဒကနိကာယတွင် ပါဝင်သည်။ ဓမ္မကွန္ဓာအားဖြင့် (၄၂၀၀၀) ပမာဏရှိ၏။

အဘိဓမ္မာ၌ - စိတ်၊ ဧစေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် - ဟူသော တရားတို့ ပါဝင်လေသည်။ အဘိဓမ္မာ၌ ပုဂ္ဂိုလ်သတ္တဝါကို မငဲ့ဘဲ ပရမတ်သဘာဝများကို များစွာဟောကြားထားသောကြောင့် ပရမတ္ထဒေသနာဟု ခေါ်သည်။

အဘိဓမ္မာဟူသည် ပိဋကတို့နှင့် သီးသန့်ဖြစ်နေသော တရားပဟုတ်ပေ။ အားလုံးနှင့် သက်ဆိုင်သောတရား ဖြစ်သည်။ ပိဋကအပါအဝင် သက်ရှိ၊ သက်မဲ့များ၌ အပြုမပြုတ် ဖြစ်ပျက်နေသော သဘောတရားများအကြောင်းကို အသေးစိတ်တိတိကျကျ ဟောကြားထားသော ဒေသနာဖြစ်လေသည်။

အဘိဓမ္မာဟူသည် သဗ္ဗညုတဉာဏ်၏ ကျက်စားရာဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်ထုတ်ဖော် ဟောကြားတော်မူခဲ့သောကြောင့် ယခုအခါ လေ့လာခွင့်ရခြင်း ဖြစ်လေသည်။

(၂) အဘိဓမ္မာကို ဘယ်အချိန်မှာ စတင် ဆင်ခြင်ဖိသလဲ?

ဘုရားဖြစ်ပြီး ၂၂-ရက်မြောက်နေ့ကစပြီး (ဂ)ရက်တိတိ ဆင်ခြင်တော်မူပါသည်။ ဗောဓိပင်၏ အနောက်မြောက်ဘက်မှာရှိသော **'ရတနာဃရစံအိမ်'**၌ ဆင်ခြင်ခြင်းဖြစ်လေသည်။ ရတနာကဲ့သို့ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော အဘိဓမ္မာတရားကို ဆင်ခြင်ရာဖြစ်သောကြောင့် 'ရတနာဃရ'- ဟု ဆိုခြင်း ဖြစ်သည်။ ရတနာတို့ဖြင့် ဆောက်လုပ်ထားသော အိမ်မဟုတ်ပေ။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် (ဂ)ရက်

ဆင်ခြင်ထားသော အဘိဓမ္မာတရားတော်တို့သည် အတိုင်းမသိ များပြားလှပေသည်။ အဘိဓမ္မာ နောက်ဆုံး ကျမ်းဖြစ်သော ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူသောအခါမှ စတင်၍ ရောင်ခြည်တော်များ ကွန့်မြူး တောက်ပ လာလေတော့သည်။

(၃) အဘိဓမ္မာကို ဘယ်အချိန်မှာ ဟောကြားခဲ့ပါသလဲ?

ဘုရားဖြစ်ပြီး (၇)ဝါမြောက်ရောက်မှ ဟောကြားခဲ့ပါသည်။ မဟာသက္ကရာဇ် (၁၀၉)ခု ဝါဆိုလပြည့်ကျော် (၁)ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်း (၃)လ ကြာမြင့်လေသည်။

သာမန်လူတို့ စကား (၁)ခွန်း ပြောချိန်၌ အရှင်အာနန္ဒာက (၈)ခွန်း ပြောပြီး၏။

အရှင်အာနန္ဒာ (၁)ခွန်း ပြောချိန်၌ မြတ်စွာဘုရားရှင် (၁၆)ခွန်း ပြောပြီး၏။

ထို့ကြောင့် သာမန်လူတို့ထက် ဘုရားရှင်သည် (၁၂၈)ဆ စကားတော် လျင်မြန်လေသည်။

ထိုသို့သော အမြန်နှုန်းဖြင့် ဝါတွင်း (၃)လပတ်လုံး မရပ်မနား တရစပ် အသံမစဲ ဟောတော်မူသော အဘိဓမ္မာတရားတော်တို့ကား အတိုင်းအဆမရှိ များပြားလှပေ၏။

(၄) အဘိဓမ္မာ ဘယ်နှစ်မျိုး ရှိသလဲ?

အဘိဓမ္မာသည် (က) အကျယ်ဒေသနာ (ခ) အကျဉ်းဒေသနာ (ဂ) မကျဉ်းမကျယ်ဒေသနာ ဟူ၍ (၃)မျိုး ရှိလေသည်။

(က) အကျယ်ဒေသနာ

ဟောကြားသူ - မြတ်စွာဘုရား

နာကြားသူ - သန္တုသိတနတ်သားအမျှားပြုသော နတ်၊ ဗြဟ္မာအပေါင်း

နေရာ - တာဝတိံသာနတ်ပြည်

(ခ) အကျဉ်းဒေသနာ

ဟောကြားသူ - မြတ်စွာဘုရား

နာကြားသူ - အရှင်သာရိပုတြာ

နေရာ - စန္ဒကူးတော (လူ့ပြည်)

(ဂ) မကျဉ်းမကျယ် ဒေသနာ

ဟောကြားသူ - အရှင်သာရိပုတြာ

နာကြားသူ - ကသိုပဘုရားရှင်လက်ထက် လင်းနို့သား (၅၀၀) ဖြစ်ဖူးသော တပည့်ရဟန်း (၅၀၀)

နေရာ - လူ့ပြည်

- လူ့ပြည်၊ နတ်ပြည်၌ ဟောကြားသော အဘိဓမ္မာဒေသနာသည် တစ်ပြိုင်တည်း ပြီးစီးလေသည်။
- ယခုအခါ ဗုဒ္ဓဘာသာဝင်တို့ လေ့လာနေသော အဘိဓမ္မာသည် မကျဉ်းမကျယ်ဒေသနာ ဖြစ်လေသည်။

(၅) အဘိဓမ္မာ (၇) ကျမ်း

(က) ဓမ္မသင်္ဂဏီကျမ်း – ရုပ်နာမ်ဓမ္မ သဘာဝတို့ကို နှစ်စုနှစ်ပုံ၊ သုံးစုသုံးပုံ အစုပွဲ့ ဖော်ပြသောကျမ်း။

(ခ) ဝိဘင်းကျမ်း – ဓမ္မသင်္ဂဏီကျမ်းလာတရားတို့ကို အကျယ်ဝေဖန်၍ ဟောသောကျမ်း။

(ဂ) ဓာတုကထာကျမ်း – ခန္ဓာ, အာယတန, ဓာတ်သဘောတို့ပြင့် ဝိုင်းခြား၍ ဟောတော်မူသောကျမ်း။

(ဃ) ပုဂ္ဂလပညတ်ကျမ်း – ပရမတ္ထတရားတို့၏တည်ရာ ပုဂ္ဂိုလ်အပြားကို ဟောသောကျမ်း။

(င) ကထာဝတ္ထုကျမ်း – အယူဝါဒ အငြင်းပွားမှုတို့၏ သဘာဝအမှန်ကို ဆုံးဖြတ်ပေးနိုင်သောကျမ်း။
(မြတ်စွာဘုရားထားခဲ့သော အကျဉ်းမာတိကာကို အရှင်မောဂ္ဂလိပုတ္တတိဿ အကျယ်ချဲ့ဟော ထားသောကျမ်း)

(စ) ယမိုတ်ကျမ်း – သန္ဓိဌာန်, သံသယ အစုံ၊ အမေး, အပြေ အစုံ ဟု အစုံအစုံပြု၍ ဟောသောကျမ်း။

(ဆ) ပဋ္ဌာန်းကျမ်း – အထူးထူးအပြားပြားရှိသော ဟေတု အစရှိသော ပစ္စည်းတို့၏ အစွမ်းဖြင့် ဟောသောကျမ်း။

(၆) အဘိဓမ္မာတရားကို နှုတ်ပြည့်၌ ဟောတော်မူခြင်းအကြောင်း

(၁) မယ်တော်ကို ကျေးဇူးဆပ်လိုခြင်း၊

(၂) အဘိဓမ္မာတရားကို အစ၊ အဆုံး တစ်ထိုင်တည်း ဟောကြားလိုခြင်း။
(လူတို့သည် အစအဆုံး တစ်ထိုင်တည်း နာယူနိုင်မည်မဟုတ်။ နှုတ်တို့သာ စွမ်းနိုင်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူတို့၏ အရေအတွက်ဖြင့် ၃-လ ကြာသော်လည်း တာဝတိံသာနှုတ်တို့၏ သက်တမ်းဖြင့် ၃ – မိနစ် ၃၆- စက္ကန့်သာ ကြာသောကြောင့် ဖြစ်သည်)

(၃) ဘုရားရှင်တိုင်း အဘိဓမ္မာကို အကျယ်အားဖြင့် တာဝတိံသာနှုတ်ပြည့်၌သာ ဟောတော်မူလေ့ရှိခြင်း – တို့ကြောင့် ဖြစ်လေသည်။

(၇) အဘိဓမ္မာ၏ အကျိုး

အဘိဓမ္မာသည် ပညာပြည့်စုံစေရန် အဓိကထားဟောကြားထားသော ဒေသနာဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာကို လေ့လာလျှင် ပညာတရားများ တိုးပွားလာနိုင်၏။ ခွဲခြမ်းစိတ်ဖြာနိုင်သော ဉာဏ်များ တိုးပွားလာနိုင်၏။

အဘိဓမ္မာကို ကောင်းစွာကျင့်သုံးလျှင် ပဋိသမ္ဘိဒါ (၄)ပါးနှင့် ပြည့်စုံနိုင်လေ၏။

အဘိဓမ္မာကို ကောင်းစွာ မကျင့်သုံးလျှင်တော့ ရူးသွပ်သွားနိုင်သည်ဟု အဋ္ဌကထာ၌ ဆိုထားလေသည်။

မဟာဂေါသိင် သုတ်အရ – အဘိဓမ္မာကို မေးမြန်းပြောဆို ဆွေးနွေးနေလျှင်ပင် မိမိပတ်ဝန်းကျင်ကို တင့်တယ်စေလေ၏။

ထို့ပြင် အဋ္ဌကထာ၌ – အဘိဓမ္မာဆောင်ပုဂ္ဂိုလ်သည်သာ တရားဟောဟော / မဟောဟော 'ကေန္တေ ဓမ္မကထိက' = ဓမ္မကထိကအစစ် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပေးမြန်းလာလျှင် မှန်ကန်သော အဖြေကို ပေးနိုင်သောကြောင့်ဟု ဆိုလေသည်။

(၈) အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ ကျမ်းစာအုပ်

ဤကျမ်းစာအုပ်၌ –

အဘိဓမ္မာကို လေ့လာပူးသူဖြစ်စေ၊ မလေ့လာပူးသူဖြစ်စေ နားလည်နိုင်စေရန်၊

အဘိဓမ္မာ (၇)ကျမ်း၏ သဘောကို မြည်းစမ်းကြည့်မိ သိရှိနိုင်ရန်– စိတ်ဝင်စားဖွယ် လိုရင်းတိုရှင်း ရေးသားထားလေ၏။

ထို့ကြောင့် – ဤကျမ်းစာအုပ်ကို လေ့လာ၊ ဖတ်ရှု၊ မှတ်သား၊ ကျင့်သုံးပြီး အသိပညာ ဗဟုသုတများ တိုးပွားနိုင်ကြပါစေကုန်သတည်း။ အဘိဓမ္မာ၏ သဘောတရားများကို လက်တွေ့ဘဝမှာ အသုံးချနိုင်ပြီး အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း .... ။

(၂) မဟာကုသိုလ်မိတ်ဆက်

မကောင်းမှုရှောင်

ကောင်းမှုဆောင်

ဖြူအောင်စိတ်ကိုထား - ဟူသော ဤဂကား (၃)ခွန်းသည် ဘုရားရှင်တိုင်း၏ အဆုံးအမတော် ဖြစ်လေသည်။ ထိုတွင် ကောင်းမှုကိုသာ အပြဆောင်ထားနိုင်လျှင် မကောင်းမှုကိုလည်း ရှောင်ပြီးသားဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် စိတ်သည် တစ်ချိန်တည်းတွင် ၂-ခုပြိုင် ဖြစ်ရိုးမရှိဘဲ ၁-ခုသာလျှင် ဖြစ်နိုင်သောကြောင့် ကုသိုလ်စိတ် ဖြစ်နေလျှင် အကုသိုလ်စိတ် ဖြစ်ခွင့်မရပေ။ ထို့ပြင် ကုသိုလ်စိတ်သည် ဖြူစင်သောသဘောရှိသော တရား = သုဂ္ဂာဓမ္မာ ဖြစ်သောကြောင့် စိတ်ထားလည်း ဖြူစင်ပြီးသား ဖြစ်လေသည်။

မကောင်းမှု အကုသိုလ်ဟူသည် အဘယ်နည်း?

တစ်စုံတစ်ခုကို တောင့်တမျော်လင့် ရလိုခြင်း လောဘ၊
ပိမိသူတစ်ပါး နှစ်ဦးသားကို ပျက်စီးစေသော ဒေါသ၊
အကြောင်းအကျိုး အကောင်းအဆိုးကို မဝေဖန်နိုင်ခြင်း မောဟ၊
..... မာန၊ ဣဿာ၊ မစ္ဆရိယ စသည်တို့နှင့် ယှဉ်ဖြစ်သော၊

ပစ္စယုပ္ပန်, သံသရာ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း အကျိုးကို ရစေသော အမှုများသည် မကောင်းမှု အကုသိုလ်များ ဖြစ်လေသည်။

ကောင်းမှု ကုသိုလ်ဟူသည် အဘယ်နည်း?

စွန့်လွှတ်နိုင်မှု အလောဘ၊
ကောင်းကျိုးလိုလားမှု မေတ္တာ၊
အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်နိုင်မှု ပညာ၊
..... သဒ္ဓါ၊ ကရုဏာ၊ မုဒိတာ စသည်တို့နှင့် ယှဉ်ဖြစ်သော၊

ပစ္စယုပ္ပန်, သံသရာ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း အကျိုးကို ရစေသော အမှုများသည် ကောင်းမှု ကုသိုလ်များ ဖြစ်လေသည်။

တောထဲမှာနေနေ၊ မြို့မှာနေနေ၊ အိမ်မှာနေနေ၊ ဘုန်းကြီးကျောင်းသွားသွား နေရာဒေသမရွေး၊ အချိန်မဟိ မရွေး မိမိသန္တာန်၌ ကုသိုလ်စိတ်များ ဖြစ်ပွားအောင် ကြိုးစားနေရမည်။

ဒါန, သီလ, ဘာဝနာတို့ကို စားဝတ်နေရေးအလုပ်များကို ရပ်တန့်၍ အချိန်သီးသန့်ပေးကာ ပြုလုပ်နိုင်မှ ကုသိုလ်ရသည် မဟုတ်ပေ။ ပုံမှန် ပြောဆို, နေထိုင်, လုပ်ကိုင်စားသောက်ရင်း နေ့စဉ်ဘဝအတွင်းမှာပင် ကုသိုလ်ဖြစ်အောင်လုပ်လျှင် ကုသိုလ်ဖြစ်မည်သာ ဖြစ်၏။

ရိသေလေးစားသင့်သူကို ရိသေလေးစားစွာဆက်ဆံခြင်း၊ ဆိုင်ရာဝတ္တရားများကို ကျေပွန်ခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ ပြောဆို ဆုံးမစကားကို နာခံလွယ်ခြင်း၊ မိတ်ကောင်းဆွေကောင်းရှိခြင်း၊ လောကဝတ်ပျူပျူငှာငှာ ရှိခြင်း၊ နူးညံ့ချိုသာသော စကားရှိခြင်း၊ အစားအသောက်၌ အတိုင်းအရှည် ပမာဏ သင့်, မသင့်ကို သိမြင်ခြင်း၊ ကာမဂုဏ်အာရုံများ၌ စိတ်ကို အလိုမလိုက်ခြင်း စသည်တို့သည်လည်း ကုသိုလ်ရစေသော အမှုများပင် ဖြစ်သည်။

ကိုယ်၊ နှုတ်တို့ဖြင့် အလုပ်လုပ်နေချိန်တွင်ပင် ထိုအလုပ်နှင့်ပတ်သက်၍ အကောင်းဆုံး စေတနာထားခြင်း၊ မေတ္တာထားခြင်း စသည်တို့ကို သတိထားပြုလုပ်လျှင် ကုသိုလ်စိတ် အလေ့အကျင့် ဖြစ်လာမည်ဖြစ်သည်။

ပိဝိတို့ ပြုလုပ်နေသော ဒါန၊ သီလ၊ ဘာဝနာ စသော မည်သည့် ကုသိုလ်ပင်ဖြစ်စေ ထိုကုသိုလ်သည် ကာမကုသိုလ်သာ ဖြစ်လေသည်။

ကာမကုသိုလ်သည် ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်လေသည်။

ထိုပဋိသန္ဓေသည်လည်း တိဟိတ်၊ ဒွိဟိတ်၊ သုဂတိအဟိတ် ဟူ၍ ၃-မျိုး ကွဲပြားလေသည်။

ထိုတွင် တိဟိတ်ဖြစ်ဖို့ အရေးကြီးလေသည်။ တိဟိတ်ပဋိသန္ဓေနေလာခဲ့သော တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာလျှင် ဈာန်၊ မဂ်၊ ဖိုလ်ဟူသော တရားထူး, တရားမြတ်တို့ကို ရနိုင်လေသည်။

တိဟိတ်ပုဂ္ဂိုလ်မဖြစ်လျှင် မည်မျှပင် အားထုတ်ပါစေ, ဈာန်၊ မဂ်၊ ဖိုလ်ကို မရနိုင်ပေ။

မဂ်၊ ဖိုလ်မရလျှင် နိဗ္ဗာန်မရနိုင်၍ ဗုဒ္ဓသာသနာနှင့် ကြုံတွေ့ရကျိုး မနပ်ပေ။

ဗုဒ္ဓရှင်တော် ပွင့်ပေါ်လာခြင်းသည် သတ္တဝါအများ အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေလိုရှိ၍ ဖြစ်သည်။

သောတာပတ္တိမဂ်ရလျှင် အပါယ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်မည်ဖြစ်ပြီး နိဗ္ဗာန်ရလျှင် သံသရာဝဋ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်မည် ဖြစ်သည်။

တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရန် မည်သို့ပြုရမည်နည်း?

ကာမကုသိုလ်သည် (၈)ပါးရှိလေ၏။ ထိုတွင် -

အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် (၃)ပါး ပါသော တိဟိတ်ကုသိုလ် ၄-ပါး (ကြောင်းကျိုးသိမြင်ဉာဏ်ယှဉ်၍ပြုသော ကုသိုလ်) နှင့်

အလောဘ၊ အဒေါသ ဟိတ် (၂)ပါး ပါသော ဒွိဟိတ်ကုသိုလ် ၄-ပါး (ကြောင်းကျိုးမသိမြင် ဉာဏ်မယှဉ်သောကုသိုလ် ဥပမာ - ဂုဏ်လိုချင်၍ ကုသိုလ်လုပ်ခြင်း၊ ကောင်းဆိုးမသိ သူများလုပ်လို့ လိုက်လုပ်ခြင်း၊ ဖေဒင်ယတြာအရ ပြုလုပ်ခြင်း) - ဟူ၍ ၂-မျိုး ကွဲပြားလေ၏။

ထိုတိဟိတ်၊ ဒွိဟိတ်တို့သည်လည်း -

လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော အကုသိလ်တရားတို့ ရှေ့နောက် ခြံရံမိလျှင် ဩမက (အညံ့စား) ကုသိလ်ဖြစ်ပြီး ထိုအကုသိလ်တရားတို့ ရှေ့နောက် ခြံရံခြင်း မရှိလျှင် ဥက္ကဋ္ဌ (အမြတ်စား) ကုသိလ်ဖြစ်လေသည်။

ထိုတွင် -

(က) တိတိတ် ဥက္ကဋ္ဌကုသိုလ်သည် - တိဟိတ် ပဋိသန္ဓေအကျိုးကို ပေး၏။

(ခ) တိတိတ် ဩမကကုသိုလ်သည် - ဒွိဟိတ် ပဋိသန္ဓေအကျိုးကို ပေး၏။

(ကုသိုလ်ပြုစဉ်က ဉာဏ်ယှဉ်သော်လည်း အကုသိုလ် ခြံရံမိသောကြောင့် ပဋိသန္ဓေအကျိုးပေးသောအခါ ဉာဏ်မပါလာ၍ အရင်းရှုံးလေ၏။ အတော်အတန် ဗဟုသုတရှိသော အချို့သူများသည် ကုသိုလ်ပြုစဉ် ဉာဏ်ယှဉ်တတ်ကြသော်လည်း ကုသိုလ်ပြုရာတွင် အဆင်မပြေမှုများကို တွေ့ကြုံရသောအခါ အကုသိုလ်စိတ်များ ဖြစ်ပေါ်ခြံရံမိပြီး တိဟိတ် ဩမက ဖြစ်တတ်သည်ကို သတိပြုရမည် ဖြစ်ပေသည်)

(ဂ) ဒွိတိတ် ဥက္ကဋ္ဌကုသိုလ်သည် - ဒွိဟိတ် ပဋိသန္ဓေအကျိုးကို ပေး၏။

(ဃ) ဒွိတိတ် ဩမကကုသိုလ်သည် - အဟိတ်ပဋိသန္ဓေအကျိုးကို ပေး၏။

(ကုသိုလ်ပြုစဉ်က ဉာဏ်မယှဉ်ရုံသာမက အကုသိုလ် ခြံရံခဲ့သောကြောင့် သုဂတိအဟိတ်ဟူသော ပဋိသန္ဓေကတည်းက ကန်းသော၊ ထိုင်းသော၊ ဆွံ့သော၊ အ သော၊ ကျပ်မပြည့်သောသူများ၊ နပုံး ပက္ကားက် စသော လူစဉ်မမိသူများ ... ထိုသို့သောသူများကို ဆင်းရဲ, ချမ်းသာ လူတန်းစား မရွေးတွေ့ပူးကြပေလိမ့်မည်။ သူတပါးကို မှီခိုကပ်ရပ်နေရသော အဆင့်နိမ့်နှိမ့်နှတ်များ ... ဖြစ်၍ အရင်းရှုံးလေသည်)

အထက်ပါ အကြောင်းအကျိုး ဆက်စပ်မှုကို သိပြီဆိုလျှင် တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ပြုမှ တိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်သည်ဖြစ်၍ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ဖြစ်ရန် ဉာဏ်ယှဉ်ရမည်။ ကုသိုလ်ခြံရံရမည် ဖြစ်သည်။ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် ၄-ပါးရှိသော်လည်း ဝမ်းမြောက်ဝမ်းသာ ဉာဏ်ယှဉ်၍ တက်တက်ကြွကြွပြုခြင်း ဟူသော - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပဌမစိတ်သည် အကောင်းဆုံး ဖြစ်လေသည်။

အထက်ပါ အသိတရားများကို အဘိဓမ္မာတရားက ပေးစွမ်းနိုင်သောကြောင့် အဘိဓမ္မာတရားတို့ကို လက်လှမ်းမီသရွေ့ လေ့လာကြပါစို့ ... ။

ဘာကုသိုလ်ပဲလုပ်လုပ် မဟာကုသိုလ် ပဌမစိတ်ဖြစ်အောင် ကြိုးစားကြပါစို့ ... ။

(၃) ကျမ်းစာ စိတ်ဆက်

အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ – ကျမ်းစာအုပ်သည် မဟာကုသိုလ် ပဌမစိတ်ကို အခြေခံ၍ အဘိဓမ္မာ (၁)ကျမ်းစီဖြင့် ဝေဖန်ပြထားလေသည်။

ထိုတွင် စိတ်ဝင်စားဖွယ် အချက်အချို့ကို ကောက်နှုတ်ဖော်ပြရသော် –

- ရူပါရုံမ္ဍကံ အဖွင့်လာ ဥာဏ်ကောင်းစေသော အကြောင်းများ၊
- အဆင်း, အသံ, အနံ့ စသော အာရုံ (၆)ပါး အလျှုများ၊
- ကုသိုလ်၊ အကုသိုလ် ဖဿများ၊
- ဝေဒနာအဖွင့်လာ ဥပမာများ – (ထိုတွင် ငွေနှင့် ဂိတ၏ အရေးပါပုံ၊ ပန်းတို့တွင် မြတ်လေးပန်းသည် အမြတ်ဆုံးဖြစ်ကြောင်းကို စမ်းသပ်ပုံ)
- သညာ / စေတနာ/ ဝိတက်/ ကေဂ္ဂတာ / သဒ္ဓါ အဖွင့်လာ ဥပမာ သာဓကများ – ထိုတွင် ဥဂ္ဂတသူဌေး၏ သဒ္ဓါတရားမှာ သိလရှိ / မရှိ မခွဲခြားဘဲ တူညီစွာ ထားနိုင်ခြင်းမှာ အတုယူဖွယ် ကောင်းလှပုံ၊
- ဝိရိယ / သတိ အဖွင့်လာ ဥပမာများတွင် ဂဝေသိဆရာကြီးနှင့် သူ၏နောက်လိုက်တို့၏ စိတ်ထားများမှာ အလွန် အတုယူဖွယ်ကောင်းပုံ၊
- ပညာ အဖွင့်လာ ပုက္ကုသာတိမင်း ဓာတ် (၆)ပါး တရားနာရ၍ အနာဂါမ်ဖြစ်ပုံ (ထိုတွင် သံသရာ တလျှောက်လုံး နိဗ္ဗာန်ရည်မှန်း သက်နှံးမလျှုပ်း၍ ဟေဘိက္ခုရဟန်း ဖြစ်ခွင့်မရပုံ)
- ကုသိုလ်မူလ အဖွင့်များ အလောဘ၊ အဒေါသ၊ အမောဟ ဥပမာများ၊
- ယေဝါပနကတရား (ဆန္ဒ၊ အဓိမောက္ခ စသော) ဥပမာများ၊
- အာစယဂါမိတိက် အရ – နိဗ္ဗာန်ရောက်ကြောင်းတရားမှာ – မဂ် ၄ –ပါး ဖြစ်ကြောင်း၊ ကုသိုလ်, အကုသိုလ်တို့သည် စုတိ၊ ပဋိသန္ဓေ (မွေးသေအဖြစ်)သို့ ရောက်ကြောင်း ဖြစ်ကြောင်း၊ (ကာမကုသိုလ် မပါဘဲ မဂ်ကုသိုလ် မရနိုင်သောကြောင့် သွယ်ဝိုက်သောအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပုံ)
- ကာမကုသိုလ်ပြုသူသည် အာသဝအရဟတ်စွဲသူ အရဟတ်ဖြတ်သည်နှင့် တူကြောင်း၊
- နိယတဒုက် အရ ပိဓိတ္တိပြုသော ကုသိုလ်သည် အကျိုးပေး မမြဲကြောင်း၊ အကျိုးပေးမြဲသော မဂ်ကုသိုလ် ဖြစ်အောင် ကြိုးစားသင့်ကြောင်း၊
- လူပိုက် ဖြစ်စေသောတရား၊ မည်းညစ်သောတရား၊ ဘုန်းနည်းစေသောတရားတို့မှာ အကုသိုလ်တရားများ ဖြစ်ကြောင်း၊
- လူလိမ္မာ ဖြစ်စေသောတရား၊ ဖြူစင်သောတရား၊ ဘုန်းကြီးစေသောတရားတို့မှာ ကုသိုလ်တရားများ ဖြစ်ကြောင်း၊

- အကြောက်တရား လုံးဝမရှိခြင်းမျိုး မဖြစ်သင့်ဘဲ မကောင်းမှု ဒုစရိုက်တို့ကို ပြုရမှာကိုသာ ကြောက်သင့်ကြောင်း၊
- ပြောလွယ်ဆိုလွယ် ဖြစ်ခြင်း၊ မိတ်ကောင်း ရှိခြင်း၊ နှုးညံ့ချိုသာသော စကားရှိခြင်း၊ လောကဝတ် ပျူပျိုရှိခြင်း၊ ဣန္ဒြေကို စောင့်ခြင်း၊ အစားအသောက်၌ အတိုင်းအရှည်ကိုသိခြင်းတို့သည် ကုသိုလ်တရားများ ဖြစ်ကြောင်း၊ ၎င်းတို့၏ ဆန့်ကျင်ဘက်သည် အကုသိုလ်တရားများ ဖြစ်ကြောင်း၊
- သည်းခံခြင်း ခန္တီဟူသည် အဒေါသပြဋ္ဌာန်းသော ကုသိုလ်တရားဖြစ်ကြောင်း (မခံချို မခံသာ အောင့်အည်း ချုပ်တည်းနေရခြင်းသည် ခန္တီသည်းခံခြင်း မဟုတ်ကြောင်း)
- အနုတ္တလက္ခဏာ ဟူသည် သဗ္ဗညုတဉာဏ်ဖြင့်သာ သိနိုင်သောကြောင့် သာသနာပဋိဘ အနုတ္တလက္ခဏာ မထင်ကြောင်း၊
- ဓာတ် (၆)ပါးကို အလျှို့တွဲ၊ ဗဟိဒ္ဓ ခွဲပြခြင်း၊
- ပညတ်ပျောက်ရန် ဓာတ်ကြီး (၄)ပါး အရေးကြီးကြောင်း၊
- သစ္စာလေးပါးရှိသော်လည်း သစ္စာ (၁)ပါးသိက အားလုံးပြီးပုံ၊
- ဒုက္ခ (၃)မျိုးတွင် ဘယ်ဒုက္ခကို ဝိပဿနာရှုရမည်နည်း?
- တရားများစွာရှိသော်လည်း စိတ် (၁)ခုကို စောင့်ရှောက်နိုင်က ကိစ္စပြီးပုံ _ အနုပုဗ္ဗကသုဒ္ဓေးသား ဝတ္ထု၊
- ပိဝိတို့ ကုသိုလ်ပြုနေခြင်းသည် သိလို့လား၊ မသိလို့လား၊ မသိလို့ ကုသိုလ်ပြုတယ်ဆိုတာ ဘယ်လိုလဲ၊
- ပဋိစ္စသမုပ္ပါဒ်၌ ဝေဒနာပစ္စယာ 'တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်' အစား ကုသိုလ်အရာ၌ 'ဝေဒနာ ပစ္စယာ ပသာဒေါ၊ ပသာဒ ပစ္စယာ အဓိမောက္ခော' ဟု ဟောတော်မူပုံ၊
- ပုဂ္ဂိုလ်အမျိုးအစားနှင့် သတိပဋ္ဌာန် (၄)ပါး ဟောရခြင်းအကြောင်း၊
- ဝေဒနာကို သည်းခံရာ၌ အုအခွေလိုက် ထွက်ကျလာသည်ကိုပင် သည်းခံပုံ၊
- ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာသည် သမထမဖက် ဝိပဿနာသက်သက်ဖြစ်ပုံ၊
- ကာမဆွန္ဒ၊ ဒေါသ၊ ထိနမိဒ္ဓ စသော နိဝရဏ်တို့ကို ပယ်ဖျောက်ပုံ၊
- ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်စေသောအကြောင်းများ၊
- ဆွမ်းတံပူဇော်ပုံ၊
- ပဋိသမ္ဘိဒါဉာဏ်သည် ပုထုဇဉ်များနှင့်လည်း ဆိုင်ပုံ၊
- ဘေးဘယာတွေ ဘာကြောင့်ဖြစ်လဲ၊ ဘေးဘယာကင်းကွာအောင် ဘယ်လိုရှောင်မလဲ၊
- အရိယာ ဖြစ်ထိုက်သူ၊ မဖြစ်ထိုက်သူများ၊
- သေလျှင် ဘယ်ကံက အကျိုးပေးမလဲဆိုတာ သေချာပေါက် ပြောလို့ရတဲ့သူတွေမှာ ဝိဝိတို့ ပါ / မပါ၊

- ကမ္ဘာကြီး ပျက်သည်ကိုပင် တန့်စေနိုင်သူ၊
- ဗုဒ္ဓသာသနာတော် ရှိနေသရွေ့ ကမ္ဘာမပျက်နိုင်ပုံ၊
- လောကမှာ ရခဲသောပုဂ္ဂိုလ် (၂) ဦး၊
- နှစ်ဘက်မြင် ပုဂ္ဂိုလ်၊
- နှိုင်းဆရခက်ခဲသူ ဖြစ်သင့်ပုံ၊
- ပညတ် / ပရမတ် မရောထွေးသင့်ပုံ၊
- ရဟန္တာများ မသိမှုသည် အဝိဇ္ဇာလား၊
- နှုတ်က ဒုက္ခ၊ ဒုက္ခ ရွတ်နေရုံနှင့် မဂ်ကို ပွားနေသည် ဟုတ် / မဟုတ်၊
- ဒါနပြုရာတွင် မိမိအလှူဝတ္ထုကို အလှူခံပုဂ္ဂိုလ်သုံးမှ ကုသိုလ်ရသလား၊
- ကျောင်းစသည် လှူဒါန်းရာ၌ ကျောင်းကို အဆက်မပြတ် သုံးနေရုံနှင့် ကုသိုလ် တိုးနေသလား၊ ထာဝရ ကုသိုလ် တိုးအောင် မည်သို့ ပြုရမည်နည်း၊
- ရှိခိုးမှု၊ လှူဒါန်းမှုသည် ကုသိုလ် ဟုတ် / မဟုတ်၊ (ကုသိုလ်စိတ္တုပ္ပါဒ်သည်သာ ကုသိုလ်မည်ပြီး ရှိခိုးမှု၊ လှူဒါန်းမှုများသည် ကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များဖြစ်၏။ ထို့ကြောင့် ကုသိုလ်လုပ်ရာတွင် ကုသိုလ်စိတ်ပါမှ ကုသိုလ်ဖြစ်လေသည်။ အလုပ်တခြား၊ စိတ်တခြားဖြစ်နေလျှင် ကုသိုလ် မဖြစ်နိုင်ပေ)
- ထွက်လေ၊ ဝင်လေ ဘယ်အချိန် နောက်ဆုံးဖြစ်သလဲ၊
- နာမ်အာရုံက တောင်ဝေးနှင့်တူပြီး၊ ရုပ်အာရုံက ကြိုးတန်းနှင့်တူပုံ၊
- ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံကို ဘယ်သူ ဖန်တီးသလဲ၊
- မျက်စိနှင့် နား ဘာကြောင့် အရေးကြီးသလဲ၊
- နည်းပညာ ထွန်းကားသည့်အလျောက် အကုသိုလ် အာရုံများနှင့် အချိန်မကုန်စေဘဲ ကုသိုလ်အာရုံ ဖြစ်အောင်, ကုသိုလ်ဖြစ်အောင် ပြုသင့်ပုံ၊
- ကုသိုလ်ကြောင့် ပင်ပန်းပုံ၊
- အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ၊
- ပတ္ထနာဟူသည် ကုသိုလ်လော၊ အကုသိုလ်လော၊
- ကိုယ်စိတ်ဆင်းရဲခြင်း / ချမ်းသာခြင်းက ကုသိုလ်ဖြစ်စေပုံ၊
- ကုသိုလ်စိတ်/ရုပ် ဖြစ်နေလျှင် ကျန်းမာသက်ရှည်ခြင်း အကြောင်းဖြစ်ပုံ၊
- ရုပ်နာမ်မှန်သမျှ ဖြစ်ပြီး ပျက်ကြကုန်သော်လည်း စေတနာကား ကောင်းကျိုး / ဆိုးကျိုးပေးရန် သတ္တိကျန်ပုံ၊

- ထောက်ပံ့မှုပေးတတ်သော တရားများ၊ အစိုးရသော တရားများ၊
- ကုသိုလ်ကို ရူးရူးစိုက်စိုက်လုပ်လျှင် ဘာတွေကို ပယ်နိုင်လဲ၊

... ... စသည် စသည် သိသင့် သိထိုက်သော စိတ်ဝင်စားဖွယ်ရာများကို ရေးသားဖော်ပြထားသော ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ်လည်း ဖြစ်လေ၏။

အလွန် ခက်ခဲနက်နဲလှသော အဘိဓမ္မာတရားများကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများမှ သင့်လျော်ရာရာများကို ကောက်နှုတ်ဖော်ပြထားသောကြောင့် အဘိဓမ္မာသဘောကို သိရှိလိုသူများ လွယ်ကူ သက်သာစွာ လေ့လာနိုင်သော ကျမ်းတစ်ဆူလည်း ဖြစ်သောကြောင့် –

ဤ 'အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ' ကျမ်းကို ဖတ်ရှု မှတ်သား လိုက်နာ ကျင့်သုံး နိုင်ကြပါစေကုန်သတည်း ... ။

ဓမ္မရုံ.
သန်လျင်တောရ ယင်းတော်မင်းကျောင်း
ယင်းတော်မြို့မ၊ ပျော်ဘွယ်မြို့နယ်၊
မန္တလေးတိုင်း ။
(၂၆-၈-၂၀၁၅)

အဘိဝါ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

လူလောကၦ လူဖြစ်လာသူ အပေါင်းတို့သည် ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးမည်ကိုလည်း ကြောက်ကြ၏။ အပြစ်ဒဏ်အမျိုးမျိုးကို ခံရမည်ကိုလည်း ကြောက်ကြ၏။ ဗျာဒြင်း၊ နာခြင်း စသော ရောဂါခံရမည်ကိုလည်း ကြောက်ကြ၏။ သေရမည်ကိုလည်း ကြောက်ကြ၏။ သေလွန်ပြီးနောက် အပါယ်လေးပါး ရောက်ရမည်ကိုလည်း ကြောက်ကြ၏။ အပါယ်လေးပါးထဲတွင် ငရဲၦ ခံရမည်ကို ပို၍ ကြောက်ကြ၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့ အနေဖြင့် ယခုဘဝသေလွန်ပြီးနောက် အပါယ်လေးပါးသို့ မရောက်မူၦ၍ ကာမသုဂတိ (၇)ဘုံဟူသော လူပြည်နတ်ပြည်တို့ၦ၌ စုန်၍၊ ဆန်၍ အပြန်ပြန်အလှန်လှန် သဘောဖြင့် လူစည်းစိမ်၊ နတ်စည်းစိမ် တို့ကိုသာ ခံစားလျက် နေရမည်ဆိုပါက သံသရာမှာ ဘယ်လောက်ကြာကြာ ကျင်လည်ရ ကျင်လည်ရ နေချင်ကြသော ပုဂ္ဂိုလ်များတို့သည်လည်း အမြောက်အမြား ရှိလျက်နေလေ၏။

ထိုသို့ သံသရာထဲမှာ အပါယ်မကျမူၦ၍ စိမ်ပြေနပြေ နေချင်ကြသည်ဆိုလျှင်လည်း သိကြားမင်းကဲ့သို့ သောတာပန်အဖြစ်သို့ ရောက်ရန်လိုအပ်ပေ၏။

တာဝတိံသာနတ်ပြည်ၦ၌ ယခုလက်ရှိ သိကြားနတ်မင်းသည် သာသနာပက ကုသိုလ်ကြောင့် သိကြားနတ်မင်း အဖြစ်ကို ရ၏။ မြတ်စွာဘုရားရှင် ပွင့်တော်မူလာသောအခါၦ၌ သာသနာတော်တွင်းက ကုသိုလ်ကြောင့် နတ်အဖြစ်သို့ ရောက်လာကြကုန်သော အနေကဝဏ္ဏာ စသော နတ်သားတို့က ပိပိထက် အရောင်အဝါ ပို၍ ထိန်ထိန် ဝါဝါ သာလွန်တောက်ပနေသည်ကို ကြုံရသောအခါ သိကြားမင်းကြီး အတော်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရ၏။ ထို့ကြောင့် သိကြားမင်းသည် နိရောဓသမာပတ်မှ ထတော်မူသော အရှင်မဟာကဿပ ရဟန္တာမြတ်ကြီးအား ဆွမ်းလောင်းလှူ လှူဒါန်းခြင်းဖြင့် သာသနာတော်တွင်း ကုသိုလ်ကို အရယူခဲ့ရလေ၏။

ထို့နောက် သေချိန်နီးလာသောအခါၦ၌ သိကြားမင်းသည် အပါယ်သို့ကျရောက်မည်ကို အကြီးအကျယ် တုန်လှုပ်ချောက်ချား ကြောက်လန့်၍ နေပြန်၏။ ထို့ကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ပိပိသိချင်သောတရား များကို မေးမြန်း၏။ ဘုရားရှင်ကလည်း သိကြားမင်း ကျေနပ်လောက်အောင် ဖြေရှင်းပေးတော်မူ၏။ သိကြားမင်း မေးသည်ကို ဖြေကြားတော်မူရသောကြောင့် ယင်းတရားကို 'သက္ကပဉှသုတ်' ဟူ၍ အမည်တွင်လေ၏။ ယင်းသက္ကပဉှသုတ် ဥပေက္ခာဝေဒနာ အဆုံးၦ၌ သိကြားမင်းသည် သောတာပတ္တိမဂ်ဉာဏ်ကို ရ၍ သောတာပန်

အဖြစ်သို့ ရောက်လေ၏။ ထိုအချိန်၌ပင် ယခုလက်ရှိဘဝ သိကြားမင်းအသက်ကုန်၍ နောက်ထပ်သိကြားမင်းအသစ် ဘဝသို့ ရောက်ရပြန်လေ၏။ သိကြားမင်း အသက်ကုန်၍ အပါယ်လည်းမကျမူ၍ သိကြားအသစ်ဘဝကိုလည်း ပြန်ရသည်ဖြစ်၍ သိကြားမင်း၏ ဝမ်းသာကြည်နူးမှုသည်ကား အတိုင်းထက်အလွန်ဖြစ်မည်မှာ သေချာပေ၏။

သိကြားမင်း အပါယ်မကျတော့ဘူးဆိုတော့ သုဂတိဘုံတို့၌ စိတ်ကြိုက်နေနိုင်သွားပြီ ဖြစ်၏။ သိကြားမင်း စိတ်ကြိုက်နေမည့်ဘဝတို့ကလည်း ဤသို့ဖြစ်၏။

၁။ သိကြားမင်းသည် ထိုတာဝတိံသာနတ်ပြည်၌ သောတာပန်အဖြစ်ဖြင့် သိကြားမင်းအဖြစ်ဖြင့် (၅)ကြိမ်တိုင်တိုင် သိကြားမင်းဘဝနှင့်နေမည် ဖြစ်၏။

၂။ (၆)ကြိမ်မြောက်ဘဝ၌ လူပြည်၌ မင်းမျိုးစသော အထက်တန်းမျိုး၌ ဝင်ိသန္ဓေယူ၍ လူဖြစ်ပြီးနောက် တရားအားထုတ်၍ သဝဒါဝါမိဘဝဖြင့် လူစည်းစိမ်ကို ခံစားမည် ဖြစ်၏။

၃။ ထိုလူဘဝမှ ကွယ်လွန်ပြီးနောက် သတ္တမမြောက်ဘဝ၌ သကဒါဝါမိအရိယာအဖြစ်ဖြင့် တာဝတိံသာနတ်ပြည်၌ဖြစ်ပြီး သိကြားမင်းစည်းစိမ်ကို ခံစားဦးမည် ဖြစ်၏။

၄။ ထိုသို့ သိကြားမင်းစည်းစိမ်ကို ခံစားရင်းဝင် အနာဂါမိအရိယာအဖြစ်သို့ ရောက်မည် ဖြစ်၏။ ယင်းအနာဂါမိဘဝနှင့် ကွယ်လွန်၍-

၅။ သုဒ္ဓါဝါသဗြဟ္မာဘုံဖြစ်သော ဗြဟ္မာဘုံ၌ ဘုံစဉ့်ဆဲဦးမည်ဖြစ်၍ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ 'အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ' ဟူ၍ (၅)ဘုံရှိလေရာ-

၆။ အဝိဟာဘုံ၌ ကမ္ဘာပေါင်း တစ်ထောင်ကြာအောင် နေမည်ဖြစ်၏။

၇။ ထိုနောက် ထိုဘဝမှ စုတေ၍ အတပ္ပါဘုံ၌ ကမ္ဘာပေါင်းနှစ်ထောင်ကြာအောင် နေမည်ဖြစ်၏။

၈။ ထိုနောက် ထိုဘဝမှ စုတေ၍ သုဒဿာဘုံ၌ ကမ္ဘာပေါင်း လေးထောင်ကြာအောင် နေမည်ဖြစ်၏။

၉။ ထိုနောက် ထိုဘဝမှ စုတေ၍ သုဒဿီဘုံ၌ ကမ္ဘာပေါင်း ရှစ်ထောင်ကြာအောင် နေမည်ဖြစ်၏။

၁၀။ ထိုနောက် ထိုဘဝမှ စုတေ၍ အကနိဋ္ဌဘုံ၌ ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင်ကြာအောင် နေဦးမည်ဖြစ်၏။

၁၁။ ဤသို့ ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင်တို့ ကာလပတ်လုံး သိကြားမင်းသည် မြဟ္မာစည်းစိမ်ကို ခံစားဝေဦးမည် ဖြစ်၏။

၁၂။ ထိုသို့ နေမှုသည် သိကြားမင်းသာမဟုတ်၊ သောတာပန်များ ဖြစ်ကြသော အနာထပိဏ်၊ ဝိသာခါတို့လည်း နေကြဦးမည် ဖြစ်၏။

ထို့ကြောင့် ထိုသုံးဦးသော ပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားက 'ဝဋ္ဋာဘိရတပုဂ္ဂိုလ် - ဝဋ်၌ ပျော်မွေ့သော ပုဂ္ဂိုလ်များ' ဖြစ်ကြသည်ဟူ၍ မှတ်ချက်ပြုတော်မူလေ၏။

(၃၄-၂-၂၅၂)

အထက်ပါသဘောအရ သံသရာမှ လွတ်မြောက်လိုသည်ပဲ ဖြစ်စေ၊ သိကြားမင်းတို့ကဲ့သို့ သံသရာထဲမှာ သုကတိဘုံတို့၌ ပျော်မွေ့လိုသည်ပဲဖြစ်စေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ရရှိရန် လိုအပ်၏။ အနည်းဆုံး သောတာပတ္တိ မဂ်ဉာဏ်လောက်ကို ရထားရန် လိုအပ်သည်ဟူသော အချက်သည် ပေါ်လွင်လျက် ရှိ၏။

ယင်းသို့ဆိုလျှင် အဘယ်ပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရထိုက်သနည်း။ အဘယ်ပုဂ္ဂိုလ်တို့သည် မရထိုက်သနည်း – ဟူသောအချက်ကို သိထားရန် လိုအပ်လာပြန်လေ၏။

လူလောက၌ ဉာဏ်ပညာရှိသူတို့သည်သာ ဤဘဝအကျိုးစီးပွားအတွက်ကိုလည်း ဖြစ်ထွန်းအောင်ပြုလုပ်နိုင်ကြ၏။ နောင်ဘဝတွေ့ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက်ကိုလည်း ဖြစ်ထွန်းအောင် ပြုလုပ်နိုင်ကြပေကုန်၏။

သို့ဖြစ်လျှင် အဘယ်ပုဂ္ဂိုလ်တို့သည် ဉာဏ်ပညာရှိသူတို့ ဖြစ်ကြသနည်းဟူမူ မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း ဉာဏ်ပညာရှိသူတို့ ဖြစ်ကြကုန်၏ဟူ၍ ပြောဆိုရမည်ဖြစ်၏။ အဘယ်ဉာဏ်ပညာရှိကြသနည်းဟူမူ တိဟိတ်ပဋိသန္ဓေ ဉာဏ်ပညာရှိသူတို့ ဖြစ်ကြကုန်၏။

လူဘဝကို ရရှိလာကြကုန်သော လူသားတို့အား ယင်းတိဟိတ်ပဋိသန္ဓေဉာဏ်ပညာရှိမှုသည် အရေးကြီးဆုံး ဖြစ်၏။ တိဟိတ်ပဋိသန္ဓေဉာဏ်ပညာမှမရှိလျှင် ဤဘဝ၌ အဘယ်သို့မျှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရရှိနိုင်ပေ။ ထို့ကြောင့် အရေးအကြီးဆုံးဖြစ်၏ဟူ၍ ဆိုရခြင်း ဖြစ်၏။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေခဲ့စဉ်က တိဟိတ်ပဋိသန္ဓေ စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသူများ ဖြစ်၏။ သို့ဖြစ်၍ ထိုဘဝ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိကြခြင်း ဖြစ်လေ၏။

ထိုပုဂ္ဂိုလ်တို့တွင် တိဟိတ်ပဋိသန္ဓေစိတ်ချင်းအတူတူ မြတ်စွာဘုရားရှင်၏ ပဋိသန္ဓေစိတ်က အထက်မြက်ဆုံးဖြစ်သည်ကို သတိပြုသင့်၏။ ယင်းမှာ ပိပိတောင်းခဲ့သော ဆုတောင်းအားလျော်စွာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ အထက်မြက်ဆုံး ပြုလုပ်ခဲ့ခြင်းဖြစ်၍ အထက်မြက်ဆုံး ပဋိသန္ဓေစိတ်ကို ရရှိခြင်း ဖြစ်၏။ ဤသဘောအရ ကုသိုလ်ကောင်းမှုကို ထက်ထက်မြက်မြက် ပြုလုပ်ရန် လိုအပ်ပေ၏။

ဘယ်လိုပင်ရှိစေ ပဋိသန္ဓေနေစဉ်က တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ရန် လိုအပ်ပေ၏။ ယင်းတိဟိတ်ပဋိသန္ဓေစိတ်ဟူသည် မဟာဝိပါက်ပဋိသန္ဓေစိတ်ရှစ်ခုရှိသည့်အနက်က ပဌမမဟာဝိပါက်စိတ်ဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်သော တိဟိတ်ပဋိသန္ဓေစိတ်တည်း။

ယခု သက်ရှိဖြစ်ကုန်သော လူသားတို့သည် ပဋိသန္ဓေနေခဲ့စဉ်က တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် နေခဲ့ရသည်မရသည်ကို မသိနိုင်စေကာမူ နောက်ဘဝတို့၌ တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေနိုင်အောင်မူကား သေချာပေါက် ပြုလုပ်၍ ရနိုင်ပေ၏။ ယင်းမှာ ဘုရားရှင်သာသနာတော်နှင့် တွေ့ကြုံနေရခြင်း၏ အကျိုးရလဒ်ဟူ၍လည်း ဆိုနိုင်ပေ၏။ ယင်းတိဟိတ်ပဋိသန္ဓေစိတ်ဖြင့် နေနိုင်အောင် ပြုလုပ်ရန်မှာ –

ဒါနအစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ရန်လည်း လို၏။ ဉာဏ်နှင့်ယှဉ်၍ ပြုလုပ်ရန်လည်း လို၏။ စိတ်ပါလက်ပါ လိုလိုလားလား တက်တက်ကြွကြွ ပြုလုပ်ရန်လည်း လို၏။ ယင်းသို့ ပြုလုပ်လျှင် ထိုပုဂ္ဂိုလ်အား မဟာကုသိုလ်စိတ်ရှစ်ပါးရှိသည့်အနက်က အထက်မြက်ဆုံးဖြစ်သော သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟူသော မဟာကုသိုလ် ပဌမစိတ်ဖြစ်သော တိဟိတ်ကုသိုလ်စိတ်ဖြစ်လေတော့၏။ တိဟိတ်ကုသိုလ်စိတ်ကို ရရှိလေတော့၏။ ယင်းတိဟိတ်ကုသိုလ်စိတ်သည် နောင်ဘဝတို့၌ တိဟိတ်ပဋိသန္ဓေစိတ်ကို ပေးနိုင်လေ၏။ ယင်းတိဟိတ်ကုသိုလ်စိတ်မျိုးကို –

(က) ဒါနလုပ်ငန်းဖြင့်လည်း ရနိုင်၏။

(ခ) သီလလုပ်ငန်းဖြင့်လည်း ရနိုင်၏။

(ဂ) သမထအားထုတ်၍လည်း ရနိုင်၏။

(ဃ) ဝိပဿနာအားထုတ်၍လည်း ရနိုင်၏။

(င) တရားနာကြား၍လည်း ရနိုင်၏။

(စ) လေးနက်သော သုတ္တန်တရားကို သင်ကြား၍လည်း ရနိုင်၏။

(ဆ) အဘိဓမ္မာတရားတော်များကို သင်ယူခြင်း၊ လေ့လာခြင်း၊ နာကြားခြင်းဖြင့်လည်း ရယူနိုင်၏။

(ဇ) ရတနာသုံးပါး ဝေယျာဝစ္စအမှုကို ပြုလုပ်၍လည်း ရနိုင်၏။

(ဈ) အချုပ်အားဖြင့် ကုသိုလ်ကောင်းမှုကို ဉာဏ်ယှဉ်ပြုလုပ်၍ ရနိုင်ပေ၏။

တိဟိတ်ကာမကုသိုလ်စိတ်, တိဟိတ်ပဋိသန္ဓေစိတ်ဟူသည် ယင်းစိတ်တို့၌ သင့်၏၊ သတိ အစရှိကုန်သော ကုသိုလ်စေတသိက်များ ယှဉ်ကြရာတွင် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ်သုံးပါး ယှဉ်၏။ ယင်းကုသိုလ်ဟိတ်သုံးပါးယှဉ်သောကြောင့် ယင်းစိတ်တို့ကို တိဟိတ်ကုသိုလ်စိတ်, တိဟိတ်ပဋိသန္ဓေစိတ်ဟူ၍ ခေါ်ရခြင်း ဖြစ်သည်။

ယင်းတိဟိတ်ကုသိုလ်စိတ်များအနက် ပို၍ပို၍ ဉာဏ်ကောင်းသော ဉာဏ်ပညာထက်မြက်သော တိဟိတ်ကာမကုသိုလ်စိတ်ဖြစ်ရန် အရေးသည် အဘိဓမ္မာတရားကို အတတ်နိုင်ဆုံး ကြိုးကြိုးစားစား လေ့လာလိုက်စားရန် လိုအပ်ပေ၏။ အကြောင်းကား မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို ပညာပဓာနထား၍ ဟောကြားတော်မူအပ်သောကြောင့် ဖြစ်ပေ၏။

ချဉ်းအံ့ ။ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး (၇)ဝါမြောက်၌ တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူပြီးနောက် ဓမ္မသင်္ဂဏီအစရှိကုန်သော အဘိဓမ္မာ(၇)ကျမ်းတို့အား ဝါတွင်းသုံးလပတ်လုံး နတ်ပြဟ္မာအပေါင်းတို့အား ဟောကြားတော်မူ၏။ လူပြည်မှာ မဟောဘဲ နတ်ပြည်မှာ အဘယ်ကြောင့် ဟောရသနည်းဟူမူ လူတို့၏ ဉာဏ်တွေထက် နတ်ဗြဟ္မာတို့၏ ဉာဏ်တွေက ပို၍ထက်မြက်သောကြောင့် ဖြစ်ပေ၏။ ဤအချက်ဖြင့်လည်း အဘိဓမ္မာကို လေ့လာလိုက်စားလျှင် ဉာဏ်ပညာထက်မြက်သူ ဖြစ်နိုင်ကြောင်း၊ တိဟိတ် ကာမကုသိုလ်စိတ် ဖြစ်နိုင်ကြောင်း၊ တိဟိတ်ကာမပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေနိုင်ကြောင်း သိမြင်နိုင်ပေ၏။

ထို့နောက် လူပြည်၌ ဤအဘိဓမ္မာတရားကို အဘယ်ပုဂ္ဂိုလ် အဦးဆုံး နာရသနည်းဟူမူ မြတ်စွာဘုရားရှင် ပြီးလျှင် ဉာဏ်ပညာ အထက်မြက်ဆုံးဖြစ်သော အရှင်သာရိပုတြာကိုယ်တော်မြတ်ကြီး အရင်ဆုံး နာရပေ၏။ ဤအချက်ဖြင့်လည်း အဘိဓမ္မာတရားကို လေ့လာလိုက်စားလျှင် ဉာဏ်ပညာထက်မြက်နိုင်ကြောင်း သိမြင်နိုင်၏။

ထို့နောက် မည်သူတွေ့ နာရသနည်းဟူမူ – အရှင်သာရိပုတြာသည် လင်းနို့သားငါးရာမှ ရဟန်းငါးရာ ဖြစ်လာသော ဗိမိတပည့် ရဟန်းငါးရာတို့အား အဘိဓမ္မာတရားကို ထပ်ဆင့် ပို့ချပေး၏။ ထိုရဟန်းငါးရာတို့သည် အရှင်သာရိပုတြာပြီးလျှင် လူပြည်၌ အဘိဓမ္မာ နာကြားသင်ယူကြရသော ပုဂ္ဂိုလ်များ ဖြစ်ကြပေကုန်၏။

ထိုရဟန်းငါးရာတို့သည် ကသသပြတ်စွာဘုရားရှင် လက်ထက်တော်က လင်းနို့ငါးရာ ဖြစ်ခဲ့ပူး၏။ ရဟန်းတော်တစ်ပါး၏ အဘိဓမ္မာရွတ်ဖတ်သံကို ကြား၍ 'တရားရွတ်ဖတ်တာပဲ' ဟူ၍ ဓမ္မသညာဖြင့် နာကြားရာမှ သေလွန်သော် ယင်းကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားများ ဖြစ်ကြပြီး ဂေါတမဘုရားရှင် ပွင့်တော်မူလာသော အခါ၌ လူအဖြစ်ကို ရလာပြီးနောက် ရဟန်းပြုကာ ရဟန္တာဖြစ်ကြပြီးနောက် အဘိဓမ္မာတရားကို ရှေးဦးနာရသော ပုဂ္ဂိုလ်များ ဖြစ်ကြရလေ၏။ ဤသည်ကို ထောက်၍လည်း အဘိဓမ္မာတရားကို လေ့လာလိုက်စားလျှင် ဉာဏ်ပညာထက်မြက်ကြောင်း၊ ကာမတိဟိတ်ကုသိုလ်စိတ် ဖြစ်နိုင်ကြောင်း၊ ကာမတိဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေနိုင်ကြောင်း သိမြင်နိုင်ပေ၏။

အကျဉ်းချုပ်. ။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ နတ်မြဟွာတို့အား ဟောကြားတော်မူအပ်သော အဘိဓမ္မာ (ဂ)ကျမ်းသည် အလွန်ကျယ်လှပေ၏။ အရှင်သာရိပုတြာအား ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားများမှာ အလွန်ကျဉ်း၏။ အရှင်သာရိပုတြာက တပည့် လင်းနို့သားငါးရာမှ ဖြစ်လာသော ရဟန်းငါးရာတို့အား ဟောကြားအပ်သော အဘိဓမ္မာ(ဂ)ကျမ်းကား မကျဉ်းမကျယ် ဖြစ်၏။ ယခုလူပြည်၌ ရှိနေသော အဘိဓမ္မာ (ဂ)ကျမ်းသည် ယင်းမကျဉ်းမကျယ်ဖြစ်သော အဘိဓမ္မာ (ဂ)ကျမ်း ဖြစ်၏။

အဘိဓမ္မာတရားကို လေ့လာမည်ဆိုလျှင် 'စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်' ဟူသော ပရမတ္ထတရားလေးပါး ရှိသည်ကို သိရမည် ဖြစ်၏။ အဘိဓမ္မာ (ဂ)ကျမ်းဟူသည် ယင်းစိတ်၊ စေတသိက်၊ ရုပ် နိဗ္ဗာန်တရားများကို ဟောကြားတော်မူထားအပ်သောကြောင့် ဖြစ်၏။ ယင်း ပရမတ္ထတရား လေးပါးတို့တွင် စိတ် (၈၉)ပါး ရှိ၏။ စေတသိက် (၅၂)ပါး ရှိ၏။ ရုပ် (၂၈)ပါး ရှိ၏။ နိဗ္ဗာန်ကား တစ်မျိုးသာတည်း။

ဘုရားရှင်ဟောတော်မူအပ်သည့်အတိုင်း ယင်းတရားတို့ကို အကုန်နားလည်အောင် လေ့လာရန်မူကား အတော်ပင် မလွယ်မကူ ဖြစ်ပေ၏။

ဤ 'အဘိဓမ္မာ (ဂ)ကျမ်းလာ ကိုယ်ကျင့်တရားများ' ကို ရေးရာ၌ အဘိဓမ္မာ (ဂ) ကျမ်း၌ ရှေးဦးစွာ ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီကျမ်း တစ်ကျမ်းသည်ပင်လျှင် အလွန်များလှပေ၏။ အဘိဓမ္မာ (ဂ) ကျမ်းလုံးကိုလည်း ရေးချင်၏။ အဘိဓမ္မာကျမ်းတွေကလည်း ကျယ်လှပေ၏။ ဓမ္မသင်္ဂဏီကျမ်းကိုပင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လာရှိသည့်အတိုင်း ရေးမည်ဆိုလျှင် အလွန်ကြီးလေးသော ကျမ်းစာအုပ်ကြီး ဖြစ်မည့်အပြင် ရေးလို့လည်း ပြီးဆုံးရန် မလွယ်မကူ ဖြစ်ရ၏။

သိုဖြစ်၍ အမျိုးမျိုး အဖုံဖုံ ဝေဖန်ပိုင်းခြားကြည့်သောအခါ၌ အဝက ဖော်ပြခဲ့သည့်အတိုင်း မဟာကုသိုလ်စိတ် ရှစ်ပါးရှိသည့်အနက် ပဌမမဟာကုသိုလ်စိတ်သည် ပုထုဇဉ်လူသားတို့အတွက် အရေးအကြီးဆုံး ဖြစ်သည်ကို ဆင်ခြင်မိရလေ၏။

ယင်းပဌမမဟာကုသိုလ်စိတ်ကိုပင် မကျွံရိုင်ထား၍ ဘုရားရှင် ဟောကြားတော်မူထားအပ်သော အဘိဓမ္မာ (၇)ကျမ်းဖြင့် ဝေဖန်ထားခြင်း ဖြစ်၏။

မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော အဘိဓမ္မာ (၇)ကျမ်း၌ ရှေးဦးဟောသော ဓမ္မသင်္ဂဏီ ကျမ်း၌ ယင်းစိတ် (၈၉)ပါး၊ ဓေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါး၊ နိဗ္ဗာန်တို့ကို တိက်ပုဒ် (၂၂) ပုဒ်တို့ဖြင့်လည်းကောင်း၊ အဘိဓမ္မာ ဒုက် (၁၀၀) ဖြင့်လည်းကောင်း၊ သုတ္တန်တိက ဒုက် (၄၂) ဒုက်ဖြင့်လည်းကောင်း ဝေဖန်ပိုင်းခြား ဟောကြား တော်မူထားလေ၏။

ဤကျမ်း၌ကား မဟာကုသိုလ် ပဌမစိတ်ကို ယင်းတိက် (၂၂)ပါး၊ ဒုက် (၁၄၂)ဒုက်ဖြင့် ဝေဖန်ပိုင်းခြား၍ ပြထားခြင်း ဖြစ်၏။

ရှေးဦးစွာ မဟာကုသိုလ် ပဌမစိတ်သဘောကို ပြဆိုထားခြင်း ဖြစ်၏။ ထို့နောက် မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ကုန်သော ဓေတသိက် (၃၈)ပါး တို့၏ အဓိပ္ပါယ်များ၊ သဘောဝတ္ထုများကို ဖော်ပြပေးထား၏။ ထို့နောက် ယင်းကုသိုလ်တရားများကို တိက် (၂၂) တိက်၊ ဒုက်အားဖြင့် (၁၄၂) ဒုက်ဖြင့် ဝေဖန်ပြထား၏။

ဒုတိယပြောက်ကျမ်းဖြစ်သော ဝိဘင်းကျမ်း၌မူကား မြတ်စွာဘုရားသည် မူတည်ဝိဘင်း(၁၈)မျိုးကို ယင်း တိက်၊ ဒုက်တို့ဖြင့် အကျယ်ဝေဖန်ပြ၍ ဟောတော်မူထားလေ၏။ ဤကျမ်း၌ကား ဓမ္မသင်္ဂဏီကျမ်းက ပြပြီး ဖြစ်ခဲ့သောကြောင့် တိက်၊ ဒုက်တို့ဖြင့် ဝေဖန်ခြင်းကို မပြတော့ဘဲ ခန္ဓဝိဘင်း၊ အာယတနဝိဘင်း စသော မူတည်ဝိဘင်းတို့ကိုသာ သဘောအဝိပ္ပါယ်သိရုံမျှ ပြဆိုထားပေ၏။

တတိယပြောက် ဓာတုကထာကျမ်း၌ကား ရေတွက်၍ ရနိုင်သော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ရေတွက်၍ မရသော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့ကို ဝေဖန်ပိုင်းခြား ဟောကြားတော်မူထား၏။ ဤကျမ်း၌ သဘောလောက်ကိုပဲ ပြဆိုထား၏။

စတုတ္ထပြောက် ပုဂ္ဂလ ပညတ္တိကျမ်းကိုကား ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့တည်ရာ ပုဂ္ဂိုလ်အမျိုးမျိုးကို မြတ်စွာဘုရားသည် ဝေဖန်ပိုင်းခြား၍ ဟောကြားတော်မူထား၏။ ဤကျမ်း၌ကား ယခုခေတ်လူတို့ သိထိုက်သော ပုဂ္ဂိုလ်များကို ရွေးချယ်၍ ပြဆိုထား၏။

ပဋ္ဌာနပြောက် ကထာဝတ္ထုကျမ်းကိုကား မြတ်စွာဘုရားရှင် နည်းပေးထားချက်အရ တတိယသင်္ဂါယနာ တင်ရာကာလ၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အယူမှားတို့အား ပြေရှင်းဟောကြားထား၏။ ယင်းအနက် ဤကျမ်း၌ ကထာဝတ္ထုကျမ်း သဘောမျှ သိအောင် တင်ပြထား၏။

ဆဋ္ဌမကျမ်း ယမိုက်ကျမ်းကိုလည်းကောင်း၊ သတ္တမကျမ်း ပဋ္ဌာန်းကျမ်းကိုလည်းကောင်း ဤကျမ်းဌ ယမိုက်သဘော၊ ပဋ္ဌာန်းသဘောမျှ သိသာရုံလောက်ကိုပင် ပဌမမဟာကုသိုလ်စိတ်ကို မူတည်ထား၍ ပြဆိုထား၏။

ဤသို့ အကျဉ်းနည်းအားဖြင့် ဖော်ပြခြင်းသည်ပင် (A4 size)ဖြင့် စာမျက်နှာ ၉၇၇- မျက်နှာထွက် လေ၏။ စိတ် (၈၉)ပါး၊ ဓေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါးလုံး ရေးလျှင်ကား ရေး၍ ပြီးနိုင်လိမ့်မည် မဟုတ်ပေ။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကွယ်လျှင် အဘိဓမ္မာတရားက အလျင်ကွယ်မည်ဟု ဆိုထားကြသောကြောင့် အဘိဓမ္မာပြန့်ပွားရေးအသင်း စသည်ဖြင့် ဖွဲ့ကြ၍ အဘိဓမ္မာတရားများကို လူတွေသိအောင် သင်တန်းတွေ ပေးကြ၏။ ဟောပြောကြ၏။ ပို့ချကြ၏။ အသံမစဲ ပဋ္ဌာန်းရွတ်ပွဲ၊ အဘိဓမ္မာ (၇)ကျမ်းရွတ်ပွဲတွေ ပြုလုပ်ကြ၏။

ဤဌလည်း 'အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ' ဟူသော ကျမ်းအမည်ဖြင့် တစ်ထောင့်တစ်ကဏ္ဍအားဖြင့် အဘိဓမ္မာပြန့်ပွားရေးကို အားပြည့်ထားပါ၏။ လူအများ နားလည်အောင်၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစား ပြုစုထား၏။

အစက ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓသာသနာနှင့် ကြုံတွေ့နေရသော လူသားတို့အနေဖြင့် ပဌမမဟာကုသိုလ်စိတ်ဖြစ်ဖို့ရာသည် အရေးကြီး၏။ ပဌမမဟာဝိပါက်စိတ် တိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေဖို့ရာသည် အရေးကြီး၏။ အဘိဓမ္မာတရားများကို နားလည်နိုင်သော ဉာဏ်ပညာ ထက်မြက်ဖို့ရာသည် အရေးကြီး၏။

ယင်းအရေးကြီး ကုသိုလ်များ၊ အဘိဓမ္မာတရားများကို နာယူခြင်း၊ သင်ကြားခြင်း၊ လေ့လာခြင်းဖြင့် ရရှိနိုင်ပေ၏ဟု ဆိုခဲ့၏။

လူဘဝသက်တမ်းကလည်း တိုတောင်းလှ၏။ အခြားသောပညာရပ်တွေကို လေ့လာခြင်းသည်လည်း လေ့လာကြပါဟူ၍ ပြောလို၏။ သို့ရာတွင် နောင်ဘဝတို့၌ တိဟိတ်ပဋိသန္ဓေစိတ် ဖြစ်နိုင်သော အဘိဓမ္မာနည်းများ၊ ဉာဏ်ပညာထက်မြက်နိုင်သော အဘိဓမ္မာပညာရပ် တရားများကိုလည်း တတ်နိုင်သမျှ သိရှိအောင် လေ့လာသင့်ကြပေ၏။

ဤ'အဘိဓမ္မာ (၇)ကျမ်းလာကိုယ်ကျင့်တရားများ' ကျမ်းစာကို လေ့လာပတ်ရှုပြီးနောက် ကုသိုလ်ပြုရာ၌ ကာမတိဟိတ်ကုသိုလ်စိတ် ရရှိအောင် ပြုတတ်ကြပါစေ။ နောက်ဘဝတို့၌ တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေ၍ တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ရရှိနိုင်ကြပါစေဟူ၍ ဆန္ဒမွန်ပြုလိုက်ပါ၏။

ဟိတေသိနေလ အရှင်နိပုဏ
သန်လျင်တောရ ယင်းတော်မင်းကျောင်း
ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း။

၁၃၇၅-ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၁၉-၄-၂၀၁၃) သောကြာနေ့ ည (၉)နာရီ။

အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရှိခိုးခြင်း ။ ။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ဘုန်းတော်ကြီးတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပူဇော်ပါ၏။

အဘိဓမ္မာ (၇)ကျမ်း ။ ။ 'ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း' ဟူ၍ အဘိဓမ္မာ (၇)ကျမ်းရှိ၏။

ဓမ္မသင်္ဂဏီကျမ်း ။ ။ အဘိဓမ္မာ (၇)ကျမ်းတွင် မြတ်စွာဘုရားရှင် ပဌမဦးဆုံး ဟောတော်မူအပ်သောကျမ်းသည် ဓမ္မသင်္ဂဏီကျမ်းတည်း။ ဓမ္မသင်္ဂဏီ - ဟူသည် ဓမ္မ - သဘာဝတရား၊ သင်္ဂဏီ - စုပေါင်းပြထားခြင်း၊ 'ပရမတ္ထသဘာဝတရားများကို စုပေါင်းပြထားသောကျမ်း' ဟူ၍ အဓိပ္ပါယ်ရ၏။

အဋ္ဌသာလိနီအဋ္ဌကထာ ။ ။ ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့်ကျမ်းကား အဋ္ဌသာလိနီ အဋ္ဌကထာတည်း။ အဋ္ဌသာလိနီ အဋ္ဌကထာ၏ အဖွင့်ကျမ်းကား ဓမ္မသင်္ဂဏီ မူလဋီကာတည်း။ ဓမ္မသင်္ဂဏီ မူလဋီကာ၏ အဖွင့်ကျမ်းကား ဓမ္မသင်္ဂဏီ အနုဋီကာတည်း။ ဓမ္မသင်္ဂဏီပါဠိတော်ကို မြတ်စွာဘုရား ဟောတော်မူ၍ အဋ္ဌသာလိနီအဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသထေရ် ရေးသားပြုစု၏။ ဓမ္မသင်္ဂဏီ မူလဋီကာကို အရှင်အာစရိယအာနန္ဒထေရ် ရေးသားပြုစုပြီး ဓမ္မသင်္ဂဏီ အနုဋီကာကို အာစရိယဓမ္မပါလထေရ် ရေးသားပြုစုလေ၏။

အဋ္ဌသာလိနီ ဘာသာဋီကာ ။ ။ အထက်ပါကျမ်းတို့ကား ပါဠိလို ဖော်ပြထားသော ကျမ်းတို့တည်း။ ယင်းတို့ကို မြန်မာလို ရေးထားသည်ကား အဋ္ဌသာလိနီ ဘာသာဋီကာ ကျမ်းတည်း။ ယင်းကျမ်းကို ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားပြုစုလေ၏။ ဓမ္မသင်္ဂဏီ ပါဠိတော် မြန်မာပြန်ကိုကား သာသနာရေးဦးစီးဌာနမှ မြန်မာပြန်၏။

ကိုယ်ကျင့်တရား ။ ။ အထက်ပါကျမ်းတို့ကို အခြေခံ၍ လူအများလိုက်နာကျင့်သုံးနိုင်သော တရားများကို၊ အချက်များကို ကောက်နှုတ်၍ ကိုယ်ကျင့်တရားများအနေဖြင့် ဖော်ပြသွားမည် ဖြစ်၏။

(၁) ရတနာသုံးပါးကို ရှိခိုးခြင်း အခန်း

၁။ ကရဏာဝိယ သတ္တော်သု၊ ပညာယသ မဟေသိနော။
ဥယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

၁။ မဟေသိနော – မြတ်သောသီလ စသည်ကျေးဇူး ဂုဏ်အထူးကို ရွှင်မြူးဝမ်းသာရာတော်မူပြီးထသော၊ ယသ– အကြင်မြတ်စွာဘုရား၏၊ တရုဏာ – ပစ္စေကဗုဒ္ဓ၊ သာဝကအစရှိသော အခြားပုဂ္ဂိုလ်တို့နှင့် ဆက်ဆံခြင်း မရှိသော မဟာကရဏာတော်သည်၊ သဗ္ဗေသု – ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ သတ္တေသု – သတ္တဝါတို့၌၊ ယထာရုစိ – အလိုတော်အားလျော်စွာ၊ ပဝတ္တိတ္ထဝိယ – ဖြစ်တော်မူပြီကဲ့သို့၊ ဝညှာပိ – ပညာတော်သည်လည်း၊ သဗ္ဗေသု – အလုံးစုံကုန်သော၊ ဥယျုဓမ္မေသု – သိသင့်သိဖွယ် အသွယ်သွယ်သော တရားတို့၌၊ ယထာရုစိ – အလိုတော်အားလျော်စွာ၊ ပဝတ္တိတ္ထ – ဖြစ်တော်မူပြီ။

ကျမ်းတက် ။ ။ မိမိရေးသား ပြုစီရင်အပ်သော အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကြီး အစွန်ရာယ်မရောက် ရောဂါမနှောက်ဘဲ ချောချောမောမော ပြီးမြောက်ရန်အတွက် ရတနာမြတ်သုံးပါးကို ရှိခိုးလိုသော အရှင်မဟာဗုဒ္ဓဃောသ ထေရ်သည် 'ကရဏာဝိယ သတ္တော်သု' စသော ဂါထာကို မိန့်။

မြန်မာပြန် ။ ။ မြတ်စွာဘုရား၏ ပစ္စေကဗုဒ္ဓါ စသော အခြားသောပုဂ္ဂိုလ်တို့နှင့် ဆက်ဆံခြင်းမရှိသော မဟာကရုဏာတော်သည် သတ္တဝါအားလုံးအပေါ်၌ အလိုတော်အားလျော်စွာ (သတ္တဝါတစ်ယောက်အပေါ်၌ အာရုံပြုလိုလျှင် တစ်ယောက်အပေါ်၌ သတ္တဝါအများအပေါ်၌ အာရုံပြုလိုလျှင် အများအပေါ်၌ အာရုံပြုသော အားဖြင့်) ဖြစ်ပေါ် ပျံ့နှံ့သကဲ့သို့ ထို့အတူ ပညာတော်သည်လည်း သိသင့်သိထိုက်သော တရားအားလုံးအပေါ်၌ အလိုတော်အားလျော်စွာ သိတော်မူသောအားဖြင့် ဖြစ်တော်မူပြီ။

အဘိဓမ္မာဒေသနာ ပညာပြဋ္ဌာန်း၏ ။ ။ မြတ်စွာဘုရားရှင်၏ ဒေသနာတော်သည် ဝိနည်းပိဋကဋ္ဌ ကရဏာပြဋ္ဌာန်း၏။ သုတ္တန်ဒေသနာတော်၌ 'ကရဏာ, ပညာ' နှစ်ပါးပြဋ္ဌာန်း၏။ ထို့ကြောင့် ဝိနည်းအဋ္ဌကထာကို ပြုသော အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ကရဏာခေါင်းတပ်၍ မြတ်စွာဘုရားကို ထောမနာ ပဏာမ ပြု၏။ သုတ္တန်အဋ္ဌကထာကို ပြုရာ၌ကား 'ကရဏာ, ပညာ' နှစ်မျိုးလုံးကို ခေါင်းတပ်၍ ထောမနာ ပဏာမ ပြုလေသည်။

ဤအဘိဓမ္မာ၌ ပညာပြဋ္ဌာန်းသည့်အားလျော်စွာ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ပညာကို ခေါင်းတပ်၍ ထောမနာ ပဏာမ ပြုလေသည်။

ဂါထာ၌ 'ကရဏာဝိယ ပညာယသ' ဟူ၍ ဆိုသည်ကား ဥပမာန ဥပမေယျတို့တွင် ဥပမေယျသည် ပဓာနတည်း။ ထို့ကြောင့် ကရဏာသည် ဥပမာနဖြစ်ပြီး ပညာသည် ဥပမေယျ ဖြစ်၏။ ယင်းအတွက် ပညာကို သာ ပဓာနပြု၍ ထောမနာသည်ကို သိနိုင်ရာ၏။

မဟာကရဏာတော် ။ ။ မြတ်စွာဘုရားရှင်၏ ကရဏာတော်သည် ပစ္စေကဗုဒ္ဓါအစရှိသော အခြားသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသောကြောင့် 'မဟာကရဏာတော်' ဟူ၍ ဆိုရ၏။ ချဲ့ဦးအံ့။ သံသရာဝဲယြယ၌ သက်ဝင် နစ်မြုပ်နေသောသတ္တဝါတို့ကို မြတ်စွာဘုရားနှင့်တကွ အခြားသော ပုဂ္ဂိုလ်များလည်း မြင်စရာရှိ၏။ ထိုသို့ မြင်ကြရာ၌ ပစ္စေကဗုဒ္ဓ၊ သာဝက စသော ပုဂ္ဂိုလ်တို့မှာ -

'ဤသတ္တဝါတွေကို ငါမှ မကယ်တင်လျှင် မည်သူက ကယ်တင်မည်နည်း။ ငါသာ ကယ်တင်ရမည်' ဟူသော ထိုကဲ့သို့ ကရဏာမျိုး မဖြစ်ကြ။ *အကြောင်းကား* - ထိုကဲ့သို့ ကရဏာဖြစ်ဖို့ရန် ကျင့်ကြံအားထုတ်မှု မရှိခြင်း။ ဗိမိအတွက် ကိုယ်လွတ်ရုန်းဖို့သာ ကျင့်ကြံကြခြင်းကြောင့်တည်း။

ဘုရားရှင်ကား သုမေဓာရသေ့ဘဝ မူလကပင် အများအတွက် ကျင့်ခဲ့ခြင်းကြောင့် *'ငါမှ မကယ်တင်လျှင် မည်သူက ကယ်တင်မည်နည်း'* ဟု ကရဏာတော် ဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်၏ ကရဏာတော်ကိုသာ အခြားသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသော 'မဟာကရဏာတော်' ဟူ၍ ခေါ်ဆိုရလေသည်။

၂။ ဒယာယ တာယ သတ္တေသု သမုဿာ တိတမာနသော။
ပါဠိဟိရာ ဝသာနမှိ၊ ဝသန္တော တိဒသာလယေ။

၂။ ယော - အကြင်မြတ်စွာဘုရားသည်၊ သတ္တေသု - သတ္တဝါတို့၌၊ ဒယာဒယာယ - ပညာ၏ ဥပမာနဖြစ်သော ထိုမဟာကရဏာတော်သည်၊ သမုဿာထိတ မာနသော - ကောင်းစွာ တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်၊ တုတ္ထာ - ဖြစ်၍၊ ပါဠိဟိရာ ဝသာနမှိ - တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း၏ အဆုံး၌၊ တိဒသာလယေ - တာဝတိံသာ နတ်ပြည်၌၊ ဝသန္တော - နေတော်မူစဉ်။

မြန်မာပြန် ။ ။ အကြင်မြတ်စွာသည် သတ္တဝါတို့၌ ပညာ၏ ဥပမာနဖြစ်သော ထိုမဟာကရဏာတော်သည် ကောင်းစွာတိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်ဖြစ်၍ တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း၏ အဆုံး၌ တာဝတိံသာ နတ်ပြည်၌ နေတော်မူစဉ် -

၃။ ပါရိစ္ဆတ္တကံ မူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စော၁ ယုဂန္ဓရေ။

၃။ ပါရိစ္ဆတ္တကံ မူလမှိ - ပင်လယ်ကသစ်ပင်၏ အနီးအောက်၌၊ ပဏ္ဍုကမ္ဗလနာမကေ - ပဏ္ဍုကမ္ဗလ အမည်ရှိသော၊ သိလာသနေ - ကျောက်နေရာ၌၊ ယုဂန္ဓရေ - ယုဂန္ဓိရ်တောင်ပေါ်၌၊ အာဒိစ္စော - နေမင်းသည်။ သောဘေယျတ္ထဝေ - တင့်တယ်ရာသကဲ့သို့၊ ဗေ - ဤအတူ၊ သန္နိသိန္နော - တင့်တယ်စွာ ထိုင်နေတော်မူသည်၊ တုတ္တာ - ဖြစ်၍။

<u>မြန်မာပြန်</u> ။ ။ ပင်လယ်ကသစ်ပင်၏ အနီးအောက် ပဏ္ဏာကမ္မလာ မြကျောက်ဖြာ၌ ယုဂန္ဓိုရ်တောင်ပေါ်၌ နေမင်းသည် တင့်တယ်ရာသကဲ့သို့ ဤအတူ တင့်တယ်စွာ ထိုင်နေတော်မူသည် ဖြစ်၍ -

၄။ စက္ကဝါဠသဟဿေဟိ၊ ဒဿဟာဂမွ သဗ္ဗဒေဝာ၊
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော။

၄။ သဗ္ဗဒေဝာ - အလုံးစုံသော အရပ်မျက်နှာတို့မှ၊ ဒဿဟိ စက္ကဝါဠသဟဿေဟိ - တစ်သောင်းသော စက်ကြာဝဠာတို့မှ၊ အာဂမွ - လာ၍၊ သန္နိသိန္နေန - ကောင်းစွာထိုင်နေသော ၊ ဒေဝါနံ - နတ်ဗြဟ္မာတို့၏၊ ဂဏေန - အပေါင်းသည်၊ ပရိဝါရိတော - ခြံရံအပ်တော်မူသည်၊ ဟုတ္တာ - ဖြစ်၍။

<u>မြန်မာပြန်</u> ။ ။ အလုံးစုံသော အရပ်မျက်နှာရှိ တစ်သောင်းသော စက်ကြာဝဠာတိုက်တို့မှ လာ၍ ကောင်းစွာ ထိုင်နေသော နတ်ဗြဟ္မာအပေါင်း ခြံရံအပ်သည်ဖြစ်၍ -

၅။ မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ၊
အဘိဓမ္မာ ကထာ မဂ္ဂံ၊ ဒေဝါနံ် သမွဝတ္တယိ။

၅။ မာတရံ - မယ်တော်သန္တာန်ညီတနတ်သားကို၊ ပမုခံ - အဦးပဓာနကို၊ ကတွာ - ပြု၍၊ တဿာ ပညာယ - ထိုသဗ္ဗညုတဉာဏ်၏ ပညာတော်၏။ တေဇသာ - တန်ခိုးတော်ဖြင့်၊ အဘိဓမ္မာ ကထာမဂ္ဂံ - ခန္ဓာစသော တရားတို့ကို သိခြင်း၏ အကြောင်းရင်းဖြစ်သော အဘိဓမ္မာ ဒေသနာတော်ကို၊ ဒေဝါနံ - နတ်ဗြဟ္မာတို့အား၊ သမွဝတ္တယိ - ဟောတော်မူပြီ။

<u>မြန်မာပြန်</u> ။ ။ မယ်တော်သန္တာန်ညီတ နတ်သားကို အမှူးထား၍ နတ်ဗြဟ္မာတို့အား ထိုသဗ္ဗညုတဉာဏ် ပညာ၏ တန်ခိုးတော်ဖြင့် ခန္ဓာစသောတရားတို့ကို သိခြင်း၏ အကြောင်းရင်းဖြစ်သော အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူပြီ။

၆။ တဿ ဟိဒေ နမဿိတွာ၊ သမ္မဒ္ဓဿ သိရိမတော၊
သဒ္ဓမ္မဒ္ဓဿ ပူဇေတွာ၊ ကတွာ သံဃဿ စဒ္ဓလိ ။

၆။ သိရိမတော - ဘုန်းကျက်သရေရှိတော်မူသော၊ တဿ သမ္မဒ္ဓဿ - ထိုမြတ်စွာဘုရား၏၊ ပါဒေ - ခြေတော်တို့ကို၊ နမဿိတွာ - ရှိခိုးပါ၏။ နမဿိတွာ - ရှိခိုးပြီး၍၊ အဿ - ထိုမြတ်စွာဘုရား၏၊ သဒ္ဓမ္မဿ - မဂ် ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သော တရားတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏။ ပူဇေတွာ စ - ပူဇော်ပြီး၍ လည်းကောင်း၊ သံဃဿ - အရိယာသံဃာတော်အား၊ အဒ္ဓလိ - လက်အုပ်ချီမိုး ရှိခိုးခြင်းကို၊ ကရောမိ - ပြုပါ၏။ ကတွာ စ - ပြုပြီး၍လည်းကောင်း၊

<u>ပြန်မာပြန်</u> ။ ။ ဘုန်းကျက်သရေရှိတော်မူသော ထိုပြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။ ရှိခိုးပြီး၍ ထိုပြတ်စွာဘုရား၏ မဂ်ဖိုလ်နိဗ္ဗာန်ဓမ္မကွန်ဟုဆိုအပ်သော ဆယ်တန်သော တရားတော်ပြတ်ကိုလည်း ပူဇော်ပါ၏။ ပူဇော်ပြီး၍ အရိယာသံဃာတော်တို့အားလည်း လက်အုပ်ချီမိုး ရှိခိုးပါ၏။ ရှိခိုးပြီး၍ လည်းကောင်း -

၇။ နိပစ္စကာရသေ တသ၊ ကတသ ရတနတ္တယေ။
အာနုဘာဝေန သော သေတ္ထာ၊ အန္တရာယေ အသေသတော။

၇။ ထုတနုတ္တယေ - ရတနာသုံးပါး အပေါင်း၌၊ ဓတသ - ပြုအပ်ပြီးသော၊ ဒေသ နိဝန္ဓတာရုသ - ဤပျဉ်ဝပ်ညွတ်လျှိုး ရှိခိုးမှုပြုခြင်း၏။ အာနုဘာဝေန - အာနုဘော်ကြောင့်၊ အသေသတော - အကြွင်းမရှိကုန်သော၊ အန္တရာယေ - အန္တရာယ်တို့ကို ၊ သောသေတ္ထာ - ချုပ်ငြိမ်းသွေ့ခြောက် ကွယ်ပျောက်စေပြီး၍၊ အဇ္ဇ - အဋ္ဌသာလိနီ အဋ္ဌကထာကို၊ ဝဏ္ဏယိဿာမိ - ထင်ရှားပြပေတော့အံ့။

<u>ပြန်မာပြန်</u> ။ ။ ရတနာသုံးပါး အပေါင်း၌ ပြုအပ်ပြီးသော ဤပျဉ်ဝပ်ညွတ်လျှိုး ရှိခိုးမှု ပြုခြင်း၏ အာနုဘော်ကြောင့် အလုံးစုံသော အန္တရာယ်တို့ကို ချုပ်ငြိမ်း သွေ့ခြောက် ကွယ်ပျောက်စေပြီး၍ အဋ္ဌသာလိနီ အဋ္ဌကထာကို ထင်ရှားပြပေတော့အံ့။

(ကေ - ၁၊ ဘိ ၌ - ၁ - ၁၊ မူဋီ - ၁ / ၂။ နဒီ - ၅၊ ဘာဋီ - ၃)

<u>ရတနာသုံးပါး ရှိခိုးခြင်း ပြန်မာသက်သက်</u> ။ ။ ပြတ်စွာဘုရား၏ ပစ္စေကဗုဒ္ဓါ စသော အခြားသောပုဂ္ဂိုလ် တို့နှင့် ဆက်ဆံခြင်း မရှိသော မဟာကရုဏာတော်သည် သတ္တဝါအားလုံးအပေါ်၌ အလိုတော်အားလျော်စွာ ဖြစ်ပေါ်ပျံ့နှံ့သကဲ့သို့ ပညာတော်သည်လည်း သိသင့်သိထိုက်သော တရားအားလုံးအပေါ်၌ အလိုတော်အားလျော်စွာ သိတော်မူသော -

အကြင်ပြတ်စွာဘုရားသည် သတ္တဝါတို့၌ ပညာ၏ ဥပမာနဖြစ်သော မဟာကရုဏာတော်သည် ကောင်းစွာ တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်ဖြစ်၍ တန်ခိုးပြာဋိဟာကို ပြတော်မူသည်၏ အဆုံး၌ တာဝတိံသာနတ်ပြည်၌ နေတော်မူစဉ် -

ပင်လယ်ကသစ်ပင်၏ အနီးအောက် ပဏ္ဍုကမ္ဗလာပြကျောက်ဖျာ၌ ယုဂန္ဓိရ်တောင်ပေါ်၌ နေမင်းသည် တင့်တယ်ရာသကဲ့သို့ ဤအတူ တင့်တယ်စွာ ထိုင်နေတော်မူသည်ဖြစ်၍၊

အလုံးစုံသော အရပ်မျက်နှာရှိ တစ်သောင်းသော စကြာဝဠာတိုက်တို့မှ လာရောက်၍ ကောင်းစွာထိုင်နေသော နတ်ဗြဟ္မာအပေါင်းတို့သည် ခြံရံအပ်ကုန်သည်ဖြစ်၍၊

မယ်တော်သန္တာသည်ကို အမျှဝေထား၍ နတ်ပြဟ္မာတို့အား ထိုသဗ္ဗညုတဉာဏ်တော်၏ တန်ခိုးတော်ဖြင့် ခန္ဓာစသော တရားတို့ကို သိခြင်း၏ အကြောင်းရင်းဖြစ်သော အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူပြီ။

ဘုန်းကျက်သရေရှိတော်မူသော ထိုမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။ ထိုမြတ်စွာဘုရား၏ မဂ်ဖိုလ်နိဗ္ဗာန် ပမ္မခန်ဟု ဆိုအပ်သော ဆယ်တန်သော တရားတော်မြတ်ကိုလည်း ပူဇော်ပါ၏။ အရိယာသံဃာတော်တို့ အားလည်း လက်အုပ်ချီမိုး ရှိခိုးပါ၏။

ရတနာသုံးပါးအပေါင်း၌ ကျိုးသို့ ရှိခိုးပူဇော် မြတ်နိုးရခြင်း၏ အာနုဘော်ကြောင့် အလုံးစုံသော အန္တရာယ်တို့ကို ချုပ်ငြိမ်းသွေ့ခြောက် ကွယ်ပျောက်စေပြီး၍ ဤအဋ္ဌသာလိနီ အဋ္ဌကထာကို (ငါ ဗုဒ္ဓဃောသ မထေရ်သည်) ထင်ရှားပြပေတော့အံ့။

ဤကျမ်းပြုသူလည်း ထိုနည်းအတူ ရှိခိုးပါ၏။

ရတနာသုံးပါးကို ရှိခိုးခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဘုရားဟောတိ၊	သဒ္ဓောမိ၊	အဘိဓမ္မာသည်၊
၂။	ထီ,ဘင်း,ဓာကျမ်း,ပဂ်ဟီတစ်ခန်း၊	ဝတ်,မိုက်,ဌာန်း၊	ခုနစ်ကျမ်းရှိလေသည်။
၃။	သင်္ဂဏိကျမ်းမှာ၊	စောသတ္ထာ၊	ဦးစွာဟောကြားသည်။
၄။	သဘာဝဆီ၊	စုပြသည်၊	ဂဏိကျမ်းကိုသည်၊
၅။	အဋ္ဌကထာအရ၊	ဦအရ၊	တင်ပြသွားပေမည်။
၆။	ဋ္ဌကျမ်းကိုပ၊	ပြုစုပြု၊	ဗုဒ္ဓဃောသသည်၊
၇။	ရတနာသုံးဖြာ၊	ဂုဏ်ဖော်ကာ၊	ဦးစွာရှိခိုးပြု။
၈။	ဘုန်းတော်ကြီးရာ၊	စောသတ္ထာ၊	မဟာကရုဏာ၏၊
၉။	ပစ္စေစမှန်၊	ပဂ္ဂလံ၊	ဆက်ဆံမရှိပြု။
၁၀။	သံဝဲဇလုပ်၊	တလ္လုပ်လျှုပ်၊	နစ်မြုပ်များကိုသည်၊
၁၁။	အခြားသတ္တာ၊	ကယ်တင်ရာ၊	စိတ်မှာမဖြစ်ပြီ။
၁၂။	ငါမှမကယ်၊	ဘယ်သူရယ်၊	ကယ်မယ်မဟုတ်ပြီ။
၁၃။	ငါကိုယ်တိုင်သာ၊	ကယ်တင်ရာ၊	စိတ်မှာဖြစ်လေပြီ။
၁၄။	ထို့ကြောင့်မြတ်စွာ၊	ကရုဏာ၊	မဟာခေါ်ရသည်။
၁၅။	ထိုကရုဏာ၊	လိုရှိရာ၊	ဖြစ်ရာလေသို့သည်၊
၁၆။	မြတ်စွာပညာ၊	လုံးဓမ္မာ၊	ကောင်းစွာဖြစ်လေပြီ။

၁၇။ မဟာတရု၊ နှိုးဆော်ပြု၊ သတ္ထုဘုရားသည်၊
၁၈။ တန်ခိုးပြရာ၊ အဆုံးမှာ၊ တိသာနေလေပြီ။
၁၉။ ထုဂန်တောင်စွယ်၊ နေမင်းရယ်၊ တင့်တယ်လေသို့သည်၊
၂၀။ ထသစ်ပင်အောက်၊ ပဏ္ဏာရောက်၊ မြကျောက်ဖြာဌ်သည်၊
၂၁။ တင်ပလွင်ရယ်၊ ရွေကာရယ်၊ တင့်တယ်စံပယ်ပြီ။
၂၂။ တစ်သောင်းစကြာ၊ နတ်ပြဟ္မာ၊ ထိုင်ကာခြံရံပြီ။
၂၃။ ဗုဂ္ဂိုလ်မရှိ၊ သဗ္ဗညုတ၊ အတိမ္ဗာကိုသည်၊
၂၄။ သဗ္ဗဉ်ခေါ်ရိုး၊ ဉာဏ်လှိုင်ဖြိုး၊ တန်ခိုးတော်ဖြင့်သည်၊
၂၅။ မယ်တော်စသား၊ နတ်တို့အား၊ ဟောကြားပါလေပြီ။
၂၆။ ထိုသည့်ဘုရား၊ ခြေတော်အား၊ ညွတ်တွားရှိခိုးသည်။
၂၇။ တရားတိုပါ၊ ဆံဟာပါ၊ ရိုကွာရှိခိုးသည်။
၂၈။ ရတနာသုံးစု၊ ရှိခိုးမှု၊ အာနုတော်ကြောင့်သည်၊
၂၉။ အန္တရာယ်ခပ်သိမ်း၊ ရောင်ကာတိမ်း၊ ချုပ်ငြိမ်းစေ၍သည်၊
၃၀။ အဌသာလီနှိ၊ ကျမ်းကိုသည်၊ စိတ်ကြည်ပြုတော့မည်။
၃၁။ ဤကျမ်းပြုသူ၊ ထိုနည်းတူ၊ စိတ်ဖြူရှိခိုးသည်။

ရတနာသုံးပါးကို ရှိခိုးခြင်းခဲ့ ကိုယ်ကျင့်တရားများ ပြီး၏။

ဓမ္မသင်္ကေတကျမ်းလာ ကိုယ်ကျင့်တရားများ

တိကမာတိကာ ကုသလတိက်လာ ကိုယ်ကျင့်တရားများ

ပြဿိမည်အစီအစဉ်

ဤဓမ္မသင်္ကေတကျမ်း၌ စိတ္တုပ္ပါဒကဏ္ဍ၊ ရူပကဏ္ဍ၊ နိက္ခေပကဏ္ဍ၊ အဋ္ဌကထာကဏ္ဍ - ဟူ၍ ကဏ္ဍကြီးလေးခုရှိရာ စိတ္တုပ္ပါဒကဏ္ဍကို ရှေးဦးစွာ ပြမည်ဖြစ်သည်။ ဤစိတ္တုပ္ပါဒကဏ္ဍ၌လည်း မာတိကာ၊ ပဒဘာဇနီ ဟူ၍ နှစ်မျိုးရှိရာ မာတိကာကို ရှေးဦးစွာ ပြမည်ဖြစ်သည်။ ဤမာတိကာ၌ တိက်, ဒုက်များစွာရှိရာ ဤ၌ ကုသလတိက်ကိုသာ ပြဆိုမည် ဖြစ်၏။

ကုသလတိက် ။ ။ ကုသလတိက်ကို ဟိုဠိတော်၌ -

(၁) ကုသလာ ဓမ္မာ

(၂) အကုသလာ ဓမ္မာ

(၃) အဗ္ယာကတာ ဓမ္မာ - ဟူ၍ ဟောတော်မူထား၏။ (ကထာ - ၁)

ယင်းကို မြန်မာပြန်၌ -

(၁) အပြစ်မရှိခြင်း၊ ထောင်းသောအတျိုးကို ဝေးခြင်း ထက်ကာရှိသော ကုသိုလ်တရားများ၊

(၂) အပြစ်နှင့်တကွဖြစ်ခြင်း၊ မထောင်းသောအတျိုးကို ဝေးခြင်း ထက်ကာရှိသော အကုသိုလ်တရားများ၊

(၃) ကုသိုလ်၊ အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်ဟူသော အရာတတ တရားများ

ဟူ၍ ပြန်ဆိုထားသည်။ (မြန် - ၁)

ကုသလ၏ အနက် ။ ။ ထိုသို့ ကုသလတိက်၌ (၃)ပဒရှိသည့်အနက်က ဤ၌ ကုသလာဓမ္မာ ဟူသောပုဒ်ကို ရှေးဦးစွာ ပြမည်ဖြစ်၏။ 'ကုသလာ ဓမ္မာ'တွင် ကုသလပုဒ်၊ ဓမ္မပုဒ် ဟူ၍ နှစ်မျိုးရှိပြန်ရာ အဋ္ဌကထာတွင် ကုသလပုဒ်၏ အနက်ကို ရှေးဦးစွာ ပြလေသည်။

ကုသလ သဒ္ဒါသည် အာရောဂျ, အနဝဇ္ဇ, ဆေက, သုခဝိပါက ဟူ၍ အနက်များကို ဟောလေရာ ဤ၌ အာရောဂျ - အနာရောဂါမရှိသူ၏ အဖြစ်၊ အနဝဇ္ဇ - အပြစ်မရှိခြင်း၊ သုခဝိပါက - ကောင်းသောအကျိုး ရှိသော ကုသိုလ်ဟူသော ဤအနက်သုံးမျိုးကို ဤ၌လိုအပ်ပေ၏။

(အဘိ ဋ္ဌ - ၁ - ၈၀/၁၊ ဘာဋီ ပ - ၂၇၄/၂၇၈)

အာရောဂျ အနက် ။ ။ ကုသလာ ဓမ္မာ –၌ ကုသလသဒ္ဒါသည် အာရောဂျ – အနာရောဂါ မရှိသူ၏အဖြစ် ဟူသောအနက်ကို ဟောရာ၌ နာဖျားခြင်းစသော ရုပ်၌ဖြစ်သော အနာရောဂါမရှိသူ၏ အဖြစ်ကို မယူရဘဲ လောဘ၊ ဒေါသ၊ မောဟ စသော နာမ်၌ဖြစ်သော ကိလေသာအနာရောဂါကင်းသူ၏ အဖြစ်ကိုသာ ယူရမည်ဖြစ်သည်။

ရုပ်ရောဂါကင်းသူဖြစ်အောင် ။ ။ ရုပ်ခန္ဓာကိုယ်၌ နာဖျားခြင်း စသော အနာရောဂါ တစ်မျိုးမျိုး ဝင်ရောက် လာပါက နေမထိထိုင်မသာ အခံရခက်သော ဒုက္ခတွေကို ခံနေရသော ကြောင့်လည်းကောင်း၊ ထွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသောအရေးတွေမှလည်း ဆုံးရှုံးနစ်နာ ကြသောကြောင့်လည်းကောင်း၊ ထိုရောဂါကို အမြန်ဆုံး ပျောက်ကင်းအောင် ကုနိုင်ရင်ကု၊ မကုနိုင်ရင်တော့ ထိုရောဂါဖြင့် သေရင်သေ၊ မသေတောင် သေလောက်နီးပါး ဒုက္ခများကို ခံစားနေကြရမည် ဖြစ်ပေသည်။

နာဖျားခြင်း စသော ရုပ်ရောဂါကင်းရှင်း၍ ကျန်းမာရေး ကောင်းမွန်သူတို့ကား ပိမိပြုလုပ်လိုသော ကုသိုလ် ရေး၊ စီးပွားရေး စသော အရေးတို့၌ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ပြုလုပ်နိုင်ကြပေ၏။ ထို့ကြောင့် ရုပ်ကျန်းမာ ရေး ကောင်းအောင် အမြဲသတိထား၍ ဆောင်ရွက်ကြရမည် ဖြစ်သည်။

နာမ်ရောဂါကင်းသူဖြစ်အောင် ။ ။ နာမ်ခန္ဓာ၌ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ ရောဂါဝင် ရောက်လာပါက အလွန်စိတ်ပင်ပန်း ဆင်းရဲခြင်းဟူသော စိတ်ဒုက္ခကို ခံစားရလေ၏။ ကုသိုလ်ရေး၊ ဘဝရေး၊ သံသရာရေးတို့၌ အလွန်ပင် နစ်နာရှုံး ဆုံးရလေ၏။ ရုပ်ရောဂါဖြစ်သူတို့မှာ ဤဘဝလောက်သာ ဒုက္ခခံစားကြရမည် ဖြစ်ပြီး ထိုရုပ်ရောဂါက အပါယ်လေးပါးသို့ ရောက်အောင်၊ ငရဲသို့ကျအောင် မလုပ်ဆောင်နိုင်ပါပေ။ ကိလေသာနာမ်ရောဂါတို့ကား ဤဘဝဆင်းရဲတွင်မက ထိုထိုဘဝတို့၌ ဆင်းရဲအောင်၊ အပါယ်လေးပါးသို့ကျအောင်၊ ငရဲသို့ရောက်အောင် နှိပ်စက်ကလူ ပြုတတ်လေသည်။

ရုပ်ရောဂါဖြစ်ကြသူတို့၌ နာစေးချောင်းဆိုးစသော အခိုက်အတန့် ဖြစ်သောရောဂါတို့ကို ပျောက်အောင် ကုသရန် မခဲယဉ်းလှသော်လည်း မဆင်မခြင်မှု ပေါ့ဆမှု စသော အမှားတို့ကြောင့် အလွန်ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာသော ရောဂါတို့ကိုမူကား ပျောက်အောင်ကုသရန် မလွယ်ကူသကဲ့သို့ နာမ်ရောဂါဖြစ်ကြသူတို့၌လည်း မိမိစိတ်၌ အခိုက်အတန့် ဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊ မာန စသော ကိလေသာရောဂါတို့ကို သတိထား၍ ပျောက်အောင်ကုသရန် ခဲယဉ်းမည် မဟုတ်သော်လည်း ဥပါဒါန်အဆင့်ဖြင့် အလွန်ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာ သော မနောကံရောဂါ၊ လွန်ကျူးမှုအဆင့်အထိ ရောက်လာသော ဝစီကံရောဂါ၊ ကာယကံရောဂါတို့ကိုကား ပျောက်အောင်ကုသရန် လွယ်ကူမည်မဟုတ်ပေ။

ထို့ကြောင့် မိမိရုပ်ခန္ဓာကိုယ်၌ ဖျားနာခြင်း စသော ရုပ်ရောဂါ၊ အပြင်းအထန် မခံစားရအောင် မိမိနာမ်ခန္ဓာ ၌ လောဘ၊ ဒေါသ၊ မာန စသော နာမ်ရောဂါ အပြင်းအထန် မဖြစ်အောင် အထူးသတိထား၍ ဝိရိယထား၍ ကြိုးစားအားထုတ်၍ နေကြရမည် ဖြစ်ပေသည်။

အနဝဇ္ဇအနက် ။ ။ ကုသလသဒ္ဒါသည် အပြစ်မရှိခြင်း - အနဝဇ္ဇအနက်ကို ဟောရာ၌ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအပြစ်တွေမှ ကင်းစင်နေမှုကို ဆိုလိုပေသည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖိစီစိတ်၌ လောဘ၊ ဒေါသများ စတင်ဖြစ်ပေါ်လာရာအခါ၌ အပြစ်သည် မကြီးသေးပေ။ ထိုအချိန်၌ ပယ်နိုင်လျှင်ပယ်၊ သတိမထားဘဲ အမှတ်မဲ့နေ၍ ပယ်နိုင်လျှင် အပြစ်ငယ်မှ အပြစ်လတ်အဆင့်အထိ တက်ကြွလာမည် ဖြစ်သည်။ ထိုအချိန်၌ ပယ်နိုင်ရန်ကား ရှေးပေါ်စအခါလောက် မလွယ်ကူတော့ပေ။

အရက်ကို သောက်စဉ် ဖြတ်ရန်လွယ်ကူသော်လည်း အရက်သောက်မှု အရှိန်ရ၍ စွဲလမ်းလာသောအခါ၌ ဖြတ်ရန် မလွယ်ကူပေ။ သို့ရာတွင် ကြိုးစားဖြတ်လျှင် ရနိုင်ပါသေး၏။ ကြိုးစားမဖြတ်၍ အရက်ချိုးကပ်ကာ အရက်၏ ကျေးကျွန်ဖြစ်လာသောအချိန်အခါ၌ကား အရက်ဖြတ်ရန် အလွန်ခဲယဉ်းသော အခြေအနေသို့ ရောက်သွားလေပြီ ဖြစ်သည်။

ထိုနည်းတူစွာ လောဘ၊ ဒေါသ စသော ကိလေသာအပြစ်တို့ကို အပြစ်ငယ်၊ အပြစ်လတ်အဆင့်တို၌ ပယ်နိုင်ခဲ့လျှင် အပြစ်ကြီးအဆင့်သို့ ရောက်လာလျှင်မူကား လောဘ၊ ဒေါသ စသော ကိလေသာတို့၏ ကျေးကျွန်အဖြစ်သို့ သက်ဆင်းကျရောက်သွားကာ လောဘ၊ ဒေါသတို့၏ ခိုင်းစေချက်အတိုင်း ဒုစရိုက်တို့ကို ဝစီကံပြောက် ကျူးလွန်ခြင်း၊ ကာယကံပြောက် ကျူးလွန်ခြင်းတို့ကို တစ်ခုပြီးတစ်ခု ထပ်ကာထပ်ကာ ဆက်ကာဆက်ကာ ကျူးလွန်တော့မည် ဖြစ်သည်။

အပြစ်ကင်းသူဖြစ်အောင် ။ ။ လူလောကဌ ကာယကံ အပြစ်ကင်းသူဖြစ်အောင်၊ ဝစီကံ အပြစ်ကင်းသူဖြစ်အောင်၊ မနောကံ အပြစ်ကင်းသူဖြစ်အောင် အစဉ်တစိုက် ကြိုးစားအားထုတ်နေကြရမည် ဖြစ်သည်။

ထိုသုံးမျိုးတွင် ကာယကံအပြစ်ကင်းသူဖြစ်အောင် - သူတစ်ပါးအသက်တွေကို မသတ်ဖြတ်မိအောင်၊ မညှဉ်းဆဲမိအောင်၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့်မပေးအပ်သော သူတစ်ပါးဥစ္စာကို မခိုးယူမိအောင်၊ လှည့်ပတ်မယူမိအောင်၊ ဖြားယောင်းမယူမိအောင်၊ သူတစ်ပါးအိမ်ရာကို မပြစ်မှားမိအောင်၊ မကျူးလွန်မိအောင် နေသမျှကာလပတ်လုံး ထိုသူသည် ကာယကံ အပြစ်ကင်းသူ ဖြစ်လေသည်။

ဝစီကံအပြစ်ကင်းသူဖြစ်အောင် - ပေးပြီးကတိကို မဖောက်ဖျက်ခြင်း၊ သစ္စာစောင့်သိခြင်း၊ လှည့်ပတ်မပြောခြင်း၊ လိမ်ညာမပြောခြင်း၊ မော်ကြွားမပြောခြင်း၊ သူတပါးချစ်ခင်ညှိညွတ်နေမှုကို မပြိုခွဲခြင်း၊ ကွဲပြားအောင် မပြောဆိုခြင်း၊ သူတစ်ပါးနားတို့၌ ခါးခါးသီးသီးဖြစ်အောင် မပြောဆိုခြင်း၊ မကြိမ်းမောင်းခြင်း၊ မဆဲရေးခြင်း၊ စပါးပိန်စပါးဖျင်းကဲ့သို့ အကျိုးတစ်စုံတစ်ရာ မရှိသောစကားကို မပြောဆိုခြင်းတို့ဖြင့် နေသမျှကာလပတ်လုံး ထိုသူသည် ဝစီကံအပြစ် ကင်းသူ ဖြစ်လေသည်။

မနောကံ အပြစ်ကင်းသူဖြစ်အောင် - မတရားစီးပွားရှာလိုသောစိတ်ကို ပယ်ဖျောက်နိုင်ခြင်း၊ မှားယွင်းစွာ အသက်မွေးဝမ်းကျောင်းပြုလိုသောစိတ်ကို ပယ်ဖျောက်နိုင်ခြင်း၊ သူတစ်ပါးပစ္စည်းတို့၌ လိုချင်တပ်မက်မှုကို ပယ်ဖျောက်နိုင်ခြင်း၊ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူတို့ကို ပယ်ဖျောက်နိုင်ခြင်း၊ ဣဿာသာစိတ်၊ မစ္ဆရိယစိတ်တို့ကို ပယ်ဖျောက်နိုင်ခြင်း၊ ဒေါသကြီးခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ရန်ပြုးကြီးခြင်းကို ပယ်ဖျောက်နိုင်ခြင်းတို့ဖြင့် နေနိုင် သမျှကာလပတ်လုံး ထိုသူသည် မနောကံ အပြစ်ကင်းစင်သူ ဖြစ်လေသည်။

လူလောကၽ အပြစ်ကင်းစင်သူတွေ များလျှင် များသလောက် ဤလူလောကကြီးသည် တည်ငြိမ်နေမည် ဖြစ်သည်။ အေးချမ်းနေမည် ဖြစ်သည်။ သာယာနေမည် ဖြစ်သည်။ စိုပြည်နေမည် ဖြစ်သည်။ လှပနေမည် ဖြစ်သည်။ တင့်တယ်နေမည် ဖြစ်သည်။ ထို့ကြောင့် ကာယကံအပြစ်ကင်းသူတွေ ဖြစ်အောင်၊ ဝစီကံအပြစ် ကင်းသူတွေ ဖြစ်အောင်၊ မနောကံအပြစ်ကင်းသူတွေ ဖြစ်အောင် အစဉ်တစိုက် အသိ၊ သတိ၊ ဝီရိယ၊ သမာဓိတို့ဖြင့် ကြိုးစားအားထုတ်နေကြရမည် ဖြစ်ပေသည်။

သုခဝိပါက အနက် ။ ။ ကုသလသဒ္ဒါသည် ကောင်းသောအကျိုးရှိသော ကုသိုလ် ဟူသောအနက်ကို ဟောရာ၌ -

ကုသိုလ်ကို ပြုလုပ်အားထုတ်နေသူတို့သည် ကောင်းသောအကျိုး၊ ချမ်းသာသောအကျိုးတို့ကို ရရှိကြမည် ဖြစ်သည်။ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ လူကြီးသူမ သက်ကြီးရွယ်အို စသောသူတို့၏ လိုအပ်သော ဝေယျာဝစ္စ အမှုကို ပြုလုပ်နေခြင်းသည်၊ မိမိအိမ်နှင့် ကျောင်းကန်, ဘုရား, စေတီ, ပုထိုးစသည်တို့၌ သန့်ရှင်းရေး ပြုလုပ်ကြခြင်း သည်၊ အခါအားလျော်စွာ တရားနာယူခြင်းသည်၊ ပရဟိတလုပ်ငန်းကို လုပ်ကိုင်ကြခြင်းသည်၊ မိမိတို့၏ မိသားစု အကျိုး၊ ရပ်ကျိုး၊ ရွာကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆောင်ရွက်ကြခြင်းသည်၊ လူကြီး သူမ ရဟန်း သံဃာတော်တို့၏ ဆိုဆုံးမစကားကို နားထောင်လွယ်၊ လိုက်နာလွယ်ကြခြင်းသည်၊ ပြုစင်သောစိတ်ကို ထားနိုင်ကြ ခြင်းသည်၊ ဖြောင့်မှန်သောအယူကို ယူနိုင်ကြခြင်းသည်၊ သူတစ်ပါးတို့ ပြုလုပ်သော ကုသိုလ်တို့၌၊ သူတစ်ပါး ကြီးပွား ချမ်းသာမှုတို့၌ ဝမ်းမြောက်ဝမ်းသာဖြစ်ကြခြင်းသည်၊ ဘုရားကို ရှိခိုးခြင်းသည်၊ သောက်တော်ရေ, ဆီမီး, ဆွမ်းတို့ကို ကပ်လှူခြင်းသည်၊ စွမ်းနိုင်သမျှ သဒ္ဓါထက်သန် လှူဒါန်းခြင်းသည်၊ စွန့်ကြဲပေးကမ်းခြင်းသည်၊ ဓါးပါးသီလကို ထိန်းသိမ်းထားနိုင်ခြင်းသည်၊ ဥပုသ်သီလတို့ကို ခံယူစောင့်သုံးနိုင်ကြခြင်းသည်၊ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရားများ ထားနိုင်ကြခြင်းသည်၊ မေတ္တာဘာဝနာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာများကို ပွားများ နိုင်ကြခြင်းသည် ကုသိုလ်တွေချည်း ဖြစ်လေသည်။

ထိုဖော်ပြပါ ကုသိုလ်တရားများကို ပြုလုပ်အားထုတ်ကြသူတို့အား ထိုကုသိုလ်တရားက ဤဘဝမှာရော၊ နောင်ဘဝမှာရော၊ ဘဝအဆက်ဆက်မှာရော ကောင်းကျိုးအဖြာဖြာ၊ ချမ်းသာအစုံစုံတို့ကို ဝေဝေဆာဆာ ဆောင်ရွက်ပေးမည် ဖြစ်သည်။ ထို့ကြောင့် ထိုဖော်ပြပါ ကုသိုလ်တရားများကို ထက်ထက်သန်သန် ဇွဲအားမာန်ဖြင့် အဖန်ဖန် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသည်။

မာတိကာ ကုသလသဒ္ဒါအရ ဆောင်ရန်လက်ခံများ

၀။	ထုဿတောဓမ္မာ၊	ရှေးဦးစွာ၊	မြတ်စွာဟောလေပြီ။
၂။	ထုဿလေဝုဒ်နတ်၊	လိုအပ်ချက်၊	အနက်များမှာထည်၊
၃။	အနဝလ္ဇ	အာရောဂျ၊	ထုခဖြစ်လေထည်။
၄။	အာရောဂျမူ၊	ထိနာတူ၊	ကင်းထူဖြစ်ရမည်။
၅။	ရုပ်၌ရောဂါ၊	နာမ်ရောဂါ၊	နှစ်ဖြာရှိလေထည်။
၆။	ရုပ်၌တစ်ဖြာ၊	နာဖျားတာ၊	ရောဂါဖြစ်ရပ်ထည်၊
၇။	အခံစတ်ရှေ၊	ကြီးဒုက္ခ၊	ထုံရေပါတော့ထည်။
၈။	ကုသိုလ်ဧရေးရော၊	အဖြာဖြာ၊	နှစ်နာဆုံးရှုံးထည်။
၉။	မပျောက်လေထ၊	သေနိုင်ပ၊	ဒုက္ခလွန်ကြီးထည်။
၁၀။	ထိုကြောင့်မှန်စွာ၊	ရုပ်ရောဂါ၊	ဝေးကွာကြဖို့ထည်၊
၁၀။	ရောဂါထင်းအောင်၊	ထျန်းမာအောင်၊	မြဲဆောင်ကျင့်ရမည်။
၁၂။	နာမ်ခန္ဓာမှာ၊	ထိလေသာ၊	ဖြစ်တောပါရပ်ထည်၊
၁၃။	နာမ်၌ရောဂါ၊	ဖြစ်နေပါ၊	ဇောင်းစွာသိရမည်။
၁၄။	ဝင်ဝန်းပေရှေ၊	စိတ်ဒုက္ခ၊	မုချခံရထည်။
၁၅။	ထုသိုလ်စဖြာ၊	အရေးမှာ၊	လွန်စွာဆုံးရှုံးသည်။
၁၆။	ရုပ်၌အလိမ်လိ၊	ရောဂါသည်၊	ပါယ်ဆိုမပို့ပြီ။
၁၇။	နာမ်၌ဖြစ်ကြ၊	ရောဂါတ၊	မုချပို့ပေမည်။
၁၈။	ရောဂါဖြစ်စ၊	ထုပါတ၊	တုရွယ်ကူထည်။
၁၉။	အကုသလ်လောက်၊	ရောဂါအောက်၊	မရောက်မီမှာသည်၊
၂၀။	စိတ်မှအထူး၊	နှုတ်,တိုယ်ကျူး၊	မကူးမီမှာသည်၊
၂၁။	နာမ်ရောဂါအား၊	သတိထား၊	ထုစားကြရမည်။
၂၂။	အပြစ်တင်းစွ၊	ဟာနက်ပ၊	မှတ်ကြဖို့ရာသည်၊
၂၃။	ကိလေသာဝင်၊	အပြစ်ပင်၊	ဆင်ခြင်သိရမည်။
၂၄။	ကိုယ်,နှုတ်အပြစ်၊	စိတ်အပြစ်၊	သုံးပြစ်ရှိလေသည်။
၂၅။	ကိုယ်ပြစ်ကိုဟူ၊	သတိမူ၊	တင်းသူဖြစ်ရမည်။
၂၆။	သတ်တာဖြတ်တာ၊	ညှဉ်းဆဲတာ၊	ရှောင်ခွါကြရမည်။

၂၇။ လှည့်ပတ်ယှဉ်ခြင်း၊ ခိုးယှဉ်ခြင်း၊ ရှောင်ခြင်းပြုရမည်။
၂၈။ သူတစ်ပါး အိမ်ရာ၊ ပြစ်မှားတာ၊ ဝေးစွာရှောင်ကြမည်။
၂၉။ ထိုသို့နေမှု၊ ကိုယ်ပြစ်ဟူ၊ ကင်းသူဖြစ်လေသည်။
၃၀။ ပြောရာ၌မှု၊ နှုတ်ပြစ်ဟူ၊ ကင်းသူဖြစ်ရမည်။
၃၁။ ကတိပေးပါ၊ မဖျက်ရာ၊ သစ္စာရှိရမည်။
၃၂။ လှည့်ပတ်လိမ်ညာ၊ မော်ကြွားကာ၊ ပြောတာရှောင်ရမည်။
၃၃။ ညီညွတ်နေတာ၊ ဖြိုခွဲတာ၊ ဝေးစွာရှောင်ရမည်။
၃၄။ ကြမ်းတမ်းအစု၊ ဆဲဆိုမှု၊ ရှောင်မှုပြုရမည်။
၃၅။ အဖျင်းစကား၊ ပြောခြင်းအား၊ ရှောင်ကြားကြရမည်။
၃၆။ ထိုသို့နေမှု၊ နှုတ်ပြစ်ဟူ၊ ကင်းသူဖြစ်လေသည်။
၃၇။ စိတ်၌ကြံမှု၊ စိတ်ပြစ်ဟူ၊ ကင်းသူဖြစ်ရမည်။
၃၈။ မတရားစီးပွား၊ ရှာစိတ်အား၊ ရှောင်ကြားကြရမည်။
၃၉။ မိစ္ဆာဇီဝ၊ စိတ်ဖြစ်တာ၊ ရှောင်ခွါကြရမည်။
၄၀။ သူများဥစ္စာ၊ ယူချင်တာ၊ ရှောင်ခွါကြရမည်။
၄၁။ အယူမှားခြင်း၊ ယူနေခြင်း၊ ရှောင်ခြင်းပြုရမည်။
၄၂။ ပြုစုကွာသာ၊ ဝန်တိုတာ၊ ဝေးစွာရှောင်ရမည်။
၄၃။ ဒေါသကြီးခြင်း၊ ငြိုးကြီးခြင်း၊ ရှောင်ခြင်းပြုရမည်။
၄၄။ ထိုသို့နေမှု၊ စိတ်ပြစ်ဟူ၊ ကင်းသူဖြစ်လေသည်။
၄၅။ သုခဝိပါ၊ ကောင်းကျိုးသာ၊ ဟောတာဖြစ်လေသည်။
၄၆။ ဝေ,သန့်, ပရ၊ လုပ်ကိုပ၊ ပြုကြရပေမည်။
၄၇။ အကျိုးဆောင်ကာ၊ တရားနာ၊ မှန်တာယူရမည်။
၄၈။ ဆုံးမလွယ်ပါ၊ ဝမ်းသာပါ၊ ပူဇာပြုရမည်။
၄၉။ ဒါနသီလာ၊ ဘာဝနာ၊ ကောင်းစွာပြုရမည်။
၅၀။ ထိုကုသလ၊ အားစိုက်ကြ၊ ပြုကြသူတို့သည်၊
၅၁။ ထိုဤဘဝ၊ ကောင်းကျိုးပ၊ မုချရကြမည်။
၅၂။ သုခချမ်းသာ၊ အဖြာဖြာ၊ လွဲမှားမဟုတ်ပြီ။

ဓမ္မသင်္ကေတ မာတိကာ ကုသလပုဒ်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ကုသလပုဒ်၊ ဓမ္မပုဒ်၏ ဝစနတ္ထလာ ကိုယ်ကျင့်တရားများ

ဓမ္မသင်္ဂဟ ဟောနက် ။ ။ အဋ္ဌကထာဆရာသည် ကုသလာဓမ္မာ ၌ - ကုသလပုဒ်ကို ဖွင့်ဆိုပြပြီး၍ ဓမ္မပုဒ်ကို ဆက်လက် ဖွင့်ဆိုပြလေသည်။ ထိုဓမ္မသင်္ဂဟသည် ပရိယတ္တိ, ဟေတု, ဂုဏ, နိဿတ္တ နိဒ္ဒိဝ အစရှိသော အနက်တို့ကို ဟောရာတွင် ကျိုး၌ နိဿတ္တ နိဒ္ဒိဝအနက်ကို အလိုရှိအပ်ပေသည်။

(အဘိ ၌ - ၁ - ၈၁)

နိဿတ္တ နိဒ္ဒိဝ - ပဂ္ဂိုလ် သတ္တဝါမဟုတ်။ အသက်ဇီဝမဟုတ် ဟူ၍ အဓိပ္ပါယ်ရသည်။ ကျိအလိုအရ - ကုသလာ ဓမ္မာ၌ - ကုသိုလ်ဟူသည် ပုဂ္ဂိုလ်သတ္တဝါ အသက်ဇီဝမဟုတ်။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောမျှသာဖြစ်သည်ဟု ဆိုလိုပေသည်။

ကုသလပုဒ် ဝစနတ္ထ ။ ။ အဋ္ဌကထာဆရာသည် ကုသလပုဒ်၏ အနက်ကို ပြဆိုပြီးနောက် ကုသလပုဒ်၏ ဝစနတ္ထကို ဆက်၍ ပြဆိုလေသည်။

(၁) ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပယန္တိ ဝိဒ္ဓံသေန္တိတိ ကုသလာ။

ယေမေ္မာ - အကြင်တရားတို့သည်၊ ကုစ္ဆိတေ - စက်ဆုပ်အပ်ကုန်သော၊ ပါပကေ - ယုတ်မာကုန်သော၊ ဓမ္မေ - အကုသိုလ်တရားတို့ကို ၊ သလယန္တိ စလယန္တိ - တဒင်္ဂပဟာန်ဖြင့် လှုပ်ရှားစေတတ်ကုန်၏။ သလယန္တိ ကမ္ပယန္တိ - ဝိက္ခမ္ဘနပဟာန်ဖြင့် တုန်လှုပ်စေတတ်ကုန်၏။ သလယန္တိ ဝိဒ္ဓံသေန္တိ - သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ဖျက်ဆီးတတ်ကုန်၏။ တ္ထတိ - ထို့ကြောင့် (*ထိုသို့ စက်ဆုပ်ဖွယ် အကုသိုလ်တရားတို့ကို ပကာန် သုံးပါးတို့ဖြင့် လှုပ်ရှားစေတတ်, တုန်လှုပ်စေတတ်, ဖျက်ဆီးတတ်ကုန်သည်၏ အဖြစ်ကြောင့်*) တေဓမ္မာ - ထိုတရားတို့သည်၊ ကုသလာ - ကုသလတို့ မည်ကုန်၏။

ဤဝစနတ္ထအရ ကုသလ ကို 'ကု + သလ' ပုဒ်ခွဲ၊ ကု က 'စက်ဆုပ်ဖွယ်' အနက်ဟော၍၊ သလ က 'လှုပ်ရှား, တုန်လှုပ်, ဖျက်ဆီး' အနက်ကို ဟောသည်။ ထို့ကြောင့် 'ကု + သလ' = စက်ဆုပ်ဖွယ် အကုသိုလ်တရားတို့ကို လှုပ်ရှားစေတတ်, တုန်လှုပ်စေတတ်, ဖျက်ဆီးတတ်သော ကုသိုလ်တရားဟူ၍ အဓိပ္ပါယ်ယူရခြင်း ဖြစ်သည်။

အဓိပ္ပါယ်ဖြောင့်အောင် ပြန်သော် -

ကုသိုလ်ဟူသည် စက်ဆုပ်ဖွယ် အကုသိုလ်တရားတို့ကို လှုပ်ရှားစေတတ်, တုန်လှုပ်စေတတ်, ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်မည်၏ ဟူ၍ အဓိပ္ပါယ်ရလေသည်။

(အဘိ ၌ - ၁ - ၈၁၊ ဘာဋီ ပ - ၂၈၀ / ၁)

စက်ဆုပ်ဓရာ အကုသိုလ် ။ ။ ချဲ့ဉီးအံ့ ... ။ လူ့လောကၦ် ဗိဗိအား ဒုက္ခအမျိုးမျိုးကို ပေးတတ်သူကို လူတို့သည် အလွန်ရွံရှာမုန်းတီးကြကုန်၏။ ထို့ကြောင့် ရွံရှာမုန်းတီးဖွယ်ကောင်းသော ထိုလူကို ဗိဗိအသိုင်းအဝိုင်းမှ ဖယ်ရှားရန် ကြိုးစားအားထုတ်ကြရလေကုန်၏။

ထို့အတူ ဗိဗိခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့သည်လည်း ဗိဗိကို ဤဘဝမှာလည်း အခက်အခဲများ အဆင်မပြေမှုများကို ဖန်တီးပေးတတ်သလို နောင်ဘဝမှာလည်း အပါယ်ဆင်းရဲသို့ ကျစေပြန်၏။ ထို့ကြောင့် ရွံရှာမုန်းတီးဖွယ် ကောင်းလှပေ၏။ ထိုအကုသိုလ်များကို ကာမကုသိုလ်၊ မဟဂ္ဂတ်ကုသိုလ်၊ မဂ်ကုသိုလ်များက ဖယ်ရှားပေးလေ၏။

ကုသိုလ်က အကုသိုလ်ကို ဖယ်ရှားပုံ ။ ။ ဖယ်ရှားဆိုရာ၌ လက်ဖြင့် ဆွဲဖယ်သကဲ့သို့ ဖယ်ရှားပုံမျိုး မဟုတ်။ ဤ၌ ဖြစ်ခွင့်မပေးသည်ကို ဖယ်ရှားဟု ဆိုလိုပေသည်။

စိတ်ဖြစ်ပုံ သဘာဝအရ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဟူ၍ ရှိလေရာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် နှစ်မျိုးလုံး တစ်ပြိုင်နက် မဖြစ်ပေ။ ကုသိုလ်စိတ်ဖြစ်နေသောအခိုက် အကုသိုလ်စိတ် မဖြစ်ပေ။ အကုသိုလ်စိတ် ဖြစ်နေသောအခိုက် ကုသိုလ်စိတ် မဖြစ်ပေ။ ထို့ကြောင့် ဗိဗိစိတ်၌ ကုသိုလ်စိတ်ဖြစ်အောင် ကြိုးစားအားထုတ်နေခြင်းကိုပင် အကုသိုလ်စိတ်ကို ဖယ်ရှားသည်ဟု ဆိုရပေသည်။

ကုသိုလ်စိတ်ဖြစ်အောင် အားထုတ်ခြင်း ။ ။ 'ပါပသို့ ရမတိ မနော' ဟူသော ဓမ္မပဒပါဠိတော်အရ 'စိတ်သည် မကောင်းမှုဘက်၌ ပျော်မွေ့သည်' ဟူသော ဒေသနာတော်အတိုင်း ကုသိုလ်စိတ်ဖြစ်အောင် အားမထုတ်ဘဲနေသူတို့အား ဗိဗိစိတ်ကို အကုသိုလ်စိတ်ကသာ ကြိုးစိုးလွှမ်းမိုးနေမည် ဖြစ်သည်။

ထို့ကြောင့် ဗိဗိစိတ်ကို ကုသိုလ်စိတ်ဖြစ်အောင် သတိထား၍ အမြဲတမ်း ကြိုးစားအားထုတ်နေရပေမည်။ ထိုသို့ ကုသိုလ်စိတ်ဖြစ်အောင် အားထုတ်ရာ၌ ကာမကုသိုလ်စိတ်ဖြစ်အောင် အားထုတ်ခြင်း၊ မဟဂ္ဂတ်ကုသိုလ်စိတ်ဖြစ်အောင် အားထုတ်ခြင်း၊ မဂ်ကုသိုလ်စိတ်ဖြစ်အောင် အားထုတ်ခြင်း ဟူ၍ သုံးမျိုးရှိလေသည်။

ကာမကုသိုလ်စိတ် ။ ။ ကာမကုသိုလ်စိတ်ဟူသည် ပုညကြိယာဝတ္ထု (၁၀)ပါးတို့တွင် တစ်ပါးပါးကို ပြုလုပ် အားထုတ်ချိန်၌ တည်နေသောစိတ်ကို 'ကာမကုသိုလ်စိတ်' ခေါ်လေသည်။ ဆိုလိုသည်ကား – ထိုကုသိုလ် (၁၀) ပါး တစ်ပါးပါးကို ပြုလုပ်၍ မဟာကုသိုလ်စိတ် (၈) ပါးတို့တွင် တစ်ပါးပါး ဖြစ်နေသောစိတ်ကို ကာမကုသိုလ်စိတ် ဖြစ်နေသည် ဟူ၍ ခေါ်ရသည်။

ဥပမာအားဖြင့် ... အလှူဒါနပြုကြသူတို့တွင် မလှူမီရှေးအဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော ပုဗ္ဗစေတနာသည်လည်းကောင်း၊ လှူနေဆဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော မုဉ္စစေတနာသည်လည်းကောင်း၊ လှူပြီးနောက်

ပိဝိအလျှုကို အောက်မေ့၍ ဝယ်းပြောက်ဝယ်းသာ ဖြစ်နေသော အပရစေတနာသည်လည်းကောင်း ထိုအချိန်၌ ဖြစ်ပေါ်နေသောစိတ်ကို ကာမကုသိလ်စိတ် ခေါ်ရသည်။

ထိုအချိန်မျိုး၌ အကုသိလ်စိတ် ကင်းရှင်းနေသည်ဖြစ်၍ ကာမကုသိလ်က အကုသိလ်ကို လှုပ်ရှားစေသည်၊ ဖယ်ရှားသည် ဟူ၍ ဆိုရလေသည်။ သို့ရာတွင် အကြာကြီး ဖယ်ရှားခြင်း မပြုနိုင်သည့်အတွက် ထိုဖြစ်ပေါ်လာသော ကာမကုသိလ်စိတ်ကို အကြာကြီးထိန်းမထားနိုင်သည့်အတွက် ကာမကုသိလ်က အကုသိလ်ကို တခဏ်ပဟာန်ဖြင့် ဖယ်ရှားသည်ဟူ၍ ခေါ်ဆိုရလေသည်။

မဟဂ္ဂုတ် ကုသိုလ်စိတ် ။ ။ မြင့်မြတ်သောစိတ်ကို မဟဂ္ဂုတ်စိတ် ခေါ်သည်။ မြင့်မြတ် - ဟူသည် ကာမစိတ်ကို လွန်မြောက်သော ဈာန်စိတ်ဖြစ်နေ၍ မြင့်မြတ်ဟု ခေါ်ရသည်။ ယင်းဈာန်စိတ်သည် ရူပကုသိုလ်ဈာန်စိတ်၊ အရူပကုသိုလ်ဈာန်စိတ် ဟူ၍ ရှိလေသည်။ အာနာပါန စသော သမထကမ္မဋ္ဌာန်းများကို အားထုတ်၍ ပဌမဈာန် စသော ဈာန်တရားကို ရသူ၌ ယင်းဈာန်တရားခေါ် 'ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ' ဟူသော ဈာန်ကုသိုလ်စိတ်တို့သည် ပြင်းထန်သော ကာမအာရုံတို့နှင့် မတိုက်ဝိလျှင် ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ တော်တော်ကြာကြာ တည်နေနိုင်ပေသည်။

ယင်းကို 'ဝိက္ခမ္ဘနဿ' - ကာမစိတ်ကို အတော်ကြာကြာ ချိတားနိုင်သည်ဟု ခေါ်ဆိုသည်။ ထို့ကြောင့် ဈာန်ကုသိုလ်စိတ်က အကုသိုလ်တရားတွေကို ဝိက္ခမ္ဘနပဟာန်ဖြင့် ဖယ်ရှားသည်ဟု ဆိုရခြင်း ဖြစ်လေသည်။

မဂ်ကုသိုလ်စိတ် ။ ။ ပိဝိနှင့်သင့်လျော်သော ဝိပဿနာတရားကို ရှုပွား၍ နာမရူပပရိစ္ဆေဒဉာဏ်စသော ဝိပဿနာဉာဏ် အတန်တန်တို့ကို ရပြီးနောက် ထိုဝိပဿနာရှုပွားသော ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တို့မှတစ်ဆင့် မဂ်ဉာဏ်တစ်ကြိမ် ဖြစ်ပေါ်လာခဲ့သည်ရှိသော် ယင်းမဂ်ဉာဏ်ကိုပင် မဂ်ကုသိုလ်စိတ်ဟူ၍လည်း ခေါ်သဖြင့် ယင်းမဂ်ကုသိုလ်က ဆိုင်ရာအကုသိုလ် ကိလေသာတရားတွေကို အပြီးတိုင် ဖယ်ရှားလေတော့သည်။ ပြန်၍တစ်ဖန် ပေါ်မလာတော့ပေ။ ယင်းကို မဂ်ကုသိုလ်က အကုသိုလ် ကိလေသာတရားများကို သမုစ္ဆေဒပဟာန်ဖြင့် ဖျက်ဆီးပစ်လိုက်သည်ဟူ၍ ခေါ်ဆိုရခြင်း ဖြစ်လေသည်။

(၂) ကုန္ထိတေန အာကာရေန သယန္တိတိ ကုသာ။
တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တိတိ ကုသလာ။ (အဘိ ၄ - ၁ - ၈၁)

ယေ မေ္ဘာ - အကြင်တရားတို့သည်၊ ကုစ္ဆိတေန - စက်ဆုပ်အပ်သော (ရွံစရာကောင်းသော)၊ အာကာရေန - အခြင်းအရာအားဖြင့် (သန္တာန - သတ္တဝါတို့၏ သန္တာန်၌) သယန္တိ - ကိန်းတတ် ဖြစ်တတ်ကုန်၏။ တေတိ - ထို့ကြောင့်၊ တေမေ္ဘာ - ထိုတရားတို့သည်၊ ကုသာ - ကုသမည်ကုန်၏။

ယေ ဓမ္မာ - အကြင်တရားတို့သည်၊ အကုသလ သဒ္ဒါတေ - အကုသိုလ်ဟု ဆိုအပ်ကုန်သော၊ တေကုသေ - ထိုကုသတရားတို့ကို၊ လုနှန်တိ ဆိန္ဒန်တိ - ဖြတ်တတ်ကုန်၏။ ဣတိ - ထို့ကြောင့်၊ တေ ဓမ္မာ - ထိုတရားတို့သည်၊ ကုသ + လာ = ကုသလာ မည်ကုန်၏။

(ဘာဒို ပ - ၂၈၁)

<u>ဂု + သ + လာ ။</u> ။ ဤဝစနတ္ထအရ ကုသလာကို ကု -တစ်ပုဒ် + သ -တစ်ပုဒ် + လာ -တစ်ပုဒ် ဟူ၍ သုံးပုဒ်ခွဲ။ ဂု - စက်ဆုပ်ဖွယ် အကုသိုလ်တရားများ။ သ - ကိန်းခြင်း။ လာ က ဖြတ်တောက်ခြင်း ဟူ၍ အဓိပ္ပါယ်ရ၏။ သတ္တဝါတို့ သန္တာန်၌ စက်ဆုပ်ဖွယ်ကောင်းသော အကုသိုလ်တရားများ ကိန်းနေ၏။ ဖြစ်နေ၏။ ထိုအကုသိုလ်တရားများကို ဖြတ်တောက်တတ်သောကြောင့် ကုသလာ မည်၏ ဟူ၍ အဓိပ္ပါယ်ရလေသည်။

အကုသိုလ်တရားများကို ဖြတ်တောက်ရာ၌ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တို့ဖြင့် ဖြတ်တောက်သည်။ ဖြတ်တောက်ပုံကို အထက်ကအတိုင်း သိပါ။

၃။ ကုဇ္ဈိတာနံ သာနုတော တနုကရဏတော သြသာနုကရဏတော ဉာဏံ ကုသံနာမ ကုသေန လာတဗ္ဗာတိ ကုသလာ။ (အဘိဋ္ဌ - ၁ - ၈၁)

ကုဇ္ဈိတာနံ - စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို၊ သာနုတော တနုကရဏတော - တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် နည်းပါးအောင် ပြုတတ်သည်၏အဖြစ်ကြောင့်၊ သာနုတော သြသာနုကရဏတော - သမုစ္ဆေဒပဟာန်ဖြင့် အဆုံးကို ပြုတတ်သည်၏ အဖြစ်ကြောင့်၊ ဉာဏံ - ဉာဏ်သည်၊ ကုသံနာမ - ကုသ မည်၏။

ယေ ဓမ္မာ - အကြင်တရားတို့ကို၊ တေန ကုသေန - ထိုဉာဏ်သည်၊ လာတဗ္ဗာ - ယူထိုက်ကုန်၏။ ဣတိ - ထို့ကြောင့်၊ ကုသ + လာ - ကုသလာတို့ မည်၏။

<u>ကုသ + လာ ။</u> ။ ဤဝစနတ္ထအရ ကုသလာကို ကုသ + လာ ဟူ၍ခွဲ။ ကုသ - ဉာဏ်၊ လာ - ယူထိုက်၏။ ဖြစ်စေထိုက်၏။ *'ဉာဏ်က ကုသိုလ်တရားတို့ကို ဖြစ်စေထိုက်သောကြောင့် ကုသလာမည်၏'* ဟူ၍ အဓိပ္ပါယ်ရသည်။

ထိုဉာဏ်သည် ကာမကုသိုလ်၌ ဖြစ်သောဉာဏ်၊ မဟဂ္ဂုတ်ကုသိုလ်၌ ဖြစ်သောဉာဏ်။ မဂ်ကုသိုလ်၌ ဖြစ်သောဉာဏ်ဟူ၍ သုံးမျိုးရှိသည်။ ထိုတွင် ကာမကုသိုလ်၌ ဖြစ်သောဉာဏ်က ကာမကုသိုလ်ကို ဖြစ်စေသည်။ မဟဂ္ဂုတ်ကုသိုလ်၌ ဖြစ်သောဉာဏ်က မဟဂ္ဂုတ်ကုသိုလ်ကို ဖြစ်စေသည်။ မဂ်ကုသိုလ်၌ ဖြစ်သောဉာဏ်က မဂ်ကုသိုလ်ကို ဖြစ်စေသည်ဟု ဆိုလိုသည်။ ယင်းကုသိုလ်တရားတို့က အကုသိုလ်တွေကို ပယ်လေသည်။ ပယ်ပုံကို အထက်ကအတိုင်း သိပါ။

၄။ ကုသာ ဉာဘယဘာဂ ဂတံ တတ္ထပ္ပဒေသံ လုနန္တိ ဝေဓိမေဓိ ဥပ္ပန္နာနုပ္ပန္နဘာဝေန ဉာဘယဘာဂ ဂတံ ကိလေသပက္ခံ လုနန္တိ၊ တသ္မာ ကုသာဝိယ လုနန္တိတိပိ ကုသလာ။ (ဘိ ၄ ၁ - ၈၁)

ကုသာ - သမန်းမြက်တို့သည်၊ ဉာဘယဘာဂဂတံ - ၂ ဖက်သော အဖို့၌ဖြစ်သော ၊ တတ္ထပ္ပဒေသံ - လက်၏ အစိတ်အပိုင်းအရပ်ကို၊ လုနန္တိယထာ - ဖြတ်တတ်ကုန်သကဲ့သို့ (ရှုတတ်ကုန်သကဲ့သို့)၊ ဧဝံ - ဤအတူ၊ တထေဝိဟ - ဤကဲသို့လိတရားတို့သည်လည်း၊ ဥပ္ပန္နာနုပ္ပန္န ဘာဝေန - ဖြစ်ပြီးသော ကိလေသာ, မဖြစ်သေးသော ကိလေသာတို့၏ အဖြစ်ဖြင့်၊ ဉာဘယဘာဂ ဂတံ - နှစ်ဖက်သောအဖို့၌ဖြစ်သော၊ ကိလေသ ဝတ္ထု - ကိလေသာ အသင်းအပင်းကို၊ လုနန္တိ - ဖြတ်တတ်ကုန်၏။ တသ္မာ - ထို့ကြောင့်၊

ယေ ဓမ္မာ - အကြင်တရားတို့သည်၊ ကုသာဝိယ - သမန်းမြက်တို့ကဲ့သို့၊ လုနန္တိ - ဖြတ်တတ်ကုန်၏၊ တထိဝိ - ဤအနက်ကြောင့်လည်း၊ ယေ ဓမ္မာ - ထိုတရားတို့သည်၊ ကုသ + လာ - ကုသလတို့ မည်ကုန်၏။

(ဘာဋီ ပ - ၂၈၂ / ၃)

<u>ကုသ + လာ</u> ။ ။ ဤဝစနတ္ထအရ ကုသလာကို ကုသ + လာ ဟူ၍ ခွဲ။ ကုသ - သမန်းမြက်၊ လာ - ဖြတ်ခြင်း၊ သမန်းမြက်တို့ကဲ့သို့ ဖြစ်ပြီးသော ဥပ္ပန္နကိလေသာ၊ မဖြစ်သေးသော အနုပ္ပန္နကိလေသာတို့ကို ဖြတ်တတ်သောကြောင့် ကုသလာမည်၏ဟူ၍ အဓိပ္ပါယ်ရလေသည်။

ဓမ္မ၏ ဝဓနတ္ထ ။ ။ အဋ္ဌကထာဆရာသည် ကုသလပုဉ်၏ ဝဓနတ္ထကို ပြပြီး၍ ဓမ္မပုဉ်၏ ဝဓနတ္ထကို ဆက်၍ ပြလေသည်။

အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မော ။ (အဘိ - ၁ - ၈)

အတ္တနော - မိမိ၏၊ သဘာဝံ - သဘောကို၊ ဓာရေန္တိ - ဆောင်တတ်ကုန်၏။ ဣတိ - ထို့ကြောင့်၊ ဓမ္မော - ဓမ္မမည်၏။

ဖဿက တွေ့ထိခြင်းသဘောကို၊ ဝေဒနာက ခံစားခြင်းသဘောကို၊ စေတနာက စေ့ဆော်ခြင်းသဘောကို ဆောင်ပြထားလေ၏ - စသည်ဖြင့် ထိုသို့ ဆောင်ပြတတ်သောကြောင့် ဓမ္မ - မည်၏ ဟု အဓိပ္ပါယ်ရလေသည်။

ကုသလပုဒ်၊ ဓမ္မပုဒ် ဝဓနတ္ထဋ္ဌ ဆောင်ရန်လက်ကျများ

၁။	မွေအရ၊	သဘာဝ၊	သတ္တမဟုတ်ဖြို။
၂။	ဇီဝအတ္ထ၊	ပဂ္ဂလ၊	ရာကမရဖြို။
၃။	ကုသလတွင်၊	ပုဒ်နက်ပင်၊	ခဲမြင်သိရမည်။
၄။	ကုန်ကုသာ၊	အနက်မှာ၊	ရုံရာဖြစ်လေသည်။
၅။	အကုဆိုတာ၊	ချစ်စရာ၊	ဘယ်ခါမဟုတ်ဖြို။
၆။	ဒုက္ခသွယ်သွယ်၊	ပေးလို့ရယ်၊	ရုံဖွယ်ဖြစ်လေသည်။
၇။	ရုံဖွယ်ဖြစ်ငြား၊	အကုအား၊	ဖယ်ရှားပစ်ရမည်။
၈။	သလာနှင့် လာ၊	အနက်မှာ၊	ပယ်တာဖြစ်လေသည်။
၉။	ရုံဖွယ်အကု၊	ဖယ်ရှားပြု၊	ကဟုခေါ် ရသည်။
၁၀။	ဉာဏ်ကိုကုသာ၊	ဖြစ်စေလာ၊	တစ်ဖြာသိရမည်။
၁၁။	ကုဖြစ်စေတာ၊	ဉာဏ်ပညာ၊	ကုသလာခေါ် ပြန်သည်။
၁၂။	ဖြက်ကိုကုသာ၊	ဖြတ်တာလာ၊	ကုသလာဆိုပြန်သည်။
၁၃။	သမန်းမြက်ပမာ၊	ပယ်ဖြတ်တာ၊	ကောင်းစွာသိရမည်။
၁၄။	မဖြစ်သေးခြင်း၊	ဖြစ်ပြီးခြင်း၊	ကိသင်းပယ်ဖြတ်သည်။
၁၅။	ကိလေသာရန်၊	ပယ်ပုံမှန်၊	ပဟာန်ဖြစ်လေသည်။
၁၆။	တဒင်, ဝိက္ခံ၊	သမုစ္ဆဲ၊	သုံးဟာန်ရှိလေသည်။
၁၇။	ကာ, စျာန်, မဂ်ကု၊	ရအောင်ပြု၊	ပယ်မှုပြီးလေသည်။
၁၈။	မိမိသဘာဝ၊	ထင်ရှားပြ၊	ဓမ္မခေါ် ရသည်။
၁၉။	သဘာဝတရား၊	သိအောင်များ၊	ကြိုးစားကြရမည်။

ကုသလာဓမ္မာပုဒ် ဝဓနတ္ထလာ ကိုယ်ကျင့်တရားများပြီး၏။

ကုသလ, အကုသလ, အဗျာကတတို့၏ လက္ခဏာများ

အကုသလ အဓိပ္ပါယ် ။ ။ နကုသလာ အကုသလာ။

ဓိတ္တပဒိုပက္ခာ အဓိတ္တာဝိယ, လောဘာဒိ ပဒိုပက္ခာ အလောဘာဒယောဝိယ ကုသလ ပဒိုပက္ခာတိ အတ္ထော ။ (အဘိ ၄ - ၁ - ၈၁)

ကုသိုလ်တို့သည် မဟုတ်ကုန်။ ကုသိုလ် မဟုတ်ကုန်။ ဝိတ်ဆွေး၏ ဆန့်ကျင်ဘက် ရန်သူတို့သည် ဝိတ်ဆွေး မဟုတ်ကုန်သကဲ့သို့လည်းကောင်း၊ လောဘ အစရှိသည်တို့၏ ဆန့်ကျင်ဘက်တရားတို့သည် အလောဘ အစရှိသည်တို့ ဖြစ်ကုန်သကဲ့သို့လည်းကောင်း ကုသိုလ်၏ ဆန့်ကျင်ဘက်တရားတို့သည် အကုသိုလ် မည်ကုန်၏။

ဤစကားအရ - ကုသိုလ်၏ ဆန့်ကျင်ဘက်တရားတို့သည် အကုသိုလ်မည်၏ ဟူ၍ သိပါ။

ပဒိုပက္ခအရ ။ ။ ဤ၌ ပဒိုပက္ခအရ ဆန့်ကျင်ဘက်ဟူသည် ကုသိုလ်နှင့် အကုသိုလ်သည် အချင်းချင်း လက္ခဏာ အားဖြင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း၊ ကုသိုလ်၏ ပယ်သတ်ခြင်းကို ခံရသဖြင့် အကုသိုလ်က ကုသိုလ်နှင့် ဆန့်ကျင်ဘက်သဘောရှိသောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်ဖြစ်ပုံကို သိနိုင်သည်။ အကုသိုလ်က ကုသိုလ်ကို ပယ်သောကြောင့် ဆန့်ကျင်ဘက်ဖြစ်သည် မဟုတ်ပေ။

ချဲ့ဉီးအံ့ ။ အကုသိုလ်တရားက ကုသိုလ်တို့ကို မပယ်နိုင်ကုန်။ အားရှိသော ကုသိုလ်တို့ကသာ အနုသယ အဖြစ်ဖြင့် အမြဲကိန်းနေသော အကုသိုလ်တို့ကို သိလ၊ သမာဓိ၊ မဂ်ပညာဟူသော ပယောဂတို့က ဖြစ်စေအပ်ကုန်သော တဒင်္ဂစသော ပဟာန်သုံးပါးဖြင့် ပယ်ရှားနိုင်ကြသည်။

ကုသိုလ်ကို အားစိုက်ရ၏ ။ ။ အကုသိုလ်သည် အနုသယအဖြစ်ဖြင့် သတ္တဝါတို့ သန္တာန်၌ အမြဲကိန်းနေ၏။ ပရိယုဋ္ဌာနကိလေသာ၊ ဝိတိက္ကမကိလေသာ ဖြစ်ခိုက်၌လည်း အနုသယ အကုသိုလ် ကိလေသာကား အမြဲကိန်းလျက်ပင် ရှိ၏။ ထို့ကြောင့် အကုသိုလ်ဖြစ်အောင် အားထုတ်မှု ပယောဂ ပြုဖွယ်မလိုပေ။ ကုသိုလ်ဖြစ်အောင်ကား ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော အားစိုက်ပြုလေမှ ကာမကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ မဂ်ကုသိုလ်များ ဖြစ်ပေါ်လာရ၏။ ထိုကုသိုလ်တို့သည် အားရှိသည်ဖြစ်ရကား အကုသိုလ်ကို ပယ်နိုင်ခြင်း ဖြစ်လေတော့၏။

(အဘိ ၄ - ၁ - ၈၁။ မူ ဋီ - ၂၉။ ဘာ ဋီ ပ - ၅၁၀)

အဗျာကတ အဓိပ္ပါယ် ။ ။ နဗျာကတာတိ အဗျာကတာ။ ကုသလာကုသလဘာဝေန အကထိတာတိ အတ္ထော။

(ဘိ ၄ - ၁ - ၈၁)

မျာကတာ – ဟောအပ်ပြီးသောတရားတို့သည်၊ နု – မဟုတ်ကုန်။ ဣတိ – ထို့ကြောင့်၊ အမျာကတာ – အဗျာကတတို့မည်၏။ ကုသလာကုသလဘာဝေန – ကုသိုလ်အကုသိုလ်တို့၏ အဖြစ်ဖြင့်၊ အကထိတာ – မဟောအပ်သောတရားတည်း။ ဣတိ အတ္ထော – ဤကားအနက်။

အဗျာကတဟူသည် – ကုသိုလ်၊ အကုသိုလ်အဖြစ်ဖြင့် ဟောအပ်ပြီး မဟုတ်သော တရားများကို အဗျာကတခေါ်သည် ဟူ၍ အဓိပ္ပါယ်ရသည်။

ကုသိုလ်၊ အကုသိုလ်အဖြစ်ဖြင့် ဟောအပ်ပြီးမဟုတ်သော တရားတို့ကား ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်တို့တည်း။

ကုသလ လက္ခဏာ ။ ။ ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ။

ကုသလာ – ကုသိုလ်တို့သည်၊ အနဝဇ္ဇသုခဝိပါက လက္ခဏာ – အပြစ်မရှိကုန်။
ကောင်းသောအကျိုးရှိကုန်သော မှတ်သားကြောင်း လက္ခဏာရှိ၏။

အနဝဇ္ဇ လက္ခဏာ ။ ။ အနဝဇ္ဇ – အပြစ်မရှိခြင်း လက္ခဏာဟူသည် ကဲ့ရဲ့ထိုက်သော အပြစ်မှကင်းသော၊ မကဲ့ရဲ့ထိုက်သော အပြစ်မရှိသောတရားဟု အဓိပ္ပါယ်ရသည်။

သုခဝိပါက လက္ခဏာ ။ ။ အပြစ်မရှိခြင်း လက္ခဏာကြောင့် ကုသိုလ်မည်၏ဟုဆိုလျှင် အဗျာကတတရားတို့လည်း ကိလေသာအပြစ်မရှိ၍ ကုသိုလ်မမည်ဘူးလား၊ ဟူ၍ လျှင်းပါးဖွယ်ရှိနေပြန်၍ အဗျာကတတရားများကို ပယ်ခြင်းငှါ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော သုခဝိပါကသဒ္ဒါကို ဆိုရခြင်း ဖြစ်သည်။

ထို့ကြောင့် ကုသိုလ်ဟူသည် အပြစ်မရှိရုံသာမက ကောင်းသောကျွန်ုအကျိုးကို ပေးခြင်းလက္ခဏာလည်း ရှိမှ ကုသိုလ်မည်၏ဟူ၍ ဆိုလိုပေသည်။

အကုသလ လက္ခဏာ ။ ။ အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ။

အကုသလာ – အကုသိုလ်တို့သည်၊ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ – အပြစ်နှင့်တကွဖြစ်ကုန်၊ မကောင်းသော အကျိုးရှိကုန်သော မှတ်သားကြောင်း လက္ခဏာရှိ၏။

အမျာကတ လက္ခဏာ ။ ။ အဗျာကတာ အဝိပါက လက္ခဏာ ။

အမျာကတာ – အဗျာကတတို့သည်၊ အဝိပါကလက္ခဏာ – အကျိုးမရှိကုန်သော
(အကျိုးပေးခြင်း မရှိကုန်သော) မှတ်သားကြောင်း လက္ခဏာရှိ၏။

(အဘိ ၌ – ၁– ၈၂ / ဘာဋီ ပ – ၂၈၇ / ၈)

ကုသလတိုက် လက္ခဏာလာ ဆောင်ရန်လင်္ကာများ

၀။	ကုဓဟုတ်တာ၊	အတုပါ၊	တောင်းစွာသိမ့်ဝင်ထည်။
၂။	မိတ္တအမိတ္တ၊	ပြောင်းပြန်ပ၊	ဝတ္ထုဖြစ်သို့ဆည်၊
၃။	အပယ်ခံရ၊	ပယ်တတ်ရှာ၊	ပတ္ထဖြစ်ကြဆည်။
၄။	ပယ်ခံအကု၊	ပထ်တာထု၊	ပယ်ပြုအားရှိဆည်။
၅။	ကိန်းတိလေသာ၊	အမြဲသာ၊	ကိန်းကာနေ၍သည်၊
၆။	အတုဖြစ်အောင်၊	တမင်တောင်၊	ပြုဆောင်မလိုပြီ။
၇။	ကုသိလ်ဆိုးစား၊	ဖြစ်ဖို့အား၊	ကြိုးစားယူရသည်။
၈။	ဖြစ်လာကုသိလ်၊	အားတွေ့စို့၊	ဝိုမိုကောင်း၍သည်၊
၉။	ကုသိလ်ထရား၊	အတုအား၊	ပယ်ရှားနိုင်လေသည်။
၁၀။	ထုခဝိပါ၊	နဝဇ္ဇ၊	ကုသလာမည်လေသည်။
၁၁။	ထုခဝိပါ၊	ဗျာကတာ၊	ကန့်တာဖြစ်လေသည်။
၁၂။	မကောင်းကျိုးပြု၊	အဖြစ်စု၊	အကုမည်လေသည်။
၁၃။	ထိုုးမပေးတာ၊	ဗျာကတာ၊	လက္ခဏာဖြစ်လေသည်။

ကုသလတိုက် လက္ခဏာလာ ကိုယ်ကျင့်တရားများ ပြီး၏။

ဓမ္မသင်္ကေတ မာတိကာလာ ကိုယ်ကျင့်တရားများ ဖော်ပြချက် ရပ်နားပြီ။

စိတ္တုပ္ပါဒ ကဏ္ဍ

ကာမာဝစရ ကုသလ ပဒဘာဇနီ

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ကုသလပဒ မာတိကာကို ဟောတော်မူပြီးသည်၏ အခြားမဲ့၌ ကုသလပဒ ပဒဘာဇနီကို ဟောတော်မူ၏။ ဟောဟန်ကား -

ပါဠိတော် -

၁။ ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါ ဂန္ဓာရမ္မဏံဝါ ရသာရမ္မဏံဝါ ဖောဋ္ဌဗ္ဗာရမ္မဏံဝါ ဓမ္မာရမ္မဏံဝါ ယံယံဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ စိတ္တံ ဟောတိ ... ပ ... ။ သမထော ဟောတိ ဝိပဿနာ ဟောတိ ပဂ္ဂဟော ဟောတိ အဝိက္ခေပေါ ဟောတိ ယေဝါပန တသ္မိံ သမယေ အညေဝိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ။ ဣမေ ဓမ္မာ ကုသလာ။ (ဏီ - ၁၇)

ဖြန်ဓာဖြန်

စိတ်၊ ဧကသိင်္ဂီပိုင်း

(က) ကုသလပဒဘာဇနီ (ကုသိုလ်တရားစုကို ဝေဖန်ခြင်း)

(ခ) ဓမ္မဝဝတ္ထာနဝါရ (တရားတို့ကို ပိုင်းခြား၍ ဟောခြင်း)

ဥဒ္ဒေသဝါရ (*အကျဉ်းအားဖြင့် ဟောကြားခြင်း*)

ကာမာဝစရ ကုသိုလ် ပဌမစိတ် ။ ။ အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း? ။ (*အကြောင်းညီညွတ်သော*) အကြင်အခါ၌ သောမနဿနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ရူပါရုံကိုဖြစ်စေ၊ သဒ္ဒါရုံကိုဖြစ်စေ၊ ဂန္ဓာရုံကိုဖြစ်စေ၊ ရသာရုံကိုဖြစ်စေ၊ ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ၊ ဓမ္မာရုံကို ဖြစ်စေ အကြင်တစ်ပါးပါးကို (*အာရုံတစ်မျိုးမျိုးကို*) အာရုံပြု၍ ဖြစ်ဆဲဖြစ်၏။

တရားအာကျဉ်း ။ ။ (*အကြောင်းညီသွတ်သော*) ထိုအခါ၌ တွေ့ထိမှု ဖဿသည် ဖြစ်၏။ ခံစားမှု ဝေဒနာသည် ဖြစ်၏။ မှတ်သားမှု သညာသည် ဖြစ်၏။ စေ့ဆော်မှု စေတနာသည် ဖြစ်၏။ သိမှု စိတ်သည် ဖြစ်၏။ ... ပ ... ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေမှု သမထသည် ဖြစ်၏။ အထူးထူးသော အခြင်းအရာအားဖြင့် ရှုမြင်မှု ဝိပဿနာသည် ဖြစ်၏။ ချီးမြှောက်မှု ပဂ္ဂဟသည် ဖြစ်၏။ မပျံ့လွင့်မှု အဝိက္ခေပသည် ဖြစ်၏။

ယေဓါပနက တရားများ ။ ။ ထိုပြင် ထိုအခါ၌ (*ဆိုအပ်ခဲ့ပြီးသော တရားတို့မှ*) တစ်မျိုးတစ်ခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော (*ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊ မုဒိတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ* ဟူသော) အကြင်နာမ်တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။

အကျဉ်းချုပ် တောကြားခြင်း ဥဒ္ဒေသဝါရ ပြီး၏။

(ကိ မြန် - ၂၈)

ကာမကုသိုလ် ပဒဘာဇနီလာ ကိုယ်ကျင့်တရားများ

ပဒဘာဇနီ ။ ။ ကုသလာ ဓမ္မာ - စသော ပုဒ်တို့ကို အကျယ်ဝေဖန်ပြဆိုကြောင်း စကားများကို ပဒဘာဇနီ ဟူ၍ ခေါ်သည်။ အဋ္ဌကထာဆရာသည် 'ကတမေ ဓမ္မာ ကုသလာ' စသော ပုဒ်များကို ဖွင့်ဆိုပြလို၍ ကုဒါနိ စသော ပါဠိကို ဝိန့်ဆိုလေသည်။

ဖွင့်ဆိုအပ်သော ပါဠိတော် ။ ။ မာတိကာကို ဟောတော်မူပြီးရာ ယခုအခါ၌ မာတိကာဖြင့် ဟောအပ်ပြီးသော ထိုတရားတို့ကို အပြားအားဖြင့် သိစေခြင်းငှါ 'ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ' အစရှိသော ဤပဒဘာဇနီကို မြတ်စွာဘုရားသည် ဟောတော်မူအပ်ပြီ။

အထက်ပါ ပါဠိတော်ကား - သံဝဏ္ဏေတဗ္ဗ ခေါ် ဖွင့်ဆိုအပ်သော၊ ဖွင့်ဆိုမည်ဖြစ်သော ပါဠိတော် တည်း။ သံဝဏ္ဏနာ ဖွင့်ဆိုပုံကား ဤသို့ ဖြစ်လေသည်။

ဝါရကြီး သုံးပါး ။ ။ အထက်ပါ ပါဠိတော်ဖြင့် မဟာကုသိုလ်ခေါ် ကာမကုသိုလ်ပဌမစိတ် ဖြစ်ပေါ်ပုံကို ပြဆိုတော်မူလေသည်။

ထိုပဌမကာမကုသိုလ်စိတ်၏ နိဒ္ဒေသ၌ '**ဓမ္မဝဝတ္ထာနဝါရ၊ ဆဂ်ဟဝါရ၊ ဆုညတဝါရ**' ဟူ၍ ဝါရကြီးသုံးခု ရှိလေသည်။

ဥဒ္ဒေသ စသည် ။ ။ ထိုတွင် ဓမ္မဝဝတ္ထာနဝါရဉ် ဥဒ္ဒေသ၊ နိဒ္ဒေသ နှစ်ပါးရှိ၏။ ထိုတွင် ဥဒ္ဒေသဝါရဉ် - ပုစ္ဆာ၊ သမယနိဒ္ဒေသ၊ ဓမ္မုဒ္ဒေသ၊ အပွနာ ဟူ၍ (၄) မျိုးရှိ၏။ ထိုတွင် -

၁။ ကတမေ ဓမ္မာ ကုသလာ သည် မေးကြောင်းစကား ပုစ္ဆာတည်း။

၂။ ယသ္မိံ သမယေ ... ပ ... တသ္မိံ သမယေ သည် သမယနိဒ္ဒေသတည်း။
သမယ ကို ညွှန်ပြကြောင်း စကားတည်း။

၃။ ဖဿော ဟောတိ ... ပ ... အဝိက္ခေပေါ ဟောတိ သည် ဓမ္မုဒ္ဒေသတည်း။
ဖဿ စသော တရားတို့၏ သရုပ်ကို ထုတ်ပြကြောင်းတည်း။

၄။ ယေ ဝါ ပန ... ပ ... ဣမေ ဓမ္မာ ကုသလာ သည် အပွနာတည်း။ နိဂုံးအုပ်ကြောင်း စကားတည်း။

ပုစ္ဆာ (၅)မျိုး ။ ။ ဥဒ္ဒေသ၌ ကတမေ ဓမ္မာ ကုသလာ ဟူသော ပုစ္ဆာသည် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဖြေဆိုတော်မူလိုသည်ဖြစ်၍ အမေးထုတ်သော -
ကထေတု ကမျတာပုစ္ဆာ တည်း။

ချဲ့ဦးအုံ ... ။ ပုစ္ဆာတို့သည် -

၁။ အဒိဋ္ဌ ဇောတနာ ပုစ္ဆာ - မသိမမြင်အပ်သေးသော သဘောကို သိဖို့ရန် ထွန်းပြကြောင်း ပုစ္ဆာ၊

၂။ ဒိဋ္ဌ သံသန္ဒနာ ပုစ္ဆာ - သိမြင်အပ်ပြီးသည်ကို နှိုးနှောလို၍ အမေးပြုသော ပုစ္ဆာ၊

၃။ ဝိမတိစ္ဆေဒနာ ပုစ္ဆာ - ယုံမှားခြင်းကို ပယ်ဖြတ်လို၍ အမေးပြုသော ပုစ္ဆာ၊

၄။ အနုမတိ ပုစ္ဆာ - တရားနာခံသော ရဟန်းတို့၏ အလိုကို သိခြင်းငှါ အမေးပြုသော ပုစ္ဆာ၊
(ရှပ်သည် မြဲသလား၊ မမြဲသလား ဟု မေးပုံတည်း)

၅။ ကထေတု ကမျတာ ပုစ္ဆာ - ကိုယ်တော်တိုင် ဖြေကြားတော်မူလို၍ အမေးပြုသော ပုစ္ဆာ -
- ဟူ၍ ပုစ္ဆာ (၅)မျိုးရှိလေသည်။

လိုအပ်သော ပုစ္ဆာ ။ ။ ထိုပုစ္ဆာငါးမျိုးတို့တွင် ဘုရားရှင်တို့အတွက် သဗ္ဗညုဘုရားရှင် ဖြစ်တော်မူသောကြောင့် ရှေ့သုံးမျိုးကို မလိုအပ်။ နောက်နှစ်ပါးကိုသာ ဘုရားရှင်တို့ အမေးပြုတော်မူကြသည်။ ဤဒွိကား ကထေတု ကမျတာ ပုစ္ဆာကိုသာ လိုအပ်သည်။

(အဘိ ၄ - ၁ - ၉၇ / ၈)

ဓမ္မာ ကုသလာ ဟောရခြင်း ။ ။ အဘိဓမ္မာဒေသနာတော်သည် သုတ္တန်ဒေသနာတော်ကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ ပညတ်ကိုဟောသော ဝေါဟာရဒေသနာတော် မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါတို့မှ ဆိတ်သုဉ်းသော ပရမတ္ထတရားများကိုသာ ဟောတော်မူရာ ဒေသနာ ဖြစ်လေသည်။ ဤသို့ ဟောတော်မူရာ၌လည်း

စမ္ဘသာမညကိုသာ ဟောတော်မမူဘဲ ကုသိုလ်အစရှိသော အပြားအားဖြင့် ဟောတော်မူရခြင်းသည် 'ဃန ဝိနိဗ္ဘောဂဉာဏ် (*အပေါင်းအစုကို ခွဲဖြိုသိသောဉာဏ်*) ၊ ပဋိသန္ဓိဒါဉာဏ်' တို့ကို ရရှိစေနိုင်သောကြောင့် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စသည်ဖြင့် ခွဲခြားဟောရခြင်း ဖြစ်လေသည်။

(အဘိ ၄ - ၁ - ၈၈ / ၉)

လိုအပ်သော သမယအနှက် ။ ။ အဋ္ဌကထာဆရာသည် 'ကတမေ စမ္ဘာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ' ဟူသော ပါဠိတော်၌ 'ကတမေ စမ္ဘာ ကုသလာ' ၏ အဓိပ္ပါယ်ကို ပြဆိုပြီး၍ ယသ္မိံ သမယေ ဟူသော ပုဒ်ကို ဖွင့်ဆိုပြလေသည်။

(သတိပြုရန်ကား - *ယသ္မိံ သမယေဖြင့် မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာအချိန်ကို ပြဆိုခြင်း ဖြစ်သည်ကို* သတိပြုထားရမည်)

ယသ္မိံ သမယေ၌ သမယသဒ္ဒါသည် သမဝါယ စသော များစွာသော အနှက်တို့ကို ဟောသည့်အနှက် ကျ၌လိုအပ်သောအနှက် ၎င်းနှက်ရှိလေသည်။

၁။ သမဝါယ အနှက် - အကြောင်းညီညွတ်ခြင်း ဟူသောအနှက်၊
၂။ ခဏ အနှက် - အခွင့်ဟူသော အနှက်၊
၃။ ကာလ အနှက် - အခါဟူသော အနှက်၊
၄။ သမူဟ အနှက် - အပေါင်းဟူသော အနှက်၊
၅။ ဟေတု အနှက် - အကြောင်းဟူသော အနှက်၊

ကျအနှက် ၎င်းနှက်တို့ကို အလိုရှိအပ်လေသည်။

သမဝါယအနှက် ဖြစ်ပုံ ။ ။ သမဝါယအနှက် ဖြစ်ပုံသဘောကို သိမြင်ရန်အတွက် ယသ္မိံ သမယေ - ဟူသော ပါဠိတော်ကို အနှက်ပေးကြည့်ပါ။ ယသ္မိံသမယေ - အကြင် မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာရာ အချိန်အခါ၌ - ဟူသောအနှက် ထွက်ပေါ်လာမည် ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ မဟာကုသိုလ် ပဌမစိတ်ကို မြတ်စွာဘုရား ဟောတော်မူနေသောကြောင့် ဖြစ်သည်။

သောမနဿသဟဂတံ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု - ဟူသော မဟာကုသိုလ် ပဌမစိတ်သည် အကြောင်းတစ်မျိုးကြောင့် ဖြစ်ပေါ်လာသည် မဟုတ်ပေ။ အကြောင်းပေါင်း များစွာ ညီညွတ်ပေါင်းဆုံပြီးမှ မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်သည်။

ဆက်ပါဦးမည် ။ စက္ခုဝိညာဏ် ဟူသော မြင်သိစိတ်တစ်ခု ဖြစ်ပေါ်လာဖို့ရာအတွက် စက္ခုပသာဒခေါ် မျက်စိအကြည်ဓာတ်ကလည်း ကောင်းရဦးမည်။ ရူပါရုံကလည်း အနီးဌာ ရှိသည်။ အလင်းရောင်လည်း ရှိသည်။ နှလုံးသွင်းမှုလည်း ရှိသည်။ ယင်းအကြောင်းလေးမျိုး ညီညွတ်ပေါင်းဆုံမိသောအခါ၌ စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ပေါ်၍ လာရခြင်း ဖြစ်သည်။

ဤနည်းအတူ မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာရခြင်းသည်လည်း အကြောင်းပေါင်း များစွာ ညီညွတ်၍ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဥပမာ ... အလှူအိုန် ကုသိုလ်ကောင်းမှုကို ပြုနေသူတစ်ဦး၌ အလှူခံပုဂ္ဂိုလ်လည်း ရှိခြင်းမှ၊ အလှူဝတ္ထုကလည်း ရှိခြင်းမှ၊ အလှူဝတ္ထုကလည်း စင်ကြယ်ခြင်းမှ၊ စေတနာကလည်း ရှိခြင်းမှ၊ ထိုစေတနာကလည်း ထက်သန်ပြုစင်ခြင်းမှ၊ စိတ်ပါလက်ပါ ရှိသေစွာလည်း လှူခြင်းမှ၊ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း စသော ဉာဏ်ယှဉ်၍လည်း လှူခြင်းမှ စသည် အကြောင်းပေါင်းများစွာ ညီညွတ်၍ ထိုအလှူကို ပေးလှူသူ၌ မဟာကုသိုလ်ပဌမစိတ် ဖြစ်ပေါ်မည် ဖြစ်သည်။ ယင်းသို့ အကြောင်းညီညွတ်မှုကို သမဝါယဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ယသို့ သမယော်၌ သမယသဒ္ဒါသည် ထိုသမဝါယအနက်ကို ဟောနိုင်ခြင်း ဖြစ်လေသည်။

<u>ခဏအနက် ဖြစ်ပုံ</u> ။ ။ ဗြဟ္မစရိယာဝါသာယ - သောတာပန်စသော အရိယာပုဂ္ဂိုလ် ဖြစ်ရန် ရည်စူး၍ ဝိပဿနာရှုပွားခြင်းတည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ရန်အတွက် အခွင့်အခါသင့်ဖို့လည်း လိုလာပြန်သည်။ ယင်းကို နဝမခဏ - ကိုးခုမြောက်အခွင့် ဟု ဆိုရသည်။

ကျန်ရှစ်ပါးသောခဏသည် မဂ္ဂဗြဟ္မစရိယကို ရဖို့ရန် အခွင့်မဟုတ်သောကြောင့် အဋ္ဌက္ခဏ ဟု ခေါ်သည်။ ယင်းတို့မှာ -

ဘုရားပွင့်ခိုက် ကြုံနေပါသော်လည်း -

၁။ တိရစ္ဆာန်ဖြစ်နေခြင်း၊

၂။ ပြိတ္တာဖြစ်နေခြင်း၊

၃။ ငရဲ၌ ဖြစ်နေခြင်း၊

၄။ အသက်ရှည်သော အသညသတ် ဗြဟ္မာ၊ အရူပဗြဟ္မာ ဖြစ်နေခြင်း၊

၅။ ဘုရားသာသနာ မရောက်ရာ ပစ္စန္တရစ် အရပ်၌ ဖြစ်နေခြင်း၊

၆။ မိစ္ဆာဒိဋ္ဌိ ဖြစ်နေခြင်း၊

၇။ မဂ္ဂဗြဟ္မစရိယ ရလောက်အောင် တိဟိတ်ဉာဏ် မရှိခြင်း၊

၈။ ဘုရား မပွင့်ရာ သာသနာပ၌ တိဟိတ် ပုဂ္ဂိုလ် ဖြစ်နေခြင်း၊

ယင်းကိုပင် ရှပ်ဖြစ်ရှစ်ပါး ဟူ၍ ခေါ်သည်။

ထိုရှစ်ပါးကို ထောက်၍ မဂ္ဂဗြဟ္မစရိယကို ရနိုင်သော ခဏကို နဝမခဏ ဟူ၍ ခေါ်ဆိုရလေသည်။ ထို ကိုးခုမြောက် ခဏဟူသည်လည်း ဘုရားပွင့်တော်မူရာအခါ တစ်မျိုးသာမက ဘုရားပွင့်တော်မူခြင်း၊ တရားဟော တော်မူခြင်း၊ ဘုရားသာသနာရှိရာအရပ်၌ လူဖြစ်ခြင်း၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ တရားနာခြင်း ဟူသော ဤအပေါင်းစု ကိုမှ နဝမခဏ = အခွင့်ကောင်းနှင့် ကြုံသည်ဟု ဆိုရလေသည်။

ဝိပဿနာရှုပွား၍ ဝိပဿနာဉာဏ် ဖြစ်ပေါ်သူ၌ ထိုမဟာကုသိုလ် ပဌမစိတ်ဖြစ်နေရကား - အခွင့်ကောင်းနှင့် ကြုံကြိုက်နေသည်ဖြစ်၍ ယသို့ သမယော်၌ သမယသဒ္ဒါသည် ခဏအနက်ကို ဟောနိုင်ခြင်းလည်း ဖြစ်လေသည်။

ဆက်ဟိုးမည် ။ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေချိန်၌ နဝမခဏာဓေါ် အခွင့်ကောင်းနှင့် ကြုံနေရုံတွင်မက စက်လေးပါးနှင့်လည်း ပြည့်စုံနေလေသည်။

(၁) ဝုဋ္ဌဗ္ဗ ထတဝုဉ္ဇထာဓတိ် ဓေါ် ရွေးဘဝက ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့သောကြောင့် ...
ယခုဘဝ ဝဋ်ရွှေ့ ဒေသဝါသဓတိ် ဓေါ် သင့်တော်သော အရပ်ဒေသ၌ နေထိုင်ရခြင်း ဖြစ်သည်။

(၂) ပဋိရူပဒေသဝါသဝက်နှင့် ပြည့်စုံခြင်းကြောင့် ...
သပ္ပုရိသူပနိဿယဓတိ် – သူတော်ကောင်း ဝိဘဆရာသမား တို့ကို မှီခိုနေရခြင်း ဖြစ်သည်။

(၃) သပ္ပုရိသူပနိဿယဝက်နှင့် ပြည့်စုံခြင်းကြောင့် ...
အတ္တသမ္မာဒဂါဓိဓတိ် – စိတ်ထား ပြုစုပြင်ဆင်မှုတ်အောင် ဝိဝိစိတ်ကို ကောင်းစွာထားနိုင်ခြင်း ဖြစ်သည်။

(၄) အတ္တသမ္မာ ပဂဂါဓိဝက်နှင့် ပြည့်စုံခြင်းကြောင့် ...
နောင်ဘဝအတွက် ဤစိတ်သည် ဝုဋ္ဌဗ္ဗ ထတဝုဉ္ဇထာဓတိ် ဖြစ်ရပြန်သည်။

ဤသို့ စက်လေးပါးသည် လည်ပတ်လျက် ရှိနေသည်။

ကာလအနက် ဖြစ်ပုံ ။ ။ အခွင့်ကောင်း အခါကောင်း ဟူရာ၌ နဝမခဏာ ဓေါ် အခွင့်ကောင်းနှင့် ကြုံနေသူ၌ ကာလ ဓေါ် အခါကောင်းနှင့်လည်း ကြုံနေလေသည်။ ဒါန၊ သီလ စသည် ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော မဟာကုသိုလ် ပဌမစိတ် ဖြစ်ရာအခါသည် အလွန်ကောင်းမြတ်သော အချိန်အခါ ဖြစ်သည်။ ထို့ကြောင့် ယသ္မိ သမယေ ၌ သမယသဒ္ဒါသည် အခါဟူသော ကာလအနက်ကို ဟောနိုင်ခြင်းလည်း ဖြစ်သည်။

သမ္ဘဟအနက် ဖြစ်ပုံ ။ ။ သမ္ဘတဟူသည် စုပေါင်းခြင်း ဟူ၍ အနက်အဓိပ္ပါယ်ရသည်။ ထိုပဌမ မဟာကုသိုလ်စိတ် ဖြစ်ပေါ်နေချိန်၌ ထိုစိတ်မျှတွင်မက ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဇဂ္ဂတာ၊ ဝိတက်၊ ဝိစာရ၊ ပညာ စသော ပရမတ္ထ စေတသိက်တရားများလည်း စုပေါင်းဝိုင်းအုံ၍ ဖြစ်ကြလေသည်။ ထို့ကြောင့် ယသ္မိ သမယေ၌ သမယသဒ္ဒါသည် သမ္ဘဟအနက်ကိုလည်း ဟောနိုင်ခြင်း ဖြစ်သည်။

ဟေတုအနက် ဖြစ်ပုံ ။ ။ ဟေတုဟူသည် အကြောင်းဟူသော အနက်ကို ဟောလေသည်။ ဤ၌ ဒွါရအကြောင်း၊ ပစ္စည်းအကြောင်း ဟူ၍ တစ်ပါးမကသော၊ များသောအကြောင်းတွေ ရှိလေသည်။ ဘုရားစသော သူတော်ကောင်းများကို ဖူးမြင်ရခြင်း၌ စက္ခုဝိညာဏ်စိတ်ဓေါ် မြင်သိစိတ် ဖြစ်ပေါ်လာရခြင်းသည်

၁။ စက္ခုပသာဒ – မျက်စိ အကြည်ဓာတ်ကောင်းခြင်း၊
၂။ သူတော်ကောင်း ဟူသော ရူပါရုံအနိုး၌ ရှိခြင်း၊
၃။ အရောင်အလင်း ရှိခြင်း၊
၄။ သေသေချာချာ အာရုံပြု နှလုံးသွင်းခြင်း –

ဤအကြောင်းလေးမျိုးကြောင့် သူတော်ကောင်းကို ပူးပြင်ရသော မြင်သိစိတ် ဖြစ်သလို ကြည်ညိုမှု၊ လေးစားမှု၊ ရိုသိုးမှု၊ လှူဒါန်းမှု စသော ဒွါရအကြောင်းများ ဖြစ်ကြ၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ပဌာန်းပစ္စည်းအရဆိုလျှင် ဤမဟာကုသိုလ် ပဌမစိတ်၌ ပဌာန်း (၂၄) ပစ္စည်းအနက် ဝိပါကပစ္စည်း၊ ပစ္ဆာဇာတပစ္စည်းများကို ထား၍ ကျန်ပစ္စည်း (၂၀)လုံး ဖြစ်ထိုက်သည့်အားလျော်စွာ ပါဝင်ကြလေသည်။ ဤသို့ ဒွါရအကြောင်း၊ ပစ္စည်းအကြောင်းတရားတွေ့ ပါဝင်ကြ၍ ယသို့ သမယေ ၌ သမယ သဒ္ဒါသည် ဟေတု အနက်ကိုလည်း ဟောနိုင်ခြင်း ဖြစ်လေသည်။

သမဝါယ အနက်ဖြင့် ပြအပ်သောအကျိုး ။ ။ 'သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်' ဟူသော မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာခြင်းသည် ဘုရား၊ ရဟန်းသံဃာ စသော သူတော်ကောင်းများကို ပူးပြင်ရခြင်းကြောင့်လည်းကောင်း၊ ထိုသူတော်ကောင်းတို့ ဟောကြားအပ်သော တရားကို နာကြားရခြင်းကြောင့်လည်းကောင်း၊ ထိုသူတော်ကောင်းတို့၌ အလှူကို ပေးလှူရခြင်းကြောင့်လည်းကောင်း စသော အကြောင်းများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ရာ -

သူတော်ကောင်းတို့ကို ပူးပြင်ရခြင်း၌ 'စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ' အကြောင်းလေးမျိုးတို့ ညီညွတ်ကြမှသာလျှင် သူတော်ကောင်းကို ပူးပြင်ရသော စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထိုအကြောင်းလေးမျိုးတွင် ပိပိ၏ မျက်စိပသာဒ ရှိယှင်းနေသော်လည်းကောင်း၊ မျက်စိပသာဒ ကောင်းစေဦး- သူတော်ကောင်းတည်းဟူသော ရူပါရုံ ချွတ်ယွင်းနေသော်လည်းကောင်း၊ အလင်းရောင် မရှိသော်လည်းကောင်း၊ ပိပိက နှလုံးမသွင်းသော်လည်းကောင်း၊ တစ်ပါးပါး ချွတ်ယွင်းနေခဲ့သော် စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ပေါ်လာမည် မဟုတ်ပေ။

စက္ခုပသာဒ မျက်စိအကြည်ရုပ်က နိဿယပစ္စည်းအနေဖြင့် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ သူတော်ကောင်းတည်းဟူသော ရူပါရုံ က အာရမ္မဏပစ္စည်းအနေဖြင့် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ အာလောက-အလင်းရောင်၊ မနသိကာရ-နှလုံးသွင်းမှုတို့က ပကတူပနိဿယပစ္စည်းအနေဖြင့် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ သူတော်ကောင်းကို ပူးပြင်ရခြင်းဟူသော စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ယင်းသို့ အကြောင်းများစွာက ညီညွတ်ပေါင်းစု ကျေးဇူးပြုမှုကို သမဝါယ ဟု ခေါ်သလို သာမဂ္ဂိပစ္စယ ဟုလည်း ခေါ်လေသည်။ ယင်းသာမဂ္ဂိသဘာဝ အကြောင်းများကြောင့် ပူးပြင်ရခြင်းကို မသိနားမလည်ကြသည့် အတွက် ပုဂ္ဂိုလ်မြင်သည်၊ သတ္တဝါမြင်သည်၊ ငါမြင်သည်၊ သူမြင်သည်၊ အတ္တက မြင်အောင် ပြုလုပ်ပေးသည်၊ သုခ, ဒုက္ခကို အတ္တက ပြုလုပ်ပေးသည် - ဟူ၍ မိစ္ဆာဒိဋ္ဌိ အယူဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

ထို့ကြောင့် ယသို့ သမယေ၌ သမဝါယအနက်ဖြင့် ထိုသို့သော အတ္တဒိဋ္ဌိ စသော အယူများကို တားမြစ်ပယ်ရှင်းပေးသော အကျိုးကို ပြလေသည်။

ဘဏ္ဍာအနက်ဖြင့် ပြအပ်သောအကျိုး ။ ။ ဘုရားဖြစ်ပေါ်ရန် ခဲယဉ်းခြင်း၊ လူအဖြစ်ကို ရခဲခြင်း၊ သူတော်ကောင်း တရားကို နာကြားရန် ခဲယဉ်းခြင်း ဟူ၍ ဒုလ္လဘတရားများ ရှိလေရာ ဗိမိတို့သည် ကြုံခဲလှစွာ နဝမခဏာကို ကောင်းစွာ အခွင့်ကြုံနေပြီ ဖြစ်သည်။ ထိုမှတပါး ပြည့်စုံခဲလှစွာ ပဋိရူပဒေသဝါသ စသော စက်လေးပါးနှင့်လည်း ပြည့်စုံလျက်ရှိနေပေသည်။

ထိုသို့ ကြုံခဲလှစွာ နဝမခဏနှင့် ကြုံလာသည့်အခိုက်၊ ပြည့်စုံခဲလှစွာ စက်လေးပါးနှင့် ပြည့်စုံလာသည့်အခိုက် သောတာပန်စသော အရိယာအဖြစ်သို့ ရောက်အောင် ဝိဝဋ္ဋကုသိုလ်များကို ခွန်စိုက်အားစိုက် ပြုလုပ်အားထုတ် ကြရမည် ဖြစ်သည်။

နမော်နမဲ့ သတိမရှိ၊ သမာဓိမရှိ၊ ပညာမရှိ၊ ဝိရိယမရှိ၊ ပျင်းပျင်းရိရိ၊ မေ့မေ့လျော့လျော့ မနေသင့်ပေ။ နေခြင်းဂို မထိုက်ပေ။

ဗိမိရရှိနေသော ပဌမ မဟာကုသိုလ်စိတ်ကို ဒါနကုသိုလ်၊ သီလကုသိုလ်မျှတွင် မရပ်တန့်မူ၍ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်အထိ ဖြစ်အောင် ကြိုးစားအားထုတ်ပါဟူ၍ ခဏအနက်ဟော သမယသဒ္ဒါက ညွှန်းဆိုပြလျက် ရှိနေလေသည်။

ကာလအနက်ဖြင့် ပြအပ်သောအကျိုး ။ ။ အကြောင်းညီညွတ်ခြင်းဟု ဆိုအပ်သော သာမဂ္ဂိအကြောင်းများ ကြောင့် ဖြစ်ပေါ်လာသော ပဌမ မဟာကုသိုလ်စိတ်သည် ဥပါဒ်၊ ဌိ၊ ဘင် ဖြစ်၊ တည်၊ ပျက် ခဏတ္တယအားဖြင့် အလွန်တိုတောင်းလှ၏။ ရုပ်နှင့်နာမ်တို့ ဖြစ်ပေါ်လာပြီးနောက် တည်နေသော အခိုက်သည် အလွန်ပင် တိုတောင်းလှ၏။ ရုပ်ဖြစ်မှု၏ တည်ရှိမှုက နာမ်ထက် ကြာကြာ ရပ်တည် နိုင်၏။ ရုပ်၏ ဌိခဏာ ရပ်တည်နိုင်မှုအတွင်း နာမ်တရားက ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်ဟူ၍ ဖြစ်ပျက်ပေါင်း (၁၆)ကြိမ်တိုင်အောင် ဖြစ်ပျက်ကြသောကြောင့် နာမ်တရား၏ ဖြစ်ပေါ်လာရာအဓိသည် အလွန်မြန်ဆန်၏။ အလွန် တိုတောင်း၏။ ထို့ကြောင့် လျှပ်ပျက်ဆဲခဏာ၌ ပုလဲလုံးတွေကို သိကုံးနိုင်ရန် အလွန်ခဲယဉ်းဘိသကဲ့သို့ ဗိမိစိတ်၌ ဖြစ်ပေါ်လာသော မဟာကုသိုလ် ပဌမစိတ်ကို တိုတောင်းလှသည့်အတွက် ထိုးထွင်းသိမြင်ရန် အလွန်ခဲယဉ်းလှပေ၏။ အလွန် သတိ၊ သမာဓိ၊ ပညာ အားကောင်းမှ သိမြင်နိုင်ကြမည် ဖြစ်၏။

ထို့ကြောင့် ယသို သမယော်၌ ကာလအနက်က သိနိုင်ခဲသော ဗိမိ၏ မဟာကုသိုလ် ပဌမစိတ်ကို အလွန် ကြိုးစွာသော လုံ့လဝိရိယဖြင့် သိအောင် အားထုတ်ပါလေ ဟူ၍ ညွှန်းဆိုပြလျက် ရှိနေလေသည်။

သမူဟအနက်ဖြင့် ပြအပ်သော အကျိုး ။ ။ မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာခြင်း၌ စိတ်တစ်ပျိုးတည်း မဟုတ်ဘဲ ဗဿ၊ ဝေဒနာ၊ သညာ စသော စေတသိက်များလည်း စုပေါင်းဖြစ်ကြသည် ဖြစ်၍ ယသို သမယော်၌ သမယသဒ္ဒါဖြင့် စိတ်တစ်ပျိုးတည်း၊ တရားတစ်ပျိုးတည်း ဖြစ်နေသည် ဟူသော အယူအဆကို ပယ်ရှားသည်ကို ညွှန်းဆိုပြလေသည်။

ဟေတုအနက်ဖြင့် ပြအပ်သောအကျိုး ။ ။ ဟေတုအရ အကြောင်းများစွာ ရှိသည့်အနက် မဟာကုသိုလ် ပဌမစိတ် ဖြစ်ရန်အတွက် မြတ်သော ပဓာန အကြောင်းရှိသောကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဥပမာ ... စက္ခုဝိညာဏ်စိတ်ဖြစ်ဖို့ရာ စက္ခုပသာဒ, ရူပါရုံ, အာလောက, ဇနသိကာရ ဟူသော အကြောင်းအပေါင်းတွင် သူတော်ကောင်းဟူသော ရူပါရုံသည် မြတ်သော ပဓာနအကြောင်းဖြစ်သကဲ့သို့လည်းကောင်း၊ ကုသိုလ်စိတ်ဖြစ်ဖို့ရာ ယောနိသော မနသိကာရသည် မြတ်သော ပဓာနအကြောင်းဖြစ်လေသည်။ ထိုပဓာနအကြောင်းများကြောင့် ကုသိုလ်စိတ် ဖြစ်ပေါ်လာခြင်းဖြစ်ရာ ယသို့ သမယော်၌ ဟေတုအနက်ဟော သမယသဒ္ဒါဖြင့် 'မဟာကုသိုလ် ပဌမစိတ်ကို တရားတွေကို ဗိမိအလိုအတိုင်း ဖြစ်စေနိုင်သည်' ဟူသော အဘိဓာန - အလွန်အထင်ကြီးခြင်းကို ပယ်နိုင်ခြင်းကို ညွှန်းဆိုပြလေသည်။

(ဘိ ၄ - ၁ - ၁၀၀ / ၁၀၄။ ဘာဋီ ၃ - ၂၀ / ၄၇)

ယသို့ သမယော်၌ သမယသဒ္ဒါဖြင့် ပြဆိုခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	ကတမေ ဓမ္မာ၊	တုသလာ၊	မြတ်စွာဟောလေပြီ။
၂။	ကတမေဆိတာ၊	အမေးပါ၊	ငါးဖြာရှိလေသည်။
၃။	အဓိဋ္ဌန်၍ ဓိဋ္ဌ,ဆွေဒနာ၊	အနုပါ၊	မျိတာဖြစ်လေသည်။
၄။	နောက်နှစ်ခုသာ၊	မြတ်ဦးမှာ၊	လိုတာသိနိုင်သည်။
၅။	ဘုရားဟောရာ၊	ဘိဓမ္မာ၊	ဒေသနာများစွာသည်၊
၆။	သုတ္တန်များလို၊	ပညတ်တို၊	ဟောဆိုမဟုတ်ပြီ။
၇။	ပရမတ်တရား၊	သဘောများ၊	ဟောကြားသောကြောင့်သည်၊
၈။	ဓမ္မောကုသလော၊	အကုဗ္ဗာ၊	ဟောတာဖြစ်လေသည်။
၉။	ဃနကြေညာဏ်၊	ပဋိညာဏ်၊	အမှန်ရစေသည်။
၁၀။	ကတမေ ဓမ္မာ၊	ကုသလာ၊	ဟောတာပြီး၍သည်၊
၁၁။	ယသို့သမယေ၊	ပုဒ်ကိုပေ၊	ဆက်လေဟောကြားသည်။
၁၂။	သမယအနက်၊	လိုအပ်ချက်၊	ငါးချက်ရှိလေသည်။
၁၃။	သာမဂ္ဂိကာရဏာ၊	ကြောင်းညီစွ၊	သမဟောလေသည်။
၁၄။	ပကုသိုလ်စိတ်၊	ပေါ် လာရိပ်၊	ကြောင်းဟိတ်ရှိခြင်းသည်၊
၁၅။	အကြောင်းတလွဲ၊	အတ္ထပဲ၊	ပယ်လွှဲပြုလေသည်။
၁၆။	အခွင့်ဟောတာ၊	ခဏပါ၊	ကြုံရာမလွှယ်ပြီ။
၁၇။	နဝမခဏာ၊	ကြုံလောကြ၊	လုံလစိုက်ရမည်။

၀၈။	ဒုဿီထရိုတ်၊	ထရားလိုတ်၊	အားစိုက်ကြရမည်။
၀၉။	အဓိဟောတာ၊	ကာလပါ၊	ဖြစ်တာတိုတောင်းထည်။
၂၀။	ရုပ်ဌီနာမ်ဌီ၊	ထိုနှစ်ဓီ၊	ရုပ်ဌီတိုကြာထည်။
၂၁။	နာမ်၏ ဖြစ်ပျက်၊	ဆတ့်ခြောက်ချက်၊	ရုပ်ထက်ထည်ရိုထည်။
၂၂။	ကုစိတ်ဖြစ်တာ၊	ထိုတောင်းစွာ၊	ဖြစ်တေပါ၍ထည်၊
၂၃။	ထိုဟ့်ကုထိုလိစိတ်၊	သိအောင်ချိတ်၊	အံကြိတ်ကျင့်ရမည်။
၂၄။	စုဝေါင်းဟောတာ၊	ထမူဟာ၊	ကောင်းစွာထိရမည်။
၂၅။	ကုစိတ်ဖြစ်တာ၊	တစ်မျိုးသာ၊	တထိခါမဟုတ်ပြီ။
၂၆။	ဇဿဝေဒနာ၊	စေတွေပါ။	များစွာဖြစ်ကြထည်။
၂၇။	တစ်မျိုးထည်းဖြစ်ကြား၊	အဃူမား၊	ဇတ်ရှင်းပြုလေထည်။
၂၈။	အကြောင်းဟောတာ၊	ဟေတုပါ။	များစွာကြောင်းရှိထည်။
၂၉။	ဝဓာနအကြောင်း၊	သိဖို့ကောင်း၊	ထပ်ဓလောင်းထိရမည်။
၃၀။	မြင်စိတ်ဖြစ်ရာ၊	ကြောင်းလေဖြာ၊	ပဓာကြောင်းမှာထည်၊
၃၁။	သူတော်မဟာ၊	ဆင်းရဲပါ။	ပဓာဖြစ်လေထည်။
၃၂။	ယောနိသောတား၊	တုစိတ်အား၊	ထူးခြားဖြစ်စေထည်။
၃၃။	ကိုယ့်လိုကြောင့်သာ၊	တုစိတ်ဟာ၊	ဖြစ်တာမဟုတ်ပြီ။
၃၄။	ဝဓာကြောင်းကား၊	သိမာအား၊	မြစ်တားပယ်လေထည်။
၃၅။	ဘုရားသာသနာ၊	ကြုံနေရာ၊	ထူဝါများတိုထည်။
၃၆။	တုစိတ်ဖြစ်အောင်၊	ပျင်းတာချောင်၊	ဇွဲဆောင်ကျင့်ရမည်။

ယသို့ သမယော သမယသဒ္ဒါဖြင့် ပြဆိုခြင်းလာ ကိုယ်ကျင့်တရားများ ပြီး၏။

ကာမာဝစရပုဒ်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ' ဟိုဠ်တော်၌ အဌကထာဆရာသည် ယသ္မိံ သမယေပုဒ်ကို ဖွင့်ပြပြီး၍ ကာမာဝစရံ ပုဒ်ကို ဖွင့်ပြလိုရကား ကာမာဝစရန်အစသောပါဠိကို မိန့်ဆိုလေ၏။

ကာမတရားနယ်ပယ် ။ ။ အောက်အဖို့အားဖြင့် အဝီစိငရဲပြည်, အထက်အဖို့အားဖြင့် ပရနိမ္မိတနတ်ပြည်အထိ အကျုံးဝင်သော တရားများသည် ကာမနယ်ပယ် ဖြစ်လေ၏။

ကာမဒုစ်မျိုး ။ ။ ထိုကာမတို့သည် 'ကိလေသကာမ၊ ဝတ္ထုကာမ' ဟူ၍ အကျဉ်းချုပ် နှစ်မျိုး ရှိ၏။
ကိလေသကာမသည် တရားကိုယ်အားဖြင့် ဆန္ဒရာဂ = လောဘတည်း။
ဝတ္ထုကာမသည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားတည်း။

ကာမဒုစ်မျိုး အဓိပ္ပါယ် ။ ။ လိုလားတောင့်တတတ်သောကြောင့် ကိလေသကာမ မည်၏။
လိုလားတောင့်တအပ်သောကြောင့် ဝတ္ထုကာမမည်၏။

ကာမ (၁၁) ဘုံ ။ ။ ထိုကာမတို့သည် ဖြစ်ခြင်း၏ အစွမ်းအားဖြင့် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်အားဖြင့် ကာမတစ်ဆယ့်တစ်ဘုံရှိ၏။ ဤကာမတစ်ဆယ့်တစ်ဘုံ၌ သက်ဝင်၍ ဖြစ်တတ်သောကြောင့် ကိလေသကာမ၊ ဝတ္ထုကာမတို့သည် ကာမာဝစရ မည်၏။

ကာမာဝစရသာ အမည်ရ ။ ။ ဤပဌမ မဟာကုသိုလ်စိတ်သည် ဘုရားပူးခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ တရားကို နှလုံးသွင်းခြင်း စသည်ဖြင့် ရူပဘုံ၊ အရူပဘုံတို့၌လည်း ဖြစ်ကြ၍ 'ကာမာဝစရ' ဟုသာ ခေါ်ရခြင်းသည် စစ်မြေပြင်၌ လှည့်လည်ခြင်းများသောကြောင့် စစ်ဆင်ကြီးဟု အမည်ရသော ဆင်ကြီးသည် တစ်ခါတစ်ရံ မြို့၌ လှည့်လည်သော်လည်း စစ်ဆင်ကြီးဟူ၍ ခေါ်အပ်သောအခေါ်သည် မပျောက်သကဲ့သို့ ဤအတူ ဤကာမကုသိုလ်ဟူ၍ အမည်ရသော ပဌမ မဟာကုသိုလ်စိတ်သည်လည်း ကာမဘုံ၌ အဖြစ်များသောကြောင့် ကာမကုသိုလ်ဟူ၍သာ ခေါ်ဆိုရလေသည်။

ရူပ, အရူပတရားများ ကာမ အမည်မရ ။ ။ ထိုတွင် ကာမတရားတို့ကို အာရုံပြုသော ကိလေသာကာမ၏ ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရဟု ခေါ်လျှင် ရူပ, အရူပစိတ်တို့လည်း ရူပရာဂ၊ အရူပရာဂ ဟူသော ကိလေသာ ကာမ၏ အာရုံပြုသောအားဖြင့် ဖြစ်သောကြောင့် ကာမာဝစရအမည် မရနိုင်ဘူးလား ဟူ၍ စောဒနာပွယ် ရှိ၏။

အပြေကား - ဘူးဘူး- ဟု ပြည်တတ်သောကြောင့် နွားယေါ်ကို ဝစ္ဆဟုလည်းကောင်း၊ မြေ့၌ အိပ်တတ်သောကြောင့် ကျွဲကို မဟိသ ဟူ၍လည်းကောင်း၊ နာမည်မှည့်ထားရာ၌ ထိုအမည်သည် အထင်ရှိစေအားဖြင့် နွားယေါ်၏ အမည်၊ ကျွဲ၏ အမည်သာ ဖြစ်၍ ပြည်တတ်သော သတ္တဝါ၊ မြေ့၌အိပ်တတ်သော သတ္တဝါအားလုံး၏ အမည် မဖြစ်နိုင်သကဲ့သို့ ...

ထိုအတူ ဤကာမာဝစရ အမည်သည်လည်း အထင်ရှိစေအားဖြင့် ကာမာဝစရတရားတို့၏ အမည်သာဖြစ်သောကြောင့် ရူပါဝစရ၊ အရူပါဝစရတရားတို့မှာ ကာမာဝစရအမည် မရနိုင်ပေ။

ကာမာဝစရ အမည်ရပုံ ။ ။ ကာမ (၁၁) ဘုံ၌ သက်ဝင်၍ ဖြစ်တတ်သောကြောင့် ဝတ္ထုကာမ၊ ကိလေသာကာမတို့သည် ကာမာဝစရ အမည်ရ၏။ သည်တွင်မက ကာမဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကြောင့်လည်း၊ ကာမကုသိုလ်၊ အကုသိုလ်တို့သည်လည်း ကာမာဝစရ အမည်ရလေသည်။

(အဘိ ၄ - ၁ - ၁၀၄ / ၁၀၅ ။ ဘာဋီ ၃ - ၄၆ / ၅၂)

ကာမာဝစရပုဒ်၌ ပွင့်ဆိုချက်လာ ငေးဆောင်ရန်လင်္ကာများ

၁။ ယသ္မိ ဆမယေ၊ ဖုဖြိုးလေ၊ ကာမေဆက်ပြဆည်။
၂။ အောက်အဝိစိ၊ ထက်နိမ္မိ၊ ခေါ် ဘိကာမပြည်။
၃။ ဝတ္ထုကာမာ၊ ကိလေသာ၊ နှစ်ဖြာရှိလေဆည်။
၄။ ကိလေဆန္ဒ၊ ဝတ္ထုကာ၊ သုံးဝဘုံကောက်ဆည်။
၅။ လိုလားလေတတ်၊ ကိလေမှတ်၊ လိုအပ်ဝတ္ထုမည်။
၆။ အပါယ်လေးဘုံ၊ နတ်ခြောက်ဘုံ၊ လူဘုံများတို့သည်၊
၇။ ကာ ၁၁-ဘုံ၊ ခေါ် လေတုန်၊ စုံစုံပျော်ကြသည်။
၈။ ကာကုသိုလ်စိတ်၊ စျာန်ဘုံထိပ်၊ ဖြစ်ကြိတ်သော်လဲသည်၊
၉။ အရုပ်ထဲဝင်၊ ထိုစစ်ဆင်၊ စစ်ဆင်ခေါ် သို့သည်၊
၁၀။ ကာမဌာန၊ ဖြစ်များလှ၊ ကာမခေါ် ရသည်။
၁၁။ စျာန်ဘုံရာဂ၊ ကိလေသ၊ ကာမမခေါ် ပြီ။

၀၂။	တူးတူးဟုပ၊	ဖြည်လို့ပ၊	ဝစ္ဆခေါ် ရသည်။
၀၃။	ဖြေမှာသဲသဲ၊	အိပ်လို့ပဲ၊	ကျွဲကျွဲခေါ် ရသည်။
၀၄။	ယင်းသို့ခေါ် တာ၊	ရှင်ပါ၊	ကောင်းစွာသိရမည်။
၀၅။	ထို့ကြောင့်သာပ၊	စျာန်ရာဂ၊	ကာမဓခေါ် ပြီ။
၀၆။	၀၀-တုံမှာ၊	သက်ဝင်ကာ၊	ဖြစ်ပါသောကြောင့်ထည်၊
၀၇။	ကာမတုံပေ၊	ဝိသန္ဓေ၊	ဖြစ်စေသောကြောင့်သည်၊
၁၈။	ကုန်ဝှ်အကု၊	ကာမဟု၊	ခေါ် ပြုရလေသည်။

ကာမာ၀စရပုဒ် ဖွင့်ဆိုချက်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ကုသလပုဒ် အပ္ပဉ်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပန္နံ ဟောတိ' ဟူသော ပါဠိတော်၌ ကာမာဝစရ်ပုဒ်ကို ဖွင့်ဆိုပြပြီး၍ ကုသလံ-ပုဒ်ကို ဖွင့်ဆိုပြလိုသော အဋ္ဌကထာဆရာသည် ထုသဆန်ဲ့ တမ်ဆိထာနံ - စသော ပါဠိကို ဝိနိုလေသည်။

ကုသလအနက် သုံးနက် ။ ။ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေခြင်း၊ အစရှိကုန်သော အနက်တို့ကြောင့် ကုသိုလ်မည်ပုံကို မာတိကာကို ပြဆိုရာအခန်း၌ ပြဆိုပြီး ဖြစ်သည်။ ဤမျှသာမက ကုသလပုဒ်သည် 'အာရောဂျအနက်၊ အနဝဇ္ဇအနက်၊ ကောသလ္လသမ္ဘူတအနက်' ဟူသော သုံးနက်တို့ကိုလည်း ဟောလေသည်။

၁။ အာရောဂျအနက် ။ ။ အာရောဂျ - ဟူသည် အနာရောဂါကင်းခြင်းတည်း။ ရုပ်ကိုယ်၌ ကျင်နာခြင်း မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂိလာန မဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အနာမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ထိုသုံးမျိုးသော ရောဂါမရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့် ကျန်းမာရေးကောင်းသူဟု ဆိုရသကဲ့သို့ ...

ကိလေသာဟူသော ကျင်နာခြင်း မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိလေသာဟူသော မကျန်းမာခြင်း မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိလေသာဟူသော အနာမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ကုသိုလ်မည်၏။ ဆိုလိုသည်ကား ... ကိလေသာတည်းဟူသော ထိုးကျင် ဖျားနာ ရောဂါမရှိသော တရားသည် ကုသိုလ်မည်၏။

၂။ အနဝဇ္ဇအနက် ။ ။ အနဝဇ္ဇ - ဟူသည် အပြစ်မရှိခြင်းတည်း။ ကိလေသာတည်းဟူသော အပြစ်၊ ကိလေသာတည်းဟူသော အပူအလောင် မရှိသည့်အတွက် အပြစ်မရှိသည်၏ အဖြစ်ကြောင့် ကုသိုလ်မည်၏။

၃။ ကောသလ္လ သမ္ဘူတ အနက် ။ ။ ကောသလ္လ - ဟူသည် ဉာဏ်ပညာတည်း။ သမ္ဘူတ ဟူသည် ကောင်းစွာဖြစ်ခြင်းတည်း။ ဉာဏ်ပညာကြောင့် ကောင်းစွာဖြစ်သည်၏ အဖြစ်ကြောင့် ကုသိုလ်မည်၏။

ဉာဏဝိပ္ပယုတ် ကုသိုလ်မည်ပုံ ။ ။ ဉာဏသမ္ပယုတ်စိတ်သည် ဤကောသလ္လသမ္ဘူတအနက်ကြောင့် ကုသိုလ်မည်သည်ဟု ဆိုလျှင် ဉာဏဝိပ္ပယုတ်စိတ်သည် အဘယ်နည်းဖြင့် ကုသိုလ်အမည်ရသနည်းဟု မေးမြန်းပွယ် ရှိ၏။

အဖြေကား ... ဉာဏဝိပ္ပယုတ်စိတ်သည်လည်း ရုဠိသဒ္ဒါအားဖြင့် ကုသိုလ်မည်သည်သာဖြစ်၏။ ဥပမာကား – ထန်းရွက်တို့ဖြင့် မပြုမူ၍ နှီးဖျာတို့ဖြင့် ပြုအပ်သော ယပ်ကိုလည်း ထန်းရွက်ယပ်နှင့်တူသောကြောင့် ထန်းရွက်ယပ်ဟူ၍ ဆိုအပ်သကဲ့သို့ ဤအတူ ဉာဏဝိပ္ပယုတ်စိတ်ကိုလည်း ကိလေသာအပြစ်ကင်းချင်းတူသောကြောင့် ကုသိုလ်စိတ်ဟူ၍ သိအပ်ပေ၏။

ဆက်ဦးအံ့ ။ ဉာဏသမ္ပယုတ်ကုသိုလ်စိတ်သည် မုချအားဖြင့် ဆိုရပါမူ အာရောဂျအနက်၊ အနဝဇ္ဇအနက်၊ ကောသလ္လသမ္ဘူတအနက် ဤသုံးမျိုးသောအနက်တို့ကြောင့် ကုသိုလ်မည်၏။

ဉာဏဝိပ္ပယုတ်စိတ်သည် မုချအားဖြင့် ဆိုရပါမူ အာရောဂျအနက်၊ အနဝဇ္ဇအနက် ဤနှစ်မျိုးသော အနက်တို့ကြောင့်သာ ကုသိုလ်မည်၏။

လက္ခဏာဒိ စတုက္က ။ ။ ကုသလပုဒ်၏ အနက်ကို ပြပြီး၍ အဋ္ဌကထာဆရာသည် ကုသလပုဒ်၏ လက္ခဏာဒိ စတုက္ကကို ပြလေသည်။ လက္ခဏာဒိ စတုက္ကဟူသည် –
(၁) လက္ခဏာ၊ (၂) ရသ၊ (၃) ပစ္စုပဋ္ဌာန်၊ (၄) ပဒဋ္ဌာန် တို့တည်း။

ကုသလံ – **အနဝဇ္ဇသုခဝိပါက လက္ခဏံ၊**
အကုသလဝိဒ္ဓံသန ရသံ၊
ဝေါဒါန ပစ္စုပဋ္ဌာနံ၊
ယောနိသောမနသိကာရ ပဒဋ္ဌာနံ။

ကုသလ – ကုသိုလ်သည်–

(၁) အနဝဇ္ဇသုခဝိပါက လက္ခဏ – အပြစ်ကင်းခြင်း၊ ကောင်းကျိုးရှိခြင်း လက္ခဏာရှိ၏။
(၂) အကုသလ ဝိဒ္ဓံသန ရသ – အကုသိုလ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။
(၃) ဝေါဒါန ပစ္စုပဋ္ဌာန် – ပြုစုခြင်းဟု ဉာဏ်အား ရှေးရှုထင်၏။
(၄) ယောနိသောမနသိကာရ ပဒဋ္ဌာန် – ယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏။

(အဘိ ဋ္ဌ ၁ – ၁၀၄ / ၅ ။ ဘာဒိ ဒု – ၄၆ / ၅၆)

ကုသလပုဒ် အဖွင့်လာ ဆောင်ရန်လက်ကမ်းများ

၀။	ကုသလေသဒ္ဓါ၊	ဟောနက်မှာ၊	ကောင်းစွာသိနိုင်ထည်။
၂။	အနဝဇ္ဇ	အာရောဂျ၊	တူထဖြစ်လေထည်။
၃။	ထိုးကျင်ဖျားနာ၊	တိအနာ၊	ကင်းကွာကုန်၏ ထည်။
၄။	တိလေအပြစ်၊	ပူလောင်ပြစ်၊	မဖြစ်ကုန်၏ ထည်။
၅။	ဉာဏ်ပညာတွေ့၊	ကောင်းစွာပေ၊	ဖြစ်စေကုန်၏ ထည်။
၆။	ဉာဏဝိပ်အစု၊	ဉာဏ်တင်းမှု၊	ကုဟုခေါ်ခြင်းထည်၊
၇။	နှိုးဖြင့်ပြုလေတ်၊	ထန်းရွက်ထပ်၊	ထန်းယပ်ခေါ် သို့ထည်၊
၈။	ဉာဏဝိပ်အစု၊	ရှင်မှု၊	ကုဟုခေါ် ရထည်။
၉။	ဉာဏ်သမ်သုံးနှက်၊	ဝိပ်အတွက်၊	ဉာဏ်ဖျက်သိုနိုင်ထည်။
၁၀။	ကုသိုလ်မည်ပို့၊	ဉာဏ်လွှာခြုံ၊	အစုံသိရမည်။
၁၁။	ထိုမှကုသလော၊	လက္ခဏာ၊	လေးဖြာရှိသေးထည်။
၁၂။	အပြစ်ကင်းကွာ၊	ကောင်းကျိုးဖြာ၊	လက္ခဏာဖြစ်လေထည်။
၁၃။	အကုတိုပ၊	ဖျက်ကိစ္စ၊	ရသဖြစ်လေသည်။
၁၄။	ဖြူစင်သောဟု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပဖြစ်လေသည်။
၁၅။	ယောနိသောမှန်၊	အကြောင်းဖန်၊	ဒဋ္ဌာန်ဖြစ်လေထည်။
၁၆။	ကုသိုလ်တရား၊	ထပ်ထပ်ဖွား၊	ကြိုးစားကြရမည်။

ကုသလပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

စိတ္တပုဒ်အဖွင့်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ' ဟူသော ပါဠိတော်၌ - ကုသလ ပုဒ် အနက်ကို ဖွင့်ဆိုပြပြီး၍ စိတ္တ ပုဒ်ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် - စိတ္တန္တိ အာရမ္မဏံ စိန္တေတိ စိတ္တံ - စသော ပါဠိကို မိန့်လေသည်။

စိတ်မည်ပုံများ ။ ။ အာရမ္မဏံ စိန္တေတိ စိတ္တံ - ဤအရ အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။ ပိဖိစိတ်ကို သတိပြုကြည့်ပါ။ မနက်မိုးလင်း အိပ်ရာက နိုးသည်နှင့် ဟိုအာရုံ သိရ၊ ဒီအာရုံ သိရနှင့် တစ်သိပြီးတစ်သိ သိနေခြင်းသည် စိတ်သဘောသတ္တိတည်း။

ဤစိတ်သည် စိတ္တံ - ဟု သာမညဆိုလျှင် မဟာကုသိုလ် ပဌမစိတ် သာမက အလုံးစုံသော စိတ်တို့နှင့်လည်း ဆက်ဆံလေသည်။ ထိုတွင် လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်တို့သည် ဇောဝိထိ၏ အစွမ်းဖြင့် ပိဖိ၏ စိတ်အစဉ်ကို စိတတ်၏။ ထို့ကြောင့် စိတ်မည်၏။

ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇော စောရာ၌ ဝိထိအစဉ်အားဖြင့် - ဇော (၇) ကြိမ်ဖြစ်ရာ တစ်ကြိမ်ပြီးတစ်ကြိမ် (၇)ကြိမ်အထိ စိတ်အစဉ်ဖြစ်ကြသောကြောင့် ယင်းစိတ်အစဉ်ဖြစ်မှုကိုပင် စိတတ်၏ - ဟု ဆိုခြင်း ဖြစ်သည်။

ထို့ကြောင့် လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်များသည် ပိဖိ၏ စိတ်အစဉ်ကို စိတတ်သောကြောင့် စိတ်မည်၏ ဟု ဆိုရလေသည်။

ပိပါက် စိတ်မည်ပုံ ။ ။ ထို့နောက် ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏအားဖြင့်လည်းကောင်း၊ ဘဝင်အားဖြင့်လည်းကောင်း ပိပါက်စိတ်ဖြစ်ရာ၌ ထိုပိပါက်စိတ်ကို အဝိဇ္ဇာ၊ တဏှာမကင်းသော ရှေးကံက စိအပ်သောကြောင့် လည်းကောင်း၊ ပဋိသန္ဓေနောင် ဘဝင်၊ ဘဝင်နောင် စုတိဖြစ်ရာ၌လည်း ထိုအတူ ရှေးကံကပင် စိအပ်သောကြောင့် လည်းကောင်း စိတ်ဟု ခေါ်သည်။ ယင်းကို ကံ၊ ကိလေသာသည် စိအပ်သောကြောင့် စိတ်မည်၏ ဟု ဆိုရလေသည်။

ဆန်းကြယ်သောကြောင့် စိတ်မည်၏ ။ ။ ထိုတွင်မက ဤသတ္တလောက၌ သတ္တဝါတို့၏ စိတ်ဖြစ်ပုံ ဆန်းကြယ်လှ၏။ ထိုသို့ ဆန်းကြယ်သောကြောင့်လည်း စိတ်မည်၏။

ဆန်းကြယ်ပုံကား ...

သရာဂစိတ်၊ သဒ္ဒါသစိတ်၊ သမောဟစိတ်၊ ကာမာဝစရစိတ်၊ ရူပါဝစရစိတ် စသည်ဖြင့် စိတ်ဖြစ်ပုံ တစ်ခုနှင့် တစ်ခု မတူထူးခြား၍ ဆန်းကြယ်၏။

ရူပါရုံကို သိသောစိတ်၊ သဒ္ဒါရုံကို သိသောစိတ် ... စသည်ဖြင့် အာရုံတို့ကို သိမှုဌာလည်း တစ်ခုနှင့်တစ်ခု မတူ ထူးခြားရှိ ဆန်းကြယ်၏။

ရူပါရုံကို သိသောစိတ်ဌာလည်း ညီသောအဆင်းကို သိမှု၊ ဝါသောအဆင်းကို သိမှု ... စသည်ဖြင့် သိမှု မတူ ထူးခြားရှိ ဆန်းကြယ်ပြန်၏။

ထိုသရာဂစိတ် စသည်တို့တွင်လည်း ဟိနစိတ်၊ မဇ္ဈိမစိတ်၊ ပဏီတစိတ် စသည်ဖြင့် တစ်ခုနှင့်တစ်ခု မတူ ထူးခြားရှိ ဆန်းကြယ်ပြန်၏။

ထိုဟိန အစရှိသော စိတ်တို့တွင်လည်း ဆန္ဒာဓိပတိစိတ်၊ ဝီရိယာဓိပတိစိတ်၊ စိတ္တာဓိပတိစိတ်၊ ဝိမံသာဓိပတိစိတ် စသည်ဖြင့် တစ်ခုနှင့်တစ်ခု မတူ ထူးခြားရှိ ဆန်းကြယ်ပြန်၏။

ဤသို့ စိတ်၏ သမ္ပယုတ်၊ ဘုံ၊ အာရုံ၊ ဟိန၊ မဇ္ဈိမ၊ ပဏီတ၊ အဓိပတိတို့၏ အစွမ်းဖြင့် စိတ်ပြစ်ပုံ ဆန်းကြယ်မှုကို သိမြင်နိုင်ကြပေ၏။

<u>ဆန်းကြယ်သောအမှုကို ပြုတတ်သောကြောင့် စိတ်မည်၏</u> ။ ။ စိတ္တတာယ စိတ္တံ - ဆန်းကြယ်သောကြောင့် စိတ်မည်
သလို စိတ္တကရဏတာယ စိတ္တံ - ဆန်းကြယ်သောအမှု
ကို ပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်လည်း စိတ်မည်၏။

ဆန်းကြယ်သော အမှုကို ပြုလုပ်တတ်ပုံကား -

လူ့လောကဌ အခြားသော ဆန်းကြယ်မှုတို့ထက် အမျိုးမျိုး အပုံပုံ ရေးဆွဲထားအပ်သော ပန်းချီကားချပ်သည် ဆန်းကြယ်၏။ ထိုပန်းချီကားချပ်တို့ထက်လည်း စရဏမည်သော ပန်းချီကားချပ်သည် ပို၍ ဆန်းကြယ်၏။

ရှေးအခါက စရဏမည်သော ပန်းချီရုပ်ကို ပြုလုပ်ကြကုန်သော ပန်းချီဆရာတို့၏ ကားချပ်ပေါ်၌ ဤသို့ များစွာသော အရုပ်တို့ကို ဆွဲကုန်အံ့ ဟူ၍ စိတ်၏ အမှတ်အသား ပြစ်ကုန်၏။ စိတ်ကူးဉာဏ် ပြစ်ကုန်၏။

ထိုစိတ်ကူးဉာဏ်ကြောင့် စုတ်တံကိုင်မှု၊ ဆေးရေးမှု၊ အရောင်တင်မှု၊ ရွဲလုံး၊ ရွဲပြောက်ချမှု အစရှိသော အလုပ်ကို ပြီးစေတတ်ကုန်သော စိတ်၏ အမှုအရာတို့သည် ပြစ်ကုန်၏။

ထို့နောက် စရဏဟု ခေါ်ဆိုအပ်သော ဆန်းကြယ်သော ပန်းချီကားဌ အထူးသဖြင့် ဆန်းကြယ်သော အရုပ်သည် ပြီးစီး၏။ ဤအရုပ်၏ အပေါ်က ဤအရုပ်သည် ပြစ်သင့်၏။ အောက်က ဤအရုပ်သည် ပြစ်သင့်၏။ ဘေးနှစ်ဘက်က ဤအရုပ်သည် ပြစ်သင့်၏။ ဤသို့ စိတ်ကူးပြီး၍ စိတ်ကူးအပ်သော အစဉ်ဖြင့် မူလအရုပ်မှ ကြွင်းသော ဆန်းကြယ်သော အရုပ်ကို ပြီးစေ၏။

ဤသို့လျှင် လူ့လောကဌ အထူးသဖြင့် ဆန်းကြယ်သော အတတ်မျိုးသည် ရှိ၏။ ထိုအလုံးစုံသော အတတ်မျိုးကို အကြောင်းရင်းစိတ်ကသာ ပြုလေ၏။

ဤသို့လျှင် ဆန်းကြယ်သော ပန်းချီရုပ်ကို ပြီးစေတတ်သော အရင်းခံစိတ်သည်လည်း ထိုပန်းချီရုပ်အတူ သာလျှင် ဆန်းကြယ်လေ၏။

စရဏမည်သော ပန်းချီကား ။ ။ *ဤ၌ စရဏအမည်သော ပန်းချီကား ဖြစ်ပုံကား* - ရှေးအခါက သခီအမည်ရှိသော ပါသဏ္ဍအယ္ဟကို ယူကြသော ပုဏ္ဏားတို့သည် ပန်းချီရေးရန် အဝတ်ကားပေါင်ကို ပြု၍ ထိုအဝတ်ကားပေါင်ပေါ်၌ သုဂတိဘဝရောက်နေကြသော နတ်သမီး၊ နတ်သား၊ ဥယျာဉ်၊ ဗိမာန် စသော သပ္ပတ္တိအရုပ်များကိုလည်းကောင်း၊ ဒုဂ္ဂတိဘဝရောက်နေကြသော ငရဲသူ၊ ငရဲသား စသော ဝိပတ္တိအရုပ်များကိုလည်းကောင်း ဆန်းဆန်းကြယ်ကြယ် ရေးဆွဲ၍ ထိုပန်းချီကားကို ပြပြီးလျှင် 'မည်သည့် ကောင်းမှုကြောင့် ဤသို့ ပြည့်စုံသော ပုံသဏ္ဌာန်ကို ရကြ၏။ မည်သည့် မကောင်းမှုကြောင့် ဤသို့ ပျက်စီးသော မကောင်းသော ပုံသဏ္ဌာန်ကို ရကြ၏' ဟု ပြောပြ၍ အရပ်တကာ၊ ရွာတကာ၊ မြို့တကာတို့ကို လှည့်လည်လေ့သတတ်။ ထိုပန်းချီရုပ်များနည်းတူ စိတ်သည် ဆန်းကြယ်၏ ဟု ဆိုလိုသည်။

တစ်နည်းကား ... စိတ်ကူးစိတ်သန်း အမျိုးမျိုးပြင့် ရေးဆွဲအပ်သော ပန်းချီအရုပ်တို့သည်လည်း စိတ်ကူးပေါ်သည့်အတိုင်း မရေးဆွဲနိုင်သော ပန်းချီရုပ်များ မြောက်များစွာရှိလေ၏။ ထို့ကြောင့် ထိုအဆန်းတကြယ် ပြုလုပ်အပ်သော ပန်းချီရုပ်ထက်လည်း အရင်းခံစိတ်သည်သာ ပို၍ ဆန်းကြယ်လေ၏။

ဂတိစသည် ဆန်းကြယ်ပုံ ။ ။ ထိုမှတပါး ဂတိ စသည် ဆန်းကြယ်ပုံကို ပြဆိုဦးအံ့။

ဒေဝဂတိ၊ မနုဿဂတိ၊ နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိ - ဟုဆိုအပ်သော ဂတိငါးမျိုးတို့၌ ကံ၊ အသွင်သဏ္ဌာန်၊ အမှတ်သညာ၊ အခေါ်အဝေါ် စသည်ဖြင့် ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော ဆန်းကြယ်သော အမှုသည်ရှိ၏။ ထိုဆန်းကြယ်သော အမှုကိုလည်း စိတ်သည်ပင် ပြုလေ၏။

ချဉ်ဦးအံ့ ... ။ ကာယကံ စသည် ပြားသော ပေးကမ်းခြင်း၊ သိမ်ဆောက်တည်ခြင်း၊ ညှဉ်းဆဲခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်း စသော နည်းတို့ဖြင့်ဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံသည် စိတ်ကပင် ဖြစ်စေအပ်၏။ ထိုသို့ စိတ်က ဖြစ်စေအပ်သော ပြုလုပ်မှု အမျိုးအမျိုးတို့ကြောင့် ကံအမျိုးမျိုး ကွဲပြားခြင်း ဖြစ်ရ၏။

ဆက်ဦးအံ့ ... ။ ထိုသို့ ကံအမျိုးမျိုး ကွဲပြားသောကြောင့်ပင် ထိုထိုဂတိတို့၌ လက်သဏ္ဌာန်၊ ခြေသဏ္ဌာန်၊ နားသဏ္ဌာန်၊ ဝမ်းသဏ္ဌာန်၊ လည်ပင်းသဏ္ဌာန်၊ မျက်နှာသဏ္ဌာန် စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး ကွဲပြားရလေ၏။

အမှတ်သညာ ကွဲပြားခြင်း ။ ။ ထိုသို့ အသွင်သဏ္ဌာန် ကွဲပြားသောကြောင့် ဤပုံကား ဓိန်းမတည်း။ ဤပုံကား ယောကျ်ားတည်း ဟူ၍ စသည်ဖြင့် အမှတ်သညာ ကွဲပြားရလေ၏။

အခေါ်အဝေါ် ကွဲပြားခြင်း ။ ။ ထိုသို့ အမှတ်သညာ ကွဲပြားသောကြောင့် အမှတ်သညာ အားလျော်စွာ ဓိန်းမ ဟူ၍လည်းကောင်း၊ ယောကျ်ားဟူ၍လည်းကောင်း စသည်ဖြင့် အခေါ်အဝေါ် ကွဲပြားရလေ၏။

ပစ္စုပ္ပန်ကံ ကွဲပြားခြင်း ။ ။ ထိုသို့ အတိတ်ကံအရ အခေါ်အဝေါ် ကွဲပြားသောကြောင့် ဝိန်းမ ဖြစ်ရပါလိုက်။ ယောကျ်ား ဖြစ်ရပါလိုက်။ မင်း ဖြစ်ရပါလိုက်။ ပုဏ္ဏား ဖြစ်ရပါလိုက် – စသည်ဖြင့် တောင့်တ၍ ထိုအတ္တဘောကို ဖြစ်စေတတ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်လေ၏။ ဤသို့ဖြင့် ပစ္စုပ္ပန်ကံ ကွဲပြားခြင်း ဖြစ်လေ၏။

ဂတိကွဲပြားခြင်း ။ ။ ဤသို့ ပစ္စုပ္ပန်ကံ ကွဲပြားသည်၏ အဖြစ်ကြောင့် အနာဂတ် ဘဝအတွက် ဂတိကွဲပြားခြင်း ဖြစ်ရပြန်၏။

ဆက်ဦးအံ့ ... ။ ပစ္စုပ္ပန်ကံ၏ ကွဲပြားခြင်းကြောင့်ပင် အနာဂတ်ဘဝ ထိုထိုဂတိ၌ အခြေမရှိသော သတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါ စသောအဖြစ်သည်လည်းကောင်း၊ ထိုထို အမျိုးဂတိ၌ ယုတ်နိမ့်သော သတ္တဝါ, မြင့်မြတ်သော သတ္တဝါ စသောအဖြစ်သည်လည်းကောင်း၊ ကောင်းသောအဆင်းရှိသော သတ္တဝါ, မကောင်းသော အဆင်းရှိသော သတ္တဝါ စသောအဖြစ်သည်လည်းကောင်း၊ လာဘ်ရခြင်း, လာဘ်မရခြင်း စသောအဖြစ်သည် လည်းကောင်း ဆန်းဆန်းပြားပြား ကွဲပြားစွာ ဖြစ်လေ၏။

ထိုသို့ ဆန်းဆန်းကြယ်ကြယ် ကွဲပြားမှုမျိုးစုံတို့ကိုလည်း အရင်းခံစိတ်ကသာ ပြုလုပ်ခြင်း ဖြစ်ပေ၏။ ဆိုလိုသည်ကား ... (၃၁)ဘုံတွင် အနန္တသတ္တဝါအတွင်း အမျိုးမျိုး ကွဲပြားစွာ အဆန်းတကြယ် ဖြစ်နေခြင်းသည် အရင်းခံစိတ်ကြောင့်သာ ဖြစ်လေ၏။

ဆက်ဦးအံ့ ... ။ *စိတ်ဆန်းကြယ်သောကြောင့် ကံဆန်းကြယ်၏။*
ကံဆန်းကြယ်သောကြောင့် အကျိုးပေး ဆန်းကြယ်၏။

ထိုစကား မှန်၏။ မြတ်စွာဘုရားသည်လည်း ဤသို့ ဟောတော်မူထားပေ၏။

၁။ ကမ္မတော လိင်္ဂတောစေဝ၊ လိင်္ဂံသညာ ပဝတ္တရေ၊
သညာတော ဘေဒံ ဂစ္ဆန္တိ၊ ဣတ္ထာယံ ပုရိသောတိဝါ။

၂။ ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ၊
ကမ္မနိ ဗန္ဓုနာ သတ္တာ၊ ရထသာဏီဝ ယာယတော။

၃။ ကမ္မေန ကိတ္တိ လဘတေ ပသံသံ၊
ကမ္မေန ဇာနိဉ္စ ဝဓဉ္စ ဗန္ဓံ။
တံ ကမ္မ နာနာကရဏံ ဝိဒိတွာ၊
ကသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ လောကေ။

၁။ ကံကြောင့်လည်းကောင်း၊ လိင်ကြောင့်လည်းကောင်း အသွင်သဏ္ဌာန် အမှတ်သညာတို့သည် ဖြစ်ကုန်၏။ အမှတ်သညာကြောင့် ဤသို့ အသွင်သဏ္ဌာန်ရှိသူသည် ဝိန်းမတည်း။ ဤသို့ အသွင်သဏ္ဌာန် ရှိသူသည် ယောကျ်ား တည်း – ဟု ဤသို့ ဝေါဟာရကွဲပြားခြင်းသို့ ရောက်ကုန်၏။

၂။ သတ္တလောကသည် ကံကြောင့် ဖြစ်၏။ သတ္တဝါအပေါင်းသည် ကံကြောင့် ဖြစ်၏။ သွားသောရထား၏ နားပန်းစောင့် မယ်နသည် ဘီးမကျွတ်အောင် ဖွဲ့ထားတတ်သကဲ့သို့ သတ္တဝါတို့ကို သံသရာမှ မကျွတ်လွတ်အောင် ကံက ဖွဲ့ထား၏။

၃။ ကုသိုလ်ကံကြောင့် ကျော်စောခြင်းကိုလည်းကောင်း၊ မျက်မှောက်ချီးမွမ်းခြင်းကိုလည်းကောင်း ရ၏။ အကုသိုလ်ကံကြောင့် ဆုံးရှုံးခြင်းကိုလည်းကောင်း၊ သတ်ပုတ်ညှဉ်းဆဲခြင်းကိုလည်းကောင်း၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း ခံရ၏။ ထိုသို့ ကံကြောင့်ဖြစ်သော အသိုးအခြားပြုကြောင်း အထူးကို သိရပါလျက် အဘယ်ကြောင့် လောက၌ ကံမရှိဟူ၍ ဆိုနိုင်ပါတော့အံ့နည်း။

သုဘလုလင် ... သတ္တဝါတို့သည် ကံဟူသော ကိုယ်ပိုင်ဥစ္စာ ရှိ၏။ ကံ၏ အမွေခံ ဖြစ်ကြကုန်၏။ ကံဟူသော အကြောင်းရှိကုန်၏။ ကံဟူသော ဆွေမျိုး ရှိကုန်၏။ ကံဟူသော လဲလျောင်းရာ ရှိကုန်၏။ ကံသည် သတ္တဝါတို့ကို ဝေဖန်၏။ ယုတ်ညံ့သူ, မွန်မြတ်သူကို ကံက ဝေဖန်၏။ ကံမှတပါး အခြားတစ်စုံတစ်ယောက်သည် မပြု။

ထိုသို့ ကံဆန်းကြယ်ခြင်းထက်လည်း အရင်းခံစိတ်ကသာလျှင် ပို၍ ဆန်းကြယ်၏။

ထို့ကြောင့် ဘုရားရှင်သည် –

'ရဟန်းတို့ ... တိရစ္ဆာန်ဖြစ်ကုန်သော ဤသတ္တဝါတို့သည် ဆန်းကြယ်ကုန်သကဲ့သို့ ဤအတူ တိရစ္ဆာန်တို့လောက် ဆန်းကြယ်သော တိရစ္ဆာန်တို့မှတစ်ပါးသော တစ်ခုသောအပေါင်းကိုလည်း ငါဘုရားသည် မြင်တော်မမူ။ ရဟန်းတို့ ... တိရစ္ဆာန်ဖြစ်ကုန်သော သတ္တဝါတို့ထက်လည်း စိတ်ကသာလျှင် သာ၍ ဆန်းကြယ်ပေ၏။'

အချုပ်အားဖြင့် ... ပန်းချီအရုပ်မျိုးစုံသည် ဆန်းကြယ်လှပါပေ၏။ ကံအကျိုးပေးပုံသည် ဆန်းကြယ်လှပါပေ၏။ တိရစ္ဆာန်သတ္တဝါ အပေါင်းအစုသည် ဆန်းကြယ်လှပါပေ၏။ ထို့ထက်လည်း စိတ်ကသာလျှင် ပို၍ သာ၍ လွန်၍ ဆန်းကြယ်လှပါပေ၏။

(အဘိ ၄ ၁ - ၁၀၆/၈။ ဘာဠိ ၃ - ၅၇/၇၄)

စိတ္တုပ္ပါဒ် အမှုင်္ဂါ ဆောင်ရန်လက်ကျန်များ

၀။	အာရုံပေါ်ပြု၊	သိတတ်မှု၊	စိတ်ဟုခေါ်ရသည်။
၂။	ထု,ထြိယာ၊	အထုမှာ၊	စီတာစိတ်ခေါ်သည်။
၃။	ဇေဒနာစ်ဖြာ၊	ဖြစ်ပေါ်စော၊	စီတာ ခေါ်ရသည်။
၄။	ဝိဝါတ်တိုမှု၊	ထံ,တိဟူ၊	စီမုစိတ်ခေါ်သည်။
၅။	ထိုတွင်မထ၊	ဆန်းကြယ်လှ၊	စိတ္တခေါ်ပြန်သည်။
၆။	သမ္မဟုတ်,အာရုံ၊	ဖြစ်ရာထုံ၊	ဖြစ်ပုံဆန်းကြယ်သည်။
၇။	သရောဂစိတ်၊	ဒေါသစိတ်၊	ဓောစိတ်ဆန်းကြယ်သည်။
၈။	အဆင်းတိုသိ၊	အသံသိ၊	နံ့သိဆန်းကြယ်သည်။
၉။	ညှိုနိုအဆင်း၊	ဝါအဆင်း၊	သိရင်းဆန်းကြယ်သည်။
၁၀။	မလျှိမစိတ်၊	အဟုတ်စိတ်၊	မြတ်စိတ်ဆန်းကြယ်သည်။
၁၀။	ဝိမံသာဓိ၊	ဝိ,ဆန်,ဓိ၊	စိတ်ဓိဆန်းကြယ်သည်။
၀၂။	ဤသို့အတူန်၊	ဆန်းကြယ်ပုံ၊	လွှမ်းခြုံသိရမည်။
၁၃။	ဆန်းကြယ်အစု၊	ပြုတတ်မှု၊	စိတ်ဟုခေါ်ပြန်သည်။
၁၄။	ဆန်းဆန်းပြားပြား၊	ဝန်းချိတား၊	အများရှိလေသည်။
၁၅။	စရဏခေါ်ပြား၊	ဝန်းချိတား၊	ပိုများဆန်းကြယ်သည်။
၁၆။	ဝေရုပ်များ၊	နတ်ရုပ်များ၊	ဆန်းပြားဆွဲထားသည်။
၁၇။	စိတ်တူးသည့်တိုင်၊	မဆွဲနိုင်၊	များဖြိုင်ရှိသေးသည်။
၁၈။	ဝန်းချိထက်လဲ၊	စိတ်ကပဲ၊	လွန်ကဲဆန်းကြယ်သည်။
၁၉။	ဂတိငါးခု၊	ရင်းခံပြု၊	စိတ်ဟု သိရမည်။
၂၀။	ဂတိဖြစ်ပုံ၊	ခြင်းရာစုံ၊	ဖြစ်ပုံဆန်းကြယ်သည်။
၂၁။	တူ,အကုတံ၊	မျိုးစုံဖန်၊	တန်တန်ပြုကြသည်။
၂၂။	ကံတွေအများ၊	အစားစား၊	ကွဲပြားကြလေသည်။
၂၃။	လက်ခြေနေဟန်၊	မတူပြန်၊	သဏ္ဌာန်ကွဲပြားသည်။
၂၄။	ဤကားကျားပါ၊	မိန်းမပါ၊	သညာကွဲပြန်သည်။
၂၅။	ဤပုံကျားခေါ်၊	မ,လို့ခေါ်၊	အခေါ် ကွဲပြန်သည်။
၂၆။	ကျား,မ ဖြစ်လို့၊	မင်းဖြစ်လို့၊	တောင်းဆိုက်ကွဲသည်။

၂၇။ ပန်ကိတွဲတိ၊ နောက်ထပ်ရှိ၊ ဂတိကွဲပြန်သည်။
၂၈။ အခြေမရှိ၊ အခြေရှိ၊ ကွဲတိစုံလွှဲသည်။
၂၉။ ဥဝ-တုံ၊ ဖြစ်ပေါ် ပုံ၊ အကုန်ဆန်းကြယ်သည်။
၃၀။ ဂတိထက်လဲ၊ စိတ်ကပဲ၊ လွန်ကဲဆန်းကြယ်သည်။
၃၁။ ကံကြောင့်သာထင်း၊ ယုတ်နိမ့်ခြင်း၊ မြတ်ခြင်း ဖြစ်ရသည်။
၃၂။ ကျော်စောလေခြင်း၊ ချီးမွမ်းခြင်း၊ ရှုံးခြင်း ဖြစ်ရသည်။
၃၃။ အရှုပ်ဆိုးခြင်း၊ ရှုပ်လွှဲခြင်း၊ အောင်ခြင်း ဖြစ်ရသည်။
၃၄။ ရထားဘီးပ၊ မကျွတ်ရ၊ မယ်နှဖွဲ့သို့သည်၊
၃၅။ သံသရာဘောင်၊ မလွှတ်အောင်၊ ကံဆောင်ဖွဲ့လေသည်။
၃၆။ ထိုကံထက်လဲ၊ စိတ်ကပဲ၊ လွန်ကဲဆန်းကြယ်သည်။
၃၇။ လူပေါင်းနတ်ပေါင်း၊ လောကကြောင်း၊ အပေါင်းရှိလေသည်။
၃၈။ တိရစ္ဆာန်ပေါင်းမှာ၊ ပိုဆန်းတာ၊ မြတ်စွာဟောလေသည်။
၃၉။ ထိုပေါင်းထက်လဲ၊ စိတ်ကပဲ၊ လွန်ကဲဆန်းကြယ်သည်။
၄၀။ သိပ္ပံပညာ၊ ခုခေတ်မှာ၊ လွန်စွာဆန်းကြယ်သည်။
၄၁။ ယခုခေတ်မှာ၊ နည်းပညာ၊ လွန်စွာဆန်းကြယ်သည်။
၄၂။ လူသုံးများစွာ၊ ပေါ် လာတာ၊ လွန်စွာဆန်းကြယ်သည်။
၄၃။ လက်နက်များစွာ၊ ပေါ် လာတာ၊ လွန်စွာဆန်းကြယ်သည်။
၄၄။ ထိုသည်ထက်လဲ၊ စိတ်ကပဲ၊ လွန်ကဲချမ်းသာသည်။
၄၅။ စိတ်ကူးစိတ်သန်း၊ ကောင်းအောင်မှန်း၊ ကြိုးပမ်းကြရမည်။

စိတ္တံ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ဥပ္ပန္နပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ' ဟူသော ပါဠိတော်၌ စိတ္တံပုဒ်ကို ဖွင့်ဆိုပြပြီး၍ ဥပ္ပန္နံပုဒ်ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် 'ဥပ္ပန္နံ ဟောတိတိ ဇာတ္တံ' စသော ပါဠ်ကို ဝိန့်လေသည်။

ဥပ္ပန္နလေးမျိုး ။ ။ စိတ္တံ ဥပ္ပန္နံ ဟောတိ - ဖြင့် မဟာကုသိုလ် ပဌမစိတ်ဖြစ်ပြီဟူ၍ ပြဆိုခြင်း ဖြစ်၏။ ထိုတွင် ဥပ္ပန္နံ ဟူသောပုဒ်သည် ဖြစ်ပြီဟူသောအနက် အဓိပ္ပါယ်ထွက်လေရာ ဖြစ်ပုံလေးမျိုးရှိလေသည်။ ယင်းတို့မှာ 'ဝတ္ထုမာနုပ္ပန္န, ဘူတာဝတုပ္ပန္န, ဩဓီဟဒုပ္ပန္န, ဘူမိဝဒုပ္ပန္န' ဟူ၍ လေးမျိုးရှိလေသည်။

၁။ ဝတ္ထုမာနုပ္ပန္န ။ ။ စိတ်၊ ဧစေတသိက်၊ ရုပ် - ဟူသော သင်္ခတတရား အားလုံးတို့သည် - သဇ္ဇသခီရာ အနိစ္စာ ဆိုသည့်အတိုင်း ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း ရှိကြ၏။ ယင်းဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းရှိကြသော သင်္ခတတရားတို့သည် ဝတ္ထုမာနုပ္ပန္န မည်၏။ ဆိုလိုသည်ကား ... ဥပါဒ်၊ ဌိ၊ ဘင်အခိုက်၌ ဖြစ်ဆဲတရားသည် ဝတ္ထုမာနုပ္ပန္န မည်၏။

၂။ ဘူတာဝတုပ္ပန္န ။ ။ ဘူတာပဂတုပ္ပန္န ကို ဘူတ + အပဂတ + ဥပ္ပန္န ဟု ခွဲ၍ ဘူတ - ဖြစ်ပြီး၊ အပဂတ - ကင်းခြင်း၊ ဥပ္ပန္န - ဖြစ်ပြီ ဟူ၍ အဓိပ္ပါယ်ရသည်။ သုံးပုဒ်ပေါင်းလျှင် ဖြစ်ပြီး၍ ကင်းပြီး၍ ဖြစ်ပြီဟူ၍ အဓိပ္ပါယ်ရလေသည်။

ဤ၌ အနုဘူတာပဂတုပ္ပန္န, ဘူတာပဂတုပ္ပန္န ဟူ၍ နှစ်မျိုးခွဲသည်။

အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီးကင်းပြီးဖြစ်သော ကုသိုလ်၊ အကုသိုလ်တရားသည် အနုဘူတာပဂတုပ္ပန္န မည်၏။

ကုသိုလ်၊ အကုသိုလ်တရားသည်လည်းကောင်း၊ ဝိပါက်၊ ကြိယာ၊ ရုပ်တရားတို့သည်လည်းကောင်း ဥပါဒ်၊ ဌိ၊ ဘင်ဟူသော ခဏတ္တယသို့ ရောက်ပြီး၍ ချုပ်ပြီးကင်းပြီး ဖြစ်သောကြောင့် ဘူတာပဂတုပ္ပန္န မည်၏။

အာရုံ၏ အရသာကိုခံစားပုံ ။ ။ ဤ၌ အနုဘူတအရ - အာရုံ၏အရသာကို ခံစားပြီး၍ ဟုဆိုရာ၌ အာရုံ၏ အရသာကို ခံစားပုံကို မူလဋီကာ၌ 'ဝိကပ္ပဂါဟဝသေန' - အာရုံကို ကြံကြံဖန်ဖန် ယူခြင်း၏ အစွမ်းဖြင့်ဟူ၍ ဖွင့်ဆိုလေသည်။ ဤအရ ဝိပါက်ကြိယာတို့သည် သာမညခံစားမှု ရှိပြီး ကြံကြံဖန်ဖန် မခံစားနိုင်ပေ။ ကုသိုလ်၊ အကုသိုလ်တို့သည်သာ ကြံကြံဖန်ဖန် ခံစားနိုင်သည်။

အရှယ်ဆိုး အကျင့်ဆိုး မိုက်မိုက်ကန်းကန်း အနိဋ္ဌာရုံဖြစ်သော သားကလေးကိုပင် မိခင်သည် မေတ္တာစိတ်ဖြင့် သို့မဟုတ် လောဘစိတ်ဖြင့် ကြည်ဖြာရုံအဖြစ် ယူနိုင်ခြင်းသည်လည်းကောင်း၊ အလွန်အရှယ်လှ အကျင့်ကောင်း ကြည်ဖြာရုံဖြစ်သောသူကိုပင် ရန်သူက ဒေါသစိတ်ဖြင့်, ယောဂိက ဝိပဿနာစိတ်ဖြင့် အနိဋ္ဌာရုံ အဖြစ်ဖြင့် ယူနိုင်ခြင်း သည်လည်းကောင်း ကုသိုလ်၊ အကုသိုလ်တို့က အာရုံကို ကြုံကြိုဖန်ဖန် ယူခြင်းဖြစ်သည်။

ထိုသို့ ယူနိုင်မှုသည် ဂုဂ စသော ဧတသိက်၏အစွမ်း၊ အလောဘ စသော ဧတသိက်၏အစွမ်း ဖြစ်ရကား ထိုဧတသိက်တို့နှင့် ယှဉ်ကြသော အကုသိုလ်၊ ကုသိုလ်စိတ်တို့သာ ထိုသို့ ယူမှုကို ပြုနိုင်ကြသည်။ ထိုသို့ အာရုံကို ကြုံကြိုဖန်ဖန် ယူနိုင်ခြင်းကိုပင် အာရုံ၏အရသာကို ခံစားခြင်း အနုဘူတ ဆိုရခြင်း ဖြစ်သည်။

ဘေးလူအမြင်အားဖြင့် အရှယ်ဆိုးလှ၍ အနိဋ္ဌာရုံ ဖြစ်နေသော်လည်း တပ်မက်စွဲလမ်းနေသောသူ၌ တဏှာရာဂ၏ အစွမ်းဖြင့် ကြည်ဖြာရုံဟု ယူနိုင်သည်ကိုလည်း ထိုနည်းတူ သဘောပေါက်ရာ၏။

ဤ၌ ဝိပါက်စိတ်သည် ကံအဟုန်သည် ပစ်ချအပ်သည်၏ အဖြစ်ကြောင့် အာရုံ၏ အရသာကို ကုသိုလ်, အကုသိုလ်တို့ကဲ့သို့ မခံစားနိုင်ပေ။

အဟိတ်ကြိယာစိတ်တို့သည်ကား အလွန်အားနည်းသည်၏ အဖြစ်ကြောင့် မခံစားနိုင်ပေ။ ရဟန္တာတို့ သန္တာန်၌ဖြစ်သော မဟာကြိယာ, ရူပကြိယာ, အရူပကြိယာစိတ်ဟု ဆိုအပ်သော သဟိတ်ကြိယာစိတ်တို့သည်ကား အလွန်ငြိမ်သက်သော ဆင္ဒဂုံပေကွာ သဘောရှိသည်၏ အဖြစ်ကြောင့် ကုသိုလ်၊ အကုသိုလ်တို့ကဲ့သို့ မခံစား တော့ပေ။

ဆက်ဦးအံ့ ... ။ ရဟန္တာပုဂ္ဂိုလ်သည် ရူပါရုံ စသော အာရုံခြောက်ပါးကို အာရုံပြုရာ၌ ကြည်ဖြာရုံဖြစ်စေကာမူ လောဘဘက်သို့လည်း မကျရောက်အောင်, အနိဋ္ဌာရုံဖြစ်စေကာမူ ဒေါသဘက်သို့လည်း မကျရောက်အောင် အသင့်အားဖြင့် ရှုတတ်၏။ အာရုံခြောက်ပါးတို့၌ ထိုသို့ ရှုနိုင်သော ဉပေက္ခာခြောက်မျိုးကို ဆင္ဒဂုံပေကွာ – ဟု ခေါ်၏။

ဆင္ဒဂုံပေကွာရှိသော ထိုရဟန္တာတို့၏ သဟိတ်ကြိယာစိတ်တို့သည် အလွန်ငြိမ်သက်သော ဖြစ်ခြင်းရှိသော ကြောင့် အာရုံ၏ အရသာကို ကုသိုလ်၊ အကုသိုလ်တို့ကဲ့သို့ မခံစားကြတော့ပေ။

၃။ <u>ဩကာသကတုပ္ပန္န</u> ။ ။ မိမိ၏ ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် သေခါနီးကာလ၌ အကျိုးပေးခွင့် ကြုံလာသောအခါ တွဲလွဲဆွဲသကဲ့သို့ ထင်လာတတ်ကုန်၏။ ထိုထင်လာသော ထိုကံသည် အတိတ်ဖြစ်သော်လည်း မိမိပေးရမည့် အကျိုးမှတစ်ပါးသော အကျိုးကို တားမြစ်၍ အကျိုးပေးမည့်အခွင့်ကို ပြု၍ ရပ်တည်လာသည်ကို ဩကာသကတုပ္ပန္န ဟု ဆိုရသည်။

၄။ <u>ဘူမိလဒ္ဓုပ္ပန္န</u> ။ ။ ဝိပဿနာဉာဏ်၏ဖြစ်ရာ ဥပါဒါနက္ခန္ဓာ – ဟူသော ဘူမိ၌ မပယ်နှုတ်အပ်သေးသော အနုသယ ကိလေသာဟု ဆိုအပ်သော အကုသိုလ်သည် ဘူမိလဒ္ဓုပ္ပန္န မည်၏။

(ရအပ်သော ဘုံရှိသော ဥပ္ပန္နမည်၏)

ဤ၌ ဘူမိအရ၊ ဘူမိလဒ္ဓအရတို့ကို သိထိုက်သေး၏။

ဘူမိ အရ - ဝိပဿနာဉာဏ်၏ အာရုံပြုစ်ကုန်သော ဘုံသုံးပါးတို့၌ ပြုစ်ကုန်သော ဥပါဒါနက္ခန္ဓာ ၅-ပါးတို့ကို ရ၏။

ဘူမိလဒ္ဓ အရ - ထိုဥပါဒါနက္ခန္ဓာ ၅ -ပါးတို့၌ အကြောင်းတိုက်လျှင် ပြစ်ထိုက်သော မဂ်ဖြင့် မပယ်ရသေးသော အနုသယ ကိလေသာကို ရ၏။ ယင်းကို ဘူမိလဒ္ဓပုဒ္ဂိုလ် - ဝိပိဿနာပြုစ်ရာ ခန္ဓာငါးပါးဟူသော ဘူမိကိုရသော အကုသိုလ်ဟု ဆိုရသည်။

လိုအပ်သော ဥပမာ ။ ။ ထိုဥပဓိနလေးမျိုးအနက် ဤမဟာကုသိုလ် ပဌမစိတ်ပြစ်ရာအဆ၌ လိုအပ်သော ဥပဓိနသည် 'ဥပါဒိ၊ ဒို၊ ဘင်' အားဖြင့် ခဏတ္တယသို့ ရောက်ဆဲ ဝတ္ထုမာနုပဓိန ကိုသာ လိုအပ်လေသည်။

(အဘိ ၄ ၁ - ၁၀၈ / ၉ ။ ဘာဒီ ၃ - ၇၄ / ၇၈။ မူဒီ - ၆၇)

ဥပဓိနပုဒ် အဖွင့်၌ ဆောင်ရန်လင်္ကာများ။

၁။	စိတ္တံပြိုးရာ၊	ဥပဓိနာ၊	ဆက်ကာဖွင့်ပြသည်။
၂။	ဝတ်,တူ,ဩဃာ၊	တူမိဟိ၊	လေးဖြာဖြားစေသည်။
၃။	ခဏတ္တယရှိကြ၊	သင်္ခတ၊	ဝတ္ထုခေါ် ရသည်။
၄။	ဘူထဒ္ဒိပ၊	နဘူတ၊	ဘူတရှိစေသည်။
၅။	ခံစားပြိုး၍၊	ဖြစ်ပြိုး၍၊	ချုပ်၍သွားကြသည်။
၆။	ထုနှင့်အထု၊	ခံစားပြု၊	နဘုဖြစ်စေသည်။
၇။	ဣဋ္ဌာ, အနိဋ္ဌာ၊	ဖောက်ပြန်စွာ၊	ယူကာခံစားသည်။
၈။	အနိဋ္ဌဖြစ်လဲ၊	ရာဂဝဲ၊	ဖောက်လွဲခံစားသည်။
၉။	ဣဋ္ဌဖြစ်လဲ၊	ဒေါသဝဲ၊	ဖောက်လွဲခံစားသည်။
၁၀။	ဝိပါက်ကိရိယာ၊	သင့်ရဲသာ၊	ဖောက်တာမရှိပြီ။
၁၁။	အတိတ်ကံက၊	သေနိုးကျ၊	ထင်ပြတောတတ်သည်။
၁၂။	အတျိုးပေးမှာ၊	အခွင့်သာ၊	သြဇာခေါ် လေသည်။
၁၃။	ဘူမိရလတ်၊	ပဋ္ဌမှတ်၊	ဝိပဿိရှုပွားသည်။
၁၄။	ဖြစ်ထိုက်လေစွ၊	နဲသယ၊	လဒ္ဓရလေသည်။
၁၅။	ပကတိတ်မှာ၊	ဝတ္ထသာ၊	ကောင်းစွာရလေသည်။
၁၆။	သိမ်မွေ့လှပါ၊	ကြိုးစားကာ၊	လွှဲတောကြရမည်။

ဥပဓိနပုဒ် အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

စိတ္တံ ဥပ္ပန္နံ ဟောတိ - လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ စိတ္တံ ဥပ္ပန္နံ ဟောတိ - ၌ စိတ္တံနှင့် ဥပ္ပန္နံကို တစ်ပုဒ်စီခွဲကာ ဖွင့်ဆိုပြပြီး၍ တွဲကာ ဖွင့်ဆိုလိုသော အဋ္ဌကထာဆရာသည် စိတ္တံ ဥပ္ပန္နံ ဟောတိတိ စေတံ ဒေသနာ သီသမေဝ - စသော ပါဠိကို မိန့်လေသည်။

စိတ်သည် ဦးခေါင်း ။ ။ စိတ္တံ ဥပ္ပန္နံ ဟောတိ အရ မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာ၌ စိတ်သည် ဦးခေါင်းတည်း။ ဤစိတ်ဖြစ်ရာ၌ စိတ်တစ်ပါးတည်း ဖြစ်သည်မဟုတ်။

ဤဇာ အာဂတော - မင်းသည်လာ၏ ဟု ဆိုရာ၌ မိမိပရိသတ်ကို ပယ်စွန့်၍ တစ်ဦးတည်းလာသည် မဟုတ်။ မင်း၏ ပရိသတ် အခြံအရံနှင့်သာလျှင် အတူတကွ လာ၏။

ဤအတူ ဤစိတ်သည်လည်း ဖဿ၊ ဝေဒနာ၊ သညာ စသော ဇိုးဆယ်ကျော်သော တရားတို့နှင့် အတူသာလျှင် ဖြစ်၏။ ထိုသို့ ဇိုးဆယ်ကျော်သော ကုသိုလ်စေတသိက်တို့နှင့် အတူဖြစ်သော်လည်း ရှေ့သွား ခေါင်းဆောင်၏ အဖြစ်ကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိ - ဟူ၍သာ စိတ်ကို ဦးခေါင်းတပ်၍ ဟောတော်မူ၏။

(ဤ၌ ဇိုးဆယ်ကျော်သော ကုသိုလ်တရား စေတသိက်ဟူသည် သဂြိုဟ်စေတသိက်ပိုင်းက လာသော စေတသိက်များ မဟုတ်။ ပါဠိတော်၌လာသော တရားများတည်း)

လောကီ၌ စိတ်၊ လောကုတ်မှာ ပညာ ။ ။ ချဲ့ဦးအံ့ ... ။ ဟောထိုက်သော လောကီတရားသို့ ဒေသနာအစဉ် အားဖြင့် ရောက်လတ်သော် စိတ်သည် အကြီးအကဲ ဖြစ်၏။ ပဓာန ဖြစ်၏။ ရှေ့သွားခေါင်းဆောင် ဖြစ်၏။ ဟောထိုက်သော လောကုတ္တရာတရားသို့ ဒေသနာအစဉ်အားဖြင့် ရောက်လတ်သော် ပညာသည် အကြီးအကဲ ဖြစ်၏။ ပဓာန ဖြစ်၏။ ရှေ့သွားခေါင်းဆောင် ဖြစ်၏။

စိတ်ရှေ့ဆောင်ပုံများ ။ ။ မြတ်စွာဘုရားသည် ဝိနည်းဒေသနာတော်သို့ ရောက်၍ ပြဿနာကို မေးတော်မူလတ်သော် - *'အဘယ်ဖဿ ဖြစ်သနည်း၊ အဘယ်ဝေဒနာ ဖြစ်သနည်း၊ အဘယ်သညာ ဖြစ်သနည်း၊ အဘယ်စေတနာ ဖြစ်သနည်း'* ဟု မေးတော်မမူဘဲ *'ရဟန်း ... သင်သည် အဘယ်စိတ်ရှိသနည်း'* ဟု ဤသို့ စိတ်ကိုသာ ပဓာနပြု၍ မေးတော်မူ၏။

ဆက်ဦးအံ့ ... ။ ဝိနည်းဒေသနာ မဟုတ်သော သုတ္တန်ဒေသနာတော်၌လည်း *'ရဟန်းတို့ ... အကုသိုလ် ဖြစ်သော၊ အကုသိုလ်၏ အဖို့ရှိကုန်သော၊ အကုသိုလ်၏ အသင်းအပင်းဖြစ်ကုန်သော ထိုအလုံးစုံသော အကုသိုလ်တရားတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကုန်၏။ စိတ်သည် စေတသိက်တရားတို့၏ ပဌမကဲ့သို့ ဖြစ်၏။'*

ဧဝံတသိက် ခန္ဓာတရား သုံးပါးတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကြကုန်၏။ စိတ်သာလျှင် အကြိုးအက ရှိကြကုန်၏။ စိတ်ကြောင့် ပြုစီးကြရကုန်၏။ အဘိဇ္ဈာ အဝရှိသော အပြစ်တို့သည် ဖျက်ဆီးအပ်သော စိတ်ဖြင့် ပြောဆိုပြုလုပ်ကြံစည်အံ့ - ထိုပုဂ္ဂိုလ်နောက်သို့ ဆင်းရဲဒုက္ခသည် အစဉ်လိုက်၏။ အဘယ်ကဲ့သို့နည်း ဟူမူကား - နွားဇော် ခြေသို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့တည်း။

ဧဝံတသိက်ခန္ဓာတရား သုံးပါးတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကြကုန်၏။ စိတ်သာလျှင် အကြိုးအက ရှိကုန်၏။ စိတ်ကြောင့် ပြုစီးကြရကုန်၏။ အနာဘိဇ္ဈာ အဝရှိသော ဂုဏ်တို့ကြောင့် ကြည်လင်သော စိတ်ဖြင့် ပြောဆိုပြုလုပ်ကြံစည်အံ့။ ထိုသူနောက်သို့ ချမ်းသာသည် အစဉ်လိုက်၏။ အဘယ်ကဲ့သို့နည်းဟူမူကား၊ အရိပ်သည် ကိုယ်၏နောက်သို့ အစဉ်လိုက်သကဲ့သို့တည်း။

သတ္တလောကကို တက္ကာစိတ်သည် ထိုထိုဘဝသို့ ပို့ဆောင်၏။ တက္ကာစိတ်သည် ထိုထိုဘဝသို့ ဆွဲငင်၏။ အလုံးစုံသော သတ္တဝါတို့သည် စိတ်၏ အလိုသို့ လိုက်ပါကြရကုန်၏။

စိတ်သည်နှမ်းခြင်းကြောင့် သတ္တဝါတို့ ညစ်နွမ်းကြရကုန်၏။ စိတ်ဝင်ကြယ်သောကြောင့် သတ္တဝါတို့ ဝင်ကြယ်ကြရကုန်၏။

ဤဘဝင်စိတ်သည် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြစ်၏။ ထိုစိတ်သည်လည်း အာဂန္တု ဖြစ်ကုန်သော ရာဂ အစရှိကုန်သော တရားတို့ကြောင့် ညစ်နွမ်းရ၏။

စိတ်ကို မစောင့်ရှောက်နိုင်သည်ရှိသော် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုလည်း မစောင့်ရှောက်နိုင်ပေ။ စိတ်ကို စောင့်ရှောက်နိုင်သည်ရှိသော် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုလည်း စောင့်ရှောက်နိုင်၏။

စိတ်သည် ရာဂ အစရှိသည်တို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်လတ်သော် ကာယကံ၊ ဝစီကံ၊ မနောကံတို့သည်လည်း ဖောက်ပြန်ခြင်းသို့ ရောက်လေ၏။ စိတ်သည် ရာဂ အစရှိသည်တို့ကြောင့် ဖောက်ပြန်ခြင်းသို့ မရောက်သော် ကာယကံ၊ ဝစီကံ၊ မနောကံတို့သည်လည်း ဖောက်ပြန်ခြင်းသို့ မရောက်ပေ။

စိတ်ကို ရာဂ အစရှိသည်တို့ စိုစွတ်အပ်သော် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုလည်း ရာဂ အစရှိသည်တို့ စိုစွတ်ကုန်၏။ စိတ်ကို ရာဂ အစရှိသည်တို့ မစိုစွတ်အပ်သော် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုလည်း ရာဂ အစရှိသည်တို့ မစိုစွတ်ပေ။

ဤသို့ လောကိတရားခွဲ စိတ်သည် ဦးဆောင်ပဓာနဖြစ်ပုံကို သိမြင်နိုင်ကြပေ၏။

လောကုတ္တရာခွဲ ပညာရွှေဆောင်ပုံ ။ ။ မြတ်စွာဘုရားသည် လောကုတ္တရာတရားကို မေးတော်မူလတ်သော - *အဘယ်ဖဿကို ရသနည်း။ အဘယ်စိတ်ကို ရသနည်း ... စသည်ဖြင့်* မေးတော်မမူဘဲ 'ရဟန်း ... သင်သည် အဘယ်ပညာကို ရသနည်း။ ပဌမမဂ်ပညာကို ရသလော။ ဒုတိယမဂ်ပညာကို ရသလော။ တတိယမဂ်ပညာကို ရသလော။ စတုတ္ထမဂ်ပညာကို ရသလော' ဤသို့ ပညာကို အကြိုးအက ပဓာနပြု၍ မေးတော်မူ၏။

လွန်ကဲသော ပညာရှိကုန်သော အလုံးစုံသော ကုသိုလ်တရားတို့သည် မဆုတ်ယုတ်ကုန်။

ပညာသည်ကား အဘယ်အကျိုးရှိသနည်း။ ဤကား အမေးတည်း။

ပညာသည် ထူးသောဉာဏ်ဖြင့် သိခြင်းအကျိုးရှိ၏။ ပိုင်းခြားခြင်း သိခြင်းအကျိုးရှိ၏။ ပယ်ခြင်း အကျိုးရှိ၏။ ဤကား အဖြေတည်း။

ဆက်ဦးအံ့ ... ။ ဤလောကတွင်ရာ ဒေသနာတော်ဝယ် ပညာပဓာန၏ အဖြစ်၌ မြတ်စွာဘုရားသည် ဟောတော်မူ၏။

ရဟန်းတို့ ... ပညာရှိသော အရိယာသာဝက၏ ထိုပညာသို့ အစဉ်လိုက်သော သဒ္ဓါသည်, ဝီရိယသည်, သတိသည်, သမာဓိသည် ကောင်းစွာတည်၏ .... ဤသို့ အစရှိသော သုတ်တို့ဖြင့် လောကုတ္တရာ၌ ပညာရှေ့သွား ပဓာနဖြစ်ပုံကို သိနိုင်ကြ၏။

ပကုသိုလ်စိတ် လောကီစိတ် ။ ။ ဤ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဒေသနာတော်သည် လောကီဒေသနာတည်း။ ထို့ကြောင့် စိတ်ကို ပဓာနပြု၍ ဟောတော်မူလိုသည်ဖြစ်၍ 'စိတ္တံ ဥပ္ပန္နံ ဟောတိ ' ဟူ၍ ဟောတော်မူလေပြီ။

(အဘိ ၄ - ၁ - ၁၀၉/ ၁၁၁)

စိတ္တံ ဥပ္ပန္နံ အပ္ပင့်၌ ဆောင်ရန်လင်္ကာများ

၁။ စိတ္တံ, ဥပ္ပန္နံ၊ တွဲလို့မှန်၊ တဖန်ပြုပြုန်သည်။
၂။ စိတ္တံအရ၊ ပကုရ၊ ပကုမကဖြို။
၃။ ဖဿ, ဝေဒနာ၊ စေတွေဖို၊ များစွာဖြစ်ကြသည်။
၄။ စိတ်ကဦးပြုန်၊ ရှေ့သွားမှုန်၊ စိတ္တံဟောလေသည်။
၅။ လောကီဒေသနာ၊ ဟောလေရာ၊ မြတ်စွာဘုရားသည်၊
၆။ စိတ်ကိုပဓာ၊ လောကုတ်မှာ၊ ပညာဖြစ်လေသည်။
၇။ ဝိနည်းဟောရာ၊ ဘယ်ဖဿာ၊ မေးတာမရှိဖြို။
၈။ ဘယ်စိတ်ဖြစ်လဲ၊ စိတ်ကိုပဲ၊ ဦးတဲ့မေးလေသည်။
၉။ သုတ္တန်ဟောရာ၊ လောကီမှာ၊ စိတ်သာရှေ့ဟောသည်။
၁၀။ စေတသိက်ခန္ဓာ၊ သုံးပါးမှာ၊ စိတ်ဟာရှေ့သွားသည်။
၁၁။ အကုစိတ်ဖြင့်၊ ကံသုံးဆင့်၊ ကျူးလင့်သူတို့သည်၊
၁၂။ နွားဏီခြေလျှော်၊ လှည်းဘီးပင်၊ အစဉ်လိုက်သို့သည်၊

၁၃။	ဆင်းရဲတစ်သိုက်၊	ကျူးသူဆိုက်၊	စိုက်စိုက်လိုက်တော့သည်။
၁၄။	တုဆိုလေစီတ်ဖြင့်၊	ကံဆုံးဆင့်၊	ပြုကျင့်ထူတို့သည်၊
၁၅။	လူသွားရိပ်ပျောက်၊	စဉ်မကွာ၊	လိုက်ပါနေသို့သည်၊
၁၆။	ချမ်းသာတွေရောက်၊	ကျင့်ထူနောက်၊	ကောက်ကောက်လိုက်လေသည်။
၁၇။	သတ္တလောတ၊	စိတ်လောတ၊	ရှေ့ကဦးဆောင်သည်။
၁၈။	ထိုထိုတဝဝင်၊	ဝိုဆောင်ထင်၊	ဆွဲဝင်ပြုလေသည်။
၁၉။	သတ္တဝါထိုထို၊	စိတ်အလို၊	လိုက်ကိုနေရသည်။
၂၀။	စိတ်တွေညစ်နွမ်း၊	ထဝန္တမ်း၊	ပင်ပန်းကြရသည်။
၂၁။	စိတ်တွေစင်ကြယ်၊	ထဝရယ်၊	စင်ကြယ်ကြလေသည်။
၂၂။	ပြိုးပြိုးဖိတ်ဖိတ်၊	ထဝင်စိတ်၊	ဥည့်စိတ်နှောင့်ရင်ထည်၊
၂၃။	ဥည့်စိတ်ရောဂ၊	နှည်းတူပ၊	ညစ်ရွံမ်းရထည်။
၂၄။	စိတ်မစောင့်တ၊	ထံတောက်ရဲ	စောင့်ကာကံဖြောင့်သည်။
၂၅။	ရာဂစဖြာ၊	နှောက်ယှက်တော၊	စိတ်ဟာဖောက်ပြန်သည်။
၂၆။	စိတ်တွေဖောက်ပြန်၊	သုံးဆင့်ကံ၊	ဖောက်ပြန်ရလေသည်။
၂၇။	ရာဂအပူ၊	မနှောင့်မူ၊	ကြည်ဖြူအေးမြသည်။
၂၈။	စိတ်ကိုရာဂါ၊	စိုစွတ်ပါ၊	ကံပါစိုစွတ်သည်။
၂၉။	မစိုစွတ်တ၊	လွန်စွာဝ၊	အေးမြကြည်လင်သည်။
၃၀။	စိတ်ထောင်းကိုယ်ခြေ၊	ဘဝတွေ၊	ချောင်လေမမှားဖြို။
၃၁။	စိတ်တောင်းကိုယ်လေန်း၊	ဘဝပန်း၊	ဆွတ်ဖြန်းယူရမည်။
၃၂။	လောဘီရေးရာ၊	စိတ်ပဓာ၊	ကောင်းစွာသိဉာဏ်ဖြို။
၃၃။	လောကုတ္တရာ၊	တရားမှာ၊	ပညာဦးဆောင်သည်။
၃၄။	အဘယ်ဖဿ၊	ဘယ်စိတ်ပ၊	ဖြစ်ကြမမေးဖြို။
၃၅။	ဘယ်မဂ်ပညာ၊	ရလေပါ၊	မြတ်စွာမေးပြုသည်။
၃၆။	ပညာသို့သာ၊	လုံးကုမ္ပာ၊	လိုက်ပါကြရသည်။
၃၇။	လောကုတ္တရာ၊	မြတ်ပညာ၊	ပယ်ရာကျိုးရှိသည်။
၃၈။	ဝိုင်းခြားသိခြင်း၊	ထူးသိခြင်း၊	ထင်လင်းကျိုးရှိသည်။
၃၉။	သတိ,သမာ၊	ဝီရိယာ၊	သဒ္ဓါများတို့သည်၊
၄၀။	ပညာသို့သာ၊	စဉ်မကွာ၊	လိုက်ပါကြရသည်။

၇၀။	လောကုတ်တရား၊	ပညာအား၊	ရှေ့သွားသိနိုင်ဖြို့။
၇၂။	ပညာတန်ဆောင်၊	ထွန်းလင်းပြောင်၊	ရဇအောင်ကျွတ်ရမည်။
၇၃။	ပညာရှိရာ၊	လောကမှာ၊	လွန်စွာတင့်တယ်သည်။
၇၄။	အားတကာ့အား၊	ပညာအား၊	ကြီးမားလှချေသည်။
၇၅။	လိုင်းတကာ့လိုင်း၊	ပညာလိုင်း၊	တုန်ခိုင်းမရဖြို့။

စိတ္တံ ဥပ္ပန္နံ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

သောမနဿ သဟဂတလာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ - ဟူသော ပါဠိတော်၌ စိတ္တံ ဥပ္ပန္နံ - ကို ဖွင့်ပြပြီး၍ 'သောမနဿ သဟဂတံ' ပုဒ်ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် 'သောမနဿသဟဂတန္တိ သာတ, မဒုရ ဝေဒယိတ သဒိဒီတေန ' စသော ပါဠိကို ပိန့်လေသည်။

သောမနဿ သဟဂတမူဒိ အမွှင့် ။ ။ သောမနဿ သဟဂတန္တိ သာတ မဒုရ ဝေဒယိတ သဒိဒီတေန သောမနဿေန သတ ကေပ္ပါဒိဘာဝံ ဂတံ။

သောမနဿ - ဟူသည် ။ ။ သာယာအပ်သော၊ ချိုမြိန်ကောင်းမြတ်သော အရသာနှင့်တူသော၊ ခံစားတတ်သော တရားဟု ဆိုအပ်သော သောမနဿဝေဒနာနှင့်တကွ တူသောပြစ်ခြင်း အစရှိသည်တို့၏ အပြစ်သို့ရောက်သော သဘောကို သောမနဿ ဆိုရသည်။

အထက်ပါ ပွင့်ဆိုချက်အရ -

သောမနဿ က - သောမနဿဝေဒနာကို ရပြီ။

သဟဂတ က - အတူတကွဖြစ်သောစိတ်ကို ရသည်။

နှစ်ခုပေါင်းလိုက်သော် သောမနဿဝေဒနာနှင့်အတူတကွဖြစ်သော မဟာကုသိုလ်စိတ် ဟူ၍ အဓိပ္ပါယ် ရလေသည်။

သဟဂတ အမွှင့် ။ ။ ဤ၌ သဟဂတ-သဒ္ဒါသည် တ္ထာဝအနက်၊ ဝေါကိဏ္ဏအနက်၊ နိဿယအနက်၊ အာဓမ္မကာအနက်၊ သံသဋ္ဌအနက် ဟူကုန်သော များစွာသောအနက်တို့ကို ဟောရာတွင် ဤသောမနဿဝေဒနာနှင့် မဟာကုသိုလ်စိတ်တို့ ဖြစ်ရာ၌ သံသဋ္ဌအနက်ကို လိုအပ်လေသည်။

သံသဋ္ဌ - ဟူသည် ရောနှော ဟု အဓိပ္ပါယ်ရသည်။ သောမနဿဝေဒနာနှင့် မဟာကုသိုလ်စိတ် အတူတကွ ဖြစ်၏ ဟူသည် အတူတကွ ဖြစ်ရုံမျှမဟုတ်။ ရောနှော၍ အညီအမျှ ယှဉ်၍ အတူတကွ ဖြစ်ခြင်းမျိုး ဖြစ်သည်။

ချဲ့ဦးအံ့ .. ။ ရုပ်နှင့်နာမ် အတူတကွ ဖြစ်ကြရာ၌လည်းကောင်း၊ နာမ်နှင့်ရုပ် အတူတကွ ဖြစ်ကြရာ၌ လည်းကောင်း၊ ရုပ်တရားသည် ရုပ်တရားနှင့် အတူတကွ ဖြစ်ကြရာ၌လည်းကောင်း အတူတကွတော့ ဖြစ်သည်၊ ရောနှောခြင်း၊ အညီအမျှယှဉ်ခြင်း မဖြစ်ကြပေ။

ပဌာန်းနည်းအရ ဆိုပါမူ - သဟဇာတဝစ္စည်း ဖြစ်သည်။ သမ္မယုတ္တ ဝစ္စည်း မဖြစ်ပေ။

သောမနဿဝေဒနာနှင့် မဟာကုသိုလ် ပဌမစိတ် ဖြစ်ကြရာ၌ကား ... နာမ်အချင်းချင်းဖြစ်၍ အတူတကွ လည်း ဖြစ်သည်။ ရောနှော၍လည်း ဖြစ်သည်။ အညီအမျှယှဉ်၍လည်း ဖြစ်သည်။

ပဌာန်းနည်းအရ သဟဇာတ ဝစ္စည်းလည်း ဖြစ်သည်။ သမ္မယုတ္တဝစ္စည်းလည်း ဖြစ်သည်။ ဤသို့ အတူတကွ ဖြစ်ပုံကို ရည်ရွယ်၍ မြတ်စွာဘုရားရှင်သည် 'သောမနဿ သဟဂတံ' ဟူ၍ ဟောတော်မူခြင်း ဖြစ်လေသည်။

(အဘိ၌ ၁ - ၁၁၁/ ၂)

သောမနဿ အဓိပ္ပါယ်။ ။ သောမနဿ - ဟူသည် ချီးမြှင့်ကောင်းမြတ်သော အရသာကို စားရတိသကဲ့သို့ သာယာသောသဘော - ဟူ၍ အဋ္ဌကထာ ဖွင့်ဆိုသည့်အတိုင်း လူ့လောက၌ ဝမ်းမြောက်ဝမ်းသာ သောမနဿ ဖြစ်နေရန် ပိပိစိတ်မှာ သာသာယာယာ ဖြစ်နေရန် လွန်စွာအရေးကြီးပေသည်။

လောဘမူ သောမနဿ။ ။ ပုထုဇဉ်လောက၌ သာယာမှု ရရှိရန်အတွက် သာယာဖွယ် အာရုံများကို မနေမနား ရှာဖွေ၍ စိတ်သာယာမှုကို အားထုတ်ကြလေသည်။ ယင်းပုထုဇဉ်တို့ အလေးထား မက်မောနေကြသော သာယာမှုကား လောဘမူ သောမနဿ ဖြစ်လေသည်။

လောဘစိတ်ဖြင့် မြောကြ၊ ဆိုကြ၊ ဝတ်ကြ၊ စားကြ၊ နေကြ၊ ထိုင်ကြ၊ မော်ကြ၊ ကြွားကြ၊ သွားကြ၊ လာကြသလို တပ်မက်တွယ်တာစရာ၊ သာယာစရာ လောဘအာရုံနောက်သို့လည်း တကောက်ကောက် လိုက်ပါလျက် နေကြရလေသည်။ အကယ်၍ သတ္တလောက၌ လောဘမူသောမနဿသာ မရှိဘူးဆိုလျှင် ဤလူ့လောကကြီးသည် အလွန်ပျင်းရိဖွယ်ကောင်းသော၊ အလွန်ငြီးငွေ့ဖွယ်ကောင်းသော၊ အလွန်ခြောက်ကပ်ကပ်ရှိသော လူ့လောကကြီး ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် လောဘမူ သောမနဿထက် အဆင့်မြင့်သော မဟာကုသိုလ် သောမနဿ ရှိသေးသည် ဟူသော အချက်ကိုလည်း သတိပြုကြရပေဦးမည်။

မဟာကုသိုလ် သောမနဿ။ ။ လူ့လောက၌ ပိဘ၊ ဆရာသမား၊ လူကြီးသူမတို့၏ ဝေယျာဝစ္စအမှုကို ပြုလုပ်၍ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု သောမနဿ၊ သူတစ်ပါးအကျိုးကို ရွက်ဆောင်ပေးရာမှ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု သောမနဿ၊ ပူဇော်ထိုက်သူအား ပူဇော်မှုပြုရာမှ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု သောမနဿ၊ တရားနာကြားရာမှ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု သောမနဿ၊ အလှူပေးမှု၊ သီလဆောက်တည်မှု၊ ဘာဝနာ ပွားများမှုတို့မှ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု သောမနဿ ... စသည်ဖြင့် သောမနဿ မြောက်များစွာ ရှိလေသည်။ ဖော်ပြပါ သောမနဿတို့သည် ကာမကုသိုလ်၏ မဟာကုသိုလ် သောမနဿ ဖြစ်လေသည်။

ဒါန မဟာကုသိုလ် သောမနဿ။ ။ တစ်ခါတစ်ခါ ဖြစ်နိုင်ခဲ ပြုနိုင်ခဲသော ဒါနအမှုကို ပြုရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမှုမျှား ရှိလေသည်။ အလှူခံကို မြင်ရသည့်အတွက်လည်း ဝမ်းမြောက်ရသည်။ လှူဒါန်းရသည့်အတွက်လည်း ဝမ်းမြောက်ရသည်။ လှူဒါန်းပြီးတော့လည်း ဝမ်းမြောက်ရသည်။ ယင်းကို ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဟူသော စေတနာသုံးတန် ပြုစုင်သန့်ရှင်း ပြည့်စုံသည်ဟု ဆိုရလေသည်။

ဗုဒ္ဓလက်ထက်တော်က တစ်နေ့လုပ်နိုင်မှ တစ်နေ့စားရသော အလွန်ဆင်းရဲတွင်းနက်သော ဂမာင်ပုက္ကုဿတို့ လင်မယားနှစ်ယောက်ရှိရာ တစ်နေ့သောအခါ၌ မောင်ပုက္ကုဿ၏ဇနီးသည် လယ်ထွန်နေသော မောင်ပုက္ကုဿအတွက် ထမင်းပို့ရန် အိမ်မှ ထွက်လာခဲ့လေသည်။ လမ်းခရီးတွင် ဆွမ်းခံကြွတော်မူလာသော အရှင်သာရိပုတြာ ကိုယ်းတော်မြတ်ကြီးနှင့် တွေ့၍ -

'ဤကဲ့သို့ အလွန်ခံပုဂ္ဂိုလ်မျိုးနှင့် တွေ့ရန် မလွယ်ပါတကား။ အဆင်သင့် လျှစ်လျူယှက်ထွေရှိရန် မလွယ်ပါတကား'
ဟူ၍ တွေးခေါ်စဉ်းစားပြီးနောက် အလွန်ဝမ်းမြောက်ဝမ်းသာ ထက်သန်သော စေတနာဖြင့် လင်ယောကျ်ားအတွက်
မချန်ဘဲ အကုန်လှူလိုက်လေသည်။ လင်ယောကျ်ားအတွက် ပြီးမှတစ်ပန် ရှာဖွေ၍ ချက်ပြုတ်ကာ ပို့ဆောင်ပေး
ရလေသည်။

ဤကဲ့သို့သော အလှူဒါနမျိုးသည် ကြီးတော်ကြီးခဲ ဖြစ်တော်ပြစ်ခဲ ဒါနမျိုး ဖြစ်သည်။ လွန်စွာ ဝမ်းမြောက်
သည်။ လွန်စွာ ထက်သန်သည်။ လွန်စွာ ပြူစင်သည်။ လွန်စွာ သန့်ရှင်းသည်။ လွန်စွာ စင်ကြယ်သည်။ ဂုဏ်
ပကာသန မျှော်ခင်္ခါမှု ဘာမျှမပါ။ အလှူခံပုဂ္ဂိုလ်ကို တွေ့ရာမှ ဖြစ်ပေါ်လာသော ရုတ်တရက် ကောက်ခါင်ခါ
လှူဒါန်းလိုသော စိတ်၊ စေတနာ ဖြစ်သည်။ တဒင်္ဂ် ဆုံးဖြတ်ချက် ဖြစ်သည်။ ပိုင်သော၊ နိုင်သော၊ ပိုင်နိုင်သော
ဆုံးဖြတ်ချက် ဖြစ်သည်။ ပိုင်နိုင်စွာ ဆုံးဖြတ်ပြီး ပိုင်နိုင်စွာပင် အောင်မြင်စွာ လှူဒါန်းနိုင်လေသည်။

ယင်း ပြူစင်သော သဒ္ဓါ ထက်သန်သော စေတနာ၊ ဝမ်းမြောက်သော သောမနဿ၊ ပိုင်နိုင်သော လှူဒါန်းမှု
ကုသိုလ်ကံကပင် မောင်ပုက္ကုဿတို့ ဇနီးမောင်နှံအား ဒိဋ္ဌမ္မဝေဒနီယကံအနေဖြင့် (၇)ရက်အတွင်း သူဌေးကြီးဘဝသို့
ရောက်အောင် ပို့ဆောင်ပေးလိုက်လေသည်။ ဤကဲ့သို့ သဘောရှိသော မဟာကုသိုလ် သောမနဿမျိုးကို
နည်းမှီ ယူသင့်ကြပေသည်။

(ဝမ္မ ၅ - ၂- ၁၉၆ - ၁၉၉)

သီလ မဟာကုသိုလ် သောမနဿ ။ ။ လူ့လောက၌ ရဟန်း၊ ကိုရင်၊ သီလရှင်၊ လူ ဟူ၍ ရှိကြရာ၌ ဆိုင်ရာ ဆိုင်ရာ
သီလများ ရှိကြလေသည်။ အဘယ်သူသည် ပိဓိစောင့်ထိန်းအပ်ခဲ့သော
သီလအပေါ်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ပုံးသနည်း။ သတိထားစရာ၊ လေ့လာစရာ၊ သုံးသပ်စရာ အလွန်ကောင်း
ပေသည်။

ဗုဒ္ဓလက်ထက်တော်က မဟာတိဿသူကြွယ်သည် ဗုဒ္ဓတရားတော်ကို နာကြား၍ အရဟတ္တဖိုလ်ကို
ရလိုစိတ် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်ဖြစ်၍ ညီဖြစ်သူအား ကုဋေလေးဆယ်သော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ
ရဟန်းပြုခဲ့လေသည်။ ဆရာဥပဇ္ဈာယ်တို့ထံ၌ ၎င်းတို့တိုင်တိုင် ဝိနည်းသိက္ခာပုဒ်ကို လေ့လာသင်ယူပြီးနောက် တောသို့
ဝင်ပြီး ဝိပဿနာတရားကို မနေမနား ကြိုးစားအားထုတ်လျက် ရှိနေလေသည်။

လူတို့၏ ကံကြမ္မာ အကျိုးပေးပုံကား အလွန်ဆန်းကြယ်လှလေသည်။ ဤမျှ အပြစ်ကင်းသော၊ သန့်ရှင်း
သော၊ စင်ကြယ်သော၊ တရားကို ကြိုးစားအားထုတ်နေသော တိဿမထေရ်ကြီးအတွက် အန္တရာယ်သည်
ရုတ်တရက် ကျရောက်လာလေသည်။

ညီဏ်မယားခယ်မသည် 'တိသမထေရ်ကြီး ပြန်လူထွက်လာရင်ဖြင့် စည်းစိမ်တွေ ပြန်ခဲ့ပေးရချေရဲ့' ဟု ဣသာစိတ်၊ မစ္ဆရိယစိတ်၊ လောဘစိတ်တွေ တရိပ်ရိပ် တက်ကာ ခိုးသားဓားရာတို့အား ပိုက်ဆံပေး၍ တိသမထေရ်ကြီးအား သတ်ခိုင်းလိုက်လေသည်။

တုတ်၊ ဓားလက်နက် အပြည့်အစုံတို့ဖြင့် ဗိမိအား ဝိုင်းထားသော ရန်သူတို့ကို ကြည့်ပြီး -

'ဒကာတို့ ... ဒီတစ်ညလောက် တရားအားထုတ်ခွင့်ပြုပါ' ဟူ၍ အနူးအညွတ် ခွင့်ပန်လိုက်လေသည်။

'အရှင်ဘုရား ... ထွက်ပြေးသွား ဘယ်လိုလုပ်မလဲ' ဟူ၍ ဆိုလာသောအခါ တိသမထေရ်ကြီးသည် ကျောက်တုံးကို ဆောင်ယူကာ ဗိမိ ပေါင်နှစ်ခုလုံးကို စိစိညက်ညက် ကြေထွက်အောင် ရိုက်ချိုးပြလိုက်လေသည်။ ထိုအခါမှ ခိုးသူများ ယုံကြည်၍ တစ်ညတာ တရားအားထုတ်မှု အခွင့်ကို ပေးလိုက်လေသည်။

ဤလိုအခါမျိုး၌ အချိန်သည် စက္ကန့်နှင့်အမျှ တန်ဖိုးရှိလှပေသည်တကား ... ။ တိသမထေရ်ကြီး ဘာလုပ်သနည်း။ 'ငါ့ကို ဘာလို့ သတ်ရတာလဲ' ဟူ၍ အချိန်ကုန်ခံပြီး ညီအကြောင်းကိုလည်းကောင်း၊ ခယ်မ အကြောင်းကိုလည်းကောင်း၊ ခိုးသူများအကြောင်းကိုလည်းကောင်း စဉ်းစားမနေတော့ဘဲ ရဟန်းပြုသည့်နေ့မှ စ၍ ဗိမိစောင့်ထိန်းခဲ့သော ရဟန်းသီလကို ပြန်၍ သုံးသပ်ကြည့်သည်။ ထိုအခါ အလွန်ပြုစင်သော၊ သန့်ရှင်းသော၊ စင်ကြယ်သော ဗိမိ၏ သီလကို သွား၍တွေ့လေသည်။ သေခါနီးကာလ၌ ဗိမိပြုလုပ် အားထုတ်အပ်သော 'သီလ၊ သမာဓိ၊ ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်သည်သာ အားထားကိုးကွယ်ရာ ဖြစ်သည်ကို တိသမထေရ်ကြီး သဘောပေါက်ပုံရသည်။

ဗိမိ၏ အလွန်ပြုစင်သော သီလကို တွေ့မြင်သောအခါ တိသမထေရ်ကြီးသည် အလွန်ပြင်းထန်စွာ ခံစားနေရသော ဒုက္ခဝေဒနာကို မေ့လျော့နေပြီး အလွန်ဝမ်းမြောက်သော မဟာကုသိုလ် သောမနဿစိတ် ဖြစ်ပေါ်၍ လာလေသည်။ ယင်းမှတစ်ဆင့် ပိတိတရား၊ ပါမောဇ္ဇတရားများ၊ သမာဓိတရားများ ဖြစ်ပေါ်ပြီးနောက် ဝိပဿနာတရားများ ကြိုးစားအားထုတ်လေရာ အရဟတ္တဖိုလ်ကို ရရှိလေသည်။ ထို့နောက် ဥဒါန်းကျူး၍ ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။

ဤတိသမထေရ်ကြီး သာဓကကို ကြည့်၍ ဗိမိတို့၌လည်း အရေးအကြောင်းရယ် ဖြစ်ပေါ်လာပါက ပြန်တွေးကြည့်ရင် ဝမ်းမြောက်နိုင်လောက်အောင် သီလမျိုးရှိရန် ကြိုးစားသင့်ကြပေသည်။

(သုတ် မဟာဝါ ၌ - ဥဉ္ဇ၊ ဋီ - ၂၈၃)

မဟာကြီယာ သောမနဿ ။ ။ မဟာကြီယာ သောမနဿကိုကား ရဟန္တာမဟုတ်သူများ ရရှိနိုင်မည် မဟုတ်ပေ။ ရဟန္တာမထေရ်တို့သည်လည်း တစ်ခါတစ်ခါ လူဘဝက စည်းစိမ်တွေနှင့် နှိုင်းယှဉ်ပြီး ဗိမိတို့ ရရှိထားအပ်သော သမဏအသုခကို အလွန်အားရကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဥဒါန်းကျူးမှု ပြုတတ်လေသည်။

သာကီဝင်မင်း ဘဒ္ဒိယသည် သူငယ်ချင်းဖြစ်သူ အနုရုဒ္ဓါမင်းသား၏ ဆွဲဆောင်မှုကြောင့် မင်းစည်းစိမ်ကို စွန့်ကာ ရဟန်းပြု၍ တရားအားထုတ်ရာ ထိုဝါတွင်းမှာပင် တေဝိဇ္ဇာပတ္တရဟန္တာအဖြစ်သို့ ရောက်လေသည်။

ဆိတ်ငြိမ်အရပ်၌ပြစ်စေ၊ သစ်ပင်ရင်း၌ပြစ်စေ သမာပတ်ဝင်စားပြီးတိုင်း အရှင်ဘဒ္ဒိယထေရ်သည် -

'အဟောသုခံ ... အဟောသုခံ - ညော် ချမ်းသာလေစွ ... ညော် ချမ်းသာလေစွ ...

- ဟူ၍ မပြတ်ဥဒါန်းကျူးရင့်လေ့ရှိသည်။ မြတ်စွာဘုရားက ဧဒါ၌ မေးတော်မူသောအခါ -

'လူဘဝက မင်းစည်းစိမ်မှာ အစောင့်အရှောက်တွေ ထူထပ်စွာ ချထားသော်လည်း ကြောက်လန့်မှု မကင်းကြောင်း၊ ယခု ရဟန်းချမ်းသာမှာမူ အစောင့်အရှောက်မရှိ၊ အပြဿရုံမရှိ၊ တစ်ကိုယ်တည်း သစ်ပင်အောက် နေရသော်လည်း ကြောက်လန့်ရမှု၊ တစ်စုံတစ်ရာ စိုးရိမ်ရမှု မရှိကြောင်း ယင်းသို့ နှိုင်းယှဉ်မိ၍ လူစည်းစိမ်နှင့် ကွာချင်တိုင်းကွာသော ရဟန်းချမ်းသာကို အားရကျေနပ်မိ၍ ဥဒါန်းကျူးရင့်ခြင်း ဖြစ်ပါကြောင်း' လျှောက်ထားလေသည်။

ထိုဝမ်းမြောက်မှုသည် ရဟန္တာ မဟုတ်ပါမူ မဟာကုသိုလ် သောမနဿဖြစ်မည် ဖြစ်ပြီး ရဟန္တာတို့၌ကား ကုသိုလ်က အကျိုးမပေးတော့သည်အတွက်၊ အကျိုးမပေးနိုင်တော့သည်အတွက် ပြုလုပ်ခါမျှအဆင့်ဖြင့် ရပ်သွားသည်ဖြစ်၍ မဟာကြိယာ သောမနဿ ဟူ၍ ခေါ်ဆိုရလေသည်။

ရဟန္တာမဟုတ်သူတို့လည်း တောတောင်ဆိတ်ငြိမ်ရာတို့၌ တရားအားထုတ်ရင်း ထိုသို့သော မဟာကုသိုလ် သောမနဿမျိုး အရယူသင့်ကြပေသည်။

(ဓ၌ဝါ - ၃၃၉/ ၃၄၀)

သောမနဿ သဟဂတပုဒ် အပ္ပဉ်လာ ဆောင်ရန်လက်ကမ်းများ

၁။	သောမနဿ၊	သဂတ၊	ဆက်ပြဖွင့်ဆိုသည်။
၂။	သောဝေနဉ်မူ၊	ပစိတ်ဟူ၊	အတူဖြစ်လေသည်။
၃။	သဟဂတ၊	သံသဋ္ဌ၊	အတွဲလိုက်အပ်သည်။
၄။	သောဝေ,ကုစိတ်၊	အတူချိတ်၊	ရောကြိတ်ယှဉ်ကြသည်။
၅။	သဟဟစ္စည်း၊	သမ်ပစ္စည်း၊	နှစ်စီးရလေသည်။
၆။	ရပ်နာမ်,ရပ်ရပ်၊	အတူဟုတ်၊	သမ်ယုတ်မဟုတ်ပြီ။
၇။	နာမ်နှင့်နာမ်သာ၊	အတူပါ၊	ညီစွာယှဉ်ကြသည်။
၈။	သောမနဖြစ်ရေး၊	ဦးစားပေး၊	အရေးကြီးလှသည်။
၉။	သောမနဿဆိုတာ၊	ဘယ်လိုဟာ၊	ကောင်းစွာသိရမည်။
၁၀။	သာသာယာယာ၊	ကြည်နူးတာ၊	ပျော်တာဖြစ်လေသည်။
၁၁။	သာယာမှုတွေ၊	ရအောင်လေ၊	ရှာဖွေနေကြသည်။
၁၂။	လောမူသောမနဿ၊	ဖြစ်နေကြ၊	သိကြရပေမည်။

၁၃။ လောစိတ်ဖြင့်ထား၊ ဝတ်ကြတာ၊ စားကာနေကြသည်။
၁၄။ မော်ကြကြွားကြ၊ ပြောဆိုကြ၊ နေကြထိုင်ကြသည်။
၁၅။ ထာယာမှုနောက်၊ စိတ်ကရောက်၊ တကောက်ကောက်လိုက်ကြသည်။
၁၆။ အကယ်၍ပေ၊ လောသောတွေ့၊ ရှိမနေရင်သည်၊
၁၇။ လောကကြီးဟာ၊ ပျင်းစရာ၊ ငြီးစရာဖြစ်ပေမည်။
၁၈။ လောသောထက်ဖြင့်၊ ကုသောထင့်၊ တစ်ဆင့်ရှိလေသည်။
၁၉။ တစ်ဆင့်ရှိတိ၊ ကုသောထိ၊ သတိပြုရမည်။
၂၀။ ဝေယျာလုပ်ကာ၊ ကျိုးဆောင်ကာ၊ စိတ်မှာပျော်ခြင်းသည်၊
၂၁။ သီလစောင့်ကာ၊ လှူပေးတာ၊ စိတ်မှာပျော်ခြင်းသည်၊
၂၂။ ကုသိုလ်သောမန်၊ ခေါ် ဆိုရ၊ မချသိရမည်။
၂၃။ တစ်ခါတစ်ခါ၊ ဖြစ်ခဲစွာ၊ လှူတာဖြစ်တတ်သည်။
၂၄။ အလှူခံအား၊ မြင်ရငြား၊ တအားဝမ်းသာသည်။
၂၅။ လှူနေဆဲလဲ၊ သဒ္ဓါကဲ၊ လွန်ပဲဝမ်းသာသည်။
၂၆။ လှူပြီးတော့လဲ၊ တွေးလိုပဲ၊ လွန်ကဲဝမ်းသာသည်။
၂၇။ စေတနာသုံးဖြာ၊ ပြည့်စုံပါ၊ သန့်တာခေါ် ရသည်။
၂၈။ လက်ထက်တော်က၊ မောင်ပုဏ္ဏား၊ သာဓကထားနိုင်သည်။
၂၉။ ကောက်ခါဝင်ခါ၊ ရတ်ချည်းသာ၊ သဒ္ဓါပေါက်၍သည်၊
၃၀။ ချန်မထားတုန်၊ အလုံးစုံ၊ အတုန်လှူလိုက်သည်။
၃၁။ ဂုဏ်ပကာကင်း၊ လွန်သန့်ရင်း၊ လှူခြင်းပြု၍သည်၊
၃၂။ ခုနစ်ရက်အတွင်း၊ သူ့ဌေးမင်း၊ လက်ငင်းရလေသည်။
၃၃။ ဆိုင်ရာသီလ၊ စောင့်သုံးကြ၊ ထိန်းကြလူတို့သည်၊
၃၄။ မိမိသီလ၊ အဘယ်မျှ၊ အားရကျေနပ်သည်။
၃၅။ ပြန်လှန်တစ်ရပ်၊ သတိကပ်၊ သုံးသပ်သင့်ပေသည်။
၃၆။ တိသဃထေရ်ဟု၊ ခေါ် ဆိုပြု၊ တိက္ခုတစ်ပါးသည်၊
၃၇။ အဖော်မထား၊ တောဌ်မျှား၊ တရားအားထုတ်သည်။
၃၈။ မမျော်လင့်ထိုက်၊ ရန်လာစိုက်၊ ဆိုက်ဆိုက်ကြုံရသည်။
၃၉။ ခိုးသားဝါးရာ၊ သတ်ဖို့ရာ၊ ရောက်လာကြလေသည်။
၄၀။ အားထုတ်လိုမှု၊ တစ်ညဟု၊ ခွင့်ပြုတောင်းပန်သည်။

၄၀။	ထျောက်တုံးကြီးဖွဉ့်၊	ပေါင်ကိုထဉ့်၊	ရိုက်ခေဉ့်ချိုးပြဆည်။
၄၂။	ဥျိချိန်ဥျိခီ၊	အချိန်ထာ၊	လွန်စွာတန်လေသည်။
၄၃။	ရန်ထူအကြောင်း၊	အိမ်အကြောင်း၊	လှည့်ပြောင်းမတွေးပြီ။
၄၄။	သီလကိုထာ၊	ပြန်ပြောင်းကာ၊	ကောင်းစွာထုံးထစ်ထည်။
၄၅။	အလွန်ဖြူစင်၊	သီလပဓိ၊	တွေ့မြင်ပါ၍ထည်၊
၄၆။	ကုသောမန၊	ဉာဏ်ဇောကြွေ၊	လွန်ပဝမ်းသာထည်။
၄၇။	ပြင်းထန်လှစွာ၊	ထိုဒုက္ခာ၊	ဓမ္မကထွားလေထည်။
၄၈။	ဗိတိဝါမောဇ္ဇ၊	ဖြစ်ပေါ် လာ၊	စိတ်မှာကြည်လာထည်။
၄၉။	ဝိဝဒဆနာ၊	ရွှတ်ရာ၊	ရဟန္တာ ဖြစ်လေထည်။
၅၀။	ဤသာဓတ၊	ထောက်ရှုကြ၊	သီလစောင့်ရမည်။
၅၁။	မင်းစည်းစိမ်ထိ၊	စွန့်ခိုင်ထိ၊	ထင်ဖွံ့ဖြိုးထဆည်၊
၅၂။	ထစ်ဝင်အောက်မှာ၊	ဆိတ်ငြိမ်ရာ၊	ဥဒါတ္တုံးလေထည်။
၅၃။	အဟောသုခံ၊	ရွတ်ဆိုမှန်၊	ဖန်ဖန်ကျူးရင့်ထည်။
၅၄။	မင်းစည်းစိမ်မှာ၊	ကြောက်လန့်တာ၊	ထိတ်တာရှိလေထည်။
၅၅။	ထမထာသုခါ၊	ကြောက်ရတာ၊	ထိတ်တာမရှိပြီ။
၅၆။	ချမ်းသာလှတော်း၊	ဥဒါန်းမောင်း၊	ထုကြောင်းရှင်းပြဆည်။
၅၇။	ရဟန္တာမှာ၊	ကျိုးပေးတာ၊	မရှိပါ၍ထည်၊
၅၈။	ထိုဝမ်းသာမှု၊	ထိရိဟု၊	ခေါ်ပြုရလေထည်။
၅၉။	နောက်တိုမဆုတ်၊	တရားလုပ်၊	အားထုတ်သူများထည်၊
၆၀။	ဓဟာထုသလေ၊	သောမန၊	အရယူသင့်ထည်။

သောမနဿ သဟဂတပုဒ် အပ္ပင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ဉာဏသမ္မယုတ္တံ အဖွင့်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'သောမနဿ သဟဂတံ ဉာဏသမ္မယုတ္တံ' ဟူသော ပါဠိတော်၌ သောမနဿ သဟဂတံ ပုဒ်ကို ဖွင့်ဆိုပြပြီး၍ ဉာဏသမ္မယုတ္တံ ပုဒ်ကို ဖွင့်ဆိုပြလိုသော အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် 'ဉာဏသမ္မယုတ္တန္တိ ဉာဏေန သမ္မယုတ္တံ' စသောပါဌ်ကို မိန့်လေသည်။

ဉာဏ်နှင့်စိတ် ။ ။ စိတ်သည် လောဘနှင့်ယှဉ်သောအခါ လောဘစိတ်၊ ဒေါသနှင့်ယှဉ်သောအခါ ဒေါသစိတ်၊ မာနနှင့်ယှဉ်သောအခါ မာနစိတ်ဖြစ်သကဲ့သို့ ဉာဏ်နှင့်ယှဉ်သောအခါ ဉာဏ်စိတ် ဖြစ်ရလေသည်။ ဉာဏ်သည် ပညာစေတသိက် ဖြစ်ပေရာ ထိုပညာစေတသိက်ခေါ် ဉာဏ်သည် စိတ်နှင့်ယှဉ်ရာ၌ စိတ်နှင့်အတူ ဖြစ်ခြင်း၊ စိတ်နှင့်အတူ ချုပ်ခြင်း၊ စိတ်အာရုံပြုရာကို အတူပြုခြင်း၊ စိတ်မှီရာဝတ္ထုကို အထူမှီခြင်း – ဤလေးမျိုးဖြင့် စိတ်၌ ယှဉ်လေသည်။

တိဟိတ်စိတ် ။ ။ ဉာဏသမ္မယုတ္တံ – ဟူ၍ ဘုရားဟောတော်မူခြင်းဖြင့် ဤမဟာကုသိုလ် ပဌမစိတ်သည် အဟိတ်စိတ်မဟုတ်၊ ဒွိဟိတ်စိတ်မဟုတ်၊ တိဟိတ်စိတ် ဖြစ်သည်ကို သိမြင်စေလေသည်။

(အဘိ ၄ - ၁ - ၁၁၂/၃)

ချဲ့ဦးအံ့ ။ လောဘ၊ ဒေါသ၊ မောဟ – ဟူ၍ အကုသိုလ်ဟိတ်သုံးပါး၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍ ကုသိုလ်ဟိတ် သုံးပါးရှိလေရာ ကုသိုလ်ဟိတ်သုံးပါးကို မူတည်၍ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ဟူ၍ ခွဲခြားခြင်း ဖြစ်လေသည်။

ဆက်ဦးအံ့ ။ သက်ရှိသတ္တဝါတို့၌ ပဌမဦးဆုံး စဖြစ်သော ပဋိသန္ဓေစိတ်သည် အရေးကြီးသောစိတ် ဖြစ်ပေရာ ပဋိသန္ဓေတည်စဉ်အခါ၌ ကုသိုလ်ဟိတ်သုံးပါး တစ်ပါးမှမပါမူ၍ ပဋိသန္ဓေယူလျှင် ယင်းကို အဟိတ်သတ္တဝါ – ဟူ၍ ခေါ်ဆိုရသည်။ ဒုဂ္ဂတိ အပါယ်လေးဘုံသားတို့သည် ဒုဂ္ဂတိအဟိတ်များ ဖြစ်ကြလေသည်။

လူဘုံ၌ ပဋိသန္ဓေယူရာ၌ ပဋိသန္ဓေတည်စဉ် ကုသိုလ်ဟိတ် တစ်ပါးမှမပါမူ ထိုပုဂ္ဂိုလ်ကို သုဂတိအဟိတ်ပုဂ္ဂိုလ် – ဟူ၍ ခေါ်ဆိုရလေသည်။

အမောဟခေါ် ဉာဏ်ပညာမပါဘဲ အလောဘ၊ အဒေါသ ဟူသော ဟိတ်နှစ်ပါးဖြင့်သာ ပဋိသန္ဓေတည်လာသော လူပုဂ္ဂိုလ်ကိုမူကား ဒွိဟိတ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ရလေသည်။ ဉာဏ်ပညာဟိတ် မပါလာသည့်အတွက် သုဂတိအဟိတ်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဒွိဟိတ်ပုဂ္ဂိုလ်သည်လည်းကောင်း သောတာပန်စသော အရိယာအဖြစ်သို့ မရောက်နိုင်တော့ပေ။

အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်သုံးပါးဖြင့် ပဋိသန္ဓေတည်လာသော ပုဂ္ဂိုလ်ကိုမူကား တိဟိတ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။ ထိုပုဂ္ဂိုလ်သည် ပါရမီအားလျော်စွာ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများကို ရရှိနိုင်လေသည်။

တိဟိတ်ဓိတ် အဋ္ဌဂုဏ်ကြီး ။ ။ ထို့ကြောင့် လူလောကၠ တိဟိတ်စိတ်ဖြင့် ပဋိသန္ဓေတည်လာသူ ဖြစ်ဖို့သည် အလွန်အရေးကြီးလှပေသည်။ ပုညကြိယာဆယ်ပါးဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဉာဏ်ယှဉ်ပြုလုပ်သော ကုသိုလ်ဖြစ်ရန် အလွန်အရေးကြီးလေသည်။ ဉာဏ်ယှဉ်ပြုလုပ်သော ကုသိုလ်ကံသည် နောင်ဘဝ၌ တိဟိတ် ပဋိသန္ဓေ တည်နေနိုင်အောင် အကျိုးပေးမည်ဖြစ်သည်။ ဉာဏ်မယှဉ်ဘဲ၊ ဉာဏ်မပါဘဲ ပြုလုပ်သော ကုသိုလ်ကံသည် နောင်ဘဝ၌ ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးမည်ဖြစ်သည်။ ဒွိဟိတ်ပုဂ္ဂိုလ်သည် ယခုလို မဂ်ဖိုလ်နိဗ္ဗာန်သာသနာနှင့် ကြုံရပါသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန်အခွင့် ဆုံးရှုံးသွားပြီ ဖြစ်သည်။ ထို့ကြောင့် ယခုလူဖြစ်နေသော ပုဂ္ဂိုလ်တို့သည် ပါရမီမရင့်သန်သေး၍ အချိန်မကျသေးသဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မရသေးသည်တိုင်အောင် နောင်ဘဝတို့၌ တိဟိတ်ပုဂ္ဂိုလ်အဖြစ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်အောင် ဒါန စသော ကုသိုလ်ကောင်းမှုများကို ဉာဏ်ပညာယှဉ်၍ ပြုလုပ်သင့်ကြပေသည်။

ဉာဏသမ္မယုတ္တံ အမျှင်လာ ဆောင်ရန်လက်ကမ်းများ

၁။	ဉာဏသမ္မယုတ္တံ၊	ပုဒ်ကိုမှန်၊	ထစ်ဖန်ဆက်ပြဆည်။
၂။	ဉာဏ်နှင့်ယှဉ်စိတ်၊	ဉာဏ်ယှဉ်စိတ်၊	ဉာဏ်စိတ်ခေါ် ရသည်။
၃။	ဖြစ်တူ၊ ချုပ်တူ၊	အာရုံတူ၊	မှီတူယှဉ်တြဟသည်။
၄။	ဉာဏမ်ယှဉ်စိတ်၊	တိဟိတ်စိတ်၊	ဒွိဟိတ်မဟုတ်ပြီ။
၅။	တိဟိတ်ဖြင့်သာ၊	သဒ္ဓန္ဓာ၊	ထူတာကောင်းမြတ်သည်။
၆။	တုသိုလ်ထုံးတိတ်၊	မဟိစိတ်၊	အဟိတ်ခေါ် ရသည်။
၇။	အပါယ်လေးဖြာ၊	အဟိတ်ဓါ၊	ဒုပါတွဲခေါ် ဆည်။
၈။	လူဖြစ်ရာလဲ၊	အဟိတ်ဗီ၊	သုတွဲခေါ် လေသည်။
၉။	ဉာဏ်တိတ်မပါ၊	ဒွိဟိတ်သာ၊	ပါတာတိဟိတ်မည်။
၁၀။	ဒွိဟိတ်ဖြစ်လော၊	ပုဂ္ဂိုလ်မှာ၊	ရိယာမဖြစ်ပြီ။
၁၁။	တိဟိတ်ဖြစ်မှ၊	အရိယာ၊	ဘဝရောက်နိုင်သည်။
၁၂။	တုသာပြုရာ၊	ဉာဏ်ကင်းပါ၊	ဒွိသာဖြစ်ပေမည်။
၁၃။	ဉာဏ်ပါလေမှ၊	တိဟိတ်ပ၊	မုချဖြစ်ကြမည်။
၁၄။	တိဟိတ်ဖြစ်အောင်၊	ဉာဏ်ကင်းချောင်၊	ဉာဏ်ဆောင်ပြုရမည်။
၁၅။	သာသနာတော်၊	ကြုံတယ်နှော်၊	လွဲချော်မသင့်ပြီ။

ဉာဏသမ္မယုတ္တံ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ရူပါရမ္မဏာဒါ အစွဉ်လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ 'သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏာဒါ, သဒ္ဒါရမ္မဏာဒါ ... ပ ... ဓမ္မာရမ္မဏာ ဒါ' ဟူသော ပါဠိတော်၌ ဉာဏသမ္ပယုတ္တံ – ဟူသောပုဒ်ကို ဖွင့်ပြပြီး၍ ရူပါရမ္မဏာဒါ ... ပ ... ဓမ္မာရမ္မဏာဒါ တို့ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် တွဒါနိ တမေဝ စိတ္တံ – စသောပါဌ်ကို ဝိန်း။

ဘုရားပေါမုံ ။ ။ ဉာဏသမ္ပယုတ်ကို ပြပြီးရာ ယခုအခါ၌ ထိုပဌမ မဟာကုသိုလ်စိတ်ကိုပင် အာရုံပြု၍ ပြတော်မူခြင်းငှါ ရူပါရမ္မဏာဒါ အစရှိသော စကားတော်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်လေပြီ။

မှန်၏။ မြတ်စွာဘုရားသည် နာမ်တရားကို ပြတော်မူလတ်သော် ဝတ္ထုဖြင့်သော်လည်းကောင်း၊ အာရုံဖြင့်သော်လည်းကောင်း၊ ဝတ္ထု, အာရုံဖြင့်သော်လည်းကောင်း ဝိဝိဓိစွ ရှိသည်၏အဖြစ်ဖြင့်သော်လည်းကောင်း ပြတော်မူ၏။

ဝတ္ထုပြုံပြုံ ။ ။ စက္ခုဿမွဿာ – စက္ခုဝတ္ထုကိုမှီ၍ဖြစ်သော သမ္ဖဿ (*စက္ခုဝတ္ထုရုပ်ကို မှီ၍ ဖြစ်သော ဖဿ*) ... ပ ... မနောသမွဿာ – မနောဒွါရ ဟူသော ဝတ္ထု၌မှီသော သမ္ဖဿ။

စက္ခုဿမွဿဇာဝေဒနာ – စက္ခုဝတ္ထု၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာ။ မနောသမွဿဇာ ဝေဒနာ – မနောဒွါရ ဟူသော ဝတ္ထု၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာ။

စက္ခုပိညာဏာ – စက္ခုဝတ္ထု၌မှီသော ဝိညာဏ်။ မနောဝိညာဏာ – မနောဒွါရ ဟူသော ဝတ္ထု၌မှီသော ဝိညာဏ်၊ ဤသို့ အစရှိသော ပါဠိတော်တို့၌ ဝတ္ထုဖြင့် နာမ်တရားတို့ကို ပြတော်မူ၏။

ဂူဃညာ – ရူပါရုံ၌ဖြစ်သော သညာ၊ ... ပ ... ဓမ္မာရုံ၌ဖြစ်သော သညာ၊ ဂူဃသေတနာ – ရူပါရုံ၌ဖြစ်သော စေတနာ ... ပ ... ဓမ္မာရုံ၌ဖြစ်သောစေတနာ– ဤသို့ အစရှိသော ပါဠိတော်တို့၌ အာရုံဖြင့် နာမ်တရားတို့ကို ပြတော်မူအပ်၏။

စက္ခုံစ ပဋိစွ၊ ရူပေစ ဥပပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော – စက္ခုဝတ္ထုကိုလည်းကောင်း၊ ရူပါရုံတို့ကိုလည်းကောင်း စွဲမှီ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ စက္ခုဝတ္ထု, ရူပါရုံ, စက္ခုဝိညာဏ် ဟူသော သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်၏။

မနောဒွါရဟူသော ဝတ္ထုကိုလည်းကောင်း (*မနောဓာတုမှစ၍ ဟဒယဝတ္ထုကိုလည်းကောင်း*) ဓမ္မာရုံတို့ကိုလည်းကောင်း စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်၏။ မနောဒွါရဟူသော ဝတ္ထု၊ ဓမ္မာရုံ၊ မနောဝိညာဏ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်၏။ ဤသို့ အစရှိသော ပါဠိတော်တို့၌ ဝတ္ထုအာရုံတို့ဖြင့် နာမ်တရားတို့ကို ပြတော်မူ၏။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ – အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏။ ဤသို့ အစရှိသော ပါဠိရပ်တို့၌ ဝိဝိဓိစွ ရှိသည်၏ အဖြစ်ဖြင့် နာမ်တရားတို့ကို ပြတော်မူ၏။

(အဝိဇ္ဇာသည် သဘာဝတို့အား ကျေးဇူးပြုခြင်းကိစ္စရှိ၏။ ဤသို့ ကိစ္စရှိသည်ကိုပင် သဒ္ဒသ ဘာဝေန - ဝိဝိဓကိစ္စ ရှိသည်၏ အဖြစ်ဖြင့် - ဟု ဆိုခြင်း ဖြစ်သည်)

ဆက်ဦးအံ့။ ဤပဌမ မဟာကုသိုလ်စိတ်ကို ပြသောအရာ၌ အာရုံဖြင့် ပြတော်မူလိုသည် ဖြစ်၍ ရူပါရုပ္ပကဏ် ဝါ စသော စကားတော်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

ရူပါရုံစသည် အကြောင်းများ ။ ။ ကံ, စိတ်, ဥတု, အာဟာရ - ဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော အဆင်းသည်ပင် ရူပါရုံမည်၏။

စိတ်, ဥတု - ဟူသော နှစ်ပါးသော အကြောင်းတို့ကြောင့် ဖြစ်သော၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော အသံသည်ပင် သဒ္ဒါရုံမည်၏။

ကံ, စိတ်, ဥတု, အာဟာရဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော အနံ့သည်ပင် ဂန္ဓာရုံမည်၏။ အရသာသည်ပင် ရသာရုံမည်၏။ တွေ့ထိထိုက်သော အာရုံသည်ပင် ဖောဋ္ဌဗ္ဗာရုံမည်၏။

ပသာဒရုပ်ငါးပါး၊ သုခုမရုပ် (၁၆)ပါး၊ စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့သည် စိတ်၏ အာရုံ ဓမ္မာရုံဖြစ်၍ ဓမ္မာရုံမည်၏။

အာရုံထင်ပုံများ ။ ။ အာရုံထင်မှု၌ တစ်ပါးတစ်ပါးသော အာရုံသည် နှစ်ပါးနှစ်ပါးသော ဒွါရတို့၌ ဂျေးရှုထင်ခြင်းသို့ ရောက်၏။

ချဲ့ဦးအံ့။ ။ ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်သကဲ့သို့ဖြစ်၍ ထိခဏ၌သာလျှင် ဘဝင်ဟူသော မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။ ဘဝင်လှုပ်ခြင်း၏ အကြောင်းသည် ဖြစ်၏။ (*မနောဒွါရတည်းဟူသော ဘဝင်၌လည်း ရူပါရုံ ထင်လာသောကြောင့် ဘဝင်လှုပ်သည် ဟူလို*) ကျန် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ဤနည်းပင်တည်း။

ဥပမာဆောင် ထင်အောင်ပြအံ့။ ။ ငှက်သည် ကောင်းကင်ခရီးပြင့် လာ၍ သစ်ပင်ဖျား၌ နားလျှင်နားချင်းပင် သစ်ခက်ကိုလည်း ထိခိုက်သကဲ့သို့ ငှက်၏အရိပ်သည် မြေ၌လည်း ထင်လေ၏။ သစ်ခက်ကို ထိခိုက်ခြင်း၊ မြေ၌ အရိပ်ထင်ခြင်းသည် တစ်ပြိုင်နက် ခဏ၌ဖြစ်၏။ ဤနည်းအတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်ခြင်း၊ မနောဒွါရ၌ ကျရောက်ခြင်းသည်၊ ထင်ခြင်းသည် (*ဘဝင်လှုပ်ခြင်းသည်*) တစ်ပြိုင်နက် ခဏ၌ ဖြစ်လေ၏။

ထိုရူပါရုံ ထင်လာရာ၌ အတိတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ် ဟူ၍ ဝိထိစိတ်များ ဖြစ်သွားလေရာ ဝုဋ္ဌော၊ အဆုံးဇော ခုနစ်ကြိမ်၌ ဤမဟာကုသိုလ် ပဌမစိတ်သည် ဖြစ်လေ၏။

မနောဒွါရဝဇ္ဇန် ထင်ပုံ ။ ။ မြင်ပူး၊ ကြားပူး၊ နမ်းပူး၊ စားပူး၊ တွေ့ထိပူးသော အာရုံတို့၏ အစွမ်းဖြင့် မနောဒွါရဝဇ္ဇန် ထင်ခြင်းသည် ဖြစ်လာ၏။

အလွန်သပ္ပါယ် ကြည်ညိုဖွယ်ရှိသော မဟာစေတီကြီး၌ အလွန်ကောင်းမြတ်သော ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား စသည်တို့ကို လျှဒါန်း ပူဇော်၍ လက်ျာရစ် လှည့်လည်၍ ထိခြင်း ဝါးမျိုးဖြင့် ရှိခိုးပြု၍ မတ်မတ်ရပ်လျက် လက်အုပ်ချီ၍ စေတီတော်ကို မော်ပူးပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားလျှင် အာရုံရှိသော ပိတိကို ယူ၍ ရပ်တည်၏။

ထိုမှ နောက်အဖို၌ ပီမိပူးမြော်ခဲ့ပူးသော အာရုံကို ဆင်ခြင်သည်ရှိသော် စေတီတော်ကို လက်ျာရစ်လှည့်၍ ပူးမြော်ပုံများသည်လည်းကောင်း၊ ပန်းစသည် ပူဇော်ခဲ့ပုံများသည်လည်းကောင်း၊ ရှိခိုးခဲ့ပုံများသည်လည်းကောင်း မျက်စိထဲ၌ ပြန်၍ မြင်ယောင်၊ ထင်ယောင် ဖြစ်လာလေ၏။ ယင်းသည် မြင်ပူးသည်ကို စွဲ၍ မနောဒွါရဝဇ္ဇန် ထင်လာခြင်းတည်း။ ကျန်သော သဒ္ဒါရုံတို့ကိုလည်း ဤနည်းမှိ သိပါလေ။

မဟာကုသိုလ်စိတ်ဖြစ်ပုံ ။ ။ ကုသိုလ်လည်း ဖြစ်ရ၊ ဝမ်းမြောက်ဝမ်းသာ သောမနဿလည်း ဖြစ်ရသော အာရုံများကား ဂန္ဓာရုံတည်း။ ထိုဂန္ဓာရုံကား တာဏှာ၊ လောဘ၏ အစွမ်းဖြင့် အကုသိုလ်လောဘမူသောမနဿ ဖြစ်ထိုက်သော ဂန္ဓာရုံ၊ သဒ္ဒါ, သတိ စသည်၏ အစွမ်းဖြင့် မဟာကုသိုလ် သောမနဿ ဖြစ်ထိုက်သော ဂန္ဓာရုံ – ဟူ၍ ရှိလေရာ အလွန်ကြည်ညိုဖွယ်ကောင်းသော ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး အာရုံတို့ကား သဒ္ဒါ စသည် ဖြစ်ထိုက်သော မဟာကုသိုလ် သောမနဿ အာရုံတို့တည်း။

ဤ၌ ဂန္ဓာရုံဟုဆိုလျှင် တပ်နှစ်သက်ဖွယ်ကောင်းသော လောဘ၏ တည်ရာဖြစ်၍ အဘယ်ကြောင့် ကုသိုလ်ဖြစ်ထိုက်သနည်း? ဟု မေးဖွယ်ရှိ၏။

အဖြေကား ...

နိယမိတ ဝသေန – ကုသိုလ်ပြုခြင်း၌ အမြဲသတ်မှတ်အပ်သော စိတ်၏အစွမ်းကြောင့်လည်းကောင်း၊

ဝဇိဏာမိတ ဝသေန – ကုသိုလ်ပြုခြင်း၌ ညွတ်စေအပ်ပြီးသော စိတ်၏အစွမ်းကြောင့်လည်းကောင်း၊

သမုဒါစာရ ဝသေန – ရှေး၌ ကောင်းစွာလေ့ကျက်အပ်ပြီးသော စိတ်၏အစွမ်းကြောင့်လည်းကောင်း၊

အာဘုဇိတ ဝသေန – နှလုံးသွင်းခြင်း၏ အစွမ်းကြောင့်လည်းကောင်း – ဤကုသိုလ်စိတ်သည် ဖြစ်လေ၏။

ချဲ့ဉီးအံ့ ။ ရတနာသုံးပါးနှင့်စပ်သော ဂန္ဓာရုံတို့၌ ကုသိုလ်ရှင်တို့သည် ကုသိုလ်ကိုသာ ပြုထိုက်၏ ဟု ကုသိုလ်ပြုခြင်း၌ စိတ်ကို အမြဲသတ်မှတ်ဆုံးဖြတ်အပ်ပြီး ဖြစ်လေ၏။

အကုသိုလ်ဖြစ်ခြင်းမှ ဆုတ်နစ်စေ၍ ကုသိုလ်ပြုခြင်း၌သာ စိတ်ကို ညွတ်စေအပ်ပြီး ဖြစ်၏။

ရှေးကပင် ဤသို့ ကုသိုလ်ပြုခြင်းကို အဖန်ဖန် အလေ့အကျက် ပြုအပ်ပြီးလည်း ဖြစ်၏။

သင့်တင့်လျောက်ပတ်သော အရပ်၌နေခြင်း၊ သူတော်သူမြတ်တို့ကို မှီခိုခြင်း၊ သူတော်ကောင်းတရားကို နာခြင်း၊ ရှေးရှေးဘဝတွေက ကောင်းမှုကုသိုလ်ကို ပြုခဲ့ဖူးခြင်း ဤသို့ ဥပနိဿယဝတ္ထုညီးတို့ကြောင့် ၈။ –

အားကြီးသော မိုရာအကြောင်းတို့ကြောင့် ကုသိုလ်ဖြစ်အောင် သင့်သော နှလုံးသွင်းခြင်းသည်လည်း ဖြစ်၏။

ဤသို့ အပြဿတ်မှတ်အပ်သော စိတ်၏ အစွမ်းကြောင့်လည်းကောင်း၊ ညွတ်စေအပ်ပြီးသော စိတ်၏ အစွမ်းကြောင့်လည်းကောင်း၊ ရှေးဦး ကောင်းစွာ အလေ့အကျက် ပြုအပ်သော စိတ်၏ အစွမ်းကြောင့်လည်းကောင်း၊ နှလုံးသွင်းခြင်း၏ အစွမ်းကြောင့်လည်းကောင်း ကုသိုလ်မည်သည် ဖြစ်လေ၏။

သောမနဿစိတ် ဖြစ်ပုံများ ။ ။ ရတနာသုံးပါး ဟူသော ဂုဏ်ရည်ကို ဖြစ်သည်၏ အဖြစ်ကြောင့် ဤမဟာကုသိုလ် စိတ်သည် သောမနဿ ဝေဒနာနှင့်တကွ ဖြစ်၏။ ဤသို့ ရတနာသုံးပါး ဂုဏ်ရည်ကို သောမနဿ ဖြစ်ကြသူတို့ကား သဒ္ဓါတရားအားကောင်းခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်၏။

ချဲ့ဉီးအံ့ ။ သဒ္ဓါတရား မရှိသူသည်လည်းကောင်း၊ ဝိစ္ဆာဒိဋ္ဌိသမားတို့သည်လည်းကောင်း ကောန် ဂုဏ်ရည်ဖြစ်သော မြတ်စွာဘုရား၏ အဆင်းတော်ကိုသော်မှလည်း မြင်ရ၍ သောမနဿ မဖြစ်ကြပေ။ ထို့ပြင် သူတစ်ပါး တိုက်တွန်းမှုကြောင့် ကုသိုလ်ကို ပြုကြရာတွင် ကုသိုလ်၏ အကျိုးအာနိသင်ကို မသိမမြင်ကြသူတို့လည်း သောမနဿ မဖြစ်ကြပေ။

ထို့ကြောင့် သဒ္ဓါတရား အားကောင်းသူများ၊ အယူစင်ကြယ်သူများ၊ ကုသိုလ်၏ အကျိုးအာနိသင်များကို သိမြင်ကြသူများသာ ဤပဌမ မဟာကုသိုလ်စိတ်ဖြစ်ရာ၌ သောမနဿ သဟဂုတ်စိတ် ဖြစ်နိုင်လေသည်။

ထို့မှတစ်ပါး ဗုဒ္ဓံနုဿတိ စသော အနုဿတိ ဘာဝနာကို ပွားများသူများသည်လည်းကောင်း၊ ဒေါသကြီးခြင်း စသော ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ မေတ္တာတရား အားကြီးသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း ရှိသူသည်လည်းကောင်း၊ ကြည်ညိုဖွယ်ကောင်းသော တရားများ, သုတ္တန်များကို ဆင်ခြင်ခြင်း ရှိသူသည်လည်းကောင်း၊ ဗိတိသမ္မောဂျင်၌ စွဲမြဲသက်ဝင်နေသူသည်လည်းကောင်း ဤမဟာကုသိုလ်စိတ်ဖြစ်ရာ၌ သောမနဿ သဟဂုတ်စိတ်ပါ ဖြစ်နိုင်လေသည်။

ဉာဏသမ္ပယုတ်စိတ် ဖြစ်ပုံများ ။ ။ သောမနဿစိတ်ဖြစ်ပုံကို သိမြင်ပြီးနောက် ဉာဏသမ္ပယုတ်စိတ်ဖြစ်ပုံကိုလည်း သိမြင်နိုင်၏။

၁။ ဉာဏ်၏ အဆောတ်အဦး ဖြစ်သော ဇဝ်ကို ဖြုတ်ခဲ့ခြင်း၊

၂။ ဖြတ်ဘုံ၌ ဖြစ်ခြင်း၊

၃။ ပညိန္ဒြေ ရင့်ကျက်ခြင်း၊

၄။ တိလေသာတို့မှ ဝေးကွာခြင်း –

ဤအကြောင်းလေးမျိုးတို့ကြောင့် မဟာကုသိုလ်စိတ်၌ ဉာဏသမ္ပယုတ် စိတ် ဖြစ်ပုံကို သိထိုက်ပေ၏။

၁။ ဉာဏ်ကောင်းစေသော ကံကို ပြုခဲ့ခြင်း ။ ။ ရှေးဘဝတွေက သူတစ်ပါးတို့အား တရားဟောကြားခဲ့ခြင်း၊ အပြစ်ကင်းသော ဆင်စီး၊ မြင်းစီး၊ ကုန်သွယ်၊ လယ်လုပ်စသော အသက်မွေးခြင်းအကြောင်း အတတ်ပညာများကို သင်ကြားပေးခဲ့ခြင်း၊ တရားဟော ဓမ္မကထိကကို ကောင်းစွာပူဇော်၍ လူအများတရားနာနိုင်အောင် တရားပွဲများ ကျင်းပပေးခြင်း၊ နောင်အခါ၌ ပညာရှိသူ ဖြစ်ရပါလိမ့်ဟူ၍ ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ ဆုတောင်းခြင်း၊ ရှေးကပြုခဲ့သော ဤသို့ သဘောရှိသောကံကို မှီ၍လည်း ဉာဏသမ္ပယုတ်စိတ် ဖြစ်နိုင်လေသည်။

၂။ ဖြဟ္ဟာပြည်၌ ဖြစ်ခြင်း ။ ။ ဒေါမနဿ ဗျာပါဒ မရှိသော ဖြဟ္ဟာပြည်၌ ဖြစ်သောသူသည်လည်း ဉာဏသမ္ပယုတ်စိတ် ဖြစ်၏။ လူပြည်က တရားအားထုတ်၍၊ ဖြဟ္ဟာပြည်၌ ဖြစ်သောသူသည် မိမိရှေးဘဝက အားထုတ်ခဲ့သော တရားကို ပြန်၍အောက်မေ့သော် အောက်မေ့နေရသော သတိက ကြာနိုင်သေး၏။ အောက်မေ့မိသည်နှင့် တစ်ဆက်တည်း တရားထူးရဖို့ရာ အလွန်လျင်မြန်ပေ၏။

၃။ ဉာဏ်ပညာ ရင့်ကျက်ခြင်း ။ ။ ပညိန္ဒြေ၌ ဉာဏ်ပညာရင့်ကျက်ခြင်းသို့ရောက်သော ပုဂ္ဂိုလ်တို့၌လည်း ဉာဏ်ပညာ ရင့်ကျက်မှုကို မှီ၍ ဉာဏသမ္ပယုတ်စိတ် ဖြစ်နိုင်လေ၏။

၄။ ကိလေသာ ဝေးကွာခြင်း ။ ။ တရားဘာဝနာကို ကြိုးစားအားထုတ်၍ ဘာဝနာ၏ အစွမ်းဖြင့် ကိလေသာဝေးကွာနေသူ၌လည်း ကိလေသာဝေးကွာနေမှုကို မှီ၍ ဉာဏသမ္ပယုတ်စိတ် ဖြစ်နိုင်လေ၏။ ထို့ကြောင့် ဘုရားရှင်က ဘာဝနာအားထုတ်သော သမာဓိကြောင့် ကြီးမားသော ဉာဏ်ပညာဖြစ်၏။ တရားဘာဝနာကို အားမထုတ်ခြင်းကြောင့် ဉာဏ်ပညာ ကုန်ခန်း၏ဟု ဟောတော်မူထားလေ၏။

ဉာဏ်ဖြစ်နိုင်သော အခြားအကြောင်းများ ။ ။ ထိုတွင်မက အဘိဓမ္မာတရားများ၊ သမထ, ဝိပဿနာတရားများကို ပညာရှိတို့ထံ ချဉ်းကပ်၍ မေးမြန်းလေ့ရှိသူသည်လည်းကောင်း၊ မိမိကိုယ်နှင့်တကွ မိမိနေထိုင်ရာ ဝန်းကျင်ကို သန့်ရှင်းအောင် ပြုခြင်းသည်လည်းကောင်း၊ သင်္ခါနှင့် ပညာ၊ ဝိရိယနှင့် သမာဓိတို့ကို ညီမျှစေခြင်းသည်လည်းကောင်း၊ ပညာမရှိသူကို ရှောင်ကြဉ်၍ ပညာရှိသူကို မှီဝိုဆည်းကပ်ခြင်းသည်လည်းကောင်း၊ နက်နဲသော သုတ္တန်တရားများကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်ခြင်းသည်လည်းကောင်း ဉာဏသမ္ပယုတ်စိတ်များ ဖြစ်နိုင်သော အကြောင်းများတည်း။

အသင်္ခါရိကစိတ် ။ ။ ကုသိုလ်ပြုရာ၌ တွန့်ဆုတ်မှုမရှိဘဲ၊ သူတစ်ပါး တိုက်တွန်းမှု မပါဘဲ မိမိကိုယ်တိုင်ကစိတ်ပါလက်ပါ တက်တက်ကြွကြွ အားတက်သရော ပြုလုပ်အပ်သော ကုသိုလ်သည် အသင်္ခါရိကကုသိုလ်တည်း။ ဤသို့ မဟာကုသိုလ် ပဌမစိတ်၌ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဖြစ်ပုံကို သိအပ်ပေ၏။

(အဘိ၌ - ၁ - ၁၁၃ / ၁၁၈)

ရူပါရုပ္ပဏ်ာဝါ ဓာသည် အပ္ပဉ်၌ ဆောင်ရန်လက်ကျန်များ

၁။	ရူပါရုံစမ္ဘန်၊	အာခြောက်ထန်၊	ဆက်ပြန်ဖွင့်ဆိုသည်။
၂။	နာမ်ထရားအား၊	ပြလိုပြား၊	ထုရားမြတ်စွာထည်၊
၃။	ဝတ္ထု့ အာရုံ၊	ထိစွဲစုံ၊	ထုတ်ပိုပြဆိုထည်။
၄။	စတ္ထုပ္ပထာဒ၊	အမှီရ၊	ဖဿဖြစ်ပေါ် သည်။
၅။	ထိုနည်းထူ့၊	ဝိညာဏ၊	ဖြစ်ရပြန်လေသည်။
၆။	ဝတ္ထုရုပ်ဖြင့်၊	နာမ်ထိုထင့်၊	ပြလေင့်သိုဝ်ထည်။
၇။	အဆင်းဒ္ဒါထာ၊	မှတ်လေရာ၊	သညာဖြစ်ပေါ် ထည်။
၈။	ဓမ္မာရုံမှာ၊	မှတ်လေရာ၊	သညာဖြစ်ပေါ် ထည်။
၉။	အာရုံများဖြင့်၊	နာမ်ထိုထင့်၊	ပြလေင့်သိုဝ်ထည်။
၁၀။	စက်၊ ရူ့, ဝိညာဉ်၊	သုံးခုပင်၊	ပေါင်းဟုဉ်ဖက်ဖြစ်ထည်။
၁၀။	စိတ်, ဓံ, ဝိညာဉ်၊	သုံးခုပင်၊	ပေါင်းဟုဉ်ဖက်ဖြစ်ထည်။
၁၂။	အာရုံ, ဝတ္ထု့	ဒုစ်မျိုးဟု၊	ပြမှုသိရမည်။
၁၃။	အဝိဇ္ဇပစ္စယာ၊	သင်္ခါရာ၊	ပြရာများဒ္ဒါထည်၊
၁၄။	ထိစွရိုခြင်း၊	နာမ်ထိုထင်း၊	ပြခြင်းဖြစ်လေထည်။
၁၅။	တုစိတ်ပြတာ၊	အာရုံသာ၊	ကောင်းစွာသိုဝ်ထည်။
၁၆။	အဆင်းမျိုးစုံ၊	ရူပါရုံ၊	ဤပုံသိရမည်။
၁၇။	ပသာ, သုခ့၊	ပညတ်တု၊	နာမ်စု, နိများသည်၊
၁၈။	စိတ်၏အာရုံ၊	ဖြစ်ပါတုန်၊	ဓမ္မာရုံဖြစ်လေထည်။
၁၉။	အဆင်းရူပါ၊	စတ္ထုမှာ၊	ထင်လာဧထာခါထည်၊
၂၀။	မနောဒ္ဒါရာ၊	တစ်ပြိုင်သာ၊	ထင်လာသိရမည်။
၂၁။	သစ်ကိုင်းတွင်နား၊	ဌက်သို့ပြား၊	ထင်ရှားသိုဝ်ထည်။
၂၂။	သစ်ကိုင်းနားခြင်း၊	ရုပ်ထင်ခြင်း၊	ပြိုင်ခြင်းဖြစ်လေသည်။
၂၃။	စက္ခု့ မနော၊	ဤသဘော၊	ဉာဏ်နှောသိရမည်။
၂၄။	ဇောခုနစ်ကြိမ်၊	တုစိတ်ဖြိန်၊	ဖြစ်ချိန်သိုဝ်ထည်။
၂၅။	မြင်ဖူးအာရုံ၊	မနောဟုန်၊	မြင်တုန်လာခြင်းသည်၊
၂၆။	မြင်ဖူးစွမ်းဖြင့်၊	မနောထင့်၊	ထင်လင့်သိရမည်။

၂၇။ ကုသောဖြစ်ရာ၊ အာရုံမှာ၊ ကုန်ဘာဖြစ်လေသည်။
၂၈။ သဒ္ဓါအာရုံ၊ လောအာရုံ၊ နှစ်ရုံရှိုးလေသည်။
၂၉။ တုရားစဖြာ၊ အာရုံမှာ၊ သဒ္ဓါဖြစ်ထိုက်သည်။
၃၀။ သဒ္ဓါဖြစ်လာ၊ ကုမဟာ၊ ထပ်ခါဖြစ်ပြန်သည်။
၃၁။ လောဘတည်ရာ၊ ကုန်ဘာမှာ၊ ကုသလာ ဖြစ်ခြင်းထည်၊
၃၂။ အမြဲမွတ်ခြင်း၊ စိတ်ညွတ်ခြင်း၊ လေ့,သွင်း,စွမ်းဖြင့်သည်၊
၃၃။ ကုသိလ်တရား၊ တဖွားဖွား၊ ဖြစ်ကြားသိရမည်။
၃၄။ ကုသိလ်စိတ်မှာ၊ သောမနာ၊ ဖြစ်လာဖို့ရာသည်၊
၃၅။ သဒ္ဓါကင်းကွာ၊ ယူများရာ၊ ဝမ်းသာမဖြစ်ပြီ။
၃၆။ ကုသိလ်ပြုလျှင်၊ အကျိုးအင်၊ မမြင်သူများသည်၊
၃၇။ ကုပြုရုံသာ၊ စိတ်မပါ၊ ဝမ်းသာမရှိပြီ။
၃၈။ သဒ္ဓါကောင်းသူ၊ ယူမနှံသူ၊ ဖြစ်သူများတို့သည်၊
၃၉။ ကုသိလ်ပြုရာ၊ သောမနာ၊ ကောင်းစွာဖြစ်ကြသည်။
၄၀။ ထိုမှတစ်ခါ၊ သောမနာ၊ ဖြစ်လာနိုင်ဖို့သည်၊
၄၁။ ရတနာသုံးပါး၊ ဂုဏ်တော်များ၊ ပွားများကြရမည်။
၄၂။ ဒေါသသမား၊ လူရမ်းကား၊ ရှောင်ရှားပြုရမည်။
၄၃။ မေတ္တာတရား၊ ကြိုးသူအား၊ မှီငြားပြုရမည်။
၄၄။ ဖိတီဟောလျှင်၊ ကောင်းစွာပင်၊ သက်ဝင်ကြရမည်။
၄၅။ ဉာဏ်သမ္ပယုတ်စိတ်၊ ထပ်ခါခါတ်၊ ဖြည့်သိပ်ဖို့ရာသည်၊
၄၆။ ရှေ့ကံရှိရာ၊ ထက်ပြဟ္မာ၊ ကောင်းစွာဖြစ်နိုင်သည်။
၄၇။ ဉာဏ်ရင့်ကျက်ခြင်း၊ ကိဝေးခြင်း၊ မယွင်းဖြစ်နိုင်သည်။
၄၈။ ထိုမှတစ်ခါ၊ ဉာဏ်ပညာ၊ ကောင်းလာစေဖို့သည်၊
၄၉။ အဘိတစ်ခန်း၊ ထ,ဝိလှမ်း၊ မေးမြန်းကြရမည်။
၅၀။ သန့်သန့်ရှင်းရှင်း၊ ရှုပ်ထွေးကင်း၊ နေခြင်းပြုရမည်။
၅၁။ သဒ္ဓါ,ပညာ၊ ရိ,သမာ၊ ညီစွာထားရမည်။
၅၂။ ပညာမဲ့အား၊ ရှောင်လေငြား၊ ရှိအားမှီရမည်။
၅၃။ နက်နဲသည်ထင်၊ တရားပင်၊ ဆင်ခြင်ကြရမည်။
၅၄။ ဓမ္မဟောလျှင်၊ ကောင်းစွာပင်၊ သက်ဝင်ကြရမည်။

၅၅။	ဤအတြေးပေါင်းများ၊	ဉာဏ်စိတ်အား၊	ဖြစ်ပွားထိရမည်။
၅၆။	အသစ်အသစ်ရောက၊	စိတ်ထိုဝ၊	ရကြွေ့ရောထည်၊
၅၇။	တိုက်တွန်းလေ့ပ်တာ၊	တွန့်ဆုတ်တာ၊	ကင်းတွာပြုရမည်။
၅၈။	စိတ်ပါလက်ပါ၊	အားထက်စွာ၊	ကောင်းစွာပြုရမည်။
၅၉။	ထုထိုလိမ်စိတ်မှာ၊	ဉာဏ်လဲပါ၊	ဓာတ်ပါပါလေထည်။
၆၀။	အတိမ္မောတရား၊	ထိုအောင်များ၊	ထိုးစားထရမည်။

ရူပါရုမ္မဏံ ဇါ စသည် အဖွင့်၌ ကိုယ်ကျင့်တရားများ ပြီး၏။

ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ဝေဖန်ခြင်းငှ ကိုယ်ကျင့်တရားများ

ကုသိုလ်စိတ် အမှတ်အသား သုံးမျိုး ။ ။ သောမနဿ သဟဂုတ် ဉာဏ်သမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပဌမစိတ် ဖြစ်ရာ၌ အလိုလို ဖြစ်သည်မဟုတ်။ ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်များကို ပြုလုပ်ရ၏။ ပုညကြိယာဝတ္ထု (၁၀)ပါးရှိသော်လည်း ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးငှ ဝင်လေ၏။ ဒါန၊ သီလ၊ ဘာဝနာ လုပ်ငန်းတွေ မပါဘဲ ကုသိုလ်စိတ် ဖြစ်နိုင်သည်ကား မဟုတ်ပေ။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ သုံးပါးသည် 'တိဝိဓ နိယမ' ကုသိုလ်စိတ် ဖြစ်ခြင်း၏ အမှတ်အသား သုံးမျိုး ဖြစ်လေ၏။ ဆိုလိုသည်ကား – ကုသိုလ်စိတ်ဖြစ်ခြင်းသည် ဒါန အဖြစ်ဖြင့်ဖြစ်စေ၊ သီလ အဖြစ်ဖြင့်ဖြစ်စေ၊ ဘာဝနာ အဖြစ်ဖြင့် ဖြစ်စေ တစ်ခုခုသော အမှတ်အသားဖြင့် ဖြစ်ရ၏ဟု ဆိုလိုပေသည်။

ရူပါဂုံ ကုသိုလ် ။ ။ ပါဠိတော်၌ 'ကျိမဟာကုသိုလ် ပဌမစိတ်သည် အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြု၍ ဖြစ်ဆဲဖြစ်၏' ဟု မြတ်စွာဘုရား ဟောတော်မူထား၏။ ရူပါဂုံကို အာရုံပြု၍ ဖြစ်သော ကုသိုလ်သည် ဒါနအစွမ်း၊ သီလအစွမ်း၊ ဘာဝနာအစွမ်းတို့ဖြင့် ဖြစ်ပေါ်လာရ၏။

ရူပါဂုံ ဒါနကုသိုလ် ။ ။ ရူပါဂုံအရ အဆင်းကို ယူရသောကြောင့် မိမိ၏ အလှူဝတ္ထုကို အဆင်းအနေဖြင့် လှူလှျှင် ရူပါဂုံဒါန ဖြစ်လေ၏။ အဆင်း၌လည်း အနီ, အညို, အဝှေ, အဝါ, အပြူ စသည်ရှိပြန်ရာ မိမိနှစ်သက်သော အဆင်းဖြင့် လှူနိုင်လေ၏။

ဟို ... သီဟိုဠ်ခေတ်က ဘဏ္ဍာတိုက်စိုးဖြစ်သော သံဃမိတ္တာအမတ်သည် ရွှေဖြင့် စီခြယ်ထားသော အဝတ်တစ်ထည်ကို ရ၍ 'ဤအဝတ်သည်လည်း ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ မြတ်စွာဘုရားသည်လည်း ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူ၏။ ဤအဝတ်သည် မြတ်စွာဘုရားအား လျှောက်ပတ်၏။ ငါတို့၏လည်း ရူပါဂုံအဆင်းအလှူသည် ဖြစ်လတ္တံ့' – ဤသို့ ကြံ၍ မဟာစေတီ၌ တင်လှမ်းလှူလေ၏။ ဤသို့ သဘောရှိသော အလှူသည် ရူပါဂုံ ဒါနကုသိုလ် ဖြစ်လေ၏။

ရူပါဂုံ သီလကုသိုလ် ။ ။ သီလသည် စာရိတ္တသီလ၊ ဝါရိတ္တသီလ ဟု၍ နှစ်မျိုးရှိ၏။ ဘိုးဘွားမိဘ စသည်ဖြင့် မျိုးရိုးစဉ်ဆက်မှလာသော ကောင်းမြတ်သောအကျင့်များကို ထိန်းသိမ်းလိုက်နာသော အကျင့်သည် စာရိတ္တသီလမည်၏။ မကောင်းမှု အကုသိုလ်များကို ရှောင်ကြဉ်၍ ကျင့်ရသော ငါးပါး၊ ရှစ်ပါး စသော သီလများသည် ဝါရိတ္တသီလမည်၏။ ဤ၌ စာရိတ္တသီလတည်း။

ထိုသို့ အရောင်အသွေး၊ အဆင်းအားဖြင့် ကောင်းမွန်သော အလှူဝတ္ထုကို ရ၍ 'ဤပေးလှူခြင်းသည် ငါတို့ အမျိုး၏ အစဉ်အဆက်တည်း။ ထုံးတမ်းစဉ်လာတည်း။ ကျင့်ဝတ်တည်း' ဟု နှလုံးသွင်း၍ ဘုရား စသော ရတနာသုံးပါးတို့အား ပေးလှူ ပူဇော်လျှင် ရူပါဂုံသီလကုသိုလ် ဖြစ်လေ၏။

ရူပါရုံ ဘဝနာ ကုသိုလ် ။ ။ ထိုသို့ ရူပါရုံ အဆင်းအားဖြင့် ကောင်းမွန်သော အလှူဝတ္ထုတို့ကို ရတနာသုံးပါးအား ပေးလှူပူဇော်ပြီး၍ ဤအဆင်းအလှသည်လည်းကောင်း၊ အခြားသော အဆင်းအလှ တို့သည်လည်းကောင်း ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်လတ္တံ့ဟု ကြံ၍ ကုန်ခြင်း၊ ပျက်ခြင်းသဘောရှိပုံကို အဖန်ဖန် နှလုံးသွင်း ရှုပွားလျှင် ဝိပဿနာဘာဝနာကုသိုလ် ဖြစ်လေ၏။

ဂဲသုံးပါး ကုသိုလ် ။ ။ ထိုသို့ လှူရာ၌ အလှူပေးရန် ကြံစည်ခြင်းသည် မနောကံကုသိုလ် မည်၏။ သားသမီး၊ သားမယားစသည်တို့အား 'ပေးလှူကြကုန်လော့' ဟူ၍ နှုတ်ဖြင့် တိုက်တွန်း၍ လှူစေခြင်းသည် ဝစီကံကုသိုလ် မည်၏။ ပိဝိကိုယ်တိုင် ကပ်လှူခြင်းသည် ကာယကံကုသိုလ် မည်၏။

ဥပ္ပလဝဏ်၏ အဆင်းအလှ ။ ။ မြတ်စွာဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြို့ သူဌေးကြီး၏ သမီး ဥပ္ပလဝဏ်၏ အဆင်းသည် ကြာညှိပန်းကဲ့သို့ အဆင်းရှိ၏။ ထို့ကြောင့် ဥပ္ပလဝဏ္ဏာ ခေါ်၏။ အရွယ်ရောက်သောအခါ၌ ဇမ္ဗူဒီပ်အလုံး၌ ရှိကြသော မင်းများ၊ သူဌေးများ အားလုံးကပင် ဖခင်သူဌေးကြီးထံတွင် 'သမီးကို ပေးပါရန်' တောင်းခံကြကုန်၏။

ထိုအခါ ဖခင်သူဌေးကြီးသည် -

'ငါ့ကား သမီးတစ်ယောက်တည်းဖြင့် သမီးကို တောင်းခံသူအားလုံးကို ပေးခြင်းငှါ မတတ်နိုင်' ဟု ကြံစည်၍ သမီး ဥပ္ပလဝဏ်အား ရဟန်းမ ပြုစေလေ၏။ ထိုဥပ္ပလဝဏ်သည် ရဟန်းမ ပြု၍ ရဟန္တာဖြစ်ကာ တန်ခိုးအရာ၌ ဇေတဝန်ဘွဲ့ ရလေ၏။ ထိုကဲ့သို့ ကြာညှိပန်းအဆင်းရှိရသည်ကား လွန်ခဲ့သော တတိယဘဝက ပဒွေကဗုဒ္ဓါ ရှစ်ပါးတို့အား ကြာညှိပန်း ရှစ်လက်ကို လှူ၍ ကြာညှိပန်း အဆင်းကဲ့သို့ အဆင်းရှိသူ ဖြစ်ရပါလို၏ ဟု ဆုတောင်းခဲ့ခြင်းကြောင့် ဖြစ်၏။

(ထေရီ - ၅ - ၁၉၇)

အရှင်မဟာကစ္စည်း၏ အဆင်းအလှ ။ ။ မြတ်စွာဘုရားရှင် လက်ထက်တော်က သောရေယျမြို့ သောရေယျ သူဌေးသားသည် သူငယ်ချင်းအဖော်နှင့် ကောင်းသောယာဉ်ကို စီး၍ ရေချိုးရန်အလို့ငှါ မြို့မှ ထွက်လာသော် မြို့ပြင်၌ ဆွမ်းခံကြွလိုသည့်အတွက် သက်နှံးရုံနေသော အရှင် မဟာကစ္စည်းထေရ်ကို တွေ့မြင်လေ၏။ သက်နှံးရုံနေဆဲ ဖြစ်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသော အရှင်မဟာကစ္စည်းထေရ်၏ ကိုယ်ကို တွေ့မြင်လေသည်ဖြစ်၍-

'ဤမထေရ်သည်မူလည်း ငါ့မယားဖြစ်မူ ကောင်းလေစွ ... ငါ့မယား၏ ကိုယ်သည်လည်း ဤမထေရ်၏ ကိုယ်အဆင်းကဲ့သို့ဖြစ်မူ ကောင်းလေစွ...' ဟူ၍ ကြံမိလေ၏။

ရဟန္တာမထေရ်အား ပြစ်မှားသော ထိုမနောကံကြောင့် ယောကျ်ားအသွင်ကွယ်၍ မိန်းမအသွင် ဖြစ်လေ၏။ ရှက်လှသဖြင့် တက္ကသိုလ်မြို့သို့ ထွက်ပြေးလေ၏။ နောင်အခါ၌ အရှင်မဟာကစ္စည်းအား တောင်းပန်သဖြင့် ယောကျ်ားအသွင် ပြန်ဖြစ်ကာ ရဟန်းပြု၍ တရားအားထုတ်လေလျှင် ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

(ဓမ္မ ၅ - ၁ - ၂၀၇)

အချို့သော ပိန်းမတွေထက်ပင် ရွှေအဆင်းကဲ့သို့ ကိုယ်ရေအဆင်း ဝါဝင်းသော အဆင်းနှင့် ပြည့်စုံခြင်းသည် အရှင်မဟာကစ္စည်းထေရ်သည် ကဿပ ဘုရားရှင်လက်ထက် ကဿပ ဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ၌ ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာ၍ ရွှေစေတီကြီး တည်ဆောက်ကြသည်ရှိသော် ထေရ်အလောင်းသည် အဝိုးတစ်သိန်းထိုက်သော ရွှေအုတ်တစ်ချပ်ကို လှူ၍ ... *'ဖြစ်ရာဘဝ၌ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ခန္ဓာကိုယ် ဖြစ်ရပါလိုၾကောင်း...'* ဟု ဆုတောင်းခြင်း၏ အစွမ်းဖြင့် ထိုသို့ ရွှေအဆင်းရှိသော ကိုယ်ကိုရခြင်း ဖြစ်လေသည်။

(အင် ၅ - ၁ - ၁၆၁)

ပဘာဝတီနှင့် အရောင်အလင်း ။ ။ ကုသဇာတ်တော်၌ ပဘာဝတီမင်းသမီး၏ ကိုယ်ရောင်အဆင်းသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသည့်အပြင် ညဘက်၌ ခုနစ်တောင်တိုက်ခန်း မီးမထွန်းဘဲနှင့် လင်းလောက်အောင် ကိုယ်အရေအဆင်း ကောင်းမွန်လေ၏။ ဘုရားလောင်း မင်းကုသ အရုပ်ဆိုးလှသဖြင့် *'ဒီလောက် အရုပ်ဆိုးလှသော မင်းနှင့် မပေါင်းနိုင်ပါဘူး...'* ဟု ပြောဆိုကာ မိဘအိမ်သို့ ပြန်ပြေးလေ၏။ ကုသမင်းကြီး မနည်းကြိုးစားပမ်းစား ရအောင် ပြုလုပ်ရလေ၏။

ပဘာဝတီမင်းသမီးသည် ထိုမျှ အရေအဆင်း ဝါဝါဝင်းဝင်း ထွန်းလင်း လှပခြင်းသည် တစ်ခုသောဘဝ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား စကားပွင့် အဆင်းနှင့်တူသော အရည်ဝင်းလွဲနေသော ထောပတ်ကို သပိတ်အပြည့် လှူလေ၏။ ထိုထောပတ်အဆင်းမှ အရောင်တလဲ့လဲ့ ထွက်လေ၏။ ထိုအရောင်ကို မြင်၍ ပဘာဝတီအလောင်းသည် *'ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ကိုယ်မှ အရောင်ထွက်၍ မြတ်သောအဆင်း ရှိရပါလိုၾက...'* ဟု ဆုတောင်းလေ၏။ ထို့ကြောင့် ယခုဘဝ၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းကို ဆောင်ပြီး ခုနစ်တောင်တိုက်ခန်း မီးမထွန်းရဘဲ လင်းအောင် ကိုယ်မှ အရောင်ထွက်ခြင်း ဖြစ်လေ၏။

(ဇာ ၄ - ၅ - ၃၀၆)

သန္ဒါရုံ မဟာကုသိုလ် ။ ။ အသံမျိုးစုံ - သန္ဒါရုံကို လှုံ့ဆော်၍ကား အသံကို ကြားညှိစည်းကဲ့သို့ လက်ပေါ်တင်၍ လှုံ့ခြင်းငှါ မတတ်ကောင်း။ အသံ၏ တည်ရာ ဝတ္ထုကိုပါ ပေးလှုံ့ခြင်းသည် အသံအလှုံ့ ဖြစ်ပေ၏။

သန္ဒါရုံကို လှုံ့လိုသောပုဂ္ဂိုလ်သည် *'ဤအား အသံအလှုံ့သည် ဖြစ်စေအံ့'* ဟု ကြံစည်၍ ရတနာသုံးပါး တို့အား စည်ကြီး၊ မုရိုးစည် အစရှိသည်တို့တွင် တစ်ပါးပါးသော တူရိယာဖြင့် ပူဇော်၏။ ဓမ္မကထိက ရဟန်းတို့အား အသံကြည်ဆေး၊ ဆီ၊ တင်လဲ အစရှိသည်တို့ကို လှူ၏။ တရားနာနိုင်ဖို့ရန်အတွက် လူအများအား နှိုးဆော်တိုက်တွန်းမှု ပြု၏။ အနီးအနားရှိသူတို့အား တရားဟောပြောပေး၏။ သုတ္တန်များကို ရွတ်ဖတ်ပူဇော်၏။ ဤသည်တို့ကား သန္ဒါရုံ အလှုံ့တို့တည်း။ သီလကုသိုလ်၊ ဘာဝနာကုသိုလ် စသည်ဖြစ်ပုံတို့ကိုကား ရှုပါရုံဒါနကို နည်းမှီသိလေ။ ခေါင်းလောင်း၊ ကြေးစည်၊ ကြေးမောင်း၊ တိုးမောင်းတို့ကို လှုံ့ခြင်းသည်လည်း သန္ဒါရုံ ဒါန ဖြစ်လေ၏။

သဒ္ဒါရုံလှုံခဲ့သော သန္တတိအမတ်ကြီး ။ ။ ဗုဒ္ဓလက်ထက်တော်က သန္တတိအမတ်ကြီးသည် သူပုန်တွေနှင့် စစ်တိုက်၍ စစ်အောင်နိုင်သောကြောင့် ကောသလမင်းကြီးက ဆုလာဘ်အဖြစ် (ဂ)ရက် စည်းစိမ်ခံစားစေရာ အရက်သောက်၍လည်းကောင်း၊ ကချေသည်မနှင့် ပျော်မြူးရှင်လည်းကောင်း အချိန်ကို ကုန်လွန်စေလေ၏။ (ဂ)ရက်ပြောက်နေ့၌ ဆင်စီး၌ ရေချိုးရန် မြစ်ဆိပ်သို့ ထွက်လာခဲ့ရာတွင် သာဝတ္ထိပြို့တွင်းဌ ဆွမ်းခံထွက်ကြွတော်မူလာသော မြတ်စွာဘုရားနှင့် ဆုံမိသည်ဖြစ်၍ အရက်မူးမူးနှင့် ဆင်ပေါ်ကပင် မြတ်စွာဘုရားအား လက်အုပ်ချီကာ မြစ်ဆိပ်သို့ ဆက်သွားလေ၏။ ရေချိုးပြီး၌ ဥယျာဉ်သို့ ပြန်လာကာ အရက်သောက်ရင်း ကချေသည်မ၏ ကပြ ဖျော်ဖြေမှုကို အရသာခံကြည့်ရှုနေလေ၏။ သိချင်းဆိုရင်း၊ ကရင်းနှင့်ပင် ကချေသည်မသည် လေဖြတ်၍ သေလေ၏။ ကချေသည်မအပေါ်၌ စွဲလမ်းနှစ်သက်နေသော သန္တတိအမတ်ကြီး၏ ရင်သည် သောကမီး ရှို့မြိုက်သည်ဖြစ်၍ အကြီးအကျယ် ပူလောင်လေ၏။ ညနေပိုင်းလောက်တွင် သောကအပူ ငြိမ်းရာငြိမ်းကြောင်း မြတ်စွာဘုရားထံသွား၍ တရားနာရာ တရား၀ါထာ တစ်၀ါထာအဆုံးမှာပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤကဲ့သို့ အလွန်လျင်မြန်စွာ ရဟန္တာအဖြစ်သို့ ရောက်ခြင်းသည် လွန်ခဲ့သော (၉၁)ကမ္ဘာထက်က ဝိပဿီ မြတ်စွာဘုရား လက်ထက်၌ လူအပေါင်းတို့အား ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှု ပြုလုပ်အောင် နိဗ္ဗာန်ဆော် ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် ဖြစ်လေ၏။

(ဓမ္မ ၄ - ၂ - ၄၉/၅၁)

ဥဒေါဘဂ သဒ္ဒါရုံဒါန ။ ။ တာဝတိံသာ နတ်ပြည်၌ ဃောသကနတ်သားသည် နတ်သမီးတစ်ထောင် ခြံရံလျက် ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရ၏။ နားရင်း၌ တိုးတိုးသာသာ ပြောဆိုတိုင်ပင်သော ထိုနတ်သား၏ အသံသည် (၁၆) ယူဇနာ အရပ်တိုင်အောင် နှံ့လေ၏။ ပကတိသော စကားအသံသည်ကား ယူဇနာ တစ်သောင်းရှိသော နတ်ပြည်တစ်ပြည်လုံးကို လွှမ်းမိုးလေ၏။ ဤအကျိုးဆက်သည် လွန်ခဲ့သောဘဝက ခွေးအဖြစ်နှင့် အသံပြုခဲ့ရသော ကုသိုလ်ကံ၏ အကျိုးဆက်တည်း။

နွားကျောင်းသားအိမ်၌ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါတစ်ဆူအား နေ့စဉ် အပို့ အကြိုလုပ်ကာ ဆွမ်းဆက်ကပ်လှူလေ့ရှိ၏။ ထိုအိမ်၌ ထိုနွားကျောင်းသား မွေးမြူထားသော ခွေးတစ်ကောင်လည်း ရှိ၏။ နေ့စဉ် မြင်တွေ့နေရသည်ဖြစ်၍လည်းကောင်း၊ ထမင်းခဲကို ကျွေးသဖြင့်လည်းကောင်း ခွေးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ် အပေါ်၌ အလွန်ချစ်ခင်လျက်ရှိလေ၏။ နွားကျောင်းသား မကြိုနိုင်သောအခါ၌ ခွေးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းစား ရန်အတွက် သွား၍ ကြိုရလေ၏။ လမ်း၌ သားရဲများ မရှိအောင် အူဟောက်၍ သွား၏။ ပစ္စေကဗုဒ္ဓါ သီတင်းသုံးတော်မူသော ကျောင်းသို့ ရောက်လျှင် ရောက်ပြီဖြစ်ကြောင်း အူဟောက်၍ အသိပေး၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ကျောင်းမှ ထွက်ကြွလာလျှင် အူဟောက်၍ ကြိုဆို၏။ ဤကဲ့သို့သော အူဟောက်ခြင်း အသံကုသိုလ်ကံကြောင့် ခွေးဘဝက သေလွန်သောအခါ ထိုကဲ့သို့ တာဝတိံသာနတ်ပြည်၌ အသံဩဇာပြည့်စုံသော ဃောသကနတ်သား ဖြစ်ရလေ၏။ နတ်ဘဝမှ ကွယ်လွန်သောအခါ၌လည်း လူဘဝ၌ ဃောသကသူဌေးကြီးဘဝဖြင့် ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ ဥပါသကာ ဖြစ်လေ၏။

(ဓမ္မ ၄ - ၁- ၁၀၉/၁၁၀)

၁၊ကုက္ကုစဘဒ္ဒိယ၏ သဒ္ဓါဓံ ဒါန ။ ။ ဘုရားရှင်လက်ထက်တော်က အရှင်လကုဏ္ဍကဘဒ္ဒိယသည် ချိုသာသော အသံရှိသော ရဟန်းတို့တွင် တေဒင်္ဂါဘွဲ့ ရလေ၏။ ထိုသို့ အသံချိုသာခြင်းသည် လွန်ခဲ့သော (၉၂)ကမ္ဘာထက်က ပုဿမြတ်စွာဘုရားအား ဥဩဒင်္ဂါဘဝဖြင့် သရက်သီးခိုင်ကို လှူပြီး ချိုသာသောအသံဖြင့် တွန်မြည်လျက် ပူဇော်ခဲ့၏။ ဤသို့ ပူဇော်ခဲ့ကြောင်းကို မထေရ်ကိုယ်တော်တိုင် ဂါထာဖြင့် ဤသို့ ရွတ်ဆိုလေ၏။

၁။ သရေန ရဇနိယေန၊ သဝနိယေန ဝဂ္ဂုနာ။
ဝဿန္တော ဗုဒ္ဓပူဇတ္ထံ၊ နိဒ္ဒံ ဂန္ဒာ နိပဇ္ဇဟံ။

၂။ သရေန မဓုရေနာဟံ၊ ပူဇိတွာ ဂ္ဂသိသတ္တမံ။
မဇ္ဈဿရာနံ ဘိက္ခူနံ၊ အဂ္ဂတ္တ မနုပါပုဏိံ။

၁။ ဇံသည် မြတ်စွာဘုရားကို ပူဇော်ခြင်းအကျိုးဟု ခွဲမက်ဖွယ်၊ နာပျော်ဖွယ်ရှိသော ချိုသာသောအသံဖြင့် တွန်မြည်လျက် အသိုက်သို့ သွား၍ ဝပ်နေ၏။

၂။ ဇံသည် မြတ်စွာဘုရားကို ချိုသာသောအသံဖြင့် ပူဇော်ခဲ့ခြင်းကြောင့် ချိုသာသော အသံရှိသော ရဟန်းတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခဲ့၏။

(အပဒါ - ၂ - ၁၄၄ / ၅ ။ မြန် - ၁၃၉ / ၁၄၀)

ထို့ပြင် သုတ္တန်များ၌လာသော သဒ္ဓါရုဒါနအဖြစ် မြတ်စွာဘုရားကို ချီးမွမ်းပူဇော်ကြခြင်းတို့ကိုလည်း ဤ၌ သိထိုက်ကုန်သေး၏။ အရဟံအစ ဘဂဝါအဆုံးရှိသော ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး ရှိ၏။ သို့ရာတွင် ဘုရားရှင်၏ ဂုဏ်တော်တို့ကား အနန္တဖြစ်သည့်အားလျော်စွာ ချီးကျူးပူဇော်၍ မကုန်နိုင်ပါပေ။

၂၊အရှင်သာရိပုတ္တြာ ချီးမွမ်းပူဇော်ပုံ ။ ။ ပညာအရာ တေဒင်္ဂါဘွဲ့ရသော အရှင်သာရိပုတ္တြာထေရ်သည် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း အနောမဒဿီ မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ နှစ်သောင်း လေးထောင် အခြံအရံရှိသော ရသေ့အပေါင်းတို့၏ ဆရာကြီး ဥဒေးဝေါင်းဆောင် သုရစိမည်သော ရသေ့ဘဝဖြင့် အနောမဒဿီ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ဂါထာတို့ဖြင့် ပူဇော်ခဲ့လေ၏။ ဤ၌ နှစ်ဂါထာမျှ ဖော်ပြပေအံ့။

၁။ တုဝံ သတ္ထာ စ ကေတု စ ဓဇော ယူပေါ စ ပါဏိနံ၊
ပရာယဏော ပတိဋ္ဌာစ ဒီပေါစ ဒ္ဝိပဒုတ္တမော။

၂။ အာကာသော ဝိနိတို့ သက္ကာ၊ ရဇ္ဇုယာ အဂိုလေနဝါ၊
နတွေဝ တဝသဗ္ဗညူ၊ ဉာဏံ သက္ကာ ပမာတဝေ။

၁။ မနိုင်းယှဉ်နိုင်အောင် တိုးပွားခြင်း ရှိတော်မူသော မြတ်စွာဘုရား ... ရှင်တော်ဘုရားသည် ... သတ္တဝါတို့၏ ဆရာလည်း ဖြစ်တော်မူပါပေ၏။ မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ယင်္ဂါငါးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ အရြှေ့စေ့ချောင်းရှိသော သူတို့ထက် မြတ်သော ရှင်တော်ဘုရားသည် သတ္တဝါတို့၏ လဲလျောင်းရာလည်း ဖြစ်တော်မူပါပေ၏။ တည်ရာလည်း ဖြစ်တော်မူပါပေ၏။ ကိုင်းကျွန်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

၂။ ကောင်းကင်ကို ကြိုးဖြင့်သော်လည်းကောင်း၊ လက်သစ်တောင်တာဖြင့်သော်လည်းကောင်း တိုင်းတာ နိုင်းယှဉ်ခြင်းငှါ တတ်ကောင်းရာသေး၏။ ရှင်တော်ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို တိုင်းတာ နိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းသည်သာတည်း။

(အဝါ - ၁ - ၂၂၊ မြန် - ၂၂)

အရှင်ဥပါလိ၏ ထူ ချီးမွမ်းပူဇော်ပုံ ။ ။ ဝိနည်းအရာ၌ တေဒဂ်ဘွဲ့ ရသော အရှင်ဥပါလိ၏ တူဖြစ်သော ဥပါလိသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ရသေ့ဘဝဖြင့် ပဒုမုတ္တရမြတ်စွာဘုရားအား ဂါထာ (၇)ဂါထာတို့ဖြင့် ချီးမွမ်း ပူဇော်မှု ပြုခဲ့လေ၏။ ဤ၌ (၂)ဂါထာမျှ ဖော်ပြပေအံ့ -

၁။ မောတန္ဓကာရ ပက္ခန္ဓော၊ အယံ လောကော သဒေဝကော၊
တဝဉာဏမို ဇောတန္တေ့၊ အန္ဓကာရော ဝိဓံသိတာ။

၂။ ယထော ဒယန္တော အာဒိစ္စော၊ ဝိနောဒေတိ တမံ သဒါ၊
တထေဝ တွံ ဗုဒ္ဓသေဋ္ဌ၊ ဝိဒ္ဓံသေသိ တမံ သဒါ။

၁။ နတ်နှင့်တကွသော ဤလောကသည် မောဟတည်းဟူသော အမိုက်တိုက်သို့ ပြေးဝင်၏။ ရှင်တော်ဘုရား၏ ဉာဏ်တော်သည် တောက်ပသည်ရှိသော် အမိုက်တိုက်တို့သည် ပျက်စီးကုန်၏။

၂။ ရှင်တော်မြတ်ဘုရား ... တက်သစ်သောနေမင်းသည် အမိုက်တိုက်ကို အစဉ်သဖြင့်မိုး ပယ်ဖျောက်သကဲ့သို့ ထို့အတူသာလျှင် ရှင်တော်မြတ်ဘုရားသည်လည်း အမိုက်တိုက်ကို အစဉ်သဖြင့်မိုး ပယ်ဖျောက်တော်မူ၏။

(အပဒါ - ၁ - ၁၀၂၊ မြန် - ၁၀၄)

ပရပ္ပသာဒဇထေရ် ချီးမွမ်းပူဇော်ပုံ ။ ။ ပရပ္ပသာဒထေရ်သည် လွန်ခဲ့သော (၉၄) ကမ္ဘာထက်က ပုဏ္ဏားဘဝဖြင့် သိဒ္ဓတ္ထုမြတ်စွာဘုရားအား ဤသို့ ချီးမွမ်းပူဇော်ခဲ့လေ၏။

၁။ အနိလဉ္ဇသာ သရံဇော်၊ ယထာကာသော အသမ်ဘီယော။
တထေဝဉာဏံ ဗုဒ္ဓဿ၊ ကောဒိသွာ နပ္ပသီဒတိ။

၂။ လေအဟုန်ဖြင့် ချောက်ချားသော ကောင်းကင်သည် မရေတွက်နိုင်သကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရား၏ ဉာဏ်တော်သည် မရေတွက်နိုင်။ ထိုမြတ်စွာဘုရားကို ပူးပြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုဘဲ ရှိအံ့နည်း။

(အပဒါ - ၁ - ၁၂၆ ။ မြန် - ၁၂၉)

ဥဒေနထေရ် ချီးမွမ်းပူဇော်ပုံ ။ ။ အရှင်ဥဒေနထေရ်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားအား ရသေ့ဘဝဖြင့် ဤသို့ ချီးမွမ်းပူဇော်ခဲ့၏။

၁။ တဝဉာဏေန သဗ္ဗညူ၊ တာရေသိ ဇနတံ ဗဟုံ၊
တဝ ဒဿန မာဂမ္မ၊ ဒုက္ခဿန္တံ် ကရိဿရေ။

၁။ အလုံးစုံကို သိတော်မူသော သဗ္ဗညုမြတ်စွာဘုရား ... အရှင်ဘုရား၏ ဉာဏ်တော်ဖြင့် များစွာသော လူအပေါင်းကို ကယ်တင်တော်မူပါပေ၏။ သတ္တဝါတို့သည် ရှင်တော်ဘုရားကို ပူးပြင်ရခြင်းကို အကြောင်းပြု၍ ဒုက္ခ၏ အဆုံးကို ပြုကြရပါကုန်လတ္တံ့။

(အပဒါ - ၁ - ၄၂၇ ။ မြန် - ၄၃၈)

သုဂန္ဓဇထေရ် ချီးမွမ်းပူဇော်ပုံ ။ ။ အရှင်သုဂန္ဓထေရ်သည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်၌ ရဟန်းဘဝဖြင့် မြတ်စွာဘုရားကို ချီးမွမ်းပူဇော်ခဲ့၏။ ယင်းကုသိုလ်ကံကြောင့် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်၌ လူဖြစ်သောအခါ တစ်ကိုယ်လုံး မွှေးရနံ့ ကြိုင်လှိုင်၍နေပေ၏။ ဉာဏ်ပညာလည်း ထက်မြက်သူ ဖြစ်ပေ၏။ ထို့နောက် ရဟန်းပြုကာ မပင်မပန်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အရှင်သုဂန္ဓထေရ် ပူဇော်သော ဂါထာများအနက် အချို့ကို ဖော်ပြပေးလိုက်ပါ၏။

၁။ အသာသေတာ ယထာ ဧနော၊ သူရိယောဝ ပဘင်္ကရော၊
နိဗ္ဗာပေတာ ယထာ မေဃော၊ သာဂရောဝ ဂုဏာကရော။

၂။ ရဂဏိရိဝ သိလေန၊ ဟိမဝါဝ သမာဓိနာ၊
အာကာသောဝိယ ပညာယ၊ အသင်္ခေ် အနိလောယထာ။

၃။ စာတာ ဓတာစ သန္တိစ၊ ကတ္တာ နေတာ ပကာသိတာ။
သမ္ပဟံသိတာ ဘောတ္တာစ၊ ဆေတ္တာ သောတာ ပသံသိတာ။

၁။ ထိုပြတ်စွာဘုရားသည် လမင်းကဲ့သို့ သက်သာစေတော်မူပါပေ၏။ နေမင်းကဲ့သို့ အရောင်အလင်းကို ပြုတော်မူတတ်ပါပေ၏။ မိုးကဲ့သို့ ငြိမ်းအေးစေတော်မူတတ်ပါပေ၏။ သမုဒ္ဒရာကဲ့သို့ ဂုဏ်ကျေးဇူး၏ တည်ရာ ဖြစ်တော်မူပါပေ၏။

၂။ ထိုပြတ်စွာဘုရားသည် သီလအားဖြင့် မြေကြီးနှင့် တူတော်မူပါပေ၏။ သမာဓိအားဖြင့် ဟိမဝန္တာနှင့် တူတော်မူပါပေ၏။ ပညာအားဖြင့် ကောင်းကင်နှင့် တူတော်မူပါပေ၏။ မကပ်ငြိခြင်းဌာ လေနှင့်တူတော်မူပါပေ၏။

၃။ ထိုပြတ်စွာဘုရားသည် သံသရာမှ ထုတ်ဆောင်တော်မူတတ်ပါပေ၏။ နိဗ္ဗာန်ကို ဆောင်ထားတော်မူတတ်ပါပေ၏။ ငြိမ်သက်တော်မူပါပေ၏။ တရားကို သတ်တော်မူတတ်ပါပေ၏။ နိဗ္ဗာန်သို့ ဆောင်တော်မူတတ်ပါပေ၏။ သစ္စာတရားကို ပြတော်မူတတ်ပါပေ၏။ ကောင်းစွာ ရှင်လန်းစေတော်မူတတ်ပါပေ၏။ ကိလေသာကို ဖျက်ဆီးတော်မူတတ်ပါပေ၏။ ပြတ်တောက်တော်မူတတ်ပါပေ၏။ တရားကို နာစေတော်မူတတ်ပါပေ၏။ ချီးမွမ်းတော်မူတတ်ပါပေ၏။

(အပဒါ - ၂ - ၁၀၈ / ၉ ။ မြန် - ၁၀၃ / ၄)

<u>အရှင်ဝဂ္ဂီသထေရ် ချီးမွမ်းပူဇော်ပုံ</u> ။ ။ ဂါထာသီကုံးပွဲဆိုမှု ဉာဏ်ပဋိဘာန်အရာ၌ တေဒဂ်ဘွဲ့ရသော အရှင်ဝဂ္ဂီသ မထေရ်မြတ်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပုဏ္ဏားဘဝဖြင့် ပဒုမုတ္တရမြတ်စွာဘုရားအား ကျိုသို့ ချီးမွမ်းပူဇော်ခဲ့လေ၏။

၁။ အနာထာနံ ဘဝံ နာထော၊ ဘီတာနံ အာဘယပ္ပဒေါ။
ဝိသာမဘူမိ သန္တာနံ၊ သရဏံ သရဏောသိနံ။

၁။ ရှင်တော်မြတ်ဘုရားသည် ကိုးကွယ်ရာမဲ့သူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏။ ဘေးမကြောက်ရွံ့ နေသူတို့အား ဘေးမဲ့ကို ပေးတော်မူတတ်ပါပေ၏။ ပင်ပန်းသူတို့၏ အပန်းဖြေရာ ဖြစ်တော်မူပါပေ၏။ ကိုးကွယ်ရာကို ရှာဖွေသူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏။

(အပဒါ - ၂ - ၁၅၂ ။ မြန် - ၁၄၆)

ထို့နောက် အရှင်ဝဂ္ဂီသသည် ရဟန္တာဘဝဖြင့် ဂါထာမြတ်စွာဘုရားအားလည်း ကျိုသို့ ချီးမွမ်းပူဇော်မူပြုလေ၏။

၂။ ဗဟူနံ ဝတ အတ္ထာယ၊ ဥပပဇ္ဇန္တိ တထာဂတာ၊
ဂုဏ္ဍိနံ ပုရိသာနဉ္စ၊ ယေ ဇော သာသန ကာရကာ။

၂။ အကြင်သတ္တဝါတို့သည် မြတ်စွာဘုရား အဆုံးအမတော်အတိုင်း လိုက်နာပြုကျင့်ကြကုန်၏။ ထိုပိန်းမ၊ ယောကျ်ား သတ္တဝါအများတို့၏ အကျိုးငှါ ဘုရားရှင်တို့သည် ပွင့်တော်မူကြပေကုန်၏တကား။

(ထေရဂါထာ - ၃၇၂ ။ မြန် - ၁၇၈)

မိဇ္ဈေးတော် ဂေါတမီ ချီးမွမ်းပူဇော်ပုံ ။ ။ မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရဟန်းမအဖြစ်ကို ရရှိပြီးနောက် အာသဝေါကင်းကွာ ရဟန္တာမဖြစ်လာသောအခါ၌ မြတ်စွာဘုရားအား အမျိုးမျိုး ချီးမွမ်းပူဇော်သော ဂါထာများအနက် ဤနှစ်ဂါထာတို့ကို ဟော်ပြလိုက်ပါ၏။

၁။ ဗဟူနံ ဝတ အတ္ထာယ၊ မာယာ ဇနယိ ဂေါတမိ၊
ဗျာဓိ မရဏာ တုန္နာနံ၊ ဒုက္ခက္ခန္ဓံ ဗျာပါနုဒိ။

၁။ ဤအစ်မ မာယာဒေဝီသည် များစွာသော သတ္တဝါတို့၏ အကျိုးငှါ ဂေါတမအနွယ်ဖြစ်သော သားတော် ဘုရားလောင်းကို ဖွားမြင်ခဲ့ပေစွတကား ... ။ ထိုသားတော်မြတ်ဘုရားသည် နာခြင်း၊ သေခြင်း နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏ ဆင်းရဲအစုကို နှုတ်ပယ်တော်မူနိုင်ပါပေ၏။

(ထေရဂါထာ - ၃၉၇ ။ မြန် - ၂၀၇)

၂။ ယံ နု ဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာ စရိယေဟိ ဝိ၊
တံ ပဒံ သုကုမာရိဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။

၂။ အကြင်နိဗ္ဗာန်ကို ပူရာဏကဿပ အစရှိသော ရှေးတိတ္ထိဆရာကြီးတို့သည်ပင် မမြင်နိုင်ကြပေ။ ထိုနိဗ္ဗာန်ကို (၇)နှစ်မျှသာရှိသေးသော သတို့သမီးငယ်တို့သည် ကောင်းစွာသိမြင်အပ်ပေ၏။

(အပဒါန - ၂ - ၂၁၂ ။ မြန် - ၂၀၃)

ရူပါရုံဒါနလာ ဆောင်ရန်လက်ာများ

၀။	ပထုစိတ်ဟာ၊	လိုလိုသား၊	ဖြစ်တာမတုတ်ဖြို။
၂။	ဒါ,သီ,တာဝနာ၊	မှတ်ဖြင့်သာ၊	ဖြစ်တာသိုင်ဝင်ထည်။
၃။	ထုထိလေပြုရာ၊	အာရောက်ဖြာ၊	ထင်းကွာမရဖြို။
၄။	အာရုံခြောတ်ပါး၊	တစ်ပါးဝါး၊	အားထားပြုရသည်။
၅။	ရူပါအလှူ၊	လှူလိုမှု၊	မှတ်ယူထိရမည်။
၆။	အလှူဝတ္ထု၊	အဆင်းတူ၊	ထွက်ပြလှူနိုင်ထည်။
၇။	နီ,ညို,ဖြူ,ပြာ၊	နတ်,ရွှေဝါ၊	ကြိုက်တာလှူနိုင်ထည်။
၈။	သီတိုင်ခေတ်ထ၊	ထံမိတ္တ၊	ဗတ္တထစ်ဦးသည်၊
၉။	အဝတ်တစ်ခင်း၊	ရွှေအဆင်း၊	ရခြင်းပြု၍ထည်၊
၀၀။	အဆင်းတိုထည်၊	အာရုံမှီ၊	စေတီလှူလေထည်။
၀၁။	တိုးဘွားစဉ်ဆက်၊	ဝတ်မပျက်၊	လှူရက်သူတို့ထည်၊
၀၂။	ရူပါသီတော၊	ဖြစ်နေတာ၊	ဇောင်းစွာတိရမည်။
၀၃။	ဘာဝနာမူ၊	ဖြစ်ပျက်ဟူ၊	ရှုယူပွားရမည်။
၀၄။	တုသိုလ်အကြုံ၊	မနောကံ၊	ခိုင်းပြန်နှုတ်ဝစီ၊
၁၅။	ကိုယ်တိုင်ကိုယ်တျ၊	လှူလေတ၊	ကာယခေါ်ခေထည်။
၁၆။	ပဘာဝတိ၊	ခေါ်ထည်၊	ရုပ်ရည်ဝါဝင်းထည်။
၁၇။	ခုနှစ်တောင်တိုတ်တွင်း၊	မီးမခင်း၊	ထိန်လင်းဖြာဝေထည်။
၁၈။	စကားပွင့်အဆင်း၊	ထောပတ်သင်း၊	လှူခြင်းပြုကာသည်၊
၁၉။	ဤကိုယ်ကာယ၊	အရောင်ပ၊	ထွက်ရတောင်းခဲ့သည်။
၂၀။	ဥပ္ပလဝဏ်ခေါ်မူ၊	ညီချောဟူ၊	တောင်းထူများ၍ထည်၊
၂၁။	ရဟန်းပြုကာ၊	အားထုတ်ရာ၊	ရဟန္တာဖြစ်လေသည်။
၂၂။	ပစ္ဆေရစ်ပါး၊	ကြာညီအား၊	လှူကြားတောင်းခဲ့သည်။
၂၃။	မဟာကစ္စည်း၊	ခေါ်ဆိုတည်း၊	ထေရ်ကြီးတစ်ပါးသည်၊
၂၄။	ကသ်စေတီလုပ်၊	စေမယုတ်၊	ရွှေအုတ်လှူခဲ့သည်။
၂၅။	ခန္ဓာကိုယ်တွင်း၊	ရွှေအဆင်း၊	ဝါဝင်းလင်းထိန်သည်။
၂၆။	အဆင်းအလှူ၊	ဤနည်းဟူ၊	မှတ်ယူသိုင်ဝင်ဖြို။
၂၇။	အရောင်အသွေး၊	ကောင်းကောင်းလေး၊	လှူပေးနိုင်ကြဖြို။

ရူပါရုံဒါနလာ ဆောင်ရန်လက်ာများ ပြီး၏။

သဒ္ဒါရုံဒါနလာ ဆောင်ရန်လက်ကမ်းများ

၀။	သဒ္ဒါရုံအလှူ	လှူလိုမူ၊	မှတ်ယူသိဖို့သည်၊
၂။	ကြေးစည်စဖြာ၊	အသံသာ၊	ကောင်းစွာလှူရမည်။
၃။	အသံကြည်ဆေး၊	လက်မနှေး၊	လှူပေးနိုင်ကြသည်။
၄။	တရားနာရန်၊	နှိုးဆော်မှန်၊	တန်တန်ပြုရမည်။
၅။	ပျော်ရွှင်မနဲ၊	တရားပွဲ၊	ဆင်နွဲကြရမည်။
၆။	အရက်ကမူး၊	ကာမကျူး၊	ပျော်ကျူးသန္တိသည်၊
၇။	သောကဖိစီး၊	အပူကြိုး၊	လောင်မီးကျ၍သည်၊
၈။	ဘုရားထံပါး၊	အပြေးသွား၊	တရားနာလေသည်။
၉။	တစ်ဂါထာဆုံးမှာ၊	ရဟန္တာ၊	ကောင်းစွာဖြစ်လေပြီ။
၁၀။	ဝိပဿီမြတ်စွာ၊	လက်ထက်မှာ၊	ယောသာလုပ်ခဲ့သည်။
၁၁။	နတ်ပြည်လောက၊	ယောသက၊	ခေါ် ရန်တ်သားသည်၊
၁၂။	တိုးတိုးပြောရာ၊	ယူဇနာ၊	သောဉာနံ့လေသည်။
၁၃။	ပကတိပြောရာ၊	တစ်သောင်းပါ၊	လွှမ်းကာသွားလေသည်။
၁၄။	ခွေးဘဝက၊	ပစ္စေက၊	ဗုဒ္ဓရင်အားသည်၊
၁၅။	အူကာဟောင်ကာ၊	ပျော်ရွှင်ကာ၊	ကြိုတာပြုခဲ့သည်။
၁၆။	လကုဏ္ဍာဘဒ္ဒိယ၊	မည်နာမ၊	ခေါ် ရရဟန်းသည်၊
၁၇။	အသံသာလျက်၊	ပြောဆိုချက်၊	ဇဒဂ်ဘွဲ့ရသည်။
၁၈။	၉၂-ကမ္ဘာက၊	ပွင့်ပေါ် ရ၊	ဗုဒ္ဓသမြတ်ကိုသည်၊
၁၉။	ဥသြဘဝ၊	သံသာစွ၊	ဒါနပြုခဲ့သည်။
၂၀။	ထိုမှတစ်ဖို၊	သဒ္ဒါရုံ၊	အစုံပြုနိုင်သည်။
၂၁။	ဗုဒ္ဓရည်မှန်း၊	အာရုံတန်း၊	ချီးမွမ်းကြရမည်။
၂၂။	အနောမမြတ်စွာ၊	ဂုဏ်ကိုပါ၊	ပုတ္တာမွမ်းခဲ့သည်။
၂၃။	မနိုင်းယှဉ်အား၊	လွန်တိုးပွား၊	ဘုရားမြတ်စွာသည်၊
၂၄။	လူနတ်ဗြဟ္မာ၊	သတ္တဝါ၊	များစွာတို့၏သည်၊
၂၅။	ဆရာလဲဖြစ်၊	တံခွန်ဖြစ်၊	မှန်ကင်းဖြစ်လေသည်။
၂၆။	လဲလျောင်းရာ၊	ထောက်မှီရာ၊	တည်ရာဖြစ်လေသည်။

၂၇။	ရပ်ထည်လို့ရယ်၊	နေနိုင်တယ်၊	ကျွန်းနှယ်ဖြစ်လေသည်။
၂၈။	အနန္တကောင်းကင်၊	ကြိုးနှင့်ပင်၊	တိုင်းရင်းရနိုင်ထည်။
၂၉။	သဗ္ဗညုတာ၊	ဉာဏ်မဟာ၊	တိုင်းတာမရပြီ။
၃၀။	ဥပါလိတူ၊	ဥပါဟူ၊	စိတ်ဖြူမျိုးမွှမ်းသည်။
၃၁။	ပဒုမုတ္တရ၊	တွဲ့မည်ရ၊	ဗုဒ္ဓမြတ်စွာထည်၊
၃၂။	သတ္ထလောကာ၊	မှောင်မောဟာ၊	ဗုဒ္ဓလင်းပေးပြီ။
၃၃။	တတ်သစ်နေမင်း၊	အမှောင်ခွင်း၊	အလင်းဆောင်ထိုးထည်၊
၃၄။	ဘုရားမြတ်လေ၊	အမှောင်ခွဲ၊	အမြဲလင်းဆောင်သည်။
၃၅။	သိဒ္ဓတ္ထခေါ်ငြား၊	လွန်ထင်ရှား၊	ဘုရားမြတ်ကိုသည်၊
၃၆။	ပဿာဒခေါ်မှန်း၊	မြတ်ရေဟန်း၊	ချီးမွမ်းပြန်လေသည်။
၃၇။	လေတွေချောက်ချား၊	ကောင်းကင်အား၊	ရေငြားမရသို့ထည်၊
၃၈။	ဘုရားဉာဏ်တော်၊	ဘယ်မျှနှဲ့၊	ရေသော်မရပြီ။
၃၉။	ဗူးရယ်ဂိုလ်၊	မကြည်ညို၊	တယ်လိုနိုင်မည်။
၄၀။	ပဒုမုတ္တရ၊	တွဲ့တော်သ၊	ဗုဒ္ဓမြတ်ကိုသည်၊
၄၁။	ဥဒေနထေရ်၊	နှုတ်ကပေ၊	ထုတ်လေချီးမွမ်းသည်။
၄၂။	ဉာဏ်တော်ဖြင့်ပင်၊	ပေါင်းကိုပင်၊	ကယ်တင်နိုင်ပေသည်။
၄၃။	ဗူးမြင်ကြရ၊	များသတ္တ၊	ဒုက္ခဆုံးပေမည်။
၄၄။	တွဲ့တော်နာမ၊	ကသဟ၊	ဗုဒ္ဓမြတ်ကိုသည်၊
၄၅။	သုဂန္ဓခေါ်မှန်း၊	ထေရ်ရဟန်း၊	ချီးမွမ်းပူဇော်ပြီ။
၄၆။	လူနတ်အများ၊	အားကိုးငြား၊	ဘုရားမြတ်စွာသည်၊
၄၇။	လမင်းပမာ၊	သက်သာရာ၊	ကောင်းစွာရစေသည်။
၄၈။	နေမင်းပမာ၊	အမှောင်ခွါ၊	လင်းဖြာစေလေသည်။
၄၉။	မိုးရေပမာ၊	ငြိမ်းအေးတာ၊	ကောင်းစွာဖြစ်စေပြီ။
၅၀။	သမုဒ္ဒရာသို့သာ၊	ဂုဏ်မဟာ၊	တည်ရာဖြစ်လေသည်။
၅၁။	မြေကြီးသီလ၊	ဓိ,ဟိမ၊	တူမျှကြလေသည်။
၅၂။	ပညာမှာမူ၊	ကောင်းကင်ဟူ၊	ညီတူဖြစ်လေသည်။
၅၃။	မငြိတွယ်ရာ၊	လေနှင့်သာ၊	ကောင်းစွာတူလေသည်။
၅၄။	လုံးစုံသတ္တာ၊	အားကိုးရာ၊	မြတ်စွာဘုရားသည်၊

၅၅။ နိဗ္ဗာန်ဆောင်ကာ၊ ငြိမ်သက်ကာ၊ တဏှာပယ်သတ်သည်။
၅၆။ သစ္စပြေပေ၊ ရှင်လန်းစေ၊ ကိလေဿကင်းသည်။
၅၇။ ချီးမွမ်းတတ်ဟူ၊ တရားမူ၊ နာယူစေလေသည်။
၅၈။ ပဒုမုတ္တရ၊ ဘွဲ့တော်ရ၊ ဗုဒ္ဓမြတ်ကိုထည်၊
၅၉။ အရှင်ဓမ္မိဿိထ၊ ကောင်းစွာပ၊ ဖွင့်ဟချီးမွမ်းသည်။
၆၀။ ကိုးကွယ်မှီရာ၊ လူများစွာ၊ ကိုးရာဖြစ်လေသည်။
၆၁။ ဘေးမှကြောက်သော်၊ ဘေးမဲ့နှော်၊ ပေးတော်မူတတ်သည်။
၆၂။ ပဝိပန်းသတ္တာ၊ အပန်းကွာ၊ ပေးရာဖြစ်လေသည်။
၆၃။ ကိုးကွယ်ရှာရာ၊ လူများစွာ၊ ကိုးရာဖြစ်လေသည်။
၆၄။ ဂေါတမဟူ၊ ဘုရားမူ၊ ဤမြချီးမွမ်းသည်။
၆၅။ အဆုံးအမဟူ၊ လိုက်နာသူ၊ များလူအကွက်သည်၊
၆၆။ ဗုဒ္ဓရှင်တော်၊ မြတ်မဟော်၊ ပွင့်တော်မူခဲ့ဖြို။
၆၇။ မိထွေးတော်ဟု၊ ခေါ်ဆိုပြု၊ တိက္ခုန်မသည်၊
၆၈။ ဂေါတမခေါ်၊ ဘုရားသော်၊ ပူဇော်ပြုလေဖြို။
၆၉။ များစွာသတ္တ၊ ကျိုးငါပ၊ အမမာယာသည်၊
၇၀။ ဂေါတမနှယ်ဖွား၊ မြတ်ဘုရား၊ မွေးဖွားပေးခဲ့ဖြို။
၇၁။ မေတ္တာထားဓာတ်၊ သနားဓာတ်၊ သားမြတ်ဘုရားသည်၊
၇၂။ အို,နာ,သေခြင်း၊ ဒုက္ခတွင်း၊ နုတ်ခြင်းပြုလေဖြို။
၇၃။ သန္တိသုခံ၊ အေးငြိမ်းမှန်၊ နိဗ္ဗာန်မြတ်ကိုသည်၊
၇၄။ ဂိုဏ်းဆရာရှင်၊ တိတ္ထိပင်၊ မမြင်နိုင်ကြဖြို။
၇၅။ ဘုရားမြတ်စွာ၊ ဆုံးမရာ၊ သာသနာတော်မှာသည်၊
၇၆။ ခုနှစ်နှစ်ထင်၊ သဓိးပင်၊ သိမြင်ကြလေဖြို။
၇၇။ ဤသို့များစွာ၊ ထေရ်မဟာ၊ ခါခါချီးကျူးသည်၊
၇၈။ ဂုဏ်တော်အနန္တ၊ ရှိလေကြ၊ ဗုဒ္ဓမြတ်ကိုသည်၊
၇၉။ ဘယ်လိုချီးကျူး၊ ဂုဏ်တော်မြူး၊ ချီးကျူးမကုန်ဖြို။

သဒ္ဒါရုံဒီနလာ ဆောင်ရန်လက်ဝဲများ ပြီး၏။

ဂန္ဓာရုံဒါန ။ ။ အနုမျိုးစုံတို့တွင် မွှေးနံ့လိုင်သော၊ အနံ့ကောင်းသော နံ့သာတုံးစသော အလှူဝတ္ထုတို့ကို ဂန္ဓာရုံ အနေဖြင့် အာရုံပြု၍ လှူလျှင် ဂန္ဓာရုံဒါနဖြစ်၏။

(အဘိ ၄ - ၁ - ၁၂)

ဓူဠသုဂန္ဓထေရ်၏ ဂန္ဓာရုံဒါန ။ ။ ဘုရားရှင်လက်ထက်တော်က ဓူဠသုဂန္ဓထေရ်သည် ပဒိုသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ် ဖြစ်လေ၏။ ထိုအရှင်မြတ် အဝိဝမ်းဌဉာနစဉ်ပင် ထိုအရှင်မြတ်၏ အဝိသည် တစ်ကိုယ်လုံး မွှေးရနံ့ ကြိုင်လျက်ရှိ၏။ ထိုအရှင်မြတ်ကို မွေးဖွားသောနေ့၌မူကား သာဝတ္ထိတစ်မြို့လုံး မွှေးရနံ့တို့ဖြင့် ပုံးအုပ်၍ သွားလေ၏။ ထိုအရှင်မြတ်၏ ခန္ဓာကိုယ်မှ စန္ဒကူးနံ့သည်လည်းကောင်း၊ စကားနံ့သည်လည်းကောင်း၊ ကြာညိုနံ့သည်လည်းကောင်း၊ အခြားသောမွှေးရနံ့တို့သည်လည်းကောင်း အမြဲတမ်း ကြိုင်လိုင်ထွက်ပေါ်လေ၏။ ပဒိုသမ္ဘိဒါပတ္တရဟန္တာ အဖြစ်သို့လည်း ကောင်းစွာရောက်ခဲ့၏။ ယင်းသို့ဖြစ်ခြင်းသည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်၌ ကဿပမြတ်စွာဘုရားရှင်အား ချီးမွမ်းခဲ့သောကြောင့်လည်းကောင်း၊ မြတ်စွာဘုရားရှင် သိတင်းသုံးရာ ဂန္ဓကုဋိကျောင်းအား နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံ၍ ပူဇော်ခဲ့သောကြောင့် လည်းကောင်း ထိုဖော်ပြပါ အကျိုးများကို ရရှိခြင်း ဖြစ်သည်။

(အပဒါ - ၂ - ၁၆၅ / ၇ ။ မြန် - ၁၅၉ / ၁၆၂)

ဂန္ဓာရုံဒါနလာ ဆောင်ရန်လက်ကျန်များ

၀။ ဂန္ဓာရုံဟူ၊ လှူလိုမူ၊ မှတ်ယူထိုဖို့သည်၊
၂။ မွှေးရနံ့ထုံ၊ ဂန္ဓာရုံ၊ အာရုံပြု၍သည်၊
၃။ နံ့သာတုံးစု၊ လှူဝတ္ထု၊ လှူမှုပြုနိုင်သည်။
၄။ လက်ထက်တော်က၊ သုဂန္ဓ၊ ထေရတစ်ပါးသည်၊
၅။ ပဒိုနေရာ၊ မိခင်မှာ၊ လွန်စွာမွှေးကြိုင်သည်။
၆။ မွှေးဖွားလာဘိ၊ သာဝတ္ထိ၊ မွှေးဘိလွှမ်းခြုံသည်။
၇။ ခန္ဓာကိုယ်မှာ၊ အမြဲသာ၊ မွှေးကာနေလေသည်။
၈။ စန္ဒကူးနံ့၊ စကားနံ့၊ ညှိုနံ့လိုင်ထွက်သည်။
၉။ ပဒိုသမ္ဘိဒါ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေသည်။
၁၀။ ကဿပဗုဒ္ဓ၊ လက်ထက်တော်၊ ဂန္ဓမထေရ်သည်၊
၁၁။ ဘုရားရှင်တော်၊ ဂုဏ်တို့မျှော်၊ ပူဇော်ခဲ့လေသည်။
၁၂။ သိတင်းသုံးရာ၊ ကျောင်းတော်မှာ၊ နံ့သာလိမ်းကျံသည်။
၁၃။ မွှေးနံ့လှူပြု၊ ထိုကောင်းမှု၊ ယခုကျိုးပေးသည်။
၁၄။ မွှေးရနံ့ထုံ၊ ဂန္ဓာရုံ၊ အစုံလှူနိုင်သည်။

ဂန္ဓာရုံဒါနလာ ဆောင်ရန်လက်ကျန်များ ပြီး၏။

ရဿာဂုံဒါန ။ ။ အရသာမျိုးစုံရှိသော စားဖွယ်သောက်ဖွယ် အသွယ်သွယ်တို့ကို ရသာရုံကို အာရုံပြု၍ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာ အဖြာဖြာတို့ကို လှူဒါန်းသောအခါ၌ ရသာဂုံဒါန ဖြစ်လေသည်။ အမျိုးဏ် အလေ့အကျင့် အနေအားဖြင့် လှူလျှင် ရသာဂုံသိလ ဖြစ်လေသည်။

ဒုဋ္ဌဂါမဏိမင်း ။ ။ သီဟိုဠ်ခေတ်က ဒုဋ္ဌဂါမဏိမင်းကြီးသံ့သည် ညီတော် တိဿနှင့် စစ်ဖြစ်သောအခါ စစ်ရှုံးပြီး ထွက်ပြေးရာ၌ အလွန်ဆာလှသဖြင့် ထမင်းသုံးဆောင်မည်ပြုစဉ် '*ငါတို့ အမျိုးမှာ လက်ဦးလက်ဖျား မလှူဘဲ စားရိုးမရှိပေ*' ဟူ၍ ကုလဝံသကို တွေးမိ၍ '*သာသနာပြုမင်း ဖြစ်ရဦးမည်မှန်လျှင် အလှူခံပုဂ္ဂိုလ် ကြွရောက်ပါစေ*' ဟု အဓိဋ္ဌာန်လေ၏။

ထိုအသံကို တိဿအမည်ရှိသောထေရ်သည် ဒိဗ္ဗသောတနာဖြင့် ကြား၍ လာရောက်အလှူခံလေရာ ဒုဋ္ဌဂါမဏိမင်းကြီးသည် အလွန်ဝမ်းမြောက်စွာဖြင့် မိမိပင် မစားဘဲ လှူဒါန်းလိုက်လေသည်။

နတ်ရွာစံခါနီး ကောင်းမှုစာရင်းကို ဖတ်သောအခါ အခြားကုဋေပေါင်းများစွာကုန်သော အလှူတွေထက် ဤကောင်းမှုကို သာ၍နှစ်သက်သောကြောင့် ဤကောင်းမှုကို အာရုံပြုကာ တုသိတာနတ်ပြည်သို့ ရောက်လေသည်။

(အဘိဋ္ဌ - ၁ - ၁၂၁ ။ ဘာဇိ ၃ - ၁၃၁/၂)

ရဿာဂုံဒါနလာ ဆောင်ရန်လက်ကျွန်များ

၁။ ရသာရုံဟူ၊ လှူလိုမူ၊ မှတ်ယူသိဖို့သည်၊
၂။ စားဖွယ်အစုံ၊ ရသာရုံ၊ အာရုံပြုကာသည်၊
၃။ ဆွမ်းဟင်းအစုံ၊ ခဲဖွယ်စုံ၊ အကုန်လှူနိုင်သည်။
၄။ သီဟိုဠ်ခေတ်က၊ မင်းဒုဋ္ဌ၊ စစ်မှုရုံးလေသည်။
၅။ ဆာလွန်းလို့ပါ၊ စားဖို့ရာ၊ ပြင်ကာနေလေပြီ။
၆။ ငါတို့မျိုးထဲ၊ မလှူဘဲ၊ စားမြဲမရှိပြီ။
၇။ စားရန်အပျိုး၊ စားဦးမျိုး၊ လှူရိုးရှိလေသည်။
၈။ မျိုးကျင့်အမှန်၊ တွေးချင်ကြံ၊ ဓိဋ္ဌာန်လိုတ်လေပြီ။
၉။ ဒိဗ္ဗသောတ၊ ကြား၍ပါ၊ တိဿကြွလာသည်။
၁၀။ ဝမ်းမြောက်လွန်စွာ၊ အကုန်သာ၊ ကောင်းစွာလှူလိုက်သည်။
၁၁။ သေခါနီးမှာ၊ အခြားဟာ၊ စိတ်မှာမမိပြီ။
၁၂။ ထိုအလှူသာ၊ အာရုံမှာ၊ ကောင်းစွာမိလေသည်။
၁၃။ နတ်ရွာစံရာ၊ တုသိတာ၊ ရောက်ကာသွားလေပြီ။

၀၄။ ရဿာရုံဒါန၊ အမှန်ဝ၊ ပြုကြရဥ်သည်၊
၀၅။ ရဿာရှိအောင်၊ ကောင်းမွန်အောင်၊ ပြုဆောင်လွှုရမည်။

ရဿာရုံဒါနလာ ဆောင်ရန်လင်္ကာများ ပြီး၏။

ဟေဋ္ဌာရုံဒါန ။ ။ မကောင်းသော အထိအတွေ့၊ ကောင်းသော အထိအတွေ့ ဟူသော အတွေ့အထိ အာရုံသည် ဟေဋ္ဌာရုံမည်၏။ ဤ၌ ကောင်းသော အထိအတွေ့ ဟေဋ္ဌာရုံကို အာရုံပြု၍ လှူဒါန်းရမည် ဖြစ်၏။ *ဤ၌ သတိပြုရန်ကား ...* ဟေဋ္ဌာရုံနှင့် ဓမ္မာရုံသည် ရောထွေးတတ်၏။ ကောင်းသော အထိအတွေ့သည် ဟေဋ္ဌာရုံမည်၏။ ထိုအတွေ့အထိကြောင့် ဖြစ်ပေါ်လာရသော သုခဝေဒနာသည် ဓမ္မာရုံမည်၏။ ထို့ကြောင့် ကောင်းသော အထိအတွေ့ကို အာရုံပြုလှူလျှင် ဟေဋ္ဌာရုံဒါန ဖြစ်မည်ဖြစ်ပြီး သုခဝေဒနာကို အာရုံပြုလှူလျှင် ဓမ္မာရုံဒါန ဖြစ်မည်ဖြစ်၏။ ကောင်းသော အထိအတွေ့ကို ပေးနိုင်သော ကုတင်၊ ညောင်စောင်း၊ ကုလားထိုင်၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ဖိနပ် စသည်တို့ကို လှူဒါန်းမှ ပြုနိုင်ကြပေကုန်၏။

(အဘိ ၄ - ၁ - ၁၂)

သဒ်ပုဏ္ဏား၏ ဟေဋ္ဌာရုံဒါန ။ ။ နေမွန်းတည့်အချိန်လောက်၌ ကုန်ကူးရန်အတွက် သင်္ဘောဆိပ်သို့ ရောက်လာသော သဒ်ပုဏ္ဏားကြီးသည် နေပူထဲ၌ ထီးမပါ၊ ဖိနပ်မပါ ဆင်းရဲပင်ပန်းစွာ ရပ်တည်နေသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို မြင်လေလျှင် အသစ်ဝယ်လှူရန် အချိန်မရှိတော့သည်ဖြစ်၍ ပိမိအသုံးပြုနေသော ထီးနှင့် ဖိနပ်ကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်လေ၏။

သမုဒ္ဒရာ၌ သင်္ဘောနစ်သောအခါ၌ အခြားသင်္ဘောသားများ သေကြေပျက်စီးကြရသော်လည်း မကိုယ်ခလာ နတ်သမီး၏ ကယ်မှုကြောင့် သဒ်ပုဏ္ဏားနှင့် အလုပ်အကျွေးတပည့်ဖြစ်သူ နှစ်ယောက်တို့သာ အသက်ဘေးမှ လွတ်မြောက်ကြရကုန်၏။ ယင်းသည် နေပူထဲ၌ ဆင်းရဲပင်ပန်းခြင်းသို့ ရောက်နေသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ထီးနှင့် ဖိနပ်ကို လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ဖြစ်၏။ ထို့ကြောင့် ကောင်းသော အထိအတွေ့ ဟေဋ္ဌာရုံကို အာရုံပြု၍ ထီး၊ ဖိနပ်တို့ကိုလည်း လှူဒါန်းနိုင်ကြပေ၏။

(ဇာ ၄ - ၄ - ၁၅ - ၂၂)

ဟေဠဝါဏိဒါနလာ ဆောင်ရန်လက်ာများ

၀။	ဟောဠဝါဏိ၊	တွေ့မျိုးစုံ၊	အစုံလျှုနိုင်ထသည်။
၂။	မကောင်းအတွေ့၊	ပယ်ဖျောက်ခြင်း၊	ကောင်းတွေ့လျှုနိုင်ထသည်။
၃။	အခင်းတစ်ရပ်၊	ကုတင်,ယပ်၊	ဖိနပ်လျှုနိုင်ထသည်။
၄။	ကောင်းတွေ့ဟောဌာ၊	သုဝေမှာ၊	မွှေဖြစ်လေသည်။
၅။	သစ်မည်လတ်၊	ပုဏ္ဏားမြတ်၊	ဖိနပ်လျှု၍သည်၊
၆။	သဘော်ပျက်ရာ၊	သမုဒ်မှာ၊	ခလောကယ်တင်ထသည်။
၇။	ကုသိုလ်ပြုရှိုး၊	ဒုက္ခတိုး၊	အားကိုးရလေသည်။
၈။	ထောက်ရာမရှိ၊	ရေဒြထိ၊	ထောက်ရှိပေါ်လေသည်။
၉။	ကုသိုလ်ကိုသာ၊	အားကိုးပါ၊	မှားတာမရှိပြီ။

ဟောဠဝါဏိဒါနလာ ဆောင်ရန်လက်ာများ ပြီး၏။

ဓမ္မာဏိဒါန ။ ။ ဓမ္မာရုံဒါနကိုကား ညြှာအလျှူ ဖျော်ရည်အလျှူ အသက်အလျှူတို့၏ အစွမ်းဖြင့် လျှုနိုင်ကြကုန်၏။ ထိုတွင် ညြှာအလျှူကို ဖြစ်စေအံ့ဟူ၍ နှလုံးသွင်းလျက် အဆီညြှာများစွာပါဝင်သော ထောပတ်၊ ဆီဦး အစရှိသည်တို့ကို လျှုနိုင်ကြကုန်၏။ အဖျော်အလျှူကို ဖြစ်စေအံ့ဟူ၍ နှလုံးသွင်းလျက် အဖျော်မျိုးစုံတို့ကို လျှုနိုင်ကြပေကုန်၏။

အသက်အလျှူကို ဖြစ်စေအံ့ဟူ၍ နှလုံးသွင်းလျက် အသက်ရှည်စေနိုင်သော ဆေးဝါးများကို လျှုဒါန်းနိုင်၏။ မကျန်းမာကုန်သော လူနာတို့အား ဆေးဆရာကို ခေါ်ပေး၏။ ပိုက်ကွန်ကို ဖောက်ဖျက်၍ ငှက်တွေကို လွှတ်ပေး၏။ ပြိုးကို ဖောက်ဖျက်၍ ငါးတွေကို လွှတ်ပေး၏။ နှောင်အိမ်၌ ကျခံနေသူတို့ကို လွတ်အောင် အားထုတ်၏။ သားကြိုး၊ ငါးကြိုးများကို မသတ်ရဟု ကြွေးကြော်ကြောင်း စည်ကို လှည့်လည်စေ၏။ ထိုမှတစ်ပါးသော အသက်ကို စောင့်ရှောက်သော ကောင်းမှုကုသိုလ်များကို ပြုလုပ်၏။ ဤသို့ စသည်ဖြင့် ဓမ္မာရုံဒါနအနေဖြင့် လျှုနိုင်ကြလေကုန်၏။

(အဘိ ၄ - ၁ - ၁၂၂)

အဂ္ဂိလိမာလ၏ ဓမ္မာရုံဒါန ။ ။ အဂ္ဂိလိမာလကား ဆင်ပြောင် (၇)စီးအားကို ဆောင်နိုင်လောက်အောင် အလွန်အားကောင်းသူဖြစ်လေ၏။ ထို့ကြောင့် ဆရာကို လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်လိုသည့်အတွက် လူပေါင်း ရာထောင်များစွာကို သတ်ဖြတ်လေသောကြောင့် ခိုးသူကြီး အဂ္ဂိလိမာလဟူ၍ ထင်ရှားလေ၏။ တန်ခိုးကြီးလေ၏။ ထို့နောက်မှ မြတ်စွာဘုရား ကယ်တင်၍ ဗဟိဘိက္ခုရဟန်းဖြစ်ကာ တရားကို ကြိုးစားအားထုတ်သဖြင့် ရဟန္တာ ဖြစ်လေ၏။

ထို့ပြင် အဂ်ိုလိမာလ ဘဝတွင်သာ အားကောင်းသည် မဟုတ်။ မဟာသုတသောမဇာတ်၌ ပေါရိဏာဒ ဘဝ၌လည်း အလွန်အားကောင်းစွာဖြင့် လူတွေကို သတ်ဖြတ်၍ လူသားကို စားခဲ့သူ ဖြစ်ခဲ့၏။ ဘုရားလောင်း မဟာသုတသောမ တရားဟော၍ ချွတ်လေမှ လူသားစားဘဝက ကျွတ်လေ၏။

ထိုသို့ အဂ်ိုလိမာလ အားကောင်းခြင်းသည် ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်က ရဟန်း သံဃာတော်တို့အား အဆိအစေး ညြောတတ် အပြည့်အဝရှိသော နို့ယနာဆွမ်းကို လှူဒါန်းခဲ့လေ၏။ ထို့ကြောင့် ခွန်အားကြီးခြင်း ဖြစ်၏။

ချမ်းတုန်နေသော ရဟန်းသံဃာတို့အား အချမ်းပျောက်ခြင်းဌ် ဝိုးတင်းကုပ်ဆောက်လုပ်၍ ဝိုးကိုလည်း ကောင်း၊ ထင်းကိုလည်းကောင်း၊ ထင်းပြတ်ရန် ပဲခွပ်ကိုလည်းကောင်း၊ ပုဆိန်ကိုလည်းကောင်း လှူခဲ့၏။ ထို့ကြောင့် တန်ခိုးကြီးခြင်းဖြစ်၏။

ထို့နောက် တစ်ခုသောဘဝ၌ လယ်သမားဘဝဖြင့် ဝိုးရေစိုရွဲ အချမ်းပြင့် နှိပ်စက်ခံနေရသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးအား ဝမ်းပြောက်ဝမ်းသာဖြင့် အချမ်းပျောက်စိမ့်သောဌ် ဝိုးဖိုပေးလေ၏။ ထို့ကြောင့် ဖြစ်တိုင်း ဖြစ်တိုင်းဘဝမှာ အားခွန်ဗလကြီးခြင်း ဖြစ်လေ၏။

(ဇ ၄ - ၅ - ၅၁၅ ။ ထေရ ၄ - ၂ - ၃၂၅)

အရှင်ဗာကုလ၏ ဓမ္မာရုံ ဒါန ။ ။ အရှင်ဗာကုလကား လူဘဝနှင့် သက်တော် (၈၀)၊ ရဟန်းဘဝနှင့် သက်တော် (၈၀) – သက်တော် (၁၆၀) အထိ အသက်ရှည်၏။ ထိုအတွင်း နှားနို့တစ်ညှစ်စာ မျှပင် တစုံတရာ ရောဂါမဖြစ်ပူးပေး။ အယုတ်သဖြင့် နှာစေးခြင်း၊ ချောင်းဆိုးခြင်းတောင် မဖြစ်ပူးပေး။ ထို့ကြောင့် ကျန်းမာရေး ကောင်းမွန်သော အရာ၌ ဧတဒဂ်ဘွဲ့ရလေ၏။

အရှင်ဗာကုလ ထိုမျှ ကျန်းမာရေးကောင်းခြင်းသည် လွန်ခဲ့သော တစ်သချေါနှင့် ကမ္ဘာတစ်သိန်းကာလက ရသေ့ဘဝဖြင့် အနောမဒဿီ မြတ်စွာဘုရား၌ ဖြစ်နေသော ဝမ်းလေနာရောဂါကို ဗိမိုက်ယ်တိုင် ဖော်စပ်သော ဆေးကို လှူလိုက်လေ၏။ တစ်ကြိမ်သာ သုံးဆောင်သဖြင့် မြတ်စွာဘုရား၌ ကျရောက်နေသော ဝမ်းလေနာသည် ပျောက်ကင်းလေ၏။

ထိုမှနောက် လွန်ခဲ့သော (၉၁) ကမ္ဘာ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌ အဆိပ်ပွင့် အနှံကို ရှုမိကြသောကြောင့် အဂ္ဂသာဝကနှစ်ပါးမှတစ်ပါး မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များသည် ဦးခေါင်းနာရောဂါ စွဲကပ်လေ၏။ အရှင်ဗာကုလထေရ်အလောင်းသည် ရသေ့ဘဝဖြင့် တောမှ ဆေးအမျိုးမျိုးတို့ကို စုဆောင်းဖော်စပ်၍ ဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား လှူဒါန်းလေ၏။ တစ်ကြိမ်နမ်းရှုရုံမျှပင် ခေါင်းကိုက်ရောဂါဝေဒနာများ ပျောက်ကင်းသွားကြလေ၏။

ထို့နောက် ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်၌ အိမ်ထောင်သည်ဘဝဖြင့်နေစဉ် မိမိ၏အိမ် ယွင်းယိုအိုနေသည်ဖြစ်၍ လက်သမားကို ခေါ်ကာ လိုအပ်သော သစ်များကို ရှာဖွေရန် ပစ္စန္တရစ် အရပ်သို့ သွားလေသော် လမ်းခရီးအကြား၌ ရဟန်းသံဃာတော်များ နေထိုင်သော ကျောင်းတိုက်အိုကြီးတစ်တိုက်

ကို တွေ့မြင်၍ ဗိမိအိမ်အိုကို မပြင်သေးဘဲ ထိုကျောင်းတိုက်အိုကြီးကို အရင်ပြုပြင်လေ၏။ ဆွမ်းစားကျောင်းအသစ်၊ မီးတင်းကုပ်အသစ်၊ စင်္ကြံ်အသစ်၊ ချွေးအောင်းရုံအသစ်၊ ကပ်ိယကုဋီအသစ်၊ ဝစ္စကုဋီအသစ်၊ ကျန်းမာရေးဆေးကျောင်းအသစ်များကို ဆောက်လုပ်စေကာ သံဃာများအား လှူဒါန်းလေ၏။ ထို့ပြင် စားဆေး၊ သောက်ဆေး၊ ရှူဆေး စသော ဆေးအမျိုးမျိုးကိုလည်း လှူဒါန်းလေ၏။

ထိုသို့ အစွမ်းထက်သော ဆေးများနှင့် ကျောင်းအဆောင်းအဝှေ့်အိုများကို ပြုပြင်လှူဒါန်းခဲ့သော ကုသိုလ်ကံတို့ကြောင့် ယခုဘဝ သက်တော် (၁၆၀) ရှည်ပြီး အလွန် ကျန်းမာရေးကောင်းမွန်ခြင်း ဖြစ်လေ၏။

(အံ ၅ - ၁ - ၂၃၆/ ၂၃၈)

စက္ကနဉပါသကာ၏ ဓမ္မာရုံဒါန ။ ။ စက္ကန ဥပါသကာ၏ ဓမ္မာရုံဒါနကား အဘယဇိဝိတဒါနတည်း။ တစ်နေ့သော အခါ၌ နာဖျားနေသော မိခင်အား ဆေးဆရာက *'ယုန်သားအစိုရှမ္ ဤရောဂါပျောက်မည်'* ဟု ဆိုသောကြောင့် အစ်ကိုဖြစ်သူက ညီဖြစ်သူ စက္ကနအား လယ်တောသို့ ယုန်သားရှာရန် လွှတ်လိုက်လေ၏။

လယ်တော၌ မြက်နုစားနေသော ယုန်တစ်ကောင်သည် စက္ကနကို မြင်၍ လျင်သောအဟုန်ဖြင့် ပြေးရာ ချိုနွယ်တစ်ခုဖြင့် ငြိ၍ စက္ကန၏ အဖမ်းကို ခံရလေ၏။ အသက်ဘေးမှ ကြောက်၍ တုန်လှုပ်နေသော ယုန်ကို ကြည့်ပြီး စက္ကန ဥပါသကာသည် -

'ငါ့အမိ အသက်ရှင်ဖို့ရာအတွက် သူတစ်ပါး အသက်ကို သတ်ဖြတ်ရခြင်းမည်သည် မသင့်လျော်သည်သာတည်း' ဟု စဉ်းစား၍ ...

'ယုန်လေး ... သင့်ကို ငါ မသတ်တော့အံ့။ သင်သည် တောသို့သွား၍ အခြားယုန်တို့နှင့်အတူ မြက်၊ ရေတို့ကို ပျော်ရွှင်စွာ စားသောက်၍ နေချေလော့' ဟူ၍ ပြောဆိုလွှတ်လိုက်၏။

အိမ်သို့ ရောက်သောအခါ *'ဖမ်းပြီးမှ ပြန်လွှတ်ရမလား'* ဟူ၍ အစ်ကို၏ ဆဲဆိုရေရွတ်ခြင်းကို ခံရလေ၏။ ထို့နောက် စက္ကနသည် မိခင်ထံသို့ သွားရောက်၍ -

'ငါသည် မွေးသည်မှစ၍ ယနေ့တိုင်အောင် သူ့အသက်ကို မသတ်စဖူး။ ဤမှန်သော သစ္စာစကားကြောင့် မိခင်၌ ကျရောက်နေသော ရောဂါသည် ပျောက်ကင်းပါစေသတည်း'

- ဟူ၍ သစ္စာဆိုလေလျှင် သစ္စာဆိုသည်နှင့် တစ်ပြိုင်နက် မိခင်၌ ကျရောက်နေသော ရောဂါသည် ပျောက်ကင်းသွားလေ၏။

(အဘိ ၅ - ၁ - ၁၄၆)

စမ္ဘာရုံ ဒါနလာ ဆောင်ရန် လက်ာများ

၁။	စမ္ဘာရုံတူ၊	လှူလိုမှု၊	မှတ်ထူနိုင်ဖို့ထည်၊
၂။	ဖျော်ရည်,ဩဇာ၊	ဩဇာ၊	ကောင်းစွာလှူနိုင်ထည်။
၃။	သီးရည်အစုံ၊	အဖျော်စုံ၊	အကုန်လှူနိုင်ထည်။
၄။	ဩဇာလှူမှာ၊	ဆီဩဇာ၊	ပြည့်တာလှူနိုင်ထည်။
၅။	နိုယနာဆွမ်း၊	ထောပတ်ဆွမ်း၊	ဝဲဆွမ်းလှူနိုင်ထည်။
၆။	အားရှိစေရာ၊	အာဟာရာ၊	ပြုကာလှူနိုင်ထည်။
၇။	အသက်လှူရေး၊	ထင့်တော်ဆေး၊	မနှေးလှူနိုင်ထည်။
၈။	ဗျောက်စေဖို့ရာ၊	ဆေးဆရာ၊	ခေါ် ထာပေးနိုင်ထည်။
၉။	ဝိတ်တွန့်မီရာ၊	ဌက်များစွာ၊	လွတ်ကာပေးနိုင်ထည်။
၁၀။	မြုံးထောင်မီရာ၊	ငါးများစွာ၊	လွတ်ကာပေးနိုင်ထည်။
၁၁။	နှောင်အိမ်ချုပ်ထောင်၊	အကျဉ်းထောင်၊	လွတ်အောင်လုပ်နိုင်ထည်။
၁၂။	သားကြိုးငါးပ၊	မသတ်ရ၊	ပေးထပြုနိုင်ထည်။
၁၃။	ဆိတဒါန၊	ဘွဲးလှူပ၊	ပြုကရနိုင်ထည်။
၁၄။	အသက်စောင့်မှု၊	အစုစု၊	ကောင်းမှုပြုနိုင်ထည်။
၁၅။	အဂ်လိမာ၊	ဂွန်အားဟာ၊	လွန်စွာကြီးမားထည်။
၁၆။	ဆင်ဖြောင်ခုနစ်စီး၊	အားတိုတည်း၊	ဆောင်ပြီးထားနိုင်သည်။
၁၇။	လူပေါင်းတစ်ထောင်၊	သတ်လို့တောင်၊	အားဆောင်ကြီးလေးသည်။
၁၈။	ခိုးသူကြီးဟု၊	လူဆိုးဟု၊	ကျော်ပြုနေလေသည်။
၁၉။	ဘုရားဖြတ်စွာ၊	ကဿတင်ရာ၊	ရဟန္တာဖြစ်လေသည်။
၂၀။	အဂ်ဘဝ၊	တွင်မတ၊	သုတဇတ်မှာသည်၊
၂၁။	လူသားကိုစား၊	ပေါ်ရိကား၊	ဂွန်အားလွန်ကောင်းသည်။
၂၂။	အဂ်လိမာ၊	အားဂွန်ဟာ၊	လွန်စွာကောင်းခြင်းသည်၊
၂၃။	ကသ်လက်ထက်မှာ၊	နိုယနာ၊	ကောင်းစွာလှူခဲ့သည်။
၂၄။	ချမ်းပျောက်စေလို၊	သံဃာကို၊	မီးဖိုလှူခဲ့သည်။

၂၅။ ပဲခွပ်ပုဆိန်၊ ထင်းဖြတ်ချိန်၊ ကြိမ်ကြိမ်လျှော့ခဲ့သည်။
၂၆။ ရေတွေ့ရေးမိုး၊ ပစ္စေကို၊ မိုးဖိုပေးခဲ့သည်။
၂၇။ ယင်းသို့ပြုပြုတိ၊ ဌာန်အားမိ၊ အားရှိကျိုးပေးထည်။
၂၈။ တစ်ရာကျော်ပြု၊ ခြောက်ဆယ်ဟု၊ ဗာကုမထေရ်သည်၊
၂၉။ ရဟန်းရှစ်ဆယ်၊ လူရှစ်ဆယ်၊ သက်ကြွယ်နေရသည်။
၃၀။ နို့တစ်ညှစ်စာ၊ နာရောဂါ၊ ဖြစ်တာမရှိပြီ။
၃၁။ ကျန်းမာရေးတက်၊ ကောင်းလေချက်၊ ဒေဂဲတွဲ့ရသည်။
၃၂။ လွန်ကမ္ဘာတွေ့၊ တစ်သချော်၊ ဝိုလေတစ်သိန်းသည်၊
၃၃။ အနောမဒဿီ၊ တုရားသည်၊ တစ်လီပွင့်ခဲ့သည်။
၃၄။ ရသေ့ဘဝ၊ ဗာကုလ၊ ဗုဒ္ဓကိုးကွယ်သည်။
၃၅။ အနောလေနာ၊ ပျောက်ဆေးပါ၊ ကောင်းစွာလျှော့ခဲ့သည်။
၃၆။ ဥဒေ-ကမ္ဘာ၊ ပွင့်ပေါ်လာ၊ မြတ်စွာဝိပဿီ၊
၃၇။ အဆိပ်ပွင့်ဟူ၊ နံ့ကိုမူ၊ နမ်းရှူမိ၍သည်၊
၃၈။ ဘုရားရှင်ပေါ်၊ များသံဃာ၊ ခေါင်းနာဖြစ်ကြသည်။
၃၉။ အစွမ်းထက်ပြု၊ ဆေးတွေစု၊ လှူမှုပြုခဲ့သည်။
၄၀။ တစ်ကြိမ်တည်းသာ၊ ရှုရုံသာ၊ ရောဂါပျောက်ကြသည်။
၄၁။ ကဿပမြတ်စွာ၊ လက်ထက်မှာ၊ အိမ်ရာတည်ထောင်သည်။
၄၂။ အိမ်ထောင်ဘဝ၊ ဗာကုလ၊ ဗုဒ္ဓကိုးကွယ်သည်။
၄၃။ အိမ်အိုကိုပင်၊ ပြင်လိုအင်၊ စီစဉ်ရဋ္ဌသည်၊
၄၄။ လမ်းခရီးတွင်၊ ကျောင်းအိုပင်၊ တွေ့ မြင်ပါ၍သည်၊
၄၅။ အိမ်ကိုဖယ်ထား၊ ကျောင်းအိုအား၊ ပြင်ငြားပေးခဲ့သည်။
၄၆။ သောက်ဆေး, စားဆေး၊ လိမ်းရှူဆေး၊ အားဆေးလျှော့ခဲ့သည်။
၄၇။ ကျောင်းပြင်ကုသိုလ်၊ ဆေးကုသိုလ်၊ ကုသိုလ်များကြောင့်သည်၊
၄၈။ အသက်ရှည်ခြင်း၊ ရောဂါကင်း၊ မာခြင်းဖြစ်လေသည်။
၄၉။ သိဟိုဠ်ခေတ်က၊ စက္ကန်၊ ခေါ် ရဒကာသည်၊
၅၀။ အဓိရောဂါ၊ ပျောက်ဖို့ရာ၊ ယုန်ရာဖမ်းလေသည်။

၅၁။ ထုန်လေးခမျာ၊ ကြောက်လိုဘား၊ ထုန်ခါနေလေသည်။
၅၂။ အမိအတွက်၊ သူများသက်၊ သတ်ချက်မသင့်ပြီ။
၅၃။ ဤသို့တွေးကာ၊ ထုန်ကိုထား၊ ကောင်းစွာလွှတ်လိုက်ပြီ။
၅၄။ ထစ္စာပြုရာ၊ အမိမှာ၊ ရောဂါပျောက်လေသည်။
၅၅။ အဘထအလှူ၊ ဩဇလှူ၊ ဆေးလှူလွန်ကောင်းထည်။

ဓမ္မာရုံဒါနလာ ဆောင်ရန်လက်ာများ ပြီး၏။

ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ဝေဖန်ခြင်း ပြီး၏။

ရူပါရမ္မဏံဝါ စသည် ဖွင့်ဆိုချက်၌ ကိုယ်ကျင့်တရားများ တော်လောက်ပြီ။

ယဲ့ ယဲ့ ဝါ ပန လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ ရူပါရမ္မကံ ဝါ ... ပ ... ဓမ္မာရမ္မကံ ဝါ ယဲ့ ယဲ့ ဝါ ပန အာရဗ္ဘ - ဟူသော ပါဠိတော်၌ ရူပါရမ္မကံဝါ စသောပုဒ်တို့ဖြင့် အာရုံခြောက်ပါးတို့ကို ဖွင့်ဆိုပြီး၍ ယဲ့ ယဲ့ ဝါ ပန ဟူသောပုဒ်ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် ယဲ့ ယဲ့ ဝါ ပနာရဗ္ဘာ်တိ ဇတ္ထ အယံ ယောဇနာ - စသော ပါဠိကို မိန့်လေသည်။

ယဲ့ ယဲ့ ဝါ ပန ။ ။ ယဲ့ ယဲ့ ဝါ ပနာရဗ္ဘ - ပုဒ်၏ အဓိပ္ပါယ်ကား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသခ္ခါရိက မဟာကုသိုလ် ပဌမစိတ်ဖြစ်ခြင်းသည် ရူပါရုံ စသော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ဖြစ်သည်ဟု အဓိပ္ပါယ်ရလေသည်။

ယဲ့ ယဲ့ ဝါ ပန - မပါလျှင် ရူပါရမ္မကံ ဝါ စသော ပုဒ်တို့၌ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် ပေါတော်မူခြင်းကြောင့် ထိုအာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကိုသာ အာရုံပြုရာရောက်သည်ဟူသော အပြစ်သည် ဖြစ်လေ၏။

ယဲ့ ယဲ့ ဝါ ပန - ဖြင့် ထိုအပြစ်ကိုပယ်၍ အာရုံခြောက်ပါးလုံးကို အာရုံပြုနိုင်ကြောင်းကို ပြလေသည်။ တစ်ပြိုင်နက် အာရုံပြုနိုင်သည်မဟုတ်။ အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပဌမစိတ်ဖြစ်သည်ဟူသော အဓိပ္ပါယ်ကို ပြဆိုခြင်း ဖြစ်သည်။

တစ်ဦးနှင့် တစ်ဦး မထူနိုင် ။ ။ ထိုသို့ အာရုံခြောက်ပါးကို အာရုံပြုရာတွင် ရူပါရုံကို အာရုံပြုပြီး မဟာကုသိုလ်စိတ် ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်လည်း ရှိပေမည်။ သဒ္ဒါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ပေါ်လာသည်လည်း ရှိပေမည်။ ဤသို့ စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး မတူနိုင်ပေ။

အစဉ်အတိုင်း မဟုတ် ။ ။ ဆက်ဦးအံ့။ တစ်ဘဝတွင် ရူပါရုံကို ရှေးဦးစွာ အာရုံပြုပြီးမှ သဒ္ဒါရုံကို ဒုတိယ၊ ဂန္ဓာရုံကို တတိယ- ဤသို့ စသည်ဖြင့် ဤသို့ အာရုံပြုရခြင်းမျိုး မရှိ။ တစ်ပါးပါးဟု ဆိုသဖြင့် အစဉ်အတိုင်း မဟုတ်။ သင့်သလို၊ အဆင်ပြေသလို၊ အာရုံကျသလို အာရုံပြုနိုင်ပေသည်။

ရူပါရုံတွင်လည်း ညို့သောအဆင်းကို အာရုံပြုပြီးမှ ရွှေသောအဆင်းကို အာရုံပြုရမည်- ဤသို့ စသည်ဖြင့်လည်းကောင်း၊ သဒ္ဒါရုံတို့တွင်လည်း ရှေးဦးစွာ လူ၏ အသံကို အာရုံပြုပြီးမှ မိုးသံ စသည်ကို အာရုံပြုရမည်- ဤသို့ စသည်ဖြင့်လည်းကောင်း အမြဲ သတ်မှတ်ထားခြင်း မရှိပေ။ အာရုံခြောက်ပါး တစ်ပါးပါးကို သင့်သလို အာရုံပြုကြ၍ ဤပဌမ မဟာကုသိုလ်စိတ် ဖြစ်ပေါ်လေသည်။

(အဘိ ၌ - ၁ - ၁၄၉/၁၅၀ ။ ဘာဋီ ၃ - ၂၃၆ - ၂၄၀)

အာရုံနှင့် မဟာကုသိုလ်စိတ် ။ ။ ချဲ့ဉီးအုံ့ ။ ထိုသို့ အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြု၍ ပဌမ မဟာကုသိုလ်စိတ် ဖြစ်ရာ၌ ဘုရား၏ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းကို အာရုံပြု၍ ကြည်ညိုစိတ်ဖြစ်သူ၌ ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်လေသည်။ ဓမ္မပဒ အဋ္ဌကထာ မဋ္ဌကုဏ္ဍလီ ဝတ္ထု၌ သေရာညောင်စောင်း လဲလျောင်းနေသော မဋ္ဌကုဏ္ဍလီ သတို့သားသည် မြတ်စွာဘုရား၏ ရုပ်အဆင်းတော်ကို ပူးမြင်ရရုံမျှဖြင့်ပင် စိတ်၏ ကြည်လင်မှု၊ မြတ်စွာဘုရား၌ စိတ်ဖြင့် ကြည်ညိုမှု ဖြစ်လေ၏။ ထိုစိတ်ဖြင့် သေလွန်သောကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်လေသည်။ ဤသည်ကား ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ခြင်းတည်း။

(ဓမ္မ ၅ - ၁ - ၁၈)

ဆက်ဉီးအုံ့။ သေခြင်းတရား ရှိလျှင် မသေရာအမှန် မြတ်နိဗ္ဗာန် ရှိရမည်ဟူ၍ ယုံကြည်ချက်ဖြင့် နိဗ္ဗာန်ကို သိမြင်သော ပုဂ္ဂိုလ်ကို လှည့်လည်ရှာဖွေနေသော သာဂိပုတြာပဂိုဒ်သည် ကြည်ညိုဖွယ်အသွင်ဖြင့် ဆွမ်းခံကြွနေသော အရှင်အဿဇိထေရ်ကို မြင်လျှင် '*ဤပုဂ္ဂိုလ်ကား မသေရာ မြတ်နိဗ္ဗာန်ကို သိမြင်သော ရဟန္တာ ဖြစ်လိမ့်မည်*' ဟူ၍ သဒ္ဓါစိတ်ဖြင့် မဟာကုသိုလ်စိတ် ဖြစ်လေ၏။ ဤသည်လည်း ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ပုံတည်း။ ထို့နောက် တရားကို နာရသောအခါ သဒ္ဓါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ပြန်၏။ ထို့နောက် သတိစိတ်၊ သမာဓိစိတ်၊ ပညာစိတ် ဖြစ်သောအခါ၌မူကား၊ ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ခြင်းတည်း။

(ဝိနည်း မဟာဝ ၅၀/၁)

ယခုခေတ်၌ စေတီပုထိုး ရုပ်ပွားတော်များကို အာရုံပြု ကြည်ညိုနေသောအခါ၌လည်းကောင်း၊ ကြည်ညိုဖွယ်ကို ဆောင်လျက် ဆွမ်းခံကြွနေသော သံဃာတန်းကို မြင်ရ၍ ကြည်ညိုစိတ် ဖြစ်ရာ၌လည်းကောင်း စသည်ဖြင့် ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ဖြစ်ပုံကို သိမြင်နိုင်ကြပေ၏။

တရားကို နာယူနေရာတွင် တရားကို ကြည်ညိုစိတ် ဖြစ်နေရာ၌ သဒ္ဓါရုံကို အာရုံပြု၍လည်းကောင်း၊ အပ္ပေးနံ့သာဖြင့် ပူဇော်ရာ၌ ဂန္ဓာရုံကို အာရုံပြု၍လည်းကောင်း၊ ချို, ချဉ်, ဖန်, ခါး စသော အရသာကို လျှုပ်ရှားနေရာ၌ ရသာရုံကို အာရုံပြု၍လည်းကောင်း၊ ကုတင် ညောင်စောင်း စသည်ကို လျှုပ်ရှားနေရာ၌ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ လည်းကောင်း တရားကို ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်း၊ သုံးသပ်ခြင်း၊ သတိ၊ သမာဓိ၊ ပညာတို့ဖြင့် ရှုပွားနေခြင်း စသည်တို့၌ ဓမ္မာရုံကို အာရုံပြု၍လည်းကောင်း မဟာကုသိုလ်စိတ် ဖြစ်ပုံကို ကောင်းစွာ သိမြင်နိုင်ကြပေ၏။

ယဲ့ ယဲ့ ဝါ ပန အပ္ပဉ်လာ ဆောင်ရန်လက်ိုများ

၀။	ယဲ့ယဲ့ဝါပန၊	ပုဒ်ဖြင့်ပ၊	ဗုဒ္ဓမြတ်စွာသည်၊
၂။	အာရုံခြောက်ဖို့၊	တစ်ဖို့ဖို့၊	အာရုံပြု၍သည်၊
၃။	ကုစိတ်မဟာ၊	ဖြစ်ပေါ် လာ၊	ပြတာဖြစ်လေသည်။
၄။	အာရုံခြောက်ဖြာ၊	တစ်ပါးသာ၊	ပြုတာမဟုတ်ပြီ။
၅။	တစ်ပါးပြုးမှ၊	တစ်ပါးပ၊	ပြုရမဟုတ်ပြီ။
၆။	သင့်သလိုသာ၊	ပြုကြတာ၊	ပြတာဖြစ်လေသည်။
၇။	နိုညိုရွေ့ဖြာ၊	ထိုတူသာ၊	ကောင်းစွာသိရမည်။
၈။	ရူပါရုံပြု၊	သံနောက်ပြု၊	မှတ်စုမရှိပြီ။
၉။	ကုထ္ထာလီခေါ် ဆို၊	ဖူးရုံကို၊	ကုသိုလ်ဖြစ်လေသည်။
၁၀။	အရုဏ်သာရိ၊	အသဒိ၊	မြင်ဘိကုဖြစ်သည်။
၁၁။	တရားနာရာ၊	ရုံသဒ္ဒါ၊	ထပ်ခါကုဖြစ်သည်။
၁၂။	သတိ, ပညာ၊	ရုံမှော၊	ပြုကာကုဖြစ်သည်။
၁၃။	အာရုံခြောက်၀၊	ကုသလ၊	ဖြစ်ကြသိဋ္ဌင်ပြီ။

ယံ ယံ ဝါ ပန လာ ကိုယ်ကျင့်တရားများ ပြီး၏။

စမ္ဘုဇ္ဈေသ ဘဂွင်္

ဖဿ ဖြစ်ပုံ ပြခြင်းလာ ကိုယ်ကျင့်တရားများ

ကုသိုလ်စိတ်နှင့် အထူးဖြစ်ကြသော တရားများ ။ ။ မြတ်စွာဘုရားရှင်သည် ယံ ယံ ဇာ ပနာဇွာ - ဖြင့် အာရုံ ခြောက်ပါး တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်သည်ကို ဟောတော်မူပြီး၍ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊ သညာ ဟောတိ၊ စေတနာ ဟောတိ၊ စိတ္တံ ဟောတိ - ဟူ၍ ဆက်၍ ဟောကြားတော်မူသည်။ ယင်းသို့ ဟောတော်မူခြင်းသည် မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာ၌ စိတ်ချည်းသက်သက် ဖြစ်သည်မဟုတ်။ ဖဿ စသော စေတသိက်များလည်း စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် အတူတကွ ဖြစ်ကြသည်ကို ပြဆိုခြင်း ဖြစ်လေသည်။

ဖဿ၏ အမှတ်အသား လက္ခဏာများ ။ ။ အဋ္ဌကထာဆရာသည် ဖဿ၏ အမှတ်အသား လက္ခဏာများကို ဤသို့ ပြဆိုလေသည်။

ဖုသတိတိ ဖဿော။

၁။ ဖုသန လက္ခဏော၊

၂။ သင်္ဃဋ္ဋန ရသော၊

၃။ သန္နိပါတ ပစ္စုပဋ္ဌာနော၊

၄။ အာဝါဇနတ ဝိသယ ဝဒဋ္ဌာနော။

အာရုံ၌ တွေ့ထိတတ်သောကြောင့် ဖဿဟု ခေါ်၏။ ထိဖဿသည် -

၁။ အာရုံ၌ တွေ့ထိခြင်း လက္ခဏာရှိ၏။

၂။ အာရုံ, စိတ်ကို ထိခိုက်ခြင်း ကိစ္စရှိ၏။

၃။ အာရုံ, စိတ်တို့၏ ပေါင်းဆုံခြင်း သဘောဟု ယောဂီတို့ ဉာဏ်၌ ထင်လာ၏။

၄။ ရှေးရှုကျရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

၁။ အာရုံ၌ တွေ့ထိခြင်း သဘော ။ ။ ဤဖဿသည် နာမ်တရား ဖြစ်သော်လည်း အာရုံ၌ တွေ့ထိခြင်း ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောရှိ၏။

၂။ အာရုံ, စိတ်ကို ထိခိုက်ခြင်း ကိစ္စ ။ ။ ဤ၌ ဖဿ၏ အာရုံစိတ် ထိခိုက်ခြင်းဟူသည် ရုပ်ရုပ်ချင်း ထိသလို ဘေးချင်းကပ်၍ ထိခိုက်သည်မဟုတ်။ ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်ရာ၌ အရာဝတ္ထုချင်း မကပ်ငြာဘဲ ဓာတ်ခိုက်သည့် သဘောအားဖြင့် ထိခိုက်သကဲ့သို့ ဖဿကလည်း မငြိမကပ် မထိမစပ်ဘဲ စိတ်အာရုံ နှစ်ပါးစုံကို ထိခိုက်လေသည်။

မှန်၏။ ဖဿ၏ ထိခိုက်မှုကြောင့်သာ စိတ်နှင့် အာရုံ နှစ်ပါးစုံသည် ပေါင်းမိ၏။ ဖဿသည် အာရုံကိုသာထိ၍ စိတ်ကို မထိလျှင်လည်းကောင်း၊ စိတ်ကိုသာထိ၍ အာရုံကို မထိလျှင်လည်းကောင်း စိတ်နှင့် အာရုံသည် မဆုံမိ၊ မစပ်မိနိုင်။ ဖဿ၏ ထိခိုက်မှု အစွမ်းကြောင့်သာ စိတ်နှင့် အာရုံ ဆုံမိစပ်မိလေသည်။ ယင်းကိုပင် ဖဿသည် အာရုံစိတ်ကို ထိခိုက်ခြင်း ကိစ္စရှိ၏ ဟု ဆိုရလေသည်။

၃။ အာရုံ, စိတ်တို့၏ ပေါင်းဆုံခြင်းသဘော ။ ။ ဖဿသဘောကို ယောဂီ၏ ဉာဏ်၌ ထင်လာသောအခါ 'ဖဿ ဟူသည် - တွေ့ထိခြင်း ဟူသည်' ဝတ္ထု, အာရုံ, ဝိညာဏ် သုံးပါးတို့၏ ပေါင်းဆုံခြင်း သဘောပဲဟု သိမြင်လေသည်။ ယင်းကို ဉာဏ်အား ရှေးရှုထင်၏ဟု ဆိုသည်။

ဤ၌ ထိုသုံးပါး ပေါင်းဆုံခြင်းမျှကို ဖဿဟု မဆိုရ။ ထိုသုံးပါး ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်သည်ဟူ၍ သိမြင်ရပေမည်။

ဖဿ၏ အကျေးဇူး ။ ။ ထင်လာသော အာရုံသည် ဖဿ၏ နီးစွာသောအကြောင်း ပဒဋ္ဌာန်ဖြစ်၏ - ဟု ဆိုရာ၌ စက္ခုစသော ဣန္ဒြေက ရှေးရှုလျက်ရှိခြင်း၊ အာဝဇ္ဇန်းက ထိုအာရုံကို ဆင်ခြင်မိခြင်း - ထိုအခါ စက္ခုဝိညာဏ်စိတ်နှင့်အတူ ဖဿလည်း ဖြစ်ရတော့သည်သာ။ ထိုသို့ အကြောင်းညီညွတ်သောအခါ ဖဿမဖြစ်အောင် ဘယ်တန်ခိုးရှင်မှ တားလို့ မရပေ။ ယင်းကိုပင် ထင်လာသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏ ဟု ဆိုခြင်း ဖြစ်သည်။

(အဘိ - ၁ - ၁၅၁ / ၂ ။ ဘာဋီ ၃ - ၂၄၅/၂၅၂)

ဖဿ၏ ဓာတ်ခိုက်မှု သဘော ။ ။ ဖဿ၏ ဓာတ်ခိုက်မှုသဘောဟူသည် ရုပ်ဝတ္ထုနှစ်ခု စပ်လျက်၊ ကပ်လျက် ထိခိုက်ခြင်းမျိုး မဟုတ်ဘဲ နာမ်တရား အနေဖြင့် ဓာတ်ခိုက်ခြင်းသဘော ဖြစ်၏။ ကြောက်တတ်သူတို့အဖို့ ပိပိကြောက်ရသူကို တွေ့မြင်ရသောအခါ မျက်စိမျက်နှာ ပျက်ရခြင်း၊ အာသာတငမ်းငမ်း စားချင်သောအစာကို တွေ့ရသောအခါ လျှာရည်ကျတတ်ခြင်း၊ ကောင်းကင်အပြင့် ကြိုးတန်းပေါ် လျှောက်နေသည်ကို ကြည့်မိပြီး အောက်ကလူမှာ အသည်းတယားယားဖြစ်ခြင်း၊ မမျော်လင့်ဘဲ အံ့ဩဖွယ်ရာ အာရုံကို ဖြူန်းကနဲ တွေ့ရသောအခါ မှင်သက်မိနေတတ်ခြင်း၊ အလွန်အလိုရှိအပ်သော အာရုံကို ရုတ်တရက် တွေ့ရ၊ မြင်ရ၊ ကြားရသောအခါ စိတ်လှုပ်ရှားခြင်း၊ ကိုယ်အမူအရာ ဖောက်ပြန်ခြင်း စသည်များသည် ဖဿ၏ ဓာတ်ခိုက်မှုသဘောတွေ ဖြစ်လေသည်။

ကောင်း, မကောင်း ဖဿ ။ ။ စက္ခုဝိညာဏ် စသော ဝိညာဏ်စိတ်နှင့်အတူ ဖဿဖြစ်ရာ၌ ကောင်းသော ဣဋ္ဌာရုံနှင့် တွေ့ထိမှု ဖဿ၊ မကောင်းသော အနိဋ္ဌာရုံနှင့် တွေ့ထိမှု ဖဿ ဟူ၍ မြင်သိစိတ် စသည် ကွဲပြားသလောက် ဖဿလည်း ကွဲပြားရလေ၏။ အိပ်ရာထ နံနက်မိုးလင်းပါပြီ ဆိုကတည်းက ညအိပ်ပျော်ချိန်အထိ အလိုရှိအပ်သော ဣဋ္ဌာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံဟု ဆိုအပ်သော ကောင်းကောင်း၊ ဆိုးဆိုး အမျိုးမျိုးသော အာရုံတို့နှင့် ထိခိုက်မှု ဖဿအမျိုးမျိုး ဖြစ်ကြရ၏။

အကောင်းအာရုံတို့နှင့် ထိတွေ့ရမှု ဖဿကား ကုသိုလ်ကံကြောင့် တွေ့ရှိရခြင်း ဖြစ်ပြီး အဆိုးအာရုံတွေနှင့် ထိတွေ့ရမှု ဖဿကား အကုသိုလ်ကံကြောင့် ထိတွေ့ရခြင်း ဖြစ်လေသည်။ ကုသိုလ်ကံ အကျိုးပေးသောအခါ ရူပါရုံဖဿအနေဖြင့်လည်း ရှုချင်စဖွယ် တင့်တင့်တယ်တယ် လှလှပပ သာသာယာယာ ရူပါရုံတွေကို တွေ့ထိရ၏။ သဒ္ဒါရုံဖဿအနေဖြင့်လည်း တရားသံတွေ၊ သာသာယာယာအသံတွေကို တွေ့ထိရ၏။ ဂန္ဓာရုံဖဿအနေဖြင့်လည်း လေကောင်းလေသန့်၊ မွှေးမွှေးကြိုင်ကြိုင် အနံ့တွေကို ရှုရှိုက်ထိတွေ့ရ၏။ ရသာရုံဖဿအနေဖြင့်လည်း ဝိဝိနှင့် အဆင်ပြေသော၊ အရသာ ကောင်းမွန်သော အရသာတို့ကို စားသောက် ထိတွေ့ရ၏။ ဖောဋ္ဌဗ္ဗာရုံဖဿအနေဖြင့်လည်း ခက်ထန်ကြမ်းတမ်းသော အထိအတွေ့မျိုး မဟုတ်သော အထိအတွေ့မျိုး ထိတွေ့ရ၏။ ပျော့ပြောင်းနူးညံ့သော အထိအတွေ့ကို ထိတွေ့နေရတတ်၏။ ဓမ္မာရုံ ဖဿအနေဖြင့်လည်း ကောင်းသော အာရုံများကို၊ သာယာဖွယ် အာရုံများကို၊ ကုသိုလ်ဖြစ်ဖွယ် အာရုံများကို စိတ်ထဲမှာ ထင်လာ၊ မြင်လာ ထိတွေ့နေရတတ်၏။

မကောင်းသော ဖဿ ။ ။ အကုသိုလ်ကံ အကျိုးပေးသောအခါ၌ ရူပါရုံဖဿ အနေဖြင့်လည်း ကြောက်စရာ၊ လန့်စရာ၊ ရွံစရာ အာရုံ အမျိုးမျိုးတွေကို ထိတွေ့ရတတ်၏။ သဒ္ဒါရုံဖဿအနေဖြင့်လည်း မကြားကောင်း မနာသာ ပြောဆိုသံတွေ၊ ဆဲဆို ခြိမ်းခြောက်သံတွေ၊ ငိုကြွေးမြည်တမ်းသံတွေ စသော အာရုံတွေကို ထိတွေ့ရတတ်၏။ ဂန္ဓာရုံဖဿအနေဖြင့်လည်း ပုပ်စော်၊ ညှီစော်၊ ဟောင်စော် နံသော မကောင်းသော အနံ့အသက်တွေကို ရှုရှိုက် ထိတွေ့နေရတတ်၏။ ရသာရုံဖဿအနေဖြင့်လည်း အလွန်ညံ့ဖျင်းသော အစားအစာတွေ၊ ဝိဝိနှင့် မသင့်သော အစားအစာတွေကို စားသောက်ထိတွေ့နေရတတ်၏။ ဖောဋ္ဌဗ္ဗာရုံဖဿအနေဖြင့်လည်း ဆူးကို နင်းမိလို နင်းမိတတ်၏။ ခလုတ်တိုက်လို တိုက်မိတတ်၏။ အညစ်အကြေးများကို နင်းမိလို နင်းမိတတ်၏။ အလွန်ပူပြင်းသည်ကို ကိုင်မိလို ကိုင်မိတတ်၏။ နေရင်းထိုင်ရင်း မျက်စိထဲ အမှိုက်ဝင်လို ဝင်တတ်၏။ ချောင်းကိုက်လို ကိုက်တတ်၏။ ဓမ္မာရုံဖဿအနေဖြင့်လည်း ပူပန်စရာ၊ စိတ်ညစ်စရာ၊ ကြောက်လန့်စရာ၊ အကုသိုလ် ဖြစ်စရာ စသော အဆိုးအာရုံတွေကို စိတ်ထဲမှာ ထင်လာ၊ မြင်လာ ထိတွေ့နေရတတ်၏။

ရူပါရုံကုသိုလ်၊ အကုသိုလ် ဖဿ ။ ။ ဣဋ္ဌာရုံဖြစ်သော ရူပါရုံ၌ ကုသိုလ်ကို ကျေးဇူးပြုသော ရူပါရုံ၊ အကုသိုလ်ကို ကျေးဇူးပြုသော ရူပါရုံ ဟူ၍ ရှိပြန်လေ၏။

သေခါနီးကာလ၌ ဘုရားအာရုံကို ဖူးမြင်ထိတွေ့ရသော မဋ္ဌကုဏ္ဍလိသတို့သားသည် *'ငါ၏ အဖသည် မိုက်လှပေ၏။ ဤမျှ ကြည်ညိုဖွယ်ကောင်းသော ဘုရားကို ဖူးမြင်ခွင့် မရ။ အလှူပေးခွင့် မရ'* ဟူ၍ ကြံစည်မိကာ ခန္ဓာကိုယ်က အားအင်ကုန်ခန်း ဘာမျှမလှုပ်ရှားနိုင်တော့သည်ဖြစ်၍ မြတ်စွာဘုရား၌ ကြည်ညိုသော သဒ္ဓါစိတ်မျှသာ ဖြစ်လေ၏။ ထိုသဒ္ဓါစိတ်ဖြင့် သေလွန်၍ နတ်ပြည်သို့ ရောက်ရလေ၏။

မင်းကုသဇာတ်၌ ပဘာဝတီသည် မင်းကုသ၏ အရှပ်ဆိုးလှသော ရူပါရုံကို တွေ့မြင်ထိတွေ့ရ၍ မိဘအိမ်သို့ ပြန်ပြေး၏။ မင်းကုသကား ပဘာဝတီ၏ အလွန်လှသော ရူပါရုံအဆင်းကို တွေ့မြင်ထိတွေ့ရ၍ နေမရ၊ ထိုင်မရ ဖြစ်ကာ နောက်ကလိုက်၍ ကြိုးစားပမ်းစား ပြန်ခေါ်ယူရလေ၏။ ဤကား ရူပါရုံဖသက အကုသိုလ်ကို ကျေးဇူးပြုပုံတည်း။

သဒ္ဒါရုံ ကုသိုလ် ဖဿ ။ ။ အလွန်မျှော်လင့်တောင့်တနေသော အာရုံကို မမျှော်လင့်ဘဲ ရုတ်တရက် ကြားရသော အခါ အံ့အားတသင့်ဖြစ်ကာ အလွန်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ ကြားရတာ ဟုတ်မှဟုတ်ရဲ့လား၎၍ မယုံကြည်နိုင်လောက်အောင် ဖြစ်ရတတ်၏။

မြတ်စွာဘုရား မပွင့်မီ၌ ပုရာဏကဿပ အစရှိသော ဘုရားအတုအယောင်တို့သည် လူ့လောက၌ ဘုရားလုပ်၍ တွင်ကျယ်နေကြ၏။ ဘုရားအစစ်အမှန်ကိုသာ ကာလကြာမြင့်စွာ မျှော်လင့်တောင့်တနေသော အနာထပိဏ်သူဌေးသည် ယောက်ဖဖြစ်သူ ရာဇဂြိုဟ်သူဌေးထံမှ 'ဘုရား' ဟူသော စကားအသံကို ကြားရသော အခါ ကြားရတာ ဟုတ်မှဟုတ်ရဲ့လား ဟူ၍ ရုတ်တရက် မယုံကြည်နိုင်သေးဘဲ -

'သူဌေး ... ဘုရားလို့ ပြောလိုက်သလား' ဟူ၍ သုံးကြိမ်သုံးခါ မေးမြန်းရသည်အထိ ဖြစ်သွားလေ၏။

တစ်ခါတစ်ခါ ပိဝိဏ်၏ အကြံအစည်နှင့် တိုက်ဆိုင်မိသော သဒ္ဒါရုံအသံကို ကြားသိတွေ့ထိရသောအခါ၌လည်း အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတတ်ပြန်၏။ ရာဇဂြိုဟ်သူဌေးထံမှ ဘုရားပွင့်ပေါ်ကြောင်း သိရသောအခါ အနာထပိဏ်သူဌေးသည် နံနက်စောစောပင် ဘုရားဖူးရန် ထွက်လာခဲ့ပြီး -

'လောက၌ ဘုရားတ၊ ဘုရားယောင်တွေ ပေါလှချေ၏။ ဘုရားစစ်၊ ဘုရားမှန် ဖြစ်ခဲ့သော် ဂါဇ၏ ငယ်နာမည်သည် သုဒတ္တတည်း။ သုဒတ္တ ဟု ခေါ်မူ ကောင်းလေစွ ' ဟု ကြံစည်နေစဉ်မှာပင် -

'သုဒတ္တ ... လာလော့' ဟူ၍ မြတ်စွာဘုရား ခေါ်လိုက်သော အသံကို ကြားလိုက်ရ၊ ထိတွေ့လိုက်ရသော အနာထပိဏ်သူဌေး၏ ပိတိသောမနဿတို့ကား ပြောပြ၍ မနိုင်လောက်အောင်ပင် ဝမ်းသာကြည်နူးမည် ဖြစ်ပေ၏။

(စူဠဂါ - ၁၀၂/ ၁၀၄)

သဒ္ဒါရုံ အကုသိုလ် ဖဿ ။ ။ ရှေးအခါက ယုန်ငယ်တစ်ကောင်သည် ဥသျစ်ပင်အနီး ထန်းပင်တစ်ပင် အောက်၌ နေရင်း *'ယခုအနေများ မြေပြိုရင် အဘယ်သို့ သွားရအံ့နည်း'* ဟု ကြံစည်လျက်ရှိစဉ် ထိုအခိုက် ဥသျစ်သီးမှည့်တစ်လုံးသည် ထန်းရွက်ပေါ်သို့ ကြွေကျ၍ *'ဒုတ် ဒုတ် '* ဟူသော အသံမြည်လေ၏။ ယင်းကို မြေပြိုပြို အမှတ်ဖြင့် ကြောက်အားလန့်အား အားကုန်ပြေးလေ၏။ အခြားယုန်များက -

'ကြောက်လန့်တကြား အဘယ်ကြောင့် ပြေးသနည်း'

- ဟု မေးရာ ပြန်လှည့်၍မျှ မကြည့်ဘဲ -

'မြေပြိုမြေပြိ' ဟူ၍ အဟောတကော ပြောရင်း ပြေးလေ၏။ ဤသို့ ယုန်ပေါင်းများစွာတို့သည် တစ်ပေါင်းတည်း ဖြစ်၍ ပြေးကြလေ၏။

'မြေပြိုမြေပြိ ... မြေပြိုမြေပြိ' ဟူသောအသံသည် အလုံးစုံသော ဝက်, နွားနောက်, ကျွဲ, စိုင်, သမင် စသော တိရစ္ဆာန် အပေါင်းတို့ကို ကယက်ရိုက်ခတ်၍ ထိုတိရစ္ဆာန်တို့သည်လည်း ပြေးကြကုန်၏။ ထိုတိရစ္ဆာန်အပေါင်းတို့သည် ဘုရားလောင်း ခြင်္သေ့မင်း၏ ကယ်တင်မှုကြောင့် သမ္ဗုဒ္ဓရာသို့ မရောက်တဲ့ အသက်ဘေးမှ ချမ်းသာရာ ရကြလေကုန်၏။

(၈၄ - ၃ - ၆၉)

ဂန္ဓာရုံ ကုသိုလ် ဗဟု ။ ။ မွေးမွေးကြိုင်ကြိုင် သင်းသင်းလိုင်လိုင်ရှိသော အလှူဝတ္ထု၌ ဂန္ဓာရုံကို အာရုံပြု၍ လှူလျှင် ဂန္ဓာရုံကုသိုလ် ဖြစ်၏။ အလွန်ကောင်းမွန်စွာ ပြုလုပ်အပ်သော အဟာရတို့၌ မွေးကြိုင်သောအနံ့ တလိုင်လိုင် ထွက်တတ်၏။ ယင်းအဟာရကို လှူရာ၌ ဂန္ဓာရုံကို အာရုံပြုလှူလျှင် ဂန္ဓာရုံ ကုသိုလ်ဖြစ်နိုင်၏။ ရသာရုံကို အာရုံပြုလှူလျှင် ရသာရုံကုသိုလ် ဖြစ်နိုင်၏။ အဆီအြေဟူသော ဓမ္မာရုံကို အာရုံပြုလှူလျှင် ဓမ္မာရုံကုသိုလ် ဖြစ်နိုင်၏။ ထိုအာရုံ အကုန်လုံးကို အာရုံပြုလှူလျှင်လည်း အကုန်လုံးကုသိုလ် ဖြစ်နိုင်၏။

ရှေးအခါက ဗာရာဏသီပြည်၌ ဂန္ဓသူဌေးသည် ထမင်းစားဆောင်ကို သိန်းပေါင်းများစွာ အကုန်ခံ ဆောက်လုပ်ပြီးနောက် ထိုထမင်းစားဆောင်၌ လပြည့်နေ့တိုင်း တစ်သိန်းတန် ထမင်းကို သုံးဆောင်လေ့ရှိ၏။ လူအများတို့သည် ဂန္ဓသူဌေး၏ ထမင်းစားပွဲကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုကြလေ၏။ တစ်နေ့သော လပြည့်နေ့၌ တောသားတစ်ယောက်သည် ထင်းရောင်းရန်အတွက် ဗာရာဏသီပြည်သို့ ရောက်လာရာမှ သူငယ်ချင်း၏ ဆွဲဆောင်မှုဖြင့် ဂန္ဓသူဌေး၏ ထမင်းစားပွဲကို ဝင်ရောက်ကြည့်ရှုလေ၏။ တစ်သိန်းတန် ထမင်းနှုံက မွေးကြိုင်လှသည် ဖြစ်၍ သင်းသင်းကြိုင်ကြိုင် အမွှေးနှံ့သည် နှာခေါင်းဝသို့ လာထိရောက်သည်ဖြစ်၍ တောသားသည် ထိုထမင်းကို မစားရလျှင် သေရတော့မည့် အခြေအနေသို့ ဆိုက်ရောက်လေ၏။

နောက်ဆုံးတွင် သုံးနှစ်ကျွန်ခံပြီးမှ ထိုထမင်းကို စားခွင့်ရလေ၏။ စားမည်ပြုစဉ် ထိုတောသားသည် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ထိုထမင်းကို အနည်းငယ်မျှပင် စားမနေတော့ဘဲ အကုန်လှူလိုက်လေ၏။

(ဓမ္မ ၂ - ၅၇/ ၈)

ရသာရုံ ကုသိုလ် ဗဟု ။ ။ သီဟိုဠ်ခေတ်က မဟာဂါမအရပ်၌ တိသအမည်ရသော ဆင်းရဲသားတစ်ဦးသည် ရှိ၏။ ထင်းကိုရောင်း၍ အသက်မွေးရသောကြောင့် ဒါရဘဏ္ဍကတိသ ဟု အမည်တွင်၏။ ဆင်းရဲသော်လည်း သဒ္ဓါတရားရှိသော တိသဒါယကာသည် ပက္ခဆွမ်းကို လောင်းလှူရာတွင် ဆွမ်းအာဟာရ ညံ့ဖျင်းသောကြောင့် သာမဏေငယ်၊ ရဟန်းငယ်တို့သည် စွန့်သွန်ပစ်ကြလေကုန်၏။ ယင်းအတွက် ဇနီးမောင်နှံ နှစ်ယောက် စိတ်မပျက်ကြဘဲ သမီးလေးကို သူတစ်ပါးအိမ် (၁၂) ကျပ်နှင့် ရောင်းချပြီး နွားမတစ်ကောင်ဝယ်၍ ထိုနွားမမှ ထွက်သော နို့ဖြင့် နို့ဓမ်း၊ ထောပတ်များ ပြုလုပ်၍၊ နို့ဆွမ်းချက်၍ လှူလေမှ အရသာရှိသည်ဖြစ်၍ ရဟန်းသံဃာများ မြိန်ယှက်စွာ ဘုဉ်းပေး သုံးဆောင်ကြကုန်၏။

ထိုသို့ ဘုဉ်းပေးသုံးဆောင်ကြသည်ကို တိသဒ်ယကာသည် လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ -

'ငါတို့မှာ သမီးလေးတစ်ယောက် ရှိလို့သာ ငါတို့ အရှက်တကွဲ မဖြစ်ရခြင်း ဖြစ်သည်။ ငါတို့ အိမ်ကဆွမ်းကို အရှင်မြတ်တွေ နှစ်ဖြိုက်စွာ သုံးဆောင်လေပြီ' ဟူ၍ ပြောဆိုကာ သမီးလေးကို ရွေးနှုတ်ရန်အတွက် အရပ်တစ်ပါးသို့ သွား၍ ကြံ့ခိုင်ရုံတစ်ရုံ၌ အလုပ်လုပ်ရာ ခြောက်လကြာမှ ငွေ (၁၂)ကျပ်ကို စုဆောင်းမိလေ၏။

ထို (၁၂)ကျပ်ကို ယူဆောင်၍ သမီးလေးကိုရွေးရန် နံနက်ပိုင်း မိမိအိမ်သို့ ပြန်လာစဉ် လမ်းမှာ ပိဏ္ဍာပါတိက တိသထေရ်နှင့်တွေ့၍ ဆွမ်းမဘုဉ်းရသေးကြောင်း သိသည်နှင့် ဆွမ်းလှူရန် စဉ်းစားစဉ် ယောက်ျားတစ်ဦး ထမင်းထုပ် ဆွဲလာသည်ကို တွေ့မြင်၍ ထမင်းထုပ်ကို ၁ - ကျပ်ဖြင့် ရောင်းရန် ပြောဆိုလေ၏။

တစ်ပဲမျှ မတန်သော ထမင်းကို တစ်ကျပ်ပေးဝယ်သည်ကို ထမင်းထုပ်ပိုင်ရှင်သည် အလွန်အလိုရှိနေကြောင်း ရိပ်မိ၍ ဈေးကိုင်နေလာရာ နောက်ဆုံး ၁၂ - ကျပ်နှင့် ဈေးတည့်သွားလေ၏။ တိသဒ်ယကာသည် အလွန်ဝမ်းမြောက်စွာနှင့် တိသထေရ်အား ဆက်ကပ်လေ၏။ ဆွမ်းသုံးဆောင်ပြီးသောအခါ၌ အကျိုးအကြောင်းကို သိရသည်ဖြစ်၍ ကျောင်းသို့ရောက်လျှင် *'ရဟန္တာ မဖြစ်ရင် မထတော့ဘဲ'* ဟု အဓိဋ္ဌာန်ပြု၍ တရားအားထုတ်လေလျှင် (ဂ) ရက်မြောက်နေ့၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်လေ၏။ အားအင်ကုန်ခန်းနေပြီဖြစ်၍ ထိုနေ့၌ပင် ပရိနိဗ္ဗာန်စံဝင်လေ၏။ တိသထေရ်၏ အဓိဋ္ဌာန်ချက်အရ သူ၏ အလောင်းကို ဆွမ်းဒါနရှင် တိသဒ်ယကာ မ,မှပင် ရလေ၏။ ကာကဝဏ္ဏာတိသဘုရင်လည်း ဆုလာဘ်များစွာချလေ၏။

(အံ ၌ - ၁ - ၃၉၅/ ၃၉၈)

ရဟန်း အကုသိုလ် ဖဿ ။ ။ ရွေးအခါက ဗာရာဏသီမင်းသည် အသားဟင်းနှင့်ကင်း၍ ထမင်းမသုံးဆောင်တတ်သည်ဖြစ်၍ စားတော်ချက်သည် အမဲသားငါးသတ်ခြင်း၊ ရောင်းခြင်း မပြုရသော ဥပုသ်နေ့လိုမျိုး၌ ကြိုတင်၍ ဝယ်ထားရ၏။ တစ်နေ့သောအခါ၌ ထိုကြိုဝယ်အမဲသားကို လူမရှိခိုက် မွေးထားသော ခွေးသည် စားပစ်လိုက်သည်ဖြစ်၍ နောက်ထပ်လည်း ဝယ်မရသဖြင့် အသတ်ခံရမည်ကို ကြောက်သောကြောင့် သချိုင်းသို့သွား၍ လတ်လတ်ဆတ်ဆတ် လူသေအလောင်း ယောက်ျား၏ ပေါင်သားကို ဆောင်ယူကာ ချက်ပြုတ်၍ မင်းအား ဆက်ကပ်လေ၏။

ဗာရာဏသီမင်းသည် ရွေးဘဝက လူသားစားပူးသော အထုံပါလာသည်ဖြစ်၍ ထိုအသားကို လျှာပေါ်တင်မိသည် ဆိုလျှင်ပင် အရသာကို ဆောင်သော အကြောခုနစ်ထောင်တို့ကို နှံ့လေ၏။ တစ်ကိုယ်လုံး ချောက်ချားလေ၏။ ထိုမှစ၍ လူသားစား ပေါရိသာဒ အဖြစ်သို့ ရောက်လေ၏။ နောက်ဆုံး၌ ဘုရားလောင်း သုတသောမမင်းကြီး၏ ဆုံးမမှုကြောင့် လူသားစားဘဝမှ လွတ်လေ၏။

(ဇာ ၅ - ၅ - ၄၉၇ / ၈)

ဟေဠဟာရဏ် ကုသိုလ် ဖဿ ။ ။ ဆရာဇီဝက၏ ဆေးကုပေးမှုကြောင့် ဖျော့တော့သောရောဂါ ပျောက်ကင်းသွားသည်ဖြစ်၍ ဥဇ္ဇေနိပြည့်ရှင် ပဇ္ဇောတမင်းကြီးသည် အခြားအဝတ်ပုဆိုးထောင်သောင်းသိန်းတို့ထက် ကောင်းမွန်သော၊ အလွန်နူးညံ့ သိမ်မွေ့ကောင်းမွန်သော သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ဆရာဇီဝကအား ပေးလိုက်လေ၏။

ဆရာဇီဝကသည် ကျိမ္မကောင်းမွန်သော အဝတ်အထည်ကား မြတ်စွာဘုရားနှင့်သာ ထိုက်တန်၏ ဟု စဉ်းစားပြီး မြတ်စွာဘုရားအား လှူလိုက်လေ၏။ ထိုအချိန်၌ ရဟန်းသံဃာများသည် ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းများကို အသုံးပြုရခြင်း မရှိသေးဘဲ ပံသုကူသင်္ကန်းကိုသာ သုံးဆောင်နေရလေ၏။

ဆရာဇီဝကသည် ထိုအဝိုးတန်အဝတ်ကို လှူပြီးနောက် ရဟန်းသံဃာများအား ဒါယကာတို့ လှူဒါန်းသော အဝတ်သင်္ကန်းများကို သုံးဆောင်ခွင့်ပြုပါရန် လျှောက်ထားရာ မြတ်စွာဘုရားလည်း ခွင့်ပြုလေ၏။ ထိုအချိန်မှစ၍ ဒါယကာများ သင်္ကန်းကို လှူခွင့်ရလေ၏။

(၀ - ၃ - ၃၉၂)

ဟေဠဝွာရဲ့ အကုသိုလ် ဖဿ ။ ။ ရှေးအခါက ဟာရဏဝေသိမင်းသည် မြို့ကို စုံစမ်းလိုသည်ဖြစ်၍ မထင်မရှားသော အသွင်ဖြင့် ညဘက် မြို့တွင်းသို့ ထွက်ခဲ့လေရာ အလွန်အရပ်ဆိုးလှသော ပဉ္စပါပိမည်သော သတို့သမီးငယ်နှင့် သူငယ်ချင်းများ ကစားနေကြရာ နေရာသို့ ရောက်လာ၏။ မတော်တဆ တော်တဆ ဟာရဏဝေသိမင်းနှင့် ပဉ္စပါပိတို့ လက်ချင်း ထိမိကြရာတွင် ဟာရဏဝေသိမင်းကြီးသည် ဖိဖိသဖောအတိုင်း ရပ်တည်ခြင်းငှါ မစွမ်းနိုင်လောက်အောင် ဖြစ်ရလေ၏။ နတ်၏ အတွေ့အထိကဲ့သို့ ဖြစ်လေ၏။ ထို့ကြောင့် ပဉ္စပါပိသည် အလွန် အရပ်ဆိုးသော်လည်း အတွေ့အထိ အလွန်ကောင်းသောကြောင့် ဟာရဏဝေသိမင်း၏ မိဖုရားအဖြစ် တင်မြှောက်ခြင်း ခံရလေ၏။

(၈၅ - ၅ - ၄၇၆ / ၄၇၈)

ဓမ္မာရဲ့ ကုသိုလ် ဖဿ ။ ။ အင်အားကြီးသော ဟာရဏဝေသိမင်းသည် အင်အားနည်းသော ကောသလမင်းကို စစ်တိုက် အနိုင်ယူ၍ ကောသလမင်း စိုးပိုင်သော ကောသလတိုင်းကို သိမ်းပိုက်လေ၏။ ထို့နောက် ကောသလမင်း နှင့် သူ၏ မိဖုရားကြီးကိုလည်း သတ်ပစ်လိုက်လေ၏။ ကောသလမင်း၌ ဒီဃာဝု မည်သော သားတစ်ယောက် ကျန်ရစ်ခဲ့လေရာ ကလဲစား ပြန်ချေလိုသဖြင့် သိချင်းဆိုပြ၊ စောင်းတီးပြရာမှ ဟာရဏဝေသိမင်း၏ အတွင်းလူယုံတော်အဖြစ်သို့ ရောက်လေ၏။

တစ်နေ့သောအခါ၌ သမင်တောသို့ ထွက်ခွါလာရာ ခရီးပန်းသဖြင့် ဟာရဏဝေသိမင်းသည် ဒီဃာဝုမင်းသား၏ ရင်ခွင်၌ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ *'ဤအချိန်ကား ကလဲစားချေရန် အချိန်တည်း'* ဟု သန်လျက်ကို ထုတ်၍ ခေါင်းကို ပိုင်းဖြတ်မည်လုပ်ရာ ခမည်းတော် ကောသလမင်းကြီး သေခါနီး မှာခဲ့သော စကားကို သတိရလေ၏။

'ချစ်သား ဒီဃာဝု ... အရှည်ကို မကြည့်နဲ့။ အတိုကို မကြည့်နဲ့။ ရန်တို့မှုသဖြင့် ရန်တို့သည် မငြိမ်း။ ရန်တုံမမှုမှ ရန်တို့သည် ငြိမ်းကုန်၏' ဟု အဖမှာစကားကို သတိရသဖြင့် မသတ်ဖြစ်ရုံတွင်မကတော့ဘဲ နောက်ဆုံး ပြေငြိမ်းမှု ရကြကာ ဟာရဏဝေသိမင်းသည် ဒီဃာဝုမင်းသားအား ကောသလတိုင်းကိုလည်း ပြန်ပေးလိုက်လေ၏။ သမီးကိုလည်း ပေးလိုက်လေ၏။

(၀ - ၃ - ၄၈၇ / ၄၉၅)

ဓမ္မာရုံ အကုသိုလ်, ကုသိုလ် ဖဿ ။ ။ ဗုဒ္ဓလက်ထက်တော်က ဇနိုးမောင်နှံ နှစ်ဦးလုံးမှ အပေါ်ရုံခြုံထည် တစ်ထည်သာရှိသောကြောင့် ဇကသာဋကပုဏ္ဏား ဟု ခေါ်သော ပုဏ္ဏားကြီးသည် ညဘက်တွင် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အပေါ်ရုံခြုံထည်ကို မြတ်စွာဘုရားအား လှူလိုစိတ် ဖြစ်လာသည်နှင့် လှူမည်ပြုရာတွင် *'ဒီခြုံထည်လှူလျှင် ပုဏ္ဏားမကြီးမှာ ခြုံစရာ မရှိတော့ဘူး။ ငိုမှာလည်း မရှိတော့ဘူး'* ဟု တွေးမိပြန်၍ မလှူဖြစ်ဘဲ ဖြစ်လေ၏။ ထိုသို့ လှူလိုစိတ်ဖြစ်လိုက်၊ ပုဏ္ဏားမကြီးကို မြင်ယောင်ပြီး မလှူဖြစ်လိုက်နှင့် မစ္ဆရိယစိတ်နှင့် သန္ဒိဋ္ဌိစိတ် စစ်တိုက်ကြရာ တစ်ညဉ့်တာ၏ ပဌမယာမ်၊ မဇ္ဈိမယာမ်တို့ကို ကုန်လွန်စေလေ၏။ ပစ္ဆိမယာမ် မိုးလင်းချိန်း အချိန်ကျမှ သန္ဒိဋ္ဌိစိတ်က အနိုင်ရပြီး လှူဖြစ်သွားပြီးနောက် *'အောင်ပြီ ... အောင်ပြီ ...'* ဟူ၍ ကြွေးကြော်လိုက်လေ၏။ *'ဘာအောင်တာနည်း'* ဟု စုံစမ်းသိရှိလေလျှင် ကောသလမင်းကြီးသည် ပုဆိုးအစုံ (၃၂) စုံတို့ကိုလည်းကောင်း၊ အဝိုးတစ်သိန်းထိုက်သော ကမ္မလာခြုံထည် နှစ်ခုကိုလည်းကောင်း ဆင်လေးစီး၊ မြင်းလေးစီး၊ ရွာကြီးလေးရွာစသော သဗ္ဗစတုက္ကဆု ကိုလည်းကောင်း ချီးမြှင့်လိုက်လေ၏။

(ဓမ္မ ၄ - ၂ - ၁ / ၄)

ဖဿအပ္ပဉ်လာ ဆောင်ရန်လက်ကမ္ပား

ဖဿလက္ခဏာများ

၁။	တွေ့ထိသဘော၊	ဖဿပြော၊	သဘောသိဋ္ဌိဝ်သည်။
၂။	ရုပ်လိုမဟုတ်ပါ၊	ထိရုံသာ၊	ခြင်းရာဖြစ်လေသည်။
၃။	အာရုံစိတ္တ၊	ထိပေးရ၊	ကိစ္စဖြစ်လေသည်။
၄။	စိတ်,ရုံ,ဝတ္ထု၊	ပေါင်းဆုံမှု၊	ပစ္စုဖြစ်လေသည်။
၅။	ထင်အာရုံလျှင်၊	အကြောင်းပင်၊	သိမြင်နိုင်ကြသည်။

ဖဿ၏ ဓာတ်ခိုက်မှု သဘော

၁။	ဖဿခေါ် ထိုက်၊	ပေါင်းဆုံလိုက်၊	ထိခိုက်သဘောသည်၊
၂။	ကြောက်စရာအာရုံ၊	မြင်ရကြုံ၊	ဒုးတုန်ဖြစ်တတ်သည်။
၃။	စားချင်အစာ၊	မြင်တွေ့ရ၊	လျာရည်ကျတတ်သည်။
၄။	ကောင်းတင်ကြိုးတန်း၊	လျော်နေလျှမ်း၊	စိတ်ပမ်းတုန်လှုပ်သည်။

ကောင်း, မကောင်း ဖဿ

၁။	မတောင်းဖဿ၊	ကောင်းဖဿ၊	နှစ်ဝင်ရိုလေသည်။
၂။	ကုသိုလ်ကြောင်းပြု၊	ကောင်းဖဿ်ဟု၊	အကုသလကောင်းပြီ။
၃။	သာသာယာယာ၊	တွေ့ထိတာ၊	တွေ့လာသမျှသည်၊
၄။	ကုသိုလ်ကြောင့်သာ၊	တွေ့ထိရာ၊	ကောင်းစွာသိရမည်။
၅။	မသာမယာ၊	တွေ့ထိရာ၊	တွေ့လာသမျှသည်။
၆။	အထူကြောင့်သာ၊	တွေ့ထိရာ၊	ကောင်းစွာသိရမည်။

ရူပါရုံကုသိုလ် ဖဿ

၁။	ထူးရုပ်သွင်၊	သေနိုးပင်၊	တွေ့မြင်မှသည်၊
၂။	ရူပါရုံထု၊	ဖဿဟု၊	တွေ့မှုဖြစ်လေသည်။
၃။	ကြည်ညိုရုံသာ၊	နတ်ဒေဝါ၊	ကောင်းစွာဖြစ်ရေပြီ။

ရူပါရုံ အကုသိုလ် ဖဿ

၁။	ပဘာရူပ၊	တွေ့ထိရ၊	ကုဆမင်းမှာသည်၊
၂။	ရူပါရုံတွင်၊	စိတ်တွေဝင်၊	မမြင်မနေပြီ။
၃။	မနေနိုင်ငြား၊	လိုက်၍မျှား၊	ကြိုးစားယူရသည်။

သဒ္ဒါရုံ ကုသိုလ် ဖဿ

၁။	ရုတ်တရက်ဖန်၊	ဘုရားသံ၊	ပြောသံကြား၍သည်၊
၂။	အနာထပိဏ်၊	နားမှာမြိန်၊	သုံးကြိမ်မေးလေသည်။
၃။	ဘုရားမှန်မူ၊	သဒ္ဒတ်ဟူ၊	ခေါ် မူစိတ်ကြုံသည်။
၄။	သဒ္ဒတ္တလာ၊	ကြားထိရာ၊	လွန်စွာဝမ်းသာပြီ။

သဒ္ဒါရုံ အကုသိုလ် ဖဿ

၁။ ထန်းပင်အောက်တွင်၊ ယုန်လေးပင်၊ စိတ်တွင်ကြံလေပြီ။
၂။ ယခုနေ့၊ မြေပြုကျွေး၊ ခက်ရချေလေပြီ။
၃။ ထိုသို့ကြံစဉ်၊ ဒုတ်ဒုတ်ပင်၊ နားတွင် ကြားထိပြီ။
၄။ မြေပြုပြီတည်း၊ တစ်ဟုန်တည်း၊ ကြောက်ပြီးပြေးလေပြီ။
၅။ ထိုဂယက်မောင်း၊ ရစ္ဆန်ပေါင်း၊ ပြေးကြောင်းဖြစ်လေပြီ။
၆။ ဘုရားလောင်းခြင်္သေ့၊ ကယ်တင်၍၊ သက်စေ့လွတ်ကြသည်။

ဂန္ဓာရုံ ကုသိုလ် ဖဿ

၁။ သိန်းတန်ထမင်း၊ နှာခေါင်းတွင်း၊ နံ့သင်းကြိုင်လေပြီ။
၂။ စားချင်လှလစ်၊ တောသားစစ်၊ သုံးနှစ်ကျွန်ခံသည်။
၃။ စားဖို့လုပ်ရာ၊ ပစ္စေကာ၊ ကွလောလှူလိုက်သည်။

ရသာရုံ ကုသိုလ် ဖဿ

၁။ သိဟိုဠ်ခေတ်မှာ၊ ဆင်းရဲစွာ၊ ဒကာတိသသည်၊
၂။ သာမဏေများ၊ ရဟန်းများ၊ ဆွမ်းများလောင်းလှူသည်။
၃။ ရသာမတွေ့၊ ညံ့ဖျင်း၍၊ စွန့်၍ပစ်ကြသည်။
၄။ စိတ်ဓာတ်မကျ၊ သမီးပ၊ ရောင်းချပေါင်နှံသည်။
၅။ ဆယ်နှစ်ကျပ်ဖြင့်၊ နွားမထင့်၊ ဝယ်လင့်မွေးမြူသည်။
၆။ ထောပတ်နို့ဓမ်း၊ နို့ရည်ဆွမ်း၊ လှူဒါန်းနိုင်လေပြီ။
၇။ သာမဏေများ၊ ရဟန်းများ၊ လိုလားဘဉ်းကြသည်။
၈။ သမီးကိုပ၊ ရွေးရန်ပ၊ တိဿဒကာသည်၊
၉။ အလုပ်လုပ်ရာ၊ ခြောက်လေကြာ၊ ပြန်ကာလာခဲ့ပြီ။
၁၀။ လမ်းခရီးကျ၊ ထေရ်တိဿ၊ ကြုံရဖူးရသည်။
၁၁။ ဆွမ်းမစားရ၊ လွန်ဆာလှ၊ သိရသဖြင့်သည်၊
၁၂။ တစ်ပိဿတန်၊ ထမင်းမှန်၊ ဆယ်နှစ်ပြန်ပေး၍သည်၊
၁၃။ ဝယ်ယူဆောင်ကာ၊ ထေရ်မဟာ၊ ကောင်းစွာဆက်ကပ်ပြီ။

၀၄။	တို့ကြောင်းသိကြား၊	မထေရ်ကား၊	ကြိုးစားအားထုတ်သည်။
၀၅။	ခုနှစ်ရတ်ကြာ၊	ရဟန္တာ၊	ဖြစ်ကာစံဝင်သည်။
၀၆။	တိဿဒတ္တာ၊	မမ္မသာ၊	လောင်းဟာမြောက်ကြွေသည်။

ရဿရုံ အကုသိုလ် ပဌမ

၀။	ဗာရာဇေါ်ကြား၊	မင်းထစ်ပါး၊	သားစားလွန်ကျူးသည်။
၂။	ရွေးဘဝဦး၊	ထစ်မူထူး၊	တိရိုးဖြစ်ခဲ့သည်။
၃။	တစ်နေ့ခါရော်၊	လူသားသော်၊	လျှာပေါ် တင်မိသည်။
၄။	အကြောခုနှစ်ထောင်၊	ကိုယ်ရိုးတောင်၊	နှံ့ဆောင်ချောက်ချားသည်။
၅။	ထိုမှစကြား၊	မရှောင်အား၊	လူသားစားလေ့ပြီ။
၆။	ပေါရိုဿဒ၊	ခေါ် ဆိုကြ၊	နာမဟိန်းထွက်သည်။
၇။	သုတသောမ၊	ကယ်တင်မှ၊	ကျွတ်ရလေတော့သည်။

ဟေဠမ္ဗာရုံ ကုသိုလ် ဗဟု

၀။	သိဝိတိုင်းက၊	ပုဆိုးပ၊	ဂိဝရလေသည်။
၂။	အဗိုးအနှယ်၊	ထိုက်တန်လှ၊	ဗဟုလွန်ကောင်းသည်။
၃။	ငါနှင့်မတော်၊	ဘုရားတော်၊	ရှင်တော်လှူလေပြီ။
၄။	ရတန်းများအား၊	သက်နှံးအား၊	လှူကြားခွင့်တောင်းသည်။
၅။	ထိုမှစထင့်၊	သက်နှံးဖြင့်၊	လှူခွင့်ရကြသည်။

ဟေဠမ္ဗာရုံ အကုသိုလ် ဗဟု

၁။	ရုပ်ဆိုးသော်လဲ၊	အတွေ့ကဲ၊	လွန်ပဲကောင်းလှသည်။
၂။	ရှင်ဘုရင်လက်၊	ပါပိလက်၊	တစ်ချက်ထိမိသည်။
၃။	ဘုရင်မင်းဖျား၊	မနေကြား၊	မိဖုရားမြောက်လေသည်။

ဓမ္မာရုံ ကုသိုလ် ဖဿ

၁။	ရှိနှိုးဖို့ပါ၊	ကြံနေရာ၊	ဒီဃာမင်းသားသည်၊
၂။	ရှိသူမင်းဟာ၊	ပေါင်ပေါ်မှာ၊	အိပ်ကာပျော်နေပြီ။
၃။	ဓားကိုထုတ်ကာ၊	သတ်ဖို့ရာ၊	ရွယ်ကာထားလိုက်ပြီ။
၄။	သေချိန်းငြား၊	ဖ,စကား၊	ပြန်ကြားဖိလေပြီ။
၅။	အရှည်မကြည့်၊	တိုမကြည့်၊	ရန်ရှိမငြိမ်းပြီ။
၆။	ရန်မတုံမှ၊	ရန်တိုပ၊	ငြိမ်းရကြားယောင်ပြီ။
၇။	ရန်ကိုရှောင်တိမ်း၊	မေတ္တာကိန်း၊	ပေငြိမ်းကြလေပြီ။

ဓမ္မာရုံ အကုသိုလ်, ကုသိုလ် ဖဿ

၁။	နှစ်ယောက်ပေါင်းရယ်၊	ပေါ်ခြုံထည်၊	တစ်ထည်ရှိလေသည်။
၂။	ဇကသာဒုက၊	မည်နာမ၊	ခေါ် ရပုဏ္ဏားသည်၊
၃။	ညဘက်အခါ၊	တရားနာ၊	သဒ္ဓါဖြစ်လေပြီ။
၄။	အပေါ်ခြုံအား၊	မြတ်ဘုရား၊	လှူငြားပြင်လိုက်သည်။
၅။	ပုဏ္ဏားမမျက်နှာ၊	မြင်ယောင်ကာ၊	ပြန်ကာရုပ်သိမ်းသည်။
၆။	မစ္ဆရိယစိတ်၊	သဒ္ဓါစိတ်၊	အကြိတ်စစ်ဖြစ်သည်။
၇။	မိုးသောက်လုတိုင်၊	သဒ္ဓါဖြိုင်၊	အနိုင်ရလေသည်။
၈။	ကောသလမင်းကြီး၊	အားရပြီး၊	ဆုကြီးချလေသည်။
၉။	စောစောချိန်က၊	လှူလေက၊	ဒီမျှမကပြီ။

ဖဿ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ဝေဒနာ အပ္ပဉ်လာ ကိုယ်ကျင့်တရားများ

ဝေဒနာ၏ လက္ခဏာများ ။ ။ ဝေဒယတိတိ ဝေဒနာ။

ဝေဒနာ –

၁။ ဝေဒယိတ လက္ခဏာ။

၂။ အနုဘဝန ရသာ။

ထွဋ္ဌာဏာဒီ သင်္ဂဟော ရသာ ဝါ။

၃။ စေတသိက အဿာဒ ဝစနဋ္ဌာနာ။

၄။ ဝဿနိ ဝဒဋ္ဌာနာ။

ခံစားတတ်သောကြောင့် ဝေဒနာ ခေါ်၏။ ထိုဝေဒနာသည် –

၁။ ခံစားထတ်သော သဘောရှိ၏။

၂။ ခံစားခြင်း ကိစ္စရှိ၏။

ထစ်နည်း – အာရုံ၏ ထွဋ္ဌအခြင်းအရာကို သုံးဆောင်ခြင်း ကိစ္စရှိ၏။

၃။ စိတ်ဌိ မှီလျက် သာယာသော တရားဟု ယောဂီဉာဏ်အား ထင်လာ၏။

၄။ ထာယဝဿနိ၊ စိတ္တဝဿနိ ဟူသော နိုးစွာသော အကြောင်းရှိ၏။

(ဤသည်ကား သုခဝေဒနာအတွက် ဖြစ်၏)

အာရုံကို ခံစားခြင်း သဘော ။ ။ ဤ၌ လက္ခဏာနှင့် ရသသည် သဘောချင်း တူ၏။ ထိုအရ ဝေဒနာ ဟူသည် အာရုံ၏ အရသာကို ခံစားခြင်း သဘောရှိ၏ ဟု အဓိပ္ပါယ်ရလေသည်။ ဤ၌ အာရုံ၏ အရသာဟူသည် အာရုံတို့၏ လိုလားအပ်သော ဣဋ္ဌအခြင်းအရာ၊ မလိုလားအပ်သော အနိဋ္ဌအခြင်းအရာ၊ လိုလားအပ်သည်လည်း မဟုတ်၊ မလိုလားအပ်သည်လည်း မဟုတ်သော သာမညအနေဖြင့် ဖြစ်သော ဣဋ္ဌမဇ္ဈတ္တအခြင်းအရာဟူ၍ ရှိလေရာ ယင်းအခြင်းအရာကိုပင် အာရုံ၏ အရသာဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။

ခံစားပုံချင်း မတူကြ ။ ။ အခြားသော ဖဿ စသော တရားများလည်း အာရုံတို့နှင့် ထိတွေ့ ဆက်ဆံကြ၍ မခံစားဘူးလား? ဟူ၍ မေးမြန်းဖွယ်ရှိ၏။ ခံစားသည်ကား မှန်၏။ သို့ရာတွင် တစ်စိတ်တစ်ဒေသမျှသာ ခံစားနိုင်၏။ မှန်၏။ ဖဿသည် တွေ့ထိခြင်းမျှသာတည်း။ သညာသည် မှတ်ခြင်းမျှသာတည်း။ စေတနာသည် စေ့ဆော်ခြင်းမျှသာတည်း။ စိတ်ဝိညာဏ်သည် သိခြင်းမျှသာတည်း။ (ယင်းကိုပင် တစ်စိတ်တစ်ဒေသ ခံစားသည်ဟု ဆိုခြင်းဖြစ်သည်)

စင်စစ်အားဖြင့် အစိုးတရအဖြစ်ဖြင့် အရှင်သခင်၏ အဖြစ်ဖြင့် ဝေဒနာသည်သာ အာရုံ၏ အရသာကို ခံစားပေ၏။

ရှင်ဘုရင်နှင့် စားပိုးသည် ။ ။ *ဥပမာအားဖြင့်* – အမျိုးမျိုးသော အရသာရှိသော ဘောဇဉ်တို့ကို ချက်ပြုတ်စီစဉ်ပြီး၍ ပွဲတော်အုပ်ကို ရှင်ဘုရင်ကို ဆက်သသောအခါ ရှင်ဘုရင်ရှေ့တွင် စားပိုးသည်သည် ဟင်းများ၌ အဆိပ်ပါ, မပါ အကုန်မြည်းပြရ၏။ ထမင်း၊ ဟင်း အားလုံး အပြစ်ကင်းပြီဆိုမှ ရှင်ဘုရင်သည် အလိုရှိအပ်သော အာဟာရများကို အစိုးတရ သုံးဆောင်လေ၏။

ဤဥပမာ၌ ဖဿစသော နာမ်တရားများနှင့် စားပိုးသည်နှင့် တူလေ၏။ ရှင်ဘုရင်နှင့် ဝေဒနာနှင့် တူလေ၏။ ထို့ကြောင့် အာရုံ၏ အရသာကို ခံစားရာ၌ ဝေဒနာသည်သာ အစိုးတရ အရှင်သခင်အဖြစ်ဖြင့် ခံစားသောကြောင့် ဝေဒနာကိုသာ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏ ဟု ဆိုရလေသည်။

၃။ ပဓွပ္ပဒါန် ။ ။ ဤ၌ ပစ္စုပ္ပဒ္ဓါန်အရ ဝေဒနာသည် စိတ်၌မှီ၍ သာယာတတ်သောသဘော၏ အဖြစ်ကြောင့် သုခဝေဒနာ ဟူသည် သာယာမှုသဘောဟူ၍ ဉာဏ်အား ထင်လာ၏။

၄။ ပဒဋ္ဌာန် ။ ။ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းရှိမှ သုခဝေဒနာ ဖြစ်နိုင်သောကြောင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းကို ဝေဒနာ၏ နီးစွာသောအကြောင်း ပဒဋ္ဌာန် ဟူ၍ ဆိုရလေသည်။

(အဘိ ၄ - ၁ - ၁၅၂/၁၅၃ ။ ဘာဋီ ၃ - ၂၅၂/ ၂၅၅)

စိတ်, ဖဿ, ဝေဒနာ ။ ။ အာရုံတစ်ခုပေါ်လာရာ၌ စိတ်က ထိုအာရုံကို ရှေးဦးစွာ ယူပြီး ဖဿက စိတ်နှင့် အာရုံကို ပေါင်းမိအောင် ထိတွေ့ပေး၏။ ဝေဒနာက ထိုအာရုံကို ခံစားလေ၏။ အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာ၌ စိတ်ဖြစ်သည်နှင့်အတူ ထိဖဿ, ဝေဒနာ စသော စေတသိက်များလည်း ဖြစ်ကြကာ မိမိတို့ကိစ္စကို အသီးသီး ဆောင်ရွက်ကြ၏။ ထိုတွင် ကုသိုလ်ကံကြောင့် ကောင်းသောအာရုံကို တွေ့ထိရသောအခါ သုခဝေဒနာဖြစ်ပြီး အကုသိုလ်ကံကြောင့် မကောင်းသော အာရုံကို တွေ့ထိရသောအခါ ဒုက္ခဝေဒနာ ဖြစ်သည် – ဟုဆိုရလေသည်။ ယင်းကိုပင် ပဋိစ္စသမုပ္ပါဒ်သဘောအရ အဝိဇ္ဇာကြောင့် ကံသခါရ ဖြစ်သည်။ ကံသခါရကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်သည်။ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်၊ရုပ် ဖြစ်သည်။ နာမ်၊ရုပ်ကြောင့် အာယတန ဖြစ်သည်။ အာယတနကြောင့် ဖဿ ဖြစ်သည်။ ဖဿကြောင့် ဝေဒနာ ဖြစ်သည် – ဟူ၍ ဆိုရခြင်း ဖြစ်လေသည်။

မဋ္ဌကုဏ္ဍလီ၏ သုခဝေဒနာ ။ ။ သောမနဿဝေဒနာနှင့် သုခဝေဒနာသည် သဘောချင်းတူ၏။ လူလောကၠ သုခဝေဒနာ ဖြစ်နေရန် အလွန်အရေးကြီး၏။ သုခဝေဒနာ ရရှိရန်အတွက် အာရုံခြောက်ပါးတို့သည် ကောင်းသော အာရုံ ဖြစ်ရန်လို၏။ ကောင်းသော အာရုံဖြစ်မှ ထိုအာရုံတို့ကို သိမြင်သော စက္ခုဝိညာဏ်စိတ် စသော ကောင်းသော စိတ်တွေ ဖြစ်ကြမည်ဖြစ်၏။ ကောင်းသောစိတ်တွေ ဖြစ်မှ ကောင်းသော ဖဿ၊ ကောင်းသော ဝေဒနာတွေ ဖြစ်ကြမည် ဖြစ်၏။ ကောင်းသော ဝေဒနာ ဟူရာ၌ လောဘမူ သောမနဿ ဝေဒနာနှင့် မဟာကုသိုလ် သောမနဿ ဝေဒနာ ဟူ၍ နှစ်မျိုးရှိရာ မဟာကုသိုလ် သောမနဿ ဝေဒနာ ဖြစ်နေရန် အလွန် အရေးကြီးလှပေ၏။

မဋ္ဌကုဏ္ဍလိသတို့သား သေချိန်းကာလ မဟာကုသိုလ် သောမနဿ ဝေဒနာ ဖြစ်လေ၏။ ယင်းကို မည်သူ ဖန်တီးပေးသနည်း။ မြတ်စွာဘုရားရှင် ဖန်တီးပေးလိုက်ခြင်း ဖြစ်၏။ မှန်၏။ မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိုလ် တစ်စုံတစ်ရာ မရှိဘဲ သေလွှင့် အပါယ်သို့ ရောက်နိုင်သောကြောင့် ထိုသို့ မဖြစ်ရလေအောင် မဋ္ဌကုဏ္ဍလိ ရှိရာအိမ်သို့ ကြွရောက်တော်မူပြီး ရောင်ခြည်တော်တစ်ခု လွှတ်တော်မူလိုက်၏။ *'အို ဘာရောင် ပါလိမ့်မည်နည်း'* ဟု စူးစမ်းရာမှ ဘုရားရှင်ကို ပူးမြင်ရပြီး ဘုရားရှင်ကို ကြည်ညိုရုံမှ ဖြစ်သောစိတ်နှင့်အတူ မဟာကုသိုလ် သောမနဿ ဝေဒနာ ဖြစ်လေ၏။ ယင်းကုသိုလ်ကြောင့်ပင် သေလွန်သောအခါ၌ မဋ္ဌကုဏ္ဍလိ သတို့သားသည် တာဝတိံသာနတ်ပြည်သို့ ရောက်ရခြင်း ဖြစ်လေ၏။ ထို့ကြောင့် အာရုံခြောက်ပါးကို ကောင်းသော အာရုံများ ဖန်တီးရန် အထူးအရေးကြီးလှပေ၏။

ခေမာမိဟုရား၏ ကုသိုလ် သုခဝေဒနာ ။ ။ *'ရွှေးကုသိုလ်ကံကြောင့်သာ ကောင်းသော အာရုံကို တွေ့မြင်ရ၏'* ဟု ရွှေးကံကိုချည်း အားကိုးနေ၍ မဖြစ်။ ယခု ပစ္စုပ္ပန်ကံကိုလည်း ပြုပြင်တတ်ရန် လိုပေ၏။ ဝိဝိဓအိမ်၌ ဘုရားစင်၊ ဘုရားခန်း အစရှိသည်တို့ကို ကြည်ညိုဖွယ်ဖြစ်အောင် ပြုလုပ်တာလည်း ဝိဝိပင် ဖြစ်၏။ မလုပ်တာလည်း ဝိဝိပင် ဖြစ်၏။ ဤသည်ကို သဘောပေါက်၍ ကောင်းသော အာရုံတွေကို, ကုသိုလ်စိတ်ကို ဖြစ်စေနိုင်သော အာရုံတွေကို ဖန်တီးတတ်ရန် လိုပေ၏။

ရွှေးကုသိုလ်ကံ အကျိုးပေးခြင်းကြောင့် အလွန်အဆင်းလှသော ခေမာမိဟုရားကြီးသည် အဆင်း၌ မာန်ယစ်သည်ဖြစ်၍ အဆင်း၏ အပြစ်ကို ဟောပြောတော်မူတတ်သော မြတ်စွာဘုရားထံသို့ သွားခြင်းငှါ အလိုမရှိ ဖြစ်နေ၏။ မြတ်စွာဘုရားကား အဝေးကြီးမှာ မဟုတ်ပေ။ ထိုအချိန်၌ ဝိဝိတို့၏ ဝေဠုဝန်ဥယျာဉ်၌ပင် သီတင်းသုံးတော်မူလျက်ရှိ၏။ ဒါကိုသိသော ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ဥယျာဉ်သည် နတ်ပြည်က နန္ဒဝန်ဥယျာဉ်တမျှ သာယာကြည်နူးဖွယ်ကောင်းကြောင်းကို သိချင်းစပ်ခိုင်းချ၍ အဆိုကျော်တို့အား သီဆိုခိုင်းလေ၏။ ထိုသီချင်းသံကို ကြားရသောအခါ ခေမာမိဟုရား၏ စိတ်ထဲ၌ ရွှေးက အကြိမ်များစွာ ရောက်ဖူးသော ဝေဠုဝန်ဥယျာဉ်ကို မရောက်ဖူးသကဲ့သို့ အသစ်အဆန်းသဖွယ် ထင်မြင်လာ၏။ သွားချင်စိတ်တွေ ဖြစ်လာ၏။ သို့နှင့်ပင် မြတ်စွာဘုရားထံသို့ အဖူးအမြော် ရောက်သွားလေ၏။

မြတ်စွာဘုရားထံ အဖူးအမြော် ရောက်သွားသောအချိန်၌ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ အနီး၌ အလွန်လှပသော အမျိုးသမီး တစ်ရုပ်ကို ယပ်ခတ်နေဟန် ဖန်တီးထားလိုက်၏။ ထိုအမျိုးသမီးကို မြင်ရသောအခါ ခေမာမိဟုရားကြီးသည် –

'ဒါသည် ကိုယ့်ဟာကိုယ် အလွန်လှနေပြီ ထင်နေတာ။ ဘုရားကို ယပ်ခတ်ပေးနေသော အမျိုးသမီးက ဘယ်ထက် ပိုလှနေပါ့ကလား'

– ဟူ၍ စိတ်ဖြစ်ကာ အဆင်းဌာ မာန်ယစ်နေခြင်း လျော့ကျသွား၏။ ထို့နောက် အလွန်လှပသော ထိုအမျိုးသမီးကို ကြည့်ရှုရင်းပင် အိုလာပုံ၊ နာလာပုံ၊ သေပုံတွေကို မြင်ရ၏။ ထို့နောက် မြတ်စွာဘုရား၏ တရားဟောပြောမှုဖြင့် ခေမာဓိဟူသည် သောတာပန် ဖြစ်လေ၏။ သကဒါဂါမ်၊ အနာဂါမ် ဖြစ်လေ၏။ ထို့နောက် ရဟန္တာ ဖြစ်လေ၏။

(ဓမ္မ ၅ ၂ - ၃၃၉ / ၃၄၀)

အနာထပိဏ်သူဌေး၏ ကုသိုလ် သုခဝေဒနာ ။

။ သာဝတ္ထိပြို့ အနာထပိဏ်သူဌေးဌာ ကာလ မည်သော သား တစ်ယောက် ရှိလေ၏။ အဖသည် ရတနာသုံးပါးဌာ ကြည်ညိုသော သူဌေးတစ်ဦး ဖြစ်သော်လည်း ကာလ မည်သော သားသည်ကား ရတနာသုံးပါးကို ပူးမြင်ခြင်းငှါ၊ ဆည်းကပ်ခြင်းငှါ အလိုမရှိ။ *'ဒီအတိုင်းသာ သွားနေလို့ကတော့ အဝိစိ ချီးကပ်မည်သား'* ဟူ၍ အနာထပိဏ်သူဌေး စဉ်းစားမိပြီး *'ချစ်သား ... ကျောင်းသို့ သွား၍ ဥပုသ်စောင့်လော့။ တရားနာလော့။ ငွေတစ်ရာပေးအံ့'* ဟု ကျောင်းသို့ သွားခိုင်းလေ၏။ ငွေတစ်ရာ လိုချင်သောကြောင့် ကျောင်းသို့ သွား၏။ သို့ရာတွင် ဥပုသ်မစောင့် တရားမနာဘဲ တော်ရာမှာ အိပ်ပြီး နံနက်မိုးလင်း အိမ်သို့ ပြန်လာ၏။ နံနက်စာ အာဟာရများကို ရှေးဦးစွာ ကျွေးသော်လည်း ကာလသည် ငွေတစ်ရာ မရသေးဘဲနှင့် မစားပေ။ ငွေတစ်ရာ ရပြီးမှ စား၏။

သား ကာလ၏ အခြေအနေ မဟန်သေးသည်ကို အကဲခတ်မိ၍ အနာထပိဏ်သူဌေးသည် *'ချစ်သား ... မြတ်စွာဘုရားထံမှ တရားဂါထာ တစ်ဂါထာ ရအောင် သင်လာခဲ့။ ငွေတစ်ထောင်ပေးမည်'* ဟု ဆိုကာ ကျောင်းသို့ သွားခိုင်းပြန်၏။ ကာလလည်း ငွေတစ်ထောင်လိုချင်သည်နှင့် မြတ်စွာဘုရားထံသို့ သွား၍ ဂါထာကို သင်ယူ၏။ ရှေးဦးဌာ ဂါထာကို သင်ယူပြီး လစ်ထွက်ရန် ကြံစည်ထားသော်လည်း ပဌမအပိုဒ်ရ၊ ဒုတိယအပိုဒ်မှ။ တတိယ အပိုဒ်ရ၊ စတုတ္ထအပိုဒ်မှ။ စတုတ္ထအပိုဒ်ရ၊ တတိယအပိုဒ်မှနှင့် လုံးချာလိုက်နေရာ *'ပေါ့ပေါ့ဆဆ သင်လို့တော့ မဖြစ်ဘူး'* ဟု ရိပ်မိပြီး ရိုသေလေးစားစွာ သင်ယူလာ၏။ ထိုသို့ သင်ယူရင်းနှင့်ပင် ကာလသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ နံနက်ပိုင်းအချိန်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ကာလကို ခေါ်၍ အနာထပိဏ် သူဌေးထံသို့ ကြွတော်မူ၏။ ကာလ၏ အမူအရာ ရှေးကလို သုန်သုန်မှုန်မှုန် ပျာတိပျာလောင် မဟုတ်။ ကြွေးခြွေရာ ကြည်ကြည်လင်လင် ဖြစ်နေ၏။ သားကိုမြင်၍ အနာထပိဏ်သူဌေး၏ ဝမ်းမြောက်မှုကား ပြောစရာပင်လိုမည် မဟုတ်တော့။ အနာထပိဏ်သူဌေးက သားကာလကို ရှေးကလို အာဟာရကို အရင်မကျွေးဘဲ ငွေတစ်ထောင်ကို အရင်ပေး၏။ ကာလ ယူရမည်ကို ရွက်နေလေ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို –

'မြတ်စွာဘုရား ... ယနေ့ တပည့်တော်၏ သား အမူအရာကို အလွန်ကျေနပ်အားရ ဝမ်းမြောက်မိပါ၏' ဟူ၍ လျှောက်ထားလိုက်လေ၏။

(ဓမ္မ ၅ - ၂ - ၁၂ / ၄)

ယောဂီများ၏ သုခဝေဒနာ ။ ။ အနာထပိဏ်သူဌေးသည် ဗိမိသာရအား ရတနာသုံးပါးကို ဆည်းကပ်ဖို့ရာ အတွက် ငွေပြင့် ဆွဲဆောင် စည်းရုံး၏။ ဗိမ္ဗိသာရမင်းကြီးသည် ဗိမိ ဗိဟုရား ရတနာသုံးပါး ဆည်းကပ်ရန်အတွက် တေးဂီတဖြင့် ဆွဲဆောင်စည်းရုံး၏။ ယင်းကိုကြည့်ခြင်းဖြင့် လူလောကၠ လူသားတို့အတွက် ငွေနှင့် တေးဂီတသည် အရေးပါ အရာရောက်သည်ကို သိမြင်နိုင်ပေ၏။ ငွေနှင့် တေးဂီတသည် လူသားတို့ကို အလွန်ဆွဲဆောင်နိုင်စွမ်း ရှိသည်ကို သိမြင်နိုင်ကြပေ၏။ ဤ၌ တေးဂီတဟူသည် လောဘမူ သောမနဿကို ဖြစ်စေသော တေးဂီတမျိုး မဟုတ်။ မဟာကုသိုလ် သောမနဿကို ဖြစ်စေသော ဓမ္မတေးဂီတကို ဆိုလိုပေ၏။ ယခုခေတ်၌လည်း ဘုရားဂုဏ်နှင့် စပ်သော ဓမ္မတေးတွေ ထွက်ပေါ်လျက်ရှိ၏။

ရှေးသိဟိုဠ်ခေတ်က အိုးသည်ကျွန်မတစ်ယောက်သည် ကောက်စပါးကို စောင့်ရင်း လမ်းနံဘေး၌ ဇာတိ၊ ဇရာ၊ မရဏနှင့် စပ်ယှဉ်သော သီချင်းတစ်ပုဒ်ကို အသံသာယာစွာဖြင့် သီဆိုလျက် နေ၏။ ဝိပဿနာ ရှုပွားနေသော ယောဂီရဟန်း အပါးခြောက်ဆယ်တို့သည် ထိုလမ်းခရီးသို့ ရောက်လာသောအခါ ထိုသီချင်းသံကို နားစိုက်ထောင် ကြပြီးနောက် သတိတရား ဖြစ်ပွားကြကာ ဗိမိတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ရှုပွားလေလျှင် ဝိပဿနာဉာဏ်တွေ အဆက်ဆက် ဖြစ်ပေါ်ပြီးနောက် လေးမဂ် လေးဖိုလ် ဆိုက်ကာ ရဟန္တာ အဖြစ်သို့ ရောက်ကြလေ၏။

ထို့အတူ တိဿအမည်ရှိသော ဝိပဿနာရှုပွားနေသော ယောဂီရဟန်းတစ်ပါးသည် ခရီးသွားရင်း ပဒုမ္မာ ကြာအိုင်အနီးသို့ ရောက်လာသောအခါ၌ ပဒုမ္မာကြာတို့ကို ခူးယူနေသော အိုးသည်ကျွန်မတစ်ဦးသည် ကြာပန်းတို့ကို ခူးယူနေရင်းမှ -

'နံနက်က ပွင့်သော ပဒုမ္မာကြာပန်းကို နေအရောင်သည် ဖျက်ဆီးလေပြီ။ ဤအတူ လူအဖြစ်သို့ ရောက်လာသော သတ္တဝါတို့ကို ဇရာတရားသည် အလွန်လျင်မြန်သော အတုန်ဖြင့် နှိပ်စက်နေပေစ့ တကား ...' ဟူသော သီချင်းကို အသံသာသာဖြင့် သီဆိုနေလေ၏။ ထိုသီချင်းသံကို ကြား၍ ထိုတိဿရဟန်းသည် သတိတရား ဖြစ်ပွားကာ ဗိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ဝိပဿနာ ရှုပွားလေလျှင် ဝိပဿနာဉာဏ် အဆက်ဆက် အဆင့်ဆင့်ဖြင့် လေးမဂ် လေးဖိုလ် ဆိုက်ကာ အရဟတ္တာဖိုလ်သို့ ရောက်လေ၏။

ထို့နောက် ဂေါတမဘုရား မပွင့်မီအချိန်က မထင်ရှားသော ယောဂျာတစ်ဦးသည် သား(ဂျ)ယောက်နှင့် တကွ တောမှလာ၍ ရွာသို့ရောက်လျှင် ဆန်ထောင်းနေသော အမျိုးသမီးတစ်ဦး၏ ဆန်ထောင်းရင်း အသံသာယာ စွာ သီဆိုနေသော သီချင်းသံကို ကြားရလေ၏။

'ဤကိုယ်ကို အိုခြင်းတရားသည် နှိပ်စက်လေပြီ။ အရေထူ အရေပါးတို့သည် ညှို့နွှမ်းလေပြီ။ သေခြင်းတရားသည် ဖျက်ဆီးလေပြီ။ ဤခန္ဓာကိုယ်သည် သေမင်း၏ အစာသာ ဖြစ်ပါပေစွ။ ဝိုးလောက်တို့၏ တည်ရာသာ ဖြစ်ပါပေစွ။ အထူးထူးသော အကောင်ပုပ်ဖြင့် ပြည့်နှက်နေပေစွ။ စက်ဆုပ်ဖွယ်ရာ၏ အိုးခွက် ဖြစ်ပါပေစွ။ ငှက်ပျောတုံးနှင့် တူပါပေစွ' - ဟူ၍ ဆိုနေသော သီချင်းသံကို ကြားရလျှင် သတိတရား တွေ ဖြစ်ပွားပြီး ခန္ဓာကိုယ်ကို ဆင်ခြင်သုံးသပ်မှုပြုရာ ဝိပဿနာဉာဏ် အတန်တန်ပေါ်လျက် လေးမဂ်, လေးဖိုလ် ဆိုက်လျက် ထိုယောဂျားနှင့် သား (ဂျ)ယောက်တို့သည် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

(သုတ္တန်ပါတ် ၄ - ၃ - ၁၂၄ / ၅ ။ သံ ၄ - ၁ - ၂၅၀ / ၁)

သာရိပုတ္တရာမကြီး၏ မဟာကုသိုလ် သုခဝေဒနာ ။ ။ လက်ျာတော်ရံ အဂ္ဂသာဝကက ဖြစ်တော်မူသော အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် မယ်တော်ကို ကျေးဇူးဆပ်လိုသည့်အတွက် ဖွားရာတိုက်ခန်းဌ ပရိနိဗ္ဗာန်စံဝင်ရန် စီစဉ်လေ၏။ မယ်တော် ရူပသာရိပုတ္တရာမကြီးကား သားလေးယောက်၊ သမီးသုံးယောက်ဟူသော ရဟန္တာ (၇) ပါးတို့၏ မယ်တော်ကြီး ဖြစ်သော်လည်း ရတနာသုံးပါးကို ဆည်းကပ်သူ မဟုတ်။ ဗြဟ္မာကို ဘုရားလုပ် ကိုးကွယ်သော မိစ္ဆာဒိဋ္ဌိ အယူရှိသူ တစ်ဦးသာ ဖြစ်လေ၏။

နံနက်မိုးသောက်လျှင် ပရိနိဗ္ဗာန် စံဝင်တော့မည်ကို သိမြင်ကြသည်ဖြစ်၍ စာတုမဟာရာဇ် နတ်မင်းကြီးတို့သည်လည်းကောင်း၊ နတ်တို့၏အရှင် သိကြားမင်းသည်လည်းကောင်း၊ သုယာမ စသော နတ်မင်းကြီးတို့သည်လည်းကောင်း၊ မဟာဗြဟ္မာဟုခေါ်သော ဗြဟ္မာကြီးသည်လည်းကောင်း ထိုနေ့ည၌ပင် အချိန်၌ အရှင်သာရိပုတြာအား လာရောက်ပူးမြော်ကြ၏။

ထိုနတ်၊ ဗြဟ္မာတို့ကို သာရိပုတ္တရာမကြီးသည် ထိန်လင်းသောအရောင်တို့နှင့်တကွ တွေ့မြင်ရသည်ဖြစ်၍ မေးလေလျှင် အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် နတ်၊ ဗြဟ္မာများဖြစ်ကြောင်း ရှင်းပြလေ၏။ ထိုအခါ ရူပသာရိပုတ္တရာမကြီးသည် *'ငါ၏ သားတော် ဂုဏ်အားဖြင့် ဒီလောက်ကြီးကျယ်နေလျှင် ငါ့သား၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် ဘယ်လောက် ကြီးကျယ်နေမည်နည်း'* ဟူ၍ အလွန်ဝမ်းမြောက်သော ပီတိသောမနဿတွေ ဖြစ်လေ၏။ ထိုအခါ၌ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ချဲ့ထွင်၍ ဘုရားရှင်၏ ဂုဏ်တော်တို့နှင့် စပ်သော တရားဒေသနာကို ဟောလေလျှင် တရားအဆုံး၌ မယ်တော်ကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဒီ ၌ - ၂ - ၁၄၂)

ကုသိုလ်ပြုရာ သုခဝေဒနာ ။ ။ ဓမ္မပါလတို့ အမျိုး၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေခြင်းအကြောင်းကို သိလိုသဖြင့် တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မပါလသတို့သား၏ ဖခင်ပုဏ္ဏားကြီးအား ထိုအကြောင်းကို မေး၏။ ဖခင်ပုဏ္ဏားကြီးက ပီမိတို့ အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေခြင်းအကြောင်းတရားများကို ပြောပြ၏။ ထိုအနက် အောက်ပါအကြောင်းအရာလည်း ပါဝင်ပေ၏။

အလျှူတစ်ခု ပြုကြပြီဆိုလျှင် -

၁။ မလျှူမီ ရှေးအဖို၌လည်း လျှူရန် အလျှူဝတ္ထုများကို စီစဉ်နေစဉ် လျှူရတော့မည်ပါတကား - ဟူ၍ ဝမ်းသာဝမ်းမြောက် ဖြစ်ကြ၏။

၂။ လျှူဒါန်းနေစဉ်မှာလည်း အပြောမျှသာမဟုတ်၊ စိတ်မျှသာမဟုတ်၊ လက်တွေ့လျှူဒါန်းနေရပါတကား - ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

၃။ လျှူဒါန်းပြီးရာ အခါ၌လည်း ပီပီအလျှူမှာ မကြာမကြာ တွေးပြီး ဝမ်းမြောက်ကြည်နူး ဖြစ်ရ၏။

ဤသို့ စေတနာသုံးတန် ပြည့်စုံစွာ ဒါနပြုခြင်းကြောင့် ဗိမိတို့အမျိုးဌ် ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြောင်း ရှင်းပြပြောဆိုလေ၏။

(၈၄-၄-၅၂)

အမွှေပါလီ၏ ကုသိုလ် သုခဝေဒနာ ။

။ မြတ်စွာဘုရားသည် ရဟန်းသံဃာများစွာနှင့်အတူ ဝေသာလိုမြို့အနီး ကောဋိဂ္ဂာသို့ ရောက်တော်မူလာ၏။ ထိုသတင်းကို ဝေသာလိုမြို့နေ လိစ္ဆဝိမင်းတို့လည်း ကြားကုန်၏။ အမွှပါလိ ပြည့်တန်ဆာမလည်း ကြားလေ၏။ လိစ္ဆဝိမင်းတို့သည် ကြုံကြိုက်တုန်း မြတ်စွာဘုရားကို ရဟန်းသံဃာနှင့်အတူ ဆွမ်းကပ်လို၏။ မြတ်စွာဘုရားကိုလည်း ပူးရင်း ဆွမ်းစားလည်း ပင့်ရင်းအနေပြင့် လိစ္ဆဝိမင်းတို့သည် ကောင်းမွန်သော ယာဉ်တို့ကို စီးလျက် နန်းတော်အိမ်မှ မြတ်စွာဘုရားထံသို့ ဦးတည်ထွက်ခွါလာခဲ့ကြကုန်၏။

သို့ရာတွင် လိစ္ဆဝိမင်းတို့ နောက်ကျသွားပြီဖြစ်၏။ အမွှပါလိ ပြည့်တန်ဆာမသည် ဦးစွာရောက်၍ ရဟန်းသံဃာနှင့်အတူ မြတ်စွာဘုရားကို နက်ဖြန်အတွက် ဆွမ်းစားပင့်လေရာ မြတ်စွာဘုရားသည် လက်ခံတော်မူလိုက်ပြီ ဖြစ်လေ၏။ အမွှပါလိ၏ ဝမ်းသာခြင်းကား ပြောမပြနိုင်တော့ပေ။

အမွှပါလိက ဘုရားပူးပြီးအပြန်၊ လိစ္ဆဝိမင်းတို့က ဘုရားပူးရန်အသွား ထိုနှစ်ဖွဲ့ လမ်းခရီးမှာ ခရီးရင်ဆိုင် ဆုံမိကြလေ၏။ ထိုအခါ အမွှပါလိပြည့်တန်ဆာမသည် မိမိနှင့် ပျော်ဖော်ပျော်ဖက် ရွယ်တူတန်းတူ လိစ္ဆဝိမင်းတို့၏ ယာဉ်တို့ကို မိမိ၏ ယာဉ်ဖြင့် ဘီးချင်း၊ ဝင်ရိုးချင်း၊ ထမ်းပိုးချင်း ပွတ်၍ ကပ်၍ တိုက်၍ မောင်းစေလေ၏။

'အဘယ်ကြောင့် ဤသို့ လုပ်ရသနည်း' - ဟု မေးလေလျှင် အမွှပါလိသည် *'အရှင့်သားတို့ ... ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားကို နက်ဖြန်ခါ ဆွမ်းဘဉ်းပေးရန် ဆွမ်းစားပင့်ခဲ့ပြီးပြီ'* ဟု ပြေလေ၏။

ထိုအခါ လိစ္ဆဝိမင်းတို့သည် အမွှပါလိကို -

'ဟယ် ... အမွှပါလိ ... ထိုဆွမ်းကို အသပြာတစ်သိန်းဖြင့် ငါတို့အား ပေးလော့' ဟု ဆွမ်းကို ဝယ်ကြောင်း စကား ပြောဆိုလေ၏။ ထိုအခါ အမွှပါလိက လိစ္ဆဝိမင်းတို့ကို -

'အရှင့်သားတို့ ... တိုင်းခရိုင်နှင့်တကွ ဝေသာလိပြည်ကိုပါ အကျွန်ုပ်အား ပေးစေကာမူ ထိုဆွမ်းကို မပေးနိုင်ပါ' ဟု ပြောဆိုလိုက်လေ၏။

ထိုသို့ ပြောဆိုပြီး အမွှပါလိသည် မိမိ၏ ယာဉ်ကို မိမိအိမ်ရှိရာသို့ လှစ်ကန် လှစ်ကန်နေအောင် မောင်းနှင် ထွက်ခွါသွားလေ၏။

လိစ္ဆဝိမင်းတို့ကား -

'ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့ ...။ ငါတို့ကို မိန်းမက နိုင်သွားပြီ အမောင်တို့ ...' ဟု ပြောဆို ကာ လက်ဖျားခါလျက် မိမိတို့ ယာဉ်တို့ကို မြတ်စွာဘုရားရှိရာအရပ်သို့ ဦးတည် မောင်းနှင်သွားကြလေကုန်၏။

(၀-၃-၃၆/၇)

သိကြားမင်း၏ ကုသိုလ် သုခဝေဒနာ ။ ။ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် (ဂ)ရက်ပတ်လုံး နိရောဓ သမာပတ် ဝင်စားပြီး (ဂ)ရက်မြောက်၌ နိရောဓသမာပတ်မှ ထ၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလာ၏။

ထိုအခါ သိကြားမင်းသည် ဆွမ်းလောင်းလှူလိုသည်ဖြစ်၍ သူဇာမိဟုရားကြီးကို ခေါ်ဆောင်၍ အလွန်ဆင်းရဲသားဟန်ဆောင်၍ စောင့်နေလေ၏။ အရှင်မြတ်သည် သိကြားမင်းနေရာ ရှေ့သို့ ရောက်လျှင် *'ဓါးက ကုန်းကုန်း၊ ဆံပင်က ပြူ။ သွားက ကျိုး၊ အိုကြီးအိုမ အရွယ်ရောက်နေတာတောင်မှ ရက်ကန်းအလုပ်ကို လုပ်နေရတုန်းပါလား'* ဟု သနားလှသဖြင့် ဆွမ်းရပ်လေ၏။

သိကြားမင်းနှင့် သူဇာမိဟုရား အဝိုးအိုဇနီးမောင်နှံတို့သည် မျက်စိမှုန်မှုန် တုန်တုန်ချိုချိ အသွင်နှင့် အရှင်မဟာကဿပထံ ရောက်လာပြီး သပိတ်အပြည့် ဆွမ်းလောင်းလှူလိုက်၏။ ဆွမ်း၏ မွှေးကြိုင်သော အနံ့သည် ရာဇဂြိုဟ်တစ်မြို့လုံး ဖုံးလွှမ်းသွားလေ၏။ ထိုအခါမှ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ဆင်ခြင်မိ၍ သိကြားမင်းမှန်း သိသွားကာ -

'သိကြားမင်း ... သင်သည် အဘယ်ကြောင့် ဆင်းရဲသားတို့၏ စည်းစိမ်ကို လုယူရသနည်း။ ဆင်းရဲသားတို့သည် ဤအလှူကို လှူရသည်ရှိသော် သူဌေးကြီး ဖြစ်လေရာ၏' ဟု ပြောဆိုလေ၏။

ထိုအခါ သိကြားမင်းက -

'တပည့်တော်ဟာ သာသနာပက ကုသိုလ်ကြောင့် သိကြားဖြစ်ရသဖြင့် ဆင်းရဲပါ၏။ သာသနာတွင်းမှာ ကုသိုလ်ပြုကြသော အနေကဝဏ္ဏာ စသော နတ်များ တပည့်တော်ထံ ချဉ်းကပ်လာလျှင် သူတို့အရောင်အဝါက တပည့်တော်ထက် သာလွန်တောက်ပသောကြောင့် တပည့်တော်မှာ ပုန်း၍ နေရပါ၏။ ဤလောက၌ တပည့်တော်ထက် ဆင်းရဲသူ ရှိမည်မထင်ပါ' ဟူ၍ လျှောက်လေ၏။

'ဤသို့ပင် ဖြစ်သော်လည်း နောင်ကို ဤသို့ လှည့်ပတ်၍ မလှူနဲ့' ဟု အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက အမိန့်ရှိလျှင် သိကြားမင်းက -

'အရှင်ဘုရား ... တပည့်တော်တို့ ယခုလို လှည့်ပတ်လှူသဖြင့် ကုသိုလ်ရပါသလား။ မရပါသလား' ဟု မေးလျှောက်လေ၏။

'ဒါယကာ သိကြားမင်း ... ကုသိုလ်ကား ရပေ၏' ဟူ၍ မိန့်လေ၏။

ထိုအခါ သိကြားမင်းသည် *'ကုသိုလ်ပြုတာ တပည့်တော်တို့ တာဝန်ပါ'* ဟု ပြောဆို၍ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးကို ရှိခိုးပြီးနောက် ကောင်းကင်သို့ တက်၍ -

'အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး၌ ကောင်းစွာတည်၍ လှူရသော အလှူသည် မွန်မြတ်လှပေစွတကား ... ။ ကောင်းမွန်လှပေစွတကား ...' ဟူ၍ သုံးကြိမ် သုံးခါ ဥဒါန်းကျူးရင့်လေ၏။

(ဓမ္မ ၅ ၁ - ၁၆၉ / ၂၇၁)

ဘာတီယမင်း သုခဝေဒနာ ။ ။ *'သတ္တဝါတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံး၊ တရားတို့တွင် အပွမာဒတရားသည် အမြတ်ဆုံး၊ ပန်းတို့တွင် မြတ်လေးပန်းသည် အမြတ်ဆုံး'* ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားခြင်း ရှိလေရာ သိဟိုဠ်ခေတ် ဘာတိယမင်းကြီးသည် စုံစမ်းလိုသည် ဖြစ်၍ -

တိုက်ခန်းတစ်ခုတည်း၌ နံ့သာလေးမျိုးတို့နှင့် ပွေးကြိုင်သော ပန်းတို့ကို ဝန်းရံထားစေ၍ မြတ်လေးပန်းကို အလယ်ကထားကာ အခန်းတံခါးပိတ်ပြီးနောက် အပြင်သို့ ခဏထွက်ပြီး အခန်းတံခါးကို ပြန်ဖွင့်ရာတွင် အလုံးစုံပန်းတို့၏ ရှေးဦးစွာ မြတ်လေးပန်းအနံ့က နာခေါင်းကို လာထိသည်ဖြစ်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ နန်းရင်ပြင်၌ လှဲအိပ်၍ မဟာဧေတိသို့ ရှေးရှုလျက် -

'ပန်းတို့တွင် မြတ်လေးပန်းသည် မြတ်၏ ဟူ၍ ဟောတော်မူအပ်သော မြတ်စွာဘုရား စကားတော်သည် ကောင်းစွာ ပြောဆိုအပ်သော စကားတော်ပါပေတည်း' ဟူ၍ ပြောဆိုကာ မြတ်စွာဘုရားကို အာရုံပြု၍ မဟာဧေတိကို ရှိခိုးလေ၏။

(အံ ၄ - ၃ - ၂၉၀)

သုမင်္ဂလ သူဋ္ဌေး၏ ကုသိုလ် သုခဝေဒနာ ။ ။ ကသိုဏ်မြတ်စွာဘုရားလက်ထက်၌ သုမင်္ဂလမည်သော သူဋ္ဌေးကြီးသည် ဘုရားရှင်၏ ကျောင်းဒကာတည်း။ တစ်နေ့သောအခါ၌ နံနက်စောစော ကသိုဏ်ဘုရားရှင်ထံတော်သို့ သွားသည်ရှိသော် မြို့တံခါးအနီး တစ်ခုသောဇရပ်၌ ဖန်ရည်စွန်းသော အဝတ်ကို ဦးခေါင်းခြုံလျက် ရှဲ့ အလိမ်းလိမ်းကပ်ကုန်သော ခြေတို့ဖြင့် အိပ်နေသော သူဝိုးတစ်ယောက်ကို မြင်၍-

'ဤသူကား ရှဲ့ ညွန်အလိမ်းလိမ်းကပ်လျက် အိပ်နေ၏။ ညဉ့်၌သွားလာ လှည့်လည်ပြီး အိပ်နေသူ ဖြစ်လတ္တံ့' ဟု ပြောဆိုလိုက်လေ၏။ ထိုသူဝိုးသည် *'ထိုသို့ ပြောရမလား'* ဟူ၍ ရန်ဖြိုးဖွဲ့ကာ (ဂ)ကြိမ်တိုင်တိုင် လယ်ကို မီးတိုက်၏။ (ဂ)ကြိမ်တိုင်တိုင် နွားခြံ၌ နွားတို့၏ ခြေတို့ကို ခုတ်ဖြတ်၏။ (ဂ)ကြိမ်တိုင်တိုင် အိမ်ကို မီးတိုက်၏။ ထိုမျှနှင့်လည်း အားမရသေးဘဲ သူဋ္ဌေးကြီး လျှောက်နေထားသော မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋီ ကျောင်းတော်ကို မီးရို့၏။ သုမင်္ဂလသူဋ္ဌေးကြီးသည် မီးလောင်နေသော ကျောင်းကြီးကို ကြည့်ပြီးနောက် လက်ပမ်း ပေါက်ခတ်လေ၏။ အနီးရှိလူတို့က အကြောင်းကို မေးလေလျှင် သုမင်္ဂလသူဋ္ဌေးကြီးသည် ထိုလူတို့အား -

'အမောင်တို့ ... ငါလျှောက်ပြီးသော အလျှောကောင်းမှု ကုသိုလ်သည် မီးထဲသို့ ပါမသွားပေ။ ဤသည်ကို စဉ်းစားမိ၍ လည်းကောင်း၊ နောက်ထပ် မြတ်စွာဘုရားနှင့် သံဃာတော်တွေ့အလို့ငှါ ကျောင်းဆောက်၍ လျှောပေး ဦးတော့မည် ဟူ၍ စဉ်းစားမိသောကြောင့် လည်းကောင်း နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လက်ပမ်း ပေါက်ခတ်ခြင်း ဖြစ်သည် ' ဟူ၍ ပြောဆိုလေ၏။

ထိုသို့ ပြောဆိုသည့်အတိုင်း သုမင်္ဂလသူဋ္ဌေးကြီးသည် မြတ်စွာဘုရား အမျှးရှိသော သံဃာတော်တို့အား ကျောင်းဆောက်လုပ် လျှောကိန်းလေ၏။

(ဓမ္မ ၄ - ၂ - ၃၉ / ၄၀)

မိမို့သာရမင်းကြီး၏ အမျှဝေ သုခဝေဒနာ ။

။ လွန်ခဲ့သော (၉၂)ကမ္ဘာထက်က ပုသဿဘုရားရှင် လက်ထက်တော်၌ ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးတို့သည် သံဃာတော်များအတွက် ရည်စူးပြီး ချက်ပြုတ်ထားအပ်သော ဆွမ်းဟင်း အာဟာရများကို ခိုးယူစားသောက်ခဲ့ကြသည့်အတွက် သေလွန်ပြီးနောက် ငရဲရောက်ကြကာ ကဿပ မြတ်စွာဘုရားရှင် လက်ထက်၌မူကား ပြိတ္တာများဖြစ်၍ နေကြလေကုန်၏။ အခြားသော ဆွေမျိုးသားချင်းများက မိမိတို့၏ မိဘဆွေမျိုးများကို ရည်စူး၍ ကုသိုလ်ကောင်းမှု ပြုလုပ်ခါ အမျှပေးဝေကြသောအခါ၌ ထိုပြိတ္တာများတို့သည် ပြိတ္တာဘဝမှ ကျွတ်လွတ်ကြ၍ နတ်စည်းစိမ်များကို ခံစားကြရကုန်၏။

ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများသည် *'သူတို့အားလည်း ထိုကဲ့သို့ ရနိုင်သလား'* ဟူ၍ မေးမြန်းလျှောက်ထားသောအခါ ကဿပဘုရားရှင်က *'နောင်ပွင့်တော်မူမည်ဖြစ်သော ဂေါတမဘုရားရှင်လက်ထက်၌ သင်တို့၏ ဆွေမျိုးဖြစ်သော ဗိမ္မိသာရမင်းကြီးက အမျှဝေသောအခါ၌ ရရှိကြမည်ဖြစ်ကြောင်း'* ပိန့်တော်မူလျှင် နက်ဖြန်၊ သန်ဘက်ရမည်ကဲ့သို့ လွန်စွာဝမ်းမြောက်ကြကုန်၏။

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအခါ၌ ဂေါတမဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဌမဝါကို ဝါဆိုတော်မူပြီးနောက် သီတင်းကျွတ်ပြီး ပြာသိုလလောက်တွင် ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူပြီး ဗိမ္မိသာရအမျှူးပြုသော တစ်သိန်းနှစ်သောင်းသော ပရိသတ်အပေါင်းကို ကယ်ချွတ်တော်မူလေ၏။ ဗိမ္မိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်ကို ဆောက်လုပ်ပြီးနောက် ဝေဠုဝန်ဥယျာဉ်တော်ကို မြတ်စွာဘုရား အမျှူးရှိသော သံဃာတော်တို့အား ပေးလှူသော ကျောင်းလွှတ်ရေစက်ချပွဲ အလှူပွဲကြီး ပြုလုပ်လေ၏။

သို့ရာတွင် အမျှပေးဝေခြင်း မရှိသည့်အတွက် အချိန်ကာလ ကြာမြင့်စွာကပင် စောင့်စား မျှော်လင့်နေခဲ့ရသော ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုး ပြိတ္တာတို့သည် မျှော်လင့်ချက် ကင်းပြတ်ကြသည်ဖြစ်၍ အကာလ ညဉ့်အခါ၌ မင်းကြီး၏ နန်းတော်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းသော အော်ဟစ်ခြင်း၊ နာကြည်းခြင်း၊ ညည်းညူခြင်း အသံများကို ပြုကြလေကုန်၏။

အလွန်ကြောက်လန့်သည်ဖြစ်၍ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားရှင်က ဆွေမျိုး ပြိတ္တာများ အကြောင်းကို ရှင်းပြမိန့်ကြားတော်မူလေ၏။ ထိုအခါမှ ဗိမ္မိသာရမင်းကြီး ကောင်းစွာ သဘောပေါက်သည်ဖြစ်၍ ဘုရားအမျှူးရှိသော သံဃာတော်များကို ပင့်ဆောင်၍ အလှူပွဲကြီး ပြုလုပ်ရပြန်လေ၏။

သန့်ရှင်းကောင်းမွန်သော ရေများကို ပေးလှူပြီး ဗိမ္မိသာရမင်းကြီးသည် *'ဤရေအလှူသည် အကျွန်ုပ်၏ ဆွေမျိုးအတွက် ဖြစ်စေသတည်း။ ဆွေမျိုးများသည် အမျှရပါစေသတည်း'* ဟု အမျှပေးဝေလေ၏။ ဆွေမျိုးပြိတ္တာများသည် အမျှရကြ၍ ကြာမျိုးငါးပါးဖြင့် ပြည့်စုံသော ရေကန်များ ဖြစ်ပေါ်လာပြီး ထိုရေကန်တို့၌ အားရပါးရ သောက်ကြ၊ ချိုးကြ၍ ပူပန်ခြင်း၊ ပင်ပန်းခြင်း၊ ရေငတ်ခြင်းများ ကင်းကြကာ အသားအရေ ပြည့်ပြိုးလျက် ဝါဝင်းသော အဆင်းများ ဖြစ်ပေါ်ကြလေကုန်၏။

ထို့နောက် မင်းကြီးသည် ယာဂု ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို လှူဒါန်း၍ *'ဤကုသိုလ်များ၏ အဖို့အစုကို ဆွေမျိုးများသည် ရရှိကြပါစေသတည်း။ အမျှရ၍ ချမ်းသာကြပါစေသတည်း'* ဟု အမျှ

ပေးဝေလေ၏။ အမျှရကြ၍ ဆွမျိုး ပြိတ္တာအပေါင်းတို့သည် နှတ်၌ဖြစ်သော ခဲပွယ်၊ ဘောဇဉ်များ ဖြစ်ပေါ်လာကာ ထိုခဲပွယ်၊ ဘောဇဉ်များကို ရှေးက တော်ခဲ့သမျှ အားပါးတရ သုံးဆောင်ကြလေကုန်၏။ မျက်စိ၊ နား၊ နှာ စသော ကိုယ်ခန္ဓာတို့သည်လည်း ပြည့်ပြိုးလှပခြင်းသို့ ရောက်ကြလေကုန်၏။ အဝတ်သင်္ကန်းများကို ပေးလှူ၍ အမျှဝေပြန်သောအခါ၌လည်း အမျှရကြ၍ ထိုပြိတ္တာတို့အတွက် နှတ်၌ဖြစ်သော အဝတ်များ၊ ယာဉ်များ၊ ဘုံဗိမာန်၊ ပြာသာဒ်များ ဖြစ်ပေါ်ကြလေကုန်၏။ မြတ်စွာဘုရား၏ အဓိဌာန်တန်ခိုးတော်ကြောင့် ထိုအလုံးစုံကို ဓိမ္မိသာရမင်းကြီး ကောင်းစွာ ထင်ထင် တွေ့မြင်ရလေ၏။ ဓိမ္မိသာရမင်းကြီးသည် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။ ပြိတ္တာဘဝမှ ကျွတ်လွတ်ခွင့်ရကြသူတို့ကား အထူးဆိုဖွယ်ရာပင် လိုမည် မဟုတ်တော့ပေ။

သားသမီး ဝတ္တရားများအနက် ကွယ်လွန်သွားပြီးသော မိဘဆွမျိုးများအား ကုသိုလ်ပြု၍ အမျှပေးဝေရမည် – ဟု အချက်တစ်ချက် ပါဝင်လေရာ ကျင်လည်ခဲ့ရာ ဘဝသံသရာ၌ တော်စပ်ခဲ့ဖူးသော ဆွမျိုးများ မြောက်များစွာ ရှိမည်ဖြစ်၍ ကျန်ရစ်သူ မိသားစုတို့သည် ကုသိုလ်ပြုကာ ဆွမျိုးအပေါင်းတို့အား အမျှ ခွန်းလျှေ ပေးဝေရမည် ဖြစ်ပေ၏။

(ခုဒ္ဒ ပါဠ - ၄ - ၁၆၈ / ၁၇၂)

ဝေဒနာ အမ္ဘင်္ဂလာ ဆောင်ရန်လက်ကမ်းများ

၁။ လက္ခဏာများ

၁။	ခံစားသဘော၊	ဝေနာပြော၊	သဘောသိိုင်ဆည်။
၂။	ဗဟုသုတများ၊	တရားများ၊	ခံစားကြခြင်းသည်၊
၃။	တစ်စီတ်တစ်ဒေသ၊	ခံစားကြ၊	စိုးရမ္ဘရှိပြီ။
၄။	ဝေဒနာမူ၊	စိုးရဟူ၊	ပိုင်ယူခံစားသည်။
၅။	စားဖိုသည်အင်၊	ရှင်ဘုရင်၊	နှိုင်းယှဉ်သိရမည်။
၆။	စားဖိုသည်မှာ၊	တစ်စီတ်သာ၊	မြည်းကာပြရသည်။
၇။	ဘုရင်မူကား၊	အကြိုက်စား၊	ခံစားပိုင်စိုးသည်။
၈။	ဝေဘုရင်လို၊	ကျန်တာကို၊	စားဖိုသိရမည်။
၉။	ထို့ကြောင့်တစ်လွှား၊	ဝေကိုမျှား၊	ခံစားဆိုရသည်။
၁၀။	သာယာသည်ဟု၊	ဉာဏ်ထင်မှု၊	ပစ္စုခေါ် လေသည်။
၁၁။	ကိုယ်စီတ်နှစ်ပါး၊	ငြိမ်းခြင်းကား၊	ကြောင်းတရား ဖြစ်လေသည်။

၂။ စိတ်, ဖဿ, ဝေဒနာ

၀။	အာရုံပေါ်က၊	ဦးစွာပ၊	စိတ်ကဟူလေသည်။
၂။	အာရုံ,စိတ္တ၊	ပေါင်းဆုံရ၊	ဖဿဖြစ်လေသည်။
၃။	အာရုံအရသာ၊	ခံစားတာ၊	ဝေဒနာ ဖြစ်လေသည်။
၄။	ကုစိတ်မဟာ၊	ဖြစ်လာရာ၊	စေများစွာတို့သည်၊
၅။	မိမိကိစ္စ၊	သီးသီးပ၊	ဆောင်ရွက်ကြလေသည်။
၆။	ကောင်းကံကြောင်းဖြာ၊	အာရုံမှာ၊	သုခါဖြစ်လေသည်။
၇။	မကောင်းလေတာ၊	အာရုံက္ခ၊	ဒုက္ခဖြစ်ရသည်။
၈။	ပဋိစ္စသမုပ္ပါဒ်၊	အကြောင်းစပ်၊	ဝိုင်းဖြတ်သိရမည်။

၃။ မဋ္ဌကုဏ္ဍလီ၏ ကုသိုလ် သုခဝေဒနာ

၁။	အာရုံကိုပင်လျှင်၊	ကောင်းအောင်ပင်၊	ပြုပြင်ကြရမည်။
၂။	အာရုံကောင်းလျှင်၊	သုခပင်၊	သေလျှင်နတ်တို့ပြည်။
၃။	မကောင်းအာရုံ၊	ဒုက္ခပုံ၊	သေတုန်းရေပြည်။
၄။	မြတ်စွာဗုဒ္ဓ၊	ဖန်တီးပြ၊	မဋ္ဌလေငင်သည်၊
၅။	ကုသိုလ်သုခါ၊	ဖြစ်၍သာ၊	နတ်ရွာလားလေသည်။
၆။	အာရုံခြောက်ပါး၊	ကောင်းဖို့ငြား၊	ထင်ရှားသိနိုင်ပြီ။

၄။ ဓမ္မာမိပုရား၏ ကုသိုလ် သုခဝေဒနာ

၁။	ကောင်းသောအာရုံ၊	အဖုံဖုံ၊	စုံစုံမြင်ခြင်းသည်၊
၂။	အတိတ်ကုသိုလ်၊	ပန်ကုသိုလ်၊	နှစ်သိမ့်ရှိလေသည်။
၃။	အတိတ်ကံပဲ၊	ပုံမလွဲ၊	ပန်လဲပြုရမည်။
၄။	အာရုံကောင်းတာ၊	မကောင်းတာ၊	ကိုယ်သာဖန်တီးသည်။
၅။	အိမ်ကဘုရားစင်၊	မကောင်းပင်၊	ကောင်းအင်ကိုယ်ပြုသည်။
၆။	ဖန်တီးတတ်ရင်၊	အာရုံပင်၊	မှန်ပင်ကောင်းပေသည်။
၇။	ဓမ္မာမိဗုရား၊	ရုပ်ဆင်းကား၊	လွန်ကားလှပသည်။

၈။	အဆင်းရှုပါ၊	မာန်ထစ်တာ၊	မြတ်စွာမဖူးပြီ။
၉။	ဝိမ္မိမင်းမြတ်၊	သီချင်းစပ်၊	ထင်ဟပ်စေလေပြီ။
၁၀။	ဝေဠုဥယျာဉ်၊	နတ်ဥယျာဉ်၊	တူယျဉ်သိစေပြီ။
၁၀။	အသံဘာသာ၊	သိဆိုရာ၊	ဧမာဝင်စားပြီ။
၁၂။	စိတ်ပါဝင်စား၊	ဘုရားအား၊	ဖူးငြားပါလေပြီ။
၁၃။	ဘုရားနားမှာ၊	ဆင်းရှုပါ၊	လွန်စွာလှသူသည်၊
၁၄။	ကြည့်ရင်းရှုရင်း၊	အိုနာရင်း၊	ဝေဒရင်းပြုလေပြီ။
၁၅။	မြတ်စွာဘုရား၊	ဧမာအား၊	ထရားဟောလေပြီ။
၁၆။	တရားဆုံးမှာ၊	ဉာဏ်တွေ့ဖြာ၊	ရဟန္တာဖြစ်လေပြီ။

၅။ အနာထပိဏ်သူဌေး၏ ကုသိုလ်သုခဝေဒနာ

၁။	အနာထပိဏ်ကား၊	ဘုရားအား၊	လွန်စွာကြည်ညိုသည်။
၂။	သားမှာမူတား၊	ဘုရားနား၊	သွားငြားမရှိပြီ။
၃။	သားအတွက်မူ၊	အဖဟူ၊	စိတ်ပူရလေပြီ။
၄။	ဒီတိုင်းသွားဘိ၊	အဝီစိ၊	ချိုးထိကပ်တော့မည်။
၅။	ငွေတစ်ရာပေးမှာ၊	ကျောင်းတိုဆာ၊	ကောင်းစွာသွားခိုင်းသည်။
၆။	တော်သလိုဆာ၊	အိပ်လိုဆာ၊	ပြန်ကာလာခဲ့သည်။
၇။	ငွေကိုဦးထား၊	အစာအား၊	နောက်ထားပြုလေသည်။
၈။	ဂါထာတစ်ပုဒ်၊	ရအောင်လုပ်၊	ထောင်ထုပ်စဉ်ပြန်သည်။
၉။	ဘုရားထံမှာ၊	သားကာလာ၊	ဂါထာသင်ယူပြီ။
၁၀။	လူငယ်ခလေ့၊	ပေါ့ဆပေ့၊	မေ့မေ့သွားလေသည်။
၁၁။	မမေ့ဖို့ရာ၊	လေးစားစွာ၊	ကောင်းစွာသင်ယူပြီ။
၁၂။	သင်ရင်းတစ်ဖြာ၊	ဒီဋ္ဌကွာ၊	သောတာဖြစ်လေပြီ။
၁၃။	ဣန္ဒြေမတို၊	မျက်နှာစို၊	သားကိုတွေ့ မြင်ပြီ။
၁၄။	ဝမ်းသာလိုက်တာ၊	ကြည်နူးပါ၊	မြတ်စွာလျှောက်လေပြီ။

၄။ ဃောဂီများ၏ ကုသိုလ်သုခဝေဒနာ

၀။	ဌေနဝိုဂီတာ၊	လောကမှာ၊	လွန်စွာဆွဲဆောင်သည်။
၂။	ဂီတဖြင့်သာ၊	ဗိမ္ဗာဇာ၊	ခေမာကျောင်းပို့သည်။
၃။	ဌေထုပ်ကိုပြု၊	အနာထ၊	ကာလကျောင်းပို့သည်။
၄။	ကုသိုလ်စိတ်ထင်း၊	ဖြစ်စေခြင်း၊	သီချင်းဆိုရမည်။
၅။	ဂီတစွမ်းရည်၊	ရွေးကဆီ၊	တစ်လေ့ရှိခဲ့သည်။
၆။	အိုးသည်ကျွန်မ၊	လယ်စောင့်ရဲ့	နှုတ်ကသီဆိုသည်။
၇။	အိုခြင်း,သေခြင်း၊	စဗ်ယှဉ်ခြင်း၊	သီချင်းဆိုလေသည်။
၈။	သီချင်းသံကြား၊	သတိပ္ဌား၊	အပါးခြောက်ဆယ်သည်၊
၉။	ဝိပဿနာ၊	ဉာဏ်တွေဖြာ၊	ရဟန္တာဖြစ်ကြသည်။
၁၀။	ထိုနည်းတူစွ၊	သာဓက၊	ကျွန်မတစ်ဦးသည်၊
၁၁။	ပဒုမ္မာကြာ၊	ခူးရင်းပါ၊	သံသာသိဆိုပြု။
၁၂။	နံနက်ပွင့်လာ၊	ပဒုမ္မာ၊	နေဖြာဖျက်ဆီးသည်။
၁၃။	လူပြည်ရောက်လာ၊	သတ္တဝါ၊	ဇရာနှိပ်စက်သည်။
၁၄။	အမည်နာမ၊	ခေါ် ဆိုရ၊	တိုးသမထေရ်သည်၊
၁၅။	သီချင်းသံကြားရာ၊	ဉာဏ်တွေဖြာ၊	ရဟန္တာဖြစ်လေပြီ။
၁၆။	သားခုနစ်ဦး၊	ဖတစ်ဦး၊	ရွာဦးရောက်လာသည်။
၁၇။	ဆန်ကိုထောင်းရင်း၊	မိန်းမထင်း၊	သီချင်းဆိုလေသည်။
၁၈။	ဤကိုယ်ခန္ဓာ၊	လွန်မင်းစွာ၊	ဇရာနှိပ်စက်သည်။
၁၉။	အရေထူအရေပါး၊	မလန်းအား၊	နှမ်းပါးရလေပြီ။
၂၀။	မရဏာခေါ် ထင်း၊	ရှင်သေမင်း၊	လွန်မင်းနှိပ်စက်သည်။
၂၁။	သေမင်းဓါသာ၊	ကိုယ်ခန္ဓာ၊	အစာဖြစ်လေသည်။
၂၂။	ဤကိုယ်ခန္ဓာ၊	ပိုးမျှားစွာ၊	တည်ရာဖြစ်လေသည်။
၂၃။	ခန္ဓာကိုယ်ထက်၊	ကောင်ပုပ်စွက်၊	ပြည့်နှက်နေလေသည်။
၂၄။	စက်ဆုပ်ထည့်ရာ၊	အိုးခွက်သာ၊	ဖြစ်ကာနေလေသည်။
၂၅။	ဌက်ပျော်ပမာ၊	နှစ်မပါ၊	ခန္ဓာဖြစ်လေသည်။
၂၆။	သီချင်းသံကြားရာ၊	ပစ္စေကာ၊	ကောင်းစွာဖြစ်ကြပြီ။

၇။ ရူပသာရီပုဏ္ဏားမကြီး၏ သုခဝေဒနာ

၁။	မတ်တော်တိုလျှင်၊	ကျေးလူးပင်၊	ဆပ်ချပ်သာရိဆည်၊
၂။	ပရိုဇ္ဈာ၊	ပြဇ္ဇိရာ၊	ဇွားရာတိုက်ခန်းဆီ၊
၃။	ကြွတော်မူရာ၊	ထစ်ညာတာ၊	ရောဂါဖြစ်ပြီ။
၄။	နတ်ပြဿာများ၊	လာရောက်ပြား၊	ညွှတ်တွားပူဇော်ပြီ။
၅။	ငါ၏သားမောင်၊	ဒီလောတ်တောင်၊	တုန်းရောင်တောက်နေသည်။
၆။	သား၏ဆရာ၊	ဘုရားမှာ၊	လွန်စွာတောက်ပေသည်။
၇။	ဤသို့စဉ်းစား၊	ဝိထိများ၊	ဇွားဇွားဖြစ်လေပြီ။
၈။	ဘုရားဂုဏ်တော်၊	မွေးမယ်တော်၊	တောဇော်ပြလေပြီ။
၉။	မတ်တော်ကြီးမှာ၊	ဒဋ္ဌကွာ၊	သောတာဖြစ်လေပြီ။

၈။ ကုသိုလ် ပြုရာ သုခဝေဒနာ

၁။	ဓမ္မပါလ၊	အမျိုးပ၊	ဝယ်ကမဓေဝပြီ။
၂။	ပါမောက်ဆရာ၊	လာရောက်ကာ၊	ကောင်းစွာလေ့လာပြီ။
၃။	ငယ်စဉ်အခါ၊	မဿေရာ၊	များစွာရှိလေသည်။
၄။	လျှဒါန်းကြတုန်၊	စေအဟုန်၊	ပြည့်စုံပါဝင်သည်။
၅။	ပဥ္စဒါန၊	ဝမ်းမြောက်ကြ၊	လျှုရဝမ်းသာသည်။
၆။	လျှုပြီးသောခါ၊	ပြန်တွေးကာ၊	ဝမ်းသာကြည်နူးသည်။
၇။	ထို့ကြောင့်မှန်စွာ၊	ငယ်စဉ်ခါ၊	သေတာမရှိပြီ။

၉။ အမွှပါလိ၏ ကုသိုလ် သုခဝေဒနာ

၁။	ခရီးလှည့်ရာ၊	ကောင်ရွာ၊	မြတ်စွာရောက်လာသည်။
၂။	လိစ္ဆဝီ, ပါလိ၊	နှစ်ဖွဲ့သည်၊	စိတ်ရည်တူကြသည်။
၃။	ကြုံလောခိုက်ငြား၊	ဖူးမြင်ထား၊	ဆွမ်းစားပင့်ကြမည်။
၄။	လိစ္ဆဝီများ၊	ဘုရားအား၊	ဖူးငြားထွက်ခဲ့ပြီ။
၅။	ပါလိမည်ငြား၊	ဘုရားအား၊	ဆွမ်းစားပင့်ခဲ့ပြီ။

၆။ ခရီးအပြိုင်၊ လမ်းမှာတိုင်၊ ရင်ဆိုင်တိုးလေပြီ။
၇။ သက်တူမင်းညီ၊ ယာဉ်ကိုသည်၊ ပါလီပွတ်တိုက်သည်။
၈။ ယာဉ်ကိုပွတ်လိုက်၊ တာလို့တိုက်၊ မေးရိုက်ကြလေပြီ။
၉။ တုရားကိုဖြင့်၊ ဆွမ်းစားပင့်၊ မာန်ဝင့်ပြောလိုက်ပြီ။
၁၀။ တစ်သိန်းနဲ့များ၊ ငါတို့အား၊ ပေးငြားပြောလိုက်ပြီ။
၁၁။ ဝေပြည်ကိုဆောင်၊ ပေးလို့တောင်၊ မှတ်ပေါင်မပေးပြီ။
၁၂။ ဂုဏ်ဝင့်ပြောကာ၊ ပါလီဟာ၊ ဓောင်းကာထွက်သွားပြီ။
၁၃။ ငါတို့ကိုပ၊ မိန်းမက၊ ဟုတ်ပနိုင်သွားပြီ။
၁၄။ လက်ဖျားတွေ၌၊ အံ့သြစွာ၊ မြတ်စွာဆက်သွားပြီ။

၁၀။ သိကြားမင်း၏ ကုသိုလ်သုခဝေဒနာ

၁။ မဟာကသပ၊ နိရောဓ၊ နိုးထလာခဲ့ပြီ။
၂။ ရာဇဂြိုဟ်မြို့တွင်း၊ ဆွမ်းခံထင်း၊ ကွဲခြင်းပြုလေပြီ။
၃။ နတ်သိကြားမင်း၊ ဆင်းရဲခြင်း၊ ဖန်ဆင်းထားလေပြီ။
၄။ ရှင်မဟာကသ်၊ ဆင်းရဲမှတ်၊ ဆွမ်းရပ်ခံလေပြီ။
၅။ သဗိတ်ထဲမှာ၊ ဆွမ်းလောင်းရာ၊ လွန်စွာမွေးကြိုင်ပြီ။
၆။ ထိုခါမှပင်၊ ကသ်အရှင်၊ သိမြင်လေတော့သည်။
၇။ နတ်သိကြားမင်း၊ ဘာလို့ထင်း၊ လုခြင်းပြုရသည်။
၈။ ဆင်းရဲသားရေး၊ လျှုလောပေး၊ သူ့ဌေးဖြစ်ကြမည်။
၉။ ထိုသို့မိန့်ရာ၊ သိကြားဟာ၊ ကောင်းစွာလျှောက်ထားပြီ။
၁၀။ သာသနာပ၊ ကုသလ၊ သက္ကဖြစ်ရသည်။
၁၁။ သာသနာတွင်းမှာ၊ ကုသလာ၊ ပြုရာနတ်များသည်၊
၁၂။ အရောင်အဝါ၊ သာလွန်ပါ၊ ပုန်းကာနေရသည်။
၁၃။ တပည့်တော်လောက်၊ ဆင်းရဲရောက်၊ ရှိလောက်မထင်ပြီ။
၁၄။ နောင်ကိုတစ်မူ၊ လှည့်ပတ်ဟူ၊ မလျှုမိန့်လေပြီ။
၁၅။ လှည့်ပတ်လျှုရ၊ ကုသလ၊ ရုဖရမေးလေပြီ။
၁၆။ ကုသိုလ်မူကား၊ ရလေငြား၊ ဖြေကြားပြုလေသည်။
၁၇။ တပည့်များမှာ၊ ကုပြုတာ၊ ဝန်တာဖြစ်လေသည်။

၀၈။	မဟာကသ္သပ၊	ထေရ်ကိုပ၊	ပြုရဒါန်သည်၊
၀၉။	လွန်စွာတစ်ခန်း၊	အတောင်းလွှမ်း၊	ဥဒါန်းကျူးလေသည်။

၁၁။ ဘာဂီယမင်း၏ ကုသိုလ် သုခဝေဒနာ

၁။	မြတ်လေးပန်းတာ၊	လွန်မြတ်တာ၊	မြတ်စွာဟောထားသည်။
၂။	တာတိယမင်း၊	အခန်းတွင်း၊	မွေးရင်းစုံထားသည်။
၃။	တံခါးပိတ်တာ၊	ခထားကြာ၊	ပြန်ကာဖွင့်လိုက်သည်။
၄။	မြတ်လေးနံ့သာ၊	ရနံ့ကြာ၊	ဦးစွာပေါ် ထွက်သည်။
၅။	တုရားဟောတာ၊	မှန်လိုက်တာ၊	လဲကာရှိခိုးပြီ။

၁၂။ သုမင်္ဂလသွင်း၏ ကုသိုလ် သုခဝေဒနာ

၁။	ကထဝတ္ထုမြတ်စွာ၊	ထုမင်္ဂီ၊	ကျေးဇူးဒကာဖြစ်လေသည်။
၂။	ညဘက်လှည့်ကာ၊	အိပ်နေရာ၊	ပြောတာလေးနှင့်သည်၊
၃။	လူယုတ်မာမို့၊	ရန်ပြုံးလို့၊	မီးရှို့ဖျက်ဆီးသည်။
၄။	ကျောင်းကြီးကိုပင်၊	မီးလောင်အင်၊	တွေ့ မြင်ပါ၍သည်၊
၅။	လက်ခမောင်းခတ်၊	ဝမ်းသာလတ်၊	စိတ်မြတ်ပေါ် ထွက်ပြီ။
၆။	ရပြီးကုသိုလ်၊	မပျက်စီ၊	မီးကိုမလောင်ပြီ။
၇။	နောက်ထပ်တစ်ဖန်၊	ကုသလံ၊	ပြုရန်ကြံခဲ့ပြီ။
၈။	ဤသို့ပြောကာ၊	ကျောင်းမဟာ၊	ထပ်ကာဆောက်လှူပြီ။
၉။	ဟော ဝတ ဟု၊	အံ့သြပြု၊	အတုယူသင့်သည်။

၁၃။ မိဖို့သာရမင်းကြီး၏ အမျှဝေ သုခဝေဒနာ

၁။	ဗိမ္ဗိဘုရင်၊	ရှေးကပင်၊	ဆွေအင်များတို့သည်၊
၂။	ဗုဒ္ဓသာဘုရား၊	လှူဖို့ထား၊	ခိုးစားခဲ့ကြသည်။
၃။	ကမ္ဘာများစွာ၊	ဝရဲမှာ၊	ရှည်ကြာခံရသည်။
၄။	ကထဝတ္ထုမြတ်စွာ၊	လက်ထက်မှာ၊	ပြိတ္တာဖြစ်ကြသည်။
၅။	အမျှဝေရာ၊	များပြိတ္တာ၊	ကျွတ်ကာသွားကြသည်။

၆။	တပည့်များလဲ၊	တယ်တော့ပဲ၊	ကျွတ်ပွဲဝင်ရမည်။
၇။	ဂေါလက်ထက်ကျ၊	ဗိမ္ဗိပ၊	အမျှဝေလိမ့်မည်။
၈။	ပြိတ္တာဘဝ၊	စိတ်သာချ၊	မုချကျွတ်လိမ့်မည်။
၉။	ကဿပမိန့်ရာ၊	များပြိတ္တာ၊	ဝမ်းသာကြလေသည်။
၁၀။	ဂေါတမမြတ်စွာ၊	ပွင့်ပေါ်လာ၊	ရာဇဗိမ္ဗိသည်၊
၁၁။	ကျောင်းလွှတ်ပွဲတွင်၊	သဒ္ဓါရွှင်၊	ဥယျာဉ်လှူလေသည်။
၁၂။	အမျှဝန်းလျှေ၊	မပေးဝေ၊	ပြိတ်တွေအော်ကြသည်။
၁၃။	ထပ်၍ဒါန၊	ပြုပြု၊	အမျှဝေရသည်။
၁၄။	အမျှတွေရ၊	ပြိတ်ဘဝ၊	ဒုက္ခလွတ်ကြပြီ။
၁၅။	ဗိမ္ဗိဘုရင်၊	တွေ့သိမြင်၊	စိတ်ရှင်ဝမ်းသာပြီ။
၁၆။	သားသမီးတွေ၊	ဝတ်မှာပေ၊	မျှဝေပါလေသည်။
၁၇။	ဘဝသံသရာ၊	ဉာတကာ၊	များစွာရှိလေသည်။
၁၈။	ကုသိုလ်ပြုကြ၊	ပြုပြီးက၊	အမျှဝေရမည်။

ဝေနာအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

သညာအဖွင့်လာ ကိုယ်ကျင့်တရားများ

သညာလက္ခဏာများ ။ ။ ပဌမ မဟာကုသိုလ်စိတ်၌ ဖဿ, ဝေဒနာ စေတသိက်များ ယှဉ်ကြသည့်နည်းတူ သညာစေတသိက်လည်း ယှဉ်၏။ ထိုသညာသည် -

နီလာဒိ ဘေဒံ အာရမ္မဏံ သဉ္ဇာနာတီတိ သညာ။ အညို အစရှိသည် အပြားရှိသော အာရုံကို မှတ်သိ သိတတ်သောကြောင့် သညာမည်၏။ ထိုသညာသည် -

၁။ သဉ္ဇာနန လက္ခဏာ၊

၂။ ပစ္စာဘိညာဏ ရသာ၊

၃။ အဘိနိဝေသ ကရဏ ပစ္စုပဋ္ဌာနာ၊

၄။ ယထာ ဥပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ။

၁။ မှတ်သိ သိခြင်း လက္ခဏာရှိ၏။

၂။ ရွေးအမှတ်ဖြင့် နောက်ထပ်မှတ်သိခြင်း ကိစ္စရှိ၏။

၃။ ထူအပ်သော အမှတ်အသားဖြင့် စွဲစွဲလမ်းလမ်း နှလုံးသွင်းခြင်းတို့ ပြုတတ်သော တရားဟု ဉာဏ်အား ထင်လာ၏။

၄။ ထင်ထာထိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

၁။ သညာသည် မှတ်သိ သိခြင်းလက္ခဏာ ရှိ၏ဟူသည် ပညာကဲ့သို့ ထူးထူးထွေထွေ မသိဘဲ ထင်လာသော အာရုံကို အညိုပဲ၊ အဖြူပဲ၊ အရှည်ပဲ၊ အတိုပဲ စသည်ဖြင့် မှတ်သောအားဖြင့် သိခြင်းကို မှတ်သိ သိခြင်း လက္ခဏာ ရှိ၏ - ဟု ဆိုခြင်း ဖြစ်သည်။

၂။ ရွေးအမှတ်ဖြင့် နောက်ထပ်မှတ်သိခြင်း ကိစ္စရှိ၏ ဟူသည် လက်သမားသည် ဤသစ်သားကို မည်သည့် နေရာ၌ အသုံးပြုဖို့ရာဟု ရွေးဦးစွာ မှတ်သားလိုက်၏။ ထိုမှတ်သားခြင်းမျိုးသည် နောက်ထပ် သိဖို့ရန်လည်း မှတ်သားရာ ရောက်၏။ ဤ၌ ရွေးဦးမှတ်ခြင်းသည် လက္ခဏာတည်း။ ထိုအမှတ်ကို နောက်ထပ် သိမှတ်ခြင်းသည် ကိစ္စတည်း။

ဥပမာအားဖြင့် - လူတစ်ယောက်က ပိပိအား ညှော်သည်တစ်ယောက်ကို ခေါ်လာပြီး မိတ်ဆက်ပေးရာ၌ '*ဤသူသည် မောင်ဖြူတည်း*' ဟု မိတ်ဆက်ပေး၏။ '*မောင်ဖြူ*' ဟူ၍ ရွေးဦး အမှတ်အသားသည် ဖြစ်၏။ ဤကား လက္ခဏာတည်း။ နောင်တစ်ချိန် ပြန်တွေ့ရာ၌ '*ဤသူသည် တိုတစ်ချိန်က တွေ့ဖူးသော မောင်ဖြူပါတကား*' ဟူ၍ မှတ်သိ သိပြန်၏။ ဤကား ကိစ္စတည်း။

၃။ ယူအပ်သော အမှတ်အသားဖြင့် စွဲစွဲလမ်းလမ်း နှလုံးသွင်းခြင်းကို ပြုတတ်သော တရားဟု ဉာဏ်အား ထင်လာ၏ - ဟူသည် ဤသညာသည် အဝိဇ္ဇာအစရှိသော အကုသိုလ်တရားများနှင့်လည်း တွဲ၍ဖြစ်၏။ သတိ, သဒ္ဓါ, ပညာစသော ကုသိုလ်တရားများနှင့်လည်း တွဲ၍ဖြစ်၏။ အကုသိုလ်ဘက်ပါသော

သညာသည် အမှားကို မှတ်သားတတ်၏။ ကုသိုလ်ဘက်ပါသော သညာသည် အမှန်ကို မှတ်သားတတ်၏။ ထို့ကြောင့် ဤသညာသည် မှားမှား မှန်မှန် မှတ်သားထားတတ်၏။

အမှန်ကို မှတ်သားရာ၌ အထူးပြောဖွယ် မရှိသော်လည်း အမှားကို မှတ်သားရာ၌ ထိုအမှတ် အသားအာရုံကို ပျောက်ရန်ကုစားဖို့ မလွယ်ကူပေ။

မျက်စိမမြင်သော ယောကျ်ား (၆)ယောက်တို့သည် ဆင်ကို စမ်းသပ်ရာ၌ နှာမောင်းစမ်းပိသူက 'ဆင်တူသည် ငါတို့ မျက်စိမကွယ်ခင်က မြင်ခဲ့ရသော မြွေနှင့်တူ၏' ဟုပြော၏။ အစွယ်စမ်းပိသူက 'ကျည်ပွေနှင့်တူ၏' ဟုပြော၏။ နားရွက်စမ်းပိသူက 'ဗျာ, သင်ဖြူးနှင့် တူ၏' ဟုပြော၏။ ကိုယ်ကိုစမ်းပိသူက 'နံရံနှင့် တူ၏' ဟုပြော၏။ ခြေထောက်စမ်းပိသူက 'တိုင်နှင့် တူ၏' ဟု ပြော၏။ အမြီးစမ်းပိသူက 'တံမြက်စည်းနှင့် တူ၏' ဟု ပြော၏။ အမြင်ရှိသူက 'မဟုတ်ပါဘူး' ဟူ၍ ပြော၍မရ။ ဤသို့ အကုသိုလ်ဘက်၌ မှတ်ထားအပ်သည့်အတိုင်း စွဲလမ်း မှတ်ယူတတ်၏။

၄။ , ထင်လာတိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏ ဟူသည် ပေါ်ထင်လာသော အာရုံသည်ပင် သညာကို ဖြစ်စေခြင်း အကြောင်းဖြစ်၏။ ထိုတွင် အကုသိုလ်နှင့် တွဲသော အမှားဘက်ပါသော သညာအနေဖြင့်ကား –

သမင်သည် မြက်ဖြင့် ပြုလုပ်အပ်သော တောစောင့်ယောကျ်ား အရုပ်ကို မြင်ရာ၌ ထိုအရုပ်ကို တကယ် တောစောင့်ယောကျ်ားဟု အမှတ်မှားသကဲ့သို့ ... ဟုတ်၊ မဟုတ် မစဉ်းစားဘဲ မှတ်သားတတ်လေ၏။ ထို့ကြောင့် ထင်လာသော အာရုံသည် သညာ၏ အကြောင်း ဖြစ်ရလေ၏။

သတိ၊ ဉာဏ်ပညာ စသော ကုသိုလ်ဘက်၌ ပါသောသညာကား – ဉာဏ်၏ နောက်လိုက်ဖြစ်သဖြင့် အမှန်အတိုင်း မှတ်သားတတ်လေ၏။ သို့ရာတွင် အာရုံကို ဉာဏ်ကဲ့သို့ ကွဲကွဲပြားပြား သိသည်မဟုတ်။ မှတ်ရုံသာ မှတ်သားခြင်းမျိုးတည်း။

(အဘိ ၌ - ၁ - ၁၅၃/ ၄)

ဟား၏ ကုသိုလ်သညာ ။ ။ အကုသိုလ်ဘက်ပါသော သညာ၊ ကုသိုလ်ဘက်ပါသော သညာ ဟူ၍ သညာနှစ်မျိုးတွင် ကုသိုလ်ဘက်ပါသော ကုသိုလ်သညာ ဖြစ်ရန်ကား အလွန်အရေးပါလှပေ၏။ ကုသိုလ်ဘက်ပါသော သညာ၌ – သညာသည် ပညာကဲ့သို့ ထိုးထိုးဖောက်ဖောက် သိမြင်ခြင်း မရှိဘဲ မှတ်ရုံသာ မှတ်တတ်၏ – ဟု ဆိုရာတွင် ယင်းမှတ်ရုံသာ မှတ်တတ်သော သညာသည်လည်း အရေးကြီးလေ၏။ အကြောင်းကား – ထင်လာသော အာရုံကို မှတ်ရုံသာ မှတ်တတ်သော သညာသည် ရင့်ကျက်လာသောအခါ၌ ထိုးဖောက်သိမြင်နိုင်သော ဉာဏ်ပညာကို ကျေးဇူးပြုနိုင်သောကြောင့် ဖြစ်၏။

ဗုဒ္ဓလက်ထက်တော်က မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာရေကန်အနီး တရားဟောတော်မူနေစဉ် ဖားတစ်ကောင်သည် နားမလည်သော်လည်း တရားဟောသော အသံဟူ၍ တရားအာရုံ၌ အမှတ်သညာပြု၍ တရားနာနေစဉ် နွားကျောင်းသားတစ်ယောက်သည် လာ၍ နှင်တံတုတ်ကို မြေကြီးကို ထောက်၍ ရပ်သည်ရှိသော် ထိုဖား၏ ဦးခေါင်းကို ထောက်မိလေ၏။ ဖားသည် ထိုဒဏ်ဖြင့် သေလွန်၍ တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏။

ဖားနတ်သား – ဟူ၍ ထင်ရှားလေ၏။ ထို့နောက် မြတ်စွာဘုရားထံ လာရောက် ပူးပြင်လေရာ မြတ်စွာဘုရား၏ တရားအဆုံး၌ ဖားနတ်သားသည် သောတာပန် ဖြစ်လေ၏။ တိရစ္ဆာန်၏ ကုသိုလ်သညာသည် မင်္ဂလာရအောင် ကျေးဇူးပြုသည်ကို သိမြင်နိုင်ကြပေ၏။

(၀၄ - ၁ - ၉၄)

<u>လင်းနို့သား ငါးရာ၏ ကုသိုလ်သညာ ။</u> ။ မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာတော်ကို တာဝတိံသာနတ်ပြည်၌ အကျယ်ဟောတော်မူ၏။ ဤလူပြည်၌ အရှင်သာရိပုတြာကို အကျဉ်းဟောပြတော်မူ၏။ အရှင်သာရိပုတြာသည် လင်းနို့သား ဖြစ်ဖူးသော ဝိဝိ၏ တပည့်ရဟန်း ငါးရာတို့ကို မကျဉ်းမကျယ် ဟောတော်မူ၏။ ယခု လူပြည်၌ လူအများ သင်နေသော ပဌာန်းကျမ်းကြီးသည် ထိုမကျဉ်း မကျယ် ဟောအပ်သော ဒေသနာတော်ပင်တည်း။

ဤလူပြည်၌ အဘိဓမ္မာတရားကို ရှေးဦးဆုံး နာရသူတို့သည် အရှင်သာရိပုတြာပြီးလျှင် ထိုရဟန်းငါးရာတို့ ဖြစ်ကြကုန်၏။

ထိုရဟန်းငါးရာတို့သည် ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်၌ လင်းနို့သားငါးရာ ဖြစ်ကြ၍ တောင်ဝှမ်း၌ တွဲလွဲချ၍ နေကြစဉ် အဘိဓမ္မာဆောင် ရဟန်းနှစ်ပါးသည် အဘိဓမ္မာတရားများကို ရွတ်ဖတ်ကြလေကုန်၏။ ထိုလင်းနို့သားတို့သည် နားမလည်သော်လည်း တရားသံဟူသော အမှတ်ဖြင့် နာယူကြလေကုန်၏။ ထိုကုသိုလ်သညာကြောင့် သေလွန်သောအခါ၌ နတ်ပြည်၌ ဖြစ်ကြပြီးလျှင် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်၌ လူအဖြစ်သို့ ရောက်ကြပြီး မြတ်စွာဘုရား တန်ခိုးတော်ပြရာ၌ ကြည်ညိုသည်ဖြစ်၍ အရှင်သာရိပုတြာအထံ၌ ရဟန်းပြုကြလေကုန်၏။ ထို့နောက် ရဟန္တာများ ဖြစ်ကြ၍ အဘိဓမ္မာဆောင် ရဟန်းများ ဖြစ်ကြလေကုန်၏။

(အာဘိ ၅ - ၁ - ၁၇ / ဂ)

<u>နီပီဂ္ဂါ သညာဂဏ်း၏ ကုသိုလ်သညာ ။</u> ။ နီပီတ္တာ သညာဂဏ်းသည် လွန်ခဲ့သော (၉၄) ကမ္ဘာတွင် ဘဝတစ်ခု၌ ရသေ့အဖြစ်နှင့် စန္ဒဘာဂါမြစ်ကမ်း သခ်ိမ်းကျောင်း၌နေစဉ် တောခွကျင်လည် ကျက်စားနေသော ရွှေသမင်တစ်ကောင်ကို တွေ့မြင်၍ ကြည်ညိုစိတ်ဖြစ်ပြီး မြတ်စွာဘုရားတို့ကို အမှတ်ရပိလေ၏။

'ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပွင့်တော်မူဆဲ မြတ်စွာဘုရားတို့သည် လည်းကောင်း၊ ပွင့်တော်မူလတ္တံ့ မြတ်စွာဘုရားတို့သည်လည်းကောင်း ဤသားမင်းကဲ့သို့ ဂါဝင်းသော ရွှေရောင် အဆင်းဖြင့် တင့်တယ်တော်မူပါပေစွ' ဟူ၍ မြတ်စွာဘုရားတို့ကို အောက်မေ့ အမှတ်ရလေ၏။ ယင်းဗုဒ္ဓသညာ ကုသိုလ်ကြောင့် အပါယ်လေးပါးသို့ မလားရာဘဲ လူရပ်နတ်ထံ အတန်တန် ကျင်လည်ပြီး ဤမြတ်စွာဘုရား သာသနာတော်၌ လူအဖြစ်သို့ရောက်ကာ ရဟန်းပြုပြီးနောက် ဝိပဿနာတရား အားထုတ်လေရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

(အပဒါ - ၁ - ၂၉၇ / ၈ ။ မြန် - ၃၀၃ / ၄)

ဗုဒ္ဓသညာ ဃောရိ၏ ကုသိုလ်သညာ ။ ။ လွန်ခဲ့သော (၉၄) ကမ္ဘာ သိဒ္ဓတ္ထမြတ်စွာဘုရား လက်ထက်တော်၌ ဗုဒ္ဓသညာကမဃောရိသည် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်သော ရဿေအဖြစ်ဖြင့် တောထဲ၌ တပည့်အပေါင်းတို့ကို ဗေဒင်ပညာရပ်များကို သင်ပေးနေစဉ် သိဒ္ဓတ္ထ မြတ်စွာဘုရား ပွင့်တော်မူကြောင်းကို ကြားသိလေ၏။ ထိုအခါ ရဿေဆရာကြီးသည် -

'လောက၌ ရေသဖန်းပွင့်ကို ရခဲသကဲ့သို့လည်းကောင်း၊ လ၌ ယုန်ရုပ်ကို ရခဲသကဲ့သို့လည်းကောင်း၊ ကျီးတို့၏ နို့ရည်ကို ရခဲသကဲ့သို့လည်းကောင်း မြတ်စွာဘုရားကို ရခဲ၏။ ထိုမြတ်စွာဘုရား ပွင့်တော်မူစဉ် လူအဖြစ်ကို လည်း ရခဲ၏။ ထိုဘုရားအဖြစ်၊ လူအဖြစ် နှစ်ပါးစုံရှိသော်လည်း တရားကို နာကြားရခြင်းကိုလည်း အလွန်ရခဲ၏ ဟူ၍ နှလုံးသွင်း၍ တပည့်တို့နှင့်တကွ မြတ်စွာဘုရားကို ပူးမြင်ရန် ထွက်လာခဲ့လေရာ ထိုရဿေဆရာကြီးသည် လမ်းခရီးတွင် ရောဂါနှိပ်စက်၍ သေလေ၏။

ဘုရားတည်းဟူသော အမှတ်သညာကုသိုလ်ဖြင့် အပါယ်သို့ မရောက်ဘဲ လူ့ရပ်နတ်ထံ အတန်တန် ကျင်လည်ပြီးနောက် ဤဘုရားလက်ထက်၌ ပဋိသန္ဓေဒါယကာမှာ ဖြစ်လေ၏။

(အပဒါ - ၂ - ၅၅ / ၇ ။ မြန် - ၅၁ / ၃)

စူဠပန်ထေရ်၏ အနိစ္စသညာ ။ ။ ပိဋကတ်တော် ပတ်ဝန်းကျင်၌ ပိဋကတ်တော်နှင့်တကွ အရာဝတ္ထုအားလုံးတို့သည် အမြဲမရှိကြ။ ပြောင်းလဲ ပျက်စီးခြင်းသို့ ရောက်နေကြရကုန်၏။ ယင်းပြောင်းလဲ ပျက်စီးမှုတို့ကို ပညာဖြင့် ထိုးထွင်း၍ မသိမြင်သော်လည်း သညာဖြင့်ကား ရှုမှတ်သင့်ကြပေ၏။ သံဝေဂဉာဏ် ဖြစ်သင့်ပေ၏။

ဗုဒ္ဓလက်ထက်က အရှင်စူဠပန်ထေရ်သည် ကသိုပဘုရားရှင်လက်ထက်က ဉာဏ်ထိုင်းသော ရဟန်း တစ်ပါးကို ပြက်ရယ်ပြုပူးသော အကုသိုလ်ကံကြောင့် ယခုဘဝ၌ ဉာဏ်ထိုင်းလေ၏။ ဂါထာတစ်ပုဒ်ကို လေးလကြာအောင် သင်ယူသော်လည်း နှုတ်တက်မရသဖြင့် အစ်ကိုဖြစ်သူ မဟာပန်မထေရ်က ကျောင်းမှ နှင်ထုတ်လိုက်လေ၏။

စူဠပန်ထေရ်သည် အစ်ကိုက နှင်ထုတ်သောကြောင့် စိတ်ပျက်ပြီး လူထွက်ရန် ကျောင်းမှ ထွက်လာစဉ် မြတ်စွာဘုရားနှင့်တွေ့၍ ဘုရားရှင်က အားပေးစကား မိန့်ကြားတော်မူပြီးနောက် ဖြူစင်သောအဝတ်ပိုင်း တစ်ခု ကို ပေး၍ *'ရဇော ဟရဏံ ... ရဇော ဟရဏံ* - ဤအဝတ်သည် မြူကိုဆောင်၏။ ဤအဝတ်သည် မြူကို ဆောင်၏ ' ဟူ၍ လက်ဖြင့်ပွတ်ခိုင်းတော်မူလေ၏။

စူဠပန်ထေရ်သည် လက်ဖြင့်ပွတ်ရင်း ညစ်နွမ်းလာသော အဝတ်ကို ကြည့်ပြီး -

'ဤအဝတ်သည် အလွန်ဖြူစင်၏။ ဤခန္ဓာကိုယ်ကို မှီ၍ ညစ်နွမ်းခြင်းသို့ ရောက်ရ၏။ အလုံးစုံကုန်သော သင်္ခါရတရား တို့သည် မမြဲကုန်စွတကား ... ' ဟု ဝိပဿနာ ပွားများလေ၏။

မြတ်စွာဘုရားသည် *'စူဠပန်၏ စိတ်သည် ဝိပဿနာသို့ တက်လေပြီ'* ဟု သိတော်မူ၍ ပုဆိုး အဝတ်ပိုင်း သည်သာလျှင် ညစ်နွမ်း၏၊ မြူကို ဆောင်၏ ဟု မမှတ်နှင့်။ ပိဋကတ်တော် ဤကိုယ်ခန္ဓာကိုယ်သည်လည်း ရာဂ, ဒေါသ, မောဟ ဟူသော မြူတို့ဖြင့် ညစ်နွမ်းရ၏။ ထိုရာဂမြူတို့ကို ပယ်လော့ - ဟူ၍ သုံးဂါထာတို့ဖြင့် တရားဟောတော်မူရာ တရားအဆုံး၌ အရှင်စူဠပန်ထေရ်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

ဤ၌ ဤ 'ရဇော တရဏံ' ဟူသော ကမ္မဋ္ဌာန်းပြင့် ရဟန္တာဖြစ်ရခြင်းသည်ကား အရှင်စူဠပန်သည် ရှေးဘဝတစ်ခု၌ ရှင်ဘုရင်ဖြစ်၍ မြို့ကို လှည့်လည်ရာတွင် နဂိုးမှ ချွေးထွက်လာသည်ဖြစ်၍ ထိုချွေးကို ဖြူစင်သော အဝတ်ပိုင်းဖြင့် သုတ်လိုက်လေ၏။ အဝတ်ဖြူသည် ညစ်နွမ်းခြင်းသို့ ရောက်လေ၏။

'ဤခန္ဓာကိုယ်ကို အမှီပြု၍ ဤဖြူစင်သော အဝတ်သည်လည်း ညစ်နွမ်းခြင်းသို့ ရောက်ရ၏။ သခ်ါရတို့သည် မမြဲကုန်စွတကား ...' ဟူ၍ အနိစ္စသညာ ဖြစ်ပွားခဲ့လေ၏။ ယင်းအနိစ္စသညာ ဖြစ်ပွားခဲ့သော ကုသိုလ်ကြောင့် ယခုဘဝ၌ အနိစ္စသညာမှ အနိစ္စပညာဖြစ်ကာ ရဟန္တာအဖြစ်သို့ ရောက်ရခြင်း ဖြစ်လေ၏။

(ဓမ္မ ၄ - ၁ - ၁၅၅ / ၇)

<u>ယသဇရိ၏ အသုဘသညာ ။</u> ။ လူလောက၌ လူသေကောင် အသုဘအလောင်းကို တွေ့မြင်ဖူးကြမည် ဖြစ်၏။ *'ငါတို့သည်လည်း ဤသို့ သေရလေဦးမည်'* ဟူ၍ မရဏာသညာကို လည်းကောင်း၊ *'ငါတို့ ခန္ဓာကိုယ်သည်လည်း ဤသို့ စက်ဆုပ်စရာ ရွံရှာဖွယ် ဖြစ်၏'* ဟူ၍ အသုဘသညာကိုလည်းကောင်း သံဝေဂဉာဏ်ဖြင့် ရှုသင့်ကြပေ၏။ ရသင့်ကြပေ၏။

မြတ်စွာဘုရားလက်ထက်တော်၌ ဗာရာဏသီပြို့ သူဌေးသား ယသသည် အလွန်ကြီးကျယ်သော စည်းစိမ်ရှင်ဖြစ်၏။ သီချင်းသီဆို၊ ကပြ ဖျော်ဖြေပေးကြသော သူတို့ကအစ ယောကျ်ားတစ်ယောက်မျှ မရှိပေ။ အကုန်လုံး ပျိုမြစ်နုနယ် ရှစ်ဖွယ်ကောင်းသော မိန်းမပျိုတွေချည်း ဖြစ်ကြလေကုန်၏။ ပါရမီ မရင့်သန်သူတို့အဖို့ အဘယ်သို့ ထိုစည်းစိမ်မှ ရုန်းထွက်နိုင်လိမ့်မည်နည်း။

တစ်ခုသော ညဘက်၌ ယသသည် ထိုပိန်းမပျိုတို့ သီဆိုကပြမှုကို ကြည့်ရှုရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။ အိပ်ရာမှ နိုးလာသောအခါ၌ အိပ်ပျော်နေသော ထိုပိန်းမပျိုတို့ကို မြင်တွေ့ရရာ၌ ပိဝိုက်ယ်ကို သရိုင်း အသုဘ အလောင်းကောင်များ အလယ်သို့ ရောက်နေဘိသကဲ့သို့ ထင်မှတ်လေ၏။ ယင်းအသုဘသညာကြောင့် မြတ်စွာဘုရားထံသို့ ရောက်ပြီး တရားနာကြားကာ ရဟန္တာအဖြစ်သို့ ရောက်ရလေ၏။ ထိုတွင်မက ထိုယသ၏ သူငယ်ချင်း (၅၄)ယောက်တို့သည်လည်း ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။ ယသ၏ ပိဘနှစ်ပါးနှင့် ဇနီးဟောင်းတို့မူကား သောတာပန်အဖြစ်သို့ ရောက်လေကုန်၏။

ယင်းသို့ လောကုတ္တရာအကျိုးကို ရကြခြင်းသည် အတိတ်ဘဝတစ်ခု၌ ယသအမျှူးပြုသော သူငယ်ချင်း (၅၅) ယောက်တို့သည် နာရေးအကူ အသင်းဖွဲ့ကာ ခိုကိုးရာမဲ့ကုန်သော အသုဘအလောင်းတို့အား ဧစတနှဝန်ထမ်း ဟုတ်ကြည်းမိုးသရွိုက်မှု ပြုလုပ်ပေးကြကုန်၏။ တစ်နေ့သောအခါ၌ ကိုယ်ဝန်ရှိသော မိန်းမအလောင်းကို ဟုတ်ကြည်းမိုးသရွိုက်ရင်း သူဌေးသား ယသအလောင်းသည် *'မစင်မကြယ် ရွံရှာဖွယ်ဟိတကား'* ဟူ၍ အသုဘသညာ ဖြစ်လေ၏။ ယင်းအသုဘသညာဖြစ်ပုံကို ကျန်သော သူငယ်ချင်း (၅၄) ယောက်တို့အားလည်း ပြောပြလေ၏။ မိဘနှစ်ပါးနှင့် ဇနီးမယားတို့အားလည်း ပြောပြလေ၏။ ထိုသူအားလုံးတို့သည် အသုဘသညာ ရကြလေကုန်၏။ ယင်းကုသိုလ်ကံသည် ဤဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း၏ အားကြီးသောအကြောင်း ဖြစ်လေ၏။

(ဝိနည်း မဟာဝ - ၂၁ / ၂၇ ။ ဝ ၄ - ၂ - ၂၄၇)

သညာ အမြင့်လာ ဆောင်ရန်လင်္ကာများ

၁။ လက္ခဏာများ

၁။	မှတ်သိသဘော၊	သညာပြော၊	သဘောသိနိုင်သည်။
၂။	ပညာသို့သာ၊	မှတ်သညာ၊	သိတာမဟုတ်ဖြို။
၃။	ထင်လာအာရုံ၊	ညို့ဝါ့တုန်၊	မှတ်ရုံမှတ်သိသည်။
၄။	ရှေးမှတ်ပြီးက၊	နောက်မှတ်ရ၊	ကိစ္စသဘောသည်၊
၅။	ရှေးမှတ်လက္ခဏာ၊	နောက်မှတ်တာ၊	ကိစ္စာဖြစ်လေသည်။
၆။	စွဲလမ်းသမှု၊	မှတ်သားပြု၊	ပစ္စုဖြစ်လေသည်။
၇။	အကုသညာ၊	အမှားသာ၊	ကုမ္မာမှန်လေသည်။
၈။	မျက်မမြင်ပမာ၊	မှားသညာ၊	ကောင်းစွာသိရမည်။
၉။	ထင်အာရုံမှာ၊	မှတ်သညာ၊	ကြောင်းသာဖြစ်လေသည်။
၁၀။	တောကသမင်၊	မြက်ရုပ်ပင်၊	လူပင်ထင်တတ်သည်။
၁၁။	ဟုတ်,မဟုတ်ကား၊	မစဉ်းစား၊	မှတ်သားတတ်လေသည်။
၁၂။	ဉာဏ်နှင့်တွေရာ၊	ဉာဏ်သို့သာ၊	သညာလိုက်လေသည်။

၂။ ဟားဏ် ကုသိုလ်သညာ

၁။	သညာနှစ်ဖြာ၊	ကုသညာ၊	လွန်စွာရေးပါသည်။
၂။	ဉာဏ်ပညာလောက်၊	ထိုးထွင်းဖောက်၊	မရောက်သော်လဲသည်၊
၃။	မှတ်ရုံသညာ၊	ရင့်ကျက်လာ၊	ပညာဖြစ်နိုင်သည်။
၄။	တရားနာငြား၊	တစ်ကောင်ဖား၊	နားကားမလည်ဖြို။
၅။	ကုသိုလ်သညာ၊	ဖြစ်ရုံသာ၊	သေရာနတ်ဖြစ်သည်။
၆။	နတ်ဘဝမှာ၊	တရားနာ၊	သောတာဖြစ်လေသည်။

၃။ လင်းနို့သားငါးရာ၏ ကုသိုလ်သညာ

၀။	တဿပတုရား၊	လက်ထတ်အား၊	နှစ်ပါးရဟန်းထည်၊
၂။	အဘိမွေ့၊	ဒေသနာ၊	ကောင်းစွာရွတ်ဆိုပြီ။
၃။	လင်းနို့ငါးရာ၊	တရားမှာ၊	သညာဖြစ်လေပြီ။
၄။	သေလွန်ဒေဝတာ၊	ယခုမှာ၊	ရဟန္တာဖြစ်ကြပြီ။
၅။	အဘိမွေ့၊	ရှေးဦးစွာ၊	ကောင်းစွာနာရပြီ။

၄။ နိမိတ္တသညာကဏ္ဍ၏ ကုသိုလ်သညာ

၀။	ကိုးဆယ့်လေးကမ္ဘာက၊	နိမိတ္တ၊	သညာကမ္ဘဏ်သည်၊
၂။	ရွှေဝါရောင်ထင်၊	ရွှေသမင်၊	ဇတ္တ ဖြင့်ရှေ့သည်၊
၃။	ပွင့်ပြီး,ပွင့်ကြား၊	ပွင့်မည်ကြား၊	တုရားများစွာသည်၊
၄။	ရွှေသမင်ဝမာ၊	ရွှေရောင်ဖြာ၊	လွန်စွာတင့်တယ်သည်၊
၅။	ဗုဒ္ဓသည်၊	တုကြောင့်သာ၊	ပါယ်မှာမလားပြီ။
၆။	လူရပ်နတ်ထံ၊	အတန်တန်၊	ဓန်ဓန်ဖြစ်လေပြီ။
၇။	ခုဆဝမှာ၊	ကိလေတွေ၊	ရဟန္တာဖြစ်လေပြီ။

၅။ ဗုဒ္ဓသညာကဏ္ဍ၏ ကုသိုလ်သညာ

၁။	ကိုးဆယ့်လေးကမ္ဘာက၊	သိဒ္ဓတ္ထ၊	ဗုဒ္ဓပွင့်ပေါ် ထည်၊
၂။	ဗုဒ္ဓသည်က၊	ခေါ် ဆိုရ၊	ထေရတစ်ပါးသည်၊
၃။	ရသေ့ဖြစ်တာ၊	မြတ်ဗုဒ္ဓါ၊	ဖူးရာထွက်ခဲ့သည်။
၄။	ရေသဖန်းမှာ၊	အပွင့်ဟာ၊	လွန်စွာရခဲသည်။
၅။	လပိုင်းထဲမှာ၊	ယုန်ရုပ်ဟာ၊	လွန်စွာရခဲသည်။
၆။	ကျိုးကန်းဌက်မှာ၊	နို့ရည်ဟာ၊	လွန်စွာရခဲသည်။
၇။	လူလောကမှာ၊	ဘုရားဟာ၊	လွန်စွာပွင့်ခဲသည်။
၈။	ဘုရားဖြစ်ရာ၊	လူဖြစ်တာ၊	လွန်စွာရခဲသည်။
၉။	လူဖြစ်လောရာ၊	တရားနာ၊	လွန်စွာရခဲသည်။
၁၀။	ဤသို့ကြံရာ၊	နာရောဂါ၊	ဖြစ်ခါသေရသည်။
၁၁။	ဗုဒ္ဓသည်၊	ကုကြောင့်သာ၊	ပါယ်မှာမလားပြီ။
၁၂။	ခုဘဝမှာ၊	ရဟန္တာ၊	ကောင်းစွာဖြစ်လေပြီ။

၆။ စူဠပန်ထေရ်၏ အနိစ္စသညာ

၀။	စူဠပန်ပေ၊	ခေါ် ရလေ၊	မထေရ်တစ်ပါးသည်၊
၂။	ဉာဏ်ထိုင်းသူအား၊	ပြက်ရယ်ကား၊	ပြုခြားခဲ့လေသည်။
၃။	ယခုဘဝ၊	လွန်စွာပ၊	ဉာဏ်ကထိုင်းလေဖြို။
၄။	တစ်ပုဒ်ဂါထာ၊	လေးလေကြာ၊	ရတာမရှိဖြို။
၅။	မဟာပဉ္ဇက၊	အစ်ကိုက၊	ကျောင်းမှနှင်ထုတ်ဖြို။
၆။	ဘုရားနှင့်တွေ့ရာ၊	သက်သာရာ၊	ကောင်းစွာရလေဖြို။
၇။	ရဇဏဟရဏံ၊	အတန်တန်၊	ဖန်ဖန်ရွတ်ဆိုဖြို။
၈။	အဝတ်ဖြူဖြူ၊	ညစ်နွမ်းဟူ၊	မြူတွေပေါ် လေဖြို။
၉။	မမြဲလေရာ၊	သဒ္ဒါရာ၊	သညာဖြစ်လေဖြို။
၁၀။	ဝတ်သာမက၊	ကိုယ်ကာယ၊	မချဉ်စွမ်းသည်။
၁၁။	ရာဂ,ဒေါသ၊	မြူတွေပ၊	ပယ်ရတော်လေဖြို။
၁၂။	တရားဆုံးမှာ၊	စူဠဟာ၊	ရဟန္တာဖြစ်လေဖြို။
၁၃။	ဂျေးဘဝဘုရင်မှာ၊	အနိစ္စာ၊	သညာဖြစ်ခဲ့သည်။
၁၄။	ခုဘဝမှာ၊	အနိစ္စာ၊	ပညာဖြစ်လေဖြို။

၇။ ယသထေရ်၏ အသုဘသညာ

၁။	လူ့လောကမှာ၊	အသုဘာ၊	တွေ့တာများကြသည်။
၂။	အသုဘသညာ၊	စိတ်ထဲမှာ၊	ကောင်းစွာဖြစ်သင့်သည်။
၃။	ယသစကြား၊	ငါးဆယ့်ငါး၊	ရဟန်းများတို့သည်၊
၄။	ဘုရားထံမှာ၊	တရားနာ၊	ရဟန္တာဖြစ်ကြသည်။
၅။	မိဘနှစ်ဖြာ၊	ဇနီးပါ၊	သောတာဖြစ်ကြသည်။
၆။	တစ်ချို့နှစ်ခါ၊	အသုဘာ၊	သညာဖြစ်ခဲ့သည်။
၇။	မှတ်သညာမှ၊	ခုဘဝ၊	ဉာဏဖြစ်လေဖြို။
၈။	ထိုးထွင်းသိလစ်၊	ပညာစစ်၊	မဖြစ်တောင်မှသည်၊
၉။	ကုသညာအား၊	ဖြစ်အောင်ကား၊	ကြိုးစားသင့်ကြသည်။

သညာအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

စေတနာအပ္ပဉ်လာ ကိုယ်ကျင့်တရားများ

လက္ခဏာများ ။ ။ မဟာကုသိုလ် ပဌမစိတ်၌ ဖဿ, ဝေဒနာ, သညာ စေတသိက်များ ယှဉ်ကြသည်နည်းတူ စေတနာစေတသိက်လည်း ယှဉ်လေ၏။ စေတနာ၏ သဘောလက္ခဏာများကို ဤသို့ သိမှတ်နိုင်ကြ၏။

စေတယိတိ စေတနာ ။

သဒ္ဒီ အတ္တနာ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတိတိ အတ္ထော။ သာ –

၁။ စေတယိတ လက္ခဏာ၊

၂။ အာယူဟန ရသာ၊

၃။ သံဝိဒဟန ပစ္စုပဋ္ဌာနာ၊

၄။ သေသစေ့ ပဒဋ္ဌာနာ။

စေ့ဆော်တတ်သောကြောင့် စေတနာ ခေါ်၏။ စေ့ဆော်တတ်ခြင်းဟူသည် ပိဖိနှင့်အတူဖြစ်ဘက် သမ္ပယုတ်တရားတို့ကို အာရုံ၌ ပွဲစပ်ပေးခြင်းပင် ဖြစ်၏။ ထိုစေတနာသည် ...

၁။ စေ့ဆော်တတ်သော လက္ခဏာရှိ၏။

၂။ ဖရိဖရဲ ကြွေ၌မနေအောင် ပေါင်းစုဝေးခြင်း ထိုစွဲရှိ၏။

၃။ စိမ်ထတ်သော တရားဟူ ဉာဏ်၌ ထင်လာတတ်၏။

၄။ ကြွင်းသော နာမ်ခန္ဓာသုံးဝါးလျှင် နီးစွာသောအကြောင်းရှိ၏။

၁။ ဤ၌ စေတနာသည် **စေ့ဆော်တတ်ခြင်း လက္ခဏာရှိ၏** ဟူသည် စေတနာသည် ပိဖိကိုယ်တိုင်လည်း အာရုံ၌ စပ်ဟပ်လျက် ရှိ၏။ ဖဿ, ဝေဒနာ, သညာ စသော အခြားသော အတူဖြစ်ဘက် တရားများကိုလည်း အာရုံ၌ စပ်ဟပ်ပေးတတ်၏။ ဤသည်ကို စေ့ဆော်တတ်ခြင်း လက္ခဏာရှိသည်ဟု ဆိုရသည်။

၂။ **ဖရိဖရဲ ကြွ၌ မနေအောင် ပေါင်းစုပေးခြင်း ကိစ္စရှိ၏** – ဟူသည် ဤစေတနာသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုလုပ်ရာ၌ စေတနာမှ ကြွင်းသော ဤသ, ဝေဒနာ စသော နာမ်တရားများကား အာရုံ၌ စပ်ယှဉ်ရာ၌ တစ်စိတ်တစ်ဒေသမျှသာ ကိစ္စရှိကြ၏။ စေတနာမူကား ထိုတရားတို့ထက် နှစ်ဆတက်၍ ကုသိုလ်အာရုံ၊ အကုသိုလ်အာရုံကို ယူရာ၌ ပိဖိကိုယ်တိုင်လည်း ထိုအာရုံ၌ စပ်ပိဖို့ရာကိုလည်းကောင်း၊ ပိဖိနှင့်ယှဉ်ဘက် ဖြစ်သော ဖဿ, ဝေဒနာ စသော တရားတို့ကိုလည်း စပ်ပိဖို့ရာလည်းကောင်း ကြောင့်ကြဗျာပါရများစွာဖြင့် စေ့ဆော်၍ စပ်ယှဉ်ပေးတတ်၏။

ဗိုးရွာမည် စသော ဘေးရန်ကြောင့် မှည့်ရင့်နေပြီဖြစ်သော စပါးတို့ကို ရိတ်သိမ်းရန်အတွက် အရေးကြီးသည်ဖြစ်၍ အလုပ်သမားတို့ကို ခေါ်ကာ ပိဖိကိုယ်တိုင် ရိတ်သိမ်းသော လယ်ပိုင်ရှင်သည်

ဖိဖိကိုယ်တိုင်လည်း လုပ်၊ အလုပ်သမားတို့ကိုလည်း လုပ်စေတိသကဲ့သို့ ဤအတူ စေတနာသည် ဖိဖိကိုယ်တိုင်လည်း အာရုံ၌ ယှဉ်စပ်၊ ဖိဖိနှင့်အတူယှဉ်ဘက်တရားတို့ကိုလည်း အာရုံ၌ စပ်ယှဉ်နေအောင် စေ့ဆော်မှု ပြုလေသည်။ ဤသည်ကိုပင် သမ္ပယုတ်တရားတို့ကို ဖရိဖရဲ ကြဲ၍ မနေအောင် ပေါင်းစုပေးခြင်းကိစ္စရှိ၏ ဟု ဆိုရခြင်း ဖြစ်လေသည်။

၃။ စီမံတတ်သောတရားဟူ ဉာဏ်၌ထင်လာတတ်၏ ဟူသည် – ဖိဖိကိစ္စ၊ သူတစ်ပါးကိစ္စကို ပြီးစေတတ်ကုန်သော တပည့်ကြီး၊ လက်သမားကြီး အစရှိသည်တို့သည် စီမံတတ်သကဲ့သို့တည်း။

ချဲ့ဦးအုံ။ တပည့်ကြီးသည် ခရီးသွားရာမှ ပြန်လာနေသော ဥပဇ္ဈာယ်ဆရာကို မြင်၍ စာအံခိုင်းခဲ့သော ဥပဇ္ဈာယ်ဆရာ၏ ကျေနပ်မှုရအောင် ဖိဖိကိုယ်တိုင်လည်း စာအံ၍ အခြားသော ရဟန်းငယ်၊ သာမဏေငယ်တို့အားလည်း စေ့ဆော်တိုက်တွန်း၍ စာအံစေ၏။ မှန်၏။ တပည့်ကြီး စာအံသည်ဖြစ်၍ အခြားသူတို့လည်း အတုလိုက်၍ စာအံကြလေကုန်၏။ ဤ၌ စေတနာသည် တပည့်ကြီးနှင့်တူ၍ အခြားသော ဖဿ, ဝေဒနာ စသည်တို့ကား တပည့်အများနှင့် တူလေ၏။

ထိုမှတစ်ပါး လက်သမားကြီးသည် ဖိဖိကိုယ်တိုင်လည်း လက်သမားအလုပ်ကို ဦးဆောင်လုပ်၏။ အခြားသော လက်အောက်ငယ်သားများကိုလည်း စေ့ဆော်တိုက်တွန်း၍ ပြုလုပ်စေ၏။ မှန်၏။ လက်သမားကြီး အလုပ်လုပ်သည်ရှိသော် လက်အောက်ငယ်သားများလည်း အတုလိုက်၍ အလုပ်လုပ်ကြလေကုန်၏။ ဤ၌ စေတနာသည် လက်သမားကြီးနှင့်တူ၍ ဖဿ, ဝေဒနာ စသော တရားတို့သည် လက်အောက်ငယ်သားများနှင့် တူလေ၏။

စစ်ပွဲတစ်ပွဲ၌ ဦးဆောင်တိုက်နေသော စစ်ဗိုလ်သည် ဖိဖိကိုယ်တိုင်လည်း ရွပ်ရွပ်ခွံခွံ တိုက်၏။ အခြားသော စစ်သားများကိုလည်း ရွပ်ရွပ်ခွံခွံ တိုက်စေ၏။ မှန်၏။ စစ်ဗိုလ်သည် ရွပ်ရွပ်ခွံခွံ တိုက်သည်ရှိသော် နောက်လိုက် စစ်သားများလည်း ရွပ်ရွပ်ခွံခွံ တိုက်ကြလေ၏။ ဤ၌ စေတနာသည် စစ်ဗိုလ်နှင့် တူလေ၏။ ဖဿ, ဝေဒနာ စသည်များသည် နောက်လိုက်စစ်သားများနှင့် တူလေ၏။

တူပုံသဘောကို ဆိုဦးအုံ့။ စေတနာသည် ဖိဖိ၏ ကိစ္စအားဖြင့် အာရုံ၌ စပ်ယှဉ်ခြင်း ဖြစ်လတ်သော် ဖဿ, ဝေဒနာ စသော အတူယှဉ်ဘက် တရားတို့ကိုလည်း အာရုံ၌ တွေ့ထိခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း ကိစ္စဖြင့် စပ်ယှဉ်စေ၏။

ဆက်ဦးအုံ့။ ဤစေတနာသည် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော အဆောတလျင် ပြုလုပ်ရသော အမှုမျိုး၌ သမ္ပယုတ်တရားတို့ကို အားထုတ်ခြင်းကို ပြုလုပ်ရာ၌ ထင်ရှားလှ၏။

ဆက်ဦးအုံ့။ စေတနာသည် အာရုံကို ယူရာ၌ ဗျာပါရ အားကြီးသောကြောင့် စေတနာနှင့် ယှဉ်ဘက် ဖဿ, ဝေဒနာ, သညာ စသော သမ္ပယုတ်တရားများလည်း ဗျာပါရအားကြီးသကဲ့သို့ တက်တက်ကြွကြွ ရှိလေသည်။ ထိုသို့ စိတ်၊ စေတသိက်တွေ တက်တက်ကြွကြွ ရှိကြသောကြောင့် စိတ္တဇရုပ်များလည်း သွက်သွက်လက်လက် ဖြစ်နေလေသည်။

ကုသိုလ်ပြုရာ၌ ဖြစ်စေ၊ အကုသိုလ်ကို ပြုရာ၌ဖြစ်စေ စေတနာ ထက်သန်လျှင် ထက်သန်သလောက် ခန္ဓာကိုယ်တစ်ခုလုံး သွက်သွက်လက်လက် ထက်ထက်မြက်မြက် ရှိ၍ စေတနာ မထက်သန်လျှင် မထက်သန်သလို အေးအေးစက်စက် ထုံထုံထိုင်းထိုင်း နုံနုံချာချာ ဖြစ်နေလေသည်။ ထို့ကြောင့်ပင် ကောင်းမှု၊ မကောင်းမှုကိုစွတ်၍ အရင်းခံဖြစ်သော စေတနာကို 'ကမ္မ- အပ္မသည် လက်သည် ကံ ' ဟု မြတ်စွာဘုရား ဟောဆိုရခြင်း ဖြစ်လေသည်။

၄။ ကြွင်းသော နာမ်ခန္ဓာသုံးပါးလျှင် နိုးစွာသော အကြောင်းရှိ၏ ဟူသည် - ဤစေတနာသည် ကျန်သော ယှဉ်ဘက်နာမ်ခန္ဓာ သုံးပါးကိုပင် စေ့ဆော်စိမံပေးတတ်၍ ထိုနာမ်ခန္ဓာသုံးပါးသည် စေတနာ ဖြစ်ပို့ရာ နိုးစွာသောအကြောင်း ဖြစ်ရပြန်သည်။ စိမံပေးပုံကိုကား လယ်ပိုင်ရှင်၊ တပည့်ကြီး၊ လက်သမားကြီး၊ စစ်ဗိုလ်ကြီးတို့ နှင့် တူပုံကို ပြခဲ့ပြီတည်း။

(အဘိ ၄ - ၁ - ၁၅၄ / ၅ ။ ဘာဋီ ၃ - ၂၆၀ / ၃)

<u>ကုသိုလ်ကံကို အားကိုးရမည်</u> ။ ။ လူတို့၌ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူ၍ နှစ်မျိုးရှိရာ ဒုက္ခပေးတတ်သော အကုသိုလ်ကံကို မည်သူမှ အားကိုးကြမည် မဟုတ်တဲ့ သုခကို ပေးတတ်သော ကုသိုလ်ကံကိုသာ အားကိုးကြမည် ဖြစ်၏။ သို့ရာတွင် လောဘ, ဒေါသ, မောဟ တရားဆိုးများ လွှမ်းမိုးနှိပ်စက်လာသောအခါ၌ ဒုက္ခပေးမည့် အကုသိုလ်ကံကိုပင်လျှင် ပြုလုပ်တတ်ကြပြန်၏။ တစ်ခါတစ်ခါ သို့, သတိ စသော တရားများ ဖြစ်ပေါ်၍ စိတ်ကောင်းဝင်လာသောအခါ၌မူကား ကုသိုလ်ကံများကို ပြုလုပ်တတ်ကြပြန်၏။ ယင်းကုသိုလ်ကံကိုကား အားကိုးအားထား ပြုကြရမည် ဖြစ်၏။

တကျာမကုန်သေးသူတို့အတွက် နောက်ဘဝဆိုတာ ရှိသေး၏။ ယခုဘဝ ပြုလုပ်သော ကုသိုလ်ကံများတို့သည် နောက်ဘဝ၌ ချမ်းသာများကို ပေးမည်ဖြစ်၏။ 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ ' ဟူသော ဒေသနာတော်အရ 'စေတနာသည် ကံ မည်၏' ဆိုသည့်အတိုင်း ဝမ်းပန်းတသာ စေတနာထက်ထက်သန်သန်နှင့် ပြုလုပ်အပ်သော ကုသိုလ်ကံသည် နောက်ဘဝအတွက် အားကိုးရသော ကုသိုလ်ကံဖြစ်မည် ဖြစ်၏။

ယခုဘဝ၌ ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်ကံများကို အတော်များများ ပြုလုပ်ထားကြ၏။ ထိုအနက် နောက်ဘဝ ပဋိသန္ဓေကျိုးအတွက် တစ်ခုသောကံကသာ အကျိုးပေးမည် ဖြစ်၏။ ယင်းတစ်ခုသောကံသည် သေချိန်းကာလ၌ အလွန်အရေးကြီးသောကံ ဖြစ်လေ၏။ အချို့သော ပုဂ္ဂိုလ်တို့ စောစောပိုင်း အချိန်တွေတုန်းက မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေပြီး သေချိန်းကျမှ ပြုလုပ်အပ်သော ကုသိုလ်ကံကြောင့် ကောင်းကျိုးချမ်းသာကို ခံစားရသော သက်သေသာဓက မြောက်များစွာရှိ၏။ ထိုအနက် အနည်းငယ်မျှ ထုတ်ပြဦးအံ့။

<u>သကီ သမ္ဗဋ္ဌက ထေရ်၏ သေချိန်း ကုသိုလ်ကံ</u> ။ ။ လွန်ခဲ့သော (၉၁)ကမ္ဘာထက်က ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ဝိပဿီ မြတ်စွာဘုရား၏ မှိရာဇာဓိပင်ကား သခွတ်ပင် ဖြစ်လေ၏။ ရှေးက အဘယ်သို့သော ကုသိုလ်ကံများကို ဆည်းပူးခဲ့သည်ကို မသိရပေ။ သေချိန်းကာလ၌ကား သကီသမ္ဗဋ္ဌက ထေရ်အလောင်းသည် လူအဖြစ်ဖြင့် သခွတ်ဇာဓိပင်ကို ပူးမြင်ရပြီး စိတ်ထဲမှာ

အလွန်ကြည်လင်မှု ဖြစ်လေ၏။ ထေရ်အလောင်းသည် စိတ်ကြည်လင်မှုနှင့်အတူ သစ္စတ်ဟောဓိပင်ကို တံမြက်စည်းလည်း လှည်း၏။ ရှိခိုးပူဇော်မှုလည်း ပြု၏။ ဦးခေါင်းပေါ် လက်အုပ်ချီပြီး နောက်ဆုတ်ပြန်ရာမှ စပါးကြိုးပွေ၏ ဖမ်းယူဝါးမျိုမှုကို ခံရလေ၏။ နတ်ပြည်သို့ ရောက်ရလေ၏။ ဖြစ်လေရာဘဝ၌ အရေပြားရောဂါ ဖြစ်သည် မရှိ။ ယခုဘဝ၌ကား ပဋိသန္ဓိဒါပတ္တ ရဟန္တာ ဖြစ်လေ၏။

(အပ - ၂ - ၁ / ၂ ။ မြန် - ၁ / ၂)

တိဏမုဋ္ဌိ ဒါယကထေရ်၏ သေခါနိုး ကုသိုလ်ကံ ။ ။ လွန်ခဲ့သော (၉၂) ကမ္ဘာထက်က တိဿပြတ်စွာဘုရား ပွင့်တော်မူ၏။ ဤထေရ်အလောင်းသည် ထိုအချိန်က သားမုဆိုး ဖြစ်နေ၏။ အချို့သော သားမုဆိုးတို့ သေခါနိုး ကာလတိုင်အောင် တစုံတခုသော ကုသိုလ်ကံမျှကိုလည်း မပြုလုပ်ဘဲ သေလွန်သည့် အတွက်ကြောင့် သေသော် ငရဲသို့လားကြလေကုန်၏။ ဤသားမုဆိုးမူကား ကုသိုလ်ကံအကြောင်းဖန်သည်ဟု ဆိုရပေမည်။ သားကောင် လိုက်ရင်းပြင့် တိဿပြတ်စွာဘုရားကို ပူးမြင်ရသည်ဖြစ်၍ လက်ထဲမှာလည်း လျှစ်ရာ ဘာမျှမရှိသည့်အတွက် မြက်တို့ကို ခူးနှုတ်၍ နေရာထိုင်ပြုလုပ် ခင်းပေးလေ၏။ ပြတ်စွာဘုရားသည်လည်း မုဆိုးအား သနားသည်ကို ရှေးရှု၍ ထိုင်တော်မူ၏။ ဤကုသိုလ်သည် မုဆိုး၏ စိတ်ကို ကြည်လင်စေ၏။ အလွန်ဝမ်းမြောက်စေ၏။ ပြတ်စွာဘုရားကို ရှိခိုး၍ ကြည်နူးရွှင်ပျစွာ ပြန်လာစဉ်၌ပင် မုဆိုးသည် ခြင်္သေ့တစ်ကောင်၏ ဖမ်းယူကိုက်စားခြင်းကို ခံလိုက်ရလေ၏။ သေခါနိုး ပြုအပ်သော ထိုကုသိုလ်ကံကြောင့် ထိုမုဆိုးသည် သေလွန်သော် လွတ်အပ်သော မြားအဟုန်ကဲ့သို့ နတ်ပြည်သို့ ရောက်လေ၏။ ယခုဘဝ၌ကား ပဋိသန္ဓိဒါပတ္တ ရဟန္တာ ဖြစ်လေ၏။

(အပ - ၂ - ၁၀၁ / ၂ ။ မြန် - ၉၆ / ၇)

သောဏဖလင်၏ သေခါနိုး ကုသိုလ်ကံ ။ ။ သေခါနိုးကာလ၌ ပိတ်ဆွေကောင်းသည် အရေးကြီးလှပေ၏။ အချို့သော ပုဂ္ဂိုလ်တို့၌ ငရဲနိမိတ်ထင်နေသည့်တိုင် နတ်ပြည်နိမိတ်ထင်လာအောင် လုပ်နိုင်သော သာဓကရှိလေ၏။ မှန်၏။ မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်သောဏသည် ဓမ္မကထိကလည်း ဖြစ်၏။ ရဟန္တာလည်း ဖြစ်၏။ သို့ရာတွင် အရှင်မြတ်၏ ဖခင်မူကား ခွေးမုဆိုး ဖြစ်နေလေ၏။ အရှင်သောဏသည် ပိမိဖခင်အား ခွေးမုဆိုး မလုပ်ရန် တားမြစ်နိုင်ခြင်း မရှိသည်ဖြစ်၍ ဖခင်အသက်ကြီးသောအခါ၌ အလိုပင် မရှိသော်လည်း ဖခင်အား ရဟန်းပြုပေးလိုက်လေ၏။ တောင်ပေါ်၌ တဲကျောင်း၌ ထားပေးလေ၏။ အရှင်သောဏ၏ဖခင် ဦးပဉ္စင်းကြီးသည် သေရာညောင်စောင်း လဲလျောင်းရသောအခါ၌မူကား အလွန်ကြီးမားသော ငရဲခွေးများက တောင်ပေါ်ရှိ ဦးပဉ္စင်းကြီးအား စားမည်ကဲ့သို့ တစ်ဟောင်ထဲဟောင်လျက်နေစဉ် *'ချစ်သား ... ခွေးတွေကို ဖယ်ရှားပေးလော့။ ချစ်သား ... ခွေးတွေကို ဖယ်ရှားပေးလော့'* ဟူ၍ ဦးပဉ္စင်းကြီးသည် အထိတ်တလန့် မြည်တမ်းလေ၏။

အရှင်သောဏထေရ်သည် *'ဘုန်၏ ဖခင် ဦးပဉ္စင်းကြီးသည် ငရဲနိမိတ် ထင်နေပြီ။ ဘုရှိရဲ့သားနဲ့ ငရဲသို့ ရောက်ရခြင်းကား မဖြစ်ထိုက်ပေ'* ဟူ၍ စဉ်းစားကာ ကိုရင်တို့အား အထူးထူးသော ပန်းတို့ကို ခူးစေပြီး စေတီရင်ပြင်၌ ပန်းအခင်း ပြုလုပ်၍ ပူဇော်ကာ ဦးပဉ္စင်းကြီးအား အာရုံပြုစေလေ၏။ ဦးပဉ္စင်းကြီးလည်း သား၏

ပန်းအလှူ ပူဇော်မှုကို အာရုံပြုစဉ်မှာပင် ဦးပဉ္စင်းကြီး၏ စိတ်သည် ကြည်လင်၍လာပေ၏။ ထိုအချိန်၌ နတ်သမီး အာရုံများ ထင်လာသည်ဖြစ်၍ ဦးပဉ္စင်းကြီးသည် သားသောဏာထေရ်အား -

'ချစ်သား သောဏ ... ဖယ်ပေးလော့။ ချစ်သား သောဏ ... ဖယ်ပေးလော့။ ချစ်သား၏ ဝိတ္ထေးများ လာနေပြီ' ဟူ၍ ပြောဆိုလေ၏။ ဤသို့ဖြင့် အရှင်သောဏ၏ ဖခင်သည် နတ်ပြည်သို့ ရောက်ရလေ၏။

(အံ ၄ - ၁ - ၃၆၄/ ၅)

တမ္ဗဒါဋ္ဌိက၏ သေခါနီး ကုသိုလ်ကံ ။ ။ ဘုရားအမှူးရှိသော အရိယာသံဃာတော်မြတ်တို့ကား လူသားတို့အတွက် အလွန်ကျေးဇူးပြုလှပေ၏။ ယခုခေတ်၌ သက်တော်ထင်ရှား ဘုရားရှင် မရှိသော်လည်း သံဃာတော်တို့၏ ကျေးဇူးကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခွင့် ရနေကြသည်ဖြစ်၍ အကုသိုလ်တရားတွေကို ရှောင်ကြဉ်ပြီး ကုသိုလ်တရားတွေကို ပြုလုပ်ခွင့် ရကြရကုန်၏။ သေခါနီးကာလ အပါယ်ကျမည့်အရေး၌ အပါယ်မကျဘဲ နတ်ပြည်သို့ လားရောက်ကြရလေ၏။

မြတ်စွာဘုရားရှင် လက်ထက်တော်က တမ္ဗဒါဋ္ဌိကမည်သော ဝိုးသူသတ်ယောကျ်ားသည် (၅၅) နှစ်လုံး ဝိုးသူသတ်အလုပ်ကို လုပ်ရာမှ အသက်ကြီးလာသောအခါ၌ အားဆုတ်ယုတ်လာသည်ဖြစ်၍ ထိုအလုပ်မှ အပြုတ် ခံရလေ၏။ ဝိုးသူသတ်ဘဝ၌ အဝတ်သစ်ကို မဝတ်ရခြင်း၊ ထောပတ်၊ နို့ဆွမ်း စသော အစားကောင်းများကို မစားရခြင်းများ ရှိသည့်အတွက် တမ္ဗဒါဋ္ဌိကသည် ရေမိုးချိုးကာ အဝတ်သစ်ကို ဝတ်လျက် ထောပတ်၊ နို့ရည် ယာဂုကို သုံးဆောင်မည်ပြုစဉ် အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် သမာပတ်မှ ထပြီးနောက် ဆွမ်းလာရပ် လေ၏။

'တစ်သက်လုံး လူပေါင်းများစွာကို သတ်ခဲ့ရသော ဇ်ာဝသည် ယခုအခါ၌ ကုသိုလ်ကောင်းမှုပြုခြင်းဌာ သင့်၏' ဟု ကြံစည်ပြီး အရှင်သာရိပုတြာအား အိမ်သို့ပင့်၍ နို့ယာဂုကို လှူလေ၏။ အရှင်သာရိပုတြာ ကိုယ်တော် မြတ်ကြီးသည် အလွန်စားချင်သော ဆန္ဒရှိသည်ကို သိတော်မူ၍ တမ္ဗဒါဋ္ဌိကအား လည်း နို့ယာဂုကို စားစေလေ၏။ စားပြီးသောအခါ၌ မထေရ်သည် တမ္ဗဒါဋ္ဌိကအား အနုမောဒနာတရား ဟောလေ၏။ ရှေ့ပိုင်း၌ စိတ်မတည်သော်လည်း အရှင်သာရိပုတြာ၏ ပရိယာယ်ဖြင့် ဟောပြောမှုကြောင့် စိတ်သက်သာရာရကာ တရားကို နာကြားလျှင် စိတ်တည်ကြည်မှု ရလေ၏။ ထို့နောက် ဝိပဿနာဉာဏ်တွေ ရလေ၏။ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီး ပြန်ကြွတော်မူရာ၌ တမ္ဗဒါဋ္ဌိက ဝိုးသူသတ်ယောကျ်ားသည် အတန်ငယ်လိုက်ပို့ပြီးနောက် ပြန်လာစဉ် ဘိလူးမ တစ်ကောင်က နွားမအသွင်ဖြင့် ဝင့်သတ်၍ သေလေသော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

(ဓမ္မ ၄ - ၁ - ၄၀၆ / ၇)

ကုန်သည်တို့၏ သေခါနီးကုသိုလ် ။ ။ ကောင်းမှုမရှိသူ အဖွဲ့အစည်း၌ ကောင်းမှုရှိသူ တစ်ဦးတစ်ယောက် ရှိလျှင် ယင်းတစ်ဦးတစ်ယောက်က ကျန်သူများကို ကျေးဇူးပြုတတ်လေ၏။ 'သစ်တစ်ပင်ကောင်း ဌက်တစ်သောင်းခို' ဆိုသည့်အတိုင်း သူတော်ကောင်းတစ်ယောက်ကို အကြောင်းပြု၍ ကျန်သူများလည်း အတုယူလာနိုင်၏။

ရှေးအခါက လူပေါင်း (၇၀၀)ခန့်ရှိသော ကုန်သည်တစ်စုတို့သည် ကုန်ကူးရန် သဘော်ဖြင့် ခရီးထွက်စဉ် သမုဒ္ဒရာအလယ်၌ လေမုန်တိုင်းပေါ်၍ သဘော်နစ်မည့် အခြေအနေသို့ ရောက်လာလေ၏။ သဘော်သားတို့သည် နတ်ဒေဝတာများကိုတ၍ ကယ်ပါ၊ ယူပါ တစာစာနှင့် ကြောက်အားလန့်အား ဆူဆူညံညံ အော်ဟစ်နေကြစဉ် ယောကျ်ားတစ်ယောက်မူကား သဘော်တစ်နေရာ၌ ငြိမ်သက်စွာ ထိုင်လျက်ရှိနေလေ၏။ ထူးခြားလှသည်ဖြစ်၍ မေးမြန်းကြရာ '*သူသည် ခရီးထွက်ခါနီး ဂဟန်းတို့အား အိမ်သို့ပင့်၍ ဆွမ်းကပ်ခဲ့ကြောင်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုများကိုလည်း လှူခဲ့ကြောင်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုလည်း ခံယူဆောက်တည် ထားကြောင်း*' ရှင်းပြလေ၏။ ယခုအခါ နောင်ဘဝအတွက် သရဏဂုံနှင့် ငါးပါးသီလကို အားကိုးရာအဖြစ် ခံယူထားကြောင်းကိုလည်း ရှင်းပြလေ၏။ သဘော်သား (၇၀၀)တို့သည် အခြားလည်း အားကိုးရာ မမြင်သဖြင့် ထိုသရဏဂုံနှင့် ငါးပါးသီလကို သူတို့အားလည်း ပေးပါရန် ဝိုင်း၍ တောင်းပန်ကြလေ၏။ ထိုယောကျ်ားသည် တစ်ရာစီ တစ်ရာစီခွဲ၍ သရဏဂုံနှင့် ငါးပါးသီလကို ပေးလေ၏။ ပြီးလျှင် '*ဗိမိတ်၏ သီလကို ဆင်ခြင်နေကြပါ*' ဟူ၍ သတိပေး၏။ ထိုကုန်သည်များအားလုံး ဗိမိတို့၏ သီလကို ဆင်ခြင်နေစဉ်မှာပင်လျှင် သဘော်သည် စုံးစုံးနစ်၍ သေလွန်ကြပြီး တာဝတိံသာနတ်ပြည်၌ ဖြစ်ကြလေကုန်၏။ ထိုနတ်တို့အား သရဏဂုံနှင့် ငါးပါးသီလတို့ကို ဆောက်တည်ရွတ်ဆိုကြသောကြောင့် '*သတုလ္လပကာယိက*'နတ်များဟု ခေါ်လေသည်။

(သံ ၄ - ၁ - ၅၂ / ၃)

<u>ဒုဋ္ဌဂါမဏိမင်း၏ သေခါနီး ကုသိုလ်ကံ</u> ။ ။ လူအတော်များများ၌ ယခုဘဝပြုလုပ်ကြသော ဒါနကုသိုလ်များ အပြောက်အများ ရှိကြ၏။ ထိုကုသိုလ်များစွာထဲက ကုသိုလ်ကံ တစ်ခုက နောက်ဘဝအတွက် အကျိုးပေးမည် ဖြစ်ရာ **သေခါနီး၌ အဘယ်ကုသိုလ်ကို အာရုံပြုကြမည်နည်း?** ဟု ဆင်ခြင်သုံးသပ်သင့်လှပေ၏။ သေခါနီးကာလ အားကိုးလောက်သော သီလကုသိုလ်, အားကိုးလောက်သော ဘာဝနာကုသိုလ်မျိုး ရှိထားလျှင် ကောင်းမွန်လှပါပေ၏။ ဒါနလောက်သာ အားကိုးစရာ ရှိသည်ဆိုပါလျှင် **အဘယ်ဒါနသည် ဗိမိစိတ်ကို နှစ်သက်မှု ဖြစ်စေပါသနည်း?** ဟူ၍ သုံးသပ်ရန် လိုပေ၏။

သိဟိုဠ်ခေတ်က ဒုဋ္ဌဂါမဏိမင်းကြီးသည် ညီတော်တိဿနှင့် စစ်ဖြစ်၍ ရှုံးသဖြင့် ထွက်ပြေးရပေရာ တောထဲတွင် အပန်းဖြေရင်း ထမင်းဆာလှသဖြင့် ပါလာသော အမတ်ကြီးက ဆောင်ရွက်ပေး၍ ထမင်းတစ်ပွဲ တစ်ယောက်စာ ရလေ၏။ မင်းကြီးသည် ပိဗိတစ်ဦးတည်း မစားလိုသည့်အတွက် ပါလာသော မြင်းနှင့် အမတ်ကြီး အတွက်ပါ ခွဲဝေပေးပြီး စားမည်ပြုစဉ် ပိဗိတို့ အမျိုး၌ စားဦးစားဖျားကို မပေးလျှာ်ဘဲ စားရိုးထုံးစံ မရှိသည့်အတွက် အလျှံခံပုဂ္ဂိုလ်ကို ကြွရောက်တော်မူရန် အဓိဋ္ဌာန်လိုက်လေ၏။ တိဿမထေရ်သည် ဒိဗ္ဗသောတနာဖြင့် ကြား၍ အလျှံခံကြွရောက်တော်မူလာလေ၏။ မင်းကြီးသည် ကြည်ညိုဝမ်းသာလှသဖြင့် ပိဗိမစားတော့ဘဲ အကုန်လျှဲလိုက်လေ၏။ မြင်းနှင့် အမတ်ကြီးတို့လည်း အကုန်လျှဲလိုက်လေ၏။

ဒုဋ္ဌဂါမဏိမင်းကြီး သေခါနီး ကောင်းမှုစာရင်းကို ဖတ်သောအခါ ကုဋေပေါင်းများစွာကုန်သော မဟာဧတိ၊ မဟာဝိဟာရကျောင်းတွေ အလှူထက် စစ်ရှုံး၍ ထွက်ပြေးရသောဘဝဖြင့် လှူရသော ထိုအလှူကို ပို၍ စိတ်ထဲမှာ အားရကျေနပ်မှုဖြစ်ကာ ထိုအလှူကို အာရုံပြုရင်းပင် နတ်ရွာစံလေရာ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

(အံ ၄ - ၂ - ၁၀၅ / ၇)

ဧစေတနာအပ္မဉ်ာ ဆောင်ရန်လက်ကျများ

၁။ လက္ခဏာများ

၁။	စေထနာသဘော၊	စေ့ဆော်ပြော၊	သတောထိုင်ဝ်ထည်။
၂။	အာရုံပေါ် လတ်၊	ကိုယ်လဲစပ်၊	များလဲစပ်စေသည်။
၃။	မကြွေစေရ၊	ပေါင်းဝေးရ၊	ကိစ္စသတောသည်၊
၄။	တု,အကုတံ၊	ပြုလုပ်မှု၊	ဒုစ်ပြုံလုပ်ဆောင်ထည်။
၅။	ကိုယ့်တွက်မကပါ၊	သူတွက်ပါ၊	ဗျာပါများလေသည်။
၆။	စပါးရိတ်တွင်၊	လယ်ပိုင်ရှင်၊	တွင်တွင်တူလေသည်။
၇။	မပြုံကြဲခြင်း၊	ကိစ္စထင်း၊	ဆိုခြင်းဖြစ်လေထည်။
၈။	စီမံတတ်ဟု၊	ဉာဏ်ထင်မှု၊	ဆိုမှုပြုခြင်းထည်၊
၉။	လက်သမားကြိုး၊	တဝဲညှိကြိုး၊	ပုံမှီးတူလေသည်။
၁၀။	တိုက်စစ်ဆင်နှဲ၊	ဗိုလ်နှင့်လေ၊	မလွဲတူလေသည်။
၁၁။	ကုသိုလ်,အကု၊	ပြုလုပ်မှု၊	ဗျာစုများ၍သည်၊
၁၂။	စေထနာကို၊	ကံဟုကို၊	ခေါ် ဆိုရလေသည်။

၂။ ကုသိုလ်ကံကို အားကိုးပါ

၁။	အကုတံမျိုး၊	ဒုတ္ခတိုး၊	အားကိုးမရပြီ။
၂။	ကုသိုလ်ကံမျိုး၊	သုခမျိုး၊	အားကိုးကြရမည်။
၃။	လော,ဒေါ ဗုံးလျှောင်၊	အကုဝင်၊	သွင်သွင်ပြုပြုန်သည်။
၄။	သဒ္ဓါရွှန်းစို၊	လူထိုထို၊	ကုသိုလ်ပြုကြသည်။
၅။	တဏှာမကုန်၊	ဘဝဟုန်၊	အစုံရှိသေးသည်။
၆။	နောက်ဘဝမှာ၊	ကုသိုလ်သာ၊	ချမ်းသာပေးပေမည်။
၇။	စေတနာကံ၊	ဖြစ်ချမှန်၊	ထက်သန်ပြုရမည်။
၈။	စေတနာသန်ရှိုး၊	ကုသိုလ်မျိုး၊	အားကိုးနိုင်ကြသည်။
၉။	ကုမျှားစွာပြု၊	ဒိုက်ဘိုးပြု၊	တစ်ခုရှိလေသည်။
၁၀။	သေခါနီးမှ၊	ကပ်၍ပ၊	ပြုရကုံးသည်၊
၁၁။	ကောင်းကျိုးတွေဖြာ၊	သာဓကာ၊	များစွာရှိလေသည်။

၃။ သင်္ကြံ သမ္မဋ္ဌကထေရ်၏ သေခါနိုးကုသိုလ်ကံ

၀။	ဥ၁-ကမ္ဘာဆီ၊	ဝိပဿီ၊	တစ်လီပွင့်ခဲ့သည်။
၂။	သဒ္ဓတ်ပဝိအား၊	ဗိပြုကြား၊	ဘုရားပွင့်ခဲ့သည်။
၃။	မထဝ်မရှား၊	ဖြစ်လာကြား၊	လူသားတစ်ဦးသည်၊
၄။	ရှေးဠှိအခါ၊	ကုသလာ၊	ပြုတာမရှိပြီ။
၅။	သေနိုးချိန်ခါ၊	သဒ္ဓတ်မှာ၊	ပူဇာမြက်လှည်းသည်။
၆။	နောက်ဆုတ်ပြန်ဆဲ၊	မြွေဖမ်းဆွဲ၊	သေပွဲဝင်ရသည်။
၇။	နတ်ပြည်ရောက်ခါ၊	လူပြည်မှာ၊	ခါခါကျင်လည်သည်။
၈။	အရှေ့ပြားရောဂါ၊	ကင်းရှင်းရာ၊	ဘယ်ခါမဖြစ်ပြီ။
၉။	နောက်ဆုံးဘဝ၊	သမ္မဋ္ဌ	ခေါ် ရမည်တွင်သည်။
၁၀။	ပဋိသန္ဓိခါ၊	ရဟန္တာ၊	ကောင်းစွာဖြစ်လေသည်။

၄။ တိဏမုဋ္ဌိဒါယကထေရ်၏ သေခါနိုး ကုသိုလ်ကံ

၁။	ဥ၂-ကမ္ဘာထက်က၊	ဘွဲ့တိဿ၊	ဗုဒ္ဓပွင့်ပေါ် သည်။
၂။	မုဆိုးတစ်ဦး၊	ကုသိုလ်ထူး၊	ပြဖူးမရှိပြီ။
၃။	သားကောင်ကိုရှာ၊	တောထဲမှာ၊	မြတ်စွာဖူးရသည်။
၄။	စိတ်ကြည်နူးစွာ၊	မြက်ဆုပ်သာ၊	ကောင်းစွာလှူလေသည်။
၅။	ရှိခိုးကြည်သာ၊	နောက်ဆုတ်ကာ၊	ပြန်လာစဉ်မှာသည်၊
၆။	မုဆိုးကိုထင်း၊	ခြသေ့မင်း၊	သတ်ခြင်းပြုလေပြီ။
၇။	လွတ်လိုက်လေတုန်၊	မြားအဟုန်၊	နတ်ဘုံရောက်လေပြီ။
၈။	ဂေါတမဗုဒ္ဓ၊	လက်ထက်ကျ၊	မနုဿဖြစ်လေသည်။
၉။	တိဏမုဋ္ဌိ၊	ဗျုဟတ္တိ၊	ခေါ် သိကြလေသည်။
၁၀။	ရဟန်းပြုရာ၊	သဒ္ဓိဒါ၊	ရဟန္တာဖြစ်လေပြီ။

၅။ အရှင်သောဏထေရ်ပခင်၏ သေခါနီးကုသိုလ်ကံ

၁။	သေခါနီးကာလ၊	တလျောထား၊	မိတ္ထိလိုအပ်သည်။
၂။	ငရဲကိုပင်၊	နိမိတ်ထင်၊	နတ်ထင်လေပါ့နိုင်သည်။
၃။	သောထရဟန္တာ၊	အဇမှာ၊	လွန်စွာဆိုးလေသည်။
၄။	ပြောလို့မတိုး၊	ခွေးမုဆိုး၊	ဇတ်တိုးပြုလုပ်သည်။
၅။	အသတ်ကြိုးလာ၊	ပဥ္စင်းထာ၊	ကောင်းစွာပြုစေသည်။
၆။	သေခါနီးလေ၊	နိမိတ်ပေ၊	ခွေးတွေထင်လာသည်။
၇။	ဖယ်ရှားပေးပါ၊	ကြောက်လန့်စွာ၊	အော်ကာနေလေသည်။
၈။	ရဟန္တာဖခင်၊	ငရဲပင်၊	ကျရင်မသင့်ပြီ။
၉။	စေတီရင်မှာ၊	ဝန်းခင်းကာ၊	ကောင်းစွာပြုစေပြီ။
၁၀။	အာရုံပြုရင်း၊	စိတ်မှာထင်း၊	ကြည်ညြောင်းဖြစ်လေပြီ။
၁၁။	နတ်သမီးထင်လာ၊	သားမာတာ၊	ဖယ်ပါဆိုလေသည်။
၁၂။	နတ်ပြည်အရှိန်၊	နတ်စည်းစိမ်၊	မြိန်မြိန်စံလေပြီ။
၁၃။	ဤသို့နမူ၊	ထောက်ချင့်တူ၊	တူယူပြုသင့်သည်။

၆။ တမ္ဗဒါဋ္ဌိကဏ္ဍ၏ သေခါနီး ကုသိုလ်ကံ

၁။	သံယာတွေဖူး၊	လွန်ကျေးလူး၊	အထူးများကြသည်။
၂။	ယခုခေတ်မှာ၊	ထေရ်သံယာ၊	လွန်စွာကျိုးဆောင်သည်။
၃။	သံယာရှိရာ၊	သာသနာ၊	တောင်းစွာတည်ရှိသည်။
၄။	ရတနာသုံးဖြာ၊	အခါခါ၊	ဖူးကာနေရသည်။
၅။	သေလွန်သောခါ၊	အပါယ်ရွာ၊	တင်းကျာစေလေသည်။
၆။	လက်ထက်တော်က၊	ဒါဋိက၊	စောရသတ်သူသည်၊
၇။	သူသတ်ယောကျ်ား၊	ငါးဆယ့်ငါး၊	နှစ်များကြာခဲ့ပြီ။
၈။	အသတ်ကြိုးရာ၊	ရာထူးမှာ၊	ချတာခံရသည်။
၉။	သူသတ်ဘဝ၊	အကောင်းပ၊	စားရမရှိပြီ။
၁၀။	အဝတ်သစ်ဝတ်ကာ၊	စားဖိုရာ၊	ပြင်ကာနေလေပြီ။
၁၁။	အရှင်သာရိ၊	ကြွလာဘိ၊	လွန်ရှိဝမ်းသာသည်။

၀၂။ ဆွမ်းကိုကပ်ကာ၊ တရားနာ၊ ဉာဏ်ဖြာတက်လေပြီ။
၀၃။ လိုက်ပို့အပြန်၊ လူးမှ,ရန်၊ ဝေ့ပြန်ခံရသည်။
၀၄။ လောင်းတော်စံရာ၊ တုသိတာ၊ ကောင်းစွာရောက်လေပြီ။
၀၅။ ဝိပဿနာကုသိလ်၊ ကျိုးပေးကို၊ လွန်ကိုထက်သန်သည်။

၇။ ကုန်သည်တို့၏ သေဒါနိုးကုသိုလ်က်

၁။ ဖွဲ့တစ်သင်းမှာ၊ သူတော်ပါ၊ လွန်စွာကျိုးများသည်။
၂။ သစ်တစ်ပင်ကောင်း၊ ဌက်အပေါင်း၊ ခိုအောင်းနေနိုင်သည်။
၃။ သူတော်တစ်ရု၊ အကြောင်းပြု၊ အတုယူနိုင်သည်။
၄။ ရွေးအခါက၊ အကျိုးရ၊ သာဓကရှိလေသည်။
၅။ ကုန်သည်ခုနစ်ရာ၊ သဘော်သာ၊ ကူးရာထွက်ခဲ့သည်။
၆။ သမုဒ္ဒရာလှိုင်း၊ လေမုန်တိုင်း၊ ကံရိုင်းပေါ် လေပြီ။
၇။ အော်ကြဟစ်ကြ၊ ပသကြ၊ လွတ်ရေမမြင်ပြီ။
၈။ တစ်ယောက်သူတွက်၊ တည်ကြည်ချက်၊ ထိုင်လျက်ရှိနေသည်။
၉။ အားလုံးဝိုင်းကာ၊ မေးကြရာ၊ ကောင်းစွာရှင်းပြသည်။
၁၀။ အားကိုးစရာ၊ သူတို့ပါ၊ ပေးပါတောင်းလေပြီ။
၁၁။ တစ်ရာ,တစ်ရာ၊ ခုနစ်ခါ၊ စုကာနေစေပြီ။
၁၂။ သရဏာဂုံ၊ ငါးပါးဟုန်၊ လွှမ်းခြုံတည်စေပြီ။
၁၃။ သတော်ပျက်ခါ၊ သေကြရာ၊ နတ်ရွာစံလေပြီ။
၁၄။ သရဏာဂုံသိလ၊ ရွှတ်ဆိုကြ၊ သတ္တလွှခေါ် လေသည်။

၈။ ဒုဋ္ဌဂါမဏိမင်းတို့၏ သေဒါနိုး ကုသိုလ်

၁။ သေခါနိုးမှာ၊ ကုများစွာ၊ ဘယ်ဟာအားကိုးမည်။
၂။ ကုတစ်ခုသာ၊ သေနိုးမှာ၊ ကောင်းစွာကျိုးပေးသည်။
၃။ သိလဘာဝနာ၊ ရှိသူမှာ၊ ကောင်းစွာကိုးနိုင်သည်။
၄။ ဒါနများစွာ၊ ပြုသူမှာ၊ ဘယ်ဒါအားကိုးမည်။
၅။ အားကိုးလောက်ဟု၊ ဒါနမှု၊ အပြုရှိသင့်သည်။

၆။	ဒဠ္ဌဂိဟတိ၊	ခေါ်ဆိုတိ၊	မည်ရှိရာဇဿသည်၊
၇။	စစ်ရွှံးရေဝါးပင်၊	တောထဲဝင်၊	ပွဲပြင်ရောဒ္ဓသည်၊
၈။	ဆာဆာလောင်လောင်၊	စားဖို့တောင်၊	ပြုတောင်နေလေဖြို။
၉။	မျိုးရိုးကျင့်ဟန်၊	တွေးမိပြန်၊	မိဒ္ဓာန်လိုက်လေသည်။
၁၀။	အလျှုခံအား၊	ဗူးရငြား၊	လွန်ကားဝမ်းထာဖြို။
၁၀။	မစားထဲကို၊	အထုန်တို၊	လျှုကိုလျှုလိုက်သည်။
၁၂။	တုဋ္ဌေယျားစွာ၊	ထုန်ခံတာ၊	ခါခါလျှုခဲ့သည်။
၁၃။	သေခါနီးဟူ၊	စစ်ရွှံးလျှု	စိတ်မူအားရသည်။
၁၄။	အာရုံပြုတာ၊	တုသိတာ၊	ကောင်းစွာရောက်လေသည်။
၁၅။	ခဲထဉ်းပြုရ၊	ထုသလေ၊	ကျိုးတလွန်ကြီးထည်။

ဧကတန်း အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

စိတ္တံ ပေါတိ အဖွင့်

ပဿပဋ္ဌာနကထာ ။ ။ 'ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်' ဟူသော ဤတရားငါးမျိုးကို 'ဖဿပဋ္ဌာနကထာ' တရားဟု ခေါ်သည်။ ထိုတရားငါးမျိုးတွင် ဖဿ, ဝေဒနာ, သညာ, စေတနာတို့ကို ပြဆိုခဲ့ပြီး ဖြစ်၏။ စိတ်၏ အဓိပ္ပါယ်ကိုလည်း ရှေးက ပြဆိုခဲ့ပြီး ဖြစ်၏။ ဤ၌ အဋ္ဌကထာဆရာသည် ကျန်နေသေးသော စိတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်များကို ဆက်၍ ပြလေသည်။

စိတ်၏ လက္ခဏာများ

၁။ စိတ္တံ ဝိဇာနန လက္ခဏံ၊
၂။ ပုဗ္ဗင်္ဂမ ရသံ၊
၃။ သန္ဒဟန ပစ္စုပဋ္ဌာနံ၊
၄။ နာမရူပ ပဒဋ္ဌာနံ။

၁။ စိတ်သည် အာရုံကို သိခြင်း လက္ခဏာရှိ၏။
၂။ ရှေ့ဆောင် ရှေ့သွား၏အဖြစ်ဟူသော ကိစ္စရှိ၏။
၃။ အစဉ်မပြတ်အောင် ဖွဲ့စပ်တတ်သော တရားဟု ဉာဏ်အား ထင်လာ၏။
၄။ ယှဉ်ဖက်စေတသိက် နာမ်, မှီထုဝတ္ထုရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

၁။ **စိတ်သည် အာရုံကို သိခြင်း လက္ခဏာရှိ၏** – ဟူသည် သညာသိ၊ ပညာသိမျိုး မဟုတ်။ အာရုံကို ရအောင်ယူခြင်း အသိမျိုးသာ ဖြစ်၏။

ချဲ့ဦးအုံ့ ။ ရူပါရုံကို မြင်သောအခါ မြင်သိ သိသောစိတ်ဖြစ်၏။ သဒ္ဒါရုံကို ကြားသောအခါ ကြားသိ သိသောစိတ်ဖြစ်၏။ ဂန္ဓာရုံကို ရှုသောအခါ နံသိ သိသောစိတ်ဖြစ်၏။ ရသာရုံကို စားရသောအခါ အရသာသိ သိသောစိတ်ဖြစ်၏။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသောအခါ တွေ့သိ သိသောစိတ်ဖြစ်၏။ ဓမ္မာရုံကို တွေးကြံသောအခါ တွေးသိစိတ် ဖြစ်၏။ ဤသို့ ဆိုင်ရာ အာရုံကို ရအောင်ယူနိုင်ခြင်းကိုပင် အာရုံကို သိခြင်း လက္ခဏာရှိ၏ ဟု ဆိုခြင်းဖြစ်သည်။ သညာသိကား – မှတ်သိ သိခြင်းတည်း။ ပညာသိကား – ကွဲကွဲပြားပြား ထိုးဖောက်သိမြင်ခြင်းတည်း။ ဤသို့ စိတ်သိ၊ သညာသိ၊ ပညာသိတို့၏ ထူးခြားမှုကို မှတ်ယူရာ၏။

၂။ **ရှေ့ဆောင်ရှေ့သွား၏အဖြစ်ဟူသော ကိစ္စရှိ၏** – ဟူသည် အထက်က ဖော်ပြခဲ့သည့်အတိုင်း အာရုံခြောက်ပါး ဖြစ်ပေါ်လာရာ၌ အခြားသော စေတသိက် နာမ်တရားတို့ထက် ရှေးဦးစွာ အာရုံကို အရယူမှု ဖြစ်ပေသည်။

ဥပမာအားဖြင့် မြို့စောင့်ယောကျ်ားသည် မြို့၏အလယ် လမ်းဆုံလမ်းခွ၌နေ၍ ဝင်ထွက်သွားလာနေသော သူတို့ကို ကြည့်ပြီး ဤသူကား မြို့၌နေသူတည်း၊ ဤသူကား ဧည့်သည်တည်း – ဟူ၍

ဝိုင်းခြားသိသက့ဲသို့ စိတ်သည်လည်း ကျိုက်ား ရှုပါရုံတည်း၊ ကျိုက်ား သဒ္ဒါရုံတည်း - စသည်ဖြင့် ပေါ်လာတိုင်းသော အာရုံကို ဦးစွာ ရအောင်ယူ၍ သိမြင်ခြင်းကို ရှေ့ဆောင်ရှေ့သွား ဟူသော ကိစ္စရှိ၏ - ဟု ဆိုခြင်း ဖြစ်သည်။

၃။ အစဉ်မပြတ်အောင် ဖွဲ့စပ်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏ - ဟူသည် ဝိထိစိတ် ဖြစ်ရာ၌ ရှေ့စိတ်ဖြစ်မှုနှင့် နောက်စိတ်ဖြစ်မှုကို အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းတို့ဖြင့် အကြားမရှိအောင် ဆက်စပ်ပေးမှု သဘောကိုပင် အစဉ်မပြတ်အောင် ဖွဲ့စပ်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏ - ဟု ဆိုရခြင်း ဖြစ်လေသည်။

၄။ နာမ်ရုပ်နှစ်ပါး မရှိလျှင် စိတ်မဖြစ်နိုင်သည်ဖြစ်၍ ယှဉ်ဖက်စေတသိက်နာမ်နှင့် ပိုရာဟဒယဝတ္ထုစသော ရုပ်သည် စိတ်ဖြစ်ဖို့ရာ အနီးဆုံးအကြောင်းဖြစ်၍ နာမ်ရုပ်နှစ်ပါးလျှင် နီးစွာသောအကြောင်း - ဟု ဆိုရလေသည်။ အရှုပဘုံ၌ကား ရုပ်ကိုမရဘဲ နာမ်သာအကြောင်း ဖြစ်လေသည်။

(အဘိ ၄ - ၁ - ၁၅၅/၆)

စိတ္တံ ပေါတိ အမွှေ့ ဆောင်ရန်လက်ကမ်းများ

၁။ စိတ်လေတွင်ထား၊ အာရုံတိုက်ဖြာ၊ သိတာဖြစ်လေသည်။

၂။ အာရုံထူကာ၊ သိခြင်းသာ၊ ထည်ပတ်မှတ်ပြီ။

၃။ ရှေ့ဆောင်ကိစ္စ၊ ရှိလေ၏၊ ဆိုရလေခြင်းသည်၊

၄။ မြို့စောင့်ပမာ၊ ပိုင်းခြားတာ၊ သိတာဖြစ်လေသည်။

၅။ မြို့စောင့်ယောကျ်ား၊ လမ်းဆုံများ၊ ထိုင်ကားနေလေပြီ။

၆။ ဤသူကားဟူ၊ မြို့နေသူ၊ ဤသူဦးဖြစ်သည်။

၇။ ဤသို့မှန်စွာ၊ ပိုင်းခြားတာ၊ သိရသက့ဲသို့သည်၊

၈။ ဤကားရူပါ၊ ဤသဒ္ဒါ၊ ပိုင်းကာခြားသိသည်။

၉။ အစဉ်မပြတ်၊ ဆက်စပ်တတ်၊ ဉာဏ်အပ်ထင်ဟူသည်၊

၁၀။ ရှေ့စိတ်နောက်စိတ်၊ ဆက်ကာကြိတ်၊ ကြားစိတ်မဝင်ပြီ။

၁၁။ အနန္တရပစ္စည်း၊ သဘောတည်း၊ ထုံးမိုးသိုင်းသည်။

၁၂။ နာမ်ရုပ်နှစ်ပါး၊ မရှိငြား၊ စိတ်ကားမဖြစ်ပြီ။

၁၃။ ထို့ကြောင့်သာလျှင်၊ နာမ်ရုပ်ပင်၊ ကြောင်းအင်ဆိုရသည်။

၁၄။ စိတ်၏သဘော၊ ရှေးခန်းမှာ၊ ကောင်းစွာပြခဲ့ပြီ။

စိတ္တံ ပေါတိ အဖွင့် ပြီး၏။

ဝိတက်အဖွဲ့လာ ကိုယ်ကျင့်တရားများ

ကျမ်းတက် ။ ။ မဟာကုသိုလ် ပဌမစိတ်၌ ဖဿ, ဝေဒနာ စသော ဖဿပဉ္စမကတရားများ ယှဉ်ကြသလို ဝိတက်, ဝိစာရ စသော ဈာနင်္ဂါသိတရားများလည်း ယှဉ်ကြသည်။ ထိုတွင် ရှေးဦးစွာ ဝိတက်ကို ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် ဝိတက္ကေတိတိ ဝိတက္ကော - စသော ပါဠိကို မိန့်လေသည်။

လက္ခဏာများ ။ ။ ဝိတက္ကေတိတိ ဝိတက္ကော ။ အာရုံကို ကြံတတ်သောကြောင့် ဝိတက်မည်၏။ ထိုဝိတက်သည် -

၁။ အဘိနိရောပန လက္ခဏော။

၂။ အာဟနန ပရိယာဟနန ရသော။

၃။ အာနယန ပစ္စုပဋ္ဌာနော။

၁။ အာရုံပေါ်၌ စိတ်ကို ရွေးရွတင်ပေးခြင်း လက္ခဏာ ရှိ၏။

၂။ အစစ္စာ တီးခေါက်ခြင်း၊ ထက်ဝန်းကျင် တီးခေါက်ခြင်း ကိစ္စ ရှိ၏။

၃။ အာရုံ၌ စိတ်ကို ဆွဲဆောင်တတ်သောတရားဟု ဉာဏ်အား ရွေးရွထင်၏။

၁။ **အာရုံပေါ်၌ စိတ်ကို ရွေးရွတင်ပေးခြင်း လက္ခဏာရှိ၏** - ဟူသည် မင်း၏ နန်းတော်သို့ ဝင်လိုသော ယောကျ်ားသည် မင်းနှင့်ရင်းနှီးကျွမ်းဝင်သော မင်း၏ ဆွမျိုးကိုသော်လည်းကောင်း၊ မိတ်ဆွကိုသော်လည်းကောင်း မှီ၍ မင်း၏ နန်းတော်သို့ တက်ရောက်ရသကဲ့သို့ ဤအတူ ဝိတက်ကိုမှီ၍ စိတ်သည် အာရုံသို့ တက်ရောက်ရ၏။ ဤသဘောကိုပင် ဝိတက်သည် အာရုံပေါ်၌ စိတ်ကို ရွေးရွတင်ပေးခြင်း လက္ခဏာရှိ၏ ဟု ဆိုရခြင်း ဖြစ်လေသည်။

၂။ **အစစ္စာတီးခေါက်ခြင်း၊ ထက်ဝန်းကျင်တီးခေါက်ခြင်း ကိစ္စရှိ၏** - ဟူသည် ဘုရား စသော အာရုံ၊ ကမ္မဋ္ဌာန်း၏ အရှုခံအာရုံ ဟူသော အာရုံတို့ကို အာရုံပြုရာ၌ စိတ်ကို ထိုအာရုံပေါ်သို့ ရောက်အောင် တင်ပေး၏။ ယင်းကိုပင် အာရုံကို အစစ္စာ တီးခေါက်ခြင်းဟု ဆိုရသည်။ စိတ်က ထိုအာရုံမှာ မနေလျှင် မနေနေအောင် ပြန်ပြန်တင်ပေး၏။ ယင်းကိုပင် ထက်ဝန်းကျင် တီးခေါက်ခြင်းဟု ဆိုရသည်။

၃။ **အာရုံ၌ စိတ်ကို ဆွဲဆောင်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏** - ဟူသည် ဝိတက်၏ တင်ပေးမှုကြောင့် စိတ်သည် အာရုံပေါ်၌ တက်ရောက်နေရသည်ဖြစ်၍ အာရုံက ထိုစိတ်ကို ဆွဲဆောင်ထားနိုင်တာပဲ ဟူသော သဘောကိုပင် အာရုံ၌ စိတ်ကို ဆွဲဆောင်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏ဟု ဆိုရခြင်း ဖြစ်လေသည်။

ယင်းအားလုံးကို ခြုံလိုက်လျှင် ဝိတက်သည် ကြံစည်တတ်သော သဘောရှိ၏ ဟု ဆိုရလေသည်။

(အဘိ - ၄ - ၁ - ၁၅၇)

၁။ ပိတက်၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ပိတက်သဘော၊	တင်တတ်ပြော၊	သတောသိုဝ်ထည်။
၂။	ရုံပေါ် ရောက်ဖအော၀်၊	စိတ်ကိုတော၀်၊	တ၀်ဆော၀်ပြုထားသည်။
၃။	ဝန်းကျင်ခေါ်တ်ရ၊	စခေါက်ရ၊	တိစ္ဆဆိုခြင်းသည်၊
၄။	နန်းတော်၀င်မှူ၊	မင်းကွမ်းစု၊	မှီပြုရသို့ထည်၊
၅။	အာရုံပေါ် တွ၀်၊	စိတ်ကို၀၀်၊	ပေးတ၀်ထားလေသည်။
၆။	မနေပြန်လျင်း၊	ထ၀်၍၀၀်၊	တ၀်တ၀်ပေးရထည်။
၇။	ထင်းသတာ၀၊	၀ိတတ္တ၊	တိစ္ဆဖြစ်လေသည်။
၈။	အာရုံပေါ် မှာ၊	စိတ်တွေထာ၊	ဗျော်ကာနေတတ်သည်။
၉။	အာရုံတွေထ၊	စိတ်ကို၀၊	ဆော၀်ရဆိုထားထည်။
၁၀။	အာရုံမရှိ၊	စိတ်မရှိ၊	ထတိပြုရမည်။
၁၁။	အာရုံပေါ် ချက်၊	တြံစည်ချက်၊	၀ိတက်ဆိုရသည်။

ပိတက်သာဓကများ ။ ။ ငှက်ပျံရင်းသေ၊ လူကြုံရင်းသေ – ဆိုသည့်အတိုင်း အကြံအစည်မပါဘဲနှင့် ပြောဆို လုပ်ကိုင်ရမှုမျိုး မရှိနိုင်သည်သာတည်း။ အကုသိုလ် အမှုကိစ္စဖြစ်စေ၊ ကုသိုလ်အမှုကိစ္စဖြစ်စေ စကားတစ်ခွန်း ပြောရတာက စ၍ ဦးစွာကြံစည်ပြီးမှ ပြောရ၏။ အလုပ်လုပ်ရာ၌ကား ပြောစရာမလိုတော့ပေ။ ဤ၌ မဟာကုသိုလ် ပဌမစိတ်ကို ပြဆိုရာ အခန်းဖြစ်၍ အကုသိုလ်ကိစ္စများနှင့်စပ်၍ ကြံစည်ခြင်းကို တင်ပြမနေတော့ဘဲ ကုသိုလ်ကိစ္စနှင့် စပ်၍ ကြံစည်ခြင်းကိုသာ တင်ပြသွားပေအံ့။

ကုသိုလ်ပိတက်သုံးမျိုး ။ ။ ကုသိုလ်ပြုဖို့ရာအတွက် ကြံစည်ခြင်း၌ –

(၁) နေက္ခမ္မပိတက် – ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်ခြင်း (*ကုသိုလ်ပြုရန် ကြံစည်ခြင်း*)။

(၂) အဗျာပါဒပိတက် – မေတ္တာနှင့် စပ်ယှဉ်သော အကြံ, သူတပါးတို့ကို ချမ်းသာစေလိုသော အကြံ၊

(၃) အဝိဟိံသပိတက် – ကရုဏာနှင့် စပ်ယှဉ်သော အကြံ၊ သူတစ်ပါး ဒုက္ခရောက်နေသည်ကို ကယ်တင်လိုသောအကြံ – ဟူ၍ သုံးမျိုးရှိလေသည်။

၂။ မုဒ္ဒ၏အကြံဆော် ။ ။ ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်ဖြင့် ဝေနေယျသတ္တ၀ါတို့အား တရားဟောကာ ချွေချွတ်တော်မူလိုသောကြောင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူပြီး၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟ (၄၉)ရက်တိုင် ဗလသမာပတ်ဖြင့် ပျော်စံတော်မူပြီးနောက် သတ္တ၀ါတို့အား တရားဟောရန်အတွက် သတ္တ၀ါတို့၏ အခြေအနေကို ကြည့်တော်မူလိုက်သောအခါ ဘုရားရှင်တော်၌ ဤသို့သော အကြံအစည်သည် ဖြစ်ပေါ်၍လာလေ၏။

'ဧသိအပ်ပြီးသော နိဗ္ဗာန်တရား, ပဋိပ္ပဒါတရားတော်များကား နက်နဲ၏။ ပြင်နိုင်ခဲ၏။ သိနိုင်ခဲ၏။ ငြိမ်သက်၏။ မွန်မြတ်၏။ ကြံစည်ခြင်းကို အလေးထားသူတို့၏ အရာမဟုတ်။ ဘာဝနာပညာ၊ မဂ်ပညာရှိသူတို့သာ သိနိုင်၏။ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏။ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏။ ကာမဂုဏ်တို့၌ အလွန်နှစ်မြို့က်ကုန်၏။ ကာမဂုဏ်တို့၌ အလွန်ပျော်ပိုက်နှစ်မြို့က်နေသော ဤသတ္တဝါတို့အား နိဗ္ဗာန်တရား၊ ပဋိပ္ပဒါတရားကို ဟောကြားအံ့ ... နားမလည်နိုင်ကြပေရာ။ တရားဟောရသဖြင့် ငါ့အား ပင်ပန်းရုံသာ ဖြစ်လေရာ၏' ဟု စိတ်အကြံတော် ဖြစ်လေ၏။

လူလောကၼ၌ ခက်ခဲနက်နဲသော ပညာရပ်ကို တတ်မြောက်ထားသော ဒိသာပါမောက္ခဆရာကြီးတစ်ဦးက ဤပညာရပ်ကို သင်ပေးလိုသည့်အတွက် ပိပိ၏ ဝန်းကျင်ကို လေ့လာလိုက်သောအခါ ပေါ့ပျက်ပျက် ဝန်းကျင်ကို တွေ့မြင်ရသည်ဖြစ်၍ *'သင်ပေးလို့မှ ဖြစ်ပါ့မလား'* ဟူသော စိတ်အကြံမျိုး ဦးစွာ ဖြစ်တတ်လေ၏။ ထို့နောက်မှ ကြိုးစားသင်ပေးရင်းနှင့် အောင်မြင်မှုကို ရရှိလာတတ်ပေ၏။ ဤအတူ ဤဌာနသည်း မြတ်စွာဘုရားသည် ပိပိတရား အပေါ်၌ အလွန်လေးစားသည်ဖြစ်၍လည်းကောင်း၊ သတ္တဝါတို့၏ ပေါ့ပျက်ပျက်နိုင်မှု အပေါ်၌လည်းကောင်း ယှဉ်စပ်၍ ထိုကဲ့သို့ အကြံအစည်မျိုး ဖြစ်ပေါ်တော်မူခြင်း ဖြစ်လေသည်။

သဟမ္မတိ မြတ်စွာ၏ အကြံ ။ ။ ထိုမြတ်စွာဘုရား၏ အကြံတော်ကို သဟမ္မတိမြတ်ဗြဟ္မာသည် ပိပိစိတ်ဖြင့် သိမြင်သည်ဖြစ်၍ -

'အချင်းတို့ ... လောကသည် ပျက်စီးတော့မည်တကား ... အချင်းတို့ ... လောကသည် ပျက်စီးတော့မည်တကား ... မြတ်စွာဘုရားရှင်သည် တရားမဟောဘဲ နေတော်မူလျှင် လောကကြီးသည် ပျက်စီးချေရသေး၏' ဟု အကြံအစည် ဖြစ်လေသည်။

ထို့နောက် သဟမ္မတိဗြဟ္မာသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့ ဗြဟ္မာ့ပြည်မှ မြတ်စွာဘုရားထံသို့ ရောက်လာပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် ဤသို့ လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ လောကၼ် ပညာမျက်စိၼ် ကိလေသာမြူနည်းပါးသော သတ္တဝါတို့သည် ရှိကြပါကုန်၏။ ထိုသတ္တဝါတို့သည် တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏။ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့'

မြတ်စွာဘုရားသည် စောစောက ပိပိ၏ အကြံဖြစ်တော်မူပုံကို ပြန်၍ သုံးကြိမ်မြောက်အထိ ပိန့်တော်မူလျှင် သဟမ္မတိဗြဟ္မာလည်း ထိုကဲ့သို့ သုံးကြိမ်မြောက်အထိ လျှောက်ထားလေ၏။

တရားဟောရန် ပိန့်တော်မူပြီ ။ ။ ထို့နောက် မြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန်လျှောက်ထားချက်ကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း သတ္တဝါတို့၌ သနားသောအားဖြင့်လည်းကောင်း ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူရာ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကိုလည်း တွေ့မြင်တော်မူသည်ဖြစ်၍ သဟမ္မတိဗြဟ္မာအား -

' ဗြဟ္မာ ... လွဲလာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောဘဲ နေရန် အကြံဖြစ်ခဲ့၏။ ပညာတည်းဟူသော နှားနှင့် ပြည့်စုံသောသူတို့သည် ယုံကြည်ခြင်း သဒ္ဓါတရားကို စေလွှတ်ကြကုန်လော့။ ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ဖွင့်အပ်ပြီ ' ဟု ဗိန္ဒုတော်မူလေ၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် -

' မြတ်စွာဘုရားသည် တရားဟောရန် ငံ့အား ခွင့်ပြုတော်မူပြီ ' ဟု သိသဖြင့် မြတ်စွာဘုရားကို ရှိခိုးလျက် ကွယ်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဗိဗိကိုယ်တော်တိုင်တွင် တရားဟောရုံမက ပဉ္စဝဂ္ဂိဇဋိဉ်းနှင့် ယသ အမျှားပြုသော ရဟန္တာ (၅၅)ပါး ဖြစ်ထွန်းလာသောအခါ၌ *' ဗဟုဇနဟိတာယ သုခါယ - လူအများ၏ အကျိုးစီးပွားအလို့ငှါ ချမ်းသာခြင်းငှါ ထိုထို့ကျက် အလိလိသော အရပ်ဒေသသို့ လှည့်လည်၍ တရားဟောလော့ '* ဟူ၍ ထိုရဟန္တာခြောက်ကျိပ်တို့အား တရားဟောခိုင်းတော်မူလေ၏။ ထိုအချိန်မှစ၍ မြတ်စွာဘုရား၏ တရားဒေသနာတော်သည် အနယ်နယ်အရပ်ရပ်သို့ ပြန်နှံ့၍နေသည်မှာ ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်လေ၏။

(၀ - ၃ - ၅/ ၁၀။ မြန် ၆ / ၁၁)

၂။ ဗုဒ္ဓအကြံတော် ဆောင်ရန်လက်မှတ်များ

၁။	ဌတ်မှာပျံရင်း၊	လူကြုံရင်း၊	ဒေသခြင်းပြုကြသည်။
၂။	ကြုံစည်မပါ၊	ဘယ်အရာ၊	ဖြိုးတာမရှိပြီ။
၃။	တစ်ခုတိစ္စာ၊	ပြုလုပ်ရာ၊	ဦးစွာကြုံရသည်။
၄။	ကုသိုလ်အမှု၊	အကုမှု၊	ကြုံပြုလုပ်ရသည်။
၅။	ကုဝိတက်မှာ၊	သုံးမျိုးလာ၊	မြတ်စွာဟောထားသည်။
၆။	နေတ္တမ္မဝိတက်၊	ရှေးကစွက်၊	ဖော်ချက်ပြုပေမည်။
၇။	သတ္တသတ္တာဟာ၊	ဖြိုးချိ၊	ဗုဒ္ဓမြတ်စွာသည်၊
၈။	လောတကြိုးအား၊	မြဲကံတရား၊	ဟောကြားကြုံလိုက်ဖြို။
၉။	ဤတရားပဲ၊	အလွန်ကဲ၊	နက်နဲသိမ်မွေ့သည်၊
၁၀။	မြင်နိုင်ဖို့ရန်၊	သိနိုင်ရန်၊	အလွန်ခဲယဉ်းသည်။
၁၁။	တာမဂုဏ်ထက်၊	ပျော်နေချက်၊	ပေါ်ပျက်သူတို့သည်၊
၁၂။	နားမလည်ကုန်၊	ဟောလေတုန်၊	ပန်းရုံရပေမည်။
၁၃။	ဘုရားရှင်တော်၊	စိတ်မှာသော်၊	ကြုံတော်ဖြစ်လေပြီ။
၁၄။	ဘုရားကြုံဘိ၊	သဟမ်တိ၊	သိရှိသွားလေပြီ။

၁၅။	မြတ်စွဖုဒ္ဓ၊	မဟောက၊	လောကပျက်တော့မည်။
၁၆။	ဤသို့ကြံကာ၊	မြတ်ဗုဒ္ဓ၏။	ကောင်းစွာလျှောက်ထားပြီ။
၁၇။	ကိလေနည်းသူ၊	ဉာဏ်ကြီးသူ၊	သိသူရှိပိုင်သည်။
၁၈။	ထိုသူများစွာ၊	မနာရ၊	ကြီးစွာနစ်နာမည်။
၁၉။	သုံးကြိမ်သုံးခါ။	လျှောက်ထားရာ၊	မြတ်စွာဘုရားသည်၊
၂၀။	ဗုဒ္ဓစက္ခု။	လောကစု၊	ကြည့်ရှုလိုက်လေပြီ။
၂၁။	နားလည်နိုင်ရာ၊	သတ္တဝါ၊	ကောင်းစွာတွေ့ မြင်ပြီ။
၂၂။	နီဗွာန်တံခါး၊	ဖွင့်ကာထား၊	မိန့်ကြားလိုက်လေပြီ။
၂၃။	ထိုအချိန်မှ၊	စဉ်ပ၊	ဗုဒ္ဓမြတ်စွာသည်၊
၂၄။	ခြောက်ကျိပ်ရဟန်းများ၊	ပေါ် လာငြား၊	တရားဟောစေပြီ။
၂၅။	ကိုယ်တိုင်လဲဟော၊	များလဲဟော၊	အဟောဖွင့်လိုက်သည်။
၂၆။	ယနေ့တိုင်အောင်၊	ဓမ္မရောင်၊	ထွန်းပြောင်နေလေပြီ။
၂၇။	သဒ္ဓါတရား၊	နားကိုများ၊	စိုက်ထားသင့်ကြသည်။

၃။ **အရှင်မဟာဒါဓနိ အကြံ** ။ ။ ဗာဟိယဒါရုစိရိကား သမုဒ္ဒရာ၌ သင်္ဘောပျက်သဖြင့် ကံကောင်းထောက်မ သေခြင်းဘေးသို့ မရောက်ဘဲ ရှိလေရာ အရှက်လုံရန်အတွက် မိမိကိုယ်ခန္ဓာကို သစ်သားပျဉ်ချပ်တို့ဖြင့် ပုံးလွှမ်းထားရာမှ ဗာဟိယဒါရုစိယ အမည်တွင်ကာ တွေ့မြင်သူ လူအများက ရဟန္တာထင်ပြီး ကိုးကွယ်ပူဇော်ကြလေကုန်၏။ ထိုသို့ လူအများက 'ရဟန္တာ' ဟု ထင်ကြေးပေး ပြောဆိုကြသည်ကို အကြောင်းပြု၍ ဗာဟိယဒါရုစိယအား ဤသို့သော အကြံသည် ဖြစ်ပေါ်လာလေ၏။

'လောက၌ ကိလေသာကုန်ခန်း ရဟန္တာတို့ ရှိကြလေကုန်၏။ ထိုရဟန္တာတို့တွင် ငါသည်လည်း တစ်ဦး အပါအဝင် ဖြစ်ပေ၏' ဟု အကြံဖြစ်လေပြီ။

ထိုအခါ ရှေးက တရားကျင့်ဘက် အနာဂါမ်ဖြတ်ဟာကြီးသည် ဗာဟိယဒါရုစိ၏ အကြံကို သိရှိလေ၏။ ရှေးက တရားကျင့်ဘက်ဟူသည်ကား ရှေးကသပမြတ်စွာဘုရားရှင်လက်ထက်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု ပြီးနောက် နောက်ပိုင်းသာသနာ၌ ရဟန်းသာမဏေတို့၏ အကျင့်သိလ ပျက်စီးကြသည်ကို တွေ့မြင်ကြ၍ သံဝေဂဖြစ်ကာ ရဟန်း(ဂ)ပါးတို့သည် ဤသို့သော အကြံဖြစ်ရှိကြလေကုန်၏။

'အကြင်မျှလောက် မြတ်စွာဘုရားသာသနာ ပျက်စီးမှု မရှိသေး။ ထိုမျှလောက် ငါတို့သည် မိမိတို့၏ ထောက်တည် ကိုးကွယ်ရာကို ပြုကြပေကုန်အံ့' – ထိုသို့ကြံစည်ပြီးနောက် တောင်ပေါ်တက်၍ တရားအားထုတ်ကြရာ တစ်ပါးသည် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလေ၏။ တစ်ပါးသည် အနာဂါမ်ဖြစ်၍ ဗြဟ္မာဘုံ၌ ဖြစ်လေ၏။ ကျန်ငါးပါးကား ပုထုဇဉ်ဘဝနှင့်ပင် ပျံလွန်တော်မူကြကုန်၏။ ထိုငါးပါးတွင် ဗာဟိယဒါရုစိလည်း တစ်ပါးအပါအဝင် ဖြစ်လေ၏။ ထိုတရားကျင့်ဘက် အနာဂါမ်ဗြဟ္မာကြီးသည် ဗာဟိယ၏ အကြံကိုသိ၍ ထိုဗြဟ္မာကြီးအား ဤသို့ အကြံဖြစ်ပေါ် လေ၏။

'ဧနှင့် တရားကျင့်ဘက် ဤဇာတိယဒါရကိုကား ဤသို့ မဟုတ်မမှန် အယူကို ယူနေသည်ရှိသော် ပျက်စီးလေရာ၏။ ထိုဇာတိယဒါရကိုအား ထိတ်လန့်စေဦးအံ့ ' ဟု အကြံဖြစ်လေ၏။

ထိုသို့ အကြံဖြစ်ပြီးနောက် ဇာတိယဒါရကိုထံသို့ ချဉ်းကပ်၍ ထိုဖြတ်ဘွာသည် ဇာတိယဒါရကိုအား ဤစကားကို ပြောကြားလိုက်လေ၏။

' အချင်း ဇာတိယ ... အသင်သည် ရဟန္တာ မဟုတ်သေးပေ။ အရဟတ္တမဂ်သို့ ရောက်သောသူလည်း မဟုတ်သေးပေ။ ရဟန္တာဖြစ်သော အကျင့်လည်း သင့်မှာ မရှိပေ ' ဟူ၍ ပြောဆိုလိုက်လေ၏။ ထိုအခါ ဝိဝိဂိုယ်ကို ရဟန္တာထင်နေသော ဇာတိယဒါရကိုသည် အလွန်ထိတ်လန့်ခြင်းသို့ ရောက်လေ၏။

ဖြတ်ဘွာ၏ လမ်းညွှန်ချက်အရ ဇာတိယဒါရကိုသည် သာဝတ္ထိပြိုသို့ ရောက်လာကာ ဆွမ်းခံကြွတော်မူဆဲဖြစ်သော မြတ်စွာဘုရားကို ပူးတွေ့ခွင့်ရလေ၏။ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ခါ ဇာတိယဒါရကိုသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ... တပည့်တော်အား တရားဟောတော်မူပါဘုရား။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ... တပည့်တော်အား တရားဟောတော်မူပါဘုရား။ ထိုတရားသည် တပည့်တော်အတွက် ရှည်စွာသောကာလပတ်လုံး စီးပွားခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏ ' ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဇာတိယဒါရကိုအား -

'ဇာတိယ ... တရားဟောချိန် မဟုတ်သေး။ ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်ဆဲ ဖြစ်သေး၏ ' ဟု မိန့်တော်မူကာ ပယ်မြစ်တော်မူလေ၏။

ထိုအခါ ဇာတိယသည် ဤသို့ ပြန်လည်လျှောက်ကြားပြန်၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ... သံသရာ၌ ကျင်လည်ရသဖြင့် အာဇာရကို မရှုမူးခြင်းမည်သည် မရှိပါ။ မြတ်စွာဘုရားတို့၏လည်းကောင်း၊ တပည့်တော်၏လည်းကောင်း အသက်အန္တရာယ်ကို မသိနိုင်ပါ။ တပည့်တော်အား တရားဟောတော်မူပါ ' ဟု လျှောက်လေ၏။

မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း ပယ်တော်မူလေ၏။

<u>မြတ်စွာဘုရား၏ အကြံ</u> ။ ။ ထိုသို့ မြစ်ပယ်တော်မူခြင်းသည် မြတ်စွာဘုရားအား ဤသို့သော အကြံတော် ဖြစ်ပေါ်လေ၏။

'ဤဘုရားကို ပူးမြင်ရသော အခါမှစ၍ ဤဇာတိယ၏ ကိုယ်အလုံးသည် နှစ်သက်ခြင်းဖြင့် မပြတ်ပျံ့နှံ့လွှမ်းမိုးခြင်းရှိ၏။ အားကြီးသော ပီတိအဟုန်ရှိရကား တရားနာရသော်လည်း ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်လတ္တံ့။ စိတ်တွေ့ ငြိမ်သက်စေဦး။ တစ်ညဉ့်ချင်းဖြင့် ယူဇနာ (၁၂၀) ရှိသော လမ်းခရီးကို လာရခြင်းကြောင့် ပင်ပန်းခြင်းသည်လည်း ငြိမ်းစေဦးလော့' ဟု ကြံတော်မူ၍ ပယ်ခြင်းဖြစ်၏။

သုံးကြိမ်မြောက် လျှောက်ထားသောအခါ၌ကား မြတ်စွာဘုရားသည် ဗာဟိယဒါရုစီအား တရားဟော တော်မူလေ၏။

'ဗာဟိယ ...

၁။ မြင်အပ်သော ရူပါဂုံ၌ မြင်ကာမှုဖြစ်လော့။

၂။ ကြားအပ်သော သဒ္ဒါဂုံ၌ ကြားကာမှုဖြစ်လော့။

၃။ နံအပ်သော ဂန္ဓာဂုံ၌ နံကာမှုဖြစ်လော့။

၄။ စားအပ်သော ရသာဂုံ၌ စားကာမှုဖြစ်လော့။

၅။ တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာဂုံ၌ တွေ့ထိကာမှုဖြစ်လော့။

၆။ သိအပ်သော ဓမ္မာဂုံ၌ သိကာမှုဖြစ်လော့'

– ဟူသော ဥပေက္ခာဝေဒနာတရားကို ဟောတော်မူ လေ၏။

ထိုတရားကို နာစဉ်ပင်လျှင် ဗာဟိယဒါရုစိသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေ၏။ ရှေးဘဝက သပိတ် သက်နှံးကို မလျှော်ခဲ့သည့်အတွက် ဇေါဘိက္ခုရဟန်းမဖြစ်ဘဲ ရဟန်းပြုရန် သပိတ်သက်နှံးရှာစဉ်မှာပင် ဘိလူးမ တစ်ယောက်သည် နွားမအသွင်ဖြင့် ဝေ့သတ်၍ ပရိနိဗ္ဗာန်စံဝင်လေ၏။ နောင်အခါ၌ လျင်မြန်သော အဘိညာဉ်ရှိသူ တို့တွင် အရှင်ဗာဟိယဒါရုစိယသည် ဇေဒဂ်ဘွဲ့ရလေ၏။

(ဓမ္မ ၄ - ၁ - ၄၀၈ / ၄၁၂)

၃။ ဆောင်ရန်လက်ငါးပျား

၁။ ပျဉ်ချပ်ဝတ်ကာ၊ ဗာဟိယာ၊ ရဟန္တာကြွလေပြီ။

၂။ ရဟန္တာထား၊ အကျင့်အား၊ ရှိကားမရှိပြီ။

၃။ ဇဟတ္ထကသိ၊ လာရောက်ဘိ၊ သတိပေးလေပြီ။

၄။ ဤစကားကြားရာ၊ ဗာဟိယာ၊ လွန်စွာထိတ်လန့်ပြီ။

၅။ ဇဟတ္ထာညွှန်ကြား၊ ဖြတ်ဘုရား၊ ညွတ်ကွားချဉ်းကပ်ပြီ။

၆။ ဆွမ်းခံချိန်မှာ၊ ဗုဒ္ဓတာ၊ လွန်စွာဝမ်းသာပြီ။

၇။ အချိန်မဆိုင်း၊ တရားလိုင်း၊ ဟောခိုင်းပါလေပြီ။

၈။ စိတ်လေးမြိမ့်စေ၊ အပန်းဖြေ၊ ရှိစေကြုံလေပြီ။

၉။ သုံးကြိမ်မြောက်မှ၊ ဖြတ်ဗုဒ္ဓ၊ မတ္တဟောလေပြီ။

၁၀။ နာစဉ်ဌိမှာ၊ သမ္ဘိဒါ၊ ရဟန္တာဖြစ်လေပြီ။

၁၁။ သက်နှံးကိုတိ၊ မလျှော်ဘိ၊ ဇေါဓိမဖြစ်ပြီ။

၀၂။	သက်ိန်းရှည်စဉ်၊	ရွေးမပင်၊	သတ်အင်္ဂစ်၀ဝ်ပြီ။
၀၃။	လျှင်မြန်သိရျက်၊	ဒေဒဂ်၊	ပေးရျက်ပြုလေပြီ။
၀၄။	တောင်ထိပ်တက်ထား၊	ကျဉ့်ခဲ့တာ၊	ခုခါတိုုးထဝ်သည်။
၀၅။	ဝိပသ်တရား၊	အားတိုးထား၊	ဖွားများသဝ့်ရှသည်။

၄။ အရှင်အနုရုဒ္ဓါထေရ်အကြံ ။ ။ အရှင်အနုရုဒ္ဓါထေရ်သည် ရဟန်းပြုသော ထိုပဌမတိတွင်းမှာပင် လောကတစ်ကြာဝဠာပေါင်းတစ်ထောင်ကို ရှုမြင်ခြင်းဌာ် စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိလေ၏။ သို့ရာတွင် ရှေ့ကို တရားသား မတက်သည်ဖြစ်၍ အရှင်အနုရုဒ္ဓါအား ဤသို့သော အကြံအစည် ဖြစ်ပေါ်လာလေ၏။

'ငါသည် အထူးသဖြင့် စင်ကြယ်သော၊ လူတို့၏ မျက်စိအမြင်ကိုလွန်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်ပါ၏။ မတွန့်မဆုတ်သော လုံ့လလည်း ရှိပါ၏။ မေ့လျော့မှု မရှိမူ၍ သတိလည်း ထင်ပါ၏။ ကိုယ်သည်လည်း ပူပန်မှုမရှိ၊ ငြိမ်းအေးပါ၏။ စိတ်သည်လည်း တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ပါ၏။ ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏စိတ်သည် တရား၊ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေး' ဟူ၍ အကြံဖြစ်လေ၏။

ထိုအကြံကို အရှင်သာရိပုတြာအား လျှောက်ထားရာ အရှင်သာရိပုတြာသည် အရှင်အနုရုဒ္ဓါအား ဤကမ္မဋ္ဌာန်းတရားကို ဟောကြားလေပြီ။

'ဒုရှင် အနုရုဒ္ဓါ ... ငါသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် လောကဓာတ်တစ်ထောင်ကို မြင်နိုင်၏ ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် ဒုရှင်မှာ မာနဖြစ်နေ၏။ ငါသည် ဝိရိယ၊ သတိ၊ သမာဓိ အားကောင်းလျက် ရှိ၏ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် ဒုရှင်မှာ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စဖြစ်နေ၏။ ငါသည် ထိုသို့ ဖြစ်လျက်လည်း ငါ၏စိတ်သည် တရား၊ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးဟု အကြံဖြစ်၍ နေခြင်းသည်ပင် ဒုရှင်မှာ သံသယ၊ ကုက္ကုစ္စ ဖြစ်၍နေ၏။ ဒုရှင် အနုရုဒ္ဓါ ... တိုက်တွန်းစကား ပြောကြားလိုသည်မှာ ဒုရှင် အနုရုဒ္ဓါသည် ထို မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ တရားသုံးမျိုးတို့ကို နှလုံးမသွင်းမူ၍ နိဗ္ဗာန်သို့ ဗိမိစိတ်ကို ပို့ဆောင်စေချင်ပါသည်' ဟု ဟောကြားလေပြီ။

(အံ - ၁ - ၂၈၅ / ၆)

အရှင်အနုရုဒ္ဓါ၏ မဟာပုရိသဝိတက် ။ ။ အရှင်သာရိပုတြာထံမှ ကမ္မဋ္ဌာန်းတရားကို နာကြားပြီးနောက် အရှင်အနုရုဒ္ဓါထေရ်သည် ဧတိတိုင်းသို့ ကြွတော်မူကာ အရှေ့ဝါးတောအရပ်၌ တစ်ဆယ့်ငါးရက်ပတ်လုံး စကြံ့ ကြွ၍ ရဟန်းတရားကို အပြင်းအထန် အားထုတ်လေ၏။ အလွန်ပင်ပန်းသည်ဖြစ်၍ ဝါးရုံအောက်တွင် ခေတ္တ အပန်းဖြေထိုင်နေရင်း ဤမဟာပုရိသဝိတက်ခေါ် ယောဂျားမြတ်တို့၏ အကြံအစည်များ ဖြစ်ပေါ်၍ လာလေ၏။

ဤလောကုတ္တရာတရား (၉)ပါးသည် -

(၁) အလိုနှည်းသော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ အလိုကြီးသော ပုဂ္ဂိုလ်၌ မဖြစ်။

(၂) ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ မရောင့်ရဲသော ပုဂ္ဂိုလ်၌ မဖြစ်။

(၃) တစ်ဦးတည်း ဆိတ်ငြိမ်သော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ အပေါင်းအဖော်၌ ပျော်မွေ့သောပုဂ္ဂိုလ်၌ မဖြစ်။

(၄) ဝိရိယရှိသော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ ပျင်းရိသော ပုဂ္ဂိုလ်၌ မဖြစ်။

(၅) သတိရှိသော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ သတိကင်းသော ပုဂ္ဂိုလ်၌ မဖြစ်။

(၆) သမာဓိရှိသော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ သမာဓိမရှိသော ပုဂ္ဂိုလ်၌ မဖြစ်။

(၇) ပညာရှိသော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ ပညာမရှိသော ပုဂ္ဂိုလ်၌ မဖြစ်။

အရှင်အနုရုဒ္ဓါထေရ်သည် ရှစ်ခုမြောက် မဟာပုရိသဝိတက်ကို မကြံစည်နိုင်ဘဲ ပင်ပန်းလျက်ရှိနေ၏။

(သာဝကတို့အတွက် ဤပညာတွင်သာ ဆုံးလျက် နေတတ်မြဲ ဖြစ်၏)

ထိုအချိန်၌ မဟာကရုဏာရှင်ဗုဒ္ဓသည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေသကဠာဝနတော၌ သီတင်းသုံးတော်မူလျက်ရှိရာမှ ရှစ်ခုမြောက် မဟာပုရိသဝိတက်ကို ဖြည့်စွက်ပေးတော်မူလိုသည်ဖြစ်၍ အရှင်အနုရုဒ္ဓါထံသို့ ကြွတော်မူကာ -

'အနုရုဒ္ဓါ ... ကောင်းစွ ... ကောင်းစွ ...။ သင်သည် မဟာပုရိသဝိတက်ကို ကောင်းစွာကြံနိုင်သူပင် ဖြစ်သည်။ အနုရုဒ္ဓါ ... သင်သည် ဤလောကုတ္တရာတရား ကိုးပါးသည် -

(၈) သံသရာ ချဲ့ထွင်တတ်သော 'တဏှာ၊ မာန၊ ဒိဋ္ဌိ' တည်းဟူသော ပပဉ္စတရားမှလွတ်ရာ နိဗ္ဗာန်၌ မွေ့လျော်သော ပုဂ္ဂိုလ်၌သာ ဖြစ်၏။ ပပဉ္စတရား၌ ပျော်ပိုက်နေသော ပုဂ္ဂိုလ်၌ မဖြစ် - ဟု ရှစ်ခုမြောက် မဟာပုရိသဝိတက်ကိုလည်း ဖြစ်စေဦးလော့။ ရှေ့နှစ်၌လည်း ဤအရှေ့ဝါးတော အရပ်၌သာ ဝါဆို၍ တရားကို ကြိုးစားအားထုတ်လော့'

- ဟု မှာကြားပြီးလျှင် ပြန်ကြွတော်မူကာ ထိုမဟာပုရိသဝိတက် ရှစ်မျိုးကို ရဟန်းတို့အားလည်း ပြန်၍ ဟောကြားတော်မူလေ၏။

အရှင်အနုရုဒ္ဓါထေရ်သည် ဗုဒ္ဓ၏ ဩဝါဒအတိုင်း ဤအရှေ့ဝါးတောအရပ်၌ပင် ဝါဆိုကာ ရဟန်းတရား ကြိုးစားအားထုတ်လေရာ နှစ်ဝါမြောက်တွင် တေဝိဇ္ဇပတ္တရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

(အံ - ၃ - ၆၃ / ၆၈ ။ အံ ၅ - ၃ - ၂၂၅ / ၂၂၈)

၄။ ဝိတက် အပ္ပင်လာ ဆောင်ရန်လက်ငြားများ

၀။	ဒိဗ္ဗစက္ခု၊	ရဂျိမှု၊	အနုရဒ္ဓါသည်၊
၂။	ထရားသားမထက်၊	ဖြစ်နေချက်၊	ကြံချက်ပြုလေဖြို။
၃။	ထိုအကြံအား၊	သာရိအား၊	လျှောက်ထားပြလေဖြို။
၄။	အရှင်သာရိ၊	ထောက်ပြထိ၊	သတိပေးလေဖြို။
၅။	လောတအောတ်တစ်ထောင်၊	မြင်တာတောင်၊	ကြံဆောင်နေခြင်းသည်၊
၆။	သင်၏ စိတ်ထက်၊	မာနတက်၊	ဖြစ်လျက်ရှိနေသည်။
၇။	ငိုရို့ သတိ၊	သမာဓိ၊	အားရှိကြံခြင်းထည်၊
၈။	သင်၏စိတ်မှာ၊	ဥဒ္ဓစ္စာ၊	ဖြစ်ကာနေလေသည်။
၉။	ဒိလောက်ကျဉ်တာ၊	ထိလေထာ၊	မကွာကြံခြင်းသည်၊
၁၀။	သင့်စိတ်မှာပ၊	ထံသယ၊	ကုစ္စဖြစ်နေထည်။
၁၁။	မာ,ဥဒ်,ကုတ်များ၊	စိတ်မထား။	ကြိုးစားထုတ်ရမည်။
၀၂။	ထိုနောက်တစ်ခါ။	နုရဒ္ဓါ.	မဟာကြံလေသည်။
၁၃။	လောကုတ်ကုကား၊	ခေါ် လေငြား၊	တရားကိုးပါးသည်၊
၁၄။	လိုနဲရောင့်ရဲ၊	တစ်ဦးတဲ၊	စိတ်ရှိထန်ရမည်။
၁၅။	သတိ,သမာ၊	ဉာဏ်ပညာ၊	ကောင်းစွာရှိရမည်။
၁၆။	ထိုသူ့သာ၊	ထိုက်လေပါ၊	ကျန်တာမထိုက်ဖြို။
၁၇။	ချဲ့.ထွင်တတ်ရာ၊	ပပဉ္စာ၊	ကင်းကွာရှိရမည်။
၁၈။	ရှစ်မြောက်တရား၊	မြတ်ဘုရား၊	ဖြည့်ကြားပေးလေဖြို။
၁၉။	ကြိုးစားလေရာ၊	နုရဒ္ဓါ၊	ရဟန္တာဖြစ်လေသည်။
၂၀။	ဒိဗ္ဗစက္ခု၊	ဧဒဂ်ဆု၊	အနုရလေဖြို။

ဝိတက်အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ဝိစာရအဖွဲ့လာ ကိုယ်ကျင့်တရားများ

လက္ခဏာများ ။ ။ အာရမ္မဏေ တေနစိတ္တံ ဝိစရတိတိ ဝိစာရော။ သွာယံ

၁။ အာရမ္မဏာနုမဇ္ဇန လက္ခဏော။

၂။ တတ္ထ သဟဇာတာနုယောဇန ရသော။

၃။ စိတ္တသ အနုပ္ပဗန္ဓ ပစ္စုပဋ္ဌာနော။

ထိုသဘောတရားဖြင့် စိတ်သည် အာရုံ၌လှည့်လည်တတ်၏။ ထို့ကြောင့် ဝိစာရမည်၏။ ထိုဝိစာရသည်

၁။ အာရုံကို အဖန်ဖန် ပွတ်တိုက်ခြင်း လက္ခဏာ ရှိ၏။

၂။ အာရုံ၌ တကွဖြစ်ဘက်တရားတို့ကို အဖန်ဖန် ယှဉ်ကပ်စေခြင်း ကိစ္စရှိ၏။

၃။ စိတ်ကို အာရုံ၌ အစဉ်မပြတ် ဖွဲ့စပ်တတ်သောတရားဟု ဉာဏ်အားဖြေးရှုထင်၏။

၁။ အာရုံကို အဖန်ဖန် ပွတ်တိုက်ခြင်း လက္ခဏာရှိ၏ ဟူသည်- အာရုံတစ်ခုကို အာရုံပြုသောအခါ ထိုအာရုံကို မလွှတ်ဘဲ ထပ်ကာထပ်ကာ အာရုံပြုသည်ဟု ဆိုလိုပေသည်။

၂။ အာရုံ၌ တကွဖြစ်ဘက်တရားတို့ကို အဖန်ဖန် ယှဉ်ကပ်စေခြင်း ကိစ္စရှိ၏ ဟူသည်- အာရုံတစ်ခုကို ထပ်ကာထပ်ကာ အာရုံပြုသည့်အတွက် ပိဓိန္ဒ်ယှဉ်ဘက် တရားတို့ကိုလည်း ပိဓိနည်းတူ ထိုအာရုံမှ ခွါမသွားအောင် အဖန်ဖန် ယှဉ်ကပ်စေမှု ဖြစ်သည်။

၃။ စိတ်ကို အာရုံ၌ အစဉ်မပြတ်အောင် ဖွဲ့စပ်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏ ဟူသည်- အာရုံကို ထပ်ကာထပ်ကာ အာရုံပြုနေရသည့်အတွက် စိတ်ကို အာရုံ၌ အစဉ်မပြတ်အောင် ဖွဲ့စပ်ပေးနေသည်ဟု ဉာဏ်ထင်မြင်လာမှုပင် ဖြစ်သည်။

ဤ၌ ဝိတက်၊ ဝိစာရအထူးကား - ခေါင်းလောင်း၊ ကြေးစည်သံနှင့်လည်း တူ၏။ ငှက်ကြီး ပျံပုံနှင့်လည်း တူ၏။ တူပုံကား - ခေါင်းလောင်း၊ ကြေးစည်ကို တီးခေါက်သောအခါ ဦးစွာထွက်လာသောအသံသည် ကြမ်းတမ်း၏။ ဝိတက်နှင့်တူ၏။ ဆက်၍ တဟိတ်ဟိတ်မြည်နေသောအသံနှင့် ဝိစာရနှင့်တူ၏။ သိမ်မွေ့၏။

ငှက်ကြီးသည် အတောင်ကို ခတ်၍ ကောင်းကင်သို့ ပျံတက်၏။ အတောင်လှုပ်ရှားမှု ဖြစ်၏။ ဝိတက်နှင့် တူ၏။ ဝိတက်သည် အာရုံကို ဦးစွာယူ၍ လှုပ်ရှားလေ၏။ ငှက်ကြီးသည် ငြိမ်သက်စွာ ကောင်းကင်၌ ပျံဝဲနေ၏။ ဝိစာရနှင့်တူ၏။ မလှုပ်ရှား ငြိမ်သက်မှု ရှိ၏။

အချုပ်အားဖြင့် အာရုံကို ရှေးဦးစွာ ကြံစည်နေခြင်းသည် ဝိတက်မည်၏။ ထိုအာရုံကို ဆက်၍ ကြံစည် သုံးသပ်နေခြင်းသည် ဝိစာရမည်၏။ ဤသို့ ဝိတက်၊ ဝိစာရတို့၏ အထူးကို သိမှတ်အပ်ပေ၏။

(အဘိ၌ - ၁ - ၁၅၈)

၁။ ဝိဓာရ လက္ခဏာဌ် ဆောင်ရန်လက်ကျများ

၀။	ဝိစာသတောာ၊	လှည့်လည်ပြော၊	သတောသိုဝ်ထည်။
၂။	လှည့်လည်ဆိုတာ၊	ထုံးသပ်တာ၊	တစ်ဖြာခေါ် ဓသးထည်။
၃။	လှည့်လည်ဆိုတာ၊	ပွတ်တိုက်တာ၊	လတ္ထဏာခေါ် ပြန်ထည်။
၄။	ပွတ်တိုက်ဆိုတာ၊	အစိခိ၊	ပြုတာဖြစ်လေထည်။
၅။	အာရုံမခွါ၊	ကပ်ဟုဉ်တာ၊	တိစ္စာဖြစ်လေထည်။
၆။	အစဉ်မပြတ်၊	ဖွဲ့စပ်တတ်၊	ဉာဏ်စပ်ထင်လေသည်။
၇။	ဝိတတ်ဝီစာ၊	အထူးမှာ၊	ပမာဟုဉ်ဝိုဝ်ထည်။
၈။	ကြေးစည်တိုသာ၊	တီးခေါ်တ်ရာ၊	မြည်ကာလောပေမည်။
၉။	အသံစမြည်၊	ဝိတက်ရည်၊	ဆက်မြည် စာဖြစ်သည်။
၁၀။	ဌက်ကြိုးစပ်၊	ဝိတက်မှန်၊	ဝဲပျံ စာဖြစ်သည်။
၁၁။	အာရုံစကြံ၊	ဝိတက်မှန်၊	ဆက်ကြံ စာဖြစ်သည်။
၁၂။	ဝိတတ်ဝီစာ၊	ထူးခြားတာ၊	ကောင်းစွာသိုဝ်ပြီ။
၁၃။	ဝိတက်ကကြွမ်း၊	စာမကြွမ်း၊	စုံစမ်းသိရမည်။
၁၄။	ဝိတက်တလှုပ်၊	စာငြိမ်တုပ်၊	ဉာဏ်ထုတ်သိရမည်။

<u>ကြံစည်၍ဟူသည်</u> ။ ။ အဘိဓမ္မာ သဘောအရ ဝိတက်, ဝိစာရကို ခွဲခြားဆိုသော်လည်း သုတ္တန်ဝေါဟာရ အနေဖြင့် ဝိတက်၊ ဝိစာရကို ခွဲမနေတော့ဘဲ ပရိဝိတက္ကော - ကြံစည်သည်၊ ဟောတိ- ဖြစ်၏။ စိန္တေတွာ - ကြံပြီး၍ - ဟူ၍ ဝိတက်အမည်ကို သုံး၍ အသုံးပြုသည်က များလေသည်။ အာရုံတစ်ခုကို ကြံရာ၌ ဝိတက်က အာရုံပေါ်သို့ စိတ်ကိုတင်ပေးခြင်း ဖြစ်သည်။ ယင်းကို စကြံသည်ဟု ခေါ်သည်။ ဆက်၍ ကြံစည်သုံးသပ်မှု ပြုနေသည်ကား ဝိစာရပင် ဖြစ်လေသည်။ ဝိတက်က အာရုံကို အရင်ယူသည် ဖြစ်သောကြောင့် ကြံစည်နေရာ၌ ဝိစာရပါ ပါသော်လည်း ဝိတက်အမည်ကိုသာ အသုံးပြုမှု များလေသည်။ ထို့ကြောင့် စာပေ ကျမ်းဂန်တို့၌ ကြံစည်၍- ဟူ၍ ဆိုရာတွင် ဝိစာရပါ ပါဝင်ကြောင်း သဘောပေါက်ကြရမည် ဖြစ်သည်။ မှန်၏။ အာရုံတစ်ခုကို ကြံရာ၌ တစ်ခါတည်း ကြံ၍ ပြီးသည်မဟုတ်။ ဆက်ကာဆက်ကာ ကြံမှ ကိစ္စဆိုတာ ပြီးမြောက်လေသည်။

ဆရာဇီဝက၏ အကြံ ။ ။ ဗုဒ္ဓလက်ထက်က ဆေးဆရာကြီး ဆရာဇီဝကကား အလွန်ထူးခြားသော ဆေးဆရာတည်း။ အလွန်ခက်ခဲသော ရောဂါများကို တစ်ကြိမ်လိမ်းရုံ၊ သောက်ရုံ၊ ရှူရုံမျှနှင့် ရောဂါပျောက်ကင်းအောင် ကုပေးနိုင်၏။ ဝမ်းချုပ်တော်မူနေသော မြတ်စွာဘုရားကို နမ်းရှူရုံမျှဖြင့် အကြိမ်သုံးဆယ် ဝမ်းသွားစေတော်မူ၏။ ဤမျှ ဆေးစွမ်းထက်, ဉာဏ်စွမ်းထက်သော ဆေးဆရာကြီးမျိုးကား ဘုရားရှင်တစ်ဆူတစ်ဆူ ပွင့်မှ ပေါ်လာရိုးထုံးစံရှိ၏။ သူတစ်ပါး (၁၆)နှစ် သင်ယူရသော ဆေးအတတ်ပညာကို (၇)နှစ်မျှဖြင့် တတ်မြောက်အောင် သင်ယူ၏။ ဘုရားရှင်ကို လုပ်ကျွေးမည့်သူဖြစ်၍ နတ်သိကြားမင်းကိုယ်တိုင် ကလည်း ဆေးပညာရပ်များကို သင်ကြားပေး၏။ သင်ကြားပြီးသောအခါ၌ ဆရာဇီဝကသည် ဆေးပညာရပ်အပေါ် နိုင်းယှဉ်၏။ စူးစမ်း၏။ လေ့လာ၏။ အဖန်ဖန် သုံးသပ်၏။ ထိုအခါ ဆရာဇီဝကအား ဤသို့သော အကြံအစည်သည် ဖြစ်ပေါ်လာလေ၏။

'ငါသည် များစွာလည်း သင်၏။ လျင်စွာလည်း တတ်၏။ ကောင်းစွာလည်း စုံစမ်း၏။ သင်တိုင်းသော ပညာသည်လည်း ငို့အား မမှေ့ပျောက်။ (၇)နှစ်တို့ပတ်လုံးသင်သော ငို့အား ဤဆေးအတတ်၏ အဆုံးသည် မထင်။ အဘယ်အခါ၌ ဤဆေးအတတ်၏ အဆုံးသည် ထင်ပါအံ့နည်း' ဟု အကြံဖြစ်လေ၏။

ထိုအကြံကို မိမိဆရာအား ပြောပြသောအခါ ထိုဆရာက ဆေးဖက်မဝင်သော သစ်ပင်ကို ရှာခိုင်းလိုက်လေ၏။ တက္ကသိုလ်မြို့၏ တစ်ယူဇနာအတွင်းရှိ အရပ်တို့၌ လှည့်လည်၍ ရှာသော်လည်း ဆေးဖက်မဝင်သော သစ်ပင်ကို ရှာမတွေ့သောကြောင့် ဆရာဇီဝကသည် မိမိ၏ ဆရာကြီးအား 'ရှာမတွေ့ကြောင်း' ပြောပြလေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးက ဆရာဇီဝကကို -

'အချင်း ဇီဝက ... သင်သည် ဆေးပညာရပ်ကို ကောင်းစွာတတ်မြောက်ပြီ။ ဤမျှသော အတတ်သည် သင့်အား အသက်မွေးဝမ်းကျောင်းပြုခြင်းငှါ စွမ်းနိုင်ပြီ' ဟူ၍ ပြောဆိုလိုက်လေ၏။

(ဝိ - ဋ - ၃၇၉/ ၈ ။ ဝိ ဋ္ဌ - ၃၉၇/၈)

၂။ ဆရာဇီဝက အကြံ၌ ဆောင်ရန်လက်ခံများ

၁။	အဘိဓမ္မာ၊	ဒေသနာ၊	တက်,စာခွဲလေသည်။
၂။	ဝေါဟာရမှာ၊	ဝိတက်သာ၊	ကောင်းစွာထင်ရှားသည်။
၃။	ကြံစည်သောခါ၊	ဝိတက်,စာ၊	ပါတာသိရမည်။
၄။	ဝိတက်တစ်ခါ၊	ဝိစာမှာ၊	ခါခါကြံလေသည်။
၅။	လက်ထက်တော်မှာ၊	ဇီဝကာ၊	လွန်စွာထူးခြားသည်။
၆။	တစ်ကြိမ်လိမ်းရုံ၊	သောက်စေရုံ၊	ရှူရုံပျောက်စေသည်။
၇။	ကြိမ်သုံးဆယ်သော်၊	ရှူရုံနှင့်၊	ဝမ်းတော်လှန်းစေသည်။
၈။	တစ်ဆူဗုဒ္ဓ၊	ပွင့်လေမှ၊	မရှိပေါ် လေသည်။

၉။ ဆယ့်ခြောက်နှစ်ပညာ၊ ခုနှစ်နှစ်ထာ၊ သင်္ကာတတ်မြောက်သည်။
၁၀။ သိကြားနတ်မင်း၊ ကူ၍ထင်း၊ သင်ခြင်းပေးလေသည်။
၁၀။ ဆေးပညာရပ်၊ သုံးသပ်လတ်၊ ဆုံးစပ်မထင်ပြီ။
၁၂။ ထိုအကြုံအား၊ ဆရာအား၊ ပြောကြားသိစေပြီ။
၁၃။ ဆေးဖက်မဝင်၊ သစ်တစ်ဝင်၊ မှန်ဝင်ရှာခိုင်းပြီ။
၁၄။ ဆေးမဝင်ရာ၊ သစ်ဝင်မှာ၊ ရှာထားမတွေ့ ပြီ။
၁၅။ ထစ်တတ်ထမ်းရောတ်၊ အုံ့ထြလောတ်၊ တတ်မြောက်ပြောလေပြီ။

၃။ <u>သုသီမ၏ အကြံ</u> ။ ။ ရှေးအခါက သုသီမမည်သော လုလင်တစ်ယောက်ရှိ၏။ တက္ကသိုလ်ပြို့၌ နေ၏။ အဖကား ဘုရားလောင်း သခ်ပုဏ္ဏားကြီး ဖြစ်လေ၏။ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သောအခါ၌ သုသီမ လုလင်သည် အဖအား 'ဖရာဏသီပြို့သို့သွား၍ ဗေဒင်သုံးပုံတို့ကို သင်ကိုပါ့ကြောင်း' ပြောလေလျှင် ဖခင် သခ်ပုဏ္ဏားကြီးသည် ဖရာဏသီပြို့၌ရှိသော ဝိတ်ဆွေဖြစ်သော ပုဏ္ဏားကြီးထံ၌ သားဖြစ်သူ သုသီမလုလင်ကို သင်ယူစေလေ၏။

သုသီမလုလင်သည် ဉာဏ်ပညာ လွန်စွာထက်မြက်သူ တစ်ဦးဖြစ်၏။ ဗေဒင်ပညာရပ်တို့ကို များစွာလည်း သင်ယူ၏။ လျင်စွာလည်း တတ်မြောက်၏။ သင်ယူတိုင်းသော ပညာရပ်သည် ရွေ့ခွက်၌ ထည့်အပ်သော ခြသေ့်ဆီကဲ့သို့ မပျောက်မပျက် တည်လေ၏။

သုသီမလုလင်သည် ဝိဇ္ဇာသင်ယူအပ်သော ပညာရပ်ကို စုံစမ်း၏။ စစ်ဆေး၏။ သုံးသပ်၏။ ထိုအခါ ဤသို့သော အကြံအစည်သည် ဖြစ်ပေါ်၍ လာလေ၏။

'ဤဗေဒင်ပညာရပ်သည် အစကိုမြင်ရ၏။ အလယ်ကို မြင်ရ၏။ သို့ရာတွင် အဆုံးကို မမြင်ရပါတကား' ဟူ၍ အကြံအစည် ဖြစ်လေ၏။

ထိုသို့ အဆုံးကို မမြင်ရသောကြောင့် အဆုံးကို မြင်နိုင်သော ပညာရပ်ကို ဆရာပုဏ္ဏားကြီးအား မေးလေလျှင် ဆရာပုဏ္ဏားကြီးသည် အဆုံးပညာရပ်ကို သိမြင်တော်မူသော ပစ္စေကဗုဒ္ဓါ တစ်ဆူဆီသို့ လမ်းညွှန်ပေးလိုက်လေ၏။

သုသီမလုလင်သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံတွင် အဆုံးပညာရပ်ကို လေ့လာလိုက်စား မှတ်သားသင်ယူမှု ပြုနေစဉ်မှာပင် ဗိမိကိုယ်တိုင် အဆုံးကို သိမြင်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ဆူအဖြစ်သို့ ရောက်လေ၏။

သုသီမပစ္စေကဗုဒ္ဓါသည် အလွန်ထင်ရှားကျော်ကြား ဘုန်းကံကြီးမားလေ၏။ သို့ရာတွင် သက်တော်ကား မရှည်မူဘဲ ပရိနိဗ္ဗာန်ပြုတော်မူသည်ဖြစ်၍ လူအများတို့သည် မီးသင်္ဂြိုဟ်မှုကို ပြုကြ၏။ ဓာတ်တော်များကို ဌပနာ၍ မြို့တံခါးအနီး၌ စေတီတည်ထား ကိုးကွယ်ကြလေ၏။

သုသီမ၏ဖခင် ဘုရားလောင်း သခ်ပုဏ္ဏားကြီးသည် *'ငါ့သားသုသီမ သွားတာကား ကြာမြင့်လှပြီ။ အကြောင်းအသို့နည်း'* ဟု ကြံစည်၍ နောက်ကလိုက်သွားလေရာ ဗာရာဏသီပြို့သို့ ရောက်သောအခါ၌ အကြောင်းစုံကို သိရလေ၏။

ထိုအခါ အဖဖြစ်သူ ဘုရားလောင်း သခ်ပုဏ္ဏားကြီးသည် မြေကြီးကိုလက်ဖြင့်ပုတ်၍ ငိုကြွေးမြည်တမ်းကာ သုသီမပဉ္စေကဗုဒ္ဓါ၏ စေတီရင်ပြင်သို့ သွား၍ မြက်အပိုက်သရိုက်များကို သန့်ရှင်းမှု ပြု၏။ သဲဖြူခင်း၏။ ပုန်းသိပ်အောင် ရေလောင်း၏။ ပန်းအပျိုးပျိုးတို့ဖြင့် ပူဇော်၏။ အပေါ်ရံ ပုဆိုးအပြူကို တံခွန်ကုက္ကားလုပ်၍ ထိုးဖြူခြင် ဖွဲ့ ချည်၍ ပူဇော်၏။ ထို့နောက် ပိပိအရပ်သို့ ပြန်လေ၏။

ဝေသာလိပြို့မှ ရာဇဂြိုဟ်ပြို့သို့အလာ လမ်းခရီး၌ ဂင်္ဂါမြစ်ရှိ၏။ ဝေသာလိမှ ယင်းဂင်္ဂါမြစ်အထိ သုံးယူဇနာရှိ၏။ ရာဇဂြိုဟ်မှ အသွား ဂင်္ဂါမြစ်အထိ ငါးယူဇနာ ရှိ၏။ အားလုံး ဝေသာလိနှင့် ရာဇဂြိုဟ် ရှစ်ယူဇနာ ရှိ၏။ ဝေသာလိပြို၌ *'ဘိလူးဘေး, တော်မွတ်ခြင်းဘေး၊ ရောဂါဘေး'* ဟူ၍ ဘေးကြီးသုံးပါး ကင်းပျောက် အေးငြိမ်းရန် အတွက် ရဟန်းငါးရာနှင့်အတူ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ဝေသာလိသို့ ကြွတော်မူရာတွင် ရှစ်ယူဇနာရှိသော လမ်းခရီးတစ်လျှောက် ဗိမ္ဗိသာရမင်း, လိစ္ဆဝိမင်းတို့သည် လမ်းများကို ညီညာအောင် ပြုပြင်၍ ရေပက်ဖြန်းကြကာ ပန်းမျိုးစုံကို ပုဆစ်ဒူးဝန်း နစ်မြုပ်အောင်မျှ ပန်းခင်း၍ ပူဇော်ကြကုန်၏။ တံခွန်ကုက္ကားတို့ဖြင့်လည်းကောင်း၊ ထိုးဖြူတို့ဖြင့်လည်းကောင်း ပူဇော်ကြကုန်၏။ ဂင်္ဂါမြစ်တစ်လျှောက် နဂါးအပေါင်းတို့ကလည်း ငါးပါးအဆင်းရှိသော ပဒုမ္မာကြာပန်းတို့ဖြင့် ပုံးလွှမ်းပူဇော်လေ၏။ လူပြည်မှ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် လူနတ်ဗြဟ္မာ အပေါင်းတို့သည် တံခွန်ကုက္ကား၊ ထိုးဖြူ အဆင့်ဆင့်ဖြင့် ပူဇော်ကြလေကုန်၏။

'မြတ်စွာဘုရား၏ တန်ခိုးတော်ကား ကြီးမားလှပေစွ' – ဟူ၍ ရဟန်းတော်များ ချီးမွမ်းစကား ပြောကြားကြရာတွင် မြတ်စွာဘုရားရှင်က –

'ငါဘုရားအား လူနတ်ဗြဟ္မာများ ထိုသို့ ပူဇော်ကြခြင်းသည် ငါဘုရား၏ တန်ခိုးအာနုဘော် မဟုတ်။ ဤရှေးဘဝက သုသီမမည်သော ပဒ္စေကဗုဒ္ဓါ၏ စေတီတော်၌ မြက်အပိုက်များကို သန့်ရှင်းပေးခဲ့ခြင်း၊ သဲဖြူခင်းပေးခဲ့ခြင်း၊ ပုန်သိပ်အောင် ရေပက်ဖြန်းပေးခဲ့ခြင်း၊ ရသမျှသော ပန်းတို့ဖြင့် ပူဇော်ခဲ့ ခြင်း၊ အပေါ်ရံပုဆိုးဖြူကို တံခွန်လုပ်၍ ပူဇော်ခဲ့ခြင်း ကုသိုလ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတည်း'

– ဟု မိန့်တော်မူလိုက်လေသည်။ ထို့နောက် မြတ်စွာဘုရားသည် အောက်ပါတရားတော်ကို ဟောတော်မူလိုက်လေ၏။

ပိပိ၏ အနည်းငယ်မျှဖြစ်သော ချမ်းသာကို စွန့်၍ ကြီးကျယ်သော နိဗ္ဗာန်ချမ်းသာကို ရရှိမည်ဟု သိမြင်သော ပညာရှိသည် ပိပိ၏ အနည်းငယ်မျှဖြစ်သော ထမင်းအာဟာရ စသော လှူဖွယ်ဝတ္ထုကို ဥပုသ်စောင့်သုံးခြင်းဖြင့်လည်းကောင်း၊ ပေးကမ်းလှူဒါန်းခြင်းဖြင့်လည်းကောင်း စွန့်လွှတ်နိုင်ရာ၏။

(ဓမ္မ ၄ - ၂ - ၂၇၃ / ၂၈၀)

၃။ သုသီမ၏ အကြံ၌ ဆောင်ရန်လက်များ

၀။	ထားဆုသိမ၊	ဇာဆင်၊	ရွေးကရှိခဲ့သည်။
၂။	ဗေဒင်ပညာ၊	သင်လိုပါ၊	ဝိတာပြောလေဖြို။
၃။	ပြည်ဟာရထဲ၊	မိတ်ဆွေထဲ၊	သင်ရန်လွှတ်လိုက်ပြီ။
၄။	ထုသီမလေလင်၊	ဉာဏ်ထက်ပင်၊	ဗေဒင်တတ်လေဖြို။
၅။	ဗေဒင်တတ်ရာ၊	ထုသီမာ၊	ကောင်းစွာထုံးထပ်ပြီ။
၆။	ဗေဒင်ပညာ၊	စလေယ်သာ၊	ဆုံးထာမတွေ့ ပြီ။
၇။	အဆုံးသိရာ၊	ပစ္စေထာ၊	ကောင်းစွာချဉ်းကပ်ပြီ။
၈။	အဆုံးရောရင်း၊	ပစ္စေထင်း၊	ဉာဏ်လင်းဆိုက်ရောက်ပြီ။
၉။	ထုသီမမည်စွဲ၊	ပစ္စေတ၊	သတ်ကတိလွှဲထည်။
၁၀။	ပရိုန်ဗွာ၊	ပြုလေရာ၊	များစွာလူတို့ထည်၊
၁၁။	စေတီတည်ကာ၊	ကောင်းမွန်စွာ၊	ပူဇာပြုကြသည်။
၁၂။	အဇသခ်၊	သားပုတ္တာ၊	ကြာလှလိုက်လာထည်။
၁၃။	ကျိုးကြောင်းသိရာ၊	ထဲခင်းကာ၊	ရေပါဖြန်းလေထည်။
၁၄။	ထံမြက်တလင်း၊	အမှိုက်ရှင်း၊	ပန်းခင်းပူဇော်သည်။
၁၅။	ပုဆိုးအဖြူ၊	တံခွန်မူ၊	လွင့်ထူပူဇော်သည်။
၁၆။	ထိုမနောက်ပင်၊	ယခုတွင်၊	မြတ်ရှင်ဖြစ်ခဲ့ပြီ။
၁၇။	ဘေးတွေငြိမ်းရန်၊	ဝေဿထံ၊	တဖန်ကြွလေဖြို။
၁၈။	ရှစ်ယူဇနာ၊	ခရီးတွာ၊	သွားရာလမ်းမှာသည်၊
၁၉။	ပန်းတွေခင်းထား၊	တံခွန်များ၊	ကုက္ကားပါဝင်သည်။
၂၀။	အလံ,ထီးဖြူ၊	တလူလူ၊	လွင့်ထူပူဇော်သည်။
၂၁။	အကနိဋ္ဌထိ၊	ပူဇော်ဘိ၊	လွန်ဘိကြီးကျယ်သည်။
၂၂။	ပစ္စေတမှာ၊	ပူဇော်ရာ၊	ကျိုးသာဖြစ်လေသည်။
၂၃။	နည်းဥယ်စွန့်ကာ၊	ကြီးကျယ်စွာ၊	ရမှာမြင်ဆူသည်၊
၂၄။	နည်းဥယ်ပေလတ်၊	လျှဖွယ်ရပ်၊	စွန့်တတ်နိုင်ရမည်။

အရှင်အာနန္ဒာ၏ အကြံ ။ ။ အရှင်အာနန္ဒာထေရ်သည် သောတာပတ္တိဖလသမာပတ်ကို ဝင်စားရာမှ ထတော်မူပြီးနောက် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အစမှ အဆုံးသို့လည်းကောင်း၊ အဆုံးမှ အစသို့လည်းကောင်း၊ နှစ်ဘက် အစအဆုံးအစွန်မှ အလယ်သို့လည်းကောင်း၊ အလယ်မှ နှစ်ဘက်အစအဆုံးအစွန်သို့လည်းကောင်း အဖန်ဖန် ဆင်ခြင်သုံးသပ်လေပြီ။ ဤသို့ ဆင်ခြင်သုံးသပ်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ်သည် အရှင်အာနန္ဒာ၏ ဉာဏ်၌ အလွန်ပေါ်လွင်ထင်ရှားသကဲ့သို့ ဖြစ်လေ၏။ ထိုအခါ အရှင်အာနန္ဒာအား ဤသို့ အကြံအစည် ဖြစ်ပေါ်လာလေ၏။

'အလုံးစုံသော ဘုရားတို့သည် ဤပဋိစ္စသမုပ္ပါဒ်တရားကို နက်လည်းနက်၏။ နက်သည်ဟုလည်း ထင်ရှား၏ - ဟု ဟောတော်မူကြကုန်၏။ ထိုသို့ ဟောတော်မူပါသော်လည်း တစ်စိတ်တစ်ဒေသဖြစ်သော ဉာဏ်၌ တည်သော သာဝကဖြစ်သော ငါ၏ဉာဏ်၌မူကား ပေါ်လွင်ထင်ရှားလှပေ၏။ ဤပဋိစ္စသမုပ္ပါဒ်တရားသည် ငါ၏ ဉာဏ်၌သာ ပေါ်လွင်ထင်ရှားသလော။ သို့တည်းမဟုတ် အခြားသူတို့၏ ဉာဏ်၌လည်း ပေါ်လွင်ထင်ရှားသလော' ဟု အကြံအစည် ဖြစ်လေ၏။

ထို့နောက် အရှင်အာနန္ဒာသည် ဤသို့လည်း ဆက်၍ကြံပြန်လေ၏။

'ငါသည် ဤပြဿနာကို မြတ်စွာဘုရားကို မေးအံ့။ မြတ်စွာဘုရားသည် ဤပြဿနာကို မြင့်မိုရ်တောင်ကို မျှော်ဆီပြသကဲ့သို့ ထင်ရှားအောင် ဖြေဆိုတော်မူအံ့' ဟူ၍ ကြံလေ၏။

ထို့နောက် အရှင်အာနန္ဒာသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော နိဂုံး၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တော်သောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားလေ၏။

'မြတ်စွာဘုရား ... အံ့ဩဖွယ်ရှိပါပေစွ။ မြတ်စွာဘုရား ... အံ့ဩဖွယ်ရှိပါပေစွ။ မြတ်စွာဘုရား ... ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် အလွန်နက်နဲပါ၏။ အလွန်နက်နဲသော အသွင်လည်း ရှိပါ၏။ သို့ဖြစ်ပါလျက် တပည့်တော်၏ ဉာဏ်ထဲ၌ တိမ်တိမ်ကလေးကဲ့သို့ပင် ထင်ပါသည် ' ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။

'အာနန္ဒာ ... ဤသို့ မဆိုလင့်။ အာနန္ဒာ ... ဤသို့ မဆိုလင့်။ ဤပဋိစ္စသမုပ္ပါဒ်တရားသည် နက်လည်းနက်၏။ နက်သည်ဟုလည်း ထင်ရှား၏ ' ဟု မိန့်တော်မူပြီးနောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဤသို့ ဟောတော်မူ၏။

'အာနန္ဒာ ... ဤပဋိစ္စသမုပ္ပါဒ်တရားကို လျော်စွာမသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ဖြစ်၍၊ စာပေါင်းသိုက်ကဲ့သို့ ဖြစ်၍၊ ဖြူဆံမြက်၊ ပြိတ်မြက်ကဲ့သို့ ဖြစ်၍ မကောင်းသော လားရာ၊ ပျက်စီး၍ ကျရောက်ရာဖြစ်သော အပါယ်ကိုလည်းကောင်း၊ သံသရာကိုလည်းကောင်း မလွန်မြောက်နိုင်ဘဲ ရှိချေ၏'

ထို့နောက် မြတ်စွာဘုရားသည် ဇရာ, မရဏတရားတို့၏ အကြောင်းသည် ဇာတိဖြစ်ပုံကိုလည်းကောင်း၊ ဇာတိ၏ အကြောင်းသည် ဘဝဖြစ်ပုံကိုလည်းကောင်း၊ ဘဝ၏အကြောင်းသည် ဥပါဒါန်ဖြစ်ပုံကိုလည်းကောင်း... စသည်ဖြင့် ဝိညာဏ်၊ နာမ်ရုပ်အထိ ပဋိလောမအားဖြင့် ဟောတော်မူ၍ - ဝိညာဏ်၊ နာမ်ရုပ်မှတစ်ဆင့် ဇရာ၊ မရဏအထိ အနုလောမအားဖြင့် ဟောတော်မူပြန်၏။ ထို့နောက် ဇာတိ၊ ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာတို့၏ သဘောအဓိပ္ပါယ် သရုပ်တို့ကိုလည်း ဟောတော်မူလေ၏။ ထို့နောက် တဏှာဖြစ်ပုံသဘောကို ဤသို့လည်း ဟောတော်မူလေ၏။

'ခံစားခြင်း ဝေဒနာကို စွဲ၍ တပ်မက်ခြင်း တဏှာဖြစ်၏။ တပ်မက်ခြင်း တဏှာကို စွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏။ ရှာမှီးခြင်းကို စွဲ၍ ရခြင်းသည် ဖြစ်၏။ ရခြင်းကို စွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏။ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နစ်သက်ခြင်း ဆန္ဒရာဂသည် ဖြစ်၏။ နစ်သက်ခြင်းကို စွဲ၍ ဇ်ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏။ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည် ဖြစ်၏။ သိမ်းပိုက်ခြင်းကို စွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏။ ဝန်တိုခြင်းကို စွဲ၍ ဥစ္စာကို စောင့်ရှောက်ခြင်းသည် ဖြစ်၏။ ဥစ္စာကို စောင့်ရှောက်ခြင်း ဟူသော အကြောင်းကြောင့် တုတ်ဆောင်ရခြင်း၊ လက်နက်ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ငြင်းခုံခြင်း၊ မခံသာအောင် ပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း ဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့သည် ဖြစ်ကုန်၏' ဟူ၍ စသည် ဟောတော်မူလေသည်။

(ဒီ - ၂ - ၄၇ / ၅၀။ မြန် - ၅၁ / ၅၅။ ဒီ ၄ - ၂ - ၅၅)

၄။ အဂ္ဂဉ်ဘုရားရှင်၏ အကြံဥာဏ် ဆောင်ရန်လက်ကမ်းများ

၁။	သောတာသမာပတ်၊	ဝင်စားတတ်၊	ထလတ် အာနန်ထည်၊
၂။	ပဋိစ္စသမုပ္ပါဒ်၊	တရားမြတ်၊	ထပ်ထပ်ဆင်ခြင်ထည်။
၃။	ရှင်အာနန္ဒာ၊	ဉာဏ်ထဲမှာ၊	လွန်စွာထင်ရှားသည်။
၄။	တိမ်တိမ်မြဲလေးလို၊	လွယ်သလို၊	ထင်ကိုနေလေသည်။
၅။	လုံးစုံပုဒ္ဓါ၊	နက်နဲပါ၊	ဟောကာထားလေသည်။
၆။	သို့ရာတွင်လဲ၊	ငဲ့ဉာဏ်ထဲ၊	လွယ်ပဲထင်နေသည်။
၇။	အခြားသူများ၊	ငဲ့လိုများ၊	ထင်လေးကြံစည်သည်။
၈။	ထိုအကြံအား၊	မြတ်ဘုရား၊	လျှောက်ထားပြလေဖြို့။
၉။	လွယ်တယ်မပြောရ၊	အာနန္ဒာ၊	မြတ်စွာတားမြစ်သည်။
၁၀။	၃၁-ဘုံမှာ၊	ရှိနေရာ၊	သတ္တဝါများစွာသည်၊
၁၁။	ပဋိစ္စခေါ် ရ၊	တရားပ၊	မသိကြ၍သည်၊
၁၂။	ချည်,စာ,မြက်ပမာ၊	ရှုပ်ထွေးစွာ၊	ဖြစ်ကာနေရသည်။

၁၃။	အပါယ်လေးဖြာ၊	သံသရာ၊	ခါခါလည်ရသည်။
၁၄။	ပဋိလောမ၊	နုလောမ၊	ဗုဒ္ဓဟောပြသည်။
၁၅။	တထာဂဋ်ကား၊	မြတ်ဘုရား၊	ထင်ရှားဟောပြသည်။
၁၆။	တထာကိုစွဲ၊	ရာဇဓိုးပဲ၊	ရာစွဲရပြန်သည်။
၁၇။	ရတာကိုစွဲ၊	ဆုံးဖြတ်ပါ၊	ဖြတ်စွဲနှစ်သက်သည်။
၁၈။	နှစ်သက်ကိုစွဲ၊	ငါ့ဟာပဲ၊	ငါစွဲသိမ်းပိုက်သည်။
၁၉။	သိမ်းပိုက်ကိုစွဲ၊	ဝန်တိုပဲ၊	တိုစွဲစောင့်ရသည်။
၂၀။	စောင့်တာစွဲကာ၊	လက်နက်ပါ၊	တုတ်ပါဆောင်ကြသည်။
၂၁။	ခိုက်ရန်ဖြစ်ခြင်း၊	ဆန့်ကျင်ခြင်း၊	ငြင်းခြင်းပြုရသည်။
၂၂။	မခံသာအောင်၊	အာတဘောင်၊	ဗွာလောင်ပြောဆိုသည်။
၂၃။	ကုန်းတိုက်လေခြင်း၊	မမှန်ခြင်း၊	ကြမ်းခြင်းပြောဆိုသည်။
၂၄။	ဤသို့ထင်ရှား၊	ယုတ်တရား၊	တိုးပွားလာလေသည်။
၂၅။	တထာကင်းမှ၊	ယုတ်ခမ္မာ၊	မချကင်းစင်မည်။

ဝိစာရအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • •

ပီတိအပ္ပဉ်လာကိုယ်ကျင့်တရားများ

၁။ **ပီတိ၏ လက္ခဏာများ ။** ။ မဟာကုသိုလ် ပဌမစိတ်၌ ပီတိစေတသိက်လည်း ယှဉ်လေ၏။ အကုသိုလ်၌ ဖြစ်သောပီတိ, ကုသိုလ်၌ဖြစ်သော ပီတိ ဟူ၍ရှိလေရာ ဤ၌ ကုသိုလ်စိတ်ကို ပြသောအရာဖြစ်၍ ကုသိုလ်ပီတိ ကို ယူအပ်၏။ ထိုပီတိ၏ လက္ခဏာများကား -

ဝိဏယတိတိ ပီတိ။ သာ -

၁။ သမ္ပိယာယန လက္ခဏာ၊

၂။ ကာယစိတ္တ ဝိဏာန ရသာ၊ ဖရဏ ရသာ ဝါ၊

၃။ သြဒဂ္ဂ ပစ္စုပဋ္ဌာနာ

နှစ်သက်စေတတ်သောကြောင့် ပီတိ မည်၏။ ထိုပီတိသည် -

၁။ လွန်စွာနှစ်သက်ခြင်း လက္ခဏာရှိ၏။

၂။ ကိုယ်စိတ်နှစ်ပါးကို ပွားတိုးစေခြင်း ကိစ္စရှိ၏။

ထစ်နှည်း - ဝဏ်တရုပ်တို့ဖြင့် တစ်ကိုယ်လုံးကို ဖြန့်ခြင်း ကိစ္စရှိ၏။

၃။ တက်ကြွသော စိတ်၏ ဖြစ်ကြောင်းတရားဟု ဉာဏ်အား ရှေးရှုထင်၏။

၁။ လွန်စွာနှစ်သက်ခြင်း လက္ခဏာရှိ၏ ဟူသည် ဘုရား အစရှိသော ရတနာသုံးပါးကို ကြည်ညိုတတ်သူ၌ ဘုရား အစရှိသော ကုသိုလ်အာရုံကို မြင်ရသောအခါ ပီတိစိတ်၌ နှစ်သက်မှုသဘော ဖြစ်လေ၏။ ယင်းကိုပင် လွန်စွာနှစ်သက်မှု လက္ခဏာရှိ၏- ဟု ဆိုရခြင်း ဖြစ်သည်။

၂။ ကိုယ်စိတ်နှစ်ပါးကို ပွားတိုးစေခြင်း ကိစ္စရှိ၏။ ပဏီတရုပ်တို့ဖြင့် တစ်ကိုယ်လုံးကို ဖြန့်ခြင်းကိစ္စရှိ၏ ဟူသည် - ဘုရားအစရှိသော အာရုံကို မြင်ရ၍ နှစ်သက်သောစိတ် ဖြစ်သောအခါ မိုးဆန်းပန်းကဲ့သို့ စိတ်သည် ရွှင်လန်းလာ၏။ စိတ်ရွှင်လန်း၍ ကိုယ်လည်း လန်းလာ၏။ ယင်းကိုပင် ကိုယ်စိတ်နှစ်ပါးကို ပွားတိုးစေခြင်း ကိစ္စရှိ၏။ ပဏီတရုပ်တို့ဖြင့် တစ်ကိုယ်လုံးကို ဖြန့်ခြင်းကိစ္စရှိ၏ - ဟု ဆိုရခြင်း ဖြစ်သည်။

၃။ **တက်ကြွသော စိတ်၏ ဖြစ်ကြောင်းတရားဟု ဉာဏ်အား ရှေးရှုထင်၏** - ဟူသည် အာရုံ၌ နှစ်သက်မှု ဖြစ်နေသောအခါ စိတ်သည် ကပ်ကပ်ချပ်ချပ် ဖြစ်မနေဘဲ ကြွကြွရွရွ ဖြစ်နေတတ်၏။ ဝီတိတွေဖုံး တပြုံးပြုံး ဖြစ်နေတတ်၏။ ဉာဏ်ဖြင့် ဆင်ခြင်လျှင် ယင်းသဘောသည် ပေါ်လွင်လျက် ရှိ၏။ ယင်းကိုပင် တက်ကြွသော စိတ်၏ ဖြစ်ကြောင်းတရားဟု ဉာဏ်အား ရှေးရှုထင်၏ - ဟု ဆိုရခြင်း ဖြစ်သည်။

(အဘိ ၄ - ၁ - ၁၅၈/၉)

၁။ ပီတိ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ပိတိသတော၊	နှစ်သက်ပြော၊	သဘောသိနိုင်သည်။
၂။	အာရုံပေါ်မှာ၊	နှစ်သက်တာ၊	လက္ခဏာဖြစ်လေသည်။
၃။	မိုးဆန်းပန်းပမာ၊	ရွှင်လန်းလာ၊	ကိစ္စာဖြစ်လေသည်။
၄။	ရွှင်လန်းဆိုတာ၊	အာရုံမှာ၊	ချပ်တာမဟုတ်ဖြို။
၅။	ကိုယ်စိတ်နှစ်ဝ၊	ဖောင်းကြွကြွ၊	ရွှင်မျိုးဖြစ်သည်။
၆။	ပိတိတွေဖုံး၊	စိတ်ကရှုန်း၊	ပြုံးပြုံးဖြစ်နေသည်။
၇။	ထိုသဘောစု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပါ်လေသည်။

၂။ ပီတိ ငါးမျိုး ။

။ ထိုပိတိသည် -

၁။ ခုဒ္ဒိကာ ပိတိ၊

၂။ ခဏိကာ ပိတိ၊

၃။ ဩက္ကန္တိကာ ပိတိ၊

၄။ ဥဗ္ဗေဂါ ပိတိ၊

၅။ ဖရဏာ ပိတိ - ဟူ၍ ပိတိ ငါးမျိုးရှိ၏။

၁။ ခုဒ္ဒိကာပိတိ ။ ထိုတွင် ခုဒ္ဒိကာပိတိ ဟူသည် ခန္ဓာကိုယ်၌ ကြက်သီးမွေးညင်းထခြင်းမျှ လောက်သာဖြစ်သော ပိတိမျိုး ဖြစ်၏။ (အငယ်စား ပိတိ)

၂။ ခဏိကာ ပိတိ ။ လျှပ်လက်သလို ခဏခဏဖြစ်သော ပိတိမျိုးကို ခဏိကာပိတိဟု ခေါ်၏။

၃။ ဩက္ကန္တိကာ ပိတိ ။ လိုင်းလုံးကြီးများ ကမ်းသို့ သက်ရောက်၍ သက်ရောက်၍ လာသလို ဝမ်းသာလုံးကြီးများ တစ်ကိုယ်လုံး သက်ရောက်၍ သက်ရောက်၍ လာနေမှုကို ဩက္ကန္တိကာ ပိတိဟု ခေါ်၏။

၄။ ဥဗ္ဗေဂါ ပိတိ ။ ပိတိအဟုန် အားကြီး၍ တစ်ကိုယ်လုံး ပြောက်တက်သွားအောင် ဖြစ်မှုကို ဥဗ္ဗေဂါ ပိတိဟု ခေါ်သည်။

၅။ ဖရဏာ ပိတိ ။ နှစ်သက်သည့်စိတ်များ တစ်ကိုယ်လုံးမှာ တစိမ့်စိမ့် တဖိမ့်ဖိမ့် ပျံ့နှံ့ကာ ကြာရှည်စွာ ဖြစ်နေမှုပိတိကို ဖရဏာပိတိဟု ခေါ်လေသည်။

(အဘိ - ၅ - ၁ - ၁၅၉)

၂။ ပီတိ ငါးမျိုး ဆောင်ရန်လက်ကများ

၁။	ခုဒ္ဒိ, ခဏိ၊	ဩတ္တပ္ပီ၊	ဥဒ္ဓိများနှစ်ထည်၊
၂။	ဖရဏာပိ၊	ဝိတိမ္ဘာ၊	ဝါးဖြာရှိလေထည်။
၃။	ကြက်သီးထထိ၊	ဝမ်းသာတိ၊	ခုဒ္ဒိခေါ် လေထည်။
၄။	မကြာမကြာ၊	ဝမ်းသာတာ၊	ခဏိကာခေါ် လေထည်။
၅။	လှိုင်းလုံးကြီးထန်၊	ဖြစ်လာမှန်၊	သြတ္ထန်ခေါ် လေထည်။
၆။	တစ်ကိုယ်လုံးလေ၊	မြောက်တက်လေ၊	ဥဒ္ဓေခေါ် လေထည်။
၇။	ဂွမ်းဆီထိပမာ၊	ပျံ့နှံ့လော၊	ဖရဏာခေါ် လေထည်။
၈။	ထုသိုလ်ပြုရာ၊	ဝိတိဖြာ၊	လွန်စွာကျိုးရှိထည်။
၉။	ဝိတိတန်ခိုး၊	ထယ်မည်ပုံး၊	ဆတိုးကျိုးပေးထည်။

၃။ တိသဃထေရ်၏ ဥဒ္ဓေဂါ ပီတိ ။

။ ကုသိုလ်အာရုံ ပိတိအဟုန်ကြောင့် တစ်ကိုယ်လုံး မြောက်တက်သွား သော ဥဒ္ဓေဂါပိတိ၏ အစွမ်းကို ဤသို့ သိအပ်ပေ၏။

ရှေးသိဟိုဠ်ခေတ်က ပုဏ္ဏာဝလိုကအရပ်၌ သိတင်းသုံးသော မဟာတိသထေရ်သည် ညချမ်းအခါ ပုဏ္ဏာဝလိုကကျောင်းတိုက်၌ရှိသော စေတီရင်ပြင်သို့သွား၍ လရောင်ကိုကြည့်၍ မဟာစေတီသို့ မျက်နှာမူလျက် *'ဤအချိန်အခါ၌ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာမ ဟူသော လေးပါးသော ပရိသတ်တို့သည် မဟာစေတီ ကို ရှိခိုးပူဇော်မှု ပြုနေကြလေယောင်တကား'* ဟူ၍ ရှေးက မဟာစေတီကို ပူးမြင်ပူးသော အာရုံ၏ အစွမ်းဖြင့် ဘုရားတည်းဟူသော အာရုံကိုယူရာ အားရှိသော ပိတိဟုဆိုအပ်သော ဥဒ္ဓေဂါပိတိ ဖြစ်ပေါ်၍ လာလေ၏။ ထိုပိတိ အဟုန်ဖြင့် ဘောလုံးကို မြေကြီးပေါက်လိုက်ဘိသကဲ့သို့ တစ်ကိုယ်လုံး ကောင်းကင်သို့ မြောက်တက်ကာ တိသထေရ်၏ ခန္ဓာကိုယ်သည် မဟာစေတီရင်ပြင်၌ ကျလေ၏။

၃။ တိသဃထေရ်၏ ဥဒ္ဓေဂါပီတိ ဆောင်ရန်လက်ကများ

၁။	ပုဏ္ဏာဝလိုက၊	အရပ်က၊	တိသမထေရ်သည်၊
၂။	လပြည့်နေ့မှာ၊	လရောင်ဖြာ၊	စိတ်မှာကြည်နူးပြီ။
၃။	ဤအချိန်ခါ၊	စေတီမှာ၊	များစွာလူတို့သည်၊
၄။	ဆိတ်ငြိမ်းထွန်းကား၊	ရှိခိုးကာ၊	ပူဇော်နေကြမည်။
၅။	ဘုရားအာရုံ၊	ယူလေတုန်၊	အဟုန်ဖြစ်လေပြီ။
၆။	ကောင်းကင်မြောက်တက်၊	ရင်ပြင်ထက်၊	ဆင်းသက်ကျလေပြီ။
၇။	ဥဒ္ဓေပိတိ၊	အစွမ်းရှိ၊	မှတ်သိနိုင်ကြသည်။

၄။ ကိုယ်ဝန်သည်၏ ဥမ္မဂဓိပီတိ ။ ။ သိဟိုဠ်ခေတ်က ဝတ္တဂါလကရွာ၌ မိမိတို့ ရွာဦးတောင်ပေါ်ကျောင်း၌ တရားပွဲ ဖြစ်လေရာ ညဘက်၌ ရွာလူအများတို့သည် တရားနာ သွားကြကုန်၏။ တစ်ဦးသော ကိုယ်ဝန်သည်မ၏ မိဘတို့သည် တရားပွဲသို့ သွားခါနီး သမီးအား ဤစကားကို ပြောလေ၏။

'ချစ်သမီး ... သင်၌ ကိုယ်ဝန်ရှိ၏။ ညအခါ၌ တရားနာခြင်းငှါ စွမ်းနိုင်မည် မဟုတ်။ ငါတို့သည် သမီးအတွက်ပါ တရားနာခဲ့ကုန်အံ့' ဟု ပြောဆိုကာ တရားနာထွက်သွားကြကုန်၏။ ထိုအမျိုးသမီးသည် တရားနာလိုက်လိုသော်လည်း မိဘတို့၏ စကားကို ပယ်မြစ်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ အိပ်၌ ကျန်ရစ်ခဲ့ရလေ၏။

အိပ်မှာကျန်နေရင်း အိပ်ပြတင်းပေါက်မှ တောင်ပေါ်ကျောင်းကို လှမ်းကြည့်လိုက်သောအခါ လရောင်ဖြင့် တောင်ပေါ်ကျောင်းက ဓမ္မဓိတော်ကို လှမ်း၍ ဖူးမြင်ရလေ၏။ ဆီမီးရောင်တို့ဖြင့် တထိန်ထိန် ပူဇော်ထားကြသည်ကိုလည်း ဖူးမြင်ရလေ၏။ ထိုမျှမက ပရိသတ်လေးပါးတို့သည် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်နေကြသည်ကိုလည်း တွေ့ မြင်နေရ၏။ ရဟန်းသံဃာတော်အပေါင်း၏ တရားရွတ်ဖတ်သံကိုလည်း ကြားနေရလေ၏။ ထိုအခါ ထိုအမျိုးသမီးသည် ဤသို့ စဉ်းစားမိလေ၏။

'ထိုလူအပေါင်းတို့သည် ဤသို့ ကြည်သိုဖွယ်ရှိသော ဓမ္မဓိတော်ကိုလည်း ဖူးမြော်ခွင့်ရကြကုန်၏။ ဓမ္မကထိက၏ ချိုမြိန်သော တရားသံကိုလည်း နာကြားခွင့်ရကြကုန်၏။ ဤလူအပေါင်းတို့သည် ဘုန်းကံကြီးမားပေစွ'

ဤသို့ စဉ်းစား၍ ပုလဲအစုနှင့်တူသော ဓမ္မဓိတော်ကို လှမ်း၍ဖူးမြော်စဉ်ပင် ဥမ္မဂ္ဂါပီတိဖြစ်ကာ ခန္ဓာကိုယ်သည် ကောင်းကင်သို့ မြောက်တက်၍ မိဘတို့၏ ရှေးဦးစွာပင်လျှင် ဓမ္မဓိရင်ပြင်၌ ဆင်းသက်ကျလေ၏။

(အဘိ ၄ - ၁ - ၁၅၉)

၄။ ကိုယ်ဝန်သည်မ၏ ဥမ္မဂ္ဂါပီတိ၌ ဆောင်ရန်လက်မှတ်များ

၁။	ဝတ္တဂါလက၊	ရွာ၌ပ၊	မိဘနှစ်ပါးသည်၊
၂။	တောင်ပေါ် ကျောင်းမှာ၊	တရားနာ၊	သွားခါနီး၌သည်၊
၃။	တရားနာလို၊	သမီးကို၊	ပြောဆိုတားမြစ်သည်။
၄။	ကိုယ်ဝန်ကြီးနဲ့၊	မလိုက်နဲ့၊	ထားခဲ့ကြလေသည်။
၅။	စေတီကိုထင့်၊	အိမ်ကဖြင့်၊	လှမ်းလင့်ဖူးရသည်။
၆။	ဆီမီးရောင်ဖြာ၊	ပန်းနံ့သာ၊	ပူဇော်ဖြင်ရသည်။
၇။	သံဃာခေါ် လတ်၊	တရားမြတ်၊	ရွတ်ဖတ်ကြားရသည်။
၈။	ဘုရားဖူးကာ၊	တရားနာ၊	မျှားစွာလူတို့သည်၊
၉။	ဘုန်းကံကြီးငြား၊	ထူးသူများ၊	စဉ်းစားမိလေသည်။

၁၀။ စဉ်းစားရင်းပင်၊ ဖူးရင်းပင်၊ စိတ်တွင်ဝမ်းသာဖြို။
၁၁။ ဥဇ္ဇေဂိဖြိတိ၊ ဗျဲထက်ဘိ၊ ရောက်ရှိသွားလေဖြို။
၁၂။ မိဘများမှာ၊ အုံ့ဆွတ်စွာ၊ ဝမ်းထာတြလေဖြို။

၅။ ပဓာနိယထေရ်၏ ဖရဏပီတိ ။ ။ သိဟိုဠ်ခေတ်က ပဓာနိယထေရ်သည် ခက္ကာဝေဠကျောင်း၌ အရိယဝံသတရား ကို နာနေစဉ် ထိုပထေရ်ကို အဆိပ်ပြင်းသော မြွေတစ်ကောင် ကိုက်လေ၏။ ထိုပဓာနိယထေရ်သည် မြွေကိုက်သည်ကို သိလျက်လည်း ကြည်ညိုသောစိတ်ဖြင့် ထိုင်လျက် တရားကိုနာမြဲ နာနေ၏။ မြွေ၏အဆိပ်သည် အဟုန်ဖြင့် ခန္ဓာကိုယ်ကို တက်လျက်ရှိနေ၏။ မထေရ်သည် ရဟန်းပြုသည့်နေ့မှစ၍ ယနေ့တိုင်အောင် ကာလတစ်လျှောက် ပိပိ၏ သီလကို ဆင်ခြင်သည်ရှိသော် ပြုစင်သန့်ရှင်းသော သီလကို တွေ့ မြင်ရသည်ဖြစ်၍ တစ်ကိုယ်လုံး ပျံနှံ့သော ဖရဏာပီတိ ဖြစ်ပေါ်၍လာလေ၏။ လေပြည်နေသော ဘောလုံးကဲ့သို့ တစ်ကိုယ်လုံး ပီတိတို့ဖြင့် ပျံနှံ့လျက် ရှိနေ၏။ ထိုသို့ ဓမ္မပီတိဖြစ်သည်နှင့်တကွ တက်နေသော မြွေဆိပ်သည် အောက်သို့ ပြန်ဆင်းကာ မြေကြီးသို့ ဝင်လေ၏။ မထေရ်သည် ထိုနေရာ၌သာလျှင် စိတ်၏တည်ကြည်မှုကို ရ၍ ဝိပဿနာတရား အားထုတ်လေလျှင် မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

(အံ - ဋီ - ၃ - ၁၂၉)

၅။ ပဓာနိယထေရ်၏ ဖရဏပီတိ၌ ဆောင်ရွက်လက်များ

၁။ သိဟိုဠ်ခေတ်က၊ ပဓာန၊ သမဏတစ်ပါးသည်၊
၂။ အရိယဝံသာ၊ ဓမ္မတ်မျှော၊ ကောင်းစွာနာနေသည်။
၃။ အဆိပ်ပြင်းတွေ့၊ မြွေလေပဲ၊ ကိုက်ခဲခံရဖြို။
၄။ ကြည်စိတ်ဖြင့်သာ၊ တရားသာ၊ ဆက်ကာနာနေသည်။
၅။ ကိုယ်ပေါ် အထက်၊ ဆိပ်ဒဏ်ချက်၊ တက်လျက်နေလေသည်။
၆။ ကိုယ့်သိလေပင်၊ ဆင်ခြင်လျှင်၊ ဖြူစင်တွေ့မြင်ဖြို။
၇။ ဖိတိလွှမ်းချက်၊ ကိုယ်လုံးထက်၊ ပြည့်လျက်ရှိနေဖြို။
၈။ ဖိတိဖြစ်လို့၊ မြွေဆိပ်တို့၊ မြေသို့ဝင်လေဖြို။
၉။ စိတ်တည်ကြည်လာ၊ ဝိပဿနာ၊ ကောင်းစွာရှုပွားဖြို။
၁၀။ မဂ်လေးပါးပေ၊ ပေါ် ကာလေ၊ ကိလေကင်းစင်ဖြို။

၆။ ပုဿဒေဝထေရ်၏ ဖရဏပိတိ ။ ။ ကဋ္ဌအန္ဓကာရကျောင်း၌ သိတင်းသုံးသော ပုဿဒေဝထေရ်သည် စေတီရင်ပြင်ကို တံမြက်စည်းလှဲပြီးနောက် ရေနွေးပူဖြင့် ခင်းဘိသကဲ့သို့ သဲဖြူခင်းထားသော စေတီရင်ပြင်ကို ကြည့်လျက် ဘုရားကို အာရုံပြုနေစဉ် ပိတိတရားဖြစ်ပေါ်ကာ ရပ်တည်လျက် နေလေ၏။ ထိုခဏာ၌ မာရ်နတ်သည် တောင်ခြေရင်း၌ရှိသော မျောက်ညိုကဲ့သို့ ဖန်ဆင်း၍ စေတီရင်ပြင်၌ နွားချေးကို ဖြန့်ကြဲလျက်သွားလေ၏။ ထိုမထေရ်သည် တရားကို ရှုပွားသော်လည်း အရဟတ္တဖိုလ်သို့ မရောက်ဘဲသာလျှင် နွားချေးများကို ဖယ်ထုတ်သန့်ရှင်း၍ သွားလေ၏။

နောက်တစ်နေ့၌လည်း ပုဿဒေဝထေရ်သည် စေတီရင်ပြင်၌ ဘုရားကို အာရုံယူနေစဉ် မာရ်နတ်သည် နွားအိုကြီးယောင်ဆောင်၍ စေတီတော်ရင်ပြင်၌ နွားချေးများကို ဖြန့်ကြဲလျက် သွားပြန်လေ၏။

သုံးရက်မြောက်နေ့၌လည်း မာရ်နတ်သည် ခြေကောက်၊ လက်ကောက်ရှိသော လူ့အသွင်ကို ဖန်ဆင်းလျက် ဒရွတ်တိုက်သွားဟန်ကို ပြုစဉ် ပုဿဒေဝထေရ်သည် *'ဤနယ်တစ်ဝိုက် ဤမျှအရုပ်ဆိုးသော လူမျိုး မရှိချေ။ ဤလူသည် မာရ်နတ်များ ဖြစ်နေမလားပဲ'* ဟု ကြံစည်ပြီးနောက် *'သင်ကား မာရ်နတ်လော'* ဟု မေးလေရာ *'ဟုတ်မှန်ကြောင်း'* ဝန်ခံလေ၏။ ထိုအခါ မထေရ်သည် *'သင်သည် မြတ်စွာဘုရားကို ပူးပြင်ပူးသူ ဖြစ်၍ မြတ်စွာဘုရား၏ အဆင်းကို ငါ့အား ဖန်ဆင်းပြပါဦးလော့'* ဟု တိုက်တွန်း၍ ဖန်ဆင်းပြလေရာတွင် အလွန်သပ္ပါယ်သော ဘုရားအဆင်းကို ပူးပြင်ရ၍ –

'ရာဂ၊ ဒေါသ၊ မောဟ မကင်းသော ဘုရားအတုမျှပင် ဤမျှလောက် တင့်တယ်လျှင် ရာဂ၊ ဒေါသ၊ မောဟ ကင်းစင်သော ဘုရားအစစ်မူကား မည်မျှတင့်တယ်မည်နည်း' ဟူ၍ ဘုရားလျှင် အာရုံရှိသော ပီတိများ ဖြစ်ပွားလာရာမှ ဝိပဿနာပွားလေရာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

(၀ - ၄ - ၄ - ၁၇၄)

၆။ ပုဿဒေဝထေရ်၏ ဖရဏပိတိ၌ ဇံဆောင်ရန်လင်္ကာများ

၁။ ကဋ္ဌအန္ဓကာရ၊ ကျောင်းဦးပ၊ ဗုဿမထေရ်သည်၊
၂။ စေတီရင်ပြင်၊ အမှိုက်ထင်၊ လွဲအင်ရပ်တည်ပြီ။
၃။ ဘုရား၏ဂုဏ်၊ စိတ်မှာထုံ၊ အာရုံယူလေပြီ။
၄။ မာရ်နတ်ခေါ် တွင်၊ မျောက်ညိုပုံ၊ အသွင်ဆောင်ကာသည်၊
၅။ စေတီပြင်အား၊ နွားချေးများ၊ ချထားခဲ့လေသည်။
၆။ မထေရ်မြတ်မှာ၊ သန့်ရှင်းကာ၊ ပြန်ကာကြွရသည်။
၇။ နောက်တစ်နေ့တွင်၊ နွားအိုသွင်၊ ဖန်ဆင်နှောက်ပြန်သည်။
၈။ မထေရ်မြတ်လဲ၊ သန့်အောင်ပါ၊ ပြုမြဲပြန်ရသည်။
၉။ တစ်နေ့အရောက်၊ ခြေကောက်၊ လက်ကောက်ပြ၍သည်၊

၀၀။	ဒဂ္ဂတ်တိုက်ပြန်၊	လိမ်ဖယ်မှန်၊	ထွားဟန်ပြုပြန်သည်။
၁၁။	ဤနယ်တစ်ရိုး၊	ဤမျှဆိုး၊	မြဝိုးရိုးမရှိပြီ။
၁၂။	ဤသို့ကြံကာ၊	မာရ်နတ်သာ၊	ကောင်းစွာသိလေပြီ။
၁၃။	မာရ်နတ်တိုထင်း၊	ဘုရားဆင်း၊	ဓနဆင်းပြခိုင်းပြီ။
၁၄။	ကိလေသကွာ၊	အတုသာ၊	လွန်စွာတင့်တယ်သည်။
၁၅။	ကိလေသကွာလောက်၊	ဗုဒ္ဓရောက်၊	ဘယ်လောက်တင့်တယ်မည်။
၁၆။	ဗုဒ္ဓတိုတို၊	အာရုံမို၊	ဖိတိုဖြစ်လေပြီ။
၁၇။	ဝိပဿနာ၊	ရွယ်ရာ၊	ရဟန္တာဖြစ်လေပြီ။
၁၈။	ဗုဒ္ဓါရမ္မဏာ၊	ဖိတိဇာ၊	လွန်စွာကျိုးများသည်။

၇။ <u>မဟာကပ္ပိနထေရ်၏ ပရဏာပီတိ</u> ။ ။ မဟာကပ္ပိနထေရ်သည် ရှေးလူဖြစ်စဉ်အခါက သာဝတ္ထိပြိုမှ ယူဇနာ (၁၂၀) ဝေးသော ကုက္ကုဋ္ဌဝတီပြို၌ မင်းတစ်ပါးဖြစ်၏။ မဟာကပ္ပိနမင်းကြီးသည် လူ့လောက၌ 'ဘုရား၊ တရား၊ သံဃာ' ဟူသော ရတနာသုံးပါး ဖြစ်ထွန်းပေါ်ပေါက်နေသည်ကို မသိသေးသည်ဖြစ်၍ မြင်းဧရာကျောမ်များကို နှစ်ယူဇနာ၊ သုံးယူဇနာ အရပ်သို့တိုင်အောင် လှည့်လည်ခိုင်း၍ ရတနာသုံးပါး သတင်းစကားကို နားထောင်ခိုင်းလေ၏။ သို့ရာတွင် သတင်းစကားကို မကြားရပေ။

တစ်နေ့သောအခါ၌ အမတ်တစ်ထောင်နှင့်တကွ မြင်းယာဉ်ကိုစီး၍ ဥယျာဉ်သို့ လှည့်လည်သည်ရှိသော် ပြိုသို့ ဝင်လာသော ကုန်သည်ဒါးရာတို့ကို တွေ့မြင်၍ ဤပြိုမှ ယူဇနာ (၁၂၀) ဝေးသော သာဝတ္ထိပြိုမှ လာကြသည်ကို သိမြင်ရ၍ ထိုသာဝတ္ထိ၌ သတင်းထူး သတင်းမြတ်အကြောင်းကို မေးလေလျှင် ကုန်သည်တို့သည် *'အခြားသော သတင်းထူးတော့ မရှိပါ။ သစ္စာလေးပါး မြတ်တရားကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားတော့ ပွင့်ပေါ်တော်မူနေပြီ'* ဟု၍ လျှောက်တင်လိုက်လေ၏။

ကမ္ဘာများစွာ၊ ဘဝပေါင်းများစွာ ရတနာသုံးပါးနှင့် အကျွမ်းတဝင် ရင်းနှီးလာခဲ့သော မဟာကပ္ပိနမင်းကြီးသည် ထိုအသံကို ကြားလျှင် ဒါးပါးအဆင်းရှိသော ပီတိဖြင့် တစ်ကိုယ်လုံး တွေ့ထိအပ်သည်ဖြစ်၍ တစ်ခဏမျှ သညာကင်းသလိုဖြစ်ပြီး ဒုတိယအကြိမ် ပြန်၍ မေးယူရလေ၏။ ဒုတိယအကြိမ်၌ ထိုသို့ ဖြစ်ပြန်သဖြင့် တတိယအကြိမ် မေးယူရပြန်လေ၏။ စတုတ္ထအကြိမ်ကျမှ ပုံမှန်အနေအထားသို့ ရောက်၍ ယင်းသတင်းစကားအတွက် ငွေတစ်သိန်း ဆုချလေ၏။ တရားရတနာ၊ သံဃာရတနာတို့၌လည်း ထို့အတူ တစ်သိန်းစီ ဆုချသောအားဖြင့် ရတနာသုံးပါးအတွက် သုံးသိန်းဆုချလိုက်လေ၏။ ယင်းငွေသုံးသိန်းကို အနောဇာမိဖုရားထံ ထုတ်ယူရန် မှာကြား၍ မဟာကပ္ပိနမင်းကြီးသည် ရတနာသုံးပါးကို ကြားရာထိုအရပ်မှ နန်းတော်သို့ ပြန်မနေဘဲ ဘုရားထံသို့ ဦးတည်၍ အမတ်တစ်ထောင်နှင့်တကွ ထွက်လာခဲ့လေ၏။

အနောဇာဒေဝီမိဖုရားသည်လည်း မဟာကပ္ပိနမင်းကြီးကဲ့သို့ ဖြစ်၍ ရတနာတစ်ပါး တစ်ပါးကို သုံးသိန်းစီ ဆုချ၍ သုံးပါးအတွက် ကိုးသိန်းဆုချလိုက်လေ၏။ အနောဇာဒေဝီမိဖုရားသည်လည်း အမတ်တစ်ထောင်တို့၏

ဇနီးတို့နှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်၍ မြတ်စွာဘုရားထံသို့ ဦးတည်၍ ထွက်လာခဲ့ကြလေကုန်၏။ ဘုရားနှင့် တွေ့ရသောအခါ အားလုံးရဟန်းပြုခွင့်ရကြ၍ ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်ကြလေကုန်၏။

ရဟန္တာ အဖြစ်သို့ ရောက်ပြီးသော မဂ္ဂင်မဟာကပ္ပိနထေရ်သည် နေ့နေရာ၊ ညဉ့်နေရာအရပ်တို့၌ *'အဟော သုခံ ... ဩ ... ချမ်းသာလေစွ၊ အဟော သုခံ ... ဩ ... ချမ်းသာလေစွ* ' ဟူ၍ ဥဒါန်းကျူးကာ လှည့်လည်နေသည်ကို ရဟန်းတော်များ အထင်လွဲကာ မြတ်စွာဘုရားအား လျှောက်ထားကြသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အဂ္ဂင်မဟာကပ္ပိနမထေရ်အား ခေါ်ယူမေးမြန်းပြီးနောက် နိဗ္ဗာန်တရားကို အကြောင်းပြု၍သာလျှင် ဥဒါန်းကျူးခြင်းဖြစ်ကြောင်းကို မိန့်ဆိုတော်မူပြီးလျှင် အောက်ပါ ဂါထာဖြင့် တရားဟောတော်မူလေ၏။

ဓမ္မပိတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ၊
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

တရားတည်းဟူသော အပြိုက်ရေကို သောက်ရသောသူသည် အထူးသန့်ရှင်းကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော တရား၌ မွေ့လျော်ပျော်ပိုက်လေ၏။

(ဓမ္မ ၄ - ၁ - ၃၅၃/၃၅၉)

၇။ အဂ္ဂင်မဟာကပ္ပိနထေရ်၏ ပရဿပီတိလာ ဆောင်ရန်လက်စွဲများ

၁။	ကုက္ကုဠမြို့က၊	မင်းရာဇ၊	ကပ္ပိနဖြစ်လေသည်။
၂။	ရတနာသုံးပါး၊	သတင်းအား၊	ရှာဖြားခိုင်းလေသည်။
၃။	တစ်နေ့အခါ၊	ဥယျာဉ်သာ၊	ထွက်ခွါလာခဲ့သည်။
၄။	အမတ်တစ်ထောင်၊	ခြံရံတောင်၊	ခေါ် ဆောင်လာခဲ့သည်။
၅။	ကုန်သည်ငါးရာ၊	မြို့ဝင်လာ၊	ကောင်းစွာတွေ့ မြင်ပြီ။
၆။	၁၂၀-ဝေးဘိ၊	သာဝတ္ထိ၊	လာရှိသိလေပြီ။
၇။	သတင်းထူးမျှား၊	ရှိသလား၊	မေးငြားပြုလေပြီ။
၈။	ရတနာသုံးပါး၊	ရှိပါငြား၊	ဖြေကြားကြလေပြီ။
၉။	ဘဝများစွာ၊	ကျင်လည်ရာ၊	ရတနာများနှင့်သည်၊
၁၀။	မစိမ်းခဲ့တည်း၊	အလွန်ကြီး၊	ရင်းနှီးခဲ့လေသည်။
၁၁။	ရတနာသုံးဖြာ၊	ကြားလိုက်ရာ၊	ဝမ်းသာလွန်း၍သည်၊
၁၂။	ကိုယ်လုံးဖိတ်၊	လွမ်းခြုံဘိ၊	စိတ်သိလွတ်သွားသည်။
၁၃။	သုံးကြိမ်သုံးတန်၊	မေးရပြန်၊	ပုံမှန်ဖြစ်သွားသည်။

၁၄။ ပီတိတွေကိန်း၊ လျော်လိုရှိန်း၊ သုံးသိန်းဆုရ၍သည်။
၁၅။ နန်းတော်သို့ပင်၊ မပြန်အင်၊ မြတ်ရှင်ဆက်ထွားပြီ။
၁၆။ ထံတော်ရောက်ဘိ၊ ရဟန်းတိ၊ စတိဖြစ်ကြပြီ။
၁၇။ မကြာမီမှာ၊ သမ္ဘိဒါ၊ ရဟန္တာဖြစ်ကြသည်။
၁၈။ နောဇတို့လဲ၊ ထိုတူပဲ၊ မလွဲဖြစ်ကြသည်။
၁၉။ မဟာကပ္ပိန်၊ တောသုခံ၊ ဖန်ဖန်ကျူးရင့်သည်။
၂၀။ ဘုရားမြတ်စွာ၊ သိလေရာ၊ ဂါထာဟောလေပြီ။
၂၁။ အမြိုက်အရသာ၊ သောက်သူမှာ၊ ကြည်စွာစိတ်ဖြင့်သည်၊
၂၂။ ချမ်းချမ်းသာသာ၊ အေးချမ်းစွာ၊ တောင်းစွာနေရသည်။
၂၃။ ကြောင်းကျိုးမြင်သိ၊ ပညာရှိ၊ ဖြစ်တိုးတိုသည်၊
၂၄။ တရားတော်ဌ၊ လွန်စွာထိုက်၊ ပျော်ပိုက်ကြလေသည်။
၂၅။ အချင်းခပ်သိမ်း၊ ဓိတိတိန်း၊ အေးငြိမ်းကြလေသည်။

၅။ အရှင်ရာဟုလာ၏ ဓမ္မရုတိ ။ ။ ဘုရားသားတော် အရှင်ရာဟုလာသည် မြတ်စွာဘုရား၏ လောကုတ္တရာအမွေ အပြစ် (၇)နှစ်သားအရွယ်ကပင် ရှင်သာမဏေဘဝသို့ ရောက်ခဲ့လေရာ ယခုအခါ (၁၈)နှစ်အရွယ်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ တစ်နေ့သောအခါ၌ သာဝတ္ထိပြိုတွင်းသို့ မြတ်စွာဘုရားရှင် ဆွမ်းခံကြွတော်မူသည်ရှိသော် ရှင်ရာဟုလာသည်လည်း ဘုရားရှင်၏ နောက်တော်ပါးက ဖဝါးခြေထပ် စဉ်မပြတ် ကပ်၍ လိုက်ပါလာခဲ့လေသည်။

လူ့လောက၌ (၁၈)နှစ်ဟူသော အရွယ်သည် စိတ်ကစားတတ်သည့်အရွယ် ဖြစ်သည့်အားလျော်စွာ အလွန် တင့်တယ်တော်မူသော မြတ်စွာဘုရားရှင်၏ အဆင်းရုပ်ကာကို ကြည့်၍ '*မြတ်စွာဘုရားရှင်၏ ရုပ်အဆင်းတို့သည် ကား အလွန်မှပင် တင့်တယ်သပ်ပိုယ်တော်မူပါပေစွတကား*' ဟု ကြံစည်လေ၏။ ထို့နောက် ပီပီကိုယ်ကို ပြန်၍ ကြည့်ပြန်သောအခါ၌လည်း '*ငါ၏ ရုပ်အဆင်းသည်လည်း တင့်တယ်ပေ၏။ အကယ်၍ မြတ်စွာဘုရားသည် ကျွန်းကြိုးလေးကျွန်း၌ စကြာဝတေးမင်း ပြုလေငြားအံ့ - ငါသည်လည်း သားကြိုး ညြရသအရာ၌ တည်ရှိမည် ဖြစ်၏။ ဤသို့ ဖြစ်သည်ရှိသော် ဤဇမ္ဗူဒိပ်ကျွန်းသည် အလွန်ပင် တင့်တယ်ခြင်းအစုသို့ ရောက်လေရာ၏*' ဟု ပီပီကိုယ်ကို မှီ၍ အိမ်၌ဖြစ်သော ဆန္ဒရာဂသည် ဖြစ်ပေါ်၍ လာလေ၏။

ရှေ့က ကြွတော်မူနေသော မြတ်စွာဘုရားသည်လည်း ကြွတော်မူရင်းပင် '*ဤရာဟုလာသည်ကား အရေ၊ အသား၊ အသွေးတို့ ပြည့်ဖြိုးခြင်းသို့ ရောက်ခဲ့လေပြီ။ ဤအရွယ်သည်ကား တပ်မက်ဖွယ် အာရုံတို့၌ စိတ်ကစား သော အရွယ်ဖြစ်လေ၏။ ဤရာဟုလာသည် အဘယ်သို့သော အကြံအစည်ကို ကြံစည်၍နေသနည်း*' - ဟု ဆင်ခြင်လေလျှင် ကြည်လင်သောရွှေ့ သွားနေသော ငါးကို မြင်ရဘိသကဲ့သို့လည်းကောင်း၊ ကြည်လင်သော

ကြေးမုံမှန်၌ မျက်နှာရိပ်ကို မြင်ရတိသကဲ့သို့လည်းကောင်း ထိုရာဟုလာ၏ စိတ်ဖြစ်စဉ်ကို ကောင်းစွာသိမြင်တော်မူလေပြီ။ ရာဟုလာအား 'ဤပုံအတိုင်း လွှတ်ပေးထားလျှင် ပျက်စီးချေတော့မည် '– ဟု ဆင်ခြင်တော်မူလျက် ဆင်ပြောင်ကြီး လှည့်သကဲ့သို့ နောက်သို့ လှည့်တော်မူကာ –

'ရာဟုလာ ... အလုံးစုံသော ရုပ်သည် ဧကိုင်ဉစွာမဟုတ်။ ဧမဟုတ်၊ မိမိကိုယ် အတ္တမဟုတ်။ အနတ္တာဖြစ်၏ ဟု ဟုတ်မှန်သောအတိုင်း သမ္မပညာဖြင့် ရှုရမည် ' ဟု စသည် မိန့်ကြားတော်မူလေ၏။

ထိုအခါ အရှင်ရာဟုလာသည် ဤသို့ ကြံစည်လေ၏။

' မြတ်စွာဘုရားရှင်သည် ဧ၏ အတ္တဘောဌ မိသော ဆန္ဒရာဂကို သိတော်မူ၍ ပရိယာယ်ဖြင့်လည်းကောင်း၊ တမန်လွှတ်၍လည်းကောင်း ဆုံးမတော်မမူဘဲ ဧ၏ ပျက်မှောက်၌ ရပ်တော်မူ၍သာလျှင် ခိုးထုပ်ခိုးထည်နှင့်တကွ မိသော သူခိုးကို ဆံပင်၌ကိုင်၍ ဖမ်းယူဘိသကဲ့သို့ ဧ့အား ပျက်မှောက်၌ပင် ဆုံးမဩဝါဒကို ပေးလေပြီ။ မြတ်စွာဘုရားရှင်၏ အဆုံးအမ ဩဝါဒမည်သည် ကမ္ဘာအသချေ်ကြာသော်လည်း အလွန်ပင်ရခဲလှပေ၏။ ဤသို့သဘောရှိသော မြတ်စွာဘုရား၏ ပျက်မှောက် ဆုံးမဩဝါဒကို ရသည်ရှိသော် အဘယ်မည်သော ပညာရှိသည် ယနေ့အဖို့ ရွာသို့ ဆွမ်းခံဝင်တော့အံ့နည်း ' ဟု ကြံစည်ကာ ထိုနေရာမှ ပြန်လှည့်၍ သစ်ပင်ရင်းသို့ ချဉ်းကပ်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေ၏။

မြတ်စွာဘုရားရှင်သည်လည်း *'ရာဟုလာ ... ဤအချိန်သည် ဆွမ်းခံချိန်တည်း '* ဟု တားမြစ်တော်မမူဘဲ *'ယနေ့ ရာဟုလာသည် ကာယဂတာသတိ အမြိုက်အရာသာကို သုံးဆောင်စေဦးလော့'* ဟူ၍ နှလုံးသွင်း၍ တားမြစ်တော်မမူလေ။

အရှင်ရာဟုလာ၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အရှင်သာရိပုတြာမထေရ်သည်လည်း ဆွမ်းခံကြွလာသည်ရှိသော် ကမ္မဋ္ဌာန်းသို့ ရှေးရှုထိုင်နေသော အရှင်ရာဟုလာကို တွေ့ မြင်၍ အရှင်ရာဟုလာထိုင်နေသော အနေအထားသည် *'အာနာပါန ကမ္မဋ္ဌာန်းဖြင့် သင့်လျော်သည်'* ဟု နှလုံးသွင်းကာ *'ရာဟုလာ ... သင်သည် အာနာပါနသတိကို ပွားများလော့'* ဟူ၍ စသည်ဖြင့် ဩဝါဒစကား မိန့်ကြားလေ၏။

အရှင်ရာဟုလာသည်ကား ယနေ့အဖို့အရာ *' ဧဆွမ်းခံ မထွက်သည်ကို မြတ်စွာဘုရားသည်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း သိတော်မူကြပါလျက် ဆွမ်းအာဟာရကို စီစဉ်ပေးမှု မရှိကြပေ'* ဟူ၍ စိတ်မျှပင် မဖြစ်ဘဲ *'မြတ်စွာဘုရားထံမှ ရုပ်ကမ္မဋ္ဌာန်းကိုလည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတြာထံမှ အာနာပါနသတိ ကမ္မဋ္ဌာန်းကိုလည်းကောင်း ရွတ်ဖွားရန် ဩဝါဒစကားကို ရရှိပေပြီ '* ဟူ၍ ဝမ်းမြောက်ပီတိ ဖြစ်ရှိလျက် တရားၭီ ပျော်မွေ့ကာ ထိုနေ့အဖို့ အရှင်ရာဟုလာသည် ဆွမ်းအာဟာရ ပြတ်လေ၏။

သူတော်ကောင်း ပညာရှိတို့မည်သည် ဤသို့ပေတည်း ဟု သိမြင်နိုင်ကြပေ၏။

(မ - ၂ - ၈၃ / ၈၄။ မ ဋ္ဌ - ၃ - ၉၂/ ၉၆)

၈။ အရှင်ရာဟုလာ၏ ဓမ္မရတိ၌ ဆောင်ရန်လက်ကျများ

၀။	တုရားမြတ်စွာ၊	သားသည်းခြာ၊	ရာဟုလာကိုရင်သည်၊
၂။	သက်ခုနှစ်နှစ်၊	ရှင်စဖြစ်၊	ဆယ့်ရှစ်ရောက်လာပြီ။
၃။	ဤအရွယ်ကား၊	စိတ်သည်ကား၊	ကစားတတ်လေသည်။
၄။	ဗုဒ္ဓမြတ်စွာ၊	ရာဟုလာ၊	နောက်ပါစေ၍သည်၊
၅။	သာဝတ္ထိမြို့တွင်း၊	ဆွမ်းခံထင်း၊	ကြွရောင်းပြုလေထည်။
၆။	နောက်မှနေကာ၊	ရာဟုလာ၊	နောက်ပါစေ၍သည်၊
၇။	ဘုရားရုပ်ထင်း၊	အလွန်မင်း၊	ရုပ်ဆင်းတင့်တယ်ထည်။
၈။	ငါလဲတစ်မူ၊	ရုပ်ဆင်းဟူ၊	လွန်မူတင့်တယ်ထည်။
၉။	အကယ်၍သာ၊	ဘုရားထာ၊	စကြာဖြစ်ရင်သည်၊
၁၀။	ငါရာဟုလေ၊	ဩရသ၊	မုချဖြစ်ပေမည်။
၁၁။	ဤသို့ဖြစ်မူ၊	ဤဇမ္ဗူ၊	လွန်မူတင့်တယ်မည်။
၁၂။	ဧကဘသိတာ၊	ဆန်ရာဂါ၊	ဖြစ်ကာထွားလေဖြို။
၁၃။	ရှေ့ ကြွရင်းပင်၊	ဘုရားရှင်၊	ဆင်ခြင်မိလေဖြို။
၁၄။	ရာဟုလာကား၊	ဘာတွေများ၊	စဉ်းစားနေလေသည်။
၁၅။	ကြည်လင်ရေထဲ၊	ငါးတွေပဲ၊	ထဲကွဲမြင်သို့သည်၊
၁၆။	ရာဟုအကြံ၊	သိချမှန်၊	လှည့်ပြန်ဆုံးမဖြို။
၁၇။	လုံးစုံရုပ်တိုင်၊	ငါမဖိုင်၊	နိုင်နိုင်ရှုရမည်။
၁၈။	ငါမဟုတ်ပါ၊	အနတ္တာ၊	ရှုကာနေရမည်။
၁၉။	ဤသို့မြတ်စွာ၊	ဆုံးမရာ၊	ရာဟုလာကိုရင်သည်၊
၂၀။	သွယ်ဝိုက်,တမန်၊	ဆုံးမပြန်၊	ပေးဟန်မဟုတ်ဖြို။
၂၁။	မျက်မှောက်ဌိသာ၊	ဧတံရိုက်သာ၊	ကောင်းစွာဆုံးမဖြို။
၂၂။	ကမ္မာကမ္မေ၊	အသချေ့၊	လွန်လေကြာခဲ့ဖြို။
၂၃။	ဘုရားမြတ်စွာ၊	ဆုံးမတာ၊	လွန်စွာရခဲသည်။
၂၄။	ဤသို့သိရာ၊	ဆွမ်းခံရွာ၊	ဘယ်မှာသွားတော့မည်။
၂၅။	ထိုမှတပ်ခေါက်၊	သစ်ပင်အောက်၊	အရောက်လှမ်းလေဖြို။
၂၆။	တရားဖြိုက်ဦး၊	သောက်လေဦး၊	ရည်စူးမတားဖြို။

၂၇။ ရှင်ရာဟုလာ၊ ထိုင်နေရာ၊ ပုတ္တာတွေ့မြင်ပြီ။
၂၈။ ထွက်လေထွက်မှု၊ ဝင်လေမှု၊ ပွားရှုခိုင်းလေပြီ။
၂၉။ ယနေ့ဖို့ရာ၊ ရာဟုလာ၊ လွန်စွာဝမ်းမြောက်ပြီ။
၃၀။ ဘုရားရောပါ၊ ဆရာပါ၊ သြဝါပေးကြပြီ။
၃၁။ ဤသို့တွေးကာ၊ ဖိတိဖြာ၊ အာဇာကင်းပြတ်ပြီ။
၃၂။ ပညာရှိဆိုတာ၊ ဤသို့ပါ၊ ကောင်းစွာသိနိုင်ပြီ။

ဖိတိအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • •

သုခဝေဒနာအဖွင့်လာ ကိုယ်ကျင့်တရားများ

လက္ခဏာများ ။ ။ ပီတိအဖွင့်ကို ပြဆိုပြီးနောက် သုခဝေဒနာ၏ အဖွင့်ကို ဆက်၍ပြ၏။ ချမ်းသာစေတတ်သောကြောင့် သုခမည်၏။ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ သုခဝေဒနာ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ချမ်းသာအောင်ပြုတတ်၏။ ထို့ကြောင့် သုခမည်၏။ တစ်နည်း – ကိုယ်၌၊ စိတ်နှာ နှစ်ပြာသော ဒုက္ခဝေဒနာကို လွန်စွာခဲစားတတ်၏။ တူးလည်း တူးဖြိုတတ်၏။ ထို့ကြောင့် သုခမည်၏။ ဤသုခသည် သောမနဿဝေဒနာ၏ အမည်တည်း။ ဤသုခ၏ လက္ခဏာ စသည်တို့ကို ရှေးကပြခဲ့ပြီ။ ဤ၌ တစ်နည်းပြဦးအံ့ –

ဤသုခသည် –

၁။ သာတ လက္ခဏံ – သာယာစေတတ်သော လက္ခဏာရှိ၏။

၂။ သမ္ပယုတ္တာနံ ဥပဗြူဟန ရသံ – သမ္ပယုတ်တရားတို့ကို တိုးပွားစေခြင်း ကိစ္စရှိ၏။

၃။ အနုဂ္ဂဟ ပစ္စုပဋ္ဌာနံ – ချီးမြှောက်ခြင်း သဘောဟု ဉာဏ်အား ရှေးရှုထင်၏။

ပီတိ, သုခအထူး ။ ။ ဤဌာနရုံကို ရခြင်းကြောင့် နှစ်သက်ခြင်း သဘောသည် ပီတိတည်း။ ရအပ်ပြီးသောအာရုံကို ခံစားခြင်းသည် သုခတည်း။ ပီတိစိတ်ဖြစ်တိုင်း သုခဝေဒနာဖြစ်၏။ သုခဝေဒနာဖြစ်တိုင်း ပီတိဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်လည်း ရှိ၏။ ပီတိကား သခ်ါရက္ခန္ဓာတည်း။ သုခဝေဒနာကား ဝေဒနာက္ခန္ဓာတည်း။

နွေခေါင်ခေါင် ရေဆာနေသောအခါ၌၊ ပူလောင်အိုက်စပ်နေသောအခါ၌ ကြည်လင်သောရေကို တွေ့မြင်ရလျှင် နှစ်သက်၏။ ယင်းသည် ပီတိသဘောတည်း။ ကြည်လင်အေးမြသော ရေကို သောက်ရ၊ ချိုးရခြင်းသည် သုခဝေဒနာတည်း။ ဤသို့ 'ပီတိ၊ သုခ' အထူးကို သိအပ်ပေ၏။

(စိတ်၏ ချမ်းသာခြင်းဟု ဆိုအပ်သော ဤသုခဝေဒနာသည် သောမနဿဝေဒနာပင်ဖြစ်၍ သောမနဿဝေဒနာနှင့်စပ်၍ သာဓကဝတ္ထုများကို ရှေးက ဖော်ပြခဲ့ပြီးပြီတည်း)

(အဘိ ၄ - ၁ - ၁၆၀/၁)

အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ

သုခဇာတ်၌ ဆောင်ရန်လက်ခံများ

၁။	သုခသတော၊	ချမ်းသာပြော၊	သဘောသိုင်ဝင်သည်။
၂။	သုခလေကွဲထား၊	အာရုံမှာ၊	သာယာစေတတ်သည်။
၃။	ကိုယ်စိတ်နာကို၊	ခဲစားဆို၊	တူးဖြိုပစ်တတ်သည်။
၄။	ရသမူကား၊	ယှဉ်ဘက်အား၊	တိုးပွားစေလေသည်။
၅။	ပစ္စုပ္ပန်မူ၊	ချီးမြှောက်ဟူ၊	ဉာဏ်မူထင်လာသည်။
၆။	ဖိတ်,သုခါ၊	ထူးခြားတာ၊	ကောင်းစွာသိရမည်။
၇။	ဖိတ်ဆိုတာ၊	နှစ်သက်တာ၊	သုခါခံစားသည်။
၈။	ဖိတ်ဖြစ်ရာ၊	သုခပါ၊	သုမနာမပါပြီ။
၉။	ဝေဒနာကွဲခွာ၊	သုခသာ၊	သခ်ါ ဖိဖြစ်သည်။
၁၀။	ရေဆာနေသူ၊	ရေမြင်မူ၊	လွန်စွာနှစ်သက်သည်။
၁၁။	ချိုးတာသောက်တာ၊	သုခပါ၊	ထူးတာသိုင်ဝင်ပြီ။
၁၂။	သောမနဿ သုခ၊	တူ၍ပါ၊	သာဓက မပြုပြီ။

သုခဝေဒနာလာ ကိုယ်ကျင့်တရားများ ပြီး၏။

ကေဂ္ဂတာ အဖွင့်လာ ကိုယ်ကျင့်တရားများ

၁။ လက္ခဏာများ ။ ။ သုခဝေဒနာကို ဖွင့်ဆိုပြီးနောက် ကေဂ္ဂတာကို ဆက်၍ ဖွင့်ဆို၏။ ကေဂ္ဂတာဟူသည် စိတ္တသ ကေဂ္ဂဘာဝေါ သမာဓိသေတံ နာမံ သမာဓိ ။

၁။ ပါမောက္ခ လက္ခဏော စ၊ အဝိက္ခေပ လက္ခဏော စ၊ အပရောနယော အဝိသာရလက္ခဏော။

၂။ သဟဇာတဓမ္မာနံ သမ္မိက္ခနာ ရသော၊

၃။ ဥပသမ ပစ္စုပဋ္ဌာနော၊ ဉာဏ ပစ္စုပဋ္ဌာနော၊

၄။ သုခ ပဒဋ္ဌာနော။

စိတ်၏ တစ်ခုတည်းသော အာရုံ၌ ဖြစ်မှုသဘောသည် ကေဂ္ဂတာတည်း။ ထိုကေဂ္ဂတာသည် သမာဓိ၏ အမည်တည်း။

၁။ ပါမောက္ခ လက္ခဏော ။ ။ ဤသမာဓိသည် အကြီးအမှူး၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ စုလစ်မွမ်းချွန် အထွတ်ရှိသော အိမ်၏အချက်သည် ကြွင်းသော အခြင်ရနယ်စသည်တို့ကို ဖွဲ့ထားတတ်သည်၏အဖြစ်ကြောင့် အကြီးအမှူး ပဓာနဖြစ်သကဲ့သို့ ဤသမာဓိတရားသည်လည်း ကုသိုလ်တရားတို့၏ အကြီးအမှူး ဖြစ်လေ၏။

အဝိက္ခေပ လက္ခဏော ။ ။ ပျံ့လွင့်ခြင်း ဝိက္ခေပ၏ ဆန့်ကျင်ဘက်အဖြစ်ဟူသော လက္ခဏာသဘောလည်း ရှိ၏။ ရှင်ဘုရင်ဦးစီး၍ စစ်ဆုတ်ရာ၊ တက်ရာတို့၌ စစ်သားများသည် မိမိတို့၏ ဦးစီးဆောင် ရှင်ဘုရင်ရှိရာသို့သာ ပေါင်းစုရသကဲ့သို့ ရှင်ဘုရင်သည် စစ်သားများကို ဖရိုဖရဲ ပြန့်ကျဲမသွားအောင် ပေါင်းစုထားနိုင်ဘိသကဲ့သို့ ဤသမာဓိသည်လည်း မိမိနှင့် ယှဉ်ဘက်တရားတို့ကို ဖရိုဖရဲ ပြန့်ကျဲမသွားအောင် ပေါင်းစုပေးခြင်း လက္ခဏာရှိ၏။ ယင်းကိုပင် ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်အဖြစ်ဟူသော လက္ခဏာရှိ၏ဟု ဆိုထားခြင်း ဖြစ်သည်။

အပရောနယော အဝိသာရလက္ခဏော ။ ။ မိမိပင်ကိုယ်သဘောအားဖြင့် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။

၂။ သဟဇာတဓမ္မာနံ သမ္မိက္ခနာ ရသော ။ ။ မိမိနှင့် အတူဖြစ်ဘက်တရားတို့ကို ပေါင်းစုပေးခြင်း ကိစ္စရှိ၏။ ရေသည် မုန့်မှုန့်၊ ဆပ်ပြာမှုန့်တို့ကို ပေါင်းစုပေးသကဲ့သို့ ဤသမာဓိသည်လည်း အတူဖြစ်ဘက်တရားတို့ကို ပေါင်းစုပေးထားခြင်း ကိစ္စရှိလေသည်။

၃။ ဥပသမ ပစ္စုပ္ပဋ္ဌာနော ။ ။ ငြိမ်သက်တည်ကြည်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။ လေငြိမ်ရာ၌ ထွန်းသော ဆီမီးကဲ့သို့ စိတ်သည် ငြိမ်သက်တည်ကြည်နေ၏။ ဤသဘောအရ အာရုံပေါ်၌ စိတ္တက္ခဏတစ်ချက်မျှ ကျရောက်ခြင်း မဟုတ်ဘဲ ထိုအာရုံပေါ်၌ စိတ်အစဉ် ထပ်ကာထပ်ကာ ကျရောက်၍ ငြိမ်သက်နေမှုသဘော ဖြစ်သည်။

ဉာဏ ပစ္စုပ္ပဋ္ဌာနော ။ ။ ဉာဏ်တည်းဟူသောအကျိုးကို ဖြစ်စေတတ်၏။ မှန်၏။

သမာဟိတော ယထာဘူတံ ပဇာနာတိ ' ဟူသော ဒေသနာအရ စိတ်တည်ကြည်သည်ရှိသော် ဟုတ်တိုင်းမှန်စွာ သိ၏ ဟု ဆိုသည့်အတိုင်း စိတ်တည်ကြည်မှသာ အာရုံကို ဟုတ်တိုင်းမှန်စွာ သိမြင်ရသောကြောင့် ဉာဏ်တည်းဟူသော အကျိုးကို ဖြစ်စေတတ်၏ ဟု ဆိုရလေသည်။

၄။ သုခ ပဒဋ္ဌာနော ။ ။ စိတ်ချမ်းသာမှု ရှိမှသာ စိတ်တည်ကြည်မှု ရှိနိုင်သောကြောင့် စိတ်ချမ်းသာမှုသည် သမာဓိ၏ နီးသောအကြောင်း ဖြစ်ရလေသည်။

(အဘိ ၄ - ၁ - ၁၆၁/ ၂)

သမာဓိ၏ အမြင့်၌ ဆောင်ရန်လက်ကျန်များ

၁။ လက္ခဏာများ

၁။	သမာဓိသဘော၊	တည်ကြည်ပြော၊	သဘောသိနိုင်သည်။
၂။	သမာဓိလက္ခဏာ၊	ကြီးမှူးပါ၊	ပုံ့တာမရှိပြီ။
၃။	အိမ်တစ်အိမ်မှာ၊	အထွတ်ဟာ၊	ပဓာဖြစ်လေသည်။
၄။	သမာဓိမှာ၊	ကုပ္ပါရာ၊	ပဓာဖြစ်လေသည်။
၅။	ကိစ္စအပြု၊	ယှဉ်ဘက်စု၊	ပေါင်းစုပေးလေသည်။
၆။	စစ်ဘုရင်ကား၊	စစ်သားများ၊	ဖွဲ့ထားနိုင်ပေသည်။
၇။	သမာဓိလဲ၊	ယှဉ်ဘက်ပါ၊	ဖွဲ့တွဲထားနိုင်သည်။
၈။	ပင်ကိုယ်သဘာ၊	မပျံ့ရာ၊	လက္ခဏာရှိလေသည်။
၉။	ရသမှာမူ၊	ယှဉ်ဘက်ဟူ၊	ဖွဲ့မှုပေးလေသည်။
၁၀။	ယှဉ်ဘက်တရား၊	ပြန့်မသွား၊	ပေါင်းထားပေးလေသည်။
၁၁။	ဉာဏ်၌မှာမူ၊	ငြိမ်သက်ဟူ၊	ထင်မူလာတတ်သည်။
၁၂။	လေငြိမ်ရာမှာ၊	မီးထွန်းတာ၊	ပဓာတူလေသည်။

၁၃။ ဉာဏ်ဖြစ်စေမှု၊ တစ်နည်းဟု၊ ပစ္စည်သိရမည်။
၁၄။ စိတ်တည်ကြည်ရာ၊ ဟုတ်မှန်စွာ၊ ကောင်းစွာသိမြင်သည်။
၁၅။ စိတ်မချမ်းသာ၊ တည်ကြည်တာ၊ ထယ်ခါမရှိပြီ။
၁၆။ စိတ်ချမ်းသာတိ၊ သမာဓိ၊ ထိမိဖြစ်ပေါ် ထည်။
၁၇။ သမာကြောင်းတာ၊ စိတ်ချမ်းသာ၊ နီးစွာကြောင်းဖြစ်သည်။
၁၈။ လူလောကမှာ၊ စိတ်ချမ်းသာ၊ လွန်စွာလိုအပ်သည်။

၂။ သမာဓိ၏ အဂျုပ်သဘော ။ ။ သမာဓိ၏ အဂျုပ်သဘောကား ငြိမ်သက်တည်ကြည်မှုပင် ဖြစ်လေသည်။ ကုသိုလ်ပြုရာ၌ သမာဓိသည် အကြီးအမှူး ပဓာနအဖြစ်ဖြင့် ပါဝင်လေသည်။ ကုသိုလ်ကို စိတ်တည်တည်ကြည်ကြည်နှင့် ပြုမှသာ အရာရောက်ပေသည်။ ကာမဂုဏ်စိတ် တဖွားဖွား ဖြစ်နေသူ၌ သမာဓိရရန် မလွယ်ကူပေ။ ထို့ကြောင့် သမာဓိဖြစ်ရန်အတွက် ကာမဂုဏ်စိတ်တွေ နည်းပါးအောင် ပြုလုပ်သင့်ပေသည်။ စိတ်ဆင်းရဲနေသောအခါ၌ လည်းကောင်း၊ စိုးရိမ်သောကစိတ်တွေ ဖြစ်နေသောအခါ၌ လည်းကောင်း သမာဓိတရား ပျောက်ကွယ်နေတတ်ပြန်လေသည်။ ထို့ကြောင့် စိတ်ဆင်းရဲမှုနည်းအောင်၊ စိုးရိမ်သောကဖြစ်မှုနည်းအောင်လည်း ပြုလုပ်ကြရမည် ဖြစ်သည်။ လူလောက၌ အချို့လူတို့၏ မျက်စောအနေအထား၊ ကိုယ်အမူအရာများနှင့်တကွ ပြောမှုဆိုမှု၊ နေမှုထိုင်မှု၊ သွားလာမှုတို့သည် ကွဲကြွေရရ တည်တည်ကြည်ကြည် ဖြစ်နေတတ်လေသည်။ ယင်းသည် သမာဓိတရား ရှိနေမှုပင် ဖြစ်သည်။ လူလောက၌လည်း လောဘဖြစ်စရာ အာရုံ၊ စိတ်ဆင်းရဲစရာ အာရုံ၊ သောကဖြစ်စရာ အာရုံတွေကလည်း မြောက်များစွာ ရှိလေရာ သမာဓိအင်အား မကောင်းပါက ထိုအာရုံတို့၏ နှိပ်စက်မှုဒဏ်တွေကို အလူးအလိမ့် ခံစားကြရမည် ဖြစ်သည်။ ထို့ကြောင့် သမာဓိအင်အား ကောင်းအောင် အထူးလေ့ကျင့် ပျိုးထောင်ယူကြရမည် ဖြစ်သည်။

၂။ သမာဓိ၏ အဂျုပ်သဘော၌ ဆောင်ရန်လက်ငါးများ

၁။ သမာဓိလက္ခဏာ၊ အဂျုပ်မှာ၊ တည်စွာငြိမ်သက်သည်။
၂။ ကုသိုလ်ပြုရာတွင်၊ ကြီးမှူးပင်၊ ပါဝင်ကွပ်ကဲသည်။
၃။ ကုသိုလ်ပြုရာ၊ တည်ကြည်စွာ၊ ပြုတာရာရောက်သည်။
၄။ ကာမဂုဏ်စိတ်များ၊ ဖြစ်လာငြား၊ စိတ်ကားမတည်ပြီ။
၅။ စိတ်ဆင်းရဲခြင်း၊ စိုးရိမ်ခြင်း၊ တည်ခြင်းမရှိပြီ။
၆။ ကာမစိတ္တ၊ ဒေါမနဿ၊ သောကနည်းရင်သည်၊
၇။ သမာဓိတရား၊ ဖြစ်လွယ်ငြား၊ စိတ်ကားတည်ကြည်မည်။
၈။ ကာ,ဒေါ,သောများ၊ နည်းအောင်ငြား၊ ကြိုးစားကြရမည်။

၉။	သွားလောမှုတွေ၊	ပြောမှုတွေ၊	ကုန်ဆုံးရခြင်းသည်၊
၁၀။	သမာဓိဟူ၊	တည်ကြည်သူ၊	ရှိသူဖြစ်လေသည်။
၁၀။	စိတ်တွေလွှင့်ပျက်ခြား၊	အာရုံကား၊	များကိမ္မားရှိလေသည်။
၁၂။	စိတ်မခိုင်ငြိမ်၊	အာရုံဒဏ်၊	ပြင်းထန်ခံရမည်။
၁၃။	ခံရည်ရှိအောင်၊	ဓိဗျိုးထောင်၊	ကျင့်ဆောင်ယူရမည်။

၃။ မလ္လိကာ၏ လောကဓံ သမာဓိ ။ ။ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာကား စိတ်ထားကြံခိုင်၍ လောကဓံ သမာဓိကောင်းသူတစ်ဦးဟု ဆိုနိုင်ပေ၏။ ရှေးဦးစွာ သားသမီး မရသည့်အတွက် လင်ယောကျ်ားက မိဘအိမ်ကို ပြန်လွှတ်ခြင်းကို ခံရ၏။ လင်ယောကျ်ားအိမ်မှ ဆင်းလာရာ မြတ်စွာဘုရားကို ဝင်ရောက်ကန်တော့၏။ မြတ်စွာဘုရားက 'သားသမီး မရသည့်အတွက်ကြောင့် အိမ်ပြန်နေဖွယ်မလို' ဟု မိန့်ကြားတော်မူသောကြောင့် လင်ယောကျ်ားအိမ်၌ပင် ပြန်၍ နေလေ၏။

ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သော မလ္လိကာသည် မကြာမီ ကိုယ်ဝန်ရ၍ ကိုယ်ဝန်ရင့်သောအခါ၌ (၃၂) ယောက်သော သားယောကျ်ားများကို ဖွားမြင်လေ၏။ အရွယ်ရောက်လာသောအခါ၌ (၃၂) ယောက်ကုန်သော သားယောကျ်ားတို့သည် အရွယ်အဆင်း ပြည့်စုံခြင်း၊ ကျန်းမာရေး ကောင်းမွန်ခြင်းများကြောင့် အားလုံးသည် အားကောင်းမောင်းသန်များ ဖြစ်ကြလေကုန်၏။ အဖ ဗန္ဓုလစစ်သူကြီးသည် (၃၂)ယောက်သော သားတို့နှင့်အတူ ပဿေနဒိကောသလမင်းကြီးထံ အခစားသွားသည်ရှိသော် အလွန်ပင် ပနံရ တင့်တယ်လေ၏။ ထိုတွင်မက ဗန္ဓုလစစ်သူကြီးသည် တရားသူကြီးများ၏ မမှန်မကန် ဆုံးဖြတ်မှုများကို မှန်မှန်ကန်ကန်ဖြစ်အောင် စီရင်ဆုံးဖြတ်ပေးလေ၏။ တိုင်းသူပြည်သားများသည် ဗန္ဓုလစစ်သူကြီးအား လွန်စွာပင် လေးစားကြည်ညိုကြကုန်၏။ ယင်းသို့ဖြင့် မလ္လိကာတို့၏ မိသားစုဘဝသည် သာယာကြည်နူးဖွယ်အသွင်ကို ဆောင်လျက်ရှိနေပေ၏။

သို့ရာတွင် ထိုသာယာကြည်နူးရမှုကား ကြာရှည်စွာ မခံလိုက်ပေ။ မနာလို မရှုဆိတ်သော အမတ်တို့၏ *'ဗန္ဓုလ စစ်သူကြီးသည် မင်းအဖြစ်ကို တောင့်တကြံစည်နေသည်'* ဟူသော ကုန်းတိုက်စကားကြောင့် ထိုစကားကို ယုံ၍ ပဿေနဒိကောသလမင်းကြီးသည် မိမိ၏ကျောင်းနေဘက် သူငယ်ချင်းလည်းဖြစ်၊ မိမိ၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်နေသော ဗန္ဓုလစစ်သူကြီးအား (၃၂)ယောက်သော သားတို့နှင့်တကွ ဥပါယ်တံမျဉ်သုံး၍ လုပ်ကြံသတ်ဖြတ်လိုက်လေ၏။ မလ္လိကာအတွက် လောကဓံမုန်တိုင်းကား ရိုက်ခတ်လေပြီတည်း။

ထိုနှစ်၌ မလ္လိကာသည် အဂ္ဂသာဝကနှစ်ပါးနှင့်တကွ သံဃာတော်ငါးရာကို ဆွမ်းကပ်လှူခြင်းကို အင်တိုက်အားတိုက် ဝမ်းမြောက်ဝမ်းသာ ပြုလျက်နေလေ၏။ ထိုစဉ်မှာပင် *' ၃၂-ယောက်သောသားတို့နှင့်တကွ ဗန္ဓုလစစ်သူကြီးသည် ခေါင်းဖြတ်၍ လုပ်ကြံခံရပြီ'* ဟူသော ကမ္ပည်းစာကို ရရှိလေ၏။ မလ္လိကာသည် ကမ္ပည်းစာကို ဖတ်ရှု၍ ရင်ခွင်၌ပင် ထည့်ထားလိုက်လေ၏။ ထို့နောက် လှူဒါန်းဆွမ်းကပ်မှုကိုသာ တည်တည်ငြိမ်ငြိမ်နှင့် ဆက်လုပ်၍နေလေ၏။

ထိုနှစ်၌ မလ္လိကာသည် အဂ္ဂသာဝကနှစ်ပါးနှင့်တကွ သံဃာတော်ငါးရာကို ဆွမ်းကပ်လှူခြင်းကို အင်တိုက်အားတိုက် ဝမ်းမြောက်ဝမ်းသာ ပြုလျက်နေလေ၏။ ထိုစဉ်မှာပင် *' ၃၂-ယောက်သောသားတို့နှင့်တကွ ဗန္ဓုလစစ်သူကြီးသည် ခေါင်းဖြတ်၍ လုပ်ကြံခံရပြီ'* ဟူသော ကမ္ပည်းစာကို ရရှိလေ၏။ မလ္လိကာသည် ကမ္ပည်းစာကို ဖတ်ရှု၍ ရင်ခွင်၌ပင် ထည့်ထားလိုက်လေ၏။ ထို့နောက် လှူဒါန်းဆွမ်းကပ်မှုကိုသာ တည်တည်ငြိမ်ငြိမ်နှင့် ဆက်လုပ်၍နေလေ၏။

အိမ်က အလုပ်သမတို့သည် ဆွမ်းကပ်ပြီး၍ ထောပတ်အိုးကို ဆောင်ယူလာစဉ် မတော်တဆ ခိုက်မိ၍ ထောပတ်အိုးသည် ကွဲပျက်သွားလေ၏။ ထိုအခါ အရှင်သာရိပုတ္တြာသည် မလ္လိကာကို –

'မလ္လိကာ ... ကွဲတတ်၊ ပျက်တတ်သော သဘောသည် ကွဲတတ်၊ ပျက်တတ်၏။ ထွေရာလေးပါးကြဉ် စိတ်တုန်လှုပ်မှု မဖြစ်သင့်' ဟူ၍ ဆုံးမဟောကြားတော်မူလေ၏။

ထိုအခါ မလ္လိကာသည် ရင်ခွင်၌ရှိသော ကမ္ဘည်းစကို ထုတ်ကာ အရှင်သာရိပုတ္တြာအား ကျိသို့လျှောက်ကြားလေ၏။

'အရှင်ဘုရား ... ၃၂– ယောက်သော သားတို့နှင့်တကွ ဖခင်ဖြစ်သော ဗန္ဓုလစစ်သူကြီးသည် ဥိးခေါင်းကို ဖြတ်ခံရ၍ လုပ်ကြံခြင်းကို ခံလိုက်ရလေပြီ။ တပည့်တော်မသည် ကျိအကြောင်းကို ကြားသိရပါသော်လည်း ထွေရာလေးပါးကြဉ် စိတ်တုန်လှုပ်မှု မဖြစ်ပါ။ ထောပတ်အိုးကွဲရာ၌ကား အဘယ်မှာ ထွေရာလေးပါးကြဉ် စိတ်တုန်လှုပ်မှု ဖြစ်ပါအံ့နည်း' ဟု လျှောက်ကြားလိုက်လေ၏။

ထိုအခါ အရှင်သာရိပုတ္တြာကိုယ်တော်မြတ်ကြီးသည် ကျိသို့သော တရားစကားကို ဟောကြားတော်မူလေ၏။

၁။ ကျိလောကဌ သတ္တဝါတို့၏ အသက်သည် သိန်းသော အကြောင်းမရှိ။ သေရမည့်အကြောင်းများစွာနှင့် စပ်သဖြင့် ပင်ပန်းဒုက္ခခံကြရပေ၏။ တိုတောင်းလှတိ၏။ သို့ဖြစ်နေလျက်လည်း ထိုအသက်သည် ဆင်းရဲအမျိုးမျိုးနှင့် ရောယှက်နေလေ၏။

၂။ ပဋိသဲန္ဓေအားဖြင့် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် အကြင်ဆေးဝါး။ မန္တရား စသော လုံလုံဖြင့် မသေကုန်ရာ။ ထိုမသေရာသော လုံလုံမျိုးသည် မရှိနိုင်။ အိုခြင်းသို့ ရောက်၍သော်လည်းကောင်း၊ မရောက်မူ၍ လည်းကောင်း သေတတ်၏။ သတ္တဝါတို့သည် ကျိသို့ သေတတ်သောသဘော ရှိကုန်သည်သာတည်း။

၃။ သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျရခြင်းကြောင့် ဘေးဖြစ်သကဲ့သို့ ကျိအတူ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့အား သေရခြင်းကြောင့် အပြဿေးဖြစ်နေ၏။

(သုတ္တနိပါတ် – ၃၇၁။ မြန် – ၃၅၀ / ၁)

ကျိသို့ စသည်ဖြင့် ဟောကြားတော်မူပြီးနောက် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

မလ္လိကာသည် ချွေးမ (၃၂) ယောက်တို့ကို ခေါ်၍ –

'အပြစ်မရှိသော သင်တို့၏ လင်ယောကျ်ားတို့သည် ဖိဖိတို့၏ ရှေးကံအတိုင်း ဖြစ်ကြကုန်ပြီ။ ကျိအတွက် စိုးရိမ်မနေကြနှဲ့။ မငိုကြွေးကြနှဲ့။ မင်းကြီးအားလည်း ပြစ်မှားခြင်း မပြုကြနှဲ့' ဟု ဆုံးမစကား ပြောကြားကာ မိဘအိမ်သို့ ပြန်လွှတ်လိုက်၏။ ဖိဖိကိုယ်တိုင်လည်း ကုသိနာရုံရှိ မိဘအိမ်သို့ ပြန်ခဲ့လေ၏။

(ဓမ္မ ၅ – ၁ – ၂၃ / ၂၂၅)

၃။ မလ္လိကာ၏ လောကဓံ သမာဓိလာ ဆောင်ရန်လက်ကမ်းများ

၁။	လက်ထက်တော်မှာ၊	မလ္လိကာ၊	ခေါ် ရာကတော်သည်၊
၂။	ဗန္ဓုလခေါ် ၊	စစ်သူနှော်၊	ကတော်ဖြစ်လေသည်။
၃။	လောကဓံကြုံတိ၊	အလွန်တိ၊	သမာဓိရှိလှသည်။
၄။	သားသမီးမရ၊	မနေရ၊	အိမ်မှဆင်းခဲ့သည်။
၅။	ဗုဒ္ဓဖြတ်စွာ၊	ပြန်ခိုင်းရာ၊	အိမ်မှာပြန်နေသည်။
၆။	မကြာမီမှာ၊	ကိုယ်ဝန်သာ၊	ရင့်ကာလာခဲ့ပြီ။
၇။	ဆင်ပြောင်ငါးစီး၊	အားကိုတည်း၊	ဆောင်မှီးမလွှဲသည်။
၈။	သုံးဆယ့်နှစ်ယောက်၊	သားတွေရောက်၊	ဖွားမြောက်ခဲ့လေပြီ။
၉။	ရုပ်ဆင်းအင်္ဂါ၊	ပြည့်စုံရာ၊	ကျန်းမာသန့်စွမ်းသည်။
၁၀။	စစ်သူကြီးဟု၊	ခေါ် ဆိုပြု၊	ဗန္ဓုယောကျ်ားသည်၊
၁၁။	သားတို့နှင့်မျှား၊	မင်းထံပါး၊	ခစားလွန်တင့်သည်။
၁၂။	မတော်မတရား၊	ဆုံးဖြတ်ထား၊	တရားဆုံးဖြတ်သည်။
၁၃။	ပြည်သူအများ၊	လွန်လေးစား၊	အားထားကြလေသည်။
၁၄။	မခံမရပ်၊	ပြုစုလတ်၊	အမတ်များတို့သည်၊
၁၅။	မင်းထံတိုက်ရိုက်၊	အာဏာခိုက်၊	ကုန်းတိုက်လေတော့သည်။
၁၆။	မစဉ်းမစား၊	မင်းကြီးကား၊	လှည့်ဖျားသတ်စေပြီ။
၁၇။	သံယာပင့်ကာ၊	မလ္လိကာ၊	ဆွမ်းပါကပ်နေသည်။
၁၈။	ကပ်နေစဉ်မှာ၊	ကမ္ဘည်းစာ၊	ရောက်ကာလာချေသည်။
၁၉။	သားပါမကျန်၊	ဖရေမှန်၊	လုပ်ကြံခံရပြီ။
၂၀။	ဖတ်ပြီးလေရာ၊	ရင်ခွင်မှာ၊	အသာထားလိုက်သည်။
၂၁။	ရဟန်းသံဃာ၊	ထေရ်ငါးရာ၊	ဆက်ကာဆွမ်းကပ်သည်။
၂၂။	ထောပတ်အိုးလဲ၊	ထိခိုနှိပ်၊	ကျကွဲပြန်လေသည်။
၂၃။	သာရိခေါ် ငြား၊	မထေရ်ကား၊	တရားဟောလေပြီ။
၂၄။	ပျက်တတ်တရား၊	ပျက်ခြင်းအား၊	ထွေပြားမသင့်ပြီ။
၂၅။	ရင်ခွင်ထဲမှ၊	စာကိုပ၊	ထုတ်ပြလျှောက်ထားပြီ။
၂၆။	သားရောလင်ပါ၊	ခေါင်းဖြတ်တာ၊	သိရာမတုန်ပြီ။

၂၇။ ထောပတ်အိုးသာ၊ တွဲရုံပါ၊ ဘယ်မှာတုန်လှုပ်မည်။
၂၈။ သာရိထေရ်ကား၊ ဆတ်၍မျှား၊ ထရားဟောလေပြီ။
၂၉။ အသတ်ဆိုတာ၊ သေကြောင်းတာ၊ ထယ်ခါမသိပြီ။
၃၀။ သေခြင်းကြောင်းပင်၊ များလှအင်၊ ငြိုငြင်ပင်ပန်းထည်။
၃၁။ လူတို့အသတ်၊ ဆင်းရဲဇက်၊ ရောဟုတ်နေလေထည်။
၃၂။ မသေအောင်ဟု၊ လုံလေပြု၊ ရမှုမရှိပြီ။

၃၃။ မအိုလဲသေ၊ အိုလဲသေ၊ အသေကြုံရမည်။
၃၄။ မှည့်လေသစ်သီး၊ ကြွေကျပြီး၊ ပျက်စီးရလေထည်။
၃၅။ သေဘေးကိုဟူ၊ အဘယ်သူ၊ ရှောင်မှုမရပြီ။
၃၆။ ဤသို့စဖြာ၊ တောကြားတာ၊ ပြန်ကာကွယ်လေပြီ။
၃၇။ သုံးဆယ့်နှစ်ဖြာ၊ ရွေးမသာ၊ ခေါ်တာဆုံးမပြီ။
၃၈။ ရှေးတံအတိုင်းသာ၊ ဖြစ်ကြရာ၊ ပူတာမသင့်ပြီ။
၃၉။ မီဘအိမ်သာ၊ ပြန်လို့သာ၊ ကောင်းစွာနေရမည်။
၄၀။ ရွေးမတွေ့ပြန်၊ ထူလဲပြန်၊ အိမ်ပြန်ကြလေပြီ။

၄။ <u>ဟရာဇသိသူဌေး၏ ဒါနသဟဇိ</u> ။ ။ ရှေးအခါက ဟရာဇာသိပြည်၌ ဗြဟ္မဒတ်မည်သောမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဟရာဇာသိမြို့ သူဌေးမျိုးဌာနဖြစ်၍ အရွယ်ရောက်သောအခါ၌ ခပ်သိမ်းသော အတတ်တို့၌ သင်ကြားတတ်မြောက်၍ အဖလွန်လျှင် သူဌေးရာထူးကို ရ၍ ဟရာဇာသိသူဌေးဟု ထင်ရှားလေ၏။ မြို့၏ အရပ်လေးမျက်နှာ၌ အလှူမဏ္ဍာပ်လေးခု၊ မြို့လယ်မှာတစ်ခု၊ အိမ်မှာတစ်ခု ဤသို့ အလှူမဏ္ဍာပ် ခြောက်ခုဆောက်၍ အလှူကို ပေးလှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်စောင့်၏။

တစ်နေ့သောအခါ နံနက်ပိုင်း၌ အထူးထူးအရသာရှိသော ဘောဇဉ်အာဟာရကို ပြင်ဆင်၍ စားမည် ပြုစဉ်၌ပင် တစ်ဆူသော ပစ္စေကဗုဒ္ဓါသည် (ဂ)ရက်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၍ (ဂ)ရက် ပြည့်သွားသောအခါ၌ နိရောဓသမာပတ်မှထကာ ဟရာဇာသိသူဌေး၏ အိမ်ရှေ့၌ ဆွမ်းခံရပ်တော်မူလေ၏။ နိရောဓသမာပတ်မှထသော ပုဂ္ဂိုလ်တို့၌မူကား (ဂ)ရက်လုံး အာဟာရကင်းပြတ်နေသည်ဖြစ်၍ ထိုနေ့၌ အာဟာရသုံးဆောင်ရလျှင် အသက်ရှင်သန်မည် ဖြစ်၏။ မသုံးဆောင်ရလျှင် ပရိနိဗ္ဗာန်ပြုမည် ဖြစ်၏။

ထိုအခါ၌ အလွန်ယုတ်မာသော မာရ်နတ်သည် ယနေ့အဖို့ရာ '*ပစ္စေကဗုဒ္ဓါ၏ ပရိနိဗ္ဗာန် ပြုရမှုလည်း ဖြစ်စေ။ ဟရာဇာသိသူဌေး၏ အလှူအန္တရာယ်လည်း ဖြစ်စေ*' ဟု နှလုံးသွင်းလျက် ပစ္စေကဗုဒ္ဓါနှင့် အိမ်၏အကြား၌ အတောင်ရှစ်ဆယ်မျှသော ရှားနှစ်သား မီးကျီးတွင်းကို ဖန်ဆင်းထားလေ၏။

ဗာရာဏသီသူဌေးသည် ဝိပိအိမ်မှ အလုပ်သမားတို့အား ပစ္စေကဗုဒ္ဓါအာရုင်မြတ်ထံမှ သပိတ်ကို ယူခိုင်းလိုက်လေ၏။ ထိုအလုပ်သမားသည် သပိတ်ယူရန် သွားသည်ရှိသော် ကြီးစွာသော ရှားမီးကျီးတွင်းကြီးကို တွေ့မြင်၍ ကြောက်အားလန့်အား ပြန်ပြေးလာပြီးလျှင် ထိုအကြောင်းကို သူဌေးကြီးအား အသိပေး ပြောကြားလေ၏။

ဗာရာဏသီသူဌေးသည် မာရ်နတ်နှောင့်ယှက်သည်ကို ရိပ်မိသိရှိသည်ဖြစ်၍ အိမ်ပြင်သို့ထွက်ကာ လေ့လာကြည့်လျှင် ကောင်းကင်၌ ရပ်တည်နေသော မာရ်နတ်ကို တွေ့မြင်လေ၏။

'အဘယ်ကြောင့် ဤသို့ ပြုရသနည်း' – ဟု မာရ်နတ်ကို မေးလျှင် –

'သင်၏ အလှူအန္တရာယ်ကို ဖြစ်စေရန်အတွက်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ အာရုင်မြတ်၏ အသက်အန္တရာယ် ဖြစ်စေရန်အတွက်လည်းကောင်း ရည်စူး၍ ပြုလုပ်ခြင်း ဖြစ်၏' – ဟု မာရ်နတ်က ပြောလေ၏။

ထိုအခါ ဗာရာဏသီသူဌေးသည် မာရ်နတ်ကို –

' အို မာရ်နတ် ... ငါသည် ပစ္စေကဗုဒ္ဓါအာရုင်မြတ်ကိုလည်း အသက်အန္တရာယ် မပြစ်စေခဲ့။ ငါ၏ အလှူအန္တရာယ်ကိုလည်း မပြစ်စေခဲ့'

– ဟု ပြောဆိုကာ ပစ္စေကဗုဒ္ဓါအာရုင်မြတ်အား ဤသို့ လျှောက်ကြားလိုက်လေ၏။

' အာရုင်ဘုရား ... တပည့်တော်သည် မီးကျီးတွင်းရဲသို့ ဦးစောက်ပြောင်ပြုန် ကျပါစေ။ မလှူဘဲ မနေပါခဲ့။ သီလမစောင့်ဘဲ မနေပါခဲ့။ အာရုင်ဘုရားတို့သည် တပည့်တော်၏ဆွမ်းကို လွတ်လွတ်ကျွတ်ကျွတ် အလှူခံယူတော်မူပါလော့'

– ဟု ပြောဆိုကာ မီးကျီးတွင်းသို့ သက်ဆင်းလိုက်လေ၏။

ထိုအခါ မီးကျီးတွင်းမှ ပွင့်ချပ်တစ်ရာရှိသော ပဒုမ္မာကြာပန်းသည် ပေါ်လာပြီးလျှင် ဗာရာဏသီသူဌေး၏ ခြေတို့ကို ခံလေ၏။ ဗာရာဏသီသူဌေးသည် ပဒုမ္မာကြာချပ်၌ ရပ်တည်လျက် အထူးထူးသော အရသာရှိသော ဆွမ်းဘောဇဉ်ကို အာရုင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ လောင်းလှူလိုက်လေ၏။ အာရုင်ပစ္စေကဗုဒ္ဓါလည်း ဆွမ်းကို ခံယူပြီးလျှင် အနုမောဒနာပြု၍ သပိတ်ကို ကောင်းကင်သို့ ပစ်၍ လူအများမြင်စဉ်လျှင် မိမိသည်လည်း ကောင်းကင်သို့တက်၍ အထူးထူးအပြားပြားရှိသော တိမ်လွှာအစဉ်ကို နင်းဘိသကဲ့သို့ဖြစ်၍ ဟိမဝန္တာသို့သာလျှင် ကြွတော်မူလေ၏။ မာရ်နတ်သားသည်လည်း စစ်ရှုံး၍ နှလုံးမသာခြင်းသို့ ရောက်၍ မိမိနေရာသို့သာလျှင် သွားလေ၏။

ဘုရားလောင်း ဗာရာဏသီသူဌေးသည်လည်း ပဒုမ္မာကြာချပ်၌ ရပ်လျက်လျှင် လူများအား ဒါန၊ သီလကို ချီးမွမ်းသဖြင့် တရားဟောကာ မိမိအိမ်သို့ ဝင်လေ၏။ လူအများလည်း မိမိတို့အိမ်သို့ ပြန်ကြ၍ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုများကို အားထုတ်ပြုလုပ်ကြလေကုန်၏။

(၈ - ၄ - ၁ - ၂၄၉ / ၂၅၁)

၄။ ဟရာဇာသီသူငွေးတို့ ဒါနသမာဓိ၌ ဆောင်ရန်လက်များ

၁။	ရွေးသောအခါ၊	ပြည်ဟာရာ၊	ခေါ်ရာထူငွေးသည်၊
၂။	အထူးကောင်းလို့၊	ရဿမို့၊	စားဖို့ပြင်ဆင်သည်။
၃။	နို့မထလတ်၊	ပစ်ရှင်မြတ်၊	ဆွမ်းရပ်တောခံသည်။
၄။	ကောင်းမွှေပြုရာ၊	အန္တရာ၊	ပြုရာမာရ်နှိပ်သည်၊
၅။	ရှားမီးတိုးတွင်း၊	လွန်ပူပြင်း၊	ဗန်ဆင်းထားလိုက်သည်။
၆။	မီးတိုးတွေ့ကြား၊	လုပ်ထမား၊	ပြန်ကားပြေးလေပြီ။
၇။	သူငွေးကြီးလျှင်၊	မာရ်နှိပ်ဖြင်၊	မေးအင်ပြုလေပြီ။
၈။	မလျှုဖြစ်အောင်၊	စံဝင်အောင်၊	လုပ်ဆောင်ပြောလေပြီ။
၉။	စိတ်ဓာတ်ခိုင်ကြည်၊	ထူငွေးသည်၊	ပြန်လည်ပြောလိုက်ပြီ။
၁၀။	သင့်ရည်ရွယ်ချက်၊	မှန်မှန်ညတ်၊	ကြေပျက်စေရမည်။
၁၁။	မီးထဲဆင်းမည်၊	သေခံမည်၊	လျှုမည်ပြောလေသည်။
၁၂။	မီးထဲဆင်းရာ၊	ပဒုမ်ကြာ၊	ပေါ်လာခံလေသည်။
၁၃။	ပဒုမ္မာကြာထက်၊	ရပ်တည်လျက်၊	လျှုချက်ပြုလေပြီ။
၁၄။	ရှင်ပဒုမ္မာတာ၊	လျှုခံတာ၊	ဟိမာကြွလေပြီ။
၁၅။	မာရ်နှိပ်ကြီးလေ၊	အရှက်ကွဲ၊	မျက်လွှဲပြန်လေပြီ။
၁၆။	သူငွေးကြီးကား၊	လူတို့အား၊	တရားဟောလေပြီ။
၁၇။	ရှင်လန်းဝမ်းသာ၊	လူတို့တာ၊	အိမ်ရာပြန်ကြသည်။
၁၈။	အနှောင့်အယှက်တွေ၊	ဘယ်လိုပေ၊	ကြုံလေပြုရမည်။

၅။ မင်းသားငယ်၏ ရည်ရွယ်ချက် သမာဓိ ။

။ ရွေးအခါက ဟရာဇာသီပြည်၌ ဖြဟ္မဒတ်မည်သောမင်း မင်းပြု သည်ရှိသော် ဘုရားလောင်းသည် ထိုဖြဟ္မဒတ်မင်း၏ အလုံးစုံသော သားတစ်ရာတို့၏ ညီအငယ်ဖြစ်၏။ အစဉ်သဖြင့် လိမ္မာသောအဖြစ်သို့ ရောက်၏။ ထိုအခါ မင်း၏ နန်းတော်၌ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းဘဉ်းပေးကုန်၏။ ဘုရားလောင်း မင်းသားငယ်သည်လည်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဝေယျာဝစ္စအမှုကို ပြုလုပ်ပေးလေ၏။

တစ်နေ့သောအခါ၌ ထိုမင်းသားငယ်အား –

'ဤသည် မင်းသားတစ်ရာအနက် အငယ်ဆုံးမင်းသားငယ် ဖြစ်၏။ ဤဟရာဇာသီပြည်၌ မင်းအဖြစ်ကို ရနိုင်အုံ့လော၊ မရနိုင်အုံ့လောဟု အရှင်ပစ္စေကဗုဒ္ဓါတို့ကို မေးမျှ သိရတော့အံ့' – ဟု ကြံစည်ကာ နောက်တစ်နေ့ အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းဘဉ်းပေးကြွတော်မူလာသောအခါ၌ ထိုအကြောင်းကို လျှောက်ထား မေးမြန်းလေ၏။

၀၀။ တက္ကသိုလ်ပြည်သို့၊ ရောက်အောင်လို့၊ သွားဖို့စီစဉ်ပြီ။
၀၀။ ဝါးယောက်အဓတ်၊ မကျန်လတ်၊ လိုက်ကပ်ပါလာသည်။
၀၂။ နတ်သမီးအသွင်၊ လှလို့အင်၊ တွေ့မြင်ကြလေပြီ။
၀၃။ ကာမဂုဏ်စိတ်များ၊ ဖြစ်လာကြား၊ ပျော်ပါးကြလေပြီ။
၀၄။ လူဝါးယောက်ဟာ၊ တိလူးစာ၊ ဖြစ်ကာသွားချေပြီ။
၀၅။ မင်းသားတစ်ဦးသာ၊ ကောင်းမွန်စွာ၊ ကျန်ကာနေလေသည်။
၀၆။ တည်ကြည်လှကြား၊ ဉာဏ်ကြီးကြား၊ မင်းသားကိုမှသည်၊
၀၇။ စားချင်ပေလှ၊ ဘိလူးမ၊ နောက်ကလိုက်လေပြီ။
၀၈။ မင်းသားမူကား၊ လူးမအား၊ ကြည့်ကားမကြည့်ပြီ။
၀၉။ လမ်းခရီးမှာ၊ လူမျှားစွာ၊ တွေ့ကာပြောကြပြီ။
၂၀။ ဒီလောက်လှတာ၊ ဘာလို့သာ၊ ရှောင်ခွါနေရသည်။
၂၁။ လူမဟုတ်ရ၊ ဘိလူးမ၊ ပြောပြမယုံကြည်၊
၂၂။ ယောကျ်ားတို့ကား၊ စိတ်ဆိုးကြား၊ မယားကိုပင်သည်၊
၂၃။ ဘိလူးမဟု၊ ပြီတ္တာဟု၊ ပြောမှုပြုတတ်သည်။
၂၄။ ပြန်လှန်ပြောဆို၊ တက္ကသိုလ်၊ ရောက်ကိုလာကြသည်။
၂၅။ မြို့သို့အဝင်၊ ဇရပ်တွင်၊ မှန်ပင်တည်းခိုပြီ။
၂၆။ ပရိတ်အရှိန်၊ မင်းသားရှိန်၊ အရှိန်ရှိ၍သည်၊
၂၇။ ဘိလူးမကား၊ မင်းသားနား၊ ကပ်ကြားမရပြီ။
၂၈။ အပြင်ဌိသာ၊ အခွင့်ခါ၊ ကြည့်ကာနေလေသည်။
၂၉။ တက္ကသိုလ်မင်း၊ ဥယျာဉ်တွင်း၊ လှည့်ခြင်းပြုလေပြီ။
၃၀။ နတ်သမီးတမျှ၊ လှလိုက်ပ၊ လူးမတွေ့မြင်ပြီ။
၃၁။ ဘိလူးမပဲ၊ ပြောတာလဲ၊ နားထဲမဝင်ပြီ။
၃၂။ ကာမရမ္မက်၊ ပြင်းထန်ချက်၊ တားချက်မရပြီ။
၃၃။ ပိုင်ရှင်မဲ့ရာ၊ မင်းဘတ္တာ၊ ပြောကာသိမ်းပိုက်ပြီ။
၃၄။ နံနက်မိုးလင်း၊ လူးရိုးထင်း၊ တွေ့ခြင်းပြုကြပြီ။
၃၅။ ဧည့်သည်မင်းသား၊ ပြောစကား၊ လွန်စွာမှန်ပေသည်။
၃၆။ တည်ကြည်လှပါ၊ စိတ်ခိုင်ကာ၊ ပညာလွန်ကြီးသည်။
၃၇။ ဤမင်းသားသာ၊ အုပ်ချုပ်ပါ၊ လွန်စွာတိုးတက်မည်။
၃၈။ မင်းသားထံမှောက်၊ ခစားရောက်၊ မင်းမြှောက်ကြလေပြီ။
၃၉။ သမာဓိကြီးပါ၊ စိတ်ခိုင်ပါ၊ လွန်စွာကျိုးကြီးသည်။

၆။ အသိတာဘူ မိဖုရား၏ သမာဓိ ။ ။ ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရသေ့အဖြစ်ဖြင့် ချာန်အဘိညာဉ်တို့ကိုရ၍ ဟိမဝန္တာတော၌ နေလေ၏။ ဗာရာဏသီမင်းသည် မင်းစည်းစိမ်ကို လုယူမည်စိုးသောကြောင့် မိဖိသားအား တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ မင်းသားသည် အသိတာဘူ မည်သော မိဖုရားကို ခေါ်၍ ဟိမဝန္တာတောသို့ဝင်ကာ ဇီး၊ အမဲ၊ သစ်သီးကြီးငယ်တို့ကို ရှာယူစားသောက်လျက် သစ်ရွက်ပိုးသော ဇရပ်တစ်ခု ပြုလုပ်၍ နေလေ၏။

တစ်နေ့သောအခါ၌ မင်းသားသည် ကိန္နရိမကိုမြင်၍ တပ်စွန်းသော စိတ်ရှိရကား အသိတာဘူ မိဖုရားကို မရေတွက်မူ၍ ထိုကိန္နရိမနောက်သို့ လိုက်လေ၏။ များသောအားဖြင့် ဝိန်းမတို့မည်သည် မိဖိယောက်ျား တစ်ပါး သော ပိန်းမသို့ လိုက်စားနေသည်ကို သိမြင်လျှင် စိတ်ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ ရန်တွေ့ခြင်း စသည် ဖြစ်တတ်ကြပေ၏။ သို့ရာတွင် အသိတာဘူကား ထိုသို့ မဟုတ်ပေ။ အသိတာဘူသည် မိဖိယောက်ျား ကိန္နရိမနောက်သို့ တကောက်ကောက် လိုက်နေသည်ကို သိမြင်သောအခါ 'ကျွန်မသားဖြင့် ငိုအား အဘယ်အကျိုးရှိအံ့နည်း' ဟု လင်ယောက်ျားအပေါ်၌ တပ်စွန်းခြင်းကင်းကာ ဘုရားလောင်း ရသေ့ထံသို့ ကပ်၍ ကမ္မဋ္ဌာန်းတောင်း၍ တရားအားထုတ်လေရာတွင် ချာန်အဘိညာဉ်ရ၍ မိဖိနေသော ဇရပ်၏ တံခါးအနီး၌ ရပ်တည်လေ၏။

မင်းသားသည်လည်း ကိန္နရိမနောက်သို့ သဲသဲမဲမဲ လိုက်ပါသော်လည်း လိုက်ရင်းပင် ကိန္နရိမကို မျက်ခြေပြတ်၍ သွားလေ၏။ မင်းသားသည် မိမိဇရပ်သို့ ပြန်လာလေလျှင် အသိတာဘူသည် ကောင်းကင်၌ ရပ်တည်လျက် ဤစကားကို ပြောဆိုလေ၏။

'အရှင့်သား ... အရှင့်သားသည်ပင်လျှင် အကျွန်ုပ်၏ ဤချာန်ချမ်းသာကို ပြုပေ၏။ ယခုအခါ၌ အကျွန်ုပ်သည် အရှင့်သားအပေါ်၌ တပ်စွန်းခြင်း ကင်းခဲ့လေပြီ။ ဆင်စွယ်ကို လွှဖြင့် ဖြတ်ဘိသကဲ့သို့ သင်မင်းသား၌ တပန်စပ်ခြင်း သဘောသည် မရှိတော့ပြီတည်း'

– ဟူ၍ ပြောဆိုကာ ကောင်းကင်သို့ ပျံတက်၍ အရပ်တစ်ပါးသို့ ဖဲသွားလေ၏။

ထိုအခါ မင်းသားသည် –

'ငါသည် အသိတာဘူမင်းသမီးမှ ဆုတ်ယုတ်သကဲ့သို့ အဆုံးမရှိသော တဏှာ၏အစွမ်းဖြင့် ထိုထိုအရပ်၌ လိုချင်မက်မောတတ်သော ပုဂ္ဂိုလ်သည် အပြန်လောဘကြီးခြင်းကြောင့်လည်းကောင်း၊ လောဘဖြင့် အလွန်ယစ်ခြင်း ကြောင့်လည်းကောင်း အကျိုးစီးပွားမှ ဆုတ်ယုတ်ရ၏'

– ဟူ၍ ရွတ်ဆိုပြည်တမ်းကာ ငိုကြွေးလေ၏။ ထို့နောက် အဖလွန်သဖြင့် ဗာရာဏသီပြည်သို့ပြန်၍ မင်းအဖြစ်ကို ယူလေ၏။

(ဇာ ၅ - ၂ - ၂၁၀ / ၂၁၁)

၆။ အသိဟာဘူမိပုရားစ၏ သမာဓိ၌ ဆောင်ရန်လက်ာများ

၁။ ဗာရာဏသိရောဇ၊ သားကိုသာ၊ လုမ္ဘာကြောက်လေပြီ။
၂။ မိမိပုတ္တာ၊ တိုင်းပြည်မှာ၊ နှင်ချလိုက်လေပြီ။
၃။ မိဖုရားဟူး၊ သိတာဘူး၊ ခေါ်မူပြုကြသည်။
၄။ သိတာခေါ်ကာ၊ မင်းသားဟာ၊ ဟိမာဝင်လေပြီ။
၅။ ရွက်မိုးဇရပ်၊ ပြုတုန်လတ်၊ နေတတ်ကြရသည်။
၆။ အမဲသားတွေ၊ သစ်သီးတွေ၊ ရှာဖွေစားကြသည်။
၇။ တစ်နေ့ခါသည်၊ ကိန္နရီ၊ စွဲမိပြုလေပြီ။
၈။ ကိန္နရီနောက်၊ တကောက်ကောက်၊ စိတ်ရောက်လိုက်လေပြီ။
၉။ သိတာဘူအား၊ ရှိတယ်များ၊ ထင်ကြားမရှိပြီ။
၁၀။ သိတာဘူလဲ၊ စိတ်စဉ်ထဲ၊ ဆင်းရဲဖြစ်ပြီ။
၁၁။ မင်းသားပေါ်မှာ၊ တပ်ခြင်းသာ၊ ကင်းကွာသွားလေပြီ။
၁၂။ ရသေ့ထံပါး၊ တရားအား၊ တောင်းကြားအားထုတ်ပြီ။
၁၃။ ပါရမီရှိပေ၊ ဘိညာဉ်တွေ၊ စျာန်တွေရလေပြီ။
၁၄။ ကိန္နရီနောက်၊ တကောက်ကောက်၊ လိုက်ရောက်မင်းသားသည်၊
၁၅။ မျက်ခြေပြတ်ကာ၊ ပြန်အလာ၊ သိတာတွေ့လေပြီ။
၁၆။ မင်းသားပေါ်မှာ၊ တွယ်တာတာ၊ ရှိမှာမဟုတ်ပြီ။
၁၇။ ဤစျာန်အစု၊ မင်းသားဟု၊ ကြောင်းပြုရခဲ့ပြီ။
၁၈။ ကောင်းကင်ပျံကြား၊ ရပ်တစ်ပါး၊ ဖဲသွားပါလေပြီ။
၁၉။ သိတာဘူမှ၊ ငါသည်ပ၊ ယုတ်ရလေသို့သည်၊
၂၀။ ကာမဂုဏ်တရား၊ အလွန်အား၊ လိုက်စားသူများသည်၊
၂၁။ အကျိုးစီးပွား၊ ချမ်းသာများ၊ ပျက်ပြားဆုတ်ယုတ်မည်။
၂၂။ ဤသို့ပြောကာ၊ ငိုကြွေးကာ၊ ဗာရာပြန်လေပြီ။
၂၃။ အဖလွန်ရာ၊ မင်းသားဟာ၊ ရာဇာဖြစ်လေပြီ။
၂၄။ လင်ဖစ်တိုင်းသာ၊ စိတ်သောကာ၊ ဖြစ်တာမသင့်ပြီ။
၂၅။ အသိတာဘူ၊ တည်ကြည်ဟူ၊ တုယူကျင့်သင့်သည်။

၇။ <u>သူငယ်တို့၏ သမာဓိ</u> ။ ။ ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွာငယ်တစ်ရွာ၌ သူကြွယ်မျိုး၌ ဖြစ်၍ ငယ်ရွယ်စဉ်ကာလတွင် ကစားဖော်သူငယ်ချင်းတို့နှင့်အတူ ရွာတံခါးအနီး ပညောင်ပင်အနီး၌ ဆော့ကစားလျက် နေလေ၏။

ဆေးဆရာတစ်ယောက်သည် ထိုရွာငယ်သို့လာ၍ ဆေးမကုရသပြင့် တစ်စုံတစ်ခုသော အဖိုးအခကို မရဘဲသာလျှင် သူငယ်တို့ ဆော့ကစားနေသော ပညောင်ပင်ရင်းသို့ ရောက်လာ၏။ ပညောင်ပင်၏ သစ်ခွတစ်ခုတွင် မြွေဟောက်တစ်ကောင် အိပ်နေသည်ကိုမြင်၍ 'ဤသူငယ်တို့တွင် တစ်ယောက်ယောက်ကို ကိုက်စေ၍ သေးကုပြီးလျှင် အဖိုးအခကို ယူရမည်သာတော့' ဟု ကြံလေ၏။

ထို့နောက် ဆေးဆရာသည် ဘုရားလောင်းသူငယ်ကို 'သူငယ်... ဟိုမှာ သစ်ခွကြားမှာ ဆက်ရက်ငယ် တစ်ကောင်တွေ့၏။ တက်၍ ဖမ်းလော့' ဟု ပြောလေရာ ဘုရားလောင်းသူငယ်လည်း တက်၍ ဖမ်းလေ၏။ လက်ထဲသို့ရောက်မှ မြွေဟောက်မှန်းသိ၍ ပစ်လိုက်လေ၏။ ထိုမြွေဟောက်သည် ဆေးဆရာ၏ လည်၌ကျ၍ ဆေးဆရာကို ကိုက်လိုက်ရာ ဆေးဆရာသည် သေလေ၏။

ဆေးဆရာ သေသောသတင်းကို ကြား၍ ရွာမှလူအများ လာရောက်လေ၏။ ထိုလူတို့သည် 'ဤသူငယ်တို့သည် ဆေးဆရာကို သတ်သော လူသတ်သမားတို့တည်း' ဟု စွပ်စွဲလျက် သူငယ်တို့ကို တောက်တီပြင့် ဖမ်းဆီးနှောင်ဖွဲ့၍ မင်းအား ပြကြကုန်၏။

လမ်းခရီးအကြား၌ ဘုရားလောင်းသူငယ်သည် ကြွင်းသောသူငယ်တို့ကို 'မင်းကိုမြင်ကြလည်း ပင်ကြောက်ကြနှင့်။ တည်တည်ကြည်ကြည် ပကတိအတိုင်း နေကြကုန်လော့' ဟု ဆုံးမသြဝါဒကို ပေးလေ၏။ မင်းထံသို့ ရောက်လျှင် သူငယ်တို့လည်း တည်တည်ကြည်ကြည် ကွာန္ဒြေမပျက် နေကြလေကုန်၏။

ထိုအခါ ဗာရာဏသီမင်းကြီးသည် မကြောက်မလန့် တည်တည်ကြည်ကြည် ကွာန္ဒြေရရှိနေသော သူငယ်တို့ကို မြင်လျှင် ဤသို့ မေးမြန်းလေ၏။

'သူငယ်တို့... သင်တို့သည် ရန်သူ၏ လက်သို့ ရောက်ကုန်လျက်၊ တုတ်ပြင့် နှောင်ဖွဲ့အပ်ကုန်လျက် မျက်နှာအဆင်းကြည်လင်ကြကုန်၏။ အဘယ်ကြောင့် မစိုးရိမ်ကုန်သနည်း' ဟု မေးလေ၏။

ထိုအခါ ဘုရားလောင်း သူငယ်သည် ဤသို့ ပြန်လည်ဖြေကြားလေ၏။

'မင်းကြီး ... စိုးရိမ်ခြင်းဖြင့်လည်းကောင်း၊ ငိုကြွေးခြင်းဖြင့်လည်းကောင်း တစ်စုံတစ်ခုသောအကျိုးကို ရသည်မဟုတ်။ အကယ်၍ စိုးရိမ်ပူပန် ဆင်းရဲခြင်းသို့ ရောက်နေသည်ကို မြင်ရသော် ရန်သူတို့ ဝမ်းမြောက်ကြကုန်၏။

မင်းကြီး ... ဘေးရန်ဖြစ်ပေါ်လတ်သော် အကြောင်းအကျိုး ဆုံးဖြတ်သုံးသပ်၍ သိမြင်သော ပညာရှိသည် တုန်လှုပ်ခြင်း မရှိပါပေ။ ဖောက်ပြန်ခြင်း မရှိ၊ ပကတိသော မျက်နှာကို မြင်ရ၍ ရန်သူတို့သည် ဆင်းရဲကုန်၏။

မင်းကြီး ... မန္တရား မူတ်သဖြင့်လည်းကောင်း၊ ပညာရှိတို့နှင့် တိုင်ပင်သဖြင့်လည်းကောင်း၊ ကောင်းစွာဆိုအပ်သော စကားဖြင့်လည်းကောင်း၊ တရားစီရင်သော အမတ်တို့ကို တံစိုးလက်ဆောင်ပေးသဖြင့်လည်းကောင်း၊ ဆွမျိုးအစဉ်အဆက်ကို ပြောကြားသဖြင့်လည်းကောင်း ရန်သူတို့ကို အောင်မြင်နိုင်၏။ ထိုဂါးပါးတို့တွင် တစ်ပါးပါးဖြင့် ရန်သူတို့ကို အောင်မြင်နိုင်၏။ ထိုအောင်မြင်နိုင်သော အကြောင်းကိုသာ လုံ့လကြိုးကုတ် အားထုတ်သင့်ပေ၏။

မင်းကြီး ... ထိုအောင်မြင်ကြောင်း ဂါးပါးတို့ကို အစွမ်းကုန် ကြိုးစားသော်လည်း အောင်မြင်မှု မရှိသည်ဖြစ်အံ့၊ ထိုအခါ၌ စိုးရိမ်ကြောက်လန့်မှု မရှိမူ၍သာလျှင် *'ရှေးက အကုသိုလ်ကံသည် ဤအား မြဲမြံစွာ အကျိုးပေးလေပြီ။ အဘယ်သို့ တတ်နိုင်အံ့နည်း'* ဟု နှလုံးသွင်း၍ သည်းခံဖို့သာ ရှိပေ၏ ' ဟု ပြောဆို တင်ပြလေ၏။

ဘုရားလောင်း သူငယ်၏ စကားကိုကြား၍ မင်းကြီးသည် အမှုကို သုတ်သင်သည်ရှိသော် အပြစ်မရှိသည်ကို သိ၍ အနှောင်အဖွဲ့တို့ကို ပယ်စေလေ၏။ မင်းသည် ဘုရားလောင်း သူငယ်အား စည်းစိမ်ကိုပေး၍ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ရာထူးကို ပေးလေ၏။ ကြွင်းသောသူငယ်တို့အား ထိုက်သင့်သော ရာထူးတို့၌ အသီးသီး ခန့်ထားလိုက်လေ၏။

(ဇာ ၅၈ - ၇ - ၁၉၀/၁၉၂)

၇။ သူငယ်တို့၏ သမာဓိလာ ဆောင်ရန်လက်ကျများ

၁။ ညောင်တစ်ပင်ကား၊ ရွာဦးဖျား၊ ထီးမားရှိနေသည်။
၂။ ကလေးတစ်စု၊ ကစားမှု၊ ဆော့ပြုနေကြသည်။
၃။ ဆေးကုဆရာ၊ ကစားရာ၊ ရောက်ကာလာခဲ့သည်။
၄။ ညောင်ပင်ခွတွင်၊ မြွေဟောက်ပင်၊ တွေ့မြင်သွားလေပြီ။
၅။ ဆက်ရက်ငှက်ဟု၊ ပြောလေမှု၊ ဖမ်းပြုစေလေပြီ။
၆။ လောင်းတော်ဖြစ်ရာ၊ ကလေးသာ၊ တက်ကာဖမ်းလေပြီ။
၇။ လက်ထဲပါလာ၊ မြွေဟောက်သာ၊ သိရာဖစ်လိုက်သည်။
၈။ ဆရာလည်ပင်း၊ ကျကာထင်း၊ သေခြင်းပြုလေပြီ။
၉။ ရွာကလူများ၊ စု၍ကား၊ ရောက်များလာကြပြီ။
၁၀။ သူငယ်ကြောင့်သာ၊ သေခြင်းပါ၊ ဖမ်းကာချုပ်နှောင်ပြီ။
၁၁။ မမျှော်လင့်သော်၊ ဖြစ်ရပ်ပေါ်၊ လောင်းတော်သူငယ်သည်။

၀၂။ ကျွန်သူများအား၊ သတိထား၊ ပြောကြားဆုံးမသည်။
၁၃။ ဘုရင်တွေ့လေ၊ မကြောက်ဘဲ၊ နေမြဲနေရမည်။
၁၄။ ဣန္ဒြေရှိကြ၊ ထည်ကြည်စွ၊ ထွေ့ရာမင်းသည်၊
၁၅။ မစိုးရိမ်ခြင်း၊ မကြောက်ခြင်း၊ မေးခြင်းပြုလေဖို့။
၁၆။ လောင်းတော်မဟာ၊ သူငယ်ဘဝ၊ တောင်စွာဖြေရှင်းပြီ။
၁၇။ စိုးရိမ်လေခြင်း၊ ငိုကြွေးခြင်း၊ ပူခြင်းများဖြစ်သည်၊
၀၈။ တစ်စုံတစ်ခု၊ အကျိုးဟု၊ ရမှုမရှိပြီ။
၁၉။ ရန်သူတို့ထား၊ ဝမ်းမြောက်ရာ၊ ဖြစ်မှာဝေးရှာသည်။
၂၀။ ဘေးရန်တွေ့မူ၊ တည်ကြည်ဟူ၊ ရန်သူတို့ကိုသည်၊
၂၁။ ဝမ်းမသာပေ၊ ဝမ်းနည်းစေ၊ အံ့စေပေလိမ့်မည်။
၂၂။ ဘေးရန်တွေ့ကြား၊ မနှဲရား၊ မှုတ်ကြားလွတ်နိုင်သည်။
၂၃။ ပညာရှိသူ၊ တိုင်ပင်ဟူ၊ လွတ်မှုဖြစ်နိုင်ထည်။
၂၄။ တံစိုးလက်ဆောင်၊ ပေးချေတောင်၊ လွတ်အောင်ပြုနိုင်သည်။
၂၅။ ချစ်ဖွယ်စကား၊ ပြောချမျာ၊ လွတ်ကြားနိုင်ပေထည်။
၂၆။ ဆွေမျိုးစဉ်ဆက်၊ ပြောဆိုချက်၊ လွတ်ချက်ပြုနိုင်ထည်။
၂၇။ လွတ်ကြောင်းငါးမျိုး၊ ထစ်မျိုးမျိုး၊ အားကြိုးပြုရမည်။
၂၈။ ပြုငါရက်လျှင်၊ လွတ်လမ်းပင်၊ မမြင်ရလျှင်သည်၊
၂၉။ ရေးအကုကံ၊ အကြောင်းဖန်၊ လွတ်ဟန်မရှိပြီ။
၃၀။ ဤသို့သိတုန်၊ ပြစ်ဒဏ်ဟုန်၊ ခံရုံရှိတော့သည်။
၃၁။ စိုးရိမ်ပူရှိုး၊ ငိုကြွေးမျိုး၊ ဘာကျိုးမရှိပြီ။
၃၂။ ဤစကားကြား၊ ဗာဓင်းကား၊ လွန်ကြားဝမ်းသာဖြို့။
၃၃။ သူငယ်တို့အား၊ နှောင်ဖွဲ့ထား၊ လွတ်ကြားပေးလိုက်ပြီ။
၃၄။ ရာထူးဖြင့်သာ၊ ချီးမြှောက်ကာ၊ ကောင်းစွာစဉ်ပေးသည်။
၃၅။ လူလောကမှာ၊ ဘယ်အရာ၊ ရှိတာကျိုးကြိုးမည်။
၃၆။ သမာဓိ,ပညာ၊ ရှိခြင်းဟာ၊ လွန်စွာကျိုးကြိုးသည်။

ဃ။ အရှင်သောဏမယ်တော်၏ တရားနာသမားဓိ ။ ။ အရှင်သောဏထေရ်သည် သာဝတ္ထိပြို့မှ ယူဇနာ (၁၂၀) ဝေးကွာသော ကုလဃရပြို့၌နေရာ အရှင်မဟာကစ္စည်းထံ၌ ခဲယဉ်းစွာ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မကြာမီ ရဟန္တာဖြစ်လေ၏။ သိတင်း၀ါလကျွတ်၍ မြတ်စွာဘုရားထံသို့ ဖူးမြော်သွားရာတွင် မြတ်စွာဘုရားနှင့်အတူ ဂန္ဓကုဋီ တစ်ခုထဲ၌ တည်းခိုခွင့်ရလေ၏။ တစ်ညဉ့်ပတ်လုံး ဗလသမာပတ်ဖြင့် နေတော်မူကြပြီးနောက် နံနက်စောစော အချိန်ပိုင်း၌ မြတ်စွာဘုရားသည် တိုက်တွန်းတော်မူအပ်သည်ဖြစ်၍ အရှင်သောဏသည် မြတ်စွာဘုရားအား အဋ္ဌကဝဂ် တစ်ဆယ့်ခြောက်သုတ်တို့ကို အသံဖြင့် ရွတ်ဆိုပြလေ၏။

အသံသာသဖြင့်လည်းကောင်း၊ ရွတ်ဖတ်ပုံ သန့်ရှင်းပီပြင်ကြည်လင်သဖြင့်လည်းကောင်း၊ မြတ်စွာဘုရား ရှင်သည် ကောင်းချီးနုမော် သာဓုခေါ်တော်မူလေ၏။ မြတ်စွာဘုရား၏ သာဓုခေါ်သံကိုကြား၍ ဘုမ္မစိုး၊ ရက္ခစိုး စသော နတ်တို့မှစ၍ ဖြဟ္မာပြည်တိုင်အောင် နတ်ဖြဟ္မာအပေါင်းတို့သည် သာဓုခေါ်ကြလေကုန်၏။

ကုလဃရပြို့ အိမ်၌နေသော အရှင်သောဏ၏ မယ်တော်သည်လည်း အိမ်စောင့်နတ်၏ သာဓုခေါ်သံကိုကြား၍ မေးလေလျှင် အရှင်သောဏက မြတ်စွာဘုရားကို တရားဟောသည်ဖြစ်၍ မြတ်စွာဘုရားက သာဓုခေါ်သဖြင့် နတ်ဖြဟ္မာများ သာဓုခေါ်ကြသည်ကို ကြားသိရလေလျှင် အရှင်သောဏမယ်တော်သည် အလွန်ပင် ပီတိသောမနဿ ဖြစ်လေ၏။

ထို့နောက် အရှင်သောဏ၏ မယ်တော်သည် 'များစွာသော ပရိသတ်နှင့်အတူ သားတော်တရားကို နာကြားအုံ' ဟု ကြည်ညိုစိတ်ဖြစ်ကာ ကုလဃရပြို့၏ အလယ်၌ ခမ်းနားကြီးကျယ်သော မဏ္ဍပ်ကို ဆောက်လေ၏။ မြတ်စွာဘုရား ထံမှ အရှင်သောဏ ပြန်ရောက်သောအခါ တရားပွဲကြီး အကြီးအကျယ် လုပ်လေ၏။ အရှင်သောဏလည်း မယ်တော်နှင့်တကွ ပရိသတ်အပေါင်းကို ညဉ့်သုံးယံပတ်လုံး တရားဟောလေ၏။ မယ်တော်ကြီးလည်း ကြည်နူးဝမ်းသာစွာဖြင့် တရားကို စိတ်ဝင်စားလျက် ရှိသေစွာ နာကြားလျက်ရှိနေ၏။

အရှင်သောဏ၏ မယ်တော် တရားနာနေစဉ်မှာပင် အိမ်၌ ခိုးသားကိုးရာတို့သည် ဥမင်ဖောက်၍ ရွှေ, ငွေ, အသပြာများကို ခိုးယူလျက် ရှိလေ၏။ အကြီးအမှူးဖြစ်သော ခိုးသူကြီးမူကား အရှင်သောဏမယ်တော်၏ အနီး၌နေလျက် 'အကယ်၍ သတင်းကြား၍ အိမ်ပြန်မည်ပြုသော် ထိုနေရာတွင်ပင် သန်လျက်ဖြင့် ခုတ်ပိုင်းအုံ' ဟု ကြံလျက်နေလေ၏။

အိမ်၌နေသော ခိုးသူတို့သည် အိမ်တွင်း၌ ဆီမီးညှိထွန်း၍ ဥစ္စာအသပြာထားရာ တိုက်ခန်းကို ဖွင့်ကြလေကုန်၏။ အိမ်စောင့် ကျွန်မသည် ထိုခိုးသူတို့ကို မြင်၍ မယ်တော်ထံသို့လာ၍ ' သခင်မ...များစွာသော ခိုးသူတို့သည် အိမ်တွင်းသို့ ဝင်၍ ဥစ္စာအသပြာ ထားရာ တိုက်ခန်းတံခါးကို ဖွင့်ကြပါကုန်ပြီ' ဟု ပြောလေ၏။ ထိုအခါ မယ်တော်သည် အိမ်ကျွန်မကို ဤသို့ ပြောလေ၏။

'ခိုးသူတို့ ယူကြပါစေ။ ငါသည် တရားကို နာနေ၏။ တရား၏ အန္တရာယ်ကို မပြုပါနှင့်' ဟု ပြောဆိုကာ ကျွန်မကို အိမ်သို့ ပြန်လွှတ်လိုက်လေ၏။

ခိုးသူတို့သည် အသပြာတိုက်ကို ဖွင့်ယူပြီးနောက် ငွေတိုက်ကို ဖွင့်ကြပြန်ကုန်၏။ ကျွန်မလည်း မယ်တော်ထံသို့ တဖန်လာပြန်၍ –

'သင်္ဃမ... ဦးသူတို့သည် အသပြာတို့ကို အချည်းနှီး ပြုပြီးနောက် ယခုအခါ ငွေတို့ကို ဖောက်နေပြန်ပြီ' ဟု တိုင်ကြားလေ၏။ ထိုအခါ မယ်တော်သည် ကျွန်မကို 'ဦးသူတို့သည် ယူကြပါစေ။ ငါတရားနာနေသည်ကို အနှောက်အယှက်မပြုပါနှင့်' ဟူ၍ ပြောဆိုကာ ပြန်လွှတ်လိုက်ပြန်၏။

ဦးသူတို့သည် ငွေတို့ကို အချည်းနှီးပြုပြီးနောက် ရွှေတို့ကို ဖောက်ကြပြန်ကုန်၏။ ထိုအခါ၌လည်း ကျွန်မသည် မယ်တော်ထံသို့လာ၍ -

'သင်္ဃမ... ဦးသူတို့သည် ငွေတို့ကို အချည်းနှီးပြုပြီး၍ ယခု ရွှေတို့ကို ဖောက်နေကြပြန်ပြီ' ဟူ၍ တိုင်ကြားပြန်၏။ ထိုအခါ မယ်တော်သည် ကျွန်မကို -

'ဟယ် ကျွန်မ ... သင်သည် အကြိမ်များစွာ ငိုထံသို့ လာဘိ၏။ ဦးသူတို့သည် ဒုလိုရှိတိုင်း ယူပါစေ။ ငါသည် တရားတော်ကို ကောင်းစွာနာနေ၏။ ငိုအား အနှောင့်အယှက်ကို မပြုနှင့်ဟု ဆိုသော်လည်း မရပေ။ ယခုတစ်ခါ ပြန်လာအံ့, သင်သည် ပြုအပ်သည်ကို သိရအံ့' ဟူ၍ ကြိမ်းမောင်း ပြောဆိုကာ ကျွန်မအား အိမ်သို့ ပြန်လွှတ်လိုက်ပြန်လေ၏။

ထိုအခါ၌ မယ်တော်အနီး၌ ရပ်နေသော ဦးသူကြီးသည် 'ကျိသို့ သင်ဘုရှိသော်သူ၏ ဥစ္စာကို ယူလျှင် မိုးကြိုးကျ၍ ဦးခေါင်းကွဲလတ္တံ့' ဟု အောက်မေ့လျက် အိမ်၌ရှိသော ဦးသူတို့အထံသို့ သွား၍ ဦးယူပြီးကုန်သော ရွှေ, ငွေ အသပြာတို့ကို သူ့မူလနေရာအတိုင်း ပြန်၍ ထားစေလေ၏။

နံနက် မိုးလင်းသောအခါ၌မူကား ဦးသူကြီးသည် မယ်တော်အား တောင်းပန်ဝန်ချပြီးနောက် ဦးသူကြီးနှင့်တကွ ဦးသားကိုးရာတို့သည် အရှင်သောဇာထံ၌ ရဟန်းပြုကြလေကုန်၏။ မြတ်စွာဘုရားလည်း ရောင်ခြည်တော်လွှတ်၍ တရားဟောလေရာ ဦးသားကိုးရာလုံး ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်ကြလေကုန်၏။

(ဝမ ၅ - ၂ - ၃၆၉ / ၃၇၆)

ဃ။ အရှင်သောဇာမယ်တော်၏ တရားနာ သမာဓိလာ ဆောင်ရန်လက်ကျွမ်းများ

၁။	သာမ္မကုလာ၊	ကွာဝေးဟာ၊	တစ်ရာကျော်နှစ်ဆယ်ရှိလေသည်။
၂။	ကုလဃရ၊	မြို့ဌပ၊	သောဏနေလေသည်။
၃။	ကစ္စည်းထံမှာ၊	ရဟန်းပါ၊	ခဲ့စွာပြုရသည်။
၄။	ရဟန္တာပင်၊	ဖြစ်ပြီးလျှင်၊	မြတ်ရှင်ဖူးလေပြီ။
၅။	တစ်ခန်းတည်းသာ၊	တူနေရာ၊	မြတ်စွာရှုတ်ခိုင်းပြီ။
၆။	အဌကဝဂ်လာ၊	သုတ်များစွာ၊	သံသာရှုတ်ဆိုပြီ။
၇။	အသံသာမှု၊	ဖိပြင်မှု၊	သာဓုခေါ် လေပြီ။
၈။	ဘုရားသာဓု၊	ခေါ် ဆိုမှု၊	ကြောင်းပြုသဖြင့်သည်၊

၉။ နတ်ပြဟ္မာထု၊ ဝမ်းသာမှု၊ သာဓုခေါ်ကြသည်။
၁၀။ အိမ်စောင့်နတ်သော်၊ သာဓုခေါ်၊ မယ်တော်ကြားလေဖြို့။
၁၀။ ကျိုးကြောင်းသိရာ၊ ဗိတိဖြာ၊ ဝမ်းသာကြည်နူးပြီ။
၁၂။ ကုလမြို့လယ်၊ မလွှာပ်ရယ်၊ သွယ်သွယ်ပြုလုပ်ပြီ။
၁၃။ တရားပွဲလုပ်ကာ၊ မယ်တော်ဟာ၊ တရားနာလေဖြို့။
၁၄။ ခိုးသားကိုးရာ၊ အိမ်ကိုသာ၊ ဖောက်ကာဝင်ကြပြီ။
၁၅။ ခိုးသူကြီးကား၊ မယ်တော်နား၊ ကပ်ငြားရှိနေသည်။
၁၆။ လှုပ်ရှလေကာ၊ ဓားနှင့်ပါ၊ ခုတ်ချရည်ရွယ်သည်။
၁၇။ ခိုးသားများစွာ၊ အသပြာ၊ ဖွင့်ကာယူကြပြီ။
၁၈။ အိမ်ကျွန်မကား၊ မယ်တော်အား၊ ပြောကြားသိစေပြီ။
၁၉။ တရားနာတာ၊ နှောင့်ယှက်တာ၊ ကြိုက်တာမဟုတ်ပြီ။
၂၀။ ယူတာယူစေ၊ အိမ်သို့ပေ၊ ပြန်လေလွှတ်လိုက်ပြီ။
၂၁။ သပြာပြီးရာ၊ ငွေတိုက်ပါ၊ ဆက်ကာဖွင့်ပြန်သည်။
၂၂။ အပြေးအလွှား၊ မယ်တော်အား၊ ပြောကြားပြန်လေပြို့။
၂၃။ လာမပြောနဲ့၊ ယူစေဟဲ့၊ ပြောရဲ့ ပြန်လွှတ်ပြီ။
၂၄။ ငွေတိုက်ပြီးရာ၊ ရွှေတိုက်ပါ၊ ဆက်ကာဖွင့်ပြန်သည်။
၂၅။ ဆက်၍တစ်ခါ၊ ရွှေတိုက်ပါ၊ ဖွင့်တာပြောပြန်ပြီ။
၂၆။ မပြောနဲ့ဆိုတာ၊ လာပြောတာ၊ နောက်လာသိစေမည်။
၂၇။ ကြိမ်းကာမောင်းကာ၊ အိမ်သို့သာ၊ ပြန်ကာလွှတ်ပြန်ပြီ။
၂၈။ ခိုးမှူးကြီးကား၊ သိတရား၊ ဖြစ်ကြားလာလေပြို့။
၂၉။ ဤသဘောရှိ၊ ဥစ္စာတိ၊ ယူဘိသူတို့သည်၊
၃၀။ ဦးခေါင်းထက်ပ၊ မိုးကြိုးကျ၊ မချသေလိမ့်မည်။
၃၁။ ယူပြီးလေငြား၊ ဥစ္စာများ၊ ပြန်ကားထားစေပြီ။
၃၂။ မယ်တော်ကြီးထံ၊ ညွှတ်တွားပြန်၊ တောင်းပန်ဝန်ချပြီ။
၃၃။ သောဏထံမှာ၊ ရဟန်းပါ၊ ကောင်းစွာပြုကြပြီ။
၃၄။ ဘုရားမြတ်စွာ၊ ရောင်လွှတ်ကာ၊ မျှောလေပြို့။
၃၅။ တရားဆုံးမှာ၊ သမ္မိဒါ၊ ရဟန္တာဖြစ်ကြပြီ။
၃၆။ သမာဓိတန်ခိုး၊ အံ့ဖွယ်မျိုး၊ အကျိုးသိနိုင်ပြီ။

၉။ <u>အကိုတ္တိရသျှော်၏ ဌာနသမာဓိ ။</u> ။ ရှေးအခါက ဗာရာဏသီပြည်၌ ဖြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော ဗြဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ ဖြစ်၏။ ထိုဘုရားလောင်းအား အကိုတ္တိဟူသော အမည်ကို မှည့်ကုန်၏။ (၁၆)နှစ်ရှိုးသောအခါ တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံသော အတတ်တို့ကို သင်ယူ၍ ပြန်လာခဲ့၏။ မိဘများ ကွယ်လွန်သောအခါ အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို စွန့်၍ ရသေ့ပြုလေ၏။ အကိုတ္တိရသေ့ဟူ၍ ထင်ရှား၏။

အကိုတ္တိရသေ့သည် ဈာန်အဘိညာဉ်ကို ရ၍ ကာရဝီပကျွန်း၌ ကံပြင်းပင်ကြီးကို အမှီပြု၍ သစ်ရွက်မိုး ကျောင်းဆောက်၍ နေလေ၏။ ဘုရားလောင်းသည် အလိုနည်းသည်၏အဖြစ်ကြောင့် ဌာနသမာဓိအနေဖြင့် တစ်ပါးသောအရပ်သို့ မသွားမူ၍ ထိုကံပြင်းပင် သီးသောအခါ အသီးကိုစား၏။ အရွက်ရှိသောအခါ အရွက်ကို ရေဖြင့်ပြုတ်၍ စား၏။ ထိုအကိုတ္တိရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူသောအခြင်းအရာကို ပြလေ၏။

သိကြားမင်းသည် ဆင်ခြင်သည်ရှိသော် အကိုတ္တိရသေ့ကို မြင်၍ 'အကိုတ္တိရသေ့သည် အလွန်ပြင်းထန်သော အကျင့်ကို ကျင့်၏။ အဘယ်အကြောင်းရှိ ကျင့်သနည်း။ စုံစမ်းဦးအံ့' ဟု ကြံ၍ လာပြီးလျှင် ပဏ္ဏားအသွင်ပြင့် အကိုတ္တိရသေ့၏ ရှေ့၌ အလျှောခံရပ်လေ၏။

အကိုတ္တိရသေ့သည် အလျှောခံပဏ္ဏားကို မြင်လျှင် နှစ်လိုဝမ်းသာသည်ဖြစ်၍ 'ငါသည် အလျှောံပဏ္ဍိုလ်ကို မြင်ရပေပြီ။ ဧုံအားအရတော်ပေစွ' ဟု ကြံစည်ကာ ဆားမပါသော ကံပြင်းရွက်ပြုတ်ကို ဝိဝိအတွက် မချန်မူ၍ အကုန်လောင်း လှူလိုက်ပေ၏။ 'ဤအလှူသည် သတ္တညုတဉာဏ်ရခြင်း၏ အကြောင်းသည် ဖြစ်ပါစေသတည်း' ဟူ၍လည်း ဆုမွန်ကောင်း တောင်းလေ၏။ အကိုတ္တိရသေ့သည် နောက်ထပ်တစ်ဖန် မပြုတ်မူ၍ ထိုနေ့အဖို့ ဝိတိဂျမ်းသာဖြင့် အချိန်ကို ကုန်လွန်စေလေ၏။

ဒုတိယနေ့၌လည်း အလျှောခံပဏ္ဏား ရောက်လာပြန်သည်ဖြစ်၍ ထို့အတူ လှူလိုက်ပြန်ပေ၏။ တတိယနေ့၌ လည်း အလျှောခံပဏ္ဏား ရောက်လာပြန်သည် ဖြစ်၍ ထို့အတူ လှူလိုက်ပြန်လေ၏။ လှူပြီးလျှင် 'ဧုံအား အရတော်ပေစွ။ ကံပြင်းရွက်တို့ကို မှီ၍ ကောင်းမှုတို့ကို ပွားစေရ၏' ဟု ကြံလျက် နှစ်သက်ခြင်းဖြစ်၍ နေလေ၏။ သို့ရာတွင် သုံးရက်ပတ်လုံး အစာကင်းသည်၏အဖြစ်ကြောင့် အားနည်းလျက်သာလျှင် အလှူကို ဆင်ခြင်လျက်နေလေ၏။

ထိုအခါ သိကြားမင်းသည် 'ဤအကိုတ္တိရသေ့သည် သုံးရက်ပတ်လုံး အစာကင်းသောကြောင့် အားနည်းလျက် နေသော်လည်း ဗိဝိအလှူကိုသာကြံစည်နှစ်သက်လျက်နေလေ၏။ အဘယ်ကို တောင့်တ၍ လှူသနည်း' ဟု ကြံ၍ မွန်းတည့်ချိန်လွန်သော် အကိုတ္တိ ရသေ့ထံသို့ ချဉ်းကပ်၍ အကိုတ္တိရသေ့ကို ဤသို့ မေးမြန်းလေ၏။

'အို အရှင်ရသေ့ ... လေပူနေပူတို့ကလည်း တိုက်ခတ်ပါဘိသနဲ့၊ အကာအရံ မရှိသော ဤကံပြင်းပင်၌ အဘယ်အကျိုးငှါ ခြိုးခြံသောအကျင့်ကို ကျင့်နေဘိသနည်း။ အဘယ်ကို တောင့်တ၍ ဤပူပြင်းလှသောအရပ်၌ ငြိမ်သက်စွာ နေဘိသနည်း'

ထိုအခါ အကိုတ္တိ ရသေ့သည် သိကြားမင်းအဖြစ်ကိုသိ၍ သိကြားမင်းကို ဤသို့ ပြောဆိုဖြေကြားလေ၏။

'သိကြားမင်း ... တစ်ဖန်ဘဝ၌ ဖြစ်ခြင်းသည် ဆင်းရဲ၏။ ကိုယ်ခန္ဓာ၏ ပျက်စီးရခြင်းသည် ဆင်းရဲ၏။ တွေဝေလျက် သေရခြင်းသည် ဆင်းရဲ၏။ ထို့ကြောင့် ငါသည် နိဗ္ဗာန်ကို တောင့်တ၍ ငြိမ်သက်စွာနေ၏'

ထိုစကားကို ကြား၍ သိကြားမင်းသည် နှစ်သက်သည်ဖြစ်၍ နိဗ္ဗာန်ကို တောင့်တသော အကိတ္တိရသေ့အား ဆုပေးလိုရကား ဤစကားကို ပြောကြားလေ၏။

'ကဿပ အနွယ်ဖြစ်သော ရှင်ရသေ့ ... ရှင်ရသေ့၏ နိဗ္ဗာန်ကို တောင့်တ၍ ငြိမ်သက်စွာနေ၏ – ဟူသော စကားသည် ကောင်းသော စကားဖြစ်ပေ၏။ ရှင်ရသေ့အား ဆုကိုပေးပါ၏။ အလိုရှိသောဆုကို ယူပါလော့'

ထိုအခါ ဘုရားလောင်း အကိတ္တိရသေ့သည် သိကြားမင်းထံ၌ အောက်ပါဆုများကို တောင်းဆိုလေ၏။

'ခပ်သိမ်းသော သတ္တဝါတို့ကို အစိုးရသော သိကြားမင်း ... ဤအား အကယ်၍ ဆုကိုပေးအုံး။ အကြင်လောဘဖြင့် သားသမီးတို့ကိုလည်းကောင်း၊ မယားတို့ကိုလည်းကောင်း၊ ဥစ္စာစပါးကိုလည်းကောင်း၊ တစ်ပါးကုန်သော ချစ်အပ်သော ဥစ္စာတို့ကိုလည်းကောင်း ရကုန်၍ သတ္တဝါတို့သည် မရောင့်ရဲနိုင်ကုန်။ ထိုလောဘသည် ငါ၌ မဖြစ်ရစေ။

အကြင်ဒေါသသည် ဖြစ်လတ်သော် လယ်, ယာ, ရွာ, ငွေ, နွား, မြင်း စသည်တို့ကို ဖျက်ဆီးတတ်ကုန်၏။ ထိုဒေါသသည် ငါ၌ မဖြစ်ရစေ။

ငါသည် လူမိုက်ကို မမြင်ရလို၊ မကြားရလို။ လူမိုက်နှင့် မပေါင်းဖော်ရလို။ လူမိုက်နှင့် စကားမပြောရလို။ လူမိုက်ကို မနှစ်သက်ရလို'

ထိုအခါ သိကြားမင်းသည် –

'အဘယ်ကြောင့် လူမိုက်ကို မမြင်လိုရသနည်း'

– ဟု မေးသောအခါ အကိတ္တိ ရသေ့သည် ဤသို့ ဖြေကြားလေ၏။

'သိကြားမင်း ... လူမိုက်သည် ဖျက်စီးခြင်းကို ဆောင်တတ်၏။ မပြုလုပ်သင့်သော အရာတို့ကို ပြုလုပ်စေတတ်၏။ မြတ်သောအားပြ သိနိုင်ခဲ၏။ ကောင်းစွာ ပြောဆိုပါသော်လည်း အမျက်ထွက်တတ်၏။ ထိုလူမိုက်သည် ပြုကျင့်ရမည့် လူစည်းကမ်း ဝတ္တရားများကို မသိ။ ထိုသို့သော လူမိုက်ကို မမြင်ရခြင်းသည် ကောင်း၏'

ထို့နောက် အကိတ္တိရသေ့သည် အောက်ပါဆုကို ယူလေ၏။

'သိကြားမင်း ... ပညာရှိကို မြင်ရလို၏။ ကြားရလို၏။ ပညာရှိနှင့် ပေါင်းဖော်ရလို၏။ ပညာရှိနှင့် စကားပြောဆိုရလို၏။ ပညာရှိကို နှစ်သက်ရလို၏။ '

'အဘယ်ကြောင့် ပညာရှိကို မြင်ခြင်းငါ အလိုရှိသနည်း'

– ဟု မေးသောအခါ အကိတ္တိရသေ့သည် သိကြားမင်းအား ဤသို့ ဖြေကြားလေ၏။

'သိကြားမင်း ... ပညာရှိသည် အစီးအပွားသို့ ဆောင်တတ်၏။ မပြုလုပ်သင့်သော အရာ၌ မတိုက်တွန်း။ မြတ်သောအားဖြင့် သိလွယ်၏။ ကောင်းစွာဆိုသည်ရှိသော် အမျက်မထွက်။ လူစည်းကမ်း ဝတ္တရားများကို နားလည်၏။ ထိုပညာရှိနှင့် ပေါင်းဖော်ရခြင်းသည် ကောင်းမြတ်၏။ ထို့ကြောင့် ငါသည် ပညာရှိကို မြင်ရလို၏'

ထိုအခါ သိကြားမင်းသည် –

'နောက်ထပ်လည်း ဆုကို တောင်းဦးလော့'

– ဟု ဆိုလေလျှင် အကြိတ်အဖိုရသော့သည် အောက်ပါဆုများကို တောင်းဆိုလေ၏။

'သိကြားမင်း ... နံနက်မိုးသောက် အလင်းရောက်၍ နေထွက်သောအခါ၌ အလှူခံ ပုဂ္ဂိုလ်တို့ကို တွေ့မြင်ရ၍ ကောင်းမြတ်သော အာဟာရကို လောင်းလှူနိုင်ရပါလို၏။ ကောင်းမွန်သော လှူဖွယ်များကို ပေးလှူနိုင်ရပါလို၏။ ပေးလှူ၍လည်း မကုန်နိုင် ဖြစ်ရပါလို၏။ ပေးလှူဆဲ၌ ဇီဝိတ်သည် ကြည်လင်ရပါလို၏။ ပေးလှူပြီး၍လည်း နောင်တပူပန်မှု မဖြစ်ရပါလို၏။

ခပ်သိမ်းသော သတ္တဝါတို့ကို အစိုးရသော သိကြားမင်း ... သင်သည် နောက်ထပ် တစ်ဖန် ဇို့ထံသို့ ချဉ်းကပ် မလာလင့်'

ထိုအခါ သိကြားမင်းသည် အကြိတ်အဖိုရသော့အား ဤသို့ ပြန်လည်မေးမြန်းလေ၏။

'ရှင်ရသေ့ ... အလုံးစုံသော ယောကျ်ား၊ မိန်းမတို့သည် များစွာသော ကျင့်ဝတ်တို့ဖြင့် သိကြားမင်းကို တွေ့မြင်ခြင်းကို အလွန် တောင့်တကုန်၏။ အရှင်ရသေ့မူကား သိကြားမင်းကို မြင်ခြင်း၌ အဘယ်ဘေးသည် ဖြစ်လေသနည်း'

ထိုအခါ အကြိတ်အဖိုရသော့သည် သိကြားမင်းအား ဤသို့ ဖြေကြားလေ၏။

'သိကြားမင်း ... သင်သည်ကား အလုံးစုံသော ကာမဂုဏ်တို့နှင့် ပြည့်စုံ၏။ အလွန်ရွှင်ပျပ်ဖွယ် အဆင်းရှိ၏။ ဤသို့ သဘောရှိသော အသင် သိကြားမင်းကို မြင်၍ မြိန်ရွှေ့သော အကျင့်၌ မေ့လျော့နိုင်ပေ၏။ ဤမေ့လျော့ခြင်းသည် သင် သိကြားမင်းကို မြင်ရခြင်း၌ ဘေးတည်း'

ထိုအခါ သိကြားမင်းသည် –

'အရှင်ဘုရား... ကောင်းပါပြီ။ ဤယနေ့ပမာ၍ အရှင်ဘုရားအထံသို့ မလာပါတော့အံ့'

– ဟု လျှောက်ထားပြီးနောက် ရှိသေစွာ ရှိခိုး၍ ပိဝိနေရာသို့ ပြန်သွားလေ၏။ အကြိတ်အဖိုရသော့သည် အသက်ထက်ဆုံး ထိုကံပြင်းပင်ကို အမှီပြု၍ ကံပြင်းရွက်ပြုတ်ရည်ကို သောက်၍သာလျှင် နေလေ၏။ ကွယ်လွန်သောအခါ ဖြဟ္မာပြည်၌ ဖြစ်လေ၏။

(ဇ ၆ - ၅ - ၂၆၅ / ၂၆၈)

၉။ အကိတ္တိရဇာတ်၏ ဌာနသမာဓိလာ ဝေဘင်ရန်လက်ာများ

၁။	ဗာရာဓသည်လေဟ၊	တိုင်းပြည်မြတ်၊	ဗြဟ္မဒတ်မင်းလုပ်သည်။
၂။	တုရားလောင်းကား၊	မျိုးပုဏ္ဏား၊	ထင်ရှားဖြစ်လေသည်။
၃။	ကုရွေရုစ်ဆယ်၊	ဥစ္စာရယ်၊	ပေါကြွယ်ဝလေသည်။
၄။	မိဘလွန်ရာ၊	များဥစ္စာ၊	စွန့်ကာကြဲလေပြီ။
၅။	ရသေ့ပြုကာ၊	စွာန်ဘိညာ၊	ကောင်းစွာဖြစ်စေပြီ။
၆။	အကိတ္တိဟု၊	အမည်ပြု၊	ခေါ်မှုကျော်ကြားသည်။
၇။	ကာရဒိပါ၊	ကျွန်းဌိသာ၊	နေရာသတ်မှတ်ပြီ။
၈။	ကံပြင်းပင်ရင်း၊	ကျောင်းဆောက်ခြင်း၊	နေခြင်းပြုလေပြီ။
၉။	သီးရွက်ကိုသာ၊	ဆားမပါ၊	ပြုတ်ကာစားလေသည်။
၁၀။	အကျင့်စွမ်းအား၊	မိုးသီကြား၊	သီဇာဆင်ခြင်ပြီ။
၁၁။	ပုဏ္ဏားအသွင်၊	ဖန်၍ပင်၊	ရှေ့တွင်ရပ်လေပြီ။
၁၂။	လျှုခံမြင်သော်၊	အလောင်းတော်၊	ရှင်ပျော်ဝမ်းမြောက်ပြီ။
၁၃။	ကံပြင်းရွက်ပြုတ်သာ၊	ဆားမပါ၊	လောင်းကာလျှုလိုက်ပြီ။
၁၄။	နောက်ထပ်တစ်ခါ၊	မပြုတ်ရာ၊	အစာကင်းလေပြီ။
၁၅။	သုံးရက်လုံးတွင်၊	ထိုသို့ပင်၊	အားအင်နဲလေပြီ။
၁၆။	သို့ရာတွင်လဲ၊	ဗိတိကဲ၊	အားခဲနေလေပြီ။
၁၇။	ဒေဝီသိကြား၊	ဆင်းသက်ငြား၊	မေးငြားပြုလေပြီ။
၁၈။	ဘာကိုတောင့်တ၊	ပြင်းထန်စွ၊	ကျင့်ရမေးလေသည်။
၁၉။	နိဗ္ဗာန်တောင့်တ၊	ခြားမတ၊	ကျင့်ရဖြေဆိုပြီ။
၂၀။	လိုရာဆုရည်၊	တောင်းနိုင်သည်၊	ပေးမည်ပြောလေပြီ။
၂၁။	ရသေ့မြတ်မို့၊	ဆုယူဖို့၊	ဤသို့တောင်းလေပြီ။
၂၂။	ချစ်ဖွယ်အာရုံ၊	အဖုံဖုံ၊	တွေ့ကြုံရဌိသည်၊
၂၃။	ယူလိုမဝ၊	ရမဝ၊	လောဘမျိုးကိုသည်၊
၂၄။	ငါ၏စိတ်မှာ၊	ဘယ်အခါ၊	ဖြစ်တာမလိုပြီ။
၂၅။	မိမိစိတ်က၊	သဘောပ၊	မကျရဌိသည်၊
၂၆။	ဆဲရဆိုရ၊	ဖျက်ဆီးရ၊	ဒေါသမျိုးကိုသည်၊

၂၆။	ငါ၏စိတ်မှာ၊	တဖြည်းဖြည်း၊	ဖြစ်တာမလိုပြီ။
၂၈။	လူမိုက်တို့အား၊	မမြင်ကြား၊	မကြားရလိုပြီ။
၂၉။	စကားပြောမှု၊	ဆက်ဆံမှု၊	မပြုရလိုပြီ။
၃၀။	လူမိုက်ကိုပင်၊	တာကြောင့်အင်၊	မမြင်မမြဲလေသည်။
၃၁။	လူမိုက်မှန်လတ်၊	ဗျက်ဆီးတတ်၊	ငြိုးတတ်ကြလေသည်။
၃၂။	မြင့်မြတ်သူတု၊	သိနိုင်မှု၊	လွန်ပြုခဲယဉ်းသည်။
၃၃။	မသင့်တာပေ၊	မကောင်းခဲပ၊	ပြုစေတတ်လေသည်။
၃၄။	ကောင်းစွာပြောပြန်၊	လက်မခံ၊	မျက်မှာနှိုးတတ်သည်။
၃၅။	စည်းကမ်းဝတ္တရား၊	လေးမထား၊	ရမ်းကားတတ်လေသည်။
၃၆။	ထိုကြောင့်သာထင်၊	လူမိုက်ပင်၊	မမြင်ရလိုပြီ။
၃၇။	ပညာရှိကို၊	မြင်ရလို၊	ကြားလိုလှပါသည်။
၃၈။	စကားပြောမှု၊	ဆက်ဆံမှု၊	ပြုမှုရှိလိုသည်။
၃၉။	ပညာရှိပင်၊	ထာကြောင့်ပင်၊	မြင်ချင်မေးပြန်ပြီ။
၄၀။	ပညာရှိကား၊	ကျိုးစီးပွား၊	ဆောင်ကြားပေးတတ်သည်။
၄၁။	သင့်ရာတိုပေ၊	ကောင်းထာပေ၊	ပြုစေတတ်လေသည်။
၄၂။	မြင့်မြတ်သူပဲ၊	စိတ်တွင်းထဲ၊	လွယ်ပဲထိုနိုင်သည်။
၄၃။	ကောင်းစွာပြောချက်၊	ဒေါသမျက်၊	မထွက်တတ်လေပြီ။
၄၄။	စည်းကမ်းဝတ္တရား၊	အလေးထား၊	လွန်ကြားယဉ်ကျေးသည်။
၄၅။	ပညာရှိကို၊	ထိုကြောင့်ကို၊	မြင်လိုရလေသည်။
၄၆။	ကိုယ်ကျင့်ကောင်းတန်၊	အလျှုခံ၊	ဇနဖန်မြင်လိုသည်။
၄၇။	လျှုဒါန်းဖွယ်ရာ၊	အကောင်းထာ၊	ခါခါလျှုလိုသည်။
၄၈။	ဘယ်လောက်လျှုတုန်၊	လျှုဖွယ်တုန်၊	မကုန်ရလိုပြီ။
၄၉။	လျှုဆဲကြည်ကာ၊	လျှုပြီးရာ၊	ဝမ်းသာကြည်နူးမည်။
၅၀။	သင်သိကြားဟာ၊	နောက်ထပ်ပါ၊	မလောလိုလားသည်။
၅၁။	သိကြားကိုထင်၊	အားလုံးပင်၊	မြင်ချင်ကြလေသည်။
၅၂။	သင်ရသေ့ကား၊	ဘာကြောင့်များ၊	လိုလားမရှိသည်။
၅၃။	သင်သိကြားကား၊	စည်းစိမ်များ၊	လွန်ကြားပြည့်စုံသည်။
၅၄။	ရုပ်ရည်အဆင်း၊	အလွန်မင်း၊	လှခြင်းရှိလေသည်။

၅၅။ သင့်ကိုမြင်မူ၊ ငြိုးခြံဟူ၊ ကျင့်သူများဌိသည်၊
၅၆။ ပမာဒတရား၊ ဖြစ်လောငြား၊ ပျက်ပြားသွားနိုင်သည်။
၅၇။ ထို့ကြောင့်သာများ၊ လာရင်းအား၊ လိုလားမရှိပြီ။
၅၈။ မလောဆိုရာ၊ မလောဟိ၊ လျှောက်ကာပြန်လေပြီ။
၅၉။ ရသေ့မြတ်ရင်၊ သက်ဆုံးပင်၊ ပြင်းပင်နေလေပြီ။
၆၀။ ကံပြင်းရွက်သာ၊ ပျက်လို့သာ၊ အာဟာပြီးလေပြီ။
၆၁။ ကွယ်လွန်လေရာ၊ ဗြဟ္မာရွာ၊ ကောင်းစွာလားလေပြီ။

သမာဓိ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

သဒ္ဒါအပ္ပဉ်လာ ကိုယ်ကျင့်တရားများ

ဗျာနှင်္ဂရာသိ, ဂ္ဂန္ထိယရာသိ ။ ။ မြတ်စွာဘုရားသည် မဟာကုသိုလ် ပဌမစိတ်ဖြစ်ပုံကို ဟောတော်မူရာ၌ 'ဇဿ, ဝေဒနာ, သညာ, စေတနာ, စိတ်' တို့ကို ဖဿပဌမက တရားအနေဖြင့်လည်းကောင်း၊ 'ဝိတက်, ဝိစာရ, ဝိတိ, သုခ, ဧကဂ္ဂတာ' ဟူသော တရားဝိုးမျိုးကို ဗျာနှင်္ဂရာသိ အနေဖြင့်လည်းကောင်း၊ 'သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, မန, သောမနဿ, ဇီဝိတ' ဟူသော တရားခုနစ်မျိုးကို ဂ္ဂန္ထိယရာသိအနေဖြင့်လည်းကောင်း ... စသည်ဖြင့် ဟောတော်မူလေသည်။ ထိုတွင် ပြဆိုအပ်ပြီးသော 'ဝိတက်, ဝိစာရ, ဝိတိ, သုခ, ဧကဂ္ဂတာ' ဟူသော တရားဝိုးမျိုးသည် မဟာကုသိုလ်စိတ်၌သာ ပါဝင်ကြသည် မဟုတ်ဘဲ ဗျာန်စိတ်တို့၌လည်း ပါဝင်ယှဉ်တွဲကြသောကြောင့် ထိုတရားဝိုးမျိုးကို ' ဗျာနှင်္ဂရာသိ' ဗျာန်အဂီ အစုတရားဟု ခေါ်ဆိုလေသည်။ သဒ္ဓါ စသော ခုနစ်မျိုးကုန်သောတရားတို့ကိုကား အစိုးတရဖြစ်နိုင်ကြ၍ ဂ္ဂန္ထေထိုက်သောတရားများ ဖြစ်ကြသောကြောင့် ထိုတရားများကို 'ဂ္ဂန္ထိယရာသိ' ဂ္ဂန္ထေထိုက်သော အစုတရားဟု ခေါ်ဆိုလေသည်။ ဂ္ဂန္ထေထိုက်သော တရားခုနစ်မျိုးတွင် သဒ္ဓါစေတသိက်ကို အရင်ဟောတော်မူလေသည်။

၁။ သဒ္ဓါ၏ လက္ခဏာများ ။ ။ မြတ်စွာဘုရားရှင်သည် အကုသိုလ်တရားကို ဟောတော်မူရာ၌ လောဘကို ဦးတည်ဟောတော်မူသကဲ့သို့ ကုသိုလ်တရားကို ဟောတော်မူရာ၌ သဒ္ဓါကို ဦးတည်၍ ဟောတော်မူလေသည်။ ယုံကြည်မှု သဒ္ဓါရှိကြမှသာ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြမည်ဖြစ်၏။ ထိုသဒ္ဓါ၏ လက္ခဏာတို့ကား -

သဒ္ဒဟန္တိ သဒ္ဓါ။ သာ

၁။ သမ္ပယုတ္တဓမ္မေ သဒ္ဓေတီတိ သဒ္ဓါ - ကောင်းစွာကြည်လင်စေခြင်း လက္ခဏာရှိသည်လည်းကောင်း၊

၂။ သမ္ပယုတ္တဓမ္မေ သဒ္ဓဟတီတိ သဒ္ဓါ - ကောင်းစွာပြေးဝင်ခြင်း လက္ခဏာရှိသည်လည်းကောင်း၊

ဘုရားအစရှိသော အာရုံကို ယုံကြည်တတ်သောကြောင့် သဒ္ဓါမည်၏။ ထိုသဒ္ဓါသည် -

၁။ သမ္ပယုတ္တဓမ္မေ သဒ္ဓေတီတိ သဒ္ဓါ - ကောင်းစွာ ကြည်လင်စေခြင်း လက္ခဏာရှိ၏ ဟူရာ၌ -

ဥပမာကား - စကြာဝဠာတောင်းမင်း၏ ရေနောက်ကို ကြည်စေနိုင်သော ပတ္တမြားသည် ရေနောက်ထဲသို့ ထည့်အပ်သည်ရှိသော် ညွန့်ပျစ်, မှော်, ရေညှိ, ညွန့်ကြဲများကို ကောင်းစွာနှစ်မြှုပ်စေ၍ ရေကို ကြည်လင်သည်ကို၊ အထူးကြည်လင်သည်ကို၊ မနောက်ကျသည်ကိုပြုသကဲ့သို့ ဤသဒ္ဓါသည် နိဝရဏတို့ကို ချေနိုင်၏။ ကိလေသာတို့ကို ကောင်းစွာနှစ်မြှုပ်စေ၏။ စိတ်ကို ကြည်လင်စေ၏။ မနောက်ကျသည်ကို ပြု၏။ ကြည်လင်သောစိတ်ဖြင့် အမျိုးကောင်းသားသည် အလျှူကိုပေးလျှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်စောင့်သုံးမှုကို ပြု၏။ ဘာဝနာကို အားထုတ်၏။

သမ္မက္ခန္ဓနှင့် လက္ခဏာ – ကောင်းစွာ ပြေးဝင်ခြင်း လက္ခဏာရှိ၏ ဟူရာ၌ –

ဥပမာကား – မိကျောင်း, မကန်း ဖမ်းစားတတ်သော၊ ရက်ရှိသည် အစရှိသည်တို့ဖြင့် ရောပြွမ်းသော၊ ရေပြင့်ပြည့်သော မြစ်ကြီးသို့ရောက်၍ ကြောက်တတ်သော လူအပေါင်းသည် နှစ်ဘက်သောကမ်းတို့၌ ရပ်တည်နေ၏။ စစ်မြေပြင်၌ ရဲရင့်သော သူရဲကောင်းကြီးသည်လာ၍ 'သင်တို့သည် အဘယ်ကြောင့် ရပ်တည်နေကုန်သနည်း' ဟု မေးသည်ရှိသော် 'ဂေဆဲ၌ ဘေးရန်ရှိသောကြောင့် သက်ဆင်းခြင်းငှါ မစုံပါကုန်' – ဟု ပြောဆိုကြကုန်၏။ ထိုအခါ သူရဲကောင်းကြီးသည် ကောင်းစွာ သွေးအပ်ပြီးသော သန်လျက်ကို ကိုင်၍ 'သင်တို့သည် မဆင်းဝံ့သော် မကြောက်ကြကုန်လင့်၊ ငါ့နောက်က လိုက်ခဲ့ကြကုန်လော့' – ဟု ပြောဆိုခေါ်ယူလျက် ရေသို့သက်ဆင်း၍ လာကုန်လာကုန်သော မိကျောင်း အစရှိသော ဘေးရန်တို့ကို တားမြစ်၍ ဤမှာဘက်ကမ်း၌ရှိသော လူတို့၏ ချမ်းသာကိုပြုကုန်လျက် ထိုမှာဘက်ကမ်းသို့ ပို့ဆောင်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်ကမ်းမှ လူတို့အားလည်း ချမ်းသာသဖြင့် ဤမှာဘက်ကမ်းသို့ ဆောင်လာသကဲ့သို့လည်းကောင်း ဤအတူ ဒါနကို ပေးလှူသောပုဂ္ဂိုလ်၏လည်းကောင်း၊ သီလကို ဆောက်တည်သော ပုဂ္ဂိုလ်၏လည်းကောင်း၊ ဥပုသ်ကို စောင့်သုံးသူ၏လည်းကောင်း၊ ဘာဝနာကို အားထုတ်သူ၏လည်းကောင်း ရှေ့သွားဖြစ်လေ၏။

နောက်တစ်နည်း – သန္ဓိလက္ခဏာများ –

၁။ သဒ္ဒဟန လက္ခဏာ – ယုံကြည်ခြင်း လက္ခဏာရှိ၏။

တစ်နည်း – ဩကပ္ပန လက္ခဏာ – ယုံကြည်ထိုက်သော ဝတ္ထုတို့၌ အစဉ်အတိုင်း သက်ဝင်၍ ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။

၂။ ပသာဒန ရသာ – ရေနောက်ကို ကြည်စေတတ်သော ပတ္တမြားကဲ့သို့ သမ္မယုတ်တရားတို့ကို ကြည်လင်စေခြင်း ကိစ္စရှိ၏။

တစ်နည်း – ပက္ခန္ဒနရသာ – ရေကို ဖြတ်ကူးသော သူရဲကောင်းကဲ့သို့ သဒ္ဓေယျဝတ္ထုတို့၌ ပြေးဝင်ခြင်း ကိစ္စရှိ၏။

၃။ အကာလုဿိယ ပစ္စုပဋ္ဌာနာ – မနောက်ကျသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်လာ၏။

တစ်နည်း – အဓိမုတ္တိ ပစ္စုပဋ္ဌာနာ – သဒ္ဓေယျဝတ္ထုတို့၌ ဆုံးဖြတ်ခြင်းဟူသော အကျိုးကို ဖြစ်စေတတ်၏။

၄။ သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ – ယုံကြည်ထိုက်သော ဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဤ၌ ယုံကြည်ထိုက်သော ဝတ္ထုဟူသည် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့နှင့် ကံ၊ ကံ၏ အကျိုးတို့ ပေတည်း။

တစ်နည်း – သောတာပတ္တိယင်္ဂ ပဒဋ္ဌာနာ – သောတာပတ္တိမဂ်၏ အကြောင်းအဂီဟူသော နီးစွာသော အကြောင်းရှိ၏။

သဒ္ဒါသည် လက်, ဥစ္စာ, မျိုးစေ့နှင့် တူလေ၏။ (အဘိ ၅ - ၁ - ၁၆၂ / ၃)

သဒ္ဒါ လက်နှင့်ထုပ် ။ ။ ရွှေငွေ စသော ရတနာတောင်ကို တွေ့ရာ၌ လက်မပါသူတို့ ရတနာကို မကောက်ယူနိုင်ဘဲ လက်ပါကြသူများသာ ရတနာကို အလိုရှိသလို ကောက်ယူနိုင်ဘိသကဲ့သို့ 'ဘုရား။ တရား။ သံဃာ' - ဟူသော လောကုတ္တရာ ရတနာကို တွေ့ရာ၌လည်း သဒ္ဒါရှိသူတို့သာ လိုအပ်သလို ကုသိုလ်ယူနိုင်ကြပေသည်။ သဒ္ဒါမရှိသူ မယူနိုင်ကြပေ။

သဒ္ဒါ ဥစ္စာနှင့်ထုပ် ။ ။ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာ၌ အပြတ်များများ ရမည်ဟု သိမြင်ကြသူတို့သည် ဝိဝိတို့၏ ရှိသောဥစ္စာကို အရင်းအနှီးပြု၍ အပြတ်ထုတ်နိုင်ကြပေသည်။ ရင်းနှီးစရာ ဥစ္စာမရှိသူတို့ အပြတ်မထုတ်နိုင်ကြပေ။ ဤနည်းအတူ လောကုတ္တရာရတနာကို တွေ့ရာ၌လည်း သဒ္ဒါရှိသူတို့သာ သဒ္ဒါတရားကို အရင်းအနှီး ပြု၍ ကုသိုလ်များများရအောင် အပြတ်ထုတ်နိုင်ကြပေသည်။ သဒ္ဒါမရှိသူတို့ မထုတ်နိုင်ကြပေ။

သဒ္ဒါ မျိုးစေ့နှင့်ထုပ် ။ ။ ရာသီဥတုမျှတ၍ ရေကောင်း၊ မြေကောင်းကို တွေ့မြင်ကြရာ၌ မျိုးစေ့ရှိသူတို့သာ စိုက်ပျိုး၍ အသီးအပွင့်များကို ဆွတ်ယူကာ လိုအပ်သလို အသုံးပြုနိုင်ကြပေသည်။ မျိုးစေ့မရှိသူများကား မစိုက်ပျိုးနိုင်သည်ဖြစ်၍ အသီးအပွင့်များကို ဆွတ်ယူမှု မပြုနိုင်ကြပေ။ ဤအတူ အလွန်မွန်မြတ်သော ဘုရားသာသနာနှင့် တွေ့ကြုံရိုက်၍ သဒ္ဒါရှိသူတို့သာ လိုအပ်သလို ကုသိုလ်ကောင်းမှုပြု၍ ကုသိုလ်၏အကျိုး အသီးအပွင့်များကို ရရှိခံစားကြရလေသည်။ သဒ္ဒါမရှိသူတို့ကား ကုသိုလ်မပြုကြသဖြင့် ကုသိုလ်၏ အကျိုး အသီးအပွင့်များကို မရရှိနိုင်ကြပေ။

၁။ သဒ္ဒါ၏ လက္ခဏာများ၌ ဆောင်ရန်လက်ကျများ

၁။	သဒ္ဒါသတော၊	ထုံကြည်ပြာ၊	ထတောသိုဠ်ဝဲသည်။
၂။	သဒ္ဒါလက္ခဏာ၊	ဤသို့သာ၊	ကောင်းစွာမှတ်နိုင်သည်။
၃။	စိတ်ကိုမွန်စွာ၊	ကြည်စေတော၊	သဒ္ဒါဖြစ်လေသည်။
၄။	စကြာဝတ္တဗြား၊	ရေနောက်အား၊	ထည့်ထားလိုက်ရင်သည်၊
၅။	အနယ်မွန်တွေ၊	ရေအောက်ပေ၊	ထိုင်လေကြည်သွားသည်။
၆။	ရတနာသုံးဖြာ၊	အာရုံမှာ၊	သဒ္ဒါဖြစ်သူသည်၊
၇။	စိတ်သန္တာန်မှာ၊	ကိလေကွာ၊	ကြည်ကာသွားလေသည်။
၈။	နောက်တစ်နည်းမှာ၊	ပြေးဝင်တာ၊	လက္ခဏာဖြစ်လေသည်။
၉။	မိကျောင်းပေါလှ၊	မြစ်ကိုပ၊	ကူးကြသူတို့သည်၊

၁၀။ သူရဲကောင်းအား၊ မှီပြုငြား၊ ကူးသွားနိုင်ကြသည်။
၁၁။ ဤနည်းတူစွာ၊ ကြည်သဒ္ဓါ၊ ဖြစ်တော်သူ၌သည်၊
၁၂။ ဒါနစအာဝ၊ ကုသိုလ်ပဝ၊ ပြေးဝင်ကြလေသည်။
၁၃။ လက်,မျိုး,ဥစ္စာ၊ မြတ်သဒ္ဓါ၊ ကောင်းစွာတူလေသည်။
၁၄။ ရွှေငွေစပြာ၊ ရတနာ၊ တွေ့ရာများ၌သည်၊
၁၅။ လက်ပါသူသာ၊ ကောက်ယူရာ၊ မပါ မယူပြီ။
၁၆။ ဘုရားစပြာ၊ ရတနာ၊ တွေ့ရာများ၌သည်၊
၁၇။ မြတ်သဒ္ဓါရှိ၊ ကုပြုစု၊ မရှိ မပြုပြီ။
၁၈။ ရောင်းရေးဝယ်တာ၊ ပြုကြရာ၊ ဥစ္စာရှိသူသည်၊
၁၉။ ရင်းနှီးချသာ၊ မြတ်များစွာ၊ ကောင်းစွာရလေသည်။
၂၀။ မရှိသူမှာ၊ ဘာလိုသာ၊ ဘယ်မှာရနိုင်မည်။
၂၁။ ဘုရားမြတ်စွာ၊ သာသနာ၊ တွေ့လာရာ၌သည်၊
၂၂။ သဒ္ဓါရှိသူ၊ ကုသိုလ်ဟူ၊ လွန်မူမြတ်ထုတ်သည်။
၂၃။ မရှိသူကား၊ အမြတ်များ၊ လားလားမရပြီ။
၂၄။ မျိုးစေ့ရှိသူ၊ မြေကောင်းဟူ၊ စိုက်မူကျိုးရသည်။
၂၅။ မရှိသူကား၊ မစိုက်အား၊ ကျိုးကားမရပြီ။
၂၆။ သာသနာခေါ် ရာ၊ မြေကောင်းမှာ၊ သဒ္ဓါရှိသူသည်၊
၂၇။ ကုသိုလ်ပြုကာ၊ စိုက်ပျိုးရာ၊ များစွာကျိုးရသည်။
၂၈။ မရှိသူမှာ၊ မစိုက်တာ၊ ဘယ်မှာကျိုးရမည်။
၂၉။ သဒ္ဓါရွှန်းစို၊ လူထိုထို၊ ကုသိုလ်ပြုကြသည်။
၃၀။ သဒ္ဓါခန်းခြောက်၊ ကုသိုလ်ပျောက်၊ ပါယ်ရောက်ကြလိမ့်မည်။

ဘုရား၊ တရား၊ သံဃာကို ကြည်ညိုသူ၊ ဆည်းကပ်သူ၊ ဒါနအစရှိသော ကုသိုလ်ကောင်းမှု ပြုသူတို့ကို သဒ္ဓါတရားရှိသူဟု ဆို၏။ သို့ဖြစ်၍ သဒ္ဓါတရားနှင့်စပ်သော ဝတ္ထုသာဓကတို့ကား မြောက်များလှစွာ၏။ ဤ၌ တေဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်ဒေါ့၏ ဝတ္ထုသာဓကတို့ကိုသာ အတုယူဖွယ်၊ ဗဟုသုတဖြစ်ဖွယ်အဖြစ် ဖော်ပြပေအံ့။

၂။ အရှင်ဝဏ္ဏလိင်္ဂဏ်၏ သဒ္ဒါတရား ။ ။ ဘုရားကို အာရုံယူကြည်ညိုရာ၌ အရှင်ဝဏ္ဏလိင်္ဂဏ်ရကား တဒင်္ဂဘွဲ့ ရအောင် ကြည်ညိုသူထေရ်တစ်ပါး ဖြစ်၏။ ဗုဒ္ဓလက်ထက်တော်က အရှင်ဝဏ္ဏလိသည် သာဝတ္ထိပြို့ ပုဏ္ဏားမိုးဦး ဖြစ်၏။ ဝဏ္ဏလိဟူ၍ နာမည်တွင်၏။ အရွယ်ရောက်သောအခါ၌ ဗေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်၏။ တစ်နေ့အခါ၌ ရဟန်းအပေါင်းခြံရံလျက် မြတ်စွာဘုရား သာဝတ္ထိပြည်တွင်းသို့ ကြွချီတော်မူလာသည်ကို ဖူးမြင်ရရာ၌ အားမရ မတင်းတိမ်နိုင်သည်ဖြစ်၍ မြတ်စွာဘုရား နှင့်အတူ လိုက်ပါ၍ ဖူးမြော်နေလေ၏။ ကျောင်းတော်သို့ ရောက်သောအခါမှာလည်း မြတ်စွာဘုရားကို ဖူးမြော် လျက်သာလျှင် နေ၏။ မြတ်စွာဘုရား တရားဟောတော်မူသောအခါ၌လည်း မြတ်စွာဘုရား၏ ရှေ့တည့်တည့်မှာနေ၍ မြတ်စွာဘုရား၏ ရူပကာယတော်ကို ဖူးမြော်လျက်သာလျှင် နေလေ၏။

ထိုသို့ ဖူးမြော်ရင်းကပင် ဖူးမြော်လိုစိတ် တရိပ်ရိပ်တက်လာသည်ဖြစ်၍ လူဝတ်နှင့် ဖူးရလျှင် အခါခပ်သိမ်း ဖူးရန် မလွယ်ကူသောကြောင့် ရဟန်းပြု၍ ဖူးမြော်လျက်သာ နေလေ၏။ အိပ်ချိန်၊ ဆွမ်းစားချိန်ကို အလွတ်ထား၍ ကျန်တစ်ချိန်လုံး မြတ်စွာဘုရား၏ ရူပကာယတော်ကို တဖူးတည်း ဖူးလျက်သာ နေလေ၏။ စာပေသင်ကြားခြင်း၊ ရွတ်အံခြင်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းကား မရှိပေ။

မြတ်စွာဘုရားသည်လည်း အရှင်ဝဏ္ဏလိ၏ ဉာဏ်ရင့်ကျက်ချိန် စောင့်ဆိုင်းတော်မူလျက် တစ်စုံတစ်ရာ ပြောကြားတော်မမူဘဲ နေတော်မူလာရာ တစ်နေ့သောအခါ၌ကား မြတ်စွာဘုရားသည် အရှင်ဝဏ္ဏလိကို –

> 'ဝဏ္ဏလိ ... သင်သည် ဤကိုယ်ကောင်အပုပ်ကို ဖူးမြင်ရုံသက်သက်ဖြင့် သင့်မှာ အဘယ်အကျိုးရှိအံ့နည်း။ စင်စစ် တရားကိုမြင်သူသည် ငါဘုရားကို မြင်၏။ ဘုရား ကိုမြင်သောသူသည်လည်း တရားကိုမြင်၏။ တရားကို ရှုကြည့်သောသူမှသာ ငါဘုရားကို ရှုကြည့်သောသူဖြစ်၏။ ငါဘုရားကို ရှုကြည့်သောသူသည်လည်း၊ တရားကို ရှုကြည့် သောသူ ဖြစ်သင့်ပေ၏' ဟု ပိန့်ကြားတော်မူလေ၏။

မြတ်စွာဘုရားရှင်က ဤသို့ပင် ပိန့်ကြားတော်မူအပ်ပါသော်လည်း အရှင်ဝဏ္ဏလိသည် မြတ်စွာဘုရားအား ဖူးမြော်မြဲသာ ဆက်၍ဖူးနေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် 'ဤဝဏ္ဏလိကား ထိတ်လန့်ခြင်း သံဝေဂကို မရလျှင် သစ္စာလေးပါးကို သိနိုင်လိမ့်မည် မဟုတ်' ဟု ဆင်ခြင်တော်မူကာ ရာဇဂြိုဟ်ပြို့ ငါကပ်သောနေ့၌ –

'ဝဏ္ဏလိ... သင်သည် ငါဘုရားအနီး၌မနေနှင့်။ လွတ်ရာကို သွားလော့' ဟု၍ နှင်ထုတ်လိုက်လေ၏။ မြတ်စွာဘုရားတို့ မည်သည် သူတစ်ပါးတို့ လိုက်နာအပ်သော စကားရှိ၏။ သူတစ်ဖက်သားတို့သည် မပယ်လှန်နိုင်ကြကုန်။ သို့ဖြစ်၍ အရှင်ဝဏ္ဏလိသည် မြတ်စွာဘုရားအနီး၌ မနေရဲတော့ဘဲ ဂိဇ္ဈကူဋ်တောင်သို့ သွား၍ နေရလေ၏။

အရှင်ဝဏ္ဏလိသည် ငါတွင်းသုံးလပတ်လုံး မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရသည်ဖြစ်၍ 'မြတ်စွာဘုရားရှင်ကို မဖူးမြင်ရသည်ရှိသော် သေခြင်းသည်သာ ကောင်းလေ၏' ဟု ကြံစည်၍ ဂိဇ္ဈကူဋ်တောင် ချောက်ကမ်းပါးသို့ တက်လေ၏။

ဝဏ္ဏလိ၏ ဖြစ်နေသော အခြေအနေကို မြတ်စွာဘုရားသည် သိတော်မူသည်ဖြစ်၍ 'ဤဝဏ္ဏလိကား ငါဘုရားထံမှ သက်သာရာကို မရသည်ရှိသော် မင်္ဂလိရမည့် ကသိုလ်ကံသည် အချည်းနှီး ဖြစ်ချေတော့မည် ' – ဟု ဆင်ခြင်တော်မူကာ ဝဏ္ဏလိထံသို့ ရောင်ခြည်တော်လွှတ်၍ ကိုယ်တော်ကို ပြတော်မူလေ၏။

အရှင်ဝက္ကလိသည် မြတ်စွာဘုရားရှင်ကို တစ်ဖန်ပြန်၍ ပူးမြင်ရသောအခါ အင်အားကြီးမားစွာ ပြစ်ပေါ်နေသော စိတ်ပင်ပန်းမှုသည် ငြိမ်းအေး၍ သွားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်ဝက္ကလိအား အောက်ပါတရားတော်များကို ဟောကြားတော်မူလေ၏။

၁။ ဝက္ကလိ ... မြတ်စွာဘုရား သာသနာတော်၌ မြတ်စွာဘုရားကို အာရုံပြု၍ ကြည်ညို ဝမ်းမြောက်ခြင်းများသောရဟန်းသည် သဘင်ရတို့၏ငြိမ်းရာငြိမ်သက်ချမ်းမြေ့သော နိဗ္ဗာန်ကိုရရာ၏။

၂။ ဝက္ကလိ ... ငါဘုရားထံ လာလော့။ မကြောက်လင့်။ ရွေးဘုရားအတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို ပူးမြင်လေလော့။ ငါဘုရားသည် သင့်ကို ညွှန်ပျောင်း၌ ကျွန်စစ်နေသော ဆင်ပြောင်ကြီးကဲ့သို့ ကိလေသာညွှန်ပျောင်းမှ ထုတ်ဆောင်ကယ်တင်တော်မူအံ့။

၃။ ဝက္ကလိ ... ရာဟုအသူရိန်ဖမ်းသော နေမင်း။ လမင်းကဲ့သို့ ငါဘုရားသည် သင့်ကို ကိလေသာဖမ်းခြင်းမှ လွတ်မြောက်စေအံ့။

ထိုအခါ အရှင်ဝက္ကလိအား ' ငါကား မြတ်စွာဘုရားကိုလည်း ပူးမြော်ရလေပြီ။ 'ဝက္ကလိလာလော့' ဟူ၍လည်း အငေါ်ခံရလေပြီ' ဟု အလွန်အားကြီးသော ပီတိတရား ဖြစ်ပွား၍ လာလေ၏။ ထို့နောက် အရှင်ဝက္ကလိသည် မြတ်စွာဘုရားထံသို့ အဘယ်အရပ်မှ သွားရမည်ကိုပင် မမြင်နိုင်တော့ဘဲ မြတ်စွာဘုရားရှင်နှင့် မျက်နှာချင်းဆိုင်မိရာ မိုးကောင်းကင်သို့ ပီတိအဟုန်ဖြင့် ပျံတက်မိရာတွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားများကို ဆင်ခြင်လျက် ထိုကောင်းကင်အရပ်၌ပင် ပီတိကိုချို၍ ဝိပဿနာတရားကို နှလုံးသွင်းလျက်သာလျှင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ကာ မြေသို့သက်ဆင်း၍ ရှိခိုးလျက် မြတ်စွာဘုရား၏ ရှေ့၌ ရပ်တည်လေ၏။

(အံ - ၌- ၁ - ၁၉၄ / ၆ ။ ဝမ္မ ၌ - ၂ - ၃၈၀ / ၃၈၂)

၂။ အရှင်ဝက္ကလိထေရ်၏ သဒ္ဓါတရား၌ ဆောင်ရန်လက်ကမ္ပား

၁။ ဝက္ကလိခေါ်ငြား၊ မထေရ်ကား၊ ဘုရားကိုသာသည်၊
၂။ ဖူးမြင်လိုမှန်း၊ အာရုံတန်း၊ ရဟန်းပြုခဲ့သည်။
၃။ အိပ်,စားချိန်သာ၊ ချန်လှပ်ကာ၊ ကျန်တာဖူးမြင်သည်။
၄။ ဘုရားရှင်တော်၊ တစ်နေ့သော်၊ မိန့်တော်မူလေပြီ။
၅။ ဖူးမြင်သက်သက်၊ သင့်အတွက်၊ ကိုုးဆက်မရှိပြီ။
၆။ တရားမမြင်၊ ဘုရားပင်၊ မမြင်ဖြစ်ပေသည်။
၇။ တရားကိုမြင်၊ ဘုရားပင်၊ သိမြင်နိုင်ပေသည်။
၈။ ဘုရားမြင်အောင်၊ တရားဆောင်၊ မြင်အောင်ကျင့်ရမည်။
၉။ ဤသို့မိန့်လေ၊ ဆက်လိုပေ၊ ဖူးမြဲဖူးနေသည်။
၁၀။ ထိုသောအခါ၊ စောသတ္တာ၊ နာနာမိန့်လေပြီ။

၁၁။ ငါ့နားမနေ၊ တစ်ခြားပေ၊ သွားနေမိန့်လိုက်ပြီ။
၁၂။ မြင်လို့မရ၊ နေမရ၊ ဂိဏ္ဍသွားနေသည်။
၁၃။ မဖူးရတိ၊ ထုံးလရှိ၊ ဝတ္ထွလိမဝေထရ်သည်၊
၁၄။ စိတ်တွေမလေန်း၊ ကိုယ်ကန္တမ်း၊ ဝင်ပန်းလှလေပြီ။
၁၅။ မထူးတော့ငြား၊ သေဖို့အား၊ ချောက်နားထွားလေပြီ။
၁၆။ ဝတ္ထွလိဖြစ်အင်၊ တုရားရှင်၊ သိမြင်ဆင်ခြင်ပြီ။
၁၇။ ငါ၏ထိမှ၊ ခွင့်မရ၊ ဒုက္ခတွေ့တော့မည်။
၁၈။ ရောင်ခြည်လွှတ်ကာ၊ ရုပ်ပုံလွှာ၊ ကောင်းစွာပြလိုက်ပြီ။
၁၉။ ထရားဂါထာ၊ ဒေသနာ၊ မြတ်စွာဟောခဲ့ပြီ။
၂၀။ ဘုရားအာရုံ၊ ဗီထိထုံ၊ ကြည်ထုန်ရဟန်းသည်၊
၂၁။ သခ်ါရပြိမ်းရာ၊ နိဗ္ဗာန်ထာ၊ ကောင်းစွာရနိုင်ထည်။
၂၂။ ဝတ္ထွလိချစ်ဆား၊ ငါဘုရား၊ ထံပါးလာနိုင်ပြီ။
၂၃။ ငါဘုရားအား၊ သင်မူတား၊ ဖူးတွေးပြုနိုင်ပြီ။
၂၄။ ညွှန်နှစ်ဆင်ပမာ၊ ကိလေသာ၊ လွတ်လာကယ်တင်မည်။
၂၅။ ရာဟုဖမ်းရာ၊ လမင်းထာ၊ လွတ်တော်နိုင်သို့ထည်၊
၂၆။ ကိလေတစ်သင်း၊ ဇမ်းထားခြင်း၊ လွတ်ခြင်းပြုစေမည်။
၂၇။ ဝတ္ထွလိကား၊ အလွန်များ၊ တအားဝမ်းသာပြီ။
၂၈။ ဖူးလဲဖူးရ၊ ခေါ် လဲပ၊ ခံရခဲ့လေပြီ။
၂၉။ အဘယ်ရပြမှပင်၊ သွားဖို့အင်၊ မမြင်ဖြစ်ရသည်။
၃၀။ ဗီတိအဟုန်၊ ကောင်းကင်ဘုံ၊ ပျံတုန်တက်မီပြီ။
၃၁။ ဗီတိကိုခွါ၊ ဝိပဿနာ၊ ကောင်းစွာရှုလေပြီ။
၃၂။ ကောင်းကင်ယံမှာ၊ သမ္ဘိဒါ၊ ရဟန္တာဖြစ်လေပြီ။
၃၃။ ရှိခိုးဝတ်တွား၊ မြတ်ဘုရား၊ ဇရုနားရပ်တည်ပြီ။
၃၄။ ကြည်မြသဒ္ဓါ၊ ဖြစ်တုပါ၊ လွန်စွာကျိုးကြီးသည်။

၃။ အရှင်ရဋ္ဌပါလထေရ်၏ သဒ္ဓါတရား ။

။ ကုရုတိုင်း၊ သုလ္လကောဋ္ဌကရွာ၌နေသော ရဋ္ဌပါလသည် အမျိုးကောင်းသားတည်း။ မြင့်မြတ်သောအမျိုး၌ ဖြစ်၏။ သူဌေးသား ဖြစ်၏။ တစ်ဦးတည်းသောသား ဖြစ်၏။ နုတုန်း၊ ပျိုတုန်းပင် ရှိသေး၏။ ပျိုပြစ်နုနယ်သော မယားပေါင်း များစွာတို့ဖြင့် ကာမဂုဏ်စည်းစိမ်ကို ခံစားနေသူဖြစ်၏။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ရဟန်းပေါင်းများစွာ ခြံရံလျက် ထုလ္လကောဋ္ဌကရွာသို့ ရောက်လာ၏။ တရားဟောတော်မူ၏။ ထုလ္လကောဋ္ဌကရွာသားများ အုတ်အုတ်သဲသဲ တရားနာကြ၏။ ထိုအထဲ ရဋ္ဌပါလသတို့သားလည်း ပါဝင်လေ၏။

တရားနာပြီးသောအခါ၌ ရဋ္ဌပါလအမျိုးကောင်းသားသည် သစ္စာလေးပါး တရားတော်ကို ထိုးဖောက်သိမြင်လိုသော ဆန္ဒတွေ့ တဖွားဖွား ဖြစ်ပေါ်လာခဲ့၏။ ဤမျှ ပြုစင်သန့်ရှင်းသော သစ္စာတရားကို 'လူဘဝနှင့် သိရန်မလွယ်ကူ။ ရဟန်းပြု၍ အချိန်ပြည့်၊ တင်းပြည့်ကျပ်ပြည့် ကျင့်သုံးမှသာ သိမြင်နိုင်ပေလိမ့်မည်' – ဟု ရဋ္ဌပါလ ခံယူ၏။ ထို့ကြောင့် ရဋ္ဌပါလအမျိုးကောင်းသားသည် တရားနာကြသူများ ပြန်သွားကြ၍ မိမိတစ်ဦးတည်းရှိခိုက် ရဟန်းပြုရန် မြတ်စွာဘုရားထံ ခွင့်ပန်လျှောက်ထား၏။ မြတ်စွာဘုရားက 'မိဘတို့ ခွင့်မပြုအပ်သေးသောသားကို ရှင်ရဟန်းပြုမပေးကုန်' – ဟု မိန့်တော်မူသောကြောင့် မိဘတို့ထံ ခွင့်ပန်ရန် အိမ်သို့ ပြန်လာခဲ့ရလေ၏။

အရှင်ရဋ္ဌပါလကား သဒ္ဓါပဗ္ဗဇိတ – သဒ္ဓါတရားပြင့် ရဟန်းအဖြစ်သို့ ရောက်ကြသူတို့တွင် ဇာတင်ကွဲရသော ရဟန်းမြတ်တစ်ပါးတည်း။ သို့ရာတွင် အရှင်ရဋ္ဌပါလသည် ရဟန်းအဖြစ်ကို လွယ်လွယ်ကူကူ ရခဲ့သည်ကား မဟုတ်ပေ။ အသက်နှင့်ရင်း၍ ရခဲ့ခြင်း ဖြစ်လေ၏။

ရဋ္ဌပါလ အမျိုးကောင်းသားသည် ဘုရားရှင်ထံမှ ပြန်လာပြီး ရဟန်းပြုရန် မိဘတို့ထံ ခွင့်တောင်းသောအခါ၌ မိဘတို့က ခွင့်မပြုနိုင် ဖြစ်လေ၏။ အလွန်မြတ်နိုးစွာ ချစ်အပ်သော သားလည်းဖြစ်၏။ တစ်ဦးတည်းသော သားလည်း ဖြစ်၏။ အမွေစား အမွေခံသားလည်း ဖြစ်၏။ ဒီတော့ မိဘတို့အနေဖြင့် အဘယ်သို့ ခွင့်ပြုနိုင်လိမ့်မည်နည်း။

'မိဘတို့က ခွင့်မပြုနိုင်' ဟူ၍ ပြောသောအခါ ရဋ္ဌပါလ အမျိုးကောင်းသားသည် အိမ်ရှေ့မြေအပြင်၌ 'ဤနေရာသည် ငါ့အတွက် ရဟန်းပြုခွင့် ရခြင်းသည်လည်းဖြစ်စေတော့။ သေခြင်းသည်လည်း ကြိုက်ပေတော့ ' ဟူ၍ နှလုံးပိုက်လျက် လဲ၍ အိပ်ချလိုက်လေ၏။ ထမင်းတစ်နပ်မစား၊ နှစ်နပ်မစား၍ သုံးနပ်ထိမစား ဖြစ်လာသောအခါ မိဘတို့ စိုးရိမ်စပြုလာရ၏။ ရလိုရငြား မိဘတို့က အမျိုးမျိုးနားချ ပြောကြသော်လည်း မရပေ။ ရဋ္ဌပါလ၏ ချစ်လှစွာသော သူငယ်ချင်းအပေါင်းအသင်းများကိုလည်း ပြောခိုင်း၏။ အိပ်နေရာမှ တုတ်တုတ်မျှ မလှုပ်။ မရပေ။ နောက်ဆုံး သေဖို့ရာအခြေအနေကို မြင်သည်ဖြစ်၍ ရဋ္ဌပါလ၏ သူငယ်ချင်းများက ရဋ္ဌပါလ၏ မိဘတို့ကို –

'မိခင်ဖခင်တို့... ရဋ္ဌပါလကို ရဟန်းပြုခွင့် ပေးကြပါကုန်။ မပေးလျှင် သေပွယ်သာရှိ၏။ ရဟန်းပြုခွင့် ပေးလိုက်ပါက ရဟန်းဘဝနှင့် တွေ့မြင်နိုင်သေး၏။ အကယ်၍ လူထွက်ပြန်လျှင်လည်း မိဘအိမ်သို့သာ ပြန်လာမည် ဖြစ်၏။ သို့ဖြစ်၍ မိခင်၊ဖခင်တို့သည် ရဋ္ဌပါလကို ရဟန်းပြုခွင့် ပေးကြပါကုန်' – ဟု ဝိုင်းဝန်းတောင်းပန်လေတော့မှ ရဋ္ဌပါလ၏ မိဘနှစ်ပါးတို့သည် –

'အမောင်တို့ ... ရဋ္ဌပါလကို ရဟန်းပြုရန် ငါတို့ခွင့်ပြု၏။ သို့ရာတွင် ရဟန်းပြုပြီးနောက် မိဘတို့ကို အတွေ့ခံပါစေ' – ဟု ခွင့်ပြုစကား ပြောကြားကြလေကုန်၏။

ဤနည်းဖြင့် အရှင်ရဋ္ဌပါလ၏ ရဟန်းအဖြစ်သည် အသက်နှင့်ရင်း၍ ပြုခဲ့ရခြင်း ဖြစ်ပေ၏။ အရှင်ရဋ္ဌပါလသည် ရဟန်းပြုပြီး၍ သိပ်မကြာလိုက်ပေ။ သဒ္ဓါတရားဖြင့် ရဟန်းပြုသည့်အားလျော်စွာ ရဟန်းတရားကို ကြိုးကြိုးစားစား အားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေ၏။

ရဟန္တာဖြစ်ပြီးနောက် မိဘတို့ကို တွေ့ခွင့်ပေးရန်အတွက် မြတ်စွာဘုရားထံ ခွင့်တောင်းရာ လူပြန်ဖြစ်စရာအကြောင်းမရှိသဖြင့် မြတ်စွာဘုရားလည်း ခွင့်ပြုတော်မူလိုက်လေ၏။ အိမ်သို့ ရောက်သောအခါ၌ မိဘတို့က ရွှေပုံ၊ ငွေပုံတွေပြ၊ ဇနီးဟောင်းတွေပြပြီး အမျိုးမျိုး လူထွက်ခိုင်းသေး၏။ ရဟန္တာဖြစ်ပြီးသူအား အဘယ်သို့လျှင် လူထွက်ခိုင်း၍ ရတော့အံ့နည်း။

အရှင်ရဋ္ဌပါလသည် မိဘအိမ်၌ ဆွမ်းစားပြီးသောအခါ ရပ်လျက်သာလျှင် အောက်ပါတရားဂါထာကို ရွတ်ဆိုလေ၏။

၁။ ရွစမ်းလော့... ပတ္တာပြားနားရောင်းပြင့် ဆန်းကြယ်စွာ ပြုပြင်ထားသော အရိုးကို အဂရုပုံးနေသော ရုပ်ပုံသည် အဝတ်ဝတ်ထားမှသာလျှင် တင့်တယ်ပေ၏။

၂။ ချိုမ်ရည်ဆိုးထားသော ခြေထောက်များနှင့် နှံသာမှုန့် လိမ်းကျံထားသော မျက်နှာတို့သည် လူမိုက်အား တွေဝေရန် စွမ်းနိုင်၍ နိဗ္ဗာန်ကို ရှာမိုးသူအား တွေဝေရန် မစွမ်းနိုင်ပေ။

၃။ သားမုဆိုးသည် ပိုက်ကို ထောင်ထား၏။ သားသမင်သည် ပိုက်ကို မထိုးဖောက်ဘဲ အစာကိုစားလျက် သားမုဆိုးပြည်တင်းစဉ် ဖဲသွား လေ၏။

ထိုသို့ ရွတ်ဆိုပြီးနောက် အရှင်ရဋ္ဌပါလသည် ကောရဗ္ယမင်း၏ မိဂစီရဉယျာဉ်သို့ ချဉ်းကပ်၍ သစ်ပင်ရင်းတစ်ခု၌ နေ့သန့်စင်ရန် ထိုင်နေလေ၏။ ထိုသတင်းကို ကုရုတိုင်း၏ ရှင်ဘုရင်ဖြစ်သော အသက်ရှစ်ဆယ်ရှိပြီဖြစ်သော ကောရဗ္ယမင်းကြီးသည် ကြား၍ အရှင်ရဋ္ဌပါလထံသို့ လာရောက်ပြီးလျှင် အောက်ပါ ပြဿနာ လေးရပ်ကို မေးမြန်းလေ၏။

'အရှင်ရဋ္ဌပါလ... ပျက်စီးခြင်းတို့သည် 'အိုမှုပျက်စီးခြင်း၊ နာမှုပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ ဆွေမျိုးပျက်စီးခြင်း' ဟူ၍ လေးမျိုးရှိရာ ထိုလေးမျိုးတို့တွင် တစ်မျိုးမျိုး ပျက်စီးလေမှ ရဟန်းပြုကြရကုန်၏။ အရှင်ရဋ္ဌပါလမူကား ပျိုရွယ်နုနယ်မှုလည်း ရှိ၏။ ကျန်းမာရေးလည်း ကောင်း၏။ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံ၏။ အဆွေမျိုးတို့လည်း ပြည့်စုံ၏။ သို့ဖြစ်လျက် အရှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကို သိမြင်၍ ရဟန်းပြုပါသနည်း' – ဟူ၍ မေးမြန်းလေ၏။

ထိုအခါ အရှင်ရဋ္ဌပါလသည် ကောရဗ္ယမင်းကြီးအား အောက်ပါအတိုင်း ဖြေကြားတော်မူလိုက်လေ၏။

'မင်းကြီး... သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားသည် တရားလေးမျိုးတို့ကို အကျဉ်းအားဖြင့် ညွှန်ပြတော်မူထား၏။ ယင်းတို့မှာ –

၁။ အိုခြင်း၊ သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်။

၂။ လူအပေါင်းသည် ခိုကိုးရာမရှိ။ အားထားရာမရှိ။

၃။ လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ။ အလုံးစုံသော ဥစ္စာကို စွန့်လွှတ်၍ သွားရ၏။

၄။ လူအပေါင်းသည် အလိုမပြည့်၊ ယုတ်လျော့လျက်သာ ရှိ၏။ ကောင်းရဲမှု မရှိ။ တရားဓမ္မ ကျွန်တည်း။

မင်းကြီး...ငါသည် ယင်းတရားတို့ကို သိ၍၊ မြင်၍၊ ကြား၍ ရဟန်းပြုခဲ့၏' – ဟု ဖြေကြားလေ၏။ ကောရဗျမင်းကြီးက 'အကျယ်ရှင်းပြပါဦး' – ဟု လျှောက်ထားသဖြင့် အောက်ပါအတိုင်း အကျယ်ရှင်းပြလေ၏။

၁။ 'အိုခြင်း၊ သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်' ဟူသည်ကား လူတို့သည် အသက်နှစ်ဆယ်၊ အစိတ်အရွယ်တို့၌ ရုပ်ဆင်းလှပကြ၏။ အားနွန်ဗလ ပြည့်စုံကြ၏။ အသက်ခုနစ်ဆယ်၊ ရှစ်ဆယ် အရွယ်သို့ ရောက်လာလျှင်မူကား ရုပ်ဆင်းလှပမှု တို့သည် ပျောက်ကွယ်သွားကြလေကုန်၏။ အားနွန်ဗလတို့သည် ဆုတ်ယုတ်သွားကြလေကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် 'အိုခြင်း၊ သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်' – ဟု ဟောတော်မူခြင်း ဖြစ်၏။

၂။ လူအပေါင်းသည် ခိုကိုးရာမရှိ။ အားထားရာမရှိ ဟူသည်ကား – ပိဓိတို့၌ သေလောက်သော အနာရောဂါ ဖြစ်ပေါ်လာသောအခါ ပိဓိသာလျှင် ကြိတ်မိုတ်၍ ခံစားနေရ၏။ ချစ်ခင်လှစွာသော ဆွေမျိုးသားချင်းများက ထိုဒုက္ခဝေဒနာကို မျှဝေခံစားခြင်း မပြုနိုင်ကြ။ ပစ္စည်းဥစ္စာတို့ဖြင့်လည်း ဘာမျှ မတတ်နိုင် ဖြစ်ရ၏။ ထို့ကြောင့် 'လူတို့သည် ခိုကိုးရာ မရှိ။ အားထားရာ မရှိ' – ဟု မြတ်စွာဘုရား၌ ဟောတော်မူထားခြင်း ဖြစ်လေ၏။

၃။ လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာ မရှိ။ အလုံးစုံသော ဥစ္စာတို့ကို စွန့်လွှတ်၍ သွားရ၏ ဟူသည်ကား ယခုဘဝ မိဓိရာဖွေ ပိုင်ဆိုင်ထားသမျှ ပစ္စည်းဥစ္စာတို့ကို သေသွားသောအခါ၌မူကား တမလွန်ဘဝသို့ ယူသွား၍ မရပေ။ အားလုံးကို စွန့်လွှတ်၍ သွားရ၏။ မိဓိမှတစ်ပါးသောသူတို့သာ ဤစည်းစိမ်တို့ကို ခံစားသုံးဆောင်ကြလေကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် 'လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာ မရှိ။ အလုံးစုံသော ဥစ္စာတို့ကို စွန့်လွှတ်၍ သွားရ၏' ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

၄။ လူအပေါင်းသည် အလိုမပြည့်။ ယုတ်လျော့လျက်သာ ရှိ၏။ ရောင့်ရဲမှု မရှိ။ တဏှာ၏ ကျွန်တည်း ဟူသည်ကား – တခြားလူထားဦး။ ကာမဂုဏ်စည်းစိမ်တို့ဖြင့် အထက်တန်းကျ၍ ပြည့်စုံလှပါသည်ဆိုသော ရှင်ဘုရင်တို့သည်ပင် စီးပွားရေး အချက်အချာကျသော နောက်ထပ် တိုင်းပြည်တစ်ပြည်ကို လွယ်လွယ်ကူကူ ရမည်ဆိုပါက ယူကြလေဦးမည် ဖြစ်၏။ ထိုမျှနှင့် တော်ပြီလားဟူမူ – မတော်သေး။ နောက်ထပ်ပေါင်း မြောက်များစွာ ရမည် ဆိုပါကလည်း ယူကြဦးမည်သာ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် 'လူအပေါင်းသည် အလိုမပြည့်။ ယုတ်လျော့သာ ရှိ၏။ ရောင့်ရဲမှုမရှိ။ တဏှာ၏ ကျွန်တည်း' – ဟု ဟောတော်မူခြင်း ဖြစ်ပေ၏။

ထိုစကားကို ကြားရလျှင် ကောရဗျမင်းကြီးသည် ဤသို့ ထောက်ခံ ပြောဆိုလေ၏။ 'အရှင်ရဋ္ဌပါလ... မပြစ်မှားမြဲ ဖြစ်ပါပေစွ။ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ထိုတရားငါးမျိုးကို ဟောကြားတော်မူထားသည်မှာ မှန်လှပါပေ၏'

ထို့နောက် အရှင်ရဋ္ဌပါလသည် အောက်ပါဂါထာတို့ဖြင့်လည်း တရားစကား ဟောကြားပြန်လေ၏။

၁။ မင်းကြီး ... လောကဌ္ဌ ဥစ္စာရှိသူ လူတို့.ကို ငါမြင်ရသည်မှာ မောဟဖက်၍ ရပြီး ဥစ္စာတို့.ကိုလည်း မလှူရက်ကြသည့်ပြင် လောဘတက်၍ ဥစ္စာသိမ်းဆည်းမှုကိုသာ ပြုကြကုန်၏။ ကာမဂုဏ်တို့.ကို တိုး၍တိုး၍ တောင့်တကြကုန်၏။

၂။ မင်းကြီး ... ကာမဂုဏ် ငါးပါး.တို့.သည် ဆန်းကြယ်ကုန်၏။ သာယာဖွယ်ကဲ့သို့ ဖြစ်ကုန်၏။ မွေ့.လျော်ဖွယ်ကဲ့သို့ ဖြစ်ကုန်၏။ အထူးထူးသော သဘောဖြင့် စိတ်ကို မွေနှောက်တတ်ကုန်၏။ ကာမဂုဏ်တို့.၌ အပြစ်ကို မြင်သောကြောင့် ငါသည် ရဟန်းပြုခဲ့၏။

၃။ မင်းကြီး ... ငယ်ငယ်ကြီးကြီး သစ်သီး.တို့.သည် ကြွေကျကုန်သကဲ့သို့ လုလင်ပို့။ တို့.သည်လည်းကောင်း၊ ငယ်ရွယ်သူတို့.သည်လည်းကောင်း၊ ကြီးသူတို့.သည်လည်းကောင်း သေကြ ကုန်၏။ ထိုအကြောင်းကိုလည်း မြင်၍ မချွတ်မယွင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ရဟန်းအဖြစ်သည်သာ မြတ်လှပေ၏ဟု နှလုံးသွင်းလျက် ငါသည် ရဟန်းပြုခဲ့ပေ၏။

(ပ - ၂ - ၂၄၄ / ၂၆၁ ။ မြန် - ၂၅၅ / ၂၇၀)

၃။ အရှင်ရဋ္ဌပါလ၏ သဒ္ဒါတရား၌ ဆောင်ရန်လက်ကျများ

၁။	နောတ်ပါသံဃာ၊	မြောက်များစွာ၊	မြတ်စွာတုရားထည်၊
၂။	ထုလ္လကောဋ္ဌိက၊	ရွာဂါမ၊	ရောက်ကြွလာခဲ့ထည်။
၃။	တရားတောရာ၊	လူများစွာ၊	ကြားနာကြလေထည်။
၄။	ရဋ္ဌပါလ၊	နာ၍ပ၊	စိတ်ကကြံစည်ပြီ။
၅။	သစ္စာတရား၊	သိမြဲငြား၊	လူကားမလွယ်ပြီ။
၆။	ရဟန်းပြုတာ၊	အားထုတ်ရာ၊	ကောင်းစွာထိုင်ဝင်မည်။
၇။	ရဟန်းပြုလို၊	ဘုရားကို၊	လျှောက်ဆိုပြုလေပြီ။
၈။	နှစ်ပါးမိဘ၊	ခွင့်ပြုမှ၊	ဗုဒ္ဓမိန့်လေပြီ။
၉။	မိဘနှစ်ပါး၊	ခွင့်တောင်းငြား၊	ခွင့်ကားမရပြီ။
၁၀။	မြေပြင်ပေါ်မှာ၊	လဲအိပ်ကာ၊	အာဟာဖြတ်လိုက်ပြီ။
၁၁။	ရဟန်းဘဝ၊	ခွင့်မရ၊	မထဆုံးဖြတ်ပြီ။
၁၂။	မိဘနှစ်ဖြာ၊	ဆွေသဟာ၊	ငိုငိုးကာနားချထည်။
၁၃။	ခုနှစ်ရက်ထင်း၊	ဟင်းထမင်း၊	စားခြင်းမပြုပြီ။
၁၄။	စိုးရိမ်ချိသာ၊	နောက်ဆုံးမှာ၊	ခွင့်သာပေးရပြီ။

၁၅။ သက်ကိုရင်းကာ၊ ရဟန်းမှာ၊ ကောင်းစွာဖြစ်ခဲ့ပြီ။
၁၆။ ရဟန်းပြုချက်၊ သဒ္ဓါထက်၊ ဒေဂ်ရလေသည်။
၁၇။ ကြိုးစားထုတ်ရာ၊ မကြာပါ၊ ရဟန္တာဖြစ်လေပြီ။
၁၈။ မိဘတွေမို့၊ တွေ့နိုင်ဖို့၊ အိမ်ထဲပြန်ခဲ့ပြီ။
၁၉။ ရွှေငွေပုံပြ၊ မိန်းမပြ၊ မိဘနှစ်ပါးသည်၊
၂၀။ ရဟန်းပြုချက်၊ ထပ်၍ဖျက်၊ လူထွက်ခိုင်းပြန်သည်။
၂၁။ ရဟန္တာဖြစ်မှ၊ လူဘဝ၊ ပြောင်းရမှရှိပြီ။
၂၂။ ဆွမ်းစားပြီးကို၊ တရားကို၊ ရွတ်ဆိုပြုလေပြီ။
၂၃။ ဤခန္ဓာပေ၊ အရိုးတွေ၊ အရေဖုံးထားသည်။
၂၄။ နံသာလိမ်းခြယ်၊ ဝတ်လို့ရယ်၊ တင့်တယ်ထင်ရသည်။
၂၅။ လူမိုက်တို့သာ၊ တွေ့ခြင်းငှါ၊ စွမ်းတာဖြစ်လေသည်။
၂၆။ နိဗ္ဗာန်ရှာသူ၊ တွေ့ဝေဟူ၊ ဘယ်မှစွမ်းလိမ့်မည်။
၂၇။ မုဆိုးပိုက်ထောင်၊ မထိအောင်၊ သားကောင်များတို့သည်၊
၂၈။ အစာကိုသာ၊ စားကြကာ၊ ချောင်ခိုသွားကြပြီ။
၂၉။ ဤသို့ရွတ်ကာ၊ ဥယျာဉ်သာ၊ ဆက်ကာကြွလေပြီ။
၃၀။ ကောရဗျမင်း၊ လာရောက်ထင်း၊ မေးခြင်းပြုလေပြီ။
၃၁။ အိုမျိုးနာမျိုး၊ စည်းစိမ်မျိုး၊ ဆွေမျိုးများတို့သည်၊
၃၂။ ပျက်စီးလေမှ၊ ရဟန်းပ၊ ပြုကြထုံးရှိသည်။
၃၃။ ငယ်နုပါလျက်၊ ရဟန်းဆက်၊ ဘာတွက်ပြုရသည်။
၃၄။ အိုခြင်းဆောင်ရာ၊ ခိုကိုးရာ၊ ရှိတာမဟုတ်ပြီ။
၃၅။ ကိုယ်ပိုင်ဥစ္စာ၊ မရှိရာ၊ လိုတာမပြည့်ပြီ။
၃၆။ တရားလေးပါး၊ သိလို့ငြား၊ ငါကားရဟန်းပြုခဲ့သည်။
၃၇။ နဲပျိုတုန်းခါ၊ အဆင်းဟာ၊ လွန်စွာလှပသည်။
၃၈။ အားခွန်ဗလ၊ အလွန်ပ၊ ပြည့်ဝကြလေသည်။
၃၉။ အိုလာအမှန်၊ လှ,အားမာန်၊ ဖောက်ပြန်ပျက်စီးပြီ။
၄၀။ လူပေါင်းကိုထင်း၊ အိုဖင်းခြင်း၊ ဆောင်ခြင်းဖြစ်လေသည်။
၄၁။ အနာရောဂါ၊ နှိပ်စက်လာ၊ ကိုယ်သာခံရသည်။
၄၂။ ဘယ်ဉာတိမှ၊ မိတ်ဆွေမှ၊ ဝေမျှမခံပြီ။

၄၃။	လူအပေါင်းဟာ၊	အားထားရာ၊	တယ်မှာမရှိပြီ။
၄၄။	သေသောအခါ၊	လုံးဥစ္စာ၊	စွန့်ခွါထွားရသည်။
၄၅။	တစ်ပါးသူဘာ၊	သုံးစွဲရာ၊	ဖိုးတာမဟုတ်ပြီ။
၄၆။	တယ်လောက်ရာ၊	လိုတယ်ဟာ၊	ပြည့်တာမရှိပြီ။
၄၇။	တယ်လောဘ၊	ခိုင်းသမျှ၊	လုပ်ကြရလေသည်။
၄၈။	ရဟန်းပြုခြင်း၊	အကြောင်းရင်း၊	ရှင်မင်းသိနိုင်ပြီ။
၄၉။	ဂိီထာဖြင့်ဆာ၊	ထပ်ခါဆာ၊	ဆက်ကာဟောပြန်ပြီ။
၅၀။	တမ္ဘာလောက၊	လူတွေပ၊	မောတထူပြောထည်။
၅၁။	ရပြီးပါလျှက်၊	မလှုရုက်၊	မာန်တက်နေကြသည်။
၅၂။	တာမကိုဆာ၊	တိုးချဲဆာ၊	ဇွဲလုံ့နေကြသည်။
၅၃။	တာမငါးသွယ်၊	လွန်ဆန်းကြယ်၊	သာဖွယ်တစ်ရသည်။
၅၄။	ကာမငါးဖြာ၊	စိတ်ကိုဆာ၊	လွန်စွာနှောင့်ယှက်သည်။
၅၅။	တာမဂုဏ်ပြစ်များ၊	မြင်ချင်ကြား၊	ဂိီကား ရဟန်းပြုခဲ့သည်။
၅၆။	ဆစ်သိုးကြိုးဝယ်၊	အသွယ်သွယ်၊	ဖြေဝယ်ခရသည်။
၅၇။	ကြိုးသူတွေရော၊	ဝယ်သူရော၊	သောသောထေကြသည်။
၅၈။	ထိုသို့မြင်တာ၊	ရဟန်းဆာ၊	ကောင်းစွာပြုခဲ့သည်။
၅၉။	ရဌပါလ၊	ရဟန်းပ၊	ထုတ်ပြဟောကြားသည်။
၆၀။	သဒ္ဓါတရား၊	ဖြစ်လာငြား၊	ကျိုးကားလွန်များသည်။

၄။ အနာထပိဏ်သူဌေး၏ သဒ္ဓါတရား ။ ။ ဗုဒ္ဓလက်ထက်တော်က အနာထပိဏ်သူဌေး၏ သဒ္ဓါတရားကား အံ့ဩဖွယ်လောက်သော သဒ္ဓါတရား ဖြစ်၏။ စံတင်လောက်သော သဒ္ဓါတရား ဖြစ်၏။ ဗုဒ္ဓသာသနာတော်ကို လွန်စွာကျေးဇူးပြုသော သဒ္ဓါတရား ဖြစ်၏။

'မြတ်စွာဘုရား ပွင့်တော်မူလာပြီ' ဟူသောအသံကို ကြားစဉ်ကပင် မေ့မျောသွားလောက်အောင် ပီတိဖြစ်ခဲ့၏။ ပီတိရောင်ဖြင့် ကိုယ်ရောင်ကိုယ်ဝါတွေ လင်းထိန်ခဲ့၏။ မြတ်စွာဘုရားကို ပူးရစဉ်မှာပင် သောတာပန်ဖြစ်ခဲ့၏။ ထို့နောက် မိမိနေထိုင်ရာ သာဝတ္ထိပြို့၌ (၅၄) ကုဋေကုန်သော ရွှေငွေ ဥစ္စာတို့ကို အကုန်ခံ၍ ကျောင်းတိုက်ကြီးဆောက်ကာ ရဟန်းသံဃာများနှင့်အတူ မြတ်စွာဘုရားကို ပင့်ဆောင် ကိုးကွယ်ခဲ့လေ၏။ မြတ်စွာဘုရားသည်လည်း သံဃာတော်များနှင့်အတူ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား မြောက်များလှစွာသော တရားစကားတွေ ဟောကြားတော်မူခဲ့လေ၏။

ဆက်ဦးအံ့။ မြတ်စွာဘုရားသည် ယယ်တော်ဘက်မှ ရှစ်သောင်း၊ ခမည်းတော်ဘက်မှ ရှစ်သောင်း ဂျီတစ်သိန်းခြောက်သောင်းသော ဆွေတော်မျိုးတော်တို့ ဆောက်လုပ်လျှုဒါန်းအပ်သော နိဂြောဓာရုံကျောင်းတော်ကြီး၌ (၁)ဝါသာ ဝါဆိုတော်မူခဲ့၏။ အနာထပိဏ်သူဌေး ဆောက်လုပ်လျှုဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်၌ (၁၉) ဝါ။ ဝိသာခါကျောင်းအမ ဆောက်လုပ်လျှုဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတိုက်၌ (၆)ဝါ ဝါဆိုတော်မူခဲ့လေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် (၄၅)ဝါ ကာလတွင် အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့၏ ကျေးဇူးများသည်ကို စွဲ၍ သာဝတ္ထိပြိုကိုမှိလျက် (၂၅)ဝါ ဝါဆိုတော်မူခဲ့လေ၏။

ချဲ့ဦးအံ့ ။ အနာထပိဏ်သူဌေးသည်လည်းကောင်း၊ ဝိသာခါသည်လည်းကောင်း နေ့စဉ်နေ့တိုင်း တစ်နေ့ (၂)ကြိမ် အပြဲ မြတ်စွာဘုရားအား ဆည်းကပ်ခြင်းငှါ သွားရောက်ကြကုန်၏။ ထိုသို့ သွားရောက်ကြရာတွင်လည်း 'သာမဏေယ်တို့သည် ငါတို့လက်တို့ကို ကြည့်ကုန်လတ္တံ့' – ဟု နှလုံးသွင်းလျက် တစ်ခုတစ်ရာ အလျှုဝတ္ထု မပါဘဲ မသွားစဖူးကုန်။

နံနက်အခါ၌ သွားသည်ရှိသော် ခဲဖွယ်ဘောဇဉ်တို့ကို ယူဆောင်၍သာလျှင် သွားကြကုန်၏။ ညနေချမ်းအခါ၌ သွားကုန်သည်ရှိသော် ဆေးများကိုလည်းကောင်း၊ အဖျော်ရည်များကိုလည်းကောင်း ယူ၍သာလျှင် သွားကြကုန်၏။ ထိုမှတစ်ပါး အနာထပိဏ်၊ ဝိသာခါတို့၏ အိမ်တို့၌ကား နှစ်ထောင်၊ နှစ်ထောင်သော ရဟန်းသံဃာတော်တို့ အတွက် နေရာတို့ကို အပြဲတမ်း အဆင်သင့် ခင်းထားလျက် ရှိကြကုန်၏။ ဆွမ်း၊ အဖျော်၊ ဆေးတို့တွင် လိုအပ်သော သံဃာတို့အား လိုအပ်သော အလျှုဝတ္ထုကို ပြည့်စုံအောင် လျှုဒါန်းသည်ချည်းသာ ဖြစ်လေ၏။

အထူးအားဖြင့် အနာထပိဏ်သူဌေးသည် တစ်နေ့မျှလည်း မြတ်စွာဘုရားအား ပြဿနာကို မမေးလျှောက်စဖူးပေ။ အကြောင်းကား ' မြတ်စွာဘုရားသည်ကား ဘုရားဖြစ်တော်မူ၍လည်း သိမ်မွေ့နူးညံ့တော်မူ၏။ မင်းမျိုးမှ ဆင်းသက်လာ၍လည်း သိမ်မွေ့ နူးညံ့တော်မူ၏။ 'ဤကျောင်းအကာသည် ငါဘုရားအား ကျေးဇူးများလှပေသည်' – ဟု နှလုံးသွင်းတော်မူလျက် 'ငုံအား တရားစကား ဟောကြားတော်မူသည်ရှိသော် ပင်ပန်းရာ၏' – ဟု နှလုံးသွင်းလျက် မြတ်စွာဘုရား၌ လွန်ကဲစွာ ချစ်ကြည်မြတ်နိုးကြည်ညိုခြင်းကြောင့် ပြဿနာကို မမေးလျှောက်ခြင်း ဖြစ်ပေ၏။

သို့ရာတွင်မူ မြတ်စွာဘုရားသည်ကား ကျောင်းဒါယကာ အနာထပိဏ်သူဌေးသည် ရှေ့တော်မှောက်သို့ ရောက်၍ ထိုင်နေကာမှသာလျှင် 'ဤကျောင်းဒါယကာ အနာထပိဏ်သူဌေးသည် ငုံကို မစောင့်ရှောက်အပ်သောအရာ၌ စောင့်ရှောက်၏။ ငါသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း မိမိ၏ ဥဒေါင်းကို ဖြတ်၍လည်းကောင်း၊ မျက်စိတို့ကို ထုတ်၍လည်းကောင်း၊ နှလုံးသားကို နှုတ်၍လည်းကောင်း၊ သားမယားတို့ကို စွန့်လွှတ်၍လည်းကောင်း ပါရမီတို့ကို ဖြည့်ကျင့်ခဲ့တိုင်း သူတစ်ပါးတို့အား တရားဟောခြင်း အကျိုးငှါသာလျှင် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့၏' ဟု နှလုံးသွင်းတော်မူကာ အနာထပိဏ်သူဌေးအား တစ်ခုသောတရားကို ဟောတော်မူသည်ချည်း ဖြစ်လေ၏။

(ဓမ္မ ၄ - ၁ - ၇)

အနာထပိဏ်သူဌေးကား သာဝတ္ထိပြို့ သုမနသူဌေးကြီး၏ သားတည်း။ ငယ်မည် သုဒတ္တတည်း။ အနာထပိဏ်သူဌေး၏ သဒ္ဒါတရားကား အထူးကို အံ့အားသင့်လောက်ပေ၏။ အလျှုဒါန၌ မွေ့လျော်သူအဖြစ် တေဒဂ်ဘွဲ့ကို ရ၏။ ဘုရားအမှူးရှိသော သံဃာတော်တို့အား နေ့စဉ်နေ့တိုင်း လျှုဒါန်းနေရသည်ကိုပင် ရောင့်ရဲတင်းတိမ် ခြင်း မရှိပေ။ နောက်အဖို၌ အနာထပိဏ်သူဌေးအား စီးပွားဥစ္စာ ကုန်ဆုံးပြုန်းတီးမှု ဖြစ်လေ၏။

အချို့သူတို့သည် အနာထပိဏ်သူဌေးထံမှ ကြွေးယူ၍ ပြန်မပေးကြကုန်။ ယင်းကြွေးသည်ကား (၁၈) ကုဋေရှိလေ၏။ မြစ်ကမ်းနား၌ မြှုပ်၍ထားအပ်သော (၁၈)ကုဋေကုန်သော ဥစ္စာတို့သည်လည်း ရေစီးကြောင်းနှင့် သမုဒ္ဒရာသို့ မျောပါသွားကြလေကုန်၏။

ဤသို့အားပြင့် အနာထပိဏ်သူဌေးအား ဥစ္စာကုန်ခြင်းသို့ ရောက်လေ၏။ ထိုသို့ပင် ဖြစ်သော်လည်း လူ့နေကျ သံယာတော်တို့အား အလှူဝတ်ကိုမူ ဖြတ်တောက်မပစ်ပေ။ ရှေးကကဲ့သို့ အကောင်းအမွန်ကို မလှူနိုင်သော်လည်း စွမ်းနိုင်သမျှ လှူဒါန်းမှုကို ပြုနေလေ၏။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားအား ဆည်းကပ်ရာတွင် မြတ်စွာဘုရားရှင်က -

'ကျောင်းဒါယကာကြီး... အလှူကိုလှူရဆဲလော' ဟု မေးတော်မူလေရာ အနာထပိဏ်သူဌေးက -

'လှူရပါ၏ မြတ်စွာဘုရား။ သို့ရာတွင် ရှေးကကဲ့သို့ အကောင်းအမွန် မဟုတ်ပါ။ ညံ့ဖျင်းသော ပုန်းရည်ဟင်း။ ဆန်ကွဲဆွမ်းများသာ လှူနေရပါသည်ဘုရား...' ဟု စိတ်မကောင်းစွာ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤသို့တရားစကား ဟောကြားတော်မူလေ၏။

'ကျောင်းဒါယကာကြီး... ညံ့ဖျင်းသော အလှူကို လှူရတဘကားဟု စိတ်မကောင်း မဖြစ်နှင့်။ စိတ်မွန်မြတ်လျှင် ဘုရားစသော သံယာတို့အား လှူရသော အလှူသည် ညံ့သည်မရှိ။ စင်စစ်မူကား သင်ကျောင်းဒါယကာသည် အရိယာသံယာတော်တို့အား ပေးလှူနေရ၏။ ငါဘုရားသည် ဝေလာမပုဏ္ဏား ဖြစ်စဉ်အခါက ဇမ္ဗူဒီပတစ်ကျွန်းလုံး ထွန်တုံးပိတ်ပြုံ၍ လှူဒါန်းခဲ့ရသော်လည်း အရိယာကိုထားဦး၊ သရဏဂုံတည်သူ တစ်ဝုတ်ဦးမျှပင် မရှိခဲ့။ မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရခဲ၏။ ထို့ကြောင့် သင်ကျောင်းဒါယကာသည် မြတ်သော အလှူခံကို လှူနေရသည်ဖြစ်၍ အလှူဝတ္ထုညံ့သည် ဟူ၍ မကြံလေနှင့်' ဟူ၍ ပိန့်တော်မူကာ ဝေလာမသုတ်ကို ဟောကြားတော်မူလေ၏။

ထိုအခါ၌ အနာထပိဏ်သူဌေးအိမ်၌ လေးခုမြောက်ဖြစ်သော တံခါးစောင့်နတ်သည် ရတနာသုံးပါးကို မကြည်ညိုတတ်သည့်အတိုင်း မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလာတော်မူသောအခါ ဝိပိဓိမာန်မှ အောက်သို့ ဆင်းပေးရသည်ဖြစ်၍ မကျေမနပ်ဖြစ်၍ နေလေ၏။ အနာထပိဏ်သူဌေး ဥစ္စာရှိစဉ်က မပြောသာသော်လည်း 'ယခုလို ဆင်းရဲနွမ်းပါးသောအခါ၌ ပြောဦးမှပဲ' - ဟု ကြံစည်၍ ညဉ့်အခါ၌ သူဌေး၏ ကျက်သရေတိုက်ခန်းသို့ ဝင်၍ ကောင်းကင်၌ ရပ်တည်လေ၏။ အနာထပိဏ်သူဌေးလည်း မေးမြန်း၍ လေးခုမြောက်တံခါးစောင့်နတ်မှန်းကို သိ၍ 'ဆုံးမရန်လာသည်' - ဟု ဆိုသဖြင့် 'ဆုံးစကားပြောကြားပါလော့' - ဟူ၍ အခွင့်ပေးလေလျှင် တံခါးစောင့်နတ်သည် သူဌေးကြီးအား အောက်ပါအတိုင်း ဆုံးမစကား ပြောကြားလေ၏။

'သူဌေးကြီး... သင်သည် အရှည်ကို မကြည့်ဘဲ ရဟန်းဂါတမ၏ သာသနာ၌ ဥစ္စာများကို ဖရိဖရဲ ဖြန့်ကြဲလှူသည့်အတွက် သင့်အား ဥစ္စာကုန်ခန်းခြင်းသို့ ရောက်ခဲ့လေပြီ။ ဤမျှ ဆင်းရဲနေသဖြင့်လည်း အလှူကို မလွတ်ဘဲနေဘိသေး၏။ ဤပုံစံအတိုင်း ဆက်လှူနေပါက သင့်အား စားစရာမရှိသည်၏ အဖြစ်သို့ ရောက်လတ္တံ့။ သူဌေးကြီး... အလှူကို ရပ်ထားလိုက်ဦးလော့။ ဝီးပွားဥစ္စာ တိုးတက်အောင် ပြန်လုပ်ဦးလော့' ဟူ၍ ပြောဆိုလေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ထိုနတ်အား ဤသို့ ပြန်လည် ပြောကြားလိုက်လေ၏။

'အချင်းတံခါးစောင့်နတ်... သင်နတ်ကဲ့သို့ဘုရား၊ သံဃာကို မကြည်ညိုရန်၊ မလှူရန် ရာဇထောင်သိန်းချီ၍ လာရောက် ပြောသော်လည်း ငါသည် တုန်လှုပ်ချောက်ချားသွားမည် မဟုတ်။ သင်နတ်သည် မသင့်လျော်သော စကားကို ဆိုဘိ၏။ ငါ၏ အိမ်၌ သင်နေခြင်းဖြင့်လည်း အကျိုးမရှိတော့ပေ။ သင်နတ်သည်ဝဲ့အိမ်မှလျင်မြန်စွာထွက်ခွါသွားလေလော့' – ဟု နှင်ထုတ်လိုက်လေ၏။

ထိုနတ်သည် သောတာပန်အရိယာဖြစ်သူက နှင်ထုတ်အပ်သည်ဖြစ်၍ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ရကား သားသမီးငယ်များကို လက်ကိုဆွဲလျက် အိမ်မှထွက်ခွါလာခဲ့ရပေ၏။ အခြားအရပ်၌လည်း မနေလိုဘဲ ဤအိမ်၌သာ နေလိုသဖြင့် ဖိုမိတစ်ဦးတည်း သူဌေးကြီးကို တောင်းပန်ခြင်းကို မဝံ့ရကား မြို့စောင့်နတ်ထံသွား၍ အကူအညီ တောင်း၏။ မြို့စောင့်နတ်လည်း မဝံ့ကြောင်း ပြောလေလျှင် နတ်မင်းကြီး လေးယောက်ထံသို့သွား၍ အကူအညီ တောင်းရပြန်၏။ ထိုနတ်မင်းကြီးတို့လည်း မဝံ့ကြောင်း ပြောလေလျှင် သိကြားမင်းထံသို့သွား၍ အကူအညီ တောင်းရပြန်၏။ သိကြားမင်းကလည်း 'မဝံ့ကြောင်း' ပြောပြီးလျှင် ဤသို့ အကြံပေးစကား ပြောကြားလေ၏။

'အချင်းနတ်... သင်သည် သူဌေးကြီး ရစရာရှိသော (၁၈)ကုဋေသော အကြွေးတွေကို တောင်းခံ၍ ပေးလေလော့။ သမုဒ္ဒရာသို့ မျောပါသွားသော (၁၈)ကုဋေကိုပြန်၍ တစ်ဖန်ဆယ်၍ ပေးလေလော့။ ထို့နောက် ပိုင်ရှင်မရှိသော (၁၈)ကုဋေသော ဥစ္စာတို့ကို ယူဆောင်၍ ပေးလေလော့။ ဤ (၅၄)ကုဋေသော ဥစ္စာတို့ကို ဆောင်ယူ၍ သူဌေးကြီးဘက်တိုက်သို့ ထည့်၍ ဒက်အမှုကိုပြု၍ သူဌေးကြီးအား သည်းခံကန်တော့ ချေလော့' ဟု မိန့်ဆို ညွှန်ကြားလိုက်လေ၏။

ထိုတံခါးစောင့်နတ်သည် သိကြားမင်း ဆိုတိုင်း ပြုလုပ်ပြီးလျှင် အနာထပိဏ်သူဌေး၏ တိုက်ခန်းတွင်းသို့ ဝင်၍ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေ၍ ကောင်းကင်၌ ရပ်တည်ကာ ဤသို့ တောင်းပန်စကား ပြောကြား လေ၏။

'သူဌေးကြီး... အကျွန်ုပ်သည် မိုက်မဲမိုပါ၏။ အကျွန်ုပ်အား သည်းခံပါလော့။ သူဌေးကြီး၏ ဘက်တိုက်ထဲသို့လည်း (၅၄)ကုဋေ သောဥစ္စာတို့ကို ထည့်ထားပေးပြီးပါပြီ။ အကျွန်ုပ်သည်လည်း ပင်ပန်းလှပါပြီ' – ဟု တောင်းပန်လေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ' ဤနတ်ကား ဒက်အမှုကိုလည်း ပြုပြီးပါပြီဟု ဆို၏။ အပြစ်ကိုလည်း ဝန်ချတောင်းပန်၏။ မြတ်စွာဘုရားထံသို့ ခေါ်သွားဦးမှပဲ' ဟု ကြံစည်ကာ နတ်အား မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားကာ ဖြစ်သမျှအကြောင်း ကို အလုံးစုံ လျှောက်ထားလိုက်လေ၏။ ထိုနတ်သည်လည်း 'တပည့်တော်သည် အလွန်မိုက်မိုပါကြောင်း၊ မြတ်စွာဘုရားတို့၏ ဝုဏ်ကျေးဇူးကို မသိ၍ ယုတ်မာသော စကားကို ပြောမိပါကြောင်း။ ထိုအပြစ်ကို သည်းခံတော်မူပါ' – ဟု တောင်းပန်၍ မြတ်စွာဘုရား အားလည်း ကန်တော့လေ၏။ သူဌေးကြီးကိုလည်း ကန်တော့လေ၏။ ထို့နောက် မြတ်စွာဘုရားသည် အောက်ပါ တရားဂါထာကို ဟောကြားတော်မူလေ၏။

၁။ အကြင်မျှလောက် မကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက် မကောင်းမှုကို အကောင်းဟု ထင်နေတတ်၏။ အကြင်အခါ၌ မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ကျိုးလွန်သူသည် မကောင်းကျိုးကို မြင်ရလေ၏။

၂။ အကြင်မျှလောက် ကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက် မကောင်းကျိုး ကို မြင်နေရသေး၏။ အကြင်အခါ၌ ကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ကောင်းမှုပြုသူ သည် ကောင်းကျိုးကို မြင်ရလေ၏။

ကျိတရားဒေသနာအဆုံး၌ ထိုလေးခုပြောက်တံခါးစောင့်နတ်သည် သောတာပန်အဖြစ်သို့ ရောက်လေ၏။

(ဝမ္မ ၄ - ၂)

၄။ အနာထပိဏ်သူဌေး၏ သဒ္ဒါတရား၌ ဆောင်ရန်လက်ကမ်းများ

၁။	လက်ထက်တော်ကာ၊	အနာထ၊	ခေါ် ရကျောင်းဒကာသည်၊
၂။	သဒ္ဒါတရား၊	အလွန်အား၊	ထူးခြားကောင်းမွန်သည်။
၃။	တုရားထြားရဲ၊	ဗိတိဟုန်၊	မေ့ထုန်ဖြစ်ခဲ့သည်။
၄။	စဗူးရုံသာ၊	အရှိန်မှာ၊	သောတာဖြစ်ခဲ့သည်။
၅။	၅၄-တုရွေ၊	ကုန်၍ပေ၊	ကျောင်းတွေဆောက်လှူသည်။
၆။	ဘုရားမြတ်စွာ၊	ရထာမှာ၊	သံဃာများနှင့်သည်၊
၇။	သီတင်းသုံးတာ၊	မြောက်များစွာ၊	ဓမ္မာဟောခဲ့သည်။
၈။	ဆွေမျိုးလှူရာ၊	နိဂြောဓ၊	တစ်ဝါဆိုခဲ့သည်။
၉။	ထာသနာရောင်မြူး၊	အလွန်ထူး၊	ကျေးလူးပြု၍သည်၊
၁၀။	ရထာဝန်မှာ ၁၉-ဝါ၊	ပဗ္ဗာမှာ၊	ခြောက်ဝါဆိုလေသည်။
၁၁။	နှစ်ခုပေါင်းငြား၊	နှစ်ဆယ့်ဝါး၊	တုရားဝါဆိုသည်။
၁၂။	တစ်နေ့နှစ်ခါ၊	အမြဲသာ၊	မြတ်စွာဆည်းကပ်သည်။
၁၃။	ပဋိဉာဏ်များ၊	ကိုရင်များ၊	လက်အားကြည့်ကြမည်။
၁၄။	လှူစရာဝတ္ထု၊	တစ်ခုရှု၊	ယူပြုသွားလေသည်။
၁၅။	လက်ချည်းဗလာ၊	ဘယ်အခါ၊	ထွားတာမရှိပြီ။
၁၆။	နှစ်ထောင်သံယာ၊	အိမ်၌မှာ၊	နေရာခင်းထားသည်။
၁၇။	ပစ္စည်းလေးဖြာ၊	လိုအပ်ရာ၊	ကောင်းစွာလှူလေသည်။
၁၈။	အနာထကား၊	ဘုရားအား၊	တအားကြည်ညိုသည်။
၁၉။	ဘုရားမြတ်စွာ၊	ပင်ပန်းမှာ၊	လွန်စွာစိုးရိမ်သည်။
၂၀။	တရားဟောပါ၊	ဘယ်အခါ၊	လျှောက်တာမရှိပြီ။
၂၁။	အနာထအား၊	မြတ်ဘုရား၊	ဟောကြားသည်သာဖြစ်ပေသည်။
၂၂။	အနာထတွင်၊	သဒ္ဒါထင်၊	လွန်ပင်အံ့လောက်သည်။
၂၃။	ပစ္စည်းဥစ္စာ၊	တစ်နေ့ခါ၊	ကုန်ရာဆိုက်ခဲ့သည်။

၂၄။ ဝဓ-ကုဋ္ဌေ၊ ကြွေးယူတွေ၊ ပြန်လေမပေးဖြို။
၂၅။ ဝဓ-ကုဋ္ဌေမှာ၊ သမုဒ္ဒါ၊ ရေပါမျှောသွားဖြို။
၂၆။ ဥစ္စာဆင်းရဲ၊ ရောက်သော်လဲ၊ လှူမြဲလှူလေသည်။
၂၇။ ကောင်းတာကိုသာ၊ မလှူတာ၊ ရှိတာလှူလေသည်။
၂၈။ မြတ်စွာဘုရား၊ သိလေငြား၊ တရားဟောလေသည်။
၂၉။ အလှူဝတ္ထု၊ ညံ့သည်ဟု၊ စိတ်ခုမသင့်ဖြို။
၃၀။ စိတ်မွန်မြတ်ရင်၊ အလှူပင်၊ မှန်ပင်မွန်မြတ်သည်။
၃၁။ အရိယာသံဃာ၊ လှူသူမှာ၊ ညံ့တာမရှိဖြို။
၃၂။ သင်သူဌေးကား၊ ရိယာအား၊ လှူကားနေရသည်။
၃၃။ ဝေလာမမူ၊ ဖြစ်ခဲ့ဟူ၊ ဇမ္ဗူဒိပ်မှာသည်၊
၃၄။ ထွန်တုံးပိတ်ခန်း၊ ရောက်အောင်မှန်း၊ လှူဒါန်းခဲ့လေသည်။
၃၅။ သရဏဂုံဟူ၊ တည်လေသူ၊ ဘယ်သူမရှိဖြို။
၃၆။ မြင့်မြတ်သောသူ၊ လှူခံဟူ၊ လွန်မူရခဲသည်။
၃၇။ ဝေလာမသုတ်၊ ဆွဲ၍ထုတ်၊ မြတ်ဗုဒ္ဓဟောကြားဖြို။
၃၈။ ရတနာသုံးပါး၊ မကြည်ကြား၊ နတ်ကားရှိနေသည်။
၃၉။ လေးခုမြောက်မှာ၊ စောင့်နေရာ၊ ဒေဝါဖြစ်လေသည်။
၄၀။ ဘုရားသံဃာ၊ ဝင်ထွက်ရာ၊ နတ်မှာနေကြပ်သည်။
၄၁။ မလောရအောင်၊ အခွင့်တောင်၊ ကြုံတောင်နေခဲ့ဖြို။
၄၂။ အလှူရပ်ကာ၊ စီးပွားသာ၊ ရှာပါပြောလေဖြို။
၄၃။ သူယုတ်စကား၊ ပြောရလား၊ နတ်အားနှင်ထုတ်ဖြို။
၄၄။ သောတာစကား၊ တန်ခိုးထွား၊ ဗယ်ရှားမရဖြို။
၄၅။ အိမ်မှထွက်ဖြို၊ မြို့စောင့်ဆိ၊ ကူညီတောင်းခံသည်။
၄၆။ မြို့စောင့်မရ၊ စတုခ၊ မရပြန်လေဖြို။
၄၇။ သိကြားမင်းထံ၊ သွားရပြန်၊ အကြံပေးလေဖြို။
၄၈။ ကြွေးတွေတောင်းပေး၊ ဆယ်ယူပေး၊ ရှာပေးခိုင်းလေဖြို။
၄၉။ ၅၄-ကုဋ္ဌေ၊ ဥစ္စာတွေ၊ ရှာဖွေပေးလေဖြို။
၅၀။ သူဌေးတောင်းပန်၊ ဘုရားထံ၊ တောင်းပန်ရလေဖြို။
၅၁။ မြတ်စွာဘုရား၊ မြတ်တရား၊ ဟောကြားပြလေဖြို။

၅၂။	မကောင်းပြုသူ၊	ချက်ခြင်းဟူ၊	ကျိုးမူမတွေ့ဖြို။
၅၃။	မတွေ့သမျှ၊	အကောင်းပ၊	စိတ်ကထင်နေသည်။
၅၄။	ပေးချိန်တန်လျှင်၊	မကောင်းပင်၊	တွေ့မြင်ရလေသည်။
၅၅။	ကောင်းမှုပြုထား၊	ကောင်းကျိုးပ၊	မတွေ့ရသမျှဆည်၊
၅၆။	မကောင်းတျိုးသာ၊	လက်တွေ့မှာ၊	မြင်ကာနေရသည်။
၅၇။	ပေးချိန်တန်မူ၊	ကောင်းကျိုးဟူ၊	ပြုသူမြင်ရဖြို။
၅၈။	တရားဆုံးမှာ၊	နတ်ဒေဝါ၊	ဧထာတာဖြစ်လေဖြို။
၅၉။	ကောင်းမှုပြုရာ၊	ဆင်းရဲတာ၊	ခဏတာဖြစ်လေသည်။
၆၀။	မကြာမီမှာ၊	ကောင်းကျိုးဖြာ၊	ချမ်းသာမလွဲဖြို။
၆၀။	အနာထပိဏ်၊	သဒ္ဓါထိန်၊	ဉာဏ်ချိန်သိရမည်။

၅။ ဝိသာခါ၏ သဒ္ဓါတရား ။ ။ အများအားဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များတို့သည် အမျိုးသားထဲက အနာထပိဏ် ကျောင်းဒါယကာကို သိကြသကဲ့သို့ အမျိုးသမီးထဲက ဝိသာခါ ကျောင်းဒါယိကာမကိုလည်း သိကြကုန်၏။ ယင်းမှာ သူတို့၏ သဒ္ဓါတရားကြောင့် ဖြစ်လေ၏။ ဒါနပြုမှု၌ မွေ့လျော်ရာတွင် အနာထပိဏ်သူဌေး တေဒင်္ဂဖွဲ့ရသလို ဝိသာခါလည်း တေဒင်္ဂဖွဲ့ရလေ၏။

ဝိသာခါသည် ဘဒ္ဒိယမြို့ အဝိတဘောဂသူဌေးကြီး မေဏ္ဍကာ၏ မြေး ဓနဉ္ဇယသူဌေး၏ သမီးဖြစ်၏။ သာဝတ္ထိမြို့ မိဂါရသူဌေး၏ ချွေးမလည်း ဖြစ်၏။ ဝိသာခါသည် မြတ်စွာဘုရား ဘဒ္ဒိယမြို့သို့ ကြွတော်မူစဉ် မြတ်စွာဘုရားကို ကြိုဆိုရင်း တရားနာရသဖြင့် အဖော်သတို့သမီးငါးရာနှင့်အတူ (၇)နှစ်သမီးအရွယ်ကပင် သောတာပန်အဖြစ်သို့ ရောက်ခဲ့၏။

အရွယ်ရောက်သောအခါ၌ ပိဋ္ဌာဒိဋ္ဌဖြစ်သော မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့် အိမ်ထောင်ကျလေ၏။ ချွေးမဝိသာခါကို အကြောင်းပြု၍ မြတ်စွာဘုရားကိုလည်း ဖူးရ၊ သောတာပန်အဖြစ်သို့လည်း ရောက်ရသဖြင့် လွန်စွာဝမ်းသာမှုဖြစ်ရကား ဝိသာခါကို အမိအရာ၌ ထားလေ၏။ ယင်းကို အကြောင်းပြု၍ 'မိဂါရမာတာ ဝိသာခါ' ဟူ၍ တွင်လာလေ၏။

ဝိသာခါသည် မြတ်စွာဘုရားနှင့် သံဃာတော်တွေ့ သိတင်းသုံးရန် (၂၇)ကွင်္ကေ အကုန်ခံ၍ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်လှူဒါန်း၏။ ဝိသာခါ၏ အိမ်သည်လည်း အနာထပိဏ်သူဌေးအိမ်မှာကဲ့သို့ပင် နံနက်အချိန်၌ သံဃာတော်များ၏ သက်နှံးရောင်တို့ဖြင့် တပြောင်ပြောင် ဝင်းထိန်လျက်ရှိ၏။ အာဂန္တုဆွမ်း, ခရီးသွားဆွမ်း စသည်တို့ဖြင့် သံဃာတော် ငါးရာတို့အတွက် အပြတမ်း ဝတ်ထားလှူဒါန်း ပြုစု၏။ နေ့မွန်းလွဲအချိန်၌ ကျောင်းသို့သွား၍ ဆေးနှင့် အဖျော်တို့ကို လှူဒါန်း၍ မြတ်စွာဘုရားထံ တရားနာပြီးမှ အိမ်သို့ ပြန်လာ၏။

ထိုမှတစ်ပါး ဝိသာခါသည် -

၁။ သံယာတော်တို့အား မိုးရွေ့သတ်နှုန်းကို အမြဲလှူ၏။

၂။ ညှိသည်အာဂန္တု သံယာတော်တို့အား ဆွမ်းကို အမြဲလှူ၏။

၃။ ခရီးသွား ရဟန်းတို့အား ဆွမ်းကို အမြဲလှူ၏။

၄။ သူနာရဟန်းတို့အား ဆွမ်းကို အမြဲလှူ၏။

၅။ သူနာပြု ရဟန်းတို့အား ဆွမ်းကို အမြဲလှူ၏။

၆။ ဂိလာန ရဟန်းတို့အား ဆေးကို အမြဲလှူ၏။

၇။ သံယာအားလုံးအတွက် ယာဂုကို အမြဲလှူ၏။

၈။ ဘိက္ခုနီသံယာ ရဟန်းမတို့အား ရေသန့်ဝှမ်းကို အမြဲလှူ၏။

ထို့ကြောင့် ဝိသာခါသည် ပိဏ္ဍာဒိဋ္ဌိအိမ်၌ နေရသည်ဖြစ်လျက် မိန်းမအဖြစ်၌ တည်၍ ဤသို့သဘောရှိသော များပြားသော စွန့်ကြဲခြင်းမည်သည် ဝိသာခါမှတစ်ပါး အခြားသောမိန်းမတို့အား မရှိစဖူးပေ။ တစ်ခေတ်တစ်ယောက် ဆိုရလောက်အောင် သဒ္ဓါတရားအားကောင်းသော အမျိုးသမီးပေတည်း။

(ဓမ္မ ၅ - ၁ - ၂၄၂/၂၆၂။ ဝိ - ၃ - ၄၀၆)

၅။ ဝိသာခါ၏ သဒ္ဓါတရား၌ ဆောင်ရန်လက်ခံများ

၁။	ဗုဒ္ဓမြတ်ရှင်၊	ဘာသာဝင်၊	ဖြစ်အင်သူတို့သည်၊
၂။	ကျောင်းဒါယကာ၊	အနာထာ၊	ဝိသာတို့ကိုသည်၊
၃။	ဆွေမျိုးရင်းခြာ၊	ပုံပမာ၊	ကောင်းစွာသိကြသည်။
၄။	သဒ္ဓါကြောင့်သာ၊	ထင်ရှားလာ၊	သိတာဖြစ်လေသည်။
၅။	အမျိုးအနွယ်က၊	မေတ္တာက၊	မြေးမဖြစ်လေသည်။
၆။	နန္ဒယခေါ်မှီး၊	သူငြေးကြီး၊	သမီးဖြစ်လေသည်။
၇။	သူငြေးမျိုးပ၊	ဖိဂါရ၊	ချွေးမဖြစ်လေသည်။
၈။	ခုနစ်နှစ်မှာ၊	ဝိသာခါ၊	သောတာဖြစ်ခဲ့သည်။
၉။	ဝိသာကြောင့်သာ၊	ဖိဂါရာ၊	သောတာဖြစ်ပြန်သည်။
၁၀။	ချွေးမကိုသာ၊	အမိရာ၊	ထားကာဆက်ဆံသည်။
၁၁။	ဖိဂါရမှာတာ၊	ဝိသာခါ၊	နာမာတွင်လေသည်။
၁၂။	ဝိသာခါကား၊	ဖိန်းမများ၊	စံထားလောက်ပေသည်။
၁၃။	အနာထပိဏ်ပမာ၊	များသံဃာ၊	ကောင်းစွာလှူဒါန်းသည်။

၀၄။	ဝိသာအိမ်ဆောင်၊	သင်္ကန်းရောင်၊	ပြောင်ပြောင်တောက်လေသည်။
၀၅။	နံနက်ပိုင်းမှာ၊	မွန်မြတ်စွာ၊	အာဟာရ္ယျဒါန်းသည်။
၀၆။	ညနေပိုင်းမှာ၊	ဗျာရည်ပျော်၊	ဆေးပါရှုဒါန်းသည်။
၀၇။	ဘုရားထံပါး၊	မြတ်တရား၊	နာကြားပြန်လေသည်။
၀၈။	တစ်နေ့မဟုတ်ပါ၊	နေ့စဉ်သာ၊	မြွေစာကျွဲထိုးထည်။
၀၉။	၂၇-ထုဒ္ဓေ	ထုန်၍ဝေ၊	တျောင်းတွေဆောက်ရှုသည်။
၂၀။	မိုးရေခံငြား၊	သင်္ကန်းအား၊	ဝတ်ထားရှုဒါန်းထည်။
၂၀။	ဥည့်ခရိုးထွား၊	ဆွမ်းဝတ်မျာ၊	ဝတ်ထားရှုဒါန်းထည်။
၂၂။	သူနာပြုသူနာ၊	ဆွမ်းဝတ်မှာ၊	ဘယ်ခါမပြတ်ပြီ။
၂၃။	ဂိတောနများ၊	အလေးထား၊	ဆေးများရှုဒါန်းထည်။
၂၄။	သံဃာများစု၊	သုံးဆောင်ဟု၊	ဃာဂုရှုဒါန်းထည်။
၂၅။	ရဟန်းမများ၊	ဇရုပ်အား၊	ဝတ်ထားရှုဒါန်းထည်။
၂၆။	အယူမှားထြ၊	အိမ်၌ဝ၊	နေရလျက်ထည်၊
၂၇။	မိန်းမဘဝ၊	ထည်၍ပ၊	ဒါနပြုခြင်းထည်၊
၂၈။	ဝိဿာခေါ်ရိုး၊	မိန်းမမျိုး၊	ပေါ်ရိုးမရှိပြီ။
၂၉။	ဝိဿာခေါ်ငြား၊	သဒ္ဓါတား၊	စံထားနိုဝ်ကြဆည်။
၃၀။	အနာ,ဝိဿာ၊	သာသနာ၊	ထွန်စွာကျိုးပြုဆည်။

၄။ ဥဂ္ဂသူဌေး၏ သဒ္ဓါဓာတ် ။ ဗုဒ္ဓလက်ထက်တော်က ဥဂ္ဂသူဌေးကား ဝေသာလီမြို့သား ဖြစ်သည်။ ငယ်နာမည် သိုးခြားမရှိ။ အရွယ်ရောက်လာသောအခါ၌ ခန္ဓာကိုယ်ပြည့်ဖြိုးမြင့်မောက် တင့်တယ်ခြင်းသို့ ရောက်လာသည်ကို အစွဲပြု၍ ဥဂ္ဂဟု၍ ခေါ်ရာမှ ဥဂ္ဂအမည်တွင်ကာ နောက်ပိုင်းတွင် ဥဂ္ဂသူဌေးဟူ၍ ကျော်ကြားလေသည်။

ထိုဥဂ္ဂသူဌေးသည် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ရသောအခါကပင် သောတာပန်ဖြစ်၍ နောက်အဖို့၌ အနာဂါမ်အထိ ဖြစ်လေသည်။ တစ်နေ့သောအခါ၌ ဥဂ္ဂသူဌေးသည် 'နှစ်သက်မြတ်နိုးဖွယ်ကို လှူသောသူသည် နှစ်သက်မြတ်နိုးအပ်သော အကျိုးကိုရသည် – ဟု မြတ်စွာဘုရား ဟောထားသည်ကို ကြားဖူးပါသည်။ ငါသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား နှစ်သက်မြတ်နိုးဖွယ်ကို လှူပေအံ့။ ယခုအခန် မြတ်စွာဘုရား ကြွတော်မူလျှင် ကောင်းပေစွ' – ဟု ကြံစည်လေလျှင် ဥဂ္ဂသူဌေး၏ စိတ်အကြံကို သိတော်မူ၍ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ကြွတော်မူလေသည်။

ဥဂ္ဂသူဌေးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်မှုပြုရာတွင် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။

'မြတ်စွာဘုရား... တပည့်တော်သည် နှစ်ခြိုက်ဖွယ် ဝတ္ထုကို ပေးလှူသောသူသည် နှစ်ခြိုက်ဖွယ် အကျိုးကိုရ၏ – ဟု မြတ်စွာဘုရား မျက်မှောက်တော်မှ တပည့်တော်သည် ကြားနာဖူးပါသည်။ တပည့်တော်၏ ဤအင်ကြင်းပွင့် အဆင်းရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ် ရှိပါသည်။ ဤဆီးသီးပြင့် စိမ်ထားသော ဝက်သားသည် နှစ်ခြိုက်ဖွယ် ရှိပါသည်။ ဤအရည်သောက်ဟင်းနှင့် စပ်ဟင်းလျာ ပါရှိသော သင်းဆွမ်းသည် နှစ်ခြိုက်ဖွယ် ရှိပါသည်။ ဤမွေးရှည် ကော်ဇောကြီးများသည် နှစ်ခြိုက်ဖွယ် ရှိပါသည်။ အလှူခံယူတော်မူပါ'

– ဟု ပြောဆို လှူဒါန်းလေသည်။ ထို့အတူ ရဟန်းသံဃာတော်များကိုလည်း လှူဒါန်းလေ၏။ ထိုအချိန်မှစ၍ ဥဂ္ဂသူဌေးသည် နှစ်ခြိုက်ဖွယ်ရာကိုချည်း ဝတ်ထား၍ လှူဒါန်းလေ၏။ ထို့ကြောင့် ဥဂ္ဂသူဌေးသည် နှစ်ခြိုက်ဖွယ်ရာကို ပေးလှူရာ၌ တေဒဂ်ဘွဲ့ ရလေ၏။

နောက်အဖို၌ ဥဂ္ဂသူဌေးသည် ကွယ်လွန်၍ သုဒ္ဓါဝါသဘုံ၌ ဖြဟ္မာဖြစ်ပြီးနောက် ဖြဟ္မာဘဝဖြင့် မြတ်စွာဘုရားအား လာရောက်ဖူးတွေ့လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဥဂ္ဂဖြဟ္မာကို 'ဥဂ္ဂ... အသို့နည်း။ သင်သည် လွန်ဘဝက အရဟတ္တဖိုလ်ကို အလွန်အလိုရှိ၏။ ယခုအလိုအတိုင်း ပြည့်ပြီလား' – ဟူ၍ မေးတော်မူရာ ဥဂ္ဂဖြဟ္မာလည်း အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သောကြောင့် 'အလိုအတိုင်းပြည့်စုံပါ၏' ¬ ဟူ၍ လျှောက်ထားလေသည်။ ထို့နောက် မြတ်စွာဘုရားသည် ဥဂ္ဂဖြဟ္မာကို ဤနှစ်ဂါထာတို့ဖြင့် တရားဟောတော်မူလေ၏။

၁။ နှစ်ခြိုက်ဖွယ်ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်ကို ရ၏။ မွန်မြတ်သည်ကို ပေးလှူသူသည် မွန်မြတ်သည်ကို ရ၏။ တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကို ရ၏။ ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သော ဌာနသို့ ရောက်၏။

၂။ အကြင်သူသည် အထွတ်အမြတ်ပစ္စည်းဝတ္ထုကို ပေးလှူလေ့ရှိ၏။ တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။ ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။ ထိုသူသည် ဖြစ်လေရာ ဘုံဘဝ၌ အသက်ရှည်သူ အခြံအရံများသူ ဖြစ်ရ၏။

(အံ - ၁ - ၂၇။ အံ- ၂- ၄၂ /၄၅။ အဋ္ဌ - ၁ - ၃၀၃ /၄)

၄။ ဥဂ္ဂသူဌေး၏ သဒ္ဓါတရား၌ ဆောင်ရန်လက်မှတ်များ

၁။	ဝေဿာလီမှ၊	ကျော်ကြားလှ၊	ဥဂ္ဂသူဌေးသည်၊
၂။	ဘုရားမြတ်စွာ၊	စဖူးရာ၊	သောတာဖြစ်လေသည်။
၃။	ထိုမှတစ်ဖန်၊	သကဒါဂါမ်၊	နာဂါမ်ဖြစ်လေသည်။
၄။	ဥဂ္ဂဒကာ၊	မွန်မြတ်တာ၊	လှူမှာကြံလေသည်။
၅။	သံဃာနှင့်သာ၊	မြတ်ဗုဒ္ဓါ၊	ကွယ်တော်တော်သည်။
၆။	ဥဂ္ဂကြံတာ၊	မြတ်ဗုဒ္ဓါ၊	သိကာကွယ်သည်။
၇။	နှစ်ခြိုက်ဖွယ်ရာ၊	မွန်မြတ်တာ၊	ဥဂ္ဂါလှူလေသည်။
၈။	အင်ကြင်းပွင့်အဆင်း၊	ခဲဖွယ်ထင်း၊	ဖန်ဆင်းလှူလေသည်။

၉။	ဆိုးသိုးဖြင့်တား၊	စိမ်ထား၊	ဝတ်သားလှူလေသည်။
၁၀။	နှစ်ခြိုက်ဖွယ်မှန်း၊	သလေးဆွမ်း၊	ရွှင်လန်းလှူဒါန်းထည်။
၁၁။	အမွေးရှည်သော၊	နူးညံ့သော၊	တော်ဇေလှူဒါန်းထည်။
၁၂။	ထိုအချိန်မှ၊	စခြေ၊	ဥဂ္ဂသူဌေးထည်၊
၁၃။	နှစ်ခြိုက်ဖွယ်များ၊	တောင်းတာများ၊	ဝတ်ထားလှူလေသည်။
၁၄။	နှစ်ခြိုက်ဖွယ်အချက်၊	လှူဒါန်းချက်၊	ဒေဂ်ရလေသည်။
၁၅။	တွယ်လွန်သောအခါ၊	ပြဟ္မာရွာ၊	ကောင်းစွာရောက်လေထည်။
၁၆။	ဥဂ္ဂပြဟ္မာ၊	မြတ်ဗုဒ္ဓါ၊	ဆင်းကာလောဖူးထည်။
၁၇။	လိုအပ်တာထား၊	ပြည့်စုံလား၊	တုရားဖမ်းလေထည်။
၁၈။	လူထဝမှာ၊	အရေဟာ၊	ပြင်းစွာလိုလားထည်။
၁၉။	ယခုအခါ၊	လိုလားတာ၊	ပြည့်ပါလျှောက်ထားပြီ။
၂၀။	ဘုရားမြတ်စွာ၊	မြတ်ဂါထာ၊	ဆက်ကာဖောကြားပြီ။
၂၁။	နှစ်ခြိုက်ဖွယ်လှူ၊	မွန်မြတ်လှူ၊	ထိုတူကျိုးပေးမည်။
၂၂။	တောင့်ထအလှူ၊	ချီးမွမ်းလှူ၊	ထိုတူကျိုးပေးမည်။
၂၃။	ထွတ်မြတ်လှူရာ၊	ထွတ်မြတ်တာ၊	ပြန်ကာကျိုးပေးမည်။
၂၄။	ရောက်ရာတုံမှာ၊	သတ်ရှည်ကာ၊	ကျန်းမာချမ်းသာမည်။
၂၅။	ဥဂ္ဂလှူရှိုး၊	သဒ္ဒါမျိုး၊	တစ်မျိုးမှန်မြတ်ထည်။

၇။ ဥဂ္ဂတ သူဌေး၏ သဒ္ဒါတရား ။ ။ ဘုရားရှင်လက်ထက်တော်က ဟတ္ထိဂါမ အရပ်၌ (ဆင်ရွာ၌) ဥဂ္ဂတမည်သော သူဌေးတစ်ဦး ရှိလေသည်။ တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ဟတ္ထိဂါမအရပ်သို့ ရဟန်း သံဃာအပေါင်းခြံရံလျက် ကြွရောက်တော်မူလာရာ နာဂဝန မည်သော ဥယျာဉ်၌ သီတင်းသုံး စံနေတော်မူလေသည်။

ထိုအခါ၌ ဥဂ္ဂတသူဌေးသည် (ဂ)ရက်ပတ်လုံး သေသောက်ကြွေး ယစ်မူးလျက် ကချေသည်တို့ဖြင့် ခြံရံကာ နာဂဝနဥယျာဉ်သို့ သွားရောက်၍ ပျော်ပါးရာတွင် မြတ်စွာဘုရားကို ပူးမြင်ရ၍ ဝိဝိဓ၏ ပေါ့ပျက်သောအမှု၌ လွန်စွာ ရှက်ကြောက်မှု ဖြစ်လေ၏။ ထို့နောက် ဥဂ္ဂတသူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်မိလျှင်ပင် သေရည်ယစ်မူးမှု အလုံးစုံသည် ချုပ်ငြိမ်းသွားလေ၏။

ဥဂ္ဂတသူဌေးလည်း သတိကို ဖြစ်စေ၍ မြတ်စွာဘုရားကို ရိုသေပြတ်နိုး ရှိခိုးဦးချ၍ ထိုင်နေရာတွင် မြတ်စွာဘုရားသည် ဥဂ္ဂတသူဌေးအား တရားဟောတော်မူလေ၏။ တရားအဆုံး၌ ဥဂ္ဂတသူဌေးသည် အနာဂါမ် အရိယာအဆင့်သို့ ရောက်လေ၏။

ဥဂ္ဂတသူဌေးသည် ထိုအချိန်မှစ၍ ကချေသည် ပိန်းမရွှင်တို့ကို 'သင်တို့သည် အလိုရှိတိုင်း နှစ်သက်ရာ အရပ်၌ နေချေကြကုန်လော့' - ဟု ပြောဆိုဝေလွှတ်ပြီးနောက် အလှူပေးခြင်း၌သာ မွေ့လျော်နှစ်မြို့က်၍ နေလေတော့၏။

ညဉ့်အချိန်ပိုင်း၌ နတ်တို့သည် လာရောက်၍ ဥဂ္ဂတသူဌေးအား -

'သူငြေး... ဤမည်သော ရဟန်းသည် တေဝိဇ္ဇာပတ္တာရဟန္တာတည်း။ ဤမည်သော ရဟန်းသည် ဆဠာဘိညရဟန္တာတည်း။ ဤမည်သော ရဟန်းသည် သီလရှိ၏။ ဤမည်သော ရဟန်းသည် သီလမရှိ။ ဒုဿီလ ပုဂ္ဂိုလ်တည်း' - ဟု ပြောကြားကြကုန်၏။

ဥဂ္ဂတသူဌေးသည် နတ်တို့၏ စကားကို ကြားရ၍လည်း ဒုဿီလပုဂ္ဂိုလ်၌ သဒ္ဓါတရား လျော့မသွားပေ။ သီလရှိကုန်သော အရိယာသံဃာတော်တို့၏ ဂုဏ်တို့ကို အာရုံပြု၍နေလေသည်။ ဒုဿီလပုဂ္ဂိုလ်၏ အပြုအမူ အကျင့်ယုတ်လျော့မှုကို အာရုံပြုမနေပေ။ လှူဖွယ်ဝတ္ထုကို လှူရာမူကား သီလရှိသူ, သီလပျက်သူ နှစ်မျိုးလုံးသော ပုဂ္ဂိုလ်တို့ကို တူမျှသော သဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။ မြတ်စွာဘုရားရှင်၏ အနီးအပါး၌ ထိုင်နေလျှင်လည်း သီလမရှိသူ ဒုဿီလ၏ အပြစ်ကို လုံးဝမပြောကြားဘဲ သီလရှိကုန်သော ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ပြောဆိုလျှောက်ထားလေသည်။

ထို့ကြောင့် ဥဂ္ဂတသူဌေးသည် သီလရှိသော ရဟန်း၊ သီလမရှိသောရဟန်း ဟု ခွဲခြားမှု မပြုဘဲ ထိုနှစ်မျိုးလုံး၌ စိတ်တူမျှစွာထား၍ ရဟန်းသံဃာအား ပြုစုလုပ်ကျွေးသောအရာတွင် ဇာတဒဂ်ဘွဲ့ရလေသည်။

ဥဂ္ဂတသူဌေး၌ အံ့ဩဖွယ်ဂုဏ်ရှစ်ပါး ရှိလေရာ ဤ၌ အချို့ကို ဖော်ပြဦးအံ့။

၁။ ဥဂ္ဂတသူဌေးသည် မိမိဝိုင် ပစ္စည်းဥစ္စာတို့ကို 'မိမိဝိုင်' တူ၍ သဘောမထားဘဲ 'သီလရှိသော သံဃာတော်များလည်း ဝိုင်ဆိုင် ဆက်ဆံ၏' ဟု သဘောထားကာ သီလရှိသော ရဟန်းသံဃာတို့နှင့် မျှဝေလှူဒါန်း သုံးစွဲမှု ပြုလေသည်။

၂။ ဥဂ္ဂတသူဌေးသည် ရဟန်းတော်များ တစ်ပါးပါးကို ဆည်းကပ်ပြုစုလျှင် ဂိုဏေစ္စာ ဆည်းကပ်၍ ကိုယ်တိုင်ကိုယ်တု ပြုစုဆည်းကပ်လေသည်။ မရိုမသေ မပြုစု၊ မဆည်းကပ်ပေ။ ရဟန်းတော်များက တရားတောလျှင်လည်း ဂိုဏေစ္စာ နာလေသည်။ ရဟန်းတော်မြတ်က တရားမတောလျှင်လည်း မိမိကပင် တရားဟောလေသည်။

၃။ ဆွမ်းတစ်လှူရန်အတွက် သံဃာတော်များကို ဆွမ်းစားပင့်ထုတွင် နှတ်တို့က 'ဤမည်သော ရဟန်းကား သီလရှိသူတည်း။ ဤမည်သော ရဟန်းကား သီလမရှိသူတည်း' စသည်ဖြင့် ခြောကြားလာလျှင် အံ့ဩခြင်း ဖြစ်မနေဘဲ 'သီလမရှိသော ရဟန်းအတွက် အနည်းငယ်သာ ပေးလှူပေအံ့။ သီလရှိသော ရဟန်းအတွက် များများ ပေးလှူပေအံ့' ဟု စိတ်မျှ မဖြစ်ပေ။ သီလရှိသူ၊ သီလမရှိသူတို့၌ ညီမျှသော စိတ်ထား၍ ညီမျှစွာပင် ပြုစုလုပ်ကျွေး လှူဒါန်းလေသည်။

ဤကဲ့သို့သော ဥဂ္ဂတသူဌေး၏ သဒ္ဓါတရားသည်လည်း မွန်မြတ်လှ၍ နည်းယူဖွယ်ကောင်းသော သဒ္ဓါတရားများ ဖြစ်လေသည်။ လူတိုင်းအဖို့ ဤကဲ့သို့ သဒ္ဓါတရားများ ထားနိုင်ရန် မလွယ်ကူပေ။

ကိုယ့်အိမ်သို့ မဲကျ၍ အလှူလှူရာ၌ပင် ရဟန်း၊ ကိုရင်နှစ်များတွင် ကိုရင်ကိုကျလျှင် စိတ်က ရဟန်းလောက် မကြည်ညိုတတ်သလို ထေရ်ငယ်၊ ထေရ်ကြီး နှစ်များတွင်လည်း ထေရ်ငယ်ကိုကျလျှင် ထေရ်ကြီးလောက် စိတ်က မကြည်ညိုတတ်ပြန်ပေ။ သီလမရှိသော ရဟန်းမှန်းသိလျှင်ကား ပြောစရာပင် မလိုတော့ပေ။

'စိတ်သာရင်စေ ဘုရားဟော' ဆိုသည့်အတိုင်း 'ကိုရင်၊ ရဟန်း၊ ထေရ်ငယ်၊ ထေရ်ကြီး၊ သီလရှိ၊ မရှိ' တိုင်းတာမနေဘဲ 'သံဃာတော်' ဟူသော ဂုဏ်ကို အာရုံပြု လှူဒါန်းတတ်လျှင် တရားသော အကျိုး၊ ကြီးကျယ်သော အကျိုးကို ရရှိနိုင်သည်သာ ဖြစ်သည်။ ဥဂ္ဂတသူဌေးကဲ့သို့ စိတ်ထားမျိုး ထားတတ်ရန် လိုအပ်လှပေသည်။ ပုဂ္ဂိုလ်ကို လှူဒါန်းရာ၌သာ 'သီလရှိသူ၊ မရှိသူ' ဟူ၍ ခွဲခြားမှု ရှိနေသော်လည်း သံဃာတော်၌ကား သီလမရှိသူ ဟူ၍ မရှိပေ။ သီလရှိသူတွေချည်း ဖြစ်လေသည်။ ထို့ကြောင့် သံဃာ့ဂုဏ်တော်ကို အာရုံပြု၍ လှူဒါန်းတတ်ရန် စိတ်ကို လေ့ကျင့်ထားသင့်လှပေသည်။

(အံ - ၁ - ၂၇ ။ အံ - ၃- ၅၁/၂ ။ အံ ၄ - ၁ - ၃၀၄)

၇။ ဥဂ္ဂသူဌေး၏ သဒ္ဒါဟရာဏ် ဆောင်ရန်လက်ကမ်းများ

၁။	ဟတ္ထိဂါမော၊	ရာသိုသော၊	မြတ်စွာကြွလာတယည်။
၂။	နာဂဝနံ၊	ဥယျာနံ၊	ဧတ္တဝနေလေထည်။
၃။	ထိုရာဒ္ဒါပ၊	ဥဂ္ဂတ၊	ခေါ်ရထူဌေးသည်၊
၄။	အရတ်ကမူး၊	ကာမတျူး၊	ပျော်မြူးနေလေသည်။
၅။	ထုရားမြတ်စွာ၊	ဗုဒ္ဓရော၊	မူးတာပျောက်သွားသည်။
၆။	ရှတ်ကြောတ်တရား၊	ဖြစ်လေငြား၊	တုရားဆည်းကပ်ပြီ။
၇။	ဥဂ္ဂတအား၊	မြတ်ဘုရား၊	ထရားဟောလေပြီ။
၈။	တရားဆုံးပြန်၊	ဥဂ္ဂတံ၊	နာဂါမ်မြစ်လေသည်။
၉။	ထိမ္ဘစကာ၊	လှုဠ်ဘာ၊	ပျော်ကာနေလေထည်။
၁၀။	ညအခါမှာ၊	နတ်တို့ဟာ၊	ရောက်လာပြောကြသည်။
၁၁။	ဤရတန်းမှာ၊	တေဝိဇ္ဇ၊	ဆဉာဖြစ်ကြသည်။
၁၂။	ဤရတန်းတ၊	ကျင့်သီလေ၊	ကောင်းလှေမှန်မြတ်ထည်။
၁၃။	ဤရတန်းမှာ၊	ဒုဿီလော၊	လွန်စွာယုတ်ညံ့သည်။
၁၄။	ဤသို့ပြောငြား၊	သဘောထား၊	ခွဲခြားမရှိပြီ။
၁၅။	သီလရှိရာ၊	ဂုဏ်ကိုသာ၊	စိတ်မှာထား၍သည်၊
၁၆။	သီလရှိသူ၊	မရှိသူ၊	ညီတူလှူဒါန်းသည်။
၁၇။	ညီတူထားလျက်၊	လှူဒါန်းချက်၊	ဧဒဂ်ရလေထည်။
၁၈။	မိမိဥစ္စာ၊	ကိုယ့်တွက်သာ၊	စိတ်မှာမထားပြီ။
၁၉။	သီလရှိပေ၊	သံဃာတွေ၊	မျှဝေခံစားသည်။

၂၀။ သီလရှိတိ၊ များလှူတိ၊ မရှိနည်းလှူသည်။
၂၁။ ဥဂ္ဂတအား၊ ဂျိစိတ်ထား၊ လားလားမရှိပြီ။
၂၂။ သံယာခေါ် လတ်၊ ရဟန်းမြတ်၊ ဆည်းကပ်ရာ၌သည်၊
၂၃။ ရိသေစွာသာ၊ မြတ်နိုးစွာ၊ ဂေါင်းစွာဆည်းကပ်သည်။
၂၄။ သူတရားဟော၊ နားစိုက်စော၊ မဟောကိုယ်ဟောသည်။
၂၅။ သီလရှိသူ၊ မရှိသူ၊ ညီတူပြုစုသည်။
၂၆။ ဥဂ္ဂတသူကြွယ်၊ သူဌေးရယ်၊ အံ့ဖွယ်ဂုဏ်ဖြစ်သည်။
၂၇။ လူလောကမှာ၊ လူတိုဟာ၊ သံယာဆည်းကပ်သည်။
၂၈။ ကိုရင်ရဟန်း၊ ဂျာန်စလမ်း၊ ရဟန်းစိတ်ရောက်သည်။
၂၉။ ထေရင်ယ်, ထေရကြီး၊ ဂျာန်စကြီး၊ ထေရကြီးစိတ်ရောက်သည်။
၃၀။ သီလရှိသူ၊ မရှိသူ၊ ရှိသူစိတ်ရောက်သည်။
၃၁။ ပုဂ္ဂိုလ်လှူချင်၊ ဆင်္ဂတန်းပင်၊ ခွဲအင်ရှိလေသည်။
၃၂။ သံယာလှူပါ၊ ဒုသီလာ၊ ဘယ်ခါမရှိပြီ။
၃၃။ ဥဂ္ဂတလိုကား၊ ထားဖို့ကား၊ လွယ်ကားမလွယ်ပြီ။
၃၄။ သို့ရာတွင်လဲ၊ ထားဖို့ပဲ၊ အားခဲကျင့်ရမည်။

သဒ္ဓါအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

• • • • • • • • • • • • • • • • • • • •

ဝိဒိယအဖွဉ့်လာ ကိုယ်ကျင့်တရားများ

၁။ ဝိဒိယ ဟူသည်မှာ ။ ရဲရင့်သော သဘောသည် ဝိရိယတည်း။ ကြိုးစားမှု လုံ့လဝိရိယရှိသူတို့သာ ရဲရင့်ကြ၏။ ဉာဏ်ပညာနှင့်ယှဉ်သော ဝိရိယကား 'ဝိဇ္ဇာဝဲ့ဂုဏ် ဥဿယ်တင့်၏' ဆိုဘိသကဲ့သို့ ပွဲလယ်ပင် တင့်လိုက်သေး၏။ အရေးရယ် အကြောင်းရယ် ပြောရ ဆိုရ၊ လုပ်ရ ကိုင်ရသောအခါ၌ကား ဝိရိယရှိသူတို့သာ ရှေ့တန်းတက်၍ ပြောရ ဆိုရ၊ လုပ်ရ ကိုင်ရ၏။ ဝိရိယနည်းသူ၊ အပျင်းထူသူတို့ကား ရဲရင့်မှုလည်း မရှိ။ တင့်လည်း မတင့်တယ်။ ကြောက်လည်း ကြောက်တတ်၏။ အပြဲတမ်း နောက်တန်းမှာသာ အောက်ကျနောက်ကျ နေကြရလေ၏။

တစ်နည်းအားဖြင့် သင့်သောအကြောင်းဖြင့် စိစဉ်၍ ပြုလုပ်ရမှုသဘောသည် ဝိရိယတည်း။ အလုပ်တစ်ခုကို ပြုလုပ်ရာ၌ ထိုအလုပ်ကိစ္စ ပြီးမြောက်ရန်အတွက် ထိုအလုပ်ကိစ္စကို ပြီးမြောက်စေနိုင်သော သင့်လျော်သော အကြောင်းကို ရှာရ၏။ တစ်ပန် ထိုအကြောင်းဖြင့် အစီအစဉ် ချမှတ်ရ၏။ အစီအစဉ် ချမှတ်သည့်အတိုင်း ပြီးမြောက်အောင် ပြုလုပ်ရ၏။ ယင်းကိုပင် 'သင့်သောအကြောင်းဖြင့် စိစဉ်၍ ပြုလုပ်ရသော သဘောသည် ဝိရိယတည်း' ဟု ဆိုခြင်းဖြစ်သည်။

၂။ ဝိရိယ၏ လက္ခဏာများ ။ ထိုဝိရိယသည် –

၁။ ဥပတ္ထမ္ဘန လက္ခဏာ – သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်း လက္ခဏာလည်း ရှိ၏။
ပဂ္ဂဟ လက္ခဏာ – သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်း လက္ခဏာလည်း ရှိ၏။
တစ်နည်း – ဥဿာဟ လက္ခဏံ – ဆင်းရဲကို သည်းခံခြင်း လက္ခဏာ ရှိ၏။
၂။ သဟဇာတာနံ ဥပတ္ထမ္ဘန ရသံ – သဟဇာတ်ထရားတို့ကို ထောက်ပံ့ခြင်း ကိစ္စရှိ၏။
၃။ အသံသီဒနဘာဝ ပစ္စုပဋ္ဌာနံ – ဆုတ်နှစ်ခြင်း မရှိသူ၏ အဖြစ်ဖြင့် ဉာဏ်အား ထွေးရှုထင်၏။
၄။ သံဝေဂ ပဒဋ္ဌာနံ – သံဝေဂဉာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။
ဝိရိယာရမ္ဘဝတ္ထု ပဒဋ္ဌာနံ – လူ၊ နတ်၊ နိဗ္ဗာန် ဟူသော အားထုတ်ကြောင်းဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

၁။ ဥပတ္ထမ္ဘန လက္ခဏံ – *သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်း လက္ခဏာရှိ၏* ဟူသည် အိမ်အိုများကို ထောက်တိုင်များဖြင့် ကျားကန်ထောက်ပံ့ပေးရသကဲ့သို့ ယှဉ်ဘက် စိတ်၊ စေတသိက်များကို ကုသိုလ်တရားတို့မှ ဆုတ်ယုတ်မသွားအောင် ထောက်ပံ့ပေးထားသောသဘော ဖြစ်လေသည်။

ပဂ္ဂဟလက္ခဏာ – သမ္ပယုတ်တရားများကို ချီးမြှောက်ခြင်း လက္ခဏာရှိ၏ ဟူသည် စစ်ပွဲအတွက် တိုက်ပွဲဝင်နေရာ၌ စစ်သားများ၊ စစ်တပ်များ အားနည်းနေလျှင် ဆုတ်နစ်မှုသဘောရှိသောကြောင့် မဆုတ်နစ်ရအောင် နောက်ထပ် စစ်သားများ၊ စစ်တပ်များဖြင့် အားဖြည့် အကူပေးရလေသည်။ ထိုအချိန် အင်အားတောင့်တင်းပြီး တစ်ဖက်ရန်သူကို နှိုင်အောင် တိုက်နိုင်သကဲ့သို့ အလုပ်တစ်ခု ပြုလုပ်ရာ၌ ဆုတ်နစ်မသွားအောင် ယှဉ်ဘက်

စိတ်၊ စေတသိက်များကို ပြီးစီးအောင် ချီးမြှောက်ပေးထားခြင်း သဘောပင် ဖြစ်လေသည်။ အလုပ်တစ်ခု ပြုလုပ်ရာ၌ စိတ်ပျက်မသွားခြင်း၊ အကြိုအစည်များ၊ သုံးသပ်ချက်များ၊ ဆုံးဖြတ်ချက်များ လျော့နည်းမသွားခြင်း၊ တင်းတင်းရင်းရင်း ရှိနေခြင်းသည် ဝိရိယ၏ ချီးမြှောက်ထားမှု သဘောပင် ဖြစ်သည်။

နောက်တစ်နည်း -

၁။ *ဥဿာဟ လက္ခဏံ - ဆင်းရဲကို သည်းခံခြင်း လက္ခဏာ ရှိ၏* - ဟူသည် အလုပ်တစ်ခုကို ဖြစ်ဖြစ်မြောက်မြောက် လုပ်နေရာ၌ အိပ်နေသူ၊ အပျင်းထူနေသူများလောက် သက်သာမှု မရှိပေ။ အနည်းနှင့် အများ လေဒဏ်၊ နေဒဏ်တို့ဖြင့် ဆင်းရဲကြရသည်သာ ဖြစ်သည်။ ယင်းဆင်းရဲကို သည်းမခံနိုင်ဘဲ အလုပ်ကို ဆက်လုပ်၍ မရပေ။ သည်းခံပြီး ဆက်လုပ်မှသာ အလုပ်ကိစ္စ ပြီးမြောက်နိုင်သည်။ ထို့ကြောင့် သည်းခံခြင်း လက္ခဏာရှိ၏ - ဟု ဆိုရခြင်း ဖြစ်သည်။

၂။ သဟဇာတာနံ ဥပတ္ထမ္ဘန ရသံ - *သဟဇာတ်တရားတို့ကို ထောက်ပံ့ခြင်း ကိစ္စရှိ၏* - ဟူသည် ရှေးကပြခဲ့သော လက္ခဏာအတိုင်း ဝိရိယဟူသည် တကွဖြစ်ဘက်တရားတို့ကို ဆုတ်ယုတ်မသွားအောင် ထောက်တိုင်များကဲ့သို့ ထောက်ပံ့သော အလုပ်ကို ပြုလုပ်ပေးမှုပင် ဖြစ်သည်။

၃။ အသံသီဒနဘာဝ ပစ္စုပဋ္ဌာနံ - *ဆုတ်နစ်ခြင်း မရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏* - ဟူသည် ဝိရိယ၏ သဘာဝကို နှိုက်ကြည့်လျှင် ဝိရိယဟူသည် အလုပ်တစ်ခုကို ပြုလုပ်ရာ၌ မဆုတ်မနစ်ဘဲ အင်နှင့်အားနှင့် ပြုလုပ်နေတာပဲဟူ၍ သိလာမှုကိုပင် ဆုတ်နစ်ခြင်း မရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏ ဟူ၍ ဆိုရခြင်း ဖြစ်သည်။

၄။ သံဝေဂ ပဒဋ္ဌာနံ - *သံဝေဂဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏* - ဟူသည် ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ ပေါ့ပေါ့လျော့လျော့ နေသော ပုဂ္ဂိုလ်တို့အား ပျက်စီးခြင်း၊ ဖောက်ပြန်ခြင်း၊ ပြောင်းလွဲခြင်းများနှင့် ကြုံရသောအခါ ထိတ်လန့်သော သံဝေဂဉာဏ်ဖြစ်၍ ကုသိုလ်ကောင်းမှုများကို မနေမနား ပြုလုပ်တတ်လေသည်။ ထို့ကြောင့် သံဝေဂဉာဏ်သည် ဝိရိယ၏ နီးသောအကြောင်း ဖြစ်ရလေသည်။

၅။ တစ်နည်း - ဝိရိယာရမ္ဘဝတ္ထု ပဒဋ္ဌာနံ - *ဝိရိယာရမ္ဘဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏* - ဟူသည် လူစည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို လိုလားကြသည့်အတွက် ကုသိုလ်ကောင်းမှုတို့ကို ကြိုးစားပမ်းစား အားထုတ်ကြရလေသည်။ ထို့ကြောင့် ယင်းလူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများသည် ဝိရိယ၏ နီးသောအကြောင်း ဖြစ်ရလေသည်။

(အာဘိ - ၄ - ၁ - ၁၆၃ / ၄)

၁။ ဝိဓိယဟူသည်၌ ဆောင်ရန်လက်ငါးပျား

၁။ ရဲရင့်ခြင်းကာ၊ ဝိရိယာ၊ ဝိရဒ္ဓေါ် ရသည်။
၂။ ဝိရိယရှိ၊ ရဲရင့်သော်၊ မရှိကြောက်တတ်သည်။
၃။ ပညာရဲရင့်၊ ပွဲလယ်တင့်၊ ဆိုနှင့်ကြခြင်းသည်၊
၄။ ဉာဏ်နှင့်ယှဉ်မှု၊ ဝိရိဟူ၊ မှတ်ယူနိုင်ကြထည်။
၅။ အရေးရိတိုင်၊ ပြောဆိုနိုင်၊ လုပ်ကိုင်နိုင်ခြင်းသည်၊
၆။ ကြိုးစားသူသာ၊ ရွေ့ထွက်ကာ၊ ကောင်းစွာလုပ်နိုင်ထည်။
၇။ လုံ့လနဲသူ၊ ပျင်းထူသူ၊ ပေါ်သူများတို့သည်၊
၈။ မတင့်တယ်သူ၊ မရဲသူ၊ ကြောက်ထူဖြစ်တတ်သည်။
၉။ နောက်တန်းမှာသာ၊ အောက်ကျစွာ၊ ညှိုးကာနေရသည်။
၁၀။ သင့်ကြောင်းဖြင့်ပ၊ စီစဉ်ရ၊ ဝိရိယခေါ် ပြန်သည်။
၁၁။ အလုပ်ကိုတောင်၊ ဖြိုးမြောက်အောင်၊ လုပ်ဆောင်ရာ၌သည်၊
၁၂။ သင့်လျော်ပေလျှ၊ ကြောင်းကိုပ၊ ရှာရဖွေရသည်။
၁၃။ ရှာဖွေဖြိုးလျှင်၊ အမှန်ပင်၊ စီစဉ်ရပြန်သည်။
၁၄။ စီစဉ်ဖြိုးမှ၊ ချမှတ်ရ၊ လုပ်ရကိုင်ရသည်။
၁၅။ ချမှတ်သလောက်၊ လုပ်သလောက်၊ ဖြိုးမြောက်ရလေသည်။
၁၆။ ယင်းသဘောနှင်း၊ ဝိရိထင်း၊ ခေါ် ခြင်းဖြစ်လေသည်။

၂။ ဝိရိယလက္ခဏာများလာ ဆောင်ရန်လက်ငါးပျား

၁။ ဝိရိယလက္ခဏာ၊ ကျိသို့ပါ၊ ကောင်းစွာမှတ်နိုင်သည်။
၂။ ယှဉ်ဘက်ကိုသာ၊ ထောက်ပံ့တာ၊ လက္ခဏာဖြစ်လေသည်။
၃။ အိမ်အိုလာပြန်၊ ထောက်တိုင်ဖန်၊ ကျားကန်ထားသို့သည်၊
၄။ ကုသိုလ်တရား၊ ယုတ်မသွား၊ ထောက်ထားရလေသည်။
၅။ ယှဉ်ဘက်ကိုသာ၊ ချီးမြှောက်တာ၊ လက္ခဏာဆိုပြန်သည်။
၆။ စစ်ပွဲတိုက်ရာ၊ အားနည်းလာ၊ ထပ်ကာဖြည့်ရသည်။
၇။ အင်အားပြည့်မှ၊ နိုင်အောင်ပ၊ တိုက်ပြနိုင်သို့သည်၊
၈။ ယှဉ်ဘက်တွေရောက်၊ မဆုတ်လောက်၊ ချီးမြှောက်ထားရသည်။

၉။	စိတ်အားကြံအား၊	သုံးသပ်အား၊	အားများရှိခြင်းသည်၊
၀၀။	မြောက်စားချီထင်း၊	အားမယွင်း၊	ရှိခြင်းဖြစ်လေသည်။
၀၀။	ဆင်းရဲဖြာဖြာ၊	သည်းခံတာ၊	လက္ခဏာဆိုပြန်သည်။
၀၂။	အိပ်နေသူမှာ၊	ပျင်းသူမှာ၊	သက်သာနေကြသည်။
၀၃။	လုပ်နေသူကား၊	လုပ်ဖော်များ၊	ထိပါးဆင်းရဲသည်။
၀၄။	သည်းခံလုပ်မှ၊	အလုပ်က၊	ကိစ္စပြီးမြောက်သည်။
၀၅။	သည်းမခံရာ၊	အလုပ်ဟာ၊	တယ်မှာပြီးလိမ့်မည်။
၀၆။	နောက်မဆုတ်ရ၊	ထောက်ပံ့ရ၊	ရသခေါ် လေသည်။
၀၇။	အင်ပြုအားပြု၊	ဉာဏ်ထင်မှု၊	ပစ္စုခေါ် ရသည်။
၁၀။	ကုသိုလ်ပြုရာ၊	ပေါ်နေတာ၊	များစွာလူတို့သည်၊
၀၉။	သံဝေဂဉာဏ်၊	ဖြစ်ပေါ် မှုန်၊	စိတ်ကြံပြုလုပ်သည်။
၂၀။	ထို့ကြောင့်သာလျှင်၊	သံဝေဝင်၊	ကြောင်းအင်ဆိုရသည်။
၂၁။	လူ,နတ်,နိဗ္ဗာန်၊	ချမ်းသာမှန်၊	လိုပြန်သူများသည်၊
၂၂။	ကုသိုလ်တရား၊	မနေနား၊	ကြိုးစားပြုကြသည်။
၂၃။	ထို့ကြောင့်သာလျှင်၊	ချမ်းသာပင်၊	ကြောင်းအင်ဖြစ်ပြန်သည်။
၂၄။	ချမ်းသာလိုလား၊	လူအများ၊	ကြိုးစားပြုရမည်။
၂၅။	ပျင်းနေလို့သာ၊	ထိုင်နေရာ၊	တယ်မှာချမ်းသာမည်။

၃။ ဓက္ခုပါလထေရ်၏ လုံ့လဝိရိယ ။ ။ ဘုရားရှင် လက်ထက်တော်က စက္ခုပါလမထေရ်၏ လုံ့လဝိရိယသည် လည်း တကယ့်လုံ့လဝိရိယပင် ဖြစ်၏။ လူဘဝက သာဝတ္ထိမြို့တွင် သူဌေးတစ်ဦးပင် ဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရ၍ အရဟတ္တဖိုလ်ချမ်းသာကို လိုလားသည့်အတွက် ရှိသမျှစည်းစိမ်တွေကို ညီအား လွှဲအပ် စွန့်လွှတ်ခဲ့ကာ ရဟန်းပြုခဲ့၏။ ရဟန်းပြုပြီးနောက် ဇီးဝါတိုင်တိုင် ဝိနည်းကျင့်ဝတ်နှင့် ပရိယတ်ကို သင်ကြားပြီးနောက် ခြောက်ဝါမြောက်၌ အရဟတ္တဖိုလ်ပေါက် တရားအားထုတ်လိုသည့်အတွက် ကျင့်ဖော်ရဟန်းများကို ရှာဖွေရာတွင် အပါး (၆၀)ရ၍ ထိုရဟန်းတို့နှင့်အတူ သာဝတ္ထိမြို့မှ ခရီးထွက်ခဲ့လေ၏။ သာဝတ္ထိမြို့မှ ယူဇနာ (၁၂၀) မျှဝေးသော အရပ်သို့ရောက်လျှင် ဆွမ်းခံရန်အတွက် တောရွာတစ်ရွာကို အမှီပြု၍ ဆိတ်ငြိမ်ရာတော တစ်နေရာ၌ တရားအားထုတ်ရန် ဆုံးဖြတ်ကြကုန်၏။

ဝါဆိုသောနေ့၌ စက္ခုပါလမထေရ်သည် ကျန်သော ရဟန်း (၆၀)တို့ကို 'အဘယ်ကုရိယာပုတ်ဖြင့် တရားအားထုတ်မည်နည်း' – ဟူ၍ မေးရာ – 'လျောင်း၊ ထိုင်၊ သွား၊ ရပ် ဟူသောလေးပါးသော ကုရိယာပုတ်တို့ဖြင့် အားထုတ်မည်' – ဟူ၍ ပြောဆိုကြကုန်၏။ အရှင်စက္ခုပါလထေရ်မူကား – 'မငလျောင်း၊ မအိပ်စက်မူ၍ ကုရိယာပုတ် သုံးပါးဖြင့် အားထုတ်မည်' – ဟု ဆုံးဖြတ် ပြောဆိုလေ၏။

အိပ်စက်ခြင်း မပြုဘဲ တရားအားထုတ်သော အရှင်စက္ခုပါလထေရ်အား ဇါဆိုလလွန်၍ ဇါခေါင်လသို့ ရောက်လျှင် အိုးပေါက်၊ အိုးကွဲမှ ယိုကျသော ရေပေါက်တို့ကဲ့သို့ မျက်ရည်များ တပေါက်ပေါက် ယိုစီးကျလာကုန်၏။

ကျန်သော ရဟန်းများ သိကြလျှင် ဆေးဆရာကို အသိပေးပြောကြားကြကုန်၏။ ဆေးဆရာသည် ဆိကို ချက်၍ ပို့စေ၏။ စက္ခုပါလထေရ်သည် ထိုင်လျက်သာလျှင် မျက်စဉ်းခတ်လေ၏။ ဆွမ်းခံကြွတော်မူသောအခါ ဆေးဆရာပြင်၍ ပေးလေလျှင် 'မျက်စိရောဂါ ဖသက်သာ' – ဟု ဆိုသောကြောင့် ဆေးဆရာသည် –

'ဘိကား တစ်ကြိမ်မျှ ဘတ်ခြင်းပြင့်သာလျှင် ပျောက်ခြင်းငှါ စွမ်းနိုင်သော ဆိကို ပေးအပ်ပြီ။ အဘယ်ကြောင့် ရောဂါမငြိမ်းသနည်း' ဟု ကြံပြီးနောက် စက္ခုပါလထေရ်အား – 'အရှင်ဘုရားတို့သည် မျက်စဉ်းဆိကို ထိုင်၍ ဘတ်သလား၊ အိပ်ဘတ်သလား' – ဟု မေးလေလျှင် မထေရ်သည် ဆိတ်ဆိတ်သာလျှင် နေလေ၏။ ကျောင်းသို့ သွား၍ လေ့လာသောအခါ၌လည်း လျောင်းအိပ်သော အခြေအနေကို မတွေ့ရသဖြင့် ဆေးဆရာသည် –

'အရှင်ဘုရား... တပည့်တော်ဆေးသည် အိပ်၍ဘတ်လျှင် တစ်ကြိမ်ဘတ်ရုံနှင့် ရောဂါ ပျောက်နိုင်ပါသည်။ အိပ်၍ ဘတ်တော်မူပါ။ ရောဂါပျောက်ကင်းသော အဘိမှ သင်္ဘောကျွန်ုပ်လို ပြုတ်ရပါသည်' ဟု လျှောက်ထားကာ ပြန်သွားလေ၏။

ထို့နောက် စက္ခုပါလထေရ်သည် ဗိဓိကိုယ်ကို ကျိသို့ ဆုံးမပြောဆိုလေ၏။

'စက္ခုပါလ ... သင်သည် ပြောလော့။ မျက်စိကို ကြည့်မည်လော။ ဘုရားရှင် သာသနာကို ကြည့်မည်လော။ အစမထင် သံသရာ၌ သင်၏ မျက်စိကန်းခဲ့သည်ကို ရေတွက်၍ ရမည်မဟုတ်ပေ။ အရာအထောင်မက ဘုရားတို့သည် လွန်ကုန်ပြီ။ ထိုဘုရားတို့တွင် တစ်ဆူသော ဘုရားရှင်သည်လည်း မျက်စိကန်းခြင်းကို ပိုင်းခြားတော်မမူနိုင်။ ငါမူကား အစက ဆုံးဖြတ်ခဲ့သည့်အတိုင်း မအိပ်ဘဲသာလျှင် ဤတွင်းသုံးလပတ်လုံး တရားကို အားထုတ်တော့အံ့။ မျက်စိတို့သည်လည်းကောင်း၊ ခန္ဓာကိုယ်သည်လည်းကောင်း ဆုတ်ယုတ်မှုလည်း ဆုတ်ယုတ်ပါ၀။ ဆွေးမှုလည်း ဆွေးပါ၀။ ပျက်မှုလည်း ပျက်ပါ၀။ အဘယ်ကြောင့် မေ့လျော့၍ နေရမည်နည်း'

– ဟူ၍ ဆုံးမကာ မျက်စဉ်းကို ထိုင်၍သာလျှင် ခတ်လေ၏။ ဆွမ်းခံထွက်သောအခါ၌ ဆေးဆရာက မေးလေလျှင် 'မသက်သာပါ' ဟု ပြောလေ၏။ 'အိပ်၍ဘတ်သလား၊ ထိုင်၍ဘတ်သလား' ဟူ၍ မေးလေလျှင် ဆိတ်ဆိတ်သာ နေလေ၏။ ဆေးဆရာလည်း စိတ်ပျက်လက်ပျက်ဖြစ်ကာ စက္ခုပါလမထေရ်အား ဤစကားကို ပြောလေပြီ။

'အရှင်ဘုရားတို့ ... အရှင်ဘုရားတို့ကား လျောက်ပတ်သည်ကို မပြုကုန်။ ယနေ့မှ အစပြု၍ ငှါအား ကျိမည်သော ဆေးဆရာသည် မျက်စဉ်းဆိကို ပေးအပ်၏ – ဟု မငြားကြပါနှင့်။ တပည့်တော်သည်လည်း အရှင်ဘုရားတို့၏ အကျိုးငှါ မျက်စဉ်းဆိကို ပေးပါ၏ – ဟု မငြားပါ' ဟူ၍ လျှောက်ထားလိုက်လေ၏။

ကျောင်းသို့ရောက်လျှင် စက္ခုပါလထေရ်သည် ဗိဓိကိုယ်ကို ကျိသို့ ဆုံးမလေ၏။

'စက္ခုပါလ... သင့်အားဆေးဆရာသည် စွန့်အပ်လေပြီ။ သေမင်းသည် စာရင်းယူလေပြီ။ သင့်အား အဘယ်ကြောင့် မေ့လျော့ခြင်းငှါ သင့်ပါမည်နည်း' ဟူ၍ ဆုံးမကာ ရဟန်းတရားကို အပြင်းအထန် အားထုတ်လေလျှင် သန်းခေါင်ယံ ကျော်လွန်သည်ရှိသော် မျက်စိပျက်ခြင်းသည်လည်းကောင်း၊ ကိလေသာပျက်ခြင်းသည်လည်းကောင်း တစ်ပြိုင်နက် ဖြစ်လေကုန်၏။ သက္ခဝိပဿက ရဟန္တာအဖြစ်သို့ ရောက်လေ၏။

(ဓမ္မ ၅ - ၁ - ၄ / ၈)

၃။ စက္ခုပါလမထေရ်၏ လုံ့လဝီရိယလာ ဆောင်ရန်လက်ာများ

၁။	စက္ခုပါလ၊	ခေါ် ဆိုရ၊	ထေရတစ်ပါးသည်၊
၂။	သူဌေးဘဝ၊	စွန့်ကာပ၊	သမဏပြုခဲ့သည်။
၃။	စည်းစိမ်ဥစ္စာ၊	ညှိသို့သာ၊	လွဲကာအပ်ခဲ့သည်။
၄။	အဖော်တွေစု၊	ခြောက်ဆယ်ဟု၊	စက္ခုမထေရ်သည်၊
၅။	တရားထုတ်ရန်၊	ဇတာသို့မှန်၊	ရည်သန်ထွက်ခဲ့သည်။
၆။	ရွာတစ်ရွာအား၊	မှီပြုငြား၊	တရားအားထုတ်ပြီ။
၇။	ဝါတွင်းသုံးလ၊	ဘယ်သို့ပ၊	ထုတ်ရတိုင်ပင်ပြီ။
၈။	ရဟန်းအများ၊	ကွာလေးပါး၊	တရားထုတ်ကြမည်။
၉။	စက္ခုမူကား၊	အိပ်ခြင်းအား၊	ဖယ်ရှားထုတ်ပေမည်။
၁၀။	အိပ်ခြင်းပယ်ကာ၊	အားထုတ်ရာ၊	ဝါလေကျော်၌သည်၊
၁၁။	စက္ခုမထေရ်၊	မျက်ရည်တွေ၊	တွေတွေကျခဲ့ပြီ။
၁၂။	မျက်စီရောဂါ၊	ပြင်းထန်စွာ၊	ဖြစ်ကာလာခဲ့ပြီ။
၁၃။	မျက်စီဆရာ၊	ဆေးပေးတာ၊	ထိုင်သာခတ်လေသည်။
၁၄။	အိပ်၍ခတ်မှ၊	ရောဂါက၊	မချပျောက်ကင်းမည်။
၁၅။	အိပ်၍ခတ်ရန်၊	အတန်တန်၊	ပြောပြန်မရပြီ။
၁၆။	ဘဝသံသရာ၊	မျက်ကန်းတာ၊	ခါခါကြုံခဲ့ပြီ။
၁၇။	ဘုရားသာသနာ၊	ကြုံဖို့ရာ၊	လွန်စွာခဲယဉ်းသည်။
၁၈။	မျက်စီကိုငြား၊	မကြည့်အား၊	တရားကြည့်တော့သည်။
၁၉။	မျက်စဉ်းခတ်တာ၊	ထိုင်၍သာ၊	ဆက်ကာခတ်လေသည်။
၂၀။	ပြောမရရာ၊	ဆေးဆရာ၊	မျက်နှာလွဲလေပြီ။
၂၁။	မထေရ်မြတ်လ၊	အံ့ကြိတ်ပ၊	အားခဲထုတ်လေပြီ။
၂၂။	ဆရာစွန့်ခြင်း၊	ရှင်သေမင်း၊	စာရင်းမှတ်လေပြီ။
၂၃။	မျက်စီကန်းစေ၊	ကိုယ်ပျက်စေ၊	သေကြေအားထုတ်ပြီ။
၂၄။	သန်းခေါင်ကျော်ချက်၊	မျက်လဲပျက်၊	ကိလေပျက်လေပြီ။
၂၅။	သုက္ခဝိပဿနာ၊	ရဟန္တာ၊	ကောင်းစွာဖြစ်လေပြီ။
၂၆။	စက္ခုပါလ၊	ဝိဝိဒိယ၊	သုခုန်ဝင်လောက်သည်။
၂၇။	ဝိဝိဒိယရှိရာ၊	လိုချမ်းသာ၊	ရမှာမလွဲပြီ။

၄။ ကမ္ဘယောသကသူဌေး၏ လုံ့လဝီရိယ ။ ။ ဘုရားရှင်လက်ထက်တော်က အလွန်ကူးစက်ပြန့်သော ယင်နာရောဂါဟုခေါ်သော ရောဂါတစ်မျိုး ရှိလေသည်။ ထိုရောဂါဖြစ်လာလျှင် ထွက်ပေါက်မလွယ်လျှင် လွယ်ကူရာ နံရံကို ဖောက်ခွဲ၍သော်လည်း ထွက်ပြေးမှ လွတ်နိုင်သည်။ ရာဇဂြိုဟ်မြို့ သူဌေးမျိုးတွင် ပါဝင်သော သူဌေးလင်မယားခွဲ ထိုရောဂါမျိုး ဖြစ်ပေါ်လေရာတွင် ဖိုဖိတို့၏ တစ်ဦးတည်းသော သားကို မသေစေလိုသည်အတွက် အခြားတစ်နေရာသို့ သွားနိုင်းလိုက်လေ၏။ ဥစ္စာကုဋေလေးဆယ်တို့ကို ထားရာအရပ်ကိုလည်း အသိပေး ပြောကြားလိုက်လေ၏။ ထိုသို့ ပြောကြားပြီး မကြာမီ သူဌေးလင်မယားလည်း ကွယ်လွန်လေ၏။

အရပ်တစ်ပါးသို့ ထွက်ပြေးသော သူဌေးသားသည် ထိုအရပ်၌ (၁၂)နှစ်ကြာ မထင်မရှား ဘဝဖြင့် နေပြီးနောက် ဖိုဖိအရပ် ရာဇဂြိုဟ်မြို့သို့ ပြန်လာခဲ့ရာတွင် ဖိဘတို့ ထားရစ်ခဲ့သော ကုဋေလေးဆယ်ကုန်သော ဥစ္စာကို ထားရာအရပ်ကို ကြည့်လေသော် မပျောက်မပျက် တည်ရှိနေသော ဥစ္စာတို့ကို တွေ့မြင်လေ၏။ ငယ်စဉ်ကပင် ထွက်ခွါသွားခဲ့သည်ဖြစ်၍ ပြန်လာသောအခါ၌ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများ၊ အပေါင်းအသင်းများတို့သည် တစ်စုံတစ်ဦးမျှ မမှတ်မိကြလေကုန်။ ထိုအခါ သူဌေးသား စဉ်းစားသည်မှာ 'ယခုအခါ ငါ့ကို ပတ်ဝန်းကျင်က သူဌေးသား ဟူ၍ မသိကြ။ သာမည ဆင်းရဲသား တစ်ယောက်အနေဖြင့်သာ သိကြသည်။ အကယ်၍ ငါသည် ဤဥစ္စာတွေကို ထုတ်ဆောင်သုံးဆွဲအံ့။ ပယုံကြည်လည်းဖြစ်နိုင်၏။ ဦးယူသုံးဆွဲသည်ဟူ၍လည်း ထင်နိုင်၏။ ဝင်းဆီးဖို့က်ပုတ် ညှဉ်းဆဲခြင်းကိုလည်းခံရနိုင်၏။ အန္တရာယ်လည်း ကြုံတွေ့နိုင်၏။ သို့ဖြစ်၍ ငါသည် အဘစားလုပ်၍ အသက်မွေးဝမ်းကျောင်းပြုအံ့'ဟု ကြံစည်ကာ အလုပ်အကိုင် ရှာဖွေလေသော် လူအများအား နှိုးဆော်မှု ပြုတတ်သော လူကြီးထံတွင် အလုပ်ရလေ၏။ သူဌေးသားသည် နံနက်စောစောထ၍ ရပ်ကွက်အသိုးသိုးသို့ လှည့်လည်ကာ -

'အိုဗိသင် ဗသင်တို့ ... လူအများအပေါင်းတို့ ... အိဝ်ရာမှ ထကြကုန်လော့။ လှည်းတို့ကို ကကြ၊ ပြင်ကြပါကုန်လော့။ နွားတို့ကို ယှဉ်ကကြပေကုန်လော့။ လယ်တော၊ ယာတောသို့ သွားကြကုန်လော့။ အလုပ်ရှိရာသို့ သွားကြကုန်လော့။ အိုဗိသင်တို့... အသင်တို့သည်လည်း ထကြပါကုန်လော့။ ယာပွကြီးကြပါကုန်လော့။ ထမင်းချက်ကြပါကုန်လော့' စသည်ဖြင့် ကြွေးကြော် နှိုးဆော်လေ၏။ ယင်းအတွက် ထမင်းရိက္ခာကိုလည်း ရ၏။ အိမ်တစ်ဆောင်လည်း ရလေ၏။ လူအများက 'ကမ္ဘယောသက'ဟူ၍ ခေါ်တွင်ကြလေ၏။ ကမ္ဘယောသကသည် ထိုသို့ နေ့စဉ်နေ့တိုင်း ဆော်ဩလေ၏။

တစ်နေ့သောအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် စောစောစီးစီး ကမ္ဘယောသက၏ နှိုးဆော်သံကို ကြား၍ ဆင်ခြင်မိသည်မှာ 'ဤအသံသည် သူဆင်းရဲသား တစ်ဦး၏ အသံမဟုတ်။ ချမ်းသာကြွယ်ဝသူ တစ်ဦး၏ အသံတည်း' - ဟု သတိထားဆင်ခြင်မိလေ၏။ ထိုအကြောင်းကို မိဖုရား၊ မောင်းမမိသီတို့အား ပြောကြားလေရာ မိဖုရားငယ် မောင်းမတစ်ဦးသည် ဟုတ်၊ မဟုတ် စုံစမ်းစေရာတွင် 'ပိုက်ဆံရှိသူမဟုတ်။ အဘစားအမှုပြင့် ပြုလုပ်နေရသော ဆင်းရဲသား အထီးကျန်သူတစ်ဦး' ဟူ၍ သိရှိရလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း နောက်နေ့တွေ၌လည်း 'ဤအသံရှင်သည် ဥစ္စာဓန ပေါကြွယ်ဝသူ တစ်ဦး၏ အသံတည်း'ဟု နေ့စဉ်ရက်ဆက် ပြောလျက်သာ နေလေ၏။

ထိုအခါ ထိုမိဖုရားငယ်သည် 'မင်းကြီးပြောသည့်အတိုင်းဟုတ်မှ သားမက်ပြုအံ့' - ဟု ကြံ၍ မင်းကြီးထံမှ အသပြာတစ်ထောင် တောင်းကာ ဆင်းရဲသား ခရီးသွားအသွင်ယူ၍ သမီးကို ခေါ်ကာ နန်းတော်မှ ထွက်ခဲ့လေ၏။ ကမ္ဘယောသကနေသော ရပ်ကွက်သို့ရောက်လျှင် တည်းခိုရန် အိမ်ကို ရှာယောင်ပြု၍ နောက်ဆုံးတွင်

ကုမ္ဘယောသကအိမ်၌ပင် တည်းခိုလေ၏။ ကုမ္ဘယောသက အလုပ်သွားသောအခါ၌ နန်းတော်မှာကဲ့သို့ ကောင်းမွန်သော ထမင်းအာဟာရများကို ချက်ပြုတ်စီမံ၍ ပေးကြလေ၏။ ကောင်းမွန်သော အာဟာရကို စားရသဖြင့် ကုမ္ဘယောသက၏ စိတ်ထားသည်လည်း တဖြည်းဖြည်း ပျော့ပျောင်း၍ လာလေ၏။

ကုမ္ဘယောသက အိပ်သောကုတင်သည် ကြိုးကုတင်ဖြစ်၍ ကုမ္ဘယောသက အလုပ်သွားခိုက် တစ်နေ့ကို တစ်ချောင်းဖြတ်၊ နှစ်ချောင်းဖြတ်နှင့် အခြေအတင် ပြောကြ၊ ဆိုကြရင်းမှ နောက်ဆုံးတွင် အကုန်လုံး ဖြတ်လိုက်လေ၏။ ညဘက် အိပ်ရာဝင်သောအခါ၌ အိပ်လိုက်ရာတွင် ကုမ္ဘယောသကလည်း ကုတင်ကျိုးကျ၍ မြေကြီးသို့ ကျလေ၏။ ညကြီးမင်းကြီး ကုမ္ဘယောသကနှင့် နန်းတွင်းသူ မိဖုရားငယ်တို့ စကားအခြေအတင် ပြောကြ ဆိုကြရလေ၏။ အခြားလည်း အိပ်စရာ မရှိသဖြင့် ကုမ္ဘယောသကသည် မိဖုရားငယ်၏သမီး၏ ကုတင်၌ပင် နှစ်ယောက်အတူ အိပ်ရလေ၏။

ထိုသို့ အိပ်ကြရင်း အကျွမ်းတဝင် ရောနှောမှု ဖြစ်ရကား သတို့သမီးငယ်သည် ထ၍ ဝိုင်ကြွေးမြည်တမ်းလေ၏။ ထိုအခါ မိခင် အမျိုးသမီးသည် သမီးအား ချော့မော့ကာ ကုမ္ဘယောသကအား သမက်ပြုရလေ၏။

တစ်နေ့သောအခါ၌ ကုမ္ဘယောသကတို့ ရပ်ကွက်၌ မင်းမိန်ဖြင့် ပွဲလမ်းသဘင်အတွက် အခကြေးငွေ ကောက်ခံရာ ကုမ္ဘယောသကလည်း အိမ်ထောင်ရှင်တစ်ဦး ဖြစ်လာသည့်အတွက် ရှောင်၍မရဘဲ ကုဋေလေးဆယ်သော ဥစ္စာမှ အသပြာတစ်ခုယူ၍ ပေးရလေ၏။ ထိုနည်းအားဖြင့် သုံးခါလောက် ပေးရသောအခါ၌ မင်းချင်းယောကျ်ားတို့သည် ကုမ္ဘယောသကအား ခေါ်ဆောင်၍ မင်းကြီးအား ပြလေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ကုမ္ဘယောသကအား သုံးအသပြာတို့ကို ပြ၍ '**ဤဥစ္စာသည် မောင်မင်း ဥစ္စာမဟုတ်လော။ အမှန်အတိုင်းဆိုလော့**'ဟု မိန့်လေလျှင် ကုမ္ဘယောသကသည် လှည့်ဖျား ဖုံးကွယ်ခြင်းငှါ မတတ်တော့သည်ဖြစ်၍ အမှန်အတိုင်း ထုတ်ဖော်ပြောဆိုရလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘယောသက၏ မြှုပ်နှံထားသော ကုဋေလေးဆယ်တို့ကို ထုတ်ယူစေပြီးနောက် ကုမ္ဘယောသကအား သူဌေးဘွဲ့ကို အပ်နှင်းကာ ထိုသမီးကိုလည်း ကုမ္ဘယောသကနှင့် ထိုက်တန်စွာ ထိမ်းပြားပေးလိုက်လေ၏။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘယောသကကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင်၍ မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏။ '**မြတ်စွာဘုရား... ဤယောကျ်ားကို ရူစားတော်မူပါ။ ဤယောကျ်ားသည် ကုဋေလေးဆယ်သော စည်းစိမ်ရှင် ဖြစ်ပါလျက်လည်း လော်လည်ခြင်း၊ မာန်ထောင်ခြင်း မရှိပါ။ အထီးကျန်သူ၊ ဆင်းရဲသူကဲ့သို့ အခစား လုပ်၍ နေပါသည်။ တပည့်တော်သည် ဤယောကျ်ားအား သမီးကို ပေး၍ သူဌေးဘွဲ့အပ်နှင်းပါ၏။ ဤသို့ တည်ကြည်သော ပညာရှိသော ယောကျ်ားမျိုးကို ရှေးက မတွေ့ဖူးပါ**'_ ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော တရားဂါထာကို ဟောတော်မူလေ၏။

'ထကြွလုံ့လ ဝီရိယရှိသော၊ သတိနှင့် ပြည့်စုံသော၊ စင်ကြယ်သော ကာယကံ စသည်တို့နှင့် ပြည့်စုံသော၊ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသော၊ ကိုယ်၊ နှုတ်၊ နှလုံးကို စောင့်စည်းလေ့ရှိသော၊ တရားနှင့်အညီ အသက်မွေးလေ့ရှိသော၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာ အခြံအရံများသည် တစ်နေ့တစ်ခြား တိုးပွားလေ၏'

တရားအဆုံး၌ ကုမ္ဘဇောသကသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မ ၅ - ၂ - ၁၄၇ / ၁၅၂)

၄။ ကုမ္ဘဇောသက၏ လုံလဝီရိယလာ ဆောင်ရန်လက်များ

၁။	တုမ္ဘဇောသက၊	ခေါ်ဆိုရ၊	ပုရိသတစ်ဦးဆည်၊
၂။	ရာဇဂိုဟ်မည်ကြား၊	ထူဌေးသား၊	ခေါ်ကြားပြုခဲ့ထည်။
၃။	ထင်နာရောဂါ၊	မိတမ္မာ၊	ဖြစ်ကာလာလေထည်။
၄။	မြှုပ်နှံထားရ၊	များစုန်၊	ဖွင့်ဟပြောလေပြီ။
၅။	ရပ်ထစ်ပါးပေ၊	ထွားကာလေ၊	နေ့ချေပြောလိုက်ပြီ။
၆။	မကြာမီပဲ၊	မီဘလဲ၊	ထေပွဲဝင်လေပြီ။
၇။	ရပ်ထစ်ပါးလေ၏၊	ဆယ့်နှစ်နှစ်၊	နေ့ဖြစ်ပြန်ခဲ့ပြီ။
၈။	ဥစ္စာထားရာ၊	ကြည့်လေရာ၊	ရှိကာတွေ့ရထည်။
၉။	လူကောင်ကြီးလေတ်၊	ပြန်လာအပ်၊	ဓမ္မတ်မိကြပြီ။
၁၀။	ဥစ္စာများရယ်၊	အန္ဓရာယ်၊	ထွယ်ထွယ်မြင်လေပြီ။
၁၁။	ဓထင်မရှား၊	အခစား၊	ရုပ်စားနေလိုက်ပြီ။
၁၂။	မိတို့ဖတို့၊	စောထလို့၊	ရုပ်ဖျိုပြင်ထင့်ပြီ။
၁၃။	လယ်တောထာတော၊	ခပ်စောစော၊	ထွားလောဆော်ထပြီ။
၁၄။	ယာဂုကြိုပါ၊	မင်းချက်ပါ၊	ဟင်းပါချက်ထင့်ပြီ။
၁၅။	ဤသို့စသည်၊	အလိလိ၊	လှည့်လည်ဆော်ထသည်။
၁၆။	ဖိမ္မသာရ၊	မင်းရာဇ	ကြားရဆင်ခြင်ပြီ။
၁၇။	ဤအသံကား၊	ဆင်းရဲဘား၊	ဟုတ်ကားမဟုတ်ပြီ။
၁၈။	ဥစ္စာပေါ်ဖြင်၊	နေ့ရှင်၊	မှန်ပင်ဖြစ်လိမ့်မည်။
၁၉။	တစ်ဦးဖိဇရား၊	သိလိုကြား၊	ဖီးအားခေါ် ကာသည်၊
၂၀။	ဆင်းရဲသူမ၊	ဧည့်သည်ပ၊	ကုမ္ဘအိမ်၌သည်၊
၂၁။	အကျိုးကြောင်းကို၊	ပြောကာဆို၊	တည်းခိုကြလေပြီ။
၂၂။	မှန်မြတ်အရသာ၊	စားရာ၊	စိတ်မှာနှုံးညံ့ပြီ။
၂၃။	အလုပ်သွားစဉ်၊	အိပ်ကုတင်၊	ကြိုးအင်ဖြတ်ကြပြီ။
၂၄။	အိပ်ချိန်ကျလာ၊	အိပ်လိုက်တာ၊	ကျွဲကာကျလေပြီ။

၂၅။	ပူပူညည်းညည်း၊	စကားသံ၊	ပြန်လှန်ပြောကြပြီ။
၂၆။	နှမအိပ်ရာ၊	ကုတင်မှာ၊	အိပ်ပါဝိုင်းလေပြီ။
၂၇။	ကုမ္ဗညောသက၊	အိမ်ထောင်ကျ၊	မိန်းမရလေပြီ။
၂၈။	ပွဲလမ်းသဘင်၊	ရပ်ကွက်တွင်၊	ပြင်ရန်အတွက်သည်၊
၂၉။	ငွေအသပြာ၊	ပေးဆက်ပါ၊	မိန့်စာထွက်လာသည်။
၃၀။	မရှောင်သာပ၊	ယောသက၊	ပေးရဆက်ရပြီ။
၃၁။	သုံးသပြာမှန်၊	ပေးဆက်ပြန်၊	မင်းထံမရောက်ရပြီ။
၃၂။	ဖုံးချိမထား၊	မင်းကြီးအား၊	ထင်ရှားပြောရပြီ။
၃၃။	သူ့ဌေးဘွဲ့ပါ၊	သမီးပါ၊	ပေးကာချီးမြှင့်ပြီ။
၃၄။	ဘုရားဖြတ်အား၊	လျှောက်လေငြား၊	တရားဟောလေပြီ။
၃၅။	ဝိရိယပါ၊	သတိပါ၊	ကောင်းစွာရှိရမည်။
၃၆။	ကမ္မသုံးသွယ်၊	ညစ်ကြေးဖယ်၊	စင်ကြယ်ကြရမည်။
၃၇။	ကိုယ်နှုတ်နှလုံး၊	သုံးပါးလုံး၊	စောင့်သုံးကြရမည်။
၃၈။	သက်မွေးကြောင်းသည်၊	တရားညီ၊	ကျင့်သည်ဖြစ်ရမည်။
၃၉။	အရာရာမှာ၊	ပမာဒါ၊	ဖယ်ခွါကျင့်ရမည်။
၄၀။	ထိုသူ့ထံပါး၊	စည်းစိမ်များ၊	တိုးပွားရောက်လာမည်။
၄၁။	တရားဆုံးမှာ၊	ယောသကာ၊	သောတာဖြစ်လေသည်။
၄၂။	ဝိရိယအား၊	ရှိသူများ၊	ကျိုးကားလွန်ကြီးသည်။
၄၃။	အပျင်းကိုရှောင်၊	ဝိရိဆောင်၊	မင်းတောင်ချီးမြှောက်သည်။

၅။ မဟာဒုဂ်၏ လုံ့လဝိရိယ ။ ။ မဟာဒုဂ်၏ အကြောင်းအရာကား ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်က ဖြစ်ပေါ်ခဲ့လေသည်။ ကဿပ ဘုရားရှင်သည် ရဟန္တာသံဃာတော် နှစ်သောင်း ခြံရံ၍ ဗာရာဏသီပြို့သို့ ကြွရောက်တော်မူလာလေသည်။ လူအများစုပေါင်း၍ ဆွမ်းဆက်ကပ်လှူဒါန်းမှု ပြုကြရာတွင် ဆွမ်းစားအပြီး၌ ကဿပဘုရားရှင်သည် အောက်ပါ အနုမောဒနာတရားကို ဟောတော်မူလေသည်။

၁။ မိမိသာလှူ၍ သူတစ်ပါးတို့အား လှူရန် မတိုက်တွန်းသူတို့သည် ဖြစ်တိုင်းသော ဘဝ၌ ဥစ္စာပြည့်စုံမှုကို ရ၏။ အခြံအရံ ပြည့်စုံမှုကို မရပေ။

၂။ မိမိကိုယ်တိုင်တော့ မလှူဒါန်း။ သူတစ်ပါးတို့ကို လှူဒါန်းရန် တိုက်တွန်းမှု ပြုသူသည် ဖြစ်တိုင်းသောဘဝ၌ ဥစ္စာစည်းစိမ်နှင့် မပြည့်စုံပေ။ အခြံအရံ ပြည့်စုံမှုကို ရရှိနိုင်ပေ၏။

၃။ မိမိကိုယ်တိုင်လည်း မလု။ သူတစ်ပါးတို့ကို လု၍ရန်လည်း မတိုက်တွန်းသော သူသည် ဖြစ်တိုင်းသောဘဝ၌ ပစ္စည်းဥစ္စာ ပြည့်စုံမှုကိုလည်း မရ။ အခြံအရံ ပြည့်စုံမှုကိုလည်း မရပေ။

၄။ မိမိကိုယ်တိုင်လည်း လု။ သူတစ်ပါးတို့အား လု၍ရန်လည်း တိုက်တွန်းသော သူသည်ကား ဖြစ်တိုင်းသော ဘဝ၌ ပစ္စည်းဥစ္စာ ပြည့်စုံမှုလည်း ရှိ၏။ အခြံအရံ ပြည့်စုံမှုလည်း ရှိ၏။

– ဟု ဟောတော်မူလေပြီ။

ထိုတရားစကားကို နာကြားရသော ပညာရှိ ယောကျ်ားတစ်ယောက်သည် 'ငါသည် ပြစ်တိုင်းသော ဘဝတို့၌ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံအောင်၊ အခြံအရံနှင့်လည်း ပြည့်စုံအောင် ပြုလုပ်ရပေတော့အံ့' – ဟု ကြံစည်၍ ဘုရားရှင်နှင့်တကွ သံဃာတော် နှစ်သောင်းတို့ကို နောက်ပြန်အတွက် ဆွမ်းစားပင့်လိုက်လေ၏။

ထို့နောက် ထိုပညာရှိ ယောကျ်ားသည် မိမိနေရာ ရပ်ကွက်၌ လှည့်လည်၍ –

'ဝိသင် ဖဘ်တို့ ... အကျွန်ုပ်သည် ဘုရားရှင်နှင့်တကွ သံဃာတော် နှစ်သောင်းတို့ကို နောက်ပြန်အတွက် ဆွမ်းစားပင့်ခဲ့ပြီးပါပြီ။ အသင်တို့သည် မိမိတို့အစွမ်းရှိသလိုကသိုလ်ယူနိုင်ကြပါသည်' – ဟု ဆော်သြလေလျှင် ဆယ်ပါး၊ အပါးနှစ်ဆယ်၊ အပါးသုံးဆယ်၊ အပါးဝါးဆယ်၊ အပါးတစ်ရာ၊ အပါးဝါးရာ စသည်ဖြင့် အသီးသီး ယူကြလေ၏။

ထိုအခါ၌ အလွန်ဆင်းရဲလှသဖြင့် လူအများက 'မဟာဒုဂ္ဂတ = မဟာဒုဗ်' ဟူ၍ ခေါ်ဆိုရသော ဆင်းရဲသားတစ်ဦးသည်လည်း အခစားပြုလုပ်ရန် မိမိအိမ်မှ ထွက်လာလေ၏။ လမ်းမှာ ပညာရှိယောကျ်ား နှိဗ္ဗာန်ဆော်နှင့် တွေ့လေ၏။ နှိဗ္ဗာန်ဆော်သည်လည်း 'မဟာဒုဂ်... အမောင်လည်း သံဃာတစ်ပါး ယူပါလား' ဟူ၍ တိုက်တွန်းလေ၏။

'နောက်ပြန်အတွက်ပင် စားစရာမရှိသော၊ အလွန်ဆင်းရဲလှစွာသော အကျွန်ုပ်သည် အဘယ်သို့လျှင် သံဃာတစ်ပါးကို ဆွမ်းကပ်နိုင်အုံးနည်း' ဟု ငြင်းဆန်လေ၏။

ထိုအခါ နှိဗ္ဗာန်ဆော်သည် မဟာဒုက်အား ဤသို့ပြောဆိုတိုက်တွန်းပြန်လေ၏။

'မဟာဒုဂ်... ရှေးကကုသိုလ်ကောင်းမှုတွေကြောင့် ယခုဘဝ၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံနေကြသော သူဌေးကြီးများကို မောင်မင်း မြင်၏မဟုတ်လော။ မောင်မင်းမှာ ရှေးက ကုသိုလ်ကောင်းမှု မပြုခဲ့သည့်အတွက် ယခုလို ဆင်းရဲနေရသည်ကို မောင်မင်း သတိပြုလော့။ ယခုဘဝမှာ ကုသိုလ်မပြုပြုန်လျှင် နောင်ဘဝတွေမှာလည်း ယခုလို ဆင်းရဲဦးမှာကို မောင်မင်း မကြောက်ဘူးလား' စသည်ဖြင့် နှိုးဆော်တိုက်တွန်းလေရာ မဟာဒုဂ်လည်း ကြောက်လန့်စိတ်ဖြစ်၍ သံဃာတော်တစ်ပါးကို တာဝန်ယူလိုက်လေ၏။ နှိဗ္ဗာန်ဆော်လည်း မဟာဒုဂ်အတွက် သံဃာတစ်ပါးကို စာရင်းရေးမထားဘဲ နေပိုလိုက်လေ၏။

မဟာဒုဂ်သည် အိမ်သို့ ပြန်၍ မယားနှင့်တိုင်ပင်ပြီးလျှင် လင်မယားနှစ်ယောက် သံဃာတစ်ပါး ဆွမ်းကပ်နိုင်ရေးအတွက် အလုပ်ရှာဖွေလေရာ သူဌေးအိမ်တစ်အိမ်၌ အလုပ်ရလေ၏။ ထိုသူဌေးကား သံဃာတော် အပါးသုံးရာလောက် ဆွမ်းကပ်မည်ဖြစ်၍ ထင်းပေါက်ရန် လူလိုအပ်နေရကား ယင်းအလုပ်ကို မဟာဒုဂ်အား ခိုင်းလေ၏။ သူဌေးကတော်၌ ဆန်ထောင်းဆန်ပြာ လူလိုအပ်နေသဖြင့် ထိုအလုပ်ကို မဟာဒုဂ်မယားကို ခိုင်းလေ၏။

မဟာဒုဂ်လည်း ထင်းတုံးတွေကို တစ်တုံးပြီးတစ်တုံး အလွန်ပျော်ရွှင်စွာ အလွန်အားစိုက် ခွန်စိုက် ခွဲလေ၏။ ချွေးဒီးဒီးကျလေ၏။ 'သံယာတစ်ပါးကို ဆွမ်းကပ်ရမယ်' ဟူသော စိတ်ဆန္ဒတို့၊ ဇောတို့ အလွန်ထက်သန်စွာ ကပ်နေသည်ဖြစ်၍ မြောက်များစွာသော ထင်းတွေကို ခွဲနေရသော်လည်း ဝိပိကိုယ်ကိုဝိပိ မောပန်းသည်ဟူ၍ပင် မထင်ဖြစ်နေလေ၏။

သူ့ဌေးလည်း 'ယနေ့ မဟာဒုဂ်သည် အလွန်အားကြိုးမာန်တက်၊ အလွန်ပျော်ရွှင်လျက်၊ အလွန်စိတ်ပါလက်ပါ ထင်းတို့ကို ခွဲလျက်ရှိချေ၏။ အကြောင်းကား အသို့နည်း' ဟု ကြံစည်၍ မဟာဒုဂ်ကို မေးမြန်းကြည့်ရာတွင် သံဃာတော်တစ်ပါးကို ဆွမ်းကပ်မည်ကို သိရသောကြောင့် 'အလွန်ဆင်းရဲလှသည် ဖြစ်ပါလျက် သံယာတစ်ပါးကို ဆွမ်းကပ်လိုသည့်အတွက် အလွန်အားထုတ်သော လုံ့လဝီရိယဖြင့် အလွန်ပျော်ရွှင်စွာ ပြုလုပ်နေသည်ကား အံ့ဩဖွယ် ကောင်းလေစွ' ဟု မဟာဒုဂ်၏ လုပ်ကိုင်ပုံကို ကျေနပ်သည်ဖြစ်၍ လုပ်အားခအပြင်ကို သလေးဆန်၊ ထောပတ်၊ ပျားရည်၊ တင်လဲ၊ နို့ဓမ်းတို့ကိုလည်း ပေးလိုက်လေ၏။

ထို့အတူ မဟာဒုဂ်၏ မယားသည်လည်း သံဃာတစ်ပါး ဆွမ်းကပ်ရမည်ကို ပျော်လွန်းသည့်အတွက် သိချင်းတကျော်ကျော် သီဆိုလျက် ကခုန်တော့မည့်အလား စပါးကိုလည်း ထောင်းလေ၏။ ဆန်ကို ဖွပ်လည်း ဖွပ်လေ၏။ ပြာလည်း ပြာလေ၏။ သူ့ဌေးကတော်သည်လည်း 'ဤမိန်းမသည်ကား ယနေ့ အလွန်လျင် ပျော်ရွှင်နေဘိ၏။ အလွန်လျင် အလုပ်ကို မနားတမ်း လုပ်နေဘိ၏။ အကြောင်းကား အသို့နည်း' ဟု ကြံစည်လျက် မေးမြန်းလေရာ သံဃာတော်တစ်ပါးကို ဆွမ်းကပ်မည်ကို သိရသောကြောင့် 'ဤမိန်းမသည် အလွန်ပြုနိုင်ခဲသော အမှုကိုပြုပေစွ' – ဟူ၍ နှစ်သက်သောစိတ် ရှိသည်ဖြစ်ရကား လုပ်အားခအပြင်ကို ဟင်းချက်စရာ ဆန်၊ ဆီ၊ ဆားစသည်တို့ကိုလည်း ပေးလိုက်လေ၏။

နောက်တစ်နေ့ နံနက်၌ ဟင်းချက်စရာ ဟင်းသီးဟင်းရွက်များ လိုအပ်နေသဖြင့် ဟင်းသီးဟင်းရွက် ခူးဆွတ်ရန်အတွက် မဟာဒုဂ်သည် မြစ်ကမ်းနားသို့ ထွက်ခဲ့လေ၏။

ကမ်းနားသို့ ရောက်လျှင် ကောင်းနိုးရာရာ ဟင်းသီးဟင်းရွက်တွေကို ရွေးချယ်၍၊ ရွေးချယ်၍ ခူးလည်း ခူးနေ၏။ ဆွတ်လည်း ဆွတ်နေ၏။ သံဃာတော်တစ်ပါး ဆွမ်းကပ်ရတော့မည့်အရေးကို မျက်စိထဲ မြင်ယောင်လာ၍ အလွန်ပျော်ရွှင်စိတ် ဖြစ်လာသဖြင့် ရရာသီချင်းများကို အော်၍အော်၍ တကျော်ကျော် သီဆိုလျက်လည်း ရှိနေ၏။

မြစ်ကမ်းနား၌ ပိုက်ကွန်ကို စုပုံ၍ အနားယူနေသော တံငါသည်ကြီးသည် မဟာဒုဂ်၏ သီချင်းသံကို ကြား၍ 'ဤမဟာဒုဂ်ကား အလွန်ပျော်ရွှင်စွာ သီချင်းဆိုနေလေ၏။ အကြောင်းအသို့နည်း' ဟု ကြံစည်၍ ထိုအကြောင်းကို မေးမြန်းလေရာ 'သံယာတော်တစ်ပါးကို ဆွမ်းကပ်မည်'ကို သိသောကြောင့် မဟာဒုဂ်ကို ခေါ်ယူ၍ 'ငါးတို့ကိုတစ်မတ်တန်၊ ငါးမူးတန်၊တစ်ကျပ်တန်' – စသည်ဖြင့် စုဖွဲ့ဈေးလေ၏။ ဖွဲ့တိုင်း၊ ဖွဲ့တိုင်းသော ငါးတို့ကို လူအများတို့သည် ဆွမ်းကပ်ရန်အတွက် တပြုတ်ပြုတ် လာရောက် ဝယ်ယူကြသောကြောင့် ခဏချင်းဖြင့်ပင် ကုန်လေ၏။ မဟာဒုဂ်လည်း ဆွမ်းကပ်ရန် နီးပြီဖြစ်၍ ပြန်မည်ပြုရာ တံငါသည်ကြီးသည် ဝိပိအတွက် ချန်ထားသော သဲ၌မြှုပ်၍ ထားအပ်သော ငါးကြင်းလေးကောင်တို့ကို မဟာဒုဂ်အား ပေးလိုက်လေ၏။

ကသဿပမြတ်စွာဘုရားရှင်သည်လည်း 'ယနေ့ မဟာဒုဂ်သည် သံယာတစ်ပါး မရသည့်အတွက် အလွန်ပင်ပန်းခြင်းသို့ ရောက်လတ္တံ့။ မဟာဒုဂ်အား ချီးမြှင့်အံ့' – ဟု ကြံတော်မူ၍ ဂန္ဓကုဋီအတွင်း၌ ထိုင်နေတော်မူလေ၏။ သိကြားမင်းသည်လည်း

'ယနေ့ မဟာဒုဂ်သည် မြတ်စွာဘုရားကို ဆွမ်းကပ်လှူရပေလတ္တံ့။ ငါသည် သွား၍ အကူအညီပေးဦးလတ္တံ့.' – ဟု ကြံ၍ မဟာဒုဂ်အိမ်၌ စားဖိုသည်အသွင်ပြင့် ထမင်းဟင်းများကို ကူညီချက်ပြုတ်ပေးနေလေ၏။

ဆွမ်းကပ်ချိန် နီးပြီဖြစ်၍ မဟာဒုဂ်သည် နိဗ္ဗာန်ဆော်ထံသို့ သံယာတစ်ပါး၊ တောင်းလေရာ မဟာဒုဂ်အတွက် တစ်ပါးမျှ မကျန်တော့သည်ဖြစ်၍၊ စာရင်းမှတ်မထားသည်ဖြစ်သောကြောင့် အကုန်လုံး အလှူရှင်များက အသီးသီး ပင့်ဆောင်သွားကြပြီ ဖြစ်၍ 'သံယာတစ်ပါးမျှ မကျန်တော့ကြောင်း' ကို နိဗ္ဗာန်ဆော်သည် အားနာနာဖြင့် မဟာဒုဂ်အား ပြောလိုက်ရလေ၏။

ထိုအခါ မဟာဒုဂ်သည် နိဗ္ဗာန်ဆော်ကို –

'တိုက်တွန်းတုန်းက ခင်ဗျားပဲ တိုက်တွန်းပြီးတော့ ကျွန်ုပ်မှာ သံယာတစ်ပါး ဆွမ်းကပ်နိုင်ပို့ရာ အင်တိုက်အားတိုက် လုပ်ကိုင်ပြင်ဆင်ပြီးမှ သံယာတော်တစ်ပါးမျှ မရှိတော့ဘူးဆိုတော့ ကျွန်ုပ် ဘယ်လို လုပ်ရမည်နည်း။ မပြစ်ပါဘူးခင်ဗျာ။ သံယာတော်တစ်ပါး မရရအောင် ပေးသနားတော်မူပါ ' ဟူ၍ ပြောဆိုကာ ချီးပွဲချ ငိုကြွေးလေတော့၏။

အခြားသော လူများကလည်း ချီးပွဲချ ငိုကြွေး၍ 'သံယာတော်တစ်ပါး သနားတော်မူပါ' ဟူ၍ တစာစာ တောင်းဆို နေသော မဟာဒုဂ်ကို သနားကြသည်ဖြစ်၍ နိဗ္ဗာန်ဆော်ကို –

'ဟုတ်သားပဲ။ ခင်ဗျားကလည်း တိုက်တွန်းတုန်းက တိုက်တွန်းပြီးတော့။ ငပြာက်များစွာသော သံယာများကို ပေးဝေမှုနေသူ ဖြစ်လျက် မဟာဒုဂ်အား သံယာတစ်ပါးမျှကိုပင် မပေးနိုင်သည်ကား ဒီအလုပ်တော့ပြင့် မဟုတ်ချေတော့ဘူး' ဟူ၍ ဝိုင်းဝန်း ပြောဆိုကြလေကုန်၏။

နိဗ္ဗာန်ဆော်လည်း မဟာဒုဂ်ကို ကြည့်၍လည်းကောင်း၊ လူများဝိုင်းဝန်း ပြောဆိုကြသည် ဖြစ်၍ လည်းကောင်း စိတ်ပင်ပန်းခြင်းသို့ ရောက်သည်ဖြစ်၍ ကြံလေလျှင် မြတ်ဘုရားကို သွား၍ တွေ့မြင်လေ၏။ မှန်၏။ ဘုရားရှင်တို့ မည်သည်ကား စာရေးတံဆိပ်ခတ်၍လည်းကောင်း၊ ဝေမျှ၍လည်းကောင်း ပေးစကောင်းသော အရာ မဟုတ်ပေ။ ဘုရားရှင်၏ သဘောအတိုင်း ကြွလိုသော အိမ်သို့ ကြွရောက်တော်မူသည်သာ ဖြစ်လေ၏။ သို့ဖြစ်၍ နိဗ္ဗာန်ဆော်သည် မဟာဒုဂ်ကို ဤသို့ အကြံအပေးစကား ပြောကြားလိုက်လေ၏။

'မဟာဒုဂ် ... ငါကား အလွန်ပင်ပန်းခြင်းသို့ ရောက်ရ၏။ ဝေမျှပြီးသော သံယာများကို အလှူရှင်များကလည်း ပေးကြမည် မဟုတ်။ မြတ်စွာဘုရား တစ်ပါးတော့ ရှိနေသေး၏။ ဘုရားရှင်တို့မည်သည် ဆင်းရဲသောသူများကို အစဉ်သနားစောင့်ရှောက်တတ်၏။ သင်သည် ကျောင်းသို့သွား၍ 'မြတ်စွာဘုရား ... တပည့်တော်သည် အလွန်အမင်းဆင်းရဲသူ ဖြစ်ပါ၏။ တပည့်တော်အား ချီးမြှောက်ခြင်းကို ပြုတော်မူပါ ဘုရား ' ဟုလျှောက်ကြား၍ ဘုရားကိုရှိခိုးလော့။ သင်ကံကောင်းရင် ရပေလတ္တံ့' ဟု ပြောဆိုလေ၏။

ဤနည်းမှတစ်ပါး အခြားနည်း မရှိတော့သည်ဖြစ်၍ မဟာဒုဂ်လည်း ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋီကျောင်းသို့ သွားရလေတော့၏။ ဘုရားရှင်၏ ဂန္ဓကုဋီနားဌ်ကား ဘုရားရှင်၏ သပိတ်တော်ကို ယူရန်အတွက် မင်းများ၊ အိမ်ရှေ့မင်းများ၊ စစ်ဗိုလ်ချုပ်များ စသူတို့သည် စောင့်ဆိုင်းလျက် ရှိနေကြကုန်၏။

မဟာဒုဂ်ကို မြင်လေလျှင် တစ်ခြားသောနေ့တို့၌ ကျောင်း၌ ထမင်းကျန်၊ ဟင်းကျန်များကို စားနေသည်ကို မြင်ကြသဖြင့် ထမင်းကျန်၊ ဟင်းကျန်များကို စားရန်လာသည်ဟု ထင်ကြ၍ မင်း၊ အိမ်ရှေ့မင်း၊ စစ်ဗိုလ်ချုပ်များတို့သည် မဟာဒုဂ်ကို –

'အချင်းမဟာဒုဂ်...ဤအချိန်ကား ဆွမ်းဘဉ်းပေးသောအချိန်အခါမဟုတ်ပေ။ အဘယ်ကြောင့်လာသနည်း' – ဟု ပြောဆိုကြကုန်၏။

ထိုစကားကို ကြား၍ မဟာဒုဂ်သည် 'အရှင်သာဝင်များတို့... ကျွန်တော်မျိုးသည် ဤအချိန်ကား ဆွမ်းဘဉ်းပေးသောအချိန် မဟုတ်မှန်းသိပါ၏။ သို့ရာတွင်ကား မြတ်စွာဘုရားကို ရှိခိုးလို၍ လာပါသည်' – ဟု ပြောဆိုလေ၏။ ထို့နောက် မဟာဒုဂ်သည် ဂန္ဓကုဋိကျောင်းသို့ ကပ်ရောက်သွားကာ တံခါးအပြင်ကနေ၍ မြတ်စွာဘုရားကို တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ဤသို့ လျှောက်ကြားလိုက်လေ၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... ဤတရားအသိမြို့၌ တပည့်တော်သည် အဆင်းရဲဆုံး ဖြစ်ပါ၏။ တပည့်တော်အား ငဲ့ညှာထောက်ထား သနားသောအားဖြင့် သပိတ်တော်ကို ချီးမြှင့်တော်မူပါဘုရား။ တပည့်တော်၏ ပိဋိဂရာ ဖြစ်တော်မူပါ' ဟု လျှောက်လေ၏။

ထိုအချိန်၌ပင် ဂန္ဓကုဋိတံခါးသည် ပွင့်လာ၍ ကသဏပမြတ်စွာဘုရားရှင်သည် သပိတ်တော်ကို မဟာဒုဂ်လက်ထဲသို့ ထည့်လိုက်လေ၏။ ထိုအခါ၌ မဟာဒုဂ်သည် စကြာရတနာကို ရဘိသက်ခဲ့သို့ အလွန်ပျော်ရွှင် ဝမ်းမြောက်သွားလေ၏။

မင်း၊ အိမ်ရှေ့မင်း၊ စစ်ဗိုလ်ချုပ် စသောသူတို့သည်လည်း အလွန်အံ့အားသင့်ကြကာ တစ်ယောက်မျက်နှာ တစ်ယောက်ပင် ကြည့်မိကြလေကုန်၏။ မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးသနားတော်မူအပ်သော သပိတ်တော်ကို အဘယ်သူမျှ အနိုင်အထက် ပြု၍ ပိုင်စိုးပိုင်နင်း ယူစွမ်းနိုင်ခြင်း မရှိပေ။ ထို့ကြောင့် မင်းအစရှိသူတို့သည် တရားသဖြင့် ရယူလိုရကား –

'အချင်းမဟာဒုဂ်... သင့်အား ငွေအသပြာကို လိုသလောက်ပေးဘဲ။ သင်သည် အလွန်ဆင်းရဲလှ၏။ မြတ်စွာဘုရားကို တူတူတန်တန် ဆွမ်းကပ်နိုင်မည်မဟုတ်။ သပိတ်တော်ကို ငါတို့အားပေးလော့' ဟု ပြောကြလေကုန်၏။

ထိုအခါ မဟာဒုဂ်သည် ဤသို့ ပြန်လည် ပြောကြားလေ၏။

'အရှင်မင်းကြီးတို့... အကျွန်ုပ်သည် ဤသပိတ်တော်ကို အဘယ်သူကိုမျှ ပေးလိုမ့်မည် မဟုတ်ပါ။ အကျွန်ုပ်သည် ဥစ္စာကို အလိုမရှိပါ။ မြတ်စွာဘုရားကိုသာ ဆွမ်းကပ်လိုပါ၏' ဟု ပြောကြားလေ၏။

မင်းကြီးမှတစ်ပါး ကျန်သူတို့သည် သပိတ်တော်ကို တောင်း၍ မရသောကြောင့် မိမိတို့အိမ်သို့ အသီးသီး ပြန်သွားကြလေကုန်၏။ မင်းကြီးမူကား – 'ဤမဟာဒုဂ်သည် မြတ်စွာဘုရားကို တူတူတန်တန် ဆွမ်းကပ်နိုင်လိမ့်မည် မဟုတ်။ မြတ်စွာဘုရားလည်း ကောင်းစွာ ဘဉ်းပေးနိုင်လိမ့်မည် မဟုတ်။ မဟာဒုဂ် ဆွမ်းကပ်ပြီးသောအခါ ငါသည် မြတ်စွာဘုရားအား နန်းတော်သို့ ပင့်ဆောင်၍ ကောင်းမွန်သော ဘောဇဉ်အာဟာရတို့ကို ကပ်ဦးအံ့' ဟု ကြံစည်၍ မြတ်စွာဘုရားနှင့် အတူသာလျှင် လိုက်လေ၏။

မဟာဒုဂ် အိမ်သို့ရောက်လျှင် မင်းကြီးသည် ဘုရားကို ဆွမ်းကပ်ရန် ဆွမ်းအိုးများ၊ ဆွမ်းဟင်းများကို ပွင့်ခိုင်း၍ ကြည့်လေ၏။ စားဖိုသည်ယောင် ဆောင်နေသော သိကြားမင်းသည်လည်း အဖုံးတို့ကို ပွင့်လှစ်ပြလေ၏။

ဆွမ်း၏ မွှေးကြိုင်သော အနံ့၊ ဟင်းလျာတို့၏ မွှေးကြိုင်သော အနံ့၊ အခြားသော ခဲဖွယ် ဘောဇဉ်တို့၏ မွှေးကြိုင်သော အနံ့တို့သည် တသင်းသင်း တကြိုင်ကြိုင် လိုင်၍လိုင်၍ ဗာရာဏသီမြို့အလုံးကို လွှမ်းမိုး၍ တည်ရှိသွားလေ၏။

မင်းကြီးသည်လည်း 'ဤမျှလောက်ကောင်းမွန်သော ဆွမ်းဘောဇဉ် အာဟာရမျိုး ငါတို့၏ နန်းတော်၌လည်း မရှိပေ' – ဟူ၍ သိရှိကာ ထိုအကြောင်းကို ဘုရားကို လျှောက်၍ ပြန်လေ၏။

မဟာဒုဂ်တို့ ဇနီးမောင်နှံတို့သည်လည်း မြတ်စွာဘုရားရှင်အား ပြောမပြနိုင်လောက်အောင် ဝမ်းမြောက်သော၊ ဖြူစင်သော၊ ထက်သန်လှသော၊ ကြည်ဖြူသော စေတနာ၊ သဒ္ဓါ ဝိရိယတို့ဖြင့် ဆွမ်းဆက်ကပ်ကြလေကုန်၏။ ကသိုဝဘုရားရှင်သည်လည်း ဆွမ်းဘဉ်းပေးတော်မူပြီးနောက် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ မဟာဒုဂ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်၍ ကျောင်းတော်သို့ ရောက်အောင် လိုက်ပါပို့ဆောင်လေ၏။

သိကြားမင်းသည် မဟာဒုဂ်အိမ်၌ ရတနာ (၇)ပါး မိုးတို့ကို ရွာသွန်းစေလျက် မဟာဒုဂ်အိမ်အား ရတနာတို့ဖြင့် ပြည့်စေပြီးနောက် မိမိနေရာ တာဝတိံသာသို့ ပြန်လေ၏။ မင်းကြီးသည်လည်း မဟာဒုဂ်နေရန် အိမ်ကို စိစဉ်ပေးလေရာတွင် ရှေးက သူဌေးတစ်ဦး နေပူးသော အိမ်နေရာကို ညွှန်ကြားလေသဖြင့် ထိုအိမ်နေရာကို ချဲ့နွယ်စသည်တို့ကို ရှင်းခိုင်းလေ၏။ ထိုအိမ်နေရာတစ်ဝိုက်၌လည်း ရွှေအိုးအပြည့် ရရှိပြန်လေ၏။ မင်းကြီးသည် ထိုဥစ္စာအားလုံးကို မဟာဒုဂ်အားပေး၍ သူဌေးဘွဲ့ကိုပါ အပ်နှင်းလိုက်လေ၏။ အိမ်ပြီးမြောက်သွားသောအခါ၌ မဟာဒုဂ်တို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား (၇)ရက်ပတ်လုံး အလှူကြီးကို ပေးလှူလေ၏။ ထိုမှနောက်၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး တည်နေလျက် ကောင်းမှုတို့ကို ပြု၍ ကွယ်လွန်သောအခါ၌ နတ်ပြည်၌ ဖြစ်လေ၏။

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအခါ၌ နတ်ပြည်မှ စုတေ၍ သာဝတ္ထိပြို့ အရှင်သာရိပုတြာ၏ ဒကာရင်းဖြစ်သော သူဌေးအိမ်၌ဖြစ်ကာ (၇)နှစ် အရွယ်၌ အရှင်သာရိပုတြာကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်၌ ရှစ်ရက်မြောက်နေ့၌ ပဋိသမ္ဘိဒါပတ္တိ ရဟန္တာဖြစ်လေ၏။ ' ပဏ္ဍိတသာမဏေ ' ဟူ၍ ထင်ရှားလေ၏။

(ဓမ္မ ၄ - ၁ - ၃၅၉ / ၃၇၁)

၄။ မဟာဒုဂ်၏ ဝိဇ္ဇိယလာ ဆောင်ရန်လက်ကမ်းများ

၁။	ကသိဝဘုရားရှင်၊	လက်ထက်တွင်၊	ဖြစ်စဉ်တစ်ခုသည်၊
၂။	နှစ်သောင်းခြံကာ၊	မြတ်ဗုဒ္ဓါ။	ဗာရာကြွလာသည်။
၃။	လူများစုကာ၊	အာဟာရ၊	ဆွမ်းပါကပ်ကြပြီ။
၄။	ဆွမ်းစားပြီးရာ၊	နဲ့မောဒါ။	မြတ်စွာဟောကြားပြီ။
၅။	ကိုယ်သာလှူမှန်၊	များစေနံ့၊	ခြံရံကင်းဝေးသည်။
၆။	တိုက်တွန်းရာမှန်၊	များခြံရံ၊	ဓနံမွဲတေသည်။
၇။	ဓတ္တန်း,မလှူ၊	နှစ်မျိုးဟူ၊	ကင်းသူဖြစ်ကြမည်။
၈။	နှစ်မျိုးပြုရာ၊	နှစ်မျိုးသာ၊	ကောင်းစွာရကြမည်။
၉။	ဉာဏ်ရှိယောကျ်ား၊	ထိုတရား၊	နာကြားဆောင်ရွက်ပြီ။

၁၀။ နှစ်သောင်းသံဃာ၊ နက်ဖြန်ခါ၊ အာဟာကပ်တော့မည်။
၁၀။ ရပ်ကွက်လှည့်ကာ၊ ဆော်သြရာ၊ များစွာလူတို့သည်၊
၁၂။ ဆယ်ပါး, ဆယ့်နှစ်ပါး၊ တစ်ရာပါး၊ စကြားယူကြသည်။
၁၃။ မဟာဇုဂ္ဂတ၊ ဆင်းရဲလှ၊ ခေါ် ရယောကျ်ားသည်၊
၁၄။ ခစားလုပ်မှာ၊ ထွက်ခဲ့ရာ၊ လမ်းမှာတွေ့လေပြီ။
၁၅။ သံဃာတစ်ပါး၊ ယူပါလား၊ ဆော်ကြားတိုက်တွန်းပြီ။
၁၆။ ကိုယ့်မှာစားစရာ၊ မရှိတာ၊ ဘယ်မှာယူနိုင်မည်။
၁၇။ ကုရိလို့သာ၊ စည်းစိမ်ဖြာ၊ ချမ်းသာကြွယ်ဝသည်။
၁၈။ ကုမရိရာ၊ အဘယ်မှာ၊ ချမ်းသာနိုင်လိမ့်မည်။
၁၉။ ယခုဘဝ၊ ကုမရ၊ ဒုက္ခများလိမ့်မည်။
၂၀။ ထိုသည့်စကား၊ ကြားတုံးငြား၊ လွန်ကားထိတ်လန့်ပြီ။
၂၁။ သံဃာတစ်ပါး၊ ယူပါငြား၊ ပြောကြားယူလိုက်ပြီ။
၂၂။ နိဗ္ဗာန်ဆော်လဲ၊ စာရင်းထဲ၊ မှတ်စွဲမထားပြီ။
၂၃။ လင်ရောမယားပါ၊ အိမ်ကိုခွါ၊ ရုပ်ရာထွက်ကြပြီ။
၂၄။ သူ့ဌေးအိမ်မှာ၊ အလုပ်ဟာ၊ ကောင်းစွာရကြပြီ။
၂၅။ မဟာဒုဂ်ကား၊ ထင်းခွဲငြား၊ မယားဆန်ဖွပ်သည်။
၂၆။ ပျော်ရွှင်ပြီးပြုံး၊ နှစ်ဦးလုံး၊ အားသုံးဆောင်ရွက်သည်။
၂၇။ မယားကဆို၊ ပျော်လို့ကို၊ သီဆိုလုပ်ကိုင်သည်။
၂၈။ ချွေးဒီးဒီးကျ၊ လုပ်ကိုင်ကြ၊ မောရမသိပြီ။
၂၉။ ကျိုးကြောင်းသိလျှင်၊ လုပ်ခပြင်၊ ဝိုပင်ပေးကြသည်။
၃၀။ နံနက်လင်းရာ၊ ဟင်းရွက်ရှာ၊ မဟာထွက်ခဲ့ပြီ။
၃၁။ တမ်းနားဌမှာ၊ သီချင်းပါ၊ ဆိုကာခုံးလေသည်။
၃၂။ ဆွမ်းကပ်ဖို့အရေး၊ မျှော်လို့တွေး၊ လွန်လေးပျော်နေသည်။
၃၃။ သီချင်းဆိုတာ၊ ကြားချိပါ၊ တံငါသည်ကြိုးသည်၊
၃၄။ မဟာဒုဂ်ထံ၊ မေးချုပ်မှန်၊ သီပြန်ခေါ် ခဲ့သည်။
၃၅။ တစ်ပဲတန်ငါး၊ တစ်မတ်ငါး၊ စကြားဖွဲ့ခိုင်းပြီ။
၃၆။ ဆွမ်းကပ်ဖို့ရာ၊ လူများစွာ၊ ဝယ်ရာကုန်သွားပြီ။
၃၇။ သဲမှာဖုံးထား၊ ငါးကြင်းများ၊ ဒုဂ်အားပေးလိုက်ပြီ။

၃၈။	ငါးကြင်းလေးတောင်၊	ဆွဲလို့ဆောင်၊	အိမ်တောင်ပြန်ခဲ့ပြီ။
၃၉။	တဆယပဘုရား၊	ဆင်ခြင်ပြား၊	ဒုဂ်အားတွေ့မြင်ပြီ။
၄၀။	ယနေ့မှာဖြင့်၊	ဒုဂ်ကိုဖြင့်၊	ချီးမြှင့်ဆင်ခြင်ပြီ။
၄၁။	သိကြားမင်းပါ၊	မနေသာ၊	ဆင်းတာကူညီပြီ။
၄၂။	မဟာဒုဂ်အိမ်တွင်၊	စားဖိုပင်၊	ပါဝင်ချက်ပြုတ်ပြီ။
၄၃။	ထံဃာတစ်ပါး၊	ဝင့်ဖို့အား၊	ဒုဂ်ကားထွက်ခဲ့ပြီ။
၄၄။	လူကြီးထံမှာ၊	တောင်းခံရာ၊	ကုန်တာကြုံရပြီ။
၄၅။	ချဲ့းပွဲချတာ၊	ဒုဂ်ခမျာ၊	ထည်းစွာဝိုင်းကြွေးပြီ။
၄၆။	ခင်ဗျားကြီးပဲ၊	တွန်းလို့ပဲ၊	ကျွတ်လဲလုပ်ရထည်။
၄၇။	တစ်ပါးသံဃာ၊	ရှာပေးပါ၊	ဒါဒါတောင်းလေပြီ။
၄၈။	နိဗ္ဗာန်ဆော်အား၊	တေးလူများ၊	ဝိုင်းကာပြောကြပြီ။
၄၉။	နိဗ္ဗာန်ဆော်လဲ၊	စိတ်ဆင်းရဲ၊	လွန်ပါပင်ပန်းပြီ။
၅၀။	မတတ်သာကြား၊	ထုရားအား၊	ညွှန်ကြားရလေပြီ။
၅၁။	ထုရားနားမှာ၊	များရာဇ၊	စောင့်ကာနေကြပြီ။
၅၂။	မဟာဒုဂ်လဲ၊	ထုရားပဲ၊	စိတ်စွဲရောက်တော့ပြီ။
၅၃။	ဆွမ်းချိန်မတုတ်ပါ၊	တာလို့တာ၊	တောပါဓမေးကြပြီ။
၅၄။	ဘုရားဖြတ်စွာ၊	ရှိခိုးမှာ၊	တောပါပြောလိုက်ပြီ။
၅၅။	ထိုမှတစ်ခါ၊	ဒုဂ်မဟာ၊	မြတ်စွာလျှောက်ထားပြီ။
၅၆။	ဗာရာဏြီမှာ၊	တပည့်သာ၊	လွန်စွာဆင်းရဲသည်။
၅၇။	တပည့်၏သာ၊	အားကိုးရာ၊	မိုရာဖြစ်ထင့်ထည်။
၅၈။	တံခါးပွင့်လာ၊	မြတ်ဗုဒ္ဓါ၊	ထွက်ကာကြွခဲ့ပြီ။
၅၉။	ဒုဂ်၏လက်ထဲ၊	သဗိတ်ပါ၊	ထည့်ပဲပေးလိုက်ပြီ။
၆၀။	တစ်ယောက်မျက်နှာ၊	တစ်ယောက်သာ၊	အံ့စွာကြည့်မိပြီ။
၆၁။	ဝိုက်ဆီများစွာ၊	ပေးလို့သာ၊	တောင်းတာမရပြီ။
၆၂။	ရှင်ထုရင်လဲ၊	လိုက်ချိပါ၊	အကဲခတ်လေပြီ။
၆၃။	မွေးရန်ကြိုင်၊	တလှိုင်လှိုင်၊	ဖြို့တိုင်လွှမ်းလေပြီ။
၆၄။	ဤလောက်ကောင်းတာ၊	နန်းတော်မှာ၊	တယ်မှာမရှိပြီ။
၆၅။	ဤသို့ပြောတာ၊	မင်းရာဇ၊	ပြန်ကာထွားလေပြီ။

၆၆။	ဆွမ်းစားပြီးရာ၊	မြတ်ဗုဒ္ဓါ၊	ပြန်ကာကြွလေပြီ။
၆၇။	ရတနာမိုး၊	ရွှေငွေမိုး၊	ရွာပြီးသွန်းလေပြီ။
၆၈။	မြေကြီးထဲတွင်၊	ရွှေအိုးပင်၊	ထပ်အင်တွေ့ပြန်သည်။
၆၉။	သူဌေးဘွဲ့ပါ၊	ဒုဂ်မဟာ၊	ကောင်းစွာရပြီ။
၇၀။	အသက်ဆုံးတိုင်၊	ကုသိုလ်လှိုင်၊	မြင်မြင်ပြုလေပြီ။
၇၁။	ကွယ်လွန်လေရာ၊	နတ်ပြည်မှာ၊	ကောင်းစွာစံရပြီ။
၇၂။	ဂေါတမဘုရားရှင်၊	လက်ထက်တွင်၊	ဌေးအင်လာဖြစ်ပြီ။
၇၃။	ခုနစ်နှစ်အရွယ်မှာ၊	ပုတ္တရာ၊	ထံမှာရှင်ပြုသည်။
၇၄။	ရှစ်ရက်မြောက်မှာ၊	သမ္မိဒါ၊	ရဟန္တာဖြစ်လေသည်။
၇၅။	ပထွိတသာမထေား၊	ခေါ်ကြပေ၊	လွန်လေထင်ရှားသည်။
၇၆။	ကုသိုလ်ပြုခိုက်၊	အားခွန်စိုက်၊	ဆိုက်ဆိုက်ကျိုးရောက်သည်။
၇၇။	သိကြားမင်းတောင်၊	မနေပေါင်၊	ကူဆောင်ပေးလေသည်။

၅။ <u>မဃလုလင်၏ ပီရိယ</u> ။ ။ ဗုဒ္ဓမပွင့်မီ ရှေးအခါက မဂဓတိုင်းဌာ၌ မစလမည်သော ရွာငယ်တစ်ရွာ ရှိ၏။ ထိုရွာ၌ မဃမည်သော လုလင်တစ်ဦး ရှိ၏။ ထိုမဃလုလင်သည် ထူးထူးခြားခြား ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်၏။ ကောင်းမွန်ပုံကား –

၁။ အသက်ထက်ဆုံး မိဘကို လုပ်ကျွေး၏။

၂။ အသက်ထက်ဆုံး အမျိုးဌာ ကြီးကွန်သော မိကြီး, ဘကြီး, အဘိုး, အဘွား စသည်တို့ကို ငိုသေလေးမြတ် ပူဇော်၏။

၃။ အသက်ထက်ဆုံး သိမ်မွေနူးညံ့သော စကားကို ပြောဆို၏။

၄။ အသက်ထက်ဆုံး ကုန်းတိုက်စကားကို မပြောဆို။

၅။ အသက်ထက်ဆုံး ဝန့်တိုခြင်း အညစ်အကြေးမှ ကင်းသောစိတ်ဖြင့် အိမ်ကို အုပ်ချုပ်၍နေ၏။ လွတ်လွတ် စွန့်ကြဲ၏။ ဖြန့်ထားသော လက်ရှိ၏။ ပေးတမ်းစွန့်ကြဲခြင်းဌာ မွေ့လျော်၏။ ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းဌာ မွေ့လျော်၏။

၆။ အသက်ထက်ဆုံး မှန်သောစကားကို ပြောဆို၏။

၇။ အသက်ထက်ဆုံး အမျက်ထွက်လေ့မရှိ။ အကယ်၍ အမျက်ထွက်ငြားအံ့၊ ထွက်လာသောအမျက်ကို လျင်မြန်စွာ ဝယ်ဖျောက်၏။

ထို့နောက် မဃလုလင်သည် အလွန်လျှင် ဝီရိယရှိသူတစ်ဦး ဖြစ်ပေ၏။ နံနက်စောစောထ၍ ရွာ၏အလယ်၌ လူတို့၏ ရွာကိစ္စကို ပြုလုပ်ရာ နေရာသို့ သွား၍ အမှိုက်များ၊ မြေမှုန့်များကို ဖယ်ရှား၍ မွေ့လျော်ဖွယ်ဖြစ်အောင် ပြုလုပ်၏။ အခြားသူတစ်ယောက်သည် မဃလုလင်ကို တွန်းထုတ်၍ ထိုအရပ်၌ လာနေ၏။ မဃလုလင်သည် ထိုသူအား အမျက်မထွက်မူ၍ အခြားတစ်နေရာကို မွေ့လျော်ဖွယ်ဖြစ်အောင် လုပ်ပြန်၏။ အခြားသူတစ်ယောက်

လာနေပြန်၏။ ထို့နောက် မယလုလင်သည် ကောက်နယ်တလင်းမှလောက်သော အရပ်ကို မွေ့လျော်ဖွယ်ပြစ်အောင် လုပ်ပြန်၏။ အခြားသူတစ်ယောက်သည် မယလုလင်အား တွန်းထုတ်၍ ထိုအရပ်၌ လာနေပြန်၏။ ထိုအခါ၌လည်း မယလုလင်သည် အမျက်မထွက်သည့်အပြင် သဲကို ကြဲပြန်၍၊ ထင်းတို့ကိုဆောင်၍ အအေးဒဏ်မှ ကာကွယ်နိုင်ရန် မီးပင်ထိုပေးလိုက်သေး၏။ ကလေးတို့သည်လည်းကောင်း၊ သက်ကြီးရွယ်အိုများတို့သည်လည်းကောင်း မီးဖိုနားသို့ လာရောက်ထိုင်နေကြကုန်၏။

တစ်နေ့သောအခါ၌ မယလုလင်သည် ဤသို့ကြံစည် စဉ်းစားလေ၏။

'မြို့၌ မင်းများ၊ အိမ်ရှေ့မင်းများ၊အမတ်ကြီးများ စသောသူတို့သည် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကြကုန်၏။ ဤစည်းစိမ်တို့ကို ကုသိုလ် ကောင်းမှုကံတို့ကို ပြုလုပ်ခြင်းကြောင့်သာ ရရှိကြခြင်း ဖြစ်ကုန်၏။ ငါသည်လည်း ဤစည်းစိမ်တို့ကို ပေးစွမ်းနိုင်သော ကုသိုလ် ကောင်းမှုများကို ပြုလုပ်ထိုက်ပေ၏'ဟု ကြံစည်စဉ်းစားလေ၏။

ထိုမယလုလင်သည် နံနက်စောစောထ၍ ယာဂုသောက်၍ ဓား၊ ပုဆိန်၊ ပေါက်တူး၊ ကျည်ပွေတို့ကို ယူ၍ လမ်းဆုံ၊ လမ်းပ၊ လမ်းလေးခွသို့ သွား၍ ကျောက်တို့ကို ထုတ်ဆောင်၍ ခွက်နေသော လမ်းတို့ကို ဖို့၏။ ညီညွတ်အောင် လုပ်၏။ အသွားအလာ မလွတ်သော သစ်ပင်တို့ကို ဖယ်၏။ ဇရပ်ကို ဆောက်၏။ ရေကန်ကို တူး၏။ တံတားခင်း၏။ ထိုအမှုတို့ကို တစ်နေ့လုံး ပြုလုပ်၍ နေဝင်သောအခါ၌ အိမ်သို့ ပြန်လေ၏။

အခြားသူတစ်ယောက်သည် မယလုလင်ကို ဤသို့ မေး၏။

'အချင်းမယ... သင်သည် နံနက်စောစော၌ပင် အိမ်မှထွက်၍ ညနေချမ်းအခါ၌ အိမ်သို့ပြန်လာ၏။ အဘယ်အမှုကို ပြုသနည်း'

ထိုအခါ မယလုလင်သည် ဤသို့ ပြန်လည်ပြောကြားလေ၏။

'ကောင်းမှုကံကို ပြုပါ၏။ နတ်ပြည်သို့ ရောက်ကြောင်းလမ်းကို သုတ်သင်ပါ၏။ ကောင်းမှုဟူသည်ကား အသင်တို့သည် ပြို၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကုန်သော မင်းစိုးရာဇာ၊ သူဌေးသူကြွယ်တို့သည် ရှိကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ဤကောင်းမှုကြောင့် ထိုစည်းစိမ်ချမ်းသာကို ရရှိခြင်း ဖြစ်၏'ဟု ပြောလေပြီ။

ထိုအခါ ထိုယောကျ်ားသည် ထိုစကားကိုကြား၍ ကောင်းမှုကို ပြုလိုသည်ဖြစ်ရကား မယလုလင်နှင့်သာ လျှင် လိုက်၍ ကောင်းမှုကို ပြုလုပ်အားထုတ်လေ၏။ ဤနည်းဖြင့်သာလျှင် ထိုမစလရွာ၌ (၃၃)ယောက်ကုန်သော လုလင်ပျိုတို့ စုမိသော အဖွဲ့အစည်းတစ်ရပ်သည် ပေါ်ပေါက်၍ လာလေ၏။ ထိုလုလင်ပျိုတို့သည် မယလုလင်သို့ အတုလိုက်၍ တူသောဆန္ဒရှိကြကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အားစိုက်ခွန်စိုက် ပြုလုပ်ကြလေကုန်၏။

ထိုလုလင်ပျိုတို့သည် အရပ်တကာ ရွာတကာသို့ လှည့်လည်၍ လမ်းကိုလည်း ညီညွတ်အောင် နွေချင်းပြီး လုပ်ကြကုန်၏။ ရေကန်တူးခြင်းကိုလည်းကောင်း၊ ဇရပ်ဆောက်ခြင်းကိုလည်းကောင်း၊ တံတားခင်းခြင်းကို လည်းကောင်း နွေချင်းပြီး ဆောင်ရွက်ကြကုန်၏။

ထိုသို့ မစလရွာ၌ ထိုသူ (၃၃)ဦးတို့ အားစိုက်ခွန်စိုက် တညီတညွတ်တည်း ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြသောကြောင့် အမှုအခင်း ပြဿနာ နည်းပါးရကား မစလရွာသူကြီးသည် လာဘ် ပါးရှားသောကြောင့် ဘုရင်ထံသို့သွား၍ မယလုလင်အမှူးပြုသော (၃၃)ယောက်အဖွဲ့ကို 'ဦးယူသောင်းကျန်းပါင်ကြွင်း'တိုင်ကြားလေလျှင်

ရှင်ဘုရင်လည်း မစူးစမ်းမဆင်ခြင်မူ၍သာလျှင် ဖမ်းယူစေပြီးနောက် ထိုမယလုလင်စသော (၃၃) ဦးအဖွဲ့ကို ဆင်နှွှင့်နင်းသတ်စေလေ၏။ ထိုအခါ မယလုလင်သည် ကျန်သူများကို –

'အမောင်တို့... ငါတို့မှာ သစ္စာဆိုခြင်းမှတပါး အခြားအားကိုးစရာ မရှိတော့ပေ။ အားလုံး သစ္စာဆိုကြပါစို့' – ဟူ၍ သစ္စာကို သင်ကြားပေးပြီးနောက် အောက်ပါအတိုင်း သစ္စာဆိုကြလေကုန်၏။

'ငါတို့သည် ဒိုးသူတို့သည် အကယ်၍ ဖြစ်ကုန်အံ့၊ ဆင်သည် နင်းပါစေသတည်း။ အကယ်၍ ဒိုးသူတို့ မဟုတ်ကုန်အံ့၊ ဆင်သည် မနင်းနိုင်ပါစေသတည်း' ဟု သစ္စာဆိုကြလေကုန်၏။

ဆင်ဦးစီးသည်လည်း ဆင်သို့တက်၍ မယလုလင်အဖွဲ့သို့ ရှေးရှုနင်းခိုင်းလေရာ ဆင်သည် အနီးသို့ကပ်ခြင်းငှါသော်မှလည်း မစွမ်းနိုင်ဘဲ အော်မြည်တမ်းလျက် ထွက်ပြေးလေ၏။ သံချွန်၊ လုံတန်၊ ချွန်းကောက်တို့ဖြင့် ထိုးဆွ၍ သွားခိုင်းသော်လည်း ဆင်သည် မသွားတုန်ဘဲ ရှိနေလေ၏။ 'လူကိုမြင်၍ ဆင်မသွားရဲသည် ဖြစ်ချေမည်' ဟု ထင်ကာ မယလုလင်အဖွဲ့တို့ကို ဗျာနှင့်အုပ်၍ နင်းခိုင်းပြန်သော်လည်း ပို၍ပင် ဆင်သည် အော်မြည်တမ်း၍ အဝေးသို့ ပြေးလေ၏။

ထိုအခါ မင်းကြီးသည် စုံစမ်းစစ်ဆေးမှုကို ပြုသည်ရှိသော် အဖြစ်မှန်ကို သိရှိသည်ဖြစ်၍ ထိုဆင်ကိုလည်း မယလုလင်တို့အဖွဲ့အား ပေးလိုက်လေ၏။ ရွာသူကြီးကိုလည်း ကျွန်အဖြစ် ပေးလိုက်လေ၏။ ငွေကြေးကိုလည်း ချီးမြှင့်လိုက်လေ၏။ မယလုလင်ကိုလည်း ရွာသူကြီး ခန့်လိုက်လေ၏။

မယလုလင်အဖွဲ့သည် ဗိဓိရွာသို့ ပြန်ရောက်လျှင် ဆင်ကို အလှည့်ကျစီး၍ ဤသို့ တိုင်ပင်မှု ပြုကြလေပြီ။

'အမောင်တို့... ကုသိုလ်မည်သည် နောက်ဘဝအတွက် ပြုအပ်၏။ သို့ရာတွင် ငါတို့၌ကား ဇရာအတွင်း၌ ပွင့်သော ကြာညှိပန်းကဲ့သို့ ယခုဘဝတွင်ပင် ကောင်းကျိုးကို တွေ့မြင်ရပေပြီ။ ငါတို့သည် ခရီးသွားညှဉ်းသည်တို့ တည်ခိုနားနေဖို့ရာအတွက် ကောင်းမွန်သော ဇရပ်ကို ဆောက်ကြပါကုန်စို့။ သို့ရာတွင် မိန်းမတွေကို ငါတို့၏ ကုသိုလ်အဖို့၌ မပါဝင်စေအံ့'

အိမ်ကမိန်းမတို့ မပါဝင်စေခြင်းသည်ကား မယလုလင် အမျှူးပြုသော (၃၃)ယောက် အဖွဲ့ကို 'သူခိုးတွေ' ဟူ၍ စွပ်စွဲကာ ရွာစားက ဖမ်းယူခေါ်ဆောင်သောအခါ၌ ထိုသတင်းကိုကြား၍ ထို (၃၃)ယောက်ကုန်သော သူတို့၏ မိန်းမတို့သည် ဤသို့ ပြောဆိုကြကုန်ပြီ။

'ထိုယောကျ်ားတို့သည် ငါတို့ကို ကြာမြင့်စွာလည့်ပတ်ကောက်ကျစ်ကြကုန်၏။ ကောင်းမှုကို ပြုကုန်အံ့ဟု ပြောဆို၍ နေ့တိုင်းနေ့တိုင်း တောခိုသာနေကြကုန်၏။ စီးပွားရေးအလုပ်တို့သည် ဆုတ်ယုတ်လေပြီ။ အိမ်၌လည်း ဘာတစ်ခုမျှ မတိုးပွား။ ယခုထိုသူခိုးတွေကို ဖမ်းသွားတာကောင်းပါလေရဲ့' ဟု ပြောဆိုကုန်၏။

ထို့ကြောင့် မယလုလင်အဖွဲ့တို့သည် ထိုစကားကို ကြား၍ –

'ဤမိန်းမတို့သည် ငါတို့ကို 'သူခိုး' ဟူ၍ဖမ်းဆီးခေါ်ဆောင်သောအခါ၌ တစ်ယောက်မျှလည်း လွတ်အောင် ကြံစည်ခြင်းမျှကိုလည်း မပြုမူ၍၊ လွတ်ရာလွတ်ကြောင်း မလုပ်မူ၍ 'ဤသို့ဖမ်းယူခြင်းသည် ကောင်းပါလေရဲ့' ဟူ၍ပင် ပြောလိုက်ချ၏။ ငါတို့အပေါ်၌ ထင်ကြမှု ရှိကုန်သော ထိုမိန်းမတို့အား ကုသိုလ်အဖို့၌ မပါဝင်စေကြအံ့' ဟူ၍ တိုင်ပင်ကြခြင်း ဖြစ်လေသည်။

ထို (၃၃)ယောက်ကုန်သော အဖွဲ့တို့သည် ဗိမိအိမ်တို့သို့ သွားရောက်၍ ဆင်အား (၃၃)ခဲသော ထမင်းကို ပေးကြကုန်၏။ (၃၃)ဆုပ်သော မြက်ဆုပ်တို့ကို ဆောင်ယူကြကုန်၏။ ထိုအလုံးစုံသော ထမင်းခဲနှင့် မြက်ဆုပ်တို့သည် ဆင်၏အတွက် ဝမ်းပြည့်ကြောင်း လုံလောက်လေ၏။

ထို (၃၃)ယောက်သော လူတို့သည် တောသို့ဝင်၍ သစ်ပင်တို့ကို ဖြတ်ကုန်၏။ ဖြတ်ပြီးသော သစ်ပင်တို့ကို ဆင်သည် လှိမ့်၍လှိမ့်၍ လှည်းလမ်း၌ ထားပေး၏။ ထိုသစ်ပင်တို့ကို လိုအပ်သလို ခွဲစိတ်၍ ဇရပ်ဆောက်ကြလေကုန်၏။

မဃလုလင်၏ အိမ်၌ 'သုဇာ, သုဝမ္မာ, သုစိတ္တာ, သုနန္ဒာ' ဟူကုန်သော မယားလေးယောက် ရှိကုန်၏။ ထိုတွင် သုဝမ္မာမည်သော မယားသည် လက်သမားနှင့်ပေါင်း၍ လက်သမားကို တံစိုးလက်ဆောင်ပေး၍ ဇရပ်၏ အထွတ်ကိုယူ၍ ထိုအထွတ်၌ '**သုဝမ္မာဇရပ်**' ဟူသော ကမ္မည်းကို ရေးထိုးလေကုန်၏။ (၃၃)ယောက်အဖွဲ့သည် အထွတ်တင်ပြီးမှ သိသဖြင့် ခွင့်ပြုလိုက်ကြရကုန်၏။ လာတိုင်းလာတိုင်းကုန်သော လူတို့သည် အထက်သို့ မော့ကြည့်၍ 'ဤဇရပ်သည်သုဝမ္မာဇရပ်ပါလား'ဟူ၍ ရွတ်ဆိုကြလေကုန်၏။ ဤသို့ဖြင့် ထိုဇရပ်သည် (၃၃)ယောက် အမည်မထင်ရှားဘဲ 'သုဝမ္မာဇရပ်' ဟူ၍သာလျှင် ထင်ရှားလေကုန်၏။

ထိုဇရပ်၌ 'မင်းဆိုးရာဖများ တည်ဆိုရာဌာန၊ အရပ်သူ, အရပ်သား တည်ဆိုရာဌာန၊ ဂိလာန်တွေ့ တည်ဆိုရာဌာန' ဟူ၍ သုံးဌာန ရှိကုန်၏။ ရောက်ရှိလာကြကုန်သော ဧည့်သည်တို့ကို (၃၃)ယောက်တို့သည် အလှည့်ကျ ဧည့်ခံကျွေးမွေး ပြုစုကြလေကုန်၏။

မဃလုလင်သည် ဇရပ်၏အနီး၌ ပင်လယ်ကသစ်ပင်ကိုစိုက်၍ ပင်လယ်ကသစ်ပင်၏ အနီးအောက်၌ ကျောက်ဖျာကြီးတစ်ခုကို ခင်းထားလေပြီ။ မဃလုလင်၏ သုနန္ဒာမည်သော မယားသည် ဧည့်သည်တို့ သောက်ရေ၊ ချိုးရေ ရခြင်းဌာ ရေကန်ကို တူးစေလေ၏။ သုစိတ္တာမည်သော မယားသည် ဧည့်သည်များ စိတ်ကြည်နူးစေရန်၊ ပန်းများပန်ဆင်နိုင်ရန် မွေ့လျော်ဖွယ်ကောင်းသော ပန်းဥယျာဉ်ကို ပြုလုပ်စေလေ၏။ ထိုဥယျာဉ်သည် မရှိသော ပန်းပွင့်ဟူ၍၊ မသီးသော သစ်သီးဟူ၍ မရှိလောက်အောင် စုံလင်လှပေ၏။

သုဇာမယားသည်ကား – 'ငါသည် မဃလုလင်၏ ဦးဂိုးသမီးလည်း ဖြစ်၏။ မယားလည်း ဖြစ်၏။ မဃလုလင် ပြုအပ်သော ကောင်းမှုသည် ငါ့လည်း ထပ်တူထပ်မျှ ရသည်' ဟူ၍ ကြံစည်ကာ တစုံတခုသော ကုသိုလ်ကောင်းမှု ကို မပြုဘဲ ဗိမိကိုယ်ကို အလှဆင်လျက်သာ နေလေ၏။

ကွယ်လွန်ကြသောအခါ၌ တာဝတိံသာနတ်ပြည်သို့ ရောက်၍ မဃလုလင်သည် သိကြားနတ်မင်း ဖြစ်လေ၏။ ကျန် (၃၃)ယောက်တို့သည်လည်း တန်ခိုးကြီးသော နတ်များ အသီးသီး ဖြစ်ကြလေကုန်၏။ ထို (၃၃)ယောက်တို့ကို အကြောင်းပြု၍ ထိုနတ်ပြည်သည် တေတ္တိံသ– တာဝတိံသာ ဟူ၍ အမည်တွင်လေ၏။ လက်သမားသည် ဝိသုကြံ့ နတ်သား ဖြစ်လေ၏။ ဆင်သည် ဧရာဝဏ်နတ်သား ဖြစ်လေ၏။

(၃၃) ယောက်ကုန်သော နတ်သားများ မရောက်မီ ထိုနတ်ပြည်၌ အသုရာနတ်တို့ နေထိုင်ကြလေကုန်၏။ ထိုအသုရာနတ်တို့သည် 'အသစ်ဖြစ်သော နတ်သားတို့ ဖြစ်ပေါ်ကုန်၏' ဟူ၍ ကြိုဆိုသောအားဖြင့် နတ်၌ဖြစ်သော သေရည်အမျော်ကို စီရင်၍ ပျော်ပွဲကြီး ကျင်းပလေကုန်၏။ သိကြားမင်းသည် သူ့အပွဲ့အား သေရည်အမျော်ကို မသောက်စိမ့် သောဘို့ အမှတ်ကို ပေးထားလေ၏။ အသုရာတို့သည် သောက်ခြင်းကြောင့် မူးယစ်မေ့လျော့ကုန်၏။ သိကြားမင်းသည် 'ဤအသုရာတို့နှင့် ဆက်ဆံသော သိကြားမင်းစည်းစိမ်ပြင့် အဘယ်အကျိုးရှိအံ့နည်း' ဟု ကြံစည်နှလုံးသွင်းလျက် ပရိသတ်အား အမှတ်သညာပေးကာ အသုရာတို့အား ခြေတို့၌ကိုင်၍ သမုဒ္ဒရာသို့ ပစ်ချကြကုန်၏။

ထိုအသုရာတို့သည် ဦးခေါင်းစောက်ထိုးဖြစ်၍ သမုဒ္ဒရာ၌ ကျကြကုန်၏။ အသုရာတို့၏ ကောင်းမှုအာနုဘော်ကြောင့် မြင့်မိုရ်တောင်၏ အောက်အပြင်၌ အသုရာပြည် ဖြစ်လေ၏။

ဇရပ်လှူခဲ့ခြင်းကြောင့် ထိုတာဝတိံသာနတ်ပြည်၌ ယူဇနာ (၇၀၀)ရှိသော ဝေဇယန္တာဘုံပြာသာဒ်ကြီး ပေါ်လာ၏။ ပင်လယ်ကသစ်ပင်ကို စိုက်ထူလှူဒါန်းခဲ့ခြင်းကြောင့် ယူဇနာ (၃၀၀) ပင်စည်အဝန်းရှိသော ပင်လယ်ကသစ်ပင် ဖြစ်ပေါ်လာလေ၏။ ကျောက်ဖျာကို ခင်းခဲ့သောကြောင့် အလျား (၆၀)၊ အနံ (၅၀)၊ အထူ (၁၅)ယူဇနာရှိသော လယ်ခေါင်ရန်းပန်း အဆင်းကဲ့သို့ တွတ်တွတ်နီသော အဆင်းရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ဖြစ်ပေါ်လာလေ၏။ ထိုကျောက်ဖျာပေါ်၌ သိကြားမင်းထိုင်သောအခါ ကိုယ်ထက်ဝက်နစ်၍ ထသောအခါ ပကတိအတိုင်း ဖြစ်လေ၏။

သုဓမ္မာမည်သော မယားသည်လည်း နတ်သမီးဖြစ်၍ ဇရပ်၌ အထွတ်ကို လှူဒါန်းခဲ့ခြင်းကြောင့် ယူဇနာ (၉၀၀) ရှိသော သုဓမ္မာမည်သော နတ်ဓမ္မာရုံကြီး ဖြစ်ပေါ်လေ၏။ သုနန္ဒာမည်သော မယားသည်လည်း နတ်သမီးဖြစ်၍ ရေကန်ကို လှူခဲ့ခြင်းကြောင့် ယူဇနာ(၅၀၀)ရှိသော နန္ဒာကန်ကြီး ဖြစ်ပေါ်လာလေ၏။

သုစိတ္တာမည်သော မယားသည်လည်း နတ်သမီးဖြစ်၍ ပန်းဥယျာဉ်ကို လှူဒါန်းခဲ့ခြင်းကြောင့် ယူဇနာ (၅၀၀) ရှိသော ပန်းဥယျာဉ်သည် ဖြစ်ပေါ်၍ လာလေ၏။

သုဇာမယားသည်ကား ကုသိုလ်ကောင်းမှုဌ အားမထုတ်ဘဲ အလှဆင်မှုဌသာ အားထုတ်ခဲ့သောကြောင့် သေလွန်သော် ဗျိုင်းမဖြစ်၍နေလေ၏။ သိကြားမင်းသည် ဆင်ခြင်၍ သိလေလျှင် ဗျိုင်းမအား ငါးပါးသီလကို စောင့်ခိုင်းလေ၏။ ထိုဘဝမှ သေလွန်သော် ငါးပါးသီလကုသိုလ်ကြောင့် ဗာရာဏသီမြို့၌ အိုးထိန်းသည်တစ်ယောက်၏ သမီးဖြစ်လေ၏။ ထိုဘဝ၌လည်း သိကြားမင်းသည် သုဇာအား ငါးပါးသီလကို စောင့်ရှောက်စေလေ၏။ ထိုဘဝမှ သေလွန်သော် သုဇာသည် အသုရာပြည်၌ ဝေပစိတ္တိ အသုရာနတ်မင်းကြီး၏ သမီးပျိုအဖြစ်သို့ ရောက်လေ၏။ ထိုအခါမှ သိကြားမင်းသည် သုဇာအား တာဝတိံသာနတ်ပြည်သို့ ဆောင်ယူလေ၏။

(ဒီ - ဋ - ၌ ၃၀၂ / ၃၁၀ ။ ဓမ္မ ၌ - ၁ - ၁၆၇ / ၁၇၈)

၅။ မဃလုလင်၏ လုံ့လဝိဇိယဌ် ဆောင်ရန်လက်ာများ

၀။	ရွေးအခါကာ၊	မစလေ၊	ဂါမ ရှိခဲ့သည်။
၂။	မဃမည်ထင့်၊	လေလင်ဖြင့်၊	ကိုယ်ကျင့်လွန်တောင်းသည်။
၃။	ဝတ်ခုနစ်ဆိုင်၊	သက်ဆုံးတိုင်၊	ခိုင်ခိုင်ကျင့်ခဲ့သည်။
၄။	ကျေးလူးကြီးလှေ၊	မိန့်ဝ်ဖ၊	ဓယလုပ်ကျွေးသည်။
၅။	အမျိုးဦးငြား၊	ကြီးသူအား၊	လေးစားပူဇော်သည်။
၆။	စကားပြောရေး၊	သိမ်မွေ့စွာ၊	မှန်တာပြောဆိုသည်။
၇။	ကုန်းတိုက်စကား၊	ကြမ်းစကား၊	ပြောကြားမရှိပြီ။
၈။	စွန့်ကြဲတတ်ခြင်း၊	လှူဒါန်းခြင်း၊	ဖွဲ့ခြင်းရှိလေသည်။
၉။	အမျက်ဒေါသာ၊	မထွက်ဟိ။	ထွက်ရာမြန်သိမ်းသည်။
၁၀။	အကျိုးဆောင်ကာ၊	ဝိရိယာ၊	လွန်စွာအားထုတ်သည်။
၁၁။	စောစောထတော်၊	ရွာလယ်မှာ၊	ရွှတ်တာရှင်းလေသည်။
၁၂။	နေချင်ဖွယ်ဟူ၊	ဖြစ်လာမူ၊	ခြားလူလေလေသည်။
၁၃။	အမျက်မထွက်၊	စိတ်မဂျက်၊	ခြားကွက်လုပ်ပြန်သည်။
၁၄။	ထိုအခါလေ၊	ခြားလူပဲ၊	ထပ်ကဲလုပြန်ထည်။
၁၅။	စိတ်မပျက်ပြင်၊	သဲဖြူပင်၊	ထပ်အင်္ဂင်းပေးထည်။
၁၆။	မိုးလွှဲဖို့ရာ၊	မိုးဖိုပါ၊	ဖိုကာပေးလိုက်သည်။
၁၇။	တစ်နေ့ခါပ၊	တိုမယာ၊	စိတ်ကကြံစည်ပြီ။
၁၈။	မင်းစိုးရာဏ၊	စည်းစိမ်ဖြာ၊	လွန်စွာပြည့်စုံသည်။
၁၉။	တုသိလေကြောင့်သာ၊	ပြည့်စုံတာ၊	ဧသချာမလွဲပြီ။
၂၀။	ကောင်းမှုတစ်သိုက်၊	ငါကြုံကြိုက်၊	ပြုထိုက်သင့်လေသည်။
၂၁။	နံနက်ခါရောက်၊	ယာဂုသောက်၊	တောရောက်ထွက်ခဲ့ပြီ။
၂၂။	ပုဆိန်ပေါက်ကြား၊	တူရွင်း,ဓား၊	ယူကြားလာခဲ့သည်။
၂၃။	ဇရပ်ဆောက်ကြား၊	လမ်းပြင်ကြား၊	တံတားခင်းပေးထည်။
၂၄။	သောက်ရန်,ချိုးရန်၊	ရေတွင်း,ကန်၊	တန်တန်တူးဖော်သည်။
၂၅။	မိုးချုပ်မှသာ၊	အိမ်သို့သာ၊	ပြန်ကာလာခဲ့သည်။
၂၆။	မယကိုဟူ၊	အတူယူ၊	ပြုသူများလာသည်။

၂၇။ သုံးဆယ့်သုံးယောက်၊ အစုလောက်၊ ဖြစ်မြောက်လာခဲ့သည်။
၂၈။ ထိုဣဒေသာ၊ လှည့်လည်ကာ၊ ညီစွာပြုကြသည်။
၂၉။ ပစ္စည်းလဲစိုက်၊ လူလဲစိုက်၊ အားစိုက်ပြုကြသည်။
၃၀။ ရေတွင်းတူးကာ၊ ကန်တူးကာ၊ လမ်းပေါ်ပြင်ကြသည်။
၃၁။ ဇရပ်ဆောက်ခြင်း၊ တံတားခင်း၊ ဇံတင်းပြုကြသည်။
၃၂။ ပန်းလိုမငြိုး၊ နေ့ချင်းတည်း၊ အပြီးလုပ်ကြသည်။
၃၃။ မစလရွာစား၊ လာတ်ရှားပါး၊ မင်းအားတိုင်တော့သည်။
၃၄။ သူဌေးတွေပါ၊ သောင်းကျန်းပါ၊ ဖမ်းပါပြောလေဖြို။
၃၅။ အိမ်ကမယား၊ သတင်းကြား၊ ပြောကြားကြလေဖြို။
၃၆။ သူဌေးတတွေ၊ ဖမ်းဆီးပေ၊ ကောင်းလေပြောကြသည်။
၃၇။ မစူးစမ်းထင်း၊ ဘုရင်မင်း၊ ဆင်နှင်းသတ်စေဖြို။
၃၈။ အားကိုးဖို့ရာ၊ သစ္စာသာ၊ ကောင်းစွာရှိတော့သည်။
၃၉။ သူဌေးမှန်က၊ ဆင်ကြိုးပ၊ နှင်းရန်ငိုပေသည်။
၄၀။ မမှန်လေရာ၊ မရရော၊ သစ္စာဆိုကြဖြို။
၄၁။ ဆင်မကြိုးမှာ၊ အော်ဟစ်ကာ၊ ဝေးစွာပြေးလေဖြို။
၄၂။ မင်းကြိုးတစ်ဖန်၊ စုံစမ်းပြန်၊ ဖြစ်မှန်သိလေသည်။
၄၃။ ရွာစားကျွန်ပြု၊ ဆင်လှုမူ၊ ငွေစုထောက်လေသည်။
၄၄။ မယဟိုကား၊ ကြိုးမှုးထား၊ ရွာစားခန့်လိုက်သည်။
၄၅။ ရွာသို့ရောက်က၊ ဆင်ကိုပ၊ လှည့်ကျစီးကြသည်။
၄၆။ ကုသိလ်တရား၊ မောင်မင်းမျှား၊ လွန်အားပြုရမည်။
၄၇။ နောက်ဘဝတွင်၊ မနေအင်၊ ခုပင်ကျိုးပေးဖြို။
၄၈။ တင့်တင့်တယ်တယ်၊ ဇရပ်ရယ်၊ ဆောက်မယ်ကြံကြဖြို။
၄၉။ ဖမ်းခံစဉ်က၊ တို့အိမ်က၊ မိန်းမများတို့သည်၊
၅၀။ သူဌေးဖမ်းတာ၊ ကောင်းလိုက်တာ၊ ပြောတာရှိခဲ့သည်။
၅၁။ မိန်းမတစ်စု၊ ကုသိလ်မှု၊ ပါပြုမသင့်ဖြို။
၅၂။ သစ်ပင်ကိုတည်း၊ ဖြတ်လျှိုပြီး၊ ဆင်ကြိုးလှိမ့်ပေးသည်။
၅၃။ လိုသလိုမှတ်၊ ခွဲစိတ်တတ်၊ ဇရပ်ဆောက်ကြသည်။
၅၄။ မယလုလင်၊ မယားပင်၊ လေးအင်ရှိလေသည်။

၅၅။	သုဏ,စိတ္တာ၊	သုဓမ္မာ၊	နန္ဒာဖြစ်လေသည်။
၅၆။	သုဓမ္မာပဝိ၊	ဇရပ်တွင်၊	ထွတ်အင်ဟူလေသည်။
၅၇။	သုဓမ္မာဇရပ်၊	ထမ္ဘညားတပ်၊	ထင်ဟပ်ပေါ် လွင်ထည်။
၅၈။	ထိုဇရပ်မှာ၊	ထည်းဗိုရာ၊	သုံးဌာရှိလေသည်။
၅၉။	ဂိတောနဟူ၊	အုပ်စိုးသူ၊	ရပ်သူဖြစ်လေသည်။
၆၀။	မဃာလုလင်၊	ကသစ်ပင်၊	စိုက်အင်ပြုလေသည်။
၆၀။	ကထစ်နားမှာ၊	ကျောက်တစ်ဖျာ၊	ခင်းကာထားလေသည်။
၆၂။	ရောက်လာခဲ့အား၊	အလှည့်ထား၊	ဝတ်ထားပြုကြသည်။
၆၃။	သုနန္ဒာမူ၊	ရေကန်ဟူ၊	ကြည်ဖြူပြုလုပ်ထည်။
၆၄။	သုစိတ္တာပဝိ၊	ပန်းဥယျာဉ်၊	မျိုးပင်စိုလွှထည်။
၆၅။	သုဇမူတား၊	ကုသိလ်အား၊	လုပ်ထားမှုပြီ။
၆၆။	အလှေတိုသား၊	ဆင်လို့သား၊	ပျော်ကာနေလေသည်။
၆၇။	ကွန်လွန်လေပြန်၊	အားလုံးမှန်၊	နတ်ထံရောက်ကြပြီ။
၆၈။	နတ်သစ်ရောက်လာ၊	အသုရာ၊	ကြိုကာဖျော်ကြပြီ။
၆၉။	နတ်အဖျော်တွင်၊	ဘေရည်ပဝိ၊	ထည့်ဝင်စေတော်ကြသည်။
၇၀။	အဖျော်သောတ်ကာ၊	အသုရာ၊	ယစ်ကာမူးလေပြီ။
၇၁။	ခြေတကိုင်တာ၊	သမုဒ္ဒါ။	ပစ်ကာချလိုက်ပြီ။
၇၂။	မြင်းမိုရ်တောင်ခြေ၊	သုရာပြေ၊	မှန်ပေပေါ် လေပြီ။
၇၃။	သုဇမ္ပတပါး၊	ကျန်သူတား၊	နတ်များဖြစ်ကြပြီ။
၇၄။	အလှဆင်သူ၊	သုဇမူ၊	ဗျိုင်းဖြူဖြစ်လေပြီ။
၇၅။	သိကြားမယာ၊	စောင့်ရှောက်ရဲ	သီလမြဲစေသည်။
၇၆။	ဗျိုင်းဘဝသေ၊	လူမပေ၊	ထပ်လေစောင့်စေသည်။
၇၇။	ထိုမှတစ်ခါ၊	အသုရာ၊	လွန်စွာလှလေသည်။
၇၈။	သိကြားဓလေ့၊	လှည့်ကာတွေ့၊	ယူ၍ဆောင်သွားသည်။
၇၉။	ကုသိလ်ပြုပါ၊	ကျိုးပေးတာ၊	လွန်စွာဆန်းကြယ်သည်။

ဝိရိယအဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

သတိအဖွင့်လာ ကိုယ်ကျင့်တရားများ

၁။ သတိ၏ လက္ခဏာများ ။ ။ အောက်မေ့တတ်သော သဘောသည် သတိမည်၏။ ထိုသတိသည် -

၁။ အဝိလာပန လက္ခဏာ - သမ္မယုတ်တရားတို့ကို မပေါ်လွင်စေခြင်း လက္ခဏာရှိ၏။
ဥပဂ္ဂဏှန လက္ခဏာ - အာရုံကို သိမ်းပိုက်ခြင်း လက္ခဏာရှိ၏။
၂။ အသမ္မောသန ရသာ - အာရုံကို ပျောက်ပျက်စေတတ်သော ပမာဒ၏ ဆန့်ကျင်ဘက် ကိစ္စရှိ၏။
၃။ အာရက္ခ ပစ္စုပဋ္ဌာနာ - အာရုံကို စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အား ရှေးရှု ထင်၏။

တစ်နည်း - ဝိသယာဘိမုခီဘာဝ ပစ္စုပဋ္ဌာနာ - အာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်လာ၏။

၄။ ထိရသညာ ပဒဋ္ဌာနာ - ခိုင်မြဲသောသညာလျှင် နီးစွာသော အကြောင်းရှိ၏။
တစ်နည်း - ကာယာဒိသတိပဋ္ဌာန ပဒဋ္ဌာနာ - ကာယအစရှိသော သတိပဋ္ဌာန်လျှင် နီးစွာသော အကြောင်းရှိ၏။

၁။ **အဝိလာပန လက္ခဏာ** - သမ္မယုတ်တရားတို့ကို မပေါ်လွင်စေခြင်း လက္ခဏာရှိ၏ ဟူသည် - ဥပမာကား - စကြာဝဠာတောမင်း၏ ဘဏ္ဍာစိုးသည် စကြာဝဠာတောမင်းကို ညနေချမ်းအချိန်လည်းကောင်း၊ နံနက်အချိန်လည်းကောင်း ဆင်တို့သည် ဤမျှရှိ၏။ မြင်းတို့သည် ဤမျှရှိ၏။ ရထားတို့သည် ဤမျှရှိကုန်၏။ ခြေလျင်တပ်သားတို့သည် ဤမျှရှိကုန်၏။ ငွေသည် ဤမျှရှိကုန်၏။ ရွှေသည် ဤမျှရှိကုန်၏။ အလုံးစုံသော ဥစ္စာနှစ်သည် ဤမျှရှိကုန်၏။ မင်းမြတ်... ထိုစည်းစိမ်တို့ကို အောက်မေ့ အမှတ်ရတော်မူပါ။ ဤသို့ သံတော်ဦးတင်၍ အမှတ်ရစေသကဲ့သို့-

ဤအတူ သတိသည် ကုသိုလ်တရားတို့ကို ပေါ်လောမပေါ်စေ။ မပေါ်စေပုံကား - ဤလေးပါးတို့သည် သတိပဋ္ဌာန်တို့တည်း။ ဤခုနစ်ပါးတို့သည် ဗောဇ္ဈင်တို့တည်း။ ဤတရားအပေါင်းသည် မဂ္ဂင်ရှစ်ပါးတည်း။ ဤသမာဓိသည် သမထတည်း။ ဤပညာသည် ဝိပဿနာတည်း။ ဤပညာသည် ဝိဇ္ဇာတည်း။ ဤအရဟတ္တဖိုလ်သည် ဝိမုတ္တိတည်း။ ဤတရားတို့သည် လောကုတ္တရာတရားတို့တည်း။ ဤသို့ သတိသည် ကုသိုလ်တရားတို့ကို ပေါ်လော မပေါ်စေ။ လွှင့်မသွားစေ။

ဥပဂ္ဂဏှန လက္ခဏာ - အာရုံကို သိမ်းပိုက်ခြင်း လက္ခဏာရှိ၏ - ဟူသည် စကြာဝဠာတောမင်း၏ သားကြီး ရတနာသည် စကြာဝဠာတောမင်း၏ အစီးအပွားမဲ့ကို ပြုတတ်သူတို့ကိုလည်းကောင်း၊ အစီးအပွားကို ပြုတတ်သူတို့ကိုလည်းကောင်း သိ၍ အစီးအပွားမဲ့ကို ပြုတတ်သူတို့ကို ဖယ်ရှား၍ အစီးအပွား ပြုသူတို့ကို ချဉ်းကပ်စေသကဲ့သို့ ဤအတူ သတိသည် စီးပွားဖြစ်ကုန်, စီးပွားမဲ့ဖြစ်ကုန်သော တရားတို့၏ ဖြစ်ခြင်းတို့ကို ကောင်းစွာရှာ၍ ကာယဒုစရိုက် အစရှိကုန်သော တရားတို့သည် အစီးပွားမဲ့တရားတို့တည်း - ဟု သိ၍

စီးပွားမဲ့ဖြစ်ကုန်သော ဒုစရိုက်တရားတို့ကို ပယ်ရှား၏။ ကာယသုစရိုက် အစရှိကုန်သော တရားတို့သည် စီးပွားရှိကုန်သော တရားတို့တည်း။ ဤသို့သိ၍ စီးပွားဖြစ်ကုန်သော သုစရိုက်တရားတို့ကို သိမ်းပိုက်၏။

၂။ **အာသဗ္ဘာသန ရဟာ** – အာရုံကို ပျောက်ပျက်စေတတ်သော ပမာဒ၏ ဆန့်ကျင်ဘက် ကိစ္စရှိ၏ – ဟူသည် သတိမရှိသူအား ဘုရား အစရှိသော ကုသိုလ်အာရုံတို့သည် ပေါ်မလာပေ။ အာရုံပြုသည်တိုင် ခဏလေးနှင့် ပျောက်ပျက်တတ်၏။ ထို့ကြောင့် သတိမရှိသူ၌ ဘုရား အစရှိသော ကုသိုလ်အာရုံများ ပျောက်ပျက်နေ၏။ သတိရှိသူကား ထိုကုသိုလ်အာရုံများကို ရှာဖွေ၍ ယူလေ၏– ဟု ဆိုလိုပေသည်။

၃။ **အာရက္ခ ပစ္စုပဋ္ဌာနာ** – အာရုံကို စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အား ရှေးရှုထင်၏ – ဟူသည် ဘုရား အစရှိသော ကုသိုလ်အာရုံများကို ပျောက်ပျက်မသွားအောင် သတိထားနေရသည်ဖြစ်၍ သတိသည် အာရုံကို စောင့်ရှောက်နေပါကလားဟူ၍ အသိဉာဏ် ဖြစ်ပေါ်ခြင်းကို ဆိုလိုပေသည်။

၄။ တစ်နည်း – **ဝိသယာဘိမုခီဘာဝ ပစ္စုပဋ္ဌာနာ** – အာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏ ဟူသည် ကုသိုလ်အာရုံများကို ပျောက်ပျက် မသွားအောင် သတိထားနေရသည်ဖြစ်၍ သတိသည် ကုသိုလ်အာရုံသို့ ညွတ်ကပ်ရှေးရှုနေပါကလားဟူ၍ အသိဉာဏ်ဖြစ်ပေါ်ခြင်းကို ဆိုလိုပေသည်။

၅။ **ထိရသညာ ပဒဋ္ဌာနာ** – ခိုင်မြဲသော သညာလျှင် နီးစွာသောအကြောင်းရှိ၏ – ဟူသည် ဘုရား အစရှိသော အာရုံကို ယူရာ၌ ဤအာရုံသည် ဘုရားအာရုံပဲဟူ၍ သညာက မှတ်၏။ သတိက အောက်မေ့၏။ ဤသို့ သညာနှင့် သတိ တွဲစပ်ဖြစ်တတ်ရကား ကုသိုလ်အာရုံ၌ သညာအမှတ်ကောင်းလေ သတိအားကောင်းလေ ဖြစ်၏။ ထို့ကြောင့် ခိုင်မြဲသောသညာလျှင် နီးစွာသော အကြောင်းရှိ၏ဟု ဆိုရခြင်း ဖြစ်သည်။

၆။ တစ်နည်း – **ကာယာဒီ သတိပဋ္ဌာန ပဒဋ္ဌာနာ** – ကာယ အစရှိသော သတိပဋ္ဌာန်လျှင် နီးစွာသော အကြောင်းရှိ၏– ဟူသည် 'ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ' တို့ကား သတိ၏ အရှုခံအာရုံများ ဖြစ်ကြပေလ၏။ ထို့ကြောင့် ကာယ အစရှိသော သတိပဋ္ဌာန်လျှင် နီးစွာသောအကြောင်းရှိ၏ဟု ဆိုရခြင်းဖြစ်သည်။

(အဘိ ၄ - ၁ - ၁၆၄ / ၅)

သတိ၏ အမျိုးဦး ဆောင်ရန်လက်ံများ

၁။ သတိ၏ လက္ခဏာများဦး ဆောင်ရန်လက်ံများ

၁။	သတိသတော၊	အောက်မေ့ပြော၊	သတောသိုဝိုဝ်သည်။
၂။	မလွေဝ့်စေရာ၊	အောက်မေ့တာ၊	လက္ခဏာဖြစ်လေသည်။
၃။	ဘဏ္ဍာစိုးကား၊	စကြာအား၊	မှတ်ငြားစေသို့သည်၊
၄။	သမထ, ဝိပဿနာ၊	အဖြာဖြာ၊	ခါခါမှတ်စေသည်။
၅။	အာရုံကိုမြိုး၊	သိမ်းပိုက်တည်း၊	တစ်နည်းခေါ် ပြန်သည်။
၆။	စကြာမင်းကြီး၊	အားကိုးတည်း၊	သားကြီးရတနာသည်၊
၇။	စီးပွားမဲ့သူ၊	ဖယ်ရှားဟူ၊	ရှိသူဆောင်ပေးသည်။
၈။	ဒုစရိုက်အား၊	ဖယ်ကာရှား၊	သုအားသိမ်းပိုက်သည်။
၉။	မပျောက်စေရ၊	ထင်နေစွ၊	ရသခေါ် လေသည်။
၁၀။	သတိရှိတုံ၊	ကုအာရုံ၊	မြဲတုံထင်နေသည်။
၁၁။	မပေါ် သေးပေ၊	အာရုံလေ၊	ရှာဖွေယူလေသည်။
၁၂။	အာရုံစောင့်ဟု၊	ဉာဏ်ထင်မှု၊	ပစ္စုခေါ် လေသည်။
၁၃။	အာရုံသို့သာ၊	ရှေ့ရှုတာ၊	တစ်ဖြာခေါ် ပြန်သည်။
၁၄။	သညာခိုင်မြဲ၊	သတိလဲ၊	လွန်ပိအားကောင်းသည်။
၁၅။	လေးပါးပဒ္ဌာန်၊	ဖြစ်ကြောင်းမှန်၊	ဒဋ္ဌာန်ခေါ် ပြန်သည်။
၁၆။	ကုအာရုံဖို၊	အောက်မေ့ဘိ၊	သတိခေါ် ရသည်။

၂။ ရဟန်းတစ်ပါး၏ သတိတရား ။ ။ ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်ရာတို့၌ သတိတရားသည် ပါသည်ချည်း ဖြစ်၏။ သတိမပါသော ဝီရိယ၊ သမာဓိ၊ ပညာတို့ မရှိပေ။ ကုသိုလ်ကောင်းမှုကို အမှတ်ရ၍သာ၊ အောက်မေ့၍သာ ဝီရိယ၊ သမာဓိ၊ ပညာများ ဖြစ်ကြရ၏။ ထို့ကြောင့် သတိ၏ သာဓက ဝတ္ထုများကား ပြောက်များလှစွာ၏။ ဤ၌ အချို့ကိုသာ ဖော်ပြပေအံ့။

ဘုရားရှင်လက်ထက်တော်က ရဟန်းနှစ်ပါးသည် ဘုရားရှင်ထံမှ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို ယူ၍ တောရကျောင်းတစ်ကျောင်းတွင် တရားအားထုတ်ကြလေ၏။ ထိုရဟန်းနှစ်ပါးတွင် တစ်ပါးကား မမေ့မလျော့ ရဟန်းတရားကို အားထုတ်၏။ တစ်ပါးကား အားမထုတ်ဘဲ မိုးလုံခြင်း၊ ကိုရင်တွေနှင့် စကားပြောခြင်းတို့ဖြင့် မေ့လျော့ပျင်းရိ၍သာ အချိန်ကို ကုန်လွန်စေလေ၏။ မမေ့မလျော့ အားထုတ်သော ရဟန်းသည် မေ့မေ့လျော့လျော့နေသော ရဟန်းကို –

'ငှဲရှင် ... ကျွန်တို့ မပြုလင့်။ ယေလျှာသူအား အဃါယ်လေးဘုံတို့သည် ဖိတ်အိပ်နှင့်တူ၏။ ဘုရားရှင်တို့မည်သည် စည်းလဲကောက်ကျစ် လှည့်ပတ်ခြင်းမပြင့် နှစ်သိပ်ကျွန်ုပ်ခြင်းဟု၊ မတတ်ကောင်း'

– ဟု သတိပေးစကား ပြောကြား၏။ သို့ရာတွင် ထိုရဟန်းသည် မေ့လျော့၍သာ နေပြန်လေ၏။

မမေ့မလျော့သော ရဟန်းသည်လည်း ပြောမရသဖြင့် မပြောတော့ဘဲ ကမ္မဋ္ဌာန်းတရားကိုသာလျှင် မမေ့မလျော့ အားထုတ်လေ၏။ ပျင်းရိသော ရဟန်းသည်ကား ပထမယာမ်၌ ဖီးလှဲပြီးလျှင် မမေ့မလျော့သော ရဟန်းတရားအားထုတ်ပြီး၍ အိပ်ခန်းသို့ ဝင်သောအခါ ဝင်လိုက်၍ ကျွဲသို့ပင် ပြောလိုက်သေး၏။

'ငှဲရှင် ... အသို့နည်း။ ဘုရားရှင်တို့၏ အထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ ထက်သန်လုံ့လရှိခြင်းဟု၊ သင်သည် မဟုတ်လော။ အဘယ်ကြောင့် အိပ်နေသနည်း' ဟု ပြောဆိုပြီးလျှင် ဝိပဿနာရာ အိပ်ရာသို့ ဝင်၍အိပ်လေ၏။

မမေ့မလျော့သော ရဟန်းသည် ပဌမယာမ်၌ စင်္ကြံသွား၍၊ သန်းခေါင်ယာမ်၌ အပန်းဖြေ၍၊ ပိုးသောက်ယာမ်၌ စောစောထ၍ ရဟန်းတရားကို အားထုတ်သည်ရှိသော် မကြာမီမှာပင် ပဋိသမ္ဘိဒါပတ္တာ ရဟန္တာဖြစ်လေ၏။ ပျင်းရိသော ရဟန်းသည်ကား မေ့လျော့ခြင်းဖြင့်သာလျှင် အချိန်ကို ကုန်လွန်စေလေ၏။

သီတင်းကျွတ်၍ မြတ်စွာဘုရားအား ပူးပြင်ကြသည်ရှိသော် မြတ်စွာဘုရားက 'မမေ့မလျော့နေကြ၏လော' ဟု မေးတော်မူလျှင် ပျင်းရိသော ရဟန်းသည် ကျွဲသို့ လျှောက်ထားလေ၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ... ကျွန်ုပ်ဟန်းအား မမေ့မလျော့ခြင်းသည် အဘယ်မှာရှိအံ့နည်း။ အရှင်ဘုရားတို့ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ အားမထုတ်ဘဲ လျက်ဆက်၍သာလျှင် အဘိဂို့ လွန်စေ၏' ဟု လျှောက်ထားရာ 'သင်သည်ကား အဘယ်သို့ နေသနည်း' ဟု မေးတော်မူရာ၌ ကျွဲသို့လျှောက်ထားပြန်လေ၏။

'မြတ်စွာဘုရား... တပည့်တော်သည်ကား စောစောကလျှင် ထင်းတို့ကို သယ်ဆောင်၍ ဖီးဝိုက ဖီးလှဲ၍ မအိပ်ဘဲသာလျှင် အဘိဂို့ ကုန်စေပါ၏' ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပျင်းရိသောရဟန်းအား ကျွဲသို့မိန့်ကြားတော်မူလေ၏။

'ရဟန်း... သင်သည်ကား ရဟန်းတရားကို အားမထုတ်ဘဲ ငမ့်လျော့သည်ဖြစ်၍ ကာလကို လွန်စေလျက် မငမ့်မလျော့ဟု ပြောဆိုတိ၏။ မငမ့်သောသူကိုကား ငမ့်လျော့၏ဟု ပြောဆိုတိ၏' – ဟု မိန့်တော်မူကာ အောက်ပါဂါထာကို ဟောတော်မူလေ၏။

'ခွန်အားကောင်း၍ လျင်မြန်သောမြင်းသည် ခွန်အားနည်းသောမြင်းကို ချန်ထား၍ သွားသကဲ့သို့, မမေ့မလျော့သောသူသည် မေ့လျော့သူကို ချန်ထား၍သွား၏။ သတိပွားများ နိုးကြားသောသူသည် သတိလွတ်ကင်း နိုးကြားခြင်း မရှိသူများကို စွန့်ထား၍ သွား၏'

တရားအဆုံးမှာ များစွာသော လူတို့သည် သောတာပန် ဖြစ်ကြလေကုန်၏။

(ဓမ္မ ၄ - ၁ - ၁၆၆ / ၇)

၂။ ရဟန်းတစ်ပါး၏ သတိတရား၌ ဆောင်ရန်လက်ကမ်းများ

၁။	ရဟန်းနှစ်ပါး၊	တောသို့ထွား၊	တရားအားထုတ်သည်။
၂။	တစ်ပါးမှော်ငြား၊	ကျန်တစ်ပါး၊	မှော်ငြားမရှိပြီ။
၃။	ရဟန်းတရား၊	မကြိုးစား၊	နေငြားရဟန်းသည်၊
၄။	စကားပြောခြင်း၊	မီးလှဲခြင်း၊	ချိန်အဝင်းကုန်စေသည်။
၅။	မမှော်နေဘိ၊	ရဟန်းတို၊	သတိပေးလေသည်။
၆။	မှော်နေခြင်းဖြင့်၊	အပါယ်ထဲ၌၊	အိမ်နှင့်တူလေသည်။
၇။	ဘုရားမြတ်စွာ၊	လှည့်ခြင်းငှါ၊	ဘယ်မှာတတ်ကောင်းမည်။
၈။	ဤသို့ပြောလဲ၊	မရဲ၊	ပျင်းမြဲပျင်းနေသည်။
၉။	မပြောတော့ပါ၊	တရားသာ၊	ဖီကာအားထုတ်သည်။
၁၀။	မကြာမီမှာ၊	သမ္ဘိဒါ၊	ရဟန္တာဖြစ်လေပြီ။
၁၁။	သီတင်းဝါလေ၊	ကျွတ်၍ပါ၊	ဗုဒ္ဓဖူးလေပြီ။
၁၂။	မမှော်မလျော့၊	နေ၏လော့၊	ဂုဏ်စော့မေးလေပြီ။
၁၃။	အပျင်းထူငြား၊	ရဟန်းကား၊	ဖြေကြားပြုလေပြီ။
၁၄။	ဟိုရဟန်းမှာ၊	အိပ်၍သာ၊	ပျင်းကာနေလေသည်။
၁၅။	တပည့်မှာတုန်၊	မအိပ်ပဲ၊	မီးလှုံနေပါသည်။
၁၆။	ပြောင်းပြန်ပြောလေ၊	ရဟန်းပေ၊	ဗုဒ္ဓမိန့်လေပြီ။
၁၇။	တရားဂါထာ၊	ဆက်၍သာ၊	မြတ်စွာဟောလေပြီ။
၁၈။	ဥန်အားလဲကောင်း၊	လျင်မြန်တောင်း၊	မြင်းကောင်းတစ်စီးသည်၊
၁၉။	အားမရှိပြန်၊	မြင်းဝိန်မှန်၊	နောက်ချန်ထားခဲ့သည်။
၂၀။	မမှော်သူကား၊	မှော်သူအား၊	ချန်ထားခဲ့လေပြီ။
၂၁။	နိုးကြားသူကား၊	ပျင်းသူအား၊	စွန့်သွားခဲ့လေပြီ။
၂၂။	တရားဆုံးမှာ၊	လူများစွာ၊	သောတာဖြစ်ကြသည်။

၃။ ရဟန်းငယ်တစ်ပါး၏ သတိတရား ။ ။ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်အပါး (၃၀)တို့သည် ဘုရားရှင်ထံမှ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတောင်း၍ တရားအား ထုတ်ရန် တောရကျောင်းသို့ သွား၍ ဝါဆိုကြလေပြီ။ ဝါဆိုနေ့၌ မထေရ်ကြီးသည် ဤသို့ ဒိန်လေပြီ။

'ငါ့ရှင်တို့ ... ညဉ့်သုံးယာမ်ပတ်လုံး ပငမ့ပငလျှာ့ ရဟန်းတရားကို အားထုတ်ထိုက်၏။ တစ်ပါးရှိရာ တစ်ပါးက ကူးလူးဆက်ဆံမပြုထိုက်ပေ' ဟူ၍ ဒိန်ကြားကာ ထိုရဟန်းတို့သည် ကူးလူးဆက်ဆံခြင်း၊ စကားပြောခြင်း မရှိကြဘဲ ရဟန်းတရားကိုသာ အသီးသီး အားထုတ်၍ နေကြကုန်ပြီ။ ဝိုးသောက်သောအခါ၌ ထိုရဟန်းတို့ အိပ်ပျော်နေကြစဉ် လူသားစားကျားတစ်ကောင်သည် တစ်ပါးတစ်ပါးသော ရဟန်းကို ယူ၍ သွားလေပြီ။ ကျားဆွဲခံရသော ရဟန်းတို့သည် 'ငါ့ကိုကျားဆွဲပြီ' ဟူ၍ မပြောဆို မအော်ဟစ်ဘဲ တိတ်တိတ်သာလျှင် လိုက်ပါသွားကြလေကုန်၏။ ဤနည်းဖြင့် ရဟန်း ၁၅ - ပါး ကျားစားခံရခြင်းအဖြစ်သို့ ရောက်လေ၏။

ဥပုသ်နေ့၌ ဆုံပိကြသောအခါ 'ရဟန်း၁၅-ပါး အဘယ်သို့ ရောက်သနည်း' - ဟု မေးမြန်းစုံစမ်းကြလေလျှင် ကျားဆွဲခံရသည်ကို သိကြသည်ဖြစ်၍ ယခုတစ်ခါ ကျားဆွဲခဲ့သည်ရှိသော် - 'ဓာယည်တော်ကို ကျားဆွဲအပ်ပြီ ဖြစ်ကြောင်း အသိပေး ပြောကြားကြရမည်' - ဟူ၍ ကတိကဝတ်ထားကြလေကုန်ပြီ။

ထိုးစံအတိုင်း ကျားသည် အချိန်ကျ၍ ရဟန်းငယ်တစ်ပါးကို ဆွဲယူလေလျှင် ထိုရဟန်းငယ်သည် 'အရှင်ဘုရားတို့... ဓာယည်တော်ကိုကျားဆွဲအပ်ပြီ' ဟူ၍ အသိပေးပြောကြားလိုက်လေ၏။ ကျန်ရဟန်းတို့သည် တောင်ဝှေးတို့ကိုလည်းကောင်း၊ မီးရှူးတို့ကိုလည်းကောင်း ကိုင်၍ 'လွတ်စေအံ့' ဟူ၍ လိုက်သောအခါ၌ ကျားသည် ရဟန်းများ မလိုက်နိုင်သော ချောက်ကမ်းပါးပြတ်သို့ ကိုက်ချီ၍ သွားလေပြီ။ ထို့နောက် ကျားသည် ရဟန်းငယ်ကို ခြေမှစ၍ စားရန် အားထုတ်လေပြီ။ ထိုအခါ ကျန်သော ရဟန်းတို့သည် ဤသို့ သတိပေးစကား ပြောကြားကြလေကုန်ပြီ။

'အို ... သူတော်ကောင်း.... ယခုအခါ၌ ငါတို့သည် ပြုထိုက်အပ်သော အမှုတို့သည် မရှိတော့ပေ။ ဤအချိန်အခါကား တရားထူးရအောင် အားထုတ်ဖို့ရန် အခါကောင်းပေတည်း။ ပငမ့ပငလျှာ့ဖြစ်ပါလော့' - ဟု အသိပေး ပြောကြားကြလေပြီ။

ရဟန်းငယ်သည် ကြောက်စိတ်၊ လန့်စိတ်၊ စိုးရိမ်စိတ်များကို သတိဖြင့် ဖယ်ရှား၍ ဗိဗိ၏ သိလကို ဆင်ခြင်၍ ဖြူစင်သိလကို တွေ့မြင်၍ ဝိတိ၊ ပါမောဇ္ဇတရားတွေ့ ဖြစ်ပြီးနောက် စိတ်တည်ကြည်မှုရသောအခါ၌ ဝေဒနာကိုခွါ၍ ဝိပဿနာတရားကို အားထုတ်လေလျှင် -

ကျားသည် ဖမျက်တိုင်အောင် ခဲစားချိန်၌ သောတာပန်အဖြစ်သို့လည်းကောင်း၊ ဒုးတိုင်အောင် ခဲစားချိန်၌ သကဒါဂါမ်အဖြစ်သို့လည်းကောင်း၊ ချက်တိုင်အောင် ခဲစားချိန်၌ အနာဂါမ်အဖြစ်သို့လည်းကောင်း၊ နှလုံးသားကို မစားမီမှာပင် ပဋိသမ္ဘိဒါပတ္တာရဟန္တာအဖြစ်သို့လည်းကောင်း ရောက်လေ၏။

ထိုအခါ ထိုရဟန်းငယ်သည် အောက်ပါ ဥဒါန်းကိုကျူးလွန်၍ ပရိနိဗ္ဗာန်ပြုလေပြီ။

၁။ အကျင့်သီလနှင့် ပြည့်စုံသော၊ ဓုတင်အကျင့်နှင့်လည်း ပြည့်စုံသော၊ ဝိပဿနာပညာ ရှိသော၊ ကောင်းစွာ တည်ကြည်ခြင်းရှိသော ငါ့ကို တစ်ခဏမျှ မေ့လျော့ခြင်းကို စွဲ၍ ကျားသည်-

၂။ ခန္ဓာကိုယ်၌ ကိုက်ခဲ၍ ကျောက်တုံးပေါ်၌ တင်ထားပြီ။ ကျားသည် ငါ့ကို အရိုးကို လည်းကောင်း၊ အကြောကိုလည်းကောင်း၊ အသားကိုလည်းကောင်း စားချင်တိုင်း စားပါစေ။ ငါသည် ကိလေသာတို့ကို ကုန်စေအံ့။ ကိလေသာမှ လွတ်သော အရဟတ္တဖိုလ်သို့ ရောက်အောင် အားထုတ်တော့အံ့ '

(ဒီ၊ ဌ၊ ၂ - ၃၃၉ / ၃၄၀)

၃။ ရဟန်းငယ်တစ်ပါး၏ သတိတရား၌ ဆောင်ရန်လက်မှတ်များ

၁။	သုံးဆယ်အပါး၊	တောထိုသွား၊	တရားအားထုတ်ပြီ။
၂။	ကူးလူးကြခြင်း၊	ဆက်ဆံခြင်း၊	ရှောင်ခြင်းပြုကြပြီ။
၃။	နေရာ၌သာ၊	တိတ်ဆိတ်စွာ၊	ကောင်းစွာအားထုတ်ပြီ။
၄။	မိုးသောက်၌ကား၊	ရဟန်းများ၊	အိပ်ကားပျော်နေပြီ။
၅။	ကျားတစ်ကောင်ကား၊	တစ်ပါးပါး၊	ဆွဲသွားပြုလေပြီ။
၆။	မအော်ကြပါ၊	တိတ်ဆိတ်စွာ၊	အသာလိုက်သွားသည်။
၇။	ဤနည်းဖြင့်ကား၊	ဆယ့်ငါးပါး၊	ကျားစားခဲ့လေပြီ။
၈။	ဥပုသ်နေ့မှာ၊	သီတင်္ကြာ၊	ဆွဲတာပြောရမည်။
၉။	အချိန်ကျမြဲ၊	ကျားကြီးလဲ၊	လာဆွဲယူပြန်သည်။
၁၀။	ရဟန်းငယ်မှာ၊	ကျားဆွဲရာ၊	ဆွဲပါပြောလေပြီ။
၁၁။	ကျန်ရဟန်းများ၊	ဓိုးရှူးများ၊	တိုင်ပြားလိုက်ကြပြီ။
၁၂။	မလိုက်နိုင်လောက်၊	တမ်းပါးချောက်၊	ချီမြောက်ယူသွားပြီ။
၁၃။	ငါတို့အမှု၊	တိစ္ဆစု၊	ကုန်ပြုသွားလေပြီ။
၁၄။	တရားထူးသာ၊	ရအောင်မှာ၊	သင့်တာ ဖြစ်တော့သည်။
၁၅။	ရဟန်းငယ်အား၊	ရဟန်းများ၊	ပြောကြားလိုက်ကြပြီ။
၁၆။	ရဟန်းငယ်လဲ၊	သတိမြဲ၊	တပ်စွဲထားလေသည်။
၁၇။	သီလဆင်ခြင်၊	ဗီတိဝင်၊	စိတ်အင်ကြည်လင်ပြီ။
၁၈။	ဝေဒနာ၌၊	ဝိပဿနာ၊	ကောင်းစွာထုတ်လေပြီ။
၁၉။	ဖမျက်သောတာ၊	ဒုးမှာဒဂီ၊	ချက်မှာ နာဖြစ်ပြီ။
၂၀။	နှလုံးသားဆီ၊	မရောက်မီ၊	စိတ်ရည်ပြည့်စုံပြီ။
၂၁။	ပဋိသမ္ဘိဒါ၊	ရဟန္တာ၊	ဥဒါကျူးလေပြီ။

၂၂။ ခန္ဓာငါးပါး၊ ဖြစ်တောင်း၊ ငါကားရဟန်းသည်၊
၂၃။ အကျင့်သိလော၊ ခုတင်ပါ၊ ပညာပြည့်စုံသည်။
၂၄။ နိဗ္ဗာန်တိုရည်၊ အားထုတ်သည်၊ တည်ကြည်ဝံ့ကိုသည်၊
၂၅။ တစ်ခဏမျှ၊ မေ့၍ပ၊ ကျားကလောဆွဲသည်။
၂၆။ အရိုးအသား၊ ကုန်အောင်စား၊ ငါကားမမှုဖြို။
၂၇။ ကိလေလွတ်မြောတ်၊ ရဖိုလ်ပေါက်၊ တောတ်လျှောက်အားထုတ်မည်။
၂၈။ ဥဒါန်းကျူးအင်၊ နိဗ္ဗာန်ဝင်၊ စံဝင်ကြွလေဖြို။
၂၉။ ပေါ့ပေါ့ဆဆ၊ မနေတ၊ စံရနိဗ္ဗာန်ပြည်။

၄။ ဂဇဝေသီ ဥပါသကာ၏ သတိတရား ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မျှားစွာသော ရဟန်းသံဃာနှင့်အတူ ခရီးရှည်ကြွတော်မူသည်ရှိသော် အရပ်တစ်ခုခွင် အင်ကြင်းတောကြီးကို တွေ့မြင်တော်မူ၍ 'ဤအင်ကြင်းတောအရပ်၌ ရှုဖွယ်ပြဖွယ်မူးသော တစ်စုံတစ်ခုသော ကောင်းမြတ်သောအကြောင်း သည်ရှိလေသလော' ဟု ကြည့်တော်မူသည်ရှိသော် ကသိုပမြတ်စွာဘုရား လက်ထက်တော်က ဂဇဝေသီမည်သော ဥပါသကာသည် ပြုအပ်သော ကောင်းမြတ်သော အကြောင်းကို မြင်တော်မူလေ၏။ ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံတော်သည် ဖြစ်ပေါ်လေ၏။

'ဤကောင်းမြတ်သော အကြောင်းသည် ရဟန်းသံဃာအား မထင်ရှား။ ပုံးကွယ်၌နေ၏။ ထိုအကြောင်းကို ရဟန်းသံဃာအား ထင်ရှားသည်ကိုပြုအံ့' ဟု ကြံတော်မူ၍ ခရီးမှဖဲ၍ တစ်ခုသော အရပ်၌ ရပ်တည်လျက်သာလျှင် ပြုံးတော်မူလေ၏။ ပြုံးတော်မူ၏ ဆိုရာ၌ သွားဖျားလေးမျှားကိုပြု၍ ညင်းညင်းသာသာ ပြုံးခြင်းပြစ်၏။

ထင်ရှားစေဦးအံ့။ လောကီလူသားတို့သည် ရယ်ရွှင်သောအခါ၌ ရင်ကိုထု၍ တဟားဟား ရယ်တတ်ကြကုန်၏။ ဤသို့ ရယ်ရွှင်တော်မူခြင်းမျိုး မဟုတ်ပေ။ မြတ်စွာဘုရား၏ ပြုံးတော်မူခြင်းသည် ရယ်ရွှင်သော အခြင်းအရာမျှသာလျှင် ပြစ်၏။

ဆက်ဦးအံ့။ ဤရယ်ရွှင်ခြင်းမည်သည် ၁၃- ပါးကုန်သော သောမနဿ သဟဂုတ်စိတ်တို့ပြင့် ပြစ်ကုန်၏။ ထိုတွင် ပုထုဇဉ်လူသားတို့သည် လောဘမူ သောမနဿစိတ် ၄ - ပါးတို့ပြင့်လည်းကောင်း၊ မဟာကုသိုလ် သောမနဿစိတ် ၄ - ပါးတို့ပြင့်လည်းကောင်း ဤ ၈ - ပါးသော စိတ်တို့ပြင့် ရယ်ရွှင်ကြကုန်၏။ သောတာပန်စသော သေက္ခပုဂ္ဂိုလ်တို့သည် လောဘမူဒိဋ္ဌဂတဝိပ္ပယုတ် သောမနဿစိတ် ၂ - ပါးပြင့်လည်းကောင်း၊ မဟာကုသိုလ် သောမနဿစိတ် ၄ - ပါးပြင့်လည်းကောင်း ဤ ၆ - ပါးသောစိတ်တို့ပြင့် ရယ်ရွှင်ကြကုန်၏။

ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား မဟာကိရိယာ သောမနဿ သဟဂုတ်စိတ် ၄ - ပါးတို့ပြင့်လည်းကောင်း၊ အဟိတ်ကိရိယာ ဟသိတုပ္ပါဒ်စိတ်ပြင့်လည်းကောင်း ဤ ၅ - ပါးသောစိတ်တို့ပြင့် ရယ်ရွှင်ကြကုန်၏။ ထိုတွင် အားကြီးသော ရယ်စရာအာရုံကို တွေ့သောအခါ၌ မဟာကိရိယာ ဉာဏသမ္ပယုတ် သောမနဿစိတ် ၂ - ပါးပြင့်

ရယ်ရွှင်ကုန်၏။ အားသေးသော ရယ်စရာအာရုံကို တွေ့ရာ၌ မဟာကိရိယာ ဉာဏ်ဝိပ္ပယုတ် သောမနဿစိတ် ၂ – ပါးဖြင့်လည်းကောင်း၊ အဟိတ်ကိရိယာ ဟသိတုပ္ပါဒ်စိတ်ဖြင့်လည်းကောင်း ဤ ၃– ပါးကုန်သော စိတ်တို့ဖြင့် ရယ်ရွှင်ကြကုန်၏။

ဤ၌ မြတ်စွာဘုရားရှင် ပြုံးတော်မူခြင်းသည်ကား အဟိတ်ကိရိယာ ဟသိတုပ္ပါဒ်စိတ်ဖြင့် ပြုံးတော်မူခြင်း ဖြစ်လေ၏။ ထိုသို့ ပြုံးတော်မူသော အခြင်းအရာမျှဖြစ်သော ရယ်ရွှင်ခြင်းသည် အရှင်အာနန္ဒာ မထေရ်အား ထင်ရှား လေ၏။

ချဲ့ဦးအုံ။ ထိုသို့ ပြုံးတော်မူသောအခါ၌ မြတ်စွာဘုရား၏ လေးဆူကုန်သော စွယ်တော်တို့မှ လေးကျွန်း လုံးကို ပြက်သော လျှပ်စစ်သည် တင့်တယ်ဘိသကဲ့သို့ တင့်တယ်ကုန်သော ထန်းလုံးမျှရှိသော ဖြူသော ရောင်ခြည် တော်တို့သည် ပေါ်ထွက်၍ မြတ်သောဦးခေါင်းတော်ကို သုံးကြိမ် လက်ျာရစ်လှည့်လည်၍ စွယ်တော်အဖျားခို်သာလျှင် ကွယ်ပျောက်လေ၏။ ထိုအမှတ်ဖြင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ပြုံးတော်မူခြင်းကို ထင်ရှားစွာ သိလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေ၏။

‘ မြတ်စွာဘုရား ... မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ အထောက်အပံ့ကား အဘယ်ပါနည်း။ မြတ်စွာဘုရားတို့သည် အကြောင်းမဲ့ ပြုံးတော်မမူကြကုန်’ ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူလေ၏။

‘အာနန္ဒာ ... ဤအရပ်၌ ရှေးအခါက မြို့ဖြစ်ဖူး၏။ ပြည့်စုံ၏။ ကြွယ်ဝ၏။ လူမျိုးစုံတို့ဖြင့် စည်ကား၏။ အာနန္ဒာ ... ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် မှန်စွာသိတော်မူသော ကဿပမြတ်စွာဘုရားသည် ထိုမြို့ကို အမှီပြု၍ သီတင်းသုံး နေတော်မူခဲ့၏။ ထိုအခါ၌ ဂဝေသိမည်သော ဥပါသကာတစ်ဦးသည် ရှိလေ၏’ – စသည်ဖြင့် အောက်ပါ ဖြစ်ရပ်ကို မိန့်တော်မူလေ၏။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်က ဂဝေသိမည်သော ဥပါသကာတစ်ဦးသည် ရတနာသုံးပါး ကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာ ဖြစ်လေ၏။ ဂဝေသိဥပါသကာသည် ပိပိနည်းတူ အခြားသော ဥပါသကာ ဂိုးရာတို့ကိုလည်း စည်းရုံးဟောပြော၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်စေလေ၏။

တစ်နေ့သောအခါ၌ ဂဝေသိဥပါသကာသည် ပိပိ၏ အဖြစ်ကို သတိပြု ဆင်ခြင်လေ၏။ ‘ငါသည် ရတနာသုံး ပါးကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။ ငါ၏ နောက်လိုက် ဥပါသကာဂိုးရာတို့သည်လည်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ကြကုန်၏။ သို့ရာတွင် ဂိုးပါးသီလကိုကား မစောင့်ထိန်းကြ။ သို့ဖြစ်၍ ရှေ့ဆောင်နှင့် နောက်လိုက်တို့သည် အကျင့်တူနေ၏။ ငါသည် ရှေ့ဆောင် ဖြစ်လျက် သာလွန်အောင်မကျင့်နိုင်မူမသင့်လျော်ချေ’ ဟု ကြံစည်ကာ ဂိုးပါးသီလတို့ကို ဆောက်တည်ကျင့်လေ၏။ ထိုအကြောင်းကို နောက်လိုက် ဥပါသကာ ဂိုးရာတို့အား အသိပေး ပြောကြားလိုက်လေ၏။

ထိုအခါ နောက်လိုက်ဥပါသကာ ဂိုးရာတို့သည်လည်း ဤသို့ ကြံစည်ကြပြန်ကုန်၏။ ‘ငါတို့၏ ရှေ့ဆောင် ဖြစ်သော ဂဝေသိဥပါသကာသည်ပင် ဂိုးပါးသီလတို့ကို ဆောက်တည်ကျင့်တုံဘိ၏။ ငါတို့သည်ကား အဘယ်ကြောင့် မဆောက်တည်ဘဲ နေရအံ့နည်း’ ဟု ကြံစည်ကြပြီးနောက် ထိုဥပါသကာ ဂိုးရာတို့သည် ဂိုးပါးသီလကို ဆောက်တည်ကြလေကုန်၏။ ထိုအကြောင်းကို ရှေ့ဆောင်ဂဝေသိ ဥပါသကာအားလည်း ပြောကြားလေ၏။

ထိုအခါ ရှေ့ဆောင် ဂဝေသီဉပါသကာသည် -

'ငါနှင့် နောက်လိုက်ပြုစ်ကုန်သော ဥပါသကာငါးရာတို့သည် ရတနာသုံးပါးကို ဆည်းကပ်ကြကုန်၏။ ငါးပါးသီလကို ဆောက်တည်ကြကုန်၏။ဤဥ်္ဂါလာဂ္ဂါတူညီနေပြန်၏။ ငါသည် ရှေ့ဆောင်ပြုစ်လျက် နောက်လိုက်တို့ထက် သာလွန်အောင် ပကျင့်နိုင်လျှင် မသင့်လျော်ချေ' - ဟူ၍ ကြံစည်ကာ မေထုန်အမှုကို ရှောင်ကြဉ်သော ဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်၍ ကျင့်ပြန်၏။ ထိုအကြောင်းကို နောက်လိုက်တို့အားလည်း ပြောပြလေ၏။

ထိုအခါ နောက်လိုက် ဥပါသကာငါးရာတို့သည် -

'ရှေ့ဆောင်ပြုစ်သူ ဂဝေသီဉပါသကာသည်ပင် မေထုန်အမှုကို ရှောင်ကြဉ်သော ဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်တုံဘိသေး၏။ ငါတို့နောက်လိုက်တို့သည်ကား အဘယ်ကြောင့်မဆောက်တည်ဘဲရှိတုံအံ့နည်း ' - ဟု ကြံစည်ကာ ဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ကြပြန်ကုန်၏။

ထိုအခါ ရှေ့ဆောင် ဂဝေသီဉပါသကာသည် -

'ငါနှင့် နောက်လိုက်ပြုစ်ကုန်သော ဥပါသကာငါးရာတို့သည် ရတနာသုံးပါးကို ဆည်းကပ်ကြကုန်၏။ ငါးပါးသီလကို ဆောက်တည်ကြကုန်၏။ ဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ကြကုန်၏။ ငါသည် ရှေ့ဆောင်ပြုစ်လျက် နောက်လိုက်တို့ထက် သာလွန်အောင် ပကျင့်နိုင်မူကား မသင့်လျော်ချေ'ဟူ၍ ကြံစည်ကာ ညစာစားခြင်း အမှုကို ရှောင်ကြဉ်လေ၏။ ထိုအကြောင်းကို နောက်လိုက်တို့အားလည်း ပြောပြလေ၏။

ထိုအခါ နောက်လိုက် ဥပါသကာတို့သည် -

'ရှေ့ဆောင်ပြုစ်သော ဂဝေသီဉပါသကာသည်ပင် ညစာစားမှုကို ရှောင်ကြဉ်နိုင်သေး၏။ ငါတို့နောက်လိုက်တို့သည်ကား အဘယ်ကြောင့် မရှောင်ကြဉ်နိုင်ဘဲ ရှိရအံ့နည်း' - ဟု ကြံစည်ကာ ညစာစားမှုကို ရှောင်ကြပြန်ကုန်၏။

ထိုအခါ ရှေ့ဆောင် ဂဝေသီ ဉပါသကာသည် -

'ငါနှင့် နောက်လိုက်ပြုစ်ကုန်သော ဥပါသကာငါးရာတို့သည် ရတနာသုံးပါးကို ဆည်းကပ်ကြကုန်၏။ ငါးပါးသီလကို ဆောက်တည်ကြကုန်၏၊ ဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်၍ ထိန်းသိမ်းကြကုန်၏။ ညစာစားမှုကို ရှောင်ကြဉ်ကြကုန်၏။ ငါသည် ရှေ့ဆောင်ပြုစ်လျက် နောက်လိုက်တို့ထက် သာလွန်အောင် ပကျင့်နိုင်မူကား မသင့်လျော်ချေ' ဟူ၍ ကြံစည်ကာ ကသိုးပြတ်စွာဘုရားထံ၌ ရဟန်းပြု ကာ မမေ့မလျော့ ရဟန်းတရားကို အားထုတ်လေလျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ နောက်လိုက် ဥပါသကာငါးရာတို့သည် -

'ရှေ့ဆောင်ပြုစ်သူ ဂဝေသီဉပါသကာသည်ပင် ရဟန်းပြုတုံနိုင်ဘိသေး၏။ ငါတို့ နောက်လိုက်တို့သည်ကား အဘယ်ကြောင့် ရဟန်းမပြုနိုင်ရတုံအံ့နည်း' - ဟု ကြံကြကာ ထိုနောက်လိုက် ဥပါသကာ ငါးရာတို့သည်လည်း ကသိုပ မြတ်စွာဘုရားထံ၌ ရဟန်းပြုကြ၍ မမေ့မလျော့ ရဟန်းတရားကို အားထုတ်ကြရာတွင် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ ပိန့်တော်မူလေ၏။

'အာနန္ဒာ ... ဤသို့လျှင် ဂဝေသီအမှူးရှိသော ထိုငါးရာကုန်သော ရဟန်းတို့သည် လွန်ကဲသည်ထက် လွန်ကဲသော၊ မြတ်သည်ထက်မြတ်သော လုံ့လကို မမေ့မလျော့ အားထုတ်ကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။

အာနန္ဒာ ... သင်တို့သည်လည်း ဤသာသနာ၌ လွန်ကဲသည်ထက် လွန်ကဲသော၊ မြတ်သည်ထက် မြတ်သော လုံ့လကို မမေ့မလျော့ အားထုတ်ကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကုန်အံ့ ဟု ကျင့်ရမည်' - ဟူ၍ ပိန့်တော်မူလေ၏။

(အံ - ၁၈၉ / ၁၉၂။ မြန် - ၂၄၁ / ၂၄၅။ အံ - ၅ - ၃ - ၆၃ / ၄)

၄။ ဂဝေသီ ဥပါသကာ၏ သတိတရား၌ ဆောင်ရန်လက်ကမ္ပား

၁။	ရဟန်းများစွာ၊	ခြံရံကာ၊	မြတ်စွာကြွလေပြီ။
၂။	ရပ်တစ်ခုတွင်၊	အင်တောပတ်၊	မြတ်ရှင်တွေ့မြင်ပြီ။
၃။	ရွေးကဖြစ်ဖူး၊	အကြောင်းထူး၊	ဉာဏ်မြူးဆင်ခြင်ပြီ။
၄။	ဤနေရာမှာ၊	ရွေးအခါ၊	မြို့ ရွာဖြစ်ဖူးပြီ။
၅။	ကသဟမြတ်စွာ၊	ထိုမြို့မှာ၊	ဓိကာနေလေသည်။
၆။	ဂဝေသီနာမာ၊	အမည်သာ၊	တွေ့ရာ ပြုံးလေပြီ။
၇။	ဘုရားမြတ်စွာ၊	ပြုံးခြင်းဟာ၊	လွန်စွာညင်သာသည်။
၈။	လောကီတုံသား၊	လူအများ၊	ဟားဟားရယ်ကြသည်။
၉။	ရယ်ခြင်းတရား၊	ဆယ့်သုံးပါး၊	ထင်ရှားရှိလေသည်။
၁၀။	လောသောလေးပါး၊	ဟတစ်ပါး၊	ကုကားလေးဖြစ်သည်။
၁၁။	ကြိုလေးဖြာ၊	ပေါင်းလိုက်ရာ၊	ရယ်တာသိန်ဉာသည်။
၁၂။	ပုထုဇဉ်မှာ၊	လော,ကုသာ၊	ရှစ်ဖြာရယ်ကြသည်။
၁၃။	သောတာစဖြာ၊	ဒိဋ္ဌိကွာ၊	ခြောက်ဖြာရယ်လေသည်။
၁၄။	ရဟန္တာမူ၊	ကြိုဟူ၊	ငါးမူရယ်လေသည်။
၁၅။	အားကြီးအာရုံ၊	ဉာဏ်နှင့်ထုံ၊	နှစ်စုံရယ်လေသည်။
၁၆။	အားသေးလေထင်း၊	ဟသိန္နဉ်း၊	ဉာဏ်ကင်းရယ်ကြသည်။
၁၇။	ဤဖြစ်ရပ်မှာ၊	မြတ်ဗုဒ္ဓါ၊	ပြုံးတာဟဖြစ်သည်။
၁၈။	ပြုံးတော်မူသော်၊	လေးဆူသော်၊	စွယ်တော်များမှသည်၊

၁၉။ ထန်းတုံးပမာဏ၊ ရောင်ခြည်က၊ မြူးကြွပေါ် ထွက်သည်။
၂၀။ ဦးခေါင်းတော်မှာ၊ တြိမ်သုံးဆ၊ လက်ျာလှည့်လည်သည်။
၂၀။ စွယ်တော်ဖျားမယ်၊ ရောင်ခြည်နှယ်၊ လျောက်ကွယ်သွားလေသည်။
၂၂။ ဤနည်းဖြင့်သာ၊ အာနန္ဒာ၊ ပြုးတာသိလေသည်။
၂၃။ ပြုးခြင်းဖြစ်ပြန်၊ အကြောင်းမှန်၊ သိရန်လျောက်ထားပြီ။
၂၄။ ဂဝေသိမည်ငြား၊ ဥပါအား၊ တရားမိန့်လေပြီ။
၂၅။ ဇာသပရှင်တော်၊ လက်ထက်တော်၊ ဖြစ်ပေါ် ခဲ့လေပြီ။
၂၆။ ဂဝေသီစဖြာ၊ ဥပါသကာ၊ ဝါးရာရှိလေသည်။
၂၇။ ဂဝေသီမှာ၊ ရှေ့ဆောင်ရာ၊ ကျွန်တာနောက်ဖြစ်သည်။
၂၈။ ရှေ့ရောနောက်ပါ၊ ဥပါသာ၊ ကျင့်တာတူနေသည်။
၂၉။ ရှေ့ဆောင်ဆိုတာ၊ သာလွန်ရာ၊ ကျင့်တာရှိရမည်။
၃၀။ ဝါးပါးသိလေ၊ စောင့်ထိန်းပြု၊ နောက်ကလိုက်စောင့်သည်။
၃၀။ ဤတစ်ခါလေ၊ ထူနေဝဲ၊ ထူးကဲကျင့်ပြန်သည်။
၃၂။ ဖြဟ္မစရိယ၊ ကျင့်ထုံးပြု၊ နောက်ကလိုက်ကျင့်သည်။
၃၃။ ဤအချက်လေ၊ ထူပြန်ပဲ၊ လွန်ကဲကျင့်ပြန်သည်။
၃၄။ ညစာကိုပ၊ ရှောင်ကြဉ်ပြု၊ နောက်ကလိုက်ရှောင်သည်။
၃၅။ ဤအချက်လေ၊ တူတာပဲ၊ လွန်ကဲကျင့်ပြန်သည်။
၃၆။ ရဟန်းပြုကာ၊ အားထုတ်ရာ၊ ရဟန္တာဖြစ်လေသည်။
၃၇။ နောက်ကဝါးရာ၊ ဥပါသကာ၊ လိုက်ကာပြုကြပြီ။
၃၈။ တရားထုတ်ရာ၊ မကြာပါ၊ ရဟန္တာဖြစ်ကြပြီ။
၃၉။ ဤဘဝက၊ ထုတ်ဆောင်ပြု၊ ဗုဒ္ဓမိန့်လေပြီ။
၄၀။ ဤဘသနာ၊ တွေ့ ကြုံလော၊ များစွာလူတို့သည်၊
၄၁။ မေ့လို့မနေ၊ အားထုတ်လေ၊ ဂဝေထုံးအညီ။
၄၂။ သာသထက်သာ၊ အားထုတ်ရာ၊ လွန်စွာကျိုးရှိသည်။
၄၃။ သတိအရာ၊ ပြုငြင်ကြတာ၊ များတာမရှိပြီ။

၅။ သမဏာနုတ်သားဇ၏ သတိတရား ။ ။ ဘုရားရှင်လက်ထက်တော်က ရဟန်းတစ်ပါးသည် တောသို့သွား၍ အရဟာတ္တဖိုလ်အထိ ရရေးအတွက် ကမ္မဋ္ဌာန်းတရားကို အပြင်းအထန် အားထုတ်လေ၏။ မြတ်စွာဘုရားရှင်က သန်းခေါင်ယံအချိန်ကို ကျန်းမာရေးအတွက် အနားယူရန် ခွင့်ပြုထားသည်ကိုပင် ထိုရဟန်းသည် အနားမယူဘဲ အားထုတ်လေ၏။ မေ့လျော့စွာ နေရမည်ကို ကြောက်သည်ဖြစ်၍ နေ့လည်းမအိပ်၊ ည‌လည်းမအိပ် အလွန်ပြင်းထန်စွာ အားထုတ်သဖြင့် အစားအသောက်ပါ ပျက်ရကား ဝမ်းထဲ၌ အာဟာရပြတ်ကာ လေသင်တုန်းဖြတ်၍ ပျံတော်မူလေ၏။

ထိုရဟန်းသည် ကိလေသာရန်သူတို့နှင့် သူနိုင်ကိုယ်နိုင် အပြိုင်စစ်တိုက်ရင်းပင် သေလွန်၏ဟု ဆိုနိုင်ပေ၏။ မှန်၏။ စကြံသွား၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ၊ လျောင်း၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ တရားအားထုတ်ရင်း သေလွန်သူတို့သည်လည်းကောင်း၊ လူအများအား တရားဟောရင်း သေလွန်သူတို့သည်လည်းကောင်း ကိလေသာရန်သူတို့နှင့် တိုက်ပွဲဝင်ရင်း သေလွန်သည် မည်လေ၏။

ဤရဟန်းသည်လည်း အရဟတ္တဖိုလ်ကို ရည်မှန်း၍ အပြင်းအထန် အားထုတ်သော်လည်း ပါရမီအားနည်းသောကြောင့် တစ်စုံတစ်ခုသော တရားထူးကို မရမူဘဲ စကြံ လမ်း၌ ပျံတော်မူ၍ တာဝတိံသာနတ်ပြည်၌ ကြီးကျယ်ကောင်းမွန်သော ဗိမာန်တံခါး၌ အိပ်၍နိုးသောသူကဲ့သို့ နတ်သားဖြစ်လေ၏။ ထိုနတ်သားအား ရွှေတိုက်တိုင်ကဲ့သို့ သုံးဂါဝုတ်ရှိသော အတ္တဘောသည် ဖြစ်လေ၏။

ရွှေဗိမာန်အတွင်း၌ တစ်ထောင်မျှလောက်ကုန်သော နတ်သမီးတို့သည် ထိုနတ်သားကို မြင်ကုန်၍ 'ဗိမာန်အရှင် နတ်သားသည် ရောက်လာပြီ။ ငါတို့အရှင် နတ်သားကို ဖူးမြင်ကုန်အံ့' ဤသို့ တိုင်ပင်စုဝေး၍ စည်, စောင်း စသော တူရိယာတို့ကို ယူကုန်၍ ခြံရံကုန်၏။

ထိုနတ်သားသည် မိမိသေသည်၏အဖြစ်ကို မသိသည်ဖြစ်၍ မိမိကိုယ်ကို ရဟန်းဟု မှတ်ထင်လျက် နတ်သမီးတို့ကို တွေ့လျှင် ကျောင်းစဉ်လှည့်လည်သော မာတုဂါမများ ဖြစ်လိမ့်မည်ဟု မှတ်ယူကာ ဟိရီ၊ ဩတ္တပ္ပနှင့် ပြည့်စုံသော ပံသုကူရဟန်းကဲ့သို့ ပခုံးတင် သင်္ကန်းများကို ပြန်ပြုပြင်၍ ပုခုံး၌တင်၍ မျက်လွှာချလျက် နေလေ၏။

ထိုနတ်သား၏ အပြုအမူကို ကြည့်၍ နတ်သမီးတို့သည် 'ရဟန်းဘဝက ဖြစ်လာသော သမဏာနတ်သား ဖြစ်လိမ့်မည်' ဟု သိကုန်၍ ထိုနတ်သားအား ဤသို့ ပြောဆိုကုန်၏။

'အရှင်နတ်သား ... ဤနေရာဌာနသည် နတ်တို့၏ နေရာဌာန ဖြစ်၏။ ရဟန်းတရားကို ပြုရန်ဌာနမဟုတ်။ နတ်စည်းစိမ်ချမ်းသာကို ခံစားရန်ဌာနတည်း'

ထိုသို့ ပြောဆိုကြသော်လည်း ထိုသမဏာနတ်သားသည် မျက်လွှာချမြဲ ချလျက်သာ နေလေ၏။ ထိုအခါ ထိုနတ်သမီးတို့သည် ကိုယ်လုံးပေါ်မှန်ကိုယူ၍ နတ်သား၏ ရှေ့မှ ထောင်ပြကြကုန်၏။

ထိုအခါမှ ထိုနတ်သားသည် ဗိမိတ်ရှင်ကိုမြင်၍ ဗိမိသေသည်၏အဖြစ်ကို သိ၍ -

'ငါသည် ဤနတ်ပြည်ဌာနသို့ တောင့်တ၍ ရဟန်းတရား အားထုတ်သည် ပဟုတ်ပေ။ အရဟတ္တဖိုလ်ကို တောင့်တ၍ အားထုတ်ခဲ့၏'

- ဟု ကြံစည်ကာ နတ်စည်းစိမ်၌ နှလုံးမသာ ဖြစ်လေ၏။ ရွှေတံဆိပ်ဘွဲ့ကို ဆွတ်ခူးလို၍ စစ်တိုက်သော စစ်သူကြီးသည် ဆန်လက်တစ်ဆုပ်စာမျှ ရသကဲ့သို့ ထိုနတ်သားသည် -

'ဤနတ်စည်းစိမ်မည်သည်ကား ရလွယ်၏။ ဘုရားရှင်တို့နှင့် တွေ့ရန်မူကား ရနိုင်ခဲလှပေ၏' ဟု မမေ့မလျော့သော သတိကို ဖြစ်စေ၍ -

ဗိမိ၏ နတ်ဗိမာန်အတွင်းသို့ မဝင်သေးဘဲ၊ ရဟန်းဘဝက ထိန်းသိမ်းခဲ့သော သီလကို မဖျက်သေးဘဲသာလျှင် နတ်သမီးအပေါင်း ခြံရံလျက် မြတ်စွာဘုရားထံသို့ သွား၍၊ ရိုသေမြတ်နိုးရှိခိုး၍ ရပ်တည်၍သာလျှင် မြတ်စွာဘုရားအား ဤဂါထာကို ရွတ်ဆိုလျှောက်ကြားလေ၏။

'မြတ်စွာဘုရား... နတ်ပြည်၌ရှိသော နန္ဒဝန်ဥယျာဉ်သည် နတ်သမီးအပေါင်းတို့၏ သိဆိုတီးမှုတ်သံတို့ဖြင့် ကြွေးကြော်ဆူညံရာဌာန ဖြစ်ပေ၏။ ပြေဘုတ်ဘီလူးမနှင့် တူကုန်သော နတ်သမီးတို့သည် အပြုံမပြတ် သွားလာဝင်ထွက်ရာဌာနလည်း ဖြစ်ပေ၏။ နန္ဒဝန်ဒေါ်ဆို ထိုဥယျာဉ်တော်ကြီးသည် ဝင်လာသူတို့ကို မူးယစ်တွေဝေစေတတ်ပါ၏။ ပြေဘုတ်ဘီလူးပတွေ ပျော်စံရာဖြစ်သော ထိုဟဟနတောကြီးမှ အဘယ်နည်းဖြင့် လွန်မြောက်နိုင်ပါအံ့နည်း'

ဤသမဏနတ်သားကား လောကုတ္တရာတရား၌ အလေးပြုသည်၏အဖြစ်ကြောင့် နတ်သမီးအပေါင်းကို ပြေဘုတ်ဘီလူး ဟူ၍လည်းကောင်း၊ နန္ဒဝန်ဥယျာဉ်ကို မွေ့လျော်မှု၊ တွေဝေမှုကို ဖြစ်စေတတ်ရကား ဟဟန-ဟူ၍လည်းကောင်း ဆိုခြင်းဖြစ်လေသည်။

ထိုအခါ မြတ်စွာဘုရားသည် ထိုသမဏနတ်သားအား အောက်ပါဂါထာတို့ကို ဟောကြားတော်မူလေ၏။

၁။ နတ်သား ... အရိယာမဂ်တည်းဟူသော လမ်းသည် လမ်းဖြောင့်မည်၏။ ထိုနိဗ္ဗာန်အရပ်သည် ဘေးမရှိရာ အရပ်မည်၏။ ဝိရိယတည်းဟူသော ဓမ္မစက်နှင့်ယှဉ်သော အရိယမဂ်သည် အသံမမည်သော ရထားမည်၏။

၂။ ရုက်ခြင်း၊ ကြောက်ခြင်း ဟိရိဩတ္တပ္ပသည် အရိယာမဂ်ဟူသော ရထား၏ အမှိုတ်ကဲ့ မည်၏။ အောက်မေ့ခြင်း သတိသည် အရိယာမဂ်ဟူသော ရထား၏ အကာအရံမည်၏။ ကောင်းသောအမြင် ဝိပဿနာ သမ္မာဒိဋ္ဌိ ရှေ့ဆွားရှိသော တရားကို ရထားမှူးဟူ၍ ဆိုအပ်၏။

၃။ အကြင်မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ထိုမဂ္ဂင်ယာဉ်သည် ရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် စင်စစ် ထိုမဂ္ဂင်ယာဉ်ဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်၏ - ဟု ဗိန္ဓတော်မူလေ၏။

ဤတရားဂါထာအဆုံး၌ သမဏနတ်သားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(သံ - ၁ - ၃၀ ။ မြန် - ၃၂၊ သံ ဋ္ဌ - ၁- ၈၀ / ရာ)

၅။ သမဏာနုတ်သားဏ် သတိတရား၌ ဆောင်ရန်လက်ငါးများ

၀။	ရဟန်းတစ်ပါး၊	တောသို့သွား၊	တရားအားထုတ်သည်။
၂။	ရဖို့လိုရင်း၊	အပြင်းထန်၊	ဖန်ဖန်အားထုတ်သည်။
၃။	သန်းခေါင်ချိန်ပင်၊	မနားအင်၊	လွန်ပင်လွဲကြိုးသည်။
၄။	အစားသောက်ပျက်၊	အိပ်ရေးပျက်၊	ဝမ်းတွက်ချို့တဲ့သည်။
၅။	လေသင်ဖြတ်ကာ၊	ရဟန်းမှာ၊	ခန္ဓာစဲရပြီ။
၆။	ကိလေစစ်ထင်း၊	ဆင်နွှဲရင်း၊	သေခြင်းပြုရသည်။
၇။	အိပ်သောယောကျ်ား၊	နိုးသောလား၊	နတ်သားဖြစ်လေပြီ။
၈။	နတ်သမီးတစ်ထောင်၊	ပျော်လို့တောင်၊	ကြိုဆောင်ပြုကြပြီ။
၉။	သမ္မန်းကိုကား၊	မသိငြား၊	နတ်သားရဟန်းသည်၊
၁၀။	ကျောင်းစဉ်လှည့်လာ၊	မာတုဂါ၊	စိတ်မှာထင်နေသည်။
၁၁။	ကိုယ်လုံးမှန်ပါ၊	ထောင်ပြမှ၊	နတ်ဘဝသိဖြင်ပြီ။
၁၂။	နိဗ္ဗာန်ကိုချိန်၊	နတ်စည်းစိမ်၊	ရချိန်လွဲခဲ့ပြီ။
၁၃။	နတ်စည်းစိမ်ကား၊	ရလွယ်ငြား၊	ဘုရားတွေ့ခဲသည်။
၁၄။	သီလမပျက်ခင်၊	ဘုရားရှင်၊	မှန်ဝင်လျှောက်ထားပြီ။
၁၅။	နတ်ပြည်၌ဝင်၊	နန္ဒဝန်၊	ဥယျာဉ်တစ်ဝိုက်သည်၊
၁၆။	တူရိယာသံ၊	သိချင်းသံ၊	စီညံလှပေသည်။
၁၇။	ဘုတ်မများစွာ၊	ဝင်ထွက်ရာ၊	ဌာနာဖြစ်လေသည်။
၁၈။	မေ့လျော့ရာပေ၊	မူးယစ်စေ၊	တွေဝေစေလေသည်။
၁၉။	အဘယ်နည်းပ၊	ထိုတောမှ၊	လွတ်ရမေးလေပြီ။
၂၀။	ဖြတ်စွာဘုရား၊	နတ်သားအား၊	ဖြေကြားပြုလေပြီ။
၂၁။	မဂ္ဂင်ရစ်ပါး၊	လမ်းသည်ကား၊	ဖြောင့်တန်းလမ်းဖြစ်သည်။
၂၂။	ဘေးကင်းအရပ်၊	နိဗ္ဗာန်ဖြတ်၊	တပ်အပ်သိုင်းသည်။
၂၃။	ဝိရိဓမ္မစက်၊	ယှဉ်တုံချက်၊	ရိမဂ်တရားသည်၊
၂၄။	အသံမမည်၊	ရထားသည်၊	တစ်လှိုဖြစ်လေသည်။
၂၅။	ဟိရိသြတ္တာ၊	ရထားမှာ၊	မှီရာဖြစ်လေသည်။
၂၆။	သတိမူကား၊	ကာရံထား။	ရန်မှားလုံလေသည်။

၂၇။ ရထားမှူးမှာ၊ ဝိသမ္ဘာ၊ ဖြောင့်စွာသွားစေသည်။
၂၈။ လောကတစ်ခွင်၊ မဂ္ဂင်ယာဉ်၊ ရှိအင်ထူတို့သည်၊
၂၉။ နိဗ္ဗာန်ထုတ်ချောက်၊ တောက်လျောက်၊ အရောက်သွားနိုင်သည်။
၃၀။ တရားဆုံးရာ၊ နတ်ထားမှာ၊ သောတာဖြစ်လေသည်။
၃၁။ အသံမကြား၊ မင်္ဂလတား၊ စီးသွားနိုင်ကြပြီ။

၆။ မိလကထေရ်၏ သတိတရား ။ ။ မိလကထေရ်ကား လူဘဝက မုဆိုးတစ်ဦး ဖြစ်၏။ တောခွေ ညွတ်ကိုင်း တစ်ရာ၊ ဖိကျောက်တစ်ရာတို့ကို ထောင်၍ သားကောင်တို့ကို သတ်ဖြတ်၍ အသက်မွေးဝမ်းကျောင်း ပြုလေ၏။ တစ်နေ့သောအခါ၌ သားကောင်တစ်ကောင်၏ အသားကို မီးကင် စားသောက်ပြီးနောက် ညွတ်ကိုင်း ထောင်ရာတို့၌ သားကောင် ဖိ, မဖိ လှည့်လည် ကြည့်ရှုရာတွင် ရေ အလွန်ဆာသဖြင့် တောကျောင်း၌ သိတင်းသုံးသော မထေရ်တစ်ပါး၏ ကျောင်းသို့သွား၍ စကြံ့လမ်း၌ တည်ထား သော သောက်ရေအိုးကို ဖွင့်ရာတွင် လက်စိုရုံရေမျှကိုပင် မပြင်သည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ ဤသို့ မြည်တမ်းပြောဆိုလေ၏။

'ရဟန်း... ရဟန်း... သင်တို့သည် လူဒါယကာတို့ လူ့ဒါန်းအဝံသော ဘောဇဉ်အဟာရတွေကို စား၍စား၍ အိပ်လိုပဲ နေကြကုန်၏။ သောက်ရေမျှကိုပင် မပြည့်ကြပါကလား'

ထိုအခါ မထေရ်သည် 'ငါသည် သောက်ရေတို့ကို အပြည့်ပြည့်ထား၏။ သို့ဖြစ်လျက် ဤဒါယကာသည် သောက်ရေမရှိ' ဟူ၍ ပြောဆိုနေဘိ၏။ 'အကြောင်းအသို့နည်း' – ဟု ကြံ၍ လာရှုကြည့်သည်ရှိသော် သောက်ရေအပြည့် ရှိသည်ကို မြင်၍ 'ဤဒါယကာကား လူစင်စစ်က ပြိတ္တာဖြစ်နေသူပါလား' – ဟူ၍ ဆင်ခြင်မိလေ၏။ ထို့နောက် မထေရ်သည် ထိုမိလကဒါယကာ အား သောက်ရေခွက်ဖြင့် ခပ်၍တိုက်လေ၏။ မိလကမုဆိုးသည် အလွန်ဆာလောင်လှသည်ဖြစ်၍ (၃၂)ခွက် ကုန်သော သောက်ရေတို့ကို နွားတေ်ရေကျ သောက်မိလေ၏။ သောက်ပြီး၍ မိလကမုဆိုးသည် –

'ဤသို့ အိုးအပြည့်ရှိနေသော သောက်ရေသည်ပင် ငါ၏ အကုသိုလ်ကံကြောင့် လောလောဆူသော မီးအိုးကဲ့သို့ ဖြစ်လေ၏။ ငါ၏ဘဝသည် နောင်ဘဝ၌ အဘယ်သို့ ဖြစ်လိမ့်မည်နည်း' – ဟု သတိသံဝေဂ ရသည်ဖြစ်၍ လေး၊ မြားတို့ကို စွန့်လျက် တောရမထေရ်ကြီးထံတွင် ကိုရင်ကြီးဝတ်၍ နေလေ၏။ မိလက ကိုရင်ကြီးသည် ရဟန်းတရားကို အားထုတ်ရာ၌ သားကောင်တို့ကိုလည်းကောင်း၊ ညွတ်ကိုင်းတို့ကိုလည်းကောင်း မြင်ယောင်ထင်ယောင် ဖြစ်လျက်သာ နေလေ၏။ စိတ်၏ တည်ကြည်မှုကို မရပေ။ မိမိ၏ အကုသိုလ်အမှုကို အဖန်ဖန် အောက်မေ့သော မိလကကိုရင်ကြီးအား ခန္ဓာကိုယ်သည် မီးနှင့်မြှိုက်သကဲ့သို့ ပူလောင်၍လာလေ၏။ ကောက်ကျစ်သောနွားသည် လမ်းကို ဖြောင့်စွာ မသွားဘိသကဲ့သို့ မိလကကိုရင်ကြီးသည် ကမ္မဋ္ဌာန်း၏ ဖြောင့်သောလမ်းသို့ မသွားနိုင် ဖြစ်နေလေ၏။

မိလကရဟန်းသည် စိတ်တည်ကြည်မှုကို မရသည်ဖြစ်၍ ရဟန်းတရား အားထုတ်ခြင်း၌ မမွေ့လျော်မှု နှိပ်စက်သည်ဖြစ်၍ မထေရ်ထံသို့ သွားရောက်ကာ 'ရဟန်းတရား အားထုတ်ခြင်းဟု မည်းနိုင်ထားပါ' – ဟူ၍ လျှောက်လေ၏။ ထိုအခါ မထေရ်သည် မိလကကိုရင်ကြီးအား ရေသဖန်းစိုထင်းတို့ကို ဆောင်ယူစေ၍ အပုံကြီးဖြစ်အောင်

ပုံစေပြီးနောက် ဖိုးရှိုခိုင်းလေ၏။ မိလကကိုရင်ကြီးသည် အလုံးဖန် အားထုတ်ဖိုးရှိသော်လည်း ဖိုးမလောင်နိုင်ဖြစ်လေ၏။

ထိုအခါ မထေရ်ကြီးသည် ဖိုဖိတန်ခိုးဖြင့် အဝိစိမှ ပိုးစုန်းကြူးမျှလောက်သော ဖိုးပွားကိုယူ၍ ရေစိုသဖန်းထင်းတုံးပုံကြီးသို့ ထည့်လိုက်လေ၏။ ကြီးစွာသော ထင်းပုံကြီးသည် သစ်ရွက်ခြောက်တစ်ရွက်ကို ဖိုးထဲ ထည့်လိုက်သကဲ့သို့ ခဏချင်း လောင်မြိုက်သွားလေ၏။ ထို့နောက် မထေရ်ကြီးသည် မိလကကိုရင်ကြီးအား အဝိစိငရဲကိုလည်း ပြလိုက်လေ၏။ 'သင်သည် လူထွက်အံ့၊ ဤအဝိစိငရဲ၌ လောင်မြိုက်ခံရလတ္တံ့' ဟု ဆုံးမစကား ပြောကြားလေ၏။ မိလက ကိုရင်ကြီးလည်း အဝိစိငရဲကို မြင်ရသည်ဖြစ်၍ အလွန်တုန်လှုပ်လျက် မထေရ်ကြီးကို –

'အရှင်ဘုရား ... ဝုဒ္ဓသာသနာတော်သည် သံသရာဝဋ်ဒုက္ခမှ အမှန်ပင် လွတ်မြောက်နိုင်စေပါသလား' – ဟု မေးမြန်းလေ၏။

'ကိုရင်ကြီး ... မငမ့ုမလျော့ ကြိုးစားအားထုတ်သူအား အမှန်ပင် လွတ်မြောက်စေ၏' – ဟု ဖြေကြားလေ၏။

မိလကကိုရင်ကြီးသည် သတိသံဝေဂ ကြီးစွာရသည်ဖြစ်၍ ရဟန်းတရားကို အပြင်းအထန် အားထုတ်လေ၏။ အိပ်ငိုက်ခြင်း ဖြစ်လာသောအခါ၌ စိုသော ကောက်ရိုးခွေကို ဦးခေါင်း၌ ထား၏။ ခြေတို့ကို ရေကန်ထဲ၌ ချ၏။ ဤနည်းဖြင့် အိပ်ငိုက်ခြင်းကို ဖြေဖျောက်၍ တရားကို အားထုတ်လေ၏။ တစ်နေ့သောအခါ၌ မိလကကိုရင်ကြီးသည် သောက်ရေကို စစ်၍ ရေအိုးကို ပေါင်ချထား၍ ရေ၏ ပြတ်စဲခြင်းကို ငံ့လျက် ရပ်တည်လေ၏။ ထိုအခါ မထေရ်ကြီးသည် အပြင်းအထန် အားထုတ်နေသော မိလကကိုရင်ကြီးအား အောက်ပါဂါထာကို ရွတ်ဆိုပေးလေ၏။

' ထက္ကြလုံ့လ ဝီရိယရှိသော၊ သတိနှင့် ပြည့်စုံသော၊ စင်ကြယ်သောကိုယ်မှု, နှုတ်မှုရှိသော၊ စူးစမ်းဆင်ခြင် ၍ ပြုလေ့ရှိသော၊ ကိုယ်,နှုတ် စောင့်စည်းသော၊ တရားသဖြင့် အသက်မွေးခြင်း ရှိသော၊ မမေ့မလျော့ နေသောသူအား ချမ်းသာစည်းစိမ်များသည် တစ်နေ့တစ်ခြား တိုးပွား၍ လာနိုင်ပေ၏'

ထိုအခါ မိလကကိုရင်ကြီးသည် ထိုဂါထာကို ကြား၍ –

'ငါသည် ရဟန်းပြုသည်မှစ၍ ထက္ကြလုံ့လ ဝီရိယရှိသူဟူသည် ငါကဲ့သို့သာ ဖြစ်ရာ၏။ သတိရှိသူသည် ငါကဲ့သို့သာ ဖြစ်ရာ၏။ စင်ကြယ်သူသည် ငါကဲ့သို့သာ ဖြစ်ရာ၏။ အသက်မွေးဝမ်းကျောင်း စင်ကြယ်သူသည် ငါကဲ့သို့သာ ဖြစ်ရာ၏။ မငမ့ုမလျော့နေသူသည် ငါကဲ့သို့သာ ဖြစ်ရာ၏' – ဟု ကြံစည်လေ၏။

မိလက ကိုရင်ကြီးသည် ထိုသို့ ရပ်တည်လျက်သာလျှင် တရားအားထုတ်လေရာ အနာဂါမိဖိုလ်သို့ ရောက်လေ၏။ ထိုအခါ ကိုရင်ကြီး မိလကသည် ဤသို့ ဥဒါန်းကျူးလေ၏။

'ငါသည် စိုသော ကောက်ရိုးခွေကို ဦးခေါင်းပြင့် ရွက်၍ စကြံကြွ၏။ တရားကို မငမ့ုမလျော့ ကြိုးစားအားထုတ်၏။ သုံးခုမြောက် အနာဂါမိဖိုလ်သို့ ရောက်ခဲ့လေပြီ။ ဤအရာ၌ ငံ့အား ယုံမှားသံသယ မရှိတော့ပေ။ အချင်းတို့...မြတ်စွာဘုရား၏ သာသနာတော်၏ အာနုဘော်ကား ကြီးမားလှပေစွ'

၄။ မိလကထေရ်၏ သတိတရား၌ ဆောင်ရန်လက်ကျများ

၁။	လူဘဝတာ၊	မုဆိုးပ၊	မိလကဖြစ်ခဲ့သည်။
၂။	ဖိကျောက်တစ်ရာ၊	ညွတ်တစ်ရာ၊	ထောင်ကာဖမ်းခဲ့သည်။
၃။	မြီးကင်စားကာ၊	တစ်နေ့မှာ၊	တောမှာလှည့်လည်သည်။
၄။	ရေဆာလွန်းရာ၊	ရေကိုသာ၊	လိုက်ကာရှာလေပြီ။
၅။	တောတစ်ကျောင်းမှာ၊	ရေအိုးပါ၊	ဖွေရှာတွေ့လေပြီ။
၆။	အဖုံးကိုဖေ၊	ဖွင့်လိုက်လေ၊	ရေတွေမတွေ့ပြီ။
၇။	ရဟန်းတွေဟာ၊	လှူဒါန်းထား၊	စားကာအိပ်ကြသည်။
၈။	သောက်ရေကိုမျှ၊	မဖြည့်ကြ၊	မိလကပြောလေပြီ။
၉။	ထိုစကားကြား၊	မထေရ်ကား၊	ထွက်ငြားကြည့်လေပြီ။
၁၀။	သောက်ရေအိုးမှာ၊	ရေတွေဟာ၊	ပြည့်ကာနေလေသည်။
၁၁။	လူစင်စစ်တွင်၊	ပြိတ္တာပင်၊	ဖြစ်အင်နေလေပြီ။
၁၂။	သနားချီသာ၊	ရေခပ်ကာ၊	ကောင်းစွာတိုက်လေပြီ။
၁၃။	သုံးဆယ့်နှစ်ခွက်၊	သောက်လေချက်၊	ဆာချက် မပြေပြီ။
၁၄။	သံဝေဂထင်၊	ရချိပင်၊	ကိုရင်ဝတ်လေပြီ။
၁၅။	တရားဘာဝနာ၊	အားထုတ်ရာ၊	စိတ်မှာမတည်ပြီ။
၁၆။	သားကောင်များစွာ၊	ညွတ်ကိုင်းမှာ၊	မိတာဖြင်ယောင်ပြီ။
၁၇။	တောက်ကျစ်လေနွား၊	လမ်းပေါ် အား၊	မသွားလေသို့သည်၊
၁၈။	တမ္ဗဒွာန်းလမ်းမှာ၊	ဖြောင့်တန်းစွာ၊	စိတ်ဟာမနေပြီ။
၁၉။	မဖျက်မွေ့ချက်၊	နှိပ်စက်ချက်၊	လူထွက်လျှောက်ထားပြီ။
၂၀။	ရေသဖန်းဝိုတွေ၊	စုပုံလေ၊	မီးတွေရှို့ခိုင်းသည်။
၂၁။	ဘယ်လိုရှို့ရှို့၊	မီးမပို့၊	ချွေးစိုထွက်လေပြီ။
၂၂။	ငရဲမီးပွား၊	ပိုးစုန်းလား၊	ချထားပြလိုက်ပြီ။
၂၃။	ခဏချင်းတည်း၊	ထင်းပုံကြီး၊	လောင်မီးကျခဲ့ပြီ။
၂၄။	ငိုစိုင်ရဲ၊	ပြလိုပဲ၊	ထပ်လဲသိစေသည်။
၂၅။	တိုရင်ကြီးကား၊	အလွန်အား၊	ချောက်ချားတုန်လှုပ်ပြီ။
၂၆။	သတိသံဝေ၊	ကြီးစွာလေ၊	မှန်ပေရလေပြီ။

၂၇။ တရားတစ်ဖန်၊ အပြင်းထန်၊ ဖန်ဖန်ရှုလေပြို။
၂၈။ တစ်ခါတစ်ခါ၊ အိပ်ပိုက်တာ၊ ဖြစ်ကာလာခဲ့သည်။
၂၉။ ရေအိုင်တွေ၊ ကောက်ရိုးခွေ၊ ခေါင်းပေတင်ထုတ်သည်။
၃၀။ မထေရ်ကြီးဆို၊ ဂါထာကို၊ ရွတ်ဆိုပေးလေသည်။
၃၁။ လုံ့လရှိသူ၊ သတိဟူ၊ ရှိသူဖြစ်ရမည်။
၃၂။ မှေ့လျော့စွာ၊ မနေရာ၊ ပျင်းတာရှောင်ရမည်။
၃၃။ ထိုသို့နေကြား၊ စည်းစိမ်ကား၊ တိုးပွားလာပေမည်။
၃၄။ ထိုဂါထာကြား၊ ကိုရင်ကား၊ စိတ်ထားတည်ကြည်ပြို။
၃၅။ လုံ့လရှိတာ၊ မမေ့တာ၊ ငါသာဖြစ်လေသည်။
၃၆။ ရပ်တည်၍မှန်၊ အားထုတ်ပြန်၊ နာဂါမ်ဖြစ်လေပြို။
၃၇။ ဝမ်းသာ၍သာ၊ ကိုရင်ဟာ၊ ဥဒါကျူးလေပြို။
၃၈။ စိုသောကောက်အား၊ ဦးခေါင်းထား၊ ငါကားအားထုတ်သည်။
၃၉။ နာဂါမ်ဖိုလ်အား၊ ရလေငြား၊ ယုံမှားမရှိပြို။
၄၀။ သာသနာတော်၊ အာနုဘော်၊ ရှိနှစ်လွန်ကြိုးသည်။
၄၁။ တရားကိုမျှား၊ လွန်အားထား၊ ကြိုးစားကြရမည်။

၇။ ပံသုကူလသညကထေရ်၏ သတိတရား ။ ။ လွန်ခဲ့သော (၉၂)ကမ္ဘာထက်က တိသမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ မြတ်စွာဘုရားသည် ပံသုကူသက်န်းကို ကောက်ယူ၍ တန်းခြ တင်ထားကာ ကျောင်းတော်သို့ ဝင်ကြွတော်မူလေ၏။ မြတ်စွာဘုရားရှင် ပံသုကူသက်န်းကို တန်းခြ တင်ထားတော်မူသည်ကိုလည်းကောင်း၊ ကျောင်းတော်သို့ ဝင်ကြွတော်မူသည်ကိုလည်းကောင်း ပံသုကူလသညကထေရ် အလောင်းသည် ဖူးမြင်လိုက်ရပေ၏။

တစ်နေ့သောအခါ၌ ပံသုကူလသညကထေရ်အလောင်းသည် လေးနှင့် သန်လျက်တို့ကို ယူ၍ အစားအစာအကျိုးငှါ တောသို့ဝင်၍ သားကောင်တို့ကို လှည့်လည်ရှာဖွေလေ၏။ ထိုသို့ ရှာဖွေနေစဉ် သစ်ပင်ဖျားခြ ငြိတွယ်နေသော ပံသုကူသက်န်းစကို တွေ့မြင်လေ၏။ ထေရ်အလောင်းသည် ပံသုကူသက်န်းစကို မြင်လျှင်ပင် တိသဘုရားရှင်ကို အမှတ်ရလေ၏။ သတိရလေ၏။ အောက်မေ့မိလေ၏။ ' ဤသက်န်းသည်ကား ဘုရားရှင်တို့ ဝတ်ရုံတော်မူသော သက်န်းပေတကား'_ ဟူ၍ နှလုံးသွင်း ဆင်ခြင်လျက် ဘုရားကို အာရုံပြုကာ လေးနှင့် သန်လျက်ကိုချ၍ ပံသုကူသက်န်းကို ရှိခိုးလေ၏။

မကြာမီ ထေရ်အလောင်း ကွယ်လွန်၍ နတ်ပြည်၌ ဖြစ်လေ၏။ ဘုရားကို အမှတ်သတိရပြီး ပံသုကူသက်န်းကို ရှိခိုးခဲ့သော အချိန်မှစ၍ (၉၂)ကမ္ဘာအတွင်း အပါယ်သို့ မလားရောက်ရပေ။

ဂေါတမဘုရားရှင်လက်ထက်၌ လူအဖြစ်ကိုရပြီး ရဟန်းပြု၍ ရဟန်းအဖြစ်နှင့် ရဟန်းတရားအားထုတ်ရာတွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ပံသုကူလသညကထေရ်ဟု ဘွဲ့မည်တွင်လေ၏။

(အပ - ၂ - ၅၅။ မြန် - ၅၀)

၇။ ပံသုကူလသညကထေရ်၏ သတိတရား၌ ဆောင်ရန်လက်များ

၀။ ကိုးဆယ့်နှစ်ကာ၊ တမ္ဘာက၊ တိသတုရားသည်၊
၂။ နတ်လူအများ၊ ကျိုးစီးပွား၊ ထင်ရှားပွင့်လေသည်။
၃။ ပံသုသင်္ကန်း၊ ထန်းဥလွှမ်း၊ ကျောင်းခန်းဝင်ကြွထည်။
၄။ ပံသုကူလ၊ ဆည်ထ၊ ထေရအလောင်းသည်၊
၅။ တိသမြတ်ရှင်၊ လွှမ်းတာပင်၊ ပူးဖြင်လိုက်ရသည်။
၆။ အစားအစာ၊ အလိုငှါ၊ တောမှာလှည့်လည်သည်။
၇။ ထန်လျက်လေးမြား၊ လက်နက်များ၊ ဆောင်ပြားယူလာသည်။
၈။ သစ်ပင်ဗျားမူ၊ သင်္ကန်းဟူ၊ လူလွှဲလွှင့်နေသည်။
၉။ သင်္ကန်းစအား၊ ဖြင်လေပြား၊ တုရားအောက်ခံမှုပြီ။
၁၀။ သန်လျက်လေးမြား၊ ဖြေဦးပြား၊ ချထားလိုက်လေပြီ။
၁၁။ ဤသင်္ကန်းကား၊ ဖြတ်တုရား၊ ဝတ်ပြားသုံးပြုသည်။
၁၂။ ဘုရားအာရုံ၊ စိတ်မှာထုံ၊ လက်စုရှိုးပြီ။
၁၃။ မကြာမီမှာ၊ သေလေရာ၊ နတ်ရွာရောက်လေသည်။
၁၄။ ကိုးဆယ့်နှစ်ကမ္ဘာ၊ အပါယ်ရွာ၊ လားတာမရှိပြီ။
၁၅။ ဂေါတမဗုဒ္ဓ၊ လက်ထက်ကျ၊ မနုဿ လာဖြစ်သည်။
၁၆။ ရဟန်းပြုကာ၊ အားထုတ်ရာ၊ ရဟန္တာဖြစ်လေသည်။
၁၇။ ဝိဇ္ဇာသုံးဖြာ၊ သမ္ဘိဒါ၊ တိညာရလေသည်။
၁၈။ ရတနာသုံးဖြာ၊ အောက်မေ့ရာ၊ တယ်မှာမှားလိမ့်မည်။
၁၉။ ကိ,ကုတ်အကျိုး၊ ဆဆတိုး၊ ဖွံ့ဖြိုးစည်ပင်မည်။

သတိအပ္ပင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

အမှာ ။ ။ သမာဓိအပ္ပင့်ကား ရှေ့ ကေဂွတာခန်းက ပြီးခဲ့ပြီ။

ပညာအဖွင့်လာ ကိုယ်ကျင့်တရားများ

၁။ ပညာ၏ လက္ခဏာများ ။ ။ ပဇာနတိတိ ပညာ။ 'ကျိုကား ဒုက္ခသစ္စာတည်း' စသည်ဖြင့် အရိယသစ္စာတရား လေးပါးတို့ကို အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏။

ပညာပေတိတိ ပညာ – 'အနိစ္စ ဒုက္ခ အနတ္တ' ဟု အပြားအားဖြင့် သိစေတတ်သောကြောင့် ပညာမည်၏။ ထိုပညာသည် –

၁။ ဩဘာသန လက္ခဏာ – ထွန်းပြခြင်း လက္ခဏာရှိ၏။

ပဇာနန လက္ခဏာ – အပြားအားဖြင့် သိခြင်းလက္ခဏာရှိ၏။

ထိုတွင် ထွန်းပြခြင်း လက္ခဏာရှိ၏ ဟူသည် – အမှောင်ခန်းတစ်ခန်း၌ ဆီမီးကို ထွန်းအပ်သည်ရှိသော် အလင်းရောင်သည် ထင်ရှားဖြစ်သကဲ့သို့ ဤအတူ ပညာသည် ထွန်းပြခြင်း လက္ခဏာရှိ၏။ လောက၌ ပညာနှင့် တူသော အရောင်သည်မရှိ။ မှန်၏။ ဝိပဿနာပညာရှိသော ပုဂ္ဂိုလ်သည် တင်ပလ္လင်ခွေ တစ်ထိုင်တည်းဖြင့် ထိုင်နေသည်ရှိသော် တစ်သောင်းသော လောကဓာတ်သည် တစ်ခုတစ်စပ်တည်း အရောင်ရှိလေ၏။ အရိယသစ္စာလေးပါးတို့ကို ထင်ရှားပြလေ၏။

အပြားအားဖြင့် သိခြင်းလက္ခဏာရှိ၏ ဟူသည် – ကျွမ်းကျင်သော ဆေးဆရာသည် မကျန်းမာသူတို့အား လျော်ပတ်၊ မလျော်ပတ်ကုန်သော ဘေဇဉ်တို့ကို သိသကဲ့သို့ ဤအတူ ပညာသည် ကုသိုလ်၊ အကုသိုလ်တို့ကိုလည်းကောင်း၊ မှီဝဲထိုက်သောတရား၊ မမှီဝဲထိုက်သောတရားတို့ကိုလည်းကောင်း၊ မည်းညစ်သောတရား၊ ဖြူစင်သောတရားတို့ကိုလည်းကောင်း၊ အရိယသစ္စာတရားလေးပါးတို့ကိုလည်းကောင်း ခွဲခြားကွဲပြားစွာ အပြားအားဖြင့် သိတတ်လေ၏။

တစ်နည်း – ၁။ ယထာ သဘာဝ ပဋိဝေဓ လက္ခဏာ – သဘောအားလျော်စွာ ထိုးထွင်း၍ သိခြင်း လက္ခဏာ ရှိ၏။

တစ်နည်း – အကွလိတ ပဋိဝေဓ လက္ခဏာ – မချွတ်မယွင်း ထိုးထွင်း၍ သိခြင်း လက္ခဏာ ရှိ၏။ ကျွမ်းကျင်သော လေးသမားသည် ပစ်အပ်သော လေး၏ ထိုးထွင်းသကဲ့သို့ အမှန်အတိုင်း ထိုးထွင်း၍ သိ၏။

၂။ ဝိသယောဘာသ ရသာ – ဆီမီးသည် ထွန်းပြတတ်သကဲ့သို့ အာရုံကို ထွန်းပြခြင်း ကိစ္စရှိ၏။

၃။ အသမ္မောဟ ပစ္စုပဋ္ဌာနာ – မောဟ၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် မတွေမဝေ သိမြင်ခြင်းဟု ဉာဏ်အား ရှေးရှုထင်၏။ တောင်၌ ကောင်းစွာလမ်းညွှန်တတ်သော ယောကျ်ားသည် လမ်းကို မျက်စိမလည် မတွေမဝေ သိသကဲ့သို့ မတွေမဝေ သိမြင်ခြင်းဟု ဉာဏ်အား ရှေးရှုထင်၏။

(အဘိ ၄ - ၁ - ၁၆၅ / ၆)

၁။ ပညာ၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	အမှန်အတိုင်းသာ၊	သိလေရာ၊	ပညာဖြစ်လေသည်။
၂။	သစ္စာလေးဖြာ၊	သိလေရာ၊	ပညာဖြစ်လေသည်။
၃။	လက္ခဏာရေးသုံးဖြာ၊	သိလေရာ၊	ပညာဖြစ်လေသည်။
၄။	ညာ၏အမှောင်၊	ဆိုမိုးရောင်၊	လင်းဆောင်ထွန်းပြသည်။
၅။	ဤနည်းတူစွာ၊	ထွန်းပြရာ၊	လက္ခဏာဖြစ်လေသည်။
၆။	ပညာနှင့်တူ၊	လင်းရောင်ဟူ၊	ထင်မူမရှိပြီ။
၇။	လူနာ၏သာ၊	ကျွမ်းကျင်ရာ၊	ဆေးဆရာများတို့သည်၊
၈။	သင့်,မသင့်ရာ၊	အာဟာရာ၊	ကောင်းစွာသိကြသည်။
၉။	ဤနည်းတူစွာ၊	ဉာဏ်ပညာ၊	ခွဲကာသိမြင်သည်။
၁၀။	အကုတရား၊	ကုတရား၊	ခွဲခြားသိလေသည်။
၁၀။	မမြိတရား၊	မြိတရား၊	ခွဲခြားသိမြင်သည်။
၁၂။	နောက်နည်းများမှာ၊	မှန်သိတာ၊	လက္ခဏာဖြစ်လေသည်။
၁၃။	ထိုးဖောက်သိတာ၊	ဉာဏ်ပညာ၊	လက္ခဏာဖြစ်လေသည်။
၁၄။	အာရုံကိုပ၊	ထွန်းထာပြ၊	ရသခေါ် ဆိုသည်။
၁၅။	ကျွမ်းကျင်လေငြား၊	လမ်းညွှန်ကား၊	လည်ငြားမရှိပြီ။
၁၆။	မတွေ့ဝေဟု၊	ဉာဏ်သိမှု၊	ပစ္စုခေါ် ပြန်သည်။

၂။ ဉာဏ်ပညာအရေးကြီး ။ ။ အထက်ဖော်ပြပါ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့၏ အချုပ်သဘောကား ပညာဟူသည် အမှန်အတိုင်း သိမှု၊ ထိုးဖောက်၍၊ ထိုးထွင်း၍ သိပြင်မှုပင် ဖြစ်လေသည်။ လူ့လောက၌ ဉာဏ်ပညာသည် အလွန်အရေးကြီးလှပေ၏။ အရေးပါအရာရောက်လှပေ၏။ လူ့လောက၌ မိမိ အကျိုးစီးပွား၊ သူတစ်ပါး အကျိုးစီးပွားတို့ကို ဆောင်ရွက်ကြရာ၌ အသိဉာဏ်ပညာ ရှိမှသာ ဆောင်ရွက်နိုင်ကြပေ၏။ အသိဉာဏ်ပညာဖြင့်သာ ဆောင်ရွက်နိုင်ကြပေ၏။ ထိုသို့ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အရေးကလည်း အမှန်အတိုင်း သိမြင်မှ၊ စူးစူးရှရှ ထိုးဖောက်သိမြင်မှသာ ဆောင်ရွက်နိုင်ကြမည် ဖြစ်၏။ ထို့ကြောင့် ပညာဟူသည် အမှန်အတိုင်း သိမှု၊ ထိုးဖောက်သိမှုဟု ဆိုရခြင်းဖြစ်လေသည်။

ထိုပညာသည်လည်း လောကီပညာ၊ လောကုတ္တရာပညာ၊ အသိပညာ၊ အတတ်ပညာ၊ ဒါန, သီလ, သမထ လုပ်ငန်းတို့နှင့် စပ်ယှဉ်သော ပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ စသည်ဖြင့် မြောက်များစွာ ရှိလေ၏။ ဘယ်ပညာရပ်မဆို သူ့အရာဌာနနှင့်သူ အမှန်အတိုင်းသိရန်၊ ထိုးဖောက်သိရန် လိုအပ်ပေ၏။ အမှန်အတိုင်း သိမြင်မှသာ၊ ထိုးဖောက်သိမြင်မှသာ အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

'အကြံကောင်း ဉာဏ်ကောင်း' ဟူ၍ သုံးနှုန်းမှုဌ် အကြံကောင်းဟူသည် ဝိတက်ဖြစ်၏။ သမ္မာဝိတက် ဖြစ်၏။ ဉာဏ်ကောင်းဟူသည် ပညာဖြစ်၏။ သမ္မာပညာဖြစ်၏။ အသိဉာဏ်ကောင်းမှသာ အကြံကောင်း ဖြစ်ပေါ်လာနိုင်သောကြောင့် အသိဉာဏ်ကောင်းအောင် အားထုတ်ကြရန် အထူးလိုအပ်လှပေ၏။

'ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ' ဟူ၍ ဆိုရာ၌ ဝိပဿနာပညာဟူသည် ရုပ်၊ နာမ်တိုင်းဌ် သဘာဝ လက္ခဏာ၊ သာမညလက္ခဏာ ဟူ၍ နှစ်မျိုးရှိရာ ထိုနှစ်မျိုးလုံးကို သဲကွဲစွာ သိမြင်ခြင်းသည် ဝိပဿနာပညာ ဖြစ်လေ၏။ ထိုတွင် သဘာဝလက္ခဏာ ဟူသည် စိတ်၏ သိမှုသဘော၊ ဝေဒနာ၏ ခံစားမှုသဘော၊ သညာ၏ မှတ်သားမှုသဘော၊ ပထဝီ၏ မာမှုသဘော စသည်အားဖြင့် ရုပ်တိုင်း၊ နာမ်တိုင်းဌ်ရှိသော ကိုယ်ပိုင်သီးခြား လက္ခဏာများကို သဘာဝလက္ခဏာ ဆိုရလေသည်။ သာမညလက္ခဏာ ဟူသည် ဘယ်ရုပ်၊ ဘယ်နာမ်ပဲဖြစ်စေ မြဲသောရုပ်နာမ်သဒ္ဒါရဟူ၍ မရှိရကား အလုံးစုံသော ရုပ်နာမ်သဒ္ဒါရတရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ချည်းဖြစ်လေ၏။ ယင်းအနိစ္စ, ဒုက္ခ, အနတ္တတို့ကို သာမညလက္ခဏာ ဟူ၍ ခေါ်ဆိုရလေသည်။ ဝိပဿနာ ဉာဏ်ပညာဟူသည် ယင်းရုပ်နာမ်တို့၏ အမှန်အတိုင်း ရှိနေသော သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ကို အမှန်အတိုင်း သိမြင်မှု ဖြစ်လေသည်။

မဂ်ပညာ၊ ဖိုလ်ပညာ ဟူသည်ကား မဂ်ပညာ၊ ဖိုလ်ပညာတို့သည် လောကုတ္တရာနယ်၊ ပဋိဝေဓနယ်ဖြစ်သည့် အားလျော်စွာ နိဗ္ဗာန်ကို ထိုးထွင်း၍ ထိုးဖောက်၍ သိမြင်မှုပင် ဖြစ်လေသည်။

ဘဝသံသရာ ကျင်လည်ခဲ့စဉ်က လောကီဆိုင်ရာ ပညာရပ်အမျိုးမျိုးကို သိမြင်ဖူးကြ၊ တတ်မြောက်ဖူးကြမည် ဖြစ်၏။ ယခုလည်း သိမြင်ကြရန်၊ တတ်မြောက်ကြရန် ကြိုးစားနေကြပေ၏။ ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်လာသောအခါ၌ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာတို့ကိုလည်း သိမြင်တတ်မြောက်အောင် ကြိုးစားသင့်လှပေ၏။ သို့မှသာ မိမိ, သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားများကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။

၂။ ဉာဏ်ပညာအရေးကြီးဌ် ဆောင်ရန်လက်ာများ

၁။	ပညာသဘော၊	အချုပ်ပြော၊	သဘောသိရမည်။
၂။	အမှန်တိုင်းသာ၊	ထိုးဖောက်ကာ၊	သိတာဖြစ်လေသည်။
၃။	လူလောကမှာ၊	ဉာဏ်ပညာ၊	လွန်စွာရေးကြီးသည်။
၄။	မိမိသူတစ်ပါး၊	အကျိုးများ၊	ဆောင်ကြားနိုင်ဖို့သည်၊
၅။	ပညာရှိမှ၊	ဉာဏ်ရှိမှ၊	မချဆောင်နိုင်မည်။
၆။	ဆောင်ရွက်ဖို့ရာ၊	မှန်တိုင်းသာ၊	ဖောက်ကာသိရမည်။
၇။	ကိ,ကုတ်ပညာ၊	ဝိပညာ၊	မျှားစွာရှိလေသည်။
၈။	ဘယ်ပညာထင်း၊	မှန်တိုင်းနှင်း၊	ဖောက်ထွင်းသိရမည်။
၉။	မှန်တိုင်းသိရာ၊	ကျိုးဖြာဖြာ၊	ကောင်းစွာဆောင်နိုင်မည်။

၁၀။	ကြံကောင်း,ဉာဏ်တောင်း၊	ဆိုကြတောင်း၊	ဉာဏ်ကောင်းပါမှသည်၊
၁၁။	အကြံလဲကောင်း၊	လုပ်လဲတောင်း၊	ကုန်ကောင်းဖြစ်ကြမည်။
၁၂။	ပညာကောင်းအောင်၊	ဉာဏ်တောင်းအောင်၊	ကျင့်ဆောင်ကြရမည်။
၁၃။	ဝိပဿနာပညာ၊	ဆိုသည်မှာ၊	သေချာသိရမည်။
၁၄။	ရုပ်နာမ်တိုင်းပ၊	သဘာဝ၊	သာမညရှိကြထည်။
၁၅။	စိတ်မှာသိပေ၊	ခံစားဝေ၊	မှတ်လေသညာမည်။
၁၆။	ပထဝီမာ၊	စသည်မှာ၊	သတ္တာဖြစ်လေထည်။
၁၇။	အနိစ္စ,ဒုက္ခ၊	အနတ္တ၊	ထာမညခေါ် ရသည်။
၁၈။	ဝိပဿနာပညာ၊	သတ္တာ,ထာ၊	သိတာဖြစ်လေသည်။
၁၉။	မဂ်ဖိုလ်ဉာဏ်ကျယ်၊	လောကုတ်နယ်၊	ဓ,နယ်ဖြစ်လေထည်။
၂၀။	နိဗ္ဗာန်ကိုထင်း၊	ဖောက်ကာထွင်း၊	သိခြင်းဖြစ်လေထည်။
၂၁။	လောကီပညာ၊	တျာ်လည်ရာ၊	ခါခါတတ်ခဲ့ပြီ။
၂၂။	ကြံခဲ့လျှင်၊	ထာသနာ၊	ကြံလာနေကြထည်။
၂၃။	မဂ်ဖိုလ်ပညာ၊	ဝိပညာ၊	ကောင်းစွာတတ်ထင့်ပြီ။
၂၄။	ဝိပညာအား၊	လေ့ထောပွား၊	တတ်ထားသူများထည်၊
၂၅။	သူတစ်ပါးအကျိုး၊	မိမိကျိုး၊	ဆတိုးဆောင်နိုင်ထည်။

၃။ အရှင်ကုမာရ ကဿပ၏ ဝိပဿနာပညာ ။

။ ကဿပဘုရားရှင်၏ သာသနာတော် နောက်ပိုင်း၌ ရဟန်း၊ သာမဏေတို့သည် အကျင့်သီလ ဖောက်ပြန်ပျက်စီးလျက် ရှိကြကုန်၏။ အကျင့်သီလ၌ အလေးထားကြကုန်သော ရဟန်း (၇)ပါးတို့သည် 'မကြာမီ ဘုရားရှင် သာသနာ ပျောက်ကွယ်တော့မည်' – ဟူ၍ သတိသံဝေဂ ရကြသည် ဖြစ်၍ ဘုရားရှင် သာသနာနှင့် တွေ့ကြုံရန် အလွန်ခဲယဉ်းလှသည်ကို သိမြင်ဆင်ခြင်မိကြလေကုန်၏။ ထို့ကြောင့် ဘုရားရှင်သာသနာ မကွယ်ခင်မှာ တရားထူးတရားမြတ် ရရှိအောင် အားထုတ်ကြစို့ – ဟူ၍ တိုင်ပင်ကြပြီးလျှင် တောင်ပေါ်သို့တက်၍ အပြင်းအထန် တရားအားထုတ်ကြလေကုန်၏။ ထိုရဟန်း (၇)ပါးတွင် တစ်ပါးသည် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြသွားပြီ ဖြစ်၏။ တစ်ပါးသည် အနာဂါမ်ဖြစ်၍ သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်၍ နေလေ၏။ ကျန်ငါးပါးကား တစ်စုံတစ်ရာ တရားထူးမရဘဲ ပုထုဇဉ်အဖြစ်နှင့်သာ ကွယ်လွန်၍ နတ်ပြည်သို့ ရောက်ကြလေကုန်၏။ ထိုအထဲတွင် အရှင်ကုမာရ ကဿပထေရ် အလောင်းလည်း ပါဝင်လေ၏။

ဂေါတမဘုရားရှင် ပွင့်ပေါ်တော်မူလာသောအခါ၌ အရှင်ကုမာရကဿပထေရ်အလောင်းသည် လူအဖြစ်ကို ရ၍ ရဟန်းပြုပြီးနောက် အရှင်ကုမာရကဿပဟူ၍ ထင်ရှားလေ၏။ အရှင်ကုမာရကဿပသည် တစ်နေ့သောအခါ၌ အန္ဓဝန်တော၌ တရားအားထုတ်နေစဉ် ကဿပမြတ်စွာဘုရားရှင် လက်ထက်က တရားအားထုတ်ဘက်

ဖြစ်သော အနာဂါမ်မြဟ္မာကြီးသည် အရှင်ကုမာရကဿပထံသို့ လာရောက်၍ အောက်ပါ ပြဿနာ (၁၅)ချက်ကို ပေးလေ၏။

'ရဟန်း...ရဟန်း...

၁။ ကျိုတောင်ပို့သည်

၂။ ညှဉ်အဝါဒ်အဝိုးလွှတ်၏။

၃။ နေ့အဝါဒ်ပီးတောက်ပီးလျှံထွက်၏။

၄။ ငြဟ္မဏာဆရာကြီးက

၅။ ပညာရှိသောတပည့်ကို

၆။ ပေါက်တူးလက်နက်ကို စွဲကိုင်၍

၇။ ကျိုတောင်ပို့ကို မပြတ်တူးပြီလော့ – ဟူ၍ ခိုင်းလေ၏။ ထိုတပည့်သည် ခိုင်းသည့်အတိုင်း တူးပြီလေ၏။

၈။ မင်းတုပ်ကို တွေ့၏။ မင်းတုပ်ကို ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၉။ ဟူးကို တွေ့၏။ ဟူးကို ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၀။ လမ်းနှစ်ခွကို တွေ့၏။ လမ်းနှစ်ခွကို ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၁။ ဆပ်ပြာရေစက်ကို တွေ့၏။ ယင်းကိုလည်း ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၂။ လိပ်ကို တွေ့၏။ လိပ်ကို ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၃။ မားနှင့် စဉ်းတီတုံးကို တွေ့၏။ ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၄။ သားတစ်ကို တွေ့၏။ ဖယ်ခိုင်း၍ ဆက်တူးခိုင်း၏။

၁၅။ နဂါးကို တွေ့၏။ နဂါးတည်ရှိပါစေ။ နဂါးကို ရှိခိုးခိုင်းလေ၏။

ထိုပြဿနာ(၁၅)ချက်ကို မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားပြီးလျှင် မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း မှတ်လော့' ဟူ၍ ပြောကြားပြီးနောက် ငြဟ္မာကြီးသည် ကွယ်လေ၏။ အရှင်ကုမာရကဿပသည် မြတ်စွာဘုရားအား လျှောက်ထားမေးမြန်းရာတွင် မြတ်စွာဘုရားသည် ဤသို့ ဖြေရှင်း မိန့်ကြားတော်မူလေ၏။

၁။ <u>ကောင်ပို့ဟူသည်</u> ။ ။ တောင်ပို့ဟူသည် ဤခန္ဓာကိုယ်ကြီးတည်း။ တောင်ပို့၌ အပေါက်ကြီး၊ အပေါက်ငယ်တို့ များစွာရှိသလို လူ့ခန္ဓာကိုယ်၌ ဒွါရဆြောက်ပေါက်ရှိ၏။ အပေါက်ငယ်လေးတို့ကိုလည်း မှန်ဘီလူးနှင့် ကြည့်မည်ဆိုလျှင် ဆန်ခါကျသလို ရှိနေ၏။ ထို့ကြောင့် တောင်ပို့နှင့် တူ၏– ဟု ဆိုရခြင်း ဖြစ်သည်။

ထိုမှတစ်ဖန် ပကတိတောင်ပို့၌ရှိသော အပေါက်ကြီး၊ အပေါက်ငယ် အသွယ်သွယ်တို့မှ ကင်းတွေ၊ ကြွက်တွေ၊ ပိုးကောင်အမျိုးမျိုးတွေ ထွက်လာတတ်၏။ ဤအတူ လူ့ခန္ဓာကိုယ်၏ အပေါက်ကြီး၊ အပေါက်ငယ် အသွယ်သွယ်တို့မှ မျက်ချေးတွေ၊ မျက်ရည်တွေ၊ နဖာချေးတွေ၊ နှပ်တွေ၊ တံတွေးတွေ၊ ချွေးတွေ၊ ကျင်ကြီး၊ ကျင်ငယ်တွေ ထွက်ကျလေ၏။ ထို့ကြောင့်လည်း တောင်ပို့နှင့် တူပြန်လေသည်။

ထိုမှတစ်ဖန် ပကတိတောင်ပို့ကြီး၌ မြေ၊ ကင်း၊ ပွတ်၊ ကြွက်၊ ပိုးအမျိုးမျိုး နေထိုင်ကြသလို ဤလူ့ခန္ဓာကိုယ်၌လည်း ပိုးအမျိုးမျိုး တည်ရှိနေလေ၏။ ထို့ကြောင့် တောင်ပို့နှင့် တူ၏ – ဟု ဆိုရလေသည်။

၂။ ညဉ့်အခါ၌ အဓိဒ္ဓေါ ဟူသည် ။ ။ နှောက်ပြန်၌ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စသော ကိစ္စများကို ပြုလုပ်ရန်အတွက် ညဉ့်အခါ၌ ကြိုတင်၍ ကြံစည်စဉ်းစားထားရ၏။ ညဉ့်အခါ၌ ယင်းသို့ ကြံစည် စဉ်းစားမှုကို ညဉ့်အခါ၌ အဓိဒ္ဓေါ-ဟု ဆိုရလေသည်။

၃။ နေ့အခါ၌ မီးတောက်မီးလျှံထွက်၏ ဟူသည် ။ ။ ညကကြံစည် စဉ်းစားသည့်အတိုင်း နေ့အခါ၌ တလုပ်လုပ် တရွရွ လုပ်ကိုင်ကြ၊ ပြောဆိုကြခြင်းပင် ဖြစ်သည်။

၄။ မြဟ္ဂဏာဆရာကြီး ဟူသည် ။ ။ မြတ်စွာဘုရားရှင်တည်း။ ဘုရားရှင်လက်ထက်တော်က မြဟ္မဏ ဆရာကြီးများသည် ပညာရှိ၍ လိမ္မာသော တပည့်တို့ကို အကျိုးစီးပွားဖြစ်အောင် ညွှန်ကြားပေးသကဲ့သို့ မြတ်စွာဘုရားရှင်သည်လည်း လူနတ်ဗြဟ္မာ သတ္တဝါတို့အား အကျိုးစီးပွားရှိအောင် ညွှန်ကြားဆုံးမတော်မူလေသည်။

၅။ ပညာရှိတပည့် ဟူသည် ။ ။ ဝိပဿနာဉာဏ်ပညာရှိ၍ ဝိပဿနာတရားကို အားထုတ်သော ယောဂိကို ဆိုလိုပေသည်။

၆။ ပေါက်ထူးလက်နက်ကို ခွဲကိုင်၍ ဟူသည် ။ ။ ဝိပဿနာပညာ၊ မဂ်ပညာတည်း။ ပေါက်တူးလက်နက်သည် တောင်ပို့ကြီးကို တူးဖြိုနိုင်ဘိသကဲ့သို့ ဝိပဿနာပညာသည် ပညတ်အတုံးအခဲ၊ အစုအပုံတို့ကို တူးဖြိုဖျက်ဆီးလေသည်။ မဂ်ပညာသည် ကိလေသာ အတုံးအခဲကို ဖြိုခွဲဖျက်ဆီးလေသည်။

၇။ မပြတ်ထူးဖြိုခြင်း ဟူသည် ။ ။ ဝိပဿနာတရားကို အဖန်ဖန် အထပ်ထပ် အားထုတ်မှု လုံ့လဝီရိယကို ဆိုလိုပေသည်။ ရုပ်နာမ်တို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ကို သဲသဲကွဲကွဲ သိမြင်အောင် ကြိုးစား အားထုတ်နေရမည် ဖြစ်သည်။

၈။ မင်းတုပ် ဟူသည် ။ ။ ဝိပဿနာတရားကို အားထုတ်နည်းကို မသိမမြင်သော အဝိဇ္ဇာတည်း။ ထို အဝိဇ္ဇာကို ပယ်၍ ဆက်တူးရမည် ဟူသည်ကား ကမ္မဋ္ဌာန်းပြဆရာထံ၌ ဝိပဿနာ အားထုတ်နည်းကို သင်ကြား၍ နည်းကို သိမြင်လျှင် အဝိဇ္ဇာကို ပယ်ခြင်းဖြစ်သည်။ ယင်းနည်းကို သိသည့်အတိုင်း ဆက်၍ အားထုတ်ရမည် ဖြစ်သည်။

၉။ ဟားကို ထွေ့၏ ဟူသည် ။ ။ ဟားဟူသော အမည်သည် ဒေါသ၏ အမည်တည်း။ ဘုရားရှင် လက်ထက်တော်က 'တို့တိုင်းကြီးဟား' ဟူ၍ ရှိ၏။ ယင်းဟားသည် သူ့ပကတိတိုင်း ဆိုပါက လက်သဲခဲမျှသာ ရှိ၏။ အလွန်ငယ်၏။ တို့ထိလိုက်လျှင်ကား လက်ဆုပ်လောက်ကို ကြီးကြီးလာ၍ တို့တိုင်း ကြီးဟား ဟု ဆိုလေသည်။ ထို့အတူ လူတို့၌ ဖြစ်သော ဒေါသတို့သည် မုန်းစရာ၊ စိတ်ဆိုးစရာ၊ မကျေနပ်စရာ

အာရုံများနှင့်တွေ့လျှင် တွေ့တိုင်း စိတ်ဆိုးခြင်း၊ မကျေနပ်ခြင်း၊ စိတ်ဆင်းရဲခြင်း ဟူသော ဒေါသစိတ် ဖြစ်လာလေ၏။ ထိုသို့ ဖြစ်လာရာမှ စိတ်တွင် မကတော့ဘဲ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်ကြပြန်ကုန်၏။ ထို့ကြောင့် အမျက်ထွက်မှု ဒေါသကို တို့တိုင်းကြိုးဖားနှင့် တူ၏ ဟူ၍ ဆိုရလေသည်။ တရားအားထုတ်နေရင်းမှ မကျေနပ်စိတ်၊ ဒေါသစိတ်များ ဖြစ်သောအခါ ဆင်ခြင်၍လည်းကောင်း၊ ဝိပဿနာရှုမှတ်၍လည်းကောင်း ဖယ်ရှင်း၍ ဝိပဿနာကို ဆက်လက် ရှုပွားရမည် ဖြစ်သည်။

၁၀။ လမ်းနှစ်ခွကို ထွေ့၏ ဟူသည် ။ ။ လမ်းနှစ်ခွဟူသော အမည်သည် ဝိစိကိစ္ဆာ၏ အမည်တည်း။ ပစ္စည်းဥစ္စာ ကြွယ်ဝသော ကုန်သည်တစ်ယောက်သည် ကုန်သွယ်ရန်အတွက် ငွေထုပ်ကို ပိုက်၍ ခရီးထွက်ခဲ့ရာတွင် သတင်းအရ လူဆိုးများက လုယူရန် နောက်က လိုက်လာရာတွင် ကုန်သည်လည်း အားကုန်သုတ်၍ ပြေးရလေ၏။ ရှေ့၌ လမ်းနှစ်ခွကို တွေ့ရာ၌ 'ဘယ်လမ်း သွားရကောင်းမလဲ' ဟူ၍ စိတ်ဒွိဟ ဖြစ်လေရာ လူဆိုးများ မီလာသည့်အတွက် လုယက်ခြင်း၊ သတ်ဖြတ်ခြင်းကို ခံရလေ၏။ ဤအတူ ဝိပဿနာ ရှုပွားရာ၌ 'ဟုတ်မှဟုတ်ရဲ့လား၊ လွဲများနေပြီလား' စသည်ဖြင့် စိတ်ဒွိဟဖြစ်မှု ဝိစိကိစ္ဆာ ဖြစ်တတ်၏။ ထိုသို့ ဖြစ်နေလျှင် ကိလေသာ ရန်သူများ ဖြစ်ပေါ်၍ ဝိပဿနာအလုပ် ပျက်စီးတတ်၏။ ထို့ကြောင့် ဝိစိကိစ္ဆာသည် လမ်းနှစ်ခွနှင့် တူ၏ ဆိုရလေသည်။ ထိုဝိစိကိစ္ဆာကို ပယ်၍ ဝိပဿနာကို ဆက်လက်ရှုပွားရမည် ဖြစ်၏။

၁၁။ ဆပ်ပြာရေစစ်ကို ထွေ့၏ ဟူသည် ။ ။ ဆပ်ပြာရေစစ် ဟူသည် နိဝရဏာ ငါးပါး၏ အမည်တည်း။ နိဝရဏာတရားငါးပါးကို လက်ခံထားသော ပုဂ္ဂိုလ်မှာ ရေစစ်ထဲသို့ ရေတွေ လောင်းထည့်လျှင် ဒလဟော ကျဆင်းဘိသကဲ့သို့ ကုသိုလ်တရားတို့သည် ဒလဟော ကျဆင်းလေတော့၏။ ထို့ကြောင့် နိဝရဏာတရားတို့ကိုလည်း ပယ်၍ ဝိပဿနာ တရားကို ဆက်၍ အားထုတ်ရမည် ဖြစ်၏။

၁၂။ လိပ်ကို ထွေ့၏ ဟူသည် ။ ။ ခန္ဓာငါးပါး အမည်တည်း။ လိပ်၌ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ဦးခေါင်း အားဖြင့် ငါးခုရှိသလို ယောဂိတို့၌လည်း ခန္ဓာငါးပါးရှိလေသည်။ ထိုခန္ဓာငါးပါးကို သာယာတွယ်တာ မနေအောင်၊ ထိုခန္ဓာငါးပါးကိုပင် ရှုမှတ်ပြီး ပယ်ရမည်ဖြစ်၏။ ဥပါဒါနက္ခန္ဓာငါးပါးကို ရုပ်နာမ်ကွဲအောင်၊ ဖြစ်ပျက်မြင်အောင်၊ အပျက်မြင်အောင် ဝိပဿနာတရားကို အဖန်ဖန် အထပ်ထပ် အားထုတ်ရပေမည်။ ဝိပဿနာဉာဏ်စဉ် အနုလောမ ဉာဏ်ထိရောက်အောင် အားထုတ်ရမည် ဖြစ်၏။

၁၃။ ဓားနှင့် စဉ်းတီတုံးကို ထွေ့၏ဟူသည် ။ ။ ကာမဂုဏ်ငါးပါး၏ အမည်တည်း။ ကြက်, ဝက်, နွား အစရှိသော သတ္တဝါတို့၏ အသားတို့ကို ခုတ်ဖြတ်လှီးမှုကို ပြုရာတွင် အောက်က စဉ်းတီတုံးခံ၍ အပေါ်က ဓားနှင့်ဖြင့် လှီးသကဲ့သို့ ကာမဂုဏ်အာရုံဟူသော စဉ်းတီတုံးပေါ်၌ သတ္တဝါတို့ကို တင်၍ အပေါ်က ကိလေသာဓားကြိုးနှင့် ခုတ်ဖြတ်လှီးခြင်း ဖြစ်လေ၏။ ထိုကာမဂုဏ်တရားတွေကို အပြစ်မြင်အောင် ရှုမှတ်၍ ပယ်ရမည် ဖြစ်လေသည်။

၁၄။ သားတစ်ကို ထွေ့၏ ဟူသည် ။ ။ သားတစ် ဟူသည် နှစ်သက်တပ်စွဲတတ်သော နန္ဒိရာဂ၏ အမည်တည်း။ 'အညီရွှိတု ယင်အံ့' ဆိုသကဲ့သို့ အသားကြိုက်ကြကုန်သော ယင်ကောင်၊ ခွေး၊ ကျား၊ ပုရွက်ဆိတ်၊ ကြောင် အစရှိသော အသားစား သတ္တဝါတို့သည် အသားတွေ့လျှင် အငမ်းမရ နှစ်သက်တပ်မက်ဘိသကဲ့သို့ သတ္တဝါတို့သည်လည်း ရူပါရုံ အစရှိသော အာရုံငါးပါး ကာမဂုဏ်တရား၌ အလွန်သာယာနှစ်သက်တပ်မက်ကြကုန်၏။ ဤနန္ဒိရာဂ အကြမ်းစားတို့ကို တရားအားမထုတ်ခင်ကတည်းက ယောဂီသည် ပယ်ထားကြရမည် ဖြစ်၏။ တရားအားထုတ်ရင်းနှင့် ဖြစ်ပေါ်တတ်သော နန္ဒိရာဂကား ဝိပဿနာတရားကို ကောင်းစွာအားထုတ်သော ယောဂိပုဂ္ဂိုလ်သည် သခါရပေက္ခာဉာဏ်သို့ ရောက်လာချိန်၌ ရှုမှတ်၍ အလွန်ကောင်းနေ၏။ ပဝိဝန်းခြင်း၊ အားဝိုက်ရခြင်း မရှိရာဘဲ အပျက်သဘါရတို့ကို ရှုမှတ်နိုင်၏။ ရှုမှတ်၍လည်း အလွန်ကောင်းနေ၏။ ကြာရှည်လည်း အားထုတ်နိုင်၏။ ညောင်းညာခြင်း၊ ကိုက်ခဲခြင်းလည်းမရှိ ဖြစ်နေတတ်၏။ တလှစ်လှစ် ပျက်နေသော အပျက်သဘါရတို့ကို ရှုမှတ်နေရခြင်းကို၊ သိမြင်နေရခြင်းကို သဘောကျ သာယာနေတတ်၏။ ယင်းသည်လည်း အထက်မဂ်ဉာဏ်ကို တားဆီးနေသော နန္ဒိရာဂ ဖြစ်၏။ ယင်းနန္ဒိရာဂကို ပယ်၍ ဝိပဿနာတရားကို ဆက်၍ အားထုတ်ရမည် ဖြစ်လေ၏။

၁၅။ နဂါးကို ထွေ့၏ ဟူသည် ။ ။ နဂါးဟူသော အမည်သည် ရဟန္တာ၏ အမည်တည်း။ ဝိပဿနာတရားကို အဖန်ဖန် အထပ်ထပ် အားထုတ်၍ လေးမဂ်လေးဖိုလ် ဆိုက်သောအခါ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ပြီဖြစ်၏။ ရဟန္တာအဖြစ်သို့ ရောက်သွားသောအခါ၌ ပယ်ခြင်းကိစ္စ ပြီးပြောက်သွားပြီ ဖြစ်လေ၏။ ဝိဝိဂိုယ်တိုင် ရဟန္တာနဂါးအဖြစ်ကိုလည်း တွေ့မြင်၏။ 'တထုးတိုမြင်မှ ဘုထုးမြင်၏' ဆိုသည့်အတိုင်း ဆရာဖြစ်သော မြတ်စွာဘုရား နဂါးကိုလည်း တွေ့မြင်လေတော့၏။ ရဟန္တာမဖြစ်ခင်မှာ ဝိပဿနာ ရှုပွားပြီး မင်းတုပ်နှင့်တူသော အဝိဇ္ဇာကိုလည်း ပယ်ခဲ့ရ၏။ ဟားနှင့်တူသော ဒေါသကိုလည်း ပယ်ခဲ့ရ၏။ ဆပ်ပြာရေစစ်နှင့် တူသော နိဝရဏတရားကိုလည်း ပယ်ခဲ့ရ၏။ လိပ်နှင့်တူသော ခန္ဓာငါးပါးကိုလည်း ပယ်ခဲ့ရ၏။ ဓား၊ စဉ်းတိတုံး နှင့်တူသော ကာမဂုဏ်များကိုလည်း ပယ်ခဲ့ရ၏။ သားတစ်နှင့်တူသော နန္ဒိရာဂကိုလည်း ပယ်ခဲ့ရ၏။

ယင်းသို့ တစ်ပယ်တည်း ပယ်လာခဲ့ရသော အခြေအနေမှ နဂါးနှင့်တူသော ရဟန္တာကို တွေ့မြင်သောအခါ၌ ပယ်စရာမလိုတော့ဘဲ ရဟန္တာအတိုင်း တည်ရှိနေရမည် ဖြစ်၏။ ထိုရဟန္တာကို ဘာလုပ်ရမည်နည်းဟူမူ ရှိခိုးပူဇော်ရမည် ဖြစ်လေသည်။ ဆရာနဂါးဖြစ်သော မြတ်စွာဘုရားကို ရှိခိုးပူဇော်ရမည် ဖြစ်ပေ၏။

အရှင်ကုမာရ ကဿပသည် မြတ်စွာဘုရားထံမှ ထိုတရားကို နာကြားပြီး၍ ဆိတ်ငြိမ်သော နေရာ၌ တစ်ပါးတည်း မမေ့မလျော့ အားထုတ်လေလျှင် ဝိပဿနာဉာဏ် အတန်တန်, မဂ်လေးတန်တို့ဖြင့် မင်းတုပ်နှင့်တူသော အဝိဇ္ဇာကိုလည်းကောင်း၊ ဟားနှင့်တူသော ဒေါသကိုလည်းကောင်း၊ ဆပ်ပြာရေစစ်နှင့်တူသော နိဝရဏတရားတို့ကိုလည်းကောင်း၊ လိပ်နှင့်တူသော ဥပါဒါနက္ခန္ဓာဟူသော ခန္ဓာငါးပါးတို့၌ တပ်မက်သာယာမှုတို့ကိုလည်းကောင်း၊ ဓား, စဉ်းတိတုံးနှင့်တူသော ကာမဂုဏ်ငါးပါးတို့၌ တပ်မက်သာယာမှု တဏှာလောဘ ကိလေသာတို့ကိုလည်းကောင်း၊ သားတစ်နှင့်တူသော သဒိသရမ္မတို့၌ တပ်နှစ်သက်သော နန္ဒိရာဂတို့ကိုလည်းကောင်း အကြွင်းမဲ့ ပယ်သတ်နိုင်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေ၏။

ထိုအခါ သာဝက နဂါးပြစ်သော အရှင်ကုမာရကဿပသည် ဆရာနဂါးပြစ်သော မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်လေ၏။

(မ - ၁- ၁၉၅/၁၉၈။ မြန် ၂၀၁/ ၂၀၄ ။ မဋ္ဌ - ၂ - ၂၆/ ၄၀)

၃။ အရှင်ကုမာရကဿပ၏ ပိပဿနာ ပညာ၌ ဩဘင်ရန်လက်ကျများ

၁။	ကဿပမြတ်စွာ၊	သာသနာ၊	နှောက်ကာလ၌သည်၊
၂။	ရှင်ရဟန်းများ၊	အကျင့်ကား၊	ဖောက်ပြားကြလေပြီ။
၃။	အကျင့်လိုလား၊	မျိုးကောင်းသား၊	ခုနစ်ပါးရဟန်းသည်၊
၄။	သံဝေဂလျှင်၊	ရချိပင်၊	တိုင်ပင်ကြလေပြီ။
၅။	မကြာမီမှာ၊	သာသနာ၊	ကွယ်ပါလေတော့မည်။
၆။	မကွယ်မီငြား၊	တရားအား၊	ကြိုးစားသင့်ကြသည်။
၇။	ရဟန်းခုနစ်ပါး၊	တောင်ထိပ်သွား၊	တရားထုတ်ကြပြီ။
၈။	တစ်ပါးရဟန္တာ၊	ဖြစ်၍သာ၊	နိဗ္ဗာန်ကွလေပြီ။
၉။	တစ်ပါးနာဂိမ်၊	ဗြဟ္မာထံ၊	ဆိုက်ပြန်သွားခဲ့ပြီ။
၁၀။	ကျန်သည့်ငါးပါး၊	နတ်ရွာလား၊	ခံစားကြလေပြီ။
၁၀။	ထိုငါးပါးတွင်၊	ကုမာရဉ်၊	ပါဝင်ဖြစ်လေသည်။
၁၂။	ဂေါတမဗုဒ္ဓ၊	လက်ထက်ကျ၊	လူဘဝရလေသည်။
၁၃။	ရဟန်းပြုငြား၊	အန်တောသွား၊	တရားအားထုတ်သည်။
၁၄။	နာဂိမ်ဗြဟ္မာ၊	လာရောက်ကာ၊	ပဉ္ဆာပေးလေပြီ။
၁၅။	ပဉ္ဆာပြဿနာ၊	ဆယ့်ငါးဖြာ၊	ပေးကာပြန်လေသည်။
၁၆။	တောင်ပို့ကြိုးဟာ၊	ညဉ့်အခါ၊	မျှားစွာခိုးလွတ်သည်။
၁၇။	နေ့အခါမှန်၊	မိုးလျှံ၊	တစ်ဖန်ထွက်ပြန်သည်။
၁၈။	ဗြာဟ္မဏာဆရာ၊	တပည့်သာ၊	ခေါ်ကာညွှန်ကြားပြီ။
၁၉။	ပေါက်တူးနှင့်ကား၊	တောင်ပို့အား၊	တူးငြားခိုင်းလေပြီ။
၂၀။	မင်းတုပ်တွေ့ရာ၊	ဖယ်ခိုင်းကာ၊	ဆက်ကာတူးခိုင်းသည်။
၂၁။	ဖားကိုတွေ့လျှင်၊	ဖယ်ခိုင်းမြဲ၊	ဆက်ပဲတူးခိုင်းသည်။
၂၂။	လမ်းနှစ်ခွဟူ၊	ရေစစ်မူ၊	လိပ်မူဖယ်ခိုင်းသည်။
၂၃။	ဓားစဉ်းတိပါ၊	သားတစ်ပါ၊	တွေ့ရာဖယ်ခိုင်းသည်။

၂၄။ နဂါးတွေ့ပေ၊ တည်ရှိစေ၊ ရှိလေခိုးရမည်။
၂၅။ ဤပြဿနာ၊ ဆယ့်ငါးဖြာ၊ မြတ်စွာဖြေကြားပြီ။
၂၆။ တောင်ပို့ဆိုတာ၊ ဤကိုယ်ပါ၊ များစွာပေါက်ရှိသည်။
၂၇။ ပေါက်ကြိုးပေါက်ဝယ်၊ ဆန်ခါနှယ်၊ ထွယ်ထွယ်ရှိလေသည်။
၂၈။ တောင်ပို့များမှ၊ ပိုးကောင်ပါ၊ ထွက်ကျလာတတ်သည်။
၂၉။ ဤကိုယ်ခန္ဓာ၊ ရုံစရာ၊ ဖောဖောထွက်နေသည်။
၃၀။ တောင်ပို့ဥပေ၊ အကောင်တွေ၊ နေထိုင်ကြလေသည်။
၃၁။ ဤကိုယ်ခန္ဓာ၊ ပိုးများစွာ၊ နေရာဖြစ်လေသည်။
၃၂။ ညဉ့်ဉီအခါ၊ ခိုးလွှတ်တာ၊ ကြံတာဖြစ်လေသည်။
၃၃။ နေ့ဉီအခါ၊ မီးလွှဲဖြာ၊ လုပ်တာဖြစ်လေသည်။
၃၄။ နံနက်ဧင်းက၊ လှုပ်ရှရှ၊ လုပ်ကြကိုင်ကြသည်။
၃၅။ ဤဟမ္မထာဆရာ၊ ဆိုသည်မှာ၊ မြတ်စွာဖြစ်လေသည်။
၃၆။ ကိဆရာများ၊ ထပည့်အား၊ ညွှန်ကြားပေးလေသည်။
၃၇။ မြတ်စွာဘုရား၊ နတ်လူများ၊ ညွှန်ကြားပေးလေသည်။
၃၈။ တပည့်ဆိုတာ၊ ယောဂီပါ၊ တာဝန်အားထုတ်သည်။
၃၉။ ပေါက်တူးဆိုတာ၊ ဝိပဿာ၊ မင်္ဂလာ ပါဝင်သည်။
၄၀။ ပေါက်တူးနှင့်ကို၊ တောင်ပို့ဖြို့၊ ပြိုပြိုသွားလေသည်။
၄၁။ ဝိပဿာတ၊ စိုင်ဃန၊ ဖြိုချပြုလေသည်။
၄၂။ မင်္ဂလာသုံး၊ ကိလေတုံး၊ ပြီးဆုံးဖြို့လေသည်။
၄၃။ တူးဖြိုခြင်းမှာ၊ ဝိရိယာ၊ ပျင်းတာချောင်ရမည်။
၄၄။ သဘာဝလက္ခဏာ၊ သာမညာ၊ ခါခါပွားရမည်။
၄၅။ မင်းတုပ်ဆိုတာ၊ အဝိဇ္ဇာ၊ မောင်းကာထုတ်ရမည်။
၄၆။ ဝိပဿနာ၊ ဈာန်ညီးပါ၊ မသိတာဖြစ်လေသည်။
၄၇။ ဖားဟူသည်က၊ မျက်ဒေါသ၊ ခေါ် ရပြန်လေသည်။
၄၈။ ဖားကိုတို့ပြား၊ တို့တိုင်းဖား၊ ကြိုးထွားလာလေသည်။
၄၉။ မုန်းစရာအာရုံ၊ တွေ့မြင်တုန်၊ ဒေါဟုန်ဖြစ်ပွားသည်။
၅၀။ ဒေါသအဝိဇ္ဇာ၊ ပယ်လို့သာ၊ ဆက်ကာထုတ်ရမည်။
၅၁။ လမ်းနှစ်ခွမှာ၊ စိက်ဆွာ၊ ဒွိဟာဖြစ်လေသည်။

၅၂။ လမ်းနှစ်ခွတွေ့ရာ၊ ကုန်သည်မှာ၊ ဒွိဟာဖြစ်၍သည်၊
၅၃။ လူဆိုးတို့ထင်း၊ ဖိလာအင်း၊ လုခြင်းခံရသည်။
၅၄။ ကိလေသာများ၊ ဖြစ်ခိုင်ငြား၊ ဒွိအားပယ်ရမည်။
၅၅။ ရေစစ်ဟူငြား၊ နိုတရား၊ ထင်ရှားသိရမည်။
၅၆။ ရေစစ်ထဲမှာ၊ ရေလောင်းရာ၊ ဖြာဖြာယိုကျသည်။
၅၇။ နိုဖြစ်လောငြား၊ ကုတရား၊ ဖွားဖွားယိုကျသည်။
၅၈။ နိုတရားလဲ၊ ရှုလိုပဲ၊ ပယ်မြဲပယ်ရမည်။
၅၉။ လိပ်ဆိုသည်မှာ၊ ပဉ္စဓါ၊ ရှုကာပယ်ရမည်။
၆၀။ စဉ်းတိန့်ခ်ားး၊ ကာရုံအား၊ ရှုဖွားပယ်ရမည်။
၆၁။ အောက်ကတုံးပြား၊ အပေါ်ဓား၊ အသားလှီးကြသည်။
၆၂။ အာရုံပေါ်မှာ၊ သတ္တဝါ၊ တင်ကာထား၍သည်၊
၆၃။ ကိလေဓားဖြင့်၊ နုပ်နုပ်ထင့်၊ ဆင့်ဆင့်လှီးလေသည်။
၆၄။ ကာရုံပေါ်မှာ၊ တွယ်နေတာ့၊ ရှုကာပယ်ရမည်။
၆၅။ သားတစ်ဟူက၊ နန်ရာဂ၊ ပယ်ရသတ်ရမည်။
၆၆။ သခ်ါရပေကွာ၊ ဉာဏ်လောက်မှာ၊ ရှုတာလွန်ကောင်းသည်။
၆၇။ သာယာနေတာ၊ နန်ရာဂါ၊ ရှုကာပယ်ရမည်။
၆၈။ နဂါးဆိုတာ၊ ရဟန္တာ၊ ခေါ် တာဖြစ်လေသည်။
၆၉။ လေးဖိုလ်လေးမင်၊ ရောက်လာချက်၊ ပယ်ဖျက်ကုန်လေပြီ။
၇၀။ နဂါးကိုပေ၊ တည်ရှိစေ၊ ရှိလေခိုးရမည်။
၇၁။ သာဝကနဂါး၊ မြတ်နဂါး၊ ညွှက်တွားပြုရမည်။
၇၂။ နာပြီးလေရာ၊ ကုမာရာ၊ ကောင်းစွာဟွားလေပြီ။
၇၃။ အဝိဇ္ဇာဒေါသ၊ လုံးစုံပ၊ ဖြိုချသတ်လေပြီ။
၇၄။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေပြီ။
၇၅။ ပေါက်တူးကိုင်လို့၊ ခြတောင်ပို့၊ ဖြိုဖို့သင့်ကြပြီ။
၇၆။ တောင်ပို့ဖြိုကာ၊ တုတ်ဖြုတ်ကာ၊ ဖားပါသတ်ရမည်။
၇၇။ ဒွိဟာဖြစ်လော၊ နိုဖြစ်လော၊ ပယ်ခွါပြုရမည်။
၇၈။ စဉ်းတိတုံးပါ၊ လိပ်ကိုပါ၊ ပယ်ခွါကြရမည်။
၇၉။ သားတစ်မကျန်၊ အကုန်လွန်၊ ဖန်ဖန်ဟားရမည်။

၈၀။	ဤသို့ဆိုးရော၊	မတြာဟိ၊	သေတာဖြစ်ကြမည်။
၈၀။	တုရားမြတ်စွာ၊	သာသနာ၊	ကြံ့ကြာနပ်ပေမည်။

အရှင်မာဂဏ္ဍိယ၏ ဝိပဿနာပညာ ။ ။ အရှင်မာဂဏ္ဍိယသည် ဗုဒ္ဓထံ ရဟန်းမပြုမီက သာသနာ့ပြင်ပ ပရိဗိုဇ်တစ်ဦးဖြစ်၏။ ဗုဒ္ဓက ရူပါရုံ စသော အာရုံတို့ကို ကြည့်ရှုခံစားခြင်းမှ စောင့်စည်းရမည်ဟု ဟောတော်မူ၏။ မာဂဏ္ဍိယ ပရိဗိုဇ်တို့၏ အယူဒိဋ္ဌိကား ထိုသို့မဟုတ်ပေ။ ပြောင်းပြန်ဖြစ်၏။ ရူပါရုံ အစရှိသော ကာမဂုဏ်တို့ကို ကြည့်ရှုခံစားရမည် ဖြစ်၏။ ယင်းသို့ ကြည့်ရှုခံစားမှ တိုးတက်ကြီးပွားကြောင်းဟု အယူရှိလေ၏။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားရှင်နှင့် မာဂဏ္ဍိယပရိဗိုဇ်တို့ တွေ့ဆုံကြ၍ ကာမဂုဏ်အာရုံတို့ကို 'စောင့်စည်းရမည်။ ခံစားရမည်' နှင့် စပ်လျဉ်း၍ စကားပြောဆိုမှု ဖြစ်ကြရာတွင် ကာမဂုဏ် အာရုံတို့၌ ပျော်ပိုက်နှစ်မြို့က်နေသူတို့၏ အတွင်းအလျှတ္တစိတ်သည် အေးချမ်းမှုမရှိကြောင်း၊ ကာမဂုဏ်အာရုံတို့၌ ပျော်ပိုက်နှစ်မြို့က်သော ကာမတဏှာ၊ ကာမရာဂကို ပယ်စွန့်နိုင်သူသာ အတွင်းအလျှတ္တစိတ် အေးချမ်းနိုင်ကြောင်းကို မြတ်စွာဘုရားသည် မာဂဏ္ဍိယပရိဗိုဇ်အား ဤသို့ ဟောကြားတော်မူလေ၏။

> 'မာဂဏ္ဍိယ ... အကြင်သို့သော အခြင်းအရာအားဖြင့် ကာမဂုဏ်တို့၌ ပကင်းသောရာဂရှိကုန်သော၊ ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော၊ ကာမအပူဖြင့်လည်း ထက်ဝန်းကျင် ပူလောင်အပ်ကုန်သော သတ္တဝါတို့သည် ကာမဂုဏ်တို့ကို မှီဝဲကုန်၏။ ထိုအခြင်းအရာအားဖြင့် ထိုသတ္တဝါတို့အား ကာမတဏှာတို့သည်လည်း အဖန်ဖန် တိုးပွားကုန်၏။ ကာမအပူဖြင့်လည်း ထက်ဝန်းကျင် ပူလောင်၏။ ကာမဂုဏ်ငါးပါးတို့ကို အစွဲပြု၍ဖြစ်သော သက်သာရာမျှ၊ သာယာကာမျှသာလျှင် ဖြစ်၏။

> မာဂဏ္ဍိယ ... မင်းသည်လည်းကောင်း၊ မင်း၏အပတ်သည်လည်းကောင်း ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပွဉ့်လျက်ပျော်ပါးလျက် ကာမတဏှာကို မပယ်မစွန့်မူ၍၊ ကာမအပူကို မပယ်ပျောက်မူ၍၊ ဆာလောင်မွတ်သိပ်ခြင်း ကင်းသည်ဖြစ်၍ အတွင်းအလျှတ္တစိတ် ငြိမ်းအေးလျက် နေခဲ့ပူးသူလည်း မရှိ။ နေဆဲသူလည်း မရှိ။ နေလတ္တံ့သူလည်း မရှိပေ။

> မာဂဏ္ဍိယ ... အလုံးစုံကုန်သော ရဃေ့ရဟန်းတို့သည် ကာမဂုဏ်တို့၏ သာယာပွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်ကြကုန်၍ ကာမတဏှာတို့ကို ပယ်စွန့်၍၊ ကာမအပူကို ပယ်ပျောက်၍၊ ဆာလောင်မွတ်သိပ်ခြင်း ကင်းသည်ဖြစ်၍ အတွင်း အလျှတ္တစိတ် ငြိမ်းအေးလျက် နေခဲ့ကြကုန်ပြီ။ နေလည်း နေကြကုန်ဆဲ။ နေလည်း နေကြကုန်လတ္တံ့' – ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤသို့ ဥဒါန်းကျူးရင့်တော်မူလေ၏။

'လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံး ဖြစ်၏။ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏။ အမြဲကြံနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည် ဘေးကင်း၍ အသာဆုံးဖြစ်ပေ၏'

ထိုအခါ မာဂဏ္ဍိယပရိဗိုဇ်သည် ထိုဂါထာကို သူတို့၏ ရှေးပရိဗိုဇ်ဆရာ အဆက်ဆက်တို့ထံမှ ကြားဖူးကြောင်း ပြောလေလျှင် မြတ်စွာဘုရားရှင်သည် မာဂဏ္ဍိယကို 'အနာဂင်းခြင်းဟူသည် အဘယ်နည်း။ နိဗ္ဗာန်ဟူသည် အဘယ်နည်း' ဟူ၍ မေးတော်မူလေ၏။

ထိုအခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် ပိဓိခန္ဓာကိုယ်ကို လက်ဖြင့်သုံးသပ်ပြ၍ ဤသို့ဖြေကြားလေ၏။

'အရှင်ဂေါတမ... ထိုအနာဂင်းခြင်းဟူသည် ဤသည်ပင်တည်း။ ထိုနိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း။ အရှင်ဂေါတမ...အကျွန်ုပ်သည် ယခုအခါ အနာဂရီ။ ချမ်းချမ်းသာသာ စိုးစဉ်းမျှသော ဆင်းရဲမှုသည် အကျွန်ုပ်ကို မနှိပ်စက်ပါ' - ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မာဂဏ္ဍိယပရိဗိုဇ်ကို ဤသို့ ပိန့်ကြားတော်မူ၏။

''မာဂဏ္ဍိယ...ဤခန္ဓာကိုယ်သည် ရောဂါတုံးဖြစ်၏။ အိုင်းအမာတုံး ဖြစ်၏။ ဆူးငြောင့်တုံး ဖြစ်၏။ ဆင်းရဲတုံးဖြစ်၏။ အနာတုံးဖြစ်၏။ သင်သည် ရောဂါတုံးဖြစ်သော၊ အိုင်းအမာတုံးဖြစ်သော၊ ဆူးငြောင့်တုံး ဖြစ်သော၊ ဆင်းရဲတုံးဖြစ်သော၊ အနာတုံးဖြစ်သော ဤခန္ဓာကိုယ်ကို 'အနာဂင်းခြင်းဟူသည် ဤသည်ပင်တည်း။ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း' ဟုဆိုဘိ၏။ သင့်မှာထိုသို့သိနိုင်သောဉာဏ်မျက်စိမရှိပေ'' ဟူ၍ ပိန့်တော်မူလေ၏။

ထိုအခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြားလေ၏။

'အရှင်ဂေါတမ... အနာဂင်းခြင်းကို အကျွန်ုပ် သိနိုင်မည့် နည်းလမ်းပြင့်၊ နိဗ္ဗာန်ကို အကျွန်ုပ် မြင်နိုင်မည့် နည်းလမ်းပြင့် တရား ဟောတော်မူပါ' ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မာဂဏ္ဍိယပရိဗိုဇ်ကို ဤသို့ ဟောကြားတော်မူ၏။

'မာဂဏ္ဍိယ ... သင်သည် တစ်နေ့သောအခါ၌ အနာဂင်းခြင်းကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း သိမြင်နိုင်သော ဝိပဿနာဉာဏ်မျက်စိ၊ မဂ်ဉာဏ်မျက်စိကို ရလေရာ၏။ ထိုဉာဏ်မျက်စိကို ရသောအခါ-

အချင်းတို့... ငါ့ကို ဤစိတ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး နှိပ်စက်လှည့်ပတ် ထားခဲ့သည်တကား။ ငါသည် အနာတုံး၊ ဆင်းရဲတုံးဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုသာလျှင် စွဲလမ်းနေခဲ့လေ၏။ ထိုငါ့အား စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဘဝကြောင့် ဇာတိ၊ ဇရာ၊ မရဏာ၊ သောကာ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်ရကုန်၏။ ဤသို့ဆင်းရဲအစုဖြစ်မှုသည်ထင်ရှားပေါ်ပေါက်သောအကြံဖြစ်၏' ဟု ပိန့်တော်မူလေလျှင် မာဂဏ္ဍိယ ပရိဗိုဇ်သည် -

'အရှင်ဂေါတမ... အကျွန်ုပ်သည် ဤနေရာမှ မထဘဲ တစ်ထိုင်တည်းဖြင့် ထိုဉာဏ်မျက်စိကို ရနိုင်သော တရားကို ဟောတော်မူပါ' ဟု လျှောက်ထားပြန်၏။ မြတ်စွာဘုရားသည် ဤသို့ဆက်၍ ဟောကြားတော်မူ၏။

'မာဂဏ္ဍိယ ... သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ်၍ တရားနာလော့။ တရားနာပြီး၍ လောကုတ္တရာတရား အားလျော်သောအကျင့်ကို ကျင့်ရလတ္တံ့။ ဤသို့ ကျင့်သောကြောင့် ဤသည်တို့ကား ရောဂါတို့တည်း။ အိုင်းအမာတို့တည်း။ ဆူးငြောင့်တို့တည်းဟု ကောင်းစွာသိသောကြောင့် ထိုခန္ဓာကိုယ်၌ စွဲလမ်းသော ဥပါဒါန်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏာ၊ သောက၊

ပရိဒေဝ၊ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့ဆင်းရဲသက်သက် ချုပ်ခြင်းသည် ဖြစ်၏–
ဟု ကိုယ်တိုင်သာ သိလတ္တဲ့' – ဟု ဟောတော်မူ၏။

ထိုတရားကို နာပြီးနောက် နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက် သိမြင်လိုသည်ဖြစ်၍ မာဂဏ္ဍိယ ပရိဗိုဇ်သည် မြတ်စွာဘုရားထံ၌ ရှင်ရဟန်းပြုလေ၏။ ရဟန်းပြု၍ ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်း မမေ့မလျော့ အားထုတ်လေလျှင် အရှင်မာဂဏ္ဍိယသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ အနာတ္တဖြစ်ပုံကိုလည်းကောင်း၊ ရောဂါတုံးဖြစ်ပုံကိုလည်းကောင်း၊ ဆင်းရဲတုံးဖြစ်ပုံကိုလည်းကောင်း ဝိပဿနာပညာဖြင့် ကောင်းစွာ သိမြင်သည်ဖြစ်၍၊ မဂ်ဉာဏ်လေးဆင့်၊ ဖိုလ်ဉာဏ်လေးဆင့်တို့ဖြင့်လည်း နိဗ္ဗာန်ကို ကောင်းစွာသိမြင်သည်ဖြစ်၍ အာသဝေါကင်းကွာ ရဟန္တာ အဖြစ်သို့ရောက်လေ၏။

(မ – ၂ – ၁၆၉/၁၈၀ ။ မြန် ၁၇၉/ ၁၉၁)

၄။ အရှင်မာဂဏ္ဍိယ၏ ဝိပဿနာပညာ၏ ဆောင်ရွက်လက်ကျန်များ

၁။ မာဂဏ္ဍိယ၊ မည်နှာမ၊ ခေါ် ရဟန္တာမိုဇ်သည်၊
၂။ အာရုံငါးပါး၊ ကာတရား၊ ခံစားကြရင်းသည်၊
၃။ လောဘအပေါင်း၊ တိုးပွားကြောင်း၊ ယူကြောင်းပြောလေထည်။
၄။ မြတ်စွာဘုရား၊ မာဂဏ်အား၊ တရားဟောလေပြီ။
၅။ အာရုံငါးပါး၊ ကာတရား၊ လိုက်စားထူတို့သည်၊
၆။ သာယာမှုမှာ၊ နည်းပေသော်သာ၊ လွန်စွာပြစ်များသည်။
၇။ ကာမတဏှာ၊ ဖြစ်ခြင်းဟာ၊ လွန်စွာတိုးပွားသည်။
၈။ ကာမအပူ၊ ကိုယ်ရံုးဟူ၊ လွန်မှုန်ပိဖစက်သည်။
၉။ ကာအပူထင့်၊ တဏှာဖြင့်၊ မစွန့်မူဘဲသည်၊
၁၀။ သူ့ဌေးများစွာ၊ မင်းများစွာ၊ များစွာလူတို့သည်၊
၁၁။ စိတ်အေးချမ်းစွာ၊ နေနိုင်တာ၊ တယ်ခါမရှိပြီ။
၁၂။ ကာမဂုဏ်ငါးပါး၊ အပြစ်များ၊ မြင်ကြားသူတို့သည်။
၁၃။ ဝိပဿနာ၊ ဘာဝနာ၊ ခါခါပွားကြသည်။
၁၄။ ကာမအပူ၊ တဏှာဟူ၊ ကင်းသူဖြစ်ကြပြီ။
၁၅။ မွှတ်သိပ်ကင်းကာ၊ ပူကင်းကာ၊ အေးစွာနေကြပြီ။
၁၆။ ထိုသို့ ဟောကာ၊ မြတ်ဗုဒ္ဓါ၊ ဥဒါကျူးလေပြီ။
၁၇။ လာဘ်အများမှာ၊ နာကင်းကာ၊ လွန်စွာမွန်မြတ်သည်။

၁၈။ ချမ်းသာများမှာ၊ နိဗ္ဗာန်ဟာ၊ လွန်စွာမွန်မြတ်သည်။
၁၉။ ခရီးလမ်းမှာ၊ မဂ္ဂင်ဟာ၊ လွန်စွာမွန်မြတ်သည်။
၂၀။ ပရိပိုဏ်တို့လဲ၊ ထိုသို့ပဲ၊ ဆိုမြဲဆိုကြသည်။
၂၀။ အနာဂင်းတာ၊ တယ်လိုဟာ၊ မြတ်စွာဖေးလေဖြို။
၂၂။ နိဗ္ဗာန်ဆိုတာ၊ တယ်လိုဟာ၊ မြတ်စွာဖေးလေဖြို။
၂၃။ ခန္ဓာကိုယ်အား၊ ပွတ်၍ပြား၊ မာကားပြောလေဖြို။
၂၄။ နာဂင်းတာလဲ၊ ဤကိုယ်ပဲ၊ နိလဲဖြစ်လေသည်။
၂၅။ မာဂဏ္ဍိအား၊ မြတ်ဘုရား၊ တရားဆက်ဟောဖြို။
၂၆။ လူနတ်များစွာ၊ သတ္တဝါ၊ ငါးဖြာခန္ဓာသည်။
၂၇။ ရောဂါအမာတုံး၊ ဆူးပြောင့်တုံး၊ နာတုံးဖြစ်လေသည်။
၂၈။ ဖြစ်ပြီးပျက်ထုံး၊ ဆင်းရဲတုံး၊ ဒုက်ခံးဖြစ်လေသည်။
၂၉။ ဆင်းရဲကိုမျှား၊ ရောဂါများ၊ တင်းပြားသင်ပြောသည်။
၃၀။ ဆင်းရဲကိုမျှား၊ နိဗ္ဗာန်ပြား၊ သင်ကားပြောလေဖြို။
၃၁။ သင်၏ထံမှာ၊ သိနိုင်ရာ၊ ပညာမရှိဖြို။
၃၂။ ဝိပသိပညာ၊ ရှိမှသာ၊ ကောင်းစွာမြင်နိုင်သည်။
၃၃။ ဝိပဿနာဉာဏ်၊ ရနိုင်ရန်၊ မာဂဏ်လျှောက်ထားဖြို။
၃၄။ မြတ်စွာဘုရား၊ ဆက်၍ကား၊ ညွှန်ကြားပြုလေဖြို။
၃၅။ သူတော်သူမြတ်၊ ရှိသေလတ်၊ ဆည်းကပ်ရပေမည်။
၃၆။ ဟောသည့်တရား၊ လွန်လေးစား၊ နာကြားမှတ်ရမည်။
၃၇။ လောကုတ်တရား၊ လျော်စွာငြား၊ တရားထုတ်ရမည်။
၃၈။ ဝိပသိပညာ၊ ဖြစ်လာရာ၊ ကောင်းစွာမြင်ပေမည်။
၃၉။ ဤငါးခန္ဓာ၊ ဖြစ်ပျက်သာ၊ လွန်စွာဆင်းရဲသည်။
၄၀။ ရောဂါတုံးကြီး၊ နာတုံးကြီး၊ သိဖြီးလာလိမ့်မည်။
၄၁။ မဂ်ဉာဏ်လေးဖြာ၊ ဖိုလ်ဉာဏ်ပါ၊ ဖြစ်လာချိန်၌သည်၊
၄၂။ ဥပါဒါန်တဲ့၊ ဘဝတဲ့၊ ကြွင်းမဲ့ချုပ်ငြိမ်းမည်။
၄၃။ ဇာတိဇရာ၊ မရဏာ၊ ဗျာပါဒချုပ်ငြိမ်းမည်။
၄၄။ ဆင်းရဲဖုံဖုံ၊ အလုံးစုံ၊ အကုန်ချုပ်ငြိမ်းမည်။
၄၅။ မာဂဏ်မည်မှန်း၊ စိတ်ရှင်းလန်း၊ ရဟန်းပြုလေဖြို။

၄၆။ ခန္ဓာငါးပါး၊ ရုပ်နာမ်အား၊ ရွယ်းပြုလေပြီ။
၄၇။ ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်ဉာဏ်၊ တန်တန်ရလေပြီ။
၄၈။ ဆင်းရဲတုံးပါ၊ နိဗ္ဗာန်ပါ၊ ကောင်းစွာသိမြင်ပြီ။
၄၉။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေပြီ။
၅၀။ ဝိပဿနာတရား၊ ခါခါပွား၊ အမှားမရှိပြီ။

၅။ ပုက္ကုသာတိမင်း၏ ဝိပဿနာပညာ ။ ။ ပုက္ကုသာတိမင်းကား တက္ကသိုလ်ပြည်က ရှင်ဘုရင်တစ်ဦး ဖြစ်၏။ ကုန်သည်တို့မှတစ်ဆင့် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရနှင့် တစ်ဦးနှင့်တစ်ဦး မမြင်ဖူးကြဘဲ မိတ်ဆွေများ ဖြစ်ကြသည့်အလျောက် အပြန်အလှန် လက်ဆောင်များ ပေးကြရာတွင် ဗိမ္ဗိသာရမင်းကြီးထံမှ ရတနာသုံးပါးနှင့်စပ်သောလက်ဆောင်၊ စတုတ္ထဈာန်အထိရအောင် အားထုတ်နည်း ဓမ္မလက်ဆောင်ကို ရ၍ ထိုနည်းအတိုင်း အားထုတ်လေရာ စတုတ္ထဈာန်အထိရ၍ ထိုးနှန်းစည်းစိမ်ကို စွန့်၍ ရဟန်းပြု၍ မြတ်စွာဘုရားကို ပူးမြင်ရန် တက္ကသိုလ်ပြည်မှ ထွက်ခဲ့ပြီးနောက် ရာဇဂြိုဟ်မြို့ အိုးထိန်းသည်၏တဲ၌ တည်းခိုလျက် ရှိလေ၏။

မြတ်စွာဘုရားသည်လည်း သတ္တလောကကို ကယ်တင်နိုင်ရန် ကြည့်တော်မူသည်ရှိသော် ပုက္ကုသာတိမင်းကို တွေ့.၍ မကြာမီ ပုက္ကုသာတိမင်း၏ သေရမည်ကို မြင်တော်မူ၍ ဘုရားရှင် မကြွသည်ရှိသော် ပုထုဇဉ်အပြစ်နှင့် သေရအံ့။ ဘုရားရှင် ကြွရောက်၍ တရားဟောသည်ရှိသော် အနာဂါမ်အရိယာ အဖြစ်ဖြင့် သေရအံ့ဟု သိမြင်တော်မူ၍ ပုက္ကုသာတိမင်းအား အစဉ်သနားသည်ကို အကြောင်းပြု၍ သာဝတ္ထိပြို့ ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူ၍ ပုက္ကုသာတိရှိရာ အိုးထိန်းသည်၏တဲ၌ သီတင်းသုံးနေတော်မူလေ၏။

မြတ်စွာဘုရားရှင်သည် 'ဤပုက္ကုသာတိကား ယူဇနာ (၁၉၀)ကျော် ခရီးကို ခြေလျင်လာခဲ့ရသည်ဖြစ်၍ ခရီးပန်းနေ၏။ အပန်းပြေစေဦးတော့' ဟု ကြံစည်တော်မူ၍ ရောက်ရောက်ချင်း တရားမဟောသေးဘဲ ဖလသမာပတ် ဝင်စားခြင်းဖြင့် အချိန်ကို ကုန်လွန်စေလေ၏။ ပုက္ကုသာတိ ရဟန်းသည်လည်း စတုတ္ထဈာန် သမာပတ်ကို ဝင်စား၍ အချိန်ကို ကုန်လွန်စေလေ၏။

မြတ်စွာဘုရားရှင်သည် သန်းခေါင်ကျော်အချိန်၌ ဖလသမာပတ်မှထ၍ 'ပုက္ကုသာတိ' ထံသို့ သွား၍ –

'ရဟန်း... သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း' – ဟု မေးတော်မူလျှင် ပုက္ကုသာတိသည် –

'မြတ်စွာဘုရားကိုရည်ညွှန်း၍ ရဟန်းပြုပါ၏' – ဟု ဖြေကြားလေ၏။

'ရဟန်း... သင်သည် မြတ်စွာဘုရားကို မမြင်ဖူးသည်ဖြစ်၍ မြင်လျှင် သိပါမည်လော' – ဟူ၍ မေးတော်မူလျှင် ပုက္ကုသာတိရဟန်းသည် – 'မသိပါ' ဟူ၍ ဖြေလေ၏။

'ရဟန်း... ငါသည် သင့်ကို တရားဟောပေအံ့။ ကောင်းစွာနာယူလော့' – ဟု မိန့်တော်မူလျှင် 'ဉ့ရှင်... ကောင်းပါပြီ' ဟူ၍ ပုက္ကုသာတိရဟန်းက ဝန်ခံလေ၏။ ထိုအချိန်အထိ ပုက္ကုသာတိသည် မြတ်စွာဘုရားမှန်း မသိသေးချေ။ မြတ်စွာဘုရားသည် အောက်ပါ ဓာတ်ခြောက်ပါးတရားကို ဟောတော်မူလေ၏။

ဤပုဂ္ဂိုလ်သတ္တဝါတို့သည် 'ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်' ဟူသော ဓာတ်ခြောက်ပါးအစုအဝေး ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပေ။ ဤ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ ပထဝီဓာတ်မျှသာ ဖြစ်၏။ အာပေါဓာတ်မျှသာ ဖြစ်၏။ တေဇောဓာတ်မျှသာ ဖြစ်၏။ ဝါယောဓာတ်မျှသာ ဖြစ်၏။ အာကာသဓာတ်မျှသာ ဖြစ်၏။ ဝိညာဏဓာတ်မျှသာ ဖြစ်၏။

ထိုဓာတ်ခြောက်ပါးတို့တွင် ပထဝီဓာတ် ဟူသည် မာမှုံသဘော၊ ကြမ်းမှုသဘော၊ လေးမှုသဘောတည်း။ ဤကိုယ်ခန္ဓာ၌ ဆံဝင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း ... စသည်တို့၌ မာမှုသဘော၊ ကြမ်းမှုသဘော၊ လေးမှုသဘော ဟု ဆိုအပ်သော ပထဝီဓာတ်သည် ထင်ရှားလေ၏။

ထိုမာမှု၊ လေးမှု၊ ကြမ်းမှုဟုဆိုအပ်သော ပထဝီဓာတ်သည် ရုပ်သဘောမျှသာတည်း။ ရုပ်သဘောမျှထက် ပို၍ ပုဂ္ဂိုလ်သတ္တဝါ မရှိပေ။ ခေါင်း, ကိုယ်, လက်, ခြေ မရှိပေ။ အတုံးအခဲ ပုံပန်းသဏ္ဌာန် မရှိပေ။

ထိုမာမှု၊ လေးမှု၊ ကြမ်းမှုဟု ဆိုအပ်သော ပထဝီဓာတ်သည် စဉ်တိုက်ကြီး မာနေသည် မဟုတ်။ လေးနေသည် မဟုတ်။ ကြမ်းနေသည် မဟုတ်။ အထပ်ထပ် ဖြစ်လျက်၊ အထပ်ထပ် ပျက်လျက် နေ၏။ ဖြစ်ပျက်မှုဒဏ်ဖြင့် အတန်တန် နှိပ်စက်လျက်ရှိ၏။ ပျက်ပျက်ဇနသောဒဏ်ဖြင့် အတန်တန် နှိပ်စက်လျက်ရှိ၏။ ထိုဖြစ်ပျက်နေမှုသည်၊ ပျက်ပျက်နေမှုသည် အနိစ္စတည်း။ ထိုအနိစ္စသည် ဧကိုင်မဟုတ်။ ဧကမဟုတ်။ ဧက၏ အတွင်းမဟုတ်။ ဤသို့ ပထဝီဓာတ်ကို ဝိပဿနာပညာဖြင့် ရှုရမည် ဖြစ်၏။ ဤသို့ ရှုမြင်နေသော ယောဂီသည် ပထဝီဓာတ်၌ ငြီးငွေ့၏။ စိတ်သည် ပထဝီဓာတ်၌ တပ်ခြင်းကင်းလေ၏။

အာပေါဓာတ် ဟူသည် ဖွဲ့စည်းမှုသဘော၊ ပွားစည်းမှုသဘော၊ ယိုစီးမှုသဘောတည်း။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ ခေါင်း, ကိုယ်, လက်, ခြေ မဟုတ်။ ဤ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်။ အကောင်အထည် အတုံးအခဲ မဟုတ်။ အာပေါဓာတ်မျှသာ ဖြစ်၏။

ဤအာပေါဓာတ် ရုပ်ပရမတ်သဘောသည် ဤကိုယ်ခန္ဓာ၌ 'သည်းခြေ, သလိပ်, ပြည့်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှာရည်, အစေး, ကျင်ယဲ' စသည်တို့၌ ထင်ရှား၏။

ထိုဖွဲ့စည်းမှု၊ ပွားစည်းမှု၊ ယိုစီးမှု ဟူသော အာပေါဓာတ်သည်လည်း ကံကြောင့်ဖြစ်သော ကမ္မဇရုပ်သဘောမျှသာတည်း။ ထိုရုပ်သဘောမျှထက်ပို၍ ပုဂ္ဂိုလ်သတ္တဝါ။ ဤ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိပေ။ ခေါင်း, ကိုယ်, လက်, ခြေ မရှိပေ။ အတုံးအခဲ ဒြပ်သဏ္ဌာန် မရှိပေ။

ထိုဖွဲ့စည်းမှု၊ ပွားစည်းမှု၊ ယိုစီးမှု ဟူသော အာပေါဓာတ်သည်လည်း အမြဲတည်တန့်နေသည် မဟုတ်ပေ။ စဉ်တိုက်ကြီး ဖွဲ့စည်းနေသည် မဟုတ်ပေ။ ပွားစည်းနေသည် မဟုတ်ပေ။ ယိုစီးနေသည် မဟုတ်ပေ။ အထပ်ထပ် ဖြစ်လျက်၊ အထပ်ထပ် ပျက်လျက် နေ၏။ အထပ်ထပ် ဖြစ်ပျက်မှုဒဏ်ဖြင့်လည်းကောင်း၊ အထပ်ထပ် ပျက်ပျက်နေသော အပျက်ဒဏ်ဖြင့်လည်းကောင်း အတန်တန် နှိပ်စက်လျက် ရှိ၏။

ထိုအထပ်ထပ် ဖြစ်ပျက်နေမှုသည်၊ ပျက်ပျက်နေမှုသည် အနိစ္စတည်း။ ထိုအနိစ္စသည် ဇရိုင်မဟုတ်။ ဇရိမဟုတ်။ ဇရိ၏ အတ္တမဟုတ်ပေ။ အနတ္တတည်း။ ဤသို့ အာပေါဓာတ်ကို ဝိပဿနာပညာဖြင့် ရှုရမည်ဖြစ်၏။ ဤသို့ ရှုသော ယောဂိသည် အာပေါဓာတ်၌ ငြိးငွေ့၏။ စိတ်သည် အာပေါဓာတ်၌ တပ်ခြင်းကင်း၏။

တေဇောဓာတ် ဟူသည်ကား – ပူမှုသဘော၊ အေးမှုသဘောမျှသာတည်း။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပေ။ ဇ၊ သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ ခေါင်း, ကိုယ်, လက်, ခြေ မဟုတ်ပေ။ အတုံးအခဲ ဒြပ်သဏ္ဌာန် မဟုတ်ပေ။ ပူမှုသဘောမျှသာတည်း။ အေးမှုသဘောမျှသာတည်း။ တေဇောဓာတ်မျှသာတည်း။ ဤတေဇောဓာတ် ဖြင့် ပြင်းစွာပူ၏။ ဆွေးမြေ့၏။ ရင့်ကျက်၏။ ထက်ဝန်းကျင် ပူလောင်၏။ စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ် သော အစာသည် ကောင်းစွာကြေကျက်ခြင်းသို့ ရောက်၏။ ဤသည်ကား တေဇောဓာတ်၏ ထင်ရှားမှု သဘောတည်း။

ဤပူမှု၊ အေးမှုဟု ဆိုအပ်သော တေဇောဓာတ်သည်လည်း ဤကိုယ်ခန္ဓာ၌ ကံကြောင့်ဖြစ်သော ကမ္မဇရုပ် သဘောမျှသာတည်း။ ထိုရုပ်သဘောမျှထက် ပို၍ ပုဂ္ဂိုလ်သတ္တဝါ, ဇ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိပေ။ ခေါင်း, ကိုယ်, လက်, ခြေ မရှိပေ။ အတုံးအခဲ ဒြပ်သဏ္ဌာန် မရှိပေ။

ထိုပူမှု၊ အေးမှု ဟုဆိုအပ်သော တေဇောဓာတ်သည်လည်း အမြဲတည်တန့်နေသည် မဟုတ်ပေ။ စဉ်တိုက်ကြီး ပူနေသည် မဟုတ်ပေ။ အေးနေသည် မဟုတ်ပေ။ ပူမှုတွေ့ အထပ်ထပ်၊ အေးမှုတွေ့ အထပ်ထပ်ဖြင့် အထပ်ထပ် ဖြစ်လျက်၊ အထပ်ထပ် ပျက်လျက် နေ၏။ အထပ်ထပ် ဖြစ်ပျက်မှုဒုက္ခဖြင့်လည်းကောင်း၊ အထပ်ထပ် ပျက်ပျက်နေသော အပျက်ဒုက္ခဖြင့်လည်းကောင်း အတန်တန် နှိပ်စက်လျက် ရှိနေ၏၊

ထိုသို့ အထပ်ထပ် ဖြစ်ပျက်နေမှုသည်၊ ပျက်ပျက်နေမှုသည် အနိစ္စတည်း။ ထိုအနိစ္စသည် ဇရိုင်မဟုတ်။ ဇရိမဟုတ်။ ဇရိ၏ အတ္တမဟုတ်။ အနတ္တတည်း။ ဤသို့ တေဇောဓာတ်ကို ဝိပဿနာပညာဖြင့် ရှုရမည် ဖြစ်၏။ ဤသို့ ရှုသော ယောဂိသည် တေဇောဓာတ်၌ ငြိးငွေ့၏။ စိတ်သည် တေဇောဓာတ်၌ တပ်ခြင်းကင်း၏။

ဝါယောဓာတ် ဟူသည်ကား တွန်းကန်မှုသဘော၊ ရွေ့မှုသဘော၊ လှုပ်ရှားမှုသဘော၊ ထောက်ကန်မှု သဘောတည်း။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပေ။ ဇ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ ခေါင်း, ကိုယ်, လက်, ခြေ မဟုတ်ပေ။ အတုံးအခဲ ဒြပ်သဏ္ဌာန် မဟုတ်ပေ။ တွန်းကန်မှုသဘော၊ ရွေ့မှုသဘော၊ လှုပ်ရှားမှု၊ ထောက်ကန်မှုသဘောမျှသာတည်း။ ဝါယောဓာတ် ရုပ်ပရမတ် သဘောသာတည်း။

ဤဝါယောဓာတ်သည် အထက်သို့ တက်သောလေ၊ အောက်သို့ သက်သောလေ၊ ဝမ်းခွဲတည်သောလေ၊ အူအတွင်းခွဲ တည်သောလေ၊ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေ၊ ထွက်လေ၊ ဝင်လေ စသည်တို့၌ ထင်ရှား၏။

ဤတွန်းကန်မှုသဘော၊ ရွေ့မှုသဘော၊ လှုပ်ရှားမှုသဘော၊ ထောက်ကန်မှုသဘောဟု ဆိုအပ်သော ဝါယောဓာတ်သည်လည်း ကံကြောင့်ဖြစ်သော ကမ္မဇရုပ်သဘောမျှသာတည်း။ ထိုဝါယောဓာတ် ရုပ်ပရမတ်ထက် ပို၍ ပုဂ္ဂိုလ်သတ္တဝါ, ဇ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိပေ။ ခေါင်း, ကိုယ်, လက်, ခြေ မရှိပေ။ အတုံးအခဲ ဒြပ်သဏ္ဌာန် မရှိပေ။

ဤတွန်းကန်မှု၊ ရွေ့မှု၊ လှုပ်ရှားမှု၊ ထောက်ကန်မှု ဟူသော ဇါယောဓာတ်သည်လည်း စဉ်တိုက်ကြီးအနေဖြင့် အမြဲတည်တန့်နေသည် မဟုတ်ပေ။ အထပ်ထပ်ဖြစ်လျက်၊ အထပ်ထပ် ပျက်နေ၏။ အထပ်ထပ် ဖြစ်မှု၊ ပျက်မှုဒဏ် ဖြင့်လည်းကောင်း၊ အထပ်ထပ် ပျက်ပျက်နေမှုဒဏ်ဖြင့်လည်းကောင်း အတန့်တန် နှိပ်စက်လျက်ရှိ၏။

ထိုသို့ အထပ်ထပ် ဖြစ်ပျက်နေမှုသည်၊ ပျက်ပျောက်နေမှုသည် အနိစ္စတည်း။ ထိုအနိစ္စသည် ဇါပိုင်မဟုတ်။ ဇါမဟုတ်။ ဇါ၏အတွက် မဟုတ်။ အနတ္တတည်း။ ဤသို့ ဇါယောဓာတ်ကို ဝိပဿနာပညာဖြင့် ရှုရမည် ဖြစ်၏။ ဤသို့ ရှုသော ယောဂိသည် ဇါယောဓာတ်၌ ငြိးငွေ့၏။ စိတ်သည် ဇါယောဓာတ်၌ တပ်ခြင်းကင်း၏။

ထို့နောက် မြတ်စွာဘုရားသည် နှာခေါင်းပေါက်၊ နားပေါက်၊ ခံတွင်းပေါက် စသော အာကာသဓာတ် ထင်ရှားရာကိုလည်း ဟော၏။ ပြုစင်သော ဝိညာဏဓာတ်ကိုလည်း ဟော၏။ ဖဿကြောင့် ဖြစ်ရ, ချုပ်ရသော ဝေဒနာသုံးပါးကိုလည်း ဟောတော်မူ၏။ ရူပစျာန်, အရူပစျာန်တရားတို့ကိုလည်း ဟော၏။ အရဟတ္တဖိုလ်အထိ ရရှိပုံကိုလည်း ဟော၏။ ကိလေသာပယ်ပုံကိုလည်း ဟော၏ - စသည်ဖြင့် ဟောတော်မူရာ ပုက္ကုသာတိသည် အနာဂါမိဖိုလ်သို့ ရောက်လေ၏။

ထိုအခါမှ မြတ်စွာဘုရားမှန်း သိ၍ ဝန်ချတောင်းပန်လေတော့၏။ မြတ်စွာဘုရားထံ၌ ရှင်ရဟန်းအဖြစ်ကို လျှောက်ထားရာ 'သင်္ကန်းပရိက္ခရာရှာလော့' ဟု ဘုရားရှင် မိန့်တော်မူ၍ ရာဇဂြိုဟ် အစွန်အဖျားတစ်ဝိုက် ပံသုကူသင်္ကန်း ရှာဖွေရင်း ရန်သူဖြစ်သော ဘိလူးမက နွားအသွင်ဖြင့် ခတ်၍ ပျံတော်မူလေ၏။ သုဒ္ဓါဝါသ (၅)ဘုံ တွင် အဝိဟာဘုံ၌ ဗြဟ္မာဖြစ်လေ၏။ ဖြစ်ပြီး မကြာမီမှာပင် အရဟတ္တဖိုလ်ကို ရလေ၏။

ဤ၌ သတိပြုရန်ကား ရှေးဘဝက သင်္ကန်းပရိက္ခရာ မလှူဖူးသည့်အတွက် ဖေါဘိက္ခုရဟန်းအဖြစ်သို့ မရောက်ဘဲ ဖြစ်ရ၏။ ထို့ကြောင့် သင်္ကန်းရှာရခြင်း ဖြစ်၏။ လူဘဝ၌ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုလျှင် နွားမဝေ့၍ ပရိနိဗ္ဗာန်ပြုနိုင်မည် ဖြစ်၏။ ယခု အနာဂါမ် အဖြစ်ဖြင့် ပျံတော်မူပြီးမှ သုဒ္ဓါဝါသ ဗြဟ္မာပြည်တွင် ဗြဟ္မာဘဝရသည့် အတွက် ထိုဗြဟ္မာဘဝ၌ ရဟန္တာဖြစ်သော်လည်း ပုက္ကုသာတိရဟန္တာ ဗြဟ္မာကြီးသည် ကမ္ဘာပေါင်းများစွာ ခန္ဓာ ဒုက္ခ ရှိနေဦးမည် ဖြစ်လေ၏။

(မ - ၃ - ၂၈၁ / ၂၉၀ ။ မြန် ၂၈၄/ ၂၉၅ ။ မဋ္ဌ - ၄ - ၂၈)

၅။ ပုက္ကုသာတိမင်း၏ ဝိပဿနာပညာ၌ ဆောင်ရန်လင်္ကာများ

၁။	တက္ကသိုလ်ပြည်မှာ၊	ပုက္ကုသာ၊	ရာဇာဖြစ်လေသည်။
၂။	ရာဇဂြိုဟ်ပြည်မှာ၊	ဗိမ္ဗိသာ၊	ရာဇာဖြစ်လေသည်။
၃။	မဖြင်ဖူးပေ၊	ရင်းနှီးပေ၊	မိတ်ဆွေဖြစ်ကြသည်။
၄။	အဖိုးထိုက်တန်၊	လက်ဆောင်မှန်၊	ပြန်လှန်ပေးကြသည်။
၅။	လောကုတ်ခေါ်ပြု၊	ရတနာစု၊	ရမှုပြု၍သည်၊

၆။	ပုဏ္ဏမြင်းတား၊	စျာန်တရား၊	ဖြစ်ပွားခဲ့လေပြီ။
၇။	ရဟန်းပြုကာ၊	နန်းစွန့်ကာ၊	ထွက်ခွါလာခဲ့သည်။
၈။	ရာဇဂြိုဟ်ပေါ်၊	အိုးထိန်းတဲ၊	ခိုတဲပြုလေပြီ။
၉။	သနားချီပေါ်၊	ဘုရားလဲ၊	ထိုတဲကြွရောက်ပြီ။
၁၀။	ညဉ့်ဦးယာမ်ကား၊	စျာန်ဝင်စား၊	ချိန်အားကုန်စေသည်။
၁၀။	သန်းခေါင်တွေ့ကြုံရား၊	မြတ်ဘုရား၊	ထရားဟောလေပြီ။
၁၂။	ဓာတ်ကြိုးခြောက်ပါး၊	သဘောသွား၊	ဟောကြားပြုလေပြီ။
၁၃။	ပရမတ်မှာ၊	လက္ခဏာ၊	နှစ်ဖြာရှိလေသည်။
၁၄။	သဘာဝလေတွ့ထာ၊	သာမညာ၊	နှစ်ဖြာဖြစ်လေသည်။
၁၅။	ရှေးဦးစွာမှာ၊	ဆတာဝါ၊	ကောင်းစွာသိရမည်။
၁၆။	သဘာဝသိရာ၊	သာမညာ၊	သိထာတော်လိမ့်မည်။
၁၇။	ဖြစ်ပြီးပျက်ရ၊	အနိစ္စ၊	သာမညဖြစ်လေသည်။
၁၈။	အနိစ္စတွေ့ရာ၊	ဒုက္ခပါ၊	အနတ္တာပေါက်လေသည်။
၁၉။	ပထဝီဓာတ်မှာ၊	သဘာဝါ၊	ဓာတာဖြစ်လေသည်။
၂၀။	ကြမ်းမှုရောပါ၊	လေးမှုပါ၊	ဆဘာဖြစ်လေသည်။
၂၀။	ဓာသဘာဝ၊	ပဋိဃလေ၊	သတ္တိမဟုတ်ပြီ။
၂၂။	ငါ့သူတစ်ပါး၊	မိန်းမများ၊	ယောက်ျားမဟုတ်ပြီ။
၂၃။	ခေါင်းကိုယ်လက်ခြေ၊	တုံးခဲတွေ့၊	သဏ္ဌာန်မဟုတ်ပြီ။
၂၄။	ဓာမှုမျှသာ၊	ကြမ်းမှုသာ၊	လေးတာဖြစ်လေသည်။
၂၅။	ဓာသဘောတာ၊	ရုပ်မျှသာ၊	သတ္တာမဟုတ်ပြီ။
၂၆။	လက်သည်းများမှာ၊	အရိုးမှာ၊	ဓာတာထင်ရှားသည်။
၂၇။	စဉ်တိုက်ကြိုးသာ၊	ခွိုင်မြဲစွာ၊	ဓာတာမဟုတ်ပြီ။
၂၈။	ထပ်ထပ်ဖြစ်လျက်၊	ထပ်ထပ်ပျက်၊	ဖြစ်ပျက်နေလေသည်။
၂၉။	ဖြစ်ပျက်မှုဒဏ်၊	အပျက်ဒဏ်၊	တန်တန်ခံရသည်။
၃၀။	ဖြစ်ပြီးပျက်ရ၊	အနိစ္စ၊	ဒုက္ခဖြစ်လေသည်။
၃၁။	ငါပိုင်မဟုတ်၊	ငါမဟုတ်၊	အတ္တမဟုတ်ပြီ။
၃၂။	ဤသို့ရှုရာ၊	ယောဂီမှာ၊	ပညာရင့်ကျက်သည်။
၃၃။	ပထဝီကိုထင်း၊	ငြိုးငွေ့ခြင်း၊	တပ်ခြင်းကင်းပေမည်။

၃၇။ အာပေါဓာတ်မှာ၊ သဘာဝါ၊ ဖွဲ့တာဖြစ်လေသည်။
၃၈။ ကြမ်းမှုရောပါ၊ ယိုစီးပါ၊ ကောင်းစွာသိရမည်။
၃၉။ ဖွဲ့သဘော၊ ပဂ္ဂလ၊ သတ္တမဟုတ်ပြီ။
၄၀။ ဖွဲ့မမျှသာ၊ ပွားများသာ၊ ယိုတာဖြစ်လေသည်။
၄၁။ ဖွဲ့သဘောဟာ၊ ရုပ်မျှသာ၊ သတ္တာမဟုတ်ပြီ။
၄၂။ တံတွေးတွေမှာ၊ နှပ်တွေမှာ၊ ဖွဲ့တာထင်ရှားသည်။
၄၃။ စဉ်တိုက်ကြိုးသာ၊ ခွင်မြွေစွာ၊ ဖွဲ့တာမဟုတ်ပြီ။
၄၄။ ထပ်ထပ်ဖြစ်လျက်၊ ထပ်ထပ်ပျက်၊ ဖြစ်ပျက်နေလေသည်။
၄၅။ ဖြစ်မှုဒဏ်၊ အပျက်ဒဏ်၊ တန်တန်ခံရသည်။
၄၆။ ဖြစ်ပြီးပျက်ရ၊ အနိစ္စ၊ ဒုက္ခဖြစ်လေသည်။
၄၇။ ငါပိုင်မဟုတ်၊ ငါမဟုတ်၊ အတ္တမဟုတ်ပြီ။
၄၈။ ဤသို့ရှုရာ၊ ယောဂီမှာ၊ ပညာရင့်ကျက်သည်။
၄၉။ အာပေါကိုထင်း၊ ငြိုးငွေ့ခြင်း၊ တပ်ခြင်းကင်းလေသည်။
၅၀။ တေဇောဓာတ်မှာ၊ သဘာဝါ၊ ပူတာဖြစ်လေသည်။
၅၁။ ပူမှုမျှသာ၊ အေးမှုသာ၊ ရုပ်သာဖြစ်လေသည်။
၅၂။ ခန္ဓာကိုယ်မှာ၊ ရှိုရှိုပြာ၊ ပူတာထင်ရှားသည်။
၅၃။ စဉ်တိုက်ကြိုးသာ၊ ခွင်မြွေစွာ၊ ပူတာမဟုတ်ပြီ။
၅၄။ ထပ်ထပ်ဖြစ်လျက်၊ ထပ်ထပ်ပျက်၊ ဖြစ်ပျက်နေလေသည်။
၅၅။ ဖြစ်မှုဒဏ်၊ အပျက်ဒဏ်၊ ဖန်ဖန်ခံရသည်။
၅၆။ ဖြစ်ပြီးပျက်ရ၊ အနိစ္စ၊ ဒုက္ခဖြစ်လေသည်။
၅၇။ ငါပိုင်မဟုတ်၊ ငါမဟုတ်၊ အတ္တမဟုတ်ပြီ။
၅၈။ ဤသို့ရှုရာ၊ ယောဂီမှာ၊ ပညာရင့်ကျက်သည်။
၅၉။ တေဇောကိုထင်း၊ ငြိုးငွေ့ခြင်း၊ တပ်ခြင်းကင်းလေမည်။
၆၀။ ဝါယောဓာတ်မှာ၊ သဘာဝါ၊ တွန်းတာဖြစ်လေသည်။
၆၁။ ထောက်တာကန်တာ၊ ရွေ့လှုပ်တာ၊ ထိန်းတာပါဝင်သည်။
၆၂။ တွန်းသဘာဝ၊ ပဂ္ဂလ၊ သတ္တမဟုတ်ပြီ။
၆၃။ ဝါသုတစ်ပါး၊ မိန်းမများ၊ ယောကျ်ားမဟုတ်ပြီ။

၆၂။ ခေါင်းကိုယ်လက်ခြေ၊ တုံးခဲတွေ့၊ သဇ္ဇာမဟုတ်ပြီ။
၆၃။ တွန်းသဘောဟာ၊ ရုပ်မျှသာ၊ သတ္တာမဟုတ်ပြီ။
၆၄။ ကွေးတာဆန့်တာ၊ သွားလာတာ၊ တွန်းတာထင်ရှားသည်။
၆၅။ စဉ်တိုက်ကြိုးသာ၊ ခိုင်မြဲစွာ၊ တွန်းတာမဟုတ်ပြီ။
၆၆။ ထပ်ထပ်ဖြစ်လျက်၊ ထပ်ထပ်ပျက်၊ ဖြစ်ပျက်နေလေသည်။
၆၇။ ဖြစ်ပျက်မှုဒဏ်၊ အပျက်ဒဏ်၊ ဖန်ဖန်ခံရသည်။
၆၈။ ဖြစ်ပြီးပျက်ရ၊ အနိစ္စ၊ ဒုက္ခဖြစ်လေသည်။
၆၉။ ငါပိုင်မဟုတ်၊ ငါမဟုတ်၊ အတ္တမဟုတ်ပြီ။
၇၀။ ဤသို့ရှုရာ၊ ယောဂီမှာ၊ ပညာရင့်ကျက်သည်။
၇၁။ ငါယောတိုထင်း၊ ငြိုးငွေ့ခြင်း၊ တပ်ခြင်းတင်းပေမည်။
၇၂။ အာဏာသဓာတ်၊ ဝိညာဓာတ်၊ ရှင်မြတ်ဆက်ဟောသည်။
၇၃။ အရဟတ္တဖလော၊ အတ္ထတ်သား၊ တပ်ကာဟောလေသည်။
၇၄။ ထရားဆုံးပြန်၊ ပုဏ္ဏားသံ၊ နာဂိမ်ဖြစ်လေသည်။
၇၅။ နွားဌေးလို့သာ၊ ပျံလေရာ၊ ဗဟ္မာဖြစ်လေပြီ။
၇၆။ ဗြဟ္မာပြည်မှာ၊ ချက်ချင်းထာ၊ ရဟန္တာဖြစ်လေသည်။
၇၇။ ဓာတ်ကြိုးလေးပါး၊ ရုပ်ထရား၊ ရှုပွားကြရမည်။
၇၈။ ပဂ္ဂိုလ်သတ္တဝါ၊ ထင်နေတာ၊ မြန်စွာကွယ်ပျောက်သည်။
၇၉။ ဝိပဿနာဉာဏ်၊ အတန်တန်၊ အမြန်ရလွယ်သည်။
၈၀။ အနိစ္စဟု၊ ဒုက္ခဟု၊ ထင်မှုလွယ်ကူသည်။
၈၁။ အနတ္တပေါက်၊ နိဗ္ဗာန်ရောက်၊ မင်္ဂလာဖိုလ်ဝင်မည်။

ပညာအဖွင့်၌ ကိုယ်ကျင့်တရားများ ပြဆိုချက်ပြီး၏။

ဇီဝိတိန္ဒြေအဖွင့် သဘောအဓိပ္ပါယ်များ

အဟာ ။ ပါဠိတော်၌ ပညိန္ဒြေကို ဟောတော်မူပြီး၍ မနိန္ဒြေ၊ သောမနဿိန္ဒြေတို့ကို ဆက်ဟောတော်။ မနိန္ဒြေအရ စိတ်ကိုရတော်။ သောမနဿိန္ဒြေအရ သောမနဿရတော်။ ယင်းတရားတို့ကို ရှေးကပြခဲ့ပြီးပြစ်တော်။

၁။ ဇီဝိတိန္ဒြေ၏ လက္ခဏာများ ။ ။ ဇီဝိတိန္ဒြေအရ တရားကိုယ်သီးခြားမရှိ။ ကျန်သော တရားများကို စောင့်ရှောက်မှုများသာ ဖြစ်၍ ဝတ္ထုသာဓကများကို ထုတ်မပြတော့ဘဲ လက္ခဏာများကိုသာ ပြဆိုတော့အံ့ -

ထိဇီဝိတိန္ဒြေသည် -

၁။ အနုပါလန လက္ခဏံ - ပိမိနှင့် အတူဖြစ်ဘက်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိတော်။

၂။ ပဝတ္တနရသံ - ထိုအတူဖြစ်ဘက်တရားတို့ကို ဥပါဒ်မှဘင်တိုင်အောင် ဖြစ်စေခြင်း ကိစ္စရှိတော်။

၃။ ထပန ပစ္စုပဋ္ဌာနံ - ဘင်မတိုင်မီ ဖြစ်တည်အောင် ထားတတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်တော်။

၄။ ယာပယိတမ္ဗမမ္ပ ပဒဋ္ဌာနံ - ဥပါဒ်မှစ၍ ဘင်သို့ကျအောင် ရောက်စေထိုက်သောတရားလျှင် နီးစွာသော အကြောင်းရှိတော်။

၁။ အနုပါလန လက္ခဏံ - ပိမိနှင့်အတူဖြစ်ဘက်တရားတို့ကို စောင့်ရှောက်ခြင်းလက္ခဏာရှိတော် ဟူသည်- ရသည် ကြာန့်အစရှိသည်တို့ကို အသက်ရှင်အောင် စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ အထိန်းသည် ကလေးကို စောင့်ရှောက်ခဲ့သကဲ့သို့လည်းကောင်း၊ လှေသူကြီးသည် လှေကိုစောင့်ရှောက်သကဲ့သို့လည်းကောင်း ပိမိနှင့် အတူဖြစ်ဘက်တရားတို့ကို စောင့်ရှောက်တော်။ ဤဇီဝိတိန္ဒြေစေတသိက် စောင့်ရှောက်၍သာ အသက်ရှင်သန်နေနိုင်ခြင်း ဖြစ်သည်။

ဤသို့စောင့်ရှောက်ရာ၌ ရသည် ကြာပင်ရှိခိုက်သာ စောင့်ရှောက်နိုင်သကဲ့သို့ ပိမိနှင့်အတူဖြစ်ဘက်တရားတို့ကို ဘင်သို့ မရောက်မီ၊ မချုပ်မီ ဌိအခိုက် ထင်ရှားရှိခိုက်သာလျှင် စောင့်ရှောက်နိုင်ပေတော်။

ဇီဝိတိန္ဒြေသည် အတူဖြစ်ဘက်တရားတို့ကို စောင့်ရှောက်လျှင် ပိမိကို မည်သူစောင့်သနည်းဟူမူ - လှေကို တစ်ဖက်ကမ်းသို့ ပို့ဆောင်သော လှေသမားသည် ပို့ရင်းက လှေကိုသာ ပို့ခြင်းဖြစ်သော်လည်း ပိမိကိုပါ ပို့ရာရောက်သကဲ့သို့ ဤအတူ တကွဖြစ်ဘက်တရားတို့ကို စောင့်ရှောက်ရင်းပင် ပိမိကိုလည်း စောင့်ရှောက်ပြီးဖြစ်တော့တော်။

ဇီဝိတိန္ဒြေသည် နာမ်ဇီဝိတိန္ဒြေ၊ ရုပ်ဇီဝိတိန္ဒြေ ဟူ၍ နှစ်မျိုးရှိတော်။ နာမ်ဇီဝိတိန္ဒြေသည် ပိမိနှင့် အတူယှဉ်တွဲ၍ ဖြစ်ဘက်နာမ်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်သကဲ့သို့ ရုပ်ဇီဝိတိန္ဒြေသည် ပိမိနှင့်အတူဖြစ်ဘက်

ကမ္မဇရုပ်ကို အသက်ရှည်အောင် စောင့်ရှောက်လေသည်။ ဤသို့ စောင့်ရှောက်ပေးရှိသော စုတိစိတ်မကျမီ၊ ပရိနိဗ္ဗာန်မပြုမီ သတ္တဝါများ အသက်ရှင်သန် ရပ်တည်နိုင်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဇီဝိတိန္ဒြေကို အဆက်မပြတ် ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲဟူ၍ ဆိုရလေသည်။

(အဘိ ၄ - ၁ - ၁၆၇)

၁။ ဇီဝိတိန္ဒြေ၏ လက္ခဏာများနှင့် ဆောင်ရန်လက်များ

၀။	ဇီဝိတသဒ္ဒေ၊	စောင့်ရှောက်ဗြော၊	သဒ္ဒေါသိဒ္ဓိပ်သည်။
၂။	အတ္ထုဖြစ်ရာ၊	စောင့်ခြင်းသာ၊	လက္ခဏာဖြစ်လေသည်။
၃။	တပ်တိပ်အောပ်သာ၊	စောင့်ခြင်းဟာ၊	ရသဖြစ်လေသည်။
၄။	ဌိအခိုတ်စု၊	တည်အောပ်ပြု၊	ပစ္စုဖြစ်လေသည်။
၅။	တပ်သို့ကျစေ၊	တရားတွေ၊	နိုးပေကြာပ်းဖြစ်သည်။
၆။	ရေဇန်ရေကား၊	ကြာကိုအား၊	စောင့်ငြားပြုလေသည်။
၇။	အထိန်းတော်တား၊	တလေးအား၊	စောင့်ထားပြုလေသည်။
၈။	လျှေသူကြီးထား၊	လျှေကိုအား၊	စောင့်ထားပြုလေသည်။
၉။	ဤနည်းတူစွာ၊	ဇီဝိတာ၊	စောင့်တာဖြစ်လေသည်။
၁၀။	ရေကကြာသိုက်၊	စောင့်ရဉ်၊	ရှိသိုက်စောင့်သို့သည်၊
၁၁။	မချုပ်မီမှာ၊	ဌိဒိုက်ဘာ၊	စောင့်တာဖြစ်လေသည်။
၁၂။	မိမိတို့မူ၊	အဘယ်သူ၊	စောင့်ဟူမှဉ်သည်၊
၁၃။	လျှေကိုပို့ရာ၊	လျှေဉ်မှာ၊	လူပါ ပါသို့သည်၊
၁၄။	ဃဉ်ဘတ်စောင့်ရင်း၊	ဇီဝိတင်း၊	စောင့်ခြင်းပြီးလေသည်။
၁၅။	စောင့်ခြင်းဟူသည်၊	နာမ်,ရုပ်ဇီ	နှစ်လိုရှိလေသည်။
၁၆။	နာမ်ကိုနာမ်ဇီ	ရုပ်ကိုသည်၊	ရုပ်ဇီစောင့်လေသည်။
၁၇။	ဇီဝိတရား၊	ဤနှစ်ပါး၊	စောင့်ငြားပြုခြင်သည်၊
၁၈။	စုနှင့်နိုအတွင်း၊	မသေခြင်း၊	ရှင်ခြင်းဖြစ်လေသည်။
၁၉။	ခန္ဓာစဉ်မှာ၊	ကြိုးတဲ့ပါ၊	ဝေါဟာပြုလေသည်။

ဇီဝိတိန္ဒြေအဖွင့်၌ သဘောအဓိပ္ပါယ်များ ပြီး၏။

မဂ္ဂင်္ဂါသီ အင်္ဂဝိဘင်္ဂ

ပြပြီးခဲ့ပြီ ။ ။ သင်္ခါရန်ဒြေ စသော ဂဏန်းတို့ကို ပြဆိုပြီး၍ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်အစုကို ပြလေသည်။ ထိုမဂ္ဂင်အစုသည် 'သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ' တို့တည်း။ ထိုတွင် သမ္မာဒိဋ္ဌိ အရ ပညာရ၏။ သမ္မာသင်္ကပ္ပအရ ဝိတက်ရ၏။ သမ္မာဝါယာမအရ ဝိရိယရ၏။ သမ္မာသတိအရ သတိရ၏။ သမ္မာသမာဓိအရ သမာဓိရ၏။ ယင်း 'ပညာ၊ ဝိတက်၊ ဝိရိယ၊ သတိ၊ သမာဓိ' တို့ကိုလည်း ရှေးကပြခဲ့ပြီး ဖြစ်၏။

ဗလရာသီအင်္ဂဝိဘင်္ဂ

ငါးပါးကို ပြပြီး ။ ။ ဗလရာသိ ခေါ် ဗိုလ်အစုတရား၌ သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ် ဟူ၍ (၇)ပါး ရှိရာ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော တရားငါးပါးကိုကား ရှေးက ပြခဲ့ပြီးဖြစ်၏။ ဤ၌ 'ဟိရိ နှင့် ဩတ္တပ္ပ'ကို ပြမည်ဖြစ်၏။

ဟိရိ, ဩတ္တပ္ပလာ ကိုယ်ကျင့်တရားများ

ဟိရိ, ဩတ္တပ္ပ၏ သဘောလက္ခဏာများ ။ ။ ကာယဒုစရိုက် စသည်တို့ကို ရှက်တတ်ခြင်းသည် ဟိရိမည်၏။ ကာယဒုစရိုက်စသည်တို့ကြောင့် ထိတ်လန့်တတ်ခြင်းသည် ဩတ္တပ္ပမည်၏။

ဟိရိမည်သည် ပိဝိခန္ဓာကိုယ်ဟူသော ဖြစ်ကြောင်းရှိ၏။ ဩတ္တပ္ပမည်သည် ဗဟိဒ္ဓဟူသော ဖြစ်ကြောင်းရှိ၏။ ဟိရိမည်သည် ပိဝိဟူသော အကြိုးအကဲ ရှိ၏။ ဩတ္တပ္ပမည်သည် လောကဟူသော အကြိုးအကဲ ရှိ၏။ ဟိရိမည်သည် ရှက်ခြင်းသဘောအားဖြင့် ကောင်းစွာတည်၏။ ဩတ္တပ္ပမည်သည် ကြောက်ခြင်းသဘောအားဖြင့် ကောင်းစွာတည်၏။

ဟိရိဟူသည် ရှေးရှုနားထောင်ခြင်းနှင့်တကွ ဖြစ်သော ဂါရဝတရားလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဩတ္တပ္ပဟူသည် အပြစ်ကို ကြောက်တတ်သူ၏အပြစ်၊ အပြစ်ကို ဘေးဟူရွေ့ရှိသူ၏အပြစ် ဟူသော လက္ခဏာရှိ၏။

ထိုတွင် ဟိရိ – အရှက်ရှိသူသည် 'အမျိုးဇာတ်၊ အရွယ်၊ ရဲရင့်သူ၊ ဗဟုသုတရှိသူ' ဤလေးမျိုးကို အကြောင်းပြု၍ မကောင်းမှု ပြုခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်၏။

၁။ အမျိုးဇာတ်ဖြင့် ရှောင်ကြဉ်ပုံ ။ ။ ငါးဖမ်းခြင်း အစရှိသော မကောင်းမှုကို ပြုခြင်းမည်သည် ယုတ်ညံ့သော အမျိုးဇာတ်ရှိကုန်သော တံငါသည်များ အလုပ်တည်း။ ငါကဲ့သို့ အမျိုးဇာတ်နှင့် ပြည့်စုံသူသည် မလုပ်သင့်တကား – ဟူ၍ ဆင်ခြင်၍ ရှောင်ကြဉ်ရမည် ဖြစ်၏။

၂။ အရွယ်ပြင့် ဖွင့်ကြဉ်ပုံ ။ ။ ဤမကောင်းမှု ပြုခြင်းမည်သည် မသိမလိမ္မာသေးသော ကလေးသူငယ်တို့သာ ပြုကောင်းပြုကြမည် ဖြစ်၏။ ထိုကဲ့သို့ ကြီးရင့်သော အရွယ်သို့ ရောက်လာသူကား မကောင်းမှု ပြုခြင်းဟု မသင့်လျော်တော့ပေ - ဟူ၍ ဆင်ခြင်၍ ရှောင်ကြဉ်ရမည် ဖြစ်၏။

၃။ ရဲရင့်သူအဖြစ်ဖြင့် ဖွင့်ကြဉ်ပုံ ။ ။ ဤမကောင်းမှုပြုခြင်းသည် အားနည်းသူ၊ ကြောက်တတ်သူ၊ သူရဲဘောကြောင်သူတို့၏ လုပ်ရပ်တည်း။ ထိုကဲ့သို့ အားရှိသူ၊ ရဲရင့်သူ၊ သူရဲဘောကောင်းသူ၏ အလုပ်မဟုတ်ပေ- ဟု ဆင်ခြင်လျက် မကောင်းမှုကို ရှောင်ကြဉ်ရမည် ဖြစ်၏။

၄။ ဗဟုသုတရှိသူ၏ အဖြစ်ဖြင့် ဖွင့်ကြဉ်ပုံ ။ ။ ဤမကောင်းမှု ပြုခြင်းဟူသည် ဉာဏ်ပညာနည်းသူ၊ ဗဟုသုတမရှိသူ၊ မသိနားမလည်သူတို့၏ ပြုလုပ်ခြင်းတည်း။ ထိုကဲ့သို့ ဉာဏ်ပညာရှိသူ၊ ဗဟုသုတရှိသူ၊ နားလည် သိတတ်သူသည် မကောင်းမှုပြုခြင်းဟု မသင့်လျော်တော့ပေ- ဟူ၍ ဆင်ခြင်လျက် မကောင်းမှုကို ရှောင်ကြဉ်ရမည် ဖြစ်၏။

၅။ ပြုတ်ပြုပမအားဖြင့် ဖွင့်ကြဉ်ပုံ ။ ။ ဗဟိဒ္ဓဟူသော အကြောင်းဖြင့်လည်း မကောင်းမှုကို ရှောင်ကြဉ်ရမည် ဖြစ်၏။ ထိသည် အကယ်၍ မကောင်းမှုကို ပြုအုံး ပိပိ၏ ဆွမျိုးအသိုင်းအဝိုင်း ပရိသတ်အလယ်၌ ကဲ့ရဲ့ခံရခြင်းသို့ ရောက်ရာ၏။ ယင်းသို့ ကဲ့ရဲ့ခံရမည်ကို ကြောက်သောကြောင့်လည်း မကောင်းမှုကို ရှောင်ကြဉ်ရမည် ဖြစ်၏။

မြို့ကြီးသားများသည် မစင်ကို စက်ဆုပ်သကဲ့သို့ ပညာရှိတို့သည် မကောင်းမှု ပြုသူကို ရွံရှာစက်ဆုပ်ကြ၏။ ထိသည် ပညာရှိတို့၏ အကဲ့ရဲ့ခံထိုက်သော ပုဂ္ဂိုလ်မဖြစ်သင့် - ဟု ဆင်ခြင်လျက်လည်း မကောင်းမှုကို ရှောင်ကြဉ်ရမည် ဖြစ်၏။

၆။ မိမိကိုယ်ကို အကြီးအကဲအားဖြင့် ဖွင့်ကြဉ်ပုံ ။ ။ ရဂ်မှဟူသော ဟိရိရှိသူသည် ဩဝိကိုယ်ကို အကြီးအကဲပြု၍ ရှောင်ကြဉ်ရမည် ဖြစ်၏။ ထိကဲ့သို့ သဒ္ဓါတရားရှိသူသည်၊ အကျင့်သီလကို ထိန်းသိမ်းနေသူသည်၊ ဉာဏ်ပညာ ဗဟုသုတရှိသူသည် မကောင်းမှုကို ပြုခြင်းဟု မထိုက်ပေ - ဟူ၍ ဆင်ခြင်၍ ရှောင်ကြဉ်ရမည် ဖြစ်၏။

၇။ သူတစ်ပါးကို အကြီးအကဲအားဖြင့် ဖွင့်ကြဉ်ပုံ ။ ။ ကြောက်တတ်မှု ဟူသော သြတ္တပ္ပရှိသူသည် ဤလောက၌ တန်ခိုးရှိကုန်သော ၊ ဒိဗ္ဗစက္ခုအာဘိညာဉ်ရှိကုန်သော၊ သူတစ်ပါးတို့၏ စိတ်ကို သိကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိမကောင်းမှုပြုလုပ်လျှင် ထိုသမဏ၊ ဗြာဟ္မဏတို့ မြင်နိုင်၏။ သိနိုင်၏။ သူတစ်ပါး စိတ်ကို သိကုန်သော နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည်လည်း သိမြင်နိုင်၏။ ထိုသို့ သမဏ၊ ဗြာဟ္မဏများ၊ နတ်ဒေဝတာများ သိမြင်နိုင်ကြသည်ကို ကြောက်သောအားဖြင့်လည်း မကောင်းမှု ပြုခြင်းကို ရှောင်ကြဉ်ရမည် ဖြစ်၏။

ဃ။ ရှက်ကြောက်၍ ရှောင်ကြဉ်ပုံ ။ ။ ရှက်လောက်သော ပုဂ္ဂိုလ်၏ ရှေ့၌ ကျင်ကြီး၊ ကျင်ငယ် ပြုရမည်ကို ရှက်သူကဲ့သို့လည်းကောင်း၊ အပါယ်လေးပါးသို့ ကျမည်ကို ကြောက်သော အားဖြင့်လည်းကောင်း မကောင်းမှု ပြုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်၏။

ချဲ့ဉီးအံ့ ။ သံလုံးနှစ်လုံးရှိ၏။ တစ်လုံးကား ဒေါး၏။ မစင်လူးနေ၏။ တစ်လုံးကား အလျှံတပြောင်ပြောင် မီးရဲရဲခြိုး ပူလောင်နေ၏။ ပညာရှိယောကျ်ားသည် အေးသော်လည်း မစင်လူးနေသောကြောင့် မစင်လူးသံလုံးကို မကိုင်သကဲ့သို့လည်းကောင်း၊ မစင်မလူးသော်လည်း အလွန်ရဲရဲခြိုးခြိုး ပူလောင်နေသောကြောင့် ပူသောသံလုံးကို မကိုင်သကဲ့သို့လည်းကောင်း မကောင်းမှုကို မစင်ကဲ့သို့ ရှုံ့၍လည်းကောင်း၊ မီးလျှံကဲ့သို့ ကြောက်၍လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်၏။

ဤ။ ဉီးအံ့ ။ ။ ဟိရိတရားရှိသူသည် မကောင်းမှု ပြုလိုစိတ်ဖြစ်သောအခါ မိမိ၏ အမျိုးဇာတ်အားဖြင့် မြင့်မြတ်သည်ကို ဆင်ခြင်၍လည်းကောင်း၊ ကိုးကွယ်ရာ ဘုရားရှင်၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်၍လည်းကောင်း၊ လောကုတ္တရာတရားတော်၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်၍လည်းကောင်း၊ အရိယာသံဃာတော်တို့၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်၍လည်းကောင်း မကောင်းမှု ပြုခြင်းကို ရှောင်ကြဉ်သင့်၏။

ဘ။ ဒေါးကို ကြောက်၍ ရှောင်ကြဉ်ပုံ ။ ။ မကောင်းမှုကို ကျူးလွန်သူ၌ မိမိကိုယ်ကို စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဒေါး၊ သူတစ်ပါးတို့၏ စွပ်စွဲခြင်းဟူသော ပရာနုဝါဒဒေါး၊ မင်းပြစ်မင်းဒဏ်သင့်ခြင်းဟူသော ဒဏ္ဍာဒေါး၊ အပါယ်သို့ ကျရောက်ခြင်းဟူသော ဒုဂ္ဂတိဒေါး - ဤဘေးလေးမျိုးတို့ ကျရောက်တတ်၏။ ထိုဘေးလေးမျိုးတို့ကို ကြောက်သောအားဖြင့်လည်း မကောင်းမှု ပြုခြင်းကို ရှောင်ကြဉ်ရမည် ဖြစ်၏။

ဘဘ။ လောကပါလတရား နှစ်ပါး ။ ။ ဤဟိရိ, ဩတ္တပ္ပ ဟူသော တရားနှစ်ပါးတို့သည် ဖြူစင်သောတရားတို့ ဖြစ်ကုန်၏။ သတ္တလောကကို စောင့်ရှောက်သော 'လောကပါလ' တရားလည်း ဖြစ်လေ၏။ အကယ်၍ သတ္တလောကၦ ဤဟိရိ၊ ဩတ္တပ္ပ တရားနှစ်ပါး မရှိသည် ဖြစ်ငြားအံ့ - အမိဟူ၍လည်းကောင်း၊ မိကြီးမိထွေး ဟူ၍လည်းကောင်း၊ ဦးကြီးဦးလေး၏ မယားဟူ၍လည်းကောင်း၊ အလေးပြုထိုက်သော ဆရာ၏ မယားဟူ၍ လည်းကောင်း ရှိတော့မည် မဟုတ်ပေ။ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ အိမ်ခွေး၊ တောခွေးတို့ကဲ့သို့ ဤလူ့လောကကြီးသည် တိရစ္ဆာန်လောကကြီး ဖြစ်ချေတော့မည် ဖြစ်၏။ ယခု ထိုဟိရိ၊ ဩတ္တပ္ပတရား နှစ်ပါးက ထိန်းထား၍သာ တိရစ္ဆာန်လောကနှင့် ခြားနားနေခြင်း ဖြစ်လေ၏။ အသိဉာဏ်ရှိသော လူ့လောကဟူ၍ တင့်တယ်နေခြင်း ဖြစ်ပေ၏။

(အဘိ ၌ - ၁ - ၁၆၈ / ၁၇၀)

<u>အမှာ ။</u> ။ ဤဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါးကား အကုသိုလ်ဒုစရိုက်တရားတွေကို ရှောင်ကြဉ်နေတိုင်း။ ဒါနဲ့ အစရှိကုန်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်တိုင်း ပါဝင်နေသည်သာဖြစ်သောကြောင့် ဝတ္ထုသာဓကများကို ထုတ်ဆောင်၍ မပြတော့ပြီ။

<u>ဟိရီ၊ ဩတ္တပ္ပအမွေခံ၌ ဆောင်ရန်လက်များ</u>

၁။	ဒုစရိုက်ပြုဘို၊	ရှက်ထတ်၏၊	ဟိရိခေါ် လေထည်။
၂။	ဒုစရိုက်ပြုလေတ်၊	လွန်ကြောက်ထတ်၊	ဩတ္တပ်ခေါ် လေထည်။
၃။	ရှက်ထတ်ထူးကား၊	ရောင်ရန်များ၊	လေးပါးရှိလေသည်။
၄။	ဇာတ်,ရွယ်,ရေရင့်၊	ထူတန့်၊	လေးဆင့်ဖြစ်လေသည်။
၅။	မကောင်းလုပ်ထူ၊	မျိုးညံ့ဟူ၊	ဖြင့်ထူမလုပ်ပြီ။
၆။	အသက်ဝေမှု၊	လုပ်ကြဟူ၊	ကြီးထူမလုပ်ပြီ။
၇။	ရဲတောကြောင်ထူ၊	လုပ်ကြဟူ၊	ရဲဖူမလုပ်ပြီ။
၈။	သိဉာဏ်နည်းထူ၊	လုပ်ကြဟူ၊	ရှိထူမလုပ်ပြီ။
၉။	ဤသို့ဆင်ခြင်၊	ဒုတိုပင်၊	ရောင်ကြဉ်ကြရမည်။
၁၀။	ဆွေမျိုးဉာတတာ၊	တဲ့ရဲ့မှာ၊	လွန်စွာကြောက်ထင့်ထည်။
၁၁။	ပညာရှိထင်း၊	တဲ့ရဲ့ ခြင်း၊	လွန်မင်းကြောက်ထင့်ထည်။
၁၂။	မစင်ဝမာ၊	ဒုပြုတာ၊	ရောင်ခွါထင့်ပေထည်။
၁၃။	ဒုစရိုက်စု၊	မကောင်းမှု၊	ပြုသူများကိုသည်၊
၁၄။	ဘိဉာဉ်ရောင်း၊	ပုဂ္ဂိုလ်များ၊	ထင်ရှားသိနိုင်ထည်။
၁၅။	နတ်ဒေဝတာများ၊	သူတော်များ၊	ထင်ရှားသိနိုင်ထည်။
၁၆။	ထိုသို့သိမှာ၊	ကြောက်၍သာ၊	ရောင်ခွါထင့်ကြထည်။
၁၇။	မစင်စွန့်တာ၊	လူရှေ့မှာ၊	လွန်စွာရှက်ကြထည်။
၁၈။	အပါယ်လေးဖြာ၊	ကျရောက်မှာ၊	လွန်စွာကြောက်ကြသည်။
၁၉။	ရှက်ကြောက်၍လျှင်၊	ဒုတိုပင်၊	ရောင်ကြဉ်ကြရမည်။
၂၀။	မစင်လူးဖြား၊	သံလုံးအား၊	ကိုင်ကားမကိုင်ပြီ။
၂၁။	ပူလောင်နေဖြား၊	သံလုံးအား၊	ကိုင်ကားမကိုင်ပြီ။
၂၂။	မစင်ပမာ၊	မီးပမာ၊	ရောင်ခွါကျင့်ရမည်။

၂၃။	ရတနာသုံးဆူ၊	ဆည်းကပ်သူ၊	ခံယူသူများသည်။
၂၄။	အမျိုးဇာတ်မှာ၊	မြင့်မြတ်တာ၊	တွေးကာချောင်ရမည်။
၂၅။	တူရားမြတ်စွာ၊	မြင့်မြတ်တာ၊	တွေးကာချောင်ရမည်။
၂၆။	တရားရတနာ၊	မြင့်မြတ်တာ၊	တွေးကာချောင်ရမည်။
၂၇။	သံဃာရတနာ၊	မြင့်မြတ်တာ၊	တွေးကာချောင်ရမည်။
၂၈။	အတ္ထာနုဘေး၊	ပရာဘေး၊	ဒဏ်ဘေးရှိလေသည်။
၂၉။	ဒုဂ္ဂတိဘေးပါ၊	ဘေးလေးဖြာ၊	ကြောက်ကာချောင်ရမည်။
၃၀။	တိရစ္ဆာန်လောက၊	လူ့လောက၊	နှိုင်းဆသိရမည်။
၃၁။	ဟိရိတရား၊	သြတ္တပ်တရား၊	ခြားနားထားလေသည်။
၃၂။	ဟိ,သြတ္တပ်တရား၊	မရှိငြား၊	လူသားလောကသည်၊
၃၃။	တိရစ္ဆာန်နှင့်သာ၊	လူ့လောကာ၊	ခြားမှာမဟုတ်ပြီ။
၃၄။	ဟိသြတ္တပ်တရား၊	လောကအား၊	စောင့်ငြားပြုလေသည်။
၃၅။	လောကပါလ၊	မည်နာမ၊	ခေါ်ကြရလေသည်။
၃၆။	ဟိရိသြတ္တပ္ပ၊	ရှိ၍ပ၊	လူ့လောကကြီးသည်၊
၃၇။	ဖြူစင်လေခြင်း၊	တင့်တယ်ခြင်း၊	မြတ်ခြင်းဖြစ်လေသည်။
၃၈။	ဒုပြုရမှာ၊	ရှက်ကြောက်ပါ၊	ကုသာပြုရမည်။
၃၉။	အရှက်မရှိ၊	ကြောက်မရှိ၊	လွန်ဘိုယုတ်ညံ့သည်။
၄၀။	တလွဲရှက်တာ၊	လွဲကြောက်တာ၊	ပြုတာမသင့်ပြီ။
၄၁။	ရှက်သင့်မရှက်၊	ပုံစံပျက်၊	ပုံရက်လေလိမ့်မည်။
၄၂။	ရှက်သင့်တာရှက်၊	ပုံမပျက်၊	ဂုဏ်တက်ပေလိမ့်မည်။

ဟိရိ သြတ္တပ္ပ အဖွင့်လာ ကိုယ်ကျင့်တရားများ ပြီး၏။

ကုသိုလ်မူလရာသိအဖွင့်၌ ကိုယ်ကျင့်တရားများ

ကုသိုလ်မူလ သုံးပါး ။ ။ 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော တရားသုံးပါးသည် ကုသိုလ်တရားတို့၏ အကြောင်းရင်းများ ဖြစ်သောကြောင့် ကုသိုလ်မူလအစုသုံးပါး။ ကုသိုလ်မူလသုံးပါးဟု ခေါ်ဆိုရ၏။ ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ ၎င်းသုံးပါးကို တွဲလျက် ပြဆို၏။ ဤ၌ကား ခွဲ၍ ပြဆိုပေအံ့။

၁။ အလောဘ၏ သဘောအဓိပ္ပါယ်များ ။ ။ အာရုံတို့၌ မတပ်မက်ခြင်းသဘောသည် အလောဘမည်၏။ ထိုအလောဘသည် -

တစ်နည်း - ၁။ အဂေဓလက္ခဏော - စိတ်၏ အာရုံ၌ မမက်မောခြင်း လက္ခဏာရှိ၏။

အလဂ္ဂဘာဝ လက္ခဏော - ရေငါးကဲ့သို့ ကြာဇကဲ့ပြား၌ မငြိကပ်သကဲ့သို့ စိတ်၏ အာရုံ၌ မငြိကပ်သည်၏ အဖြစ်တူသော လက္ခဏာရှိ၏။

၂။ အပရိဂ္ဂဟဏ ရသော - အာရုံ၌ ငြိကပ်ခြင်း မရှိသော ရုတန္ဓာသည် တစ်စုတစ်ခုကိုမျှ မသိမ်းဝိုက်သကဲ့သို့ မသိမ်းဝိုက်ခြင်း တိရစ္ဆိ၏။

၃။ အနလ္လီနဘာဝ ပစ္စုပဋ္ဌာနော - မစင်္ကြိုဟူသော ယောကျ်ားကဲ့သို့ မငြိကပ်လိုသော သဘောဟု ဉာဏ်အား ဖွေးဖွေ ထင်၏။

ထိုအလောဘသည် မပေးရက်လို ဝန်တိုခြင်းဟူသော မစ္ဆရိယတရား၏ ဆန့်ကျင်ဘက်လည်း ဖြစ်၏။ အလှူဒါန ပြုခြင်း၏ အကြောင်းလည်း ဖြစ်၏။ ဝင့်ကြွား၊ ပလွှားခြင်းကို မပြုတတ်ခြင်းလည်း ဖြစ်၏။ အပြစ်ဖြစ်လာလျှင် အပြစ်အားလျော်စွာ ဝန်ခံတတ်၏။ လောဘကြီးသူတို့ကား ချစ်အပ်သော သတ္တဝါ သဒ္ဒါရတို့နှင့် ကွဲကွာရလျှင် ဒုက္ခဖြစ်လေ၏။ အလောဘကား ချစ်မှုဟူသော လောဘမရှိသောကြောင့် ချစ်အပ်သော သတ္တဝါသဒ္ဒါရနှင့် ကွဲကွာရသော်လည်း ဒုက္ခမဖြစ်ပေ။

အလောဘကြောင့် ဇာတိဒုက္ခကို ဖြစ်စေတတ်သော တဏှာမရှိရကား ဇာတိဒုက္ခကို ပယ်၏။ လယ်ယာစသော ပစ္စည်းဝတ္ထုတို့၌ လိုချင်တပ်မက်မှု မရှိရကား ယင်းလယ်ယာစသော ပစ္စည်းဝတ္ထုနှင့်စပ်၍ ငြင်းခုံမှု ပြုရခြင်း မရှိသောကြောင့် အိမ်၌တည်သူ လူဝတ်ကြောင်တို့၏ ချမ်းချမ်းသာသာ ပေါင်းသင်းနေထိုင်ရခြင်း လည်း ဖြစ်၏။

ပစ္စည်းဝတ္ထု စသည်၌ တွယ်တာမှုရှိ၍သေလျှင် ပြိတ္တာဘုံသို့ ရောက်တတ်၏။ အလောဘကား တွယ်တာမှု ကင်းသောကြောင့် သေလျှင် ပြိတ္တာဘုံ၌ မဖြစ်ပေ။

တဏှာ၊ ရာဂ၊ လောဘရှိသူတို့သာ တဏှာ၊ ရာဂ၊ လောဘအစွမ်းဖြင့် မိတ်ဆွေဖွဲ့မှု ပြုတတ်လေ၏။ တဏှာ၊ ရာဂ၊ လောဘကင်းသူတို့ကား တဏှာ၊ ရာဂ၊ လောဘ၏အစွမ်းဖြင့် မိတ်ဆွေဖွဲ့မှု မပြုတတ်ပေ။

အလောဘသည် ကာမမှ ထွက်မြောက်ကြောင်း နေကွမ္မသညာ၊ အသုဘသညာများ ဖြစ်ပေါ်တတ်၏။ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ဖြစ်သော ချမ်းသာမှုကို ခံစားသောအားဖြင့် အဖန်ဖန် အားထုတ်မှု မပြုတတ်ပေ။

အလောဘဖြင့် အဘိဇ္ဈာဟူသော ကာယအထုံးအဖွဲ့ကို ပယ်ဖျောက်နိုင်၏။ သတိပဋ္ဌာန်လေးပါးတို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားများ၍ မဂ်ဖိုလ်ကိစ္စ ပြီးစီးနိုင်ပေ၏။

အလောဘသည် ရောဂါကင်းခြင်း၊ ကျန်းမာခြင်း၏ အဲ့ကြောင်းလည်း ဖြစ်ပေ၏။ မှန်၏။ လောဘမကြီးသူသည် လောဘ၏ အာရုံဖြစ်သော မလျော်ပတ်သောဥတု၊ မလျော်ပတ်သော အိပ်ရာနေရာ၊ မလျော်ပတ်သော အစာအာဟာရများကို မှီဝဲသုံးဆောင်မှု မရှိ၍ ကျန်းမာခြင်းအကြောင်း ဖြစ်လေ၏။

အလောဘသည် စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း၏ အကြောင်းလည်း ဖြစ်၏။ မှန်၏။ လောဘမကြီးသူသည် ပိဓိပိုင်ပစ္စည်းတို့အား လျှဒါန်းပေးကမ်း စွန့်ကြဲခြင်းကြောင့် ဖြစ်ရာဘဝတို့၌ စည်းစိမ်ရှင် ဖြစ်ကြရပေ၏။

အလောဘသည် ဒိဗ္ဗဝိဟာရဟူသော ဈာန်လေးပါး၏ = နတ်တို့ကဲ့သို့ ချမ်းသာစွာနေခြင်းဟူသော ဈာန်လေးပါး၏ ရခြင်းအကြောင်းလည်း ဖြစ်၏။ ပိဓိ၏ အသင်းအပင်းဖြစ်သော သတ္တဝါ သင်္ခါရတို့၌ ပျက်စီးသွားသော်လည်း ဒုက္ခဖြစ်မှု မရှိပေ။ ဒုက္ခဖြစ်မှု ငြိမ်းလေ၏။

လောဘကြီးသူကား·အနိစ္စဟူ၍ မရှုမမြင်နိုင်ပေ။ လောဘနည်းသူတို့ကား အနိစ္စဟူ၍ အဖန်ဖန်ရှုလျက် အနိစ္စသဘောကို ကောင်းစွာသိမြင်နိုင်၏။ အနိစ္စဟူ၍ ရှုနိုင်ခြင်းကြောင့်လည်း လောဘတရားသည် ကွယ်ပျောက်ချုပ်ငြိမ်းတတ်လေ၏။

(အဘိ ၄ - ၁ - ၁၇၁ / ၁၇၃)

၁။ အလောဘ၏ သဘောအဓိပ္ပါယ်၌ ဆောင်ရွက်ရန်လက်ကျွန်များ

၁။	အလောဘသဘော၊	မမက်မော၊	သဘောသိနိုင်သည်။
၂။	အာရုံတွေ့က၊	ဖိုက်ရ၊	ရသဖြစ်လေသည်။
၃။	မစင်ကျဘိ၊	ယောကျ်ားတိ၊	မငြိလေသို့သည်၊
၄။	အာရုံတွေ့ ပြု၊	မငြိမှု၊	ပစ္စုဖြစ်လေသည်။
၅။	အလောဘတရား၊	သဘောသွား၊	သိထားနိုင်ကြသည်။
၆။	မပေးလှူချင်၊	မစွန့်ဝင်၊	ဆန့်ကျင်ဖြစ်လေသည်။
၇။	ပစ္စည်းရှိတာ၊	မတိုပါ၊	ကောင်းစွာလှူဒါန်းသည်။
၈။	ဝဉ်ကြွားပလွား၊	ဂုဏ်ဖော်ကြွား၊	လားလားမရှိပြု။
၉။	အပြစ်ရှိရာ၊	မဖုံးပါ၊	ကောင်းစွာဝန်ခံသည်။

၁၀။	တွေ့ရကြုံရ၊	ခဲ့ဖူးရ၊	ဒုက္ခရောဝင်နိုင်ထည်။
၁၁။	တဝတသစ်ဖြစ်ရေး၊	ဇာတိဘေး၊	ကင်းဝေးစေလေထည်။
၁၂။	လယ်ယာစဖြာ၊	ပစ္စည်းမှာ၊	ထွယ်တာနည်းရှိသည်၊
၁၃။	အိမ်ထွင်းရေးရာ၊	ပြဿနာ၊	ဝေးကွာချမ်းသာထည်။
၁၄။	ဃသွေန်လေတုန်၊	ဖြတ္တာတုံ၊	ရောက်ကြုံမရှိပြီ။
၁၅။	ရာဂစွမ်းဖြင့်၊	လောဘဖြင့်၊	မိတ်သင့်ဖွဲ့ ကြထည်။
၁၆။	အလောဘမှာ၊	ထိုထိုဘာ၊	ဇွဲတာစရှိပြီ။
၁၇။	နေတွမ္မဘညာ၊	အသုဘာ၊	ဘညာဖြစ်စေထည်။
၁၈။	ထာမဂုဏ်မှန်၊	ရှိဝ်ရှန်၊	ဇန်ဇန်မထုတ်ပြီ။
၁၉။	အတိရွာတာဃ၊	ထုံးဂွဆ်၊	မုချပယ်နိုင်ထည်။
၂၀။	ဘာဃာနုပဃဏာ၊	ပွားရှိဘာ၊	ကိစ္စာပြီးစေထည်။
၂၁။	မသင့်လျော်ဘာ၊	အာဘာရာ၊	အိပ်ရာမျှားကိုဘည်၊
၂၂။	ရှောဝ်နိုင်ရှိထဝ်း၊	ရောဂါထဝ်း၊	မာခြဝ်းဖြစ်စေထည်။
၂၃။	လျှဒါန်းရှိဘာ၊	ဖြစ်လေရာ၊	ရွှမ်းဘာစေနိုင်ထည်။
၂၄။	ဒိဗ္ဗဝိဘာ၊	စျာန်လေးဖြာ၊	ကောဝ်းစွာရနိုင်ထည်။
၂၅။	အနိစ္စတရား၊	ဇန်ဇန်အား၊	ရှပ္ပားနိုဝ်ရေထည်။
၂၆။	အနိစ္စထဝ်၊	လောဘဝဝ်၊	မှန်ပဝ်ကဝ်းဝေးထည်။
၂၇။	လောဘနည်းလေ၊	ဒုက္ခတွေ၊	နည်းလေဖြစ်ပေထည်။

၂။ <u>အဇ္ဈတ္တိကဓမ္မ သဘောအဓိပ္ပါယ်များ</u> ။ ။ အာရုံတို့၌ မကြမ်းတမ်းသော သဘောသည် အဇ္ဈတ္တိကမည်၏။ ထိုအဇ္ဈတ္တိကသည် -

၁။ အစက္ခုတ္တိက္ကာ လက္ခဏော - ကြမ်းတမ်းခြင်း မရှိသူ၏အဖြစ်တူသော လက္ခဏာ ရှိ၏။

တစ်နည်း - အဝိရောဓ လက္ခဏော - အရာရာ၌ လိုက်လျောသော မိတ်ဆွေသည် မဆန့်ကျင်သကဲ့သို့ မဆန့်ကျင်ခြင်း လက္ခဏာ ရှိ၏။

၂။ အာဃာတ ဝိနယ ရသော - ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

တစ်နည်း - ပရိဠာဟ ဝိနယ ရသော - စန္ဒကူးသည် ပူလောင်ခြင်းကို ပယ်ဖျောက်သကဲ့သို့ ဒေါသအပူကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

၃။ သောမ္မဘာဝ ပစ္စုပဋ္ဌာနော - စန္ဒကူးသည် အေးမြသကဲ့သို့ အေးမြသည်၏အဖြစ်ဖြင့် ဉာဏ်အား ပွေးရွှထင်၏။

ထိုအဒေါသသည် ဒုဿီလျ အညစ်အကြေး၏ ဆန့်ကျင်ဘက် ဖြစ်၏။ သီလဆောက်တည်ခြင်း၏ အကြောင်းလည်း ဖြစ်၏။ သူတစ်ပါးတို့၏ ဂုဏ်ကို ချေဖျက်ခြင်း မပြုပေ။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ဟုတ်မှန်သည့် အတိုင်း ထုတ်ဖော်ပြောဆိုတတ်၏။

အဒေါသသည် မုန်းသော သတ္တဝါသဒိရိရများနှင့် အဝိုက်အတန့် တွေ့ကြုံနေရသော်လည်း သည်းခံနိုင်သောကြောင့် ဒုက္ခမဖြစ်ပေ။

အဒေါသသည် ဇရာဒုက္ခကို သက်သာစေ၏။ ဒေါသကြီးသူတို့ကား ဆံပြုလွယ်ခြင်း၊ သွားကျိုးလွယ်ခြင်း၊ အရေတွန့်လွယ်ခြင်းကြောင့် အိုလွယ်ပေ၏။ စိတ်ရှည်သည်းခံ ခွင့်လွှတ်တတ်သူတို့မှာ ထိုဒုက္ခမျိုး နည်းပါးတတ်လေသည်။

အဒေါသသည် လူပြစ်ဖြစ် ရဟန်းပြစ်ဖြစ် ရှိသော ပတ်ဝန်းကျင်၌ ပြဿနာ မဖြစ်စေဘဲ ညီညွတ်ချမ်းသာမှုကို ဖြစ်စေလေသည်။

ဒေါသနှင့်သေလျှင် ငရဲပြည်၌ ဖြစ်ရတတ်၏။ အဒေါသနှင့် သေလျှင်ကား ငရဲပြည်မှ လွတ်မြောက်ရလေ၏။

အဒေါသသည် ဒေါသကဲ့သို့ ချစ်လျှင်ပေါင်း၍ မုန်းပြန်သောအခါ ဖဲခွါကြခြင်းမျိုး၊ မပေါင်းခြင်းမျိုး မရှိပေ။ အပြုတစေ မေတ္တာထား ဆက်ဆံနိုင်ပေ၏။

အဒေါသဖြင့် အဗျာပါဒသည်၊ အဝိဟိသသည်၊ ကရုဏာသည်၊ မေတ္တာသည်များကို ဖြစ်ပေါ်စေလေ၏။

အဒေါသဖြင့် တရားအားထုတ်ရာ၌ အတ္တကိလမထာနုယောဂအကျင့်ကို ရှောင်ကြဉ်နိုင်ပေ၏။ ဗျာပါဒကာယဂ္ဂန္ထကိုလည်း ပယ်နိုင်၏။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပွားများ၍ မဂ်ဖိုလ်ရမှု ပြီးစီးနိုင်၏။

အဒေါသသည် အရွယ်ကို နုပျိုစေလေ၏။ မှန်၏။ ဒေါသကြီးသူတို့ကား ဒေါသမီး လောင်သောကြောင့် ဆံပြုခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်းများဖြင့် အရွယ်ရင့်စေလေ၏။ အဒေါသကား ဒေါသမီး မလောင်၍ အရွယ်နုပျိုစေလေသည်။

အဒေါသသည် မေတ္တာတရား အားကြီးသောကြောင့် မိတ်ဆွေပေါများ ပြည့်စုံမှုကို ဖြစ်စေလေသည်။

အဒေါသသည် ဗြဟ္မာတို့၏ နေခြင်းဟု ဆိုအပ်သော ဗြဟ္မဝိဟာရဖြင့် မေတ္တာတရား ပွားများ၍ ချမ်းချမ်းသာသာ နေနိုင်လေသည်။

အဒေါသဖြင့် ဒုက္ခဟု အဖန်ဖန် ရွတ်ဖွားနိုင်၍ ရန်သူမုန်းသူများ၌ပင် ဒေါသကို ပယ်ဖျောက်နိုင်လေသည်။

(အဘိ၌ - ၁- ၁၇၁ /၁၇၃)

၂။ အဒေါသ၏ သဘောအဓိပ္ပါယ်၌ ဆောင်ရန်လင်္ကာများ

၁။ မကြမ်းသဘော၊ အဒေါသော၊ သဘောသိမိုဝ်သည်။
၂။ မဆန့်ကျင်ပါ၊ မကြမ်းပါ၊ လက္ခဏာဖြစ်လေသည်။
၃။ ရန်ငြိုးဖွဲ့တ၊ ပယ်ဖျောက်ရ၊ ရသဆိုပြန်သည်။
၄။ ဒေါပူကိုပ၊ ပယ်ဖျောက်ရ၊ ရသဆိုပြန်သည်။
၅။ အေးဖြသည်ဟု၊ ဉာဏ်ထင်မှု၊ ပစ္စုဆိုရသည်။
၆။ အဒေါတရား၊ သဘောသွား၊ ထင်ရှားသိမိုဝ်သည်။
၇။ ဒုဿီလပင်၊ ညစ်ကြေးအင်၊ ဆန့်ကျင်ဖြစ်လေသည်။
၈။ သီလတည်ခြင်း၊ ဖြူစင်ခြင်း၊ ကြောင်းရင်းဖြစ်လေသည်။
၉။ သူဉဏ်ကိုတည်း၊ မဖျက်ဆီး၊ ဓော်ပြီးပြောတတ်သည်။
၁၀။ မုန်းသူတွေ့ရ၊ ဒေါမထ၊ ဒုက္ခရောဝ်နိုဝ်သည်။
၁၁။ အိုခြင်းအရေး၊ ဇရာတေး၊ တင်းဝေးစေလေသည်။
၁၂။ ပတ်ဝန်းကျင်မှာ၊ ပြဿနာ၊ ဖြစ်တာတင်းစေသည်။
၁၃။ ညီညွတ်ကြတ၊ ချစ်ကြည်ကာ၊ ချမ်းသာစေလေသည်။
၁၄။ ဒေါနှင့်သေတ၊ ငရဲကျ၊ အဒေါသမှာ မကျပြီ။
၁၅။ မုန်းခြိုက်တ၊ အဒေါမှာ၊ တယ်ခါမရှိပြီ။
၁၆။ ကရုဏာသညာ၊ မေတ္တာပါ၊ ခါခါဖြစ်စေသည်။
၁၇။ တရားထုတ်ရ၊ ဒေါစွန်းပါ၊ ကောင်းစွာရောဝ်နိုဝ်သည်။
၁၈။ ဗျာပါဒကာယ၊ ထုံးဂွစ်၊ မုချပယ်နိုဝ်သည်။
၁၉။ ဝေဒနာနုပဿနာ၊ ဟားလိုသာ၊ ကိစ္စာပြီးစေသည်။
၂၀။ မေတ္တာကြိုးမား၊ မိတ်ဆွေကား၊ လွန်များပေါစေသည်။
၂၁။ ဖြဟ္မဝိဟာ၊ နေနိုင်ပါ၊ လွန်စွာချမ်းသာသည်။
၂၂။ ဒုက္ခတရား၊ ဖန်ဖန်အား၊ ရှုဟားနိုင်လေသည်။
၂၃။ ဒုက္ခဟုထင်၊ ဒေါသပင်၊ မှန်ပင်ကင်းစေသည်။
၂၄။ ဒေါသဖယ်ရှား၊ မေတ္တာထား၊ လွန်ကြားအေးစေသည်။

၃။ အဇောဟာ၏ သဘောအဓိပ္ပါယ်များ ။ ။ အဇောဟာအရ ပညာရ၏။ ပညာ၏ လက္ခဏာများကိုကား ရှေးက ဆိုခဲ့ပြီးပြစ်၏။

အဇောဟာသည် ကုသိုလ်တရားတို့၌ မတိုးပွားစေကြောင်း မောဟ၏ ဆန့်ကျင်ဘက်တည်း။ မောဟကဲ့သို့ ဖောက်ဖောက်ပြန်ပြန် မယူပေ။

အဇောဟာသည် ဟုတ်မှန်သော ရုပ်နာမ်တရားကို ဟုတ်မှန်သည့်အတိုင်း သိမြင်၏။

အဇောဟာသည် အလိုရှိအပ်သော အရာဝတ္ထုကို မရခြင်းကြောင့် ဒုက္ခမဖြစ်ပေ။ အိုခြင်းတရား၌ မအိုပါစေနှင့် ဟူ၍ တောင့်တခြင်းကို အဘယ်မှာ ရနိုင်အံ့နည်း – ဟူ၍ ဆင်ခြင်၍ ဒုက္ခကို ဖယ်ရှားနိုင်လေသည်။

အဇောဟာသည် တွေတွေဝေဝေ သေရခြင်းကို ပယ်နိုင်လေ၏။ အသိဉာဏ်ရှိလျက် သတိရှိလျက်သာ သေလွန်ရလေ၏။

အဇောဟ–ဟူသော အသိဉာဏ်ရှိသူတို့သည် မိမိဝန်းကျင်၌ ညှိုးတွတ်စွာနေနိုင်၏။ ချမ်းသာစွာ နေနိုင်ပေ၏။ *(အသိဉာဏ် မရှိသူတို့၏ ဝန်းကျင်၌သာ မညှိုမည္ငှတ် မချမ်းမသာ ဖြစ်ကြရလေ၏)*

မောဟဖြင့် သေလျှင် တွေတွေဝေဝေ သေရသောကြောင့် တိရစ္ဆာန်ဘုံ၌ ဖြစ်ရ၏။ အဇောဟဖြင့် သေလျှင် မတွေမဝေ သေသည်ဖြစ်၍ တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း မရှိပေ။

အဇောဟသည် မုန်းခြင်း၊ ချစ်ခြင်း မရှိဘဲ ပကတိ တည်ငြိမ်စွာ နေနိုင်၏။

အဇောဟဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့မှ ဆိတ်သုဉ်းသော ဓာတုသညာ – ဓာတ်ကြီးလေးပါးသညာဖြင့် နေနိုင်၏။

အဇောဟဖြင့် ကာမဂုဏ်ကို လိုက်စားမှု လောဘစွန်း၊ ခန္ဓာကိုယ်ကို ညှဉ်းဆဲမှု ဒေါသစွန်း ထိုအစွန်းနှစ်ပါးမှ ကင်းလွတ်၍ မရွှိမပဋိပဒါ အကျင့်လမ်းစဉ်ဖြင့် နေနိုင်၏။

အဇောဟဖြင့် သီလဗ္ဗတပရာမာသ ကာယဂ္ထန၊ ဂ္ဂဟဒိဿစွာဘိနိဝေသ ကာယဂ္ထနဟူသော ဂ္ဃနှစ်ပါးကို ပယ်နိုင်လေ၏။

အဇောဟဖြင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟူသော သတိပဋ္ဌာန် နှစ်ပါးကို ပွားများ၍ မဂ်ဖိုလ်ရမှုကိစ္စ ပြီးစီးစေနိုင်၏။

အဇောဟဖြင့် အသက်ကို ရှည်စေနိုင်၏။ မှန်၏။ မတွေမဝေ အသိဉာဏ်ရှိသူသည် အကျိုးစီးပွားကို လည်းကောင်း၊ အကျိုးစီးပွားမဲ့ကိုလည်းကောင်း သိ၍ အကျိုးစီးပွားကို မှီဝဲလိုက်နာ ကျင့်သုံးသည်ဖြစ်၍ အသက်ရှည်နိုင်ပေ၏။ (*ဤစကားအရ 'အသက်ဉာဏ်စောင့်' ဟူသော ဆောင်ပုဒ် ပေါ်လာခြင်း ဖြစ်သည်*)

အဇောဟဖြင့် မိမိ၏ အကျိုးစီးပွားကို ပြည့်စုံအောင် ပြုလုပ်နိုင်ပေ၏။

အဇောဟဖြင့် မိမိ၏ အသင်းအပင်း၊ သူတစ်ပါးတို့၏ အသင်းအပင်းတို့၌ ကပ်ငြိခြင်းကင်း၍ မျှတစွာ နေနိုင်၏။

အမောဟပြင့် အနုတ္တာဟု အဖန်ဖန် ရွတ်ဖွား၍ ခန္ဓာငါးပါးခွဲ မှားယွင်းစွာ ယူစွဲသော အတ္တအစွဲကို ပယ်နိုင်လေ၏။

(အဘိ ၄ - ၁ - ၁၇၁ / ၁၇၃)

၃။ အဂေါဟာရ သဘောအဓိပ္ပါယ်၌ ဆောင်ရန်လက်ကျများ

၁။ မတွေ့ဝေသတော၊ အမောတော၊ သတောသိုင်ဝင်သည်။

၂။ ပညာအတိုင်းသာ၊ လက္ခဏာ၊ ရှေးမှာပြခဲ့ပြီ။

၃။ အမောတရား၊ သတောသွား၊ ထင်ရှားသိုင်ဝင်သည်။

၄။ တွေ့ဝေကာလျှင်၊ မောဟပင်၊ ဆန့်ကျင်ဖြစ်လေထည်။

၅။ ကုသိုလ်တရား၊ မဆုတ်ငြား၊ တိုးပွားစေလေသည်။

၆။ ဖောက်ဖောက်ပြန်ပြန်၊ မယူပြန်၊ အမှန်ယူစေထည်။

၇။ ဟုတ်တိုင်းမှန်ရာ၊ ရုပ်နာမ်သာ၊ ဝေကာင်းစွာသိမြင်ထည်။

၈။ အလိုရိုက၊ ရှာမရ၊ ဒုက္ခမဖြစ်ပြီ။

၉။ အိုတတ်အရာ၊ မအိုရာ၊ တယ်မှာရှိုင်မည်။

၁၀။ ဆင်ခြင်၍သာ၊ မျှားဒုက္ခာ၊ ဖယ်ခွါထုတ်လေသည်။

၁၁။ သေသောအခါ၊ သတိပါ၊ ဉာဏ်ဖြာသေရသည်။

၁၂။ ကိုယ့်ဝန်းကျင်မှာ၊ ချမ်းသာစွာ၊ ညီစွာနေနိုင်သည်။

၁၃။ သေရလျှင်တုန်၊ ရဏ္ဍာန်တုံ၊ ရောက်ကြုံမရှိပြီ။

၁၄။ အမှန်းမပါ၊ ချစ်မပါ၊ မျှစွာနေနိုင်သည်။

၁၅။ ဓာတုသညာ၊ ဓာတ်လေးဖြာ၊ ရှုကာနေနိုင်သည်။

၁၆။ မရှိမလျှင်၊ ကျင့်လမ်းစဉ်၊ မှန်ပင်နေနိုင်သည်။

၁၇။ သီလ,နိဝေသ၊ နှစ်ဂုဏ်၊ မုချပယ်နိုင်သည်။

၁၈။ စိတ္တာ,မ္ဘော၊ ပွားချသာ၊ ကိစ္စာပြီးစေသည်။

၁၉။ အကျိုးရှိရာ၊ ပြုချသာ၊ သက်မှာရှည်စေသည်။

၂၀။ မိမိအကျိုး၊ ဆဆတိုး၊ ဖွံ့ ဖြိုးစေလေသည်။

၂၁။ အပေါင်းအသင်းမှာ၊ မတွယ်တာ၊ မျှစွာထားနိုင်သည်။

၂၂။ အနတ္တတရား၊ ဖန်ဖန်အား၊ ရှုပွားနေနိုင်သည်။

၂၃။ အနတ္တထင်၊ အတ္တပင်၊ မှန်ပင်ကင်းစေသည်။

၂၄။ အတ္တတရား၊ ကင်းစင်ငြား၊ လွန်ကားချမ်းသာသည်။

၁။ ကုဋ္ဌိလပဏ္ဍိတ၏ အလောဘတရား ။ ။ ရှေးအခါက ဗာရာဏသီပြည်၌ ဖြတ္ပဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟင်းရွက်ကို ရောင်းသော အမျိုးဌာပြစ်၍ သိကြားလိမ္မာသော အပြစ်သို့ ရောက်၏။ ထိုဘုရားလောင်းကို ကုဋ္ဌိလပဏ္ဍိတဟူ၍ ခေါ်ဆိုကြကုန်၏။

ထိုဘဝ၌ ဘုရားလောင်း ကုဋ္ဌိလပဏ္ဍိတသည် အလွန်ဆင်းရဲပင်ပန်းစွာ အသက်မွေးရ၏။ ပေါက်တူး တစ်လက်ဖြင့် မြေကိုတူးဆွ၍ ဟင်းရွက်မျိုးတို့ကိုလည်းကောင်း၊ ဗူး၊ ဖရုံ၊ သခွါး အစရှိသော ဟင်းသီးမျိုးတို့ကို လည်းကောင်း စိုက်ပျိုး၍ ထိုဟင်းသီးဟင်းရွက်တို့ကို ရောင်း၍ အသက်မွေးခြင်းကို ပြုရ၏။ ကုဋ္ဌိလပဏ္ဍိတ၏ လုပ်စားစရာ ကိုယ်ပိုင်ဥစ္စာဆိုး၍ ထိုပေါက်တူးတစ်လက်သာ ရှိ၏။ ပေါက်တူးကလည်း အသစ်မဟုတ်ပေ။ အဆက်ဆက် သုံးဖန်များ၍ အသွားတုံးနေပြီဖြစ်သော ပေါက်တူးသာ ဖြစ်လေ၏။

တစ်နေ့သောအခါ၌ အသက်မွေးဝမ်းကျောင်းပြုရသည်မှာ ဆင်းရဲပင်ပန်းလှသည်ဖြစ်၍ 'ရသေ့ရဟန်း ပြုတော့အံ့' ဟု ကြံ၍ ထိုတုံးတိုသော ပေါက်တူးကို တစ်နေရာတွင် ပုံးလွှမ်းဝှက်ထားခဲ့၍ တောထွက်ကာ ရသေ့ပြုလေ၏။ ရသေ့ပြု၍ မကြာမီ ပေါက်တူးကို သတိရသဖြင့် ပေါက်တူးဌာပြစ်သော လောဘကို တားမြစ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ လူထွက်၍ ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသော အလုပ်ကို လုပ်ပြန်လေ၏။ တော်တော်ကြာ၍ ဆင်းရဲပင်ပန်းလှသည်ကို တွေးမိသောအခါ ရသေ့ဝတ်ပြန်၏။ ဤနည်းဖြင့်သာလျှင် ကုဋ္ဌိလပဏ္ဍိတသည် ပေါက်တူးတစ်လက်ကို အမှီပြု၍ ခြောက်ကြိမ်တိုင်တိုင် ရသေ့လည်း ပြုလေ၏။ လူလည်းထွက်လေ၏။

ခုနစ်ကြိမ်မြောက်၌ကား 'ငါသည် ဤတုံးတိုသော ပေါက်တူးကို အမှီပြု၍ ခြောက်ကြိမ်တိုင်တိုင် လူထွက်ခဲ့ပြီ ဖြစ်၏။ ယခု အကြိမ်၌ လူမထွက်ရသောနည်းကို ပြုလုပ်ပေတော့အံ့'ဟု ကြံစည်ပြီးလျှင် ကုဋ္ဌိလပဏ္ဍိတသည် မြစ်ကြီးသို့သွား၍ 'ပေါက်တူး ကျရာအရပ်ကို သိလျှင် တပန်းပြန်၍ ဆယ်ရိုသည် ဖြစ်နိုင်၏'ဟု ကြံစည်ပြီးနောက် ပေါက်တူးကို အရိုးကကိုင်၍ မျက်စိမှိတ်၍ ဦးခေါင်းအထက်၌ သုံးကြိမ်လှည့်လည်၍ ပေါက်တူးကို အားကုန်ပစ်လိုက်လေ၏။ ဆင်ပြောင်အားနှင့်တူစွာ အားရှိသည်ဖြစ်၍ ပေါက်တူးသည် အလွန်ဝေးစွာ မြစ်ထဲသို့ ကျရောက်သွားလေ၏။ ထိုအခါ၌ ကုဋ္ဌိလပဏ္ဍိတသည် ပေါက်တူးဌာပြစ်သော လောဘသည် တစ်ဖန်ပြန်၍ မဖြစ်တော့သည်ကို သိမြင်၍ –

'ငါသည် အောင်ပြီ...။ ငါသည် အောင်ပြီ...။ ငါသည် အောင်ပြီ...' ဟူ၍ သုံးကြိမ်တိုင် ဟစ်ကြွေးလေ၏။

ထိုအချိန်၌ ဗာရာဏသီမင်းသည်လည်း ပစ္စန္တရစ်အရပ်၌ သူပုန်တို့ကို ထိုးစစ်ဆင် တိုက်ခိုက်၍ စစ်အောင်၍ ပြန်လာရာတွင် ကုဋ္ဌိလပဏ္ဍိတ၏ အသံကိုကြား၍ ခေါ်ယူကာ ဤသို့ မေးမြန်းလေ၏။

'အချင်းယောကျ်ား... ငါသည်စစ်အောင်၍ ပြန်လာ၏။ သင်သည်အဘယ်ကိုအောင်သနည်း' ဟု မေးလေ၏။

ထိုအခါ ကုဋ္ဌိလသည် ဤသို့ပြန်လည် ဖြေကြားလေ၏။

'အရှင်မင်းကြီး... အရှင်မင်းကြီး၏ စစ်မြေပြင်အရပ်၌ စစ်တိုက်၍ အောင်ခြင်းသည် အပြင်ရန်ကို အောင်သည်ဖြစ်၍ ကောင်းသော အောင်ခြင်းဟု–မဆိုနိုင်ပေ။ အကျွန်ုပ်သည်ကား အတွင်းရန်ဖြစ်သော လောဘကိလေသာကို အောင်သောကြောင့် အောင်ပြီ–ဟုဆိုခြင်းဖြစ်ပါ၏'

– ဟု ဖြေကြားလေ၏။

ထို့နောက် ကုဒ္ဒါလပဏ္ဍိတသည် မြစ်ကြီးကိုကြည့်၍ အာပေါကသိုက်းလျှင် အာရုံရှိသော ဈာန်ကိုပြစ်စေ၍ ကောင်းကင်၌နေလျက် မင်းနှင့် စစ်သည်ဗိုလ်ပါအပေါင်းတို့အား ဤသို့တရားကို ဟောကြားလေ၏။

'အရှင်မင်းကြီး ... စစ်တိုက်၍ အောင်ခြင်းသည်ကား ဤတစ်ကြိမ် ကိုယ်ကအောင်သော်လည်း နောက်တစ်ကြိမ် ရန်သူက တစ်ဝန်အောင်နိုင်၏။ ထို့ကြောင့် ထိုအောင်ခြင်းသည် ကောင်းသော အောင်ခြင်း မဟုတ်ပေ။ ဗိဗိကိုယ်တွင်း၌ ပြစ်သော ကိလေသာကို တစ်ဝန်ပြန်မလာနိုင်အောင် ဗယ်ရှူးသောအားဖြင့် အောင်မြင်၏။ ထိုအောင်ခြင်းသည်သာလျှင် ကောင်းသော အောင်ခြင်း ပြစ်ပေ၏။'

ဗာရာဏသီမင်းနှင့်တကွ စစ်သည်ဗိုလ်ပါ အပေါင်းတို့သည်လည်း ထိုတရားကိုနာစဉ်လျှင် တဒင်္ဂကိလေသာ ကင်းကွာကြကုန်သည်ပြစ်၍ ကုဒ္ဒါလပဏ္ဍိတကို ဆရာတင်ကာ ဟိမဝန္တာတောသို့ ထွက်၍ ရသေ့ရဟန်း ပြုကြလေကုန်၏။

(ဇာ ၅ - ၁ - ၇၇၁/ ၇၇၇)

၄။ ကုဒ္ဒါလ ပဏ္ဍိတ၏ အလောဘတရား၌ ဆောင်ရန်လက်ကျန်များ

၁။	ရွေးအခါတွင်၊	ဗာပြည်တွင်၊	မြတ်ရှင်အလောဘသည်၊
၂။	တင်းသီးတင်းရွက်၊	စိုက်ရောင်းလျက်၊	အသက်မွေးလေသည်။
၃။	ပေါက်တူးတစ်လက်သာ၊	ဝိုင်ဆိုင်ရာ၊	လွန်စွာဆင်းရဲသည်။
၄။	ပေါက်တူးတလျှောင်၊	အသွားပင်၊	ထုံးအင်နေလေပြီ။
၅။	အမည်နာမ၊	ကုဒ္ဒါလ၊	ပဏ္ဍိတတွင်လေသည်။
၆။	ပေါက်တူးကိုပင်၊	ထံယောဇဉ်၊	လွန်ပင်ကြိုးလေသည်။
၇။	ဆင်းရဲပေလျှ၊	ပင်ပန်းလျှ၊	စိတ်ကကြံလေပြီ။
၈။	လောကီလူဘောင်၊	လူဝတ်ကြောင်၊	စွန့်ရှောင်ပြုတော့မည်။
၉။	မြိုင်တောဌမွေ့၊	တောခလေ့၊	ရသေ့ဝတ်တော့မည်။
၁၀။	ထိုသို့ကြံပြီး၊	ရသေ့တည်း၊	ဝတ်ပြီးသွားလေပြီ။
၁၁။	ပေါက်တူးကိုကား၊	ဖုံးဝှက်ထား၊	မှတ်သားထားခဲ့သည်။
၁၂။	ပေါက်တူးကိုပတိ၊	မကြာဘိ၊	သတိရပြန်ပြီ။
၁၃။	ပေါက်တူးသံယောဇဉ်၊	ရှိ၍ပင်၊	ပြန်ပင်လူထွက်သည်။
၁၄။	လူထွက်ပြီးရာ၊	မကြာပါ၊	ပြန်ကာဝတ်ပြန်သည်။
၁၅။	ဤနည်းဖြင့်သာ၊	ဝတ်,ထွက်ကာ၊	ခြောက်ခါရှိလေသည်။
၁၆။	ခုနစ်ကြိမ်မမှာ၊	ဤသို့သာ၊	တွေးကာကြံလေပြီ။
၁၇။	ပေါက်တူးမိုလျက်၊	ခြောက်ကြိမ်ပျက်၊	လူထွက်ဖြစ်ခဲ့ပြီ။

၁၈။ လူဓတ္ထက်ရဲ၊ နည်းကိုပ၊ သုံးမှတော်တော့မည်။
၁၉။ ပေါက်တူးယူကာ၊ မြစ်ကမ်းမှာ၊ ကောင်းစွာရေပိတ်ပြီ။
၂၀။ ကျတဲ့နေရာ၊ သီလေရာ၊ ပြန်ကာဆယ်ဦးမည်။
၂၀။ ကုဋ္ဌီလေကား၊ ဆင်ပြောင်အား၊ လွန်ကြားအားကောင်းသည်။
၂၂။ ရိုးကကိုင်ကာ၊ ခေါင်းပေါ်မှာ၊ သုံးခါမွှေ့ရမ်းသည်။
၂၃။ မျက်စိမှိတ်တုန်၊ အံကြိတ်တုန်၊ အားကုန်ပစ်လိုက်သည်။
၂၄။ အဝေးကြီးပဲ၊ ပေါက်တူးလဲ၊ မြစ်ထဲမျောပါလေပြီ။
၂၅။ လောဘကိုသည်၊ ငါကားသည်၊ အောင်ပြီအော်လိုက်ပြီ။
၂၆။ သုံးကြိမ်သုံးခါ၊ အော်လေရာ၊ ရာဇကြားလေပြီ။
၂၇။ ဗာရာဏသီမင်း၊ စစ်အောင်ထင်း၊ နေရင်းပြန်ခဲ့သည်။
၂၈။ အောင်ပြီသံကြား၊ ခေါ် ယူငြား၊ မေးကားပြုလေပြီ။
၂၉။ ငါကားထစ်မှု၊ စစ်တိုက်ဟူ၊ အောင်လူလွှင့်ခဲ့ပြီ။
၃၀။ သင်ကားတစ်လီ၊ တာကိုသည်၊ အောင်ပြီအော်ရသည်။
၃၀။ ကုဋ္ဌီလေကား၊ မင်းကြီးအား၊ ဖြေကြားပြုလေပြီ။
၃၂။ တွင်းရှိပြင်ရှိ၊ ရှိနှစ်ရှိ၊ အမှန်ရှိလေသည်။
၃၃။ အပြင်ရှိသာ၊ အောင်ခြင်းမှာ၊ ကောင်းစွာမအောင်ပြီ။
၃၄။ တွင်းရှိလောဘ၊ အောင်လေမှ၊ အောင်ရဆိုနိုင်သည်။
၃၅။ ထိုသို့ပြောကာ၊ စွာန်ကိုသာ၊ ကောင်းစွာဖြစ်စေပြီ။
၃၆။ ကောင်းကင်တည်ကာ၊ မင်းဗိုလ်ပါ၊ ဆက်ကာဟောလေပြီ။
၃၇။ အပြင်ရှိမှာ၊ ဒီတစ်ခါ၊ ကိုယ်သာအောင်မြင်သည်။
၃၈။ နောက်တစ်ခါမှာ၊ သူကသာ၊ ပြန်ကာအောင်တတ်သည်။
၃၉။ အပြန်လှန်ထင်း၊ ရှိလေခြင်း၊ အောင်ခြင်းမဆိုပြီ။
၄၀။ ပြန်ပြီးမလှန်၊ အတွင်းရှိ၊ အမှန်အောင်မှသည်၊
၄၁။ အောင်မြင်ခြင်းမှာ၊ တကယ်သာ၊ အောင်တာဖြစ်လေသည်။
၄၂။ တရားနာရာ၊ မင်းဗိုလ်ပါ၊ စိတ်မှာကြည်နူးပြီ။
၄၃။ တဒင်္ဂလေး၊ ကိလေဘေး၊ ကင်းဝေးကြလေပြီ။
၄၄။ ကုဋ္ဌီလအား၊ ခေါင်းဆောင်ထား၊ တောကားထွက်ကြပြီ။
၄၅။ ရသေ့ပြုကာ၊ စွာန်တိညာ၊ ကောင်းစွာရကြသည်။
၄၆။ တွင်းရှိအောင်သူ၊ အာဂလူ၊ မှတ်ယူနိုင်ကြပြီ။

၅။ သာမာဝတီ၏ အဒေါ်သေ မေတ္တာတရား ။ ။ အဒေါ်သကင်းသူ၊ အဒေါ်သနည်းသူဌာသာ သည်းခံခြင်းတရား၊ ခွင့်လွှတ်တတ်ခြင်းတရား၊ ကိုယ်ချင်းစာတရား၊ မေတ္တာထားခြင်းတရားများ ရှိနိုင်သည်ဖြစ်၍ အဒေါ်သအရ မေတ္တာတရားကို ရသလို မေတ္တာအရကိုလည်း အဒေါ်သကို ကောက်ယူရပေ၏။ လူလောကဌာ အဒေါ်ကြီးသူများ ရှိကြသကဲ့သို့ မေတ္တာတရား ထားတတ်ကြသော မေတ္တာရှင်များလည်း ရှိကြလေ၏။ ထိုမေတ္တာရှင်တို့တွင် သာမာဝတီ မိဖုရား၏ မေတ္တာတရားသည်လည်း စူးစူးရှရှ ထက်မြက်လှပေ၏။

ကောသမ္မီပြည် ဥတေနမင်းကြီးဌာ 'ဇါသုလဒတ္တာ၊ မာဂဏ္ဍီ၊ သာမာဝတီ' ဟူသော မိဖုရားကြီး သုံးဦး ရှိလေ၏။ ထိုသုံးဦးတွင် မာဂဏ္ဍီမိဖုရားသည် သာမာဝတီမိဖုရားအပေါ်ဌာ ရန်ပြုးဖွဲ့မှု ရှိလေ၏။ ရန်ပြုးဖွဲ့ခြင်းအကြောင်းကား ဤသို့တည်း။

ကုရုတိုင်း မာဂဏ္ဍီပုဏ္ဏားကြီးဌာ နတ်သမီးတမျှ ချောမောလှပသော သမီးတစ်ယောက် ရှိလေ၏။ သမီး၏အမည်သည်လည်း မာဂဏ္ဍီပင် ဖြစ်လေ၏။ မာဂဏ္ဍီပုဏ္ဏားကြီးထံ ကြီးကျယ်ထင်ရှားကုန်သော အမျိုးကောင်းသားများက သမီးကို လာရောက်တောင်းသည်ရှိသော် မာဂဏ္ဍီပုဏ္ဏားကြီးသည် ထိုအမျိုးကောင်းသားတို့အား –

'သင်တို့သည်ငါ့သမီးနှင့်မထိုက်တန်' ဟူ၍ ငြိမ်းခြောက်မောင်းမဲ၍ လွှတ်လိုက်သည်ချည်း ဖြစ်လေ၏။

တစ်နေ့သောအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးတို့ အနာဂါမိမဂ်၊ ဖိုလ်၌ တည်အံ့သောငှါ သိတော်မူသည်ဖြစ်၍ မာဂဏ္ဍီပုဏ္ဏားကြီး မိုးလုပ်ကျေးရာအရပ်သို့ ကြွရောက်တော်မူလေ၏။

မာဂဏ္ဍီပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်အား တွေ့မြင်လေလျှင် 'ဤလူလောကဌာ ဤယောဂကျွတ်သည်သာ ငါ့သမီးနှင့် ထိုက်တန်လေသည်'ဟု ကြံစည်ပြီးနောက် အိမ်သို့ ပြန်၍ ဇနီးနှင့် သမီးကို ခေါ်ယူ၍ မြတ်စွာဘုရားထံသို့ တစ်ဖန်ပြန်လာကာ မြတ်စွာဘုရားအား ဤသို့ ပြောဆို၍ သမီးကို ပေးလေ၏။

'အိုရဟန်း... အကျွန်ုပ်၏ သမီးကို အသင့်အား ကျွေးမွေးစောင့်ရှောက်စိမ့်သောငှါ ပေးပါ၏' ဟူ၍ သမီးကို ပေးလေလျှင် မြတ်စွာဘုရားသည် ပုဏ္ဏားကြီးကို –

မြတ်သော တောထွက်ခြင်းဖြင့် တောထွက်သည်မှစ၍ အဝေးလမည်သော ဆိတ်ကျောင်းညောင်ပင်ရင်းတိုင်အောင် မာရ်နတ်သည် အစဉ်လိုက်၍ နောင့်ယှက်ပုံကိုလည်းကောင်း၊ မာရ်နတ်သမီးများဖြစ်ကြသော 'တဏှာ၊ ရတိ၊ ရာဂါ' မည်ကုန်သော နတ်သမီးများက ကာမဂုဏ်အာရုံတို့ဖြင့် ပြားယောင်းကြပုံကိုလည်းကောင်း မိန့်ကြားတော်မူပြီး၍ အောက်ပါဂါထာဖြင့်လည်း ဤသို့ မိန့်ကြားတော်မူလေ၏။

'ပုဏ္ဏားကြီး... ခန္ဓာကိုယ်၌ ကျင်ကြီး၊ ကျင်ငယ် မရှိသော၊ နတ်သမီးများလည်း ဖြစ်သော၊ မာရ်နတ်မင်း၏ သမီးများလည်း ဖြစ်သော တဏှာ၊ ရတီ၊ ရာဂါဟူသော နတ်သမီးတို့ကို မြင်ရ၍သော်လည်း မေထုန်အကျင့်၌ ဆန္ဒမျှသော်လည်း မဖြစ်ခဲ့ပေ။ ကျင်ကြီးကျင်ငယ်ဖြင့် ပြည့်လျှံနေသော သင်၏ သမီး မာဂဏ္ဍီကို အဘယ်မှာ အလိုဆန္ဒဖြစ်ပေအံ့နည်း။ ပုဏ္ဏားကြီး... သင်၏ သမီးမာဂဏ္ဍီကို ခြေဖျားဖြင့် တို့ထိခြင်းငါပင် အလိုမရှိပေ' – ဟူ၍ မိန့်တော်မူလိုက်လေ၏။

ထိုဂါထာအဆုံး၌ မာဂဇ္ဈိပုဏ္ဏားကြီးနှင့် ဇနီးပုဏ္ဏားမကြီးတို့သည် အနာဂါမိဖိုလ်၌ တည်ကြလေကုန်၏။

ထိုဂါထာသည် ပိဘနှစ်ပါးအတွက် အနာဂါမိဖိုလ်တည်သော ဂါထာဖြစ်သော်လည်း သမီးမာဂဇ္ဈိအတွက် မူကား ရန်ပြုးပွဲဂါထာ ဖြစ်လေ၏။ ထိုဂါထာကို ကြား၍ သမီးမာဂဇ္ဈိသည် မြတ်စွာဘုရားရှင်အပေါ်၌ ဤသို့ ရန်ပြုးပွဲလေ၏။

'ဤရဟန်းကြီးသည် ငါ့ကို အကယ်စင်စစ်အားဖြင့် အလိုမရှိသည်ဖြစ်အံ့၊ '*အလိုမရှိ*' ဟူ၍သာ ပြောဆိုသင့်၏။ ယခုမူကား ငါ့ကို ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်သည်ဟု ပြုလုပ်လျက် ခြေဖျားတို့ဖြင့်သော်လည်း တိုထိခြင်းငှါ အလိုမရှိဟူ၍ ပြောတုံဘိ၏။ ရှိစေဦး၊ ငါသည် တစ်နေ့ အရေးပါ အရာရောက်သူ ဖြစ်လေအံ့ – ဤရဟန်းကြီး ငါ့တပည့်အား သိစေအံ့' ဟူ၍ ရန်ပြုးပွဲလေ၏။

မိဘနှစ်ပါးဖြစ်ကြကုန်သော မာဂဇ္ဈိတို့သည်လည်း သမီးမာဂဇ္ဈိကို ညှဉ်ဖြစ်သူ စူဠမာဂဇ္ဈိအား အပ်ပြီးလျှင် ဝတ်ကြောင်ကို ရှောင်ခွါ၍ ရဟန်းပြုကြပြီးနောက် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

စူဠမာဂဇ္ဈိသည်လည်း တူမ မာဂဇ္ဈိအား ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနထံ ဆက်သလေ၏။ ရုပ်ရည် ချောမောလှပသဖြင့် ဥတေနမင်းကြီး၏ မိဖုရားကြီး ဖြစ်လေ၏။

ထိုသို့ ဥတေနမင်းကြီး၌ ဝါသုလဒတ္တာ၊ မာဂဇ္ဈိ၊ သာမာဝတီ ဟူ၍ မိဖုရားကြီး သုံးဦးရှိရာ မာဂဇ္ဈိသည် မြတ်စွာဘုရားရှင်အပေါ်၌ ရန်ပြုးပွဲမှုကို အကြောင်းပြု၍ သာမာဝတီသည်လည်း မာဂဇ္ဈိ၏ ရန်ပြုးပွဲမှုတွင် ပါဝင်လာပြန်လေ၏။

ချဉ်ဦးအံ့။ ကောသမ္ဗီပြည်တွင် 'ဃောသက၊ ကုက္ကုဋ၊ ပါဝါရိက' ဟူ၍ သူဌေးကြီးသုံးဦးတို့သည် မြတ်စွာဘုရားရှင်၏ တရားကို ကြားနာရ၍ သောတာပန်များ ဖြစ်ကြသည့်အလျောက် ကောသမ္ဗီမြို့သို့ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာလျှင် သိတင်းသုံးနိုင်ရန်အတွက် ဃောသိတာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း ဟူ၍ ကျောင်းတိုက်ကြီး သုံးတိုက် အသီးသီး ဆောက်လုပ်ကြပြီးနောက် မြတ်စွာဘုရားကို ပင့်လျှောက်၍ သိတင်းသုံးနေစေတော်မူလေ၏။ မြတ်စွာဘုရားသည်လည်း အလှည့်အလည်အားဖြင့် သိတင်းသုံးမှု ပြုတော်မူလေ၏။

ထိုသို့ မြတ်စွာဘုရားရှင်သည် ကောသမ္ဗီမြို့၌ သိတင်းသုံးတော်မူခိုက် ခုဒ္ဒကဘရာဟ္မဏော ကျွန်မသည် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သောတာပန် ဖြစ်လေ၏။ ခုဒ္ဒကဘရာဟ္မဏမှတစ်ဆင့် သာမာဝတီအမျှူးပြုသော မိဖုရားငါးရာတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သောတာပန် ဖြစ်ကြလေကုန်၏။

သာမာဝတီအမျှူးပြုသော မိဖုရားငါးရာတို့သည် နန်းတော်တွင်း၌ နေရသည်ဖြစ်သောကြောင့် အပြင်ထွက်၍ မြတ်စွာဘုရားကို ဖူးမြင်ရန် ခဲယဉ်းလှသည်ဖြစ်ရကား မြတ်စွာဘုရား ဆွမ်းခံကြွချိန်တွင် မိမိတို့၏ အိပ်ခန်း၌ အပေါက်ငယ်များ ဖောက်၍ မြတ်စွာဘုရားကို ချောင်းကြည့်၍ ဖူးရလေ၏။ ထိုအခြေအနေကို မာဂဇ္ဈိ သိလေရကား မာဂဇ္ဈိသည် ဥတေနမင်းကြီးကို –

'မင်းကြီး... သာမာဝတီသည် အပြင်လူတို့နှင့် အဆက်အသွယ် လုပ်နေ၏။ မကြာမီ မင်းကြီး၏ အသက်ကို လုပ်ကြံလတ္တံ့' ဟု ကုန်းချောစကား ပြောလေ၏။ သာမာဝတီ၏ အကျင့်သိက္ခာကို သိသော ဥတေနမင်းကြီးသည် မာဂဇ္ဈိစကားကို မယုံကြည်သည်ဖြစ်၍ ထိုအပေါက်တို့ကိုသာ ပိတ်စေလေ၏။ ပြတင်းပေါက်တံခါးများကို ပြုလုပ်ပေးလေ၏။

မာဂဇ္ဈိမိပုရားသည် သာမာဝတီကို လုပ်ကြံ၍ မအောင်မြင်သောအခါ မြတ်စွာဘုရားဘက်သို့ ဦးတည်လှည့်လာပြန်လေ၏။ ရတနာသုံးပါးကို ဆည်းကပ်ခြင်း မရှိကြကုန်သော လူဆိုးလူပိုက်များကို ပိုက်ဆံငွေကြေးပေး၍ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူလာသောအခါ၌ မြတ်စွာဘုရားကို ဆဲရေးခိုင်းလေ၏။ ရည်ရွယ်ချက်ကား မြတ်စွာဘုရား ကောသမ္ဗီပြို့မှ ထွက်ပြေးစေရန် ဖြစ်၏။

ထိုလူဆိုးလူပိုက် ပိဏ္ဍာဒိဌိများသည် မြတ်စွာဘုရား ဆွမ်းခံကြွတော်မူလာသည်ရှိသော် မြတ်စွာဘုရားနောက်မှ အစဉ်လိုက်၍ '*သွားပဲ... လှုပ်ကပဲ... နွားပဲ... တိရစ္ဆာန်ပဲ...*' စသည်ဖြင့် မကြားဝံ့ မနာသာ ဆဲရေးကြလေကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို လျှောက်ထားသဖြင့် မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာသည် အပြန်အလှန် ပြောဆိုကြလေကုန်၏။

'မြတ်စွာဘုရား... ကောသမ္ဗီပြို့က လူတို့သည် တပည့်တော်တို့ကို ဆဲဆိုရေရွတ်ကြပါကုန်၏။ အခြားပြို့သို့ ဝဲသွားကြပါကုန်အံ့'

'အာနန္ဒာ... အခြားသော ထိုပြို့၌လည်း ယခုကဲ့သို့ အဆဲခံရအံ့၊ အဘယ်သို့ သွားမည်နည်း'

'မြတ်စွာဘုရား... တစ်ပန်းအခြားသော အရပ်ဒေသသို့ သွားကြပါကုန်အံ့'

'အာနန္ဒာ... ထိုအရပ်ဒေသ၌လည်း အဆဲခံရအံ့၊ အဘယ်သို့ သွားမည်နည်း'

'မြတ်စွာဘုရား... အခြားတစ်နေရာသို့ သွားကြပါကုန်အံ့'

'အာနန္ဒာ... ကျိုသို့ ပြုလုပ်ခြင်းငှါ မသင့်လျော်ပေ။ အကြင်အရပ်၌ အဓိကရုဏ်းသည် ဖြစ်၏။ ထိုအရပ်၌ပင်လျှင် အဓိကရုဏ်းကို ငြိမ်းစေပြီးမှ အခြားအရပ်သို့ သွားသင့်ပေ၏' ဟူ၍ မိန့်တော်မူပြီးလျှင် ဆက်၍ အောက်ပါ ဂါထာတို့ဖြင့်လည်း မိန့်တော်မူပြန်လေ၏။

၁။ စစ်တိုက်ဆင်သည် စစ်မြေပြင်အရပ်၌ မိမိအပေါ် ကျရောက်လာသော မြားကြိုး မြားငယ်တို့ကို သည်းခံသကဲ့သို့ ငါဘုရားသည် လွန်လွန်ကျူးကျူး ပြောဆိုကြသော စကားကို သည်းခံပေအံ့။ လောက၌ သီလမရှိသူတွေ များလှပေ၏။

၂။ ပွဲသဘင်ရှိရာသို့ သွားသောသူများသည် ယဉ်ကျေးပြီးသော နွား၊ မြင်းတို့ကို လှည်း၌ ယှဉ်ကစေ၍ သွားကြကုန်၏။ မင်းသည်လည်း ယဉ်ကျေးပြီးသောဆင်ယဉ်၊ မြင်းယဉ်တို့ကိုသာ အသုံးပြု၏။ အကြင်သူသည် လွန်ကျူးစော်ကားသော စကားများကို သည်းခံနိုင်၏။ ထိုသူသည်သာ ယဉ်ကျေးသူဖြစ်၍ မြင့်မြတ်လှပေ၏။

၃။ မြည်းမမှ ပေါက်ဖွားသော အာသတိုရ်မြင်း၊ အာဇာနည်မြင်း၊ သိန္ဓောမြင်းတို့သည်လည်းကောင်း၊ ဆင်ဖြောင်ကြီးတို့သည်လည်းကောင်း ယဉ်ကျေးကြမှသာလျှင် မြင့်မြတ်ကြပေကုန်၏။ မင်္ဂလာဖြင့် ဆုံးမအပ်ပြီးသော ယဉ်ကျေးသူသည်ကား ထိုအာသတိုရ်မြင်း၊ အာဇာနည်မြင်း၊ သိန္ဓောမြင်း၊ ဆင်ဖြောင်ကြီးတို့ထက် မြတ်လှပေ၏'

– ဟု မိန့်တော်မူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် -

'အာနန္ဒာ... မစိုးရိမ်လင့်။ ဤလူတို့သည် (၇)ရက်မျှသာ ဆဲရေးနိုင်ကြပေကုန်လတ္တံ့။ ရှစ်ရက်မြောက်နေ့၌ တိတ်ဆိတ်ပေလတ္တံ့' ဟူ၍ ပိန့်တော်မူလိုက်လေ၏။

မာဂဏ္ဍိသည် မြတ်စွာဘုရားကို ဆဲရေးခြင်းဖြင့် ထွက်ပြေးစေခြင်းဟု မတတ်နိုင်သည်ရှိသော် သာမာဝတီဘက်သို့ တစ်ဖန်လှည့်ပြန်လေ၏။ ကြက်အရှင်များကို ယူဆောင်ပေး၍ ဥတေနမင်းကြီးအား မင်းကြီးအတွက် သာမာဝတီတို့ကို ချက်ခိုင်းစေပြန်၏။ သောတာပန်ဖြစ်ပြီးသော် အရိယာသူတော်ကောင်းတို့သည် မိမိပယောဂဖြင့် သူတစ်ပါးအသက်ကို မသတ်သည်ဖြစ်ရကား ချက်မပေးကြလေကုန်။ ထို့နောက် ယင်းကြက်အရှင်များကို 'ရဟန်းငါးတမအတွက် ချက်ခိုင်းစေလော့' ဟူ၍ မာဂဏ္ဍိသည် ဥတေနမင်းကို တိုက်တွန်းပြန်၏။ ဥတေနမင်းကြီးလည်း တိုက်တွန်းသည့်အတိုင်း ပြုလုပ်စေလေ၏။ မာဂဏ္ဍိသည် မင်းကြီးရှေ့တွင်သာ ကြက်အရှင်များဟု ပြောပြီး တကယ်ပို့ခိုင်းသည်ကား သေပြီးသော ကြက်အသေများသာ ဖြစ်ကုန်၏။ သေပြီး ဖြစ်နေ၍ သာမာဝတီတို့သည် မြတ်စွာဘုရားအတွက် ချက်၍ လှူဒါန်းလေ၏။ မာဂဏ္ဍိသည် ဤသို့လုပ်ကြံဖန်တီးသော်လည်း ဥတေနမင်းကြီးသည် သာမာဝတီတို့အပေါ်၌ တစ်စုံတစ်ရာ အရေးယူခြင်း မရှိပေ။

မာဂဏ္ဍိသည် သာမာဝတီအပေါ် ထိုသို့ လုပ်ကြံ၍ မအောင်မြင်သောအခါ တစ်မျိုးကြံစည်ပြန်လေ၏။ ဥတေနမင်းကြီးသည် မိမိ၏ ဟတ္ထိကန္တစောင်းကို သွားလေရာသို့ ယူဆောင်၍ အိပ်သောအခါ၌ မိမိ၏ ခေါင်းရင်း၌ ထား၍ အိပ်သောအလေ့ရှိလေ၏။ 'ဝါသုလဒတ္တာ၊ မာဂဏ္ဍိ၊ သာမာဝတီ' ဟူသော မိဖုရားဆောင်များသို့ အလှည့်ဖြင့် သွားလေရာ၌ ထိုနေ့အဖို့ သာမာဝတီ၏ မိဖုရားဆောင်သို့ သွားရောက် နားခိုမှု ပြုလေ၏။ မင်းကြီးသည် ဘောဇဉ်များကို သုံးဆောင်၍ စောင်းကို ခေါင်းရင်း၌ထားကာ အိပ်ရာ၌ လဲအိပ်လေ၏။ ထိုအခါ မာဂဏ္ဍိသည် စောင်းထဲ၌ ကြိုတင်ထည့်ထားသော မြွေဟောက်ကို ထွက်စေလေ၏။ စောင်း၌ ပုံးလွှမ်းထားသော ပန်းကုံးများကို ဖယ်လိုက်လျှင်ပင် သုံးရက်မျှ အစာကင်းပြတ်နေသော မြွေဟောက်သည် လေတရှူးရှူးမှုတ်လျက် ပါးပျဉ်းထောင်လေတော့၏။

ရှေးအခါက မာဂဏ္ဍိ မည်မျှ ကုန်းချောချော သာမာဝတီအပေါ်၌ ဒေါသမဖြစ်ခဲ့သော ဥတေနမင်းကြီးသည် လက်တွေ့ မျက်တွေ့ မြွေဟောက်ကို မြင်သည်ဖြစ်ရကား 'ငါ့ကို သေကြောင်းကြံလေဟကား' - ဟု ဒေါသအမျက် ခြောင်းခြောင်းထွက်လေတော့၏။ ဒေါသဖြစ်သောအခါ ဟုတ်သလား၊ မဟုတ်သလား- ဟု စဉ်းစားဆင်ခြင်မှု မပြုနိုင်တော့ဘဲ ဥတေနမင်းကြီးသည် သာမာဝတီမိဖုရား အမျှးပြုသော မိဖုရားငါးရာတို့အား အဆိပ်လူးသော မြားဖြင့် ပစ်သတ်ရန် အားထုတ်လေတော့၏။

ထိုအခါ သာမာဝတီမိဖုရားသည် ငါးရာကုန်သော မိန်းမတို့အား ဤသို့ ဩဝါဒပေးလေ၏။

'အမိတို့... ငါတို့အား မေတ္တာမှတစ်ပါး အခြားကိုးကွယ်ရာ မရှိတော့ပြီ။ မင်းကြီးအပေါ်၌လည်းကောင်း၊ မာဂဏ္ဍိမိဖုရားအပေါ်၌လည်းကောင်း မိမိနှင့်ထပ်တူထပ်မျှ မေတ္တာစိတ်ထားကြကုန်လော့။ တစ်စုံတစ်ယောက်သောသူကိုမျှ အမျက်ထွက်ခြင်းကို မပြုကြနှင့်' ဟု ဆုံးမစကား ပြောကြားလေ၏။

ဥတေနမင်းကြီးသည် ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကို ယူ၍ အဆိပ်လူးသောမြားဖြင့် သာမာဝတီအမှူးပြုသော ပိန်းမငါးရာတို့၏ ရင်ဝတည့်တည့်ကိုချိန်၍ ပစ်လွှတ်သည်ရှိသော် သာမာဝတီတို့၏ မေတ္တာတန်ခိုးကြောင့် မြားသည် သာမာဝတီတို့ဘက်သို့ မသွားဘဲ ဥတေနမင်းကြီးထံသို့သာ လှည့်၍ ဥတေနမင်းကြီး၏ ရင်ဝကို စူးမည်ကဲ့သို့ တည်လာလေ၏။

အံ့ဩဖွယ်ရာ ထိုအခြေအနေကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ဥတေနမင်းကြီးသည် တုန်လှုပ်ချောက်ချားလျက် သာမာဝတီ၏ ခြေရင်းခွဲ ထိုင်လျက် –

'သင်သည် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလော့ ' ဟု တောင်းပန်လေ၏။

ယင်းမှ အစပြုကာ ဥတေနမင်းကြီးလည်း မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူအဖြစ်သို့ ရောက်လေ၏။ သာမာဝတီတို့အားလည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား လွတ်လပ်စွာ ကိုးကွယ်မှုကိုလည်း ပေးလိုက်လေ၏။

မာဂဏ္ဍိယဝိဂုရားသည်လည်း သာမာဝတီကို မကောင်းကြံမှုနှင့်စပ်၍ ဗိမိဘာလုပ်လုပ် မအောင်မြင်သည်ကို အကြီးအကျယ် ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်၍ လာလေ၏။ နောက်ဆုံး၌ 'ဝီးတိုက်၍ သတ်ကောအံ့' ဟု ကြံစည်ပြီးလျှင် ဦးလေးတော် စူဠမာဂဏ္ဍိနှင့် တိုင်ပင်ပြီးနောက် ဥတေနမင်းကြီး ဥယျာဉ်ကစားခြင်းငှါ ဥယျာဉ်သို့ ထွက်သွားခိုက်တွင် သာမာဝတီ အမှူးပြုသော ဝိဂုရားငါးရာတို့ကို ဝီးတိုက်၍ သတ်လေ၏။

ဤဝိဂုရားငါးရာတို့သည် ဝီးလောင်သည်ကိုကြား၍ လျှင်မြန်စွာ လာခဲ့ပါသော်လည်း သာမာဝတီတို့ အသက်ကို ကယ်တင်ခြင်းငှါ မစွမ်းနိုင်တော့ပေ။ လောင်နေဆဲ ဝီးကိုသာလျှင် ငြိမ်းသတ်စေလေ၏။

ဥတေနမင်းကြီးသည် ဝီးတိုက်သော တရားခံကို သိအောင် စုံစမ်းပြီးနောက် မာဂဏ္ဍိနှင့် ဦးလေးတော်သူ စူဠမာဂဏ္ဍိတို့၏ လက်ချက်ကို သိရသောအခါ မာဂဏ္ဍိနှင့်တကွ အလိုတူအလိုပါ အားလုံးတို့အား ထိုအတူပင် ဝီးတိုက်၍ သတ်စေလေ၏။

ထိုအခါ ရဟန်းသံဃာအပေါင်းသည် သာမာဝတီ သေရုံကိုလည်းကောင်း၊ မာဂဏ္ဍိသေရုံကိုလည်းကောင်း ပြောဆိုကြရာတွင် မြတ်စွာဘုရား ကြွရောက်တော်မူလာကာ ဤသို့ တရားစကား မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့ ... အကြင်သူတို့သည် ကုသိုလ်ကောင်းမှုၦ မေ့လျော့ကြကုန်၏။ ထိုသူတို့သည် အနှစ်တစ်ရာပင် အသက်ရှည်သော်လည်း သေသည်မည်ကုန်၏။ အကြင်သူတို့သည် ကုသိုလ်ကောင်းမှုၦ မမေ့မလျော့ကြကုန်။ ထိုသူတို့သည် သေလွန်ကုန်သော်လည်း အသက်ရှင်သည် မည်ကုန်၏'

– ဟူ၍ ပိန့်ကြားတော်မူပြီးနောက် အောက်ပါဂါထာတို့ဖြင့်လည်း ဟောကြားတော်မူလေ၏။

၁။ ကုသိုလ်ကောင်းမှုၦ မမေ့မလျော့ခြင်းသည် မသေရာနိဗ္ဗာန်ကို ရခြင်း၏ အကြောင်းတည်း။ ကုသိုလ်ကောင်းမှုၦ မေ့လျော့ခြင်းသည် အဖန်ဖန်သေရခြင်း၏ အကြောင်းတည်း။ ကုသိုလ်ကောင်းမှုၦ မမေ့သူတို့သည် သေသည် မမည်ကုန်။ ကုသိုလ်ကောင်းမှုၦ မေ့သူတို့သည် သူသေကဲ့သို့ ဖြစ်ကုန်၏။

၂။ ကုသိုလ်ကောင်းမှုတို့ကို မမေ့ခြင်းၦ တည်ကုန်သော ပညာရှိတို့သည် ဤသို့ အထူးအားဖြင့် သိမြင်ကုန်၍ ကုသိုလ်ကောင်းမှုတို့ကို မမေ့ခြင်းၦ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ ထိုပညာရှိတို့သည် အရိယာသူတော်ကောင်းတို့၏ ကျက်စားရာ အာရုံဖြစ်သော သတိပဋ္ဌာန်တရားတို့ၦ မွေ့လျော်ကြလေကုန်၏။

၃။ သမထစျာန်၊ ဝိပဿနာစျာန် ရှိကုန်သော၊ ပြင်းစွာအားထုတ်ခြင်းရှိကုန်သော ထိုပညာရှိတို့သည် ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော အတုမရှိ လွန်မြတ်သော နိဗ္ဗာန်သို့ ရောက်ကြရပေကုန်၏။

တရားအဆုံးၦ လူများစွာတို့သည် သောတာပန် အစရှိသော အရိယာအဖြစ်သို့ ရောက်ကြလေကုန်၏။

(ဓမ္မ ၄ - ၁ - ၁၂၈ / ၁၄၇)

၅။ သာမာဝတီ၏ အဒေါသမေတ္တာတရားၦ ဆောင်ရန်လက်ာများ

၁။	တောသမံပြည်တ၊	ဥတေန၊	ရာဇမင်းဌိသည်၊
၂။	ဝါ,မာ,သာခေါ်ငြား၊	မိဖုရား၊	သုံးပါးရှိလေသည်။
၃။	မာဂဿာအား၊	ရန်ငြိုးထား၊	ကြောင်းကားရှိပေသည်။
၄။	မာဂဏ္ဍိပုဏ္ဏား၊	သမီးကား၊	လွန်ငြားလှပသည်။
၅။	ဂုဏ်ရည်တူငြား၊	သတို့သား၊	တောင်းငြားမပေးပြီ။
၆။	မတန်လေရာ၊	မာန်မဲကာ၊	ချောက်ကာပြောလွတ်သည်။
၇။	တစ်နေ့မှာပင်၊	ဘုရားရှင်၊	တွေ့မြင်ဖူးရပြီ။
၈။	ငါ့သမီးကား၊	ဤယောကျ်ား၊	မမှားထိုက်လေပြီ။
၉။	အိမ်ပြန်ခေါ်ငြား၊	သမီးအား၊	ဘုရားပေးလေပြီ။
၁၀။	ထိုအခါသော်၊	မြတ်ရှင်တော်၊	မိန့်တော်မူလေပြီ။

၀၁။	အဇညောဝ်ရင်း၊	နေစဉ်တွင်း၊	မာရ်မင်းနှောင့်ယှက်သည်။
၀၂။	နှောင့်ယှက်မရ၊	မာရ်မင်းပ၊	မှိုင်ချနေရပြီ။
၀၃။	အဇေမတန်၊	မီးတွေကြုံ၊	ထဖန်နှောင့်ပြန်သည်။
၀၄။	ရတိ,တဏှာ၊	ခေါ် ရဂါ၊	နာမာတွင်လေသည်။
၀၅။	အရွယ်များထင်း၊	စုံလေခြင်း၊	ဖန်ဆင်းပြလေသည်။
၀၆။	နတ်ခန္ဓာလျှင်၊	လွန်စွာဝင်၊	ပြုစင်သန့်ရှင်းသည်။
၀၇။	တျင်ကြိုးတျင်ဝယ်၊	အသွယ်သွယ်၊	ရုံဖွယ်မရှိပြီ။
၀၈။	နတ်ထမီးသော်မျှ၊	မေ,ဆန္ဒ၊	နည်းမျှမဖြစ်ပြီ။
၀၉။	သင့်သမီးခန္ဓာ၊	ရုံစရာ၊	ပြည့်ကာနေလေသည်။
၂၀။	ရေဖျားနှင့်ကို၊	တိုဇိုကို၊	အလိုမရှိပြီ။
၂၁။	ထရားကြားပြန်၊	မိဘဉာဏ်၊	နာဂိမ်ဖြစ်ကြသည်။
၂၂။	သမီးသည်ကား၊	ထုရားအား၊	ရန်ထားငြိုးလေပြီ။
၂၃။	မယူချင်ရာ၊	မယူပါ၊	ပြောတာရလျက်သည်၊
၂၄။	ရေဖျားနှင့်ပင်၊	မတို့ချင်၊	ပြောပင်ပြောရက်သည်။
၂၅။	တစ်နေ့ခါကျ၊	ငှဲကြောင်းပ၊	သိရစေလိမ့်မည်။
၂၆။	မိဘနှစ်ပါး၊	သမီးအား၊	ညီအားအပ်ခါသည်။
၂၇။	ရဟန်းပြုရာ၊	များမကြာ၊	ရဟန္တာဖြစ်ကြသည်။
၂၈။	ညီဖြစ်သူကား၊	တူမအား၊	မင်းအားဆက်လေသည်။
၂၉။	ချောလှချိကား၊	မိဖုရား၊	မြောက်စားခံရသည်။
၃၀။	မာဂဏ္ဍိကား၊	ဘုရားအား၊	ငြိုးထားရှာ၌သည်၊
၃၁။	သာမာဝတီပင်၊	ကြားညှပ်အင်၊	ပါဝင်နေလေသည်။
၃၂။	ပါဝင်ရခြင်း၊	အကြောင်းရင်း၊	ရှင်းလင်းပြဦးမည်။
၃၃။	ကောသမ္ဗိမှာ၊	သူဌေးဟာ၊	ထုံးဖြာရှိလေသည်။
၃၄။	ပါဝါရိက၊	ယောသက၊	ကုက္ကုဋ္ဌမည်လေသည်။
၃၅။	ဘုရားထံမှာ၊	တရားနာ၊	သောတာဖြစ်ကြသည်။
၃၆။	ကျောင်းတွေဆောက်ကာ၊	မြတ်ဗုဒ္ဓါ၊	ပင့်ကာနေစေသည်။
၃၇။	ဘုရားရှင်ထင်း၊	လှည့်လည်ခြင်း၊	သီတင်းသုံးလေသည်။
၃၈။	ဘုရားရှင်ကား၊	နေ့တိုင်းမျှား၊	တရားဟောလေသည်။

၃၉။ ခုလုတ္တရော၊ တရားနာ၊ သောတာဖြစ်လေဖြို့။
၄၀။ ခုဂ်မ္ဘတစ်ခါ၊ သာဓုဝါးရော၊ သောတာဖြစ်ပြန်သည်။
၄၀။ ဆွမ်းခံကြွလော၊ ဖြတ်ဗုဒ္ဓါ၊ ချောင်းကာဖူးကြသည်။
၄၂။ မာဂဏ်သိပြား၊ ကုန်းစကား၊ ပြောကြားပါလေဖြို့။
၄၃။ ပေါက်တွေ့ပိတ်ရင်း၊ ပေါက်ပြတင်း၊ တပါခြင်းပေးလေထည်။
၄၄။ ထိုနည်းမရ၊ မာဂဏ်ပ၊ ဗုဒ္ဓကိုသာသည်၊
၄၅။ အလွန်ရိုင်းစိုင်း၊ လွှေးနဲ့နှိုင်း၊ ဆဲခိုင်းပြန်လေဖြို့။
၄၆။ ဆဲခံရရော၊ အာနန္ဒာ၊ မြတ်စွာလျှောက်ထားဖြို့။
၄၇။ ဤမြို့ မနေရော၊ တစ်ခြားသာ၊ ဖဲခွါသင့်ပေဖြို့။
၄၈။ ဆဲခံတိုင်းသာ၊ ဖဲခွါရော၊ ဘယ်မှာသင့်လေမည်။
၄၉။ ပြဿနာဖြစ်က၊ ငြိမ်းပြီးမှ၊ သွားကသင့်ပေသည်။
၅၀။ ထိုသို့ပြောကာ၊ မြတ်ဗုဒ္ဓါ၊ ဆက်ကာမိန့်လေဖြို့။
၅၁။ စစ်တိုက်နေရော၊ ဆင်ကြိုးဟာ၊ ကျလောမြားကိုသည်၊
၅၂။ သည်းခံ၍သာ၊ ဆက်လိုသာ၊ တိုက်ကာနေလေသည်။
၅၃။ ဤနည်းတူစွာ၊ မြတ်ဗုဒ္ဓါ၊ ဆဲတာသည်းခံမည်။
၅၄။ ဆဲသူတို့အား၊ သိလေကား၊ ဘာများရှိလိမ့်မည်။
၅၅။ ယဉ်ကျေးလေငြား၊ နွားမြင်းများ၊ လူများသုံးကြသည်။
၅၆။ ယဉ်ကျေးပြီးသား၊ ဆင်မြင်းများ၊ မင်းများသုံးကြသည်။
၅၇။ လူလောကမူ၊ သည်းခံသူ၊ လွန်မူယဉ်ကျေးသည်။
၅၈။ ဇနည်မြင်းမူ၊ ဆင်ပြောင်ဟူ၊ ယဉ်သူဖြစ်မှသည်၊
၅၉။ တန်ဖိုးကြီးလတ်၊ ဖိုးမဖြတ်၊ ကောင်းမြတ်လှပေသည်။
၆၀။ မဂ်ဉာဏ်လေးဆင့်၊ ကိလေထင့်၊ ပယ်နှင့်ပြီးသူသည်၊
၆၁။ ထိုထက်များဟူ၊ ယဉ်ကျေးသူ၊ မြတ်သူဖြစ်လေသည်။
၆၂။ ဤသို့မြတ်စွာ၊ မိန့်ပြီးရာ၊ ဆက်ကာမိန့်ပြန်သည်။
၆၃။ ဆဲဆိုခြင်းဟာ၊ ခုနစ်သာ၊ ရှစ်မျာငြိမ်းပေမည်။
၆၄။ မြတ်စွာဗုဒ္ဓ၊ ကြံ၍ပ၊ မရရာဌ်သည်၊
၆၅။ သာမာဝတီထံ၊ အပြုံးမာန်၊ တဖန်လှည့်ပြန်ပြီ။
၆၆။ ကြက်သေကြက်ရှင်၊ ဖန်လိုပင်၊ ကြံဆင်ပြုလေသည်။

၆၇။	ထိုမှတစ်ထောက်၊	မင်းစောင်းကောက်၊	မြွေဟောက်ထည့်ကြုံသည်။
၆၈။	အစာပြတ်ငြား၊	မြွေဟောက်ကား၊	တအားဒေါပြီ။
၆၉။	ဂျူးဂျူးရဲရဲ၊	မြည်လိုပဲ၊	ဒေါကဲပြလေပြီ။
၇၀။	မြွေဟောက်မြင်ရာ၊	ဥတေနာ၊	လွန်စွာဒေါထပြီ။
၇၀။	သာမာတို့အား၊	ဆိပ်လူးမြား၊	ပစ်ငြားပြုလေပြီ။
၇၂။	သာမာတို့မှာ၊	မေတ္တာသာ၊	ကိုးရာပြုကြပြီ။
၇၃။	မေတ္တာရေချမ်း၊	အံ့မခန်း၊	အစွမ်းထက်လှထည်။
၇၄။	ဆိပ်လူးမြားဟာ၊	ဥသို့သာ၊	ပြန်ကာလှည့်လာထည်။
၇၅။	ဥတေမင်းကား၊	လွန်စွာငြား၊	ချောက်ချားတုန်လှုပ်ပြီ။
၇၆။	မှားမိလေစွ၊	ဖြစ်တိုပ၊	ဝန်ချတောင်းပန်ပြီ။
၇၇။	ထိုအခါမှ၊	စ၍ပ၊	ဗုဒ္ဓကိုးကွယ်ပြီ။
၇၈။	သာမာတို့ပါ၊	လွတ်လပ်စွာ၊	ကိုးပါးရွတ်ဖတ်ပြီ။
၇၉။	ဘယ်လိုထုံးကြံ၊	မရပြန်၊	မာဂဏ်ဒေါကြီးပြီ။
၈၀။	မီးတိုက်၍သာ၊	သေစေရာ၊	ကြံတာအောင်လေပြီ။
၈၁။	မာဂဏ္ဍိလေ၊	ထိုတူပဲ၊	သေပွဲဝင်ရသည်။
၈၂။	မြတ်စွာဘုရား၊	သိလေငြား၊	တရားဟောလေပြီ။
၈၃။	မမေ့သူမှာ၊	ထယ်အခါ၊	သေတာမရှိပြီ။
၈၄။	မေ့သူတို့ပဲ၊	ထပ်လဲလဲ၊	သေပွဲဝင်ရသည်။
၈၅။	ဤသို့သိအံ၊	ပညာရှိ၊	သတိဖျက်မွေ့သည်။
၈၆။	ယောဂကုန်ရာ၊	မြတ်နိဗ္ဗာ၊	ကောင်းစွာရောက်ကြသည်။
၈၇။	တရားဆုံးမှာ၊	လူမျှားစွာ၊	သောတာဖြစ်ကြသည်။

၆။ ဥတ္တရာ၏ အဒေါ်ဒါသ မေတ္တာတရား ။ ။ ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်မြို့တွင် ပုဏ္ဏာအမည်ရှိသော ဆင်းရဲသား ယောကျ်ားသည် သုမနမည်သော သူဌေးကြီးအား မှီခိုရှိ အခစားပြုလုပ်၍ နေရလေ၏။ တစ်နေ့အခါ၌ နိရောဓသမာပတ်မှထလာသော အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးအား ဆွမ်းလောင်းမှုဟူသော ကုသိုလ်ကောင်းမှုကို ပြုခွင့်ရ၍ ဒီဌဓမ္မိက စေတနာကံက အကျိုးပေးရကား နေ့ချင်းညချင်းပင် ဆင်းရဲသားဘဝမှ အလွန် ချမ်းသာသော သူဌေးကြီးဘဝသို့ ရောက်လေ၏။

ပုဏ္ဏာသူဌေးကြီးအား ဥတ္တရာမည်သော သမီးတစ်ဦးလည်း ရှိလေ၏။ အိမ်တက်မင်္ဂလာပွဲ၌ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သူဌေးကြီးပုဏ္ဏာရော၊ သူဌေးကတော်ရော၊ သမီးဥတ္တရာပါ သောတာပန် ဖြစ်ကြလေကုန်၏။

တစ်နေ့အခါ၌ သုမနသူဌေးကြီးသည် ပိဝိသားအတွက် ပုဏ္ဏာသူဌေး၏ သမီးဖြစ်သော ဥတ္တရာကို တောင်းလေရာ သုမနသူဌေးကြီးသည်ကား မိစ္ဆာဒိဋ္ဌိအယူကို ယူသူဖြစ်လေ၏။ မိစ္ဆာဒိဋ္ဌိဖြစ်သောကြောင့်ပင် ပုဏ္ဏာသူဌေးသည် 'မပေးနိုင်ပါ' – ဟူ၍ ငြင်းပယ်မှု ပြုလိုက်လေ၏။

ထိုအခါ သုမနသူဌေးကြီးသည် ပုဏ္ဏာသူဌေးအား ဤသို့ ပြောကြားလေ၏။

'ပုဏ္ဏာ... သင်သည် တစ်ချိန်က ငါတို့ကို အပိုပြု၍ နေခဲ့ဖူး၏။ ထိုသို့နေခဲ့ပြီးမှ ယခုကဲ့သို့ သူဌေးဘဝသို့ ရောက်ရ၏။ ငါ့သားအား သင့်သမီး ဥတ္တရာကို ပေးစေချင်ပါသည်' – ဟု ထပ်မံ ပြောကြားပြန်လေ၏။ ထိုအခါ ပုဏ္ဏာသူဌေးသည် ဤသို့ ပြန်လည်ပြောကြားလေ၏။

'သူဌေးကြီး... သူဌေးကြီး၏ သားကား မိစ္ဆာဒိဋ္ဌိအယူကို ယူသူဖြစ်၏။ အကျွန်ုပ်သမီးသည်ကား ရတနာသုံးပါးတို့နှင့် ကင်းကွာ နေခြင်းငှါ တတ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သမီးဥတ္တရာကို မပေးနိုင်ပါ'ဟု ငြင်းပြန်လေ၏။

ထိုအခါ ရာဇဂြိုဟ်မြို့ရှိ သူဌေးအပေါင်းသည် ပုဏ္ဏာသူဌေးအား ဤသို့ ဝိုင်းဝန်းကွပ်တွန်းစကား ပြောကြားကြလေကုန်၏။

'ပုဏ္ဏာ... အသင်သည် သုမနသူဌေးကို မှီခိုနေခဲ့ဖူး၏။ ရင်းနှီးကျွမ်းဝင်ခြင်း ရှိခဲ့ဖူး၏။ စိုသောလက် မခြောက်စေနှင့်ဆိုသည့်အတိုင်း ရှိရင်းစွဲ ရင်းနှီးမှုကို ဖျက်ဆီးခြင်းငှါ မသင့်ပေ။ မိတ်ကို မဖျက်ပါနှင့်။ သင့်သမီးဥတ္တရာအား ပေးခြင်းငှါသင့်ပေ၏' – ဟု ပြောကြားကြလေကုန်၏။

ထိုအခါ ပုဏ္ဏာသူဌေးလည်း ငြင်းဆန်ခြင်းငှါ မသင့်သည်ကို တွေးမိ၍ သူဌေးအပေါင်းတို့အား 'ပေးလိုက်ပါမည်' ဟု ဝန်ခံပြီးလျှင် ဂါဆိုလပြည့်နေ့၌ သမီးဥတ္တရာကို သုမနသူဌေးကြီး၏ သားအတွက် ပေးလိုက်ရလေ၏။

ဥတ္တရာသည်ကား လင့်အိမ်သို့ ရောက်သောအခါမှစ၍ ရတနာသုံးပါးကိုလည်း မဆည်းပူးရ၊ အလှူဒါန ကိုလည်း ပြုလုပ်ခွင့်မရ၊ တရားလည်း မနာရ၊ ဥပုသ်လည်း မစောင့်သုံးရဘဲ ဂါတွင်းသုံးလတွင် နှစ်လခွဲအချိန်သည် ကုန်လွန်လာခဲ့ပြီ ဖြစ်၏။

ကျန် (၁၅)ရက်ကို ကုသိုလ်ကောင်းမှုပြုလိုသည့်အတွက် တစ်ရက်ပျော်ပါးလျှင် တစ်ထောင်ပေးရသော သီရိမာမည်သော ပြည့်တန်ဆာမကို (၁၅)ရက်စာ တစ်သောင်းဂါးထောင်ပေး၍ ဂါးရမ်းပြီးလျှင် လင်ယောကျ်ားအား သီရိမာကို အပ်လိုက်လေ၏။ အလွန်ချောမောသော သီရိမာကိုမြင်ရလျှင် လင်ယောကျ်ားဖြစ်သူလည်း သဘောကျ သည်ဖြစ်၍ လက်ခံလိုက်လေ၏။

ဥတ္တရာသည် မိုးဖိုချောင်၌ ကိုယ်တိုင်ပင် ဝင်ရောက် ချက်ပြုတ်စီမံ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်၍ ဆွမ်းကပ်ခြင်း၊ တရားနာခြင်း၊ ဥပုသ်စောင့်ခြင်းများ ပြုလုပ်လာခဲ့သည်မှာ (၁၄)ရက်မြောက်သို့ ရောက်ခဲ့ပြီဖြစ်၏။ နက်ဖြန် သိတင်းကျွတ်လပြည့် ပဓါရဏာနေ့ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ရန်အတွက် ချွေးအလိမ်းလိမ်းပြင့် ခန္ဓာကိုယ်၌ အိုးမဲတွေ၊ ပြာတွေ ပေကျံလျက် မမောနိုင်၊ မပန်းနိုင် အလုပ်လုပ်လျက် ရှိနေလေ၏။

ဥတ္တရာ၏ လင်ယောကျ်ားသည်လည်း 'ဥတ္တရာ ဘာတွေလုပ်နေသနည်း' - ဟု ကြည့်ရှုသည်ရှိသော် ချွေးအလိမ်းလိမ်းပြင့် ပြာတွေ၊ အိုးမဲတွေ ပေကျံ၍ အလုပ်လုပ်နေသေသည်ကို တွေ့မြင်လျှင် -

'ဥတ္တရာကား အလွန်ပိုက်စွတကား။ သူငြေးဖြစ်ပါလျက် သူငြေးစည်းစိမ် ချမ်းသာကို မဝံစားဘဲ ဦးပြည်း ရဟန်းတို့ကိုသာ လုပ်ကျွေး၍ နေဘိတကား' - ဟူ၍ ပြုံးရယ်မှု ပြုလေ၏။

လူလောကၼ် ရောဂါများ ပြောက်များစွာ ရှိသည့်အနက်က ဘဝကို မေ့တတ်သော ရောဂါသည်လည်း အလွန်အကြည့်ရဆိုးသော ရောဂါတစ်မျိုး ဖြစ်လေ၏။ သိရိမာ ပြည့်တန်ဆာမသည် သူငြေးသားနှင့် (၁၄)ရက်တာမျှ ပေါင်းသင်းဆက်ဆံ၍ နေရသည်ကို ဝိဝိကိုယ်ကို အဂ်ါးမယားဖြစ်သည်ကို မေ့ပျောက်၍ တကယ့်သူငြေးကတော် တစ်ဦးကဲ့သို့ ထင်မှတ်သည်ဖြစ်၍ သူငြေးသားသည် ဥတ္တရာကို ကြည့်၍ ပြုံးရယ်သည်ကို တွေ့မြင်၍ မနာလိုဝန်တိုစိတ် ဖြစ်ကာ ဥတ္တရာအား ကြွက်ကြွက်ဆူ ပူသော ထောပတ်ရည်ဖြင့် လောင်းလေတော့၏။

ဥတ္တရာသည် သိရိမာသည် ဝိဝိအား ကြွက်ကြွက်ဆူ ပူသော ထောပတ်ရည်ဖြင့် လောင်းရန်လာသည်ကို တွေ့မြင်လျှင် ဤသို့နှလုံးသွင်း ဆင်ခြင်လေ၏။

'ငါသူငယ်ချင်းမ သိရိမာသည် ငုံအား မှားစွာ ကျေးဇူးပြုပေ၏။ စကြာဝဠာသည် ကျဉ်းမြောင်းလှ၏။ ပြဿာပြည်သည် နိပ့်လှပေ၏။ သိရိမာ၏ ကျေးဇူးကား များလှပေ၏။ ငါသည် သိရိမာကိုမှီ၍ အလှူကိုလည်း လှူရ၏။ တရားလည်း နာရ၏။ ရတနာသုံးပါးကို ပြုစုလုပ်ကျွေးရ၏။ ဤသိရိမာအပေါ်၌ ငါ၏ အမျက်ထွက်ခြင်းသည် ရှိသည်ဖြစ်အံ့၊ ဤထောပတ်ရည်သည် ငုံကို ပူလောင်စေသတည်း။ အကယ်၍ မရှိသည်ဖြစ်အံ့၊ မပူလောင်စေသတည်း' - ဟု အဓိဋ္ဌာန်၍ သိရိမာအား မေတ္တာဓာတ် ဖြန့်လိုက်လေ၏။

သိရိမာလောင်းလိုက်သော ကြိုက်ကြိုက်ဆူသော ထောပတ်ရည်သည် ဥတ္တရာ ခေါင်းပေါ်သို့ လောင်းမိလေလျှင် အေးမြသော ရေကဲ့သို့ ဖြစ်လေ၏။

ထိုအခါ သိရိမာသည် 'ဤထောပတ်ရည်သည် အေးသည်ဖြစ်လိမ့်မည်' - ဟု ထင်လျက် ကြိုက်ကြိုက်ဆူသော ထောပတ်ရည်ကို ယူဆောင်လျက် ပြန်လာရာတွင် ဥတ္တရာ၏ အလုပ်သမများ မြင်ကြသည်ဖြစ်၍ -

'မိ မဆုံးမ... ဖ မဆုံးမ ... ဟယ်သူယုတ်မ ... ဖဲကြဉ်လေလော့။ သင်သည် ငါတို့၏ သခင်မကို ကြိုက်ကြိုက်ဆူသော ထောပတ်ရည်ဖြင့် လောင်းခြင်းသည် မသင့်တော်တကား' ဟု ကြိမ်းမောင်းလျက် သိရိမာကို ဝိုင်း၍ လက်တို့ဖြင့်လည်းကောင်း၊ ခြေထောက်တို့ဖြင့်လည်းကောင်း ရိုက်ပုတ်ထုနှက် ကန်ကျောက်ကြကုန်လျက် မြေ၌လဲစေလေ၏။

ဥတ္တရာသည် 'မလုပ်ကြပါနှင့်...မလုပ်ကြပါနှင့်' ဟု တားမြစ်သော်လည်း မရသည်ဖြစ်၍ ဗိဓိုယ်ကို သိရိမာ၏ အထက်မှနေလျက် တားမြစ်မှ သိရိမာ သက်သာရာရသွားလေ၏။

ထို့နောက် ဥတ္တရာသည် သိရိမာကို 'အသင်သည် အဘယ်ကြောင့် ဤကဲ့သို့ ဝန်လေးသောအမှုကို ပြုဘိသနည်း' ဟု ပြောဆို၍ ရေရှိုးစေပြီးနောက် အကြိမ်တစ်ရာ ချက်အပ်သောဆီဖြင့် ဆုပ်နယ်ပေးလေ၏။

ထိုအခါမှ သိရိမာလည်း ဗိဓိ၏ ညှဉ်သည်အဖြစ်ကို သိမြင်၍ 'ငါသည် သူငှေးသား၏ ပြုံးရယ်မှုကို အကြောင်းပြု၍ ဥတ္တရာအပေါ်၌ မကောင်းကြံဖို့ချပြီ။ ဥတ္တရာကား ငါ့အပေါ်မှာ စိတ်မဆိုးသည့်အပြင် ရိုက်ပုတ်ကန်ကျောက်နေသူများကို တားမြစ်၍ သူ၏ ကိုယ်ခန္ဓာပြင်ပင် ငါ့ကို အကာကွယ်ပေးလေ၏။ ဆုပ်နယ်လည်း ပေးလေ၏။ ဆီပြင်လည်း လိမ်းကျံပေးလေ၏။ အကယ်၍ ငါသည် ဤမျှမွန်မြတ်သူအား မကန်တော့အံ့-ငါ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲလေရာ၏' ဟု ကြံစည်တွေးတော၍ ဥတ္တရာ၏ ခြေရင်းခွဲ ဝပ်လျက် -

'အရှင်မ...ကျွန်တော်မအား သည်းခံပါလော့' - ဟု တောင်းပန်လေ၏။ ထိုအခါ ဥတ္တရာသည် သိရိမာကို ဤသို့ ပြန်ပြောလေ၏။

'သိရိမာ... ငါကား ဖခင်ရှိသော သမီးတည်း။ ဖခင်သည်းခံသည်ရှိသော် ငါလည်း သည်းခံပေ၏' - ဟု ပြောလေ၏။

'သင်၏ ဖခင်ဖြစ်သော သူငှေးကြီးကိုလည်း တောင်းပန်ပါမည်' - ဟု ဆိုလေလျှင် ဥတ္တရာသည် -

'သိရိမာ... ပုဏ္ဏသူငှေးကား သံသရာဝဋ်၌ ဖြစ်သော ဖခင်တည်း။ သံသရာဝဋ်ကို ဖြတ်စေတတ်သော မြတ်စွာဘုရား ဖခင်သည် သည်းခံလတ္တံ့-ငါသည်လည်း သည်းခံပေအံ့' ဟု ဆိုပြန်လေ၏။

နောက်ဆုံးတွင်ကား ဥတ္တရာ၏ အိမ်၌ပင်လျှင် မြတ်စွာဘုရား အမျှးရှိသော သံဃာတော်များကို ပင့်ဖိတ်လျက် ဆွမ်းကပ်ပြီးနောက် သိရိမာသည် ဗိဓိအိမ်က အခြံအရံ အမျိုးသမီး ငါးရာတို့နှင့်တကွ ဗိဓို၏ ဥတ္တရာအပေါ် အမှားပြုလုပ်ချက်ကို တောင်းပန်ဝန်ချလေ၏။

မြတ်စွာဘုရားက မေးတော်မူသဖြင့် ဥတ္တရာသည်လည်း သိရိမာ ထောပတ်ပူနှင့်လောင်းစဉ်က ဗိဓို၏ စိတ်ထားကို လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ဥတ္တရာအား ကောင်းချီးနေမော် သာဓုခေါ်ပြီးနောက် အောက်ပါဂါထာဖြင့် တရားဟောတော်မူလေ၏။

'အမျက်ထွက်သူကို အမျက်မထွက် မေတ္တာတရားဖြင့် အောင်မြင်ရာ၏။ မကောင်းသူကို ကောင်းသော အကျင့်ဖြင့် အောင်မြင်ရာ၏။ မပေးကမ်းလို ဝန်တိုသူကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် အောင်မြင်ရာ၏။ မဟုတ်မမှန် ပြောဆိုသူကို ဟုတ်မှန်စွာ ပြောဆိုခြင်းဖြင့် အောင်မြင်ရာ၏'

ဤတရားဒေသနာအဆုံး၌ သိရိမာသည် ဗိဓို၏ အခြံအရံ အမျိုးသမီး ငါးရာနှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မ ၄ - ၂ - ၁၉၆ / ၂၀၂)

၆။ ဥတ္တရာ၏ အဓေါသ မေတ္တာတရား၌ ဆောင်ရန်လက်ကများ

၀။	ရာဇဂြိုဟ်တွင်၊	ပုဏ္ဏအစ်၊	လွန်ပင်ဆင်းရဲသည်။
၂။	သုမနသူဌေးကို၊	ခစားဆို၊	မိုဇိုနရသည်။
၃။	တစ်နေ့၌ပ၊	ပုဏ္ဏရ၊	နိမ့်ထခဲ့သည်။
၄။	ကိုယ့်တွက်ရည်မှန်း၊	ဟင်းနှင့်ဆွမ်း၊	လှူဒါန်းလိုက်လေသည်။
၅။	နောက်တဝမနေ၊	ထရုပေ၊	ကျိုးတွေပေးလေပြီ။
၆။	ဆင်းရဲကျွတ်ကာ၊	သူဌေးထာ၊	ကောင်းစွာဖြစ်လေပြီ။
၇။	အိမ်တတ်မင်္ဂလာ၊	ထရေးနာ၊	သောတာဖြစ်ကြသည်။
၈။	သူဌေးကြီးပါ၊	လိုးပါ၊	မိုးပါဖြစ်ကြသည်။
၉။	သမီးကါထာ၊	မည်နာမာ၊	ဥတ္တရာဖြစ်လေသည်။
၁၀။	သုမနမည်ငြား၊	သူဌေးကား၊	ကိုယ့်ထားအတွက်သည်၊
၁၀။	ပုဏ္ဏကါထာ၊	သမီးပါ၊	ပေးပါတောင်းလေပြီ။
၁၂။	ဒိဋ္ဌတွေပါ၊	မပေးပါ၊	ပြန်ကာပြောလိုက်ပြီ။
၁၃။	ငါ့အိမ်နောက်မှာ၊	နေခဲ့တာ၊	ပေးပါတောင်းပြန်သည်။
၁၄။	ဘာသာတွဲရာ၊	မပေးပါ၊	ထပ်ကာငြင်းပြန်ပြီ။
၁၅။	မြို့သူဌေးများ၊	ဝိုင်းလိုကား၊	ပြောကြားကြလေပြီ။
၁၆။	မိတ်မဖျက်နှင့်၊	မပေးထင့်၊	မသင့်ပြောလေပြီ။
၁၇။	ငြင်းမရရာ၊	ဝါပြည့်မှာ၊	ယူပါပေးလိုက်ပြီ။
၁၈။	လင့်အိမ်ရောက်ရာ၊	ဥတ္တရာ၊	ခက်တာကြုံလေပြီ။
၁၉။	ကုသိုလ်ကိုထင့်၊	ပြဖို့ဖြင့်၊	အခွင့်မရပြီ။
၂၀။	ဝါကျွတ်ဖို့ရာ၊	ဆယ့်ငါးသာ၊	ရက်မှာလိုတော့သည်။
၂၁။	ဆယ့်ငါးရက်စာ၊	သိရိမာ၊	ဌါးကာပေးရသည်၊
၂၂။	ချောလှလေငြား၊	သူဌေးသား၊	ခွင့်ကားပေးလေသည်။
၂၃။	ကိုယ်တိုင်သာပင်၊	မိုးဖိုဝင်၊	စီရင်ချက်ပြုတ်သည်။
၂၄။	ဘုရားပင့်ပြု	သံဃာထု၊	ပြစုလုပ်ကျွေးသည်။
၂၅။	နေ့စဉ်မပြက်၊	ဘုရားမြတ်၊	ဆွမ်းကပ်ပူဇော်သည်။
၂၆။	မိုးဖိုဝင်ရာ၊	ကိုယ်ခန္ဓာ၊	မဲပြာဖြစ်ရသည်။

၂၇။ ဝါကျွတ်ဖို့ရာ၊ တစ်ရက်သာ၊ ချိန်ခါရောက်လာသည်။
၂၈။ အိုးမဲ့ပေကာ၊ ရွေးထွက်ကာ၊ ဥတ္တရာကိုထာသည်၊
၂၉။ သူဌေးသားကား၊ တွေ့မြင်ငြား၊ ပြုံးကားပြုံးမိသည်။
၃၀။ ကတုံးကိုသာ၊ လုပ်ကျွေးတာ၊ တယ်မှာချမ်းထာမည်။
၃၁။ သီရိမာကား၊ ပြုံးခြင်းအား၊ တွေ့သွားခဲ့လေပြီ။
၃၂။ ဘဝမှေကာ၊ ဝန်တိုကာ၊ စိတ်မှာညစ်လေပြီ။
၃၃။ ဆီပူယူကာ၊ ဥတ်ခန္ဓာ၊ လောင်းကာချလိုက်ပြီ။
၃၄။ မေတ္တာတရား၊ ဖြန့်ကာထား၊ ပူကားမပူပြီ။
၃၅။ တစ်ကြိမ်ထပ်ကာ၊ ကြိုးစားရာ၊ ဝိုင်းကာထောင်းကြပြီ။
၃၆။ မေတ္တာရှင်ပါ၊ ဥတ္တရာ၊ တားကာပြုစုသည်။
၃၇။ ထိုအခါမှ၊ မြင်မှန်ရ၊ ဝန်ချတောင်းပန်ပြီ။
၃၈။ ဝဋ်မထွက်မှန်၊ ဖခင်ထံ၊ တောင်းပန်စေလေသည်။
၃၉။ ဖခင်သည်းခံ၊ သူလဲမှန်၊ သည်းခံနိုင်လေသည်။
၄၀။ ခြံရံငိုးရာ၊ သီရိမာ၊ မြတ်စွာတောင်းပန်ပြီ။
၄၁။ သုံးလူထွတ်ထား၊ မြတ်ဘုရား၊ တရားဟောလေပြီ။
၄၂။ အမျက်ထွက်မှု၊ မထွက်သူ၊ အောင်သူဖြစ်လေသည်။
၄၃။ မကောင်းပြုမှု၊ ကောင်းပြုသူ၊ အောင်သူဖြစ်လေသည်။
၄၄။ ဝန်တိုတတ်မှု၊ ပေးကမ်းသူ၊ အောင်သူဖြစ်လေသည်။
၄၅။ လိမ်ပြောတတ်မှု၊ မှန်ပြောသူ၊ အောင်သူဖြစ်လေသည်။
၄၆။ နောက်ပါငိုးရာ၊ သီရိမာ၊ သောတာဖြစ်ကြပြီ။
၄၇။ မေတ္တာဆိုတာ၊ အကျိုးဟာ၊ လွန်စွာကြီးမားသည်၊
၄၈။ ပြဿနာအတန်တန်၊ တွေ့ကြုံမှန်၊ သည်းခံရှင်းရမည်။

ကုသိုလ်မူလရာသီ၌ ကိုယ်ကျင့်တရားများ ပြီး၏။

အနုဘိဂ္ဂါ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ အဓိပ္ပါယ်များ

၁။ အနုဘိဂ္ဂါ အဓိပ္ပါယ် ။ ။ ပါဠိတော်၌ 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော တရားသုံးပါးစုကို ကုသိုလ်မူလရာသိအနေဖြင့် ဟောတော်မူပြီး၍ 'အနုဘိဂ္ဂါ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ' ဟူသော တရားသုံးပါးစုကို ကုသိုလ်ကမ္မပထအနေဖြင့် ဟောတော်မူလေသည်။ မဟာကုသိုလ် ပဌမစိတ်၌ ထိုတရားများသည် ယှဉ်တွဲ ပါဝင်လေသည်။

ထိုတွင် အနုဘိဂ္ဂါ ဟူသည် - သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ရှေးရှု မကြံစည်ခြင်း ဖြစ်သည်။ အနုဘိဂ္ဂါ-အရ အလောဘဖြစ်၍ အလောဘနှင့်စပ်၍ ရှေးကပြခဲ့ပြီး ဖြစ်သည်။

၂။ အဗျာပါဒ အဓိပ္ပါယ် ။ ။ အဗျာပါဒ ဟူသည် ဝိဝိဒ္ဓဖြစ်သော ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာမှုများကို လည်းကောင်း။ သူတစ်ပါး၌ဖြစ်သော ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုများကို လည်းကောင်း၊ သူတစ်ပါးတို့၏ ကြီးပွားတိုးတက်မှု၊ ကျော်စောမှုတို့ကိုလည်းကောင်း ဖျက်ဆီးမှု မပြုတတ်ခြင်းသည် အဗျာပါဒမည်၏။ အဗျာပါဒ အရ အဒေါသ ရသည်ဖြစ်၍ အဒေါသနှင့် စပ်သည်များကို ရှေးကပြခဲ့ပြီး ဖြစ်၏။

၃။ သမ္မာဒိဋ္ဌိ အဓိပ္ပါယ် ။ ။ သမ္မာဒိဋ္ဌိ ဟူသည် - ရှစ်နာမ်တရားတို့ကို အမှန်အတိုင်း မဖောက်မပြန် သိမြင်တတ်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။ သမ္မာဒိဋ္ဌိ အရ ပညာကို ရသဖြင့် ပညာနှင့် စပ်သည်များကို ရှေးကပြခဲ့ပြီး ဖြစ်၏။

(အဘိ ၄ - ၁ - ၁၇၃)

အနုဘိဂ္ဂါ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိတို့၌ ဆောင်ရန်လက်ခံများ

၁။ အနုဘိဂ္ဂါ၊ ဓိပ္ပါယ်မှာ၊ တစ်ဖြာထိုနိုင်ဆည်။
၂။ သူတစ်ပါးပိုင်ရာ၊ များဥစ္စာ၊ ဘယ်ခါမကြံပြို။
၃။ တရားကိုယ်တာ၊ အလောဘ၊ ရှေးကပြခဲ့ပြို။
၄။ အဗျာပါဒါ၊ ဓိပ္ပါယ်မှာ၊ တစ်ဖြာသိုနိုင်သည်။
၅။ အတ္တ,ပရ၊ ဖြစ်ပေါ် ရာ၊ သုခများကိုသည်၊
၆။ တစ်ပါးသူများ၊ လွန်ကြိုးပွား၊ ကျော်ကြားများကိုသည်၊
၇။ ဒေါသဖက်ကာ၊ ဖျက်ဆီးတာ၊ ဘယ်ခါမရှိပြို။
၈။ တရားကိုယ်တာ၊ အဒေါသ၊ ရှေးကပြခဲ့ပြို။
၉။ သမ္မာဒိဋ္ဌိ၊ ဓိပ္ပါယ်မှာ၊ မှတ်သိုနိုင်လေသည်။

၀၀။	ရုပ်နာမ်နှစ်ဖြာ၊	မှန်တိုင်းသာ၊	သိတာဖြစ်လေသည်။
၀၀။	ဖောက်ပြန်သိတာ၊	မှားသိတာ၊	တယ်ခါမရှိပြီ။
၀၂။	တရားကိုယ်က၊	ပညာရ၊	ရှေးကပြခဲ့ပြီ။

အမှာ။ ။ ထိုကမ္မပထရာသိဖြစ်သော အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ တရားသုံးပါးတို့ကို ပြဆိုပြီး၍ ဟိရိနှင့် ဩတ္တပ္ပကို လောကပါလဒုကအနေပြင့် ဆက်၍ပြဆိုထိ။ ယင်းနှစ်ပါးကိုလည်း ရှေးကပြခဲ့ပြီး ဖြစ်၏။

အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ အဓိပ္ပါယ်များ ပြီး၏။

ပဿဒ္ဓိ စသော ယုဂလတရားများ၏ အဓိပ္ပါယ်များ

ယုဂလတရားများ ။ ။ အဋ္ဌကထာ၌ ဟိရိ ဩတ္တပ္ပ ဟူသော လောကပါလဒုကတရားကို ပြဆိုပြီး၍ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စသော ယုဂလတရားများကို ဆက်၍ပြဆို၏။ ထိုတရားများသည် အစုံအစုံ တွဲ၍ ဖြစ်သောကြောင့် ယုဂလတရားများဟု ခေါ်ဆို၏။ ယင်းယုဂလတရားတို့ကား -

'ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ, စိတ္တလဟုတာ၊ ကာယမုဒုတာ, စိတ္တမုဒုတာ၊ ကာယကမ္မညတာ, စိတ္တကမ္မညတာ၊ ကာယပါဂုညတာ, စိတ္တပါဂုညတာ၊ ကာယုဇုကတာ, စိတ္တုဇုကတာ၊ သတိ, သမ္မဇ္ဇည၊ သမထ, ဝိပဿနာ၊ ပဂ္ဂါဟ, အဝိက္ခေပ' - ဟူ၍ ဆယ့်ရှစ်ပါးတည်း။

၁။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ လက္ခဏာများ ။ ။ ပဿဒ္ဓိ ဟူသည် ငြိမ်းအေးခြင်းတည်း။ စေတသိက်အပေါင်း ငြိမ်းအေးခြင်းကို ကာယပဿဒ္ဓိခေါ်၍၊ စိတ်ငြိမ်းအေးခြင်းကို စိတ္တပဿဒ္ဓိဟူ၍ ခေါ်သည်။ ထိုပဿဒ္ဓိစေတသိက်သည် -

၁။ ကာယစိတ္တ ဒရထ ဝူပသမ လက္ခဏာ - စိတ်၊ စေတသိက်တို့၏ ငြိမ်းအေးခြင်း လက္ခဏာရှိ၏။

၂။ ကာယစိတ္တ ဒရထ နိမ္မဒ္ဒန ရသ - စိတ်၊ စေတသိက်တို့၏ ကိလေသာအပူတို့ကို နှိမ်နင်းခြင်း ကိစ္စရှိ၏။

၃။ ကာယ စိတ္တာနံ အပရိပ္ပန္ဒသိတိဘာဝ ပစ္စုပဋ္ဌာနာ - စိတ်၊ စေတသိက်တို့၏ မတုန်မလှုပ် ငြိမ်းအေးကုန်သည်၏ အဖြစ်ဖြင့် ဉာဏ်အား လျှောက်ထင်၏။

၄။ ကာယစိတ္တ ပဒဋ္ဌာနာ - စိတ်၊ စေတသိက်တို့သော နီးစွာသော အကြောင်းရှိ၏။

မငြိမ်မသက်သည်ကို ပြုတတ်သော ဥဒ္ဓစ္စ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ ဤ၌ ကာယပဿဒ္ဓိအရ စေတသိက်ကိုရ၏။ စိတ္တပဿဒ္ဓိအရ စိတ်ကိုရ၏ဟု သိပါ။ ကျန်သော ယုဂလတို့၌လည်း ဤအတူတည်း။

(အဘိ ၄ - ၁- ၁၇၄)

တရားအားထုတ်သောအခါ၌ တရားအာရုံ၌ မိနေသောအခါ စိတ်၏ ငြိမ်းအေးမှုရခြင်းသည် ဤပဿဒ္ဓိ စေတသိက်၏ အစွမ်းတည်း။ စိတ်၏ မငြိမ်သက်မှု ပျံ့လွင့်မှု၌ ဥဒ္ဓစ္စ စသော ကိလေသာ အပူတို့ နှိပ်စက်မှုရှိ၏။ တရားအာရုံ၌ မိနေသောအခါ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စကိလေသာ ကင်းကွာနေသည်ဖြစ်၍ ဥဒ္ဓစ္စဟူသော ကိလေသာ အပူကို နှိမ်နင်းခြင်း ကိစ္စရှိ၏ဟု ဆိုရသလို မတုန်မလှုပ် ငြိမ်းအေးနေသည်ဟူ၍ ဉာဏ်အားရှေးရှုထင်၏ဟူ၍လည်း ဆိုရလေသည်။ ဤ၌ စိတ်တည်ကြည်မှု၊ စိတ်အေးငြိမ်းမှု ဟူ၍ ရှိရာ စိတ်တည်ကြည်မှုသည် သမာဓိဖြစ်၍ စိတ်အေးငြိမ်းမှုသည် ပဿဒ္ဓိဖြစ်သည် ဟူ၍ သိပါလေ။

၁။ ပဿဒ္ဓိ၏ လက္ခဏာများ၌ ဆောင်ရန်လက်ခံများ

၀။	ငြိမ်းအေးလေတိ၊	ပဿဒ္ဓိ၊	မှတ်သိနိုင်ကြသည်။
၂။	နာမ်တရားတွေ၊	ငြိမ်းအေးနေ၊	လက္ခဏာဖြစ်လေသည်။
၃။	ကိုယ်ကိုပ၊	နှိမ်နင်းပြ၊	ရသဖြစ်လေသည်။
၄။	တုန်လှုပ်ကင်းပြု၊	ငြိမ်းအေးမှု၊	ပစ္စုပ္ပဋ္ဌာန်ဖြစ်လေသည်။
၅။	အာရုံကိုမိ၊	ငြိမ်းနေဘိ၊	ပဿဒ္ဓိဖြစ်လေသည်။
၆။	တည်ကြည်သမာဓိ၊	ငြိမ်းလေဘိ၊	ပဿဒ္ဓိဖြစ်လေသည်။
၇။	ဥဒ္ဓစ္စကိလေသာ၊	ကင်းဝေးသာ၊	ငြိမ်းတာဖြစ်လေသည်။

၂။ လဟုတာ၏ လက္ခဏာများ ။ ။ လျင်မြန်ပေါ့ပါးမှုသဘောသည် လဟုတာမည်၏။ စေတသိက်၏ လျင်မြန်ပေါ့ပါးမှု၊ စိတ်၏လျင်မြန်ပေါ့ပါးမှုဟု ဆိုအပ်သော နာမ်တရား၏ လျင်မြန်ပေါ့ပါးမှုတည်း။ ထိုလဟုတာ စေတသိက်သည် -

၁။ ကာယစိတ္တ ဂရုဘာဝ ဝူပသမ လက္ခဏာ - ထိန်း မိဒ္ဓကိလေသာမှ စိတ်၊ စေတသိက်တို့၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

၂။ ကာယစိတ္တ ဂရုဘာဝ နိမ္မဒ္ဒန ရသာ - လေးလံစေသော ထိန်း မိဒ္ဓကို နှိမ်နင်းခြင်း ကိစ္စရှိ၏။

၃။ ကာယစိတ္တာနံ အဒန္ဓတာ ပစ္စုပဋ္ဌာနာ - စိတ်၊ စေတသိက်တို့၏ မန္ဒေးကုန်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ဖွေးဂ္ဂဏ်၏။

ထိန်၊ မိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

(အဘိ ၄ - ၁ - ၁၇၄)

တရားအားထုတ်၍ အာရုံပိနေသောအခါ စိတ်တည်ကြည်၏။ ထို့နောက် စိတ်ငြိမ်းအေးလာ၏။ ထိုအခါ လေးလံထိုင်းမှိုင်းတတ်သော ထိန်၊ မိဒ္ဓ ကင်းစင်နေသည်ဖြစ်၍ စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့သည် လျင်မြန်ပေါ့ပါး သွက်လက်နေ၏။ နာမ်တရား လျင်မြန်သွက်လက်သလို ရုပ်တရားတို့ပါ လျင်မြန်သွက်လက်လာ၏။ တရားအားထုတ်ရင်း စိတ်တွေပေါ့ပါး သွက်လက်နေမှုသည် ဤလဟုတာ စေတသိက်၏ အစွမ်းတည်းဟု သိပါလေ။ ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၌လည်း သွက်လက်ပေါ့ပါးနေမှုသည် ဤလဟုတာ၏ အစွမ်းပင်တည်း။

၂။ လဟုတာ၏ လက္ခဏာများ၌ ဆောင်ရန်လက်ခံများ

၁။	လျင်မြန်သတော၊	လဟုပြော၊	ဆတောသိဒ္ဓိဝ်သည်။
၂။	ထိန မိဒ္ဓီ၊	ငြိမ်းစေတာ၊	လက္ခဏာဖြစ်လေသည်။
၃။	ထိန မိဒ္ဓ၊	နှိမ်နင်းပြ၊	ရသခေါ် ရသည်။
၄။	လျင်မြန်သည်ဟု၊	ဉာဏ်ထင်မှု၊	ပစ္စုဖြစ်လေသည်။
၅။	တရားထုတ်ရာ၊	သွက်နေတာ၊	လဟုတာဖြစ်လေသည်။
၆။	ကုသိုလ်ပြုရာ၊	သွက်နေတာ၊	လဟုတာဖြစ်လေသည်။
၇။	ထိန မိဒ္ဓီ၊	တင်းရှိသာ၊	ပဒ္ဒါတာဖြစ်လေထည်။

၃။ မုဒုဘာ၏ လက္ခဏာများ ။ ။ နူးညံ့မှုသဘောသည် မုဒုတာ မည်၏။ စေတသိက်၏ နူးညံ့မှု၊ စိတ်၏ နူးညံ့မှု ဟု ဆိုအပ်သော နာမ်တရား၏ နူးညံ့မှုတည်း။ ထိုမုဒုတာ စေတသိက်သည်-

၁။ ကာယစိတ္တ ထဒ္ဓဘာဝ ဝူပသမ လက္ခဏာ - ဒိဋ္ဌိ၊ မာန ကိလေသာမှ စိတ်၊ စေတသိက်တို့၏ ခက်ထန်ကြမ်းတမ်းမှုကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

၂။ ကာယစိတ္တ ထဒ္ဓဘာဝ နိမ္မဒ္ဒန ရသာ - ခက်ထန်ကြမ်းတမ်းသော ဒိဋ္ဌိ၊ မာန ဖြဏ်းနှိုးသော ကိလေသာတို့ကို နှိမ်နင်းခြင်း တိုစွဲရှိ၏။

၃။ အပ္ပဋိဃာတ ပစ္စုပဋ္ဌာနာ - မထိဝါးတတ်သော တရားတူ ဉာဏ်အား ရှေးရှုထင်၏။

နာမ်တရားတို့၏ ခက်ထန်ကုန်သည်၏ အဖြစ်ကို ပြုတတ်သော ဒိဋ္ဌိ၊ မာန ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

(အဘိ ၄ - ၁ - ၁၇၄)

မှားသောအယူကို ယူသောဒိဋ္ဌိသည်လည်းကောင်း၊ ထောင်လွှားမှု မာနသည်လည်းကောင်း ခက်ထန်၏။ ကြမ်းတမ်း၏။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌လည်းကောင်း၊ တရားအားထုတ်ရာ၌လည်းကောင်း ဒိဋ္ဌိ၊ မာန ကွာ၍ ရပ်၊ နာမ်နှစ်ပါး နူးနူးညံ့ညံ့ ဖြစ်နေခြင်းသည် ဤမုဒုတာစေတသိက်၏ အစွမ်းပေတည်း။ ဒိဋ္ဌိ၊ မာန ဖြစ်နေသူ၌ ဆောင့်ကြွားကြွား၊ ထောင်တောင်တောင် ဖြစ်နေတတ်၏။ ဒိဋ္ဌိ၊ မာန ဖြစ်နေသည့်အတွက် ကိုယ့်ကိုယ်ကို ခက်ထန်၊ ကြမ်းတမ်းသည်ဟု ထင်ကောင်းမှ ထင်ကြမည် ဖြစ်၏။ ဘေးလူအမြင်အားဖြင့်ကား အလွန်အကြည့် ရဆိုးသော ခက်ထန်ကြမ်းတမ်းမှုပေတည်း။ လူ့လောက၌ ဤမုဒုတာစေတသိက် ဖြစ်နေရန်ကလည်း လွန်စွာပင် အရေးကြီးလှပေ၏။ ဒိဋ္ဌိ၊ မာနရှိသူတို့သာ သူတစ်ပါးကို ထိပါးတတ်၏။ ဒိဋ္ဌိ၊ မာနကင်းသူတို့ကား သူတစ်ပါးကို ထိပါးမှု မရှိပေ။

၃။ မူဒုတာဇာ၏ လက္ခဏာများ၌ ဆောင်ရန်လက်ခံများ

၁။	နူးညံ့သတော၊	မုဒုပြော၊	ထတောသိဒ္ဓိဝ်သည်။
၂။	ဒ်ဒြ့,မာနာ၊	ငြိမ်းစေတာ၊	လက္ခဏာဖြစ်လေသည်။
၃။	ဒ်ဒြ့,မာန၊	ဒ္ဒိမ်နဝ်းပြ၊	ရသဖြစ်လေသည်။
၄။	မထိပါးဟု၊	ဉာဏ်ထဝ်မ္ဒု၊	ပစ္စုဖြစ်လေသည်။
၅။	ဒ်,မာတရား၊	ဂ္ဂိုသူများ၊	ထိပါးကြမ်းတမ်းသည်။
၆။	ဒ်,မာကဝ်းကွာ၊	နေသူမှာ၊	လွန်စွာနူးညံ့သည်။
၇။	ဒ်ဒြ့မာနာ၊	ကဝ်းချိသာ၊	နူးညံ့တာ ဖြစ်လေသည်။

၄။ ကမ္မညတာ၏ လက္ခဏာများ ။ ။ တရားအားထုတ်မှု၊ ကုသိုလ်ပြုလုပ်မှုတို့၌ ခံ့မှသဘောသည် ကမ္မညတာ ဖြစ်၏။ စေတသိက်၏ ခံ့မှု၊ စိတ်၏ ခံ့မှုဟုဆိုအပ်သော နာယ်တရားတို့၏ ခံ့မှုသဘောတည်း။ ထိုကမ္မညတာသည် -

၁။ ကာယစိတ္တ အကမ္မညဘာဝ ဝူပသမ လက္ခဏာ - ကုသိုလ်ကောင်းမှု ပြုလုပ်ရာတို့၌ မခံ့ကုန်သော ကာမဆွဲနှဲ့၊ ဗျာပါဒ၊ ဝိစိကိစ္ဆာ - တူသော နိဝရဏ် ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

၂။ ကာယစိတ္တာနံ အကမ္မညဘာဝ နိမ္မဒ္ဒန ရသာ - ကုသိုလ်ကောင်းမှု ပြုလုပ်ရာတို့၌ မခံ့ကုန်သော ကာမဆွဲနှဲ့၊ ဗျာပါဒ၊ ဝိစိကိစ္ဆာ ဟူကုန်သော နိဝရဏ် ကိလေသာတို့ကို နှိမ်နင်းခြင်း ကိစ္စရှိ၏။

၃။ ကာယစိတ္တာနံ အာရမ္မဏ ကရဏ သမ္ပတ္တိ ပစ္စုပဋ္ဌာနာ - ကုသိုလ်အာရုံ၊ တရားအာရုံကို ပြည့်ပြည့်စုံစုံ ယူနိုင်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏။

ကာမဆွဲနှဲ့ နိဝရဏ, ဗျာပါဒ နိဝရဏ, ဝိစိကိစ္ဆာ နိဝရဏတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ လျော်ပြီး၊ ဉီးပြီးသော အလွန်သန့်ရှင်းသော၊ စင်ကြယ်သော ရွှေသည် ပုတီး၊ နားဆောင်းလုပ်ရန် ခံ့သကဲ့သို့ ဤကမ္မညတာသည် စိတ်၊ စေတသိက်များကို ကုသိုလ်ကောင်းမှုတို့၌ ယှဉ်စေတတ်၏။ ကြည်ညိုဖွယ်ဝတ္ထုဖြစ် ကြည်ညိုခြင်းကို ဆောင်တတ်၏။

(အဘိ ၄ - ၁ - ၁၇၄)

ကာမဆွဲနှဲ့၊ ဗျာပါဒ၊ ဝိစိကိစ္ဆာ ဟူကုန်သော နိဝရဏတရားတို့သည် ကုသိုလ်ကောင်းမှုကို ပြုရန် အတွက်လည်းကောင်း၊ တရားအားထုတ်ရန်အတွက်လည်းကောင်း၊ တရားကို သိမြင်ရန်အတွက်လည်းကောင်း မခံ့သော တရားများ ဖြစ်ကြကုန်၏။ ဤကမ္မညတာ စေတသိက်သည်ကား ထိုမခံ့သော တရားတို့ကို ကင်းကွာစေသည့်အတွက် ကုသိုလ်ပြုရန်၊ တရားအားထုတ်ရန်၊ တရားသိမြင်ရန် ခံ့သောတရား ဖြစ်၏။ သစ္စာလေးပါး

သိရန်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရန် ဤကမ္မဋ္ဌာန်းသည် လွန်စွာ အရေးပါလှပေ၏။

၄။ ကမ္မဋ္ဌာန်း လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ခုံမှုသစေတာ၊	တမ္မဉ်ပြော၊	ထစေတာသိဋ္ဌိတိဆည်။
၂။	ကာ,ဗျာ,တိဿ၊	ငြိမ်းစေတာ၊	လက္ခဏာဖြစ်လေထည်။
၃။	ကာ,ဗျာ,တိဿ၊	ဒြိမ်နင်းပြ၊	ရထဖြစ်လေထည်။
၄။	ပြည့်စုံသူဟု၊	ဉာဏ်ထင်ရှား၊	ပစ္စုပ္ပန်ဖြစ်လေထည်။
၅။	တာ,ဗျာ,ကိဿာ၊	ရှိသမျှ၊	ခုံတာမရှိပြီ။
၆။	ထာ,ဗျာတင်းတိ၊	နိဗ္ဗာန်ထိ၊	မြင်သိဋ္ဌိလေထည်။
၇။	တာ,ဗျာ,ကိဿာ၊	ကင်းရှင်းသာ၊	ခုံတာဖြစ်လေထည်။
၈။	လျော်ပြီးဉီးပြီး၊	စင်ကြယ်ပြီး၊	ထန့်ပြီးရှေးများထည်၊
၉။	ပုတီးလုပ်ရန်၊	ထန်းဆာမှန်၊	ပြုရန်ခုံသို့ထည်၊
၁၀။	သစ္စာလေးတန်၊	မဂ်ဖိုလ်ဉာဏ်၊	သိရန်ခုံလေထည်။
၀၁။	ကြည်ညိုဖွယ်ကို၊	အလွန်ကို၊	ကြည်ညိုစေလေထည်။
၀၂။	ကုသိုလ်ပြုရာ၊	တမ္မဉာ၊	လွန်စွာလိုအပ်ထည်။

၅။ ပါဂုညတာ၏ လက္ခဏာများ ။ ။ သင်္ခါမရှိသူတို့ကား ကုသိုလ်ပြုရာ၌ ပွန်းတိုးမှု၊ ကျပွန်မှု မရှိသည့် အတွက် ညောင်နာနာ ဖြစ်ကြ၏။ သင်္ခါရှိသူတို့ကား လေ့လာပွန်းတိုး ကျပွန်သည့်အတွက် ညောင်နာနာမရှိပေ။ ဤသို့ ကုသိုလ်ပြုရာ တရားအားထုတ်ရာ၌ နာကျင်မှု၊ ညောင်နာနာ မရှိမှုသည် ပါဂုညတာ စေတသိက်၏ အစွမ်းတည်း။ စိတ်၊ စေတသိက်တို့၏ နာကျင်မှု၊ ညောင်နာနာ မရှိမှုတည်း။ ထိုပါဂုညတာ စေတသိက်သည် -

၁။ ကာယစိတ္တာနံ အဂေလညဘာဝ လက္ခဏာ - စိတ်၊ စေတသိက်တို့၏ မကျင်နာတုန်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။

၂။ ကာယစိတ္တ ဂေလည နိမ္မဒ္ဒန ရသာ - စိတ်၊ စေတသိက်တို့၏ ကျင်နာသည်၏အဖြစ်ကို နှိမ်နင်းခြင်း တိရစ္ဆိုး၏။

၃။ နိရာဒီနဝ ပစ္စုပဋ္ဌာနာ - အပြစ်မရှိသောတရားဟု ဉာဏ်အား ထွေးထွေထင်၏။

စိတ်၊ စေတသိက်တို့ကို ကျင်နာသည်ကို ပြုတတ်ကုန်သော အဿဒ္ဓိယပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

(အဘိ ၄ - ၁ - ၁၇၅)

မကျန်းမမာ အားအင်မရှိသောသူတို့သည် အလုပ်ကိစ္စပြုလုပ်ရန် ညောင်နာနာဖြစ်၍ နေဘိသကဲ့သို့ သန္ဓိတရားနည်းပါး ကိလေသာများသူတို့သည်လည်း စိတ်၊ စေတသိက်ဟူသော နာမ်တရား၏ ရောဂါရနေသူဖြစ်၍ ထိုပုဂ္ဂိုလ်တို့သည် ကုသိုလ်ပြုရန်၊ တရားအားထုတ်ရန် ညောင်နာနာဖြစ်၍ နေကြရကုန်၏။ ဤပါဂုညတာ စေတသိက်သည်ကား စိတ်၊ စေတသိက်တို့ကို ကျန်းမာသန်စွမ်းစေကာ ကုသိုလ်ပြုရာ၌ အလွန်ပွန်းတီးလေ့လာကျွမ်းကျင်စွာ ပြုလုပ်မှုသဘော ရှိလေ၏။ ဝိသာဒါ၊ အနာထပိဏ်တို့ ကုသိုလ်ကောင်းမှု ပြုရာ၌ ရတနာသုံးပါးနှင့် အလွန်ရင်းနှီးကျွမ်းဝင်စွာ ပြုလုပ်မှုသည် ဤပါဂုညတာ စေတသိက်၏ အစွမ်းတည်း။

ဒါနပြုရာ၊ သီလဆောက်တည်ရာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ဟူးများရာတို့၌ ညောင်နာနာဖြစ်မနေဘဲ အကျွမ်းတဝင် အထစ်အငေါ့မရှိ ပြုလုပ်နိုင်ခြင်းသည် ဤပါဂုညတာ စေတသိက်၏ အစွမ်းဖြစ်သည်ကို သဘောပေါက်ပါလေ။

၅။ ပါဂုညတာ၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	နာကင်းသဘော၊	ပါဂုဉ်ပြော၊	သဘောသိနိုင်သည်။
၂။	နာမ်တရားမှာ၊	နာကင်းတာ၊	လက္ခဏာဖြစ်လေသည်။
၃။	နာကျင်ကိုပ၊	နှိမ်နင်းပြ၊	ရသဖြစ်လေသည်။
၄။	ပြစ်မှုရှိဟု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပြစ်လေသည်။
၅။	မသဒ္ဓါပင်၊	နာနာကျင်၊	ဆန့်ကျင်ဖြစ်လေသည်။
၆။	သဒ္ဓါစဖြာ၊	ရှိသူမှာ၊	ကျန်းမာသန်စွမ်းသည်။
၇။	ကုသိုလ်ပြုရာ၊	ညောင်နာနာ၊	ဘယ်ခါမရှိပြီ။
၈။	ပွန်းတီးလေ့လာ၊	ကျွမ်းကျင်စွာ၊	သန်စွာပြုလေသည်။
၉။	အနာ,ဝိသာ၊	သို့ပမာ၊	ယှဉ်ကာသိနိုင်သည်။
၁၀။	ပါဂုညာလဲ၊	ဖြစ်ဖို့ပဲ၊	လွန်ပါလိုအပ်သည်။

၆။ ဥဇုကတာ၏ လက္ခဏာများ ။ ။ ဖြောင့်မတ်မှုသဘောသည် ဥဇုကတာတည်း။ ထိုဥဇုကတာသည် စိတ်၏ ဖြောင့်မတ်ခြင်း၊ စေတသိက်၏ ဖြောင့်မတ်ခြင်းဟု ဆိုအပ်သော နာမ်တရား၏ ဖြောင့်မတ်ခြင်းတည်း။ ထိုဥဇုကတာ စေတသိက်သည် –

၁။ ကာယစိတ္တာနံ အဇ္ဇဝ လက္ခဏာ – စိတ်၊ စေတသိက်တို့၏ ဖြောင့်မတ်ခြင်း လက္ခဏာရှိ၏။
၂။ ကာယစိတ္တ ကုဋိလဘာဝ နိမ္မဒ္ဒန ရသာ – စိတ်၊ စေတသိက်တို့၏ ကောက်ကျစ်ခြင်းကို နှိမ်နင်းခြင်း ကိစ္စရှိ၏။
၃။ အဇိမှတာ ပစ္စုပဋ္ဌာနာ – မကောက်ကျစ်ကုန်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ဒွေးရွှေထင်၏။
၄။ ကာယစိတ္တ ပဒဋ္ဌာနာ – စိတ်၊ စေတသိက်ဟူသော နှီးစွာသော အကြောင်းရှိ၏။

(ပဿဒ္ဓိ အစ ဥဇုကတာ အဆုံး အားလုံးသော ကျွဲစေတသိက်တို့၏ ပဒဋ္ဌာန်သည် ကျွဲအတိုင်းချည်းတည်း)

စိတ်၊ စေတသိက်တို့၏ ကောက်ကျစ်ကုန်သည်၏ အပြစ်ကို ပြုတတ်သော မာယာ၊ သာဌေယျ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

(ဘိ ၄ - ၁ - ၁၅၅)

ဖြောင့်မတ်မှု ဥဇုကတာနှင့် ကောက်ကျစ်သော မာယာ၊ သာဌေယျတို့ကား ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏။ မိမိ၌ရှိသော အပြစ်ကို ဖုံးလွှမ်း၍ အပြစ်မရှိလေဟန်ဖြင့် လိမ်လည်လှည့်ဖြား ကောက်ကျစ်ခြင်းသည် မာယာမည်၏။ မိမိမှာ မရှိသောဂုဏ်ကို ရှိဟန်ဆောင်လျက် ပြောဆိုပြုမူ၍ လိမ်လည်လှည့်ဖြား ကောက်ကျစ်ခြင်းသည် သာဌေယျမည်၏။ ဥဇုကတာစေတသိက်ကား မိမိနှင့်ယှဉ်ဘက် စိတ်၊ စေတသိက်ဟူသော နာမ်တရားများကို ထိုမာယာ၊ သာဌေယျအပြစ်မှ ကင်းစင်စေ၍ အပြစ်ရှိလျှင်လည်း မဖုံးလွှမ်း၊ အမှန်အတိုင်း ဝန်ခံ၍ နောင်အပြစ်မဖြစ်အောင်နေ၏။ မိမိ၌ မရှိသောဂုဏ်ကိုလည်း ပြောဆိုထုတ်ဖော်ခြင်း မရှိဘဲ ရိုးသားပြူစင်စွာနေ၏။ လူတို့၌ ထိုသို့ မာယာ၊ သာဌေယျ ကင်းစင်ပြီး စိတ်ထားတွေ ဖြောင့်မတ်ပြူစင်ကာ ရိုးသားဖြောင့်မတ်စွာ ပြောဆိုပြုမူခြင်းသည် ဤဥဇုကတာ စေတသိက်၏ အစွမ်းပေတည်း။ မိမိတို့၏ စိတ်သန္တာန်၌ ဤဥဇုကတာ စေတသိက်ဖြစ်ပို့ရာလည်း လွန်စွာအရေးကြီးကြောင်း သိမြင်နိုင်ကြပေကုန်၏။

၆။ ဥဇုကတာ၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ဖြောင့်မတ်သဘော၊	ဥဇုဖြာ၊	ထင်ဟတ်သိနိုင်ထည်။
၂။	နာမ်တရား၏သာ၊	ဖြောင့်မတ်ရာ၊	လက္ခဏာဖြစ်လေသည်။
၃။	ကောက်ကျစ်တိုပ၊	ဒြိမ်နင်းပြ၊	ရသဖြစ်လေထည်။
၄။	မကောက်ကျစ်ဟု၊	ဉာဏ်ထင်မှု၊	ပစ္စုဖြစ်လေသည်။
၅။	စိတ်စေအပေါင်း၊	မိုးစွာတောင်း၊	အကြောင်းဖြစ်လေသည်။
၆။	မာယာ,သာဝင်၊	ကောက်ကျစ်အင်၊	ဆန့်ကျင်ဖြစ်လေသည်။
၇။	အပြစ်ရှိရာ၊	ဖုံးလွှမ်းတာ၊	မာယာဖြစ်လေသည်။
၈။	ဂုဏ်မရှိက၊	ဂုဏ်လုပ်ပြ၊	သာဌေယျဖြစ်လေထည်။
၉။	ဖုံး,ဖော်ပြစ်စု၊	ကင်းလေမှု၊	ဥဇုဖြစ်လေသည်။
၁၀။	ဥဇုကတာ၊	ယှဉ်ဘက်သာ၊	ကောင်းစွာဖြောင့်စေသည်။
၁၁။	စိတ်ထားဖြောင့်ရာ၊	ရုပ်ကိုပါ၊	ဖြောင့်ကာလာစေသည်။
၁၂။	စိတ်ရောရုပ်ပါ၊	ဖြောင့်ဖို့ရာ၊	လွန်စွာလိုအပ်သည်။

သတိ၊ သမ္မဇဉ် ။ ။ ဘုရား အစရှိသော အာရုံတို့ကို အောက်မေ့ခြင်းသည် သတိမည်၏။ သိသင့်သည်ကို ကွဲကွဲပြားပြား သိတတ်ခြင်းသည် သမ္မဇညမည်၏။ သမ္မဇညအရ ပညာရသည်ဖြစ်၍ ယင်းသတိ၊ ပညာတို့ကို ရှေးက ပြခဲ့ပြီး ဖြစ်၏။

သမထ၊ ဝိပဿနာ ။ ။ ကာမဆန္ဒ အစရှိသော ဆန့်ကျင်ဘက် နိဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထမည်၏။ တရားကိုယ်အရ သမာဓိရ၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆိုအပ်သော အထူးထူးသော အခြင်းအရာဖြင့် ဘုံးသုံးပါး၌ ဖြစ်သော ရုပ်နာမ်တို့ကို ရှုတတ်သောကြောင့် ဝိပဿနာမည်၏။ တရားကိုယ်မှာ ပညာရ၏။ ယင်းသမာဓိ၊ ပညာတို့ကိုလည်း ရှေးကပြခဲ့ပြီး ဖြစ်၏။

ပဂ္ဂါဟ၊ အဝိက္ခေပ ။ ။ ဝိဝိနှင့်အတူဖြစ်ဘက် တရားတို့ကို ချီးမြှောက်တတ်ခြင်းသည် ပဂ္ဂါဟမည်၏။ တရားကိုယ်အရမှာ ဝီရိယရ၏။

ဥဒ္ဓစ္စဟု ဆိုအပ်သော သမ္ပယုတ်တရားတို့ကို အထူးထူး အပြားပြား ပစ်လွှတ်တတ်သောတရား၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဝိက္ခေပ မည်၏။ တရားကိုယ်မှာ သမာဓိရ၏။ ယင်းဝီရိယ၊ သမာဓိတို့ကိုလည်း ရှေးကပြခဲ့ပြီး ဖြစ်၏။

(အဘိဓ - ၁ - ၁၅၅)

သတိ, သမ္မဇဉ် စသည်၌ ဆောင်ရန်လင်္ကာများ

၁။	ဘုရားစရှိ၊	အောက်မေ့တိ၊	သတိခေါ်ရသည်။
၂။	သမ္မဇဉ်မှာ၊	ကွဲပြားစွာ၊	သိတာဖြစ်လေသည်။
၃။	နီကိလေသ၊	ငြိမ်းစေရ၊	သမထ ဖြစ်လေသည်။
၄။	မမြဲဟုသာ၊	ရှုပွားရာ၊	ဝိပဿနာ ဖြစ်လေသည်။
၅။	ယှဉ်တက်ကိုသာ၊	ချီးမြှောက်ရာ၊	ပဂ္ဂါ ခေါ်ရသည်။
၆။	အဝိက္ခေပင်၊	ဥဒ္ဓစ္စအင်၊	ဆန့်ကျင်ဖြစ်လေသည်။
၇။	သတိ,ပညာ၊	ဓိ,ဝိသာ၊	ရှေ့မှာပြခဲ့ပြီ။

ယုဂလတရားများ၏ အဝိပ္ပါယ်များ ပြဆိုချက် ပြီး၏။

ယေဘုယ်နက တရားများ၏ အဓိပ္ပါယ်များ

ယေဘုယ်နက ဓမ္မတာသိက်များ ။ ။ မဟာကုသိုလ် ပဌမစိတ်၌ ဓမ္မတာသိက်များ ယှဉ်ရာတွင် ပြဆိုအပ်ပြီးသော ဖဿ စသော ဓမ္မတာသိက်များအပြင် ယေဘုယ်နဖြင့် ပြဆိုအပ်သော ယေဘုယ်နက ဓမ္မတာသိက်ကိုးပါးတို့လည်း ယှဉ်ကြသေး၏။ ယင်းကိုးပါးမှာ – ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ကရုဏာ၊ မုဒိတာ၊ 'သမ္မာဒါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ' ဟူသော ဝိရတိဓမ္မတာသိက် သုံးပါးအားဖြင့် ကိုးပါးဖြစ်၏။ ထိုတွင် ဇဟ္ဝဝိဟာရလေးပါး ရှိသည့်အနက် မေတ္တာကို အဒ္ဓါသဖြင့်လည်းကောင်း၊ ဥပေက္ခာကို တတြမဇ္ဈတ္တတာဖြင့်လည်းကောင်း ယူအပ်ပြီးပြစ်၍ ဤ၌ ကရုဏာ၊ မုဒိတာနှစ်ပါးကိုသာ ယူလေသည်။

၁။ ဆန္ဒဓမ္မတာသိက်၌ အဓိပ္ပါယ်များ

လက္ခဏာများ ။ ။ အာရုံကို အာရုံပြုလိုသော သဘောသည် ဆန္ဒတည်း။ ထိုဆန္ဒသည် –

၁။ ကတ္တုကမ္မတာ လက္ခဏော – အာရုံပြုခြင်းငှါ အလိုရှိသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏။ အာရုံကို မြင်လိုခြင်း၊ ကြားလိုခြင်း စသည်တည်း။

၂။ အာရမ္မဏ ပရိယေသန ရသော – အာရုံကို ရှာမှီးခြင်း ကိစ္စရှိ၏။ အလိုရှိလျှင် ရှာရဖွေဖြစ်၌ ကာမဂုဏ်ကို ရှာမှု၊ ဝညာရှာမှု၊ တဏှာရှာမှု စသည်တည်း။

၃။ အာရမ္မဏေန အတ္ထိကတာ ပစ္စုပဋ္ဌာနော – အာရုံကို အလိုရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထွေးထွေထင်၏။

၄။ အာရမ္မဏ ပဒဋ္ဌာနော – အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

ပစ္စည်းတစ်ခုကို ယူဖို့ရာ လက်လှမ်းသည်နှင့်တူ၏။

(အဘိ – ၁ – ၁၇၆)

ကာမဂုဏ်အာရုံကို လိုချင်မှု၌ လောဘကဲ့သို့ ငြိတွယ်မှုမပါ။ လိုချင်ရုံမျှသာတည်း။ ကောင်းသောအာရုံကို လိုချင်မှု၌ကား ကုသလဆန္ဒတည်း။ ဘုရားပူးလိုမှု၊ တရားနာလိုမှု၊ လှူဒါန်းလိုမှု၊ တရားအားထုတ်လိုမှု စသည်တည်း။ လူ့လောက၌ ကျိုးဆန္ဒသည်လည်း အလွန်အရေးပါသော စေတသိက်တရားဖြစ်၏။ ဂေါတမဘုရားရှင် ဘုရားအဖြစ်သို့ ရောက်ရာ၌ ကျိုးဆန္ဒကနေ စခဲ့ရလေ၏။ ဒီပင်္ကရာဘုရားရှင်ကို ပူးပြင်ရပြီးနောက် ဘုရားဖြစ်လိုသော ဆန္ဒသည် အလွန်ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။ ယင်းသို့ ဆန္ဒပြင်းသည့်အားလျော်စွာ ဘုရားဖြစ်ကြောင်း တရားများကို မလျှော့သော လုံ့လဝီရိယဖြင့် အားထုတ်၍ ဘုရားအဖြစ်သို့ ရောက်ရခြင်း ဖြစ်၏။ အထက်တန်းရောက်ကြသော ပုဂ္ဂိုလ်တို့သည်လည်း ရှေးဦးစွာ အထက်တန်း ရောက်လိုသော ဆန္ဒဖြစ်လာပြီးနောက် ထိုဆန္ဒလည်း တဖြည်းဖြည်း ပြင်းထန်လာသည့်အားလျော်စွာ 'ဆန္ဒဝတော ကိစ္စာမ ကမ္မံ နသိဒ္ဓတိ' – ဆန္ဒရှိလျှင် အာယဿကိစ္စ မပြီးဘဲ ရှိအုံးနည်း – ဆိုသည့်အတိုင်း ရိုးရိုးဆန္ဒကနေ ဆန္ဒာဓိပတိတပ်ကာ ဝီရိယဖြင့် ကြိုးစားယူလျှင် ပီပီရည်ရွယ်သော ကိစ္စသည် အောင်မြင်မည်သာတည်း။

၁။ သန္ဓေ၏ လက္ခဏာများ၌ ဆောင်ရန်လင်္ကာများ

၀။	လိုရုံသဘော၊	ဆန္ဒပြော၊	သတောသိမိုင်သည်။
၂။	အာရုံကိုသာ၊	လိုလားတာ၊	လက္ခဏာဖြစ်လေသည်။
၃။	အာရုံကိုပ၊	ရှာဖွေရု	ရသဖြစ်လေသည်။
၄။	အာရုံစုစု၊	လိုချင်မှု၊	ပစ္စုဖြစ်လေသည်။
၅။	ပစ္စည်းကိုတမ်း၊	ယူလိုမှန်း၊	လက်လှမ်းတူလေသည်။
၆။	အာရုံယူရာ၊	လောဘမှာ၊	ငြိတာပါလေသည်။
၇။	ဆန္ဒဖြစ်ရာ၊	လိုရုံသာ၊	ငြိတာမပါငြို။
၈။	ဗုဒ္ဓဖြစ်ရ၊	ရှေးဦးပ၊	ဆန္ဒစခဲ့သည်။
၉။	ဆန္ဒပြင်းက၊	ဝီပြင်းရ၊	ဗုဒ္ဓဖြစ်ရသည်။
၁၀။	ထက်တန်းရောက်ကြ၊	မှန်သမျှ၊	ဆန္ဒစရသည်။
၁၁။	ဆန္ဒပြင်းရာ၊	လိုကိစ္စာ၊	ကောင်းစွာပြီးပေမည်။
၁၂။	ဆန္ဒာဓိပတိ၊	တပ်သည်ထိ၊	ရွံရှိလုပ်ရမည်။
၁၃။	ရည်ရွယ်တိုင်းသာ၊	အောင်မြင်ရာ၊	မြတ်စွာထုံးနည်းမှိ။

၂။ **အဓိမောက္ခ၏ လက္ခဏာများ** ။ ။ ဆုံးဖြတ်ချက်ချခြင်းသည် အဓိမောက္ခတည်း။ ထိုအဓိမောက္ခ စေတသိက်သည် -

၁။	သန္နိဋ္ဌာန လက္ခဏော	- ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။
၂။	အသံသပ္ပန ရသော	- ထိုဤရွေးရှား မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာတရား၏ ဆန့်ကျင်ဘက်ကိစ္စ ရှိ၏။
၃။	နိစ္ဆယ ပစ္စုပဋ္ဌာနော	- ဆုံးဖြတ်တတ်သော တရားဟု ဉာဏ်အား ဖွေးရှုထင်၏။
၄။	သန္နိဋ္ဌာတဗ္ဗမေဝ ပဒဋ္ဌာနော	- ဆုံးဖြတ်ထိုက်သော တရားလျှင် နီးစွာသောအကြောင်းရှိ၏။

အာရုံ၌ လူပ်ရှားခြင်း မရှိသည်၏ အဖြစ်ကြောင့် ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်နှင့် တူ၏။

(အဘိ ၄ - ၁ - ၁၇၇)

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တွန့်ဆုတ်မှုမရှိဘဲ ဆုံးဖြတ်ချက်ချခြင်းသည် အဓိမောက္ခတည်း။ မှန်သော အရာ၌ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်ကို တွေ့ရာ၌ ဘုရားအစစ်ပဲ၊ တရားအစစ်ပဲ၊ သံဃာအစစ်ပဲ ဟု ဆုံးဖြတ်ချက်ချခြင်းသည် ဤအဓိမောက္ခ စေတသိက် ဖြစ်၏။ မှားသောအရာ၌ ဘုရားတု၊ တရားတု၊ သံဃာတု များကို ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဟူ၍ ဆုံးဖြတ်ချက်ချခြင်းသည်လည်း ဤအဓိမောက္ခပင်တည်း။ ယင်းကို **မိစ္ဆာအဓိမောက္ခ** - မှားယွင်းစွာ ဆုံးဖြတ်ချက်ချမှုဟု ခေါ်ဆိုလေသည်။ ထိုသို့ ဘုရား၊ တရား၊ သံဃာ အစစ်အမှန် မဟုတ်သည်ကို အစစ်အမှန်ဟု ယုံကြည်ခြင်း၊ ကြည်ညိုခြင်းတို့သည်ကား သဒ္ဓါအစစ် မဟုတ်ပေ။

သဒ္ဒါအတုသာတည်း။ ဤပိဏ္ဍာဓိမောက္ခပင်တည်း။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ကြည်ညိုရာ၌ ဉာဏ်ပညာမပါဘဲ သဒ္ဒါသက်သက်ဖြင့် ကြည်ညိုကိုးကွယ်လျှင် ကိုးကွယ်မှု လွဲမှားနေတတ်သောကြောင့် ဉာဏ်ပညာဖြင့် ယှဉ်တွဲသော သဒ္ဒါဖြင့် ကိုးကွယ်ကြည်ညိုမှသာလျှင် မှန်သော ကြည်ညိုကိုးကွယ်မှုသို့ ရောက်မည် ဖြစ်သည်ကိုလည်း သတိပြုကြရမည် ဖြစ်ပေ၏။

၂။ အဓိပ္ပာယ္ဝဏ္ဏနာ စေတသိက်၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၀။	ဆုံးဖြတ်သဘော၊	မိမောက်ပြော၊	သဘောသိုင်ဝင်သည်။
၂။	အာရုံတွေ့ရာ၊	ဆုံးဖြတ်တာ၊	လက္ခဏာဖြစ်လေသည်။
၃။	ဝိစိတိစ္ဆာ၊	ဆန့်ကျင်ပြု၊	ရသဖြစ်လေသည်။
၄။	ဆုံးဖြတ်တတ်တုံ၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပဒေါ် ရသည်။
၅။	ခိုင်မြဲစိုတ်နိုင်ဝိ၊	တံခါးတိုင်၊	ဝိုင်ဝိုင်တူလေသည်။
၆။	မိမောက်တရား၊	မှန်မှန်မှား၊	ဖြတ်ကြားပြုလေသည်။
၇။	ဘုရားစစ်မှာ၊	ဆုံးဖြတ်ရာ၊	မှန်တာဖြစ်လေသည်။
၈။	ဘုရားတုမှာ၊	ဆုံးဖြတ်ရာ၊	မှားတာဖြစ်လေသည်။
၉။	ပညာမပါ၊	ယုံသဒ္ဓါ၊	မိစ္ဆာဖြစ်တတ်သည်။
၁၀။	ပညာ,သဒ္ဓါ၊	တွဲယုံပါ၊	မှန်တာဖြစ်ပေမည်။
၁၁။	လွဲမှားယုံမှု၊	သဒ္ဓါတူ၊	သတိပြုရမည်။
၁၂။	စစ်မှန်ယုံမှု၊	အစစ်ဟူ၊	ဉာဏ်ကူ ယုံရမည်။

၃။ မနသိကာရ၏ လက္ခဏာများ ။ ။ အာရုံကို စိတ်၌ ပြုပေးခြင်းသဘောသည်၊ အာရုံကို နှလုံးသွင်းခြင်း သဘော သည် မနသိကာရမည်၏။ ထိုမနသိကာရသည် -

၁။ သာရဏာ လက္ခဏော - ယှဉ်ဘက်တရားတို့ကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ် သွားစေခြင်း လက္ခဏာရှိ၏။

၂။ သမ္ပယောဇနာ ရသော - ယှဉ်ဘက်တရားတို့ကို အာရုံနှင့် ယှဉ်စပ်ပေးခြင်း ကိစ္စရှိ၏။

၃။ အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနော - အာရုံသို့ လှေးရွှေသည်ဟု ဉာဏ်အား ထင်လာ၏။

ရထားထိန်းသည် အာဇာနည်မြင်းကို လိုရာစခန်းသို့ ဖြောင့်တန်းစွာ သွားစေသကဲ့သို့ ဤမနသိကာရသည် လည်း ယှဉ်ဘက်တရားတို့ကို အာရုံသို့ ဖြောင့်တန်းစွာ ရွေးရွှသွားစေ၏။ အာရုံကို ကောင်းစွာ နှလုံးသွင်းစေ၏။ လောကလူတို့သည် အာရုံအမျိုးမျိုးကို စိတ်၌ ထားတတ်ကြ၏။ ယင်းကိုပင် အာရုံကို နှလုံးသွင်းသည်ဟု ခေါ်ဆိုသည်။ ထိုသို့ စိတ်၊ စေတသိက်တရားများ အာရုံနှင့် မကင်းဘဲ မနေခြင်းသည်၊ အာရုံကို တစ်ခုမဟုတ်တစ်ခု နှလုံးသွင်းနေခြင်းသည် ဤမနသိကာရ စေတသိက်၏ အစွမ်းဖြစ်လေသည်။

၃။ မနုဿိကာရဒ္ဓ၏ လက္ခဏာများ၌ ဆောင်ရန်လက်ခံများ

၁။	နှလုံးသွင်းသတော၊	မနသိဗြော၊	သတောသိနိုင်သည်။
၂။	အာရုံသို့သာ၊	ဗြောင့်စေဝါ၊	လက္ခဏာဖြစ်လေသည်။
၃။	အာရုံနှင့်ပါ၊	ယှဉ်စပ်ပြု၊	ရသဖြစ်လေသည်။
၄။	အာရုံရှေးရှု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပဒ်လေသည်။
၅။	ရထားထိန်းမှာ၊	မြင်းကိုသာ၊	ဗြောင့်စွာသွားစေသည်။
၆။	အာရုံသို့သာ၊	ရှေးရှုကာ၊	ကောင်းစွာသွားစေသည်။
၇။	လူ့လောကမှာ၊	နေထိုင်ရာ၊	များစွာလူတို့သည်၊
၈။	အာရုံစုစု၊	တစ်ခုခု၊	အပြုရှိကြသည်။
၉။	မနသိထင်၊	သတ္တိပင်၊	စွမ်းအင်ဖြစ်လေသည်။

၄။ တတြမဇ္ဈတ္တတာ၏ လက္ခဏာများ ။

။ အယုတ်အလွန်မရှိ အလယ်အလတ် ထားတတ်သော သဘောသည် မဇ္ဈတ္တတာ စေတသိက်တည်း။ ဤတတြမဇ္ဈတ္တတာ စေတသိက်သည်

၁။ သမဝါဟိတ လက္ခဏာ – စိတ်၊ စေတသိက်တို့ကို အညီအမျှ ဖြစ်စေခြင်း လက္ခဏာရှိ၏။

၂။ ဥိနာဓိကတာ နိဝါရဏာ ရသာ – လျော့သည်၏ အဖြစ်၊ လွန်သည်၏ အဖြစ်ကို တားမြစ်ခြင်း ကိစ္စရှိ၏။

တစ်နည်း – ပက္ခပါတု ပစ္စေဒန ရသာ – အလျော့ဘက်၊ အတိုးဘက်၌ ကျရောက်ခြင်းကို ငြင်းဆိုခြင်း ကိစ္စရှိ၏။

၃။ မဇ္ဈတ္တာဘာဝ ပစ္စုပဋ္ဌာနာ – လျစ်လျူရှုသည်၏အဖြစ်ဖြင့် ဉာဏ်အား ဖွေးရွှေထင်၏။

အာဇာနည်မြင်းနှစ်စီးကသော ရထားကို မောင်းနှင်သော ရထားထိန်းသည် အညီအမျှ သွားနေသော မြင်းတို့အား လျစ်လျူပြု အသင့်ရှုနေသကဲ့သို့ ဤတတြမဇ္ဈတ္တတာ စေတသိက်သည်လည်း စိတ်၊ စေတသိက်တို့ကို အာရုံ၌ အညီအမျှ ထားစေလေသည်။ အာရုံပြုစေလေသည်။

(အဘိ ၄ - ၁ - ၁၇၇)

၄။ တတြမဇ္ဈတ္တတာ၏ လက္ခဏာများ၌ ဆောင်ရန်လက်ခံများ

၁။	လယ်လတ်သဘော၊	မဇ္ဈတ်ပြော၊	သဘောသိနိုင်သည်။
၂။	စိတ်စေနှစ်ဖြာ၊	မျှစေတာ၊	လက္ခဏာဖြစ်လေသည်။
၃။	လျော့လွန်ကိုပ၊	တားမြစ်ပြု၊	ရသဖြစ်လေသည်။
၄။	လျစ်လျူရှုဟု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပဒ်လေသည်။
၅။	ရထားထိန်းကား၊	သွားမြင်းအား၊	ရှုငြားနေသို့သည်၊

၆။ အာရုံဠာပေ၊ နာမ်ကိုပေ၊ မျှဝေထားစေထည်။

၇။ လျော့လွွန်းပတ်၊ ထင်းလွန်းပြတ်၊ လယ်လတ်ထားရမည်။

၅။ **ကရဏာ၏ လက္ခဏာများ** ။ ။ ကရဏာဟူသည် သူတစ်ပါး ဆင်းရဲဒုက္ခရောက်မှုကို ပယ်ဖျက်တတ်သော သဘောတည်း။ ဆင်းရဲဒုက္ခရောက်နေခြင်းမှ ကယ်တင်ပေးခြင်း သဘောဖြစ်သည်။ ထိုကရဏာသည် -

၁။ ဒုက္ခာပနယနာကာရပ္ပဝတ္တိ လက္ခဏာ - သူတစ်ပါး ဒုက္ခကို ပယ်ရှားလိုခြင်းတူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း ထက်ကာဂို၏။

၂။ ပရဒုက္ခာသဟနှ ရသာ - သူတစ်ပါး၌ ဒုက္ခဖြစ်သော် သည်းမခံနိုင်ခြင်း ကိစ္စ၌၏။

၃။ အဝိဟိံသာ ပစ္စုပဋ္ဌာနာ - ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ဉာဏ်အား ထွေးပွေထင်၏။

၄။ အနာထဘာဝ ဒဿန ပဒဋ္ဌာနာ - ထိုးကွယ်ကုမဲ့ကုန်သည်၏အဖြစ်ကို ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သတ္တဝါတို့အပေါ်၌ ညှဉ်းဆဲတတ်သော ဒေါသ၏ ငြိမ်းအေးခြင်းသည် ကရဏာတရား၏ ပြည့်စုံခြင်းတည်း။

(အဘိ၌ - ၁ - ၂၇၇/၈)

ဤ၌ ကရဏာ အစစ်အတု ရှိ၏။ ပိဝိချစ်ခင်နေသူတစ်ဦး ဒုက္ခရောက်လျှင် အလွန်သနားမှု ဖြစ်ကာ စိုးရိမ်စိတ်တွေ ဖြစ်တတ်၏။ ယင်းသည် ကရဏာအစစ်မဟုတ်ပေ။ ကရဏာလိုလိုနှင့် သောကပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ် ဒေါမနဿ ဝေဒနာ ဖြစ်ခြင်းတည်း။

ကရဏာ အစစ်ကား သောက၊ ဒေါမနဿ ဟူသော အကုသိုလ်မပါ။ သနား၍ ကယ်တင်လိုသော ကုသိုလ်တရားသာ ဖြစ်လေ၏။

၅။ ကရုဏာ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ကရုဏာသဘော၊	ကယ်လိုပြော၊	သဘောသိနိုင်သည်။
၂။	သူဆင်းရဲတာ၊	ပယ်လိုရာ၊	လက္ခဏာဖြစ်လေသည်။
၃။	သူဆင်းရဲမှန်၊	သည်းမခံ၊	ရသံဖြစ်လေသည်။
၄။	ညှဉ်းဆဲကင်းဟု၊	ဉာဏ်ထင်မှု၊	ပစ္စုပ္ပန်ဖြစ်လေသည်။
၅။	ညှဉ်းဒေါသစု၊	ငြိမ်းအေးမှု၊	ကရုဏာပြည့်စုံသည်။
၆။	ကရုဏာဖြစ်မှု၊	အစစ်တု၊	နှစ်ခုရှိလေသည်။

၇။	သောကဖြစ်မှု၊	ပါဝင်ပြု၊	အတူဖြစ်လေသည်။
၈။	စိတ်ဆင်းရဲတာ၊	စိုးရိမ်တာ၊	ဖပါဝင်တဲ့သည်၊
၉။	ကယ်တင်လိုလေစ်၊	ကုသိုလ်ဖြစ်၊	အစစ်ဖြစ်လေသည်။

ဘုရားလောင်း မျောက်မင်းတို့၏ ကရုဏာတရား ။ ။ ဤနေရာ၌ ဝတ္ထုသာဓကကို ထုတ်ဆိုဦးအံ့ ။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်မျိုး၌ ဖြစ်၍ အလွန်အားခွန်ဗလနှင့် ပြည့်စုံသော မျောက်မင်းဘဝ၌ ရှိနေလေ၏။

ဒေဝဒတ်အလောင်းကား လယ်ထွန်ပုဏ္ဏားမျိုး၌ဖြစ်ကာ လယ်ထွန်၍ အသက်မွေးဝမ်းကျောင်း ပြုလေ၏။ တစ်နေ့သောအခါ၌ လယ်ထွန်ပုဏ္ဏားသည် နွားတို့ကို လွှတ်၍ လယ်ထွန်နေစဉ် ထိုနွားတို့သည် တောအုပ်ထဲသို့ ဝင်ပြေးသွားကြလေကုန်၏။

ထိုပုဏ္ဏားသည် လယ်ထွန်ပြီးသောအခါ၌ နွားတို့ကိုကြည့်ရာ မတွေ့သဖြင့် လိုက်ရှာရင်းပင် ဟိမဝန္တာတောအုပ်သို့ ဝင်မိလေ၏။ ပုဏ္ဏားသည် ဟိမဝန္တာတောအတွင်း၌ မျက်စိလည် လမ်းပျောက်သည်ဖြစ်၍ လမ်းကို ရှာရင်းပင် အစာရေစာ မစားရဘဲ (၇)ရက် ကုန်လွန်လေ၏။ အလွန်ဆာလောင် မွတ်သိပ်သည်ဖြစ်၍ စားစရာရှာဖွေသော် တည်ပင်တစ်ပင်ကို တွေ့၍ အငမ်းမရဖြစ်ကာ တည်ပင်သို့ တက်၍ တည်သီးများကို စားရင်း၊ ခူးဆွတ်ရင်းပင် တက်နင်းထားသော သစ်ကိုင်းကိုး၍ အတောင်ခြောက်ဆယ်နက်သော နရက်ချောက်ထဲသို့ ဦးစောက် ပြောင်းပြန် ထိုးကျသွားလေ၏။ ပုဏ္ဏားသည် 'ကယ်ကြပါ' ဟူ၍ တစာစာ ဟစ်အော်ရင်း၊ ငိုကြွေးရင်းပင် (၁၀)ရက်တို့သည် လွန်လေကုန်၏။

ဘုရားလောင်း မျောက်မင်းသည် သစ်သီးရှာလှည့်လည်ရင်းမှ လူအော်သံကြား၍ ကြည့်သော် နရက်ချောက်ထဲ၌ ခိုကိုးရာမဲ့ ဖြစ်နေသော ပုဏ္ဏားကို မြင်၍ အလွန်သနားသည် ဖြစ်ရကား -

'ပုဏ္ဏား...သင်သည်မစိုးရိမ်လင့်။ငါသည်သင့်ကိုကယ်တင်အံ့' ဟု ဆိုကာ အတောင်ခြောက်ဆယ်ရှိသော ချောက်ထဲသို့ ကျောက်ခဲ၊ ကျောက်တုံးများကို အကြိမ်ပေါင်းများစွာ ယူဆောင်ချပေးလေ၏။ ကုန်းပေါ်သို့ ခုန်၍ တက်နိုင်လောက်သော အခြေအနေသို့ ရောက်လျှင် မျောက်မင်းသည် ပုဏ္ဏားအား ကုန်းပိုး၍ အပေါ်သို့ ခုန်တက်လေ၏။ ဘုရားလောင်း မျောက်မင်းကား အလွန်အားခွန်ဗလနှင့် ပြည့်စုံ၏။ သို့ရာတွင် အကြိမ်ပေါင်းများစွာ ကျောက်ခဲ ကျောက်တုံးများကို ချပေးရသည့်အတွက် အလွန်ပင်ပန်းလှသည် ဖြစ်ရကား မျောက်မင်းသည် ပုဏ္ဏားအား -

'ပုဏ္ဏား...ငါသည် အလွန်ပင်ပန်း၏။ တစ်ခဏမျှ အိပ်ဦးအံ့။ငုံ့ကို ကျွေးသော်၊ ခြင်္သေ့သော်တို့မှ သင်ဇော်ဦးလော့' ဟု ပြောဆို၍ အိပ်လေ၏။ ခဏချင်းပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ပုဏ္ဏားသည် အလွန်ဆာလောင် မွတ်သိပ်နေသည်က တစ်ကြောင်း၊ မိမိအိပ်သို့ မျောက်သားရိက္ခာကို ယူသွားလိုသည်က တစ်ကြောင်းတို့ကြောင့် 'အသက်ကယ်တင်ပေးသောကျေးဇူးရှင်ပဲ' ဟူ၍ မစဉ်းစားတော့ဘဲ အိပ်ပျော်နေသော ဘုရားလောင်း မျောက်မင်း၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုလေ၏။ သို့ရာတွင် ပုဏ္ဏားလည်း အလွန်

အားနည်းနေသည် ဖြစ်ရကား မျောက်မင်း သေလောက်အောင်ကား မဖြစ်ပေ။ ဦးခေါင်းမှတော့ သွေးစိမ်းရွှဲရွှဲ ပန်းထွက်လေ၏။

မျောက်မင်းသည်လည်း လျင်မြန်စွာ ထခွာကြည့်သော် ပုဏ္ဏားထုပ်နှန်း သိ၍ မျက်ရည်စို့လျက် သစ်ပင်သို့ ခုန်တက်၍ သစ်ခက်၌နေလျက် ပုဏ္ဏားအား ဤသို့ ပြောကြားလေ၏။

'ပုဏ္ဏား... သင့်အား ကောင်းခြင်းသည် ဖြစ်ပါစေ။ ငှဲကို ဤသို့ မပြုသင့်။ ငါသည် အလွန်အပင်ပန်းခံလျက် သင့်ကို မျောက်ကြီးထဲမှ ထုတ်ဆောင် ကယ်တင်ခဲ့သည်ဖြစ်လျက် သင်သည် ဤသို့ကြမ်းကြုတ်လှသော အမှုကို ပြုလေဘိ၏။

အချင်းယောကျ်ား... အံ့ဖွယ်အလွန်ကောင်းလွတကား။ သင့်ကို ငါသည် အလွန်ထုတ်ဆောင်နိုင်ခဲသော မျောက်ကြီးထဲမှ ထုတ်ဆောင်ခဲ့ရ၏။ ယုတ်မာလှသော သင်သည်မူကား ငှဲကို ဂုက်ဂုက်စက်စက် ကြံစည်လေ၏။

ပုဏ္ဏား... ငါသည် ဆင်းရဲကို တွေ့သကဲ့သို့ သင့်၌ မတွေ့ပါစေနှင့်။ ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့ ထိုပကောင်မူသည် သင့်ကို မသတ်ပါစေလင့်။

ပုဏ္ဏား... သင်သည် ငှဲအပေါ်မှာ ဤသို့ပင် ဂုက်စက်ခြင်းကို ပြုစကာမူ သင့်ကိုမူကား ငါသည် လူ၏လင်းခါးသို့ လိုက်ပို့ဦးအံ့။ ငါ၏ဦးခေါင်းက သွေးစက်ခြင့် နောက်ကလိုက်ခဲ့လော့။ သင်သည် မြေမှသွားလော့။ ငါမူကား သစ်ခက်ဖျားဖြင့် သင့်အား လမ်းခရီးကို ညွှန်လျက်သွားအံ့'

– ဟု ပြောဆိုကာ ပုဏ္ဏားအား တောအုပ်မှ ထုတ်ဆောင်၍ လူပြည်လမ်းခရီး၌ ထားခဲ့ပြီးလျှင် မျောက်မင်းသည် တောင်ခြေရင်းသို့ ဝင်လေ၏။

ပုဏ္ဏားလည်း အသက်သခင် ကျေးဇူးရှင် မျောက်မင်းကို ပြစ်မှားသော အကုသိုလ်ကံကြောင့် ခန္ဓာကိုယ်၌ အလွန်ပူလောင်၍ ရေဆာသည်ဖြစ်၍ ရေအိုင်သို့ ဆင်းလျှင် ရေအိုင်သည် ပီးဖြင့် မြို့က်သကဲ့သို့ ပူလောင်လေ၏။ သွေးပြည်တို့ဖြင့် ပြည့်နေသကဲ့သို့ ဖြစ်လေ၏။

ပုဏ္ဏား၏ ခန္ဓာကိုယ်၌ ဥသျစ်သီးမှည့်လောက် ရှိကုန်သော အိုင်းအမာအနာများ တစ်လုံးပြီးတစ်လုံး ပေါက်လာလေ၏။ အိုင်းအမာများ ကွဲပေါက်၍ သွေးပြည်များ ယိုထွက်လျက် ပုပ်သောအနံ့သည် လှိုင်လျက်ထွက်လာလေ၏။

ဆာလွန်း၍ ဟိုရွာ၊ ဒီရွာ၊ ဟိုအိမ်၊ ဒီအိမ်သို့ ချဉ်းကပ်လျှင် အပုပ်နံ့ကို မခံနိုင်ကြသဖြင့် ပုဏ္ဏားအား အော်၍ငေါက်၍ မောင်းထုတ်ကြလေကုန်၏။

ဤနည်းဖြင့် ပုဏ္ဏားသည် နူသည်ဖြစ်၍ အသက်ရှင်စဉ်ပင် လူ့ပြိတ္တာဖြစ်၍ (ဂ)နှစ်တို့ပတ်လုံး ဆင်းရဲဖြင့် နှိပ်စက်သည်ဖြစ်၍ လှည့်လည်နေရရင်းမှ နောက်ဆုံးတွင် ဗာရာဏသီပြို့ရှိ မိဂါဇိန် ဥယျာဉ်သို့ ဝင်ပြီးလျှင် တံတိုင်းအကြား၌ ၄က်ပျောရွက်ကို ခင်း၍ ဆင်းရဲခြင်း ဝေဒနာသို့ ရောက်၍ အိပ်လေ၏။

ဗာရာဏသီမင်းသည်လည်း မိဂါဇိန်ဥယျာဉ်သို့ လှည့်လည်လေလျှင် ထိုပုဏ္ဏားအား တွေ့၍ မေးလေ၏။ ပုဏ္ဏားလည်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းကို ပြောဆိုပြပြီးနောက် ဗာရာဏသီမင်းနှင့် စကားပြောစဉ်ပင်လျှင် မြေကြီးဟင်းလင်းပွင့်၍ မြေမျိုခံရလျက် အဝီစိငရဲ၌ ဖြစ်လေ၏။

(ဇ ၅ - ၅ - ၆၉ / ၇၄)

ဘုရားလောင်း မျောက်မင်းဏီ၏ ကရဏာတရား၌ ဆောင်ရန်လက်ာများ

၀။	ဗာပြည်ကိုထုက်၊	ဗာမင်းအုပ်၊	မင်းလုပ်နေစဉ်သည်၊
၂။	တုရားလောင်းပ၊	မျောက်တ၀၊	ဖြစ်ရနေလေသည်။
၄။	အားအင်ခိုင်ဖြိုး၊	တုတ်ခိုင်တည်း၊	မျောက်ကြီးဖြစ်နေသည်။
၆။	နွားမျောက်ရှာရင်း၊	ပဉ္စားထင်း၊	တောရင်းရောက်လာသည်။
၅။	မျက်စီလည်ချက်၊	ခုန်စက်ရက်၊	ဆာချက်ပြင်းထန်သည်။
၆။	ထည်ပင်တွေ့ရာ၊	တက်လိုသာ၊	ရူးတာဆွတ်စားပြီ။
၇။	အ၀တ်ကျတိုင်း၊	စားတာရိုင်း၊	တည်ကိုင်းကျိုးကျပြီ။
၈။	ပြောင်းပြန်ဦးစောက်၊	နရက်ချောက်၊	ပျမ်းမှောက်ကျလေပြီ။
၉။	အတောင်ခြောက်ဆယ်၊	ချောက်ကြီးရယ်၊	နက်ကျယ်လှလေသည်။
၁၀။	ကယ်ပါယူပါ၊	တစာစာ၊	အော်ကာငိုကြွေးပြီ။
၁၁။	လှည့်လည်လိုသာ၊	အစာရှာ၊	ရာဇမျောက်ကြီးသည်၊
၁၂။	ကယ်ပါကြားရာ၊	တရဏာ၊	လွန်စွာဖြစ်လေပြီ။
၁၃။	သနားချီထင့်၊	ကျောက်တုံးဖြင့်၊	ဆင့်ဆင့်ချပေးပြီ။
၁၄။	အကြိမ်များစွာ၊	ချပေးရာ၊	လွန်စွာဖောလေပြီ။
၁၅။	ခုန်ထက်နိုင်အား၊	ရောက်လောငြား၊	ပဉ္စားကိုသာသည်၊
၁၆။	ကျောဌိပိုးဆောင်၊	ကုန်းသို့ဘောင်၊	ထုတ်ဆောင်ကယ်တင်ပြီ။
၁၇။	လွန်စွာပန်းလှ၊	တစ်ရေးပ၊	အိပ်ချလိုက်လေပြီ။
၁၈။	ပဉ္စားကြီးလဲ၊	မျောက်ကြီးပဲ၊	အားခဲစားဖို့သည်၊
၁၉။	ကျောက်တုံးမကာ၊	ဦးခေါင်းသာ၊	ထုကာချလိုက်ပြီ။
၂၀။	အားနည်းချိသာ၊	မျောက်ကြီးမှာ၊	ထုတာမသေပြီ။
၂၀။	ဦးခေါင်းမှသာ၊	သွေးတွေဟာ၊	ဖြာဖြာယိုကျသည်။
၂၂။	ခဲယဉ်းစွာထင်း၊	ကယ်ရခြင်း၊	မျောက်မင်းပြောပြီပြီ။
၂၃။	ကျေးလူးမတွက်၊	ရက်ရက်စက်၊	လုပ်ရက်ပေလေသည်။
၂၄။	သင့်မကောင်းကံ၊	သင်၏ထံ၊	မပြန်ဆုတောင်းသည်။
၂၅။	လျှပြည်ခရိုး၊	သင့်ကိုတည်း၊	လိုက်ပြီးပို့ဦးမည်။
၂၆။	သွေးစက်ကျရာ၊	နောက်ကသာ၊	လိုက်လာပြောလေပြီ။

၂၇။	လူပြည်ခရီး၊	အရောက်တည်း၊	ပို့ပြီးပြန်ခဲ့ပြီ။
၂၈။	မကြာလိုက်ပါ၊	ပုဏ္ဏားမှာ၊	နှုန်းစွဲလေပြီ။
၂၉။	အစာမရ၊	ရေမရ၊	ဒုက္ခတွေ့လေပြီ။
၃၀။	မထေမဓိမှာ၊	လူပြိတ္တာ၊	ဖြစ်ကာနေလေပြီ။
၃၁။	ပုပ်နံ့လှိုင်လေတဲ့၊	ထယ်အရေပါ၊	အတင်မခံပြီ။
၃၂။	အော်ကာဇေါတဲ့တာ၊	အတင်းသာ၊	မောင်းကာထုတ်ကြထည်။
၃၃။	ခုနစ်နှစ်ကြာ၊	လှည့်လည်ရာ၊	ဥယျာဉ်ဒွိမှာသည်၊
၃၄။	ဟာရာဏသိမင်း၊	တွေ့၍ထင်း၊	မေးခွင်းပြုလေပြီ။
၃၅။	ဖြစ်ပျက်ခဲ့ရ၊	ကြောင်းစုံပ၊	ဖွင့်ဟပြောလေပြီ။
၃၆။	ဖြစ်ပျက်သည်ကို၊	ပြောရင်းကို၊	မြေမျိုခံရပြီ။
၃၇။	ဒုက္ခအတိ၊	ဆင်းရဲတိ၊	ဝိစိစ္ဆာလေပြီ။
၃၈။	ထျေးလူရွာအား။	မှားခြင်းအား။	ရှောင်ကြားကြရမည်။

၆။ <u>မုဒိတာ၏ လက္ခဏာများ</u> ။ ။ သူတစ်ပါးကြီးပွားချမ်းသာသည်ကို တွေ့မှုသည် မုဒိတာမည်၏။ ထိုမုဒိတာ စေတသိက်သည် -

၁။ ပမောဒန လက္ခဏာ - ဝမ်းမြောက်ခြင်း လတ္တဏာရှိ၏။

၂။ အနိဿာယန ရသာ - မငြူစူခြင်း ဂိစ္စရှိ၏။

၃။ အရတိ ဝိဃာတ ပစ္စုပဋ္ဌာနာ - မကျေမွေခြင်းကို ဝယ်ဖျောက်တတ်သောတရားဟု ဉာဏ်အား ဖွေးဖွေထင်၏။

၄။ သမ္ပတ္တိ ဒဿန ပဒဋ္ဌာနာ - သူတစ်ပါးတို့ ပြည့်စုံခြင်းကို မြင်ရခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သူတစ်ပါး စည်းစိမ်၌ မပျော်မွေ့ခြင်း၏ ငြိမ်းအေးခြင်းသည် မုဒိတာ၏ ပြည့်စုံခြင်းတည်း။ ဝိဝိတို့ ချစ်ခင်နှစ်သက်ရသူတို့ ပြည့်စုံခြင်း၌ ပျော်ရွှင်မှု ဖြစ်ကြလျှင် မုဒိတာ ဗြဟ္မဝိဟာရ ပျက်စီးခြင်းတည်း။

(အဘိ ၄ - ၁ - ၂၃၈)

လူ့လောက၌ ပုထုဇဉ် လူသားတို့အနေဖြင့် ကရုဏာ၊ မုဒိတာ နှစ်ပါးတွင် ကရုဏာ ဖြစ်လွယ်၏။ မုဒိတာ ဖြစ်ခဲ၏။ ဆက်ဦးအံ့ - ဆင်းရဲဒုက္ခ ရောက်နေသည်ကို တွေ့ရမြင်ရလျှင် သနားစိတ် ဖြစ်တတ်လေ၏။ ကယ်တင်နိုင်အား ရှိကြသူတို့လည်း ကယ်တင်မှု ပြုကြလေကုန်၏။ ထိုသို့ သနားတတ်ကြသောကြောင့်ပင် ယခုခေတ်၌ လူမှုရေး ထောက်ပံ့မှု အဖွဲ့များ၊ ဒုက္ခသည် ထောက်ပံ့မှု အဖွဲ့များ ကမ္ဘာနှင့်အဝှမ်း ပေါ်ပေါက်လျက် ရှိ၏။ ဝိဝိထက် ကျော်လွန်၍ ပြည့်စုံချမ်းသာ ကြွယ်ဝနေသည်ကို တွေ့မြင်ကြရလျှင်မူကား မှားသောအားဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မှု မုဒိတာအစား မနာလိုမှု ကဲ့သာတရားသာ ဖြစ်ကြလေ၏။

မုဒိတာ ထင်ရှားသည်ကား မိဘတို့ပင်တည်း။ မိဘတို့သည် သားသမီးတို့၏ ဖြဟ္မာကြီးသဖွယ်ဖြစ်သည်ဟူ၍ ဘုရားရှင် ဟောကြားတော်မူထားသည့်အတိုင်း သားသမီးများ ဆင်းရဲနေလျှင်လည်း ကရုဏာ ဖြစ်ကြသလို သားသမီးများ ချမ်းသာကြွယ်ဝ ပြည့်စုံနေလျှင်လည်း မုဒိတာ ဖြစ်ကြလေ၏။ သားသမီး မဟုတ်သူတို့၌ မုဒိတာဖြစ်ရန်ကား မလွယ်ကူပေ။ သို့ရာတွင် မရှိသည်ကား မဟုတ်။ ရှိပေ၏။ သာဓကတစ်ခု ထုတ်ဥပမာ့။

၆။ မုဒိတာ၏ လက္ခဏာများ၌ ဆောင်ရန်လက်ံများ

၁။	မုဒိတာသဘော၊	ဝမ်းသာပြော၊	သဘောသိိုင်သည်။
၂။	သူများချမ်းသာ၊	ဝမ်းမြောက်တာ၊	လက္ခဏာဖြစ်လေသည်။
၃။	ငြူစူကွဲသ၊	ကင်းခြင်းက၊	ရသဖြစ်လေသည်။
၄။	မပျော်မွေ့မှု၊	ပယ်ဖျောက်ပြု၊	ပစ္စုပ္ပါ် ရသည်။
၅။	ပြည့်စုံသူပေါင်း၊	မြင်ရတောင်း၊	အကြောင်းဖြစ်လေသည်။
၆။	မပျော်မွေ့တိ၊	ငြိမ်းအေးဘိ၊	မုဒိပြည့်စုံသည်။
၇။	မိမိချစ်ရာ၊	ပျော်ခြင်းမှာ၊	မုဒါပျက်စီးသည်၊
၈။	မုဒိ,ကရု၊	ထိုနှစ်ခု၊	ကရုဖြစ်လွယ်သည်။
၉။	ဒုက္ခသည်များ၊	တွေ့မြင်ငြား၊	သနားလွယ်တတ်သည်။
၁၀။	သနား၍ပင်၊	ကယ်ဖို့ပင်၊	ပြင်ဆင်ဖွဲ့ကြသည်။
၁၁။	ယခုခေတ်မှာ၊	အဖွဲ့ဟာ၊	များစွာရှိလေသည်။
၁၂။	သူတစ်ပါးချမ်းသာ၊	ဝမ်းမြောက်တာ၊	ဖြစ်တာခဲယဉ်းသည်။
၁၃။	ဝမ်းသာအစား၊	ဣာသ်တရား၊	များများဖြစ်တတ်သည်။
၁၄။	မုဒိထင်တာ၊	မိဘမှာ၊	ကောင်းစွာပေါ် လွင်သည်။
၁၅။	သားသမီးများ၊	ပြည့်စုံငြား၊	လွန်များဝမ်းသာသည်။
၁၆။	သားတို့တွက်မှာ၊	မိုးပြဟ္မာ၊	မြတ်စွာဟောထားသည်။
၁၇။	သူများကိုဘိ၊	လုံးလုံးတိ၊	မရှိမဟုတ်ပြီ။
၁၈။	သာဓကကို၊	ထုတ်ပို့ကို၊	ပြဆိုပေဦးမည်။

၆။ သူငွေးနှင့် ဘုရင်၏ မုဒိတာများ ။ ။ ဂေါတမဘုရားရှင် မပွင့်မီ အရှင်အနုရုဒ္ဓါမထေရ် အလောင်းသည် ဗာရာဏသီမြို့၌ ဆင်းရဲသော အမျိုး၌ ဖြစ်၍ သုမနမည်သော သူငွေးကြီးကို အမှီပြု၍ နေရလေ၏။ ထမင်းတစ်လုပ် စားနိုင်ဘို့ရာအတွက် တာဝန်ကြီးစွာ သက်မွေးဝမ်းကျောင်း ပြုရသောကြောင့် 'အန္ဓဘာရ' ဟူသော အမည်သည် ဖြစ်လေ၏။

ဗာရာဏသီမြို့ သုမနသူငွေးကြီးသည်ကား ပစ္စည်းဥစ္စာ လွန်စွာပေါများ ကြွယ်ဝသည့်အားလျော်စွာ စေတနာ သဒ္ဓါတရားနှင့်လည်း လွန်စွာပြည့်စုံသည်ဖြစ်၍ အလှူမကွာပ်ကြီးဆောက်ကာ အလှူခံရသော့ရဟန်းများ။ ပုဏ်းတောင်းယာစကာများ၊ ဆင်းရဲနွမ်းပါးသူများအား နေ့စဉ်နေ့တိုင်းပင် အလှူကြီးပေးလှူလျက် ရှိလေ၏။

တစ်နေ့သောအခါ၌ ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဂန္ဓမာဒနတောင်၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားရာမှ ထတော်မူ၍ 'ယနေ့ အာယ်သူအား ဦးမြောက်ရမည်နည်း' - ဟု စုံစမ်းဆင်ခြင်မှု ပြုလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မည်သည်ကား ဆင်းရဲသူတို့အား သနားစေတ်ရောက်တတ်ကြလေကုန်၏။

ထို့ကြောင့် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် အလွန်ဆင်းရဲသော အန္ဓဘာရကို တွေ့မြင်၍ 'ယနေ့ ဤသည် အန္ဓဘာရအား ဦးမြောက်သင့်ပေ၏' - ဟု ကြံစည်လျက် ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဗာရာဏသီမြို့ရှိ ရွာတံခါး၌ သက်ဆင်းတော်မူပြီးလျှင် အန္ဓဘာရ ရှေ့၌ ရပ်တည်လေ၏။

အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ အချည်းနှီး ဖြစ်သည်ကို မြင်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ရှိခိုး၍ 'အရှင်ဘုရား... ဆွမ်းရပါပြီလား' - ဟူ၍ မေးလေ၏။

'ဘုန်းကံကြီးမားသော ဒါယကာ ... ရပေလတ္တံ့' - ဟု ပြေကြားတော်မူလေ၏။ ထိုအခါ အန္ဓဘာရသည် 'အရှင်ဘုရား ...ဤအရပ်၌သာလျှင် အနည်းငယ် ရပ်တော်မူပါဦးဘုရား' - ဟု လျှောက်ထားပြီးနောက် လျင်မြန်စွာ အိမ်သို့ ပြန်၍ အိမ်ရှင်မအား -

'ရှင်ပ...ငုံအတွက်ထမင်းရိုးသေးသလော' - ဟူ၍ မေးလေလျှင် အိမ်ရှင်မက 'ရှိပါ၏ အရှင်' - ဟူ၍ ပြေလေ၏။ ထိုအခါ အန္ဓဘာရသည် ပြန်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ လက်မှ သပိတ်ကိုယူ၍ ပြန်လာပြီးလျှင် အိမ်ရှင်မအား -

'ရှင်မ ... ငါတို့သည် ရှေးဘဝ၌ ကုသိုလ်ကောင်းမှုကို မပြုလုပ်ခဲ့သည့်အတွက်ကြောင့် ထမင်းအတွက် သင်းရဲပင်ပန်းကြီးစွာ ရှာဖွေစားသောက်နေရ၏။ ယခု ငါတို့သည် ကောင်းမှုကုသိုလ် ပြုလုပ်ကြပါကုန်အံ့' - ဟူ၍ ပြောဆိုလေပြီ။

ထို့နောက် အန္ဓဘာရသည် ပိဝိဏ်၏ ဝေစုထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်၌ ထည့်လေလျှင် အိမ်ရှင်မသည်လည်း ပိဝိဏ်၏ ဝေစုကိုပါ ထည့်လှူလေပြီ။ ထို့နောက် သပိတ်ကိုယူ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကပ်လှူ၍ အန္ဓဘာရသည် ဤသို့ ဆုတောင်းမှုကို ပြုလေ၏။

'အရှင်ဘုရား... တပည့်တော်သည် ဤသို့ဆင်းရဲစွာ အသက်မွေးရသော ဘဝမှ လွတ်မြောက်ရပါလို၏။ ဖြစ်ရာဘဝ၌ မရှိဟူသော စကားပင်မကြားရပါလို၏' - ဟု ဆုတောင်းလေ၏။

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည် -

'ဘုန်းကံကြီးမားသူဒါယကာ ... သင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ' - ဟူ၍ ဆုပေးတော်မူလေ၏။

ထို့နောက် အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အပေါ်ရုံအဝတ်ကို ခင်းပေး၍ -

'အရှင်ဘုရား...ဤအရပ်၌ ထိုင်၍ ဘုန်းပေးတော်မူပါ' - ဟု လျှောက်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ဘုဉ်းပေးလေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ အန္ဓဘာရသည် သပိတ်ဆေးရေကို ကပ်လှူလေ၏။ ထိုဆွမ်းကိစ္စအားလုံးပြီးစီး သောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အန္ဓဘာရအား 'လပြည့်ကဲ့သို့ အလိုရှိအပ်၊ တောင့်တအပ်သော ဆုထူးဆုမြတ်များနှင့်ပြည့်စုံစေသတည်း' - ဟု အနုမောဒနာ ပြုပြီးလျှင် ပြန်လည်ကြွသွားတော်မူလေ၏။

ထိုအခါ၌ သုမနသူဌေးကြီး၏ ထီးပြူကို စောင့်သောနတ်သည် -

'ဥဟိဠ္ဍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ တည်၍ လှူရသောအလှူသည် ကြော်...အလွန်မြတ်ပေစွတကား။ ကြော်...ဒုံးယိုရိစွတကား' ဟူ၍ သုံးကြိမ်တိုင် ကောင်းချီးပေးလေ၏။

ထိုအခါ သုမနသူဌေးကြီးသည် ထိုနတ်၏ ကောင်းချီးပေးသံကို ကြား၍ -

'အိုနတ်... သင်သည် ယခုမှ ငါ၏အလှူကို ကောင်းချီးပေးရသလား။ ငါသည် နေ့တိုင်းပင် အလှူကြီး ပေးလှူနေသည်ကို သင် မမြင်လေသလော' ဟူ၍ ပြောလေပြီ။

ထိုအခါ ထီးပြူစောင့်နတ်သည် 'သူဌေးကြီး... ငါသည် သင်၏အလှူကို သာဓုခေါ်သည် မဟုတ်ပေ။ ယနေ့ အန္ဓဘာရဆင်းရဲသားသည် ဥဟိဠ္ဍမည်သော အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းကို လှူလေပြီ။ ထိုအလှူကို အာရုံပြု၍ ကြည်ညိုသည်ဖြစ်၍ သာဓုခေါ်ဆိုခြင်းဖြစ်၏' - ဟူ၍ ပြောလေပြီ။

ထိုအခါ သုမနသူဌေးကြီးသည် -

'အချင်းတို့... အံ့ဩဖွယ် ရှိပေစွတကား။ ငါသည် ဤမျှလောက်သော ကာလပတ်လုံး အလှူကို ပေးလှူပါလျက် နတ်တို့အား သာဓုခေါ်ခြင်းငှါ မတတ်နိုင်ပေ။ အန္ဓဘာရသည် ငှါကိုမှီ၍ အသက်မွေးရသည်ဖြစ်ပါလျက် တစ်ကြိမ်လှူသော ဆွမ်းဖြင့်ပင်လျှင် နတ်တို့သာဓုခေါ်မှုကိုဖြစ်စေဘိ၏' ဟု ကြံစည်ပြီးလျှင် အန္ဓဘာရအား ခေါ်၍ အသပြာတစ်ကျပ်ကို ပေး၍ 'ထိုဆွမ်းကိုငှါးအားပေးလော့' ဟု ပြောလေ၏။ အန္ဓဘာရလည်း 'မပေးနိုင်ပါ' - ဟု ပြောလေ၏။ ထို့နောက် အသပြာတစ်ထောင်အထိ တိုး၍ပေးသော်လည်း အန္ဓဘာရသည် ငြင်းမြဲငြင်းလေ၏။ ထိုအခါ သူဌေးသည် အန္ဓဘာရကို -

'အန္ဓဘာရ...အမောင်... သို့ဖြင့်လျှင် သင်၏အလှူအပို့ကို ငှါးအား ပေးလော့' - ဟု တောင်းပန်လေပြီ။

အန္ဓဘာရလည်း 'ပေးသင့်၊ မပေးသင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား မေးပြီးမှ သိရအံ့' - ဟု ပြောပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ လျင်မြန်စွာ သွား၍ ထိုအကြောင်းကို လျှောက်ထားလေ၏။

ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဤသို့ ဥပမာပေးလေ၏။

'ဘုန်းကံကြီးသောယောကျ်ား... အိမ်ခြေတစ်ရာရှိ ရွာ၌ တစ်အိမ်ပဲ ဆီမီးရှိရာ ကျန်(၉၉)အိမ်က မီးလာရောက်ထွန်းညှိလျှင် နဝိမ္မလ ဆီမီးရောင်သည် လျော့သည် မရှိဘဲ တိုးကျွံသာ ထိန်လင်းတောက်ပဘိသကဲ့သို့ ကုသိုလ်အပို့ကို အမျှဝေလေ တိုးပွားလေ'

- ဟု မိန့်တော်မူလိုက်လေ၏။

အန္ဓဘာရလည်း ကောင်းစွာ သဘောပေါက်သည်ဖြစ်၍ သူဌေးကြီးအား အမျှဝေလေ၏။ သူဌေးကြီးလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးလျှင် အန္ဓဘာရအား ငွေတစ်ထောင်ပြင့် ပူဇော်ချီးမြှောက်လေ၏။ ထို့နောက် အခစားအပြစ်မှ လွတ်စေပြီးနောက် နေပို့ရာအိမ်ကို ဆောက်လုပ်စေလေ၏။

နောက်နေ့၌ သူဌေးကြီးသည် အန္ဓဘာရကို ခေါ်ဆောင်၍ ဗာရာဏသီမင်းထံသို့ အခစားသွားရာတွင် ဗာရာဏသီမင်းသည်လည်း အန္ဓဘာရပေးဝေသော ကုသိုလ်အဖို့ကို အမျှခံယူ ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် အန္ဓဘာရအား ငွေတစ်ထောင် ပူဇော်လေ၏။ ထို့နောက် အန္ဓဘာရနေရန်အတွက် အိမ်နေရာကို သုတ်သင်ရှင်းလင်းမှု ပြုစေရာတွင် ရွှေအိုးပေါင်း မြောက်များစွာ တွေ့၍ အန္ဓဘာရလည်း ဆင်းရဲသားဘဝ ကျွတ်၍ သူဌေးကြီး အဖြစ်သို့ ရောက်သွားလေ၏။

(အံ ၄ - ၁ - ၁၄၃ / ၁၄၈ ။ မမွ ၄ - ၁ - ၃၈၂ / ၃၈၄)

၆။ သူငယ်နှင့် ဘုရင်၏ မှုဒိတာ၌ ဆောင်ရန်လက်ကျန်များ

၁။	ဆုရားမပွင့်မီ၊	ရှေးတဆိ၊	ဗာပြည်၌ထာဆည်၊
၂။	ရဒ္ဓါအလောင်း၊	ဆင်းရဲတောင်း၊	မွေးကျောင်းပြုရသည်။
၃။	ဆင်းရဲလျှင်သာ၊	အန္ဓဟာ၊	နာမာတွင်လေသည်။
၄။	ဆုမနခေါ်ရာ၊	ငွေးတိုသာ၊	မိုကာနေရသည်။
၅။	သူဌေးကြီးကား၊	ဃဒ္ဓါအား၊	လွန်ကြားကောင်းလေသည်။
၆။	မဏ္ဍာပ်ထိုးကာ၊	နေ့စဉ်ဆာ၊	ဒါနာပြုလေသည်။
၇။	ဥပရိဋ္ဌ၊	အမည်ရ၊	ပစ္စေတ အရှင်သည်၊
၈။	သမာပတ်အင်၊	ထ၍ပင်၊	ဆင်ခြင်ပြုလေဖြို။
၉။	ဆင်းရဲလွေကြား၊	အန္ဓအား၊	တွေ့ကြားဖြင်လေဖြို။
၁၀။	မြောက်လို၍သာ၊	ပစ္စေတာ၊	ရပ်ကာဆွမ်းခံဖြို။
၁၁။	သပိတ်ထဲမှာ၊	မတွေ့ရာ၊	အန္ဓာအိမ်ပြန်ဖြို။
၁၂။	ဝေစုရှိရာ၊	သိလေရာ၊	ပြန်ကာလာ၍သည်၊
၁၃။	သပိတ်ကိုသာ၊	ယူ၍သာ၊	အာဟာလောင်းလှူဖြို။
၁၄။	အိမ်ရှင်မလဲ၊	သဒ္ဓါကဲ၊	ထပ်ပဲလောင်းလှူသည်။
၁၅။	ပစ္စေကအား၊	ဆွမ်းကပ်ငြား၊	ဆုများတောင်းလေဖြို။
၁၆။	ဤမျှသို့လောက်၊	ဆင်းရဲရောက်၊	လွတ်မြောက်ရလိုသည်။
၁၇။	မရှိစကား၊	ဖြောတာများ၊	မကြားရလိုသည်။

၁၈။ တောင်းတဲ့ဆုတွေ၊ ပြည့်စုံစေ၊ ပစ္စေဆုပေးသည်။
၁၉။ ဘဉ်းပေးပြီးရာ၊ ပစ္စေကာ၊ ပြန်ကာကြွလေပြီ။
၂၀။ ထီးစောင့်နတ်ဟု၊ စိတ်ကြည်ပြု၊ သာဓုခေါ် လေပြီ။
၂၁။ ဥပရိဋ္ဌ၊ ပစ္စေက၊ ဒါနပြုခြင်းသည်၊
၂၂။ အလွန်မြတ်လှ၊ အုံသြရ၊ လွန်မှကြုံခဲသည်။
၂၃။ သာဓုဟစ်ကြွေး၊ သုံးကြိမ်ပေး၊ သူဌေးကြားလေပြီ။
၂၄။ ငါကားတစ်မူ၊ နေ့စဉ်ဟူ၊ အလှူပေးလေသည်။
၂၅။ ထီးစောင့်နတ်တောင်၊ သာဓုဆောင်၊ ခေါ် အောင်မစွမ်းပြီ။
၂၆။ အန္ဓဘာမှာ၊ တစ်ကြိမ်သာ၊ လှူတာစွမ်းနိုင်သည်။
၂၇။ အန္ဓကိုသာ၊ အသပြာ၊ ပေးကာဝယ်ယူသည်။
၂၈။ မပေးနိုင်ပါ၊ အန္ဓဘာ၊ ခါခါငြင်းပယ်ပြီ။
၂၉။ အမျှပေးပါ၊ တောင်းပန်ရာ၊ အန္ဓာဘာရသည်၊
၃၀။ သင့်မသင့်ကြား၊ ပစ္စေအား၊ လျှောက်ထားမေးလေပြီ။
၃၁။ အိမ်ခြေတစ်ရာ၊ တစ်အိမ်သာ၊ မီးမှာထွန်းထားသည်။
၃၂။ ကျန်တဲ့အိမ်များ၊ မီးကူးငြား၊ လျော့ကားမလျော့ပြီ။
၃၃။ အရောင်ဖြာဖြာ၊ ပိုလို့သာ၊ လင်းလာပေလိမ့်မည်။
၃၄။ ထိုဥပမာ၊ အန္ဓဘာ၊ ကောင်းစွာသိလေပြီ။
၃၅။ သူဌေးကြီးအား၊ အမျှကား၊ ဝေငြားပေးလေပြီ။
၃၆။ သူဌေးကြီးလဲ၊ လွန်စွာပဲ၊ စိတ်ထဲဝမ်းသာပြီ။
၃၇။ တစ်ထောင်ဆုထောက်၊ ခစားပျောက်၊ လွတ်မြောက်စေလေပြီ။
၃၈။ ရှင်ဘုရင်လဲ၊ ထို့တူပဲ၊ ထောင်ပဲဆုချသည်။
၃၉။ အိမ်ရာကိုပင်၊ နေဖို့အင်၊ သုတ်သင်ခိုင်းလေပြီ။
၄၀။ ရွှေအိုးများစွာ၊ တွေ့လေရာ၊ အန္ဓာယောက်ျားသည်၊
၄၁။ ဆင်းရဲကျွက်ကာ၊ သူဌေးသာ၊ ကောင်းစွာဖြစ်လေပြီ။
၄၂။ ဆင်းရဲဒုက္ခ၊ တွေ့ကြုံရ၊ အားကငယ်တတ်သည်။
၄၃။ မငယ်သင့်ရာ၊ ကုသိုလ်သာ၊ ပြုကာရှုန်းရမည်။

၇။ ဝိရတိစေတသိက်များ၏ လက္ခဏာများ ။ ။ ကာယဒုစရိုက် စသည်မှ ရှောင်ကြဉ်ခြင်းသဘောသည် ဝိရတိ မည်၏။ ထိုဝိရတိသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူ၍ ဝိရတိစေတသိက် သုံးပါးရှိလေသည်။ ထိုဝိရတိစေတသိက်များသည် -

၁။ အဝိတိက္ကမ လက္ခဏာ - ထာယဒုစရိုက် အစရှိသော ဝတ္ထုတို့ကို မလွန်ကျူးခြင်း လက္ခဏာရှိ၏။
အမဒ္ဒန လက္ခဏာ - ထာယဒုစရိုတ် အစရှိသော ဝတ္ထုတို့ကို မကျော်နင်းခြင်း လက္ခဏာရှိ၏။
၂။ သင်္ကော်စန ရသာ - ထာယဒုစရိုတ် အစရှိသော ဝတ္ထုမှ ထွန့်ဆုတ်ခြင်း ကိစ္စရှိ၏။
၃။ အကိရိယ ပစ္စုပဋ္ဌာနာ - ဒုစရိုတ်တို့ မပြုခြင်းတူ ယောဂီဉာဏ်အား ထွေးရှူထင်၏။
၄။ သဒ္ဓါ တိရောတ္တပ္ပ အပ္ပိစ္ဆတာဒိ ဂုဏာ ပဒဋ္ဌာနာ - သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ အစရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်း ရှိထုန်၏။

မကောင်းမှုကို ပြုခြင်းမှ စိတ်၏ မျက်နှာလွှဲမှုသဘော ဖြစ်၏။

(အဘိ ၄ - ၁ - ၁၇၇)

ဝိရတိဟူသည် ဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်းဖြစ်၍ ဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်း၏ အကြောင်းဖြစ်သော သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ စသောဂုဏ်များ ရှိကြသူမှသာ ရှောင်ကြဉ်နိုင်ကြမည် ဖြစ်၏။ ထိုသို့ ဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်း ဝိရတိသည်လည်း 'သမ္မာဝါစာဝိရတိ, သမာဓိနဝိရတိ, သမုဋ္ဌာနဝိရတိ ' ဟူ၍ သုံးပါးရှိလေ၏။

၁။ သမ္မာဝါစာဝိရတိ ။ ။ ထိုတွင် သမ္မာဝါစာဝိရတိဟူသည် သိက္ခာပုဒ်တို့ကို ဆောက်တည်မထားဘဲ ဗိမိ၏ ဇာတ်, အရွယ်, ဗဟုသုတ အစရှိသောဂုဏ်တို့ကို 'အမျိုးဇာတ်နှင့်ပြည့်စုံသော, အသက်အရွယ်ကြီးပြီး ဖြစ်သော, ပညာဉာဏ် ဗဟုသုတနှင့် ပြည့်စုံသော ငါတို့အား ဤသို့သဘောရှိသော ပဋိဂ်းမှုကို ပြုခြင်းငှါ မသင့်ပေ' - ဟူ၍ ဆင်ခြင်၍ ရောက်လာသော ဝတ္ထုကို မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာဝိရတိမည်၏။ ဤ၌ သိဟိုဠ်ကျွန်းက စက္ကန္ဒပါသကာ၏ ဝတ္ထုကို ထုတ်ဆိုသင့်၏။

စက္ကန္ဒမည်သော ဥပါသကာ၏ ငယ်စဉ်ကာလကပင်လျှင် အပိဋ္ဌ ရောဂါဖြစ်လေ၏။ တစ်နေ့သောအခါ၌ ဆေးဆရာက 'ယုန်သားအရိုးကိုရခြင်းငှါသင့်၏' ဟု ဆိုလေသော် အစ်ကိုသည် ညီဖြစ်သူစက္ကန္ဒအား ယုန်သား အရိုးကို ရှာခိုင်းလိုက်လေ၏။

စက္ကန္ဒသည် ယုန်သားရှာရန် လယ်တောသို့ ထွက်လာစဉ် ယုန်တစ်ကောင်သည် ကောက်ပင်ပျိုကို စားရန် ထိုလယ်သို့ ရောက်လာ၏။ ယုန်သည် စက္ကန္ဒကိုမြင်၍ ပြေးရာတွင် နှစ်ခွဖြဲ၍ 'ကိုရိ ကိုရိ' - ဟု အသံထွက်လေ၏။

စက္ကန္ဒသည် ထိုအသံဖြင့် သွား၍ ယုန်ကို ဖမ်း၍ သတ်မည်ပြုပြီးမှ ဤသို့ကြံလေ၏။ 'ငါ၏ အမိအဘက်ရှင်ရေးကို အကြောင်းပြု၍ သူတစ်ပါး အသက်ကို သတ်ဖြတ်ခြင်းမည်သည် မသင့်တော်ပေ' - ဟူ၍ ကြံပြီးလျှင် ယုန်အား -

'ယုန်လေး...သင်သည် သွားလေတော့။ အခြားယုန်တို့နှင့်အတူ မြက်, ရေတို့ကို သုံးဆောင်လေလော့' - ဟူ၍ ပြောဆိုကာ လွှတ်လိုက်လေ၏။

စက္ကနသည် အိမ်ပြန်၍ ထိုအကြောင်းကို အစ်ကိုအား ပြောပြရာတွင် အစ်ကိုသည် စက္ကနအား ဆဲဆိုရေရွတ်လေ၏။

စက္ကနသည် အဖိထံသို့ သွား၍ ဤသို့ သစ္စာဆိုလေ၏။

'ငါသည် မွေးဖွားသည်မှစ၍ သူတစ်ပါးအသက်ကို သေစေလိုသော စေတနာဖြင့် သတ်ပုံသည်ကို ဖယိစပူးယေ' – ဟူ၍ သစ္စာဆို၍ အဖိ၏အနားခွ် ရပ်တည်ကာမျှဖြင့်ပင်လျှင် အဖိ၏ရောဂါသည် ပျောက်ကင်းသွားလေ၏။

၂။ သမာဒါနဝိရတိ ။ ။ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ မလွန်ကျူးခြင်းသည် သမာဒါနဝိရတိမည်၏။ ဤခွ် သာဓကဝတ္ထုကိုလည်း ဤသို့ သိအပ်ပေ၏။

ဥတ္တရဝဓုမာနတောင်ခွ် နေလေ့ရှိသော ဥပါသကာသည် အမွှကတိသကျောင်းခွ်နေသော ဆရာဖြစ်သော ဝိဂ်လဗုဒ္ဓရက္ခိတထေရ်၏ အထံခွ် သိက္ခာပုဒ်တို့ကို ယူ၍ လယ်ထွန်နေစဉ် နွားပျောက်သည်ဖြစ်၍ နွားကို လိုက်ရှာသည်ရှိသော် ဥတ္တရဝဓုမာနတောင်သို့ တက်မိလျှင်ပင် စပါးကြီးမြွေ၏ ဖမ်းယူခြင်းကို ခံရလေပြီ။

ဥပါသကာသည်လည်း 'စပါးကြီးမြွေကို ထက်လှစွာသောဓားဖြင့် မြွေ၏ဦးခေါင်းကို ဖြတ်အံ့' ဟု ကြံစည်ပြီးမှ 'ငါသည် လေးစားလိုက်နာအပ်သော ဆရာထံမှ သိက္ခာပုဒ်ကို ဆောက်တည်လာခဲ့၏။ သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းငှါ မသင့်လျော်ပါတကား' – ဟု ကြံစည်လေပြီ။ ထိုသို့ သုံးကြိမ်တိုင်အောင် အကြံဖြစ်ပြီးနောက် –

'အသက်ကို စွန့်တော့အံ့။ သိက္ခာပုဒ်ကို မဖျက်တော့ပြီ' – ဟူ၍ ဆုံးဖြတ်ပြီးလျှင် ဓားကို လွှတ်ပစ်လိုက်လေ၏။ စပါးကြီး မြွေသည်လည်း ထိုဥပါသကာအား လွှတ်၍ အခြားတစ်နေရာသို့ ထွက်ခွါသွားလေပြီ။

၃။ သမုဒ္ဆေဒဝိရတိ ။ ။ အရိယာမဂ်နှင့် ယှဉ်သော ကိလေသာကို သတ်ဖြတ်တတ်သော ဝိရတိကို သမုဒ္ဆေဒဝိရတိဟု ခေါ်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် အစရှိသော အရိယာမဂ်ကိုရသည်မှစ၍ 'သူအသက်ကိုသတ်အံ့' – ဟု အရိယာပုဂ္ဂိုလ်တို့အား စိတ်မျှသော်လည်း မဖြစ်တော့ပေ။

(အဘိ ၄ - ၁ - ၁၄၆ / ၇)

၇၊ ၈ ၊ ၉ ။ ဝိရတိ၏ လက္ခဏာများ၌ ဆောင်ရန်လက်များ

၁။	ဝိရတိသဘော၊	ရှောင်ကြဉ်ပြော၊	သဘောသိဝိုင်သည်။
၂။	ဒုစရိုက်ဖြာဖြာ၊	မကျူးရာ၊	လက္ခဏာဖြစ်လေသည်။
၃။	ဒုဝတ္ထုမှ၊	တွန့်ဆုတ်ပြ၊	ရသခေါ် ရသည်။
၄။	ဒုမပြုဟု၊	ညာဏ်ထင်မှု၊	ပစ္စုဖြစ်လေသည်။
၅။	ဟိရိ,သဒ္ဓါ၊	ဂုဏ်ဖြာဖြာ၊	နီးစွာကြောင်းဖြစ်သည်။
၆။	မကောင်းအမှု၊	ကျူးလွန်ပြု၊	စိတ်စုမျက်လွှဲသည်။

၇။	ရောင်ကြဉ်မှုသည်၊	ဝိရတိ၊	သုံးလိုရှိလေထည်။
၈။	သမာဒါန်၊	သမ္ပတ္တ၊	စွဲဆဒဖြစ်လေသည်။
၉။	ရောတ်လာဝတ္ထု၊	ရောင်ကြဉ်မှု၊	ထမ်ဟုခေါ် ရသည်။
၁၀။	သီဟိဠ်ခေတ်က၊	စတ္တာန်၊	သာဓကသိုဝ်ထည်။
၁၁။	စတ္တာနအင်၊	ဝယ်စဉ်ပဝ်၊	ဖိခဝ်နာဗျားသည်။
၁၂။	ယုန်သားစိုသာ၊	ဗျာက်ဒိုဝ်ရာ၊	ဆရာဆိုလေသည်။
၁၃။	အစ်ကိုမူကား၊	စတ္တအား၊	ယုန်သားရာခိုဝ်းပြီ။
၁၄။	လယ်တောသို့သာ၊	စတ္တနာ၊	ထွက်ရှိလောခဲ့ထည်။
၁၅။	ယုန်တစ်ကောဝ်ဆို၊	လယ်ဒ့ကို၊	ကောက်ပျိုစားနေထည်။
၁၆။	စတ္တာတိလဲ၊	မြဝ်ဒျပဲ၊	အားခဲပြေးလေပြီ။
၁၇။	နွံယ်တစ်ခုဖြင့်၊	ငြိဒျထဝ့်၊	အဝ့်အဝ့်မြည်လေပြီ။
၁၈။	အသံကြားရာ၊	စတ္တနာ၊	ဖမ်းတာမိလေပြီ။
၁၉။	ဆတ်မည်ကြံတိ၊	စိတ်ကသိ၊	တွေးမိပြန်လေပြီ။
၂၀။	မိမိ မိခဝ်၊	အသက်ရှင်၊	ယုန်ပဝ်သတ်ခြင်းသည်၊
၂၁။	မသင့်ပါလား၊	တွေးမိကြား၊	ပြန်ကားလွှတ်လိုက်ပြီ။
၂၂။	ယုန်မပါမူ၊	အစ်ကိုဟူ၊	ဆဲဆိုပြုလေသည်။
၂၃။	စတ္တနကား၊	ဒေါမထား၊	မိနားသွားလိုက်ပြီ။
၂၄။	မွေးသည်မှစ၊	ဤချိန်ကျ၊	ကာလတစ်လျှောက်သည်၊
၂၅။	သေစေ စေတနာ၊	သတ်ဖူးတာ၊	ဘယ်ခါမရှိပြီ။
၂၆။	ဤသို့သစ္စာ၊	ဆိုလိုက်ရာ၊	ရောဂါပျောက်လေပြီ။
၂၇။	ဆောက်တည်၍သာ၊	ရောင်ကြဉ်တာ၊	သမာဖြစ်လေသည်။
၂၈။	သီဟိဠ်ခေတ်က၊	သာဓတ၊	ဆောင်ပြသိုဝ်ထည်။
၂၉။	ဝဗုတောင်မှာ၊	နေထိုင်ရာ၊	ဥပါတစ်ယောက်သည်၊
၃၀။	ဆရာထံမူ၊	သိက္ခာဟူ၊	ခံယူဆောက်တည်သည်။
၃၁။	လယ်ထွန်ခိုက်မှာ၊	နွားပျောက်ရာ၊	လှည့်ကာရှာဖွေပြီ။
၃၂။	တောင်အတက်မှာ၊	မြွေဏာသာ၊	ဖမ်းတာခံရပြီ။
၃၃။	လွန်မင်းစွာထက်၊	ဓားလက်နက်၊	ခေါင်းထက်ရွယ်လိုက်ပြီ။
၃၄။	ဆရာထံမှာ၊	ယူထားရာ၊	သိက္ခာတွေးမိပြီ။

၃၅။ ဓားဖြင့်ခုတ်မှာ၊ သုံးကြိမ်သာ၊ ကြံရာပြီးမှသည်၊
၃၆။ မြေမျိုလိုသော၊ သေနိုင်ရာ၊ သိက္ခာမဖျက်ပြီ။
၃၇။ ဓားကိုကျစ်ကျစ်၊ ကိုင်ခါလေစ်၊ လွတ်ပစ်လိုက်လေပြီ။
၃၈။ မြေကြီးသည်လဲ၊ လွတ်လိုပဲ၊ ရှောင်ဖယ်သွားလေသည်။
၃၉။ ရိယာမဂ်ယှဉ်၊ ကိလေဝင်၊ သတ်အင်ပြုခြင်းသည်၊
၄၀။ အပြီးသာပ၊ သတ်၍ပ၊ စွေ့ဒခေါ် ရသည်။
၄၁။ ရိယာပုဂ္ဂလ၊ ကျူးဖို့ပ၊ စိတ်မျှမဖြစ်ပြီ။
၄၂။ ဝိရတိသုံးပါး၊ တစ်ပါးပါး၊ ကြိုးစားသင့်ပေသည်။

ယေဝါပနက စေတသိက်များအဖွင့်၌ ကိုယ်ကျင့်တရားများ ပြီး၏။

မဟာကုသိုလ် ပဌမစိတ်၌ ဖြစ်သောတရားများ

ဓမ္မသင်္ဂဏီပါဠိတော်၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဟုဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်၌ တရားပေါင်း ၆၅-ပါး ဖြစ်သည်ကို ဘုရားရှင် ဟောကြားတော်မူထားလေသည်။ ယင်း (၆၅)ပါးတို့မှာ-

၁။ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် - ဟူဆိုအပ်သော ဖဿဝဋ္ဌမကတရား (၅)ပါး၊

၂။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ - ဟူဆိုအပ်သော ဈာန်ဝင်တရား (၅) ပါး၊

၃။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ဝညာ, မန, သောမနဿ, ဇီဝိတ - ဟူ ဆိုအပ်သော ဘူဒ္ဓေါတရား (၈)ပါး၊

၄။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ - ဟူ ဆိုအပ်သော မဂ္ဂင်တရား (၅)ပါး၊

၅။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ဝညာ, တိရီ, ညြတ္တ္ပ - ဟူ ဆိုအပ်သော ဗိုလ် (၅)ပါး၊

၆။ အလောဘ, အဒေါသ, အမောဟ - ဟူ ဆိုအပ်သော မူလ (၃)ပါး၊

၇။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ - ဟူ ဆိုအပ်သော တမ္မဝထ (၃)ပါး၊

၈။ တိရီ, ညြတ္တ္ပ - ဟူ ဆိုအပ်သော လောတဝါလတရား (၂)ပါး၊

၉။ ကာယဝဿဒ္ဓိ, စိတ္တဝဿဒ္ဓိ၊ ကာယလဟုတာ, စိတ္တလဟုတာ၊ ကာယမုဒုတာ, စိတ္တမုဒုတာ၊ ကာယကမ္မညတာ, စိတ္တကမ္မညတာ၊ ကာယပါဂုညတာ, စိတ္တပါဂုညတာ၊ ကာယုဇုကတာ, စိတ္တုဇုကတာ၊ သတိ, သမ္ပဇဉ်၊ သမထ, ဝိဝသနာ၊ ပဂ္ဂါဟ, အဝိက္ခေပ - ဟူသော ယုဝလ (၁၈)ပါး၊

၁၀။ ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဇာတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, - ဟူသောယေဝါပနက စေတသိက် (၉)ပါး

- ပေါင်း (၆၅) ပါး ဖြစ်လေသည်။

ဤ (၆၅) ပါးသော တရားတို့သည် ဓမ္မဒ္ဒေသ၌ ပြအပ်သော တရားများ ဖြစ်သည်။

အဝိဘတ္တိက ၊ သဝိဘတ္တိကတရားများ

အထက်ပါ (၆၅)ပါးသော တရားအနက် ယေဝါပနကတရား (၉)ပါးမှ တစ်ပါးသော (၅၆)ပါးသော တရားတို့ကို ယူအပ်ပြီးသည်ကို မယူသောနည်းဖြင့် တွက်လျှင် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ တိရီ၊ ညြတ္တ္ပ၊ အလောဘ၊ အဒေါသ၊ ကာယပဿဒ္ဓိ အစရှိသော (၁၂)ပါး ပေါင်း (၃၀)ပါး ဖြစ်လေသည်။

ထိုတွင် ဖဿ ပဉ္စမကတရားအစု၊ ဈာန်တရားအစု စသည်ဖြင့် အမည်များ ရှိလေရာ အမည်တစ်မျိုးသာ ရသောတရားများကို အခြားအမည်တို့ဖြင့် ဝေဖန်၍ မရသောကြောင့် အဝိဘတ္တိကတရားဟု ခေါ်သည်။ တရားတစ်မျိုးတည်းက အမည်နှစ်မျိုး၊ သုံးမျိုး စသည် ရသောတရားများကို အခြားအမည်တို့ဖြင့် ဝေဖန်၍ရသောကြောင့် သဝိဘတ္တိကတရားများဟု ခေါ်ဆိုရသည်။

ထိုတွင် အခြားအမည်ဖြင့် ဝေဖန်၍မရသော အဝိဘတ္တိကတရားများမှာ ဖဿ၊ သညာ၊ စေတနာ၊ ဝိစာရ၊ ဝိတိ၊ ဧကဂ္ဂတာ၊ ကာယပဿဒ္ဓိ အစရှိသော တရား (၁၂)ပါး - ပေါင်း (၁၈) ပါး ဖြစ်လေသည်။

အခြားအမည်ဖြင့် ဝေဖန်၍ ရသော တရားများမှာ ဝေဒနာ၊ စိတ်၊ ဝိတက်၊ ဇောဂ္ဂတာ၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ ပေါင်း (၁၂)ပါး ဖြစ်လေသည်။

ထိုသဝိဘတ္တိက တရား (၁၂)ပါးတွင် -

၁။ စိတ်သည် ဖဿပဉ္စမက၊ မနိန္ဒြေအားဖြင့် ၂- ဌာန ဖြစ်၏။

၂။ ဝိတက်သည် ဈာနင်္ဂဝိတက်၊ မဂ္ဂင်၌ သမ္မာသင်္ကပ္ပ - ဟူ၍ ၂ - ဌာန။

၃။ သဒ္ဓါသည် သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်အားဖြင့် - ၂ - ဌာန။

၄။ ဟိရိသည် ဟိရိဗိုလ်၊ လောကပါလအားဖြင့် - ၂ - ဌာန။

၅။ ဩတ္တပ္ပသည် ဩတ္တပ္ပဗိုလ်၊ လောကပါလအားဖြင့် - ၂ - ဌာန။

၆။ အလောဘသည် အလောဘမူလ ၁-ဌာန၊ အနဘိဇ္ဈာဟူ၍ ကမ္မပထ ၁-ဌာန - ပေါင်း - ၂ - ဌာန။

၇။ အဒေါသသည် အဒေါသဟူ၍ မူလ ၁-ဌာန၊ အဗျာပါဒဟူ၍ ကမ္မပထ ၁-ဌာန ပေါင်း - ၂ - ဌာန။

ဤ (၇)ပါးသော တရားတို့သည် -၂-ဌာနစီ ဖြစ်ကုန်၏။

၈။ ဇောဂ္ဂတာသည် ဖဿပဉ္စမကဌ ၁ -ဌာန၊ ဈာနင်္ဂဌ သုခဟူ၍ ၁-ဌာန၊ ဣန္ဒြေဌ သောမနဿိန္ဒြေ ဟူ၍ ၁-ဌာန ပေါင်း - ၃ - ဌာန။ ၃ - ဌာနရသည်မှာ ဤဇောဂ္ဂတာ တစ်ပါးသာတည်း။

၉။ ဝိရိယသည် ဝိရိယိန္ဒြေဟူ၍ ဣန္ဒြေ ၁ -ဌာန၊ သမ္မာဝါယာမဟူ၍ မဂ္ဂင် ၁-ဌာန၊ ဝိရိယဗိုလ်ဟူ၍ ဗိုလ် ၁-ဌာန၊ ပဂ္ဂါဟ ဟူ၍ ပိဋ္ဌိဒုက် ၁-ဌာန - ပေါင်း ၄ - ဌာန။

၁၀။ သတိသည် သတိန္ဒြေဟူ၍ ဣန္ဒြေ ၁-ဌာန၊ သမ္မာသတိဟူ၍ မဂ္ဂင် ၁ -ဌာန၊ သတိဗိုလ်ဟူ၍ ဗိုလ် ၁-ဌာန၊ သတိဟူ၍ ပိဋ္ဌိဒုက် ၁ -ဌာန - ပေါင်း (၄) ဌာန။

၄- ဌာနရ - ဝိရိယနှင့် သတိ နှစ်ပါးဖြစ်၏။

၁၁။ သမာဓိသည် ဧကဂ္ဂတာဟူ၍ ဈာနင်္ဂ ၁-ဌာန၊ သမာဓိန္ဒြေဟူ၍ ဣန္ဒြေ ၁-ဌာန၊ သမ္မာသမာဓိဟူ၍ မဂ္ဂင် ၁-ဌာန၊ သမာဓိဗိုလ်ဟူ၍ ဗိုလ် ၁-ဌာန၊ သမထ, အဝိက္ခေပဟူ၍ ပိဋ္ဌိဒုက် ၂-ဌာန - ပေါင်း - ၆ - ဌာန။ ၆ -ဌာနရ ဤတစ်ပါးသာတည်း။

၁၂။ ပညာသည် ပညိန္ဒြေဟူ၍ ဣန္ဒြေ ၁ -ဌာန၊ သမ္မာဒိဋ္ဌိဟူ၍ မဂ္ဂင် ၁ -ဌာန၊ ပညာဗိုလ်ဟူ၍ ဗိုလ် ၁-ဌာန၊ အမောဟ ဟူ၍ မူလ ၁-ဌာန၊ သမ္မာဒိဋ္ဌိဟူ၍ ကမ္မပထ ၁-ဌာန၊ သမ္မဇ္ဇည, ဝိပဿနာဟူ၍ ပိဋ္ဌိဒုက် ၂-ဌာန ပေါင်း - ၇ - ဌာနတည်း။ ၇ - ဌာနရ ဤတစ်ပါးသာတည်း။

(အဘိ ၄ - ၁ - ၁၇၇ / ၁၇၉)

သဝိုဟာရကျမ်း၌ ၃၈ ပါး

မဟာကုသိုလ် ပဌမစိတ်၌ ဖြစ်နိုင်သောတရားများမှာ အထက်ကဖော်ပြခဲ့သည့်အတိုင်း (၆၅)ပါး ရှိရာတွင် အဂ္ဂဟိတ ဂဟိတနည်းဖြင့် ယူပြီးသည်ကို မယူဘဲ ရေတွက်မည်ဆိုလျှင် သဝိုဟာကျမ်း၌ (၃၈) ပါး ရှိကြောင်း ပြဆိုထားလေသည်။

ယင်းမှာ - ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ကေဠာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ - ဟူသော သဗ္ဗစိတ္တသာဓာရဏာ စေတသိက် (၇) ပါး၊

ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ ဟူသော ပကိဏ်းစေတသိက် (၆)ပါး၊

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ကရုဏာ၊ မုဒိတာ၊ ပညိန္ဒြေအားဖြင့် သောဘနစေတသိက် (၂၅)ပါး - ပေါင်း (၃၈) ပါး ဖြစ်သတည်း။ ထိုတရားတို့၏ သဘော အဓိပ္ပါယ်များကို ရှေးက ပြခဲ့ပြီတည်း။

၁။ မဟာကုသိုလ် ပဌမစိတ် ဖြစ်သောတရား၌ ဆောင်ရန်လက်ကမ်းများ

၁။	ကုစိတ်ပဌမ၊	ဤစမ္မ၊	ယှဉ်ပြုပါဝင်ကြ။
၂။	ဖဿ,ဝေ,သင်္ခ,စေ၊	စိတ်နှင့်ပေ၊	ဝါးထွေပဉ္စက၊
၃။	တက်,စာ,ဖီ,သု၊	ဇောရှစ်၊	ဝါးခုစွာနှင်။
၄။	ဝီရိယ,သဒ္ဓါ၊	တိ,ဓိပါ၊	ပညာပါဝင်ရ။
၅။	မန,သော,ဇိ၊	ဤပြုစ်ဆီ၊	မှတ်ရည်ကွက်ခြေရ။
၆။	ဒိ,ကပ်,ဝါတွင်၊	တိ,ဓိဝင်၊	ဝါးအင်မဂ္ဂင်။
၇။	ဝီရိ,သဒ္ဓါ၊	တိ,ဓိပါ၊	ပညာပါဝင်ရ။
၈။	တိရိ,သြတ္တပ္ပ၊	ခုနှစ်ဝ၊	မှတ်ကြပိုလိပ်လေ။
၉။	အလော,အဒေါ၊	အမောဟော၊	သုံးစောကုမ္ဘလေ။
၁၀။	အနဘိဇ္ဈာ၊	အဗျာပါ၊	သမ္ဘာဒိဋ္ဌရ။
၁၁။	ဤသုံးဖြာက၊	ကံဖြစ်ရ၊	မှတ်ကြကမ်ပထ။
၁၂။	တိရိ,သြတ္တပ္ပ၊	နှစ်ပါးက၊	လောကပါလရ။
၁၃။	ပဿဒ္ဓိလေဟုတာ၊	မုဒုတာ၊	မှတ်ပါကမ္မည။

၁၄။ ပါဂုညတာ၊ ဥဇုပါ၊ နှစ်ဖြာဆယ့်နှစ်ဝ။
၁၅။ ဝိပသိသမထ၊ ပဂ်,ကွေပ၊ ယုဂလဆယ့်ရှစ်ဝ။
၁၆။ ဆန်၊ ဓိ၊ ကာရ၊ မဒ္ဒတ္တ၊ ကရုဏာမုဒိရ။
၁၇။ ဝိရတိသုံးပါ၊ ဤကိုးဖြာ၊ ယေဝါပနက။
၁၈။ ကုသိလ်တရား၊ ခြောက်ဆယ့်ငါး၊ ထင်ရှားသိနိုင်ကြ။

၂။ အဝိဘတ္တိက, သဝိဘတ္တိက တရားများ၌ ဆောင်ရန်လက်ခံများ

၁။ ယေဝါမပါ၊ ငါးခြောက်ဖြာ၊ ပါမောတိုက်ရိုက်ပြ။
၂။ ယူအပါဖြိုးရာ၊ မယူပါ၊ မှတ်ပါရှိတိသ။
၃။ ဖသ်,စေ,သညာ၊ စေ,စိတ်ပါ၊ တက်,စာ,ဖိ,ဇ ရ၊
၄။ ဒ္ဓါ, ဓိ, တိ, ဓိ၊ ဉာ, ဟိရိ၊ မှတ်သိသြတ္တပ္ပ၊
၅။ အလောဘမိ၊ အဒေါသိ၊ ပဿဒ္ဓိ ဆယ့်နှစ်ဝ၊
၆။ ပေါင်းကြည့်လိုက်ပါ၊ မမှားရာ၊ မှတ်ပါသုံးဆယ်ရ။
၇။ အဝိ,သဝိ၊ နှစ်မျိုးရှိ၊ အဝိသိလိုက။
၈။ ဖသ်,သင်,စေတနာ၊ ဝိစာပါ၊ တစ်ဖြာဖိတိရ။
၉။ ပဿဒ္ဓိ ဆယ့်နှစ်ဖြာ၊ ဣရိတာ၊ ပေါင်းပါဆယ့်ရှစ်ရ။
၁၀။ သဝိဘတ္တိက၊ ဝေဖန်ပြ၊ မှတ်ကြဆယ့်နှစ်ဝ။
၁၁။ ဝေ,စိတ်, တက္ကာ၊ ဇကဋ္ဌိ၊ သဒ္ဓါဝိရိယ။
၁၂။ သတိ,ပညာ၊ ဟိရိပါ၊ မှတ်ပါသြတ္တပ္ပ။
၁၃။ အလော,အဒေါ၊ ပေါင်းပါပြော၊ မှတ်လောဆယ့်နှစ်ဝ။
၁၄။ စိတ်မှာပဋ္ဌ၊ ကွဲပါရ၊ မှတ်ကြနှစ်ဌာန။
၁၅။ တက်မှာစျာန၊ မဂ္ဂင်၊ မှတ်ကြနှစ်ဌာန။
၁၆။ သဒ္ဓါကွန်ဒြေ၊ ဗလပေ၊ မှတ်လေနှစ်ဌာန။
၁၇။ ဟိ, သြတ်ပိုလ်ရ၊ လောပါလ၊ မှတ်ကြနှစ်ဌာန။
၁၈။ လော, ဒေါမူလ၊ ကမ်ပထ၊ မှတ်ကြနှစ်ဌာန။
၁၉။ နှစ်ဌာရတာ၊ ခုနှစ်ဖြာ၊ ကောင်းစွာသိနိုင်ကြ။
၂၀။ ဝေမှာစျာန၊ မဂ္ဂင်၊ ကွဲပါသုံးဌာန။

၂၁။	ဇိ,တ္တံ,မဂ္ဂင်၊	ဗလပါ၊	ဒုက်ခါလေးငှာန်။
၂၂။	ထိ,တ္တံမဂ္ဂင်၊	ဗလပါ၊	ဒုက်ခါလေးငှာန်။
၂၃။	ဓိစ္စာမဂ္ဂင်၊	တ္တံလဲပါ၊	ဓိလ်ါ ပါဝဝ်ရ။
၂၄။	ဒုက်ခုစ်ငှာန်၊	ပေါဝ်းလိုက်ကာ၊	မှတ်ကြခြောက်ငှာန်။
၂၅။	ဉာတ္တံမဂ္ဂင်၊	ဗလပါ၊	မူပါ ပါဝဝ်ရ။
၂၆။	ဒုက်ခုစ်ငှာန်၊	ကမ်ပထာ၊	မှတ်ကြခုနှစ်ရ။
၂၇။	ကုသိုလ်စိတ်မှာ၊	သုံးရုစ်ပါ၊	ယှဉ်တာသိုဉ်ဝ်ကြ။
၂၈။	သဗ္ဗခုနှစ်ပါး၊	ပထိထ်းတား၊	ခြောက်ပါးမှတ်ကုန်ကြ။
၂၉။	ဧဘာတနကား၊	နှစ်ဆယ့်ဝါး၊	ပေါဝ်းငြားသုံးရုစ်ရ။
၃၀။	သင်္ဂြိဟ်ကျမ်းမှာ၊	နုဒ္ဒါ၊	ပြတာသိုဉ်ဝ်ကြ။
၃၁။	ထိုသည့်ဓမ္မ၊	ဓိပ္ပါယ၊	ဧရုးကပြဲ့ရ။
၃၂။	ဓမ္မဒ်တွင်မည်၊	ဤဝါရိ၊	ပြီးပြီမှတ်လိုက်ကြ။

ဓမ္မသင်္ကိ စိတ္တုပ္ပါဒကဏ္ဍ ဓမ္မဒ္ဒေသဝါရ ပြီးပြီ။

နာမ်တရားကို ပညတ်တင်၍ ထုတ်ဖော်ရန် အလွန်ခဲယဉ်း

စိတ်၊ ဧေတသိက် ဟူသော နာမ်တရားတို့ ဖြစ်မှု၊ ပျက်မှုကား အလွန်လျင်မြန်၏။ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် အတွင်းမှာပင် နာမ်တရားပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်ကြ၊ ပျက်ကြ၏– ဟု ကျမ်းဂန်များက ဆိုလေ၏။ ထိုသို့ အလွန်လျင်မြန်စွာ ဖြစ်မှု၊ ပျက်မှုသဘောရှိသော နာမ်တရားကို အာရုံတစ်ခုကို စုပေါင်းပါဝင် သိကြရာ၌ ဤကား ဖဿတည်း။ ဤကား ဝေဒနာတည်း။ ဤကား သညာတည်း – စသည်ဖြင့် ခွဲခြားဖော်ထုတ်ရန်ကား အလွန်ခဲယဉ်းသော အလုပ်ဖြစ်ပေ၏။ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားရှင်တို့သာလျှင် စွမ်းနိုင်ကြပေကုန်၏။ ထို့ကြောင့် အဋ္ဌကထာတွင် ဤသို့ ပြဆိုထားပေ၏။

တစ်ခုသော ခွက်၌ တွင်းရေ၊ ရေကန်ရေ၊ ပင်လယ်ရေ၊ သမုဒ္ဒရာရေ၊ မိုးရေ၊ အောက်ရေ၊ အထက်ရေ စသည်ဖြင့် ရေမျိုးစုံတို့ကို ထည့်၍လည်းကောင်း၊ ပဲဆီ၊ နှမ်းဆီ၊ အုန်းဆီ၊ နေကြာဆီ အစရှိသည်တို့ကို ထည့်၍ လည်းကောင်း တစ်နေ့လုံး မွှေနှောက်ပြီးနောက် နှမ်း၍လည်းကောင်း၊ လှော်၍လည်းကောင်း ဤကား တွင်းရေတည်း၊ ဤကား ရေကန်ရေတည်း စသည်ဖြင့်လည်းကောင်း၊ ဤကား နှမ်းဆီတည်း၊ ဤကား ပဲဆီတည်း စသည်ဖြင့်လည်းကောင်း သိရန်ကား အလွန်ခဲယဉ်းလှပေ၏။ သို့ရာတွင် ထိုသို့ သိရှိနိုင်ရန် ဖြစ်ကောင်းဖြစ်တန်ရာသေး၏။ အာရုံတစ်ခုကို သိရာ၌ ဤကား ဖဿတည်း၊ ဝေဒနာတည်း၊ စေတနာတည်း စသည်ဖြင့် သိရန်ကား အလွန်မလွယ်ကူပေ။

ဗိလိန္ဒပဉ္ဟာ၌ အရှင်နာဂသေန မထေရ်မြတ် ဥပမာပေးသည်မှာ – ယောကျ်ားတစ်ယောက်သည် လှေဖြင့် သမုဒ္ဒရာသို့ သင်္ဘောရှိ ရေကိုယူ၍ လှာဖြင့်လှော်၍ ဤရေကား ဂင်္ဂါရေတည်း။ ဤရေကား ယမုနာရေတည်း စသည်ဖြင့် ခွဲခြားနိုင်ရန် အလွန်ခဲယဉ်းသကဲ့သို့ အာရုံတစ်ခုကို သိရာ၌ ဤကားစိတ်တည်း၊ ဤကား ဖဿတည်း၊ ဝေဒနာတည်း စသည်ဖြင့် သိရှိရန် ထိုထက်ပင် ခဲယဉ်းလှပေ၏။ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားရှင်တို့သည်သာ ပညတ်တင်၍ ထုတ်ဖော်ခွဲခြားနိုင်ခြင်း ဖြစ်ပေ၏။

(အဘိ၌ - ၁ - ၁၈၆)

နာမ်တရားကို ပညတ်တပ်၍ ထုတ်ဖော်ရန် အလွန်ခဲယဉ်းပုံ၌ ဆောင်ရန်လင်္ကာများ

၀။ အာရုံတစ်ခုမှာ၊ ဝိုင်းအုံကာ၊ သိရာနာမ်တရားသည်၊
၂။ လက်တစ်တွက်ပေ၊ ဖြစ်ပျက်တွေ့၊ ကုဋေသိန်းရှိသည်။
၃။ ဤမျှမြန်လှ၊ နာမ်ကိုပ၊ ခွဲပြဖို့ရာသည်၊
၄။ ခွက်တစ်ခုတုန်၊ ရေမျိုးစုံ၊ ဆီစုံတည့်၍သည်၊
၅။ ခွဲခြားလေ့ကြား၊ ရေကိုကား၊ ရကား ရနိုင်ထည်။
၆။ အာရုံတစ်ခုမှာ၊ ဝိုင်းအုံကာ၊ သိရာနာမ်ကိုထည်၊
၇။ ဤကားသည်၊ ဝေဒနာ၊ စေတနာတို့၍ထည်၊
၈။ ပညတ်တပ်ကာ၊ ခွဲဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
၉။ လုံးစုံသိမြင်၊ ထင်ဟပ်၊ ဖြစ်အင်လိုသာထည်၊
၁၀။ သိမြင်နိုင်ခြင်း၊ ခွဲနိုင်ခြင်း၊ ပြခြင်းဖြစ်လေထည်။
၁၁။ အတိမ္မာ၊ ဒေဿနာ၊ လွန်စွာနက်နဲသည်။
၁၂။ သင်္ခညတာ၊ ဉာဏ်ကိုသာ၊ ပူဇာကြရမည်။

ကုသလာဓမ္မာပုဒ်အရကို ခွဲခြားဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

အပိုင်းကြီးလေးပိုင်း ။ ။ အဘိဓမ္မာခုနစ်ကျမ်း၏ ရှေးဦးဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၌ 'စိတ္တုပ္ပါဒကဏ္ဍ၊ ရူပကဏ္ဍ၊ နိက္ခေပကဏ္ဍ၊ အဋ္ဌကထာကဏ္ဍ' ဟူ၍ အပိုင်းကြီးလေးပိုင်းရှိရာ ယင်းလေးပိုင်းတို့၌ 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ဟူသော ပရမတ္ထတရားလေးပါးတို့ကို တိက်,ဒုက်အားဖြင့် အကျဉ်းနည်း၊ အကျယ်နည်း၊ မကျဉ်းမကျယ်နည်းတို့ဖြင့် ဟောကြားပြဆိုတော်မူထားလေသည်။

ဤကျမ်းသည် ကိုယ်ကျင့်တရားကို အဓိကထား ရေးသည့်ကျမ်း ဖြစ်သည့်အားလျော်စွာ ကုသိုလ်ကောင်းမှုကို အလိုရှိကြသူတို့၌ တိတိတ်စိတ်ဖြစ်သော မဟာကုသိုလ်ပဌမစိတ်ကို ရရှိရန် အလွန်အရေးကြီးပေသည်။ မှန်၏။ မဟာကုသိုလ်စိတ် ရှစ်ပါးရှိရာတွင် မဟာကုသိုလ်ပဌမစိတ်သည် အထက်မြက်ဆုံးစိတ် ဖြစ်သည်။ တန်ဖိုးအရှိဆုံးစိတ် ဖြစ်သည်။ မဟာကုသိုလ် ပဌမစိတ်ကို တိတိတ်စိတ် ပြောရသည်ကား ထိုမဟာကုသိုလ်ပဌမစိတ်၌ စေတသိက် (၃၈)ပါး ယှဉ်ရာတွင် အလောဘ, အဒေါသ, အမောဟဟူသော တိတ်သုံးပါးပါသောကြောင့် တိတိတ်စိတ်ဟူ၍ ပြောရခြင်းဖြစ်လေသည်။ နေတော့်လည်း တိတိတ်စိတ်နှင့်၊ သေတော့်လည်း တိတိတ်စိတ်နှင့် သေလျှင် ထိုပုဂ္ဂိုလ်၏ဘဝသည် အနေလည်းလှ၊ အသေလည်းလှ၊ နောင်ဘဝအဖြစ်လည်းလှ၍ ယခုဘဝမှာ သောတာပန်စသည် အရိယာမဖြစ်နှင့်ဦးတော့၊ နောင်ဘဝ၌ သောတာပန် စသော အရိယာဖြစ်ရန် သေချာလျက်ရှိသည်။ ထို့ကြောင့် အလွန်တန်ဖိုးရှိလှသော ထိုမဟာကုသိုလ်စိတ်နှင့် ထိုစိတ်၌ ယှဉ်ရာစေတသိက်များကို ဓမ္မသင်္ဂဏီကျမ်းလာအတိုင်း တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ ပြဦးအံ့။

၁။ ကုသလတိက်ဖြင့် ဝေဖန်ပြခြင်း ။ ။ ကုသလတိက်၌ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗ္ယာကတာဓမ္မာ ဟူ၍ ၃-ပဒရှိရာ မဟာကုသိုလ်ပဌမစိတ်သည် ကုသလာဓမ္မာအရ၌ ပါဝင်ပေသည်။ ကုသလာဓမ္မာ-ဟူသည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်တရားများ ဟူ၍ အဓိပ္ပါယ်ရလေသည်။ ယင်းကုသလာဓမ္မာအရ - မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဂ်ကုသိုလ် ၄-ပါးဟူ၍ ကုသိုလ်စိတ် ၂၁-ပါးရလေသည်။ ယင်းကုသိုလ်စိတ် ၂၁-ပါးတွင် မဟာကုသိုလ် ပဌမစိတ်သည် မဟာကုသိုလ်စိတ် ၈-ပါးတွင် ပါဝင်လေသည်။ ထိုစိတ်နှင့်အတူ စေတသိက် ၃၈-ပါးလည်း ပါဝင်လေသည်။

ဉာဏ်နှင့်ယှဉ်၍ စိတ်ပါလက်ပါ ဘုရားကို ရှိခိုးနေသူ၊ အာရုံပြုနေသူ၊ ဒါနလုပ်နေသူ၊ သီလဆောက်တည်နေသူ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကို ပွားများနေသူတို့၌ 'သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်' ဟူသော မဟာကုသိုလ် ပဌမစိတ်ဖြစ်လျက် နေလေသည်။

ထိုအချိန် ထိုအခါ၌ ထိုပုဂ္ဂိုလ်သည် အပြစ်ကင်းစင်သော ပုဂ္ဂိုလ်ဖြစ်နေသည်။ ကောင်းသောအကျိုးကို ပေးစွမ်းနိုင်သော ကုသိုလ်တရား တည်ကိန်းနေသူ ပုဂ္ဂိုလ်ဖြစ်လျက် နေလေသည်။

အဘိဓမ္မာ ဒေသနာတော်၌ ရုပ်တိုင်း၊ နာမ်တိုင်းမှာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဟူ၍ရှိသည်။ ယင်းမဟာကုသိုလ် ပဌမစိတ်ကို ခန္ဓာဖွဲ့သော် ခန္ဓာအားဖြင့် ၄ - ပါး ရလေသည်။ ယင်းလေးပါးမှာ-

၁။ မဟာကုသိုလ် ပဌမစိတ်သည် - ဝိညာဏက္ခန္ဓာ၊
စေတသိက် ၃၈-ပါး ယှဉ်ရာတွင် -
၂။ ဝေဒနာသည် - ဝေဒနာက္ခန္ဓာ၊
၃။ သညာသည် - သညာက္ခန္ဓာ၊
၄။ ဝေဒနာ, သညာမှ ကြွင်းသော ကျန်စေတသိက် ၃၆-ပါးသည် - သင်္ခါရက္ခန္ဓာ ဖြစ်လေသည်။

အာယတနအားဖြင့် ၂-ပါး ဖြစ်သည်။

၁။ မဟာကုသိုလ် ပဌမစိတ်သည် - မနာယတန၊
၂။ စေတသိက် ၃၈-ပါးသည် - ဓမ္မာယတန ဖြစ်လေသည်။

ဓာတ်အားဖြင့် ၂-ပါး ဖြစ်သည်။

၁။ မဟာကုသိုလ် ပဌမစိတ်သည် - မနောဝိညာဏဓာတ်၊
၂။ စေတသိက် ၃၈-ပါးသည် - ဓမ္မဓာတ် ဖြစ်လေသည်။

သစ္စာအားဖြင့် ၁-ပါး ဖြစ်သည်။

၁။ မဟာကုသိုလ် ပဌမစိတ်၊ စေတသိက် ၃၈-ပါးသည် - ဒုက္ခသစ္စာ ဖြစ်လေသည်။

ဤသို့အားဖြင့် ကုသလာဓမ္မာအရ မဟာကုသိုလ် ပဌမစိတ်၊ စေတသိက် ၃၈-ပါးဟူသော တရားများသည် ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာမျှသာဖြစ်သည်။ မနာယတန၊ ဓမ္မာယတန ဟူသော အာယတနမျှသာ ဖြစ်သည်။ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ဟူသော ဓာတ်မျှသာဖြစ်သည်။ နာမ်တရားမျှသာ ဖြစ်သည်။ ထိုနာမ်တရားအစုသည်လည်း ကုသိုလ်တရားမျှသာ ဖြစ်သည်။ ဖြစ်ပြီး ပျက်ရသောကြောင့်လည်းကောင်း၊ ပြုပြင်ခံရသောကြောင့်လည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်လေသည်။ ဇဝကောင်၊ သတ္တဇဝကောင် မဟုတ်ပေ။ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ မဟုတ်ပေ။ ဇ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်လေသည်။

၁။ ကုသလတိုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျွန်

၁။ အဘိခုနစ်ကျမ်း၊ ဂဏိကျမ်း၊ ရှေးကျမ်းဖြစ်လေသည်။
၂။ စိတ်,ရူ,နိ,ဌ၊ လေးပိုင်းပ၊ ခွဲပြထားလေသည်။
၃။ စိတ်,စေတသိက်မှန်၊ ရုပ်,နိဗ္ဗာန်၊ လေးတန်မဂ်ကိုသည်၊

၇။	တိက်,ဒုက်အားဖြင့်၊	ကျဉ်းကျယ်ထင့်၊	ခွဲခြင့်ပေါ်ထားသည်။
၈။	ဤကျမ်းသည်ကား၊	ကျင့်တရား၊	ဦးထားပြဆိုသည်။
၆။	ကုပဌမစိတ်၊	တိဟိတ်စိတ်၊	မြတ်စိတ်ဖြစ်လေသည်။
၎။	အလောဘ,အဒေါ၊	အမောဟော၊	သုံးစောတိတ်ဟုဉ်သည်။
၈။	နေလဲတိဟိတ်၊	သေတိဟိတ်၊	ပုံရိပ်ကောင်းလှသည်။
၉။	ဤဘဝရိယာ၊	မဖြစ်ရာ၊	နောင်ခါသေချာသည်။
၀၀။	သောတာပန်လဲ၊	ဧကန်ပါ၊	မလွဲဖြစ်ကြမည်။
၁၁။	ထို့ကြောင့်မှန်စွာ၊	ပစိတ်ပါ၊	ယုဉ်လာစေကိုသည်၊
၁၂။	သင်္ဃိကျမ်း၊	မိုရိုငြမ်း၊	ခွဲခြမ်းပြပေမည်။
၁၃။	ကုသလတိက်မှာ၊	ဝဒဟာ၊	သုံးဖြာရှိလေသည်။
၁၄။	ကုသလာဓမ္မာ၊	အကုပါ၊	ဗျာပါ ပါဝင်သည်။
၁၅။	ကုန္ဓစ်ဆယ့်တစ်၊	စေသုံးရစ်၊	စင်စစ်ရလေသည်။
၁၆။	ကုစိတ်ရှစ်တွင်၊	ပကုပင်၊	ပါဝင်သွားလေပြီ။
၁၇။	စေတသိက်လဲ၊	သုံးရစ်ပါ၊	ယုဉ်မြဲယုဉ်လေသည်။
၁၈။	ဉာဏ်နှင့်ယုဉ်ကာ၊	ရှိခိုးပါ။	လျှုတာပြုရမည်။
၁၉။	သိ,ဘာ ဉာဏ်ချီတ်၊	ကုပစိတ်၊	တိဟိတ်ဖြစ်လေသည်။
၂၀။	ထိုအချိန်ခါ၊	ထိုသူဟာ၊	လွန်စွာပြစ်ကင်းသည်။
၂၁။	ကောင်းကျိုးပေးမှု၊	ကုသိုလ်ဟု၊	တည်သူဖြစ်လေသည်။
၂၂။	ခန်,အာ,ဓာတု၊	သစ္စာမှု၊	ဖွဲ့ပြုလျှင်သည်၊
၂၃။	ခန္ဓာလေးပါး၊	အာနှစ်ပါး၊	နှစ်ပါးဓာတ်ဖြစ်သည်။
၂၄။	ခန်လေးပါးမှာ၊	ဝိဉ်,ဝေ,ညာ၊	သခ်ါဖြစ်လေသည်။
၂၅။	အာနှစ်ပါးမှာ၊	မနပါ၊	ဓမ္မာဖြစ်လေသည်။
၂၆။	ဓာတ်နှစ်ပါးမှတ်၊	ဉာဏဓာတ်၊	ဓမ္မဓာတ်ဖြစ်လေသည်။
၂၇။	သစ္စာဖွဲ့ရာ၊	စိတ်စေမှာ၊	ဒုက်သာဖြစ်လေသည်။
၂၈။	ကုပစိတ်ဟာ၊	ခန်အာသာ၊	ဓာတ်သာဖြစ်လေသည်။
၂၉။	ငါသူတစ်ပါး၊	ခေါင်းကိုယ်များ၊	ဟုတ်ကားမဟုတ်ပြီ။
၃၀။	အနိစ္စဒုက္ခ၊	အနတ္တ၊	ဖြစ်ကပျက်ရသည်။
၃၁။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁။ မဟာကုသိုလ် ပဌမစိတ်ကို ကုသလတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ဝေဒနာတိုက်ဖြင့် ဝေဖန်ခြင်း ။ ။ ဝေဒနာတိုက်၌ သုံးပဒရှိရာတွင် ဤမဟာကုသိုလ် ပဌမစိတ်သည် 'သုဓိယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ' ဟူသော ပဌမပဒအာရုံ၌ ပါဝင်ပေသည်။ 'သုဓိယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ' ဟူသော အဓိပ္ပါယ်သည် သုခဝေဒနာနှင့်ယှဉ်သောတရားများဟူ၍ အဓိပ္ပါယ်ရသည်။

ယင်း သုဓိယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ အရ – သုခဝေဒနာနှင့်ယှဉ်သော တရားများမှာ အကုသိုလ်မှလောဘမူ သောမနဿ လေးပါး၊ အဟိတ်မှ သုခသဟဂုတ် ကာယဝိညာဉ်၊ သုခသန္တီရဏ၊ ဟသိတုပ္ပါဒ် ၁–ပါး – ပေါင်း ၃–ပါး၊ ကာမာဝစရ ကုသိုလ်, ဝိပါက်, ကြိယာတို့မှ သောမနဿ ၄–ပါးစီအားဖြင့် ကာမာဝစရ သောမနဿ ၁၂–ပါး၊ မဟဂ္ဂတ် လောကုတ္တရာစိတ်တို့မှ ပ, ဒု, တ, စ ဈာန် ၁၁–ပါးစီအားဖြင့် ၄၄–ပါး – အားလုံးပေါင်း သုခသဟဂုတ်စိတ် ၆၃ –ပါး ဖြစ်လေသည်။ ထို ၆၃–ပါးသောစိတ်တို့၌ ဝေဒနာ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆–ပါး ယှဉ်ကြသည်။

ထိုသုခဝေဒနာနှင့်ယှဉ်သောတရားများတွင် မဟာကုသိုလ် ပဌမစိတ်သည် မဟာကုသိုလ် သောမနဿ လေးပါးရှိသည့်အနက် ဉာဏ်နှင့်ယှဉ်သော အသင်္ခါရိကဖြစ်သော ပဌမ သောမနဿ ဝေဒနာအဖြစ် ပါဝင်လေသည်။ ထိုသောမနဿဝေဒနာ၌ အထက်ကပြခဲ့သော စေတသိက် ၃၈–ပါးတွင် ဝေဒနာသည် ဝေဒနာနှင့် မယှဉ်နိုင်ရကား ဝေဒနာကြဉ် ကျန်စေတသိက် ၃၇–ပါး ဖြစ်လေသည်။

ယင်းမဟာကုသိုလ် သောမနဿဝေဒနာနှင့် စေတသိက် ၃၇–ပါးကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့သော် ခန္ဓာ ၃–ပါး၊ အာယတန ၂–ပါး၊ ဓာတ် ၂–ပါး၊ သစ္စာ ၁–ပါး ဖြစ်လေသည်။ ခန္ဓာသုံးပါးမှာ နာမ်ခန္ဓာလေးပါး ရှိသည့်အနက် ဝေဒနာကြဉ်၍ ကျန်နာမ်ခန္ဓာ သုံးပါးရလေသည်။ အာယတန၊ ဓာတ်၊ သစ္စာတို့မှာ အထက်ကအတိုင်း ဖြစ်သည်။

ထိုသို့ ဘုရားကို အာရုံပြုခြင်း၊ ရှိခိုးခြင်း၊ ဒါန, သီလ, ဘာဝနာကုသိုလ်မှုကို ဉာဏ်ယှဉ်၍ ပြုလုပ်ကြသူတို့၌ ဝေဒနာသည် ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ မဟုတ်ဘဲ သုခဝေဒနာနှင့်ယှဉ်သော သောမနဿဝေဒနာဖြစ်ပေရာ ထိုအချိန် ထိုကာလ၌ ထိုပုဂ္ဂိုလ်သည် ကုသိုလ်ကောင်းမှုဖြင့် ပျော်မွေ့နေသူ၊ နှစ်ခြိုက်နေသူ၊ ဝမ်းမြောက်နေသူ၊ စိတ်ချမ်းသာမှုရနေသူ ဖြစ်လေသည်။

ထိုသုခဝေဒနာနှင့်ယှဉ်သော ကုသိုလ်ပဌမစိတ် သောမနဿဝေဒနာသည်လည်း ခန္ဓာ, အာယတန, ဓာတ်မျှသာ ဖြစ်သည်။ ဒုက္ခသစ္စာမျှသာ ဖြစ်သည်။ အနိစ္စ, ဒုက္ခ, အနတ္တမျှသာ ဖြစ်သည်။ ဇာ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ပေ။ ကုသိုလ်နာမ်တရားသက်သက်မျှသာ ဖြစ်လေသည်။

၂။ ဝေဒနာတိုက်ဖြင့် ဝေပန်ခြင်း၌ ဆောင်ရန်လက်များ

၀။	ဝေဒနာတိုက်မှာ၊	ပစိတ်ဟာ၊	သုခါယှဉ်လေသည်။
၂။	သုခယှဉ်ထိုး၊	ခြောက်ဆယ့်သုံး၊	ယှဉ်ထိုးသိန္ဓိဝ်သည်။
၃။	စေတသိက်မှာ၊	လေးခြောက်သာ၊	ဝေဒနာကြဉ်လေသည်။
၄။	ခြောက်ဆယ့်သုံးမှာ၊	ပစိတ်ဟာ၊	ဉာဏ်ဖြာသောဖြစ်သည်။
၅။	စေတသိက်ယှဉ်၊	သုံးရစ်တွင်၊	ဝေကြဉ်သိန္ဓိဝ်သည်။
၆။	ခန္ဓာဖွဲ့လျှင်၊	နာမ်လေးတွင်၊	ဝေကြဉ်သုံးဖြစ်သည်။
၇။	အာ,ဓာတ်, သစ္စာ၊	ထက်တိုင်းသာ၊	ခက်မှာမဟုတ်ပြီ။
၈။	ကုသိုလ်ပြုရာ၊	ဉာဏ်ယှဉ်ပါ၊	ဝေဒနာမှာသည်၊
၉။	ဒုက္ခ ဥပေက္ခာ၊	မဟုတ်ပါ၊	သောသာဖြစ်လေသည်။
၁၀။	ထိုအခိုက်မှု၊	ကုဖြင့်ဟူ၊	ပျော်သူဖြစ်လေသည်။
၁၁။	စိတ်ချမ်းသာသူ၊	ဝမ်းမြောက်သူ၊	ကြည်သူဖြစ်လေသည်။
၁၂။	ထိုသောမနဿ၊	ခန်,အာမ္ပ၊	ဓာတ်မှုဖြစ်လေသည်။
၁၃။	ဒုက္ခသစ္စာ၊	သက်သက်သာ၊	သူငါမဟုတ်ပြီ။
၁၄။	နာမ်၏မျှသာ၊	တမျှသာ၊	ဉာဏ်ဖြာသိရမည်။

၂။ မဟာကုသိုလ် ပဌမစိတ်ကို ဝေဒနာတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ဝိပါကတိုက်ဖြင့်ဝေဖန်ခြင်း ။ ။ ဝိပါကတိုက် သုံးပဒရှိသည့်အနက်က မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပဒဖြစ်သော 'ဝိပါကဓမ္မ ဓမ္မာ' အရ၌ ပါဝင်လေသည်။ ဝိပါကဓမ္မ ဓမ္မာ - ဟူသည် 'အကျိုးကို ဖြစ်စေတတ်သော တရားများ' ဟူ၍ အဓိပ္ပါယ်ရလေသည်။ ယင်းအကျိုးကို ဖြစ်စေတတ်သောတရားများမှာ - ကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၅၂-ပါး ဖြစ်လေသည်။

ကုသိုလ်စိတ် ၂၁-ပါးအနက် မဟာကုသိုလ် ပဌမစိတ်သည် မဟာကုသိုလ်စိတ် ၅စ်ပါးတွင် ပဌမဆုံးစိတ်၌ ပါဝင်လေသည်။ ဤပဌမစိတ်၌ ရွေးအတိုင်းပင် စေတသိက် ၃၈-ပါး ယှဉ်လေသည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာမှာလည်း ရွေးအတိုင်းပင် ဖြစ်လေသည်။

အကုသိုလ်ပြုလုပ်၍ အကုသိုလ်က အကျိုးပေးလျှင် သုခဟူသော အကျိုးကိုပေးမည်မဟုတ်ပေ။ ဒုက္ခဟူသော အကျိုးကိုသာ ပေးမည်ဖြစ်သည်။ ကုသိုလ်ပြုလုပ်၍ ကုသိုလ်က အကျိုးပေးလျှင် ဒုက္ခဟူသော အကျိုးကို ပေးမည် မဟုတ်ဘဲ သုခဟူသောအကျိုးကိုသာ ပေးမည်ဖြစ်လေသည်။ ဘုရားရှိခိုးသူသည် ဘုရားရှိခိုးခြင်းအကျိုး၊ ဒါနပြုသူသည် ဒါနအကျိုး၊ သီလပြုသူသည် သီလအကျိုး၊ ဘာဝနာပြုသူသည် ဘာဝနာအကျိုးကို အသီးသီးခံစားကြရမည် ဖြစ်လေသည်။ ယင်းအကျိုးများ၏ ဝတ္ထုသာဓကကို ရွေးကမြောက်များစွာ ပြခဲ့ပြီး ဖြစ်သည်။

အထူးအားဖြင့် ဤ၌သိရှိရန်ကား မဟာကုသိုလ် ပဌမစိတ်သည် တိဟိတ်ကုသိုလ်စိတ် ဖြစ်သည့်အတိုင်း တိဟိတ်ကုသိုလ်စိတ်ဖြင့်သေလျှင် တိဟိတ်ဝိပါက်ဟူသော ပဋိသန္ဓေကျိုးကို ရရှိမည်ဖြစ်သည်။ သဗ္ဗညုဘုရားရှင် အားလုံး၊ ပစ္စေကဗုဒ္ဓါအားလုံး၊ ရဟန္တာပုဂ္ဂိုလ်များအားလုံး၊ သောတာပန် အစရှိသော အရိယာပုဂ္ဂိုလ်အားလုံးတို့သည် တိဟိတ်ကာမဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသော ပုဂ္ဂိုလ်များချည်း ဖြစ်ကြသည်။

ကုသိုလ်ပြုရာ၌ ဉာဏ်မယှဉ်ခဲ့သော် ပဋိသန္ဓေနေရာ၌ အဖောဟကင်းသော ဒွိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေရပေလိမ့်မည်။ ဒွိဟိတ်စိတ်နှင့် ပဋိသန္ဓေနေလာသူသည် မင်္ဂုလဒန္တီဘုန်းကို ဘယ်လိုမှ ရနိုင်မည်မဟုတ်ပေ။ အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်သုံးပါး ပါသော တိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်မှသာ မင်္ဂုလဒန္တီဘုန်းကို ရကြပေလိမ့်မည်။ ထို့ကြောင့် ကုသိုလ်ပြုရာ၌ ဘယ်ကုသိုလ်ကိုပြုပြု ဉာဏ်ယှဉ်၍ ပြုရမည်။ စိတ်ပါလက်ပါ ပြုရမည်။ လေးလေးစားစား ပြုရမည်။ သို့မှသာ နောင်ဘဝတို့၌ အမြတ်စား တိဟိတ်ပဋိသန္ဓေနေ၍ အမြတ်စား တိဟိတ်ပုဂ္ဂိုလ်ဖြစ်ကြကာ အမြတ်စားမင်္ဂုလဒန္တီဘုန်းကို ရကြမည် ဖြစ်လေသည်။

အဘိဓမ္မာ ဒေသနာတော်အရ တိဟိတ်ပဋိသန္ဓေကျိုးကို ပေးစေတတ်သော ထိုမဟာကုသိုလ်ပဌမစိတ်ဟူသော တိဟိတ်ကုသိုလ်စိတ်သည်လည်း ခန္ဓာ, အာယတနမျှသာ ဖြစ်လေသည်။ ဓာတ်မျှသာ ဖြစ်လေသည်။ ဒုက္ခသစ္စာမျှသာ ဖြစ်လေသည်။ သူဇါ မဟုတ်ပေ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်လေသည်။ ကုသိုလ်တရားမျှသာ ဖြစ်လေသည်။

၃။ ကုသိုလ်ပစိတ်ကို ဝိပါကတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ဝိပါတိုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	ဓမ္မဓမ္မာ၊	ဒုဟ့ဒ်မှာ၊	ဓိပ္ပါသိရမည်။
၃။	အကျိုးကိုသာ၊	ဖြစ်စေတာ၊	ဓိပ္ပါဖြစ်လေသည်။
၄။	အရကောက်မှာ၊	အကုပါ၊	ကုပါ ပါဝင်သည်။
၅။	ပစိတ်သည်ကား၊	ကုရွှစ်ပါး၊	ပထားပါဝင်သည်။
၆။	ခန်,အာ,သစ်လိုင်း၊	ဓာတ်အားလိုင်း၊	ကုတိုင်းဖြစ်လေသည်။
၇။	အကုပြုရာ၊	ဒုက္ခသာ၊	သုခါမပေးပြို။
၈။	ကုသိုလ်ပြုရာ၊	သုခသာ၊	ဒုက္ခာမပေးပြို။
၉။	ဝတ္ထုသာကေ၊	မြောက်များလှ၊	ရှေးကပြုခဲ့ပြို။
၁၀။	ကုဝဋ္ဌမစိတ်၊	တိဟိတ်စိတ်၊	တိဟိတ်သေလျှင်သည်၊
၁၁။	တိဝိသန္ဓေ၊	အကျိုးပေ၊	မသွေရလိမ့်မည်။
၁၂။	ဘုရားရှင်တွေ၊	တိဟိတ်ပေ၊	သန္ဓေနေခဲ့သည်။
၁၃။	ကုသိုလ်ပြုရာ၊	ဉာဏ်မပါ၊	ဒွိသာဖြစ်လိမ့်မည်။
၁၄။	ဒွိဟိတ်ဖြစ်မှု၊	မဂ်ဖိုလ်ဟူ၊	ဘယ်သူမရပြို။
၁၅။	တိဟိတ်ဖြစ်မှ၊	မဂ်ဖိုလ်ပ၊	ရကြပေလိမ့်မည်။
၁၆။	တိဟိတ်သည်လေ၊	ဓာတ်မျှပဲ၊	ဒုက်ပဲဖြစ်လေသည်။
၁၇။	ပဋိုလ်,သတ္တဝါ၊	အဘယ်မှာ၊	ရှာပါရလိမ့်မည်။
၁၈။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၄။ ကုပစိတ်ကို ဝိပါကတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ကုပစိတ်ကို ဥပါဒိန္နတိက်ပြုင့် ဝေဖန်ခြင်းဠ် ကိုယ်ကျင့်တရားများ

၄။ ဥပါဒိန္နတိက်ပြုင့် ဝေဖန်ခြင်း ။ ။ ဥပါဒိန္နတိက်၌ မဟာကုသိုလ်ပဌမစိတ်သည် 'အနုပါဒိန္န ဥပါဒါနိယာ ဓမ္မာ' ဟူသော ဒုတိယပဒ၌ ပါဝင်သည်။ အနုပါဒိန္န ဥပါဒါနိယာ ဓမ္မာဟူသော အဓိပ္ပါယ်မှာ အနုပါဒိန္န – တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့် ကံ၏အကျိုးကား မဟုတ်ပေ။ ဥပါဒါနိယာ ဓမ္မာ – ထိုတဏှာ, ဒိဋ္ဌိတို့၏ အာရုံပြစ်သော အစီးအပွား ပြစ်သောတရားများ ဟူ၍ အဓိပ္ပါယ်ရလေသည်။

အရကား – အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ် ၁၇-ပါး၊ ကြိယာစိတ် ၂၀၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ် ၁၇-ပါး၊ ဥတုဇရုပ် ၁၅-ပါး၊ အာဟာရဇရုပ် ၁၄-ပါး ပြစ်လေသည်။

ထိုတွင် မဟာကုသိုလ် ပဌမစိတ်သည် လောကီကုသိုလ် ၁၇-ပါးအနက် မဟာကုသိုလ်စိတ် ၈-ပါး၏ ပဌမစိတ်တွင် ပါဝင်သွားလေသည်။ စေတသိက်မှာ ၃၈-ပါးပင် ပြစ်လေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာအရ တို့လည်း ကုသလာဓမ္မာအရတိုင်းပင် ပြစ်လေသည်။

ဤ၌ ထူးခြားချက်ကား အကုသိုလ်၊ လောကီကုသိုလ်၊ ကြိယာစိတ်များ၊ ထိုစိတ်တို့ကြောင့်ပြစ်သော စိတ္တဇရုပ်များသည် တဏှာ, ဒိဋ္ဌိတို့၏ စည်ပင်ပွားစီးရာ အာရုံပြစ်နေခြင်းပင် ပြစ်လေသည်။

ဆက်ပါဦးမည်။ အကုသိုလ်ပြုနေသူကို အကုသိုလ်ပြုမှုကို နှစ်သက်သော လူပိုက်များက တဏှာ, ဒိဋ္ဌိတို့ပြင့် အာရုံပြုကာ နှစ်သက်သဘောကျ စွဲလမ်းသော စိတ်မျိုးပြစ်နိုင်သလို မဟာကုသိုလ် ပဌမစိတ်ပြင့် ကုသိုလ်ပြုနေသူကိုလည်း အခြားသောပုဂ္ဂိုလ်တို့က 'သိပ်တော်တာပဲ... ကုသိုလ်ကောင်းမှုကို သိပ်လုပ်တာပဲ' ဟူ၍ ကုသိုလ်ရှင်၏ ကုသိုလ်စိတ်ကိုလည်းကောင်း၊ ကုသိုလ်စိတ်ကြောင့်ပြစ်သော ရုပ်ကိုလည်းကောင်း တဏှာ, ဒိဋ္ဌိတို့ပြင့် အာရုံပြုကာ နှစ်သက်သဘောကျ စွဲလမ်းမှု ပြစ်နိုင်လေသည်။

ကုသိုလ်ပြုသူကို ထားဘိဦး– ကြိယာစိတ်မျှသာပြစ်သော ရဟန္တာတို့၏စိတ်နှင့် ထိုကြိယာစိတ်ကြောင့်ပြစ်သော စိတ္တဇရုပ်များကိုပင် အခြားသူတို့က တဏှာ, ဒိဋ္ဌိတို့ပြင့် အာရုံပြုကာ စွဲလမ်းမှုပြစ်နိုင်လေသည်။

ထို့ကြောင့် ရဟန္တာမ ပြစ်သော ဥပ္ပလဝဏ်၏ခန္ဓာကို နန္ဒလုလင်က စွဲလမ်း၍ ပြစ်မှားသောကြောင့် မြေမျိုကာ အဝီစိငရဲ၌ ပြစ်ရသလို အရှင်မဟာကစ္စည်း၏ ခန္ဓာကိုယ်ကို သောဏေယျသူဌေးသားက ပြစ်မှား၍ ယောက်ျားဘဝကနေ မိန်းမဘဝသို့ ရောက်ရခြင်းသည် တဏှာ, ဒိဋ္ဌိတို့၏ အာရုံအပြစ်က ကြိယာစိတ်နှင့် စိတ္တဇရုပ်များပင် မလွတ်မြောက်နိုင်သေးဟူသော အချက်သည် ထင်ရှားနေလေသည်။ တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်ဦးစီးသည့် ကံကြောင့်ပြစ်သော လောကီဝိပါက်နှင့် ကမ္မဇရုပ်တို့သည်မူကား ပြောစရာပင် မလိုတော့ပေ။

ထိုလောကီဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များသည်ကား တဏှာ, ဒိဋ္ဌိ ဦးစီးသည့်ကံ၏ အကျိုးတရားလည်း ပြစ်သလို တဏှာ, ဒိဋ္ဌိတို့၏ အာရုံပြု ပွားစီးရာ တရားများလည်း ပြစ်လေသည်။

ကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်များနှင့် ထိုကြိယာစိတ်ကြောင့်ပြစ်သော စိတ္တဇရုပ်များ၊ ဥတုဇရုပ်များ၊ အာဟာရဇရုပ်များသည်ကား တဏှာ, ဒိဋ္ဌိ ဦးစီးသည့် ကံ၏အကျိုးတရားများတော့ မဟုတ်ပေ။ တဏှာ, ဒိဋ္ဌိတို့၏

အာရုံပြုရာ၊ စွဲလမ်းရာ တရားများ ဖြစ်နေကြသည်။ ထို့ကြောင့် လောကီခန္ဓာငါးပါးကို ဥပါဒါန်တို့ဖြင့် စွဲလမ်းရာ ပဋ္ဌပါဒါနက္ခန္ဓာ ဟူ၍ ဆိုရခြင်း ဖြစ်လေသည်။

လောကုတ္တရာစိတ်ရှစ်ပါးနှင့် နိဗ္ဗာန်သည်ကား တဏှာ, ဒိဋ္ဌိ ဦးစီးသည့် ကံ၏အကျိုးတရားလည်း မဟုတ်သလို တဏှာ, ဒိဋ္ဌိတို့ဖြင့် အာရုံပြုနိုင်သော၊ စွဲလမ်းနိုင်သော တရားမျိုးလည်း မဟုတ်ပေ။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့ ဖိုဖိတို့၏ လောကုတ္တရာစိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခိုက် လောကုတ္တရာခန္ဓာကိုယ်ကိုကား တဏှာ, ဒိဋ္ဌိတို့ဖြင့် အာရုံပြုနိုင်ရာမဟုတ်သောကြောင့် ပဋ္ဌပါဒါနက္ခန္ဓာဟူ၍ မဆိုရဘဲ ထိုအချိန် ထိုအခိုက်၌ ပဋ္ဌက္ခန္ဓာဟူ၍သာ ဆိုနိုင်လေသည်။

ထိုတဏှာ, ဒိဋ္ဌိတို့ အာရုံပြုနိုင်သော မဟာကုသိုလ်စိတ်၊ ဧစတသိက်တရားများသည်လည်းကောင်း၊ အာရုံပြုသော တဏှာ, ဒိဋ္ဌိတရားများသည် လည်းကောင်း ခန္ဓာ, အာယတန, ဓာတ်, ဥက္ခသစ္စာမျှသာ ဖြစ်လေသည်။ တဏှာသည်ကား သမုဒယသစ္စာမျှသာ ဖြစ်လေသည်။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပေ။ ငါ သူတစ်ပါး မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်လေသည်။ ကုသိုလ်တရားမျှသာ ဖြစ်လေသည်။ တဏှာ, ဒိဋ္ဌိတို့ကား အကုသိုလ်တရားမျှသာ ဖြစ်လေသည်။

၄။ ကုပစိတ်ကို ဥပါဒိန္နတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	ဥပါတိက်မှာ၊	ဝကုဟာ၊	ဒုမှာပါဝင်သည်။
၂။	အနုပါ ဥပါ၊	ဒုပုဒ်မှာ၊	မိပို့ သိရမည်။
၃။	ဏှာ, ဒိ၏ကား၊	ကံကျိုးကား၊	ဟုတ်ကား မဟုတ်ပြီ။
၄။	အာရုံပြုရာ၊	စွဲလမ်းရာ၊	စည်ရာဖြစ်လေသည်။
၅။	ခန်,အာ,ဓာတ်လိုင်း၊	သစ္စာလိုင်း၊	ကုတိုင်းဖြစ်လေသည်။
၆။	အကုပြုငြား၊	ဏှာဒိကား၊	စွဲငြားယူတတ်သည်။
၇။	ကုသိုလ်ပြုလေ၊	ထိုဘူပဲ၊	ယူမြဲယူတတ်သည်။
၈။	ကုပြုသူပင်၊	ထားလိုက်အင်၊	ကြိယာရှင်ကိုသည်၊
၉။	ဒိဋ္ဌိသမား၊	ဏှာသမား၊	စွဲငြားယူလေသည်။
၁၀။	ဥပ္ပလဝဏ္ဏာ၊	ရဟန္တာ၊	နန္ဒာလုလင်သည်၊
၁၁။	ပြစ်မှားခြင်း၊	ဝိဝိစပဲ၊	ငရဲရောက်ရသည်။
၁၂။	သောရေယျကား၊	ကစ္စည်းအား၊	ပြစ်မှားခြင်သာသည်၊
၁၃။	ကျားဘဝမှ၊	မဘဝ၊	ဘဝပြောင်းလေသည်။
၁၄။	ကိုဝိပါက်နှင့် ကမ္မဇရုပ်ပါ၊	အကျိုးပဲ၊	ရုံလဲဖြစ်လေသည်။

၁၅။ ကျန်တိခန္ဓာ၊ ရုပ်နာမ်မှာ၊ ရုံသာဖြစ်လေသည်။
၁၆။ ထို့ကြောင့်သာဖြု့ လောကိစု၊ ပဋ္ဌခေါ် ရသည်။
၁၇။ လောကုတ္တရာ၊ ကျိုးမပါ၊ ရုံပါမရဖြို့။
၁၈။ ထို့ကြောင့်တစ်ဝ၊ ကုတ်ခန္ဓာ၊ ပဋ္ဌဆိုရသည်။
၁၉။ အာရုံဖြစ်ရာ၊ ကုပဟာ၊ ဒုက်သာဖြစ်လေသည်။
၂၀။ ခန္ဓာမျှသာ၊ ဓာတ်မျှသာ၊ သူဝါ မဟုတ်ဖြို့။
၂၁။ နာမ်ဓာတ်မျှသာ၊ ကုမျှသာ၊ ဉာဏ်ဖြာထိရမည်။

၄။ ကုပစိတ်ကို ဥပါဒိန္နတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ကုပကို သဲကိလိဋ္ဌတိုက်ဖြင့် ဧဝဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၅။ သဲကိလိဋ္ဌတိုက်ဖြင့် ဧဝဖန်ခြင်း ။ ။ သံကိလိဋ္ဌတိုက် သုံးပုဒ်ရှိရာတွင် မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်သည်။ ဒုတိယပုဒ်မှာ 'အသံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ' ဖြစ်လေသည်။ အဓိပ္ပါယ်မှာ အသံကိလိဋ္ဌ = ကိလေသာတို့၏ လွှမ်းမိုးမှုကို မခံရ။ သံကိလေသိကာ = ကိလေသာတို့၏ အာရုံဖြစ်သောတရားများ ဟူ၍ အဓိပ္ပါယ်ရသည်။ ယင်းကိလေသာတို့၏ လွှမ်းမိုးမှုကို မခံရ၊ ကိလေသာ၏ အာရုံဖြစ်သောတရားများမှာ -

လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈-ပါး၊ ရုပ် ၂၈-ပါး ဖြစ်လေသည်။

ထိုတွင် မဟာကုသိုလ် ပဌမစိတ်မှာ လောကီကုသိုလ် ၁၇-ပါးထဲတွင် ပါဝင်လေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့မှာ ကုသလာဓမ္မာအတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်ကား -

အကုသိုလ်စိတ် ၁၂-ပါး ဟူ ဆိုအပ်သော အကုသိုလ်တရားများသည် ကိလေသာ တရားတို့၏ လွှမ်းမိုးဖိစီးမှုကို ခံရသလို ကိလေသာ၏ အာရုံဖြစ်မှုကိုလည်း ခံရလေသည်။

လောကီကုသိုလ် ၁၇-ပါး စသည်တို့ကား ကိလေသာတရားဆိုးတို့၏ လွှမ်းမိုးဖိစီးမှုကို မခံရဘဲ ကိလေသာတို့၏ အာရုံဖြစ်မှုကိုသာ ခံရလေသည်။

ဘုရားဝတ်တက်ခြင်း၊ အလှူဒါနပြုခြင်း စသည်ဖြင့် ဉာဏ်နှင့်ယှဉ်၍ ကုသိုလ်ပြုနေသူ၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်လျက်နေလေသည်။ ထိုအချိန် ထိုကာလ၌ ရန်သူတို့၏ လွှမ်းမိုးဖိစီး နှိပ်စက်မှုဒဏ်မှ လွတ်မြောက်လာသူကဲ့သို့ ထိုမဟာကုသိုလ် ပဌမစိတ်သည် ရန်သူဖြစ်သော ကိလေသာတို့၏ လွှမ်းမိုး ဖိစီးနှိပ်စက်မှုဒဏ်မှ တဒင်္ဂယာယီ လွတ်မြောက်လျက်ရှိပေသည်။ ထိုအချိန် ထိုကာလသည် အလွန်တန်ဖိုးရှိသော အချိန်ကာလဖြစ်လေသည်။ ရန်သူနယ်မြေမှ လွတ်မြောက်လာသူသည် သက်သာရာ ရသကဲ့သို့ မဟာကုသိုလ် ပဌမစိတ်ဖြစ်နေချိန်၌ ထိုပုဂ္ဂိုလ်သည် သက်သာရာရလျက် ရှိနေလေသည်။

မှန်၏။ အများအားဖြင့် သတ္တဝါအပေါင်းတို့သည် ကိလေသာရန်သူတို့၏ လွှမ်းမိုးဖိစီး နှိပ်စက်မှုအောက်မှာ အလူးအလဲ ပြားပြားဝပ် ခံနေကြရသည် မဟုတ်ပါလော။ သို့ရာတွင် ကိလေသာ၏ အာရုံပြုရာနယ်ပယ်က မလွတ်သေးသည်ဖြစ်၍ ကိလေသာ၏ လွှမ်းမိုးဖိစီးမှုဒဏ်ကို တစ်ဖန်ပြန်၍ ခံကြရဦးမည် ဖြစ်လေသည်။

မဟာကြိယာ အရှင်များဖြစ်ကြသော ဘုရား၊ ရဟန္တာ အရိယာတို့သည်ပင် ကိလေသာ လွှမ်းမိုးဖိစီးနှိပ်စက်မှုဒဏ်မှ အပြီးတိုင် လွတ်မြောက်ကြသော်လည်း ခန္ဓာငါးပါးရှိနေ၍ ကိလေသာရန်သူတို့၏ အာရုံပြုမှုကိုကား ခံကြရသည်သာ ဖြစ်လေသည်။ ဥပါဒိန္နတိုက်က ပြခဲ့သည့်အတိုင်း ရဟန္တာဖြစ်ကြသော ဥပ္ပလဝဏ်ထေရီမနှင့် အရှင်မဟာကစ္စည်းထေရ်တို့၏ ဖြစ်ရပ်ကို ပုံမှီး၍ သိနိုင်ကြပေသည်။

ရန်သူဖြစ်သော ကိလေသာတရားဆိုးတို့၏ လွှမ်းမိုးဖိစီးနှိပ်စက်မှုဒဏ်မှလည်းလွတ်၊ ကိလေသာတို့၏ အာရုံပြုမှုကိုလည်း မခံရသောတရားမှာ လောကုတ္တရာတရားရှစ်ပါးနှင့် နိဗ္ဗာန်တို့သာ ဖြစ်လေသည်။

ကိလေသာ၏ လွှမ်းမိုးမှုကို မခံရ၊ ကိလေသာ၏ အာဏာပြုခြင်းကို ခံရသော ဤကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်၏။ ၎င်း သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ပေ။ ဒုက္ခသစ္စာမျှသာတည်း။ နာမ်တရားမျှသာတည်း။ ကုသိုလ်မျှသာတည်း။

၅။ ကုသိုလ် ပဒီတ်ကို သဘာဝလိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	သဘာဝတိတ်မှာ၊	ပကုဟာ၊	ဒုမ္မာဟိဝတ်ဆင်သည်။
၂။	အသဘာဝလိုဋ္ဌ သဘာဝသိဒ္ဓာ၊	ဒုဗ္ဘဒ်မှာ၊	မိဖွါးထိရမည်။
၃။	ကိလေသမိုးတုန်၊	မခံတုန်၊	အာရုံဖြစ်လေသည်။
၄။	အတုမ္ဘတစ်ပါး၊	တိတရား၊	ကုန်များရလေသည်။
၅။	ကုဝစိတ်အင်၊	ထိကုတ္ထင်၊	ဟိဝတ်ထားလေဖြို။
၆။	ခံ,အာ,ဓာတ်လိုင်း၊	ထစ္စာလိုင်း၊	ကုတိုင်းဖြစ်လေသည်။
၇။	ကိလေသမိုးမှု၊	ခံရမှု၊	ရုံပြုတရားထည်၊
၈။	အကုတရား၊	ဆတ္ဘ်နှစ်ပါး၊	ထင်ရှားဖြစ်လေသည်။
၉။	တျန်လောကိမှာ၊	အာရုံသာ၊	လွှမ်းတာကင်းလေသည်။
၁၀။	ကုပြုကြမူ၊	ဉာဏ်ဘုဉ်ဟူ၊	ပြုထူများတို့ထည်၊
၁၁။	ထက်ထက်မြက်မြက်၊	ကုသိုလ်စက်၊	ဖြစ်လျက်နေလေသည်။
၁၂။	ထိအချိန်မျိုး၊	ကိလေဆိုး၊	လွှမ်းမိုးကင်းနေထည်။
၁၃။	ရန်သူ၏မူ၊	နယ်ပယ်ဟူ၊	လွတ်ထူကဲ့ထိုထည်၊
၁၄။	ကိလေရန်သူ၊	နယ်ပယ်ဟူ၊	လွတ်ထူဖြစ်လေထည်။
၁၅။	ရန်နယ်လွတ်လော၊	တဒင်္ဂီ၊	ထက်ဘာရနေထည်။
၁၆။	ထိအချိန်မှာ၊	တန်ဖိုးဟာ၊	လွန်စွာရှိလေသည်။
၁၇။	သို့ရာတွင်ကား၊	အာရုံကား၊	ပြုကြားခံရသည်။
၁၈။	ထိုမှတစ်တိ၊	လွှမ်းခံထိ၊	ထတိပြုရမည်။
၁၉။	လွှမ်းလဲမခံရ၊	ရုံလဲပ၊	ပြုမှလွတ်တာသည်၊
၂၀။	လောကုတ်ရစ်တန်၊	မြတ်နိဗ္ဗာန်၊	အမှန်ဖြစ်လေသည်။
၂၁။	ဤကုသလော၊	ဓာတ်မျှသာ၊	သူငါမဟုတ်ပြီ။

၅။ ကုသိုလ် ပ.စိတ်ကို သဘာဝလိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ကုပစိတ်ကို ဝိတက်တိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၆။ ဝိတက်တိုက်ဖြင့် ဝေဖန်ခြင်း

၁။ သဝိတက္က သဝိစာရ ဓမ္မာ – ဝိတက်၊ ဝိစာရနှစ်မျိုးလုံးဖြစ်သော တရားများ

၂။ အဝိတက္က ဝိစာရမတ္တာဓမ္မာ – ဝိတက်မ်ဖြစ်၊ ဝိစာရသာ ဖြစ်သောတရားများ။

၃။ အဝိတက္က အဝိစာရ ဓမ္မာ – ဝိတက် ဝိစာရ နှစ်မျိုးလုံး မဖြစ်သော တရားများ

– ဟူ၍ ဝိတက်တိုက်၌ သုံးပုဒ်ရှိလေသည်။

ထိုတွင် –

၁။ ဝိတက်, ဝိစာရ နှစ်မျိုးလုံးဖြစ်သော တရားမှာ – ဒွေဝဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပဌမဈာန်စိတ် ၁၁ – ပါး –ပေါင်း စိတ် ၅၅-ပါး ၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ၅၀–တို့ ဖြစ်ကြသည်။

၂။ ဝိစာရသာဖြစ်၍ ဝိတက်မဖြစ်သောတရားများမှာ – ဒုတိယဈာန်စိတ် ၁၁-ပါး၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ၃၆-ပါး၊ သဝိတက္က သဝိစာရစိတ် ၅၅-ခုဉ်ဖြိုသော ဝိတက်စေတသိက် ၅၅-ပါးတို့ ဖြစ်ကြသည်။

၃။ ဝိတက်, ဝိစာရနှစ်မျိုးလုံး မဖြစ်သောတရားမှာ – ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၌ဖြိုသော ဝိစာရစေတသိက် ၁၁-ပါး၊ ဂူဝ် ၂၈-ပါး၊ နိဗ္ဗာန်တရားတို့ ဖြစ်ကြလေသည်။

ထိုသုံးပုဒ်အနက် မဟာကုသိုလ် ပဌမစိတ်သည် ဝိတက်, ဝိစာရနှစ်မျိုးလုံးဖြစ်သော အရ၌ ပါဝင်သွားလေသည်။ ဒုတိယပုဒ်အရမှာလည်း ပါဝင်သည်။ ဤ၌ ကုသလာဓမ္မာ ဟူသော ကုသလတိုက်နှင့် ထူးခြားချက်ကား ကုသလတိုက်၌ စေတသိက် ၃၈–ပါး ရသော်လည်း ဤဝိတက်တိုက်၌ ဝိတက်သည် ဝိတက်နှင့် မယှဉ်သောကြောင့်လည်းကောင်း၊ ဝိစာရသည် ဝိစာရနှင့်မယှဉ်သောကြောင့်လည်းကောင်း ‘ဝိတက်, ဝိစာရ’ ကြဉ်၍ စေတသိက် ၃၆–ပါး ရလေသည်။ ဤမျှသာ ထူးလေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့မှာ ကုသလတိုက် အတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်မှာ ဝိတက်, ဝိစာရပင် ဖြစ်လေသည်။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုပြု၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေချိန်၌ ကြံစည်မှု ဝိတက်လည်း ပါဝင်သလို သုံးသပ်မှု ဝိစာရလည်း ပါဝင်ပေသည်။

ငှက်လည်း ပျံရင်းသေ၊ လူလည်း ကြံရင်းသေ – ဟူ၍ ဆိုရိုးစကားအတိုင်း လူတို့သည် ကြံစည်မှု ဝိတက် ဖြစ်ကြရာ၌ လူမှုရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးတို့နှင့်စပ်သော အကြံအစည်တို့ကိုသာ အများဆုံး ကြံစည်မှု ဖြစ်ကြလေသည်။ ကုသိုလ်ကောင်းမှုနှင့်စပ်၍ ကြံစည်မှုကား နည်းလှပေသည်။ ထိုကြံစည်မှုသည်လည်း ကုသိုလ်မပြုမီ ကုသိုလ်ပြုရေးအတွက် ကြံစည်မှု၊ ကုသိုလ်ပြု၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေချိန်၌ ကြံစည်မှု ဟူ၍ ရှိပြန်လေရာ မဟာကုသိုလ် ပဌမစိတ် ဖြစ်ချိန်၌ ကြံစည်မှု၊ သုံးသပ်မှုတို့က ပို၍ မြင့်မြတ်လှပေသည်။ အကြောင်းကား စိတ်ကူးမျှ မဟုတ်။ လက်တွေ့ အကောင်အထည် ဖော်နေသောကြောင့် ဖြစ်သည်။ ယင်းနှင့်စပ်၍ ဝတ္ထုသာဓကများကို ရှေးကပြခဲ့ပြီး ဖြစ်သည်။

ဤဝိတက်, ဝိစာရနှင့်တကွပြစ်သော ကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာတည်း။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာယ်မျှသာတည်း။ ကုသိုလ်မျှသာတည်း။

၄။ ကုသိုလ် ပစိတ်ကို ဝိတက်တိုက်ပြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	ဝိတက်ထိတ်မှာ၊	ကုပဏာ၊	ပမှာဟိဝတ်သည်။
၂။	သဝိတက္ကာ၊	သဝိစာ၊	ဓိပ္ပါ သိရမည်။
၃။	ထက်,စာန်စ်ပါး၊	ဖြစ်ကြောင်း၊	တရားဖြစ်လေထည်။
၄။	ဝိတက်, ဝိစာ၊	ပကုမှာ၊	ဖြစ်တာသိုဝ်ထည်။
၅။	သုံးဆယ့်ရစ်တွင်၊	တက်စာကြဉ်၊	ဤတွင်ထူးလေထည်။
၆။	ခန်,အာ,ဓာတ်လိုင်း၊	သစ္စာလိုင်း၊	ကုတိုင်းဖြစ်လေထည်။
၇။	လူမျှားစွာသည်၊	ထိုထိုဤ၊	လိလိကြုံကြထည်။
၈။	လူမှုရေးရာ၊	အဖြာဖြာ၊	ကြုံတာများကြသည်။
၉။	ကုသိုလ်ရေးရာ၊	ကုပြုတာ၊	ကြုံတာလွန်နည်းသည်။
၁၀။	ဒါနစဖြာ၊	တုပြုရာ၊	တက်စာပါဝင်သည်။
၁၁။	မပြုခင်ကြုံ၊	ပြုနေကြုံ၊	ပြုကြုံပိုမြတ်သည်။
၁၂။	စိတ်ကူးမဟုတ်၊	လက်တွေ့လုပ်၊	ဖော်ထုတ်မြတ်ပေသည်။
၁၃။	ဝတ္ထုသာဓကော၊	ရှေးပိုင်းက၊	တင်ပြပြီးခဲ့ပြီ။
၁၄။	ဝိတက်,ဝိစာ၊	တုသလာ၊	သူဝါ မဟုတ်ပြီ။
၁၅။	နာမ်ဏ်မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၆။ ကုသိုလ် ပစိတ်ကို ဝိတက်တိုက်ပြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ကုသိုလ် ပစိတ်ကို ဝီတိတိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၇။ ဝီတိတိုက် ။ ။ ဝိကိတိုက်၌-

၁။ ဝီတိသဟဂတာ ဓမ္မာ - ဝီတိနှင့်တကွဖြစ်သော တရားများ။

၂။ သုခသဟဂတာ ဓမ္မာ - သုခဝေဒနာနှင့်တကွဖြစ်သော တရားများ။

၃။ ဉပေက္ခာသဟဂတာ ဓမ္မာ - ဉပေက္ခာနှင့်တကွဖြစ်သော တရားများ ဟူ၍ သုံးပုဒ်ရှိလေသည်။

ထိုတွင် ဝီတိနှင့်တကွဖြစ်သော တရားများမှာ - လောဘမူ သောမနဿ ၄ -ပါး၊ သောမနဿသန္ဓိရုဏ် ၁-ပါး၊ တသိတူပွါး ၁-ပါး၊ ကာမသောဘန သောမနဿ ၁၂-ပါး၊ ပဌမစျာန် ၁၁-ပါး၊ ဒုတိယစျာန် ၁၁-ပါး၊ တတိယစျာန် ၁၁-ပါး ပေါင်း - ဝီတိနှင့်တကွဖြစ်သောစိတ် ၅၁-ပါး၊ ဝီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၆-ပါး ဖြစ်လေသည်။

ဒုတိယပုဒ် သုခသဟဂတာ ဓမ္မာ အရသည် ဝေဒနာတိုက် ပဌမပုဒ်အရနှင့် တူလေသည်။ ဤမဟာကုသိုလ် ပဌမစိတ်သည် ဤဒုတိယပုဒ်အရ၌လည်း ပါဝင်သောကြောင့် ယင်းကို ဝေဒနာတိုက်က ပြခဲ့ပြီးဖြစ်သည်။

တတိယပုဒ် ဉပေက္ခာသဟဂတာ ဓမ္မာအရသည် ဝေဒနာတိုက် တတိယပုဒ်အရနှင့် တူလေပြီ။

ဤဝိတိတိုက်၌ ဝိတိသဟဂတာ ဓမ္မာအရ မဟာကုသိုလ် ပဌမစိတ်သည် ဝိတိနှင့်တကွဖြစ်သော စိတ် ၅၁-ပါးတွင် ကာမသောဘန သောမနဿ ၁၂-ပါးတွင် မဟာကုသိုလ် သောမနဿလေးပါး၌ နံပါတ်တစ် သောမနဿ အနေဖြင့် ပါဝင်လေသည်။

ဤဝိတိသဟဂတာအရ၌ ပါဝင်သော မဟာကုသိုလ် ပဌမစိတ်သည်လည်း ကုသလာဓမ္မာအရ၌ ပါဝင်သော မဟာကုသိုလ်ပဌမစိတ်နှင့် တူလေပြီ။ ဤ၌ ထူးသည်ကား စေတသိက် ၃၈-ပါးတွင် ဝိတိစေတသိက်သည် စိတ်နှင့်သာယှဉ်ပြီး ဝိတိစေတသိက်နှင့် မယှဉ်သောကြောင့် စေတသိက်အရ ဝိတိကြဉ် ၃၇-ပါး ဖြစ်လေသည်။ ဤမျှသာထူးသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့လည်း ကုသလအတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်ကား ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှု ပြုရာ၌ သုခဝေဒနာ ဟူသော ဝေဒနာစေတသိက် ယှဉ်သလို နှစ်သက်ဝမ်းမြောက်မှုဖြစ်သော ဝိတိ စေတသိက်လည်း ယှဉ်လေသည်။

'ဝိတိတွေပိုံ တစိုံစိုံ' ဆိုဘိသကဲ့သို့ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ပြုရာ၌ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟူသော မဟာကုသိုလ် ပဌမစိတ်နှင့်အတူ ဝိတိသောမနဿ တရားများလည်း တဖွားဖွား ဖြစ်ပေါ်၍ လာတတ်ပေသည်။

ဆက်ဦးအုံ့။ မဟာကုသိုလ် ပဌမစိတ်ဖြစ်ချိန်၌ ထိုစိတ်ကို ကျကျနန စစ်ဆေးလျှင် အပြစ်ကင်းသော၊ သန့်ရှင်းသော၊ ပြူစင်သော စိတ်ဖြစ်နေသည်ကို သိမြင်ကြရမည် ဖြစ်သည်။

လူလောက၌ လူသားတို့အနေဖြင့် မဟာကုသိုလ် သောမနဿဖြစ်ခြင်းထက် လောဘအာရုံနှင့်စပ်သော, ကာမဂုဏ်အာရုံနှင့်စပ်သော လောဘမူ ဝိတိသောမနဿ ဖြစ်မှုက ပို၍များလေသည်။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်နှင့်စပ်သော မဟာကုသိုလ် သောမနဿဖြစ်မှုက လွန်စွာနည်းလေသည်။

လူအပေါင်းတို့သည် ပိဓိတို့ စိတ်သန္တာန်၌ ပိတိသောမနဿ ရရှိခံစားနိုင်ရေးအတွက် တလုပ်လုပ်တရွရွ သွားလာလှုပ်ရှားနေကြရာတွင် မဟာကုသိုလ် ပိတိသောမနဿတွေကို ရရှိခံစားရေးအတွက် မဟုတ်မှာဘဲ လောဘမူ ပိတိသောမနဿတွေကို ရရှိခံစားနိုင်ရေးအတွက်က အလွန်များလှပေသည်။

ထို့ကြောင့် ကုသိုလ်ပြု၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေကြသူများသည် ဖြစ်နိုင်ခဲ ရနိုင်ခဲသော မဟာကုသိုလ် ပိတိ သောမနဿကို ရရှိခံစားနေရသည်ဟု သဘောပေါက် သိမြင်နိုင်ကြပေသည်။ ထိုသို့ သိမြင်မှလည်း ပိဓိ၏ မဟာကုသိုလ် ပဌမစိတ်ကို ကောင်းစွာသိမ်းပိုက်၍ အပရစေတနာအနေဖြင့် အခါခါ အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြမည် ဖြစ်လေသည်။ ထိုဉာဏသမ္ပယုတ် အသင်္ခါရိက သောမနဿ ကုသိုလ်စိတ်သည် သသင်္ခါရိက ကုသိုလ်စိတ်ထက်လည်းကောင်း, ဉာဏဝိပ္ပယုတ် ကုသိုလ်သောမနဿစိတ်ထက်လည်းကောင်း၊ ဥပေက္ခာသမ္ပယုတ် ကုသိုလ်စိတ်ထက်လည်းကောင်း ပို၍အဆင့်မြင့် ပို၍မြတ်သည်ကိုလည်း သတိပြု သင့်ပေသည်။ ဝတ္ထုသာဓကကို ရှေ့ပိုင်းက ပြခဲ့ပြီးဖြစ်သည်။

ဤပိတိနှင့်တကွဖြစ်သော ကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ၎, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိကြရပေမည်။

၇။ ကုပဓိတ်ကို ပိတိတိက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	ဗိတိတိက်မှာ၊	တုဝဟာ၊	ပမာဝါဝင်သည်။
၂။	ဒမှာပါတာ၊	ဓေတိက်မှာ၊	ပြတာပြီးခဲ့ပြီ။
၃။	ဗိတိသဟဂတာ၊	ဝပုဒ်မှာ၊	ဓိပ္ပါသိရမည်။
၄။	ဗိတိယုဉ်ငြား၊	တရားများ၊	သိထားနိုင်ကြသည်။
၅။	ကုတိတ်နှင့်သာ၊	တူလေရာ၊	ထူးတာဗိကြဉ်သည်။
၆။	ခန်, အာ, ဓာတ်လိုင်း၊	သစ္စာလိုင်း၊	ကုတိုင်း ဖြစ်လေသည်။
၇။	ကုသိုလ်ပြုရာ၊	လူတို့မှာ၊	ဉာဏ်ဖြာပြုသင့်သည်။
၈။	ကုစိတ်ဖြစ်မှု၊	ဗိတိဟူ၊	အတူပါဝင်သည်။
၉။	ဗိတိသောမနာ၊	ဖြစ်ဖို့ရာ၊	လွန်စွာရေးကြီးသည်။
၁၀။	လူဟုခေါ် ရ၊	မနုဿ၊	လုပ်ကြတိုင်ကြသည်။
၁၁။	လောဘဗိတိ၊	ရလိုဘိ၊	လွန်ဘိလုပ်ကြထည်။
၁၂။	ကုဗိတိဖြာ၊	ရည်စူးကာ၊	လုပ်တာလွန်နည်းသည်။
၁၃။	ဤသို့သိဘိ၊	ဉာဏ်ဗိတိ၊	ရရှိသူများသည်၊

၁၄။	ရဂိုလောဂြား၊	ကုစိတ်အား၊	ဖိုးထားသိမ်းရမည်။
၁၅။	အပရစေတနာ၊	အခါခါ၊	ပွားကာကြည်ရမည်။
၁၆။	ဗိတိယဉ်ရာ၊	ကုသလာ၊	သူငါမဟုတ်ပြီ။
၁၇။	ခန္ဓာမျှသာ၊	ဓာတ်မျှသာ၊	ဒုက်သာဖြစ်လေသည်။
၁၈။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၇။ ပကုစိတ်ကို ဗိတိတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ကုပစိတ်ကို ဒဿနတိက်ပြုင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၈။ ဒဿနတိက် ။ ။ ဒဿနတိက် သုံးတိက်ရှိရာ ဤမဟာကုသိုလ် ပဌမစိတ်သည် 'ဓနဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ' - သောတာပတ္တိမဂ်သည် ပယ်အပ်သော တရားလည်းမဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သော တရားလည်းမဟုတ်ကုန်သောတရား - ဟူသော တတိယပုဒ်အရတွင် ပါဝင်လေသည်။ ၎င်းပုဒ်အရမှာ -

ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်တရားတို့ ဖြစ်ကြလေသည်။

ထိုတွင် မဟာကုသိုလ် ပဌမစိတ်သည် ကုသိုလ်စိတ် ၂၁-ပါးတို့တွင် ပဌမစိတ်အနေဖြင့် ပါဝင်သည်ဖြစ်၍ စေတသိက်နှင့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့မှာ ကုသလတိက်အတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်ကား ဤမဟာကုသိုလ် ပဌမစိတ်သည် သောတာပန် အစရှိကုန်သော အရိယာပုဂ္ဂိုလ်များ၏ လက်ခံကျင့်သုံးအပ်သောတရား ဖြစ်သည် ဟူသော အချက်ပင် ဖြစ်လေသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ ဟူသော အလွန်ထူးမြတ်သော ပုဂ္ဂိုလ်တို့သည်ပင် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အဖြစ်သို့ မရောက်ခင်က ဤမဟာကုသိုလ် ပဌမစိတ်ကို ရရှိအောင် အထူးဦးစားပေး ပြုလုပ်ဆည်းပူး ဆောင်ရွက်တော်မူ, ပြုကျင့်တော်မူ ခဲ့ကြလေသည်။

ဤမဟာကုသိုလ် ပဌမစိတ်ကို အဓိကမဂ္ဂင်္ဂအဖြစ် ခိုင်မြဲစွာ တည်ဆောက်ပြီးမှ တစ်ဆင့်တက်၍ ရူပါဝစရကုသိုလ် ရရှိအောင်လည်းကောင်း၊ ထိုမှတစ်ဆင့်တက်၍ အရူပါဝစရကုသိုလ်ကို ရရှိအောင်လည်းကောင်း၊ ထိုမှ တစ်ဆင့်တက်၍ မဂ်ကုသိုလ်ကိုလည်းကောင်း ရရှိအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

မဂ်ကုသိုလ်၌ မဂ်ကုသိုလ် ၄-ပါးရှိရာ အရဟတ္တမဂ်ကုသိုလ်အထိ ရရှိအောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်တို့သည် မဂ်ကုသိုလ်ရရှိအောင် ပြုလုပ်ရေးကိစ္စ အလုံးစုံပြီးဆုံးခြင်းသို့ ရောက်သွားလေပြီ ဖြစ်သည်။

ကုသိုလ်ဟူသည် အပြစ်မကင်းသော၊ ယုတ်ညံ့သော အကုသိုလ်တရားများ, ကိလေသာတရားများကို ပယ်သတ်သော အလုပ်ကို ပြုလုပ်သည်ဖြစ်ရကား အရဟတ္တမဂ်ကုသိုလ်ကို ရလျှင်ပင် အလုံးစုံသော အကုသိုလ်၊ အလုံးစုံသော ကိလေသာတရားတို့ကို မြစ်မြှုတ်မကျန်ရအောင် ပယ်သတ်ရှင်းလင်းပြီးဖြစ်၍ နောက်ထပ် ပယ်သတ်စရာ တရားများ မကျန်ရကား မဂ်ကုသိုလ်ရရှိရေး ပြုလုပ်ဖွယ်မရှိတော့သဖြင့် မဂ်ကုသိုလ်ရရှိရေး ပြုလုပ်ဖွယ်ကိစ္စ ပြီးပြီ ဟူ၍ ဆိုရလေသည်။

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့သည် မဂ်ကုသိုလ်ကိစ္စသာ ပြီးသည်မဟုတ်၊ 'စိန်နားကပ်ရောင် ကြောင့် ပါးပြောင်' ဆိုသကဲ့သို့ မဂ်ကုသိုလ်ကိစ္စ ပြီးမြောက်မှုကို အကြောင်းပြု၍ အလုံးစုံသော ကုသိုလ်များကို ပြုလုပ်မှုလည်း ပြီးမြောက်သွားလေသည်။

အလုံးစုံသော ကုသိုလ်ပြုလုပ်မှုကိစ္စ ပြီးမြောက်သွားပြီ ဟု ဆိုသဖြင့် မဟာကုသိုလ်၏ ကာမကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့ကို မပြုလုပ်တော့ဘူးလားဟူ၍ မေးမြန်းဖွယ် ရှိ၏။ အဖြေကား - ထိုကုသိုလ်တို့ကို မပြုလုပ်သည်ကား မဟုတ်၊ ပြုလုပ်ကြပါကုန်၏။ သို့ရာတွင် ကုသိုလ်ပြုလုပ်သော်လည်း ကုသိုလ်မဖြစ်ဘဲ ကြိယာအဖြစ်သို့ ပြောင်းလွဲရောက်သွားလေသည်။

ဆက်ပါဦးမည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့မှတစ်ပါး ကျန်ပုဂ္ဂိုလ်အားလုံးတို့သည် ဘဝများကျန်နေသည် ဖြစ်၍ ကျန်နေသေးသော ဘဝအတွက် ကုသိုလ်က ကောင်းကျိုးချမ်းသာဟူသော အကျိုးကို ပေးရဦးမည်ဖြစ်သည်။ ယင်းအတွက် ကုသိုလ်သည် ကုသိုလ်အဆင့်၌ ရပ်တည်လေသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၌ကား အကျိုးပေးဖွယ်ရာ ဘဝမကျန်တော့သည်ဖြစ်၍ ကုသိုလ်ပြုသော်လည်း အကျိုးပေးခွင့် မရှိတော့သဖြင့် 'ပြုကာမတ္တာ' ဟူသော ကြိယာအဆင့်သို့ ပြောင်းလွဲရောက်သွားခြင်း ဖြစ်လေသည်။ ထို့ကြောင့် အရှင်သာရိပုတြာ အစရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟောခြင်း၊ တံမြက်လှည်းခြင်း၊ ဝေယျာဝစ္စလုပ်ခြင်း စသော ကာမကုသိုလ် မဟာကုသိုလ်များကို ပရိနိဗ္ဗာန်စံဝင်သည်အထိ ပြုလုပ်တော်မူသွားကြလေသည်။

ထိုသို့ အလွန်ထူးမြတ်သောအဆင့်သို့ ရောက်တော်မူနေကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့သည်ပင် တရားဟောခြင်း၊ တရားနာခြင်း၊ တံမြက်လှည်းခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်း စသော မဟာကုသိုလ် ပဌမစိတ် ရရှိရေးအတွက် အလေးထား၍ အကြိမ်ကြိမ်အဓိဌာန် ပြုလုပ်တော်မူကြသေးလျှင် ကျန်သော ပုဂ္ဂိုလ်တို့အတွက် ပြောဖွယ်မလိုတော့ပေ။ မဟာကုသိုလ် ပဌမစိတ် တည်တန့်နေအောင် အရေးတယူ အလေးမူ၍ ပြုလုပ်အားထုတ်ကြရမည် ဖြစ်ပေသည်။

သောတာပတ္တိမဂ်, အထက်မဂ်တို့ဖြင့် မပယ်အပ်သော ဤကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်လေသည်။ ဇ၊ သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါမဟုတ်ပေ။ ဒုက္ခသစ္စာသက်သက်သာ ဖြစ်လေသည်။ နာမ်တရားမျှ။ ကုသိုလ်တရားမျှသာ ဖြစ်လေသည်။

ဂ။ မဟာကုသိုလ် ပဌမစိတ်ကို ဒဿနတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။ ဒဿနတိုက်မှာ၊ ပကုဟာ၊ တမှာပါဝင်သည်။
၂။ နေဝနုဇ္ဇနာ၊ တပုဒ္ဒိမှာ၊ မိဗ္ဗါသိရမည်။
၃။ မဂ်ဉာဏ်လေးပါး၊ မပယ်ခြား၊ တရားဖြစ်လေသည်။
၄။ ဤသတောလာ၊ ပကုဟာ၊ ရိယာများစွာသည်၊
၅။ လိုလိုလားလား၊ အလေးထား၊ ကျင့်ပွားကြလေသည်။
၆။ ဤကုသိုလ်အား၊ မလျှော့ထား၊ ကျင့်ပွားပြီးမှသည်၊
၇။ အရှုကုသိုလ်၊ ရှုကုသိုလ်၊ မဂ်ကိုကျင့်ကြသည်။

၈။	မင်္ဂလေးပါးမူ၊	ရမင်္ဂတူ၊	ရသူများတို့သည်၊
၉။	နောက်ထပ်တစ်ချက်၊	မင်္ဂအတွက်၊	ပြုလျက်မရှိပြီ။
၁၀။	ထုထိုလ်အလုပ်၊	တိလေဟုတ်၊	ပယ်ထုတ်သတ်လေသည်။
၁၁။	ရမင်္ဂရာ၊	ပယ်စရာ၊	ကျန်တာမရှိပြီ။
၁၂။	ထို့ကြောင့်သာပ၊	မင်္ဂတိစ္စ၊	ဖြိုးရဆိုလေသည်။
၁၃။	ထုရားရဟန္တာ၊	မင်္ဂသည်သာ၊	ဖြိုးတာမဟုတ်ပြီ။
၁၄။	ထုထိုလ်မှန်သမျှ၊	ပြုခြင်းက၊	ကိစ္စဖြိုးလေသည်။
၁၅။	သို့ဖြစ်သော်လဲ၊	ကိုကုပဲ၊	ပြုမြဲပြုကြသည်။
၁၆။	ပြုပါသော်ငြား၊	အတျိုးကား၊	ပေးကားမပေးဖြို။
၁၇။	ပြုတာမျှသာ၊	ပြုခြင်းသာ၊	ကြိုဆာဆိုရသည်။
၁၈။	အာသဝေါကင်းတွာ၊	အရိယာ၊	ရဟန္တာများစွာသည်၊
၁၉။	ပစ္ဆိမစိတ်ရှေ့၌၊	နိဗ္ဗာန်ဝင်၊	စံဝင်အထိသည်၊
၂၀။	ထုပစိတ်အား၊	အလေးထား၊	ပြုငြားထွားကြသည်။
၂၁။	ဘဝအထု၊	ကျန်လေမှု၊	ပုထုများစွာသည်၊
၂၂။	ပြောဖွယ်မလို၊	အထူးကို၊	ပြုကိုပြုရမည်။
၂၃။	ဤကုသလာ၊	ဝထုဟာ၊	သူဝါမဟုတ်ပြီ။
၂၄။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာထိရမည်။

၈။ မတာကုသိုလ် ပဌမစိတ်ကို ဒဿနတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • •

၁၀။ မဟာကုသိုလ် ပဌမစိတ်ကို အာစယဂါမိတိက်ဖြင့် ဝေဖန်ခြင်းငှါ ကိုယ်ကျင့်တရားများ

၁၀။ အာစယဂါမိတိက် ။ ။ ကျိတိက်၌ -

၁။ အာစယဂါမိနော ဓမ္မာ - စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းတရားများ

၂။ အပစယဂါမိနော ဓမ္မာ - နိဗ္ဗာန်သို့ ရောက်ကြောင်းတရားများ

၃။ နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ - စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော တရားများဟူ၍ သုံးမျိုးရှိလေသည်။

ထိုသုံးမျိုးအနက် မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရတွင် ပါဝင်လေသည်။ အာစယဂါမိနော ဓမ္မာ ဟူသော ပဌမပုဒ်အရ အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ်စိတ် ၁၇-ပါး၊ စေတသိက် ၅၂-ပါး ရလေသည်။

မဂ်စိတ်လေးပါးနှင့် စေတသိက် ၃၆-ပါးသည် ဒုတိယပုဒ်အရ ဖြစ်သည်။ ထိုအရတို့မှတစ်ပါး ကျန်တရားများသည် တတိယပုဒ်အရ ဖြစ်လေသည်။ ကုသလတိက် တတိယပုဒ်အရနှင့် တူလေသည်။

· အာစယဂါမိတိက်အရ ပဌမပုဒ်အရတွင် ပါဝင်သော မဟာကုသိုလ် ပဌမစိတ်သည် ကုသလပုဒ်အရနှင့် တူလေပြီ။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့လည်း ကုသလပုဒ်က ပြခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။

ကျိတိက်၏ ထူးခြားချက်ကား '**မဟာကုသိုလ် ပဌမစိတ်သည် စုတိ၊ ပဋိသန္ဓေသို့ ရောက်ကြောင်းတရား ဖြစ်သည်**' ဟူသော အချက်ပင် ဖြစ်လေသည်။

ဆိုလိုသည်ကား မဟာကုသိုလ် ပဌမစိတ်ကို ရရှိသူသည် စုတိလည်း စုတိရလေဦးမည်။ ပဋိသန္ဓေလည်း နေရလေဦးမည် ဟု ဆိုလိုပေသည်။

ထိုသို့ စုတိ၊ ပဋိသန္ဓေအဖြစ်သို့ ရောက်ရှိမည့် သဘောဖြင့် အပါယ်လေးပါးဖြင့် စုတိ၊ ပဋိသန္ဓေဖြစ်ခြင်း၊ ကာမသုဂတိခုနစ်ဘုံဖြင့် စုတိ၊ ပဋိသန္ဓေဖြစ်ခြင်းဟူ၍ ရှိလေရာ ကျိမဟာကုသိုလ် ပဌမစိတ်သည် အပါယ်လေးပါးသို့ စုတိ၊ ပဋိသန္ဓေအားဖြင့် ရောက်ကြောင်းမဟုတ်ဘဲ ကာမသုဂတိ ခုနစ်ဘုံသို့ စုတိပဋိသန္ဓေအားဖြင့် ရောက်ကြောင်းတရား ဖြစ်လေသည်။

ကာမသုဂတိမျှနှင့် မကျေနပ်နိုင်ဘဲ နိဗ္ဗာန်ရောက်ကြောင်းအထိ ချီတက်လိုလျှင်တော့ မဟာကုသိုလ် ပဌမစိတ်အဆင့်မှ မဂ်ကုသိုလ်လေးပါးဟူသော မဂ်ဉာဏ်သို့ရောက်အောင် အားထုတ်ရမည် ဖြစ်သည်။ အာစယဂါမိတိက် ဒုတိယပုဒ်အရ မဂ်ဉာဏ်လေးပါးသည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားများကို ကောက်ထားသဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားသည် မဂ်ကုသိုလ်လေးပါးပင် ဖြစ်လေသည်။

ထိုမဂ်ကုသိုလ်လေးပါးကို ရအောင် အားထုတ်ရန်ကလည်း ကျိမဟာကုသိုလ် ပဌမစိတ်ကိုပင် အဓိကမဂ္ဂင်ထား၍ အားထုတ်ရမည်ဖြစ်သည်။ မှန်၏။ ဈာန, သိလ, သမထ, ဝိပဿနာ လုပ်ငန်းတို့၌ မဟာကုသိုလ် ပဌမစိတ် ပါဝင်နေသည်ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ပွားများရသော ဝိပဿနာသည်လည်းကောင်း၊

ရူပနာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် စသော ဝိပဿနာဉာဏ်တို့သည်လည်းကောင်း တရားကိုယ်အားဖြင့် မဟာကုသိုလ် ပဌမစိတ်ပင် ဖြစ်လေသည်။

သို့ဖြစ်၍ ထိုမဟာကုသိုလ် ပဌမစိတ်ဟူသော ဝိပဿနာရူပွားမှုကို အဖန်ဖန်ပွားများ၍ လောကီနယ်၊ ပုထုဇဉ်နယ်၏ အဆုံးဖြစ်သော ဂေါတြဘူဉာဏ်အထိရအောင် အားထုတ်နိုင်ခဲ့ပါလျှင် လောကတွာရာနယ် မင်္ဂဉာဏ်သို့ ရောက်ရှိသွားလေပြီ ဖြစ်သည်။

ကာမသုဂတိဘုံသို့ စုတိ၊ ပဋိသန္ဓေအားဖြင့် ရောက်ကြောင်းဖြစ်သော ဤမဟာကုသိုလ် ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ဇာ, သူတစ်ပါး, ယောက်ျား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိကြရပေမည်။

၁၀။ မဟာကုသိုလ် ပဌမစိတ်ကို အာဇယဂါမိတိက်ဖြင့် ဝေဖန်ခြင်းဌ ဒေသင်ရန်လက်စများ

၁။	အာစယတိတ်မှာ၊	ထုပထာ၊	ပမှာပါဝစ်ထည်။
၂။	အာစယဂါ၊	ပထုဇ်မှာ၊	မိပွါသိရမည်။
၃။	စုသန်သို့အား၊	ရောတ်ကြောင်းများ၊	တရားဖြစ်လေသည်။
၄။	ပကုရလဲ၊	မှန်မလွဲ၊	သေလဲသေဦးမည်။
၅။	သန္ဓေလဲပ၊	မှန်မရှု၊	နေရလေဦးမည်။
၆။	သို့ရာတွင်တား၊	အပါယ်ကား၊	ရောက်ငြားမရှိပြီ။
၇။	ကာသုသို့သာ၊	ရောတ်နိုင်ရာ၊	လွဲတာမရှိပြီ။
၈။	နိဗ္ဗာန်ရောတ်ငြား၊	တရားကား၊	လေးပါးမဂ်ဖြစ်သည်။
၉။	မဂ်တုအထိ၊	ရောတ်လိုဘိ၊	ကရိသူတို့သည်၊
၁၀။	ကုပတုသိုလ်၊	ပြုပဟို၊	အားကိုထုတ်ရမည်။
၁၁။	ဝိအရတွင်၊	ပကုအင်၊	ပါဝင်နေလေသည်။
၁၂။	ဉာဏ်စဉ်များလဲ၊	ပကုပဲ၊	မလွဲသေချာသည်။
၁၃။	ဝိပဿနာတရား၊	ထပ်ထပ်အား၊	ပွားများသူတို့သည်၊
၁၄။	ပု,တိအစု၊	ကျော်လွန်ပြု၊	ဂေါတြရောက်ရင်သည်၊
၁၅။	မဂ်ဉာဏ်အထိ၊	မလွဲတိ၊	ရောက်ရှိသွားလေပြီ။
၁၆။	ဤကုသလာ၊	ပကုဟာ၊	သူ ဝါ မဟုတ်ပြီ။
၁၇။	ယောကျ်ား မိန်းမ၊	ပဂ္ဂလ၊	ဆိုကမရပြီ။
၁၈။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာထိရမည်။

၁၀။ မဟာကုသိုလ် ပဌမစိတ်ကို အာစယဂါမိတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ မဟာကုသိုလ် ပဌမစိတ်ကို သေက္ခတိုက်ဖြင့် ဝေဖန်ခြင်းငွေ့ ကိုယ်ကျင့်တရားများ

၁၁။ သေက္ခတိုက် ။ ။ သေက္ခတိုက်၌ သုံးပုဒ်ရှိရာ –

၁။ သေက္ခာဓမ္မာ – သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့၏ ဥစ္စာဖြစ်သောတရားများ။

၂။ အသေက္ခာဓမ္မာ – ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားများ။

၃။ နေဝသေက္ခ နာသေက္ခာ ဓမ္မာ – သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာတို့၏ ဥစ္စာလည်း မဟုတ်ကုန်သော တရားများ။

ထိုတွင် ပဌမပုဒ်အရ – သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့၏ ဥစ္စာဟူသည် အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် (၇)ပါး၊ စေတသိက် (၃၆)ပါး ဖြစ်သည်။

ဒုတိယပုဒ်အရ – ရဟန္တာတို့၏ ဥစ္စာဟူသည် အရဟတ္တဖိုလ်စိတ်နှင့် စေတသိက် ၃၆-ပါး ဖြစ်လေသည်။

တတိယပုဒ်အရ – သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာတို့၏ ဥစ္စာလည်း မဟုတ်သော ဥစ္စာဟူသည် လောကီစိတ် ၈၁-ပါးနှင့် စေတသိက် ၅၂-ပါး ဖြစ်လေသည်။

ထိုတွင် မဟာကုသိုလ် ပဌမစိတ်သည် တတိယပုဒ်အရတွင် ပါဝင်သွားလေသည်။

ထိုအထဲက မဟာကုသိုလ် ပဌမစိတ်ကို ထုတ်ယူခြင်း၊ စေတသိက်ယှဉ်ခြင်း၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့ခြင်းသည် ကုသလတိက်က ပြခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်ကား မဟာကုသိုလ် ပဌမစိတ်သည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာမဟုတ်ဟူသော အချက်ပင် ဖြစ်လေသည်။ အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာမဟုတ်ဟုဆိုသဖြင့် ပုထုဇဉ်တို့၏ဥစ္စာဖြစ်သည်ဟူသော အချက်သည် ဗျတိရေကနည်းအားဖြင့် ပေါ်လွင်နေပြန်သည်။

ဆက်ပါဦးမည်။ ဤ၌ အရိယာပုဂ္ဂိုလ်တို့၏ တကယ်ပိုင်ဆိုင်ရာ ကိုယ်ပိုင်ဥစ္စာကား ဗိမိတို့၏ မဂ်ဖိုလ်ပင် ဖြစ်သည်။ မဂ္ဂင်္ဂန်ပုဂ္ဂိုလ်လေးယောက်တို့သည် ဗိမိတို့၏မဂ်ကို တစ်ကြိမ်စီ အသီးသီး ပိုင်ဆိုင်ကြလေသည်။ ဖလင်္ဂန်ပုဂ္ဂိုလ်လေးယောက်တို့သည်လည်း ဗိမိတို့၏ ဖိုလ်ကို အသီးသီး ပိုင်ဆိုင်ကြလေသည်။

ချဲ့ဦးအုံး။ ဖလင်္ဂန် အရိယာပုဂ္ဂိုလ်များ ဗိမိတို့၏ ဖိုလ်ကို အသီးသီး ပိုင်ဆိုင်ကြသည် ဆိုရာ၌ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုလည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုလည်းကောင်း အသီးသီး ပိုင်ကြ၍ ဗိမိတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ဖိုလ်များကို ဖလသမာပတ် ဝင်စားသောအားဖြင့် ခံစားသုံးဆောင်တော်မူကြလေသည်။

ဤ၌ သတိပြုစရာအချက်ကား အရိယာပုဂ္ဂိုလ်တို့၌ တကယ်ပိုင်ဆိုင်သော ဝိပိတို့၏ ဖိုလ်ဟူသော ဥစ္စာရှိသကဲ့သို့ ပုထုဇဉ်တို့၌ ပုထုဇဉ်တို့ ပိုင်ဆိုင်သော ကိုယ်ပိုင်ဥစ္စာရှိ၏လော? ဟူ၍ မေးမြန်းစိစစ်သင့်ပေသည်။ တကယ်တော့ ပုထုဇဉ်တို့၌ တကယ်ပိုင်ဆိုင်သော ကိုယ်ပိုင်ဥစ္စာမရှိ ဟူ၍ပင် ဖြေဆိုရပေလိမ့်မည်။

သို့ဖြစ်လျှင် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာမဟုတ်သော လောကီစိတ် ၈၁-ပါးကို အဘယ်သူပိုင်သနည်းဟူ၍ မေးမြန်းလျှင် ဘယ်သူမျှ မပိုင်ပေဟူ၍ပင် ဖြေဆိုရမည်ဖြစ်သည်။ သို့ရာတွင် မပိုင်သော်ငြားလည်း သက်ဆိုင်မှုတော့ ရှိနေပြန်သည်။ ယင်းသို့ သက်ဆိုင်မှု၊ ဆက်စပ်မှုရှိကြသောကြောင့်သာ လောကီကုသိုလ်, အကုသိုလ်တို့ကို ပြုလုပ်ကြပြီးနောက် သတ္တဝါအနန္တတို့သည် အကုသိုလ်က် အကျိုးပေးသောအခါ ဆိုးကျိုးများကို ခံကြရသကဲ့သို့ ကုသိုလ်က် အကျိုးပေးသောအခါ ကောင်းကျိုးများကို ခံစားကြရလေသည်။

ယင်းသို့ဆိုလျှင် မဟာကုသိုလ် ပဌမစိတ်ကိုလည်း မည်သူမျှ မပိုင်ဟူသည့်အချက်သည် ပေါ်လွင်လေပြီ။ သို့ရာတွင် 'ပြုသူများသည်သက်ဆိုင်၏' ဟု ဆိုသကဲ့သို့ အရိယာပုဂ္ဂိုလ်များနှင့်တကွ ပုထုဇဉ်အားလုံးတို့သည် ပြုဆဲဖြစ်သော မဟာကုသိုလ်များ၊ ပြုပြီးဖြစ်သော မဟာကုသိုလ်ကံများနှင့် သက်ဆိုင်လျက် ဆက်စပ်လျက် ရှိနေလေသည်။

သို့ဖြစ်လျှင် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိုယ်ပိုင်ဥစ္စာရှိအောင် အဘယ်သို့ ပြုလုပ်ရမည်နည်း ဟူ၍ မေးလျှင်ကား မဟာကုသိုလ်ပဌမစိတ်ရသော ဝိပဿနာတရားကို ကြိုးစားအားထုတ်၍ မဂ်ကုသိုလ်, မဂ်ဉာဏ်ရအောင်၊ သောတာပန် စသော အရိယာပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်အားထုတ်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိပြီဟူ၍ ဖြေဆို ရမည် ဖြစ်လေသည်။

မဂ်ဉာဏ်သို့ ရောက်စေနိုင်သော ဤမဟာကုသိုလ် ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ဒုက္ခသစ္စာမျှသာ ဖြစ်သည်။ ၎င် သုတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပေ။ ခေါင်း, ကိုယ်, လက်, ခြေ အတုံးအခဲ ပုံပန်းသဏ္ဌာန် မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာဖြစ်သည် ဟူ၍ ဉာဏ်ဖြာသိကြရပေမည်။

၁၁။ မဟာကုသိုလ် ပဌမစိတ်ကို သေက္ခတိက်ဖြင့် ဝေဖန်ခြင်းခဏ္ဍ ဆောင်ရန်လက်များ

၁။ သေက္ခတိက်မှာ၊ ဝတ္ထုဟာ၊ တမှာပါဝင်ထည်။
၂။ နေဝနှင့်နာ၊ တပုဒ်မှာ၊ မိုဟ်သိရမည်။
၃။ ရိယာရှစ်ဖြာ၊ မပိုင်ရာ၊ ဥစ္စာဖြစ်လေသည်။
၄။ ရိယာတို့မှာ၊ ပိုင်ဆိုင်ရာ၊ ဖိုလ်သာဖြစ်လေသည်။
၅။ မိမိရထား၊ ဖိုလ်ကိုများ၊ ဝင်စားပိုင်ဆိုင်ထည်။
၆။ ပုထုဇဉ်များ၊ ပိုင်ဆိုင်ဖြား၊ တာများမေးသင့်သည်။

၇။	ပုထုဇ္ဇန၊	ပိုင်ဆိုင်ကြ၊	တာမျှမရှိပြီ။
၈။	လောကီများဟူ၊	ပိုင်ဆိုင်သူ၊	တယ်သူမရှိပြီ။
၉။	ပိုင်တော့မပိုင်၊	ဆိုင်တော့ဆိုင်၊	ပြောနိုင်ရပေသည်။
၁၀။	အကုသိုလ်ကံ၊	အကြောင်းဖန်၊	ဆိုးဒဏ်ခံရသည်။
၁၀။	ကုသိုလ်ပြုကံ၊	အကြောင်းဖန်၊	ကောင်းပြန်စံရသည်။
၁၂။	ကိုယ်ပိုင်ဖြစ်အောင်၊	တယ်သို့တောင်၊	လုပ်ဆောင်မေးသင့်သည်။
၁၃။	ဝိပဿနာ၊	ပကုသာ၊	ခါခါပွားရမည်။
၁၄။	မဂ်ဖိုလ်ရရာ၊	ကိုယ်ပိုင်သာ၊	ဥစ္စာဖြစ်လေသည်။
၁၅။	ထိုမှတစ်ပါး၊	ခြားနည်းများ၊	လားလားမရှိပြီ။
၁၆။	ဤကုသလာ၊	ပကုဟာ၊	သူငါမဟုတ်ပြီ။
၁၇။	ယောကျ်ားမိန်းမ၊	ပုဂ္ဂလ၊	ရှာကမရပြီ။
၁၈။	နာမ်၏မျှသာ၊	ကမျှသာ၊	ဉာဏ်ဖြာသိနိုင်သည်။

၁၁။ မဟာကုသိုလ် ပစိတ်ကို သေက္ခတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တတိက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၂။ ပရိတ္တတိက် ။ ။ ဤပရိတ္တတိက်၌ -

၁။ ပရိတ္တာဝမ္မာ - နည်းသော အာနုဘော်ရှိသော တရားများ။

၂။ မဟဂ္ဂတာဝမ္မာ - မြတ်သောအဖြစ်သို့ ရောက်ကုန်သော တရားများ။

၃။ အပ္ပမာဏာဝမ္မာ - နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားများ။

၁။ ပဌမပုဒ်အရ - ကာမစိတ် ၅၄-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရှိ။

၂။ ဒုတိယပုဒ်အရ - မဟဂ္ဂတ်စိတ် ၂၇-ပါး၊ စေတသိက် ၃၅-ပါး ရှိ။

၃။ တတိယပုဒ်အရ - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး ရှိ။

ထိုသုံးမျိုးတွင် မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရတွင် ပါဝင်လေသည်။ ထိုအထဲမှ မဟာကုသိုလ် ပဌမစိတ်ကို ဆွဲထုတ်လျှင် ကုသလတိက်က ကုသလာမ္မာအရမှ ဆွဲထုတ်၍ ပြခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။

ဤ၌ ထူးခြားချက်ကား မဟဂ္ဂတ်တရား၊ လောကုတ္တရာတရားတို့နှင့် နှိုင်းစာလျှင် မဟာကုသိုလ် ပဌမစိတ်သည် အာနုဘော်နည်းသော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေသည်။ အဘယ်ကြောင့် နည်းရသနည်း ဟူမူ? -

မဟာကုသိုလ် ပဌမစိတ်သည် ကာမဇဝန်နှိုဝရာ စသော ကိလေသာနယ်ပယ်မှ မလွတ်သောကြောင့် ဖြစ်လေသည်။ မဟဂ္ဂတ်တရားတို့ကား ထိုအာနုဘော်နည်းမှကို ဖြစ်စေတတ်သော ယုတ်ညံ့သော ကာမဇဝန်နှိုဝရာ ကိလေသာတရားနယ်မှ ဝိက္ခမ္ဘနပဟာန်ဖြင့် လွတ်မြောက်နေသောကြောင့် အာနုဘော်ကြီးကာ မြင့်မြတ်သောတရားအဖြစ်သို့ ရောက်ရခြင်း ဖြစ်လေသည်။

ရာဂ အစရှိသော ကိလေသာတရားတို့သည် ယုတ်ညံ့ခြင်း၊ အပြစ်ရှိခြင်း စသည်ဖြင့် နှိုင်းယှဉ်နိုင်သော တရားဖြစ်သည်။ လောကုတ္တရာတရားတို့၌ ထိုသို့ နှိုင်းယှဉ်ကြောင်းတရား မရှိ၍ လောကုတ္တရာတရားကို အပ္ပမာဏာတရားဟူ၍ ခေါ်ဆိုရလေသည်။

အာနုဘော်နည်းသော မဟာကုသိုလ် ပဌမစိတ်သည် မြင့်မြတ်သော၊ အာနုဘော်ကြီးသော မဟဂ္ဂတ်တရားသို့ ရောက်လိုလျှင် မဟာကုသိုလ် ပဌမစိတ်ရသော သမထဘာဝနာကို ပဌမဈာန် အစရှိသော ဈာန်တရားများရအောင် အားထုတ်ရမည် ဖြစ်သည်။ ဤမဟဂ္ဂတ်တရားထက် မြင့်မြတ်သော၊ ရာဂအစရှိသော နှိုင်းယှဉ်ကြောင်းဖြစ်သောတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဏာတရားသို့ ရောက်လိုပြန်လျှင်လည်း မဟာကုသိုလ် ပဌမစိတ်ရသော ဝိပဿနာတရားများကို ကြိုးစားအားထုတ် ပွားများကြရမည်ဖြစ်သည်။ ဤကုသိုလ်တရားတို့သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ အနိစ္စ, ဒုက္ခ, အနတ္တသာဖြစ်သည်။ ၎, သူတစ်ပါး, ယောက်ျား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်။ ဤသို့ ဉာဏ်ဖြာသိကြရပေမည်။

၁၂။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တာတိက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ပရိတ္တာတိက်မှာ၊	ပကုဟာ၊	ပမှာဟိ၀ဝ်ထည်။
၂။	ပရိတ္တာဓမ္မော၊	ပဟုဒ်မှာ၊	ဓိပ္ပါသိရမည်။
၃။	အာနုဘော်ကား၊	နည်းလေငြား၊	တရားဖြစ်လေသည်။
၄။	ကာမနယ်ထဝ်း၊	မလွတ်ကဝ်း၊	နည်းခြင်းဖြစ်လေသည်။
၅။	မြင့်မြတ်လေငြား၊	ဂုတ်တရား၊	ရငြားလိုလျှင်သည်၊
၆။	ပကုရဏ္ဍာ၊	သမထာ၊	ခါခါပွားရမည်။
၇။	အပွမာဖြစ်ငြား၊	ကုတ်တရား၊	ရငြားလိုလျှင်သည်၊
၈။	ပကုရဏ္ဍာ၊	ဝိပဿနာ၊	ခါခါပွားရမည်။
၉။	ဤကုသိုလ်လေ၊	သူငါပဲ၊	ဟုတ်လဲမဟုတ်ဖြို။
၁၀။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁၂။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တာတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • •

၁၃။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တာရမ္မဏစိတ်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၃။ ပရိတ္တာရမ္မဏစိတ် ။ ။ ဤတိုက်၌ ပရိတ္တတရားကို အာရုံပြုသော တရား။ မဟဂ္ဂုတ်တရားကို အာရုံပြုသော တရား။ အပ္ပမာဏတရားကို အာရုံပြုသောတရား ဟူ၍ ရှိလေရာ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်သော ပဌမစိတ်သည် ထိုသုံးမျိုးလုံးကို အဝေနကန် အာရုံပြုနိုင်လေသည်။ ဒါန, သီလတို့၌ ပါဝင်သော မဟာကုသိုလ် ပဌမစိတ်သည် ပရိတ္တတရားကိုလည်းကောင်း၊ ဥပစာရစ္ဆာန်၌ရှိသော မဟာကုသိုလ် ပဌမစိတ်သည် မဟဂ္ဂုတ်တရားကိုလည်းကောင်း၊ ဈာန်တို့၌ ရှိသော မဟာကုသိုလ် ပဌမစိတ်သည် နိဗ္ဗာန်ကိုလည်းကောင်း၊ မဂ်ဖိုလ်ဉာဏ်တို့၏ နောက်၌ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်၌ရှိသော မဟာကုသိုလ် ပဌမစိတ်သည် လောကုတ္တရာစိတ်ရှစ်ပါးကိုလည်းကောင်း အသီးသီး အာရုံပြုနိုင်ကြပေသည်။

ဈာန်မရ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရကြသေးသော ပုထုဇဉ်တို့အနေဖြင့် နေ့စဉ်နှင့်အမျှ ကာမတရား၊ ပရိတ္တတရားများကို အာရုံပြုနေရသည်မှာ မထူးဆန်းပေ။ ထို့ထက်ထူး၍ မဟဂ္ဂုတ်တရားကို အာရုံပြုလိုလျှင် ဥပစာရစ္ဆာန်၊ အပ္ပနာစ္ဆာန်များကို ရရှိအောင် ကြိုးစား၍လည်းကောင်း၊ လောကုတ္တရာစိတ်ရှစ်ပါး, နိဗ္ဗာန်တို့ကို အာရုံပြုလိုလျှင် ကိုယ်တွေ့ဉာဉ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဈာန်တို့ကို ရရှိအောင် ကြိုးစားခြင်းဖြင့်လည်းကောင်း အာရုံပြုနိုင်ကြပေသည်။

ဤပရိတ္တတရား၊ မဟဂ္ဂုတ်တရား၊ အပ္ပမာဏတရားတို့ကို အာရုံပြုနိုင်သော မဟာကုသိုလ် ပဌမစိတ်သည် လည်း ပုဂ္ဂိုလ်, သတ္တဝါ, ဇီ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ အတုံးအခဲ ခြုံသဏ္ဌာန် မဟုတ်ပေ။ နာမ်မျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၃။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တာရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ပရိတ္တာရမ္မဏတိတ်တုန်၊	ပတုဟုန်၊	ထုံးစံပါဝင်ထည်။
၂။	ဤသည့်တိတ်မှာ၊	ပုဒ်ဆုံးဖြာ၊	မိပ္ပါသိရမည်။
၃။	ကာ,ဂုတ်,ကုတ်ထရား၊	ဖျန်ဝင်ဖြား၊	တရားဖြစ်လေထည်။
၄။	ပရိတ္တတရား၊	ပုဒ်ခြင်းတား၊	ဆန်းကားမဆန်းပြီ။
၅။	မဟဂ္ဂုတ်တရား၊	ကုတ်ထရား၊	ပြုထားသင့်ပေသည်။
၆။	ထိုတရားမှန်၊	အာရုံထံ၊	ပြုရန်ဆိုလျှင်ထည်၊
၇။	အပ္ပနာစျာန်၊	ဥပစျာန်၊	ရရန်သင့်ပေသည်။
၈။	မဂ်ဉာဏ်ဖိုလ်ဉာဏ်၊	ပစ္စဉာဏ်၊	ဂေါဉာဏ်ရရမည်။
၉။	ဤကုသလော၊	ပထုဟာ၊	သူ ငါ မဟုတ်ပြီ။
၁၀။	နာမ်၏မျှသာ၊	ကုမ္မျသာ၊	ဉာဏ်ဖြာသိရမည်။

၁၃။ မဟာကုသိုလ် ပဌမစိတ်ကို ပရိတ္တာရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

● ● ●

၁၄။ မဟာကုသိုလ် ပဌမစိတ်ကို ဟီနတိုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၄။ ဟီနတိုက် ။ ။ ကျိတိုက်၌ -

၁။ တိနာဓမ္မာ - ယုတ်သောတရားများ။

၂။ မဇ္ဈိမာဓမ္မာ - မယုတ်မမြတ် အလတ်တရားများ။

၃။ ပဏီတာဓမ္မာ - အမြတ်တရားများ - ဟူ၍ သုံးပုဒ်ရှိရာတွင် ကျိမဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော မဇ္ဈိမာဓမ္မာအရ၌ ပါဝင်လေသည်။ ကျိတိုက်၏ အရကောက်ကား သံကိလိဋ္ဌတိုက်နှင့် တူလေပြီ။

မဟာကုသိုလ် ပဌမစိတ်ကို ကျိဟီနတိုက်ဖြင့် ဝေဖန်လျှင်မူ အကုသိုလ်တရားတို့ကဲ့သို့ အယုတ်တရားလည်း မဟုတ်ပေ။ လောကုတ္တရာတရားတို့ကဲ့သို့ အမြတ်တရားလည်း မဟုတ်ပေ။ မယုတ်မမြတ် အလယ်အလတ်တရား၌ တည်ရှိနေလေသည်။

အယုတ်တရားကို ကျော်လွန်၍ အလယ်အလတ်တရား၌ တည်နေနိုင်သောအဆင့်သည်လည်း နည်းသော အဆင့်မဟုတ်ပေ။ ဗိမိုက်ယ်ကို အယုတ်တရားဘက်သို့ မကျစေဘဲ ကျိအလတ်တရား၌ ထိန်းထားနိုင်ရန် အထူးလိုအပ်ပေမည်။ အလတ်တရား၌ ထိန်းထားနိုင်လျှင်ကို အတော်တော်သော ပုဂ္ဂိုလ်ဟူ၍ ဆိုနိုင်ပေသည်။

ထိုသို့ ထိန်းထားရာမှ ဝိပဿနာကို ရှုပွားရ၍ အမြတ်ဖြစ်သော လောကုတ္တရာတရားဘက်သို့ ကူးတက်သွားနိုင်လျှင်မူကား အထူးပြောဖွယ်မလိုတော့ပေ။ အာကပုဂ္ဂိုလ်, ဘုရားသာသနာတော်နှင့် ကြုံရကျိုးနပ်သော ပုဂ္ဂိုလ်ဟူ၍သာ ဆိုရန်ရှိပေတော့သည်။

ကျိအလယ်အလတ်ဖြစ်သော ကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၄။ မဟာကုသိုလ် ပဌမစိတ်ကို ဟိနတိက်ပြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ဟိနတိက်မှာ၊	ပကုဟာ၊	ဒမ္မာပါဝင်ထည်။
၂။	မဇ္ဈိမာဓမ္မာ၊	ဒုဂ္ဂဒိမှာ၊	မိပ္ပါသိရမည်။
၃။	အယုတ်အဖြတ်၊	မဟုတ်တတ်၊	အလတ်ဖြစ်လေသည်။
၄။	အလတ်ဌိသာ၊	တည်နေပါ၊	တော်တာပြောနိုင်သည်။
၅။	အယုတ်ဆိုတာ၊	အကုပါ၊	မြတ်တာကုတ်ဖြစ်သည်။
၆။	အယုတ်သို့ပေ၊	မကျစေ၊	ထိန်းလေထားရမည်။
၇။	ထိန်းထားရင်းမှ၊	မြတ်သို့ပ၊	တက်ကြွစေရမည်။
၈။	အဖြတ်ထက်ရှိန်၊	ဝိပဿနံ၊	ဖန်ဖန်ပွားရမည်။
၉။	အလတ်ဖြစ်ရာ၊	ဘျိကုဟာ၊	သူ ငါ မဟုတ်ပြီ။
၁၀။	နာမ်၏မျှသာ၊	ထုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁၄။ မဟာကုသိုလ် ပဌမစိတ်ကို ဟိနတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၅။ မဟာကုသိုလ် ပဌမစိတ်ကို မိန္ဒပ္ပဘေဒဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၅။ မိန္ဒပ္ပဘေဒ

၁။ မိန္ဒပ္ပတ္တ နိယတာ ဓမ္မာ – ဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် ပြီကုန်သောတရားများ။

၂။ သမ္မတ္တ နိယတာ ဓမ္မာ – မဖောက်မပြန်သော သဘောရှိကုန်သည်ဖြစ်၍ ဝိပိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် ပြီကုန်သော တရားများ။

၃။ အနိယတာ ဓမ္မာ – နှစ်ပါးသော အခြင်းအရာအားဖြင့် မပြီကုန်သော တရားများ။

ထိုသုံးပုဒ်တွင် ပဌမပုဒ်အရ သည် နိယတ ဝိဏ္ဏာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော ဓေတသိက် ၂၁-ပါး၊ ပဋ္ဌာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူစိတ် ၂-ပါး သတ္တမဇော၊ ပိတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော ဓေတသိက် ၂၂-ပါး ရ၏။

ဒုတိယပုဒ်အရကား – မဂ်စိတ် ၄-ပါး၊ ဓေတသိက် ၃၆-ပါးရ၏။

တတိယပုဒ်အရကား – ပဌမပုဒ်အရကို ကြဉ်၍ အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ် ၁၇-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀၊ ဓေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရ၏။

ထိုသုံးပုဒ်အရတွင် မဟာကုသိုလ် ပဌမစိတ်သည် တတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။

ဤ၌ ထူးခြားချက်ကား ဘဝမခြားဘဲ၊ စိတ္တက္ခဏာ တစ်ခုမခြားဘဲ အကျိုးပေးသော အကုသိုလ်၊ ကုသိုလ်များ ဖြစ်လေသည်။

အကုသိုလ်ဘက်က နိယတဝိဏ္ဏာဒိဋ္ဌိအယူကို ယူသူနှင့် ပဋ္ဌာနန္တရိယကံကို ကျူးလွန်သောသူတို့၏ စုတိစိတ်သည် ငရဲ၌ ဖြစ်ရမည့် ပဋိသန္ဓေကျိုးကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်လေသည်။ အခြားသော အကုသိုလ်မူတို့က အကျိုးပေးရာ၌ ဘဝမခြားဘဲ ပေးသည်လည်း ရှိသည်။ ဘဝခြား၍ ပေးသည်လည်း ရှိသည်။ ဤနိယတဝိဏ္ဏာဒိဋ္ဌိ အယူရှိသူနှင့် ပဋ္ဌာနန္တရိယကံကို ကျူးလွန်သူများကတော့ ဘဝမခြားဘဲ ငရဲသို့ ကျရောက်ခံရမည် ဖြစ်လေသည်။

ကုသိုလ်ဘက်က မဂ်ကုသိုလ်သည် ဖိုလ်ဟူသော အကျိုးကို စိတ္တက္ခဏာတစ်ခု မခြားဘဲ အကျိုးပေးလေသည်။ ယင်းကိုပင် တရားဂုဏ်တော်ခြောက်ပါးတွင် အကာလိကဂုဏ်တော်ဖြင့် 'အဓိအစွင့် ကြာမဖင့်ဆဲ ချက်ချင်း အကျိုးပေးတော်မူသော တရားတော်' ဟူ၍ ဂုဏ်တင် ပူဇော်ပွားများရခြင်း ဖြစ်လေသည်။

ကျန်သော အကုသိုလ်, ကုသိုလ် စသော တရားတို့ကား ထိုသို့ ဘဝမခြားဘဲ အကျိုးပေးခြင်း၊ ချက်ခြင်း အကျိုးပေးခြင်း ဟူသော အရထဲတွင် မပါဝင်ပေ။ ကုသိုလ်တရားဘက်၌ မဟာဒုဂ် အစရှိသော ပုဂ္ဂိုလ်တို့လို ဒိဋ္ဌဓမ္မဝေဒနီယကံအဖြစ် အကျိုးပေးမည့်ကံသည်ပင်လျှင် စိတ္တက္ခဏမခြားဘဲ အကျိုးပေးသည် မဟုတ်ပေ။ စက္ကန့်တွေ၊ မိနစ်တွေ၊ နာရီတွေ၊ နေ့ရက်တွေ၊ အချိန်ကာလတွေ ခြောက်များစွာ ခြား၍ အကျိုးပေးလေသည်။

သို့ဖြစ်၍ ဝိဝိတို့ ပြုလုပ်သော မဟာကုသိုလ် ပဌမစိတ်သည် ဤဘဝ၊ ဒုတိယဘဝတို့၌ ထိုကုသိုလ်၏ ပဝတ္တိကျိုး၊ ပဋိသန္ဓေကျိုးကို ဆံစားရလိမ့်မည် ဟူ၍ မူသေ သတ်မှတ်၍ မရပေ။ အခွင့်သာသည့်အခါ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးကို ပေးမည်ဖြစ်လေသည်။ ထို့ကြောင့် တတိယပုဒ်အရဖြစ်သော ယခုဘဝ၊ ဒုတိယဘဝတို့၌ အကျိုးပေးမပြဘဲသော အနိယတာဓမ္မာအရတွင် ပါဝင်နေခြင်း ဖြစ်လေသည်။

ကုသိုလ်စိတ် ၂၁-ပါးတို့တွင် ယခုကုသိုလ်ရ၊ ယခုကုသိုလ်၏ အကျိုးကို ခံစံရသည် ဟူသည်ကား မဂ်ကုသိုလ် ၄-ပါးပဲ ရှိလေသည်။ ထိုကဲ့သို့ ချက်ချင်းပေးသော အကျိုးကို လိုလားလျှင်တော့ မဂ်ကုသိုလ်ကို ရအောင် လုပ်ခြင်းမှတစ်ပါး အခြားမရှိတော့ပါပေ။

အနိယတာဓမ္မာအရတွင် ပါဝင်သော ဤကုသိုလ်တရားသည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ဇာ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၅။ မဟာကုသိုလ် ပဌမစိတ်ကို မိဒ္ဓတ္တတိုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်ံများ

၁။	မိစ္ဆာဇီဝတိုက်မှာ၊	ပကုဟာ၊	တမှာပါဝင်သည်။
၂။	အနိယတာ၊	တပုဒ်မှာ၊	မိပြါသိရမည်။
၃။	အခြားမဲ့ကား၊	အကျိုးကား၊	ဖေးငြားမရှိပြို။
၄။	စုတိအခြား၊	မိမိခြား၊	နှစ်ခြားရှိလေသည်။
၅။	ပဌမပုဒ်မှာ၊	နိယတာ၊	ပဥ္စာများတို့သည်၊
၆။	စုတိအခြား၊	ငရဲအား၊	မခြားပေးလေသည်။
၇။	ဒုတိယပုဒ်မှာ၊	ကုတ္တရာ၊	ဇလေးငြာမင်္ဂတို့သည်၊
၈။	မိမိအခြား၊	ဖိုလ်ကိုအား၊	မခြားပေးလေသည်။
၉။	တရားဂုဏ်ထွင်၊	အကာပင်၊	ဂုဏ်တင်ထားလေသည်။
၁၀။	ကျန်အကုများ၊	ကုသိုလ်များ၊	အခြားရှိလေသည်။
၁၁။	ဒိဋ္ဌဓမ္မ၊	ကျိုးကိုပ၊	စံရမဟာဒုဂ်သည်၊
၁၂။	မိနစ်များစွာ၊	ခြားခြင်သာ၊	ဖေးတာဖြစ်လေသည်။
၁၃။	ခပြုခုရ၊	ကုသလ၊	မဂ္ဂဖြစ်လေသည်။
၁၄။	ခုရကုသိုလ်၊	အတျိုးကို၊	ရလိုသူတို့သည်၊
၁၅။	မင်္ဂဉာဏ်ကိုသာ၊	ရအောင်သာ၊	လုပ်ပါမလွဲပြို။
၁၆။	ပကုကျိုးကား၊	ချက်ချင်းကား၊	ဖေးငြားမရှိပြို။
၁၇။	ပဋိကျိုးကို၊	တွိကျိုးကို၊	ထိုက်သလိုပေးလေသည်။
၁၈။	အနိယတာ၊	အရမှာ၊	ဝစ်ပါတ္ဂါကုသည်၊
၁၉။	ခန္ဓာမျှသာ၊	ဓာတ်မျှသာ၊	ဒုက်သာဖြစ်လေသည်။
၂၀။	ယောကျ်ားမိန်းမ၊	ပဂ္ဂလ၊	ရာကမရပြို။
၂၁။	နာမ်ဓာတ်မျှသာ၊	ကုမျှသာ၊	ဉာဏ်ငြာသိရမည်။

၁၅။ မဟာကုသိုလ် ပဌမစိတ်ကို မိဒ္ဓတ္တတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၆။ မဟာကုသိုလ် ပစိတ်ကို မဂ္ဂင်္ဂရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၁၆။ မဂ္ဂင်္ဂရမ္မဏတိုက်

၁။ မဂ္ဂင်္ဂရမ္မဏာ ဓမ္မာ – မဂ်ကို အာရုံပြုကုန်သော တရားများ။

၂။ မဂ္ဂတေတုကာ ဓမ္မာ – မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်သောတရားများ။

၃။ မဂ္ဂင်္ဂဝိပတိနော ဓမ္မာ – မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ရှိကုန်သောတရားများ။

၁။ မဂ္ဂင်္ဂရမ္မဏာ ဓမ္မာ ဟူသော ပဌမပုဒ်အရမှာ –

သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်။ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခု၊ ကုသိုလ်အဘိညာဉ်။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်နှစ်ပါးကို အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ ကုသိုလ် အဘိညာဉ်။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ကို အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ ကုသိုလ် အဘိညာဉ်။

မဂ်လေးပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ ကြိယာအဘိညာဉ်၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် ၃၃–ပါး ရ၏။

၂။ မဂ္ဂ တေတုကာ ဓမ္မာ ဟူသော ဒုတိယပုဒ်အရကား – မဂ်စိတ် ၄–ခု၊ မဂ္ဂင်ရှစ်ပါးကြဉ်သော စေတသိက် ၂၈–ပါး ရ၏။

၃။ မဂ္ဂင်္ဂဝိပတိနော ဓမ္မာ ဟူသော တတိယပုဒ်အရကား –

သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခု။

သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခု၊

အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခု၊

အရဟတ္တမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် ၃၃–ပါး ရ၏။

ဤ၌ မဂ္ဂါရမ္မဏာ ဓမ္မာ ဟူသော ပဌမပုဒ်အရလည်းကောင်း၊ မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော တတိယပုဒ်အရလည်းကောင်း မင်္ဂကို အာရုံပြုကြသော တရားတို့တွင် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး ပါဝင်သည်ကို သိမြင်နိုင်ကြပေသည်။ ထိုလေးပါးတွင် မဟာကုသိုလ် ပဌမစိတ်သည် ထိပ်ဆုံးက ပါဝင်လျက် ရှိနေပေသည်။ ကုသလာဓမ္မာ အရနှင့် ဆိုပါမူ စေတသိက် ၌-ပါးတွင် ဝိရတီ, အပ္ပမညာကြည် စေတသိက် ၃၃-ပါး ယှဉ်သည်သာ ထူးလေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့သည်ကား ကုသလာဓမ္မာတုန်းက ပြခဲ့သည့်အတိုင်းပင် ဖြစ်သည်။

ဤ၌ ထူးခြားသည်ကား ရိုးရိုး ဒါန, သီလ, ဘာဝနာ ဟူသော လောကီကုသိုလ် အာရုံလောက်ကိုသာ အာရုံပြုသော မဟာကုသိုလ်စိတ် မဟုတ်ဘဲ လောကုတ္တရာမဂ်ကို အာရုံပြုသော မဟာကုသိုလ် ပဌမစိတ် ဖြစ်နေသည် ဟူသော အချက်ပင် ဖြစ်လေသည်။

ထိုမဟာကုသိုလ် ပဌမစိတ်သည်ကား ရိုးရိုး ဒါန, သီလ, ဘာဝနာ ဟူသော တရားထဲက ဆွဲထုတ်၍ ရသော မဟာကုသိုလ် ပဌမစိတ် မဟုတ်ပေ။ ဝိပဿနာဗွားများ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရသော ပုဂ္ဂိုလ်သည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ နောက်၌ဖြစ်သော ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်အရဖြစ်သော မဟာကုသိုလ် ပဌမစိတ်ကိုယူရမည် ဖြစ်သည်။

ထိုပစ္စဝေက္ခဏာဉာဏ်၌ဖြစ်သော မဟာကုသိုလ် ပဌမစိတ်ဖြင့် သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကိုလည်းကောင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်ကိုလည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ကိုလည်းကောင်း၊ အာရုံပြုဆင်ခြင်လေသည်။

ရဟန္တာပုဂ္ဂိုလ်မူကား မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ဖြင့် ဆင်ခြင်လေသည်။ ယင်းသို့ဆိုလျှင် ပုထုဇဉ်ပုဂ္ဂိုလ်တို့ မဂ်ဉာဏ်အထိ ဆင်ခြင်နိုင်သော မဟာကုသိုလ် ပဌမစိတ်ကို လိုလားပါက မဂ်ဉာဏ်ရအောင် ဝိပဿနာဗွားကြရမည် ဖြစ်ပေသည်။

လောကုတ္တရာ အောက်မဂ်သုံးပါး အထိ အာရုံပြုနိုင်သော ဤမဟာကုသိုလ်ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ, ဇီ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၆။ မဟာကုသိုလ် ပဌမစိတ်ကို မဂ္ဂါရမ္မဏာတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	မဂ္ဂါရမ္မဏာတိုက်မှာ၊	ပကုဟာ၊	ပ,တမှာ ပါဝင်သည်။
၂။	ပ,တ၏သာ၊	ပုဒ်ကိုပါ၊	မိပ္ပါသိရမည်။
၃။	မဂ်ဉာဏ်ကိုသာ၊	အာရုံပါ၊	ပြုတာဖြစ်လေသည်။
၄။	မဂ်ဉာဏ်အစု၊	အာရုံပြု၊	ဘယ်ကုသိရမည်။
၅။	ဒါန,သီလာ၊	ဘာဝနာ၊	ရှိရာကုသိုလ်သည်၊
၆။	လောကုတ္တရာ၊	ဘယ်အခါ၊	ပြုတာမဟုတ်ပြီ။
၇။	မဂ်ဖိုလ်နောက်မှာ၊	ဝေက္ခဏာ၊	ဉာဏာရှိလေသည်။
၈။	ပစ္စဉာဏ်မှာ၊	ပကုဟာ၊	ဉာဏ်ဖြာရှိလေသည်။
၉။	ပကုဉာဏ်အင်၊	မဂ်ကိုပင်၊	ဆင်ခြင်ပြုလေသည်။
၁၀။	သောပဋိလ်ကား၊	သောမဂ်အား၊	ပြုငြားဆင်ခြင်သည်။
၁၁။	ဒီပဋိလ်မှာ၊	သောဒီပါ၊	ပြုကာဆင်ခြင်သည်။
၁၂။	နာပဋိလ်မှာ၊	သောဒီနာ၊	ပြုကာဆင်ခြင်သည်။
၁၃။	ရဟန္တာမှာ၊	ကုမပါ၊	ကြိုယာဖြစ်လေသည်။
၁၄။	ဤကုသလာ၊	စေယျဉ်တာ၊	တိညာကြဉ်ရသည်။
၁၅။	ခန်,အာ,ဓာတ်လိုင်း၊	သစ္စာလိုင်း၊	ကုတိုင်းဖြစ်လေသည်။
၁၆။	ပကုဉာဏ်ဖြင့်၊	မဂ်ဉာဏ်ထင့်၊	ပြချင့်လိုလျှင်သည်၊
၁၇။	အောက်မဂ်သုံးဖြာ၊	ရအောင်သာ၊	ပဿနာပွားရမည်။
၁၈။	အောက်မဂ်သုံးစု၊	အာရုံပြု၊	ဤကုမဟာသည်၊
၁၉။	ခန္ဓာမျှသာ၊	ဓာတ်မျှသာ၊	ဒုက်သာဖြစ်လေသည်။
၂၀။	ယောကျားမိန်းမ၊	ပဋ္ဌလ၊	ရှာကမရဖြို။
၂၁။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁၆။ မဟာကုသိုလ် ပဌမစိတ်ကို မဂ္ဂါရမ္မဏာတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁ဂ။ မဟာကုသိုလ် ပဌမစိတ်ကို ဥပ္ပန္နတိက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁ဂ.။ ဥပ္ပန္နတိက်

၁။ ဥပ္ပန္နာဓမ္မာ – ဥတ်ဒဲ, ဌိ, ဘင် တုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်တုန်သော တရားများ။

၂။ အနုပ္ပန္နာဓမ္မာ – ဥတ်ဒဲ, ဌိ, ဘင် တူသော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်၊ ရောက်ဆဲလည်း မဟုတ်တုန်သော တရားများ။

၃။ ဥပ္ပါဒိနော ဓမ္မာ – ပြီးပြီးသော အကြောင်းထစ်စိတ်ဌိသည်၏ အဖြစ်ကြောင့် မျွေတ်ဖြစ်လတ္တံ့တုန်သော တရားများ။

၁။ ဥပ္ပန္နာ ဓမ္မာ တူသော ပဌမပုဒ်အရကား – ပစ္ဆုပ္ပန်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂ ရုပ် ၂၈-ပါး ရ၏။

၂။ အနုပ္ပန္နာ ဓမ္မာ တူသော ဒုတိယပုဒ်အရကား – အနာဂတ်ဖြစ်သော အကုသိုလ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ကြိယာစိတ် ၂၀၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ် ၁၇-ပါး၊ ဥတုဇရုပ် ၁၅-ပါး၊ အာဟာရဇရုပ် ၁၄-ပါး ရ၏။

၃။ တတိယပုဒ်အရကား – အနာဂတ်ဖြစ်သော ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး၊ ကမ္မဇရုပ် ၂၀ ရ၏။

ထိုသုံးပုဒ်တွင် မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရနှင့် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေသည်။

ဤ၌ ထူးခြားချက်ကား ပိဝိတို့၏ ဒိန, သိလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်နေခိုက် ဖြစ်လျက်ရှိသော မဟာကုသိုလ် ပဌမစိတ်သည် အပြစ်ကင်းခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကောင်းကျိုးချမ်းသာကို ပေးစေနိုင်ခြင်း ဟူသော ကုသိုလ်တရားအနေဖြင့် ဖြစ်ဆဲဖြစ်နေသလို –

ဤအလေ့အကျင့်သည် အထုံပါသွားသောအားဖြင့် နောင်အချိန်, နောက်နေ့, နောက်ရက်, နောက်လ, နောက်နှစ်, နောက်ဘဝဟူသော အနာဂတ်ကာလတို့၌လည်း ဖြစ်နေဦးမည်သာ ဖြစ်သည်။ နိဗ္ဗာန်ရောက်သည်အထိ ဤကောင်းသော အလေ့အကျင့် ကုသိုလ်ကောင်းမှုသည် ဆက်၍ဆက်၍ ဖြစ်နေဦးမည် ဖြစ်သည်။

တတိယပုဒ်အရ၌ ဖြစ်ပြီးသော အကြောင်းတစ်စိတ်ဟူသည် အနာဂတ်မရောက်ခင် ကုသိုလ်, အကုသိုလ်ကို ပြုလုပ်ခဲ့သောအနေအားဖြင့် ထိုအနာဂတ်ဖြစ်သော ဝိပါက်စိတ်သည် ဖြစ်ပြီးသော အကြောင်းတစ်စိတ် ရှိသည်ဟု ဆိုထားခြင်း ဖြစ်သည်။

ဤပစ္စုပ္ပန် အနာဂတ်ဖြစ်သော မဟာကုသိုလ် ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်မျှသာ ဖြစ်သည်။ ဒုက္ခသစ္စာမျှသာ ဖြစ်သည်။ ဇ၏, သူတစ်ပါး, ယောက်ျား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၇။ မဟာကုသိုလ် ပဌမစိတ်ကို ဥပ္ပန္နတိက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဥပ္ပန္နတိက်မှာ၊	ပကုဟာ၊	ပ ဒ္မာ ပါဝင်သည်။
၂။	ပ ဒ္မ ဖြစ်ရာ၊	ပုဒ္ဓတို့မှာ၊	ပန် နာ ဖြစ်လေသည်။
၃။	ပစ္စုပ္ပန်ဖြစ်၊	ကုသိုလ်စစ်၊	အပြစ်ကင်းနေသည်။
၄။	ကောင်းကျိုးချမ်းသာ၊	ပေးတော့မှာ၊	သေချာမလွဲပြီ။
၅။	ကောင်းသောအကျင့်၊	အထုံဖြင့်၊	ပါလင့်ထဖြင့်သည်၊
၆။	အနာဂတ်လဲ၊	ကုသိုလ်ပါ၊	ဆက်ပါပြုနေမည်။
၇။	နိဗ္ဗာန်ပြည်တောင်၊	ရောက်တိုင်အောင်၊	ကျင့်ဆောင်ပြုပေမည်။
၈။	ပန်နာ ဖြစ်ရာ၊	ဤကုဟာ၊	သူ ငါ မဟုတ်ပြီ။
၉။	နာမ်၏မျှသာ၊	တမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁၇။ မဟာကုသိုလ် ပဌမစိတ်ကို ဥပ္ပန္နတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၈။ မဟာကုသိုလ် ပဌမစိတ်ကို အတိတတိက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁၈။ အတိတတိက်

၁။ အတိတာ စမ္ဘာ – အတိတ်ဖြစ်ကုန်သော တရားများ (*အတိတ်ဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရှိ*)

၂။ အနာဂတာ စမ္ဘာ – အနာဂတ်ဖြစ်ကုန်သော တရားများ (*အနာဂတ်ဖြစ်သော စိတ် ၈၉ - ပါး၊ စေတသိက် ၅၂ - ပါး၊ ရုပ် ၂၈ - ပါး ရှိ*)

၃။ ပစ္စုပ္ပန္နာ စမ္ဘာ – ပစ္စုပ္ပန်ဖြစ်ကုန်သော တရားများ (*ပစ္စုပ္ပန်ဖြစ်သော စိတ် ၈၉ - ပါး၊ စေတသိက် ၅၂ - ပါး၊ ရုပ် ၂၈ - ပါး ရှိ*)

ဤအတိတတိက်အရ မဟာကုသိုလ် ပဌမစိတ်သည် သုံးပုန်းလုံးဌ် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေသည်။

ဤတိုက်၏ ထူးခြားချက်ကား အတိတ်ကလည်း မဟာကုသိုလ် ပဌမစိတ် ဖြစ်ခဲ့ပူးပြီ၊ အနာဂတ်မှာလည်း ဖြစ်လတ္တံ့၊ ပစ္စုပ္ပန်မှာလည်း ဖြစ်ဆဲပင် ဖြစ်လေသည်။

အိန္ဒ, သိလ, ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုကို မဟာကုသိုလ် ပဌမစိတ်ဖြင့် ယခုဘဝမှာ ပြုလုပ်နေဆဲ ဖြစ်သလို ယခုလို အတိတ်ကလည်း ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ နောင်အနာဂတ်မှာလည်း ပြုလုပ်ဖေလေဦးမည်။ နိဗ္ဗာန်ရောက်သည်အထိ ဤကဲ့သို့ ဉာဏ်ယှဉ်သော, ထက်မြက်သော, အပြစ်ကင်းသော, ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ကြပေဦးမည် ဖြစ်သည်။

၁၉။ မဟာကုသိုလ် ပဌမစိတ်ကို အတိတတိက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျွန်း

၁။	အတိတတိတ်တုန်၊	ဝတ္ထုဟုန်၊	ထုံးစံပါဝင်ထည်။
၂။	ထိ, နာ, ဝန်ဟု၊	ထာလေစု၊	ထုံးခုဖြစ်လေသည်။
၃။	နိဗ္ဗာန်ချန်ထား၊	ဤတရား၊	ကောက်ထားမမှားပြီ။
၄။	ပစ္စုပ္ပန်မှာ၊	တုသလော၊	ဉာဏ်ဖြာပြုနေသည်။
၅။	အတိတ်တလဲ၊	ဉာဏ်ဖြာပဲ၊	မလွဲပြုခဲ့သည်။
၆။	နာဂတ်မှာလဲ၊	ဉာဏ်ဖြာပဲ၊	မလွဲပြုဦးမည်။
၇။	နိဗ္ဗာန်ပြည်တောင်၊	ရောက်တိုင်အောင်၊	ကျင့်ဆောင်ပြုဦးမည်။
၈။	တာလေသုံးဖြာ၊	ဤကုဟာ၊	သူ ဝါ မဟုတ်ပြီ။
၉။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁၈။ မဟာကုသိုလ် ပဌမစိတ်ကို အတိတတိက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၉။ မဟာကုသိုလ် ပဌမစိတ်ကို အတိတ်ဟာရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်းငှါ ကိုယ်ကျင့်တရားများ

၁။ အတိတ်ဟာရမ္မဏတိုက်

၁။ အတိတ်ဟာရမ္မဏာ ဝမ္မာ – အတိတ်တရားကို အာရုံပြုကုန်သော တရားများ။

၂။ အနာဂတ်ဟာရမ္မဏာ ဝမ္မာ – အနာဂတ်တရားကို အာရုံပြုကုန်သော တရားများ။

၃။ ပစ္စုပ္ပန္နာ ဝမ္မာ – ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော တရားများ။

၁။ ပဌမပုဒ်အရ – အတိတ်တရားကို ကောန်အာရုံပြုသော ဝိညာဏဇာတိယတနစိတ် ၃ – ခု၊ နေဝသညာနာသညာယတနစိတ် ၃–ခု၊ အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉–ပါး၊ တဒါရုံ ၁၁–ပါး၊ အဘိညာဉ် ၂–ပါး၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် ၄၇–ပါး ရ၏။

၂။ ဒုတိယပုဒ်အရကား – အနာဂတ်ကို အနေကန်အာရုံပြုသော မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ၁၁–ပါး၊ အဘိညာဉ် ၂–ပါး၊ အပ္ပမညာကြဉ် စေတသိက် ၅၀ ရ၏။

၃။ တတိယပုဒ်အရ – ပစ္စုပ္ပန်ကို ကောန်အာရုံပြုသော ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃–ခု၊ ဆန္ဒ, ဝိတိ, ဝိရိယကြဉ် အညသမာန်း စေတသိက် ၁၀–ပါး၊ ပစ္စုပ္ပန်တရားကို အနေကန် အာရုံပြုသော ကာမဇော ၂၉–ပါး၊ တဒါရုံ – ၁၁–ပါး၊ အဘိညာဉ် ၂–ပါး၊ အပ္ပမညာကြဉ် စေတသိက် ၅၀–ရ၏။

ဤအတိတာရမ္မဏတိုက်အရ ကာမဇော ၂၉–ပါး၌ မဟာကုသိုလ် ပဌမစိတ်ပါဝင်သည်ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် သုံးပုဒ်လုံး၌ ပါဝင်နေလေသည်။ ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃–ခုလုံးကို အာရုံပြုနိုင်သည်ဟူသော အချက်သည် ပေါ်လွင်လျက်ရှိနေပေသည်။

ရှေးရှေးက ပြုလုပ်ခဲ့သော ကုသိုလ်တရားများကိုလည်းကောင်း၊ နောင်ပြုလုပ်လတ္တံ့သော ကုသိုလ်တရားများကိုလည်းကောင်း၊ ယခုပြုလုပ်နေဆဲ ကုသိုလ်တရားများကိုလည်းကောင်း အာရုံပြုနိုင်ပေသည်။ ယင်းကဲ့သို့ ပြုပြီး, ပြုလတ္တံ့, ပြုဆဲ ကုသိုလ် တရားများကို အာရုံ ပြု၍ ပြု၍ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာအနေဖြင့် ကုသိုလ်တရားတွေ ပွားပွားလာအောင် ပြုလုပ်တိုးပွားနိုင်ပေသည်။

ဤကာလသုံးပါးကို အာရုံပြုနိုင်သော မဟာကုသိုလ် ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်လေသည်။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၁၉။ မဟာကုသိုလ် ပဌမစိတ်ကို အတိတာရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၀။	အတိတာရမ္မဏတိုက်ထုန်၊	ပကုဟုန်၊	သုံးစုံပါဝင်ထည်။
၂။	အတိတ်အာရုံ၊	ပန်အာရုံ၊	နာရုံပြုလေသည်။
၃။	ပြုခဲ့ပြီးတု၊	ပြုမည့်ကု၊	ဆဲကုများကိုထည်၊
၄။	အာရုံပြုကြား၊	စေသုံးပါး၊	ပွားများစေရမည်။
၅။	အတုအာရုံ၊	ပြုလိုတုန်၊	ပွားတုန်မထင့်ဖြို။
၆။	တုသိုလ်အာရုံ၊	အဖုံဖုံ၊	ပွားတုန်ပြုရမည်။
၇။	သာခုခေါ်ကာ၊	မျှဝေတာ၊	ခါခါပြုရမည်။
၈။	ဤကုသိုလ်ဆဲ၊	သူငါပဲ၊	ဟုတ်ဆဲမဟုတ်ဖြို။
၉။	နာမ်ကိုမျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၂၀။ မဟာကုသိုလ် ပဌမစိတ်ကို အတိတာရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၀။ မဟာကုသိုလ် ပစိတ်ကို အလျှော်တူတိုက်ဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၂၀။ အလျှော်တူတိုက်

၁။ အလျှော်တူ၁ စမွာ – အလျှော်တူ၌ ဖြစ်ကုန်သော် တရားများ (အလျှော် သန္တာန်၌ဖြစ်သော စိတ် ၁၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရှိ)

၂။ ဗဟိဒ္ဓါ စမွာ – ဗဟိဒ္ဓ သန္တာန်၌ ဖြစ်ကုန်သော တရားများ (ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော စိတ် ၁၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ရှိ)

၃။ အလျှော်တူ ဗဟိဒ္ဓါ စမွာ – အလျှော်တူ သန္တာန်, ဗဟိဒ္ဓ သန္တာန်၌ ဖြစ်ကုန်သော တရားများ (အလျှော်တူသန္တာန်, ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော စိတ် ၁၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ်- ၂၈-ပါး ရှိ)

ကျွတ်အရ မဟာကုသိုလ် ပဌမစိတ်သည် ၃-ပုဒ်လုံး၌ပင် ပါဝင်လျက် ရှိနေပေသည်။ ထို့ကြောင့် မိမိ၏ ကိုယ်တွင်း အလျှော်တူဖြစ်သော စိတ်သန္တာန်၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်၊ မဖြစ်ကို သိရမည်။ ဖြစ်လျှင် ထိုစိတ်ကို တိုးပွားစေရမည်။ မဖြစ်သေးလျှင် ဖြစ်အောင် ပြုလုပ်နေရမည်။

မိမိတို့၏ ဗဟိဒ္ဓဖြစ်ကုန်သော သား၊ သမီး အစရှိကုန်သော သူတို့၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်သည်ကို လည်းကောင်း၊ မဖြစ်သည်ကို လည်းကောင်း သိအောင် လေ့လာ၍ မဖြစ်သေးလျှင် ဖြစ်အောင်၊ ဖြစ်နေလျှင်လည်း တိုးပွားအောင် တိုက်တွန်း နှိုးဆော်မှု ပြုရပေမည်။

ကျွန်ုပ် မိမိသန္တာန်၌ တစ်လည်း၊ သားသမီး အစရှိကုန်သော သူတို့၏ ဗဟိဒ္ဓသန္တာန်၌ တစ်လည်း သိရအောင် ပြု၍ မဟာကုသိုလ် ပဌမစိတ်ကို တိုးပွားစေရပေမည်။

ကျွန်အလျှော်တူ ဗဟိဒ္ဓ၌ဖြစ်သော မဟာကုသိုလ် ပဌမစိတ်သည်လည်း ဓာတ်မျှသာ ဖြစ်သည်။ ဒုက္ခသစ္စာမျှသာ ဖြစ်သည်။ ခန္ဓာ, အာယတနမျှသာ ဖြစ်သည်။ ဓါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်မျှသာ ဖြစ်သည်။ ကုသိုလ်မျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၂၀။ မဟာကုသိုလ် ပဌမစိတ်ကို အဋ္ဌကထာတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	အဋ္ဌကထာတိုက်တုန်း၊	ပကုဟုန်း၊	သုံးစုံပါဝင်သည်။
၂။	တိုထွဲ့ရှိတရား၊	ဖြင်တရား၊	ဟောကြားထားလေသည်။
၃။	တိုထွဲ့သန္တာန်ဖြစ်၊	တုသိုလ်စစ်၊	ဓဖြစ်ပါလျှင်သည်၊
၄။	သတိပြုတာ၊	သိရှိတာ၊	ဖြစ်လာစေရမည်။
၅။	ဖြစ်ပေါ် နေခြား၊	သိရင်တား၊	တိုးပွားစေရမည်။
၆။	ထိုနည်းတူစွာ၊	ဉာဏကာ၊	လေ့လာပြု၍သည်၊
၇။	ဓဖြစ်လေသော်၊	ဖြစ်မှတော်၊	နှိုးဆော်ပြုရမည်။
၈။	ဤကုသိုလ်ဝယ်၊	သူငါပဲ၊	တုတ်ခဲ့မဟုတ်ပြီ။
၉။	နာမ်၏မျှသာ၊	တုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၂၀။ မဟာကုသိုလ် ပဌမစိတ်ကို အဋ္ဌကထာတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • •

၂၁။ မဟာကုသိုလ် ပဌမစိတ်ကို အစွမ်းထက်ရမ္မဏတိုက်ဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၂၁။ အစွမ်းထက်ရမ္မဏတိုက်

၁။ အစွမ်းထက်ရမ္မဏာ ဓမ္မာ – အစွမ်းထက်တရားကို အာရုံပြုကုန်သော တရားများ။

၂။ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ – ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော တရားများ။

၃။ အစွမ်းထက် ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ – အစွမ်းထက်တရား, ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော တရားများ။

၁။ **အစွမ်းထက်ရမ္မဏာ ဓမ္မာ ဟူသော ပဌမပုဒ်အရ** – အစွမ်းထက်တရားကို ကောန်အာရုံပြုသော ဝိညာဏ်ဇာတိစွဲယတနစိတ် ၃–ခု၊ နေဝသညာနာသညာယတနစိတ် ၃–ခု၊ စေတသိက် ၃၀၊ အနေကန်အာရုံပြုကုန်သော ကာမစိတ် ၅၄–ပါး၊ အဘိညာဉ် ၂–ပါး၊ ဣဿာ၊ အပ္ပမညာကြဉ်သော စေတသိက် ၄၉–ပါး ရ၏။ (*ဤ၌ ဣဿာ၊ အပ္ပမညာကြဉ်ခြင်းသည် သူတစ်ပါးကို အာရုံပြုသောကြောင့် ဖြစ်သည်*)

၂။ **ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ ဟူသော ဒုတိယပုဒ်အရ** – ဗဟိဒ္ဓတရားကို ကောန်အာရုံပြုသော အဘိညာဉ် ၂–ပါးမှတစ်ပါး ရူပစိတ် ၁၅–ခု၊ အာကာသာနဉ္စာယတနစိတ် ၃–ခု၊ လောကုတ္တရာစိတ် ၈–ခု၊ စေတသိက် ၃၈–ပါး၊ အနေကန် အာရုံပြုသော ကာမစိတ် ၅၄–ပါး၊ အဘိညာဉ် ၂–ပါး၊ မဇ္ဈရိယကြဉ် စေတသိက် ၅၁–ပါး ရ၏။ (*ဤ၌ မဇ္ဈရိယကို ကြဉ်ခြင်းသည် မိမိကို အာရုံပြုသောကြောင့် ဖြစ်သည်*)

၃။ အစွမ်းထက် ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ ဟူသော တတိယပုဒ်အရကား အစွမ်းထက် ဗဟိဒ္ဓတရားကို အနေကန်အာရုံပြုသော ကာမစိတ် ၅၄–ပါး၊ အဘိညာဉ် ၂–ပါး၊ ဣဿာ၊ မဇ္ဈရိယ, အပ္ပမညာကြဉ်သော စေတသိက် ၄၈–ပါး ရ၏။

ဤတိုက်အရ၌လည်း မဟာကုသိုလ် ပဌမစိတ်သည် သုံးပုဒ်လုံး၌ ပါဝင်လျက် ရှိနေပေသည်။ ထို့ကြောင့် ကိုယ့်သန္တာန်ရှိ ကုသိုလ်တရားကို အာရုံပြုနိုင်သလို သူတစ်ပါးသန္တာန်ရှိ ကုသိုလ်တရားကိုလည်း အာရုံပြုနိုင်လေသည်။ ရံခါ ကိုယ့်သန္တာန်ရှိ ကုသိုလ်တရားကို တစ်လှည့်၊ ရံခါ သူတစ်ပါးသန္တာန်ရှိ ကုသိုလ်တရားကို တစ်လှည့် အာရုံပြုရပေသည်။

ဤတိုက်၏ သဘောအရ မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော သတိတရားဖြင့် မိမိ၏စိတ်သန္တာန်၌ မဟာကုသိုလ် ပဌမစိတ် ရှိ/မရှိကို အာရုံပြုရမည်။ အကယ်၍ရှိလျှင် ထိုကုသိုလ်စိတ်ကို တိုးပွါးအောင်ပြုလုပ်၍ မရှိလျှင်ရှိအောင် အားထုတ်ရမည် ဖြစ်ပေသည်။

ထို့အတူ မိမိ၏ ဆွေမျိုးဉာတကာတို့၌လည်း မဟာကုသိုလ်ပဌမစိတ် ရှိ/မရှိကို သိအောင် အာရုံပြုလေ့လာ၍ ရှိသည်ကို တွေ့လျှင် ဝမ်းမြောက်ဝမ်းသာ သာဓုနုမောဒနာပြု၍ မရှိသည်ကို တွေ့လျှင် ရှိလာအောင် တိုက်တွန်းနှိုးဆော်မှု ပြုလုပ်ပေးရမည် ဖြစ်ပေသည်။

ဤသို့ ဖိဖိသန္တာန်၌လည်းကောင်း၊ သူတစ်ပါးသန္တာန်၌လည်းကောင်း အာရုံပြု၍ သိနိုင်သော ဤမဟာကုသိုလ် ပဌမစိတ်သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာမျှသာ ဖြစ်သည်။ ဧ။ သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်သည်။ ကုသိုလ်တရားမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြာသိရပေမည်။

၂၁။ မဟာကုသိုလ် ပဌမစိတ်ကို အဖျက်အကျွတ်ရမှုကတိကံဖြင့် ဝေဖန်ခြင်းဌ ဒေသင်ရန်လက်စများ

၁။	ဗဟိဒ္ဓါရမ္မဏတိတ်တုန်၊	ပကုဟုန်၊	ထုံးစုံပါဝင်သည်။
၂။	အလျှတ္တ, ဗဟိဒ္ဓ၊	အာရုံပ၊	ပြုကြရပေမည်။
၃။	ကိုယ့်သန္တာန်၏၊	ပကုရို့၊	မရှိထိရမည်။
၄။	သတိဖြင့်သာ၊	ရုံပြုကာ၊	လေ့လာပြုရမည်။
၅။	ရှိတာတွေ့ရှာ၊	တိုးလိုသာ၊	ရှိလာစေရမည်။
၆။	မရှိလေထောင်၊	ရှိလာအောင်၊	ကျင့်ဆောင်ပြုရမည်။
၇။	ထိုနည်းတူစွာ၊	ဉာတတာ၊	လေ့လာထဖြင့်သည်၊
၈။	ရှိတာတွေ့မှု၊	ဝမ်းမြောက်ပြု၊	သာဓုခေါ် ရမည်။
၉။	မရှိလေသော်၊	ရှိအောင်ခေါ်၊	နှိုးဆော်ပြုရမည်။
၁၀။	အာရုံအပြု၊	တွေ့ရမှု၊	ဤကုတရားသည်၊
၁၁။	ခန္ဓာမျှသာ၊	ဓာတ်မျှသာ၊	သုဝါမဟုတ်ပြီ။
၁၂။	ယောကျ်ားမိန်းမ၊	ပဂ္ဂလ၊	ရှာတမရပြီ။
၁၃။	နာမ်၏မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၂၁။ မဟာကုသိုလ် ပစိတ်ကို အဖျက်အကျွတ်ရမှုကတိကံဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၂။ မဟာကုသိုလ် ပဌမစိတ်ကို သနိဒဿနတိုက်ဖြင့် ဝေဖန်ခြင်းဌာ ကိုယ်ကျင့်တရားများ

၂၂။ သနိဒဿနတိုက်

၁။ သနိဒဿန သပ္ပဋိဃာ ဓမ္မာ – မြင်ခြင်းနှင့်လည်း တကွ၊ ထိပါးခြင်းနှင့်လည်း တကွ ဖြစ်ကုန်သော တရားများ။ ရူပါရုံတည်း။

၂။ အနိဒဿန သပ္ပဋိဃာ ဓမ္မာ – မြင်ခြင်းမရှိ။ ထိပါးခြင်းနှင့်တကွ ဖြစ်ကုန်သော တရားများ။ ရူပါရုံကြဉ် ဩဇဋ္ဌမကရုပ် ၁၁-ပါး ရတဲ့။

၃။ အနိဒဿန အပ္ပဋိဃာ ဓမ္မာ – မြင်ခြင်းလည်း မရှိ။ ထိပါးခြင်းလည်း မရှိကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်၊ ရတဲ့။

ဤတိုက်အရ မဟာကုသိုလ် ပဌမစိတ်သည် တတိယပုဒ်၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤ၌ ဗဟုသုတအဖြစ်သိရန်ကား – ပဌမပုဒ်အရ ရူပါရုံသည် မြင်လို့လည်း ရသော ရုပ်ဖြစ်သလို ထိရူပါရုံသည် စက္ခုပသာဒကို ထိပါးစေသကဲ့သို့ ဖြစ်၍ ထိပါးတတ်သော ရုပ်လည်း ဖြစ်လေသည်။

ဒုတိယပုဒ်အရ – ရူပါရုံကြဉ်သော ဩဇဋ္ဌမကရုပ် ၁၁-ပါးဟူသည် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီ, တေဇော, ဝါယောဟူဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ အရ ၃-ပါး၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ဟူသော ပသာဒရုပ် ၅-ပါး ဟူ၍ ၁၁-ပါး ဖြစ်သည်။ ထိဩဇဋ္ဌမကရုပ် ၁၁-ပါးသည် မြင်၍ကား မရပေ။ ထိပါး၍ ရအပ်သော တရားများ ဖြစ်လေသည်။

တတိယပုဒ်အရ – မြင်၍လည်းမရ၊ ထိပါး၍လည်းမရသော သုခုမရုပ် ၁၆-ပါးဟူသည် အာပေါတတ်၊ ကြွတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်၊ ဇီဝိတိန္ဒြရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဟဒယရုပ်၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ – ပေါင်း ၁၆-ပါး တည်း။

ဤတိုက်အရ စိတ်၊ စေတသိက် ဟူသော နာမ်တရားများသည် ရူပါရုံ၊ ပထဝီတို့ အစရှိသော ရုပ်တရားတို့ကဲ့သို့ မြင်၍လည်းမရ။ ထိပါး၍လည်း မရသောတရားများဖြစ်၍ နာမ်တရားကို မိအောင်ဖမ်းရသော အလုပ်သည် ရုပ်တရားလောက် မလွယ်ကူပေ။

သို့ရာတွင် မြတ်စွာဘုရား ဟောကြားတော်မူထားအပ်သော သတိပဋ္ဌာန်နည်းအရလည်းကောင်း၊ အာဘယ်သို့သော သဘောမျိုးသည် အကုသိုလ်တရားများ ဖြစ်သည်ကိုလည်းကောင်း၊ အာဘယ်သို့သောတရားမျိုးသည် ကုသိုလ်တရားများ ဖြစ်သည်ကိုလည်းကောင်း ကောင်းစွာပင် အာရုံခံစား၍ သိရှိနိုင်ကြပေသည်။

ဒိန်း, သိလ, ဘာဝနာတွေ ပြုလုပ်ရာ၌ ထင်ရှားဖြစ်ပေါ်နေသော ဤမဟာကုသိုလ် ပဌမစိတ်ကိုလည်း သတိပြု၍ လေ့လာမှတ်သား ရွတ်ဖတ်မည်ဆိုလျှင် ကောင်းစွာပင် အထင်အရှား သိနိုင်ကြပေသည်။

'ဧသာမနုဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ပါး' ဟူသော မဟာကုသိုလ် ပဌမစိတ် ဖြစ်ပေါ်လာပုံကို သတိထား၍ နှလုံးသွင်း ဆင်ခြင်ကြည့်လိုက်ပါ။ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်နေစဉ်တွင် ကုသိုလ်ပြုနေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှုသည် သောမနဿသဟဂုတ် ဖြစ်လေသည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ အကျိုးများမည့် ကိစ္စ၌ လှုံ့ဆော်ခြင်းဖြင့်လည်းကောင်း၊ ဤလှုံ့ဆော်မှုသည် ဘုရားလောင်း အစရှိသော သူတော်ကောင်းတို့ ပြုသောအလုပ်ဟူ၍ လည်းကောင်း သိမြင်၍ လှုံ့ဆော်ခြင်းသည် ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်လျက်နေလေသည်။ မလှုံ့ချင် လှုံ့ချင်ပြင့်လည်းကောင်း၊ မလုပ်ချင် လုပ်ချင်ပြင့်လည်းကောင်း၊ စိတ်မပါဘဲလည်းကောင်း လှုံ့ဆော်နေခြင်းမျိုး၊ ပြုလုပ်ခြင်းမျိုး မဟုတ်ဘဲ စိတ်ပါလက်ပါ တက်တက်ကြွကြွ အားတက်သရော လှုံ့ဆော်ခြင်းမျိုး၊ ပြုလုပ်ခြင်းမျိုးသည် အသင်္ခါရိက ကုသိုလ် ဖြစ်လျက်နေလေသည်။

ဤသို့ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု ဟူသော မဟာကုသိုလ် ပဌမစိတ်ဖြစ်ပုံကို ကောင်းစွာ သိမြင်နိုင်ကြပေသည်။

တဖန် ထိုမဟာကုသိုလ် ပဌမစိတ်၌ အညသမာန်း စေတသိက် ၁၃-ပါး၊ သောဘနစေတသိက် ၂၅-ပါး၊ ပေါင်း စေတသိက် ၃၈-ပါး ယှဉ်ကြရာ ယင်းတရားတို့ကို ကုသိုလ်တရားများဟူ၍ ခေါ်ဆိုလေသည်။

ထိုကုသိုလ်တရားများကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့သော် ကုသလတိက်က ဖွဲ့ပြခဲ့သည့်အတိုင်း

၁။ ခန္ဓာအားဖြင့် မဟာကုသိုလ် ပဌမစိတ်သည် ဝိညာဏက္ခန္ဓာ၊ စေတသိက် ၃၈-ပါးတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဝေဒနာ, သညာမှကြွင်းသော ကျန်စေတသိက် ၃၆-ပါးသည် သင်္ခါရက္ခန္ဓာ ဖြစ်လေသည်။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ရလေသည်။

၂။ အာယတနအားဖြင့် မဟာကုသိုလ် ပဌမစိတ်သည် မနာယတန၊ စေတသိက် ၃၈-ပါးသည် ဓမ္မာယတန ဖြစ်လေသည်။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်လေသည်။

၃။ ဓာတ်အားဖြင့် မကာကုသိုလ် ပဌမစိတ်သည် မနောဝိညာဏဓာတ်၊ စေတသိက် ၃၈-ပါးသည် ဓမ္မဓာတ် ဖြစ်လေသည်။ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်လေသည်။

၄။ သစ္စာအားဖြင့် မဟာကုသိုလ် ပဌမစိတ်သည်လည်းကောင်း၊ စေတသိက် ၃၈-ပါးသည်လည်းကောင်း ဒုက္ခသစ္စာ ဖြစ်လေသည်။ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်လေသည်။

ဤသို့လျှင် မဟာကုသိုလ် ပဌမစိတ်နှင့် စေတသိက် ၃၈-ပါး ဟူသော ကုသိုလ်တရားများသည် ခန္ဓာ, အာယတန, ဓာတ်မျှသာ ဖြစ်လေသည်။ ဒုက္ခသစ္စာမျှသာ ဖြစ်လေသည်။ ၈, သူတစ်ပါး, မယားကျား, မိန်းမ မဟုတ်ပေ။ ခေါင်း, ကိုယ်, လက်, ခြေ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်။ အတုံးအခဲ, ဖြပ်, သဏ္ဌာန် မဟုတ်ပေ။ နာမ်တရားမျှသာ ဖြစ်လေသည်။ ကုသိုလ်တရားမျှသာ ဖြစ်လေသည်ဟူ၍ ဝိပဿနာ နာမပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြားသိမြင်နိုင်ကြပေသည်။

ထိုမှတစ်ဆင့်တက်၍ မိမိတို့၏ ပါရမီအလျောက် ဝိပဿနာဉာဏ် အတန်တန်ရရှိလည်းကောင်း၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိလည်းကောင်း သောတာပန်စသော အရိယာများအထိ တက်လှမ်းနိုင်ကြပေသည်။

၂၂။ မဟာကုသိုလ် ပဌမစိတ်ကို သနိဒဿနတိုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၀။	သနိတိုက်မှာ၊	ပကုဟာ၊	တမှာပါဝင်သည်။
၂။	အနိ အပ္ပဋိဃာ၊	တပုဒ်မှာ၊	မိပ္ပါသိရမည်။
၃။	မြင်လိုမရ၊	ထိမရ၊	ဓမ္မဖြစ်လေသည်။
၄။	ဤနာမ်တရား၊	ရုပ်အလား၊	သိပြားမလွယ်ပြီ။
၅။	သို့ရာတွင်ကား၊	မြတ်ဘုရား၊	ဟောကြားနည်းဖြင့်သည်၊
၆။	အထင်အရှား၊	နာမ်တရား၊	ခံစားသိနိုင်သည်။
၇။	တုသိုလ်ပြုဘိ၊	ပကုရို၊	သတိပြုရမည်။
၈။	ဝမ်းသာနေက၊	သောမနဿ၊	ယုံကာဉာတ်ဖြစ်သည်။
၉။	ဉာဏ်နှင့်ယှဉ်ကာ၊	ကျိုးရှိရာ၊	လျှုတာဉာတ်ဖြစ်သည်။
၁၀။	ဘုရားလောင်းများ၊	သက်သေထား၊	လျှုကြားဉာတ်ဖြစ်သည်။
၁၁။	စိတ်ပါ၍ပင်၊	တက်ကြွလျှင်၊	အ, သင် ဖြစ်လေသည်။
၁၂။	ပကုစိတ်ဖြစ်၊	စေယျဉ်လစ်၊	သုံးရစ်ဖြစ်လေသည်။
၁၃။	ခန္ဓာဖွဲ့ရာ၊	ဝိညာဏာ၊	ဝေမာဝေဖြစ်သည်။
၁၄။	သင်မှာသညာ၊	ကျန်စေမှာ၊	သခ်ါဖြစ်လေသည်။
၁၅။	အာယတနဖွဲ့ရာ၊	စိတ်မနာ၊	စေမှာဓမ်ဖြစ်သည်။
၁၆။	စိတ်ဇိဉာဏာ၊	စေဓမ္မ၊	ဓာတ်ရဖြစ်လေသည်။
၁၇။	ဒုက္ခသစ္စာ၊	တစ်ပါးသာ၊	သစ္စာဖွဲ့ရသည်။
၁၈။	ဤကုတရား၊	သူငါကား၊	ဟုတ်ကားမဟုတ်ပြီ။
၁၉။	ခန္ဓာမျှသာ၊	အာမျှသာ၊	ဓာတ်သာဖြစ်လေသည်။
၂၀။	ယောကျ်ားမိန်းမ၊	ပဂ္ဂလ၊	သတ္တမဟုတ်ပြီ။
၂၁။	ခေါင်းကိုယ်လက်ခြေ၊	တုံးခဲတွေ၊	ရှာလေမရပြီ။
၂၂။	အနိစ္စဒုက္ခ၊	အနတ္တ၊	ဒုက်မျှဖြစ်လေသည်။
၂၃။	နာမ်ကာမျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။
၂၄။	ဤမြတစ်ခန်း၊	မဂ်ဖိုလ်လမ်း၊	ရောတ်လှမ်းနိုင်ကြသည်။

၂၂။ မဟာကုသိုလ် ပဌမစိတ်ကို သနိဒဿနတိုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

တိုက် ၂၂–ပါး ။ ။ တိုက်ဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားများကို သုံးခုခွဲ၍ ဟောတော်မူထားအပ်သောကြောင့် တိက = တိုက်ဟူ၍ ခေါ်လေသည်။ ထိုတိုက်သည် ကုသလတိုက်၊ ဝေဒနာတိုက် အစရှိသည်ဖြင့် ၂၂–တိုက် ရှိလေသည်။ ထို၂၂–တိုက်လုံးဖြင့်ပင် မဟာကုသိုလ် ပဌမစိတ်ကို ဝေဖန်ခဲ့ပြီးလေပြီ။ ယင်း ၂၂–တိုက်မှာ –

၁။ ထုသလတိတ် ၂။ ဝေဒနာတိတ် ၃။ စိတ္တဝိတတိတ်
၄။ ဥဝါဒိန္နတိတ် ၅။ သင်္ခါလိဋ္ဌတိတ် ၆။ စိတဋ္ဌတိတ်
၇။ စီတိတိတ် ၈။ ဒဿနတိတ် ၉။ ဒဿနဝေထုတိတ်
၁၀။ အာစယဂါမိတိတ် ၁၁။ သေက္ခတိတ် ၁၂။ ဝဇိဋ္ဌာတိတ်
၁၃။ ဝဇိဋ္ဌာဝုဋ္ဌာနတိတ် ၁၄။ တီနုတိတ် ၁၅။ ခီဏာဿဝတိတ်
၁၆။ မဂ္ဂါဝုဋ္ဌာနတိတ် ၁၇။ ဥပ္ပဋိပါဋိတိတ် ၁၈။ အတီတတိတ်
၁၉။ အတီတာဝုဋ္ဌာနတိတ် ၂၀။ အဝုဋ္ဌာတိတ် ၂၁။ အဝုဋ္ဌာဝုဋ္ဌာနတိတ်
၂၂။ သနိဒဿနတိတ်

– ဟူ၍ ၂၂–ပါး ဖြစ်လေသည်။

ယင်း ၂၂–တိုက်ကို တိကမာတိကာ အရကောက်တွင် ဤသို့ လက်စီထားသည်။

တိကမာတိကာချီး

တု,ဝေမှာ ဝိ,ဥဖက်လို့၊ သံ,ထက်နှင့် ဖိ,ဒ,ဟော၊
အာ,သေက်တွင် ပန္နစ်ခု၊ ဟောမှုဓမ္မသွေ့။
တိ,မိ,မ, ဥပ္ပန္နေ၊ တိန္နစ်ထွေ အဂ်ိန္ဒြေး၊
သတစ်တန် ဟာဒိတိက်တို့ ခဲကြိတ်လို့တွေး။

ဤသို့ မဟာကုသိုလ် ပဌမစိတ်ကို တိကမာတိကာဖြင့် ဝေဖန်ခြင်းခဏ္ဍ ကိုယ်ကျင့်တရားများ ပြီး၏။

မဟာကုသိုလ် ပဌမစိတ်ကို ဒုကမာတိကာဖြင့် ဝေဖန်ခြင်းငွါ ကိုယ်ကျင့်တရားများ

ဒုကမာတိကာ ၁၃–ပါး ။ ။ တိကမာတိကာကို ဟောတော်မူပြီးနောက် ဒုကမာတိကာကို ဟောတော်မူသည်။ ဒုကမာတိကာ ဟူသည် 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ဟူသော ပရမတ္ထတရားလေးပါးကို နှစ်စုပြု၍ ဟောတော်မူအပ်သော့ကြောင့် ဒုက = ဒုက်ဟူ၍ ခေါ်ရခြင်း ဖြစ်သည်။ ထိုဒုကမာတိကာ၌ –

၁။ ဟေတု ဂေါ်ဆုတ ၂။ စုဠန္တရဒုက် ၃။ အာသဝဂေါ်ဆုတ
၄။ သညောဇနဂေါ်ဆုတ ၅။ ဂန္ထဂေါ်ဆုတ ၆။ ဩဃဂေါ်ဆုတ
၇။ ယောဂဂေါ်ဆုတ ၈။ နီဝရဏဂေါ်ဆုတ ၉။ ပရာမာသဂေါ်ဆုတ
၁၀။ မဟန္တရဒုက် ၁၁။ ဥပါဒါနဂေါ်ဆုတ ၁၂။ ကိလေသဂေါ်ဆုတ
၁၃။ ဝိဇ္ဇိဒုက် – အားဖြင့် ၁၃–ပါး အပြားရှိ၏။

၁။ ဟေတုဂေါ်ဆုက် ၆–ပါး ။ ။ ထိုဟေတုဂေါ်ဆုကဉ်လည်း ...

၁။ ဟေတုဒုက် ၂။ သဟေတုကဒုက် ၃။ ဟေတုသမ္မယုတ္တဒုက်
၄။ ဟေတုသဟေတုကဒုက် ၅။ ဟေတု ဟေတုသမ္မယုတ္တဒုက် ၆။ နဟေတုသဟေတုကဒုက်
– အားဖြင့် ၆–ပါး ရှိ၏။

ဤ၌ ဂေါ်ဆုကဟူသည် ပန်းပွင့်၊ ပန်းခိုင်တို့၌ ပန်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍ ရှိနေဘိသကဲ့သို့ ဤအတူ အဟေတုက, သဟေတုက အစရှိသော သဒ္ဒါအားဖြင့်လည်းကောင်း၊ အဟိတ်, သဟိတ် အစရှိသော အနက်အားဖြင့်လည်းကောင်း ဆက်စပ်၍ ဟောထားသောကြောင့် ဟေတုအစရှိသော ဒုက်တို့ကို ဂေါ်ဆုကခေါ်သည်။

၁။ ဟေတုဒုက်

၁။ ဟေတု ဓမ္မာ – အကြောင်းရင်း ဟိတ်မည်သော တရားများ
၂။ နဟေတု ဓမ္မာ – အကြောင်းရင်း ဟိတ်မမည်သောတရားများ

ထိုတွင် –

၁။ ပဌမပုဒ်ဖြစ်သော အကြောင်းရင်းဟိတ် မည်သော တရားများမှာ – လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တရားများ ဖြစ်ကြသည်။

၂။ ဒုတိယပုဒ်ဖြစ်သော အကြောင်းရင်းဟိတ် မမည်သော တရားများမှာ – စိတ် ၈၉–ပါး၊ တိတ် ၆–ပါး ကြဉ်သော စေတသိက် ၄၆–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန် ရှိ၏။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် ၂-ပုဒ်လုံးတွင် ပါဝင်နေပေသည်။ မဟာကုသိုလ် ပဌမစိတ်၌ စေတသိက် ၃၈-ပါး ယှဉ်ရာတွင် ထို၃၈-ပါးတွင် ကုသိုလ်တရားတို့၏ အကြောင်းရင်းဖြစ်သော 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော ဟိတ် ၃-ပါးလုံး ပါဝင်နေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့သော် -

အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ် ၃-ပါးသည် -

၁။ သဒ္ဓိရကွန္ဓာ ဖြစ်သည်။

၂။ ဓမ္မာယတန ဖြစ်သည်။

၃။ ဓမ္မဓာတ် ဖြစ်သည်။

၄။ ဒုက္ခသစ္စာ ဖြစ်သည်။

မဟာကုသိုလ် ပဌမစိတ်၌ ထိုသို့ ဟိတ် ၃-ပါးလုံး ယှဉ်သောကြောင့်ပင် တိဟိတ်စိတ် ဖြစ်လျက်နေလေသည်။ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လျက်နေလေသည်။ ထိုသို့ ပုဂ္ဂိုလ်အဖြစ်ဖြင့် သေလျှင် ယခုဘဝ မဂ်ဖိုလ်ကို မရနှင့်ဦး။ နောင်ဘဝတို့၌ တိဟိတ် ပဋိသန္ဓေယူကာ တိဟိတ်ပုဂ္ဂိုလ်အဖြစ်နှင့် မဂ်ဖိုလ်ကို ရနိုင်သော အခွင့်အရေးတွေ ရှိနေလေသည်။

ဤဟေတုဒုက်၌ မြတ်စွာဘုရားရှင်သည် စိတ်နှင့်ဟိတ်တရားကို ခွဲခြားဝေဖန်ဟောကြားခြင်းဖြစ်၍ -

၂။ အကြောင်းရင်း ဟိတ်မဟုတ်သော တရားတွင် မဟာကုသိုလ် ပဌမစိတ်နှင့် ကျန်စေတသိက် ၃၅-ပါးတို့သည် ပါဝင်သွားလေသည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့သော် -

၁။ ခန္ဓာအားဖြင့် - မဟာကုသိုလ် ပဌမစိတ်သည် ဝိညာဏက္ခန္ဓာ၊ ဟိတ် ၃-ပါးကြဉ်သော စေတသိက် ၃၅-ပါးတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ကျန် စေတသိက် ၃၃-ပါးသည် သင်္ခါရက္ခန္ဓာ ဖြစ်လေသည်။

၂။ အာယတနအားဖြင့် - မဟာကုသိုလ် ပဌမစိတ်သည် မနာယတန၊ စေတသိက် ၃၅-ပါးသည် ဓမ္မာယတန ဖြစ်လေသည်။

၃။ ဓာတ်အားဖြင့် - မဟာကုသိုလ် ပဌမစိတ်သည် မနောဝိညာဏဓာတ်၊ စေတသိက် ၃၅-ပါးသည် ဓမ္မဓာတ် ဖြစ်လေသည်။

၄။ သစ္စာအားဖြင့် - မဟာကုသိုလ် ပဌမစိတ်ရော၊ စေတသိက် ၃၅-ပါးပါ ဒုက္ခသစ္စာ ဖြစ်လေသည်။

ဤခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့မှုသည် ကုသလတိက်တုန်းက ဖွဲ့ခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။ အလောဘ၊ အဒေါသ၊ အမောဟ မပါသည်သာ ထူးလေသည်။ နောက်များတွင် မထူးလျှင် မပြတော့ပြီ။ ဤသဘောကိုသာ မူသေမှတ်ထားနိုင်ကြသည်။

ဤဒုတိယပုဒ်အရ မဟာကုသိုလ် ပဌမစိတ်၌ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်တရားများ မပါဝင်သော်လည်း သဒ္ဓါ, သတိ စသော ကောင်းသော တရားတွေ ပါဝင်နေသည်ကို သတိပြုကြရမည် ဖြစ်သည်။

လူ့လောကၥ် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးကို ကြည်ညိုတတ်မှု၊ ယုံကြည်တတ်မှု၊ ကံ, ကံ၏အကျိုးကို ယုံကြည်တတ်မှု ဟူသော သဒ္ဓါတရားသည်လည်း လွန်စွာပင် အရေးကြီးသည်။ ဤမဟာကုသိုလ် ပဌမစိတ်ၥ် ပါဝင်သော သဒ္ဓါတရားသည်လည်း ဉာဏ်ကင်းသော သဒ္ဓါတရား မဟုတ်ပေ။ ဉာဏ်ယှဉ်သော သဒ္ဓါတရား ဖြစ်လေသည်။ ဤသဒ္ဓါတရားသည် သုဂတိဘုံဌာနနှင့် မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကိုပါ ကြည်ညိုသော၊ ယုံကြည်သော သဒ္ဓါတရားဖြစ်၍ လွန်စွာတန်ဖိုးရှိသော သဒ္ဓါတရားဖြစ်သည်ကို သတိပြုကြရမည်။ ဤသို့ သဒ္ဓါတရားရှိရုံပင် ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြခြင်း ဖြစ်လေသည်။

ဟေတူ ဓမ္မာ၊ နဟေတူ ဓမ္မာ ...အရတွင် ပါဝင်ကြသော ဤကုသိုလ်တရားတို့သည်လည်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖြစ်ပုံကိုလည်းကောင်း၊ ပုဂ္ဂိုလ်, သတ္တဝါ စသည် မဟုတ်ပုံကိုလည်းကောင်း ကောင်းစွာသိမြင်နိုင်ပေသည်။

၁။ ပကုဏ်တ်ကို ဟေတုဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ဟေတုဒုက်မှာ၊	ပတုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	ဟေနွင့်နပါ၊	နှစ်ပုဒ်မှာ၊	မိပွါသိရမည်။
၃။	ဟိတ်မည်လေငြား၊	မမည်ငြား၊	တရားဖြစ်လေသည်။
၄။	သုံးဆယ့်ရှစ်ဖြာ၊	စေတွေဟာ၊	ပမှာယှဉ်လေသည်။
၅။	သုံးရှစ်ထဲက၊	ကုဟိတ်ပ၊	ပအရဖြစ်လေသည်။
၆။	ဒုအရတွင်၊	ကျန်တာပင်၊	ပါဝင်သွားလေဖြို။
၇။	ပအရမှာ၊	ခန်,အာ,ဓာ၊	သစ္စာဖွဲ့လျှင်သည်၊
၈။	ခန်, သခ်ီရ၊	အာ,ဓာက၊	ဓမ္မဖြစ်လေသည်။
၉။	သစ္စာမှာမူ၊	ဒုက္ခဟူ၊	မှတ်ယူနိုင်ကြသည်။
၁၀။	ပကုစိတ်မှာ၊	ဟိတ်သုံးဖြာ၊	ယှဉ်ကာနေ၍သည်၊
၁၁။	စိတ်ကတိဟိတ်၊	လူတိဟိတ်၊	သေစိတ်ဟိတ်ဖြစ်သည်။
၁၂။	ယခုဘဝ၊	မဂ်ဖိုလ်ပ၊	မရသေ်လေသည်၊
၁၃။	နောက်ဘဝတွေထင့်၊	ရဖို့ဖြင့်၊	အခွင့်ရှိနေသည်။
၁၄။	ဒုအရမှာ၊	ဟိတ်မပါ၊	ကျန်တာတူလေဖြို။
၁၅။	ခံ,အာ,ဓာတ်လိုင်း၊	သစ္စာလိုင်း၊	ကုတိုင်းဖြစ်လေသည်။
၁၆။	ဟိတ်မပါငြား၊	သဒ္ဓါကား၊	ပါငြားနေလေသည်။
၁၇။	ဉာဏ်ယှဉ်သဒ္ဓါ၊	ဖြစ်လေရာ၊	လွန်စွာဖိုးတန်သည်။

၀၈။	ဆဒ္ဒါတြောဝ့်ထဝ်၊	ကုသိလ်ပဝ်၊	ကြည်လင်ပြုကြသည်။
၀၉။	ဤကုသိုလ်လဲ၊	ထူဝါဝဲ၊	ဟုတ်လဲမဟုတ်ပြီ။
၂၀။	ဓန္ဓာမျှသာ၊	ဓာတ်မျှသာ၊	ဒုက်သာဖြစ်ခဲလေသည်။
၂၁။	နာမ်ဓာတ်မျှသာ၊	ကုမျှသာ၊	ဉာဏ်ဖြာသိရမည်။

၁။ ပကိုစိတ်ကို ဟေတုဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • • • • • • • • • • • • • • • •

၂။ ပကွစိတ်ကို သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ သဟေတုကဒုက်

၁။ သဟေတုကာ ဓမ္မာ – အကြောင်းရင်း ဟိတ်ရှိကုန်သော တရားများ။

၂။ အဟေတုကာ ဓမ္မာ – အကြောင်းရင်း ဟိတ်မရှိကုန်သော တရားများ။

၁။ ပဌမပုဒ်အရ – သဟိတ်စိတ် ၇၁-ပါး၊ မောတမူဒ္ဒေဌ် မောတကြဉ် စေတသိက် ၅၂-ပါး ရ၏။

၂။ ဒုတိယပုဒ်အရကား – အဟိတ်စိတ် ၁၈-ပါး၊ ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂-ပါး၊ မောတမူဒ္ဒေဌ် မောဟ၊ ဝူဝ်၂၀၊ နိဗ္ဗာန်၀၉၏။

စိတ် ၈၉-ပါးတွင် အဟိတ်စိတ် ၁၈-ပါးသည် ဟိတ်တစ်ပါးမျှ မယှဉ်သောကြောင့် အဟိတ်စိတ် ခေါ်၏။ ကျန် သဟိတ်စိတ် ၇၁-ပါးသည် ဟိတ်ရှိသောကြောင့် သဟိတ်စိတ် ခေါ်လေသည်။

ထိုတွင် မဟာကုသိုလ် ပဌမစိတ်သည် ကုသိုလ်ဟိတ် ၃-ပါးလုံးရှိသောတရား ဖြစ်သောကြောင့် ပဌမပုဒ် ဖြစ်သော သဟေတုကာ ဓမ္မာအရတွင် ပါဝင်လေသည်။

လျှုဒါန်းမှု အစရှိသော ကောင်းမှုကုသိုလ်ကို ပြုနေစဉ်၌ဖြစ်သော မဟာကုသိုလ် ပဌမစိတ်သည် ထိုအချိန်၌ လောဘစိတ်ကင်းရှင်း အလောဘစိတ် ဖြစ်နေလေသည်။ စိတ်ဆိုးမှု၊ စိုးရိမ်မှု၊ အမျက်ထွက်မှုဟူသော ဒေါသစိတ် ကင်းရှင်း အဒေါသစိတ် ဖြစ်နေလေသည်။ တွေဝေမှု မောဟစိတ်ကင်းရှင်း အမောဟစိတ် ဖြစ်နေလေသည်။ ထိုသို့ ကုသိုလ် ဟိတ်သုံးပါးလုံးရှိသောစိတ် ဖြစ်သောကြောင့် ထိုအချိန်၌ နာမ်ရောရုပ်ပါ သန့်ရှင်းစင်ကြယ်သောဘဝကို ရလျက် နေလေသည်။

၂။ ပကတ္တိကို သဘောတူကဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	သဟေဒုက်မှာ၊	ပကတ္တာ၊	ပမာဟိဝတ်သည်။
၂။	သဟေတုကာ၊	ပဋိဒ္ဓာ၊	စိပ္ပါသိရမည်။
၃။	ဟိတ်ရှိတရား။	ခေါ် လေငြား၊	မှတ်သား၌ဝင်ကြသည်။
၄။	ကုသိုလ်ပြုစဉ်၊	ပစိတ်တွင်၊	ဟိတ်ယှဉ်နေမှုသည်၊
၅။	လောဘထင်းကာ၊	အလောဘာ၊	ဖြစ်ကာနေလေသည်။
၆။	ဒေါသကင်းကာ၊	အဒေါသာ၊	ဖြစ်ကာနေလေသည်။
၇။	မောဟကင်းကာ၊	အမောဟာ၊	ဖြစ်ကာနေလေသည်။
၈။	ကုဟိတ်သိုးဖြာ၊	ဖြစ်နေရာ၊	လွန်စွာသန့်ရှင်းသည်။
၉။	သန့်ရှင်းတဝ၊	မိမိရဲ့	ယူပြဋ္ဌိုင်လေပြီ။

၂။ ပကတ္တိတ်ကို သဘောတူကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

• •

၃။ ပကတ္တိတ်ကို ဟေတုသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဟေတုသမ္မယုတ္တာဒုက်

၁။ ဟေတုသမ္မယုတ္တာ ဓမ္မာ – ဟိတ်နှင့်ယှဉ်သော တရားများ။

၂။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ – ဟိတ်နှင့် မယှဉ်သော တရားများ။

(သဟေတုကဒုက်နှင့် တူပြီ)

၃။ ပကတ္တိတ်ကို ဟေတုသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတ္တိတ်ကို ဟေတု သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်းဌ္ဌ ကိုယ်ကျင့်တရားများ

၄။ ဟေတု သဟေတုကဒုက်

၁။ တေတူ ဧဧဝ ဓမ္မာ သတေတုကာ စ – ဟိတ်လည်းမည်၊ ဟိတ်လည်းရှိသော တရားများ။
၂။ သတေတုကာ ဧဧဝ ဓမ္မာ နစ တေတူ – ဟိတ်သာရှိ၍ ဟိတ်မမည်သော တရားများ။

၁။ ပဌမပုဒ်အရ – မောတမူဒ္ဒေဿိ မောတဿြဉ်သော တိတ် ၆-ပါးရှိ၏။
၂။ ဒုတိယပုဒ်အရ – သတိတ်စိတ် ၃၁-ပါး၊ တိတ် ၆-ပါးဿြဉ် စေတသိတ် ၄၆-ပါးရှိ၏။

၁။ ပဌမပုဒ်အရသည် – တေထုဒုတိ် ဝဌမဝုဒ်အရနှင့် တူ၏။ မောတမူဒ္ဒေဿိ မောတဿြဉ်သည်သာ ထူးသည်။
၂။ ဒုတိယပုဒ်အရသည် – သတေထုတဒုတိ် ဝဌမဝုဒ်အရနှင့် တူ၏။ မောတမူဒ္ဒေဿိ မောတမဿြဉ်သည်သာ ထူးသည်။

ဤဌ္ဌ ထူးခြားချက်ကား အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်ဟိတ် ၃-ပါးသည် ကုသိုလ်ဟိတ် ဟူ၍ အမည်ရသလို အလောဘဟိတ်သည် အဒေါသ, အမောဟဟိတ်ဟူသော ဟိတ်ရှိသောကြောင့်လည်းကောင်း၊ အဒေါသဟိတ်သည် အလောဘ, အမောဟ ဟူသော ဟိတ်ရှိသောကြောင့်လည်းကောင်း၊ အမောဟဟိတ်သည် အလောဘ, အဒေါသ ဟူသော ဟိတ်ရှိသောကြောင့်လည်းကောင်း ဟိတ်ရှိသော တရားများလည်း ဖြစ်လေသည်။

ထို့ကြောင့် မဟာကုသိုလ် ပဌမစိတ်ဌ္ဌ ယှဉ်ကြသော ဤကုသိုလ်ဟိတ် ၃-ပါးသည် ဝိဝိတ္တိကိုယ်တိုင်က ဟိတ်အမည်လည်း ရသလို အချင်းချင်း အမှီသဟဲ ယှဉ်တွဲကြသည်ဖြစ်၍ ဟိတ်ရှိသော တရားများလည်း ဖြစ်ရပြန်လေသည်။ ဤသို့ဆိုလျှင် ဤကုသိုလ်ဟိတ် ၃-ပါးသည် ကုသိုလ်ရေးဘက်ဌ္ဌ မည်မျှအားကောင်းစွာ ရှိနေသည်ကို သိမြင်နိုင်ကြပေသည်။

ဒုတိယပုဒ်အရ – မဟာကုသိုလ် ပဌမစိတ်သည် ဝိဝိကိုယ်တိုင်က ဟိတ်မမည်သော်လည်း၊ ကုသိုလ်ဟိတ် ၃-ပါးကား ရှိနေသည်ဖြစ်၍ တိဟိတ်စိတ်အဖြစ်ဌ္ဌ ရပ်တည်နိုင်သည်ကိုလည်း သိမြင်နိုင်ကြပေသည်။

၅။ ပကတ္တိတ်ကို ဟေတု သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်းဌ္ဌ ဆောင်ရွက်လက်များ

၁။	ဟေ သဟေဒုတိ်မှာ၊	ပတုဟာ၊	၄စ်ဖြာပါဝင်သည်။
၂။	တိတ်လေမည်ရ၊	တိတ်ရှိရ၊	ပ,ရဖြစ်လေသည်။
၃။	တိတ်မမည်တိ၊	တိတ်သာရှိ၊	မူတ်သိဒဖြစ်သည်။
၄။	တုတိတ်သာပဲ၊	တိတ်မည်ပဲ၊	တိတ်လေရှိလေသည်။
၅။	အချင်းချင်းပဲ၊	မှီသဟဲ၊	ယှဉ်တွဲကြလေသည်။

၆။	ကုဟိတ်သုံးဖြာ၊	အားကောင်းတာ၊	ကောင်းစွာသိနိုင်သည်။
၇။	ပကုစိတ်သည်၊	ဟိတ်မဖြည်၊	ဟိတ်သည်ရှိလေသည်။
၈။	သုံးဖြာတိဟိတ်၊	ယှဉ်တွဲချိတ်၊	တိဟိတ်ဖြစ်ရသည်။
၉။	တိဟိတ်နှင့်ပင်၊	ရပ်တည်အင်၊	သိမြင်နိုင်ကြသည်။

၄။ ပကုစိတ်ကို ဟေတု သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကုစိတ်ကို ဟေတု ဟေတုသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ဟေတု ဟေတုသမ္မယုတ္တာဒုက်

၁။ ဟေတူဧဝ ဓမ္မာ ဟေတုသမ္မယုတ္တာ စ – ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်သောတရားများ။

၂။ ဟေတဲတု သမ္မယုတ္တာ ဧဝ ဓမ္မာ နော စ ဟေတူ – ဟိတ်နှင့်ယှဉ်၍ ဟိတ်မမည်သော တရားများ။

(ဟေတု သဟေတုကဒုက်နှင့် တူပြီ)

၅။ ပကုစိတ်ကို တေတု ဟေတုသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို နဟေတု သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ နဟေတု သဟေတုဒုက်

၁။ နဟေတူ ခေါ်ပန ဓမ္မာ သဟေတုကာပိ – ဟိတ်မမည်၊ ဟိတ်ရှိသောတရားများ

(ဟေတု သဟေတုကဒုက် ဒုတိယပုဒ်နှင့်တူပြီ)

၂။ နဟေတု ခေါ်ပန ဓမ္မာ အဟေတူကာပိ – ဟိတ်လည်း မမည်၊ ဟိတ်လည်း မရှိသောတရားများ

(သဟေတုကဒုက် ဒုတိယပုဒ်နှင့်တူပြီ။ မောဟမူဒွေ၌ မောဟမကြဉ်သည်သာ ထူးသည်)

၆။ ပကုစိတ်ကို နဟေတု သဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁။ မဟာကုသိုလ် ပဌမစိတ်ကို ဟေတုဂါမိဆကဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

၂။ စုဉ္ဇန်ရဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ စုဉ္ဇန်ရဒုက် ။ ။ တစ်ပါးသော ဒုက်တို့အောက် ငယ်သောကြောင့် စုဉ္ဇဒေါ်၏။ ဟေတုဂါမ္ဘကာ၊ အာသဝဂါမ္ဘကာ နှစ်ပါးတို့၏ အကြားဒွိဖြစ်သောကြောင့် အန္တရမည်၏။ ဆိုလိုရင်းကား - အခြားသောဒုက်တို့ထက် ငယ်၍ ဂါမ္ဘကနှစ်ခု၏အကြား၌ ဖြစ်သောကြောင့် စုဉ္ဇန်ရဒုက် ခေါ်သည်။ ထိုစုဉ္ဇန်ရဒုက်၌-

၁။ သပ္ပစ္စယဒုက် ၂။ သင်္ခတဒုက် ၃။ သနိဒဿနဒုက် ၄။ သပ္ပဋိဃဒုက်
၅။ စူဠဒုက် ၆။ လောကိယဒုက် ၇။ တေနစိတ္တဇဒုက် -
အားဖြင့် (၇)ပါး ရှိလေသည်။

၁။ ပကတိစိတ်ကို သပ္ပစ္စယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ သပ္ပစ္စယဒုက်

၁။ သပ္ပစ္စယာ ဓမ္မာ - ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးနှင့် တကွဖြစ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါးတို့၏။

၂။ အပ္ပစ္စယာ ဓမ္မာ - ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးနှင့် တကွမဖြစ်ကုန်သော တရားများ။ နိဗ္ဗာန်တို့၏။

ဤဒုက်အရ - မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရ၌ ပါဝင်လေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် အကြောင်းကင်း၍ အလိုလို ဖြစ်ပေါ်လာသောတရားမျိုး မဟုတ်ပေ။ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရသောတရား ဖြစ်လေသည်။

အကြောင်းကြောင့် ဖြစ်ပေါ်လာရသော တရားသည် မမြဲသောသဘောဖြစ်၍ အနိစ္စဖြစ်လေသည်။ ဖြစ်ပြီး ပျက်ရသော အနိစ္စတရားသည် သုခမဟုတ်ပေ။ ဒုက္ခဖြစ်လေသည်။ ဖြစ်ပြီးပျက်ရသော ထိုမမြဲသောတရားကို ဇဝိုင်လုပ်၍ မရပေ။ အတ္တမဟုတ်ပေ။ အနတ္တဖြစ်လေသည်။ ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တကို သိမြင်ကာ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့နှင့်တကွ မဖြစ်သော ဒုတိယပုဒ်အရဖြစ်သော နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်အောင် ကြိုးစားအားထုတ်ရပေမည်။

၁။ ပကတိစိတ်ကို သပ္ပစ္စယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။ သပ္ပစ္စယဒုက်မှာ၊ ပကတ္တာ၊ ပမာဟိဝဝိသည်။
၂။ ကြောင်းနှင့်တကွ၊ ဖြစ်ကုန်ရ၊ ဓမ္မဖြစ်လေသည်။

၉။	နိဗ္ဗာန်ချဉ်ထား၊	ကျန်တရား၊	ကုန်မျှားပါဝင်သည်။
၇။	ဖြစ်ပြီးပျက်ရ၊	အနိစ္စ၊	ဒုက္ခဖြစ်လေသည်။
၅။	ငါပိုင်မရ၊	အနတ္တ၊	အတ္တမဟုတ်ပြီ။
၆။	ဝိပဿနာတရား၊	ခါခါပွား၊	ကျင့်ကြားသူတို့သည်၊
၇။	အမြဲအေးချမ်း၊	နိဗ္ဗာန်စမ်း၊	ရောက်လှမ်းကြရမည်။

၁။ ပကိုစိတ်ကို သပ္ပစ္ဓယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိုစိတ်ကို သခ်ိတဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ သခ်ိတဒုက်

၁။ သခ်ိတာ ဓမ္မာ – ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းလေးပါးတို့သည် ပြုပြင်စီမံအပ်သောတရားများ၊ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါးတို့၏။

၂။ အသခ်ိတာ ဓမ္မာ – ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းလေးပါးတို့သည် မပြုပြင်အပ်ကုန်သော တရားများ၊ နိဗ္ဗာန်၊ ဝိ။ (*အရကား သပ္ပစ္ဓယဒုက်နှင့်တူ၏*)

ဤသပ္ပစ္ဓယဒုက်၊ သခ်ိတဒုက်တို့အရ မဟာကုသိုလ် ပဌမစိတ်သည် အလိုလို ဖြစ်ပေါ်လာသော တရားမဟုတ်ဘဲ အကြောင်းတရားတို့ ပြုပြင်အပ်၍ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရသောတရားဖြစ်၍ ဝိဝိတို့ စိတ်ကို ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ပေးကြရမည် ဖြစ်သည်။

မဟာကုသိုလ် ပဌမစိတ်၌ သတိ, သမာဓိ, ပညာ စသော ကောင်းသော တရားများလည်း ပါဝင်ယှဉ်တွဲနေကြသည်ဖြစ်၍ ထိုသတိ, သမာဓိ, ပညာတို့ဖြင့်ပင် အကုသိုလ်တရားတွေကို မပြုလုပ်မိအောင်၊ မပြောဆိုမိအောင် ပြုပြင်ပေးရပေမည်။ ဝိဝိတို့စိတ်၌ လောဘဖြစ်လာလျှင်လည်း လောဘဖြစ်မှန်းကို သိ၍လည်းကောင်း၊ ဒေါသဖြစ်လာလျှင်လည်း ဒေါသဖြစ်မှန်းကို သိ၍လည်းကောင်း၊ မောဟဖြစ်လာလျှင်လည်း မောဟဖြစ်မှန်းကို သိ၍လည်းကောင်း မကောင်းသောတရားများကို ပယ်ခွါမှု ပြုရပေမည်။

ထိုသို့ သတိမပြတ် အသိကပ်လျက် အထပ်ထပ် ရှုမှတ်နေသူတို့အား မကောင်းသော အကုသိုလ်တရားများ နည်းပါးနည်းပါး၍လာကာ ကောင်းသောကုသိုလ်တရားများ တိုးပွားသထက် တိုးပွားလာကြပေမည်။ နောက်ဆုံးတွင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကိုပင် ရရှိနိုင်ကြမည် ဖြစ်ပေသည်။

၂။ ပကတိစိတ်ကို သင်္ခါတဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်စများ

၁။	ဆန်တဇုတ်မှာ၊	ဝကုဟာ၊	ဝမ္ဘာဖါဝင်ထည်။
၂။	နိဗ္ဗာန်ချဉ်ထား၊	ကျဉ်တရား၊	ကုဉ်များဖါဝင်ထည်။
၃။	ဝကုစိတ်ဟာ၊	လိုလိုသာ၊	ဖြစ်တာမတုတ်ဖြို။
၄။	အကြောင်းလေးဖြာ၊	ဖန်ချိဘာ၊	ဖြစ်တာဖြစ်လေထည်။
၅။	ဝကုယ္ဘဉ်ရာ၊	ထထိဖါ၊	ဝညာဖါဝင်ထည်။
၆။	ထတိဖြင့်ထာ၊	မတောင်းတာ၊	ဖယ်ရှိုထုတ်ရမည်။
၇။	ဒုစရိုတ်စု၊	မတောင်းမှု၊	ရှောင်ပြုကြရမည်။
၈။	ဒုစရိုတ်စကား၊	မပြောကြား၊	ရှောင်ထားကြရမည်။
၉။	လော,ဒေါ်,မောဟာ၊	ဖြစ်လောရာ၊	ဖြစ်တာသိရမည်။
၁၀။	သိပြီးနောက်မှာ၊	လျင်မြန်စွာ၊	ဖယ်ရှိုထုတ်ရမည်။
၁၀။	ထတိထရား၊	အမြဲထား၊	ရှယ်ားဆုမျှားထည်၊
၁၂။	အကုထရား၊	လွန်နည်းပါး၊	ဖြစ်ကားလာလေမည်။
၁၃။	ထုထိုလ်တရား၊	စဉ်တိုးတွား၊	ဖြစ်တားလာလိမ့်မည်။
၀၄။	နောတ်ဆုံးဌိတွင်၊	နိဗ္ဗာန်ရွင်၊	ပြေးဝင်စံပေမည်။

၂။ ပကတိစိတ်ကို သင်္ခါတဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတိစိတ်ကို သန်ဒဿနဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ သန်ဒဿနဒုက်

၁။ သန်ဒဿနာ ဓမ္မာ – မြင်ခြင်းနှင့်တကွ ဖြစ်သောတရားများ။ ရူပါဝဇ္ဇရုံ။

၂။ အနိဒဿနာ ဓမ္မာ – မြင်ခြင်းနှင့်တကွ မဖြစ်သောတရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပါဝဇ္ဇဏ်ဥ ရူပ် ၂၇-ပါး၊ နိဗ္ဗာန်ရုံ။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။ ရူပါရုံကဲ့သို့ မျက်စိနှင့် တပ်အပ်ထင်ထင် မတွေ့မြင်နိုင်သော်လည်း မြတ်စွာဘုရား ဟောကြားတော်မူထားအပ်သော

ဒေသနာတော်နည်း၊ သတိပဋ္ဌာန်နည်းများဖြင့် သိရှိအောင် လေ့လာလိုက်စားလျှင် မိမိတို့ စိတ်များကို အထင်အရှား ပင် သိမြင်နိုင်ကြပေသည်။

ဗိမိစိတ်တွင်မက သူတစ်ပါးတို့၏ စိတ်ကိုပါ ထိုးဖောက်သိမြင်နိုင်ပေသည်။ မိမိတို့၏ စိတ်ကို သတိတရား၊ သမာဓိတရား၊ ပညာတရားတို့ဖြင့် သိအောင်ကြိုးစားသင့်ကြပေသည်။ စိတ်ကိုသိလာသည်နှင့်အမျှ စိတ်၏စွမ်းအင် သည် အလွန်ကြီးမားကြောင်း သိရှိလာနိုင်မည်ဖြစ်သည်။ သူတစ်ပါးစိတ်ကို ပိုင်းခြားသိမြင်နိုင်သော စေတောပရိယ အဘိညာဉ်များ၊ ရှေးအတိတ်ဘဝတွေကို မြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်များ၊ နတ်မျက်စိကဲ့သို့ အဝေးကိုလည်းကောင်း, အနီးကိုလည်းကောင်း, တောင်, နံရံခြားသည်ကိုလည်းကောင်း ထိုးဖောက်သိမြင်နိုင်စွမ်း ရှိသော ဒိဗ္ဗစက္ခုအဘိညာဉ်များသည်လည်းကောင်း ဤစိတ်ကို လေ့လာပွားများရာမှ ဖြစ်ပေါ်လာသော စိတ်၏စွမ်းအင် များပင် ဖြစ်သည်။

ထို့ကြောင့် မမြင်ရသောစိတ်ကို သိရှိအောင်လုပ်ပြီး စိတ်စွမ်းအင် ရရှိအောင် ကျင့်ဆောင်သင့်ကြပေသည်။

၃။ ပကုစိတ်ကို သနိဒဿနဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ှာများ

၁။	သနိဒုက်မှာ၊	ပကုဟာ၊	ဒုမှာဟိဝင်သည်။
၂။	အနိပုဒ်ကား၊	မမြင်ငြား၊	တရားဖြစ်လေသည်။
၃။	ရူပါသို့ပင်၊	ပကုအင်၊	မမြင်ရလေဖြို့။
၄။	ဘုရားဟောထား၊	နည်းဖြင့်ကား၊	ထင်ရှားသိနိုင်သည်။
၅။	ကိုယ့်စိတ်ကျော်ကာ၊	သူစိတ်ပါ၊	ကောင်းစွာသိနိုင်သည်။
၆။	မမြင်ရာ၊	စိတ်ကိုသာ၊	လေ့လာပွားများသည်၊
၇။	စိတ်၏စွမ်းအား၊	လွန်ကြီးမား၊	တွေ့ငြားလာနိုင်သည်။
၈။	စေတောဘိညာဉ်၊	ဒိဗ္ဗဘိညာဉ်၊	ဘိညာဉ်များစွာသည်၊
၉။	စိတ်ကိုလေးထား၊	ခါခါပွား၊	စွမ်းအားဖြစ်လေသည်။
၁၀။	မမြင်ရစိတ်၊	သိအောင်ကြိတ်၊	စွမ်းစိတ်ဖြစ်နိုင်သည်။

၃။ ပကုစိတ်ကို သနိဒဿနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတိစိတ်ကို သပ္ပဋိယဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၄။ သပ္ပဋိယဒုက်

၁။ သပ္ပဋိယာ ဓမ္မာ – ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော တရားများ။ ဩဇဋ္ဌမကရုပ် ၁၂-ပါးတို့၏။
၂။ အပ္ပဋိယာ ဓမ္မာ – ထိပါးခြင်း မရှိကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန် ၎င်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်လေသည်။ ရူပါရုံသည် စက္ခုပသာဒကို ထိပါးတတ်၏။ ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒကို ထိပါးတတ်၏ – စသည်ဖြင့် ထိုသို့ ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့် စက္ခုပသာဒ စသော ပသာဒရုပ်ငါးပါး၊ ရူပါရုံ စသော ဂေါစရရုပ် ခုနစ်ပါးတို့ကို သဋ္ဌာရိကရုပ်ဟု ခေါ်လေသည်။

စိတ်၊ စေတသိက်ဟူသော နာမ်တရားများကား ထိုသို့ ထိပါး၍ သိနိုင်သော တရားမျိုး မဟုတ်ပေ။ သို့ရာတွင် ထိပါး၍မရသော နာမ်တရားများကို သတိပဋ္ဌာန်နည်းတို့ဖြင့် သိအောင်လုပ်နိုင်မှကား အလွန်တန်ဖိုးရှိသော၊ အလွန်အနှစ်သာရရှိသော ဘဝကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

လောဘအာရုံ၊ ဒေါသအာရုံ၊ ကာမဂုဏ်အာရုံနောက်သို့ တကောက်ကောက် လိုက်နေသောစိတ်ကို၊ ကာမဂုဏ်နောက်သို့ လေလို ဖမ်းမရ၊ ဆွဲမရ၊ စုစည်းမရ မျောပါလွင့်ပါးနေသောစိတ်ကို သတိ, သမာဓိ, ပညာတို့ဖြင့် ဖမ်းလို့ရအောင်, ဆွဲလို့ရအောင်, စုစည်းလို့ရအောင် ထိုယုတ်ညံ့သောအာရုံတို့မှ ဆွဲထုတ်နိုင်မည် ဆိုလျှင်ကား ကိုင်တွယ်၍မရ၊ မြင်လို့မရ၊ ထိပါးမရသော စိတ်သည်ပင် မိမိဘဝကို အလွန်အကျိုးပြုစေသောစိတ်၊ အလွန်တန်ဖိုးရှိစေသောစိတ်၊ အလွန်အနှစ်သာရရှိသောစိတ်မျိုးသို့ ပြောင်းလဲ ရောက်ရှိလာနိုင်ပေသည်။

၅။ ပကတိစိတ်ကို သပ္ပဋိယဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်ာများ

၁။	သပ္ပဋိယဒုက်မှာ၊	ပကတိတာ၊	ဒုမှာပါဝင်သည်။
၂။	ထိပါး၍များ၊	မရကြား၊	တရားဖြစ်လေသည်။
၃။	ထိပါးမရဘဲ၊	နာမ်တိုတို၊	သတိဖြင့်သာသည်၊
၄။	သိရှိအောင်သာ၊	လုပ်နိုင်ပါ၏၊	လွန်စွာကျိုးရှိသည်။
၅။	တာမဂုဏ်နောက်၊	တကောက်ကောက်၊	ရောက်ရောက်စိတ်များသည်၊
၆။	တဟူးဟူးတိုက်ငြား၊	လေအလား၊	ဖမ်းကားမလွယ်ပြီ။
၇။	သတိ,ဓိဖြင့်၊	ပညာဖြင့်၊	ဖမ်းလင့်ရပေမည်။
၈။	လောဘအာရုံ၊	အဖုံဖုံ၊	မျောတုံစိတ်ကိုသည်၊

၉။ ဆွဲလိုထုတ်ငြား၊ စုစည်းငြား၊ ဖမ်းထားနိုင်မှသည်၊
၀၀။ လွန်စွာတန်ဖိုး၊ အနှစ်အိုး၊ စိတ်မျိုးပြစ်ပေမည်။

၄။ ပကူစိတ်ကို သပ္ပဋိဃဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကူစိတ်ကို ရူပီဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ရူပီဒုက်

၁။ ရူပိနော ဓမ္မာ – ဖောက်ပြန်ခြင်း သဘောရှိကုန်သော တရားများ။ ရူပ် ၂၈-ပါး ၎င်း။
၂။ အရူပိနော ဓမ္မာ – ဖောက်ပြန်ခြင်း သဘောမရှိကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်၎င်း။

ဤဒုက်၌လည်း မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။ ဤခန္ဓာကိုယ်ဟူသော ရုပ်တရားကား အပူနှင့်တွေ့လျှင်လည်း ပကတိသဘောမှ ပြောင်းလွဲဖောက်ပြန်တတ်၏။ အအေးနှင့်တွေ့လျှင်လည်း တစ်မျိုးဖောက်ပြန် ပြောင်းလွဲတတ်၏။ ထိုသို့ ဖောက်ပြန်မှုသဘောရှိသောကြောင့် ရူပါရုံ အစရှိသော တရားတို့ကို ရုပ်ဟူ၍ ခေါ်ရသည်။

စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့ကား ရုပ်ကဲ့သို့ ဖောက်ပြန်တတ်မှု မရှိ၍ ရုပ်ဟူ၍ မခေါ်ရပေ။ **အရူပ** – ရုပ်ကားမဟုတ်၊ နာမ်တရားဟူ၍ ခေါ်ရသည်။ ထိုစိတ်၊ စေတသိက်ဟူသော နာမ်တရားသည် ရုပ်ကဲ့သို့ ဖောက်ပြန်မှုမျိုး မရှိသော်လည်း အလွန်လျင်မြန်စွာ ပြောင်းလွဲတတ်သည်ကိုကား သတိပြုကြရပေမည်။

မျောက်သည် အငြိမ်မနေပေ။ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးလှုပ်ရှားသကဲ့သို့ စိတ်ဟူသော နာမ်တရားသည် တစ်ချက်ကလေးမှ အငြိမ်မနေ၊ အမျိုးမျိုးသော အာရုံသို့ ခုန်ကျော်ပြေးလွှား ပျံ့လွင့်လျက်ရှိ၏။

ထိုစိတ်ကို စောင့်ရှောက်နိုင်ခဲ၏။ လောဘအာရုံ, ကာမဂုဏ်အာရုံတို့မှ တားမြစ်နိုင်ခဲ၏။ ထိုသို့ စောင့်ရှောက်နိုင်ခဲသော၊ တားမြစ်နိုင်ခဲသော စိတ်ကို စောင့်ရှောက်နိုင်မှ၊ တားမြစ်နိုင်မှ တန်ဖိုးရှိသော၊ မြင့်မြတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြမည် ဖြစ်၏။

မိမိတို့ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ဖြစ်ပေါ်လာသော မဟာကုသိုလ်ပဌမစိတ်သည်ကား မြင့်မြတ်သောတရား ဖြစ်သည့်အားလျော်စွာ ထိုမြင့်မြတ်သော စိတ်ကို ထိန်းထားနိုင်ရန် အရေးကြီးလှပေ၏။

မထိန်းထားနိုင်၍ 'ပြဟ္ဒူးပြည် တဝင်းဝင်း၊ ဝက်စားကျင်းတရွတ်ရွတ်' ဖြစ်လျှင်ကား မကောင်းပေ။ လူပြည် နတ်ပြည် ဟူသော သုဂတိဘုံတို့၌ စုန်ချည်ဆန်ချည်ဖြင့် သံသရာလည်၍ နိဗ္ဗာန်သို့ ဝင်နိုင်လျှင်သာ ကောင်းပေ၏။

၅။ ပကုစိတ်ကို ရူပီဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရွက်လက်များ

၀။	ရူပီဒုတ်မှာ၊	ပကုဟာ၊	ဒုမှာဟိဝဝိထည်။
၂။	အရူပိမှန်၊	ရုပ်သို့တန်၊	ဖောက်ပြန်မရှိပြီ။
၃။	သို့ရာတွင်ဝိစဲ၊	လျှပ်စွာပဲ၊	ပြောင်းလွဲတတ်လေထည်။
၄။	မျောတ်သို့အတေး၊	စိတ်ထည်တား၊	ပြိမ်ကားမပြိမ်ပြီ။
၅။	အမျိုးမျိုးသော်၊	အာရုံပေါ်၊	ခုန်ကျော်ပြေးလွှားထည်။
၆။	စောဝ့်ရှောတ်ဖို့ရာ၊	ထားဖို့ရာ၊	လွန်စွာခဲယဉ်းထည်။
၇။	စောဝ့်ရှောတ်နိုဝ်ရှေဝ်၊	တားနိုဝ်အဝ်၊	လွန်ပဝ်မြဝ့်မြတ်ထည်။
၈။	ပကုစိတ်မှန်၊	မြဝ့်မြတ်ပြန်၊	ထိန်းရန်လိုပေထည်။
၉။	မထိန်းနိုဝ်ထဝ်း၊	ထဝဝ်းဝဝ်း၊	စားကျဝ်းရွတ်တတ်ထည်။
၁၀။	ဝဝ်းထစ်ရှေည့်ရွတ်တစ်ခါ၊	ဖြစ်နေရာ၊	တတ်မှာကောဝ်းလိမ့်မည်။
၁၁။	သုဂတိဘုံမှာ၊	ကျဝ်ရေည်ကာ၊	နိဗ္ဗာရောက်မှသည်၊
၁၂။	သာဃနာနှဝ့်ပ၊	ကြုံကျိုးက၊	နဝ်ကြပေလိမ့်မည်။

၅။ ပကုစိတ်ကို ရူပီဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို လောကီယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ လောကီယဒုက်

၁။ လောကီယာ ဓမ္မာ – အမျိုးမျိုး အဝုံဝုံ ပျက်စီးတတ်သော သဘာရလောကဌ အကျိုးဝင်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ စေတသိတ် ၅၂-ပါး၊ ဝူဝိ ၂၈-ပါးရှိ၏။

၂။ လောကုတ္တရာ ဓမ္မာ – အမျိုးမျိုး အဝုံဝုံ ပျက်စီးတတ်သော သဘာရလောကမှ ထွက်မြောက်တတ်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိတ် ၃၆-ပါး၊ နိဗ္ဗာန်ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရ၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေသည်။

ဤဒုက်အရ လောကီဖြစ်သော ဤခန္ဓာ ၅-ပါးတို့ကား အမျိုးမျိုးသော ပျက်စီးခြင်းနှင့် ကြုံရတတ်သည်ကို သတိပြုသင့်လှပေ၏။ ရတာမလို၊ လိုတာမရသောအားဖြင့်လည်း ပျက်စီးတတ်၏။ ချစ်သူနှင့်လွဲ၊ မုန်းသူနှင့်တွဲရခြင်း

အားဖြင့်လည်း ပျက်စီးရတတ်ပေ၏။ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့ နှိပ်စက်သဖြင့်လည်း ပျက်စီးရတတ်ပေ၏။ မဟာကုသိုလ် ပဌမစိတ်၏ အရှင်ဖြစ်သော ကုသိုလ်ရှင်သည်လည်း ထိုသို့ ပျက်စီးခြင်းမျိုးနှင့် ကြုံရတတ်သည်ဖြစ်သောကြောင့်–

ထိုမဟာကုသိုလ်စိတ်ကို မဂ္ဂင်္ဂိုဏ်ထား၍ ဝိပဿနာတရားများကို ကြိုးစားအားထုတ်ပွားများ၍သာလျှင် ထိုအမျိုးမျိုးသော ပျက်စီးခြင်းမှ လွတ်မြောက်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာနယ်သို့ ကူးတက်ကြရမည်ဖြစ်ပေ၏။

၆။ ပကုစိတ်ကို လောကိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	လောကိယဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	လောကိဆိုတာ၊	မျိုးမျိုးသာ၊	ပျက်တာဖြစ်လေသည်။
၃။	ခန္ဓာငါးပါး၊	ကိတရား၊	ရငြားသူတို့သည်။
၄။	အမျိုးမျိုးသာ၊	ပျက်စီးရာ၊	ကုံမှာသိရမည်။
၅။	ချစ်သူနှင့်လွဲ၊	မုန်းသူတွဲ၊	ကုံလဲကုံတတ်သည်။
၆။	ရရှိလေရာ၊	မလိုပါ၊	လိုတာမရဖြို။
၇။	အိုနာသေတည်း၊	နှိပ်စက်ပြီး၊	ပျက်စီးတတ်လေသည်။
၈။	ပကုရင်လဲ၊	ထိုတူပဲ၊	မလွဲကုံတတ်သည်။
၉။	ထို့ကြောင့်ပိုင်ပိုင်၊	ပကုကိုင်၊	မဂ္ဂင်္ဂိုဏ်ထား၍သည်၊
၁၀။	ဝိပဿနာတရား၊	ခါခါပွား၊	ကြိုးစားကြရမည်။
၁၁။	ပျက်စီးတတ်ရာ၊	သခ်ါရာ၊	လွတ်ရာသွားရမည်။
၁၂။	လောကုတ္တရာ၊	နိဗ္ဗာန်၊	ရောတ်မှတော်ပေမည်။

၆။ ပကုစိတ်ကို လောကိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၎။ ပကွစိတ်ကို ကေနစိဝိညေယျဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၇။ ကေနစိဝိညေယျဒုက်

၁။ ကေနစိ ဝိညေယျာ ဓမ္မာ – စက္ခုဝိညာဉ် အစရှိသော တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိတ် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်၎င်း။

၂။ ကေနစိ နဝိညေယျာ ဓမ္မာ – စက္ခုဝိညာဉ် အစရှိသော တစုံတခုသော တရားသည် မသိအပ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိတ် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်၎င်း။

ဤဒုက်အရ မဟာကုသိုလ်စိတ်သည် ၂-ပုဒ်လုံးအရ၌ ပါဝင်လျက် ရှိနေပေ၏။

ဤဒုက်၏ ဆိုလိုချက်ကား ပဌမပုဒ်အရ ရူပါရုံသည် စက္ခုဝိညာဉ်ဖြင့် သိအပ်သောတရားမည်၏။ သဒ္ဒါရုံသည် သောတဝိညာဉ်ဖြင့် သိအပ်သော တရားဖြစ်၏။ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်တို့ကို သတိ, သမာဓိ, ပညာတို့ဖြင့် သိအပ်ပေ၏။ နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် သိအပ်ပေ၏ – စသည်ဖြင့် သူ့အာရုံနှင့် သူ့သိမှုကို ပြဆိုခြင်း ဖြစ်သည်။

ဒုတိယပုဒ်အရ ရူပါရုံကို သောတဝိညာဉ်ဖြင့် မသိအပ်ပေ။ သဒ္ဒါရုံကို စက္ခုဝိညာဉ်စိတ်ဖြင့် မသိအပ်ပေ။ လောဘအာရုံကို ဒေါသစိတ်ဖြင့် မသိအပ်ပေ။ ဒေါသအာရုံကို လောဘဖြင့် မသိအပ်ပေ။ နိဗ္ဗာန်ကို တဏှာဖြင့် မသိအပ်ပေ– စသည်ဖြင့် မသိအပ်ပုံတရားများကို ပြဆိုခြင်းဖြစ်၏။

ထိုအရ မဟာကုသိုလ်ပဌမစိတ်ကို ပဌမပုဒ်အရ သတိ, သမာဓိ, ပညာတို့ဖြင့် သိအပ်သောတရား ဖြစ်သလို ဒုတိယပုဒ်အရ လောဘ, ဒေါသ, မောဟတရားဖြင့် မသိအပ်သောတရား ဖြစ်လေ၏။ ထို့အတူ နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့်သာ သိအပ်သည်ဖြစ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်ကြရမည် ဖြစ်၏။

၈။ ပကုစိတ်ကို ကေနစိဝိညေယျဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	ကေနစိဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	လုံးစုံဓမ္မ၊	မသိရ၊	သိရဖြစ်လေသည်။
၃။	တစ်ခုသိရာ၊	တစ်ခုမှာ၊	သိတာမဟုတ်ဖြို။
၄။	ရူပါသိရာ၊	သဒ္ဒမှာ၊	သိတာမဟုတ်ဖြို။
၅။	လောဘသိရာ၊	ဒေါသမှာ၊	သိတာမဟုတ်ဖြို။
၆။	ပကုသိရာ၊	အကုမှာ၊	သိတာမဟုတ်ဖြို။

၇။	လောကီသိရာ၊	လောကုတ်မှာ၊	သိတာမဟုတ်ဖြို့။
၈။	မဂ်ဖိုလ်ဖြင့်သာ၊	ဖြတ်နိုင်မှာ၊	သိတာဖြစ်လေသည်။
၉။	နိဗ္ဗာန်သိရုန်၊	မဂ်ဖိုလ်ဉာဏ်၊	အမှန်လိုအပ်သည်။
၀၀။	မဂ်ဖိုလ်ရရုန်၊	ဝိပဿနံ၊	ဖန်ဖန်ပွားရမည်။
၀၀။	ပကုန္နင့်သာ၊	မရပ်ရာ၊	ဆက်ကာသွားရမည်။
၁၂။	နိဗ္ဗာန်ရောက်မှ၊	သွားကိစ္စ၊	ပြီးကြပေလိမ့်မည်။

၇။ ပကုစိတ်ကို ကေနစိဝိညေယျနှုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ အာသဝေါစ္ဆဒကဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ အာသဝဒုက်

၁။ အာသဝါ ဓမ္မာ – အာသဝမည်သောတရားများ (*ရှည်စွာသော သံသရာဝဋ်ဆင်းရဲကို ယိုစီးစေတတ်သော တရားများ*)
လောဘ, ဒိဋ္ဌိ, မောဟ တို့ဆိုအပ်သော အာသဝတရားကိုယ် ၃-ပါးတို့၏။

၂။ နော အာသဝါ ဓမ္မာ – အာသဝ မမည်သောတရားများ။ စိတ် ၃၃-ပါး၊ အာသဝတရားကိုယ် ၃-ပါး ကြွင်း စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ဟူ၏။

ဤဒုက်၌ အာသဝဟူသည် ကြာမြင့်စွာ ထုံအပ်သော အရက်နှင့်တူ၏။ သံသရာဝဋ်ဆင်းရဲကို ကြာမြင့်စွာ ယိုစီးစေတတ်၏။ *တရားကိုယ်ကား* – လောဘ၊ ဒိဋ္ဌိ၊ မောဟ ဖြစ်၏။ ဤလောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော အာသဝနယ်တို့ကား ကျယ်ဝန်းလှပေ၏။ ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဖြစ်လေ၏။ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဖြစ်လေ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။ ဤမဟာကုသိုလ် ပဌမစိတ်ကား လောဘ၊ ဒိဋ္ဌိ၊ မောဟတရားများ မဟုတ်၍ အာသဝေါတရားမည်ခြင်းမှ ကင်းလွတ်လေ၏။

အာသဝမည်သော လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကား ကြာမြင့်စွာ ထုံအပ်သော အရက်နှင့်တူရကား ဗိမိတို့၏ စိတ်ကို လောဘစိတ်၊ ဒိဋ္ဌိစိတ်၊ မောဟစိတ်များ မဖြစ်အောင် အထူးသတိထား၍ ရှောင်ကြဉ်သင့်လှပေ၏။

အရက်သမားသည် အရက်ပြတ်လျှင် ခဏာတာဖြစ်၍ ပြန်၍တစ်ဖန် အရက်၏ကျေးကျွန် ဖြစ်မြဲဖြစ်တတ်သကဲ့သို့ မဟာကုသိုလ် ပဌမစိတ်ကုသိုလ်ရှင်သည်လည်း ကုသိုလ်စိတ်ဖြစ်ချိန်၌ တည်နေနိုင်မှုသည် ခဏာတာဖြစ်၍ တဖန် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့၏ ကျေးကျွန်များ ဖြစ်တတ်သည်ကို သတိပြုသင့်လှပေ၏။ ဤမဟာကုသိုလ် ပဌမစိတ်ကို မကျွံရိုင်ထား၍ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို တွန်းလှန်သင့်ကြပေ၏။

၁။ မဟာကုသိုလ် ပဌမစိတ်ကို အာသဝဒုက်ဖြင့် ဝေဖန်ခြင်း၊

၀။	အာသဝဒုက်မှာ၊	ပကုဟာ၊	ဒုမ္မာပါဝင်သည်။
၂။	ဝဋ်ဆင်းရဲပေ၊	ယိုစီးစေ၊	အာသဝေခေါ် လေသည်။
၃။	လော,ဒိ,မောဟ၊	အာသဝ၊	အရဖြစ်လေသည်။
၄။	ပကုစိတ်သည်၊	အာသဝိ၊	အမည်မရဖြို။
၅။	လော,ဒိ,မောဟာ၊	ရက်နှင့်ဆာ၊	တူရာဖြစ်၍သည်၊
၆။	လော,ဒိ,မောလစ်၊	စိတ်အပြစ်၊	မဖြစ်ရောင်ရမည်။
၇။	အရက်သဖား၊	အရက်အား၊	ဖြတ်ထားမကြာပြို။
၈။	ထပ်၍အမှန်၊	အရက်ထံ၊	ကျေးကျွန်ဖြစ်ပြန်သည်။
၉။	ပကုအရှင်၊	ခဏပင်၊	တုရင်ဖြစ်လိုက်သည်။
၁၀။	ထပ်၍အမှန်၊	လောဘထံ၊	ကျွန်ပြန်ဖြစ်တတ်သည်။
၁၁။	မြိမိပိုင်ပိုင်၊	ပကုကိုင်၊	မထွက်ငြိုင်ထား၍သည်၊
၁၂။	လော,ဒိ,မောထံ၊	ကျွန်ဖြစ်ဟန်၊	တွန်းလှန်နိုင်ရမည်။

၁။ မဟာကုသိုလ် ပဌမစိတ်ကို အာသဝဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို သာသဝဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ သာသဝဒုက်

၁။ သာသဝါ ဓမ္မာ – အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါးတို့၏။

၂။ အနာသဝါ ဓမ္မာ – အာသဝတရားတို့၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်၏။

ဤဒုက်ပဌမပုဒ်အရ မဟာကုသိုလ် ပဌမစိတ်သည် အာသဝတရားတော့ မဟုတ်ပေ။ သို့ရာတွင် အာသဝတရားတို့၏ အာရုံကား ဖြစ်၍နေလေသည်။ လောဘ, ဒိဋ္ဌ, မောဟတို့၏ အာရုံဖြစ်၍နေလေသည်။ လောဘ, ဒိဋ္ဌ, မောဟတို့၏ အာရုံအဖြစ်ကနေ လောဘ, ဒိဋ္ဌ, မောဟနယ်သို့ တစ်ဖန် ပြန်ရောက်တတ်သောကြောင့် ဒုတိယပုဒ် အရဖြစ်သော အာသဝတရားတို့၏ အာရုံပြုရာနယ်ပယ်မှ လွတ်ပြောက်ရာဖြစ်သော လောကုတ္တရာနယ်သို့ ရောက်အောင် ကြိုးစားကြရမည် ဖြစ်သည်။

လောကဥပမာအားပြင့် လူတစ်ယောက်သည် အရက်သမားတော့ မဟုတ်ပေ။ သို့ရာတွင် အရက်သမား၏ ရင်းနှီးသော မိတ်ဆွေဖြစ်နေ၍ အရက်သမား၏ အာရုံပြုခြင်းကို ခံရကာ အရက်သမား၏ ဆွဲဆောင်မှုပြင့် အရက်သမားဘဝသို့ ရောက်တတ်သကဲ့သို့ မဟာကုသိုလ် ပဌမစိတ်သည်လည်း လောဘ, ဒိဋ္ဌ, မောဟ ဟူသော အာသဝတရားတို့၏ အာရုံဖြစ်နေသပြင့် လောဘ, ဒိဋ္ဌ, မောဟတို့က ပြားယောင်းသွေးဆောင်လျှင် တောင့်၍ ခံနိုင်ရန် မလွယ်ကူပေ။ မဟာကုသိုလ်ရှင်ဘဝမှ လောဘ, ဒိဋ္ဌ, မောဟသမား ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် လောဘ, ဒိဋ္ဌ, မောဟသမားများ မဖြစ်အောင် အထူးကြိုးစား အားထုတ်ကြရမည် ဖြစ်ပေသည်။

၂။ ပကုစိတ်ကို သာသဝဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	သာသဝဒုက်မှာ၊	ပကုတာ၊	ပမှာပါဝင်သည်။
၂။	အာသဝ၏သည်၊	အာရုံသည်၊	လောကီဖြစ်လေသည်။
၃။	အာရုံပြုရာ၊	လွတ်ကင်းတာ၊	ကုတ်သာဖြစ်လေသည်။
၄။	ပကုစိတ်သည်၊	အာသဝီ၊	မမည်ဝေါ်ခေါ်သည်၊
၅။	အာသဝအာရုံ၊	ပြုခြင်းဟူ၍၊	ခံတွန့်နေရသည်။
၆။	အရက်သမားလေ၊	မဟုတ်ပေ၊	မိတ်ဆွေဖြစ်နေသည်။
၇။	ဆွဲဆောင်လာငြား၊	ရက်သမား၊	ဖြစ်ကားတော်မိုင်သည်။
၈။	ဤနည်းတူပေါင်၊	ကုရင်ယောင်၊	ဆွဲဆောင်လျှင်သည်၊
၉။	လော,ဒိဿများ၊	မောသများ၊	ပြန်ကားဖြစ်မိုင်သည်။
၁၀။	အာရုံလွတ်ရာ၊	နယ်ပယ်မှာ၊	ကုတ်ထာဖြစ်၍သည်၊
၁၁။	လောကုတ်တရား၊	ရအောင်များ၊	ကြိုးစားကြရမည်။
၁၂။	လောကုတ်နယ်မှာ၊	နေနိုင်ရာ၊	လွန်စွာဘေးကင်းသည်။

၂။ ပကုစိတ်ကို သာသဝဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကိစ္စိတ်ကို အာသဝသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ အာသဝသမ္မယုတ္တဒုက်

၁။ အာသဝသမ္မယုတ္တာ ဓမ္မာ – အာသဝနှင့်ယှဉ်ကုန်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူဒွေး, မောဟမူဒွေ၌ မောဟကြွံသော စေတသိက် ၂၇ - ပါးရှိ၏။

၂။ အာသဝဝိပ္ပယုတ္တာ ဓမ္မာ – အာသဝနှင့် မယှဉ်ကုန်သော တရားများ။ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟ၊ ဂူဝိ ၂၈-ပါး၊ နိဗ္ဗာန် ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်သည်ကို သိမြင်နိုင်ကြပေ၏။ ကုသိုလ်စိတ်မဖြစ်ဘဲ လောဘစိတ်, ဒေါသစိတ်, မာနစိတ်, ဣဿာစိတ်, မစ္ဆရိယစိတ် ဖြစ်နေသူတို့ကား အာသဝတရား တို့နှင့် ယှဉ်တွဲနေကြ၍ မဟာကုသိုလ် ပဌမစိတ်သည်ကား အာသဝတရားတို့နှင့် ယှဉ်တွဲနေခြင်းမှ ကင်းလွတ်လျက် ရှိလေသည်။

အရက်သမားသည် အရက်သမားနှင့်သာ ယှဉ်တွဲနေလေသည်။ ပညာရှိ လူလိမ္မာတို့ကား အရက်သမားနှင့် ယှဉ်တွဲမနေကြပေ။ ဤအတူ အကုသိုလ်တရားသည် အာသဝတရားတို့နှင့် ယှဉ်တွဲကြ၍ ကုသိုလ်တရားတို့သည် အာသဝတရားတို့နှင့် မယှဉ်တွဲကြပေ။

ထို့ကြောင့် ဒုတိယပုဒ်အရ အာသဝတရားတို့နှင့် ယှဉ်တွဲခြင်းမရှိသော မဟာကုသိုလ် ပဌမစိတ်ကို ထိန်းထားရင်းမှ အထက်မဂ်ဖိုလ်ကို တက်လှမ်းနိုင်ကြရမည် ဖြစ်ပေသည်။

၂။ ပကိစ္စိတ်ကို အာသဝသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	အာသဝသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	အာသဝနှင့်ပင်၊	တွဲလို့အင်၊	မယှဉ်သိရမည်။
၃။	လော,ဒေါစိတ်ဟာ၊	အာသဝါ၊	ယှဉ်ကာနေကြသည်။
၄။	ပကုစိတ်ထင်း၊	အာယှဉ်ခြင်း၊	ကင်းရှင်းနေပေသည်။
၅။	အရက်သမားထင်း၊	အချင်းချင်း၊	ယှဉ်ခြင်းရှိကြသည်။
၆။	ပညာရှိရာ၊	လူလိမ္မာ၊	ကင်းစွာနေကြသည်။
၇။	ဤနည်းတူထင့်၊	အကုဖြင့်၊	အာနှင့်တွဲလေသည်။
၈။	ကုသိုလ်မူကား၊	အာနှင့်ကား၊	တွဲငြားမရှိပြီ။

၉။	မယ္ဘဉ်တွဲငြား၊	ပကုအား၊	ထိန်းထားပြု၍သည်၊
၁၀။	အထက်မင်္ဂိုလ်၊	တက်လှမ်းဆို၊	လွန်ကိုတောင်းမြတ်သည်။

၃။ ပကုစိတ်ကို အာသဝသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကုစိတ်ကို အာသဝ သာသဝဒုက်ဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၄။ အာသဝ သာသဝဒုက်

၁။ အာသဝါ ဧစဝ ဓမ္မာ သာသဝါ စ – အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်ကုန်သော တရားများ။ လောဘ, ဒိဋ္ဌိ, မောဟ ထို၏။

၂။ သာသဝါ ဧစဝ နောစ အာသဝါ – အာသဝ မမည်။ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ အာသဝတရားကိုယ် ၃-ပါးကြဉ် စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါး ထို၏။

'လောဘ, ဒိဋ္ဌိ, မောဟ' ဟူသော တရားသုံးပါးသည် အာသဝအမည်ကိုလည်း ရကြ၍ လောဘသည် ဒိဋ္ဌိ, မောဟနှင့်၊ ဒိဋ္ဌိသည် လောဘ, မောဟနှင့်၊ မောဟသည် လောဘ, ဒိဋ္ဌိနှင့်– ကျိသို့အချင်းချင်းလည်း အာသဝ၏ အာရုံများ ဖြစ်ကြလေသည်။

ထို့ကြောင့် လောဘ, ဒိဋ္ဌိ, မောဟသည် သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲကို ယိုစီးစေမှ၍ လွန်စွာပင် အားကောင်းလျက် ရှိနေကြလေသည်။

ထိုသို့ အားကောင်းလှသော လောဘ, ဒိဋ္ဌိ, မောဟများကို မဟာကုသိုလ် ပဌမစိတ်ဖြင့် ခဏမျှသာ ပယ်နိုင်မှာဖြစ်၍ မဂ်ကုသိုလ်အဆင့်အထိ တက်လှမ်းနိုင်မှသာ အပြီးတိုင် ပယ်သတ်နိုင်မည်ကို အထူးသတိပြု သင့်လှပေသည်။

၅။ ပကုစိတ်ကို အာသဝ သာသဝဒုက်ဖြင့် ဝေဖန်ခြင်းဌာန ဆောင်ရန်လက်ကျများ

၁။	အာသဝ သာသဝဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	လော,ဒိ,မောပဲ၊	အာမည်ပဲ၊	ရုံလဲဖြစ်လေသည်။
၃။	အချင်းချင်းတုန်၊	ပြန်လှန်ကြုံ၊	အာရုံဖြစ်ကြသည်။
၄။	ဝဋ်ဆင်းရဲပေ၊	ယိုစီးစေ၊	လွန်လေအားကောင်းသည်။

၅။ ပကတ်စိတ်က၊ ပယ်နိုင်က၊ ခဏာဖြစ်လေသည်။
၆။ မဂ်ကုသိုလ်တိုင်၊ တက်လှမ်းနိုင်၊ ပြီးတိုင်ပယ်နိုင်သည်။
၇။ မဂ်ကုစခန်း၊ ဆက်၍မှန်း၊ တက်လှမ်းကြရမည်။

၄။ ပကတ်စိတ်ကို အာသဝ သာသဝဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတ်စိတ်ကို အာသဝ အာသဝသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ အာသဝ အာသဝသမ္မယုတ္တာဒုက်

၁။ အာသဝါ ဧဝံ ဓမ္မာ အာသဝသမ္မယုတ္တာ စ – အာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်သောတရားများ။ လောဘမူစိတ် ၈-ခု၌ ယှဉ်သော လောဘ, ဒိဋ္ဌိ, မောဟတို့၏။

၂။ အာသဝ သမ္မာယုတ္တာ ဧဝံ ဓမ္မာ နော စ အာသဝါ – အာသဝအမည် မရ။ အာသဝနှင့် ယှဉ်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ အာသဝတရားကိုယ် ၃-ပါး ကြဉ် စေတသိက် ၂၄-ပါးတို့၏။

ပဌမပုဒ်အရ လောဘမူစိတ် ၈-ခု၌ လောဘ, ဒိဋ္ဌိ, မောဟ စေတသိက်များ ယှဉ်ကြသည်ဖြစ်၍ ထိုတရား ၃-ပါးသည် အာသဝအမည်ရသလို အချင်းချင်းလည်း ယှဉ်ကြလေ၏။

ဒုတိယပုဒ်အရ အကုသိုလ်စိတ် ၁၂-ပါးနှင့် အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက် ၂၇-ပါးအနက် အာသဝတရားကိုယ်အရဖြစ်သော လောဘ, ဒိဋ္ဌိ, မောဟဟူသော စေတသိက် ၃-ပါးကို ကြဉ်၍ ကျန်စေတသိက် ၂၄-ပါးတို့သည် အာသဝအမည်ကို မရကြဘဲ အာသဝနှင့်သာ ယှဉ်သောတရားများ ဖြစ်ကြလေသည်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ၂-ပုဒ်လုံး၌ ပါဝင်ခြင်း မရှိသည်ကို သိမြင်နိုင်ကြပေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် အာသဝအမည်ကိုလည်း မရ၊ အာသဝနှင့်လည်း မယှဉ်သောတရား ဖြစ်ရကား ကောင်းမြတ်သော တရားဖြစ်နေသည်ကို သိမြင်နိုင်ကြပေ၏။

၅။ ပကိဏ္ဏကစိတ်ကို အာသဝ အာသဝသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန် လက်စများ

၀။	အာ, သမ် ဒုက်မှာ၊	ပကုဟာ၊	ပါတာမရှိဖြို။
၂။	လော, ဒိ မောထင်း၊	အာမည်ထင်း၊	ချင်းချင်းယှဉ်ကြသည်။
၃။	အတု ၁၂ ဖြာ၊	မမည်ရာ၊	ယှဉ်ထာယှဉ်လေသည်။
၄။	ပကုစိတ်တွင်၊	အာမဝင်၊	မယှဉ်သိနိုင်ပါသည်။
၅။	ထို့ကြောင့်ထစ်ရပါ၊	ပထုဇာတ်၊	ဖြင့်မြတ်လှပေသည်။

၅။ ပကုစိတ်ကို အာသဝ အာသဝသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို အာသဝ ဝိပ္ပယုတ္တ သာသဝဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ အာသဝ ဝိပ္ပယုတ္တ သာသဝဒုက်

၁။ အာသဝ ဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ သာသဝါပိ – အာသဝနှင့်မယှဉ်၊ အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟ၊ ထူပ်၂၈-ပါး ထုံ။

၂။ အာသဝ ဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ အနာသဝါပိ – အာသဝနှင့်မယှဉ်၊ အာသဝတရား၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ထုံ။

မဟာကုသိုလ် ပဌမစိတ်အတွက် ပဌမပုဒ်အရသည် သာသဝဒုက် ပဌမပုဒ်နှင့် သဘောချင်း တူလေပြီ။ ဒုတိယပုဒ်အရကား သာသဝဒုက်နှင့် အလိုးစုံ တူလေ၏။

၆။ မဟာကုသိုလ် ပဌမစိတ်ကို အာသဝဝိပ္ပယုတ္တ သာသဝဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ မဟာကုသိုလ် ပဌမစိတ်ကို အာသဝဂေါ်ဠကဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတ္တိတ်ကို သညောဇနဂေါစ္ဆကဖြင့် ဝေဖန်ခြင်းငွ် ကိုယ်ကျင့်တရားများ

၄။ သညောဇန ဂေါစ္ဆကဒ္ဒ ၆–ဒုက် ။ ။ ဤသညောဇနဂေါစ္ဆကဒ္ဒ ၆–ဒုက်ရှိ၏။ ယင်းတို့မှာ –

၁။ သညောဇနဒုက် ၂။ သညောဇနိယဒုက် ၃။ သညောဇနသမ္မယုတ္တဒုက်
၄။ သညောဇန သညောဇနိယဒုက် ၅။ သညောဇန သညောဇနသမ္မယုတ္တဒုက် ၆။ သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက် –

အားဖြင့် ၆–ပါးရှိ၏။ သညောဇန–ဟူသည်ကား စိတ်ဒ္ဒယှဉ်ကပ်တွယ်လျက်ရှိ၏– ဟူသော အဓိပ္ပါယ်ကို ရလေသည်။ ယင်းကိုပင် သံယောဇဉ်ဟု ခေါ်ဆိုကြကုန်၏။

၁။ ပကတ္တိတ်ကို သညောဇနဒုက်ဖြင့် ဝေဖန်ခြင်းငွ် ကိုယ်ကျင့်တရားများ

၁။ သညောဇနဒုက်

၁။ သညောဇနာ ဓမ္မာ – သံယောဇဉ်မည်သော တရားများ။ 'လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိနမိဒ္ဓ, မုဒ္ဓရိယ, မောဟ' ဟု ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈–ပါးတည်း။

၂။ နော သညောဇနာ ဓမ္မာ – သံယောဇဉ်မမည်ကုန်သော တရားများ။ စိတ် ၈၉–ပါး၊ သံယောဇဉ်တရားကိုယ် ၈–ပါး ကြဉ်သော စေတသိက် ၄၄–ပါး၊ ရူပ် ၂၈–ပါး၊ နိဗ္ဗာန် ၎င်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။

ပဌမပုဒ်အရ – သံယောဇဉ်ဟူသည် မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်ဆင်းရဲမှ ရုန်းမထွက်နိုင်အောင် သံသရာဝဋ်၌ စပ်ယှဉ်နှောင်ဖွဲ့တတ်သော လောဘ အစရှိသော တရားများကို သံယောဇဉ်ဟူ၍ ခေါ်သည်။ ထိုသို့ နှောင်ဖွဲ့တတ်၍ သံယောဇဉ်ကြိုးဟူ၍လည်း ခေါ်ဆိုမူ ပြုကြလေသည်။

ဒုတိယပုဒ်အရ – ထိုသံယောဇဉ် ၈–ပါး တရားတို့မှတစ်ပါး ကျန်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့သည် သံယောဇဉ်မမည်သော တရားများ ဖြစ်ကြလေသည်။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် သံယောဇဉ်မမည်သော တရားဖြစ်သည်သာမက ကာမာဝစရကုသိုလ်၌ အမြတ်စားကုသိုလ်လည်းဖြစ်ရကား အပါယ်လေးပါးဟူသော သံသရာဝဋ်ဆင်းရဲ၌ ချည်နှောင်ထားသော သံယောဇဉ်ကြိုးများကို ဖြတ်တောက်ပေးတတ်သောကြောင့် သတ္တဝါတို့အား အပါယ်လေးပါးမှ ထုတ်ဆောင်ကယ်တင်နိုင်သော အစွမ်းရှိလေသည်။

ထို့ကြောင့် ရှေးဦးစွာ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကို အားတက်သရောပြုကြ၍ မဟာကုသိုလ် ပဌမစိတ် ရရှိရေးကို ဆောင်ရွက်ကြပြီးနောက် တစ်ဆင့်တက်၍ ဝိပဿနာတရား ပွားများကာ မဂ်ကုသိုလ်ဘက်သို့ လှမ်းတက်ကြရမည် ဖြစ်ပေသည်။

၁။ ပကိုစိတ်ကို သညောဇနဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ငါးများ

၀။ သညောဇနဒုတိမ်မှာ၊ ပကုဟာ၊ ဒုမှာပါဝင်ထည်။
၂။ နောသညောဇနာ၊ ဒုပုဒ်မှာ၊ ဓိပ္ပါသိရမည်။
၃။ သံယောဇဉ်တရား၊ မမည်ကြား၊ တရားဖြစ်လေထည်။
၄။ လောဘစအင်၊ ရှစ်ပါးပင်၊ သံယောဇဉ်ခေါ် ရထည်။
၅။ သံယောဇဉ်တရား၊ ရှစ်ပါးကား၊ ထတ္ထဝါများကိုသည်၊
၆။ ဝဋ်ဆင်းရဲမှာ၊ မရုန်းသာ၊ ဗွဲ့ထာထားတတ်သည်။
၇။ သံယောဇဉ်ကြိုး၊ ချည်ထားရိုး၊ တစ်မျိုးခေါ် ရသည်။
၈။ သံယောဇဉ်မှာ၊ ပကုဟာ၊ ပါတာမဟုတ်ပြီ။
၉။ ကုသိုလ်တရား၊ အဖြတ်စား၊ ဖြစ်ကားနေ၍သည်၊
၁၀။ အပါယ်ကြိုးအား၊ ဖြတ်နိုင်ပါပြား၊ စွမ်းအားရှိလေသည်။
၁၁။ ဒါနစဖြာ၊ ကုသလာ၊ ခါခါပြုရမည်။
၁၂။ တစ်ဆင့်တက်ပြား၊ ဝိပဿီအား၊ ပွားများ၍သာထည်၊
၁၃။ မဂ်ဖိုလ်သို့တတ်၊ မျှော်လင့်ချက်၊ လှမ်းတက်ကြရမည်။

၁။ ပကုစိတ်ကို သညောဇနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ သညောဇနိယဒုက်

၁။ သညောဇနိယာ ဓမ္မာ – သံယောဇဉ်တရားတို့၏ အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရု၏။

၂။ အသညောဇနိယာ ဓမ္မာ – သံယောဇဉ်တရားတို့၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် သံယောဇဉ်တရား မမည်ကြားသော်လည်း သံယောဇဉ်တရား၏ အာရုံပြုရာနယ်၌ ရှိနေသည်ကို သတိပြုသင့်ပေသည်။ 'နဟးကြိုးတပ်နွားကြိုးအား ကြိုးရှည်ရှည်နှင့် လွှတ်ထား' ဆိုသကဲ့သို့

မဟာကုသိုလ် ပဌမစိတ် ရှိနေစဉ်အခါ၌သာ လောဘ အစရှိသော သံယောဇဉ်ကြိုးတို့၏ တုတ်နှောင်ထားခြင်းမှ လွတ်နေခြင်းဖြစ်၍ မဟာကုသိုလ်စိတ် ကင်းပျောက်သွားသည်နှင့် တစ်ပြိုင်နက် လောဘအစရှိသော သံယောဇဉ်ကြိုးတို့၏ ရစ်ပတ်ဖွဲ့နှောင်မှုကို ခံရတတ်လေသည်။

ထို့ကြောင့် သံယောဇဉ်တရားတို့၏ အာရုံပြုရာနယ်ပယ်မှ လွတ်မြောက်ရာဖြစ်သော ဒုတိယပုဒ်အရ၌ ပါဝင်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာနယ်ဘက်သို့ ကျားကုတ်ကျားခဲ တက်ထားနိုင်ရမည် ဖြစ်သည်။

၂။ ပကုစိတ်ကို သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	သံယောဇနိယဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	သံယောဇနိယာ၊	ပဝုဒ်မှာ၊	မိပ္ပါသိရမည်။
၃။	သံယောဇဉ်တရား၊	အာရုံငြား၊	တရားဖြစ်လေသည်။
၄။	ပကုစိတ်ဟုန်၊	မမည်တုန်၊	အာရုံဖြစ်လေသည်။
၅။	သံယောဇဉ်တွေ၊	အာရုံပေ၊	ဖြစ်နေသဖြင့်သည်၊
၆။	ကြိုးရည်နှင့်ထင်၊	လွတ်လျှိုဖြင့်၊	နွားနှင့်တူလေသည်။
၇။	ကုစိတ်ကင်းပြီ၊	တစ်ဖန်သည်၊	နှောင်ချည်ခံရမည်။
၈။	ထို့ကြောင့်တစ်ချက်၊	လောကုတ်ဘက်၊	လှမ်းတက်နိုင်မှသည်၊
၉။	အပါယ်ကြိုးအား၊	ကောင်းစွာငြား၊	ဖြတ်ထားနိုင်ပေမည်။

၂။ ပကုစိတ်ကို သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို သညောဇန သမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ သညောဇန သမ္မယုတ္တာဒုက်

၁။ သညောဇန သမ္မယုတ္တာ ဓမ္မာ – သံယောဇဉ်နှင့် ယှဉ်ကုန်သောတရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ ဥဒ္ဓစ္စသဟဂုတ်၌ မောဟကြွင်း စေတသိက် ၂၇-ပါး ရ၏။

၂။ သညောဇန ဝိပ္ပယုတ္တာ ဓမ္မာ – သံယောဇဉ်နှင့် မယှဉ်ကုန်သော တရားများ။ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန်တို့ ရ၏။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်သည်ကို သိမြင်နိုင်ကြပေသည်။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် သံယောဇဉ်တရားများနှင့် ယှဉ်တွဲခြင်း မရှိသည်ဖြစ်၍ ကောင်းမြတ်သောတရားဖြစ်၍ နေပေသည်။ ပညာရှိ လူလိမ္မာသည် လူမိုက်တို့နှင့် မတွဲသကဲ့သို့ ကုသိုလ်တရားသည်လည်း သံယောဇဉ်တရားတို့နှင့် ယှဉ်တွဲခြင်းမရှိပေ။ ထိုသို့ အယုတ်တရားနှင့် မတွဲမယှဉ်သည်ဖြစ်၍လည်း မဟာကုသိုလ်ပဌမစိတ်သည် မြင့်မြတ်ခြင်း ဖြစ်နေလေသည်။

၃။ ပကိဏ္ဏကစိတ်ကို သညောဇန သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	သညောဇန သမ္မယုတ္တဒုတိမှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	သံယောဇဉ်မှာ၊	မယှဉ်ပါ၊	စိပ္ပါဖြစ်လေသည်။
၃။	လူလိမ္မာများ၊	လူမိုက်အား၊	ရှောင်ထားကြသို့သည်၊
၄။	ပကုစိတ်လဲ၊	သဲန့်ပါ၊	ယှဉ်တွဲမရှိပြီ။
၅။	မယှဉ်၍သာ၊	ပကုဟာ၊	မြတ်တာဖြစ်လေသည်။

၄။ ပကိဏ္ဏကစိတ်ကို သညောဇန သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကိဏ္ဏကစိတ်ကို သညောဇန သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၄။ သညောဇန သညောဇနိယဒုက်

၁။ သညောဇနာ ဧစေဝ ဓမ္မာ သညောဇနိယာ စ — သံယောဇဉ်လည်းမည်၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်သောတရားများ။ 'လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိနမိဒ္ဓ၊ မုဏ္ဍရိယ၊ မောဟ' ဟူ ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါး ရ၏။

၂။ သညောဇနိယာ ဧစေဝ ဓမ္မာ နောစ သညောဇနာ — သံယောဇဉ် အာရုံသာဖြစ်၍ သံယောဇဉ်မမည်သော တရားများ။ ဒေလာကီစိတ် ၈၁-ပါး၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ၄၄-ပါး၊ ရုပ် ၂၈-ပါး ရ၏။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေသည်။

ပဌမပုဒ်အရ လောဘ အစရှိသော သံယောဇဉ်တရားကိုယ် ၈-ပါးသည် သံယောဇဉ်တရားလည်း မည်၍ သံယောဇဉ်တရား၏ အာရုံလည်း ဖြစ်နေလေသည်။ အာရုံဖြစ်ပေါ်ပုံမှာ - အချင်းချင်း အပြန်အလှန် အာရုံဖြစ်ကြလေသည်။ ထို့ကြောင့် လောဘ အစရှိသော သံယောဇဉ်ကြီးသည် သတ္တဝါတို့အား အလွန်ခိုင်မာ အားကောင်းစွာ သံသရာဝဋ်ထဲ၌ ချည်နှောင်ထားနိုင်သည်ကို သတိပြုကြရမည် ဖြစ်ပေသည်။

အဘယ်သူတွေကို ချည်နှောင်ထားမည်နည်း ဟူမူ -် သံယောဇဉ်၏ အာရုံနယ်ပယ်ဖြစ်သော လောကီဘုံသား သတ္တဝါများအနက် ကုသိုလ်နယ်၌ သတိမေ့လျော့၍ အကုသိုလ်နယ်သို့ ရောက်လာသော မည်သူ့ကိုမဆို သံယောဇဉ်ကြီးက တုပ်နှောင်ချည်ထားမည်ဖြစ်သည်။ ယင်းကို သတိပြု၍ သံယောဇဉ်တရား၏ အာရုံပြုရာ နယ်ပယ်မှ လွတ်ကင်းအောင် နေတတ်ရန်နှင့် လောကုတ္တရာနယ်၌ ထာဝစဉ် ပုန်းအောင်းခိုလှုံရန် ဖြစ်လေသည်။

၄။ ပကတ္တိတ်ကို သညောဇန သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဇနန္ဒင့်နိယ ဒုက်မှာ၊	ပကုဟာ၊	ဒုမာပါဝင်သည်၊
၂။	လောဘစတြား၊	ဇဉ်ရစ်ပါး၊	တရားများတို့သည်၊
၃။	ဇဉ်လဲမည်ပါ၊	ချင်းချင်းလဲ၊	ရုံလဲဖြစ်ကြသည်။
၄။	ထိုကြောင့်တစ်လွှား၊	သတ္တဆား၊	အင်အားကောင်းလျက်သည်၊
၅။	ခိုင်ခိုင်မာမာ၊	ကြိုးနှင့်သာ၊	ချည်ကာထားနိုင်သည်။
၆။	လောကီနယ်မူ၊	သတ္တဟူ၊	ဓမ္မသူများကိုသည်၊
၇။	ရုန်းမရအောင်၊	ထပ်ထပ်တောင်၊	ချည်နှောင်ထားလေမည်။
၈။	ကြိုးတုပ်မခံ၊	ကုန်ယဉ်မှန်၊	နေရန်လိုအပ်သည်၊
၉။	လောကုတ်နယ်တွင်၊	ထာဝစဉ်၊	ပုန်းအင်နေရမည်။

၄။ ပကတ္တိတ်ကို သညောဇန သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတ္တိတ်ကို သညောဇန သညောဇန သမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ သညောဇန သညောဇနသမ္မယုတ္တာဒုက်

၁။ သညောဇနာ ဇေဝ ဓမ္မာ သညောဇန သမ္မယုတ္တာ စ - သံယောဇဉ်လည်းမည်၊ သံယောဇဉ်နှင့်လည်း ယှဉ်ကွဲနေသော တရားများ။ ဥဒ္ဓစ္စသဟဂုတ်၌ မောဟကြွင်းသော သံယောဇဉ်တရားကိုယ် ၈-ပါးရ၏။

၂။ သညောဇန သမ္ပယုတ္တာ ဧဝံ ဓမ္မာ ဧနော စ သညောဇနာ – သံယောဇဉ်နှင့် ယှဉ်၍ သံယောဇဉ်မမည် သောတရားများ။ အကုသိုလ်စိတ် ၁၂-ဝါး၊ သံယောဇဉ် တရားကိုယ် ၈-ဝါး ကြဉ်သော စေတသိက် ၁၉-ဝါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ၂-ပုဒ်လုံးအရ၌ မပါဝင်သည်ကို သိမြင်နိုင်ကြပေ၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် သံယောဇဉ်လည်း မမည်၊ သံယောဇဉ်နှင့်လည်း မယှဉ်သော ကြောင့် ကောင်းပြတ်သောတရား ဖြစ်လေ၏။ ယင်းကောင်းပြတ်သော တရားကိုသာ ယုတ်ညံ့သော သံယောဇဉ် နယ် အကုသိုလ်နယ်သို့ ထိုးဆင်းမသွားအောင် ထိန်းထားနိုင်ရန် လိုအပ်ပေ၏။

၅။ ပကိဏ်းကို သညောဇန သညောဇန သမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ံများ

၀။ ဇနန္ဉ် သမ္ပယုတ္တဒုက်မှာ၊ ပကုဟာ၊ ပါတာမရှိပြီ။
၂။ သံမမည်တတ်၊ မယှဉ်တတ်၊ ကောင်းပြတ်လျှပေထည်။
၄။ သံယောဇဉ်နယ်၊ အကုနယ်၊ ထိုးရယ်မကျရန်ထည်၊
၆။ မိမိရထား၊ ကုတရား၊ ထိန်းထားကြရမည်။

၅။ ပကိဏ်းကို သညောဇန သညောဇနသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကိဏ်းကို သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။ သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်

၁။ သညောဇန ဝိပ္ပယုတ္တာ ဧဒါပန ဓမ္မာ သညောဇနိယာဝိ – သံယောဇဉ်နှင့်မယှဉ်၊ သံယောဇဉ်၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီကုသိုလ် ၁၇-ဝါး၊ လောကီဝိပါတ် ၃၂-ဝါး၊ ကြိယာစိတ် ၂၀-ဝါး၊ စေတသိက် ၃၈-ဝါး၊ ဥဒ္ဓစ္စသတ္တုတ်စိတ်ဌဲ မောဟ၊ ရုပ် ၂၈-ဝါး ရ၏။

၂။ သညောဇန ဝိပ္ပယုတ္တာ ဧဒါပန ဓမ္မာ အသညောဇနာဝိ – သံယောဇဉ်နှင့်လည်းမယှဉ်။ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ဝါး၊ နိဗ္ဗာန်၃၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် သံယောဇဉ်နှင့် မယှဉ်သော်လည်း သံယောဇဉ်၏ အာရုံတရား ဖြစ်နေ၍ အားကောင်းလှသော သံယောဇဉ်တရား၊ အကုသိုလ်တရားတို့က နည်းမျိုးစုံဖြင့် လှည့်ဖျား ဆွဲဆောင်လာလျှင် ကြာရှည်တောင့်ခံနိုင်ရန် မလွယ်ကူပေ။ ထို့ကြောင့် ဒုတိယပုဒ်အရဖြစ်သော သံယောဇဉ်နှင့်မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန်သော လောကုတ္တရာနဲ့ယဉ်ဘက်သို့ ကူးတက်ထားရန် လိုအပ်ပေသည်။

၆။ ပကုစိတ်ကို သညောဇန ဝိပ္ပယုတ္တ သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန် လက်ာများ

၁။	ဝိပ်နှင့်ဇနိယဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	ဇဉ်နှင့်မယှဉ်၊	အာရုံပင်၊	ဖြစ်အင်နေလေသည်။
၃။	အားကောင်းလေငြား၊	ကြိုးတရား၊	ဆွဲငြားလာလျှင်သည်၊
၄။	ပကုဠိမှန်၊	ရွဲနှင့်မာန်၊	တောင့်ခံမလွယ်ပြီ။
၅။	ယှဉ်လဲမယှဉ်၊	ရုံမဝင်၊	ကုတ်အင်နယ်သို့သည်၊
၆။	တူးတက်နိုင်မှ၊	ကြိုးနယ်က၊	လွတ်ကြရပေမည်။

၆။ ပကုစိတ်ကို သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ပကုစိတ်ကို သညောဇန ဂေါ်ဆွကဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတိစိတ်ကို ဂန္ထဝေါဟာရဖြင့် ဝေဖန်ခြင်းနှင့် ကိုယ်ကျင့်တရားများ

၅။ ဂန္ထဝေါဟာရနှင့် နှက် ၄–ပါး ။ ။ ဤဂဏ္ဌနေါဟာရနှင့်လည်း နှက် ၆–ပါး ရှိ၏။ ယင်းတို့မှာ –

၁။ ဂဏ္ဌဒုတ် ၂။ ဂဏ္ဌနိယဒုတ် ၃။ ဂဏ္ဌသမ္မယုတ္တဒုတ်
၄။ ဂဏ္ဌ ဂဏ္ဌနိယဒုတ် ၅။ ဂဏ္ဌ ဂဏ္ဌသမ္မယုတ္တဒုတ် ၆။ ဂဏ္ဌဝိဂွယုတ္တ ဂဏ္ဌနိယဒုတ် အားဖြင့် ၆–ပါးရှိ၏။

ဤ၌ ဂဏ္ဌဟူသည် ဖွဲ့စပ်ထားခြင်းတည်း။ စုတိပြီး ပဋိသန္ဓေ, ပဋိသန္ဓေပြီး စုတိအားဖြင့် သံသရာဝဋ်ဆင်းရဲမှ မထွက်နိုင်အောင် သတ္တဝါတို့အား ဖွဲ့စပ်ထားခြင်းတည်း။

၁။ ပကတိစိတ်ကို ဂဏ္ဌဒုက်ဖြင့် ဝေဖန်ခြင်းနှင့် ကိုယ်ကျင့်တရားများ

၁။ ဂဏ္ဌဒုက်

၁။ ဂဏ္ဌာ ဓမ္မာ – ဂဏ္ဌမည်ကုန်သော တရားများ။ လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့ ဆိုအပ်သော ဂဏ္ဌတရားကိုယ် ၃-ပါးတည်း။

၂။ နော ဂဏ္ဌာ ဓမ္မာ – ဂဏ္ဌမမည်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ ဂဏ္ဌတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၄၉ ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်တည်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် ဂဏ္ဌမည်သောတရားများ မဟုတ်၍ သံသရာဝဋ်ဆင်းရဲ၌ ဖွဲ့စပ်ထားမည် မဟုတ်ပေ။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ပြုလုပ်ပေးမည် ဖြစ်၏။ အထူးအားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့က သတ္တဝါတို့အား သုဂတိဘုံတို့၌ ဖွဲ့စပ်ထားခြင်းထက် အပါယ်လေးပါး ဒုဂ္ဂတိဘုံ၌ ဖွဲ့စပ်ထားမည် ဖြစ်၏။ ယင်းအပါယ်လေးပါး အဖွဲ့အစပ်ကို မဟာကုသိုလ် ပဌမစိတ်က ဖြေလျော့ပေးမည် ဖြစ်၏။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာကို ပြုလုပ်အားထုတ်ခြင်းဖြင့် မဟာကုသိုလ် ပဌမစိတ် ရရှိအောင် ကြိုးစားနေကြရမည် ဖြစ်ပေ၏။

၂။ ပကတိစိတ်ကို ဂဏ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။ ဂဏ္ဌဒုတ်မှာ၊ ပကတိတာ၊ ဒုမှာပါဝင်သည်။
၂။ ဝဋ်ထဲ၌သာ၊ ဖွဲ့စပ်တာ၊ ဂဏ္ဌာခေါ် ရသည်။
၃။ လောဘ,ဒေါ,ဒိဋ္ဌိ၊ ကိုယ်ဖြစ်တိ၊ သိရှိနိုင်ကြသည်။
၄။ လောဘ, ဒေါဖြစ်ရာ၊ သတ္တဝါ၊ ဝဋ်မှာဖွဲ့ပေးသည်။
၅။ ပကတိစိတ်ကား၊ ဂဏ္ဌကား၊ မဟုတ်ကြား၍သည်၊

၆။	ဝဋ်ဆင်းရဲမှု၊	လွတ်အောင်ပ၊	ဆောင်ပြပေးလိမ့်မည်။
၇။	ဂဏ္ဍမည်ကြား၊	တရားကား၊	လေးပါးပါယ်မှာသည်၊
၈။	ရုန်းမရကြား၊	ဖွဲ့စပ်ထား၊	ပြုထားပေးတတ်သည်။
၉။	ပကုစိတ်ကား၊	ဖွဲ့စပ်အား၊	ဖြုတ်ကြားပေးပေမည်။

၁။ ပကုစိတ်ကို ဂဏ္ဍဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၂။ ပကုစိတ်ကို ဂဏ္ဍနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ဂဏ္ဍနိယဒုက်

၁။ ဂဏ္ဍနိယာ ဓမ္မာ – ဂဏ္ဍ၏အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါးတို့၏။

၂။ အဂဏ္ဍနိယာ ဓမ္မာ – ဂဏ္ဍ၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရုတို့၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် ဂဏ္ဍမည်သော တရားမဟုတ်သော်လည်း ဂဏ္ဍ၏ အာရုံကား ဖြစ်၍ နေလေ၏။ လောဘ၊ ဒေါသ၊ ဒိဋ္ဌိဟူသော ဂဏ္ဍတရားတို့ကလည်း နည်းမျိုးစုံဖြင့် သတ္တဝါတို့အား ဝဋ်ထဲ၌ ဖွဲ့စပ်ထား တတ်သည်ဖြစ်ရာ တဒင်္ဂစသော မဟာကုသိုလ် ပဌမစိတ်နယ်သို့ ရောက်နေသော ကုသိုလ်ရှင်သည် ထိုကုသိုလ်ပဌမ စိတ်ကို ကြာရှည်စွာ ထိန်းသိမ်းထားရန် မလွယ်ပေ။ ပိဓိတို့၏ စိတ်သည် လောဘ၊ ဒေါသ၊ ဒိဋ္ဌိဟူသော ဂဏ္ဍနယ်သို့ တစ်ဖန် ပြန်၍ ကျဆင်းတတ်လေ၏။ ထိုဂဏ္ဍတရား၏ အာရုံပြုရာနယ်ပယ်မှ လွတ်မြောက်နေသော ဒုတိယပုဒ် အရ ဖြစ်သော လောကုတ္တရာနယ်သို့ ရောက်ထားမှ ဂဏ္ဍနယ်မှ လွတ်မြောက်ကြမည် ဖြစ်ပေ၏။

၂။ ပကုစိတ်ကို ဂဏ္ဍနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဂဏ္ဍနိယဒုက်မှာ၊	ပကုဟာ၊	ပမာပါဝင်သည်။
၂။	ဂဏ္ဍမဟုတ်ကြား၊	အာရုံကား၊	ဖြစ်ကားနေလေသည်။
၃။	လော, ဒေါမည်ကြား၊	ဂန်တရား၊	ဆွဲအားကောင်းလှသည်။

၄။	ကုသိုလ်ပြုစဉ်၊	ကုသိုလ်ရှင်၊	ဂန်အင်္ဂနယ်မှသည်၊
၅။	လွတ်မြောက်နေလဲ၊	ခဏပဲ၊	ပြန်ပဲရောက်တတ်သည်။
၆။	ကုသိုလ်စိတ်အား၊	ကြာရှည်ကား၊	ထိန်းထားနိုင်ခဲသည်။
၇။	လောကုတ္တရ၊	နယ်ရောက်မှ၊	စိတ်ချရပေမည်။

၂။ ပကတ္တိတ်ကို ဂဏနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိတ်ကို ဂဏသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဂဏသမ္မယုတ္တာဒုက်

၁။ ဂဏသမ္မယုတ္တာ ဓမ္မာ – ဂဏနှင့် ယှဉ်ကုန်သော တရားများ။ လောဘမူစိတ် ၈-ခု၊ ဒေါသမူ၌။ ဒိဋ္ဌိဂတပိဂ္ဂယုတ်စိတ် ၄-ဦးပြီးသော လောဘ၊ ဒေါသမူ၌ပြီးသော ဒေါသ၊ ဝိစိကိစ္ဆာတြဉ် ဧစေတသိက် ၂၅-ဝါး ၎င်း။

၂။ ဂဏဝိပ္ပယုတ္တာ ဓမ္မာ – ဂဏနှင့် မယှဉ်ကုန်သော တရားများ။ မောဟမူ၌၊ ကုသိုလ်စိတ် ၂၁-ဝါး၊ ဝိပါက်စိတ် ၃၆-ဝါး၊ ကြိယာစိတ် ၂၀-ဝါး၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ထိုသဟ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, စိဒ္ဓတြဉ်သော ဧစေတသိက် ၄၃-ဝါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ပြီးပြီသော လောဘ၊ ဒေါသမူ၌ပြီ ဒေါသ၊ ဂုဝ် ၂၈-ဝါး၊ နိဗ္ဗာန်ဝင်၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဂဏတရားနှင့်မယှဉ်သော ဒုတိယပုဒ်အရတွင် ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤ၌ လိုရင်း အချုပ်ကား ပညာရှိလူလိမ္မာသည် လူပိုက်တို့နှင့် ပေါင်းယှဉ်ခြင်း မရှိသကဲ့သို့ မဟာကုသိုလ် ပဌမစိတ်သည်လည်း ဂဏတရားတို့နှင့် ပေါင်းယှဉ်ခြင်း မရှိပေ။ ထိုသို့ ပေါင်းယှဉ်ခြင်း မရှိသောကြောင့် ပြုစင်သော တရား၊ ကောင်းမြတ်သောတရား၊ သန့်ရှင်းသောတရား ဖြစ်နေ၍ အလွန်အဝိုးတန်လှပါပေ၏။ အဝိုးတန်ပတ္တာမြားရတနာကို ရသူသည် ပတ္တာမြား၏ တန်ဖိုးကို သိသည်ဖြစ်၍ ကောင်းစွာသိမ်းဆည်းသကဲ့သို့ ...

ဓါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန် ရရှိလာသော မဟာကုသိုလ်ပဌမစိတ်ကို ကုသိုလ်ရှင်သည် ကုသိုလ်တရား၏ တန်ဖိုးကို သိကာ ထိုကုသိုလ်စိတ်ကို ကောင်းစွာ သိမ်းဆည်းထားသင့်ပေ၏။ သိမ်းဆည်းထားရမည် ဟူသည်ကား – ကုသိုလ်များကို မမေ့မလျော့ ဆက်ကာဆက်ကာ ပြုလုပ်ခြင်းအားဖြင့် သိမ်းဆည်းထားရမည် ဖြစ်၏။

၃။ ပကတ္တိကို ဂန္ထသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ သောင်ရုန်လက်ာများ

၁။	ဂန္ထသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	ဂန္ထတရား၊	မယှဉ်ငြားး၊	တရားဖြစ်လေသည်။
၃။	မယှဉ်၍ပင်၊	သန့်ရှင်းအင်၊	ဖြူစင်ကောင်းမြတ်သည်။
၄။	ပတ္တမြားမှန်၊	အဖိုးတန်၊	သိပြန်သိမ်းဆည်းသည်။
၅။	ပကုစိတ်ရှိုး၊	ကုသိုလ်မျိုး၊	တန်ဖိုးသိရမည်။
၆။	ဒါနစဖြာ၊	ကုသလာ၊	ဆက်ကာပြု၍သည်။
၇။	ပကုတရား၊	တန်ဖိုးထား၊	သိမ်းထားကြရမည်။

၃။ ပကုစိတ်ကို ဂန္ထသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကုစိတ်ကို ဂန္ထ ဂန္ထနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ဂန္ထ ဂန္ထနိယဒုက်

၁။ ဂန္ထာ ဧစေဝ ဓမ္မာ ဂန္ထနိယာ စ – ဂန္ထလည်းမည်၊ ဂန္ထ၏အာရုံလည်း ဖြစ်ကုန်သော တရားများ။ လောဘ၊ ဒေါသ၊ ဒိဋ္ဌိဟူ ဆိုအပ်သော ဂန္ထတရားကိုယ် ၃-ပါး၏။

၂။ ဂန္ထနိယာ ဧစေဝ ဓမ္မာ နော စ ဂန္ထာ – ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်ဖြစ်သော ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်သော တရားဖြစ်သည်ကို ကောင်းစွာသိမြင်နိုင်ကြပေ၏။

ရန်သူနယ်မြေမှ လွတ်လာသော သူသည် ပျော်ရွှင်ဝမ်းသာရ၏။ သို့ရာတွင် ရန်သူ၏ အာရုံပြုရာ နယ်ပယ်၌ ရှိနေသေးသဖြင့် စိတ်ချလက်ချ ပျော်ရွှင်ဝမ်းသာ၍ မရသေးပေ။ တစ်နည်းနည်းဖြင့် ရန်သူနယ်မြေသို့ ပြန်ရောက်တတ်၏။

ဤနည်းတူစွာ မဟာကုသိုလ် ပဌမစိတ်သည်လည်း ဂန္ထနယ်က အခိုက်အတန့်လွတ်မြောက်နေသော်လည်း ဂန္ထ၏အာရုံစက်ကွင်း၌ ရှိနေရကား ဂန္ထလည်းမည်၍ အချင်းချင်း ဂန္ထ၏ အာရုံလည်း ဖြစ်ကြကုန်သော အားကောင်းလှသော လောဘ၊ ဒိဋ္ဌိ၊ ဒေါသဟူသော ဂန္ထသို့ ပိပိတို့၏စိတ်သည် ပြန်ရောက်နိုင်သည်ဖြစ်၍ ဂန္ထလည်း မမည်၊ ဂန္ထ၏အာရုံလည်း မဟုတ်သော လောကုတ္တရာနယ်သို့သာ ကူးတက်ကြရမည် ဖြစ်ပေ၏။

၄။ ပကတိစိတ်ကို ဂဏန် ဂဏနိယနုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်ာများ

၁။	ဂဏ် ဂဏနိယဒုတ်မှာ၊	ပကုဟာ၊	ဒုမာပါဝင်သည်။
၂။	ဂဏ်မမည်ငြား၊	အာရုံကား၊	ဖြစ်များနေသေးသည်။
၃။	ရုန်သူနယ်ဝင်၊	လွတ်၍ပင်၊	ပျော်ရွှင်ဝမ်းထာသည်။
၄။	အာရုံပြုရာ၊	နယ်ဝယ်မှာ၊	ရှိကာနေ၍သည်၊
၅။	စိတ်ချ၍ဆာ၊	မနေရာ၊	ပြန်ကာရောက်တတ်ထည်။
၆။	ဤနည်းတူစွာ၊	ပကုမှာ၊	ဂဏ်နာနယ်မှသည်၊
၇။	ခဏတဖြုတ်ဆာ၊	လွတ်လာရာ၊	ပြန်ကာရောက်တတ်ထည်။
၈။	ပြန်မရောက်တောင်း၊	လောကုတ်ကျောင်း၊	ခိုအောင်းကြရမည်။

၄။ ပကုစိတ်ကို ဂဏ် ဂဏနိယနုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကုစိတ်ကို ဂဏန် ဂဏနိယနုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၅။ ဂဏ် ဂဏသမ္မယုတ္တဒုက်

၁။ ဂဏ်နာ ဧစဝ ဓမ္မာ ဂဏ်သမ္မယုတ္တာ စ – ဂဏ်လည်း မည်၍ ဂဏ်နှင့်လည်း ယှဉ်ကုန်သောတရားများ။ ဒိဋ္ဌဂတသမ္မယုတ်စိတ်၌ ရှိသော လောဘ၊ ဒိဋ္ဌဟုဆိုအပ်သော ဂဏ်တရားကိုယ် ၂-ပါးတို့၏။

၂။ ဂဏ် သမ္မယုတ္တာ ဧစဝ ဓမ္မာ နော စ ဂဏ်နာ – ဂဏ်နှင့်သာယှဉ်၍ ဂဏ်မမည်သောတရားများ။ လောဘမူစိတ် ၈-ခု၊ ဒေါသမူ၌၊ ဂဏ်တရားကိုယ် ၃-ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၃-ပါးတို့၏။

ဤ၌ ပဌမပုဒ်အရ ဒိဋ္ဌဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒိဋ္ဌဟုဆိုအပ်သော ဂဏ်တရားကိုယ် ၂-ပါးသည် ဂဏ်လည်း မည်သလို လောဘသည် ဒိဋ္ဌနှင့်၊ ဒိဋ္ဌသည် လောဘနှင့် အပြန်အလှန် ယှဉ်ကြ၏။

ဒုတိယပုဒ်အရ လောဘမူစိတ် ၈-ပါး၊ ဒေါသမူ၌တို့ကား ဂဏ်နှင့်သာယှဉ်၍ ဂဏ်မည်သော တရားကား မဟုတ်ပေ။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ၂-ပုဒ်လုံးအရ၌ မပါဝင်ပေ။ ဂဏ်လည်း မမည်၊ ဂဏ်နှင့်လည်း ယှဉ်ခြင်း မရှိ၍ မြင့်မြတ်သောတရား ဖြစ်နေသည်ကို ကောင်းစွာ သိမြင်နိုင်ကြပေ၏။

ထို့ကြောင့် မြင့်မြတ်သူ ဖြစ်ပြီးကာမှ ယုတ်ညံ့သော ဂွစ္ဆနယ်သို့ ပြန်မရောက်သင့်ဘူးဟု ဆင်ခြင်ကာ ဂွစ္ဆနယ်သို့ ပြန်မရောက်အောင် ကြိုးစားထိန်းသိမ်းမှု ပြုကြရာ၏။

၅။ ပကုဓိတ်ကို ဂွစ္ဆ ဂွစ္ဆသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ိမျာ်း

၀။ ဂွစ္ဆ ဂွစ္ဆသမ္မယုတ္တဒုက်မှာ၊ ပကုဟာ၊ ပါတာမရှိပြီ။
၂။ ဒိဿမိရှိရာ၊ ဒိ,လောဘာ၊ နှစ်ဖြာတရားသည်၊
၃။ ဂွစ္ဆလဲမည်၊ ဂန်ဟျဉ်သည်၊ နှစ်မည်ရလေသည်။
၄။ လော,ဒေါစိတ်မှာ၊ ဟျဉ်ရံသာ၊ မည်တာမဟုတ်ပြီ။
၅။ ပကုစိတ်ကား၊ မည်နှစ်ပါး၊ လွတ်ငြားနေ၍သည်၊
၆။ ဖြူစင်တရား၊ မြတ်တရား၊ သိထားကြရမည်။
၇။ မြင့်ပြီးတစ်ခါ၊ ယုတ်ညံ့တာ၊ ဖြစ်တာမသင့်ပြီ။

၅။ ပကုစိတ်ကို ဂွစ္ဆ ဂွစ္ဆသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို ဂွစ္ဆဝိပ္ပယုတ္တ ဂွစ္ဆနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ ဂွစ္ဆဝိပ္ပယုတ္တ ဂွစ္ဆနိယဒုက်

၁။ ဂွစ္ဆဝိပ္ပယုတ္တာ ခေါ်ပန ဓမ္မာ ဂွစ္ဆနိယာဝိ – ဂွစ္ဆနှင့် မယှဉ်မူ၍ ဂွစ္ဆ၏ အာရုံဖြစ်ကုန်သော တရားများ။ မောတမူဒွေ၊ လောကီကုသိုလ် ၁၇-ပါး၊ လောကီဝိပါတ် ၃၂-ပါး၊ ကြိယာမိတ် ၂၀-ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ကုက္ကုစ္စ, မွန်ရိုယ, တုက္ကုစ္စ, ထိန, မိဒ္ဓကြွဉ်သော စေတတသိက် ၄၃-ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်၌ပို့သော လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ရူပ် ၂၈-ပါးရ၏။

၂။ ဂွစ္ဆဝိပ္ပယုတ္တာ ခေါ်ပန ဓမ္မာ အဂွစ္ဆနိယာဝိ – ဂွစ္ဆနှင့်လည်း မယှဉ်၊ ဂွစ္ဆအာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ဂွစ္ဆနှင့်မယှဉ်ဘဲ ဂွစ္ဆ၏အာရုံ၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။

ဤမဟာကုသိုလ် ပဌမစိတ်သည် ပြဆိုအပ်ပြီးသော ဒုက်ခများဖြင့်ပါ စိစစ်လျှင် ဂဏ္ဌဒုက်အရ ဂဏ္ဌ မမည်သောတရား၊ ဂဏ္ဌသမ္ပယုတ္တဒုက်အရ ဂဏ္ဌနှင့်မယှဉ်သော တရားများ ဖြစ်၍ ကောင်းမြတ်သည် ဖြစ်သော်လည်း ဂဏ္ဌနိယဒုက်အရလည်းကောင်း၊ ဂဏ္ဌ ဂဏ္ဌနိယဒုက်အရလည်းကောင်း၊ ဂဏ္ဌဝိပ္ပယုတ္တ ဂဏ္ဌနိယဒုက်အရလည်းကောင်း ဂဏ္ဌ၏ အာရုံစက်ကွင်းကား လွတ်မြောက်မှု မရှိပေ။

ဤသို့ ဂဏ္ဌ၏ အာရုံပြုရာ နယ်ပယ်မှ မလွတ်နိုင်ခြင်းသည်ပင်လျှင် လောဘစိတ်၊ ဒေါသစိတ်၊ ဒိဋ္ဌိစိတ်ဟု ဆိုအပ်သော ဂဏ္ဌနယ်ပယ်သို့ ပြန်မရောက်အောင် စိတ်ချရသော အခြေအနေ၌ မရှိဟူသော အချက်ကို ထပ်ကာ ထပ်ကာ သိအောင် ညွှန်ပြနေသကဲ့သို့ ရှိနေလေသည်။ ထို့ကြောင့် မဂ်ကုသိုလ်မှတစ်ပါး ကျန်လောကီ ကုသိုလ်များသည် အချိန်မရွေး ဂဏ္ဌ စသော အကုသိုလ်နယ်သို့ ရောက်နိုင်သည်ကို အထူးသတိပြုသင့်ပေသည်။ 'ပြဟ္ဘုပြည် တင်းတင်း တက်စားကျွင်း တရွတ်ရွတ်' မပြစ်သင့်ဘဲ ဝိဝိစိတ်၌ ဝိဝိပိုင်ပိုင် ခံစားသိမြင်နေရသော မဟာကုသိုလ် ပဌမစိတ်ကို မကျွံဝိုင်ထား၍ ဝိပဿနာတရားကို ရှုပွားကာ နာမရူပပရိစ္ဆေဒဉာဏ် စသော ဝိပဿနာဉာဏ် အတန်တန်မှ ဂေါတြဘူဉာဏ်အထိရောက်အောင် ကြိုးစားသင့်ကြပေသည်။ ဂေါတြဘူဉာဏ်သို့ ရောက်လျှင်ကား နောက်ပြန်ရိုး ထုံးစံမရှိတော့ဘဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ လှမ်းတက်သွားပြီ ဖြစ်ပေ၏။

၆။ ပကိဏ္ဏကစိတ်ကို ဂဏ္ဌဝိပ္ပယုတ္တ ဂဏ္ဌနိယဒုက်ဖြင့် ဝေဖန်ခြင်းဌာန ဆောင်ရန်လက်ခံများ။

၁။	ဂဏ္ဌဝိပ်နှင့် နိယဒုက်မှာ၊	ပတုဟာ၊	ပမှာပါဝင်သည်။
၂။	ဂဏ္ဌမယှဉ်ခြား၊	အာရုံကား၊	ဖြစ်ခြားနေလေသည်။
၃။	ဂဏ္ဌမဝင်၊	ဂန်မယှဉ်၊	ဖြစ်အင်သဖြင့်သည်၊
၄။	ဖြူစင်တရား၊	မြတ်တရား၊	ဆိုကားဆိုနိုင်သည်။
၅။	အာရုံအပြု၊	မလွတ်မှု၊	အကုဒက်သို့သည်၊
၆။	လော,ဒေါ,ဒိဋ္ဌိ၊	ဖြစ်တတ်ဘိ၊	သတိရှိရမည်။
၇။	ဗဟုဇ္ဈာဝင်းဝင်း၊	ဝက်စားကျင်း၊	ရှုတ်ခြင်းမသင့်ဖြို။
၈။	ဝိပဿနာတရား၊	ထပ်ထပ်အား၊	ပွားများ၍သာသည်၊
၉။	ဂေါတြဘုစခန်း၊	မဂ်စခန်း၊	တက်လှမ်းကြရမည်။

၆။ ပကိဏ္ဏကစိတ်ကို ဂဏ္ဌဝိပ္ပယုတ္တ ဂဏ္ဌနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကိဏ္ဏကစိတ်ကို ဂဏ္ဌဂေါစ္ဆကဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကတ္တိတ်ကို ဩဃဂေါ်စွာကဖြင့် ဝေဖန်ခြင်းဌ္ဌ ကိုယ်ကျင့်တရားများ

၆။ ဩဃဂေါ်စွာက ၆–ခုက် ။ ။ ဤဩဃဂေါ်စွာကဌ္ဌလည်း ၆–ခုက် ရှိလေသည်။ ယင်းတို့မှာ –

၁။ ဩဃခုက် ၂။ ဩဃနိယခုက် ၃။ ဩဃသမ္မယုတ္တခုက်
၄။ ဩဃ ဩဃနိယခုက် ၅။ ဩဃ ဩဃသမ္မယုတ္တခုက် ၆။ ဩဃဝိပ္ပယုတ္တ ဩဃနိယခုက် အားဖြင့် ၆–ခုက် ရှိလေသည်။

ဤဌ္ဌ ဩဃဟူသည် နှစ်မြှုပ်တတ်၏၊ နှစ်မြှုပ်စေတတ်၏ဟု အဓိပ္ပါယ်ရလေသည်။ နှစ်မြှုပ်တတ်ပုံကား– ပကတိ ရေအလျဉ်သည် သက်ရှိသက်မဲ့တို့ကို လွှမ်းမိုးတတ်၊ နှစ်မြှုပ်တတ်သကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော ဩဃတရားတို့လည်း မိမိကိန်းရာ သတ္တဝါကို အပါယ်လေးပါးဌ္ဌ နှစ်မြှုပ်တတ်၏။ နှစ်မြှုပ်စေတတ်၏။ ထို့ကြောင့် ဩဃဟူ၍ ခေါ်ရသည်။

၁။ ကုသိုလ် ပစိတ်ကို ဩဃခုက်ဖြင့် ဝေဖန်ခြင်းဌ္ဌ ကိုယ်ကျင့်တရားများ

၁။ ဩဃခုက်

၁။ ဩဃဟာဓမ္မာ – ဩဃမည်ကုန်သော တရားများ။
လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူဆိုအပ်သော ဩဃတရားတိုယ် ၃–ပါးတည်း။

၂။ နော ဩဃ ဟာ ဓမ္မာ – ဩဃမမည်ကုန်သော တရားများ။
စိတ် ၈၉–ပါး၊ ဩဃတရားတိုယ် ၃–ပါးကြဉ် ဧတဿိတ် ၄၉–ပါး၊ ဓမ္မာ ၂၈–ပါး၊ နိဗ္ဗာန် ၁တည်း။

ဤခုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ခုတိယပုဒ်အရဌ္ဌ ပါဝင်နေသည်ကို သိမြင်နိုင်ပေ၏။ ဤဌ္ဌ ဝဏ္ဏ၊ ဩဃ၊ ယောဂ အစရှိသော အမည်တို့သည်ကား အကုသိုလ်စိတ်၏ အမည်မဟုတ်ပေ။ အကုသိုလ်စိတ်ဌ္ဌ ယှဉ်ကြကုန်သော အကုသိုလ်ဧစေတသိက်ထဲက ဖြစ်ထိုက်သော အမည်များတည်း။

ဤဌ္ဌ ဩဃအမည်ရထိုက်သော တရားများကား ဩဃဟာဓမ္မာအရ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော ဧစေတသိက်များတည်း။ ထိုလောဘ၊ ဒိဋ္ဌိ၊ မောဟများသည် ကုသိုလ်တရားတို့ဌ္ဌ မမှေ့လျော့နေသူတို့အား အပါယ်လေးပါးတို့ဌ္ဌ နှစ်မြှုပ်တတ်လေ၏။

မဟာကုသိုလ် ပဌမစိတ်ကား ဩဃအမည်မှ လွတ်ကင်းသည်သာမက အပါယ်လေးပါးသို့ နှစ်မြှုပ်မသွားအောင် ကယ်တင်နိုင်သော စွမ်းအားများရှိလေ၏။

မှန်၏။ မဟာကုသိုလ် ပဌမစိတ်ဌ္ဌယှဉ်သော ဧစေတသိက် ၃၈–ပါးတွင် သဒ္ဓါဟူသော ကုသိုလ် ဧစေတသိက်ဖြင့်ပင် အပါယ်လေးပါးမှ ထုတ်ဆောင်ကယ်တင်၍ သုဂတိဘုံသို့ ပို့ဆောင်ပေးတတ်သည်ကို ဖားနတ်သား စသော ဝတ္ထုဖြင့် ရှေးအခန်းတွေက ပြခဲ့ပြီး ဖြစ်၏။

၁။ ပကတိစိတ်ကို ဩဃဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၀။	ဩဃဒုက်မှာ၊	ပတုဟာ၊	ဒုမှာပါဝင်သည်။
၂။	ဝဋ္ဋဒုက္ခ၊	နှစ်မြှုပ်ပြ၊	ဩဃခေါ် ရသည်။
၃။	တရားကိုယ်တိ၊	လော,မော,ဒိ၊	မှတ်သိနိုင်ကြသည်။
၄။	ကုသိုလ်မလုပ်၊	အတုလုပ်၊	နှစ်မြှုပ်ခံရမည်။
၅။	ပကတိစိတ်ကား၊	ဩတရား၊	ဟုတ်ကားမဟုတ်ပြီ။
၆။	နစ်မြုပ်သူအား၊	ကယ်ထုတ်ငြား၊	စွမ်းအားရှိလေသည်။
၇။	ပတုဟ္ဘဉ်ရာ၊	သုံးရစ်မှာ၊	သဒ္ဓါပါလေသည်။
၈။	သဒ္ဓါဖြင့်ပင်၊	နစ်သူပင်၊	ကယ်တင်နိုင်လေသည်။
၉။	ဖားနတ်သားပ၊	ဃာဓက၊	ရွေးကဖြဲ့ပြီ။

၁။ ပကတိစိတ်ကို ဩဃဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကတိစိတ်ကို ဩဃနီယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ဩဃနီယဒုက်

၁။ ဩဃနီယာ ဓမ္မာ – ဩဃ၏ အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိတ် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရု၏။

၂။ အနောဃနီယာ ဓမ္မာ – ဩဃ၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိတ် ၃၆-ပါး၊ နိဗ္ဗာန်ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ဩဃ၏အာရုံဖြစ်သော တရားများတွင် ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။

လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော ဩဃတရားများသည် လောဘစိတ်၊ ဒိဋ္ဌိစိတ်၊ မောဟစိတ် ဖြစ်နေသူများကို အပါယ်လေးပါး၌ နှစ်မြှုပ်သည်သာမက နောက်ထပ်မည်သူ့ကိုမျှ နှစ်မြှုပ်ရလေဦးမည်နည်းဟု ကြည့်လေလျှင် လောကုတ္တရာနယ်သို့ မကူးနိုင်သေးသော လောကီဘုံသား သတ္တဝါများကို တွေ့ရလေ၏။ ထိုအထဲတွင် ဒါန၊ သီလ၊ ဘာဝနာပြုလုပ်၍ မဟာကုသိုလ်စိတ်ကို ရရှိနေကြသော ကုသိုလ်ရှင်များလည်း ပါဝင်လေ၏။

ထိုအခါ သြဃတရားများက ဤသို့ ကြိမ်းဝါးမည် ဖြစ်၏။

'နေနှင့်ဦးပေါ့ ... ကုသိုလ်ရှင်ရယ်။ တစ်နေ့ မေ့လျော့လို့ လောဘစိတ်တွေ၊ ဒိဋ္ဌစိတ်တွေ၊ မောဟစိတ်တွေများ ဖြစ်လာလို့ရှိရင် သင့်ကိုလည်း မထားဘူး။ အပါယ်လေးပါးထဲ နှစ်မြှုပ်ပစ်မည်' – ဟူ၍ ဖြစ်၏။

ထိုသို့ သြဃတရား၏ အကြိမ်းအဝါးမှ လွတ်အောင် မဟာကုသိုလ် ပဌမစိတ်အရှင်သည် ဝိပဿနာတရားကို အားထုတ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော လောကုတ္တရာနယ်၌ ပုန်းအောင်း ခိုလှုံနေရန်ပင် ဖြစ်လေ၏။

၂။ ပကုဓိတ်ကို သြဃနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	သြဃနိယဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	လောဘ,မောဟ၊	ဒိဋ္ဌိပ၊	သြဃတရားများသည်၊
၃။	လောစိတ်, မောစိတ်၊	ဒိဋ္ဌိစိတ်၊	ဖြစ်စိတ်များကိုသည်၊
၄။	အပါယ်လေးပါး၊	ဝဲထဲများ၊	မြှုပ်ထားတတ်ကြသည်။
၅။	နောက်ထပ်၍ပေ၊	ဘယ်သူတွေ၊	ကြည့်လေလျှော်သည်၊
၆။	လောကီဘုံသား၊	သတ္တများ၊	တွေ့ကြားပြုလေပြီ။
၇။	ထိုအထဲတွင်၊	ပကုရှင်၊	ပါဝင်နေလေသည်။
၈။	နေနှင့်ဦးပင်၊	ကုသိုလ်ရှင်၊	အသင်တစ်မူသည်၊
၉။	မေ့လျော့လေက၊	တစ်နေ့ကျ၊	လောဘဖြစ်ရင်သည်၊
၁၀။	အခွင့်မပေး၊	အပါယ်ဘေး၊	မနှေးချပစ်မည်။
၁၁။	ဤသို့မှန်စွာ၊	ကြိမ်းဝါးမှာ၊	သေချာလှပေသည်။
၁၂။	သြဃနယ်ကို၊	ကျော်လွန်လို၊	ကုသိုလ်ရှင်များသည်၊
၁၃။	မဂ်ဖိုလ်အဟုန်၊	လောကုတ်ဘုံ၊	ခိုလှုံကြရမည်။

၂။ ပကုစိတ်ကို သြဃနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကိဏ်းကို ဩဃသမ္မယုတ္တဒုကဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဩဃ သမ္မယုတ္တဒုက်

၁။ ဩဃသမ္မယုတ္တာ ဓမ္မာ – ဩဃနှင့်ယှဉ်ကုန်သော တရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူဋ္ဌေ, မောဟမူဋ္ဌေဠီ မောဟ ကြွင်းသော ဧတေသိတ် ၂၇-ပါး ရ၏။

၂။ ဩဃဝိပ္ပယုတ္တာ ဓမ္မာ – ဩဃနှင့် မယှဉ်ကုန်သောတရားများ။
ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ဧတေသိတ် ၃၈-ပါး၊ ဒေါသမူဋ္ဌေ, မောဟမူဋ္ဌေဠီ မောဟ၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ဩဃနှင့်မယှဉ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဩဃနိယဒုက်အရ ဩဃတရားက မဟာကုသိုလ် ပဌမစိတ်ကို ကြိမ်းဝါးနိုင်သလို ဩဃသမ္မယုတ္တဒုက်အရ မဟာကုသိုလ် ပဌမစိတ်ကလည်း ဩဃတရားအား ဤသို့ ကြိမ်းမောင်းနိုင်လေ၏။

'ဩဃတရား... သင်သိထားရန်မှာ ဟဟ္ဂရိ လူလိမ္မာသည် လူပိုက်တို့နှင့် ယှဉ်တွဲဆက်ဆံခြင်း မပြုသလို ငါသည်လည်း အယုတ်တမာတရားနှင့် ယှဉ်တွဲဆက်ဆံခြင်း မရှိပေ။ သင်နှင့် ဆက်ဆံယှဉ်တွဲခြင်း မပြုသည့်အတွက် ငုံဘဝသည် ဖြူစင်သန့်ရှင်း အပြစ်ကင်းလှပေ၏။ သင်ကား ငုံအနား မကပ်လေနှင့်' ဟူ၍ ကြိမ်းမောင်းနိုင်ပေ၏။

၁။ ပကိဏ်းကို ဩဃသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	ဩဃသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	ဩဃနှင့်မှာ၊	မယှဉ်ရာ၊	တင်းတွာနေလေသည်။
၃။	ပတုမည်တောင်း၊	တရားပေါင်း၊	ကြိမ်းမောင်းနိုင်ပေသည်။
၄။	ဩဃတရား၊	သင်သည်ကား၊	မှတ်သားထားရမည်။
၅။	ပညာရှိဟာ၊	လူမိုက်မှာ၊	ပေါင်းတာမရှိပြီ။
၆။	ငါပကုဟာ၊	သင်လိုဟာ၊	ယုတ်မာမျှားကိုသည်၊
၇။	ယှဉ်တာပေါင်းတာ၊	ဆက်ဆံတာ၊	လုပ်မှာမဟုတ်ပြီ။
၈။	သင်နှင့်မယှဉ်၊	ငါ့ဘဝ၊	ဖြူစင်ပြစ်ကင်းသည်၊
၉။	ဩဃတရား၊	ငုံအနား၊	ကပ်ငြားမထိုက်ပြီ။

၃။ ပကိဏ်းကို ဩဃသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတ္တိတ်ကို ဩဃ ဩဃနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ဩဃ ဩဃနိယဒုက်

၁။ ဩဃာ ဧစဝ ဓမ္မာ ဩဃနိယာ စ — ဩဃလည်းမည်၊ ဩဃ၏ အာရုံလည်း ဖြစ်ကုန်သော တရားများ။ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး ရ၏။

၂။ ဩဃနိယာ ဧစဝ ဓမ္မာ နော စ ဩဃာ — ဩဃ၏ အာရုံသာဖြစ်၍ ဩဃမမည်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ ဩဃတရားကိုယ် ၃-ပါးကြဉ် စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ဩဃ၏ အာရုံသာဖြစ်၍ ဩဃမမည်သော တရားတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။ ဩဃနိယဒုက် ပဌမပုဒ်နှင့် သဘောတူလေပြီ။

၅။ ပကတ္တိတ်ကို ဩဃ ဩဃနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတ္တိတ်ကို ဩဃသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ဩဃ ဩဃသမ္မယုတ္တဒုက်

၁။ ဩဃာ ဧစဝ ဓမ္မာ ဩဃသမ္မယုတ္တာ စ — ဩဃလည်းမည်၊ ဩဃနှင့်လည်း ယှဉ်သော တရားများ။ လောဘမူ စိတ် ၈-ဉဿိဋ္ဌိသော လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး ရ၏။

၂။ ဩဃသမ္မယုတ္တာ ဧစဝ ဓမ္မာ နော စ ဩဃာ — ဩဃနှင့်သာ ယှဉ်၍ ဩဃမမည်သောတရားများ။ အကုသိုလ် စိတ် ၁၂-ပါး၊ ဩဃတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၂၄-ပါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးအရ၌ မပါဝင်သည်ကို သိမြင်နိုင်ကြပေ၏။

ဤဒုက်အရ လောဘမူစိတ်ဟူသော အကုသိုလ်စိတ်၌ယှဉ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော စေတသိက် ၃-ပါးသည် ဩဃတရားလည်း မည်သလို အပြန်အလှန် ယှဉ်ကြသောကြောင့် ဩဃနှင့်လည်း ယှဉ်သော တရားများ ဖြစ်လေ၏။

အကုသိုလ်စိတ်၌ စေတသိက် ၂၇-ပါး ယှဉ်ကြသည်ဖြစ်၍ ထို ၂၇-ပါးအနက်က ဩဃလည်းမည်၊ ဩဃနှင့်လည်း ယှဉ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟကို နှုတ်လိုက်လျှင် ၂၄-ပါး ကျန်မည်ဖြစ်၏။ ထို ၂၄-ပါးကျန်သော စေတသိက်များသည် လည်းကောင်း၊ အကုသိုလ်စိတ် ၁၂-ပါးသည် လည်းကောင်း ဩဃမမည်ကြပေ။ သို့ရာတွင် ကား လောဘ၊ မောဟ၊ ဒိဋ္ဌိ ဟူသော ဩဃတရားများနှင့် ယှဉ်တွဲမှု ရှိကြ၏။ ထို့ကြောင့် ထိုတရားတို့ကို ဩဃ မမည်၊ ဩဃနှင့်ယှဉ်သောတရားများဟု ဆိုရခြင်း ဖြစ်၏။

မဟာကုသိုလ် ပဌမစိတ်၌ စေတသိက် ၃၈-ပါး ယှဉ်လေရာ ထိုစေတသိက် ၃၈-ပါးဌ် 'အလောဘ၊ အဒေါသ၊ အမောဟ ' ဟူသော စေတသိက် ၃-ပါးသည် ကုသိုလ်လည်း အမည်ရပေ၏။ အချင်းချင်း အပြန်အလှန် ယှဉ်ကြသောကြောင့် ကုသိုလ်ဟိတ်ရှိသော တရားလည်း ဖြစ်ပေ၏။ ကုသိုလ်မူလတရားများလည်း ဖြစ်ကြပေ၏။ မဟာကုသိုလ် ပဌမစိတ်နှင့် ကျန်စေတသိက် ၃၅-ပါးသည် ကုသိုလ်အမည်ရသော ကုသိုလ်တရားများ ဖြစ်၍ ကုသလဟိတ်၊ ကုသလမူလ ဟူသော အမည်ကို မရကြကုန်။

ထို့ကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော ဩဃတရားတို့သည် အကုသိုလ်ဘက်၌ အားရှိ၍ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလတရား ၃-ခုတို့သည် ကုသိုလ်ဘက်၌ အားရှိကြကုန်၏။ ထို့ကြောင့် ထိုနှစ်ဖွဲ့သည် အချင်းချင်း စပ်၍ ဟပ်၍ မရဘဲ ဆန့်ကျင်ဘက် ပဋိပက္ခ ဖြစ်နေကြလေ၏။

ဤဒုက်အရ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော တိဟိတ် စေတသိက်ကလည်း လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော ဩဃတရားများကို ဤသို့ ပြောဆိုနိုင်ပေ၏။

> ' ဩဃတရားများ... မဟာကုသိုလ် ပဌမစိတ်သည် ငါတို့ယှဉ်သော တိဟိတ်စိတ်ဖြစ်၍ မင်းတို့လို အယုတ်တမာများနှင့် လားလားမျှ မဆိုင်ပေ။ ဤသို့ မင်းတို့နှင့် မဆိုင်သောကြောင့်ပင် ငါတို့သည် အပြစ်ကင်းသော၊ သန့်ရှင်းသော၊ ပြူစင်သော၊ ကောင်းမြတ်သော၊ မင်္ဂလာ၊ ဝိုလ်၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော၊ အပါယ်လေးပါးမှ ထုတ်ဆောင်နိုင်သောတရားများဖြစ်သည် ' ဟူ၍ ပြောဆိုနိုင်ပေ၏။

ထိုအခါ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော ဩဃတရားများကလည်း 'ဟုတ်ပါသည်။ ဟုတ်ပါသည်' – ဟူ၍ ဝန်ခံရလေ၏။

၅။ ပကုစိတ်ကို ဩဃ ဩဃသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ္ဌ ဆောင်ရန်လက်ကျများ

၁။	ဩဃ ဩဃသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ပါတာမဟုတ်ပြီ။
၂။	ယှဉ်လဲမယှဉ်၊	ဩမဝင်၊	ဖြူစင်ပြစ်ကင်းသည်။
၃။	လော,ဒိ,မောဟာ၊	လောစိတ်မှာ၊	ယှဉ်ရာသဖြင့်သည်၊
၄။	ဩဃမည်ပါ၊	ချင်းချင်းလဲ၊	ယှဉ်တွဲကြလေသည်။
၅။	အကုဘက်မှာ၊	ထို့ကြောင့်သာ၊	လွန်စွာအားကောင်းသည်။
၆။	ပကုစိတ်ဟာ၊	ကုသိုလ်သာ၊	မည်တာဖြစ်လေသည်။

၇။	ကုဟိတ်တရား၊	မဟုတ်ကြား၊	သိထားကြရမည်။
၈။	အလော,အဇဒါ၊	အမောဟော၊	တိဟောတရားသည်၊
၉။	ကိုယ်တိုင်သည်လဲ၊	ကုမည်ပါ၊	ဟိတ်လဲဖြစ်လေသည်။
၁၀။	ကုသိုလ်တက်မှာ၊	ထို့ကြောင့်သာ၊	လွန်စွာအားကောင်းသည်။
၁၀။	ထို့ကြောင့်သာပ၊	ထိုနှစ်ဝ၊	ပက္ခဖြစ်ကြသည်။
၀၂။	တိဟိတ်ဖြစ်ကြ၊	တရားက၊	သုဃများကိုသည်၊
၁၃။	သုဃချာတိတ်၊	လာမရိပ်၊	ပစိတ်တရားသည်၊
၁၄။	ငါတို့ယှဉ်ရာ၊	တိဟိတ်သာ၊	ကောင်းစွာဖြစ်လေသည်။
၁၅။	မင်းတို့နှင့်သာ၊	ယုတ်တမာ၊	ဘယ်မှာဆိုင်လိမ့်မည်။
၁၆။	မဆိုင်၍သာ၊	ပစိတ်ဟာ၊	လွန်စွာကောင်းမြတ်သည်။
၁၇။	မင်္ဂိုလ်သို့ပေ၊	မှန်မသွေ၊	ရောက်စေနိုင်လေသည်။
၁၈။	အပါယ်လေးဆောင်၊	နရက်ချောက်၊	ထုတ်ဆောင်ကယ်နိုင်သည်။
၁၉။	ဟုတ်လှပေကြား၊	သုဃများ၊	ပြန်ကား ပြောပေမည်။

၅။ ပကိဏ်းကို သြဃ သြဃသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကိဏ်းကို သြယဝိပ္ပယုတ္တ သြယနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ သြယဝိပ္ပယုတ္တ သြယနိယဒုက်

၁။ သြယဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ သြယနိယာဝိ – သြယနှင့်မယှဉ်၊ သြယ၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီ ကုသိုလ် ၁၇-ပါး၊ လောကီ ဝိပါက် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဒေါသမူဇွေ, မောဟမူဇွေ၌ မောဃ၊ ရုပ် ၂၈-ပါး ရု၏။

၂။ သြယဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ အနောယနိယာဝိ – သြယနှင့်လည်း မယှဉ်၊ သြယ၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-၁၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော သြယနှင့် မယှဉ်။ သြယ၏ အာရုံတရားတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်အရ ဩဃတရားသည် မဟာကုသိုလ် ပဌမစိတ်ကို ဤသို့ ပြောနိုင်ပေ၏။

'မဟာကုသိုလ်ပဌမစိတ်.....သင်သည်ကား ငါနှင့်ပေါင်းယှဉ်ခြင်းမရှိသော်လည်း ငါ၏ အာရုံစက်ကွင်းမှ လွတ်သည်မဟုတ်ပေ။ သင့်အား ငါသည် မျက်စိဒေါက်ထောက် ကြည့်နေမည် ဖြစ်၏။ သင်သည် မဟာကြိယာစိတ်ကဲ့သို့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဒိဋ္ဌိစိတ်တွေ့ မဖြစ်ဘဲနေမည် မဟုတ်။ ငါ၏နယ်မှ ၁၈၈တဖြုတ် လွတ်နေ၍ ကိုယ့်ကိုယ် ကို သိပ်အထင်ပကြီးနှင့်ဦး။ လောဘစိတ်တွေ့ပြန်၍ဖြစ်သောအခါ၌ကား သင့်ကို ငါသည် အပါယ်လေးပါး၌ နစ်မြုပ်မည် ဖြစ်၏'

မဟာကုသိုလ် ပဌမစိတ်သည် ဩဃတရား၏ ခြိမ်းခြောက်ဒဏ်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကို ရှာဖွေသော် ကုသိုလ်တရား၏ အထွတ်အထိပ်ဘုရင်ဖြစ်သော မဂ်ကုသိုလ်တရားကို သွား၍တွေ့လေ၏။ မဂ်ကုသိုလ်တရားအား ပြောပြသောအခါ မဂ်ကုသိုလ်တရားက ဝိပဿနာတရားကို ပွားများ၍ လာခဲ့ဟု ပြောလိုက်သဖြင့် မဟာကုသိုလ်သည် ဝိပဿနာတရားကို တွင်တွင်ပွားများ၍သာ နေလေတော့၏။

၆။ ပကတိတ်ကို ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	ဩဃဝိပ္ပယုတ်နိယဒုက်မှာ၊	ပတုတာ၊	ပမှာဟိဝဝ်ထည်။
၂။	ဩဃမဟ္ဂဉ်၊	အာရုံတွဝ်၊	ဟိဝဝ်နေပေထည်။
၃။	ဩဃတရား၊	ပတုအား၊	ပြောကြားလိုက်လေထည်။
၄။	သင််တစ်မူကား၊	ငါ့နှင့်ကား၊	ပေါင်းကားမပေါင်းထည်။
၅။	သို့ရာတွင်ထဝ်း၊	ငှ်စက်တွဝ်း၊	အရှင်းမလွတ်ပြီ။
၆။	သင့်ထံတစ်ခြောက်၊	မျက်စီရောက်၊	ဒေါက်ထောက်ကြည့်နေမည်။
၇။	ရဟန္တာမှာ၊	ဖြစ်လေရာ၊	ကြိယာစိတ်သို့ထည်၊
၈။	လော,ဒိ,မောဟာ၊	မဖြစ်ရာ၊	နေ့မှာမဟုတ်ပြီ။
၉။	ဖြစ်လိုက်လို့တာ၊	ပါယ်လေးဝ၊	နှစ်ရပေလိမ့်မည်။
၁၀။	ဩဃတရား၊	ခြိမ်းခြောက်ထား၊	ကြောက်ငြားပကုသိုလ်ထည်၊
၁၀။	ကုသိုလ်ဘုရင်၊	မဂ်ထံတွင်၊	တိုင်ပင်ပြုရပြီ။
၁၂။	မဂ်တုတရား၊	ပတုအား၊	ပြောကြားလိုက်လေပြီ။
၁၃။	ဝိပဿနာ၊	ပွားချိသာ၊	လာပါပြောလိုက်ပြီ။
၁၄။	ပတုအရှင်၊	ဝိကိုပင်၊	တွင်တွင်ပွားလေပြီ။

၇။ ပကုစိတ်ကို ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို ဩဃဂေါ်ဆွကဖြင့် ဝေဖန်ခြင်း ပြီး၏။

ရ။ ပကတ္တိတ်ကို ယောဂဂေါ်ဆွကဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၇။ ယောဂဂေါ်ဆွက ၆–ဒုက် ။ ။ ဤယောဂဂေါ်ဆွကဌလည်း ၆–ဒုက် ရှိလေသည်။ ယင်းတို့မှာ –

၁။ ယောဂဒုက် ၂။ ယောဂနိယဒုက် ၃။ ယောဂသမ္မယုတ္တဒုက်

၄။ ယောဂ ယောဂနိယဒုက် ၅။ ယောဂ ယောဂသမ္မယုတ္တဒုက် ၆။ ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက် အားဖြင့် ၆– ပါးရှိလေသည်။

ယောဂဟူသည် သတ္တဝါတို့အား အမျိုးမျိုးသော ဒုက္ခနှင့် ယှဉ်စပ်ပေးတတ်သောကြောင့် လောဘ, ဒိဋ္ဌိ, မောဟကိုပင် ယောဂဟူ၍ ခေါ်ရလေသည်။

၁။ ပကတ္တိတ်ကို ယောဂဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ ယောဂဒုက်

၁။ ယောဂါ ဓမ္မာ – ယောဂမည်ကုန်သော တရားများ။
လောဘ၊ ဒိဋ္ဌိ၊ မောဟဟူ ဆိုအပ်သော ယောဂတရားကိုယ် ၃–ပါးတည်း။

၂။ နော ယောဂါ ဓမ္မာ – ယောဂမမည်ကုန်သော တရားများ။
ဓိတ် ဆဉ်–ပါး၊ ယောဂတရားကိုယ် ၃–ပါးကြဉ်သော စေတသိက် ၄၉–ပါး၊ ရူပ် ၂၈–ပါး၊ နိဗ္ဗာန်တည်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အဖြစ်သော ယောဂမမည်သော တရားများတွင် ပါဝင်လျက်ရှိသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုက္ခအမျိုးမျိုးကို ပေးတတ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟတို့၏ အမည်၌ မပါဝင်သည်ကို –

'ငါသည် ယောဂတရား မဟုတ်ပါတကား။ ငါ၌ ဒုက္ခအမျိုးမျိုး ပေးတတ်သော ယောဂတရားမျိုး မရှိပါတကား။ ငါသည် ငါ၏ အရှင်ဖြစ်သော ကုသိုလ်ရှင်တို့အား လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာ အမျိုးမျိုးကို ပေးတတ်ပေတကား'

ဟူ၍ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဆိုသည့်အတိုင်း ပညာနှင့် အဟောဟန့် တွဲ၍လည်းကောင်း၊ ပီတိနှင့် တွဲ၍လည်းကောင်း၊ ကာယလဟုတာတို့နှင့် တွဲ၍လည်းကောင်း ပေါ့ပါးရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်နေလေ၏။

၁။ ပကတိစိတ်ကို ယောဂဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ယောဂဒုတ်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	အမျိုးမျိုးဒုက္ခ၊	ဟုဉ်စပ်ပြု၊	ယောဂစေါ်ရထည်။
၃။	ယောဂမဝင်၊	ပကုအင်၊	စိတ်တွင်တွေးလေပြီ။
၄။	ငါပကုကား၊	ယောဂကား၊	ဟုတ်ကားမဟုတ်ပြီ။
၅။	ဒုက္ခပေးရိုး၊	ယောဂမျိုး၊	ငှါမျိုးမရှိပြီ။
၆။	ချမ်းသာကိုသာ၊	ပေးတတ်တာ၊	ငှါတာဖြစ်လေထည်။
၇။	သောမနဿ၊	ထဂတ၊	ဉာဏဖြစ်၍သည်၊
၈။	ပညာလေဟုတာ၊	ဗိတိဟိ၊	ဟုဉ်ကာတွဲ၍သည်၊
၉။	ပေါ့ပါးကြည်သာ၊	ရွှင်လန်းကာ၊	ဝမ်းထာနေလေပြီ။

၁။ ပကုစိတ်ကို ယောဂဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ယောဂနိယဒုက်

၁။ ယောဂနိယာ ဓမ္မာ – ယောဂ၏ အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ၃၀ ၂၈-ပါး ၎င်း။

၂။ အယောဂနိယာ ဓမ္မာ – ယောဂ၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန် ၎င်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ယောဂတရား၏ အာရုံတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်အရ ယောဂတရားသည် မဟာကုသိုလ် ပဌမစိတ်ကို ဤသို့ ပြောဆိုနိုင်ပေ၏။

‘အို မဟာကုသိုလ်ပဌမစိတ် ... သင်တစ်မူကား ငါ၏ လက်မှ အပြီးတိုင် လွတ်မြောက်သူ မဟုတ်ပေ။ ငါ၏ အာရုံပြုရာ နယ်ပယ်၌ ရှိနေပေသေး၏။ လောက၌ လောဘဖြစ်စရာ အာရုံအမျိုးမျိုး၊ ဒိဋ္ဌိဖြစ်စရာ အာရုံအမျိုးမျိုး၊ တွေဝေမှုမောဟဖြစ်စရာ အာရုံအမျိုးမျိုးတွေကလည်း ပေါမှပေါ ရှိနေလေ၏။ တစ်နေ့ ထိုအာရုံတွေကြောင့် ကုသိုလ်ကောင်းမှု၌ မေ့လျော့ကာ လောဘ၊ ဒိဋ္ဌိ၊ မောဟစိတ်တွေ ဖြစ်လာခဲ့အုံ ... သင့်အား အတိုးချ၍ ဒုက္ခအမျိုးမျိုးကို ပေးရတော့မည်ဟူ၍မှတ်’ ဟူ၍ ပြောဆိုနိုင်ပေ၏။

ထိုအခါ၌ မဟာကုသိုလ် ပဌမစိတ်၏ မိတ်ဆွေဖြစ်သော သတိဓေတသိက်က သတိပေးသဖြင့် မဟာကုသိုလ် ပဌမစိတ် ကုသိုလ်ရှင်သည် ပျော်ပျော်မနေရဲဘဲ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကိုသာ တွင်တွင်ကြီး ပြုလျက်နေလေတော့၏။

၂။ ပကုစိတ်ကို ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ယောဂနိယဒုက်မှာ၊	ပကုဟာ၊	ပမာဟိဝင်သည်။
၂။	ယောဂ၏ပဝင်၊	အာရုံတွင်၊	ဟိဝင်နေပေသည်။
၃။	ယောဂတရား၊	ပကုအား၊	ပြောကြားလိုက်လေဖြို့။
၄။	ငါတရားစု၊	အာရုံမှ၊	အပြုရှိနေသည်။
၅။	လောကကြီးမှာ၊	အာရုံဟာ၊	ဝေဖြာလွှလေသည်။
၆။	လောဘဖြစ်စရာ၊	အာရုံဟာ၊	များစွာရှိလေသည်။
၇။	ဒိဋ္ဌိဖြစ်စရာ၊	အာရုံဟာ၊	များစွာရှိလေသည်။
၈။	မောဟဖြစ်စရာ၊	အာရုံဟာ၊	များစွာရှိလေသည်။
၉။	တစ်နေ့မှာတော့၊	ကုသိုလ်ဖေါ်၊	မေ့လျော့နေကာသည်၊
၁၀။	လော,ဒိ,မောဟ၊	ဖြစ်လိုက၊	ဒုက္ခပေးပေမည်။
၁၁။	ပကုမိတ်ဆွေ၊	သတိပေ၊	သိစေသဖြင့်သည်၊
၁၂။	ပကုအရှင်၊	ကုသိုလ်ပင်၊	တွင်တွင်ပြုလေဖြို့။

၂။ ပကုစိတ်ကို ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ယောဂသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ယောဂသမ္မယုတ္တာဒုက်

၁။ ယောဂ သမ္မယုတ္တာ ဓမ္မာ – ယောဂနှင့်ယှဉ်ကုန်သော တရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူဒွေ, မောဟမူဒွေ ၌ မောဟကြွင်သော ဓေတသိက် ၂၇-ပါး ရ၏၊

၂။ ယောဂ ဝိပ္ပယုတ္တာ ဓမ္မာ – ယောဂနှင့် မယှဉ်ကုန်သော တရားများ။
ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ဓေတသိက် ၃၈-ပါး၊ ဒေါသမူဒွေ မောဟမူဒွေ၌မောဟ၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ယောဂနှင့် မယှဉ်ကွဲနေသော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်ကို သဘောပေါက် သိမြင်ရန် လိုအပ်ပေသည်။ အကုသိုလ်စိတ် ၁၂-ပါး၏ အပေါင်းအဖော်မှာ အကုသိုလ်စိတ်၌ ယှဉ်ကြကုန်သော အကုသိုလ် ဓမ္မတသိက် ၂၇-ပါး ဖြစ်သလို မဟာကုသိုလ် ပဌမစိတ်၏ အပေါင်းအဖော်မှာ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ကြကုန်သော ကောင်းသော ဓမ္မတသိက် ၃၈-ပါး ဖြစ်လေသည်။

သို့ဖြစ်၍ အကုသိုလ်စိတ်တို့သည်လည်း လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော အပေါင်းအဖော်ရှိသလို မဟာကုသိုလ် ပဌမစိတ်သည်လည်း သဒ္ဓါ၊ သတိ၊ အလောဘ စသော အပေါင်းအဖော် ရှိလေသည်။ သူ့အပေါင်းအဖော်နှင့်သူ ဖြစ်သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရောယှက်ခြင်း မရှိကြပေ။

အကုသိုလ်စိတ်၏ အပေါင်းအဖော်ကား အယုတ်တမာများ ဖြစ်ကြသည်။ အဆိုးအဝိုက်များ ဖြစ်ကြသည်။ အပြစ်ရှိသူများ ဖြစ်ကြသည်။ အောက်တန်းကျသူများ ဖြစ်ကြသည်။

ကုသိုလ်စိတ်၏ အပေါင်းအဖော်ကား မြင့်မြတ်သူများ ဖြစ်ကြသည်။ ပညာရှိ အလိမ္မာများ ဖြစ်ကြသည်။ အပြစ်ကင်းသူများ ဖြစ်ကြသည်။ အထက်တန်းများ ဖြစ်ကြသည်။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်က အကုသိုလ်စိတ်များကို ဤသို့ ပြောဆိုနိုင်သည်။

> 'အကုသိုလ်စိတ် ... ငါသည်ကား ငါကိုယ်တိုင်က အပြစ်ကင်းသလို ငါ၏ အပေါင်းအဖော်များသည်လည်း အပြစ်ကင်းကြသည်။ ဖြူစင်သန့်ရှင်းကြသည်။ ကောင်းမြတ်ကြသည်။ ပညာရှိ အလိမ္မာများ ဖြစ်ကြသည်။ အထက်တန်းကျသည်။ သင်၌မူကား သင်ကိုယ်တိုင်ကလည်း အပြစ်မကင်းသလို သင်၏ အပေါင်းအဖော်ဖြစ်သော ယောဂတရားကလည်း အပြစ်မကင်းပေ။ သူတစ်ပါးကို ဒုက္ခပျိုးစုံပေးဖို့ရာပဲ လိုက်ကြည့်နေ၍ ယုတ်မာပက်စက်လှသည်။ အောက်တန်းကျလှသည်။ ဆိုးဝိုက်လှသည်။ ငါသည် သင်နှင့် ဘယ်တုန်းကမှ မပေါင်းခဲ့သလို ငါ၏အရှင်သည်လည်း သင့်ထံသို့ ပြန်လာမည်မဟုတ်ပေ'_ ဟူ၍ ပြောဆိုလေသည်။

ထိုအခါ အကုသိုလ်စိတ်သည် ဟုတ်မှန်နေ၍ ငြိမ်လျက်သာ နေရလေ၏။ ဤ၌ သတိပြုရန်ကား၊ ကုသိုလ်တရားသည် အကုသိုလ်တရားတို့နှင့် ပေါင်းယှဉ်ခြင်း မရှိသော်လည်း၊ ကုသိုလ်ရှင်ဖြစ်သော လူတို့သည်ကား၊ အကုသိုလ်တရားများကို လက်ခံတတ်သည်ဖြစ်၍ အကုသိုလ်တရားကို လက်မခံသည့်သဘောကို ရည်၍ ထိုသို့ ပြောဆိုခြင်း ဖြစ်သည်။

၃။ ပကိဏ်ကို ယောဂသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ယောဂသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	ယောဂတရား၊	မယှဉ်ကြား၊	တရားဖြစ်လေသည်။
၃။	အကုစိတ်စု၊	ပေါင်းဖော်မှု၊	အကုဖြစ်လေသည်။

၄။	ကုသိုလ်စိတ်မှာ၊	ပေါင်းဖော်ရာ၊	ကုသာဖြစ်လေသည်။
၅။	အကုသလတရား၊	ယုတ်မာမှုား၊	မိုက်များဖြစ်လေသည်။
၆။	ကုသိုလ်ဖြာဖြာ၊	ဖြင့်မြတ်ရာ၊	လိမ္မာဖြစ်လေသည်။
၇။	သူ့ဖွဲ့နှင့်သူသာ၊	ဆက်ဆံတာ၊	ပေါင်းတာဖြစ်လေသည်။
၈။	ကုသိုလ်ပစိတ်၊	အကုသိုလ်စိတ်၊	တင်ချိတ်ပြောနိုင်သည်။
၉။	အကုသလတရား၊	ငါသည်ကား၊	ပြစ်ကားကင်းစင်သည်။
၁၀။	ငါ၏မိတ်ဆွေ၊	ပေါင်းသင်းတွေ၊	ပြစ်တွေကင်းစင်သည်။
၁၁။	သင်နှင့်မိတ်ကား၊	အပြစ်ကား၊	အများရှိလေသည်။
၁၂။	သင်နှင့်ယှဉ်ရာ၊	ယောဂဟာ၊	လွန်စွာယုတ်မာသည်။
၁၃။	ဒုက္ခကိုပဲ၊	ပေးဖို့ပဲ၊	ချောင်းပဲနေလေသည်။
၁၄။	ငါ့အရှင်သည်၊	သင့်ထံဆီ၊	ပြန်မည်မဟုတ်ပြီ။
၁၅။	အကုသလတရား၊	ဟုတ်နေကြား၊	ငြိမ်များနေရသည်။

၃။ ပကိဏ်းကို ယောဂသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကိဏ်းကို ယောဂ ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ယောဂ ယောဂနိယဒုက်

၁။ ယောဂါ စေဝ ဓမ္မာ ယောဂနိယာ စ – ယောဂလည်းမည်၊ ယောဂ၏ အာရုံလည်း ဖြစ်သောတရားများ။ လောဘ၊ ဒိဋ္ဌိ၊ မောဟဟူ ဆိုအပ်သော ယောဂတရားကိုယ် ၃-ပါးတို့၏။

၂။ ယောဂနိယာ စေဝ ဓမ္မာ နော စ ယောဂါ – ယောဂ၏ အာရုံသာဖြစ်၍ ယောဂမမည်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါးတို့သည် ယောဂအမည်မရကြပေ။ ယောဂ၏ အာရုံကား ဖြစ်နေကြလေ၏။

ဤဒုက်၌ ပဌမပုဒ်အရ အကုသိုလ်စိတ်၌ယှဉ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟု ဆိုအပ်သော စေတသိက် ၃-ပါးသည် ကိုယ်တိုင်ကလည်း ဒုက္ခအမျိုးမျိုး ပေးတတ်၍ ယောဂအမည်ရကြလေ၏။ အပြန်အလှန် အာရုံပြုကြသောကြောင့် ယောဂ၏အာရုံလည်း ဖြစ်ကြလေ၏။

ဒုတိယပုဒ်အရ လောကီစိတ် ၈၁-ပါး၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၄၉-ပါး၊ ရုပ် ၂၈-ပါးတို့သည် ယောဂအမည်မရကြပေ။ ယောဂ၏ အာရုံကား ဖြစ်နေကြလေ၏။

လောကုတ္တရာစိတ် ၈–ခု၊ စေတသိက် ၃၆–ပါး၊ နိဗ္ဗာန်တရားတို့သည်ကား ယောဂလည်း မမည်ကြသလို ယောဂ၏အာရုံလည်း မဟုတ်ကြပေ။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်နှင့် မဟာကုသိုလ် ပဌမစိတ်နှင့်ယှဉ်သော စေတသိက် ၃၈–ပါးဟု ဆိုအပ်သော ကုသိုလ်တရားများသည် ဒုတိယပုဒ်အရဖြစ်သော ယောဂအမည်မရကြသော်လည်း ယောဂ၏ အာရုံဖြစ်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤ၌ သတိပြုရန်ကား – ယောဂတရားများ၏ အာရုံပြုရာဖြစ်သော လောကီစိတ် ၈၁–ပါးတို့တွင် ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်သော ကြိယာစိတ်များလည်း ပါဝင်နေသည်ကို သတိပြုပိုကြပေကုန်ရာ၏။ သို့ရာတွင် ရဟန္တာတို့သည်ကား မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ပြီးသည်ဖြစ်၍ လောဘ၊ မောဟ၊ ဒိဋ္ဌိ စသော အကုသိုလ် တရားများ ပြန်၍ မဖြစ်ကြတော့ပေ။

အထူးအားဖြင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ကြသော ကုသိုလ်တရားများသည်ကား ယောဂတရား ဆိုး၏ အာရုံများဖြစ်သလို ပုထုဇဉ်တို့သည် ဘယ်ကိလေသာကိုမျှ အကြွင်းမဲ့ မပယ်သတ်နိုင်သည်ဖြစ်၍ အကုသိုလ် နယ်သို့ ပြန်လည်၍ ရောက်တတ်ကြလေကုန်၏။ ဤသို့ ပြန်လည်မရောက်နိုင်ရန် ဤ၌ အကြိမ်ကြိမ် တင်ပြနေခြင်း ဖြစ်ပေ၏။ ပြန်မရောက်လိုလျှင် မဂ်ဉာဏ်ရအောင် ပြုလုပ်အားထုတ်ခြင်းမှတစ်ပါး အခြားမရှိပေပြီ။

သို့ဖြစ်၍ ယောဂတရားသည် မဟာကုသိုလ် ပဌမစိတ်နှင့် ကုသိုလ်တရားများကို ဤသို့ ပြောဆိုနိုင်ပေ၏။

'မဟာကုသိုလ် ပဌမစိတ် ... သင်သည်ကား ငါ၏အမည်ကို မရသော်ငြားလည်း ငါ၏အာရုံပြုရာနယ်ပယ်က မလွတ်မြောက်ပေ။ သင်၏အရှင်သည် ယခုနေ့အဘိဓာ သင်၏စိတ်ဖြင့် ကုသိုလ်ရှင်ဖြစ်လျက် နေလေ၏။ တစ်နေ့မေ့လျော့၍ လောဘစိတ်, ဒိဋ္ဌိစိတ်, မောဟစိတ်တွေ ဖြစ်လိုက်တော့ ဒုက္ခအမျိုးမျိုး ဖြစ်ပြီသာမှတ်' ဟူ၍ ပြောလိုက်လေ၏။

ထိုစကားကိုကြားလျှင် ကုသိုလ်အရှင်သည် မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော ဝိတက်, ဝိစာရတို့၏ အကူအညီဖြင့် ယောဂတရားဆိုးများဘက်သို့ ပြန်မရောက်အောင် နည်းလမ်း အသွယ်သွယ်ကို ကြံစည်စဉ်းစား၍ နေလေ၏။

၄။ ပကိဏ္ဏက ယောဂ ယောဂနိယဒုကတ္တြံ ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ယောဂ ယောဂနိယဒုကတ္တြံ၊	ပကိဏ္ဏကာ၊	ဒုမာပါဝင်သည်။
၂။	ယောဂဏ်သာ၊	အာရုံသာ၊	မည်တာမဟုတ်ပြီ။
၃။	အာရုံထဲမှာ၊	ရဟန္တာ၊	ကြိယာပါဝင်သည်။
၄။	မဂ်ဉာဏ်လေးဖြာ၊	ကိလေသာ၊	ပယ်ခွါပြီး၍သည်၊
၅။	ရဟန္တာစု၊	ပြန်လည်ပြု၊	အကုမဖြစ်ပြီ။
၆။	ပုထုဇဉ်မှာ၊	ကိလေသာ၊	ပယ်တာမရှိပြီ။

၇။	အကုတကံဆီ၊	တစ်ဖန်သည်၊	ပြန်လည်ရောက်တတ်သည်။
၈။	တို့ကြောင့်အမှန်၊	မဂ်ဖိုလ်ဉာဏ်၊	ရရှိတွန်းရသည်။
၉။	ယောဂတရား၊	ပကုအား၊	ပြောကြားနိုင်လေပြီ။
၀၀။	ငါ၏ယောဂ၊	မည်နာမ၊	မရေတ်လဲသည်၊
၀၀။	အာရုံစက်ကွင်း၊	မလွတ်ကင်း၊	ပျံခြင်းခံရမည်။
၀၂။	ပကုဖြင့်ပင်၊	ကုသိုလ်ရှင်၊	ဖြစ်အင်နေသူသည်၊
၁၃။	တစ်နေ့ဌိပ၊	ပဓာဒ၊	ယောဂဖြစ်လျှင်သည်၊
၀၄။	မျိုးမျိုးဒုက္ခ၊	ရှောင်မရ၊	ကြုံရပေလိမ့်မည်။
၁၅။	ထိုစကားကြား၍၊	ကုရင်မှာ၊	တက်,စာ,ကျဖြင့်သည်၊
၁၆။	ယောဂဘတ်ကား၊	ပြန်မသွား၊	စဉ်းစားနေလေပြီ။

၄။ ပကုစိတ်ကို ယောဂ ယောဂနိယနှုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကုစိတ်ကို ယောဂ ယောဂသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ယောဂ ယောဂသမ္မယုတ္တဒုက်

၁။ ယောဂါ ဧစဝ ဓမ္မာ ယောဂသမ္မယုတ္တာစ – ယောဂလည်းမည်၊ ယောဂနှင့်လည်း ယှဉ်ကုန်သော တရားများ။ လောဘမူစိတ်၌ရှိသော လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူ ဆိုအပ်သော ယောဂတရားကိုယ် ၃-ပါးတို့၏။

၂။ ယောဂသမ္မယုတ္တာ ဧစဝ ဓမ္မာ နောစ ယောဂါ – ယောဂနှင့်သာယှဉ်၍ ယောဂမမည်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၂၄-ပါး တို့၏။

ပဌမပုဒ်အရ လောဘမူစိတ်၌ ယှဉ်ကြသော စေတသိက်များအနက် 'လောဘ၊ ဒိဋ္ဌိ၊ မောဟ' ဟူသော စေတသိက်များသည် ကိုယ်တိုင်ကလည်း ယောဂအမည်ရသလို တစ်ခုနှင့်တစ်ခု အပြန်အလှန် ယှဉ်တွဲကြသဖြင့်လည်း ယောဂနှင့်ယှဉ်သော တရားများလည်း ဖြစ်၍နေကြလေ၏။ ထို့ကြောင့် အကုသိုလ်ဘက်၌ အားကောင်းရကား လောဘစိတ်၊ ဒိဋ္ဌိစိတ်၊ မောဟစိတ် ဖြစ်သူများကို အပါယ်လေးပါးနှင့်တကွ ဒုက္ခအမျိုးမျိုးရအောင် ပေးနိုင်သော အားအစွမ်း ရှိလေကုန်၏။

ဒုတိယပုဒ်အရ အကုသိုလ်စိတ် ၁၂-ပါးနှင့် ယောဂတရားကိုယ်ကြဉ်သော စေတသိက် ၂၄-ပါး တို့သည်ကား ယောဂအမည်ကို မရကြ။ ယောဂတရားနှင့်ကား ယှဉ်တွဲကြလေကုန်၏။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်သည် ယောဂလည်း အမည်မရ။ ယောဂနှင့်လည်း မယှဉ်သောကြောင့် ၂-ပုဒ်လုံးအရမှ လွတ်၍ နေလေ၏။ ထို့ကြောင့် အပြစ်ကင်း၍ သန့်ရှင်းဝင်ကြယ်သဖြင့် တန်ဖိုးရှိသောတရား ဖြစ်၍နေလေ၏။

ထိုသို့ တန်ဖိုးရှိသောစိတ်ကို ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ပြု၍ အရယူနိုင်သော ကုသိုလ်ရှင်ကို မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော သတိစေတသိက်က ဤသို့ သတိပေးနှိုးဆော်နိုင်လေ၏။

> 'ကုသိုလ်ရှင်လူသား... အသင်သည် ကောင်းမှုကုသိုလ်တို့ကို ဉာဏ်နှင့်ယှဉ်၍လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍လည်းကောင်း၊ စိတ်ပါလက်ပါ ပြု၍လည်းကောင်း၊ တက်တက်ကြွကြွ ပြု၍လည်းကောင်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟူသော မဟာကုသိုလ်ပဌမစိတ်ကို ရရှိ၍ နေပေ၏။ ဤအချိန်၌ သင်၏ဘဝသည် သြဃ, ယောဂစသော အကုသိုလ် အညစ်အကြေး ကင်းစင်နေသည်ဖြစ်၍ အပြစ်ကင်းစင်လှပေ၏။ ပြူစင်လှပေ၏။ သန့်ရှင်းလှပေ၏။ အဝိုးတန်လှပေ၏။ ဤသို့ အဝိုးတန်ဘဝကို ရပြီးမှ အဝိုးမတန်သော ယုတ်မာသော အကုသိုလ်နယ်ယောဂဘက်သို့ ပြန်၍မကျောက်စေနှင့်' – ဟူ၍ နှိုးဆော်တိုက်တွန်းလေ၏။

ကုသိုလ်ရှင်သည်လည်း ဝိတက်၊ ဝိစာရတို့၏ အကူအညီကိုယူကာ အကုသိုလ်နယ်၊ ယောဂနယ်ဘက်သို့ ပြန်မသွားရေးကိစ္စကို စဉ်းစားရလေတော့၏။ မစဉ်းစားလို့လည်း မဖြစ်သော အခြေအနေ ရှိလေ၏။ ဘဝများစွာသံသရာမှာ ဤယောဂတရား၊ သြဃတရားဟုဆိုအပ်သော အကုသိုလ်တရားများနှင့် ယှဉ်တွဲမိသဖြင့် ခုကွမျိုးစုံကို ခံလာခဲ့ရပြီး ဖြစ်ပေ၏။ တကယ်သိသူများက အဘယ်သို့လျှင် မစဉ်းစားဘဲ နေနိုင်မည်နည်း။

၅။ ပကုဓိက်ကို ယောဂ ယောဂသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	ယောဂယောဂသမ္မယုတ္တာဒုတ်မှာ၊	ပကုတာ၊	ပါတာမဟုတ်ပြီ။
၂။	ယောဂမယှဉ်၊	ယောမဝင်၊	စိတ်အဝင်ဖြစ်လေသည်။
၃။	ထို့ကြောင့်သာလျှင်၊	ပစိတ်ရှင်၊	ဖြူစင်သန့်ရှင်းဘာည်။
၄။	အပြစ်ကင်းရှိး၊	ဘဝမျိုး၊	တန်ဖိုးရှိလှသည်။
၅။	သတိသည်ကား၊	ကုရှင်အား၊	ပြောကြားနိုင်လေသည်။
၆။	အိုဘယ့်လူဟု၊	သင့်အမှု၊	ကုပြုရာ၌သည်၊
၇။	ဝမ်းလဲဝမ်းသာ၊	တက်ကြွစွာ၊	ဉာဏ်ဖြာပြုလေပြီ။
၈။	ဤအချိန်ရိုး၊	ဘဝမျိုး၊	တန်ဖိုးရှိလှသည်။
၉။	တန်ဖိုးကြီးရာ၊	ဘဝမှာ၊	ယုတ်မာနယ်သို့သည်၊
၁၀။	တဖန်တခါ၊	ပြန်၍သာ၊	ဆင်းတာမသင့်ပြီ။
၁၁။	ထိုစကားကြားရာ၊	ကုရှင်မှာ၊	တက်စာကူဖြင့်သည်၊
၁၂။	ပြန်မသွားရေး၊	အလေးပေး၊	မျှော်တွေးစဉ်းစားပြီ။

၀၃။ ဘဝများစွာ၊ သံသရာ၊ ယုတ်မာခဲ့လျှပြို။
၀၄။ ဆင်းရဲအစားစား၊ ဒုက္ခများ၊ ခံစားခဲ့ရပြို။
၀၅။ ကျိုဘဝမှာ၊ ပြန်၍သာ၊ ယုတ်မာမသင့်ပြို။

၅။ ပကတ်စိတ်ကို ယောဂ ယောဂသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကတ်စိတ်ကို ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်

၁။ ယောဂဝိပ္ပယုတ္တာ ခေါ်ပန ဝမ္မာ ယောဂနိယာဝိ – ယောဂနှင့်မယှဉ်၊ ယောဂ၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ဒေါသမူဋ္ဌေ, မောဟမူဋ္ဌေ၌ မောဟ၊ ဂူဝ် ၂၈-ပါးတို့၏။

၂။ ယောဂဝိပ္ပယုတ္တာ ခေါ်ပန ဝမ္မာ အယောဂနိယာဝိ – ယောဂနှင့်လည်း မယှဉ်၊ ယောဂ၏အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-၃၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်၇ုတို့၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်အရ လောကီစိတ်၊ လောကုတ္တရာစိတ်တို့၏ အခြေအနေ ခြားနားသွားရလေ၏။ ကာမကုသိုလ်, မဟဂ္ဂတ်ကုသိုလ်, မဂ်ကုသိုလ်ဟူ၍ ကုသိုလ်စိတ် ၂၁-ပါး ရှိရာတွင် လောကုတ္တရာကုသိုလ်ဖြစ်သော မဂ်ကုသိုလ် လေးပါးကား လောကုတ္တရာတရားဖြစ်၍ ယောဂနှင့်လည်း မယှဉ်။ ယောဂတရား၏ အာရုံတရားမှလည်း လွတ်လျက် ရှိ၏။

ကာမကုသိုလ်၊ မဟဂ္ဂတ်ကုသိုလ်တရားတို့ကား လောကီနယ်၌ပင် ရှိသည့်အားလျော်စွာ အယုတ်တမာ ယောဂတရားနှင့် မယှဉ်သော်လည်း ယောဂ၏အာရုံပြုခြင်းကိုကား ခံရလျက် ရှိနေလေ၏။ ယင်းသည် ဘာပြောသနည်း ဟူမူ အကုသိုလ်တရားတို့၏ အာရုံပြုခြင်းကို ခံရသဖြင့် အကုသိုလ်နယ်သို့ ပြန်ရောက်တတ်သည်ကို ညွှန်ပြနေခြင်းပင် ဖြစ်၏။

သတ္တလောက၌ ကုသိုလ်ကံ၏ အဟုန်ကြောင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းများ ဖြစ်ကြသော်လည်း ထိုကံအရှိန်ကုန်၍ အကုသိုလ်ကံ ဒုစရိုက်တို့ကို ကျူးလွန်၍တစ်ဖန် ထိုမြင့်မြတ်ရာဘဝမှ ယုတ်နိမ့် သော ဘဝသို့လည်းကောင်း၊ အပါယ်လေးပါးသို့လည်းကောင်း ကျဆင်းကြရပြန်၏။

ထို့ကြောင့် အောက်သို့ ပြန်မကျအောင် လောကုတ္တရာနယ်ဘက်သို့ ကူးတက်နိုင်ရန် အရေးသည် အလွန် အရေးကြီးကြောင်း သတိပြုသင့်ကြပေ၏။

ထိုကုသိုလ်တရားများတွင် မဟာကုသိုလ် ပဌမစိတ်လည်း ပါဝင်နေရကား ယောဂတရားသည် ဤသို့ ပြောဆိုနိုင်လေ၏။

(ဤ၌ ပကုစိတ် စသည် သုံးနှုန်းခြင်းကို ထိုတရားများ ဖြစ်နေကြသော ပုထုဇဉ်ပုဂ္ဂိုလ်ကို ရည်၍ ပုထုဇဉ်၌ ပြောရမည့်စကားကို ပကုစိတ် စသည်၌ တင်စား၍ ပြောသည်ဟု သတိပြုပါ)

'အို ပကုစိတ်... သင်သည်ကား ငါယောဂနှင့် ပေါင်းဖော်ဆက်ဆံခြင်း မပြုသော်လည်းဘဲ ငါ၏ အာရုံစက်ကွင်း၌ ရှိနေသည်ကို သိရှိလော့။ ငါ၏ ယောဂနယ်မှ အသင် အပြီးတိုင် ထွက်နိုင်သေးသည် မဟုတ်ပေ။ လောကမှာ လိုချင်စရာ၊ အယူမှားစရာ၊ တွေဝေစရာ အာရုံအမျိုးမျိုးတွေပြင့် သတ္တလောကကြီးအား အကုသိုလ်လောက၊ အဇ္ဈောင်လောက၊ ဒုစရိုက်လောကသို့ ရောက်အောင် ဆွဲဆောင်နေလေ၏။ ထိုဆွဲဆောင်မှုပြင့် သင်သည် ငါယောဂနယ်ဘက်သို့ ရောက်လာခဲ့ပြီးအံ့ – ငါသည် သင့်ကို အတိုးချဲ့ အပြီးပြုကာ ဒုက္ခအမျိုးမျိုး ပေးရပေတော့အံ့ '

ထိုစကားကို ကြားလျှင် ပကုစိတ်သည် အလန့်တကြားပြစ်၍ ဗိမိ၏ ဗိတ်ဆွေ အမောဟနှင့် တိုင်ပင်၍ ကုသိုလ်ဘုရင် မဂ်ကုသိုလ်အား အကူအညီတောင်းလေရာ မဂ်ကုသိုလ်က သတိ၊ သမာဓိ၊ ဝိရိယ၊ အမောဟ၊ သဒ္ဓါတို့နှင့်တွဲ၍ ဝိပဿနာပွားများသော လာခဲ့လော့ဟူ၍ ပြောလိုက်လေ၏။ မဟာကုသိုလ် ပဌမစိတ်လည်း ပြောသည့်အတိုင်း လုပ်ရလေ၏။

၆။ ပကုစိတ်ကို ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်ဖြင့် ဝေဖန်ခြင်းဌာန ဆောင်ရန်လက်ကမ္ဘား

၁။	ယောဂဝိပ်နှင့် နိယဒုက်မှာ၊	ပကုဟာ၊	ပမ္မာပါဝင်သည်။
၂။	ယောဂမယှဉ်၊	အာရုံပင်၊	ဖြစ်အင်နေလေသည်။
၃။	ဤဒုက်အရ၊	ကို,ကုတ်ပ၊	ခြားပြနေလေသည်။
၄။	ကိုကုသည်ကား၊	မယှဉ်ကြား၊	ရုံကားမိလေသည်။
၅။	လောကုတ္တရာ၊	မယှဉ်ရာ၊	ရုံပါလွတ်လေသည်။
၆။	ထို့ကြောင့်တစ်ဖို၊	အကုဟုန်၊	အာရုံဝင်လေသည်။
၇။	အာရုံခံမှု၊	အကုစု၊	အပြုရောက်လေသည်။
၈။	လောကဋ္ဌမှန်၊	ကုသိုလ်ကံ၊	ပြုဖန်လေလျှင်သည်၊
၉။	လူမင်း,နတ်မင်း၊	ဗြဟ္မာမင်း၊	မင်းမင်းဖြစ်တတ်သည်။
၁၀။	ကုရိုန်ကုန်က၊	တစ်ဖန်ပ၊	အောက်ကျလောနိုင်သည်။
၁၁။	ဒုစရိုက်ဖြာဖြာ၊	ပြ၍သာ၊	ပါယ်ပါရောက်နိုင်သည်။

၀၂။ အောက်မကျအောင်၊ လောကုတ်တောင်၊ ရောက်အောင်သွားရမည်။
၀၃။ ယောဂတရား၊ ပကုအား၊ ပြောကြားနိုင်လေသည်။
၀၄။ ပကုတရား၊ ယောနှင့်ကား၊ ယှဉ်ပြားမရှိပြီ။
၀၅။ သို့ရာတစ်ဖို၊ ယောအာရုံ၊ ပြုတုန်ခံရသည်။
၀၆။ ယောဂနယ်တွင်း၊ အပြီးရှင်း၊ လွတ်တင်းမရှိပြီ။
၀၇။ အကုဖြစ်စရာ၊ အာရုံမှာ၊ များစွာရှိလေသည်။
၁၈။ အာရုံများမြောင်၊ ဒုအမှောင်၊ ဆွဲဆောင်နေလေသည်။
၁၉။ ဆွဲဆောင်လို့ထင့်၊ ပါလာဖြင့်၊ ယောနှင့်တွေ့ပေမည်။
၂၀။ အတိုးချကာ၊ ပါယ်သို့သာ၊ ဆွဲကာချပေမည်။
၂၁။ ထိုစကားကြား၊ ပကုကား၊ လန့်များသွားလေသည်။
၂၂။ မိတ်ဆွေဖြစ်အင်၊ အမောပင်၊ တိုင်ပင်ရလေပြီ။
၂၃။ ကုဘုရင်ဟု၊ မင်္ဂုမူ၊ အကူတောင်းရပြီ။
၂၄။ သတိ,သဒ္ဓါ၊ ဉာဏ်ပညာ၊ တွဲကာပြု၍သည်၊
၂၅။ ဝိပဿနာ၊ ပွားရသာ၊ လာပါညွှန်ကြားပြီ။
၂၆။ အပါယ်လေးသင်း၊ ဒုက္ခတွင်း၊ ကျဆင်းကြောက်ရသည်၊
၂၇။ ညွှန်ကြားအတိုင်း၊ ဝိပဿီလိုင်း၊ ဖဆိုင်းပြုရပြီ။

၆။ ပကုစိတ်ကို ယောဂဝိပွယုတ္တ ယောဂနိယနုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ပကုစိတ်ကို ယောဂဂေါစ္ဆကဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ပကတိတ်ကို နိဝရဏဂေါစ္ဆကပြုင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၈။ နိဝရဏဂေါစ္ဆက ၆–ဒုက် ။ ။ ဤနိဝရဏာ ဂေါစ္ဆကဌ် ၆–ဒုက် ရှိလေသည်။ ယင်းတို့မှာ –

၁။ နိဝရဏဒုတ် ၂။ နိဝရဏိယဒုတ် ၃။ နိဝရဏသမ္မယုတ္တဒုတ်

၄။ နိဝရဏ နိဝရဏိယဒုတ် ၅။ နိဝရဏ နိဝရဏသမ္မယုတ္တဒုတ် ၆။ နိဝရဏဝိပ္ပယုတ္တ နိဝရဏိယဒုတ် အားပြင့် ၆–ပါး ရှိလေသည်။

နိဝရဏဟူသည် ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား ကုသိုလ်တရားများကို တားဆီးဝိတ်ပင်တတ်၏။ ထို့ကြောင့် နိဝရဏဟူ၍ ခေါ်လေသည်။

၁။ ပကတိတ်ကို နိဝရဏဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။ နိဝရဏဒုတ်

၁။ နိဝရဏာ ဓမ္မာ – နိဝရဏမည်ကုန်သော တရားများ။
လောဘ၊ ဒေါသ၊ ထိန်၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ တုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ ဟူဆိုအပ်သော နိဝရဏတရားကိုယ် ၈–ပါးတို့၏။

၂။ နော နိဝရဏာ ဓမ္မာ – နိဝရဏ မမည်ကုန်သော တရားများ။
စိတ် ၈၉–ပါး၊ နိဝရဏတရားကိုယ်ကြဉ်သော စေတသိတ် ၄၄–ပါး၊ ဥပဒ် ၂၈–ပါး၊ နိဗ္ဗာန်တို့၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော နိဝရဏမမည်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်အရ နိဝရဏတရားများလည်း တစ်မျိုးဆိုးပြန်၏။ နိဝရဏသဘောကား စိတ်ကို အကုသိုလ် ဖြစ်ရန်ကိုသာ လိုလား၏။ ကုသိုလ်ဖြစ်ရန် မလိုလား။ ထို့ကြောင့် ဈာန်ရမည့် ကုသိုလ်ကိုလည်း ဈာန်မရအောင် တားဆီး၏။ မဂ်ရမည့် ကုသိုလ်ကိုလည်း မဂ်မရအောင် တားဆီး၏။ ဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်မည့် ကာမကုသိုလ်များကိုလည်း မပြုလုပ်အောင် တားမြစ်တတ်၏။

ကာမဇ္ဈာန်နိဝရဏ စသည်ဖြင့် နိဝရဏတရားများ ရှိလေရာ ကာမဂုဏ်တို့၌ အလိုဆန္ဒ ပြင်းပြစိတ် ဖြစ်ပေါ်နေသူကား မဂ်ရအောင်လည်း လုပ်မည်မဟုတ်ပေ။ ဈာန်ရအောင်လည်း လုပ်မည်မဟုတ်ပေ။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကိုလည်း ပြုလုပ်မည် မဟုတ်ပေ။ ကာမဇ္ဈာန်နိဝရဏ၏ တရားကိုယ်သည် လောဘတည်း။ ထို့ကြောင့် ထိုလောဘကို နိဝရဏဟူ၍ ဆိုရသည်။

ဗျာပါဒနီဝရဏာ – ဟူသည် ဒေါသတည်း။ ဒေါသစိတ် ပြင်းထန်နေသူလည်း ဘယ်ကုသိုလ်ကိုမှ ပြုလုပ်မည် မဟုတ်ပေ။ ထို့ကြောင့် ဒေါသကိုလည်း နီဝရဏာဟူ၍ ခေါ်ရသည်။

ထိန၊ မိဒ္ဓနီဝရဏာ – ပျင်းရိထိုင်းမှိုင်းနေသူလည်း ဘယ်ကုသိုလ်ကိုမျှ ပြုလုပ်မည် မဟုတ်ပေ။ ထို့ကြောင့် ထိုထိန၊ မိဒ္ဓကိုလည်း နီဝရဏာဆိုရသည်။

ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏာ – စိတ်ပျံ့လွင့်နေခြင်း၊ နောင်တာ တစ်ဖန်ပူပန်နေခြင်းများ ဖြစ်နေသူ၌လည်း ချာန် မဂ်ဖိုလ်ရအောင် ပြုလုပ်မည် မဟုတ်ပေ။ ထို့ကြောင့် ထိုဥဒ္ဓစ္စ၊ ကုက္ကုစ္စကို နီဝရဏာခေါ်ရသည်။

အဝိဇ္ဇာနီဝရဏာ – ကုသိုလ်တရား၏ အကျိုးအာနိသင်များကို ဘာမှမသိသောသူသည်လည်း ကုသိုလ်ကောင်းမှုကို ပြုလုပ်မည် မဟုတ်ပေ။ ထို့ကြောင့် အဝိဇ္ဇာဟူသော မောဟကိုလည်း နီဝရဏာဟူ၍ ခေါ်ရသည်။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည်ကား နီဝရဏာအပြည်ပရ။ ကုသိုလ်အပြည်သာရ၍ ဒိန်း၊ သီလ၊ ဘာဝနာဟူသောကုသိုလ် လုပ်ငန်းတို့၌ ဝိရိယနှင့်တွဲကာ အလွန်အားစိုက် ပြုလုပ်လေသည်။ သဒ္ဓါနှင့်တွဲ၊ သမာဓိနှင့်တွဲ၊ ပညာနှင့်တွဲ စသည်ဖြင့် ကုသိုလ်တရားများနှင့်တွဲကာ ယုံယုံကြည်ကြည် အားစိုက်ခွန်စိုက် ပြုလုပ်သောကြောင့်လည်း မဟာကုသိုလ် ပဌမစိတ်မှာ လောဘ၊ ဒေါသ စသော နီဝရဏာတရားတွေ ကင်းစင်၍ နေလေ၏။ ပီတိနှင့်တွဲကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍နေလေ၏။ သုခဝေဒနာနှင့်တွဲ၍လည်း စိတ်မှာသက်သောင့်သက်သာ ချမ်းသာမှုသဘောတွေ ဖြစ်၍နေလေ၏။ ပဿဒ္ဓိ၊ လဟုတာ၊ မုဒုတာတို့နှင့် တွဲ၍လည်း စိတ်မှာ ပေါ့ပါးရွှင်လန်းနူးညံ့ကာ အပူတွေ ငြိမ်းလျက်ရှိနေလေ၏။ သမာဓိနှင့်တွဲ၍လည်း စိတ်မှာတည်ကြည်နေလေ၏။ ပညာနှင့်တွဲ၍လည်း ကံ၊ ကံ၏အကျိုးကို သိမြင်မှု စသော ဉာဏ်ပညာတွေ ဖြစ်လျက်နေလေ၏။

၁။ ပကတိကို နီဝရဏဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်စများ

၁။	နီဝရဏာဒုက်မှာ၊	ပကတိ၊	ဒုမှာပါဝင်သည်။
၂။	ကုသိုလ်ကိုပ၊	တားမြစ်ပြု၊	နီဝရဏာခေါ်ရသည်။
၃။	လော,ဒေါ,ထိန၊	မိဒ်,ဥဒ္ဓ၊	ကုစ္ဆပါဝင်သည်။
၄။	ဝိစိကိစ္ဆာ၊	အဝိဇ္ဇာ၊	ရုစ်ဖြာကိုယ်ဖြစ်သည်။
၅။	နီဝရဏာတရား၊	တစ်မျိုးကား၊	ဆိုးကြားပြန်လေသည်။
၆။	ကာမဂုဏ်တူ၊	ပြင်းထန်သူ၊	ကုမ္မဇပြုပြီ။
၇။	အမျက်ထန်ပြင်း၊	ကုသိုလ်ထင်း၊	ပြုခြင်းမရှိပြီ။
၈။	ထိနမိဒ္ဓ၊	ပျင်းရိက၊	ပုညမပြုပြီ။
၉။	ဥဒ္ဓစ္စကုက္ကုစ္စာ၊	ဖြစ်သုမှာ၊	ဘယ်မှာပြုလိမ့်မည်။
၁၀။	အဝိဇ္ဇာထန်၊	ကုသိုလ်မှန်၊	ပြုရန်မရှိပြီ။

၁၁။	ထိုတရားစု၊	ကုသိုလ်မှု၊	ဝိတ်ပြုထား၍သည်၊
၁၂။	နိဝရဏတရား၊	ခေါ် ဆိုငြား၊	မှတ်သားနိုင်ကြသည်။
၁၃။	ပထုစိတ်ကား၊	နိတရား၊	မည်ကားမမည်ပြီ။
၁၄။	ကုသိုလ်ကိုပဲ၊	ဝိရိတ္တဲ့၊	အားခဲပြုလုပ်သည်။
၁၅။	သဒ္ဓါတွဲကား၊	စိတ်ထဲမှာ၊	ကြည်သာနေလေထည်။
၁၆။	သုခဝေဒနာ၊	တွဲ၍ဘား၊	သက်သာနေလေသည်။
၁၇။	ပဿဒ္ဓိစငြား၊	တွဲ၍ကား၊	ပူကားငြိမ်းနေသည်။
၁၈။	ဗီတိတွဲရာ၊	ကြည်နူးဖွာ၊	ဝမ်းသာရလေထည်။
၁၉။	သမာဓိနှင့်သည်၊	တွဲ၍သည်၊	တည်ကြည်နေလေသည်။
၂၀။	ထိုမှတစ်ခါ၊	ဉာဏ်ပညာ၊	တွဲကာပြု၍သည်၊
၂၁။	ထံတိုုးနှင့်ထံ၊	အဖြစ်မှန်၊	သိပြန်ရလေသည်။

၁။ ပကိုစိတ်ကို နိဝရဏဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိုစိတ်ကို နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၂။ နိဝရဏိယဒုက်

၁။ နိဝရဏိယာ ဓမ္မာ – နိဝရဏ၏ အာရုံပြုစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါးတို့၏။

၂။ အနိဝရဏိယာ ဓမ္မာ – နိဝရဏ၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ပါး၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရုတို့၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော နိဝရဏတရားများ၏ အာရုံဖြစ်ကုန်သော တရားများဌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ရန်သူ၏ အမည်ကိုလည်း မခံယူ၊ ရန်သူနှင့်လည်း တွဲယှဉ်မှု မပြုသောသူသည် ရန်သူ၏ အာရုံပြုခြင်းကို မူကား ခံနေရသည်ဖြစ်၍ ရန်သူနယ်သို့ ပြန်မရောက်အောင် နေနေရသူကဲ့သို့ မဟာကုသိုလ် ပဌမစိတ်သည်လည်း နိဝရဏတရား၏ အာရုံပြုခြင်းကို ခံနေရသည်ဖြစ်၍ နိဝရဏနယ်သို့ ပြန်မရောက်အောင် သတိပြု၍နေရန် အထူးလိုအပ်ပေ၏။

နိဝရဏတရားနှင့် ကုသိုလ်တရားတို့ကား အရှေ့နှင့်အနောက်ပမာ ဆန့်ကျင်နေ၏။ လောဘ အစရှိသော နီဝရဏတရားတို့က စိတ်ကို ကုသိုလ်မဖြစ်အောင်၊ မပြုအောင် တားဖြစ်ပိတ်ဆို့၏။ အလောဘ အစရှိကုန်သော ကုသိုလ်တရားတို့က စိတ်ကို ကုသိုလ်ဖြစ်အောင်၊ ပြုအောင် လမ်းဖွင့်ပေးလေ၏။

နီဝရဏ အစရှိသော ကိလေသာတရားတို့က ကုသိုလ်ပြုရန် ကြံစည်မည် မဟုတ်ဘဲ ကာမဝိတက်ခေါ် ကာမဂုဏ်ကိုလည်း ကြံစည်မည်ဖြစ်၏။ ဗျာပါဒဝိတက်ခေါ် သူတစ်ပါးအသက်ကို သတ်ဖြတ်ရန်အတွက်လည်း ကြံစည်မည် ဖြစ်၏။ ဝိဟိံသဝိတက်ခေါ် သူတစ်ပါးကို ညှဉ်းဆဲရန်အတွက်လည်း ကြံစည်မည် ဖြစ်၏။

အလောဘ အစရှိသော ကုသိုလ်တရားတို့မူကား မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ကြကုန်သော ဝိတက်၊ ဝိစာရတို့၏ အစွမ်းဖြင့် နေကျမ္မဝိတက်ခေါ် ကာမဂုဏ်နယ်မှ ထွက်မြောက်ရန်ကိုလည်းကောင်း၊ ကုသိုလ်ပြုရန်ကိုလည်းကောင်း ကြံစည်မည်ဖြစ်၏။ မေတ္တာ၊ ကရုဏာ၏အစွမ်းဖြင့် အဗျာပါဒဝိတက်ခေါ် သူတစ်ပါးကို မသတ်ဖြတ်ရေးကိုလည်းကောင်း၊ အဝိဟိံသဝိတက်ခေါ် သူတစ်ပါးကို မညှဉ်းဆဲရေးကိုလည်းကောင်း၊ သူတစ်ပါးအကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်းကောင်း၊ ဆင်းရဲနေသူများကို ဆင်းရဲမှ လွတ်မြောက်စေရေးကိုလည်းကောင်း ကြံစည်မည် ဖြစ်၏။

ထိုသို့ မဟာကုသိုလ် ပဌမစိတ်သည် နီဝရဏတရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်၍ ကုသိုလ်တရားတို့၌ ဝိရိယ၏ အစွမ်းဖြင့် အင်တိုက်အားတိုက် ပြုလုပ်၍နေသော်လည်း နီဝရဏတရား၏ အာရုံနယ်မှ မလွတ်မြောက်ရကား သတိတရားသည် ဤသို့ နှိုးဆော်တိုက်တွန်းမှု ပြုလေ၏။

'မဟာကုသိုလ် ပဌမစိတ် ... ငါသည် ပြုစုစင်သည်။ သန့်ရှင်းသည်။ ကောင်းမြတ်သည်ဟူ၍ ကိုယ့်ကိုယ်ကို အထင်ကြီး မနေနှင့်ဦး... နီဝရဏတရားက သင့်ကို အာရုံပြုနေတာသိရဲ့လား။ အဲဒါသင့်ကို သူတို့ပါတီထဲဝင်ရန် ကြည့်နေတာ။ သူတို့ပါတီထဲကို ပြန်မသွားချင်ရင်တော့ တို့ရဲ့ဘုရင်ဖြစ်တဲ့ မဂ်ကုသိုလ်ဆီ ရောက်အောင် ပြေးပေတော့'

– ဟူ၍ နှိုးဆော်တိုက်တွန်းလိုက်လေ၏။

၂။ ပကုဏ်တိကို နီဝရဏိယဒုက်ဖြင့် ဂဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	နီဝရဏိယဒုက်မှာ၊	ပကုဏာ၊	ဝမှာပါဝင်သည်။
၂။	ပကုဏ်တိကို၊	နီကဆို၊	ပြုကိုနေလေသည်။
၃။	ရန်သူနှင့်ကား၊	မနေပြား၊	ရုံကားခံရသည်။
၄။	ရန်သူနယ်ဘောင်၊	မရောက်အောင်၊	ကျင့်ဆောင်သူသို့သည်၊
၅။	ပကုဏ်လဲ၊	အာရုံထဲ၊	ဝင်မြဲနေ၍သည်၊
၆။	နီ၏နယ်ဘောင်၊	မရောက်အောင်၊	ကျင့်ဆောင်ပြုရမည်။
၇။	နီဝရဏနှင့်ကုတရား၊	ရှေ့နောက်လား၊	လွန်ကြားဆန့်ကျင်သည်။

၈။	နိဝရဏာမို့၊	ကုပြုဖို့၊	ဝိတ်ဆို့တားမြစ်သည်။
၉။	ကုတရားထင့်၊	ကုပြုခွင့်၊	လမ်းဖွင့်ပေးလေသည်။
၁၀။	နိဝရဏာသည်၊	ကုကိုသည်၊	ကြံမည်မဟုတ်ပြီ။
၁၁။	ဏာမဂုဏ်သာ၊	ကြံစည်မှာ၊	ထေရ္ယာလ္ဟေပသည်။
၁၂။	သူ့အသက်မှန်၊	သတ်ဖြတ်ရန်၊	အကြံဖြစ်လေမည်။
၁၃။	ဥဉ်းဆဲရန်လဲ၊	ကြံမှာပဲ၊	မလွဲထေရ္ယာသည်။
၁၄။	ပထုစိတ်ဟာ၊	ဖိတ်ဆွေပါ။	တက်စာတွဲ၍ထည်၊
၁၅။	ကုသိုလ်တရား၊	ဘယ်လိုမျှား၊	ပြုပြားကြံစည်မည်။
၁၆။	သူတစ်ပါးအကျိုး၊	ဆောင်ရွက်မှီး၊	ကြံရိုးပြုလေမည်။
၁၇။	ဆင်းရဲရောက်တောင်၊	လွတ်မြောက်အောင်၊	ကြံဆောင်ပြုပေမည်။
၁၈။	ကုသိုလ်၏ထိုး၊	ကုပြုတုန်း၊	အားထုံးပြုလုပ်သည်။
၁၉။	သို့ရာတစ်ဖို့၊	နိ၏တုန်၊	အာရုံမိနေသည်။
၂၀။	သတိတရား၊	ပကုအား၊	ပြောကြားလိုက်လေပြီ။
၂၁။	ဝါပကုသည်၊	ဖြူစင်သည်၊	မြတ်ထည်ဟူ၍သည်၊
၂၂။	တိုယ့်ကိုယ်တိုလျှော်၊	စိတ်တြိုးအင်၊	မဝင်ထင့်လေပြီ။
၂၃။	နိဝရဏာ၏၊	အာရုံမိ၊	ပြုတိခံရသည်။
၂၄။	နိပါတိမှာ၊	ဝင်ဖို့ရာ၊	ဆွဲတာခံရမည်။
၂၅။	နိပါတိတွင်၊	မဝင်ချင်၊	ဘုရင်မင်္ဂသိုဆီ၊
၂၆။	ဝိပဿနာတရား၊	ခါခါပွား၊	ပြေးသွားပြောလေပြီ။
၂၇။	ပကုသည်လဲ၊	ဝိကိုပဲ၊	အားခဲပွားလေပြီ။

၂။ ပကုစိတ်ကို နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကိုစိတ်ကို နိဝရဏသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ နိဝရဏသမ္မယုတ္တာဒုက်

၁။ နိဝရဏသမ္မယုတ္တာ ဓမ္မာ - နိဝရဏနှင့် ယှဉ်ကုန်သောတရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၇-ပါးရတ်။

၂။ နိဝရဏ ဝိပ္ပယုတ္တာ ဓမ္မာ - နိဝရဏနှင့် မယှဉ်ကုန်သော တရားများ။
ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန်ရတ်။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော နိဝရဏနှင့် မယှဉ်ကုန်သော တရားတို့တွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤနှက်၌ ပဌမပုဒ်အရဖြစ်သော အကုသိုလ်စိတ် ၁၂-ပါးနှင့် ထိုအကုသိုလ်စိတ်များ၌ယှဉ်သော စေတသိက် ၂၇-ပါးဟု ဆိုအပ်သော အကုသိုလ်တရားများသည် ကိုယ်တိုင်ကလည်း အပြစ်မကင်းသော တရားများဖြစ်သည့်အားလျော်စွာ လောဘ အစရှိကုန်သော နိဝရဏတရားကပါ ယှဉ်တွဲလာပြန်သောကြောင့် ပို၍အားကောင်းသည်ဖြစ်ရကား ဤတရားများကို လက်ခံကြကုန်သော သတ္တဝါတို့အား ကုသိုလ်ပြုခွင့် မရအောင် အင်အားကောင်းစွာပြင့် ပိတ်ဆို့တားမြစ်မည်မှာ မြေကြီးလက်ခတ်လွဲမည် မဟုတ်ပေ။

ဒုတိယပုဒ်အရဖြစ်သော မဟာကုသိုလ် ပဌမစိတ် အစရှိကုန်သော ကုသိုလ်တရားတို့သည်ကား ကိုယ်တိုင်ကပင် ပြုစင်သန့်ရှင်း အပြစ်ကင်းသည်ဖြစ်၍ ကုသိုလ်ပြုဖို့ရာ အားတက်သရော ရှိကြပေရာ နိဝရဏတရားတို့၏ ပေါင်းသင်းဆက်ဆံမှုကင်းသည် ဖြစ်ရကား အလွန်ပင် ပြုစင်သန့်ရှင်း အပြစ်ကင်းသည်ဖြစ်၍ ပို၍ပို၍ပင် ကုသိုလ်တရား ပြုလုပ်ဖို့ရာ ထက်သန်လျက် ရှိလေ၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ရာတွင် ပါဝင်သော ဆန္ဒစေတသိက်က မဟာကုသိုလ် ပဌမစိတ်ကို ဤသို့ အဆိုတင်သွင်းလာလေ၏။

'မဟာကုသိုလ် ပဌမစိတ် ... လှူရုတန်းရ၊ သီလဆောက်တည်ရတာ အားကိုမရနိုင်ဘူး။ ဒါနအကျိုး၊ သီလအကျိုးတွေကို သိမြင်နေတော့ ကုသိုလ်ပြုပြီးရင်း ပြုချင်ရင်း ဆန္ဒတွေသာ ဖြစ်ပေါ်နေတယ်။ ဆက်၍ဆက်၍ တိုး၍တိုး၍ ကုသိုလ်တွေ ပြုလုပ်ကြပါစို့။ ငြိုးလျှင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာများလည်း ပွားများကြတာပေါ့' - ဟူ၍ ပြောလိုက်လေ၏။

မဟာကုသိုလ် ပဌမစိတ်လည်း ဝမ်းမြောက်ဝမ်းသာ သဘောတူလက်ခံလိုက်လေ၏။

၃။ ပကိဏ္ဏကစိတ်ကို နိဝရဏသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကမ်းများ

၁။	နိဝရဏသမ္မယုတ္တာဒုက်မှာ၊	ပကုဟာ၊	ဒုမှာဟိဝဝိသည်။
၂။	နိဝရဏတရား၊	မယ္ဘဉ်ငြား၊	ပြစ်ကားလွန်ကဝ်းသည်။
၃။	အကုတရား၊	အပြစ်ကား၊	လွန်ငြားများလှသည်။
၄။	ကိုယ်တိုဝ်တလဲ၊	အပြစ်ပါ၊	နီလဲယ္ဘဉ်၍သည်၊
၅။	အပြစ်ရှိရာ၊	အဝ်အားဟာ၊	လွန်စွာကောဝ်းလေသည်။
၆။	သတ္တဝါတို့အား၊	ကုတရား၊	ဝိတ်ထားသေချာသည်။
၇။	ကုတရားအဝ်၊	ပဝ်ကိုယ်ပဝ်၊	ဖြူစင်သန့်ရှင်းသည်။
၈။	ကုသိုလ်အတွက်၊	ပြုမူလျက်၊	အားတက်ပြုလေသည်။
၉။	နိဝရဏတရား၊	ကဝ်း၍ကား၊	ပိုငြားဖြူစင်သည်။
၁၀။	ပို၍အမှန်၊	ကုပြုရန်၊	ထက်သန်နေလေသည်။
၁၁။	ဆန္ဒသည်ကား၊	ပကုအား၊	ပြောကြားလိုက်လေဖြို။
၁၂။	ပကုဓမ္မ၊	လှုဒါန်း၍	အားရမရှိဖြို။
၁၃။	ဒါ,သိကျိုးပဝ်၊	သိမြင်အဝ်၊	တယ်တွင်အားရမည်။
၁၄။	ပြုပြိုးရင်းပ၊	ပြု၍ဝ်၍	ဆန္ဒဖြစ်ရသည်။
၁၅။	ကုသိုလ်အလုပ်၊	နောက်မဆုတ်၊	ပြုလုပ်ကြပေမည်။
၁၆။	သမထတရား၊	ဝိတရား၊	ပွားများကြပေမည်။
၁၇။	ထိုစကားကြား၊	ပကုကား၊	ဝမ်းမြားသာလေဖြို။
၁၈။	ထက်သန်၍ဟူ၊	သဘောတူ၊	ကြည်ဖြူလက်ခံဖြို။

၃။ ပကုစိတ်ကို နိဝရဏသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတ်စိတ်ကို နိဝရဏ နိဝရဏိယဒုက်ဖြင့်ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ နိဝရဏ နိဝရဏိယဒုက်

၁။ နိဝရဏာ ဧဝံ ဓမ္မာ နိဝရဏိယာ စ – နိဝရဏလည်းမည်၊ နိဝရဏ၏ အာရုံလည်း ဖြစ်ကုန်သော တရားများ၏။ လောဘ၊ ဒေါသ၊ ထိန်၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ' ဟု ဆိုအပ်သော နိဝရဏတရားကိုယ် ၈-ပါး ၎င်း။

၂။ နိဝရဏိယာ ဧဝံ ဓမ္မာ နော စ နိဝရဏာ – နိဝရဏ၏ အာရုံဖြစ်၍ နိဝရဏ မဖမည်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ နိဝရဏတရားကိုယ် ၈-ပါးကြဉ်သော ဧစေတသိက် ၄၄-ပါး၊ ရူပ် ၂၈-ပါး ၎င်း။

ဤဒုက်၌ ပဌမပုဒ်အရ နိဝရဏတရားကိုယ် ၈-ပါးသည် ပိပိတို့ ကိုယ်တိုင်က နိဝရဏအမည်ကို ရကြသလို တစ်ပါးနှင့်တစ်ပါး အပြန်အလှန် အာရုံပြုကြသဖြင့် ကုသိုလ်တရားကို ပိတ်ဆို့တားမြစ်မှု၌ အင်အားကောင်းလျက် ရှိလေသည်။

ဒုတိယပုဒ်အရဖြစ်သော နိဝရဏတရားကိုယ် ၈-ပါးကြဉ်သော လောကီတရားတို့သည်ကား နိဝရဏ အမည်ကိုကား မရကြ။ နိဝရဏတရား၏ အာရုံပြုခြင်းကိုကား ခံရလျက်ရှိနေ၏။ ထိုအထဲတွင် မဟာကုသိုလ် ပဌမစိတ်နှင့် ယှဉ်ဘက်စေတသိက် ၃၈-ပါးသော တရားတို့ ပါဝင်နေသည်ကိုလည်း တွေ့မြင်နိုင်ကြပေ၏။

တစ်ခါတစ်ခါ လောကီစိတ်တို့သည်ကား ဆန်းကြယ်လှပေ၏။ ကုသိုလ်စိတ်ဖြစ်ရင်းမှ ကျက်စားနေကျ ဖြစ်သော ကာမဂုဏ်နယ်၊ အကုသိုလ်နယ်သို့ ပဌမတွင် မသိမသာ ရောက်ရောက်နေရာမှ တဖြည်းဖြည်းနှင့် သိသိသာသာ ရောက်၍ နောက်ဆုံးတွင် လုံးလုံးလျားလျား အကုသိုလ်ဘက်တော်သား၊ နိဝရဏဘက်တော်သား အကုသိုလ်စိတ်၊ နိဝရဏစိတ်အဖြစ်သို့ ရောက်တတ်လေ၏။

ထိုအခါမျိုး၌ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော စေတသိက်များအနက် 'ဟိရိ၊ ဩတ္တပ္ပ' မည်သော စေတသိက်သည် မဟာကုသိုလ် ပဌမစိတ်အား ဤသို့ ပြောကြားနိုင်လေ၏။

> 'မဟာကုသိုလ် ပဌမစိတ် ... နိဝရဏာဘက်၊ အကုသိုလ်ဘက်ကို စိတ်လည်ချင်နေပြီလား။ မလည်ချင်နဲ့။ ဒုက္ခတွေများသွားလိမ့်မယ်။ ဒုက္ခတွေများမှာကို မကြောက်ဘူးလား။ ယခုလို အပြစ်ကင်းစင်တဲ့ ဘဝမျိုးနှင့်နေတာ ဘယ်လောက်ကောင်းလဲ။ ဒီဘဝမျိုး ရောက်ပြီးမှ အကုသိုလ်နယ်ဘက် ဆင်း၍ အပြစ်တွေ ပြုလုပ်ဦးမယ်ဆိုတော့ မရှက်ဘူးလား။ ရှက်စရာကြီးပဲ။ ရှက်စရာကို မရှက်ဘူး၊ ဒုက္ခများမယ့် အကုသိုလ်အလုပ်တွေကို မကြောက်ဘူး ဆိုတာတော့ မဟုတ်သေးဘူး' – ဟူ၍ ပြောကြားလိုက်လေ၏။

မဟာကုသိုလ် ပဌမစိတ်လည်း မိတ်ဆွေသတိ၏ အကူအညီဖြင့် သတိတရားရသည်ဖြစ်၍ ထိုသို့ ယုတ်မာသောစိတ်ဖြစ်မိသည်ကို ရှက်ကြောက်လျက် နေလေ၏။ နိဝရဏ၏ အာရုံပြုရာ နယ်ပယ်နှင့် ကင်းလွတ်ရာ နိဗ္ဗာန်သို့ သွားဖို့ရာအတွက်လည်း ဝိတက်၊ ဝိစာရ၏ အကူအညီဖြင့် တွေးတောစဉ်းစား၍ နေလေ၏။

၄။ ပကုဏိတ်ကို နိဝရဏ နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်များ

၀။	နိဝရဏာ နိဝရဏိယဒုက်မှာ၊	ပကုဇာ၊	ဖုမှာပါဝင်သည်။
၂။	နိဝရဏာမဓမ္မည်၊	အာရုံသည်၊	ဖြစ်ကျိုနေလေသည်။
၃။	နိဗ္ဗစ်ပါးကာ၊	မည်လဲရ၊	ရုံရဖြစ်လေသည်။
၄။	ထိုကြောင့်တစ်လွှား၊	နိတရား၊	အဝ်အားကောင်းလှသည်။
၅။	တစ်ခါတစ်ခါ။	ကိစ်စတ်ဟာ၊	လွန်စွာဆန်းကြယ်သည်။
၆။	ဒါန,သီလ၊	ပြရုင်းမှ၊	ကာဓနယ်သို့သည်၊
၇။	လက်ဦးစမှာ၊	ဓသိသာ၊	နောက်မှာထိတာသည်။
၈။	နောက်ဆုံးအချုတ်၊	အကုတတ်၊	လုံးလျောက်ရောက်ထွားသည်။
၉။	နိဝရဏစိတ်၊	အကုစိတ်၊	ရိပ်ရိပ်ဖြစ်လေပြီ။
၁၀။	ဟိရိ,ဩတ္တပ္ပ၊	တုကိုပ၊	ဖြာပြကြလေပြီ။
၁၁။	အိုတယ်ပတု၊	သင်ယခု၊	အကုတက်သို့သည်၊
၁၂။	ပေါ်ချင်ပါးချင်၊	ခံစားချင်၊	လည်ချင်နေလေပြီ။
၁၃။	အပေါ်နောက်ဝေ၊	ဒုက္ခတွေ၊	လွန်ဇလေများလှသည်။
၁၄။	ဒုက္ခတွေများ၊	မကြောက်လား၊	စဉ်းစားပြုရမည်။
၁၅။	ဖြူစင်ဘဝ၊	ရောက်ပြီးမှ၊	ညစ်တဝသို့သည်၊
၁၆။	ရောက်ရန်ကိုကား၊	မရှက်လား၊	စဉ်းစားထစ်လှသည်။
၁၇။	ကြောက်စရာတို၊	မကြောက်ဆို၊	လွန်ကိုဆိုးလှသည်။
၁၈။	ရှက်စရာတို၊	မရှက်ဆို၊	လွန်ကိုဆိုးလှထည်။
၁၉။	ထိုစကားကြားတိ၊	ပကုသိ၊	သတိရလေပြီ။
၂၀။	အဃုတ်အမှောတ်၊	စိတ်လေရောက်၊	ရှက်ကြောက်မိလေပြီ။
၂၁။	နိဝရဏာ၏သာ၊	အာရုံသာ၊	ကင်းရာဆီသို့သည်၊
၂၂။	နိဗ္ဗာန်ကိုကား၊	သွားဖို့ကား၊	စဉ်းစားရလေပြီ။

၅။ ပကုစိတ်ကို နိဝရဏ နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကိဏ္ဏကို နိဝရဏ နိဝရဏသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ နိဝရဏ နိဝရဏသမ္မယုတ္တာဒုက်

၁။ နိဝရဏာ ဧဝံ ဝမ္မာ နိဝရဏ သမ္မယုတ္တာ စ – နိဝရဏလည်း အမည်ရ၊ နိဝရဏနှင့်လည်း ယှဉ်ကုန်သော တရားများ။ နိဝရဏတရားကိုယ် ၈-ပါး ရ၏။

၂။ နိဝရဏသမ္မယုတ္တာ ဧဝံ ဝမ္မာ နော စ နိဝရဏာ – နိဝရဏနှင့်သာယှဉ်၍ နိဝရဏ မမည်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ နိဝရဏတရားကိုယ် ၈-ပါးကြဉ် ဧတသိက် ၁၉-ပါး ရ၏။

ဤဒုက်၌ ပဌမပုဒ်အရဖြစ်သော နိဝရဏတရားကိုယ် ၈-ပါးသည် ကိုယ်တိုင်လည်း နိဝရဏတရားမည်၍ အပြန်အလှန်လည်း ယှဉ်တွဲကြလေသည်။ သို့ဖြစ်၍ ကုသိုလ်တရားကို တားမြစ်ပိတ်ဆို့ရာ၌ အားကောင်းမှု ရှိလေသည်။ ဈာန်ရသူပင် ဈာန်မှ လျှောကျအောင် ပြုလုပ်နိုင်ပေ၏။

ဒုတိယပုဒ်အရဖြစ်သော အကုသိုလ်စိတ် ၁၂-ပါးနှင့် နိဝရဏတရားကိုယ် ၈-ပါးကြဉ်သော ဧတသိက် ၁၉-ပါးသည် နိဝရဏအမည်ကားမရ။ နိဝရဏနှင့်ကား ယှဉ်တွဲကြလေကုန်၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

သို့ဖြစ်၍ နိဝရဏအမည်ကိုလည်းရ၊ နိဝရဏနှင့်လည်း အချင်းချင်း အပြန်အလှန် ယှဉ်တွဲမှု ရှိကြကုန်သော လောဘ၊ ဒေါသ အစရှိကုန်သော နိဝရဏတရားတို့သည် အလွန်မဲညစ်နေသလောက် နိဝရဏအမည်လည်းမရ၊ နိဝရဏနှင့်လည်း ယှဉ်တွဲမှုမရှိသော မဟာကုသိုလ် ပဌမစိတ်သည် အလွန်ပြုစင်သန့်ရှင်း၍ နေလေ၏။

လောကလူသားတို့၌ ဤကဲ့သို့ ပြုစင်သန့်ရှင်းသောစိတ်မျိုးကို ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး ဝေယျာဝစ္စ၊ မိဘ, ဘိုးဘွား, ဆရာသမားတို့၏ ဝေယျာဝစ္စတို့ကို ပြုလုပ်၍လည်း ရနိုင်ကြသလို အိမ်၊ ကျောင်း၊ စေတီရင်ပြင် အစရှိကုန်သော နေရာတို့၌ တံမြက်လှည်းခြင်း၊ သောက်ရေအိုးတည်ပေးခြင်း အစရှိကုန်သော သန့်ရှင်းအောင် ပြုလုပ်ခြင်းဖြင့်လည်း ရနိုင်ကြပေကုန်၏။

ရပ်ကျိုး၊ ရွာကျိုး၊ သူတစ်ပါးအကျိုး၊ အမျိုးဘာသာ သာသနာအကျိုး အစရှိကုန်သော ပရဟိတအကျိုးပြုလုပ်ငန်းတို့ကို ပြုလုပ်၍လည်း ရနိုင်ကြသလို စွန့်ကြဲပေးကမ်းခြင်း၊ လှူဒါန်းခြင်းဟူသော ဒါနအမှုကို ပြုလုပ်၍လည်း ရနိုင်ကြပေကုန်၏။

ဆဲဆိုကြိမ်းမောင်းခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သောက်ခြင်း၊ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခြင်း၊ သူ့အသက်သတ်ခြင်း အစရှိကုန်သော မကောင်းမှု ဒုစရိုက်တို့ကို ကျူးလွန်ရန် အခြေအနေပေးသော်လည်း မကျူးလွန်ခြင်းဟူသော သီလကိုဆောက်တည်ခြင်းအားဖြင့်လည်း ရနိုင်ကြသလို မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မစိုရ်တရားကို ပွားများခြင်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာဟူသော ဘာဝနာအလုပ်ကို အားထုတ်ခြင်းဖြင့်လည်း ရနိုင်ကြပေကုန်၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဝိရိယတရားက ဤသို့ ပြောဆိုနိုင်ပေ၏။

'မဟာကုသိုလ် ပဌမစိတ်... သင်သည် နိဝရဏအမည်လည်း မရ။ နိဝရဏတရားနှင့်လည်း ယှဉ်တွဲခြင်း မရှိရဘဲ သုခဝေဒနာ၊ ဝိတိ၊ သောမနဿတို့နှင့် ယှဉ်တွဲ၍ စိစိ၏ ဖြူစင်သောဘဝကို ကျေနပ်အားရနေသည် မဟုတ်လား။ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည် မဟုတ်လား။ တစ်ခါတစ်ခါလည်း သဟဇိတရားနှင့်တွဲ၍ တည်ကြည်မှု ဖြစ်နေသည် မဟုတ်လား။ တစ်ခါတစ်ခါလည်း ပဿဒ္ဓိ စသော တရားများနှင့်တွဲ၍ အပူအပင်ကင်း၍ ငြိမ်းအေးနေသည် မဟုတ်လား။ ပေါ့ပေါ့ပါးပါး ဖြစ်နေသည် မဟုတ်လား။ တစ်ခါတစ်ခါလည်း ဉာဏ်ပညာနှင့် တွဲ၍ ကံနှင့် ကံ၏အကျိုးကို သိမြင်နေသည် မဟုတ်လား။ ရုပ်နာမ်တရားတို့ကို သိမြင်နေသည် မဟုတ်လား။ အဲဒါ ဘာလဲဆိုရင် လုံလစိရိယ၏ အကျိုးလေ။ လုံလစိရိယရှိလို့သာ ဒီလိုအကျိုးတရားတွေ ရတာပဲပေါ့' ဟူ၍ ပြောလိုက်လေတော့၏။

၅။ ပကုဓိတ်ကို နိဝရဏ နိဝရဏသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	နိဝရဏ နိဝရဏသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ပါတာမရှိပြီ။
၂။	နိလဲမဝင်၊	နိမယှဉ်၊	ဖြူစင်ထန်ရှင်းသည်။
၃။	လောဘစပြု၊	နိရုစ်ရ၊	နှစ်ခုပါဝင်ထည်။
၄။	ကုသိုလ်တရား၊	ဝိတ်ဆိုးကြား၊	အင်အားကောင်းလှထည်။
၅။	စျာန်ရသူပင်၊	စျာန်မှပင်၊	စျာန်ပင်ကျစေသည်။
၆။	နိမည်မစို၊	မယှဉ်ဆို၊	ကုသိုလ်တရားသည်၊
၇။	နိ၏အဖြစ်၊	ယုတ်မာလစ်၊	မဲညစ်သလောက်သည်၊
၈။	ပကုစိတ်အင်၊	အလွန်ပင်၊	ဖြူစင်ထန်ရှင်းထည်။
၉။	လူ့လောကမှာ၊	နေကြရ၊	များစွာလူတို့သည်၊
၁၀။	ဤကဲ့သို့လား၊	ဖြူစင်ကြား၊	တရားများကိုသည်၊
၁၁။	ရတနာသုံးဝ၊	ဘိုးတွားပ၊	မိဘတို့၏သည်၊
၁၂။	ဝေယျာဝစ္စ၊	ပြ၍ပ၊	မူ၍ရနိုင်သည်။
၁၃။	တံမြက်လှည်းခြင်း၊	ရေပါခြင်း၊	ဖယ်ငြင်းရနိုင်သည်။
၁၄။	အမျိုးဘာသာ၊	ရပ်ကျိုးပါ၊	ဆောင်ပါရနိုင်သည်။
၁၅။	သဒ္ဓါဖြစ်စွာ၊	လှူဒါန်းပါ၊	သေချာရနိုင်သည်။
၁၆။	ဒုစရိုက်မှု၊	အစုစု၊	ရှောင်ပြုရနိုင်သည်။
၁၇။	ဖြဟ္မစိုရ်တရား၊	လက်ကိုင်ထား၊	မမှားရနိုင်သည်။
၁၈။	သမထ, ဝိပဿနာ၊	ရှုပွားပါ၊	ကောင်းစွာရနိုင်သည်။
၁၉။	ဝိရိယကား၊	ပကုအား၊	ပြောကြားနိုင်လေသည်။
၂၀။	ပကုတရား၊	သင်သည်ကား၊	နိတရားများနှင့်သည်၊

၂၁။ ကင်းရှင်းချိသာ၊ ရှိနေတာ၊ လွန်စွာကောင်းမြတ်သည်။
၂၂။ ဝိတိသောမနာ၊ တွဲချိသာ၊ ဝမ်းသာနေလေသည်။
၂၃။ သမာဓိပါ၊ တွဲချိသာ၊ စိတ်မှာကြည်နေသည်။
၂၄။ ပဿဒ္ဓိတရား၊ တွဲချိကား၊ ပူကားငြိမ်းနေသည်။
၂၅။ ပေါ့ပါးရွှင်လန်း၊ မပင်ပန်း၊ အေးချမ်းနေလေသည်။
၂၆။ ပညာနှင့်လေ၊ တွဲချိပေ၊ ဉာဏ်တွေ့ဖြာနေသည်။
၂၇။ ကံနှင့်အကျိုးပင်၊ ကောင်းစွာပင်၊ သိမြင်နေလေသည်။
၂၈။ ရုပ်နာမ်နှစ်ဖြာ၊ သဲကွဲစွာ၊ သိကာနေလေသည်။
၂၉။ ဤအကျိုးဟာ၊ ပျင်းနေရာ၊ ဘယ်မှာရလိမ့်မည်။
၃၀။ ကုသိုလ်ကိုသာ၊ ထုတ်လို့သာ၊ ရတာဖြစ်လေသည်။
၃၁။ ထိုစကားကြား၊ ပကုကား၊ ဆက်ငြားအားထုတ်ဖြို့။

၅။ ပကုစိတ်ကို နိဝရဏ နိဝရဏသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို နိဝရဏဝိပ္ပယုတ္တ နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ နိဝရဏဝိပ္ပယုတ္တ နိဝရဏိယဒုက်

၁။ နိဝရဏဝိပ္ပယုတ္တာ ခေါ် ပန ဓမ္မာ နိဝရဏိယာပိ – နိဝရဏတရားနှင့်မယှဉ်၊ နိဝရဏ၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ရုပ် ၂၈-ပါး ရှိ၏။

၂။ နိဝရဏဝိပ္ပယုတ္တာ ခေါ် ပန ဓမ္မာ အနိဝရဏိယာပိ – နိဝရဏတရားနှင့်လည်း မယှဉ်၊ နိဝရဏတရား၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော နိဝရဏတရားနှင့်မယှဉ်၊ နိဝရဏ၏ အာရုံဖြစ်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ဗုဒ္ဓသာသနာတော်၌ ပုထုဇဉ်၊ သောတာပန် စသည်ဖြင့် ပုဂ္ဂိုလ်အစားစား ရှိလေရာ ပုထုဇဉ်၏ စိတ်သန္တာန်၌ ဖြစ်သော ကုသိုလ်တရားများသည် လောကီစိတ်၊ ဧစေတသိက်အဖြစ်နှင့်သာ ရှိနေလေသည်။ သောတာပန် အစရှိသော အရိယာပုဂ္ဂိုလ်တို့၌ ဖြစ်သော ကုသိုလ်တရားများသည်လည်းကောင်း၊ ဝိပါက်တရားများသည်လည်းကောင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ဖြစ်သောအခါ လောကုတ္တရာစိတ်ဖြစ်နေ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ မဖြစ်သောအခါ လောကီစိတ်ပင် ဖြစ်လေသည်။

ဂန္ဓ, ဩဃ, ယောဂ, နိဝရဏ အစရှိကုန်သော အကုသိုလ်တရားများသည် မည်သည့် ပုဂ္ဂိုလ်၏ လောကီစိတ်ကိုမဆို အာရုံပြုနိုင်သည်သာ ဖြစ်သည်။ ရူပဗြဟ္မာကြီးများ၊ အရူပဗြဟ္မာကြီးများ၏ ဈာန်ကုသိုလ်စိတ်များ၊ ဈာန်ဝိပါက်စိတ်များကိုလည်း အာရုံပြုနိုင်သည်သာ ဖြစ်သည်။ ထိုအကုသိုလ်တရားများ အာရုံမပြုနိုင်သည်မှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားတို့သာ ဖြစ်လေသည်။ လောကီစိတ်ချင်း အတူတူ ပုထုဇဉ်နှင့်သောတာပန် အဘယ်သို့ ကွာသနည်း? ဟူ၍ မေးမြန်းဖွယ် ရှိပေသည်။

ဘကြွေးကြော - အပါယ်လေးပါးသို့အထိ ကျဆင်းနိုင်ခြင်း၊ မကျဆင်းနိုင်ခြင်းဖြင့် ကွာခြားသည်ဟူ၍ ဖြေဆိုနိုင်ပေသည်။ မှန်၏။ ပုထုဇဉ်တို့၏ လောကီစိတ်သည် အဘယ်ကိလေသာကိုမှ အပြီးအပြတ် မပယ်သတ်ရသေးသည်ဖြစ်၍လည်းကောင်း၊ ဘဝဘဝက ကျူးလွန်ခဲ့သော အပါယ်ချမည့် အကုသိုလ်ကံများကို မပယ်သတ်ရသေးသည် ဖြစ်၍လည်းကောင်း၊ ဒိန္န, သီလ, ဘာဝနာတရားများကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ်ကို ရရှိလင့်ကစား တစ်ဖန် အကုသိုလ်တရားတွေဘက် စိတ်လည်ကာ နိဝရဏ အစရှိကုန်သော တရားများ ပြန်ဖြစ်လာနိုင်ပြီးနောက် အပါယ်ကျနိုင်လောက်သည်အထိ ဒုစရိုက်များကို ကျူးလွန်မြဲ ကျူးလွန်ပြန်သောကြောင့် အပါယ်သို့ တစ်ဖန် ကျနိုင်ဖို့ရာ အခြေအနေ ရှိနေလေသည်။

သောတာပန် ပုဂ္ဂိုလ်တို့၌မူကား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် အပါယ်ချနိုင်လောက်သော အကုသိုလ်တရားဆိုးများကို အပြီးတိုင် ပယ်သတ်နိုင်သောကြောင့်လည်းကောင်း၊ ဘဝဘဝက ကျူးလွန်ခဲ့သော အကုသိုလ်ကံများကိုလည်း ပယ်သတ်ထားအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း အကုသိုလ်နယ်ဖြစ်သော ကာမဂုဏ်နယ်သို့ သက်ဆင်းနေသော်လည်း အပါယ်ကျလောက်သော ဒုစရိုက်မျိုးကိုတော့ ကျူးလွန်စိတ် မရှိတော့ပေ။ မကျူးလွန်တော့ပေ။

ဤသို့လျှင် ပုထုဇဉ်တို့၏ လောကီစိတ်နှင့် သောတာပန်တို့၏ လောကီစိတ်သည် ကွာခြားမှု ရှိနေလေသည်။ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ဂန္ဓ, ဩဃ, ယောဂ, နိဝရဏ အစရှိကုန်သော အကုသိုလ်တရားများ၏ အာရုံမပြုနိုင်သော လောကုတ္တရာနယ်သို့ ဝိပဿနာရှုပွား၍ အရောက်သွားရန် လိုအပ်ပေသည်။

သို့ဖြစ်၍ ဤဒုက်သဘောအရ နိဝရဏတရားသည် မဟာကုသိုလ်စိတ်ကို ဤသို့ ပြောဆိုနိုင်လေသည်။

> 'မဟာကုသိုလ်ပဌမစိတ်... သင်သည် ငါနှင့် ပေါင်းဖော်ခြင်း မရှိသော်လည်း ငါ၏ အာရုံနယ်၌ပင် ရှိနေသေးသည်။ လူလောကမှာ ကုသိုလ်ကောင်းမှုကို မေ့စရာ အာရုံအမျိုးမျိုး ရှိသည်။ ကာမဂုဏ်အာရုံတွေကလည်း ပေါမှုပေါ ဖြစ်သည်။ ဒေါသဖြစ်စရာ အာရုံတွေကလည်း ပေါမှုပေါ ဖြစ်သည်။ ဒီတစ်ခါ ငါ၏ နယ်ပယ်သို့ ရောက်လာလို့ကတော့ သင့်ကို ကုသိုလ်ပြုလုပ်ခွင့်ပေးတော့မည် မဟုတ်ပေ။ ယင်းသို့ဆိုလျှင် အသင်သွားရန် လမ်းသည် အပါယ်လေးပါးပဲ မဟုတ်ဘူးလား'
>
> – ဟူ၍ ပြောလိုက်လေသည်။

မဟာကုသိုလ် ပဌမစိတ်သည် အပါယ်လေးပါး နှင့် ခြိမ်းခြောက်ခံရသည်ဖြစ်၍ လောကတွေရာနယ်သို့ ကူးနိုင်ရန် ဝိပဿနာတရားကိုသာ တွင်တွင်ကြီး အားထုတ်၍ နေလေတော့၏။

၆။ ပကိဏ်ကို နိဝရဏဝိပ္ပယုတ္တ နိဝရဏိယနှင်္ကြင့် ငေပန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	နိဝိပ်နှင့် ထိယဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	နိဝရဏမယှဉ်၊	အာရုံပင်၊	ဖြစ်အင်နေလေသည်။
၃။	ဘုရားသာသနာ၊	ပဋ္ဌလာ၊	များစွာရှိလေသည်။
၄။	ပုထု, သောတာ၊	သကဒါ၊	ဖြာဖြာရှိလေသည်။
၅။	ပုထုဇဉ်မှာ၊	ကုသလာ၊	ကိသာဖြစ်လေသည်။
၆။	အရိယာမှာ၊	ကိ,ကုတ်ပါ၊	နှစ်ဖြာဖြစ်လေသည်။
၇။	မဂ်ဖိုလ်ကိုထား၊	ကျန်သည်ကား၊	ကိများဖြစ်လေသည်။
၈။	ပုထု,သောတာ၊	ကိစိတ်မှာ၊	ထူးတာရှိလေသည်။
၉။	ပုထုဇဉ်များ၊	မဂ်တရား၊	ရမထား၍သည်၊
၁၀။	အဖြိုးပယ်တာ၊	ကိလေသာ၊	ရှိတာမဟုတ်ဖြို။
၁၁။	သောတာပန်မှာ၊	အဖြိုးသာ၊	ပယ်တာရှိလေသည်။
၁၂။	အပါယ်ချတည်း၊	ကံကိုတည်း၊	ပယ်ပြိုးဖြစ်လေသည်။
၁၃။	အပါယ်ချရာ၊	ဒုကိုသာ၊	လုပ်မှာမဟုတ်ဖြို။
၁၄။	ပုထုဇဉ်ကား၊	ပြန်၍ကား၊	ပြများနိုင်လေသည်။
၁၅။	ထို့ကြောင့်တစ်မယ်၊	လောကုတ်နယ်၊	ကူးသွယ်ထားသင့်သည်။
၁၆။	ဝိပဿနာ၊	အခါခါ၊	ပွားတာလိုအပ်သည်။
၁၇။	နိဝရဏတရား၊	ပကုအား၊	ပြောကြားနိုင်လေသည်။
၁၈။	ပကုတရား၊	ငါနှင့်ကား၊	ပေါင်းကားမပေါင်းဖြို။
၁၉။	သို့ရာတစ်ဖို့၊	ငါ၏တို့၊	အာရုံမိနေသည်။
၂၀။	ပမာဒဖြစ်စရာ၊	အာရုံဟာ၊	များစွာရှိလေသည်။
၂၁။	ငါ့နယ်သို့သာ၊	ဒိတစ်ခါ၊	ပြန်လာလျှင်သည်၊
၂၂။	ကုသိုလ်တရား၊	ပြခြင်းအား၊	မြစ်တားရလိမ့်မည်။

၂၃။ ကုမပြုရာ၊ အဖါယ်သာ၊ သွားမှာသေချာသည်။
၂၄။ ထိုစကားကြား၊ ပကုကား၊ ကြောက်များသွားလေပြီ။
၂၅။ မဂ်ဖိုလ်ရည်ငြား၊ ဝိတရား၊ ပွားများနေလေပြီ။

၆။ ပကုစိတ်ကို နိဝရဏဝိပွယုတ္တ နိဝရဏိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ပကုစိတ်ကို နိဝရဏ ဂေါ်ဌကဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ပကတ်ိတ်ကို ပရာမာသ ဂေါ်ဖွကဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၉။ ပရာမာသ ဂေါ်ဖွကဌ် ၅–ဒုက် ။ ။ ကျပရာမာသ ဂေါ်ဖွကဌ် ၅–ဒုက် ရှိလေ၏။ ယင်း ၅–ဒုက်မှာ –

၁။ ပရာမာသဒုက် ၂။ ပရာမဋ္ဌဒုက် ၃။ ပရာမာသ သမ္မယုတ္တဒုက်

၄။ ပရာမာသ ပရာမဋ္ဌဒုက် ၅။ ပရာမာဒ ဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် – အားဖြင့် ၅–ဒုက်တည်း။

၁။ ပကတ်ိတ်ကို ပရာမာသဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။ ပရာမာသဒုက်

၁။ ပရာမာသာ ဓမ္မာ – မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားများ။ (ဟ၏ခုံး) ဒိဋ္ဌမည်သော တရားများ။ ဒိဋ္ဌဟု ဆိုအပ်သော ပရာမာသ တရားကိုယ် ၁–ပါးရ၏။

၂။ နော ပရာမာသာ ဓမ္မာ – မှားသောအားဖြင့် မသုံးသပ်တတ်ကုန်သော တရားများ။ (ဟ၏ခုံး) ဒိဋ္ဌမမည် ကုန်သော တရားများ။ စိတ် ၈၉–ပါး၊ ပရာမာသ တရားကိုယ် ၁–ပါးကြဉ်သော စေတသိက် ၅၁–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန် ၎၏။

ဤဒဋ္ဌဝါဒအရ မှားသောအားဖြင့် သုံးသပ်တတ်သော တရားသည် ဒိဋ္ဌတရားသာတည်း။ ထိုဒိဋ္ဌသည် ကုသိုလ်ကံသည် မရှိ။ အကုသိုလ်ကံသည် မရှိ။ ကုသိုလ်၏ အကျိုးသည် မရှိ။ အကုသိုလ်၏ အကျိုးသည် မရှိ။ ဤသို့ မှားမှားယွင်းယွင်း သုံးသပ်၏။ ဤသို့ မှားမှားယွင်းယွင်း သုံးသပ်သူအား ဒုစရိုက်တို့ကို ရဲရဲတင်းတင်း ကျူးလွန်တော့မည် ဖြစ်၏။ ဒုစရိုက်ကို ကျူးလွန်မှတော့ အပါယ်သို့ လားရန်သာ ရှိလေတော့၏။

ဒုတိယပုဒ်အရ ဒိဋ္ဌမှတစ်ပါး ကျန်သော တရားတို့ကား မှားသောအားဖြင့် သုံးသပ်တတ်သော တရားများ မဟုတ်ကြပေ။ ဒိဋ္ဌမည်သော တရားများ မဟုတ်ကြပေ။ ထိုအထဲတွင် မဟာကုသိုလ် ပဌမစိတ်လည်း ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

မဟာကုသိုလ် ပဌမစိတ်သည်ကား မှားမှားယွင်းယွင်း မသုံးသပ်တတ်ရုံသာမက မဟာကုသိုလ် ပဌမစိတ်ဌ် ယှဉ်သော အဓေျာဟတရားက သမ္မာဒိဋ္ဌိအမည်ဖြင့် ကုသိုလ်ကံသည် ရှိ၏။ အကုသိုလ်ကံသည် ရှိ၏။ ကုသိုလ်ကံ၏ အကျိုးတရားသည် ရှိ၏။ အကုသိုလ်ကံ၏ အကျိုးတရားသည် ရှိ၏ – စသည်ဖြင့် မှန်မှန်ကန်ကန်ပင် သုံးသပ်ဆင်ခြင်လေ၏။ ထိုသို့ မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ခြင်းဖြင့် ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်တော့မည် ဖြစ်၏။ ကုသိုလ်ကောင်းမှုကို ပြုလုပ်မှတော့ လူ, နတ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရကြမည်သာ ဖြစ်လေ၏။ သို့ဖြစ်၍ အဓေျာဟ သမ္မာဒိဋ္ဌိတရားက မဟာကုသိုလ် ပဌမစိတ်ကို ဤသို့ ပြောဆိုနိုင်လေ၏။

‘မဟာကုသိုလ်ပဌမစိတ်... တို့က ပရာမာသ ဒိဋ္ဌလို မှားမှားယွင်းယွင်း မသုံးသပ်ဘူး။ မှန်မှန်ကန်ကန်ပဲ သုံးသပ်တယ်။ ကာမကုသိုလ် အရာမှာတော့ တို့က ထိပ်ပဲ။ ဒါန အစရှိသော ကုသိုလ်လုပ်တဲ့နေရာမှာ ဝမ်းမြောက်ဝမ်းသာလည်း

၁။ ဓမ္မသင်္ကြီ စိတ္တုပ္ပါဒကဏ္ဍ မဟာကုသိုလ် ပဌမစိတ်ကို ပရာမာသ ဂဝါန္ဆကဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ၄၉၇

လုပ်တယ်။ စိတ်ပါလက်ပါ တက်တက်ကြွကြွ လုပ်တယ်။ ဉာက်နှင့်ယှဉ်ပြီးတော့လည်း လုပ်တယ်။ အဲဒါကြောင့် တို့က ထိပဲ'
ဟူ၍ ပြောလိုက်လေ၏။

ထိုစကားကြားတော့ မဟာကုသိုလ် ပဌမစိတ်လည်း အလွန်ဝမ်းမြောက်ဝမ်းသာ ဝိတိုပြာလျက် ရှိနေလေ၏။

၁။ ပကိဏ်ကို ပရာမာသဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ပရောမာသဒုက်မှာ၊	ပကုဇာ၊	ဒုမှာပါဝင်ထည်။
၂။	အမှားဖြင့်ထာ၊	သုံးသပ်တာ၊	ပရာဓ်၏ ဓလေထည်။
၃။	ထရားတိုယ်ထိ၊	ယူမှားတိ၊	ဒိဋ္ဌိဖြစ်လေထည်။
၄။	အကုမရှိ၊	ကုမရှိ၊	ယုတိသုမျှားထည်၊
၅။	တံတျိုးမရှိ၊	ကံမရှိ၊	ယုဓိသုမျှားထည်၊
၆။	ဒုစရိုက်အား၊	ရဲရဲကား၊	ပြုကြားဓပဓတော့မည်။
၇။	အမှားလဲယူ၊	ဒုလဲဟူ၊	ကျူးသုမျှားတို့ထည်၊
၈။	အပါထိုလေးဖြာ၊	ထံထရာ၊	သွားမှာမလွဲပြီ။
၉။	ပကုစိတ်မှာ၊	အမောဟာ၊	ထမ္မာအမည်ဖြင့်ထည်၊
၁၀။	အမှန်တိုသာ၊	ယူလေရာ၊	လွန်စွာကောင်းမြတ်ထည်။
၁၁။	အထုလဲရှိ၊	ကုလဲရှိ၊	ကံလဲရှိလေထည်။
၁၂။	အမှန်ယူရာ၊	ကုသိုလ်ထာ၊	ပြုကာနေပေမည်။
၁၃။	လူနတ်ချမ်းထာ၊	နိဗ္ဗာနာ၊	ရမှာဓထချာထည်။
၁၄။	အမောဟကား၊	ပကုအား၊	ပြောကြားနိုင်ဓလေထည်။
၁၅။	ပကုတရား၊	ဝါတို့ကား၊	အမှားမယူပြီ။
၁၆။	အမှန်ထူကာ၊	ကုသိုလ်မှာ၊	တို့ဟာထိပဲဖြစ်ထည်။
၁၇။	ဝမ်းပမ်းတသာ၊	တက်ကြွစွာ၊	ဉာဏ်ဖြာပြုလုပ်ထည်။
၁၈။	ထိုစကားကြား၊	ပကုကား၊	လွန်များဝမ်းသာထည်။

၁။ ပကုစိတ်ကို ပရာမာသဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိုဏ်းကို ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ပရာမဋ္ဌဒုက်

၁။ ပရာမဋ္ဌာ ဓမ္မာ – ပရာမာသဒိဋ္ဌိ၏ အာရုံဖြစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါး ရုပ်။

၂။ အပရာမဋ္ဌာ ဓမ္မာ – ပရာမာသဒိဋ္ဌိ၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရုပ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ပရာမာသဒိဋ္ဌိ၏ အာရုံတရား၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် မိမိကိုယ်တိုင်က မှားသောအားဖြင့် မသုံးသပ်တတ်သော်လည်း မှားသောအားဖြင့် သုံးသပ်တတ်သော ပရာမာသဒိဋ္ဌိ၏ အာရုံတရားတွင် မိနေလေ၏။ သို့ဖြစ်၍ ပုထုဇဉ်၏ သန္တာန်၌ဖြစ်သော ဤမဟာကုသိုလ် ပဌမစိတ်သည် နောင်တွင် အကြောင်းတစ်မျိုးမျိုးဖြင့် ပရာမာသဒိဋ္ဌိနယ်သို့ ရောက်နိုင်သည်ဖြစ်၍ ပရာမာသဒိဋ္ဌိတရား၏ အာရုံပြုရာနယ်မှ လွတ်ရာဖြစ်သော လောကုတ္တရာနယ်သို့ ကူးတက်ထားရန် လိုအပ်ပေ၏။

၂။ ပကိုဏ်းကို ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	ပရာမဋ္ဌဒုက်မှာ၊	ပကုဟာ၊	ပမာဟိဝင်သည်၊
၂။	ဒိဋ္ဌိ၏သာ၊	အာရုံမှာ၊	ဝင်ပါနေလေသည်။
၃။	ပုထုဇဉ်မှာ၊	ကုစိတ်ဟာ၊	မြဲတာမဟုတ်ပြီ။
၄။	နောင်သောအခါ၊	ဒိဋ္ဌိသာ၊	ယူတာဖြစ်နိုင်သည်။
၅။	ပုထုဇဉ်တွက်၊	လောကုတ်တက်၊	ကူးတက်လိုအပ်သည်။

၂။ ပကိုစိတ်ကို ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိစိတ်ကို ပရာမာသသမ္မယုတ္တဒုကဖြင့် ဝေဖန်ခြင်းခဏ္ဍ ကိုယ်ကျင့်တရားများ

၃။ ပရာမာသ သမ္မယုတ္တဒုက်

၁။ ပရာမာသ သမ္မယုတ္တာ ဓမ္မာ – ပရာမာသနှင့် ယှဉ်ကုန်သော တရားများ။ ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခု။ ဒိဋ္ဌိ, မာန, ဒေါသ, ထိနသာ, မစ္ဆရိယ, တုကုက္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၂၀-ဝါးရုပ်။

၂။ ပရာမာသ ဝိပ္ပယုတ္တာ ဓမ္မာ – ပရာမာသနှင့် မယှဉ်ကုန်သော တရားများ။ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ, မောဟမူဒွေ၊ တုသိုလ်စိတ် ၂၁-ဝါး၊ ဝိဝါဟ်စိတ် ၃၆-ဝါး၊ ကြိယာစိတ် ၂၀-ဝါး၊ ဒိဋ္ဌကြဉ် စေတသိက် ၅၁-ဝါး၊ ရူပ် ၂၈-ဝါး၊ နိဗ္ဗာန်ဂုဏ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ပရာမာသဒိဋ္ဌနှင့် မယှဉ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်သဘောအရ စိတ် ၈၉-ပါးတွင် ပရာမာသဒိဋ္ဌနှင့် ယှဉ်သောတရားသည် ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ပါး ဖြစ်၏။ ကျန်သောစိတ် ၈၅-ပါးသည် ဒိဋ္ဌနှင့် မယှဉ်သော တရားများ ဖြစ်ကြပေကုန်၏။

ထိုတွင် ဒေါသမူဒွေ၊ မောဟမူဒွေသည် ဒိဋ္ဌစေတသိက်နှင့် မယှဉ်သော်လည်း ဒေါသ၊ မောဟတို့နှင့် ယှဉ်နေသည်ဖြစ်၍ အပြစ်မကင်းသော အကုသိုလ်တရားတို့သာ ဖြစ်လေ၏။ မဟာကုသိုလ် ပဌမစိတ်သည်ကား ဒိဋ္ဌနှင့် မယှဉ်ရုံတွင်မက ဒေါသ၊ မောဟ အစရှိသော ဘယအကုသိုလ်တရားနှင့်မျှ ယှဉ်တွဲခြင်း မရှိပေ။ အလောဘ၊ အဒေါသ၊ အမောဟ အစရှိသော ကုသိုလ်စေတသိက်တို့နှင့်သာ ယှဉ်တွဲခြင်းဖြစ်၍ အပြစ်ကင်းစင် သန့်ရှင်းစင်ကြယ်သော ကုသိုလ်စိတ် ဖြစ်နေသည်ကို သိမြင်နိုင်ကြပေ၏။

၃။ မဟာကုသိုလ် ပဌမစိတ်ကို ပရာမာသ သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းခဏ္ဍ ဥဿာဒရုန်လက်ာများ

၁။	ပရာသမ်ဒုက်မှာ၊	ပကုဟာ၊	ဒုမှာဝါဝင်သည်။
၂။	ဒိဋ္ဌိနှင့်ဝင်၊	ယှဉ်တွဲအင်၊	ဝါဝင်မရှိပြီ။
၃။	စိတ် ၈၉ မှာ၊	ဒိသမ်သာ၊	ယှဉ်တာဖြစ်လေသည်။
၄။	ကျန်ရစ်ဆယ့်ငါး၊	ယှဉ်ခြင်းကား၊	ရှိကားမရှိပြီ။
၅။	ဒေါ်,မောစိတ်တွင်၊	ဒိဋ္ဌိပင်၊	မယှဉ်သော်လဲသည်၊
၆။	ဒေါ်,မောတရား၊	ယှဉ်နေကြား၊	ဖြစ်ကားရှိနေသည်။
၇။	ပကုစိတ်တွင်၊	ဒိဋ္ဌိပင်၊	မယှဉ်မဟုတ်ပြီ။
၈။	ဒေါ်,မောစကြား၊	အကုမျာ၊	ယှဉ်ကြားမရှိပြီ။

၉။	အလောစဖြာ၊	ကုသည်သာ၊	ယှဉ်တာဖြစ်၍သည်။
၁၀။	ပကုစိတ်အစ်၊	အလွန်ပင်၊	ဖြူစင်ထန်ရှင်းသည်။

၃။ ပကုစိတ်ကို ပရာမာသ သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ပရာမာသ သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ပရာမာသ ပရာမဋ္ဌဒုက်

၁။ ပရာမာသာ ဧစေဝ ဓမ္မာ ပရာမဋ္ဌာ စ – ပရာမာသ ဒိဋ္ဌိလည်း မည်။ ပရာမာသ ဒိဋ္ဌိ၏ အာရုံလည်း ဖြစ်ကုန်သော တရားများ။ ဒိဋ္ဌိဟူ ဆိုအပ်သော ပထုမာသ တထုးကိုယ် ၁-ပါး ရု၏။

၂။ ပရာမဋ္ဌာ ဧစေဝ ဓမ္မာ နောစ ပရာမာသာ – ပရာမာသဒိဋ္ဌိ၏ အာရုံသာဖြစ်၍ ပရာမာသဒိဋ္ဌိ မမည်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ ပထုမာသ ဒိဋ္ဌိဟုဆို စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါး ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ဒိဋ္ဌိ၏ အာရုံသာဖြစ်၍ ဒိဋ္ဌိမမည်သော တရားအရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေကုန်၏။

ဤဒုက်၏ ပဌမပုဒ်အရကို ကြည့်လျှင် တရားကိုယ်အရကို ကောက်ရာ၌ ဒိဋ္ဌိသည် အခြားသော အကုသိုလ် တရားကိုယ်များကဲ့သို့ အဖော်သဟဲ မရှိဘဲ တစ်ပါးတည်း ရပ်တည်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။ ဝိပိကိုယ် တိုင်က ဒိဋ္ဌိလည်းဖြစ်၊ ဒိဋ္ဌိ၏ အာရုံလည်း ဖြစ်နေခြင်းသည်ပင် အမှားယူရာ၌ အလွန်အားကောင်းလျက် ရှိနေလေ၏။

အလွန်အားကောင်းသော ဒိဋ္ဌိတရား၏ အာရုံပြုခြင်းကို ခံနေရသော ပုထုဇဉ်တို့၏ မဟာကုသိုလ် ပဌမစိတ်သည် ရေရှည် တည်တံ့နေနိုင်ရန် မလွယ်ကူပေ။ မိစ္ဆာဒိဋ္ဌိအယူကို ပြန်၍ယူနိုင်သည်ကို အထူးသတိပြုသင့်၏။ အကုသိုလ်တရားများတွင် မိစ္ဆာဒိဋ္ဌိသည်လည်း အလွန်ကြောက်စရာကောင်းသောတရားဖြစ်၍ မိစ္ဆာဒိဋ္ဌိသမား များ မဖြစ်အောင် အစွမ်းကုန် ကြိုးစားသင့်လှပေ၏။

၅။ ပကုစိတ်ကို ပထုမာသ ပထုမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ပရာမာသ ပရာမဋ္ဌဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	ဒိဋ္ဌိမမည်၊	အာရုံသည်၊	ဖြစ်ကြိနေလေသည်။
၃။	ယူမှားဒိဋ္ဌိ၊	ကိုယ်တိုင်တိ၊	ဒိဋ္ဌိမည်လေသည်။

၄။	ဒိဋ္ဌိ၏လဲ၊	အာရုံလဲ၊	ပြန်ပေါ်ပြစ်ပြန်ထည်။
၅။	ဤသတ္တော်မှာ၊	များယူတာ၊	လွန်စွာအားကောင်းထည်။
၆။	အားကောင်းလေတိ၊	ဒိဋ္ဌိ၏၊	ရုံမိခံခြင်းထည်၊
၇။	ပုထုဇ္ဇနာ၊	ပကုဉ္စာ၊	၅ည်ကြာမလွယ်ပြီ။
၈။	အယူများတာ၊	ပြန်ထစ်ခါ၊	ယူတောနိုင်ပေထည်။
၉။	အယူများတာ၊	ကြောက်စရာ၊	လွန်စွာကောင်းလှထည်။
၁၀။	ဒိဋ္ဌိသမား။	မဖြစ်ခြာ။	ကြိုးစားကြရမည်။

၄။ ပကုဓိတ်ကို ပရာမာသ ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကုစိတ်ကို ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်

၁။ ပရာမာသဝိပ္ပယုတ္တာ ဧဒါ ပန ဓမ္မာ ပရာမဋ္ဌာဝိ – ပရာမာသဒိဋ္ဌိနှင့် မယှဉ်၊ ပရာမာသဒိဋ္ဌိ၏ အာရုံဖြစ်ကုန်သော တရားများ။ ဒိဋ္ဌိဂတဝိပ္ပယုတ္တစိတ် ၄-ခု၊ ဒေါသမူဋ္ဌေ၊ မောဟမူဋ္ဌေ၊ လောကီကုသိုလ် ၁၇-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ဒိဋ္ဌိကြဉ်စေတသိတ် ၅၁-ပါး၊ ရုပ် ၂၈-ပါးရတ်။

၂။ ပရာမာသဝိပ္ပယုတ္တာ ဧဒါ ပန ဓမ္မာ အပရာမဋ္ဌာဝိ – ပရာမာသဒိဋ္ဌိနှင့်လည်း မယှဉ်၊ ပရာမာသဒိဋ္ဌိ၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိတ် ၃၆-ပါး၊ နိဗ္ဗာန်ရတ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ပရာမာသ ဒိဋ္ဌိနှင့် မယှဉ်။ ပရာမာသဒိဋ္ဌိ၏ အာရုံဖြစ်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ လောကီစိတ် ၈၁-ပါးတွင် ဒိဋ္ဌိနှင့်ယှဉ်သော ဒိဋ္ဌိတဂသမ္ပယုတ်စိတ် ၄-ခုကို နှုတ်လျှင် ကျန်သော လောကီစိတ် ၇၇-ပါး၊ ပရာမာသဒိဋ္ဌိနှင့် မယှဉ်သော်လည်း ပရာမာသဒိဋ္ဌိ၏ အာရုံကားဖြစ်လျက် နေကြလေကုန်၏။ ထိုအထဲတွင် မဟာကုသိုလ် ပဌမစိတ်သည်လည်း ပါဝင်လျက် နေလေ၏။

အယူမှားသော ဒိဋ္ဌိတရားကား အလွန်ကြောက်စရာကောင်းလှပေ၏။ အနိစ္စကို နိစ္စဟုထင်၏။ ဒုက္ခကို သုခဟုထင်၏။ အနတ္တကို အတ္တဟုထင်၏။ ထိုတွင်မက လှူဒါန်းခြင်း၏ အကျိုးသည် မရှိ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးသည် မရှိ။ နောက်ဘဝဟူသည် မရှိ။ မိဘတို့၌ ပြုလုပ်အပ်သော ဝတ္တရား၏ အကျိုးသည် မရှိ – စသည် ယူကြသော အယူမှားကား အဘယ်မျှ ကြောက်စရာကောင်း၍ နေဘိသနည်း။

ထိုသို့သော အယူမှားကို ယူမှားသော မိစ္ဆာဒိဋ္ဌိသမားများသည် ထိုသို့ အယူမှားသဖြင့်လည်း အပါယ်လေးပါးသို့ ရောက်နိုင်သလို ဒုစရိုက်တို့ကို ကျူးလွန်၍လည်း အပါယ်ငရဲသို့ ရောက်နိုင်ပြန်လေ၏။

အယူမှားကို အယူမှားဟု သိလျှင် တော်သေး၏။ အယူမှားကို မှန်သည်ဟု ထင်ခြင်းက မြဲရာသံစွဲရှိဘိသကဲ့သို့ မိစ္ဆာဒိဋ္ဌိ သံသရာမှာ ထွက်မြောက်ရန် မလွယ်ကူပေ။

ဤ၌ သတိပြုရန်ကား ပုထုဇဉ်တို့၏ မဟာကုသိုလ် ဖဋမစိတ်ပင် ဖြစ်၏။ ပုထုဇဉ်တို့၌ ကုသိုလ်ပြုတုန်း အခါ၌သာ ထိုမဟာကုသိုလ် ပဌမစိတ်ရှိနေခြင်း ဖြစ်၏။ ကုသိုလ် ပြုပြီးရာအခါ၌ လောကီအာရုံအဖုံဖုံတို့ကြောင့် ထိုမဟာကုသိုလ် ပဌမစိတ် မပျောက်ဘဲ နေမည်မဟုတ်ပေ။ ပျောက်မည်သာ ဖြစ်လေ၏။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မာနစိတ်၊ ဣဿာသစိတ်၊ မစ္ဆရိယစိတ် စသော အကုသိုလ်စိတ်တွေ ဖြစ်ဦးမည်သာဖြစ်၏။

'ဗန္ဓနံ စပလံ စိတ္တံ' ဟူသော ဒေသနာတော်အရ ပုထုဇဉ်တို့၏စိတ်သည် တည်တန့်မှု မရှိ။ တုန်လှုပ်၏။ လျှပ်ပေါ်လော်လီတတ်၏ဟု ဆိုထားလေရာ အလွန်အားကောင်းသော ဒိဋ္ဌအာရုံက ဆွဲဆောင်လာလျှင် ယင်းပုထုဇဉ်သည် သမ္မာဒိဋ္ဌိဟူသော မှန်သောအယူ၌ တောင့်ခံနိုင်မည် မဟုတ်။ စိတ်ဓာတ်ယိုင်လဲ၍ အယူမှားသော မိစ္ဆာဒိဋ္ဌိသမား ဖြစ်သွားနိုင်ပေ၏။ မိစ္ဆာဒိဋ္ဌိအယူကို ယူမိပြီဆိုပြန်လျှင်လည်း ထိုအယူကိုသာ မှန်တယ် ယူဆပြန်သဖြင့် သမ္မာဒိဋ္ဌိဘက်သို့ ပြန်ရောက်ရန် မလွယ်ကူတော့ပေ။

သောတာပန် အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၏ သမ္မာဒိဋ္ဌိကား သံမဏိကဲ့သို့ အလွန်ခိုင်မာတောင့်တင်းလှပေ၏။ မည်မျှ အားကောင်းသော ဒိဋ္ဌိအာရုံ၊ လောကီအာရုံတို့ဖြင့် ဆွဲဆောင်စေကာမူ အသက်သာ အသေခံကောင်း ခံမည် ဖြစ်၏။ မှန်သော အယူကို ဖောက်ဖျက်၍ မှားသောအယူကို ယူဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်ပါပေ။

ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်တရားတို့ကို ပြုလုပ်၍ ရရှိအပ်သော မဟာကုသိုလ် ပဌမစိတ်လောက်မျှနှင့် ကျေနပ်၍ မနေမူဘဲ ကုသိုလ်၏ ဘုရင်ဖြစ်သော လောကုတ္တရာမဂ်ကုသိုလ်အထိ ရရှိအောင် ကြိုးစားသင့်လှပေ၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော သတိတရားသည် ပုထုဇဉ်၌ရှိသော ဖြစ်ပေါ်သော မဟာကုသိုလ် ပဌမစိတ်အား ဤသို့ နှိုးဆော်တိုက်တွန်းမှု ပြုလေ၏။

'အို မဟာကုသိုလ် ပဌမစိတ် ... ငါတို့ဟာ အယူမှန်တယ်၊ အပြစ်ကင်းတယ်၊ သန့်ရှင်းတယ်၊ မြင့်မြတ်တယ် ဆိုပြီး ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေနှင့်ဦး။ အရိယာပုဂ္ဂိုလ် စိတ်သန္တာန်မှာ ဖြစ်နေရတာက အကြောင်းမဟုတ်ဘူး။ ယခု တို့ဟာ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ စိတ်သန္တာန်မှာ ဖြစ်နေရတယ်ဆိုတာ သတိထားဦး... ပုထုဇဉ် ပုဂ္ဂိုလ်တို့ရဲ့ စိတ်ကို သင်သိတယ် မဟုတ်လား။ ကုသိုလ်ပြုတုန်းသာ တို့ကို လက်ခံတာ။ အာရုံတွေက ဆွဲဆောင်လို့ လောဘသမား၊ ဒိဋ္ဌိသမားတွေ ဖြစ်သွားရင် တို့ကို ရှိမှန်းတောင် သိတော့မှာ မဟုတ်ဘူး။ တို့ရဲ့ ကာမကုသိုလ်စိတ်ကလည်း ခိုင်မာမှု မရှိသေးဘူးလေ။ အဲဒီတော့ ခိုင်မာမှုရှိအောင် ကာမကုသိုလ်မျှနှင့်တော့ ရပ်နေလို့ မဖြစ်ဘူး။ မဂ်ကုသိုလ်အထိ တက်လှမ်းမှ ဖြစ်မယ်။ ဝိရိယအကူအညီ၊ သမာဓိ အကူအညီ၊ အမောဟ အကူအညီနဲ့ ဝိပဿနာတရားကို ပွားများကြပါစို့'

ထိုစကားကို ကြားလျှင် မဟာကုသိုလ် ပဌမစိတ်သည် ဝိပဿနာတရားကို တွင်တွင် ပွားလေတော့၏။

၅။ ပကိဏ္ဏကစိတ်ကို ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဂ္ဂါရွက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ပရောဝိပ်နှင့် မဋ္ဌဂုက်မှာ၊	ပကုဟာ၊	ပမာဟိဝင်သည်။
၂။	ဒိဋ္ဌိမယ္ဘဉ်၊	အာရုံတွင်၊	ဖိဝင်နေလေသည်။
၃။	အယူများရာ၊	ဒိဋ္ဌိဟာ၊	ကြောက်စရာကောင်းလှသည်။
၄။	အနိစ္စဝင်၊	နိစ္စအင်၊	ထင်မြင်နေထင်သည်။
၅။	ဒုက္ခတိုင်၊	သုခအင်၊	ထင်မြင်နေထင်သည်။
၆။	အနတ္တဝင်၊	အတ္တအင်၊	ထင်မြင်နေတတ်သည်။
၇။	နောက်ဘဝမရှိ၊	ကံမရှိ၊	ယူမိမှားခြင်းသည်၊
၈။	လွန်စွာမှရယ်၊	ထိတ်လန့်ဖွယ်၊	ကြောက်ဖွယ်ကောင်းပေသည်။
၉။	ယူများပြန်လဲ၊	အပါယ်ပဲ၊	ဝရဲကျနိုင်ထည်။
၁၀။	ဒုစရိုက်ပဲ၊	ကျူးလွန်လဲ၊	ဝရဲကျနိုင်ထည်။
၁၁။	အယူများတာ၊	ထိလေရာ၊	တော်တာပြောရမည်။
၁၂။	အများကိုပင်၊	အမှန်ထင်၊	လွန်ပင် မလွယ်ပြီ။
၁၃။	ပုထုဇဉ်သား၊	လူအများ၊	သတိထားဖို့သည်၊
၁၄။	ပုထုဇဉ်မှာ၊	ကုစိတ်ဟာ၊	မြဲမှာမဟုတ်ပြီ။
၁၅။	ဒိဋ္ဌိအာရုံ၊	အဖုံဖုံ၊	ဆွဲတုံလာလျှင်သည်၊
၁၆။	အကုစိတ်များ၊	တဖွားဖွား၊	ဖြစ်ကားလာလိမ့်မည်။
၁၇။	လော,ဒေါစိတ်များ၊	ကုသာများ၊	ထင်ရှားဖြစ်တတ်သည်။
၁၈။	စိတ်သဘောသည်၊	တုန်လှုပ်သည်၊	ဇော်လည်တတ်လေသည်။
၁၉။	မိစ္ဆာဒိဋ္ဌိ၊	အယူထိ၊	ယူမိတတ်လေသည်။
၂၀။	အယူများပြန်၊	အယူမှန်၊	ဖြစ်ရန်မလွယ်ပြီ။
၂၁။	သောတာပန်မှာ၊	စိတ်ဓာတ်ဟာ၊	လွန်စွာခိုင်ဓာသည်။
၂၂။	ဘယ်လိုအာရုံ၊	ဘယ်လိုကြုံ၊	လှုပ်တုံမရှိပြီ။
၂၃။	အသက်သာများ၊	သေခံငြား၊	အမှားမယူပြီ။
၂၄။	ဒါနပြုကာ၊	ဆောက်တည်ကာ၊	ဘာဝနာပွား၍သည်၊
၂၅။	ပကုအစု၊	ရထားမှု၊	ပုထုဇ္ဇားစွာသည်၊
၂၆။	ပကုစိတ်နှင့်၊	ကျေနပ်ထင့်၊	နေလင့်မသင့်ပြီ။

၂၇။ ကုဏ်ဘုရင်၊ မဂ်ထိပဝင်၊ ရအာဝင်ထုတ်ရမည်။
၂၈။ သတိတရား၊ ပကုအား၊ ပြောကြားလိုက်လေဖြို့။
၂၉။ ပကုတရား၊ သင်သည်ကား၊ သတိထားရမည်။
၃၀။ အယူမှန်တယ်၊ ပြစ်ကင်းတယ်၊ မြတ်တယ်ဟူ၍သည်၊
၃၀။ အထင်ကြီးကာ၊ နေခြင်းဟာ၊ သင့်မှာမဟုတ်ဖြို့။
၃၂။ ပုထုဇဉ်မှာ၊ ကာကုဟာ၊ ခိုင်မှာမဟုတ်ဖြို့။
၃၃။ လောဘသမား၊ အယူမှား၊ ဖြစ်သွားနိုင်ပေသည်။
၃၄။ ခိုင်မာလာအောင်၊ မဂ်ထိအောင်၊ ကျင့်ဆောင်ရပေမည်။
၃၅။ ထိုစကားကြား၊ ပကုကား၊ ကြောက်များသွားလေသည်။
၃၆။ ဝိပသ်တရား၊ မနေနား၊ ပွားများအားထုတ်ဖြို့။

၅။ ပကုစိတ်ကို ပရာမာသဝိပွယုတ္တ ပရာမဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ပကုစိတ်ကို ပရာမာသ ဂေါစ္ဆကဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • •

၁၀။ ပကိုစိတ်ကို မဟန္တရဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁၀။ မဟန္တရဒုက်၌ ၁၄– ဒုက် ။ ။ မဟန္တရဒုက်၌ ၁၄–ဒုက် ရှိ၏။ ယင်းတို့မှာ –

၁။ သာဂမ္မကဒုက်
၂။ စိတ္တသမ္မယုတ္တဒုက်
၃။ စိတ္တသတဘုဒုက်
၄။ စိတ္တသတဘုသမ္ပယုတ္တဒုက်
၅။ စိတ္တသဝိပ္ပယုတ္တဒုက်
၆။ စိတ္တသဝိပ္ပယုတ္တသတဘုဒုက်
၇။ ဥပါဒါဒုက်
၈။ စိတ္တသဝိပ္ပယုတ္တနတ္ထိဒုက်
၉။ စိတ္တသဝိပ္ပယုတ္တဝိဂတဒုက်
၁၀။ စိတ္တသဝိပ္ပယုတ္တနတ္ထိဝိဂတဒုက်
၁၁။ စိတ္တသဝိပ္ပယုတ္တသတဘုဒုက်
၁၂။ ဥပါဒါဒုက်
၁၃။ ဥပါဒိန္နဒုက်
၁၄။ အနုပါဒိန္နဒုက်
– အားဖြင့် ၁၄– ပါးတည်း။

၁။ ပကိုစိတ်ကို သာရမ္မကဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။ သာရမ္မကဒုက်

၁။ သာရမ္မကာ ဓမ္မာ – အာရုံပြုခြင်း ရှိကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး ရှိ၏။
၂။ အနာရမ္မကာ ဓမ္မာ – အာရုံပြုခြင်း မရှိကုန်သော တရားများ။ ဝုပ် ၂၈-ပါး၊ နိဗ္ဗာန် ရှိ၏။

ဤဒုက်သဘောအရ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူ၍ ပရမတ္ထတရား ၄–ပါး ရှိလေရာ စိတ်၊ စေတသိက် ဟူသော နာမ်တရားတို့သည် အာရုံပြုတတ်သော တရားဖြစ်၍ ရုပ်နှင့် နိဗ္ဗာန်တရားတို့သည် အာရုံပြုတတ်သော တရားမဟုတ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် အာရုံပြုတတ်သော တရားများတွင် ပါဝင်သည်ဖြစ်၍ ကုသိုလ်စိတ် တိုးပွားနိုင်သော ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး အာရုံ၊ ဖိဖိပြုလုပ် အားထုတ်ရမည့် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်အာရုံတို့ကိုသာ ထပ်ကာထပ်ကာ အာရုံပြု၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသည်အထိ အာရုံပြု ပွားများနေရမည် ဖြစ်ပေ၏။ အကုသိုလ် ဖြစ်မည့်အာရုံကိုကား ရှောင်ရှားရပေမည်။

၂။ သာရမ္မကဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	သာရမ္မကာဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	စိတ်,စေအကုန်၊	နာမ်၏ဂုဏ်၊	အာရုံပြုတတ်သည်။
၃။	နိဗ္ဗာန်ရုပ်စု၊	အာရုံမူ၊	မပြုတတ်လေသည်။
၄။	ပကုတရား၊	အာရုံကား၊	ပြုကြားလျှင်သည်၊
၅။	ကုသိုလ်တိုးရာ၊	အာရုံသာ၊	စိတ်မှာထုံရမည်။

၆။	တုရားအာရုံ၊	စိတ်မှာထုံ၊	အာရုံပြုရမည်။
၇။	ဒါနစဖြာ၊	ကုသိုလ်သာ၊	ခါခါပြုရမည်။
၈။	မဂ်ဖိုလ်အထိ၊	အာရုံမိ၊	သိရှိသွားရမည်။
၉။	အကုတရား၊	အာရုံကား၊	ရှောင်ရှားရပေမည်။

၁။ ပကတိစိတ်ကို သာရပ္ပဏာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကတိစိတ်ကို စိတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ စိတ္တာဒုက်

၁။ စိတ္တာ ဓမ္မာ – စိတ်မည်သော တရားများ။ စိတ် ၈၉-ပါး ရ၏။

၂။ နော စိတ္တာ ဓမ္မာ – စိတ်မမည်ကုန်သော တရားများ။ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။ ဤစိတ်မည်သည်လည်း ကောင်းသောစိတ်၊ မကောင်းသောစိတ် ဟူ၍ ရှိနေပြန်ရာ မဟာကုသိုလ် ပဌမစိတ်သည် ကောင်းသောစိတ် ဖြစ်ပေ၏။ အကောင်းဆုံးစိတ်သည်ကား မဂ်ကုသိုလ်စိတ် ဖြစ်ပေ၏။ မဟာကုသိုလ် ပဌမစိတ်ကနေ မဂ်ကုသိုလ်စိတ်အထိဖြစ်အောင် ကြိုးစားသင့်ပေ၏။

၂။ ပကတိစိတ်ကို စိတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	စိတ္တာဒုက်မှာ၊	ပကတာ၊	ပမာဏိဝင်သည်။
၂။	မကောင်းသောစိတ်၊	ကောင်းသောစိတ်၊	ကောင်းစိတ်ဖြစ်လေသည်။
၃။	ကုသိုလ်များစိတ်၊	ကောင်းဆုံးစိတ်၊	မဂ်စိတ်ဖြစ်လေသည်။
၄။	မဂ်စိတ်ကိုများ၊	ရအောင်များ၊	ကြိုးစားသင့်ကြသည်။

၂။ ပကတိစိတ်ကို စိတ္တာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတိစိတ်ကို စေတသိကဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။ စေတသိကဒုက်

၁။ စေတသိကာ ဓမ္မာ – စေတသိက်မည်ကုန်သော တရားများ။ စေတသိက် ၅၂-ဝါး ထွေ။

၂။ အစေတသိကာ ဓမ္မာ – စေတသိက် မမည်ကုန်သော တရားများ။ စိတ် ၈၉-ဝါး၊ ထုပ် ၂၈-ဝါး၊ နိဗ္ဗာန် ထွေ။

စိတ်အရ စိတ္တဒုက်နှင့် ပဌမပုဒ်အရနှင့် ဒုတိယပုဒ်အရသာ ကွဲ၏။ စိတ္တဒုက်နှင့် တူလေပြီ။

၄။ ပကတိစိတ်ကို စိတ္တသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၄။ စိတ္တ သမ္မယုတ္တဒုက်

၁။ စိတ္တသမ္မယုတ္တာ ဓမ္မာ – စိတ်နှင့် ယှဉ်ကုန်သော တရားများ။ စေတသိက် ၅၂-ဝါး ထွေ။

၂။ စိတ္တဝိပ္ပယုတ္တာ ဓမ္မာ – စိတ်နှင့် မယှဉ်ကုန်သော တရားများ။ ထုပ် ၂၈-ဝါး၊ နိဗ္ဗာန် ထွေ။

ဤဒုက်သဘောအရ စိတ်နှင့် ယှဉ်သော စေတသိက်တို့တွင် မကောင်းသော အကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက်များ၊ ကောင်းသော ကုသိုလ်စိတ်နှင့် ယှဉ်သော တရားများ ဟူ၍ ရှိလေရာ မဟာကုသိုလ် ပဌမစိတ်သည် ကောင်းသော ကုသိုလ်စိတ်ဖြစ်၍ ကောင်းသောကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက်များမှာလည်း ကောင်းသော စေတသိက်များသာ ဖြစ်လေသည်။ ယင်းစေတသိက်များမှာ အလောဘ အစရှိကုန်သော ၃၈-ပါးသော စေတသိက်များ ဖြစ်ကြလေသည်။

ထိုသဘောအရ ကောင်းသူရှိရာ ကောင်းသူလာ ဆိုသကဲ့သို့ ပီပီစိတ်က ကုသိုလ်စိတ်ဖြစ်နေလျှင် ကုသိုလ် စေတသိက် လာမည်ဖြစ်၍ အကုသိုလ်စိတ် ဖြစ်နေလျှင် အကုသိုလ် စေတသိက်သာ လာကြပေလိမ့်မည်။ သို့ဖြစ်၍ ပီပီတို့စိတ်ကို ကုသိုလ်စိတ်ဖြစ်နေအောင်သာ ကြိုးစားကြရမည် ဖြစ်ပေ၏။

၅။ ပကတိစိတ်ကို စိတ္တသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	စိတ္တသမ္မယုတ္တဒုက်မှာ၊	ပကုဟာ၊	ပမှာနွယ်ပါသည်။
၂။	စိတ်နှင့်ယှဉ်တာ၊	စေသည်သာ၊	ကျန်တာမယှဉ်ပြီ။
၃။	ကောင်းစိတ်ဖြစ်ရာ၊	ကောင်းစေသာ၊	ယှဉ်မှာသေချာသည်။
၄။	မကောင်းစိတ်လဲ၊	မကောင်းပါ၊	မလွဲယှဉ်ပေမည်။
၅။	ကောင်းသူရှိရာ၊	ကောင်းသူလာ၊	ဆိုရာသကဲ့သို့သည်၊

၆။ မိမိစိတ်အား၊ ကောင်းအောင်ငြား၊ ကြိုးစားသင့်ကြသည်။

၄။ ပကတ္တိကို စိတ္တသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတ္တိကို စိတ္တသံသဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ စိတ္တသံသဋ္ဌဒုက်

၁။ စိတ္တသံသဋ္ဌာ ဓမ္မာ – စိတ်နှင့် နှီးနှောကုန်သော တရားများ။ စေတသိက် ၅၂-ပါး ၎င်း။
၂။ စိတ္တဝိသံသဋ္ဌာ ဓမ္မာ – စိတ်နှင့် မနှီးနှောကုန်သော တရားများ။ ရူပ် ၂၈-ပါး၊ နိဗ္ဗာန် ၎င်း။

(*စိတ္တသမ္ပယုတ္တဒုက် နှင့် တူလေပြီ*)

၅။ ပကတ္တိကို စိတ္တသံသဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကတ္တိကို စိတ္တသမုဋ္ဌာနဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ စိတ္တသမုဋ္ဌာနဒုက်

၁။ စိတ္တ သမုဋ္ဌာနာ ဓမ္မာ – စိတ်ကြောင့် ဖြစ်ကုန်သော တရားများ။
စေတသိက် ၅၂-ပါး၊ စိတ္တဇရူပ် ၁၇-ပါး ၎င်း။

၂။ နော စိတ္တ သမုဋ္ဌာနာ ဓမ္မာ – စိတ်ကြောင့် မဖြစ်ကုန်သော တရားများ။
စိတ် ၈၃-ပါး၊ ဇာမွေးရူပ် ၂၀-ပါး၊ ဥတုဇရူပ် ၁၅-ပါး၊ အာဟာရဇရူပ် ၁၄-ပါး၊ နိဗ္ဗာန်၎င်း။

ဤဒုက်သဘောအရ စိတ်သည် စိတ်ကြောင့် မဖြစ်ဘဲ စိတ်ကြောင့်ဖြစ်သော တရားများမှာ စေတသိက်များနှင့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များ ပါဝင်လာပေ၏။ သို့ဖြစ်၍ ရုပ်၊ နာမ်နှစ်ပါးဖြင့် တည်ဆောက်ထားသော ပိဝိတို့၏ ခန္ဓာကိုယ်ကို သုံးသပ်သင့်ကြပေ၏။

ပိဝိတို့ စိတ်သန္တာန်၌ ကောင်းသောစိတ်များ ဖြစ်နေသောအခါ ကောင်းသောစေတသိက်များလည်း စိတ်ကို လာရောက်မှီတွယ်လေ၏။ ထိုမှတစ်ဆင့် ရုပ်အထိ ပျံ့နှံ့သွားရာ ရုပ်သည်လည်း ကောင်းသောရုပ် ဖြစ်နေလေ၏။

ပိဓိတို့ စိတ်သန္တာန်၌ မကောင်းသောစိတ်များ ဖြစ်နေသောအခါ မကောင်းသော စေတသိက်များလည်း စိတ်ကို လာရောက်မှီတွယ်လေ၏။ ထိုမှတစ်ဆင့် ရုပ်အထိ ပျံ့နှံ့သွားပြန်ရာ ရုပ်သည်လည်း မကောင်းသောရုပ် ဖြစ်ရပြန်လေ၏။

ထို့ကြောင့် ပိဓိတို့၏ စိတ်ကို ကောင်းမွန်နေအောင် အထူးကြိုးစား အားထုတ်ပြုပြင်သင့်လှပေ၏။ စိတ်လှမှ စေတသိက်လည်းလှ၊ ရုပ်လည်းလှ၊ ဘဝလည်းလှကြမည် ဖြစ်ပေ၏။

၄။ ပကတ္တိစိတ်ကို စိတ္တာနုပဿနာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	စိတ္တာနုပဿနာဒုက်မှာ၊	ပကတ္တာ၊	ပမာဏယ်ပါသည်။
၂။	စိတ်ကြောင့်စိတ်သည်၊	မဖြစ်ပြီ၊	စေသည်ဖြစ်လေသည်။
၃။	စိတ္တဇရုပ်လဲ၊	စိတ်ကြောင့်ပါ၊	မလွဲဖြစ်ရသည်။
၄။	မိမိစိတ်တွေ၊	ကောင်းစိတ်ပေ၊	ဖြစ်နေလျှင်သည်၊
၅။	စေတသိက်လဲ၊	ကောင်းသည်ပါ၊	ရုပ်လဲကောင်းလေသည်။
၆။	မကောင်းစိတ်တွေ၊	ဖြစ်နေပေ၊	စေတွေမကောင်းပြီ။
၇။	ရုပ်လဲတစ်ခါ၊	အတယ်မှာ၊	ကောင်းတာဖြစ်လိမ့်မည်။
၈။	မိမိစိတ်ထား၊	ကောင်းဘို့ငြား၊	ကြိုးစားသင့်ကြထည်။
၉။	စိတ်သည်လှမှ၊	စေ,ရုပ်လှ၊	ထင်လှကြမည်။

၅။ ပကတ္တိစိတ်ကို စိတ္တာနုပဿနာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကတ္တိစိတ်ကို စိတ္တာသဟဘုဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၇။ စိတ္တာသဟဘုဒုက်

၁။ စိတ္တာသဟဘုနော ဓမ္မာ – စိတ်နှင့်တကွ ဖြစ်ကုန်သော တရားများ။
စေတသိက် ၅၂-ပါး၊ ဝိညာဏ်ဒွေ ရု၏။

၂။ နော စိတ္တာသဟဘုနော ဓမ္မာ – စိတ်နှင့်တကွ မဖြစ်ကုန်သော တရားများ။
စိတ် ၈၉-ပါး၊ ဝိညာဏ်ဒွေကြဉ်သော ရုပ် ၂၆-ပါး ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်၌ ပါဝင်၏။ ပဌမပုဒ်၌ မကင်းသောအားဖြင့် နှယ်၍ ပါလေ၏။

ဤဒုက်သဘောအရ စိတ်ဖြစ်သောအခါ စေတသိက်လည်း စိတ်နှင့်အတူ ပါလာရလေ၏။ ကောင်းသော စိတ် ဖြစ်နေလျှင် ကောင်းသောစေတသိက်များလည်း အတူတကွ ပါလာရသလို မကောင်းသောစိတ် ဖြစ်ပြန်လျှင်လည်း မကောင်းသော စေတသိက်တွေ အတူတကွ ပါလာရပြန်လေ၏။ သို့ဖြစ်၍ ကောင်းသောစိတ်တွေ ဖြစ်နေရန် လိုအပ်လှပေ၏။

စိတ်ဖြစ်လျှင် အတူတကွဖြစ်သော ရုပ်ကား ကာယဝိညတ်, ဝိစီဝိညတ်ဟုဆိုအပ်သော ဝိညတ်ရုပ်နှစ်ပါးတည်း။ ဝိညတ်ဟူသည် ပီပီဖ၏ အလိုဆန္ဒကို သူတစ်ပါးအား သိစေခြင်းတည်း။ စကားပြော၍ သိစေခြင်း၊ လက်ယပ်ခေါ်ခြင်း၊ မျက်စိမှိတ်ပြခြင်း၊ ခေါင်းခါပြခြင်း စသည်ဖြင့် ရုပ်အမူအရာဖြင့် သိစေခြင်းတည်း။ စကားပြော၍ သိစေခြင်းကို ဝစီဝိညတ်ခေါ်၍ အမူအရာဖြင့် သိစေခြင်းကို ကာယဝိညတ်ဟူ၍ ခေါ်လေသည်။

၇။ ပကုစိတ်ကို စိတ္တသဟဘုဒုက်ဖြင့် ဝေဖန်ခြင်း၌ လင်္ကာများ

၁။ စိတ္တသဟဘုဒုက်မှာ၊ ပကုဟာ၊ ပမှာနွယ်လေသည်။
၂။ စိတ်ဖြစ်တုံလတ်၊ စေ,ဝိညတ်၊ တွဲစပ်ဖြစ်ကြသည်။
၃။ စိတ်ဖြစ်လာအင်၊ စေတွင်ပင်၊ ပါဝင်လာရသည်။
၄။ ကောင်းစိတ်တွေသာ၊ ဖြစ်ဖို့ရာ၊ လွန်စွာလိုအပ်သည်။
၅။ ကိုယ့်အလိုပေ၊ သူများတွေ၊ သိစေခြင်းကိုသည်၊
၆။ ဝိညတ်ရုပ်ဟု၊ အမည်ပြု၊ ခေါ်မှုပြုရသည်။
၇။ ဝစီဝိညတ်၊ ကာဝိညတ်၊ နှစ်ရပ်ရှိလေသည်။
၈။ စကားဖြင့်သည်၊ သိစေသည်၊ ဝစီခေါ်ရသည်။
၉။ အမူအရာပြ၊ သိစေက၊ ကာယခေါ်လေသည်။

၇။ ပကုစိတ်ကို စိတ္တသဟဘုဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁။ ဓမ္မသင်္ကြီ စိတ္တုပ္ပါဒကဏ္ဍ မဟာကုသိုလ် ပဌမစိတ်ကို မဟန္တရဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ၅၁၁

၈။ ပကိဏ်စိတ်ကို စိတ္တာနုပရိဝတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၈။ စိတ္တာနုပရိဝတ္တိဒုက်

၁။ စိတ္တာနုပရိဝတ္တိနော ဓမ္မာ – စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော တရားများ။
စေတသိက် ၅၂-ပါး၊ စိညတ် ၃၃ ရှိ၏။

၂။ နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ – စိတ်သို့ အစဉ်လိုက်၍ မဖြစ်ကုန်သော တရားများ။
စိတ် ၈၉-ပါး၊ စိညတ် ဒွေကြဉ်သော ရုပ် ၂၆-ပါး ရှိ၏။

(စိတ္တာသဟဘုဒုက်နှင့်တူပြီ)

၈။ ပကိဏ်စိတ်ကို စိတ္တာနုပရိဝတ္တိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ပကိဏ်စိတ်ကို စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၉။ စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက်

၁။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာ ဓမ္မာ – စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်သော တရားများ။ စေတသိက် ၅၂-ပါး ရှိ၏။

၂။ နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာ ဓမ္မာ – စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ရှိ၏။

(စေတသိကဒုက်နှင့် တူပြီ)

၉။ ပကိဏ်စိတ်ကို စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကူစိတ်ကို စိတ္တသံသဋ္ဌ သမုဋ္ဌာန် သဟဘုဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၀။ စိတ္တ သံသဋ္ဌ သမုဋ္ဌာန် သဟဘုဒုက်

၁။ စိတ္တသံသဋ္ဌ သမုဋ္ဌာန် သဟဘုနော် ဝမ္မာ — စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်သော တရားများ။ စေတသိက် ၅၂-ပါး ထုံ။

၂။ နော် စိတ္တသံသဋ္ဌ သမုဋ္ဌာန် သဟဘုနော် ဝမ္မာ — စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်း တကွမဖြစ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန် ထုံ။

(စေတသိကဒုက်နှင့် တူပြီ)

၁၀။ ပကူစိတ်ကို စိတ္တသံသဋ္ဌ သမုဋ္ဌာန် သဟဘုဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ စိတ္တ သံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၁။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ ဒုက်

၁။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိနော် ဝမ္မာ — စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့ အစဉ်လိုက်၍လည်း ဖြစ်ကုန်သော တရားများ။ စေတသိက် ၅၂-ပါး ထုံ။

၂။ နော် စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိနော် ဝမ္မာ — စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့ အစဉ်လိုက်၍လည်း မဖြစ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန်ထုံ။

(စေတသိက ဒုက်နှင့် တူပြီ)

၁၁။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ ပကိဏ်စိတ်ကို အဗျတ္တိကဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၂။ အဗျတ္တိကဒုက်

၁။ အဗျတ္တိကာ ဓမ္မာ – အတွင်းသန္တာန်၌ ဖြစ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ ဝေဒနာ ၅-ခု ရ၏။

၂။ ဗာဟိရာ ဓမ္မာ – အပသန္တာန်၌ ဖြစ်ကုန်သော တရားများ။

စေတသိက် ၅၂-ပါး၊ ဝေဒနာ ၅-ချက်ဉီသော ရုပ် ၂၃-ပါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်သဘောအရ စိတ်သည် အတွင်းဖြစ်နေသည်ကို သိပြင်နိုင်ကြ၏။ အတွင်း, အပြင်ရှိသည့်အနက်က အတွင်းကောင်းရန် အထူးအရေးကြီး၏။ အတွင်းမကောင်းလျှင် အပြင်စေတသိက်တွေ၊ ရုပ်တွေလည်း ကောင်းမည်မဟုတ်ပေ။

မဟာကုသိုလ် ပဌမစိတ်သည်ကား သောမနဿဝေဒနာနှင့်လည်းတကွဖြစ်၊ ဉာဏ်နှင့်လည်းယှဉ်၊ တက်တက်ကြွကြွလည်းလုပ်ဟူသော အထက်တန်းကျသော တိဟိတ်စိတ်ဖြစ်လေ၏။ ပုထုဇဉ်လူသားတို့၌ ဤကဲ့သို့ ကောင်းမွန်အထက်တန်းကျသော အတွင်းဖြစ်သော တိဟိတ်စိတ်မျိုးကို အခါခါ ဖြစ်စေသင့်လှပေ၏။

၁၂။ ပကိဏ်စိတ်ကို အဗျတ္တိကဒုက်ဖြင့် ဝေဖန်ခြင်းဌ လက်ရာများ

၁။	အဗျတ္တိကဒုက်မှာ၊	ပကုဟာ၊	ပမှာဟိဝင်ဆည်။
၂။	အပြင်အတွင်း၊	နှစ်ရပ်ထင်း၊	အတွင်းစောင်းရမည်။
၃။	အတွင်းကောင်းမှ၊	ပြင်လဲပ၊	ကောင်းကြပေလိမ့်မည်။
၄။	အတွင်းစိတ်ထား၊	ကောင်းအောင်များ၊	ကြိုးစားကြရမည်။
၅။	ပကုမည်စိတ်၊	တိဟိတ်စိတ်၊	တွင်းစိတ်ကောင်းလှဆည်။

၁၂။ ပကိဏ်စိတ်ကို အဗျတ္တိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၃။ ပကတ္တိတ်ကို ဥပါဒါဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၃။ ဥပါဒါဒုက်

၁။ ဥပါဒါ ဓမ္မာ – မိုရ်၍သာ ဖြစ်ကုန်သော တရားများ။ ဥပါဒါဂိုဝ် ၂၄-ပါး၎င်း။

၂။ နော ဥပါဒါ ဓမ္မာ – မိုရ်၍သာ မဖြစ်ကုန်သော တရားများ။ ဇာန်၄ပုံး – ဥပါဒါရုပ် မဟုတ်ကုန်သော တရားများ။ စိတ် ၈၉-ပါး၊ စေတသိတ် ၅၂-ပါး၊ ဘူတရုပ် ၄-ခု၊ နိဗ္ဗာန် ၎င်း။

(ဤဒုက်အရ ဥပါဒါရုပ် ဟုတ်သည်၊ မဟုတ်သည်ကိုသာ ဖြေဆိုခြင်း ဖြစ်၏)

၁၄။ ပကတ္တိတ်ကို ဥပါဒိန္နဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၄။ ဥပါဒိန္နဒုက်

၁။ ဥပါဒိန္နာ ဓမ္မာ – အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုးဖြစ် အဖြစ်ဖြင့် ယူအပ်ကုန်သော တရားများ။ လောကီဝိပါတ် ၃၂-ပါး၊ စေတသိတ် ၃၅-ပါး၊ ကမ္မဇရုပ် ၂၀-ပါး ၎င်း။

၂။ အနုပါဒိန္နာ ဓမ္မာ – အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုးဖြစ် အဖြစ်ဖြင့် မယူအပ်ကုန်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ဖိုလ်စိတ် ၄-ခု၊ စေတသိတ် ၅၂-ပါး၊ စိတ္တဇရုပ် ၁၇-ပါး၊ ဥတုဇရုပ် ၁၅-ပါး၊ အာဟာရဇရုပ် ၁၄-ပါး၊ နိဗ္ဗာန် ၎င်း။

ဤဒုက်သဘောအရ ဝိပါက်စိတ်နှင့် ကမ္မဇရုပ်များသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားများ ဖြစ်၏။ ထိုကံသည် တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်တရား ဦးစီးသော ကံများဖြစ်ကြ၏။ ကောင်းသောကံကြောင့် ဖြစ်သော ဝိပါက်စိတ်နှင့် ကမ္မဇရုပ်များသည် ကောင်းသောဝိပါက်စိတ်နှင့် ကောင်းသော ကမ္မဇရုပ်များဖြစ်မည် ဖြစ်၏။ မကောင်းသောကံကြောင့် ဖြစ်သော ဝိပါက်စိတ်နှင့် ကမ္မဇရုပ်များသည် မကောင်းသောဝိပါက်စိတ်နှင့် မကောင်းသော ကမ္မဇရုပ်များ ဖြစ်ကြမည် ဖြစ်၏။ သို့ဖြစ်၍ ကောင်းသော တိဟိတ်ဝိပါက်စိတ်ဖြစ်ရန်နှင့် ကောင်းသော ကမ္မဇရုပ်တွေဖြစ်ရှိစေရန် ကုသိုလ်တရားတို့ကိုသာ ဆည်းပူးအားထုတ်သင့်လှပေ၏။

မဟာကုသိုလ် ပဌမစိတ်သည် ကာမကုသိုလ်စိတ်၌ တိဟိတ်စိတ် ဖြစ်သည့်နည်းတူ ကောင်းသောစိတ်တွင် ထိပ်တန်းစိတ်ဖြစ်ရကား ထိပ်တန်းကောင်းသောကံကိုလည်း ဆည်းပူးနေသည် မည်လေ၏။

၁၄။ ပကိဏ်းစိတ်ကို ဥပါဒိန္နဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ဥပါဒိန္နဒုက်မှာ၊	ပကုတာ၊	ဒုမှာဟိဝတ်သည်။
၂။	ကမ္မဇရုပ်မျိုး၊	ဝိစိတ်မျိုး၊	ကံကျိုးဖြစ်လေသည်။
၃။	ထွာ,ဒိဋ္ဌိတုံ၊	စွဲယူပုံ၊	အာရုံဖြစ်လေသည်။
၄။	အကြောင်းတံမှာ၊	ကောင်းလေရာ၊	ကျိုးမှာကောင်းဖေမည်။
၅။	ကြောင်းတံမကောင်း၊	အကျိုးထောင်း၊	တယ်ကောင်းနိုင်လိမ့်မည်။
၆။	ကံကောင်းဖို့ရာ၊	ထုသိလ်သာ၊	ကောင်းစွာပြုသင့်သည်။
၇။	ပကုစိတ်ထန်း၊	ကံကောင်းလမ်း၊	ထိပ်တန်းဖြစ်လေသည်။

၁၄။ ပကုစိတ်ကို ဥပါဒိန္နဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကုစိတ်ကို မဟန္တရဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ ပကတ်ိတ်ကို ဥပါဒါန ဂေါစ္ဆကဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၁။ ဥပါဒါန ဂေါစ္ဆက ၄_ ခုက် ။ ။ ကျဉ်ဥပါဒါန ဂေါစ္ဆကဌ် ၆_ခုက် ရှိ၏။ ယင်းတို့မှာ -

၁။ ဥပါဒါနဒုက်
၂။ ဥပါဒါနိုယ့ဒုက်
၃။ ဥပါဒါန သမ္မယုတ္တဒုက်
၄။ ဥပါဒါန ဥပါဒါနိုယသမ္မယုတ္တဒုတ်
၅။ ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိုယဒုတ်
၆။ ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိုယဒုတ်

- အားပြင့် ၆_ပါး ရှိ၏။

ကျဉ်၌ ဥပါဒါန - ဥပါဒါန်ဟူသည် ပြင်းစွာစွဲလမ်းတတ်မှုသဘောဟု အဓိပ္ပါယ်ရ၏။ အကုသိုလ်တရားများတွင် ပြင်းစွာစွဲလမ်းတတ်သော တရားကား လောဘနှင့် ဒိဋ္ဌိတည်း။ ပြွေသည် ဟားကို စွဲပြုစွာ ဖမ်းယူသကဲ့သို့ လောဘ၊ ဒိဋ္ဌိ ဟူသော စေတသိက် ၂_ပါးသည် လောဘက လောဘအာရုံကို ယူရာ၌လည်းကောင်း၊ ဒိဋ္ဌိက ဒိဋ္ဌိအာရုံကို ယူရာ၌လည်းကောင်း ပြင်းစွာစွဲလမ်း၍ ယူတတ်၏။ အခြားသော အကုသိုလ်တရားများလည်း မိမိဆိုင်ရာ အယူကို ယူတတ်၏။ သို့ရာတွင် လောဘ၊ ဒိဋ္ဌိတို့လောက် ပြင်းထန်စွာ စွဲယူတတ်မှု မရှိပေ။ ထို့ကြောင့် လောဘ၊ ဒိဋ္ဌိတို့ကိုသာ ဥပါဒါန်ဟူ၍ ခေါ်ဆိုရလေသည်။

၁၁။ ပကတ်ိတ်ကို ဥပါဒါနဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ ဥပါဒါနဒုက်

၁။ ဥပါဒါနာ ဓမ္မာ - ပြင်းစွာစွဲလမ်းတတ်ကုန်သော တရားများ။ ဝါ - ဥပါဒါန်မည်သော တရားများ။ လောဘ၊ ဒိဋ္ဌိ တို့ဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။

၂။ နော ဥပါဒါနာ ဓမ္မာ - ပြင်းစွာမစွဲလမ်းတတ်ကုန်သော တရားများ။ ဝါ_ ဥပါဒါန် မမည်သော တရားများ။ စိတ် ၈၉-ပါး၊ ဥပါဒါနိုတရားကိုယ် ၂-ပါးကြဉ် စေတသိက် ၅၀-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ရ၏။

ကျဉ်ဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပြင်းစွာ မစွဲလမ်းတတ်သော ဒုတိယပုဒ်အရတွင် ပြဆိုအပ်သော တရားများ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ကျဉ်ဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် မိမိ၏ ကုသိုလ်အာရုံကို ယူရာ၌ လောဘ၊ ဒိဋ္ဌိတို့ကဲ့သို့ အကုသိုလ်ဖြစ်ရန်အတွက်၊ အကုသိုလ်တွေ တိုးပွားရန်အတွက် ပြင်းပြင်းထန်ထန် စွဲစွဲလမ်းလမ်း ယူသည်မဟုတ်။ ကုသိုလ်တရားတွေ တိုးပွားဖို့ရာအတွက်၊ အကုသိုလ်တရားတွေနှင့် ဝေးခြားဖို့ရာအတွက် အာရုံယူခြင်းဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၏ အာရုံယူမှုသည် အပြစ်ကင်း၏။ သန့်ရှင်း၏။ စင်ကြယ်၏။ ကျကဲ့သို့ မြင့်မြတ်လှသော စိတ်မျိုးကို မိမိတို့ သန္တာန်၌ အဓိဓါ ဖြစ်စေသင့်လှပေ၏။

၁။ ပကတိစိတ်ကို ဥပါဒါနဒုက်ပြု၍ ဝေဖန်ခြင်းဌ ဆောင်ရန်လက်ံကများ

၀။	ဥပါဒါနဒုတိမ်မှာ၊	ပကုဟာ၊	ဒုမ္မာပါဝဝ်ထည်။
၂။	ဥပါဒါနာ၊	ခေါ်ဆိုရာ၊	မိပ္ပါသိရမည်။
၃။	အာရုံယူရာ၊	စွဲလမ်းစွာ၊	ပြင်းစွာယူလေထည်။
၄။	မြွေကဖားကို၊	ဖမ်းထလို၊	လွန်ကိုစွဲယူထည်။
၅။	လော,ဒိ နှစ်ဖြာ၊	ယူရပ်မှာ၊	လွန်စွာပြင်းထန်ထည်။
၆။	လော,ဒိ လောကဓ်များ၊	ခြားတရား၊	ယူပြားမရှိပြီ။
၇။	ထို့ကြောင့်အမှန်၊	လော,ဒိဟန်၊	ဥဒါန်ခေါ် ရထည်။
၈။	ပကုတရား၊	အာရုံကား၊	ယူပြားရာ၌သည်၊
၉။	အထုတွေကဝ်း၊	ကုတိုးထဝ်း၊	ယူရပ်ဖြစ်လေထည်။
၀၀။	မြင့်မြတ်လှရိုး၊	ကုစိတ်မျိုး၊	တိုးတိုးပြုရမည်။

၁။ ပကုစိတ်ကို ဥပါဒါနဒုက်ပြု၍ ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို ဥပါဒါနိယဒုက်ပြု၍ ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၂။ ဥပါဒါနိယဒုက်

၁။ ဥပါဒါနိယာ ဓမ္မာ – ဥပါဒါန်၏ အာရုံပြုစ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါး ရု၏။

၂။ နော ဥပါဒါနိယာ ဓမ္မာ – ဥပါဒါန်၏ အာရုံမဟုတ်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ပါး၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန် ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်၏ အရပြုစ်သော ဥပါဒါန်၏ အာရုံပြုစ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် ပြင်းထန်စွာ စွဲယူတတ်သော လောဘ၊ ဒိဋ္ဌိတရားမျိုး မဟုတ်သော်လည်း ပြင်းထန်စွာ စွဲယူတတ်သော လောဘ၊ ဒိဋ္ဌိတို့၏ အာရုံပြုရာနယ်၌ ရှိနေလေ၏။ တစ်နေ့အခါ၌ မေ့လျော့မှုကြောင့် မဟာကုသိုလ် ပဌမစိတ် ပျောက်ကွယ်၍ လောဘ၊ ဒိဋ္ဌိဟူသော ဥပါဒါန်နယ်သို့ ရောက်တတ်လေ၏။ ထိုအခါ လောဘအာရုံ၊ ဒိဋ္ဌိအာရုံတို့ကို ပြင်းစွာစွဲယူတော့မည် ဖြစ်၏။ ယင်းသို့ဆိုလျှင် အဘယ်သို့ အကုသိုလ်နယ်မှ ထနိုင်တော့အုံးနည်း။ ဥပါဒါန်တို့၏ အာရုံပြုရာနယ်မှ လွတ်ကင်းသော လောကုတ္တရာနယ်သို့ ရောက်အောင်သွားသင့်ကြပေကုန်၏။

၂။ ပကတ္တိကို ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။ ဥပါဒါနိယဒုက်မှာ၊ ပကတ္တာ၊ ပမာဟိဝင်ဆည်။
၂။ ဥပါဒါန်၏သာ၊ အာရုံမှာ၊ ဝင်ဖါဇနေပြန်ထည်။
၃။ ကုသိုလ်ပြုမူ၊ ထိဖိတန်းစု၊ ပကုတရားသည်၊
၄။ ပကုပ္ပောက်ကား၊ ဥပါဒါ၊ နယ်မှာရောက်တတ်ထည်။
၅။ ဒိဋ္ဌိနယ်ထိ၊ လောဘထိ၊ ရောက်ရှိသွားတတ်သည်။
၆။ ဥပါဒါန်ဖြစ်က၊ ဥဒါန်မှ၊ အထမလွယ်ပြီ။
၇။ ဥပါဒါန်ကုန်၊ လောကုတ်တုံ၊ ခိုလုံသင့်ကြသည်။

၂။ ပကုစိတ်ကို ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ဥပါဒါနသမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဥပါဒါန သမ္မယုတ္တဒုက်

၁။ ဥပါဒါန သမ္မယုတ္တာ ဓမ္မာ – ဥပါဒါန်နှင့် ယှဉ်ကုန်သော တရားများ။ လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတပိဝွယုတ်စိတ် ၄.ခုံ၌ ရှိသော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ် စေတသိတ် ၂၂-ဝါး ရ၏။

၂။ ဥပါဒါန ဝိပ္ပယုတ္တာ ဓမ္မာ – ဥပါဒါန်နှင့် မယှဉ်ကုန်သော တရားများ။ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ်စိတ် ၂၁ - ဝါး၊ ဝိစိကိစ်စိတ် ၃၆-ဝါး၊ ဩဃာစိတ် ၂၀-ဝါး၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိတ် ၄၉-ဝါး၊ ဒိဋ္ဌိဂတ ပိဝွယုတ်၌ရှိသော လောဘ၊ ရူပ် ၂၈-ဝါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ဥပါဒါန်နှင့် မယှဉ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤ၌ လောဘ၊ ဒိဋ္ဌိဟူသော ဥပါဒါန်တို့နှင့် မယှဉ်ခြင်းသည် မဟာကုသိုလ် ပဌမစိတ်အတွက် အလွန်ကောင်းမြတ်လှပေ၏။ မှန်၏။ လောဘက ကာမအာရုံကို ပြင်းပြင်းထန်ထန် စွဲလမ်း၏။ ဒိဋ္ဌိက သတ္တဝါတို့၏ ခန္ဓာကိုယ်၌ အတ္တဟူ၍ မရှိဘဲ အတ္တရှိသည်ဟူ၍ မှောက်မှောက်မှားမှားသော အယူဝါဒကို ပြင်းပြင်းထန်ထန် စွဲလမ်း၏။ အလွန်မိုက်မဲသော လူမိုက်နှင့် မပေါင်းသည့်အတွက် လူလိမ္မာအဖို့ ဂုဏ်တက်၍ သိက္ခာရှိသကဲ့သို့ မဟာကုသိုလ် ပဌမစိတ်သည်လည်း အလွန်မှောက်မှား ဖောက်ပြားသော လောဘ၊ ဒိဋ္ဌိဟူသော ဥပါဒါန်တို့နှင့် မယှဉ်တွဲခြင်းသည်လည်း အလွန်ဂုဏ်တက်၍ အလွန်သိက္ခာရှိလေ၏။

၁၂။ ပကုစိတ်ကို ဥပါဒါနသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ လက်ကမ္ဘား

၀။	ဥပါဒါနဆမ္ဗယုတ္တဒုက်မှာ၊	ပတုဟာ၊	ဒုမှာပါဝင်ထည်။
၂။	ဥပါဒါန်နှင့်ပတ်၊	တွဲမယှဉ်၊	သိမြင်နိုင်ပေထည်။
၃။	မယှဉ်ခြင်းကား၊	ပတုတား၊	လွန်ကြားကောင်းမြတ်ထည်။
၄။	တာအာရုံမှာ၊	လောဘတာ၊	လွန်စွာစွဲယူထည်။
၅။	ဒိဋ္ဌိသည်ကား၊	အထူမှား၊	လွန်ကြားစွဲယူထည်။
၆။	လူမိုက်နှင့်သာ၊	မပေါင်းရာ၊	လိမ္မာသူများသည်၊
၇။	လူမိုက်လူယုတ်၊	မပေါင်းချက်၊	ဂုဏ်တက်လေထို့ထည်၊
၈။	တိဟိတ်စိတ်ဟု၊	ခေါ် ဆိုပြု	ပကုတရားထည်၊
၉။	လော,ဒိအပျက်၊	မယှဉ်ချက်၊	ဂုဏ်တက်ရလေသည်။

၃။ ပကုစိတ်ကို ဥပါဒါန သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကုစိတ်ကို ဥပါဒါန ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၄။ ဥပါဒါန ဥပါဒါနိယဒုက်

၁။ ဥပါဒါနာ ဧ၀ဝ ဓမ္မာ ဥပါဒါနိယာ စ – ဥပါဒါန်လည်းမည်၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်သော တရားများ။
လောဘ၊ ဒိဋ္ဌိတို့ဆိုအပ်သော ဥပါဒါန် တရားတိုယ် ၂-ပါး ရု၏။

၂။ ဥပါဒါနိယာ ဧ၀ဝ ဓမ္မာ နောစ ဥပါဒါ– ဥပါဒါန်၏ အာရုံဖြစ်၍ ဥပါဒါန် မမည်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ ဥပါဒါန်တရားတိုယ် ၂-ပါးကြဉ်သော စေတသိက် ၅၀၊ ရုပ် ၂၈-ပါး ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ဥပါဒါန်၏ အာရုံဖြစ်၍ ဥပါဒါန် မမည်သော တရားတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ထိုအရ မဟာကုသိုလ် ပဌမစိတ်သည် ဥပါဒါန် မမည်သော်လည်း ဥပါဒါန်၏ အာရုံနယ်က မလွတ်သည်ကို သတိပြုသင့်ပေ၏။ ပုထုဇဉ်လူသားတို့အနေဖြင့် ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြ၍ ပိဓိတို့၏ စိတ်သန္တာန်၌ တိဟိတ်စိတ်ဖြစ်သော မဟာကုသိုလ်စိတ်ကို ဖြစ်စေသည်မှာ ပိဓိကိုယ်ကို တန်ဖိုးရှိအောင် မြှင့်တင်ရာ ရောက်ပေ၏။ အချို့ ပုထုဇဉ်တို့သည်ကား သမထဘာဝနာပွားများ၍ ပဌမဈာန် အစရှိသော ဈာန်ကို ရသည်အထိပင် ဈာန်ကုသိုလ်တရားကို ဖြစ်စေနိုင်လေ၏။

သို့ဖြစ်သော်လည်း ထိုကုသိုလ်တရားတို့သည် လောကီကုသိုလ်သာ ဖြစ်လေ၍ လောဘ၊ ဒိဋ္ဌိဟူသော ဥပါဒါန်တို့၏ အာရုံနယ်က မလွတ်ကင်းရကား တစ်ဖန်ပြန်၍ ဥပါဒါန်နယ်၊ အကုသိုလ်နယ်သို့ ပြန်ရောက်နိုင်ပေ၏။ အချို့သော ပုထုဇဉ်များသည် ကာမကုသိုလ်ကို အကြိမ်များစွာ ပြုလုပ်ပြီးမှ တစ်ဖန် ဥပါဒါန်ဖြစ်သော လောဘသမား၊ ဒိဋ္ဌိသမား အဖြစ်သို့ ရောက်နေပြန်၏။ အချို့ ပုထုဇဉ်တို့ကား ဈာန်တရားတွေ ရပြီးမှ ဈာန်တန်ခိုးဖြင့် ပြေလျှိုး၊ ပိုးပျံပြီးမှ တစ်ဖန် လောဘသမား၊ ဒိဋ္ဌိသမားဟူသော ဥပါဒါန်နယ်သို့ ရောက်နေပြန်လေ၏။

ထို့ကြောင့် လောကီဖြစ်သော ကာမကုသိုလ် တိဟိတ်စိတ်မှ လောကုတ္တရာဖြစ်သော မဂ်ကုသိုလ် တိဟိတ်စိတ်အထိ ကူးပြောင်းရောက်ရှိအောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေ၏။

၄။ ပကုဏ္ဏကို ဥပါဒါန ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်းဌာန လင်္ကာများ

၁။ ဥပါဒါနန္ဒွင့် နိယဒုက်မှာ၊ ပကုဏ္ဏာ၊ ဒုမှာဟိဝင်သည်။
၂။ ဥဒါန်မမည်၊ အာရုံသည်၊ ဖြစ်ကျိုနေလေသည်။
၃။ ပုထုဇဉ်များ၊ ကုတရား၊ ပါပြားသဖြင့်သည်၊
၄။ ဩဩစိတ်တွင်၊ တိစိတ်ဝင်၊ ဖြစ်အင်နေလေသည်။
၅။ ကိုယ့်ကိုယ်ကိုဝင်၊ တန်ဖိုးဝင်၊ မြှင့်တင်နိုင်လေပြီ။
၆။ အချို့ဆိုလျှင်၊ စျာန်ကိုဝင်၊ ရအင်ထုတ်နိုင်သည်။
၇။ သို့ရာတွင်ကား၊ ကိတရား၊ ဖြစ်ပြားနေလေသည်။
၈။ ဥဒါန်၏သာ၊ အာရုံမှာ၊ ကျကာနေ၍သည်၊
၉။ ဥဒါန်နယ်မှာ၊ ပြန်တစ်ခါ၊ ဖြစ်လာနိုင်ပေသည်။
၁၀။ အချို့ပုဗ္ဗာ၊ ကုမျှားစွာ၊ ပြုရပြီးမှသည်။
၁၁။ ဒိဋ္ဌိသမား၊ လောသမား၊ ကြီးစားဖြစ်လေသည်။
၁၂။ အချို့ဆိုကား၊ စျာန်တရား၊ ရထားပြီးမှသည်၊
၁၃။ ဥဒါန်တရား၊ အကြိုးစား၊ ဖြစ်ပြားပြန်လေသည်။
၁၄။ ထို့ကြောင့်မှန်စွာ၊ ပုထုဇဉ်၊ များစွာလူတို့သည်၊
၁၅။ ပကုဏ္ဏိလ်မှ၊ မဂ်သို့ပ၊ ရောက်မှတော်ပေမည်။

၄။ ပကုဏ္ဏကို ဥပါဒါန ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကတိစိတ်ကို ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၅။ ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက်

၁။ ဥပါဒါနာ ဧစေဝ ဓမ္မာ ဥပါဒါနသမ္မယုတ္တာ စ – ဥပါဒါန်လည်း မည်၊ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်သော တရားများ။ ဒိဋ္ဌဝတသမ္မယုတ်စိတ် ၄-ခုသို့သော လောဘ၊ ဒိဋ္ဌိတို့ ဆိုအပ်သော ဥဝါဒါန် တရားကိုယ် ၂-ဝါး ရ၏။

၂။ ဥပါဒါနသမ္မယုတ္တာ ဧစေဝ ဓမ္မာ နောစ ဥပါဒါနာ – ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်သော တရားများ။ လောဘမူစိတ် ၈-ခု၊ ဥဝါဒါန်တရားကိုယ် ၂-ဝါး ကြဉ်သော စေတသိက် ၂၀-ဝါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ၂-ပုဒ်လုံးဌ မပါဝင်သည်ကို သိမြင်နိုင်ကြပေ၏။

လူမိုက်လည်း မမည်။ လူမိုက်နှင့်လည်း ပေါင်းသင်းဆက်ဆံ ယှဉ်တွဲခြင်း မရှိသော လူလိမ္မာ လူပညာရှိသည် အလွန်သန့်စင် မွန်မြတ်၍ အလွန်တန်ဖိုးရှိသကဲ့သို့ ဥပါဒါန်လည်း မမည်၊ ဥပါဒါန်နှင့်လည်း ယှဉ်တွဲခြင်း မရှိသော မဟာကုသိုလ် ပဌမစိတ်ဖြစ်သော တိဟိတ်စိတ်သည်လည်း အလွန်သန့်စင် မွန်မြတ်၍ အလွန် အထက်တန်းကျကာ အလွန်တန်ဖိုးရှိသော စိတ်ဖြစ်သည်ကို သိမြင်နိုင်ကြပေ၏။

သို့ဖြစ်၍ ယင်းသန့်စင်သော မဟာကုသိုလ် ပဌမစိတ်က ယင်း၏စိတ်အရှင် လူသားကို သန့်စင်သော လူသားအဖြစ်သို့လည်းကောင်း၊ ယင်းမွန်မြတ်သောစိတ်က မွန်မြတ်သော လူသားအဖြစ်ကိုလည်းကောင်း၊ ယင်း အထက်တန်းကျသောစိတ်က အထက်တန်းကျသော လူသားအဖြစ်ကိုလည်းကောင်း၊ တန်ဖိုးရှိသောစိတ်က တန်ဖိုးရှိသော လူသားအဖြစ်ကိုလည်းကောင်း ရောက်အောင် ပို့ဆောင်ပေးမည်သာ ဖြစ်လေသည်။

သို့ဖြစ်၍ ယုတ်ညံ့သောဘဝဟူသည် စိတ်ဓာတ်ယုတ်ညံ့၍ ဖြစ်ရသည်ကိုလည်းကောင်း၊ အထက်တန်းကျသော ဘဝဟူသည် စိတ်ဓာတ်အထက်တန်းကျ၍ ဖြစ်ရသည်ကိုလည်းကောင်း သဘောပေါက်သင့်ပေ၏။

၅။ ပကတိစိတ်ကို ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ လက်ရာများ

၁။	ဥပါဒါနနှင့်သမ္မဒုတ်မှာ၊	ပတုဟာ၊	ပါတာမဟုတ်ပြီ။
၂။	မပါတာပင်၊	အလွန်ပင်၊	ကောင်းပင်ပြုနေသည်။
၃။	လောကလူဆွေ၊	လူလိမ္မာ၊	ပညာရှိများသည်၊
၄။	လူမိုက်မမည်၊	မပေါင်းသည်၊	လွန်ကျွံမွန်မြတ်သည်။
၅။	ဤနည်းတူစွာ၊	ပကုသာ၊	ဖြစ်တေတရားသည်၊

၆။	ဥဒ္ဓါန်မမည်၊	မယ္ဘဥ်သည်၊	လွန်ကျွံမှန်မြတ်သည်။
၇။	သန့်စင်လှရိုး၊	ထက်တန်းမျိုး၊	တန်ဖိုးရှိလေသည်။
၈။	သန့်စင်လှငြား၊	ကုတရား၊	လူသားများကိုသည်၊
၉။	သန့်စင်လူပေ၊	မြတ်လူပေ၊	ဖြစ်စေပေလိမ့်မည်။
၁၀။	တန်ဖိုးရှိငြား၊	ထက်တန်းသား၊	ထင်ရှားဖြစ်စေမည်။
၁၁။	သို့ဖြစ်၍ပ၊	ယုတ်ဘဝ၊	ဖြစ်ရသူများသည်၊
၁၂။	စိတ်ဓာတ်ကိုက၊	ယုတ်လို့ပ၊	ဖြစ်ရသိမ့်ဝင်သည်။
၁၃။	အထက်တန်းကျ၊	မြင့်မြတ်လှ၊	ဖြစ်ရသူများသည်၊
၁၄။	စိတ်ဓာတ်ကိုက၊	အထက်ကျ၊	ဖြစ်ရသိမ့်ဝင်သည်။
၁၅။	တရားသဘော၊	ဖြစ်ပုံစော၊	သဘောပေါက်သင့်သည်။

၅။ ပကူစိတ်ကို ဥပါဒါန် ဥပါဒါနသမ္ပယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကူစိတ်ကို ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်

၁။ ဥပါဒါနဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ ဥပါဒါနိယာဝိ – ဥပါဒါန်နှင့်မယှဉ်၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော တရားများ။ ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီကုသိုလ်စိတ် ၁၇-ပါး၊ လောကီဝိပါက် ၃၂-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိတ် ၄၉-ပါး၊ ဒိဋ္ဌိဝတဝိပ္ပယုတ်၌ရှိသော လောဘ၊ ရုပ် ၂၈-ပါး ရုံ၏။

၂။ ဥပါဒါနဝိပ္ပယုတ္တာ ဧဝါပန ဓမ္မာ အနုပါဒါနိယာဝိ – ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိတ် ၃၆-ပါး၊ နိဗ္ဗာန် ရုံ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ဥပါဒါန်နှင့် မယှဉ်။ ဥပါဒါန်၏ အာရုံဖြစ်သော တရားများတွင် ပါဝင်နေသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ဥပါဒါန်နှင့် မယှဉ်သော်လည်း ဥပါဒါန်၏ အာရုံကား ဖြစ်နေပြန်လေ၏။

ဥပါဒါန်အဆင့်သို့ ရောက်သွားသော လောဘ၊ ဒိဋ္ဌိများသည် အာရုံကို ယူရာ၌ ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ယူသည့်အပြင် အစွဲလည်း အလွန်ကြီး၍ ပြင်းထန်လည်း အလွန်ပြင်းထန်လှပေ၏။ သို့ဖြစ်၍ ပုထုဇဉ်လူသားတို့အနေဖြင့် သာမည လောဘ၊ ဒိဋ္ဌိမျိုး ဖြစ်ကြသည်မှာ မထောင်းသာလှသော်လည်း ဥပါဒါန်အဆင့် အထိ ရောက်သော လောဘ၊ ဒိဋ္ဌိမျိုး ဖြစ်လျှင်မူကား အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလှပါပေ၏။ သို့ဖြစ်၍ ဗိမိတို့၏ ဖြစ်တတ်လေ့ရှိသော သာမည လောဘ၊ ဒိဋ္ဌိများကို ဥပါဒါန် အဆင့်အထိ ရောက်မသွားရန် အထူးသတိပြု သင့်လှပေ၏။

'မနေ့က သူတော်ကောင်း၊ ယနေ့ သူယုတ်မာ ' ဟူ၍ ဆိုဘိသကဲ့သို့ မနေ့က ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ်အရှင် ဖြစ်ခဲ့၏။ ယနေ့တွင်ကား ဥပါဒါန်အဆင့် ရှိသော လောဘ၊ ဒိဋ္ဌိတွေ ဖြစ်၍ ဒုစရိုက်တွေကို ကျူးလွန်ကာ အလွန်ယုတ်မာသော လူဖြစ်ပြန်ရမည် ဆိုလျှင်ကား အဘယ်သို့လျှင် ကောင်းနိုင်ပါလိမ့်မည်နည်း။ 'ငြဟ္ဗွာပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရုတ်ရုတ်' အဆိုကလည်း ရှိနေပြန်သဖြင့် ထိုဖောက်လွဲဖောက်ပြန် ဘဝမျိုး မဖြစ်ကြရအောင် ပုထုဇဉ်ဘဝမှ သောတာပန်ဘဝသို့ ရောက်ရှိရန် အထူးလိုအပ်လှပေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော သတိစေတသိက်က မဟာကုသိုလ် ပဌမစိတ်အရှင်ဖြစ်သော ပုထုဇဉ်လူသားအား ဤသို့ သတိပေးနိုင်ပေ၏။

(ဤ၌ မဟာကုသိုလ်စိတ်ဟု ပြောလျှင် ကုသိုလ်ရှင်ကို ပြောသည်ဟူ၍ မှတ်ပါ)

'အို မဟာကုသိုလ ပဌမစိတ်... သင်သည် ဥပါဒါန်နှင့် မပေါင်းမယှဉ်သော်လည်း ဥပါဒါန်၏ အာရုံစက်ကွင်း၌ ဝင်နေသည်ကို သတိပြုလော့။ လူလောကမှာ ဥပါဒါန်ဖြစ်စရာ အာရုံတွေကလည်း ပေါပါဘိသနဲ့။ ထိုအာရုံတို့၏ ဆွဲဆောင်မှု ကြောင့် ယုတ်ညံ့ယုတ်မာလှသော ဥပါဒါန်နယ်သို့ ရောက်သွားလျှင် သင်ရဲ့ယခုလို အဖိုးတန်တဲ့ ဘဝမျိုးကို ပြန်ရောက်ဖို့ ဆိုတာ မလွယ်ဘူး။ တို့ရဲ့ဒီလောကီကုသိုလ်ဘဝနဲ့ ရှိနေတာကိုက နောက်ကျမှာလုံသလိုပဲ။ အဲဒီတော့... တို့ရဲ့ကုသိုလ် ဘုရင် မဟာကုသိုလ်ဆီသို့ ရောက်အောင် ပြေးကြပါဗို့' ဟူ၍ သတိပေးစကား ပြောကြားလိုက်လေ၏။

မဟာကုသိုလ် ပဌမစိတ်လည်း ယုတ်ညံ့နယ်သို့ ပြန်မရောက်လိုသည်နှင့်ပင် ကုသိုလ်ဘုရင် မဟာကုသိုလ် ဆီသို့ရောက်အောင် ရည်ရွယ်၍ ဝိပဿနာတရားကိုသာ နာနာဖို၍ အားထုတ်နေလေတော့၏။

၆။ ပကုဏ်စိတ်ကို ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယသုတ်ဖြင့် ဝေဖန်ခြင်း၌ လက်ခံများ

၁။	ဥပါဝိဝဇ္ဇန့် နိယဒုက်မှာ၊	ပဏုဟာ၊	ပမှာပါဝင်သည်။
၂။	ဥဒါန်နှင့်တို၊	မယှဉ်တို၊	အာရုံဖြစ်နေသည်။
၃။	ဥဒါန်ဆင့်ထိ၊	ရောက်နေတိ၊	လော,ဒိန္နစ်ပါးသည်၊
၄။	အာရုံအယူ၊	ဖောက်ပြန်တူ၊	မှားယူခြင်း၌သည်၊
၅။	အစွဲလဲကြီး၊	ပြင်းထန်ပြီး၊	ဖဲကြိုးလွန်းလှသည်။
၆။	ပုထုဇဉ်မှာ၊	စိတ်ဓာတ်ဟာ၊	ခိုင်တာမဟုတ်ဖြို။

၇။	သာမာန်လောဒိ၊	ဒါန်ဆင့်ထိ၊	ရောက်ရှိသွားလျှင်သည်၊
၈။	အလွန်မှပင်၊	ကြောက်ဖွယ်ပင်၊	ကောင်းအင်နေလေသည်။
၉။	မနေ့ကကောင်း၊	ခုမကောင်း၊	ဖြစ်တောင်းလာတတ်သည်။
၀၀။	မနေ့ကတွင်၊	ပကုရှင်၊	ခုအင်ဉာဒါန်သည်၊
၀၀။	ဗြဟ္မာဝင်းဝင်း၊	ဝက်စားကျင်း၊	ရှုတ်ခြင်းတယ်ကောင်းမည်၊
၀၂။	သတိတရား၊	ပကုအား၊	ပြောကြားနိုင်လေသည်။
၀၃။	ပကုတရား၊	ဒါန်နှင့်ကား၊	ပေါင်းကားမပေါင်းပြီ။
၀၄။	သို့ရာတွင်လဲ၊	အာရုံထဲ၊	မိမြဲမိနေသည်။
၀၅။	လူ့လောကီဘုံ၊	ဒါန်အာရုံ၊	ဖုံဖုံပေါလှသည်။
၀၆။	အာရုံကပြောင်၊	စိတ်ကချောင်၊	ဆွဲဆောင်လာ၍သည်၊
၀၇။	ဥပါဒါန်၊	နယ်သို့ပ၊	ရောက်ကျသွားလိမ့်မည်။
၀၈။	တန်ဖိုးရှိလှ၊	ကုဘဝ၊	မှောင်ကျသွားပေမည်။
၀၉။	တန်ဖိုးရှိလှ၊	ခုဘဝ၊	ပြန်ရမလွယ်ပြီ။
၂၀။	ကိုကုဘဝေါ၊	ဖြစ်နေသော၊	နောက်ကျောမလုံပြီ။
၂၁။	ကုဘုရင်ပါ၊	ကုမဂ္ဂ၊	ရောက်မှတော်တော့မည်။
၂၂။	ထိုစကားကြား၊	ပကုကား၊	ယုတ်ကြားနယ်သို့သည်၊
၂၃။	မသွင်းချင်ရာ၊	ဝိပသ်သာ၊	နာနာအားထုတ်ပြီ။

၆။ ပကုစိတ်ကို ဥပါဒါနဝိပွယုတ္တ ဥပါဒါနိယဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ ပကုစိတ်ကို ဥပါဒါနဂေါစ္ဆကဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ ပကတိစိတ်ကို ကိလေသဝေါဒ္ဓကဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၂။ ကိလေသဝေါဒ္ဓက ဓ–ဒုက် ။ ။ ဤကိလေသဝေါဒ္ဓကဌ ဓ–ဒုက်ရှိ၏။ ယင်းတို့မှာ –

၁။ ထိလေသဒုက်　　၂။ သံကိလေသိတဒုက်　　၃။ သံကိလိဋ္ဌဒုက်
၄။ ထိလေသသမ္မယုတ္တဒုက်　　၅။ ထိလေသ သံကိလေသိတဒုက်　　၆။ ထိလေသ သံကိလိဋ္ဌဒုက်
၇။ ထိလေသ ကိလေသသမ္မယုတ္တဒုက်　　၈။ ထိလေသဝိပ္ပယုတ္တ သံကိလေသိတဒုက်　　အာဒိဖြင့် ဓ–ပါး ရှိ၏။

၁။ ပကတိစိတ်ကို ကိလေသဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ ကိလေသဒုက်

၁။ ကိလေသာ ဓမ္မာ – ကိလေသာ မည်ကုန်သော တရားများ။ ဝါ– ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော တရားများ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ တို့ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀–ပါး ၎င်း။

၂။ နော ကိလေသာ ဓမ္မာ – ကိလေသာ မဖြည်ကုန်သော တရားများ။ စိတ် ၈၉–ပါး၊ ကိလေသာတရားကိုယ် ၁၀–ပါး ကြဉ်သော စေတသိက် ၄၂–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန် ၎င်း။

ကိလေသာဟူသည် ကိလေသာစိတ်ဖြစ်သော သူတို့၏ စိတ်နှလုံးကို ပူပန်စေတတ်၏။ ညစ်နွမ်းစေတတ်၏ ဟူ၍ အဓိပ္ပါယ်ရသည်။

ဤဒုက်အရ ပဌမပုဒ်၌ ပါဝင်သော လောဘ အစရှိကုန်သော တရား ၁၀–ပါးတို့သည် ပိပိဖြစ်ရာ သတ္တဝါအား ပူပန်စေတတ်၏။ ညစ်နွမ်းစေတတ်၏။ နှိပ်စက်တတ်၏။ ထို့ကြောင့် ထိုတရား ၁၀–ပါးကို ကိလေသာဟူ၍ ခေါ်ရခြင်း ဖြစ်လေသည်။

ပိပိတို့စိတ်မှာ တဏှာ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိစ သော တရားများဖြစ်သောအခါ ပိပိတို့၏ စိတ်ကို သတိထားကြည့်ပါ။ အေးမြနေသည်ကို တွေ့ရမည်မဟုတ်ဘဲ ဆာလောင်မွတ်သိပ်နေသည်၊ ပူလောင်နေသည်၊ ညစ်နွမ်းနေသည်ကိုသာ တွေ့ကြရမည်ဖြစ်သည်။ စိတ်တွေ ပူလောင်ညစ်နွမ်းသောအခါ ရုပ်ပါ ပူလောင်ညစ်နွမ်း၍ လာရပြန်လေသည်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ဖြစ်သော ကိလေသာ မမည်သော တရား၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေသည်။

မဟာကုသိုလ် ပဌမစိတ်သည် ကိလေသာ မမည်ရုံတွင်မက အကုသိုလ်တရားတွေ ကင်းကွာ၍ အထက်တန်းစား ကုသိုလ်စိတ် ဖြစ်နေရကား ပူလောင်မှု၊ ညစ်နွမ်းမှု ကင်းစင်ကာ ပြုံးစင်သန့်ရှင်း၍ အပြစ်ကင်း၍

အဝိုးတန်ဘဝကို ရရှိ၍နေလေသည်။ ဤကဲ့သို့ ဘဝမျိုးကို အမြတ်တနိုး တန်ဖိုးထားတတ်ရန် လိုအပ်ပေသည်။

၁။ ပကတ္တိတ်ကို ကိလေသဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	ကိလေသဒုက်မှာ၊	ပကတ္တာ၊	ဒုမ္မာပါဝင်သည်။
၂။	ကိလေသာဟူ၊	စိပ္ပါယ်မူ၊	သိယူနိုင်ကြသည်။
၃။	စိတ်နှလုံးပေ၊	ပူပန်စေ၊	ညစ်စေတတ်၍သည်၊
၄။	လောဘစပေ၊	ဆယ်မျိုးပေ၊	ကိလေခေါ် ရသည်။
၅။	ကိလေတရား၊	စိတ်၌များ၊	ဖြစ်ပွားလာလျှင်သည်၊
၆။	အေးမြနေတာ၊	ကြည်နေတာ၊	ဘယ်မှာတွေ့လိမ့်မည်။
၇။	ပူလောင်နေတာ၊	မွတ်သိပ်တာ၊	ညစ်တာတွေ့ရမည်။
၈။	စိတ်ကိုကျော်ကာ၊	ရုပ်ကိုပါ၊	ကူးတာတွေ့ရမည်။
၉။	ပကတိတ်ကား၊	ကိတရား၊	ကင်းကွာသဖြင့်သည်၊
၁၀။	ဖြူစင်သန့်ရှင်း၊	အပြစ်ကင်း၊	လွန်မင်းကောင်းမြတ်သည်။
၁၁။	အထက်တန်းစား၊	ပကုအား၊	ရောသူတို့သည်၊
၁၂။	ဤဘဝမျိုး၊	မြတ်တနိုး၊	တန်ဖိုးထားရမည်။

၁။ ပကတိတ်ကို ကိလေသဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကတိတ်ကို သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ သံကိလေသိကဒုက်

၁။ သံကိလေသိကာ ဝမ္မာ – ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရည်၍ ထိုက်ကုန်သော တရားများ။ ဖော်နည်း – ကိလေသာတို့၏ အာရုံပြစ်ကုန်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါး ရှု၏။

၂။ အသံကိလေသိကာ ဝမ္မာ – ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရည်၍ မထိုက်ကုန်သော တရားများ။ ဖော်နည်း – ကိလေသာတို့၏ အာရုံမဟုတ်ကုန်သော တရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရှု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ကိလေသာ၏ အာရုံဖြစ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ လောကုတ္တရာတရားတို့သည် ကိလေသာ၏ အာရုံနယ်မှ လွတ်သောကြောင့် ကိလေသာကို ရခြင်းငှါ မထိုက်တန်တော့ပြီ ဖြစ်၏။ ပယ်ပြီးကုန်သော ကိလေသာများ ပြန်မလာနိုင်တော့ပြီ ဖြစ်၏။

မဟာကုသိုလ် ပဌမစိတ် အစရှိကုန်သော လောကီတရားတို့သည်ကား၊ ကိလေသာ အာရုံမှ မလွတ်သော ကြောင့် ကိလေသာကို ရခြင်းငှါ ထိုက်နေ၏။ ကုသိုလ်စိတ် ဖြစ်နေစဉ် တဒင်္ဂ် ပေးအပ်ပြီးကုန်သော ကိလေသာများ တစ်ဖန် ပြန်လာနိုင်ပေ၏။

ပြုပြုစဉ်စဉ်နှင့် ကုသိုလ်ဝင်နေသောသူတို့အဖို့ ဓဓညစ်ညစ်နှင့် ကိလေသာအပြစ်တွေ့ တစ်ဖန်ပြန်၍ ရဦးမည် ဆိုလျှင် သင့်လျော်မည် မဟုတ်ပေ။ ပြုစင်သော ကုသိုလ်တရားကို ထိန်းထားသင့်ကြပေ၏။

၂။ ပကုစိတ်ကို သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်းဌာ် ဆောင်ရန်လက်ာများ

၁။	သံတိလေသိတဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	ကိလေသာအား၊	ရထိုက်ငြား၊	တရားဖြစ်လေသည်။
၃။	ကိလေသာတုံ၊	ပြုထိုက်ကုန်၊	အာရုံဖြစ်လေသည်။
၄။	လောကုတ်ခေါ် ဆို၊	မြတ်သည်ကို၊	မဂ်ဖိုလ်တရားသည်၊
၅။	ကိလေတစ်ထောက်၊	အာရုံရောက်၊	လွတ်မြောက်သွားလေပြီ။
၆။	ကိလေတစ်သိုက်၊	အာရုံစိုက်၊	မထိုက်လေတော့ပြီ။
၇။	ပယ်ကိလေသာ၊	ပြန်မလာ၊	သေချာသွားလေပြီ။
၈။	လောကီခေါ် တုံ၊	တရားစုံ၊	ကိအာရုံမှသည်၊
၉။	မလွတ်မြောက်ရာ၊	တစ်ဖန်သာ၊	ပြန်လာနိုင်ပေသည်။
၁၀။	တဒင်္ဂ်ပယ်၊	ကိလေရယ်၊	ပြန်တွယ်နိုင်လေသည်။
၁၁။	ဖြူဖြူစင်စင်၊	ကုသိုလ်ဝင်၊	ဖြစ်အင်္ဂါသူတို့သည်၊
၁၂။	ဓဓညစ်ညစ်၊	ကိလေပြစ်၊	ပြန်ရစ်မသင့်ပြီ။
၁၃။	ဖြူစင်တရား၊	ပကုအား၊	ထိန်းထားသင့်ကြသည်။

၂။ ပကုစိတ်ကို သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိကို သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ သံကိလိဋ္ဌဒုက်

၁။ သံကိလိဋ္ဌာ ဓမ္မာ – ကိလေသာတို့သည် ပူပန်စေအပ်၊ နှိပ်စက်အပ်သော တရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၇-ပါး ရ၏။

၂။ အသံကိလိဋ္ဌာ ဓမ္မာ – ကိလေသာတို့သည် မပူပန်စေအပ်၊ မနှိပ်စက်အပ်ကုန်သော တရားများ။
ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်၀ိုင်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ကိလေသာတရားတို့ မပူပန်စေအပ် မနှိပ်စက်အပ်နိုင်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။

ဤဒုက်သဘောအရ ကိလေသာတရားတို့သည် အကုသိုလ်တရားတို့နှင့်သာ ပေါင်းသင်းဆက်ဆံ ယှဉ်တွဲကြသည်ဖြစ်၍ အကုသိုလ်တရားတို့ကိုသာ ပူပန်စေမှု၊ ညစ်နွမ်းစေမှု၊ နှိပ်စက်မှု ပြုလုပ်နိုင်လေသည်။ ကျန်သော ကုသိုလ်၊ ဝိပါက်၊ ကြိယာတရားတို့နှင့်ကား ယှဉ်တွဲခြင်း၊ ပေါင်းဖော်နိုင်ခြင်း မရှိသည်ဖြစ်၍ ထိုကုသိုလ် စသော တရားတို့ကို ပူပန်အောင်၊ ညစ်နွမ်းအောင် မပြုလုပ်နိုင်ပေ၊ မနှိပ်စက်နိုင်ပေဟူသော တရားသဘောကို သိမြင်နိုင်ကြပေသည်။

ထိုအရ ထိုအထဲတွင် မဟာကုသိုလ် ပဌမစိတ်သည်လည်း အထက်တန်းကျကျ မျက်နှာပန်းလှလှ ရှေ့ဆုံးက ပါဝင်နေသည်ဖြစ်၍ ထိုအချိန်၌ စိတ်နှလုံးသည် အကုသိုလ်တရား၊ ကိလေသာတရားဟူသော အယုတ်တရားတို့မှ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်း ဖြစ်နေ၍ စိတ်တရား၏ လုံခြုံမှုရနေသည်ကို သိမြင်နိုင်ကြပေသည်။

၃။ ပကတ္တိကို သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	သံကိလိဋ္ဌဒုက်မှာ၊	ပကတ္တာ၊	ဒုမှာပါဝင်သည်။
၂။	ကိလေတရား၊	နှိပ်စက်ခြား၊	ကင်းကွာနေလေသည်။
၃။	ပူစေတတ်ခြား၊	နှိပ်စက်ခြား၊	ကိတရားတို့သည်၊
၄။	အကုန်ငှဉ်သာ၊	ယှဉ်လေရာ၊	ယှဉ်ရာစိတ်ကိုသည်၊
၅။	ပူပန်စေအပ်၊	နှိမ်းစေအပ်၊	နှိပ်စက်တတ်လေသည်။
၆။	သန့်ရှင်းဖြူစင်၊	တုန့်ပင်၊	မယှဉ်သဖြင့်သည်၊
၇။	ကုတရားစု၊	ပူစေမှု၊	မပြုလုပ်နိုင်ပြီ။
၈။	ပကုတရား၊	ရနေခြား၊	လူများစွာတို့သည်၊
၉။	မိမိစိတ်မှာ၊	ဘေးကင်းတာ၊	ရုံတာသိရမည်။

၃။ ပကတ္တိကို သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကိဏ္ဏကစိတ်ကို ကိလေသ သမ္မယုတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ကိလေသ သမ္မယုတ္တဒုက်

၁။ ကိလေသ သမ္မယုတ္တာ ဓမ္မာ – ကိလေသာနှင့် ယှဉ်ကွဲသောတရားများ။
အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၇-ပါး ရှိ၏။

၂။ ကိလေသ ဝိပ္ပယုတ္တာ ဓမ္မာ – ကိလေသာနှင့် မယှဉ်ကွဲသော တရားများ။ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရှိ၏။

(သံကိလိဋ္ဌဒုက်နှင့် တူလေ့ရှိ)

၅။ ပကိဏ္ဏကစိတ်ကို ကိလေသ သံကိလေသိကာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ကိလေသ သံကိလေသိကဒုက်

၁။ ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာ စ – ကိလေသာလည်းမည်၊ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်သော တရားများ။ လောဘ အစရှိကုန်သော ကိလေသာ တထုံးကိုယ် ၁၀-ပါးရှိ၏။

၂။ သံကိလေသိကာ စေဝ ဓမ္မာ နောစ ကိလေသာ – ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်သော တရားများ။ လောကီစိတ် ၈၁-ပါး၊ ကိလေသာ တထုံးကိုယ် ၁၀-ပါးကြဉ် စေတသိက် ၄၂-ပါး၊ ရုပ် ၂၈-ပါး ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ကိလေသာတရားတို့သည် ကိုယ်တိုင်ကလည်း ကိလေသာမည်၍ မိမိကိုယ်လည်း မိမိ အာရုံပြုနိုင်သလို အပြန်အလှန်အားဖြင့်လည်း အာရုံပြုကြသဖြင့် သတ္တဝါတို့အား ကိလေသာဖြစ်စေမှု၌ အလွန်အင်အားတောင့်တင်းလျက်ရှိသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဒုတိယပုဒ်အရတွင် ပါဝင်နေသော မဟာကုသိုလ် ပဌမစိတ်သည်ကား ကိုယ်တိုင်ကပင် ကိလေသာ မမည်သော်လည်း ကိလေသာ၏ အာရုံပြုရာနယ်၌ ကျရောက်နေသဖြင့် မဟာကုသိုလ် ပဌမစိတ် ကုသိုလ်ရှင်များသည် မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာကနေ ကိလေသာစိတ်တွေ အဖြစ်သို့ ပြောင်းလွဲသွားနိုင်သည်ကို သတိပြု မိကြ၍ ကုသိုလ်တရားကိုသာ အားကိုးအားထား ပြုလျက် နေသင့်ကြပေ၏။

၅။ ပကုစိတ်ကို ကိလေသ သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ကိလေသနှင့် သံကိဒုက်မှာ၊	ပကုဟာ၊	ဒုမှာဟိဝဝ်သည်။
၂။	လောဘစတြား၊	ကိဆယ်ပါး၊	တရားများတို့သည်၊
၃။	ကိလေသာမည်၊	အာရုံသည်၊	ဖြစ်ကျိသဖြင့်သည်၊
၄။	ကိလေအစု၊	ဖြစ်ပွားမှု၊	လွန်ပြုအားကောင်းသည်။
၅။	ပကုစိတ်ကား၊	မမည်ငြား၊	ရုံကားမိ၍သည်၊
၆။	တစ်ချို့ဌာပါ၊	ကိစိတ်ပါ၊	ပြောင်းလွဲသွားနိုင်သည်။
၇။	ကုစိတ်ကိုသာ၊	အားထားရာ၊	ပြုကာနေသင့်သည်။

၅။ ပကုစိတ်ကို ကိလေသ သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို ကိလေသ သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ ကိလေသ သံကိလိဋ္ဌဒုက်

၁။ ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာစ – ကိလေသာလည်း မည်၊ ကိလေသာလည်း နှိပ်စက်အပ်ကုန်သော တရားများ။ ကိလေသာ တရားတိုင်း ၁၀- ပါးရ၏။

၂။ သံကိလိဋ္ဌာ စေဝ ဓမ္မာ နော စ ကိလေသာ – ကိလေသာ မမည်၊ ကိလေသာနှိပ်စက်အပ်ကုန်သော တရားများ။ အထူသိုလ်စိတ် ၁၂-ပါး၊ ကိလေသာတရားတိုင်း ၁၀-ပါးကြဉ် စေတသိက် ၁၇-ပါး ရ၏။

ဤနှက်သဘောအရ လောဘ အစရှိကုန်သော တရားတို့သည် ကိလေသာလည်း မည်၍ အချင်းချင်းလည်း အပြန်အလှန် ယှဉ်သောအားဖြင့် နှိပ်စက်ကြလေကုန်၏။ ထို့ကြောင့် လောဘ အစရှိကုန်သော ကိလေသာတရားတို့သည် သတ္တဝါတို့အား ပူပန်အောင်၊ သတ္တဝါတို့၏ ဘဝကို ညစ်နွမ်းအောင် ပြုလုပ်ရာ၌ အလွန်အားကောင်းသော တရားများ ဖြစ်၍နေလေ၏။

မဟာကုသိုလ် ပဌမစိတ်သည်ကား ဤနှက်၌ နှစ်ပုဒ်လုံးအရ၌ မပါဝင်သဖြင့် ကုသိုလ်တရားဘက်၌ အလွန်အားကောင်းသော အလောဘ၊ အဒေါသ၊ အမောဟတရားတို့နှင့် ယှဉ်တွဲရသည်ဖြစ်၍ သတ္တဝါတို့အား ချမ်းသာသုခနှင့် ဖြူစင်သန့်ရှင်းအောင် ပြုလုပ်ရာ၌ အလွန်အားကောင်းသော စိတ်တစ်စိတ် ဖြစ်လေ၏။ ထို့ကြောင့် မဟာကုသိုလ် ပဌမစိတ်သည် ကိလေသာတို့ နောင့်ယှက်ခွင့်၊ နှိပ်စက်ခွင့် မရဘဲ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင် အပြစ်ကင်းကင်း ရပ်တည်နိုင်ခြင်း ဖြစ်ပေ၏။

၆။ ပကုစိတ်ကို ကိလေသ သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်းဌ သံပေါက်လက်ကများ

၁။ ကိလေသနှင့် လိဋ္ဌဒုတ်မှာ၊ ပထုဟာ၊ ဖါတာမဋိုပြီ။
၂။ လောဘစရြား၊ ကိဆယ်ပါး၊ ထရားများတို့ထည်၊
၃။ ကိလဲမည်ရ၊ ပြန်လှန်ပ၊ ယှဉ်ကြသဖြင့်ထည်၊
၄။ သတ္တဝါများမြောင်၊ ပူပန်အောင်၊ ပြုစောင်ရာဌ်ထည်၊
၅။ အားကောင်းလေရြား၊ တရားများ၊ ဖြစ်ကားနေလေထည်၊
၆။ ပတုစိတ်ဟာ၊ ဤဒုတ်မှာ၊ မပါထဖြင့်ထည်၊
၇။ အလောစရြား၊ ကုတရား၊ ယှဉ်ကြားထဖြင့်ထည်၊
၈။ ကာတုတတ်မှာ၊ ပကုဟာ၊ လွန်စွာအားကောင်းထည်၊
၉။ သတ္တဝါတို့အား၊ ချမ်းသာများ၊ ပေးကြားရာဌ်ထည်၊
၁၀။ အင်အားကောင်းစွာ၊ ဖြူစင်စွာ၊ ပေးတာဖြစ်လေထည်၊
၁၁။ ကိလေအတု၊ နှောက်ယှက်မှု၊ မပြုနိုင်တဲထည်၊
၁၂။ အပြစ်ကင်းထည်၊ ဖြူစင်ထည်၊ ရဖ်တည်နိုင်လေထည်။

၆။ ပကုစိတ်ကို ကိလေသ သံကိလိဋ္ဌဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ပကုစိတ်ကို ကိလေသ ကိလေသသမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၇။ ကိလေသ ကိလေသသမ္မယုတ္တဒုက်

၁။ ကိလေသာ ဧစေဝ ဓမ္မာ ကိလေသ သမ္မယုတ္တာ စ – ကိလေသာလည်း မည်၊ ကိလေသာနှင့်လည်း ယှဉ်ကုန်သော တရားများ။ ကိလေသာ တရားကိုယ် ၁၀-ပါး ရ၏။

၂။ ကိလေသသမ္မယုတ္တာ ဧစေဝ ဓမ္မာ နော စ ကိလေသာ – ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ ကိလေသာ တရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် ၁၇-ပါး ရ၏။

(*ကိလေသ သံကိလိဋ္ဌဒုက်နှင့် တူပြီ*)

၇။ ပကုစိတ်ကို ကိလေသ ကိလေသ သမ္မယုတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ပကတ်ိကို ကိလေသပိပ္ပယုတ္တာ သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၈။ ကိလေသပိပ္ပယုတ္တာ သံကိလေသိကဒုက်

၁။ ကိလေသပိပ္ပယုတ္တာ ဓေါ် ပန ဓမ္မာ သံကိလေသိကာဝိ – ကိလေသာနှင့် မယှဉ်၊ ကိလေသာ၏ အာရုံဖြစ်ကုန်သော တရားများ။ လောကီဝိပါက်စိတ် ၃၂-ပါး၊ လောကီဝိပါက်စိတ် ၃၂-ပါး၊ ကြွယာစိတ် ၂၀-ပါး၊ စေတသိက် ၁၈-ပါး၊ ရူပ် ၂၈-ပါး ရ၏။

၂။ ကိလေသပိပ္ပယုတ္တာ ဓေါ် ပန ဓမ္မာ အသံကိလေသိကာဝိ – ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဟုတ်ကုန်သော တရားများ။ လောတုတ္တရာစိတ် ၈-၃၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်၊ ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ကိလေသာနှင့်မယှဉ် ကိလေသာ၏ အာရုံဖြစ်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ကိလေသာနှင့် ပေါင်းဖော်ယှဉ်တွဲခြင်း မရှိသော်လည်း ကိလေသာ၏ အာရုံပြုခြင်းကို ခံနေရသဖြင့် ကိလေသာက မဟာကုသိုလ် ပဌမစိတ်ကို သူ့ပါတိဝဲဝင်ရန် လက်ယပ် ခေါ်သကဲ့သို့ ဖြစ်နေလေသည်။

လူ့လောကၦ် ကိလေသာအာရုံတွေကလည်း နည်းမျိုးစုံတို့ဖြင့် ပုထုဇဉ်လူသားတို့အား ဆွဲဆောင်နေရကား ယိုင်နဲ့နဲ့ ဖြစ်လာသော မဟာကုသိုလ် ပဌမစိတ်ကို မဟာကုသိုလ် ပဌမစိတ်ၦ်ဟုဉ်သော ဟိရိ, ဩတ္တပ္ပတရား နှစ်ပါးက ဤသို့ သတိပေး ပြောကြားလေ၏။

‘အို မဟာကုသိုလ် ပဌမစိတ်... သင်သည် တိဟိတ်စိတ်ဖြစ်သည် မဟုတ်လား။ ထက်ထက်မြက်မြက်စိတ် ဖြစ်သည် မဟုတ်လား။ အဘယ်ကြောင့် ရန်သူဖြစ်သော ကိလေသာဘက် ဦးလှည့်ချင်ရသနည်း။ သင်၏ ဖြူစင်သန့်ရှင်းသော စိတ်ညစ်နွမ်းသွားမှာ၊ ပူလောင်သွားမှာ သင် မကြောက်ဘူးလား။ မြင့်မြတ်သော စိတ်ကနေ ယုတ်ညံ့သောစိတ် ဖြစ်မှာကို သင် မကြောက်ဘူးလား’ – ဟူ၍ ပြောကြားလိုက်လေ၏။

မဟာကုသိုလ် ပဌမစိတ်လည်း အရှက်အကြောက်တွေဖြစ်ကာ ကိလေသာတရားတွေနှင့် ဝေးသထက်ဝေး အောင် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားတွေကို ဝိရိယ၊ သတိ၊ သမာဓိပညာတို့နှင့်တွဲ၍ ဖိဖိစီးစီး အားထုတ်၍ နေလေတော့၏။

၈။ ပကုစိတ်ကို ကိလေသဝိပွယုတ္တ သဝိကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်းဌ လက်ာများ

၀။ ကိလေဝိပ်နှဝ့် သိတဒုက်မှာ၊ ပတုဟာ၊ ပမှာပါဝင်ထည်။
၂။ ကိလေမဟ္ဘဉ်၊ အာရုံတွင်၊ ပါဝင်နေပြန်ထည်။
၃။ ပတုစိတ်တုန်၊ ကိအာရုံ၊ ဖြစ်ကြုံထဖြဉ့်ဆာည်၊
၄။ ကိလေယုတ်ဓာတ်၊ ပကုမြတ်၊ လက်ယဝ်ခရီ ဓလေ့ပြီ။
၅။ သူပါတိထဲ၊ ဝင်ရန်ပဲ၊ အားခဲဆွယ်လေ့ပြီ။
၆။ ကိအာရုံတု၊ အစုစု၊ ပုထုဗျားကိုသည်၊
၇။ လိုချင်လောဇအောင်၊ လှသယောင်၊ ဆွဲဆောင်နေဆေသည်။
၈။ ပတုစိတ်ဆဲ၊ ထိုင်လိုပဲ၊ ဖြစ်ပဲလော်ကာသည်၊
၉။ ဟိ,ထြတ်တရား၊ ပတုအား၊ ပြောကြားလိုက်လေ့ပြီ။
၁၀။ ပထုမည်စိတ်၊ သဝိကိစိတ်၊ တိဟိတ်ဖြစ်ဆေသည်။
၁၀။ ထက်မြက်သည့်စိတ်၊ ဖြူစင်စိတ်၊ မြတ်စိတ်ဖြစ်လေသည်။
၁၂။ ဤသို့ဖြစ်လျှက်၊ တိဓလေတက်၊ ဦးလှည့်မယဝ့်ပြီ။
၁၃။ ပူလောင်မှာဖြဉ့်၊ ညစ်မှာဖြဉ့်၊ ကြောက်ထဝ့်လှဓေထည်။
၁၄။ အဖြတ်စိတ်ဟာ၊ ထုတ်ညှဉ်တာ၊ ဖြစ်တာရုက်ရမည်။
၁၅။ ထိုစကားကြား၊ ပတုကား၊ ရုက်များထွားခဓလေ့ပြီ။
၁၆။ တိလေယုတ်ကောင်၊ ဝေးသွားအောင်၊ ရည်ဆောင်ပြု၍ထည်၊
၁၇။ ဝိရိန္ဒင့်ပါ။ တိ,ဝိပါ၊ ပညာခရီ တွဲဖြဲပြီ။
၁၈။ တုသိလ်တိုတည်း၊ ဖဖစီး၊ ဖွဲကြီးထုတ်လေ့ပြီ။

၈။ ပကုစိတ်ကို ကိလေသဝိပွယုတ္တ သံကိလေသိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ ကိလေသ ဂါဓိကဖြင့် ဝေဖန်ခြင်း ပြီး၏။

.....

၁၃။ ပကိဏ္ဏကကို ပိဋ္ဌဒုကဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၁၃။ ပိဋ္ဌဒုက် ၁၈–ဒုက် ။ ။ ကျိပိဋ္ဌဒုက်၌ ၁၈–ဒုက် ရှိ၏။ ယင်းတို့မှာ –

၁။ ဒဿနေန ပဟာတဗ္ဗဒုက် ၂။ ဘာဝနာယ ပဟာတဗ္ဗဒုက် ၃။ ဒဿနေန ပဟာတဗ္ဗ ဟေတုကဒုက်
၄။ ဘာဝနာယ ပဟာတဗ္ဗ ဟေတုကဒုက် ၅။ သဝိတက္ကဒုက် ၆။ သဝိစာရဒုက်
၇။ သပ္ပီတိကဒုက် ၈။ ပီတိသဟဂတဒုက် ၉။ သုခသဟဂတဒုက်
၁၀။ ဥပေက္ခာသဟဂတဒုက် ၁၁။ ကာမာဝစရဒုက် ၁၂။ ရူပါဝစရဒုက်
၁၃။ အရူပါဝစရဒုက် ၁၄။ ပရိယာပန္နဒုက် ၁၅။ နိယျာနိကဒုက်
၁၆။ နိယတဒုက် ၁၇။ သဥ္ဇတ္တရဒုက် ၁၈။ သဒုကဒုက် အာဒိဖြင့် ၁၈–ပါး ရှိ၏။

၁။ ပကိဏ္ဏကကို ဒဿနေန ပဟာတဗ္ဗဒုက်ဖြင့် ဝေဖန်ခြင်းဌာန ကိုယ်ကျင့်တရားများ

၁။ ဒဿနေန ပဟာတဗ္ဗဒုက်

၁။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ – သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော တရားများ။ သောတာပတ္တိ
မဂ်သည် အကြောင်းမရှိသောအားဖြင့် ဝယ်အပ်သော ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄–ခု၊ ဝိစိကိစ္ဆာ
သဟဂုတ်စိတ် ၁–ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတြဂ်ိသော စေတသိက် ၂၂ – ပါး။
သောတာပတ္တိမဂ်သည် တနုကဒုအားဖြင့် ဝယ်အပ်သော အဝါယဝမနိယဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်
၄–ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌ, ဝိစိကိစ္ဆာတြဂ်ိသော စေတသိက် ၂၅–ပါးတို့၏။

၂။ နဒဿနေန ပဟာတဗ္ဗာ ဓမ္မာ – သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်သော တရားများ။ သောတာပတ္တိ
မဂ်သည် ဝယ်အပ်သည်မှတစ်ပါး အဝါယဝမနိယမဟုတ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူဒွေ၊
သောတာပတ္တိမဂ်သည် စင်စစ်မဝယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ် ၁–ခု၊ ထူသိုလ်စိတ် ၂၁–ပါး၊
ဝိပါက်စိတ် ၃၆–ပါး၊ ကြိယာစိတ် ၂၀–ပါး၊ ဒိဋ္ဌ, ဝိစိကိစ္ဆာတြဂ်ိသော စေတသိက် ၅၀–ပါး၊
ရူပ် ၂၈–ပါး၊ နိဗ္ဗာန်ဂုဏ်။

ကျိဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော သောတာပတ္တိမဂ်သည် မပယ်အပ်
ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ကျိဒုက်၌ ပဌမပုဒ်အရကို ကြည့်လျှင် သောတာပတ္တိမဂ်ကုသိုလ်က ပယ်အပ်သော အကုသိုလ်တရားများကို
တွေ့မြင်နိုင်၏။ ကျိအရ သောတာပတ္တိမဂ်သည် ဒိဋ္ဌဂတသမ္ပယုတ်စိတ်နှင့် ဝိစိကိစ္ဆာစိတ်တို့ကိုလည်းကောင်း၊
ဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ကိုလည်းကောင်း အကြွင်းမဲ့ပယ်၍ အပါယ်သို့ ရောက်စေနိုင်သော အခြားသော အကုသိုလ်

တရားများကိုလည်း အားနည်းအောင်ပြု၍ ပယ်လေ၏။ ထိုသို့ ပယ်သတ်ခြင်းကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့ မရောက်ရခြင်း၊ အပါယ်မကျခြင်း ဖြစ်လေသည်။

မဟာကုသိုလ် ပဌမစိတ်ဆည် ဒုတိယစိတ်ဖြစ်သော သောတာပတ္တိမဂ်သည် မပယ်အပ်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤနှက်သဘောအရ သောတာပတ္တိမဂ်ကုသိုလ်သည် အပါယ်သို့ ရောက်စေနိုင်သော အကုသိုလ်တရားများကို အကြွင်းမဲ့ ပယ်သတ်နိုင်သော်လည်း မဟာကုသိုလ် ပဌမစိတ်ကား တဒင်္ဂသာ ပယ်သတ်နိုင်လေ၏။ သို့ဖြစ်၍ ကုသိုလ်ဘုရင် မဂ်ကုသိုလ်နှင့် မဟာကုသိုလ် ပဌမစိတ်၏ အခြေအနေသည် အတော်ကွာဟနေသည် ဖြစ်ရကား မဟာကုသိုလ် ပဌမစိတ်သည် အားငယ်သကဲ့သို့ ဖြစ်ရလေ၏။ ထိုအချို့ သတိတရားသည် မဟာကုသိုလ် ပဌမစိတ်ကို ဤသို့ ပြောကြားလေ၏။

> 'မဟာကုသိုလ်ပဌမစိတ်... သောတာပတ္တိမဂ်လို အပါယ်ချမည့် အကုသိုလ်တရားတွေကို အကြွင်းမဲ့ ပယ်နိုင်လို့ အားငယ်နေသလား။ အားမငယ်ပါနဲ့။ သူလို ပယ်သတ်နိုင်ချင်ရင်တော့ သူလိုဖြစ်အောင် လုပ်ရမှာပေါ့။ သူလည်း တို့ကို မကျိုင်ထား၍ ဝိပဿနာတရား ရှုမှားရာကနေ ကုသိုလ်ဘုရင် ဖြစ်သွားတာပဲ မဟုတ်လား။ တို့လည်း သိပ်တော့ အားမသေးလှပါဘူး။ တို့ဟာ ဒါန၊ သီလ၊ သမထကုသိုလ်တရားတွေထဲတွင် ပါနေတာမဟုတ်ဘူး။ ဝိပဿနာဆိုတာလည်း အရင်ကတော့ တို့ပဲမဟုတ်လား။ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ဂဂိုတြဘုတို့၊ ထေရဒါန်တို့၊ ပစ္စဝေက္ခဏာဉာဏ်တို့ဆိုတာလည်း တို့ပဲမဟုတ်လား။ တို့လည်း သောတာပတ္တိမဂ်ရအောင် ဝိပဿနာတရားတွေကြိုးစားပွားများတာပေါ့ '

ထိုအချို့ မဟာကုသိုလ် ပဌမစိတ်သည် ရန်သူ အကုသိုလ် ကိလေသာ အယုတ်တမာများကို အကြွင်းမဲ့ ပယ်သတ်နိုင်ရန်အတွက် ဒါန၊ သီလ၊ ဘာဝနာတို့ကို အတိုးချဲ့ ပြုလုပ်ရုံတွင်မက ဝိပဿနာတရားကိုလည်း ကြိုးစားအားထုတ်၍ နေလေတော့၏။

၁။ ပကိဏ္ဏကိုဇာတ်မှ ဒဿနေန ပဟာတဗ္ဗဒုက်ဖြင့် ဝေဖန်ခြင်းခဏ္ဍ သဝေါဂါလင်္ကာများ

၁။ ဒဿနေနဒုတ်မှာ၊ ပကုဟာ၊ ဒုမှာပါဝင်သည်။
၂။ သောတာပတ္တိမဂ်၊ မပယ်ဖျက်၊ ပါဒျက်ရှိနေသည်။
၃။ သောမဂ်ပယ်တာ၊ ဒိ,ကိစ္ဆာ၊ ကျန်တာမပယ်ပြီ။
၄။ အပါယ်ကျခြင်း၊ အကုသင်း၊ ပယ်ခြင်းပြုလေသည်။
၅။ ပကုစိတ်မှာ၊ တဒင်္ဂ၊ ပယ်တာဖြစ်လေသည်။
၆။ အကြွင်းမဲ့တား၊ ဘယ်တရား၊ ပယ်ကြားမရှိပြီ။
၇။ သောမဂ်နိုင်းသော်၊ ပကုနှော်၊ အတော်ကွာနေသည်။
၈။ အားငယ်သလို၊ ဘာလိုလို၊ စိတ်ကိုဖြစ်ရသည်။

၉။	သတိသည်ကား၊	ပကုအား၊	ပြောကြားလိုက်လေဖြို့။
၀၀။	ပထုထရား၊	မဂ်နှင့်ကား၊	ကွာခြားနေ၍သည်၊
၀၀။	အားဝယ်သလား၊	စိတ်တင်းထား၊	ကြိုးစားရပေမည်။
၀၂။	မဂ်လိုပယ်ချင်၊	မဂ်သို့ပင်၊	ရောက်အင်ပြုရမည်။
၀၃။	မဂ်ကုသိုလ်တိုင်၊	ပကုကိုင်၊	မထွေပြင်ထား၍သည်၊
၀၄။	ဝိပဿနာ၊	ရှုဖွားကာ၊	ရောက်တာဖြစ်လေသည်။
၁၅။	ပကုအားဟာ၊	သိပ်ကြီးသာ၊	သေးတာမဟုတ်ဖြို့။
၁၆။	ဝိပဿနာမှု၊	တရားစု၊	ပကုဖြစ်လေသည်။
၁၇။	ဂေါန္နင့်ဝေါဒါန်၊	ပစ္စည်တော်၊	နိဗ္ဗာန်သိမြင်သည်။
၁၈။	ယင်းတရားလဲ၊	ပကုပဲ၊	မလွဲကောတ်ရသည်။
၀၉။	သောမဂ်သို့သာ၊	ရောက်ဖို့ရာ၊	ဝိသာဖွားရမည်။
၂၀။	ထိုစကားကြား၊	ပကုကား၊	အင်အားပြည့်ကာသည်၊
၂၁။	ဒါန,သီလ၊	ကုသိုလ်ပ၊	တိုးချဲ့အားထုတ်ဖြို့။
၂၂။	ဝိပဿနာ၊	ဇွဲကြီးစွာ၊	ခါခါထုတ်လေဖြို့။

၁။ ပကုစိတ်ကို ဒဿနေန ပဟာတဗ္ဗဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို ဘာဝနာယ ပဟာတဗ္ဗဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ဘာဝနာယ ပဟာတဗ္ဗဒုက်

၁။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ – အထက်မဂ် ၃–ပါးသည် ပယ်အပ်ကုန်သော တရားများ။

သဟဒိဂါမိမဂ်သည် တနုကရအားဖြင့် ဝယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌဂတဝိပ္ပယုတ် ၄–ခု၊ ဒေါသမူဒွေ။

အနာဂါမိမဂ်သည် အကြွင်းမဲ့သောအားဖြင့် ဝယ်အပ်သော ကာမရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ် ၄–ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌ, ဝိစိကိစ္ဆာကြဉ်သော စေတသိတ် ၂၅–ပါး။

အရဟတ္တမဂ်သည် အကြွင်းမဲ့သောအားဖြင့် ဝယ်အပ်သော ရူပရာဂ၊ အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ် ၄–ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁–ခု၊ ဒိဋ္ဌ, ဒေါသ, ကျွဿာ, မဒ္ဒရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၀–ပါး ရ၏။

၂။ နာဘဝနာယ ပဟာတဗ္ဗာ ဓမ္မာ – အထက်မဂ် ၃–ခုသည် မပယ်အပ်ကုန်သော တရားများ။

အထက်မဂ် ၃–ခုသည် ဝယ်အပ်သည်မှတစ်ပါး အဝါယဝနီယဖြစ်သော ဒိဋ္ဌဝတဝိဂွယုတ်စိတ် ၄–ခု၊ ဒေါသမူဒွေ။

အထက်မဂ် ၃–ခုသည် စင်စစ် ဝေယ်အပ်သော ဒိဋ္ဌဝတသမ္မယုတ်စိတ် ၄–ခု၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁–ခု၊ တုသိုလ်စိတ် ၂၁–ပါး၊ ဝိဝါဟိစိတ် ၃၆–ပါး၊ ကြိယာစိတ် ၂၀–ပါး၊ စေတသိက် ၅၂ –ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန် ထုံ။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်လေ၏။

ဤဒုက်သဘောအရ အထက်မဂ် ၃–ခုဖြင့် အကုသိုလ်တရားတို့ကို ပယ်ပုံကိုပြဆို၏။ ကုသိုလ်တရားဟူသည် အကုသိုလ်တရားများကို ပယ်သတ်ရမြဲ ဖြစ်၏။ အပြစ်မကင်းသော၊ ရန်သူဖြစ်သော အကုသိုလ်တရားများကို ပယ်သတ်နိုင်၍လည်း ကုသိုလ်ဟူ၍ ခေါ်ခြင်းဖြစ်၏။

ဤသို့ အကုသိုလ်တရားတို့ကို ပယ်ရာ၌ ကာမကုသိုလ်, မဟဂ္ဂတ်ကုသိုလ်, လောကုတ္တရာကုသိုလ်ဟူ၍ အဆင့်ဆင့် ရှိလေရာ ကာမကုသိုလ်သည် တဒင်္ဂအားဖြင့် အကုသိုလ်တရားတို့ကို ပယ်၏။ မဟဂ္ဂတ်ကုသိုလ်သည် ဝိက္ခမ္ဘနအားဖြင့် အကုသိုလ်တရားတို့ကို ပယ်၏။ မဂ် ၄–ပါးဟူသော လောကုတ္တရာကုသိုလ်သည် ဆိုင်ရာ အကုသိုလ်တရားများကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ပယ်၏။

သို့ဖြစ်၍ သောတာပတ္တိမဂ်ကိုပင် မမိသော မဟာကုသိုလ် ပဌမစိတ်သည် အထက်မဂ်သုံးပါးလို ပယ်နိုင်ရန်ကား ဝေးမှဝေးသေး ဖြစ်လေ၏။ သို့ရာတွင်ကား ထိုမဂ်လေးပါးတို့သည်လည်း မိမိဆိုင်ရာ မဂ်သို့ မရောက်မီ ဤပဌမ မဟာကုသိုလ်စိတ်ကိုသာ အားထား၍ ရောက်ရခြင်း ဖြစ်လေ၏။ ပဌမ မဟာကုသိုလ်စိတ်သည် ကုသိုလ်ကောင်းမှု အားလုံး၏ အခြေခံလည်း ဖြစ်လေ၏။ အုတ်မြစ်လည်း ဖြစ်လေ၏။ မဏ္ဍိုင်လည်း ဖြစ်လေ၏။ ပင်မလည်း ဖြစ်လေ၏။ စောင်းတန်းလည်း ဖြစ်လေ၏။ လှေခါးလည်း ဖြစ်လေ၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာမှန်သမျှတို့သည် ပါရမီဖြည့်ကျင့်ရာကာလ၌ ဤပဌမ မဟာကုသိုလ်စိတ်ကိုသာ မဏ္ဍိုင်ထား၍၊ အဓိကထား၍၊ ပင်မထား၍ ဒါနအစရှိကုန်သော ပါရမီ ၁၀–ပါးတို့ကို ဖြည့်ခဲ့ရလေ၏။ ထိုသို့ ဖြည့်ကျင့်ခဲ့သဖြင့်လည်း နောက်ဆုံးတွင် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအဆင့်သို့ ရောက်ရခြင်း ဖြစ်လေ၏။

ထို့နောက် သောတာပန် ပုဂ္ဂိုလ်သည်လည်း သောတာပတ္တိမဂ်ကို မရမီ ဤမဟာကုသိုလ် ပဌမစိတ်အရဖြစ်သော ဝိပဿနာကို ရှုပွား၍ သောတာပတ္တိမဂ်ကို ရခဲ့ခြင်း ဖြစ်လေ၏။ သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း သကဒါဂါမိမဂ်ကို မရမီ ဤစိတ်ကို အခြေခံထား၍ ဝိပဿနာရှုပွား၍ သကဒါဂါမိမဂ်ကို ရခဲ့ခြင်း ဖြစ်လေ၏။ အနာဂါမ်ပုဂ္ဂိုလ်သည်လည်း အနာဂါမိမဂ်ကို မရမီ ဤပဌမ မဟာကုသိုလ်စိတ်၏ အရဖြစ်သော ဝိပဿနာကို ရှုပွား၍ အနာဂါမိမဂ်ဉာဏ်ကို ရခြင်း ဖြစ်လေ၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း အရဟတ္တမဂ်ဉာဏ်ကို မရမီ မဟာကုသိုလ် ပဌမစိတ်အရဖြစ်သော ဝိပဿနာကို ရှုပွား၍ပင် အရဟတ္တမဂ်ဉာဏ်ကို ရကြခြင်း ဖြစ်လေ၏။

ဤသို့လျှင် မဟာကုသိုလ် ပဌမစိတ်သည် ဘုရား, ရဟန္တာ, အရိယာဖြစ်ရေးတို့၌ အခြေခံကျ၏။ ပင်မဖြစ်၏။ အဓိကဖြစ်၏။ မဂ္ဂင်္ဂိုဏ်ဖြစ်၏။ လှေခါးဖြစ်၏။ စောင်းတန်းဖြစ်၏။

ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မဟာကုသိုလ် ပဌမစိတ်ကို ရအောင် အားထုတ်နိုင်သည့်အတွက် အားငယ်စရာ မရှိဘဲ အားရှိစရာ ဖြစ်သည်ကို သိမြင်၍ ဤမဟာကုသိုလ် ပဌမစိတ်ကိုပင် အားကိုးအားထား ပြု၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်ကာ မဂ်ဖိုလ်နိဗ္ဗာန်အထိ တက်လှမ်းနိုင်ကြပေကုန်ရာ၏။

၂။ ပကုဏ္ဏကို ဘာဝနာယ ပဟာတမ္မဒုက်ဖြင့် ဝေဖန်ခြင်းဌာန ဆောင်ရန်လက်ာများ

၀။	ဘာဝနာယဒုက်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်သည်။
၂။	အထက်သုံးမဂ်၊	မပယ်ဖျက်၊	ပါလျက်ရှိနေသည်။
၃။	ကုသိုလ်ဆိုတာ၊	အကုသာ၊	ပယ်တာဖြစ်လေသည်။
၄။	အကုသိုလ်စု၊	ပယ်နိုင်မှု၊	ကုဟုခေါ် ရသည်။
၅။	ကုသိုလ်တရား၊	အကုအား၊	ပယ်ရှားရာ၌သည်၊
၆။	ကာကု, ဂုတ်ကု၊	လောကုတ်ကု၊	သုံးခုရှိလေသည်။
၇။	ကာကုသိုလ်မှာ၊	တဒင်္ဂ၏၊	ဂုတ်မှာရှည်ကြာသည်။
၈။	လောကုတ်ကုမဂ်၊	အပြီးနှက်၊	ပယ်ဖျက်ကြလေသည်။
၉။	ကာကုသိုလ်ဟု၊	ခေါ် ဆိုပြု၊	ပကုတရားသည်၊
၁၀။	အကုပယ်ရာ၊	သောဓက်သာ၊	မိတာမဟုတ်ပြီ။
၁၁။	အထက်မဂ်အား၊	မိရန်ကား၊	ဝေးခြားပါသေးသည်။
၁၂။	သို့ရာတွင်ကား၊	မဂ်လေးပါး၊	မဂ်အားမရောက်ပြီ။
၁၃။	ပကုတိုသာ၊	အားထားကာ၊	ရောက်တာဖြစ်လေသည်။
၁၄။	လုံးစုံကုတွေ၊	ပကုပေ၊	အခြေခံရသည်။
၁၅။	တဒင်္ဂ်ပယ်မှု၊	စွမ်းနိုင်ပြု၊	ပကုတရားသည်၊
၁၆။	စျာန်မဂ်အစစ်၊	ရဖို့ဖြစ်၊	အုတ်မြစ်ဖြစ်လေသည်။
၁၇။	မဂ္ဂင်္ဂိုဏ်လည်းဖြစ်၊	ပင်မဖြစ်၊	စင်စစ်ဖြစ်လေသည်။
၁၈။	စောင်းတန်းသည်လဲ၊	လှေခါးလဲ၊	ဖြစ်ပါနေလေသည်။
၁၉။	ဘုရား ပစ္စေကာ၊	ရဟန္တာ၊	များစွာပဌာန်းသည်၊
၂၀။	ပါရမီဖြည့်ရာ၊	ပကုသာ၊	ဦးစွာဖြည့်ကြသည်။

၂၁။	သောတာစဖြာ၊	အရိယာ၊	ရိယာမဖြစ်မီ၊
၂၂။	ပကုဖြစ်ခြား၊	ဝိပသိအား၊	ပွားများခဲ့ရသည်။
၂၃။	ဘုရားစခြား၊	ပုဂ္ဂိုလ်များ၊	ဘုရားမဖြစ်မီ၊
၂၄။	ပကုဖြစ်ခြား၊	ဝိပသိအား၊	ပွားများခဲ့ကြသည်။
၂၅။	ပကုစိတ်ဟုန်၊	ရေးပါပုံ၊	သိထုံနိုင်ကြပြီ။
၂၆။	ပုထုဇဉ်များ၊	ပကုအား၊	အားထား၍သာသည်၊
၂၇။	ဝိပသိတရား၊	ခါခါပွား၊	ကြိုးစား၍သာသည်၊
၂၈။	နိဗ္ဗာန်စခန်း၊	မဂ်ဖိုလ်လမ်း၊	တက်လှမ်းကြရမည်။

၂။ ပကုစိတ်ကို ဘာဝနာယ ပဟာတဗ္ဗဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ဒဿနေန ပဟာတဗ္ဗ ဟေတုကာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဒဿနေန ပဟာတဗ္ဗ ဟေတုကဒုက်

၁။ ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ – သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော တရားများ။
(ဒဿနေန ပဟာတဗ္ဗဒုက် ပဌမပုဒ်အရှင့် တူပြီ။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ မောဟကြောင်သည်သာ ထူးသည်)

၂။ နော် ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ – သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန်သော တရားများ
(ကျိန်ခွင်လည်း ဒဿနေန ပဟာတဗ္ဗဒုက်နှင့် တူပြီ။ ဝိစိကိစ္ဆာ သဟဂုတ်၌ရှိသော မောဟပါသည်သာ ထူးသည်)

၃။ ပကုစိတ်ကို ဒဿနေန ပဟာတဗ္ဗ ဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကိုစိတ်ကို ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ ဘာဝနာယ ပဟာတဗ္ဗ ဟေတုကဒုက်

၁။ ဘာဝနာယ ပဟာတဗ္ဗာ ဟေတုကာ ဓမ္မာ – အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော တရားများ။

(ဘာဝနာယ ပဟာတဗ္ဗဒုက်နှင့် တူပြီ။ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြွင်းသည်သာ ထူးသည်)

၂။ နော ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ – အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်မရှိကုန်သော တရားများ *(ဘာဝနာယ ပဟာတဗ္ဗ ဒုတိယပုဒ်အရှင့် တူပြီ။ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟပါသည်သာ ထူးသည်)*

၄။ ပကိုစိတ်ကို ဘာဝနာယ ပဟာတဗ္ဗ ဟေတုကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကိုစိတ်ကို သဝိတက္ကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၅။ သဝိတက္ကဒုက်

၁။ သဝိတက္ကာ ဓမ္မာ – ဝိတက်နှင့်တကွ ဖြစ်ကုန်သော တရားများ။
သဝိတက္ကစိတ် ၅၅-ခု၊ ဝိတက်ကြွင်းသော စေတသိက် ၁၁-ပါး ရ၏။

၂။ အဝိတက္ကာ ဓမ္မာ – ဝိတက်နှင့်တကွ မဖြစ်ကုန်သော တရားများ။
အဝိတက္ကစိတ် ၆၆-ခု၊ ဝိတက်ကြွင်းသော စေတသိတ် ၃၇-ပါး၊ သဝိတက္ကစိတ်- ၅၅-ခုဌ် ရှိသော ဝိတက် ၅၅-ခု၊ ဝူဝိ ၂၈-ပါး၊ နိဗ္ဗာန်ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဖြစ်သော ဝိတက်နှင့်တကွဖြစ်သော တရားများ၌ ပါဝင်လေ၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ဝိတက်စေတသိက်နှင့် ယှဉ်ခြင်းဖြစ်၍ ဝိတက်နှင့်တွဲကာ အကုသိုလ်တရားများကို ကြိုမည် မဟုတ်ဘဲ ကုသိုလ်တရားများကိုသာ ကြိုမည်ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို ပြုရန် ကြိုစည်မည်။ တောထွက်ရန် ကြိုစည်မည်။ သူတစ်ပါး အကျိုးဆောင်ရန် ကြိုစည်မည်။ လူဝတ်ကြောင်ကို ရှောင်ကျဉ်၍ ရဟန်းဘောင်သို့ တက်ရန် ကြိုစည်မည်စသည်ဖြင့် ကုသိုလ်တရားကိုသာ ကြိုစည်မည် ဖြစ်လေ၏။

၅။ ပကုစိတ်ကို သဝိတက္ကဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	သဝိတက္ကဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	ဝိတက်ဟူရာ၊	ကောဝိုးတာသာ၊	ကြံမှာဖြစ်လေသည်။
၃။	ဒါန,သီလံ၊	ဘာဝနံ၊	ပြုရန်ကြံပေမည်။
၄။	အမျှားအကျိုး၊	သယ်ကာပိုး၊	ဆောင်ရိုးကြံစည်မည်။
၅။	ဇာန်းပြုရန်၊	တောထွက်ရန်၊	အကြံဖြစ်ပေမည်။

၅။ ပကုစိတ်ကို သဝိတက္ကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၆။ ပကုစိတ်ကို သဝိစာရဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ သဝိစာရဒုက်

၁။ သဝိစာရာ ဓမ္မာ – ဝိစာရနှင့်တကွဖြစ်သော တရားများ။
သဝိစာရစိတ် ၆၆-ခု၊ ဝိစာရကြဉ်သော စေတသိတ် ၅၁-ဝါး ရု၏။

၂။ အဝိစာရာ ဓမ္မာ – ဝိစာရနှင့်တကွ မပြစ်ကုန်သော တရားများ။
အဝိစာရစိတ် ၅၅-ခု၊ သဝိစာရစိတ် ၆၆-ခုသို့ ရှိသော ဝိစာရ ၆၆-ခု၊ ရုပ် ၂၈-ဝါး၊ နိဗ္ဗာန် ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်၌ ပါဝင်လေ၏။ ဝိစာရယှဉ်သည်ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် ဝိစာရနှင့်တွဲကာ အကုသိုလ်ကို သုံးသပ်မည် မဟုတ်ဘဲ ကုသိုလ်တရားကိုသာ သုံးသပ်မည် ဖြစ်၏။

သုံးသပ်ဟူရာ၌ ဝိတက်က ကြံစည်ပြီးသောအခါ ဝိစာရက ဆက်၍ သုံးသပ်၏။ သို့ဖြစ်၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်ရန်အတွက် ကြံစည်ပြီးနောက် ထပ်ကာထပ်ကာ သုံးသပ်မည် ဖြစ်၏။ သူတစ်ပါး အကျိုးကို ဆောင်ရွက်ရန် ကြံစည်ပြီးနောက် ထပ်ကာထပ်ကာ သုံးသပ်မည် ဖြစ်၏။ တောထွက်ရန် ဇာန်းပြုရန် ကြံစည်ပြီးနောက် ထပ်ကာထပ်ကာ သုံးသပ်မည် ဖြစ်လေ၏။

၆။ ပကတ္တိတ်ကို သဝိစာရဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	သဝိစာရဒုက်မှာ၊	ပကတ္တာ၊	ပမ္မာပါဝင်သည်။
၂။	ဝိစာရယှဉ်ရာ၊	သုံးသပ်တာ၊	ကောင်းမှာဖြစ်လေသည်။
၃။	သုံးသပ်ခြင်းဟာ၊	ဒါ,သီသာ၊	ဖြစ်မှာသေချာသည်။
၄။	များအကျိုးရပါ၊	ရှိတုံလတ်၊	သုံးသပ်ပေလိမ့်မည်။
၅။	ရဟန်းပြုရန်၊	တောထွက်ရန်၊	အမှန်သုံးသပ်မည်။

၆။ ပကတ္တိတ်ကို သဝိစာရဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ပကတ္တိတ်ကို သပ္ပီတိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၇။ သပ္ပီတိကဒုက်

၁။ သပ္ပီတိကာ ဓမ္မာ – ပီတိနှင့်တကွ ဖြစ်ကုန်သော တရားများ။
ပီတိသဟဂုတ်စိတ် ၅၁-ခု၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄-ပါး ရ၏။

၂။ အပ္ပီတိကာ ဓမ္မာ – ပီတိနှင့်တကွ မဖြစ်ကုန်သော တရားများ။
အပ္ပီတိတစိတ် ၃၀-ပါး၊ ပီတိကြဉ် စေတသိက် ၅၁-ပါး၊ ပီတိသဟဂုတ်စိတ် ၅၁-ခုဒဲ့ ဖို့သော ပီတိ ၅၁-ခု၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဲ့ ပါဝင်၍ နေလေ၏။ မဟာကုသိုလ် ပဌမစိတ်သည် ကုသိုလ်ပြုစဉ်ကပင် သောမနဿ သဟဂုတ်ဆိုသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာပြုခြင်း ဖြစ်ရကား ပီတိစေတသိက်ကလာ၍ ယှဉ်တွဲသောအခါ ပို၍အားရ၊ ပို၍ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ကုသိုလ်ကို နှစ်သက်ကြည်နူးစွာ ပြုပေတော့မည် ဖြစ်၏။

၇။ ပကတ္တိတ်ကို သပ္ပီတိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	သပ္ပီတိကဒုက်မှာ၊	ပကတ္တာ၊	ပမ္မာပါဝင်သည်။
၂။	ကုသိုလ်ပြုရာ၊	ပီတိပါ၊	ယှဉ်လာသဖြင့်သည်၊
၃။	နဂိုကမှ၊	သောမနဿ၊	ဖြစ်ရပ်ကုသည်၊
၄။	ပို၍ဝမ်းသာ၊	ကြည်နူးစွာ၊	ပြုမှာသေချာသည်။

၅။ ဝမ်းပမ်းတသာ၊ ကုပြုတာ၊ လွန်စွာဖိုးတန်သည်။

၇။ ပကိုစိတ်ကို သပ္ပိတိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ပီတိသဟဂတဒုက်

ပီတိနှင့်တကွ ဖြစ်ကုန်သော၊ ဇ၊ – ပီတိနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့်နှိုးနှောကုန်သော တရားများ။ သပ္ပိတိကဒုက်နှင့် တူပြီ။

၈။ ပကိုစိတ်ကို ပီတိသဟဂတဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ပကိုစိတ်ကို သုခသဟဂတဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၉။ သုခသဟဂတဒုက်

၁။ သုခသဟဂတာ ဓမ္မာ – သုခဝေဒနာနှင့် တကွဖြစ်ကုန်သော (ဇ၊) သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှိုးနှောကုန်သော တရားများ။
သုခသဟဂုတ်စိတ် ၆၃-ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၆-ပါး ရ၏။

၂။ နသုခ သဟဂတာ ဓမ္မာ – သုခဝေဒနာနှင့်တကွ မဖြစ်ကုန်သော (ဇ၊) သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် မနှိုးနှောကုန်သော တရားများ။
ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဥဝေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ဝီတိကြဉ်သော စေတသိက် ၅၁-ပါး၊ သုခသဟဂုတ်စိတ် ၆၃-ခုဌ် ရှိသော သုခဝေဒနာ ၆၃-ခု၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရဌ် ပါဝင်လေ၏။ ဒါန အစရှိသော ကုသိုလ်ကောင်းမှုပြုရာဌ် မဟာကုသိုလ် ပဌမစိတ်သည် နဂိုကမှ ဝမ်းမြောက်ဝမ်းသာ နှစ်သက်ကြည်နူးစွာ ပြုခြင်းဖြစ်ရာဌ် သုခဝေဒနာဟူသော ဝေဒနာကပါ ယှဉ်တွဲလာပြန်သဖြင့် ကုသိုလ်ပြုရင်းပင် ဝမ်းသာ၏။ ကြည်နူး၏။ ထို့နောက် စိတ်ချမ်းသာမှုကို တစိမ့်စိမ့် ခံစားနေရ၏။ ထို့နောက် စိတ်သည် တည်ကြည်လာ၏။ သမာဓိပါ ယှဉ်တွဲလာ၏။ ထို့နောက် အမောဟာဉာဏ်ပညာပါ ယှဉ်တွဲလာပြန်သဖြင့် ရုပ်နာမ်ကို သဲကွဲစွာ သိမြင်သော နာမရူပ ပရိစ္ဆေဒဉာဏ် စသော ဝိပဿနာဉာဏ်စဉ်တွေပါ တိုးတက်ဖြစ်ပေါ်၍ လာလေတော့၏။

၉။ ပကတ္တိကို သုခသဟဂတဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်စများ

၁။	သုခသဟဂတဒုက်မှာ၊	ပကတ္တာ၊	ပမ္မာဟိဝင်သည်။
၂။	ကုသိုလ်ပြုရာ၊	သုခဟိ၊	ဗျဉ်လာသဖြင့်သည်၊
၃။	ပြုရင်းဌိသည်၊	ဝမ်းသာသည်၊	စိတ်သည်ကြည်နူးသည်။
၄။	စိတ်တည်ကြည်ကာ၊	ဓိကဟိ၊	ပညာတွဲ၍သည်၊
၅။	ဝိပဿနာ၊	တရားသာ၊	ဆက်ကာရှုပွားပြီ။
၆။	ရုပ်နာမ်ခွဲစိုက်ဖြာ၊	သဲကွဲစွာ၊	ဖြင်ကာလောချေပြီ။
၇။	နာမရူပေ၊	ပရိစ္ဆေ၊	ဉာဏ်တွေဖြစ်လေပြီ။
၈။	ဝိပဿနာဉာဏ်၊	အတန်တန်၊	အမှန်ပေါ် လေပြီ။
၉။	ဖြစ်ပြီးပျက်ရာ၊	ဖြစ်ပျက်ဟိ၊	ဉာဏ်မှာထင်လေပြီ။

၉။ ပကတ္တိကို သုခသဟဂတဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကတ္တိကို ဉပေက္ခာသဟဂတဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ ဉပေက္ခာသဟဂတဒုက်

၁။ ဉပေက္ခာသဟဂတာ . ဓမ္မာ – ဉပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်သော တရားများ။
ဉပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ဝေဒနာ, ဝိတိ, ဒေါသ, ထိနာသာ, မစ္ဆရိယ, ကုက္ကုစ္စတြဲသော စေတသိက် ၄၆-ပါး ထို၏။

၂။ န ဉပေက္ခာသဟဂတာ ဓမ္မာ – ဉပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်သော တရားများ။
သုခသဟဂုတ်စိတ် ၆၁-ခု၊ ဒုက္ခသဟဂုတ်စိတ် ၂-ခု၊ ဝိစိကိစ္ဆာတြဲသော စေတသိက် ၅၁-ပါး၊ ဉပေက္ခာသဟဂုတ်စိတ် ၅၅-ခုဌိ ရှိသော ဉပေက္ခာဝေဒနာ ၅၅-ခု၊ ဂုဝ် ၂၈-ပါး၊ နိဗ္ဗာန်ဌ၏၊

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဌ် ပါဝင်နေလေ၏။ ဉပေက္ခာဝေဒနာကား ငြိမ်ငြိမ်သက်သက် ရင့်ကျက်မှုသဘောကို ဆောင်လေ၏။ မဟာကုသိုလ် ပဌမစိတ်ဌ်ရှိသော သောမနဿဝေဒနာသည်ကား လှုပ်လှုပ်ရွရွ ပျော်ပျော်ရွှင်ရွှင် ဝမ်းပမ်းတသာ ဖြစ်၏။

ဈာန်အစရှိသော မဟဂ္ဂတ်ကုသိုလ်မျိုးဌ် ဉပေက္ခာဝေဒနာက ပို၍အကျိုးရှိ၏။ ဒါန, သီလ အစရှိကုန်သော ကာမကုသိုလ်ပြုရာဌ်ကား သောမနဿဝေဒနာ၊ သုခဝေဒနာ ဖြစ်ကြသည်က ပို၍အကျိုးရှိ၏။

လူ့လောကၥ် ပျော်ရွင်မှု၊ ဝမ်းသာမှုသည် အလွန်လိုအပ်သော ကိစ္စဖြစ်၏။ ယင်းပျော်ရွင်မှု၊ ဝမ်းသာမှုသည် လောဘဖြင့် ပျော်ရွင်ဝမ်းသာမှုဟု ဆိုအပ်သော လောဘမူသောမနဿ၊ ကုသိုလ်ဖြင့် ပျော်ရွင်ဝမ်းသာမှုဟု ဆိုအပ်သော မဟာကုသိုလ်သောမနဿဟု ၂-မျိုးရှိ၏။ ထိုအနက် မဟာကုသိုလ် သောမနဿဖြစ်မှုက ပို၍ သာလွန်ကောင်းမြတ်လှ၏။

ဘဝတစ်လျှောက်လုံး လောဘမူ သောမနဿ ဖြစ်ရေးအတွက်သာ ကြိုးစားအားထုတ်နေကြမည်ဆိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသထက်ဝေးရုံမက အပါယ်လေးပါးဘက်သို့ပင် ကျွံကျသွားနိုင်ပေ၏။

မဟာကုသိုလ် သောမနဿဖြစ်ရေးကိုလည်း အလေးပေးပြုလုပ်သင့်ကြ၏။ မဟာကုသိုလ် သောမနဿကို အခါခါ ဖြစ်စေသူတို့မှာ အထက်တန်းကျသော လူတာဝ၊ နတ်ဘဝမျိုးကို ရနိုင်သည့်အပြင် မဂ်ဖိုလ်နိဗ္ဗာန်နှင့် နီးသထက်နီးလာကာ နောက်ဆုံးတွင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကိုပင် ရရှိကြမည် ဖြစ်ပေ၏။

၁၀။ ပကုစိတ်ကို ဥပေက္ခာသဟဂတဒုက်ဖြင့် ဝေဖန်ခြင်းဌာန ဆောင်ရန်လက်ာများ

၁။	ဥပေက္ခာသဟဂတဒုတ်မှာ၊	ပကုဟာ၊	ဒုမာပါဝင်သည်။
၂။	ဥပေက္ခာတွက်၊	ငြိမ်ငြိမ်သက်၊	ရင့်ကျက်ဆောင်လေသည်။
၃။	သောမနဿမှာ၊	လှုပ်ရှားတာ၊	ဝမ်းသာပျော်ရွှင်သည်။
၄။	စျာန်ကုသိုလ်မှာ၊	ဥပေက္ခာ၊	ပိုကာကျိုးရှိသည်။
၅။	ကာကုပြုရာ၊	သောမနာ၊	ပြုတာပိုကောင်းသည်။
၆။	လူ့လောကမှာ၊	ပျော်ရွှင်တာ၊	များစွာလိုအပ်သည်။
၇။	လောဘနှင့်ပျော်၊	တုသိုလ်ပျော်၊	နှစ်ပျော်ရှိလေသည်။
၈။	ထိုသည့်နှစ်ပျော်၊	ကုသိုလ်ပျော်၊	လွန်ဆော်ကောင်းမြတ်သည်။
၉။	လောသောဖြင့်ပင်၊	ဘဝတွင်၊	ပျော်ရွှင်ဆုများသည်၊
၁၀။	မဂ်ဖိုလ်နှင့်ဝေး၊	အပါယ်ဘေး၊	မဝေးဖြစ်တတ်သည်။
၁၁။	ကုသောဖြစ်မှု၊	အလေးပြု၊	အားပြုသူများသည်၊
၁၂။	လူနတ်ဘဝ၊	ထတ်တန်းကျ၊	ရကြနိုင်ပေသည်။
၁၃။	မဂ်ဖိုလ်နီးကာ၊	မဂ်ဖိုလ်ပါ၊	ရလာနိုင်ပေသည်။
၁၄။	သို့ဖြစ်၍ပါ၊	ကုန်ခဲ့၊	အားခဲ့ပျော်သင့်သည်။

၁၀။ ပကုစိတ်ကို ဥပေက္ခာသဟဂတဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ ပကိုစိတ်ကို ကာမာဝစရဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၁။ ကာမာဝစရဒုက်

၁။ ကာမာဝစရာ ဓမ္မာ - ကာမာဝစရမည်ကုန်သော တရားများ။
ကာမဓိတ် ၅၄-ပါး၊ စေတသိက် ၅၂-ပါး၊ ဂုဝ် ၂၈-ပါး ရှိ၏။

၂။ နော ကာမာဝစရာ ဓမ္မာ - ကာမာဝစရ မမည်ကုန်သော တရားများ။
မဟဂ္ဂုတ်၊ လောကုတ္တရာဓာတုစိတ် ၃၅-၃၊ စေတသိက် ၃၈-ပါး၊ နိဗ္ဗာန်ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရတွင် ပါဝင်နေပေ၏။ အပါယ်လေးဘုံကို ဒုဂ္ဂတိဘုံဟူ၍ ခေါ်၏။ လူဘုံနှင့် နတ်ခြောက်ဘုံ ပေါင်း (၇)ဘုံကို သုဂတိဘုံဟူ၍ ခေါ်၏။ နှစ်ရပ်ပေါင်း (၁၁)ဘုံ ဖြစ်၏။ ကာမ (၁၁)ဘုံဟူ၍ ခေါ်၏။ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်စိတ်မျိုးနှင့် သေလျှင် အပါယ်ဒုဂ္ဂတိဘုံသို့ ရောက်နိုင်၏။ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်စိတ်နှင့်သေလျှင် သုဂတိဘုံသို့ ရောက်နိုင်၏။

ယင်းသုဂတိဘုံသို့ ရောက်စေတတ်သော တရားများအနက် မဟာကုသိုလ် ပဌမစိတ်သည် ရှေ့တန်းက ပါနေသလို အထက်တန်းအကျဆုံး အနေဖြင့်လည်း ပါဝင်လျက် ရှိနေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်ကို အားပြုကာ သုဂတိဘုံ၌ ခိုလှုံကြပြီးနောက် လောကုတ္တရာဘုံဘက်သို့ လှမ်းတက်ကြရမည် ဖြစ်ပေ၏။

၁၁။ ပကိုစိတ်ကို ကာမာဝစရဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ကာမာဝစရဒုက်မှာ၊	ပကုဟာ၊	ပမှာပါဝင်သည်။
၂။	ဒုဂ္ဂတိဘုံ၊	အပါယ်ဘုံ၊	လေးဘုံရှိလေသည်။
၃။	သုဂတိဘုံ၊	လူနတ်ဘုံ၊	ခုနစ်ဘုံရှိလေသည်။
၄။	နှစ်ရပ်ပေါင်းတုံ၊	ဆယ့်တစ်ဘုံ၊	ကာဘုံခေါ် လေသည်။
၅။	အကုစိတ်ရှိ၊	သေလေဘိ၊	ဒုဂ္ဂတိရောက်ပေမည်။
၆။	ကုသိုလ်စိတ်ရှိ၊	သေလေဘိ၊	သုဂတိရောက်ကြမည်။
၇။	သုဂတိလမ်း၊	ပကုတန်း၊	ထက်တန်းကျလေသည်။
၈။	ပကုစိတ်သာ၊	အားပြုကာ၊	သမ္ဘာခိုရမည်။
၉။	လောကုတ်တိုဘက်၊	မျက်နှာလှည့်၊	လှမ်းတက်ကြရမည်။

၁၁။ ပကိုစိတ်ကို ကာမာဝစရဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ ပကတိစိတ်ကို ရူပါဝစရဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁၂။ ရူပါဝစရဒုက်

၁။ ရူပါဝစရာ ဓမ္မာ – ရူပါဝစရမညကုန်သော တရားများ။
ရူဝစိတ် ၁၅-ခု၊ စေတသိက် ၃၅-ခု ၎င်း။

၂။ နော် ရူပါဝစရာ ဓမ္မာ – ရူပါဝစရ မမညကုန်သော တရားများ။
ဏာမစိတ် ၅၄-ခု၊ အရူဝစိတ် ၁၂-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၅၂-ဝါး၊ ရူဝ် ၂၈-ဝါး၊ နိဗ္ဗာန် ၎င်း။

ဤနှက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော ရူပါဝစရ မဟုတ်သော တရားအရတွင် ပါဝင်နေသည်ကို တွေ့ မြင်နိုင်ကြပေ၏။

ဤနှက်သဘောများအရ 'သူ့စိတ်နှင့်သူ့ဘုံ' အသီးသီး ဖြစ်ကြလေကုန်၏။ သို့ဖြစ်၍ ရူပါဝစရစိတ်နှင့် သေလျှင် ရူပါဝစရဘုံသို့ ရောက်ကြမည်ဖြစ်၍ ကာမာဝစရစိတ်နှင့်သေလျှင် ကာမာဝစရဘုံ ရောက်ကြမည် ဖြစ်၏။

ဤ၌ ရူပါဝစရစိတ်ဟူသည် ရူပါဝစရ ပဌမဈာန် ကုသိုလ်ဈာန်စိတ်၊ ရူပါဝစရ ဒုတိယဈာန် ကုသိုလ်ဈာန်စိတ် စသည်ဖြင့် ဈာန်ကုသိုလ်စိတ်များသည် ရူပါဝစရဈာန်စိတ်တည်း။ ရူပါဝစရကုသိုလ်ဈာန်စိတ်သည် ရူပါဝစရ ပဋိသန္ဓေ ဝိပါက်ဈာန်အကျိုးကို ဖြစ်စေပြီးနောက် ရူပဘုံသား ဗြဟ္မာကြီး အဖြစ်ဖြင့် ရူပဘုံ၌ သက်တမ်း ကမ္ဘာနှင့်ချီ၍ ကြာမြင့်စွာ နေကြရမည် ဖြစ်၏။ နိဗ္ဗာန်ကို မြန်မြန်စံဝင်လိုသူတို့အဖို့ကား ထိုလောက် ကြာမြင့်စွာ နေလိုစိတ် ရှိကြမည် မဟုတ်ပေ။ လူအဖြစ်နှင့်သာ ရဟန္တာအဖြစ်သို့ ရောက်၍ ရှည်ကြာခြင်း မရှိဘဲ ပရိနိဗ္ဗာန် စံဝင်နိုင်ကြမည် ဖြစ်ပေ၏။

ဥပမာအားဖြင့် မုဆိုးကြီး၏ သမီး စာပါ၏ လူဘဝက ယောကျ်ားဖြစ်သော ဥပကကြီးသည်လည်းကောင်း၊ ပုက္ကုသာတိ မင်းကြီးသည်လည်းကောင်း လူဘဝ၌ ရဟန္တာအဖြစ်သို့ မရောက်ဘဲ အနာဂါမ်ဖြစ်ကာ ကွယ်လွန်ကြလေသောကြောင့် ရူပဘုံ၌ ဗြဟ္မာကြီးဘဝဖြင့် နေကြရလေ၏။ ဗြဟ္မာ့ပြည်ရောက်လျှင် ရောက်ချင်းပင် ရဟန္တာများ ဖြစ်ကြလေကုန်၏။

အကယ်၍ လူဘဝ၌သာ ရဟန္တာဖြစ်ကြမည်ဆိုလျှင် ပရိနိဗ္ဗာန်စံဝင်နိုင်ကြပြီ ဖြစ်၏။ ယခုကား ရူပဘုံရောက်မှ ရဟန္တာဖြစ်လေသောကြောင့် ကမ္ဘာပေါင်းများစွာ ခန္ဓာငါးပါးဒုက္ခဟူသော ခန္ဓာဝန်ကို ထမ်းဆောင်တော်မူကြရလေဦးမည် ဖြစ်လေ၏။

ကာမာဝစရကုသိုလ်စိတ်နှင့် သေလွန်သူတို့မူကား အကုသိုလ်စိတ်နှင့်သေလျှင် အပါယ်လေးပါး၊ ကုသိုလ်စိတ်နှင့် သေလျှင် လူဘုံ၊ နတ်ဘုံသို့ ရောက်ကြရမည် ဖြစ်လေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် အားကိုးနိုင်လောက်သောစိတ် ဖြစ်သည်ကို သိမြင်ကြ၍ မဟဂ္ဂတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်ဘက်သို့ မတက်နိုင်သေးလျှင် ဤမဟာကုသိုလ် ပဌမစိတ်ကိုသာ ဖက်တွယ်ထားကြရမည် ဖြစ်ပေ၏။

၁၂။ ပကုဓိတ်ကို ရူပါဝစရဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ရူပဒုက်မှာ၊	ပကုဟာ၊	ဒုမ္မာပါဝင်သည်။
၂။	သူ့စိတ်နှင့်တူ၊	သေလေတုံ၊	သူ့ဘုံရောက်ကြမည်။
၃။	ရူပေကုပေ၊	ဇီဿန္ဒေ၊	ရူပေဖြစ်လေသည်။
၄။	ရူပဘုံသား၊	ဖြဟ္မာများ၊	ထင်ရှားဖြစ်ကြမည်။
၅။	ကမ္ဘာများစွာ၊	သက်တမ်းဟာ၊	၅ည်ကြာလှလေသည်။
၆။	ဖြတ်နိဗ္ဗာန်ဆို၊	အဖြန်ကို၊	စံလိုသူများသည်၊
၇။	ထိမ္ပုကြာထိ၊	နေလိုဘိ၊	မရှိကြလေပြီ။
၈။	ပုက္ကုဉ်ပကာ၊	အနာဂါ၊	ဖြစ်ကာသေ၍သည်၊
၉။	ဖြဟ္မာ့ပြည်မှာ၊	ရောက်ချင်းသာ၊	ရဟန္တာဖြစ်လေသည်။
၁၀။	လူ့ပြည်မှာသာ၊	ကိလေကွာ၊	ရဟန္တာဖြစ်လျှင်သည်၊
၁၁။	ပရိနိဗ္ဗာ၊	စံဝင်တာ၊	ဘယ်မှာကြာပေမည်။
၁၂။	ယခုဦးပေ၊	ဖြဟ္မာတွေ၊	ဖြစ်နေသဖြင့်သည်၊
၁၃။	ခန္ဓာငါးဖြာ၊	ဒုက္ခသာ၊	ဝန်တာကြီးကိုသည်၊
၁၄။	ကမ္ဘာများစွာ၊	၅ည်ကြာစွာ၊	ထမ်းတာနေတော့မည်။
၁၅။	ကာမစိတ်တွေ၊	ဖြစ်ကာပေ၊	သူသေများတို့သည်၊
၁၆။	အကုစိတ်မှာ၊	အပါယ်သာ၊	ကုမ္ဘာသူဖြစ်သည်။
၁၇။	ဂုတ်,ကုတ်ကုသလ၊	ချိန်မကျ၊	မရသေးလျှင်သည်၊
၁၈။	ပကုစိတ်အား၊	အားကိုးထား၊	မမှားနိုင်ကြပြီ။

၁၂။ ပကုစိတ်ကို ရူပါဝစရဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၃။ ပကိဏ်စိတ်ကို အရှုပါဝစရဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၃။ အရှုပါဝစရဒုက်

၁။ အရှုပါဝစရာ ဓမ္မာ – အရှုပါဝစရ မည်ကုန်သော တရားများ။
အဋ္ဌဝစီတိ ၁၂-ဝါး၊ စေတသိတ် ၃၀ ရ၏။

၂။ နော အရှုပါဝစရာ ဓမ္မာ – အရှုပါဝစရ မမည်ကုန်သော တရားများ။
ကာမစိတ် ၅၄-ဝါး၊ ရူပစိတ် ၁၅-ဝါး၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိတ် ၅၂-ဝါး၊ ၎င်း ၂၈-ဝါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဖြစ်သော အရှုပါဝစရ မမည်ကုန်သော တရားများတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ အရှုပါဝစရဟူသည် နာမ်တရားသက်သက်တည်း။ ထိုနာမ်တရားသက်သက်ဖြစ်သော အရှုပကုသိုလ်စွာန်စိတ်ကို ရသူသည် ထိုကုသိုလ်စွာန်စိတ်ဖြင့်သေလျှင် အရှုပဘုံ၌ အရှုပ ပဋိသန္ဓေနေကာ အရှုပ ဗြဟ္မာအဖြစ်သို့ ရောက်ကြမည် ဖြစ်၏။

ရုပ်တရား မပါသည့်အတွက် ဘုရားလည်း ဖူးခွင့်မရ။ တရားလည်း နာကြားခွင့် ဆုံးရှုံးသဖြင့် အရှုပဗြဟ္မာများ ဖြစ်လိုသူများ အလွန်နည်းပါးကြလေ၏။ ပုထုဇဉ်တို့အတွက် အရှုပဘုံ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သည်ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရခြင်းအဖြစ်သင့်သော ရုပ်ပြစ်ရှစ်ပါးတွင်ပင် ပါဝင်လျက် ရှိလေ၏။

ပုဂ္ဂလာတိမင်းနှင့် ဥပကတို့ လူဘဝက အနာဂါမ်အဖြစ်ဖြင့် သေ၍ သုဒ္ဓါဝါသ ဗြဟ္မာဘုံတွင် အောက်ဆုံးဘုံဖြစ်သော အဝိဟာဘုံ၌ ဖြစ်လေ၏။ ထိုအဝိဟာဘုံ၌ ရောက်ချင်းပင် ရဟန္တာဖြစ်လေ၏။ သို့ဖြစ်၍ လူခန္ဓာကိုယ်မဟုတ်ဘဲ အဝိဟာဘုံ ဗြဟ္မာခန္ဓာဖြစ်နေသည် ဖြစ်၍ ထိုအဝိဟာဘုံ၏ သက်တမ်းကား ကမ္ဘာပေါင်း တစ်ထောင်ကြာအောင် ရှည်လျားလှလေ၏။ တစ်ကမ္ဘာဟူသော သက်တမ်းသည်ပင် ရှည်ကြာလှလေ၏။ ကမ္ဘာပေါင်း တစ်ထောင်မူကား ပြောစရာပင် မလိုတော့ပေ။ ပုဂ္ဂလာတိမင်းနှင့် ဥပကတို့သည် ထိုမျှ ကမ္ဘာတစ်ထောင်ကြာအောင် နေရလေဦးမည် ဖြစ်၏။ ရူပဘုံ၌ အရှည်ဆုံးသက်တမ်းရှိသော ဗြဟ္မာကြီးများကား အကနိဋ္ဌဘုံ၌ ဖြစ်သော အကနိဋ္ဌဗြဟ္မာကြီးများတည်း။ ထိုဗြဟ္မာကြီးများသည် ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင်အထိ သက်တမ်းရှည်ကြာလေ၏။ လူဘဝနှင့် ဘုရားကို မဖူးလိုက်ရသူတို့မူကား ထိုတစ်သောင်းခြောက်ထောင်သော ကမ္ဘာအတွင်း၌ ပွင့်တော်မူကြမည်ဖြစ်သော ဘုရားများကို ဖူးနိုင်ခွင့်ရှိနေလေ၏။

ထို့ထက် ရှည်ကြာသော သက်တမ်းရှိသူတို့ကား အရှုပဗြဟ္မာများတည်း။ အရှုပ၌ ဘုံလေးဘုံရှိရာ အာကာသာနဉ္စာယတနဘုံဟု ဆိုအပ်သော ပဌမဘုံ၌ ကမ္ဘာပေါင်း နှစ်သောင်းအထိ ရှည်ကြာလေ၏။

ဝိညာဏဿဉ္စာယတနဘုံဟု ဆိုအပ်သော ဒုတိယဘုံ၌ ကမ္ဘာပေါင်း လေးသောင်းအထိ ရှည်ကြာလေ၏။

အာကိဉ္စညာယတနဘုံဟု ဆိုအပ်သော တတိယဘုံ၌ ကမ္ဘာပေါင်း ခြောက်သောင်းအထိ အသက်ရှည်ကြာလေ၏။

နေဝသညာနာသညာယတနဘုံဟု ဆိုအပ်သော စတုတ္ထဘုံ၌ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်အထိ အသက်ရှည်ကြာကြလေကုန်၏။

မြတ်စွာဘုရားရှင်လက်ထက်တော်က အာဠာရကိုဏ်းဆရာကြီးသည် မြတ်စွာဘုရားရှင် တရားဟောတော်မူရန် ခုနစ်ရက်အလို၌ ကွယ်လွန်၍ အရူပဘုံတွင် တတိယဘုံဖြစ်သော အာကိဉ္စညာယတနဘုံ၌ အရူပဗြဟ္မာအဖြစ်သို့ ရောက်လေ၏။ ပုထုဇဉ်အဖြစ်နှင့် ရောက်ခြင်းဖြစ်၍ သောတာပန် စသော အရိယာအဖြစ်သို့ မရောက်ဘဲသာလျှင် ထိုတတိယဘုံ၏ သက်တမ်းအရ ထိုဘုံ၌ ကမ္ဘာပေါင်း ခြောက်သောင်းအထိ ရှည်ကြာအောင် နေရပြီးနောက် ဤလူ့ဘုံသို့ တစ်ဖန်ရောက်ဦးမည် ဖြစ်၏။ ထိုသို့ လူအဖြစ်သို့ ရောက်သောအခါ၌ ဘုရားရှင် သာသနာနှင့် ကြုံလျှင်ကား တော်ပေလိမ့်မည်။ မကြုံလျှင်ကား မလွယ်ပါလားဟူ၍သာ ဆိုဖွယ်ရှိတော့၏။

ထို့ထက်ပို၍ ဆိုးသည်ကား ဥဒကဂိုဏ်းဆရာကြီးတည်း။ ဥဒကဂိုဏ်းဆရာကြီးသည် မြတ်စွာဘုရား တရားဟောတော်မူရန် တစ်ရက်အလို ကွယ်လွန်၍ အရူပလေးဘုံတွင် စတုတ္ထဘုံဖြစ်သော နေဝသညာနာသညာယတနဘုံ၌ ဖြစ်လေ၏။ ပုထုဇဉ် အဖြစ်ဖြင့် ရောက်ခြင်းဖြစ်၍ ထိုဘုံ၌ သောတာပန် အစရှိသော အရိယာ ဖြစ်ခွင့် မရတော့ဘဲ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်အထိ နေရလေဦးမည် ဖြစ်၏။ ထိုမှနေပြီး၍ ဤလူ့ဘုံသို့ ရောက်လာသောအခါ၌ ဘုရားသာသနာနှင့် ကြုံလျှင် တော်ပေဦးမည် ဖြစ်၏။ မကြုံလျှင်ကား 'သွားပါရောလား' ဟူ၍သာ ဆိုဖွယ်ရှိလေတော့၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုအာဠာရ၊ ဥဒကဂိုဏ်းဆရာကြီးတို့အား ဤသို့ သနားတော်မူခြင်း ဖြစ်လေ၏။

'အာဠာရသည်လည်းကောင်း၊ ဥဒကသည်လည်းကောင်း မဂ်ဖိုလ်နိဗ္ဗာန်မှ ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့လေပြီ။ အကယ်၍သာ ငါဘုရား၏ သစ္စာတရားကို နာရပါမူ ထိုအာဠာရ၊ ဥဒကတို့သည် လျင်မြန်စွာပင် သိနိုင်ကြ၏' ဟု သနားခြင်း ဖြစ်တော်မူလေ၏။

(လျင်မြန်စွာ သောတာပန် စသည် ဖြစ်နိုင်၏ ဟူလို)

အရူပဘုံသို့ သောတာပန် အစရှိသော အရိယာအဖြစ်နှင့် ရောက်လျှင်မူကား ကာမဘုံ၊ ရူပဘုံသို့ ပြန်မလာတော့မူ၍ ထိုအရူပဘုံ၌ အလိုလိုသာလျှင် အထက်မဂ်တို့ကို ရပြီးနောက် ရဟန္တာဖြစ်ကာ ထိုအရူပဘုံ၌ပင် ပရိနိဗ္ဗာန်ဝင်စံကြမည် ဖြစ်လေ၏။

လူ့ဘုံက သက်တမ်းကား ထိုဗြဟ္မာကြီးတို့၏ သက်တမ်းနှင့်စာလျှင် မျက်စိတစ်မှိတ်စာလောက်သာ ရှည်တော့၏ဟု ဆိုရန်သာ ရှိတော့၏။ လူတို့၏သက်တမ်း တိုတောင်းလှသည်ဖြစ်၍ ဘုရားသာသနာနှင့်လည်း ကြုံနေသည်ဖြစ်ရကား ပိပိတို့ အားထုတ်လျှင် အချိန်မရွေး ရနိုင်သော ဤမဟာကုသိုလ် ပဌမစိတ်ကိုပင် အားကိုးတစ်ခုပြုကာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်ကို အထူးသတိပြုသင့်လှပေ၏။

၁၃။ ပကတိတ်ကို အဋ္ဌပါဝစရဒုက်ပြင် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁။	အရူပဒုတ်မှာ၊	ပကုဟာ၊	ဒုမှာပါဝင်ထည်။
၂။	အရူပဆိုတာ၊	နာမ်မျိုသာ၊	ရုပ်မှာမပါပြို။
၃။	အရူထုဟူ၊	ပဋိမူ၊	အရူဖြစ်လေထည်။
၄။	ရုပ်မပါဆင့်၊	ဘုရားထဝှ်၊	ဗူးခွင့်မရပြို။
၅။	တရားတိုလဲ၊	နာလိုဲလဲ၊	ရမြဲမရှိပြို။
၆။	ပုထုဇဉ်တာ၊	အရူမှာ၊	ရိယာမဖြစ်ပြို။
၇။	ရုပ်ပြစ်ရှစ်ပါး၊	အရူကား၊	ပါပြားနေလေထည်။
၈။	ရူပါ,အရူပါ၊	သဒ္ဒာမှာ၊	ဝေဒရှာသိရမည်။
၉။	ပုဏ္ဏူ, ဥပဒတာ၊	အဝိဟာ၊	ဗြဟ္မာဖြစ်လေထည်။
၁၀။	တစ်ထောင်ကမှာ၊	သက်တမ်းဟာ၊	ရှည်ကြာရှိလေထည်။
၁၁။	လူပြည်ဌ်မှာ၊	ရဟန္တာ၊	ဖြစ်တာမဟုတ်၍သည်၊
၁၂။	တစ်ထောင်ကမှာ၊	ရှည်ကြာစွာ၊	နေရာရပေမည်။
၁၃။	အကနိဋ္ဌာက်၊	ဗြဟ္မာဆောက်၊	ဝေဘင်းခြောက်ကြာလေထည်။
၁၄။	အရူပဘုံမှာ၊	ထိုထက်သာ၊	ရှည်ကြာပြန်လေသည်။
၁၅။	အာတာဘုံမှာ၊	နှစ်သောင်းပါ။	ဝိညာလေးဖြစ်သည်။
၁၆။	အာတိဗ္ဗည၊	ခြောက်စသောင်းပ၊	နေဝမှာထားသည်၊
၁၇။	ရှစ်သောင်းလေးထောင်၊	ရှည်ကြာအောင်၊	နေဆောင်ပြုရသည်။
၁၈။	တစ်ကမ္ဘာဝင်၊	ကြာလှအင်၊	နှိုင်းယှဉ်သိနိုင်သည်။
၁၉။	ဘုရားဖြတ်စွာ၊	လက်ထက်မှာ၊	အာဠာရဆရာသည်၊
၂၀။	တရားဟောရက်၊	ခုနစ်ရက်၊	လိုလျက်အချိန်ဌ်ထည်၊
၂၁။	ထွယ်လွန်လေရာ၊	အာကိဉ်မှာ၊	ဗြဟ္မာသွားဖြစ်သည်။
၂၂။	နှစ်သောင်းကမ္ဘာ၊	ရှည်ကြာစွာ၊	နေပါလေတော့သည်။
၂၃။	ဥဒကမှာ၊	တစ်ရက်သာ၊	ဝိုရာချိန်ဌ်သည်၊
၂၄။	ထွယ်လွန်လေရာ၊	နေဝမှာ၊	ဗြဟ္မာဖြစ်လေသည်။
၂၅။	ရှစ်သောင်းလေးထောင်၊	ကြာလေအောင်၊	နေဆောင်ရလေဖြို။
၂၆။	ပုထုဇဉ်ပါ၊	ဖြစ်၍ပါ၊	မင်္ဂလေမရဖြို။
၂၇။	ထိုမှတစ်ခါ၊	လူပြည်မှာ၊	ဖြစ်လောပြန်လျှင်သည်၊

၂၈။ တုရားသာသနာ၊ ကြံုလေပါ၊ တော်တာပြောရမည်။
၂၉။ မကြံုလေက၊ သွားရောဟ၊ လည်ရလေဦးမည်။
၃၀။ ထို့ကြောင့်တစ်လွှား၊ မြတ်တုရား၊ သနားလျှ်သည်၊
၃၀။ အာဠာရ,ဥဒက၊ မဂ်ဖိုလ်မှ၊ ဆုံးကြရလေပြီ။
၃၂။ အကယ်၍သာ၊ တရားနာ၊ ရိယာဖြစ်ကြမည်။
၃၃။ ဗုဒ္ဓမြတ်စွာ၊ ကရုဏာ၊ ကြီးစွာဖြစ်လေသည်။
၃၄။ အရှုပမာ၊ မြတ်သောတာ၊ ရိယာများတို့သည်၊
၃၅။ အထက်မဂ်ကို၊ အလိုလို၊ ရကိုသွား၍သည်၊
၃၆။ ရဟန္တာပင်၊ ဖြစ်လို့အင်၊ စံဝင်ကြပေမည်။
၃၇။ ပုထုဇဉ်ကား၊ မဂ်ဖိုလ်နား၊ ကပ်ငြားမရှိပြီ။
၃၈။ ဗြဟ္မာသက်တမ်း၊ နှိုင်းစာမှန်း၊ လူ့သက်တမ်းများသည်၊
၃၉။ မျက်တစ်မှိတ်တောင်း၊ မြန်လွန်းကြောင်း၊ တိုတောင်းလှတိသည်။
၄၀။ ထို့ကြောင့်မှန်စွာ၊ သာသနာ၊ ကြံုလော်နေ၍သည်၊
၄၁။ အချိန်မမှု၊ ရနိုင်ပြု၊ ပကုစိတ်ကိုသည်၊
၄၂။ အားကိုးပြုကာ၊ အားထုတ်ရာ၊ မဂ်ဖိုလ်ရနိုင်သည်။

၁၃။ ပကုစိတ်ကို အရှုပါဝစရဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၄။ ပကုစိတ်ကို ပရိယာပန္နဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၄။ ပရိယာပန္နဒုက်

၁။ ပရိယာပန္နာ ဓမ္မာ – ဝဋ်တရား၌ အကျုံးဝင်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ရ၏။

၂။ အပရိယာပန္နာ ဓမ္မာ – ဝဋ်တရား၌ အကျုံးမဝင်ကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန်ရ၏။

(လောကီယဒုက်နှင့် တူပြီ)

၁၄။ ပကုစိတ်ကို ပရိယာပန္နဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၅။ ပကိဏ်းစိတ်ကို နိယျာနိကဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၅။ နိယျာနိကဒုက်

၁။ နိယျာနိကာ ဓမ္မာ – ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော တရားများ။
မဂ်စိတ် ၄-ခု၊ စေတသိက် ၃၆-ပါး ရ၏။

၂။ အနိယျာနိကာ ဓမ္မာ – ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ ဇိုလ်စိတ် ၄-ခု၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ရုတ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရဌ် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤဒုက်အရ ဝဋ်ဆင်းရဲမှ တကယ်ထွက်မြောက်ကြောင်းတရားကား မဂ် ၄-ပါးသာတည်း။ မဂ် ၄-ပါး တို့ကသာ သံသရာဝဋ်ဆင်းရဲဌ် လည်စေတတ်သော ဆိုင်ရာအကုသိုလ် ကိလေသာများကို အပြီးအပြတ် ပယ်သတ်သည်ဖြစ်၍ မဂ်တရားကို ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားဟု ဆိုရလေသည်။

မဟာကုသိုလ် ပဌမစိတ်သည်ကား အကုသိုလ် ကိလေသာကို တဒင်္ဂသာ ပယ်သတ်သည်ဖြစ်၍ ဤဒုက်အရ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဟူ၍ မဆိုရပေ။ သို့ရာတွင်ကား ဤမဟာကုသိုလ် ပဌမစိတ်ကို လက်ကိုင်ထား၍ ဝိပဿနာ ရှုပွားနိုင်သောသူတို့မူကား မဂ်ဉာဏ်ကို ရစေနိုင်သော တရားကား ဖြစ်၍နေလေ၏။ သို့ဖြစ်၍ ဝိပဿနာရှုပွားကာ မဂ်ဉာဏ်ကို အရယူသင့်ကြပေသည်။

၁၅။ ပကိဏ်းစိတ်ကို နိယျာနိကဒုက်ဖြင့် ဝေဖန်ခြင်းဌ ဧဃောင်ရန်လင်္ကာများ

၁။ နိယျာနိကဒုက်မှာ၊ ပဏုဟာ၊ ဒုမှာပါဝင်သည်။
၂။ ဝဋ်ဆင်းရဲသာ၊ ထွက်မြောက်ရာ၊ နိယျာခေါ် လေသည်။
၃။ ဝဋ်ထွက်ကြောင်းမှာ၊ မဂ်သည်သာ၊ ဖြစ်တာသိရမည်။
၄။ ကိလေတစ်သင်း၊ အပြီးထင်း၊ ပယ်ခြင်းပြု၍သည်၊
၅။ မဂ်ဉာဏ်တိုသာ၊ ဝဋ်ဥက္ခာ၊ ထွက်တာခေါ် ရသည်။
၆။ ပကိုစိတ်မှာ၊ ကိလေသာ၊ တဒင်္ဂီပယ်၍သည်၊
၇။ ဆင်းရဲအပေါင်း၊ လွတ်မြောက်ကြောင်း၊ ဆိုကြောင်းမပြုပြီ။
၈။ သို့ရာတွင်ကား၊ ပဏုဆား၊ ကိုင်ထား၍သာသည်၊
၉။ ဝိပဿနံ၊ ရှုပွားမှန်၊ မဂ်ဉာဏ်ရနိုင်သည်။

၁၅။ ပကိဏ်းစိတ်ကို နိယျာနိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၆။ ပကၠစိတ်ကို နိယတဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၆။ နိယတဒုက်

၁။ နိယတာ ဓမ္မာ – စုတိ၏ အခြားမဲ့၌လည်းကောင်း၊ ပိဝိ၏အခြားမဲ့၌လည်းကောင်း အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော တရားများ။

နိယတ မိဿာဒိဋ္ဌိ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတ်သမ္မယုတ်စိတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၁-ပါး။

ပဉ္စာနန္တရိယက်၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဋ္ဌေ သတ္တမဇော၊ ဝိတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၂၂-ပါး။

မဂ် ၄-ခု၊ စေတသိက် ၃၆-ပါး ရ၏။

ထိုတရားများတွင် နိယတမိဿာဒိဋ္ဌိကံနှင့် ပဉ္စာနန္တရိယကံတို့သည် စုတိ၏အခြားမဲ့၌ ငရဲကို အကျိုးပေးမြဲသောကံများတည်း။

မဂ်ဉာဏ်သည် ပိဝိမဂ်၏ အခြားမဲ့၌ ဖိုလ်ကို အကျိုးပေးမြဲသော ကုသိုလ်ကံတည်းဟူ၍ သိပါလေ။

၂။ အနိယတာ ဓမ္မာ – စုတိ၏ အခြားမဲ့၌လည်းကောင်း ပိဝိ၏အခြားမဲ့၌လည်းကောင်း အကျိုးပေးခြင်း မမြဲသော တရားများ။ ပဌမဇုဒ်အရေမှတစ်ပါးသော အကုသိုလ်စိတ် ၁၂-ပါး၊ လောကီတုသိုလ် ၁၇-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၅၂-ပါး၊ ရူပ် ၂၈-ပါး၊ နိဗ္ဗာန် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရတွင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် နိယတမိဿာဒိဋ္ဌိကံနှင့် ပဉ္စာနန္တရိယကံတို့ကဲ့သို့ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသည် မဟုတ်ပေ။ ကုသိုလ်ကံ၏ အကျိုးတရားသည် စုတိ၏ အခြားမဲ့၌ သုဂတိဘုံကို အကျိုးပေးရမည် ဖြစ်၏။ သို့ရာတွင် ဇောနှစ် အမြဲအကျိုးကား ပေးကောင်းမှ ပေးပေမည်။ အခြား အကုသိုလ်ကံ တစ်ပါးက ဝင်ရောက် အကျိုးပေးမှုလည်း ရှိတတ်ပြန်၍ လောကီကုသိုလ်ကံ၊ အကုသိုလ်ကံများကို စုတိ၏ အခြားမဲ့၌ အမြဲအကျိုးပေးသည်ဟု မဆိုရလေ။

ထို့နောက် မဂ်ဉာဏ်ကဲ့သို့ ပိဝိ၏ အခြားမဲ့၌ အကျိုးပေးမြဲသည် ဟူ၍လည်း မဆိုရပေ။ ဥပမာအားဖြင့် ဒါနကုသိုလ်ပြုရင် ချမ်းသာကြွယ်ဝသည်ဟု ဆိုရာ၌ မဟာဒုက်၊ ပုဏ္ဏာတို့ကဲ့သို့ အလွန်အကြောင်းသင့်၍ ဤဘဝ သူဌေးကြီးဖြစ်အောင် အကျိုးပေးတာတောင်မှ မနက်ပိုင်း ရက်ပိုင်း ကာလခြားလျက် အကျိုးပေးလေသည်။ ပြုပြီး ပြုပြီးချင်း အခြားစိတ်တစ်ခု မခြားဘဲ အကျိုးပေးရိုးထုံးစံ မရှိပေ။ မဂ်ဉာဏ်သည်သာ အခြားစိတ်တစ်ခု မခြားဘဲ ပိဝိ၏ အခြားမဲ့၌ ဖိုလ်ဉာဏ်ဟူသော အကျိုးကို ပေးခြင်း ဖြစ်လေသည်။ ထို့ကြောင့် မဂ်ဉာဏ်ကို အကာလိက ဂုဏ်ထိုက်သည်ဟု ဆိုရလေသည်။

သို့ရာတွင်ကား မဟာကုသိုလ် ပဌမစိတ်သည် စုတိ၏ အခြားမဲ့၌လည်းကောင်း၊ ပိဝိ၏ အခြားမဲ့၌လည်းကောင်း အကျိုးပေး မမြဲသော်လည်း အခွင့်သာ၍ အကျိုးပေးလျှင်ကား ကောင်းကျိုးချမ်းသာ အမျိုးမျိုးကိုသာ ပေးခြင်းဖြစ်၍ မင်္ဂလာကို မရမီ မဟာကုသိုလ် ပဌမစိတ်သည် ပုထုဇဉ်တို့အတွက် တစ်ခုတည်းသော လက်လွှတ်၍ မရသော ကုသိုလ်ဖြစ်သည်ကိုကား သဘောပေါက်သိမြင်ကြရမည် ဖြစ်ပေ၏။

၁၄။ ပကတိစိတ်ကို နိယတဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်များ

၁။	နိယတဒုတ်မှာ၊	ပကတိတာ၊	ဒုမာဟိဝင်သည်။
၂။	နိယတခေါ် ဘိ၊	မှားဒိဋ္ဌိ၊	ခေါ် ရိုက်တရားထည်၊
၃။	စုတိပြိုးရာ၊	ဖြားမဲ့မှာ၊	မြဲစွာကျိုးပေးသည်။
၄။	တောတုတ်အမှန်၊	ခေါ် ရပြန်၊	မင်္ဂဏ်များတို့သည်၊
၅။	မိမိ၏သာ၊	ဖြားမဲ့မှာ၊	မြဲစွာကျိုးပေးသည်။
၆။	ပကတိတ်ကား၊	ထိုသို့မျှား၊	ကျိုးကားမပေးပြီ။
၇။	သို့ပင်တစေ၊	အကျိုးပေ၊	ပေးလေလျှင်ထည်၊
၈။	တောင်းကျိုးချမ်းသာ၊	မျိုးမျိုးသာ၊	ပေးတာဖြစ်လေသည်။
၉။	ပုထုဇဉ်များ၊	ပကတအား၊	လွှတ်ထားမရပြီ။
၁၀။	မင်္ဂဏ်ရောင်၊	ပကတိ၊	အားအင်ပြုရမည်။

၁၆။ ပကတိတ်ကို နိယတဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၇။ ပကတိတ်ကို သဉ္ဇာရဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၇။ သဉ္ဇာရဒုက်

၁။ သဉ္ဇာရာ ဓမ္မာ – မိမိထက်လွန်မြတ်သော တရားရှိကုန်သော တရားများ။
လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါးတို့၏။

၂။ အနုတ္တရာ ဓမ္မာ – မိမိထက်လွန်မြတ်သော တရားမရှိကုန်သော တရားများ။
လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး၊ နိဗ္ဗာန် ရှိ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်အရှိ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် မိမိထက်လွန်မြတ်သော တရားသည် လောကတွင်ရာဝါရားဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တို့သာ ရှိတော့ကြောင်း သိမြင်နိုင်ပေသည်။ ဤထက်မြင့်မြတ်လိုလျှင် မူကား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်ရန်သာ ရှိပေတော့၏။

၁၇။ ပကတ္တိကို သဉ္ဇာတုဒ္ဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။ သဉ္ဇာတုဒ္ဒုက်မှာ၊ ပကတ္တာ၊ ဝမ္မာဟိဝင်သည်။
၂။ မိမိထက်သာ၊ လွန်မြတ်ရာ၊ ကုတ်သာရှိလေသည်။
၃။ ကိုယ့်ထက်သာကို၊ မရှိလို၊ မဂ်ကိုသာလျှင်သည်၊
၄။ ရအောင်အဟုတ်၊ နောက်မဆုတ်၊ အားထုတ်ကြရမည်။

၁၇။ ပကတ္တိကို သဉ္ဇာတုဒ္ဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၈။ ပကတ္တိကို သရဏာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၈။ သရဏာဒုက်

၁။ သရဏာ ဓမ္မာ – ငိကြွေးကြောင်း ဖြစ်သော ရာဂ အစရှိသော ကိလေသာနှင့်တကွ ဖြစ်ကုန်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၃-ပါး ရ၏။

၂။ အရဏာ ဓမ္မာ – ငိကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာ မရှိကုန်သော တရားများ။ ကုသိုလ် စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၃၈-ပါး၊ ၎င်း ၂၈-ပါး၊ နိဗ္ဗာန်၎၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ငိကြွေးလိုလျှင်တော့ ပဌမပုဒ်အရ အကုသိုလ်တွေ များများ ပြုလုပ်ကြဟူ၍ ဆိုဖွယ် ရှိလေ၏။

မှန်၏။ လူ့လောက၌ ပုထုဇဉ်တို့သည် အကုသိုလ်စိတ်တွေ များများဖြစ်လေ ငိကြွေးရမှု များလေ။ ကုသိုလ် စိတ်တွေ များများလုပ်လေ ဝမ်းသာရမှု များများဖြစ်လေ ဖြစ်၏။

သက်သေထူဦးအံ့။ ဘုရားရှင်လက်ထက်တော်က ဝိသာခါကျောင်းအမကြီးသည် အလွန်လိမ္မာသော ချက်ချက်ချာချာ ရှိလှသော မိမိလုပ်ငန်း၌ မျက်နှာလွဲ အားကိုးရသော မြေးမလေး သေဆုံးသည့်အတွက် စိုးရိမ်သောက နှိပ်စက်သောကြောင့် မျက်ရည်တွေတွေကျ ငိကြွေးရလေ၏။

ဘုရားရှင်က ဝိုင်ကြွေးရခြင်းအကြောင်းကို မေးတော်မူရာ လိမ္မာလှသော မြေးမလေး သေဆုံးသောကြောင့် ဟု ဖြေလေ၏။ သာဝတ္ထိပြို့ ကြီးဌ် လူဦးရေ (၇)ကုဋေရှိရကား 'အဲဒီလို လိမ္မာသော မြေးမလေးမျိုး(၇)ကုဋေလောက် ရလျှင် ကော လိုချင်သလား'_ ဟု မေးတော်မူပြန်လေ၏။ ဝိသာခါကလည်း 'လိုချင်ပါကြောင်း' လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က (၇)ကုဋေရှိကုန်သော သာဝတ္ထိပြို့ဌ် တစ်နေ့တစ်နေ့ သေဆုံးသူပေါင်း ရာနှင့်ချီ၍ များစွာပင် ရှိလေရာတွင် 'ဝိုင်ကြွေး၍ ဆုံးနိုင်ပါဦးမလား' _ ဟူ၍ မိန့်တော်မူလေမှ ဝိသာခါ သဘောပေါက်၍ အငိုရပ်သွားလေ၏။

ပဋာစာရိသည်လည်း သားသေ၍၊ လင်သေ၍၊ မိဘသေ၍၊ မောင်သေ၍၊ စီးပွားဥစ္စာပျက်စီး၍ သောကမီး အပြင်းအထန် တောက်လောင် ဝိုင်ကြွေးရာမှ အရူးမကြီးဘဝသို့ ရောက်ပြီးနောက် ဘုရားရှင်နှင့်တွေ့၍ 'ဤကဲ့သို့ ဆွေမျိုးသားချင်းတွေ သေ၍ စီးပွားဥစ္စာ ပျက်စီး၍ ငိုခဲ့ရသော မျက်ရည်တွေဟာ သမုဒ္ဒရာလေးဝင်းမှာ ရှိကုန်သော ရေတွေထက်ပင် များလှ ချေ၏။ မငိုချင်ပါနဲ့တော့' _ ဟူ၍ ဘုရားရှင်တရားဟောလေမှ အငိုရပ်သွားလေ၏။ ထို့နောက် သတိပဋ္ဌာန်တရား ဒေသနာတော်ကို ရွတ်ဖွား၍ သောတာပန်ပြစ်သွားလေ၏။ ထို့နောက် ထပ်၍တစ်ခါ ဝိပဿနာရွတ်ဖွား၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုမှတစ်ပါး မကောင်းမှု အကုသိုလ် အလုပ်တွေ လုပ်ကြပြီးနောက် နှက်ဒအမျိုးမျိုးရောက်၍ ဝိုင်ကြွေးရသူတို့ လည်း မြောက်များစွာ ရှိလေကုန်၏။

ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ် ရရှိသူတို့ကား သောကမရောက် မျက်ရည်မနှောက်ဘဲ ဝမ်းသာကြည်နူးမှု ဖြစ်ကြရလေကုန်၏။

ထို့ထက် အငိုပျောက်၍ မျက်ရည်ခန်းခြောက်လိုလျှင်တော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိရအောင် ဝိပဿနာတရားကို ကြိုးစား အားထုတ်ရန်သာ ဖြစ်ပေတော့၏။

၁၃။ ပကိဏ်ကို သရဏဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	သရဏဒုက်မှာ၊	ပကုဏ္ဏာ၊	ဒုမ္မာပါဝင်သည်။
၂။	မျက်ရည်တွေကျ၊	ဝိုင်ကြောင်းပ၊	သရဏခေါ် ရသည်။
၃။	သရဏခေါ် ပြု၊	တရေးစု၊	အကုဖြစ်လေသည်။
၄။	လူပြည်တွင်စု၊	နေရမှု၊	ပုထုဇ္ဇားစွာသည်၊
၅။	အကုစိတ်တွေ၊	များကြလေ၊	ဝိုင်တွေများကြမည်။
၆။	ကုသိုလ်စိတ်သာ၊	များကြရာ၊	ဝမ်းသာများပေမည်။
၇။	လက်ထက်တော်က၊	သာဂေ၊	ထုတ်ပြပေဦးမည်။
၈။	ကုသိုလ်ပြုရာ၊	ပျော်မွေ့တာ၊	ဝိသာခါကျောင်းအမသည်၊

၉။ လိမ္မာပေလျှ၊ ဖြတ်နိုးလျှ၊ မြေးမသေချိသည်၊
၁၀။ စိုးရိမ်ပူဆွေး၊ မျက်ရည်ပေး၊ ငိုကြွေးရလေ၏။
၁၁။ မြတ်စွာဘုရား၊ သိလေငြား၊ တရားဟောလေ၏။
၁၂။ သာဝတ္ထိပေ၊ လူဦးရေ၊ ခုနစ်ကုဋေရှိလေသည်။
၁၃။ ထိုလောက်ရငြား၊ မြေးမများ၊ လိုလားမေးလေ၏။
၁၄။ လိမ္မာလို့သာ၊ လိုချင်ဖို၊ ဝိသာဖြေလေ၏။
၁၅။ တစ်နေ့တစ်နေ့မှာ၊ သေကြတာ၊ လွန်စွာများလေသည်။
၁၆။ ဒီလိုဆိုလျှင်၊ ငို၍ပင်၊ ဘယ်တွင်ဆုံးလိမ့်မည်။
၁၇။ ထိုတရားနာ၊ ဝိသာခါ၊ ငိုတာရပ်လေ၏။
၁၈။ သာဝတ္ထိမှာ၊ ပဋာစာ၊ ခေါ်ရာဒကာမသည်၊
၁၉။ သားသေ,လင်သေ၊ မိဘသေ၊ မောင်သေသဖြင့်သည်၊
၂၀။ ဥစ္စာပျက်စီး၊ တစ်ငိုတည်း၊ ငိုပြီးနေလေသည်။
၂၁။ ငိုရုံမက၊ အရူးမ၊ ဘဝရောက်ရသည်၊
၂၂။ မြတ်စွာဘုရား၊ ပဋာအား၊ တရားဟောလေ၏။
၂၃။ ဆွေမျိုးတွေပျက်၊ ဥစ္စာပျက်၊ ငို၍မျက်ရည်သည်၊
၂၄။ သမုဒ်လေးဖြာ၊ ရေထက်သာ၊ များစွာရှိခဲ့၏။
၂၅။ တရားကိုသာ၊ အားထားရာ၊ မြတ်စွာဟောလေ၏။
၂၆။ သတိရရာ၊ ပဋာစာ၊ သောတာဖြစ်လေသည်။
၂၇။ ဝိပဿနာ၊ ရဟန္တာဖြစ်လေသည်။
၂၈။ ဒါနစဟူ၊ ကုသိလ်မူ၊ ပြုသူများတို့သည်၊
၂၉။ မျက်ရည်မနှောက်၊ သောကပျောက်၊ ဝမ်းမြောက်ရပေသည်။
၃၀။ မျက်ရည်ခန်းခြောက်၊ အငိုပျောက်၊ မင်္ဂလာထုတ်ရမည်။

၁၈။ ပကုစိတ်ကို သရဏာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၉။ ပကုစိတ်ကို ဝိဠိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

အဘိဓမ္မ ဒုကမာတိကာဖြင့် ဝေဖန်ခြင်း ပြီး၏။

ပကုစိတ်ကို သုတ္တန်ကဒုကမာတိကဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

သုတ္တန်ကဒုကမာတိကာ ၄၂–ဒုက် ။ ။ ဤသုတ္တန်ကဒုကမာတိကာ၌ ၄၂–ဒုက် ရှိ၏။ ယင်း ၄၂–ဒုက်ကား –

၁။ ဝိဇ္ဇာဘာဂီဒုက်
၂။ ဝိဇ္ဇူပဓမဒုက်
၃။ ဇာလဒုက်
၄။ တဏှာဒုက်
၅။ တဝနီယဒုက်
၆။ အဓိဝစနဒုက်
၇။ နိဝုတ္တိဒုက်
၈။ ဝဉ္ဇတ္တိဒုက်
၉။ နာမရူပဒုက်
၁၀။ အဝိဇ္ဇာဒုက်
၁၁။ ဘဝဒိဋ္ဌိဒုက်
၁၂။ သဿတဒိဋ္ဌိဒုက်
၁၃။ အန္တဝါဒိဋ္ဌိဒုက်
၁၄။ ဝုဒ္ဓန္တာနုဒိဋ္ဌိဒုက်
၁၅။ အဟိရိကဒုက်
၁၆။ တိရိဒုက်
၁၇။ ဒေါဝစဿတာဒုက်
၁၈။ သောဝစဿတာဒုက်
၁၉။ အာဝတ္တိကုသလတာဒုက်
၂၀။ သမာဝတ္တိကုသလတာဒုက်
၂၁။ မာတုကုသလတာဒုက်
၂၂။ အာယတနကုသလတာဒုက်
၂၃။ ဒန္ဓိဒုက်
၂၄။ ဌာနကုသလတာဒုက်
၂၅။ အဋ္ဌဝဒုက်
၂၆။ ခန္ဓိဒုက်
၂၇။ ဟာဒလျဒုက်
၂၈။ ဟုန္ဒြိယေသု အဝုတ္တဝါဒဒုက်
၂၉။ ဟုန္ဒြိယေသု ဝုတ္တဝါဒတာဒုက်
၃၀။ သတိသမ္ပဇညဒုက်
၃၁။ ဝဠိသင်္ခါနုဓလဒုက်
၃၂။ သမထဝိဝဿနာဒုက်
၃၃။ သမထနိမိတ္တဒုက်
၃၄။ ဝဂ္ဂါဟဒုက်
၃၅။ သီလဝိဝတ္တိဒုက်
၃၆။ သီလသမ္ပဒါဒုက်
၃၇။ သီလဝိသုဒ္ဓိဒုက်
၃၈။ ဒိဋ္ဌိဝိသုဒ္ဓိ ဒေါဝနု ဒုက်
၃၉။ သံဝေဇနီယဌာနဒုက်
၄၀။ အသန္တုဋ္ဌိတ တုသလ မဒုက်
၄၁။ ဝိဇ္ဇာဒုက်
၄၂။ ဒယညာဏဒုက်

အားဖြင့် ၄၂–ဒုက် ဖြစ်လေ၏။

၁။ ပကုစိတ်ကို ဝိဇ္ဇာဘာဂီဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁။ ဝိဇ္ဇာဘာဂီဒုက်

၁။ ဝိဇ္ဇာဘာဂိနော ဓမ္မာ – သမ္ပယုတ်၏အစွမ်းဖြင့် ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်တတ်ကုန်သော တရားများ၊
၀၀ – ဝိဇ္ဇာအစု ရှစ်ပါးဌ ဖြစ်ကုန်သော တရားများ။

ဝိဝဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဝရိယဝိဇ္ဇာဝိဇာနနဉာဏ်, ဝုဋ္ဌေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ဝါးနှင့် ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄–ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄–ခု၊ အဘိညာဉ် ဒွေ၊ အရဟတ္တမဂ်စိတ် ၁–ခု၊ အမောဟကြဉ်သော ဧတသိက် ၃၇–ပါး ရ၏။

၂။ အဝိဇ္ဇာဘာဂိနော ဓမ္မာ – သစ္စာလေးပါးကို ပိုးလွှမ်းတတ်ကုန်သော မောဟအစုဠိ ဖြစ်ကုန်သော တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ မောဟကြွင်းသော စေတသိက် ၂၆-ပါး ထုတ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်၌ ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ဝိဇ္ဇာရှစ်ပါးရှိသည့်အနက် အာသဝက္ခယဉာဏ်မှတစ်ပါး ကျန် ၇-ပါး၌ ပါဝင်သည်ကို တွေ့မြင်နိုင်ပေ၏။ အာသဝက္ခယဉာဏ်အရကား အရဟတ္တမဂ်ဉာဏ်ကို ကောက်ရလေ၏။ ထို ၇-ပါးတို့သည် ရဟန္တာတို့ သန္တာန်ဖြစ်မူ မဟာကြိယာစိတ်ကို ကောက်ရလေ၏။ ကျန်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်မူ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ကို ကောက်ရလေ၏။

ထိုအရ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း အာသဝက္ခယဉာဏ်မှတစ်ပါး ကျန် ဝိဇ္ဇာ ၇-ပါးကို ရနိုင်ကြလေ၏။ ထိုအနက် ဈာန်အဘိညာဉ်ရ ပုထုဇဉ်များ မဟုတ်ဘဲ သာမည ပုထုဇဉ်များသည် ဝိပဿနာကို အားထုတ်၍ ရုပ်, နာမ်သဘောကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ ဖြစ်မှု, ပျက်မှုကိုလည်းကောင်း၊ အပျက်ကိုလည်းကောင်း သိမြင်သည်ရှိသော် ဝိပဿနာဝိဇ္ဇာဉာဏ်ကို ရလေတော့၏။ ယင်းဝိပဿနာဝိဇ္ဇာဉာဏ်ဟူသည် မဟာကုသိုလ် ပဌမစိတ်တည်း။ ဤအရ မဟာကုသိုလ် ပဌမစိတ်သည် ဝိဇ္ဇာဖြစ်သည်အထိ စွမ်းဆောင်နိုင်သည်ကို သိမြင်ကြ၍ ရှေးဦးစွာ လောကိဝိဇ္ဇာဉာဏ်ကို ရယူပြီးနောက် မဂ်ဟူသော လောကုတ္တရာ ဝိဇ္ဇာဉာဏ်ကိုလည်း အရယူနိုင်ရန် ကြိုးစားသင့်ကြပေ၏။

၁။ ပကုစိတ်ကို ဝိဇ္ဇာဘာဂိဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	ဝိဇ္ဇာဘာဂိဒုက်မှာ၊	ပကုတာ၊	ပမှာပါဝင်သည်။
၂။	ဝိဇ္ဇာအစု၊	တရားဟု၊	ခေါ်မှုပြုလေသည်။
၃။	ဝိပဿနာစဖြာ၊	ရစ်ပါးဟာ၊	ဝိဇ္ဇာဖြစ်လေသည်။
၄။	ဝိဇ္ဇာရှစ်ခု၊	အာကြဉ်ပြု၊	ပကုရလေသည်။
၅။	ပုထုဇဉ်မှာ၊	အာကြဉ်ပါ၊	ကျန်တာရနိုင်သည်။
၆။	ဈာန်ဘိဉ်အစု၊	ဖရမူ၊	ပုထုဇ္ဇားတို့သည်၊
၇။	ဝိပဿနာ၊	ရှုပ္ပားပါ၊	ဝိဇ္ဇာဖြစ်နိုင်သည်။
၈။	ရုပ်,နာမ်နှစ်ဖြာ၊	သိမြင်လာ၊	ဝိဇ္ဇာဖြစ်လေသည်။
၉။	ဖြစ်တာပျက်တာ၊	သိမြင်လာ၊	ဝိဇ္ဇာဖြစ်လေသည်။
၁၀။	အပျက်ကိုပါ၊	သိမြင်လာ၊	ဝိဇ္ဇာဖြစ်လေသည်။
၁၁။	ပကုဉာဏ်မီ၊	ဝိဇ္ဇာထိ၊	ဖြစ်ရှိသိနိုင်သည်။

၁၂။ ဝိဇ္ဇမာနဓမ္မာ ဝိဇ္ဇမာနဓမ္မာတိ ကိဉ္စိ ကိဉ္စိ ဖြစ်တော်သူများသည်၊

၁၃။ ကတိဝိဇ္ဇမာနေ၊ ကတိဝိဇ္ဇမာနေ၊ ရအောင်ထုတ်ရမည်။

၁။ ပဌမစိတ်ကို ဝိဇ္ဇူပယုဇ္ဇနာနည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပဌမစိတ်ကို ဝိဇ္ဇူပယုဇ္ဇနာနည်းဖြင့် ဝေဖန်ခြင်းခဏ္ဍ ကိုယ်ကျင့်တရားများ

၂။ ဝိဇ္ဇူပယုဇ္ဇနာ

၁။ ဝိဇ္ဇူပမာ ဓမ္မာ – လျှပ်စစ်နှင့် တူကုန်သော တရားများ။ အောက်မပ်သုံးဥဿိုဖြင့်သော ဝဏ္ဏဂုဏ်။

၂။ ဝဇိရူပမာ ဓမ္မာ – ဝဇိရစိန်နှင့် တူကုန်သော တရားများ။ အထုတ္တမဂ်စိတ်ဥဿိုဖြင့်သော ဝဏ္ဏဂုဏ်။

ပဌမပုဒ်အရဖြစ်သော အောက်မဂ်စိတ် ၃-ခုတို့ လျှပ်စစ်နှင့်တူပုံကို ဤသို့ သိအပ်ပေ၏။ အမှောင်ထဲ၌ ခရီးသွားသော ယောဂျာသည် လမ်းကိုမမြင် ဖြစ်နေရာ၌ လျှပ်စစ်လက်လိုက်သောအခါ လမ်းကို မြင်တွေ့ရလေ၏။

ဤနည်းတူစွာ ဝိပဿနာတရားအားထုတ်သော ယောဂိပုဂ္ဂိုလ်သည် ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်သို့ ရောက်ချိန်၌ လျှပ်စစ်လက်သကဲ့သို့ သစ္စာလေးပါးကို သိမြင်လိုက်ရလေ၏။ ဤကား သောတာပတ္တိမဂ်ဉာဏ် ပေါ်ပုံသဘောတည်း။

သကဒါဂါမိမဂ်ဉာဏ် ရရန်အတွက် ဝိပဿနာကို ဆက်လက်၍ အားထုတ်ရာတွင် ဂေါဒါန်မှတဆင့် မဂ်ဉာဏ်ပေါ်လာချိန်တွင် လျှပ်စစ်လက်လိုက်သကဲ့သို့ သစ္စာလေးပါးကို သိမြင်လိုက်လေတော့၏။ ယင်းသည်ကား သကဒါဂါမိမဂ်ဉာဏ်ပေါ်ပုံ သဘောတည်း။

အနာဂါမိမဂ်ဉာဏ်ကို ရရန်အတွက် ဝိပဿနာရှုပွားသော ယောဂိပုဂ္ဂိုလ်သည် ဂေါဒါန်မှတစ်ဆင့် အနာဂါမိမဂ်ဉာဏ် ရောက်သောအခါ၌ လျှပ်စစ်လက်လိုက်သကဲ့သို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်လေ၏။ ဤကား သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်တို့၏ လျှပ်စစ်နှင့် တူပုံသဘောတည်း။

ဒုတိယပုဒ်အရဖြစ်သော အရဟတ္တမဂ်ဉာဏ်၏ ဝဇိရစိန်နှင့် တူပုံသဘောကား သိကြားမင်း၏ ဝဇိရစိန်သည် မဖောက်ခွဲနိုင်သော ကျောက်သည်လည်းကောင်း၊ ပတ္တမြားသည်လည်းကောင်း မရှိပေ။ ဝဇိရစိန် ကျရာအရပ်သည် ထုတ်ချင်းဖောက်ထွင်းသွားလေ၏။ ဤနည်းတူစွာ အရဟတ္တမဂ်ဉာဏ်သည် မသတ်အပ်၊ မသတ်နိုင်သော ကိလေသာမည်သည် မရှိ။ ကိလေသာ အထုကြီးကို ထုတ်ချင်းဖောက်ထွင်း၍ ကိလေသာတို့ကို အကြွင်းမရှိ ပယ်သတ်လေ၏။ ထို့ကြောင့် ဝဇိရစိန်နှင့် တူလေ၏။

ဤဒုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ဒုက်နှစ်ခုလုံး၌ မပါဝင်သော်လည်း လေးမဂ်လုံး၌ ဝိပဿနာနှင့်ကင်း၍ မဂ်ဉာဏ်ရခြင်းမည်သည် မရှိပေ။ ဝိပဿနာ ရှုပွား၍သာ မဂ်ဉာဏ်လေးပါးကို ရရှိကြရလေကုန်၏။ ဝိပဿနာအရသည်လည်း မဟာကုသိုလ် ပဌမစိတ်၌ရှိသော ပညာကို ကောက်ရသည်ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၏ အရေးပါပုံကို သိမြင်ကြကာ ဝိပဿနာကို ရှုပွား၍ လျှပ်စစ်နှင့်တူသော အောက်မဂ်သုံးပါးကိုလည်းကောင်း၊ ဝဇိရစိန်နှင့်တူသော အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း အရယူနိုင်ကြပေရာ၏။

၂။ ယထာဓိတ်ကို ဝိဇ္ဇူပမဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ဝိလျပမဒုက်မှာ၊	ပကုဟာ၊	ပါဠိတော်မရှိပြီ။
၂။	လျှပ်စစ်လက်မူ၊	တူလေပြု၊	ဝိလျခေါ် ရသည်။
၃။	ဝိလျအရ၊	အောက်မဂ်ပါ၊	မရှုကောက်ရသည်။
၄။	လမ်းသွားထောက်ခံ၊	ဖောင်ကြီး၊	လမ်းကားမမြင်ပြီ။
၅။	လျှပ်စစ်ဓာတ်ရောဂါ၊	လမ်းတိုဘာ၊	ထောင်းစွာမြင်လေပြီ။
၆။	ဤနည်းထူစွာ၊	ဝိပဿနာ၊	ရှုပွားရာ၌သည်၊
၇။	အောက်မဂ်သုံးပါး	အရောတ်မှာ၊	သစ္စာမြင်လေပြီ။
၈။	ဝဇိရစိန်ပင်၊	ကျောက်သို့အင်၊	ကျလျှင်ဖောက်ထွက်သည်။
၉။	မဖောက်နိုင်ရာ၊	ဝဏ္ဏုဟာ၊	ဘဏ်မှာမရှိပြီ။
၁၀။	ဤနည်းထူစွာ၊	ဝိပဿနာ၊	ရှုပွားရာ၌သာ၊
၁၁။	အရဟတ္တမဂ်၊	အရောက်မှာ၊	ကိလေသာထုတိုသည်၊
၁၂။	ထုတ်ချင်းဖောက်ဆော်၊	အပြီးပြတ်၊	ပဟ်သတ်နိုင်၍သည်၊
၁၃။	ရမော်ဆေးချိန်၊	ဝဇိစိန်၊	ထူချိန်သိနိုင်ဆည်။
၁၄။	ပကုစိတ်ထား၊	ဤဒုက်မှာ၊	ဗျိုဟာမဟုတ်ပြီ။
၁၅။	သို့ဆုတွင်ထား၊	ဝိပဿိအား၊	ပွားများပါမှသည်၊
၁၆။	မဂ်ဉာဏ်ဆေးဖြာ၊	ရနိုင်တာ၊	ထောင်းစွာသိရသည်။
၁၇။	ဝိပဿိပွားမှု၊	ထောက်ခြင်းပြု၊	ပစ္စုရလေသည်။
၁၈။	ဝိပဿိပွားတာ၊	မဂ်လေးဆ၊	အရဟောင်နိုင်သည်။

၃။ ပကုစိတ်တို့ ဝိဇ္ဇူပမဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ၄။ ၅။ ပကတိစိတ်ကို ဟေတုဒုက်၊ ကဏ္ဍဒုက်၊ တာပနီယဒုက်ဖြင့် ဆဝဖန်ခြင်း

၃။ ၄။ ၅။ ဟေတုဒုက်၊ ကဏ္ဍဒုက်၊ တဝနီယဒုက်

၁။ ဟေတု ဓမ္မာ – လူမိုက်တို၌ တည်ကုန်သော တရားများ။
ကဏှာ ဓမ္မာ – မည်းညစ်ကုန်သော တရားများ။
တပနီယာ ဓမ္မာ – ပစ္စုပ္ပန်, သံသရာနှစ်ဖျဉ်၌ ပူပန်စေတတ်, ဆင်းရဲစေတတ်သော တရားများ။
အဋ္ဌသိုဠသိစိတ် ၁၂-ပါး၊ ဒေဏသိတ် ၂၇-ပါး ရ၏။

၂။ ပဏ္ဍိတာ ဓမ္မာ – ပညာရှိတို၌ တည်ကုန်သော တရားများ။
သုက္ကာ ဓမ္မာ – ပြုစင်ကုန်သော တရားများ။
အတပနီယာ ဓမ္မာ – ပစ္စုပ္ပန်, သံသရာနှစ်ပါးဘို့ မပူပန်စေတတ်, ချမ်းသာစေတတ်သော တရားများ။
ဏသိုဠသိစိတ် ၂၁-ပါး၊ ဒေဏသိတ် ၃၈-ပါး ရ၏။

ဤသုံးဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရများ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤသုံးဒုက် သဘောအရ အကုသိုလ်တရားများသည် လူမိုက်တို၌တည်သော တရားများ၊ မည်းညစ်သော တရားများ၊ ပူပန်ဆင်းရဲစေတတ်သော တရားများ ဖြစ်ဘိသကဲ့သို့ ကုသိုလ်တရားများသည် ပညာရှိတို၌ တည်သော တရားများ၊ ပြုစင်သောတရားများ၊ အေးချမ်းသော, ချမ်းသာစေတတ်သော တရားများ ဖြစ်သည်ကို တွေ့မြင်နိုင်ကြပေသည်။

သို့ဖြစ်၍ ပိဗိဏ်စိတ်နှလုံး ဖြစ်နေပုံအခြေအနေကို သတိထား၍ ကြည့်ရှုရန် လိုအပ်ပေသည်။ ပိဗိဏ်စိတ်နှလုံး၌ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ စသောတရားများကို တွေ့မြင်လျှင် –

'ငါသည် လူမိုက်တစ်ယောက် ဖြစ်နေပါပကော ... ဟူ၍လည်းကောင်း၊
မည်းညစ်သူ ဖြစ်နေပါဗကော ... ဟူ၍လည်းကောင်း၊
ပူပန်ဆင်းရဲသူ ဖြစ်နေပါပကော ... ဟူ၍လည်းကောင်း' – ဆင်ခြင်နှလုံးသွင်း၍ ထိုအကုသိုလ် တရားများကို ပိဗိဏ်စိတ်နှလုံးမှ အလျင်အမြန် မောင်းထုတ်ရမည် ဖြစ်သည်။

သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, အမောဟ, မေတ္တာ, ကရုဏာ စသော ကုသိုလ် တရားများကို တွေ့လျှင် –

'ငါသည်ပညာရှိတစ်ယောက်ဖြစ်နေသည်ဟူ၍လည်းကောင်း၊
ပြုစင်သူဖြစ်နေသည်ဟူ၍လည်းကောင်း၊
အေးချမ်းသူဖြစ်နေသည်ဟူ၍လည်းကောင်း' ဆင်ခြင်နှလုံးသွင်းပြီးလျှင် ထိုကုသိုလ်တရားများကို တိုး၍တိုး၍

ကိုးပွားစေရမည် ဖြစ်သည်။ ဤကုသိုလ်ကား မဟာကုသိုလ် ပဌမစိတ်ကုသိုလ် ဖြစ်လေသည်။ ထို့ထက်ကောင်းမွန်စေလိုရင်တော့ မဂ်ဉာဏ်ကုသိုလ်အထိ သွားရုံပင် ရှိလေသည်။

၃။ ၄။ ၅။ ပကုဏ်တိုက်ကို မာလဒုက်၊ ကဏ္ဍဒုက်၊ တဃနီယဒုက်တို့ဖြင့် ပေထန်ခြင်း၌ ဆောင်ရန်လက်ခံချက်များ

၁။	ဗာ, ကဏ်, တ သုံးဒုက်ခြာ၊	ဝကုဟာ၊	ဒုမွာပါဝင်သည်။
၂။	မိုက်တာ,မည်းတာ၊	ပူလောင်တာ၊	ဒိပ္ပါဖြစ်လေသည်။
၃။	အကုတရား၊	ဆတ္တဲ့နှစ်ပါး၊	ဓဏတ်ငြားရလေသည်။
၄။	ဒုအရတွင်၊	ဗဟုရှင်၊	ဖြူစင်အေးချမ်းသည်။
၅။	ကုသိုလ်မည်ငြား၊	တရားများ၊	ကောက်ငြားရလေသည်။
၆။	မိမိစိတ်အင်၊	သတိပင်၊	ဆင်ခြင်တြည့်ရမည်။
၇။	လောဘစငြား၊	အကုသ္တား	တွေ့ငြားကြလျှင်သည်၊
၈။	ဝါသည်တစ်မူ၊	မိုက်မည်းသူး	ပူသူဖြစ်နေသည်။
၉။	ဤသို့သိခါ၊	ဆျင်ပြုစွာ၊	ဝဏ်ကျိုးဝစ်ရမည်။
၁၀။	အလောစငြား၊	ထုထရား၊	တွေ့ငြားကြလျှင်သည်၊
၁၁။	ဝါပညာရှိ၊	ဖြူစင်သိ၊	ငြိမ်းအေးနေလေသည်။
၁၂။	ဤသို့သိခါ၊	ထုထိုဿ၊	ဆက်ကာထုတ်ရမည်။
၁၃။	ဤကုသိုလ်မှာ၊	ပတုဿ၊	တောင်းစားဖြစ်လေသည်။
၁၄။	ဤထက်ကောင်းရန်၊	မဂ်ဖိုလ်ဉာဏ်၊	ရရန်ထုတ်ရမည်။

၃။ ၄။ ၅ ။ ဗာလဒုက်၊ ကဏ္ဍဒုက်၊ တဝနီယဒုက် ဝေဖန်ခြင်း ပြီး၏။

• • • •

၆။ ပကတိတ်ကို အဓိဝစနဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၆။ အဓိဝစနဒုက်

၁။ အဓိဝစနာ ဓမ္မာ – သဒ္ဒါမှုကိုသာ အကြီးအမှူးပြု၍ ဖြစ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော တရားများ။ သူကန္တဝုဠိလိုတို့၏ အသိဉာဏ်အားတစ်သော သဒ္ဒဝဉ်ထိရု၏။
(ဤသဒ္ဒပညတ်ဟူသည် အစိတ်သဒ္ဒနှင့် မကင်းရကား သဝိညတ္တိက ဝစီဘေဒ သဒ္ဒတည်း)

၂။ အဓိဝစနပထာ ဓမ္မာ – သဒ္ဒါမှုကိုသာ အကြီးအမှူးပြု၍ ဖြစ်သော သဒ္ဒပညတ်တို့၏ အကြောင်း ဖြစ်ကုန်သော တရားများ။ ဝဒန္တဝုဠိလိုတို့၏ အသိဉာဏ်အားတစ်သော အတ္ထဝဉ်ထိ ရု၏။
(ထိုအတ္ထပညတ်ဟူသည် အကြောင်းနှင့် မကင်းရကား စိတ် ၁၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ရု၏)

ကျိုက်သဘောအရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ကျိုက်သဘောအရ ပြောကြဆိုကြသော ပညတ်ကို ပြခြင်းပြစ်၍ ပညတ်ဟူသည်လည်း 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ဟူကုန်သော ထင်ရှားရှိကုန်သော ပရမတ္ထတရားကို အထည်ကိုယ်ထား၍ ပြောဆိုသုံးနှုန်းရခြင်း ဖြစ်လေသည်။ ပရမတ်တရား ရှိ၍သာ ပညတ်ဟူ၍ ပေါ်လာခြင်း ဖြစ်သည်။ ပရမတ်တရား မရှိသော် ပညတ်ဟူ၍ မရှိနိုင်ပေ။

ဥပမာအားဖြင့် အကုသိုလ်တရား လက်ခံသူကို လူမိုက်ဟူ၍ ခေါ်ရသလို ကုသိုလ်တရားကို လက်ခံသူကို ပညာရှိ ဟူ၍ ခေါ်ဆိုလေသည်။ မဂ်ဉာဏ်မရသေးကုန်သောသူများကို ပုထုဇဉ်ဟူ၍ ခေါ်ရသလို မဂ်ဉာဏ်ရပြီးသော သူများကို အရိယာ ဟူ၍ ခေါ်ဆိုရပြန်လေသည်။

ဤသဘောအရ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေသူကို လူလိမ္မာ ဟူ၍လည်းကောင်း၊ လူပညာရှိ ဟူ၍လည်းကောင်း၊ တိဟိတ်စိတ် ဖြစ်နေသူ ဟူ၍လည်းကောင်း စသည်ဖြင့် ခေါ်ဝေါ်နိုင်လေသည်။

၆။ ပကတိတ်ကို အဓိဝစနဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်ကျန်များ

၁။	အဓိဝစနဒုက်မှာ၊	ပထုဇာ၊	ဒဗ္ဗာပါဝင်သည်။
၂။	ပညတ်ကိုသာ၊	ကြိုးမူးထား၊	ပြတာဖြစ်လေသည်။
၃။	ပရမတ်တရား၊	အထင်ရှား၊	ရှိကြားပါ၍သည်၊

၄။	ပြောဆိုစရာ၊	ပညတ်ဟာ၊	ပေါ် လာရလေသည်။
၅။	ပရမတ်သာ၊	မရှိရာ၊	ဘယ်မှာပေါ် လိမ့်မည်။
၆။	ဥပမာအား၊	သိဖို့ငှား၊	ထုတ်ကားပြဦးမည်။
၇။	အကုထစ်သိုက်၊	လက်ခဲတြိုက်၊	လူမိုက်ခေါ် ရသည်။
၈။	ကုသိုလ်ကိုတိ၊	လက်ခံဘိ၊	ပညာရှိခေါ် လေသည်။
၉။	မဂ်ဉာဏ်အစု၊	မရမူ၊	ပုထုခေါ် ရသည်။
၁၀။	မဂ်ဉာဏ်လေးဖြာ၊	ရသူမှာ၊	ရိထာခေါ် ပြန်သည်။
၁၁။	ပကတ္တရား၊	ဖြစ်သူအား၊	ခေါ် ငြားရလျှင်သည်၊
၁၂။	ပညာရှိသူ၊	လိမ္မာသူ၊	ခေါ် ယူနိုင်လေသည်။
၁၃။	တိတိတ်စိတ်ဟူ၊	ဖြစ်နေသူ၊	ဖြတ်သူခေါ် နိုင်သည်။

၆။ ပကုစိတ်ကို အဓိဝစနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၎။ ပကုစိတ်ကို နိရုတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၇။ နိရုတ္တိဒုက်

၁။ နိရုတ္တိ ဓမ္မာ – ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်ဟူ ဆိုအပ်ကုန်သော တရားများ။
သုဏန္တဝုဠ္ဍလိတို့၏ အသိဉာဏ်အား တပ်သော သဒ္ဒပညတ်ရု၏။

၂။ နိရုတ္တိပထာ ဓမ္မာ – ထုတ်၍ဆိုအပ်ကုန်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော တရားများ
ဝဒန္တ ပုဠ္ဍလိတို့၏ အသိဉာဏ်အား တပ်သော အဏ္ဍပညတ်ရု၏။

(အဓိဝစနဒုက်နှင့် တူပြီ)

၎။ ပကုစိတ်ကို နိရုတ္တိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ ပကတ္တိတ်ကို ပညတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ ပညတ္တိဒုက်

၁။ ပညတ္တိ ဓမ္မာ – အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော တရားများ။ သုဏန္တဝုဋ္ဌိဃာ ထို၏ အသိဉာဏ်အားတစ်သော သဒ္ဒတည်း။

၂။ ပညတ္တိပထာ ဓမ္မာ – အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်တို့၏ အကြောင်း ဖြစ်ကုန်သော တရားများ။ ဝန္တဝုဋ္ဌိဃာထို၏ အသိဉာဏ်အား ထစ်သော အတ္ထဝေါဓတ်ဟု ဆို၏။

(အဓိဝစနဒုက်နှင့် တူပြီ)

၈။ ပကတ္တိတ်ကို ပညတ္တိဒုက်ဖြင့် ဝေဝဓန်ခြင်း ပြီး၏။

၉။ ပကတ္တိတ်ကို နာမ. ရူပဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ နာမရူပဒုက်

၁။ နာမာ ဓ – ညွတ်ခြင်းကို ပြုတတ်သော တရားများ။ စိတ် ၈၉-ပါး စေတသိက် ၅၂-ပါး နိဗ္ဗာန်ဟု ဆို၏။

၂။ ရူပဓ္မ – အချမ်းအပူ စသော တရားတို့ကြောင့် ဖောက်ပြန်တတ်သော တရားများ။ ရူပ် ၂၈-ပါး ဟု ဆို၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်ဖြစ်သော နာမ်တရားများအရှင် ပါဝင်နေသည်ကို တွေ့မြင်နိုင်ပေ၏။

ဤဒုက်သဘောအရ ညွတ်ခြင်းကို ပြုတတ်သောကြောင့် နာမ်မည်၏ဟူ၍ ဆိုထားချက်၌ ညွတ်ဟူသည် သက်ဆိုင်ရာ အာရုံကို သိဖို့ရာ ညွတ်နေခြင်း သဘောတည်း။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ် အစရှိသော ကုသိုလ်တရားတို့ကား ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ် အာရုံများကိုသာ ညွတ်နေမည် ဖြစ်၏။

လောဘ, ဒေါသ, မောဟ အစရှိကုန်သော အကုသိုလ်တရားများက ပါဏာတိပါတကံ, အဒိန္နာဒါနကံ အစရှိကုန်သော အကုသိုလ်အာရုံများကိုသာ ညွတ်နေမည် ဖြစ်ပေ၏။

ထို့ကြောင့် မိမိတို့၏ စိတ်သန္တာန်၌ မဟာကုသိုလ် ပဌမစိတ်ကို ဖြစ်စေ၍ နိဗ္ဗာန်ရောက်သည်အထိ ကောင်းမှု ကုသိုလ်များကို အဆက်ဆက် ပြုလုပ်သင့်လှပေကုန်၏။

၉။ ပကုဓိတ်ကို နာမရူပဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	နာမရူပဒုက်မှာ၊	ပကုဟာ၊	ဝမှာဟိဝင်ထည်။
၂။	အာရုံသို့စု၊	ညွတ်ခန့်မှု၊	နာမ်ဟုခေါ် လေထည်။
၃။	ထုထားတုံ၊	ကုအာရုံ၊	ညွတ်တုံနေလေသည်။
၄။	အကုအစု၊	အာရုံပြု၊	အကုဖြစ်ပေမည်။
၅။	မိမိစိတ်မှာ၊	ပကုသာ၊	ဖြစ်လာစေ၍သည်၊
၆။	နိဗ္ဗာန်ကိုတော၀်၊	သိရှိအော၀်၊	ကျင့်ဆောင်ကြရမည်။

၉။ ပကုစိတ်ကို နာမရူပဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကုစိတ်ကို အဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၀။ အဝိဇ္ဇာဒုက်

၁။ အဝိဇ္ဇာ စ – သစ္စာလေးပါးကို မသိတတ်သော တရားများ။ မောဟ ၎င်း။

၂။ ဘဝတဏှာ စ – ဘဝကို တပ်မက်မောသော တရားများ။ လောဘ၎င်း။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤ၌ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော အမောဟတရားသည် မောဟနှင့် ပြောင်းပြန် သစ္စာလေးပါးကို သိမြင်နိုင်ပေ၏။ ဝိပဿနာဉာဏ်၌ ပါဝင်သော အမောဟတရားများသည် လောကီဖြစ်၍ လောကီဉာဏ်ဖြင့် လောကီဖြစ်သော ရုပ်, နာမ် ဒုက္ခသစ္စာကို သိမြင်လေ၏။ မဂ်ဉာဏ်၌ ပါဝင်သော အမောဟတရားများသည် လောကုတ္တရာဖြစ်၍ လောကုတ္တရာဉာဏ်ဖြင့် လောကုတ္တရာဖြစ်သော နိဗ္ဗာန် = နိရောဓသစ္စာကို သိမြင်လေ၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ် ကုသိုလ်ရှင်များသည် ဝိပဿနာကို အားထုတ်၍ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် အစရှိကုန်သော ဝိပဿနာဉာဏ်တို့ဖြင့် လောကီဒုက္ခသစ္စာကိုလည်းကောင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာ နိရောဓသစ္စာကိုလည်းကောင်း သိမြင်နိုင်ကြပေကုန်၏။ သိမြင်အောင် ကြိုးစားသင့်ကြပေကုန်၏။

ဒုတိယပုဒ်အရဖြစ်သော ဘဝကို တပ်မက်မောတတ်သော လောဘသည်ကား ပုထုဇဉ်တို့သာမက ရဟန္တာ မဖြစ်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့၌လည်း ဘဝတဏှာဟူသည် ရှိနေဦးမည် ဖြစ်၏။

ထိုဘဝတရာအရပြင့်ပင် သေလွန်သောအခါ၌ မိမိတို့ ပြုလုပ်အပ်သော အကုသိုလ်ကံ, ကုသိုလ်ကံ အားလျော်စွာ ထိုထိုဒုဂ္ဂတိဘဝ၊ သုဂတိဘဝသို့လည်း ရောက်ကြရဦးမည် ဖြစ်၏။

ထိုအရ မဟာကုသိုလ် ပဌမစိတ်နှင့် သေလွန်လျှင် ကောင်းရာသုဂတိသို့ ရောက်ကြရမည် ဖြစ်ရကား မဟာကုသိုလ် ပဌမစိတ်တွေ ဖြစ်နေအောင် ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုမျိုးကိုသာ ကြိုးစား အားထုတ်၍ နေကြရပေမည်။

၁၀။ ပကုဏ်စိတ်ကို အဝိဂ္ဂာဒုက်ပြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	အဝိဇ္ဇာဒုက်မှာ၊	ပတုတာ၊	ပါတာမရှိပြီ။
၂။	သစ္စာလေးဖြာ၊	မသိတာ၊	အဝိဇ္ဇာဖြစ်လေသည်။
၃။	ပတုစိတ္တ၊	ရှိနေရ၊	အမောဟတရားသည်၊
၄။	မောဟနှင့်သာ၊	ပြောင်းပြန်ပါ၊	သစ္စာသိမြင်သည်။
၅။	ဝိပဿနာဉာဏ်၊	အတန်တန်၊	ပေါ်ပြန်လေလျှင်သည်၊
၆။	လောကီသစ္စာ၊	ဒုက္ခသာ၊	ကောင်းစွာသိမြင်သည်။
၇။	မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊	လောကုတ်မှန်၊	ပေါ်ပြန်လေလျှင်သည်၊
၈။	နိဗ္ဗာန်တုသာ၊	နိရောဓာ၊	ကောင်းစွာသိမြင်သည်။
၉။	ပကုအရှင်၊	ဝိကိုပင်၊	ပွားအင်ပြု၍သည်၊
၁၀။	ဝိဉာဏ်ရအောင်၊	မဂ်ရအောင်၊	ကျင့်ဆောင်ပြုရမည်။
၁၁။	ဒုတိယပုဒ်မှာ၊	ပြထားရာ၊	ဘဝတဏှာသည်၊
၁၂။	ဘဝကိုသာ၊	မက်မောတာ၊	ခေါ်တာဖြစ်လေသည်။
၁၃။	ရဟန္တာမပါ၊	ကျန်သူမှာ၊	တဏှာရှိကြသည်။
၁၄။	တဏှာနှင့်ပါ၊	သေလွန်ကြ၊	ဘဝရှိလေသည်။
၁၅။	ကုနှင့်အကု၊	စီမံပြု၊	ရောက်ပြုကြရမည်။
၁၆။	ကုသိုလ်ကံရှိ၊	သုဂတိ၊	မရှိဒုဖြစ်မည်။
၁၇။	သုဂတိကို၊	ရောက်ဖို့တို့၊	ကုသိုလ်ပြုရမည်။
၁၈။	နိဗ္ဗာန်သို့လဲ၊	ကုသိုလ်ပါ၊	မလွဲပြုရမည်။
၁၉။	ပကုတရား၊	လွတ်မထား၊	ဆုပ်ထားကြရမည်။

၁၀။ ပကုစိတ်ကို အဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

ပကိဏ်တ်ကို ၁၁။ ဘဝဒိဋ္ဌိ ၁၂။ သဿတဒိဋ္ဌိ ၁၃။ အန္တဝါဒိဋ္ဌိ ၁၄။ ပုဗ္ဗန္တာနုဒိဋ္ဌိတို့ဖြင့် ဝေဖန်ခြင်းဌ

ကိုယ်ကျင့်တရားများ

၁၁။ ဘဝဒိဋ္ဌိဒုက်

၁။ ဘဝဒိဋ္ဌိ စ – မြဲသည်၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာအယူတရားများ။ ဘဝဒိဋ္ဌိ ရ၏။

၂။ ဝိဘဝဒိဋ္ဌိ စ – ပြတ်သည်၏ အစွမ်းဖြင့် ဖြစ်သော် မိစ္ဆာအယူတရားများ။ ဝိဘဝဒိဋ္ဌိ ရ၏။

၁၂။ သဿတဒိဋ္ဌိဒုက်

၁။ သဿတဒိဋ္ဌိ စ – အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏ဟုယူသော မိစ္ဆာအယူတရားများ။ သဿတဒိဋ္ဌိ ရ၏။

၂။ ဥစ္ဆေဒဒိဋ္ဌိ စ – အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း ပြတ်၏ဟု ယူသော မိစ္ဆာအယူ တရားများ။ ဥစ္ဆေဒဒိဋ္ဌိရ၏။

၁၃။ အန္တဝါ ဒိဋ္ဌိဒုက်

၁။ အန္တဝါ ဒိဋ္ဌိ စ – အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးရှိ၏ဟု ယူသော မိစ္ဆာဒိဋ္ဌိ တရားများ။ အန္တဝါဒိဋ္ဌိ ရ၏။

၂။ အနန္တဝါဒိဋ္ဌိ စ – အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးမရှိဟုယူသော မိစ္ဆာဒိဋ္ဌိ တရားများ။ အနန္တဝါ ဒိဋ္ဌိ ရ၏။

၁၄။ ပုဗ္ဗန္တာနု ဒိဋ္ဌိဒုက်

၁။ ပုဗ္ဗန္တာနု ဒိဋ္ဌိ စ – ရှေ့အဖို့ကို အာရုံပြု၍ ဖြစ်သော မိစ္ဆာဒိဋ္ဌိတရားများ။ ပုဗ္ဗန္တာနုဒိဋ္ဌိ ရ၏။

၂။ အပရန္တာနုဒိဋ္ဌိ စ – နောက်အဖို့ကို အာရုံပြု၍ဖြစ်သော မိစ္ဆာဒိဋ္ဌိ တရားများ။ အပရန္တာနုဒိဋ္ဌိ ရ၏။

ဖော်ပြအပ်ပြီးသော ဒုက်လေးဒုက်၌ ပြအပ်သော ဒိဋ္ဌိများသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိ စေတသိက်တည်း။

ဒိဋ္ဌမုနိသမ္မု သက္ကာယဒိဋ္ဌိကို အခြေခံ၍ ဖြစ်ပေါ်ရသည်ဖြစ်၍ သက္ကာယဒိဋ္ဌိ သဘောကိုလည်း သိထားသင့်၏။ သက္ကာယဒိဋ္ဌိ၌ သက္ကာယဟူသည် ထင်ရှားရှိသော ရုပ်,နာမ်သဘောတည်း။ ယင်းထင်ရှားရှိသော ရုပ်,နာမ်သဘောကို ဝိပဿနာရှုပွားလျှင် သိမြင်နိုင်၏။ ထိုသို့ ဝိပဿနာ မရှုပွားသဖြင့် ထင်ရှားရှိသော ရုပ်, နာမ်ကို မသိမမြင်ရကား အသက်, လိပ်ပြာ, ဝိညာဏ်ကောင်သည် ရှိ၏။ အတ္တသည် ရှိ၏။ မြဲ၏ စသည်ဖြင့် မှားသော အယူကို ယူလေ၏။ ယင်းကို သက္ကာယဒိဋ္ဌိ ဟူ၍ ခေါ်လေသည်။

ယင်းသက္ကာယဒိဋ္ဌိကို ဝိပဿနာဉာဏ်စဉ်၌ နံပါတ်တစ် ဉာဏ်စဉ်ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရလျှင်ပင် ထိုသက္ကာယဒိဋ္ဌိကို တဒင်္ဂပယ်လေ၏။ သောတာပတ္တိမဂ်ဉာဏ်ရလျှင်ကား အပြီးတိုင် ပယ်လေ၏။ ယင်းပင်မဖြစ်သော သက္ကာယဒိဋ္ဌိကိုပယ်လျှင် ကျန်ဒိဋ္ဌိများလည်း ပယ်ပြီးဖြစ်လေတော့၏။

ထို့ကြောင့် မဟာကုသိုလ် ပဌမစိတ်အရဖြစ်သော ဝိပဿနာကို ရှုပွား၍ သောတာပတ္တိမဂ်ဉာဏ်သို့ ဆိုက်အောင် ကျင့်သုံးကာ ဖော်ပြအပ်ပြီးသော ဘဝဒိဋ္ဌိ အစရှိကုန်သော ဒိဋ္ဌိများကို ဖြုတ်ပယ်သင့်ကြပေ၏။

၁၁/ ၁၄ ။ ပကုဏ်စိတ်ကို ဘဝဒိဋ္ဌိဒုက် စသော ဒိဋ္ဌိဒုက်တို့ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဘဝဒိဋ္ဌိစရိဒုတ်မှာ၊	ပကုဟာ၊	ပါတာမတုတ်ပြီ။
၂။	ဒိဋ္ဌိမုနိသမ္မု၊	သက္ကာယ၊	ခြေကျဖြစ်ပေါ် သည်။
၃။	သက္ကာယဒိဋ္ဌိ၊	သဘောမိ၊	သိရှိထားသင့်သည်။
၄။	သက္ကာယမုနိ၊	ရုပ်နှင့်နာမ်၊	ရုပ်နာမ်သိ၍သည်၊
၅။	အတ္တဇိဝ၊	အကောင်ပ၊	ထူကြွမှားလေပြီ။
၆။	ယင်းသည့်အမှား၊	ဝိတရား၊	ရှုပွားသူများသည်၊
၇။	နာမရူပ၊	ဉာဏ်နှင့်ပ၊	တဒင်္ဂပယ်နိုင်သည်။
၈။	သောမဂ်ရလတ်၊	အပြီးပြတ်၊	ပယ်သတ်နိုင်လေသည်။
၉။	သက္ကာယဒိဋ္ဌိ၊	ပယ်နိုင်ဘိ၊	ဒိဋ္ဌိများကိုသည်၊
၁၀။	တဒင်္ဂတည်း၊	သမုစ္ဆိတည်း၊	ပယ်ပြီးဖြစ်လေသည်။
၁၁။	ပကုရငြား၊	ဝိပဿိအား၊	ရှုပွားပါ၍သည်၊
၁၂။	အကုတရား၊	ဒိဋ္ဌိများ၊	ဖယ်ရှားကြရမည်။

၁၁/ ၁၄။ ပကုစိတ်ကို ဘဝဒိဋ္ဌိဒုက် စသော ဒိဋ္ဌိဒုက်တို့ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၅။ ပကိဏ်ကို အဟိရိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၅။ အဟိရိကဒုက်

၁။ အဟိရိကန္တု – ကာယဒုစရိုက် စသည်မှ မရှက်တတ်သော တရားများ။ အဟိရိက ဂုဏ်။
၂။ အနောတ္တပ္ပန္တု – ကာယဒုစရိုက် စသည်မှ မလန့်တုန့်တတ်သော တရားများ။ အနောတ္တပ္ပ ဂုဏ်။

ဤဒုက်သဘောအရ လူမိုက်တို့သည် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်ခြင်း၊ လိမ်ပြောခြင်း၊ ကုန်းချောခြင်း၊ ဆဲခြင်း အစရှိကုန်သော ကြမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းစကား ပြောကြားခြင်းဟူသော ဒုစရိုက်များကို သံသရာဘေး, အပါယ်ဘေး စသည်တို့ကို မရှက်မကြောက် ရဲရဲတင်းတင်း ပြုလုပ်ကျူးလွန်ကြကုန်၏။ ယင်းသို့ ဒုစရိုက်တို့ကို ရဲတင်းစွာ ကျူးလွန်ခြင်းသည် လူမိုက်၏ စိတ်သန္တာန်၌ ဖြစ်နေသော အဟိရိက, အနောတ္တပ္ပတရားတို့ကြောင့် အရှက်အကြောက် မရှိ၊ ပြုလုပ်ရဲခြင်း ဖြစ်ပေ၏။ ထို့ကြောင့် ဤကဲ့သို့ အရှက်အကြောက် မရှိသော တရားများကို ပယ်ဖျောက်ကြရမည် ဖြစ်၏။ မဟာကုသိုလ် ပဌမစိတ်သည်ကား ဤတရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်လေ၏။ ထိုတရားတို့ကို ပယ်ပြုတ်နိုင်လေ၏။

၁၅။ ပကုဏ်ကို အဟိရိကဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	အဟိရိကဒုက်မှာ၊	ပကုဟာ၊	ပါတာမဟုတ်ပြီ။
၂။	မရှက်သလောက်၊	အဟိရောက်၊	မကြောက်အနောတ်ဂျ၊
၃။	လူမိုက်တစ်သင်း၊	ဒုကိုထင်း၊	ရဲတင်းကျူးကြသည်။
၄။	သံသရာဘေး၊	အပါယ်ဘေး၊	ကြောက်တွေးမရှိပြီ။
၅။	ရှက်ကြောက်မရှိ၊	ရဲတင်းဘိ၊	ကျူးမိကြခြင်းသည်၊
၆။	အဟိတရား၊	နောတ်တရား၊	ကိန်းဝှေးနေ၍ဂျ၊
၇။	ပကုကိုကိုင်၊	မရှက်ဖြိုင်၊	ပယ်နိုင်ကြရမည်။

၁၅။ ပကုစိတ်ကို အဟိရိကဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၆။ ပကုစိတ်ကို ဟိရီဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၁၆။ ဟိရီဒုက်

၁။ ဟိရိ စ – ကာယဒုစရိုက် စသည်မှ ရှက်တတ်သော တရားများ။ ဟိရီ ၎င်း။

၂။ ဩတ္တပ္ပဉ္စ – ကာယဒုစရိုက် စသည်မှ ကြောက်တတ်သော တရားများ။ ဩတ္တပ္ပ ၎င်း။

ဤဒုက်သဘောအရ ဟိရိနှင့် ဩတ္တပ္ပတရားနှစ်ပါးသည် စိတ်မဟုတ်ပေ။ စေတသိက်တည်း။ ထို စေတသိက်နှစ်ပါးသည် မဟာကုသိုလ် ပဌမစိတ်ဌ် ယှဉ်လေ၏။ ထိုအခါ မဟာကုသိုလ် ပဌမစိတ်ကို ဟိရိစိတ်, ဩတ္တပ္ပစိတ်ဟု ခေါ်ရပြန်၏။

သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် ဤဒုက်ဌ် တိုက်ရိုက်မရသော်လည်း စိတ်ယှဉ်၊ စေတသိက်ယှဉ် အားဖြင့် ပါဝင်နေ၏။

ဟိရိ, ဩတ္တပ္ပယှဉ်သော မဟာကုသိုလ် ပဌမစိတ်ကို ရထားသော ကုသိုလ်ရှင်သည် ဝိဝိဓ၏ ဖြူစင်သော အမျိုးဇာတ်ကို ထောက်ထား၍ ပါဏာတိပါတ စသော ဒုစရိုက်ကျူးလွန်ရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်း ရှိရမည် ဖြစ်၏။ ထိုသို့ ရှက်စိတ်, ကြောက်စိတ်ကို အလေးထားလျက် ဒုစရိုက်ကို ကျူးလွန်မည့်အစား ကုသိုလ်ကောင်းမှု ကိုသာ အတိုးချဲ့ ပြုလုပ်သင့်ကြပေ၏။ ကုသိုလ်လုပ်ငန်းဌ် စိတ်ဝင်စားနေသူတို့သည် အကုသိုလ်လုပ်ငန်းကို စိတ်ဝင်စားမှု ကင်းနေတတ်လေ၏။

၁၆။ ပကုစိတ်ကို ဟိရီဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျွာ

၁။	တိရိဒုတ်မှာ၊	ပကုတာ၊	နှိပ်ကာပါလေသည်။
၂။	တိရိဩတ္တပ္ပေ၊	ပကုပေ၊	ယှဉ်နေထဖြင့်သည်၊
၃။	ပကုမညိစိတ်၊	တိရိစိတ်၊	ဩတ်စိတ်ဖြစ်လေသည်။
၄။	ဒုပြုရမှာ၊	ရှက်,ကြောက်တာ၊	လွန်စွာကောင်းမြတ်သည်။
၅။	ကုသိုလ်တရား၊	ပြုဖို့ငြား၊	ဝင်စားနေသူသည်၊
၆။	အကုသိုလ်စု၊	ဝင်စားမှု၊	ကင်းပြုနေတတ်သည်။
၇။	မိမိစိတ်အား၊	ကုသိုလ်အား၊	ဝင်စားစေရမည်။

၁၆။ ပကုစိတ်ကို တိရိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၇။ ပကတိက္ကို ဒေါဝစဿတာ ဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၇။ ဒေါဝစဿတာဒုက်

၁။ ဒေါဝစဿတာ စ – ဆိုဆုံးမခက်သူ၏ အမှုသဘောများ ။
အကျင့်ကောင်းရန် ဆိုဆုံးမအပ်သည်ရှိသော် မငိုမသေဖြူသောအခါ ဒေါသမူစိတ် ၂-ပါး၊ စေတသိက် ၂၀-ပါး ရ၏။

၂။ ပါပဓိတ္တတာ စ – ယုတ်မာသော အဆွေခင်ပွန်းရှိသူ၏ အဖြစ်သဘောများ ။
အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူစိတ် ၈-ပါး၊ မောဟမူစိတ် ၂-ပါး၊ စေတသိက် ၂၃-ပါးရ၏။

ဤဒုက်၌ ပဌမပုဒ်အရ ဆိုဆုံးမခက်သောသူဟူသည် လူလိမ္မာ၊ ပညာရှိ၊ သူတော်ကောင်းများ မဟုတ်ပေ။ လူမိုက်, လူယုတ်မာများ ဖြစ်၏။ ဒေါသကြီးသူ, မာနကြီးသူများ ဖြစ်၏။ အကျင့်မကောင်းသည့်အတွက် အကျင့်ကောင်းစေရန် ဆိုဆုံးမအပ်သည်ရှိသော် '**ငါသိသည်။ ငါတတ်သည်။ ငါနားလည်သည်။ ဒီစကားတွေ ငုံ့လာမပြောနဲ့**' ဟူသော သဘောဖြင့် အဆုံးအမမခံ ကက်ကက်လန် ပြန်၍ ရန်တွေ့တတ်၏။ ဒေါသစိတ်ဖြစ်နေသူအား ဆုံးမရ အလွန်ခက်လှ၏။ ဆုံးမ၍ မရလျှင် မဆုံးမဘဲ နေရုံသာ ရှိပေတော့၏။

ဒုတိယပုဒ်အရ ပါပမိတ်, မကောင်းသော မိတ်ဆွေရှိခြင်းသည်လည်း အလွန် အကျိုး ဆုတ်ယုတ်ပျက်စီးရန် အကြောင်းဖြစ်လေ၏။ အဇာတသတ်မင်းသည် ဒေဝဒတ်ဟူသော ပါပမိတ်ကို ဆည်းကပ်ပေါင်းသင်းမိသည့်အတွက် ဖအေကိုသတ်မိသည်အထိ အကုသိုလ်ကံကြီးကို ကျူးလွန်မိလေ၏။

ပါပမိတ်ကို ပေါင်းသင်းဆက်ဆံပြုနေခြင်းသည် ပါပမိတ်၌ ခင်တွယ်မှု လောဘနှင့် ပါပမိတ်ကို ပေါင်းသင်းခြင်း၏ အပြစ်များကို မသိမှု မောဟတရားတို့သာ ဖြစ်လေ၏။ ပါပမိတ်ဟူသည် အကုသိုလ်တရားကို လက်ခံပြုမူနေသူတည်း။ အကုသိုလ်တရားတွေကို လက်ခံပြုမူနေသူကို ပေါင်းမှတော့ ထိုပါပမိတ်က မိမိအား အကုသိုလ်တရားတွေကို လက်ခံပြုမူလာအောင် တိုက်တွန်းတော့မည် ဖြစ်ပေ၏။ ပါပမိတ်ကို အထူးရှောင်ကြဉ်သင့်လှပေ၏။

၁၇။ ပကတိက္ကို ဒေါဝစဿတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်စများ

၁။	ဒေါဝစဿတာမှာ၊	ပကတိတာ၊	ပါတာမဟုတ်ဖြို့။
၂။	ဆုံးမမရ၊	လွန်ခက်လှ၊	ဒေါဝစဿေါ် ရသည်။
၃။	ဆုံးမခက်တာ၊	လူမိုက်သာ၊	ပညာရှိမဟုတ်ဖြို့။
၄။	လူယုတ်မာများ၊	လူဆိုးများ၊	ဖြစ်ကြားကြလေသည်။
၅။	ဒေါသကြီးသူ၊	မာန်ကြီးသူ၊	များသူဖြစ်ကြသည်။
၆။	အကျင့်ကောင်းရန်၊	ဆုံးမပြန်၊	ကက်လန်ရန်တွေ့သည်။

၎။	ဆုံးမဓရ၊	ဓဆုံးမ၊	နေကြရပေမည်။
၈။	ဒုဋ္ဌဒ်အရမ္ဘူ၊	မိတ်ဆွေဟူ၊	ကောင်းသူမဟုတ်ပြီ။
၉။	ပါပမိတ်ကား၊	တို့ုးစီးပွား၊	ပျက်ပြားဆုတ်စေသည်။
၁၀။	အဏတသတ်၊	ဓဝဝတ်၊	ဆည်းကပ်သဖြင့်သည်၊
၁၁။	ဖအေကိုတည်း၊	သတ်လိုတည်း၊	တံကြိုးထိုက်လေသည်။
၁၂။	ပါပမိတ်စု၊	အတုပြု၊	ကုပြုမ့ပြီ။
၁၃။	မိမိတို့ဓဲ၊	အတုပဲ၊	မလွဲရစေမည်။
၁၄။	သို့ဖြစ်၍ထား၊	ပါမိတ်အား၊	ရှောင်ရှားကြရမည်။

၁၇။ ပကုစိတ်ကို ဓါဝဓသတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၈။ ပကုစိတ်ကို သောဝစသတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၉။ သောဝစသတာဒုက်

၁။ သောဝစသတာ စ – ဆုံးမလွယ်သူ ဖြစ်သော တရားများ။ အကျင့်ကောင်းရန် ဆိုဆုံးမအပ်သည်ရှိသော် ဂိုဏေစွာနှားထောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြွင်းသော စေတသိတ် ၃၃-ပါး ရ၏။

၂။ ကလျာဏမိတ္တတာ စ – ကောင်းသော အဆွေခင်ပွန်းရှိသူအား ဖြစ်သော တရားများ။ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြွင်းသော စေတသိတ် ၃၃-ပါး ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးအရှဲ့ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်၌ ပဌမပုဒ်အရ ကုသိုလ်တရားကို လက်ခံကျင့်သုံးနေသော သူတော်ကောင်းများသည် မိမိကိုယ်တိုင်လည်း ကုသိုလ်တရားကို လက်ခံကျင့်သုံးသလို သူတစ်ပါးတို့အားလည်း ပြောဆိုဆုံးမတတ်၏။ ထိုအချို့ အဆုံးအမခံရသူအား ဉာဏ်နှင့်ယှဉ်၍ လိုလိုလားလား ဝမ်းမြောက်ဝမ်းသာ နားထောင်လျှင် မဟာကုသိုလ် ပဌမစိတ် ဖြစ်၏။ ယင်းကို ဆိုဆုံးမလွယ်သူဟု ဆိုရ၏။

ရဟန္တာအရှင်မြတ်တို့၌ကား မဟာကြီယာ ပဌမစိတ် ဖြစ်လေ၏။ တစ်ခါက အရှင်သာရိပုတြာ ရဟန္တာအရှင်မြတ်ကြီးသည် သင်္ကန်းကို အမှတ်တမဲ့ မညီမညာ ဝတ်ရုံမိ၍ ခုနစ်နှစ်အရွယ် ရှင်သာမဏေကက သတိပေး ပြောဆိုသည်ကို အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် ဝမ်းမြောက်ဝမ်းသာ နားထောင်ကာ ညီညီညာညာ ဖြစ်အောင် သင်္ကန်းကို ပြန်၍ ဝတ်တော်မူလေ၏။ ထိုအခါ၌ ရဟန္တာပဋိအား မဟာကြီယာ ပဌမစိတ် ဖြစ်လေ၏။

ရဟန္တာ မဟုတ်ဘဲ ကျန်သောပုဂ္ဂိုလ်များ ကောင်းကျိုးလိုလို့ ဆုံးမအပ်သည်ကို ဉာဏ်နှင့်ယှဉ်၍ လိုလို လားလား နားထောင်လိုက်နာရာ၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်လေ၏။

ဒုတိယပုဒ်အရ လူ့လောက၌ မိတ်ဆွေကောင်း ရှိဖို့သည် အလွန်အရေးကြီး၏။ မိတ်ဆွေကောင်းဟူသည် မိမိကိုယ်တိုင်ကလည်း ကုသိုလ်တရားများကို လက်ခံကျင့်သုံးနေသူဖြစ်၏။ မိမိထံ ဆည်းကပ်လာသူများကို လည်းကောင်း၊ မိမိ၏ အပေါင်းအသင်းများကို လည်းကောင်း အကျိုးရှိရာ ရှိကြောင်းဖြစ်သော ကုသိုလ်တရားများကိုသာ လက်ခံကျင့်သုံးစေမည် ဖြစ်၏။

ဘုရားရှင်လက်ထက်တော်က ဘုရားတည်းဟူသော မိတ်ဆွေကောင်းကို ဆည်းကပ်ကြသည် ဖြစ်၍ ပုထုဇဉ်အပေါင်းတို့သည် ရဟန္တာအဖြစ်သို့လည်း ရောက်ကြကုန်၏။ သောတာပန် စသော အရိယာအဖြစ်သို့လည်း ရောက်ကြကုန်၏။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်တရားများကိုလည်း အားထုတ်ကြကုန်၏။ အယုတ်သဖြင့် သရဏဂုံတည်၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြလေကုန်၏။

'သူတော်ချင်းချင်း သီတင်းလွေ့လွေ့' ဆိုသည့်အတိုင်း ရဟန္တာအချင်းချင်း ဆည်းကပ်မှု ပြုကြရာ၌ကား မဟာကြီယာ ပဌမစိတ် ဖြစ်ကြမည် ဖြစ်၏။ ကျန်ပုဂ္ဂိုလ်တို့ ကလျာဏမိတ်ဟူသော သူတော်ကောင်းကို ဆည်းကပ်ရာ၌ကား ဝမ်းလည်းသာ၍ လိုလိုလားလား တရားစကားများကိုလည်း နာကြားကြပါမူ မဟာကုသိုလ် ပဌမစိတ် ဖြစ်ကြမည် ဖြစ်၏။

၁၈။ ပကုဏ္ဏကိုစ်ကို သောဝဿတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	သောဝစဒုက်မှာ၊	ပကုဏ္ဏာ၊	နှစ်ဖြာပါဝင်သည်။
၂။	ပအရမှာ၊	သောဝစာ၊	မိပ္ပါသိရမည်။
၃။	ဆိုဆုံးမတာ၊	နာလွယ်ရာ၊	သောဝစာဖြစ်လေသည်။
၄။	သူတော်ကောင်းများ၊	ကုတရား၊	ကျင့်ကွာကြလေသည်။
၅။	ကိုယ်လေကျင့်ပေ၊	သူများတွေ၊	ကျင့်စေဆုံးမသည်။
၆။	ဝမ်းပါတသာ၊	လိုလားစွာ၊	လိုက်နာပါလျှင်သည်။
၇။	လိုက်နာသူမှာ၊	ပကုဏ္ဏာ၊	ကောင်းစွာဖြစ်လေသည်။
၈။	ရဟန္တာ၏။	လိုက်နာဘိ၊	ကိရိဖြစ်လေသည်။

၂၂။ ပကုစိတ်ကို အာယတနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၂။ အာယတနကုသလတာဒုက်

၁။ အာယတနကုသလတာ ဓ - တစ်ဆယ့်နှစ်ပါးသော အာယတနတို့၌ လိမ္မာသောသူ၌ ဖြစ်သောတရားများ။
တစ်ဆယ့်နှစ်ပါးသော အာယတနကို သိစွမ်းနိုင်သော မဟာတုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုနှင့် ရှိသော ဝညာဏ်။

၂။ ပဋိစ္စသမုပ္ပါဒကုသလတာ ဓ - တစ်ဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသောသူ၌ ဖြစ်သော တရားများ။ တစ်ဆယ့်နှစ်ပါးသော အင်္ဂါရှိသော ဝဋ်ဖြစ်သမူဂွါဒ်ကို သိစွမ်းနိုင်သော မဟာတုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုနှင့် ရှိသော ဝညာဏ်။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်သည်ကို သိမြင်နိုင်ပေ၏။

ဤဒုက်သဘောအရ ပရိယတ္တိအနေဖြင့် အာယတနတစ်ဆယ့်နှစ်ပါးကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်တရား
:ကိုလည်းကောင်း ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ခြင်း၊ ဆောင်ထားနိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း၊ ပို့ချနိုင်ခြင်းသည်
:မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ရှိသော ဉာဏ်ပညာဖြစ်လျက် နေလေ၏။

ပဋိပတ္တိအနေဖြင့် ပုဂ္ဂိုလ်သတ္တဝါ မရှိ။ အတ္တဇီဝ မရှိ။ ရုပ်, နာမ်မျှသာ၊ အကြောင်းအကျိုးမျှသာ၊ အာယတနမျှသာ၊ ပဋိစ္စသမုပ္ပါဒ်မျှသာ စသည်ဖြင့် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် စသော ဝိပဿနာဉာဏ်တို့ဖြင့် ပိုင်းခြားသိမြင်ခြင်းသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာဖြင့် သိစွမ်းနိုင်မှုသဘောတည်း။

၂၃။ ပကုစိတ်ကို အာယတနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	အာယတနဒုက်မှာ၊	ဝတ္တုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	တစ်ဆယ့်နှစ်ဖြာ၊	အာဒိသာ၊	လိမ္မာသူ၌သည်၊
၃။	ပဋိစ္စသမုပ္ပါ။	တရားမှာ၊	လိမ္မာသူ၌ထည်၊
၄။	ပရိယတ်အစု၊	ကျွမ်းကျင်မှု၊	ပကုဖြစ်နေသည်။
၅။	ပဋိစ္စမျှဟာ၊	အာမျှသာ၊	သူငါမဟုတ်ပြီ။
၆။	ဝိပဿနာ၊	ဉာဏ်စဉ်ဖြာ၊	သိလာသူ၌သည်၊
၇။	ပဋိပတ်အနေ၊	ပကုပေ၊	ဉာဏ်တွေဖြစ်နေသည်။

၂၂။ ပကုစိတ်ကို အာယတနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၃။ ပကိစ္စိတ်ကို ဌာနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၃။ ဌာနကုသလတာဒုက်

၁။ ဌာနကုသလတာ ဧ – အကြောင်းဟုတ်သည်၌ လိမ္မာသူ၌ ဖြစ်သော တရားများ။ စက္ခုဝိညာဏဿည် စက္ခုဝိညာဉ်၏ အကြောင်းတည်း၊ သရုက်ရောသည် သရုက်ပင်၏ အကြောင်းတည်း ဧသည်ဖြင့် အကြောင်းဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၌ ရှိသော ဝညာဏ်။

၂။ အဌာနကုသလတာ ့ဧ – အကြောင်းမဟုတ်သည်၌ မလိမ္မာသူ၌ဖြစ်သော တရားများ။ စက္ခုဝိညာဏဿည် သောတဝိညာဉ်၏ အကြောင်းမဟုတ်။ သရုက်ရောသည် ထန်းပင်၏ အကြောင်းမဟုတ် ဧသည်ဖြင့် အကြောင်းမဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၌ ရှိသော ဝညာဏ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ စက္ခုဝိညာဉ်ဟူသော မြင်သိစိတ်တစ်ခု ဖြစ်ပေါ်လာမှုသည် စက္ခုပသာဒဟူသော မျက်စိအကြည်ရုပ်လည်း ကောင်းဦးမှ၊ ရူပါရုံလည်း အနီး၌ရှိဦးမှ၊ အလင်းရောင်လည်း ရှိဦးမှ၊ နှလုံးလည်း သွင်းဦးမှ ဤအကြောင်းလေးချက် ပေါင်းဆုံမှ၊ ညီညွတ်မှု ရှိမှသာလျှင် စက္ခုဝိညာဉ် မြင်သိစိတ် ဖြစ်ပေါ်လာသည်။ ဤအကြောင်းလေးမျိုး တစ်မျိုးမျိုး ချွတ်ယွင်းလျှင်ပင် စက္ခုဝိညာဉ်စိတ် မဖြစ်နိုင်ပေ။ ဤသို့ စသည်ဖြင့် သူဆိုင်ရာ အကြောင်းသဘော၌လည်းကောင်း၊ သူဆိုင်ရာ အကြောင်းသဘော မဟုတ်သည်၌ လည်းကောင်း ကျွမ်းကျင်စွာ သိမြင်မှုသည် မဟာကုသိုလ် ပဌမစိတ်၌ရှိသော ပညာ၏ အစွမ်းပင် ဖြစ်လေသည်။

၂၃။ ပကိစ္စိတ်ကို ဌာနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဌာနဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	အကြောင်းဟုတ်ရာ၊	မဟုတ်ရာ၊	လိမ္မာသူ၌သည်၊
၃။	ပကုတရား၊	အထင်ရှား၊	ဖြစ်ပြားနေလေသည်။
၄။	မျက်ကြည်လေရှိ၊	ရူလေရှိ၊	လင်းလေရှိရမည်။
၅။	နှလုံးလေသွင်း၊	ဤလေးသင်း၊	ဆုံခြင်းရှိလျှင်သည်၊
၆။	မြင်သိစိတ်သော်၊	မလွဲချော်၊	ဖြစ်ပေါ် နေလေသည်။
၇။	တစ်မျိုးမျိုးထင်း၊	ချို့တဲ့ယွင်း၊	ဖြစ်ခြင်းမရှိပြီ။

ပကိစ္စိတ်ကို ဌာနကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၄။ ပကတိစိတ်ကို အဋ္ဌဝဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၂၄။ အဋ္ဌဝဒုက်

၁။ အဋ္ဌဝေါ စ – ဖြောင့်မတ်သောစိတ်၌ ဖြစ်သောတရားများ။ ကာယဇ္ဇုတာ, စိတ္တဇ္ဇုတာ ရှိ၏။

၂။ မဒ္ဒဝေါ စ – နူးညံ့သောစိတ်၌ ဖြစ်သောတရားများ။ ကာယမုဒုတာ၊ စိတ္တမုဒုတာ ရှိ၏။

ဤဒုက်အရ ကာယဇ္ဇုကတာ, စိတ္တဇ္ဇုကတာ, ကာယမုဒုတာ, စိတ္တမုဒုတာ ဟူသော စေတသိက်တို့သည် မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ကြ၏။ သဒ္ဒါတရား ထက်သန်စွာပြင့် ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှု ကို ပြုလုပ်ရာ၌ ကုသိုလ်ရှင်၏ စိတ်သည် နိဝရဏာကိလေသာ အညစ်အကြေးများ ဖယ်ဝေးစင်နေ၍ ကြည်လင်၍ နေ၏။ ယင်းကြည်လင်နေသောစိတ်၌ သဒ္ဒါတရားသာမက ကာယဇ္ဇုကတာ စသော စေတသိက်များလည်း ယှဉ်ကြ သဖြင့် ဖြောင့်မတ်၍နေ၏။ နူးညံ့၍နေ၏။ အချုပ်အားဖြင့် ကုသိုလ်ပြု၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေရာ၌ စိတ်သည် ကာယဇ္ဇုကတာ စသော စေတသိက်တို့၏ အစွမ်းဖြင့် ဖြောင့်မတ်နေ၏။ နူးညံ့နေ၏။

၂၄။ ပကတိစိတ်ကို အဋ္ဌဝဒုက်ဖြင့် ဝေဖန်ခြင်းဌ် သောင်ရန်လက်များ

၁။	အဇ္ဈတ္တဒုက်မှာ၊	ပကတိတာ၊	နှစ်ဖြာပါဝင်သည်။
၂။	အဇ္ဈတ္တဆိုတာ၊	စိတ်၌မှာ၊	ဖြောင့်တာဖြစ်လေသည်။
၃။	ကာယဇ္ဇုကတာ၊	စိတ္တဇ္ဇုပါ၊	ရတာဖြစ်လေသည်။
၄။	မဒ္ဒဝဆိုတာ၊	စိတ်၌မှာ၊	နူးညံ့တာဖြစ်လေသည်။
၅။	ကာယမုဒုတာ၊	စိတ္တပါ၊	ရတာဖြစ်လေသည်။
၆။	သဒ္ဓါထက်ကာ၊	ကုသိုလ်ရာ၊	စိတ်မှာကြည်လင်သည်။
၇။	နိဝရဏာတရား၊	တိလေများ၊	ကင်းကွာနေ၍သည်၊
၈။	ဥဇုကတာ၊	မုဒုတာ၊	ယှဉ်လာသဖြင့်သည်၊
၉။	ပကတိစိတ်ဟာ၊	နူးညံ့ကာ၊	ဖြောင့်ကာနေလေသည်။

၂၄။ ပကတိစိတ်ကို အဋ္ဌဝဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၅။ ပကတိတ်ကို ခန္ဓိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၅။ ခန္ဓိဒုက်

၁။ ခန္ဓာ စ – သည်းခံခြင်း၌ တရားများ။

သည်းခံခြင်း အဒေါသ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာ စိတ် ၈-ခု၊ စေတသိက် ၃၈-ပါး ရ၏။

၂။ သောရစ္စ – ကောင်းသောအမှု၌ မွေ့လျော်သူ၌ ဖြစ်သောတရားများ။

သီလစေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ အပွမညာကြွံသော စေတသိက် ၃၆-ပါး ရ၏။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ သည်းခံခြင်းသည် အရှုံးပေးခြင်း မဟုတ်ဘဲ အဒေါသပြဋ္ဌာန်းသော ကုသိုလ်လုပ်ငန်းတစ်ခု ဖြစ်သည်ဟု သိမှတ်နိုင်ကြပေ၏။

သည်းမခံခြင်းသည် ဒေါသပြဋ္ဌာန်းသော အကုသိုလ်တရားဖြစ်၍ သီလစောင့်မှု စသော ကုသိုလ်များ ပျက်စီးကာ အကုသိုလ်တရားတွေ တိုးပွားလာတတ်ပေ၏။ သည်းခံခြင်းသည်ကား အဒေါသပြဋ္ဌာန်းသော ကုသိုလ်တရားများ ဖြစ်၍ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးရပ်တို့ကို ပြည့်ကျင့်မှု ကုသိုလ်တရားများ တိုးပွားလာနိုင်ပေ၏။ သို့ဖြစ်၍ သည်းခံခြင်းဖြင့် မဟာကုသိုလ် ပဌမစိတ်ကို အခါခါ ဖြစ်စေသင့်ပေ၏။

ဒုတိယပုဒ်အရ ကောင်းသောအမှု၌ ပျော်မွေ့မှုဟူသည် ကုသိုလ်ကောင်းမှု၌ ပျော်မွေ့မှုတည်း။ ဒုစရိုက်တို့ကို ရှောင်ကြဉ်၍ သုစရိုက်တို့ကို အားတက်သရော ပြုကျင့်ကြခြင်းဖြင့် ဝိတိ, သောမနဿ, သဒ္ဓါတရားများ ဖြစ်ပွားကာ မဟာကုသိုလ် ပဌမစိတ်ကို အခါခါ ဖြစ်စေရမည် ဖြစ်၏။

၂၅။ ပကတိတ်ကို ခန္ဓိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။	ခန္ဓိဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	ခန္ဓိသဘော၊	အဒေါသော၊	သဘောသိုင်းဝင်သည်။
၃။	သည်းခံခြင်းဟာ၊	ရှုံးပေးတာ၊	ဘယ်မှာဟုတ်လိမ့်မည်။
၄။	အဒေါပြဋ္ဌာန်း၊	ကုလုပ်ငန်း၊	တစ်ခန်းဖြစ်လေသည်။
၅။	သည်းမခံမှု၊	ဒေါသစု၊	အကုပ္ပားလေသည်။
၆။	သည်းခံသူမှာ၊	အဒေါသာ၊	ကုသာပ္ပားလေသည်။
၇။	သည်းခံလို့ပေ၊	ပကုတ္တေ၊	ဖြစ်စေသင့်ကြသည်။

၉။	သာရိပုတြာ၊	သတ်နှံးမှာ၊	မည်ဦးဘ၍သည်၊
၁၀။	ကိုရင်လေးပါ၊	သိပေးရာ၊	လိုက်နာနားထောင်ထည်။
၁၁။	ရဟန္တာကြင်၊	ကျန်သူတွင်၊	ဉာဏ်ဗျဉ်ထောင်လျှင်သည်၊
၁၂။	လိုလားသမှု၊	ဝမ်းသာပြု၊	ပကုဖြစ်ကြသည်။
၁၃။	ဒုပုဒ်အရ၊	ကလျာထာ၊	မိတ္တဖြစ်လေထည်။
၁၄။	မိတ်ကောင်းဆိုတာ၊	ရှိဖို့ရာ၊	လွန်စွာလိုအပ်သည်။
၁၅။	ကုသိုလ်အပေါင်း၊	ကျင့်ဓနတောင်း၊	မိတ်ကောင်းဖြစ်လေထည်။
၁၆။	ကိုယ်တိုင်လေကျင့်၊	အမျှားထင့်၊	ထင်ဆင့်ကျင့်စေသည်။
၁၇။	သတ္တဝါအပေါင်း၊	တုရားတျာင်း၊	မိတ်ကောင်းဖြစ်လေထည်။
၁၈။	ဘုရားမြတ်စွာ၊	ဖွင့်လို့သာ၊	ထတ္တဝါများစွာသည်၊
၁၉။	သောတာစဖြာ၊	အရိယာ၊	ရဟန္တာဖြစ်ကြသည်။
၂၀။	ရတနာသုံးရပ်၊	ကိုးကွယ်မှတ်၊	ဆည်းကပ်ကြလေထည်။
၂၁။	ရဟန္တာထင်း၊	အချင်းချင်း၊	ပေါင်းထင်းခြင်းဌ်ထည်၊
၂၂။	မဟာကိရိယာ၊	ပဌမာ၊	စိတ်ထာဖြစ်လေထည်။
၂၃။	ရဟန္တာဟူ၊	ကြဉ်လေမူ၊	ကျန်ထူများဌ်ထည်၊
၂၄။	ဉာဏ်ဗျဉ်ဝမ်းသာ၊	ပကုသာ၊	ဖြစ်မှာမလွဲပြီ။

၁၈။ ပကုစိတ်ကို သောဝစဿတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၉။ ပကုစိတ်ကိုအာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၉။ အာပတ္တိကုသလတာဒုက်

၁။ အာပတ္တိကုသလတာ စ – အာပတ်ဌ် လိမ္မာသူဌ် ဖြစ်သောတရားများ။ အာပတ်တို့ သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခုဌ် ရှိသော ပညာရုပ်။

၂။ အာပတ္တိ ဝုဋ္ဌာန ကုသလတာ စ – အာပတ်မှထခြင်းဌ် လိမ္မာသောသူဌ် ဖြစ်သောတရားများ။ အာပတ်မှထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခုဌ် ရှိသော ပညာရုပ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေ၏။

ဤဌ အာပတ်ဟူသည် ရဟန်းတို့အတွက် မြတ်စွာဘုရား ပညတ်ထားအပ်သော သိက္ခာပုဒ်တော်ကို ချိုးဖောက် ကျူးလွန်ခြင်းတည်း။ အာပတ်ဟူသည် အပြစ်တည်း။, အပြစ်သင့်ခြင်းတည်း။

လူသာမဏေတို့အတွက်မူကား ပိပိတို့၏ ခံယူဆောက်တည်ထားအပ်သော ဇီးပါးသိလ, ရှစ်ပါးသိလ, ကိုးပါးသိလ, ဆယ်ပါးသိလတို့ဌ အပြစ်သင့်မှုသဘောကို ကျွမ်းကျင်စွာ သိမြင်မှုသည်လည်းကောင်း၊ နောက်ထပ် အပြစ်မရှိအောင် နေထိုင်ပြောဆိုမှုဌ ကျွမ်းကျင်စွာ သိမြင်မှုသည်လည်းကောင်း မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်နိုင်လေ၏။ ထိုသို့ သိမြင်ကာ ပိပိတို့၏ သိလကို လုံခြုံအောင် စောင့်ထိန်းကြရမည် ဖြစ်၏။ ပြုစင်အောင် ပြောဆိုပြုမူ နေထိုင်ကြရမည် ဖြစ်ပေ၏။

၁၉။ ပကတိကို အာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်မှတ်များ

၁။	အာပတ္တိဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	ပအရမှာ၊	အာပတ်မှာ၊	လိမ္မာဖြစ်ပေသည်။
၃။	ဒုအရမှာ၊	ထဇြင်းမှာ၊	လိမ္မာဖြစ်လေသည်။
၄။	အာပတ်ဆိုတာ၊	ပညတ်ရာ၊	သိက္ခာပုဒ်တိုသည်၊
၅။	ကျူးလွန်လေတတ်၊	အပြစ်မှတ်၊	အာပတ်ခေါ် ရသည်။
၆။	လူတိုရင်မှာ၊	သက်ဆိုင်ရာ၊	သိက္ခာရှိလေသည်။
၇။	သီလသိက္ခာ၊	စောင့်ထိန်းရာ၊	လိမ္မာကြရမည်။
၈။	သီလညှိုးပုံ၊	ဖြူစင်ပုံ၊	ဉာဏ်ခြုံသိရမည်။
၉။	ဉာဏ်ခြုံသိမှု၊	လုံခြုံမှု၊	ပကုခေါ် ရသည်။

၁၉။ ပကုစိတ်ကို အာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁။ မမွေသင်္ကေတ မိတ္ထုပ္ပါဒကတ္တု မဟာကုသိုလ် ပဌမစိတ်ကို သမာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ ၅၇၉

၂၀။ ပကတ္တိစိတ်ကို သမာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၂၀။ သမာပတ္တိကုသလတာဒုက်

၁။ သမာပတ္တိ ကုသလတာစ – ရူပဈာန်၊ အ့ရူပဈာန်တည်းဟူသော သမာပတ်ရှစ်ပါး၊ ကိုးပါးတို့၌ လိမ္မာသောသူ၌ ဖြစ်သော တရားများ။ သမာတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု၌ ရှိသော ဝေဒနာဇာတိ။

၂။ သမာပတ္တိဝုဋ္ဌာန ကုသလတာ စ – သမာပတ်မှ ထခြင်းဌ် လိမ္မာသောသူ၌ ဖြစ်သောတရားများ။ သမာတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု၌ ရှိသော ဝေဒနာဇာတိ။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ကာမကုသိုလ်, ဈာန်ကုသိုလ်များကို ခွဲခြားသိသင့်၏။ ရူပဈာန်, အရူပဈာန်များကို ဝင်စားနေသော အချိန်၌ဖြစ်သောစိတ်သည် ရူပဈာန်စိတ်, အရူပဈာန်စိတ်ဖြစ်၏။ ဈာန်မဝင်စားခင်, ဈာန်ဝင်စားပြီး၍ ဝင်စားမည့်ဈာန်ကို ကောင်းစွာသိမြင်သောစိတ်၊ ဝင်စားပြီးဈာန်ကို ကောင်းစွာသိမြင်သောစိတ်သည် မဟာကုသိုလ် ပဌမစိတ် ဖြစ်လေ၏။ ဤသို့လျှင် မဟာကုသိုလ် ပဌမစိတ်၏ အရေးပါပုံကို သိမြင်နိုင်ကြပေကုန်၏။

၂၀။ ပကတ္တိစိတ်ကို သမာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	သမာပတ္တိဒုက်မှာ၊	ပကတ္တာ၊	နှစ်ဖြာပါဝင်သည်။
၂။	သမာပတ်အင်၊	ဝင်ဖို့ပင်၊	ကျွမ်းကျင်သိမြင်သည်။
၃။	သမာပတ်အင်၊	ထဖို့ပင်၊	ကျွမ်းကျင်သိမြင်သည်။
၄။	ဈာန်ဝင်စားမှု၊	အရူကု၊	ရူကုဖြစ်လေသည်။
၅။	သိမြင်နေတာ၊	ပကုပါ၊	ခွဲကာသိရမည်။
၆။	ပကုစိတ်ဟာ၊	အရေးပါ၊	ကောင်းစွာသိနိုင်သည်။

၂၀။ ပကုစိတ်ကို သမာပတ္တိကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၁။ ပကတ္တိစ်ကို ဓာတုကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၁။ ဓာတုကုသလတာဒုက်

၁။ ဓာတုကုသလတာ စ – တစ်ဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့၌ လိမ္မာသူ၌ ဖြစ်သောတရားများ။ တစ်ဆယ့်ရှစ်ပါးသော ဓာတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုဦး ရှိသော ပညာရုပ်။

၂။ မနသိကာရကုသလတာ စ – တစ်ဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာသောသူ၌ ဖြစ်သောတရားများ။ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှလုံးသွင်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုဦး ရှိသော ပညာရုပ်။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ တစ်ဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့ကို သင်ယူခြင်း၊ မှတ်သားခြင်း၊ ဆောင်ခြင်း ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ ဓာတ်မျှသာတည်း – စသည်ဖြင့် ကျမ်းကျင်သိမြင်ခြင်းသည် ဓာတ်၌ လိမ္မာသောသူ မည်၏။ ဤသို့ ဓာတ်၌ လိမ္မာကျမ်းကျင်စွာ သိမြင်ခြင်းသည်လည်းကောင်း၊ နှလုံးသွင်းခြင်းသည်လည်းကောင်း မဟာကုသိုလ် ပဌမစိတ်၌ ရှိသော ပညာ၏ အစွမ်းဖြင့် သိမြင်ခြင်း ဖြစ်လေ၏။ ဤသို့ ဓာတ်တစ်ဆယ့်ရှစ်ပါးကို သင်ယူခြင်း၊ မှတ်သားခြင်း၊ နှလုံးသွင်းခြင်း၌လည်း မဟာကုသိုလ် ပဌမစိတ် ဖြစ်နိုင်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၂၁။ ပကတ္တိစ်ကို ဓာတုကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ဓာတုဒုက်မှာ၊	ပကတ္တာ၊	နှစ်ဖြာပါဝင်သည်။
၂။	တစ်ဆယ့်ရှစ်ဖြာ၊	ဓာတ်၌မှာ၊	လိမ္မာသူများသည်၊
၃။	နှလုံးသွင်းရာ၊	ဆင်ခြင်ရာ၊	လိမ္မာသူများသည်၊
၄။	ပကတ္တိစ်သာ၊	ဖြစ်နေရာ၊	ကောင်းစွာသိရမည်။
၅။	တစ်ဆယ့်ရှစ်ပါး၊	ဓာတ်တရား၊	သိထားကြရမည်။

၂၁။ ပကတ္တိစ်ကို ဓာတုကုသလတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၁။ ဓမ္မသင်္ကြီ စိတ္တုပ္ပါဒကဏ္ဍ မဟာကုသိုလ် ပဌမစိတ်ကို သာဓလျှဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ ၅၀၅

၈။ ဒုအရဖွာ၊ ကဋ္ဌိသာ၊ ပျော်တာဖြစ်လေသည်။
၉။ ဒုကိုရှောင်ထား၊ သုကိုပွား၊ ဝမ်းမြားသာ၍သည်၊
၁၀။ ပကုတရား၊ ခါခါအား၊ ဖြစ်ပွားစေရမည်။

၂၅။ ပကုစိတ်ကို ခန္ဓိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၆။ ပကုစိတ်ကို သာခလျှဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၂၆။ သာခလျှဒုက်

၁။ သာခလျှ – နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားရှိသောသူဌ် ဖြစ်သောတရားများ။ ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် ၃၈-ဝါး ရ၏။

၂။ ပဋိသန္ထာရော စ – အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရတို့ဖြင့် ပျူငှါလောကဝတ် အစေ့အစပ်ပြုခြင်းဌ် ဖြစ်သော တရားများ။ ပျူငှါလောကဝတ် အစေ့အစပ်ပြုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် ၃၈-ဝါး ရ၏။

ဤဒုက်ဌ် မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ် ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ခြင်းသည် မဟာကုသိုလ် ပဌမစိတ်ဖြစ်သည်ဟူသော အချက် ဖြစ်၏။ ဝစီသုစရိုက် ၄-ပါးတွင် ဖရုသဝါစာ- ကြမ်းတမ်းသော စကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်၍ ချစ်ဖွယ်စကားကို ပြောဆိုခြင်းတည်း။ ဒီနေ့, သီလတွင် သီလလုပ်ငန်းဌ် ပါဝင်လေ၏။ ဤဌ် သတိပြု ရန်ကား အလျှူလုပ်မှ မဟာကုသိုလ် ပဌမစိတ် ဖြစ်သည်မဟုတ်။ သူတစ်ပါး နားဝင်အောင် ချိုချိုသာသာ ပြေပြေပြစ်ပြစ် ပြောဆိုခြင်းဌ်လည်း မဟာကုသိုလ် ပဌမစိတ်ဖြစ်သည်ကို သတိပြုသင့်ကြပေ၏။

ဒုတိယပုဒ်အရ တစ်ဦးနှင့်တစ်ဦး တွေ့ကြဆုံကြရာဌ် 'နေကောင်းလား၊ ဘယ်ကလာလဲ၊ ဘာတွေလုပ်နေသလဲ' စသည်ဖြင့် လောကွတ်ပျူငှါ နှုတ်ဆက်စကား ပြောဆိုတတ်ခြင်းကို အာမိသပဋိသန္ထာရ - လောကီစကားဖြင့် အစေ့အစပ်ပြုခြင်းဟု ခေါ်၏။ 'အရင်လိုမဟုတ်ပါလား၊ ဥပုသ်တွေစောင့်လို့၊ တရားအားထုတ်လို့ ... ကြားတယ်။ သိပ်ကောင်းတာပဲ၊ သာဓုခေါ်ပါတယ်' စသည်ဖြင့် နှုတ်ဆက်စကား ပြောဆိုတတ်ခြင်းကို ဓမ္မပဋိသန္ထာရ - တရားစကားဖြင့် အစေ့အစပ်ပြုခြင်းဟု ခေါ်၏။ ယင်းသို့ ဝမ်းပန်းတသာ အစေ့အစပ်စကားကို ပြောဆိုရာဌ်လည်း မဟာကုသိုလ် ပဌမစိတ်ဖြစ်သည်ကို သတိပြုမိကြရာ၏။

၂၆။ ပကတ္တိကို သာဒလျဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	သာဓလျေဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	သာဓလျေဆိုတာ၊	ချစ်ဖွယ်သာ၊	ပြောတာဖြစ်လေသည်။
၃။	ပဋိသန္ဓာ၊	ပျူငှါစွာ၊	ပြောတာဖြစ်လေသည်။
၄။	ဒါနုပြုမှု၊	ကုသလ၊	ရကြမဟုတ်ပြီ။
၅။	ချိုချိုသာသာ၊	ပြောဆိုရာ၊	ကုသလာဖြစ်လေသည်။
၆။	လောကွတ်ပျူငှါ၊	နှုတ်ဆက်ရာ၊	ကုသလာဖြစ်လေသည်။
၇။	စေတနာ မေတ္တာ၊	ရှေ့ထားကာ၊	ပြောတာဖြစ်ရမည်။
၈။	စေတနာမပါ၊	မေတ္တာကွာ၊	ဘယ်မှာကောင်းလိမ့်မည်။
၉။	စေတနာစိုး၊	မေတ္တာစိုး၊	ကုသိုလ်ဖြစ်လေသည်။

၂၆။ ပကုစိတ်ကို သာဓလျဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၇။ ပကုစိတ်ကို ဂ္ဂါန္ဒြိယေသု အဂုတ္တာဒ္ဓါရတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၇။ ဂ္ဂါန္ဒြိယေသု အဂုတ္တာဒ္ဓါရတာဒုက်

၁။ ဂ္ဂါန္ဒြိယေသု အဂုတ္တာဒ္ဓါရတာ ဓ – ဂ္ဂါန္ဒြေခြောက်ပါးတို့၌ မစောင့်စည်းသောသူ၌ ဖြစ်သောတရားများ။
လောဘမူစိတ် ၈-ခု၊ ဒေါသမူ၂ခု၊ စေတသိက် ၂၆-ပါး ရ၏။

၂။ ဘောဇနေ အမတ္တညုတာ ဓ – ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသောသူ၌ ဖြစ်သောတရားများ။
လောဘမူစိတ် ၈-ခု၊ မောဟမူ၂ခု၊ စေတသိက် ၂၃-ပါး ရ၏။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဂ္ဂါန္ဒြေတို့ကို မစောင့်စည်းခြင်းသည် အကုသိုလ် ဖြစ်သည်ကို သိနိုင်၏။ လူတို့၌ လောဘ၊ ဒေါသ မဖြစ်သောအခါ ဂ္ဂါန္ဒြေကို စောင့်စည်းမှုရှိ၏။ လောဘ၊ ဒေါသ ဖြစ်လာသောအခါ၌ ဂ္ဂါန္ဒြေကို စောင့်စည်းမှု မရှိပေ။ လူတို့၌ လောဘစိတ်၊ ရာဂစိတ်၊ ဒေါသစိတ်၊ သောကစိတ်တွေ လွှမ်းမိုးလာသောအခါ၌ မျက်စိ၊ နား၊ နှာ စသော ဂ္ဂါန္ဒြေတို့သည် လော်မာလျက်ရှိသည်မှာ ထင်ရှားလှပေ၏။

ဒုတိယပုဒ်အရ ပိပိတို့ နှစ်စဉ်သုံးဆောင်မှု ပြုလုပ်ရကုန်သော ဘောဇဉ်အဟာရတို့၌ အတိုင်းအရှည်ကို မသိမှုသည် လောဘစိတ်နှင့် မောဟစိတ်တည်း။ ပိပိစားလိုသော အာဟာရကို ရသတဏှာ အလိုလိုက်၍ ကြိုက်လျှင်ကြိုက်သလို စားသောက်သုံးဆောင်တတ်သည့်အတွက် ရောဂါရခြင်း၊ အသက်တိုခြင်း၊ အစာမကြေဖြစ်ခြင်း စသော ဆိုးကျိုးများ ရှိသည်ကို သတိပြုသင့်ကြကုန်၏။

အစာအာဟာရ၌ အတိုင်းအရှည်ကို မသိခြင်း၊ တည့်သည်, မတည့်သည်ကို မသိခြင်းသည် မောဟတည်း။ လူ့လောက၌ ရောဂါအတော်များများသည် အစာအာဟာရကြောင့် ဖြစ်သည်ကို သတိပြုသင့်၏။ အတိုင်းအရှည်ကို လည်း မသိ။ တည့်သည်, မတည့်သည်ကိုလည်း မစဉ်းစားဘဲ ရသတဏှာတပ်၍ ကြိုက်လျှင် ကြိုက်သလို စားကြသည့်အတွက် လူသက်တမ်း မစေ့မီ ဆန်းပြားသော ရောဂါများကို အလူးအလိမ့် ခံရပြီး သေပွဲဝင်ကြရသည်ကို အထူးသတိပြုသင့်လှပေ၏။

၂၇။ ပကုဒိတ်ကို ဤနှိုင်းယှဉ် အဂုတ္တုန္ဒါရတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	အဂုတ္တုဒုက်မှာ၊	ပကုဟာ၊	ပါတာမရှိပြီ။
၂။	ပဝုဒ်မိပါ၊	ဤန္ဒရာ၊	စောင့်တာမဟုတ်ပြီ။
၃။	ဤနြေမစောင့်မှု၊	ကောက်ချက်ပြု၊	အကုဖြစ်လေသည်။
၄။	လောဘ, ဒေါသာ၊	ဖြစ်သူမှာ၊	စောင့်တာမရှိပြီ။
၅။	ရာဂဖြစ်ရာ၊	စိတ်တွေဟာ၊	လော်မာတတ်လေသည်။
၆။	ဒုပ္ပဒ်မိပါ၊	တိုင်းရည်မှာ၊	သိတာမဟုတ်ပြီ။
၇။	အစာစားက၊	ပမာဏ၊	မသိကြ၍သည်၊
၈။	ရသတဏှာ၊	လိုလိုက်ကာ၊	ကြိုက်တာစားကြသည်။
၉။	တည့်၏,မတည့်၏၊	ဝေဖန်သိ၊	မရှိကြလေပြီ။
၁၀။	ရောဂါဆန်းပြား၊	ဒုက္ခများ၊	ခံစားကြရသည်။
၁၁။	လောဘ,မောဟာ၊	ဖြစ်သူမှာ၊	တိုင်းတာမသိပြီ။
၁၂။	တိုင်းတာပမာဏ၊	မသိကြ၊	ဒုက္ခရောက်တတ်သည်။
၁၃။	လူသက်တမ်းလဲ၊	မစေ့ဘဲ၊	သေပွဲဝင်တတ်သည်။
၁၄။	အာဟာကြောင့်သာ၊	စုံရောဂါ၊	ဖြစ်တာများလေသည်။

၂၇။ ပကုစိတ်ကို ဤနှိုင်းယှဉ် အဂုတ္တုန္ဒါရတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၈။ ပကတ္တိကို ကုန်ဆုံယေသူ ဂုတ္တာဒ္ဓါရတာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၂၈။ ကုန်ဆုံယေသူ ဂုတ္တာဒ္ဓါရတာဒုက်

၁။ ကုန်ဆုံယေသူ ဂုတ္တာဒ္ဓါရတာ စ – ကုန်ဆုံတို့ကို စောင့်သောသူဌ ဖြစ်သော တရားများ။
မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈ ခု၊ စေတသိက် ၃၈-ပါး ရ၏။

၂။ ဘောဇနေ မတ္တညုတာ စ – ဘောဇဉ်ဌ အတိုင်းအရှည်ကို သိမှုဌ ဖြစ်သော တရားများ။
မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပွမညာကြဌ်သော စေတသိက် ၃၃-ပါး ရ၏။

ဤဒုက်ဌ မဟာကုသိုလ ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ပဌမပုဒ်အရ ကုန်ဆုံကို စောင့်စည်းခြင်းသည် အကုသိုလ် မဟုတ်။ ကုသိုလ်တည်း။ သီလအားဖြင့် ကုန်ဆုံယသံဝရသီလ ဖြစ်လေ၏။ ကုန်ဆုံတို့ကို မစောင့်သူတို့ကား အကုသိုလ်တရား တိုးပွားစေ၏။ စောင့်သူတို့မှာ ကုသိုလ်တရား တိုးပွားလေ၏။

စက္ခုစသော ကုန်ဆုံတို့ကို စောင့်စည်းရာဌ ရဟန္တာပုဂ္ဂိုလ်တို့အား မဟာကြိယာစိတ် ဖြစ်၏။ ကျန်သော ပုဂ္ဂိုလ်တို့အား မဟာကုသိုလ်စိတ် ဖြစ်၏။ သတိရော, ဉာဏ်ပါ ယှဉ်တွဲ၍ စောင့်လျှင် မဟာကုသိုလ် ပဌမစိတ် ဖြစ်လေ၏။

ဒုတိယပုဒ်အရ ဗိမိတို့ စားသုံးမှုပြုကြသော ဘောဇဉ်အာဟာရတို့ဌ အတိုင်းအရှည်ကို သိ၍ စားခြင်းသည်လည်း အကုသိုလ် မဟုတ်။ ကုသိုလ်တည်း။ ရသတဏှာအလိုအားဖြင့် ကြိုက်တာကို မစားဘဲ ဗိမိနှင့် သင့်မြတ်သည်လောက်ကိုသာ သတိနှင့်ယှဉ်၍၊ ဉာဏ်နှင့်ယှဉ်၍ စားသုံးမှုပြုခြင်းသည် မဟာကုသိုလ် ပဌမစိတ် ဖြစ်နိုင်လေ၏။

တအားကြီး ဝမ်းဗိုက်တင်းအောင် မစားဘဲ ရေသောက်ရန်အတွက် ၄-လုတ် ၅-လုတ်ချန်၍ စားသင့်၏။ ဤသို့ စားသဖြင့် ဤခန္ဓာကိုယ်ကို မျှတရုံလောက်သာ စားခြင်းဖြစ်သည် ဟူသော သဘောသို့လည်း သက်ရောက်လေ၏။ ဤသို့ မတည့်တာကို ရှောင်၍ တည့်တာကို မျှတရုံလောက် စားသူတို့ဌ ဝမ်းလည်းဝ၏။ ကုသိုလ်လည်း ဖြစ်၏။ ရောဂါလည်း နည်း၏။ အသက်လည်း ရှည်၏။ ကျန်းမာရေးလည်း ကောင်းမွန်၏။ ငွေအကုန်အကျလည်း နည်းလေ၏။

ဤသို့လျှင် ဘောဇဉ်ကို အတိုင်းအရှည်သိ၍ စားခြင်းဌ အကျိုးကျေးဇူးများသည်ကို သိရှိ၍ ရသတဏှာအလို၊ မောဟအလိုတို့ဖြင့် မစားမူ၍ သတိ, ဉာဏ်အလိုဖြင့်သာ စားသုံးမှု ပြုသင့်ကြပေကုန်၏။

၁။ စမ္ဘသင်္ကြံ စိတ္တာဇွါဒကတ္တု ကုသိုလ်ပဌမစိတ်ကို ကွန်ဒြယသုဝုတ္တာဒျိရတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ၅၈

၂၈။ ပကုစိတ်ကို ကွန်ဒြယသုဝုတ္တာဒျိရတာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၀။	ဝုတ္တာဒုက်မှာ၊	ပကုတာ၊	နှစ်ဖြာပါဝင်သည်။
၂။	ကွန်ဒြခြောက်ဖြာ၊	စောဝ်ခြင်းတာ၊	ဝုတ္တာဖြစ်လေသည်။
၃။	မစောဝ်သောသူ၊	အကုဟူ၊	စောဝ်ထူတုပ္ပားထည်။
၄။	ရဟန္တာမှာ၊	တိရိယာ၊	ကျန်တာတုဖြစ်ထည်။
၅။	သတိထားမှု၊	ဉာဏ်ဟုဉ်ပြု၊	ပထုဖြစ်လေသည်။
၆။	ဒုအရမှာ၊	ပမာဏာ၊	သိကာစားရမည်။
၇။	တိုင်းရည်သိကာ၊	စားခြင်းမှာ၊	ကုသာဖြစ်လေသည်။
၈။	ပထုဖြစ်အောင်၊	သတိဆောင်၊	ဉာဏ်ဆောင်စားရမည်။
၉။	ရသတဏှာ၊	လိုလိုက်ကာ၊	စားတာမသဝ့်ပြီ။
၁၀။	မတည့်တာထား၊	တည့်တာစား၊	တုရာနှစ်ခြိုက်ထည်။
၁၀။	ဗိုက်တင်းအောင်ကား၊	စားခြင်းအား၊	ရှောင်ရှားကြရမည်။
၁၂။	လေးငါးလုတ်လောက်၊	မစားရောက်၊	ရေသောက်ချန်ရမည်။
၁၃။	ဤသို့မှန်စွာ၊	မျှရုံသာ၊	စားတာပြုခြင်းသည်၊
၁၄။	ကုသိုလ်လေးရ၊	ဝမ်းလေး၀၊	ဒုက္ခနည်းလှသည်။
၁၅။	ရောဂါလေးကင်း၊	သက်ရှည်ခြင်း၊	ကျိုးရင်းများလှသည်။

၂၈။ ပကုစိတ်ကို ကွန်ဒြယသု ဝုတ္တာဒျိရတာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၉။ ပကိဏ်ကို မူဋ္ဌဿစ္စဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၉။ မူဋ္ဌဿစ္စဒုက်

၁။ မူဋ္ဌဿစ္စ – သတိလွတ်သောသူ၌ ဖြစ်သော တရားများ။
သတိ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၇-ပါး ရ၏။

၂။ အသမ္ပဇညွ – အဆင်ခြင်ဉာဏ်ပညာ မရှိသောသူ၌ ဖြစ်သော တရားများ။
ပညာ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိတ် ၂၇-ပါး ရ၏။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်၌ ပဌမပုဒ်သဘောအရ မိမိတို့၏ ကြံစည်, ပြောဆို, ပြုလုပ်မှုတို့၌ သတိလက်လွတ် ကြံစည်, ပြောဆို, ပြုလုပ်ကြမည်ဆိုလျှင် ကုသိုလ်ဖြစ်မည်၊မဟုတ်ဘဲ အကုသိုလ်တရားသာ ဖြစ်နိုင်သည်ကို သတိပြုသင့်ပေ၏။

ဒုတိယပုဒ်အရ မိမိတို့၏ နေ့စဉ်နှင့်အမျှ ကြံစည်, ပြောဆို, ပြုလုပ်ကြရာ၌ မဆင်မခြင် ဉာဏ်မယှဉ်ဘဲ ကြံစည်, ပြောဆို, ပြုလုပ်ကြမည်ဆိုလျှင်လည်း အကုသိုလ်တရားတွေသာ ဖြစ်ပွားလာနိုင်ကြောင်းကို ဆင်ခြင်သင့်ပေ၏။

၂၉။ ပကိဏ်ကို မူဋ္ဌဿစ္စဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	မုဋ္ဌဿစ္စဒုက်မှာ၊	ပကုဟာ၊	ပါတာမဟုတ်ပြီ။
၂။	ပပုဒ်မှာမူ၊	သတိဟူ၊	လွတ်သူဖြစ်လေသည်။
၃။	ဒုပုဒ်၌တွင်၊	ဉာဏ်နှင့်ပင်၊	ဆင်ခြင်မရှိပြီ။
၄။	သတိလွတ်ကာ၊	ပြောဆိုတာ၊	ပြုတာများ၌သည်၊
၅။	အကုတရား၊	ဖြစ်ဖို့များ၊	သိပြားကြရမည်။
၆။	ဆင်ခြင်ကင်းကာ၊	ပညာကွာ၊	ပြုတာများ၌သည်၊
၇။	အကုတရား၊	အမှားများ၊	ဖြစ်ပွားလာတတ်သည်။

၂၉။ ပကိဏ်ကို မူဋ္ဌဿစ္စဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၀။ ပကုစိတ်ကို သတိသမ္မဇညဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၃၀။ သတိသမ္မဇညဒုက်

၁။ သတိ ဝ – သတိတရားရှိသူဌ် ဖြစ်သော တရားများ။ သတိ ရ၏။

၂။ သမ္ပဇညွ – ဉာဏ်ပညာ အဆင်ခြင်ရှိသူဌ် ဖြစ်သော တရားများ။ ဝဉာ ရ၏။

ဤဒုက်အရ ' သတိ, ပညာ ' နှစ်မျိုးလုံးသည် မဟာကုသိုလ် ပဌမစိတ်ဌ် ယှဉ်သည်သာဖြစ်သောကြောင့် မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ် နွယ်၍ပါဝင်လေ၏။

ပဌမပုဒ်အရ သတိတရားသည် အလွန်လိုအပ်သော တရားဖြစ်၏။ သတိတစ်ချက် လွတ်သည်နှင့် အကုသိုလ်တစ်ချက် ဝင်နိုင်၏။ မိမိတို့၏ နေ့စဉ်နှင့်အမျှ ကြံစည်, ပြောဆို, ပြုလုပ်ကြရာဌ် သတိရှိရှိ ကြံစည်, ပြောဆို, ပြုလုပ်ကြရမည် ဖြစ်၏။ **'သတိလွတ်ရာအမှားသာ၊သတိရှိရာအမှန်သာ'** ဆိုသည့်အတိုင်း အမှားကင်းကွာ အမှန်ဖြစ်အောင်၊ အကုသိုလ်မပါ ကုသိုလ်သာဖြစ်အောင် သတိထား၍ ကြံစည်ခြင်း, ပြောဆိုခြင်း, ပြုလုပ်ခြင်းများကို ဖြစ်စေသင့်ကြပေ၏။

ဒုတိယပုဒ်အရ ဉာဏ်ပညာ ဆင်ခြင်တုံတရားသည်လည်း အရေးကြီးလှပါပေ၏။ ဉာဏ်ပညာ ဆင်ခြင်တုံကင်းမဲ့စွာ ကြံစည်, ပြောဆို, ပြုလုပ်မှုတို့ဌ် အဘယ်သို့လျှင် အမှန်ရောက်လိမ့်မည်နည်း။ အဘယ်သို့လျှင် ကုသိုလ် ဖြစ်လိမ့်မည်နည်း။ ဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် ကြံစည်မှသာ, ပြောဆိုမှသာ, ပြုလုပ်မှသာ အမှန်ဖြစ်ကြမည် ဖြစ်၏။ ကုသိုလ် ဖြစ်ကြမည် ဖြစ်၏။

ဤသို့လျှင် သတိထား၍၊ ဉာဏ်ပညာ ဆင်ခြင်တုံတရားထား၍ ကြံစည်, ပြောဆို, ပြုလုပ်ကြခြင်းဖြင့် မဟာကုသိုလ် ပဌမစိတ်ကို အခါခါ ဖြစ်စေသင့်ကြပေ၏။

၃၀။ ပကုစိတ်ကို သတိသမ္မဇညဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	သတိသုတ်မှာ၊	ပတုဟာ၊	နွယ်ကာပါလေသည်။
၂။	ပအရမှာ၊	သတိသာ၊	ပညာဒုဖြစ်သည်။
၃။	လူတို့ဌ်မှာ၊	သတိဟာ၊	လွန်စွာလိုအပ်သည်။
၄။	သတိတစ်ခု၊	လွတ်လေမူ၊	အကုဝင်လေမည်။
၅။	သတိလွတ်ကာ၊	အမှားရ၊	ရှိကမှန်ပေမည်။
၆။	ပြောဆိုလေဘိ၊	ပြုလေပ်ဘိ၊	သတိရှိရမည်။
၇။	ဒုအရတ္တင်၊	ဉာဏ်နှင့်ပင်၊	ဆင်ခြင်ပြုလုပ်သည်။
၈။	ပညာဉာဏ်ဖြင့်၊	ဆင်ခြင်သင့်၊	ပြုလင့်ကုဖြစ်မည်။
၉။	သတိထားမှု၊	ဉာဏ်ယှဉ်ပြု၊	ပကုဖြစ်လေသည်။

၃၀။ ပကုစိတ်ကို သတိသမ္မဇညဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၁။ ပကိစ္စိတ်ကို ပဋိသန္ဓိနဗလဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၁။ ပဋိသန္ဓိနဗလဒုက်

၁။ ပဋိသန္ဓိန ဗလဉ္စ – ပဉ္ဉာဖြင့် ဆင်ခြင်ခြင်း၌ မတုန်မလှုပ်သူ၌ ဖြစ်သောတရားများ။ ဝဉ္ဈာ ရှု၏။

၂။ ဘာဝနာ ဗလဉ္စ – ဘာဝနာပွားများမှု၌ မတုန်မလှုပ်သူ၌ ဖြစ်သောတရားများ။

ကုသိုလ်စိတ် ၂၁-ပါး၊ ဧစေတသိက် ၃၈-ပါး ရှု၏။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်သဘောအရ ဗိုလ်ဟူသည် ဆန့်ကျင်ဘက် ကိလေသာ အာရုံနှင့် တွေ့ကြုံရသော်လည်း တုန်လှုပ်မှု သဘောမရှိခြင်းတည်း။ စစ်မြေပြင် အရပ်၌ စစ်တိုက်နေသော သူရဲကောင်း အာဇာနည် စစ်ဗိုလ်သည် တစ်ဘက်ရန်သူတို့ အင်အားကောင်းသည်ကို တွေ့ကြုံရသော်လည်း မတုန်မလှုပ် ရဲရဲဝံ့ဝံ့ တိုက်ဘိသကဲ့သို့ ဤ၌လည်း ပညာဗိုလ်သည် အင်အားကောင်းသော ကိလေသာအာရုံတို့နှင့် တွေ့ကြုံရသော်လည်း မိမိဆင်ခြင်နေသော အာရုံကို အခြေမပျက် မတုန်မလှုပ် ဆင်ခြင်နိုင်ပေ၏။

ဤနည်းတူစွာ ဒုတိယပုဒ်အရဖြစ်သော ဘာဝနာအားထုတ်မှု ပြုရာ၌လည်း ဆန့်ကျင်ဘက် ကိလေသာအာရုံတို့နှင့် ပြင်းပြင်းထန်ထန် တွေ့ရစေကာမူ မဟာကုသိုလ် ပဌမစိတ်၌ရှိသော လုံ့လဝီရိယသည် နောက်မဆုတ်ဘဲ ရဲဝံ့စွာ အခြေမပျက် ပြုလုပ်အားထုတ်မှု ရှိလေသည်။

၃၂။ ပကိစ္စိတ်ကို ပဋိသန္ဓိနဗလဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ပဋိသန္ဓိဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	ဒုက်သဘောမှာ၊	အဓိပ္ပါ၊	ကောင်းစွာသိနိုင်သည်။
၃။	ကုအာရုံမှာ၊	ဆင်ခြင်ရာ၊	ပွားရာများ၌သည်၊
၄။	တုန်လှုပ်ကင်းစွာ၊	ဆင်ခြင်တာ၊	ပွားတာဖြစ်လေသည်။
၅။	အာဇာနည်ခေါ် ထိုက်၊	စစ်ဗိုလ်ထိုက်၊	စစ်တိုက်ရာ၌သည်၊
၆။	အင်အားအမှန်၊	ကောင်းလေပြန်၊	တစ်ဖက်ရန်ကိုသည်၊
၇။	တုန်လှုပ်ကင်းဟန်၊	မကြောက်ဟန်၊	တွန်းလှန်တိုက်သို့သည်၊
၈။	ဤနည်းတူတုန်၊	ကိအာရုံ၊	တွေ့ကြုံသော်လဲသည်၊
၉။	တုန်လှုပ်ကင်းအင်၊	ရဲတင်းပင်၊	ဆင်ခြင်ပွားများသည်။

၃၃။ ပကိစ္စိတ်ကို ပဋိသန္ဓိနဗလဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၂။ ပကတိတ်ကို သမထဝိပဿနာဒုက်ဖြင့် ဝေဖန်ခြင်းဌ် ကိုယ်ကျင့်တရားများ

၃၂။ သမထဝိပဿနာဒုက်

၁။ သမထော စ – ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ငြိမ်းစေတတ်သော သဟဇိတရား။ သမ္မာသမာဓိ ဝုဏ်။
၂။ ဝိပဿနာ စ – သဘာရတရားတို့ကို အနိစ္စ စသည်၏ အစွမ်းဖြင့် ရှုမှားတတ်သော ပညာတရား။ ဝဉ္ဉာဝုဏ်။

ဤဒုက်၌ ပဌမပုဒ်အရဖြစ်သော သမ္မာသမာဓိသည်လည်း မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော သဟဇိတည်း။ ဒုတိယပုဒ်အရဖြစ်သော ပညာသည်လည်း မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော ပညာတည်း။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံး၌ နွယ်၍ပါဝင်လေ၏။

ပဌမပုဒ်အရဖြစ်သော သမ္မာသမာဓိသည် မဂ္ဂင်ထိုက်သော သမာဓိ၊ ဗိုလ်ထိုက်သော သမာဓိမျိုးတည်း။ ပထဝီကသိုဏ်း အစရှိသော သမထအာရုံကို ရှုမှားရာ၌ စိတ်၏တည်ကြည်မှုသည် အားကောင်းလျက် ရှိ၏။ ဆန့်ကျင်ဘက် နိဝရဏကိလေသာ တရားများကို ငြိမ်းအေးစေနိုင်၏။ ပဌမဈာန် အစရှိသော ဈာန်တရားများကို ဖြစ်စေနိုင်လေ၏။ ထို့ကြောင့် သမ္မာသမာဓိဟူ၍ ခေါ်ဆိုရလေသည်။

ဒုတိယပုဒ်အရဖြစ်သော ဝိပဿနာပညာသည် မဂ္ဂင်ထိုက်သော သမ္မာဒိဋ္ဌိ ပညာမျိုးတည်း။ ရုပ်,နာမ်တရားတို့၏ တွေ့ထိမှုသဘော၊ မာမှုသဘော စသော သဘာဝလက္ခဏာများကို ဝိပဿနာရှုမှား၍ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ဖြင့် သိမြင်ပြီးနောက် သမ္မသနဉာဏ် အရောက်၌ပင် ဖြစ်ပြီးပျက်ရသော ဖြစ်ပျက်သဘော – သာမညလက္ခဏာကို စတင်သိမြင်လေတော့၏။ ထို့နောက် ဥဒယဗ္ဗယဉာဏ်ဖြင့် ထိုဖြစ်ပျက်ကိုပင် ဆက်၍ သိမြင်ပြန်၏။ ထို့နောက် ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အပျက်သက်သက်ကို သိမြင်ပြန်၏။

ဤသို့ သဘာဝလက္ခဏာပေါ်တွင် သာမညလက္ခဏာ ထင်လာအောင် ရှုမှားသိမြင်လာမှုကို ဝိပဿနာပညာ ဟူ၍ ခေါ်ရလေ၏။ ပါရမီရှိသူတို့အား မဂ်ဉာဏ်ဆိုက်အောင်ပင် ရှုမှားမှု ပြုနိုင်လေ၏။

၃၂။ ပကတိတ်ကို သမထ ဝိပဿနာဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	သမထဒုက်မှာ၊	ပကတိဟာ၊	နွယ်ကာပါလေသည်။
၂။	နိဝရဏမဖွဲ့၊	ငြိမ်းစေရ၊	သမထခေါ် လေသည်။
၃။	ဖြစ်ပျက်ရှုလတ်၊	ပညာရပ်၊	ဝိပဿီခေါ် ရသည်။
၄။	တွေ့ထိမှုပ၊	မာမှုပ၊	သဘာဝခေါ် ရသည်။
၅။	ဖြစ်ပြီးပျက်ရ၊	အပျက်ကျ၊	သာမညခေါ် လေသည်။
၆။	နာမရူပ၊	ပစ္စယ၊	သဘာဝသိမြင်သည်။

၇။	သမ္မသနဉာဏ်စက်၊	ဖြစ်ပြီးပျက်၊	ဖြစ်ပျက်စသိဖြို။
၈။	ဥဒယဗ္ဗယာ၊	ဉာဏ်ရောက်မှာ၊	ကောင်းစွာသိလေဖြို။
၉။	ဘင်္ဂဂါဉာဏ်၊	ပျက်နေဟန်၊	အမှန်သိလေသည်။
၁၀။	ဓမ်ဉာဏ်သို့အား၊	ရောက်အောင်မျှား၊	ရှုပွားကြရမည်။

၃၂။ ပကုစိတ်ကို သမထဝိပဿနာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၃။ ပကုစိတ်ကို သမထနိမိတ္တာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၃။ သမထနိမိတ္တာဒုက်

၁။ သမထနိမိတ္တဉ္စ – ရှေးသမထသည်ပင် နောက်သမထ၏ အကြောင်းတရားများ။ နှောက်နှောက်သော သမထ၏ အကြောင်းဖြစ်သော ရှေးရှေးသော သမထဟူ ဆိုအပ်သော သမ္မာသမာဓိ ၎။

၂။ ပဂ္ဂါဟနိမိတ္တဉ္စ – ရှေးလုံ့လသည်ပင် နောက်လုံ့လ၏ အကြောင်းဖြစ်သော တရားများ။ နှောက်နှောက်သော လုံ့လ၏ အကြောင်းဖြစ်သော ရှေးရှေးသော လုံ့လဟူ ဆိုအပ်သော သမ္မာဝါယာမ ၎။

ပဌမပုဒ်အရ သမထဟူသည် ဈာန်တရားတည်း။ ဈာန်သမာပတ်ကို ဝင်စားရာ၌ ရှေးရှေးဈာန်သမာဓိသည် နောက်နောက်သော ဈာန်သမာဓိ၏ အကြောင်းဖြစ်၏။ ရှေးသမာဓိကို အကြောင်းပြု၍ နောက်သမာဓိလည်း ဆက်၍ဖြစ်၏။ ယင်းကို သမ္မာသမာဓိဟူ၍ ခေါ်၏။

ဤနည်းတူစွာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်သော အခါ ထိုစိတ်၌ ယှဉ်သော ဇောဂတခေါ် သမာဓိတရားလည်း ပါဝင်၏။ ဤ၌လည်း ရှေးသမာဓိသည် နောက်သမာဓိ၏ အကြောင်းဖြစ်လေ၏။

ဒုတိယပုဒ်အရ၌လည်း ဈာန်ဝင်စားရာ၌လည်းကောင်း၊ ဒါန, သီလ, ဘာဝနာဟူသော ကာမကုသိုလ်ကို ပြုလုပ်ရာ၌လည်းကောင်း အားထုတ်မှု ဝီရိယသည်ရှိ၏။ ရှေးရှေးဝီရိယသည် နောက်နောက်ဝီရိယ၏ အကြောင်းဖြစ်၏။

သို့ဖြစ်၍ ကာမကုသိုလ်၊ ဈာန်ကုသိုလ်၊ မဂ်ကုသိုလ်တို့ကို ရအောင် အားထုတ်ရန် အထူးလိုအပ်၏။ အိပ်နေ၍ မရ။ ပျင်းနေလို့ မရ။ ထ၍ အလုပ်လုပ်မှ ရ၏။ အလုပ်ကို စတင်အားထုတ်လျှင်ပင် အရှိန်ရသွား၏။ ရှေးအားထုတ်မှု ဝီရိယသည် နောက်အားထုတ်မှု ဝီရိယ၏ အကြောင်းဖြစ်၏။ ဤနှုန်း မဟာကုသိုလ် ပဌမစိတ်သည် ခွယ်၍ ပါလေ၏။

၃၃။ ပကုစိတ်ကို သမထနိမိတ္တဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	သမထနိမိတ္တဒုက်မှာ၊	ပကုဟာ၊	နှယ်ကာပါဝင်သည်။
၂။	ရှေးကဖြစ်ရ၊	သမထ၊	နောက်ထကြောင်းဖြစ်သည်။
၃။	ရှေးကဖြစ်ဘိ၊	လုံ့ဝိရိ၊	နောက်၏ကြောင်းဖြစ်သည်။
၄။	ဒါနစဖြာ၊	တုသလာ၊	ပြုရာများ၌သည်၊
၅။	ရှေးသမာဓိ၊	ရှေးဝိရိ၊	ကြောင်းရှိခဲ့၍သည်၊
၆။	နောက်သမာဓိ၊	နောက်ဝိရိ၊	ဖြစ်ရှိရလေသည်။
၇။	အိပ်နေမရ၊	ပျင်းမရ၊	နိုးထပြုရမည်။
၈။	ကုသိုလ်အလုပ်၊	စသာလုပ်၊	ဆက်လုပ်ဖြစ်လွားသည်။
၉။	ဆက်၍လုပ်ပါ၏၊	ဇဲဆိုတာ၊	ဖြစ်ကာလာလေသည်။

၃၃။ ပကုစိတ်ကို သမထနိမိတ္တဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၄။ ပကုစိတ်ကို ပဋ္ဌိဟာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၄။ ပဋ္ဌိဟာဒုက်

၁။ ပဋ္ဌါတော စ – သမ္မယုတ်တရားတို့ကို ချီးမြှောက်တတ်သော တရား။ သမ္ဘာဝါယာမ ဂုဏ်။

၂။ အဝိက္ခေပေါ စ – မပျံ့လွင့် တည်ကြည်သော သမာဓိတရား။ သမ္ဘာသမာဓိ ဂုဏ်။

ဤဒုက်သဘောအရ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်ရာ၌ ဝိရိယစေတသိက် ယှဉ်သလို ဇကဋ္ဌတာ ဟူသော သမာဓိစေတသိက်လည်း ယှဉ်လေသည်။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ယ်၍ ပါလေသည်။

အလုပ်တစ်ခု ပြုလုပ်ရာ၌ ဝိရိယနှင့် သမာဓိ အချိုးညီညီ မျှတစွာ ပါဝင်မှုလို၏။ အားထုတ်မှု လုံ့လဝိရိယ လွန်ကဲ၍ မျော်မှန်းသည့်အတိုင်း ဖြစ်မလာရင် ' ငါ ဒီလောက် အားထုတ်တာ မဖြစ်ပါလား ' ဟူ၍ စိတ်ပျံ့လွင့်မှု ဖြစ်တတ်၏။ ဝိရိယ မပါဘဲ သမာဓိလွန်ကဲပြန်လျှင်လည်း ငြိမ်ငြိမ်သက်သက် ဖြစ်နေရာမှ ပျင်းရိသောဘက်သို့ ရောက်တတ်လေ၏။

သို့ဖြစ်၍ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကို အားထုတ်ရာ၌ စိတ်ပျံ့လွင့်မှုလည်း မဖြစ်အောင်၊ ပျင်းရိသည့် သဘောလည်း မသက်ရောက်အောင် ဝိရိယနှင့် သမာဓိတရားတို့ကို မျှတစေရမည် ဖြစ်၏။

၃၃။ ပကုစိတ်ကို ပဂ္ဂါဟဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။ ပဂ္ဂါဟဒုက်မှာ၊ ပကုဟာ၊ နှိုင်းကာပါလေသည်။

၂။ ပဂ္ဂါဟအရ၊ ဝိရိယ၊ ဖုချရလေသည်။

၃။ အဝိက္ခေတိ၊ သမာဓိ၊ ကောက်ဘိမလွဲပြို။

၄။ အလုပ်လုပ်ဘိ၊ သမာဓိ၊ ဝိရိတရားသည်၊

၅။ မလွန်စေချင်၊ မျှတအင်၊ ပါဝင်စေရမည်။

၆။ ဝိရိလွန်သော်၊ ပျံ့လွင့်နှော်၊ ဖြစ်ပေါ် လာတတ်သည်။

၇။ သမာဓိလွန်ငြား၊ ပျင်းသည်များ၊ ဖြစ်ပွားတောတတ်သည်။

၈။ သမာဓိ,ဝိရိယ၊ မျှစေမှ၊ လုပ်ကအောင်မြင်မည်။

၉။ ပျံ့ ခြင်း, ပျင်းခြင်း၊ စွန်းနှစ်သင်း၊ ရှောင်ခြင်းပြုရမည်။

၃၄။ ပကုစိတ်ကို ပဂ္ဂါဟဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၅။ ပကုစိတ်ကို သီလဝိပတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၅။ သီလဝိပတ္တိဒုက်

၁။ သီလဝိပတ္တိ ၈ – သီလပျက်စီးခြင်း တရားများ။ အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် ၂၆-ပါး ရု၏။

၂။ ဒိဋ္ဌိဝိပတ္တိ ၈ – အယူပျက်စီးခြင်းတရား။ မိစ္ဆာဒိဋ္ဌိ ရု၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးအရ၌ ပါဝင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဤဒုက်၌ ပဌမပုဒ်အရ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဟူသော အကုသိုလ်တရားများ ဖြစ်ပွားနေသူတို့အား သီလပျက်စီးခြင်း ဒုဿီလအဖြစ်သို့ ရောက်နိုင်သည်ကို တွေ့မြင်နိုင်ကြကုန်၏။ ပါဏာတိပါတာဒီ စသော ဒုစရိုက်တရားတို့ကို ပြောင်ပြောင်ရှင်းရှင်း ရဲရဲတင်းတင်း ကျူးလွန်မှု ပြုကြသူတို့ကား လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ရှိသူများသာ ဖြစ်ကြလေကုန်၏။

ဒုတိယပုဒ်အရ တမလွန်ဘဝသည် မရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးတို့သည် မရှိ– စသည်ဖြင့် မှားသော အယူကို ယူသူကို အယူပျက်စီးသူဟု ခေါ်ရ၏။ တရားကိုယ်ကား ဒိဋ္ဌဂတသမ္ပယုတ်စိတ် – ၄–ခု၌ ယှဉ်သော ဒိဋ္ဌစေတသိက်သာ ဖြစ်လေ၏။ လူလောကဌ ဆွေမျိုးပျက်စီးခြင်း၊ စီးပွားဥစ္စာပျက်စီးခြင်းဟူ၍ ရှိလေရာတွင် ထိုပျက်စီးခြင်းများထက် သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်းက ပို၍ ကြောက်စရာကောင်းလှပေ၏။

၃၅။ ပကုစိတ်ကို သီလဝိပတ္တိဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။ သီလဝိပတ္တိဒုက်မှာ၊ ပတုဟာ၊ ဟိတာမရှိပြီ။
၂။ သီလပျက်မှု၊ အရစု၊ အကုဖြစ်လေသည်။
၃။ အယူပျက်တွင်၊ ဒိဋ္ဌိပဓိ၊ ပါဝင်နေလေသည်။
၄။ လောဒါတစ်သိုက်၊ လွမ်းလာခိုက်၊ ဒုစရိုက်ကျူးလွန်သည်။
၅။ ကံနှင့်အကျိုးဟူ၊ မရှိယူ၊ အယူပျက်စီးသည်။
၆။ ဆွေပျက်တွေထက်၊ သီလပျက်၊ ယူပျက်ကြောက်ရမည်။

ပကုစိတ်ကို သီလဝိပတ္တိဒုက်ဖြင့် ဝေဖန်ခြင်းပြီး၏။

၃၆။ ပကုစိတ်ကို သီလသမ္ပဒါဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၆။ သီလသမ္ပဒါဒုက်

၁။ သီလသမ္ပဒါစ – သီလပြည့်စုံခြင်း တရားများ။
မဟာကုသိုလ်စိတ် ၈–ခု၊ မဟာကြိယာစိတ် ၈–ခု၊ စေတသိက် ၃၈–ပါး ရ၏။

၂။ ဒိဋ္ဌိသမ္ပဒါ စ – အယူပညာ၏ ပြည့်စုံခြင်းတရား။ သမ္မာဒိဋ္ဌိ ရ၏။

ဤဒုက်၌ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်၌ တိုက်ရိုက်ပါဝင်နေ၏။ ဒုတိယပုဒ်၌ သမ္မာဒိဋ္ဌိဟူသော ပညာသည် မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သဖြင့် နှစ်ချပ်ပါဝင်လေ၏။

ပဌမပုဒ်သဘောအရ လူ, သာမဏေ, ရဟန်းတို့သည် ၈း၂း၁ စသော ပိဓိဆိုင်ရာ သိက္ခာပုဒ်များကို မကျိုးမပေါက်အောင် သဒ္ဓါ, သတိ, ဉာဏ်တို့ဖြင့် လိုလိုလားလား စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်း၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်လေသည်။ ဤ၌ ပိဓိ၏ သီလစောင့်ရှောက်မှု၌ သတိလည်း ထားရပေမည်။ သီလပျက်လျှင် အပြစ်၊ သီလရှိလျှင် အကျိုးတို့ကိုလည်း ဉာဏ်ဖြင့် သိရပေဦးမည်။ ပိဓိသီလစောင့်မှု၌ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရပေ

ဦးမည်။ အားတက်သရော လိုလိုလားလား စောင့်ရှောက်မှုလည်း ဖြစ်ရပေဦးမည်။ ဤကဲ့သို့ သီလစောင့်မှု၌ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ စေတသိက် ၃၈-ပါးလည်း ယှဉ်လေသည်။

ဒုတိယပုဒ်အရ သမ္မာဒိဋ္ဌိသည်လည်း မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်လေသည်။ ကံနှင့် ကံ၏အကျိုးကို သိမြင်သော ကမ္မသကတာ သမ္မာဒိဋ္ဌိ, ရုပ်တရား၊ နာမ်တရားတို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ကို ကောင်းစွာသိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးဖောက်သိမြင်သော မဂ္ဂသမ္မာဒိဋ္ဌိ ဟူ၍ သုံးမျိုးရှိရာတွင် မဂ်ဉာဏ်မရသေးသူအတွက် ကျန်သမ္မာဒိဋ္ဌိနှစ်မျိုး ဖြစ်နိုင်လေသည်။ ဝိပဿနာ မရှုဖူးသူအတွက် ကမ္မသကတာ သမ္မာဒိဋ္ဌိကို ရနိုင်လေသည်။ ကမ္မသကတာ သမ္မာဒိဋ္ဌိရော၊ ဝိပဿနာ သမ္မာဒိဋ္ဌိရော တရားကိုယ်မှာ မဟာကုသိုလ် ပဌမစိတ်၌ ရှိသော အမောဟ – ပညာတရားပင် ဖြစ်လေသည်။ သို့ဖြစ်၍ ပုထုဇဉ်လူသားတို့သည် အနည်းဆုံး ကမ္မသကတာ သမ္မာဒိဋ္ဌိ၌ ရုပ်တည်နေရမည် ဖြစ်ပေသည်။

၃၆။ ပကိုစိတ်ကို သီလသမ္မဒါနုဂ်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	သီလဒုက်မှာ၊	ပကုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	ဆိုင်ရာ စောင့်ပြု၊	သီလစု၊	ပကုဖြစ်နိုင်သည်။
၃။	သတိလည်းပါ၊	ဉာဏ်လည်းပါ၊	ဝမ်းသာကြရမည်။
၄။	လိုလားရှိမှု၊	အားထုတ်မှု၊	ပကုဖြစ်တော့သည်။
၅။	ကံ, ဝိ, မဂ္ဂ၊	ဒိဋ္ဌိပ၊	သုံးဝရှိလေသည်။
၆။	ကံနှင့်ကျိုးရှိ၊	သိမြင်ဘိ၊	ကံဒိဓေါ်ရသည်။
၇။	ဝိဉာဏ်ပေါ်ဘိ၊	ဝိ,ဒိဋ္ဌိ၊	ဖြစ်၏သိရမည်။
၈။	မဂ်ဉာဏ်ပေါ်မှု၊	မဂ်ဒီဟူ၊	မှတ်ယူနိုင်ကြသည်။
၉။	ပုထုဇဉ်များ၊	မဂ်ချန်ထား၊	နှစ်ပါးဖြစ်နိုင်သည်။
၁၀။	ဝိပဿနာတရား၊	မရှုဖူး၊	တစ်ပါးဖြစ်နိုင်သည်။
၁၁။	အနည်းဆုံးဟာ၊	ကံ ဒိဋ္ဌာ၊	တည်ကာနေရမည်။

၃၆။ ပကိုစိတ်ကို သီလသမ္ပယုတ်ဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၇။ ပကတ္တိစိတ်ကို သီလဝိသုဒ္ဓိဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃၇။ သီလဝိသုဒ္ဓိဒုက်

၁။ သီလဝိသုဒ္ဓိ စ – အထူးစင်ကြယ်သော သီလတရားများ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ပါး ရ၏။

၂။ ဒိဋ္ဌိဝိသုဒ္ဓိ စ – အထူးစင်ကြယ်သော အယူတရားများ။ တမ္မယကတဉာဏ်, သစ္စာနုလောမိကဟု ဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

ဤဒုက်အရ မဟာကုသိုလ် ပဌမစိတ်သည် ဒုတိယပုဒ်အရ၌ ပါဝင်နေသည်ကို သိမြင်နိုင်ကြပေ၏။ ဤသဘောကို သီလသမ္ပဒါဒုက် ဒုတိယပုဒ်အရက ပြခဲ့ပြီ။

ဤဒုက်၌ ပဌမပုဒ်အရ လောကုတ္တရာစိတ်၌တည်သော သီလသည် အထူးစင်ကြယ်သော သီလဖြစ်၍ မဟာကုသိုလ် ပဌမစိတ်အရှင်သည် ဝိပိသီလကို အထူးစင်ကြယ်လိုလျှင် ဝိပဿနာကို အားထုတ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အရယူရန်ပင် ဖြစ်တော့၏။

၃၇။ ပကတ္တိစိတ်ကို သီလဝိသုဒ္ဓိဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	သီလဝိသုဒ္ဓိဒုက်မှာ၊	ပကတ္တာ၊	ဒုမှာပါဝင်သည်။
၂။	သဘောသတ္တာ၊	ရွေးဒုက်မှာ၊	ကောင်းစွာပြခဲ့ဖြို။
၃။	ပဌမအရမှာ၊	လောကုတ်သာ၊	ရတာဖြစ်လေသည်။
၄။	သီလ၏မယ်၊	ထူးစင်ကြယ်၊	ဓိပ္ပါယ်သိနိုင်သည်။
၅။	မဂ်ဖိုလ်ရမှ၊	သီလက၊	ထူးပစင်ကြယ်မည်။
၆။	မဂ်ဖိုလ်ရရာ၊	ဝိကိုသာ၊	ခါခါပွားရမည်။

၃၇။ ပကတ္တိစိတ်ကို သီလဝိသုဒ္ဓိဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၈။ ပကိစ္စိတ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆေါပန ဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၃၈။ ဒိဋ္ဌိဝိသုဒ္ဓိ ဆေါပနဒုက်

၁။ ဒိဋ္ဌိဝိသုဒ္ဓိဆေါ ပန – အထူးသဖြင့် စင်ကြယ်သော အယူတရားများ။ ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဟူ ဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရုတ်။

၂။ ယထာဒိဋ္ဌိသ ဓ ပဓာနံ – အထူးသဖြင့် စင်ကြယ်သော ဉာဏ်အားလျော်သော လုံ့လဝီရိယတရား။ ကမ္မဿကတဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော ဉာဏ် ၄- ပါးနှင့် ယှဉ်သော မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္မယုတ် ၄-ခု၊ လောကုတ္တရာစိတ် ၈-ခုဌ် ရှိသော လုံ့လဝီရိယ ရုတ်။

ဤဒုက်ဌ် ပဌမသဘောကို သိလ့သမ္မဒါဒုက် ဒုတိယပုဒ်အရတွင် ပြခဲ့ပြီ။ ဒုတိယပုဒ်အရလည်း ထိုသဘောနှင့် တူလေပြီ။

၃၉။ ပကိစ္စိတ်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆေါပနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၃၉။ ပကိစ္စိတ်ကို သံဝေဇနီယဌာနဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၃၉။ သံဝေဇနီယဌာနဒုက်

၁။ သံဝေဇနီယေသု ဌာနေသု – ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏာ တည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်သော သံဝေဂတရား။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့မှ ထိတ်လန့်သောအခါ မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်ဌ် ရှိသော ဝဉာဏ်။

၂။ သံဝိဂ္ဂသ ယောနိသော ပဓာနဋ္ဌ – ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏ အသင့်အားဖြင့် အားထုတ်သော လုံ့လဝီရိယတရား။ ကုသိုလ်စိတ် ၂၁-ပါး၊ ဖိုလ်စိတ် ၄-ခုဌ် ရှိသော သမ္မာဝါယာမ ရုတ်။

ဤဒုက်ဌ် မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ် ပါဝင်နေသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤဒုက်ဌ် ပဌမပုဒ်အရ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့ကို တွေ့မြင်၍ သံဝေဂဉာဏ် ဖြစ်ပေါ်ခြင်း ဖြစ်၏။ ယင်းသံဝေဂဉာဏ်သည် မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခုဌ် ရှိသော ပညာတည်း။ ဤအရ သံဝေဂဉာဏ်ကား ဖြစ်၏။ လုံ့လဝီရိယဖြင့် အားထုတ်မှု မရှိသေးပေ။

ဒုတိယပုဒ်အရ ပဌမပုဒ်အရ သံဝေဂဉာဏ်ဖြစ်သည့်အားလျော်စွာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ ဒုက္ခတို့မှ လွတ်မြောက်အောင် ဝိပဿနာတရားကို အားထုတ်မှုတည်း။ ဥပမာအားဖြင့် မြတ်စွာဘုရားရှင်သည် သိဒ္ဓတ္ထုမင်းသားဘဝက အိုခြင်း၊ နာခြင်း၊ သေခြင်း တရားကို တွေ့မြင်သောကြောင့် သံဝေဂဉာဏ်ကား ဖြစ်၏။ သို့ရာတွင် အားထုတ်မှု မဖြစ်သေးပေ။ ရဟန်းကို တွေ့မှ တောထွက်ကာ ဘုရားဖြစ်အောင် အားထုတ်မှု ဖြစ်လေ၏။

ထိုသဘောအရ မနုစ်သက်ဖွယ် ဒုက္ခအမျိုးမျိုးနှင့် ကြုံရသောအခါ သံဝေဂဉာဏ် ဖြစ်တတ်ကြ၏။ သို့ရာတွင် သံဝေဂဉာဏ် ဖြစ်သည့်အတိုင်း ဝိပဿနာတရား အားထုတ်သည်ကား နည်းလှ၏။ မကြာမီပင် သံဝေဂဉာဏ် ပျောက်၍ ခဲ့ရင်းသို့ပင် ပြန်ဆိုက်လေ၏။ သို့ဖြစ်၍လည်း သံဝေဂဉာဏ်လည်း ဖြစ်မှ၊ ဖြစ်သည့်အတိုင်းလည်း အားထုတ်ရန် လိုအပ်လှပေ၏။

၃၉။ ပကုဏ်စိတ်ကို သံဃေနိယဋ္ဌာနဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကမ္ဘာ

၁။	သံဝေဒုက်မှာ၊	ပတုဟာ၊	နှစ်ဖြာပါဝင်သည်။
၂။	သန္ဓေနေခြင်း၊	အို,နာခြင်း၊	သေခြင်းများကိုသည်၊
၃။	တွေ့ မြင်ရပေ၊	ထိတ်လန့်ပေ၊	သံဝေဖြစ်ကြသည်။
၄။	ကုသမိစိတ်မှာ၊	ယှဉ်လေရာ၊	ပညာရလေသည်။
၅။	ဒုအရမှာ၊	သံဝေဂါ၊	ဖြစ်ရာများဌ်သည်၊
၆။	တရားဓမ္မ၊	အားထုတ်ရ၊	ဝိရိယဖြစ်လေသည်။
၇။	ဒုက္ခများပေ၊	တွေ့ကြုံလေ၊	သံဝေဖြစ်ကြသည်။
၈။	သံဝေဖြစ်တိုင်း၊	ဝိရိလိုင်း၊	လူတိုင်းမဖြစ်ပြီ။
၉။	သံဝေဖြစ်ရာ၊	ဝိရိပါ၊	ဖြစ်တာကောင်းလေသည်။

၃၉။ ပကုစိတ်ကို သံဝေဇနိယဋ္ဌာနဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄၀။ ပကတ္တိကို အာသန္နဥ်တာ ကုသလဓမ္မဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၄၀။ အာသန္နဥ်တာ ကုသလဓမ္မဒုက်

၁။ ကုသလေသု ဓမ္မေသု အာသန္နာဥ်တာ စ — ကုသိုလ်တရားတို့ဌ် မရောင့်ရဲသောသူဌ် ဖြစ်သောတရားများ။ ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၈-ပါး ရ၏။

၂။ ပဓာနသို့ အပ္ပဋိဝါနိတာ စ — ကုသိုလ်တရား အားထုတ်ခြင်းဌ် မဆုတ်နစ်သောသူဌ် ဖြစ်သောတရားများ။ ကုသိုလ်စိတ် ၂၁-ပါးဌ် ရှိသော သမ္မာဝါယာမ ရ၏။

ဤဒုက်ဌ် မဟာကုသိုလ် ပဌမစိတ်သည် နှစ်ပုဒ်လုံးဌ် ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ပဌမပုဒ်အရ ကုသိုလ်တရားဌ် မရောင့်ရဲသူ ဖြစ်ကြမူကား အလွန်ကောင်းသောသဘော ဖြစ်လေ၏။ ဘုရားရှင်လက်ထက်တော်က ကျောင်းအမ ဝိသာခါ၊ ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးတို့သည် ဘုရား, သံဃာတို့ဌ် ဒါနစသော ကုသိုလ်ပြုရာဌ် မရောင့်ရဲကြသော ပါရမီရှင်ပုဂ္ဂိုလ်များ ဖြစ်ကြပေကုန်၏။ ယခုခေတ်ဌ်လည်း ထူးထူးခြားခြား ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးများ ရှိကြမည် ဖြစ်၏။

ယင်းသို့ မရောင့်ရဲကြခြင်းသည် သဒ္ဓါတရား အားကောင်းသောကြောင့် ဖြစ်လေ၏။ ရတနာသုံးပါးကို ယုံကြည်မှု၊ ကြည်ညိုမှု၊ ထက်သန်အားကောင်းလာသူဌ် ကုသိုလ်ပြုရခြင်းဌ် မရောင့်ရဲနိုင်မှု သဘောရှိတတ်လေ၏။ ဤဌ်လည်း မဟာကုသိုလ် ပဌမစိတ်သည် ရှေ့တန်းကပင် ပါဝင်နေလေ၏။

ဒုတိယပုဒ်အရ ကုသိုလ်တရားကို အားထုတ်ရာဌ် နောက်မဆုတ်သော လုံ့လဝီရိယရှိသူ၏ အဖြစ်သည်လည်း အလွန်ကောင်းမြတ်လှပေ၏။ အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားကား အဓိကမသဒ္ဓါဖြစ်၍ နောက်ဆုတ်မည်မဟုတ်ပေ။ ဘုရားလောင်းတို့၏ သဒ္ဓါတရားလည်း အာဂမသဒ္ဓါဖြစ်၍ နောက်မဆုတ်ပေ။ ပုထုဇဉ်တို့၏ သဒ္ဓါတရားကား အခက်အခဲနှင့်တွေ့လျှင်၊ ဘေးရန်ကြုံလာလျှင် နောက်ဆုတ်တတ်ပေ၏။

အကုသိုလ် ပြုရာဌ်သာ နောက်ဆုတ်ခြင်း ကောင်းလေ၏။ ကုသိုလ်ပြုရာဌ်မူကား နောက်ဆုတ်ခြင်း မကောင်းပေ။ ဘုရားလောင်းနှင့် အရိယာတို့ကို စံထားအတုယူ၍ ဩကပ္ပနသဒ္ဓါဖြင့်ပင် ဘယ်လိုအခက်အခဲနှင့် ကြုံရကြုံရ ပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုကို ရည်ရွယ်သည့်အတိုင်း နောက်မဆုတ်ဘဲ ပြုလုပ်သင့်ကြပေကုန်၏။

၄၀။ ပကတ္တိကို အာသန္နဥ်တာ ကုသလဓမ္မဒုက်ဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	အာသန္နဥ်တာဒုက်မှာ၊	ပကတ္တာ၊	နှစ်ဖြာပါဝင်သည်။
၂။	ကုသိုလ်ပြုပြ၊	မရောင့်ရဲ၊	လွန်ပဲကောင်းလှသည်။
၃။	လက်ထက်တော်မှာ၊	အနာထာ၊	ဝိသာများတို့သည်၊

၄။	နေ့တိုင်းတွင်ပါ၊	ကုသိုလ်၊	ရောင့်ရဲမရှိပြီ။
၅။	သဒ္ဓါတရားဟူ၊	ထက်သန်သူ၊	ဇောဝိသုမျှားဌသည်၊
၆။	မရောင့်ရဲခြင်း၊	သဘောထင်း၊	ရှိခြင်းဖြစ်တတ်သည်။
၇။	ဤသဘောမှန်း၊	ပကုတန်း၊	ရှေးတန်းပါဝင်ထည်။
၈။	ဒုတိယမှာ၊	ကုသိုလ်ရာ၊	ဆုတ်ထာမရှိပြီ။
၉။	အရိယာများ၊	ကုသိုလ်ကြား၊	ဆုတ်ခြားမရှိပြီ။
၁၀။	ဘုရားလောင်းဟူ၊	ကုသိုလ်မူ၊	ဆုတ်ယူမရှိပြီ။
၁၁။	ပုထုဇဉ်ဂို၊	ဘေးတွေ့လာ၊	ဆုတ်ကာဖြစ်တတ်သည်။
၁၂။	ဘုရားလောင်းရိယာ၊	စံထားတာ၊	ဆုတ်ကာပယ်ရမည်။

၄၀။ ပကုစိတ်ကို အသန္တဋ္ဌိတာ ကုသလဓမ္မဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄၁။ ပကုစိတ်ကို ဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၄၁။ ဝိဇ္ဇာဒုက်

၁။ ဝိဇ္ဇာ ၈ – မောဟကို ဖျက်ဆီး၍ ထင်စွာပြုတတ်သော ပညာတရားများ။
ဝုဋ္ဌေနိဝါသဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ် ဂုဏ်။

၂။ ဝိမုတ္တိ ၈ – ဆန့်ကျင်ဘက် နိဝရဏတရားတို့မှ ကောင်းစွာလွတ်သော သမာပတ်ရှစ်ပါးနှင့် အလုံးစုံသော
ကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်။
မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဧတသိတ် ၃၅-ခု၊ နိဗ္ဗာန် ဂုဏ်။

ဤဒုက်၌ ပဌမပုဒ်အရ၌ ပါဝင်သော ဉာဏ် ၃-ပါးတွင် အာသဝက္ခယဉာဏ်အရသည် အရဟတ္တမဂ်ဉာဏ်ကို ရ၍ ကျန်နှစ်ပါးသည် မဟာကုသိုလ် ဉာဏ်သမ္ပယုတ်စိတ်၌ရှိသော ဉာဏ်ကို ရလေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် ပဌမပုဒ်၌ ပါဝင်သည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ပဌမပုဒ်အရ ပုဗ္ဗေနိဝါသ စသော ဉာဏ်သုံးပါးကို ရရန်အတွက်မူကား ဒိန, သီလကုသိုလ်၌ ပါဝင်သော မဟာကုသိုလ် ပဌမစိတ်အရလောက်နှင့် ရမည်မဟုတ်ဘဲ မဟဂ္ဂုတ်ကုသိုလ်၊ မဂ်ကုသိုလ်၊ အရဟတ္တမဂ်ဉာဏ်အထိ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ပွားများရန်လိုအပ်ပေ၏။

ဒုတိယပုဒ်အရလည်း နိဝရဏကိလေသာတို့မှ လွတ်မြောက်ရန် အလုံးစုံသော ကိလေသာတို့မှ လွတ်ရန် ဒေတွက်ကိုမူလည်း မဟာဂ္ဂတ်ကသိုလ်နှင့် မဂ်ဖိုလ်အထိရရှိအောင် သမထ, ဝိပဿနာတရားတို့ကို မနေမနား ရှုပွားအားထုတ်ကြရမည် ဖြစ်ပေ၏။

၄၁။ ပကုစိတ်ကို ဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ိများ

၁။ ဝိဇ္ဇာဒုက်မှာ၊ ပကုဟာ၊ ပမှာပါဝင်သည်။
၂။ မောဟကိုသာ၊ ဖျက်ဆီးရာ၊ ဝိဇ္ဇာဖြစ်လေသည်။
၃။ အာသဝက်ဉာဏ်၊ ပုဗ္ဗေဉာဏ်၊ စုဉာဏ်ဖြစ်လေသည်။
၄။ အာသဝက်ဉာဏ်စက်၊ ကောက်ယူချက်၊ ရမဂ်ဖြစ်လေသည်။
၅။ ပုဗ္ဗေ, စုတု၊ ဉာဏ်နှစ်ခု၊ ပကုကောက်ရသည်။
၆။ ဤဉာဏ်သုံးလီ၊ ရဖို့သည်၊ ဒီ,သီမရဖြို့။
၇။ စျာန်ကုသိုလ်ပ၊ ရမဂ်ပ၊ ရမှဖြစ်ပေမည်။
၈။ သမထဝိပဿနာ၊ ဇွဲကောင်းစွာ၊ ခါခါပွားရမည်။
၉။ ဒုအရဟာ၊ ကိလေသာ၊ လွတ်တာဖြစ်လေသည်။
၁၀။ နိဝရဏကိလေ၊ လုံးကိလေ၊ လွတ်လေဖို့ရာသည်၊
၁၁။ စျာန်ရအထိ၊ မဂ်အထိ၊ အားရှိထုတ်ရမည်။

၄၂။ ပကုစိတ်ကို ဝိဇ္ဇာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

၄၂။ ပကိဏ္ဏကစိတ်ကို ခဏယောဇနာဒုက်ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄၂။ ခဏယောဇနာဒုက်

၁။ ခဏယောဇကံ – ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော အရိယာမဂ်တရားများ။
မဂ်စိတ် ၄-ခုသို့ဖြစ်သော ဝေါဟာရ၏။

၂။ အနုပ္ပါဒေါဇကံ – ကိလေသာ မဖြစ်ခြင်း အဆုံးရှိသော တရားများ။
ဖိုလ် ၄-ခုသို့ဖြစ်သော ဝေါဟာရ၏။

ဤခဏယောဇနာဒုက်ကား – လောကုတ္တရာတရားကိုသာ ပြသောဒုက်တည်း။ ဤလောကုတ္တရာကုသိုလ် ရဖို့ရာအတွက်လည်း မဟာကုသိုလ် ပဌမစိတ် အရဖြစ်သော ဝိပဿနာတရားကို အားထုတ်ရန် လိုအပ်ပေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် ဤဒုက်၌ နှစ်ပုဒ်လုံး အရ၌ မပါဝင်သော်ငြားလည်း ဤဒုက်ပါ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရား၌ကား ပါဝင်လျက်ရှိလေ၏။ ထို့ကြောင့် သတိပဋ္ဌာန်တရား၊ ဝိပဿနာတရားများကို အခါခါ အားထုတ်၍ မဂ်,ဖိုလ်,နိဗ္ဗာန်နယ်သို့ အရောက်လှမ်းနိုင်ကြပေကုန်ရာ၏။

၄၂။ ပကိဏ္ဏကစိတ်ကို ခဏယောဇနာဒုက်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။ ခဏယောဇနာဒုက်မှာ၊ ပကုဟာ၊ ပါတာမဟုတ်ဖြို့။
၂။ ဤဒုက်အရမှာ၊ လောကုတ်သာ၊ ကောက်တာဖြစ်လေသည်။
၃။ သို့ရာတွင်ကား၊ မကင်းငြား၊ ပါငြားနေလေသည်။
၄။ ပကုတရား၊ ဝိပဿီအား၊ ပွားများလေ့သည်၊
၅။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်၊ အမှန်ရနိုင်သည်။

၄၂။ ပကိဏ္ဏကစိတ်ကို ခဏယောဇနာဒုက်ဖြင့် ဝေဖန်ခြင်း ပြီး၏။

ပကိဏ္ဏကစိတ်ကို သုတ္တန္တိက ဒုကမာတိကာဖြင့် ဝေဖန်ခြင်း ပြီး၏။

ဤတွင် ဓမ္မသင်္ဂဏီကျမ်းလာ ကိုယ်ကျင့်တရားများ ရပ်နားပြီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၂။ ဝိဘင်းကျမ်းလာ ကိုယ်ကျင့်တရားများ

၂။ ဝိဘင်းကျမ်း ။ ။ အဘိဓမ္မာ (၇) ကျမ်းရှိသည့်အနက် ဤဝိဘင်းကျမ်းသည် ဒုတိယမြောက်ကျမ်း ဖြစ်သည်။ ဝိဘင်းဟူသည် ဝိဘက်ဟူသော ပါဠိပုဒ်မှ လာသော ဧကဟာရဖြစ်သည်။ ဝိဘက် - ဝေဖန်ပိုင်းခြားခြင်း ဟူ၍ အဓိပ္ပါယ်ရလေသည်။ မြတ်စွာဘုရားရှင်သည် ဓမ္မသင်္ဂဏီကျမ်း၌ 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ဟူသော ပရမတ္ထတရား လေးပါးတို့ကို တိုက် ၂၂-ပါး၊ ဒုက် ၁၀၀ အတွင်းသို့ သွတ်သွင်း၍ ဟောကြားတော်မူထားလေသည်။ ယင်းဓမ္မသင်္ဂဏီကျမ်း၌ ဟောပြီးသော တရားတို့ကိုပင် ဤဝိဘင်းကျမ်း၌ အကျယ်ဝေဖန်၍ ဟောကြားတော်မူလေသည်။ ထို့ကြောင့် ဤကျမ်းကို ဝိဘင်းကျမ်းဟူ၍ ခေါ်ဆိုခြင်း ဖြစ်လေသည်။

ပြဆိုမည် သဘော ။ ။ ဤ 'အဘိဓမ္မာ ၇- ကျမ်းလာ ကိုယ်ကျင့်တရားများ' ဟူသော ကျမ်း၌ကား ဓမ္မသင်္ဂဏီကျမ်း၌ ပြဆိုခဲ့သည့်အတိုင်း 'သောမနဿသဟဂတံ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်' ဟူသော မဟာကုသိုလ် ပဌမစိတ်ကို မူတည်ပြု၍ ကိုယ်ကျင့်တရားကို ဦးစားပေး ပြဆိုမည် ဖြစ်သည်။

ဝိဘင်း ၁၈- ပိုင်း ။ ။ ဝိဘင်းကျမ်း၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝိဘင်းပါဠိတော် ပင်မကြီးမှ ဝိဘင်းအပိုင်းငယ် ၁၈-ပိုင်း ပိုင်း၍ ဝေဖန်ခဲ့ခြား ဟောကြားတော်မူထားလေသည်။ ယင်းတို့မှာ -

၁။ ခန္ဓဝိဘင်း	၂။ အာယတနဝိဘင်း	၃။ ဓာတုဝိဘင်း	၄။ သစ္စဝိဘင်း
၅။ ဣန္ဒြိယဝိဘင်း	၆။ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း	၇။ သတိပဋ္ဌာနဝိဘင်း	၈။ သမ္မပ္ပဓာနဝိဘင်း
၉။ ဣဒ္ဓိပါဒဝိဘင်း	၁၀။ ဗောဇ္ဈင်္ဂဝိဘင်း	၁၁။ မဂ္ဂင်ဝိဘင်း	၁၂။ ဈာနဝိဘင်း
၁၃။ အပ္ပမညာဝိဘင်း	၁၄။ သိက္ခာပဒဝိဘင်း	၁၅။ ပဋိသမ္ဘိဒါဝိဘင်း	၁၆။ ဉာဏဝိဘင်း
၁၇။ ခုဒ္ဒကဝတ္ထုဝိဘင်း	၁၈။ ဓမ္မဟဒယဝိဘင်း	- ဟူ၍ ၁၈- ပိုင်း ဖြစ်လေသည်။	

၂။ ဝိဘင်းကျမ်းမည်ပုံ၌ ဆောင်ရန်လက်ကျများ

၁။	ဝိဘင်းခေါ်ရာ၊	ကျမ်းဌိမှာ၊	ဓိဗ္ဗါသိရမည်။
၂။	ဝိဘင်္ဂ၌၊	ဝိဘင်းပ၊	ခေါ်ရကျမ်းဖြစ်သည်။
၃။	ဝိဘင်္ဂ၌၊	ဝေဖန်ဟူ၊	မှတ်ယူနိုင်ကြသည်။

၄။	သင်္ကာခေါ်မှီး၊	ကျမ်းဌိတည်း၊	ဟောပြီးများကိုသည်၊
၅။	အကျယ်ချဲ့ထင်း၊	ဝေဖန်ခြင်း၊	ဝိဘင်းခေါ် ရသည်။
၆။	ဝိဘင်းကျမ်းမှာ၊	ဆယ့်ရှစ်ဖြာ၊	ဝိုင်းကာဟောထားသည်။
၇။	ခံ,အာ,ဓာ,သ၊	ကွဲ, ဋ္ဌ၊	ဌာနပါဝင်သည်။
၈။	ဓာန, ပါဒ၊	ဟေဇ, မဂ္ဂ၊	စျာနပါလေသည်။
၉။	အပ္ပမညာ၊	ကျင့်သိက္ခာ၊	ဘိဒါပါဝင်သည်။
၁၀။	ဉာဏခုဒ္ဒက၊	ဟဒယ၊	မှတ်ကြဆယ့်ရှစ်ဂျို။

၂။ ဝိဘင်းကျမ်းမည်ပုံ ပြီး၏။

၁။ ခန္ဓဝိဘင်း

၁။ ပကိုစိတ်ကို ဝေဒနာကွန္ဓာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

ခန္ဓာဂါးပါး ။ ။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသခ္ခါရိက ဟူသော မဟာကုသိုလ် ပဌမစိတ်၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ကေဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ပါး၊ ဝိတက်, ဝိစာရ, ဝိရိယ, ပီတိ, အဓိမောက္ခ, ဆန္ဒ ဟူသော ပကိဏ်း စေတသိက် ၆-ပါး၊ နှစ်ရပ်ပေါင်း အညသမာန်း စေတသိက် ၁၃-ပါး၊ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ ဟူသော သောဘဏသာဓာရဏာ စေတသိက် ၁၉-ပါး၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော ဝိရတီစေတသိက် ၃-ပါး၊ ကရုဏာ, မုဒိတာ ဟူသော အပ္ပမညာ စေတသိက် ၂-ပါး၊ ပညိန္ဒြေ စေတသိက် ၁-ပါး၊ ဤ ၂၅-ပါး သော စေတသိက်တို့ကို သောဘနစေတသိက် ၂၅-ပါး ဟူ၍ ခေါ်သည်။ ဤဖော်ပြအပ်ပြီးသော အညသမာန်း စေတသိက် ၁၃-ပါး၊ သောဘနစေတသိက် ၂၅-ပါး - ပေါင်း ၃၈-ပါးကုန်သော စေတသိက်များ ယှဉ်ကြလေသည်။ ယင်းကို ကုသိုလ်တရားဟူ၍ ခေါ်လေသည်။

ယင်းကုသိုလ်တရားများကို ခန္ဓာဖွဲ့လျှင် စေတသိက် ၃၈-ပါးတို့၌ ဝေဒနာသည် ဝေဒနာကွန္ဓာမည်၏။ သညာသည် သညာကွန္ဓာမည်၏။ ဝေဒနာ, သညာမှ ကြွင်းသော ကျန်စေတသိက် ၃၆-ပါးတို့သည် သင်္ခါရကွန္ဓာမည်၏။ မဟာကုသိုလ် ပဌမစိတ်သည် ဝိညာဏကွန္ဓာမည်၏။ ယင်း ၄-ပါးတို့ကို နာမ်ခန္ဓာ ၄-ပါး ဟူ၍ ခေါ်လေသည်။

၁။ ဝေဒနာကဏ္ဍာ - ခံစားမှုအစု ။ သုခဝေဒနာ- ချမ်းသာကို ခံစားမှု

ဤဝေဒနာကဏ္ဍာ၌ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ ဟူ၍ ဝေဒနာ ၃-မျိုး ရှိရာ မဟာကုသိုလ် ပဌမစိတ်သည် သုခဝေဒနာ အုပ်စုတွင် ပါဝင်လေသည်။

သုခဝေဒနာ ၁၁-မျိုး

ဤချမ်းသာကို ခံစားမှု သုခဝေဒနာသည် (၁၁)မျိုး ရှိလေသည်။ ယင်းတို့မှာ -

၁။ အတိတ် ဝေဒနာ - ဖြစ်ပြီး ချမ်းသာ ခံစားမှု၊
၂။ အနာဂတ် ဝေဒနာ - ဖြစ်လတ္တံ့ ချမ်းသာ ခံစားမှု၊
၃။ ပစ္စုပ္ပန် ဝေဒနာ - ဖြစ်ဆဲ ချမ်းသာ ခံစားမှု၊
၄။ အဇ္ဈတ္တ ဝေဒနာ - အတွင်းသန္တာန်၌ဖြစ်သော ချမ်းသာ ခံစားမှု၊
၅။ ဗဟိဒ္ဓ ဝေဒနာ - အပသန္တာန်၌ဖြစ်သော ချမ်းသာ ခံစားမှု၊
၆။ ဩဠာရိက ဝေဒနာ - ကြမ်းတမ်းသော ချမ်းသာ ခံစားမှု၊
၇။ သုခုမ ဝေဒနာ - နူးညံ့သိမ်မွေ့သော ချမ်းသာ ခံစားမှု၊
၈။ ဟီန ဝေဒနာ - ယုတ်ညံ့သော ချမ်းသာ ခံစားမှု၊
၉။ ပဏီတ ဝေဒနာ - မြင့်မြတ်သော ချမ်းသာ ခံစားမှု၊
၁၀။ ဒူရေ ဝေဒနာ - အဝေး ချမ်းသာ ခံစားမှု၊
၁၁။ သန္တိကေ ဝေဒနာ - အနီး ချမ်းသာ ခံစားမှု - ဟူ၍ ၁၁- မျိုး ရှိလေသည်။

ပကိဏ်းများ၌ သုခဝေဒနာ ၁၁-မျိုး ဆောင်ရန်လက်ခံများ

၁။	ပကိဏ်စိတ်ဖြစ်၊	စေယျဉ်လစ်၊	သုံးရစ်ဖြစ်လေသည်။
၂။	အင်ဆယ်သုံးပါး၊	သောနှစ်ငါး၊	ယှဉ်ကြွားကြလေသည်။
၃။	စေသုံးရစ်မှာ၊	ဝေခန္ဓာ၊	ဝေသာဖြစ်လေသည်။
၄။	သညာကွဲခန္ဓာ၊	သညာသာ၊	ကျွန်တာခါဖြစ်သည်။
၅။	ပကိဏ်စိတ်မှာ၊	ဝိညာဏာ၊	ခန္ဓာဖြစ်လေသည်။
၆။	ဤသည့်လေးဖြာ၊	နာမ်ခန္ဓာ၊	သညာပြုကြသည်။
၇။	သုဒ္ဒဥ ဟု၊	ဝေအစု၊	သုံးခုဖြစ်လေသည်။
၈။	ပကိဏ်စိတ်မှာ၊	သုခသာ၊	ကောင်းစွာသိရမည်။

၉။	သုခဝေဒနာ၊	ဆယ့်တစ်ဖြာ၊	ပြားတာသိရမည်။
၁၀။	တီ,နာ,ပန္နေ၊	အလ္လတ္တေ၊	ဗဟိဒ္ဓပါဝင်သည်။
၁၁။	ဩ,သု,ဟိန်၊	ပဏီတေ၊	ဒူရေသန္တိကေ။
၁၂။	ဤဆယ့်တစ်ပါး၊	အပြားအား၊	မှတ်သားကြရမည်။

ပကုတရား၌ သုခဝေဒနာ ၁၁-မျိုး ပြီး၏။

၁။ **အတိတ်သုခဝေဒနာ** ။ ။ ထို ၁၁-မျိုးသော ဝေဒနာတို့တွင် အတိတ် သုခဝေဒနာ ဟူသည် -

၁။	အတီတ	- လွန်ပြီး ဖြစ်၏။
၂။	နိဂ္ဂဒ္ဓါ	- ချုပ်ပြီး ဖြစ်၏။
၃။	ဝိဂတာ	- ကင်းပြီး ဖြစ်၏။
၄။	ဝိပရိဏာတာ	- ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏။
၅။	အတ္ထင်္ဂတာ	- ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်၏။
၆။	အဿတ္ထင်္ဂတာ	- အလွန်ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်၏။
၇။	ဥပ္ပဋ္ဌိတ္ဝာ ဝိဂတာ	- ဖြစ်ပြီး၍ ကင်းပျောက်ပြီး ဖြစ်၏။

ဤသုခဝေဒနာအပေါင်းကို အတိတ်သုခဝေဒနာဟု ဆိုအပ်၏။

(အဘိ - ၂ - ၃။ မြန် - ၅ / ၆)

ဤအတိတ်သုခဝေဒနာသဘောအရ ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ်ကို ရရှိသော ကုသိုလ်ရှင်သည် မိမိ၏ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့စဉ်က ဝမ်းသာခဲ့ရသော ပီတိသောမနဿ သုခဝေဒနာများကို ပြန်၍ တစ်ဖန်အောက်မေ့ကာ 'ငါသည် လွန်လေပြီးသော အချိန်ကာလတွေက ကုသိုလ်ကောင်းမှုကို ပြု၍ သုခဝေဒနာကို အကြိမ်ကြိမ် ခံစားခဲ့ရဖူးပေ၏။ လွန်ခဲ့သော အချိန်သည် ငါ့အတွက် အချည်းနှီး မဟုတ်ပေတကား' ဟူ၍ သုခဝေဒနာကို မိမိသန္တာန်၌ ဖြစ်စေရမည် ဖြစ်သည်။

၁။ ပကုစိတ်ကို အတိတ်သုခဝေဒနာပြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	လွန်, ချုပ်, ကင်းပြီး၊	ဖောက်ပြန်ပြီး၊	ဖြစ်ပြီးချုပ်ခြင်းသည်၊
၂။	အတီတဟု၊	ခေါ် ဆိုပြု၊	မှတ်ပြုနိုင်ကြသည်။
၃။	ကုသိုလ်ပြုရာ၊	စိတ်ထဲမှာ၊	ဝမ်းသာကုရင်သည်၊
၄။	ပြုပြီးကုမှာ၊	အောက်မေ့ကာ၊	ဝမ်းသာရပေမည်။

၅။	လွန်ပြီးခဲ့ကို၊	ဝမ်းမြောက်ပို၊	ကုသိုလ်ပြုခဲ့ဆည်။
၆။	စိတ်လေချမ်းသာ၊	ကြည်နူးကာ၊	ဝမ်းသာခဲ့ရသည်။
၇။	ကုပြုခဲ့ရိုး၊	အခွင့်မျိုး၊	ကုန်ကျိုးနပ်ခဲ့ဆည်။
၈။	ဤသို့တစ်ခါ၊	ပြန်၍သာ၊	ဝမ်းသာရပေမည်။

၁။ ပကုဏ်တ်ကို အတိတ်သုဒေဝနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုဏ်တ်ကို အနာဂတ်သုဒေဝနာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ အနာဂတ်သုဒေဝနာ

၁။ အဇာထာ – မဖြစ်သေး။

၂။ အသန္တာထာ – ကောင်းစွာမဖြစ် မရှိသေး။

၃။ အနုဘိနိဗ္ဗတ္တာ – အသစ်မဖြစ်သေး။

၄။ အနုပ္ပန္နာ – မဖြစ်ပေါ်သေး။

၅။ အနုဋ္ဌိတာ – မပေါ်ပေါက်သေး။

၁၁။ အနာဂတာ – ရောက်မလာသေး

၂။ အာဟုတာ – မထင်ရှားသေး။

၄။ အနိဗ္ဗတ္တာ – မဖြစ်သေး။

၆။ အပါတုဘူတာ – ထင်ရှား မဖြစ်သေး။

၈။ အသမုပ္ပန္နာ – ကောင်းစွာမဖြစ်ပေါ်သေး။

၁၀။အသမုဋ္ဌိတာ – ကောင်းစွာ မပေါ်ပေါက်သေး။

– ဤသို့သော သုဒေဝနာများကို အနာဂတ်သုဒေဝနာဟူ၍ ခေါ်ဆိုလေသည်။

(အဘိ – ၂ – ၃။ မြန် – ၆)

ဤအနာဂတ်သုဒေဝနာ သဘောအရ လူပြည်လူလောက၌ လူတို့သည် မျှော်လင့်ချက်ဖြင့် အသက်ရှင်သန်လှုပ်ရှားနေကြ၏ ဆိုသည့်အတိုင်း ရောက်မလာသေးသော အနာဂတ်အတွက် အဘယ်ကို မျှော်လင့်တောင့်တ၍ နေဘိသနည်း။ ဆင်းရဲဒုက္ခရောက်ရန်အတွက်ကိုမူ မည်သူမျှ မျှော်လင့်ထားကြမည် မဟုတ်ဘဲ ချမ်းသာသုခ ရရှိရန်ကိုသာ မျှော်လင့်ကြမည် ဖြစ်သည်။ သို့ဖြစ်၍ မဖြစ်ပူးသေးသော ချမ်းသာကို မျှော်လင့်မည့်အစား ဖြစ်ပူးသော ချမ်းသာကိုသာ မျှော်လင့်သည်က ပို၍သေချာရေရာမှု ရှိလေသည်။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ်ဖြင့် ချမ်းသာသုခကို ခံစားပူးသော ပုဂ္ဂိုလ်သည် နောင်အနာဂတ်၌လည်း မဟာကုသိုလ် ပဌမစိတ်ဖြင့်ပင် ချမ်းသာသုခကို ခံစားပေမည်။ မဟာကုသိုလ် သောမနဿ ဝေဒနာကို ခံစားရပေမည်ဟူ၍ မျှော်လင့်ချက်ထားရပေမည်။

၂။ ပကတိတ်ကို အနာဂတ်သုဒေဒနာဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	မဖြစ်သေးတာ၊	မရှိတာ၊	ရောက်မလာတာကိုသည်၊
၂။	အနာဂတ်ဟု၊	ခေါ် ဆိုပြု၊	မှတ်ပြုနိုင်ကြသည်။
၃။	မျှော်လင့်ချက်ထား၊	လူအများ၊	လှုပ်ရှားကြလေသည်။
၄။	ကုသိုလ်ပြုရာ၊	စိတ်ထဲမှာ၊	ဝမ်းသာကူးရှင်သည်၊
၅။	အနာဂတ်ဖြင့်၊	အာဘယ်ထင့်၊	မျှော်လင့်နေလေသည်။
၆။	အာဘယ်သူသည်၊	ဆင်းရဲဆဲ၊	မျှော်မည်မဟုတ်ပြီ။
၇။	ချမ်းသာကိုသာ၊	မျှော်ကြမှာ၊	သေချာလှပေသည်။
၈။	ဖြစ်ပြီးသုခ၊	မျှော်ခြင်းဟာ၊	သေချာရေရာသည်။
၉။	ပကုချမ်းသာ၊	အခါခါ၊	ဖြစ်ကာလာခဲ့ပြီ။
၁၀။	ဖြစ်ဖူးခဲ့ရာ၊	ပကုသာ၊	မျှော်တာကောင်းလေသည်။

၂။ ပကုစိတ်ကို အနာဂတ်သုခဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ပစ္စုပ္ပန် သုခဝေဒနာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ပစ္စုပ္ပန် သုခဝေဒနာ ။ ။ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ချမ်းသာခံစားမှု သုခဝေဒနာသည် –

၁။ ဇာတာ – နိဗ္ဗတ္တာ – ဖြစ်ဆဲဖြစ်၏။
၂။ သဉ္ဇာတာ – ကောင်းစွာဖြစ်ဆဲဖြစ်၏။
၃။ သမုပ္ပန္နာ – ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်၏။
၄။ သမုဇ္ဇီတာ – ကောင်းစွာပေါ်ပေါက်ဆဲဖြစ်၏။
၅။ ဘူတာ, ပါတုဘူတာ – ထင်ရှားဖြစ်ဆဲဖြစ်၏။
၆။ ဥပ္ပန္နာ – ဖြစ်ပေါ်ဆဲဖြစ်၏။
၇။ ဥဇ္ဇီတာ – ပေါ်ပေါက်ဆဲဖြစ်၏။
၈။ ပစ္စုပ္ပန္နာ – ယခုဖြစ်ပေါ်ဆဲဖြစ်၏။

ဤသို့ ဖြစ်ဆဲဖြစ်သော၊ ခံစားဆဲဖြစ်သော သုခဝေဒနာသည် ပစ္စုပ္ပန် သုခဝေဒနာ ဖြစ်လေ၏။

(အာဘိ - ၂ - ၃။ မြန် - ၆)

ဤပစ္စုပ္ပန် သုခဝေဒနာသဘောအရ လူပြည်၊ လူလောကၠ လူသားတို့အတွက် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူ၍ အချိန်ကာလ ၃-မျိုး ရှိရာတွင် တကယ်လက်တွေ့ အသုံးပြုပိုင်ဆိုင်သော အချိန်ကာလသည် ဤပန်အချိန်ကာလ ဖြစ်လေသည်။

သို့ဖြစ်၍ 'မနေ့က ငွေတစ်ရာ ရခဲ့သည်ကိုလည်းကောင်း၊ နက်ဖြန်မှ ငွေတစ်ရာရမည်ကို လည်းကောင်း စဉ်းစားတွေးတောနေခြင်းထက် ယနေ့ ငွေတစ်ကျပ်ရသည်က ပို၍ သေချာကောင်းမြတ်သည်' ဟု ဆိုသည့်အတိုင်း –

ယနေ့ သင်သည် 'ဘာကိုလုပ်နေသနည်း။ ကုသိုလ်အလုပ်ကို လုပ်နေသလား။ အကုသိုလ် အလုပ်ကို လုပ်နေသလား။ ဝိဝိစိတ်သန္တာန်မှာ ကုသိုလ်စိတ်တွေ ဖြစ်နေသလား။ အကုသိုလ်စိတ်တွေ ဖြစ်နေသလား' ဆင်ခြင်သုံးသပ်ရမည် ဖြစ်သည်။ အကုသိုလ် အလုပ်ကို လုပ်နေသည်ဆိုပါက ဒုက္ခပေးမည်ဖြစ်သော ထိုအလုပ်ကို လျှင်မြန်စွာ ပယ်စွန့်ရမည် ဖြစ်သည်။ အကုသိုလ်စိတ်တွေ ဖြစ်နေသည်ဆိုပါက အောက်ကျနောက်ကျ ယုတ်ညံ့သောဘဝသို့ ရောက်မည့်ထိုစိတ်ကို လျှင်မြန်စွာ မောင်းထုတ်ရမည် ဖြစ်သည်။

သို့မဟုတ် ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်အလုပ်တို့ကို လုပ်နေပါက သုခပေးမည်ဖြစ်သော ထိုအလုပ်ကို ဉာဏ်နှင့်ယှဉ်၍ ဝမ်းမြောက်ဝမ်းသာ စိတ်ပါလက်ပါ အားတက်သရော ဆက်၍သာ တိုး၍သာ လုပ်ရမည်ဖြစ်သည်။

ဝိဝိစိတ်သန္တာန်၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်နေသည်ဆိုပါက အထက်တန်းကျသောဘဝ၊ မြင့်မြတ်သော ဘဝသို့ ပို့ဆောင်ပေးမည်ဖြစ်သော ထိုကုသိုလ်စိတ်ကို ထပ်တလဲလဲ ဖြစ်ပွားစေရမည် ဖြစ်သည်။

၃။ ပကုဓိတ်ကို ပစ္စုပ္ပန္နသုခဝေဒနာဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်နက်များ

၁။	ဖြစ်ဆဲ,ပြုဆဲ၊	ရောက်နေဆဲ၊	ပေါ် ဆဲများကိုသည်၊
၂။	ပစ္စုပ္ပန်ဟု၊	ခေါ် ဆိုပြု၊	မှတ်ပြုကြရမည်။
၃။	လူတို့တွက်တာ၊	အချိန်ဟာ၊	လွန်စွာရေးကြီးသည်။
၄။	တီ, နာ, ပန္နေ၊	ဤသုံးဝ၊	ကာလများ၌သည်၊
၅။	ပစ္စုပ္ပန္နာ၊	လက်တွေ့ပါ၊	ဝိုင်တာသိရမည်။
၆။	လွန်ပြီးသုခေ၊	လာသုခေ၊	တွေးနေခြင်းထက်သည်၊
၇။	ယနေ့တွေ့ရှိုး၊	သုခမျိုး၊	တန်ဖိုးရှိလှသည်။
၈။	သင်တစ်မျိုးကား၊	ယနေ့ကား၊	ဘာများလုပ်နေသည်၊
၉။	အတုပဲလား၊	ကုပဲလား၊	စဉ်းစားကြရမည်။
၁၀။	အကုဆိုလျှင်၊	ဒုက္ခအင်၊	မြန်ပင်ပယ်ရမည်။
၁၁။	အကုစိတ်အား၊	ယုတ်၍ကား၊	ဖယ်ရှားကြရမည်။
၁၂။	ကုသိုလ်ဆိုလျှင်၊	သုခအင်၊	တွင်တွင်ပြုရမည်။
၁၃။	ပကုစိတ်ကား၊	မြတ်လေငြား၊	တိုးပွားစေရမည်။

၄။ ပကုစိတ်ကို ပစ္စုပ္ပန္နသုခဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကတ္တိစိတ်ကို အဖျတ်သုခဝေဒနာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၄။ အဖျတ်သုခဝေဒနာ ။ ။ ကုသိုလ်ပြုရာ၌ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ အဖျတ်သုခဝေဒနာဖြစ်၏။ ယင်းအဖျတ်သုခဝေဒနာသည် -

၁။ အဖျော့တွေ့ - ကုသိုလ်ရှင်၏ အတွင်းသန္တာန်၌ဖြစ်၏။
၂။ ဒိဋ္ဌာ - မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏။
၃။ ဥပါဒိန္နာ - တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်၏။
၄။ ပါဠိပ္ပဓာနာ - အသိုးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏။
၅။ ဝါဠိပ္ပဓာနာ - အသိုးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏။

ဤသည်ကို အဖျတ်သုခဝေဒနာဟု ဆိုအပ်၏။ (အဘိ - ၂ - ၃။ မြန် - ၆)

ဤအဖျတ်သုခဝေဒနာသဘောအရ ဒိန္နစ အရှိကုန်သော ကုသိုလ်ကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ ရရှိအပ်သော၊ မိမိ၏ အဖျတ်သန္တာန်၌ဖြစ်သော၊ စိတ်ချမ်းသာရသော ဤသုခဝေဒနာသည် မိဘဆွေမျိုးများက၊ အထက်လူကြီးများက အမွေပေး၍ ရအပ်သော သုခဝေဒနာ မဟုတ်ပေ။ မိမိကိုယ်တိုင် ပြုလုပ်အားထုတ်၍ ရအပ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သော သုခဝေဒနာဖြစ်လေသည်။ သူတစ်ပါးတို့နှင့် သက်ဆိုင်ခြင်း မရှိသော သုခဝေဒနာဖြစ်သည်။ ဤကဲ့သို့ တန်ဖိုးရှိလှသော သုခဝေဒနာမျိုးကို ထပ်ခါထပ်ခါ ဖြစ်စေသင့်ကြပေကုန်၏။ သို့ရာတွင် တဏှာ, ဒိဋ္ဌိတို့၏ အာရုံနယ်က မလွတ်၍ကား တဏှာ, ဒိဋ္ဌိတို့၏ အာရုံနယ်မှ လွတ်ကင်းရာ မဂ်သုခဝေဒနာအထိ လှမ်းတက်နိုင်ရန် လိုအပ်ပေသည်။

၄။ ပကတ္တိစိတ်ကို အဖျတ်သုခဝေဒနာဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	အဖျတ်သုမှာ၊	ဖြစ်ပေါ်လာ၊	ချမ်းသာသုခသည်၊
၂။	မိမိကိုသာ၊	စွဲ၍သာ၊	ဖြစ်တာဖြစ်လေသည်။
၃။	မိမိ၏သာ၊	ကိုယ်ပိုင်သာ၊	ဥစ္စာဖြစ်လေသည်။
၄။	ကုသိုလ်အပြု၊	ရရှိမှု၊	ပကတ္တိချမ်းသာသည်၊
၅။	အထက်လူများ၊	မိဘများ၊	ပေးကားမရပြီ။
၆။	ကိုယ်တိုင်သာထင်း၊	ပြုလုပ်ရင်း၊	ရခြင်းဖြစ်လေသည်။
၇။	ကိုယ်ပိုင်ဥစ္စာ၊	ဖြစ်၍သာ၊	လွန်စွာတန်လေသည်။
၈။	ပကတ္တိခါ၊	အခါခါ၊	ဖြစ်တာလွန်ကောင်းသည်။
၉။	သို့၍တွင်တုန်၊	ဏှာ, ဒိဋ္ဌိ၊	လွတ်ပုံမရှိပြီ။
၁၀။	လွတ်ကင်းလေအောင်၊	မဂ်ဖိုလ်တောင်၊	ရအောင်ကျင့်ရမည်။

၅။ ပကတ္တိစိတ်ကို အဖျတ်သုခဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ ပကုဓိတ်ကို ဗဟိဒ္ဓသုခဝေဒနာဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၅။ ဗဟိဒ္ဓသုခဝေဒနာ ။ ။ မဟာကုသိုလ် ပဌမစိတ်နှင့်အတူဖြစ်သော ဗဟိဒ္ဓသုခဝေဒနာသည် –

၁။ ဝဏ္ဏလအဋ္ဌဏ္ဍ – တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏။

၂။ ဝဓ္ဓဏ္ဍ – တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ကိုယ်ကိုစွဲ၍ဖြစ်၏။

၃။ နိုယကာ – တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်၏။

၄။ ဝါဠိဥဒ္ဓလိကာ – တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အသိုးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏။

၅။ ဥဝါဒိန္နာ – တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်၏။

ဤသို့ ပိဝိပမ္ပတစ်ပါး အခြားသောပုဂ္ဂိုလ်တို့၌ဖြစ်သော သုခဝေဒနာသည် ဗဟိဒ္ဓသုခဝေဒနာ ဖြစ်၏။

(အဘိ - ၂ - ၃။ မြန် - ၇)

ဤဗဟိဒ္ဓသုခဝေဒနာသဘောအရ မဟာကုသိုလ် ပဌမစိတ်နှင့်အတူဖြစ်သော ဤသုခဝေဒနာသည် ပိဝိပမ္ပ တစ်ပါးသော အခြားသော ပိဝိ၏ ပိဘ၊ ဘိုးဘွား၊ သားမယား၊ သားသမီး စသော ဆွေမျိုးသားချင်းများ၌ ဖြစ်ကြပါမူ အလွန်ဝမ်းမြောက်စရာ ကောင်းလှပါပေ၏။

ဆွေမျိုးသားချင်းများသည် ပိဝိနှင့်ဆက်စပ်နေသည်ဖြစ်ရကား ပိဝိကိုယ်တိုင်က ကုသိုလ်ကောင်းမှုနှင့် ပျော်နေစေကာမူ ဆွေမျိုးသားချင်းတို့က အကုသိုလ်နှင့်ပျော်နေကြလျှင်ကား အလွန်စိတ်မချမ်းမသာ ဖြစ်ဖွယ် ကောင်းလှပေ၏။

'အသွင်ထူမှ အိမ်သူဖြစ်' ဆိုတိသကဲ့သို့ ပိဝိကိုယ်တိုင်လည်း ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်သူ ဖြစ်သလို ပိဝိ၏ ပိဘ၊ သားသမီး စသော ဆွေမျိုးသားချင်းအပေါင်းတို့အားလည်း ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်အောင် နှိုးဆော်တိုက်တွန်းမှု ပြုကြရမည် ဖြစ်ပေ၏။

၅။ ပကုဓိတ်ကို ဗဟိဒ္ဓသုခဝေဒနာဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်မှတ်များ

၁။	ကိုယ်မှတစ်ပါး၊	ခြားသူများ၊	ဖြစ်ကြားသုခသည်၊
၂။	ဗဟိဒ္ဓသုခ၏၊	ဝေဒနာ၊	ဖြစ်တာသိမိုင်သည်။
၃။	ကုသိုလ်အပြု၊	ရရှိမှု၊	ပကုချမ်းသာသည်၊
၄။	ဖိဘဘိုးဘွား၊	သားချင်းများ၊	ဆွေများတို့၌သည်၊
၅။	ဖြစ်ကြပါမူ၊	အလွန်တူ၊	ဂုဏ်ယူထိုက်ပေသည်။
၆။	ကိုယ်ကကုပြု၊	ဆွေမျိုးစု၊	အကုပြုလျှင်သည်၊

၇။	မနုစ်သက်ဖွယ်၊	စိတ်ညစ်ဖွယ်၊	ဖြစ်ဖွယ်ကောင်းလှသည်။
၈။	ကိုယ်တိုင်ကျပြု	ဆွေမျိုးစု၊	ကိုယ်ပြုကြမှသည်၊
၉။	ဝမ်းမြောက်စရာ၊	ပျော်စရာ၊	လွန်စွာကောင်းပေမည်။
၁၀။	ကုသြုအောင်မှန်း၊	ဆွေမျိုးတန်း၊	တိုက်တွန်းကြရမည်။

၅။ ပကိုစိတ်ကို ဗဟိဒ္ဓသုခဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၆/၇ ။ ပကိုစိတ်ကို ဩဇာရိက, သုခုမ သုခဝေဒနာတို့ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆/ ၇။ ဩဇာရိက သုခုမ သုခဝေဒနာ ။ ။ဩဇာရိက သုခဝေဒနာဟူသည် ကြမ်းတမ်းသော သုခဝေဒနာ ဖြစ်၏။ သုခုမ သုခဝေဒနာဟူသည် နူးညံ့သော သုခဝေဒနာ ဖြစ်၏။ ယင်း ဩဇာရိက သုခဝေဒနာ၊ သုခုမ သုခဝေဒနာတို့ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဤသို့ ဟော ကြားတော်မူထားအပ်ပေ၏။

၁။ အကုသလာ ဝေဒနာ ဩဇာရိကာ – အကုသိုလ် သုခဝေဒနာသည် ကြမ်းတမ်း၏။

ကုသလာ ဗျာကတာ ဝေဒနာ သုခုမာ – ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာသည် နူးညံ့၏။

ဤသဘောအရ အကုသိုလ် သုခဝေဒနာသည် လောဘမူ သောမနဿဝေဒနာတည်း။ ကုသိုလ်သုခဝေဒနာ ဟူသည် မဟာကုသိုလ် သောမနဿဝေဒနာတည်း။

ဤ၌ **အကုသိုလ် သုခဝေဒနာ ကြမ်းပုံကား** – အကုသိုလ်ဟူသည် ကိလေသာအပူနှင့်တကွ ဖြစ်၏။ ဆင်းရဲဒုက္ခအကျိုးကို ပေး၏။ ထို့ကြောင့် ကြမ်းတမ်း၏။ ကုသိုလ်ဟူသည်ကား ကိလေသာ အပူမရှိပေ။ ချမ်းသာ သုခအကျိုးကို ပေး၏။ ထို့ကြောင့် နူးညံ့၏။

၂။ ကုသလာ ကုသလာ ဝေဒနာ ဩဇာရိကာ၊ **အဗျာကတာ ဝေဒနာ သုခုမာ** – ကုသိုလ်၊ အကုသိုလ် ဝေဒနာသည် ကြမ်း၏။ ဝိပါက်, ကြိယာဟု ဆိုအပ်သော အဗျာကတဝေဒနာသည် နူးညံ့၏။

ဤ၌ ကုသိုလ်၊ အကုသိုလ် ဝေဒနာ **ကြမ်းပုံကား** – ကုသိုလ်၊ အကုသိုလ် ဝေဒနာတို့သည် အားထုတ်ခြင်းနှင့်တကွ ဖြစ်ကုန်၏။ အကျိုးနှင့်တကွ ဖြစ်ကုန်၏။ ထို့ကြောင့် ကြမ်း၏။ **အဗျာကတဝေဒနာ နူးညံ့ပုံကား**– ဝိပါက်အဗျာကတ ဝေဒနာသည် အားထုတ်ခြင်း မရှိသောကြောင့် နူးညံ့၏။ ကြိယာ အဗျာကတ ဝေဒနာသည် အကျိုးပေးခြင်း မရှိသည်၏ အဖြစ်ကြောင့် နူးညံ့၏။

၃။ ဒုက္ခာဝေဒနာ ဩဇာရိကာ၊ သုခါ စ အဒုက္ခမသုခါ စ ဝေဒနာ သုခုမာ – ဒုက္ခဝေဒနာသည် ကြမ်း၏။ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာသည် နူးညံ့၏။

ဤ၌ ဒုက္ခဝေဒနာသည် မသာယာအပ်ကုန်သောကြောင့် လည်းကောင်း၊ အခံရခက်သောကြောင့်လည်းကောင်း ကြမ်း၏။ သုခဝေဒနာတို့သည် သာယာအပ်ကုန်သောကြောင့်လည်းကောင်း၊ အခံရလွယ်ကူသောကြောင့် လည်းကောင်း နူးညံ့၏။ ဥပေက္ခာဝေဒနာတို့သည်ကား ငြိမ်သက်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း မွန်မြတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း နူးညံ့၏။

၄။ သုခ၊ ဒုက္ခာ ဝေဒနာ ဩဠာရိကာ။ အဒုက္ခမသုခါ ဝေဒနာ သုခုမာ - သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည် ကြမ်း၏။ ဥပေက္ခာဝေဒနာသည် နူးညံ့၏။

ဤ၌ သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည် လူပ်ရှားစေတတ်သောကြောင့်လည်းကောင်း၊ ဖြန့်တတ်သော ကြောင့်လည်းကောင်း ကြမ်း၏။ မှန်၏။ သုခဝေဒနာ ဖြစ်သည်ရှိသော် တစ်ကိုယ်လုံးကို လူပ်ရှားစေလျက် လည်းကောင်း၊ မွေ့နှောက်လျက်လည်းကောင်း၊ စိုစေလျက်လည်းကောင်း၊ ဇိမ်ယစ်မှုကို ပြုလျက်လည်းကောင်း၊ နှစ်သက်စေလျက်လည်းကောင်း အားမြသောရေဖြင့် လောင်းလိုက်သကဲ့သို့ ဖြစ်၏။

၅။ ဒုက္ခဝေဒနာဖြစ်သည်ရှိသော်ကား အလွန်ပူသော ထယ်သွားကို ကိုယ်၏အတွင်းသို့ သွင်းသကဲ့သို့လည်းကောင်း၊ မြက်မီးရှူးဖြင့် လောင်မြိုက်စေသကဲ့သို့လည်းကောင်း ဖြစ်၏။ ထို့ကြောင့် ကြမ်း၏။

ဥပေက္ခာ ဝေဒနာဖြစ်သည်ရှိသော်ကား ငြိမ်သက်သောကြောင့်လည်းကောင်း၊ မွန်မြတ်သောကြောင့် လည်းကောင်း နူးညံ့၏။

၅။ အသမာပန္နသ ဝေဒနာ ဩဠာရိကာ။ သမာပန္နသ ဝေဒနာ သုခုမာ - သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ကြမ်း၏။ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် နူးညံ့၏။

ဤ၌ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် အမျိုးမျိုးသော အာရုံ၌ ပျံ့လွင့်သည်၏အဖြစ်ကြောင့် ကြမ်း၏။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် ကသိုဏ်း အစရှိသော အာရုံတစ်ခုတည်းရှိသည်၏ အဖြစ်ကြောင့် နူးညံ့၏။

၆။ သဘသဒါ ဝေဒနာ ဩဠာရိကာ။ အနာသဒါ ဝေဒနာ သုခုမာ - အာသဝတရားမည်သည် ကြမ်းတမ်း၏။ ယုတ်ညံ့၏။ ထို့ကြောင့် အာသဝနှင့် တကွဖြစ်သော ဝေဒနာသည် ကြမ်း၏။ အာသဝနှင့်တကွမဖြစ်သော အနာသဝ ဝေဒနာသည် အာသဝမရှိသောကြောင့်ပင် နူးညံ့၏။

၇။ ဒွိဟိတ်ဝေဒနာသည် ကြမ်း၏။ တိဟိတ်ဝေဒနာသည် နူးညံ့၏။ ဤသို့ ဝေဒနာကို ထောက်ဆ၍၊ ထောက်ဆ၍ ဩဠာရိက ဝေဒနာ၊ သုခုမဝေဒနာတို့၏ အဖြစ်ကို သိရှိနိုင်ကြပေကုန်၏။

(အဘိ - ၂ - ၄။ မြန် - ၇ ။ အဘိ ဋ္ဌ - ၂ - ၁၃ / ၁၇)

မြတ်စွာဘုရားရှင် ဝေဖန်ပြတော်မူအပ်သော သြဠာရိက၊ သုခုမသဘောအရ မဟာကုသိုလ် ပဌမစိတ်၌ ရှိသော သုခဝေဒနာသည် အကုသိုလ် လောဘမူ သုခဝေဒနာနှင့် နှိုင်းစာလျှင် အကုသိုလ် လောဘမူ သုခဝေဒနာက ကိလေသာအပူနှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း၊ ဆင်းရဲဒုက္ခဟူသော အနိဋ္ဌာရုံအကျိုးကို ပေးတတ်သောကြောင့်လည်းကောင်း ကြမ်းတမ်း၏။

မဟာကုသိုလ် သုခဝေဒနာက ကိလေသာအပူကင်းသောကြောင့်လည်းကောင်း၊ ချမ်းသာသုခဟူသော ဣဋ္ဌာရုံအကျိုးကို ပေးတတ်သောကြောင့်လည်းကောင်း နူးညံ့၏။ သို့ဖြစ်၍ ကြမ်းတမ်းသော အကုသိုလ် လောဘမူ သုခဝေဒနာကို ရှောင်ရှားမှု ပြု၍ နူးညံ့သော မဟာကုသိုလ် သုခဝေဒနာ၌ ရပ်တည်နေသင့်ပေ၏။

ထို့ပြင် အကုသိုလ်၏ အကျိုးဖြစ်သော ဒုက္ခဝေဒနာသည် မသာယာအပ်သောကြောင့်လည်းကောင်း၊ အခံရခက်လှသောကြောင့်လည်းကောင်း ကြမ်း၏။ ကုသိုလ်၏ အကျိုးဖြစ်သော သုခဝေဒနာသည် သာယာအပ်သောကြောင့်လည်းကောင်း၊ အခံရ သက်သာလွယ်ကူသောကြောင့်လည်းကောင်း နူးညံ့၏။ သို့ဖြစ်၍ အကုသိုလ်၏ အကျိုးဖြစ်သော ဒုက္ခဝေဒနာကို မလိုလားဘဲ ကုသိုလ်၏ အကျိုးဖြစ်သော သုခဝေဒနာကိုသာ လိုလားအပ်ပေ၏။

ထို့ပြင် အကုသိုလ် ဒုက္ခဝေဒနာသည် ဖြစ်သည်ရှိသော် အလွန်ပူပြင်းသော ထယ်သွားကို ကိုယ်အတွင်းသို့ သွင်းသကဲ့သို့လည်းကောင်း၊ မြက်မီးရှူးဖြင့် လောင်မြိုက်သကဲ့သို့လည်းကောင်း ဖြစ်ရှိရကား ကြမ်းတမ်းလှပေ၏။

ကုသိုလ် သုခဝေဒနာ ဖြစ်သည်ရှိသော်ကား တစ်ကိုယ်လုံးကို လူပ်ရှားစေလျက်လည်းကောင်း၊ မွှေနှောက်လျက်လည်းကောင်း၊ စိုစေလျက်လည်းကောင်း၊ ဇိမ်ယစ်မှုကို ပြုလုပ်လျက်လည်းကောင်း၊ နှစ်သက်စေလျက်လည်းကောင်း အေးမြသော ရေဖြင့်လောင်းသကဲ့သို့လည်းကောင်း ဖြစ်သောကြောင့် နူးညံ့လှပေ၏။ သို့ဖြစ်၍လည်း အကုသိုလ် ဒုက္ခဝေဒနာကို လိုလားခြင်း မရှိဘဲ မဟာကုသိုလ် သုခဝေဒနာ၌ ရပ်တည်သင့်ပေ၏။ မဟာကုသိုလ် သုခဝေဒနာကို အခါခါ ဖြစ်စေသင့်ပေ၏။

ထို့ပြင် မဟာကုသိုလ် သုခဝေဒနာ၌လည်း မဟာကုသိုလ် ဒုတိယစိတ်၌ ရှိသော သုခဝေဒနာသည် အလောဘ၊ အဒေါသဟူသော ဟိတ်နှစ်ပါးနှင့်သာ ယှဉ်၍ ဒွိဟိတ်ဖြစ်သောကြောင့် ကြမ်းတမ်း၏။ မဟာကုသိုလ် ပဌမစိတ်၌ရှိသော သုခဝေဒနာသည် အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ် ၃-ပါးနှင့် ယှဉ်၍ တိဟိတ်ဖြစ်သောကြောင့် နူးညံ့လေ၏။ သို့ဖြစ်၍ ဒွိဟိတ်အဖြစ်သို့ မရောက်စေဘဲ တိဟိတ်အဖြစ်၌သာ ရပ်တည်နေသင့်ပေ၏။

သို့ရာတွင်လည်း မဟာကုသိုလ် ပဌမစိတ် သုခဝေဒနာသည် အကုသိုလ် သုခဝေဒနာ၊ ဒွိဟိတ် သုခဝေဒနာတို့နှင့်စာလျှင်သာ နူးညံ့သော်လည်း မဂ်ဖိုလ်သုခဝေဒနာတို့နှင့်စာလျှင်ကား အာသဝအာရုံမှ မလွတ်သောကြောင့် ကြမ်းတမ်းလေ၏။ မဂ်ဖိုလ် သုခဝေဒနာတို့ကား အာသဝတို့၏ အာရုံမှ လွတ်ကင်းသောကြောင့် နူးညံ့လေ၏။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ် သုခဝေဒနာ၌သာ ရပ်တည်မနေဦးဘဲ မဂ်ဖိုလ် သုခဝေဒနာအထိ ရရှိအောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်သင့်ကြပေကုန်၏။

၆/ ၇။ ပကိဏ်ကို ဩဠာရိက သုခုမတို့ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	ဩဠာရိကာ၊	သုခုမာ၊	ဝေဒနာများကိုသည်၊
၂။	ခွဲဝေပိုင်းခြား၊	ဤသို့မျှား၊	သိငြားနိုဝ်ကြသည်။
၃။	အကုသုခါ၊	ကိလေသာ၊	တွဲကာဖြစ်လေထည်။
၄။	ဆင်းရဲအကျိုး၊	ပေးလေရိုး၊	ဏတ်မျိုးဖြစ်လေသည်။
၅။	ကုသိုလ်သုခါ၊	ကိလေသာ၊	ကင်းကွာဖြစ်လေထည်။
၆။	ချမ်းသာအကျိုး၊	ပေးလေရိုး၊	ဏတ်မျိုးဖြစ်လေသည်။
၇။	ထို့ကြောင့်ထောက်ရှု၊	ကြမ်းအနု၊	ခွဲပြသိနိုဝ်သည်။
၈။	အကုအကျိုး၊	ဒုက္ခမျိုး၊	သာရိုးမရှိပြီ။
၉။	သက်သာမပြု၊	အလွန်ပ၊	ခံရခက်လှသည်။
၁၀။	ကုကျိုးသုခါ။	ဝေဒနာ၊	သာယာအပ်လေသည်။
၁၁။	လွယ်ကူချိသာ၊	ခံရတာ၊	သက်သာရှိလေသည်။
၁၂။	ဤသို့ထောက်ရှု၊	ကြမ်းအနု၊	ခွဲပြသိနိုဝ်သည်။
၁၃။	ဒုက္ခဖြစ်ငြား၊	ထယ်သွားများ၊	ထည့်ထားတိသို့သည်၊
၁၄။	မီးလျှံတောက်နေ၊	မီးရှူးပေ၊	လောင်စေတိသို့သည်၊
၁၅။	အလွန်မှပ၊	ဆင်းရဲလှ၊	ခံရခက်လှသည်။
၁၆။	ကုသိုလ်သုခါ၊	စိတ်သန္တာ၊	ဖြစ်လာရာ၌သည်၊
၁၇။	အေးမြရေစမ်း၊	ကိုယ်လုံးဆန်း၊	ပက်ဖျန်းလေသို့သည်၊
၁၈။	လှုပ်လှုပ်ရှားရား၊	ပြန့်၍ငြား၊	ဖြစ်ပွားပေါ် လာသည်။
၁၉။	ဤသို့ဖြစ်မှု၊	ထောက်ရှုပ်ပြု၊	ကြမ်းနုသိနိုဝ်သည်။
၂၀။	သို့ပင်တစေ၊	အာသဝေ၊	ပြုပေမလွတ်ပြီ။
၂၁။	အာသဝလွတ်ရ၊	မဂ်ဖိုလ်ပ၊	ရောက်မှတော်လိမ့်မည်။

၆/ ၇။ ပကိဏ်ကို ဩဠာရိက သုခုမတို့ဖြင့် ဝေဖန်ခြင်း ပြီး၏။

၈/၉ ။ ပကတ္တိကို ဟိန, ပဏီတသုခဝေဒနာတို့ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၈/ ၉ ။ ဟိန, ပဏီတ သုခဝေဒနာ ။ ။ ဟိန သုခဝေဒနာ - ယုတ်ညံ့သော သုခဝေဒနာတည်း။
ပဏီတ သုခဝေဒနာ - မြင့်မြတ်သော သုခဝေဒနာတည်း။

ဤဟိန, ပဏီတသုခဝေဒနာသည် သြဠာရိက, သုခုမသုခဝေဒနာတို့နှင့် တူပြီ။ ကြမ်းသောသုခဝေဒနာသည် ယုတ်ညံ့၏။ နူးညံ့သောသုခဝေဒနာသည် မြင့်မြတ်၏။

(အဘိ ၄ - ၂ - ၁၇)

၈/ ၉ ။ ပကတ္တိကို ဟိန, ပဏီတဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။ ဟိန,ပဏီတာ၊ ခဲ့ဖို့ရာ၊ များစွာမခက်ပြီ။

၂။ အယုတ်ဟိန၊ မြတ်ကိုပ၊ ပဏီတခေါ်လေသည်။

၃။ ကြမ်းသောသုခ၊ ယုတ်ညံ့ပါ၊ နုတာမြတ်လေသည်။

၄။ ဤသို့မှန်စွာ၊ ခဲ့ခြားရာ၊ ကောင်းစွာသိဝိုင်ပြီ။

၈/ ၉။ ပကတ္တိတ်ကို ဟိန, ပဏီတဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကတ္တိတ်ကို ဒုရဝေဒနာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၀။ ဒုရဟုသဝေဒနာ

၁။ အကုသလာ ဝေဒနာ ကုသလာ ဗျာကတာတိ ဒုရေ။ ကုသလာ ဗျာကတာ ဝေဒနာ အကုသလာယ ဝေဒနာယ ဒုရေ - အကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏။ ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

၂။ ဒုက္ခာဝေဒနာ သုခါယ စ အဒုက္ခမသုခါယ စ ဝေဒနာတိ ဒုရေ။ သုခါ စ အဒုက္ခမသုခါ စ ဝေဒနာ ဒုက္ခာယ ဝေဒနာယ ဒုရေ - ဒုက္ခဝေဒနာသည် သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏။ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် ဒုက္ခဝေဒနာမှ ဝေး၏။

၃။ အသမာပန္နဿ ဝေဒနာ သမာပန္နဿ ဝေဒနာယ ဒုရေ။ သမာပန္နဿ ဝေဒနာ အသမာပန္နဿ ဝေဒနာယ ဒုရေ - သမာပတ် မဝင်စားသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသူ၏ ဝေဒနာမှ ဝေး၏။ သမာပတ် ဝင်စားသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသူ၏ ဝေဒနာမှ ဝေး၏။

၄။ သာသဝါ ဝေဒနာ အနာသဝါယ ဝေဒနာယ ဒွိရေ။ အနာသဝါ ဝေဒနာ သာသဝါယ ဝေဒနာယ ဒွိရေ – အာသဝ၏ အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာမှ ဝေး၏။ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော သုခဝေဒနာမှ ဝေး၏။

ဤဌ် အကုသိုလ် သုခဝေဒနာနှင့် ကုသိုလ် သုခဝေဒနာ၊ အဗျာကတ သုခဝေဒနာတို့ ဝေးခြင်းကား သဘောချင်း မတူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မရောနှောသည်၏ အဖြစ်ကြောင့်လည်းကောင်း ဝေး၏။

ဤအတူ သုခဝေဒနာနှင့် အဗျာကတဝေဒနာ၊ ဥပေက္ခာဝေဒနာတို့သည်လည်း သဘောချင်း မတူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မရောနှောသည်၏ အဖြစ်ကြောင့်လည်းကောင်း ဝေး၏။

ဤအတူ ကျန်သော ဝေဒနာတို့၌လည်း ဝေးခြင်းအကြောင်းသည် ဤသဘောချည်းတည်း။

'အသွင်မတူအိမ်သူမဖြစ်' ဆိုသည့်အတိုင်း သဘောချင်း မတူသော ထိုဝေဒနာတို့သည် အဘယ်သို့လျှင် တစ်ခုနှင့်တစ်ခု နီးစပ်နိုင်ပါမည်နည်း။ ဝေးကြမည်သာ ဖြစ်၏။

ဥပမာအားဖြင့် – ဒုက္ခဝေဒနာကို ခံစားနေရသော ပုဂ္ဂိုလ်၊ သုခဝေဒနာကို ခံစားနေရသော ပုဂ္ဂိုလ်၊ ဥပေက္ခာဝေဒနာကို ခံစားနေရသော ပုဂ္ဂိုလ် – ထိုပုဂ္ဂိုလ် ၃–ဦးတို့ ခုတင်တစ်ခုတည်း၌ အတူတူ ထိုင်နေကြစေကာမူ၊ အိပ်နေကြစေကာမူ သဘောမတူသော သူ့ခံစားချက်နှင့်သူ ရှိနေကြသည်သာ ဖြစ်သောကြောင့် ဝေးခြားလျှံသာ နေလေ၏။

(အဘိ – ၂ – ၄။ မြန် – ၈ ။ အဘိ ဋ္ဌ – ၂ – ၁၇)

၁၀။ ပကုဗိတ်ကို ဒွိရဝေဒနာပြုင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကမ္ဘာ

၁။	အကုသုခါ၊	ကုသုခါ၊	ဝေးကွာကြလေသည်။
၂။	ဒုက္ခနှင့်ပါ၊	သုခလဲ၊	ဝေးမြဲဝေးကြသည်။
၃။	သုခနှင့်ပါ၊	ဥပေက်လဲ၊	ဝေးမြဲဝေးလေသည်။
၄။	အာသဝသုခါ၊	နာသဝါ၊	ဝေးကွာပြန်လေသည်။
၅။	သဘောမတူ၊	မရောဟူ၊	ဘယ်မှုန်းလိမ့်မည်။
၆။	ဝေဒနာသုံးစား၊	ခံစားငြား၊	သုံးပါးပုဂ္ဂိုလ်သည်၊
၇။	အတူတူပ၊	ထိုင်နေကြ၊	အိပ်ကြသော်လဲသည်၊
၈။	ခံစားတာခြင်း၊	ကွဲလေခြင်း၊	နီးခြင်းမရှိပြီ။
၉။	ကျန်ဝေဒနာ၊	ဤနည်းသာ၊	ဝေးတာသိနိုင်ပြီ။

၁၀။ ပကုဗိတ်ကို ဒွိရဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ ပကတ္တိတ်ကို သန္ဓိကဝေဒနာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၁။ သန္ဓိက သုခဝေဒနာ ။ ။ သန္ဓိက ဟူသည် နိုးမှုသတော်တည်း။ ဝေးသော ဝေဒနာရှိကြသလို နီးသော ဝေဒနာလည်း ရှိလေ၏။

၁။ အကုသလာ ဝေဒနာ အကုသလာယ ဝေဒနာယ သန္ဓိကေ – အကုသိုလ် ဝေဒနာသည် အကုသိုလ် ဝေဒနာနှင့် နီး၏။

၂။ ကုသလာ ဝေဒနာ ကုသလာယ ဝေဒနာယ သန္ဓိကေ – ကုသိုလ် ဝေဒနာသည် ကုသိုလ် ဝေဒနာနှင့် နီး၏။

၃။ အဗျာကတာ ဝေဒနာ အဗျာကတာယ ဝေဒနာယ သန္ဓိကေ – အဗျာကတ ဝေဒနာသည် အဗျာကတ ဝေဒနာနှင့် နီး၏။

၄။ ဒုက္ခာ ဝေဒနာ ဒုက္ခာယ ဝေဒနာယ သန္ဓိကေ – ဒုက္ခဝေဒနာသည် ဒုက္ခဝေဒနာနှင့် နီး၏။

၅။ အသမာပန္နဿ ဝေဒနာ အသမာပန္နဿ ဝေဒနာယ သန္ဓိကေ – သမာပတ် မဝင်စားသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသူ၏ ဝေဒနာနှင့် နီး၏။

၆။ သာသဝါ ဝေဒနာ သာသဝါယ ဝေဒနာယ သန္ဓိကေ – အာသဝ၏ အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော ဝေဒနာနှင့် နီး၏။

၇။ အနာသဝါ ဝေဒနာ အနာသဝါယ ဝေဒနာယ သန္ဓိကေ – အာသဝ၏ အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာနှင့် နီး၏။

ဤ၌ 'အသွင်တူမှအိမ်သူဖြစ်' ဆိုဘိသကဲ့သို့ အကုသိုလ် – အကုသိုလ်ချင်း၊ ကုသိုလ် – ကုသိုလ်ချင်း၊ အဗျာကတ – အဗျာကတချင်း နီးကြခြင်းသည် သဘောတူသော အဖို့ရှိသောကြောင့်လည်းကောင်း၊ သဘောတူသည်၏ အဖြစ်ကြောင့်လည်းကောင်း နီးခြင်း ဖြစ်လေ၏။

ဥပမာအားဖြင့် – တစ်ဦးသောပုဂ္ဂိုလ်ကလည်း မဟာကုသိုလ် ပဌမစိတ်၌ရှိသော သုခဝေဒနာကို ခံစား၏။ နောက်တစ်ဦးကလည်း မဟာကုသိုလ် ပဌမစိတ်၌ရှိသော သုခဝေဒနာကို ခံစား၏။ ထိုသူနှစ်ဦးသည် လူပြည်၊ နတ်ပြည်ဟူသော အလွန်ဝေးကွာသော အရပ်၌ နေကြစေကာမူ ခံစားပုံချင်း သဘောတူသောကြောင့် ခံစားပုံချင်း နီးလျက် ရှိလေ၏။

ဤသဘောအရ 'ဂေါကဏ္ဏေန ဂေါကဏ္ဏော၊ သမကဏ္ဏေန သမကဏ္ဏော' ဆိုသည့်အတိုင်း မဟာကုသိုလ် ပဌမစိတ် အရှင်တို့သည် မဟာကုသိုလ် ပဌမစိတ် အရှင်တို့နှင့်သာ ပေါင်းဖော်ဆက်ဆံမှု ပြုသင့်ကြပေ၏။ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်တို့နှင့် ပေါင်းဖော်ခြင်း မပြုသင့်တော့ပေ။ လောဘသမား၊ ဒေါသသမား၊ မောဟသမား တို့ကို ဝေးဝေးကသာ ရှောင်ရှားနိုင်ကြပေကုန်ရာ၏။

သို့ရာတွင်လည်း အာသဝအာရုံအဖြစ်မှ မလွတ်ကင်းသေးရကား အာသဝ၏ အာရုံမှ လွတ်ကင်းရာ လောကုတ္တရာနယ်ဘက်သို့ ကူးတက်နိုင်ရန်ကိုလည်း ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေ၏။

၁၁။ ပကုစိတ်ကို သန္ဓိက ဝေဒနာဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	သန္ဓိကဆိုတာ၊	သဘောဟာ၊	နိုးထာဖြစ်လေသည်။
၂။	အကုအချင်းချင်း၊	နိုးစပ်ခြင်း၊	ပေါင်းခြင်းပြုလေသည်။
၃။	ကုအချင်းချင်း၊	နိုးစပ်ခြင်း၊	ပေါင်းခြင်းပြုလေသည်။
၄။	ဗျာအချင်းချင်း၊	နိုးစပ်ခြင်း၊	ပေါင်းခြင်းပြုလေသည်။
၅။	အသွင်တူလေစ၊	အိမ်သူဖြစ်၊	ဆိုရစ်အတိုင်းသည်၊
၆။	သဘောတူက၊	နိုးစပ်ကြ၊	သဘောဖြစ်လေသည်။
၇။	အချင်းချင်းမှာ၊	ဘယ်လောက်သာ၊	ဝေးကွာနေကြားသည်၊
၈။	ခံစားပုံသည်၊	တူ၍သည်၊	နီးသည်ဆိုရသည်။
၉။	ဤသဘောစု၊	ထောက်ရည့်ပြု၊	ကုပြုသူများသည်၊
၁၀။	အကုရောင်ရင်း၊	ကုကိုထင်း၊	ဆောင်ခြင်း ပြုရမည်။

၁၁။ ပကုစိတ်ကို သန္ဓိက ဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

ပကုစိတ်ကို သုခဝေဒနာဖြင့် ဝေဖန်ခြင်း ပြီး၏။

ကျန်သော သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏကွန္ဓာတို့မှာလည်း ဤသဘောအတိုင်းသာဖြစ်၍ ဤသဘောကို မှီ၍ သိလေ၏။

မဟာကုသိုလ် ပဌမစိတ်ကို အဘိဓမ္မာဇနိယ၌ တိက်ဒုက်တို့ဖြင့် ဝေဖန်ခြင်းကိုကား ဓမ္မသင်္ဂဏီကျမ်းက ပြခဲ့ပြီးဖြစ်၍ ဤ၌ မပြတော့ပြီ။

ပကုစိတ်ကို ခန္ဓဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

၂။ ပကိစ္စတ်ကို အာယတနဝိဘင်းဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၂။ အာယတနသဘော ။ ။ ကျိဌ် အာယတနဟူသည် –

၁။ စိတ်, စေတသိက်တရားတို့၏ မိမိ မိမိတို့ဆိုင်ရာ လုပ်ငန်းကိစ္စကို ကြိုးစားအားထုတ် ပြုလုပ်ကြရာ ဖြစ်သောကြောင့် အာယတနဟူ၍ ခေါ်သည်။

၂။ စိတ်, စေတသိက်တရားတို့ကို ချဲ့ထွင်တတ်သောကြောင့်လည်း အာယတန ခေါ်သည်။

၃။ ရှည်လျားလှစွာသော သံသရာဝဋ်ဆင်းရဲကို ဆောင်တတ်, ဖြစ်စေတတ်သောကြောင့်လည်း အာယတန ခေါ်သည်။

၄။ စိတ်, စေတသိက်တရားတို့၏ ရောပြွမ်းတည်မှီရာ၊ စုဝေးပေါင်းဆုံရာဌာန ဖြစ်သောကြောင့်လည်း အာယတန ခေါ်သည်။

(အဘိ ၄ - ၂ - ၇၂)

မနာယတန, ဓမ္မာယတန ။ ။ ဤအာယတနဝိဘင်းဌ အာယတန ၁၂-ပါး ရှိရာတွင် မဟာကုသိုလ် ပဌမစိတ်သည် မနာယတန ဖြစ်၏။ မဟာကုသိုလ် ပဌမစိတ်ဌ ယှဉ်သော စေတသိက် ၃၈-ပါးသည် ဓမ္မာယတန ဖြစ်၏။

သုတ္တန္တဘာဇနီယပြင့် ဝေဖန်ခြင်း

ဤဝိဘင်းကျမ်းဌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း ဟူ၍ နှစ်နည်းဖြင့် ဝေဖန်ပြထားလေရာ သုတ္တန္တဘာဇနီယနည်းကို ရှေးဦးစွာ ပြပေအံ့။

ဝိဘင်းပါဠိတော်ကျမ်းဌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့ကို အာယတနဖြင့် ဝေဖန်ဟောတော်မူရာဌ စကျုပသာဒသည် စက္ခာယတနမည်၏ – စသည်ဖြင့် အာယတန ၁၂-ပါးကို သရုပ်ထုတ်ပြပြီးနောက် အာယတန ၁၂-ပါးကို ဝိပဿနာရှုပွားပုံကို ဤသို့ ပြဆိုတော်မူထားလေ၏။

မနော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမ ဓမ္မော – မဟာကုသိုလ် ပဌမစိတ်ဟုဆိုအပ်သော မနာယတနသည် မမြဲကုန်၊ အနိစ္စတည်း။ ဆင်းရဲကုန်၏၊ ဒုက္ခတည်း။ အတ္တာမဟုတ်ကုန်၊ အနတ္တာတည်း။ ဖောက်ပြန်သော သဘောရှိကုန်၏၊ ဝိပရိဏာမ ဓမ္မတည်း။

ဓမ္မာ အနိစ္စ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ – မဟာကုသိုလ် ပဌမစိတ်ဌ ယှဉ်ကုန်သော စေတသိက် ၃၈-ပါးဟု ဆိုအပ်သော ဓမ္မာယတနသည် မမြဲကုန်၊ အနိစ္စတည်း။ ဆင်းရဲကုန်၏၊ ဒုက္ခတည်း။ အတ္တာမဟုတ်ကုန်၊ အနတ္တာတည်း။ ဖောက်ပြန်သော သဘောရှိကုန်၏၊ ဝိပရိဏာမ ဓမ္မတည်း။

(အဘိ - ၂ - ၆၉။ မြန် - ၂၄၈)

အထက်ဖော်ပြပါ ဝိပဿနာ ရှုပုံသဘောကို အဌကထာတွင် ဤသို့ ဖွင့်ဆိုပြထားလေ၏။

မဟာကုသိုလ် ပဌမစိတ်နှင့် မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်ကုန်သော ဧကတသိက်တရားများ၊ သည် ဖြစ်ပြီး၍ မရှိတော့ခြင်းဟူသော သဘောကြောင့် အနိစ္စတည်း။ ဖြစ်ခြင်းအစ ပျက်ခြင်းအဆုံးရှိသောကြောင့်လည်းကောင်း၊ ဖောက်ပြန်တတ်သော သဘောရှိသောကြောင့်လည်းကောင်း၊ အဝိုက်အတန့်သဘော ဖြစ်သောကြောင့်လည်းကောင်း၊ မြဲခြင်းနိစ္စကို ပယ်သောကြောင့်လည်းကောင်း ဤအကြောင်းလေးပါးတို့ကြောင့် အနိစ္စတည်း။

ထိုအနိစ္စဖြစ်သော မနာယတန၊ ဓမ္မာယတနသည်ပင် ဖြစ်ပြီး၍ ငှိအခိုက်သို့ ရောက်၏။ ငှိအခိုက်၌ ဇရာဖြင့် ပင်ပန်း၏။ ဇရာသို့ ရောက်ပြီးသော် မချွတ်ကေန် ပျက်ရ၏။ ဤသဘောကြောင့် ဒုက္ခတည်း။ ဤသို့ အမြဲမပြတ် ဇရာ, မရဏတရားတို့ နှိပ်စက်အပ်သောကြောင့်လည်းကောင်း၊ မခံနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုက္ခ၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း၊ သုခ၏ အဖြစ်ကို ပယ်ခြင်းကြောင့်လည်းကောင်း ဤအကြောင်းလေးမျိုးတို့ကြောင့် ဒုက္ခတည်း။

ထိုအနိစ္စဖြစ်သော မနာယတန၊ ဓမ္မာယတနသည်ပင် ဖြစ်ပြီးသည်ရှိသော် ငှိအခိုက်သို့ မရောက်ပါစေလင့်။ ငှိအခိုက်သို့ ရောက်ပြီးသော် မရင့်ပါစေလင့်။ မဆွေးမြည့်ပါစေလင့်။ ဆွေးမြည့်ခြင်းသို့ ရောက်ပြီးသော် မပျက်စီးပါစေလင့်ဟု ဤအခိုက်အတန့်တို့၌ ပိဗိအလိုသို့ လိုက်စေနိုင်သော အဖြစ်သည် မရှိပေ။

ဤသို့လျှင် ပိဗိအလို၌ ဖြစ်စေနိုင်ခြင်းဟူသော အခြင်းအရာမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အရှင်မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အလိုအတိုင်း မပြုနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အတ္တ၏အဖြစ်ကို ပယ်ခြင်းကြောင့်လည်းကောင်း ဤအကြောင်းလေးမျိုးတို့ကြောင့် အနတ္တတည်း။ ဤသို့ ဝိပဿနာရှုအပ်၏။

မြတ်စွာဘုရားသည် ဤသုတ္တန္တာဘာဇနီယနည်း၌ အဘယ်ကိုပြသနည်းဟူမူ အာယတန ၁၂-ပါးတို့၏ အနတ္တလက္ခဏာဖြစ်ပုံကို ပြတော်မူလေ၏။

ချဲ့ဦးအုံ့။ မြတ်စွာဘုရားသည် အနတ္တလက္ခဏာကို ပြတော်မူလိုလတ်သော် အနိစ္စအားဖြင့်လည်း ပြ၏။ ဒုက္ခအားဖြင့်လည်း ပြ၏။ အနိစ္စ, ဒုက္ခအားဖြင့်လည်း ပြတော်မူ၏။ အဘယ်ကြောင့်နည်းဟူမူ အနိစ္စ, ဒုက္ခသည် ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

ထပ်၍ချဲ့ဦးအုံ့။ လက်မှ ပြေအိုးသော်လည်းကောင်း၊ သောက်ရေခွက်သော်လည်းကောင်း လွတ်ကျ၍ ကွဲသည်ရှိသော် 'ဩ...အနိစ္စ' ဟူ၍ ပြောဆိုတတ်ကြကုန်၏။ ပိဗိခန္ဓာကိုယ်၌ မြင်းဖုနှာ၊ သွေးစုနှာ စသော အနာရောဂါ ဖြစ်ပေါ်လာသော်လည်းကောင်း၊ သစ်ငုတ်, ဆူးအစရှိသည်တို့ စူးဝင်သော်လည်းကောင်း 'ဩ... ဒုက္ခ' ဟူ၍ ပြောဆိုတတ်ကြကုန်၏။ ဤသို့လျှင် အနိစ္စ, ဒုက္ခသည် ထင်ရှားလေ၏။

အနတ္တလက္ခဏာသည်ကား မထင်ရှားပေ။ အနတ္တလက္ခဏာကို ထိုးထွင်းသိနိုင်ရန် ခဲယဉ်းလှပေ၏။ မြတ်စွာဘုရား ပွင့်တော်မူသော်လည်းကောင်း၊ ပွင့်တော်မမူသော်လည်းကောင်း အနိစ္စ, ဒုက္ခသည် ထင်ရှား၏။ အနတ္တလက္ခဏာသည်ကား မြတ်စွာဘုရား ပွင့်တော်မူမှသာ ထင်ရှားလေ၏။

တန်ခိုးကြီးကုန်သော ရဿေ့၊ ပရိဗိုဇ်တို့သည် အနိစ္စ, ဒုက္ခကို ပြောခြင်းဟု စွမ်းနိုင်သော်လည်း အနတ္တလက္ခဏာကို ကိုယ်တိုင်က အတ္တအစွဲရှိသောကြောင့် ပြောခြင်းဟု မစွမ်းနိုင်ပေ။

မှန်၏။ ထိုရဿေ့၊ ပရိဗိုဇ်တို့သည် ရောက်လာကုန်သော် ပရိသတ်တို့အား အနတ္တဟူ၍ ဆိုခြင်းဟု အကယ်၍ စွမ်းနိုင်ကုန်အံ့။ ရောက်လာကုန်သော ပရိသတ်တို့၏ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိမြင်မှုသည် ဖြစ်နိုင်ပေရာ၏။ ဤသို့ကား ဖြစ်မလာပေ။

အကြင်ကြောင့် အနတ္တလက္ခဏာကို သူတစ်ပါးကို သိစေခြင်းသည် သဗ္ဗညုဗုဒ္ဓမှတစ်ပါး အခြားသော တစ်စုံတစ်ယောက်သော ပညာရှိ၏ အရာမဟုတ်ပေ။ သဗ္ဗညုဗုဒ္ဓတို့၏သာ အရာဖြစ်ပေ၏။ ဤမျှလောက်ပင် အနတ္တလက္ခဏာသည် မထင်ရှားပေ။

ထို့ကြောင့် မြတ်စွာဘုရားသည် အနတ္တလက္ခဏာကို ပြတော်မူလိုလတ်သော် အနိစ္စဖြင့်သော်လည်းကောင်း၊ ဒုက္ခဖြင့်သော်လည်းကောင်း၊ အနိစ္စ, ဒုက္ခဖြင့်သော်လည်းကောင်း ပြတော်မူ၏။ ဤအာယတနဝိဘင်း သုတ္တန္တာဘဇနီယနည်းဌိကား အနတ္တလက္ခဏာကို အနိစ္စ, ဒုက္ခတို့ဖြင့် ပြတော်မူလေ၏။

ဤ၌ ဤအနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့သည် အာဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အာဘယ်ကို ထိုးထွင်း၍ မသိခြင်းကြောင့်၊ အာဘယ်သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် မထင်လာကုန်သနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား - **အနိစ္စလက္ခဏာသည် ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်၊ ထိုးထွင်း၍ မသိသောကြောင့်၊ အစဉ်သည် ဖုံးလွှမ်းထားသည်၏ အဖြစ်ကြောင့် မထင်လာပေ။**

ဒုက္ခလက္ခဏာသည် အဖြစ်အပျက်ဒဏ်တို့၏ အမြဲမပြတ် နှိပ်စက်ခံနေရခြင်းကို နှလုံးမသွင်းခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့်၊ ဣရိယာပုတ်တို့သည် ဖုံးလွှမ်းထားသည်၏အဖြစ်ကြောင့် မထင်လာပေ။

အနတ္တလက္ခဏာသည် အမျိုးမျိုးသော ဓာတ်ကို ခွဲခြားဝေဖန်မှုကို နှလုံးမသွင်းခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့်၊ အတိုးအခဲသည် ဖုံးလွှမ်းထားသည်၏အဖြစ်ကြောင့် မထင်လာပေ။

မထင်လာသည်မှတစ်ပါး ထင်လာသည်ကို ဆိုဦးအံ့ - ရုပ်၊ နာမ်ဓမ္မ ပရမတ္ထတရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း ကို ဉာဏ်ဖြင့် သိမ်းဆည်းယူပြီး၍ ရုပ်၊ နာမ် ဖြစ်,ပျက်အစဉ်ကို ဉာဏ်ဖြင့် ဖျက်ဆီးနိုင်သည်ရှိသော် အနိစ္စ လက္ခဏာသည် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ပိပိ၏သဘောအားဖြင့် ထင်လာ၏။

အဖြစ်အပျက်ဒဏ်တို့၏ အမြဲမပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်း၍ ဣရိယာပုတ်ကို ဉာဏ်ဖြင့် ခွါလှန်နိုင်သည်ရှိသော် ဒုက္ခလက္ခဏာသည် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ပိပိသဘောအားဖြင့် ထင်လာ၏။

အမျိုးမျိုးသော စက္ခုဓာတ်၊ သောတဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ် စသောဓာတ်တို့ကို အသီးသီး ခွဲခြားဝေဖန်၍ တစ်ခဲနက်သော အတိုးအခဲကို အသီးသီး ခွဲခြားဝေဖန်မှု ပြုနိုင်သည်ရှိသော် အနတ္တလက္ခဏာသည် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ပိပိ၏သဘောအားဖြင့် ထင်လာ၏။

၂။ ဝိဘင်းကျမ်း – ပကုဏ်ကို အာယဇနဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

ဤသို့သောနည်းဖြင့်သာလျှင် ခန္ဓာငါးပါး ရုပ်,နာမ်ပရားများကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ဝိပဿနာ ရှုပွားရာ၏။ ဤဝိပဿနာ ရှုပွားမှု ကုသိုလ်တရားစုသည် မဟာကုသိုလ် ပဌမစိတ်၌ ရှိသော သတိ၊ သမာဓိ၊ ပညာတရားတို့တည်း။

(အဘိ ၄ - ၂ - ၅၅ / ၄၇)

၂။ ပကုဏ်ကို အာယတနဝိဘင်း သုတ္တန္တဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	အာယတနာ၊	အဓိပ္ပါ၊	ကောင်းစွာသိနိုင်သည်။
၂။	အာရုံသို့အား၊	ညွတ်နေငြား၊	နာမ်တရားများတို့သည်၊
၃။	ဆိုင်ရာကိစ္စ၊	အားထုတ်ကြ၊	အာယတနခေါ် ရသည်။
၄။	နာမ်တို့ကိုပ၊	ချဲ့.ထွင်ကြ၊	အာယတနခေါ် ရသည်။
၅။	သံသရာဒုက္ခ၊	ဖြစ်စေကြ၊	အာယတနခေါ် ရသည်။
၆။	နာမ်တို့၏ပ၊	စဉ်ဆန်၊	အာယတနခေါ် ရသည်။
၇။	အာယတနတရား၊	သရုပ်ကား၊	ဆယ့်နှစ်ပါးရှိလေသည်။
၈။	ပကုဏ်တို့မှာ၊	မနာပါ၊	စေမှာမမြဲဖြစ်သည်။
၉။	ဝိပဿနာ၊	ရှုဖို့ရာ၊	မြတ်စွာဟောထားသည်။
၁၀။	ပကုဖြစ်ရာ၊	စိတ်မနာ၊	မမှာစေမျှားသည်၊
၁၁။	ဖြစ်ပြီးပျက်ရ၊	မမြဲစွ၊	အနိစ္စဖြစ်လေသည်။
၁၂။	ဖြစ်ပျက်နှစ်တန်၊	နှိပ်စက်ဟန်၊	ဒုက္ခံဖြစ်လေသည်။
၁၃။	ပိုင်ဆိုင်အတ္တ၊	မဟုတ်ရ၊	အနတ္တဖြစ်လေသည်။
၁၄။	အနတ္တတရား၊	မြတ်ဘုရား၊	ထင်ရှားပြလေသည်။
၁၅။	မြတ်စွာဗုဒ္ဓ၊	ပွင့်ပေါ်မှ၊	အနတ္တထင်ရှားသည်။
၁၆။	အနတ္တတရား၊	သိမ်မွေ့ငြား၊	ထင်ရှားစေဖို့သည်၊
၁၇။	အနိစ္စဟု၊	ဒုက္ခဟု၊	ဆောင်ပြုပြုရသည်။
၁၈။	သာသနာပ၊	အနိစ္စ၊	ဒုက္ခထင်ရှားသည်။
၁၉။	ပန်းတန်ကွက၊	အိုးကွဲက၊	အနိစ္စဆိုကြသည်။
၂၀။	အနာတရ၊	ဖြစ်ရှိက၊	ဒုက္ခဆိုကြသည်။
၂၁။	အနတ္တလက္ခဏာ၊	ဆိုသည်မှာ၊	မြတ်စွာပွင့်မှသည်၊
၂၂။	သိရဖြင်ရ၊	ထင်ရှား၊	ဓမ္မဖြစ်လေသည်။

၂၃။ ဘုရားဖြတ်စွာ၊ ဟောမှသာ၊ သိတာဖြစ်လေသည်။
၂၄။ အနတ္တတရား၊ ဖြတ်ဘုရား၊ ဟောကြားရှာ့သည်၊
၂၅။ အနိစ္စဖြင့်၊ ဒုက္ခဖြင့်၊ ဖော်ချင့်ပြ၍သည်၊
၂၆။ အနတ္တတရား၊ ဖြတ်ဘုရား၊ ဟောကြားပြုလေသည်၊
၂၇။ ဖြစ်ပျက်ကိုထင်း၊ နှလုံးရင်း၊ မသွင်းခြင်းကြောင့်သည်၊
၂၈။ သန္တတိဖုံးရော၊ အနိစ္စာ၊ ထင်မလောဖြစ်လေသည်။
၂၉။ ကွရိဖုံးရော၊ ဒုက္ခမှာ၊ ထင်မလောဖြစ်လေသည်။
၃၀။ ဃနဖုံးရော၊ အနတ္တာ၊ ထင်မလောဖြစ်လေသည်။
၃၁။ ဖြစ်ပြီးပျက်ရဲ့၊ ရှုပွားက၊ အနိစ္စထင်ပေမည်။
၃၂။ ကွရိကိုပ၊ ရှုနိုင်က၊ ဒုက္ခထင်ပေမည်။
၃၃။ ဃနကိုပ၊ ဖြိုနိုင်က၊ အနတ္တပေါက်ပေမည်။
၃၄။ ဓာတ်ကိုရှုနိုင်၊ ဃနစိုင်၊ ဖြိုနိုင်ပေလိမ့်မည်။
၃၅။ ဝိပဿနာတရား၊ ဤသို့မျှား၊ ရှုပွားသူများသည်၊
၃၆။ အနိစ္စမြင်က၊ ထင်ဒုက္ခ၊ အနတ္တပေါက်ပေမည်။
၃၇။ ဝိပဿနာဉာဏ်၊ အတန်တန်၊ အမှန်ပေါ် ပေမည်။
၃၈။ မဂ်ဖိုလ်တရား၊ ဝေးမသွား၊ နီးနားလာပေမည်။

၂။ ပကိစ်တ်ကို အာယတနဝိဘင်း သုတ္တန္တဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိစ်တ်ကို အာယတနဝိဘင်း အဘိဓမ္မာဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

အဘိဓမ္မာ ဘာဇနီယနည်းဟူသည် အာယတန ၁၂-ပါးကို ဓမ္မသင်္ဂဏီကျမ်းက ပြဆိုအပ်ပြီးသော တိုက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်ပြခြင်းတည်း။ ဤ၌ အာယတန ၁၂-ပါးလုံးကို ပြဆိုခြင်း မဟုတ်ပေ။ မဟာကုသိုလ် ပဌမစိတ်ကိုသာ ပြဆိုခြင်းဖြစ်၍ မဟာကုသိုလ် ပဌမစိတ်ကိုကား ဓမ္မသင်္ဂဏီ၌ ပြဆိုထားအပ်ပြီး ဖြစ်၍ ဤကျမ်း၌ ပြဆိုခြင်း မပြုတော့ပြီတည်း။

၂။ ပကိစ်တ်ကို အာယတနဝိဘင်း အဘိဓမ္မာဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိစ်တ်ကို အာယတနဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

၃။ ပကိဏ်ကို ဓာတုဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ ဓာတုဝိဘင်း ။ ။ ဓာတုဝိဘင်း ဟူသည် ' စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ' ဟူသော ပရမတ္ထတရားများကို သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မဘာဇနီယနည်းတို့ဖြင့် ဓာတ်တရားအနေအားဖြင့် ဝေဖန်ပိုင်းခြား၍ ပြဆိုတော်မူထားခြင်းတည်း။

ဤ၌ ဓာတ်တရားစုကို သုတ္တန္တဘာဇနီယနည်းဖြင့် ပြဆိုတော်မူထားအပ်သည်ကို ဖော်ပြသွားပေအံ့။

သုတ္တန္တဘာဇနီယနည်း ။ ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဓာတ်တရားကို ပြဆိုတော်မူရာ၌ -

'ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်' ဟူ၍ ပဌမအုပ်စု အနေအားဖြင့် ဓာတ်ခြောက်ပါးတစ်စု။

'သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်' ဟူ၍ ဒုတိယအုပ်စု အနေအားဖြင့် ဓာတ်ခြောက်ပါးတစ်စု။

'ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသဓာတ်၊ နေက္ခမ္မဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသဓာတ်' ဟူ၍ တတိယအုပ်စု အနေအားဖြင့် ဓာတ်ခြောက်ပါးတစ်စု။

ဤသို့ ၃-အုပ်စုခွဲ၍ ပြဆိုတော်မူထားအပ်လေသည်။

ဤ၌ ဓာတ်သဘောကို သိသာရန် ပါဠိတော်လာသောနည်းအရ ပြဆိုသွားပေအံ့။

ပဌမအုပ်စု၌ **'ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်'** ဟူ၍ ဓာတ်ခြောက်ပါးရှိရာ ပထဝီဓာတ်သဘောကို ဤသို့ ပြဆိုထားလေသည်။ ဓာတ်တစ်မျိုးတစ်မျိုး၌ အလျဉ်တွဲ, ဗဟိဒ္ဓဟူ၍ နှစ်မျိုးစီ ပြဆိုထားလေသည်။

ပထဝီဓာတ်ကို ပြဆိုခြင်း

၁။ အလျဉ်တွဲပထဝီဓာတ် ။ ။ အလျဉ်တွဲပထဝီဓာတ်ဟူသည် အဘယ်နည်း။

၁။ အလျဉ်တွဲ- အတွင်းသန္တာန်၌ ဖြစ်၏။
၂။ ကက္ခဋ - မာသော သဘောရှိ၏။
၃။ ကက္ခဋတ္တ - ခက်မာသောအဖြစ်ရှိ၏။
၄။ ဥပါဒိန္န - ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏။
၅။ ပဋ္ဌပ္ပ - ပိပိကိုယ်ကိုစွဲ၍ ဖြစ်၏။
၆။ ခရိဂတ - ကြမ်းသောသဘောရှိ၏။
၇။ ကက္ခဋဘာဝ - ခက်မာသော သဘောအဖြစ်ရှိ၏။

အလ္လတ္ထ ပဏီ ၁၉–ပါး ။ ။ ဤအလ္လတ္ထပဏဝိဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ ကေသာ – ဆံပင်၊
၂။ လောမာ – အမွေး၊
၃။ နခါ – ခြေသည်းလက်သည်း၊
၄။ ဒန္တာ – သွား၊
၅။ မံသံ – အသား၊
၆။ နှာဠု – အကြော၊
၇။ အဋ္ဌိ – အရိုး၊
၈။ အဋ္ဌိမိဉ္ဇ – ရိုးတွင်းခြင်ဆီ၊
၉။ ဝက္ကံ – အညှိုရောင် (ကျောက်ကပ်)၊
၁၀။ ဟဒယံ – နှလုံး၊
၁၁။ ယကနံ – အသည်း၊
၁၂။ ကိလောမကံ – အမွေး၊
၁၃။ ပိဟကံ – အဖျဉ်း (သရက်ရွက်)၊
၁၄။ ပပ္ဖါသံ – အဆုတ်၊
၁၅။ အန္တံ – အူမ၊
၁၆။ အန္တဂုဏံ – အူသိမ်၊
၁၇။ ဥဒရိယံ – အစာသစ်၊
၁၈။ ကရီသံ – အစာဟောင်း (ကျင်ကြိုး)
– ဤသည်တို့တည်း။

အဟိရ ပဏဝိဓာတ် ။ ။ ဗာဟိရ ပထဝိဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ အယ – သံ
၂။ လောဟ – ကြေး
၃။ တိပု – ခဲပြူ (သလွဲပြူ,သလွဲစင်,ခဲမပြူ,ဘင်)
၄။ သီသ – ခဲမည်း (သလွဲမဲ၊ခဲမဟုတ်၊နာ)
၅။ သုဝ – ငွေ
၆။ မုတ္တာ – ပုလဲ
၇။ မဏိ – ပတ္တမြား
၈။ ဝေဠုရိယ – ဝါးအဆင်းအရောင်ရှိသော ကြောင်မျက်ရွဲ (မြ)
၉။ သင်္ခ – ခရုသင်း
၁၀။ သိလာ – ကျောက် (ကျောက်သလင်း)
၁၁။ ပဝါဠ – သန္ဓာကျောက်
၁၂။ ဇလဇ – ငွေအသပြာ
၁၃။ ဂေတ္တ – ရွှေ
၁၄။ လောဟိတင်္ဂ – ပတ္တမြားနီ
၁၅။ မသာရဂလ္လ – ပတ္တမြားပြောက်
၁၆။ ဓာတ – မြက်
၁၇။ ဘဿ – သစ်သား
၁၈။ သက္ခရ – ကျောက်စရစ်
၁၉။ ကဋ္ဌ – အိုးခြမ်းကွဲ
၂၀။ ဘူမိ – မြေ
၂၁။ ပါသာဏ – ကျောက်
၂၂။ ပဗ္ဗတ – တောင်
– ဤသည်တို့တည်း။

အချုပ်အားဖြင့် ပထဝိဓာတ်သဘောဟူသည် မာမှုသဘောတည်း။ ကြမ်းမှုသဘောတည်း။

(အဘိ – ၂ – ၈၅။ မြန် – ၂၉၈ / ၉)

၁။ ပထဝီဓာတ်သဘော၌ ဆောင်ရန်လင်္ကာများ

၁။ မာ, ကြမ်းကိုသည်၊ ပထဝီ၊ ခေါ် ရည်သိုင်သည်။
၂။ အလ္လတ္တမာ၊ ဆယ်ကိုးဖြာ၊ ဖြတ်စွာဟောထားသည်။
၃။ ကေသာ, လောမာ၊ နခါပါ၊ ဒန္တာပါဝင်သည်။
၄။ အရေ,အသား၊ အကြောများ၊ ရိုးများပါဝင်သည်။
၅။ ရိုးတွင်းခြင်ဆီ၊ အညှိုက္ကါ၊ နှလုံးရည်ပါလေသည်။

၆။	အသည်းပေဟဲ၊	အမွေးဟဲ၊	ဖျဉ်းလဲပါ၏လေသည်။
၇။	အဆုပ်,အူမောင်း၊	အူသိမ်တောင်း၊	သစ်,ဟောင်းပါ၏လေသည်။
၈။	ဤဆယ့်ကိုးဖြာ၊	အဂ္ဂိဝိပါ၊	ကောင်းစွာမှတ်နိုင်သည်။
၉။	နှစ်ဆယ့်နှစ်ဖြာ၊	ဗဟိဒ္ဓါ၊	တစ်ဖြာသိရမည်။
၁၀။	သံ, ကြေး, ခဲဖြူ၊	ခဲမဲဟူ၊	ငွေမူပါ၏လေသည်။
၁၁။	ပတ္တမြား, ပုလဲ၊	ကြောင်မျက်ရှဉ့်၊	ကျောက်လဲပါ၀င်သည်။
၁၂။	ခရုသင်းပေ၊	သန္ဓာပေ၊	ရွှေ,ငွေပါ၏လေသည်။
၁၃။	ပတ္တမြားနီ,ပြောက်၊	မြက်,သစ်ရောက်၊	စရစ်ကျောက်ပါ၏လေသည်။
၁၄။	အိုးခြမ်းကွဲ,မြေ၊	ကျောက်,တောင်တွေ၊	ဝိတွေဖြစ်၏လေသည်။
၁၅။	နှစ်ဆယ့်နှစ်ပါး၊	သရုပ်အား၊	မှတ်သားနိုင်ကြသည်။
၁၆။	ပထဝီဓာတ်ရုပ်၊	မာကြမ်းထုတ်၊	အချုပ်သိနိုင်သည်။

၁။ ပထဝီဓာတ်သဘော ဖော်ပြချက် ပြီး၏။

၂။ အာပေါဓာတ်ကို ပြဆိုခြင်း

၂။ အဋ္ဌက အာပေါဓာတ် ။ ။ အဋ္ဌက အာပေါဓာတ်ဟူသည် အဘယ်နည်း။

၁။ အဋ္ဌက်– အတွင်းသန္တာန်၌ ဖြစ်၏။ ၂။ ဝစ္ဆ် – ကိုယ်ကိုစွဲ၍ ဖြစ်၏။

ယင်းအာပေါဓာတ်သည် –

၁။ အာပေါ – အရည်ဖြစ်၏။ ၂။ အာပေါဂတ – အရည်သဘောသို့ ရောက်၏။

၃။ သိန္ဒေဟ – အစေးဖြစ်၏။ ၄။ သိန္ဒေဟဂတ – အစေးအဖြစ်သို့ ရောက်၏။

၅။ ပုဗ္ဗဓန္ဓနဒ္ဓ – ရုပ်ကို ဖွဲ့စည်း၏။ ၆။ ဥပါဒိန္န – ခန္ဓာကိုယ်ကို စွဲ၍ဖြစ်၏။

အဋ္ဌက အာပေါဓာတ် ၁၂– ပါး ။ ။ ဤအဋ္ဌက အာပေါဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ ဝိတ္ထံ – သည်းခြေ ၂။ သေမှံ – သလိပ် ၃။ ပုဗ္ဗော – ပြည် ၄။ လောဟိတံ – သွေး

၅။ သေဒေါ – ချွေး ၆။ မေဒေါ – အဆီခဲ ၇။ အဿု – မျက်ရည် ၈။ ဝသာ – ဆီကြည် (လက်ဆီ,ခြေဆီမျိုး)

၉။ ခေဠော – တံတွေး ၁၀။ သိင်္ဃာဏိကာ – နှပ် ၁၁။ လသိကာ – အစေး ၁၂။ မုတ္တံ – ကျင်ငယ်

ဤသည်တို့တည်း။

မဟိရ အာပေါဓာတ် ၁၅–ပါး ။ ။ ဗာဟိရ အာပေါဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ မူလရုပ – အမြစ်ရည်
၂။ ခန္ဓရုပ – ပင်စည်ရည်
၃။ တစရုပ – အခေါက်ရည်
၄။ ပတ္တရုပ – အရွက်ရည်
၅။ ပုပ္ဖရုပ – အပွင့်ရည်
၆။ ဖလရုပ – အသီးရည်
၇။ ဒိဋ္ဌ – နို့ရည်
၈။ ဒမိ – နို့ခမ်း (နို့ချဉ်)
၉။ သပ္ပိ – ထောပတ်
၁၀။ နဝနီတ – ဆီဥ
၁၁။ တေလ – ဆီ
၁၂။ မဓု – ပျားရည်
၁၃။ ဖာဏိတ – တင်လဲ
၁၄။ မြေ၌တည်သောရေ
၁၅။ ကောင်းကင်၌တည်သောရေ

ဤသည်တို့တည်း။

အချုပ်အားဖြင့် ဖွဲ့စည်းမှုသဘော၊ ယိုစီးမှုသဘော၊ ပွားစည်းမှုသဘောသည် အာပေါဓာတ်တည်း။
(အဘိ – ၂ – ၈၄ / ၈၅။ မြန် – ၂၉၉ / ၃၀၀)

၂။ အာပေါဓာတ် သဘော်၌ ဆောင်ရန်လက်ကျွန်းများ

၁။	ယိုစီးသဘော၊	ဖွဲ့သဘော၊	အာပေါခေါ်လေသည်။
၂။	အဏုတ္တမှာ၊	ဆယ့်နှစ်ဖြာ၊	မြတ်စွာဟောထားသည်။
၃။	သလိပ်, သည်းခြေ၊	ပြည်,သွေးတွေ၊	ချွေးတွေပါဝင်သည်။
၄။	ဆီခဲ, မျက်ရည်၊	တံတွေးရည်၊	ဆီကြည်ပါဝင်သည်။
၅။	နှပ်, အစေးပါ၊	ကျင်ငယ်ပါ၊	ဆယ့်နှစ်ဖြာ ဖြစ်လေသည်။
၆။	ဗာဟိရာမှာ၊	ဆယ့်ငါးဖြာ၊	တစ်ဖြာသိိုင်သည်။
၇။	မြစ်ရည်,ပင်စည်၊	အခေါက်ရည်၊	ရွက်ရည်ပါဝင်သည်။
၈။	ပွင့်,သီးရည်မှန်း၊	နို့ရည်လန်း၊	နို့ခမ်းပါလေသည်။
၉။	ဆီဥ,ထောပတ်၊	ဆီတစ်ရပ်၊	ပျားရပ်ပါဝင်သည်။
၁၀။	တင်လဲပါပေ၊	ကောင်းကင်ရေ၊	မြေရေပါလေသည်။
၁၁။	ဤဆယ့်ငါးဖြာ၊	ဗာဟိရာ၊	ဖြစ်တာသိိုင်သည်။
၁၂။	ယို,ဖွဲ့သဘော၊	ပွားစည်းသော၊	ချုပ်ဟောသိိုင်သည်။

၂။ အာပေါဓာတ်သဘော ဖော်ပြချက် ပြီး၏။

၃။ တေဇောဓာတ်ကို ပြဆိုခြင်း

၃။ အဋ္ဌဂ္ဂ တေဇောဓာတ် ။ ။ အဘယ်သည် အဋ္ဌဂ္ဂ တေဇောဓာတ်မည်သနည်း။ အဋ္ဌဂ္ဂသန္တာန်၌ ဖြစ်သော၊ ကိုယ်ကိုစွဲ၍ ဖြစ်သော တေဇောဓာတ်သည် –

၁။ တေဇော – လောင်ကျွမ်း, ရင့်ကျက်စေသော သဘောဖြစ်၏။
၂။ တေဇောဝတ – လောင်ကျွမ်း, ရင့်ကျက်စေခြင်း သဘောသို့ ရောက်၏။
၃။ ဥဿာ – အပူငွေ့ ဖြစ်၏။
၄။ ဥဿာဝတ – အပူငွေ့အဖြစ်သို့ ရောက်၏။
၅။ ဥသုမ – ပြင်းထန်ကြမ်းတမ်းသော အပူငွေ့ ဖြစ်၏။
၆။ ဥသုမဝတ – ပြင်းထန်ကြမ်းတမ်းသောအပူငွေ့ အဖြစ်သို့ ရောက်၏။
၇။ ဥဝါဒိန္ဒ – ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏။

အဋ္ဌဂ္ဂတေဇော ၄ –ပါး ။ ။ အဋ္ဌဂ္ဂ တေဇောဓာတ် ဟူသည် အဘယ်အရာတို့နည်း။

၁။ သန္တပ္ပတိ – အကြင် တေဇောဓာတ်ဖြင့်လည်း ပူလောင်၏။ (သန္တပ္ပနတေဇော)
၂။ ဒီဍိယတိ – အကြင် တေဇောဓာတ်ဖြင့်လည်း ဆွေးမြေ့ရင့်ရော်၏။ (ဒီဍကတေဇော)
၃။ ဝဟိဋ္ဌယ္ဟတိ – အကြင် တေဇောဓာတ်ဖြင့် လောင်ကျွမ်း၏။ (ဒဟတေဇော)
၄။ ဝဟိဏာမံ ဂ္ဂစ္ဆတိ – စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အစာသည် အကြင်တေဇောဓာတ်ဖြင့်လည်း ကောင်းစွာ ကြေခြင်းသို့ ရောက်၏။ (ပါစကတေဇော)

ဤသည်တို့တည်း။

ဓာဟိရတေဇော ၁၃–ပါး ။ ။ ဗာဟိရတေဇောဟူသည် အဘယ်အရာတို့နည်း။

၁။ ကဋ္ဌဂ္ဂိ – ထင်းမီး
၂။ ပလာလဂ္ဂိ – ကောက်ရိုးမီး
၃။ တိဏဂ္ဂိ – မြက်မီး
၄။ ဂေါမယဂ္ဂိ – နွားချေးမီး
၅။ ထုသဂ္ဂိ – ဖွဲမီး
၆။ သင်္ကာရဂ္ဂိ – အမှိုက်မီး
၇။ ဂူထဂ္ဂိ – မိုးကြိုးလောင်မီး
၈။ အဂ္ဂိသန္တာပ – မီးလျှံမီးကျီးခဲအပူ
၉။ သူဒိယသန္တာပ – နေပူ
၁၀။ ကဋ္ဌသန္နိစယ သန္တာပ – ထင်းပုံ၌ဖြစ်သော အပူ
၁၁။ တိဏသန္နိစယ သန္တာပ – မြက်ပုံ၌ဖြစ်သော အပူ
၁၂။ ဥသုသန္နိစယ သန္တာပ – စပါးပုံ၌ဖြစ်သောအပူ (စပါးငွေ့)
၁၃။ ဓုသန္နိစယ သန္တာပ – ဥစ္စာပုံ၌ဖြစ်သော မီးပူ

ဤသည်တို့တည်း။

အချုပ်အားဖြင့် – ပူမှုသဘော၊ အေးမှုသဘောကို တေဇောဓာတ်ဟူ၍ သိနိုင်ကြပေကုန်၏။ (ဤ၌ အေးမှုကို မပြသော်လည်း တေဇောဟူ၍ သိအပ်ပေ၏)

(အဘိ – ၂ – ၈၅။ မြန် – ၃၀၁ / ၂)

၃။ တရောတာတိသဘော်၌ ဆောင်ရန်လက်ိများ

၁။	ပူဇွေ့သဘော၊	အေးသဘော၊	တရောသိုိုင်သည်။
၂။	အလ္လတ္တမာ၊	တရောဟာ၊	လေးဖြာရှိလေသည်။
၃။	သန္တပ္ပန်၊	ဇိရဏာ၊	ဒဟပါလေသည်။
၄။	ပါစကပါ၊	ပါလေရာ၊	လေးဖြာဖြစ်လေသည်။
၅။	ဟတိရာမှာ၊	ဆယ့်သုံးဖြာ၊	တစ်ဖြာသိုိုင်သည်။
၆။	ထင်း, ကောက်ရိုးမီး၊	နွားချေးမီး၊	မြက်မီးပါဝင်သည်။
၇။	ဖွဲ, အမှိုက်မီး၊	မိုးကြိုးမီး၊	မီးကျီးပါဝင်သည်။
၈။	နေ၏အပူ၊	ထင်းပုံပူ၊	မြက်ပူပါလေသည်။
၉။	စပါးအပုံ၊	ဥစ္စာပုံ၊	ပူတုန်ပါလေသည်။
၁၀။	ဤဆယ့်နှစ်ဖြာ၊	ဟတိရာ၊	ပူတာသိရမည်။
၁၁။	တရောတိရပါ၊	ပူအေးထုတ်၊	အချုပ်သိုိုင်သည်။

၃။ တရောတိသဘော ဖော်ပြချက် ပြီး၏။

၄။ ဝါယောတိုကို ပြဆိုခြင်း

၄။ အလ္လတ္တ ဝါယောတိ ။ ။ အဘယ်သည် အလ္လတ္တ ဝါယောတိမည်သနည်း။

အတွင်းသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ဝါယောတိသည် -

၁။ ဝါယော - လှုပ်ရှားမှုသဘောဖြစ်၏။
၂။ ဝါယောဂတ - လှုပ်ရှားမှုသဘောသို့ ရောက်၏။
၃။ ဩဃထမ္ဘိတတ္တ - ရုပ်ကို တွန်းကန်ခြင်းသဘောဖြစ်၏။
၄။ အလ္လတ္တ - အတွင်းသန္တာန်၌ ဖြစ်၏။
၅။ ဥပါဒိန္န - ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏။

ဤသည်ကား အလ္လတ္တဝါယောတိ သဘောတည်း။

အလ္လတ္တ ဝါယောတိ ၁၀-ပါး ။ ။ အလ္လတ္တဝါယောတိဟူသည် အဘယ်အရာတို့နည်း။

၁။ ဥဒ္ဓင်္ဂမဝါတ - အထက်သို့ဆန်သောလေ
၂။ အဓောဂမဝါတ - အောက်သို့စုန်သောလေ
၃။ ကုစ္ဆိသယဝါတ - ဝမ်းတွင်တည်သောလေ
၄။ ကောဋ္ဌာသယဝါတ - အူတွင်တည်သောလေ
၅။ အင်္ဂမင်္ဂါနုသာရိဝါတ - ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက်သောလေ

၆။ သတ္ထုဇဝါတ – ဓားငယ်ကဲ့သို့ ဖြတ်တတ်သောလေ (ဝမ်းခွဲခြင်း၊ ခြေတစ်ဘက် သေသွားခြင်းတည်းတူသော ကိုယ်လက်အင်္ဂါစသည်တို့ ခွဲစောင်းသွားအောင်၊ မလှုပ်နိုင်အောင် ဖြတ်သောလေ)

၇။ ခုရုဇဝါတ – သင်ဓုန်းဓားကဲ့သို့ နှလုံးသားကို ခွဲသောလေ (လေသင်ဓုန်း)

၈။ ဥပ္ပလဇဝါတ – နှလုံးသားကို ဆွဲထုတ်သောလေ

၉။ အဿာသ – ဝင်သက်လေ

၁၀။ ပဿာသ – ထွက်သက်လေ။

ဤသည်တို့တည်း။

အာဟိရဝါဃောဓာတ် ၁၄–ပါး ။ ။ ဗာဟိရ ဝါယောဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ ပုရတ္ထိမဝါတ – အရှေ့လေ ၂။ ပစ္ဆိမဝါတ – အနောက်လေ ၃။ ဥတ္တရဝါတ – မြောက်လေ
၄။ ဒက္ခိဏဝါတ – တောင်လေ ၅။ သရဝါတ – မြူပါသောလေ ၆။ အရဝါတ – မြူမပါသောလေ
၇။ သီတဝါတ – အေးသောလေ ၈။ ဥဏှဝါတ – ပူသောလေ ၉။ ဝဒိတ္တဝါတ – လေသွင်း
၁၀။ အဓိမတ္တဝါတ – လေပြင်း, လေကြမ်း ၁၁။ ကာဠဝါတ – လေမည်း (လေမုန်တိုင်း)
၁၂။ ဝေရမ္ဘဝါတ – ယူဇနာအထက် ကောင်းကင်၌ တိုက်ခတ်နေသည့် အလွန်ထက်မြက်သော လေကြမ်း
၁၃။ ဝက္ခဝါတ – အတောင်ခတ်လေ ၁၄။ သုဝဏ္ဏဝါတ – ဂဠုန်တောင်ခတ်လေ
၁၅။ ဟာလဝဏ္ဏဝါတ – ထန်းရွက်ယပ်လေ ၁၆။ ဝိဇူဝနဝါတ – နှီးယပ်လေ

ဤသည်တို့တည်း။

အချုပ်အားဖြင့် တွန်းကန်မှုသဘော၊ ထောက်ကန်မှုသဘော၊ လှုပ်ရှားမှုသဘောဟူသည် ဝါယောဓာတ် သဘောတည်း။

(အဘိ – ၂ – ၈၆။ မြန် – ၃၀၃ / ၄)

၄။ ဝါယောဓာတ်သဘော၌ ဆောင်ရန်လက်မှတ်များ

၁။ တွန်းကန်သဘော၊ လှုပ်သဘော၊ ဝါယောခေါ် ရသည်။
၂။ အလျှတ္တမှာ၊ ဝါယောဟာ၊ ဆယ်ဖြာရှိလေသည်။
၃။ အထက်ဆန်လေ၊ အောက်စုန်လေ၊ ဝမ်းလေပါဝင်သည်။
၄။ အုဒ္ဓင်တည်လေ၊ လျှောက်လေ၊ ဖြတ်လေပါဝင်သည်။
၅။ နှလုံးခွဲလေ၊ ဆွဲထုတ်လေ၊ ဝင်လေပါလေသည်။
၆။ ထွက်လေလဲပါ၊ အလျှတ္တာ၊ ဆယ်ဖြာဖြစ်လေသည်။

အဘိဓမ္မာ (၇)ကျမ်းလာ ကိုယ်ကျင့်တရားများ

၇။ ဟတိရမှာ၊ ဆယ့်ခြောက်ဖြာ၊ တစ်ဖြာသိမ့်ဝင်သည်။
၈။ ရှေ့လေနောက်လေ၊ တောင်,မြောက်လေ၊ မြူလေပါဝင်သည်။
၉။ မြူမပါလေ၊ အေး,ပူလေ၊ ညှင်းလေပါလေသည်။
၁၀။ ပြင်းလေ, မညှင်းလေ၊ တောင်ခတ်လေ၊ ကြမ်းလေပါဝင်သည်။
၀၁။ ဂဠုန်တောင်ခတ်၊ ထမ်းရွက်ယပ်၊ နှိုးယပ်ပါလေသည်။
၀၂။ ဟတိလေများ၊ ဆယ့်ခြောက်ပါး၊ မှတ်သားနိုင်ကြသည်။
၁၃။ ဝါယောဓာတ်ရပ်၊ တွန်း, ရွှေ့, လှုပ်၊ အချုပ်သိမ့်နိုင်ဆည်။

၄။ ဝါယောဓာတ်သဘော ဖော်ပြချက် ပြီး၏။

၅။ အာကာသဓာတ်ကို ဖော်ပြခြင်း

၅။ အာကာသဓာတ်သဘော ။ ။ အဘယ်သည် အာကာသဓာတ် မည်သနည်း။ အဋ္ဌတ္တ အာကာသဓာတ်, ဟတိရ အာကာသဓာတ် ဟူသည် -

၁။ အာကာသ - ရေးခြစ်၍ မရအပ်, မထိအပ်သောသဘော ဖြစ်၏။
၂။ အာကာသဂတ - ရေးခြစ်၍ မရအပ်, မတွေ့ထိအပ်သော သဘောသို့ ရောက်၏။
၃။ အဃ - ထိခိုက်၍ မရသော သဘောရှိ၏။
၄။ အဃဂတ - ထိခိုက်၍ မရသော သဘောအဖြစ်သို့ ရောက်၏။
၅။ ဝိဝရ - ဟင်းလင်းပေါက် ဖြစ်၏။
၆။ ဝိဝရဂတ - ဟင်းလင်းပေါက်အဖြစ်သို့ ရောက်၏။
၇။ အသမ္ဗုဇ္ဈမံသလောဟိတ - အသားအသွေးတို့နှင့် တွေ၍ မရသော (ဟင်းလင်းပြင်) သဘောဖြစ်၏။
၈။ စတုမဟာဘူတ အသမ္ဗုဇ္ဈ - မဟာဘုတ်လေးပါးတို့နှင့် တွေ့ထိ၍ မရသော သဘောဖြစ်၏။

မှတ်ချက် - နံပါတ်၇-သည် အဋ္ဌတ္တအတွက်တည်း။
နံပါတ်၈-သည် ဟတိရအတွက်တည်း။
ကျန် ၁ မှ ၆ အထိသည် နှစ်မျိုးလုံးအတွက်တည်း။
အဋ္ဌတ္တသည် ဒန္ဓာကိုယ်ကို စွဲ၍ပြစ်၏။
ဟတိရသည် ဒန္ဓာကိုယ်ကို စွဲ၍ မပြစ်။
ဟတိရအာကာသအတွက် သီးခြားပြစရာ မလိုပြီ။

၅။ အလျှပ္ပိက အာကာသဓာတ် (၇)ပါး ။ ။ အလျှပ္ပိက အာကာသဓာတ်ဟူသည် အဘယ်အရာတို့နည်း။

၁။ တက္ကာန္ဆီဒ္ဒ – နားပေါက်
၂။ နာသန္ဆီဒ္ဒ – နှာခေါင်းပေါက်
၃။ မုခဒွါရ – ခံတွင်းပေါက်
၄။ အစားအစာတို့ကို မျိုသွင်းသော လည်ပင်းပေါက်
၅။ အစားအစာတို့ဖျံတည်ရာ ဝမ်းခေါင်းပေါက် – အစာအိမ်
၆။ ကျင်ကြိုးပေါက်
၇။ ကျင်ငယ်ပေါက် – ကျိသည်တို့တည်း။

အချုပ်ကား ရေးခြစ်မထင် ကောင်းကင်သဘောသည် အာကာသဓာတ်တည်း။

၅။ အာကာသဓာတ်သဘော် ဆောင်ရန်လက်ကျ

၁။	ရေးခြစ်မရ၊	ထိမရ၊	အာကာသခေါ် လေသည်။
၂။	အလျှတ္တမှာ၊	အာကာသ၊	ရုန့်စ်ဖြာရှိလေသည်။
၃။	နား၊ နှာခေါင်းပေါက်၊	ခံတွင်းပေါက်၊	လည်ပေါက်ပေါ်ဝင်သည်။
၄။	ဝမ်းခေါင်းအပေါက်၊	ကျင်ကြိုးပေါက်၊	ဝမ်းပေါက်ပေါ်လေသည်။
၅။	အာကာသဓာတ်၊	ရုန့်စ်ရပ်၊	သိမှတ်နိုင်ကြသည်။
၆။	ရေးခြစ်မထင်၊	တင်းလင်းပြင်၊	ချုပ်ပင်ဖြစ်လေထည်။

၅။ အာကာသဓာတ်သဘော ဖော်ပြချက်ပြီး၏။

၆။ ဝိညာဏဓာတ် ဖော်ပြချက်

၆။ ဝိညာဏဓာတ် ၆–ပါး ။ ။ အဘယ်သည် သိမှုသဘော ဝိညာဏဓာတ်မည်သနည်း။

၁။ စက္ခုဝိညာဏဓာတ် – မြင်သိစိတ် သဘော၀၊
၂။ သောတဝိညာဏဓာတ် – ကြားသိစိတ် သဘော၀၊
၃။ ဃာနဝိညာဏဓာတ် – နံသိစိတ် သဘော၀၊
၄။ ဇိဝှါဝိညာဏဓာတ် – လျက်သိစိတ် သဘော၀၊
၅။ ကာယဝိညာဏဓာတ် – ထိသိစိတ် သဘော၀၊
၆။ မနောဝိညာဏဓာတ် – ကြံသိစိတ် သဘော၀၊

ကျိသည်ကား သိမှုသဘော ဝိညာဏဓာတ်တည်း။

ထိုဓာတ် ၆–ပါးတွင် မဟာကုသိုလ် ပဌမစိတ်သည် မနောဝိညာဏဓာတ်၌ ပါဝင်လေ၏။

(အဘိ ၂ ဂဏ် မြန် ၃၀၅)

၆။ ဝိညာဏဓာတ်သဘော၌ ဆောင်ရန်လက်ငါးများ

၁။ ဝိညာဏဓာတ်စု၊ သိရှိမှု၊ ခြောက်ခုရှိလေသည်။
၂။ ဝိညာဏဓာတ်သဘော၊ သိမှုပြော၊ သဘောသိနိုင်သည်။
၃။ မြင်၊ကြား၊နံသိ၊ လျှာက်သိ၊ ထိသိပါလေသည်။
၄။ မနောဝိညာ၊ ကုံသိပါ၊ ခြောက်ဖြာဖြစ်လေသည်။
၅။ မနောဒွါရာ၊ ပကုဏ္ဏာ၊ ပါတာသိနိုင်သည်။

၆။ ဝိညာဏဓာတ်သဘော ဖော်ပြချက် ပြီး၏။

အဋ္ဌကထာဖော်ပြချက် ဓာတ်သဘော

ဓာတ်သဘောအဓိပ္ပါယ်ကြီး ။ ။ ဤဖော်ပြအပ်ခဲ့ပြီးသော ဓာတ်ခြောက်ပါးသည် ဝိပဿနာတရားကို ရှုပွားရာ၌ အလွန်အရေးပါ အရာရောက်လှ၏။ ရှင်းပြဦးအံ့။

ပညတ်, ပရမတ်ဟူ၍ ရှိရာတွင် ဝိပဿနာရှုပွားရာတွင် ပညတ်ကို မရှုရပေ။ ပရမတ်ကိုသာ ရှုပွားရ၏။ ပုထုဇဉ်လူသားတို့အနေဖြင့် ပညတ်တရားသည် အလွန်ရင်းနှီးကျွမ်းဝင်နေသော တရားဖြစ်၏။ မွေးပါပြီဆိုကတည်းက သေသည်အထိ ပညတ်နယ်၌သာ ကျက်စားလာခဲ့ရ၏။ လူမမယ် ကလေးအရွယ်ကို မည်သူကမှ ပရမတ်တရားကို သင်ပေးမည် မဟုတ်ပေ။ ဤသည်ကား အဖေတည်း။ ဤသည်ကား အမေတည်း။ ဤသည်ကား ခေါင်းတည်း။ ကိုယ်တည်း။ လက်တည်း။ ခြေတည်း။ အင်္ကျီတည်း။ ပုဆိုးတည်း။ အစ်ကိုတည်း။ အစ်မတည်း။ အဒေါ်တည်း ဦးလေးတည်း။ ယောကျ်ားတည်း။ မိန်းမတည်း – စသည်ဖြင့် ပညတ်ကိုသာ သင်ကြားပေးကြရလေ၏။

ဤသို့ ပညတ်နယ်၌ ကြီးပြင်းလာရသော ပုထုဇဉ်များသည် ပညတ်ပျောက်ကွယ်အောင် ရှုနိုင်ရန် မလွယ်ကူပေ။ မလွယ်ကူ၍ ဝိပဿနာတရားကို မရှုပွားဘဲ နေပြန်လျှင်လည်း ပို၍ပို၍သာ ဆိုးမည် ဖြစ်ပေ၏။ သို့ဖြစ်၍ စိတ်, စေတသိက်, ရုပ် ဟူသော သခ်ၤတပရမတ်များကို အရှုခံထား၍ ဝိပဿနာရှုပွားရာ၌ 'ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်' ဟူသော ဓာတ်ကြီးလေးပါး ရုပ်ကမ္မဋ္ဌာန်းသည် မိမိတို့၏ အလျှတ္တခန္ဓာကိုယ်၌ ထင်ထင်ရှားရှားလည်း ရှိ၏။ ထင်သာမြင်သာ သိလွယ်သောသဘောလည်း ရှိ၏။ မွေးကတည်းက အစွဲကြီး စွဲယူထားသော ပညတ်အာရုံများကိုလည်း မိမိ၏ အသိအာရုံမှ လျင်မြန်စွာ ဖယ်ထုတ်နိုင်လေ၏။

ထို့ကြောင့် အဋ္ဌကထာတွင် ဤသို့ ဖော်ပြထားလေ၏။ ပထဝီ အစရှိကုန်သော ဓာတ်တရားတို့သည် ဓာတ်သဘောသာတည်း။

၁။ ဓာတ္ထွတ္ထော နာမ – ဓာတ်သဘောဟူသည်၊ ၂။ သဘာဝဋ္ဌော – ထင်ရှားရှိသော သဘောမျှသာတည်း။

ဆိုလိုသည်ကား – ပထဝီဓာတ်သည် မာမှုသဘောအားဖြင့်လည်းကောင်း၊ တေဇောဓာတ်သည် ပူမှုသဘောအားဖြင့်လည်းကောင်း၊ အာပေါဓာတ်သည် ဖွဲ့စည်းမှုသဘောအားဖြင့်လည်းကောင်း၊ ဝါယောဓာတ်သည် ဘွန်းကန်မှုသဘောအားဖြင့်လည်းကောင်း ထင်ရှားရှိ၏ဟု ဆိုလိုပေသည်။

၃။ သဘာဝဋ္ဌော နာမ – ထိုသို့ သဘောမျှဖြစ်သော မာမှုဟူသော ပထဝီဓာတ်သည်၊ ပူမှုဟူသော တေဇောဓာတ်သည်၊ ဖွဲ့စည်းမှုဟူသော အာပေါဓာတ်သည်၊ တွန်းကန်မှုဟူသော ဝါယောဓာတ်သည် –

၄။ သုညတဋ္ဌော – အတ္တ, ဇီဝမှ ကင်းဆိတ်နေမှု သဘောတည်း၊

၅။ သုညတဋ္ဌောနာမ – အတ္တ, ဇီဝမှ ကင်းဆိတ်မှုသဘောဟူသည်၊

၆။ နိဿတ္တဋ္ဌော – ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်သော သဘောတည်း၊

၇။ သဘာဝ၊ သုညတ၊ နိဿတ္တဋ္ဌေန – ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်၊ အတ္တ, ဇီဝမှ ကင်းဆိတ်သော အနက်၊ သတ္တဝါမဟုတ်သော အနက်သဘောကြောင့်ပင် –

– 'ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်' ဟူ၍ ခေါ်ရလေသည်။

(အဘိ ၄ - ၂ - ၅၂)

ဤသဘောအရ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ စသည်ဖြင့် ပညတ်တရားကို သိမြင်နေမှုသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူသော ရုပ်ပရမတ်တရားကို သတိ၊ သမာဓိ၊ ပညာတို့ဖြင့် မသိမမြင်ကြ၍ ဖြစ်လေသည်။ အကယ်၍ သတိ၊ သမာဓိ၊ ပညာ၊ ဝိပဿနာဉာဏ်တို့ဖြင့် ပိုင်းခြားထင်ထင် သိမြင်ကြမည်ဆိုလျှင် ပညတ်ပျောက်ကာ ပရမတ်တရားဆိုက်လာမည်ဟု ဆိုလိုပေသည်။

ထိုသို့ ဝိပဿနာ ရှုပွား၍ ပရမတ်ဆိုက်လာလျှင်လည်း သစ်တပရမတ်ဟူသည် မြဲသော ပရမတ်ဟူ၍ မရှိရကား သူ့သဘာဝအတိုင်း ဖြစ်ဖြစ်လာလိုက်၊ ပျက်ပျက်သွားလိုက်၊ ပျောက်ပျောက်သွားလိုက် စသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသောတရားကို ဝိပဿနာ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တို့ဖြင့် ပါရမီအလိုက် သိမြင်နိုင်ကြမည် ဖြစ်ပေသည်။

ယင်းဓာတ်ကြီးလေးပါးကို ဝိပဿနာရှုပွားပုံကိုကား သန်လျင်တောရ ဝိပဿနာ၊ ဝိပဿနာ ရှာပုံတော်၊ ဝါယောဓာတ်ဖြင့် နိဗ္ဗာန်သို့ စာအုပ်များ၌ ရှုမြင်နိုင်ကြပေသည်။

၃။ အဋ္ဌကထာဖော်ပြချက် ဓာတ်သဘောဘဋ္ဌ ဆောင်ရန်လက်ခံများ

၁။	ပထဝီစတြား၊	ဓာတ်လေးပါး၊	တရားများတို့သည်၊
၂။	ဝိပဿနာ၊	ရှုပ္ပားရာ၊	အရာရောက်ပေသည်။
၃။	ပညတ်,ပရမတ်၊	ရှိတုံလတ်၊	ပရမတ်ကိုသာသည်၊
၄။	ဝိပဿနာတရား၊	ရှုခံထား၊	ရှုပ္ပားရလေသည်။
၅။	ပုထုဇဉ်မှာ၊	ပညတ်ဟာ၊	များစွာရင်းနှီးသည်။
၆။	မွေးဖွားလာငြား၊	ပညတ်အား၊	သင်ကြားကြရသည်။
၇။	ပရမတ်တရား၊	ဓာတ်တရား၊	သင်ကြားမရှိပြီ။
၈။	အဖေခေါ် သည်၊	မေခေါ် သည်၊	စသည်သင်ကြားသည်။
၉။	ဤသို့မှန်စွာ၊	ပညတ်မှာ၊	ကြီးလာကြ၍သည်၊
၁၀။	ပညတ်ပျောက်ရန်၊	ရှုနိုင်ရန်၊	အမှန်မလွယ်ပြီ။
၁၁။	မလွယ်၍သာ၊	မရှုရာ၊	ပိုသာခက်ပေမည်။
၁၂။	သို့ဖြစ်လေငြား၊	ဝိတရား၊	ရှုပ္ပားကြရမည်။
၁၃။	ရုပ်နာမ်တရား၊	ရှုခံထား၊	ရှုပ္ပားရဦးသည်၊
၁၄။	ဓာတ်ကြီးလေးပါး၊	ရှုခံထား၊	ရှုပ္ပားလျင်သည်၊
၁၅။	မိမိကိုယ်မှာ၊	ဓာတ်လေးဖြာ၊	ထင်စွာတွေ့နိုင်သည်။
၁၆။	မရှိသမုတ်၊	ပညတ်ရုပ်၊	ဖယ်ထုတ်ပစ်နိုင်သည်။
၁၇။	အဋ္ဌကထာ၊	ဤသို့သာ၊	ပြတာရှိလေသည်။
၁၈။	ဓာတ်ဟုခေါ် ငြား၊	သဘောကား၊	ထင်ရှားရှိလေသည်။
၁၉။	ပထဝီမှာ၊	မာမှုသာ၊	တေမှာပူလေသည်။
၂၀။	အာပေါဖွဲ့မှု၊	ဝါယောစု၊	တွန်းမှုဖြစ်လေသည်။
၂၁။	မာပူဖွဲ့ ပြု၊	တွန်းမှုပြု၊	သဘာဝတရားသည်၊
၂၂။	အတ္တ,ဇီဝ၊	ကင်းဆိတ်ပြု၊	သူညတဖြစ်လေသည်။
၂၃။	ပဂ္ဂိုလ်,သတ္တ၊	မဟုတ်ရ၊	ဓာတ်မှုဖြစ်လေသည်။
၂၄။	ဤသို့မှန်လတ်၊	သတိကပ်၊	မပြတ်ရှုလျင်သည်၊
၂၅။	ပညတ်ကွယ်လတ်၊	ပရမတ်၊	ဆိုက်ကပ်သိပေမည်။
၂၆။	ပရမတ်မှာ၊	မြဲခြင်းဟာ၊	ဘယ်ခါမရှိပြီ။

၂၇။ ဖြစ်ပြီးပျက်ရ၊ အနိစ္စ၊ ဒုက္ခသိမြင်မည်။
၂၈။ ဉာဏ်စဉ်တွေ့ဖြာ၊ တိုးတက်ကာ၊ အနုတ္တာဓေါက်ပေမည်။
၂၉။ သမ္မသနဉာဏ်၊ ဥဒဉာဏ်၊ ဘင်္ဂဉာဏ်ဟေါ် လာမည်။
၃၀။ ဓာတ်လေးပါးတည်း၊ ရှုပုံတည်း၊ ရှုနည်းများကိုသည်၊
၃၁။ ဝိပဿနာ၊ ရှုပုံမှာ၊ ကောင်းစွာပြထားသည်။
၃၂။ သန်လျောင်တောရဝိပဿနာ၊ စာအုပ်မှာ၊ ဓသစ္စာပြထားသည်။
၃၃။ ဝါယောဓာတ်ဖြင့်၊ စာအုပ်ဖြင့်၊ ထပ်ဆင့်ပြထားသည်။
၃၄။ ထိုစာအုပ်စု၊ ရှာဖွေပြု၊ ဖတ်ရှုနိုင်ကြသည်။

အဌကထာဖော်ပြချက် ဓာတ်သဘော ပြီး၏။

ဒုတိယအုပ်စု၌ ပါဝင်သော သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ် ခြောက်ပါးကိုလည်းကောင်း၊

တတိယအုပ်စု၌ ပါဝင်သော ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသဓာတ်၊ နေက္ခမ္မဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသဓာတ်တို့ကိုလည်းကောင်း – ဤ၌ မပြသာတော့ပြီ။

ဓာတုဝိဘင်း သုတ္တန္တ ဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

အဘိဓမ္မ ဘာဇနီယနည်း ဓာတ် ၁၈–ပါး၌လည်း မဟာကုသိုလ် ပဌမစိတ်သည် မနောဝိညာဏဓာတ်၊ စေတသိက် ၃၈–ပါးသည် ဓမ္မဓာတ် ဖြစ်၏။ ယင်းဓာတ်များကိုလည်း ဓမ္မသင်္ဂဏိလာအတိုင်း တိုက်, ဒုက်တို့ဖြင့် ဝေဖန်ပြခြင်းဖြစ်၍ ဤ၌ မပြတော့ပြီ။

ပကုစိတ်ကို ဓာတုဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ ပြီး၏။

• • • •

၄။ ပကတ္တိကို သစ္စဝိဘင်းဖြင့် ဝေဖန်ပြခြင်းဌ ကိုယ်ကျင့်တရားများ

<u>အရိယာသစ္စာ ဒေါရုပ်</u> ။ ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးတို့ကို

၁။ ဘုရားအစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်ကုန်သည်၏အဖြစ်ကြောင့်လည်း အရိယသစ္စာ ခေါ်သည်။

၂။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာဖြစ်သောကြောင့်လည်း အရိယသစ္စာ ခေါ်သည်။

၃။ အရိယာအဖြစ်သို့ ရောက်စေတတ်သောကြောင့်လည်း အရိယသစ္စာ ခေါ်သည်။

၄။ မဖောက်မပြန် မှန်ကန်သောသစ္စာဖြစ်သောကြောင့်လည်း အရိယသစ္စာ ခေါ်သည်။

(အဘိ ၅ - ၂ - ၁၉)

ဤ၌ အထက်ဖော်ပြပါသဘောအရ ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းတို့ သစ္စာလေးပါးကို သိမြင်မှ အရိယာဖြစ်နိုင်သောကြောင့် သစ္စာလေးပါးတို့ကို ပရိယတ်အနေဖြင့်လည်း သိသင့်ကြပေ၏။ ပဋိပတ်အနေဖြင့်လည်း သိသင့်ကြပေ၏။ ပဋိဝေဓအနေဖြင့် သိလျှင်မူကား ပုထုဇဉ်မဟုတ်တော့ပြီ။ သောတာပန် အစရှိကုန်သော အရိယာအဖြစ်သို့ ရောက်ရှိသွားပြီ ဖြစ်၏။

သစ္စဝိဘင်းသဘောအရ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်သည် သစ္စာလေးပါးတွင် ဒုက္ခသစ္စာအရ၌ ပါဝင်သလို မဟာကုသိုလ် ပဌမစိတ်၌ယှဉ်ကုန်သော အမောဟ၊ ဝိတက်၊ သတိ၊ သမာဓိ၊ ဝိရိယတို့သည် မဂ္ဂသစ္စာအရ၌ သမာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော အမည်ဖြင့် ပုဗ္ဗဘာဂမဂ် လောကီဉာဏ်ဖြစ်သော ဝိပဿနာ ရှုဉာဏ်တွင် ပါဝင်လေ၏။

ယင်းရှုဉာဏ်သည် အဘယ်ကို ရှုသနည်းဟူမူ ဒုက္ခသစ္စာကို ရှုမြင်လေ၏။ သို့ဖြစ်၍ ဒုက္ခသစ္စံ ပရိညေယျံ- ဒုက္ခသစ္စာကို ပိုင်းခြားသိရမည် ဟူ၍ ကိစ္စရှိလေရာ ဝိပဿနာရှုဉာဏ်အခိုက်၌ ဒုက္ခသစ္စာကို ပိုင်းခြားသိရန်သည် အလွန်အရေးကြီးလေ၏။

သစ္စသံယုတ်၌ သစ္စာတစ်ပါးသိက လေးပါးလုံးသိမှုကိစ္စ ပြီး၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူထားလေ၏။ ထိုဟောကြားချက်အရ သစ္စာလေးပါးတွင် သိရမည့်သစ္စာ နှစ်ပါးပါလေ၏။ ယင်းသစ္စာတို့မှာ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာတည်း။ ဝိပဿနာရှုဉာဏ်အခိုက်၌ နိရောဓသစ္စာ နိဗ္ဗာန်ကို သိမှု မဖြစ်နိုင်ပေ။ ယင်းသို့ဆိုလျှင် ဒုက္ခသစ္စာကိုသာ သိရတော့မည် ဖြစ်ပေ၏။

ယင်းဒုက္ခသစ္စာဆိုသည်မှာလည်း အခြားမဟုတ်။ ရုပ်နာမ်တရားတို့သာ ဖြစ်လေ၏။ မိမိနှင့် သင့်လျော်သော ရုပ်နာမ်တရားကို အရှုခံထား၍ အဖန်ဖန် ဝိပဿနာ ရှုပွားနေသူသည် အတန်တန်သော ဝိပဿနာဉာဏ်တို့ဖြင့် ဒုက္ခသစ္စာကို သိမြင်မည် ဖြစ်၏။ ဒုက္ခသစ္စာကို သိမြင်နေသောအခိုက် မဂ္ဂသစ္စံ ဘာဝေတဗ္ဗံ အရ - မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ ပြီးလျက်နေလေ၏။ သမုဒယသစ္စံ ပဟာတဗ္ဗံအရ - သမုဒယသစ္စာဖြစ်သော တဏှာလောဘ ကိလေသာများ မဝင်သည်ဖြစ်၍ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ ပြီးလျက်နေလေ၏။

ယင်းသမုဒယသစ္စာကို ယာယီပယ်နိုင်သည့်အတွက်လည်း ယင်းသမုဒယသစ္စာ၏ အကြောင်းဖြစ်သော ဒုက္ခများလည်း ယာယီချုပ်ငြိမ်းလျက် ရှိနေလေ၏။ ယင်းသည် နိရောဓသစ္စံ သစ္ဆိကာတဗ္ဗံ အရ – ဒုက္ခချုပ်မှုကို မျက်မှောက်ပြုလျက် နေခြင်းကိစ္စ ယာယီပြီးလေ၏။ ဤသည်ကား ဝိပဿနာဉာဏ်အခိုက်၌ ဒုက္ခသစ္စာကို သိ၍ လောကီသစ္စာလေးချက်ကို သိမှုပြီးပုံသဘောတည်း။

မဂ်ဉာဏ်အခိုက်၌ကား နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ကောင်းစွာ သိမြင်လေ၏။ ယင်းသည် နိရောဓသစ္စံ သစ္ဆိကာတဗ္ဗံ အရ – နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ ပြီးလေ၏။ ဤနိရောဓသစ္စာကို သိမြင်မှုနှင့်အတူ မဂ္ဂသစ္စာ ဘာဝေတဗ္ဗံ အရ – မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စလည်း ပြီးလေ၏။ ဒုက္ခသစ္စံ ပရိညေယျံ အရ – ဒုက္ခသစ္စာကို ပိုင်းခြားသိမှုကိစ္စလည်း ပြီးလေ၏။ သမုဒယသစ္စံ ပဟာတဗ္ဗံ အရ – သမုဒယသစ္စာကို ပယ်မှုကိစ္စလည်း ပြီးလေ၏။ ဤသည်ကား မဂ်ဉာဏ်အခိုက်၌ နိရောဓသစ္စာ နိဗ္ဗာန်ကို သိမြင်၍ လောကုတ္တရာသစ္စာလေးချက် တစ်ပြိုင်နက် ပြီးပုံသဘောတည်း။

ဤသို့လျှင် သစ္စာလေးပါးတို့ကို သိမြင်ပုံ၊ ကိစ္စပြီးပုံသဘောများကို သဘောပေါက်ထားကြကုန်ရာ၏။

အရိယသစ္စာဒေသိပုံ ပြဆိုခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဒု,သ,နိ,မာ၊	ဤလေးဖြာ၊	သစ္စာများကိုသည်၊
၂။	အရိယသစ္စာ၊	ခေါ် ဆိုရာ၊	ကောင်းစွာသိနိုင်သည်။
၃။	ဘုရားစဖြာ၊	အရိယာ၊	သိရာသောကြောင့်သည်၊
၄။	ဘုရားမြတ်စွာ၊	အရိယာ၊	သစ္စာဖြစ်၍သည်၊
၅။	သောတာစပေ၊	အရိယေ၊	ဖြစ်စေသောကြောင့်သည်၊
၆။	မဖောက်ပေရာ၊	အမှန်သာ၊	သစ္စာဖြစ်၍သည်၊
၇။	အရိယာသစ္စာ၊	ခေါ် ဆိုရာ၊	ကောင်းစွာသိနိုင်သည်။
၈။	ပုထုဇဉ်များ၊	သစ္စာအား၊	သိထားပါမှသည်၊
၉။	သောတာစဖြာ၊	အရိယာ၊	ဖြစ်ရာသောကြောင့်သည်၊
၁၀။	ပရိယတ်,ပဋိပတ်၊	ဤနှစ်ရပ်၊	ထင်ဟပ်သိရမည်။
၁၁။	ပဋိဝေဓအနေ၊	သိလျှင်ပေ၊	ရိုယေဖြစ်တော့သည်။
၁၂။	သစ္စဝိဘင်း၊	သဘောနှင်း၊	သိခြင်းရှိရမည်။
၁၃။	ပကုစိတ်ဟာ၊	ဒုက္ခသာ၊	သစ္စာဝင်လေသည်။
၁၄။	ပကုစိတ်မှန်၊	ယှဉ်ကြဟန်၊	ငါးတန်စေများသည်၊
၁၅။	နှစ်ဖြာရပ်နာမ်၊	အဖန်ဖန်၊	ရှုဉာဏ်ဖြစ်လေသည်။

၁၆။	ဝိပဿနာဉာဏ	ဒုက္ခိသာ၊	ဥတုဇာဖြစ်လေသည်။
၁၇။	ဝိပဿီဉာဏ်မှာ၊	ဒုက္ခိသာ၊	သိတာဖြစ်လေသည်။
၁၈။	ဒုက္ခသစ္စံ၊	ဆိုသည်မှန်၊	ရုပ်နာမ်ဖြစ်လေသည်။
၁၉။	ဒုက္ခသစ္စာ၊	သိဖြင်ရာ၊	သစ္စာသိမှုသည်၊
၂၀။	တစ်ပါးသိမှု၊	လေးပါးစု၊	သိမှုပြီးလေသည်။
၂၁။	ရုပ်နာမ်တရား၊	ရှုခဲ့ထား၊	ရှုဖွားသူများသည်၊
၂၂။	ဒုက္ခသစ္စာ၊	ဝိုင်းခြားကာ၊	ကောင်းစွာသိကြမည်။
၂၃။	ဝိ, ဉာဏ်ဖြင့်သည်၊	သိမှုသည်၊	လောကီဖြစ်လေသည်။
၂၄။	မဂ်ဉာဏ်ခိုက်မှာ၊	နိရောဓာ၊	ကောင်းစွာသိဖြင်သည်။
၂၅။	နိဗ္ဗာန်သိကာ၊	လေးသစ္စာ၊	ပြီးကာသွားလေသည်။
၂၆။	မဂ်ဉာဏ်အဟုတ်၊	သိမှုထုတ်၊	လောကုတ်ဖြစ်လေသည်။
၂၇။	သိပုံသဘော၊	ဉာဏ်ဖြင့်စော၊	သဘောပေါက်ရမည်။

အရိယသစ္စာခေါ်ဆိုပုံ ပြဆိုချက် ပြီး၏။

သစ္စာလေးပါးကို သိမြင်ရမည့် သဘောများ

အရိယာတို့ သိမြင်အပ်သော သစ္စာလေးပါးတရားကို ထိုးဖောက်သိမြင်ရန် မလွယ်ကူပေ။ အကြောင်းကား သစ္စာလေးပါးတရားသည် ခက်ခဲနက်နဲသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဤသို့ ဟောကြားတော်မူထားအပ်ပေသည်။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ရဟန်းတို့ ... အရိယသစ္စာ လေးပါးတို့ကို အနုဗောဓဉာဏ် ခေါ် ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် မသိခြင်းကြောင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ခေါ် ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ သင်ရဟန်းအပေါင်းတို့သည်လည်းကောင်း ရှည်လျားလှစွာသော သံသရာကာလပတ်လုံး ပြေးသွားခဲ့ရလေပြီ။ ကျင်လည်ခဲ့ရလှလေပြီ။

(ဒီ - ၂ - ၇၇။ မြန် - ၈၈)

အထက်ပါ ဒေသနာတော်ကို ထောက်ရှုလျှင် သစ္စာလေးပါးတရားဟူသည် လွယ်လွယ်ကူကူ သိရှိရသော တရားမျိုး မဟုတ်ကြောင်း၊ ခက်ခဲနက်နဲကြောင်း ထင်ရှားလေသည်။ ခက်ခဲနက်နဲသော သစ္စာလေးပါး တရားတော်ကို ရှေးဦးစွာ အနုဗောဓညာဏ်ခေါ် ဝိပဿနာညာဏ်ဖြင့် အဖန်ဖန်သိမြင်ရန် လိုအပ်သလို ပဋိဝေဓညာဏ်ခေါ် မဂ်ညာဏ်၊ ဖိုလ်ညာဏ်ဖြင့်လည်း သိရန်လိုအပ်ပေသည်။ ဤသို့ သစ္စာလေးပါးတရားတို့ကို ဝိပဿနာညာဏ်တို့ဖြင့် အဖန်ဖန် မသိ၍ မဂ်ညာဏ်ဖြင့် ထိုးထွင်းမသိ၍ သံသရာလည်ခဲ့ရခြင်းဖြစ်ကြောင်းကို ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဤ၌ ဝိပဿနာညာဏ်ကို အနုဗောဓညာဏ်ဟု ခေါ်ရခြင်းသည် အနုဟူသည် လျော်သည်ဟူ၍လည်း အဓိပ္ပါယ်ရသည်။ အဖန်ဖန် ဟူ၍လည်း အဓိပ္ပါယ်ရသည်။ ဗောဓဟူသည် သိမြင်မှုပင်ဖြစ်သည်။ နှစ်ခုပေါင်းသော် လျော်စွာသိမြင်မှု၊ အဖန်ဖန်သိမြင်မှုဟူ၍ အဓိပ္ပါယ်ရလေသည်။ လျော်စွာသိမြင်မှုဟူသည် မဂ်ညာဏ်နှင့် လျော်စွာသိမြင်မှုဟု ဆိုလိုပေသည်။ အဖန်ဖန်သိမြင်မှုဟူသည် ဝိပဿနာညာဏ်သည် ဒုက္ခသစ္စာကို ရှုမြင်သော ညာဏ်ဖြစ်၍ ဒုက္ခသစ္စာကို အကြိမ်ကြိမ် အဖန်ဖန် ရှုမြင်သည်ဟု ဆိုလိုပေသည်။

မဂ်ညာဏ်ကို ပဋိဝေဓညာဏ်ဟု ဆိုရသည်ကား မဂ်ညာဏ်သည် နိဗ္ဗာန်ကို ထိုးဖောက်သိမြင်၍ ပဋိဝေဓညာဏ်ဟူ၍ ခေါ်ဆိုရသည်။ ပဋိ–ထိုးဖောက်၍၊ ဝေဓ – သိမြင်မှု၊ ပဋိဝေဓ – ထိုးဖောက်သိမြင်မှု။ မှန်၏။ မဂ်ညာဏ်သည် ဝိပဿနာညာဏ်ကဲ့သို့ ဝိဝိသိရမည့်အာရုံကို အကြိမ်ကြိမ်အဖန်ဖန် သိမြင်သည် မဟုတ်ပေ။ တစ်ကြိမ်သိမြင်ခြင်းဖြင့်သာ ကိလေသာပယ်သတ်မှုကိစ္စ ပြီးမြောက်ရသည်ဖြစ်၍ မဂ်ညာဏ်ကို အနုဗောဓညာဏ်ဟူ၍ မခေါ်နိုင်ဘဲ ပဋိဝေဓညာဏ်ဟူ၍ ခေါ်ရခြင်း ဖြစ်လေသည်။ ဝိပဿနာညာဏ်သည်ကား ဝိဝိသိရမည့် ဒုက္ခသစ္စာတရားများကို တစ်ကြိမ်သိရုံနှင့် ကိစ္စမပြီးပေ။ ဤသို့ ကိစ္စမပြီး၍ပင် အကြိမ်ကြိမ်အဖန်ဖန် ရှုပွားကာ အကြိမ်ကြိမ်အဖန်ဖန် သိမြင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာညာဏ်ကို ပဋိဝေဓညာဏ်ဟု မခေါ်ဘဲ အနုဗောဓညာဏ်ဟူ၍ ခေါ်ဆိုရခြင်း ဖြစ်လေသည်။

ဤသို့အားဖြင့် သစ္စာလေးပါးတရားသည် ခက်ခဲနက်နဲသောတရားဖြစ်သောကြောင့် သစ္စာလေးပါးတရားကို ကောင်းစွာသိမြင်ရန် ပရိယတ္တိအနေဖြင့် သင်ယူရန်လည်း လိုအပ်သလို ဆောင်မှတ်ရန်လည်း လိုအပ်သည်။ ပဋိပတ္တိအနေဖြင့် သုံးသပ်ရှုပွားရန်လည်း လိုအပ်ကြောင်းကို အဋ္ဌကထာတွင် ဤသို့ဖွင့်ဆိုထားလေသည်။

ဇေမသ ပုဗ္ဗဘာဂေ ဒွိသု သစ္စေသု ဥဂ္ဂဟ ပရိပုစ္ဆာသဝန ဓာရဏာ သမ္မသန ပဋိဝေဓော ဟောတိ။ နိရောဓေ အာရမ္မဏာ ပဋိဝေဓော။ တတ္ထ သမ္ဗဗ္ဗိ ပဋိဝေဓဉာဏံ လောကုတ္တရံ။ သဝန ဓာရဏာ သမ္မသန ဉာဏံ လောကိယံ ကာမာဝစရံ။ (အဘိ ၅ - ၂ - ၁၀၉)

အနက် ။ ။ ဇေ – ဤသို့လျှင်၊ အဿ – ထိုယောဂိပုဂ္ဂိုလ်၏၊ ပုဗ္ဗဘာဂေ – မဂ်မရမီ ရှေးပိုင်း၌၊ ဒွိသု – နှစ်ပါး ကုန်သော၊ သစ္စေသု – ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၌၊ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏာ သမ္မသန ပဋိဝေဓော – သင်ယူခြင်းအားဖြင့် ထိုးထွင်း၍သိခြင်း၊ အဖန်ဖန် မေးမြန်းခြင်းအားဖြင့် ထိုးထွင်း၍သိခြင်း၊ နာယူခြင်းအားဖြင့် ထိုးထွင်း၍သိခြင်း၊ ဆောင်ရွက်မှတ်သားခြင်းအားဖြင့် ထိုးထွင်း၍သိခြင်း၊ သုံးသပ်ခြင်းအားဖြင့် ထိုးထွင်း၍ သိခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဒိဿု – နှစ်ပါးကုန်သော၊ သစ္စေသု – နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့၌၊ သဝန ပဋိဝေဓေယေဝ – နာယူခြင်း၊ အားဖြင့်ဖြစ်သော ထိုးထွင်းချိသိခြင်းသည်သာ၊ ဟောတိ – ဖြစ်နိုင်၏။

နိဗ္ဗေဓေ – နိရောဓသစ္စာ၌၊ အာဝမ္မဏ ပဋိဝေဓော – အာရုံပြုသောအားဖြင့် ထိုးထွင်းချ သိခြင်းသည်၊ ဟောတိ – ဖြစ်၏။ တတ္ထ – ထိုသင်ယူခြင်း၊ မေးမြန်းခြင်း အစရှိသည်တို့တွင်၊ သဗ္ဗမ္ပိ – အလုံးစုံလည်းဖြစ်သော၊ ပဋိဝေဓဉာဏ် – ပဋိဝေဓဉာဏ်သည်၊ လောကုတ္တရာတည်း။ သဝန ဓာရဏ သမ္မသနဉာဏ် – နာယူတတ်သောဉာဏ်၊ ဆောင်ရွက်မှတ်သားတတ်သောဉာဏ်၊ သုံးသပ်တတ်သောဉာဏ်သည်၊ လောကိယ် – လောကီဖြစ်သော၊ ကာမာဝစရဉာဏ်တည်း။

အထက်ပါ အဋ္ဌကထာ၌ ဆိုလိုချက်ကား – သစ္စာလေးပါး တရားတော်ကို သင်ယူခြင်းဖြင့်လည်း သိမြင်ရမည်။ အဖန်ဖန် မေးမြန်းခြင်းဖြင့်လည်း သိမြင်ရမည်။ သုံးသပ်ခြင်းဖြင့်လည်း သိမြင်ရမည် စသည်ဖြင့် ပရိယတ်အနေဖြင့်လည်း သိမြင်ရမည်။ ပဋိပတ်အနေဖြင့်လည်း သိမြင်ရမည်။ ပဋိဝေဓအနေဖြင့်လည်း သိမြင်ရမည် – ဟူ၍ ဆိုလိုပေသည်။

နိဗ္ဗာန်ကိုကား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် သိမြင်နိုင်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသူတို့မူကား နာယူခြင်းအားဖြင့်သာ ထိုးထွင်းသိမြင်နိုင်၏။ ထိုတွင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော ပဋိဝေဓဉာဏ်သည် လောကုတ္တရာတည်း။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှတစ်ပါး ကျန်ဉာဏ်အားလုံးသည် လောကီဖြစ်သော ကာမာဝစရဉာဏ်တည်း။ ထိုကာမာဝစရဉာဏ်ဟူသည်လည်း မဟာကုသိုလ် ပဌမစိတ်၌ ရှိသော အဓေယျ ဒေါ် ဉာဏ်ပညာပင်တည်း။

ဤ၌ ဒုက္ခသစ္စာသဘောကိုသာ မူတည်ပြမည်ဖြစ်၍ အဋ္ဌကထာ ဖွင့်ဆိုချက်အရ ပရိယတ်အနေဖြင့်လည်း သိမြင်ရမည်ဟု ဆိုထားသဖြင့် ပရိယတ်သဘောအနေဖြင့် သိမြင်နိုင်ရန် ဝိဘင်းပါဠိတော်တွင် မြတ်စွာဘုရားသည် ဒုက္ခသစ္စာသဘောကို ဤသို့ ဟောကြားတော်မူထားလေသည်။

သုတ္တန္တ ဘာဇနီယနည်းဖြင့် ပြအပ်သော ဒုက္ခသစ္စာ

ဒုက္ခသစ္စာ ၁၂–ပါး ။ ။ အဘယ်သည် အရိယာ အဖြစ်သို့ ရောက်စေနိုင်သော ဒုက္ခသစ္စာ မည်သနည်း။

၁။ ဇာတိပိ ဒုက္ခာ – ပဋိသန္ဓေနေခြင်းသည်လည်း ဆင်းရဲ၏။
၂။ ဇရာပိ ဒုက္ခာ – အိုခြင်းသည်လည်း ဆင်းရဲ၏။
၃။ မရဏမ္ပိ ဒုက္ခံ – သေခြင်းသည်လည်း ဆင်းရဲ၏။
သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသာပိ ဒုက္ခာ –
၄။ စိုးရိမ်ပူဆွေးခြင်း – သောက၊
၅။ ငိုကြွေးမြည်တမ်းခြင်း – ပရိဒေဝ၊

၆။ ကိုယ်ဆင်းရဲခြင်း - ဒုက္ခ၊

၇။ စိတ်နှလုံး မသာယာခြင်း - ဒေါမနဿ၊

၈။ အလွန်အမင်း ပြင်းစွာ ပင်ပန်းပူလောင်ခြင်း - ဥပါယာသ တို့သည် ဆင်းရဲကုန်၏။

၉။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော - မချစ်မနှစ်သက်အပ်သည်တို့နှင့် အတူယှဉ်တွဲ ပေါင်းဖော်နေရခြင်း သည် ဆင်းရဲ၏။

၁၀။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော - ချစ်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။

၁၁။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ - အကြင်အလိုရှိအပ်သည်ကို မရ။ ထိုမရခြင်းသည်လည်း ဆင်းရဲ၏။

၁၂။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ - အကျဉ်းချုပ်အားဖြင့် လောဘ, ဒိဋ္ဌိဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏။

(အဘိ - ၂ - ၁၀၄။ မြန် - ၃၆၂ / ၃)

အဘိဓမ္မ ဘာဇနီယနည်းဖြင့် ပြအပ်သော ဒုက္ခသစ္စာ

ဒုက္ခသစ္စာ ၇ – ပါး ။ ။ အဘယ်သည် အရိယာ အဖြစ်သို့ ရောက်စေနိုင်သော ဒုက္ခသစ္စာ မည်သနည်း။

၁။ အဝသေသာ ဓ ကိလေသာ - တဏှာမှကြွင်းသော ကိလေသာတရား ၉-ပါးတို့သည် လည်းကောင်း၊

၂။ အဝသေသာ ဓ အကုသလာ ဓမ္မာ - ကိလေသာဆယ်ပါးတို့မှ ကြွင်းသော အကုသိုလ်တရားတို့သည် လည်း ကောင်း၊

၃။ တီဏိ ဓ ကုသလမူလာနိ သာသဝါနိ - တဏှာ, ဒိဋ္ဌိ, မောဟဟု ဆိုအပ်ကုန်သော အာသဝတရား၏ အာရုံဖြစ်ကုန် သော ကုသလမူလသုံးခုတို့သည် လည်းကောင်း၊

၄။ အဝသေသာ ဓ သာသဝါ ကုသလာ ဓမ္မာ - ကုသလမူလ သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီ ကုသိုလ်တရားတို့သည် လည်းကောင်း၊

၅။ သာသဝါ ဓ ကုသလာကုသလာနံ ဓမ္မာနံ ဝိပါကာ - အာသဝ၏ အာရုံဖြစ်သော ကုသိုလ်, အကုသိုလ်တရားတို့၏ အကျိုး ဝိပါက်တရားတို့သည်လည်းကောင်း၊

၆။ ယေ ဓ ဓမ္မာ ကိရိယာ နေဝ ကုသလာ နာကုသလာ နု ဓ ကမ္မဝိပါကာ - ကုသိုလ်, အကုသိုလ်လည်း မဟုတ်ကုန်သော၊ ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးဝိပါက်လည်း မဟုတ်ကုန်သော အကြင်ပြုကာမျှ ကိရိယာ တရားတို့သည်လည်းကောင်း၊

၇။ သမ္ဖဿ ဇူပဲ - အလုံးစုံသော ရုပ်တရားသည်လည်းကောင်း၊

ဤဒုစ္စရိုက်ကံ – ဤသို့အပ်ခဲ့ပြီးသောတရားအပေါင်းကို အရိယာအဖြစ်သို့ ရောက်စေနိုင်သော ဒုက္ခသစ္စာဟု ဆိုအပ်၏။

(အဘိ - ၂ - ၁၁၂။ မြန် - ၂၈၆)

အဘိဓမ္မာနည်းအရ ဟောကြားတော်မူအပ်သော ဒုက္ခသစ္စာတရားကား စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ဟူ၍ ရှိရာတွင် လောကုတ္တရာစိတ် ၈-ပါးမှတစ်ပါး လောကီစိတ် ၈၁-ပါးသည်လည်းကောင်း၊ တရားလောဘကြွင်သော စေတသိက် ၅၁-ပါးသည်လည်းကောင်း၊ ရုပ် ၂၈-ပါးသည်လည်းကောင်း ဒုက္ခသစ္စာမည်ပုံကို ပြဆိုခြင်း ဖြစ်လေသည်။ သုတ္တန်နည်း၌ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ အရှင့် အတူတူပင် ဖြစ်လေသည်။

သစ္စာလေးပါးကို သိမြင်ရမည့်သဘော် ဆောင်ရန်လက်မှုး

၁။	သစ္စာလေးတွဲ၊	တရားပဲ၊	ခက်ခဲနက်နဲသည်။
၂။	သစ္စာလေးတန်၊	သိရှိရန်၊	အမှန်မလွယ်ပြီ။
၃။	မြတ်စွာဘုရား၊	ရဟန်းများ၊	တရားဟောလေသည်။
၄။	သစ္စာလေးပါး၊	ခေါ် ဆိုငြား၊	တရားများကိုသည်၊
၅။	ဝိပသ်ဉာဏ်သိ၊	မဂ်ဉာဏ်သိ၊	မသိခဲ့၍သည်၊
၆။	ရှည်လျလှလေရာ၊	သံသရာ၊	လည်လာခဲ့ရသည်။
၇။	ဒုက္ခသစ္စံ၊	ဝိပသ်ဉာဏ်၊	ဖန်ဖန်သိ၍သည်၊
၈။	အနုဗောဓ၊	ဉာဏ်ဟုပ၊	ခေါ် ရသိနိုင်သည်။
၉။	နိရောဓသစ္စံ၊	မဂ္ဂဉာဏ်၊	သိဟန်သဘောသည်၊
၁၀။	ထိုးထွင်းသိရာ၊	မဂ်ဉာဏ်မှာ၊	တစ်ကြိမ်သာဖြစ်၍သည်၊
၁၁။	ပဋိဝေဓ၊	ဉာဏ်ဟုပ၊	ခေါ် ရသိနိုင်သည်။
၁၂။	ဤသို့အမှန်၊	ဝိပသ်ဉာဏ်၊	မဂ်ဉာဏ်များဖြင့်သည်၊
၁၃။	သစ္စာလေးဖြာ၊	မသိရာ၊	သံသာလည်ခဲ့သည်။
၁၄။	သစ္စာလေးတွဲ၊	တရားပဲ၊	နက်နဲသဖြင့်သည်၊
၁၅။	ပရိယတ်, ပဋိပတ်၊	ဤနှစ်ရပ်၊	ထပ်ထပ်သိရမည်။
၁၆။	ဤသို့မှန်စွာ၊	ဌာဏာ၊	ဖွင့်ကာပြထားသည်။
၁၇။	ဒုက္ခသစ္စာ၊	မူတည်ကာ၊	ဤမှာပြပေမည်။
၁၈။	သစ္စာလေးပါး၊	ဖြတ်ဘုရား၊	ဟောကြားရှာသည်၊

၁၉။ သုတ္တန်,ဘိဓမ္မာ၊ နည်းနှစ်ဖြာ၊ ဟောကာပြထားသည်။
၂၀။ သုတ္တန်နည်းမှာ၊ ဤသို့သော၊ ဖြတ်စွာဟောထားသည်။
၂၁။ သန္ဓေသည်လေ၊ နေခြင်းလေ၊ ဆင်းရဲဖြစ်လေသည်။
၂၂။ အိုခြင်းသည်လေ၊ သေခြင်းလေ၊ ဆင်းရဲဖြစ်လေသည်။
၂၃။ စိုးရိမ်ခြင်းလေ၊ ငိုခြင်းလေ၊ ဆင်းရဲဖြစ်လေသည်။
၂၄။ ကိုယ်၏ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ဆင်းရဲဖြစ်လေသည်။
၂၅။ ပြင်းထန်လွန်းပါ၊ စိတ်ပန်းလေ၊ ဆင်းရဲဖြစ်လေသည်။
၂၆။ ချစ်သူနှင့်ကွဲ၊ မုန်းသူတွဲ၊ ဆင်းရဲဖြစ်လေသည်။
၂၇။ လိုတာသည်ပဲ၊ မရလေ၊ ဆင်းရဲဖြစ်လေသည်။
၂၈။ အကျဉ်းနည်းရှိ၊ ဥဒါန်မိ၊ လောဒိများ၏သည်၊
၂၉။ အာရုံဖြစ်ရာ၊ လောကီသာ၊ ဝါးဖြာခန္ဓာသည်၊
၃၀။ ဒုက္ခသစ္စာ၊ ဖြစ်လေရာ၊ ဖြတ်စွာဟောလေသည်။
၃၁။ အဘိဓမ္မာ၊ နည်းတစ်ခါ၊ ဖြတ်စွာဟောပြန်သည်။
၃၂။ ကုတ်ကိုဖယ်ပါ၊ လောကုဉ်ပါ၊ ကျန်တာရုပ်နာမ်သည်၊
၃၃။ လောကီတရား၊ ခန္ဓာဝါး၊ ထင်ရှားဖြစ်လေသည်။
၃၄။ လောကီခန္ဓာ၊ ဒုက်သစ္စာ၊ သေချာဖြစ်လေသည်။
၃၅။ ယင်းသို့သေချာ၊ ဟောထားရာ၊ တိဓမ္မာနည်းဟာသည်၊
၃၆။ သုတ္တန်နည်းထင့်၊ ကျဉ်းချုပ်ဖြင့်၊ ထောက်ချင့်တူလေပြီ။

သစ္စာလေးပါးဖြင့် သိမြင်ရမည့် သဘောပြီး၏။

ဝိပဿနာဉာဏ်နှင့် ဒုက္ခသစ္စာ

ဒုက္ခသစ္စာ ပရိညေယျ – ဒုက္ခသစ္စာကို ပိုင်းခြားသိရမည် – ဟူသော ဒေသနာလာရှိသည့်အတိုင်း နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် စသော ဝိပဿနာဉာဏ်တို့ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိရမည် ဖြစ်သည်။ ပိုင်းခြားသိရမည့် ဒုက္ခသစ္စာကား ရုပ်, နာမ်တရားတို့ ဖြစ်လေသည်။

သုံးလူထွတ်ထား မြတ်ဘုရား ဟောကြားတော်မူထားအပ်သော သုတ္တန်နည်း၊ အဘိဓမ္မာနည်းအရ ဒုက္ခသစ္စာ ဖြစ်ထိုက်သော ရုပ်၊ နာမ်တရားများသည် လောကီစိတ် ၈၁–ပါး၊ လောဘကြွင်သော စေတသိက် ၅၁–ပါး၊ ရုပ် ၂၈–ပါးတို့ ဖြစ်လေသည်။ ယင်းရုပ်၊ နာမ် ဒုက္ခသစ္စာတရားများကို အဋ္ဌကထာ၌ 'ဒုက္ခဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခ' ဟူ၍ ထပ်ဆင့် ခွဲထားပြန်လေသည်။ ယင်းတို့မှာ –

၁။ ကာယိက စေတသိကာ ဒုက္ခဝေဒနာ သဘာဝတောစ နာမတောစ ဒုက္ခတ္တာ ဒုက္ခဒုက္ခံနာမ။

၂။ သုခဝေဒနာ ဝိပရိဏာမေန ဒုက္ခပ္ပတ္တိ တေတုတော ဝိပရိဏာမဒုက္ခံနာမ။

၃။ ဥပေက္ခာဝေဒနာစေဝ အဝသေသာစ တေဘူမကာ သင်္ခါရ ဥဒယဗ္ဗယ ဝိဒ္ဓိတတ္တာ သင်္ခါရဒုက္ခံနာမ။

(အဘိ ၄ - ၂ - ၈၈)

အနက် ။ ။ ၁။ ကာယိက စေတသိကာ ဒုက္ခဝေဒနာ – ကိုယ်၌ဖြစ်သော ဆင်းရဲကို ခံစားရခြင်း၊ စိတ်၌ ဖြစ်သော ဆင်းရဲကို ခံစားရခြင်းဟုဆိုအပ်သော ဒုက္ခဝေဒနာသည်၊ သဘာဝတောစ – သူ့ပင်ကိုယ်သဘာဝအားဖြင့်လည်းကောင်း၊ နာမတောစ – အမည်အားဖြင့်လည်းကောင်း၊ ဒုက္ခတ္တာ – ဆင်းရဲခဲကြမ်း၏ အဖြစ်ကြောင့်၊ ဒုက္ခဒုက္ခံနာမ – ဒုက္ခဒုက္ခမည်လေ၏။

၂။ သုခဝေဒနာ – ကိုယ်၌ဖြစ်သော ချမ်းသာ၊ စိတ်၌ဖြစ်သော ချမ်းသာကို ခံစားရခြင်းဟုဆိုအပ်သော သုခဝေဒနာသည်၊ ဝိပရိဏာမေန – ဖောက်ပြန်ခြင်းကြောင့်၊ ဒုက္ခပ္ပတ္တိ ဟေတုတော – ဒုက္ခဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်၊ ဝိပရိဏာမဒုက္ခံနာမ – ဝိပရိဏာမဒုက္ခမည်၏။

၃။ ဥပေက္ခာ ဝေဒနာ စေဝ – လောကီ ဥပေက္ခာ ဝေဒနာသည်လည်းကောင်း၊ အဝသေသာ – ဥပေက္ခာဝေဒနာမှ ကြွင်းကုန်သော၊ တေဘူမကာ – ဘုံသုံးပါး၌ဖြစ်ကုန်သော၊ သင်္ခါရာ – လောကီသင်္ခါရတို့သည်လည်းကောင်း၊ ဥဒယဗ္ဗယ ဝိဒ္ဓိတတ္တာ – အဖြစ်အပျက်သည် နှိပ်စက်တတ်သည်၏ အဖြစ်ကြောင့်၊ သင်္ခါရ ဒုက္ခံနာမ – သင်္ခါရဒုက္ခမည်ကုန်၏။

အထက်ပါ အဋ္ဌကထာဖော်ပြချက် သဘောအရ ခန္ဓာကိုယ်၌ ဖျားနာခြင်း၊ အနာပေါက်ခြင်း၊ ဆူးစူးခြင်း စသော ကိုယ်၌ဖြစ်သော ကိုယ်ဆင်းရဲများသည်လည်းကောင်း၊ ဆွမျိုးပျက်စီး၍, စီးပွားပျက်စီး၍ စသည်ဖြင့် သောကမီး ပရိဒေဝမီးတောက်ကာ စိတ်၌ဖြစ်သော စိတ်ဆင်းရဲခြင်းများသည်လည်းကောင်း သူ့ပင်ကိုယ်သဘာဝ

အားဖြင့်လည်း ဆင်းရဲ၏။ အမည်အားဖြင့်လည်း ဆင်းရဲဖြစ်၏။ ထို့ကြောင့် ယင်းဒုက္ခဝေဒနာတို့ကို ဒုက္ခဒုက္ခဟူ၍ ခေါ်ရလေသည်။

ခန္ဓာကိုယ်၌ ကျန်းမာရေး ကောင်းမွန်နေခြင်းကြောင့်လည်းကောင်း၊ အထိအတွေ့ ကောင်းကောင်းတွေ့နှင့် ထိတွေ့ရခြင်းကြောင့်လည်းကောင်း စသည်ဖြင့် ကိုယ်၌ဖြစ်သော ကိုယ်ချမ်းသာများသည်လည်းကောင်း၊ ဆွမျိုး အသိုင်းအဝိုင်း ပြည့်စုံ၍၊ စီးပွားဥစ္စာ ပြည့်စုံ၍ စသည်ဖြင့် စိတ်၌ဖြစ်သော စိတ်ချမ်းသာမှုများသည်လည်းကောင်း ထိုအတိုင်း အပြဲတည်နေမည် မဟုတ်ပေ။ ဖောက်လွဲဖောက်ပြန် ပျက်စီးတတ်သော သဘောရှိလေသည်။ ဤသို့ ချမ်းသာကို ခံစားနေရသော သုခဝေဒနာသည်လည်း ဖောက်ပြန်မှု သဘောရှိတတ်ရကား ယင်းသုခဝေဒနာကိုပင် ဝိပရိဏာမဒုက္ခ ဟူ၍ ခေါ်ဆိုလေသည်။

ထိုဒုက္ခဝေဒနာ၊ သုခဝေဒနာများမှတစ်ပါး ကျန်သော လောကီရုပ်, နာမ်တရားများသည် ဖြစ်ခြင်း၊ ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ထိုရုပ်နာမ်တရားများကို သင်္ခါရဒုက္ခ ဟူ၍ ခေါ်ဆိုရလေသည်။

ထိုသို့ ဒုက္ခသစ္စာအရဖြစ်သော လောကီရုပ်နာမ်တရားတို့၌ ဝိပဿနာရူပွားရာတွင် ဒုက္ခဒုက္ခကို မူတည်၍ ရူရမည်လော။ ဝိပရိဏာမဒုက္ခကို မူတည်၍ ရူရမည်လော။ သင်္ခါရဒုက္ခကို မူတည်၍ ရူရမည်လော ? ဟူ၍ မေးစရာ ရှိလေသည်။

ဒုက္ခဒုက္ခကို မူတည်၍ ရူရမည်ဆိုလျှင် ဒုက္ခဒုက္ခက အမြဲရှိမနေပေ။ သို့ဖြစ်၍ ဒုက္ခဒုက္ခကို စောင့်၍ရူရမည်ကဲ့သို့ ဖြစ်နေလေသည်။ ထို့အတူ ဝိပရိဏာမဒုက္ခကို မူတည်ရူရအောင်လည်း ဝိပရိဏာမဒုက္ခက အမြဲရှိမနေသည့်အတွက် စောင့်၍ရူရမည်ကဲ့သို့ ဖြစ်နေပြန်သည်။ စောင့်၍ရူရမည်ဆိုလျှင် စောင့်နေတုန်း ရုတ်တရက် သေသွားလျှင် ဘယ်လိုလုပ်မည်နည်း – ဟူသော အချက်က ရှိနေလေသည်။

ဖြစ်ပျက်အချက်ဖြင့် အမြဲနှိပ်စက်ခံရသော သင်္ခါရဒုက္ခသည်ကား ရုပ်မှ နာမ်မှ ရှိနေသေးလို့ရှိရင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်သည်အထိ အမြဲမပြတ် ရှိနေလေသည်။ သို့ဖြစ်၍ အမြဲမပြတ် ရှိနေသော သင်္ခါရဒုက္ခကိုသာ မူတည်ထား၍ ဝိပဿနာ ရူပွားကြရမည် ဖြစ်ပေသည်။

သင်္ခါရဒုက္ခကို မူတည်ရူပွားရမည်ဆိုပါက အဘယ်သင်္ခါရဒုက္ခကို မူတည်ရူပွားရမည်နည်း? ဟု မေးစရာ ရှိနေပြန်သည်။ ဒုက္ခဝေဒနာ ခန္ဓာ ၅ ပါးမှ အမြဲပင် ထွက်လိုက်၊ ဝင်လိုက် ဖြစ်နေကြသော မြင်သိစိတ်၊ ကြားသိစိတ် စသည်များလည်း သင်္ခါရဒုက္ခ ဖြစ်လေသည်။ စက္ခုပသာဒ၊ သောတပသာဒ စသော ဒွါရရုပ်များသည်လည်း သင်္ခါရဒုက္ခ ဖြစ်လေသည်။ ကြံသိစိတ်၊ တွေးသိစိတ် စသော မနောဝိညာဏ်စိတ်များသည်လည်း သင်္ခါရဒုက္ခများပင် ဖြစ်လေသည်။ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် စသည်များလည်း သင်္ခါရဒုက္ခပင် ဖြစ်လေသည်။ ပထဝီဓာတ် စသော ဓာတ်ကြီးလေးပါးတို့သည်လည်း သင်္ခါရဒုက္ခပင် ဖြစ်လေသည်။ ယင်းသို့ သင်္ခါရဒုက္ခတွေ မြောက်များစွာရှိသည့်အနက်က သတိပဋ္ဌာန်ရူပွားနည်းစနစ်ဖြင့် မိမိနှင့် သင့်လျော်ရာ သင်္ခါရဒုက္ခကို မူတည်ရူပွားနိုင်ကြပေသည်။

ဓာတ်ကြီးလေးပါး သင်္ခါရဒုက္ခကို မူတည်ရူလိုလျှင်လည်း ကာယာနုပဿနာ သတိပဋ္ဌာန်စနစ်အရ ရူပွားနိုင်လေသည်။ မိမိတို့ ခန္ဓာကိုယ်၌ ထိတွေ့လို့ အချိန်မရွေး သိနိုင်သော မာမှုသဘော ပထဝီဓာတ်သည်လည်း ရှိနေလေသည်။ ပူမှု, အေးမှုဟူသော တေဇောဓာတ်သည်လည်း ရှိနေလေသည်။ တွန်းမှု, ရွေ့မှု, လှုပ်မှု,

ပေးထောက်ကန်မှု ဟူသော ဝါယောဓာတ်သည်လည်း ရှိနေလေသည်။ ဤဓာတ်သုံးပါးတွင် တစ်ပါးပါးကို မူတည်ရှိနိုင်လေသည်။ ဤသို့ ရှုခြင်းဖြင့် မိမိတို့၏ ပါရမီအလျောက် သတိအား၊ သမာဓိအား၊ ပညာအားအလျောက် ဝိပဿနာဉာဏ်စဉ်တွေ ဖြစ်ပေါ်ကာ လောကုတ္တရာဖြစ်သော မဂ်ဖိုလ်ဉာဏ်အထိလည်း လှမ်းတက်နိုင်ကြပေသည်။

ဤ၌ မဟာကုသိုလ် ပဌမစိတ်၌ရှိသော သတိ၊ သမာဓိ၊ ပညာ၊ ဝိရိယ၊ ဝိတက်ဟုဆိုအပ်သော စေတသိက်များသည် လောကီမဂ္ဂသစ္စာတရား၌ 'သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါယာမ' အမည်များဖြင့် ဝိပဿနာရှုဉာဏ်တရား၌ ပါဝင်ကြသည်ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်၏ အရေးပါပုံသဘောကိုလည်း သိမြင်နိုင်ကြပေသည်။

ဝိပဿနာဉာဏ်နှင့် ဒုက္ခသစ္စာ၌ ဆောင်ရန်လက်ိများ

၁။	ဝိပဿနာဉာဏ်၊	အရှုခံ၊	ဒုက္ခဖြစ်လေသည်။
၂။	ယင်းသည့်ဒုက္ခံ၊	လောကီမှန်၊	ရုပ်နာမ်ဖြစ်ပြန်သည်။
၃။	ဒုက္ခသစ္စံ၊	အရဟန်၊	ရုပ်နာမ်များကိုသည်၊
၄။	ဝိဘင်းအဋ္ဌကထာ၊	ကျမ်းဌီကာ၊	သုံးဖွာခွဲထားသည်။
၅။	ဒုက္ခဒုက္ခ၊	ဂိဏာဓမ၊	သခ်ၤါရဖြစ်လေသည်။
၆။	ဝေဒနာဒုက္ခ၊	စိတ်ဒုက္ခ၊	ဒုက္ခများမှာသည်၊
၇။	ပင်ကိုယ်ဖြင့်ရော၊	အမည်ရော၊	ဒုက္ခာဖြစ်၍သည်၊
၈။	ဒုက္ခဒုက္ခ၊	ဟူ၍ပ၊	နာမပြုရသည်။
၉။	ကာယချမ်းသာ၊	စိတ်ချမ်းသာ၊	ချမ်းသာများမှာသည်၊
၁၀။	ဖောက်ပြန်အတိ၊	ရောက်တတ်ဘိ၊	ဝိပရိဏာမ ပြုန်သည်။
၁၁။	ယင်းသည့်ဒုက္ခာ၊	ယင်းသုခါ၊	ဖယ်ခွါထား၍သည်၊
၁၂။	လောကီဖြစ်ဟန်၊	ကျန်ခဓံ၊	ရုပ်နာမ်များတို့သည်၊
၁၃။	ဖြစ်ပျက်နှစ်ချက်၊	အမြဲစွက်၊	နှိပ်စက်နေ၍သည်၊
၁၄။	သခ်ၤါရဒုက္ခ၊	ဟူ၍ပ၊	ခေါ် ရပြန်လေသည်။
၁၅။	ဒုက္ခသုံးဝ၊	ရှိနေရ၊	ဘယ်ဒုက္ခကိုသည်၊
၁၆။	ဝိပဿနံ၊	အရှုခံ၊	ထားဟန်ရှုရမည်။
၁၇။	ဒု,သုကိုများ၊	ရှုခံထား၊	ရှုပွားရလျှင်သည်၊
၁၈။	ဒုတွေဖြစ်အောင်၊	သုဖြစ်အောင်၊	စောင့်တောင်နေရမည်။
၁၉။	စောင့်နေရင်းကို၊	သေမည်ကို၊	ဘယ်လိုလုပ်ကြမည်။

၂၀။ ခန္ဓာငါးဖြာ၊ လူ့ကိုယ်မှာ၊ သခ်ၤဒုက္ခသည်၊
၂၁။ အမြဲနိစ္စာ၊ ရှိ၍ထာ၊ သခ်ၤရှသင့်သည်။
၂၂။ သခ်ၤဒုတ္ထာ၊ မြောက်များစွာ၊ ရှိကာနေ၍ထည်၊
၂၃။ အဘယ်သခ်ၤ၊ တယ်သို့ထာ၊ ရှုကာနေရမည်။
၂၄။ ဓာတ်ကြိုးလေးပါး၊ သခ်ၤအား၊ ရှုပွားနိုင်ကြသည်။
၂၅။ မိမိကိုယ်မှာ၊ ဓာ,ပူတာ၊ တွန်းတာရှိနေသည်။
၂၆။ အမြဲရှိကြား၊ ဓာတ်ခေါ်ကြား၊ တရားများကိုထည်၊
၂၇။ တာယာနုပဿနာ၊ နည်းဖြင့်သာ၊ ကောင်းစွာရှုနိုင်ထည်။
၂၈။ အမြဲမပြတ်၊ အထပ်ထပ်၊ ရှုတတ်ကြလျှင်ထည်၊
၂၉။ ပါရမီအလျှောက်၊ ဝိ,ညာဏ်ရောက်၊ မဂ်ရောက်သိနိုင်ထည်။
၃၀။ သမ္မာဒိဋ္ဌိ၊ အစရှိ၊ ရှုတိဝိ,ညာဏ်သည်၊
၃၁။ ပကုစိတ်ထဲ၊ ယှဉ်ကြဟန်၊ ရှုညာဏ်ဖြစ်လေသည်။
၃၂။ ပကုစိတ်ဟာ၊ အလွန်သာ၊ ရေးပါသိနိုင်ထည်။

ဝိပဿနာညာဏ်နှင့် ဒုက္ခသစ္စာ ပြီး၏။

၄။ ပကုစိတ်ကို သစ္စဝိဘင်းဖြင့် ဝေဖန်ချက် ပြီး၏။

၅။ ပကိစ်္ဏကို ဣန္ဒြိယဝိဘင်းဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၅။ ဣန္ဒြိယဝိဘင်း ။ ။ ဤဣန္ဒြိယဝိဘင်းဌ သုတ္တန္တဘာဇနီယနည်း မဟိဘဲ အဘိဓမ္မဘာဇနီယနည်း၊ ပဉ္စာပုဒ္ဆကနည်း ဟူ၍ ၂-နည်းဖြင့် ဝေဖန်ပြသည်။ ဣန္ဒြိယ-ဟူသည် အစိုးရခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ အဘယ်ကို အစိုးရသနည်းဟူမူ ရုပ်နာမ်တို့ကို အစိုးရလေသည်။ ယင်းဣန္ဒြေတို့မှာ ၂၂-ပါး ရှိလေသည်။ ယင်းတို့မှာ -

၁။ စက္ခုပသာဒ	= စက္ခုန္ဒြေ	= မြင်မှုဌ အစိုးရမှု၊
၂။ သောတပသာဒ	= သောတိန္ဒြေ	= ကြားမှုဌ အစိုးရမှု၊
၃။ ဃာနပသာဒ	= ဃာနိန္ဒြေ	= နံမှုဌ အစိုးရမှု၊
၄။ ဇိဝှါပသာဒ	= ဇိဝှိန္ဒြေ	= လျက်မှုဌအစိုးရမှု၊
၅။ ကာယပသာဒ	= ကာယိန္ဒြေ	= ထိမှုဌ အစိုးရမှု၊
၆။ စိတ် ၈၉-ပါး	= မနိန္ဒြေ	= သိမှုဌ အစိုးရမှု၊
၇။ ဣတ္ထိဘာဝရုပ်	= ဣတ္ထိန္ဒြေ	= မိန်းမဖြစ်ကြောင်းဌ အစိုးရမှု၊
၈။ ပုမ္ဘာဝရုပ်	= ပုရိသိန္ဒြေ	= ယောကျ်ားဖြစ်ကြောင်းဌ အစိုးရမှု၊
၉။ ဇီဝိတရုပ်, နာမ်ဇီဝိတ	= ဇီဝိတိန္ဒြေ	= ရုပ်နာမ်နှစ်ပါး အသက်ရှင်မှုဌ အစိုးရမှု၊
၁၀။ သုခဝေဒနာ	= သုခိန္ဒြေ	= ကိုယ်ချမ်းသာ ခံစားမှုဌ အစိုးရမှု၊
၁၁။ ဒုက္ခဝေဒနာ	= ဒုက္ခိန္ဒြေ	= ကိုယ်ဆင်းရဲ ခံစားမှုဌ အစိုးရမှု၊
၁၂။ သောမနဿ ဝေဒနာ	= သောမနဿိန္ဒြေ	= စိတ်ချမ်းသာမှုဌ အစိုးရမှု၊
၁၃။ ဒေါမနဿ ဝေဒနာ	= ဒေါမနဿိန္ဒြေ	= စိတ်ဆင်းရဲမှုဌ အစိုးရမှု၊
၁၄။ ဥပေက္ခာ ဝေဒနာ	= ဥပေက္ခိန္ဒြေ	= ဆင်းရဲချမ်းသာမဟုတ် ခံစားမှုဌ အစိုးရမှု၊
၁၅။ သဒ္ဓါ စေတသိက်	= သဒ္ဓိန္ဒြေ	= ယုံကြည်မှုဌ အစိုးရမှု၊
၁၆။ ဝီရိယ စေတသိက်	= ဝီရိယိန္ဒြေ	= ကြိုးစားမှုဌ အစိုးရမှု၊
၁၇။ သတိ စေတသိက်	= သတိန္ဒြေ	= အောက်မေ့မှုဌ အစိုးရမှု၊
၁၈။ ဧကဂ္ဂတာ စေတသိက်	= သမာဓိန္ဒြေ	= တည်ကြည်မှုဌ အစိုးရမှု၊
၁၉။ လောကိယာ စေတသိက်	= ပညိန္ဒြေ	= ခွဲခြားဝေဖန်၍ သိမှုဌ အစိုးရမှု၊
၂၀။ သောတာပတ္တိမဂ္ဂ ပညာ	= အနညာတညဿာမီတိန္ဒြေ	= မသိဖူးသေးသော သစ္စာတရားကို သိမှုဌ အစိုးရမှု၊
၂၁။ အလယိလောကုတ္တရာ ပညာ ၆-ပါး	= အညိန္ဒြေ	= သိပြီးသော သစ္စာတရားတို့ကို ထပ်၍သိမှုဌ အစိုးရမှု၊

၂၂။ အရဟတ္တဖိုလ်ဝင်္ကာ = အဉ္ဉတာဝိန္ဒြေ = ရဟန္တာပုဂ္ဂိုလ်၏ သစ္စာတရားကို သိမှု၌ အစိုးရမှု၊ ကျိသည်တို့တည်း။

(အဘိ - ၂ - ၁၂၈။ မြန် ၃ အုပ် - ၂)

ထိုကွန်ဒြေ ၂၂-ပါးတို့တွင် မဟာကုသိုလ် ပဌမစိတ်သည် မနိန္ဒြေအရှည် ပါဝင်လေ၏။ မနိန္ဒြေဟူသည် သိမှုစိတ်၌ အစိုးရခြင်းဖြစ်၍ မနိန္ဒြေဖြစ်ရန် အလွန်လိုအပ်လှပေ၏။ စောင့်ရှောက်ရန် ခဲယဉ်းသော စိတ်ကို စောင့်ရှောက်နိုင်ရန်သည် မလွယ်ကူလှပေ။ ထိုတွင် မဟာကုသိုလ် ပဌမစိတ်သည် ကုသိုလ်စိတ်ဖြစ်၍ ကုသိုလ်စိတ်ကို စောင့်ရှောက်နိုင်ရန်အတွက်ကား ပို၍ပင် အရေးကြီးပေ၏။ သို့ဖြစ်၍ ကုသိုလ်စိတ်ကို စောင့်ရှောက်၍ မင်္ဂိုလ်အထိ တက်လှမ်းသင့်ကြပေကုန်၏။

စိတ်ကပြန်ဆောင့်ပုံ ။ ။ ကျိ၌ စိတ်၏သဘာဝကို သိသင့်သေး၏။ ပုထုဇဉ်လူသား တို့၌ မနိန္ဒြေအရ အကုသိုလ်စိတ်ကို အစိုးရခြင်း၊ ကုသိုလ်စိတ်ကို အစိုးရခြင်းဟူ၍ ရှိရာတွင် –

ပါပသို့ ရမတိ မနော – အရ စိတ်သည် အကုသိုလ်ဘက်၌ ပျော်မွေ့တတ်သော သဘောရှိရကား ဒုက္ခပေးမည့် အကုသိုလ်ဘက်၌ ပျော်မွေ့ခြင်းကိုကား ပယ်ရှားရမည်ဖြစ်၏။ ချမ်းသာကို ပေးစွမ်းနိုင်သော ကုသိုလ်စိတ်ကိုသာ စောင့်ရှောက်သင့်ကြပေ၏။

ဘုရားရှင်လက်ထက်က သူဌေးသားတစ်ဦးသည် ဆင်းရဲဒုက္ခမှ လွတ်လိုသဖြင့် မထေရ်ကြီးတို့ထံမှ ဆုံးမစကားကို ခံယူ၍ ရှေးဦးစွာ ဒါနကောင်းမှုကို ပြု၏။ ထို့နောက် တစ်ဆင့်တက်၍ သရဏဂုံသုံးပါးနှင့်တကွ ၎းပါးသီလတို့ကို ခံယူ၏။ ထို့နောက် တစ်ဆင့်တက်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလဟူသော ဥပုသ်သီလတို့ကို ခံယူပြန်၏။ ကျိသို့ အစဉ်အားဖြင့် တစ်ဆင့်တစ်ဆင့်တက်၍ ကုသိုလ်ကောင်းမှုကို ပြုလုပ်သောကြောင့် ထိုသူဌေးသားကို အနုပုဗ္ဗကသူဌေးသားဟူ၍ ခေါ်ဆိုကြကုန်၏။

ထို့နောက် အနုပုဗ္ဗကသူဌေးသားသည် ထိုမျှနှင့် အားမရနိုင်ဘဲ ရဟန်းပြုပြန်လေ၏။ ရဟန်းဘဝသို့ ရောက်သောအခါ အဘိဓမ္မာဆောင်ဆရာက '**စိတ်ကို ကျိသို့မထားအပ်။ ကျိသို့ထားလျှင် အကုသိုလ်ဖြစ်၏။ စိတ်ကို ကျိသို့ထားအပ်၏။ ကျိသို့ထားလျှင် ကုသိုလ်ဖြစ်၏**' စသည်ဖြင့် အဘိဓမ္မာတရားဖြင့် ဆုံးမ၏။ ဝိနည်းဓိရ်ဆရာက '**ကျိသို့မနေအပ်။ ကျိသို့ မပြုအပ်။ ကျိသို့ မသွားအပ်။ ကျိသို့ နေလျှင်၊ ကျိသို့ ပြောလျှင်၊ ကျိသို့ သွားလျှင် အာပတ်သင့်၏။ ကျိသို့ နေအပ်၏။ ကျိသို့ ပြုအပ်၏။ ကျိသို့ သွားအပ်၏။ ကျိသို့ နေလျှင်၊ ကျိသို့ ပြုလျှင်၊ ကျိသို့ သွားလျှင် အာပတ်မသင့်**' စသည်ဖြင့် ဆုံးမပြန်၏။

ထိုအခါ အနုပုဗ္ဗက ရဟန်းသည် '**ကျိရဟန်းအပြစ်ကား အလွန်ဝန်လေးလေစွတကား...။ ဆင်းရဲမှ လွတ်လို၍ ရဟန်းပြု၏။ ကျိသာသနာတော်၌ လက်ဆန့်စရာ အရပ်ပင် မရှိချေတကား... လူထွက်၍ လူဘဝဖြင့်ပင် ကုသိုလ် ကောင်းမှုတို့ကို ပြုတော့အံ့**' ဟူ၍ အကြံဖြစ်လေ၏။

ထိုအနုပုဗ္ဗက ရဟန်းသည် ထိုအခါမှစ၍ သာသနာတော်၌ ရဟန်းဘဝဖြင့် မပျော်ပိုက်သည်ဖြစ်၍ တပိန်ပိန်တလိန်လိန်ဖြစ်ကာ စာကိုလည်း မသင်ယူနိုင်၊ တရားကိုလည်း အားထုတ်မှု မပြုနိုင်တော့ဘဲ ပျင်းရိခြင်း နှိပ်စက်သည်ဖြစ်ရကား လူမှာလည်း ပိန်ချုံး၍ လာလေ၏။ ပွေးနာ၊ ဝဲနာတို့လည်း ဖြစ်ပွားလာလေ၏။

နောက်ဆုံးတွင် ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ ထိုအနုပုဗ္ဗကရဟန်းကို မြတ်စွာဘုရားသည် 'ရဟန်း...သင်သည် စိတ်တစ်ခုကိုကား စောင့်နိုင်အံ့လော' ဟု မေးတော်မူလေလျှင် 'စောင့်နိုင်ပါသည်' ဟူ၍ ပြောလေ၏။ 'ရဟန်း...သင်သည်ဆင်းရဲမှ လွတ်လိုလျှင် စိတ်တစ်ခုကိုသာ စောင့်လေလော့' ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ထိုအနုပုဗ္ဗက ရဟန်းကို အောက်ပါဂါထာကို ဟောကြားတော်မူလေ၏။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမ နိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓာဝိ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဘိက္ခု – ရဟန်း၊ သုဒုဒ္ဒသံ – အလွန်မြင်နိုင်ခဲသော၊ သုနိပုဏံ – အလွန်သိမ်မွေ့သော သဘောရှိသော၊ ယတ္ထကာမ နိပါတိနော – အကြင်အလိုရှိရာ အာရုံ၌ ကျလေ့သဘောရှိသော၊ စိတ္တံ – စိတ်ကို၊ မေဓာဝီ – ကြောင်းကျိုးမြင်သိ ပညာရှိသည်၊ ရက္ခေထ – စောင့်ရှောက်ရာ၏။ ဂုတ္တံ – အကုသိုလ်ကိလေသာတွေ ဝင်မလာအောင် စောင့်ရှောက်အပ်သော၊ စိတ္တံ – စိတ်သည်၊ သုခါဝဟံ – လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်ပေးနိုင်ပေ၏။

ဤတရားအဆုံး၌ အနုပုဗ္ဗကရဟန်းသည် သောတာပန် ဖြစ်လေ၏။

(ဓမ္မ ၄ - ၁ - ၁၈၉ / ၁၉၁)

အထက်ပါ ဒေသနာတော် သဘောအရ ပိပိစိတ်ကို မဟာကုသိုလ် ပဌမစိတ်ဖြစ်အောင် စောင့်ရှောက်ပါ။ ထိန်းသိမ်းပါ။ ကုသိုလ်စိတ်ကို တိုးပွားစေပါ။ ဤသို့ စိတ်ကို စောင့်ရှောက်နိုင်လျှင် ထိုစောင့်ရှောက်အပ်သော စိတ်ကလည်း လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာရအောင် စောင့်ရှောက်ပေးမည်၊ ဆောင်ရွက်ပေးမည် ဖြစ်လေသည်။

၅။ ပကတိစိတ်ကို မနိုင်နှိမ်ဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	နှစ်ဆယ့်နှစ်ပါး၊	ကုန်ခြွေများ၊	ဘုရားဟောထားသည်၊
၂။	ပကတိစိတ်အင်၊	မနိုတွင်၊	ဖါဝင်နေလေသည်။
၃။	ရုပ်နာမ်ဓမ္မ၊	အစိုးရ၊	ကုန်ခြွေယခေါ် ရသည်။
၄။	ကုစိတ်ကိုပ၊	အစိုးရ၊	မနဖြစ်လေသည်။
၅။	ကုစိတ်စောင့်ရေး၊	ဦးစားပေး၊	အရေးကြီးလှသည်။
၆။	စိတ်သဘာဝ၊	လေ့လာကြ၊	ဖါဟပျော်မွေ့သည်။
၇။	ဖါဟစိတ်ကား၊	ဒုက္ခများ၊	ရှောင်ရှားသင့်ကြသည်။
၈။	ချမ်းသာပေးငြား၊	ကုစိတ်အား၊	စောင့်ထားကြရမည်။
၉။	လက်ထက်တော်က၊	နုပုဗ္ဗ၊	ခေါ် ရမျိုးသားသည်၊

၁၀။ ဆင်းရဲဒုက္ခာ၊ လွတ်လိုရာ၊ ဦးစွာလျှဒါန်းသည်။
၁၁။ ထိုမှတစ်ဖို၊ သဏှဝုံ၊ ယူတုံပြုလေသည်။
၁၂။ ထိုနောက်တစ်ခါ၊ ဝါးသီလော၊ ထပ်ကာစောင့်ပြန်သည်။
၁၃။ ထိုမှတစ်လွှား၊ ဥပုသ်များ၊ စောင့်ကြားပြုပြန်သည်။
၁၄။ ဒါ,သိပြုခန်း၊ အားမရန်း၊ ရဟန်းပြုပြန်သည်။
၁၅။ ရဟန်းပြုရာ၊ စိတ်တွေဟာ၊ လွန်စွာကျဉ်းကြပ်သည်။
၁၆။ ဝိနည်းတစ်ကြာ၊ သိမှာ၊ လွန်စွာများလှသည်။
၁၇။ ပညတ်ချက်များ၊ များလွန်းကြား၊ စိတ်ကားမပျော်ပြီ။
၁၈။ လူထွက်ဖို့သာ၊ အခါခါ၊ ကြံကာနေတော့သည်။
၁၉။ ထွက်ဖို့မရဲ၊ အပျင်းကဲ၊ လူလဲဖိန်လာသည်။
၂၀။ ပွေးနာ,ယားနာ၊ ကိုယ်ခန္ဓာ၊ ဖြစ်ကာလာစလေသည်။
၂၁။ ဤပြဿနာ၊ နောက်ဆုံးမှာ၊ မြတ်စွာရောက်လေပြီ။
၂၂။ စိတ်တစ်ခုအား၊ စောင့်ခိုင်လား၊ ဘုရားမေးလေပြီ။
၂၃။ စိတ်တစ်ခုကား၊ စောင့်ခိုင်ငြား၊ ဖြေကြားပြုလေပြီ။
၂၄။ မြတ်စွာဘုရား၊ ရဟန်းအား၊ တရားဟောလေပြီ။
၂၅။ စိတ်တိုပင်လျှင်၊ မြင်ဖို့အင်၊ လွန်ပင်ခဲယဉ်းသည်။
၂၆။ သိမ်မွေ့လှလို့၊ နုးညံ့လို့၊ သိဖို့မလွယ်ပြီ။
၂၇။ ကျလိုရာအရပ်၊ ဤစိတ်ဓာတ်၊ ကျတတ်ပါလေသည်။
၂၈။ ကုစိတ်ကိုသာ၊ လုံခြုံစွာ၊ စောင့်ကာထားရမည်။
၂၉။ ကုစိတ်စောင့်က၊ ကုစိတ်က၊ သုခဖေးဖေမည်။
၃၀။ တရားဆုံးမှာ၊ နုပျော့၊ သောတာဖြစ်လေပြီ။
၃၁။ ဤဒေသနာ၊ ထောက်ရှုကာ၊ များစွာလူတို့သည်၊
၃၂။ အကုစိတ်ဖျောက်၊ ကုစိတ်ရောက်၊ စောင့်ရှောက်ကြရမည်။

ပကုစိတ်ကို မနိန္ဒြေဖြင့် ဝေဖန်ခြင်း ပြီး၏။

ကုန္တြိယဝိဘင်းဖြင့် ဖော်ပြချက် ရပ်နားပြီ။

၆။ ပကတ္တိကို ပဋိစ္စသမုပ္ပါဒ်ဝိဘင်းဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၄။ ပဋိစ္စသမုပ္ပါဒ် ။ ။ ပဋိစ္စသမုပ္ပါဒ်ဟူသည် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံကို ပြဆိုသော သဘောတည်း။ ဤပဋိစ္စသမုပ္ပါဒ်၌ အကြောင်းအကျိုးဖြစ်ပုံ အင်္ဂါ ၁၂-ပါး ရှိ၏။ ယင်းတို့မှာ -

သုတ္တန်နည်း ပဋိစ္စသမုပ္ပါဒ်

၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ - သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာဟူသော အကြောင်းကြောင့် ပြုပြင်စီရင်မှု သင်္ခါရတို့ ဖြစ်ကုန်၏။

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ - ပြုပြင်စီရင်မှု သင်္ခါရဟူသော အကြောင်းကြောင့် သိမှုဝိညာဏ်သည် ဖြစ်၏။

၃။ ဝိညာဏ ပစ္စယာ နာမရူပံ - သိမှုဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏။

၄။ နာမရူပ ပစ္စယာ သဠာယတနံ - နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတန ခြောက်ပါးသည် ဖြစ်၏။

၅။ သဠာယတန ပစ္စယာ ဖဿော - အာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်၏။

၆။ ဖဿ ပစ္စယာ ဝေဒနာ - တွေ့ထိမှု ဖဿဟူသော အကြောင်းကြောင့် ခံစားမှု ဝေဒနာသည် ဖြစ်၏။

၇။ ဝေဒနာ ပစ္စယာ တဏှာ - ခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာသည် ဖြစ်၏။

၈။ တဏှာ ပစ္စယာ ဥပါဒါနံ - တပ်မက်မှု တဏှာဟူသော အကြောင်းကြောင့် စွဲလမ်းမှု ဥပါဒါန်သည် ဖြစ်၏။

၉။ ဥပါဒါန ပစ္စယာ ဘဝေါ - စွဲလမ်းမှု ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏။

၁၀။ ဘဝ ပစ္စယာ ဇာတိ - ဘဝဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိသည် ဖြစ်၏။

၁၁။ ဇာတိ ပစ္စယာ ဇရာမရဏံ - ပဋိသန္ဓေနေမှု ဇာတိကြောင့် အိုမှု ဇရာ၊ သေမှု မရဏသည် ဖြစ်၏။

၁၂။ ဇရာမရဏံ ဟူသော အကြောင်းကြောင့် - သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ - စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှု ဒေါမနဿ, ပြင်းစွာပင်ပန်းမှု ဥပါယာသ တို့သည် ဖြစ်ကုန်၏။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ - ဤနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုသက်သက် ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။

(အဘိ - ၂ - ၁၄၂။ မြန် ၃ - ၂၄)

အဝိဇ္ဇာ နှင့် သင်္ခါရတို့၏ အဓိပ္ပါယ်များ

အဝိဇ္ဇာမည်ပုံ ။ ။ ဤပဋိစ္စသမုပ္ပါဒ်၌ မဟာကုသိုလ် ပဌမစိတ်သည် အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရအရတွင် ပါဝင်နေ၏။ ဤသို့ အဝိဇ္ဇာနှင့် သင်္ခါရ ဆက်သွယ်မှုရှိရကား၊ အဝိဇ္ဇာဖြစ်ပုံ၊ သင်္ခါရဖြစ်ပုံ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို ကျကျနန သိရှိရန် လိုအပ်ပေ၏။ အဝိဇ္ဇာမည်ပုံကို ပါဠိတော်၌ ဤသို့ ဟော်ပြထားလေ၏။

တတ္ထ ကတမာ အဝိဇ္ဇာ။ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခ နိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ။

ထိုအဂို ၁၂-ပါးတို့တွင် အဘယ်သည် အဝိဇ္ဇာ မည်သနည်း။ ဒုက္ခသစ္စာ၌ မသိခြင်းသည် အဝိဇ္ဇာ မည်၏။ ဒုက္ခ၏အကြောင်း သမုဒယသစ္စာ၌ မသိခြင်းသည် အဝိဇ္ဇာမည်၏။ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာ၌ မသိမှုသည် အဝိဇ္ဇာမည်၏။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂသစ္စာ၌ မသိခြင်းသည် အဝိဇ္ဇာမည်၏။ ဤသဘောကို အဝိဇ္ဇာဟူ၍ ဆိုအပ်၏။

(အဘိ - ၂ - ၁၄၂။ မြန် ၃ - ၂၄)

အချုပ်အားဖြင့် သစ္စာလေးပါးကို မသိမှုသည် အဝိဇ္ဇာမည်၏။

သင်္ခါရမည်ပုံ ။ ။ သင်္ခါရမည်ပုံသဘောကို ပါဠိတော်၌ ဤသို့ ပြဆိုထားလေ၏။

တတ္ထ ကတမေ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ ပုညာဘိ သင်္ခါရော အပုညာဘိ သင်္ခါရော အာနေဉ္ဇာဘိ သင်္ခါရော ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။

ထိုအဂို ၁၂-ပါးတို့တွင် အဘယ်သည် အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့ မည်ကုန်သနည်း။ ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု ပုညာဘိသင်္ခါရ၊ အကုသိုလ်ကို ပြုလုပ်မှု အပုညာဘိသင်္ခါရ၊ အရူပဈာန်ကုသိုလ်ကို အားထုတ်မှု အာနေဉ္ဇာဘိသင်္ခါရ၊ ကိုယ်ဖြင့် ပြုလုပ်မှု-ကာယသင်္ခါရ၊ နှုတ်ဖြင့် ပြောဆိုမှု-ဝစီသင်္ခါရ၊ စိတ်ဖြင့် ကြံစည်မှု-စိတ္တသင်္ခါရ။

ဤသည်တို့ကို အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။

(အဘိ - ၂ - ၁၄၂။ မြန် ၃ - ၂၅)

အထက်ပါ ဒေသနာတော်၏ ဆိုလိုချက် အဓိပ္ပါယ်ကား ရဟန္တာအဖြစ်သို့ မရောက်ကြကုန်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် သစ္စာလေးပါးကို မသိမှုကြောင့် ကာမကုသိုလ်၊ ရူပကုသိုလ်တို့ကိုလည်း ပြုလုပ်ကြကုန်၏။ အကုသိုလ်တို့ကိုလည်း ပြုလုပ်ကြကုန်၏။ အရူပကုသိုလ်တို့ကိုလည်း ပြုလုပ်ကြကုန်၏ဟု ဆိုလိုပေသည်။ ဤ၌ ပြုလုပ်ဆိုရာ၌ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ အရ ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှုတို့ အကုန်ပါဝင်လေ၏။

ပုညာဘိသင်္ခါရ စသည် ရှင်းချက်

ပုညအဓိပ္ပါယ် ။ ။ အဋ္ဌကထာ၌ ပုညာဘိသင်္ခါရ စသော အဓိပ္ပါယ်ကို ဤသို့ ရှင်းပြထား၏။

၁။ ကုသိုလ်ကောင်းမှု တရားသည် ကုသိုလ်ကောင်းမှု ပြုသူကို ဖြူစင်အောင် ပြုလုပ်ပေးတတ်၏။ ထို့ကြောင့် ပုညမည်၏။

၂။ ကုသိုလ်ကောင်းမှုသည် ကုသိုလ်ကောင်းမှု ပြုသော ပုဂ္ဂိုလ်၏ အလိုဆန္ဒကို ပြည့်ဝစေတတ်၏။ ထို့ကြောင့် ပုညမည်၏။

၃။ ကုသိုလ်ကောင်းမှုသည် ပူဇော်ထိုက်သော သုဂတိဘဝကို ဖြစ်စေတတ်၏။ ထို့ကြောင့် ပုညမည်၏။

အဘိသင်္ခါရ အဓိပ္ပါယ် ။ ။ နာမ်ဝိပါက်အကျိုးကိုလည်းကောင်း၊ ကမ္မဇရုပ် အကျိုးကိုလည်းကောင်း ပြုစီမံတတ်သောကြောင့် အဘိသင်္ခါရ မည်၏။

ပုညာဘိသင်္ခါရ မည်ပုံ ။ ။ ကုသိုလ်ကောင်းမှု ပြုလုပ်သူကို ဖြူစင်အောင် ပြုလုပ်ပေးတတ်သော၊ ကုသိုလ်ကောင်းမှု ပြုလုပ်သူ၏ အလိုဆန္ဒကို ပြည့်ဝစေတတ်သော၊ ပူဇော်ထိုက်သော သုဂတိဘဝကို ဖြစ်စေတတ်သော ကုသိုလ်တရားသည်ပင် အဘိသင်္ခါရမည်၏။ (*ကောင်းမှုပုညသည်ပင် အဘိသင်္ခါရ မည်၏*)

အပုညာဘိသင်္ခါရ မည်ပုံ ။ ။ ပုညဓာတ် ဆန့်ကျင်ဘက်သည် အပုည ဖြစ်၏။ ဤသဘောအရ -

၁။ မဂေါင်းမှုသည် မကောင်းမှုပြုသူကို မည်းညစ်အောင် ပြုလုပ်ပေးတတ်၏။ ထို့ကြောင့် အပုညမည်၏။

၂။ မကောင်းမှုသည် မကောင်းမှုပြုသော ပုဂ္ဂိုလ်၏ အလိုဆန္ဒကို မပြည့်ဝစေတတ်။ ထို့ကြောင့် အပုညမည်၏။

၃။ မကောင်းမှုသည် မပူဇော်ထိုက်သော ဒုဂ္ဂတိဘဝကို ဖြစ်စေတတ်၏။ ထို့ကြောင့် အပုညမည်၏။

နာမ်ဝိပါက်အကျိုးကိုလည်းကောင်း၊ ကမ္မဇရုပ်အကျိုးကိုလည်းကောင်း ပြုစီမံတတ်သောကြောင့် အဘိသင်္ခါရ မည်၏။

မကောင်းမှု ပြုလုပ်သူကို မည်းညစ်စေတတ်သော၊ မကောင်းမှုပြုသူ၏ အလိုဆန္ဒကို မပြည့်ဝစေတတ်သော၊ မပူဇော်ထိုက်သော ဒုဂ္ဂတိဘဝကို ဖြစ်စေတတ်သော မကောင်းမှု အပုညသည်ပင် အဘိသင်္ခါရမည်၏။

အာနေဉ္ဇာဘိသင်္ခါရမည်ပုံ ။ ။ အရူပဈာန်ကုသိုလ်တရားသည် ဆန့်ကျင်ဘက် နိဝရဏာကိလေသာတရားတို့ကြောင့် မတုန်လှုပ်ပေ။ ထို့ကြောင့် အရူပဈာန်ကို အာနေဉ္ဇဟု ခေါ်၏။ ယင်းအရူပကုသိုလ်ဈာန်သည် အကျိုးဝိပါက်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် အဘိသင်္ခါရမည်၏။ မတုန်မလှုပ်သော အရူပဘဝကိလည်း ပြုစီမံတတ်၏။ ထို့ကြောင့် အဘိသင်္ခါရမည်၏။ မတုန်မလှုပ်သော အရူပဈာန်ကုသိုလ်သည်ပင် အာနေဉ္ဇာဘိသင်္ခါရမည်၏။

(အဘိ ၄ - ၂ - ၁၃၄)

အဝိဇ္ဇာ သင်္ခါရတို့၏ အဓိပ္ပါယ်များ၌ ဆောင်ရန်လက်များ

၁။	အကြောင်းကြောင့်သော၊	တို်းဖြစ်လော၊	ဝဋ်စွာခေါ် လေသည်။
၂။	အကြောင်းမပြတ်၊	တို်းမရပ်၊	လည်ပတ်နေလေသည်။
၃။	လည်ပတ်တရား၊	ဆယ့်နှစ်ပါး၊	ထင်ရှားရှိလေသည်။
၄။	အ,ခါ,ဝိညာ၊	နာမ်ရုပ်၊	သဠာယတဝ်သည်။
၅။	ဖဿ, ဝေ, တဏှာ၊	ဥပါဒါ၊	ဘဝဇာတိဝ်သည်။
၆။	ဇရာ, မရဏာ၊	ဆယ့်နှစ်ဖြာ၊	အဂိုဖြစ်လေသည်။
၇။	ဇရာ,မရဏာ၊	အကြောင်းဖြာ၊	ဖြစ်တာလေလျှော်သည်၊
၈။	သောက, ပရိဒေဝ၊	ကိုယ်,စိတ်ပါ၊	ဒုက္ခဖြစ်ရသည်။
၉။	ဥပါယာသပဲ၊	စိတ်ပန်းလဲ၊	လွန်ကဲဖြစ်ရသည်။
၁၀။	ဤသို့မှန်စွာ၊	လည်နေတာ၊	ချမ်းသာမဟုတ်ပြီ။
၁၁။	ဆင်းရဲသက်သက်၊	လည်ပတ်ချက်၊	သိလျက်နေရမည်။
၁၂။	အဝိဇ္ဇပစ္စယာ၊	သင်္ခါရာ၊	မိုဟိသိရမည်။
၁၃။	သစ္စာလေးဖြာ၊	မသိတာ၊	အဝိဇ္ဇာဖြစ်လေသည်။
၁၄။	ပြစိမ်တာ၊	သင်္ခါရာ၊	စေတနာဖြစ်လေသည်။
၁၅။	ပုညာ,အပုညာ၊	အာနေဉ္ဇာ၊	သုံးဝဋ်ရှိလေသည်။
၁၆။	ဖြူစင်စေတာ၊	ပြည့်စေတာ၊	ပုညာဖြစ်လေသည်။
၁၇။	သုဂတိဘုံမှာ၊	ဖြစ်စေတာ၊	ပုညာဖြစ်လေသည်။
၁၈။	နာမ်ကိုးကိုမှန်၊	ကမ်ရပ်မှန်၊	စိမ်တတ်၍သည်၊
၁၉။	အဘိသင်္ခါရာ၊	ဟူ၍ပ၊	ခေါ်ကြရလေသည်။
၂၀။	ပုညသည်ပင်၊	အဘိသင်၊	ဖြစ်အင်နေလေသည်။
၂၁။	ပုညနှင့်မှန်၊	အပုညံ၊	ပြောင်းပြန်ဖြစ်လေသည်။
၂၂။	မညီးညစ်စေတံ၊	မပြည့်တုံ၊	အပုဉ်ခေါ် လေသည်။
၂၃။	ဒုဂ္ဂတိဘုံ၊	ဖြစ်စေတုံ၊	အပုဉ်ဖြစ်လေသည်။
၂၄။	အပုဉ်သည်ပင်၊	အဘိသင်၊	ဖြစ်အင်နေလေသည်။
၂၅။	မတုန်လှုပ်တာ၊	အာနေဉ္ဇာ၊	လွန်စွာတည်ကြည်သည်။
၂၆။	မတုန်လှုပ်ပြန်၊	အရူပ္ပာန်၊	စိမ်တတ်၍သည်၊
၂၇။	အာနေဉ္ဇာဘိ၊	ခေါ် ရဘိ၊	သိရှိုင်ဖြစ်လေသည်။

အဝိဇ္ဇာနှင့် သင်္ခါရတို့၏ အဓိပ္ပါယ်များ ပြီး၏။

အဝိဇ္ဇာကြောင့် သခါရဖြစ်ပုံ သဘောများ

အဝိဇ္ဇာကြောင့် သခါရဖြစ်ပုံ ။ ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အရ – အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟု ဆိုထားရာ၌ အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရတို့မှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့ ဖြစ်ကြလေသည်။ ယင်းသင်္ခါရ သုံးမျိုးတို့ကို ကာယကံဖြင့် ပြုလုပ်ခြင်း၊ ဝစီကံဖြင့် ပြောဆိုခြင်း၊ မနောကံဖြင့် ကြံစည်ခြင်းများဖြင့် ပြုလုပ်ကြလေသည်။

မသိလို့ ကုသိုလ်လုပ်တာယ်ဆိုတာ ဘယ်လိုလဲ

မသိလို့ ကုသိုလ်လုပ်ဟာလား ။ ။ ဤ၌ မသိလို့ အကုသိုလ် ပြုလုပ်သည် ဆိုသည်ကို လူတိုင်း လက်ခံကြသော်လည်း မသိလို့ ကုသိုလ်လုပ်သည်ဟူသော အချက်ကို အချို့လူတို့ လက်မခံနိုင်ဖြစ်ကြ၏။ မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို လိုချင်လို့ ကုသိုလ်ပြုလုပ်သည် ဖြစ်ပါလျက် အဘယ်ကြောင့် မသိလို့ ကုသိုလ် ပြုလုပ်ရသနည်း ဟု စောဒက တက်ဖွယ်ရှိ၏။ *အဖြေကား* – မသိ၍ပင် အကုသိုလ် အလုပ်ကို လုပ်ဆူတို့က လုပ်ကြ၏။ မသိ၍ပင် ကုသိုလ် ပြုသူတို့က ပြုကြ၏ ဟူ၍ပင် ဆိုရမည် ဖြစ်၏။ သို့ရာတွင် အထူးနှင့်အပါးတော့ ကွာပေလိမ့်မည်။

အဝိဇ္ဇာတရားများ ထူထူပိန်းပိန်း လွှမ်းမိုးခံနေရသူတို့ကား ကုသိုလ်ကိုပင် ပြုရမည်ကို နားမလည်ဘဲ အကုသိုလ်ကိုသာ ပြုလုပ်ကြမည် ဖြစ်၏။

အဝိဇ္ဇာတရား ထူပိန်းနေအောင် လွှမ်းမိုး မခံရသူတို့ကား အကုသိုလ်ကို ရှောင်ရှား၍ ကုသိုလ်တရားကို ပွားများအားထုတ်ကြမည် ဖြစ်၏။

အချို့လူတို့သည် အကုသိုလ်တရားသည် ဒုက္ခပေးတတ်၏။ ကုသိုလ်တရားသည် သုခပေးတတ်၏ဟူ၍ သိမြင်သောကြောင့်ပင် ကုသိုလ်တရားကို ကြိုးစားအားထုတ်ကြလေ၏။ ပဋိစ္စသမုပ္ပါဒ်သဘောအရ ယင်းသည်ပင် မသိ၍ ပြုလုပ်သော ကုသိုလ်ဖြစ်၏။ အဝိဇ္ဇာကြောင့် ပြုလုပ်ရသော ကုသိုလ် ဖြစ်လေ၏။

ရှင်းဦးအုံ့။ စစ်မြေပြင်၌ စစ်သားအပေါင်းသည် အဘယ်ကြောင့် စစ်တိုက်နေရသနည်း ဟူမူ ရန်သူတွေ ရှိနေ၍ပင် စစ်တိုက်နေရခြင်း ဖြစ်၏။ ရန်သူတွေ မရှိရင် စစ်တိုက်စရာ မလိုတော့ပါပေ။

ဤသဘောပင် ဤ၌လည်း ကုသိုလ်ပြုလုပ်သည် ဟူသည်ကား ရန်သူဖြစ်သော အကုသိုလ်ကိလေသာတို့ကို ပယ်သတ်ရ၏။ အကုသိုလ် ကိလေသာတွေ ရှိနေသရွေ့ ကုသိုလ်အလုပ်ကို ပြုလုပ်နေရမည် ဖြစ်၏။ အဝိဇ္ဇာသည်လည်း အကုသိုလ် ကိလေသာ ဖြစ်နေ၍ အဝိဇ္ဇာ ကိလေသာ မကုန်ကြသေးကုန်သော ပုဂ္ဂိုလ်တို့ကား ယင်းအဝိဇ္ဇာကိလေသာ ရှိနေ၍ ဒါန အစရှိကုန်သော ကုသိုလ်တရားများကို ကြိုးစားအားထုတ်၍နေရမည် ဖြစ်၏။

ချဲ့ဦးအုံး။ ရဟန္တာပုဂ္ဂိုလ်တို့၌ ပယ်သတ်စရာ အကုသိုလ် ကိလေသာတွေ အနည်းငယ်မျှပင် မရှိတော့သည် ဖြစ်၍ ကုသိုလ် ပြုလုပ်စရာ မလိုတော့ပေ။ ကုသိုလ်ပြုလုပ်ပြန်လျှင်လည်း ကုသိုလ် မဖြစ်တော့ဘဲ ကြိယာသာ ဖြစ်လျက်နေလေ၏။

အနာဂါမ် အစရှိကုန်သော ပုဂ္ဂိုလ်တို့သည်ကား အဝိဇ္ဇာ အစရှိသော အကုသိုလ် ကိလေသာများ ရှိနေ၍ပင် ကုသိုလ်တရားများကို ကြိုးစားအားထုတ်နေရခြင်း ဖြစ်လေ၏။

ယင်းသဘောကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားလေ၏။

ကထံ ပနေတံ ဇာနိတဗ္ဗံ 'ဣမေ သဒ္ဓါဒယော အဝိဇ္ဇာ ပစ္စယာ ဟောန္တိ'တိ အဝိဇ္ဇာဘာဝေဘာဝတော။ ယဿဟိ ဒုက္ခာဒိသု အဝိဇ္ဇာ သဒ္ဓါတံ အညာဏံ အပ္ပဟီနံ ဟောတိ။ သော ဒုက္ခေ တာဝ ပုဗ္ဗန္တာဒိသုပိ အညာဏေနေန သံသာရ ဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သဒ္ဓါဒေ အာရဘတိ။

(အဘိ ၄ - ၂ - ၁၃၈)

အဓိပ္ပါယ်ကား ။ ။ အဝိဇ္ဇာကြောင့် သဒ္ဓါရဖြစ်ပုံသဘောကို အဘယ်သို့ သိနိုင်သနည်း။ အဝိဇ္ဇာရှိခြင်းကြောင့်ပင် ဤသဒ္ဓါရတို့ ဖြစ်ရသည်ကို သိနိုင်၏။ ချဲ့ဦးအုံး။ အကြင် ပုဂ္ဂိုလ်သည် ဒုက္ခ အစရှိကုန်သော သစ္စာလေးပါးတို့၌ အဝိဇ္ဇာဟု ဆိုအပ်သော ဉာဏ်၏ ဆန့်ကျင်ဘက် မောဟကို မပယ်ရသေးပေ။ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၌ မသိခြင်းကြောင့် သံသရာ၌ ဖြစ်သော ဒုက္ခကို သုခဟူသော အမှတ်သညာဖြင့် သံသရာဒုက္ခ၏ အကြောင်းဖြစ်၍ ဖြစ်ကုန်သော သုံးပါးကုန်သော သဒ္ဓါရတို့ကို အားထုတ်လေ၏။

အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဆက်၍ ဖွင့်ဆိုပြလေ၏။

သမုဒယသစ္စာ၌ မသိခြင်းကြောင့် တဏှာသည် ဆင်ပြင်အပ်ကုန်သော သဒ္ဓါရတရားတို့ကို သုခ၏ အကြောင်းအဖြစ်ဖြင့် မှတ်ထင်သည်ဖြစ်၍ သံသရာဒုက္ခ၏ အကြောင်းဖြစ်၍ ဖြစ်ကုန်သော သုံးပါးကုန်သော သဒ္ဓါရတို့ကို အားထုတ်ကြလေကုန်၏။

နိရောဓသစ္စာ၌လည်းကောင်း၊ မဂ္ဂသစ္စာ၌လည်းကောင်း မသိခြင်းကြောင့် အမှန်တကယ် ဒုက္ခချုပ်ငြိမ်းရာ မဟုတ်ကုန်သော ဂတိအထူးတို့ကို ဒုက္ခ၏ချုပ်ရာဟု မှတ်ထင်ခြင်း ရှိကြကုန်သည်ဖြစ်၍လည်း ဒုက္ခချုပ်ငြိမ်းကြောင်း မဟုတ်ကုန်သော ယဇ်ပူဇော်ခြင်း (အတ္တကိလမထာနုယောဂ) အကျင့်တို့ဖြင့် မအို၊ မသေရန် ကျင့်ခြင်းတို့၌ ဒုက္ခချုပ်ငြိမ်းခြင်းကို တောင့်တလျက် ကာယသဒ္ဓါရ၊ ဝစီသဒ္ဓါရ၊ စိတ္တသဒ္ဓါရတို့ကို အားထုတ်ကြလေကုန်၏။

အထက်ပါ အဋ္ဌကထာဆရာ၏ ဖွင့်ပြချက် သဘောအရ သစ္စာလေးပါးကို မသိမှုသည် အဝိဇ္ဇာ ဖြစ်၏ – ဟုဆိုရာတွင် မိမိခန္ဓာကိုယ်၌ အဝိဇ္ဇာတရားရှိနေခြင်းကြောင့်ပင် ဒုက္ခသစ္စာ၌ အမှန်အတိုင်း မသိမမြင် ဖြစ်ကြရသည်။ ဤသို့ ဒုက္ခသစ္စာ၌ အမှန်အတိုင်း မသိခြင်းကြောင့်ပင် လည်ရဦးမည့် သံသရာဒုက္ခကို သုခဟူ၍ မှတ်ထင်ကာ အကုသိုလ်လုပ်သူက လုပ်ကြသည်။ ကာမကုသိုလ်၊ ရူပကုသိုလ်တို့ကို လုပ်သူက လုပ်ကြသည်။ အရူပကုသိုလ် ပြုလုပ်သူက ပြုလုပ်ကြသည်။

ပိဓိခန္ဓာကိုယ်၌ အဝိဇ္ဇာတရား ရှိနေခြင်းကြောင့် သမုဒယသစ္စာ၌ အမှန်အတိုင်း မသိမမြင် ဖြစ်ကြရသည်။ ဤသို့ တဏှာလောဘဟု ဆိုအပ်သော သမုဒယသစ္စာ၌ အမှန်အတိုင်း မသိမမြင်ခြင်းကြောင့်ပင် တဏှာ၏ အခြံအရံ ဖြစ်ကုန်သော၊ တဏှာက ပြင်ဆင်ပေးထားအပ်ကုန်သော သခ်ါရအာရုံ အဖုံဖုံတို့ကို သုခဟူ၍ မှတ်ထင်ကာ ထိုအာရုံတို့ကို ရလိုမှုဖြင့် အကုသိုလ်လုပ်သူက လုပ်ကြသည်။ ကာမကုသိုလ် ပြုသူတို့က ပြုကြသည်။ ရူပကုသိုလ် ပြုသူတို့က ပြုကြသည်။ အရူပကုသိုလ် ပြုသူတို့က ပြုကြလေသည်။

ပိဓိခန္ဓာကိုယ်၌ အဝိဇ္ဇာတရား ရှိနေခြင်းကြောင့် နိရောဓသစ္စာ၌လည်းကောင်း၊ မဂ္ဂသစ္စာ၌လည်းကောင်း အမှန်အတိုင်း မသိမမြင် ဖြစ်ကြရသည်။ ဤသို့ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့၌ အမှန်အတိုင်း မသိမမြင်ခြင်းကြောင့်ပင် နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ဟု ထင်၍လည်းကောင်း၊ နိဗ္ဗာန်လမ်းမဟုတ်သည်ကို နိဗ္ဗာန်လမ်းဟု ထင်၍ လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သည်ကို နိဗ္ဗာန်ရောက်ကြောင်းဟု ထင်၍ လည်းကောင်း ယင်ဟူ၏ခြင်း၊ အတ္တကိလမထာနုယောဂ အကျင့်တို့ကို ကျင့်ခြင်း စသော အလွဲလွဲ အမှားမှားသော အကျင့်တို့ကို ကြိုစည်ပြောဆို ပြုလုပ်လျက် ရှိကြလေသည်။

ထို့နောက် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးသည် ဤသို့လည်း ဆက်၍ ဖွင့်ဆို ပြပြန်လေသည်။

သည်သာမကသေး။ သတ္တဝါတို့သည် သစ္စာလေးပါးတို့၌ အဝိဇ္ဇာကို မပယ်ရသေးသည်၏ အဖြစ်ကြောင့် အထူးအားဖြင့် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ရောဂါဒုက္ခ၊ မရဏဒုက္ခ အစရှိသော များသော အပြစ်တို့ဖြင့် ရောပြွမ်းသော၊ ကောင်းမှု၏ အကျိုးဟု ဆိုအပ်သော ဒုက္ခကို ဒုက္ခဟူ၍ မသိမြင်သောကြောင့် ထိုကောင်းမှု၏ အကျိုးကို ရခြင်းဌာနဲ့ကုသိုလ်ကောင်းမှုတို့ကို ကြိုစည်၊ ပြောဆို၊ ပြုလုပ်လေတော့၏။ အဘယ်သူကဲ့သို့နည်း ဟူမူကား – နတ်သမီးကို အလိုရှိသော ယောကျ်ားသည် သိကြားသစ်ပင်၊ ဗြဟ္မာ၏တောင်ထွတ်ဟု သမုတ်အပ်သော အရပ်မှ ခုန်ချမှု ပြုသကဲ့သို့တည်း။

ဤတွင်မကသေး။ သုခဟု သမုတ်အပ်သော ထိုကောင်းမှု အကျိုး၏ အဆုံး၌ သာယာဖွယ် အနည်းငယ် သာရှိ၍ ကြီးစွာသော ပူလောင်ခြင်းကို ဖြစ်စေတတ်သော ဝိပရိဏာမဒုက္ခကို မမြင်သည်ဖြစ်၍လည်း ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ခြင်း ဖြစ်လေသည်။ အဘယ်ကဲ့သို့နည်း ဟူမူကား ပိုးပရုံသည် မီးလျှံကို အတင်းတိုးသကဲ့သို့လည်းကောင်း၊ ပျားရည်ပေါက်၌ မက်မောသော ယောကျ်ားသည် ပျားရည်ဖြင့် သုတ်လိမ်းထားသော ဓားသွားကို လျက်ခြင်းကဲ့သို့လည်းကောင်း ဖြစ်လေ၏။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရကို အားထုတ်ပုံကိုကား ဤသို့ ပြဆိုထားလေသည်။

မကောင်းသော အကျိုးနှင့်တကွ ဖြစ်ကုန်သော ကာမကို မှီဝဲခြင်း စသည်တို့၌ အပြစ်ကို မမြင်သည် ဖြစ်၍ (ကာမေသုမိစ္ဆာစာရ၌ အပြစ်ကို မမြင်သည် ဖြစ်၍) သုခဟူသော သညာကြောင့်လည်းကောင်း၊ ကိလေသာသည် လွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း မကောင်းမှု အကုသိုလ်တို့ကို ကြိုစည်ပြောဆို ပြုလုပ်လေတော့၏။ အဘယ်ကဲ့သို့နည်း ဟူမူကား ကလေးအရွယ် လူမမယ်သည် ကျင်ကြီးကို ကစားလိုသကဲ့သို့ လည်းကောင်း၊ သေခြင်းကို အလိုရှိသောသူသည် အဆိပ်ကို စားလိုသကဲ့သို့လည်းကောင်း ဖြစ်လေ၏။

အဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံကို ဤသို့ ဖွင့်ဆိုပြပြန်၏။

အထက်တန်းကျသော အကျိုးဖြစ်သော အရူပဝိပါက်တို့၌လည်း သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ၏ အဖြစ်ကို ထိုးထွင်းမသိသည်ဖြစ်၍ သဿတ–မြဲ၏ အစရှိသော ဖောက်ပြန်ခြင်းဖြင့် အာနေဉ္ဇာဘိ သင်္ခါရကို ရအောင် အားထုတ်ပြန်လေ၏။ အဘယ်ကဲ့သို့နည်းဟူမူကား – မျက်စိလည်လမ်းမှားသော ယောကျ်ားသည် ဘိလူးမြို့သို့ ရှေးရှုနေသော လမ်းကို သွားခြင်းကို ပြုနေဘိသကဲ့သို့ ဖြစ်လေ၏။

(အဘိ ၄ - ၂ - ၁၃၈)

အထက်ပါ အဌကထာ ဖွင့်ပြချက်၌ ဆိုလိုရင်း အဓိပ္ပါယ်တို့ကား– မိမိတို့ သန္တာန်၌ အဝိဇ္ဇာတရားရှိနေ၏။ အဝိဇ္ဇာနုသယဓာတ် အနေအားဖြင့် ကိန်းလျက်ရှိနေ၏။ ဤသို့ အဝိဇ္ဇာ ရှိနေခြင်းကြောင့်ပင် သစ္စာလေးပါး တရားတို့ကို ဝိပဿနာဉာဏ်ဖြင့်လည်း မသိကြ။ မဂ်ဉာဏ်ဖြင့်လည်း မသိကြ။ ဤသို့ သစ္စာလေးပါးတရားတို့ကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် မသိကြ၍လည်း အကုသိုလ် ပြုသူက ပြုသည်။ ကုသိုလ်လုပ်သူက လုပ်သည်။ အလွဲလွဲ အချော်ချော် အမှားမှား အယွင်းယွင်းပြုသူက ပြုကြသည်ဟူ၍ ဆိုလိုပေသည်။

ထို့နောက် အဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်ကြီးသည် အဝိဇ္ဇာတရားက အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုသောကြောင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တို့ကို ပြုလုပ်ကြပုံကို ဤသို့ ဖွင့်ဆိုပြထားပြန်၏။

> တတ္ထ ပုညာနံ ဒုဝိဓာတိ အာရမ္မဏ ပစ္စယေန စ ဥပနိဿယ ပစ္စယေန စာတိ ဒွေဓာ ပစ္စယော ဟောတိ။ သာဟိ အဝိဇ္ဇံ ခယတော ဝယတော သမ္မသနကာလေ ကာမာဝစရာနံ ပုညာဘိသင်္ခါရာနံ အာရမ္မဏ ပစ္စယေန ပစ္စယော ဟောတိ။ အဘိညာစိတ္တေန သမောဟ စိတ္တဇာနနကာလေ ရူပါဝစရာနံ။ အဝိဇ္ဇာ သမတိက္ကမနတ္ထာယ ပန ဒါနာဒိနိဧဝ ကာမာဝစရ ပုညကိရိယ ဝတ္ထူနိ ပူရေန္တသ္သ ရူပါဝစရဇ္ဈာနာနိစ ဥပ္ပါဒေန္တသ္သ ဒွိန္နံပိ တေသံ ဥပနိဿယ ပစ္စယေန ပစ္စယော ဟောတိ။ တထာ အဝိဇ္ဇာသမ္မူဠှတ္တာ ကာမဘဝ ရူပဘဝ သမ္ပတ္တိယော ပတ္ထေတ္ဝာ တာနေဝ ပုညာနိ ကရောန္တသ္သ။
>
> (အဘိ ၄ - ၂ - ၁၃၉)

အဓိပ္ပါယ်ကား ။ ။ အဝိဇ္ဇာတရားသည် ကုသိုလ်ကောင်းမှုတို့အား အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း ဟူသော နှစ်ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေ၏။ ကျေးဇူးပြုပုံကား –

ထိုအဝိဇ္ဇာကိုပင် ကုန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ ပျက်ခြင်းသဘောအားဖြင့်လည်းကောင်း သုံးသပ်ရာအခါ၌ အဝိဇ္ဇာသည် ကာမကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

စေတောပရိယညာဏ်၊ ပုဗ္ဗေနိဝါသညာဏ်၊ အနာဂတံသညာဏ်ဟူသော အဘိညာဉ်စိတ်ဖြင့် သူတစ်ပါးတို့၏ မောဟနှင့်တကွဖြစ်သော စိတ်ကို အာရုံပြုသိမြင်ရာ၌ ယင်းအဝိဇ္ဇာတရားက ရူပါဝစရကုသိုလ်ကို အာရမ္မဏာပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အဝိဇ္ဇာဟူသော အကုသိုလ် ကိလေသာကို လွန်မြောက်ရန်အတွက် ဒါနအစရှိကုန်သော ကုသိုလ်ကို အားထုတ်ရာ၌လည်းကောင်း၊ ရူပကုသိုလ်ဈာန်ကို ဖြစ်စေရာ၌လည်းကောင်း (အရူပါဝစရကုသိုလ်ဈာန်ကို ဖြစ်စေရာ၌ လည်းကောင်း) ယင်းအဝိဇ္ဇာတရားကပင် ပကတူပ နိဿယပစ္စယသတ္တိဖြင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တို့ကို ကျေးဇူးပြုပေ၏။

အထက်ပါ အဋ္ဌကထာ ဖွင့်ပြချက်သဘောအရ – မိမိတို့ ခန္ဓာကိုယ်၌ အစဉ်ကိန်းသော အဝိဇ္ဇာနုသယကို အရဟတ္တမဂ်ဉာဏ်ဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး အဝိဇ္ဇာသည် ပုဂ္ဂိုလ်အလိုက် အထူအပါးအနေဖြင့် ရှိနေမည် ဖြစ်၏။ ယင်းရှိနေသော အဝိဇ္ဇာကိလေသာဟူသော အကုသိုလ်တရားက ကာမကုသိုလ်တွေ၊ ရူပကုသိုလ်တွေ၊ အရူပကုသိုလ်တွေ ဖြစ်ပေါ်အောင် အာရမ္မဏာပစ္စယသတ္တိ၊ ဥပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးနိုင်လေ၏။

စိတ္တာနုပဿနာကို ရှုပွားနေသူအတွက် မောဟစိတ်ကို အရှုခံထားရှုလျှင်လည်းကောင်း၊ ဓမ္မာနုပဿနာကို ရှုပွားနေသူအတွက် ဝိစိကိစ္ဆာနိဝရဏစိတ်၊ အဝိဇ္ဇာနိဝရဏစိတ်ကို အရှုခံထား ရှုလျှင်လည်းကောင်း ယင်းရှုပွားနေသူမှာ မဟာကုသိုလ် ပဌမစိတ်နှင့် ယှဉ်သော သတိ၊ သမာဓိ၊ ပညာတွေ ဖြစ်ပေါ်နေ၏။ ယင်းသည် အဝိဇ္ဇာအကုသိုလ်တရားက မဟာကုသိုလ် ပဌမစိတ်ဟူသော ကုသိုလ်တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုနေခြင်းဖြစ်၏။

ထိုနည်းတူစွာ အဝိဇ္ဇာကို မကောင်းမှန်းသိ၍ အဝိဇ္ဇာနယ်မှ လွတ်မြောက်ရန်အတွက် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ တရားတို့ကို ပြုလုပ်အားထုတ်ရာ၌ အားထုတ်သူမှာ မဟာကုသိုလ် ပဌမစိတ် ဖြစ်လေ၏။ ထိုအခါ အဝိဇ္ဇာဟူသော အကုသိုလ်တရားက မဟာကုသိုလ် ပဌမစိတ်ဟူသော ကုသိုလ်တရားအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အချုပ်အားဖြင့် မိမိတို့ သန္တာန်၌ အဝိဇ္ဇာရှိနေသမျှ ကာလပတ်လုံး ယင်းအဝိဇ္ဇာကို အကြောင်းပြု၍ အကုသိုလ်တို့ကိုလည်း မျိုးစုံပြုလုပ်ကြမည် ဖြစ်၏။ ကာမကုသိုလ်တို့ကိုလည်း ပြုလုပ်ကြမည်ဖြစ်၏။ ရူပကုသိုလ်တို့ကိုလည်း ပြုလုပ်ကြမည် ဖြစ်၏။ အရူပကုသိုလ်တို့ကိုလည်း ပြုလုပ်ကြမည် ဖြစ်၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် ထိုအဝိဇ္ဇာနုသယဓာတ် အပြီးပြတ် ငြိမ်းသတ်၍ အဝိဇ္ဇာ လုံးဝမရှိမှသာ ကုသိုလ်တရားတွေ ပြုလုပ်မှု ချုပ်ငြိမ်းသွားမည် ဖြစ်လေ၏။

ရဟန္တာပုဂ္ဂိုလ်၌ ကုသိုလ်ပြုလုပ်မှု ချုပ်ငြိမ်း၏ဆိုရာ၌ ပယ်သတ်စရာ အကုသိုလ်တရား၊ ကိလေသာတရား မကျန်တော့သည်ဖြစ်၍လည်းကောင်း၊ အကျိုးပေးစရာ ဘဝလည်း မရှိတော့သည် ဖြစ်၍လည်းကောင်း ရဟန္တာပုဂ္ဂိုလ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုသည် ကုသိုလ် အမည်မရတော့ဘဲ ပြုလုပ်ကာမျှ ကြိယာအမည်ကို ရရှိသွားသောကြောင့် ဖြစ်ပေ၏။

သို့ဖြစ်၍ ရဟန္တာမှတစ်ပါးသော ကျန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် အထူးအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းတို့သည် မဟာကုသိုလ် ပဌမစိတ်ကို ရရှိအောင် အိန္ဒြေ၊ သိလ အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်နေရဦးမည်သာ ဖြစ်ပေ၏။

ကုသိုလ် မပြုလုပ်လျှင် ဝိဝိတို့၏ စိတ်သည် အကုသိုလ်စိတ်ချည်း ဖြစ်နေမည် ဖြစ်ရကား အကုသိုလ်စိတ်၊ အကုသိုလ် ဒုစရိုက်လုပ်ငန်းတွေကို ရှောင်ရှားသောအားဖြင့်လည်းကောင်း၊ အဝိဇ္ဇာဟူသော အကုသိုလ်နယ်မှ လွတ်မြောက်ရန် ရည်စူးသောအားဖြင့်လည်းကောင်း ကုသိုလ်ကောင်းမှုကို ပြုလုပ်နေရဦးမည်သာ ဖြစ်ပေ၏။

အဝိဇ္ဇာကြောင့် သဒ်ဒါရဖြစ်ပုံသဘောများ၌ ဆောင်ရန်လက်စွဲများ

၁။	အဝိဇ္ဇာကြောင့်သော၊	အပုညာ၊	ပုညာပြုကြသည်။
၂။	မသိလို့သော၊	အပုညာ၊	ပြုတာလောက်ခဲသည်။
၃။	မဂ်ဖိုလ်ချမ်းသော၊	လို၍သော၊	ပုညာပြုကြသည်။
၄။	ထိုသို့ဖြစ်လျှက်၊	ဘယ်အတွက်၊	ဆိုချက်ပြုရသည်။
၅။	မသိလို့ဘဲ၊	ကုသိုလ်ပဲ၊	ပြုမြဲဆိုရမည်။
၆။	အဝိဇ္ဇာစု၊	ထူပြောမှု၊	အကုပြုကြသည်။
၇။	နည်းပါးသူမှာ၊	ရှောင်ရှားကာ၊	ကုသာပြုကြသည်။
၈။	အကုဖြစ်ရာ၊	ကိလေသာ၊	ပယ်ခွာနိုင်ရန်သည်၊
၉။	ကုသိုလ်တရား၊	အလေးထား၊	ကြိုးစားပြုရမည်။
၁၀။	ရဟန္တာမှာ၊	ကိလေသာ၊	မရှိပါ၍သည်၊
၁၁။	ကုသိုလ်ထိုထို၊	ပြဖို့ကို၊	မလိုအပ်လေဖြို့။
၁၂။	ကုသိုလ်ပြုလေ၊	ကိရိယာ၊	မလွဲဖြစ်လေသည်။
၁၃။	ကျန်ပုဂ္ဂိုလ်များ၊	ကိလေများ၊	ရှိငြားနေ၍သည်၊
၁၄။	ကုသိုလ်ကိုမှန်၊	အဖန်ဖန်၊	ပြုရန်လိုအပ်သည်။
၁၅။	အဋ္ဌကထာမှာ၊	ဤသို့သော၊	ဖွင့်ကာပြထားသည်။
၁၆။	ဤကိုယ်ခန္ဓာ၊	အဝိဇ္ဇာ၊	ရှိကာနေလေသည်။
၁၇။	ဒုက္ခခေါ် ဘိ၊	သစ္စာရှိ၊	မသိကြ၍သည်၊
၁၈။	သံသရာဒုက္ခ၊	မဖြင့်ကြ၊	သုခထင်ကြသည်။
၁၉။	အကုအလုပ်၊	ကုအလုပ်၊	အားထုတ်ပြုကြသည်။
၂၀။	သမုဒယအင်၊	သစ္စာပင်၊	မဖြင့်ကြ၍သည်၊

၂၀။ လောဘတဏှာ၊ ပြင်ပေးရာ၊ သခ်ၤါများကိုသည်၊
၂၁။ သုခဟုပင်၊ စိတ်ကထင်၊ လိုချင်ကြလေ၏။
၂၃။ အကုသိုလ်တွေ၊ ကုသိုလ်တွေ၊ ထွေထွေပြားကြသည်။
၂၄။ မဂ္ဂင်္ဂဏောဓ၊ သစ္စာပ၊ ဓသိကြ၍သည်၊
၂၅။ နိဗ္ဗာန်သို့ကား၊ မရောက်ငြား၊ လမ်းမှားများကိုသည်၊
၂၆။ လမ်းမှန်လို့ပဲ၊ အထင်စွဲ၊ အလွဲပြားကြသည်။
၂၇။ အဝိဇ္ဇာတရား၊ ရှိနေငြား၊ လူများစွာတို့သည်၊
၂၈။ အိုရေးနာရေ၊ သေလွန်ရ၊ ဒုက္ခများကိုသည်၊
၂၉။ ဓသိလေရိုး၊ မမြင်ရိုး၊ ကောင်းကျိုးမျော်၍သည်၊
၃၀။ ဒါနစငြား၊ ကုသိုလ်များ၊ ကြိုးစားပြားကြသည်။
၃၁။ နတ်သမီးများ၊ လိုချင်ငြား၊ ယောကျ်ားတစ်ဦးသည်၊
၃၂။ တောင်ထွတ်ပေါ်မှ၊ ချောက်သို့ပ၊ ခုန်ချတူလေသည်။
၃၃။ ပိုးပဝံတွေ၊ မီးကိုပေ၊ တိုးလေတူပြန်သည်၊
၃၄။ ပျားရည်သုတ်ထား၊ ဓားသွားအား၊ လျက်ငြားတူလေသည်။
၃၅။ မိမိကိုယ်မှာ၊ အဝိဇ္ဇာ၊ ရှိကာနေ၍သည်၊
၃၆။ ကာမဠ်မှာ၊ မှားယွင်းစွာ၊ ကျင့်တာဖြစ်လေသည်။
၃၇။ အကုတရား၊ အစားစား၊ ပြုမှားကြလေသည်။
၃၈။ မွေးတင်းစအင်၊ ကလေးပင်၊ မစင်များနှင့်သည်၊
၃၉။ ပျော်ရွှင်လိုငြား၊ ဆော့လိုများ၊ ကစားတူလေသည်။
၄၀။ သေလိုသူများ၊ အဆိပ်အား၊ သောက်ငြားတူလေသည်။
၄၁။ မိမိကိုယ်မှာ၊ အဝိဇ္ဇာ၊ ရှိကာနေ၍သည်၊
၄၂။ ဝိပရိုသင်၊ ဒုက္ခပင်၊ မမြင်ကြ၍သည်၊
၄၃။ အရူပစ္စာန်၊ ရတို့မှန်၊ ပြုပြုန်ကြလေသည်။
၄၄။ မျက်စီလည်ငြား၊ လမ်းတွေမှား၊ ယောကျ်ားတစ်ဦးသည်၊
၄၅။ ဘီလူးတစ်တွေ၊ ရှိရာပေ၊ သွားနေတူလေသည်။
၄၆။ နောက်ထပ်တစ်ဖြာ၊ ဌကထာ၊ ဆက်ကာဖွင့်ပြန်သည်။
၄၇။ လောကတစ်ခို၊ လူထိုထို၊ ကုသိုလ်ပြုကြသည်။
၄၈။ မိမိကိုယ်မှာ၊ အဝိဇ္ဇာ၊ ရှိကာနေ၍သည်၊
၄၉။ အာရမ္ဘဏာ၊ ပကတ၊ ပစ္စယတို့ဖြင့်သည်၊

၅၀။	အဝိဇ္ဇာမူး၊	ကုသိုလ်ထူး၊	ကျေးလူးပြုလေသည်။
၅၁။	အဝိဇ္ဇာတရား၊	ရွှံခဲထား၊	ရွှတ်ရာ၌သည်၊
၅၂။	အဝိဇ္ဇာအာရုံ၊	ကျေးလူးဂုဏ်၊	ပြုတုန်သိရမည်။
၅၃။	အဝိဇ္ဇာနယ်မှ၊	လွတ်ဖို့ပ၊	ထုတ်ကြရာ၌ထည်၊
၅၄။	ပကတူသာ၊	ကျေးလူးပါ၊	ပြုတာသိရမည်။
၅၅။	အသိဉာဏ်ရှိ၊	လူတို့၏၊	သတိပြုရမည်။
၅၆။	အဝိဇ္ဇာတွေ၊	ကိုယ်၌ပေ၊	ရှိနေသမျှသည်၊
၅၇။	အထုနှင့်တူ၊	ထစ်ခုခု၊	ပြုမှုရှိနေမည်။
၅၈။	ရဟန္တာမှာ၊	ကိလေသာ၊	ဝယ်ရှိပြီးကြပြီ။
၅၉။	အကျိုးပေးရန်၊	ထဝမှန်၊	မကျန်ကြလေပြီ။
၆၀။	ကုသိုလ်ပြုလဲ၊	တိရိပဲ၊	ပြောင်းလွဲသွားလေပြီ။
၆၁။	ကုသိုလ်ပြုစရာ၊	မလိုတာ၊	သေချာသွားလေပြီ။
၆၂။	ကျန်သူအဝိဇ္ဇာ၊	ကိလေဿာ၊	ရှိကာနေ၍သည်၊
၆၃။	ကုသိုလ်မပြု၊	အကုစ္စ၊	ဖြစ်မှုရှိနေသည်။
၆၄။	အကုတရား၊	ပြုခြင်းအား၊	ကျောင်ကွားသဖွဲ့သည်၊
၆၅။	အဝိဇ္ဇာအချက်၊	လွတ်အောင်နှက်၊	ရုန်းထွက်သဖွဲ့သည်၊
၆၆။	ဒီနေ့စကြား၊	ကုသိုလ်မျှား၊	ကြိုးစားပြုရမည်။
၆၇။	ပကုတရား၊	ဖြစ်အောင်မျှား၊	ကြိုးစားကြရမည်။
၆၈။	ဝိပဿနာအလုပ်၊	နောက်မဆုတ်၊	အားထုတ်ကြရမည်။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံသဘောများ ဖော်ပြချက် ပြီး၏။

ပဋိစ္စသမုပ္ပါဒဝိဘင်း သုတ္တန္တ ဘာဝနိယနည်းဖြင့် ဖော်ပြချက် ပြီး၏။

၆။ ပကၠစိတ်ကို ပဋိစ္စသမုပ္ပါဒ်ဝိဘင်း အဘိဓမ္မဘာဇနီယနည်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

အဘိဓမ္မ ဘာဇနီယနည်း ။ ။ ပဋိစ္စသမုပ္ပါဒ်တရားကို အဘိဓမ္မဘာဇနီယနည်းဖြင့် ဟောတော်မူပုံသဘောကို အဋ္ဌကထာတွင် ဤသို့ ပြဆိုတော်မူထားလေသည်။

မြတ်စွာဘုရားသည် သုတ္တန္တဘာဇနီယနည်း၌ အထူးထူးသော စိတ်တို့၏ အစွမ်းဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို ပြတော်မူပြီး၍ ဤပဋိစ္စသမုပ္ပါဒ်တရားသည် အထူးထူးသော စိတ်တို့၌သာ ဖြစ်သည်မဟုတ်။ တစ်ခုသောစိတ်၌လည်း ဖြစ်၏။ ထို့ကြောင့် အဘိဓမ္မဘာဇနီယနည်းဖြင့် တစ်ခုသော စိတ္တက္ခဏ၌လည်း ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို ပြတော်မူလေ၏။

(အဘိ ၄ - ၂ - ၁၉၉ / ၁၉၀)

အထက်ပါ အဋ္ဌကထာဖွင့်ဆိုချက် သဘောအရ ပဋိစ္စသမုပ္ပါဒ်တရားသည် လောဘစိတ် ဖြစ်နေချိန်၊ ဒိဋ္ဌိစိတ် ဖြစ်နေချိန်၊ မာနစိတ် ဖြစ်နေချိန် စသည်ဖြင့် အကုသိုလ်စိတ် ဖြစ်ချိန်၌လည်း ပဋိစ္စသမုပ္ပါဒ် ဖြစ်၍နေလေ၏။ ထိုတွင် အကုသိုလ်စိတ် ၁၂-ပါးတို့တွင် လောဘမူ ပဌမစိတ် ဖြစ်ချိန်၌ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အကုသိုလ် ပဌမစိတ်၌ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ

၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရော - မသိမှု အဝိဇ္ဇာကြောင့် အကုသိုလ် စေတနာဟု ဆိုအပ်သော ပြုစီရင်မှု သင်္ခါရသည် ဖြစ်၏။

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ - အကုသိုလ် စေတနာ သင်္ခါရကြောင့် လောဘမူ ပဌမစိတ် ဝိညာဏ်သည် ဖြစ်၏။

၃။ ဝိညာဏ ပစ္စယာ နာမံ - လောဘမူ ပဌမစိတ် ဝိညာဏ်ကြောင့် ဝေဒနာ, သညာ, သင်္ခါရ ဟူသော စေတသိက်နာမ်ခန္ဓာ သုံးပါးသည် ဖြစ်၏။

၄။ နာမ ပစ္စယာ သဠာယတနံ - စေတသိက် နာမ်ခန္ဓာသုံးပါးကြောင့် ခြောက်ခုမြောက် လောဘမူဟု ဆိုအပ်သော မနာယတနသည် ဖြစ်၏။

၅။ သဠာယတန ပစ္စယာ ဖဿော - ခြောက်ခုမြောက် လောဘမူဟု ဆိုအပ်သော မနာယတနဖြစ်ခြင်းကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်၏။

၆။ ဖဿ ပစ္စယာ ဝေဒနာ - တွေ့ထိမှုဖဿကြောင့် ခံစားမှု သောမနဿ ဝေဒနာသည် ဖြစ်၏။

၇။ ဝေဒနာ ပစ္စယာ တဏှာ - ခံစားမှု သောမနဿ ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်၏။

၈။ တဏှာ ပစ္စယာ ဥပါဒါနံ - တပ်မက်မှုတဏှာကြောင့် စွဲလမ်းမှု ဒိဋ္ဌုပါဒါန် ဖြစ်၏။

၉။ ဥပါဒါန ပစ္စယာ ဘဝေါ - စွဲလမ်းမှု ဒိဋ္ဌိ ဥပါဒါန်ကြောင့် နာမ်ခန္ဓာလေးပါး ဘဝသည် ဖြစ်၏။

၁၀။ ဘဝ ဝစ္ဆယာ ဇာတိ – နာမ်ခန္ဓာလေးပါး ဘဝကြောင့် နာမ်တရားတို့၏ အသစ်ဖြစ်ပေါ်မှု ဇာတိသည် ဖြစ်၏။

၁၁။ ဇာတိ ဝစ္ဆယာ – နာမ်တရားတို့၏ အသစ်ဖြစ်မှု ဇာတိကြောင့်

၁၂။ ဇရာ မရဏံ – အိုမှု ဇရာ၊ သေမှု မရဏာသည် ဖြစ်၏။

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ – ဤသို့ ချမ်းသာမဖက် ဆင်းရဲသက်သက် အစုသည် ထင်ရှားပြစ်၏။

(အဘိ – ၂ – ၁၇၁။ မြန် ၃ – ၅၃ / ၄)

အထက်ပါ ပါဠိတော်၌ 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရော' ဟူ၍ ဇကဝစ်နှင့် ဆိုခြင်းသည် စိတ္တက္ခဏတစ်ခုခု၌ များစွာသော စေတနာ မပြစ်။ တစ်ခုသော စေတနာသာပြစ်၍ သုတ္တန်နည်းကဲ့သို့ သင်္ခါရာဟူ၍ ဗဟုဝစ်မချဘဲ သင်္ခါရော ဟူ၍ ဇကဝစ်ချခြင်း ပြစ်သည်။

ဇာတိ ပစ္စယာ ဇရာမရဏံ ၌လည်း သုတ္တန်မှာကဲ့သို့ ရုပ်နာမ်နှစ်မျိုးလုံးပြစ်သော ဇာတိ၊ ဇရာ၊ မရဏ တရားတွေကို မယူရ။ စိတ္တက္ခဏတစ်ခုခု၌ပြစ်သော နာမ်တရားပြစ်သော ဇာတိ၊ ဇရာ၊ မရဏတို့ကိုသာ ယူရ၏။ နာမ်တရားပြစ်သော ဇာတိ၊ ဇရာ၊ မရဏဟူသည်လည်း 'ဥပါဒ်, ဌိ, ဘင်' တည်း။ ဥပါဒ်ကို ဇာတိ၊ ဌိကို ဇရာ၊ ဘင်ကို မရဏ ဟူ၍ ယူရ၏။

စိတ္တက္ခဏတစ်ခုခု၌ 'ဇာတိ၊ ဇရာ၊ မရဏ' ဟူသော ဥပါဒ်၊ ဌိ၊ ဘင်သာ ဖြစ်နိုင်၍ သောက၊ ပရိဒေဝ စသည် မဖြစ်နိုင်ရကား သုတ္တန်မှာကဲ့သို့ သောက၊ ပရိဒေဝ စသည် မယူရပေ။

(အဘိ ၅ – ၂ – ၁၉၁)

ပဋိစ္စသမုပ္ပါဒ်တရားသည် အကုသိုလ်စိတ်၌သာ ဖြစ်သည် မဟုတ်။ ကုသိုလ်စိတ်၌လည်း ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံသဘောကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

မဟာကုသိုလ် ပဌမစိတ်၌ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် ပဌမစိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ –

၁။ ကုသလမူလ ပစ္စယာ သင်္ခါရော – အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလ အကြောင်းကြောင့် မဟာကုသိုလ် စေတနာဟု ဆိုအပ်သော ပြုစိရင်မှု သင်္ခါရသည် ဖြစ်၏။

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ – မဟာကုသိုလ် စေတနာဟု ဆိုအပ်သော ပြုစိရင်မှု သင်္ခါရကြောင့် မဟာကုသိုလ် ပဌမစိတ် ဝိညာဏ်သည် ဖြစ်၏။

၃။ ဝိညာဏ ပစ္စယာ နာမံ – မဟာကုသိုလ် ပဌမစိတ် ဝိညာဏ်ကြောင့် ဝေဒနာ, သညာ, သင်္ခါရ ဟူသော စေတသိက်နာမ်တရား သုံးပါးသည် ဖြစ်၏။

၄။ နာမ ပစ္စယာ ဆဋ္ဌာယတနံ – စေတသိက် နာမ်တရား သုံးပါးကြောင့် ခြောက်ခုပြောက် မဟာကုသိုလ် ပဌမစိတ်ဟု ဆိုအပ်သော မနာယတနသည် ဖြစ်၏။

၅။ ဆဋ္ဌာယတန ပစ္စယာ ဖဿော – ခြောက်ခုပြောက် မဟာကုသိုလ် ပဌမစိတ်ဟု ဆိုအပ်သော မနာယတန ဖြစ်ခြင်းကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်၏။

၆။ ဖဿ ပစ္စယာ ဝေဒနာ – တွေ့ထိမှု ဖဿကြောင့် ခံစားမှု မဟာကုသိုလ် သောမနဿ ဝေဒနာသည် ဖြစ်၏။

၇။ ဝေဒနာ ပစ္စယာ ဥသာဒေါ – မဟာကုသိုလ် သောမနဿ ဝေဒနာအကြောင်းကြောင့် ကြည်လင်မှု သဒ္ဓါသည် ဖြစ်၏။

၈။ ပသာဒ ပစ္စယာ အဓိမောက္ခော – ကြည်လင်မှု သဒ္ဓါဟူသော အကြောင်းကြောင့် ဆုံးဖြတ်မှု အဓိမောက္ခသည် ဖြစ်၏။

၉။ အဓိမောက္ခ ပစ္စယာ ဘဝေါ – ဆုံးဖြတ်မှု အဓိမောက္ခဟူသော အကြောင်းကြောင့် ကုသိုလ်နာမ်ခန္ဓာ လေးပါး ဘဝသည် ဖြစ်၏။

၁၀။ ဘဝ ပစ္စယာ ဇာတိ – နာမ်ခန္ဓာ လေးပါးဘဝ အကြောင်းကြောင့် နာမ်တရားတို့၏ အသစ်ဖြစ်ပေါ်မှု ဇာတိသည် ဖြစ်၏။

၁၁။ ဇာတိ ပစ္စယာ – နာမ်တရားတို့၏ အသစ်ဖြစ်မှု ဇာတိကြောင့်

၁၂။ ဇရာ မရဏံ – အိုမှု ဇရာ၊ သေမှု မရဏသည် ဖြစ်၏။

ဝေမေတ္တသ္မ ကေဝလသ္မ ဒုက္ခက္ခန္ဓသ္မ သမုဒယော ဟောတိ – ဤသို့လျှင် ချမ်းသာမဖက် ဆင်းရဲအစု သက်သက်သည် ထင်ရှားဖြစ်၏။

(အဘိ – ၂ – ၁၅၅။ မြန် ၃ – ၁၀၄)

ဤ၌ ‘အဝိဇ္ဇာ ပစ္စယာ’ ဟု မဟောမူ၍ ‘ကုသလမူလ ပစ္စယာ’ – ဟု ဟောတော်မူရခြင်းသည် စိတ္တက္ခဏ တစ်ခုဌ ကုသိုလ်နှင့် အကုသိုလ်ပြိုင်၍ ဖြစ်ရိုးမရှိသောကြောင့်လည်းကောင်း၊ ကုသိုလ်စိတ်ဖြစ်ခြင်းသည် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ် မူလကြောင့်သာ ဖြစ်ခြင်းကြောင့်လည်းကောင်း ကုသလမူလ ပစ္စယာ ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

ဤ၌ ‘ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ ’ ဟု ဟောတော်မမူဘဲ ‘ဝေဒနာ ပစ္စယာ ပသာဒေါ၊ ပသာဒ ပစ္စယာ အဓိမောက္ခော ’ ဟူ၍ ဟောတော်မူရခြင်းသည် –

သဒ္ဓါတရားသည် အာရုံကို ယူရာ၌ အကုသိုလ်အရာ၌ တဏှာသည် သက်ဝင်နစ်မြုပ်၍ ယူသကဲ့သို့ ကုသိုလ်အရာ၌ သဒ္ဓါသည် သက်ဝင်နစ်မြုပ်၍ ယူသောကြောင့်လည်းကောင်း၊ အဓိမောက္ခသည်လည်း ဥပါဒါန်ကဲ့သို့ အာရုံ၌ ခိုင်မြဲစွာ ကျရောက်တတ်သောကြောင့်လည်းကောင်း သဒ္ဓါနှင့် အဓိမောက္ခကို ယူရခြင်း ဖြစ်လေသည်။

(အဘိ ဋ္ဌ – ၂ – ၂၀၀ / ၁)

အထက်ပါ ဖော်ပြအပ်ခဲ့သော မြတ်စွာဘုရားရှင် ဟောတော်မူအပ်သော အဘိဓမ္မာဘာဇနီယ ပဋိစ္စသမုပ္ပါဒ်သဘောတရားအရ အကုသိုလ်ကို ကြံစည်ပြောဆို ပြုလုပ်နေသူတို့အား အကုသိုလ်စိတ်တွေ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်နေချိန်တို့၌ အကုသိုလ် ပဋိစ္စသမုပ္ပါဒ်သာ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်ပေါ်လည်ပတ်နေမည် ဖြစ်၏။

ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ကြံစည်ပြောဆို ပြုလုပ်နေသူတို့အား ကုသိုလ်စိတ်တွေ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်နေချိန်၌ ကုသိုလ် ပဋိစ္စသမုပ္ပါဒ်တရားသာ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်ပေါ်လည်ပတ်နေမည် ဖြစ်သည်။

ယင်းသို့ဆိုလျှင် အဘိဓမ္မာဘာဇနီယနည်းအရ ပဝိဝနာကိုယ်အတွင်း၌ သို့မဟုတ် ပဝိစိတ်သန္တာန်၌ အကုသိုလ် ပဋိစ္စသမုပ္ပါဒ် အလည်ခံမည်လား။ ကုသိုလ် ပဋိစ္စသမုပ္ပါဒ် အလည်ခံမည်လား။ ဝေဖန်ပိုင်းခြားသင့်ကြပေသည်။

အကုသိုလ် ပဋိစ္စသမုပ္ပါဒ် အလည်ခံမည်ဆိုလျှင် အကုသိုလ်၏ အကျိုးသည် ဆင်းရဲဒုက္ခသာဖြစ်၍ ဆင်းရဲဒုက္ခအမျိုးမျိုးကိုသာ ခံစားကြရမည် ဖြစ်သည်။ ကုသိုလ် ပဋိစ္စသမုပ္ပါဒ် အလည်ခံမည်ဆိုလျှင် ကုသိုလ်၏ အကျိုးသည် ချမ်းသာသုခသာဖြစ်၍ ချမ်းသာသုခအမျိုးမျိုးကို ခံစားကြရမည် ဖြစ်သည်။

သို့ဖြစ်၍ လည်မည့်လည်လျှင် မဟာကုသိုလ် ပဌမစိတ်ကို ဖြစ်စေ၍ ကုသိုလ် ပဌမစိတ်သာ အလည်ခံသင့်ကြပေသည်။ ထိုထက် တစ်ဆင့်တက်၍ မဂ်ဖိုလ်ပဋိစ္စသမုပ္ပါဒ် အလည်ခံမည်ဆိုလျှင်ကား ကောပန ဝါဒေါ - ပြောဆိုစရာ မလိုတော့ပေ။ အလွန်ကောင်းမြတ်လှပေသည်။ မဂ်ဖိုလ် ပဋိစ္စသမုပ္ပါဒ်အထိ အလည်ခံနိုင်အောင် ကြိုးစားသင့်ကြပေသည်။

အဘိဓမ္မ ဘာဇနီယနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ၌ ဆောင်ရန်လက်ှာများ

၁။	ကြောင်းကျိုးဖြစ်ငြား၊	ပဋိအား၊	ဘုရားမြတ်စွာသည်၊
၂။	သုတ္တန်နည်းဖြင့်၊	ဝိုင်း၍ချင့်၊	ဟောလေ့ပြီး၍သည်၊
၃။	အဘိဓမ္မာ၊	နည်းနယာ၊	ဆက်ကာဟောကြားသည်၊
၄။	နာနာစိတ်မှန်၊	ဖြစ်ပုံဟန်၊	သုတ္တန်ဖြစ်လေသည်။
၅။	တစ်ခုစိတ်၏။	ဖြစ်ပုံရှိ၊	အဘိဖြစ်လေသည်။
၆။	အကုစိတ်မှာ၊	ပဋိစ္စာ၊	ဖြစ်တာသိရမည်။
၇။	ဒိဋ္ဌဖြစ်ရာ၊	အချိန်မှာ၊	အဝိဇ္ဇပါဝင်သည်။
၈။	သင်္ခါ, ဝိညာ၊	နာမ်တွေပါ၊	ဆဋ္ဌာပါဝင်သည်။
၉။	ဖဿ, ဝေ, တဏှာ၊	ဒိဋ္ဌပါ၊	ဘ, ဈ ပါလေသည်။

၁၀။ ဇရာ, မရဏာ၊ ဆယ့်နှစ်ဖြာ၊ အင်္ဂါဖြစ်လေသည်။
၁၀။ ရုပ်တွေမပါ၊ နာမ်၏သာ၊ လည်တာသိရမည်။
၁၂။ နာမ်အသက်တွင်၊ ဥ,ဋ္ဌိ,တင်၊ သုံးအင်္ဂါလေသည်။
၁၃။ ဇာတိဆိုတာ၊ ဥပါဒ်ပါ၊ ဇရာ ဋ္ဌိ ဖြစ်သည်။
၁၄။ တင်ကား မရဏာ၊ သိန္ဓိဂြဟ်၊ သုခမဟုတ်ဖြို။
၁၅။ ဒုက္ခသည်သာ၊ လည်နေတာ၊ ကောင်းစွာသိနိုင်သည်။
၁၆။ တစ်ခုစိတ်မှာ၊ ဖြစ်ပုံသာ၊ ပြတာဖြစ်၍သည်၊
၁၇။ သောကစဖြာ၊ တရားမှာ၊ မပါလေတော့ဖြို။
၁၈။ ပကူစိတ်မှာ၊ ပဋိစ္စာ၊ ဖြစ်တာသိရမည်။
၁၉။ ပကူဖြစ်ရာ၊ အချိန်မှာ၊ အဝိဇ္ဇာ မပါဖြို။
၂၀။ ကုသိလ်မူလေ၊ သစ္စိရ၊ ဝိညာဏ ပါကြသည်။
၂၁။ နာမ,ဆဋ္ဌာ၊ ဇသ်,ဝေဖါ၊ ပသာဒပါလေသည်။
၂၂။ အဓိမောက္ခ၊ ဘ,ဏပ၊ ဇ,မ ပါကြသည်။
၂၃။ ဤဆယ့်နှစ်ချက်၊ ကြောင်းကျိုးစွက်၊ လည်လျက်ဖြစ်နေသည်။
၂၄။ ဖြစ်တည်ပျက်ရ၊ သဘောတ၊ ဒုက္ခဖြစ်လေသည်။
၂၅။ သုခမပါ၊ ဒုက္ခသာ၊ လည်တာသိရမည်။
၂၆။ အကုဖြစ်ရာ၊ အကုသာ၊ လည်တာသိနိုင်သည်။
၂၇။ ကုစိတ်ဖြစ်ရာ၊ ကုသည်သာ၊ လည်တာသိနိုင်သည်။
၂၈။ လည်မည့်လည်ရာ၊ ကုသိလ်သာ၊ လည်တာကောင်းလေသည်။
၂၉။ အကုတရား၊ ဒုက္ခမျာ၊ ရှောင်ရှားကြရမည်။
၃၀။ ကုသိလ်မူကား၊ သုခမျာ၊ ဆောင်ထားကြရမည်။
၃၁။ ပကူစိတ်သာ၊ ဖြစ်စေရာ၊ လည်တာသင့်မြတ်သည်။
၃၂။ မဂ်ဖိုလ်စိတ်ရယ်၊ ဖြစ်နိုင်မယ်၊ ဆိုဖွယ်မရှိပြို။

ပကူစိတ်ကို အဘိဓမ္မ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းဖြင့် ဝေဖန်ခြင်း ရပ်နားပြီ။

ပကိဏ်ကို သတိပဋ္ဌာနဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

ဥဒ္ဒေသအဖွင့်

သတိပဋ္ဌာန် ဝိဘင်း ။ ။ သတိပဋ္ဌာန်ဝိဘင်း၌လည်း မြတ်စွာဘုရားရှင်သည် သတိပဋ္ဌာန်တရားကို သုတ္တန္တ ဘာဇနီယနည်း၊ အဘိဓမ္မဘာဇနီယနည်း ဟူ၍ နှစ်နည်းဖြင့် ဟောကြားတော်မူထား၏။ သုတ္တန္တဘာဇနီယနည်း၌ လောကီတရားများကို မူတည်ထား၍ သတိပဋ္ဌာန်ရှုပွားနည်းကို ပြတော်မူ၏။ အဘိဓမ္မဘာဇနီယနည်း၌ လောကုတ္တရာတရားကို မူတည်ထား၍ သတိပဋ္ဌာန်တရားဖြစ်ပုံနှင့် ယင်းသတိပဋ္ဌာန်တရားများကို တိက်၊ ဒုက် တို့ဖြင့် ဝေဖန်ပြတော်မူ၏။ သို့ဖြစ်၍ ဤ၌ သုတ္တန္တဘာဇနီယနည်းကိုသာ ဖော်ပြသွားပေအံ့။

ဓမ္မာဇရာ သတိပဋ္ဌာနာ ။ ။ မြတ်စွာဘုရားသည် ရှေးဦးစွာ သတိပဋ္ဌာန်တရား လေးပါးရှိကြောင်းကို 'စတ္တာရော သတိပဋ္ဌာနာ' ဟူ၍ ဟောကြားတော်မူလေ၏။ ထိုတွင် သတိပဋ္ဌာန်မည်ပုံကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားလေ၏။

သရဏာဒ္မေန သတိ ဥပဋ္ဌေန ပဋ္ဌာနံ ဣတိ သတိ စသာ ပဋ္ဌာနဋ္ဌေ သတိပဋ္ဌာနံ ။

(အဘိ ၄ - ၂ - ၂၀၄)

သရဏာဒ္မေန – အာရုံကို မပြတ်မလပ် ရှုမှတ်ခြင်းဟူသော အနက်သဘောကြောင့်၊ သတိ – သတိမည်၏။ ဥပဋ္ဌာနဋ္ဌေန – အာရုံ၌ စွဲမြဲစွာတည်ခြင်း အနက်သဘောကြောင့်၊ ပဋ္ဌာနံ – ပဋ္ဌာနမည်၏။ ဣတိ – ဤသို့၊ သတိ စ – အာရုံ၌ မပြတ်မလပ် ရှုမှတ်ခြင်းလည်း ဟုတ်၏။ သာ – ထိုအာရုံ၌ မပြတ်မလပ် ရှုမှတ်ခြင်း ဟူသည်၊ ပဋ္ဌာနဋ္ဌေ – အာရုံ၌ စွဲမြဲစွာတည်ခြင်းလည်း ဟုတ်၏။ ဣတိ – ဤသို့သော အနက်သဘောကြောင့်၊ သတိပဋ္ဌာနံ – သတိပဋ္ဌာန် မည်၏။

ဆိုလိုရင်းကား – သတိပဋ္ဌာန်ဟူသည် မိမိရှုပွားရမည့် အရှုခံအာရုံကို သတိက မပြတ်မလပ် ရှုမှတ်၏။ ယင်း မပြတ်မလပ် ရှုမှတ်မှုကို အာရုံ၌ စွဲမြဲစွာ တည်ထားရ၏။ ထို့ကြောင့် သတိပဋ္ဌာန်ဟူ၍ ခေါ်၏။ ဤသဘောအရ သတိတရားတစ်ခုကပင် အာရုံကို ရှုမှတ်ခြင်း အလုပ်ကိုလည်း လုပ်၏။ ယင်းရှုမှတ်မှုကို အာရုံ၌ စွဲမြဲစွာ တည်ရှိအောင်လည်း လုပ်၏။ ဤသဘောကြောင့် သတိပဋ္ဌာန် မည်၏။

၂။ သတိပဋ္ဌာန် လေးပါး ဟောကြားပုံ ။

။ သတိပဋ္ဌာန်တရားသည် -

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် - ဟူ၍ လေးပါးရှိ၏။

ထိုသို့ သတိပဋ္ဌာန်လေးပါး ဟောရခြင်းအကြောင်းကို အဋ္ဌကထာတွင် ဤသို့ ရှင်းပြထားလေ၏။

သတိပဋ္ဌာန်တရား ရှုပွားကြကုန်သော ပုဂ္ဂိုလ်များ အစားစား ရှိ၏။ ပါရမီ အခြေခံတရားများ တစ်ဦးနှင့် တစ်ဦး မတူကြပေ။ ယင်းပုဂ္ဂိုလ်တို့မှာ -

၁။ ဉာဏ်နုံသော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်၊

၂။ ဉာဏ်ထက်သော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်၊

၃။ ဉာဏ်နုံသော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်၊

၄။ ဉာဏ်ထက်သော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်၊

၅။ ဉာဏ်နုံသော သမထယာနိက ပုဂ္ဂိုလ်၊

၆။ ဉာဏ်ထက်သော သမထယာနိက ပုဂ္ဂိုလ်၊

၇။ ဉာဏ်နုံသော ဝိပဿနာယာနိက ပုဂ္ဂိုလ်၊

၈။ ဉာဏ်ထက်သော ဝိပဿနာယာနိက ပုဂ္ဂိုလ် ဟူ၍ ရှစ်မျိုး ရှိ၏။

၁။ ထိုတွင် ဉာဏ်နုံသော တဏှာစရိုက် ရှိသော ပုဂ္ဂိုလ်အား ပေါ်လွင်ထင်ရှားသော ကာယာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် **ကာယာနုပဿနာ သတိပဋ္ဌာန်** ကို ဟောတော်မူရ၏။

၂။ ဉာဏ်ထက်သော တဏှာစရိုက် ရှိသော ပုဂ္ဂိုလ်အား သိမ်မွေ့သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**ကို ဟောတော်မူရ၏။

၃။ ဉာဏ်နုံသော ဒိဋ္ဌိစရိုက် ရှိသော ပုဂ္ဂိုလ်အား အရှုခံအာရုံ အလွန်မများသော စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် **စိတ္တာနုပဿနာ သတိပဋ္ဌာန်** ကို ဟောတော်မူရ၏။

၄။ ဉာဏ်ထက်သော ဒိဋ္ဌိစရိုက် ရှိသော ပုဂ္ဂိုလ်အား အရှုခံအာရုံ အလွန်များသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် **ဓမ္မာနုပဿနာ သတိပဋ္ဌာန်**ကို ဟောတော်မူရ၏။

၅။ ဉာဏ်နှံ့သော သမထယာနိက ပုဂ္ဂိုလ်အား ပေါ်လွင်ထင်ရှားသော ကာယာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူ၏။

၆။ ဉာဏ်ထက်သော သမထယာနိက ပုဂ္ဂိုလ်အား နူးညံ့သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူရ၏။

၇။ ဉာဏ်နှံ့သော ဝိပဿနာယာနိက ပုဂ္ဂိုလ်အတွက် အရွှဲခံအာရုံ အလွန်များသော စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူရ၏။

၈။ ဉာဏ်ထက်သော ဝိပဿနာယာနိက ပုဂ္ဂိုလ်အတွက် အရွှဲခံအာရုံ အလွန်များသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် သင့်လျော်၏။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ယင်းအတွက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူရ၏။

တစ်နည်းအားဖြင့် –

၁။ ဤခန္ဓာကိုယ်ကို သုဘဟူ၍ ဖောက်ပြန်စွာမှတ်မူ သညာဝိပလ္လာသကို ပယ်ခြင်းငှါ အသုဘ၏ အဖြစ်ကို ပြခြင်းအားဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူရ၏။

၂။ ခံစားမှု ဝေဒနာကို သုခဟူ၍ ဖောက်ပြန်စွာယူမှု ဒိဋ္ဌိဝိပလ္လာသကို ပယ်ခြင်းငှါ ဒုက္ခ၏အဖြစ်ကို ပြခြင်းအားဖြင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူ၏။

၃။ သိမှုစိတ်ကို နိစ္စဟူ၍ ဖောက်ပြန်စွာ သိမှု စိတ္တဝိပလ္လာသကို ပယ်ခြင်းငှါ အနိစ္စ၏ အဖြစ်ကို ပြခြင်းအားဖြင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူရ၏။

၄။ သဘာဝဓမ္မကို အတ္တဟူ၍ ဖောက်ပြန်စွာယူမှု အတ္တဝိပလ္လာသကို ပယ်ခြင်းအကျိုးငှါ အနတ္တ၏အဖြစ်ကို ပြခြင်းအားဖြင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ဟောတော်မူ၏။

တစ်နည်းအားဖြင့် –

ဩဃလေးပါး၊ ယောဂလေးပါး၊ အာသဝလေးပါး စသော အကုသိုလ်တရားများကို ပယ်ခြင်းငှါ ဤသတိပဋ္ဌာန်လေးပါးတို့ကို ဟောတော်မူရ၏။

(အဘိ ၄ - ၂ - ၂၀၅)

ဤသို့လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားအတွက် သတိပဋ္ဌာန်တရား လေးပါးကို ဟောကြားတော်မူလေသည်။

၁။ သတိပဋ္ဌာန်လေးပါး ဟောရကြောင်း၌ ဆောင်ရန်လက်ာများ

၁။	သတိပဋ္ဌာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	အာရုံမပြတ်၊	အသိကပ်၊	ရှုမှတ်သတိသည်၊
၃။	အာရုံဥပေ၊	စွဲမြဲစေ၊	တည်နေစေရသည်။
၄။	သတိလဲမှန်၊	ဌာန်ဖြစ်ပြန်၊	တိဋ္ဌာန်ခေါ် ရသည်။
၅။	ဝေနေယျများ၊	ကျိုးစီးပွား၊	ဖြစ်ပွားစေရန်သည်၊
၆။	သတိပဋ္ဌာန်လေးပါး၊	မြတ်ဘုရား၊	ဟောကြားထားလေသည်။
၇။	ဝေနေခေါ် ငြား၊	ပဋိုလိကား၊	စားစားရှိလေသည်။
၈။	ဉာဏ်နဲ့ ၍ပ၊	ဇာနှင့်ထ၊	ရှိကြများကိုသည်၊
၉။	ကာယာနုပဿနာ၊	ဟောလေရာ၊	ထက်မှာဝေဟောသည်။
၁၀။	ဒိန္ဒ့်ဝိမူ၊	စိတ္တဟူ၊	မှတ်ယူဟောထားသည်။
၁၁။	ဉာဏ်ထက်ကြမူ၊	ဒိ,ဝိစု၊	ဓမ်နုဟောလေသည်။
၁၂။	နောက်တစ်နည်းကား၊	ဤသို့များ၊	သိထားကြရမည်။
၁၃။	သုဘသညာ၊	ပယ်ဖို့ရာ၊	ကာယာဟောလေသည်။
၁၄။	သုခသညာ၊	ပယ်ဖို့ရာ၊	ဝေဒနာဟောလေသည်။
၁၅။	နိစ္စသညာ၊	ပယ်ဖို့ရာ၊	စိတ္တာဟောလေသည်။
၁၆။	အတ္တသညာ၊	ပယ်ဖို့ရာ၊	ဓမ္မာဟောလေသည်။
၁၇။	ဤသို့မှန်စွာ၊	ဝေနေယျာ၊	ကျိုးဖြာစေဖို့သည်၊
၁၈။	သတိပဋ္ဌာန်လေးပါး၊	မြတ်ဘုရား၊	ဟောကြားထားလေသည်။

၁။ သတိပဋ္ဌာန်လေးပါး ဟောရကြောင်း ပြီး၏။

၂။ ကာယေ ကာယာနုပဿီ ဝိဟရတိ ။ ။ ဥဒ္ဒေသ ပါဠိတော်၌ 'စတ္တာရော သတိပဋ္ဌာနာ ဣဓဘိက္ခု အတ္တဖိုက် ကာယေ ကာယာနုပဿီ ဝိရဟတိ' ဟု ဟောတော်မူရာ၌ အဋ္ဌကထာတွင် စတ္တာရော သတိပဋ္ဌာနာ ပုဒ်အရကို ရှင်းပြပြီးနောက် 'ကာယေ ကာယာနုပဿီ ' ပုဒ်အရကို ရှင်းပြထားလေ၏။

ကာယေအာရ – ဘေဿ – ဆံပင် အစရှိကုန်သော ရုပ်အပေါင်းကို ကာယဟူ၍ ခေါ်၏။ ဆံပင် အစရှိကုန်သော ကောဋ္ဌာသတရားတို့၏ ဖြစ်ခဲ့ရာ၏ အဖြစ်ကြောင့် ကာယခေါ်၏။

ဣဓ ဘိက္ခု အတ္တဖိုက် ကာယေ ကာယာနုပဿီ ဝိဟရတိ – ဤသာသနာတော်၌ ယောဂိရဟန်းသည် ဝိပဿနာကိုယ် ဆံပင် အစရှိကုန်သော ရုပ်အပေါင်း၌ ဆံပင် အစရှိကုန်သော ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုမှားလျက် နေ၏ – ၌ ကာယေ အရကို ရှင်းပြပြီး၍ 'ကာယာနုပဿီ' အရကို ဤသို့ ရှင်းပြထားပြန်၏။

ကာယာနုပဿီ – ဟူသည်ကား ရုပ်အပေါင်းဟု ဆိုအပ်သော ကာယကို အဖန်ဖန် ရှုလျက်နေ၏ဟူ၍ ပြခြင်းဖြစ်၏။ ဆက်ဦးအံ့။ ကာယေတိ ဟူ၍ ပဌမကာယကို ဟောတော်မူပြီး၍ 'ကာယာနုပဿီ' ဟူ၍ ဒုတိယ ကာယကို ထပ်၍တစ်ခါ ဟောတော်မူရခြင်းသည်ကား ကာယ – ဟူသော ရုပ်အပေါင်းကို ရှုမှားနေရာ၌ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့နှင့် မရောပြွမ်းစေသောအားဖြင့် ကာယကို ပိုင်းခြားမှတ်သား၍ ရောပြွမ်းမှုကို ခွဲခြားခြင်းကို ပြခြင်း အကျိုးငှါ ကာယာနုပဿီဟူ၍ ဒုတိယကာယပုဒ်ကို ဟောတော်မူခြင်း ဖြစ်၏။

သို့ဖြစ်၍ ကာယေ – ရုပ်အပေါင်းကာယကို ရှုမှားနေရာ၌ ဝေဒနာကို အဖန်ဖန် ရှုနေသည်မဟုတ်။ စိတ်ကို အဖန်ဖန် ရှုနေသည်မဟုတ်။ ဓမ္မကို အဖန်ဖန် ရှုနေသည်မဟုတ်။ အဟုတ်သော်ကား ကာယေ – ရုပ်အပေါင်း၌၊ ကာယာနုပဿီ – ရုပ်အပေါင်းကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍နေ၏ – ဟု ဤသို့ ဟောတော်မူခြင်း ဖြစ်လေ၏။

ထိုမှတစ်ပါး ဘူတရုပ်၊ ဥပါဒါရုပ်ဟူသော ရုပ်အပေါင်း၌ ဆံပင် အစရှိကုန်သော ရုပ်အပေါင်းမှလွတ်သော အခြားသော တရားတို့ကို ရှုမှား၍မနေ။ မိန်းမ, ယောကျ်ား စသော ပညတ်များကို ရှုမှား၍ မနေ။ ဆံပင် အစရှိကုန်သော ရုပ်အပေါင်းကိုသာ ရှုမှား၍နေ၏။ ဘူတရုပ်၊ ဥဒါဒါရုပ်ဟူသော ရုပ်အပေါင်းကိုသာ ရှုမှား၍နေ၏ ဟူ၍ ရုပ်ကာယကို အခြားသောတရားတို့နှင့် မရောပြွမ်းစေဘဲ သီးခြားခွဲထုတ်၍ ရှုရမည့်သဘောကို မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်လေ၏။

ထို့ကြောင့် ရှေးကဆရာတို့သည် ဤသို့ မိန့်တော်မူကြကုန်၏။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော နမုစ္စတိ။

အနက် ။ ။ လောကော – လူအပေါင်းသည်၊ ယံ – အကြင်ဂါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဂါ, အတုံးအခဲများကို၊ ပဿတိ – သိမြင်၏။ တံ – ထိုသိမြင်မှုသည်၊ ဒိဋ္ဌံ – တကယ်သိမြင်ထိုက်သော တရားမျိုးသည်၊ န – မဟုတ်ပေ။ ယံ – အကြင်ထင်ရှားရှိသော

ပရမတ်တရားများကို၊ ဒိဋ္ဌ – တကယ်သိမြင်ထိုက်၏။ ဇာ – ထိုသိမြင်ထိုက်သော ပရမတ်တရားများကို၊ နုဝဿတိ – ဝိပဿနာဉာဏ်မျက်စိဖြင့် မသိမြင်ကြ၊ အဝဿံ – ဤသို့ ဝိပဿနာဉာဏ်မျက်စိဖြင့် မသိမြင်သော၊ မူဠှော – တွေဝေသူကို၊ ဗဠိသေ – ကိလေသာရာဂဖြင့် နှောင်ဖွဲ့ခံရသူသည်၊ နုမုစ္စတိ– သံသရာဒုက္ခမှ မလွတ်မြောက်နိုင်ပေ။

ထိုမှတစ်ပါး ကာယေအရ – ဤခန္ဓာကိုယ်ဟူသော ဘူတရုပ်၊ ဥပါဒါရုပ်အပေါင်းသည် နိစ္စ, သုခ, အတ္တ, သုဘ မဟုတ်ပေ။ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတည်း။ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သော ဤရုပ်အပေါင်းကာယကို နိစ္စ, သုခ, အတ္တ, သုဘ ဟူ၍ ရူပွားခြင်း မနေ။ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟူ၍ ရူပွားခြင်းနေ၏ – ဟူ၍ ဟောတော်မူလိုရင်း ဖြစ်ပေသည်။

(အဘိ ၄ - ၂ - ၂၀၇ / ၈)

အထက်ပါ အဋ္ဌကထာ ဖွင့်ဆိုချက်သဘောအရ ရုပ်ကို ရူပွားနေသော ယောဂိပုဂ္ဂိုလ်သည် ရုပ်ကိုသာရူ၊ ဝေဒနာ အစရှိသော နာမ်ကို မရှုနှဲ့ဦး – ဟု ဆိုလိုသည် ဖြစ်လေ၏။ ထိုတွင် ရုပ်ကို ရူရာ၌လည်း ဓာတ်ကြီးလေးပါး ရုပ်၊ ဥပါဒါရုပ် ဟူ၍ ရှိပြန်ရာ ဓာတ်ကြီးလေးပါးကို ရူနေသူလည်း ဓာတ်ကြီးလေးပါးကိုရူ၊ ဥပါဒါရုပ်ကို မရှုနှဲ့ဦး– ဟူ၍ ဆိုလိုပေသည်။ ဓာတ်ကြီးလေးပါးကို ရူရာ၌လည်း ပထဝီဓာတ်ကို ရူသူက ကျန်သော ဓါယောဓာတ် အစရှိသော ဓာတ်များကို မရှုနှဲ့ဦး။ ပထဝီဓာတ်ကိုသာ ရူပါ – ဟူ၍ ဆိုလိုရာ ရောက်သည်ကို သိမြင်နိုင်ကြပေ၏။ ကျန်ဓာတ်သုံးပါး၌လည်း ထိုသို့ ဆိုလိုသည်ကို သိမြင်နိုင်ကြကုန်၏။

၂။ ကာယေ ကာယာနုပဿီ ဟု ဟောတော်မူရာ၌ ဆောင်ရန်လက်ခံများ

၁။	ကာယေကာယာ၊	နုပဿာ၊	မြတ်စွာဟောထားသည်။
၂။	ကာယေအရ၊	ရုပ်ကာယ၊	ကောက်ပြထားလေသည်။
၃။	ပဌမ, ကာယာ၊	ဟောပြီးရာ၊	ဒု,ကာ ဟောခြင်းသည်၊
၄။	ရုပ်ကိုရူရာ၊	ရုပ်ကိုသာ၊	ခါခါရှုရမည်။
၅။	ဝေဒနာစပြု၊	နာမ်အစု၊	မရှုရလေပြီ။
၆။	သတိလေးပါး၊	မရောပြား၊	ဘုရားဟောထားသည်။
၇။	ထိုမှတစ်ပါး၊	ရုပ်ကိုများ၊	ရူပွားရာ၌သည်၊
၈။	မိန်းမယောကျ်ား၊	ပုဂ္ဂိုလ်များ၊	ရူပွားမနေပြီ။
၉။	ဥဒါရုပ်သာ၊	ဘူတသာ၊	ခါခါရှုရမည်။
၁၀။	ပရမတ်တရား၊	ပညတ်များ၊	ခွဲခြားဟောလေပြီ။
၁၁။	ရှေးဆရာများ၊	ဤသို့များ၊	ဆိုထားကြလေသည်။

၁၂။	ဝိပသိတရား၊	မရွှတ်ဟား၊	လူများစွာတို့သည်၊
၁၃။	မနှင့်ကျားပင်၊	ပညတ်အင်၊	သိမြင်နေကြသည်။
၁၄။	သိမြင်နေခြင်း၊	ပညတ်ထင်း၊	မြင်ခြင်းမထိုက်ဖြို။
၁၅။	ထင်ရှားရှိလတ်၊	ပရမတ်၊	ဉာဏ်ကဖ်သိထိုက်သည်။
၁၆။	သိမြင်ထိုက်တာ၊	မသိရာ၊	တဏှာဖွဲ့တော့သည်။
၁၇။	တဏှာဖွဲ့ရာ၊	သံသရာ၊	တယ်မှာလွတ်လိမ့်မည်။
၁၈။	နောက်တစ်နည်းမှာ၊	ကိုယ်ကာယာ၊	အနိစ္စာဖြစ်လေသည်။
၁၉။	ဒုက္ခ, အနတ္တ၊	အသုဘ၊	မုချဖြစ်ကြသည်။
၂၀။	အနိစ္စကိုသာ၊	နိစ္စဟိ၊	ရှုကာမနေဖြို။
၂၁။	ဒုက္ခကိုသာ၊	သုခဟိ၊	ရှုကာမနေဖြို။
၂၂။	အနတ္တကိုသာ၊	အတ္တဟိ၊	ရှုကာမနေဖြို။
၂၃။	အသုဘကိုသာ၊	ထုဘဟိ၊	ရှုကာမနေဖြို။
၂၄။	အနိစ္စဟုသာ၊	ဒုက္ခသာ၊	ရှုကာနေရမည်။
၂၅။	အနတ္တသာ၊	အသုဘာ၊	ရှုကာနေရမည်။
၂၆။	ဤသို့မှန်စွာ၊	ဆိုလိုတာ၊	ကောင်းစွာသိရမည်။
၂၇။	ဤသဘောစု၊	ကောက်ချက်ပြု၊	ထောက်ရှုသိရမည်။
၂၈။	ရုပ်ကိုရှုရာ၊	ရုပ်ကိုသာ၊	ခါခါရှုရမည်။
၂၉။	ဓာတ်ကိုမှန်စွာ၊	ရှုနေရာ၊	ဓာတ်သာရှုရမည်။
၃၀။	ဓာတ်၌မှာလဲ၊	ရှုဖို့ပဲ၊	လေးတွဲရှိလေသည်။
၃၁။	ပထဝီရှုရာ၊	ပထဝီသာ၊	ရှုကာနေရမည်။
၃၂။	ဝါယောရှုရာ၊	ဝါယောသာ၊	ရှုကာနေရမည်။
၃၃။	တေဇောရှုရာ၊	တေဇောသာ၊	ရှုကာနေရမည်။
၃၄။	အာပေါရှုရာ၊	အာပေါသာ၊	ရှုကာနေရမည်။
၃၅။	မူတည်ရှုရာ၊	ဓာတ်ကိုသာ၊	ဝိုင်စွာရှုရမည်။
၃၆။	ဤသို့ထင်ရှား၊	ဆိုလိုပြား၊	သိထားနိုင်ကြသည်။

၂။ ကာယေ ကာယာနုပဿီ ဟု ဟောတော်မူရာ၌ ဝေဖန်ချက် ပြီး၏။

၃။ **အာတာပီ သမ္မဇာနော သတိမာ** ။ ။ ထို့နောက် ပါဠိတော်၌ ဗဟိဒ္ဓကို ရှုရာ၌လည်းကောင်း၊ အဇ္ဈတ္တ ဗဟိဒ္ဓကို ရှုရာ၌လည်းကောင်း အဇ္ဈတ္တကို ရှုရာ၌ကဲ့သို့ပင် ရှုရမည်ဖြစ်ကြောင်းကို ဟောကြားတော်မူထားလေသည်။ ထို့နောက် 'အာတာပီ သမ္ပဇာနော သတိမာ' ဟူ၍ ဟောကြားတော်မူထားပြန်သည်။ ယင်းကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားသည်။

အာတာပီ အရ – ဝီရိယကို ရလေသည်။ ကာယနုပဿနာကို ရှုရာ၌ ကိလေသာတွေကို လောင်မြိုက်သွားအောင် ရှုပွားရမည်ဟု ပြဆိုခြင်း ဖြစ်သည်။

သမ္ပဇာနော အရ – ပညာဉာဏ်ကို ရလေသည်။ ကာယကို ပိုင်းခြားသိမြင်နိုင်သော ဉာဏ်ပညာမျိုး ဖြစ်စေရမည်ဟု ပြဆိုခြင်း ဖြစ်သည်။

သတိမာ အရ – သတိကို ရလေသည်။ ကာယကို ပိုင်းခြားယူနိုင်သော၊ အာရုံပြု ရှုမှတ်နိုင်သော သတိမျိုး ဖြစ်ရမည်ဟု ပြဆိုခြင်း ဖြစ်သည်။

ဤသို့ ပြဆိုခြင်းဖြင့် သတိပဋ္ဌာန် ရှုပွားမှုသည် ဝီရိယ၊ ပညာ၊ သတိတို့၏ အာနုဘော် အစွမ်းဖြင့်သာ ကမ္မဋ္ဌာန်းကိစ္စသည် ပြီးစီးနိုင်၏။ ဝီရိယ၊ သတိ၊ ပညာ မပါလျှင်၊ လျော့နည်းလျှင် ကမ္မဋ္ဌာန်းကိစ္စသည် မပြီးစီးနိုင်ပေ ဟူ၍ ပြဆိုခြင်း ဖြစ်လေသည်။ (အဘိ ၌ - ၂ - ၂၀၉)

ဤဝီရိယ၊ ပညာ၊ သတိတရားတို့သည်လည်း လောကုတ္တရာ၌ ရှိသောတရား မဟုတ်ပေ။ လောကီ၌ဖြစ်သော တရားဖြစ်၏။ လောကီ၌လည်း မဟဂ္ဂတ်တရား၊ ဈာန်တရားတို့၌ရှိသော တရားမဟုတ်ပေ။ မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဝီရိယ၊ ပညာ၊ သတိများ ဖြစ်ကြပေသည်။ ဤသို့အားဖြင့် မဟာကုသိုလ် ပဌမစိတ်၏ အရေးပါပုံကို သိမြင်နိုင်ကြပေသည်။

၄။ **ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ** ။ ။ ပါဠိတော်၌ 'အာတာပီ၊ သမ္ပဇာနော၊ သတိမာ'ကို ဟောတော်မူပြီးနောက် ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ကို ဆက်၍ ဟောတော်မူလေသည်။ အဓိပ္ပါယ်မှာ ရုပ်အပေါင်းကာယဟူသော လောက၌ တပ်မက်မှု အဘိဇ္ဈာကို လည်းကောင်း၊ နှလုံးမသာ စိတ်ဆင်းရဲမှု ဒေါမနဿကို လည်းကောင်း ပယ်ဖျောက်ရမည်ဟု အဓိပ္ပါယ်ရလေသည်။ ယင်းကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားလေသည်။

ဤ 'ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ' ပါဠိ၌ အဘိဇ္ဈာဖြင့် ကာမဆွဲအဖွဲ့ကိုလည်းကောင်း၊ ဒေါမနဿဖြင့် ဗျာပါဒကိုလည်းကောင်း သိမ်းယူအပ်၏။ ဤသို့အားဖြင့် အဘိဇ္ဈာ၊ ဒေါမနဿတွင်မက နီဝရဏ ကိလေသာအားလုံးကို ပယ်ရမည်ကို ပြဆိုလေသည်။

ဤသို့ အဘိဇ္ဈာကို ပယ်ဖျောက်ခြင်းဖြင့် အရှုခံ ရုပ်ကာယ၌ ထင်ရှား မရှိကုန်သော သုဘ၊ သုခ အစရှိသည်တို့ကို ယူခြင်းကိုလည်းကောင်း၊ ဒေါမနဿ ဝိနယေနဖြင့် အရှုခံ ရုပ်ကာယ၌ ထင်ရှားရှိကုန်သော အသုဘ၊ အသုခ စသည်တို့ကို ဖယ်ထုတ်ခြင်းကိုလည်းကောင်း ပယ်၏-ဟူ၍ ပြဆိုခြင်း ဖြစ်သည်။

ဆိုလိုသည်ကား အရှုခံရုပ်ကာယ၌ ဝိရိယ၊ ပညာ၊ သတိတို့ဖြင့် အဖန်ဖန် ရှုပွားနေသော ယောဂိအား ကိုစွဲ၊ သုခ၊ အတ္တ၊ သုဘသညာများ ပျောက်ကွယ်ကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘများ ထင်လာ၍ အဘိဇ္ဈာဟူသော ကာမဆွဲနှဲ့၊ ဒေါမနဿဟူသော ဗျာပါဒ နိဝရဏ၊ ကိလေသာတို့နှင့်တကွ နိဝရဏ၊ ကိလေသာများ ကင်းစင်မည် ဟု၍ အဓိပ္ပါယ်ရသလို ကင်းစင်အောင်လည်း ထုတ်ရမည် ဟု၍ အဓိပ္ပါယ်ရလေသည်။

(အဘိ ၅ - ၂ - ၂၁၀)

၃/ ၄။ အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ဟု ဟောတော်မူရာ၌ ဆောင်ရန် လက်ခံများ

၁။	အာတာပိအရ၊	ဝီရိယ၊	လုံ့လရလေသည်။
၂။	ကိလေတစ်သိုက်၊	ခန်းခြောက်သိုက်၊	လောင်မြိုက်စေရမည်။
၃။	သမ္ပဇဏာ၊	အရမှာ၊	ပညာရလေသည်။
၄။	ရုပ်အပေါင်းအား၊	ထောင်းစွာငြား၊	ပိုင်းခြားသိရမည်။
၅။	သတိမာမှာ၊	ရှမတ်တာ၊	သတိသာဖြစ်လေသည်။
၆။	ပိုင်းခြားကာတိ၊	ရှုနိုင်ဘိ၊	သတိဖြစ်ရမည်။
၇။	ဤအဓိပ္ပါယ်ကို၊	သိစေလို၊	ပြဆိုထားမှုသည်၊
၈။	ကမ္မဋ္ဌာန်းအလုပ်၊	ကြိုးစားထုတ်၊	အားထုတ်ရာ၌သည်၊
၉။	ဝီရိယ၊ပညာ၊	တိဖြင့်သာ၊	ဖြိုးတာသိရမည်။
၁၀။	ဝီရိယ၊ပညာ၊	သတိပါ၊	သုံးဖြာတရားသည်၊
၁၁။	လောကုတ္တရာ၊	စွာန်၌မှာ၊	ရှိတာမဟုတ်ဖြို။
၁၂။	ပကုဉ်မှာ၊	ရှိလေရာ၊	သေချာသိနိုင်သည်။
၁၃။	ပကုစိတ်ဟာ၊	ဤသို့သာ၊	လွန်စွာရေးပါသည်။
၁၄။	ထိုမှတစ်ခါ၊	ဝိနေယျာ၊	ဖြတ်စွာဟောခြင်းသည်၊
၁၅။	ဝီရိယရှိ၊	ပညာသိ၊	သတိတို့ဖြင့်သည်၊
၁၆။	ကာယတရား၊	ထပ်ထပ်အား၊	ရှုပွားနေမှုသည်၊
၁၇။	နိဝရဏမည်သာ၊	ကိလေသာ၊	ပယ်ခွါပြုနိုင်သည်။
၁၈။	ပယ်ခွါအောင်လဲ၊	မပြတ်တဲ၊	ရှုပဲနေရမည်။

၃/ ၄။ အာတာပိ သမ္ပဇာနော သတိမာ, ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ဟု ဟောမှုဌ်
ဝေဖန်ချက် ပြီး၏။

ဥဒ္ဒေသလာ ကာယာနုပဿနာ သတိပဋ္ဌာန် ပြီး၏။

ဥဒ္ဒေသဌီ

ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတို့ကို ပြဆိုပုံများ

၂။ ဝေဒနာနုပဿနာ ။ ။ ဥဒ္ဒေသဌီ မြတ်စွာဘုရားသည် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူပြီး၍ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတို့ကို ဆက်၍ ဟောကြားတော်မူသည်။ ထိုတွင် ဝေဒနာနုပဿနာကို ဤသို့ ဟောကြားတော်မူထားလေသည်။

အဖျတ်ဆံ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ - မိမိ၏ အဖျတ်ဆံ ခံစားမှု ဝေဒနာတို့၌ ခံစားမှု ဝေဒနာကို အဖန်ဖန် အထပ်ထပ် ရှုလျက်နေ၏။ ယင်းကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုပြထားလေသည်။

ဝေဒနာသု ဝေဒနာနုပဿီ - ၌ ပဌမဝေဒနာကို ဟောတော်မူပြီး၍ ဒုတိယဝေဒနာကို ဟောတော်မူခြင်း သည်ကား ကာယေ ကာယာနုပဿီ အတိုင်း နည်းမှိသိနိုင်ပေ၏။ ကျန်သော စိတ္တ၊ ဓမ္မတို့၌လည်း ဤနည်း အတိုင်းပင်။

ဤ၌ လောကုတ္တရာ ဝေဒနာကို အရှုခံထား၍ မရှုပွားရသောကြောင့် မယူရ။ အရှုခံထား၍ ရှုပွားနိုင်သော လောကီ ဝေဒနာတို့ကိုသာ ယူရမည်။

ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၏ အကျယ် ရှုပွားပုံကို နိဒ္ဒေသဌီ အကျယ်ပြပေမည်။ ဤ၌ ဝေဒနာရှုပွားပုံကို အကျဉ်းနည်းဖြင့် ဤသို့ ပြထားသည်။

သုခါ ဝေဒနာ ဒုက္ခတော, ဒုက္ခာသလ္လတော အဒုက္ခမသုခါ အနိစ္စတော။

သုခဝေဒနာကို ဒုက္ခအဖြစ်ဖြင့် အဖန်ဖန်ရှုအပ်၏။ ဒုက္ခဝေဒနာကို မြားငြောင့်၏အဖြစ်ဖြင့် အဖန်ဖန် ရှုအပ်၏။ ဥပေက္ခာဝေဒနာကို အနိစ္စ၏အဖြစ်ဖြင့် အဖန်ဖန် ရှုအပ်၏။

တစ်နည်းအားဖြင့် အလုံးစုံသော ဝေဒနာတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ၏အဖြစ်ဖြင့် အဖန်ဖန် ရှုအပ်၏။ ဤနည်းအတူ စိတ်တို့ကိုလည်း အနိစ္စ, ဒုက္ခ, အနတ္တ၏ အဖြစ်ဖြင့် အဖန်ဖန် ရှုအပ်၏။ ဓမ္မ သဘာဝတရားတို့ကို လည်း အတွက်မှ ကင်းဆိတ်မှု သဘောအားဖြင့်လည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့်လည်းကောင်း အဖန်ဖန် ရှုထိုက်၏။

(အဘိ ၄ - ၂ - ၂၁၁)

၂။ ဝိဘင်းကျမ်း – ပကိဏ်ကို သတိပဋ္ဌာနဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

ဝေဒနာ, စိတ္တ, ဓမ္မတို့၌ ဆောင်ရန်လက်ကျများ

၁။	ပဝေကိုပေ၊	ဟောပြီးလေ၊	ဒုဝေဟောခြင်းသည်၊
၂။	ကာယေတာယာ၊	အတိုင်းသာ၊	နည်းဖြာသိနိုင်ထည်။
၃။	အရွှခံထားတာ၊	ရွှဖို့ရာ၊	ဝေဒနာများကိုသည်၊
၄။	လောကုတ်ဝေဒနာ၊	မရွှရာ၊	ကိသာရွှရမည်။
၅။	ကျွန်စိတ်ဓမ္မ၊	ဤနည်းပ၊	နှိုင်းဆသိနိုင်ထည်။
၆။	ဝေဒနာတရား၊	ရွှခံထား၊	ရွှားသူများထည်၊
၇။	သုခဝေဒနာ၊	ဒုက္ခပါ၊	ရွှကာနေရမည်။
၈။	ဒုတ္ထဝေအား၊	ဆူးငြောင့်ထား၊	ရွှားကြရမည်။
၉။	ဥပေက်ဝေဒနာ၊	အနိစ္စာ၊	ခါခါရွှရမည်။
၁၀။	နောက်တစ်နည်းတုံ၊	ရွှားပုံ၊	ထုံးစုံဝေဒနာသည်၊
၁၁။	အနိစ္စဟု၊	ဒုတ္ထဟု၊	ရွှမှုပြုရမည်။
၁၂။	အတ္တကင်းကွာ၊	အနတ္တာ၊	ခါခါရွှရမည်။
၁၃။	ဤနည်းတူစွာ၊	စိတ်၊ ဓမ္မာ၊	ရွှကာနေရမည်။

ဥဒ္ဒေသ၌ ဝေဒနာ, စိတ္တ, ဓမ္မတို့ကို ပြဆိုချက် ပြီး၏။

ဥဒ္ဒေသဝိုင်း ပြီး၏။

နိဒ္ဒေသဠ်

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် ရှုပွားပုံသဘောများ

၁။ ကာယာနုပဿနာ ။ ။ ကာယာနုပဿနာဟူသည် ရုပ်အပေါင်းကာယကို သမထအနေဖြင့်၊ ဝိပဿနာအနေဖြင့် ရှုပွားရမည် ဖြစ်၏။ သမထအနေဖြင့် ရှုပွားပုံကား ဤခန္ဓာကိုယ်၌ မတင့်တယ် မစင်ကြယ်သော 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော' ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသော ၃၂-ပါးသော အစုသည် ရှိ၏။ ဤသို့ စသည်ဖြင့် ယောက်ျားဟူ၍၊ မိန်းမဟူ၍၊ တင့်တယ်၏ဟူ၍ ထင်မှတ်နေမှု ပျောက်အောင်၊ မတင့်တယ်မှုအသွင် ထင်ပြင်လာအောင် အဖန်ဖန် အထပ်ထပ် ရှုပွားရမည် ဖြစ်၏။ ဤသို့ ရှုပွားမှုကို သမထအနေဖြင့် ရှုပွားခြင်းဟု ခေါ်၏။ ဤရှုပွားနည်းကို ပါဠိတော်၌လည်း ပြဆိုထား၏။ အဋ္ဌကထာ၌လည်း အကျယ်ဖွင့်ဆိုထား၏။ သို့ဖြစ်၍ ဤ၌ သမထရှုပွားနည်းကို ပြမနေတော့ပြီ။ ဝိပဿနာရှုပွားနည်းကိုသာ အကျဉ်းသဘောမျှ ပြပေအံ့။

ဆံပင်၊ ခြေသည်း၊ လက်သည်း၊ သွား အစရှိကုန်သော ကောဋ္ဌာသအစုတို့ကို ဝိပဿနာအနေဖြင့် ရှုပွားလိုလျှင်ကား ဓာတ်အနေအားဖြင့် ရှုပွားရမည် ဖြစ်၏။ ယင်းကို အဋ္ဌကထာတွင် ဤသို့ ပြဆိုထား၏။

ကေသေ ကက္ခဋေတာ ပထဝီဓာတု၊ အာပဗန္ဓနတာ အာပေါဓာတု၊ ပဉ္စာတာ တေဇောဓာတု ဝိတ္ထမ္ဘနတာ ဝါယောဓာတူတိ စတသော ဓာတုယော ဟောန္တိ။

(အဘိ ၄ - ၂ - ၂၄၉)

အဓိပ္ပါယ်ကား - ဆံပင်၌ မာမှုဟု ဆိုအပ်သော ပထဝီဓာတ်သည် ရှိ၏။ ပွဲ့စည်းမှုဟုဆိုအပ်သော အာပေါဓာတ်သည် ရှိ၏။ ပူမှုဟု ဆိုအပ်သော တေဇောဓာတ်သည် ရှိ၏။ ထောက်ကန်မှုဟု ဆိုအပ်သော ဝါယောဓာတ်သည် ရှိ၏။ ဤသို့လျှင် ၃၂-ပါးကုန်သော ကောဋ္ဌာသတို့၌ ဓာတ်ကြီးလေးပါးတို့ ဖြစ်ကုန်၏။

ဤအဋ္ဌကထာ ဖော်ပြချက်သဘောအရ ၃၂-ကောဋ္ဌာသတို့ကို မာမှု ပထဝီဓာတ်အနေဖြင့်လည်း အဖန်ဖန် အထပ်ထပ် ရှုပွားနိုင်၏။ ရှုပွားနိုင်ပုံကား - ၃၂ - ပါးကုန်သော ကောဋ္ဌာသတို့တွင် ဒန္တဟု ဆိုအပ်သော သွားသည် မာမှုသဘောသည် ထင်ရှား၏။ ယင်းသွား၌ရှိသော မာမှုသဘောကို ပထဝီဓာတ်အနေဖြင့် အဖန်ဖန် အထပ်ထပ် ရှုပွားနေရမည် ဖြစ်ပေ၏။

သွား၌ အထက်သွား၊ အောက်သွားဟူ၍ ရှိရာ 'ပထဝီ၊ တေဇော၊ ဝါယော' ဟူသော ဓာတ်သုံးပါးသည် ထိမှသိရသော ဓာတ်သဘောများ ဖြစ်၏။ ယင်းအထက်သွား၊ အောက်သွားတို့ကို ထိထားကြည့်ပါ။ ထိုအခါ မာမှု သဘောကို သိရှိလာမည် ဖြစ်၏။

ယင်းမာမှု သဘောကို 'မာတယ်၊ မာတယ်' ဟူ၍ အသိမပြတ် သတိကပ်လျက် အထပ်ထပ် ရှုပွားနေရပေမည်။ ယင်းမာမှု သဘောသည် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ မဟုတ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊

ယောက်ျား, မိန်းမ မဟုတ်။ မာမူသဘောမျှသာတည်း။ ပထဝီဓာတ်မျှသာတည်း။ ဤသို့ အထပ်ထပ် မပြတ်မလပ် ရှုပွားနေသူအား မာမူသဘောသည် ပို၍ ထင်ရှားလာ၏။ သတိ, သမာဓိ, ပညာတို့ဖြင့်လည်း မာမူသဘောကို ထင်ထင်ရှားရှား သိ၍ လာ၏။

ဤမာမူသဘောသည် ပထဝီဓာတ်ရုပ်မျှသာတည်း။ ဤမာမူသဘောထက် အပိုအလွန် ဖြစ်သော ဆေးခြင်း, ကိုယ်, လက်, ခြေ စသော အတုံးအခဲ ဒြပ်သဏ္ဌာန်တို့သည် မရှိလေပြီ။ ဤမာမူ သဘောကို သိသိနေသော သတိ၊ သမာဓိ၊ ပညာတို့သည် နာမ်တရားတည်း။ ဤနာမ်တရားထက် အပိုအလွန်ဖြစ်သော ဇီကောင်, သတ္တဝါ ကောင်တို့သည် မရှိလေပြီ။

ဤသို့ ပထဝီမာမူ သဘော၏ သဘာဝလက္ခဏာမျှကို သိမြင်နေခြင်းသည် ရုပ်နှင့်နာမ်ကို ပိုင်းခြားသိမြင်နေခြင်း ဖြစ်၍ ထိုအခိုက်၌ ရူပနာမ ပရိစ္ဆေဒဉာဏ် ပေါ်လေ၏။ ထိုအခိုက်၌ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အညစ်အကြေး ကင်းစင်နေသည်ဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၍ နေလေ၏။

ယင်းမာမူသဘော ပထဝီဓာတ်ရုပ်သည် အလိုလို ဖြစ်ပေါ်လာသည် မဟုတ်။ စိတ်၊ သတိ၊ သမာဓိ၊ ပညာတို့ကြောင့် ဖြစ်ပေါ်လာသည်ဟူ၍ မာမူ၏ အကြောင်းဖြစ်သော နာမ်တရားကိုပါ သိမ်းဆည်းသိမြင်လာ၏။ ထိုအခိုက် ရူပပစ္စယပရိဂ္ဂဟဉာဏ်ပေါ်သည်ဟု ဆိုရ၏။ ထို့နောက် မာမူတစ်ခု ထင်ထင်ရှားရှား ဖြစ်လာရန်အတွက် အာပေါဓာတ်က ဖွဲ့စည်းပေးထားလို့သာ မာမူသဘော ထင်ရှားနေပါတကားဟူ၍ မာမူ၏အကြောင်း ဖြစ်သော အာပေါကိုလည်း သိမြင်လာပြန်၏။ ထိုတွင်မက မာမူသဘော တစ်ခုၵ္ခဏ မာမူတွင်မက တေဇောဓာတ်ကလည်း တရှိန်ရှိန်နှင့် အကူအညီ ပေးနေပုံကိုလည်းကောင်း၊ ဝါယောဓာတ်ကလည်း ထောက်ကန်ပေးနေသည်ကို လည်းကောင်း သိမြင်လာရပြန်၏။ ယင်းသည် အညမညပစ္စည်းအနေဖြင့် ဓာတ်တစ်ပါးသည် ဓာတ်သုံးပါးကို၊ ဓာတ်သုံးပါးသည် ဓာတ်တစ်ပါးကို၊ ဓာတ်နှစ်ပါးသည် ဓာတ်နှစ်ပါးကို ကျေးဇူးပြုနေပုံကိုပါ သိမြင်လာပြန်၏။ ယင်းအရ မာမူပထဝီဓာတ်၏ အကြောင်းသည် ကျန်သောဓာတ်သုံးပါး ဖြစ်သည်ကိုလည်းကောင်း သိမြင်သည်ဖြစ်၍ ရုပ်၏အကြောင်းသည် ရုပ်ဖြစ်သည်ဟူ၍ အကြောင်းဖြစ်သော ရုပ်ကိုပါ သိမ်းဆည်းသိမြင်သော ရူပပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်ပြန်လေ၏။ ဤသို့အားဖြင့် မာမူပထဝီရုပ်ဓာတ်၏ အကြောင်းတရားသည် ရုပ်ဖြစ်သည်ကိုလည်းကောင်း၊ မာမူရုပ် ပေါ်လာအောင် စေတနာ, ဝီရိယစသော နာမ်တရားတို့ကလည်း စေ့ဆော်အားစိုက်နေကြ၍ မာမူ၏အကြောင်းသည် နာမ်ဖြစ်သည်ကိုလည်းကောင်း မာမူအကြောင်းသည် ရုပ်ရော နာမ်ပါ ဖြစ်သည်ကို သိမြင်လာပြန်၏။

ထိုမှတစ်ပါး မာမူပထဝီဓာတ် ပရမတ်ရုပ်ကို အထပ်ထပ် အသိကပ်လျက်နေသော စိတ်, သညာ, သတိ, သမာဓိ, ပညာ, ဝီရိယ စသော နာမ်တရားတို့သည်လည်း အကြောင်းမရှိဘဲ အလိုလို ဖြစ်ပေါ်လာသော နာမ်တရားများ မဟုတ်ပေ။ အကြောင်းတရားကို စွဲ၍ ဖြစ်ပေါ်လာရသော နာမ်တရားများသာ ဖြစ်လေ၏။

မာမူသဘော ပထဝီဓာတ်ရုပ် အရှုခံအာရုံ ရှိနေ၍ ယင်းမာမူသဘောကို သိနေသော စိတ်, သညာ, ဝီရိယ, သတိ, သမာဓိ, ပညာ ဟူသော နာမ်တရားများ ဖြစ်ပေါ်လာကြပေတကား – ဟူ၍ နာမ်တရား၏ အကြောင်းဖြစ်သော ရုပ်ကိုပါ သိမ်းဆည်း သိမြင်လာပြန်၏။ ယင်းအခိုက် နာမပစ္စယ ပရိဂ္ဂဟဉာဏ် ပေါ်သည်ဟူ၍ ဆေါ်ရ၏။

ထို့နောက် မာမှုသဘောကို ဖြစ်ပေါ်စေသော စေတနာရှိရှိသာ ရှေးဦးစွာ အာရုံယူမှု စိတ်သည် ဖြစ်ပေါ်လာရ၏။ ရှေးဦးစွာ အာရုံယူမှု စိတ်ရှိလို့သာ စိတ်ကို အစွဲပြု၍ မှတ်သားမှု သညာ ဖြစ်ပေါ်ရပြန်လေ၏။ ယင်း မှတ်သားမှု သညာကို အစွဲပြု၍ ရှုမှတ်မှု သတိသည် ဖြစ်ပေါ်ရပြန်၏။ ယင်းရှုမှတ်မှု သတိကို အစွဲပြု၍ တည်ကြည်မှု သမာဓိသည် ဖြစ်ပေါ်လာရပြန်၏။ ယင်းတည်ကြည်မှု သမာဓိကို အကြောင်းပြု၍ ပိုင်းပိုင်းခြားခြား သိမှု ဉာဏ်ပညာသည် ဖြစ်ပေါ်လာရပြန်၏။ ဤသို့ နာမ်တရား၏ အကြောင်းသည် နာမ်တရားဖြစ်ပုံကို သိမြင်လာပြန်၏။ ယင်းအတွက် နာမပစ္စယပရိဂ္ဂဟဉာဏ် ပေါ်သည်ဟု ဆိုရပြန်လေ၏။

ဤသို့အားဖြင့် ရုပ်၏အကြောင်းသည်လည်း ရုပ်နာမ်ဖြစ်သည်ကိုလည်းကောင်း၊ နာမ်၏အကြောင်းသည်လည်း ရုပ်နာမ်ဖြစ်သည်ကိုလည်းကောင်း သိမ်းဆည်း သိမြင်နိုင်လေ၏။ ယင်းအတွက် နှစ်ခုပေါင်းလိုက်လျှင် ပစ္စယပရိဂ္ဂဟဉာဏ်၊ **ရူပနာမပစ္စယပရိဂ္ဂဟဉာဏ်** ပေါ်သည်ဟု ဆိုရလေ၏။

ဤပစ္စယပရိဂ္ဂဟဉာဏ်အခိုက်၌ အကျိုးလည်း ရုပ်နာမ်၊ အကြောင်းလည်း ရုပ်နာမ်– ရုပ်နာမ်မှလွဲ၍ ခေါင်း, ကိုယ်, လက်, ခြေ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ စသည် မရှိပုံကို ကျကျနန သဘောပေါက် သိမြင်သည်ဖြစ်၍ ယုံမှားမှု ဝိစိကိစ္ဆာ စင်ကြယ်ရကား ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်လေတော့၏။ ကင်္ခါ – ယုံမှားမှု ဝိစိကိစ္ဆာမှ၊ ဝိတရဏ – လွတ်မြောက်၍၊ ဝိသုဒ္ဓိ – စင်ကြယ်သည်ဟု အဓိပ္ပါယ်ရလေ၏။

မှန်၏။ ရူပနာမပရိစ္ဆေဒဉာဏ်အခိုက်က ရုပ်နာမ်သဘောမျှကိုသာ သိမြင်နေ၍ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဟူသော အယူမှားမှု ဒိဋ္ဌိမှ စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။ ဤပစ္စယပရိဂ္ဂဟဉာဏ် အခိုက်၌ အကျိုးလည်း ရုပ်နာမ်၊ အကြောင်းလည်း ရုပ်နာမ် ဟူ၍ အကြောင်းရော အကျိုးရော ရုပ်နာမ်သာ ဖြစ်သည်ကို သဘောကျ သိမြင်၍ ရုပ်နာမ်သာ ရှိသည်ဟူသော မြတ်စွာဘုရား ဟောတော်မူချက်၌ ယုံမှားမှု ဝိစိကိစ္ဆာ မရှိရကား ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်လေ၏။

ဤသို့ ရူပနာမ ပရိစ္ဆေဒဉာဏ်ဖြင့် ဒိဋ္ဌိကို ပယ်နိုင်သဖြင့်လည်းကောင်း၊ ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်နိုင်သဖြင့်လည်းကောင်း စူဠသောတာပန်အဖြစ်သို့ ရောက်လေ၏။ ဤရုပ်နာမ်နှစ်ပါးသည် သစ္စာလေးပါးတွင် ဒုက္ခသစ္စာတည်း။ ဤသို့ ဤဉာဏ်နှစ်ပါးကို ဖြစ်ပေါ်စေခြင်းဖြင့်ပင် ဒုက္ခသစ္စာကိုလည်း ပိုင်းခြားသိမြင်ရာ ရောက်တော့၏။ အတိတ်ကလည်း ပုဂ္ဂိုလ်, သတ္တဝါ စသည် မဟုတ်ခဲ့။ ရုပ်နာမ် ဒုက္ခသစ္စာမျှသာ ဖြစ်ခဲ့၏။ ယခု ပစ္စုပ္ပန်၌လည်း ရုပ်နာမ်ဒုက္ခသစ္စာသာ ဖြစ်နေ၏။ ကိလေသာ မကုန်လျှင် နောင်အနာဂတ်၌လည်း ရုပ်နာမ် ဒုက္ခသစ္စာသာ ဆက်၍ ဖြစ်နေဦးမည် ဖြစ်၏။ ဤသို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ ရုပ်နာမ်ဒုက္ခသစ္စာမျှ ဖြစ်သည်ကို ကောင်းစွာသိမြင်သော အခြေအနေသို့လည်း ရောက်သွားလေ၏။ ဤဉာဏ်နှစ်ပါးအခိုက် စူဠသောတာပန် ဖြစ်ပုံကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုပြထားပေ၏။

> တသ္မ ပစ္ဆိ ဝဝတ္ထပေတွာ အတိတေပိ ပစ္စယာ ဧဝ ပစ္စယ သမုပ္ပန္နေ ဓမ္မာ စ၊ အနာဂတေပိ ဧတရဟိပိ ပစ္စယာ ဧဝ ပစ္စယ သမုပ္ပန္နေ ဓမ္မာ စ၊ တတော ဥဒ္ဓံ သတ္တောပိ ပုဂ္ဂလော နတ္ထိ၊ သုဒ္ဓသင်္ခါရ ပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ အယံ ပန ဝိပဿနာ သင်္ခါရသလ္လက္ခဏာ ဉာတပရိညာနာမ။

၎ဝံ သခီါရေ သလ္လကွေတွာ ဌိတာသ ပန ဘိက္ခုသ ဒသဗလသ သာသနေ မူလံ ဆြတိဂ္ဆံနာမ ဟောတိ။ ပတိဋ္ဌာ လဒ္ဓါနာမ စူဠာသောတာပန္နောနာမ ဟောတိ။ နိယတ ဂတိကော။

(အဘိ ၅ ၂၊ ၂၄၂)

အနက် ။ ။ တဿ - ထိုနာမ်ရုပ်၏၊ ဝန္ဓယ - အကြောင်းကို၊ ဝဝတ္ထပေတွာ - ပိုင်းခြားရှု၊ အတီတေဓိ - အတိတ်၌လည်း၊ ဝန္ဓယာ ဧစေ - အကြောင်းရှိပ်နာမ်တို့သည်သာတည်း။ ဝန္ဓယ သမုဂ္ဃန မှော စ - အကြောင်းကြောင့် ဖြစ်သော အကျိုးရုပ်နာမ်တရားတို့သည်သာတည်း။ အနာဂတေဓိ - အနာဂတ်၌လည်း၊ တေရုတိ - ယခုပစ္စုပ္ပန်၌လည်း၊ ဝန္ဓယာ ဧစေ - အကြောင်းရုပ်နာမ်တို့သည်သာတည်း။ ဝန္ဓယ သမုဂ္ဃန မှော စ - အကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်နာမ်တရားတို့သည်သာတည်း။ တတော - ထိုအကြောင်းအကျိုး ရုပ်နာမ်ထက်၊ ဥဒ္ဓံ - အပိုအလွန်ဖြစ်သော၊ သဗ္ဗောဓါ - သတ္တဝါသည်လည်းကောင်း၊ ဝုဋ္ဌလောဓါ - ပုဂ္ဂိုလ်သည်လည်းကောင်း၊ နတ္ထိ - မရှိတော့ပေ။ သုဒ္ဓသခီါရ ပုဉ္ဇော - ပုဂ္ဂလ, သတ္တမဖက် သက်သက်သော ရုပ်နာမ်သခီါရ အစုသာတည်း။ ဣတိ - ဤသို့၊ ဇာသု - သုံးပါးကုန်သော၊ အဒ္ဓါသု - ကာလတို့၌၊ တဒ် - ယုံမှားမှုကို၊ ဝိတရုတိ - လွန်မြောက်၏။ အယံ ဝုဒိဝဿနာ - ဤဝိပဿနာသည်ကား၊ သခီါရသလ္လက္ခဏာ - သခီါရလက္ခဏာကို မှတ်သားတတ်သည်ဖြစ်၍ (၀၊) သဘာဝလက္ခဏာကို မှတ်သားတတ်သည် ဖြစ်၍၊ ဉာတပရိညာနာမ - ဉာတပရိညာမည်၏။ သိအပ်သိထိုက်သော သဘာဝလက္ခဏာတရားတို့ကို ပိုင်းခြား၍ သိတတ်သော ဝိပဿနာဉာဏ် မည်၏။

ဧဝံ - ဤသို့၊ သခီါရေ - ရုပ်နာမ် သခီါရတို့ကို၊ သလ္လက္ခေတွာ - ကောင်းစွာ ရှုမှတ်ပြီး၍၊ ဌိတဿ - တည်သော၊ ဘိက္ခုဿ - ယောဂိရဟန်း၏။ ဒသဗလဿ - မြတ်စွာဘုရား၏၊ သာသနေ - သာသနာတော်၌၊ မူလံ - အခြေအမြစ်သည်၊ ဆြတိဂ္ဆနာမ - သက်ရောက်သည်မည်သည်၊ ဟောတိ - ဖြစ်၏။ (*မြတ်စွာဘုရား သာသနာတော်၌ အခြေအမြစ် တွယ်မိလေပြီ ဟူ၍ ဆိုလိုသည်*)၊ ပတိဋ္ဌာ - ထောက်ရာတည်ရာသည်၊ လဒ္ဓါနာမ - ရအပ်သည် မည်သည်၊ ဟောတိ - ဖြစ်၏။ နိယတဂတိကော - မြဲသောဂတိရှိသော၊ စူဠသောတာပန္နောနာမ - စူဠသောတာပန်မည်သည်၊ ဟောတိ - ဖြစ်၏။

အထက်ပါ အဋ္ဌကထာ အဖွင့်၏ ဆိုလိုချက် အဓိပ္ပါယ်ကား ... ပစ္စုပ္ပန်၌ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကျိုးလည်း ရုပ်နာမ်၊ အကြောင်းလည်း ရုပ်နာမ်ဟူ၍ ရုပ်နာမ်မျှကိုသာ သိမ်းဆည်းသိမြင်နေမှုဖြင့် အတိတ်ကာလတွေကလည်း ဤကဲ့သို့ ရုပ်နာမ်သာ ဖြစ်ခဲ့ပုံးလေပြီ။ အနာဂတ်မှာလည်း ဤကဲ့သို့ ရုပ်နာမ်သာ ဖြစ်ရှိပေလတ္တံ့-ဟူ၍ ကာလသုံးပါးလုံး၌ ရုပ်နာမ်မျှသာရှိသည်ကို ပိုင်းခြားရှုမှတ်နိုင်သော ယောဂိမှာ ယုံမှားမှု ဝိစိကိစ္ဆာမှ လွန်မြောက်၍ ရုပ်နာမ်တရားတို့၏ သိသင့်သိထိုက်သော သဘာဝလက္ခဏာကို ပိုင်းခြား၍ သိတတ်သော ဉာတပရိညာဖြစ်လေ၏။ ဤသို့ ရုပ်နာမ်တရားတို့၏ သဘာဝလက္ခဏာကို ရူပနာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးဖြင့် ပိုင်းခြား သိမြင်နေသည်ဖြစ်၍ ထိုယောဂိပုဂ္ဂိုလ်သည် မြတ်စွာဘုရား သာသနာတော်၌ အမြစ်တွယ်မိလေပြီ။ ထောက်ရာတည်ရာ ရသည်ဖြစ်၍ ဂတိမြဲခြင်းရှိသည်ဖြစ်၍ စူဠသောတာပန် အဖြစ်သို့ ရောက်ပြီဟူ၍ ဆိုလိုပေသည်။

အဌကထာ၌ ဆက်၍ ဖွင့်ဆိုထားသည်မှာ– ထိုရုပ်နာမ်တရားကို သမ္မသနာဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် စသော ဝိပဿနာဉာဏ်စဉ်တွေ ပေါ်ထွက်လာအောင် ကြိုးကြိုးစားစား ရှုပွားမှု ပြုခဲ့သော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရ၍ မဟာသောတာပန်အဆင့်အထိ ဖြစ်နိုင်ရုံမက ပါရမီရှိလျှင် အရဟာတ္တမဂ်ဉာဏ်အထိပင် ရနိုင်သည်ဟု ပြဆိုထားလေသည်။ သို့ဖြစ်၍ မဟာသောတာပန်ဖြစ်အောင်၊ အရဟာတ္တမဂ်ဉာဏ်ထိ ရောက်အောင် ဆက်၍ ရှုပွားရန်ပင် ဖြစ်လေသည်။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရှုပွားပုံသဘော်၌ ဆောင်ရန်လက်ခံများ

၁။	ကာယာနုပဿနာ၊	ထ,ဝိဟိ၊	နှစ်ဖြာရှုနိုင်သည်။
၂။	ဤကျမ်းဌိမှာ၊	ဝိကိုသာ၊	ကျဉ်းသာဖော်ပြမည်။
၃။	ကောဌာသမှာ၊	ဝိပဿနာ၊	ခါခါရှုဖို့သည်၊
၄။	ဓာတ်ကြိုးလေးပါး၊	ရှုခံထား၊	ရှုပွားနိုင်ကြသည်။
၅။	ဌကထာမှာ၊	ရှုဖို့ရာ၊	သေချာပြထားသည်။
၆။	ပထဝီ,မာ၊	ရှုဖို့ရာ၊	ဒန္ဓာသွားကိုသည်၊
၇။	ထက်သွား,အောက်သွား၊	ထိ၍ထား၊	မာတားတွေ့လေမည်။
၈။	မာသတောရပ်၊	အသိကပ်၊	ရှုမှတ်နေရမည်။
၉။	သတိ,သမာဓိ၊	ပညာသိ၊	ရှူသိနေရမည်။
၁၀။	မာသတောအား၊	အထင်ရှား၊	သိပြားရှဉ့်သည်၊
၁၁။	မာတယ်ဆိုတာ၊	ရုပ်မျှသာ၊	ဝိသာဖြစ်လေသည်။
၁၂။	ရုပ်သဘောထက်၊	ပို့လွန်ချက်၊	ခြေလက်မရှိပြို့။
၁၃။	ပဂ္ဂိုလ်, သတ္တဝါ၊	တုံးခဲမှာ၊	ဘယ်မှာရှိလိမ့်မည်။
၁၄။	မာသတောသာ၊	ထင်ရှားစွာ၊	ရှိတာသိနေသည်။
၁၅။	မာတာကိုသိ၊	သမာဓိ၊	သတိ,ပညာသည်၊
၁၆။	နာမ်တရားသာ၊	ပိုင်းခြားကာ၊	ကောင်းစွာသိရမည်။
၁၇။	နာမ်အထက်တောင်၊	အပိုဆောင်၊	ငါကောင်မရှိပြို့။
၁၈။	ဤသို့မှန်စွာ၊	ရုပ်နာမ်သာ၊	သိလာရှဉ့်သည်၊
၁၉။	သက္ကာယဒိဋ္ဌိ၊	အတ္တဒိဋ္ဌိ၊	ဒိဋ္ဌိစင်၍သည်၊
၂၀။	ဒိဋ္ဌိဝိသုဒ္ဓိ၊	ဖြစ်လေတိ၊	သိရှိနိုင်ကြသည်။
၂၁။	ထိုမှတစ်ခါ၊	မာကိုသာ၊	ဆက်ကာရှုရမည်။

၂။ ဝိဘင်းကျမ်း သတိပဋ္ဌာနဝိဘင်း ကာယာနုပဿနာကို ရှုပွားပုံသဘောများ

၂၂။ အာပေါကြောင့်သော၊ မာမှုဟာ၊ ထင်တာတွေ့နိုင်သည်။
၂၃။ ထောတ်ကန်ဝါယော၊ ရှိနှိပ်တေဇော၊ ကူစောကြချိသည်၊
၂၄။ မာသဘောအား၊ အထင်ရှား၊ တွေ့ခြားရလေသည်။
၂၅။ ကျန်မာတ်သုံးသင်း၊ မာ၏ထင်း၊ ကြောင်းခြင်းတွေ့လေသည်။
၂၆။ စိတ်,စေ,ဝိရိ၊ ဖြစ်စေသိ၊ မာရှိထင်ပြန်သည်။
၂၇။ မာ၏အကြောင်း၊ နာမ်ဖြစ်တောင်း၊ ထပ်လောင်းသိပြန်သည်။
၂၈။ မာသဘောရှိ၊ သိနေဘိ၊ သတိများတိုးသည်၊
၂၉။ မာ၏အာရုံ၊ ရှိလိုက်ထုံ၊ သိတုံးနေရသည်။
၃၀။ ဤသို့တစ်ခါ၊ နာမ်ကြောင်းမှာ၊ ရုပ်သာဖြစ်ပြန်သည်။
၃၁။ စိတ်,သင်,တိန့်၊ ဓိ,ညာထင့်၊ ဆင့်ဆင့်ကြောင်းဖြစ်သည်။
၃၂။ ဤသို့မှန်ပေ၊ နာမ်ကြောင်းပေ၊ နာမ်တွေဖြစ်ပြန်သည်။
၃၃။ ဤသို့အမှန်၊ ကြောင်းကျိုးဟန်၊ ရုပ်နာမ်ဖြစ်လေသည်။
၃၄။ ဒုက္ခသစ္စာ၊ ရုပ်နာမ်သာ၊ ရှိတာတွေ့လေပြီ။
၃၅။ တိနာရုပ်နာမ်၊ ပန်ရုပ်နာမ်၊ သိဉာဏ်ဖြစ်လေပြီ။
၃၆။ ပစ္စယပရိဂ္ဂဟ၊ ဉာဏ်ဟုပ၊ ခေါ်ကြရလေသည်။
၃၇။ ဆေဒဉာဏ်သိ၊ ပိုင်းခြားတိ၊ ဒိဋ္ဌိကွာလေသည်။
၃၈။ ပစ္စယဉာဏ်ဖြာ၊ အခိုက်မှာ၊ ကခ်ီကွာလေသည်။
၃၉။ ဒိန္နင့်စီတွာ၊ စွဉ်ပါ၊ သောတာဖြစ်လေပြီ။
၄၀။ သာသနာမှာ၊ အမြစ်ဟာ၊ တွယ်ကာသွားလေပြီ။
၄၁။ ထောက်ရာတည်ရာ၊ သက်သာရာ၊ ရကာသွားလေပြီ။
၄၂။ ထိုမှတစ်ခါ၊ ဂတိပါ၊ မြဲကာသွားလေပြီ။
၄၃။ မာသဘောအား၊ ဆက်၍မျှား၊ ရှုပွားသွားလျှင်သည်၊
၄၄။ မဂ်ဖိုလ်သို့သာ၊ ရောက်ရှိကာ၊ မဟာဖြစ်နိုင်သည်။
၄၅။ ပါရမီရှိရာ၊ ကိလေကွာ၊ ရဟန္တာဖြစ်နိုင်သည်။
၄၆။ ဓာတ်ကြိုးလေးပါး၊ အားကိုးထား၊ ကြိုးစားကြရမည်။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် ရှုပုံသဘောပြီး၏။

၂။ ဝေဒနာနုပဿနာကို ရှုပွားပုံသဘောများ

၂။ ဝေဒနာနုပဿနာ ။ ။ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတော်မူပြီးနောက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတော်မူ၏။ ရှုပွားပုံကို ပါဠိတော်၌ ဤသို့ ပြထားပေ၏။

၁။ သုခံ ဝေဒနံ ဝေဒယမာနော သုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။
– သုခဝေဒနာကို ခံစားသည်ရှိသော် သုခဝေဒနာကို ခံစားသည်ဟူ၍ ပိုင်းခြား၍ သိ၏။

၂။ ဒုက္ခံ ဝေဒနံ ဝေဒယမာနော ဒုက္ခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။
– ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ဒုက္ခဝေဒနာကို ခံစားသည်ဟူ၍ ပိုင်းခြား၍သိ၏။

၃။ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။
– ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော် ဥပေက္ခာဝေဒနာကို ခံစားသည်ဟူ၍ ပိုင်းခြား၍ သိ၏။

(အဘိ – ၂ – ၂၀၂။ မြန် ၃ – ၁၆၄)

ဝေဒနာနုပဿနာ ရှုပွားပုံသဘောကို အဋ္ဌကထာတွင် ဤသို့ ပြဆိုထားလေသည်။

၁။ သုခဝေဒနာကို ခံစားရာ၌ ကိုယ်၌ဖြစ်သော သုခဝေဒနာ, စိတ်၌ဖြစ်သော သုခဝေဒနာ ဟူ၍ နှစ်မျိုးရှိ၏။ အဘယ်သုခကို ခံစား ခံစား၊ ချမ်းသာသုခကို ခံစားနေပါတကားဟူ၍ ပိုင်းခြားသိရမည်ဖြစ်၏။ ဤချမ်းသာကို ခံစားမှုသည် ပက်လက်အိပ်နေရကုန်သော ကလေးတို့သော်မှလည်း နို့ရည်ကို သောက်စို့ရာ အစရှိသောအခါ၌ သုခဝေဒနာကို ခံစားနေသည်ဟူ၍ သိကြကုန်၏။ ထိုသို့ပင် သိသော်လည်း ဤသို့သော သိမှုမျိုးကို ရည်ရွယ်၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်သည် မဟုတ်ပေ။

မှန်၏။ ဤကဲ့သို့ ကလေးများပင် သိသောအသိမျိုးသည် သတ္တဝါဟူသော အယူကို မပယ်စွန့်နိုင်။ သတ္တဝါဟူသော အမှတ်သညာကို မချိနိုင်။ ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ သတိပဋ္ဌာန်ဘာဝနာသည်လည်းကောင်း မဖြစ်။

သင့်လျော်ပုံကား – ကမ္မဋ္ဌာန်း အားထုတ်သော ယောဂိရဟန်း၏ သုခဝေဒနာကို ခံစားမှုဟူသော သိခြင်းသည် သတ္တဝါဟူသော အယူကို ပယ်စွန့်၏။ သတ္တဝါဟူသော အမှတ်သညာကို ချိနိုင်၏။ ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ သတိပဋ္ဌာန်ဘာဝနာသည်လည်းကောင်း ဖြစ်၏။

မှန်၏။ ဤသုခဝေဒနာကို အဘယ်သူသည် ခံစားသနည်း။ အဘယ်သူ၏ ခံစားခြင်းသည် ဖြစ်သနည်း။ အဘယ်အကြောင်းကြောင့် ခံစားခြင်းသည် ဖြစ်သနည်း။ ဤကား အမေးတည်း။

ထိုအမေးခ္ဌ အဘယ်သူသည် ခံစားသနည်း?ဟူမူ တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း ခံစားသည် မဟုတ်ပေ။

အဘယ်သူ၏ ခံစားခြင်းသည် ဖြစ်သနည်း?ဟူမူ တစ်စုံတစ်ယောက်သော သတ္တဝါ၏လည်းကောင်း၊ ပုဂ္ဂိုလ်၏လည်းကောင်း ခံစားခြင်းသည် မဟုတ်ပေ။

အဘယ်အကြောင်းကြောင့် ခံစားသနည်း?ဟူမူ ခံစားမှု၏ တည်ရာအာရုံရှိသည်ဖြစ်၍ ခံစားခြင်းသည် ဖြစ်၏။ ထို့ကြောင့် ကျိယောဂိပုဂ္ဂိုလ်သည် ကျိသို့ ပိုင်းခြား၍ သိ၏။

အဘယ်သို့ သိသနည်း?ဟူမူကား - ချမ်းသာ အစရှိသည်တို့၏ ထိုထိုတည်ရာ အကြောင်းကို အာရုံပြု၍ ခံစားမှုဟုဆိုအပ်သော ဝေဒနာသည်သာ ခံစားဖို၏ သဲကွဲစွာ သိလေ၏။ ဝေဒနာတခြား ဇီဝတခြားဖြစ်ပုံကို ပိုင်းခြား၍ သိလေ၏။

ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့၌လည်း သုခဝေဒနာကို ပိုင်းခြားသိနည်းအတိုင်း သိနိုင်ကြလေ၏။ ထိုတွင် ဒုက္ခဝေဒနာကို ရှုမှတ်ရာ၌ စိတ္တလတောင်၌ အမျိုးအမည်အားပြင့် မထင်ရှားသော မထေရ်ကဲ့သို့ ဒုက္ခဝေဒနာကို ရှုပွားသင့်ပေ၏။

ထိုမထေရ်သည် အနာရောဂါ နှိပ်စက်သည်ဖြစ်၍ အားကြီးသော ဒုက္ခဝေဒနာကြောင့် ငြီးတွားလျက် တပြောင်းပြန်ပြန် လူးလှိမ့်နေရလေ၏။ ထိုမထေရ်ကို ရဟန်းငယ်တစ်ပါးသည် -

'အရှင်ဘုရား... အဘယ်အရပ်သည် နာကျင်ပါသနည်း' ဟု မေးလေပြီ။

'ငါ့ရှင်... အသီးအခြား နာကျင်သော အရပ်မည်သည် မရှိ။ ဆင်းရဲ၏ တည်ရာအကြောင်းကို အာရုံပြု၍ ဝေဒနာသည်သာ ခံစား၏' ဟူ၍ မိန့်လေပြီ။

'အရှင်ဘုရား... ကျိမှုလောက် တရားသဘောကို သိလျှင် သည်ခံခြင်းဟု သင့်သည် မဟုတ်ပါလော' ဟူ၍ လျှောက်ထားလေပြီ။

'ငါ့ရှင်... ငါသည် သည်းခံအံ့' ဟူ၍ မိန့်လေပြီ။ 'အရှင်ဘုရား... သည်းခံခြင်းသည် သင့်မြတ်ပေ၏' ဟု လျှောက်ပြီ။

မထေရ်သည် သည်းခံ၍ ဒုက္ခဝေဒနာကို ရှုမှတ်လေပြီ။ လေသည် နှလုံးတိုင်အောင် ဖောက်ခွဲ၍ မထေရ်၏ အူတို့သည် ညောင်စောင်း၌ အစုလိုက် အခွေလိုက် ကျလေပြီ။

မထေရ်သည် အူတို့ကို ပြု၍ ရဟန်းငယ်အား မိန့်လေပြီ။

'ငါ့ရှင်... ဒုက္ခဝေဒနာ ဖြစ်မှု၌ ကျိမှုလောက် သည်းခံခြင်းသည် သင့်၏လော' ရဟန်းငယ်လည်း ဆိတ်ဆိတ်သာ နေလေ၏။

မထေရ်သည် ဝိရိယနှင့် သမာဓိကို ညီမျှအောင်ထား၍ ဝိပဿနာရှုပွားလေရာတွင် အရဟတ္တမဂ်ဉာဏ်ကို လည်းရ၊ ပရိနိဗ္ဗာန်လည်း စံဝင်ခြင်းဟူသော 'သမသီသီ' ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံလေပြီ။

(အဘိ ၄ - ၂ - ၂၅၁)

ထို့နောက် ကမ္မဋ္ဌာန်းနှစ်မျိုးရှိကြောင်းကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုတော်မူထားလေ၏။

ဒုဝိဓဉ္ဉိ ကမ္မဋ္ဌာနံ ရူပကမ္မဋ္ဌာနံ အရူပကမ္မဋ္ဌာနဉ္စ ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟောတိပိ ဧကဒေဝ ဝုစ္စတိ။ တတ္ထ ဘဂဝါ ရူပကမ္မဋ္ဌာနံ ကထေန္တော သဒ္ဓေပမေနသိကာရဝသေနပါ ဝိတ္ထာရမနသိကာရဝသေနပါ စတုဓာတုဝဝတ္ထာနံ ကထေသိ။ အရူပကမ္မဋ္ဌာနံ ကထေန္တော ယေဘုယျေန ဝေဒနာဝသေန ကထေသိ။

(အဘိ ၄ - ၂ - ၂၅၂)

<u>အဓိပ္ပါယ်ကား</u> ။ ။ ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိ၏။ တစ်နည်း – ရုပ်ကို သိမ်းဆည်းရှုသော ကမ္မဋ္ဌာန်း၊ နာမ်ကို သိမ်းဆည်းရှုသော ကမ္မဋ္ဌာန်းဟူ၍ ၂-မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ပြတ်စွာဘုရားသည် ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူသည်ရှိသော် ... တစ်နည်း ရုပ်ကို သိမ်းဆည်းရှုရသော ကမ္မဋ္ဌာန်းကို ဟောတော်မူသည်ရှိသော် ... အကျဉ်းအားဖြင့် နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ အကျယ်အားဖြင့် နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်လည်းကောင်း ဓာတ်ကြီးလေးပါးကို ပိုင်းခြားခြင်းကို ဟောတော်မူပြီး နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူသည်ရှိသော် ... တစ်နည်း နာမ်ကို သိမ်းဆည်းရှုရသော ကမ္မဋ္ဌာန်းကို ဟောတော်မူသည်ရှိသော် ... များသောအားဖြင့် ဝေဒနာ၏ အစွမ်းဖြင့် ဟောတော်မူပြီ။

ထိုသို့ နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌ ဖဿ၏အစွမ်းဖြင့်လည်းကောင်း၊ ဝိညာဏ်၏အစွမ်းဖြင့်လည်းကောင်း ဟောတော်မူ၏။ သို့ရာတွင် ဖဿ, ဝိညာဏ်, ဝေဒနာ သုံးမျိုးတွင် ဝေဒနာက ပို၍ထင်ရှားသည်ကို အဋ္ဌကထာတွင် ဤသို့ဖော်ပြထားလေ၏။

ချဲ့ဦးအံ့။ သုခဝေဒနာဖြစ်ပုံသည် ထင်ရှား၏။ သုခဝေဒနာဖြစ်သောအခါ၌ အလုံးစုံသော ခန္ဓာကိုယ်ကို ချောက်ချားစေလျက်၊ နှိပ်နယ်လျက်၊ ဖြန့်လျက်၊ တစ်ပေါင်းတည်း ဆောင်လျက် အကြိမ်တစ်ရာ စပ်အပ်သော ထောပတ်ကို ခဲစားစေသကဲ့သို့လည်းကောင်း၊ အကြိမ်တစ်ရာ ချက်အပ်သောဆီကို သုတ်လိမ်းစေသကဲ့သို့လည်းကောင်း၊ တစ်ထောင်သော ရေအိုးဖြင့် ပူအိုက်ခြင်းကို ငြိမ်းစေသကဲ့သို့လည်းကောင်း 'ယြော်...ချမ်းသာလေစွ၊ ယြော်...ချမ်းသာလေစွ' ဟူ၍ နှုတ်မြွက်၍ ဆိုရလောက်အောင် သုခဝေဒနာ ဖြစ်မှုသည် ထင်ရှားလေ၏။

ဒုက္ခဝေဒနာဖြစ်သောအခါ၌ကား အလုံးစုံသောကိုယ်ကို အလွန်ပူသော ထယ်သွားကို သွင်းလိုက်သကဲ့သို့လည်းကောင်း၊ ကြေမွသော ကြေးနီရည်ဖြင့် သွန်းလောင်းသကဲ့သို့လည်းကောင်း၊ ခြောက်သောသစ်ပင်များ မြက်များရှိသောတော၌ ထင်မီးရှူးစသည်ကို ထည့်သွင်းလိုက်သကဲ့သို့လည်းကောင်း 'ယြော်...ဆင်းရဲလေစွ၊ ယြော်...ဆင်းရဲလေစွ' ဟူ၍ အထူးထူး အပြားပြား မြည်တမ်းရလောက်အောင် ဒုက္ခဝေဒနာသည် ထင်ရှားလေ၏။

ဥပေက္ခာဝေဒနာသည်ကား ထင်ရှားမှု မရှိပေ။ သို့ရာတွင် နည်းအားဖြင့် ထင်ရှား၏။ သုခဝေဒနာကို မခံစားရသောအခါ၊ ဒုက္ခဝေဒနာကို မခံစားရသောအခါ ဥပေက္ခာဝေဒနာသည် ဖြစ်လေ၏။ ယင်းနည်းဖြင့် ဥပေက္ခာဝေဒနာသည် ထင်ရှားလေ၏။

ဥပမာအားဖြင့် ကျောက်ဖျာပေါ်မှ ဖြတ်သန်းပြေးသွားသော သမင်၏ ခြေရာသည် အတက်ခြေရာ၊ အဆင်းခြေရာ ထင်ရှား၏။ အလယ်၌ ခြေရာမထင်ရှားသော်လည်း အတက်ခြေရာ၊ အဆင်းခြေရာကိုကြည့်၍ သမင်သည် အလယ်မှ ဖြတ်သွားသည်ဟူ၍ ထင်ရှားစွာသိရသကဲ့သို့ ဒုက္ခဝေဒနာလည်းမဟုတ်။ သုခဝေဒနာလည်းမဟုတ်သောအခါ ဥပေက္ခာဝေဒနာဖြစ်သည်ကို ထင်ရှားစွာ သိမြင်နိုင်ပေ၏။

ထို့နောက် အလုံးစုံသော ဝေဒနာသည် –

၁။ အနိစ္စာ – မမြဲ။

၂။ အဒွဲဓါ – မခိုင်ခံ့။

၃။ ဝိဝဒိုကာမ ဓမ္မာ – ဖောက်ပြန်တတ်သော သဘောရှိ၏။

၄။ သဒ်ဃာ – အကြောင်းတရားတို့သည် ပြုစီမံအပ်၏။

၅။ ခယမွာ – ကုန်ခြင်းသဘောရှိ၏။

၆။ ဝယမွာ – ပျက်ခြင်းသဘောရှိ၏။

၇။ ဝိဏာဝမွာ – စက်ဆုပ်ဖွယ်သဘောရှိ၏။

၈။ နိရောဓ မွာ – ချုပ်ခြင်းသဘောရှိ၏ – ဟူ၍ ဝိပဿနာ ရှုပွားပုံကို ပြဆိုထားလေ၏။

ဤဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် သမထမဖက် ဝိပဿနာသက်သက် ရှုပွားအပ်သော သတိပဋ္ဌာန် ဖြစ်လေ၏။

(အဘိ ၄ - ၂ - ၂၅၃ / ၂၅၅)

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ရှုပွားရာ၌ ဆောင်ရန်လက်ခံများ၊

၁။	ဝေဒနာနုပဿနာ၊	ရှုဖို့ရာ၊	ဝေဒနာများတို့သည်၊
၂။	သုခ,ဒုက္ခာ၊	ဥပေက္ခာ၊	သုံးဖြာရှိလေသည်။
၃။	ကိုယ်,စိတ်ဟူသာ၊	ဝေဒနာ၊	နှစ်ဖြာရှိပြန်သည်။
၄။	ချမ်းသာကိုသာ၊	ခံစားရာ၊	ချမ်းသာသိရမည်။
၅။	နှိုးစိုးနေရာ၊	တလေးဟာ၊	ချမ်းသာသိခြင်းသည်၊
၆။	သတ္တ,ပဂ္ဂလာ၊	ယူ,သညာ၊	ပယ်,ခွါမရှိပြီ။
၇။	ကမ္မဋ္ဌာန်းလဲ၊	မဖြစ်ဘဲ၊	ဌာန်လဲမဖြစ်ပြီ။
၈။	ဤသိမျိုးအား၊	သိဖို့ကား၊	ဘုရားမဟောပြီ။
၉။	တရားရှုဖွား၊	ယောဂီများ၊	ခံစားအသိသည်၊
၁၀။	သတ္တ,ပဂ္ဂလာ၊	ယူ,သညာ၊	ပယ်,ခွါစွန့်လေသည်။
၁၁။	ကမ္မဋ္ဌာန်းလဲ၊	ဖြစ်သည်ပဲ၊	ဌာန်လဲဖြစ်လေသည်။
၁၂။	ခံစားဝေဒနာ၊	ပဂ္ဂလာ၊	သူငါမဟုတ်ပြီ။
၁၃။	ချမ်းသာစ၏တို့၊	ဖြစ်တည်ပုံ၊	အာရုံပြု၍သည်၊
၁၄။	ဝေဒနာသာ၊	ခံစားတာ၊	ကောင်းစွာသိနိုင်သည်။
၁၅။	ဝေဒနာတခြား၊	ငါတခြား၊	ပိုင်းခြားသိရမည်။
၁၆။	သိဟိုဠ်ခေတ်မှာ၊	ဒုက္ခသာ၊	ရှုရာထေရ်တစ်ပါးသည်၊
၁၇။	ရောဂါဒဏ်ပါ၊	ပြင်းလို့ပဲ၊	လူးလဲငြိုးတွားသည်။
၁၈။	ရဟန်းတစ်ပါး၊	မထေရ်အား၊	လျှောက်ထားပြုလေပြီ။

၁၉။ ဘယ်အရပ်မှာ၊ နာကျင်တာ၊ သိပါမေးလေဖြို့။
၂၀။ သီးခြားနေရာ၊ ထိုးကျင်တာ၊ ရှိတာမဟုတ်ဖြို့။
၂၁။ ဆင်းရဲ၏တုံ့၊ ဖြစ်တည်ပုံ၊ အာရုံပြု၍သည်၊
၂၂။ ဝေဒနာသည်သာ၊ ခံစားတာ၊ သူငါမဟုတ်ဖြို့။
၂၃။ ဤမျှလောက်ပင်၊ တရားအင်၊ သိမြင်နေလျှင်သည်၊
၂၄။ သည်းခံလို့သာ၊ နေခြင်းဌာ၊ သင့်ပါ့လျှောက်ဖြို့။
၂၅။ သည်းခံလို့ပဲ၊ မထေရ်လဲ၊ အားခဲထုတ်လေဖြို့။
၂၆။ ပြင်းထန်လေငြား၊ လေသည်ကား၊ နှလုံးသားကိုသည်၊
၂၇။ ဖောက်ခွဲ၍သာ၊ အူတွေဟာ၊ ထွက်ကာကျလေဖြို့။
၂၈။ ဝိရိယ,သမာ၊ ညီမျှစွာ၊ ထားကာအားထုတ်ဖြို့။
၂၉။ ရမဂ်လဲရ၊ နိဗ္ဗာန်၊ စံကြွသွားလေဖြို့။
၃၀။ သမသီသီ၊ ရဟန္တာသည်၊ ဖြစ်သည်ဆိုရသည်။
၃၁။ ကမ္မဋ္ဌာန်းမှာ၊ နှစ်မျိုးလာ၊ ဌမာဆိုထားသည်။
၃၂။ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း၊ နှစ်ဌာန်းရှိလေသည်။
၃၃။ ဖြတ်စွာဘုရား၊ ရုပ်ကိုမျှား၊ ဟောကြားရှာ၌သည်၊
၃၄။ ဓာတ်ကြီးလေးပါး၊ မူတည်ထား၊ ဟောကြားပြုလေသည်။
၃၅။ နာမ်တရားဆို၊ ဝေဒနာကို၊ မိန့်ဆိုဟောကြားသည်။
၃၆။ ရုပ်တရားမှာ၊ ဓာတ်လေးဖြာ၊ လွန်စွာထင်ရှားသည်။
၃၇။ နာမ်တရားမှာ၊ ဝေဒနာ၊ လွန်စွာထင်ရှားသည်။
၃၈။ ချမ်းသာလေစွ၊ ဆင်းရွဲ၊ ပြောရထင်ရှားသည်။
၃၉။ သုခဒုက္ခာ၊ မဖြစ်ရာ၊ ဥပေက္ခာဖြစ်လေသည်။
၄၀။ ယင်းနည်းဖြင့်သာ၊ ထင်ရှားတာ၊ ကောင်းစွာသိနိုင်သည်။
၄၁။ လုံးစုံဝေဒနာ၊ ခွဲခြင်တာ၊ ဘယ်ခါမရှိဖြို့။
၄၂။ ဖြစ်ပြီးပျက်ကာ၊ ဖောက်ပြန်ကာ၊ ချုပ်ကာသွားကြသည်။
၄၃။ အနိစ္စဒုက္ခ၊ အနတ္တ၊ ဖြစ်ကြမလွဲပြို့။
၄၄။ ဤသို့လဲပ၊ ရှုနိုင်ကြ၊ ဗုဒ္ဓဟောထားသည်။
၄၅။ ဝေဒနာနုပဿနာ၊ ထမဝါ၊ ဝိသာဖြစ်လေသည်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ဖော်ပြချက်ပြီး၏။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း ဖော်ပြချက်

၃။ **စိတ္တာနုပဿနာ** ။ ။ စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုပွားမှုကို စိတ္တာနုပဿနာဟု ခေါ်သည်။ စိတ္တာနုပဿနာ ရှုနည်းကို ပါဠိတော်တွင် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

ကုဝ ဘိက္ခု - ဤသာသနာတော်၌ ရဟန်းသည်-

၁။ သရာဂံ ဝါ စိတ္တံ သရာဂံ မေ စိတ္တန္တိ ပဇာနာတိ။
- ရာဂနှင့်တကွဖြစ်သောစိတ်ကိုလည်း ငါ၏စိတ်သည် ရာဂနှင့်တကွ ဖြစ်သောစိတ်ဟူ၍ သိ၏။

၂။ ဝိတရာဂံ ဝါ စိတ္တံ ဝိတရာဂံ မေ စိတ္တန္တိ ပဇာနာတိ။
- ရာဂကင်းသောစိတ်ကိုလည်း ငါ၏စိတ်သည် ရာဂကင်းသော စိတ်ဟူ၍ သိ၏။

၃။ သဒေါသံ ဝါ စိတ္တံ သဒေါသံ မေ စိတ္တန္တိ ပဇာနာတိ။
- ဒေါသနှင့်တကွဖြစ်သောစိတ်ကိုလည်း ငါ၏စိတ်သည် ဒေါသနှင့်တကွ ဖြစ်သောစိတ်ဟူ၍ သိ၏။

၄။ ဝိတဒေါသံ ဝါ စိတ္တံ ဝိတဒေါသံ မေ စိတ္တန္တိ ပဇာနာတိ။
- ဒေါသကင်းသောစိတ်ကိုလည်း ငါ၏စိတ်သည် ဒေါသကင်းသောစိတ်ဟူ၍ သိ၏။

၅။ သမောဟံ ဝါ စိတ္တံ သမောဟံ မေ စိတ္တန္တိ ပဇာနာတိ။
- မောဟနှင့်တကွဖြစ်သောစိတ်ကိုလည်း ငါ၏စိတ်သည် မောဟနှင့်တကွ ဖြစ်သောစိတ်ဟူ၍ သိ၏။

၆။ ဝိတမောဟံ ဝါ စိတ္တံ ဝိတမောဟံ မေ စိတ္တန္တိ ပဇာနာတိ။
- မောဟကင်းသောစိတ်ကိုလည်း ငါ၏စိတ်သည် မောဟကင်းသောစိတ်ဟူ၍ သိ၏။

၇။ သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ မေ စိတ္တန္တိ ပဇာနာတိ။
- ထိန, မိဒ္ဓနှင့်တကွဖြစ်သောစိတ်ကိုလည်း ငါ၏စိတ်သည် ထိန, မိဒ္ဓနှင့်တကွ ဖြစ်သောစိတ်ဟူ၍ သိ၏။

၈။ ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ မေ စိတ္တန္တိ ပဇာနာတိ။
- ဥဒ္ဓစ္စနှင့်တကွဖြစ်သောစိတ်ကိုလည်း ငါ၏စိတ်သည် ဥဒ္ဓစ္စနှင့်တကွ ဖြစ်သောစိတ်ဟူ၍ သိ၏။

၉။ မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ မေ စိတ္တန္တိ ပဇာနာတိ။
- မဟဂ္ဂတ်စိတ်ကိုလည်း ငါ၏စိတ်သည် မဟဂ္ဂတ်စိတ်ဟူ၍ သိ၏။

၁၀။ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ မေ စိတ္တန္တိ ပဇာနာတိ။
- အမဟဂ္ဂတ ကာမာဝစရစိတ်ကိုလည်း ငါ၏စိတ်သည် အမဟဂ္ဂတ ကာမာဝစရစိတ်ဟူ၍ သိ၏။

၁၁။ သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ မေ စိတ္တန္တိ ပဇာနာတိ။
- သဥတ္တရ ကာမာဝစရစိတ်ကိုလည်း ငါ၏စိတ်သည် သဥတ္တရ ကာမာဝစရစိတ်ဟူ၍ သိ၏။

၁၂။ **အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ မေ စိတ္တန္တိ ပဇာနာတိ။**
– အနုတ္တရ မဟဂ္ဂတ်စိတ်ကိုလည်း ငါ၏စိတ်သည် အနုတ္တရ မဟဂ္ဂတ်စိတ်ဟူ၍ သိ၏။

၁၃။ **သမာဟိတံ ဝါ စိတ္တံ သမာဟိတံ မေ စိတ္တန္တိ ပဇာနာတိ။**
– တည်ကြည်သောစိတ်ကိုလည်း ငါ၏စိတ်သည် တည်ကြည်သောစိတ်ဟူ၍ သိ၏။

၁၄။ **အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ မေ စိတ္တန္တိ ပဇာနာတိ။**
– မတည်ကြည်သောစိတ်ကိုလည်း ငါ၏စိတ်သည် မတည်ကြည်သောစိတ်ဟူ၍ သိ၏။

၁၅။ **ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ မေ စိတ္တန္တိ ပဇာနာတိ။**
– တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် လွတ်မြောက်သောစိတ်ကိုလည်း ငါ၏စိတ်သည် တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် လွတ်မြောက်သောစိတ်ဟူ၍ သိ၏။

၁၆။ **အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ မေ စိတ္တန္တိ ပဇာနာတိ။**
– တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် မလွတ်မြောက်သောစိတ်ကိုလည်း ငါ၏စိတ်သည် တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် မလွတ်မြောက်သော အဝိမုတ္တစိတ်ဟူ၍ သိ၏။

(အဘိ - ၂ - ၂၀၄။ မြန် - ၁၆၇)

အဋ္ဌကထာ၌ စိတ္တာနုပဿနာ ရှုပွားနည်းကို အထူးပြဆိုခြင်း မရှိပြီ။ သရာဂစိတ်ကို လောဘမူစိတ် ရှစ်ပါး၌ရှိသော သရာဂစိတ်ကို ယူရမည်။ ဝိတရာဂစိတ်ကို လောကုတ္တရာစိတ်ကို မယူရ။ လောကီဖြစ်သော ကုသိုလ်စိတ်၊ အဗျာကတစိတ်ကို ယူရမည် စသည်ဖြင့် ယူရမည့် အရကောက်လောက်သာ ပြဆိုထားလေသည်။

စိတ္တာနုပဿနာ၌ ရှုပွားရန် အရှုခံစိတ် ၁၆-ပါး ရှိရာတွင် လောကုတ္တရာစိတ်ကိုကား မည်သည့် စိတ်မှာမှ မယူရ-ဟု ပြဆိုထားလေသည်။ သမ္မသနဉာဏ်စသော ဝိပဿနာဉာဏ်တို့ဖြင့် ရှုမှတ်ရာတွင် လောကုတ္တရာ တရားကို ရှုမှတ်ခြင်းမဟုတ်။ လောကီစိတ်တို့ကိုသာ ရှုပွားအပ်သောကြောင့် ဖြစ်လေသည်။

ဤစိတ္တာနုပဿနာ သတိပဋ္ဌာန်သည်လည်း သမထမဖက် ဝိပဿနာသက်သက်အနေဖြင့် ပေါကြားအပ်သော ဒေသနာ ဖြစ်လေသည်။

(အဘိ ဋ္ဌ - ၂ - ၂၅၅ / ၆)

၂။ ဝိဘင်းကျမ်း သတိပဋ္ဌာနဝိဘင်း စိတ္တာနုပဿနာကို ရှုပွားပုံသဘောများ

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ ဆောင်ရန်လက်ဆောင်များ

၁။	ရာဂစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၂။	ရာဂစိတ်များ၊	ကင်းကွာငြား၊	ကင်းငြားသိရမည်။
၃။	ဒေါသစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၄။	ဒေါသစိတ်များ၊	ကင်းကွာငြား၊	ကင်းငြားသိရမည်။
၅။	မောဟစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၆။	မောဟစိတ်များ၊	ကင်းကွာငြား၊	ကင်းငြားသိရမည်။
၇။	ထိနမိဒ္ဓစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၈။	ဥဒ္ဓစ္စစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၉။	မဟဂ္ဂတ်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၀။	အမဟဂ္ဂတ ကာမာဝစရစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၁။	သဥတ္တရ ကာမာဝစရစိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၂။	အနုတ္တရ မဟဂ္ဂတ်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၃။	တည်ကြည်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၄။	မတည်ကြည်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၅။	လွတ်မြောက်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၆။	မလွတ်မြောက်စိတ်များ၊	ဖြစ်လာငြား၊	ဖြစ်ငြားသိရမည်။
၁၇။	စိတ္တာရုက္ခက်၊	ဆယ့်ခြောက်ချက်၊	ရှိချက်သိရမည်။
၁၈။	ဆယ့်ခြောက်ချက်မှာ၊	လောကီဿ၊	ရတာဖြစ်လေသည်။
၁၉။	လောကုတ္တရာ၊	တရားမှာ၊	ရတာမရှိပြီ။
၂၀။	စိတ္တာနုပဿနာ၊	ထ,မပါ၊	ဝိ,သာဖြစ်လေသည်။
၂၁။	မိမိစိတ်မှာ၊	ဖြစ်လာတာ၊	သိကာနေရမည်။
၂၂။	အနိစ္စဒုက္ခ၊	အနတ္တ၊	အတ္တမဟုတ်ပြီ။

၃။ စိတ္တာနုပဿနာ ရှုပွားမှုဖြင့် ဖော်ပြချက် ပြီး၏။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ ရှုပွားပုံသဘောများ

၄။ ဓမ္မာနုပဿနာ ။ ။ ခန္ဓာငါးပါးကို အရှုခံထား ရှုပွားရာ၌ သတိပဋ္ဌာန် လေးပါးတို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရူပက္ခန္ဓာကိုလည်းကောင်း၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြင့် ဝေဒနာက္ခန္ဓာကိုလည်းကောင်း၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် ဝိညာဏက္ခန္ဓာကိုလည်းကောင်း သိမ်းဆည်း ရှုပွားရုံကို ဟောတော်မူပြီး၍ သမ္မယုတ္တဓမ္မကို အဦးပြု၍ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို သိမ်းဆည်းရှုပွားပုံကို ပြလိုရကား ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူလေသည်။

ဤဥတော်၌ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားပုံကို နိဝရဏဓမ္မကို အရှုခံထား၍ ရှုပွားခြင်း၊ ဗောဇ္ဈင်္ဓမ္မကို အရှုခံထား၍ ရှုပွားခြင်းဟူ၍ ရှုပွားပုံနှစ်မျိုးကို ဟောကြားတော်မူထားလေသည်။

၁။ နိဝရဏဓမ္မကို ရှုပွားခြင်း ။ ။ ထိုတွင် နိဝရဏဓမ္မကို ရှုပွားပုံကို ဤသို့ ဟောကြားတော်မူထားလေသည်။

(မြန်မာသက်သက် ဖော်ပြအံ့)

ရဟန္တာ - ဤသာသနာတော်၌ ယောဂီရဟန်းသည် -

၁။ ကာမစ္ဆန္ဒနိဝရဏကို ရှုပုံ

၁။ ဖိဖိသန္တာန်၌ ထင်ရှားရှိသော ကာမဂုဏ်ကို လိုချင်မှု ကာမစ္ဆန္ဒကိုလည်း ဂါဇိသန္တာန်၌ ကာမဂုဏ်ကို လိုချင်မှု ကာမစ္ဆန္ဒသည် ရှိ၏ဟူ၍ သိ၏။

၂။ ဖိဖိသန္တာန်၌ ထင်ရှားမရှိသော ကာမစ္ဆန္ဒကိုလည်း ဂါဇိသန္တာန်၌ ကာမစ္ဆန္ဒသည် မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

၂။ ဗျာပါဒ နိဝရဏကို ရှုပုံ

၁။ ဖိဖိသန္တာန်၌ ထင်ရှားရှိသော ဒေါသကိုလည်း ဂါဇိသန္တာန်၌ ဒေါသသည် ရှိ၏ဟူ၍ သိ၏။

၂။ ဖိဖိသန္တာန်၌ ထင်ရှားမရှိသော ဒေါသကိုလည်း ဂါဇိသန္တာန်၌ ဒေါသသည် မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော ဒေါသ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော ဒေါသ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ပယ်ပြီးသော ဒေါသ၏ နောင်အခါ မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

၃။ ထီနမိဒ္ဓ နိဝရဏကို ရွှမ်းပုံ

၁။ ဝိဝိသန္တာန်၌ ထင်ရှားရှိသော ထိနမိဒ္ဓကိလည်း ဇါတ်သန္တာန်၌ ထိနမိဒ္ဓသည် ရှိ၏ဟူ၍ သိ၏။

၂။ ဝိဝိသန္တာန်၌ ထင်ရှားမရှိသော ထိနမိဒ္ဓကိလည်း ဇါတ်သန္တာန်၌ ထိနမိဒ္ဓသည် မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏကို ရွှမ်းပုံ

၁။ ဝိဝိသန္တာန်၌ ထင်ရှားရှိသော ဥဒ္ဓစ္စ ကုက္ကုစ္စကိလည်း ဇါတ်သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စသည် ရှိ၏ဟူ၍ သိ၏။

၂။ ဝိဝိသန္တာန်၌ ထင်ရှားမရှိသော ဥဒ္ဓစ္စ ကုက္ကုစ္စကိလည်း ဇါတ်သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စသည် မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ပယ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ နောင်အခါ မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ဝိစိကိစ္ဆာ နိဝရဏကို ရွှမ်းပုံ

၁။ ဝိဝိသန္တာန်၌ ထင်ရှားရှိသော ဝိစိကိစ္ဆာကိလည်း ဇါတ်သန္တာန်၌ ဝိစိကိစ္ဆာသည် ရှိ၏ဟူ၍ သိ၏။

၂။ ဝိဝိသန္တာန်၌ ထင်ရှားမရှိသော ဝိစိကိစ္ဆာကိလည်း ဇါတ်သန္တာန်၌ ဝိစိကိစ္ဆာသည် မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။

၅။ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် နိဝရဏဓမ္မတို့ကို ရှုပွားခြင်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာတွင် အောက်ပါအတိုင်း ရှင်းပြထားလေသည်။

ကာမဆန္ဒကို ပယ်ပျောက်ပုံ

၁။ ပုထုဇဉ်လူသားတို့၌ အကြောင်းအားလျော်စွာ ကာမဂုဏ်ကို လိုချင်မှု ကာမဆွဆန္ဒတို့သည် ဖြစ်ပေါ်လာတတ်၏။ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည်ကို သိရမည် ဖြစ်၏။

၂။ တဒင်္ဂ်, ဝိက္ခမ္ဘန, သမုစ္ဆေဒတို့ဖြင့် ပယ်လိုက်သော ကာမဆွဆန္ဒကိုလည်း ကာမဆွဆန္ဒ မရှိသည်ကို သိရမည် ဖြစ်၏။

၃၊ ၄၊ ၅။ မဖြစ်ပေါ်သေးသော ကာမဆွဆန္ဒ ဖြစ်ပေါ်ကြောင်းကို သိရမည်ဟူသည်ကား ဤရုပ်ခန္ဓာကိုယ်သည် အမှန်စင်စစ် စင်ကြယ်လှပသော သုဘမဟုတ်ပေ။ မစင်မကြယ်သော၊ မလှပသော အသုဘတည်း။ ယင်းမစင်မကြယ် မလှပသော အသုဘကို စင်ကြယ်သည်၊ လှပသည်ဟု နှလုံးသွင်းမှားလျှင်၊ မသင့်မတင့် နှလုံးသွင်းလျှင် ကာမဆွဆန္ဒသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ မစင်မကြယ် အသုဘကို မစင်မကြယ် အသုဘ အနေအားဖြင့် အမှန်အတိုင်း အသင့်အတင့် နှလုံးသွင်းမှ ကာမဆွဆန္ဒကို ပယ်နိုင်မည် ဖြစ်သောကြောင့် အသုဘကို အသုဘအနေအားဖြင့် အမှန်အတိုင်း ရှုတတ်ကြရမည် ဖြစ်၏။

ထို့နောက် ဘောဇ္ဈင်၌ အတိုင်းအရှည်ကို သိ၍ သုံးဆောင်ခြင်းသည်လည်း ကာမဆွဆန္ဒကို ပယ်နိုင်ကြောင်း တစ်ခုဖြစ်သလို မိတ်ဆွကောင်းကို မှီဝဲဆည်းကပ်ခြင်းသည်လည်း ကာမဆွဆန္ဒကို ပယ်နိုင်ကြောင်း ဖြစ်၏။ အသုဘရှုနည်း၌ ကျွမ်းကျင်အောင် သင်ယူမှတ်သားခြင်းသည်လည်း ကာမဆွဆန္ဒကို ပယ်နိုင်ကြောင်း ဖြစ်လေ၏။

ဘောဇ္ဈင်ကို အတိုင်းအရှည်သိရမည်ဟူရာ၌ ဝအောင်၊ ဗိုက်တင်းအောင် မစားဘဲ ရေသောက်ရန် လေးငါးလုပ်မျှ လျော့၍ စားရမည် ဖြစ်၏။

ဒေါသကို ပယ်ပျောက်ပုံ

၂။ ထို့နောက် ဗျာပါဒနိဝရဏတရားကို ပယ်နိုင်ကြောင်း တရားများကိုလည်း သိရမည် ဖြစ်၏။ မေတ္တာဘာဝနာ ပွားများခြင်းသည်လည်း ဒေါသကို ပယ်နိုင်ကြောင်း ဖြစ်၏။

ထို့ပြင် ရှေးဒေါသသည် နောက်ဒေါသ၏ အာရုံဖြစ်သလို မိမိမနှစ်သက်အပ်သော အာရုံတို့သည်လည်း ဒေါသဖြစ်စရာ အာရုံများ ဖြစ်၏။ ယင်းကို မသင့်မတင့် နှလုံးသွင်းလျှင် ဒေါသတရားတွေ တိုးပွားလာမည် ဖြစ်သလို သင့်တင့်အောင် နှလုံးသွင်းတတ်လျှင်လည်း ဒေါသတွေ လျော့နည်း ပပျောက်သွားမည် ဖြစ်၏။

ဒေါသဖြစ်စရာ အာရုံနှင့် မလွဲမရှောင်သာ တွေ့ကြုံရလျှင် ကျိသို့ နှလုံးသွင်း၍ ဒေါသကို ဖယ်ရှားရမည် ဖြစ်၏။

သင်သည် ထိုသူအား စိတ်ဆိုးနေခြင်းသည် အဘယ်ကို ပြုလုပ်နိုင်မည်နည်း။ ထိုသူ၏ သီလအစရှိသည်တို့ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်မည်လော။ သင်သည် ဗိဓိ၏ကံကြောင့် ကျိဘဝသို့လာ၍ ဗိဓိ၏ကံကြောင့်သာ နောက်ဘဝသို့ သွားရလိမ့်မည် မဟုတ်လော။ သူတစ်ပါးကို စိတ်ဆိုးနေခြင်းမည်သည် ဗီးကျိုးခဲကိုလည်းကောင်း၊ အလွန်ပူသော သံချောင်းတို့ကိုလည်းကောင်း၊ မစင်တို့ကိုလည်းကောင်း ဆုပ်ကိုင်၍ ပုတ်ခတ်ခြင်းငှါ အလိုရှိသူနှင့် တူလေ၏။

ထိုသူသည်လည်း သင့်အား စိတ်ဆိုးသည်ရှိသော် အဘယ်ကို ပြုလုပ်နိုင်လတ္တံ့နည်း။ သင်၏ သီလအစရှိသည်တို့ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်လတ္တံ့လော။

သူသည်လည်း သူ၏ကံဖြင့်ပင် ကျိဘဝသို့လာ၍ သူ၏ကံဖြင့်ပင် နောင်ဘဝသို့ သွားရချေအံ့။

သူပေးသော လက်ဆောင်ကို လက်မခံသည်ရှိသော် ထိုလက်ဆောင်သည် ပေးသူထံသို့ပင် ပြန်ရောက်သကဲ့သို့လည်းကောင်း၊ လေညာသို့ ပစ်လွှတ်အပ်သော မြှားမှန်ဆုပ်သည် ပစ်လွှတ်သူထံသို့သာ ပြန်ရောက်သကဲ့သို့လည်းကောင်း၊ စိတ်ဆိုးသူ၌သာ ပျက်စီးမှုသည် ပြန်ရောက်တတ်လေ၏။ ကျိသို့ သင့်တင့်စွာ နှလုံးသွင်း၍ ဒေါသတရားကို ပယ်ဖျောက်ကြရမည် ဖြစ်၏။

ထိနမိဒ္ဓကို ပယ်ဖျောက်ပုံ

ဗိဓိသန္တာန်၌ ပျင်းရိခြင်း၊ ထိုင်းမိုင်းခြင်း ထိနမိဒ္ဓ ဖြစ်ပေါ်လာလျှင် အာရမ္ဘတတ် - စတင်အားထုတ်ခြင်းဓာတ်၊ နိက္ကမတတ် - ဆက်၍အားထုတ်ခြင်းဓာတ်၊ ပရက္ကမတတ် - အဆက်ဆက် အားထုတ်ခြင်းဓာတ် ဟူသော ဝီရိယ တရားများကို ဆင်ခြင်၍လည်းကောင်း ဝီရိယ၏အကျိုး၊ ပျင်းရိခြင်း၏အပြစ်များကို ဆင်ခြင်၍လည်းကောင်း ထိနမိဒ္ဓကို ပယ်ဖျောက်ရမည် ဖြစ်၏။

ထို့ပြင် ကုက္ကရိယာပုတ်ကို ပြောင်းလွဲ၍လည်းကောင်း ဥပမာ - ထိုင်နေရင်း ပျင်းရိစိတ် ဖြစ်လာလျှင် လမ်းလျှောက်၍လည်းကောင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၍လည်းကောင်း ထိနမိဒ္ဓကို ပယ်ဖျောက်ရမည် ဖြစ်၏။

ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်ဖျောက်ပုံ

ဗိဓိသန္တာန်၌ ပျံ့လွင့်မှု ဥဒ္ဓစ္စ၊ နောင်တပူပန်မှု ကုက္ကုစ္စဖြစ်လာလျှင် စိတ်၏ငြိမ်းအေးကြောင်း သမာဓိတရားကို ဆင်ခြင်၍လည်းကောင်း၊ နားလည်သူတို့ထံ ချဉ်းကပ်၍ အဖန်ဖန် မေးမြန်း၍လည်းကောင်း၊ ဗိဓိလေ့လာဆည်းပူးထားအပ်သော ဗဟုသုတများကို အဖန်ဖန် ပြန်၍ ဆင်ခြင်သုံးသပ်ခြင်းဖြင့်လည်းကောင်း သိရှိအောင်၊ ဗဟုသုတရှိအောင်၊ ရှင်းလင်းအောင် ပြုလုပ်၍လည်းကောင်း ဥဒ္ဓစ္စ၊ ကုက္ကုစ္စကို ပယ်ဖျောက်ရမည် ဖြစ်၏။

ဝိစိကိစ္ဆာကို ပယ်ပျောက်ပုံ

ပိဗိသန္တာန်၌ ဝိစိကိစ္ဆာဖြစ်လာလျှင် သင့်တင့်အောင် နှလုံးသွင်းချိန်လည်းကောင်း၊ ကုသိုလ်တရားတို့၏ အကျိုး၊ အကုသိုလ်တရားတို့၏ အပြစ်တို့ကို ဆင်ခြင်ချိန်လည်းကောင်း၊ မိတ်ဆွေကောင်းကို မှီဝဲချိန်လည်းကောင်း၊ တရားနာကြားချိန်လည်းကောင်း၊ ပညာရှိတို့အား အဖန်ဖန် မေးမြန်းချိန်လည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကို ပွားများချိန်လည်းကောင်း ယုံကြည်မှုသဒ္ဓါကို ဖြစ်စေချိန်လည်းကောင်း ဝိစိကိစ္ဆာကို ပယ်ပျောက်အပ်ပေ၏။

(အဘိ ၄ - ၂ - ၂၅၆)

၄။ ဓမ္မာနုပဿနာဖြင့် နီဝရဏတရားတို့ကို ရှုပုံ၌ ထောင်ရန်လက်ာများ

၁။	ကာမစ္ဆန္ဒများ၊	ရှိနေပြား၊	ရှိပြားသိရမည်။
၂။	မရှိလဲသိ၊	ဖြစ်ကြောင်းသိ၊	ပယ်ကြောင်းသိရမည်။
၃။	နောက်ထပ်တိတောင်း၊	မဖြစ်ကြောင်း၊	ထပ်လောင်းသိရမည်။
၄။	ကျန်နိဝရဏာ၊	ဤနည်းသာ၊	မိကာသိုင်္ဂဿည်။
၅။	ဌကထာမှာ၊	ဤသို့သာ၊	ကောင်းစွာပြထားသည်။
၆။	ကာမစ်ကိုတောင်း၊	ပယ်ဖို့ကောင်း၊	အကြောင်းများမှာသည်၊
၇။	ဤရုပ်ခန္ဓာ၊	အသုဘာ၊	သုဘာမဟုတ်ပြီ။
၈။	အသုဘကို၊	သုဘဆို၊	ဘယ်လိုကာပျောက်မည်။
၉။	အသုဘအနေ၊	ရှုမှပေ၊	ကာတွေပျောက်နိုင်မည်။
၁၀။	ဘောဇဉ်စားမှု၊	မတ္တညူ၊	ဖြစ်မှုပယ်နိုင်သည်။
၁၁။	မိတ်ဆွေကောင်းအား၊	ချဉ်းကပ်ထား၊	မှီငြားပျောက်နိုင်သည်။
၁၂။	ဒေါသကိုတောင်း၊	ပယ်နိုင်ကောင်း၊	အကြောင်းများမှာသည်၊
၁၃။	မေတ္တာတရား၊	ထပ်ထပ်ပွား၊	ပယ်ရှားနိုင်လေသည်။
၁၄။	သင့်တင့်စွာထင်း၊	နှလုံးသွင်း၊	ပယ်ခြင်းပြုနိုင်သည်။
၁၅။	သင့်သိလေအား၊	ဘယ်သို့များ၊	ဖျက်ငြားပြုလေသည်။
၁၆။	ကိုယ့်ကံကြောင့်ပ၊	ဤဘဝ၊	မုချရောက်ရသည်။
၁၇။	ကိုယ့်ကံကြောင့်ပ၊	နောင်ဘဝ၊	သွားရလေဦးမည်။
၁၈။	သူအပေါ်ရိုး၊	ထားရန်ပြီး၊	စိတ်ဆိုးနေခြင်းသည်၊
၁၉။	မိုးကျိုးခဲအား၊	မစင်အား၊	ဆုပ်ထားကိုင်ကာသည်၊

၂၀။ ပုတ်ခတ်ခြင်းမှု၊ ပြုလိုဟူ၊ ပြုထူမျှားသို့သည်၊
၂၁။ မလွဲမသွေ၊ အမှန်ပေ၊ တူနေဈေးထည်။
၂၂။ သူသည်လဲပ၊ တံတိုင်းပ၊ လာရသွားရသည်။
၂၃။ လတ်ဆောင်ကိုမှု၊ မခံထူ၊ ပေးသူရသို့သည်၊
၂၄။ လေညာသို့မှု၊ ပစ်လွှတ်ဟူ၊ ပစ်ထူထိသို့ထည်၊
၂၅။ စိတ်ဆိုးသူသာ၊ ရှေးဦးစွာ၊ နာတာထိရမည်။
၂၆။ ဤသို့မှန်စွာ၊ ဆင်ခြင်ဝိတာ၊ ဇဒါဆာပယ်ရမည်။
၂၇။ လုံ့လကိုထင်း၊ ဆင်ခြင်ရင်း၊ ဗျင်းခြင်းပယ်ရမည်။
၂၈။ စိတ်ပျံ့လွင့်တာ၊ တည်အောင်ထာ၊ ပြုကာပယ်ရမည်။
၂၉။ ပညာရှိထင်း၊ ဖန်ဖန်ချဉ်း၊ ဓမ်းခြင်းပြု၍သည်၊
၃၀။ ဖြစ်မှုနောင်တာ၊ ကုက္ကုစ္စ၊ ပယ်ကြရပေမည်။
၃၁။ တရားတွေနာ၊ ဂုဏ်တော်ဖြာ၊ ခါခါပွား၍သည်၊
၃၂။ ဝိစိကိစ္ဆာ၊ ယုံမှားတာ၊ ပယ်ခွါကြရမည်။
၃၃။ ဝိပဿနာတရား၊ ထပ်ထပ်အား၊ ရှုပွားထူမျှားသည်၊
၃၄။ နိဝရဏတရား၊ ကိလေမျာ၊ ပယ်ရှားနိုင်ကြသည်။

၄။ ဓမ္မာနုပဿနာဖြင့် နိဝရဏဓမ္မကို ရှုပွားပုံပြီး၏။

၄။ ဓမ္မာနုပဿနာဖြင့် ဟောလျက်ဓမ္မကို ရှုပွားပုံသဘောများ

ဟောလျက်ဓမ္မ ။ ။ ဟောလျက်ဓမ္မ ဟူသည် သစ္စာလေးပါးတရားတို့ကို သိကြောင်းတရားများဟု အဓိပ္ပါယ်ရ၏။ ယင်းဟောလျင်တရားတို့ (၇)ပါး ရှိလေ၏။ ယင်းတို့မှာ–

၁။ သတိ သမ္ဗောလျင် – သတိရ၏။
၂။ ဓမ္မဝိစယ သမ္ဗောလျင် – တရားကို စိစစ်မှု ပညာရ၏။
၃။ ဝီရိယ သမ္ဗောလျင် – ဝီရိယရ၏။
၄။ ပီတိသမ္ဗောလျင် – ပီတိရ၏။
၅။ ပဿဒ္ဓိ သမ္ဗောလျင် – ပဿဒ္ဓိရ၏။
၆။ သမာဓိ သမ္ဗောလျင် – ဧကဂ္ဂတာရ၏။
၇။ ဥပေက္ခာ သမ္ဗောလျင် – ဥပေက္ခာဝေဒနာရ၏။

ကုသိုလ်စိတ်၌ယှဉ်သော စေတသိက်များ ၃၈–ပါး ရှိသည့်အနက်က ယင်းစေတသိက် (၇)ပါးသည်သာ မဂ်ဉာဏ်သို့ ရောက်ကြောင်း၊ သစ္စာလေးပါးတရားကို သိကြောင်းဖြစ်၍ ဟောလျက်အမည်ရကြလေသည်။

ပါဠိတော်၌ ယင်းဟောလျင် (၇)ပါး ရှုပွားပုံကို တစ်ပါးစီ ဟောကြားတော်မူထား၏။ ရှုပုံသဘောချင်း တူသည်ဖြစ်၍ ဤ၌ တစ်ပါးစီ ပြမနေဘဲ ပေါင်း၍ ပြပေအံ့။ (ရှေ့ဘာဝါမူကား တစ်ပါးစီ၌၍ ရှုရမည်ဖြစ်၏)ပါဠိကို ဖော်ပြမနေတော့ဘဲ မြန်မာသက်သက်သာ ဖော်ပြတော့အံ့။ ပညာကို ဓမ္မဝိစယ သမ္ဗောလျင်ဟူ၍ သိရမည် ဖြစ်၏။

၁။ မိမိသန္တာန်၌ ထင်ရှားရှိသော သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဟူသော ဟောလျင်တရားကိုလည်း ၎င်းသန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဟူသော သမ္ဗောလျင်တရားရှိသည် ဟူ၍ သိ၏။

၂။ မိမိသန္တာန်၌ ထင်ရှားမရှိသော သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဟူသော ဟောလျင်တရားများကိုလည်း ၎င်းသန္တာန်၌ ဟောလျင်တရား မရှိဟူ၍ သိ၏။

၃။ မဖြစ်ပေါ်သေးသော သတိ၊ ပညာ၊ ဝီရိယ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာသမ္ဗောလျင်တို့၏ ဖြစ်ပေါ်လာနိုင်ခြင်း အကြောင်းကိုလည်း သိ၏။

၄။ ဖြစ်ပေါ်ပြီးသော သတိ၊ ပညာ၊ ဝီရိယ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာသမ္ဗောလျင်တရားကို ပွားများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။

(အဘိ ၂ – ၂၀၇။ မြန် ၃ – ၁၇၁)

အဌကထာတွင် သတိသမ္ဗောရှင် စသော ဇောရှင်တရား ဖြစ်ပေါ်လာနိုင်သော အကြောင်းများကို ဤသို့ ဖွင့်ပြထားလေ၏။

၁။ သတိသမ္ဗောရှင် ဖြစ်ပေါ်လာနိုင်ကြောင်းများ

၁။ သတိသမ္ပဇဉ် ရှိခြင်းသည်လည်းကောင်း၊

၂။ သတိမရှိသူကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၃။ သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းသည်လည်းကောင်း၊

၄။ သတိသမ္ဗောရှင်ဖြစ်ခြင်း၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း။

ဤလေးပါးသည် သတိသမ္ဗောရှင် ဖြစ်ခြင်း၏ အကြောင်းတည်း။

၂။ ဓမ္မဝိစယသမ္ဗောရှင် ဖြစ်ပေါ်လာနိုင်ကြောင်းများ

၁။ ဉာဏ်ပညာတိုးပွားရန် အဖန်ဖန် မေးမြန်းခြင်းသည်လည်းကောင်း၊

၂။ ကိုယ်တွင်း၊ ကိုယ်ပ သန့်ရှင်းမှု ပြုခြင်းသည်လည်းကောင်း၊

၃။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ဟူသော ဣန္ဒြေတို့ကို ညီမျှစွာ ထားနိုင်ခြင်းသည်လည်းကောင်း၊

၄။ ပညာမရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၅။ ပညာရှိသော ပုဂ္ဂိုလ်အား မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း၊

၆။ နက်နဲသော ဓမ္မာ၊ အာယတန အစရှိသည်တို့၌ပြစ်သော ဉာဏ်၏ အထူးအပြားကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၇။ ဓမ္မဝိစယသမ္ဗောရှင် ဖြစ်ခြင်း၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း –

ဤ(၇)ပါးသည် ဓမ္မဝိစယသမ္ဗောရှင် ဖြစ်ခြင်း၏ အကြောင်းတည်း။

ထို(၇)ပါးတွင် နံပါတ် (၃) အချက်၌ ပြအပ်သော သဒ္ဓါ၊ ပညာ စသော ဣန္ဒြေတို့ကို ညီမျှစေရမည်ဟူသည် သဒ္ဓါအားကောင်း၍ ပညာနုံ့လျှင် ကြည်ညိုဖွယ်မဟုတ်သော ဝတ္ထု၌ ကြည်ညိုတတ်၏။ ပညာအားကြီး၍ သဒ္ဓါနုံ့လျှင် ကောက်ကျစ်စဉ်းလဲခြင်း သဘောသို့ ရောက်တတ်၏။ ဆေးမှားသောကြောင့် ရောဂါတိုးပွားလာသည်ကို ကုခြင်းဌာ မလွယ်သကဲ့သို့ ကောက်ကျစ်သူကိုလည်း ပြုပြင်ရန် ခဲယဉ်းလှ၏။

ဥပမာ – ဒါန အစရှိသော ကုသိုလ်တွေကို ပြုစရာ မလိုဘူး။ စိတ်ဖြစ်ရုံမျှလည်း ကုသိုလ်ဆိုတာ ရတာပဲဟူ၍ ပြောဆိုကာ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို မပြုဘဲ နေမှုကြောင့် ငရဲ၌ ကျခံရတတ်လေ၏။

ထို့ကြောင့် သဒ္ဓါ၊ ပညာမျှမှသာလျှင် ကြည်ညိုထိုက်သော ဝတ္ထု၌ ကြည်ညိုမည်ဖြစ်၏။ လုပ်ထိုက်သော ကောင်းမှုကုသိုလ်ကို ပြုလုပ်မည် ဖြစ်၏။

သမာဓိအားကောင်း၍ ဝိရိယအားနည်းလျှင် ပျင်းရိခြင်းသို့ ရောက်တတ်လေ၏။ မလှုပ်မရှား ပျင်းလို့ ငြိမ်ငြိမ်နေတာကိုပင် သမာဓိကောင်းသည်ဟု ထင်တတ်၏။ ဝိရိယအားကောင်း၍ သမာဓိနည်းပြန်လျှင်လည်း လုပ်တိုင်း မပြစ်သောအခါ ငါဒီလောက် လုပ်တာ ဘာမှပြစ်မလာပါလားဟူ၍ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်တတ်လေ၏။ သို့ဖြစ်၍ အပျင်းဘက်သို့လည်း မရောက်အောင်၊ စိတ်ပျံ့လွင့်ခြင်းဘက်သို့လည်း မရောက်အောင် ဝိရိယနှင့် သမာဓိ ညီမျှစေရမည် ဖြစ်၏။

သတိသည်ကား ပိုသည်မရှိ။ ကုသိုလ်အရာ၌ သတိသည် အပြဲတမ်း ရှိနေရမည် ဖြစ်၏။ သတိရှိမှသာလျှင် ကျန်ကုသိုလ်တရားတို့သည်လည်း ညီညီမျှမျှ ဖြစ်ကြမည် ဖြစ်၏။

၃။ ဝိရိယသမ္ဗောဇ္ဈင် ဖြစ်ပေါ်လာနိုင်ငြောင်းများ

၁။ အပါယ်ဘေးကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၂။ ဝိရိယအကျိုးကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၃။ ဘုရား, ပစ္စေကဗုဒ္ဓါ, မဟာသာဝကတို့၏ သွားအပ်သောလမ်းကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၄။ ဆွမ်းကို အတုံ့ပြု၍ ပူဇော်ခြင်းသည်လည်းကောင်း၊

၅။ အမွေခံအဖြစ်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၆။ ဆရာဖြစ်သော မြတ်စွာဘုရား၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၇။ အမျိုးဇာတ်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၈။ သီတင်းသုံးဖော်တို့၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၉။ ပျင်းသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၁၀။ လုံ့လရှိသူကို မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း၊

၁၁။ ဝိရိယသမ္ဗောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း။

ဤတစ်ဆယ့်တစ်ပါးတို့သည် ဝိရိယ သမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းများတည်း။

ထို (၁၁)ပါးတို့တွင် နံပါတ် (၇)ဖြစ်သော ဆွမ်းကို အတုံ့ပြု၍ ပူဇော်ခြင်းဟူသည် လျှုသူဒါယကာ၏ သန္ဓိတရားကို ငဲ့၍ ကြိုးစားအားထုတ်မှုတည်း။ သာဓကဝတ္ထုကို အဌကထာ၌ ဤသို့ ပြထားပေ၏။

သီဟိုဠ်ခေတ်က မဟာမိတ္တထေရ်သည် ကသကမည်သော လိုဏ်အရပ်၌ နေ၏။ ထိုမထေရ်၏ ဆွမ်းခံရွာ၌ ဥပါသိကာမကြီး တစ်ဦးသည် မထေရ်ကို သားကဲ့သို့ သဘောထား၍ ဆွမ်းဖြင့် ပြုစုလုပ်ကျွေး၏။ တစ်နေ့သော အခါ၌ ဥပါသိကာမကြီးသည် တောသို့ သွားခါနီး သမီးကို ဤသို့ မှာကြားပြောဆိုလေ၏။

'ချစ်သမီး ... ကျိပည်သောအရပ်၌ နှစ်ချို့ဆန်သည်လည်းကောင်း၊ ကျိပည်သောအရပ်၌ နို့ဂျည်သည်လည်းကောင်း၊ ကျိပည်သော အရပ်၌ ထောပတ်သည်လည်းကောင်း၊ ကျိပည်သောအရပ်၌ တင်လဲသည်လည်းကောင်း ရှိ၏။ သမီး၏ မောင်တော်ဖြစ်သော အရှင်ဝိတ္တထေရ်ကြွလာရာအခါ၌ ဆွမ်းကိုချက်၍ နို့ဂျည်၊ ထောပတ်၊ တင်လဲတို့နှင့် တကွ လှူလိုက်လော့' ဟူ၍ မှာကြားလေ၏။

'အသင်ဖိခင်သည်ကား အဘယ်ကို စားလတ္တံ့နည်း' ဟု မေးလေလျှင် 'ငါသည်ကား ပနွေညနေက ချက်အပ်ပြီးသော ထမင်းကြမ်းကို ပုန်းညှင်းနှင့် စားပြီးပြီ' ဟု ပြောလေ၏။

'ဖိခင် ... နေ့ခင်းအခါ၌ အဘယ်ကို စားမည်နည်း' ဟု မေးလေလျှင် –

'ချစ်သမီး ... ဟင်းချက်ကို ထည့်၍ ဆန်ကွဲတို့ဖြင့် ချည်သော ယာဂုကို ကျိုချက်၍ ထားလိုက်လော့' ဟူ၍ ပြောလိုက်လေ၏။

ထိုအချိန်၌ အရှင်ဝိတ္တထေရ်သည် ဆွမ်းခံလာရင်းမှ ထိုဥပါသိကာမကြီး ပြောစကားကို ကြားသည်ဖြစ်၍ ဖိဖိကိုယ်ကို ဤသို့ ဆုံးမပြောဆိုလေတော့၏။

'ဥပါသိကာမကြီးသည် ပုန်းညှင်းဖြင့် ထမင်းကြမ်းကို စားသတဲ့။ နေ့အခါ၌လည်း ဟင်းချက်တို့ဖြင့် ကျိုချက်အပ်သော ဆန်ကွဲယာဂုကို စားလတ္တံ့တဲ့။ ငုံအတွက်မှကား နှစ်ချိုဆန်တို့ကို ချက်၍ ထောပတ်၊ နို့ဂျည်၊ တင်လဲတို့နှင့် လှူမှာတဲ့။ ဤဥပါသိကာမကြီးသည် ငုံကို ပို၍ လယ်၊ ယာ၊ အဝတ်၊ ထမင်းတို့ကို တောင့်တမျှော်လင့်သည် မဟုတ်ပေ။ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာကို တောင့်တ၍ လှူခြင်းဖြစ်ပေ၏။ ထို ဥပါသိကာမကြီးအား ငါသည် ထိုဝည်းစိမ်တို့ကို ပေးခြင်းငှါ စွမ်းလတ္တံ့လော။ စွမ်းနိုင်မည် မဟုတ်ပေ။

ငါသည် ဥပါသိကာမကြီး၏ ဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟနှင့် တကွ စားခြင်းငှါ မထိုက်ပြီ' ဟူ၍ ဖိဖိကိုယ်ကို ဆုံးမလေပြီ။

ထိုသို့ ဆုံးမပြီး၍ ဖိဖိကျောင်းသို့ ပြန်ပြီးလျှင် 'အရဟတ္တဖိုလ်သို့ မရောက်မချင်း ကျိုးကျောင်းမှ မထွက်တော့အံ့' ဟု အဓိဋ္ဌာန်ပြီး၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်လေတော့၏။ ကြာမြင့်စွာကပင် ဝိပဿနာ အားထုတ်ခြင်း ရှိလာခဲ့သော အရှင်ဝိတ္တထေရ်သည် ဆွမ်းခံချိန်အတွင်း၌ပင် အရဟတ္တဖိုလ်ကို ရရှိလေ၏။ ပွင့်သော ပဒုမ္မာကြာကဲ့သို့ မြတ်သောရဟန္တာအဖြစ်သို့ ရောက်၍ ပြုံးရှဲသာလျှင် ထိုင်နေလေပြီ။

လိုဏ်တံခါး အနီး၌ရှိသော ရက္ခစိုးနတ်သည် အရှင်ဝိတ္တထေရ်၏ ရဟန္တာဖြစ်သည်ကို သိမြင်၍ ဤသို့ ဥဒါန်းကျူးလေပြီ။

'ဆင်းရဲကင်းကွာ စိတ်ချမ်းသာသည့် ရဟန္တာသာဒ အရှင်မြတ်ဘုရား ... အရှင်ဘုရားတို့အား အာသဝေါတရား ကုန်ပါပြီ။ အရှင်ဘုရားသည် မြတ်သော အလှူကို ခံထိုက်ပါပြီ။ ယောက်ဖြားအဖနည်း ဝိသတော်မူသော အရှင်မြတ်ဘုရား... အရှင်ဘုရားအား ရှိခိုးပါ၏။ ယောက်ဖြားမြတ်ဖြစ်တော်မူသော အရှင်ဘုရားအား ရှိခိုးပါ၏'

ရက္ခစိုးနတ်သည် ထိုသို့ ဥဒါန်းကျူး၍ အရှင်ဝိတ္တထေရ်အား ကျိသို့လည်း လျှောက်ထားလေ၏။

'အရှင်ဘုရား ... ဆွမ်းခံကုန်သော အရှင်ဘုရားတို့ကဲ့သို့သော ရဟန္တာပုဂ္ဂိုလ်အား ဆွမ်းကို ပေးလှူ၍ ဉပါသိကာမကြီးသည် ဆင်းရဲလွတ်မြောက်ပါလိမ့်မည်' ဟူ၍ လျှောက်ထားလေ၏။

ဆွမ်းခံချိန် ရှိသေးသည်ဖြစ်၍ အရှင်မိတ္တာထေရ်သည် ဆွမ်းခံကြွလေရာ ဉပါသိကာမကြီး၏ သမီးသည် လည်း ထောပတ်၊ တင်လဲတို့ဖြင့် ရောစပ်အပ်သော နွားနို့ဆွမ်းကို သပိတ်အပြည့် လောင်းလှူလိုက်လေ၏။ အရှင်မိတ္တာထေရ်သည်လည်း 'ချစ်းသာပါစေသတည်း' ဟူ၍ အနုမောဒနာပြု၍ ပြန်ကြွတော်မူလေ၏။ ဉပါသိကာမကြီး၏ သမီးသည်လည်း မထေရ်ကို ကြည့်၍သာလျှင် ရပ်တည်နေလေပြီ။

ကြည့်မည်ဆိုလည်း ကြည့်သင့်ပေ၏။ ထိုအချိန်၌ မထေရ်၏ အရေအဆင်းသည် အလွန်အကဲ ကြည်လင် လျက်ရှိနေ၏။ စက္ခုစသော ဣန္ဒြေတို့သည်လည်း အထူးကြည်လင်လျက် ရှိလေ၏။ မျက်နှာသည်လည်း အညှာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ အလွန်အကဲ တင့်တယ်လျက် ရှိလေ၏။

ဉပါသိကာမကြီးသည် တောမှ ပြန်ရောက်၍ မေးလေလျှင် သမီးသည် အလုံးစုံကို ပြောပြလိုက်လေ၏။ ထိုအခါ ဉပါသိကာမကြီးသည် 'ငါ၏သားရဟန်းသည်ရဟန်းကိစ္စပြီးလေပြီ' ဟု သိ၍ သမီးအား ဤသို့ပြောလေပြီ။

'ချစ်သမီး....သင်၏ ဟောင်တော်သည် မြတ်စွာဘုရား သာသနာတော်၌ အလွန်မွေ့လျော်ခြင်းသို့ ရောက်လေပြီ။ မပျင်းရိတော့ပြီ' ဟူ၍ ပြောလိုက်လေ၏။

၄။ ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်နိုင်ခြင်း အကြောင်းများ

၁။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်းသည် လည်းကောင်း၊

၂။ ပီပိသိလ၏ မကျိုးမှုကို အဖန်ဖန် အောက်မေ့ခြင်းသည်လည်းကောင်း၊

၃။ ပီပိစွန့်ကြဲနိုင်မှုကို အဖန်ဖန် အောက်မေ့ခြင်းသည်လည်းကောင်း၊

၄။ နတ်တို့၏ သဒ္ဓါတရားကို သက်သေအရာထား၍ ပီပိ၏ သဒ္ဓါတရားကို အဖန်ဖန်အောက်မေ့ခြင်းသည် လည်းကောင်း၊

၅။ ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၆။ နူးညံ့သော ပုဂ္ဂိုလ်ကို မှီဝဲချဉ်းကပ်ခြင်းသည်လည်းကောင်း၊

၇။ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်တို့ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊

၈။ ပီတိသမ္ဗောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း

ဤရှစ်ပါးတို့သည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်ခြင်း၏ အကြောင်းများတည်း။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ပေါ်နိုင်ခြင်း အကြောင်းများ

၁။ မွန်မြတ်သော ဘောဇဉ်ကို မှီဝဲရခြင်းသည်လည်းကောင်း၊

၂။ ကောင်းမြတ်သော ဥတုကို မှီဝဲရခြင်းသည်လည်းကောင်း၊

၃။ မိမိနှင့် သင့်လျော်လျောက်ပတ်သော ကောင်းမြတ်သော ကာရိယာပုတ်ကို မှီဝဲရခြင်းသည်လည်းကောင်း၊

၄။ အလယ်အလတ်၌တည်သော လုံ့လရှိခြင်းသည်လည်းကောင်း၊

၅။ ပူပန်သော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၆။ ငြိမ်းအေးသော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းသည်လည်းကောင်း၊

၇။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း

ဤ(၇)ပါးသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နိုင်ခြင်း၏ အကြောင်းများတည်း။

၆။ သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ပေါ်နိုင်ခြင်း အကြောင်းများ

၁။ ကိုယ်တွင်းကိုယ်ပ သန့်ရှင်းမှု ရှိသူသည်လည်းကောင်း၊

၂။ သန္ဓိစသော ကာရန်တို့ကို ညီမျှစေသောသူသည်လည်းကောင်း၊

၃။ ကမ္မဋ္ဌာန်းနိမိတ်၌ ကျွမ်းကျင်သူသည်လည်းကောင်း၊

၄။ ချီးမြှောက်သင့်ရာအခါ၌ စိတ်ကို ချီးမြှောက်ခြင်းသည်လည်းကောင်း၊

၅။ စိတ်ကို နှိပ်သင့်ရာအခါ၌ နှိပ်ခြင်းသည်လည်းကောင်း၊

၆။ စိတ်ကို ရွှင်လန်းစေသင့်ရာအခါ၌ ရွှင်လန်းစေခြင်းသည်လည်းကောင်း၊

၇။ စိတ်ကို အသင့်အားဖြင့် ထားနိုင်သောသူသည်လည်းကောင်း၊

၈။ မတည်ကြည်သူကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၉။ တည်ကြည်သူကို မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း

ဤ (၉)ပါးသည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းများတည်း။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ပေါ်နိုင်သော အကြောင်းများ

၁။ သတ္တဝါတို့၌ (မိမိနှင့် ဆက်စပ်သော ပုဂ္ဂိုလ်တို့၌) အလယ်အလတ် ထားနိုင်ခြင်းသည်လည်းကောင်း၊

၂။ သင်္ခါရတို့၌ (မိမိ၏ အသုံးအဆောင်တို့၌) အလယ်အလတ်ထားနိုင်ခြင်းသည်လည်းကောင်း၊

၃။ ထိုသတ္တဝါ သင်္ခါရတို့၌ အလယ်အလတ်မထားနိုင်သူကို ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊

၄။ ထိုသတ္တဝါ သခ်ိဳးရတို့၌ အလယ်အလတ်ထားနိုင်သူကို မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း၊

၅။ ဥပေက္ခာ သမ္ဘောရွှင်၌ စွဲစွဲမြဲမြဲ သက်ဝင်နေခြင်းသည်လည်းကောင်း၊

ဤ (၅) ပါးသည် ဥပေက္ခာ သမ္ဘောရွှင် ဖြစ်ခြင်း၏ အကြောင်းများတည်း။

(အဘိ ၄ - ၂ - ၂၆၃ / ၂၇၃)

အဋ္ဌကထာ၌ ဗောရွှင်ဖြစ်ကြောင်း အဂိါများတွင် တစ်ချက်ချင်း၌လည်း အကျယ်ပြဆိုထားသေး၏။ ဤ၌ ကျမ်းလေးမည်စိုး၍ မရေးသာတော့ပြီ။ သိလိုမူ အဋ္ဌကထာ၌သာ ရှုပါလေတော့။

ဤဗောရွှင်တရား ပြည့်စုံမှုကား အထူးမဟုတ်ပေ။ သတိပဋ္ဌာန်လေးပါးကို ရှုပွားလျှင်လည်းကောင်း၊ ဝိပဿနာတရားကို ကြိုးစားရှုပွားလျှင်လည်းကောင်း သစ္စာလေးပါးကို သိမြင်သော ဗောရွှင်တရား ပြည့်စုံလာနိုင်သည်ကို သိမြင်ကြကုန်ရာ၏။

စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ စိတ်ကိုမူတည်၍ ဧစေတသိက်ပါတွဲ၍ ပြခြင်းကိုလည်းကောင်း၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ ဧစေတသိက်ကို မူတည်၍ စိတ်ကိုပါ တွဲ၍ ပြခြင်းကိုလည်းကောင်း သိမြင်နိုင်ကြပေကုန်၏။

၄။ ဗောရွှင်ဓမ္မကို ဓမ္မာနုပဿနာဖြင့် ရှုပွားမှု၌ ဆောင်ရန်လက်ာများ

၁။	သစ္စာလေးအင်၊	သိကြောင်းပင်၊	ဗောရွှင်ခေါ် လေသည်။
၂။	တိ,ဓမ်,ဝိရိ၊	ဗိတိ၌၊	ပဿဒ္ဓိပါဝင်သည်။
၃။	သမာဓိပါ၊	ဥပေက္ခာ၊	ခုနစ်ဖြာရှိလေသည်။
၄။	ဗောရွှင်ခုနစ်ပါး၊	ရှိနေငြား၊	ရှိငြားသိရမည်။
၅။	မရှိလဲသိ၊	ဖြစ်ကြောင်းသိ၊	ပြည့်ကြောင်းသိရမည်။
၆။	သတိဗောရွှင်၊	ဖြစ်ဖို့ပင်၊	ကြောင်းအင်များမှာသည်၊
၇။	သတိ,ပညာ၊	ရှိ၍သာ၊	ကောင်းစွာနေရမည်။
၈။	သတိတရား၊	နည်းသူအား၊	ရှောင်ထားကြရမည်။
၉။	သတိစွဲမြဲ၊	ရှိသူပဲ၊	မှီဝဲကြရမည်။
၁၀။	သတိကိုပင်၊	စွဲမြဲအင်၊	သတ်ဝင်နေရမည်။
၁၁။	ဤသည့်လေးကြောင်း၊	သတိကောင်း၊	ပွားကြောင်းဖြစ်လေသည်။
၁၂။	ဓမ္မဗောရွှင်၊	ဖြစ်ဖို့ပင်၊	ကြောင်းအင်များမှာသည်၊
၁၃။	ပညာရှိထံ၊	သိနိုင်ရန်၊	ဖန်ဖန်မေးရမည်။
၁၄။	အပြင်အတွင်း၊	သန့်ရှင်းခြင်း၊	ပြုခြင်းရှိရမည်။

၁၅။	သဒ္ဓါ,ပညာ၊	ရိ,သမာ၊	ညီစွာထားရမည်။
၁၆။	ပညာမရှိ၊	ရောင်လေတိ၊	အရှိမှီရမည်။
၁၇။	ခန်,အာ,ဓာတ်ပဝိ၊	နက်နိအင်၊	ဆင်ခြင်ပြုရမည်။
၁၈။	ဓမ္မဟောလျှင်၊	စွဲမြဲအင်၊	သက်ဝင်နေရမည်။
၁၉။	ဤခုနစ်ကြောင်း၊	ပညာကောင်း၊	ဖွားကြောင်းဖြစ်လေသည်။
၂၀။	ဝိရိဟောလျှင်၊	ဖြစ်ဖို့ပင်၊	ကြောင်းအင်များမှာထည်၊
၂၁။	အပါယ်,တိုုးထင်၊	သွားလမ်းပင်၊	ဆင်ခြင်ပြုရမည်။
၂၂။	လှုဒ္ဒါန်းသူဟော်၊	တုံ့ပြန်သော်၊	ပူဇော်ပြုရမည်။
၂၃။	မွေခံ, ရှင်တော်၊	မျိုးဈတ်သော်၊	သုံးဖော်များ၏ထည်၊
၂၄။	စိတ်မှာထင်ထင်၊	မြင့်မြတ်အင်၊	ဆင်ခြင်ပြုရမည်။
၂၅။	ပျင်းသူရှောင်လွှဲ၊	လုံ့လကဲ၊	မှီဝဲပြုရမည်။
၂၆။	လုံ့လကိုပင်၊	စွဲမြဲအင်၊	ထက်ဝင်နေရမည်။
၂၇။	ဤဆယ့်တစ်ကြောင်း၊	လုံ့လတောင်း၊	ဖွားကြောင်းဖြစ်လေသည်။
၂၈။	ဝိရိယကြောင်းမှာ၊	ဆယ့်တစ်ဖြာ၊	ရှိရာများ၌ထည်၊
၂၉။	လှုဒ္ဒါန်းသူဟော်၊	တုံ့ပြန်သော်၊	ပူဇော်ပုံကိုထည်၊
၃၀။	သာဓုတဝတ္ထု၊	အကြောင်းစု၊	ပြမှုရှိလေထည်။
၃၁။	သိဟိုဠ်ခေတ်က၊	ထေရ်မိတ္တ၊	ခေါ် ရရဟန်းသည်၊
၃၂။	ဆွမ်းအမဏ်၊	ပြောခြင်း၏၊	ကြားသိရလေပြီ။
၃၃။	လယ်တောသို့သာ၊	သွားနိုးမှာ၊	ဒါယိကာမကြီးသည်၊
၃၄။	သမီးကိုထင်း၊	လှုဖို့နှင်း၊	မှာခြင်းပြုလေပြီ။
၃၅။	မိတ္တမည်ခေါ် ၊	သင့်မောင်တော်၊	ကြွသော်လာလျှင်သည်၊
၃၆။	နှစ်ချို့ဆန်မှာ၊	ထောပတ်ပါ၊	နို့ပါစွက်လျက်သည်၊
၃၇။	တင်လဲပါစေ၊	ချက်၍ပေ၊	လှုလေမှာလေပြီ။
၃၈။	ထမင်းကြမ်းအား၊	ပုန်းရည်အား၊	ငါကားစားခဲ့ပြီ။
၃၉။	ဆန်ကွဲဆန်သာ၊	ပြုတ်ထားပါ၊	နေ့မှာငါစားမည်။
၄၀။	ဤစကားကြားပေ၊	မိတ္တထေရ်၊	ကုံတွေ့ဖြစ်လေပြီ။
၄၁။	ကိလေသာခန်း၊	ဤသည့်ဆွမ်း၊	စားခန်းမသင့်ပြီ။
၄၂။	ကိလေကုန်မှ၊	စားသင့်ပ၊	စိတ်ကဆုံးဖြတ်ပြီ။
၄၃။	ကျောင်းသို့ပြန်ကာ၊	အားထုတ်ရာ၊	ရဟန္တာဖြစ်လေပြီ။

၄၄။ ပဒမ္ဖာကြာ၊ ပွင့်ပမာ၊ မျက်နှာကြည်လေပြီ။
၄၅။ ရုက္ခနှုတ်ဆန်း၊ သိမြင်မှန်း၊ ဥဒါန်းကျူးလေပြီ။
၄၆။ ဆင်းရဲကင်းအင်၊ အာဇာပင်၊ အရှင်တုရားသည်၊
၄၇။ အာသဝေါကင်းကွာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်လေပြီ။
၄၈။ အာဇာနည်ဖြစ်ရှိုး၊ ရှင်လိုမျိုး၊ ရှိခိုးပြုပါသည်။
၄၉။ အရှင်ကိုသာ၊ ဆွမ်းလှူရာ၊ ဒါယိကာမကြီးသည်၊
၅၀။ သံသရာထုတ်ချောက်၊ ဆင်းရဲရောက်၊ လွတ်မြောက်ပေလိမ့်မည်။
၅၁။ ဆွမ်းခံချိန်က၊ ရှိ၍ပ၊ မိတ္တမထေရ်သည်၊
၅၂။ ကြွနေကြမှန်၊ အိမ်သို့ထံ၊ ဆွမ်းခံရပ်လေပြီ။
၅၃။ သမီးသည်လဲ၊ အလွန်ပဲ၊ ဝမ်းပသာ၍သည်၊
၅၄။ ထောပတ်ဆီပွမ်း၊ တင်လဲဆမ်း၊ နို့ဆွမ်းများကိုသည်၊
၅၅။ သပိတ်ပြည့်လျှမ်း၊ စိတ်ရှင်လန်း၊ လှူဒါန်းလိုက်လေပြီ။
၅၆။ မထေရ်ကိုသာ၊ ရပ်၍သာ၊ ကြည့်ကာဖူးနေသည်။
၅၇။ မထေရ်မျက်နှာ၊ ထိုချိန်မှာ၊ လွန်စွာကြည်နေသည်။
၅၈။ ကိုယ်ရေအဆင်း၊ ကြည်လင်ခြင်း၊ လွန်မင်းတင့်တယ်သည်။
၅၉။ ထန်းသီးမှည့်ပမာ၊ အလွန်သာ၊ ဝင်းဝါထိန်ကြည်သည်။
၆၀။ အကြောင်းစုံဖြာ၊ သိလေရာ၊ ဒါယိကာမကြီးသည်၊
၆၁။ ရဟန္တာဖြစ်တာ၊ သိ၍သာ၊ လွန်စွာကြည်နူးပြီ။
၆၂။ ဝိရိယကျိုးအား၊ ဤသို့မျှား၊ သိငြားနိုင်ကြသည်။
၆၃။ ဗိတိဟောလျှင်၊ ဖြစ်ဖို့ပင်၊ ကြောင်းအင်များမှာသည်၊
၆၄။ ရတနာသုံးဖြာ၊ ဂုဏ်ကိုသာ၊ ပွားကာနေရမည်။
၆၅။ သီလစာဂါ၊ မြတ်သဒ္ဓါ၊ ခါခါပွားရမည်။
၆၆။ ကြမ်းပဂ္ဂလာ၊ ချောင်ကြဉ်ကာ၊ နဲသာပေါင်းရမည်။
၆၇။ ကြည်ညိုဖွယ်ထင်၊ သုတ္တန်ပင်၊ ဆင်ခြင်ပြုရမည်။
၆၈။ ဗိတိဟောလျှင်၊ စွဲမြဲပင်၊ သက်ဝင်နေရမည်။
၆၉။ ဤသည့်ရှစ်ကြောင်း၊ ဗိတိဟောင်း၊ ပွားကြောင်းဖြစ်လေသည်။
၇၀။ ပဿဒ္ဓိဟောလျှင်၊ ဖြစ်ဖို့ပင်၊ ကြောင်းအင်များမှာသည်၊
၇၁။ မွန်မြတ်ဘောဇဉ်၊ သင့်တာပင်၊ ဆင်ခြင်သုံးရမည်။
၇၂။ သင့်တော်လေရာ၊ ဥတုမှာ၊ ကုရိယာမှီရမည်။

၇၃။	လယ်မရှတ္တာ၊	တည်ကာပ၊	လုံလေရှိရမည်။
၇၄။	ပူသူရှောင်လွှဲ၊	ငြိမ်းသူပဲ၊	မှီဝဲပြုရမည်။
၇၅။	ပဿဒ္ဓိဗောလျှင်၊	စွဲမြဲအင်၊	သက်ဝင်နေရမည်။
၇၆။	ဤခုနှစ်ကြောင်း၊	ငြိမ်းအေးတောင်း၊	ဖြစ်ကြောင်းဖြစ်လေသည်။
၇၇။	သမာဓိဗောလျှင်၊	ဖြစ်ဖို့ဝင်၊	ကြောင်းအင်များမှာသည်၊
၇၈။	အပြင်အတွင်း၊	သန့်ရှင်းခြင်း၊	ပြုခြင်းရှိရမည်။
၇၉။	သဒ္ဓါစဖြာ၊	ကုန်ရာ၊	ညီစွာထားရမည်။
၈၀။	ထမ္ဘဉာန်းအင်၊	နိမိတ်ဝင်၊	တွန်းကျင်ရှိရမည်။
၈၁။	စိတ်ကိုမြှောက်ခန်း၊	ဒိုပ်တစ်ခန်း၊	ရှင်ခန်းစေရမည်။
၈၂။	စိတ်ကိုဝိုင်ဝိုင်၊	သင့်အောင်ကိုင်၊	ထားနိုင်ရပေမည်။
၈၃။	မထည်ရှောင်လွှဲ၊	တည်သူပဲ၊	မှီဝဲပြုရမည်။
၈၄။	သမာဓိဗောလျှင်၊	ဖြစ်ဖို့ပင်၊	ကြောင်းအင်များမှာသည်၊
၈၅။	ဤဆယ့်တစ်ကြောင်း၊	စိတ်တည်ကြောင်း၊	ဖြစ်ကြောင်းဖြစ်လေထည်။
၈၆။	ဥပေက္ခာဗောလျှင်၊	ဖြစ်ဖို့ပင်၊	ကြောင်းအင်များမှာသည်၊
၈၇။	မိမိစပ်ပြု၊	ပုဂ္ဂိုလ်စု၊	ထုံးပြုများဌ်ထည်၊
၈၈။	ချစ်ရမှုန်းရ၊	ပယ်၍ပ၊	မလျှတ္တထားရမည်။
၈၉။	ချစ်ငြား,မုန်းငြား၊	ရှိသူအား၊	ရှောင်ရှားရပေမည်။
၉၀။	အလေယ်လေတ်ပဲ၊	ထားသူပဲ၊	မှီဝဲရပေမည်။
၉၁။	ဥပေက္ခာဗောလျှင်၊	စွဲမြဲအင်၊	ထက်ဝင်နေရမည်။
၉၂။	ဤသည့်ဇီးကြောင်း၊	ဥဖြစ်ကြောင်း၊	ကောင်းကောင်းသိနိုင်သည်။
၉၃။	သတိပဋ္ဌာန်တရား၊	ဝိပသ်အား၊	ပွားများသူများသည်၊
၉၄။	ဗောလျှင်တရား၊	ပြည့်တောငြား၊	သိထားနိုင်ကြသည်။
၉၅။	စိတ္တာနုပဿနာ၊	စိတ်ရှုရာ၊	စေပါတွေ့နိုင်သည်။
၉၆။	ဓမ္မာနုပဿနာ၊	စေရှုရာ၊	စိတ်ပါတွေ့နိုင်သည်။
၉၇။	သတိပဋ္ဌာန်လေးပါး၊	သင့်ရာများ၊	ရှုပွားနိုင်ကြသည်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် ဟေတ္တုဂ်ဓမ္မကို ရှုပွားပုံ ပြီး၏။

၇။ သတိပဋ္ဌာန ဝိဘင် ဟော်ပြချက် ရပ်နားပြီ။

၈။ ပကိုစိတ်ကို သမ္မပ္ပဓာန် ဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၈။ သမ္မပ္ပဓာန်လေးပါး ။ ။ သမ္မပ္ပဓာန - ဟူသည် သမ္မ - ကောင်းစွာ၊ ပ္ပဓာန - အားထုတ်ခြင်း - ဖြစ်၍ ကောင်းစွာ အားထုတ်အပ်သော ဝိရိယကို သမ္မပ္ပဓာန် ဟူ၍ ခေါ်ဆို၏။ ယင်းကောင်းစွာ အားထုတ်အပ်သော လုံ့လဝိရိယသည် ကုသိုလ်စိတ် ၂၁-ပါး၌ရှိသော လုံ့လဝိရိယတည်း။ ထိုတွင် မဟာကုသိုလ် ပဌမစိတ်၌ ရှိသော လုံ့လဝိရိယသည် ရှေ့တန်းက ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။ ယင်းဝိရိယသည် လေးမျိုးရှိ၏။ ယင်းတို့မှာ -

၁။ **အနုပ္ပါဒ ဝိရိယ** - ဤဘဝ၌ မဖြစ်သေးကုန်သော အကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်သော လုံ့လဝိရိယ။

၂။ **ပဟာန ဝိရိယ** - ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်ရန် ကြိုးစားအားထုတ်သော လုံ့လဝိရိယ။

၃။ **ဥပ္ပါဒ ဝိရိယ** - ဤဘဝ၌ မဖြစ်ဖူးသော ကုသိုလ်တရားများကို ဖြစ်လာစေရန် ကြိုးစားအားထုတ်သော လုံ့လဝိရိယ။

၄။ **ဘိယျောဘာဝ ဝိရိယ** - ဖြစ်ပြီးသော ကုသိုလ်တရားများကို ပို၍တိုးပွားလာစေရန် အားထုတ်သော လုံ့လဝိရိယ ဟူ၍ လေးမျိုးရှိလေသည်။

အကုသိုလ်တရားများ ။ ။ ထိုတွင် မိမိသန္တာန်၌ ဖြစ်မလာအောင် ပြုလုပ်ရမည့် အကုသိုလ်တရားများ၊ ဖြစ်လာလျှင်လည်း ပယ်သတ်ရမည့် အကုသိုလ်တရားများမှာ ပါဠိတော်၌ ဤသို့ ဖော်ပြထားလေသည်။

၁။ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်မူလ သုံးပါး၊

၂။ ထိုလောဘ၊ ဒေါသ၊ မောဟနှင့်အတူ ဖြစ်ကြသော ကိလေသာများ၊

၃။ ထိုလောဘ၊ ဒေါသ၊ မောဟသုံးပါးနှင့် ယှဉ်ကြသော ဝေဒနာကွန္ဓာစသော နာမ်ခန္ဓာလေးပါး၊

၄။ ထိုလောဘ၊ ဒေါသ၊ မောဟတို့ကြောင့်ဖြစ်သော ကာယကံမူ၊ ဝစီကံမူ၊ မနောကံမူများပင် ဖြစ်လေသည်။

(အဘိ - ၂ - ၂၁၆။ မြန် ၃ - ၁၉၁)

ထိုသို့ ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူထားသဖြင့် မိမိ၏ နာမ်ခန္ဓာလေးပါးနှင့် ကံသုံးပါးကို စိစစ်ရန်ဖြစ်သည်။ (*ကံသုံးပါးတွင် ရူပကွန္ဓာပါဝင်လေပြီ*)

၁။ မိမိသန္တာန်၌ လိုချင်တပ်မက်မှု လောဘနှင့် ဆက်စပ်၍လည်းကောင်း၊ အမျက်ထွက်မှု၊ မကျေနပ်မှု၊ စိတ်ဆိုးမှု ဒေါသနှင့် ဆက်စပ်၍လည်းကောင်း၊ တွေဝေမှု, မိုက်မဲမှု, နားမလည်မှု, မသိမှုနှင့် ဆက်စပ်၍လည်းကောင်း ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ ကြံစည်မှု, စေ့ဆော်မှု ဝိတက်, စေတနာများ၊ သိမှု ဝိညာဏ်များ ဖြစ်နေပြီလား။ ထိုမှတစ်ခါ ယင်းသို့ ခံစား၊ မှတ်သား၊ ကြံစည်၊ စေ့ဆော်မှုတွေ ဖြစ်သည့်အားလျော်စွာ ကိုယ်ဖြင့်ပြု

လုပ်မှုတွေ၊ နှုတ်ဖြင့် ပြောဆိုမှုတွေ၊ စိတ်ဖြင့် တွေးတောမှုတွေ ဖြစ်နေပြီလား – ဟူ၍ စိစစ်ကြည့်ရန် ဖြစ်သည်။

အကယ်၍ ယင်းဖော်ပြအပ်ပြီးသော အကုသိုလ် ဒုစရိုက်တရားများ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ အနေတို့ဖြင့်လည်း ဖြစ်မလာသေးလျှင်လည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကျူးလွန်မှုအဆင့်ထိ ရောက်မလာသေးလျှင်လည်းကောင်း၊ ဖြစ်မလာအောင်, ရောက်မလာအောင် နံပါတ်(၁)ဖြစ်သော အနုပ္ပါဒဝိရိယ အနေဖြင့် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။

အကယ်၍ ထိုအကုသိုလ် ဒုစရိုက်တရားများကို ခံစားနေရပြီ၊ မှတ်သားနေရပြီ၊ ကြံစည်နေရပြီ၊ သိရှိနေရပြီ ဆိုလျှင်လည်း ယင်းခံစားနေရမှုများကို၊ မှတ်သားနေရမှုများကို၊ ကြံစည်နေရမှုများကို၊ သိရှိနေရမှုများကို နံပါတ်(၂)ဖြစ်သော ပဟာနဝိရိယအနေဖြင့် လျှင်မြန်စွာ ပယ်သတ်ရန် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။

ထိုမှတစ်ဆင့်တက်၍ ထိုအကုသိုလ်ဒုစရိုက်တရားများကို ခံစား၊ မှတ်သားနေရုံတွင် မကဘဲ ကျူးလွန်ရန် မနောကံအနေဖြင့် ကြံစည်နေသည်ဆိုလျှင် ထိုကြံစည်မှုကို အလျှင်အမြန် ပယ်ရန် ကြံစည်ရုံတွင်မက ဝစီကံအနေဖြင့် ပြောဆိုမှုအဆင့်အထိ ကျူးလွန်မိပြီဆိုပြန်လျှင်လည်း ယင်းဝစီကံ ကျူးလွန်မှုကို အလျှင်အမြန် ပယ်ရန် ပြောဆိုရုံတွင်မက ကာယကံအနေဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်မိပြန်လျှင်လည်း ယင်းကာယကံ ကျူးလွန်မှုကို ပယ်ရန် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။

ကုသိုလ်တရားများ ။ ။ ထို့နောက် ဝိမိသန္တာန်၌ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာစေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားများကို အတိုင်းထက်အလွန် တိုးပွားလာစေရန် အားထုတ်ရမည့် ကုသိုလ်တရားများကို ပါဠိတော်၌ ဤသို့ ဖော်ပြထားလေသည်။

၁။ အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်မူလသုံးပါး၊

၂။ ထိုကုသိုလ်မူလသုံးပါးနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာ စသော နာမ်ခန္ဓာလေးပါး၊

၃။ ထိုကုသိုလ်မူလတို့ကြောင့်ဖြစ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများပင် ဖြစ်လေသည်။

(အဘိ - ၂ - ၂၁၈။ မြန် ၃ - ၁၉၄)

ပါဠိတော်၌ ကုသိုလ်နှင့်စပ်၍ ထိုသို့ မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် ဝိမိသန္တာန်၌ နာမ်ခန္ဓာလေးပါးနှင့် ကံသုံးပါးကို စိစစ်ရန် ဖြစ်လေသည်။

ဝိမိသန္တာန်၌ မလိုချင်မှု၊ မတပ်မက်မှု အလောဘနှင့် ဆက်စပ်၍လည်းကောင်း၊ အမျက်မထွက်မှု၊ ခွင့်လွှတ်တတ်မှု၊ သည်းခံတတ်မှု၊ မေတ္တာထားမှု စသော အဒေါသတရားနှင့် ဆက်စပ်၍လည်းကောင်း မတွေဝေမှု၊ လိမ္မာမှု၊ နားလည်မှု၊ အသိဉာဏ်ရှိမှု စသော အမောဟနှင့် ဆက်စပ်၍လည်းကောင်း၊ ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ ကြံစည်မှု ဝိတက်၊ စေ့ဆော်မှု စေတနာများ၊ သိနေမှု ဝိညာဏ်များ ဖြစ်နေပြီလား။ ထိုမှတစ်ပါး ယင်းသို့ ခံစား၊ မှတ်သား၊ ကြံစည်၊ စေ့ဆော်မှုတွေ ဖြစ်သည့်အားလျော်စွာ ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် တွေးတောမှုတွေ ဖြစ်နေပြီလား ဟူ၍ စိစစ်ကြည့်ရန် ဖြစ်သည်။

ဤတွင် ကုသိုလ်တရားဟူသည် ဒါန၊ သီလ၊ ဘာဝနာ၊ သမထ၊ ဝိပဿနာတရားများဖြစ်၍ ဤဘဝ၌ ဒါနကုသိုလ် မပြုလုပ်ရသေးဘူးဟုဆိုလျှင်၊ ငါးပါးသီလကို လုံခြုံအောင် မစောင့်ထိန်းရသေးဘူးဟုဆိုလျှင်၊ ဥပုသ်မစောင့်ဖူးသေးဘူးဟုဆိုလျှင်၊ သမထဘာဝနာ, ဝိပဿနာဘာဝနာများကို မပွားများဖူးသေးဘူးဟုဆိုလျှင် နံပါတ် (၃) ဥပ္ပါဒဝီရိယအရ ပိမိသန္ဆာန်၌ ထိုကုသိုလ်တရားများ ဖြစ်လာအောင် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။ ဤကုသိုလ်တွေ၊ လောကီကုသိုလ်တွေတော့ အကြိမ်ကြိမ် လုပ်ဖူးပါသည်။ လောကုတ္တရာကုသိုလ်ဖြစ်သော မဂ်ကုသိုလ်ကိုတော့ မရဖူးသေးဘူးဟုဆိုလျှင်လည်း ထိုမဂ်ကုသိုလ်တရား ဖြစ်ပေါ်လာသည်အထိ ဝိပဿနာတရားကို အားထုတ်ရမည် ဖြစ်သည်။

အကယ်၍ ပိမိသန္ဆာန်၌ ဒါနကုသိုလ် ပြုဖူးသည်ဟုဆိုလျှင် နောက်ထပ် ဤကဲ့သို့ ဒါနကုသိုလ်မျိုး အကြိမ်ကြိမ် ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းဖူးသည် ဆိုလျှင်လည်း ဤကဲ့သို့ သီလလုံခြုံမှုမျိုး နောက်ထပ် အကြိမ်ကြိမ် ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ဥပုသ်သီလကို ခံယူစောင့်သုံးဖူးသည်ဟု ဆိုလျှင်လည်း နောက်ထပ်ဤကဲ့သို့ ခံယူစောင့်သုံးမှုမျိုး အကြိမ်ကြိမ် ဖြစ်ပေါ်စေရန်လည်းကောင်း၊ စိတ်တည်ကြည်အောင် သမထတရားကို ပွားများဖူးသည်ဟု ဆိုလျှင်လည်း နောက်ထပ် ဤကဲ့သို့ သမထကုသိုလ်မျိုး အကြိမ်ကြိမ် ဖြစ်ပေါ်စေရန်လည်းကောင်း၊ ရုပ်နာမ်ဓမ္မ သဒ္ဓါရတို့ကို ရှုပွားခြင်းဟု ဆိုအပ်သော ဝိပဿနာတရားကို အားထုတ်ဖူးသည် ဆိုပြန်လျှင်လည်း နောက်ထပ် ဤကဲ့သို့ ဝိပဿနာကုသိုလ်မျိုး အကြိမ်ကြိမ် ဖြစ်ပေါ်လာစေရန်လည်းကောင်း နံပါတ် (၄) ဘိယျောဘာဝ ဝီရိယအရ ထိုကုသိုလ်တရားတွေ အတိုင်းထက်အလွန် တိုးပွားလာအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

ဘယ်အခြေအနေအထိ အားထုတ်နေရမည်နည်းဟူမူ ရဟန္တာဖြစ်သည်အထိ အကုသိုလ်ကိုပယ်ရန်၊ ကုသိုလ်တွေ တိုးပွားလာရန် အားထုတ်နေရမည် ဖြစ်သည်။ သမ္မပ္ပဓာန် လုံ့လဝီရိယတွေ ရှိနေရမည် ဖြစ်သည်။ ရဟန္တာဖြစ်သောအခါ၌ကား အကုသိုလ်ပယ်ခြင်းကိစ္စလည်း ပြီးစီးသွားလေပြီ ဖြစ်သည်။ ကုသိုလ်ကို အားထုတ်ခြင်းကိစ္စလည်း ပြီးစီးသွားပြီ ဖြစ်သည်။

၈။ သမ္မပ္ပဓာန်ဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	အကုသိုလ်ကို၊	မဖြစ်လို၊	ကုသိုလ်ဖြစ်ရန်သည်၊
၂။	အထပ်ထပ်အဖန်ဖန်၊	အားထုတ်မှု၊	ပဓာန်ခေါ် လေသည်။
၃။	သမ္မပ္ပဓာန၊	ဝီရိယ၊	လေးဝဂ်ရှိလေသည်။
၄။	အနုပ်,ပဟာ၊	ဥပ္ပါဒါ၊	ဘိယျောဖြစ်လေသည်။
၅။	ပယ်သတ်ရန်ကား၊	အကုမ္မာ၊	ဘုရားဟောထားသည်။
၆။	လောဘ,ဒေါသ၊	တွေ့မောဟ၊	မူလမျာ်းနှင့်သည်၊
၇။	အတူဖြစ်ကြ၊	ကိလေသ၊	မခွါပါဝင်သည်။
၈။	ယှဉ်ရာစပ်ရာ၊	နာမ်ခန္ဓာ၊	လေးဖြာပါဝင်သည်။

၉။	ထိမှုကြောင့်ပေ၊	ကျွးမှုတွေ့၊	တဲတွေ့ပါဝင်သည်။
၁၀။	အကုသိုလ်ညစ်၊	ပါပစစ်၊	မဖြစ်သေးလျှင်သည်၊
၁၁။	မဖြစ်စေရန်၊	အားထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၁၂။	ဖြစ်ပေါ် ပြီးငြား၊	အကုများ၊	ပယ်ရှားနိုင်ရန်သည်၊
၁၃။	အပြင်းအထန်၊	အားထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၁၄။	အကုတရား၊	အစားစား၊	ဖယ်ရှားဖို့ရာထည်၊
၁၅။	ကြံတာပြောတာ၊	ပြုလုပ်တာ၊	ကောင်းစွာရှိရမည်။
၁၆။	ပြုလုပ်ရန်ကား၊	ကုသိုလ်များ၊	တုရားဟောထားထည်။
၁၇။	အလောဘ,အဒေါ၊	အမောဟာ၊	ထုံးစောမှုန့်ထည်၊
၁၈။	ယှဉ်ရာစပ်ရာ၊	နာမ်ခန္ဓာ၊	လေးဖြာပါဝင်ထည်။
၁၉။	တုမှုကြောင့်ပေ၊	ပြုမှုတွေ့၊	ကံတွေ့ပါဝင်သည်။
၂၀။	ပါဝင်လေငြား၊	မြတ်တုရား၊	ဟောကြားကုများသည်၊
၂၁။	ဒါန,သီလာ၊	ထ,ဝိဘာ၊	ဖြစ်တာထိုင်ထည်။
၂၂။	ဖြူစင်မှန်လစ်၊	ကုသိုလ်စစ်၊	မဖြစ်သေးလျှင်ထည်၊
၂၃။	ဖြစ်လာစေရန်၊	အားထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၂၄။	ဖြစ်ပေါ် ပြီးငြား၊	ကုတရား၊	တိုးပွားစေရန်သည်၊
၂၅။	အပြင်းအထန်၊	အားထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၂၆။	ဒါနပြုရန်၊	စိတ်ထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၂၇။	သီလလုံရန်၊	စိတ်ထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၂၈။	ဥပုသ်စောင့်ရန်၊	စိတ်ထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၂၉။	စိတ်တည်ကြည်ရန်၊	စိတ်ထွဲသန်၊	ဖန်ဖန်ထုတ်ရမည်။
၃၀။	ရုပ်နာမ်သိရန်၊	ဝိပဿနံ၊	ဖန်ဖန်ထုတ်ရမည်။
၃၁။	ကိုကုအထူး၊	ကြိမ်ကြိမ်ဟူး၊	ပြုဖူးလျှင်လေသည်၊
၃၂။	မဂ်ကုသိုလ်အား၊	ရအောင်များ၊	ကြိုးစားရပေမည်။
၃၃။	ကုသိုလ်တရား၊	အစားစား၊	ဖြစ်ပွားဖို့ရာသည်၊
၃၄။	ကြံတာပြောတာ၊	ပြုလုပ်တာ၊	ကောင်းစွာရှိရမည်။
၃၅။	ရဟန္တာဖြစ်မှ၊	အားထုတ်ရ၊	ကိစ္စပြီးပေမည်။
၃၆။	ရဟန္တာထိသာ၊	အားထုတ်ရာ၊	ဝန်တာဖြစ်လေသည်။

၈။ သမ္မပ္ပဓာနဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ပကတ္တိတ်ကို ကုန္ဒိပါဒဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၉။ ကုန္ဒိပါဒလေးပါး ။ ။ ကုန္ဒိ - ဟူသည် ပြီးစီးခြင်း၊ ပြည့်စုံခြင်းတည်း။ ရည်မှန်းချက်တစ်ခုထား၍ အလုပ်ကို ကြိုးကြိုးစားစား ပြုလုပ်ရာ၌ ရည်မှန်းသည့်အတိုင်း အောင်မြင်စွာ ဖြစ်ရှိပြီးမြောက်သည်ကို ကုန္ဒိဟူ၍ ခေါ်ရသည်။

မြတ်စွာဘုရား သာသနာတော်၌ကား ရည်မှန်းအပ်သော ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများသည် ကုန္ဒိပြစ်လေ၏။ ယင်းဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများကို ရနိုင်အောင် အားထုတ်အပ်သော တရားများသည် ကုန္ဒိပါဒမည်လေ၏။ ပဌမဈာန်ကို ရလိုသူတို့အတွက် ပဌမဈာန်သည် ကုန္ဒိဖြစ်၍ ပဌမဈာန်၏ ပရိကမ်သည် ကုန္ဒိပါဒမည်၏။ သောတာပတ္တိမဂ်ကို ရလိုသူတို့အတွက် သောတာပတ္တိမဂ်သည် ကုန္ဒိမည်၏။ သောတာပတ္တိမဂ်ကို ရနိုင်သော ဝိပဿနာတရားသည် ကုန္ဒိပါဒ မည်၏။ ကုန္ဒိ၏ အခြေခံမည်၏။ အကြောင်းတရားမည်၏။ ကျန်သော အထက်မဂ်သုံးခု၌လည်း ဤသဘောအတိုင်းတည်း။

သို့ဖြစ်၍ သောတာပတ္တိမဂ် စသော မဂ်တရားများကို ရရှိနိုင်ရေးအတွက် ဝိပဿနာတရားကို အားထုတ်ရာ၌ ဆန္ဒကို အကြိုးအမှုးပြု၍ အားထုတ်ရသော ဆန္ဒိန္ဒြေပါဒ်၊ ဝီရိယကို အကြိုးအမှုးပြု၍ အားထုတ်ရသော ဝီရိယိန္ဒြေပါဒ်၊ စိတ်ကို အကြိုးအမှုးပြု၍ အားထုတ်ရသော စိတ္တိန္ဒြေပါဒ်၊ ပညာကို အကြိုးအမှုးပြု၍ အားထုတ်ရသော ဝိမံသိန္ဒြေပါဒ်ဟူ၍ ကုန္ဒိပါဒ်လေးပါးရှိလေ၏။

ထိုကုန္ဒိပါဒ်လေးပါးတို့တွင် ဆန္ဒ, ဝီရိယ, ဝိမံသခေါ် ပညာတို့ကား ကုသိုလ်စိတ် ၂၁-ပါး၌ရှိသော စေတသိက်များတည်း။ စိတ်သည်ကား ကုသိုလ်စိတ် ၂၁-ပါးတည်း။ သို့ဖြစ်၍ မဟာကုသိုလ် ပဌမစိတ်သည် လည်းကောင်း၊ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဆန္ဒ၊ ဝီရိယ၊ ပညာစေတသိက်များသည်လည်းကောင်း ရှေ့တန်းက ပါဝင်နေသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤသဘောအရ မဂ်ဖိုလ်ဟူသော လောကုတ္တရာတရားကို ရလိုရေးအတွက် ဝိပဿနာတရားကို အားထုတ်ရာ၌ မဟာကုသိုလ် ပဌမစိတ်နှင့်တကွ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဆန္ဒ၊ ဝီရိယ၊ ပညာတို့သည် အဓိကတရားများ ဖြစ်နေကြလေ၏။ သို့ရာတွင် သာမည စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာတို့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပေ။ အဓိပတိတပ်သော စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာမျိုးဖြစ်မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်ကို သိထားကြရမည်ဖြစ်၏။

တစ်ဖန် သမ္မပ္ပဓာန် လုံ့လဝီရိယမျိုးဖြစ်ရန်လည်း လိုအပ်ပြန်၏။ မှန်၏။ မဖြစ်သေးသော အကုသိုလ်တရားများကို မဖြစ်စေရန်၊ ဖြစ်ပြီးသော အကုသိုလ်တရားများကို ပယ်နိုင်ရန်၊ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်လာစေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားများကို တိုးပွားလာစေရန် စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာတို့ဖြင့် သမ္မပ္ပဓာန်ကိစ္စတပ်၍ အားထုတ်ကြရမည် ဖြစ်၏။ ဝိပဿနာ အားထုတ်ရာ၌ ဤသို့ စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာတို့ကို အဓိပတိတပ်၍လည်းကောင်း၊ သမ္မပ္ပဓာန်ကိစ္စတပ်၍လည်းကောင်း အားထုတ်ပါမှလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း ကုန္ဒိသည် ပြီးပြည့်စုံမည် ဖြစ်လေ၏။

(အဘိ - ၂ - ၂၂၆။ မြန် ၃ - ၂၁၀ / ၂၁၆။ အဘိ ၌ - ၂ - ၂၉၃ / ၄)

၉။ ပကုဏ်တ်ကို ကုန္ဒိပါဒဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်စများ

၁။	ပြိုးစိုးလေတိ၊	ပြည့်စုံတိ၊	ကုန္ဒိခေါ် လေထည်။
၂။	သာသနာဌ်ကား၊	စွာန်တရား၊	မဂ်တရားများတို့သည်၊
၃။	ရည်မှန်းအပ်တိ၊	ရအပ်တိ၊	ကုန္ဒိခေါ် ရထည်။
၄။	စွာန်၏ရှေးမှန်၊	ပရိတ်၊	ပါဒ်ဖြစ်လေထည်။
၅။	မဂ်၏ရှေးမှာ၊	ဝိပဿနာ၊	ပါဒ်ဖြစ်လေထည်။
၆။	ဝိပသ်တရား၊	အားထုတ်ငြား၊	လူများစွာတို့ထည်၊
၇။	ဆန္ဒ, ဝီရိယ၊	ဝိမံသ၊	စိတ္တများကိုထည်၊
၈။	အတြိုးမှုးပြု၊	ပဓာပြု၊	အားပြုထုတ်ရထည်။
၉။	ထို့ကြောင့်မှန်လတ်၊	ကုန္ဒိပါဒ်၊	လေးရပ်ဖြစ်လေသည်။
၁၀။	ကုန္ဒိလေးဖြာ၊	ကုဋ္ဌာ၊	ရှိတာဖြစ်လေထည်။
၁၀။	ပကုဏ်တ်အား၊	ရှေးတန်းကား၊	ပါဌ်းတွေ့နိုင်ထည်။
၁၂။	မဂ်ဖိုလ်ရငြား၊	ဝိပသ်အား၊	ရွယ်ရာဌ်ထည်၊
၁၃။	သာမဉ်စီတ္တာ၊	ရို့ဆန္ဒ၊	ဝိမံသများနှင့်သည်၊
၁၄။	မရန့်ဝိုင်ငြာ၊	ဓိတပ်မှ၊	မချရန့်ဝိသည်။
၁၅။	သမ္မပ္ပဓာန်၊	လုံ့လမှန်၊	ရှိရန်လိုပြန်သည်။
၁၆။	ပဓာန်လဲတပ်၊	ဓိလဲတပ်၊	ဇွဲကပ်ထုတ်မှသည်၊
၁၇။	ကုန္ဒိပါဒ်၊	တရားမှာ၊	ပြီးတာဖြစ်လေသည်။
၁၈။	လိုလားအပ်ပေ၊	မဂ်ဖိုလ်ပေ၊	ရလေသိရမည်။

၉။ ကုန္ဒိပါဒဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၀။ ပကိဏ်းကို ဖောလျက်ဝိဘင်းဖြင့် ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၁၀။ မောဇ္ဈင်တရား (၇)ပါး ။ ။ သစ္စာလေးပါးတရားတို့ကို သိကြောင်းဖြစ်သောကြောင့် မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇော်တို့၌ရှိသော သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာတို့ကို ဖောလျင်တရား (၇)ပါး ဟူ၍ ခေါ်ဆိုရလေသည်။ ဤသဘောအရ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဖောလျင်တရားသည် ရှေးတန်းက ပါဝင်နေလေ၏။ ဖောလျင်မည်ပုံသဘောများကို ပါဠိတော်တွင် သုံးနည်းပြထားလေသည်။

၁။ သတိသမ္ဗောဇ္ဈင် ပြစ်ပုံ ။ ။ ပဌမနည်းအရ သတိသမ္ဗောဇ္ဈင်ကို ပြတော်မူရာ၌ ထိုသတိသည် - **'ပရမေန သတိနေပက္ကေန သမန္နာဂတော** - ပညာနှင့်ယှဉ်သော မြတ်သောသတိနှင့် ပြည့်စုံ၏ဟု ဟောတော်မူထားလေသည်။ ယင်းအရ - ဉာဏ်နှင့်မယှဉ်သော ဉာဏ်ဝိပ္ပယုတ် သတိမျိုး မဟုတ်မူ၍ ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ်သတိမျိုး ဖြစ်စေရမည် ဖြစ်သည်။ ဤသဘောအရ ဝိပဿနာ ရှုမှတ်သော သတိသည် မဟာကုသိုလ် ပဌမစိတ်၌ရှိသော သတိမျိုး ဖြစ်သည်။

ဒုတိယနည်းအရ အဖွတ္တသခီဂါရှ် ရှုမှတ်သော သတိသည် **အာဘိညာယ** - ဒုက္ခသစ္စာကိုသိရန်၊ သမ္မောဓာယ - မဂ်ဉာဏ်ကိုရရန်၊ **နိဗ္ဗာနာယ** - နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်၏ဟု ဟောတော်မူထားသဖြင့် ဝိပဿနာရှုမှတ်သော သတိမျိုး ဖြစ်စေရမည် ဖြစ်သည်။ (*ဖောလျင် ၇-ပါးလုံးကို ဤသို့ ဟောကြားတော်မူသည်*)

တတိယနည်းအရ - ဝိဇေက **နိဿိတံ** - ကိလေသာ ကင်းဆိတ်ခြင်းကို မှီသောသတိမျိုး ဖြစ်စေရမည်ဟု ဟောကြားတော်မူသည်။ ဝိပဿနာရှုပွားသော ယောဂိအား ကိလေသာသည် တဒင်္ဂကင်းဆိတ်သည် စသည်ဖြင့် အဋ္ဌကထာ ဖွင့်လေသည်။ ဖောလျင် (၇)ပါးလုံး ဤနည်းပင် ဟောတော်မူလေသည်။ သို့ဖြစ်၍ ကျန်ဖောလျင်တို့အတွက် ဒုတိယနည်း၊ တတိယနည်းတို့ကို မပြတော့ပြီ။ ပဌမနည်းကိုသာ ဖော်ပြပေအံ့။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ။ ။ ဤဖောလျင်ကို ဟောတော်မူရာ၌ **ဓမ္မဝိစယဟူသည် ပညာဖြင့် စိစစ်သိမြင်ခြင်း** ဟူ၍ အဓိပ္ပါယ်ရလေသည်။ သတိသမ္ဗောဇ္ဈင်ဖြင့်၊ သတိတရားဖြင့် ရှုမှတ်နေသော သခါရတရားတို့ကို ပညာယ ပဝိစိနတိ - ဝိပဿနာ ဉာဏ်ပညာဖြင့် စိစစ်သိမြင်၏ ဟု ဟောတော်မူလေသည်။ ဤသဘောသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်ပုံသဘောပင်ဖြစ်သည်။

၃။ ဝီရိယသမ္ဗောဇ္ဈင် ။ ။ တံ ဓမ္မံ ပညာယ ပဝိစိနတော **အာရဒ္ဓံ** ဟောတိ ဝီရိယံ **အသလ္လီနံ** - သတိဖြင့် ရှုမှတ်နေသော သခါရတရားတို့ကို ဝိပဿနာဉာဏ်ပညာဖြင့် စိစစ်သိမြင်ခြင်းသို့ ရောက်သော ယောဂိအား မတွန့်ဆုတ်သော လုံ့လဝီရိယသည် ဖြစ်၏။ ဤသဘောသည် ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်ပုံသဘော ဖြစ်သည်။

၄။ ပီတိသမ္မောဇ္ဈင် ဖြစ်ပုံ ။ ။ အာရဒ္ဓ ဝီရိယသည် ဥပ္ပဒ္ဓတိ နိရာမိသာ။ ဝိပဿနာတရားခဲ့ အားထုတ်ခြင်း လုံ့လရှိသော ရဟန်းအား တွယ်တာမှု အာမိသကင်းသော ပီတိသည် ဖြစ်၏။ ဤသဘောသည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ပုံပင် ဖြစ်သည်။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပုံ ။ ။ ဝိတိမနသ ကာယော၀ိ ပဿမ္ဘတိ။ စိတ္တမ္ပိ ပဿမ္ဘတိ။ တရားခဲ့ နှစ်သက်မှု ဝိတိဖြစ်သူအား ကိုယ်သည်လည်း ငြိမ်းအေး၏။ စိတ်သည်လည်း ငြိမ်းအေး၏။ ဤသဘောသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပုံပင် ဖြစ်သည်။

၆။ သမာဓိ သမ္ဗောဇ္ဈင် ဖြစ်ပုံ ။ ။ ပဿဒ္ဓ ကာယသ သုခိနော စိတ္တံ သမာဓိယတိ – ငြိမ်းအေးသော ကိုယ်ရှိသောကြောင့် ချမ်းသာသော ယောဂီ၏စိတ်သည် တည်ကြည်၏။ ဤသဘောသည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပုံပင် ဖြစ်သည်။

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ပုံ ။ ။ သော တထာ သမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ – ထိုယောဂီရဟန်းသည် ထိုအခြင်းအရာဖြင့် တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှု၏။ ဤသဘောသည် ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ပုံသဘောဖြစ်သည်။

(အဘိ – ၂ – ၂၃၆။ မြန် ၃ – ၂၃၂ / ၃)

ဤသဘောအရ ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်များတို့သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်၌ရှိသော သတိဖြင့် ရပ်နာမ်သင်္ခါရတို့ကို အရှုခံထား၍ ဝိပဿနာ ရှုပွားရာ၌ ဗောဇ္ဈင် (၇)ပါးလုံး ပါဝင်လာနိုင်ခြင်းကို သိမြင်နိုင်ကြပေသည်။ ဆိုလိုသည်ကား ဝိပဿနာတရားကို ကြိုးစားအားထုတ်လျှင် ဗောဇ္ဈင်တရားဟူသည် အသိုးအခြားမဟုတ် ပါဝင်လာသည်ဟု ဆိုလိုပေသည်။

၁၀။ ပကုဏ်တ်ကို မောဂျွက်ဝိဘင်းဖြင့် ဝေဖန်ခြင်းခဲ့ ဆောင်ရန်လက်မှတ်များ

၁။	သစ္စာလေးအင်၊	သိကြောင်းပင်၊	ဗောဇ္ဈင်ခေါ် လေသည်။
၂။	ကုသိုလ်,ကြိုယာ၊	ဇောဂ်သာ၊	ရှိရာတရားသည်၊
၃။	တိ,ပဉ်,ဝိရ၊	ပဿဒ္ဓိ၊	ဖိတိပါဝင်သည်။
၄။	သမာဓိပါ၊	ဥပေက္ခာ၊	ခုနစ်ဖြာဖြစ်လေသည်။
၅။	ယင်းခုနစ်ဖြာ၊	ဗောဇ္ဈင်၊	ခေါ် တာသိရမည်။
၆။	ပကုဏ်တ်အင်၊	ရှေးတန်းပင်၊	ပါဝင်သိနိုင်သည်။
၇။	သတိဗောဇ္ဈင်၊	ဖြစ်ပုံအင်၊	ဓနိပင်သိနိုင်သည်။

၈။ ဝိပသ်ကိုတိ၊ ရှုမှတ်တိ၊ သတိတရားသည်၊
၉။ ဉာဏ်ယှဉ်လေတိ၊ မြတ်သတိ၊ ဖြစ်ရှိသိရမည်။
၁၀။ ပကုစိတ်ရှိ၊ ရှိနေတိ၊ သတိဖြစ်လေသည်။
၁၁။ ဝိပသ်တရား၊ ရှုမှတ်ငြား၊ လူများစွာတို့သည်၊
၁၂။ ဒုက္ခသစ္စာ၊ ပိုင်းခြားကာ၊ ကောင်းစွာသိနိုင်သည်။
၁၃။ မဂ်ဖိုလ်ရရန်၊ ရှုနည်းမှန်၊ အမှန်ဖြစ်လေသည်။
၁၄။ သတ္တကင်းစင်၊ ရုပ်နာမ်ပင်၊ သိမြင်လာလျှင်သည်၊
၁၅။ ဓမ္မဝိစယ၊ ဗောလျှင်၊ မဂ္ဂဖြစ်တော့သည်။
၁၆။ ဝီရိယလဲ၊ မတွန့်ဘဲ၊ မှန်ပါဖြစ်တော့သည်။
၁၇။ မတွန့်ဝီရိ၊ ရှိလာတိ၊ ဖိတိဖြစ်ပြန်သည်။
၁၈။ ဖိတိဖြစ်ရာ၊ ပဿဒ္ဓိပါ၊ ဉပေက္ခာဖြစ်တော့သည်။
၁၉။ ဤသို့ဖြစ်ငြား၊ ဝိပသ်အား၊ ရှုပွားသူများသည်၊
၂၀။ ဗောလျှင်တရား၊ ခုနစ်ပါး၊ ဖြစ်ငြားသိနိုင်သည်။
၂၁။ ဗောလျှင်တရား၊ အသီးခြား၊ ထုတ်ကားမနေရပြီ။
၂၂။ ပကုစိတ်ရှိ၊ ယှဉ်နေတိ၊ သတိဖြင့်သာသည်၊
၂၃။ ဝိပသ်တရား၊ ထပ်ထပ်အား၊ ရှုပွားကြရမည်။

၁၀။ ပကုစိတ်ကို ဗောလျှင်ဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

••••••••••••••••••••••••

၁၁။ မဂ္ဂင်ဝိဘင်း ။ ။ ကျ်မဂ္ဂင်ဝိဘင်းသဘောကို သစ္စဝိဘင်း၌ မဂ္ဂသစ္စာခန်း၌ ပြခဲ့ပြီးပြစ်၍ ကျ်၌ မပြတော့ပြီ။

• •

၁၂။ ဈာနဝိဘင်း ။ ။ ကျ်၌ ဈာန်တရားဟူသည် ရူပကုသိုလ်ဈာန်၊ အရူပကုသိုလ်ဈာန်များတည်း။ ယင်းဈာန်တရားများကို ရအောင် အားထုတ်ရန်သည် ပထဝီကသိုဏ်း စသော သမထကမ္မဋ္ဌာန်းများကို အားထုတ်ရ၏။ အားထုတ်ရသော သတိ၊ သမာဓိ၊ ဝိရိယတရားတို့ကား မဟာကုသိုလ်ပဌမစိတ်၌ရှိသော သတိ၊ သမာဓိ၊ ဝိရိယ တရားများ ပါဝင်လေ၏။ ကျ်၌ ကာမာဝစရကုသိုလ်ကို အဓိကထားပြခြင်းဖြစ်၍ ဈာန်ကုသိုလ်တရားတို့ကိုကား ကျ်၌ မပြသာတော့ပြီ။

• •

၁၃။ အပ္ပမညာ ဝိဘင်း ။ ။ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ' ဟူသော အပ္ပမညာတရားလေးပါး တို့ကား ဈာန်မရဖိ ရှေးအဖို့၌ မဟာကုသိုလ် ပဌမစိတ်၌ရှိသော တရားများတည်း။ မေတ္တာအရ အဒေါသ စေတသိက်တည်း။ ကရုဏာ၊ မုဒိတာတို့ကား ကရုဏာ၊ မုဒိတာ စေတသိက်တည်း။ ဥပေက္ခာကား တတြမဇ္ဈတ္တတာ စေတသိက်တည်း။ ကျ်အပ္ပမညာတရားတို့သည်လည်း သမထတရားတွင် ပါဝင်၍ ကာမာဝစရ ကုသိုလ်ကို အဓိကထား ပြဆိုသော ကျ်ကျမ်း၌ မပြသာတော့ပြီတည်း။

• •

၁၄။ သိက္ခာပဒဝိဘင်း ။ ။ ကျ်သိက္ခာပဒဝိဘင်းကား ဝိနည်းသိလကို အဓိကထား ဟောကြားတော်မူထားအပ်သော ဝိဘင်းတည်း။ ကျ်သို့ဖြင့် ဝိနည်းသိလသည် မည်မျှ အခြေခံကျ၍ မည်မျှအရေးပါအရာရောက်သည်ကို သိမြင်နိုင်ကြကုန်၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း စသော ဝိနည်းသိလကို စောင့်ထိန်းရာ၌ ဝမ်းမြောက်ဝမ်းသာ စောင့်ထိန်းခြင်း၊ ဉာဏ်ယှဉ်၍ စောင့်ထိန်းခြင်း၊ စိတ်ပါဝင်စားစွာ လိုလိုလားလား တက်တက်ကြွကြွ စောင့်ထိန်းကြလျှင် မဟာကုသိုလ် ပဌမစိတ်ဖြစ်လေ၏။ အဝိပတိလေးပါး တစ်ပါးပါး တပ်၍ စောင့်ထိန်းလျှင်ကား ဝိနည်းသိလ ထိန်းမှုသည် အလွန်ကောင်းမြတ်လှပေ၏။

၁၄။ သိက္ခာပဒဝိဘင်း ပြီး၏။

၁၅။ ပကိစ်ကို ပဋိသန္ဓိဒါ ဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၅။ ပဋိသန္ဓိဒါ လေးပါး ။ ။ ခဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်ကို ပဋိသန္ဓိဒါဉာဏ်ဟူ၍ ခေါ်၏။ မဂ်ဉာဏ်လေးပါးနှင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်တို့၌ ရှိသော ပညာစေတသိက်ကို ရ၏။ သို့ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်များနှင့် မဂ်ဉာဏ်ရသော ပုဂ္ဂိုလ်များမှတစ်ပါး ကျန်ပုထုဇဉ်ပုဂ္ဂိုလ်တို့ အနေဖြင့်လည်း မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဉာဏ်ပညာဖြင့် ပဋိသန္ဓိဒါဉာဏ် ဖြစ်နိုင်ကြလေကုန်၏။ ယင်းပဋိသန္ဓိဒါဉာဏ်ကား ၄-ပါး ရှိလေ၏။ ယင်းတို့မှာ -

၁။ အတ္ထပဋိသန္ဓိဒါဉာဏ် - အကျိုး၌ ခဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊
၂။ ဓမ္မပဋိသန္ဓိဒါဉာဏ် - အကြောင်း၌ ခဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊
၃။ နိဂုဏ္ဍိပဋိသန္ဓိဒါဉာဏ် - သဒ္ဒါ၌ ခဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊
၄။ ပဋိဘာနပဋိသန္ဓိဒါဉာဏ် - အကျိုးအကြောင်း သဒ္ဒါတို့၌ အကျယ်ခဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ် - ဟူ၍ - လေးပါး ရှိလေ၏။

သစ္စာလေးပါး၌ ပဋိသန္ဓိဒါဉာဏ် ဖြစ်ပုံ ။ ။ ပါဠိတော်၌ မြတ်စွာဘုရားသည် သစ္စာလေးပါးတရား၌ ပဋိသန္ဓိဒါဉာဏ်ဖြစ်ပုံကို ဤသို့ ဟောကြားတော်မူထားပေ၏။

၁။ ဒုက္ခေ ဉာဏ် အတ္ထပဋိသန္ဓိဒါ - ဒုက္ခသစ္စာ၌ သိသောဉာဏ်သည် အတ္ထပဋိသန္ဓိဒါဉာဏ်မည်၏။
၂။ ဒုက္ခသမုဒယေ ဉာဏ် ဓမ္မပဋိသန္ဓိဒါ - ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌ သိသောဉာဏ်သည် ဓမ္မပဋိသန္ဓိဒါဉာဏ်မည်၏။
၃။ ဒုက္ခနိရောဓေ ဉာဏ် အတ္ထပဋိသန္ဓိဒါ - ဆင်းရဲချုပ်ရာ နိရောဓသစ္စာ၌ သိသောဉာဏ်သည် အတ္ထပဋိသန္ဓိဒါဉာဏ်မည်၏။
၄။ ဒုက္ခနိရောဓ ပါမိန်္ဒယာ ပဋိပဒါယ ဉာဏ် ဓမ္မပဋိသန္ဓိဒါ - ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ သိသောဉာဏ်သည် ဓမ္မပဋိသန္ဓိဒါဉာဏ်မည်၏။
၅။ တတြ မေနိဂုဏ္ဍာဘိလာပေ ဉာဏ် နိဂုဏ္ဍိပဋိသန္ဓိဒါ - ထိုအကျိုးအကြောင်းတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော သဒ္ဒါ = အာသံ၌ သိသောဉာဏ်သည် နိဂုဏ္ဍိ ပဋိသန္ဓိဒါဉာဏ်မည်၏။
၆။ ဉာဏေသု ဉာဏ် ပဋိဘာန ပဋိသန္ဓိဒါ - အကျိုးအကြောင်း သဒ္ဒါတို့ကို သိသောဉာဏ်တို့၌ အကျယ် သိသောဉာဏ်သည် ပဋိဘာန ပဋိသန္ဓိဒါဉာဏ်မည်၏။

ဤသဘောအရ ဝိပဿနာ ရှုပွားသော ယောဂိပုဂ္ဂိုလ်တို့အား ဝိပဿနာဉာဏ်စဉ်ဖြင့် ရုပ်နာမ်ဟူသော ဒုက္ခသစ္စာကို သိမြင်ခိုက်၌ လောကီသစ္စာလေးချက် တစ်ပြိုင်နက်ပြီးသလို ပဋိသန္ဓိဒါဉာဏ်လေးပါးတို့လည်း ပါရမီအလျောက် ဖြစ်ရောက်လာနိုင်သည်ကို သိမြင်နိုင်ကြပေကုန်၏။

ရုပ်နာမ်တရားတို့၌ ပဋိသန္ဓိဒါလေးပါး ။ ။ ရုပ်နာမ်တရား၌ ပဋိသန္ဓိဒါ လေးပါးဖြစ်ပုံကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

၁။ ဣမေသု ဓမ္မေသု ဉာဏံ အတ္ထဝဒိသန္ဓိဒါ – ထင်ရှားဖြစ်ပေါ်လာသော ရုပ်နာမ်တရားတို့၌ သိသောဉာဏ်သည် အတ္ထပဋိသန္ဓိဒါဉာဏ် မည်၏။

၂။ တေသု ဓမ္မေသု ဉာဏံ ဓမ္မဝဒိသန္ဓိဒါ – ထိုရုပ်နာမ်တို့၏ အကြောင်းတရားတို့၌ သိသောဉာဏ်သည် ဓမ္မပဋိသန္ဓိဒါဉာဏ် မည်၏။

၃။ တတြ ဓမ္မေနိဒ္ဓဟာဘိဃာတေ ဉာဏံ နိဒ္ဓတ္တိ ဝဒိသန္ဓိဒါ – ထိုအကျိုးအကြောင်းတရားတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော သဒ္ဒါ – အသံ၌သိသောဉာဏ်သည် နိဒ္ဓတ္တိပဋိသန္ဓိဒါဉာဏ် မည်၏။

၄။ ဉာဏေသု ဉာဏံ ဝဒိဘာနု ဝဒိသန္ဓိဒါ – အကျိုးအကြောင်း သဒ္ဒါတို့ကို သိသောဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် ပဋိဘာန ပဋိသန္ဓိဒါဉာဏ် မည်၏။

ဤသဘောအရ ရုပ်နာမ်တို့၏ သဘာဝလက္ခဏာတို့ကို အရှုခံထား၍ ဝိပဿနာရှုပွားရာ၌ အရှုခံ ရုပ်တရား၊ နာမ်တရားတို့ကို ထင်ထင်ရှားရှား ရူပနာမပရိစ္ဆေဒဉာဏ်ဖြင့် သိမြင်လာသောအခါ အတ္ထပဋိသန္ဓိဒါ ဖြစ်ပုံကို လည်းကောင်း၊ ထိုရုပ်နာမ်တရားတို့၏ အကြောင်းကိုပါ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းသိမြင်လာသောအခါ ဓမ္မပဋိသန္ဓိဒါ ဖြစ်ပုံကိုလည်းကောင်း၊ ဤသို့ သိမြင်မှုသည် ရူပနာမပရိစ္ဆေဒဉာဏ်ပဲ၊ ဤသို့ သိမြင်မှုသည် ပစ္စယပရိဂ္ဂဟဉာဏ်ပဲတို့၌ မာဂဓဘာသာသုံးအသံကို သိနားလည်သောအခါ နိဒ္ဓတ္တိ ပဋိသန္ဓိဒါဉာဏ် ဖြစ်ပုံကို လည်းကောင်း၊ ထို့ထက် ပို၍ အကျယ်ချဲ့ သိမြင်လာသောအခါ ပဋိဘာန ပဋိသန္ဓိဒါဉာဏ် ဖြစ်ပုံကိုလည်းကောင်း သိမြင်နိုင်ကြပေသည်။

မဟာကုသိုလ် ပဥ္စမစိတ်၌ ပဋိသန္ဓိဒါလေးပါး ။ ။ ဒါန၊ သီလ စသောကုသိုလ် ကောင်းမှုကို ပြုလုပ်ရာ၌ သောမနဿ သဟဂုတ် ဉာဏ်သမ္ပယုတ် အသင်္ခါရိကဟု စိတ်ဟူသော မဟာကုသိုလ် စိတ် ဖြစ်ပေါ်လာသောအခါ၌ ပဋိသန္ဓိဒါလေးပါး ဖြစ်ပုံကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

၁။ ဣမေသု ဓမ္မေသု ဉာဏံ ဓမ္မဝဒိသန္ဓိဒါ – ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ အကြင်အခါ၌ သောမနဿ သဟဂုတ် ဉာဏ်သမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဥ္စမစိတ်သည် ဖြစ်ပေါ်ဆဲဖြစ်၏။ ထိုအခါ၌ ဖဿ စသော ကုသိုလ်စေတသိက်များလည်း ဖြစ်ပေါ်ကြ၏။ ဤစိတ်၊ စေတသိက်တရားများသည် ကုသိုလ်တရားတည်း။ ဤသို့ ကုသိုလ်တရားတို့၌ သိသောဉာဏ်သည် ဓမ္မပဋိသန္ဓိဒါဉာဏ် မည်၏။

၂။ တေသု ဝိဝါကေ ဉာဏံ – ထိုကုသိုလ်တရားတို့၏ အကျိုးဌာသိသော ဉာဏ်သည် အတ္ထပဋိသန္ဓိဒါဉာဏ် မည်၏။

၃။ တတြ ဓမ္မနိုဂုတ္တာဘိလာပေ ဉာဏ် နိဂုတ္တိပဒိုဿမ္ဖိဒါ – ထိုကုသိုလ်တရားတို့ကို မာဂဓောသာဖြင့် ပြောဆိုသော သဒ္ဒါ အသိုဒ္ဓ သိသောဉာဏ်သည် နိဂုတ္တိပဒိုဿမ္ဖိဒါဉာဏ် မည်၏။

၄။ တ္ထမာနိ ဉာဏာနိ တ္ထမတ္ထဇောတကာနိတိ ဉာဏေသု ဉာဏ် ပဒိဘာန ပဒိုဿမ္ဖိဒါ – ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်၏ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ် (၃)ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ် (၃)ပါးဌ သိသောဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်မည်၏။

(အဘိ ၂။ ၃၀၇/၃၀၉ ။ မြန် ၃ ၃၆၆/၃၆၉)

ဤဖော်ပြပါ သဘောအရ ဒါန၊ သီလ အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်နေစဉ်အခါဌ ဤယခုပြုလုပ်နေသော ကုသိုလ်ကောင်းမှုသည် ဝမ်းမြောက်ဝမ်းသာ သောမနဿဝေဒနာနှင့်တကွဖြစ်သော ကုသိုလ် ကောင်းမှုဖြစ်သည်။ ဉာဏ်နှင့် ယှဉ်၍ ပြုလုပ်သော ကုသိုလ်ကောင်းမှု ဖြစ်သည်။ လိုလိုလားလား တက်တက်ကြွကြွ ပြုလုပ်သော ကုသိုလ်ကောင်းမှု ဖြစ်သည်။ 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော တိဟိတ်စေတသိက်သုံးပါး နှင့်ယှဉ်သော တိဟိတ်စိတ်ရှိသော ကုသိုလ် ဖြစ်သည်။ ဤသို့ သိမြင်သောအခါ ဓမ္မပဋိသမ္ဘိဒါဉာဏ် ဖြစ်လေသည်။

ထိုတိဟိတ်စိတ်ရှိသော ကုသိုလ်သည် နောက်ဘဝတွေဌ့ ပဋိသန္ဓေကျိုးကို ပေးသောအခါ တိဟိတ်ပဋိသန္ဓေကျိုးကို ပေးပေမည်ဟူ၍ သိမြင်သောအခါ အတ္ထပဋိသမ္ဘိဒါဉာဏ် ဖြစ်လေသည်။

'သောမနဿသဟဂတံ ဉာဏသမ္ပယုတ် အသင်္ခါရိက' ဟူ၍ မာဂဓောသာ အသံကို ကြားသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဉာဏ်ယှဉ်၍ လိုလိုလားလား တက်တက်ကြွကြွဖြစ်၍ ကုသိုလ်ပြုလုပ်ခြင်းကို ပြောတာပဲဟူ၍ နားလည်သောအခါ နိဂုတ္တိပဋိသမ္ဘိဒါဉာဏ် ဖြစ်လေသည်။

ထိုဉာဏ်သုံးပါးကိုပင် ဆင်ခြင်၍ ထပ်မံသိမြင်ပြန်သောအခါ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် ဖြစ်လေသည်။

များသောအားဖြင့် ပဋိသမ္ဘိဒါဉာဏ်ဟူသည် ငါတို့ ပုထုဇဉ်လူသားတွေနှင့်မဆိုင်။ ရဟန္တာပုဂ္ဂိုလ်တွေ၊ အရိယာပုဂ္ဂိုလ်တွေနှင့်သာ ဆိုင်၏ဟု သိမှတ်နားလည်ထားကြ၏။ ယခုဤသဘောအရ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း ဒါနပြုရင်း၊ သီလဆောက်တည်ရင်း၊ ဝိပဿနာဘာဝနာပွားများရင်း သိမြင်မှုအလျောက်၊ ပါရမီအလျောက် ပဋိသမ္ဘိဒါဉာဏ် ဖြစ်နိုင်ကြပုံကို သိမြင်နိုင်ကြပေကုန်ရာ၏။

၁၅။ ပကုဓိတ်ကို ပဋိသမ္ဓိဒါ ဝိဘင်းဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်ကားများ

၁။	ခွဲခြမ်းစိတ်ဖြာ၊	သိဂြင်းမှာ၊	ဘိဒါဖြစ်လေသည်။
၂။	ဏာကုတိရိ၊	မဂ်ဉာဏ်ရှိ၊	ဉာဏ်သိရလေသည်။
၃။	တိဒါဉာဏ်မှာ၊	ရဟန္တာ၊	ရိယာများနှင့်ထည်၊
၄။	ပါရမီရှိရာ၊	ပုထုပါ၊	ရတာသိနိုင်ထည်။
၅။	ဝဠိသမ္ဘိဒါ၊	ဉာဏ်တွေဟာ၊	လေးဖြာရှိလေသည်။
၆။	အတ္ထ,ဓမ္မ၊	နိရုတ္တိ၊	တာနဖြစ်လေသည်။
၇။	အတိုးသိတ၊	ဓေါ် အတ္ထ၊	ဓမ္မကြောင်းသိသည်။
၈။	အသံသိတိ၊	နိရုတ္တိ၊	ကျယ်သိတာဖြစ်သည်။
၉။	တိဒါလေးဖြာ၊	သစ္စာမှာ၊	ဖြစ်တာသိရမည်။
၁၀။	ဒုက္ခနိရောဓ၊	သိလေတ၊	အတ္ထဖြစ်လေသည်။
၁၁။	သမုဒ,မဂ္ဂါ၊	သိမှုမှာ၊	ဓမ္မာဖြစ်လေသည်။
၁၂။	မာဂဓသိမူ၊	နိရုတ်ဟူ၊	ကျယ်မူတာဖြစ်သည်။
၁၃။	ဝိဝဿနာ၊	ဉာဏ်ခိုက်မှာ၊	ဒုက္ခာသိ၍သည်၊
၁၄။	လောကီသစ္စာ၊	တစ်ပြိုင်ထာ၊	ကိစ္စာဖြိုးလေသည်။
၁၅။	ဘိဒါလေးအင်၊	ဆက်စပ်ပင်၊	ပါဝင်သိနိုင်ထည်။
၁၆။	ရုပ်နာမ်တရား၊	ရှုခံထား၊	ရှုပွားပေါဂိသည်၊
၁၇။	သတ္တကင်းစင်၊	ရုပ်နာမ်ပင်၊	သိမြင်တော်လျှင်ထည်၊
၁၈။	အတ္ထမည်ရာ၊	သမ္ဘိဒါ၊	ဉာဏ်ဖြာဖြစ်လေသည်။
၁၉။	အကြောင်းကိုပ၊	သိမြင်တ၊	ဓမ္မဖြစ်ပြန်သည်။
၂၀။	အသံကြားဘိ၊	နားလည်ဘိ၊	နိရုတ္တိဖြစ်လေသည်။
၂၁။	အကျယ်ချဲ့တာ၊	သိလေရာ၊	ဋီကာဖြစ်ပြန်သည်။
၂၂။	ဒါနစအင်၊	ကုသိုလ်ပင်၊	ပြုစဉ်ခါဌ်သည်၊
၂၃။	ဝမ်းသာဉာဏ်ယှဉ်၊	တတ်ကြွအင်၊	ဖြစ်စဉ်သိမှုသည်၊
၂၄။	ဓမ္မမည်ရာ၊	သမ္ဘိဒါ၊	ဖြစ်တာသိနိုင်သည်။
၂၅။	တိဟိတ်စိတ်ယှဉ်၊	တိဟိတ်ပင်၊	ကျိုးအင်ပေးပေမည်။
၂၆။	ဤသို့ထပ်ကာ၊	သိပြန်ရာ၊	အတ္ထာဖြစ်လေသည်။

၂၇။ ပါဠိသံကြားတိ၊ နားလည်သိ၊ နိဂ္ဂတိုဖြစ်ပြန်သည်။
၂၈။ ရှေးဖြစ်သုံးဘက်၊ ဆင်ခြင်ပြန်၊ ပဋိဘာန်ဖြစ်ပြန်သည်။
၂၉။ ဤသို့မှန်စွာ၊ သမ္မိဒါ၊ ဖြစ်တာသိနိုင်သည်။
၃၀။ ပဋိသမ္ဘိဒါ၊ ဆိုသည်မှာ၊ ရဟန္တာများနှင့်သည်၊
၃၁။ ရိယာများသာ၊ သိနိုင်ရာ၊ သညာပြုကြသည်။
၃၂။ ဒါ, သိတရား၊ ဝိပသိအား၊ ပွားများပြုရင်းသည်၊
၃၃။ ပုထုဇဉ်ပါ၊ သိနိုင်တာ၊ သညာပြုရမည်။

၁၅။ ပကုစိတ်ကို ပဋိသမ္ဘိဒါ ဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

• • • • • • • • • • • • • • • • • • • •

၁၆။ ပကိဏ်တ်ကို ဉာဏဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၆။ ဉာဏဝိဘင်္ဂံ ။ ။ ပုဂ္ဂိုလ်သတ္တဝါအလိုက် ဉာဏ်ပြစ်ပုံ အမျိုးမျိုးကို ဝေဖန်ပြထားခြင်းကို ဉာဏဝိဘင်းဟူ၍ ခေါ်ရသည်။ ယင်းဉာဏ်တို့သည် တစ်ပါးစုဉာဏ်များ။ နှစ်ပါးစုဉာဏ်များ။ သုံးပါးစုဉာဏ်များ စသည်ဖြင့် ပြောက်များစွာ ရှိလေရာ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ဉာဏ်သည်လည်း ပါဝင်လေသည်။ ဤမဟာကုသိုလ် ပဌမစိတ်၌ ရှိသော ဉာဏ်သည်ပင် ပြောက်များလှပေ၏။ ထိုတွင် မလွဲမရှောင်သာ သိထိုက်သော အောက်ပါ ဉာဏ်သုံးမျိုးကို ဖော်ပြပေးလိုက်ပါ၏။

၁။ အာယ ကောသလ္လဉာဏ် ။ ။ ကြီးပွားရေး၌ လိမ္မာသောဉာဏ်ကို အာယကောသလ္လဉာဏ်ဟု ခေါ်၏။ ယင်းဉာဏ်နှင့်စပ်၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ကုန်။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုလည်း ပယ်အပ်ကုန်၏။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကုသိုလ်တရားသည်လည်း ဖြစ်ကုန်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည် တိုးပွားကုန်၏။ ဤကဲ့သို့ သိသောဉာဏ်သည် ကြီးပွားရေး၌ သိသောဉာဏ် မည်၏။

ဤသဘောအရ ဝိဝိဓ၏ နှလုံးသွင်းမှု တွေးခေါ်မြော်မြင်မှုတို့ကို စိစစ်ရမည် ဖြစ်၏။ အကုသိုလ်ဖြစ်မည့် နှလုံးသွင်းမှုမျိုး တွေးခေါ်မြော်မြင်မှုမျိုးကို နှလုံးသွင်းခြင်း၊ တွေးခေါ်မြော်မြင်ခြင်း လုံးဝမပြုဘဲ ကုသိုလ်ဖြစ်ရန် ကုသိုလ်ပွားရန်သာ ဖြစ်သော နှလုံးသွင်းမှုမျိုး တွေးခေါ်မြော်မြင်မှုမျိုးကို ပြုရမည် ဖြစ်သည်။

၂။ ကမ္မဿကတာဉာဏ် ။ ။ ကံသာလျှင် ဝိဝိဥစ္စာ ဖြစ်၏ဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ် ဖြစ်၏။ ယင်းဉာဏ်နှင့်စပ်၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

၁။ အတ္ထိ ဒိန္နံ – ပေးလှူခြင်း အကျိုးသည် ရှိ၏။
၂။ အတ္ထိ ယိဋ္ဌံ – အလှူကြီး လှူရခြင်း အကျိုးသည် ရှိ၏။
၃။ အတ္ထိ ဟုတံ – အလှူငယ် လှူရခြင်း အကျိုးသည် ရှိ၏။
၄။ အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော – ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဖျားသည်ရှိ၏။
၅။ အတ္ထိ အယံ လောကော – ဤလောကသည် ရှိ၏။
၆။ အတ္ထိ ပရော လောကော – တမလွန် လောကသည် ရှိ၏။
၇။ အတ္ထိ မာတာ – အမိသည် ရှိ၏။
၈။ အတ္ထိ ပိတာ – အဖသည် ရှိ၏။
၉။ အတ္ထိ သတ္တာ ဩပပါတိကာ – သေ၍တဖန် ဖြစ်ကုန်သော သတ္တဝါတို့သည် ရှိကုန်၏။

၁၀။ အတ္ထိ လောကေ သမဏာ ဗြဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ – ဤလောကကိုလည်းကောင်း၊ တမလွန် လောကကိုလည်းကောင်း ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ပြောင့်မှန်သော၊ အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသောအကျင့်ရှိကုန်သော သမဏာ၊ ဗြာဟ္မဏာတို့သည် လောက၌ ရှိကုန်၏ –

– ဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ် မည်လေ၏။

အချုပ်အားဖြင့် ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း၊ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း လက်ခံထားသော အသိဉာဏ်သည် ကမ္မဿကတာဉာဏ် ဖြစ်လေ၏။

<u>၃။ သစ္စာနုလောမိကဉာဏ်</u> ။ ။ သစ္စာအားလျော်စွာ သိသောဉာဏ်ကို သစ္စာနုလောမိကဉာဏ်ဟု ခေါ်၏။ ရုပ်နာမ်ဓမ္မသခ်ိုင်းရှိ တရားတို့ကို ရှုမှတ်သိမြင်သောဉာဏ်ဖြစ်သောကြောင့် သစ္စာနုလောမိကဉာဏ်ကို ဝိပဿနာဉာဏ်ဟူ၍ ခေါ်ကြောင်းကို အဋ္ဌကထာတွင် ဖွင့်ဆိုထားလေ၏။ ယင်း သစ္စာနုလောမိကဉာဏ်နှင့် ဆက်စပ်၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ရူပံ အနိစ္စန္တိပါ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ အနိစ္စန္တိပါ – ရုပ်သည် မမြဲဟူ၍လည်းကောင်း၊ ဝေဒနာ, သညာ, သင်္ခါရတို့သည် မမြဲဟူ၍လည်းကောင်း၊ ဝိညာဏ်သည် မမြဲဟူ၍လည်းကောင်း ကြံစည်နှစ်သက်ရှုမြင်မှုသည် သစ္စာနုလောမိကဉာဏ် မည်၏။

အချုပ်အားဖြင့် သစ္စာနုလောမိကဉာဏ်သည် ဝိပဿနာဉာဏ်ကို ရဖြင်းဖြစ်၍ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တို့ဖြင့် ရုပ်နာမ်တရားတို့၏ သဘာဝ လက္ခဏာများကိုလည်းကောင်း၊ သာမညလက္ခဏာများကိုလည်းကောင်း ရှုမှတ်သိမြင်နေမှုသည် သစ္စာနုလောမိက ဉာဏ် ဖြစ်လေ၏။

(အဘိ – ၂ – ၃၄။ မြန် ၃ – ၄၂ / ၂)

၁၆။ ပကုဏ်တိုက်ကို ဉာဏဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ဘုရားမြတ်စွာ၊	ဉာဏ်များစွာ၊	ဟောကာထားလေသည်။
၂။	ပကုဏ္ဏကပဉ္စင်၊	အလွန်ပင်၊	များအင်နေလေသည်။
၃။	ဉာဏ်များအနက်၊	လိုအပ်ချက်၊	သုံးချက်ပြုပေမည်။
၄။	အာယကောသမ်၊	ကမ္မဉာဏ်၊	သစ်ဉာဏ်ဖြစ်လေသည်။

၅။	ကြီးပွားဇိုပ၊	လိမ္မာကြ၊	အာယတဖြစ်လေသည်။
၆။	နှလုံးသွင်းတာ၊	ကြံစည်တာ၊	တွေးတာများတို့ဆည်၊
၇။	အကုဖြစ်မှာ၊	ရှောင်ကြဉ်ပါ၊	ကုသာဖြစ်ဆဝ့်ဆည်။
၈။	ယင်းသို့မမှား၊	တွေးကြံများ၊	ကြီးပွားကြပေမည်။
၉။	ကုသိုလ်ကံသာ၊	ကိုယ့်ဥစ္စာ၊	ရှိတာသိမှုဆည်၊
၁၀။	ကမ္မဿကတာ၊	ဉာဏ်ခေါ် တာ၊	ကောင်းစွာသိနိုင်ဝဆည်။
၁၀။	ကံတွေလဲရှိ၊	ထံကျိုးရှိ၊	သိရှိကြရမည်။
၁၂။	လှူဒါန်းခြင်းဏ်၊	အကျိုးရှိ၊	သိရှိကြရမည်။
၁၃။	ထမလွန်လောထံ၊	ရှိနေမှန်၊	လက်ခံကြရမည်။
၁၄။	မိဘအမှန်၊	ရှိလာပြန်၊	လက်ခံကြရမည်။
၁၅။	အကျင့်တောင်းကြား၊	ရဟန်းများ၊	ရှိကြားသိရမည်။
၁၆။	ယင်းသို့သိပြန်၊	ကမ္မဉာဏ်၊	အမှန်ဖြစ်တော့ဆည်။
၁၇။	သစ္စာနှလောမိတံ၊	ဉာဏ်အမှန်၊	ဝိ,ဉာဏ်ဖြစ်လေဆည်။
၁၈။	ရုပ်နာမ်သဘာဝါ၊	သာမညာ၊	ဉာဏ်ဖြာသိမှုဆည်၊
၁၉။	သစ္စာသိဉာဏ်၊	ဉာဏ်အမှန်၊	တန်ဖြစ်တော့ဆည်။
၂၀။	ပုထုဇဉများ၊	ဤသုံးပါး၊	လွန်ကြားရေးကြီးဆည်။
၂၁။	မဂ်ဖိုလ်နိဗ္ဗာန်၊	ရှိရှုန်၊	အခြေခံဖြစ်လေဆည်။

၁၆။ ပကိစ်တ်ကို ဉာဏဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

• •

၁၇။ ခုဒ္ဒကဝတ္ထုဝိဘင်း ကား – သေးနုပ်သော အကုသိုလ်တရားများကို ဟောတော်မူထားခြင်းဖြစ်၍ ဤမဟာကုသိုလ် ပဌမစိတ်ကို အဓိကထား၍ ပြရာဖြစ်သော ဤကျမ်း၌ မပြသာတော့ပြီတည်း။

၁၈။ ပကတ္တိတ်ကို ဓမ္မဟဒယဝိဘင်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁၈။ ဓမ္မဟဒယဝိဘင်း ။ ။ တရားနှလုံးတို့ကို ဝေဖန်ရှင်းပြသော ဝိဘင်းကို ဓမ္မဟဒယဝိဘင်းဟု ခေါ်၏။ ဤဓမ္မဟဒယဝိဘင်း၌ -

၁။ သမ္မသဂ်ိဟိကဝါရ - တရားအားလုံးတို့ကို သိမ်းကျုံးယူသောဝါရ၊ ဤဝါရ၌ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ကို သာမညပြဆိုထားသည်။

၂။ ဥပ္ပတ္တာနုပ္ပတ္တိဝါရ - ကာမဓာတ်, ရူပဓာတ်, အရူပဓာတ် အပရိယာပန္နတရားများကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသည်ဖြင့် ဖြစ်ခြင်း၊ မဖြစ်ခြင်းများကို ပြဆိုထားသည်။

၃။ ဝဍ္ဎိယာပန္နာဝဍ္ဎိယာပန္နဝါရ - ဓာတ်သုံးပါး၌ အကျိုးဝင်, မဝင်တရားတို့ကို ပြဆိုထားသည်။

၄။ ဓမ္မဒဿနဝါရ - တရားတို့ကို ညွှန်ပြသောဝါရ ဖြစ်သည်။

၅။ ဘူမန္တရဒဿနဝါရ - ဘုံအပိုင်းအခြားကို ပြထားသောဝါရဖြစ်သည်။

၆။ ဥပ္ပါဒဏ ဏမ္မ အာယူပ္ပမာဏဝါရ - ဖြစ်ကြောင်းကံနှင့် အသက်အပိုင်းအခြားကို ပြသောဝါရ ဖြစ်သည်။

၇။ အဘိညေယ္ယာဒိဝါရ - ထိုးထွင်း၍ သိအပ်သောတရား စသည်တို့ကို ပြဆိုထားသော ဝါရဖြစ်သည်။

၈။ သာဝဇ္ဇဏာနာဝဇ္ဇဏဝါရ - အာရုံပြုမှု၊ မပြုမှုတို့ကို ပြဆိုသောဝါရ ဖြစ်သည်။

၉။ ဒိဋ္ဌသုတာဒိ ဒဿနဝါရ - မြင်မှု၊ ကြားမှုစသည်တို့ကို ပြဆိုသောဝါရ ဖြစ်သည်။

၁၀။ တိကာဒိ ဒဿနဝါရ - တိက်စသည်ဖြင့် ပြဆိုသောဝါရဖြစ်သည်။

ဤသို့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တရားတို့ကို ဝါရ (၁၀) မျိုးဖြင့် ပြဆိုဝေဖန်ထားလေသည်။

၁။ သမ္မသဂ်ိဟိကဝါရ ။ ။ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၂၂-ပါး၊ ဟိတ် ၉-ပါး စသည်တို့ကို သာမညရေတွက်ပြသည်။

၂။ ဥပ္ပတ္တာနုပ္ပတ္တိဝါရ ။ ။ ဤဝါရအရ မဟာကုသိုလ်ပဌမစိတ်သည် ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ် ဟူသော ဓာတ်သုံးပါးတွင် ကာမဓာတ်၌ ပါဝင်သည်။ ယင်းကာမဓာတ်ဟူသော မဟာကုသိုလ် ပဌမစိတ်သည် -

၁။ ခန္ဓာအားဖြင့် - ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာ (၄) ပါး ရသည်။

၂။ အာယတနအားဖြင့် - မနာယတန၊ ဓမ္မာယတနကို ရသည်။

၃။ ဓာတ်အားဖြင့် - မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ကိုရသည်။

၄။ ဣန္ဒြေအားဖြင့် – မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ သုခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ – ဣန္ဒြေ (၁၀)ပါးတို့ကို ရလေသည်။

၅။ ဈာနအားဖြင့် – ကုသိုလ်ဟိတ် ၃–ပါး ရ၏။

၆။ အာဟာရအားဖြင့် – ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရ ၃–ပါးကို ရ၏။

၇။ ဖဿအားဖြင့် – မနောဝိညာဏဓာတုသမ္ပယုတ်ကို ရ၏။

၈။ ဝေဒနာအားဖြင့် – မနောဝိညာဏဓာတုသမ္ပယုတ် ဝေဒနာကို ရ၏။

၉။ သညာအားဖြင့် – မနောဝိညာဏဓာတုသမ္ပယုတ် သညာကို ရ၏။

၁၀။ စေတနာအားဖြင့် – မနောဝိညာဏဓာတုသမ္ပယုတ် စေတနာကို ရ၏။

၁၁။ စိတ်အားဖြင့် – မနောဝိညာဏဓာတ် ရ၏။

<u>၃။ ပရိဃာပန္နာပရိဃာပန္နဝါရ ။</u> ။ မဟာကုသိုလ် ပဌမစိတ်၌ရှိသော ခန္ဓာ ၄–ပါးသည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။

<u>၄။ ဓမ္မဒဿနဝါရ ။</u> ။ မဟာကုသိုလ် ပဌမစိတ်သည် တိဟိတ်ပဋိသန္ဓေကျိုးကို ပေးနိုင်၍ ယင်းတိဟိတ်ပဋိသန္ဓေအဂါ၌ –

ခန္ဓာ ၅–ပါး၊

သဒ္ဒါယတန မှတစ်ပါး အာယတန ၁၁–ပါး၊

စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်အားဖြင့် ဓာတ် (၁၁)ပါးတို့ ထင်ရှားပြစ်ကုန်၏။

သစ္စာအားဖြင့် – ဒုက္ခသစ္စာ ဖြစ်လေ၏။

ဣန္ဒြေအားဖြင့် – စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ, ဣတ္ထိန္ဒြေ သို့မဟုတ် ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ ဤ ၁၄–ပါးကုန်သော ဣန္ဒြေတို့ ထင်ရှားပြစ်ကုန်၏။

ဈာနအားဖြင့် – တိဟိတ် ဖြစ်လေ၏။

အာဟာရအားဖြင့် – လေးပါးလုံး ဖြစ်နိုင်၏။

ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်အားဖြင့် မနောဝိညာဏဓာတ် ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် ဖြစ်လေ၏။

<u>၅။ ဘူမန္တရ ဒဿနဝါရ ။</u> ။ မဟာကုသိုလ် ပဌမစိတ်ရှိသော သူတို့သည် လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ် ဟူသော သုဂတိဘုံ၌ ဖြစ်နိုင်လေ၏။

၆။ ဥပ္ပါဒက ကမ္မအာယုပ္ပမာဏဝါရ ။ ။ မဟာကုသိုလ် ပဌမစိတ်နှင့် သေလွန်သောသူတို့အား တမလွန်ဘဝတို့၌ လူမင်း, လူမိဖုရားဟူသော သမ္မုတိနတ်၊ ဥပပတ် ပဋိသန္ဓေအားဖြင့် ဖြစ်သော ဥပပတ္တိနတ်၊ ကိလေသာ စင်ကြယ်သော ရဟန္တာဟူသော ဝိသုဒ္ဓိနတ်များ ဖြစ်နိုင်ကြလေကုန်၏။

ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှု ပြုသူများတို့သည် လူပြည်၌ ချမ်းသာကြွယ်ဝသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး ဟူသော အထက်တန်းကျသော အမျိုး၌ ဖြစ်နိုင်လေ၏။ နတ်ပြည်၌မူ နတ်ပြည် ခြောက်ထပ်လုံး၌ ဖြစ်နိုင်လေ၏။

အသက်အားဖြင့်မူကား -

၁။ လူဖြစ်လျှင် အနှစ် (၁၀၀) ဝန်းကျင် အသက်ရှည်နိုင်ပေ၏။

၂။ နတ်ဖြစ်လျှင်မူကား -

၁။ စာတုမဟာရာဇ်နတ်ဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် ၅၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၉-သန်း အသက်ရှည်နိုင်ပေ၏။

၂။ တာဝတိံသာဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် အနှစ် ၁၀၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၃-ကုဋေ ၆-သန်း အသက်ရှည်နိုင်လေ၏။

၃။ ယာမာဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် အနှစ် ၂၀၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၁၄-ကုဋေ ၄-သန်း အသက်ရှည်နိုင်လေ၏။

၄။ တုသိတာဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် အနှစ် ၄၀၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၅၇-ကုဋေ ၆-သန်း အသက်ရှည်နိုင်လေ၏။

၅။ နိမ္မာနရတိဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် အနှစ် ၈၀၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၂၃၀-ကုဋေ ၄-သန်း အသက်ရှည်နိုင်ကုန်၏။

၆။ ပရနိမ္မိတဝသဝတ္တီဘုံ၌ - ဤဘုံ၏ နတ်သက်ဖြင့် အနှစ် ၁၆၀၀၀၊
လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၉၂-ကုဋေ ၆-သန်း အသက်ရှည်နိုင်ကုန်၏။

၇။ အဘိညေယျာဒိဝါရ ။ ။ ဤမဟာကုသိုလ် ပဌမစိတ်ဟူသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဈာန်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်တရားတို့ကား ထိုးထွင်း၍ သိအပ်သော တရားတို့ ဖြစ်ကုန်၏။ ပိုင်းခြား၍ သိအပ်သောတရားတို့ ဖြစ်ကုန်၏။ ပယ်အပ်သော တရားမဟုတ်ကုန်။ ပွားများ အပ်သောတရား မဟုတ်ကုန်။ မျက်မှောက် ပြုအပ်သောတရား မဟုတ်ကုန်။

၈။ သာရမ္မဏာ နာရမ္မဏဝါရ ။ ။ ဤမဟာကုသိုလ်စိတ်ဟူသော ခန္ဓာ စသော တရားတို့ကား အာရုံပြုတတ်သော တရားတို့ ဖြစ်ကုန်၏။

၉။ **ဒိဋ္ဌသုတာဒိ ဒဿနဝါရ** ။ ။ ဤမဟာကုသိုလ် ပဌမစိတ်ရှိသော ခန္ဓာ အစရှိသော တရားတို့ကား မြင်အပ်၊ ကြားအပ်၊ တွေ့အပ်သော တရားမဟုတ်ပေ။ သိအပ်သောတရား ဖြစ်ပေ၏။

၁၀။ **တီဏာဒိ ဒဿနဝါရ** ။ ။ ဤမဟာကုသိုလ် ပဌမစိတ်ရှိသော ခန္ဓာ စသော တရားများသည် –

ကုသလတိုက် အားဖြင့် – ကုသိုလ်တရားတို့ ဖြစ်ကုန်၏။
ဝေဒနာတိုက် အားဖြင့် – သုခဝေဒနာ ဖြစ်၏။
ဝိပါကတိုက် အားဖြင့် – ကုသိုလ်အကျိုးကို ဖြစ်စေသောတရားတို့ ဖြစ်ကုန်၏။
ဥပါဒိန္နတိုက် အားဖြင့် – ဥပါဒါန်၏ အာရုံတရား၌ ပါဝင်လေ၏။
ဝိတက်တိုက် အားဖြင့် – ဝိတက်လည်းရှိ၊ ဝိစာရလည်းရှိသော တရားတို့ ဖြစ်ကုန်၏။
ရူပဒုက် အားဖြင့် – ရုပ်မဟုတ်သောတရား ဖြစ်ကုန်၏။
လောကိယဒုက် အားဖြင့် – လောက၌ အကျိုးဝင်သောတရားတို့ ဖြစ်ကုန်၏။

(အဘိ – ၂ – ၄၁၄ / ၄၅၃။ မြန် ၃ – ၅၂၉ / ၅၈၃)

ဤသဘောများအရ မဟာကုသိုလ် ပဌမစိတ်သည် ကုသိုလ်တရား သုခဝေဒနာအားဖြင့် ကျေနပ်ဖွယ် ဖြစ်သော်လည်း ဒုက္ခသစ္စာနယ်၌ ရှိနေသောကြောင့်လည်းကောင်း၊ ဥပါဒါန်၏ အာရုံဖြစ်နေသောကြောင့်လည်းကောင်း၊ လောက၌ အကျိုးဝင်နေသောကြောင့်လည်းကောင်း ယင်းမဟာကုသိုလ် ပဌမစိတ်ကိုပင် အခြေခံထားကာ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟူသော လောကုတ္တရာသစ္စာနယ်သို့ ကူးတက်အောင်၊ ဥပါဒါန်၏ အာရုံပြုရာနယ်ပယ်မှ လွတ်မြောက်အောင်၊ အဖန်ဖန် ပျက်စီးတတ်သော လောကနယ်မှ လွတ်မြောက်အောင်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာနယ်၌ ခိုလှုံနိုင်အောင် သမ္မပ္ပဓာန် လုံလ ဝိရိယ၊ ဣဒ္ဓိပါဒ လုံလ ဝိရိယ၊ အဓိပတိ လုံလ ဝိရိယတို့ဖြင့် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေ၏။

၁၈။ ပကိဏ်ကို ဓမ္မဟဒယ ဝိဘင်းပြဋ္ဌာန်းခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	ဓမ္မဟဒယ၊	ဟူ၍ပါ၊	ခေါ် ရေးတင်းသည်၊
၂။	ဝါရေတစ်ဆယ်ဖြင့်၊	ရပ်နာမ်ထင်၊	ပိုင်းခွဲပြလေသည်။
၃။	သဗ္ဗသင်္ဂါဟိက၊	ခေါ် ဆိုရ၊	အစဝါရသည်၊
၄။	ခန္ဓာဂါဒိဝ၊	စသည်ပ၊	သာဓကပြထားသည်။
၅။	ဥပတ္တာနု၊	ဝေဖန်ပြု၊	ပကိဏ်းသည်၊
၆။	ခန္ဓာဌိမာ၊	နာမ်ခန္ဓာ၊	လေးဖြာရလေသည်။
၇။	မနာ, ဓမ္မ၊	အာအရ၊	ယူရသိနိုင်သည်။

၈။	မနောဝိညာဉ်၊	ဓမ္မပဝိ၊	ဓာတ်အဝင်ရလေသည်။
၉။	ကဗဠီကြဉ်ပါ၊	ကျန်သုံးဖြာ၊	အာဟာ ရလေသည်။
၁၀။	ဖသ်,ဝေ,သညာ၊	စေတနာ၊	စိတ်မှာအရသည်၊
၁၀။	မနောဝိညာဏာ၊	ဓာတ်ကိုပ၊	မုချရလေသည်။
၁၂။	ပရိယာဒ္ဒါမွတ်၊	ပကုရပ်၊	ကာဓာတ်ဖြစ်လေသည်။
၁၃။	ဓမ္မဒဿန၊	ခေါ်ဆိုရ၊	ဝါရဒ္ဒါမှာသည်၊
၁၄။	တိဟိတ်သန္ဓေ၊	ဖြစ်ခိုက်ပေ၊	ခန္ဓာငါးရသည်၊
၁၅။	သဒ္ဒါကြဉ်ပါ၊	အာယတနာ၊	ဆယ့်တစ်ဖြာရလေသည်။
၁၆။	ဓာတ်အရတွက်စစ်၊	ထိုနည်းဖြစ်၊	ဆယ့်တစ်ရလေသည်။
၁၇။	ဒုက္ခသစ္စာ၊	တစ်ပါးသာ၊	သစ္စာရလေသည်။
၁၈။	ကုန္ဒြတွေ၊	ဆယ့်လေးပေ၊	ရလေသိရမည်။
၁၉။	ဟိတ်ဖြင့်မူကား၊	တိဟိတ်များ၊	ရငြားသိုင်္ဂဏသည်။
၂၀။	အာဟာရမှာ၊	အကုန်သာ၊	ရတာသိရမည်။
၂၁။	ဖဿစအိမ်၊	ခုနစ်ကြိမ်၊	မနောဝိဉ်ဖြစ်လေသည်။
၂၂။	ဘုံအားဖြင့်တုံ၊	လူနတ်ဘုံ၊	ရပုံသိုင်္ဂဏသည်။
၂၃။	ကံကျိုးဖြင့်မူ၊	မျိုးဈာတ်ဟူ၊	မြင့်သူဖြစ်ရမည်။
၂၄။	ဥပ,သမ္မုတိ၊	ဝိသဒ္ဒိ၊	နတ်ထိဖြစ်နိုင်သည်။
၂၅။	ဒါနစဟူ၊	ကုသိလ်မူ၊	ပြဉသူများတို့သည်၊
၂၆။	လူပြည်ဒွိမှာ၊	မင်းရာဇာ၊	သူဌေးပါဖြစ်နိုင်သည်။
၂၇။	နောက်ပြည်ခြောက်ထပ်၊	တစ်ထပ်ထပ်၊	ဆိုက်ကပ်ရောက်နိုင်သည်။
၂၈။	ထိုမှတစ်လွှား၊	အသက်အား၊	တွက်ငြားပါလျှင်သည်၊
၂၉။	လူပြည်ဒွိတွင်၊	တစ်ရာပင်၊	ဝန်းကျင်ရှည်နိုင်သည်။
၃၀။	နတ်ခြောက်ဘုံမှာ၊	အသက်ဟာ၊	ဉာဏ်ဖြာသိရမည်။
၃၁။	နတ်၏အရေ၊	လူအရေ၊	နှစ်ရေရှိလေသည်။
၃၂။	ပဌမဘုံမှာ၊	နတ်သက်ဟာ၊	ငါးရာဖြစ်လေသည်။
၃၃။	လူတို့နှစ်တန်း၊	ရေတွက်မှန်း၊	ကိုးသန်းဖြစ်လေသည်။
၃၄။	အထက်နတ်ဘုံ၊	သိဖို့တုံ၊	မြောတ်တုံပြုရမည်။
၃၅။	နတ်သက်တွက်ရာ၊	နှစ်ဖြင့်သာ၊	မြောက်ပါသိုင်္ဂဏသည်။

၃၆။ လူတို့အရေ၊ လေးဖြင့်ပေ၊ မြှောက်လေသိုဝိုင်ထည်။
၃၇။ နှစ်,လေးတို့ဖြင့်၊ အဆင့်ဆင့်၊ မြှောက်လင့်သိုဝိုဖြို။
၃၈။ အဘိညေထင်း၊ ဝါရည်ထင်း၊ ထိုးထွင်းသိရမည်။
၃၉။ ဝိုင်းခြားချိုလဲ၊ အမှန်ပဲ၊ မလွဲသိရမည်။
၄၀။ မပယ်အပ်ပေ၊ မျက်မှောက်ပေ၊ ပွားလေမရဖြို။
၄၁။ အာရုံအပြု၊ မပြုမူ၊ အပြုဖြစ်လေထည်။
၄၂။ မြင်,ကြား,တွေ့အပ်၊ မဟုတ်လတ်၊ သိအပ်ဖြစ်လေသည်။
၄၃။ တိက်ဒုက်အစု၊ ဝေဖန်ပြု၊ ပကုဏ္ဏားသည်၊
၄၄။ ထုသိုလ်အမျိုး၊ သုခမျိုး၊ ကောင်းကျိုးဖြစ်စေမည်။
၄၅။ ဥပါဒါန်၏၊ အာရုံမိ၊ မှတ်သိုဝိုကြသည်။
၄၆။ ဝိတက်လရှိ၊ ဝိစာရှိ၊ နှစ်ရှိဖြစ်လေသည်။
၄၇။ ရုပ်မဟုတ်ပင်၊ လောကီတွင်၊ ကျုံးဝင်ဖြစ်လေထည်။
၄၈။ ဓမ္မဟဒယံ၊ ဝိဘင်၊ ဝေဖန်ပြလေသည်။
၄၉။ ကုသိုလ်တရား၊ သုခများ၊ ဖြစ်ပြားနေ၍သည်၊
၅၀။ ဝမ်းသာစရာ၊ နှစ်သက်ရာ၊ ကောင်းစွာဖြစ်လေသည်။
၅၁။ သို့ရာတွင်တုံ၊ ဥဒါန်ဟုံ၊ အာရုံဖြစ်နေသည်။
၅၂။ လောကီ၌အင်၊ အမှန်ပင်၊ ကျုံးဝင်နေပြန်သည်။
၅၃။ ရုပ်တန့်မနေ၊ လောကုတ်ပေ၊ ဆက်လေထုတ်ရမည်။
၅၄။ ပကုဏ်ပြန်၊ တိုင်ထားဟန်၊ ခြေခံပြု၍သည်၊
၅၅။ ဝိပသ်တရား၊ ကုတရား၊ ကြိုးစားကြရမည်။
၅၆။ ပဓာန်လရှိ၊ ဓိလရှိ၊ ဣဒ္ဓိများဖြင့်သည်၊
၅၇။ ဖန်ဖန်ကြိုးကုတ်၊ နောက်မဆုတ်၊ အားထုတ်သင့်ကြသည်။

၁၈။ ပကုဏ်းကို ဓမ္မဟဒယဝိဘင်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ နှစ်ခုမြောက်ဖြစ်သော ဝိဘင်းကျမ်း ဖော်ပြချက် ဤတွင် ရပ်နားပြီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၃။ ဓာတုကထာကျမ်း

၃။ ပကိဏ်ကို ဓာတုကထာပြု ဝေဖန်ခြင်းဌ ကိုယ်ကျင့်တရားများ

၃။ ဓာတုကထာကျမ်း ။ ။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့ပြု၍ ပိုင်းခြား၍ ဟောတော်မူအပ်သောကြောင့် ဓာတုကထာ ဟူ၍ ခေါ်ဆိုရလေသည်။ ထိုအရ ဤဓာတုကထာကျမ်းသည် ၁၄-ပါးကုန်သော နယ တို့ပြု၍ ပိုင်းခြား၍ ရှစ်၊ နှစ်မ် ပရမတ္ထတရားများကို ခန္ဓာ၊ အာယတန၊ ဓာတ်တို့ပြု၍ ရေတွက်ရပုံကိုလည်းကောင်း၊ မရေတွက်ရပုံကိုလည်းကောင်း ပြဆိုထားခြင်းဖြစ်၍ ဤ၌ ကျမ်းဏ်သဘော သိသာရုံ အကျဉ်းဖော်ပြပေအံ့။ ရှေးဦးစွာ ခန္ဓာဖွဲ့ပုံ၊ အာယတန ဖွဲ့ပုံ၊ ဓာတ်ဖွဲ့ပုံတို့ကိုလည်း သိထားသင့်၏။

၁။ ခန္ဓာ ၅-ပါးဖွဲ့ပုံ

၁။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ ခန္ဓာငါးပါးရှိ၏။

ထိုတွင် -

၁။ ရုပ် ၂၈-ပါးသည် - ရူပက္ခန္ဓာ မည်၏။

စေတသိက် ၅၂-ပါးတွင် -

၂။ ဝေဒနာ စေတသိက်သည် - ဝေဒနာက္ခန္ဓာ မည်၏။

၃။ သညာ စေတသိက်သည် - သညာက္ခန္ဓာ မည်၏။

၄။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-သည် - သင်္ခါရက္ခန္ဓာ မည်၏။

၅။ စိတ် ၈၉-ပါးသည် - ဝိညာဏက္ခန္ဓာ မည်၏။

၂။ အာယတန ၁၂ ပါး ဖွဲ့ပုံ

၂။ စက္ခွာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတနအားဖြင့် အာယတန ၁၂-ပါး ရှိ၏။

ထိုတွင် -

၁။ စက္ခုပသာဒသည် - စက္ခွာယတန မည်၏။

၂။ သောတပသာဒသည် - သောတာယတန မည်၏။

၃။ ဃာနပသာဒသည် - ဃာနာယတန မည်၏။
၄။ ဇိဝှါပသာဒသည် - ဇိဝှါယတန မည်၏။
၅။ ကာယပသာဒသည် - ကာယာယတန မည်၏။
၆။ ရူပါရုံသည် - ရူပါယတန မည်၏။
၇။ သဒ္ဒါရုံသည် - သဒ္ဒါယတန မည်၏။
၈။ ဂန္ဓာရုံသည် - ဂန္ဓာယတန မည်၏။
၉။ ရသာရုံသည် - ရသာယတန မည်၏။
၁၀။ ပထဝီ၊ တေဇော၊ ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် - ဖောဋ္ဌဗ္ဗာယတန မည်၏။
၁၁။ စိတ် ၈၉-ပါးသည် - မနာယတန မည်၏။
၁၂။ စေတသိက် ၅၂-ပါး၊ သုခုမရူပ် ၁၆-ပါး၊ နိဗ္ဗာန်သည် - ဓမ္မာယတန မည်၏။

၃။ ဓာတ် ၁၈-ပါး ပွဲ့ပုံ

၃။ စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်အားဖြင့် ၁၈-ပါး ရှိ၏။

ထိုတွင် -

၁။ စက္ခုပသာဒသည် - စက္ခုဓာတ် မည်၏။
၂။ သောတပသာဒသည် - သောတဓာတ် မည်၏။
၃။ ဃာနပသာဒသည် - ဃာနဓာတ် မည်၏။
၄။ ဇိဝှါပသာဒသည် - ဇိဝှါဓာတ် မည်၏။
၅။ ကာယပသာဒသည် - ကာယဓာတ် မည်၏။
၆။ ရူပါရုံသည် - ရူပဓာတ် မည်၏။
၇။ သဒ္ဒါရုံသည် - သဒ္ဒဓာတ်မည်၏။
၈။ ဂန္ဓာရုံသည် - ဂန္ဓဓာတ် မည်၏။
၉။ ရသာရုံသည် - ရသဓာတ် မည်၏။
၁၀။ ပထဝီ၊ တေဇော၊ ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် - ဖောဋ္ဌဗ္ဗဓာတ် မည်၏။
၁၁။ စက္ခုဝိညာဉ်ဒွေသည် - စက္ခုဝိညာဏဓာတ် မည်၏။
၁၂။ သောတဝိညာဉ်ဒွေသည် - သောတဝိညာဏဓာတ် မည်၏။

၁၃။ ဃာနဝိညာဉ်ဒွေသည် – ဃာနဝိညာဏဓာတ် မည်၏။
၁၄။ ဇိဝှါဝိညာဉ်ဒွေသည် – ဇိဝှါဝိညာဏဓာတ် မည်၏။
၁၅။ ကာယဝိညာဉ်ဒွေသည် – ကာယဝိညာဏဓာတ် မည်၏။
၁၆။ ပဉ္စဒ္ဒါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် – မနောဓာတ် မည်၏။
၁၇။ ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃–ပါး ကြဉ်သော ကျန် စိတ် ၇၆–ပါးသည် – မနောဝိညာဏဓာတ် မည်၏။
၁၈။ စေတသိက် ၅၂–ပါး၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်သည် – ဓမ္မဓာတ် မည်၏။

ပကိစ်တ်ကို ဓာတုကထာ ပဌမနယနည်းဖြင့် ရေတွက်ခြင်း

၄။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်စိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်ကို ဓာတုကထာ ပဌမနယနည်းဖြင့် ဝေဖန်ပိုင်းခြားပုံကို သိသင့်ပေ၏။

မဟာကုသိုလ် ပဌမစိတ်၌ အညသမာန်း စေတသိက် ၁၃–ပါး၊ သောဘန စေတသိက် ၂၅–ပါး– ပေါင်း ၃၈–ပါးသော စေတသိက်တို့ ယှဉ်ကြကုန်၏။

ယင်းကို **ခန္ဓာမြဲ့ဟေါ်** – စေတသိက် ၃၈–ပါးတွင် –

၁။ ဝေဒနာ စေတသိက်သည် – ဝေဒနာက္ခန္ဓာ မည်၏။
၂။ သညာ စေတသိက်သည် – သညာက္ခန္ဓာ မည်၏။
၃။ ဝေဒနာ, သညာမှကြွင်းသော ကျန်စေတသိက် ၃၆–ပါးသည် – သင်္ခါရက္ခန္ဓာ မည်၏။
၄။ မဟာကုသိုလ် ပဌမစိတ်သည် – ဝိညာဏက္ခန္ဓာ မည်၏။

ဤသို့ နာမ်ခန္ဓာ ၄–ပါးရလေ၏။ ထိုတွင် – .

ဝေဒနာက္ခန္ဓာကို – ဝေဒနာက္ခန္ဓာ ဟူသော ခန္ဓာတစ်ပါး၊ ဓမ္မာယတနဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။

ကြွင်းသော ခန္ဓာ ၄–ပါး၊ အာယတန ၁၁–ပါး၊ ဓာတ် ၁၇ပါးတို့ဖြင့် မရေတွက်အပ်။

သညာက္ခန္ဓာကို သညာက္ခန္ဓာဟူသော ခန္ဓာတစ်ပါး၊ ဓမ္မာယတနဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄ – ပါး၊ အာယတန ၁၁–ပါး၊ ဓာတ် ၁၇–ပါးတို့ဖြင့် မရေတွက်အပ်။

သင်္ခါရက္ခန္ဓာကို သင်္ခါရက္ခန္ဓာဟူသော ခန္ဓာတစ်ပါး၊ ဓမ္မာယတနဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄–ပါး၊ အာယတန ၁၁–ပါး၊ ဓာတ် ၁၇–ပါးတို့ဖြင့် မရေတွက်အပ်။

ဝိညာဏကွန္ဓာကို ဝိညာဏကွန္ဓာဟူသော ခန္ဓာတစ်ပါး၊ မနာယတနဟူသော အာယတနတစ်ပါး၊ မနောဝိညာဏဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

၂။ အာယတနအားဖြင့်ဆေးကား -

၁။ မဟာကုသိုလ် ပဌမစိတ်သည် မနာယတန မည်၏။

၂။ စေတသိက် ၃၈-ပါးသည် - ဓမ္မာယတန မည်၏။ ထိုတွင် -

မနာယတနကို ဝိညာဏကွန္ဓာဟူသော ခန္ဓာတစ်ပါး၊ မနာယတနဟူသော အာယတနတစ်ပါး၊ မနောဝိညာဏဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဓမ္မာယတနကို ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာဟူသော ခန္ဓာသုံးပါး၊ ဓမ္မာယတနဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၂-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇- ပါးတို့ဖြင့် မရေတွက်အပ်။

၃။ ဓာတ်အားဖြင့်ဆေးကား -

၁။ မဟာကုသိုလ် ပဌမစိတ်သည် မနောဝိညာဏဓာတ် မည်၏။

၂။ စေတသိက် ၃၈-ပါးသည် ဓမ္မဓာတ် မည်၏။ ထိုတွင် -

မနောဝိညာဏဓာတ်ကို ဝိညာဏကွန္ဓာဟူသော ခန္ဓာတစ်ပါး၊ မနာယတနဟူသော အာယတနတစ်ပါး၊ မနောဝိညာဏဓာတ်ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဓမ္မဓာတ်ကို ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ ဟူသော ခန္ဓာ ၃-ပါး၊ မနာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၂-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

(အဘိ - ၃ - ၃။ အရကောက် - ၁၈၉ / ၁၉၂)

၃။ ပကုဓိတ်ကို ဓာတုကထာပြုခြင်း၌ ဆောင်ရန်လက်ံများ

၁။	ခန်, အာ, ဓာတ်စု၊	ရေတွက်ပြု၊	ဓာတုခေါ် လေသည်။
၂။	ဆယ့်လေးနယာ၊	နည်းဖြင့်သာ၊	ရေကာပြထားထည်။
၃။	ဤကျမ်း၌မှာ၊	နမူနာ၊	ကျဉ်းထာပြပေမည်။
၄။	ခန်,အာ,ဓာတ်ဖြင့်၊	ဖွဲ့ပုံဖြင့်၊	သိသင့်ပေသေးသည်။
၅။	ရုပ်, ဝေ,သညာ၊	သင်္ခါရာ၊	ဝိညာဏ်များတို့သည်၊
၆။	ခန္ဓာငါးပါး၊	ဖြစ်လေငြား၊	မှတ်သားနိုင်ကြသည်။
၇။	ရုပ်ထရေားမှာ၊	ရုပ်ခန္ဓာ၊	ကျန်တာနာမ်ဖြစ်သည်။
၈။	အာယတနာ၊	ဆယ့်နှစ်ဖြာ၊	ကောင်းစွာသိရမည်။
၉။	စက်,ဧသာ,ဃာနာ၊	ဇိဂ့်,ကာယာ၊	ရူပါ ပါဝင်ထည်။
၁၀။	သဒ္ဒါ, ဂန္ဓာ၊	ရသာပါ၊	ဖောဋ္ဌာပါလေသည်။
၀၁။	မနာ,ဓမ္မာ၊	ဆယ့်နှစ်ဖြာ၊	ရှိတာသိရမည်။
၁၂။	ဓာတ်တရေားမှာ၊	ဆယ့်ရှစ်ဖြာ၊	ကောင်းစွာသိနိုင်သည်။
၁၃။	စက်,ဧသာ,ဃာန၊	ဇိဂ့်,ကာယ၊	ရူပဂါဝင်သည်။
၁၄။	သဒ်, ဂန်,ရဋ္ဌ၊	ဝိညာဏာ၊	သတ္တဖြစ်လေသည်။
၁၅။	ဓမ္မဓာတ်ပါ၊	ဆယ့်ရှစ်ဖြာ၊	ရှိတာသိနိုင်ထည်။
၁၆။	အာယတနာ၊	ဓာတ်ဌမှာ၊	ဖွဲ့တာသိရမည်။
၁၇။	ပဌာဒငါးဖြာ၊	အဏ္ဏတ္တာ၊	အာ,ဓာရုလေသည်။
၁၈။	ရူပါငါးဖြာ၊	ဗဟိဒ္ဓါ၊	အာ,ဓာရုလေသည်။
၁၉။	စိတ်မှာမနာ၊	စေဓမ္မာ၊	ဆယ့်နှစ်ဖြာအာဖြစ်သည်။
၂၀။	ပဥ္စဝိညာဏာတ်၊	ပဥ်ဝိဉ်ဓာတ်၊	မနောဓာတ်သုံးဖြစ်သည်။
၂၁။	ထိုဆယ့်သုံးပါး၊	ကြဉ်လေငြား၊	ကျန်ငြားစိတ်များသည်၊
၂၂။	မနောဝိညာဏာ၊	ဓာတ်ဟုပ၊	ခေါ် ရသိနိုင်သည်။
၂၃။	စေတသိက်မှာ၊	ဓမ္မသာ၊	ဖြစ်တာသိနိုင်သည်။
၂၄။	ဓာတ်ဆယ့်ရှစ်ပါး၊	ဖွဲ့ပုံငြား၊	မှတ်သားနိုင်ကြသည်။
၂၅။	ပကုစိတ်မြတ်၊	ခန်,အာ,ဓာတ်၊	ရလတ်သိရမည်။
၂၆။	ပကုစိတ်ဖြစ်၊	စေယျဉ်လစ်၊	သုံးရစ်ဖြစ်လေသည်။

၂၇။ ခန္ဓာဖွဲ့.ရာ၊ နာဖ်ခန္ဓာ၊ လေးဖြာရလေသည်။
၂၈။ ဝေ,သဉ်,သခ်ါ၊ သူခန္ဓာ၊ ဓမ္မ,အာ,ဓာတ်ကျ်၊
၂၉။ ကြွင်း ခန်,အာ,ဓာတ်၊ မရေအပ်၊ သိမှတ်နိုင်ကြသည်။
၃၀။ ဝိညာဏမှာ၊ သူခန္ဓာ၊ မနာအာရသည်၊
၃၀။ မနောဝိညာဏာ၊ ဓာတ်ဖြစ်ပါ၊ ကျန်တာမရဖြို။
၃၂။ ပကူစိတ်ချက်၊ အာနှင့်ဖက်၊ ရတွက်ရာ၌သည်၊
၃၃။ စိတ်မှာမနာ၊ စေမ္ဘော၊ ကောင်းစွာသိနိုင်သည်။
၃၄။ မနာယတန၊ ခန္ဓာက၊ ဝိညာဏဖြစ်လေသည်။
၃၅။ အာယတနမှာ၊ မနာပါ၊ ဓာတ်မှာသိဖို့သည်၊
၃၆။ မနောဝိညာဏာ၊ ရလေရာ၊ ကြွင်းမှာမရဖြို။
၃၇။ ဓမ္မာယတနာ၊ ခန္ဓာမှာ၊ ဝေ,သဉ်,ခါ ဖြစ်လေသည်။
၃၈။ အာနှင့်ဓာတ်မှာ၊ သူတိုင်းသာ၊ ဖြစ်တာသိရမည်။
၃၉။ ကုစိတ်တစ်ချက်၊ ဓာတ်နှင့်ဖက်၊ ရတွက်ရာ၌သည်၊
၄၀။ ကုစိတ်ဖြစ်ချိန်၊ မနောဝိဉ်၊ စေချိန်ဓမ်ဖြစ်သည်။
၄၀။ မနောဝိညာဏာ၊ ခန္ဓာက၊ ဝိညာဏ ဖြစ်လေသည်။
၄၂။ အာယတနမှာ၊ မနာပါ၊ ဓာတ်မှာဝိဉ်ဖြစ်သည်။
၄၃။ ဓမ္မဓာတ်မှာ၊ ခန္ဓာဟာ၊ ဝေ,သဉ်,ခါ ဖြစ်လေသည်။
၄၄။ အာနှင့်ဓာတ်မှာ၊ သူတိုင်းသာ၊ ဖြစ်တာသိရမည်။
၄၅။ ကြွင်းခန်,အာ,ဓာတ်၊ မရေအပ်၊ သိမှတ်နိုင်ကြသည်။

၃။ ပကူစိတ်ကို ဓာတုကထာကျမ်း ပဌမနယဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ဓာတုကထာကျမ်း ဤတွင်ရပ်နားပြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပုဂ္ဂလပညတ္တိ

၄။ ပကိဏ်ကို ပုဂ္ဂလပညတ္တိကျမ်းပြင့် ဝေဖန်ခြင်းငှ် ကိုယ်ကျင့်တရားများ

၄။ ပုဂ္ဂလ ပညတ္တိကျမ်း ။ ။ အပြားအားဖြင့် သိစေခြင်းသည် ပညတ် မည်၏။

ခန္ဓာတို့ကို ခန္ဓာတို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် ခန္ဓပညတ် မည်၏။
အာယတနတို့ကို အာယတနတို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် အာယတနပညတ် မည်၏။
ဓာတ်တို့ကို ဓာတ်တို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် ဓာတုပညတ် မည်၏။
သစ္စာတို့ကို သစ္စာတို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် သစ္စာပညတ် မည်၏။
ဣန္ဒြေတို့ကို ဣန္ဒြေတို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် ဣန္ဒြိယပညတ် မည်၏။
ပုဂ္ဂိုလ်တို့ကို ပုဂ္ဂိုလ်တို့ဟူ၍ အပြားအားဖြင့် သိစေခြင်းသည် ပုဂ္ဂလပညတ် မည်၏။

သဗ္ဗညုဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာကျမ်းတို့ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို ဟောတော်မူပြီး၍ ယင်းခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့၏ တည်ရာဖြစ်သော ပုဂ္ဂိုလ်တို့ကို အပြားအားဖြင့် သိစေတော်မူလိုရကား ပုဂ္ဂလပညတ္တိကျမ်းကို ဟောတော်မူ၏။ အဘိဓမ္မာ (၇)ကျမ်းရှိသည့်အနက်က ဤပုဂ္ဂလပညတ္တိကျမ်းသည် လေးခုမြောက်ကျမ်းတည်း။

အဋ္ဌကထာဆရာ၏ ဆုတောင်း ။ ။ အဋ္ဌကထာကျမ်းများစွာတို့ကို ပြုစုစီရင်သော အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ဓာတုကထာ အဋ္ဌကထာကျမ်း၏ နိဂုံး၌ ဤသို့ ဆုတောင်းမှု ပြုထားလေသည်။

ဣတိ ဥိနဘာဏဓဝိရ ဒွယာယ ယံတန္တိယာ မယာ ဇတံ။
ကုရုနာ ပတ္တိ ပုညံ၊ သုဓိယ တံ ဟောတု လောကဿ။
(အဘိ ၄ - ၃ - ၂၃)

အဓိပ္ပါယ် ။ ။ ဤ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည် ယုတ်လျော့သော နှစ်ဘာဏဝါရရှိသော ဤဓာတုကထာ အဋ္ဌကထာကို ရေးသားပြုစုရသည်ဖြစ်၍ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိလ် ပဌမစိတ်ရှိသော တိဟိတ်ကုသိလ်ကို ရအပ်ပြီ။ ဤ ဤ ရအပ်သော မဟာကုသိလ် ပဌမစိတ်ကုသိလ်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏ ကောင်းကျိုးချမ်းသာ ဖြစ်ပါစေတည်း။

မဇ္ဈကောင်းကိုဇွတ်၊ ဇကောင်းကိုဇဆောင် ။ ။ အထက်ပါ သဘောအရ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ် ဆည်းပူးကြသည်ဖြစ်၍ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဟု ဆိုအပ်သော၊ တိဟိတ်ဉက္ကဋ္ဌ ဟု ဆိုအပ်သော တိဟိတ်ကုသိုလ်ကို အကြိမ်ကြိမ် ရရှိပွားကြသော သူတော်ကောင်း အပေါင်းတို့သည်လည်း အဘိဓမ္မာခုနစ်ကျမ်းတွင် လေးခုမြောက်ကျမ်းဖြစ်သော ဤပုဂ္ဂလပညတ္တိကျမ်း၌ သဗ္ဗညု ဘုရားရှင် ဟောကြားတော်မူအပ်သော တရားများသည် ရှောင်ရန် ဟောကြားတော်မူအပ်သော မကောင်းသော တရားများလည်း ပါသလို ကျင့်သုံးရန်, လိုက်နာရန်, ဆောင်ရန် ဟောကြားတော်မူအပ်သော ကောင်းသောတရားများလည်း ပါလေသည်။ သို့ဖြစ်၍ ရှောင်ရန်များကို ရှောင်ကြကာ ဆောင်ရန်များကို ဆောင်နိုင်ကြစေကုန်သတည်း။

၁။ ပုထုဇဉ် ပုဂ္ဂိုလ် ။ ။ ပုထုဇဉ်ပုဂ္ဂိုလ်၏ သဘောကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

ကတမော စ ပုဂ္ဂလော ပုထုဇ္ဇနော။ ယဿ ပုဂ္ဂလဿ တီဏိ သံယောဇနာနိ အပ္ပဟီနာနိ န စ တေသံ ဓမ္မာနံ ပဟာနာယ ပဋိပန္နော အယံ ဝုစ္စတိ ပုဂ္ဂလော ပုထုဇ္ဇနော။

ပုထုဇဉ် ပုဂ္ဂိုလ်သည် အဘယ်နည်း။ အကြင်ပုဂ္ဂိုလ်သည် 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ' ဟူသော သုံးပါးသော သံယောဇဉ်တို့ကို မပယ်ကုန်။ ပယ်ခြင်းငှါလည်း မကျင့်ကုန်။ ဤပုဂ္ဂိုလ်ကို ပုထုဇဉ်ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

အဋ္ဌကထာ၌ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ် ၃-ပါးကို သောတာပတ္တိဖိုလ်ခဏ၌ ပယ်ပြီးဖြစ်၏။ သောတာပတ္တိမဂ်ခဏ၌ ပယ်ဆဲဖြစ်၏။ ဤသောတာပတ္တိမဂ်ဖိုလ်ကို မရသေးသော 'ဝိဿဋ္ဌကမ္မဋ္ဌာနော ထူလ ဗာလ ပုထုဇ္ဇနောဝ ဣဓ ကထိတော' ကမ္မဋ္ဌာန်းကို စွန့်လွှတ်ထားသော ထူထဲသော ကိလေသာရှိသော ဗာလပုထုဇဉ်ကိုသာ ဤ၌ ပုထုဇဉ်၏အဖြစ်ကို မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်၏ ဟူ၍ ဖွင့်ဆိုလေသည်။

(အဘိ - ၄ - ၁၁၅။ မြန် - ၁၆၊ အဘိ ၄ - ၃ - ၂၅)

အထက်ပါ ဒေသနာတော်အရ ပုထုဇဉ် ပုဂ္ဂိုလ်ဟူသည် 'ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ' ဟူသော သံယောဇဉ်တရားသုံးပါးကို ပယ်ဆဲဖြစ်သော သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်လည်း မဟုတ်။ ပယ်ပြီးသော သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်လည်း မဟုတ်သည့်အပြင် ထိုသံယောဇဉ်တရားသုံးပါးကို ပယ်နိုင်ရန်ပင် ဝိပဿနာတရား အားထုတ်သူလည်း မဟုတ်။ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာများ ထူထူထဲထဲ ရှိနေသော ဗာလပုထုဇဉ်ကိုသာ ဤ၌ ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ် ယူရမည်ဟု ဆိုထားသဖြင့် ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်ကို မရပင် မရစေကာမူ 'ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ' ဟူသော သံယောဇဉ်သုံးပါးကို ပယ်သတ်နိုင်ရန် ရည်ရွယ်၍ အလျှဉ်းမဲ့နေများကိုလည်း စွပ်စွဲနိုင်သမျှ ပြုကြရမည် ဖြစ်၏။ ငါးပါးသီလတို့ကိုလည်း စောင့်ထိန်းကြရမည် ဖြစ်၏။ ဥပုသ်သီလတို့ကိုလည်း ခံယူကြရမည် ဖြစ်၏။ ဝိပဿနာတရားများကိုလည်း အားထုတ်ကြရမည် ဖြစ်၏။ သို့မှသာ ဗာလပုထုဇဉ်အဖြစ်မှ လွတ်ကြမည် ဖြစ်ပေ၏။

၁။ ဟာလပုထုဇဉ် အဖြစ်မှ ငရဲရောင်ရန် သံပေါက် လက်ာများ

၁။	ပဋိုလိတ္ထိအား၊	အပြားအား၊	သိပြားစေ၍သည်၊
၂။	ပဋလတ်ပညတ်၊	ခေါ် ဆိုလတ်၊	သိမှတ်နိုင်ကြသည်။
၃။	ပရမတ်သစ္စာ၊	ဟောပြီးရာ၊	တည်ရာကိုသာသည်၊
၄။	ဟောလိ၍ပ၊	ပဋလ၊	ပဋ္ဌဟောကြားသည်။
၅။	ဓာတုကထာ၊	ဒ္ဒကထာ၊	ပြုရာဆရာသည်၊
၆။	နိဂုံးဌိမန်၊	ဤသို့ထန်၊	စိတ်ကြံဆုတောင်းသည်။
၇။	ဤကျမ်းပြုရ၊	တိဟိတ်ပ၊	ကုသလများကြောင့်သည်၊
၈။	လူနတ်ဗြဟ္မာ၊	သတ္တဝါ၊	ချမ်းသာဆုတောင်းသည်။
၉။	ပကုထရား၊	ကြိမ်ကြိမ်အား၊	ရဖြားသူများသည်၊
၁၀။	မြတ်စွာဘုရား၊	ဟောကြားထား၊	တရားများ၌သည်၊
၁၁။	မတောင်းတာရှောင်၊	ကောင်းတာဆောင်၊	ကျင့်ဆောင်ပြုရမည်။
၁၂။	ပုထုဇဉ်ဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၁၃။	ဒိ,ဝိ ဓာသ၊	သံသုံးဝ၊	ဓမ္မများကိုသည်၊
၁၄။	မဝယ်နိုင်ရာ၊	ပယ်ခြင်းငှါ၊	ကျင့်တာမဟုတ်ပြီ။
၁၅။	ဝိပသ်ကိုလဲ၊	ကျင့်ခြင်းပဲ၊	ရှိလဲမရှိပြီ။
၁၆။	ထူထဲလေစွ၊	ကိလေသ၊	ဇာလများကိုသည်၊
၁၇။	ပုထုဇ္ဇန်၊	ဟူ၍ပ၊	ခေါ် ရဟောလေသည်။
၁၈။	သို့ဖြစ်၍မှန်၊	သံသုံးတန်၊	ပယ်ရန်အတွက်သည်၊
၁၉။	သောမဂ်ကိုပေ၊	မရလေ၊	ရှိနေကြားလဲသည်၊
၂၀။	ဒါန,သီလာ၊	ကုသလာ၊	ခါခါပြုရမည်။
၂၁။	ဝိပသ်တရား၊	ထပ်ထပ်အား၊	ကြိုးစားထုတ်ရမည်။
၂၂။	ထိုသို့ပြုမှ၊	လူဇာလ၊	လွတ်ကြရပေမည်။

၁။ ဇာလပုထုဇဉ်အဖြစ်မှ ရှောင်ရန် ပြီး၏။

၂။ ဂေါတြဘူပုဂ္ဂိုလ် ။ ။ ပုထုဇဉ် အနွယ်ကို ဖြတ်သော ဂေါတြဘူပုဂ္ဂိုလ်ဖြစ်ပုံသဘောကို ပါဠိတော်တွင် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

၂။ ကတမော စ ပုဂ္ဂလော ဂေါတြဘူ ယေသံ ဓမ္မာနံ သမန္နာဂတာ အရိယဓမ္မသမန္နာဂတော အဝကန္တိကော ဟောတိ တေဟိ ဓမ္မေဟိ သမန္နာဂတောတေ။ အယံ ပုစ္ဆတိ ပုဂ္ဂလော ဂေါတြဘူ။

မြန်မာပြန် ။ ။ အနွယ်ကို ဖြတ်သော ဂေါတြဘူပုဂ္ဂိုလ် ဟူသည် အဘယ်နည်း။ အကြင် ဂေါတြဘူဉာဏ်နှင့် တကွဖြစ်သော တရားတို့၏ အခြားမဲ့၌ လောကုတ္တရာ အရိယာမဂ်သို့ သက်ရောက်သည်ဖြစ်၍ ထိုဂေါတြဘူဉာဏ်နှင့် တကွဖြစ်သော တရားတို့နှင့်လည်း ပြည့်စုံ၏။ ဤပုဂ္ဂိုလ်ကို အနွယ်ကိုဖြတ်သော ဂေါတြဘူပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(အဘိ - ၄ - ၁၁၅။ မြန် - ၁၆)

ယင်းဂေါတြဘူပုဂ္ဂိုလ်ကို အဋ္ဌကထာတွင် ဤသို့ဖွင့်ဆိုထားလေ၏။

ဂေါတြဘူဉာဏ်နှင့်တကွဖြစ်ကုန်သော ကုသိုလ်တရားတို့၏ လောကုတ္တရာမဂ်သို့ သက်ရောက်ခြင်းသည် ထင်ရှားဖြစ်၏။ ဤပုဂ္ဂိုလ်ကို နိဗ္ဗာန်ဟူသော အာရုံရှိသော ဂေါတြဘူဉာဏ်ဖြင့် အလုံးစုံသော -

ပုထုဇ္ဇန သဒ္ဒ - ပုထုဇဉ်ဟူသော အရေအတွက်ကို၊
ပုထုဇ္ဇန ဂေါတ္တ - ပုထုဇဉ်တို့၏ အနွယ်ဖြစ်သော သိက္ခာသုံးပါးကို၊
ပုထုဇ္ဇန မဏ္ဍလ - ပုထုဇဉ် အသိုင်းအဝိုင်းကို၊
ပုထုဇ္ဇန ပညတ္တိ - ပုထုဇဉ်ဟူသော နာမပညတ်ကို၊ အတိတ္တမိတ္တာ - ကျော်လွန်၍
အရိယ သဒ္ဒ - အရိယာဟူသော အရေအတွက်သို့၊
အရိယ ဂေါတ္တ - အရိယာတို့၏ အနွယ်ဖြစ်သော သိက္ခာသုံးပါးသို့၊
အရိယ မဏ္ဍလ - အရိယာ အသိုင်းအဝိုင်းသို့၊
အရိယ ပညတ္တိ - အရိယဟူသော နာမည် ပညတ်သို့၊ သက်ရောက်ခြင်းကြောင့် -
ဂေါတြဘူပုဂ္ဂိုလ်ဟု ဟူ၍ ဆိုအပ်ပေ၏။

(အဘိ ၄ - ၃ - ၃၅)

အထက်ပါ ဒေသနာတော်များအရ ဤလောက၌ ပုထုဇဉ်သတ္တဝါအပေါင်းတို့သည် အစမထင်သံသရာ တစ်ခွင်၌ ဘဝပေါင်း အနန္တတွေကို ပုထုဇဉ်ဘဝနှင့်ချည်း ဖြတ်သန်းလာခဲ့ကြရပေ၏။ ဒုဂ္ဂတိဘုံ၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်အဖြစ်ဖြင့်လည်းကောင်း၊ သုဂတိဘုံ၌ သုဂတိအဟိတ် ပုထုဇဉ်အဖြစ်ဖြင့်လည်းကောင်း၊ ဒွိဟိတ် ပုထုဇဉ် အဖြစ်ဖြင့်လည်းကောင်း၊ တိဟိတ် ပုထုဇဉ်အဖြစ်ဖြင့်လည်းကောင်း ဖြတ်သန်းလာခဲ့ကြရပေကုန်၏။

ယင်းဒုဂ္ဂတိအဟိတ် ပုထုဇဉ်၊ သုဂတိအဟိတ် ပုထုဇဉ်၊ ဒွိဟိတ် ပုထုဇဉ်၊ တိဟိတ် ပုထုဇဉ်ဟူ၍ ပုထုဇဉ် ပုဂ္ဂိုလ်လေးမျိုးရှိသည့်အနက်က ဒုဂ္ဂတိအဟိတ် ပုထုဇဉ်၊ သုဂတိအဟိတ် ပုထုဇဉ်၊ ဒွိဟိတ်ပုထုဇဉ်ဟူသော ပုထုဇဉ်

တို့ကား ပုထုဇဉ်အဖြစ်က မလွတ်မြောက်နိုင်ကြသေးပေ။ တိဟိတ် ပုထုဇဉ်တို့ကား လွတ်မြောက်နိုင်သော အခွင့်အရေး ရှိလေ၏။

ပုထုဇဉ်အဖြစ်မှ လွတ်မြောက်လိုသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ရုပ်နာမ်ပရမတ်တရားများကို မြတ်စွာဘုရား ဟောကြားတော်မူထားအပ်သော သတိပဋ္ဌာန် ၄-ပါး စည်းကမ်းနှင့်အညီ ဝိပဿနာတရားကို ရှုပွားရမည် ဖြစ်၏။

ဝိပဿနာ ရှုပွား၍ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော ဝိပဿနာဉာဏ်စဉ် အခြေခံဉာဏ်နှစ်ပါးနှင့်တကွ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်မှသည် အနုလောမဉာဏ်အထိ ဉာဏ်စဉ်တွေ့ တက်လာပြီးနောက် ဂေါတြဘူဉာဏ်သို့ ရောက်သည်ဟုဆိုလျှင် ထိုပုဂ္ဂိုလ်၏ ပုထုဇဉ်ဘဝသည် နောက်ဆုံး ပုထုဇဉ် ဘဝအဖြစ်သို့ ရောက်လေတော့၏။

ဉာဏ်စဉ် ၁၆-ပါး ရှိသည့်အနက် –

နုပါဒ် (၁)ဉာဏ်စဉ်ဖြစ်သော – နာမရူပ ပရိစ္ဆေဒဉာဏ် ဖြင့်လည်းကောင်း၊
နုပါဒ် (၂) ဖြစ်သော – ပစ္စယပရိဂ္ဂဟဉာဏ် ဖြင့်လည်းကောင်း ရုပ်နာမ်တို့၏ သဘာဝလက္ခဏာကို ပိုင်းခြား၍ သိလေတော့၏။

နုပါဒ် (၃) – သမ္မသနဉာဏ် ဖြင့်လည်းကောင်း၊
နုပါဒ် (၄) – ဥဒယဗ္ဗယဉာဏ် ဖြင့်လည်းကောင်း ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုဟူသော အနိစ္စတရား သာမညလက္ခဏာကို သိမြင်လာလေ၏။

နုပါဒ် (၅) ဖြစ်သော ဘင်္ဂဉာဏ် မှစ၍ နုပါဒ် (၁၂) အနုလောမဉာဏ် အထိ ဉာဏ်စဉ် (၈)ပါးတို့ဖြင့် ရုပ်နာမ်တို့၏ ပျက်ပျက်နေသော အပျက်ဟု ဆိုအပ်သော အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား သာမညလက္ခဏာကို ကောင်းစွာသိမြင်လေ၏။

ယင်းသို့ဖြင့် နုပါဒ် (၁) နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ နုပါဒ် (၁၂) အနုလောမဉာဏ်တိုင်အောင် ဉာဏ်စဉ် ၁၂-ပါးတို့ဖြင့် သခ်ိတနယ်ဖြစ်သော ရုပ်နာမ်တို့ကိုသာ သိမြင်လျက် ရှိနေ၏။ ယင်းရုပ်နာမ်ကို သိမြင်မှုသည် ပုထုဇဉ်တို့၏ အထွတ်အထိပ်နယ်ဆုံး သိမြင်မှု ဖြစ်လေ၏။

ထိုသို့ ဝိပဿနာ ရှုပွား၍ အနုလောမဉာဏ်အထိ ရုပ်နာမ်တို့၏ သဘာဝ, သာမညတို့ကို သိမြင်နေရာမှ အနုလောမဉာဏ်ကို ကျော်လွန်၍ နုပါဒ် (၁၃) ခုမြောက်ဖြစ်သော ဂေါတြဘူဉာဏ် သို့ ရောက်လာလျှင်မူကား ရုပ်နာမ်တို့၏ ပျက်ပျက်နေမှု အပျက်နယ်ဆုံးရာ မပျက်နယ်ဖြစ်သော အသင်္ခတ နိဗ္ဗာန်သို့ သက်ရောက်လေတော့၏။ အပျက်ဆုံးရာ မပျက်သော နိဗ္ဗာန်ကို လှစ်ကနဲ တစ်ချက် သိမြင်လိုက်လေတော့၏။ ယင်းအချိန်မှစ၍ ပုထုဇဉ်ဘဝ၊ ပုထုဇဉ်အနွယ်သည် လုံးဝဥဿုံ ပြတ်တောက်၍ သွားလေတော့၏။ အရိယာအဖြစ်သို့ စတင်ဝင်ရောက်သွားလေတော့၏။

အချုပ်အားဖြင့် ပုထုဇဉ်တို့၏ သိမြင်မှု အထွတ်အထိပ် အဆုံးသည် အနုလောမဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အပျက် အနိစ္စကို သိမြင်ခြင်းတည်း။ အရိယာပုဂ္ဂိုလ်တို့၏ သိမြင်မှုအစသည် ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို စတင် သိမြင်မှုတည်း။ ဤသို့လျှင် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဝိပဿနာရှုပွားရာ၌ ပုထုဇဉ်တို့၏ သိမြင်မှု အဆုံးကို ကျော်လွှားနိုင်အောင် ရှုပွားမှု ပြုသင့်ကြပေ၏။ ပုထုဇဉ်ဘဝကို အဆုံးသတ်သင့်ကြပေကုန်၏။

၂။ ဂေါတြဘုပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်များ

၁။ ဂေါတြဘူဆိုတာ၊ ဘယ်လိုဟာ၊ ဖြတ်စွာဟောထားသည်၊
၂။ လောကုတ်နယ်မှု၊ သက်ရောက်ဟူ၊ ဂေါတြဘူခေါ် ရသည်။
၃။ အနွယ်ကိုဖြတ်၊ ပုဂ္ဂိုလ်ဖြတ်၊ သိမှတ်ကြရမည်။
၄။ ဌကထာမှာ၊ ဤသို့သာ၊ ဖွင့်ကာပြထားသည်။
၅။ ဂေါတြဘူဉာဏ်၊ ဖြတ်နိဗ္ဗာန်၊ အမှန်ပြုလေသည်။
၆။ ဒုက္ခဆုံးပုံ၊ နိဗ္ဗာန်ဂုဏ်၊ အာရုံပြု၍သည်၊
၇။ ပုထုဇဉ်ထင်း၊ ရေတွက်ခြင်း၊ ကျော်ခြင်းပြုလေပြီ။
၈။ ပုန္နယ်သိရာ၊ သုံးသိက္ခာ၊ ကျော်ကာသွားလေပြီ။
၉။ ပုထုသိုင်းဝိုင်း၊ အုတ်တံတိုင်း၊ ဖြတ်ပိုင်းသွားလေပြီ။
၁၀။ ပုထုခေါ် လတ်၊ မည်ပညတ်၊ ကျော်ဖြတ်နိုင်လေပြီ။
၁၁။ ရိယာသိုင်းဝိုင်း၊ ဖြူစင်လိုင်း၊ မဆိုင်းရောက်လေပြီ။
၁၂။ ဤသို့ဒေသနာ၊ ပြထားရာ၊ သတ္တဝါများတို့သည်၊
၁၃။ ပုထုဘဝ၊ အနန္တ၊ ဖြစ်ရမျှားလေပြီ။
၁၄။ ဒုသုအဟိတ်၊ ဒွိ,တိဟိတ်၊ လည်ရိပ်မဆုံးပြီ။
၁၅။ ပုထုဘဝ၊ ကျွတ်ဖို့ပ၊ ဆန္ဒရှိသင့်ပြီ။
၁၆။ ဒု,သု,ဒွိမှာ၊ ဤဘဝါ၊ ကျွတ်မှာမဟုတ်ပြီ။
၁၇။ တိဟိတ်မူကား၊ ကျွတ်ဖို့ပြောင်း၊ လမ်းကားရှိနေသည်။
၁၈။ ကျွတ်ဖို့လမ်းမှာ၊ ဝိပဿီသာ၊ ဖြစ်တာသိရမည်။
၁၉။ ပဌာန်လေးဖြာ၊ နည်းဖြင့်သာ၊ ညီစွာရှုရမည်။
၂၀။ ဝိပဿီတရား၊ အားကိုးပြား၊ ရှုပွားရာ၌သည်၊
၂၁။ နာမရူပါ၊ ပစ္စယာ၊ နှစ်ဖြာဉာဏ်ဖြင့်သည်၊

၂၂။	သဒ္ဓာဝဝဝိ၊	ဝိုင်းခြားအင်၊	သိမြင်နေလေသည်။
၂၃။	သမ္မသနာ၊	နံလောမာ၊	ဆယ်ဖြာဉာဏ်ဖြင့်သည်၊
၂၄။	သာမညထဝိ၊	မမြဲအင်၊	သိမြင်လာလေသည်။
၂၅။	ဂေါတြဘူမှာ၊	အပျက်ဟာ၊	ဆုံးကာသွားလေပြီ။
၂၆။	အပျက်ဆုံးအင်၊	မပျက်ဝဝိ၊	မှန်ပင်သိလေပြီ။
၂၇။	ယင်းသို့သိမှု၊	အစပြု၊	ပုထုပျောက်လေပြီ။
၂၈။	အရိယာစခန်း၊	မဂ်ဖိုလ်လေမ်း၊	တက်လှမ်းသွားလေပြီ။
၂၉။	ပုထုအသိ၊	နံလောထိ၊	အသိဆုံးလေပြီ။
၃၀။	အရိယာဟူ၊	ဂေါတြဘူ၊	နိဗ္ဗုစသိပြီ။
၃၁။	တိတိတ်ဖြစ်ခြား၊	ပဂ္ဂိုလ်များ၊	သိထားဖို့ရာသည်၊
၃၂။	သာသနာနှင့်၊	ကြုံလို့ထင့်၊	အခွင့်သင့်ခဲ့ပြီ။
၃၃။	ပုထုဘဝ၊	လွတ်အောင်ဝ၊	ကျင့်မှတော်လေဖည်။

၂။ ဂေါတြဘူပုဂ္ဂိုလ် ဖော်ပြချက် ပြီး၏။

၃။ ဘယူပရတပုဂ္ဂိုလ်၌ ဖော်ပြချက် ကိုယ်ကျင့်တရားများ

၃။ ဘယူပရတပုဂ္ဂိုလ် ။ ။ ဘယူပရတပုဂ္ဂိုလ်ဟူသည် ဘေးရန်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်များဟူ၍ အဓိပ္ပါယ်ရ၏။ ယင်းဘယူပရတပုဂ္ဂိုလ်များကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

၃။ ကတမော စ ပုဂ္ဂလော ဘယူပရတော သတ္တာသေက္ခော ဘယူပရတာ၊ ယေ စ ပုထုဇ္ဇနာ သီလဝန္တော၊ အရဟာ အဘယူပရတော။

ပြန် ။ ။ ဘေးရန်မှ ရှောင်ကြဉ်ဆဲဖြစ်သော ဘယူပရတပုဂ္ဂိုလ်သည် အဘယ်နည်း။ သေက္ခပုဂ္ဂိုလ် (ဂ)ယောက်တို့သည်လည်းကောင်း၊ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ဘေးရန်မှ ရှောင်ကြဉ်ဆဲ ပုဂ္ဂိုလ်ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်သည် ဘေးရန်မှ ရှောင်ကြဉ်ပြီး ပုဂ္ဂိုလ်ဖြစ်ကုန်၏။

(အဘိ – ၄ – ၁၁၆။ မြန် – ၁၆)

ယင်းဘယူပရတပုဂ္ဂိုလ်၏ သဘောကို အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုပြထားလေ၏။

ဘေးရန်တွေကို ကြောက်ခြင်းကြောင့် မကောင်းမှုမှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်ကို ဘယူပရတပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအံ့။ ရဟန္တာမှတစ်ပါး သေက္ခအရိယာ (၇)ယောက်တို့သည်လည်းကောင်း၊ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ဘေးရန်မှ ကြောက်ကြသောကြောင့် မကောင်းမှုမှ ရှောင်ကြဉ်ကြကုန်၏။ မကောင်းမှုကို မပြုကုန်။ ထိုတွင် –

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် 'ဒုဂ္ဂတိဘေး၊ ဝဋ်ဘေး၊ ကိလေသာဘေး၊ ဥပဓိဘေး' ဤဘေးလေးမျိုးတို့ကို ကြောက်ကြကုန်၏။ ကြောက်ထိုက်သော အနက်ကြောင့်ပင် ဘေးဟူ၍ ဆိုအပ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ဃသည် အကယ်၍ မကောင်းမှုကို ပြုအံ့။ အပါယ်လေးပါးတို့သည် ပါးစပ်ကို ပွင့်၍ တည်သော ဆာလောင်မွတ်သိပ်နေသော စပါးကြီးမြွေနှင့်တူကုန်၏။ အပါယ်လေးပါးတို့၌ ဆင်းရဲကို ခံစားရသည်ရှိသော် အဘယ်သို့ ဖြစ်လတ္တံ့နည်း။ ဤသို့တွေး၍ ဒုဂ္ဂတိဘေးကို ကြောက်သောကြောင့် မကောင်းမှုကို မပြု။

ထို့နောက် အစမထင် သံသရာသည်ပင် ဝဋ်ဘေးမည်၏။ အလုံးစုံသော အကုသိုလ်တရားသည် ကိလေသာဘေး မည်၏။ သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းသည် ဥပဓိဘေးမည်၏။ ထိုသုံးပါးသော ဘေးတို့ကိုလည်း ကြောက်သောကြောင့် မကောင်းမှုကို မပြု။

အရိယာပုဂ္ဂိုလ် (၈)ယောက်အနက် ရဟန္တာမှတစ်ပါး ကျန်သော သေက္ခအရိယာပုဂ္ဂိုလ်တို့သည် အပါယ်ဘေးမှ လွန်မြောက်ပြီးဖြစ်သောကြောင့် ကြောက်စရာ မလိုတော့ပေ။ ကျန်သောဘေးသုံးမျိုးတို့ကိုကား ကြောက်သောကြောင့် မကောင်းမှုကို မပြုကြပေ။

ရဟန္တာပုဂ္ဂိုလ်သည်ကား ထိုဘေးလေးမျိုးတို့ကို အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် မကြောက်တော့ပေ။ (*ကြောက်စရာဘေး ဟူ၍ မရှိတော့ဘူး ဟူလို*)

ဤ၌ မေးစရာရှိသည်ကား ရဟန္တာပုဂ္ဂိုလ်သည် သူတစ်ပါးစွပ်စွဲခံရမည့် ဥပဓိဘေးကိုကား မကြောက်ဘူးလား၊ ဟူ၍ မေးစရာရှိ၏။ *အဖြေကား* – မကြောက်ပါ ဟူ၍ ဖြေရမည် ဖြစ်၏။ သို့ရာတွင်ကား သူတစ်ပါးစွပ်စွဲစရာမရှိအောင် စောင့်ရှောက်၏ ဟူ၍ ဆိုခြင်းငှါ သင့်မြတ်လေ၏။

(အဘိ ၌ - ၃ - ၃၅ / ၆)

အထက်ပါ ဒေသနာတော်အရ 'သေက္ခပုဂ္ဂိုလ် (၇)ယောက်နှင့် သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် **ဘေးရန်မှ ရှောင်ကြဉ်ဆဲ 'ဘယူပရတ'ပုဂ္ဂိုလ်မည်၏** ' ဟု ဆိုထားသဖြင့် အဘယ်သည် ဘေးရန် ဖြစ်သနည်း? ဟု စိစစ်ရန် လို၏။ ဘေးဟူသော စကားသည် ဘယ-ဟူသော ပါဠိပုဒ်မှ လာခြင်းဖြစ်၍ ဘယ-ဟူသည် ကြောက်ခြင်းဟူသော အနက်အဓိပ္ပါယ်ကို ဟောလေ၏။ ထို့ကြောင့် ဒုဂ္ဂတိဘေး၊ ဝဋ်ဘေး၊ ကိလေသာဘေး၊ ဥပဓိဘေး လေးမျိုးတို့ကို တကယ်ကြောက်ထိုက်သောကြောင့်ပင် **'ဘေး'** ဟူ၍ ခေါ်ဆိုရခြင်း ဖြစ်၏။

ကြောက်ထိုက်သော ဘေးလေးမျိုးသို့ ဘယ်သူ ပို့ဆောင်ပေးသနည်း? ဟူ၍ စိစစ်ရန်လိုပေ၏။ ထိုဘေးဆိုသို့ မိမိအလိုအလျောက်လည်း သွားကြမည် မဟုတ်။ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်ကလည်း ပို့ဆောင်ပေးမည်

မဟုတ်ဘဲ ပိဖိပြုသော မကောင်းမှုကသာ မရောက်ရောက်အောင် ပို့ဆောင်ပေးမည် ဖြစ်သဖြင့် မကောင်းမှုကိုသာ ကြောက်သင့်ကြပေ၏။ မကောင်းမှုကိုသာ ရှောင်ကြဉ်ကြရမည် ဖြစ်ပေ၏။

ထိုဘေးလေးမျိုးတို့တွင် ကြောက်ဖွယ်အကောင်းဆုံး ဘေးသည်ကား အပါယ်ဒုဂ္ဂတိဘေးတည်း။ သောတာပန် အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည်ကား အပါယ်ဘေးမှ လွန်မြောက်ပြီးဖြစ်၍ ကြောက်စရာမလိုတော့။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ကား အပါယ်ဘေးမှ လုံးဝဥဿုံ လွန်မြောက်ခြင်း မရှိသေးသည်ဖြစ်၍ ပုထုဇဉ်တို့အတွက် အပါယ်ဘေးသည် ကြောက်စရာအဖြစ် ရှိနေဦးမည် ဖြစ်၏။

ထိုတွင် သီလဝန္တာ – သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်၊ ပုညဝန္တာ – ကောင်းမှုရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ကား ထိုဒုဂ္ဂတိဘေး၊ အပါယ်ဘေးတို့ကို ကြောက်သောကြောင့်ပင် သီလကို ထိန်းသိမ်းနေရခြင်း ဖြစ်၏။ ကောင်းမှုကို ပြုလုပ်နေရခြင်း ဖြစ်၏။ မကောင်းမှုကို ရှောင်နေရခြင်း ဖြစ်၏။ ထို့ကြောင့် 'မကောင်းမှုကို ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဘယူပရတပုဂ္ဂိုလ် မည်၏' ဟု ဆိုထားခြင်း ဖြစ်လေ၏။

သီလမရှိကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်များ၊ မကောင်းမှုကို မရှောင်ကြဉ်ကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်များ၊ ဒုစရိုက်ကို ကျူးလွန်နေကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်များကိုတော့ သီလမရှိသောကြောင့်ပင်၊ မကောင်းမှုကို မရှောင်ကြဉ်သောကြောင့်ပင်၊ ဒုစရိုက်ကို ကျူးလွန်နေသောကြောင့်ပင် ဘယူပရတပုဂ္ဂိုလ် အမည်မရကြတော့ပေ။ ယင်းသို့ဆိုလျှင် အပါယ်ဘေး၊ ဒုဂ္ဂတိဘေး စသော ဘေးတို့မှာ ထိုပုထုဇဉ်တို့အတွက် ဖြစ်နေသည်မှာ ထင်ရှားလျက် ရှိနေလေ၏။ ထို့ကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဘယူပရတပုဂ္ဂိုလ်ဖြစ်အောင်၊ ဘယူပရတပုဂ္ဂိုလ်အဖြစ်နှင့် နေနိုင်အောင် သေသည်အထိ ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေ၏။

၃။ ဘယူပရတပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဘယူပရတဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	မကောင်းမှုမှ၊	ရှောင်ကြဉ်ကြ၊	ပုဂ္ဂိုလ်များကိုသည်၊
၃။	ဘယူပရတ၊	ပုဂ္ဂိုလ၊	ခေါ် ရသိနိုင်သည်။
၄။	သေက္ခခုနစ်ဖြာ၊	သီလဝါ၊	ရှစ်ဖြာရှိလေသည်။
၅။	ဒုဝင်္ဂတိဘေး၊	ဥပဘေး၊	လေးဘေးရှိလေသည်။
၆။	ကြောက်ထိုက်၍ပါ၊	ထိုလေးဝ၊	ဘေးဘယခေါ် ရသည်။
၇။	ထိုဘေးလေးခု၊	ကြောက်၍ဟု၊	မကောင်းမှုရှောင်ရသည်။
၈။	ကြောက်ထိုက်၍မူ၊	ဘေးလေးဟူ၊	ဘယ်ဆူလိုက်ပို့သည်။
၉။	မိမိအလိုဿ၊	သွားခြင်းငှါ၊	ဘယ်မှာပြုလေမည်။
၁၀။	သူတစ်ပါးသည်၊	လိုက်၍သည်၊	ပို့မည်မဟုတ်ပြီ။

၁၁။	အကုသလာ၊	ဝိဠေဘင်္ဂမှာ၊	သေချာလျှေ့ပေသည်။
၁၂။	ထကယ်ကြောက်စရာ၊	အကုသလာ၊	ဖြစ်တာသိရမည်။
၁၃။	ရှောင်ကြဉ်ရမှာ၊	အကုသလာ၊	ဖြစ်တာသိရမည်။
၁၄။	ထိုဘေးလေးဖြာ၊	ဒုတေးမှာ၊	လွန်စွာကြောက်သင့်သည်။
၁၅။	သေကွရိယာ၊	ဒုတေးမှာ၊	ပယ်ခွါပြီး၍သည်၊
၁၆။	ဒုဘေးကိုတိ၊	ကြောက်လန့်ဘိ၊	မရှိလေတော့ပြီ။
၁၇။	ကျန်ဘေးသုံးဖြာ၊	ကြောက်၍သာ၊	ပါပါရှောင်ကြသည်။
၁၈။	ပုထုထိုထို၊	ဒုဘေးဆို၊	ရှိကိုနေ၍သည်၊
၁၉။	ကြောက်ရလန့်ရ၊	စိုးရိမ်ရ၊	ထိတ်ရသဖြင့်သည်၊
၂၀။	မကောင်းမှုအား၊	ရှောင်ခြင်းအား၊	ပြုကြားနေ၍သည်၊
၂၁။	သီလရှိအောင်၊	ကုရှိအောင်၊	ကျင့်ဆောင်နေရမည်။
၂၂။	ထိုကြောင့်သာပ၊	ဘယူပ၊	ခေါ် ရသိနိုင်သည်။
၂၃။	သီလမကြိုက်၊	ကုမကြိုက်၊	ဒုကြိုက်များကိုသည်၊
၂၄။	သီလဟူဘိ၊	ပုညဏ်၊	မရှိလေ၍သည်၊
၂၅။	ဘယူပရတ၊	အဓည်ပ၊	မရကြလေပြီ။
၂၆။	အထက်တန်းစား၊	ပကုအား၊	ရငြားတိတိတ်သည်၊
၂၇။	ဘယူပရတ၊	ပဂ္ဂလ၊	နိစ္စဖြစ်အောင်သည်၊
၂၈။	သေအထိပင်၊	အကုအင်၊	ရှောင်ကြဉ်ကြရမည်။
၂၉။	ကုသိုလ်ကိုသာ၊	အမြဲသာ၊	ပြုကာနေရမည်။
၃၀။	ဝိပဿနာတရား၊	ထပ်ထပ်အား၊	ရှုပွားကြရမည်။

၃။ ဘယူပရတ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၄။ အဘိဓမ္မာဂမနပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၄။ အဘိဓမ္မာဂမနပုဂ္ဂိုလ် ။ ။ အဘိဓမ္မာဂမန ပုဂ္ဂိုလ်ဟူသည် အရိယာအဖြစ်သို့ ရောက်ခြင်းငှါ မထိုက်သော၊ အရိယာမဖြစ်နိုင်သော ပုဂ္ဂိုလ်များ ဟူ၍ အဓိပ္ပါယ်ရလေသည်။ ထိုပုဂ္ဂိုလ်များကို မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထားလေသည်။

ကတမော စ ပုဂ္ဂလော အဘိဓမ္မာဂမနော – အရိယာအဖြစ်သို့ ရောက်ခြင်းငှါ မထိုက်သော အဘိဓမ္မာဂမနပုဂ္ဂိုလ် ဟူသည် အဘယ်နည်း။

ယေ တေ ပုဂ္ဂလာ – အကြင်ပုဂ္ဂိုလ်တို့သည် –

၁။ ကမ္မာဝရဏေန သမန္နာဂတာ – ပဉ္စာနန္တရိယကံတည်းဟူသော ကံ၏ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏။

၂။ ကိလေသာဝရဏေန သမန္နာဂတာ – နိယတ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသာ၏ ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏။

၃။ ဝိပါကာဝရဏေန သမန္နာဂတာ – အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေတည်းဟူသော ဝိပါက်ပိတ်ပင်ခြင်းနှင့်လည်း ပြည့်စုံကုန်၏။

၄။ အဿဒ္ဓါ – သဒ္ဓါတရားလည်း မရှိကုန်။

၅။ အစ္ဆန္ဒိကာ – ကုသိုလ်တရား၌ လိုလားခြင်းဆန္ဒမှလည်း ကင်းကုန်၏။

၆။ ဇဠာ – ဉာဏ်ပညာလည်း မဲ့ကုန်၏။

ဣမေ ဝုစ္စန္တိ ပုဂ္ဂလာ အဘဗ္ဗာဂမနာ – ဤပုဂ္ဂိုလ်တို့ကို အရိယာအဖြစ်သို့ ရောက်ခြင်းငှါ မထိုက်သော အဘိဓမ္မာဂမနပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်၏။

(အဘိ – ၄ – ၁၁၆။ မြန် – ၁၆။ အဘိ ၌ – ၃ – ၃၆)

အထက်ပါ ဒေသနာတော်သဘောအရ လူအဖြစ်နှင့် ဘုရားသာသနာတော်နှင့် တွေ့ကြုံရပါလျက် မဂ်ဖိုလ်နိဗ္ဗာန်မှ အဆုံးရှုံးကြီး ဆုံးရှုံးကြရသော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေကုန်၏။ ထိုတွင် **ပဉ္စာနန္တရိယကံ**ဟူသည် အကုသိုလ်ကံတွင် အလွန်ကြီးလေးသောကံတည်း။ လူ့လောက၌ အနန္တကျေးဇူးရှင်များ ရှိကြကုန်၏။ ယင်းတို့မှာ အမိ၊ အဖ၊ ရဟန္တာ၊ မြတ်စွာဘုရား၊ ညီညွတ်သောသံဃာတို့တည်း။ အနန္တကျေးဇူးရှင်ဖြစ်သော အမိကို သတ်သော်လည်းကောင်း၊ အဖကို သတ်သော်လည်းကောင်း၊ ရဟန္တာကို သတ်သော်လည်းကောင်း၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်သော်လည်းကောင်း၊ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် ပြုလုပ်သော်လည်းကောင်း အလွန်ကြီးလေးသော အကုသိုလ်ကံကြီးကို ကျူးလွန်ခြင်း ဖြစ်လေ၏။ ယင်းအကုသိုလ်ကံက မဂ်ဖိုလ်နိဗ္ဗာန် မရအောင်

တားမြစ်လေ၏။ အရိယာ မဖြစ်အောင် တားမြစ်လေ၏။ အမိ၊ အဖ၊ ရဟန္တာမှတစ်ပါး အခြားသော လူတို့ကို သတ်ရာ၌ကား အပြစ်ကားကြီး၏။ သို့ရာတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို မတားပေ။ ထို့ကြောင့် အဇာတသတ်မင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရထိုက်သော်လည်း အပေကိုသတ်မိ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရပေ။ သေလွန်လျှင် ငရဲ၌ခံရလေ၏။ အင်္ဂုလိမာလကား လူပေါင်းများစွာကို သတ်မိသော်လည်း ထိုကံက မဂ်ဖိုလ်နိဗ္ဗာန်ကို မတားသောကြောင့် ရဟန္တာအဖြစ်သို့ ရောက်ရလေ၏။

နိယတ မိစ္ဆာဒိဋ္ဌိ အယူကို ယူသောသူသည်လည်း မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဆိုရာ၌ ဒိဋ္ဌိဟူသည် ကိလေသာမျိုးတွင် ပါဝင်လေ၏။ ယင်းအယူမှား ဒိဋ္ဌိကိလေသာသည် သာမည ဒိဋ္ဌိကိလေသာမျိုး မဟုတ်ပေ။ ဘုရားရှင်တို့သည်ပင် ချတ်၍မရလောက်အောင် မှားသောအယူကို စွဲစွဲမြဲမြဲ ယူသော နိယတမိစ္ဆာဒိဋ္ဌိတည်း။ နိယတမိစ္ဆာဒိဋ္ဌိသမားအား ယင်းနိယတမိစ္ဆာဒိဋ္ဌိ၌ရှိသော ဒိဋ္ဌိကိလေသာကပင် မဂ်ဖိုလ်နိဗ္ဗာန်ကို တားခြင်းဖြစ်လေ၏။

ဝိပါကာဝရဏ – ဝိပါက်စိတ်ပိတ်ပင်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရခြင်းဟူရာ၌ ပဋိသန္ဓေနေစဉ်က ဒုက္ခတိအဟိတ်အဖြစ်ဖြင့် ပဋိသန္ဓေနေကြသော အပါယ်ဘုံသားတို့ကိုလည်းကောင်း၊ သုဂတိဘုံ၌ ဖြစ်ရသော်လည်း သုဂတိအဟိတ်ဖြင့် ပဋိသန္ဓေနေကြရသော လူတို့ကိုလည်းကောင်း၊ ဒွိဟိတ်ပဋိသန္ဓေဖြင့် နေကြရသော လူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း ယင်းဝိပါက်အဟိတ်စိတ်၊ ဒွိဟိတ်စိတ်တို့ကပင် မဂ်ဖိုလ်နိဗ္ဗာန်ကို တားမြစ်ထားသည်ဖြစ်၍ ထိုပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မရခြင်း ဖြစ်လေ၏။

ထိုတွင် ဒွိဟိတ်ပဋိသန္ဓေနေရခြင်းသည်ကား အလောဘ၊ အဒေါသ၊ အမောဟဟူ၍ ကုသိုလ်ဟိတ်သုံးပါးရှိရာ ဒါန အစရှိသော ကုသိုလ်ကို ပြုရာ၌ အမောဟဟူသော ဉာဏ်နှင့်ယှဉ်သော ဟိတ်မပါမူ၍ အလောဘ၊ အဒေါသဟူသော ဟိတ်နှစ်ပါးဖြင့် ပြုခဲ့သောကြောင့် ပဋိသန္ဓေနေရာ၌ ဒွိဟိတ်ပဋိသန္ဓေနေရခြင်း ဖြစ်လေ၏။ ထို့ကြောင့် ကုသိုလ်ပြုရာတွင် ဉာဏ်နှင့်ယှဉ်၍ ပြုရသော တိဟိတ်ကုသိုလ်ဖြစ်ရန် အရေးကြီးကြောင်း သဘောပေါက်သင့်ကြပေကုန်၏။

သဒ္ဓါတရားမရှိ၍, ကုသိုလ်ဆန္ဒမရှိ၍, ဉာဏ်ပညာမဲ့၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရခြင်းသည်ကား သဒ္ဓါတရားမရှိသောကြောင့်ပင်, ကုသိုလ်ဆန္ဒမရှိသောကြောင့်ပင်, ဉာဏ်ပညာကင်းမဲ့သောကြောင့်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရကြခြင်း ဖြစ်လေ၏။ ထို့ကြောင့် သဒ္ဓါတရားရှိအောင်၊ ကုသိုလ်ဆန္ဒရှိအောင်၊ ဉာဏ်ပညာရှိအောင် ကြိုးစားသင့်ကြပေကုန်၏။

၄။ အဘိဓမ္မာဂမနပုဂ္ဂိုလ်ကို ပေါ်ပြခြင်း၌ ဆောင်ရန်လက်ခံများ

၁။	အဘိဓမ္မာဂမနဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	အရိယာဖြစ်ခြင်းငှါ၊	မထိုက်တာ၊	ပြောတာဖြစ်လေသည်။
၃။	တံ ကိလေသ၊	ဝိပါက၊	မုချတားဆီးသည်၊
၄။	အရိယာဇာတ်၊	မရောက်လေတ်၊	သိမှတ်ကြရမည်။
၅။	ပဉ္စာနန္တရိယ၊	ကျူးလွန်က၊	ကံကတားဖြစ်သည်။

၆။	အယူများတွေ၊	မြဲယူပေ၊	ကိလေသာမြစ်သည်။
၇။	အဟိတ်တစ်တွေ၊	ဒွိဟိတ်ပေ၊	သန္ဓေများကိုသည်၊
၈။	အဟိတ်, ဒွိဟိတ်၊	ပဋိစိတ်၊	ဝိစိတ်တားလေသည်။
၉။	ယင်းပဉ္စလော၊	သာသနာ၊	ကြံကာနေလျက်သည်။
၁၀။	မဂ်ဖိုလ်မပြိုး၊	အချည်းနှီး။	အရှုံးကြီးရှုံးရသည်။
၁၁။	ပဉ္စာနန္တရိယာ၊	သတောမှာ၊	ကောင်းစွာသိရမည်။
၁၂။	မိဘနှစ်ဖြာ၊	ရဟန္တာ၊	မြတ်စွာမျာနှင့်သည်၊
၁၃။	ညီညွတ်သံယာ၊	ကျေးလူဟာ၊	အနန္တာဖြစ်လေသည်။
၁၄။	ရဟန္တာဟူ၊	မိဘမူ၊	သတ်သူများတို့သည်၊
၁၅။	ဘုရားမရှောင်၊	သွေးစိမ်းထောင်၊	ထည်အောင်ပြုသူသည်၊
၁၆။	ညီညွတ်သံယာ၊	တွဲအောင်သာ၊	ပြုရာသူတို့သည်၊
၁၇။	အကုသိုလ်ကား၊	အလွန်ကြား၊	ကြီးမားလှစွာသည်။
၁၈။	ကြီးမားလွန်းလစ်၊	ထိုက်ညစ်၊	တားမြစ်ထား၍သည်၊
၁၉။	မဂ်ဖိုလ်နိဗ္ဗာ၊	မရတာ၊	ကောင်းစွာသိနိုင်သည်။
၂၀။	အဇာတသတ်၊	အဖေသတ်၊	ပုံကပ်သိရမည်။
၂၁။	အခြားသူများ၊	သတ်သူကား၊	ပြစ်ကားကြီးလေသည်။
၂၂။	သို့ရာတွင်မူ၊	မဂ်ဖိုလ်ဟူ၊	တားမူမပြုပြီ။
၂၃။	အင်္ဂလိမာလော၊	ရဟန္တာ၊	ဖြစ်တာသိနိုင်သည်။
၂၄။	အဟိတ်တစ်မူ၊	ဒွိဟိတ်ဟူ၊	ဖြစ်သူများတို့သည်၊
၂၅။	ကုသိုလ်မပြု၊	အဟိတ်စု၊	ဖြစ်ပြုကြလေသည်။
၂၆။	ကုသိုလ်ပြုရိပ်၊	ဉာဏ်မချိတ်၊	ဒွိဟိတ်ဖြစ်ကြသည်။
၂၇။	ထို့ကြောင့်မနိပင်၊	ကုပြုအင်၊	ဉာဏ်ယှဉ်ပြုရမည်။
၂၈။	ဆန္ဒ,သဒ္ဓါ၊	မရှိရာ၊	ပညာမဲ့များသည်၊
၂၉။	မရှိလို့ကို၊	မဲ့လို့ကို၊	မဂ်ဖိုလ်မရပြီ။
၃၀။	ရှိကြအောင်များ၊	ရွဲနှင့်များ၊	ကြိုးစားသင့်ကြသည်။

၄။ အဘိဓမ္မာဂမနပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၅။ ဘဗ္ဘာဂမနပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၅။ ဘဗ္ဘာဂမနပုဂ္ဂိုလ် ။ ဘဗ္ဘာဂမနပုဂ္ဂိုလ်ဟူသည် အရိယာဖြစ်ခြင်းငှါ ထိုက်သောပုဂ္ဂိုလ် ဖြစ်လေသည်။ ယင်းဘဗ္ဘာဂမနပုဂ္ဂိုလ်များကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူလေသည်။

ကတမော စ ပုဂ္ဂလော ဘဗ္ဘာဂမနော – အရိယာအဖြစ်သို့ ရောက်ခြင်းငှါ ထိုက်သော ဘဗ္ဘာဂမန ပုဂ္ဂိုလ်တို့သည် အဘယ်နည်း။

ယေ တေ ပုဂ္ဂလာ – အကြင်ပုဂ္ဂိုလ်တို့သည် –

၁။ နိ ကမ္မာဝရဏေန သမန္နာဂတာ – အကြင်ပုဂ္ဂိုလ်တို့သည် ပဉ္စာနန္တရိယကံတည်းဟူသော ပိတ်ပင်ခြင်းနှင့်လည်း မပြည့်စုံကုန်။

၂။ နိ ကိလေသာဝရဏေန သမန္နာဂတာ – နိယတမိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသာ ပိတ်ပင်ခြင်းနှင့်လည်း မပြည့်စုံကုန်။

၃။ နိ ဝိပါကာဝရဏေန သမန္နာဂတာ – အဟိတ်၊ ဒွိဟိတ်တည်းဟူသော ဝိပါက်၏ပိတ်ပင်ခြင်းတို့နှင့်လည်း မပြည့်စုံကုန်။

၄။ သဒ္ဓါ – သဒ္ဓါတရားလည်း ရှိကုန်၏။

၅။ ဆန္ဒိကာ – ကုသိုလ်၌လိုလားခြင်းဆန္ဒလည်း ရှိကုန်၏။

၆။ အနေဠာ – ဉာဏ်ပညာလည်း ရှိကုန်၏။

ဣမေ ဝုစ္စန္တိ ဘဗ္ဘာဂမနာ – ဤပုဂ္ဂိုလ်တို့ကို အရိယာအဖြစ်သို့ ရောက်ခြင်းငှါ ထိုက်သော ဘဗ္ဘာဂမန ပုဂ္ဂိုလ်တို့ ဟူ၍ ဆိုအပ်ကုန်၏။

(အဘိ – ၄ – ၁၁၆။ မြန် – ၁၆)

အထက်ပါ ဒေသနာသဘောအရ ပဋိသန္ဓေနေစဉ်အခါက အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေနေသူ မဖြစ်စေရ ဟူသော အချက်သည် အဓိကအချက် ဖြစ်လေသည်။ အကြောင်းမှာ – အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်တို့ဖြင့် ပဋိသန္ဓေနေလာခဲ့သူတို့သည် သာသနာတော်နှင့် ကြုံတွေ့၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ဘယ်လောက်ပင် လိုချင်ပါစေ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်စိတ်နှင့် ဘယ်လောက်ပင် ဝိပဿနာတရားကို အားထုတ်ပါစေ– ဤဘဝ ဤကိုယ်အဖြစ်နှင့် ဘယ်လိုမှ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သောကြောင့် ဖြစ်သည်။

အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေဖြင့်နေသူ မဖြစ်စေရဆိုသဖြင့် မဟာဝိပါက် ပဌမဝိပါက်စိတ်ဟု ဆိုအပ်သော တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေသူ ဖြစ်စေရမည်ဟု ဆိုလိုပေသည်။ ယင်းတိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေလာခဲ့သော တိဟိတ်ပုဂ္ဂိုလ်သည်လည်း အမိသတ်ခြင်း၊ အဖသတ်ခြင်း စသော ပဉ္စာနန္တရိယကံကို ကျူးလွန်သူ

မဖြစ်စေရ။ နိယတမိစ္ဆာဒိဋ္ဌိကိုယူသူ မဖြစ်စေရသည့်အပြင် သဒ္ဓါတရားရှိသူလည်း ဖြစ်ရမည်။ ဒါန, သီလ, ဝိပဿနာ ကုသိုလ်တို့၌ လိုလားသော ဆန္ဒရှိသူလည်း ဖြစ်ရမည်။ ဉာဏ်ပညာနှင့် ပြည့်စုံသူလည်း ဖြစ်ရမည်။ ဤသို့သော အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ အရိယာအဖြစ်သို့ ရောက်ခြင်းဟု ထိုက်သူဖြစ်ကြောင်း သဘောပေါက်သင့်ကြပေသည်။

ဤသဘောအရ ဒါန, သီလ အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုရာ၌ မဟာကုသိုလ် ပဌမစိတ်ရှိအောင် ပြုတတ်ရန် အလွန်အရေးကြီးကြောင်း ထင်ရှားနေလေသည်။ ကုသိုလ်ပြုရာ၌ ဝမ်းမြောက်ဝမ်းသာလည်း ပြုသည်။ လိုလိုလားလား တက်တက်ကြွကြွလည်း ပြုသည်။ ဉာဏ်ယှဉ်၍လည်း ပြုသည်ဟုဆိုလျှင် ထိုပုဂ္ဂိုလ်၌ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ပဌမစိတ် ဖြစ်လေတော့သည်။ ယင်းတိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ပဌမစိတ်က နောက်ဘဝ လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်ရာ၌ တိဟိတ် ဥက္ကဋ္ဌ မဟာဝိပါက် ပဋိသန္ဓေစိတ်ဟူသော အကျိုးကို ပေးလေမည် ဖြစ်သည်။ ထိုအခါ အရိယာဖြစ်ခြင်းဟု ထိုက်သော ဘဗ္ဘာဂမနပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေတော့သည်။ ဤသို့လျှင် အဘိဓမ္မာသဘာဝဖြစ်စဉ်ကို နားလည်ထားသင့်ကြပေသည်။

၅။ ဘဗ္ဘာဂမန ပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဘဗ္ဘာဂမနဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဖေဟာထားသည်။
၂။	အရိယာဖြစ်ခြင်းငှါ၊	ထိုက်တန်တာ၊	ပြောတာဖြစ်လေသည်။
၃။	အဟိတ်, ဒွိဟိတ်၊	ပဋိသိတ်၊	ဝိစိတ်ကင်းရမည်။
၄။	တိဟိတ်ဖြင့်မူ၊	သန္ဓေဟူ၊	ယူသူဖြစ်ရမည်။
၅။	သဒ္ဓါရှိသူ၊	ဆန္ဒဟူ၊	ရှိသူဖြစ်ရမည်။
၆။	ပညာရည်မူ၊	မယွင်းသူ၊	ပြည့်သူဖြစ်ရမည်။
၇။	ဤသည့်အင်္ဂါ၊	ပြည့်သူမှာ၊	ရိယာဖြစ်ထိုက်သည်။
၈။	ဤသဘာဝ၊	ကောင်းစွာပ၊	ထောက်ဆကြည့်ရမည်။
၉။	ကုသိုလ်ပြုရာ၊	ပကုဟာ၊	လွန်စွာရေးပါသည်။
၁၀။	ဝမ်းလဲဝမ်းသာ၊	လိုလားစွာ၊	ဉာဏ်ပါယှဉ်၍သည်၊
၁၁။	ဒါနသီလ၊	ကုသလ၊	ပြုကြရာ၌သည်၊
၁၂။	တိဟိတ်ဥက္ကဋ္ဌ၊	ကုသလ၊	မုချဖြစ်တော့သည်။
၁၃။	နောက်ဘဝပေ၊	ဋိသန္ဓေ၊	တူလေကျိုးပေးသည်။
၁၄။	အထက်တန်းစား၊	တိဟိတ်များ၊	ဖြစ်ငြားသဖြင့်သည်၊
၁၅။	ရိယာဖြစ်ခြင်းငှါ၊	ထိုက်တန်တာ၊	သေချာဖြစ်တော့သည်။
၁၆။	ထို့ကြောင့်သာပ၊	ကုသလ၊	ပြုကြရာ၌သည်၊

၁၇။ ဝမ်းမြောက်ဝမ်းသာ၊ လိုလားစွာ၊ ဉာဏ်ပါယှဉ်၍သည်၊
၁၈။ ပကတိတ်အား၊ ဖြစ်အောင်များ၊ ကြိုးစားပြုရမည်။

၅။ ဘဗ္ဘာဂမနဿ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၆။ နိယတပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၆။ နိယတပုဂ္ဂိုလ်များ ။ ။ အကျိုးပေးမြဲသော ပုဂ္ဂိုလ်ကို နိယတပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ယင်းနိယတပုဂ္ဂိုလ်များကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ကတမော စ ပုဂ္ဂလော နိယတော – အကျိုးပေးမြဲသောပုဂ္ဂိုလ်သည် အဘယ်နည်း။

၁။ ပဉ္စ ပုဂ္ဂလာ အာနန္တရိကာ – ပဉ္စာနန္တရိယကံထိုက်သော ပုဂ္ဂိုလ်ငါးယောက်တို့သည် လည်းကောင်း၊

၂။ ယေ စ မိစ္ဆာဒိဋ္ဌိကာ နိယတာ – နိယတမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊

၃။ အဌစ အရိယပုဂ္ဂလာ နိယတာ – ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း အကျိုးပေးမြဲသော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

၄။ အဝသေသာ ပုဂ္ဂလာ အနိယတာ – ကြွင်းသောပုဂ္ဂိုလ်တို့သည် အကျိုးပေးမမြဲသော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

(အဘိ – ၄ – ၁၁၆။ မြန် – ၁၆)

အထက်ပါ ဒေသနာတော်အရ နိယတပုဂ္ဂိုလ်၊ အနိယတပုဂ္ဂိုလ်တို့နှင့် ဆက်စပ်၍ အဌကထာတွင် ဤသို့ ဖွင့်ဆိုထားလေ၏။

ပဉ္စာနန္တရိယကံငါးပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်သူသည်လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိကို ယူသူသည်လည်းကောင်း ဤဘဝသေလွန်၍ နောင်ဘဝ၌ ငရဲ၌ဖြစ်ခြင်းအကျိုးဟု မြဲသောကြောင့် နိယတပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏။

ရဟန္တာမှတစ်ပါး ကျန်အရိယာပုဂ္ဂိုလ် (၇)ယောက်တို့သည် အထက်မဂ်ဖိုလ် အကျိုးဟုလည်းကောင်း၊ အနုပါဒိပရိနိဗ္ဗာန် အကျိုးဟုလည်းကောင်း မြဲကုန်သည်၏အဖြစ်ကြောင့် နိယတပုဂ္ဂိုလ်မည်၏။

ရဟန္တာပုဂ္ဂိုလ်မူကား အနုပါဒိပရိနိဗ္ဗာန် အကျိုးဟုသာ မြဲသည်၏အဖြစ်ကြောင့် နိယတပုဂ္ဂိုလ် မည်၏။

ထိုနိယတပုဂ္ဂိုလ်တို့မှာတစ်ပါး ကြွင်းကုန်သော ပုထုဇဉ်တို့၏ ဘဝတို့သည်ကား မပြေသော ဂတိရှိကုန်၏။ ကောင်းကင်သို့ ပစ်တင်အပ်သော တုတ်ချောင်းကို မြေသို့ပြန်၍ကျရာ၌ အရင်းဖြင့်ကျမည်၊ အလယ်ဖြင့်ကျမည်၊ အဖျားဖြင့်ကျမည်ဟူ၍ မသိနိုင်သကဲ့သို့ ထိုပုဂ္ဂိုလ်တို့၏ ဂတိတို့သည် ဤမည်သောဂတိ၌ ဖြစ်လိမ့်မည်ဟု မသိနိုင်သောကြောင့် မြဲသောဂတိ မရှိခြင်းကြောင့် ထိုပုဂ္ဂိုလ်တို့ကို အနိယတပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ကုန်၏။

ဤ၌ နိယတပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခြင်းသည် မြဲသောကံ၏အစွမ်း၊ မြဲသောမဂ်ဖိုလ်၏အစွမ်းဖြင့်သာ သတ်မှတ်ခြင်း ဖြစ်၏။ ပြောက်ကျွန်း၌ ဖြစ်သောလူတို့သည်လည်း သေလျှင် အမြဲနတ်ပြည်ရောက်ရခြင်းဟူသော ဂတိရှိ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူထား၏။ ယင်းသို့ သတ်မှတ်ခြင်းသည် ဇီးပါးသီလ၏ အစွမ်းဖြင့်သာ သတ်မှတ်ခြင်း ဖြစ်၏။ မြဲသောကံ၊ မြဲသောမဂ်ဖိုလ်၏ အစွမ်းဖြင့် သတ်မှတ်ခြင်း မဟုတ်ပေ။ ဤ၌ကား မြဲသောကံ၊ မြဲသောမဂ်ဖိုလ်၏ အစွမ်းဖြင့် နိယတပုဂ္ဂိုလ်ကို သတ်မှတ်ခြင်း ဖြစ်ပေ၏။

(အဘိ ၄ - ၃ - ၃၇)

အထက်ပါ ဒေသနာသဘောအရ ကံ၏အစွမ်းဖြင့် နိယတပုဂ္ဂိုလ်ကို သတ်မှတ်ရာ၌ ကုသိုလ်ကံ၏အစွမ်းဖြင့် မသတ်မှတ်ဘဲ အကုသိုလ်ကံ၏အစွမ်းဖြင့် သတ်မှတ်ခြင်း ဖြစ်၏။ အကုသိုလ်ကံ၌လည်း အကုသိုလ်ကံတွေ မြောက်များစွာအနက်က အခြားသော အကုသိုလ်ကံ၏အစွမ်းဖြင့် မသတ်မှတ်ဘဲ ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် သတ်မှတ်ခြင်း ဖြစ်၏။

ဤဘဝမှ သေလျှင် နောင်ဘဝ၌ အဘယ်ကံ အကျိုးပေးမည်နည်း? ဟု စိစစ်သင့်၏။ လူတစ်ဦးတစ်ယောက်၌ ကုသိုလ်ကံတို့သည်လည်း မြောက်များစွာ ရှိ၏။ အကုသိုလ်ကံတို့သည်လည်း မြောက်များစွာရှိ၏။ ဘယ်ကံက အကျိုးပေးမည်ဟူ၍ သေချာပေါက် ပြော၍ မရပေ။ အကုသိုလ်ကံ အကျိုးပေးသော်လည်း ပေးရာ၏။ ကုသိုလ်ကံ အကျိုးပေးသော်လည်း ပေးရာ၏။ ကုသိုလ်ကံတို့သည်လည်း မြောက်များစွာ ရှိပြန်၏။ ဒါနကုသိုလ်ကံက အကျိုးပေးမည်။ သီလကုသိုလ်ကံက အကျိုးပေးမည်။ ဘာဝနာကုသိုလ်ကံက အကျိုးပေးမည်ဟူ၍ သေချာပေါက် ပြော၍ မရပေ။ ဒါနကုသိုလ်ကံ၌လည်း ဖိနပ်လှူသော ကုသိုလ်ကံက အကျိုးပေးမည်။ ထီးလှူသော ကုသိုလ်ကံက အကျိုးပေးမည်။ ဆွမ်းလှူသော ကုသိုလ်ကံက အကျိုးပေးမည်။ သင်္ကန်းလှူသော ကုသိုလ်ကံက အကျိုးပေးမည်။ ကျောင်းလှူသော ကုသိုလ်ကံက အကျိုးပေးမည် – ဟူ၍ သေချာပေါက် သတ်မှတ်၍ မရပေ။ အခွင့်သင့်သလို အကျိုးပေးကြမည် ဖြစ်လေ၏။

အကုသိုလ်ကံ၌လည်း ပါဏာတိပါတကံကိုရော၊ အဒိန္နာဒါနကံကိုရော၊ ကာမေသုမိစ္ဆာစာရကံတွေရော၊ မုသာဝါဒကံတွေရော ကျူးလွန်ထားကြသူတို့၌ ပါဏာတိပါတကံက အကျိုးပေးမည်၊ အဒိန္နာဒါနကံက အကျိုးပေးမည်၊ ကာမေသုမိစ္ဆာစာရကံက အကျိုးပေးမည်၊ မုသာဝါဒကံက အကျိုးပေးမည် – စသည်ဖြင့် သေချာပေါက် ပြော၍ မရပေ။ ပါဏာတိပါတကံ၌လည်း လူလည်း သတ်ဖူးသည်။ နွားလည်း သတ်ဖူးသည်။ ခွေးလည်း သတ်ဖူးသည်။ ကြက်လည်း သတ်ဖူးသည်။ ဝက်လည်း သတ်ဖူးသည် – တို့၌ လူသတ်သောကံက အကျိုးပေးမည်။ နွားသတ်သောကံက အကျိုးပေးမည်။ ခွေးသတ်သောကံက အကျိုးပေးမည်။ ကြက်သတ်သောကံက အကျိုးပေးမည်။ ဝက်သတ်သောကံက အကျိုးပေးမည် – ဟူ၍ သေချာပေါက် ပြော၍ မရပေ။ သတ်မှတ်၍ မရပေ။ အခွင့်သင့်သလို အကျိုးပေးမည် ဖြစ်၏။

သို့ရာတွင် မိဘကို သတ်ပုံးသည်။ ရဟန္တာကို သတ်ပုံးသည်ဆိုလျှင်ကား ဒုတိယဘဝမှာ ဘယ်ကံက အကျိုးပေးမည်ဟူ၍ စဉ်းစားနေဖွယ် မလိုတော့ပေ။ လူပြည်ကို ရောက်မှာလား၊ နတ်ပြည်ကို ရောက်မှာလား ဟူ၍ စဉ်းစားစရာ မရှိတော့ပေ။ အခြားဘယ်ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကမှ ကြားဖြတ်ဝင်ရောက်၍ အကျိုးပေးခွင့် မသာနိုင်တော့ဘဲ အဖသတ်ကံ၊ အဖသတ်ကံ စသော ပဉ္စာနန္တရိယကံကသာ ဇဝဲ့ဖြစ်ခြင်းဟု သေချာပေါက် အကျိုးပေးမည် ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိကံသမားဆိုလျှင်လည်း ထိုနိယတမိစ္ဆာဒိဋ္ဌိကံက ဇဝဲ့ဖြစ်ခြင်းဟု သေချာပေါက်, အကျိုးပေးမည် ဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့ကို နိယတပုဂ္ဂိုလ်တို့ဟူ၍ ဆိုရခြင်း ဖြစ်သည်။

မဂ်ဖိုလ်၏ အစွမ်းဖြင့် နိယတပုဂ္ဂိုလ် ဖြစ်ပုံကား သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ အထက်မဂ်ဖိုလ်များကို သေချာပေါက် ရနိုင်ကြသော အခွင့်ရှိသော ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အားလျော်စွာ နောက်ဆုံးတွင် ရဟန္တာဖြစ်၍ အနုပါဒိသေသနိဗ္ဗာန်ပြုကြမည် ဖြစ်၏။ ယင်းသို့ အထက်မဂ်ဖိုလ်သို့ တက်လှမ်းရန် သေချာသောကြောင့်လည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာန်ပြုရန် သေချာသောကြောင့်လည်းကောင်း ထိုပုဂ္ဂိုလ်တို့ကို နိယတပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရခြင်း ဖြစ်လေ၏။

ဤ၌ တိဟိတ်ပုထုဇဉ်နှင့် သောတာပန်သည်ပင် နိယတပုဂ္ဂိုလ်၊ အနိယတပုဂ္ဂိုလ်အားဖြင့် ကွာခြားနေသည်ကို သတိပြုသင့်ကြ၏။ တိဟိတ်ပုထုဇဉ်ဘဝဖြင့် ပြုအပ်သော 'ဒါန၊ သီလ၊ ဘာဝနာ' ဟူသော ကာမာဝစရကုသိုလ်သည် မဂ်ဖိုလ်ကို ရရန် မသေချာသောကြောင့်လည်းကောင်း၊ အဘယ်ကံက အကျိုးပေးမည်ဟူ၍ မသေချာသောကြောင့်လည်းကောင်း နိယတပုဂ္ဂိုလ်စာရင်းတွင် မပါဝင်ဘဲ အနိယတပုဂ္ဂိုလ်စာရင်းတွင် ပါဝင်နေခြင်း ဖြစ်၏။

ထို့ကြောင့် ကောင်းသောဘက်က နိယတပုဂ္ဂိုလ်စာရင်းဝင်ရန် ဒါန၊ သီလ၊ ဝိပဿနာဟူသော ကာမာဝစရကုသိုလ်ကိုပင် မဂ်ဖိုလ်ရသည်အထိ ကြိုးစားအားထုတ်သင့်ကြပေကုန်၏။

၆။ နိယတပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်စွဲများ

၁။	နိယတဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	အကျိုးပေးမှာ၊	မလွဲရာ၊	မြဲတာခေါ် လေသည်။
၃။	ပဉ္စာနန္တရိယာ၊	မြဲမှားတာ၊	ဂုစ်ဖြာရိယာသည်၊
၄။	ကျိုးပေးခြင်းက၊	မြဲလို့ပ၊	နိယတခေါ် ရသည်။
၅။	ကြွင်းပဋ္ဌလော၊	မမြဲရာ၊	သေချာသိရမည်။
၆။	ပဉ္စာကျူးသူ၊	မြဲမှားသူ၊	သေမူလေလျှင်သည်၊
၇။	ဒုတိယဘဝ၊	နိရယ၊	မဂျုံခံရမည်။
၈။	ထို့ကြောင့်သာပ၊	နိယတ၊	ခေါ် ရသိနိုင်သည်။
၉။	ရဟန္တာမပါ၊	ကျန်ရိယာ၊	ခုနစ်ဖြာတို့သည်၊

၁၀။	အထက်မဂ်ဖိုလ်၊	ရဖို့ကို၊	လွန်ကိုထေရ်ဟုသည်။
၁၁။	ပရိဖို့ဗာန်၊	ပြဖို့ရန်၊	တဖန်ထေရ်ဟုသည်။
၁၂။	ရဟန္တာအရှင်၊	နိဗ္ဗာန်ပင်၊	စံဝင်ထေရ်ဟုသည်။
၁၃။	ထို့ကြောင့်သာပ၊	နိဿတ၊	ခေါ် ရသိဒိုင်ဟုသည်။
၁၄။	မြောက်ကျွန်းလူ၏၊	နတ်ဂတိ၊	မြေ၏ဆိုပြောင်းသည်၊
၁၅။	သီလ၏သာ၊	စွမ်းဖြင့်သာ၊	ဆိုတာဖြစ်လေသည်။
၁၆။	ဤဌိတစ်ခန်း၊	ကံအစွမ်း၊	မဂ်စွမ်းဖြစ်လေသည်။
၁၇။	ပုထုဘဝ၊	ရှိနေကြ၊	မနုဿများစွာသည်၊
၁၈။	ယခုဘဝ၊	မနေရ၊	ထေကြရလျှော်သည်၊
၁၉။	အဘယ်တုံခေတ်၊	ရောက်ခိုင်လေစ်၊	စိစစ်သင့်ကြသည်။
၂၀။	လူတို့ဌာမှာ၊	ကံတွေဟာ၊	များစွာရှိကြသည်။
၂၁။	ထုကံလဲရှိ၊	အတူရှိ၊	လွန်ဘိများလှသည်။
၂၂။	ဘယ်ကံတပေ၊	ပေးဖို့လေ၊	မထေချာလေပြီ။
၂၃။	အကယ်၍မှန်၊	တုထိလိတ်၊	ကျိုးပြန်ပေးလျှော်သည်၊
၂၄။	ဒါနကံပါ၊	သီလပါ၊	သေချာမရှိပြီ။
၂၅။	ဒါနမှာလဲ၊	လှူသည်ပါ၊	လွန်ပါများလှသည်။
၂၆။	ပန်းလှူ၊ ဆွမ်းလှူ၊	သင်္ကန်းလှူ၊	ကျောင်းလှူများလှသည်၊
၂၇။	ဘယ်ဒါနသာ၊	ကျိုးပေးမှာ၊	သေချာမရှိပြီ။
၂၈။	သင့်သလိုသာ၊	အကျိုးဟာ၊	ပေးမှာဖြစ်လေသည်။
၂၉။	အကုသိုလ်ပြု၊	လူတစ်စု၊	အကုများလဲသည်၊
၃၀။	သတ်,ခိုး,မှားတာ၊	လိမ်ပြောတာ၊	လွန်စွာများလေသည်။
၃၁။	မည်သည့်အကု၊	ပေးမှာဟု၊	ပြောပြုမရပြီ။
၃၂။	သတ်ရာထဝ်တွက်၊	လူ့နှားဝက်၊	ကြက်ငှက်သတ်ကြသည်။
၃၃။	အဘယ်သတ်တာ၊	ကျိုးပေးမှာ၊	သေချာမရှိပြီ။
၃၄။	သင့်သလိုသာ၊	အကျိုးဟာ၊	ပေးမှာဖြစ်လေသည်။
၃၅။	ပဉ္စာကျူးသူ၊	မြဲမှားသူ၊	သေမူဘယ်သွားမည်။
၃၆။	နတ်ပြည်လေလား၊	လူ့ပြည်လား၊	စဉ်းစားမလိုပြီ။
၃၇။	ငရဲပြည်သာ၊	သွားဖို့ရာ၊	သေချာလှ၍သည်၊

၃၈။ နိယတပုဂ္ဂလေ၊ ဟူ၍ပါ၊ ဗုဒ္ဓဟောလေသည်။
၃၉။ သောဒါနာဆို၊ ထက်မဂ်ကို၊ လိုလိုရနိုင်သည်။
၄၀။ နိဗ္ဗာန်ဒွါလေ၊ စံဖို့ပဲ၊ မလွဲသေချာပြီ။
၄၁။ ရဟန္တာမှာ၊ နိဗ္ဗာန်သာ၊ စံမှာသေချာသည်။
၄၂။ ထိုကြောင့်သာပ၊ နိယတ၊ ဗုဒ္ဓဟောလေသည်။
၄၃။ ဤဒြိမှာပြု၊ သောနှင့်ပဲ၊ နှိုင်းမှုပြုသင့်သည်။
၄၄။ နိယတ, အနိယတ၊ ဖြစ်နေရ၊ ကွာဟနေလေသည်။
၄၅။ ပုထုဇဉ၀၊ တိဟိတ်ပါ၊ ပြုကြကာကုသည်၊
၄၆။ မဂ်ဖိုလ်ကိုပေ၊ ရဖို့ပေ၊ မသေချာလေပြီ။
၄၇။ အာဘယ်ကံသာ၊ ကျိုးပေးမှာ၊ သေချာမရှိပြီ။
၄၈။ ထိုကြောင့်သာပ၊ နိယတ၊ ဗုဒ္ဓမဟောပြီ။
၄၉။ နိယတပုဂ္ဂိုလ်၊ မချကို၊ ဖြစ်လိုပါလျှင်သည်၊
၅၀။ ကာကုကိုပဲ၊ ဝိကိုပဲ၊ ကိုင်စွဲလျက်သည်၊
၅၁။ မဂ်ဖိုလ်မလွဲ၊ ရအောင်ပါ၊ အားခဲထုတ်ရမည်။

၆။ နိယတပုဂ္ဂိုလ်ကို ဟော်ပြခြင်းပြီး၏။

၇။ ဒွိတကပ္ပိပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၇။ ဒွိတကပ္ပိပုဂ္ဂိုလ် ။ ဒွိတကပ္ပိ ပုဂ္ဂိုလ်တူသည် ကမ္ဘာကို တည်စေနိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ ဤဒွိတကပ္ပိ ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ကတမော စ ပုဂ္ဂလော ဒွိတကပ္ပိ – ကမ္ဘာကိုတည်စေနိုင်သော ဒွိတကပ္ပိပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။

၁။ အယဉ္စ ပုဂ္ဂလော သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော အဿ – ဤသောတာပတ္တိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ခိုက်လည်း ဖြစ်၏။

၂။ ကပ္ပဿ စ ဥဿုယ္ယနဝေလာ အဿ – ကမ္ဘာ၏ မီးလောင်တော့မည့်အခါလည်း ဖြစ်၏။

၃။ နေဝ တာဝ ကပ္ပေါ ဥဿုဿျ ယာဝါယံ ပုဂ္ဂလော နသောတာပတ္တိ ဖလံ သစ္ဆိကရောတိ – အကြင်မျှလောက် ဤသောတာပတ္တိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုနိုင်သေး။ ထိုမျှလောက် ကမ္ဘာသည် မီးမလောင်နိုင်ရာ။

၄။ အယံ ဝုစ္စတိ ပုဂ္ဂလော ဒွိတကပ္ပိ – ဤပုဂ္ဂိုလ်ကို ကမ္ဘာကိုတည်စေနိုင်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

၅။ ဆဗ္ဗေပိ မဂ္ဂသမင်္ဂီနော ပုဂ္ဂလာ ဒွိတကပ္ပိနော – အလုံးစုံသော မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်လည်း ကမ္ဘာကိုတည်စေနိုင်သော ဒွိတကပ္ပိပုဂ္ဂိုလ်တို့ မည်ကုန်၏။

(အဘိ – ၄၊ ၁၁၆။ မြန် – ၁၇)

ထိုသောတာပတ္တိ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၏ ကမ္ဘာကို တည်စေနိုင်မှုနှင့် စပ်လျဉ်း၍ အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆို ပြထားပေ၏။

လူတို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာကြီးသည် မီးလောင်၍ ပျက်စီးမှုသည် ရှိ၏။ သောတာပတ္တိမဂ်ဉာဏ်ကို ရနေပြီဖြစ်သော ဤပုဂ္ဂိုလ်သည်လည်း သောတာပတ္တိဖိုလ်ကို မျက်မှောက် မပြုရသေးဟုဆိုလျှင် မီးလောင်တော့မည့်ဆဲဆဲ ကမ္ဘာသည် မီးမလောင်ဘဲ နေရာ၏။ အကယ်၍ မီးသည်လောင်ဆဲ ဆိုပါကလည်း ဆက်၍ မလောင်ဘဲ ရပ်နေရာ၏။ မဂ်ဉာဏ်၏ စွမ်းရည်သည် ဤမျှမြင့်မားလှပေ၏။

မှန်၏။ ကမ္ဘာပျက်ခြင်း မည်သည် ကြီးစွာသော ဓာတ်လေးပါးတို့၏ ဖောက်ပြန်ခြင်းတည်း။ ကမ္ဘာပျက်မီးသည် ကုဋေတစ်သိန်းသော ဩကာသလောကကြီးကို လောင်မြိုက် ပျက်ဆီး၏။ ဤသို့လောက် ကမ္ဘာကြီး ပျက်စီးခြင်းနှင့် ကြုံရစေကာမူ သောတာပတ္တိမဂ်ဉာဏ်သည် ထိုကမ္ဘာကြီးကို တန့်ထားနိုင်လေ၏။

ထိုသို့ပင် ဖြစ်သော်လည်း –

ဗုဒ္ဓမြတ်စွာ သာသနာတော် တည်ရှိနေစဉ် ကမ္ဘာကြီးသည် မပျက်စီးနိုင်ပေ။

ကမ္ဘာကြီး ပျက်စီးလျှင်လည်း ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် မရှိနိုင်ပေ။

မှန်၏။ ဤဗုဒ္ဓမြတ်စွာ သာသနာကွယ်၍ နောက်ဆုံးကာလရောက်မှ ကမ္ဘာပျက်ခြင်းမည်သည် ဖြစ်နိုင်ပေ၏။ ဤသို့ပင် ကမ္ဘာပျက်ခြင်းနှင့် ဗုဒ္ဓသာသနာတော် မဆုံနိုင်သော်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သောတာပတ္တိမဂ်၏ အခြားမဲ့၌ ဖိုလ်၏ အန္တရာယ် မရှိခြင်းကို ပြခြင်းဟု ဤအကြောင်းကို ဆောင်ယူပြတော်မူခြင်း ဖြစ်၏။

အကယ်၍လည်း ဤသာသနာတော်အတွင်း၌ ကမ္ဘာပျက်ခြင်း ကြုံရစေကာမူ သောတာပတ္တိမဂ်နှင့် ပြည့်စုံ့သော ပုဂ္ဂိုလ်၏ သောတာပတ္တိဖိုလ်သို့ ရောက်ခြင်း၏ အန္တရာယ်ကို ပြုခြင်းဟု မတတ်ကောင်းပေ။

ဆက်ဦးအုံ့။ ဤသောတာပတ္တိ မဂ္ဂင်္ဌာန်ပုဂ္ဂိုလ်သည် မီးလောင်ပျက်စီးနေသော ကမ္ဘာကြီးကို **တန့်ထားလတ်သော် အဘယ်မျှကြာအောင် တန့်ထားနိုင်သနည်း ဟူမူကား** - သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ရာ စိတ်အကြိမ်၌ ဘဝင်ကို လည်စေတတ်သော မနောဒွါရာဝဇ္ဇန်းစိတ် တစ်ကြိမ်ဖြစ်၏။ ထို့နောက် ပရိကံ, ဥပစာ, အနုလုံဟူ၍ သုံးကြိမ်ဖြစ်၏။ ထို့နောက် ဂေါတြဘူတစ်ကြိမ် ဖြစ်၏။ ထို့နောက် မဂ်စိတ်တစ်ကြိမ် ဖြစ်၏။ ထို့နောက် ဖိုလ်စိတ်နှစ်ကြိမ် ဖြစ်၏။ ထို့နောက် ပစ္စဝေက္ခဏာဉာဏ် ငါးကြိမ် ဖြစ်၏။ ဤမျှသော (၁၃) ကြိမ်သော စိတ်အစဉ်ကာလပတ်လုံး ကမ္ဘာကြီးသည် တည်တန့်နေလေရာ၏။

ထိုမှတစ်ပါး သာသနာတော်ကျမ်းမှ အပဖြစ်သော အာဂန္တုက ဥပမာဖြင့်လည်း ပြကြသေး၏။ ပြပုံကား-

သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ဦးခေါင်းထက်၌ တစ်ယူဇနာရှိသော တစ်ခဲနက်သော ကျောက်တုံးကြီးကို ကြိုးသုံးခုတို့ဖြင့် ချည်၍ထားအုံ့။ ကြိုးတစ်ခုသည် ပြတ်သွားသည်ရှိသော် ထိုကျောက်တုံးကြီးသည် ကျန်ကြိုးနှစ်ခုဖြင့် ရပ်တည်လေ၏။ ကြိုးနှစ်ချောင်းပြတ်သော် ကျန်ကြိုးတစ်ခုဖြင့် ရပ်တည်၏။ ကြိုးသုံးခုလုံး ပြတ်သွားသော် ထိုကျောက်တုံးကြီးသည် ကောင်းကင်၌ တိမ်အထွတ်ကဲ့သို့ ရပ်တည်ရာ၏။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၏ သောတာပတ္တိဖိုလ်သို့ မရောက်မီ၌ အန္တရာယ်ကို မပြုနိုင်သည်သာ ဖြစ်၏။

ဤသို့ပင် ဤအာဂန္တုက ဥပမာကို ပြပါသော်လည်း ဤဥပမာသည် သေးငယ်၏။ ကမ္ဘာကို တည်စေနိုင်သော ဥပမာလောက် မကြီးကျယ်ပေ။ ဤ၌ သောတာပတ္တိမဂ္ဂင်္ဌာန် ပုဂ္ဂိုလ်သည်သာ ကမ္ဘာကို တန့်ထားနိုင်သည် မဟုတ်ပေ။ အထက်မဂ် သုံးပါးတို့သည်လည်း မီးလောင်ပျက်စီးမည့် ကမ္ဘာကို တန့်ထားနိုင်လေ၏။

(အဘိ ၌ - ၃ - ၃၈ / ၉)

အထက်ပါ ဒေသနာသဘောအရ မဂ်ဖိုလ်ကိုရရန် ရည်စူးချက်ပြင့် ဝိပဿနာကို ကောင်းစွာကြိုးစားအားထုတ်လာသော် ယောဂီပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဝိပဿနာဉာဏ် အတန်တန်တို့ဖြင့် ရုပ်နာမ်ဓမ္မသဒိရတရားတို့ကို ရှုမြင်လာပြီးနောက် အနုလောမဉာဏ်သို့ ရောက်လာ၏။ ထို့နောက် ဂေါတြဘူဉာဏ်သို့ ရောက်လာ၏။ ထို့နောက် မဂ်ဉာဏ်သို့ ရောက်လာ၏။ မဂ်ဉာဏ်သို့ ရောက်လာကာမှ ဖိုလ်ဉာဏ်သို့ မရောက်အောင် မည်သည့်အန္တရာယ်, မည်သည့်အနှောင့်အယှက်ကမှ အန္တရာယ်ပြု၍ အနှောင့်အယှက်ပေး၍ မရတော့ပြီတည်း။ ဖိုလ်ဉာဏ်သို့ ရောက်တော့သည်သာ ... ။

အန္တရာယ်တို့၌ ကမ္ဘာကို မီးလောင်သော ကမ္ဘာဖျက် အန္တရာယ်သည် အကြီးမားဆုံးတည်း။ အနုပြုံပုံး အန္တရာယ်, နျူကလီးယား အန္တရာယ်တို့ထက်လည်း ကမ္ဘာဖျက်မီးသည် ကြီးမားအားကောင်းလေ၏။ ယင်း အားကောင်းသော အကြီးကျယ်ဆုံးသော ကမ္ဘာဖျက်အန္တရာယ်နှင့် ကြုံရစေကာမူ သောတာပတ္တိဖိုလ်သို့ မရောက်အောင် အန္တရာယ် မပြုနိုင်ပြီတည်း။ ယင်းသို့ အားအကောင်းဆုံးသော၊ အကြီးကျယ်ဆုံးသော ကမ္ဘာဖျက်အန္တရာယ်သည်ပင် သောတာပတ္တိမဂ်မှ သောတာပတ္တိဖိုလ်သို့ မရောက်အောင် မပေးနိုင်ဟုဆိုလျှင် ထို့ထက် သေးငယ်သော မကြီးကျယ်သော အန္တရာယ်တို့ကိုမူကား ပြောစရာပင် မလိုတော့။ ဤသို့လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ တန်ခိုးအာနိသင်တို့ကို သိမြင်နိုင်ကြပေကုန်ရာ၏။

၇။ ဦတာကမိုး ပုဂ္ဂိုလ်ကို ဟော်ပြခြင်း၌ သောင်ရုန်းလက်ာများ

၁။	ဌိတကဗ္ဗိဆိုတာ၊	တယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	တမ္ဘာကိုတိုင်၊	တည်စေနိုင်၊	တန့်နိုင်ဖြစ်လေသည်။
၃။	သောမဂ်သို့ရောက်၊	ဖိုလ်သို့ဖေါက်၊	မရောက်သေးလျှင်သည်၊
၄။	တမ္ဘာကြီးအား၊	မီးလောင်ငြား၊	ဆတ်ကားမလောင်ပြီ။
၅။	ဌိတကဗ္ဗိ၊	ဟူ၍သည်၊	အမည်တွင်လေသည်။
၆။	ဌကထာမှာ၊	ဤသို့သာ၊	ဖွင့်ကာပြထားထည်။
၇။	လူတို့နေရာ၊	ဤကမ္ဘာ၊	တစ်ခါတစ်ခါသည်၊
၈။	မီးလောင်၍သာ၊	ပျက်စီးရာ၊	ကြုံကာလာတတ်သည်။
၉။	တမ္ဘာကိုလဲ၊	မီးသည်လဲ၊	လောင်ဆဲဖြစ်လေသည်။
၁၀။	ယောဂီသည်လဲ၊	သောမဂ်ပဲ၊	ရောက်ဆဲဖြစ်လေသည်။
၁၁။	ဖိုလ်သို့ရှေးရှု၊	မျက်မှောက်မှု၊	မပြုရသေးလျှင်သည်၊
၁၂။	လောင်နေမီးပြန့်၊	ရှေးမဆန့်၊	ရပ်တန့်နေရသည်။
၁၃။	မဂ်ဉာဏ်အမျိုး၊	ဤမျိုးပြီး၊	တန်ခိုးကြီးလေသည်။
၁၄။	ကမ္ဘာကြီးအား၊	ပျက်မသွား၊	ဟန့်တားနိုင်လေသည်။
၁၅။	သို့ရာတွင်လဲ၊	ကြုံဖို့ပဲ၊	လွန်ပဲခဲယဉ်းသည်။
၁၆။	ဘုရားသာသနာ၊	ရှိစဉ်မှာ၊	ကမ္ဘာမပျက်ပြီ။
၁၇။	ကမ္ဘာပျက်ရာ၊	သာသနာ၊	ရှိမှာမဟုတ်ပြီ။
၁၈။	အန္တရာယ်မှာ၊	မပြုသာ၊	ပြတာဖြစ်လေသည်။
၁၉။	အကယ်၍သာ၊	ကြုံလာရာ၊	သောတာမဂ်ဉာဏ်သည်၊

၂၀။ ကမ္ဘာကြီးတောင်၊ ဘယ်လောက်တောင်၊ ကြာအောင်တားနိုင်သည်။
၂၁။ သောမဂ်ဖြစ်ရာ၊ စိတ်ကြိမ်ဟာ၊ ဆယ့်သုံးဖြာရှိလေသည်။
၂၂။ အာဝဇ္ဇနတုံ၊ တစ်ကြိမ်တုံ၊ နှလုံသုံးဖြစ်သည်။
၂၃။ ဂေါတြဘူတစ်ကြိမ်၊ မဂ်တစ်ကြိမ်၊ နှစ်ကြိမ်ဖိုလ်ဖြစ်သည်။
၂၄။ ပစ္စဝေက္ခဏာမှာ၊ ငါးကြိမ်သာ၊ ဆယ့်သုံးဖြာဖြစ်လေသည်။
၂၅။ ထိုမှကြာငှား၊ ကမ္ဘာအား၊ ဟန့်တားထားနိုင်သည်။
၂၆။ သောမဂ်ခေါင်းပေါ်၊ ယူဇနာသော်၊ ကျောက်တော်ကြီးကိုသည်၊
၂၇။ သုံးခုကြိုးဖြင့်၊ ချည်ကာထင့်၊ ထားလင့်ရာ၌သည်၊
၂၈။ တစ်ကြိုးပြတ်လဲ၊ မကျဘဲ၊ တည်မြဲတည်နေသည်။
၂၉။ နှစ်ကြိုးပြတ်လဲ၊ မကျဘဲ၊ တည်မြဲတည်နေသည်။
၃၀။ သုံးကြိုးလုံးပြတ်၊ ကောင်းကင်ရပ်၊ တည်လတ်နေလေသည်။
၃၁။ ဖိုလ်ဉာဏ်သို့ပ၊ မရောက်ရ၊ ပြုတ်ကျမရှိပြီ။
၃၂။ မဂ်ဉာဏ်သို့ရောက်၊ ဖိုလ်မရောက်၊ ဘယ်လောတ်အန္တရာယ်သည်၊
၃၃။ ကြုံနေကြုံနေ၊ အန္တရာယ်ပေ၊ ဖြစ်လေမရှိပြီ။
၃၄။ လူ့လောကမှာ၊ အန္တရာ၊ လွန်စွာများလှသည်။
၃၅။ အနုမြူပုံး၊ နှယူးပုံး၊ လွှမ်းဖုံးရှိလေသည်။
၃၆။ ထိုသည်များထက်၊ ကမ္ဘာဖျက်၊ လွန်လျက်ကြီးလေသည်။
၃၇။ ယင်းအန္တရာယ်ပင်၊ မရောက်အင်၊ ခြားအင်များမှာသည်၊
၃၈။ အသေးအဖွဲသာ၊ ဖြစ်လေရာ၊ ကောင်းစွာသိနိုင်သည်။
၃၉။ သောမဂ်ဉာဏ်အား၊ ရအောင်များ၊ ကြီးစားသင့်ကြသည်။

၇။ ဌိတကပ္ပိပုဂ္ဂိုလ်ကို ဖော်ပြချက် ပြီးပြီ။

၈။ ဒွေဒုလ္လဘပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၈။ ဒုလ္လဘပုဂ္ဂိုလ်နှစ်ဦး ။ ။ လောက၌ ရလွယ်သောပုဂ္ဂိုလ်၊ ရခဲသောပုဂ္ဂိုလ်ဟူ၍ နှစ်ဦးရှိလေရာ ရခဲသောပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထား၏။

ကတမေ ဒွေပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ – လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်ယောက်တို့ ဟူသည် အဘယ်နည်း။

၁။ ယော စ ပုဗ္ဗကာရီ – အကြင်ပုဂ္ဂိုလ်သည်ကား ရှေးဦးစွာ ကျေးဇူးပြုတတ်၏။

၂။ ယော စ ကတညူ ကတဝေဒီ – အကြင်ပုဂ္ဂိုလ်သည် ပြုဖူးသော ကျေးဇူးကိုသိ၍ ပြုဖူးသော ကျေးဇူးကို ထင်စွာပြလေ့ရှိ၏။

၃။ ဣမေ ဒွေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ – ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် လောက၌ ရခဲကုန်၏။

(အာဘိ – ၄ – ၁၂၈။ မြန် – ၃၁)

ထိုဒုလ္လဘနှစ်ဦးနှင့် စပ်လျဉ်း၍ အဋ္ဌကထာတွင် ဤသို့ဖွင့်ဆိုပြထားလေသည်။

ထိုပုဗ္ဗကာရီ၊ ကတဝေဒီ ပုဂ္ဂိုလ်တို့ကို အိမ်၌နေသူ လူဝတ်ကြောင်တို့ဖြင့်လည်းကောင်း၊ အိမ်၌မနေသူ ရှင်ရဟန်းတို့ဖြင့်လည်းကောင်း သိထိုက်ပေ၏။

အိမ်၌နေသူ လူဝတ်ကြောင်တို့တွင် –

ပုဗ္ဗကာရီအရ – ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်ဟူသည် မိဘတို့တည်း။

သားသမီးတို့သည်ကား မိဘတို့ကို ပြုစုလုပ်ကျွေးကြကုန်သော်လည်းကောင်း၊ ထိုမိဘတို့အပေါ်၌ အလွန်ရှိသေစွာ ရှိခိုးခြင်း အစရှိသည်တို့ကို ပြုကုန်သော်လည်းကောင်း ကတဝေဒီအရ – သူတစ်ပါးတို့ ပြုအပ်သော ကျေးဇူးကို ထင်ရှားစေသော ပုဂ္ဂိုလ်တို့ မည်၏။

အိမ်၌မနေသူ ရှင်ရဟန်းတို့တွင် –

ဆရာ, ဥပဇ္ဈာယ်ဆရာတို့သည် ပုဗ္ဗကာရီအရ – ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

အနီးနေတပည့်၊ အတူနေတပည့်တို့သည် ဆရာ၊ ဥပဇ္ဈာယ်ဆရာတို့ကို ပြုစုလုပ်ကျွေးကြကုန်သော်လည်းကောင်း၊ ထိုဆရာ, ဥပဇ္ဈာယ်ဆရာတို့အပေါ်၌ အလွန်ရှိသေစွာ ရှိခိုးခြင်း အစရှိသည်တို့ကို ပြုကုန်သော်လည်းကောင်း ကတဝေဒီအရ – သူတစ်ပါးတို့ ပြုအပ်သော ကျေးဇူးကို ထင်ရှားစေလိုသော ပုဂ္ဂိုလ်တို့ မည်၏။

ထိုပုဗ္ဗကာရီပုဂ္ဂိုလ်, ကတဝေဒီပုဂ္ဂိုလ်နှစ်ဦးတွင် ပုဗ္ဗကာရီအရ မိမိအပေါ် ရှေးဦးစွာ ကျေးဇူးပြုသော ပုဂ္ဂိုလ်မျိုးကို ရနိုင်ခဲပေ၏။ အဘယ်ကြောင့်နည်းဟူမူ သူတစ်ပါးအတွက် ကျေးဇူးပြုပေးရာ၌ မိမိအတွက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှု ဖြစ်ရတတ်၏။ တဏှာဖြင့် မိမိကိုယ်ကို ငဲ့ညှာနေသူကား ထိုကဲ့သို့ ဆင်းရဲမျိုးကို အဆင်းရဲခံ၍ ကျေးဇူးပြုရန် မလွယ်သောကြောင့် ဖြစ်၏။

ကတဝေဒီအရ – သူတစ်ပါးပြုပြုးသော ကျေးဇူးကို သိတတ်သောအားဖြင့် ထိုပြုအပ်သော ကျေးဇူးကို ထင်ရှားစေသော ပုဂ္ဂိုလ်ကိုလည်း ရနိုင်ခဲပေ၏။ အဘယ်ကြောင့်နည်းဟူမူ ကျေးဇူးရှိသူတို့၏ ကျေးဇူးကို သိမှုဟူသည် အသိအလိမ္မာ ဉာဏ်ပညာတည်း။ သတ္တဝါတို့ကား အဝိဇ္ဇာတရား၊ မောဟတရား ကြီးထွားကြသည်ဖြစ်၍ ထိုကဲ့သို့ အသိဉာဏ်ဖြစ်ရန် မလွယ်သောကြောင့်တည်း။

တစ်နည်းအားဖြင့် မိမိအပေါ် ရှေးဦးစွာ မေတ္တာဖြင့် ချစ်ခင်ခြင်းရှိသော ပုဂ္ဂိုလ်သည် ပုဗ္ဗကာရီ – ရှေးဦး ကျေးဇူးပြုသော ပုဂ္ဂိုလ်မည်၏။ မိမိကလည်း ပြန်၍ မေတ္တာဖြင့် ချစ်ခင်ခြင်းရှိလျှင် ကတဝေဒီ – သူ့ကျေးဇူးကို ထင်ရှားစေသော ပုဂ္ဂိုလ်မည်လေ၏။

ထို့နောက် ဟောပြောပို့ချ သင်ပြပေးတတ်သော ပုဂ္ဂိုလ်သည် ရှေးဦးကျေးဇူးပြုသူမည်၏။ လိုက်နာနားထောင်ကျင့်ကြံမှု ရှိသူသည် ကျေးဇူးကို ထင်ရှားစေသော ပုဂ္ဂိုလ်မည်၏။

ဤသတ္တလောက၌ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားသည် **ရှေးဦးကျေးဇူးပြုသူ** မည်၏။ အရိယာသာဝကများသည် ထိုကျေးဇူးကို ထင်ရှားစေသော ပုဂ္ဂိုလ်တို့ မည်၏။

(အဘိ ၄ - ၃ - ၅၄ / ၅၅)

ဃ။ ဒွေ ဒုလ္လဘာ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဒွေဒုလ္လဘာဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	ရှေးဦးမည်လေတဲ့၊	ကျေးဇူးရှိ၊	ပြုတတ်သူများသည်၊
၃။	ကျေးဇူးတရား၊	သိကာငြား၊	ထင်ရှားစေသူသည်၊
၄။	ဒွေဒုလ္လဘာ၊	ဖြစ်ကုန်ကြ၊	ဗုဒ္ဓဟောလေသည်။
၅။	ဌကထာမှာ၊	ဤသို့ထား၊	ဖွင့်ကာပြထားသည်။
၆။	ရှေးကဖြစ်၌။	မိဘဦး၊	ကျေးဇူးပြုတတ်သည်။
၇။	နေ့တိုင်းပြုစုပြုံး၊	သားသမီး၊	ပြန်ပြီးသိရမည်။
၈။	ပြုပြုရှိုင်းကား၊	ကျေးဇူးအား၊	ထင်ရှားစေလေသည်။
၉။	ရှင်ရဟန်းမှာ၊	ဥပဇ္ဈာ၊	ဦးစွာပြုတတ်သည်။
၁၀။	တဝည့်ထိုကား၊	ပြုပြုငြား၊	ထင်ရှားစေပြန်သည်။
၁၁။	ရှေးဦးစွာမူ၊	ကျေးဇူးဟူ၊	ပြုသူများတို့သည်၊
၁၂။	လူလောကတွင်း၊	ရဖို့ခဲ၏၊	ခဲယဉ်းလှလေသည်။

၁၃။ မိမိခန္ဓာ၊ ငဲ့ကွက်တာ၊ တဏှာရှိသူသည်၊
၁၄။ အဆင်းရဲခံတာ၊ ပြဖို့ရာ၊ လွယ်တာမဟုတ်ဖြို့။
၁၅။ တွေးလူရိုင်ငြား၊ ပြန်၍ကား၊ ထင်ရှားစေဖို့သည်၊
၁၆။ လောကလူဆွေ၊ ရဖို့ရာ၊ လွယ်တာမဟုတ်ဖြို့။
၁၇။ တွေးလူရိုတာ၊ သိခြင်းဟာ၊ ပညာဖြစ်လေထည်။
၁၈။ မောဟအဝိဇ္ဇာ၊ ကြိုးထွားရာ၊ သတ္တဝါများမှာသည်၊
၁၉။ တွေးလူရိုတာ၊ သိဖို့ရာ၊ လွယ်တာမဟုတ်ဖြို့။
၂၀။ ထိုကြောင့်သာဝ၊ ဒုလ္လဘ၊ ဗုဒ္ဓဟောလေသည်။
၂၁။ နောက်တစ်နည်းမှာ၊ ရှေးဦးစွာ၊ မေတ္တာထားခြင်းသည်၊
၂၂။ ပဗ္ဗကာရီ၊ ကျေးလူးသည်၊ ပြုသည်မည်လေသည်။
၂၃။ တွေးလူရိုရာ၊ ပြန်၍သာ၊ မေတ္တာထားခြင်းသည်၊
၂၄။ တတဝေဒီ၊ ထင်စေသည်၊ ဆပ်သည်မည်လေသည်။
၂၅။ ဆရာတဝည့်၊ ပြန်လှန်ရှိ၊ ဒုလ္လတမိလေသည်။
၂၆။ ဘုရားမြတ်စွာ၊ အရိယာ၊ ဒုလ္လဘဖြစ်ပြန်သည်။
၂၇။ တွေးလူပြုတြား၊ ပြန်သိကြ၊ ဒုလ္လဘဖြစ်ပေမည်။

၈။ ဒွေဒုလ္လဘပုဂ္ဂိုလ်ကို ဟော်ပြခြင်း ပြီး၏။

၉။ ဒွိစက္ခုပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၉။ ဒွိစက္ခုပုဂ္ဂိုလ် ။ ။ဒွိစက္ခုပုဂ္ဂိုလ်ဟူသည် ပစ္စုပ္ပန်အကျိုးစီးပွားအတွက်လည်း ဉာဏ်မျက်စိရှိသော ပုဂ္ဂိုလ်၊ တမလွန်အကျိုးစီးပွားအတွက်လည်း ဉာဏ်မျက်စိရှိသော ပုဂ္ဂိုလ် ဖြစ်၏။ ဤဒွိစက္ခုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ပညာမျက်စိ နှစ်ဘက်အပြင်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း?

၁။ လောက၌ အချို့သောပုဂ္ဂိုလ်အား အကြင်သို့ သဘောရှိသော ပညာမျက်စိဖြင့် မရဟူးသေးသော စည်းစိမ်ဥစ္စာကိုမူလည်း ရရာ၏။ ရပြီးသော စည်းစိမ်ဥစ္စာကိုမူလည်း တိုးတက်အောင်ပြုနိုင်ရာ၏။ ဤသို့ သဘောရှိသော ပညာမျက်စိသည်လည်း ရှိ၏။

၂။ အကြင်သို့ သဘောရှိသော ပညာမျက်စိဖြင့် ကုသိုလ်၊ အကုသိုလ်တရားတို့ကို သိနိုင်ရာ၏။ အပြစ်ရှိ၊ မရှိသောတရားတို့ကို သိနိုင်ရာ၏။ အယုတ်၊ အမြတ်တရားတို့ကို သိနိုင်ရာ၏။ အမည်း၊ အပြူ အပို့ရှိသော တရားတို့ကို သိနိုင်ရာ၏။ ဤသို့ သဘောရှိသော ပညာမျက်စိမျိုးသည်လည်း ရှိ၏။

ဤပုဂ္ဂိုလ်ကို ပညာမျက်စိ နှစ်ဘက်အပြင်ရှိသော ဒွိစက္ခုပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပေ၏။

(အဘိ - ၄ - ၁၃၄။ မြန် - ၂၇)

အထက်ပါ ဒေသနာသဘောအရ - လူ့လောက၌ လူအပေါင်းတို့သည် ပြုလုပ်ရမည့် ကိစ္စအားဖြင့် စီးပွားရှာဖွေ စုဆောင်းခြင်းကိစ္စ၊ ကုသိုလ်တရား ရှာဖွေစုဆောင်းခြင်းကိစ္စအားဖြင့် နှစ်ကိစ္စရှိလေ၏။ ဤဘဝ၌ မိမိ၏ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးအတွက်၊ မိသားစု၏ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးအတွက် စီးပွားဥစ္စာကို ရှာဖွေစုဆောင်းရ၏။ ဤလိုကိစ္စမျိုး၌ ကျွမ်းကျင်လိမ္မာသူကို တစ်ဘက်မြင်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဤဘဝသေလျှင် တဏှာမကင်းကြသဖြင့် နောက်ဘဝတွေ ရှိနေလေ၏။ ယင်းနောက်ဘဝ၌ ချမ်းချမ်းသာသာ နေထိုင်နိုင်ရန်အတွက် ကုသိုလ်တရားတို့ကို ရှာဖွေစုဆောင်းရပြန်၏။ ယင်းအတွက် အခါအားလျော်စွာ ဒါနကုသိုလ်ကိုလည်း ပြုရ၏။ သီလကုသိုလ်ကိုလည်း ထိန်းရ၏။ ဥပုသ်စောင့်မှုလည်း ပြုရ၏။ တရားလည်း နာရ၏။ သမထတရား, ဝိပဿနာတရားများကိုလည်း အားထုတ်ရ၏။ ဤသို့ သိမြင်သော ပုဂ္ဂိုလ်ကို တမလွန်အကျိုးစီးပွားအတွက် သိမြင်သော ပုဂ္ဂိုလ်ဟူ၍ ဆို၏။

ဤသို့ ဤဘဝအတွက် စီးပွားဥစ္စာ ရှာဖွေစုဆောင်းခြင်း၌လည်း ကျွမ်းကျင်၊ တမလွန်အတွက် ကုသိုလ်ပြုမှုကိစ္စတို့၌လည်း ကျွမ်းကျင် ပြည်းတီးသော ပုဂ္ဂိုလ်ကို နှစ်ဘက်မြင် - ဒွိစက္ခုပုဂ္ဂိုလ် ဟူ၍ ဆိုရခြင်း ဖြစ်လေ၏။

ဤဘဝအတွက် စီးပွားဥစ္စာ ရှာဖွေစုဆောင်းမှု၌လည်း မကျွမ်းကျင်၊ နောက်ဘဝတွေအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၌လည်း မကျွမ်းကျင်သော ပုဂ္ဂိုလ်ကိုတော့ **အန္ဓပုဂ္ဂိုလ်** – နှစ်ဘက်လုံး ကန်းနေသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ထိုသို့ အန္ဓပုဂ္ဂိုလ် – တစ်ဘက်သာမြင်သောပုဂ္ဂိုလ်အဖြစ်တို့မှ ရှောင်လွှဲ၍ နှစ်ဘက်မြင်ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားအားထုတ်သင့်ကြပေ၏။

၉။ ဒ္ဒိစက္ခုပုဂ္ဂိုလ်ကို ဟော်ပြခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ဒ္ဒိစက္ခုဆိုတာ၊	တထ်ဂိုတာ၊	မြတ်စွာဘုရားလေသည်။
၂။	ဤဘဝတွက်၊	နောက်အတွက်၊	နှစ်ဘက်မြင်ထူသည်၊
၃။	ဒ္ဒိစက္ခုတာ၊	ခေါ် ဆိုရ၊	ဗုဒ္ဓဟောလေသည်။
၄။	လူတို့နေကြ၊	လူလောက၊	တိစ္ဆအားဖြင့်ထည်၊
၅။	ဤဘဝမှာ၊	ဆင်းရဲကွာ၊	ချမ်းသာဖို့ရာသည်၊
၆။	ဥစ္စာနှံ၊	စုဆောင်းရ၊	ရှာရဖွေရသည်။
၇။	နောက်ဘဝမှာ၊	ဆင်းရဲကွာ၊	ချမ်းသာဖို့ရာသည်၊
၈။	ဒါနသီလ၊	ကုသလ၊	ပြုကြရလေသည်။
၉။	စီးပွားရှာဘက်၊	ကျွမ်းကျင်ချက်၊	တစ်ဘက်မြင်ခေါ် ရသည်။
၁၀။	ကုသိုလ်လေပြု	ကျွမ်းကျင်မှု၊	ဒ္ဒိစက္ခုခေါ် လေသည်။
၁၁။	စီးပွားမရ၊	ကုမရ၊	အန္ဓဖြစ်လေသည်။
၁၂။	နှစ်ဘက်လုံးပါ၊	တစ်ဘက်ပါ၊	ကန်းတာရှောင်၍သည်၊
၁၃။	နှစ်ဘက်အမြင်၊	ပညာရှင်၊	မှန်ပင်ဖြစ်အောင်သည်၊
၁၄။	ဖြူစင်ရိုးသား၊	လွဲနှင့်အား၊	ကြိုးစားသင့်ကြသည်။

၉။ ဒ္ဒိစက္ခုပုဂ္ဂိုလ်ကို ဟော်ပြချက် ပြီး၏။

၁၀။ ပုပ္ဖဘာဏီ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၁၀။ ပုပ္ဖဘာဏီ ပုဂ္ဂိုလ် ။ ။ ပွင့်သောပန်းကဲ့သို့ စကားရှိသော ပုဂ္ဂိုလ်ကို ပုပ္ဖဘာဏီပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။ ဤပုပ္ဖဘာဏီပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ပန်းနှင့်တူသော စကားရှိသော ပုပ္ဖဘာဏီပုဂ္ဂိုလ်ဟူသည် အဘယ်နည်း?

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မဟုတ်မမှန် ပြောဆိုခြင်းကို ပယ်၍ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ထိုပုဂ္ဂိုလ်သည် -

၁။ သဘင်၌ တည်သော်လည်းကောင်း၊

၂။ ပရိသတ်၌ တည်သော်လည်းကောင်း၊

၃။ ဆွေမျိုးတို့၏ အလယ်၌ တည်သော်လည်းကောင်း၊

၄။ အသင်းဏ၏ အလယ်၌ တည်သော်လည်းကောင်း၊

၅။ မင်းမျိုးတို့၏ အလယ်၌ တည်သော်လည်းကောင်း - ခေါ်ဆောင်လျက် -

'အမောင် ယောကျ်ား... လာလော့... အကြင်အကြောင်းကို သင်သိ၏။ ထိုအကြောင်းကို ပြောဆိုလော့' ဟု သက်သေအဖြစ် မေးစိစစ်အပ်သည်ရှိသော် မသိသည်ကိုလည်း မသိပါဟု၊ သိသည်ကိုလည်း သိပါ၏ဟု၊ မမြင်သည်ကိုလည်း မမြင်ဟု၊ မြင်သည်ကိုလည်း မြင်၏ဟု ဤသို့လျှင် မိမိအကြောင်းကြောင့်လည်းကောင်း၊ သူတစ်ပါးအကြောင်းကြောင့်လည်းကောင်း၊ အနည်းငယ်မျှသော လာဘ်တံစိုးအကြောင်းကြောင့်လည်းကောင်း သိလျက် ချွတ်ယွင်းသော စကားကို မပြောဆို။ ဤပုဂ္ဂိုလ်ကို ပန်းနှင့်တူသောစကားရှိသော ပုပ္ဖဘာဏီပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(အဘိ - ၄ - ၁၃၁။ မြန် - ၂၅)

ပုပ္ဖဘာဏီပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ အဋ္ဌကထာတွင် ဤသို့ပြဆိုထားလေ၏။

ပွင့်ကုန်သော မိုးဆွေပန်းတို့ကိုလည်းကောင်း၊ စစ်ကြိုးပန်းတို့ကိုလည်းကောင်း လူအများတို့သည် အလိုရှိကြကုန်၏။ နှစ်သက်ကြကုန်၏။ ဤအတူ ပရိသတ်အလယ်၌ သက်သေအရာ၌ထား၍ မေးမြန်းသောအခါ အမှန်အတိုင်း ဖြေဆိုသူကို လူအများ နှစ်သက်ကြကုန်၏။ အလိုရှိကြကုန်၏။ လူတွင်မက နတ်တွေပါ အလိုရှိအပ်ကုန်၏။ နှစ်သက်ကြကုန်၏။

(အဘိ ၅ - ၃ - ၆၁)

၁၀။ ပုပ္ဖဘာဏီပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ သောင်ရုန်လက်ံများ

၁။	ပုပ္ဖဘာဏီဆိုတာ၊	တယ်လိုဟာ၊	မြတ်စွာဟောလေသည်။
၂။	ဝန်းနှင့်တူခြင်း၊	စတားထင်း၊	ပြောခြင်းဖြစ်လေသည်။
၃။	လူလောတမှာ၊	လူတွေဟာ၊	လိမ်ညာပြောတတ်သည်။
၄။	မှန်သာစတား၊	ပြောဖို့တား၊	လွန်ပြားလိုအပ်သည်။
၅။	အသိသက်သေ၊	ထား၍ပေ၊	ပြောစေရာ၌သည်၊
၆။	လူပုံလေယ်မှာ၊	မှန်တိုင်းသာ၊	ပြောကာထွက်ဆိုသည်။
၇။	ရင်းနှီးလို့သာ၊	မုန်းလို့ထား၊	လိမ်ညာမပြောပြို။
၈။	တံစိုးပေးလဲ၊	မယူတဲ့၊	မှန်ပဲပြောလေသည်။
၉။	ယင်းစကားမျိုး၊	အလွန်ကိုး၊	တန်ဖိုးရှိလှသည်။
၁၀။	ပွင့်သစ်စဝန်းအား၊	လူအများ၊	လိုလားသကဲ့သို့သည်၊
၁၁။	မှန်တိုင်းပြောငြား၊	ထိုစကား၊	လူများနှစ်သက်သည်။
၁၂။	လူတွင်မကပါ၊	နတ်တွေပါ၊	လွန်စွာနှစ်သက်သည်။
၁၃။	လူရောနတ်ပါ၊	နှစ်သက်တာ၊	ပြောတာကောင်းမြတ်သည်။
၁၄။	ထို့ကြောင့်တစ်ခို၊	မှန်တာကို၊	ပြောဆိုကြရမည်။

၁၀။ ပုပ္ဖဘာဏီပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၁၁။ ဒုပ္ပမေယျပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၁၀။ ဒုပ္ပမေယျပုဂ္ဂိုလ် ။ ။ နှိုင်းဆရန်၊ ခန့်မှန်းသိရှိရန်၊ တိုင်းတာသိရှိရန် ခဲယဉ်းသော ပုဂ္ဂိုလ်ကို ဒုပ္ပမေယျပုဂ္ဂိုလ်ဟူ၍ ခေါ်၏။ ယင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ကတမော စ ပုဂ္ဂလော ဒုပ္ပမေယျော - နှိုင်းဆရန် ခဲယဉ်းသော ဒုပ္ပမေယျပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။

ဣဓေကစ္စော ပုဂ္ဂလော - ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် -

၁။ အနုဒ္ဓတော - ပျံ့လွင့်ခြင်း ကင်း၏။

၂။ အနုန္နဠော - တက်ကြွခြင်း ကင်း၏။

၃။ အစပလော - လျှပ်ပေါခြင်း ကင်း၏။

၄။ အမုခရော - နူတ်ကြမ်းခြင်း ကင်း၏။

၅။ အဝိကိဏ္ဏဝါစော - ပရမ်းပတာပြောခြင်း ကင်း၏။

၆။ ဥပဋ္ဌိတသတိ - ထင်သောသတိ ရှိ၏။

၇။ သမ္ပဇာနော - ပညာအဆင်ခြင် ရှိ၏။

၈။ သမာဟိတော - စိတ်တည်ကြည်၏။

၉။ ဧကဂ္ဂ စိတ္တော - စိတ်တုန်လှုပ်ခြင်း ကင်း၏။

၁၀။ သံဝုတိန္ဒြိယော - စောင့်စည်းသောဣန္ဒြေ ရှိ၏။

အယံ ဝုစ္စတိ ပုဂ္ဂလော ဒုပ္ပမေယျော - ဤပုဂ္ဂိုလ်ကို နှိုင်းဆရန် ခဲယဉ်းသော ဒုပ္ပမေယျပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(အဘိ - ၄ - ၁၃၉ / ၁၄၀။ မြန် - ၄၃)

အထက်ပါ ဒုပ္ပမေယျပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထား၏။

မဟာသမုဒ္ဒရာ၏ ရေပမာဏကို နှိုင်းဆသိမြင်ရန် ခဲယဉ်းဘိသကဲ့သို့ ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို နှိုင်းဆသိမြင်ရန် ခဲယဉ်း၏။ 'ဤပုဂ္ဂိုလ်ကား ဤမျှရှိ၏။ တည်ကြည်၏။ တုန်လှုပ်ခြင်းကင်း၏။ အနာဂါမ်ပုဂ္ဂိုလ်လေးား၊ ရဟန္တာပုဂ္ဂိုလ်လေးား ဟူ၍ မှတ်ထင်လောက်အောင် ဤမျှ ဒန့်ငြားတည်ကြည်သူ ဖြစ်လေ၏' ဟု ပြောရလောက်အောင် နှိုင်းဆသိရန် ခဲယဉ်းသောပုဂ္ဂိုလ် ဖြစ်သည်ဟူ၍ ဆိုထိုက်ပေ၏။

(အဘိ ၄ - ၃ - ၆၇)

အထက်ပါ ဒေသနာ သဘောအရ ရေတိမ်လျှင် 'ရေက ဘယ်လောက်ပဲရှိ၏' ဟု နှိုင်းဆရန် လွယ်ကူသကဲ့သို့ စိတ်မတည်သော ပုဂ္ဂိုလ်၊ တုန်လှုပ်တတ်သော ပုဂ္ဂိုလ်၊ ပညာမရှိသော ပုဂ္ဂိုလ်၊ စကားကို ပရမ်းပတာ ပြောတတ်သော ပုဂ္ဂိုလ်၊ အချည်းနှီး မာနထောင်လွှားသော ပုဂ္ဂိုလ် စသည်ဖြင့် ထိုပုဂ္ဂိုလ်တို့အား နှိုင်းဆသိမြင်ရန် လွယ်ကူလေ၏။

ရေကနက်လေ 'ဇရာဘယ်လောက်သာရှိ၏'ဟု နှိုင်းဆသိမြင်ရန် မလွယ်ကူသကဲ့သို့ စကားကို ပရမ်းပတာ မပြောဘဲ တည်တည်ခန့်ခန့် ပြောဆို၏။ ပညာအဆင်ခြင် ရှိ၏။ စိတ်တည်ကြည်၏။ အချည်းနှီး တက်ကြွ ထောင်လွှားမှု မရှိ။ စိတ်တုန်လှုပ်ခြင်း နည်း၏ စသည်ဖြင့် ဤသို့သော ပုဂ္ဂိုလ်ကို နှိုင်းဆ၍ သိမြင်နိုင်ရန် မလွယ်ကူပေ။ သို့ဖြစ်၍ တန်ဖိုးမရှိ သိလွယ်သူ မဖြစ်စေဘဲ တန်ဖိုးရှိ သိရန်ခဲယဉ်းသော ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားသင့်ကြပေ၏။

၁၁။ ဒုပ္ပမေယျပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဒုပ္ပမေယျဆိုတာ၊	ဘယ်လိုဟာ၊	မြတ်စွာဟောထားသည်။
၂။	နှိုင်းဆသိဖို့ရာ၊	ခဲယဉ်းပါ။	ဧရိ တာဖြစ်လေသည်။
၃။	ပျံ့လွင့်လေခြင်း၊	တတ်ကြွခြင်း၊	ကင်းရှင်းသူများသည်၊
၄။	လျှပ်ပေါ်ခြင်း၊	နှုတ်ကြမ်းခြင်း၊	ကင်းရှင်းသူများသည်၊
၅။	ပရမ်းပြောခြင်း၊	ထုန်လှေပ်ခြင်း၊	ကင်းရှင်းသူများသည်၊
၆။	သတိပညာ၊	ပြည့်စုံကာ၊	စိတ်မှာတည်သူသည်၊
၇။	ဣန္ဒြေ၊	စောင့်စည်းကြ၊	ရှိကြသူများသည်၊
၈။	ဒုပ္ပမေယျ၊	အမည်ရ၊	ဗုဒ္ဓဟောလေထည်။
၉။	ရေတိမ်နေဟန်၊	ခန့်မှန်းပြန်၊	သိရန်မခက်ပြီ။
၁၀။	စိတ်မတည်သူ၊	လော်လီသူ၊	လွယ်ကူသိနိုင်ထည်။
၁၁။	ရေနက်နေဟန်၊	ခန့်မှန်းပြန်၊	သိရန်မလွယ်ပြီ။
၁၂။	တည်ကြည်သူထင်း၊	သိဖို့အင်း၊	ခဲယဉ်းလှပေသည်။
၁၃။	ထို့ကြောင့်သာပင်၊	လောကတွင်၊	လူပင်ဖြစ်၍သည်၊
၁၄။	တန်ဖိုးကျအောင်၊	သိလွယ်အောင်၊	ကျင့်ဆောင်မသင့်ပြီ။
၁၅။	တန်ဖိုးရှိအောင်၊	ဂုဏ်တက်အောင်၊	ကျင့်ဆောင်သင့်ကြသည်။

၁၁။ ဒုပ္ပမေယျပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၁၂။ သာရ သာရပရိဝါရ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ကိုယ်ကျင့်တရားများ

၁၂။ သာရ သာရပရိဝါရပုဂ္ဂိုလ် ။ ။ သာရ သာရပရိဝါရပုဂ္ဂိုလ်ဟူသည် မိမိကိုယ်တိုင်လည်း အနှစ်သာရ ရှိ၍၊ မိမိ၏ ပရိသတ်သည်လည်း အနှစ်သာရရှိသည်ကို ပြောဆိုခြင်း ဖြစ်သည်။ ဤသာရပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

ကထဉ္စ ပုဂ္ဂလော သာရော ဟောတိ သာရပရိဝါရော – အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိက အနှစ်ပင် ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့် တူသနည်း။

ဣဓေကစ္စော ပုဂ္ဂလော – ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည်၊

၁။ သီလဝါ – သီလရှိ၏။

၂။ ကလ्याဏ ဓမ္မော – ကောင်းသော အကျင့်ရှိ၏။

၃။ ပရိသာပိဿ – ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း၊

၄။ သီလဝတိ – သီလရှိ၏။

၅။ ကလ्याဏ ဓမ္မော – ကောင်းသောအကျင့် ရှိ၏။

ဧဝံ ပုဂ္ဂလော သာရော ဟောတိ သာရပရိဝါရော – ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် မိမိက အနှစ်ပင် ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်နှင့်တူ၏။

(အဘိ – ၄ – ၁၆၁။ မြန် – ၆၅)

အထက်ပါ ဒေသနာသဘောအရ လူတို့မည်သည် အသိုင်းအဝိုင်းနှင့် နေကြသည်ဖြစ်သောကြောင့် မိမိကိုယ်တိုင်လည်း သီလတည်းဟူသော အနှစ်မရှိ။ မိမိ၏ အသိုင်းအဝိုင်းသည်လည်း သီလတည်းဟူသော အနှစ်မရှိဟု ဆိုလျှင် အလွန်ပင် ဆိုးရွားလှပေ၏။ အချို့အသိုင်းအဝိုင်းကား ခေါင်းဆောင်လုပ်သူက အကျင့်ကောင်း၏။ နောက်လိုက်တွေက အကျင့်မကောင်းပေ။ ယင်းသည်လည်း မကောင်းသေးပေ။ အချို့အသိုင်းအဝိုင်းကား ခေါင်းဆောင်လုပ်သူက အကျင့်မကောင်း။ နောက်လိုက်များက အကျင့်ကောင်း၏။ ယင်းသည်လည်း မကောင်းသေးပေ။ အချို့ အသိုင်းအဝိုင်းဌ်ကား ခေါင်းဆောင်သူလည်း အကျင့်ကောင်း၏။ သီလရှိ၏။ နောက်လိုက်တို့သည်လည်း အကျင့်ကောင်း၏။ သီလရှိ၏။ ဤသဘောသည် ကောင်းမြတ်လှပေ၏။

တောအုပ်တို့ဌ် သစ်ပင်များ ပေါက်ရောက်လျက် ရှိကြရာ အခြားသစ်ပင်များထက် ကြီးမားသော သစ်ပင်ကို တောစိုးသစ်ပင်ဟု ဆို၏။ ယင်းတောစိုးသစ်ပင်သည် မိမိကိုယ်တိုင်လည်း အနှစ်ရှိသကဲ့သို့ မိမိ၏ အခြံအရံသစ်ပင်တို့လည်း အနှစ်ရှိ၏။ ထိုပုဂ္ဂိုလ်ကို ဤကဲ့သို့ သစ်ပင်နှင့်တူ၏ဟူ၍ ခိုင်းနှိုင်းထားခြင်း ဖြစ်လေ၏။ ထို့ကြောင့် ဤသစ်ပင်မျိုးနှင့်တူစွာ ကိုယ်တိုင်လည်း သီလရှိ၊ အကျင့်ကောင်းလျက် မိမိပရိသတ်ကိုလည်း သီလရှိအောင်၊ အကျင့်ကောင်းအောင် ကြိုးစားအားထုတ်သင့်ကြပေ၏။

၁၂။ သာရ သာရပရိဝါရပုဂ္ဂိုလ်ကို ဖော်ပြခြင်း၌ ဆောင်ရန်လက်ခံများ

၁။	သာရ သာရပရိဝါရဆိုတာ၊	တယ်လိုတာ၊	မြတ်စွာဟောထားသည်။
၂။	ကိုယ်တိုင်နှစ်ရှိ၊	နောက်လိုက်ရှိ၊	မှတ်သိနိုင်ကြသည်။
၃။	အနှစ်တာဖြင့်၊	သီလနှင့်၊	ဟောင်းကျိုးဖြစ်လေသည်။
၄။	ကိုယ်တိုင်သီလ၊	နောက်သီလ၊	ရှိကြသူများသည်၊
၅။	တောအုပ်တစ်ခွင်၊	အနှစ်အင်၊	သစ်ပင်ကဲ့သို့သည်၊
၆။	တူနေလေငြား၊	မြတ်တုရား၊	ဟောကြားထားလေသည်။
၇။	အထာမပါ၊	အနှစ်ဟာ၊	လွန်စွာကောင်းမြတ်သည်။
၈။	လူရွာလောက၊	သိုင်းဝိုင်းပ၊	ရှိကြရလေသည်။
၉။	ကိုယ်လဲအထာ၊	သူအထာ၊	တယ်မှာကောင်းလိမ့်မည်။
၁၀။	ကိုယ်ကအနှစ်၊	သူကာဖြစ်၊	တစ်ထစ်မကောင်းပြီ။
၁၁။	ကိုယ်ကကာဖြစ်၊	သူအနှစ်၊	စင်စစ်မကောင်းပြီ။
၁၂။	သူရောကိုယ်ပါ၊	အနှစ်သာ၊	လွန်စွာကောင်းမြတ်သည်။
၁၃။	ကိုယ်တိုင်ရောပါ၊	ခြုံရုံပါ၊	အထာရှိ၍သည်၊
၁၄။	အနှစ်ရှိအောင်၊	ကျင့်ကောင်းအောင်၊	ကျင့်ဆောင်သင့်ကြသည်။

၁၂။ သာရ သာရပရိဝါရ ပုဂ္ဂိုလ်ကို ဖော်ပြခြင်း ပြီး၏။

၄။ ဤတွင် ပုဂ္ဂလပညတ္တိကျမ်းလာ ကိုယ်ကျင့်တရားများ ရပ်နားပြီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၅။ ကထာဝတ္ထုကျမ်း

၅။ ကထာဝတ္ထုကျမ်းလာ ကိုယ်ကျင့်တရားများ

၅။ ကထာဝတ္ထုကျမ်း နိဒါန်း ။ ။ ဤကထာဝတ္ထုကျမ်းကား အဘိဓမ္မာ (၇)ကျမ်းတွင် (၅)ခုမြောက်ကျမ်းဖြစ်၏။ မြတ်စွာဘုရားရှင် တိုက်ရိုက်ဟောတော်မူအပ်သော ကျမ်းမဟုတ်ဘဲ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ဟောအပ်သော ကျမ်းဖြစ်၏။ သို့ဖြစ်၍ ကထာဝတ္ထုကျမ်း ဖြစ်ပေါ်လာရခြင်း အကြောင်းနိဒါန်းကိုလည်း အကျဉ်းချုပ် သိထားသင့်ပေ၏။

မြတ်စွာဘုရားရှင် ပွင့်တော်မူပြီးနောက် (၇)ဝါမြောက်၌ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူပြီးလျှင် မယ်တော်ဖြစ်ပူးသော သန္တုသိတနတ်သားကို အမှူးထား၍ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာ (၇)ကျမ်းကို ဟောတော်မူ၏။ ထို (၇)ကျမ်းတွင် ကထာဝတ္ထုကျမ်းမှာတစ်ပါး ကျန်အဘိဓမ္မာ (၆)ကျမ်းကို အပြည့်အစုံ ဟောတော်မူ၏။ ကထာဝတ္ထုကျမ်းကိုမူကား နောင်အခါ အရှင်မောဂ္ဂလိပုတ္တထေရ် အကျယ်ဟောနိုင်ရန်အတွက် တစ်ဘာဏဝါရမျှရှိသော အကျဉ်းမာတိကာကိုသာ ဟောတော်မူ၏။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ဘုရားရှင် ထားအပ်တော်မူသော အကျဉ်းမာတိကာကို အကျယ်ချဲ့၍ ဟောအပ်သောကြောင့် ကထာဝတ္ထုကျမ်းဟူ၍ ဖြစ်ပေါ်လာခြင်း ဖြစ်လေ၏။

ချဲ့ဦးအုံး။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက် နှစ်ပေါင်း (၂၀၀)အတွင်း ဘုရားရှင် ပညတ်တော်မူထားအပ်သော ဝိနည်းသိက္ခာပုဒ်များကို အပြည့်အစုံ မလိုက်နာနိုင်သည့်အတွက် ဝိနည်းသိက္ခာပုဒ်များကို ပြင်ဆင်ရန် အားထုတ်လာကြသော ရဟန်းများ ပေါ်ပေါက်လာခဲ့ကြပေ၏။ 'ဤကိစ္စသည် သာသနာတော် ဆုတ်ယုတ်ရန် အကြောင်းဖြစ်သည်' ဟု မြော်မြင်ကြသော ရဟန်းသံဃာတော်တို့သည် ဝိနည်းသိက္ခာပုဒ်တို့ကို အပြည့်အစုံ ကျင့်သုံးနိုင်ရန် အားထုတ်မှု ပြုကြရပြန်လေ၏။ ယင်းသို့ဖြင့် ဝိနည်းသိက္ခာပုဒ်တော်ကို အပြည့်အစုံ ကျင့်သုံးရေးဂိုဏ်း၊ အပြည့်အစုံ မကျင့်သုံးရေးဂိုဏ်းဟူ၍ ဂိုဏ်းကွဲပြားမှု ဖြစ်လာလေ၏။ ယင်းသို့ ဒုတိယသင်္ဂါယနာတင်သည်မှ စ၍ ဂိုဏ်းကွဲများ ဖြစ်ပွားလာခဲ့ရာ ဝိနည်းသိက္ခာပုဒ် အပြည့်အစုံ ကျင့်သုံးရေးဂိုဏ်းကို ထေရဝါဒဂိုဏ်း၊ ဝိနည်းသိက္ခာပုဒ် အပြည့်အစုံ မကျင့်သုံးရေးဂိုဏ်းကို မဟာသံဃိကဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ဖြစ်ပေါ်လာခဲ့လေ၏။

ထို့နောက် မဟာသံဃိကဂိုဏ်းမှလည်း ဂေါကုလိကဂိုဏ်း၊ ဧကဗ္ဗောဟာရဂိုဏ်း စသည်ဖြင့် (၆) ဂိုဏ်းထိ ကွဲပြားလာပြန်လေ၏။

ထေရဝါဒဂိုဏ်းမှလည်း မဟာသာသကဂိုဏ်း၊ ဝဇ္ဇိပုတ္တကဂိုဏ်း စသည်ဖြင့် (၁၂) ဂိုဏ်း အဆို ကွဲပြားလာပြန်ကုန်၏။ နှစ်ရပ်ပေါင်းသော် ဂိုဏ်း (၁၈) ဂိုဏ်း ဖြစ်ပေါ်လာခဲ့လေ၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီး၍ နှစ်ပေါင်း (၂၀၀)ကျော် တတိယသင်္ဂါယနာတင်ရာ အချိန်၌ကား သိရိဓမ္မာသောကမင်းကြီးသည် နိုင်ငြာသောမင်းကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဖြစ်လာပြီးနောက် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် အကြီးအကျယ် ထောက်ပံ့လာခဲ့လေသည်။ သာသနာပ တိတ္ထိတို့သည် လာဘ်လာဘပါးရှားသည်ဖြစ်ရကား လာဘ်လာဘ ပေါများသော ဗုဒ္ဓသာသနာဘက်သို့ နည်းမျိုးစုံ ဝင်ရောက်၍ လာခဲ့လေသည်။ အချို့သော တိတ္ထိတို့သည် သိက္ခာတင် သိမ်ဝင်၍ ရဟန်းအဖြစ် ခံယူကြသလို အချို့သော တိတ္ထိတို့သည် သိက္ခာမတင် သိမ်မဝင်ဘဲ ဗိမိတို့ဟသာ သင်္ကန်းပတ်၍ ရဟန်းအဖြစ်ကို ခံယူကြလေသည်။ ထိုသို့ ခံယူကြပြီးနောက် သူတို့၏ ဝိစ္ဆာဝါဒများကို 'ဗုဒ္ဓဘာသာပါ' ဟူ၍ ဟစ်ကြွေးကာ လူအများအား ဟောပြော ပို့ချလာကြလေသည်။

အချို့ တိတ္ထိရဟန်းတို့သည် ဗုဒ္ဓဘာသာ ပိဋကတော်များကိုပင် သင်ယူတတ်မြောက်ကြ၍ ဗုဒ္ဓဘာသာတရားတော်ကို ထဲထဲဝင်ဝင် ဖျက်ဆီးရန် ကြိုးပမ်းလာခဲ့ကြလေသည်။ သို့ဖြစ်၍ တတိယသင်္ဂါယနာ တင်ချိန်ကာလ၌ ဗုဒ္ဓဘာသာသည် အလွန်ရှုပ်ထွေးပွေလီလျက် ရှိနေလေသည်။ ထိုတွင်မက ထိုတိတ္ထိတို့မှ ဖြစ်လာသော ရဟန်းများနှင့် ဝိနည်းသိက္ခာပုဒ်တော်ကို အပြည့်အစုံ မကျင့်သုံးရေးတို့မှ ဖြစ်ပေါ်လာသော ဂိုဏ်းကွဲရဟန်းများတို့သည် ပူးပေါင်းမိကြပြန်လေသည်။ သို့ဖြစ်၍ မြေပူရာကင်းမှောင့် ဆိုသကဲ့သို့ ဗုဒ္ဓသာသနာတော်သည် အလွန်အလွန် ရှုပ်ထွေး ပွေလီလျက် ရှိလာလေသည်။

ယင်းအရှုပ်အထွေးတို့ကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်နှင့် သိရိဓမ္မာသောကမင်းကြီးတို့ ဖြေရှင်းပေးခဲ့ကြရလေသည်။ သိရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တထေရ်ထံ၌ အခြေခံဗုဒ္ဓဘာသာကို သင်ယူပြီးနောက် ရဟန်းများကိုပင့်ကာ 'မြတ်စွာဘုရားသည် အဘယ်ဝါဒ ရှိပါသနည်း' ဟု မေးရာတွင် 'သဿတဝါဒ ရှိပါသည်၊ ဥစ္ဆေဒဝါဒ ရှိပါသည်' စသည်ဖြင့် မိစ္ဆာဒိဋ္ဌိဝါဒများကို ဖြေဆိုသော ရဟန်းများကို အကုန်လူထွက်စေသည်မှာ (၆)သောင်းမျှ ရှိလေသည်။

ပိဋကတရားများကို တတ်ကျွမ်းနားလည်သော ရဟန်းများသည်ကား မြတ်စွာဘုရားသည် 'ဝိဘဇ္ဇဝါဒ ရှိသည်။ ခွဲခြမ်းဝေဖန်၍ ပြောဆိုတော်မူတတ်သည်' ဟူ၍ ဖြေဆိုနိုင်သော ရဟန်းများကိုကား လူမထွက်ခိုင်းစေဘဲ ရဟန်းအဖြစ်နှင့်ပင် ထားရှိလေသည်။

သို့ရာတွင် သိရိဓမ္မာသောကမင်းကြီး နားမလည်နိုင်သော အတ္တဇိဝ ရှိ၏။ ပုဂ္ဂိုလ်သတ္တဝါ ရှိ၏ စသော မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို ယူကြသော ရဟန်းများ မြောက်များစွာ ကျန်နေသေးလေသည်။ ပညတ်၊ ပရမတ် မကွဲသော အရာများ မြောက်များစွာ ကျန်နေလေသည်။ ဥပမာအားဖြင့် – ရဟန္တာသည် သဗ္ဗညုမဟုတ်၍ မိမိ မသိပူး၊ မမြင်ပူး၊ မရောက်ပူး၊ မကျက်စားမိပူးသော လူနာမည်၊ မြို့နာမည်များ၊ ရွာနာမည်များကို မသိသည်ကိုပင် ရဟန္တာ၌ အဝိဇ္ဇာ ရှိသေးသည်။ ဝိစိကိစ္ဆာ ရှိသေးသည် – ဟူ၍ မှားသော မိစ္ဆာဒိဋ္ဌိ အယူများ ယူကြသော ရဟန်းများ မြောက်များစွာ ရှိနေလေသည်။ ယင်းအမှားများကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် မေးမြန်း၍ စိစစ်ဖြေရှင်းခဲ့ရလေသည်။ ယင်းမေးမြန်း စိစစ်ဖြေရှင်းသောကျမ်းကိုပင် 'ကထာဝတ္ထုကျမ်း' ဟူ၍ ခေါ်ဆိုခြင်း ဖြစ်လေသည်။

ယင်းသို့ မေးမြန်း စိစစ်ရာ၌ မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော ရဟန်းများကလည်း ပိဋကတော်များကို လေ့လာတတ်မြောက်ထားရကား အကိုးသာဓကနှင့် ပြန်လှန်ချေပမှု ပြုကြလေသည်။ အကိုးသာဓကနှင့်ပင်

ပြန်လှန်၍ ဖိနှိပ်ချေပရပြန်လေသည်။ ဤသို့ အခြေအတင် ပြောဆိုကြရာ၌ အရပ်ထဲမှာကဲ့သို့ အော်ကြိုးဟစ်ကျယ် ငြင်းကြခုံကြ အငြင်းပွားကြခြင်းမျိုး မဟုတ်ပေ။ သိမ်မွေ့နူးညံ့စွာ ပြောဆိုကြခြင်း၊ ဆုံးဖြတ်ကြခြင်းမျိုး ဖြစ်လေသည်။ ဤသို့ဖြင့် ကထာဝတ္ထုကျမ်း ဖြစ်ပေါ်ပုံသဘောကို သိမြင်နိုင်ကြပေသည်။

သို့ဖြစ်၍ ကထာဝတ္ထုကျမ်းကို အဓိပ္ပါယ် ပွင့်ဆိုသော် ဤသို့ဖြစ်လေသည်။ ကထာဝတ္ထု = ကထာ - စကား၊ ဝတ္ထု - တည်ရာ။ **ကထာဝတ္ထု** - စကားတည်ရာ ဖြစ်သည်။ အဓိပ္ပါယ်မှာ - မှန်ကန်ထာ အကြောင်းယုတ္တိ အထောက်အကိုးတို့ဖြင့် မိမိဝါဒကို တည်စေကြောင်း၊ တစ်တက်ဝါဒကို ပယ်ဖျက်ကြောင်း စကားတို့၏ တည်ရာဖြစ်သောကျမ်းကို ကထာဝတ္ထုကျမ်း ဟူ၍ ခေါ်ဆိုလေသည်။

(အဘိ ၄ - ၃ - ၁၀၄ / ၁၁၁)

၂။ **သကဝါဒီ, ပရဝါဒီ** ။ ။ မှားသော အယူဝါဒကို စိစစ်သော ဤကထာဝတ္ထုကျမ်း၌ သကဝါဒီ, ပရဝါဒီဟူ၍ အသုံးပြုမှုရှိသည်။ ထိုတွင် -

သကဝါဒီ ဟူသည် - မှန်သောအယူရှိသော ဗိမိဘက်ဟူ၍ သိမြင်ရမည် ဖြစ်သလို၊

ပရဝါဒီ ဟူသည် - မှားသောအယူရှိသော သူတစ်ပါးဘက်ဟူ၍ သိမြင်ကြရမည် ဖြစ်သည်။

၃။ ကထာဝတ္ထုကျမ်း၊ နိဒါန်း၌ ဆောင်ရန်လင်္ကာများ

၁။	ကထာဝတ္ထုကျမ်း၊	ဖြစ်ပုံဆန်း၊	နိဒါန်းသိရမည်။
၂။	ဘုရားမကိုင်္ဂါ၊	နှလုံးပိုက်၊	တိုက်ရိုက်မဟောဖြို။
၃။	တိသဿထေရော၊	ဟောဖို့ရာ၊	မာတိကာထားခဲ့သည်။
၄။	ဘုရားရှင်ထား၊	မာတိအား၊	ချဲ့ကားဟော၍သည်၊
၅။	ကထာဝတ္ထု၊	ကျမ်းပေဟု၊	ပေါ်ပြုလာရသည်။
၆။	ပရိန္ဒာ၊	ပြုပြီးရာ၊	နှစ်ရာလောက်မှာသည်။
၇။	ဝိနည်းတရား၊	အပြည့်ကား၊	လိုက်ငြားမရှိဖြို။
၈။	ဝိနည်းမခန်း၊	အပြည့်လန်း၊	ရဟန်းများမှာသည်၊
၉။	ဝိနည်းမယုတ်၊	အပြည့်လုပ်၊	အားထုတ်ကြ၍သည်၊
၁၀။	ပြည့်စုံကျင့်ဂိုဏ်း၊	မကျင့်ဂိုဏ်း၊	နှစ်ဂိုဏ်းကွဲလေသည်။
၁၁။	အပြည့်အဝ၊	ကျင့်ဖို့က၊	ထေရဖြစ်လာသည်။
၁၂။	အပြည့်အစုံမှာ၊	မကျင့်ရာ၊	မဟာဖြစ်လာသည်။
၁၃။	ယင်းသို့နှစ်ဝ၊	စကွဲကြ၊	ပင်မဂိုဏ်းမှသည်၊

၁၇။ ထပ်ကာထပ်ကာ၊ ကွဲပြန်ရာ၊ ဆယ့်ရစ်ဖြာဖြစ်လာသည်။
၁၅။ တတိယ သင်္ဂါယနာ၊ တင်ဖို့ရာ၊ ခွိန်ခါများ၌သည်၊
၁၆။ သာသနာအရေး၊ စိတ်မအေး၊ ရုပ်ထွေးလာလေသည်။
၁၇။ နိုကြောဓမည်ပေ၊ သာမဏေ၊ ကြောင်းလေပြု၍သည်၊
၁၈။ သိရိဓမ္မာ၊ မင်းရာဇာ၊ သာသနာကြည်ညိုဖို့။
၁၉။ ပစ္စည်းလေးခန်း၊ အုံ့မခန်း၊ လှူဒါန်းပူဇော်ဖို့။
၂၀။ တိတ္ထိတွေကား၊ လာဘ်အများ၊ ရှားပါးလာ၍သည်၊
၂၁။ နည်းစုံဖြင့်သာ၊ သာသနာ၊ ဝင်ကာရောက်လာသည်။
၂၂။ သိင်္ဂာလဲတင်၊ သိမ်လဲဝင်၊ အဝင်ရှိလာသည်။
၂၃။ သိင်္ဂာမတင်၊ သိမ်မဝင်၊ အဝင်ရှိပြန်သည်။
၂၄။ လူအများအား၊ မှားတရား၊ ဟောကြားဝို့ချသည်။
၂၅။ ပိဋကသုံးအင်၊ သင်၍ပင်၊ ကျွမ်းကျင်ပါဝင်သည်။
၂၆။ ဝိနည်းတရား၊ လေးမထား၊ ရဟန်းများနှင့်သည်၊
၂၇။ အမှားယူထား၊ ရဟန်းများ၊ ပေါင်းငြားမိပြန်သည်။
၂၈။ သို့ဖြစ်၍သာ၊ သာသနာ၊ လွန်စွာရုပ်လေပြီ။
၂၉။ တိသဃထေရာ၊ မင်းရာဇာ၊ ညီစွာပေါင်း၍သည်၊
၃၀။ ယင်းအရုပ်ထင်း၊ ကိုင်တွယ်ခြင်း၊ ဖြေရှင်းပြကြသည်။
၃၁။ သိရိဓမ္မာ၊ မင်းရာဇာ၊ မိစ္ဆာများကိုသည်၊
၃၂။ ဘုရားမြတ်ဟူ၊ ဘယ်အယူ၊ ယူမှုမေးလေသည်။
၃၃။ ဒိဋ္ဌသဿတ၊ ဥစ္ဆေဒ၊ ဖြေကြရာ၌သည်၊
၃၄။ လူထွက်စေတောင်း၊ ဒိဋ္ဌပေါင်း၊ ခြောက်သောင်းရှိလေသည်။
၃၅။ ပိဋကတ်တရား၊ လေ့လာထား၊ တိတ္ထိများမှာသည်၊
၃၆။ ဝိဘဇ္ဇဝါဒီ၊ ဖြစ်၍သည်၊ လူဆီမရောက်ပြီ။
၃၇။ ပညတ်,ပရမတ်၊ သိမ်မွေ့လတ်၊ အရုပ်ရုပ်ကိုသည်၊
၃၈။ သိရိဓမ္မာ၊ မင်းရာဇာ၊ ဘယ်မှာနားလည်မည်။
၃၉။ ယင်းပြဿနာ၊ ထေရ်တိဿာ၊ ကောင်းစွာဖြေရှင်းသည်။
၄၀။ ဖြေရှင်းနိုင်မှန်း၊ ကထာကျမ်း၊ ပေါ် လန်းလာရသည်။
၄၁။ ကျမ်းအဓိပ္ပါ၊ ဤသို့သာ၊ ကောင်းစွာသိနိုင်သည်။

၄၂။ မိမိယူငြား၊ ဝါဒအား၊ တည်ငြားစေတာသည်။
၄၃။ တစ်ဘက်ယူအား၊ ပယ်ကြောင်းများ၊ စကားများကိုသည်၊
၄၄။ တည်ရှိစေရာ၊ ကျမ်းမဟာ၊ ကထာဓေါ် ရသည်။
၄၅။ သတ, ပရ၊ ကျမ်းဌိပ၊ နှစ်ဝရိုလေသည်။
၄၆။ သကမှန်တာ၊ ပရမှာ၊ မှားတာသိရမည်။

၁။ ကထာဝတ္ထုကျမ်း နိဒါန်းဖော်ပြချက် ပြီး၏။

၂။ ပုဂ္ဂိုလ်ကို ပရမတ္ထသစ္စာအားဖြင့် ရအပ်/ မရအပ် စိစစ်ခြင်း

၂။ ပုဂ္ဂိုလ်နှင့် ပရမတ္ထသစ္စာ ။ ။ ပရမတ္ထသစ္စာအားဖြင့် ပုဂ္ဂိုလ်မရှိ။ သတ္တဝါမရှိ။ အတ္တဇီဝ မရှိ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့သာ ထင်ရှားရှိလေ၏။ မိန္ဆာအယူရှိသူတို့ကား ပုဂ္ဂိုလ်ရှိ၏။ သတ္တဝါရှိ၏။ အတ္တဇီဝရှိ၏ – ဟု အယူရှိကြ၏။ အယူမှားရှိသော ပရဝါဒီပုဂ္ဂိုလ်နှင့် အယူမှန်ရှိသော သကဝါဒီပုဂ္ဂိုလ်တို့ ဤသို့ မေးဖြေပြုကြလေကုန်၏။

အယူမှား ပရဝါဒီ အမေး ။ ။ နဝတ္တမ်ဗုဒ္ဓ ဥပလဒ္ဓတိ သစ္စိကဋ္ဌ ပရမတ္ထေနာတိ – ပုဂ္ဂိုလ်ကို မှန်သောသဘော၊ မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်ပါသလော။

အယူမှန် သကဝါဒီအဖြေ ။ ။ အာမန္တာ – ဩ .. မဆိုသင့်ပါ။

သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ကို မရအပ်သောကြောင့် မရအပ်ဟု ဖြေဆိုခြင်း ပြုသည်။

ပရဝါဒီပုဂ္ဂိုလ်သည် သကဝါဒီပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်မရှိဟူသော အဖြေကို သဘောမကျနိုင်ရကား ကာယာနုပဿနာ သတိပဋ္ဌာန်ကို အကိုးလုပ်ကာ ဤသို့ မေးမြန်းလာပြန်သည်။

ပရဝါဒီ ။ ။ နနု အတ္ထိ ကောစိ ကာယေ ကာယာနုပဿီ ဝိဟရတီတိ?
ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်နေသော တစ်စုံတစ်ယောက်သူသည် ရှိသည်မဟုတ်လော။

သကဝါဒီ ။ ။ အာမန္တာ – ဩ .. ရှိပါသည်။
ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်သော ယောဂီများ ရှိသည်ဖြစ်၍ ရှိသည်ဟု ဖြေဆိုခြင်း ပြုသည်။

ယင်းကို အကိုးပြုကာ ပရဝါဒီပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်ရှိကြောင်းကို ဤသို့ပြောဆိုလာလေသည်။

ပရဝါဒီ ။ ။ ဟဠွိ အတ္ထိ ကောစိ ကာယေ ကာယာနုပဿီ ဝိဟရတိ။ တေန ဝတ ရေ ဝတ္တဗ္ဗေ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကဋ္ဌ ပရမတ္ထေနာတိ? အရှင်သကဝါဒီ ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက်နေသော တစ်စုံတစ်ယောက်သောသူ ရှိခဲ့ပါမူ ထိုအကြောင်းကြောင့် ပုဂ္ဂိုလ်ကို မှန်သော သဘော၊ မြတ်သောသဘောအားဖြင့် ရအပ်၏ဟူ၍ ဆိုသင့်၏။

ထိုအခါ သကဝါဒီရဟန်းသည် ပုဂ္ဂိုလ်သတ္တဝါ မရှိပုံကို ပြန်၍ချေပလိုရကား ဤသို့တစ်ဖန် ပရဝါဒီပုဂ္ဂိုလ်ကို မေးမြန်းမှု ပြုလေ၏။

သကဝါဒီ ။ ။ အရှင် သကဝါဒီ အကြင်သူသည် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် နေ၏။ ထိုသူသည်သာ ပုဂ္ဂိုလ်ဖြစ်သလော။ အကြင်သူသည် ကိုယ်၌ကိုယ်ကို အဖန်တလဲလဲ ရှုမှတ်လျက် မနေ။ ထိုသူသည် ပုဂ္ဂိုလ် မဖြစ်ဟုသလော။

ပရဝါဒီအဆိုအရ ကာယာနုပဿနာကို ရှုမှတ်နေသူသည် ပုဂ္ဂိုလ်ဖြစ်သည်ဟုဆိုလျှင် ရှုမှတ်မနေသူသည် ပုဂ္ဂိုလ်မဟုတ်ဟု ဆိုရာရောက်နေသောကြောင့် ထိုသို့ ပြန်၍ မေးခြင်း ဖြစ်သည်။

ပရဝါဒီ ။ ။ 'နံ ဟေဝံ ဝတ္တဗ္ဗေ' – ဤသို့ကား မပြောဆိုသင့်ဟု။ ဤသို့ ဖြေဆိုသဖြင့် ရှုမှတ်သူရော၊ မရှုမှတ်သူရော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ပြောဆိုခြင်း ဖြစ်လေသည်။

ထိုအခါ သကဝါဒီသည် ပုဂ္ဂိုလ်သတ္တဝါ မရှိပုံကို အောက်ပါ အကိုးသာဓကကို ထုတ်ဆောင်၍ ပြောဆိုလေသည်။

သကဝါဒီ ။ ။ သုညတော လောကံ အဝေက္ခသု မောဃရာဇ သဒါသတော အတ္တာနုဒိဋ္ဌိ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ ဧဝံ လောကံ အဝေက္ခန္တံ မစ္စုရာဇာ နုပဿတိ။

မြန် ။ ။ မောဃရာဇလုလင် ... အခါခပ်သိမ်း သတိရှိသည် ဖြစ်၍ ခန္ဓာဟူသော လောကကို အတ္တမှ ကင်းဆိတ်သောအားဖြင့် ရှုမှတ်လော့။ ဤသို့ ရှုမှတ်သည်ရှိသော် အတ္တသို့ အစဉ်လိုက်သော အယူကို ပယ်နှုတ်၍ သေမင်းကို လွန်မြောက်နိုင်၏။

ဤသို့ ခန္ဓာဟူသော လောကကို ရှုမှတ်သူကို သေမင်းသည် မမြင်ရတော့ချေ – ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သုတ္တန်ကို ထောက်ပြ၍ ပုဂ္ဂိုလ်မရှိကြောင်း ပြောသော်လည်း လက်မခံပေ။

(အထက်ပါ ဂါထာသည် သုတ္တနိပါတ် ပါဠိတော်၌လာသော ဂါထာ ဖြစ်လေသည်)

လက်မခံရုံတွင်မက ပုဂ္ဂိုလ်ရှိကြောင်းကို အကိုးသာဓကပြ၍ ဤသို့ပင် ပြန်လှန်ချေပလာပြန်သည်။

ပရဝါဒီ ။ ။ နနု ဘဂဝါ သစ္စဝါဒီ ကာလဝါဒီ ဘူတဝါဒီ တထဝါဒီ အဝိတထဝါဒီ အနညထဝါဒီတိ? မြတ်စွာဘုရားသည် အမှန်ကို ပြောဆိုလေ့ရှိသည်။ အခါအားလျော်စွာ ပြောဆိုလေ့ရှိသည်။ ဟုတ်သည်ကို ပြောဆိုလေ့ရှိသည်။ မှန်သည်ကို ပြောဆိုလေ့ရှိသည်။ မချွတ်မယွင်း ပြောဆိုလေ့ရှိသည်။

တစ်မျိုးတစ်ခြား ပြောဆိုလေ့ရှိသည် မဟုတ်လော – ဟူ၍ မေးမြန်းပြီးနောက် ဤသို့ သာဓကတင်၍ ပုဂ္ဂိုလ် ရှိကြောင်း အခိုင်အမာ ပြောဆိုပြန်လေသည်။

ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ တိတာယ သုခါယ ဒေဝမနုဿာနန္တိ။ အတ္ထေဝ သုတ္တန္တော်တိ။

မြန် ။ ။ ရဟန်းတို့ ... လောက၌ တစ်ဦးသောပုဂ္ဂိုလ်သည် ဖြစ်ပေါ်လတ်သော် လူအများ၏ အစိုးအပွားအလို့ငှါ၊ လူအများ၏ ချမ်းသာအလို့ငှါ၊ လောကကို သနားစောင့်ရှောက် ချီးမြှောက် ရန်အလို့ငှါ၊ နတ်လူတို့၏ စိုးပွားချမ်းသာ အလို့ငှါသာ ဖြစ်ပေါ်တော်မူ၏ – ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန်ပါဠိသည် ရှိသည် မဟုတ်လော။

(*ဤပါဠိတော်သည် ကေဂုံတ္တရပါဠိတော်၌ လာလေသည်*)

ပရဝါဒီပုဂ္ဂိုလ်သည် ထိုသို့ အကိုးပြပြီးနောက် ထိုအကိုးကို ထောက်၍ ပုဂ္ဂိုလ်ရှိကြောင်းကို ပြောဆိုလေ၏။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်သည် အောက်ပါ အကိုးသာဓကများကို ထုတ်၍ ပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်းကို အပြီးသတ် ချေမှုန်းရပြန်လေ၏။

<u>သကဝါဒီ</u> ။ ။ ဝုတ္တံ ဘဂဝတာ သဗ္ဗေ ဓမ္မာ အနတ္တာတိ – အလုံးစုံသော တရားတို့သည် အတ္တ မဟုတ်ကုန်။ အတ္တဇီဝ မဟုတ်ကုန်။ တစ်စုံတစ်ခုသော တရား၌မျှ အတ္တ, ပုဂ္ဂလ မရှိကုန်ဟူ၍ မြတ်စွာဘုရား သည် ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်ရှိ၍ ပုဂ္ဂိုလ်ရှိ၏ဟူ၍ မပြောဆိုသင့်ပေ။

ထိုသို့ ပြောဆိုသော်လည်း ပရဝါဒီသည် ပုဂ္ဂိုလ်ရှိကြောင်းကို ပြောဆိုနေသဖြင့် သကဝါဒီသည် အောက်ပါ အကိုးသာဓကကိုလည်း ထုတ်ဆောင်ပြရပြန်၏။

ဝုတ္တံ ဘဂဝတာ ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။ ဒုက္ခမေဝ နိရုဇ္ဈမာနံ နိရုဇ္ဈတိတိ နကင်္ခိ နဝိဓိကိစ္ဆတိ အပရပ္ပစ္စယ ဉာဏမေဝဿ တတ္ထ ဟောတိ။ တတ္ထာဝတာ ဧဝါ ကစ္စာန သမ္မာဒိဋ္ဌိ တောတိတိ အတ္ထေဝ သုတ္တန္တော်တိ။

(*ဤဒေသနာကား သံယုတ်ပါဠိတော် ပဌမအုပ်၌ လာသည်*)

မြန် ။ ။ ဖြစ်လတ်သော် ဆင်းရဲသည်သာလျှင် ဖြစ်၏။ ချုပ်လတ်သော် ဆင်းရဲသည်သာလျှင် ချုပ်၏။ ဤအရာ၌ မယုံမှား မတွေးတော။ ဤအချက်၌ ထိုပုဂ္ဂိုလ်အား ဘုရားမှတစ်ပါး အခြားကို ယုံကြည်မှု မရှိသော ဉာဏ်သည်သာ ဖြစ်၏။ ဤမျှဖြင့် ကောင်းသောအယူ အမြင်မှန်သူ ဖြစ်၏' ဟူ၍ မြတ်စွာဘုရား ဟောအပ်၏ဟူသော သုတ္တန်ပါဠိသည် ရှိသည်မဟုတ်လော – ဟု မေးမြန်းပြီးနောက် ပုဂ္ဂိုလ်မရအပ်ပုံကို ပြောပြရာ၌လည်း ပုဂ္ဂိုလ်ရှိသည်ကိုသာ ပြောဆိုနေပြန်၍ အောက်ပါ သာဓကကို ထုတ်ဆောင်ရပြန်လေ၏။

၁။ ကိန္နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံနုတော။
သုဒ္ဓ သဒ္ဓိရ ပုဗ္ဗောယံ နယိဓ သတ္တုပလဗ္ဘတိ။
၂။ ယထာတိ အင်္ဂသမ္ဘာရာ ဟောတိ သဒ္ဒါ ရထောတ္ဂတိ။
ဧဝံ ခန္ဓေသု သန္တေသု ဟောတိ သတ္တောတိ သမ္မုတိ။
၃။ ဒုက္ခမေဝတိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဧတိစ။
နာညတြ ဒုက္ခာသမ္ဘောတိ နာညံ ဒုက္ခာ နိရုဇ္ဈတိတိ။

(ဤဒေသနာတော်ကား သံယုတ်ပါဠိတော် ပဌမအုပ် နာ - ၁၃၇ ၌ လာသည်)

မြန် - ၁။ 'မာရိန္တ်...သင်သည် အဘယ်ကို သတ္တဝါဟူ၍ ယုံကြည်နေသနည်း။ သင့်အား အယူမှား၊ အမြင်မှား ဖြစ်နေသလော။ ဤကိုယ်သည် သက်သက် ပြုပြင်အပ်မှု သဘါဝအစုသာ ဖြစ်၏။ ဤကိုယ်၌ သတ္တဝါကို မရှိနိုင်ချေ။

၂။ ရထား၏ အဆောက်အဦးကြောင့် ရထားဟူ၍ ပြောဆိုမှု ဖြစ်သကဲ့သို့ ဤအတူ ခန္ဓာတို့ ရှိကုန်လတ်သော် သတ္တဝါဟူ၍ ပညတ်မှုသည် ဖြစ်၏။

၃။ မှန်၏။ ဆင်းရဲသည်သာ ဖြစ်၏။ ဆင်းရဲသည်သာ တည်လည်းတည်၏။ ပျက်လည်းပျက်၏။ ဆင်းရဲကို ကြဉ်ထား၍ အခြားသတ္တဝါသည် ဖြစ်သည်မဟုတ်။ ဆင်းရဲမှ အခြားသော သတ္တဝါသည် ချုပ်သည်မဟုတ်' ဟူ၍ ဝဇိရာဘိက္ခုနီမသည် ယုတ်မာသော မာရ်နတ်အား ဤစကားကို ပြောဆိုပြီ ဟူသော သုတ္တန်ပါဠိ ရှိသည်သာ မဟုတ်လော။ ထို့ကြောင့် ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရှိသည်ဟူ၍ မပြောဆိုသင့်ပေ။

ဤသို့ ပြောဆိုသည့်တိုင် သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ရှိကြောင်းကို ပရိယာယ်က ပြောဆိုနေပြန်သဖြင့် သကဝါဒီသည် ပုဂ္ဂိုလ်မရှိကြောင်းကို အောက်ပါသာဓကများကို ထုတ်ဆို၍ ပြောရပြန်လေ၏။

အာယသ္မာ အာနန္ဒော ဘဂဝန္တံ် ဧတဒဝေါစ သုညော လောကော သုညော လောကောတိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာနု ခေါ ဘန္တေ သုညော လောကောတိ ဝုစ္စတီတိ။ ယသ္မာ ခေါ အာနန္ဒ သုညံ အတ္တေနဝါ အတ္တနိယေနဝါ တသ္မာ သုညော လောကောတိ ဝုစ္စတိ ...ပ... အတ္ထဝေ သုတ္တန္တောတိ။

(ဤဒေသနာကား သံယုတ်ပါဠိတော် ဒုအုပ် ၂၈၀-၌ လာ၏)

မြန် ။ ။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤစကားကို လျှောက်ထား၏။

'မြတ်စွာဘုရား...ဆိတ်သုဉ်းသော လောက၊ ဆိတ်သုဉ်းသော လောကဟူ၍ ပြောဆိုအပ်ပါသည်။ မြတ်စွာဘုရား... အဘယ်မျှဖြင့် ဆိတ်သုဉ်းသော လောကဟူ၍ ပြောဆိုအပ်ပါသနည်း။

အာနန္ဒာ ... အကြင်ကြောင့် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ ထို့ကြောင့် ဆိတ်သုဉ်းသော လောကဟူ၍ ဆိုအပ်၏။ အဘယ်အရာသည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းသနည်း။ စက္ခုသည် ... ပ ... ဝေဒနာသည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။ ထိုအကြောင်းကြောင့် ဆိတ်သုဉ်းသော လောကဟူ၍ ဆိုအပ်၏' ဟူ၍ အရှင်အာနန္ဒာသည် လျှောက်ထား၍

မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန်ပါဠိ ရှိသည်သာလျှင် မဟုတ်ပါလော။

ထို့ကြောင့် ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရအပ်၏ဟူ၍ မဆိုသင့်။ ဤသို့ပြောသည့်တိုင်အောင် ပရဝါဒီသည် လက်မခံသဖြင့် သကဝါဒီသည် အောက်ပါသာဓကကို ထုတ်ဆောင်၍ ပြောရပြန်လေ၏။

'ရဟန်းတို့... အတ္တာသည် ပြစ်လတ်သော် ငါ၏ အတ္တနိယ ဟူသော အယူသည် ရှိရာသလော'

'ရှိရာပါသည် ဘုရား'

'ရဟန်းတို့... အတ္တနိယ ရှိလတ်သော် ငါသည် အတ္တတည်းဟူသော အယူသည် ရှိရာသလော'

'ရှိရာပါသည် ဘုရား'

'ရဟန်းတို့... အတ္တကိုလည်းကောင်း၊ အတ္တနိယကိုလည်းကောင်း အမှန်အားဖြင့်၊ အဟုတ်အားဖြင့် မရအပ်သည်ရှိသော် ထိုခန္ဓာငါးပါးသည် လောကတည်း။ ထိုခန္ဓာ ၅-ပါးသည် အတ္တတည်း။ ထိုငါသည် တမလွန်ဘဝ၌ ဖြစ်လိမ့်မည်။ ပြဲ၏။ ဒိုင်ခံ၏။ ထင်ရှားရှိ၏။ ပင်ဖော်ပြန်ခြင်း သဘောရှိ၏။ ထင်ရှားရှိသော မြင့်မိုရ်တောင်၊ လ၊ နေတို့နှင့်တူစွာ ထိုအတိုင်းပင် တည်တန့်လိမ့်မည်ဟု အကြင်အယူသည် ရှိ၏။ ရဟန်းတို့... ဤအယူသည် အလုံးစုံပြည့်စုံသော လူပိုက်တို့၏ တရားပင် မဟုတ်လော။'

'မြတ်စွာဘုရား... အဘယ်မှာ မဟုတ်ဘဲ ရှိပါမည်နည်း။ အလုံးစုံ ပြည့်စုံသော လူပိုက်တို့၏ တရားပင် ဟုတ်ပါသည်ဘုရား' – 'ဤသို့ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သည့် သုတ္တန်ပါဠို ရှိသည် မဟုတ်လော'

'ထို့ကြောင့် ပုဂ္ဂိုလ်ကို သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ရအပ်၏ – ဟု မဆိုသင့်'

ထို့နောက် သကဝါဒီသည် အောက်ပါသာဓကကိုလည်း ထုတ်ဆောင်ပြောပြန်လေ၏။

'သေနိယ... လောက၌ ဆရာ ၃-ဦးရှိ၏။ အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် ပညတ်၏။ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် ပညတ်၏။ သေနိယ... ဤဆရာကို သဿတဒိဋ္ဌိ အယူရှိသူ ဟူ၍ ဆိုအပ်၏။

သေနိယ... အကြင်ဆရာသည် ယခုဘဝ၌သာလျှင် အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် ပညတ်၏။ နောင်တမလွန်ဘဝ၌ကား အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် မပညတ်။ သေနိယ... ဤဆရာကို ဥစ္ဆေဒဒိဋ္ဌိအယူရှိသူ ဟူ၍ ဆိုအပ်၏။

သေနိယ... အကြင်ဆရာသည် ယခုဘဝ၌လည်း အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် မပညတ်။ နောင်တမလွန်ဘဝ၌လည်း အတ္တကို အမှန်အားဖြင့်၊ အဟုတ်အားဖြင့် မပညတ်ချေ။ သေနိယ... ဤဆရာကို မြတ်စွာဘုရားဟူ၍ ဆိုအပ်၏။

ဤသို့ဟောအပ်သော သုတ္တန်ရှိသောကြောင့် အတ္တကို သစ္စိကဋ္ဌပရမတ္ထအားဖြင့် ရအပ်၏ဟုမဆိုသင့်'

ထို့နောက် သကဝါဒီသည် သစ္စိကဋ္ဌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်မရနိုင်ပုံကို အောက်ပါ သာဓကဖြင့် ပရဝါဒီတို့အား အပြီးသတ် ချမှုန်းပြောဆိုလိုက်လေတော့၏။

'မြတ်စွာဘုရားသည် ထောပတ်အိုး၊ ဆီအိုး၊ ပျားရည်အိုး၊ တင်လဲအိုး၊ နို့ရည်အိုး၊ ရေအိုး၊ သောက်ရေခွက်၊ ရေကျည်တောက်၊ ရေပလား၊ နိစ္စဘတ်ဆွမ်း၊ အပြဲလှူသောယာဂု -ဟူ၍ သုံးနှုန်းပြောဆိုတော်မူ၏။

ပြဲသော၊ ခိုင်ခဲ့သော၊ ထင်ရှားရှိသော၊ ဖောက်ပြန်ခြင်းသဘောမရှိသော တစ်စုံတစ်ခုသော ယာဂုသည် မရှိပေ။

ထို့ကြောင့်ပင် သစ္စိကဋ္ဌ ပရိဗ္ဗာဇကအားဖြင့် ပုဂ္ဂိုလ်ကို ရအစ်၏ ဟူ၍ မဆိုသင့်ပေ။'

(အဘိ - ၅ - ၅၅ / ၆၀။ မြန် ပ - ၉၅ / ၁၀၃)

အထက်ပါ စကားခွ် ထောပတ်အိုး၊ ဆီအိုး၊ ပျားရည်အိုး စသည်ဖြင့် ဆိုခြင်းခွ် ဆိုလိုသည်ကား ထောပတ်အိုး၊ ဆီအိုး၊ ပျားရည်အိုး ဟူ၍ မရှိပေ။ အကြင်အိုးကို ထောပတ်ထည့်သောအခါ ထောပတ်အိုးဟူ၍ ခေါ်၏။ ဆီထည့်သောအခါ ဆီအိုးဟူ၍ ခေါ်၏။ ပျားရည်ထည့်သောအခါ ပျားရည်အိုးဟူ၍ ခေါ်၏။ ခေါ်ခြင်းမျှသာ ဖြစ်၏။ တကယ်ထင်ရှားရှိ၍ ခေါ်ခြင်း မဟုတ်ပေ။

ဤနည်းတူစွာ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ ထင်ရှားမရှိ။ စိတ်, စေတသိက်, ရုပ် ဟူသော ပရမတ္ထတရားတို့သာ ထင်ရှားရှိ၏။ ယင်းထင်ရှားရှိသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားတို့ကိုသာ လူပဲ၊ နတ်ပဲ၊ ငြိဟ္မာပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟူ၍ သမုတိသစ္စာအားဖြင့် ခေါ်ဝေါ် ပညတ်ခြင်းသာ ဖြစ်၏။

'နိစ္စဘတ် ဆွမ်း၊ အပြဲလှူသော ယာဂု' ဟူ၍ ပြောရာ၌လည်း -

မြဲသော၊ ခိုင်ခဲ့သော၊ ထင်ရှားရှိသော၊ ဖောက်ပြန်ခြင်း မရှိသော ဆွမ်း၊ ယာဂုဟူ၍ မရှိပေ။ မမြဲသော၊ မခိုင်ခဲ့သော၊ ဖောက်ပြန်သော ဆွမ်းယာဂုသာ ရှိလေ၏။ သို့ရာတွင် တစ်လပတ်လုံးလည်းကောင်း၊ တစ်နှစ်ပတ်လုံးလည်းကောင်း၊ ရာသက်ပန်လည်းကောင်း ဝတ်တည်၍ လှူကြခြင်းကို အစွဲပြု၍သာ နိစ္စဘတ်ဆွမ်း၊ အပြဲလှူသော ယာဂုဟူ၍ သုံးနှုန်းခေါ်ဝေါ်ခြင်းသာ ဖြစ်၏။ သမုတိသစ္စာအားဖြင့် ခေါ်ဝေါ်ခြင်းသာ ဖြစ်၏။ ပရမတ္ထသစ္စာ မဟုတ်ပေ။

ပရဝါဒီတို့ကား ပညတ်၊ ပရမတ် ရောထွေးလေ၏။ ပညတ်အားဖြင့်သာ ပြောဆိုရသော ပုဂ္ဂိုလ်ကို ပရမတ်အားဖြင့် ပြောဆိုလာ၍ သကဝါဒီပုဂ္ဂိုလ်တို့သည် ပညတ်, ပရမတ်၊ သမုတိသစ္စာ, ပရမတ္ထသစ္စာကို ခွဲခြား၍ ပရဝါဒီတို့အား အပြီးသတ် ဝိနိစ်ပြောဆိုရလေ၏။ မြတ်စွာဘုရားရှင်သည်လည်း သမုတိသစ္စာ၊ ပရမတ္ထသစ္စာ နှစ်မျိုးလုံးကိုပင် ဟောကြားတော်မူသည် မဟုတ်ပါလော။

(အဘိ ၄ - ၃ - ၁၃၈ / ၁၄၀)

၂။ ပုဂ္ဂလမရှိပုံကို ပြဆိုခြင်းခွ် ဆောင်ရန်လက်ကျများ

၁။	ပရမတ္ထမှာ၊	သတ္တဝါ၊	ပုဂ္ဂလော မရှိပြီ။
၂။	သမုတိရံသာ၊	ခေါ် ရံသာ၊	ပြောတာဖြစ်လေသည်။
၃။	သို့ရာတွင်ကား၊	ပရမျှား၊	လွဲမှားယူလေသည်။
၄။	ပရမတ်ဖြင့်၊	ပုဂ္ဂိုလ်ထင်၊	ရှိသင့်ယူလေသည်။

၅။ ကာယာနုပဿနာ၊ ထုတ်၍သာ၊ ခိုင်မာဆိုလေသည်။
၆။ ဘုရားမြတ်စွာ၊ ပွင့်လာတာ၊ ထုတ်ကာဆိုပြန်သည်။
၇။ တစ်ဦးပဂ္ဂလာ၊ ဖြစ်ပေါ်တော၊ လူ့ရွာလူအများထည်၊
၈။ စီးပွားဖို့ရာ၊ ချမ်းသာရာ၊ ဓာတုဖြစ်လေသည်။
၉။ ဘုရားဟောထား၊ ယင်းတရား၊ ကိုးကားဆိုလေသည်။
၁၀။ သကဝါဒီ၊ ပြန်၍သည်၊ လိလိပြာရှိ။
၁၁။ သဇ္ဇမမ္မာ၊ အနတ္တာ၊ မြတ်စွာဟောထားသည်။
၁၂။ အတ္တရိဝါ၊ ပဂ္ဂလာ၊ တယ်မှာမရှိပြီ။
၁၃။ ရုပ်နာမ်ခန္ဓာ၊ သစ္စာရဲ့၊ အနတ္တဖြစ်လေသည်။
၁၄။ ထိုမှတစ်ခါ၊ သာဓကာ၊ ထုတ်ကာရှင်းပြန်သည်။
၁၅။ ဖြစ်ပေါ်လာတာ၊ ဒုက္ခသာ၊ ချုပ်တာဒုက္ခ၌၊
၁၆။ ပဂ္ဂလသတ္တာ၊ ရှာမရ၊ ဒုက္ခဖြစ်လေထည်။
၁၇။ ဤသို့သိတာ၊ အမှန်သာ၊ မြတ်စွာဟောလေသည်။
၁၈။ ဝရိရမည်ရဲ့၊ ရဟန်းမ၊ မာရကိုဘာထည်၊
၁၉။ ဤသို့ဟောတာ၊ ဒေသနာ၊ သေချာရှိလေသည်။
၂၀။ မာရဒေဝီ၊ ခေါ်ဆိုရာ၊ ဆင်ဟာတစ်မူသည်၊
၂၁။ ဤကိုယ်ခန္ဓာ၊ သစ္စာရာ၊ အစုသာဖြစ်လေသည်။
၂၂။ ပဂ္ဂိုလ်သတ္တဝါ၊ ရှာဖွေပါ၊ ဘယ်မှာရလိမ့်မည်။
၂၃။ အစိတ်အပိုင်းများ၊ ပေါင်းလေငြား၊ ရထားခေါ် သို့သည်၊
၂၄။ ခန္ဓာရှိရာ၊ သတ္တဝါ၊ ခေါ်တာဖြစ်လေသည်။
၂၅။ ခန္ဓာရှိရာ၊ ဒုက္ခသာ၊ ချုပ်တာဒုက်ဖြစ်သည်။
၂၆။ ဤသာဓက၊ ထောက်ရှုက၊ ပဂ္ဂလမရှိပြီ။
၂၇။ စက္ခုသောတ၊ ဝိညာဏ၊ သုညဖြစ်လေသည်။
၂၈။ အတ္တ, အတ္တနိယ၊ သုဉ်းချပ၊ သုညခေါ် ရသည်။
၂၉။ ဘုရားဟောရာ၊ ထောက်ရှုပါ၊ ပဂ္ဂလာမရှိပြီ။
၃၀။ မရှိလေပြု၊ အတ္တစု၊ ရှိဟုယူခြင်းသည်၊
၃၁။ မိုက်မဲမှုသာ၊ ဖြစ်လေရာ၊ မြက်စွာဟောလေသည်။
၃၂။ လောကဋ္ဌမှာ၊ ဆရာဟာ၊ သုံးဖြာရှိလေသည်။

၃၃။ အတ္တရိလတ်၊ ပြောဆိုတတ်၊ ပညတ်နေခြင်းသည်၊
၃၄။ ဒိဋ္ဌိသဿတာ၊ ယူနေရာ၊ ဆရာဖြစ်လေသည်။
၃၅။ ယခုဘဝသာ၊ အတ္တဟာ၊ ရှိတာဖြစ်လေသည်။
၃၆။ နောက်ဘဝမှာ၊ အတ္တဟာ၊ ရှိတာမဟုတ်ဖြို။
၃၇။ ဤသို့ယူတာ၊ ဥစ္ဆေဒ၊ ဆရာဖြစ်လေသည်။
၃၈။ ဘုရားမူကား၊ အတ္တအား၊ ရှိငြားမမိန့်ဖြို။
၃၉။ ဤသာဓကာ၊ ထောက်ရှုပါ၊ ပဂ္ဂလောမရှိဖြို။
၄၀။ ထောပတ်, ဆီအိုး၊ ပျားရည်အိုး၊ ရေအိုးခေါ်ကြသည်။
၄၁။ နဂိအမျိုး၊ ထောပတ်အိုး၊ ခေါ်ဝိုးမရှိဖြို။
၄၂။ ထောပတ်ထည့်မှ၊ ဆီထည့်မှ၊ ခေါ်ရသိနိုင်သည်။
၄၃။ ဤနည်းတူစွာ၊ ရုပ်နာမ်သာ၊ မှန်စွာရှိလေသည်။
၄၄။ ပရမတ်တရား၊ ဓာတ်တရား၊ ထင်ရှားရှိကြသည်။
၄၅။ ထင်ရှားရှိရာ၊ ဓာတ်,ခန္ဓာ၊ စွဲကာပြ၍သည်၊
၄၆။ လူပဲနတ်ပဲ၊ ဗြဟ္မာပဲ၊ ခေါ်စွဲပြုကြသည်။
၄၇။ သမုတိသစ္စာ၊ အနေသာ၊ ခေါ်တာဖြစ်လေသည်။
၄၈။ နိစ္စဘတ်ဆွမ်းဟု၊ မြဲယာဂု၊ ခေါ်မှုပြုခြင်းသည်၊
၄၉။ ဆွမ်းယာဂုက၊ မြဲ၍ပ၊ ခေါ်ရမဟုတ်ဖြို။
၅၀။ ဝတ်တည်လှူခြင်း၊ စွဲ၍ထင်း၊ ခေါ်ခြင်းဖြစ်လေသည်။
၅၁။ ဒုဝေသစ္စာ၊ မြတ်ဗုဒ္ဓါ၊ ခွဲကာဟောထားသည်၊
၅၂။ ပရမတ်တရား၊ ပညတ်များ၊ ခွဲခြားသိရမည်။
၅၃။ မကွဲမပြား၊ ရောထွေးငြား၊ အမှားယူတတ်သည်။
၅၄။ မကွဲ၍ငြား၊ ပရမ္မား၊ အမှားယူကြသည်။
၅၅။ ဤဒေသနာ၊ အဖြာဖြာ၊ ထုတ်ကာပြ၍သည်၊
၅၆။ အတ္တသမား၊ ပရအား၊ ထင်ရှားသိစေဖြို။
၅၇။ ပညတ်ပရမတ်၊ ကွဲလိုလတ်၊ ဝိပဿီထုတ်ရမည်။

၂။ ပရမတ္ထအားဖြင့် ပုဂ္ဂလမရှိပုံကို ပြဆိုခြင်း ပြီး၏။

၃။ ရဟန္တာ၌ အဝိဇ္ဇာ မရှိပုံကို ပြဆိုပုံများ

၃။ ရဟန္တာ နှင့် အဝိဇ္ဇာ ။ ။ အဝိဇ္ဇာဟူသည် သစ္စာလေးပါးကို မသိမှုကို ခေါ်ခြင်းဖြစ်သည်။ ဝိဇ္ဇာအမှတ်သညာ မပြုမိ၊ မကြံစည်မိ၊ မတွေးတောမိသော လူနာမည်၊ ရွာနာမည်တို့ကို မသိခြင်းကား အဝိဇ္ဇာ မဟုတ်ပေ။ သညာ မပြုမိခြင်းသာ ဖြစ်၏။ ယင်းသို့ အဝိဇ္ဇာသဘော၊ သညာသဘောတို့ ရှိသည်ဖြစ်လျက် ပုဗ္ဗသေလိယ အစရှိသော ဂိုဏ်းတို့မှ ပရဝါဒီတို့သည် ရဟန္တာသည် လူနာမည်၊ ရွာနာမည် စသည်ကို မသိခြင်းကြောင့် အဝိဇ္ဇာရှိသေး၏။ လူနာမည်၊ ရွာနာမည်တို့၌ မဆုံးဖြတ်နိုင်သောကြောင့် ဝိစိကိစ္ဆာရှိသေး၏။ လူနာမည်၊ ရွာနာမည်တို့ကို သူတစ်ပါးကပြောမှ သိကြရသောကြောင့် သူတစ်ပါးပြောမှ သိကြရသော ပရဝိတာရဏာပုဂ္ဂိုလ် တို့ မည်ကုန်၏ဟု အယူမှား ယူကြလေကုန်၏။ ထိုအယူမှားကို ပယ်နှိုင်ခြင်းငှါ အရှင်မဟာမောဂ္ဂလိပုတ္တာတိသဿထေရ်သည် ကျ် 'အညာဏာကထာ၊ ကင်္ခါကထာ၊ ပရဝိတာရဏာကထာ' ဟူသော ကထာသုံးရပ်ကို ဟောတော်မူရလေသည်။

(အဘိ ၌ ၃၊ ၁၆၁)

သကဝါဒီ ။ ။ နနု ဝုတ္တံ ဘဂဝတာ ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတောတေား။

ပြန် ။ ။ ရဟန်းတို့... သိသူ၊ မြင်သူအား အာသဝေါကုန်၏ဟု ငါဆို၏။ မသိသူ၊ မမြင်သူအား ငါမဆို။ ရဟန်းတို့... အဘယ်ကို သိသူ၊ အဘယ်ကို မြင်သူအား အာသဝေါကုန်မူ ပြတ်နိုင်သနည်း။

ရဟန်းတို့... ကျွန်ုပ်ကား ဒုက္ခသစ္စာတည်းဟု၊ ကျွန်ုပ်ကား သမုဒယသစ္စာတည်းဟု၊ ကျွန်ုပ်ကား နိရောဓသစ္စာတည်းဟု၊ ကျွန်ုပ်ကား မဂ္ဂသစ္စာတည်းဟု သိသူ၊ မြင်သူအားသာ အာသဝေါကုန်၏ဟု ငါဆို၏ – ဟူ၍ ပြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန်ပါဠိ ရှိသည် မဟုတ်လော'

ပရဝါဒီ ။ ။ ဩော်... ရှိပါ၏။

သကဝါဒီ ။ ။ ထို့ကြောင့် ရဟန္တာအား မသိမှု အဝိဇ္ဇာရှိ၏ ဟု မဆိုသင့်။

ထို့နောက် သကဝါဒီသည် အောက်ပါ သာဓကကိုလည်း ထုတ်ဆောင်ပြပြန်လေ၏။

သတာဝသ ဒဿနသမ္ပဒါယ
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကဉ္စိ။

မြန် ။ ။ 'ယောဂီရဟန်းသည် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်သုံးပါးတို့ကို ပယ်စွန့်အပ်ကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန်ပါဠိ ရှိသည်သာ မဟုတ်လော'

<u>ပရဝါဒီ</u> ။ ။ အာမန္တာ – ညြှော်... ရှိပါ၏။

<u>သကဝါဒီ</u> ။ ။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်အား မသိမှု အဝိဇ္ဇာရှိ၏ ဟူ၍ မပြောဆိုသင့်ပေ။

ထိုအခါ ပရဝါဒီ အယူမှားသည် ဤသို့ စောဒကတက်လာပြန်လေ၏။

<u>ပရဝါဒီ</u> ။ ။ ရဟန္တာသည် ဖိန်းမ၊ ယောကျ်ားတို့၏ အမည်, အနွယ်ကို မသိရာသည် မဟုတ်လော။ လင်းဘိုးဟုတ်သည်၊ မဟုတ်သည်ကို မသိရာသည် မဟုတ်လော။ မြက်၊ ထင်း၊ တောမိုးသစ်ပင်တို့၏ အမည်ကို မသိရာသည် မဟုတ်လော။

ထိုအကြောင်းကြောင့် ရဟန္တာအား မသိမှု အဝိဇ္ဇာသည် ရှိလေ၏။

ထိုအခါ သကဝါဒီ အယူမှန် ရဟန်းသည် ပရဝါဒီ အယူမှား ရဟန်းတို့အား အောက်ပါအတိုင်း အပြီးသတ် ချေမှုန်း ပြောဆိုလိုက်ရလေတော့၏။

<u>သကဝါဒီ</u> ။ ။ ရဟန္တာသည် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မသိရာသလော။

<u>ပရဝါဒီ</u> ။ ။ နဟေဝံ ဝတ္တဗ္ဗေ – ဤသို့ကားမဆိုသင့်ပါ။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်အား မသိမှု အဝိဇ္ဇာရှိ၏ ဟူ၍ မပြောဆိုသင့်ပေ။

(အဘိ – ၄ – ၁၃၈ / ၁၄၀။ မြန် – ၂၄၀ / ၂၄၂)

အထက်ပါ ဒေသနာသဘောအရ သစ္စာလေးပါးကို သိသော ဝိဇ္ဇာဉာဏ်ကို ရကြ၍သာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ရောက်ကြရလေသည်။ သစ္စာလေးပါးကို သိသော ဝိဇ္ဇာဉာဏ်ကို မရကြ၍ ပုထုဇဉ်တို့သည် အရိယာအဖြစ်သို့ မရောက်ကြခြင်း ဖြစ်လေသည်။ ရဟန္တာမူကား သစ္စာလေးပါးကို သိသော ဝိဇ္ဇာဉာဏ်ကို ရ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ခဲ့ပြီးနောက် ရဟန္တာပင် ဖြစ်၍ နေလေပြီ။ နောက်ထပ် မဂ်ဉာဏ်ရရန် ပွားစရာပင် မလိုတော့ပေ။ ထို့ကြောင့် ရဟန္တာကို အဝိဇ္ဇာရှိသည်ဟု မဆိုသင့်ကြောင်း သကဝါဒီ ဓိန္ဒဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် အကြောင်းယုတ္တိ ခိုင်မာနေရကား ပရဝါဒီပုဂ္ဂိုလ်သည် ပြန်လှန်ချေပခြင်း မပြုနိုင်တော့ပေ။

၃။ ရဟန္တာ၌ အဝိဇ္ဇာမရှိပုံကို ပြဆိုခြင်း၌ ဆောင်ရန်လက်ံများ

၁။	သစ္စာလေးဖြာ၊	မသိတာ၊	အဝိဇ္ဇာဖြစ်လေသည်။
၂။	လူ့ရွာ နာမာ၊	မသိတာ၊	အဝိဇ္ဇာမဟုတ်ပြီ။
၃။	သညာမှတ်သိ၊	မကျွမ်း၏။	မပြုမိဖြစ်လေသည်။
၄။	အဝိဇ္ဇာသညာ၊	မကွဲရာ၊	ပရာမျှားတို့သည်၊
၅။	ရဟန္တာသည်၊	လူနာမည်၊	သိသည်မရှိ၍သည်၊

၆။ ရဟန္တာမှာ၊ အဝိဇ္ဇာ၊ ရှိပါပြောလေပြီ။
၇။ သတဝါဒီ၊ ပြန်၍သည်၊ လိလိဖြေရှင်းပြီ။
၈။ သစ္စာလေးပြော၊ သိဉာဏ်စော၊ အာသဝေါကုန်လေသည်။
၉။ မသိသူမှာ၊ အဘယ်မှာ၊ အာသဝေါကုန်လိမ့်မည်။
၁၀။ ဤဒေသနာ၊ မြတ်ဗုဒ္ဓါ၊ ဟောကြားထား၍သည်၊
၁၀။ ရဟန္တာမှာ၊ အဝိဇ္ဇာ၊ ပြောတာမသင့်ပြီ။
၁၂။ သောမဂ်ရောဂ၊ ဒိ, ဝိ, မာ၊ ထုံးဖြာပယ်လေသည်။
၁၃။ ဤသည့်တရား၊ မြတ်ဘုရား၊ ဟောကြားထား၍သည်၊
၁၄။ ရဟန္တာမှာ၊ အဝိဇ္ဇာ၊ ပြောတာမသင့်ပြီ။
၁၅။ အယူဆမှား၊ ပရမျှား၊ ပြန်ကားချေပသည်။
၁၆။ ရဟန္တာ၏၊ လူမည်ရှိ၊ မသိသဖြင့်သည်၊
၁၇။ ရဟန္တာမှာ၊ အဝိဇ္ဇာ၊ ရှိတာဖြစ်လေသည်။
၁၈။ သတဝါဒီ၊ ပြန်၍သည်၊ ဖြေဆည်ပြုလေပြီ။
၁၉။ ရိယာလေးဖြာ၊ ပုဂ္ဂလာ၊ ဖြစ်လာကြခြင်းသည်၊
၂၀။ သစ္စာလေးဖြာ၊ သိ၍သာ၊ ဖြစ်လာကြလေသည်။
၂၁။ သစ္စာလေးဖြာ၊ သိခြင်းဟာ၊ ဝိဇ္ဇာဖြစ်လေသည်။
၂၂။ ပုထုဇ္ဉားမှာ၊ ဉာဏ်ဝိဇ္ဇာ၊ ရတာမရှိ၍သည်၊
၂၃။ အရိယာဇာတ်၊ မရောက်လတ်၊ သိမှတ်နိုင်ကြသည်။
၂၄။ ဤသည့်တရား၊ မြတ်ဘုရား၊ ဟောကြားထား၍သည်၊
၂၅။ ရဟန္တာမှာ၊ အဝိဇ္ဇာ၊ ပြောတာမသင့်ပြီ။
၂၆။ ဤသာဓကာ၊ အလွန်သာ၊ ခိုင်မာနေ၍သည်၊
၂၇။ ယူမှားလေဖြား၊ ပရမျှား၊ ပြန်ကားမချေပြီ။

၃။ ရဟန္တာ၌ အဝိဇ္ဇာမရှိပုံ ပြဆိုချက် ပြီး၏။

၅။ ဒုက္ခဆိုတိုင်း မင်္ဂလာဖြစ်ခြင်း မဟုတ်ပုံကို ပြဆိုခြင်း

၅။ ဒုက္ခဆိုတိုင်း ။ ။ လူတို့၌ ရောဂါတစ်ခုခု ပြင်းထန်စွာ ရရှိလာသောအခါ၌လည်းကောင်း၊ စိုးပွားပျက်ခြင်း၊ ဆွေမျိုးပျက်ခြင်း စသည်တို့ကြောင့် စိတ်ဆင်းရဲမှု ပြင်းထန်စွာ ဖြစ်လာသောအခါ၌ လည်းကောင်း၊ ဒုက္ခဟူ၍ လည်းကောင်း၊ ဒုက္ခဒုက္ခဟူ၍ လည်းကောင်း နှုတ်မြွက်၍ ငိုးငြူတတ်ကြကုန်၏။

ပုဗ္ဗသေလိယ အန္ဓကဂိုဏ်းဝင် ပရဝါဒိပုဂ္ဂိုလ်တို့သည် ယင်းသို့ ဒုက္ခ ဒုက္ခ ဟူ၍ ပြောဆိုသူသည် 'ဒုက္ခသစ္စာ၌ ဉာဏ်ကို ဆောင်၏။ ဒုက္ခာဟာရ ဖြစ်၏' ဟု အယူရှိကြကုန်၏။ ယင်းအယူကို ပယ်ဖျက်လိုသဖြင့် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်သည် ဤဒုက္ခာဟာရကထာကို ဟောတော်မူခြင်း ဖြစ်လေ၏။

(အဘိ ၅ - ၇ - ၁၆၂ / ၇)

သကဝါဒီ ။ ။ ဒုက္ခာဟာရော မဂ္ဂင် မဂ္ဂပရိယာပန္နံ - ဒုက္ခ၌ ဉာဏ်ကို ဆောင်ခြင်းသည် မဂ္ဂင်လော၊ မဂ်၌ အကျုံးဝင်သလော၊

ပရဝါဒီ ။ ။ အာမန္တာ - သြော် .. ဟုတ်ပါ၏။
(*ဒုက္ခ၌ ဉာဏ်ကိုဆောင်ခြင်းသည် မဂ္ဂင် ဖြစ်ပါ၏။ မဂ်၌ အကျုံးဝင်ပါ၏*)

သကဝါဒီ ။ ။ ယေကေစိ ဒုက္ခန္တိ ဝါစံ ဘာသန္တိ၊ သဗ္ဗေ တေ မဂ္ဂံ ဘာဝေန္တိ - အလုံးစုံသောသူတို့သည် (*ဒုက္ခနှင့် တွေ့ ကြုံလာလျှင်*) ဒုက္ခဟူသောစကားကို ပြောကုန်၏။ ထိုသို့ ဒုက္ခဟူ၍ ပြောသူ အားလုံးပင် မဂ်ကို ပွားစေကုန်သလော။

ပရဝါဒီ ။ ။ နဟေဝံ ဝတ္တဗ္ဗေ - ဤသို့ကား မဆိုသင့်ပေ။
(*ဤ၌ ဝိပဿနာ မရှုသူတို့ကို ရည်ရွယ်၍ ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်*)

သကဝါဒီ ။ ။ ယေကေစိ ဒုက္ခန္တိ ဝါစံ ဘာသန္တိ သဗ္ဗေ တေ မဂ္ဂံ ဘာဝေန္တိ - အလုံးစုံသောသူတို့သည် ဒုက္ခဟူသော စကားကို ပြောဆိုကုန်၏။ ထိုသူအားလုံးတို့သည်ပင် မဂ်ကို ပွားစေကုန်သလော။

ပရဝါဒီ ။ ။ အာမန္တာ - သြော် .. ပွားစေပါကုန်၏။
(*ဤ၌ ဝိပဿနာရှုသူများကို ရည်ရွယ်၍ ဝန်ခံခြင်း ဖြစ်သည်*)

ထိုဝိပဿနာ ရှုသူတို့သည် (ခန္ဓာကိုယ် ညောင်းညာကိုက်ခဲ မခံသာဖြစ်လာရာ၌) ဒုက္ခဟူ၍ မြွက်ဆိုသည်ရှိသော် မဂ်ကို ပွားစေသည် မည်၏ - ဟူသောစကားသည် ပရဝါဒီတို့၏ အယူမျှသာ ဖြစ်၏ဟု အဋ္ဌကထာ၌ ဖွင့်ဆို၏။ မမှန်ပါ ဟူလို။

သကဝါဒီသည် ပရဝါဒီတို့၏ ထိုမှားယွင်းသော အယူကို ပယ်ဖျက်လိုရကား အောက်ပါ မေးခွန်းများကို မေး၍ ပယ်ဖျက်လေ၏။

သကဝါဒီ ။ ။ ဗာလ ပုထုဇ္ဇနာ ဒုက္ခန္တိ ဇါနံ ဘာသန္တိ။ ဗာလပုထုဇ္ဇနာ မဂ္ဂံ ဘာဝေန္တိတိ – ဗာလပုထုဇ္ဉဉ် တို့သည်လည်း ဒုက္ခဟူ၍ ပြောဆိုတတ်ကြကုန်၏။ ဗာလပုထုဇ္ဉဉ်တို့သည် မဂ်ကို ပွားစေကုန်သလော။

ပရဝါဒီ ။ ။ နဟေဝံ ဝတ္တုမရေ – ဣသိကားမဆိုသင့်ပါ။
(ဗာလပုထုဇ္ဉဉ်က ဒုက္ခနှင့်တွဲ၍ ဒုက္ခဟူ၍ ပြောဆိုရာ၌ မဂ်ကို ပွားစေ၏ ဟူ၍ မဆိုသင့်ပါ ဟူ၍ ပရဝါဒီက ဝန်ခံပြောဆိုသည်)

သကဝါဒီသည် 'ဒုက္ခဟူ၍ မြွက်ဆိုရာ၌ မဂ်ကို ပွားစေသည်' ဟူသော မှားသောအယူကို အပြီးသတ် ပယ်ဖျက်လိုရကား အောက်ပါမေးခွန်းကို မေးမြန်းလေသည်။

သကဝါဒီ ။ ။ မာတုဃာတကော ပိတုဃာတကော အရဟန္တဃာတကော ရုဟိရုပ္ပါဒကော သံဃဘေဒကော။ ဒုက္ခန္တိ ဇါနံ ဘာသတိ။ သံဃသဿ ဘေဒကော မဂ္ဂံ ဘာဝေတီတိ – အဖိကို သတ်သူသည်၊ အဖကို သတ်သူသည်၊ ရဟန္တာကို သတ်သူသည်၊ ဘုရားရှင်ကို သွေးစိမ်းတည်စေသူသည်၊ သံဃာကို သင်းခွဲသူသည် ဒုက္ခဟူသော စကားကို ပြောဆို၏။ သံဃာကို သင်းခွဲသူသည် မဂ်ကို ပွားစေသလော။

ပရဝါဒီ ။ ။ နဟေဝံ ဝတ္တုမရေ – ဣသိကားမဆိုသင့်ပါ။

(အဘိ – ၅ – ၁၅၆။ မြန် ပ – ၂၆၅ / ၆)

အထက်ပါ ဒေသနာ၏ ဆိုလိုချက်ကား အဖိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း စသော ပဉ္စာနန္တရိယကံကို ကျူးလွန်ကြသူတို့ကား ဤဘဝ၌ ထိုကံက တားမြစ်ထားသည်ဖြစ်၍ မဂ်ဉာဏ်ကို မရနိုင်တော့ပေ။ ပရဝါဒီတို့၏ အလိုအရ ဒုက္ခဟုပြောဆိုတိုင်း မဂ်ဉာဏ်ကို ရမည်ဆိုလျှင် ထိုပဉ္စာနန္တရိယကံကို ကျူးလွန်သူတို့လည်း မဂ်ဉာဏ်ကို ရရမ္မာပေါ့ – ဟူ၍ မေးခွန်းထုတ်ခြင်း ဖြစ်သည်။ ဤသဘောလောက်ကို သိမြင်ကြသော ပရဝါဒီပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်ကို ရနိုင်ပါသည် ဟူ၍ မပြေရဲတော့ဘဲ မရနိုင်ပါ ဟူ၍ ဝန်ခံ ပြေဆိုရလေတော့သည်။

၅။ ဒုက္ခဟု နွှတ်မြွက်တိုင်း မဂ်ကိုမှားစေခြင်း မဟုတ်ပုံကို ပြဆိုခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	လုံးစုံသစ္စာရဲ့	ဒုက္ခပ၊	ဗုဒ္ဓဟောလေသည်။
၂။	ကာယိကဒုက္ခ၊	စေဒုက္ခ၊	ရှိကြရဉ်သည်၊
၃။	ခန္ဓာကိုယ်မှာ၊	စိတ်၌မှာ၊	အနာဖြစ်ရင်သည်၊
၄။	ဒုက္ခဒုက္ခ၊	ဆိုခြင်းကြ၊	လောကထုံးဖြစ်သည်။
၅။	အယူဝါဒ၊	မှားယူကြ၊	ပရမ္မားတို့သည်၊
၆။	ဒုက္ခဆိုလေ၊	မဂ်ကိုပေ၊	ပွားစေဆိုကြသည်။
၇။	ထိုအယူမှား၊	ပယ်လိုခြား၊	ပြောကြားရပြန်သည်။

၈။	ဝိပဿနာဓမ္မ၊	ရှုပ္ပွားက၊	ဒုက္ခပြောလျှင်သည်၊
၉။	မဂ်ကိုသာပေ၊	ပွားများစေ၊	သင်္ခလေဆိုပေသည်။
၁၀။	ဒုက္ခဒုက္ခ၊	ဆိုတိုင်းပ၊	မဂ္ဂမဟုတ်ပြီ။
၁၀။	ဗာလပုထုဇ္ဇဉ်၊	ဒုက္ခပင်၊	နှုတ်အင်မြွက်ဆိုသည်၊
၁၂။	ပဉ္စာနန္တရိယ၊	ကံကိုပ၊	ကျူးကြမျှားလဲသည်၊
၁၃။	ဒုက္ခဒုက္ခ၊	ဆိုတတ်ကြ၊	ဆိုကြတိုင်းဌ်သည်၊
၁၄။	အဘယ်သို့တိုင်၊	မဂ္ဂဖြိုင်၊	ဖြစ်နိုင်ပါလိမ့်မည်။
၁၅။	ထိုစကားကြား၊	ပရမျှား၊	ငြင်းကားမငြင်းပြီ။
၁၆။	မဂ္ဂအမှန်၊	မဖြစ်ပြန်၊	ဝန်ခံပြောလေပြီ။

၅။ ဒုက္ခတု နှုတ်မြွက်ဆိုတိုင်း မဂ်ကို ပွားစေသည် မမည်ပုံ ပြဆိုချက် ပြီး၏။

၆။ သခီါရအားလုံး ပြာပုံနှင့်တူ၏ ဟူသော အယူကို ပယ်ဖျက်ခြင်း

၆။ **ကုက္ကုလကထာ** ။ ။ ကုက္ကုလကထာ ဟူသည် ဂေါကုလိက ဂိုဏ်းဝင် ပရဝါဒီပုဂ္ဂိုလ်တို့၏ ဆဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ, သဗ္ဗေ သခီါရာ ဒုက္ခာ အစရှိသော သုတ်တို့ကို မသင့်သောအားဖြင့် နှလုံးသွင်း၍ သခီါရအားလုံးတို့သည် ပြာပူဝင်ရိုးနှင့် တူကုန်၏ ဟု ယူသောအယူဖြစ်သည်။ ဤအယူမှားကို ပယ်ဖျက်လိုသည်ဖြစ်၍ အရှင်မဟာမောဂ္ဂလိပုတ္တာတိသဿထေရ်သည် ဤကုက္ကုလကထာကို ပောတော်မူရခြင်း ဖြစ်လေသည်။

(အဘိ ၄ - ၃ - ၁၆၃)

သကဝါဒီ ။ ။ သခီါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ (သာမညအားဖြင့် အားလုံးပင်) ပြာပူနှင့် တူကုန်သလော။

ပရဝါဒီ ။ ။ **အာမန္တာ** - ဩ ... တူပါကုန်၏။

သကဝါဒီ ။ ။ သကဝါဒီပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သောသုခ၊ စိတ်၌ဖြစ်သောသုခ၊ လူ၌ဖြစ်သောသုခ၊ လာဘ်ရမှုသုခ၊ အိပ်မှုသုခ၊ ကာမသုခ၊ ဝိမုတ္တိသုခ၊ ဈာနသုခ စသော သုခဝေဒနာများကို ထုတ်ပြ၍ ရှိ၊ မရှိကို ပရဝါဒီတို့အား မေးလေရာ ပရဝါဒီတို့က -

ပရဝါဒီ ။ ။ **အာမန္တာ** - ပရဝါဒီတို့က တူကြောင်းပင် ဖြေဆိုပြန်လေ၏။

သကဝါဒီ ။ ။ ထိုအခါ သကဝါဒီတို့က 'သုခဝေဒနာသည် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ စိုးရိမ်ပူဆွေးရမှု၊ ငိုကြွေးရမှု၊ ပြင်းစွာပင်ပန်းရမှု စသော ဒုက္ခဝေဒနာ ဖြစ်နိုင်ပါသလား' ဟု၍ မေးရပြန်လေ၏။

ပရဝါဒီ ။ ။ ထိုအခါ ပရဝါဒီသည် သုခဝေဒနာသည် ဒုက္ခဝေဒနာ ရောပြွမ်း၍ မပြစ်နိုင်ရကား၊ 'ဒုက္ခဝေဒနာ မပြစ်နိုင်ပါ' ဟူ၍ ဆိုလေ၏။

သို့ရာတွင် ပရဝါဒီပုဂ္ဂိုလ်သည် သဒ္ဒါရအားလုံးသည် ပြာပုံနှင့်တူပုံကို ပြောလိုရကား၊ အောက်ပါသာဓကကို ထုတ်ဆောင်ပြောဆိုလာပြန်၏။

ပရဝါဒီ ။ ။ ရဟန်းတို့ ... အလုံးစုံသည် ပြောင်ပြောင်တောက်လောင်၏။ ရဟန်းတို့ ... အဘယ်မည်သော အလုံးစုံသည် ပြောင်ပြောင်တောက်လောင်သနည်း။ မျက်စိသည် ...ပ... သုခ၊ ဒုက္ခ၊ ဥပေက္ခာသည် ပြောင်ပြောင်တောက်လောင်၏။ အဘယ်ပြင့် ပြောင်ပြောင်တောက်လောင်သနည်းဟူမူ ရာဂမီးပြင့်၊ ဒေါသမီးပြင့်၊ မောဟမီးပြင့် ပြောင်ပြောင်တောက်လောင်၏။ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ ပူပန်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းရခြင်းတို့ပြင့် ပြောင်ပြောင်တောက်လောင်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်သော သုတ္တန်ပါဠိ ရှိသည်မဟုတ်လော – ဟူ၍ သကဝါဒီကို မေး၏။

သကဝါဒီ ။ ။ ထိုသုတ္တန်တရားသည် ဝိနည်းပဟာဝါဒ်၌ မြတ်စွာဘုရားသည် ဥရုဝေလကဿပ အစရှိသော ရသေ့ညီနောင် ရဟန်းတစ်ထောင်တို့အား ဟောကြားတော်မူအပ်သော ဒေသနာဖြစ်၍ –

အာမန္တာ – ရှိ၏ – ဟူ၍ ဝန်ခံပြေဆိုရလေ၏။

ပရဝါဒီ ။ ။ ထို့ကြောင့်ပင် သဒ္ဒါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပုနှင့် တူကုန်၏ ဆိုသင့်ပေ၏ – ဟု အခိုင်အမာ ပြောပြန်လေ၏။

ထိုအခါ သကဝါဒီသည် အောက်ပါသာဓကကို ထုတ်ဆောင်၍ ရှင်းပြရပြန်လေ၏။

သကဝါဒီ ။ ။ ရဟန်းတို့ ... ကာမဂုဏ်တို့သည် ကျွဲငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း။ လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ်သဘောရှိ၍ ကာမရာဂနှင့် ဆက်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံ ...ပ... ကာယဝိညာဏ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း။ ကျွဲသို့ မြတ်စွာဘုရား ဟောအပ်သော သုတ္တန်ဒေသနာရှိသည် ဖြစ်၍ –

သဒ္ဒါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပုနှင့်တူကုန်၏ – ဟု မဆိုသင့်ပေ။

ထိုအခါ ပရဝါဒီတို့သည်လည်း သူ့အယူကို အခိုင်အမာလုပ်၍ အောက်ပါ သုတ္တန်တရားကို ထုတ်ဆောင်ချပြန်လေ၏။

ပရဝါဒီ ။ ။ ရဟန်းတို့ ... သင်တို့သည် အရတော်ကြကုန်၏။ သင်တို့သည် ကောင်းစွာရအပ်ကုန်၏။ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းဟု အခွင့်ကို ရအပ်၏။ ရဟန်းတို့ ... တွေ့ထိမှု၏ တည်ရာဖဿာယတန ခြောက်မျိုးရှိသော ဆဖဿာယတနိက ငရဲတို့ကို ငါပြင်အပ်ကုန်၏။ ထိုငရဲ၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သော် ...ပ... စိတ်ဖြင့် သဘောအားလုံးကို သိသည်ရှိသော် မလိုလားအပ်သော သဘောကိုသာ သိ၏။ လိုလားအပ်သော သဘောကို မသိ။ မနှစ်သက်အပ်သော သဘောကိုသာ သိ၏။

နှစ်သက်အပ်သော သဘောကို မသိ။ စိတ်နှလုံးကို မပွားစေတတ်သော သဘောကိုသာ သိ၏။ စိတ်နှလုံးကို ပွားစေတတ်သော သဘောကို မသိ – ဟူ၍ မြတ်စွာဘုရား ဟောအပ်သော သုတ္တန်ပါဠိရှိသည် မဟုတ်လော?

ထို့ကြောင့် သခ်ါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့် တူကုန်၏ ဟူ၍ ဆိုသင့်ပေ၏။

ထိုသို့ ပရဝါဒီတို့က မြတ်စွာဘုရားသည် ငရဲပြည်၌ ဖြစ်သော ဒုက္ခအကြောင်းကို ဟောကြားတော်မူအပ်သော သုတ္တန်တရားကို ကိုးကား၍ ပြောဆိုလာသဖြင့် သကဝါဒီသည် မြတ်စွာဘုရားသည် နတ်ပြည်သုခအကြောင်းကို ဟောကြားတော်မူထားအပ်သော သုတ္တန်တရားတော်ကို ထုတ်ဆောင်၍ ဤသို့ ချေပ ပြောဆိုရပြန်လေ၏။

သကဝါဒီ ။ ။ ရဟန်းတို့ ... သင်တို့သည် အရတော်ကုန်၏။ ရဟန်းတို့ ... သင်တို့သည် ကောင်းစွာ ရအပ်ကုန်၏။ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှါ အခွင့်ကို ရအပ်၏။ ရဟန်းတို့ ... တွေ့ထိမှု၏ တည်ရာ ဖဿာယတန ခြောက်မျိုးရှိသော ဖဿာယတနိက နတ်ပြည်တို့ကို ဟပြင်အပ်ကုန်၏။ ထိုနတ်ပြည်တို့၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သည်ရှိသော် ...ပ... စိတ်ဖြင့် သဘောတရား အားလုံးကို သိသည်ရှိသော် လိုလားအပ်သော သဘောကိုသာ သိ၏။ မလိုလားအပ်သော သဘောကို မသိ။ နှစ်သက်အပ်သော သဘောကိုသာ သိ၏။ မနှစ်သက်အပ်သော သဘောကို မသိ။ စိတ်နှလုံးကို ပွားစေတတ်သော သဘောကိုသာ သိ၏။ စိတ်နှလုံးကို မပွားစေတတ်သော သဘောကို မသိ – ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူထားအပ်သော သုတ္တန်ပါဠိရှိသည် မဟုတ်လော?

ထို့ကြောင့် သခ်ါရအားလုံးတို့သည် အပိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ ဟူ၍ မဆိုသင့်ပေ။

ထိုအခါ ပရဝါဒီတို့သည် မိမိ၏အယူကို ခိုင်မာအောင် ပြုလိုရကား အောက်ပါ သာဓကကို ထုတ်ဆောင်၍ ချေပပြန်လေ၏။

ပရဝါဒီ ။ ။ 'သဗ္ဗေ သခ်ါရာ အနိစ္စာ။ ယဒနိစ္စံ တံ ဒုက္ခံ ' မြတ်စွာဘုရားသည် အကြင်သဘောတရားသည် မမြဲ။ ထိုသဘောတရားသည် ဆင်းရဲ၏ဟု ဟောကြားတော်မူထားအပ်သည်ဖြစ်၍ သခ်ါရအားလုံးတို့သည် မမြဲခဲ့ပါမူ ထိုအကြောင်းကြောင့် သခ်ါရအားလုံးတို့သည် ပြာပူနှင့် တူကုန်၏ဟု ဆိုသင့်ပေ၏။

ထိုအခါ သကဝါဒီသည် အောက်ပါ သာဓကများကို ထုတ်ဆောင်၍ ပရဝါဒီတို့၏ အယူကို ရှင်းလင်း ပယ်ဖျက်ရပြန်လေ၏။

သကဝါဒီ ။ ။ ဒီနသည်၊ သီလသည်၊ ဥပုသ်ကျင့်သုံးခြင်းသည်၊ ဘာဝနာပွားခြင်းသည်၊ မြတ်သောအကျင့်သည် အလိုရှိအပ်သော အကျိုးရှိသည်။ နှစ်သက်အပ်သော အကျိုးရှိသည်။ စိတ်နှလုံးကို ပွားစေတတ်သော အကျိုးရှိသည်။ မသွန်းလောင်းအပ်သော အကျိုးရှိသည်။ ချမ်းသာသော အကျိုးရှိသည် မဟုတ်လော?

ဤသို့ မေးမြန်းသောအခါ ငြင်းရန် မတတ်နိုင်ရကား ပရဝါဒီသည် –

ပရဝါဒီ ။ ။ အာမန္တာ – သြော် ... ဟုတ်ပါ၏ – ဟု ဝန်ခံဖြေဆိုရလေ၏။

သကဝါဒီ ။ ။ အရှင် ပရဝါဒီ ... ထိုသို့ ဒါနသည်၊ သီလသည်၊ ဥပုသ်စောင့်သုံးမှုသည်၊ ဘာဝနာပွားများမှုသည်၊ မြတ်သောအကျင့်သည် အလိုရှိအပ်သော အကျိုးရှိသည်။ နှစ်သက်အပ်သော အကျိုးရှိသည်။ စိတ်နှလုံးကို ပွားစေတတ်သော အကျိုးရှိသည်။ မသွန်းလောင်းအပ်သော အကျိုးရှိသည်။ ချမ်းသာသော အကျိုးရှိသည် – ဖြစ်ခဲ့ပါမူ သဒ္ဒါရအားလုံးတို့သည် အဝိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ ဟူ၍ မဆိုသင့်ပေ။

ထို့နောက် သကဝါဒီသည် ပရဝါဒီတို့၏ အယူကို အောက်ပါ သာဓကတို့ကို ထုတ်ဆောင်၍ အပြီးသတ် ပယ်ဖျက်လိုက်လေတော့၏။

သကဝါဒီ ။ ၁။ သုခါ ဝိဝေကော တုဋ္ဌဿ၊ သုတမ္မဿ ပဿတော၊
အဏုပဒွံ သုခံ လောကေ၊ ပါဏာဘူတေသု သံယမော။

၂။ သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမာ၊
အသ္မိမာနဿ ယော ဝိနယော၊ တံ ဝေ ပရမံ သုခံ။

၃။ တံ သုခေန သုခံ ပတ္တံ၊ အစ္ဆန္ဒာ သုခမေ ဝတံ၊
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ တံ ဝေ ပရမံ သုခံ။

မြန် ။ ၁။ မဂ်ဉာဏ်လေးပါးတည်းဟူသော ရောင့်ရဲခြင်း ရှိသည်ဖြစ်၍ ထင်ရှားသိပြီးသော တရားရှိသည့် ခပ်သိမ်းသော တရားတို့ကို သိမြင်သော ရဟန္တာပုဂ္ဂိုလ်အား နိဗ္ဗာန်ဟူသော ဝိဝေကသည် ချမ်းသာ၏။ လောကၠ အမျက်မထွက်ခြင်းသည်လည်းကောင်း၊ သတ္တဝါအပေါင်းတို့၌ မညှင်းဆဲပိအောင် စောင့်စည်းခြင်းသည်လည်းကောင်း ချမ်းသာ၏။

၂။ လောကၠ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟု ဆိုအပ်သော စွဲမက်မှု ရာဂကင်းသည်၏ အဖြစ်သည် ချမ်းသာ၏။ ဇ်ဟူသော မာနကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာ ဖြစ်၏။

၃။ ချမ်းသာခြင်းဖြင့် ချမ်းသာသို့ ရောက်၏။ ထိုရောက်သော ချမ်းသာကား ချမ်းသာအစစ်ပေတည်း။ ဤဝိဇ္ဇာသုံးပါးသို့ ရောက်ခြင်းသည် စင်စစ် အမြတ်ဆုံး ချမ်းသာပေတည်း။

ဤသို့ မြတ်စွာဘုရားသည် ဟောအပ်သော သုတ္တန်ဒေသနာတော်ရှိသည်ဖြစ်၍ သဒ္ဒါရအားလုံးတို့သည် အဝိုင်းအခြားကို မပြုမူ၍ ပြာပူနှင့်တူကုန်၏ ဟူ၍ မပြောဆိုသင့်ပေ။

သကဝါဒီတို့၏ သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့က ခိုင်မာလှသည်ဖြစ်၍ ပရဝါဒီတို့သည် ပြန်၍တဖန် ငြင်းဆန်ခြင်း မပြုနိုင်တော့ပြီတည်း။

(အဘိ – ၅ – ၁၆၀ / ၁၆၃။ မြန် ပ – ၂၇၁ / ၂၇၅)

၆။ သဒ္ဒါရုဒ္ဓားလုံး ပြာပူနှင့် တူ၏ဟု ယူသော အယူကို ပယ်ဖျက်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	အယူဝါဒ၊	မှားယူကြ၊	ပရမ္ပားတို့သည်၊
၂။	သဒ္ဒါရုမ္ဓန်သမျှ၊	ပြာပူပ၊	တူကြပြောလေဖြို့။
၃။	ယင်းအယူများ၊	သကများ၊	ကိုးကားရှင်းရသည်။
၄။	ရဟန်းသုခ၊	လူသုခ၊	သုခဝေဒနာသည်၊
၅။	မြောက်များစွာပေ၊	သုခတွေ၊	ရှိနေသဖြင့်သည်၊
၆။	သုခဒုက္ခာ၊	ခြားနေရာ၊	ဖြစ်တာနေ၍သည်၊
၇။	လုံးစုံသခ်ီ၊	ပြာပူသာ၊	ပြောတာမသင့်ဖြို့။
၈။	သို့ဖြစ်လေငြား၊	ပရမ္ပား၊	ပြန်ကားချေပြန်သည်။
၉။	အလုံးစုံတည်း၊	သခ်ီတည်း၊	ဆယ့်တစ်မြီးတို့ဖြင့်သည်၊
၁၀။	ပြောင်ပြောင်ညီးညီး၊	တစ်လောင်တည်း၊	လောင်မြီးကျနေသည်။
၁၁။	ဘုရားမြတ်စွာ၊	ဟောထားတာ၊	ရှိတာနေ၍သည်၊
၁၂။	လုံးစုံသခ်ီ၊	ပြာပူသာ၊	တူတာပြောလေသည်။
၁၃။	သကဝါဒီ၊	ပြန်၍သည်၊	ပြောရည်ပြုပြန်သည်။
၁၄။	နှစ်သက်ဖွယ်ငြား၊	ကာငါးပါး၊	ဘုရားဟောထားသည်။
၁၅။	လုံးစုံသခ်ီ၊	ပြာပူသာ၊	ပြောတာမသင့်ဖြို့။
၁၆။	ထိုအခါငြား၊	ပရမ္ပား၊	ပြန်ကားကိုးပြန်သည်။
၁၇။	ငရဲပြည်မှာ၊	ဖသ်ခြောက်ဖြာ၊	လွန်စွာဆင်းရဲသည်။
၁၈။	မြတ်စွာဘုရား၊	ဟောလေငြား၊	တရားရှိ၍သည်၊
၁၉။	လုံးစုံသခ်ီ၊	ပြာပူသာ၊	ထပ်ကာပြောပြန်သည်။
၂၀။	ပရသမား၊	ငရဲအား၊	ကိုးကားပြော၍သည်၊
၂၁။	သကသမား၊	နတ်ပြည်အား၊	ကိုးကားပြောပြန်သည်။
၂၂။	ထိုသောအခါ၊	ပရဟာ၊	ထပ်ကာကိုးပြန်သည်။
၂၃။	သဗ္ဗေသခ်ီရာ၊	အနိစ္စာ၊	မြတ်စွာဟောလေသည်။
၂၄။	အနိစ္စမန်ရင်၊	ဒုက္ခပင်၊	မြတ်ရှင်ဟော၍သည်၊
၂၅။	လုံးစုံသခ်ီ၊	ပြာပူသာ၊	တူတာပြောပြန်သည်။
၂၆။	အယူများချက်၊	အပြီးနှက်၊	ပယ်ဖျက်ဖို့ရာသည်၊

၂၇။ အမှန်ထူပြား၊ သတများ၊ ကိုးတားထုတ်ဆိုပြီ။
၂၈။ ဒါနစပြား၊ ကုတရား၊ ကျိုးများပေးခြင်းသည်၊
၂၉။ ဆင်းရဲဒုက္ခာ၊ အဘယ်မှာ၊ ပေးတာရှိလိမ့်မည်။
၃၀။ ချမ်းသာတိုသာ၊ ပေးခြင်းသာ၊ မြတ်စွာဟောခဲ့သည်၊
၃၀။ လုံးစုံသခိ၊ ပြာပူသာ၊ ပြောတာမသင့်ပြီ။
၃၂။ ရဟန္တာမှာ၊ မြတ်နိဗ္ဗာ၊ လွန်စွာချမ်းသာသည်။
၃၃။ ဒေါသပယ်လျက်၊ မျက်မထွက်၊ လွန်လျက်ချမ်းသာသည်။
၃၄။ မည်ဝင်းဆဲပြား၊ စောင့်စည်းပြား၊ လွန်များချမ်းသာသည်။
၃၅။ စွဲမက်ခြင်းကင်း၊ ရာဂတင်း၊ လွန်မင်းချမ်းသာသည်။
၃၆။ ထောင်မာနညစ်၊ ပယ်နိုင်လစ်၊ စင်စစ်ချမ်းသာသည်။
၃၇။ ဝိဇ္ဇာသုံးထစ်၊ တက်နိုင်လစ်၊ စင်စစ်ချမ်းသာသည်။
၃၈။ ဤသို့တရား၊ မြတ်ဘုရား၊ ထင်ရှားဟောခဲ့သည်၊
၃၉။ လုံးစုံသခိ၊ ပြာပူသာ၊ ပြောတာမသင့်ပြီ။
၄၀။ ဤသည်ခမ္မ၊ နာကြားရ၊ ပရမျှားတို့သည်၊
၄၁။ နောက်ထပ်တစ်ဖန်၊ ပြန်၍မှန်၊ ငြင်းဆန်မပြုပြီ။

၆။ သဒ္ဒါရုဒ်းလုံး ပြာပူနှင့် တူ၏ဟု ပြောဆိုခြင်းကို ပယ်ပျက်ခြင်း ပြီး၏။

၇။ ပရိဘောဂမယ ပုညကထာကို ပြဆိုခြင်း

၇။ ပရိဘောဂမယ ပုညကထာ ။ ။ အလှူဒါန ပြုလုပ်ရာ၌ အလှူခံပုဂ္ဂိုလ်၊ အလှူပေးပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးရှိရာ အလှူရှင်သည် အလှူခံပုဂ္ဂိုလ်အား ပေးလှူခဲ့စဉ်ကပင် ကောင်းမှုကုသိုလ် ဖြစ်လေပြီ။ ဗိမိလှူသော ပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ် သုံးဆောင်သည်ဖြစ်စေ၊ မသုံးဆောင်သည်ဖြစ်စေ ကုသိုလ်ကား ရပြီး ဖြစ်လေ၏။

ဗိမိလှူသော လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ် သုံးဆောင်သည်ကို တွေ့မြင်သိရှိ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျှင်မူကား အပရစေတနာအားဖြင့် ကုသိုလ်တရားတွေ့ ထပ်ကာထပ်ကာ တိုးပွား၍နေမည် ဖြစ်၏။ ဝမ်းမြောက်ဝမ်းသာ မဖြစ်လျှင်ကား တိုးပွားမည် မဟုတ်ပေ။

ရာဇဂိရိက သိဒ္ဓတ္ထိက သပ္ပိတိယဂိဏ်းဝင် ပရဝါဒိပုဂ္ဂိုလ်တို့ကား လှူဖွယ်ဒါန ဝတ္ထုကို အလှူခံပုဂ္ဂိုလ် သုံးဆောင်မှ ကုသိုလ်တိုးပွား၏။ မသုံးဆောင်လျှင် မတိုးပွားဟူ၍ အယူရှိလေ၏။ ထို့ကြောင့် ဤပရိဘောဂမယ ပုညကထာကို အရှင်မောဂ္ဂလိပုတ္တထေရ် ဟောကြားရခြင်း ဖြစ်လေသည်။ 'ပရိဘောဂမယ ပုညကထာ' ဟူသည် 'သုံးဆောင်ခြင်းကြောင့် ကောင်းမှုသည် တိုးပွား၏' ဟူ၍ အဓိပ္ပါယ်ရလေသည်။

(အဘိ ၄ - ၃ - ၁၉၈)

သကဝါဒီ ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွားပါသလော?

ပရဝါဒီ ။ ။ **အာမန္တာ** - ဩ ... တိုးပွားပါ၏။

သကဝါဒီ ။ ။ သုံးဆောင်ခြင်းကြောင့် ဖြစ်သော ဖဿသည် တိုးပွားပါသလော? ဝေဒနာသည် ... သညာ ... စေတနာ ... စိတ် ... သဒ္ဓါ ... ဝီရိယ ... သတိ ... သမာဓိသည် ... ပညာသည် တိုးပွားပါသလော?

ပရဝါဒီ ။ ။ နတေဝ ဝတ္တဗ္ဗေ - ဤသို့ကား မဆိုသင့်ပါ။

ဤ၌ ဆိုလိုသည်ကား အလှူခံပုဂ္ဂိုလ်အား ပေးလှူနေစဉ်၌ မဟာကုသိုလ် ပဌမစိတ်နှင့်တကွ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသော ကုသိုလ်တရားသည် ဖြစ်လေ၏။ ယင်းကုသိုလ်တရားများသည်၊ ယင်းရပြီးသော ကုသိုလ်တရားများသည် ဗိမိလှူသော ပစ္စည်းကို အလှူခံပုဂ္ဂိုလ် သုံးဆောင်သည်ဖြစ်စေ၊ မသုံးဆောင်သည်ဖြစ်စေ ရပြီးကုသိုလ်တရားသည် ရပြီးသာ ဖြစ်၏။ အလှူခံပုဂ္ဂိုလ် မသုံးဆောင်သည့်အတွက်လည်း ရပြီးကုသိုလ်က လျော့သွားမည် မဟုတ်သလို၊ သုံးဆောင်သည့်အတွက်လည်း ရပြီးကုသိုလ်က တိုးပွားလာမည် မဟုတ်ပေ။ ယင်းသဘောကို ရည်ရွယ်၍ သကဝါဒီက မေးခြင်း ဖြစ်သည်။ ပရဝါဒီသည်လည်း ထိုသဘောကို သိမြင်၍ ဝန်ခံပြောဆိုခြင်း ဖြစ်သည်။

သကဝါဒီ ။ ။ သုံးဆောင်မှုကြောင့် ဖြစ်သောကောင်းမှုသည် တိုးပွားပါသလော?

ပရဝါဒီ ။ ။ **အာမန္တာ** - ဩ ... တိုးပွားပါ၏။

သကဝါဒီ ။ ။ နွယ်ကဲ့သို့ တိုးပွားပါသလော။ မြက်ကဲ့သို့ တိုးပွားပါသလော?

ပရဝါဒီ ။ ။ နဝေဝ ဝတ္တဗ္ဗေ – ဤသို့ကား မဆိုသင့်ပါ။

ဤ၌ ဆိုလိုသည်ကား နွယ်ပင်၊ မြက်ပင်တို့သည် လူတို့၏ ပြုပြင်ပေးရခြင်းဟူသော ပယောဂကင်း၍လည်း အလိုလို တိုးပွားကြသကဲ့သို့ အလှူခံပုဂ္ဂိုလ်က ဗိမိလှူသော အလှူဝတ္ထုကို သုံးဆောင်သည်နှင့် ဗိမိမှာ အလိုလို ကုသိုလ်တိုးပွားသလား ဟူ၍ မေးခြင်း ဖြစ်သည်။ ဤကဲ့သို့ အလိုလို တိုးပွားခြင်း မရှိသည်ဖြစ်၍ ပရဝါဒီက ဝန်ခံဖြေဆိုခြင်း ဖြစ်သည်။

သကဝါဒီ ။ ။ ပေးလှူသူသည် ဒါနကိုပေးလှူပြီး၍ နှလုံးမသွင်းလျှင် ထိုသူအား ကောင်းမှုသည် ဖြစ်ပါသလော?

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... ဖြစ်ပါ၏။

ဤ၌ ပရဝါဒီသည် အလှူခံပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းဖြင့် ပဗ္ဗစေတနာ တိုးပွား၏ဟု နှလုံးသွင်း၍ ဖြစ်၏ဟု ဖြေဆိုခြင်း ဖြစ်သည်။

သကဝါဒီ ။ ။ ကောင်းမှုသည် မဆင်ခြင်သူအား၊ နှလုံးမသွင်းသူအား ဖြစ်ပါသလော?

ပရဝါဒီ ။ ။ ဤသို့ကား မဆိုသင့်ပါ။

သကဝါဒီ ။ ။ ကောင်းမှုသည် ဆင်ခြင်သူအား နှလုံးသွင်းသူအား ဖြစ်သည် မဟုတ်လော?

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... ဟုတ်ပါ၏။

သကဝါဒီ ။ ။ အရှင်ပရဝါဒီ ... ကောင်းမှုသည် ဆင်ခြင်သူအား ဖြစ်ခဲ့ပါမူ၊ နှလုံးသွင်းသူအား ဖြစ်ခဲ့ပါမူ – သုံးဆောင်ခြင်းကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွား၏ဟူ၍ မဆိုသင့်။

သကဝါဒီက ထိုသို့ ပြောသည့်တိုင် ပရဝါဒီသည် ဝန်မခံသဖြင့် သကဝါဒီသည် အောက်ပါအတိုင်း မေးရပြန်လေ၏။

သကဝါဒီ ။ ။ ပေးလှူသူသည် ဒါနကို ပေးလှူပြီး၍ ကာမဝိတက်ကို ကြံစည်၏။ ဗျာပါဒဝိတက်ကို ကြံစည်၏။ ဝိဟိံသဝိတက်ကို ကြံစည်၏။ ထိုသူအား ကောင်းမှုသည် ဖြစ်သလော?

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... ဖြစ်ပါ၏။

ဤ၌ ဆိုလိုသည်ကား ပေးလှူသူသည် လှူဒါန်းစဉ်က ဒါနကုသိုလ်ကို ရခဲ့ပြီး ဖြစ်သည်။ ထိုသို့ ပေးလှူပြီးနောက် ကုသိုလ်ရပြီးနောက် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ကို ကြံစည်နေခြင်းသည်ကား ကုသိုလ်မဟုတ်ပေ။ အကုသိုလ်စိတ်တွေ ဖြစ်နေခြင်း ဖြစ်သည်။ သကဝါဒီက ယင်းကုသိုလ်ဖြစ်နေသူကို မေးသော်လည်း ပရဝါဒီက ကုသိုလ်ဖြစ်သည်ဟု ဆန့်ကျင်ဘက် ပြု၍ ဖြစ်လေသည်။

သကဝါဒီသည် ခဏတစ်ခုခွ် ကုသိုလ်၊ အကုသိုလ်တရားတို့ တစ်ပြိုင်နက် မဖြစ်ပုံကို သိစေလို၍ အောက်ပါ အတိုင်း မေးလေသည်။

သကဝါဒီ ။ ။ ကုသိုလ်၊ အကုသိုလ်တရားတို့သည် မျက်မှောက်အဖြစ်သို့ ရောက်နိုင်ကုန်သလော?

ပရဝါဒီ ။ ။ အာမန္တာ – ဩကြော် ... ရောက်နိုင်ပါ၏။

ပရဝါဒီသည် ထိုသို့ဝန်မခံ ငြင်းဆန်နေသဖြင့် သကဝါဒီသည် ပရဝါဒီအား နှိပ်လိုရကား အောက်ပါသာဓက ကို ကိုးကား၍ ပြောရပြန်လေသည်။

သကဝါဒီ ။ ၁။ နဘဉ္စ နူရေ ပထဝိ စ နူရေ၊
ဟိရံ် သမုဒ္ဒဿ တဒါဟု နူရေ၊
ယတောစ ဝေရောစနော အဇ္ဇ ဒြဒေတိ။
ပဘင်္ကရော ယတ္ထစ အတ္ထမေတိ။
တတော ဟဝေ နူရတရံ် ဝဒန္တိ။
သတဉ္စ ဓမ္မံ အသတဉ္စ ဓမ္မံ။

၂။ အဗျာယိကော ဟောတိ သတံ် သမာဂမော။
ယာဝမ္ပိ တိဋ္ဌေယျ တထေဝ ဟောတိ။
ဒိပ္ပံ် တိ ဝေတိ အသတံ် သမာဂမော။
တသ္မာ သတံ် ဓမ္မော အသင်္ဘိ အာရကာတိ။

ပြန် ။ ၁။ ကောင်းကင်သည်လည်း မြေကြီးနှင့် ဝေး၏။ မြေကြီးသည်လည်း ကောင်းကင်နှင့် ဝေး၏။ သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းသည် ဤမှာဘက်ကမ်းနှင့်၊ ဤမှာဘက်ကမ်းသည် ထိုမှာဘက်ကမ်းနှင့် ဝေး၏ဟု ဆိုကြကုန်၏။ အကြင်အရပ်မှ အရောင်အလင်းကို ပြုတတ်သော နေမင်းသည် ရှေးရှုတက်၏။ အကြင်အရပ်၌ ကင်းပျောက်ခြင်းသို့ ရောက်၏။ ထိုနေထွက်ရာ အရပ်နှင့် နေဝင်ရာအရပ်သည် ဝေး၏။ ထိုဝေးသောအရာတို့ထက် သူတော်ကောင်းတို့၏ တရား နှင့် မသူတော်တို့ တရားသည် အလွန်ဝေး၏ဟု ဆိုကြကုန်၏။

၂။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် မဖောက်ပြန် မပျက်စီးနိုင်၊ သူတော်ကောင်းတရား တည်တန့်သမျှ ကာလပတ်လုံး မပျက်စီးနိုင်သည်သာတည်း။ မှန်၏။ မသူတော်တို့နှင့် ပေါင်းသင်းရခြင်းသည် လျင်မြန်စွာ ပျက်စီးတတ်၏။ ထို့ကြောင့် သူတော်ကောင်းတို့ တရားသည် မသူတော်တို့မှ ဝေး၏ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန်ပါဠိ ရှိသည် မဟုတ်လော။

ထို့ကြောင့် ကုသိုလ်၊ အကုသိုလ် တရားတို့သည် မျက်မှောက်အဖြစ်သို့ (တစ်ပြိုင်နက်) ရောက်ကုန်၏ဟု မဆိုသင့်။

ထိုအခါ ပရဝါဒီသည် သုံးဆောင်ခြင်းကြောင့်ဖြစ်သော ကောင်းမှုသည် တိုးပွား၏ဟူသော ဝိဝိ၏ အယူကို ခိုင်မာစေလိုရကား အောက်ပါသာဓကကို ထုတ်ဆောင်၍ ပြပြန်လေ၏။

<u>ပရဝါဒီ</u> ။ ၁။ အာရာမ ရောပါ ဝန ရောပါ၊ ယေဓနာ သေတုကာရကာ၊
ပဟ္ဘ ဉဒပါနဉ္စ၊ ယေဒဒန္တိ ဥပဿယံ။

၂။ တေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေဓနာ သဂ္ဂဂါမိနောစ။

<u>မြန်</u> ။ ၁။ အကြင်လူတို့သည် အရံ (ခြံ) ကို စိုက်ပျိုးကုန်၏။ ဥယျာဉ်ကို စိုက်ပျိုးကုန်၏။ တံတားခင်းကြကုန်၏။ အကြင်သူတို့သည်ကား ရေအိုးစင်ကို လည်းကောင်း၊ ရေတွင်းကို လည်းကောင်း၊ ပိုဝိုရာကျောင်းကို လည်းကောင်း ပေးလှူကုန်၏။

၂။ ထိုလူတို့၏ ကုသိုလ်ကောင်းမှုသည် နေ့ရော ညဉ့်ပါ အဓိဓပ်သိမ်း တိုးပွား၏။
ထိုလူတို့သည် တရားဌ် တည်ကုန်၊ အကျင့်သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍ နတ်ပြည်သို့ ရောက်ရကုန်၏ ဟု မြတ်စွာဘုရား ဟောအပ်သော သုတ္တန်ပါဠိတော်ရှိသည် မဟုတ်လော။

ထို့ကြောင့်ပင် သုံးဆောင်မှုကြောင့်ဖြစ်သော ကောင်းမှုတို့သည် တိုးပွား၏။

ဤ၌ မြတ်စွာဘုရားရှင် ဟောလိုရင်းကား ဥယျာဉ်စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ရေအိုးစင်တည်ခြင်း၊ ကျောင်းစသည် ဆောက်လှူခြင်းဌ် 'သဒါ ပုညံ ပဝဍ္ဎတိ' – နေ့ရော ညဉ့်ပါ ကုသိုလ်ကောင်းမှုသည် အဓိဓပ်သိမ်းဖြစ်၏ ဟူ၍ ဟောတော်မူခြင်းသည်ကား –

လူအများတို့၏ အေးချမ်းသာယာစွာ လာရောက်ကြည့်ရှုဖို့ရာ စိုက်ထားအပ်သော ဝိဝိဥယျာဉ် စသည်ဌ် ဤအချိန်အခါဌ် လူတို့သည်လည်းကောင်း၊ ငှက်စသော သတ္တဝါတို့သည်လည်းကောင်း ချမ်းချမ်းသာသာ နေကြပေလိမ့်မည်ဟု အမှတ်ရခြင်းဖြင့်လည်းကောင်း၊ ဝိဝိ၏ ဥယျာဉ်၊ တောသစ်ပင်၊ တံတား၊ ရေတွင်း၊ ရေကန်၊ ကျောင်းတို့ကို ပြင်ဆင်ပေးခြင်းဖြင့် လည်းကောင်း၊ မကြာမကြာ ကုသိုလ်ရသောကြောင့် သဒါ ပုညံ ပဝဍ္ဎတိ – ကုသိုလ်ကောင်းမှုသည် အဓိဓပ်သိမ်း တိုးပွား၏ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ အကြောင်းမဲ့သက်သက် အလိုလို ကုသိုလ်တိုးပွားနေသည် မဟုတ်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

(အဘိ ၄ - ၃ - ၁၉၉)

ထို့နောက် ပရဝါဒီသည် နောက်ထပ်တစ်ဖန် သာဓကကိုပြ၍ သူ၏အယူခိုင်မာကြောင်းကို ဆက်၍ ပြောပြန်လေသည်။

<u>ပရဝါဒီ</u> ။ ။ 'ရဟန်းတို့ ... ချမ်းသာကို ဆောင်တတ်ကုန်သော၊ ကောင်းသောအာရုံ ရှိကုန်သော၊ ချမ်းသာသော အကျိုးရှိကုန်သော၊ နှတ်ပြည့်၌ ဖြစ်စေတတ်ကုန်သော ဤကောင်းမှုအစု ကုသိုလ် အလျဉ်လေးပါးတို့သည် လိုချင်ဖွယ်ကို ရခြင်းဌာ၊ နှစ်သက်ဖွယ်ကို ရခြင်းဌာ၊ မြတ်နိုးဖွယ်ကို ရခြင်းဌာ၊ စိုးပွားအလို့ဌာ၊ ချမ်းသာအလို့ဌာ ဖြစ်ကုန်၏။

လေးပါးတို့ဟူသည် အဘယ်တို့နည်း?

၁။ ရဟန်းသည် အကြင်ဒါယကာ၏ သက်နှံးကို ဝတ်ရုံသုံးဆောင်လျက် -

၂။ ရဟန်းသည် အကြင်ဒါယကာ၏ ဆွမ်းကို ဘုဉ်းပေးသုံးဆောင်လျက် -

၃။ ရဟန်းသည် အကြင်ဒါယကာ၏ ကျောင်းကို နေထိုင်သုံးဆောင်လျက် -

၄။ ရဟန်းသည် အကြင်ဒါယကာ၏ ဆေးကို သုံးဆောင်လျက် -

အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှု သမာဓိကို ပြည့်စုံစေ၍ နေ၏။ ထိုဒါယကာအား ချမ်းသာကို ဆောင်တတ်သော၊ ကောင်းသော အာရုံရှိသော၊ ချမ်းသာသော အကျိုးရှိသော၊ နှတ်ပြည့်၌ဖြစ်စေတတ်သော၊ အတိုင်းအရှည်မရှိသော ကောင်းမှုအစု ကုသိုလ်အလျဉ်သည် လိုချင်ဖွယ်ကို ရခြင်းဌာ၊ နှစ်သက်ဖွယ်ကို ရခြင်းဌာ၊ မြတ်နိုးဖွယ်ကို ရခြင်းဌာ၊ စိုးပွားအလို့ဌာ၊ ချမ်းသာအလို့ဌာ ဖြစ်၏ - ဟု မြတ်စွာဘုရားသည် ဟောကြားအပ်သော ဒေသနာ ရှိသည် မဟုတ်လော?

ထို့ကြောင့်ပင် သုံးဆောင်မှုကြောင့်ဖြစ်သော ကောင်းမှုသည် တိုးပွား၏။

ဤ၌ မြတ်စွာဘုရားရှင်၏ ဟောလိုသော သဘောကား - အတိုင်းအရှည် မရှိသော နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် နေလေ့ရှိသော ရဟန္တာပုဂ္ဂိုလ်အား ပေးလှူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဤသို့သော သဘော ရှိသော ရဟန္တာအရှင်မြတ်သည် ဝါလှူသော သင်္ကန်းကို သုံးဆောင်ဘိ၏ ဟု အဖန်ဖန် ဝမ်းမြောက်ခြင်း၏ အစွမ်းကြောင့်လည်းကောင်း ကောင်းမှုသည် တိုးပွား၏- ဟု ဟောလိုခြင်း ဖြစ်သည်။

ဆိုလိုသည်ကား ရဟန္တာပုဂ္ဂိုလ်အား ဝမ်းမြောက်ဝမ်းသာ စေတနာထက်သန်စွာဖြင့် လှူဒါန်းလိုက်စဉ်ကပင် ကောင်းမှုသည် တိုးပွားပြီးဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ အလှူဝတ္ထုကို သုံးစွဲခြင်းဖြင့်လည်းကောင်း၊ မသုံးစွဲခြင်းဖြင့်လည်းကောင်း မိမိမှာ၊ အလှူရှင်မှာ ကောင်းမှု ဖြစ်သည်မဟုတ်ပေ။ ရဟန္တာပုဂ္ဂိုလ်၏ သုံးစွဲခြင်းကို သိ၍ ထိုသုံးစွဲမှုအပေါ် အဖန်ဖန် ဝမ်းမြောက်မှုဖြစ်လေမှ ကုသိုလ်ကောင်းမှုသည် တိုးပွားခြင်း ဖြစ်၏ဟု ဆိုလိုပေသည်။

သို့ရာတွင် ပရဝါဒီ ပုဂ္ဂိုလ်တို့ကား ထိုကဲ့သို့ မယူဘဲ ရဟန္တာသုံးစွဲလျှင် ကောင်းမှုရှင်မှာ အလိုလို ကုသိုလ်တိုးပွားသည်ဟု ယူဆ၍ ဤအယူအဆကို သကဝါဒီက ပယ်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် သကဝါဒီသည် ပရဝါဒီ၏ ထိုအယူကို အောက်ပါအတိုင်း အပြီးသတ် ပယ်ဖျက်လိုက်လေတော့သည်။

<u>သကဝါဒီ</u> ။ ။ ဒါယကာသည် ဒါနကို ပေးလှူ၏။ အလှူခံသည် ခံယူပြီး၍ မသုံးဆောင် စွန့်ပစ်၏။ ထိုဒါယကာအား ကောင်းမှုသည် တိုးပွားပါသလော။

ပရဝါဒီ ။ ။ အာမန္တာ – ညော် ... တိုးပွားပါ၏။

ဤ၌ ပရဝါဒီသည် အလှူခံပုဂ္ဂိုလ်သည် ဖိဖိအလှူကို မသုံးဆောင်ရသေးဖဲ အလှူပြုစဉ်ကပင် ကောင်းမှုဖြစ်သည်ကို သိမြင်၍ ဝန်ခံခြင်း ဖြစ်လေသည်။

ထိုအခါ သကဝါဒီသည် ဆက်၍ ပရဝါဒီအား ဤသို့နှိပ်လေတော့သည်။

သကဝါဒီ ။ ။ အရှင်ပရဝါဒီ ... ဒါယကာသည် အလှူဒါနကို ပေးလှူ၏။ အလှူခံသည် ခံယူပြီး၍ မသုံးဆောင်၊ စွန့်ပစ်၏။ ထိုဒါယကာအား ကောင်းမှုသည် ဖြစ်ခဲ့ပါမူ သုံးဆောင်မှုကြောင့် ဖြစ်သော ကောင်းမှုသည် တိုးပွား၏ – ဟူ၍ မဆိုသင့်ပေ။

သကဝါဒီ ။ ။ ဒါယကာသည် အလှူဒါနကို ပေးလှူ၏။ အလှူခံသည် အလှူကို ခံယူအပ်ပြီးသော် မင်းတို့သည်မူလည်း ယူဆောင်ကုန်၏။ ဝိုးသူတို့သည်လည်း ဝိုးယူကုန်၏။ ပီးသည်မူလည်း လောင်၏။ ရေမူလည်း မျောပါ၏။ ထိုဒါယကာအား ကောင်းမှုသည် ဖြစ်ပါသလော။

ပရဝါဒီ ။ ။ အာမန္တာ – ညော် ... ဖြစ်ပါ၏။

ရှေးနည်းအတူ လှူစဉ်ကပင် ကောင်းမှုဖြစ်ခဲ့၍ ယင်းကိုသိမြင်ကာ အလှူခံပုဂ္ဂိုလ် မသုံးဆောင်သော်လည်း ကောင်းမှုဖြစ်ပုံကို ဝန်ခံရပြန်လေသည်။

သကဝါဒီ ။ ။ အရှင်ပရဝါဒီ ... ဒါယကာသည် အလှူဒါနကို ပေးလှူ၏။ အလှူခံသည် အလှူကို ခံယူအပ်ပြီးသော် မင်းတို့သည်မူလည်း ဆောင်ယူကုန်၏။ ဝိုးသူတို့သည်မူလည်း ဝိုးယူကုန်၏။ ပီးသည်မူလည်း လောင်၏။ ရေမူလည်း မျောပါ၏။ ထိုဒါယကာအား ကောင်းမှုဖြစ်ခဲ့ပါမူ –

သုံးဆောင်မှုကြောင့်ဖြစ်သော ကောင်းမှုသည် တိုးပွား၏ ဟူ၍ မဆိုသင့်ပေ။ ပရဝါဒီသည် ဤပြောဆိုချက်ကို ပြန်လှန်၍ ငြင်းပနေတော့ပေ။

(အဘိ – ၅ – ၂၅၇ / ၂၆၀။ မြန် ၃ – ၅၂ / ၅၇။ အဘိ ဋ္ဌ – ၃ – ၁၉၈ / ၁၉၉)

၇။ ပရိဘောဂမယ ပုဉ္ဇကထာကို ပြဆိုခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	လှူပေးလှူခံ၊	ဤနှစ်တန်၊	အမှန်ရှိလေသည်။
၂။	လှူစဉ်ကပင်၊	ကုသိုလ်အင်၊	မှန်ပင်ရခဲ့ပြီ။
၃။	သုံးသည်ဖြစ်စေ၊	မဖြစ်စေ၊	ကုလေရှိုးပြီ။
၄။	သို့ရာတွင်ကား၊	ပရမျှား၊	သုံးငြားလေမှသည်၊
၅။	ကုသိုလ်ဖြစ်ခြင်း၊	တိုးပွားခြင်း၊	ဆိုခြင်းပြုလေသည်။

၆။ သကအများ၊ ဤစကား၊ ပြောကြားရပြန်သည်။
၇။ ဉာဏ်နှင့်ယှဉ်ပြုပြု၊ လျှောဒါန်းမှု၊ ပကုစိတ်နှင့်သည်၊
၈။ သဒ္ဓါစကြား၊ ကုတရား၊ ဖြစ်ကြားလာခဲ့သည်။
၉။ လျှောခံကိုတည်း၊ လျှောလို့တည်း၊ ရပြီးကုများသည်၊
၁၀။ မသုံးလေတောင်၊ မလျော့ပေါင်၊ သုံးဆောင်မတိုးပြီ။
၁၁။ ယင်းသဘောအား၊ ရည်ရွယ်ကြား၊ ပြောကြားရလေပြီ။

၁၂။ နှယ်နှင့်မြက်ကား၊ လိုလိုကား၊ တိုးပွားနေလေသည်။
၁၃။ သုံးဆောင်ပြုကြား၊ လိုလိုကား၊ တိုးပွားမရှိပြီ။
၁၄။ သုံးမှုကိုပင်၊ ဝမ်းမြောက်အင်၊ ဆင်ခြင်ပြုမှသည်၊
၁၅။ ကုသိုလ်ဆိုတာ၊ တိုးပွားတာ၊ သေချာဖြစ်လေသည်။
၁၆။ ဤသို့ပြောဟန်၊ ဝန်မခံ၊ ထပ်ပြန်ပြောရသည်။
၁၇။ ပေးလျှောပြီးကာ၊ မကောင်းတာ၊ ကြံကာနေလျှင်သည်၊
၁၈။ ကုသိုလ်မဖြစ်၊ အကုဖြစ်၊ စင်စစ်သိသင့်သည်။
၁၉။ ယင်းသို့ပြောလဲ၊ အယူစွဲ၊ ယူမြဲနေ၍သည်၊

၂၀။ ခဏာတစ်ခု၊ ကုအကု၊ ပြိုင်ပြုမဖြစ်ပြီ။
၂၁။ မြေနှင့်ကောင်းကင်၊ အမှန်ပင်၊ လွန်ပင်ဝေးကွာသည်။
၂၂။ ကုအကုမှု၊ ထိုထက်ဟူ၊ လွန်မူဝေးလေသည်။
၂၃။ ထို့ကြောင့်တစ်ချက်၊ တစ်ပြိုင်နက်၊ ဖြစ်ချက်မရှိပြီ။
၂၄။ ထိုအခါကြား၊ ပရများ၊ ကိုးကားပြောပြန်သည်။
၂၅။ ဥယျာဉ်စိုက်ခြင်း၊ တံတားခင်း၊ ရေတွင်းကျောင်းကိုသည်၊
၂၆။ လျှောကြသူများ၊ အမြဲအား၊ ကုပွားနေလေသည်။
၂၇။ ဘုရားဖြတ်စွာ၊ ဤသို့သာ၊ ဟောကာထား၍သည်၊

၂၈။ သုံးခြင်းကြောင့်ထင်း၊ ကုသိုလ်အင်း၊ တိုးခြင်းဖြစ်လေသည်။
၂၉။ ဘုရားဖြတ်စွာ၊ ဆိုလိုတာ၊ ကောင်းစွာသိရမည်။
၃၀။ ဆင်ခြင်လေကြား၊ ပြုပြင်ကြား၊ ကုပွားဆိုလိုသည်။
၃၁။ မဆင်ခြင်မူ၊ မပြင်မူ၊ ဘယ်မူကုပွားမည်။
၃၂။ နောက်တစ်ခုမှာ၊ ဤသို့သာ၊ ထပ်ကာဆိုပြန်သည်။
၃၃။ ရဟန္တာအား၊ လျှခြင်းအား၊ ကျိုးကားလွန်ကြီးသည်။

၃၄။ လှူဒါန်းလေငြား၊ ပစ္စည်းအား၊ သုံးငြားပြုလျှော်သည်၊
၃၅။ ပေးလှူသူမှာ၊ အကျိုးဟာ၊ လွန်စွာကြီးလေထည်။
၃၆။ မြတ်စွာဘုရား၊ ဤသို့ငြား၊ ဟောကြားထား၍သည်၊
၃၇။ သုံးခြင်းကြောင့်ထင်း၊ ကုသိုလ်အင်း၊ တိုးခြင်းဖြစ်လေသည်။
၃၈။ ဘုရားမြတ်စွာ၊ ဆိုလိုတာ၊ ဟောကားသိရမည်။
၃၉။ ရဟန္တာအရှင်၊ လှူစဉ်ပင်၊ ကုအင်ရခဲ့ပြီ။
၄၀။ သုံးစွဲပြုတာ၊ ဆင်ခြင်ကာ၊ ဝမ်းသာလေမှသည်၊
၄၁။ ကုသိုလ်တရား၊ ထပ်၍ကား၊ တိုးပွားဆိုလိုသည်။
၄၂။ သုံးစွဲတာနှင့်၊ လိုလိုထင့်၊ တိုးဆင့်မရှိပြီ။
၄၃။ နောက်ဆုံးတစ်ရပ်၊ အပြီးသတ်၊ ဆုံးဖြတ်ပြောလိုက်ပြီ။
၄၄။ ကိုယ်ကလှူထား၊ လှူဖွယ်အား၊ စွန့်ငြားပစ်လျှော်သည်၊
၄၅။ ဓဝါးဝေးမီးဝေး၊ ခိုးသူဝေး၊ ရေဝေးသင့်လျော်သည်၊
၄၆။ ရပြီးကုသလော၊ ရပြီးတာ၊ ဝေချာသိထင့်သည်။
၄၇။ သုံးခြင်းကြောင့်သာ၊ ကုတိုးတာ၊ ပြောတာမသင့်ပြီ။
၄၈။ ဤစကားကြား၊ ပရမ္မား၊ ထပ်ကားမပြောပြီ။

၇။ ပရိဘောဂမယ ပုညကထာကို ပြဆိုခြင်း ပြီး၏။

၈။ ဇိဝိတာ ဝေါရောပန ကထာကို ဖော်ပြခြင်း

၈။ ဇိဝိတာ ဝေါရောပန ။ ။ ဇိဝိတာ ဝေါရောပနဟူသည် သူ့အသက်ကို စေတနာနှင့်တကွ သတ်ခြင်းဟု အဓိပ္ပါယ်ရ၏။ ပုထုဇဉ်တို့သည်သာ သူ့အသက်ကို စေတနာနှင့်တကွ သတ်လေ၏။ သောတာပန်မူကား အသက်သာ အသေခံမည်။ သူ့အသက်ကို စေတနာနှင့်တကွ မသတ်ပြီတည်း။ သို့ရာတွင်ကား ပုဗ္ဗသေလိယ, အပရသေလိယ ဂိုဏ်းဝင် ပရဝါဒီတို့သည် ဒေါသနှင့်ယှဉ်သောစိတ်ဖြင့်သာ သူ့အသက်ကို သတ်ခြင်းဖြစ်၍ သောတာပန်သည်လည်း ဒေါသကို မပယ်နိုင်သေးရကား သူ့အသက်ကို သတ်၏ဟု ယူဆပြောဆိုကြလေကုန်၏။ ထို့ကြောင့် ဤအယူကို ပယ်ဖျက်ရန် အရှင်မဟာမောဂ္ဂလိပုတ္တတိသဿထေရ်သည် ဤဇိဝိတာ ဝေါရောပနကထာကို ဟောတော်မူရလေ၏။

(အဘိ ၄၄ - ၃ - ၂၂၃)

သကဝါဒီ ။ ။ သောတာပန်သည် စေတနာနှင့်တကွ သတ္တဝါကို သတ်ရာသလော?

ပရဝါဒီ ။ ။ အာမန္တာ - သြော် ... သတ်ရာပါ၏။

သကဝါဒီ ။ ။ သောတာပန်သည် စေတနာနှင့်တကွ အဖိကို သတ်ရာသလော? အဖကို သတ်ရာသလော? ရဟန္တာကို သတ်ရာသလော? မြတ်စွာဘုရား၌ သွေးစိမ်းကို ဖြစ်စေရာသလော? သံဃာကို သင်းခွဲရာသလော?

ပရဝါဒီ ။ ။ ဤသို့ကား မဆိုသင့်ပါ။

မြတ်စွာဘုရား ဟောတော်မူအပ်သော 'အဌာနမေတံ အနဝကာသော' အစရှိသော သုတ်နှင့် ဆန့်ကျင်အံ့သည်မှ ကြောက်သောကြောင့် ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်။

သကဝါဒီ ။ ။ သောတာပန်သည် မြတ်စွာဘုရား၌၊ တရား၌၊ သံဃာ၌၊ အကျင့်သိက္ခာ၌ ရှိသေခြင်း မရှိပါသလော။

ပရဝါဒီ ။ ။ ဤသို့ကား မဆိုသင့်ပါ။

သောတာပန်ပုဂ္ဂိုလ်အား အကုသိုလ်၏ အစွမ်းအားဖြင့် ရတနာသုံးပါး၌ အဂါရဝမည်သည် မရှိသောကြောင့် ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်။ ဝန်ခံလည်း ဝန်ခံသည်။

သကဝါဒီ ။ ။ သောတာပန်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌၊ တရား၌၊ သံဃာ၌၊ အကျင့်သိက္ခာ၌ ရှိသေခြင်း ရှိသည် မဟုတ်လော။

ပရဝါဒီ ။ ။ အာမန္တာ - သြော် ... ရှိပါ၏။

သောတာပန်ပုဂ္ဂိုလ်အား အကုသိုလ်၏ အစွမ်းအားဖြင့် ရတနာသုံးပါးဌ အဂါရဝမည်သည် မရှိသောကြောင့် ထိုသို့ ဝန်ခံပြေဆိုသည်။

<u>သကဝါဒီ</u> ။ ။ အရှင်ပရဝါဒီ ... သောတာပန်သည် ထိုသို့ ရတနာသုံးပါးဌ၊ အကျင့်သိက္ခာဌ ရှိသေခြင်း ရှိပါမူ သောတာပန်သည် စေတနာနှင့်တကွ သူ့အသက်သတ်ရာ၏ - ဟု မဆိုသင့်ပေ။

<u>သကဝါဒီ</u> ။ ။ သောတာပန်သည် မြတ်စွာဘုရားဌ ရှိသေခြင်း မရှိပါသလော?

<u>ပရဝါဒီ</u> ။ ။ အာမန္တာ - သြော် ... မရှိပါ။

ဘုရားစေတီသို့ ရောက်နေသော သောတာပန်သည် အခြားကိစ္စတို့ဌ လေ့လာအားထုတ်နေသည်၏ အဖြစ်ကြောင့် စိတ်ပျံ့လွင့်နေသည်ဖြစ်၍ သတိကင်းသဖြင့်လည်းကောင်း၊ နှလုံးမသွင်းဝိသဖြင့်လည်းကောင်း စေတီတော်ဌ ရှိခိုးခြင်း၊ အရိုအသေပြုခြင်း မရှိခြင်းကို ရည်ရွယ်၍ ပရဝါဒီသည် ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်။

<u>သကဝါဒီ</u> ။ ။ သောတာပန်သည် မြတ်စွာဘုရား၏ စေတီရင်ပြင်ဌ ကျင်ကြီးစွန့်ရာသလော။ ကျင်ငယ်စွန့်ရာသလော။ တံတွေးထွေးရာသလော။ ဘုရားစေတီဌ မယုံကြည်သောအားဖြင့် ပြုလုပ်ရာသလော။

<u>ပရဝါဒီ</u> ။ ။ ဤသို့ကား မဆိုသင့်ပါ။

ထိုသို့ အပြုအမူများကို စေတနာနှင့်တကွ မပြုခြင်းကြောင့် ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်။

<u>သကဝါဒီ</u> ။ ။ ရဟန်းတို့ ... မဟာသမုဒ္ဒရာသည် တည်ခြင်းသဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်သကဲ့သို့ ဂါဘုရားသည် တပည့်သာဝကတို့အား အကြင်သိက္ခာပုဒ်ကို ပညတ်အပ်၏။ ထိုသိက္ခာပုဒ်ကို ဂါဘုရား၏ တပည့်သာဝက အရိယာတို့သည် အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကုန် - ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန်ပါဠိ ရှိသည်သာ မဟုတ်ပါလော။

<u>ပရဝါဒီ</u> ။ ။ အာမန္တာ - သြော် ... ရှိပါ၏။

<u>သကဝါဒီ</u> ။ ။ ထို့ကြောင့် သောတာပန်သည် စေတနာနှင့်တကွ သတ္တဂါကို သတ်ရာ၏ဟု မဆိုသင့်ပေ။

သကဝါဒီ၏ ချေပချက် ဟုတ်မှန်နေရကား ပရဝါဒီသည် ပြန်လှန်ငြင်းဆန်ခြင်း မပြုတော့ပေ။

(အဘိ - ၅ - ၃၄၂ / ၃။ မြန် ၃ - ၂၀၁ / ၂။ အဘိ ဋ္ဌ - ၃ - ၂၃၃)

၈။ ဇိဝိတာ ဝဝါရောပနကို ပြဆိုခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	သောတာပန်ကား၊	အသက်အား၊	သတ်ငြားမရှိပြီ။
၂။	ကိုယ့်အသက်သာ၊	သေခဲ့မှာ၊	သတ်တာမလုပ်ပြီ။
၃။	သို့ရာတွင်ကား၊	ပရမျှား၊	ယူမှားကြပြန်သည်။
၄။	သောတာပန်ဟာ၊	မျက်ဒေါသာ၊	ပယ်တာမရှိ၍သည်၊
၅။	သူ့အသက်အား၊	သတ်နိုင်ငြား၊	ယူမှားကြပြန်သည်။
၆။	ထို့အယူမှား၊	သဏမျှား၊	ပယ်ရှားရပြန်သည်။
၇။	သောတာပန်ကား၊	အမိအား၊	သတ်ငြားမေးလေပြီ။
၈။	မြတ်စွာဘုရား၊	ဟောကြားထား၊	တရားရှိ၍သည်၊
၉။	မသတ်ပါငြား၊	ပရမျှား၊	ဖြေကြားပုံလေသည်။
၁၀။	ရတနာသုံးပါး၊	ရိုသေငြား၊	ရှိလားမေးလေပြီ။
၁၁။	ရှိပါလေငြား၊	ပရမျှား၊	ဖြေကြားပုံလေသည်။
၁၂။	မြတ်ဘုရားအား၊	ရိုသေငြား၊	ရှိလားမေးလေပြီ။
၁၃။	မရှိပါငြား၊	ပရမျှား၊	ဖြေကြားပုံလေသည်။
၁၄။	အခြားတိစ္ဆာ၊	စိတ်တွေဟာ၊	ရောက်ကာနေ၍သည်၊
၁၅။	နှလုံးမသွင်း၊	သတိကင်း၊	ရှိခြင်း မရှိ၍သည်၊
၁၆။	ရိုသေလေခြင်း၊	မရှိခြင်း၊	ပြောခြင်းဖြစ်လေသည်။
၁၇။	စေတီရင်မှာ၊	တံတွေးဟာ၊	ထွေးရာမေးပြန်ပြီ။
၁၈။	ဤအမှုကား၊	မလုပ်ငြား၊	ဖြေကြားပုံလေသည်။
၁၉။	မဟာသမုဒ္ဒရာ၊	ရေတွေဟာ၊	ကမ်းမှာမလွန်ပြီ။
၂၀။	ဤနည်းတူစွာ၊	အရိယာ၊	သာဝကာများတို့သည်၊
၂၁။	မြတ်စွာဘုရား၊	ပညတ်ထား၊	သိက္ခာများကိုသည်၊
၂၂။	အသက်ဟူပါ၊	ကြောင်းကြောင့်လဲ၊	ကျူးမြဲ မရှိပြီ။
၂၃။	ဘုရားမြတ်စွာ၊	ဒေသနာ၊	ဟောကာထား၍သည်၊
၂၄။	သောတာပန်ဟာ၊	သတ္တဝါ၊	ဘယ်ခါမသတ်ပြီ။
၂၅။	ဤစကားကြား၊	ပရမျှား၊	ငြင်းကား မငြင်းပြီ။

၈။ ဇိဝိတာ ဝေါရောပနကထာကို ပြဆိုခြင်း ပြီး၏။

၉။ နဝတ္တုံ သံဃသဿ ဒိန္နံ မဟပ္ဖလံ ကထာကို ပြဆိုခြင်း

၉။ နဝတ္တုံ သံဃသဿ ဒိန္နံ မဟပ္ဖလံ ။ ။ နဝတ္တုံ သံဃသဿ ဒိန္နံ မဟပ္ဖလံ – ဟူသည် သံဃာ၌ လှူအပ်သောအလှူသည် များသော အကျိုးရှိ၏ ဟူ၍ မပြောဆိုသင့် – ဟူ၍ အဓိပ္ပါယ်ရလေသည်။ ဤအယူကို ဝေတုလ္လက ဂိုဏ်းဝင် ပရဝါဒီများ ယူမှားကြလေသည်။ ထိုပရဝါဒီတို့၏ အယူမှာ ဤသို့ ဖြစ်သည်။

မဂ်ဖိုလ်တို့သည်သာ သံဃာမည်၏။ ထိုမဂ်ဖိုလ်တို့အားလည်း တစ်စုံတစ်ရာကိုမျှ ပေးလှူခြင်းငှါ မတတ်ကောင်း။ ထိုမဂ်ဖိုလ်တို့သည်လည်း တစ်စုံတစ်ရာကိုမျှ မခံယူနိုင်။ ထိုမဂ်ဖိုလ်တို့အား ပေးလှူခြင်းဖြင့် တစ်စုံတစ်ခုသော ကျေးဇူးပြုခြင်းသည် မပြည့်စုံနိုင်ဟု အယူရှိကြလေကုန်၏။

ထိုအယူမှားကို ပယ်ဖျက်ခြင်းငှါ အရှင်မောဂ္ဂလိပုတ္တထေရ်သည် ဤ နဝတ္တုံ သံဃသဿ ဒိန္နံ မဟပ္ဖလံ ကထာ – ကို ဟောတော်မူရလေသည်။

(အဘိ ၄ - ၇ - ၂၅၉)

သဏဝါဒီ ။ ။ နဝတ္တုံ သံဃသဿ ဒိန္နံ မဟပ္ဖလန္တိ – သံဃာအား လှူသော အလှူသည် များသော အကျိုးရှိ၏ – ဟူ၍ မဆိုသင့်ဟိသလော?

ပရဝါဒီ ။ ။ အာမန္တာ – ဩော် ... မဆိုသင့်ပါ။

သဏဝါဒီ ။ ။ နနုသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ – သံဃာသည် အဝေးမှ ဆောင်ယူအပ်သော ဝတ္ထုကို ခံယူထိုက်သည်။ ည့ဉ်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံယူထိုက်သည်။ မြတ်သောအလှူကို ခံယူထိုက်သည်။ လက်အုပ်ချီမှုကို ခံယူထိုက်သည်။ လူအပေါင်း၏ အတုမဲ့မြတ်သော ကောင်းမှုမျိုးစေ့၏ လယ်ယာပြေကောင်းသဖွယ်ဖြစ်သည် မဟုတ်ပါလော။

ပရဝါဒီ ။ ။ အာမန္တာ – ဩော် ... ဟုတ်ပါ၏။

သဏဝါဒီ ။ ။ အရှင် ပရဝါဒီ ... ထိုသို့ဖြစ်မူ သံဃာအား ပေးလှူအပ်သော အလှူသည် များသောအကျိုးရှိ၏ ဟု ဆိုသင့်၏။

သဏဝါဒီ ။ ။ သံဃာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏ဟု မဆိုသင့်ပါသလော။

ပရဝါဒီ ။ ။ အာမန္တာ – ဩော် ... မဆိုသင့်ပါ။

သဏဝါဒီ ။ ။ အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သော ယောကျ်ားမြတ်တို့သည် မြတ်သော အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်တို့တည်းဟူ၍ မြတ်စွာဘုရား ဟောအပ်ကုန်သည် မဟုတ်ပါလော။

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... ဟောအပ်ပါကုန်၏။

သကဝါဒီ ။ ။ အရှင်ပရဝါဒီ ... ထိုသို့ ဟောအပ်သောကြောင့် သံယာအား လှူသော အလှူသည် များသော အကျိုးရှိ၏ – ဟူ၍ ဆိုသင့်ပေ၏။

သကဝါဒီ ။ ။ သံယာအား လှူသော အလှူသည် များသောအကျိုးရှိ၏ – ဟူ၍ မဆိုသင့်ပါသလော။

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... မဆိုသင့်ပါ။

သကဝါဒီ ။ ။ သံဃေ ဂေါတမိ ဒေတိ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပုဗ္ဗိတော ဘဝိဿာမိ သံဃောစာတိ – ဂေါတမိ ... သင်သည် သံယာအား လှူလော့။ သံယာအား လှူအပ်သော် သင်သည် ငါဘုရားကိုလည်းကောင်း၊ သံယာကိုလည်းကောင်း ပူဇော်အပ်ပြီး ဖြစ်လတ္တံ့' ဟု မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ္တန်ပါဠိ ရှိသည်သာ မဟုတ်ပါလော။

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... သုတ္တန်ပါဠိရှိသည် ဟုတ်ပါ၏။

သကဝါဒီ ။ ။ ထို့ကြောင့် သံယာအား လှူအပ်သော အလှူသည် များသော အကျိုးရှိ၏။

သကဝါဒီ ။ ။ သံယာအား လှူအပ်သော အလှူသည် များသောအကျိုးရှိ၏ – ဟု မဆိုသင့်ပါသလော၊

ပရဝါဒီ ။ ။ အာမန္တာ – ဩ ... မဆိုသင့်ပါ။

သကဝါဒီ ။ ။ သိကြားမင်းသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။

မြတ်စွာဘုရား ... အဘယ်ပုဂ္ဂိုလ်အား ပေးလှူအပ်သော အလှူသည် ပူဇော်ကြကုန်သော၊ ကောင်းမှုကို အလိုရှိကုန်သော၊ ဥပဓိအကျိုးရှိသည့် ကောင်းမှုကို ပြုလုပ်ကုန်သော လူသတ္တဝါတို့အား များပြား သော အကျိုးရှိပါသနည်း။

သိကြားမင်း၏ ထိုအမေးကို မြတ်စွာဘုရားသည် ဤသို့ ဖြေကြားတော်မူ၏။

၁။ ဧတ္တာဝော စ ပဒီပန္နာ၊ ဧတ္တာဝော စ ဗလေ ဌိတာ။
ဧသ သံဃော ဥဇုဘူတော၊ ပညာသီလ သမာဟိတော။

၂။ ယဓ မာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ၊
ကရောတံ ဩပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလန္တိ။

၃။ ဧသောဟိ သံဃော ဝိပုလော မဟဂ္ဂတော။
ဧသပွမေယျော ဥဒဓိဝ သာဂရော၊
ဧတေဟိ သေဋ္ဌာ နရဝီရ သာဝကာ၊
ပဘာကိရာ ဓမ္မမုဒီရယန္တိ။

၄။ တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊
ယေ သံဃ မုဒ္ဒိသ ဒဒန္တိ ဒါနံ။
သာ ဒက္ခိဏာ သံဃဂတာ ပတိဋ္ဌိတာ။
မဟပ္ဖလာ လောကဝိဒူန ဝဏ္ဏိတာ။

၅။ တောဒိသံ ယည မနုဿရဏ္ဍာ။
ယေ ဝေဒဂတာ ဝိစရန္တိ လောကေ။
ဝိနေယျ မဇ္ဈေရမလံ သမူလံ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိ ဌာနံ။

အတ္ထဝ သုတ္တန္တော တိ။

မြန် ။ ၁။ သိကြားမင်း ... ကျင့်ဆဲဖြစ်သော မဂ်ပုဂ္ဂိုလ် လေးဦးတို့သည်လည်းကောင်း၊ ဖိုလ်ဌိတည်သော ပုဂ္ဂိုလ်လေးဦးတို့သည်လည်းကောင်း ရှိကုန်၏။ ဤရှစ်ပါးသော သံဃာတော်သည် ဖြောင့်မတ်သည်ဖြစ်၍ ဖြစ်ပေ၏။ ပညာ၊ အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံပေ၏။

၂။ ထိုသံဃာ၌ ပေးလှူအပ်သော အလှူသည် ပူဇော်ကုန်သော၊ ကောင်းမှုကို အလိုရှိကုန်သော၊ ဥပဓိအကျိုးရှိသည့် ကောင်းမှုကို ပြုလုပ်ကုန်သော လူသတ္တဝါတို့အား များပြား သော အကျိုးရှိ၏။ ဤသို့ မြတ်စွာဘုရား ဟိန့်တော်မူ၏။

၃။ မှန်၏။ ဤသံဃာသည် ပြန့်ပြောသည်ဖြစ်၍ မြင့်မြတ်ခြင်းသို့ ရောက်ပေ၏။ ဤသံဃာကို ရေ၏တည်ရာ သမုဒ္ဒရာနှင့်အတူ နှိုင်းယှဉ်အပ်ပေ၏။ ဤဂုဏ်တို့ကြောင့် မြတ်ကုန် သော အရောင်အလင်းကို ပြုတတ်ကုန်သော ဘုရားမြတ်၏ တပည့်သားတို့သည် တရားကို ဟောကြကုန်၏။

၄။ အကြင်သူတို့သည် သံဃာကို ရည်မှန်း၍ အလှူဒါနကို ပေးလှူကုန်၏။ ထိုသူတို့ သည် အလှူဒါနကို ကောင်းစွာ ပေးလှူအပ်သည် မည်၏။ ကောင်းစွာ ပူဇော်အပ်သည် မည်၏။ ကောင်းစွာ ပသအပ်သည် မည်၏။ သံဃာသို့ ရောက်သော၊ သံဃာ၌ တည်သော ထိုအလှူကို မြင့်မြတ်သော အကျိုးရှိ၏ ဟူ၍ လောကကို သိတော်မူသော မြတ်စွာဘုရားတို့သည် ချီးမွမ်းတော် မူအပ်၏။

၅။ လောက၌ အကြင်သူတို့သည် ဤကဲ့သို့သော ပူဇော်ပသမှုမျိုးကို အောက်မေ့ ကုန်လျက် နှစ်သက်သော သဘောရှိကုန်သည်ဖြစ်၍ အကြောင်းရင်းနှင့်တကွသော ဝန်တိုနမြောမှု အညစ်အကြေးကို ပယ်ရှား၍ နေကုန်၏။ ထိုသူတို့သည် မကဲ့ရဲထိုက်ကုန်သည်ဖြစ်၍ နတ်ပြည် အရပ်သို့ ကပ်ရောက်ကုန်၏။ ဤသို့သော သုတ္တန်ပါဠိ ရှိသည် မဟုတ်ပါလော။

<u>ပရဝါဒီ</u> ။ ။ အာမန္တာ - ကြော် ... ရှိသည် ဟုတ်ပါ၏။

<u>သကဝါဒီ</u> ။ ။ ထို့ကြောင့် သံယာအား လှူအပ်သော အလှူသည် များသောအကျိုးရှိ၏။

ပရဝါဒီသည် သကဝါဒီ၏ ဟုတ်မှန်သော သဘောရှိသော စကားကို ပြန်လှန်ငြင်းဆန်ခြင်း မပြုတော့ချေ။

(အဘိ - ၅ - ၄၀၁ / ၂။ မြန် ၃ - ၃၀၀ / ၃၀၂)

၉။ နဝတ္တုမ္မံ သံဃသ ဒိန္နံ မဟပ္ဖလံ ကထာကို ပြဆိုခြင်းဌ ဧဆာင်ရန်လက်ာများ

၁။	သံဃာဠ်သာ၊	လှူလေပါ၏၊	လွန်စွာကျိုးကြီးသည်။
၂။	သို့ရာတွင်ကား၊	အယူများ၊	ပရများတို့သည်၊
၃။	သံဃာဆိုတာ၊	မဂ်ဖိုလ်သာ၊	ကောက်ကာယူ၍သည်၊
၄။	သံဃာလှူကြား၊	ကျိုးမများ၊	ပြောကြားပြုလေဖြို။
၅။	ယင်းအယူများ၊	သကများ၊	ပယ်ရှားရပြန်သည်။
၆။	သံဃာဆိုတာ၊	အဝေးသာ၊	ယူလာများကိုသည်၊
၇။	ဧည့်သည်အလို၌၊	ရည်စူးကာ၊	ထားရာများကိုသည်၊
၈။	အဖိုးထိုက်တာ၊	ကောင်းမွန်တာ၊	မြတ်ရာများကိုသည်၊
၉။	မြတ်နိုးစွာပေ၊	ရှိခိုးလေ၊	ရိုသေမှုကိုသည်၊
၁၀။	ခံယူထိုက်ကြား၊	မြတ်ဘုရား၊	ပေးကြားထား၍သည်၊
၁၁။	သံဃာလှူကြား၊	အကျိုးကား၊	မများဟူ၍သည်၊
၁၂။	ပြောဆိုခြင်း၌၊	ယူခြင်း၌၊	ဘယ်မှာထိုက်လိမ့်မည်။
၁၃။	အရိယာကို၊	ရှစ်ယောက်ဆို၊	ပုဂ္ဂိုလ်များတို့သည်၊
၁၄။	မြတ်အလှူအား၊	ခံထိုက်ကြား၊	ဘုရားပေး၍သည်၊
၁၅။	သံဃာလှူကြား၊	ကျိုးမများ၊	ဆိုကြားမထိုက်ဖြို။
၁၆။	ဂေါတမီကား၊	မြတ်ဘုရား၊	လှူကြားရာ၌သည်၊
၁၇။	သံဃာလှူရာ၊	ဥ့ကိုပါ၏၊	လှူရာရောက်လေသည်။
၁၈။	မြတ်စွာဘုရား၊	ပေးကြားထား၊	တရားရှိ၍သည်၊
၁၉။	သံဃာလှူတာ၊	ကျိုးများတာ၊	ဆိုတာသင့်မြတ်သည်။
၂၀။	သိကြားမင်းအား၊	မြတ်ဘုရား၊	တရားပေးလေသည်။
၂၁။	သံဃာဆိုတာ၊	ဖြောင့်မတ်စွာ၊	ကျင့်တာရှိ၍သည်၊

၂၂။ သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ ပြည့်လေတ်ထဖွင့်ထည်၊
၂၃။ သံဃာဌိဿာ၊ ကြည်ဖြူစွာ၊ လှူတာလွန်ကောင်းထည်၊
၂၄။ အကျိုးတရား၊ အလွန်ကား၊ များပြားလှလေထည်။
၂၅။ ဝန်တိုမစ္ဆေ၊ ကင်းချေပေ၊ လွန်လေမြင့်မြတ်ထည်။
၂၆။ တဲ့ရဲ့ခြင်းငှါ၊ မထိုက်ပါ၊ နတ်ရွာရောက်ပေမည်။
၂၇။ ဤသို့ထင်ရှား၊ မြတ်တုရား၊ ဟောကြားထား၍သည်၊
၂၈။ သံဃာလှူပြား၊ အကျိုးကား၊ လွန်များဆိုသင့်သည်။
၂၉။ သံဃာလှူပြား၊ ကျိုးမများ၊ ဆိုပြားမသင့်ဖြို့။
၃၀။ ဟုတ်မှန်နေပြား၊ ဝရများ၊ ဖြင်းကားမဖြင်းဖြို့။

၉။ နဝတ္တွဗ္ဗံ သံဃသ ဒိန္နံ မဟပ္ဖလံ ကထာကို ပြဆိုချက် ပြီး၏။

၅။ ဤတွင် ကထာဝတ္ထုကျမ်းလာ ကိုယ်ကျင့်တရားများ ပြဆိုချက် ရပ်နားပြီ။

နံမော တထာ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၆။ ဃနိတ်ကျမ်း

၆။ မဟာကုသိလ ပဌမစိတ်ကို ယမိုက်ကျမ်းဖြင့် ဝေဖန်ခြင်း

၆။ ယမိုက်ကျမ်း ။ ။ ယမိုက် – ဟူသည် ယမက– ဟူသော ဟိဠ်ဒုပ်ဒ်မှ လာခြင်းဖြစ်၏။ အဓိပ္ပါယ်မှာ – အစုံ ဟူ၍ အဓိပ္ပါယ်ရ၏။ အနုလောမ, ပဋိလောမ အစုံ၊ သန္ဓိဌာန်, သံသယ အစုံ၊ ပုဏ္ဏာ, ဝိသဇ္ဇနာ အစုံ – ဤသို့ အစုံ အစုံသော ဒေသနာတို့၏ အစွမ်းအားဖြင့် ဟောအပ်သောကြောင့် ယမက မည်၏။ ယမိုက် ဟူ၍ ခေါ်၏။ ထိုယမိုက်သည် –

မူလယမိုက်၊ ခန္ဓယမိုက်၊ အာယတနယမိုက်၊ ဓာတုယမိုက်၊ သစ္စယမိုက်၊ သင်္ခါရယမိုက်၊ အနုသယ ယမိုက်၊ စိတ္တယမိုက်၊ ဓမ္မယမိုက်၊ ဣန္ဒြိယယမိုက် အားဖြင့် (၁၀)ပါး ရှိ၏။ ထိုတွင် မဟာကုသိလ ပဌမစိတ်နှင့် ဆက်စပ်သော ယမကများကိုသာ ပဓာနထား၍ ပြဆိုမည် ဖြစ်၏။

၁။ မူလယမိုက် နိဒ္ဒေသကို ပြဆိုခြင်း

၁။ မူလယမိုက် နိဒ္ဒေသ ။ ။ ယမိုက် (၁၀) ကျမ်းတွင် မူလယမိုက်သည် အစဦးဆုံး ယမိုက် ဖြစ်၏။ မူလယမိုက်၌ ဥဒ္ဒေသ၊ နိဒ္ဒေသဟူ၍ နှစ်မျိုးရှိရာ အရကောက် ပါဝင်သော နိဒ္ဒေသကို ပြဆိုမည် ဖြစ်၏။ ဤမူလယမိုက်၌ တရားတို့သည် ဟေတုပစ္စည်း၏ ပစ္စည်း၊ ပစ္စယုပ္ပန်ရသော တရားများကို ဟောကြားတော်မူထား၏။ သို့ဖြစ်၍ ကုသိလမူလ၊ အကုသိလမူလ၊ အဗ္ယာကတမူလ၊ နာမမူလ ဟူသော အမည်များဖြင့် ဟောကြားတော်မူလေ၏။

ဤနိဒ္ဒေသ၌ တိကမာတိကာ နိဒ္ဒေသ၊ ဒုကမာတိကာ နိဒ္ဒေသ ဟူ၍ ရှိရာတွင် ဤ၌ တိကမာတိကာ နိဒ္ဒေသကို ပြမည် ဖြစ်၏။ ဤတိကမာတိကာ နိဒ္ဒေသ၌လည်း ကုသလတိက်၊ ဝေဒနာတိက် စသည်အားဖြင့် ၂၂–ပါး ရှိပြန်ရာ ကုသလတိက်ကိုသာ ပြဆိုမည် ဖြစ်၏။ ဤကုသလတိက်၌လည်း မူလဝါရ၊ ဟေတုဝါရ စသည်ဖြင့် ဆယ်ပါးရှိပြန်ရာ မူလဝါရကို ပြမည် ဖြစ်၏။ ဤမူလဝါရ၌လည်း ကုသလပဒ၊ အကုသလပဒ၊ အဗ္ယာကတပဒ၊ နာမပဒအားဖြင့် လေးပါးရှိပြန်ရာ မဟာကုသိလ ပဌမစိတ် ပါဝင်သော ကုသလပဒကို ပြဆိုမည် ဖြစ်၏။ ကုသလပဒ၌လည်း မူလနယ၊ မူလမူလနယ၊ မူလကနယ၊ မူလမူလကနယအားဖြင့် လေးပါးရှိလေ၏။ ထိုတွင် မူလနယကို ရှေးဦးစွာ ပြမည် ဖြစ်၏။

ထိုမူလနယ၌လည်း မူလယမက၊ ကေမူလယမက၊ အညမညယမက အားဖြင့် ၃–ပါးရှိပြန်ရာ မူလယမကကို ရှေးဦးစွာ ပြမည်ဖြစ်၏။ ထိုမူလယမက၌လည်း အနုလောမ, ပဋိလောမ၊ ပုဏ္ဏာ, ဝိသဇ္ဇနာ၊ သန္ဓိဌာန်,သံသယ အားဖြင့် အစုံစုံ ရှိလေ၏။ မဟာကုသိလ ပဌမစိတ်ကို ဤအစုံစုံသော ယမိုက်သဘောဖြင့် ဝေဖန်ပြသွားပေအံ့။

၁။ ပကၠဏ်ကို မူလယမိုက် ကုသလပဒဖြင့် ဝေဖန်ပြဆိုခြင်း

၁။ ကုသလဒ္ဒ ။ ။ ဤကုသလပဒ၌ ဟောအပ်သော တရားကို သိသင့်သေး၏။

၁။ ယေကေစိ ကုသလာ ဓမ္မာ – အလုံးစုံသော ကုသိုလ်မည်ကုန်သော တရားတို့သည် ရှိကုန်၏။ ဤအရ အလုံးစုံသော ကုသိုလ်တရားဟူသည် ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၈-ပါး ဖြစ်လေ၏။

၂။ သဗ္ဗေ တေ ကုသလမူလာတိ – ထိုအလုံးစုံသော ကုသိုလ်တရားတို့သည် ကုသိုလ်မူလ မည်ကုန်သလော? ကုသိုလ်မူလ ဟူသည် အလောဘ၊ အဒေါသ၊ အမောဟ တည်း။

ဆိုလိုသည်ကား အပေါ်က နံပါတ် ၁- အရ ဖြစ်သော ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၈-ပါးသည် ကုသိုလ်မူလ မည်သလား ဟူ၍ ပုစ္ဆာပြုခြင်း ဖြစ်၏။ အပေါ်က နံပါတ် ၁- ကို အနုလောမ သန္နိဋ္ဌာန် ခေါ်၏။ အောက်က နံပါတ် ၂- ကို အနုလောမ သံသယ ဟူ၍ ခေါ်၏။

အပေါ်က နံပါတ် ၁- အရ၌ ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၈-ပါး ရှိရာတွင် စေတသိက် ၃၈-ပါး၌ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလတရား ၃-ပါး ပါဝင်၏။ ပုစ္ဆာအရ ယင်းကုသိုလ် မူလ ၃-ပါးသည်သာ ကုသိုလ်မူလ မည်၏။ ကျန်သော ကုသိုလ်စိတ် ၂၁-ပါးနှင့် စေတသိက် ၃၅-ပါးမှာ ကုသိုလ်သာ မည်၏။ ကုသိုလ်မူလ မမည်ပေ။

အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလ ၃-ပါးသည် ကုသိုလ်လည်း မည်၏။ ကုသိုလ်မူလလည်း မည်၏ ဟု အဖြေပြုရလေသည်။

ယင်းအဖြေ ဝိဿဇ္ဇနာ ပါဠိမှာ ဤသို့ ဖြစ်လေသည်။

တီဏေဝ ကုသလမူလာနိ – အလောဘ၊ အဒေါသ၊ အမောဟ ဟု ဆိုအပ်သော ကုသိုလ်မူလ သုံးခုတို့သည်သာလျှင် ကုသိုလ်မူလ မည်ကုန်၏။

အဝသေသာ ကုသလာ ဓမ္မာ နကုသလမူလာ – ကုသလမူ ၃-ခုတို့မှ ကြွင်းကုန်သော ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၅-ပါးတို့သည် ကုသိုလ်မူလ မမည်ကုန်။

ဤကား အနုလောမ သန္နိဋ္ဌာန်, သံသယ၊ ပုစ္ဆာ, ဝိဿဇ္ဇနာ အစုံတည်း။

ပဋိလောမ၌ သန္နိဋ္ဌာန်, သံသယ၊ ပုစ္ဆာ, ဝိဿဇ္ဇနာ အစုံကား ဤသို့တည်း။

၃။ ယေဝါ ပန ကုသလ မူလာ – အကြင်သို့ သဘောရှိသော အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူ ၃-ခု တို့သည် ရှိကုန်၏။ (ပဋိလောမ သန္နိဋ္ဌာန်)

၄။ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ – ထိုအလုံးစုံသော ကုသိုလ်မူ ၃-ခုတို့သည် ကုသိုလ် မည်၏လော?
(ပဋိလောမ သံသယ ပုဏ္ဏာ)

ဆိုလိုသည်ကား အလောဘ၊ အဒေါသ၊ အမောဟ ဟု ဆိုအပ်သော ကုသိုလ်မူလ ၃-ခုတို့သည် ကုသိုလ် r n f av ကို ဟု အမေးပုဏ္ဏာ ပြုခြင်း ဖြစ်သည်။

အဖြေ ဝိသဇ္ဇနာ – အာမန္တာ – ကုသိုလ် မည်ပါသည်။

ဘုရားရှင် ဟောကြားတော်မူအပ်သော အစုံအစုံသော ယမိုက်သဘောကို ကျိသို့နားလည်အောင် လေ့လာပါ။ ဉာဏ်ရှင်ကာ နားလည်လာပါလိမ့်မည်။

ထိုသဘောအရ မဟာကုသိုလ် ပဌမစိတ်ကို မူလယမိုက် မူလဓါရ ကုသလပဒ မူလနယ မူလယမကဖြင့် ဝေဖန်မှုပြုလျှင် ကျိသို့ ဖြစ်ပေသည်။

မဟာကုသိုလ် ပဌမစိတ်၌ စေတသိက် ၃၈-ပါး ယှဉ်လေသည်။ ယင်းမဟာကုသိုလ် ပဌမစိတ်နှင့် စေတသိက် ၃၈-ပါးကို 'ယေကေစိ ကုသလာ ဓမ္မာ' အရ ကုသိုလ်တရားဟူ၍ ခေါ်သည်။ ယင်းကုသိုလ်တရားသည် 'သဗ္ဗေ တေ ကုသလမူလာ' အရ ကုသိုလ်မူလ မည်၏လော – ဟု အမေးပုဏ္ဏာပြုသော် စေတသိက် ၃၈-ပါး၌ ပါဝင်သော အလောဘ၊ အဒေါသ၊ အမောဟသည် ကုသိုလ်မည်သလို ကုသိုလ်မူလလည်း မည်သည်။ မဟာကုသိုလ် ပဌမစိတ်နှင့် ယင်းကုသိုလ်မူလ ၃-ခုမှတစ်ပါး ကျန်စေတသိက် ၃၅-ပါးတို့သည် ကုသိုလ်သာ မည်၏။ ကုသိုလ်မူလ မမည်ပေ – ဟူ၍ သိမြင်နိုင်ကြပေသည်။

ထိုသဘောအရ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဉာဏ်ယှဉ်၍ ပြုလုပ်လျှင် ယမိုက်သဘောအရ ထိုအချိန် ထိုကာလ၌ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ကုသိုလ်လည်းဖြစ်၊ ကုသိုလ်မူလလည်း ဖြစ်နေသဖြင့် အလွန်ကောင်းမြတ်သော အချိန်ကာလဖြစ်သည်ကို သိမြင်နိုင်ကြပေ၏။

၁။ ပကုဓိတ်ကို မူလယမိုက် ကုသလပဒ မူလနယဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျများ

၁။	ယမိုက်ဆိုတာ၊	ဒွိစုံပါ၊	ဟောတာဖြစ်လေသည်။
၂။	မူ,ခန်,အာ,ဓာ၊	သစ်,သခ်ါ၊	နုပါ ပါဝင်သည်။
၃။	စိတ္တ, ဓမ္မ၊	ကုန္ဒြိယ၊	ဆယ်ဝဖြစ်လေသည်။
၄။	အနုပဒ့ါ၊	ပဏ္ဏာ,ဝိ၊	သန့်,သံဖြင့်သည်၊
၅။	မူလယမိုက်၊	ရှေးဦးနှိုက်၊	ဟောထိုက်သိရမည်။
၆။	ကုသိုလ်ပဒ၊	မူဝါရ၊	မူနယပြပေမည်။
၇။	ဒါနစတြား၊	ကုသိုလ်အား၊	ပြုကြားရာ၌သည်၊

၈။	ဉာဏ်နှင့်ယှဉ်မှု၊	ကုသိုလ်ပြု၊	ပကုဗ္ဗဓ်လေသည်။
၉။	ပကုစိတ်ဖြစ်၊	စေသုံးရစ်၊	စင်စစ်ယှဉ်လေသည်။
၁၀။	ယင်းကုတရား၊	ကုမ္မကား၊	မည်လားမေးလျှင်သည်၊
၁၁။	ကုမ္မဖယ်ပါ၊	ကျန်ခဓ်မှာ၊	ကုသာဖြစ်လေသည်။
၁၂။	ကုမ္မလေသည်၊	ကုလဲမည်၊	မူလဲမည်လေသည်။
၁၃။	ကုသိုလ်လဲဖြစ်၊	ကုမ္မဖြစ်၊	စင်စစ်ကောင်းမြတ်သည်။
၁၄။	ကုပြုချိန်တွင်၊	စိတ်ဖြစ်အင်၊	လွန်ပင် သန့်ရှင်းသည်။
၁၅။	ဉာဏ်ယှဉ်ကုကား၊	တန်ဖိုးကား၊	ကြီးမားသိနိုင်သည်။

၁။ ပကုစိတ်ကို မူလယဓိက် ကုသလပဒ မူလနယဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို ကုသလပဒ ဧကမူလယမကဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ ဧကမူလ ယမက ။ ။ ဧကမူလ– ဟူသည် တူသောမူလရှိ၏ – ဟူ၍ အဓိပ္ပါယ်ရသည်။ ကုသိုလ်မူလနှင့် တူသောမူလ ရှိသောတရားများကို ဧကမူလတရားများ ဟူ၍ ခေါ်ဆိုသည်။ ကုသိုလ်စိတ် ၂၁–ပါးသည် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်မူလတို့နှင့် ယှဉ်ကြသောကြောင့် တူသောမူလရှိသော တရားများ ဖြစ်ကြသည်။ ကုသိုလ်စိတ် ၂၁–ပါး၌ယှဉ်သော ကုသိုလ်စေတသိက် ၃၈–ပါး တို့သည်လည်း ထိုကုသိုလ်မူလ ၃–ပါးနှင့် ယှဉ်ကြသောကြောင့် တူသောမူလရှိသော တရားများ ဖြစ်ကြသည်။ ထိုကုသိုလ်တရားတို့ကြောင့် ဖြစ်သော စိတ္တဇရုပ် ၁၇–ပါးသည်လည်း တူသော မူလရှိသော တရားများ ဖြစ်ကြသည်။

ထို့ကြောင့် ဧကမူလတရားများမှာ – ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါး၊ ကုသိုလ်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ၁၇–ပါး ရသည်ကို သိမြင်ထားရမည် ဖြစ်လေသည်။ ယင်းတရားသဘောကို မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူလေသည်။

အနုလောမ ပုဏ္ဏ, ဂိဿဇ္ဇနာ

၁။ ယေကေစိ ကုသလာဓမ္မာ – အကြင် ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈ပါးဟူသော ကုသိုလ်တရားတို့သည် ရှိကုန်၏။

၂။ သဇ္ဇေ တေ ကုသလမူလေန ဧကမူလာတိ – ထိုအလုံးစုံသော ထိုကုသိုလ်တရားတို့သည် ကုသိုလ်မူလ အားဖြင့် တူသောမူလ ရှိကုန်သလော။

အာမန္တာ – တူသောမူလရှိကုန်၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယေ ဇာ ပန ကုသလမူလေန ဧကမူလာ – အကြင် ကုသိုလ်ဟု ဆိုအပ်သော မူလနှင့် တူသောမူလရှိကုန်သော ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါး၊ စိတ္တဇရုပ် ၁၇–ပါးတို့သည် ရှိကုန်၏။

၄။ သဗ္ဗေ တေ ဓမ္မာ ကုသလာ – ထိုအလုံးစုံသော ဧကမူလတရားတို့သည် ကုသိုလ်မည်၏လား?

ထိုအမေးခဲ့၌ အဖြေကား စိတ္တဇရုပ် ၁၇–ပါးသည် ကုသိုလ်ဧကမူလသာ မည်၏။ ကုသိုလ်တရား မဟုတ်ပေ။ ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါးသည် ကုသိုလ်ဧကမူလလည်း မည်ပေ၏။ ကုသိုလ်လည်း မည်ပေ၏။ ယင်းသို့ အဖြေပါဠိတော်သော် ဤသို့ဖြစ်၏။

ကုသလ သမုဋ္ဌာနရူပံ ဧကမူလံ နကုသလံ – ကုသိုလ်တရားကြောင့်ဖြစ်သော စိတ္တဇရုပ် ၁၇–ပါးသည် 'ဧကမူလ' တူသောမူလ ရှိ၏။ ကုသိုလ် မမည်ပေ။

ကုသလံ ကုသလမူလေန ဧကမူလဉ္စေဝ ကုသလဉ္စ – ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါးသည် 'ဧကမူလ' တူသောမူလလည်း ရှိ၏။ ကုသိုလ်လည်း မည်၏။

(ယမက ပ – ၆။ အရုကောက် – ၂၄ / ၅)

ထိုသဘောအရ မဟာကုသိုလ် ပဌမစိတ်ကို မူလနယ ဧကမူလယမကဖြင့် ဝေဖန်မှုပြုလျှင် ဤသို့ဖြစ်ပေသည်။

အိန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်နေချိန်၌ မဟာကုသိုလ် ပဌမစိတ်၊ စေတသိက် ၃၈–ပါး၊ ယင်းစိတ်, စေတသိက်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်များ ဖြစ်နေကြလေသည်။ ယင်းတရားတို့သည် အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်မူလ ၃–ပါးနှင့် အတူတကွ ဖြစ်ကြသောကြောင့် ယင်းတရားတို့ကို ဧကမူလတရားများဟူ၍ ဆိုရလေသည်။ ယင်းဧကမူလတရားများသည် ကုသိုလ်တရား ဟုတ်ရဲ့လား? ဟူ၍ အမေးပြုသော် ယမိုက်သဘောအရ ကုသိုလ်စိတ်ကြောင့် ဖြစ်သော ရှိခိုးမှု၊ လျှူအိန်းမှု စသော စိတ္တဇရုပ်များသည် ဧကမူလတရား ဟုတ်သည်။ ကုသိုလ် မမည်ပေ။ မဟာကုသိုလ် ပဌမစိတ်နှင့် စေတသိက် ၃၈–ပါး ဟူသော နာမ်တရားတို့သည်သာ ဧကမူလလည်း မည်သည်။ ကုသိုလ်လည်း မည်သည်။

ဤသဘောအရ ဉာဏ်ယှဉ်၍ အိန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ရုပ်တရား၊ နာမ်တရားတို့ကို ခွဲခြားသိမြင်ကာ ရုပ်တရားက ဧကမူလသာရပြီး နာမ်တရားက ဧကမူလရော ကုသိုလ်ရောဖြစ်ပုံကို သိမြင်နိုင်ကြပေသည်။

၂။ ပကတိတ်ကို ကုသလပဒ ဧကမူလယမကဖြင့် ဝေဖန်ခြင်း၌ ဥဿင်ရန်လင်္ကာများ

၁။ ဧကမူလ၊ ဟူသည်က၊ ကုမ္မူလနှင့်သည်၊
၂။ တူသောမူလ၊ ရှိကိုပ၊ ခေါ် ရသိနိုင်သည်။
၃။ ဒါနစတြား၊ ကုတရား၊ ပြုကြားဂျှဿသည်၊
၄။ ဉာဏ်ယှဉ်လေမှု၊ ကုသိုလ်ပြု၊ ပကုပါဝင်သည်။
၅။ ကုကြောင့်ဖြစ်ရာ၊ စိတ်ရုပ်ပါ၊ ပါတာသိရမည်။
၆။ စေတနာစိုရွှမ်း၊ စိတ်ရွှင်လန်း၊ လှူဒါန်းလိုက်ခြင်းသည်၊
၇။ ကုကြောင့်ဖြစ်ရာ၊ စိတ်ရုပ်ပါ၊ ကောင်းစွာသိနိုင်သည်။
၈။ ဉာဏ်နှင့်ယှဉ်မှန်၊ ကုပြုဟန်၊ ရုပ်နာမ်များတို့သည်၊
၉။ ကုသိုလ်မူလ၊ တူတကွ၊ ဖြစ်ကြသဖြင့်သည်၊
၁၀။ ဧကမူလ၊ ဟူ၍ပ၊ ခေါ် ရသိနိုင်သည်။
၁၁။ စိတ်ကြောင့်ဖြစ်ကြား၊ ရုပ်သည်ကား၊ ကုကားမဟုတ်ဖြို။
၁၂။ ဧကမူလသာ၊ ရရှိတာ၊ ကောင်းစွာသိရမည်။
၁၃။ နာမ်တရားမှာ၊ ဧရောပါ၊ ကုပါဖြစ်လေသည်။
၁၄။ ကုသိုလ်ပြုဟန်၊ ရုပ်နှင့်နာမ်၊ ဝေဖန်သိရမည်။
၁၅။ ရုပ်နာမ်ကွဲကြား၊ အကျိုးကား၊ ကြီးမားလှပေသည်။

၂။ ပကုစိတ်ကို မူလယမိုက် ကုသလပဒ ဧကမူလယမကဖြင့် ဝေဖန်ခြင်း ပြီး၏။

၎။ ပကုဓိတ်ကို မူလယမိုက် ကုသလပဒ အညမညမူလယမကဖြင့် ဝေဖန်ခြင်း

၃။ အညမညမူလယမက ။ ။ အညမညမူလ – ဟူသည် တစ်ပါးသည် တစ်ပါး၏ မူလရှိသောတရားဟု အဓိပ္ပါယ်ရလေသည်။ အလောဘ၊ အဒေါသ၊ အမောဟ – ဟူသော ကုသိုလ်မူလတရား သုံးပါး၌ အလောဘသည် အဒေါသ၊ အမောဟတို့၏ မူလဖြစ်သလို အဒေါသသည် အလောဘ၊ အမောဟတို့၏ မူလဖြစ်လေသည်။ အမောဟသည် အလောဘ၊ အဒေါသတို့၏ မူလဖြစ်သည်။ ဤသို့ ကုသိုလ်မူလအချင်းချင်း တစ်ပါးသည် တစ်ပါး၏ မူလဖြစ်ကြသည်ကိုပင် အညမညမူလဟူ၍ ခေါ်ဆိုရလေသည်။ ဤအညမညမူလ ယမကဖြစ်ပုံကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

၃။ အညမညမူလ ယမက အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယေကေစိ ကုသလမူလေန ဧကမူလမ္ပိ – အကြင်ကုသိုလ်မူလနှင့် တူသောမူလ ရှိကုန်သော ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါး၊ စိတ္တဇရုပ် ၁၇–ပါး တရားတို့သည် ရှိကုန်၏။

၂။ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ ဖြင့် – အလုံးစုံသော ထိုတရားတို့သည် ကုသိုလ်မူလအားဖြင့် တစ်ပါးသည် တစ်ပါး၏ မူလရှိကုန်သလော?

ဤအမေးခွဲ အဖြေကား အထက်ပါ နံပါတ် ၁–တရားခွဲ စေတသိက် ၃၈–ပါးတွင် ပါဝင်သော အလောဘ၊ အဒေါသ၊ အမောဟ ဟုဆိုအပ်သော ကုသိုလ်မူလ ၃–ပါးတို့သည် ဧကမူလ – တူသောမူလလည်း ရှိ၏။ အညမညမူလ – တစ်ပါးသည် တစ်ပါး၏ မူလလည်း မည်၏။

ကျန်သော ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၅–ပါးနှင့် ကုသိုလ်တရားကြောင့်ဖြစ်သော စိတ္တဇရုပ် ၁၇–ပါးတို့သည် ဧကမူလ – တူသောမူလသာ ရှိ၏။ နအညမညမူလ – တစ်ပါးသည် တစ်ပါး၏ မူလ မမည်ပေ။ ဤသည်ကို ဝိဿဇ္ဇနာပါဠိတော်သော် ဤသို့ ထုတ်ရလေသည်။

မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိ စေဝ အညမညမူလာနိစ – အကြင် ကုသိုလ်မူလ ၃–ပါးသည် အတူတကွ ဖြစ်ကုန်၏။ ထိုကုသိုလ်မူလ ၃–ပါးသည် တူသောမူလလည်း ရှိကြကုန်၏။ တစ်ပါးသည် တစ်ပါး၏ မူလလည်း မည်ကုန်၏။

အဝသေသာ ကုသလမူလ သဟဇာတာ စမ္ပိ ကုသလမူလေန ဧကမူလာ နစ အညမညမူလာ– ကုသိုလ်မူလ ၃–ခုမှ ကြွင်းကုန်သော ကုသိုလ်မူလ ၃–ခုနှင့်တကွ ဖြစ်ကုန်သော ကုသိုလ်စိတ် ၂၁–ပါး၊ ကုသလမူ ၃–ခုမှတစ်ပါး စေတသိက် ၃၅–ပါး ကုသိုလ်တရားကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည် ကုသိုလ်မူလနှင့် 'ဧကမူလံ' တူသောမူလရှိကုန်၏။ 'နစ အညမညမူလာ' တစ်ပါးသည် တစ်ပါး၏ မူလမမည်ကုန်။

(အဘိ – ၆၊ ပ – ၇။ အရကောက် – ၂၇)

ဤသဘောအရ မဟာကုသိုလ် ပဌမစိတ်ကို အညမညမူလ ယမကဖြင့် ဝေဖန်သော် ဤသို့ ဖြစ်နိုင်ပေသည်။

ဒိန အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဝမ်းမြောက်ဝမ်းသာလည်း ပြုသည်။ ဉာဏ်နှင့်ယှဉ်၍ လည်း ပြုသည်။ လိုလိုလားလား တက်တက်ကြွကြွလည်း ပြုသည်။ ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် လည်း ပြုသည်ဟု ဆိုလျှင် ထိုပုဂ္ဂိုလ်မှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်နှင့်အတူ ကုသိုလ် ဧစတသိက် ၃၈-ပါးလည်း ဖြစ်သည်။ ကုသိုလ်စိတ်ကြောင့်ဖြစ်သော ကိုယ်ထိလက်ရောက် လှုပ်ခြင်းဟု ဆိုအပ်သော စိတ္တဇရုပ် များလည်း ဖြစ်ကြသည်။

ဤသို့ ကုသိုလ်ပြုစဉ် ဖြစ်ပေါ်လာသော ရုပ်နာမ်တရားတို့တွင် ဧစတသိက် ၃၈-ပါးတွင် ပါဝင်သော အလောဘ၊ အဒေါသ၊ အမောဟ ဟု ဆိုအပ်သော ကုသိုလ်မူလ ၃-ပါးသည် **ဧကမူလ** - တူသောမူလလည်း ရှိကြသလို၊ **အညမညမူလ** - တစ်ပါးသည် တစ်ပါး၏မူလလည်း ဖြစ်ကြလေသည်။

ကုသိုလ်မူ ၃-ပါးမှတပါး ကျန်သော မဟာကုသိုလ် ပဌမစိတ်နှင့် ဧစတသိက် ၃၅-ပါးသည်လည်းကောင်း၊ ဤစိတ်၊ ဧစတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ဤရုပ်နာမ်တရားတို့သည် **ဧကမူလ**- ကုသိုလ်မူလနှင့် တူသောမူလရှိသောတရားသာ ဖြစ်ကြပြီး (*ကိုယ်တိုင်က မူလတရား မဟုတ်သည့် အတွက်*) **နဝအညမညမူလာ** - တစ်ပါးသည် တစ်ပါး၏ မူလ မမည်ကုန်။

ဤသို့ ဒိန အစရှိကုန်သော ကုသိုလ်ကောင်းမှုတရားကို ပြုလုပ်ရာ၌ ရုပ်တရား၊ နာမ်တရားတို့ကို ပိုင်းခြား သိမြင်ကာ ဤရုပ်၊ နာမ်တရားတို့ကို မူလယမိုက် သဘောအားဖြင့်လည်း ဝေဖန်ပိုင်းခြား၍ ဉာဏ်ဖြာသိမြင်နိုင်ပေ သည်။

အထက်ပါ ပြဆိုခြင်းသည် အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ အနေဖြင့် ပြဆိုခြင်း ဖြစ်သည်။ ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ အနေဖြင့်ကား မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယေ ဇါ ပန ကုသလမူလေန **အညမညမူလာ** - အကြင်ကုသိုလ်မူလနှင့် တစ်ပါးသည် တစ်ပါး၏ မူလရှိသော ကုသိုလ်မူလ ၃-ပါးသည် ရှိ၏။

၄။ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ - ထိုကုသိုလ်မူ ၃-ပါးသည် ကုသိုလ်မည်သလား? ဟူ၍ အမေးပြုရာ၌ -

အာမန္တာ - ကုသိုလ်မူလ ၃-ပါးသည် ကုသိုလ် မည်လေ၏။

ဤသဘောအရ ကုသိုလ်ပြုရာ၌ မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော ကုသိုလ်ဧစတသိက် ၃၈-ပါးတို့ တွင် အလောဘ၊ အဒေါသ၊ အမောဟ ဟု ဆိုအပ်သော ကုသိုလ်မူလ ၃-ပါးသည် ကုသိုလ်မည်သလား? မေးလျှင်လည်း '**အာမန္တာ**'ပင် ဖြစ်လေ၏။

၃။ ပကုဓိတ်ကို မူလယမိုက် မူလဝါရ ကုသလပဒ အညမညမူလယမကဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၀။	ထစ်ပါးသည်တစ်ပါး၏၊	မူလ၌၊	ဖြစ်တိထရားထည်၊
၂။	အညမညမူလ၊	ဟူ၍ပ၊	ခေါ် ရသိုင်္ဂဝိတည်။
၃။	အလောစယူ၊	ထုံးပါးဟူ၊	ကုမ္ဗူထရားထည်၊
၄။	အလောထကား၊	ကျန်နှစ်ပါး၊	မူထရားဖြစ်လေထည်။
၅။	ကျန်နည်းတူ၌၊	တစ်ပါးကဲ့၊	ကျန်နှစ်ခုမှုဖြစ်သည်။
၆။	အညမညမူလ၊	ယမထ၊	သိကြွိုရာသည်၊
၇။	စကမူလ၊	အဉ်မူလ၊	နှစ်ဝရှိလေထည်။
၈။	စကအရမှာ၊	စိတ်စေဟိ၊	ရုပ်ပါရလေသည်။
၉။	အညအရမှာ၊	ကုမ္ဗသာ၊	ဆေချာရလေသည်။
၁၀။	ထုသိလေဖြုစဉ်၊	ပထုဝဝ်၊	ဖြစ်စဉ်တရားဒ္ဒသည်၊
၁၁။	နာမ်ရောရုပ်ပါ၊	ပါဝင်တာ၊	ဉာဏ်ဖြာသိရမည်။
၁၂။	ပကုမည်ကြား၊	စိတ်စေများ၊	နာမ်တရားဖြစ်လေသည်။
၁၃။	ကုစိတ်ကြောင့်ကား၊	စိတ်ရုပ်များ၊	ထင်ရှားဖြစ်ပြန်သည်။
၁၄။	ထင်းသည့်တရား၊	အညကား၊	မည်တေားမေးလျှောင်သည်၊
၁၅။	စေသုံးရစ်မူ၊	ပါဝင်ဟူ၊	ကုမ္ဗသုံးပါးသည်၊
၁၆။	စကလဲမည်၊	အညမည်၊	နှစ်မည်ရလေသည်။
၁၇။	ကျန်ရုပ်နာမ်ကား၊	အညကား၊	မည်ကြားမရှိပြီ။
၁၈။	စကမူလာ၊	တစ်မည်သာ၊	ဆေချာရလေထည်။
၁၉။	ဤသို့မှန်စွာ၊	ကုသလာ၊	ပြဂ္ဂုများဒ္ဒသည်၊
၂၀။	ရုပ်နာမ်ကိုပင်၊	ပိုင်းခြားအင်၊	သိမြင်ကြ၍သည်၊
၂၁။	ယမိုက်သတော၊	ထပ်ကာပြော၊	ဉာဏ်စောသိရမည်။

၃။ ပကုစိတ်ကို မူလယမိုက် မူလဝါရ ကုသလပဒ အညမညမူလ ယမကဖြင့် ဝေဖန်ခြင်း ပြီး၏။

၁။ ဤတွင် ပကုစိတ်ကို မူလယမိုက်ဖြင့် ဝေဖန်ခြင်း ရပ်နားပြီ။

၂။ ပကၠဏ်ကို ခန္ဓယမိုက် ပဝတ္တိဝါရဖြင့် ဝေဖန်ခြင်း

၂။ ခန္ဓယမိုက် ပဝတ္တိဝါရ ။ ။ ခန္ဓယမိုက် ပဝတ္တိဝါရ ဟူသည် ခန္ဓာဝါးပါးဖြင့် ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်သော တရားများကို ပြတော်မူခြင်း ဖြစ်၏။

ဤခန္ဓယမိုက် ပဝတ္တိဝါရ၌ ဥပပါဒဝါရ၊ နိရောဓဝါရ၊ ဥပပါဒနိရောဓဝါရ အားဖြင့် ၃-ပါးရှိ၏။ ထို ၃-ပါးတွင် ဤ၌ ဥပပါဒဝါရကို ပြမည်ဖြစ်သည်။ ဥပပါဒဝါရ၌လည်း ပစ္စုပ္ပန္နဝါရ၊ အတီတဝါရ၊ အနာဂတဝါရ၊ ပစ္စုပ္ပန္နာတီတဝါရ၊ ပစ္စုပ္ပန္နာနာဂတဝါရ၊ အတီတာနာဂတဝါရ ဟူ၍ (၆)ပါးရှိရာ ဤ၌ ပစ္စုပ္ပန္နဝါရ၊ အတီတဝါရ၊ အနာဂတဝါရဟူသော ၃-ဝါရကို ပြမည်ဖြစ်၏။ ထို ၃-ဝါရ၌လည်း ပုဂ္ဂလဝါရ၊ ဩကာသဝါရ၊ ပုဂ္ဂလောကာသဝါရဟူ၍ ရှိပြန်ရာ ဤ၌ ပုဂ္ဂလဝါရကို ပြမည်ဖြစ်၏။ ပုဂ္ဂလဝါရ၌လည်း ရူပက္ခန္ဓာမူ- ဝေဒနာက္ခန္ဓာမူလိ၊ သညာက္ခန္ဓာမူလိ၊ သင်္ခါရက္ခန္ဓာမူလိ၊ ဝိညာဏက္ခန္ဓာမူလို ဟူ၍ လေးပါးရှိပြန်ရာ အားလုံး နာမ်ခန္ဓာချင်း တူညီသည်ဖြစ်၍ နာမည်သာကွဲသော်လည်း အရကောက်ရာတွင် တူညီသောကြောင့် ဝေဒနာက္ခန္ဓာမူလိကိုသာ ပြဆိုမည် ဖြစ်၏။

ယမိုက်သဘောဖြစ်သော အနုလောမ, ပဋိလောမ၊ သန္ဓိဌာန်, သံသယ၊ ပဿာ, ဝိဿဇ္ဇနာ အစုံသဘောကို မူလယမိုက်အတိုင်းပင် မှတ်နိုင်ပေ၏။

၃။ ပကၠဏ်ကို ခန္ဓယမိုက် ပဝတ္တိဝါရ ဥပပါဒ ပစ္စုပ္ပန္နဝါရ ရူပက္ခန္ဓာမူ ဝေဒနာက္ခန္ဓာမူလိဖြင့် ဝေဖန်ခြင်း

၃။ ပစ္စုပ္ပန္နဝါရ ရူပက္ခန္ဓာမူ ဝေဒနာက္ခန္ဓာမူလိ ။ ။ ခန္ဓယမိုက် ပဝတ္တိ ဥပပါဒဝါရ ပစ္စုပ္ပန္နဝါရ ဟူသည် ၃၁-ဘုံ၌ ခန္ဓာဝါးပါးဖြင့် ပဋိသန္ဓေနေဆဲ ပုဂ္ဂိုလ်ကို ဟောတော်မူခြင်း ဖြစ်၏။

ဤ၌ သတိပြုရန်ကား မဟာကုသိုလ် ပဌမစိတ်ဖြင့် စုတိ၍ နောက်ဘဝ၌ ပဋိသန္ဓေနေလျှင် ကာမသုဂတိဘုံ (၇)ဘုံတွင် တစ်ဘုံဘုံ၌ ကာမတိဟိတ်စိတ်ဟူသော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေမည် ဖြစ်၏။ ယင်းပဋိသန္ဓေစိတ်၌ ဝိရတိ၊ အပ္ပမညာကြွင်သော ဧစေတသိက် ၃၃-ပါး ယှဉ်၏။ ယင်းပဋိသန္ဓေစိတ်နှင့်အတူ ကမ္မဇရုပ်များလည်း ဖြစ်ကြ၏။ ထို့ကြောင့် ပဋိသန္ဓေ စ၍နေသည်ဟုဆိုလျှင်ပင် ခန္ဓာဝါးပါးလုံး ဖြစ်သည်ကို သိမြင်ကြရမည် ဖြစ်၏။

ထိုတွင် (၃၁) ဘုံတွင် ပဋိသန္ဓေစိတ် ဖြစ်ပုံသဘောကိုလည်း သိသင့်သေး၏။ (၃၁)ဘုံကို ပဋိသန္ဓေနေမူ ခန္ဓာအားဖြင့် ဝေဖန်သော် -

၁။ အသညသတ်ဘုံ - ရုပ်ခန္ဓာ (၁)ပါးဖြင့်သာ ပဋိသန္ဓေနေသောဘုံ၊ ယင်းကို ကေဝါကာရဘုံ ဟုခေါ်၏။
(ကေ- တစ်ပါး၊ ဝါကာရ - ခန္ဓာ)

၂။ အရူပ ၄-ဘုံ - နာမ်ခန္ဓာလေးပါးဖြင့်သာ ပဋိသန္ဓေနေသောဘုံ၊ ယင်းကို စတုဝေါကာရဘုံဟု ခေါ်၏။
(စတု - လေးပါး၊ ဝေါကာရ - ခန္ဓာ)

၃။ ထို ၅-ဘုံမှတစ်ပါး ကျန် ၂၆-ဘုံသည် - ခန္ဓာ ၅-ပါးလုံးဖြင့် ပဋိသန္ဓေနေသောဘုံ၊ ယင်းကို ပဋ္ဌဝါကာရဘုံ ဟု ခေါ်၏။ (ပဋ္ဌ- ငါးပါး၊ ဝါကာရ - ခန္ဓာ)

<u>အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ ။</u> ။ ခန္ဓယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပဂ္ဂလဝါရ အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

၁။ ယသ္သ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ - အကြင်ပုဂ္ဂိုလ်အား အသညသတ်ဘုံ၊ ပဋ္ဌဝါကာရ ၂၆-ဘုံ ပေါင်း ၂၇-ဘုံ၌ ရူပက္ခန္ဓာပြင့် ပဋိသန္ဓေနေဆဲ ဖြစ်ပေ၏။

၂။ တသ္သ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိတိ - ထို ၂၇-ဘုံ၌ ရူပက္ခန္ဓာပြင့် ပဋိသန္ဓေနေဆဲ ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာသည် ဖြစ်ဆဲလား? ဟူ၍ အမေးပုစ္ဆာ ဖြစ်လေ၏။

ဤအမေးပုစ္ဆာ၌ အသညသတ်ဘုံ၌ ရူပက္ခန္ဓာ သက်သက်ပြင့်သာ ပဋိသန္ဓေနေဆဲဖြစ်၍ ဝေဒနာက္ခန္ဓာ ဟူသော နာမ်ခန္ဓာပြင့် ပဋိသန္ဓေနေဆဲကို မရနိုင်ပေ။ ကျန်သော ပဋ္ဌဝါကာရ ၂၆-ဘုံ၌ကား ရူပက္ခန္ဓာပြင့်လည်း ပဋိသန္ဓေနေဆဲ ရလေ၏။ ဝေဒနာက္ခန္ဓာပြင့်လည်း ပဋိသန္ဓေနေဆဲ ရလေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝိဿဇ္ဇနာ ပါဠိတော်ကို ဤသို့ ဟောတော်မူလေ၏။

အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ- အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ်ဖြစ်သော ထိုပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသည် ဖြစ်ဆဲ၊ ဝေဒနာက္ခန္ဓာသည် ဖြစ်ဆဲမဟုတ်။

ပဋ္ဌဝါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ - ပဋ္ဌဝါကာရဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသည်လည်း ဖြစ်ဆဲ၊ ဝေဒနာက္ခန္ဓာသည်လည်း ဖြစ်ဆဲ။

<u>သတ္တိ ။</u> ။ ကျန် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်လည်း ဖြစ်ဆဲဖြစ်၍ ထိုပဋ္ဌဝါကာရ ၂၆-ဘုံ၌ ပဋိသန္ဓေနေဆဲ ပုဂ္ဂိုလ်တို့အား ခန္ဓာငါးပါးလုံး ဖြစ်ဆဲ ရလေ၏။

<u>ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ</u>

၁။ ယသ္သ ဇါ ပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ - အကြင် ပုဂ္ဂိုလ်အား အရူပ ၄-ဘုံ၊ ပဋ္ဌဝါကာရ ၂၆-ဘုံ ပေါင်း ၃၀-ဘုံ၌ ဝေဒနာက္ခန္ဓာပြင့် ပဋိသန္ဓေနေဆဲ ဖြစ်ပေ၏။

၄။ တသ္သ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိတိ - ထိုဘုံ ၃၀-၌ ရူပက္ခန္ဓာပြင့် ပဋိသန္ဓေနေဆဲ ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာသည် ဖြစ်ဆဲလား?

ဤအပေးပုဏ္ဏာ၌ နာမ်ခန္ဓာ ၄-ပါး သက်သက်ဖြင့်သာ ပဋိသန္ဓေနေသော အရူပဘုံ၌ ရူပကွန္ဓာဖြစ်ဆဲ ရမည် မဟုတ်ဘဲ ရုပ်ရော နာမ်ပါ ခန္ဓာငါးပါးလုံးဖြင့် ပဋိသန္ဓေနေသော ပဥ္စဝေါကာရ ၂၆-ဘုံ၌ ဝေဒနာကွန္ဓာရော ရူပကွန္ဓာပါ ဖြစ်ဆဲရမည် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝိဿဇ္ဇနာ ပါဠိတော်ကို ဤသို့ ဟောတော်မူလေ၏။

အရူပံ ဥပပဇ္ဇန္တာနံ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ နော စ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ - အရူပဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော တိဟိတ် ပုထုဇဉ်၊ အောက်ဖလဌာန် ၃-ယောက် ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ဝေဒနာကွန္ဓာသည် ဖြစ်ဆဲ (*နာမ်ခန္ဓာ ၄-ပါးသည် ဖြစ်ဆဲ*) ရူပကွန္ဓာသည် ဖြစ်ဆဲမဟုတ်။

ပဥ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ဝေဒနာက္ခန္ဓောစ ဥပ္ပဇ္ဇတိ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ - ပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေနေသော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် ၃-ယောက် ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ဝေဒနာကွန္ဓာသည်လည်း ဖြစ်ဆဲ၊ ရူပကွန္ဓာသည်လည်း ဖြစ်ဆဲ။

(*ကျန် နာမ်ခန္ဓာ ၃-ပါး ဖြစ်ဆဲရ၌ ခန္ဓာ ၅-ပါး ဖြစ်ဆဲရလေ၏*)

ပဋ္ဌာန်းက် ။ ။ ရူပကွန္ဓာရော ဝေဒနာကွန္ဓာပါ ဖြစ်ဆဲမရှိနိုင်သော ပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

သဇ္ဇဲသံ စဝန္တာနံ တေသံ ရူပက္ခန္ဓောစ နုပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓောစ နုပ္ပဇ္ဇတိ - ၃၁-ဘုံ၌ စုတိဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ ဖလဌာန် ၄-ယောက် ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ရူပကွန္ဓာသည်လည်း ဖြစ်ဆဲမရ၊ ဝေဒနာကွန္ဓာသည်လည်း ဖြစ်ဆဲမရ။

(*အဘိ - ၆ - ၃၁ / ၂။ အရကောက် - ၆၅ / ၇၁*)

ကောက်ချက်အဓိပ္ပါယ် ။ ။ အထက်ပါ ဒေသနာတော်ကို မြန်မာလိုသက်သက် ကောက်ချက်ချ အဓိပ္ပါယ် ပြန်ဆိုသော် ၃၁-ဘုံ၌ ခန္ဓာ ၅-ပါးတို့ဖြင့် ပဋိသန္ဓေနေဆဲပုဂ္ဂိုလ်တို့အား -

၁။ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ရူပကွန္ဓာသည် ဖြစ်ဆဲ၊ ကျန်နာမ်ခန္ဓာ ၄-ပါးသည် ဖြစ်ဆဲမဟုတ်။

၂။ ပဥ္စဝေါကာရ ၂၆-ဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အား ရူပကွန္ဓာသည်လည်းဖြစ်ဆဲ၊ ကျန်နာမ်ခန္ဓာ ၄-ပါး တို့သည်လည်းဖြစ်ဆဲ။ (ခန္ဓာ ၅-ပါးလုံးဖြစ်ဆဲ)

၃။ **အရူပဘုံ၌** ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန် ပုဂ္ဂိုလ်တို့အား နာမ်ခန္ဓာ ၄-ပါးသည်ဖြစ်ဆဲ၊ ရူပကွန္ဓာသည် ဖြစ်ဆဲမဟုတ်။

၄။ ပဥ္စဝေါကာရ ၂၆-ဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အား နာမ်ခန္ဓာ ၄-ပါးတို့သည်လည်း ဖြစ်ဆဲ၊ ရူပကွန္ဓာသည်လည်း ဖြစ်ဆဲ။

၅။ ဥဒ–ဘုံ၌ စုတိဆဲဖြစ်ကြကုန်သော ပုထုဇဉ် ၄–ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက် တို့အား ရူပက္ခန္ဓာသည်လည်း ဖြစ်ဆဲမဟုတ်၊ ကျန်နာမ်ခန္ဓာ ၄–ပါးတို့သည်လည်း ဖြစ်ဆဲမဟုတ်။

ဤသို့ ပစ္စုပ္ပန္နဝါဒီ၏ အချုပ်သဘောကို သိမှတ်နိုင်ကြပေကုန်၏။

အထက်ပါ ခန္ဓယမိုက် ပဝတ္တိ ဥပါဒ် ပစ္စုပ္ပန္နဝါဒီ ပုဂ္ဂလဝါဒီ အရ မဟာကုသိုလ် ပဌမစိတ်ကို ဝေဖန်မှုပြုသော် ဤသို့ ဖြစ်နိုင်ပေ၏။

ဒီနေ့ အစရှိသော ကုသိုလ်ကောင်းမှုကို ပြု၍ မဟာကုသိုလ် ပဌမစိတ်ဖြင့် သေလွန်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့သည် ၃၁–ဘုံတွင် အပါယ် ၄–ဘုံ၌လည်း၊ ပဋိသန္ဓေနေမည် မဟုတ်။ ရူပဘုံ၊ အရူပဘုံဖြစ်သော ဗြဟ္မာ့ဘုံတို့၌လည်း ပဋိသန္ဓေနေမည် မဟုတ်ဘဲ လူဘုံနှင့် နတ်ခြောက်ဘုံ ဟု ဆိုအပ်သော ကာမသုဂတိ ၇–ဘုံ၌သာ မဟာဝိပါက် ပဌမစိတ် တိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေမည် ဖြစ်ပေ၏။ ယင်းကို ရူပက္ခန္ဓာမူ– ဝေဒနာက္ခန္ဓာမူလိုဖြင့် ယမိုက်သဘောပြုသော် ဤသို့ ဖြစ်နိုင်ပေ၏။

လူတုံ၊ နတ်ဘုံတို့၌ မဟာဝိပါက် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေဆဲ ပုဂ္ဂိုလ်တို့အား ခန္ဓာ ၁၊ ၂၊ ၃၊ ၄–ပါးလုံး ဖြစ်လေ၏။ ယင်းကို မြန်မာသက်သက် ယမိုက်ပြုသော် –

၁။ အသညသတ်ဘုံ၌ ရူပက္ခန္ဓာဖြင့် ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် သည် ရှိ၏။

၂။ ထိုပုဂ္ဂိုလ်အား (*မဟာဝိပါက် ပဌမစိတ်ဖြစ်သော တိဟိတ်ပဋိသန္ဓေစိတ်၌ယှဉ်သော*) ဝေဒနာက္ခန္ဓာသည် (*နာမ်ခန္ဓာ ၄–ပါးသည်*) ဖြစ်ဆဲလား?

၃။ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာသည် ဖြစ်ဆဲ၊ နာမ်ခန္ဓာ ၄–ပါးသည် ဖြစ်ဆဲမဟုတ်။

၄။ ကာမသုဂတိ ၇–ဘုံ၌ တိဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေဆဲသော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသည်လည်း ဖြစ်ဆဲ ဟုတ်၏။ ကျန်နာမ်ခန္ဓာ ၄–ပါးသည်လည်း ဖြစ်ဆဲ ဟုတ်၏။ (*ခန္ဓာ ၅–ပါးလုံး ဖြစ်ဆဲ ဟုတ်၏*)

၅။ ဥဒ–ဘုံ၌ စုတိဆဲ ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့နှင့် အပါယ် ၄–ဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံတို့၌ ပဋိသန္ဓေ နေဆဲ ဖြစ်ကုန်သော တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက် ... ဤ...တို့အား ရူပက္ခန္ဓာသည်လည်း ဖြစ်ဆဲမဟုတ်။ နာမ်ခန္ဓာ ၄–ပါး သည်လည်း ဖြစ်ဆဲ မဟုတ်။ (*ခန္ဓာ ၅–ပါးလုံး ဖြစ်ဆဲမဟုတ်*)

၆။ အချုပ်အားဖြင့် ကာမတိဟိတ်စိတ်ဖြင့် ပဋိသန္ဓေ နေဆဲသော ပုဂ္ဂိုလ်အား ကာမသုဂတိ ၇–ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဆဲလည်း ဟုတ်၏။ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲလည်း ဟုတ်၏။
(*ခန္ဓာ ၅–ပါးလုံး ဖြစ်ဆဲ ဟုတ်၏*)

၇။ အခြားသော အပါယ် ၄-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပဘုံ တို့၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ် ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အားလည်းကောင်း၊ ၃၁-ဘုံ တို့၌ စုတိဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့အားလည်းကောင်း၊ ကာမတိဟိတ်စိတ်ဖြင့် ရူပက္ခန္ဓာသည်လည်း ဖြစ်ဆဲမဟုတ်၊ ဝေဒနာက္ခန္ဓာသည်လည်း (*နာမ်ခန္ဓာ ၄-ပါးသည်လည်း*) ဖြစ်ဆဲမဟုတ်။ (*ခန္ဓာ ၅-ပါးလုံး ဖြစ်ဆဲမဟုတ်*)

ဤသို့လျှင် ကာမတိဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့အား ဖြစ်ဆဲရနိုင်သော ခန္ဓာ ၅-ပါး၊ ဖြစ်ဆဲ မရနိုင်သော ခန္ဓာ ၅-ပါးကို ခွဲခြားသိမြင်နိုင်ကြပေကုန်၏။

၁။ ပကတိတ်ကို ခန္ဓယမိုက် ပဝတ္တိ ဥပ္ပါဒ် ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	ခန္ဓယမိုက်၊	သဘောပိုက်၊	သိထိုက်ကြလေသည်။
၂။	၃၁-ဘုံမှာ၊	ရှိကြရာ၊	သတ္တဝါများတို့သည်၊
၃။	သန္ဓေခဏာ၊	ခန်ဓီး၀၊	ဖြစ်ကြပုံတိုသည်၊
၄။	ပဉ္စာ, ဝိသဇ္ဇနာ၊	ပြ၍သာ၊	ဟောတာဖြစ်လေသည်။
၅။	၃၁-ဘုံပေ၊	ဦးသန္ဓေ၊	တည်နေဟန်မှာသည်၊
၆။	အသညာမှာ၊	ရုပ်ခန္ဓာ၊	တစ်ပါးသာနေလေသည်။
၇။	အရူပမှာ၊	နာမ်ခန္ဓာ၊	လေးဖြာနေလေသည်။
၈။	ကျန်ဘုံတွေ့မှာ၊	ရုပ်နာမ်ပါ၊	ငါးဖြာနေလေသည်။
၉။	ရုပ်ခန္ဓာဖြစ်၊	နှစ်ဆယ့်ခုနစ်၊	အဖြစ်သိရမည်။
၁၀။	နာမ်ခန္ဓာဖြစ်၊	သုံးဆယ်ဖြစ်၊	အဖြစ်သိရမည်။
၁၁။	နှစ်ဆယ့်ခြောက်မှာ၊	ငါးခန္ဓာ၊	ဖြစ်တာသိရမည်။
၁၂။	အကြင်ပုဂ္ဂိုလ်မှာ၊	ရူခန္ဓာ၊	ဖြစ်လာရဉ်သည်၊
၁၃။	ဝေဒနာခေါ်ကြား၊	နာမ်တရား၊	ဖြစ်လေးမေးလျှင်သည်၊
၁၄။	အသညသတ်မှာ၊	ရုပ်ခန္ဓာ၊	နာမ်မှာမဖြစ်ပြီ။
၁၅။	နှစ်ဆယ့်ခြောက်မှာ၊	ရုပ်နာမ်ပါ၊	ခန္ဓာငါးဖြစ်သည်။
၁၆။	အကြင်ပုဂ္ဂိုလ်မှာ၊	ဝေခန္ဓာ၊	ဖြစ်လာရဉ်သည်၊
၁၇။	ရူပက္ခန္ဓာခေါ်ကြား၊	ရုပ်တရား၊	ဖြစ်လေးမေးလျှင်သည်၊
၁၈။	အရူဘုံမှာ၊	နာမ်ခန္ဓာ၊	ရုပ်မှာမဖြစ်ပြီ။
၁၉။	နှစ်ဆယ့်ခြောက်မှာ၊	ရုပ်နာမ်ပါ၊	ခန္ဓာငါးဖြစ်သည်။

၂၀။ သုံးဆယ့်တစ်ဘုံ၊ စုတိကြုံ၊ အကုန်မျှားဌိသည်၊
၂၀။ ရုပ်ရောနာမ်ပါ၊ ငါးခန္ဓာ၊ ဖြစ်တာမဟုတ်ဖြို။
၂၂။ ယမိုတ်ဖြစ်စဉ်၊ ဤသို့အင်၊ သိဖြင်နိုင်ကြထည်။
၂၃။ ပကုစိတ်နှင့်ပေ၊ သေလွန်လေ၊ သန္ဓေယူလျှင်သည်၊
၂၄။ ထာမတိဟိတ်၊ သန္ဓေစိတ်၊ ယူမျိတ်နိုင်ကြထည်။
၂၅။ ကာတိဟိတ်ပါ၊ သန္ဓေပါ၊ ယူဆဲများဌိထည်၊
၂၆။ ရုပ်ခန္ဓာပဲ၊ နာမ်ခန်ပါ၊ ဖြစ်ဆဲမေးလျှင်သည်၊
၂၇။ ကာမသုဂတိ၊ ခုနစ်ရှိ၊ ထုဂတိတုံဌိထည်၊
၂၈။ တိဟိတ်ပေဟု၊ ခေါ် ဆိုပြု၊ ပုထုဇျားမှာထည်၊
၂၉။ ငါးခန္ဓာပဲ၊ ရှောင်မလွဲ၊ ဖြစ်ဆဲရကြထည်။
၃၀။ ရူပတုံမှာ၊ အဟိတ်မှာ၊ ရတာမရှိဖြို။
၃၁။ စုတိဆဲမှာ၊ ငါးခန္ဓာ၊ ဖြစ်တာမရှိဖြို။
၃၂။ ယမိုတ်ဖြစ်စဉ်၊ ဤသို့အင်၊ ဉာဏ်ဟုဉ်သိရမည်။

၁။ ပကုစိတ်ကို ခန္ဓယမိုက် ပဝတ္တိဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကၠဏ်ကို ခန္ဓယမိုက် ပဝတ္တိ ဥပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၂။ အတီတ ပုဂ္ဂလဝါဒ ။ ။ ၃၁- ဘုံ၌ ရှိကြကုန်သော ပုဂ္ဂိုလ်သတ္တဝါ အနန္တတို့သည် ရူပက္ခန္ဓာ မဖြစ်ဖူးသော ပုဂ္ဂိုလ်လည်း မရှိ။ ဝေဒနာက္ခန္ဓာ မဖြစ်ဖူးသော ပုဂ္ဂိုလ်လည်း မရှိ။ ခန္ဓာငါးပါး မဖြစ်ဖူးသော ပုဂ္ဂိုလ်လည်း မရှိ။ ထို့ကြောင့် အတီတ ပုဂ္ဂလဝါဒသည် လွယ်၏။ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထားပေ၏။

အနုလောမ ပုစ္ဆာ ဝိဿဇ္ဇနာ

၁။ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ - အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဖူး၏။

၂။ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ - ထိုရူပက္ခန္ဓာ ဖြစ်ဖူးသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဖူး၏လော။

ဝိဿဇ္ဇနာ ပါဠို ။ ။ အာမန္တာ - ဖြစ်ဖူးပါ၏။ အရကား - ၃၁-ဘုံက ပဋိသန္ဓေနေဆဲ စုတိဆဲဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ရ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ လည်း ဤအတိုင်းပင်တည်း။ (ပဋ္ဌနိက် - အကြွင်းမရှိ။ နတ္ထိတည်း)

(အဘိ - ၆ - ၃၁။ အရကောက် - ၈၂ / ၃)

ဤသဘောအရ ကာမတိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေဆဲ တိဟိတ်ပုဂ္ဂိုလ်သည်လည်း ရူပက္ခန္ဓာသည်လည်း ဖြစ်ဖူး၏။ ဝေဒနာက္ခန္ဓာသည်လည်း ဖြစ်ဖူး၏။ ခန္ဓာငါးပါးလုံး ဖြစ်ဖူး၏။ ဝိဘင်းမှာ - အာမန္တာ ပဲ ဖြစ်၏။

(ပစ္စနိက် အကြွင်းမရှိ။ နတ္ထိတည်း)

၂။ ပကၠဏ်ကို ခန္ဓယမိုက် ပဝတ္တိ ဥပါဒ အတီတပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။ သုံးဆယ့်တစ်ဘုံမှာ၊ နေကြရာ၊ သတ္တဝါများတို့သည်၊
၂။ မဖြစ်ဖူးရာ၊ ငါးခန္ဓာ၊ ဘယ်မှာရှိလိမ့်မည်။
၃။ ဖြစ်ဖူးသည်သာ၊ ရှိကြရာ၊ ကောင်းစွာသိနိုင်သည်။
၄။ ထို့ကြောင့်သာပ၊ အတီတ၊ လွယ်ရဆိုနိုင်သည်။
၅။ ရုပ်ခန္ဓာကား၊ ဖြစ်ဖူးလား၊ မေးငြားလာလျှင်သည်၊
၆။ နာမ်ခန္ဓာကား၊ ဖြစ်ဖူးလား၊ မေးငြားလာလျှင်သည်၊
၇။ ခန္ဓာငါးပါး၊ ဖြစ်ဖူးလား၊ မေးငြားလာလျှင်သည်၊

၈။	ဘယ်သူမေးမေး၊	ငြိုက်ရာမေး၊	အမေးမျာ၌ထည်၊
၉။	အမေးရှိရာ၊	အဖြေဟာ၊	အာမန်တာဖြစ်လေသည်။
၁၀။	ပစ္စနိုက်သို၊	ကွင်းမရှိ၊	နှတ်ထိုးဖြစ်လေသည်။
၁၀။	ကာတိဟိတ်လေ၊	ထိုထိုင်းပါ၊	ဖြစ်မြဲသိုင်္ဂဝိုဖြစ်။

၂။ ပကုစိတ်ကို ဒုန္ဓယမိုက် ပဝတ္တိဥပါဒ အတိတပုဂ္ဂလဝါရဖြင့် ဝေဝန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို ဒုန္ဓယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါရ ။ ။ အနာဂတပုဂ္ဂလဝါရဟူသည် ဒုန္ဓာဇီးပါး ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များ ဟူ၍ အဓိပ္ပါယ်ရလေသည်။ ဤဘဝ၌ ပရိနိဗ္ဗာန် ဇောန်ပြုလတ္တံ့ ဖြစ်သော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်များ၊ အောက်ဖလဌာန် ပုဂ္ဂိုလ်များ။ ရဟန္တာပုဂ္ဂိုလ်များမှတစ်ပါး ကျန်ပုဂ္ဂိုလ်များတို့သည် ဖြစ်လတ္တံ့ ရနိုင်သည်ချည်းသာ ဖြစ်လေ၏။ ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်လတ္တံ့ ရ၏။

၂။ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ – ထိုရူပက္ခန္ဓာ ဖြစ်လတ္တံ့ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်လတ္တံ့လား?

ဤအပေးဒွေ့ ပဋိဝေါကာရဘုံမှာ ပြန်ဖြစ်ကြဦးမည့် ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကြကုန်သော ပုထုဇဉ် ပုဂ္ဂိုလ် ၄–ယောက်၊ အောက်ဖလဌာန် ပုဂ္ဂိုလ် ၃–ယောက်တို့သည်လည်းကောင်း၊ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲ၊ စုတိဆဲဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အရူပဘုံ၌ ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကုန်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း ရူပက္ခန္ဓာလည်း ဖြစ်လတ္တံ့ ရလေ၏။ ဝေဒနာက္ခန္ဓာလည်း ဖြစ်လတ္တံ့ ရလေ၏။ ခန္ဓာ ၅–ပါးလုံး ဖြစ်လတ္တံ့ ရလေ၏။

သတိ ။ ။ အရူပဘုံက အရိယာ ပုဂ္ဂိုလ်တို့သည်ကား အရူပဘုံမှာပင် ပရိနိဗ္ဗာန်ပြုလတ္တံ့ ဖြစ်၍ ခန္ဓာဇီးပါးလုံး ဖြစ်လတ္တံ့ မရနိုင်တော့ပြီတည်း။

သို့ဖြစ်၍ ရူပက္ခန္ဓာ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာလည်း ဖြစ်လတ္တံ့ ဖြစ်သောကြောင့် –

ဝိဿဇ္ဇနာ ပါဠိမှာ – အာမန္တာ ဟူ၍ ထွက်လေ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဇါ ပန ဝေဒနာကွန္ဓော ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား ဝေဒနာကွန္ဓာ ဖြစ်လတ္တံ့။

၄။ တဿ ရူပကွန္ဓော ဥပ္ပဇ္ဇိဿတိတိ – ထိုဝေဒနာကွန္ဓာ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်အား ရူပကွန္ဓာ ဖြစ်လတ္တံ့လား ?

ဤအမေးခွဲ ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏ္ဏာတိုင်အောင်သော ရူပါဝစရ ၉-ဘုံမှ အောက်မဂ်ကိုရ၍ အရူပဘုံမှာ ပရိနိဗ္ဗာန်ပြုမည့် တိဟိတ်ပုထုဇဉ်သည်လည်းကောင်း၊ ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကုန်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်းကောင်း၊ အရူပဘုံမှာပင် ပရိနိဗ္ဗာန်ပြုကြရမည် ဖြစ်သော အရူပဘုံက အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်းကောင်း ရူပကွန္ဓာ ဖြစ်လတ္တံ့ ရနိုင်မည် မဟုတ်ဘဲ ဝေဒနာကွန္ဓာ (နာမ်ခန္ဓာသာ) ဖြစ်လတ္တံ့ ရနိုင်မည် ဖြစ်၏။

ပဋိသန္ဓေနေဆဲ ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်းကောင်း၊ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည်လည်းကောင်း၊ အရူပဘုံ၌ ပဋိသန္ဓေနေဆဲ၊ စုတိဆဲ ဖြစ်ကုန်သော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည်လည်းကောင်း ရူပကွန္ဓာလည်း ဖြစ်လတ္တံ့ ရလေ၏။ ဝေဒနာကွန္ဓာလည်း ဖြစ်လတ္တံ့ ရလေ၏။ ခန္ဓာငါးပါးလုံး ဖြစ်လတ္တံ့ ရလေ၏။

ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

ယေ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ ဝေဒနာကွန္ဓော ဥပ္ပဇ္ဇိဿတိ နော စ တေသံ ရူပကွန္ဓော ဥပ္ပဇ္ဇိဿတိ – အရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အား ဝေဒနာကွန္ဓာသည် ဖြစ်လတ္တံ့။ ရူပကွန္ဓာသည် ဖြစ်လတ္တံ့ မဟုတ်။

ဣတရေသံ တေသံ ဝေဒနာကွန္ဓော စ ဥပ္ပဇ္ဇိဿတိ ရူပကွန္ဓော စ ဥပ္ပဇ္ဇိဿတိ – ထိုပုဂ္ဂိုလ်တို့မှတစ်ပါး ကျန်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့သည် ဝေဒနာကွန္ဓာလည်း ဖြစ်လတ္တံ့။ ရူပကွန္ဓာလည်း ဖြစ်လတ္တံ့။ (*ခန္ဓာငါးပါးလုံး ဖြစ်လတ္တံ့*)

၅။ ပဋ္ဌနိက် ဝိဿဇ္ဇနာ ။

။ ဝေဒနာကွန္ဓာရော ရူပကွန္ဓာရော ဖြစ်လတ္တံ့ မရနိုင်သော ပုဂ္ဂိုလ်တို့ကား– ဤဘဝမှာပင် ရဟန္တာဖြစ်ကြမည့် တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း (*ယင်းပုဂ္ဂိုလ်များကို* ***ပစ္ဆိမဘဝိက*** *နောက်ဆုံးဘဝ ရှိသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ရသည်*) ယင်းပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့သည် ရူပကွန္ဓာလည်း ဖြစ်လတ္တံ့ မရပေ။ ဝေဒနာကွန္ဓာလည်း ဖြစ်လတ္တံ့ မရပေ။ ခန္ဓာငါးပါးလုံး ဖြစ်လတ္တံ့ မရတော့ပေ။ (*ပရိနိဗ္ဗာန် စံဝင်ကြတော့မည် ဖြစ်၏*)

ဤသဘောအရ ကာမတိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေဆဲ၊ စုတိဆဲပုဂ္ဂိုလ်တို့သည်လည်း၊ ဤဘဝ၌ ရဟန္တာဖြစ်ကြမည့် တိဟိတ်ပုထုဇဉ်မှတစ်ပါး၊ ကျန်တိဟိတ်ပုထုဇဉ်များတို့သည် ရူပက္ခန္ဓာလည်း၊ ဖြစ်လတ္တံ့. ရကြမည် ဖြစ်သည်။ ဝေဒနာက္ခန္ဓာလည်း၊ ဖြစ်လတ္တံ့. ရကြမည် ဖြစ်သည်။ ခန္ဓာငါးပါးလုံး၊ ဖြစ်လတ္တံ့. ရကြမည် ဖြစ်သည်ကို ကောင်းစွာ သိမြင်နိုင်ကြပေကုန်၏။

၃။ ပကုဗိတ်ကို ဒန္ဓယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ဝဲများ

၁။	အနာဂတ၊	ပုဂ္ဂလ၊	ဝါဒရေခါ ခြင်းသည်၊
၂။	ခန္ဓာငါးဖြာ၊	ဖြစ်ဦးမှာ၊	ဆိုတာဖြစ်လေသည်။
၃။	ဤဘဝမှာ၊	ရဟန္တာ၊	ဖြစ်မှာမျှားနှဉ်းသည်၊
၄။	ရဟန္တာများ၊	ဖြစ်နေကြား၊	ကျန်ထားပြု၍သည်၊
၅။	ကျန်ပဋိလော၊	ငါးခန္ဓာ၊	ဖြစ်မှာသေချာသည်။
၆။	မြတ်စွာဘုရား၊	ဤသို့ကြား၊	ဟောကြားထားလေသည်။
၇။	ရူပက္ခန္ဓာ၊	နောင်အခါ၊	ဖြစ်မှာမျှားဌ်သည်၊
၈။	ဝေခန္ဓာကား၊	ဖြစ်မှာလား၊	မေးကြားပြုလျှင်သည်၊
၉။	ဝိညာဏ်ခန္ဓာ၊	အဖြေဟာ၊	အာမန္တာဖြစ်လေသည်။
၁၀။	ဝေဒနာက္ခန္ဓာ၊	နောင်အခါ၊	ဖြစ်မှာမျှားဌ်သည်၊
၁၁။	ရုပ်ခန္ဓာကား၊	ဖြစ်မှာလား၊	မေးကြားလာလျှင်သည်၊
၁၂။	ကာမရူဝ၊	ဘုံများမှ၊	မဂ္ဂရ၍သည်၊
၁၃။	ကာတိဟိတ်တု၊	ခေါ် ဆိုပြု၊	ပုထုဇ္ဇာနှဉ်သည်၊
၁၄။	အရူဘုံထဲ၊	သွား၍မှန်၊	နိဗ္ဗာန်စံဝင်မည်။
၁၅။	ဤပဋိလော၊	ဝေဖြစ်မှာ၊	ရုပ်မှာမဖြစ်ပြီ။
၁၆။	ထိုပဋိလော၊	ရဟန္တာ၊	ချန်ကာထား၍သည်၊
၁၇။	ကျန်ပဋိလ၊	ခန်ငါးဝ၊	မချဖြစ်ဦးမည်။
၁၈။	ပစ္ဆိမဘဝိက၊	ဖြစ်နိုင်ကြ၊	ပဋိလေများတို့သည်၊
၁၉။	နောက်ထပ်တစ်ခါ၊	ငါးခန္ဓာ၊	ဖြစ်မှာမဟုတ်ပြီ။
၂၀။	ကာတိဟိတ်လဲ၊	ထိုနည်းပါ၊	မလွဲသိနိုင်သည်၊
၂၁။	ရဟန္တာဟု၊	ဖြစ်နိုင်ပြု၊	တိပုများတို့သည်၊
၂၂။	ခန္ဓာငါးဖြာ၊	ထပ်၍သာ၊	ဖြစ်မှာမဟုတ်ပြီ။

၂၃။ ကျန်တိုပုကား၊ ခန်ဒီးဟိး၊ ဖြစ်ကြားလေဦးမည်။
၂၄။ ဤသို့မှန်စွာ၊ နာဂတာ၊ ဉာဏ်ဖြာသိဖို့ဝ်ဆည်။

၃။ ပကုစိတ်ကို ခန္ဓယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ခန္ဓယမိုက်ဖြင့် ဝေဖန်ခြင်း ဤတွင် ရပ်နားပြီ။

၁။ ပကုစိတ်ကို အာယတနယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၃။ အာယတနယမိုက် ။ ။ အာယတန ၁၂-ပါးဖြင့် ပုဏ္ဏာ, ဝိသဇ္ဇနာ စသည် အစုံဖြင့် ဟောကြားတော်မူထား အပ်သော ဒေသနာဟူ၍ အဓိပ္ပါယ်ရလေသည်။ ပဏ္ဏာတ္တိဝါရ၊ ပဝတ္တိဝါရ၊ ပရိညာဝါရ ဟူ၍ ရှိရာ ဤ၌ ပဝတ္တိဝါရကိုသာ ပြပေအံ့။ ပဝတ္တိဝါရ၌လည်း ပစ္စုပ္ပန္န၊ အတီတ၊ အနာဂတ ပုဂ္ဂလဝါဒတို့ကိုသာ ပြပေအံ့။ ဤပဝတ္တိဝါရ၌ ပဋိသန္ဓေအခါ သန္ဒိယတန မရသောကြောင့် သန္ဒိယတနကို မဟောပေ။

ဤကျမ်း၌ကား မဟာကုသိုလ် ပဌမစိတ်ကို အာယတနဖွဲ့လျှင် မဟာကုသိုလ် ပဌမစိတ်သည် မနာယတန မည်၏။ မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော ဧစေတသိက် ၃၈-ပါးသည် ဓမ္မာယတန မည်၏။ ထိုမနာယတန၊ ဓမ္မာယတန ၂-ပါးကိုသာ ပြဆိုသွားပေအံ့။

မနာယတန, ဓမ္မာယတန ။ ။ ဤမနာယတန, ဓမ္မာယတနများကို ၃၁-ဘုံဖြင့် ဝေဖန်လျှင် မနာယတနသည် စိတ် ၈၉-ပါးကို ရသည်ဖြစ်သောကြောင့် ရုပ်သက်သက်ဖြင့်သာ ပဋိသန္ဓေနေသော အသညသတ်ဘုံ၌ မနာယတန မရနိုင်ပေ။ ဓမ္မာယတနအရ ရုပ်ရောနာမ်ရော ရသောကြောင့် ၃၁-ဘုံလုံး၌ပင် ဓမ္မာယတန ရလေ၏။ ထို့ကြောင့် ဓမ္မာယတနက တရားအရ ပိုများသည်ကို သိမြင်နိုင်ကြပေ၏။ ဤမနာယတနမူ ဓမ္မာယတနမူလိုကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

အနုလောမ ပုဏ္ဏ, ဝိသဇ္ဇနာ

၁။ ယသ္မာ မနာယတနံ ဥပ္ပဇ္ဇတိ – အကြင်ပုဂ္ဂိုလ်အား မနာယတနသည် ဖြစ်ဆဲ၊
၂။ တသ္မာ ဓမ္မာယတနံ ဥပ္ပဇ္ဇတီတိ – ထိုမနာယတန ဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဓမ္မာယတနသည် ဖြစ်ဆဲလား?
ဝိသဇ္ဇနာပါဠိ ။ ။ အာမန္တာ – ဖြစ်ဆဲဟုတ်ပါ၏။

ပဠိလေး ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယသ္မာ ဇာ ပန ဓမ္မာယတနံ ဥပ္ပဇ္ဇတိ – အကြင်ပုဂ္ဂိုလ်အား ဓမ္မာယတနသည် ဖြစ်ဆဲ၊

၄။ တသ္မာ မနာယတနံ ဥပ္ပဇ္ဇတီတိ – ထိုဓမ္မာယတန ဖြစ်ဆဲသော ပုဂ္ဂိုလ်အား မနာယတနသည် ဖြစ်ဆဲလား?

ဤပုစ္ဆာအရ အသညသတ်ဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အား ဓမ္မာယတနသာရ၍ မနာယတန မရပေ။ ဤနေသော စတုဇောကာရ ၄–ဘုံ၊ ပဉ္စဇောကာရ ၂၆–ဘုံ ဟု ဆိုအပ်သော ဘုံ ၃၀တို့၌ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ အောက်ဖလဌာန် ပုဂ္ဂိုလ် ၃–ယောက် တို့အားကား ဓမ္မာယတနလည်း ရပေ၏။ မနာယတနလည်း ရပေ၏။ ယင်းကို ပါဠိတော်တွင် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

ဝိဿဇ္ဇနာပါဠိ

အစိတ္တကာနံ ဥပပတ္တိန္တာနံ တေသံ ဓမ္မာယတနံ ဥပ္ပဇ္ဇတိ နော စ တေသံ မနာယတနံ ဥပ္ပဇ္ဇတိ– စိတ်မရှိကုန်သော အသညသတ်ဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဓမ္မာယတနသည် ဖြစ်ဆဲ၊ မနာယတနသည် ဖြစ်ဆဲမဟုတ်။

သစိတ္တကာနံ ဥပပတ္တိန္တာနံ တေသံ ဓမ္မာယတနဉ္စ ဥပ္ပဇ္ဇတိ မနာယတနဉ္စ ဥပ္ပဇ္ဇတိ – စိတ်နှင့်တကွ ဖြစ်ကုန်သော စတုဇောကာရ ၄–ဘုံ၊ ပဉ္စဇောကာရ ၂၆–ဘုံတို့၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့အား ဓမ္မာယတနလည်း ဖြစ်ဆဲ၊ မနာယတနလည်း ဖြစ်ဆဲ။

၅။ ပဋ္ဌာန်က် ။ ။ ဓမ္မာယတန၊ မနာယတန ၂–ပါးလုံး ဖြစ်ဆဲ မရနိုင်သော ပုဂ္ဂိုလ်တို့ကား ၃၁–ဘုံတွင် စုတိဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ ဖလဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့ ဖြစ်လေ၏။

ယင်းကို ပါဠိတော်တွင် ဤသို့ ပြတော်မူထားလေ၏။

ဆဇ္ဈသံ စဝန္တာနံ တေသံ မနာယတနဉ္စ နုပ္ပဇ္ဇတိ ဓမ္မာယတနဉ္စ နုပ္ပဇ္ဇတိ – ၃၁–ဘုံတို့၌ စုတိဆဲဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ ဖလဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့အား မနာယတနသည်လည်း ဖြစ်ဆဲမဟုတ်။ ဓမ္မာယတနသည်လည်း ဖြစ်ဆဲမဟုတ်။

(အဘိ – ၆ – ၈၃ / ၅။ အရကောက် – ၁၂၈ / ၁၃၁)

ဤသဘောအရ ကာမတိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား မနာယတန၊ ဓမ္မာယတနတို့ဖြင့် ဝေဖန်မှု ပြုသော် –

ကာမသုဂတိဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား မနာယတန၊ ဓမ္မာယတန နှစ်ပါးလုံး ဖြစ်ဆဲ ဖြစ်ပေ၏။

ကာမသုဂတိဘုံမှတစ်ပါး ကျန်သောဘုံတို့၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အားလည်းကောင်း၊ ၃၁-ဘုံ၌ စုတိဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့အားလည်းကောင်း မနာယတနလည်း ဖြစ်ဆဲမရ၊ ဓမ္မာယတနလည်း ဖြစ်ဆဲမရ သည်ကို သိမြင်နိုင်ကြပေ၏။

၁။ ပကိဏ်းကို အာယတနယမိုက် ပဝတ္တိ ဥပ္ပါဒ် ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	အာယတနတရား၊	ဆယ့်နှစ်ပါး၊	တရားများကိုသည်၊
၂။	ပဏ္ဏာဝိသဇ္ဇနာ၊	အစုံသာ၊	ဟောတာပြ၍သည်၊
၃။	အာယတနယမိုက်၊	ခေါ် ဆိုထိုက်၊	သိထိုက်ကြပေသည်။
၄။	ပဝတ္တိမှာ၊	အာယတနာ၊	ဆယ့်တစ်ဖြာဖြစ်လေသည်၊
၅။	သန္ဓေအခါ၊	မရပါ၊	သဒ္ဒါမဟောပြီ။
၆။	ပကိဏ်းမှာ၊	မနာပါ၊	ဓမ္မာ၍သည်၊
၇။	မနာ, ဓမ္မာ၊	နှစ်ပါးသာ၊	ဤမှာပြပေမည်။
၈။	ရုပ်ကိုမရ၊	စိတ်သာရ၊	မနဖြစ်လေသည်။
၉။	ရုပ်ရောနာမ်ပါ၊	ရခြင်းဟာ၊	ဓမ္မာဖြစ်လေသည်။
၁၀။	သုံးဆယ့်တစ်ဘုံမှာ၊	အသညာ၊	ချန်ကာထား၍သည်၊
၁၁။	ကျန်သုံးဆယ်မှာ၊	မနပါ၊	ကောင်းစွာရလေသည်။
၁၂။	သုံးဆယ့်တစ်ဘုံ၊	ဓမ္မကြုံ၊	အကုန်ရလေသည်။
၁၃။	မနကိုတည်၊	ဓမ်မူလီ၊	ဖြစ်သည်များ၌သည်၊
၁၄။	မြတ်စွာဘုရား၊	ဤသို့ပြား၊	ဟောကြားထားလေသည်။
၁၅။	သန္ဓေအခါ၊	မနာယတနာ၊	ရရာများ၌သည်၊
၁၆။	ဓမ္မတရား၊	ရသလား၊	မေးငြားပြုလျှင်သည်၊
၁၇။	ဝိသဇ္ဇနာ၊	အဖြေဟာ၊	အာမန္တာဖြစ်လေသည်။
၁၈။	ဓမ္မဖြစ်ငြား၊	မနကား၊	ရလားမေးလျှင်သည်၊
၁၉။	အသညဟ္ဂလာ၊	ဓမ္မသာ၊	မနာမရဖြို။
၂၀။	ကျန်ဟ္ဂလာ၊	ဓမ္မပါ၊	မနာပါရလေသည်။

၂၁။ ပစ္စနိက်မူကား၊ ဤသို့ပြား၊ သိထားနိုင်ကြသည်။
၂၂။ သုံးဆယ့်တစ်ဘုံ၌၊ စုတိခိုတ်၊ ရထိုက်မရှိပြီ။
၂၃။ ကာတိဟိတ်အား၊ ဤသို့ကား၊ မှတ်သားနိုင်ကြသည်။
၂၄။ သုဂတိဘုံမူ၊ သန္ဓေယူ၊ ဖြစ်သူများ၌သည်၊
၂၅။ မနရောပဲ၊ ဓမ္မလဲ၊ ဖြစ်ဆဲရလေသည်။
၂၆။ ကျန်တို၌ကား၊ ဖြစ်ဆဲကား၊ ရငြားမရှိပြီ။
၂၇။ စုတိနေဆဲ၊ သူတို့လဲ၊ ဖြစ်ဆဲမရပြီ။
၂၈။ ယမိုတ်မည်သော၊ ဤသဘော၊ ဉာဏ်စောသိနိုင်သည်။

၁။ ပကုစိတ်ကို အာယတနယမိုက် ပဝတ္တိ ဥပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို အာယတနယမိုက် ပဝတ္တိ ဥပါဒ အတီတပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၂။ အတီတပုဂ္ဂလဝါရ ။ ။ အာယတန အတိတ ပုဂ္ဂလဝါရသည်လည်း ခန္ဓယမိုက် အတိတ ပုဂ္ဂလဝါရနှင့် တူလေပြီ။ ၃၁–ဘုံ၌ ဖြစ်ကြကုန်သော မည်သည့်ပုဂ္ဂိုလ်မဆို မနာယတန ဖြစ်ပူးသလား မေးလျှင် ဖြစ်ပူးသည်ချည်း ဖြစ်သည်။ ဓမ္မာယတန ဖြစ်ပူးသလားမေးလျှင်လည်း ဖြစ်ပူးသည်ချည်း ဖြစ်သည်။ ထို့ကြောင့် ဝိဘင်းသည် အာမန္တာ – ပဲ ဖြစ်လေသည်။ ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ မနာယတနံ ဥပ္ပဇ္ဇိတ္ထ – အကြင် ပုဂ္ဂိုလ်အား မနာယတနသည် ဖြစ်ပူးပြီ။
၂။ တဿ ဓမ္မာယတနံ ဥပ္ပဇ္ဇိတ္ထာတိ – ထိုမနာယတန ဖြစ်ပူးသော ပုဂ္ဂိုလ်အား ဓမ္မာယတန ဖြစ်ပူးပါ၏လော?

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်ပူးပါ၏။

ပဋိလောမ ပုဒ္ဓာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန ဓမ္မာယတနံ ဥပ္ပဇ္ဇိတ္ထ – အကြင်ပုဂ္ဂိုလ်အား ဓမ္မာယတန ဖြစ်ပူးပြီ။

၄။ တဿ မနာယတနံ ဥပ္ပဇ္ဇိတ္ထာတိ – ထိုပုဂ္ဂိုလ်အား မနာယတန ဖြစ်ပူးဏိလော။

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်ပူးပါဏိ။ (ပစ္စနိက်ကား – နတ္ထိ တည်း)

(အဘိ – ၆ – ၉၁။ အရုကောက် – ၁၃၂)

ကာမသုဂတိ ၇-ဘုံ၌ ကာမတိဟိတ် ပဋိသန္ဓေနေဆဲဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား မေးလျှင်လည်း မနာယတန ဖြစ်ပူးဏိလော၊ အာမန္တာ။ ဓမ္မာယတန ဖြစ်ပူးဏိလော၊ အာမန္တာ။ ပစ္စနိက်ကား – နတ္ထိတည်း။ ဤသို့ချည်း ဖြစ်မည်ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်ဏိ။

၃။ ပကုစိတ်ကို အာယတနယမိုက် ပဝတ္တိ ဥပ္ပါဒ အတိတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	အာယတနာ၊	အတိတာ၊	ခန္ဓာတူလေပြီ။
၂။	သုံးဆယ့်တစ်ဘုံမှာ၊	ဖြစ်ကြတာ၊	ပုဂ္ဂလာများတို့သည်၊
၃။	ခန္ဓာငါးပါး၊	ဖြစ်ဖူးလား၊	မေးငြားလေလျှင်သည်၊
၄။	အာယတနတရား၊	ဖြစ်ဖူးလား၊	မေးငြားလေလျှင်သည်၊
၅။	ဖြစ်ဖူးခြင်သာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၆။	ကာတိဟိတ်လဲ၊	ဖြစ်ဖူးပဲ၊	မလွဲသိုနိုင်သည်။
၇။	ပစ္စနိက်သိ၊	မကျန်ဘိ၊	နတ္ထိဖြစ်လေသည်။

၄။ ပကုစိတ်ကို အာယတနယမိုက် ပဝတ္တိ ဥပ္ပါဒ အတိတပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီးဏိ။

၃။ ပကိဏ်ကို အာယတနယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါရ ။ ။ ဤအနာဂတပုဂ္ဂလဝါရသည် နောင်အခါ၌ အာယတနတရား ဖြစ်ဦးမည့် ပုဂ္ဂိုလ်များကို ပြဆိုသော ဝါရဖြစ်လေ၏။ သို့ဖြစ်၍ 'မနာယတန၊ ဓမ္မာယတန' ဟူသော အာယတန ၂–ပါးကို ဖြစ်လတ္တံ့ ရနိုင်သော ပုဂ္ဂိုလ်များ၊ ဖြစ်လတ္တံ့ မရနိုင်သော ပုဂ္ဂိုလ်များကို ခွဲခြား၍ သိသင့်သေး၏။

ဤဘဝ၌ပင် ရဟန္တာဖြစ်နေကြသူများ ရဟန္တာအဖြစ်သို့ ရောက်ကြမည့် တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်များတို့သည် ရှိကုန်၏။ ထိုပုဂ္ဂိုလ်များကို ဤဘဝ၌ ခန္ဓာရှု၊ အာယတနရှုတို့သည် နောက်ဆုံးဖြစ်၍ ပစ္ဆိမဘဝိကပုဂ္ဂိုလ်များ ဟူ၍ ခေါ်ရ၏။ ယင်းပစ္ဆိမဘဝိက ပုဂ္ဂိုလ်များမှတစ်ပါး ကျန်ပုဂ္ဂိုလ်များ အားလုံးတို့သည် နောက်ဘဝသို့ ရောက်ကြရဦးမည် ဖြစ်၍ မနာယတန ဖြစ်လတ္တံ့လား မေးလျှင်လည်း ဖြစ်လတ္တံ့သာ ဖြစ်၏။ ဓမ္မာယတန ဖြစ်လတ္တံ့လား မေးလျှင်လည်း ဖြစ်လတ္တံ့သာ ဖြစ်၏။ ဝိဿဇ္ဇနာပါဠိမှာ အာမန္တာသာ ထွက်လေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ မနာယတနံ ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား မနာယတနသည် ဖြစ်လတ္တံ့။

၂။ တဿ ဓမ္မာယတနံ ဥပ္ပဇ္ဇိဿတီတိ – ထိုမနာယတန ဖြစ်လတ္တံ့ ရသော ပုဂ္ဂိုလ်အား ဓမ္မာယတနသည် ဖြစ်လတ္တံ့လား?

ဝိဿဇ္ဇနာပါဠိ ။ ။ အာမန္တာ – ဖြစ်လတ္တံ့ ရ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန ဓမ္မာယတနံ ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား ဓမ္မာယတနသည် ဖြစ်လတ္တံ့။

၄။ တဿ မနာယတနံ ဥပ္ပဇ္ဇိဿတီတိ – ထိုပုဂ္ဂိုလ်အား မနာယတန ဖြစ်လတ္တံ့လား?

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်လတ္တံ့ ရ၏။

၅။ ပဉ္စနိက်လည်း ။ ။ အာမန္တာ – ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များ ဖြစ်ကြကုန်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄–ယောက်တို့သည် မနာယတနလည်း ဖြစ်လတ္တံ့ မရ။ ဓမ္မာယတနလည်း ဖြစ်လတ္တံ့ မရ။

(အဘိ – ၆ – ၉၅။ အရကောက် – ၁၃၇)

ဤနည်းအတူ ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေ နေကြကုန်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်လည်း ပစ္ဆိမဘဝိက ပုဂ္ဂိုလ် မဟုတ်မူ မနာယတနရော ဓမ္မာယတနပါ ဖြစ်လတ္တံ့ ရကြမည် ဖြစ်၏။ ပစ္ဆိမဘဝိက ဖြစ်လျှင်မူကား မနာယတနရော ဓမ္မာယတနပါ ဖြစ်လတ္တံ့ရမည် မဟုတ်ပေ။

၃။ ပကိဏ္ဏကိုး အာယတနယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရွက်လက်ာများ

၁။	အာယတန၊	နာဂတ၊	ပုဂ္ဂလဝါရ၌သည်၊
၂။	ဖြစ်လတ္တံ့ရို့၊	မရို့၊	ဤသို့သိုင်းသည်၊
၃။	ဤဘဝမှာ၊	ရဟန္တာ၊	ဖြစ်မှာများတို့သည်၊
၄။	ဤဘဝမှာ၊	ရဟန္တာ၊	ဖြစ်ရာပုဂ္ဂိုလ်သည်၊
၅။	မနံ, ဓမ္မာ၊	အာနှစ်ဖြာ၊	ဖြစ်မှာမဟုတ်ပြီ။
၆။	ကျန်ပုဂ္ဂိုလ်များ၊	ဖြစ်မှာလား၊	မေးငြားလေလျှင်သည်၊
၇။	ဖြစ်ကြဦးမှာ၊	အဖြေဟာ၊	အာမန္တာ ဖြစ်လေသည်။
၈။	ကာတိဟိတ်လဲ၊	ဤနည်းပါ၊	မလွဲသိုင်းသည်။
၉။	ပစ္ဆိမိက်မှာ၊	ပစ္ဆိသာ၊	ရတာသိုင်းသည်။
၁၀။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိရမည်။

၃။ ပကိဏ္ဏကိုး အာယတနယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ အာယတနယမိုက်ဖြင့် ဝေဖန်ခြင်း ဤတွင် ရပ်နားပြီ။

• • • •

၅။ သစ္ဆယမိုက်

၁။ ပဏ္ဏတ္တိဝါဂရ နိဒ္ဒေသ ဒုက္ခသစ္စာကို ပြဆိုခြင်း

၁။ ဒုက္ခသစ္စာ ။ ။ မြတ်စွာဘုရားသည် ဓာတုယမိုက်ကို ဟောတော်မူပြီးနောက် သစ္ဆယမိုက်ကို ဟောတော်မူ၏။ ဤသစ္ဆယမိုက် ပဏ္ဏာတ္တိဝါဂရ နိဒ္ဒေသ ပဒသောဓနဝါဂရ ဒုက္ခမူ၊ ဒုက္ခသစ္စာမူလျှင် 'ဒုက္ခအရ၊ ဒုက္ခသစ္စာအရ' တို့ကို ဟောတော်မူထား၏။ သို့ဖြစ်၍ ဒုက္ခအရ၊ ဒုက္ခသစ္စာအရတို့ကိုလည်း သိသင့်ပေသေး၏။

ဒုက္ခအရ – ခန္ဓာကိုယ်၌ ဖြစ်သော ဆင်းရဲခြင်းဟု ဆိုအပ်သော ကာယိကဒုက္ခသည်လည်းကောင်း၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်းဟု ဆိုအပ်သော စေတသိကဒုက္ခသည်လည်းကောင်း ဒုက္ခအရ ဖြစ်ပေ၏။

ဒုက္ခသစ္စာအရ – လောကီစိတ် ၈၁–ပါး၊ တရား၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ ကြဉ်သော စေတသိက် ၅၁–ပါး၊ ကွန်ဒြိယဗဒ္ဓရုပ် ၂၈–ပါး ရ၏။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခကိုလည်း ရလေ၏။

ဤသဘောအရ ကာယိကဒုက္ခ၊ စေတသိကဒုက္ခသည် ဒုက္ခလည်း မည်၏။ ဒုက္ခသစ္စာလည်း မည်လေ၏။

လောကီစိတ် ၈၁–ပါး၊ တရား၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခကြဉ်သော စေတသိက် ၅၁–ပါး၊ ကွန်ဒြိယဗဒ္ဓရုပ် ၂၈–ပါးသည် ဒုက္ခအမည်မရ။ ဒုက္ခသစ္စာသာ အမည်ရလေ၏။

ဤသဘောကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ဒုက္ခံ – ကာယိကဒုက္ခ၊ စေတသိကဒုက္ခသည် ဒုက္ခမည်၏။

၂။ ဒုက္ခသစ္စန္တိ – ယင်းကာယိကဒုက္ခ, စေတသိကဒုက္ခသည် ဒုက္ခသစ္စာမည်၏လော။

ဝိဿဇ္ဇနာပါဠိ ။ ။ အာမန္တာ – မည်ပါတယ်။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ဒုက္ခသစ္စံ – ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ လောကီစိတ် ၈၁–ပါး၊ တရားကြဉ် စေတသိက် ၅၁–ပါး၊ ကွန်ဒြိယဗဒ္ဓရုပ် ၂၈–ပါးတို့သည် ဒုက္ခသစ္စာမည်၏။

၄။ ဒုက္ခန္တိ – ယင်းဒုက္ခသစ္စာမည်သော တရားတို့သည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခဟူသော ဒုက္ခအမည်ကို ရ၏လော?

ဝိဿဇ္ဇနာ ပါဠိ

ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဌပေတွာ အဝသေသံ ဒုက္ခသဗ္ဗံ နဒုက္ခံ - ကိုယ်၌ဖြစ်သော ဆင်းရဲဟု ဆိုအပ်သော ကာယိကဒုက္ခကိုလည်းကောင်း၊ စိတ်၌ဖြစ်သော ဆင်းရဲဟုဆိုအပ်သော စေတသိကဒုက္ခကိုလည်းကောင်း ချန်ထား၍ ကျန်သော လောကီစိတ် ၈၁-ပါး၊ တဏှာကြဉ် စေတသိက် ၅၁-ပါး၊ ကုန်ဖြိုယဗ္ဗရုပ် ၂၈-ပါးသည် ဒုက္ခသစ္စာ မည်၏။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မမည်ပေ။

ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဥ္စေဝ ဒုက္ခသဗ္ဗဉ္စ - ကာယိကဒုက္ခ စေတသိကဒုက္ခသည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခလည်း မည်ပေ၏။ ဒုက္ခသစ္စာလည်း မည်ပေ၏။

၅။ ပဗ္ဗနိက် နှစ်ပက်ရ ။ ။ ဒုက္ခဉ္စ ဒုက္ခသဗ္ဗဉ္စ ဌပေတွာ အဝသေသံ နဇရေဝ ဒုက္ခံ နစ ဒုက္ခသဗ္ဗံ - ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ဒုက္ခသစ္စာမှတစ်ပါး ကျန်သော သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာ ၃-ပါး တို့သည်လည်းကောင်း၊ သစ္စာဝိမုတ်ဖြစ်ကုန်သော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုတို့သည်လည်းကောင်း၊ အနိန္ဒြိယဗ္ဗဖြစ်သော ဥတုဇရုပ်ကလာပ် ၂-ခုသည်လည်းကောင်း၊ ပညတ်သည်လည်းကောင်း ဒုက္ခလည်း မမည်ပေ၊ ဒုက္ခသစ္စာလည်း မမည်ပေ။

(အဘိ - ၆ - ၂၀၈။ အရကောက် - ၂၀၉ / ၂၁၁)

အထက်ပါသဘောအရ မဟာကုသိုလ် ပဌမစိတ်နှင့် မဟာကုသိုလ်ပဌမစိတ်၌ ယှဉ်သော စေတသိက် ၃၈-ပါးတို့သည် ဒုက္ခအရ၊ ဒုက္ခသစ္စာအရတို့တွင် ဒုက္ခအရတွင် မပါဝင်ဘဲ ဒုက္ခသစ္စာအရ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

ဒုက္ခသစ္စာ ၂-မျိုး ။ ။ ဤပဏ္ဏာတ္တိဝါရ ယမိုက်သဘောအရ ဒုက္ခသစ္စာသည် ဒုက္ခနှင့်ရောယှက်သော ဒုက္ခသစ္စာ၊ ဒုက္ခနှင့် မရောယှက်သော ဒုက္ခသစ္စာ ဟူ၍ ၂-မျိုးရှိကြောင်း သတိပြုသင့်ပေ၏။ ဒုက္ခနှင့် မရောယှက်သော ဒုက္ခသစ္စာကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား၍ သိမြင်ကြရမည် ဖြစ်ပေ၏။

၁။ ပကုဏ်္ဏကို သစ္စယမိုက် ပဏ္ဏတ္တိဝါရ နိဒ္ဒေသဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	သစ္စယမိုက်၌၊	ပဏ္ဏတ္တိ၊	သိရှိနိုင်ဖို့သည်၊
၂။	ဒုက္ခသစ္စာ၊	ဒုက္ခပါ၊	နှစ်ဖြာခွဲပြသည်။
၃။	ကာယဒုက္ခ၊	စေဒုက္ခ၊	ဒုက္ခများမှာသည်၊
၄။	ဒုက္ခသစ္စာ၊	ဒုက္ခပါ၊	နှစ်ဖြာမည်လေသည်။
၅။	လောကီဖြစ်ငြား၊	စိတ်စေများ၊	ရုပ်တရားများတို့သည်၊

၆။	ဒုက္ခသစ္စာ၊	အမည်သာ၊	ဒုက္ခာမမည်ပြီ။
၇။	မြတ်စွာဘုရား၊	ဟောကြားငြား၊	သိထားကြရမည်။
၈။	ပဏ္ဍိတရား၊	ဒုက္ခကား၊	ဟုတ်ကားမဟုတ်ပြီ။
၉။	ဒုက္ခသစ္စာသာ၊	မည်လေရာ၊	ကောင်းစွာသိရမည်။
၁၀။	ဤသဘောအရ၊	ထောက်ရှုက၊	ဒုက္ခသစ္စာသည်၊
၁၁။	ဒုက္ခရောဂျက်၊	မရောဂျက်၊	နှစ်ချက်သိရမည်။
၁၂။	မရောဂျက်ရာ၊	သစ္စာသာ၊	ဉာဏ်ဖြာသိရမည်။
၁၃။	ဒုက္ခသစ္စာ၊	ဒုက္ခပါ၊	လွတ်ရာတရားသည်၊
၁၄။	ပစ္စနိက်ထရား။	ဖြစ်လေငြား။	မှတ်ထားနိုင်ကြသည်။

၁။ ပကိုစိတ်ကို သစ္စယမိုက် ပဏ္ဏာတ္တိဝါရ နိဒ္ဒေသဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိုစိတ်ကို သစ္စယမိုက် ပဝတ္တိ ဥပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

ပစ္စုပ္ပန္န ပုဂ္ဂလ ။ ။ ပဏ္ဏာတ္တိဝါရကို ဟောတော်မူပြီးနောက် ပဝတ္တိဝါရကို ဟောတော်မူ၏။ ပဝတ္တိဝါရ – ဟူသည် ဖြစ်ခြင်းသဘောကို ဟောတော်မူသော ဝါရဖြစ်၍ ဖြစ်ခြင်း၊ ချုပ်ခြင်း သဘောမရှိသော နိရောဓသစ္စာကို ဤပဝတ္တိဝါရ၌ မဟောပေ။ ဖြစ်ခြင်း၊ ချုပ်ခြင်း သဘောရှိသော ကျန်သစ္စာ သုံးပါးကို ဟောတော်မူ၏။

ဤ၌ ဒုက္ခသစ္စာမူ၊ မဂ္ဂသစ္စာ မူလိ တစ်ယမကကိုသာ ပစ္စုပ္ပန္န ပုဂ္ဂလဝါရ၊ အတီတ ပုဂ္ဂလဝါရ၊ အနာဂတ ပုဂ္ဂလဝါရ အားဖြင့် ပြပေအံ့။

ဤသစ္စာသုံးပါး ဖြစ်ရာကာလသည် ပဋိသန္ဓေအခါ၊ စုတိအခါ၊ ပဝတ္တိအခါဟူ၍ ကာလသုံးပါး ရှိရာတွင် ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ တရားလောဘ သမုဒယဖြင့် သာယာမှုသဘော မရှိသောကြောင့် သမုဒယသစ္စာကို မဟောပေ။ ဤနည်းအတူ မဂ်ဝင်ရှစ်ပါးဖြင့် ပွားများမှုသဘော မရှိသောကြောင့် မဂ္ဂသစ္စာကိုလည်း မဟောပေ။ ပဝတ္တိအခါ၌ကား သာယာမှုသဘောရှိ၍ သမုဒယသစ္စာကိုလည်းကောင်း၊ ပွားများမှုသဘောရှိ၍ မဂ္ဂသစ္စာကိုလည်းကောင်း ဟောပေ၏။

ဒုက္ခသစ္စာသည်မူကား ပဋိသန္ဓေအခါ၌လည်း ဒုက္ခသဘောရှိ၏။ စုတိအခါ၌လည်း ဒုက္ခသဘောရှိ၏။ ပဝတ္တိအခါ၌လည်း ဒုက္ခသဘောရှိ၏။ ထို့ကြောင့် အခါသုံးပါးလုံး၌ ဒုက္ခသစ္စာကို ဟောပေ၏။

ယမိုက်သဘောအရ ဒုက္ခသစ္စာဖြစ်ဆဲပုဂ္ဂိုလ်၌ မဂ္ဂသစ္စာဖြစ်ဆဲ ရနိုင်လားဟူ၍ မေးတော့မည် ဖြစ်၏။ သို့ဖြစ်၍ အဖြေကို နားလည်ဖို့ရာအတွက် ဒုက္ခသစ္စာဖြစ်ဆဲ ရနိုင်သော ပုဂ္ဂိုလ်များ၊ မရနိုင်သော ပုဂ္ဂိုလ်များကို သိရန်လိုအပ်သလို မဂ္ဂသစ္စာဖြစ်ဆဲ ရနိုင်သော ပုဂ္ဂိုလ်များ၊ မရနိုင်သော ပုဂ္ဂိုလ်များကိုလည်း သိရန်လိုအပ်ပေ၏။

ဒုက္ခသစ္စာဖြစ်ဆဲ ရနိုင်သော ပုဂ္ဂိုလ်များမှာ -

၁။ ၃၁-ဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အား ဒုက္ခသစ္စာ ဖြစ်ဆဲရလေ၏။

၂။ ၃၁-ဘုံ၌ ပဋိသန္ဓေနေပြီးသော ပုဂ္ဂိုလ်တို့ အကြောင်းအားလျော်စွာ စိတ်များ၊ စေတသိက်များ၊ စိတ္တဇရုပ်များ ဖြစ်ကြရ၏။ ယင်းကို ပဝတ္တိအခါ၌ဖြစ်သော ရုပ်နာမ်များ ဟူ၍ခေါ်၏။ ယင်းပဝတ္တိ ရုပ်နာမ်များကို ပဋ္ဌေါကာရဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့၏ ပဝတ္တိရုပ်နာမ်များ၊ စတုဝေါကာရဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့၏ ပဝတ္တိနာမ်တရားများဟူ၍ နှစ်ပိုင်းခွဲရသေး၏။

၃။ ပဋ္ဌေါကာရဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့၏ ဖြစ်ဆဲဖြစ်သော ပဝတ္တိရုပ်နာမ်သည် အရူပဝိပါက်စိတ် ၄-ပါးသည် အရူပဘုံမှာသာ ဖြစ်သောကြောင့် အရူပဝိပါက် ၄-ပါးကြဉ်၍ ကျန်စိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါးဟူသော နာမ်တရားများနှင့် ယင်းနာမ်တရားတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်များ ရလေ၏။

၄။ ယင်းကိုမှတစ်ခါ **'မဂ်ကင်းသော နာမ်ရုပ်, မဂ်နာမ်ရုပ်'** ဟူ၍ ခွဲရသေး၏။

ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါဖြစ်သော စိတ် ၈၅-ပါးတွင် မဂ်စိတ် ၄-ပါးမှတစ်ပါး ကျန်သောစိတ် ၈၁-ပါးသည်လည်းကောင်း၊ ယင်းစိတ် ၈၁-ပါးနှင့်ယှဉ်သော စေတသိက် ၅၂-ပါးသည်လည်းကောင်း၊ ယင်းစိတ်၊ စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း မဂ်ကင်းသော နာမ်ရုပ်များ ဖြစ်ကြလေကုန်၏။

မဂ်နာမ်ရုပ်ကား မဂ်စိတ် ၄-ပါးနှင့် ယင်းမဂ်စိတ် ၄-ပါးခွဲ ယှဉ်သော အပွမညာကြဉ်သော ကုသိုလ်စေတသိက် ၃၆-ပါး၊ ယင်းစိတ်၊ စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည် မဂ်နာမ်ရုပ် ဖြစ်လေ၏။

ဤဖော်ပြပါ မဂ်ကင်း နာမ်ရုပ်ရော၊ မဂ်နာမ်ရုပ်တို့ပါ နာမ်ရုပ်တရားများသည် ဖြစ်မှု၊ ပျက်မှုရှိသောကြောင့် ဒုက္ခသစ္စာဖြစ်ဆဲ ရလေ၏။

၅။ အထက်ပါ ဒုက္ခသစ္စာအရဖြစ်သော နာမ်ရုပ်တို့တွင် မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါးဟု ဆိုအပ်သော လောကုတ္တရာစိတ် ၈-ပါးပါ ဒုက္ခသစ္စာ အရဆဲ၌ ပါဝင်နေသည်ကို သတိပြုသင့်၏။ ပဋ္ဌေါကာရဘုံ၌ ဖြစ်ကြသော ပုဂ္ဂိုလ်တို့၏ မဂ်စိတ်၊ ဖိုလ်စိတ်များသည် ဗိမိုက်ယ်တိုင်က ဒုက္ခသစ္စာ မဟုတ်ကြားသော်လည်း ဗိမိုမဂ်စိတ်၊ ဖိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည်ကား ဒုက္ခသစ္စာ ဖြစ်လေ၏။ ထို့ကြောင့် တစ်နွယ်ငင် တစ်စဉ်ပါအနေအားဖြင့် မဂ်ဖိုလ် ဥပ္ပါဒက္ခဏ၌ ဒုက္ခသစ္စာ ဖြစ်ဆဲအရဆဲ ပါဝင်ခြင်း ဖြစ်လေ၏။

၆။ အထက်ပါ ဒုက္ခသစ္စာအရဖြစ်သော နာမ်ရုပ်တို့တွင် မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါးဟု ဆိုအပ်သော လောကုတ္တရာစိတ် ၈-ပါးပါ ဒုက္ခသစ္စာ အရဆဲ၌ ပါဝင်နေသည်ကို သတိပြုသင့်၏။ ပဋ္ဌေါကာရဘုံ၌ ဖြစ်ကြသော ပုဂ္ဂိုလ်တို့၏ မဂ်စိတ်၊ ဖိုလ်စိတ်များသည် ဗိမိုက်ယ်တိုင်က ဒုက္ခသစ္စာ မဟုတ်ကြားသော်လည်း ဗိမိုမဂ်စိတ်၊ ဖိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည်ကား ဒုက္ခသစ္စာ ဖြစ်လေ၏။ ထို့ကြောင့် တစ်နွယ်ငင် တစ်စဉ်ပါအနေအားဖြင့် မဂ်ဖိုလ် ဥပ္ပါဒက္ခဏ၌ ဒုက္ခသစ္စာ ဖြစ်ဆဲအရဆဲ ပါဝင်ခြင်း ဖြစ်လေ၏။

၆။ ထို့နောက် စတုဝေါကာရဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့၏ ပဝတ္တိရှိန်နာမ်သည် လောဘမူစိတ် ၈–ပါး၊ မောဟမူစိတ် ၂–ပါး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာကြိယာစိတ် ၈–ပါး၊ အရူပစိတ် ၁၂–ပါး၊ အထက်မဂ် ၃–ပါး ပေါင်း စိတ် ၄၂–ပါးနှင့် ယင်းစိတ်တို့၌ ယှဉ်ကြသော ဒေါစတုက် ၄–ပါး၊ ဝိရတီ, အပ္ပမညာကြဉ်သော ဧစေတသိက် ၎၃–ပါး ရလေ၏။ (*အရူပဘုံ၌ သောတာပတ္တိမဂ် မဖြစ်သောကြောင့် သောတာပတ္တိမဂ်ကို ကြဉ်ရသည်*)

၇။ ထိုစတုဝေါကာရဘုံ၌ ပဝတ္တိအခါဖြစ်သော နာမ်တရားများတွင် အထက်မဂ် ၃–ပါးမှတစ်ပါး ကျန်သော နာမ်တရားတို့သည် ဒုက္ခသစ္စာအရထဲ ပါဝင်လေ၏။ အရူပဘုံ၌ဖြစ်သော အထက်မဂ်စိတ် ၃–ပါးနှင့် ဖိုလ် ၄–ပါး တို့သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ဒုက္ခသစ္စာဖြစ်ဆဲ မရခြင်း ဖြစ်လေ၏။ မဂ်စိတ်မူကား မဂ္ဂသစ္စာဖြစ်ဆဲသာ ရမည် ဖြစ်၏။ ဖိုလ်စိတ်မူကား ဒုက္ခသစ္စာလည်း ဖြစ်ဆဲမရ။ မဂ္ဂသစ္စာလည်း ဖြစ်ဆဲမရ၍ ပစ္စနိုက် နှစ်ဘက်ရထဲ ပါဝင်မည် ဖြစ်လေ၏။

၈။ အထက်ပါ ဒုက္ခသစ္စာရသော နာမ်ရုပ်တို့တွင် ပဋိဝေါကာရဘုံ၌ ဖြစ်သော မဂ်စိတ် ၄–ခု၊ အပ္ပမညာကြဉ်သော ဧစေတသိက် ၎၆–ပါး၊ စိတ္တဇရုပ်တို့သည် ဒုက္ခသစ္စာလည်း ဖြစ်ဆဲဖြစ်လေ၏။ မဂ္ဂသစ္စာလည်း ဖြစ်ဆဲဖြစ်လေ၏။

၉။ ကျန်သော ၃၁–ဘုံ၌ စုတိဆဲ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပျက်ဆဲ နာမ်ရုပ် ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အရူပဘုံ၌ဖြစ်သော ဖိုလ်စိတ် ၄–ပါးသည်လည်းကောင်း ဒုက္ခသစ္စာလည်း ဖြစ်ဆဲမရ။ မဂ္ဂသစ္စာလည်း ဖြစ်ဆဲမရသည်ကို ကောင်းစွာသိမြင်နိုင်ကြပေကုန်၏။

ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ပိဿဇ္ဇနာ

၁။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ – အကြင် ၃၁–ဘုံ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော ပုထုဇဉ် ၄–ယောက်၊ အောက်ဖလဋ္ဌာန် ၃–ယောက်တို့အားလည်းကောင်း၊ ပဋိဝေါကာရဘုံ၌ ပဝတ္တိအခါ မဂ်ကင်းသော နာမ်ရုပ် ဖြစ်ဆဲ ဖြစ်ကုန်သော ပုထုဇဉ် ၄–ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့အားလည်းကောင်း၊ မဂ်နာမ်ရုပ် ဖြစ်ဆဲ ဖြစ်ကုန်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့အားလည်းကောင်း၊ စတုဝေါကာရဘုံ၌ ပဝတ္တိအခါ မဂ်ကင်းသော နာမ်တရား ဖြစ်ဆဲဖြစ်ကုန်သော တိတိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့အားလည်းကောင်း ဒုက္ခသစ္စာသည် ဖြစ်ဆဲ။

၂။ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိတိ – ထိုပုဂ္ဂိုလ်တို့အား မဂ္ဂသစ္စာ ဖြစ်ဆဲလား?

ထိုအမေးခဲ့ အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့တွင် ပဋိဝေါကာရဘုံ၌ ပဝတ္တိအခါ မဂ်နာမ်ရုပ် ဖြစ်ဆဲဖြစ်ကုန်သော ပုဂ္ဂိုလ်များမှတစ်ပါး ကျန်ပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာဖြစ်ဆဲ၊ မဂ္ဂသစ္စာဖြစ်ဆဲ မဟုတ်ပေ။

ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါ မင်္ဂနာမ်ရုပ် ဖြစ်ဆဲဖြစ်ကုန်သော မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား ဒုက္ခသစ္စာ ဖြစ်ဆဲလည်း ဟုတ်၏။ မဂ္ဂသစ္စာ ဖြစ်ဆဲလည်း ဟုတ်၏။ ဤသဘောအရ ဝိဿဇ္ဇနာပါဠိသည် ဤသို့ ဖြစ်လေ၏။

ဝိဿဇ္ဇနာပါဠိ

သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တစိတ္တာသာ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ နောစ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ။

ဉာ-ဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ဉ-ယောက်၊ ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါ မင်္ဂကင်းသော နာမ်ရုပ်တို့၏ ဖြစ်ဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်၊ စတုဝေါကာရဘုံ၌ လောကီဖြစ်သော နာမ်တရားတို့၏ ဖြစ်ဆဲဖြစ်ကုန်သော တိဟိတ် ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ဤပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာဖြစ်ဆဲ၊ မဂ္ဂသစ္စာဖြစ်ဆဲ မဟုတ်ပေ။

ပဋ္ဌေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ။

ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါ မင်္ဂနာမ်ရုပ်တို့၏ ဖြစ်ဆဲဖြစ်ကုန်သော မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား ဒုက္ခသစ္စာလည်း ဖြစ်ဆဲ၊ မဂ္ဂသစ္စာလည်း ဖြစ်ဆဲ။

ပဋိလောမ ပုစ္ဆာ၊ ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ - အကြင် ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါ မင်္ဂနာမ်ရုပ် ဖြစ်ဆဲဖြစ်ကုန်သော မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်၊ စတုဝေါကာရဘုံ၌ ပဝတ္တိအခါ အထက်မဂ် နာမ်တရားတို့၏ ဖြစ်ဆဲဖြစ်ကုန်သော အထက်မဂ္ဂင်္ဂာန် ဉ-ယောက်တို့အား မဂ္ဂသစ္စာသည် ဖြစ်ဆဲ။

၄။ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိတိ - ထိုပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်ဆဲလား?

ဤအမေးခွင် စတုဝေါကာရဘုံ၌ ပဝတ္တိအခါ အထက်မဂ်နာမ်ရုပ်တို့၏ ဖြစ်ဆဲဖြစ်ကုန်သော အထက်မဂ္ဂင်္ဂာန် ဉ-ယောက်တို့အား မဂ္ဂသစ္စာသည် ဖြစ်ဆဲ၊ ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်ပေ။

ပဋ္ဌေါကာရဘုံ၌ ပဝတ္တိအခါ မင်္ဂနာမ်ရုပ် ဖြစ်ဆဲဖြစ်ကုန်သော မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား မဂ္ဂသစ္စာသည်လည်း ဖြစ်ဆဲ၊ ဒုက္ခသစ္စာသည်လည်း ဖြစ်ဆဲ။

ဝိဿဇ္ဇနာပါဠိ ။ ။ အရှုပေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ နောစ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ။

ပဋ္ဌေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ။

<u>ပစ္စနိက် နှစ်ဘက်ရ ။</u> ။ ခပ်သိမ်းသော စုတိဆဲဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်တို့ အားလည်းကောင်း၊ ပဝတ္တိအခါ နာမ်ရုပ်တို့၏ ပျက်ဆဲ ဘင်ခဏ၌ ဖြစ်ကုန်သော ပုထုဇဉ် ၄-ယောက်၊ အရိယာ ပုဂ္ဂိုလ် ၈-ယောက်တို့အားလည်းကောင်း၊ အရှုပဘုံ၌ ပဝတ္တိအခါ ဗိုလ်နာမ်တရား တို့၏ ဖြစ်ဆဲ ဥပါဒ်ခဏ၌ ဖြစ်ကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့အားလည်းကောင်း၊ ဒုက္ခသစ္စာလည်း ဖြစ်ဆဲမရ။ မဂ္ဂသစ္စာလည်း ဖြစ်ဆဲ မရ။

(အဘိ - ၆ - ၂၁၃ / ၄။ အရကောက် - ၂၁၇ / ၈)

အထက်ပါ သစ္စယမိုက်သဘောအရ ကာမသုဂတိ ၇-ဘုံ၌ ပဝတ္တိအခါ ဒါန အစရှိကုန်သော ကုသိုလ် ကောင်းမှုကို ပြုလုပ်၍ ဖြစ်ပေါ်လာသော မဟာကုသိုလ် ပဌမစိတ်နှင့် စေတသိက် ၃၈-ပါး၊ ယင်းစိတ်, စေတသိက် တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်ဟူသော နာမ်ရုပ်တရားတို့၏ ဖြစ်ဆဲဥပါဒ်ခဏာ၌ ဖြစ်ကုန်သော တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာဖြစ်ဆဲ၊ မဂ္ဂသစ္စာ ဖြစ်ဆဲမဟုတ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၁။ ပကုဓိတ်ကို သစ္ဆယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	သစ္စာလေးပါး၊	ဖြတ်ဘုရား၊	ဟောကြားထားလေသည်။
၂။	ပဝတ္တိမှာ၊	နိရောဓ၊	သစ္စာတရားသည်၊
၃။	ဖြစ်ခြင်းချုပ်ခြင်း၊	မရှိထင်း၊	ဟောခြင်းမပြုပြို။
၄။	ကျန်သုံးပါးသာ၊	ပဝတ်မှာ၊	ဟောတာသိနိုင်သည်။
၅။	ဒို့,စု,တို့ဟု၊	ကာလစု၊	သုံးခုရှိလေသည်။
၆။	ဒို့,စုမှာ၏၊	သာယာဘိ၊	မရှိလေ၍သည်၊
၇။	သမုဒယသစ္စာ၊	တို့၌သာ၊	ဟောတာသိရမည်။
၈။	ဟားသဘောလဲ၊	မရှိဘဲ၊	မဂ်လဲတို့ဖြစ်သည်။
၉။	သုံးခုလုံးမှာ၊	ဖြစ်ပျက်ဟာ၊	ရှိကာနေ၍သည်၊
၁၀။	ဒုက္ခသစ္စာ၊	သုံးခုမှာ၊	ဖြစ်တာသိနိုင်သည်။
၁၁။	ဒုက္ခမဂ္ဂ၊	ဤနှစ်ဝ၊	အရမျှားကိုသည်၊
၁၂။	ပိုင်းခြားနိုင်ရန်၊	နားလည်ရန်၊	သိရန်လိုအပ်သည်။
၁၃။	သုံးဆယ့်တစ်ဘုံထဲ၊	သန္ဓေစွဲ၊	နေဆဲများတို့သည်၊
၁၄။	ပဋိဝေါဘုံမှန်၊	တို့ရပ်နာမ်၊	ဖြစ်ဟန်များတို့သည်၊
၁၅။	မဂ်ကင်းနာမ်ရုပ်၊	မဂ်နာမ်ရုပ်၊	ဖြစ်ဟုတ်များတို့သည်၊
၁၆။	စတုဝေါမိ၊	ပဝတ္တိ၊	နာမ်ရှိများတို့သည်၊

၁၇။	မဂ်ဖိုလ်မဖါ၊	အားလုံးဟာ၊	ဒုက္ခာရလေသည်။
၁၈။	ယင်းပဋိပုဂ္ဂလိများ၊	မဂ္ဂကား၊	ရလားမေးလျှင်သည်၊
၁၉။	ပဋိဝေါမဂ်၊	စတုမဂ်၊	နှစ်ချက်ချန်၍သည်၊
၂၀။	ကျန်ပဋိလော၊	ဒုက္ခသာ၊	မဂ္ဂါမရဖြို။
၂၁။	ပဋိဝေါမဂ်မှာ၊	ဒုက္ခဖါ၊	မဂ်ဖါရလေသည်။
၂၂။	စတုဝေါမဂ်မှာ၊	မဂ္ဂသာ၊	ဒုက္ခာမရဖြို။
၂၃။	ခပ်သိမ်းစဝန္တ၊	ဘင်ခဏာ၊	ပဋိလများနှင့်သည်၊
၂၄။	အရူဘုံမှာ၊	ဖိုလ်နာမ်ဖါ၊	ပဋိလာများတို့သည်၊
၂၅။	ဒုက္ခရောဖါ၊	မဂ္ဂဖါ၊	ရတာမရှိဖြို။
၂၆။	ကာသုဘုံမှာ၊	ပဝတ်သာ၊	ကုသလာပြ၍သည်၊
၂၇။	ပကုအစု၊	ရလေမှု၊	တိပုများတို့သည်၊
၂၈။	ဒုက္ခခေါ် ရာ၊	သစ္စာသာ၊	မဂ္ဂါမရဖြို။
၂၉။	ယမိုက်မည်သော၊	ဖြစ်သဘော၊	ဉာဏ်စောသိရမည်။
၃၀။	နားလည်အောင်သာ၊	ကြိုးစားဖါ၊	ဉာဏ်ဖြာလာပေမည်။

၁။ ပကုစိတ်ကို သစ္စယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကိဏ်ကို သဓွယမိုက် ပဝတ္တိ ဥပါဒ အတိတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၂။ အတိတ ပုဂ္ဂလဝါရ ။ ။ အတိတပုဂ္ဂလဝါရ အရ ဒုက္ခသစ္စာမှု မဂ္ဂသစ္စာမှုလိုဒ္ဓ မဂ္ဂသစ္စာဖြစ်ပုံးသလား ဟူ၍ မေးမြန်းမည် ဖြစ်၏။ မဂ္ဂသစ္စာ မဖြစ်ပုံးသေးလျှင် မဖြစ်ပုံးဘူး။ ဖြစ်ပုံးလျှင်လည်း ဖြစ်ပုံး၏ ဟူ၍ ပြေရုံသာရှိ၏။ ယင်းသဘောကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထား၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ – အကြင် ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့ အား ဒုက္ခသစ္စာ ဖြစ်ပုံးပြီ။

၂။ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ – ထိုဒုက္ခသစ္စာဖြစ်ပုံးသော ပုဂ္ဂိုလ်တို့အား မဂ္ဂသစ္စာ ဖြစ်ပုံး၏လော?

ဝိဿဇ္ဇနာပါဠိ

အနာဘိသမေတာဝိနံ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ နော စ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ။

သစ္စာ ၄-ပါးတရားကို သိပုံးပြီးသောအဖြစ်သို့ မရောက်ကုန်သေးသော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ သောတာပတ္တိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်ပုံး၏။ မဂ္ဂသစ္စာ မဖြစ်ပုံးပေ။

ဤ၌ သောတာပတ္တိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်သည် သစ္စာလေးပါးကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သိဆဲသာရှိသေး၏။ သိပုံးအဖြစ်သို့ မရောက်သေးပေ။ သောတာပတ္တိဖိုလ်ကျမှ သိပုံးသို့ ရောက်မည်ဖြစ်၏။

အဘိသမေတာဝိနံ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ။

သစ္စာ ၄-ပါးတရားတို့ကို သိပုံးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော အထက်မဂ္ဂင်္ဂာန် ၃-ယောက်၊ ဖလင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား ဒုက္ခသစ္စာလည်း ဖြစ်ပုံးပြီ၊ မဂ္ဂသစ္စာလည်း ဖြစ်ပုံးပြီ။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ – အကြင် အထက်မဂ္ဂင်္ဂာန် ၃-ယောက်၊ ဖလင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့ အား မဂ္ဂသစ္စာ ဖြစ်ပုံးပြီ။

၄။ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ – ထိုပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်ပုံး၏လော?

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ - ဖြစ်ပုံးပါ၏။

၅။ ပဋ္ဌာန်က် ။ ။ ဒုက္ခသစ္စာ မဖြစ်ပုံးသော ပုဂ္ဂိုလ် မရှိ၍ နှတ်ထိ တည်း။

အထက်ပါသဘောအရ မဟာကုသိုလ် ပဌမစိတ်ကို ရရှိသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း ဒုက္ခသစ္စာသာ ဖြစ်ပုံးရ၍ မဂ္ဂသစ္စာ ဖြစ်ပုံးမရသည်ကို သိမြင်နိုင်ကြပေကုန်၏။

၂။ ပကုစိတ်ကို သစ္စာယမိုက် ပဝတ္တိ ဥပ္ပါဒ အတိတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဖြစ်ဖူးပြီးတာ၊	အတိတာ၊	ခေါ် တာသိရမည်။
၂။	ပုထုလေးဖြစ်၊	ရိယာရှစ်၊	ဆယ့်နှစ်များတို့သည်၊
၃။	ဒုက္ခသစ္စာ၊	ဖြစ်ဖူးတာ၊	သေချာလှပေသည်။
၄။	မဂ္ဂတရား၊	ဖြစ်ဖူးလား၊	မေးငြားလာလျှင်သည်၊
၅။	ပုထုလေးမူး၊	သောမင်မြူး၊	ဖြစ်ဖူးမရှိပြီ။
၆။	ထက်မလွဏ်၊	ဖိုလ်လေးတန်၊	ဇကန်ဖြစ်ဖူးသည်။
၇။	ပစ္စနိက်သိ၊	ကြွင်းမရှိ၊	နှတ်ထိုဖြစ်လေသည်။
၈။	ဒါနအစု၊	ကုသိုလ်ပြု၊	တိပုများတို့သည်၊
၉။	ဒုက္ခသည်သာ၊	ဖြစ်ဖူးရာ၊	မဂ္ဂါမဖူးပြီ။

၁။ ပကုစိတ်ကို သစ္စာယမိုက် ပဝတ္တိ ဥပ္ပါဒ အတိတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကိဏ်ကို သစ္စယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါရ ။ ။ ဤအနာဂတ ပုဂ္ဂလဝါရ၌ ဒုက္ခသစ္စာမူ မဂ္ဂသစ္စာမူလိုၟ် ဒုက္ခသစ္စာ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်တို့အား မဂ္ဂသစ္စာ ဖြစ်လတ္တံ့ ရနိုင်သလား – ဟူ၍ မေးမြန်းမည် ဖြစ်၏။ မဂ္ဂသစ္စာ ဖြစ်လတ္တံ့ ရနိုင်လျှင် ရနိုင်၏၊ မရနိုင်လျှင် မရနိုင် – ဟူ၍ ပြေရန်သာ ရှိလေ၏။ သို့ဖြစ်၍ မဂ္ဂသစ္စာ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များ၊ မဖြစ်လတ္တံ့ ပုဂ္ဂိုလ်များကို ခွဲခြားသိထားသင့်သေး၏။

၃၁–ဘုံ၌ ပုဂ္ဂိုလ်တို့သည် ပုထုဇဉ် ၄–ယောက်၊ အရိယာ ၈–ယောက်အားဖြင့် ၁၂–ယောက်သာ ရှိ၏။ ထို ၁၂–ယောက်လုံးသော ပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာ ဖြစ်ပူးသည်ချည်း ဖြစ်ခဲ့ကြသလို ဖြစ်ဆဲလည်း ဖြစ်ကြကုန်၏။ ဖြစ်လတ္တံ့လည်း ဖြစ်ကြကုန်၏။

ယင်းပုဂ္ဂိုလ်များအနက် မဂ္ဂသစ္စာ မဖြစ်လတ္တံ့ ပုဂ္ဂိုလ်များမှာ –

၁။ အရဟတ္တမဂ်ဉာဏ်ကို ရဆဲဖြစ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၂။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၃။ မကျွတ်ထိုက်သော ပုထုဇဉ်၊

ဤပုဂ္ဂိုလ် ၃–ယောက် ဖြစ်၏။ ဤ ၃–ယောက်အနက် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှာ မဂ္ဂသစ္စာ ဖြစ်မူ ပြီးမြောက်ဆဲ ဖြစ်၍လည်းကောင်း၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှာ ပြီးမြောက်ပြီး ဖြစ်၍လည်းကောင်း၊ မကျွတ်ထိုက်သော ပုထုဇဉ်မှာ မကျွတ်ထိုက်သောကြောင့်လည်းကောင်း မဂ္ဂသစ္စာ ဖြစ်လတ္တံ့ မရဖြင်း ဖြစ်လေသည်။

မဂ္ဂသစ္စာ ဖြစ်လတ္တံ့ ဇကန်ရနိုင်သော ပုဂ္ဂိုလ်များမှာ –

၁။ အနာဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာရှုပွား၍ အရဟတ္တမဂ်ဉာဏ်ကို မရမီ ဝေါဒါန်သို့ ရောက်လာလျှင် အရဟတ္တမဂ်ဉာဏ်ကို ဇကန်ရတော့မည် ဖြစ်၍ ထိုဝေါဒါန်သို့ ရောက်ရှိနေသော အနာဂါမ်ပုဂ္ဂိုလ်သည်လည်းကောင်း၊

၂။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်နှင့် အောက်မဂ္ဂဋ္ဌာန် ၃–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက် တို့သည် အစမထင် သံသရာမှစ၍ ဝိပဿနာရှုပွား၍ အရဟတ္တမဂ်ဉာဏ်ကို မရမီ ဝေါဒါန်၏ ရှေး အနုလုံတိုင်အောင် သော ထိုပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်ဉာဏ်ကို ရရှိနိုင်သည်ဖြစ်၍ မဂ္ဂသစ္စာ ဖြစ်လတ္တံ့ ရရှိနိုင်ကြလေသည်။

၃။ ပရိနိဗ္ဗာန်ပြုဆဲ (စုတိဆဲ) ရဟန္တာပုဂ္ဂိုလ်တို့သည်ကား ဒုက္ခသစ္စာလည်း ဖြစ်လတ္တံ့ မရနိုင်တော့သလို မဂ္ဂသစ္စာလည်း ဖြစ်လတ္တံ့ မရနိုင်ကြတော့ပေ။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ – အကြင် ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက် ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်လတ္တံ့။

၂။ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ – ထိုပုဂ္ဂိုလ်တို့အား မဂ္ဂသစ္စာ ဖြစ်လတ္တံ့လော?

ဤအမေးခွင် –

ဝိဿဇ္ဇနာ ပါဠိ

အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ ယေ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ နော စ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ။

အရဟတ္တမဂ္ဂဉာန်ပုဂ္ဂိုလ်၊ (ပရိနိဗ္ဗာန်ပြုဆဲ မဟုတ်သော) အရဟတ္တဖလဉာန်ပုဂ္ဂိုလ်၊ မင်္ဂကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇ်ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာသည် ဖြစ်လတ္တံ့။ မဂ္ဂသစ္စာသည် ဖြစ်လတ္တံ့ မဟုတ်ပေ။

ယဿ စိတ္တသ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇိဿတိ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇိဿတိ။

ဝိပဿနာရူပွား၌ ဝိပဿနာဉာဏ် အတန်တန်ကို ရလာပြီးနောက် အရဟတ္တမဂ်ဉာဏ်ကို မရမီ ရှေးဝေါဒါန်သို့ ရောက်လာသော အနာဂါမိဖလဉာန်ပုဂ္ဂိုလ်၊ အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဉာန်ပုဂ္ဂိုလ် ၃-ယောက်၊ အောက်ဖလဉာန်ပုဂ္ဂိုလ် ၃-ယောက် ဤပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာလည်း ဖြစ်လတ္တံ့။ မဂ္ဂသစ္စာလည်း ဖြစ်လတ္တံ့။

၅။ ပဋ္ဌာန်က် နှစ်ဘာက်ရ ။ ။ ပစ္ဆိမစိတ္တ သမင်္ဂီနံ တေသံ ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇိဿတိ မဂ္ဂသစ္စဉ္စ နုပ္ပဇ္ဇိဿတိ။ ပစ္ဆိမစိတ်ဖြင့် စုတိဆဲဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား ဒုက္ခသစ္စာလည်း ဖြစ်လတ္တံ့ မဟုတ်။ မဂ္ဂသစ္စာလည်း ဖြစ်လတ္တံ့ မဟုတ်ပေ။

(အဘိ - ၆- ၂၁၈ / ၂၂၀။ အရကောက် - ၂၂၇)

ဤယမိုက်သဘောအရ မင်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရလို၍ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြု၍ မဟာကုသိုလ် ပဌမစိတ်ကို ရရှိကြကုန်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ကား ဒုက္ခသစ္စာလည်း ဖြစ်လတ္တံ့၊ မဂ္ဂသစ္စာလည်း ဖြစ်လတ္တံ့ အရထဲ၌ ပါဝင်နေသည်ကို တွေ့မြင်နိုင်ကြပေကုန်၏။

၄။ ယမိုက်ကျမ်း – ပကုစိတ်ကို သစ္စယမိုက် ပဝတ္ထိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၊

၃။ ပကုစိတ်ကို သစ္စယမိုက် ပဝတ္ထိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဖြစ်လတ္တံ့တာ၊	နာဂတာ၊	ခေါ်တာသိရမည်။
၂။	ပုထု,ရိယာ၊	ဆယ့်နှစ်ဖြာ၊	ပဉ္စလာများတို့သည်၊
၃။	ရုပ်နာမ်တို့ရ၊	ဖြစ်ပျက်ပ၊	ဒုက္ခသစ္စာသည်၊
၄။	ဖြစ်ပြီးခဲ့ရာ၊	ဖြစ်ဆဲပါ၊	ဖြစ်မှာသေချာသည်။
၅။	မဂ်သစ္စာကား၊	ဖြစ်မှာလား၊	မေးငြားလေလျှင်သည်၊
၆။	ရမ ရဇ၊	ခေါ်ဆိုရ၊	ပဉ္စလများနှင့်သည်၊
၇။	မကျွတ်ထိုက်ဟု၊	ခေါ်ဆိုပြု၊	ပုထုများတို့သည်၊
၈။	ဒုက္ခသစ္စာ၊	ဖြစ်အံ့သာ၊	မဂ်မှာမဖြစ်ပြီ။
၉။	ရမဂ်သို့မှန်၊	မငြားပြန်၊	ဝေါဒါန်သို့သာသည်၊
၁၀။	ရောက်ရှိနေပြန်၊	အရိယံ၊	နာဂါမ်ဖိုဝင်သည်၊
၁၁။	အောက်မဂ်, အောက်ဖိုလ်၊	သုံးခုဆို၊	ပဋိလိဖိုဝင်သည်။
၁၂။	ကျွတ်ထိုက်လေရာ၊	တိပုဂါ၊	ပဉ္စလာများတို့သည်၊
၁၃။	ဒုက္ခဖြစ်အံ့၊	မဂ်ဖြစ်အံ့၊	ဖြစ်လတ္တံ့ရလေသည်။
၁၄။	ပရိန်ဗ္ဗာ၊	ပြုဆဲသာ၊	ရဟန္တာပဋိလိသည်၊
၁၅။	နှစ်ပါးလုံးကန့်၊	ဖြစ်လတ္တံ့၊	ရအံ့မရှိပြီ။
၁၆။	ကာတိပုဗ္ဗာ၊	ဒုရောဂါ၊	မဂ်ပါဖြစ်ဦးမည်။
၁၇။	ပကုစိတ်စု၊	ရနေဗျူ၊	တိပုဗ္ဗာများတို့သည်၊
၁၈။	ဝိပသိတရား၊	ဇွဲနှင့်ကား၊	ပွားများလေလျှင်သည်၊
၁၉။	မဂ်သစ္စာပဝင်၊	ဖြစ်နိုင်အင်၊	သိမြင်နိုင်ကြသည်။

၃။ ပကုစိတ်ကို သစ္စယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီး၏။

၅။ သစ္စယမိုက် ကျိတ္တင် ရပ်နားပြီ။

•••••••••••••••••••••••••••

၆။ သခ်ိဳရယမိုက်

၁။ ပကၠဏ်ကို သခ်ိဳရယမိုက် ပဝတ္တိ ဥပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၆။ သခ်ိဳရယမိုက် ။ ။ ဤသခ်ိဳရယမိုက်၌ ကာယသခ်ိဳရ၊ ဝစီသခ်ိဳရ၊ စိတ္တသခ်ိဳရ ဟူသော သခ်ိဳရ ၃-ပါး ကို ဟောအပ်သောကြောင့် သခ်ိဳရယမိုက် ခေါ်၏။

ထိုတွင် **ကာယသခ်ိဳရ ဟူသည်** အသာသာ, ပသာသာ ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်တည်း။ ဤကာယသခ်ိဳရသည် -

၁။ ဘုံအားဖြင့် - ကာမဘုံ၌သာ ဖြစ်၏။ ရူပဘုံ၊ အရူပဘုံ၌ မဖြစ်။
၂။ ဈာန်အားဖြင့် - ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်၌ ဖြစ်၏။ စတုတ္ထဈာန်၌ မဖြစ်။
၃။ စိတ္တုပ္ပါဒ်အားဖြင့် - ဒွေပဉ္စဝိညာဏ် ၁၀၊ ပဋိသန္ဓေ, စုတိမှတစ်ပါးသော ကာမစိတ် ၄၄-ပါး၌သာ ဖြစ်၏။
၄။ ပုဂ္ဂိုလ်အားဖြင့် - ကာမပုဂ္ဂိုလ်၌သာ ဖြစ်၏။ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်၌ မဖြစ်။

ထို့နောက် **ဝစီသခ်ိဳရ ဟူသည်** - ဝစီ၏အကြောင်းဖြစ်သော ဝိတက်၊ ဝိစာရတည်း။ ဤဝစီသခ်ိဳရသည် -

၁။ ဘုံအားဖြင့် - အသညသတ်ဘုံမှတစ်ပါး ဘုံ ၃၀-၌ ဖြစ်၏။
၂။ ဈာန်အားဖြင့် - ပဌမဈာန်၌သာ ဖြစ်၏။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့၌ မဖြစ်။
၃။ စိတ္တုပ္ပါဒ်အားဖြင့် - ဒွေပဉ္စဝိညာဏ် ၁၀-မှတစ်ပါးသော ကာမစိတ် ၄၄-ခု၌သာ ဖြစ်၏။
၄။ ပုဂ္ဂိုလ်အားဖြင့် - ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်တို့၌ ဖြစ်၏။

စိတ္တသခ်ိဳရ ဟူသည် စေတသိက် ၅၂-ပါးအနက် ဝိတက်၊ ဝိစာရမှတပါး စေတသိက် ၅၀-တည်း။

ဤစိတ္တသခ်ိဳရသည် -

၁။ ဘုံအားဖြင့် - အသညသတ်ဘုံမှတစ်ပါး ဘုံ ၃၀-၌ ဖြစ်၏။
၂။ ဈာန်အားဖြင့် - ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ ဖြစ်၏။
၃။ စိတ္တုပ္ပါဒ်အားဖြင့် - ကာမစိတ် ၅၄-ပါး၌ ဖြစ်၏။
၄။ ပုဂ္ဂိုလ်အားဖြင့် - ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်တို့၌ ဖြစ်၏။

သတိ – အသညသတ်ပုဂ္ဂိုလ်၊ နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်တို့၌ သဒ္ဒါရ ၃–ပါးလုံး မဖြစ်ကြပေ။

ဤသဒ္ဒါရယမိုက်၌လည်း ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလတို့၊ အတီတ ပုဂ္ဂလတို့၊ အနာဂတ ပုဂ္ဂလတို့ကို ပြဆိုသွားပေအံ့။ ထိုသို့ ပြရာ၌ ကာယသဒ္ဒါရမူ စိတ္တသဒ္ဒါရမူလိုကိုသာ ပြဆိုပေအံ့။

၁။ ပစ္စုပ္ပန္န ပုဂ္ဂလဝါရ ။ ။ ယဝိုက်သဘောအရ ကာယသဒ္ဒါရ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား စိတ္တသဒ္ဒါရ ဖြစ်ဆဲရ၏လော? ဟူ၍ မေးရတော့မည် ဖြစ်၏။ သို့ဖြစ်၍ ကာယသဒ္ဒါရ အရ၊ စိတ္တသဒ္ဒါရ အရကိုလည်း သိသင့်ပေသေး၏။

၁။ ကာယသဒ္ဒါရ အရ – အသာသ, ပသာသနှင့်တကွဖြစ်သော စိတ္တဇဝါယောဓာတ်ကို ရသည်ဖြစ်သောကြောင့် အသာသ, ပသာသနှင့်တကွဖြစ်သော ဘုံ၊ ဈာန်၊ စိတ်၊ ပုဂ္ဂိုလ်တို့ကိုသာ ရမည်ဖြစ်၏။ အသာသ, ပသာသ ကင်းသော ဘုံ၊ ဈာန်၊ စိတ်၊ ပုဂ္ဂိုလ်တို့ကို ရမည် မဟုတ်ပေ။

၂။ စိတ္တသဒ္ဒါရ အရ – အသာသ, ပသာသနှင့်တကွဖြစ်သော ဘုံ၊ ဈာန်၊ စိတ်၊ ပုဂ္ဂိုလ်ကိုလည်း ရ၏။ အသာသ, ပသာသကင်းသော ဘုံ၊ ဈာန်၊ စိတ်၊ ပုဂ္ဂိုလ်တို့ကိုလည်း ရ၏။ ထို့ကြောင့် စိတ္တသဒ္ဒါရဘက်က အသာသ, ပသာသကင်းသော ဘုံ၊ ဈာန်၊ စိတ်၊ ပုဂ္ဂိုလ်များ အမြဲတမ်း ပိုလွန်နေမည်ဖြစ်၏။

၃။ ခပ်သိမ်းသောစိတ်တို့၏ ဘင်ဃင်္ဂဖြစ်သော ပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက် ပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်တို့အားမူကား ကာယသဒ္ဒါရလည်း ဖြစ်ဆဲမဟုတ်၊ စိတ္တသဒ္ဒါရလည်း ဖြစ်ဆဲမဟုတ်၍ ပစ္စနိုက် နှစ်ဘက်ရ ဖြစ်သည်ကို သိမြင်နိုင်ပေ၏။

ဤသဘောအရ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယသ္မာ ကာယသဒ္ဒါရော ဥပ္ပဇ္ဇတိ – အကြင် အသာသ, ပသာသနှင့်တကွဖြစ်သော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အသာသ, ပသာသနှင့်တကွဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် ၄၄–ပါးတို့တွင် တစ်ပါးပါး ဖြစ်ဆဲ ဖြစ်နေသော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာယသဒ္ဒါရသည် ဖြစ်ဆဲ။

၂။ တသ္မာ စိတ္တသဒ္ဒါရော ဥပ္ပဇ္ဇတီတိ – ထိုကာယသဒ္ဒါရ ဖြစ်ဆဲပုဂ္ဂိုလ်တို့အား စိတ္တသဒ္ဒါရ ဖြစ်ဆဲလား?

ဝိဿဇ္ဇနာပါဠိ ။ ။ **အာမန္တာ** – ဖြစ်ဆဲ ဟုတ်ပါ၏။

၃။ ယဿ ဝါ ပန စိတ္တာသင်္ဂီရော ဥပ္ပဇ္ဇတိ။

အဿာသ, ပဿာသကင်းသော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်၊

အဿာသ, ပဿာသကင်းသော ကာမစိတ် ၅၄-ပါးတို့တွင် တစ်ပါးပါး ဖြစ်ဆဲ ဖြစ်နေသော ဈာန်မဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်၊

အဿာသ, ပဿာသနှင့်တကွဖြစ်သော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဿာသ, ပဿာသနှင့်တကွဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၎၎-ပါးတို့တွင် တစ်ပါးပါး ဖြစ်ဆဲ ဖြစ်နေသော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ် - ဤပုဂ္ဂိုလ်တို့အား စိတ္တာသင်္ဂီရသည် ဖြစ်ဆဲ။

၄။ တဿ ကာယသင်္ဂီရော ဥပ္ပဇ္ဇတိတိ။

ထိုစိတ္တာသင်္ဂီရ ဖြစ်ဆဲပုဂ္ဂိုလ်တို့အား ကာယသင်္ဂီရသည် ဖြစ်ဆဲရာ၏လော? ဤအမေးဌာ -

ဝိဿဇ္ဇနာပါဠိ

ဝိနာ အဿာသ ပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ ဇေသံ စိတ္တာသင်္ဂီရော ဥပ္ပဇ္ဇတိ၊ နောစ ဇေသံ ကာယသင်္ဂီရော ဥပ္ပဇ္ဇတိ။

အဿာသ, ပဿာသကင်းသော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်၊

အဿာသ, ပဿာသကင်းသော ကာမစိတ် ၅၄-ပါးတို့တွင် တစ်ပါးပါး ဖြစ်ဆဲ ဖြစ်နေသော ဈာန်မဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်တို့အား စိတ္တာသင်္ဂီရသည် ဖြစ်ဆဲ၊ ကာယသင်္ဂီရသည် ဖြစ်ဆဲ မဟုတ်။

အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ ဇေသံ စိတ္တာသင်္ဂီရော စ ဥပ္ပဇ္ဇတိ ကာယသင်္ဂီရော စ ဥပ္ပဇ္ဇတိ။

အဿာသ, ပဿာသနှင့်တကွဖြစ်သော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဿာသ, ပဿာသနှင့်တကွဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၎၎ ပါးတို့တွင် တစ်ပါးပါး ဖြစ်ဆဲဖြစ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ် ဤပုဂ္ဂိုလ်တို့အား စိတ္တာသင်္ဂီရသည်လည်း ဖြစ်ဆဲ၊ ကာယသင်္ဂီရသည်လည်း ဖြစ်ဆဲ။

ပစ္စနိုက် နှစ်ဘက်ရ

သဗ္ဗေသံ စိတ္တာသ ဘင်္ကာဏော, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ စိတ္တာသဒ္ဒီရော စ နုပ္ပဇ္ဇတိ ကာယသဒ္ဒီရော စ နုပ္ပဇ္ဇတိ။

ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂခဏ၌ ပြစ်ဆဲပြစ်ကုန်သော ဈာန်ဝင်စား၊ မဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ်ဝင်စားခိုက် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၊ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲ, စုတိဆဲပြစ်ကုန်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် – ဤပုဂ္ဂိုလ်တို့အား စိတ္တာသဒ္ဒီရလည်း ပြစ်ဆဲမဟုတ်။ ကာယသဒ္ဒီရလည်း ပြစ်ဆဲမဟုတ်။

(အဘိ – ၆ – ၃ – ၆ / ၈။ အရုကောက် – ၃၁၄ / ၃၁၆)

အထက်ပါသဘောအရ ကာမတိဟိတ်ပုဂ္ဂိုလ်အား အသာသ, ပဿာသကင်းသော မဟာကုသိလ ပဌမစိတ် ပြစ်ဆဲပြစ်သောအခါ စိတ္တာသဒ္ဒီရသာ ပြစ်ဆဲရန်ဝိုပြီး ကာယသဒ္ဒီရပြစ်ဆဲ ရန်ဝိမည် မဟုတ်ပေ။ အသာသ, ပဿာသနှင့်တကွပြစ်သော မဟာကုသိလ ပဌမစိတ်ပြစ်သောအခါ စိတ္တာသဒ္ဒီရရော ကာယသဒ္ဒီရပါ ပြစ်ဆဲရန်ဝိကြသည်ကို သိမြင်နိုင်ကြပေကုန်၏။

၁။ ပကုဓိတ်ကို သဒ်ဒါရုယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ကာ, စီ, စိတ္တ၊	သဒ္ဒီရ၊	ဗုဒ္ဓဟောင်္သည်၊
၂။	သဒ္ဒီရယမိုက်၊	ခေါ် ဆိုထိုက်၊	သိထိုက်ကြပေသည်။
၃။	ပဝတ္တိဥပ္ပါ၊	ပန်,တိ,နာ၊	ဤမြာပြပေမည်။
၄။	ကာယမူတည်၊	စိတ်မူလို၊	ပြမည်ဖြစ်လေသည်။
၅။	ကာ စိတ်, တရား၊	အရများ၊	သိထားသင့်ကြသည်။
၆။	ကာယသဒ္ဒီ၊	အရမှာ၊	ဉာဏ်ဖြာသိရမည်။
၇။	အသက်ရှူလေတ်၊	စိတ်ကြောင့်မှတ်၊	လေဓာတ်ရလေသည်။
၈။	စိတ္တသဒ္ဒီ၊	အရမှာ၊	တက်စာကြဉ်၍သည်၊
၉။	စေတသိက် ငါးဆယ်၊	အရကြွယ်၊	ဉာဏ်ဝယ်သိနိုင်သည်။
၁၀။	ကာဘုံ,ရူဘုံ၊	အရူဘုံ၊	သုံးဘုံရှိလေသည်။
၁၁။	ပ.ဒု.တစ္စာန်၊	စတုတ်စ္စာန်၊	လေးစ္စာန်ရှိလေသည်။
၁၂။	ငါးဆယ့်လေးပါး၊	ကာစိတ်များ၊	ထင်ရှားရှိလေသည်။
၁၃။	ကာမ, ရူပ၊	အရူပ၊	ပဉ္စလရှိလေသည်။

၁၄။ ကာယသခ္ခါ၊ ကာတုံသာ၊ စိတ်မှာကုန်ဖြစ်သည်။
၁၅။ ပ.ဒု.တစ္စာ၊ ကာယသာ၊ စိတ်မှာကုန်ဖြစ်သည်။
၁၆။ ဒွေတစ်ဆယ်ကြဉ်၊ ကာယပင်၊ စိတ်အင်ကုန်ဖြစ်သည်။
၁၇။ ကာမပုဂ္ဂလာ၊ ကာယသာ၊ စိတ်မှာကုန်ဖြစ်သည်။
၁၈။ အသညသတ္တာ၊ တုံ့ပုဂ္ဂလ၊ စိတ္တမရဖြို။
၁၉။ ကာယသခ္ခါရ၊ ဖြစ်ဆဲရ၊ ပုဂ္ဂလများမှာသည်၊
၂၀။ စိတ္တတရား၊ ဖြစ်ဆဲလား၊ မေးငြားလေလျှင်သည်၊
၂၁။ ဝိသဇ္ဇနာ၊ အဖြေမှာ၊ အာမန်တာဖြစ်လေသည်။
၂၂။ စိတ္တသခ္ခါရ၊ ဖြစ်ဆဲရ၊ ပုဂ္ဂလများမှာသည်၊
၂၃။ ကာယတရား၊ ဖြစ်ဆဲလား၊ မေးငြားလေလျှင်သည်၊
၂၄။ အသက်ရှူကင်းငြား၊ စျာန်ဝင်စား၊ စျာန်သမားများနှင့်သည်၊
၂၅။ အသက်ရှူကင်းရာ၊ စျာန်မပါ၊ ပုဂ္ဂလာများတို့သည်၊
၂၆။ ကာယသခ္ခါ၊ မဖြစ်ရာ၊ စိတ်သာဖြစ်လေသည်။
၂၇။ အသက်ရှူရာ၊ ထွက်ဝင်ရာ၊ ကာမာပုဂ္ဂိုလ်သည်၊
၂၈။ လေးဆယ့်လေးပါး၊ ကာစိတ်များ၊ ဖြစ်ငြားရဌိသည်၊
၂၉။ စိတ္တရောပဲ၊ ကာယပဲ၊ ဖြစ်ဆဲရလေသည်။
၃၀။ ဘင်စီတ်ခဏာ၊ ဖြစ်ဆဲရ၊ ပုဂ္ဂလများနှင့်သည်၊
၃၁။ နိဝင်ခိုက်ပ၊ အသည်၊ သေကြသူများသည်၊
၃၂။ နှစ်ပါးလုံးပါ၊ မရတာ၊ ဉာဏ်ဖြာသိနိုင်သည်။
၃၃။ ပကုစိတ်ပဲ၊ အကြောင်းတွဲ၊ ဖြစ်ဆဲများဌိသည်၊
၃၄။ ရှောင်လွဲမရှိ၊ ရလေဘိ၊ ကာတိများတို့သည်၊
၃၅။ အသက်ရှူကင်းရာ၊ စိတ္တသာ၊ ကာမှာမရဖြို။
၃၆။ အသက်ရှူရာ၊ စိတ်ရောပါ၊ ကာပါရလေသည်။
၃၇။ ယမိုက်မည်သော၊ ဤသောဘာ၊ ဉာဏ်စောသိနိုင်သည်။

၁။ ပကုစိတ်ကို သခ္ခါရယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္နေ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုဓိတ်ကို သဒ္ဒါရယမိုက် ပဝတ္တိ ဥပ္ပါဒ အတိတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၂။ အတိတပုဂ္ဂလဝါရ ။ ။ အစမထင် သံသရာတစ်ခွင် ကျင်လည်ခဲ့စဉ်အတွင်း၌ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကာယသဒ္ဒါရလည်း ဖြစ်ပူးသည်ချည်း ဖြစ်သကဲ့သို့ စိတ္တသဒ္ဒါရလည်း ဖြစ်ပူးသည်ချည်း ဖြစ်သည်။ သို့ဖြစ်၍ ပစ္စနိက်မှာ အကြွင်းမရှိတော့ပေ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကာယသဒ္ဒါရော ဥပ္ပဇ္ဇိတ္ထ – အကြင် အလုံးစုံသော ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက် ပုဂ္ဂိုလ်တို့အား ကာယသဒ္ဒါရ ဖြစ်ပူးပြီ။

၂။ တဿ စိတ္တသဒ္ဒါရော ဥပ္ပဇ္ဇိတ္ထာတိ – ထိုအလုံးစုံသော ပုဂ္ဂိုလ်တို့အား စိတ္တသဒ္ဒါရ ဖြစ်ပူးဏ်လော?

ဝိဿဇ္ဇနာယါဠိ ။ ။ အာမန္တာ – ဖြစ်ပူးပါဏ်။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဇါ ပန စိတ္တသဒ္ဒါရော ဥပ္ပဇ္ဇိတ္ထ – အကြင် အလုံးစုံသော ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက် ပုဂ္ဂိုလ်တို့အား စိတ်ဖြစ်ပူးပြီ။

၄။ တဿ ကာယသဒ္ဒါရော ဥပ္ပဇ္ဇိတ္ထာတိ – ထိုအလုံးစုံသော ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက် ပုဂ္ဂိုလ်တို့အား ကာယသဒ္ဒါရ ဖြစ်ပူးဏ်လော?

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်ပူးပါဏ်။

၅။ ပစ္စနိက် ။ ။ အကြွင်းမကျန်၍ နတ္ထိ ထွက်လေ၏။

(အဘိ – ၆ – ၃ – ၉ / ၁၀။ အရကောက် – ၃၂၀)

ဤသဘောအရ မဟာကုသိုလ် ပဌမစိတ် ဖြစ်ဆဲဖြစ်သော ကာမတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်း ကာယသဒ္ဒါရလည်း ဖြစ်ပူးသည်ကိုလည်းကောင်း၊ စိတ္တသဒ္ဒါရလည်း ဖြစ်ပူးသည်ကိုလည်းကောင်း သိမြင်နိုင်ကြပေကုန်၏။

၂။ ပကတ္တိတ်ကို သဘီရယမိုက် ပဝတ္တိ ဥပါဒ အတိတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်မှတ်များ

၁။	သံသရာမှာ၊	လည်ခဲ့ရာ၊	ဆယ့်နှစ်ဖြာပဋိလိုမတည်၊
၂။	အတိတမှန်၊	ပဋိလံ၊	ဝေဖန်လေလျှင်သည်၊
၃။	မဖြစ်ဖူးငြား၊	ပဋိလိများ၊	ရှိကားမရှိပြီ။
၄။	ကာယတရား၊	ဖြစ်ဖူးလား၊	မေးငြားလေလျှင်သည်၊
၅။	ဝိဿဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၆။	စိတ္တတရား၊	ဖြစ်ဖူးလား၊	မေးငြားလေလျှင်သည်၊
၇။	ဝိဿဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၈။	ပစ္စုပ္ပန်သိ၊	ကြွင်းမရှိ၊	နတ္ထိဖြစ်လေသည်။
၉။	ကာတိပုလဲ၊	ထိုတူပဲ၊	မလွဲသိနိုင်သည်။

၂။ ပကတ္တိတ်ကို သဘီရယမိုက် ပဝတ္တိ ဥပါဒ အတိတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိတ်ကို သဘီရယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါဒ ။ ။ ထွက်လေ, ဝင်လေ စိတ္တဇဝါယောဓာတ် ကာယသဘီရ ဖြစ်လတ္တံ့ရသော ပဋိလိအား စေတသိက် နာမ်တရားဟု ဆိုအပ်သော စိတ္တသဘီရ ဖြစ်လတ္တံ့ ရနိုင်သလား? မေးလျှင် ရနိုင်သည်ဖြစ်၍ အာမန္တာ ထွက်မည် ဖြစ်၏။

စိတ္တသဘီရ ဖြစ်လတ္တံ့ရသော ပဋိလိအား ကာယသဘီရ ဖြစ်လတ္တံ့ ရနိုင်သလား? ဟူ၍ မေးလျှင် ရနိုင်သည်လည်း ရှိ၏။ မရနိုင်သည်လည်း ရှိ၏။ သို့ဖြစ်၍ စိတ္တသဘီရ ဖြစ်လတ္တံ့ အရနှင့် ကာယသဘီရ ဖြစ်လတ္တံ့ အရတို့ကို သိထားသင့်သေး၏။

သာမညအားဖြင့် နောင်ဘဝတို့၌ ဘဝခန္ဓာ ရကြဦးမှာလား? ဟု မေးလျှင် ပစ္ဆိမဘဝိကများ ဖြစ်ကြသော ရဟန္တာများကား ဘဝခန္ဓာ ရကြတော့မည် မဟုတ်ပေ။ ကျန်ပုဂ္ဂိုလ်များကား ဘဝခန္ဓာ ရကြဦးမည် ဖြစ်၏ဟု ပြောဆိုနိုင်ပေ၏။

ဤသဘီရယမိုက်၌ကား ထိုသို့မဟုတ်ဘဲ -

စိတ္တသဘီရဟူသော နာမ်တရားများ ဖြစ်ကြဦးမှာလား?

ကာယသဘီရဟူသော ထွက်လေ၊ ဝင်လေ ဖြစ်ကြဦးမှာလား? ဟူ၍ မေးခြင်းမျိုးဖြစ်၍ -

အဘယ်ပုဂ္ဂိုလ်တို့၌ စိတ္တသဒ္ဓါရသည် နောက်ဆုံး ဖြစ်သနည်း?

အဘယ်ပုဂ္ဂိုလ်တို့၌ ထွက်လေ၊ ဝင်လေသည် နောက်ဆုံး ဖြစ်သနည်း? ဟု ပိုင်းခြားသိမြင်ရန် လိုပေ၏။

၁။ ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်၏ (*ကာမဘုံ၌ရှိသော ရဟန္တာပုဂ္ဂိုလ်၏*) ထွက်လေ၊ ဝင်လေသည် အဘယ်အချိန်အထိ နောက်ဆုံးဖြစ်သနည်း? ဟူမူ ပဋိသန္ဓေမှစ၍ နောက်ဆုံး ပရိနိဗ္ဗာန်ပြုစိတ်ဟူသော ပစ္ဆိမစိတ်သို့ မရောက်မီ စိတ်ဖြစ်ခြင်း အကြိမ် ၃၃-ကြိမ်အလိုလောက်မှာ ထွက်လေ၊ ဝင်လေ ရပ်လေ၏။ (သေဆုံးရန် စက္ကန့်ပိုင်းလောက် *အလိုမှာ ရပ်သွား၏။*) စိတ်ဖြစ်ခြင်း အကြိမ် ၃၃-ကြိမ်ကို ပါဠိလို တေတ္တိံသမစိတ်ဟု ခေါ်၏။

ထို့နောက် စိတ္တသဒ္ဓါရဟူသော သိမ္ဘနာမ်တရားသည် ယင်းတေတ္တိံသမစိတ်မှသည် သေဆုံးရန် စုတိစိတ် နောက်ဆုံး ပစ္ဆိမစိတ်သို့ မရောက်မီ စိတ်ဖြစ်ခြင်းအကြိမ် ၃-ကြိမ်အလိုလောက်မှာ သိမ္ဘနာမ်တရား ရပ်သွားလေ၏။

၂။ ရူပါဝစရ၊ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်၏ (*ရူပဘုံ၊ အရူပဘုံ၌ ရှိသော ရဟန္တာပုဂ္ဂိုလ်၏*) စိတ္တသဒ္ဓါရ ဟူသော သိမ္ဘနာမ်တရားသည် အဘယ်အချိန်ထိ နောက်ဆုံးဖြစ်သနည်း? ဟူမူ ပဋိသန္ဓေမှစ၍ သေဆုံးရန် စုတိစိတ် နောက်ဆုံး ပရိနိဗ္ဗာန်ပြုစိတ်ဟူသော ပစ္ဆိမစိတ်သို့ မရောက်မီ စိတ်ဖြစ်ခြင်း အကြိမ်တစ်ကြိမ် အလိုလောက်မှာ သိမ္ဘနာမ်တရား ရပ်သွားလေ၏။

၃။ ထို့နောက် ကာမဘုံက ပုဂ္ဂိုလ်များ ကာမဘုံမှာ ပရိနိဗ္ဗာန်မပြုဘဲ ရူပဘုံ၊ အရူပဘုံသို့ သွား၍ ပရိနိဗ္ဗာန်ပြုမည့် ကာမာဝစရ စဝန္တပုဂ္ဂိုလ်၏ ထွက်လေ၊ ဝင်လေသည် အဘယ်အချိန်ထိ နောက်ဆုံး ဖြစ်သနည်း? ဟူမူ ပဋိသန္ဓေမှစ၍ ဤ၌ စိတ်အကြိမ်ဖြင့် မသတ်မှတ်ဘဲ နောက်ဆုံးဖြစ်သော ထွက်လေ၊ ဝင်လေဟူ၍သာ သတ်မှတ်သည်။

ထို့နောက် ယင်း ရူပဘုံ၊ အရူပဘုံသွား၍ ပရိနိဗ္ဗာန်ပြုမည့် ကာမာဝစရ စဝန္တပုဂ္ဂိုလ်၏ သိမ္ဘနာမ်တရားသည် ယင်း ထွက်လေ၊ ဝင်လေ နောက်ဆုံးဖြစ်သည်မှစ၍ စုတိစိတ်တိုင်အောင် ဖြစ်ပြီး စုတိစိတ်၌ သိမ္ဘနာမ်တရား ရပ်သွားလေသည်။

၄။ ထို့နောက် ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်တို့၌ အစကတည်းကပင် ထွက်လေ၊ ဝင်လေ ဟူသော ကာယသဒ္ဓါရ မရှိကြပေ။

၅။ ထို့နောက် ရူပဘုံ, အရူပဘုံက ပုဂ္ဂိုလ်များ၊ ရူပဘုံ, အရူပဘုံမှာပင် ပရိနိဗ္ဗာန်ပြုကြမည့် ပုဂ္ဂိုလ်များလည်း ရှိသေး၏။

၆။ ထို့နောက် ကာမဘုံ၌ ပြန်ဖြစ်ကြဦးမည့် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်များလည်း ရှိသေး၏။

ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

အနုလောမပုဏ္ဏ, ဝိဿဇ္ဇနာ

၁။ ယဿ ကာယသခ္ခီရော ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား ကာယသခ္ခီရသည် ဖြစ်လတ္တံ့။

၂။ တဿ စိတ္တာသခ္ခီရော ဥပ္ပဇ္ဇိဿတီတိ – ထိုပုဂ္ဂိုလ်အား စိတ္တာသခ္ခီရသည် ဖြစ်လတ္တံ့လော?

ဤအမေးခဲ့ –

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်လတ္တံ့ ဟုတ်ပါဇာ်။

ပဋိလောမ ပုဏ္ဏ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန စိတ္တာသခ္ခီရော ဥပ္ပဇ္ဇိဿတိ – အကြင်ပုဂ္ဂိုလ်အား စိတ္တာသခ္ခီရသည် ဖြစ်လတ္တံ့။

၄။ တဿ ကာယသခ္ခီရော ဥပ္ပဇ္ဇိဿတီတိ – ထိုပုဂ္ဂိုလ်အား ကာယသခ္ခီရသည် ဖြစ်လတ္တံ့လော?

ဤအမေးခဲ့ –

ဝိဿဇ္ဇနာ ပါဠိ

ယဿ စိတ္တာသ အနန္တရာ ကာမာဝစရာနံ ပဋိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ရူပါဝစရေ အရူပါဝစရေ ပဋိမဘာဝိကာနံ, ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ စိတ္တာသခ္ခီရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ ကာယသခ္ခီရော ဥပ္ပဇ္ဇိဿတိ ။

၁။ ထွက်လေ၊ ဝင်လေသည် ပဋိသန္ဓိစိတ်ဖြစ်ရန် ၃၃-ကြိမ် အလိုလောက်မှာ ရပ်သွားပြီးနောက် ယင်း ၃၃-ကြိမ်ဖြစ်သော တေတီသမစိတ်မှသည် ပဋိသန္ဓိစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ၊ မရဏာသန္နဇဝပ္ပဗေဒ၊ ဘဝင်တိုင်အောင် (*ပဋိသန္ဓိစိတ်ဖြစ်ရန် စိတ်ဖြစ်ကြိမ် ၃-ကြိမ်အလိုတိုင်အောင်*) ကာမာဝစရ ပဋိသန္ဓိဘာဝိက ပုဂ္ဂိုလ်၊

၂။ ပဋိသန္ဓေမှစ၍ ပဋိသန္ဓိစိတ်၏ အနန္တရတိုင်အောင် (*ပဋိသန္ဓိစိတ်ဖြစ်ရန် စိတ်တစ်ကြိမ်အလိုတိုင်အောင်*) ရူပါဝစရ၊ အရူပါဝစရ ပဋိသန္ဓိဘာဝိကပုဂ္ဂိုလ်၊

၃။ ကာမသုဂတိ ၇-ဘုံမှ ရူပါဝစရ၊ အရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သူဖြစ်အံ့။ (*သေဆုံးခါနီး*) နောက်ဆုံး ထွက်လေ၊ ဝင်လေ ရပ်ခြင်းနှင့်တကွဖြစ်သော စိတ်မှသည် စုတိစိတ်တိုင်အောင် ကာမာဝစရ စဝန္တာ ပုဂ္ဂိုလ်၊

၄။ ရူပါဝစရ၊ အရူပါဝစရဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့် ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ် –

ဤပုဂ္ဂိုလ်တို့အား စိတ္တာသခ္ခီရသည် ဖြစ်လတ္တံ့။ ကာယသခ္ခီရသည် ဖြစ်လတ္တံ့ မဟုတ်ပေ။

ကွာတရေသံ တေသံ စိတ္တာသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များမှတစ်ပါး ဖြစ်ကုန်သော –

၁။ ပဋိသန္ဓေမှစ၍ နောက်ဆုံး ထွက်လေ၊ ဝင်လေရပ်သော တေတီသမစိတ်၏ အနန္တရတိုင်အောင် (၃၂- ကြိမ်တိုင်အောင်) ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်။

၂။ ကာမသုဂတိ ဂ-ဘုံမှ ရူပါဝစရ၊ အရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သူဖြစ်အံ့ – ပဋိသန္ဓေမှစ၍ နောက်ဆုံး ထွက်လေ၊ ဝင်လေဖြစ်သော စိတ်၏ အနန္တရတိုင်အောင် ကာမာဝစရပုဂ္ဂိုလ်။

၃။ ကာမာဝစရဘုံ၌ နောက်ဖြစ်ပြန်ကောင်းသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စိတ္တာသဒ်ါရသည်လည်း ဖြစ်လတ္တံ့။ ကာယသဒ်ါရသည်လည်း ဖြစ်လတ္တံ့။

၅။ <u>ပစ္ဆိနိက်</u> ။ ။ ပစ္ဆိမစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုကြသော ရဟန္တာပုဂ္ဂိုလ်တို့အား စိတ္တာသဒ်ါရသည်လည်း ဖြစ်လတ္တံ့. မရ။ ကာယသဒ်ါရသည်လည်း ဖြစ်လတ္တံ့. မရ။

(အဘိ – ၆ – ၃ – ၁၂ / ၁၄။ အရကောက် – ၃၂၄ / ၅)

အထက်ပါသဘောအရ မဟာကုသိုလ် ပဌမစိတ်ခဏ၌ ဖြစ်ကြကုန်သော ကာမတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အားကား ကာမာဝစရဘုံ၌ နောင်ပြန်ဖြစ်ကြဦးမည် ဖြစ်၍ စိတ္တာသဒ်ါရလည်း ဖြစ်လတ္တံ့. ရလေ၏။ ကာယသဒ်ါရလည်း ဖြစ်လတ္တံ့. ရလေ၏။ ဤသို့ သိမြင်နိုင်ကြပေကုန်၏။

၃။ ပကုဓိတ်ကို သဒ်ဓိရယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ထပ်၍တစ်ခါ၊	ဖြစ်တြမှာ၊	နာဂတာခေါ် လေသည်။
၂။	ကာယသင်္ခါ၊	ဖြစ်ဦးမှာ၊	ပဉ္စလောများမှာသည်၊
၃။	စိတ္တတရား၊	ဖြစ်အံ့လား၊	မေးငြားလော်လျှင်သည်၊
၄။	ဝိသဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၅။	စိတ္တသင်္ခါ၊	ဖြစ်ဦးမှာ၊	ပဉ္စလောများမှာသည်၊
၆။	ကာယတရား၊	ဖြစ်အံ့လား၊	မေးငြားလော်လျှင်သည်၊
၇။	အသက်ရှူသွင်း၊	ကုန်ဆုံးခြင်း၊	တေတီစ္ဆသည်၊
၈။	ပစ်စိတ်ရောက်ကို၊	သုံးစိတ်ကို၊	အလိုတိုင်အောင်သည်၊
၉။	ကာမာဝစရ၊	ပစ္ဆိမ၊	ပဉ္စလေးနှင့်သည်၊
၁၀။	ပဋိသန္ဓေမှ၊	စ၍ပ၊	ပစ္ဆိမရောက်ရန်သည်၊

၁၀။	တစ်ကြိမ်လိုဟူ၊	ရူအရူ၊	ပစ်မှုပုဂ္ဂိုလ်သည်၊
၁၂။	ဖြတ်မှုဘုံကို၊	သွား၍ကို၊	စံလိုကာများသည်၊
၁၃။	ဖြတ်မှုဘုံမှာ၊	စံဝင်မှာ၊	ဖြတ်မှုများတို့သည်၊
၁၄။	စိတ္တသခ္ခီ၊	ဖြစ်အံ့သာ၊	ကာယာမဖြစ်ပြီ။
၁၅။	ထိုမှတစ်ထစ်၊	ကျန်နေလစ်၊	ကာပစ်များနှင့်သည်၊
၁၆။	ကာမဘုံမှာ၊	ပြန်၍သာ၊	ဖြစ်မှာများတို့သည်၊
၁၇။	စိတ်ဖြစ်လတ္တံ့၊	ကာဖြစ်အံ့၊	ဖြစ်လတ္တံ့ရကြသည်။
၁၈။	ပရိနိဗ္ဗာ၊	ပျက်ကြရာ၊	ရဟန္တာများတို့သည်၊
၁၉။	ဖြစ်လတ္တံ့ပ၊	ကုန်ဆုံးကြ၊	မရကြတော့ပြီ။
၂၀။	ကာတိပုဟန်၊	ကာဘုံထဲ၊	ဖြစ်ပြန်ရှိ၍သည်၊
၂၁။	ကာလဲဖြစ်အံ့၊	စိတ်ဖြစ်အံ့၊	ဖြစ်လတ္တံ့ရလေသည်။
၂၂။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိရမည်။

၃။ ပကုစိတ်ကို သခ္ခီရယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ သခ္ခီရယမိုက် ဤတွင် ရပ်နားပြီ။

• • • •

၇။ အနုသယ ယမိုက်ပြုင့် ဝေဖန်ခြင်း

၇။ အနုသယ ယမိုက် ။ ။ အနုသယ ယမိုက်ဟူသည် အနုသယကိလေသာ ၇-ပါး ကိန်းသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့အား အဘယ်အနုသယသည် ကိန်းသနည်း? မကိန်းသနည်း? ဟူ၍ ပဉ္စာ, ဝိဿဇ္ဇနာ အစုံအားဖြင့် ဟောကြားတော်မူထားချက်ကို အနုသယ ယမိုက်ဟု ခေါ်ဆို၏။

ဤအနုသယယမိုက်၌ ဥပပတ္တိဌာနဝါရ၊ မဟာဝါရအားဖြင့် ဝါရကြီး ၂-ပါး ရှိ၏။ ဤ၌ မဟာဝါရကို ပြပေအံ့။ မဟာဝါရ၌လည်း အနုသယဝါရ၊ သာနုသယဝါရ စသည်ဖြင့် ၇-ပါး ရှိ၏။ ဤ၌ အနုသယဝါရကို ပြပေအံ့။ ဤအနုသယဝါရ၌လည်း ပုဂ္ဂလဝါရ၊ ဩကာသဝါရ၊ ပုဂ္ဂလောကာသဝါရ အားဖြင့် ၃-ပါး ရှိပြန်ရာ ဤ၌ ပုဂ္ဂလဝါရကို ပြပေအံ့။ ဤသို့ ပြရာ၌ အဘယ်ပုဂ္ဂိုလ်အား အဘယ်အနုသယကိန်းသည်ကိုလည်းကောင်း၊ မကိန်းသည်ကိုလည်းကောင်း သိသင့်သေး၏။

အနုသယတို့သည် 'ဏာမဏုဝါနုသယ၊ ဝဋ္ဋဏာနုသယ၊ ဓာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ဘဝဏုဝါနုသယ၊ အဝိဇ္ဇာနုသယ' ဟူ၍ ၇-ပါး ရှိလေ၏။ အနုသယဟူသည် မဂ်ဖြင့် မပယ်ရသေးသမျှ သတ္တဝါအနန္တတို့၏ ခန္ဓာကိုယ်၌ အပြဲထာဝစဉ် ကိန်းနေမှုသဘောကို အနုသယ - ဟူ၍ ခေါ်ဆိုသည်။

ပုဂ္ဂိုလ်အလိုက် ကိန်း/ မကိန်း အနုသယများ

၁။ ပုထုဇဉ်ပုဂ္ဂိုလ်၌ အနုသယ ၇-ပါးလုံး ကိန်း၏။

၂။ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့၌ ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဟူသော အနုသယ ၅-ပါး ကိန်း၏။ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ ၂-ပါး မကိန်းပေ။

၃။ အနာဂါမ်ပုဂ္ဂိုလ်၌ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဟူသော အနုသယ ၃-ပါး ကိန်း၏။ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ကာမရာဂါနုသယ၊ ပဋိဃာနုသယ ဟူသော အနုသယ ၄-ပါး မကိန်းပေ။

၄။ ရဟန္တာပုဂ္ဂိုလ်အား အနုသယ ၇-ပါးလုံး မကိန်းပေ။

ယင်းအနုသယများ ကိန်းသလော? ဟု မေးလျှင် ကိန်းလျှင် ကိန်း၏။ မကိန်းလျှင် မကိန်းဟူ၍ ဖြေရုံသာ ရှိ၏။ နမူနာ ၃-ခုမျှ ထုတ်ပြပေအံ့။

၎။ ပကိစ္စိတ်ကို အနုသယ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၁။ ကာမမူ ပဋိဃမူလိ

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကာမရာဂါနုသယော အနုသေတိ – အကြင် ပုဂ္ဂိုလ်အား ကာမရာဂါနုသယ ကိန်းဏ်။

၂။ တဿ ပဋိဃာနုသယော အနုသေတီတိ – ထိုကာမရာဂါနုသယကိန်းသော ပုဂ္ဂိုလ်အား ပဋိဃာနုသယ ကိန်းဏ်လော? ဤအပေးဌ် –

ကာမရာဂါနုသယ ကိန်းသော ပုဂ္ဂိုလ်များမှာ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်များ ဖြစ်ကြ၏။

ပဋိဃာနုသယ ကိန်းသော ပုဂ္ဂိုလ်များမှာလည်း ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်များပင် ဖြစ်ကြ၏။ ထို့ကြောင့် တူရကား –

ဝိဿဇ္ဇနာ ပါဠိမှာ – အာမန္တာ – ကိန်းပါ၏ – ဟူသည်တည်း။

(ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာလည်း အာမန္တာပင်တည်း)

ပစ္ဆိန်ဂ်ဌလည်း ကာမရော ပဋိဃပါ မကိန်းသော ပုဂ္ဂိုလ်များမှာ အနာဂါမ်၊ ရဟန္တာချည်း ဖြစ်ကြ၍ တူရကား အာမန္တာပင် ဖြစ်၏။

၂။ ကာမမူ မာနမူလိ

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကာမရာဂါနုသယော အနုသေတိ – အကြင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ကာမရာဂါနုသယသည် ကိန်း၏။

၂။ တဿ မာနာနုသယော အနုသေတီတိ – ထိုပုဂ္ဂိုလ်တို့အား မာနာနုသယ ကိန်း၏လော? အပေးဌ် အပြေမှာ – အာမန္တာ – ကိန်းပါ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန မာနာနုသယော အနုသေတိ – အကြင် အနာဂါမ်ပုဂ္ဂိုလ်အား မာနာနုသယ ကိန်း၏။

၄။ တဿ ကာမရာဂါနုသယော အနုသေတီတိ – ထိုအနာဂါမ်ပုဂ္ဂိုလ်အား ကာမရာဂါနုသယ ကိန်း၏လော?

ဝိဿဇ္ဇနာ ပါဠိ

အနာဂါမိသဿ မာနာနုသယော အနုသေတိ နော စ တဿ ကာမရာဂါနုသယော အနုသေတိ။ အနာဂါမ်ပုဂ္ဂိုလ်အား မာနာနုသယသည် ကိန်း၏။ ကာမရာဂါနုသယသည် မကိန်း။။

တိဏ္ဏံ ပုဂ္ဂလာနံ မာနာနုသယော စ အနုသေတိ ကာမရာဂါနုသယော စ အနုသေတိ။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ဟူသော ပုဂ္ဂိုလ် ၃–ယောက်တို့အား မာနာနုသယသည်လည်း၊ ကိန်း၏။ ကာမရာဂါနုသယသည်လည်း၊ ကိန်း၏။

ပဋိနိဒ် ။ ။ မာနာနုသယရော ကာမရာဂါနုသယပါ မကိန်းသော ပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်လေ၏။

၃။ ကာမဓာ ဒိဋ္ဌိမူလိ

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကာမရာဂါနုသယော အနုသေတိ – အကြင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ကာမရာဂါနုသယ ကိန်း၏။

၂။ တဿ ဒိဋ္ဌာနုသယော အနုသေတိတိ – ထိုပုဂ္ဂိုလ်တို့အား ဒိဋ္ဌာနုသယ ကိန်း၏လော? ဤအမေးခွဲ–

ဝိဿဇ္ဇနာပါဠိ

ဒ္ဝိန္နံ ပုဂ္ဂလာနံ ကာမရာဂါနုသယော အနုသေတိ နော စ တေသံ ဒိဋ္ဌာနုသယော အနုသေတိ။ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ကာမရာဂါနုသယသည် ကိန်း၏။ ဒိဋ္ဌာနုသယသည် မကိန်း။။

ပုထုဇ္ဇနဿ ကာမရာဂါနုသယော စ အနုသေတိ ဒိဋ္ဌာနုသယော စ အနုသေတိ။

ပုထုဇဉ် ပုဂ္ဂိုလ်အား ကာမရာဂါနုသယသည်လည်း ကိန်း၏။ ဒိဋ္ဌာနုသယသည်လည်း ကိန်း၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန ဒိဋ္ဌာနုသယော အနုသေတိ – အကြင် ပုထုဇဉ် ပုဂ္ဂိုလ်အား ဒိဋ္ဌာနုသယသည် ကိန်း၏။

၄။ တဿ ကာမရာဂါနုသယော အနုသေတိတိ – ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ကာမရာဂါနုသယသည် ကိန်း၏လော?

ဤအမေးခွဲ –

အဖြေမှာ – အာမန္တာ – ကိန်းပါ၏။

<u>ပစ္စနိုက်</u> ။ ။ ကာမရာဂရော၊ ဒိဋ္ဌိရော မကိန်းသော ပုဂ္ဂိုလ်မှာ အနာဂါမ်နှင့် ရဟန္တာတည်း။

(အဘိ - ၆ - ၃ - ၅၆။ အရကောက် - ၃၉၄)

ဤယမိုက်သဘောအရ ကာမတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အား အဘယ်နှသယဖြင့် မေးမေး ကိန်းသည့်အထဲတွင် ပါဝင်နေသည်ချည်း ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။ မကိန်းသော ပုဂ္ဂိုလ်ထဲ ပါဝင်လိုလျှင်ကား သောတာပန် စသော အရိယာအဖြစ်သို့ ရောက်အောင် ပြုလုပ်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီတည်း။

၇။ ပကုဏ်တ်ကို အနုသယယမိုက် အနုသယ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျွန်များ

၁။	အနုသယယမိုက်၊	သဘောပိုက်၊	သိထိုက်သင့်ကြသည်။
၂။	အနုသယခုနစ်ပါး၊	ကိလေဓာတ်၊	ရှိကြားရာဌာသည်၊
၃။	ကိန်းပုဂ္ဂိုလ်မျာ၊	မကိန်းမျာ၊	ဟောကြားသဖြင့်သည်၊
၄။	အနုသယဟု၊	ခေါ်ဆိုမူ၊	မှတ်ပြုနိုင်ကြသည်၊
၅။	မဂ်ဉာဏ်ဖြင့်ပေ၊	မပယ်ပေ၊	ရှိနေသမျှသည်၊
၆။	အနုနုသတ္တဝါ၊	အနုသယာ၊	ကိန်းကာနေလေသည်။
၇။	ယင်းအနုသယာ၊	ခုနစ်ဖြာ၊	ရှိတာသိရမည်။
၈။	ကာ,ဋ္ဌ,ဓာပါ၊	ဒိ,ဝိပါ၊	ဘ,ပါ ပါဝင်သည်။
၉။	အဝိဇ္ဇာတရား၊	ပေါင်းလေဖြား၊	ခုနစ်ပါးဖြစ်လေသည်။
၁၀။	ပုထုဇဉ်မှာ၊	အားလုံးသာ၊	ကိန်းကာနေလေသည်။
၁၁။	သောနှင့်ဒီမှာ၊	ကာ,ဋ္ဌ,မာ၊	ဘ,ဈ ကိန်းလေသည်။
၁၂။	ဒိဋ္ဌိ,ကိစ္ဆာ၊	မကိန်းပါ၊	ပယ်ခွါပြီးလေပြီ။
၁၃။	အနာဂါမ်မှာ၊	မာ,ဘ,ဈ၊	သုံးဖြာကိန်းလေသည်။
၁၄။	ကာ,ဋ္ဌ,ဒ,ဝိ၊	မကိန်းတိ၊	မှတ်သိနိုင်ကြသည်။
၁၅။	ရဟန္တာမှာ၊	နုသယာ၊	ကိန်းတာမရှိပြီ။
၁၆။	ဤသဘောနက်၊	သိမြင်ချက်၊	အခက်မရှိပြီ။
၁၇။	ကာကိန်းသူအား၊	ဋ္ဌကိန်းလား၊	မေးငြားလာလျှင်သည်၊
၁၈။	ဝိသဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၁၉။	ကာ,ဋ္ဌ,နုစ်ဖြာ၊	မကိန်းတာ၊	နာ,တာ ဖြစ်လေသည်။

၂၀။ ကာကိန်းသူအား၊ မာကိန်းလား၊ မေးငြားလေလျှင်ထည်၊
၂၁။ ဝိသာဇနာ၊ အဖြေမှာ၊ အာမန္တာဖြစ်လေထည်။
၂၂။ မာကိန်းသူအား၊ ကာကိန်းလား၊ မေးငြားလေလျှင်ထည်၊
၂၃။ အနာဂါမ်အား၊ မာ,ကိန်းငြား၊ ကာကား မကိန်းပြီ။
၂၄။ ပုဿောဒါမှာ၊ မာ,ကိန်းရာ၊ ကာပါကိန်းလေထည်။
၂၅။ ရဟန္တာမှာ၊ မာရောပါ၊ ကာပါ မကိန်းပြီ။
၂၆။ ကာကိန်းသူအား၊ ဒိကိန်းလား၊ မေးငြားလေလျှင်သည်၊
၂၇။ သောဒ္ဓဉ်ဒါမှာ၊ ထာ,ကိန်းရာ၊ ဒိမှာမကိန်းပြီ။
၂၈။ ပုထုဇဉ်မှာ၊ ကာကိန်းရာ၊ ဒိပါကိန်းလေသည်။
၂၉။ နာ,ထာများမှာ၊ ကာရောပါ၊ ဒိပါမကိန်းပြီ။
၃၀။ ဤသောဘာရှု၊ ကာတိပု၊ ကိန်းမှုသိဝိုင်ပြီ။
၃၁။ ကာတိပုမှာ၊ မကိန်းတာ၊ ဘယ်မှာရှိလိမ့်မည်။
၃၂။ မကိန်းလေ၏၊ ပါလိုဘိ၊ ကာတိများတို့သည်၊
၃၃။ အရိယာဘောင်၊ ရောက်ရှိအောင်၊ ကျင့်ဆောင်ပြုရမည်။
၃၄။ ယင်းမှတစ်ပါး၊ နည်းလမ်းများ၊ ရှိကားမရှိပြီ။

၇။ ပကုစိတ်ကို အနုသယယမိုက် အနုသယ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ အနုသယယမိုက် ပြဆိုမှု ရပ်နားပြီ။

၈။ စိတ္တာယမိုက်

၈။ ပကၠစိတ်ကို စိတ္တာယမိုက် သုဒ္ဓစိတ္တာသာမည ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၈။ စိတ္တာယမိုက် ။ ။ ပုထုဇဉ် ပုဂ္ဂိုလ်များ၊ အရိယာပုဂ္ဂိုလ်များ၏ စိတ်တို့၏ ဖြစ်ပုံ၊ ချုပ်ပုံ သဘောကို ဟောကြားတော်မူသောကြောင့် စိတ္တာယမိုက် ခေါ်၏။ ဤစိတ္တာယမိုက်၌ ဝါဒကြီး ၃-ခုရှိရာ ဤ၌ သုဒ္ဓစိတ္တာသာမည ဝါဒကို ပြဆိုမည် ဖြစ်၏။ ဤသုဒ္ဓစိတ္တာသာမညဝါဒလည်း ပုဂ္ဂလဝါဒ၊ ဓမ္မဝါဒ၊ ပုဂ္ဂလဓမ္မဝါဒ ဟူ၍ ၃-ပါး ရှိပြန်ရာ ဤ၌ ပုဂ္ဂလဝါဒကို ပြမည် ဖြစ်၏။ ဤပုဂ္ဂလဝါဒ၌လည်း ဥပ္ပါဒနိရောဓ ကာလသမ္မေဒဝါဒ စသည်ဖြင့် ဝါဒငယ် ၁၄-ပါး ရှိပြန်ရာ ဤ၌ အစ ၃-ပါးသာ ပြပေအံ့။

၁။ ပကၠစိတ်ကို စိတ္တာယမိုက် နိဒ္ဒေသ ဥပ္ပါဒနိရောဓ ကာလသမ္မေဒ ပုဂ္ဂလဝါဖြင့် ဝေဖန်ခြင်း

၁။ ဥပ္ပါဒနိရောဓ ကာလသမ္မေဒ ဝါဒ ။ ။ ဤ၌ ဥပ္ပါဒနိရောဓ ကာလသမ္မေဒဝါဒ ဟူသည် ဥပ္ပါဒ်နှင့် ဘင်္ဂကို လည်းကောင်း၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလကိုလည်းကောင်း ရောရော၍ ဟောအပ်သောကြောင့် ဥပ္ပါဒနိရောဓ ကာလသမ္မေဒဝါဒ ဟူ၍ ခေါ်လေသည်။ ဤဝါဒကို မြတ်စွာဘုရား သည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ – အကြင် ရဟန္တာပုဂ္ဂိုလ်၏ ပစ္ဆိမစိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်။

၂။ တဿ စိတ္တံ နိရုဇ္ဈိဿတိ နု ဥပ္ပဇ္ဇိဿတီတိ – ထိုရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်သော ပစ္ဆိမစိတ် သည် ချုပ်လတ္တံ့၊ မဖြစ်လတ္တံ့လော? ဤအမေးဌာန –

ဝိဿဇ္ဇနာပါဠိ

ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ။
ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ဆဲခဏာဌာနဖြစ်သော ပစ္ဆိမစိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်။ ချုပ်လတ္တံ့၊ မဖြစ်လတ္တံ့။

ကတရေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ နိရုဇ္ဈိဿတိ ဧဝံ ဥပ္ပဇ္ဇိဿတိ စ – ထိုရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ဆဲခဏာဌာနဖြစ်သော ပစ္ဆိမစိတ်မှတစ်ပါး ကျန်သော ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၏ ဖြစ်ဆဲခဏာဌာနဖြစ်သောစိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်။ ချုပ်လည်း ချုပ်လတ္တံ့။ ဖြစ်လည်း ဖြစ်လတ္တံ့။

အထက်ပါသဘောဌ် ဆိုလိုသည်ကား – ပရိနိဗ္ဗာန်ပြုဆဲဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ပစ္ဆိမစိတ်သည် ဖြစ်ဆဲဟုတ်၏။ ချုပ်ဆဲ မဟုတ်ပေ။ (*မချုပ်သေးပေ*) ထိုဖြစ်ဆဲစိတ်သည် ချုပ်လတ္တံ့ ဇောနောက်မည် ဖြစ်၏။ သို့ရာတွင်ကား နောက်ထပ် စိတ်ဖြစ်မည် မဟုတ်သောကြောင့် ဖြစ်လတ္တံ့ကိုကား မရတော့ပေ – ဟု ဆိုလိုသည်။

ကျန်သော ပုဂ္ဂိုလ် ၁၂-ယောက်တို့၏ စိတ်ဖြစ်ဆဲခဏာဌ် ဖြစ်ကြသော စိတ်တို့သည်ကား (ပစ္ဆိမစိတ် မဟုတ်၍ပင်) ဖြစ်လည်း ဖြစ်ဆဲ။ ချုပ်ဆဲလည်း မဟုတ်ပေ။ ချုပ်လည်း ချုပ်လတ္တံ့။ (*နောက်ထပ်လည်း ဖြစ်ဦးမည် ဖြစ်၍*) ဖြစ်လည်း ဖြစ်လတ္တံ့ – ဟု ဆိုလိုခြင်း ဖြစ်သည်။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယသ္မာ ဇ၊ ပန စိတ္တံ နိရုဇ္ဈိဿတိ နု ဥပ္ပဇ္ဇိဿတိ – အကြင် ပစ္ဆိမစိတ်မှတစ်ပါးသော ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၏ ဖြစ်ဆဲခဏာဌ်ဖြစ်သော စိတ်သည် ချုပ်လတ္တံ့။ ဖြစ်လတ္တံ့ မဟုတ်။

၄။ တသ္မာ စိတ္တံ ဥပ္ပဇ္ဇတိ နု နိရုဇ္ဈတီတိ – ထိုပုဂ္ဂိုလ်တို့အား စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်လော?

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ဆဲခဏာဌ်ဖြစ်သော စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်ပါ။

(*အဘိ – ၆ – ၃ – ၃၀၁။ အရကောက် – ၄၅၀ / ၁*)

ပစ္ဆိနိက် နှစ်ဘက်ရ အကြောင်းမကျန်၍ နော နှင့် နတ္ထိ ထွက်လေသည်။

အထက်ပါသဘောအရ ကာမတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၏ ဖြစ်ဆဲခဏာဌ်ဖြစ်သော မဟာကုသိုလ် ပဌမစိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်။ ချုပ်လည်း ချုပ်လတ္တံ့၊ ဖြစ်လည်း ဖြစ်လတ္တံ့သော စိတ်ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၁။ ပကတိတ်ကို စိတ္တုယမိုက် နိဒ္ဒေသ ဥပ္ပါဒနိဇရာဓ ကာလသမ္ဘေဒ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်းဌ ဆောင်ရန်လက်စများ

၁။	စိတ္တုယမိုက်၊	သတ္တောပိုက်၊	သိထိုက်သင့်ကြသည်။
၂။	ပုဂ္ဂိုလ်ဆယ့်နှစ်ဖုံ၊	စိတ်၏တုံ၊	ဖြစ်ချုပ်ပုံကိုသည်၊
၃။	မြတ်စွာဗုဒ္ဓ၊	ဟောဆိုပြ၊	စိတ္တခေါ် ရသည်။
၄။	ဤကျမ်းဌိမှု၊	သိဖို့ဟု၊	သုံးခုပြဝေမည်။
၅။	ရှေးဦးစွာပ၊	သမ္ဘေဒ၊	ပုဂ္ဂလပြဝေမည်။
၆။	ရဟန္တာပုဂ္ဂလ၊	ပစ္ဆိမ၊	စိတ္တတရားသည်၊
၇။	ဖြစ်ပေါ် ဆဲပဲ၊	ရှိသေးပဲ၊	ချုပ်ဆဲမဟုတ်ပြီ။
၈။	ရဟန္တာ၏၊	ဖြစ်ဆဲရှိ၊	ပစ္ဆိစိတ်တရားသည်၊
၉။	ချုပ်လတ္တံ့လား၊	မဖြစ်တော့လား၊	မေးငြားလေလျှင်သည်၊
၁၀။	ချုပ်လတ္တံ့ပါ၊	နောက်ထပ်မှာ၊	ဖြစ်မှာမဟုတ်ပြီ။
၁၁။	ပစ်စိတ်ကြဉ်မြဲ၊	ကျန်နေပဲ၊	ဖြစ်ဆဲစိတ်များသည်၊
၁၂။	ဖြစ်ဆဲတရား၊	ချုပ်ဆဲကား၊	ဟုတ်ကားမဟုတ်ပြီ။
၁၃။	ချုပ်လတ္တံ့ပါ၊	ဖြစ်ဦးမှာ၊	ဉာဏ်ဖြာသိရမည်။
၁၄။	ပစ်စိတ်ကြဉ်မြဲ၊	ကျန်သည်ပဲ၊	ဖြစ်ဆဲစိတ်များသည်၊
၁၅။	ချုပ်လတ္တံ့လား၊	ဖြစ်မှာလား၊	မေးငြားလေလျှင်သည်၊
၁၆။	ဝိသဒ္ဒနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၁၇။	ပစ္စနိုက်မှာ၊	နှစ်ဘက်ဟာ၊	ရတာမရှိ၍သည်၊
၁၈။	နောနှင့် နတ္ထိ၊	ထွက်လေဘိ၊	မှတ်သိနိုင်ကြသည်။
၁၉။	ကာတိ၏လဲ၊	ပကုပဲ၊	ဖြစ်ဆဲတရားသည်၊
၂၀။	ဖြစ်ပေါ် ဆဲပဲ၊	ရှိသေးပဲ၊	ချုပ်ဆဲမဟုတ်ပြီ။
၂၁။	ချုပ်ဦးမှာပဲ၊	ဖြစ်မှာပဲ၊	မလွဲသေချာသည်။
၂၂။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိရမည်။

၁။ ပကုစိတ်ကို စိတ္တုယမိုက် နိဒ္ဒေသ ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို စိတ္တယမိုက် နိဒ္ဒေသ ဥပ္ပါဒ ဥပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၂။ ဥပ္ပါဒ ဥပ္ပန္န ပုဂ္ဂလဝါရ ။ ။ ဤဥပ္ပါဒ ဥပ္ပန္န ပုဂ္ဂလဝါရသည် ပုဂ္ဂိုလ် ၁၂–ယောက်၏ ဖြစ်ဆဲစိတ်၊ ခဏတ္တယ သို့ ရောက်ဆဲစိတ်များကို ဟောသောဝါရ ဖြစ်သည်။

မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေသည်။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ – အကြင် ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်တို့၏ စိတ်သည် ဖြစ်ဆဲ။

၂။ တဿ စိတ္တံ ဥပ္ပန္နန္တိ – ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ဆဲစိတ်သည် ခဏတ္တယသို့ ရောက်ဆဲလား? ဤအပေးဒွ် –

ဝိဿဇ္ဇနာပါဠိ ။ ။ အာမန္တာ – ခဏတ္တယသို့ ရောက်ဆဲ ဟုတ်ပါ၏။

(ဖြစ်ပေါ်ဆဲစိတ်သည် 'ဥပ္ပါဒ၊ ဌိ၊ ဘင် ' ဟူသော ခဏတ္တယသို့ ရောက်မည်ဟု ဆိုလိုခြင်း ဖြစ်သည်)

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဇာ ပန စိတ္တံ ဥပ္ပန္နံ – အကြင် ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ်တို့၏စိတ်သည် 'ဥပ္ပါဒ၊ ဌိ၊ ဘင်' ဟူသော ခဏတ္တယသို့ ရောက်ဆဲ၊

၄။ တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ – ထိုပုဂ္ဂိုလ်တို့၏ ခဏတ္တယသို့ ရောက်ဆဲစိတ်သည် ဖြစ်ဆဲလား? ဤအပေးဒွ်–

ဝိဿဇ္ဇနာပါဠိ

စိတ္တသ ဘင်္ဂက္ခဏေ တေသံ စိတ္တံ ဥပ္ပန္နံ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ – ထိုပုဂ္ဂိုလ်၏ ပျက်ဆဲခဏသို့ ရောက်သော ဘင်စိတ်သည် ခဏတ္တယသို့ ရောက်ဆဲဟုတ်၏။ ဖြစ်ဆဲမဟုတ်ပေ။

စိတ္တသ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇတိ စ – ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ဆဲခဏ၌ ဖြစ်သောစိတ်သည် ခဏတ္တယသို့လည်း ရောက်ဆဲ၊ ဖြစ်လည်း ဖြစ်ဆဲ။

ပဋ္ဌနိက် နှစ်ဘက်ရ ။ ။ နိရောဓသမာပတ် ဝင်စားခိုက် ပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့မူကား စိတ်ချုပ်နေ၍ လည်းကောင်း၊ စိတ်မဖြစ်၍လည်းကောင်း ခဏတ္တယသို့ ရောက်ဆဲလည်း မဟုတ်ပေ။ ဖြစ်ဆဲလည်း မဟုတ်ပေ။

(အဘိ – ၆ – ၃ – ၃၀၁။ အရကောက် – ၄၅၂ / ၃)

ဤသဘောအရ ကာမတိဟိတ် ပုထုဇဉ်၏ ခဏာတ္တယသို့ ရောက်ဆဲဖြစ်သော မဟာကုသိုလ် ပဌမစိတ်၌ ပျက်ဆဲ ဘင်စိတ်သည် ခဏာတ္တယသို့ ရောက်ဆဲဖြစ်၏။ ဖြစ်ဆဲမဟုတ်ပေ။

ဖြစ်ဆဲခဏ၌ဖြစ်သော စိတ်သည် ခဏာတ္တယသို့လည်း ရောက်ဆဲ၊ ဖြစ်ဆဲလည်း ဖြစ်ဆဲ ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၂။ ပကုဏ်တိုက်ကို စိတ္တဃဏိက် နိဒ္ဒေသ ဥပ္ပါဒ ဥပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ဥပ္ပါဒုပ္ပန္နံ၊	ဝါရေ၊	ပုဂ္ဂလော်သည်၊
၂။	ပုဂ္ဂိုလ်ဆယ့်နှစ်၊	စိတ်တွေဖြစ်၊	အဖြစ်တရားသည်၊
၃။	ဥ,ဒ်,ဘင်အား၊	ရောက်ဆဲလား၊	မေးငြားလေလျှင်သည်၊
၄။	ဝိဿဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာ ဖြစ်လေသည်။
၅။	ဥပါဒ်,ဒ်,ဘင်၊	ဖြစ်ဆဲပင်၊	ဖြစ်အင်္ဂါစိတ်များသည်၊
၆။	ဖြစ်ဆဲဟုတ်လား၊	ထပ်၍ကား၊	မေးငြားလာလျှင်သည်၊
၇။	ဘင်စိတ်သည်ပါ၊	ခဏပဲ၊	ဖြစ်ဆဲမဟုတ်ပြီ။
၈။	ဥပါဒ်စိတ်မှာ၊	နှစ်မျိုးပါ၊	ဖြစ်တာသိရမည်။
၉။	ပစ္ဆိမက၊	နိ,အာသည်၊	မုချရလေသည်။
၁၀။	ကာတိဟိတ်စု၊	ဖြစ်ဆဲမှု၊	ပကုတရားသည်၊
၁၁။	ဤနည်းတိုင်းပင်၊	မလွဲအင်၊	သိမြင်နိုင်ပေသည်။
၁၂။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိရမည်။

၂။ ပကုစိတ်ကို စိတ္တဃဏိက် နိဒ္ဒေသ ဥပ္ပါဒ ဥပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကုစိတ်ကို စိတ္တယမိုက် နိဒ္ဒေသ နိဂုံး ဥပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း

၃။ နိဂုံး ဥပ္ပန္န ပုဂ္ဂလဝါရ ။ ။ ဤနိဂုံး ဥပ္ပန္န ပုဂ္ဂလဝါရသည် ပုဂ္ဂိုလ် ၁၂-ယောက်၏ စိတ်တို့၏ ချုပ်ဆဲ၊ ခဏတ္တယသို့ ရောက်ဆဲစိတ်များကို ဟောဆိုသော ဝါရဖြစ်သည်။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ စိတ္တံ နိရုဇ္ဈတိ – အကြင် ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၏ စိတ်သည် ချုပ်ဆဲ။

၂။ တဿ စိတ္တံ ဥပ္ပန္နန္တိ – ထိုပုဂ္ဂိုလ်တို့၏ ချုပ်ဆဲစိတ်သည် ခဏတ္တယသို့ ရောက်ဆဲလော? ဤအမေးခွဲ-

ဝိဿဇ္ဇနာ ပါဠို ။ ။ အာမန္တာ – ခဏတ္တယသို့ ရောက်ဆဲ ဟုတ်ပါ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန စိတ္တံ ဥပ္ပန္နံ – အကြင် ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၏ စိတ်သည် ခဏတ္တယသို့ ရောက်ဆဲ။

၄။ တဿ စိတ္တံ နိရုဇ္ဈတီတိ – ထိုပုဂ္ဂိုလ်တို့၏ ခဏတ္တယသို့ ရောက်ဆဲစိတ်သည် ချုပ်ဆဲလော? ဤအမေးခွဲ-

ဝိဿဇ္ဇနာပါဠို

စိတ္တာသ ဥပ္ပါဒက္ခဏော တေသံ စိတ္တံ ဥပ္ပန္နံ နော စ တေသံ စိတ္တံ နိရုဇ္ဈတိ။

ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ဆဲခဏသို့ ရောက်သည့် ဥပါဒ်စိတ်သည် ခဏတ္တယသို့ ရောက်ဆဲဟုတ်၏။ ချုပ်ဆဲ မဟုတ်ပေ။

စိတ္တာသ ဘင်္ဂက္ခဏော တေသံ စိတ္တံ ဥပ္ပန္နဉ္စေဝ နိရုဇ္ဈတိ စ ။

ထိုပုဂ္ဂိုလ်တို့၏ ပျက်ဆဲခဏဌိတ်ဖြစ်သော စိတ်သည် ခဏတ္တယသို့လည်း ရောက်ဆဲ။ ချုပ်လည်း ချုပ်ဆဲ။

ပဋိနိက် နှစ်ဘက်ရ ။ ။ နိရောဓသမာပတ် ဝင်စားခိုက် ပုဂ္ဂိုလ်၊ အာသဉ္ဉသတ်ပုဂ္ဂိုလ်တို့၏ စိတ်သည် ခဏတ္တယသို့ ရောက်ဆဲလည်း မဟုတ်ပေ။ ချုပ်ဆဲလည်း မဟုတ်ပေ။

(ထိုပုဂ္ဂိုလ်တို့၌ စိတ်ကို မဖြစ်၍ ထိုဝိဘင်းထွက်ခြင်း ဖြစ်သည်)

(အဘိ - ၆ - ၃ - ၃၀၁ / ၂။ အရကောက် - ၄၅၃)

ဤသဘောအရ ကာမတိဟိတ် ပုထုဇဉ်၏ ခဏာတ္တယသို့ ရောက်ဆဲဖြစ်သော မဟာကုသိုလ် ပဌမစိတ်၌ ဖြစ်ဆဲ ဥပါဒ်စိတ်သည် ခဏာတ္တယသို့ ရောက်ဆဲ ဟုတ်၏။ ချုပ်ဆဲ မဟုတ်ပေ။

ချုပ်ဆဲခဏ၌ဖြစ်သော စိတ်သည် ခဏာတ္တယသို့လည်း ရောက်ဆဲ။ ချုပ်ဆဲလည်း ချုပ်ဆဲ ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၃။ ပကတ္တိစိတ်ကို စိတ္တဃယမိုက် နိဒ္ဒေသ နိဏာဓ ဥပပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	နိဏာဓုပ္ပန္နံ၊	ဝါရပ၊	ပုဂ္ဂလဿသည်၊
၂။	ပဋိလဒ္ဓဿစိတ္တံ၊	ချုပ်စိတ်ပါ၊	ချုပ်ဆဲစိတ်များသည်၊
၃။	ဥ,ဒ္ဒိ,ဘင်အား၊	ရောက်ဆဲလော၊	မေးငြားပြုလျှင်သည်၊
၄။	ဝိသဒ္ဒနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၅။	ဥပါဒ်, ဒ္ဒိ, ဘင်၊	ရောက်နေပင်၊	ချုပ်အင်စိတ်များသည်၊
၆။	ချုပ်ဆဲပေလော၊	ထပ်၍ကား၊	မေးငြားပြုလျှင်သည်၊
၇။	ဥပါဒ်သည်ပါ၊	ခဏပဲ၊	ချုပ်ဆဲမရှိပြီ။
၈။	ဘင်စိတ်သည်ကား၊	နှစ်မျိုးကား၊	ရငြားသိနိုင်သည်။
၉။	ပစ္ဆိမက၊	နိ,အသည်၊	မချရလေသည်။
၁၀။	ကာတိဟိတ်စု၊	ချုပ်ဆဲမှု၊	ပကတရားသည်၊
၁၁။	ဤနည်းတိုင်းသာ၊	မလွဲရာ၊	ကောင်းစွာသိနိုင်သည်။
၁၂။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိရမည်။

၃။ ပကတ္တိစိတ်ကို စိတ္တဃယမိုက် နိဒ္ဒေသ နိဏာဓ ဥပပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း ပြီး၏။

၈။ စိတ္တဃယမိုက် ဤတွင် ရပ်နားပြီ။

၉။ ဓမ္မယမိုက်ဖြင့် ဝေဖန်ခြင်း

၉။ ဓမ္မယမိုက် ။ ။ ဓမ္မယမိုက် ဟူသည် မြတ်စွာဘုရားသည် ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတတရားများကို ဟောကြားတော်မူအပ်သောကြောင့် ဓမ္မယမိုက် ခေါ်သည်။ ဤ၌ ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတတရားများကိုလည်း သိသင့်ပေသေး၏။

၁။ ကုသိုလ်တရား – ကုသိုလ်စိတ် ၂၁–ပါး၊ စေတသိက် ၃၈–ပါးသည် ကုသိုလ်တရား ဖြစ်၏။

၂။ အကုသိုလ်တရား – အကုသိုလ်စိတ် ၁၂–ပါး၊ စေတသိက် ၂၇–ပါးသည် အကုသိုလ်တရား ဖြစ်၏။

၃။ အဗျာကတတရား – ဝိပါက်စိတ် ၃၆–ပါး၊ ကြိယာစိတ် ၂၀–ပါး၊ စေတသိက် ၃၈–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန် တို့သည် အဗျာကတတရား ဖြစ်၏။

ဤဓမ္မယမိုက်၌လည်း ပဝတ္တိ ဥပါဒ် ပစ္စုပ္ပန္န ပုဂ္ဂလ၊ အတိတ ပုဂ္ဂလ၊ အနာဂတ ပုဂ္ဂလဝါဒရ ဟူသော ဒု–ဝါဒကိုသာ ဤ၌ ဖော်ပြပေအံ့။ ထိုတွင် ကသလမူ၊ အဗျာကတမူလိကိုသာ ဖော်ပြပေအံ့။

၁။ ပကုဏ်္ဏကို ဓမ္မယမိုက် ပဝတ္တိ ဥပါဒ် ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၁။ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒ ။ ။ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ ဟူ၍ရှိရာ ပဋိသန္ဓေအခါ၌ ကုသိုလ်တရား မဖြစ်၍ ပဋိသန္ဓေအခါ ကုသိုလ်တရား မရပေ။ ပဋိသန္ဓေစိတ်ဟူသည် အဗျာကတဖြစ်၍ အဗျာကတတရားမူကား ပဋိသန္ဓေအခါလည်း ရပေ၏။

ပဝတ္တိအခါ၌ ကုသိုလ်ပြုသူတို့အား ကုသိုလ်စိတ် ဖြစ်ကြသောကြောင့် ပဝတ္တိအခါ၌သာ ကုသိုလ်တရား ဖြစ်ပေ၏။ ကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည်လည်းကောင်း၊ မြင်သိစိတ်၊ ကြားသိစိတ် စသော ဝိပါက်စိတ်များသည်လည်းကောင်း၊ ရဟန္တာတို့၌ဖြစ်သော ကြိယာစိတ်များသည်လည်းကောင်း အဗျာကတတရားများဖြစ်၍ အဗျာကတတရားသည် ပဝတ္တိအခါ၌လည်း ဖြစ်ပေ၏။ သို့ဖြစ်၍ ကုသိုလ်တရားသည် ပဋိသန္ဓေအခါ၌ မဖြစ်။ ပဝတ္တိအခါ၌သာ ဖြစ်၏။ အဗျာကတတရားသည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်မျိုးလုံး၌ ဖြစ်ပေ၏။ ဤသို့ သိထားကြရမည် ဖြစ်ပေ၏။

ထိုတွင် ပဋိသန္ဓေအခါ ဟူသည်ကား သတ္တဝါတစ်ဦး၏ အစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ကို ပဋိသန္ဓေအခါ ဟူ၍ ဆိုပေ၏။

ထိုပဋိသန္ဓေစိတ်နောင် ပဌမဘဝင်မှစ၍ သေဆုံးကွယ်လွန်ကြသော စုတိစိတ်တိုင်အောင် ပဝတ္တိအခါ ဟူ၍ ဆိုပေ၏။ ဤသို့လည်း သိထားကြရမည် ဖြစ်၏။

ဤပစ္စုပ္ပန္န ပုဂ္ဂလဝါဒရကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ – အကြင် ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်၊ အရဟတ္တဖလဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်တို့အား ကုသိုလ်တရားသည် ဖြစ်ဆဲ။
(ဤ၌ အရဟတ္တဖလဌာန်ကြဉ်ရသည်ကား ရဟန္တာ၌ ကုသိုလ်မဖြစ်၊ ကြိယာသာဖြစ်၍ ကြဉ်ရသည်)

၂။ တဿ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ တိ – ထိုကုသိုလ်တရား ဖြစ်ဆဲပုဂ္ဂိုလ်တို့အား အဗျာကတတရားသည် ဖြစ်ဆဲလား? ဤအမေးခွဲ –

ဝိဿဇ္ဇနာပါဠိ

အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ နော စ တေသံ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။

အရူပဘုံ၌ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အထက်မဂ္ဂင်္ဂာန် ၃-ယောက်၊ အောက်ဖလဌာန် ၃-ယောက်တို့၏ မဟာကုသိုလ်စိတ် ၈-ခု၊ အရူပကုသိုလ် ၄-ခု၊ အထက်မဂ် ၃-ခုတို့၏ တစ်ပါးပါးသော ဖြစ်ဆဲ ကုသိုလ်စိတ်သည် ကုသိုလ်တရား ဖြစ်ဆဲဖြစ်၏။ အဗျာကတတရား ဖြစ်ဆဲ မဟုတ်ပေ။

(အရူပဘုံက ပုဂ္ဂိုလ်များ၏ ကုသိုလ်စိတ်များသည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် အဗျာကတ မရခြင်း ဖြစ်သည်)

ပဋိသန္ဓေကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။ အဗျာကတာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ။

ပဋိသန္ဓေကာရဘုံ၌ဖြစ်သော ပုထုဇဉ် ၄-ယောက်၊ အရဟတ္တဖလဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်တို့၏ ကုသိုလ်စိတ် ၂၁-ပါး၊ စေတသိက် ၃၈-ပါး၊ စိတ္တဇရုပ်တို့၏ တစ်ပါးပါး ဖြစ်ဆဲတရားများသည် ကုသိုလ်တရားလည်း ဖြစ်ဆဲရကုန်၏။ အဗျာကတတရားလည်း ဖြစ်ဆဲရကုန်၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ – အကြင် ပုထုဇဉ် ၄-ယောက်၊ ဖလဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၏ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်တို့၏ တစ်ပါးပါး ဖြစ်ဆဲခဏ၌ဖြစ်သော အဗျာကတတရားသည် ဖြစ်ဆဲ။

၄။ တဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ – ထိုပုဂ္ဂိုလ်တို့အား ကုသိုလ်တရားတို့သည် ဖြစ်ဆဲလား? ဤအမေးခွဲ –

ဝိဿဇ္ဇနာ ပါဠိ

သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ ကုသလဝိပ္ပယုတ္တေ စိတ္တသေ ဥပ္ပါဒက္ခဏေ တေသံ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ နော စ တေသံ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။

ပဋိသန္ဓေအခါ အကြင် ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်တို့၏ ပဋိသန္ဓေစိတ်သည် လည်းကောင်း၊ ပဝတ္တိအခါ အကြင် ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၏ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-ပါး၊ ဧစေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်တို့သည်လည်းကောင်း အဗျာကတတရား ဖြစ်ဆဲ ဖြစ်ကုန်၏။ ကုသိုလ်တရား ဖြစ်ဆဲ မဟုတ်ပေ။

ပဋ္ဌဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ အဗျာကတာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ကုသလာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ။

ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော ပုထုဇဉ် ၄-ယောက်၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်တို့၏ ကုသိုလ်စိတ် ၂၁-ပါး၊ ဧစေတသိက် ၃၈-ပါး၊ စိတ္တဇရုပ်တို့၏ တစ်ပါးပါး ဖြစ်ဆဲတရားများသည် အဗျာကတတရားလည်း ဖြစ်ဆဲ ဖြစ်ကုန်၏။ ကုသိုလ်တရားလည်း ဖြစ်ဆဲ ဖြစ်ကုန်၏။

၅။ ပဋ္ဌာန်းဂါ ။ ။ ပစ္စနိက် နှစ်ဘက်ရကား –

၁။ စုတိအခါ – ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၏ စုတိဆဲစိတ်သည်လည်းကောင်း၊

၂။ ပဝတ္တိအခါ – ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ်တို့၏ ဘင်စိတ်တို့သည်လည်းကောင်း၊

၃။ အရူပဘုံ၌ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့၏ လောဘမူစိတ် ၈-ခု၊ မောဟမူစိတ် ၂-ခု ဟု ဆိုအပ်သော အကုသိုလ်တရားတို့သည်လည်းကောင်း

ကုသိုလ်တရားလည်း ဖြစ်ဆဲ မဟုတ်သလို အဗျာကတတရားလည်း ဖြစ်ဆဲ မဟုတ်ပေ။

(အဘိ – ၆ – တ – ၈ / ၁၀။ အရကောက် – ၄၇၄ / ၄၇၆)

ဤသဘောအရ ကာမသုဂတိ ၇-ဘုံ၌ ပဝတ္တိအခါ ကာမတိဟိတ် ပုထုဇဉ်၏ ဖြစ်ဆဲခဏ၌ ဖြစ်သော မဟာကုသိုလ် ပဌမစိတ်၊ ဧစေတသိက် ၃၈-ပါး၊ စိတ္တဇရုပ်တရားတို့သည် ကုသိုလ်တရားလည်း ဖြစ်ဆဲရသလို အဗျာကတတရားလည်း ဖြစ်ဆဲရသည်ကို သိမြင်နိုင်ကြပေကုန်၏။

ပျက်ဆဲခဏ၌ဖြစ်သော မဟာကုသိုလ် ပဌမစိတ်ကိုကား ကုသိုလ်တရားလည်း ဖြစ်ဆဲမရနိုင်သလို အဗျာကတတရားလည်း ဖြစ်ဆဲ မရနိုင်ပေ။

၁။ ပကုဓိတ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါရဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။	ကုသိုလ်စကြား၊	တရားများ၊	ဟောကြားထား၍သည်၊
၂။	ဓမ္မယမိုက်၊	အမည်လိုက်၊	ခေါ် ထိုက်သိန့်ဝင်သည်။
၃။	ကုန်စင်ဆယ့်တစ်၊	စေသုံးရှစ်၊	မှတ်လစ်ကုသိုလ်ကျ၊
၄။	အကုဆယ့်နှစ်၊	စေနှစ်ခုနှစ်၊	မှတ်လစ်အကုကျ၊
၅။	ထိုမကြွင်းရာ၊	ရုပ်နာမ်မှာ၊	အဗျာဖြစ်လေသည်။
၆။	ပဋိအခါ၊	တွိအခါ၊	နှစ်ခါရှိလေသည်။
၇။	အကုကုမှာ၊	တွိအခါ၊	ဦခါမဖြစ်ပြီ။
၈။	အဗျာကတာ၊	တွိရောပါ၊	ဦပါဖြစ်လေသည်။
၉။	ပဋိလိဆယ့်နှစ်ဖြာ၊	ရဟန္တာ၊	ကြဉ်ကာထား၍သည်၊
၁၀။	ကျန်ပဋိလိပါ၊	ကုသိုလ်ပါ၊	ဖြစ်ဆဲတရားမှာသည်၊
၁၁။	အဗျာတရား၊	ဖြစ်ဆဲလေး၊	မေးငြားလေလျှင်သည်၊
၁၂။	အရူတုံမှာ၊	ဖြစ်ကြရာ၊	ပဋိဃာများဏ်သည်၊
၁၃။	ကုဖြစ်ဆဲမှာ၊	ကုသိုလ်သာ၊	အဗျာမရပြီ။
၁၄။	ပဋိဓေါကာရာ၊	ဘုံဌိမှာ၊	ရဟန္တာကြဉ်၍သည်၊
၁၅။	ကျန်ပဋိလိပါ၊	ကုသိုလ်ပါ၊	ဖြစ်ဆဲများမှာသည်၊
၁၆။	ကုလဲဖြစ်ဆဲ၊	ဗျာသည်လဲ၊	ဖြစ်ဆဲဖြစ်လေသည်။
၁၇။	ပုထုလေးဖြာ၊	ဗိုလ်လေးဖြာ၊	ပဋိဃာများဏ်သည်၊
၁၈။	ဗျာတရားပဲ၊	ဖြစ်ပေါ် ဆဲ၊	ဖြစ်ဆဲများမှာသည်၊
၁၉။	ကုသိုလ်တရား၊	ဖြစ်ဆဲလေး၊	မေးငြားလေလျှင်သည်၊
၂၀။	ခပ်သိမ်းပဋိဃာ၊	ပဋိအခါ၊	နေရာစိတ်နှင့်သည်၊
၂၁။	ပဝတ္တိအခါ၊	ဖြစ်ပေါ် လာ၊	အဗျာတရားသည်၊
၂၂။	အဗျာကတာသာ၊	ဖြစ်ဆဲပါ၊	ကုမှာမဖြစ်ပြီ။
၂၃။	ပဋိဓေါကာရံ၊	ကုရုပ်နာမ်၊	နှစ်တန်ရလေသည်။
၂၄။	လုံးပဋိလိအား၊	စုစိတ်များ၊	ဘင်စီတ်များနှင့်သည်၊
၂၅။	အရူတုံရှု၊	ပဋိလိစု၊	အကုတရားသည်၊
၂၆။	ကုရောဗျာပါ၊	ဖြစ်ဆဲဟာ၊	ရတာမဟုတ်ပြီ။

၂၇။ ကာမဘုံတ၊ တိဟိတ်ပ၊ ပုဂ္ဂလေများ၏ထည်၊
၂၈။ ဖြစ်ပေါ် တေမှု၊ နာမ်ရုပ်စု၊ ပကုတရားထည်၊
၂၉။ ထုရော့ပျောဝတိ၊ ဖြစ်ဆဲအင်၊ သိမြင်ဝိုင်ဝါတြထည်။
၃၀။ တင်္ဘင်္ဂမာမှု၊ ဖြစ်ဆဲဟူ၊ တယ်မူရလိမ့်မည်။
၃၀။ ထမိုတ်မည်သော၊ ဤသဘော၊ ဉာဏ်စောသိရမည်။

၁။ ပကုဓိတ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုစိတ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၂။ အတီတ ပုဂ္ဂလဝါဒ ။ ။ အစမထင် သံသရာတစ်ခွင် ကျင်လည်စဉ်အတွင်း ဉာ–ဘုံက အလုံးစုံသော ပုဂ္ဂိုလ်တွေကို ဘယ်ပုဂ္ဂိုလ် မေးမေး ကုသိုလ်တရား တစ်ပါးပါး ဖြစ်ပူး၏လော? မေးလျှင်လည်း ဖြစ်ပူးသည်သာ ဖြစ်သည်။

မြင်သိစိတ်၊ ကြားသိစိတ် စသော အဗျာကတတရား တစ်ပါးပါး ဖြစ်ပူး၏လော? မေးလျှင်လည်း ဖြစ်ပူးသည်သာ ဖြစ်သည်။ သို့ဖြစ်၍ အနုလောမလည်း အာမန္တာ။ ပဋိလောမလည်း အာမန္တာပင် ဖြစ်သည်။ ပစ္စနိုက်ကား အကြွင်းမဲ့ နတ္ထိ ဖြစ်လေသည်။ ကာမဘုံက တိဟိတ်ပုထုဇဉ်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။

၂။ ပကုစိတ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။ သုံးဆယ့်တစ်ဘုံမှာ၊ ရှိတြရာ၊ သတ္တဝါများကိုသည်၊
၂။ ကုဗ္ဗာတရား၊ ဖြစ်ဖူးလား၊ မေးငြားလေလျှင်သည်၊
၃။ ဝိသဇ္ဇနာ၊ အဖြေမှာ၊ အာမန္တာဖြစ်လေသည်။
၄။ ပစ္စနိုက်သို၊ ကြွင်းမဲ့ရှိ၊ နတ္ထိဖြစ်လေသည်။
၅။ ကာတိဟိတ်လဲ၊ ဤတိုင်းပဲ၊ မလွဲနိုင်လေပြီ။

၂။ ပကုစိတ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

ပကတ္တိတ်ကို ဓမ္မယဒိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါဒိ ။ ။ အနာဂတ ပုဂ္ဂလဝါဒီဖြစ်သည့်အားလျော်စွာ ကုသိုလ်ဖြစ်လတ္တံ့လား? အဗျာကတ ဖြစ်လတ္တံ့လား? ဟု မေးရတော့မည် ဖြစ်၏။ သို့ဖြစ်၍ ကုသိုလ် ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များ၊ အဗျာကတ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များကို သိထားရန် လိုအပ်ပေ၏။

၄။ ကုသိုလ် ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များ ။ ။ ကျွတ်ထိုက်သော ပုထုဇဉ်၊ မကျွတ်ထိုက်သော ပုထုဇဉ်များနှင့် အောက်မဂ္ဂင်္ဂာန် ၃-ယောက်၊ အောက်ဖလင်္ဂာန် ၃-ယောက်တို့အား အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ရှေ့ ဝေါဒါနိတိုင်အောင် ကုသိုလ်စိတ် ဖြစ်လတ္တံ့ ဖြစ်၏။

၅။ အဗျာကတ ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များ ။ ။ ထိုကုသိုလ်စိတ် ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များနှင့် အရဟတ္တမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလင်္ဂာန်ပုဂ္ဂိုလ်တို့အား အရဟတ္တမဂ်ါနန္တရဖိုလ်မှစ၍ နောက်ဆုံး ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် အဗျာကတတရားများ ဖြစ်လတ္တံ့ ဖြစ်လေ၏။ သို့ဖြစ်၍ အဗျာကတတရားက အရဟိသည်ကို သိမြင်နိုင်ပေ၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ ကုသလာမ္မာ ဥပ္ပဇ္ဇိဿန္တိ – အကြင် ကျွတ်ထိုက်၊ မကျွတ်ထိုက် ပုထုဇဉ်များနှင့် အောက်မဂ္ဂင်္ဂာန် ၃-ယောက်၊ အောက်ဖလင်္ဂာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ အနန္တရဖြစ်သော ရှေးဝေါဒါနိတိုင်အောင် ကုသိုလ်တရားတို့သည် ဖြစ်လတ္တံ့။

၂။ တဿ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တိတိ – ထိုကုသိုလ် ဖြစ်လတ္တံ့ ပုဂ္ဂိုလ်တို့အား အဗျာကတတရား ဖြစ်လတ္တံ့လား? ဤအမေးဌ –

ဝိဿဇ္ဇနာ ပါဠိ ။ ။ အာမန္တာ – ဖြစ်လတ္တံ့ ဟုတ်ပါ၏။

ပဋိလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၃။ ယဿ ဝါ ပန အဗျာကတာဓမ္မာ ဥပ္ပဇ္ဇိဿန္တိ – အကြင် ထိုကုသိုလ် ဖြစ်လတ္တံ့ ပုဂ္ဂိုလ်များနှင့် အရဟတ္တမဂ္ဂင်္ဂာန် ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် အရဟတ္တဖလင်္ဂာန်ပုဂ္ဂိုလ် – ဤပုဂ္ဂိုလ်တို့အား အဗျာကတတရားသည် ဖြစ်လတ္တံ့။

၄။ တသ ကုသလာဓမ္မာ ဥပ္ပဇ္ဇိသန္တိတိ – ထိုအဏ္ဏာကတ ဖြစ်လတ္တံ့ပုဂ္ဂိုလ်အား ကုသိုလ် တရားသည် ဖြစ်လတ္တံ့လား? ဤအမေးဌ –

ဝိဿဇ္ဇနာဝါဒီ

အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ တေသံ အဏ္ဏာကတာဓမ္မာ ဥပ္ပဇ္ဇိသန္တိ နော စ တေသံ ကုသလာဓမ္မာ ဥပ္ပဇ္ဇိသန္တိ။

အရဟတ္တမဂ္ဂဉာန်ပုဂ္ဂိုလ်အားလည်းကောင်း၊ အရဟတ္တမဂ်ိန်တွင်ရှိလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် သော အရဟတ္တဖလဉာန်ပုဂ္ဂိုလ်တို့အားလည်းကောင်း အဏ္ဏာကတတရားသည် ဖြစ်လတ္တံ့။ ကုသိုလ်တရားသည် ဖြစ်လတ္တံ့ မဟုတ်ပေ။ (*ရဟန္တာမှာ ကုသိုလ်မဖြစ်။ ကြိယာသာဖြစ်သည်ကို သတိပြုပါ*)

ဤတရေသံ တေသံ အဏ္ဏာကတာ စ ဓမ္မာ ဥပ္ပဇ္ဇိသန္တိ ကုသလာ စ ဓမ္မာ ဥပ္ပဇ္ဇိသန္တိ။

ထိုအရဟတ္တမဂ္ဂဉာန်နှင့် အရဟတ္တဖလဉာန်ပုဂ္ဂိုလ်တို့မှ တစ်ပါးကုန်သော ကျန်ကျွတ်ထိုက်၊ မကျွတ်ထိုက် ပုထုဇဉ်များ၊ အောက်မဂ္ဂဉာန် ၃–ယောက်၊ အောက်ဖလဉာန်ပုဂ္ဂိုလ် ၃– ယောက်တို့အား အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ အနန္တရဖြစ်သော ရှေးဝေဒနီယတိုင်အောင် အဏ္ဏာကတတရားသည်လည်း ဖြစ်လတ္တံ့။ ကုသိုလ်တရား သည်လည်း ဖြစ်လတ္တံ့။

ပဋိနိဒ် ။ ။ ပစ္ဆိမစိတ်ဖြစ်ဆဲဖြစ်သော (ပရိနိဗ္ဗာန်ပြုဆဲဖြစ်သော) ရဟန္တာပုဂ္ဂိုလ်အား အဏ္ဏာကတတရား သည်လည်း ဖြစ်လတ္တံ့ မဟုတ်၊ ကုသိုလ်တရားသည်လည်း ဖြစ်လတ္တံ့ မဟုတ်။

(*အဘိ – ၆ – တ – ၁၆။ အရကောက် – ၄၇၉*)

ဤသဘောအရ ကာမတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အားလည်း အဏ္ဏာကတတရားသည်လည်း ဖြစ်လတ္တံ့။ ကုသိုလ်တရားသည်လည်း ဖြစ်လတ္တံ့သဘောကို ကောင်းစွာ သိမြင်နိုင်ကြပေကုန်၏။

အရဟတ္တမဂ်ရှိ ရဟန္တာဖြစ်မှသာ ဤကုသိုလ်ဖြစ်လတ္တံ့ တရားများ ရပ်စဲတော့မည် ဖြစ်ပေ၏။

၃။ ပကုဏ်တ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ကုသိုလ်တရား၊	ဖြစ်အံ့များ၊	သိထားကြရမည်။
၂။	ရမဂ်ရှေးမှန်၊	မခြားပြန်၊	ဝေါဒါန်တိုင်အောင်သည်၊
၃။	ပုထုဇဉ်များ၊	အောက်မဂ်များ၊	အောက်ဖိုလ်များတို့သည်၊
၄။	ကုသိုလ်ဖြာဖြာ၊	ဖြစ်ဦးမှာ၊	သေချာလှပေသည်။
၅။	အဗျာတရား၊	ဖြစ်အံ့များ၊	ပဋိသန္ဓေများမှာသည်၊
၆။	ပစ္စိတ်ဖြစ်ရာ၊	ရဟန္တာ၊	ချန်ကာထား၍သည်၊
၇။	ကျန်ပဋိသန္ဓေများ၊	ဖြစ်အံ့များ၊	မှတ်သားနိုင်ကြသည်။
၈။	ကုသိုလ်တရား၊	ဖြစ်အံ့များ၊	ပဋိသန္ဓေများမှာသည်၊
၉။	အဗျာတရား၊	ဖြစ်အံ့လား၊	မေးငြားလေလျှင်သည်၊
၁၀။	ဝိသဒ္ဒနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၁၁။	အဗျာထိုထို၊	ဖြစ်အံ့ကို၊	ပဋိသန္ဓေများမှာသည်၊
၁၂။	ကုသိုလ်တရား၊	ဖြစ်အံ့လား၊	မေးငြားလေလျှင်သည်၊
၁၃။	ရမဂ္ဂင်္ဂာ၊	ဖလင်္ဂာ၊	ဗျာသာဖြစ်ပေမည်။
၁၄။	ကျန်ပဋ္ဌာန၊	ကုရောပါ၊	ဗျာပါဖြစ်အံ့ကျ၊
၁၅။	ပစ္စိတ်ဖြစ်ရာ၊	ရဟန္တာ၊	ကုဗျာမဖြစ်ပြီ။
၁၆။	ကာသုဘုံမိ၊	ပကတ္တိ၊	ကာတိများမှာသည်၊
၁၇။	ကုရောဗျာအင်၊	ဖြစ်အံ့ပင်၊	သိမြင်နိုင်ပေသည်။
၁၈။	ပစ်စိတ်ရောက်မှ၊	ဖြစ်အံ့က၊	မချွတ်ပေမည်။
၁၉။	ယမိုက်မည်သော၊	ဤသောော၊	ဉာဏ်စေသိနိုင်သည်။

၃။ ပကုဏ်တ်ကို ဓမ္မယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ဓမ္မယမိုက် ဤတွင် ရပ်နားပြီ။

၁၀။ ဏ္ဍန်ဳိယ ယမိုက်ပြင် ဝေဖန်ခြင်း

၁၀။ ဏ္ဍန်ဳိယ ယမိုက် ။ ။ စက္ခုန္ဒြေ သောတိန္ဒြေ စသော ဏ္ဍန္ဒြေတရားများကို ဟောကြားတော်မူအပ်သောကြောင့် ဏ္ဍန်ဳိယ ယမိုက်ဟူ၍ ခေါ်လေသည်။ ဤဏ္ဍန်ဳိယယမိုက်၌လည်း ပဝတ္တိဥပါဒ ပစ္စယုန္ န ပုဂ္ဂလဝါရ၊ အတီတပုဂ္ဂလဝါရ၊ အနာဂတပုဂ္ဂလဝါရ ဟူသော ၃-ဝါရကိုသာ ပြဆိုသွားပေအံ့။ ထိုတွင် သောမနဿိန္ဒြေမူ ပညိန္ဒြေမူလိကိုသာ ပြဆိုပေအံ့။

ဤဏ္ဍန်ဳိယယမိုက်၌ ပဋိသန္ဓေအခါ၊ စုတိအခါ၊ ပဝတ္တိအခါ ဟူသော အခါ ၃-ပါးလုံးကို ဟောတ်။ ထိုတွင်

၁။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဏ္ဍတ္ထိ၊ ပုရိသ ဟူသော ဏ္ဍန္ဒြေ ၇-ပါးသည် ပဋိသန္ဓေအခါ၊ စုတိအခါကို ဟောတ်။

၂။ ဇီဝိတ၊ သောမနဿ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ မန ဟူသော ဏ္ဍန္ဒြေ ၉-ပါးသည် ပဋိသန္ဓေအခါ၊ စုတိအခါ၊ ပဝတ္တိအခါဟူသော အခါ ၃-ပါးလုံးကို ဟောတ်။

၃။ သုခ၊ ဒုက္ခ၊ ဒေါမနဿ၊ အန္ဒညာတညဿာမိတီ၊ အညိ၊ အညာတာဝိ ဟူသော ဏ္ဍန္ဒြေ ၆-ပါးသည် ပဋိသန္ဓေအခါ၊ စုတိအခါကို မဟော။ ပဝတ္တိအခါကိုသာ ဟောတ်။ ထိုသို့ ပဋိသန္ဓေအခါ၊ စုတိအခါကို မဟောသောကြောင့် ဤဏ္ဍန္ဒြေ ၆-ပါးကို ဤဏ္ဍန်ဳိယယမိုက် ပဝတ္တိဝါရ၌ မဟောပေ။

ဤယခု ပြဆိုမည်ဖြစ်သော သောမနဿိန္ဒြေမူ ပညိန္ဒြေမူလိဟူသော ဏ္ဍန္ဒြေနှစ်ပါးသည် ပဋိသန္ဓေ၊ စုတိ၊ ပဝတ္တိဟူသော အခါ ၃-ပါးလုံး၌ ဖြစ်သည်ကို သတိပြုကြရမည် ဖြစ်ပေ၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

သောမနဿိန္ဒြေမူ - ပညိန္ဒြေမူလိ

အနုလောမ ပုစ္ဆာ, ဝိဿဇ္ဇနာ

၁။ ယဿ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတိ

ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေစိတ် ၂-ခုဖြင့် ပဋိသန္ဓေနေဆဲဖြစ်သော ကာမသုဂတိဘုံမှ ဒွိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အားလုံးအားလည်းကောင်း၊

ပဝတ္တိအခါ အကုသိုလ် သောမနဿ၊ အဟိတ် သောမနဿ၊ ဉာဏသမ္ပယုတ် ကာမာဝစရ သောမနဿ ဟုဆိုအပ်သော ဉာဏ်ကင်းသော သောမနဿ ၁၂-ပါး တစ်ပါးပါးဖြင့် ဖြစ်ဆဲခဏ၌ဖြစ်သော စတုဝေါကာရ ၄-ဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံမှ ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့အားလည်းကောင်း၊

ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် သောမနဿ ပဋိသန္ဓေ ၂-ခု၊ ရူပဝိပါက် သောမနဿ ပဋိသန္ဓေ ၄-ခုဟု ဆိုအပ်သော တိဟိတ်ပဋိသန္ဓေ ၆-ခု တစ်ခုခုဖြင့် ပဋိသန္ဓေစိတ် ဖြစ်ဆဲဖြစ်သော ကာမဘုံ၊ ရူပဘုံက တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန် ၃-ယောက်တို့အား လည်းကောင်း၊

ပဝတ္တိအခါ ဉာဏသမ္ပယုတ် ကာမာဝစရ သောဘဏ သောမနဿ ၆-ခု၊ မဟဂ္ဂုတ် လောကုတ္တရာ သောမနဿ ၄၄-ခုတို့၏ တစ်ခုခု ဖြစ်ဆဲခဏ၌ဖြစ်သော ကာမ၊ ရူပ၊ အရူပဘုံတို့မှ ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက်တို့အား လည်းကောင်း -

သောမနဿိနွေသည် ဖြစ်ဆဲ။

၂။ တသ္မာ ပညိန္ဒြိယံ ဥပ္ပဇ္ဇတီတိ - ထိုသောမနဿ ဖြစ်ဆဲပုဂ္ဂိုလ်တို့အား ပညိန္ဒြိသည် ဖြစ်ဆဲလား?

ဤအမေးခွင်-

ဝိဿဇ္ဇနာ ပါဠိ

သောမနဿေန ဉာဏဝိပ္ပယုတ္တာနံ ဥပပဇ္ဇန္တာနံ , ပဝတ္တေ သောမနဿ သမ္ပယုတ္တ ဉာဏဝိပ္ပယုတ္တ စိတ္တသ ဥပ္ပါဒက္ခဏေ တေသံ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတိ နော စ တေသံ ပညိန္ဒြိယံ ဥပ္ပဇ္ဇတိ။

ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ်၊ ဒွိဟိတ် သောမနဿ ပဋိသန္ဓေစိတ် ၂-ခုဖြင့် ပဋိသန္ဓေနေဆဲ ဖြစ်သော ကာမသုဂတိ ၇-ဘုံမှ ဒွိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား လည်းကောင်း၊

ပဝတ္တိအခါ အကုသိုလ် သောမနဿ ၄-ခု၊ သောမနဿ သန္ဓိစ္ဆာ၊ ဟသိတုပ္ပါဒ်၊ ဉာဏဝိပ္ပယုတ် ကာမာဝစရ သောဘဏ သောမနဿသဟဂုတ် ၆-ခုဟု ဆိုအပ်သော ဤဉာဏ်ကင်းသော သောမနဿ ၁၂-ပါး တစ်ပါးပါး ဖြစ်ဆဲဖြစ်သော စတုဝေါကာရ ၄-ဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံမှ ပုထုဇဉ် ၄-ယောက်၊ ဖလဌာန် ပုဂ္ဂိုလ် ၄-ယောက်တို့အား လည်းကောင်း -

သောမနဿိနွေသည် ဖြစ်ဆဲ၊ ပညိန္ဒြိသည် ဖြစ်ဆဲ မဟုတ်။

သောမနဿေန ဉာဏသမ္ပယုတ္တာနံ ဥပပဇ္ဇန္တာနံ ပဝတ္တေ သောမနဿ သမ္ပယုတ္တ ဉာဏသမ္ပယုတ္တ စိတ္တသ ဥပ္ပါဒက္ခဏေ တေသံ သောမနဿိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ။ ပညိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ။

ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် သောမနဿ ပဋိသန္ဓေစိတ် ၂-ခု၊ ရူပဝိပါက် သောမနဿ ပဋိသန္ဓေ ၄-ခုဟု ဆိုအပ်သော တိဟိတ်သောမနဿ ပဋိသန္ဓေ ၆-ခု တစ်ခုခုဖြင့် ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏ္ဏာတိုင်အောင်သော ရူပါဝစရ ၉-ဘုံမှ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား လည်းကောင်း၊

ပဝတ္တိအခါ ဉာဏသမ္ပယုတ် ကာမာဝစရ သောဘန သောမနဿသဟဂုတ် ၆-ခု၊ မဟဂ္ဂုတ် လောကုတ္တရာ သောမနဿ ၄၄ - ခုတို့၏ တစ်ပါးပါး ဖြစ်ဆဲ ဖြစ်ကုန်သော စတုဝေါကာရ ၄-ဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံမှ ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့အား လည်းကောင်း၊

သောမနဿိနွေသည်လည်း ဖြစ်ဆဲ၊ ပညိန္ဒြိသည်လည်း ဖြစ်ဆဲ။

ပဋိလောမ ပုစ္ဆာ , ဝိဿဇ္ဇနာ

၃။ ယသ္မာ ဇာ ပန ပညတ္တိယံ ဥပ္ပဇ္ဇတိ – အကြင် ပဋိသန္ဓေအခါ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက်။ ပဝတ္တိအခါ ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ်တို့အား ပညတ်နှင့်သည်ဖြစ်ဆဲ။

၄။ တသ္မာ သောမနဿိတ္တိယံ ဥပ္ပဇ္ဇိဿတီတိ – ထိုပညတ်နှင့်ဖြစ်ဆဲသော ပုဂ္ဂိုလ်တို့အား သောမနဿိတ်နှင့်သည် ဖြစ်ဆဲလား? ဤအမေးဌာ –

ဝိဿဇ္ဇနာ ပါဠိ

ဉာဏသမ္ပယုတ္တာနံ ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ ပဝတ္တေ ဉာဏသမ္ပယုတ္တ သောမနဿ ဝိပ္ပယုတ္တ စိတ္တသ ဥပ္ပါဒကွဏေ တေသံ ပညတ္တိယံ ဥပ္ပဇ္ဇတိ နော စ တေသံ သောမနဿိတ္တိယံ ဥပ္ပဇ္ဇတိ။

ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ဥပေက္ခာ ပဋိသန္ဓေ ၂–ခု၊ ရူပဝိပါက် ပဉ္စမဈာန် ဥပေက္ခာ ပဋိသန္ဓေ ၁–ခု၊ အရူပဝိပါက် ပဋိသန္ဓေ ၄–ခု ဟုဆိုအပ်သော တိဟိတ် ဥပေက္ခာ ပဋိသန္ဓေ ၇–ခု တစ်ခုခုဖြင့် ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော အရူပ ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ ၅–ဘုံတို့မှ တိဟိတ် ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက်တို့အားလည်းကောင်း၊

ပဝတ္တိအခါ ဉာဏသမ္ပယုတ် ကာမာဝစရ ဥပေက္ခာ ၆–ခု၊ ပဉ္စမဈာန် ၂၃–ပါးတို့၏ တစ်ပါးပါး ဖြစ်ဆဲခဏ၌ ဖြစ်ကြကုန်သော စတုဝေါကာရ ၄–ဘုံ၊ ပဉ္စဝေါကာရ ၂၆–ဘုံမှ ပုထုဇဉ် ၄–ယောက်၊ အရိယာ ၈–ယောက်တို့အား လည်းကောင်း –

ပညတ်နှင့်သည် ဖြစ်ဆဲ၊ သောမနဿိတ်နှင့်သည် ဖြစ်ဆဲမဟုတ်။

(နှစ်ဘက်ရကား – အနုလောမ နှစ်ဘက်ရှင့် တူလေပြီ)

ပဉ္စနိက် ။ ။ ဘင်စိတ်ခဏ၌ ဖြစ်ကုန်သော ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်တို့အား လည်းကောင်း။

အကုသိုလ် ဥပေက္ခာ ၆–ခု၊ ဒေါသမူဋ္ဌေး၊ အဟိတ် ဥပေက္ခာသဟဂုတ် ၁၄–ခု၊ ကာယဝိညာဏ် ဒွေး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရ သောဘန ဥပေက္ခာ ၆–ခုတို့၏ တစ်ခုခုသောစိတ်၏ ဖြစ်ဆဲခဏ၌ ဖြစ်ကြကုန်သော ပုထုဇဉ် ၄–ယောက်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်တို့အားလည်းကောင်း၊

သောမနဿိတ်နှင့်လည်း ဖြစ်ဆဲမဟုတ်။ ပညတ်နှင့်လည်း ဖြစ်ဆဲမဟုတ်။

(အဘိ – ၆ – တ – ၁၂၁။ အရကောက် – ၅၃၂ / ၃)

ဤသဘောအရ ပဋိသန္ဓေအခါ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာဝိပါက် ပဌမစိတ်ဖြင့် ပဋိသန္ဓေနေဆဲဖြစ်သော ကာမတိဟိတ် ပုဂ္ဂိုလ်အားလည်းကောင်း၊

ပဝတ္တိအခါ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်၏ ဖြစ်ဆဲခဏ၌ဖြစ်သော ကာမတိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်အားလည်းကောင်း၊

သောမနဿိနွှေလည်း ဖြစ်ဆဲ၊ ပညိန္ဒြိသည်လည်း ဖြစ်ဆဲ ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၁။ ပကိဏ်းကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ပုဒ်လင်္ကာများ

၁။ ဣန္ဒြေတရား၊ ဖြတ်ဘုရား၊ ဟောကြားထား၍သည်၊
၂။ ဣန္ဒြိယယမိုက်၊ အမည်လိုက်၊ ခေါ် ထိုက်သိနိုင်သည်။
၃။ ဤကျမ်း၌မှာ၊ ပန်၊ တိ၊ နာ၊ ပုဂ္ဂလာပြပေမည်။
၄။ သောမနတည်၊ ဉာဏ်မူလီ၊ တစ်လီဖော်ပြမည်။
၅။ ဝမ်းမြောက်ဝမ်းသာ၊ သောမနာ၊ ဖြစ်ရာများ၌သည်၊
၆။ ဉာဏ်ပညာတား၊ ဖြစ်ဆဲလား၊ မေးငြားလေလျှင်သည်၊
၇။ ဒွိဟိတ်သောဖြင့်၊ ပဋိဌင်္၊ နေလင့်သူနှင့်သည်၊
၈။ ဉာဏ်ကင်းသောမျှား၊ ဖြစ်နေငြား၊ ပုဂ္ဂိုလ်များမှာသည်၊
၉။ သောတရားသာ၊ ဖြစ်ဆဲပါ၊ ပညာမဖြစ်ပြီ။
၁၀။ တိဟိတ်သောဖြင့်၊ သန္ဓေထင့်၊ နေလင့်သူနှင့်သည်၊
၁၁။ တိဟိတ်သောများ၊ ဖြစ်နေငြား၊ ပုဂ္ဂိုလ်များတို့သည်၊
၁၂။ သောရောဉာဏ်ပါ၊ ဖြစ်ဆဲပါ၊ ကောင်းစွာသိနိုင်သည်။
၁၃။ ပညာဉာဏ်ဖြာ၊ ဖြစ်ဆဲပါ၊ ပုဂ္ဂလာများမှာသည်၊
၁၄။ သောမနတရား၊ ဖြစ်ဆဲလား၊ မေးငြားလေလျှင်သည်၊
၁၅။ ဉာဏ်ယှဉ်ဉာဖြင့်၊ ပဋိဌင်္၊ နေလင့်သူနှင့်သည်၊
၁၆။ ဉာဏ်ယှဉ်ဉာပေကွာ၊ ဖြစ်နေရာ၊ ပုဂ္ဂလာများမှာသည်၊
၁၇။ ပညာသည်သာ၊ ဖြစ်ဆဲပါ၊ သောမှာမဖြစ်ပြီ။
၁၈။ ဘင်စိတ်ခဏာ၊ ဖြစ်ဆဲပ၊ ပုဂ္ဂလများနှင့်သည်၊
၁၉။ ဉာဏ်ကင်းလေငြား၊ ခုခါများ၊ ဖြစ်ငြားသူများသည်၊
၂၀။ ဉာဏ်ရောသောပါ၊ ဖြစ်ဆဲဟာ၊ ဘယ်မှာရလိမ့်မည်။

၂၁။	ကာတိသောပေ၊	ပဋိနေ၊	ထနွေသူနှင့်သည်၊
၂၂။	ပကုဓိတ်ကို၊	ဖြစ်နေဆို၊	ပဂ္ဂိုလ်များတို့သည်၊
၂၃။	ပညာဖြစ်ဆဲ၊	သောဖြစ်ဆဲ၊	လွန်ပဲကောင်းလေသည်။
၂၄။	ယမိုက်မည်သော၊	ဤသဘော၊	ဉာဏ်စောသိနိုင်သည်။

၁။ ပကုဓိတ်ကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ ပကုဓိတ်ကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၂။ အတီတ ပုဂ္ဂလဝါဒ ။ ။ အစဖထင် သံသရာတစ်ခွင်၌ ကျင်လည်ခဲ့ကြစဉ်တွင် ဥဒ-ဘုံအတွင်းရှိ ပုဂ္ဂိုလ်အားလုံး၊ သတ္တဝါအနန္တတို့အား သောမနဿဖြစ်ပူးလား? မေးလျှင်လည်း ဖြစ်ပူးသည်ချည်း ဖြစ်၏။ ဉာဏ်ပညာ ဖြစ်ပူးလား? မေးလျှင်လည်း လောကီဉာဏ်ပညာ ဖြစ်ပူးသည်ချည်း ဖြစ်၏။ သို့ဖြစ်၍ အနုလောမမှာလည်း အာမန္တာ၊ ပဋိလောမမှာလည်း အာမန္တာပင် ဖြစ်လေ၏။ ပစ္စနိုက်ကား အကြွင်းမရှိ၍ နတ္ထိ ထွက်မည် ဖြစ်၏။

ပကုဓိတ် ဖြစ်ဆဲ ကာမတိဟိတ်ပုဂ္ဂိုလ်အား မေးလေလျှင်လည်း အဖြေသည် ဤအတိုင်းပင် ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၂။ ပကုဓိတ်ကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ဘဝသံသရာ၊	လည်ခဲ့ရာ၊	သတ္တဝါများတို့သည်၊
၂။	သောမနတရား၊	ဖြစ်ဖူးလား၊	ဖေးငြားလေလျှင်သည်၊
၃။	လောကီဉာဏ်ကား၊	ဖြစ်ဖူးလား၊	ဖေးငြားလေလျှင်သည်၊
၄။	မဖြစ်ဖူးရာ၊	ပဋိလော၊	မရှိပါ၍သည်၊
၅။	ဝိသဇ္ဇနာ၊	အဖြေမှာ၊	အာမန္တာဖြစ်လေသည်။
၆။	ပစ္စနိုက်သို၊	ကြွင်းမရှိ၊	နတ္ထိဖြစ်လေသည်။
၇။	ကာတိဟိတ်လဲ၊	ဤတိုင်းပဲ၊	မလွဲနိုင်လေဖြို။

၂။ ပကုဓိတ်ကို ဣန္ဒြိယယမိုက် ပဝတ္တိဥပါဒ အတီတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဖန်ခြင်း

၃။ အနာဂတ ပုဂ္ဂလဝါဒ ။ ။ နိဗ္ဗာန်သို့ မရောက်မချင်း ဘဝသံသရာလည်ရဦးမည် ဖြစ်သည်၊ ဖြစ်ကြရဦးမည် ဖြစ်သည်။ ပရိနိဗ္ဗာန်ပြု၍ နိဗ္ဗာန်ရောက်မှပင် သံသရာလည်မှု၊ ဘဝဖြစ်မှု အပြီးရပ်ဆိုင်းသွားမည် ဖြစ်လေသည်။ သို့ဖြစ်၍ ပစ္ဆိမစိတ် ဖြစ်ဆဲခဏ၌ ဖြစ်သော (*ပရိနိဗ္ဗာန်ပြုဆဲဖြစ်သော*) ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး ကျန်ပုဂ္ဂိုလ်အားလုံးကို သောမနဿ ဖြစ်လတ္တံ့လား? ဖြစ်ဦးမှာလား? မေးလျှင်လည်း ဖြစ်လတ္တံ့၊ ဖြစ်ဦးမှာပင် ဖြစ်၏။ လောကီဉာဏ်ပညာတွေ ဖြစ်လတ္တံ့လား? ဖြစ်ဦးမှာလား? မေးလျှင်လည်း ဖြစ်လတ္တံ့၊ ဖြစ်ဦးမှာပင် ဖြစ်၏။ သို့ဖြစ်၍ အနုလောမဖြစ်ဖြစ်၊ ပဋိလောမဖြစ်ဖြစ် အဖြေမှာ အာမန္တာပင် ဖြစ်၏။

ပဉ္ဉနိဂ် ။ ။ ပစ္ဆိမ စုတိစိတ်ဖြစ်ဆဲ (*ပရိနိဗ္ဗာန် ပြုဆဲ*) ရဟန္တာပုဂ္ဂိုလ်အားကား သောမနဿလည်း ဖြစ်လတ္တံ့ မရတော့ပေ။ ပညိန္ဒြေလည်း ဖြစ်လတ္တံ့ မရတော့ပေ။

(*အဘိ - ၆ - တ - ၁၈၀။ အရကောက် - ၅၅၀ / ၁*)

ဤသဘောအရ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အားလည်း ဘဝသံသရာ လည်လေဦးမည် ဖြစ်ရကား၊ ဘဝမဆုံးသေးရကား သောမနဿိန္ဒြေလည်း ဖြစ်လတ္တံ့ပင်တည်း။ ပညိန္ဒြေလည်း ဖြစ်လတ္တံ့ပင်တည်း။

ဘဝတစ်ခုမှာ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ဆဲ၊ ဖြစ်ဦးမည်။ ဉာဏ်ပညာလည်း ဖြစ်ဆဲ၊ ဖြစ်ဦးမည် ဆိုလျှင် အလွန်ကောင်းမြတ်သောဘဝ ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

ဖြစ်လတ္တံ့တွေ၊ ဖြစ်ဦးမှာတွေ မလိုချင်တော့ဘူး ဆိုလျှင်လည်း ပစ္ဆိမစုတိစိတ် ပရိနိဗ္ဗာန်ပြုစိတ်ကို ရအောင် ပြုလုပ်ခြင်းမှတစ်ပါး အခြားမရှိလေတော့ပြီတည်း။

၃။ ပကတိစိတ်ကို ဣန္ဒြိယယမိုက် ပဝတ္တိ ဥပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဘန်ခြင်း၌ ဆောင်ရန်လက်ာများ

၁။ ပစ္ဆိမစိတ်ဖြစ်ရာ၊ ရဟန္တာ၊ ချန်ကာထား၍သည်၊

၂။ အလုံးစုံကို၊ သတ္တဆို၊ ပုဂ္ဂိုလ်များကိုသည်၊

၃။ သောမနဿရား၊ ဖြစ်အံ့လား၊ မေးငြားလေလျှင်သည်၊

၄။ ဉာဏ်ပညာကား၊ ဖြစ်အံ့လား၊ မေးငြားလေလျှင်သည်၊

၅။ ဝိသဇ္ဇနာ၊ အဖြေမှာ၊ အာမန္တာဖြစ်လေသည်။

၆။ ပရိနိဗ္ဗုတာ၊ ရဟန္တာ၊ ဖြစ်မှာမဟုတ်ပြီ။

၇။ ကာတိဟိတ်လဲ၊ ဤတိုင်းပဲ၊ မလွဲသိနိုင်သည်။

၈။	ဝမ်းလဲသာရ၊	ဉာဏ်လဲရ၊	ဘဝမျိုးကားသည်၊
၉။	အလွန်မှပင်၊	တောင်းမြတ်အင်၊	သိမြင်နိုင်ပေသည်။
၁၀။	နိဗ္ဗာန်ရောက်မှ၊	ဖြစ်ဘဝ၊	လွတ်ကြပေလိမ့်မည်။

၃။ ပကုဓိတ်ကို ကုန္ဒြိယယမိုက် ပဝတ္တိ ဥပ္ပါဒ အနာဂတ ပုဂ္ဂလဝါဒဖြင့် ဝေဘန်ခြင်း၊ ပြီး၏။

၁၀။ ကုန္ဒြိယယမိုက် ဤတွင် ရပ်နားပြီ။

၆။ ခြောက်ခုမြောက် ယမိုက်ကျမ်း၊ ဤတွင်ရပ်နားပြီ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၇။ ပဋ္ဌာန်းကျမ်း

၇။ ပကိဏ်တိုက် ပဋ္ဌာန်းကျမ်း ပဋ္ဌာဝါရဖြင့် ဝေဘာန်ခြင်း

၇။ ပဋ္ဌာန်းကျမ်း ။ ။ ဤပဋ္ဌာန်းကျမ်း၌ အဘယ်ကြောင့် ပဋ္ဌာန်းမည်သနည်း? ဟူမူ အထူးထူး အပြားပြား ရှိသော ဟေတု အစရှိသော ပစ္စည်းတို့၏ အစွမ်းဖြင့် ဟောတော်မူအပ်သောကြောင့် ပဋ္ဌာန်း မည်၏။

ဤပဋ္ဌာန်းကျမ်း၌ ပစ္စယနိဒ္ဒေသ၊ ပဋိစ္စဝါရ၊ ပဉ္စဝါရ ဟူ၍ ရှိရာတွင် ဤ၌ ပဉ္စဝါရကို ပြပေအံ့။ ဤပဉ္စဝါရ၌လည်း ကု–ကု၊ ကု–အကု၊ ကု–ဏ္ဍာ စသည်ဖြင့် သင်္ခါများရှိပြန်ရာ မဟာကုသိုလ် ပဌမစိတ် ပါဝင်သော ကုသိုလ်သင်္ခါကို အခြေခံထား၍ ပြပေအံ့။ ထို့နောက် ဝိဘင်္ဂဝါရ၊ သင်္ခါဝါရ ဟူ၍ ရှိပြန်ရာ ဝိဘင်္ဂဝါရကို ပြပေအံ့။

၁။ ပကိဏ်တိုက် ပဋ္ဌာဝါရ ဟေတုပစ္စည်း ဝိဘင်္ဂဝါရဖြင့် ဝေဘာန်ခြင်း

၁။ ဟေတုပစ္စည်း ။ ။ ပညောင်ပင် စသည်တို့၏ အပြစ်သည် မိမိသစ်ပင်တို့အား စည်ပင်ပြန့်ပျံ့းအောင် ကျေးဇူးပြုသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ဟိတ် သုံးပါး၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ် သုံးပါးတို့သည် မိမိနှင့်အတူပြစ်ဘက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့အား စည်ပင်ပြန့်ပျံ့းအောင် ကျေးဇူးပြုခြင်းသဘောသည် ဟေတုပစ္စည်း မည်လေ၏။

ဤဟေတုပစ္စည်း၌ ကု–ကု၊ ကု–ဏ္ဍာ၊ ကု–ကုဏ္ဍာ စသည်ဖြင့် သင်္ခါ ခုနစ်ချက်ရှိရာ ကု–ကုဏ္ဍာ ဟူသော သင်္ခါတစ်ချက်ကိုသာ ပြပေအံ့။

၁။ ပကိဏ်တိုက် ကု–ကုဏ္ဍာ ဟေတုဖြင့် ဝေဘာန်ခြင်း၌ ကိုယ်ကျင့်တရားများ

၁။ ကု–ကုဏ္ဍာ ဟေတု ဝိဓိပါဠိတော်

၁။ ကုသလော ဓမ္မော ကုသလသဿ အဏ္ဍာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဏ္ဍာကတတရားအားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ အနုဝါဒ ပါဠိတော်

ကုသလာဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အလောဘ၊ အဒေါသ၊ အမောဟ ဟုဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါးသည် ဗိမိနှင့် ယှဉ်ဘက်ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ဗိမိကုသိုလ်ဟိတ်ကြောင့်ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ - ၇ - ပ - ၁၃၂၊ အရကောက် - ၉၂၇ / ၈)

ဤသဘောအရ ကုသိုလ်ဟိတ်သုံးပါးက ကျေးဇူးပြုပုံ ၂-ချက်ရှိ၏။

၁။ ဗိမိနှင့်အတူယှဉ်ဘက် ဖြစ်ကုန်သော နာမ်တရားတို့အား ရှင်သန်စည်ပင်နေအောင် ကျေးဇူးပြု၏။

၂။ ဗိမိကုသိုလ်ဟိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အား ရှင်သန်စည်ပင်နေအောင် ကျေးဇူးပြု၏။

ချဲ့ဦးအံ့။ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရာ၌ ဝမ်းမြောက်ဝမ်းသာလည်း ပြုလုပ်၏။ ဉာဏ်နှင့်ယှဉ်၍လည်း ပြုလုပ်၏။ လိုလိုလားလား တက်တက်ကြွကြွလည်း ပြုလုပ်၏။ ထိုအချိန်၌ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ မဟာကုသိုလ် ပဌမစိတ် ဖြစ်လေ၏။

ထိုမဟာကုသိုလ် ပဌမစိတ်၌ ကုသိုလ်စေတသိက် ၃၈-ပါး ယှဉ်လေ၏။ ထို ၃၈-ပါးကုန်သော ကုသိုလ်စေတသိက်တို့၌ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ်သုံးပါး ပါလေ၏။ ထို့ကြောင့် ထိုကုသိုလ်ရှင် ပုဂ္ဂိုလ်၏ သန္တာန်၌ ကုသိုလ်ဟိတ်သုံးပါးဟူသော ဟေတုပစ္စည်း ဖြစ်လျက်နေလေ၏။ ထိုကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားတို့က-

၁။ မဟာကုသိုလ် ပဌမစိတ်ကို ရှင်သန်နေအောင်၊ စည်ပင်နေအောင် ကျေးဇူးပြုပေးနေ၏။ မဟာကုသိုလ် ပဌမစိတ်၌ ယှဉ်သော စေတသိက် ၃၈-ပါးတွင်- စေတနာ၊ သဒ္ဓါ၊ သတိ၊ ကေဂ္ဂတာ၊ ဝိရိယ၊ ဝိတက်၊ ဝိစာရ စသော စေတသိက် နာမ်တရားများလည်း ပါ၏။ ထိုစေတသိက် နာမ်တရားများကိုလည်း ရှင်သန်နေအောင်၊ စည်ပင်နေအောင် ကုသိုလ်ဟိတ်သုံးပါးဟူသော ဟေတုပစ္စည်းက ကျေးဇူးပြုပေးလေ၏။

၂။ ထိုနောက် ကုသိုလ်ရှင်သည် ဗိမိပြုသည့် ကုသိုလ်အားလျော်စွာ ကြီစည်ရ၏၊ ဝေဘန်ရ၏၊ ပိုင်းခြားရ၏၊ စိမံရ၏၊ ခန့်ခွဲရ၏၊ ပြောဆိုရ၏၊ စေခိုင်းရ၏၊ တိုက်တွန်းရ၏၊ သွားလာရ၏၊ လှုပ်ရှားရ၏၊ ရှိုးရ၏၊ စွန့်ကြဲပေးကမ်း လှူဒါန်းရ၏၊ သီလဆောက်တည်ရ၏၊ ဝေယျာဝစ္စ ပြုလုပ်ရ၏၊ တရားနာရ၏၊ ရေစက်ချ အမျှဝေရ၏ စသော ကြီစည် ပြောဆို ပြုလုပ်ရမှုတို့သည်ကား ကုသိုလ်ဟိတ်ကြောင့်ဖြစ်သော အဇ္ဈာကတတရားဟူသော စိတ္တဇရုပ်တို့ကို ရှင်သန်နေအောင်၊ စည်ပင်နေအောင် ကုသိုလ်ဟိတ်သုံးပါးဟူသော ဟေတုပစ္စည်းက ကျေးဇူးပြုပေးခြင်း ဖြစ်လေ၏။

အချုပ်အားဖြင့် ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြသော ကောင်းမှုရှင်တို့၏ သန္တာန်၌ ကုသိုလ်တရားတွေကို ပြုပြီးရင်း ပြုချင်ရင်းဟူသော ကုသိုလ်စိတ်တွေ ထက်သန်လျက် ရှိကြ၏။ ကုသိုလ်ပြုရေး၌ လုံ့လ ဝီရိယတွေ အားကောင်းကြ၏။ စေတနာ သဒ္ဓါတရားတွေ တဖွားဖွား ဖြစ်ပေါ်လျက်ရှိ၏။ စိတ်တွေ ကြည်လင်လျက်ရှိ၏။ ကုသိုလ်ပြုရမှု၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်နေ၏။ ဆန္ဒတွေ ပြင်းလျက်ရှိ၏။ ကုသိုလ်ပြုဖို့ကိုသာ ကြံစည်နေ၏။ သုံးသပ်နေ၏။ အကောင်းဆုံးကုသိုလ်ကို ပြုလုပ်နိုင်ရန် ဉာဏ်ရည်ဖွံ့ဖြိုးလျက်နေ၏။ ယင်းသို့ နာမ်တရားများ ဖြစ်ကြသည့်အတိုင်းပင် ရုပ်ခန္ဓာကိုယ်ကလည်း ပြောဆိုတိုက်တွန်း၏။ သွားလာလှုပ်ရှား၏။ မောရပန်းရမှန်း မသိ။ အားစိုက်ခွန်စိုက် ပြုလုပ်နေ၏။ ဤသို့ဖြစ်ရမှုသည် ကုသိုလ်ဟိတ်သုံးပါးဟူသော ဟေတုပစ္စည်းက ကျေးဇူးပြု၍ ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

၁။ ပကိဏ်းကျမ်း ပဋ္ဌာဝါရ ဟေတုပစ္စည်းဖြင့်ဝေဘန်ခြင်း၌ ဆောင်ရန်လက်ံများ

၁။	ထူးထူးပြားပြား၊	ဟေစပြား၊	တရားများဖြင့်သည်၊
၂။	ဉာဏ်တွေ့ရှင်လန်း၊	ဟောအပ်မှန်း၊	ပဌာန်းခေါ်ရထည်။
၃။	ပဉ္ဉဝါရာ၊	ဝိဘင်္ဂီ၊	ဤမြာပြပေမည်။
၄။	ပကိဏ်တရား၊	ခြေခံထား၊	ထင်ရှားပြပေမည်။
၅။	ရှေးဦးစွာမှု၊	ကြောင်းဟေတု၊	မြတ်ရှုဟောပေသည်။
၆။	သစ်ပင်များတွင်၊	အမြစ်အင်၊	အပင်များကိုထည်၊
၇။	ရှင်သန်နေအောင်၊	စည်ပင်အောင်၊	ပြုဆောင်ပေးထို့သည်၊
၈။	လောဘစရာ၊	ဟိတ်ခြောက်ဖြာ၊	ယှဉ်ရာများကိုသည်၊
၉။	ရှင်သန်နေအောင်၊	စည်ပင်အောင်၊	ပြုဆောင်ပေး၍သည်၊
၁၀။	ဟေတုပစ္စယာ၊	ခေါ်ဆိုတာ၊	ကောင်းစွာသိနိုင်သည်။
၁၁။	ကျေးဇူးပြုတာ၊	နှစ်ချက်ပါ၊	ရှိတာသိရမည်။
၁၂။	ကုဟိတ်တရား၊	ကုနာမ်အား၊	ပြုငြားသိရမည်။
၁၃။	ကုဟိတ်ကြောင့်ပေ၊	ကုရုပ်တွေ၊	ဖြစ်လေသိရမည်။
၁၄။	သာဓကကို၊	ထုတ်၍ကို၊	ပြဆိုပေဦးမည်။
၁၅။	ဒါနစငြား၊	ကုတရား၊	ပြုငြားရဌ်သည်၊
၁၆။	ဉာဏ်ယှဉ် ဝမ်းသာ၊	တက်ကြွကာ၊	ပြုရာများဌ်သည်၊
၁၇။	မဟာကုသလ၊	ပဌမ၊	စိတ္တဖြစ်လေသည်။
၁၈။	ပကိစိတ်ဖြစ်၊	စေသုံးရှစ်၊	စင်စစ်ယှဉ်လေသည်။

၁၉။ စေသုံးရစ်မှာ၊ ကုဟိတ်ဟာ၊ သုံးဖြာပါဝင်သည်။
၂၀။ အလောစပြု၊ ကုဟိတ်စု၊ ပကုစိတ်ကိုသည်၊
၂၁။ ရှင်သန်နေအောင်၊ စည်ပင်အောင်၊ ပြုဆောင်ပေးလေသည်။
၂၂။ စေတနာ, သဒ္ဓါ၊ ဝီရိယာ၊ ပညာများကိုသည်၊
၂၃။ ရှင်သန်နေအောင်၊ စည်ပင်အောင်၊ ပြုဆောင်ပေးလေသည်။
၂၄။ ကြံစည်သမှု၊ ဖြောဆိုမှု၊ ပြုမူများကိုသည်၊
၂၅။ လှုမ္မဒါန်းမှု၊ ရှိခိုးမှု၊ စွန့်မှုများကိုသည်၊
၂၆။ တရားနာမှု၊ မျှဝေမှု၊ စောင့်မှုများကိုသည်၊
၂၇။ သွားသွားလာလာ၊ လှုပ်ရှားတာ၊ ပြုရာများကိုသည်၊
၂၈။ ဤသို့အဟုတ်၊ တလှုပ်လှုပ်၊ စိတ်ရုပ်များကိုသည်၊
၂၉။ ရှင်သန်နေအောင်၊ စည်ပင်အောင်၊ ပြုဆောင်ပေးလေသည်။
၃၀။ ဤသို့မှန်စွာ၊ ဤကမ္ဘာ၊ များစွာလူတို့သည်၊
၃၁။ ကုသိုလ်ကောင်းမှု၊ စပ်ယှဉ်မှု၊ ပြုပြုသမျှသည်၊
၃၂။ လှုပ်လှုပ်ရွရွ၊ ဖြောဆိုကြ၊ ပြုကြသမျှသည်၊
၃၃။ တိုက်တွန်းနေကြ၊ စီမံကြ၊ ပြုကြသမျှသည်၊
၃၄။ ကုတိတ်ရှင်မြူး၊ ဟာပစ္စူး၊ ကျေးဇူးပြု၍သည်၊
၃၅။ ဖြောဆိုကြတာ၊ ပြုကြတာ၊ ကောင်းစွာသိနိုင်သည်။
၃၆။ ပကုစိတ်ရှင်၊ လူတို့တွင်၊ လွန်ပင်ကောင်းမြတ်သည်။

၁။ ပကုစိတ်ကို ပဉ္စဝါရ ဟေတုပစ္စည်းဖြင့် ဝေဘန်ခြင်း ပြီး၏။

၂။ ပကုဓိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် အာရမ္မဏပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ အာရမ္မဏပစ္စည်း ။ ။ ရူပါဂုံ စသော အာဂုံ ၆–ပါးကို အာရမ္မဏပစ္စည်းဟု ဟော်ခြင်း ဖြစ်၏။ အာဂုံ ၆–ပါး၌ ရုပ်တရားလည်း ပါ၏။ နာမ်တရားလည်း ပါ၏။ ယင်းရုပ်နာမ်ဟူသော အာဂုံများကို စိတ်, စေတသိက်ဟူသော နာမ်တရားတွေ ဖြစ်ပေါ်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်၏။

ဆက်ဦးအံ့ ။ လူတို့၏ သန္တာန်၌ စိတ်, စေတသိက်ဟူသော နာမ်တရားတွေ အဆက်မပြတ် တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လျက် နေကြ၏။ ယင်းနာမ်တရားတို့သည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ပေ။ အာဂုံ ၆–ပါးတွင် တစ်ပါးပါးကို အာဂုံပြု၍ ဖြစ်ပေါ်ခြင်း ဖြစ်၏။ အာဂုံနှင့်ကင်း၍ စိတ်, စေတသိက်ဟူသော နာမ်တရား ဖြစ်ပေါ်ရိုး ထုံးစံမရှိပေ။

ထို့ကြောင့် အာဂုံတရားတို့ကို တောင်ဝှေး, ကြိုးတန်းနှင့် တူ၏ဟူ၍ အဋ္ဌကထာဆရာ ဆိုလေ၏။ နာမ်တရား အာဂုံတို့သည် တစ်ခုပြီးမှတစ်ခု ဖြစ်ကြ၍ တောင်ဝှေးနှင့် တူ၏။ ကြိုးဟူသည်ကား ချည်မျှင်တို့ကို စုပေါင်းကျစ်ထားခြင်း ဖြစ်၏။ ရုပ်တရားတို့သည်ကား တစ်ခုတည်း မဖြစ်။ စုပေါင်းဖြစ်ကြ၍ ရုပ်တရားအာဂုံကို ကြိုးတန်းနှင့် တူ၏ ဟု ဆိုခြင်းဖြစ်လေသည်။

အားနည်းသော လူအို , လူမမာ စသော ပုဂ္ဂိုလ်များတို့သည် တောင်ဝှေးကိုလည်းကောင်း၊ ကြိုးတန်းကို လည်းကောင်း ကိုင်ဆွဲ၍ ထရ၊ ရပ်ရ၊ သွားရာဘိသကဲ့သို့ စိတ်၊ စေတသိက် ဟူသော နာမ်တရားတို့သည် အာဂုံ ၆–ပါး တစ်ပါးပါးကို အာဂုံပြု၍၊ အမှီပြု၍၊ ကိုင်ဆွဲ၍ ဖြစ်ပေါ်ကြရသောကြောင့် ရုပ်အာဂုံ၊ နာမ်အာဂုံဟူသော အာဂုံ ၆–ပါးကို တောင်ဝှေး၊ ကြိုးတန်းနှင့်တူ၏ဟု ဆိုရခြင်း ဖြစ်လေသည်။

ဤအာရမ္မဏပစ္စည်း၌ ကု–ကု၊ ကု–အကု အစရှိသည်ဖြင့် သန်း ၉–ချက် ရှိ၏။ ဤ၌ 'ကု–ကု နှင့် ဗျာ–ကု ' သန်း ၂–ချက်ကိုသာ ပြဆိုပေအံ့။

၂။ (က) ကု–ကု အာ

ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ကျေးဇူးပြုပုံကား)

အနုဝါဒပါဠိတော်

၁။ ဒါန ဒတွာ တံ (ပစ္စဝေက္ခတိ) – အလှူကို ပေးလှူပြီး၍ မိမိလှူအပ်သော အလှူကုသိုလ်ကို ဆင်ခြင်၏။

၂။ သီလံ သမာဒိယိတွာ တံ (ပစ္စဝေက္ခတိ) – ငါးပါးသီလ၊ ဆယ်ပါးသီလ ဟူသော သီလတို့ကို ဆောက်တည်ပြီး၍ ထိုသီလကုသိုလ်ကို ဆင်ခြင်၏။

၃။ ဥပေါသထ ကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ - ရှစ်ပါးသီလဟူသော ဥပုသ်သီလကို ဆောက်တည်၍ ထိုဥပုသ်သီလကို ဆင်ခြင်၏။

၄။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ - ရှေးဦး ပိဓိပြုအပ်ပြီးကုန်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဥပုသ်ကုသိုလ်တို့ကို ဆင်ခြင်၏။

၅။ သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ - သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟု ဆိုအပ်သော သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ပိဓိပြုအပ်သော ကုသိုလ်တရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ပြုကုန်၏။

(အဘိ - ၇ - ပ - ၁၃၂။ အရကောက် - ၂၃၆ / ၉)

အထက်ပါ ဒေသနာတော်အရ (၁) ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ - အလှူကို လှူပြီး၍ ထိုအလှူကို ဆင်ခြင်၏ - ၌ အလှူပြုခြင်းဟူသော ဒါနကုသိုလ်အာရုံ ပစ္စည်းတရားက ဆင်ခြင်ခြင်းဟူသော ကုသိုလ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထိုအရ အလှူဒါနပြုကြရာ၌ 'အလှူခံပုဂ္ဂိုလ်၊ အလှူဝတ္ထု၊ စေတနာ၊ အလှူပြုလုပ်မှု' ဟူ၍ ရှိပေရာ ယင်းတို့သည် ဒါနကုသိုလ် အာရုံတွေချည်း ဖြစ်ကြလေကုန်၏။ ဆင်ခြင်ရာ၌ မဟာကုသိုလ်ဉာဏ်သမ္ပယုတ် ဟူသော ဉာဏ်ပညာဖြင့် ဆင်ခြင်မည် ဖြစ်၏။

ထိုသို့ ဉာဏ်ပညာဖြင့် ဆင်ခြင်ရာ၌ အလှူခံပုဂ္ဂိုလ် အပေါ်မှာလည်း ကြည်ညိုမှုရှိ၏။ အလှူဝတ္ထုအပေါ်မှာလည်း အားရကျေနပ်မှု ရှိ၏။ မိမိစေတနာ၏ ထက်သန်ပြုစင်မှု အပေါ်မှာလည်း ကျေနပ်နှစ်သက်မှု ရှိ၏။ စိတ်ပါလက်ပါ အားရပါးရ လိုလိုလားလား လှူဒါန်းမှု ပြုလိုက်ရမှု အပေါ်မှာလည်း ကျေနပ်အားရမှု ဖြစ်၏။

ထိုအခါ ထိုအချိန်၌ ဒါနကုသိုလ်ပြုခြင်း ဟူသော ကုသိုလ်အာရုံက ဆင်ခြင်သော မဟာကုသိုလ်ဉာဏ်သမ္ပယုတ်ဟူသော ကာမကုသိုလ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

ထိုအရ ပစ္စည်းကုသိုလ်၊ ပစ္စယုပ္ပန်ကုသိုလ် ဟူ၍ ရှိလေရာ ပစ္စည်းကုသိုလ် ကောင်းမွန်ရန် လိုအပ်သည်ကို သတိပြုသင့်ကြပေ၏။

အလှူခံပုဂ္ဂိုလ်ကိုလည်း နှစ်သက်စွာ ကြည်ညိုတတ်ရမည် ဖြစ်၏။ အလှူဝတ္ထုကိုလည်း သန့်ရှင်းစေရမည် ဖြစ်၏။ ပုဗ္ဗ, မုဉ္စ, အပရဟူသော စေတနာ ၃-တန်သည်လည်း ထက်သန်ပြုစင်ရမည် ဖြစ်၏။ ဉာဏ်နှင့်ယှဉ်၍ လိုလိုလားလား စိတ်ပါလက်ပါ အားပါးတရ လှူဒါန်းရမည် ဖြစ်၏။ ယင်းသို့ လှူလျှင် ထိုအလှူသည် သန့်ရှင်းကောင်းမွန်သော ဒါနကုသိုလ်အာရုံ အဖြစ်သို့ ရောက်သွားမည် ဖြစ်၏။ ယင်းအလှူကို အာရုံပြုမိတိုင်း၊ ဆင်ခြင်မိတိုင်း၊ စဉ်းစားမိတိုင်း ဝမ်းသာခြင်း၊ အားရခြင်း၊ ကျေနပ်ခြင်း၊ ကြည်လင်ခြင်း စသော ကုသိုလ်တရားများ တဖွားဖွား တိုးပွားလာမည် ဖြစ်၏။ သို့ဖြစ်၍ အာရုံပစ္စည်း ကောင်းမွန်သလောက် အာရမ္မဏိက ပစ္စယုပ္ပန်တရား ကောင်းမွန်နိုင်သည်ကို သိမြင်နိုင်ကြပေကုန်၏။

(၃) ဥပေါသထ ကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ – ဥပုသ်စောင့်သုံးပြီး၍ ထိုဥပုသ်ကို ဆင်ခြင်၏ – ၌ ဥပုသ်စောင့်သုံးခြင်းဟူသော ကုသိုလ်အာရုံက ဆင်ခြင်ခြင်းဟူသော ကာမကုသိုလ်အာရုံအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤ၌လည်း အာရုံကုသိုလ် ကောင်းမွန်ရန် လိုအပ်ပေ၏။ အာရုံကုသိုလ် ကောင်းမွန်သလောက် ထို ကောင်းမွန်သော အာရုံကို ဆင်ခြင်မှု ပြုရသော အာရမ္မဏိက ပစ္စယုပ္ပန်တရား ကောင်းမွန်မည် ဖြစ်ပေ၏။

ဥပမာအားဖြင့် ဗိမိအိပ်၌ရှိသော ဘုရားနှင့် ဘုရားခန်းကို သန့်သန့်ရှင်းရှင်း မွန်မွန်မြတ်မြတ် ပူဇော်ထား လျှင် ဘုရားခန်းကို ပူးမြင်ရသူတို့မှာ နှစ်သက်မှု၊ ကြည်ညိုမှု၊ စိတ်ကြည်လင်မှုများ၊ အားရကျေနပ်မှုများ ဖြစ်ရှိ ကြမည် ဖြစ်၏။ မသန့်မရှင်း၊ မတင့်မတယ် ဘုရားခန်းကို ပူးမြင်ရလျှင်ကား နှစ်သက်ကျေနပ်မှု ဖြစ်ကြမည် မဟုတ်ပေ။ ဤအတူ ဥပုသ်စောင့်ရာ၌လည်း ဗိမိစောင့်အပ်သော ဥပုသ်သီလသည် ကျကျနန ဥပုသ်သီလမျိုး ဖြစ်လျှင် ထိုဥပုသ်သီလကို ဆင်ခြင်မိတိုင်း စိတ်ထဲမှာ ကြည်လင်ဝမ်းမြောက်ကြရမည် ဖြစ်၏။ အားရကျေနပ်မှု ဖြစ်ကြမည် ဖြစ်၏။ ဖြစ်ကတတ်ဆန်း ဥပုသ်ဆိုလျှင်လည်း ဆင်ခြင်မိတိုင်း ဖြစ်ကတတ်ဆန်း စိတ်တွေသာ ဖြစ်နေမည် ဖြစ်၏။

ဤနည်းတူစွာ ဒါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းအပ်သော ဂိုးပါးသီလတို့ကို စောင့်ထိန်းမှုတို့ကိုလည်း သိမြင်နိုင်ကြပေကုန်၏။

၅။ သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ – သေက္ခပုဂ္ဂိုလ် တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ကုသိုလ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဝိပဿနာ ပြုကုန်၏ – ၌ ကုသိုလ်ရှင်သည် ဗိမိပြုအပ်သော ကုသိုလ်တရားကို ဝိပဿနာအနေဖြင့် ရှုပွားပြန်လျှင်လည်း ကုသိုလ်အာရုံ ပစ္စည်းတရားက ဝိပဿနာပွားများသော ကုသိုလ်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပြန်၏။ ကုသိုလ်တရားတွေ တိုးပွားပြန်၏။

ဤ၌ သတိပြုရန်ကား – ဒါန အစရှိသော ကုသိုလ်ကောင်းမှုတွေ ပြုလုပ်၍ ထိုကုသိုလ်ပြုနိုင်မှုကို သာယာမည်။ လောဘဖြစ်မည်။ ထိုကုသိုလ်ပြုနိုင်မှုကို အကြောင်းပြု၍ မာနထောင်မည်။ ဒိဋ္ဌိဖြစ်မည်။ စိတ်ဆင်းရဲမှု ဖြစ်မည်။ မကျေမနပ်တွေ ဖြစ်မည်ဆိုလျှင် ကုသိုလ်အာရုံတရားက အကုသိုလ်ကို ကျေးဇူးပြုလေ၏။ ဤသို့ မဖြစ်အောင် ဝိပဿနာ ရှုပွားနိုင်ရမည် ဖြစ်၏။

ကုသိုလ်အာရုံဟူသော ပစ္စည်းတရားတို့သည်လည်းကောင်း၊ ကုသိုလ်အာရုံကို အာရုံပြု ဆင်ခြင်နေသော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်လည်းကောင်း ဇ၊ မဟုတ်, သူမဟုတ်, ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပေ။ ရုပ်နာမ်မျှသာ ဖြစ်၏။ အကြောင်းတရား, အကျိုးတရားမျှသာ ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တမျှသာ ဖြစ်၏ – စသည် ဝိပဿနာ ရှုပွားနိုင်လျှင် ကုသိုလ်တရားက ဝိပဿနာဉာဏ်ဟူသော ကုသိုလ်ကိုပင် ဖြစ်ပေါ်အောင် ကျေးဇူးပြုသည် ဖြစ်၍ ကုသိုလ်တရားတွေ ပွားများလာသည်ကို သိမြင်နိုင်ကြပေကုန်၏။

ဤ၌ သတိပြုရန်ကား ပစ္စည်း ကုသိုလ်အာရုံ၌လည်း မဟာကုသိုလ် ပဌမစိတ် ပါဝင်သလို ပစ္စယုပ္ပန် ကုသိုလ်၌လည်း မဟာကုသိုလ် ပဌမစိတ် ပါဝင်သည်ကို သိမြင်နိုင်ကြ၏။

ထို့နောက် ဟေတုပစ္စည်း၏ ကျေးဇူးပြုမှု၊ အာရုံပစ္စည်း၏ ကျေးဇူးပြုမှုတို့၏ ထူးခြားချက်ကိုလည်း သတိပြုသင့်၏။

ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံမှာ - ဟိတ်တရားဟူသော နာမ်တရားက နာမ်ရုပ်ဟူသော ပစ္စယုပ္ပန် ကုသိုလ်တရားတို့အား ကျေးဇူးပြု၏။

အာရုံပစ္စည်း၏ ကျေးဇူးပြုပုံမှာ - အာရုံခြောက်ပါးဟူသော ရုပ်နာမ်တရားများက နာမ်ဟူသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပေ၏။

နောက်တစ်ချက် **အထူးသတိပြုရန်ကား** - အာရုံခြောက်ပါးတရား၌ ကွဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဟူ၍ နှစ်မျိုးရှိ၏။ ကွဋ္ဌာရုံကို တွေ့မြင်ရသောအခါ သာယာအပ်သော စိတ်, စေတသိက်၊ ကောင်းသော စိတ်, စေတသိက်တွေ ဖြစ်ကြရ၏။ အနိဋ္ဌာရုံကို တွေ့မြင်ရသောအခါ မသာယာအပ်သော စိတ်, စေတသိက်များ၊ မကောင်းသော စိတ်, စေတသိက်များ ဖြစ်ကြရ၏။

သို့ဖြစ်လျှင် ကွဋ္ဌာရုံတွေကို မည်သူ ဖန်တီးသနည်း? အနိဋ္ဌာရုံတွေကို မည်သူဖန်တီးသနည်း? စစ်ဆေးသင့်ပေ၏။ ကွဋ္ဌာရုံကို ဖန်တီးခြင်းသည်လည်း လူတွေပင် ဖြစ်၏။ အနိဋ္ဌာရုံကို ဖန်တီးခြင်းသည်လည်း လူတွေပင် ဖြစ်၏။

ထို့ကြောင့် မိမိစိတ်သန္တာန်၌ သာယာအပ်သော စိတ်, စေတသိက်တွေ ဖြစ်စေရန်အတွက်လည်းကောင်း၊ ကောင်းမြတ်သော စိတ်,စေတသိက် ဖြစ်စေရန်အတွက်လည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း၊ မိမိနေရာကိုလည်းကောင်း၊ မိမိရပ်ရွာပြို့များ၊ နိုင်ငံများကိုလည်းကောင်း ကွဋ္ဌာရုံများကိုသာ ဖန်တီးသင့်ကြပေ၏။

ထို့ထက် ထိုကွဋ္ဌာရုံများတွင်လည်း ကုသိုလ်တရား တိုးပွားနိုင်သော ကွဋ္ဌာရုံများကို ဖန်တီးသင့်လှပေ၏။

၂။ (က) ပကုဏ်စိတ်ကို က-က အားဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	အာရုံခြောက်ဝ၊	အာရမ္မဏာ၊	ပစ္စယခေါ် လေသည်။
၂။	အာရုံခြောက်တန်၊	အကြောင်းဖန်၊	ရုပ်နာမ်ဖြစ်လေသည်။
၃။	တောင်ဌေးကြိုးဟုန်၊	တူလေတုံ၊	အာရုံဖြစ်လေသည်။
၄။	အားအင်ဆုတ်ငြား၊	လူအိုများ၊	လူနာများတို့သည်၊
၅။	တောင်ဌေးကြိုးစု၊	ဆွဲကိုင်မှု၊	အားပြုရသို့သည်၊
၆။	စိတ်စေခေါ် တုံ၊	နာမ်အဟုန်၊	အာရုံများကိုသည်၊
၇။	အာရုံပြုကာ၊	ဆွဲကိုင်ကာ၊	ဖြစ်လောကြရသည်။
၈။	အာရုံနှင့်ကင်း၊	စိတ်စေထင်း၊	ဖြစ်ခြင်းမရှိပြီ။
၉။	ကုကု၊ ဗျာကု၊	ဤနှစ်ခု၊	ပမ္ဟုပြုပေမည်။

၁၀။	ကုသိုလ်တရား၊	ကုသိုလ်အား၊	ပြုပြားရာ၌သည်၊
၁၁။	ဒါနသီလာ၊	ဘာဝနာ၊	ပြုတာပါဝင်ဆည်။
၁၂။	ပြုထားကုပင်၊	ဖြန့်၍ပင်၊	ဆင်ခြင်လေလျှော်သည်၊
၁၃။	ကုအာရုံမြူး၊	ကုသိုလ်ပူး၊	ကျေးလူးပြုတော့သည်။
၁၄။	တုသိုလ်ပြုမူ၊	အကြောင်းပြု၊	အကုဖြစ်လျှော်သည်၊
၁၅။	အကုဖြစ်တာ၊	အဘယ်မှာ၊	ကောင်းတာဖြစ်လိမ့်မည်။
၁၆။	သို့ဖြစ်၍ငြား၊	ဝိတရား၊	ပွားများကြရမည်။
၁၇။	ဝိပဿနာ၊	ပွားသူမှာ၊	ဉာဏ်ဖြာလာ၍သည်၊
၁၈။	ကုသိုလ်တရား၊	ဆုတ်မသွား၊	ထိုးပွားလာလေထည်။
၁၉။	ကုအာရုံပင်၊	ကောင်းဖို့ပင်၊	လွန်ပင်လိုအပ်သည်၊
၂၀။	ကုအာရုံက၊	ညံ့နေက၊	ကျိုးကညံ့ပေမည်။
၂၁။	ကုအာရုံက၊	ကောင်းမွန်မှ၊	ကျိုးကကောင်းပေမည်။
၂၂။	ကုအာရုံအပ်၊	ကောင်းဖို့ပင်၊	ပြုပြင်ကြရမည်။
၂၃။	အာရုံခြောက်ဝ၊	ရှောင်မရ၊	ရှိကြရာ၌သည်၊
၂၄။	အနိဋ္ဌာရုံ၊	ကန္တာရုံ၊	အစုံရှိလေသည်။
၂၅။	ကန္တာရုံအား၊	ဆင်ခြင်ငြား၊	စိတ်ကားကြည်နူးသည်၊
၂၆။	အနိဋ္ဌာရုံ၊	ဆင်ခြင်တုံ၊	တယ်ပုံကောင်းလိမ့်မည်။
၂၇။	အနိဋ္ဌာဟူ၊	ကန္တာဟူ၊	တယ်သူဖန်တီးသည်၊
၂၈။	လူတွေသာတည်း၊	ပြုလုပ်ပြီး၊	ဖန်တီးကြလေသည်။
၂၉။	အနိဋ္ဌပင်၊	ဖန်တီးအင်၊	ရှောင်ကြဉ်ကြ၍သည်၊
၃၀။	ကန္တကိုသာ၊	ဖန်ခြင်းသာ၊	ပြုတာကောင်းမြတ်သည်။
၃၁။	ကုကန္တဝပင်၊	ဖန်တီးလျှင်၊	ပိုပင်ကောင်းလေသည်။
၃၂။	ကမ္ဘာတစ်လွှား၊	ကုတရား၊	တိုးပွားကြမှသည်၊
၃၃။	သာယာကမ္ဘာ၊	ကြည်ကမ္ဘာ၊	ဧကမ္ဘာဖြစ်ပေမည်။

၂။ (က) ပကုစိတ်ကို ကု–ကု အာ ဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ (ခ) ပကၠဏ်ကို အာရမ္မဏပစ္စည်း ဗျာ-ကု အာ ဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂။ (ခ) ဗျာ - ကု.အာ

ဝိဓိပါဠိတော်

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။

အဗျာကတ တရားသည် ကုသိုလ်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ကျေးဇူးပြုပုံကား)

အနုဝါဒ ပါဠိတော်

၁။ သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ - သေက္ခပုဂ္ဂိုလ်တို့ သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း စက္ခုပသာဒကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ပြုကုန်၏။

သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ - သောတပသာဒကို၊ ဃာနပသာဒကို၊ ဇိဝှါပသာဒကို၊ ကာယပသာဒကို၊ ရူပါရုံတို့ကို၊ သဒ္ဒါရုံတို့ကို၊ ဂန္ဓာရုံတို့ကို၊ ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗာရုံတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ပြုကုန်၏။

(*အဘိ - ၇ - ၁၃၅။ အရကောက် - ၃၈၅*)

အဗျာကတ အာရုံများ ကောင်းရန်လို ။ ။ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ,ကာယပသာဒ ဟူသော ပသာဒရုပ် ၅-ပါး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅-ပါး ဤတရားတို့သည် အဗျာကတတရားတို့ ဖြစ်ကုန်၏။ ယင်းအဗျာကတ တရားများ ကောင်းမွန်နေရန် အထူးလိုအပ်သည်ကို သတိပြုသင့်ကြပေ၏။

ဆက်ဦးအုံ့။ အဗျာကတဖြစ်သော ပသာဒရုပ် ၅-ပါးတွင် စက္ခုပသာဒ၊ သောတပသာဒ ကောင်းမွန်ရန် ပို၍အရေးကြီးပေ၏။ စက္ခုပသာဒဟူသော မျက်စိချို့ယွင်းလျှင်၊ မျက်စိပျက်စီးလျှင် အလွန်နှစ်သက်ဖွယ်၊ ကြည်ညိုဖွယ်ကောင်းသော ဂုဏ္ဍာရုံဖြစ်သော ဘုရားအာရုံ၊ သံဃာအာရုံတို့ကို အဘယ်သို့ ဖူးမြင်နိုင်ပေမည်နည်း? လူ၊ နတ်၊ နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရစေနိုင်သော တရားစာပေများကို အဘယ်သို့ ဖတ်ရှုနိုင်ပါမည်နည်း?

သောတပသာဒဟူသော နားချို့ယွင်းလျှင်၊ နားပျက်စီးလျှင် ပစ္စုပ္ပန်, သံသရာ အကျိုးရှိစေသော တရားများကိုလည်းကောင်း၊ လူ၊ နတ်၊ နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရစေနိုင်သော တရားသံကိုလည်းကောင်း အဘယ်သို့လျှင် နာကြားနိုင်တော့မည်နည်း?

သို့ဖြစ်၍ ကုသိုလ်ရေးကိစ္စနှင့်စပ်၍ ဘုရားနှင့် သံဃာတော်များကို ပူးပြင်နိုင်ရန်အတွက်၊ တရားစာပေများကို ဖတ်ရှုနိုင်ရန်အတွက်၊ တရားတော်များကို နာကြားနိုင်ရန်အတွက် စက္ခုပသာဒ၊ သောတပသာဒဟူသော ကျက်စိနှင့်နှားကို ကောင်းမွန်နေအောင် အထူးဂရုစိုက်သင့်လှပေ၏။

အာရုံ ၅–ပါးတို့တွင် ရူပါရုံနှင့် သဒ္ဒါရုံတို့ကို အထူးဂရုစိုက်သင့်ပေ၏။ ဤ၌ တရား၊ ရာဂ၊ လောဘစသော အကုသိုလ်တရားများ တိုးပွားစေရန်အတွက် ရူပါရုံ၊ သဒ္ဒါရုံတို့ကို ဂရုစိုက်ရမည်ဟု ဆိုလိုသည် မဟုတ်ပေ။ ဘုရားတည်းဟူသော အဆင်းအာရုံ၊ ဘုရားခန်းဟူသော အဆင်းအာရုံ၊ ကျောင်း, ကန်, ဘုရား, ဇရပ်, တန်ဆောင်း, စေတီတော်, ရုပ်ပွားတော်များဟူသော အဆင်းအာရုံ၊ သံဃာဟူသော အဆင်းအာရုံ၊ လူကြီးသူမတို့၏လည်းကောင်း၊ ပညာရှိသူတော်ကောင်းတို့၏လည်းကောင်း၊ သံဃာတော်များ၏လည်းကောင်း ကောင်းသောစကားကို ပြောဆိုခြင်းဟူသော စကားသံ သဒ္ဒါရုံ၊ အကျိုးရှိစေသော ဆုံးမသြဝါဒစကားကို ပြောကြားခြင်းဟူသော စကားသံ သဒ္ဒါရုံ၊ လူ, နတ်, နိဗ္ဗာန် ၃–တန်သော ချမ်းသာကို ရစေနိုင်သော တရားဟောကြားခြင်းဟူသော အသံသဒ္ဒါရုံ – ဤရူပါရုံ၊ သဒ္ဒါရုံတို့ကား ကုသိုလ်တရား တိုးပွားနိုင်သည့်အတွက် လူလောက ကောင်းကျိုးကို ပေးစေနိုင်သည့်အတွက် ဤကဲ့သို့ ရူပါရုံ၊ သဒ္ဒါရုံတို့ကို ပျောက်ကွယ်မသွားအောင်၊ စည်ပင်အောင်၊ ကောင်းမွန်အောင် အထူးဂရုစိုက်ရမည်ကို ဆိုလိုခြင်း ဖြစ်သည်။

ချဲ့ဉီးအံ့ ။ မြန်မာပြည်တစ်လွှားရှိ ရှိကြကုန်သော ရွှေတိုက်စေတီတော်, ကျိုက်ထီးရိုးစေတီတော်, မဟာမြတ်မုနိ စေတီတော်, ဥပ္ပါတသန္တိစေတီတော် စသော စေတီတော်များကို အထူးမွမ်းမံ ပြုပြင် ပြင်ဆင်ထားသည့်အတွက် အလွန်ကြည်ညိုဖွယ် တင့်တယ်သော အသွင်ကို ဆောင်နေရကား ပူးပြင်ရသူတို့မှာ မျက်စိပသာဒ ရှိလှသည်ဖြစ်၍ အထပ်ထပ် အခါခါ ပူးပြင်ကြခြင်းဖြင့် ကုသိုလ်တွေ အခါခါ တိုးပွားကြခြင်းသည် ဘုရားစေတီဟူသော အဆင်းရူပါရုံကို အထူးမွမ်းမံ ပြင်ဆင်ထားသောကြောင့် ဖြစ်၏။

ဗုဒ္ဓဘာသာ အိမ်တိုင်း၊ ကျောင်းတိုင်း၌ ဘုရားရှိကြ၏။ ဘုရားခန်း ရှိကြ၏။ ယင်းဘုရားနှင့် ဘုရားခန်းကို ကြည်ညိုဖွယ်ဖြစ်အောင်၊ တင့်တယ်အောင် ဂရုတစိုက် ပြုပြင်သင့်ကြပေ၏။ ရွှေတိုက်ဘုရားလောက် တင့်တယ်အောင် ပြုပြင်ရမည်ဟု မဆိုလိုပေ။ မိမိတတ်နိုင်သမျှလောက်နှင့် ဘုရားနှင့် ဘုရားခန်းကို သန့်ရှင်းအောင်၊ ကြည်ညိုဖွယ်ဖြစ်အောင် အထူးမွမ်းမံ ပြင်ဆင်သင့်ကြပေသည်။

သို့မှသာ မိမိနှင့်တကွ ဘုရားဖူးသူတို့ စိတ်ကြည်လင် ကြည်ညိုစွာနှင့် ဘုရားကို ရှိခိုးကန်တော့၍ ကုသိုလ်တရားတွေ အခါခါ တိုးပွားကြမည် ဖြစ်ပေ၏။ ထိုဘုရားခန်းရှေ၌ တရားခွေဖွင့်၍ တရားကို ရိုသေစွာနာကြားကြပါမူကား ပြောစရာပင် မလိုတော့ပေ။ အလွန်ပင် ကောင်းမြတ်လှပေ၏။

ယခုခေတ်အခါ ဗုဒ္ဓသာသနာ သူတော်စင်များတို့သည် မိမိတို့ရပ်ရွာ၊ ရပ်ကွက် ဓမ္မာရုံတို့၌ အသံမစဲ ပဌာန်းရွတ်ဖတ်ပွဲကို ပြုလုပ်ကြခြင်း၊ ဓမ္မစကြာတရားရွတ်ဆိုပွဲ ပြုလုပ်ကြခြင်း၊ ဓမ္မကထိကဆရာတော်များကို ပင့်ဖိတ်၍ တရားပွဲ ပြုလုပ်ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်ခြင်း စသော လုပ်ဆောင်ချက်များ တိုးပွားလာလျက်ရှိ၏။ ဤလုပ်ဆောင်ချက်တို့သည်ကား သဒ္ဒါရုံနှင့်စပ်၍ ကုသိုလ်တရား တိုးပွားနိုင်သော သဒ္ဒါရုံများကို ဖန်တီးခြင်းမျိုး ဖြစ်၍ အလွန်ကောင်းမြတ်လှပေ၏။

ယခုခေတ်အခါ ဗုဒ္ဓသာသနာ သူတော်စင်များတို့သည် မိမိတို့ရပ်ရွာ၊ ရပ်ကွက် ဓမ္မာရုံတို့၌ အသံမစဲ ပဌာန်းရွတ်ဖတ်ပွဲကို ပြုလုပ်ကြခြင်း၊ ဓမ္မစကြာတရားရွတ်ဆိုပွဲ ပြုလုပ်ကြခြင်း၊ ဓမ္မကထိကဆရာတော်များကို ပင့်ဖိတ်၍ တရားပွဲ ပြုလုပ်ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်ခြင်း စသော လုပ်ဆောင်ချက်များ တိုးပွားလာလျက်ရှိ၏။ ဤလုပ်ဆောင်ချက်တို့သည်ကား သဒ္ဒါရုံနှင့်စပ်၍ ကုသိုလ်တရား တိုးပွားနိုင်သော သဒ္ဒါရုံများကို ဖန်တီးခြင်းမျိုး ဖြစ်၍ အလွန်ကောင်းမြတ်လှပေ၏။

နည်းပညာထွန်းကားလာသော ယခုလိုခေတ်၌ အကုသိုလ်တရား တိုးပွားနိုင်သော အာရုံများကိုလည်းကောင်း၊ ကုသိုလ်တရား တိုးပွားနိုင်သော အာရုံများကိုလည်းကောင်း အလွယ်တကူ ရရှိနိုင်သော အခြေအနေရှိနေ၏။ သို့ဖြစ်၍ ဘဝတစ်လျှောက်လုံး တရား၊ ရာဂ၊ လောဘ စံသော အကုသိုလ်တရားများကို တိုးပွားစေသော ရုပါရုံ၊ သဒ္ဒါရုံတို့ဖြင့်သာ အချိန်မကုန်သင့်ပေ။

ကုသိုလ်တရားကို တိုးပွားစေနိုင်သော ရုပါရုံ၊ သဒ္ဒါရုံဘက်သို့လည်း အလှည့်ပေးသင့်ပေ၏။ ဤသို့ အလှည့်မပေးပါက ပိဋကတ် လူဘဝကို အချည်းနှီးသောဘဝဖြင့် ကုန်ဆုံးစေရတော့မည် ဖြစ်၏။

မြတ်စွာဘုရားရှင်၏ စကားတော်အရဆိုလျှင် ရဟန်းအဖြစ်သို့ ရောက်လာပြီး မဂ်, ဖိုလ်ကိုလည်း မရ။ မဂ်ဖိုလ် ရရန်လည်း အားမထုတ်သော ရဟန်းကို 'မောဃ ပုရိသ – အချည်းနှီးသော ယောကျ်ား' ဟူ၍ ကဲ့ရဲ့ ပြောဆို တော်မူလေ့ရှိရကား ယခုလည်း 'မောဃ မနုဿ – အချည်းနှီးသော လူ 'ဟူ၍ ပြောဆိုရမည် ဖြစ်ပေ၏။ ထို့ကြောင့် မောဃ မနုဿ အဖြစ်မှ လွတ်အောင် ကြိုးစားသင့်ကြပေ၏။

ဤ၌ သတိပြုရန်အချက် ရှိနေ၏။ ကုသိုလ်တိုးပွားရန် ရည်ရွယ်၍ ဘုရားတည်းဟူသော ရုပါရုံ၊ တရားတည်းဟူသော သဒ္ဒါရုံတို့ကို ကောင်းမွန်အောင် ဖန်တီးပြုပြင်ကြပြီးနောက် ကုသိုလ်ကနေ အကုသိုလ် မဖြစ်ရန် အချက်ကိုလည်း သတိပြုသင့်၏။

ငါ့ဘုရားက သပ္ပါယ်သည်။ ငါ့ဘုရားခန်း တင့်တယ်သည်။ ဤလိုဘုရားခန်းမျိုး တခြားလူတွေ ပြုလုပ်နိုင်မှာ မဟုတ်ဘူး။ တရား ဟောပုံလေးက ကောင်းလိုက်တာ။ အပြောကလည်း ကောင်းလိုက်တာ။ အသံကလည်း ကောင်းလိုက်တာ။ ရုပ်ပုံကလည်း သပ္ပါယ်လိုက်တာ... စသည်ဖြင့် ဝိဝိပြုပြင်ထားအပ်သော ရုပါရုံ၊ သဒ္ဒါရုံတို့ကို အကြောင်းပြု၍ လောဘတွေ၊ မာနတွေ ဖြစ်မည်ဆိုပါက ကုသိုလ်ကနေ အကုသိုလ်ဘက်သို့ ရောက်သွားတတ်လေသည်။

ထိုသို့ မရောက်အောင် စက္ခုပသာဒ၊ သောတပသာဒ စသော ပသာဒတရားများကိုလည်းကောင်း၊ ရုပါရုံ၊ သဒ္ဒါရုံ စသော အာရုံများကိုလည်းကောင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍၊ ရုပ်တရားမျှသာဟူ၍၊ သဒ္ဓါရတရားသာဟူ၍ စသည်ဖြင့် ဝိပဿနာ ရှုပွားရမည် ဖြစ်သည်။ သို့မဟုတ် ဘုရားခန်းရှေ့တွင် ဘုရားကိုရှိခိုး၍၊ သီလခံယူ၍ ဝိဝိနှင့် သင့်လျော်သော ဝိပဿနာတရားကို ပွားများအားထုတ်ရမည် ဖြစ်သည်။ ထို့နောက် တရားတိတ်ခွေကိုဖွင့်၍ တရားနာယူကာ တရား၏ အနှစ်သဘောကို ဆင်ခြင်သုံးသပ်ရမည် ဖြစ်သည်။

ဤသို့ဆိုလျှင် ဝိဝိ၏ ကောင်းမွန်သော စက္ခုပသာဒ၊ သောတပသာဒ ဟူသော အဏ္ဏာကတကို အကြောင်းပြု၍လည်းကောင်း၊ ဝိဝိ၏ တင့်တယ်အောင် ဖန်တီးထားသော ဘုရားတည်းဟူသော ရုပါရုံ၊ တရားတည်းဟူသော သဒ္ဒါရုံဟူသော အဏ္ဏာကတတရားများကို အကြောင်းပြု၍လည်းကောင်း ကုသိုလ်တရားတွေ တိုးပွားလာမည် ဖြစ်ပေသည်။ ယင်းသည် အဏ္ဏာကတတရားက ကုသိုလ်တရားကို အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ သဘော ဖြစ်လေသည်။

ထို့နောက် အာရမ္မဏပစ္စည်း၊ ဟေတုပစ္စည်း ဟူသော နှစ်ပစ္စည်းတို့၏ ဆက်နွယ်သော သဘောကိုလည်း သိသင့်ပေသေးသည်။

ကြည်ညိုဖွယ်အဆင်းရှိသော၊ တင့်တယ်သောအဆင်းရှိသော ရုပ်ပွားတော်၊ စေတီတော်များကို ဖူးမြင်ရသဖြင့်လည်းကောင်း၊ အနှစ်သာရရှိသော၊ ကြည်ညိုဖွယ်ဖြစ်သော တရားတော်ကို နာကြားရသဖြင့်လည်းကောင်း၊ ဝိဝိတ္တိ၏ စိတ်၌ ကြည်ညိုခြင်း, ကြည်နူးခြင်း, ဝမ်းမြောက်ခြင်းနှင့်အတူ အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဟိတ် ၃-ပါးတရားလည်း ဖြစ်ပေါ်၍လာတတ်လေသည်။

ယင်းကုသိုလ်ဟိတ် ၃-ပါး တရားကလည်း ဆက်လက်၍ ကုသိုလ်စိတ်၊ စေတသိက်တရားတွေ ရှင်သန်နေအောင်၊ စည်ပင်နေအောင် သန္ဓိတွေ၊ သတိတွေ၊ ကုသိုလ်ဆန္ဒတွေ စသော ကုသိုလ်စေတသိက်တရားတွေ ရှင်သန်နေအောင်၊ စည်ပင်နေအောင် ထိုရုပ်ခန္ဓာကိုယ်ကိုလည်း ဘုရားရှိခိုးခြင်း၊ တရားကို ရွတ်ဖတ်ခြင်း၊ တရားကို နာကြားစေခြင်း၊ တရားထိုင်ခြင်း၊ သီလခံယူခြင်း စသော ကုသိုလ်ရုပ်တွေ ရှင်သန်နေအောင်၊ စည်ပင်နေအောင် ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြန်လေသည်။

ဤသို့လျှင် ဘုရား၊ တရား၊ သံဃာဟူသော ကုသိုလ်ဖြစ်ဖွယ် အာရုံတို့ကို ကြည်ညိုဖွယ်ဖြစ်အောင်၊ တင့်တယ်ကောင်းမြတ်အောင် ဖန်တီးပြုပြင်ပြီးနောက် ယင်းကြည်ညိုဖွယ်ကောင်းသော ရုတနာသုံးပါး အာရုံများကပင် ဖူးမြင်ကြသူ၊ နာကြားကြသူအပေါင်းတို့အား သန္ဓိ၊ သတိ စသော ကုသိုလ်တရားများကိုလည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဟိတ်တရားများကိုလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြီးနောက် ဆက်လက်၍ ကုသိုလ်ဟိတ်တရားများက ကုသိုလ်နာမ်ရုပ်တွေ ဖြစ်နေအောင် ဟေတုပစ္စယသတ္တိအနေဖြင့်လည်း ကျေးဇူးပြုနေသည်ကို ကောင်းစွာသိမြင်နိုင်ကြပေ၏။ ဤသို့လျှင် အာရမ္မဏပစ္စည်း၊ ဟေတုပစ္စည်းတို့သည် ဆက်နွယ်လျက်ရှိလေ၏။

၂ (ခ) ပကိဏ်ကို အာရမ္မဏပစ္စည်း ပျာ–က အားဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	အာရုံခြောက်စီး၊	ခေါ် ဆိုတည်း၊	အာပစ္စည်းဖြင့်ထည်၊
၂။	အဗျာတရား၊	ကုသိုလ်အား၊	ပြုကြားရဌိသည်၊
၃။	မျက်စိ, နား, နှာ၊	လျှာကာ၊	ပဒဒါမျှားကိုသည်၊
၄။	ရူပါစကြုံ၊	ငါးဖြာပုံ၊	အာရုံများကိုသည်၊
၅။	အနိစ္စ, ဒုက္ခ၊	အနတ္တ၊	ရှုကြရပေမည်။
၆။	ဤသို့မှန်စွာ၊	ဝိပဿနာ၊	ခါခါဖွားလျှင်သည်၊
၇။	အဗျာတရား၊	ကုသိုလ်အား၊	ပြုကြားခေါ် လေသည်။
၈။	လူရွာလောက၊	ဗျာကတ၊	ကောင်းမှတော်ပေမည်။
၉။	မျက်စိနှင့်နား၊	ကောင်းဖို့ကား၊	ဝိုကားလိုအပ်သည်။
၁၀။	မျက်စိကန်းလစ်၊	နားပင်းလစ်၊	လူဖြစ်ရှိုးတော့်သည်။

၁၁။ ဖူးထိုက်လှအစ်၊ ဘုရားရှင်၊ ဖူးမြင်မရဖြို။
၁၂။ အနှစ်ရှိလက်၊ စာပေမြတ်၊ မဖတ်နိုင်တော့ဖြို။
၁၃။ ဘုရားဟောထား၊ မြတ်တရား၊ နာကြားမရဖြို။
၁၄။ သူတော်ကောင်းများ၊ ဆုံးမထား၊ နာကြားမရဖြို။
၁၅။ ထို့ကြောင့်မှန်ပင်၊ ဘုရားရှင်၊ ဖူးမြင်ဖို့ရာသည်၊
၁၆။ ချမ်းသာစေမှန်၊ တရားသံ၊ နာခံဖို့ရာသည်၊
၁၇။ မျက်စိနှင့်နား၊ ကောင်းအောင်များ၊ လေးထားကြရမည်။
၁၈။ အာရုံငါးပုံ၊ ရှုပါရုံ၊ သဒ္ဒါရုံများကိုသည်၊
၁၉။ တင့်တယ်စေမှု၊ ကောင်းအောင်ဟု၊ ဂရုပြုရမည်။
၂၀။ အကုသလာ၊ ပွားဖို့ရာ၊ ပြောတာမဟုတ်ဖြို။
၂၁။ ကုသိုလ်သည်သာ၊ ပွားဖို့ရာ၊ ပြောတာဖြစ်လေသည်။
၂၂။ ဘုရားခန်းများ၊ စေတီများ၊ ရုပ်ပွားများကိုသည်၊
၂၃။ မြတ်စွာဘုရား၊ ဟောကြားထား၊ တရားများကိုသည်၊
၂၄။ တင့်တယ်ဖို့ထင်း၊ ကောင်းဖို့ထင်း၊ ပြောခြင်းဖြစ်လေသည်။
၂၅။ ရတနာသုံးဝ၊ ပျောက်သွားက၊ လောကလူများသည်၊
၂၆။ ရိုင်းရိုင်းစိုင်းစိုင်း၊ အကြမ်းဂိုဏ်း၊ ထင်တိုင်းပေါတော့မည်။
၂၇။ ဒုက္ခတရား၊ အစားစား၊ ဖြစ်ပွားလေတော့မည်။
၂၈။ ထိုသို့ မဖြစ်အောင်၊ သတိဆောင်၊ ကျင့်ဆောင်ကြရမည်။
၂၉။ ရတနာသုံးပါး၊ ကွယ်မသွား၊ တိုးပွားစေရမည်။
၃၀။ သာဓကများ၊ မြန်တစ်လွား၊ ထင်ရှားရှိလေသည်။
၃၁။ ရွှေတိဂုံစေတီ၊ စေတီများ၊ လွန်ငြားသပ္ပါယ်သည်။
၃၂။ မျက်စီပသာဒါ၊ ရှိရှိသာ၊ ခါခါဖူးကြသည်။
၃၃။ ခါခါဖူးရာ၊ ကုသလာ၊ ခါခါတိုးကြသည်။
၃၄။ ဤနိမုန်နာ၊ ထောက်ရှုကာ၊ သူငါများတို့သည်၊
၃၅။ မိမိအိမ်တန်း၊ ဘုရားခန်း၊ မွမ်းမံသင့်ကြသည်။
၃၆။ ကြည်ညိုဖွယ်ပ၊ မြတ်ဗုဒ္ဓ၊ ဖူးရသဖြင့်သည်၊
၃၇။ ဖူးမြင်သူများ၊ ကုတရား၊ တိုးပွားကြပေမည်။
၃၈။ ဘုရားရှေ့မှာ၊ ကြည်ညိုစွာ၊ ထိုင်ကာပြု၍သည်၊

၃၉။	တိတ်ခွေတရား၊	နာနိုင်ကား၊	လွန်ကြားကောင်းပေထည်။
၄၀။	ယခုခေတ်မှာ၊	နည်းပညာ၊	လွန်စွာတိုးတက်သည်။
၄၀။	အကုတရား၊	ထုတရား၊	တိုးပွားဖို့ရာသည်၊
၄၂။	မခက်မပြူ၊	လွယ်တတူ၊	ရယူနိုင်ကြထည်။
၄၃။	ရာဂတဏှာ၊	တိုးပွားရာ၊	ထာယာမှုဖြစ်ထည်၊
၄၄။	လူဘဝအား၊	အချိန်ကား၊	ကုန်ကြားမထင်ပြီ။
၄၅။	ကုသိုလ်ဖန်ဖန်၊	တိုးစေမှန်၊	ဆင်း,သံထက်သို့ထည်၊
၄၆။	အလှည့်တစ်ခါ၊	ပေးဖို့ရာ၊	လွန်စွာထင်ပြတ်သည်၊
၄၇။	မင်္ဂလိစ်တရား၊	လေးမထား၊	ရဟန်းများတိုထည်၊
၄၈။	မောဃပုရိသ၊	ဟူ၍ပ၊	ဗုဒ္ဓကဲ့ရဲ့ထည်၊
၄၉။	ဤနည်းတူစွာ၊	ထာသနာ၊	ကြံလောလူများသည်၊
၅၀။	မောဃမနုဿ၊	လွတ်အောင်ပ၊	ပြုမှတော်ပေမည်။
၅၁။	အဗျာတရား၊	တင့်အောင်များ၊	ပြုကြားရာ၌ထည်၊
၅၂။	အကုသိုလ်တောင်၊	မပွားအောင်၊	ကျင့်ဆောင်ရှိုးမည်။
၅၃။	အာရုံတင့်မှု၊	အကြောင်းပြု၊	အကုဝင်တတ်သည်၊
၅၄။	အကုမဝင်၊	ဝိပသ်ပင်၊	တွင်တွင်ပွားရမည်။
၅၅။	အာရမ္မဏ, ဟေတု၊	ဆက်သွယ်မှု၊	သတိပြုရမည်။
၅၆။	ဘုရားအာရုံ၊	ဖူးဖြင်ကြုံ၊	ကြည်ဖိုသူများသည်၊
၅၇။	ကုဟိတ်တရား၊	ကုတရား၊	တိုးပွားလာလေသည်။
၅၈။	ကုဟိတ်ဖြစ်လာ၊	နာမ်ကျော်ကာ၊	ရုပ်ပါစည်လာသည်၊
၅၉။	နာမ်ရောရုပ်တောင်း၊	ကုသိုလ်ပြောင်း၊	မကောင်းတယ်ရှိမည်။
၆၀။	ဤသို့မှန်လေ၊	အာနဉ်ဟော၊	ဆက်လေသိနိုင်သည်။

၂။ (ခ) ပကိဏ်္ဏကို အာရမ္မဏပစ္စည်း ဗျာ–က အာဖြင့် ဝေဖန်ခြင်း ပြီး၏။

၂။ အာရမ္မဏပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ ပကတ္တိတ်ကို အဓိပတိပစ္စည်း ကု-ကု အာဓိဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၃။ (က) ကု–ကု အာဓိ ။ ။ အဓိပတိ - ဟူသည် အလေးအမြတ်ပြုခြင်း၊ အကြီးအကဲပြုခြင်း - ဟူ၍ အဓိပ္ပါယ်ရ၏။ အဓိပတိသည် အာရုံဃာဓိပတိ၊ သဟဇာတာဓိပတိအားဖြင့် နှစ်မျိုးရှိ၏။ အာရုံဃာဓိပတိ၌ အာရုံက အလေးအမြတ်ပြုထိုက်သော အာရုံမျိုး ဖြစ်ရ၏။ အလေးအမြတ်ပြုထိုက်သော အာရုံကို ဆင်ခြင်သော စိတ်ကလည်း အလေးအမြတ်ပြု၍ပင် ဆင်ခြင်၏။ ဤကု-ကု အာဓိ၌ ဒါန အစရှိသော ကုသိုလ်အာရုံတို့ကလည်း အလေးအမြတ် ပြုထိုက်သော ကုသိုလ်အာရုံ ဖြစ်၏။ ဆင်ခြင်သော ကုသိုလ်စိတ်ကလည်း အလေးအမြတ်ပြု၍ ဆင်ခြင်၏။ ယင်းကို မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထားပေ၏။

ကု–ကု အာဓိ ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။
ကုသိုလ်တရားသည် ကုသိုလ်တရားအား အဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အနုဝါဒပါဠိတော်

အာရုံဃာဓိပတိ - ဒါနံ ဒတ္ဝာ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ တံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ - အလျှူဒါနကို ပြုလုပ်ပြီး၍လည်းကောင်း၊ ဇီးပါးသီလတို့ကို ဆောက်တည်ပြီး၍လည်းကောင်း၊ ဥပုသ်သီလကို စောင့်သုံးပြီး၍လည်းကောင်း ထိုဒါနကုသိုလ်၊ သီလကုသိုလ်၊ ဥပုသ်ကုသိုလ်တို့ကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။

အဓိပ္ပါယ်ကား - 'ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဥပုသ်စောင့်ခြင်းကုသိုလ်' ဟူသော ကုသိုလ်အာရုံက အလေးအမြတ်ပြု၍ ဆင်ခြင်သော ကုသိုလ်အား အာရုံဃာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ - ၇ - ပဋ္ဌာန် - ၁၃၆။ အရကောက် - ၂၈၈ / ၉)

အထက်ဟိ ဒေသနာသဘောအရ မဟာကုသိုလ် ပဌမစိတ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်ထိုက်သော ကုသိုလ်အာရုံ ပစ္စည်းတရားထဲ၌လည်း ပါဝင်သလို၊ အလေးအမြတ်ပြု၍ ဆင်ခြင်သော အာရုံဃာဓိက ပစ္စယုပ္ပန်တရား၌လည်း ပါဝင်လျက်နေလေ၏။

ဤသဘောအရ အာရုံဃာပစ္စည်းနှင့် အဓိပတိပစ္စည်း အဘယ်သို့ ထူးခြားသနည်းဟူမူ - ကုသိုလ်အာရုံဟူသည် အလေးအမြတ်ပြုထိုက်သော အာရုံဖြစ်သော်လည်း အလေးအမြတ်မပြုဘဲ သာမညဆင်ခြင်သောအခါ အာရုံဃာပစ္စည်းအနေဖြင့် ကျေးဇူးပြုပေ၏။ အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ အဓိပတိပစ္စည်းအနေဖြင့် ကျေးဇူးပြုပေ၏။ ဤသို့ ထူးခြားပေ၏။

သောတာပန် အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၌ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာ အာရုံတို့သည် အလွန်အလေးပြုထိုက်သော အာရုံများ ဖြစ်ကြကုန်၏။ ထို့ကြောင့် သောတာပန် အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အလွန်အလေးပြုထိုက်သော လောကုတ္တရာ အာရုံများကို အလွန်အလေးပြု၍ ဆင်ခြင်မှု ပြုကြပေကုန်၏။

ကာမတိဟိတ်ပုထုဇဉ်အဖို့တို့၌ကား မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာအာရုံကို အာရုံပြုနိုင်ခွင့် အခြေအနေ မရှိသည်ဖြစ်ရကား ဒါန၊ သီလ၊ ဘာဝနာဟူသော လောကီကုသိုလ် အာရုံတို့ကိုသာ အလေးထား အာရုံပြု ဆင်ခြင်ရမည် ဖြစ်ပေ၏။

ပိဓိက အလေးထား၍ ဆင်ခြင်သည်ဖြစ်စေ၊ အလေးမထားဘဲ သာမညဆင်ခြင်သည်ဖြစ်စေ ဒါန အစရှိသော ကုသိုလ်အာရုံတို့ကား တိဟိတ်ပုထုဇဉ်တို့အတွက် အလွန်အလေးထား ဆင်ခြင်အပ်၊ ပြုလုပ်အပ်သော ကုသိုလ်အာရုံအဖြစ် တည်ရှိနေမည် ဖြစ်၏။ သာမညဆင်ခြင်လျှင် အာရမ္မဏူပစ္စည်းဖြင့် ကျေးဇူးပြုမည် ဖြစ်ပြီး အလေးထား ဂရုပြုဆင်ခြင်လျှင် အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုမည် ဖြစ်၏။

'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မာစာရိ – တရားကို တကယ်စောင့်လျှင် တရားက တကယ်ပြန်စောင့်သည်' ဟူသော ဒေသနာတော်အတိုင်း တရားကို သာမညစောင့်လျှင် တရားက သာမညပဲ စောင့်မည်ဖြစ်၏။ တရားကို တကယ်စောင့်လျှင် တရားက တကယ်စောင့်မည် ဖြစ်၏ – ဟူသောအချက်ကိုလည်း သတိပြုသင့်ကြပေ၏။

ကုသိုလ်အာရုံဟူသည်လည်း ရုပ်နာမ် သဒ္ဒါရတရားတို့သာ ဖြစ်၏။ သဒ္ဒါရတရားမှန်လျှင်လည်း ပြုပြင်ပေး နေရသော သဘောလည်း ရှိသလို ပြုပြင်ခံရသော သဘောလည်း ရှိလေ၏။ ယင်းပြုပြင်ပေးရသော သဒ္ဒါရသဘော အရ အလေးအမြတ်ပြုထိုက်သော ဒါန အစရှိသော ကုသိုလ်အာရုံများကို ပို၍ပို၍ အလေးအမြတ် ဖြစ်အောင် ပြုပြင်ပေးကြရမည် ဖြစ်၏။ စိမံပေးကြရမည် ဖြစ်၏။ ပန်းတိုးကြရမည် ဖြစ်၏။

ပိဓိပြုလုပ်ထားအပ်သော ကုသိုလ်ကို အာရုံပြု ဆင်ခြင်သောအခါ၌လည်း ပို၍ပို၍ လေးလေးမြတ်မြတ် အာရုံပြု ဆင်ခြင်ကြရမည် ဖြစ်၏။ သို့မှသာ အဓိပတိပစ္စည်းတပ်မည် ဖြစ်၏။

ဤနည်းတူစွာ ဘုရားတည်းဟူသော အာရုံ၊ ဘုရားခန်းတည်းဟူသော အာရုံများကိုလည်း ပိဓိတို့ အစွမ်း ရှိသလောက် မြတ်နိုးပွယ်၊ ကြည်ညိုပွယ် တင့်တင့်တယ်တယ်ဖြစ်အောင်၊ သန့်ရှင်းကြည်လင်အောင် အထူးတလည် မွမ်းမံပြင်ဆင်ပေးသင့်ကြပေ၏။ သို့မှသာ အာရုံလည်း အဓိပတိ၊ အာရမ္မဏာဓိကလည်း အဓိပတိ၊ အကျိုးပေးတော့ လည်း အဓိပတိ ဖြစ်မည် ဖြစ်ပေ၏။

၃။ (က) ပကိဏ်တိုက် အာရမ္မဏာဓိပတိ ကု–ကု အာဓိပြုင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	လေးမြတ်ပြုတိ၊	ကြိုးကဲတိ၊	ဓိပတိခေါ် လေသည်။
၂။	အာဓိ,သဟာဓိ၊	နှစ်ခုရှိ၊	မှတ်သိနိုင်ကြသည်။
၃။	အာဓိတရား၊	မြတ်ဘုရား၊	ဟောကြားထားလေသည်။
၄။	ပြုပြိုးကုအင်၊	ပြန်၍ပင်၊	ဆင်ခြင်ရာ၌သည်၊

၅။	မြတ်နိုးစွာပင်၊	လေးစားအပ်၊	ဆင်ခြင်ပြုလျော်သည်၊
၆။	အာဓိဖြင့်သာ၊	ကျေးလူးဟာ၊	ပြုမှာသေချာသည်။
၇။	သာမညပ၊	ဆင်ခြင်ဂ၊	အာရမ္မဏာဖြစ်ပေမည်။
၈။	သောတာစဖြာ၊	အရိယာ၊	ပဂ္ဂလာများတို့သည်၊
၉။	မဂ်ဖိုလ်တရား၊	နိဗ္ဗာန်အား၊	လွန်ကြားမြတ်နိုးသည်။
၁၀။	ပုထုဇဉ်များ၊	မဂ်ဖိုလ်အား၊	ရငြားမရှိ၍သည်၊
၁၁။	ဒါနသီလာ၊	ဘာဝနာ၊	ကုသလာကိုသာသည်၊
၁၂။	မြတ်နိုးစွာငြား၊	အလေးထား၊	ကြိုးစားပြုရမည်။
၁၃။	အလေးထားရာ၊	မထားရာ၊	ကုသလာမှာသည်၊
၁၄။	ချမ်းသာကိုပေ၊	မှန်မသွေ၊	ပေးစေတတ်၍သည်၊
၁၅။	မြတ်နိုးအပ်ဘိ၊	အာရုံ၏။	တည်ရှိနေပေမည်။
၁၆။	ကုသိုလ်ဖြစ်ဟန်၊	အာရုံမှန်၊	ရုပ်နာမ်ဖြစ်လေသည်။
၁၇။	ရုပ်နာမ်မှန်က၊	သခ်ါရ၊	မချုဖြစ်တော့သည်၊
၁၈။	ပြုပြင်ပေးရ၊	သခ်ါရ၊	သဘောအရသည်၊
၁၉။	သီလကုသိုလ်၊	လှူကုသိုလ်၊	ကုသိုလ်များကိုသည်၊
၂၀။	ပို၍ကောင်းအောင်၊	တင့်တယ်အောင်၊	ပြုဆောင်ပေးရမည်။
၂၁။	အာရုံကိုပင်၊	မြတ်နိုးအင်၊	ဆင်ခြင်ပြုရမည်။
၂၂။	ထိုသို့ဖြစ်ဘိ၊	ဓိပတိ၊	မှတ်သိဖြစ်လေသည်။
၂၃။	ဘုရားခန်းများ၊	ဘုရားများ၊	ကျောင်းများကိုလဲသည်၊
၂၄။	ကြည်ညိုဖွယ်အသွင်၊	ဖြစ်အောင်ပင်၊	ပြုပြင်သင့်ကြသည်၊
၂၅။	ပစ္စည်းလဲဓိ၊	ပန်လဲဓိ၊	ကျိုးဓိဖြစ်ပေမည်။
၂၆။	တရားကိုမူ၊	တကယ်ဟူ၊	စောင့်သူများကိုသည်၊
၂၇။	တရားကလဲ၊	တကယ်ပါ၊	ပြန်ပစောင့်ပေမည်။
၂၈။	တရားကိုမူ၊	သာမန်ဟူ၊	စောင့်သူများကိုသည်၊
၂၉။	တရားကလဲ၊	သာမန်ပါ၊	ပြန်ပစောင့်ပေမည်။
၃၀။	ထိုကြောင့်သာတိ၊	ဓိပတိ၊	ဖြစ်ရှိသင့်ကြသည်။

၃။ (က) ပကုစိတ်ကို အာရမ္မဏာဓိပတိ ကု-ကု အာဓိဖြင့် ဝေဖန်ခြင်း ပြီး၏။

၃။ (ခ) ပကိဏ်ကို သဟဇာတာဓိပတိ ကု-ကုဗျာဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

သဟဇာတာဓိပတိ ကု–ကုဗျာ ။ ။ ပိဝိနှင့် အတူယှဉ်ဘက်တရားတို့အား အဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုမှု သဘောသည် သဟဇာတာဓိပတိပစ္စည်း မည်၏။ ဤ၌ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ အထူးကား – အာရမ္မဏာဓိပတိက အာရုံတရားက အလေးအပြတ်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းတည်း။ သဟဇာတာဓိပတိက ပိဝိနှင့်အတူဖြစ်ဘက်တရားတို့အား အကြီးအကဲ၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းတည်း။ ဤသို့ ထူး၏။ အကြီးအကဲ အဖြစ်ဖြင့် ကျေးဇူးပြုနိုင်သော တရားများသည် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ (ပညာ) ဟူ၍ ၄-ပါး ရှိ၏။ ယင်း ၄-မျိုးသည် တစ်ပြိုင်နက် အကြီးအကဲ ဖြစ်ကြသည် မဟုတ်ပေ။ တစ်ပါးက အကြီးအကဲအဖြစ် တည်ရှိသောအခါ၌ ကျန်သုံးပါးသည် နောက်လိုက်အဖြစ်သာ ပါဝင်လေ၏။ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထားပေ၏။

၃။ (ခ) ကု–ကုဗျာ သဟာဓိ ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ စ အဗ္ယာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း သဟဇာတာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အနုပါဒပါဠိတော်

သဟဇာတာဓိပတိ ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။ (*သဟဇာတာဓိပတိအနေဖြင့် ကျေးဇူးပြုပုံကား*) ကုသိုလ်စိတ် ၂၁-ပါး၌ရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟု ဆိုအပ်သော အဓိပတိ ၄-ပါး တစ်ပါးပါးဟုဆိုအပ်သော ကုသလာဓိပတိသည် ပိဝိနှင့်အတူယှဉ်ဘက်ဖြစ်ကုန်သော ကုသိုလ်တရားတို့အားလည်းကောင်း၊ ဤအဓိပတိတရားကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ – ၇ – ၁၃၆။ အရကောက် – ၃၉၂*)

ဤသဘောအရ ဒိန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဝမ်းမြောက်ဝမ်းသာလည်း ပြုလုပ်၏။ ဉာဏ်ယှဉ်၍လည်း ပြုလုပ်၏။ စိတ်ပါလက်ပါ လိုလိုလားလား တက်တက်ကြွကြွလည်း ပြုလုပ်၏။ ဤအချိန်အခါ၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟူသော မဟာကုသိုလ် ပဌမစိတ် ဖြစ်၏။ ယင်းစိတ်သည် အာရုံဟူသော ပစ္စည်းအဖြစ်ဖြင့်လည်း ပါဝင်၏။ ယင်းအာရုံဖြစ်သော မဟာကုသိုလ် ပဌမစိတ်ကို အလေးအပြတ်ပြု၍ ဆင်ခြင်သောအခါ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ ကုသိုလ်စိတ်, စေတသိက်တရားများသည် ပစ္စယုပ္ပန်တရားများအဖြစ် ပါဝင်ရပြန်၏။ ထိုအခါ၌ မဟာကုသိုလ် ပဌမစိတ်ဟူသော ကုသိုလ်အာရုံ ပစ္စည်းတရားက

မဟာကုသိုလ် ပဌမစိတ်ဟု ဆိုအပ်သော ကုသိုလ်နာမ်တရားအား အာရုံဃာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် မည်ပေ၏။

ထို့နောက် သဟဇာတာဓိပတိ ပစ္စည်းတပ်ဟန်ကား - ကုသိုလ်ပြုမှုကိစ္စ၌ ဆန္ဒသည် ပြင်းပြလာ၏။ ဝီရိယသည် ကြိုးထွားလာ၏။ စိတ်သည် အားကောင်းလာ၏။ ပညာသည် ဉီးဆောင်လာ၏။ ထိုတရားလေးပါး တစ်ပါးပါး ပြင်းပြစွာ ဉီးဆောင်လာသောအခါ၌ သဟဇာတာဓိပတိအနေဖြင့် ဗိမိနှင့် အတူဖြစ်ဘက် နာမ်ရုပ်တရားတို့အား ကျေးဇူးပြုပြန်၏။ အာရုံဃာဓိပတိက နာမ်တရားကိုသာ ကျေးဇူးပြုခြင်းဖြစ်၏။ သဟဇာတာဓိပတိက နာမ်ရော ရုပ်ပါ ကျေးဇူးပြုခြင်း ဖြစ်သည်။

ဉာဏ်နှင့်ယှဉ်၍ ပြုလုပ်သော ကုသိုလ်ကောင်းမှုတို့၌ ဆန္ဒ, ဝီရိယ, စိတ္တ, ပညာများ ပါဝင်သည်ချည်း ဖြစ်၏။ သို့ရာတွင် ထိုပါဝင်မှုသည် သာမည ဖြစ်၏။ အဓိပတိပစ္စည်း မတပ်ပေ။ အဓိပတိပစ္စည်း တပ်ဖို့ရန်ကား ထိုဆန္ဒ, ဝီရိယ, စိတ္တ, ပညာတို့ကို အရှိန်မြှင့်ပေးရမည် ဖြစ်၏။ ဘယ်လောက်အထိ အရှိန်မြှင့်ပေးရမည်နည်း? ဟူမူ ဘယ်လိုအနှောင့်အယှက်၊ ဘယ်လိုအဟန့်အတား၊ ဘယ်လိုအန္တရာယ် ကြုံလာကြုံလာ အသက်သာအသေခံမည်။ ကုသိုလ်ကောင်းမှုကိုကား ရပ်တန့်ပစ်မည်မဟုတ်။ အောင်မြင်ပြီးဆုံးသည်အထိ ပြုလုပ်မည်ဟူ၍ ဤအထိ အရှိန်မြှင့်ပေးရမည် ဖြစ်၏။

သာဓကအားဖြင့် ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ ဘုရားဆုကိုပန်သော သုမေဓရှင်ရသေ့၏ ဘုရားဖြစ်လိုမှု ဆန္ဒပြင်းပြပုံကိုလည်း သိမြင်နိုင်၏။ ကမ်းမမြင် လမ်းမမြင် မဟာသမုဒ္ဒရာ၌ လက်ပစ်ကူးနေသော ဘုရားလောင်း ဇနကမင်းသား၏ လုံ့လဝီရိယ ပြင်းပြပုံကိုလည်း သိမြင်နိုင်ပေ၏။ 'မင်္ဂလာနီဝေါဒ' ဟူ၍ အိမ်ပြန်ပြေးသော ပဘာဝတီမင်းသမီးကို မရရအောင် လိုက်ယူသော ဘုရားလောင်းမင်းကုသ၏ စိတ်ဓာတ်ပြင်းပြမှုကိုလည်း သိမြင်နိုင်ပေ၏။ ဘုရားလောင်း မဟောသဓ၏ ဉာဏ်ပညာဖြင့် သတ္တလောကကို ကယ်တင်ပုံ အကျိုးဆောင်ပုံသဘောကိုလည်း သိမြင်နိုင်ကြပေ၏။

ထိုမှတစ်ဖန် ဇကနိပါတ် ခဒိရကိရိဇာတ်တော်၌ ဘုရားလောင်း ဗာရာဏသိသူဌေးကြီး၏ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလောင်းမှုပြုစဉ် မာရ်နတ်မင်းသည် မီးကျီးခဲ ရဲရဲညီးညီး ပူပူပြင်းပြင်း မီးပုံကြီး ဖန်ဆင်း၍ အန္တရာယ်ပြုလာရာတွင် မီးကျီးခဲတို့ကို နင်း၍ ရဲရဲဝံ့ဝံ့ လျှောက်နင်းမှုပြုသော ပညာဉာဏ်ကိုလည်း သိမြင်နိုင်ကြပေ၏။ သို့ရာတွင် 'ဓာတုးတိုဓောင့် ပြုန်ဓောင့်သေးဘျာ' ဆိုသည့်အတိုင်း မီးကမလောင်ကျွမ်းသည့်အပြင် မီးကျီးခဲက ပဒုမ္မာကြာပင် ဖြစ်၍သွားလေ၏။ အဟောဝတ - သြော် ... အံ့သြဖွယ်ကောင်းပေစွတကား ... ။

ထိုသို့ ကုသိုလ်ပြုမှုကိစ္စ၌ သာမည ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသများ ဖြစ်နေရာမှ အရှိန်မြှင့်၍ အဓိပတိပစ္စည်း တပ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသမျိုး တစ်မျိုးမျိုး ဖြစ်လာရာအခါ၌ စိတ်, ဧစေတသိက်ဟူသော နာမ်တရားတွင်မက ရုပ်တရားပါ ပါဝင်လာရ၏။ နာမ်ရော ရုပ်ရောအားလုံးသည် ယင်းတစ်မျိုးမျိုး ဉီးဆောင်သော အဓိပတိနောက်၌ ရှိကြကာ ယင်းအဓိပတိတရားနှင့်အတူ မိမိရည်ရွယ်သည့်အတိုင်း ပြီးမြောက်သည်အထိ ပြုလုပ်လေတော့၏။ ဤသို့ သဟဇာတာဓိပတိဖြင့် ကျေးဇူးပြုပုံ သဘောကို သိမြင်အပ်ပေ၏။

၃။ (၁) ပကိဏ်ကို သဟဇာတာဓိဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ဖြစ်ပုံမလွဲ၊	ဦးဆောင်မြဲ၊	ကြီးကဲအဖြစ်ဖြင့်သည်၊
၂။	မိမိနှင့်သား၊	အတူသား၊	ယှဉ်ရာများကိုသည်၊
၃။	ကျေးလူးပြုဘို၊	သဟာဓိ၊	ခေါ်ကာသိနိုင်သည်။
၄။	အာဓိ, သဟာဓိ၊	ထူးပုံရှိ၊	မှတ်သိနိုင်ကြသည်၊
၅။	အာဓိမှာထင်း၊	အာရုံနှင်း၊	ပြုခြင်းဖြစ်လေသည်။
၆။	သဟာဓိထင်း၊	ထူးယှဉ်ရင်း၊	ပြုခြင်းဖြစ်လေသည်။
၇။	သဟာဓိမှာ၊	ဦးဆောင်တာ၊	လေးဖြာရှိလေသည်။
၈။	ဆန္ဒ, ဝီရိယ၊	ဝိမံသ၊	စိတ္တဖြစ်လေသည်။
၉။	ဦးဆောင်လေးပါး၊	တစ်ပါးပါး၊	ဆောင်ကြားပြုလျှင်သည်၊
၁၀။	ကျန်သုံးပါးအင်၊	နောက်လိုက်ပင်၊	ပါဝင်ကြလေသည်။
၁၁။	ကျေးလူးပြုရာ၊	အာဓိမှာ၊	နာမ်သာပြုလေသည်။
၁၂။	သဟာဓိမှာ၊	နာမ်ရောပါ၊	ရုပ်ပါပြုလေသည်။
၁၃။	သဟာဓိအား၊	မြတ်ဘုရား၊	ဟောကြားထားလေပြီ။
၁၄။	ကုသိုလ်ဌာရီ၊	ဓိပတိ၊	ကုဓိတရားသည်၊
၁၅။	အတူယှဉ်ကြား၊	နာမ်ရုပ်အား၊	ပြုကြားပေးလေသည်။
၁၆။	ကုသိုလ်ပြုရာ၊	ဉာဏ်ယှဉ်ကာ၊	ပြုရာများဌ်သည်၊
၁၇။	ဆန္ဒ ဝီရိယ၊	ဝိမံသ၊	စိတ္တပါဝင်သည်။
၁၈။	ပါရိုးတံထွာ၊	သာမန်သာ၊	ပါတာဖြစ်လေသည်။
၁၉။	အဓိပတိအနေ၊	ဖြစ်ဖို့ပေ၊	ရှိန်လေဖြင့်ရမည်။
၂၀။	အန္တရာယ်ဖြာဖြာ၊	နှောင့်ယှက်တာ၊	ကြံလောလေလျှင်သည်၊
၂၁။	နောက်ဆုတ်မရှိ၊	မတွန့်ဘိ၊	သေအထိပင်သည်၊
၂၂။	အရှိန်ကိုတိ၊	မြင့်နိုင်ဘိ၊	အဓိဖြစ်လေသည်။
၂၃။	ဆန္ဒပြင်းရာ၊	သုမေဓာ၊	သာဓကာသိနိုင်သည်။
၂၄။	ဝီရိယပ၊	ဇနက္က၊	မုချသိနိုင်သည်။
၂၅။	ပညာဌ်မှာ၊	မဟော်ပါ၊	ဖြစ်တာသိနိုင်သည်။
၂၆။	စိတ္တအရာ၊	မင်းကုသာ၊	သေချာသိနိုင်သည်။

၂၇။ ခဒိရင်၊ ဈာတ်တော်မှာ၊ လောင်းလျှောပုဇ္ဇာားသည်၊
၂၈။ မာရိန္ဒတ်လာရောက်၊ မိုးကျိုးဆောက်၊ မကြောက်စိတ်ဖြင့်သည်၊
၂၉။ အန်တုချိပါ၊ မိုးကျိုးထဲ၊ ရဲရဲဆင်းချိသည်၊
၃၀။ ဉာဏ်ပညာအား၊ သုံးချိများ၊ လှူကြားပြုလေသည်။
၃၁။ မိုးကျိုးများပင်၊ မလောင်အင်၊ ကြာပင်ပေါက်လေသည်။
၃၂။ တရားစောင့်ရှာ၊ တရားဟာ၊ စောင့်တာသိုဝိုင်သည်။
၃၃။ အဓိပတိဂုဏ်၊ ဖြစ်ဟန်ပုံ၊ အစုံသိလောက်ပြီ။

၃ (ခ) ပကုစိတ်ကို သဟာဓိဖြင့် ဝေဖန်ခြင်း ပြီး၏။

အဓိပတိ ပြီး၏။

၄။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ-က္ခ အနန္တရပစ္စည်းဖြင့် ဝေဖန်ခြင်း

၄။ က္ခ–က္ခ အနန္တရပစ္စည်း ။ ။ အနန္တရပစ္စည်း ဟူရာ၌ အကြားမရှိဘဲ ကျေးဇူးပြုမှုသဘောကို အနန္တရပစ္စည်း ဟု ခေါ်၏။ ကုသိုလ်စိတ်ဖြစ်ရာ၌ ကုသိုလ်စိတ်ချည်း အခြားမရှိဘဲ ဂ-ကြိမ် ဆက်ဖြစ်၏။ အကုသိုလ်စိတ်ဖြစ်ရာ၌ အကုသိုလ်စိတ်ချည်း ဂ-ကြိမ် ဆက်ဖြစ်၏။ ကြိယာစိတ်ဖြစ်ရာ၌ ကြိယာစိတ်ချည်း ဂ-ကြိမ် ဆက်ဖြစ်၏။ ယင်းကို ဝိထိစိတ်ဖြစ်စဉ်ဟု ခေါ်၏။ စိတ္တနိယာမဟုလည်း ခေါ်၏။ ဤ၌ က္ခ-က္ခ အနန္တရသဘောကို ပြပေအံ့။

ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရန် ကြံစည်ရာ၌လည်းကောင်း၊ ပြုလုပ်နေစဉ်၌လည်းကောင်း ပြုလုပ်ပြီး၍ ဖိုဖိကုသိုလ်ကို ပြန်လည်ဆင်ခြင်မှု ပြုရာ၌လည်းကောင်း ကုသိုလ်စိတ်သည် အကြိမ်ကြိမ် ဖြစ်၏။ ကုသိုလ်တရားသည် အကြိမ်ကြိမ် ဖြစ်၏။ ယင်းကုသိုလ်စိတ်တွေ အကြိမ်ကြိမ်ဖြစ်တိုင်း၊ ကုသိုလ်တရားတွေ အကြိမ်ကြိမ် ဖြစ်တိုင်းလည်း ကုသိုလ်ဇောတို့သည်လည်း ဂ-ကြိမ်၊ ဂ-ကြိမ်စီ အကြိမ်ကြိမ် စောလေ၏။ ယင်းဇော ဂ-ကြိမ်၌ က္ခ-က္ခ အနန္တရပစ္စည်းသည် ဖြစ်လေ၏။ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူထားပေ၏။

က္ခ–က္ခ အနန္တရ ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ **အနန္တရပစ္စယေန** ပစ္စယော - ကုသိုလ်တရားသည် ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကာမတိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည် ဉာဏ်ယှဉ်၍ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုရာ၌ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ ကုသိုလ်စေတနာဇော ဂ-ကြိမ် ဆက်တိုက် စေသွားလေ၏။ အခြားစိတ်တစ်ခု ကြားဝင်၍ မရပေ။ ယင်းကို ကုသိုလ်တရားက ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုရလေ၏။ ပါဠိတော်မှာ ဤသို့ ပြထားတော်မူ၏။

အနုဝါဒပါဠိတော်

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရာ ပစ္စယေန ပစ္စယော– ရှေးရှေးဖြစ်သော ကုသိုလ်တရားသည် နောက်နောက်ဖြစ်သော ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ကုသိုလ်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် စိတ်ဖြစ်ဥ ဝိထိအရ၊ စိတ္တနိယာမအရ ကုသိုလ်ဇောစိတ် ဂ-ကြိမ် ဆက်တိုက်ဖြစ်သွားလေ၏။ ယင်းကို ဇော ဂ-ကြိမ်စေသည်ဟု ခေါ်၏။ ယင်းဇော ဂ-ကြိမ်အတွင်း မည်သည့်အခြားသော အကုသိုလ်စိတ်၊ ဘဝင်စိတ် စသော စိတ်များမဝင်ရောက်နိုင်ဘဲ အခြားမရှိ ကုသိုလ်စိတ်ချည်း ကုသိုလ်ဇောချည်း ဂ-ကြိမ် ဆက်၍ဖြစ်သွားလေ၏။ ထိုအခါ၌ –

၁။ ပဌမကုသိုလ်ဇောစိတ်သည် ဒုတိယကုသိုလ်ဇောစိတ်အား၊

၂။ ဒုတိယကုသိုလ်ဇောစိတ်သည် တတိယကုသိုလ်ဇောစိတ်အား၊

၃။ တတိယကုသိုလ်ဇောစိတ်သည် စတုတ္ထကုသိုလ်ဇောစိတ်အား၊

၄။ စတုတ္ထကုသိုလ်ဇောစိတ်သည် ပဉ္စမကုသိုလ်ဇောစိတ်အား၊

၅။ ပဉ္စမကုသိုလ်ဇောသည် ဆဋ္ဌကုသိုလ်ဇောအား၊

၆။ ဆဋ္ဌကုသိုလ်ဇောသည် သတ္တမကုဇောအား –

အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤ၌ ပစ္စည်းသည်လည်း နာမ်၊ ပစ္စယုပ္ပန်သည်လည်း နာမ် ဖြစ်၏။ နာမ်သည် နာမ်အား ကျေးဇူးပြုခြင်း ဖြစ်၏။

(အဘိ – ၇ – ပဋ္ဌာန် – ၁၃၇ / ၈။ အရကောက် – ၃၉၆ / ၃၉၈)

ဤ၌ ရှေးရှေးကုသိုလ်ဇောစိတ်သည် ပစ္စည်း၊ နောက်နောက်ကုသိုလ်ဇောစိတ်သည် ပစ္စယုပ္ပန်၏ အဖြစ်ကို သိနိုင်ကြပြီ ဖြစ်၏။ အလွန်လျင်မြန်စွာဖြစ်သော စိတ်တရား၊ နာမ်တရားတို့၏ ဖြစ်စဉ်၌ ဤကား ပစ္စည်း၊ ဤကား ပစ္စယုပ္ပန်၊ ဤကား အနန္တရပစ္စယသတ္တိ ဟူ၍ ကွဲကွဲပြားပြား ပေါ်ကြားနိုင်ခြင်းသည်ကား သဗ္ဗညုဘုရား မိုသာ ပေါ်ကြားတော်မူနိုင်ခြင်း ဖြစ်၏။ သဗ္ဗညုမဟုတ်သော ပုဂ္ဂိုလ်များ ဤသို့သိရန် အလွန်ပဲ ခဲယဉ်းလှပေ၏။

ဗုဒ္ဓဘာသာဝင် သူတော်စင် ပုဂ္ဂိုလ်အပေါင်းတို့သည်ကား ဤသို့ သိမ်မွေ့နုံ့ညံ့လှသော အဘိဓမ္မာသဘောများကို နားလည်ခွင့်၊ သိရှိခွင့် ရရှိနေကြခြင်းသည်ကား သဗ္ဗညုဘုရားရှင်၏ ကျေးဇူးနှင့် ဘုရားရှင်၏ တပည့်သား သံဃာတော်များ၏ ကျေးဇူးကြောင့် ဖြစ်သည်ကို သဘောပေါက်သင့်ကြပေကုန်၏။

၄။ ပကတိတ်ကို ပဉ္စာဝါရ ဝိဘင်္ဂ် က္ခ–က္ခ အနန္တရပြင့် ဝေပန်ခြင်းဌ် ဆောင်ရန်လက်ာများ

၁။	အနုတ်ရ၊	ဟူ၍ပါ၊	ပစ္စယခေါ် ခြင်းသည်၊
၂။	အခြားမရှိ၊	ပြုလေတိ၊	ခေါ် ၏သိမှိုင်သည်၊
၃။	အကုဖြစ်တိုင်း၊	ကုဖြစ်တိုင်း၊	အကြိမ်တိုင်းဌ်သည်၊
၄။	ဇောစိတ်တွေဟာ၊	ခုနစ်ခါ၊	ဆက်ကာဖြစ်လေသည်။
၅။	ယင်းစိတ်ဖြစ်စဉ်၊	ဝိထိအင်၊	ခေါ် တွင်ရလေသည်။
၆။	စိတ္တနိယာမ၊	ဟူ၍ပါ၊	ခေါ် ရပြန်လေသည်။
၇။	ဒါနစကြား၊	ကုသိုလ်များ၊	ပြုကြားရာဌ်သည်၊
၈။	ကြံစည်ကြမှု၊	ဆင်ခြင်မှု၊	အပြုရှိကြသည်၊
၉။	ကြံစည်လေတိုင်း၊	ဆင်ခြင်တိုင်း၊	စိတ်လိုင်းဇောများသည်၊
၁၀။	ကုဇောစိတ်တွေ၊	ခုနစ်ထွေ၊	ဖြစ်လေသိရမည်။
၁၁။	ခုနစ်ကြိမ်ဖြစ်ဟန်၊	ကုကုနန်၊	အမှန်ရလေသည်။
၁၂။	အနန်ခေါ် ကြား၊	ပစ္စည်းအား၊	ဘုရားဟောထားသည်၊
၁၃။	ကုဇောခုနစ်ပါး၊	စောနေကြား၊	အခြားစိတ်များသည်၊
၁၄။	ဖြစ်ခွင့်မသာ၊	ကုဇောသာ၊	ဆက်ကာဖြစ်လေသည်။
၁၅။	ရှေ့ကုတရား၊	နောက်ကုအား၊	ပြုကြားခေါ် ရသည်။
၁၆။	ပကုဇောဟန်၊	ဒုဇောထံ၊	အနန်ပြုလေသည်။
၁၇။	ဒုကုဇောဟန်၊	တဇောထံ၊	အနန်ပြုလေသည်။
၁၈။	တကုဇောဟန်၊	စဇောထံ၊	အနန်ပြုလေသည်။
၁၉။	စကုဇောဟန်၊	မဇောထံ၊	အနန်ပြုလေသည်။
၂၀။	မကုဇောဟန်၊	ဆဇောထံ၊	အနန်ပြုလေသည်။
၂၁။	ဆကုဇောဟန်၊	သတ်ဇောထံ၊	အနန်ပြုလေသည်။
၂၂။	ပစ္စည်းလဲနာမ်၊	ပန်လဲနာမ်၊	နာမ်နာမ်ဖြစ်လေသည်။
၂၃။	သိမ်မွေ့လှကြား၊	ဤတရား၊	ဘုရားမိုသာသည်၊
၂၄။	သဗ္ဗဉ်ညာဏ်ဖြင့်၊	အမှန်ထင့်၊	ဟောလင့်ပြု၍သည်၊
၂၅။	တပည့်သားများ၊	အထင်ရှား၊	သိကြားရလေသည်။
၂၆။	သဗ္ဗဉ်မဟုတ်၊	ဘယ်လိုလုပ်၊	ဟောထုတ်နိုင်လိမ့်မည်။

၇။ ပဋ္ဌာန်းကျမ်း – ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ သဟဇာတပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၂၇။ ဘုရား၏တောင်း၊ တပည့်ဖေါင်း၊ ကဲ့ကောင်းလှလေသည်။

၄။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ကုဗျာ သဟဇာတ ပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

အနုလောမ ပစ္စည်း ပြီး၏။

၅။ သမနန္တရပစ္စည်းလည်း အနန္တရပစ္စည်းနှင့် တူလေပြီ။

၆။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ကုဗျာ သဟဇာတ ပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ကိုယ်ကျင့်တရားများ

၆။ သဟဇာတပစ္စည်း ။ ။ သဟဇာတဟူသည် အတူတကွ ဖြစ်ခြင်းဟူ၍ အဓိပ္ပါယ်ရ၏။ ညအမှောင်၌ ဆီမီးကို လှိုထွန်းလိုက်လျှင် ဆီမီးနှင့် အလင်းရောင်သည် တစ်ပြိုင်နက် ဖြစ်ကြ၏။ ဤနည်းအတူ စိတ်, စေတသိက်ဟူသော နာမ်တရားတို့သည်လည်းကောင်း၊ ဓာတ်ကြီးလေးပါးဟူသော ရုပ်တရားတို့သည်လည်းကောင်း အတူတကွ ဖြစ်ကြ၍ နာမ်အချင်းချင်း၊ ရုပ်အချင်းချင်း ကျေးဇူးပြုကြ၏။ ထို့နောက် နာမ်တရားနှင့် စိတ္တဇရုပ်တို့သည်လည်း အတူတကွ ဖြစ်၍ ကျေးဇူးပြုကြ၏။ ဤသဟဇာတ၌ သင်္ချာ ၉-ချက်ရှိရာ ဤ၌ ကု-ကုဗျာ သဟဇာတကို ပြဆိုသွားပေအံ့။ ယင်းကု-ကုဗျာ သဟဇာတကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားပေ၏။

ကု-ကုဗျာ သဟဇာတ ဝိဓိပါဠိတော်

၁။ ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော- ကုသိလ်တရားသည် ကုသိလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*အဘယ်သို့ ကျေးဇူးပြုသနည်း? ဟူမူ*)

ကျေးဇူးပြုပုံ အနုဝါဒပါဠိတော်

(က) ကုသလော ဏော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော_ တစ်ပါးသော ကုသိုလ်ခန္ဓာသည် သုံးပါးကုန်သော ကုသိုလ်ခန္ဓာတို့အားလည်းကောင်း၊ ထိုကုသိုလ်ခန္ဓာတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ခ) တယော ခန္ဓာ ဇကသဏ ခန္ဓသဏ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော - သုံးပါးကုန်သော ကုသိုလ်ခန္ဓာတို့သည် တစ်ပါးသော ကုသိုလ်ခန္ဓာအားလည်းကောင်း၊ ထိုကုသိုလ်တို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဂ) ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော - နှစ်ပါးကုန်သော ကုသိုလ်ခန္ဓာတို့သည် နှစ်ပါးကုန်သော ကုသိုလ်ခန္ဓာတို့အားလည်းကောင်း၊ ထိုကုသိုလ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ - ၇ - ၁၃၉ / ၁၄၀။ အရကောက် - ၄၀၇)

ဤဒေသနာသဘောအရ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ဉာဏ်ယှဉ်ပြုလုပ်သူတို့၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်၏။ ယင်းမဟာကုသိုလ် ပဌမစိတ်၌ ဧစေတသိက် ၃၈-ပါး ယှဉ်ရာတွင် ဝိရတီ, အပ္ပမညာကြဉ်လျှင် ဧစေတသိက် ၃၃-ပါး ဖြစ်မည်ဖြစ်၏။ ယင်းဧစေတသိက် ၃၃-ပါးတို့ တစ်ပြိုင်နက် ယှဉ်ကြ၏။ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ အတူတကွ ဖြစ်ကြ၏။ ဤအတူ ယင်းကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များလည်း အတူတကွ ဖြစ်ကြ၏။

ထိုတွင် မဟာကုသိုလ်စိတ်နှင့် ဧစေတသိက်များကို ခန္ဓာဖွဲ့လျှင် မဟာကုသိုလ် ပဌမစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာ ဖြစ်၏။ ဝေဒနာ၊ သညာမှ ကြွင်းသော ကျန်သော ဧစေတသိက် ၃၁-ပါးသည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ ယင်းနာမ်ခန္ဓာ ၄-ပါးတို့တွင် -

(က) တစ်ပါးသည် ပစ္စည်းနေက ကျန်သောနာမ်ခန္ဓာသုံးပါးတို့သည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် နေ၏။ ဤသို့လျှင် တစ်ပါးသော ကုသိုလ်နာမ်တရားသည် ၃-ပါးကုန်သော ကုသိုလ်နာမ်တရားတို့အားလည်းကောင်း၊ ထိုနာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ခ) နာမ်ခန္ဓာ ၃-ပါးသည် ပစ္စည်းနေက ကျန်သော နာမ်ခန္ဓာတစ်ပါးသည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် နေ၏။ ဤသို့လျှင် ကုသိုလ်နာမ်ခန္ဓာ ၃-ပါးသည် ကုသိုလ်နာမ်ခန္ဓာတစ်ပါးအားလည်းကောင်း၊ ထိုနာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဂ) နာမ်ခန္ဓာ ၂-ပါးသည် ပစ္စည်းနေက ကျန်သော နာမ်ခန္ဓာ ၂-ပါးသည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန်နေ၏။ ဤသို့လျှင် ကုသိုလ်နာမ်ခန္ဓာ ၂-ပါးသည် ကုသိုလ်နာမ်ခန္ဓာ ၂-ပါးတို့အားလည်းကောင်း၊ ထိုကုသိုလ် နာမ်ခန္ဓာတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤ၌ ကုသိုလ်ပြုသော ပုံရိပ်ကို ထင်မြင်အောင် ကြည့်သင့်ပေ၏။ ဝမ်းမြောက်ဝမ်းသာ လိုလိုလားလား တက်တက်ကြွကြွ ဉာဏ်နှင့်ယှဉ်၍ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းမှု ပြုနေစဉ်၌ စိတ်ကလည်း တက်ကြွနေ၏။

ဝေဒနာကလည်း ဝမ်းမြောက်နေ၏။ စေတနာကလည်း ထက်သန်နေ၏။ သဒ္ဓါကလည်း ပြုစင်နေ၏။ ဉာဏ်ပညာကလည်း ဝေဖန်ပိုင်းခြားနေ၏။ မျက်နှာကလည်း ကြည်လင်ဝင်းပနေ၏။ လက်ကလည်း လှုပ်ရှိန်းပေးကမ်းနေ၏။ မျက်လုံးကလည်း ကြည်ညိုသော မေတ္တာမျက်လုံးဖြင့် ကြည့်လျက်၊ ပူးလျက်နေ၏။ ခန္ဓာကိုယ်ကလည်း ရိုသေကျိုးနွံသော အမူအရာကို ပြနေ၏။ ရိုသေကျိုးနွံစွာ လှုပ်ရှားမှုပြုနေ၏။ ပါးစပ်ကလည်း အလှူခံတော်မူပါ စသည်ဖြင့် ချိုသာစွာ ပြောဆိုလျက်ရှိ၏။ ယင်းအားလုံးသည် ကုသိုလ်ပြုရာ၌ ကုသိုလ်နာမ်တရားနှင့် စိတ္တဇရုပ်တို့ အတူတကွ ဖြစ်ကြ၍ အတူတကွဖြစ်သော ကုသိုလ်နာမ်တရားက အတူတကွဖြစ်ကုန်သော ကုသိုလ်နာမ်ရုပ်တရားတို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်လေ၏။

၆။ ပကိဏ်ကို ပဘာဝါရ ဝိဘင်္ဂ် က–ကုဗ္ဗာ သဟဇာတပစ္စည်းဖြင့် ဝေဖန်ခြင်းဌ္ဌ ဆောင်ရန်လက်ကမ္ဘာများ

၁။	အတူဖြစ်ရင်း၊	ကျေးလူးထင်း၊	ပြခြင်းများကိုသည်၊
၂။	သဟဇာတ၊	ဟူ၍ပ၊	ခေါ် ရသိမှီဝဲသည်၊
၃။	မီးနှင့်အလင်း၊	အတူထင်း၊	ဖြစ်ခြင်းများထို့သည်၊
၄။	နာမ်ချင်း,ရုပ်ချင်း၊	တူဖြစ်ရင်း၊	ပြခြင်းရှိကြသည်။
၅။	ကုန်နာမ်တရား၊	နာမ်ရုပ်အား၊	ပြပြားရှိလေသည်။
၆။	ကုက ကုဗ္ဗာ၊	ပြခြင်းမှာ၊	ဖြတ်စွာဟောထားသည်၊
၇။	ပကုဖြစ်ရာ၊	ငါးခန္ဓာ၊	ဖြစ်တာသိရမည်။
၈။	နာမ်ခန်လေးပါး၊	ရှိလေငြား၊	တစ်ပါးခန္ဓာသည်၊
၉။	ပစ္စည်းနေလျှင်၊	ကျန်သည်ပင်၊	ပန်ပင်နေလေသည်။
၁၀။	ခန္ဓာသုံးထွေ၊	ပစ္စည်းနေ၊	ကျန်လေခန္ဓာသည်၊
၁၁။	ပစ္စယပ္ပန်၊	နေကြဟန်၊	အမှန်သိရမည်။
၁၂။	ခန္ဓာနှစ်ပါး၊	ပစ္စည်းကား၊	နေငြားပြုလျှင်သည်၊
၁၃။	ကျန်သည့်ခန္ဓာ၊	နာမ်ရုပ်မှာ၊	ပန်သာဖြစ်ပြန်သည်။
၁၄။	ကုက ကုဗ္ဗာ၊	ကျေးလူးပါ၊	ပြုတာသိရမည်။
၁၅။	အလှူအတန်းပင်၊	ပြုနေအင်၊	ကုရင်များမှာသည်၊
၁၆။	ခန္ဓာငါးဆူ၊	ရုပ်နာမ်ဟူ၊	အတူဖြစ်ကြသည်၊
၁၇။	စိတ်တက်ကြွကာ၊	ဝေဒနာ၊	ဝမ်းသာနေလေသည်။
၁၈။	စေတနာမှန်၊	ဦးဆောင်ဟန်၊	ထက်သန်နေလေသည်။
၁၉။	သဒ္ဓါကရှင်၊	အလွန်ပင်၊	ဖြူစင်နေလေသည်။

၂၀။	ပညာသိဒ္ဓာဏ်၊	ခွဲခြားမှုန်၊	စိမ်ပေးလေသည်။
၂၁။	ရွေ့ပျက်နှာက၊	အလွန်ပ၊	ဝင်းပကြည်နေသည်။
၂၂။	လက်နှစ်ဖက်တန်း၊	လျှုခံမှန်း၊	လျှုဒါန်းနေလေသည်။
၂၃။	မျက်လုံးနှစ်ဖက်၊	ကြည်ညိုချက်၊	ဖူးလျက်နေလေသည်။
၂၄။	ကိုယ်ခန္ဓာမှာ၊	ရိုကျိုးစွာ၊	ကောင်းစွာရှိနေသည်။
၂၅။	ဤသဘောကား၊	ကုပြုပြား၊	ကုတရားကသည်၊
၂၆။	သဟဇာတ၊	ခေါ်ဆိုရ၊	ပစ္စယဖြင့်သည်၊
၂၇။	နာမ်နှင့်ရုပ်အား၊	ကျေးဇူးကား၊	ပြုပြားသိနိုင်သည်။

၆။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ-ကုဏ္ဍ သဟဇာတပစ္စည်းဖြင့် ဝေဖန်ခြင်းပြီး၏။

၆။ သဟဇာတပစ္စည်း ပြီး၏။

၇။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ-က္ခ အညမညပစ္စည်းဖြင့် ဝေဖန်ခြင်း

၇။ က္ခ-က္ခ အညမညပစ္စည်း ။ ။ နာမ်ခန္ဓာ ၄-ပါး အတူတကွ ဖြစ်ကြပြီးနောက် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှုသဘောကို အညမညပစ္စည်း ဟူ၍ ခေါ်လေသည်။ သဟဇာတ ပစ္စယသတ္တိဖြင့် အတူတကွဖြစ်၍ ကျေးဇူးပြုရာ၌ နာမ်တရားက နာမ်ရော ရုပ်ကိုပါ ကျေးဇူးပြုလေသည်၊ အတူတကွ ဖြစ်သောတရားတို့ အပြန်အလှန် ကျေးဇူးပြုကြရာ၌ ပဝတ္တိအခါ ရုပ်တရားက နာမ်ကို ကျေးဇူးပြုနိုင်ခြင်း မရှိသောကြောင့် အညမည ပစ္စည်း၏ သန့်ရှင်း ကု-ကုဏ္ဍ ဟူ၍ မထွက်တော့ဘဲ ကု-ကု ဟူ၍သာ ထွက်လေသည်၊ ရုပ်အဏုကတာ ပြုတ်သွားခြင်း ဖြစ်သည်။ ယင်း ကု-ကု အညမညကို မြတ်စွာဘုရားသည် ဤသို့ ဟောကြား တော်မူလေသည်။

ကု-ကု အညမည ပိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမည ပစ္စယေန ပစ္စယော - ကုသိုလ်တရားသည် ကုသိုလ်တရားအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(က) ကုသလော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော - ကုသိုလ်နာမ်ခန္ဓာ တစ်ပါးသည် ကျန်နာမ်ခန္ဓာသုံးပါးတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) တယော ခန္ဓာ ဇကာသ ခန္ဓသ အညမည ပစ္စယေန ပစ္စယော – ကုသိလနာမ်ခန္ဓာ သုံးပါးသည် ကျန်နာမ်ခန္ဓာ တစ်ပါးအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော – ကုသိလခန္ဓာနှစ်ပါးတို့သည် ကုသိလခန္ဓာနှစ်ပါးတို့အား အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အဘိ – ၇ – ၁၄၁။ အရကောက် – ၄၀၉)

ဤ၌ အပြန်အလှန် ကျေးဇူးပြုပုံကား – ၃-ချောင်းထောက်ခုံ၌ ထောက် ၃-ချောင်းသည် တစ်ခုနှင့်တစ်ခု လဲမသွားအောင် အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ ၄-ပါးသည်လည်း အတူတကွ ဖြစ်ကြပြီး အပြန်အလှန် ကျေးဇူးပြုလေသည်။

ဥပမာအားဖြင့် ကုသိလပြုလုပ်ရာ၌ ဝေဒနာကွန္ဓာက သောမနဿဝေဒနာ ပစ္စည်းတရားအနေဖြင့် ကျေးဇူးပြုသည့်အခါ ကျန်သော သညာ၊ သင်္ခါရ၊ ဝိညာဏကွန္ဓာတို့သည် ဝမ်းမြောက်ဝမ်းသာ အနေဖြင့် တည်ရှိကြလေသည်။ သညာကွန္ဓာက ကုသိလ်တရားကို မှတ်မှတ်သားသား ပစ္စည်းတရားအနေဖြင့် ကျေးဇူးပြုသည့်အခါ ကျန်သော ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏကွန္ဓာတို့ကလည်း ကုသိလ်တရားတို့ကို မှတ်မှတ်သားသား အနေဖြင့် တည်ရှိကြလေသည်။

သင်္ခါရကွန္ဓာက တိုက်တိုက်တွန်းတွန်း ထထကြွကြွ ပစ္စည်းတရားအနေဖြင့် ကျေးဇူးပြုသည့်အခါ ကျန်သော ဝေဒနာ၊ သညာ၊ ဝိညာဏကွန္ဓာတို့ကလည်း နိုးနိုးကြားကြား ထထကြွကြွအနေဖြင့် တည်ရှိကြလေသည်။

ဝိညာဏကွန္ဓာက စိတ်တွေ ကြည်ကြည်လင်လင် ပစ္စည်းတရားအနေဖြင့် ကျေးဇူးပြုသည့်အခါ ကျန်သော ဝေဒနာ၊ သညာ၊ သင်္ခါရကွန္ဓာတို့ကလည်း ကြည်ကြည်လင်လင်အနေဖြင့် တည်ရှိကြလေသည်။

ဤသို့ ပစ္စည်း၊ ပစ္စယုပ္ပန်အားဖြင့် အပြန်အလှန် ကျေးဇူးပြုမှုသဘောကို သိမြင်နိုင်ကြပေသည်။

၇ ။ ပကိဏ်ကို ပဉ္စဝါရ ဝိဘင်္ဂ် က–က အညမညပစ္စည်းဖြင့် ဝေဖန်ခြင်းဌ် ဆောင်ရန်လက်ကျွတ်များ

၁။	အညမည၊	ခေါ်ဆိုရ၊	ပစ္စယသဘောသည်၊
၂။	အတူဖြစ်ပြန်၊	ကျေးဇူးပြန်၊	ပြန်လှန်ပြုလေသည်။
၃။	ပဝတ္တိမှာ၊	တူဖြစ်ရာ၊	ရပ်ဗျာတရားသည်၊
၄။	နာမ်တရားစု၊	ပြန်လှန်မှု၊	မပြုနိုင်၍သည်၊
၅။	ကုန့်ကုဗျာ၊	သခ်္ခါမှာ၊	အဗျာပြုတ်လေသည်။
၆။	ကုကုဟုသာ၊	သခ်္ခါမှာ၊	ထွက်တာသိရမည်။
၇။	နာမ်ခန်လေးတန်၊	အပြန်လှန်၊	ပြုဟန်သိနိုင်သည်။

၈။	ဒါနစဖြာ၊	ကုသလာ၊	ပြုရောများဌိသည်၊
၉။	နာမ်ခန်လေးဖြာ၊	ပါဝင်တာ၊	ကောင်းစွာသိရမည်။
၁၀။	ဝမ်းမြောက်ဝမ်းသာ၊	ဝေဒနာ၊	ခန္ဓာတရားသည်၊
၁၁။	ပစ္စည်းတရား၊	နေလေငြား၊	ကျန်တရားများသည်၊
၁၂။	ဝမ်းမြောက်ဝမ်းသာ၊	အနေသာ၊	ဖြစ်ကာနေကြသည်။
၁၃။	မှတ်သားသည်ာ၊	ပစ္စယာ၊	နေလာလေလျှင်သည်၊
၁၄။	ကျန်နာမ်တရား၊	မမေ့ငြား၊	မှတ်သားတည်ရှိသည်။
၁၅။	နိုးနိုးကြွကြွ၊	သစ်ရ၊	ပစ္စယနေလျှင်သည်၊
၁၆။	ကျန်နာမ်များလဲ၊	နိုးကြွပဲ၊	မလွဲဖြစ်ကြသည်။
၁၇။	ကြည်လင်စိတ်တွေ၊	ပစ္စည်းပေ၊	နေလေလျှင်သည်၊
၁၈။	ကျန်နာမ်တရား၊	မနောက်ငြား၊	ကြည်ငြားနေလေသည်။
၁၉။	ဤသို့အမှန်၊	အပြန်လှန်၊	ပြုဟန်သိနိုင်သည်။

၇။ ပကုစိတ်ကို ပဥ္စာဝါရ ဝိဘင်္ဂ် က္ခ-က္ခ အညမညပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

အညမည ပြီး၏။

၈။ ပကိဏ်တိုက် ပဋ္ဌာဝါရ ဝိဘင်္ဂ် ကု-ကုဗျာ နိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း

၈။ ကု–ကုဗျာ နိဿယ ပစ္စည်း ။ ။ နိဿယ – ဟူသည် မှီရာဟူ၍ အဓိပ္ပါယ်ရ၏။ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို နိဿယပစ္စည်းဟူ၍ ခေါ်ဆိုရ၏။ သစ်ပင်တို့သည် မြေကြီးကိုမှီ၍ ရှင်သန်ရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့သည် ပစ္စည်းတရားတို့ကို မှီ၍ ဖြစ်ပေါ်လာရ၏။

ဤ၌ သဟဇာတ၊ အညမည၊ နိဿယ ပစ္စည်းတို့၏ ထူးခြားချက်ကိုလည်း သိသင့်သေး၏။

ဒိန အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်ဝမ်းသာ တက်တက်ကြွကြွ ဉာဏ်ယှဉ်ပြုလုပ်ကြရာ၌ ခန္ဓာငါးပါးလုံး ဖြစ်ပေါ်လျက် ရှိ၏။ ခန္ဓာငါးပါးလုံး အတူတကွ ဖြစ်ကြလေ၏။

ထိုခန္ဓာငါးပါးတွင် 'ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ' ဟူသော နာမ်ခန္ဓာလေးပါးတို့သည် တစ်ပါးအနေဖြင့်လည်းကောင်း၊ သုံးပါးအနေဖြင့်လည်းကောင်း၊ နှစ်ပါးအနေဖြင့်လည်းကောင်း ပစ္စည်းတရားအဖြစ်ဖြင့် နေကြ၍ ကျန်သော အတူဖြစ်ဘက် နာမ်တရားတို့အားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ထိုနာမ်ခန္ဓာလေးပါးတို့သည် အပြဲတမ်း ပစ္စည်းအဖြစ်ဖြင့်လည်းကောင်း၊ ပစ္စယုပ္ပန်အဖြစ်ဖြင့်လည်းကောင်း တည်ရှိကြသည် မဟုတ်။ ပစ္စည်းတရားက ပစ္စယုပ္ပန်ဖြစ်သောအခါ ဖြစ်၏။ ပစ္စယုပ္ပန်တရားက ပစ္စည်းတရား ဖြစ်သောအခါ ဖြစ်၏။ ယင်းကို အညမညပစ္စယသတ္တိအနေဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသည်ဟု ဆိုရ၏။ ထိုတွင် စိတ္တဇရုပ်သည် နာမ်တရားတို့နှင့် အတူတကွသာ ဖြစ်နိုင်ခွင့်ရှိ၍ နာမ်တရားအား ပြန်၍ ကျေးဇူးမပြုနိုင်သောကြောင့် အညမညပစ္စည်း၌ ပါဝင်ခွင့်မရကြပေ။

ထို့ကြောင့် နာမက္ခန္ဓာလေးပါးတို့သည် သဟဇာတပစ္စယသတ္တိဖြင့် အတူတကွဖြစ်၍လည်း အတူတကွ ဖြစ်ကုန်သော 'နာမ်တရား၊ ရုပ်တရား'တို့ကို ကျေးဇူးပြု၏။

အချင်းချင်း အပြန်အလှန်အားဖြင့်လည်း အတူတကွ ဖြစ်ကုန်သော 'နာမ်တရား'တို့ကို အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

နိဿယပစ္စည်း၌ကား – ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ – ဆိုသကဲ့သို့ အချင်းချင်း အပြန်အလှန် မှီရာအားဖြင့်လည်း အတူတကွဖြစ်ကုန်သော 'နာမ်တရား၊ ရုပ်တရား'တို့ကို နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။ ထို့ကြောင့် နိဿယပစ္စည်း၌ သဟဇာတပစ္စည်းနည်းတူ 'ကု–ကုဗျာ' ဟူသော သချိုကထွက်လေ၏။ ယင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

ကု–ကုဗ္ဗာ ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလသ္မာ စ အဗ္ယာကတသ္မာ စ ဓမ္မသ္မာ နိဿယ ပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ စိတ္တဇရုပ်ဟူသော အဗျာကတတရားအားလည်းကောင်း နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*အဘယ်သို့ ကျေးဇူးပြုသနည်း? ဟူမူ–*)

အနုဝါဒ ပါဠိတော်

(က) ကုသလော ဇဝေါ ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော– ကုသိုလ်နာမ်ခန္ဓာတစ်ပါးသည် ကျန်သုံးပါးကုန်သော ကုသိုလ်နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ထိုကုသိုလ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ခ) တယော ခန္ဓာ ဇေဝေါ ခန္ဓသ္မာ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော –. သုံးပါးကုန်သော ကုသိုလ်နာမ်ခန္ဓာတို့သည် တစ်ပါးသော ကုသိုလ်နာမ်ခန္ဓာအားလည်းကောင်း၊ ထိုကုသိုလ်တရားကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဂ) ဒွေခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော – နှစ်ပါးကုန်သော ကုသိုလ်နာမ်ခန္ဓာတို့သည် နှစ်ပါးကုန်သော ကုသိုလ်နာမ်ခန္ဓာတို့အားလည်းကောင်း၊ ထိုကုသိုလ်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ – ၇ – ၁၄၂။ အရကောက် – ၄၁၀*)

အထက်ပါ ဒေသနာသဘောတို့အရ နာမကွန်ရာတရား လေးပါးတို့သည် အတူတကွ ဖြစ်၍လည်း အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကိုလည်းကောင်း၊ အချင်းချင်း အပြန်အလှန်အားဖြင့်လည်း အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြပုံသဘောကိုလည်းကောင်း၊ အချင်းချင်း အပြန်အလှန် အမှီပြု၍လည်း နိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကြပုံသဘောကိုလည်းကောင်း သိမြင်နိုင်ကြပေကုန်ရာ၏။

ဃ။ ပကုဗိတ်ကို ပဋ္ဌာဝါရ ဝိဘင် က္ခ–ကုဗ္ဗာ နိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	မိဂျဖြစ်ခြင်း၊	ကျေးလူးထင်း၊	ပြုခြင်းများကိုသည်၊
၂။	နိဿယပစ္စယ၊	ဟူ၍ပ၊	ဓော် ရသိဒိုဝ်သည်။
၃။	သစ်ပင်အများ၊	မြေကြီးအား၊	မှီငြားရသို့သည်၊
၄။	ပစ္စယုပ္ပန်တရား၊	ပစ္စည်းအား၊	မှီငြားပြုရသည်။
၅။	သဟ,အည၊	နိဿယ၊	ပစ္စယတို့၏သည်၊
၆။	ထူးခြားချက်များ၊	ရှိလေငြား၊	သိထားသင့်သေးသည်။
၇။	ဒါနစဖြာ၊	ကုသလော၊	ပြုရာများဌ်သည်၊
၈။	ခန္ဓာငါးဖြာ၊	အတူသာ၊	ဝဝ်ပါကြလေသည်။
၉။	ခန္ဓာငါးဖြာ၊	နာမ်ခန္ဓာ၊	လေးဖြာရှိလေသည်။
၁၀။	ပစ္စည်း, ပစ္စယုပ္ပန်၊	နေကြဟန်၊	အမှန်မရှိပြီ။
၁၁။	ပြန်လှန်သဘော၊	နေလေသော၊	ဉာဏ်စောသိရမည်။
၁၂။	ပစ္စည်းအားဖြင့်၊	အခိုက်သင့်၊	နေလင့်ရာဌ်သည်၊
၁၃။	အတူဖြစ်ကြ၊	နာမ်ရုပ်ပ၊	သဟပြုလေသည်။
၁၄။	အပြန်လှန်ကျ၊	နာမ်သာပ၊	အညပြုလေသည်။
၁၅။	နိဿယအနေ၊	ကျေးလူးပေ၊	ပြုလေရာဌ်သည်၊
၁၆။	နာမ်ရုပ်ဖြန့်ဖြာ၊	မှီခိုရာ၊	ပြုတာဖြစ်လေသည်။
၁၇။	သဟဇာတံ၊	အတူမှန်၊	ပြန်လှန်အညကျ၊
၁၈။	မှီရောတည်ရာ၊	နိဿယ၊	ပြုတာသိဒိုဝ်ဖြီ။
၁၉။	အချင်းချင်းဟူ၊	အတူတူ၊	နေသူများတို့သည်၊
၂၀။	သဟလိုရော၊	အညရော၊	နိရောကဲ့သို့သည်၊
၂၁။	ကျေးလူးပြုကာ၊	နေကြပါ၊	လွန်စွာကောင်းလေသည်။

၈။ ပကုစိတ်ကို ပဠာဝါရ ဝိဘင် က္ခ–ကုဗ္ဗာ နိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

နိဿယပစ္စည်း ပြီး၏။

၉။ ပကတ္တိတ်ကို ပဋ္ဌာဝါရ ဝိဘင် ဥပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း

၉။ ဥပနိဿယပစ္စည်း ။ ။ ဥပနိဿယ - ဟူသည် အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုခြင်း - ဟူ၍ အဓိပ္ပါယ် ရသည်။ သစ်ပင်တို့သည် မိုးကိုမှီ၍ ရှင်သန်ကြီးပွားရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့ သည်လည်း ပစ္စည်းတရားတို့ကို မှီ၍ ဖြစ်ပေါ်လာရလေသည်။ ဤဥပနိဿယပစ္စည်း၌ - အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ - ဟူ၍ ၃-မျိုးရှိရာ ဤ၌ ပကတူပနိဿယကို ပြပေအံ့။ ဤပကတူပနိဿယ၌ သချိုး ၉-ချက်ရှိသည့်အနက်က 'ကု-ကု၊ ကု-ဗျာ၊ အကု-ကု၊ ဗျာ-ကု' ဟူသော သချိုး ၄-ချက်ကို ပြပေအံ့။ ဤ၌ ပကတူပနိဿယ ဟူသည် 'သူပင်ကိုယ်သဘာဝကိုက အားကြီးသော မှီဌာနအဖြစ်ဖြင့် ကျေးဇူးပြုခြင်း' ဟု အဓိပ္ပါယ်ရလေ၏။

၁။ ကု-ကု ပကတူပနိဿယ ဝိဓိပါဠိတော်

၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော - ကုသိုလ်တရားသည် ကုသိုလ်တရားအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ကျေးဇူးပြုပုံကား-)

အနုဝါဒ ပါဠိတော် (ပကတူပနိဿယ)

သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ ဥပ္ပါဒေတိ။

သဒ္ဓါတရားကို အမှီပြု၍ အလှူကို ပေးလှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်စောင့်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ၏။ သမာပတ်ကို ဖြစ်စေ၏။

ထို့အတူ သီလကို အမှီပြု၍၊ သုတကိုအမှီပြု၍၊ စာဂကိုအမှီပြု၍၊ အသိဉာဏ်ပညာကို အမှီပြု၍ အလှူကို ပေးလှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်စောင့်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ၏။ သမာပတ်ကို ဖြစ်စေ၏။

(အဘိ - ၇ - ပဋ္ဌာန် - ၁၄၅။ အရကောက် - ၄၁၂ / ၃)

ဤဒေသနာတော်အရ သဒ္ဓါတရားသည် ဒါန အစရှိသော ကုသိုလ်ကို ပြုလုပ်ဖို့ရာအတွက် သူ့ပင်ကိုယ် သဘာဝကိုက အားကြီးသော ကုသိုလ်တရားအဖြစ် တည်ရှိလျက်ရှိ၏။ ယင်းအားကြီးသော ကုသိုလ်အဖြစ်၌ တည်ရှိသော သဒ္ဓါတရားကို အမှီပြု၍ပင် အလှူဒါနကိုလည်း ပြုလုပ်ခြင်း ဖြစ်၏။ ငါးပါးသီလတို့ကိုလည်း ထိန်းသိမ်းခြင်းဖြစ်၏။ ဥပုသ်စောင့်ခြင်း ဖြစ်၏။ ဈာန်ရအောင် အားထုတ်ခြင်း ဖြစ်၏။ ဝိပဿနာတရားကို ပွားများခြင်း ဖြစ်၏။ မဂ်ကိုရအောင် အားထုတ်ခြင်း ဖြစ်၏။ သဒ္ဓါတရား မရှိသူတို့ ဤကုသိုလ်များကို မပြုလုပ်ကြပေ။

ထို့အတူ ပိပိထိန်းသိမ်းစောင့်ရှောက်အပ်သော သီလသည်လည်းကောင်း၊ ဘာသာရေး၊ သာသနာရေး၊ ကုသိုလ်ရေး၊ သံသရာရေးတို့နှင့်စပ်၍ လေ့လာဆည်းပူးထားအပ်သော ဗဟုသုတသည်လည်းကောင်း၊ စွန့်ကြဲပေးကမ်းလေ့ရှိသော စာဂသည်လည်းကောင်း၊ ပိပိ၏ အသိဉာဏ်ပညာသည်လည်းကောင်း ကုသိုလ်ပြုလုပ်ရေးကိစ္စ၌ ပင်ကိုယ်သဘာဝကိုက အားကြိုးသောတရားများ ဖြစ်ကြ၏။ ယင်းတရားများကို အမှီပြု၍ပင် အလှူဒါနကိုလည်း ပြုလုပ်ခြင်း ဖြစ်၏။ ဇီးပါးသီလတို့ကိုလည်း စောင့်ထိန်းခြင်း ဖြစ်၏။ ဥပုသ်စောင့်သုံးခြင်း ဖြစ်၏။ ဗျာန်ကိုရအောင် အားထုတ်ခြင်း ဖြစ်၏။ ဝိပဿနာတရားကို အားထုတ်ခြင်း ဖြစ်၏။ မဂ်ကိုရအောင် အားထုတ်ခြင်း ဖြစ်၏။ အဘိညာဉ်, သမာပတ်တို့ကို ရအောင် အားထုတ်ခြင်း ဖြစ်၏။ သီလမရှိ၊ သုတမရှိ၊ စာဂမရှိ၊ ပညာမရှိသူတို့ ဤကုသိုလ်များကို မပြုလုပ်ကြပေ။

ဤသို့လျှင် သဒ္ဓါ အစရှိသော မဟာကုသိုလ်တရားသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဝိပဿနာတရား အားထုတ်ခြင်း စသော မဟာကုသိုလ်တရားအား ဥပနိဿယ ပစ္စယသတ္တိပြင့် ကျေးဇူးပြုပုံသဘောကို သိမြင်နိုင်ကြပေကုန်၏။

၉/ ၁ ။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ က–က ဥပနိဿယ ပစ္စည်းပြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ခံများ

၁။	အားကြိုးမှိုရာ၊	ဖြစ်၍သော၊	ဖြစ်ရာသဘောသည်၊
၂။	ဥပနိဿယ၊	ဟူ၍ပ၊	ခေါ် ရသိမှိုဝ်သည်။
၃။	သစ်ပင်အများ၊	မိုးကိုများ၊	မှီငြားရသို့သည်၊
၄။	ပစ္စယုပ္ပန်တရား၊	ပစ္စည်းအား၊	မှီငြားဖြစ်ရသည်။
၅။	အာရမ္မဏူ၊	နံတိ၊	ပကတူရှိလေသည်။
၆။	ဤဒိဋ္ဌမာမူ၊	ပကတူ၊	ပြမူပြုပေမည်။
၇။	ပင်ကိုယ်ကမူ၊	အားရှိဟူ၊	ပကတူဖြစ်လေသည်။
၈။	ကုဗ္ဗာ ကုကု၊	အကု ကု၊	ဗျာကု ပြုပေမည်။
၉။	ကုသိုလ်တရား၊	ကုသိုလ်အား၊	ပြုငြားရ၌သည်၊
၁၀။	သဒ္ဓါ သီလာ၊	သု, စာဂါ၊	ပညာများတို့သည်၊
၁၁။	သူပင်ကိုယ်က၊	ကုကိစ္စ၊	အားကရှိလေသည်။
၁၂။	အားရှိကိုသည်၊	ကောင်းစွာဤ၊	အမှီပြု၍သည်၊
၁၃။	အလှူလုပ်ခြင်း၊	စောင့်ထိန်းခြင်း၊	ပွားခြင်းများဖြင့်သည်၊
၁၄။	ကုသိုလ်တရား၊	အစားစား၊	ဖြစ်ပွားရလေသည်။
၁၅။	သဒ္ဓါ သီလာ၊	သု,စာဂါ၊	ပညာများတို့သည်၊

၁၆။	မရှိကြသူ၊	ကုသိုလ်ဟူ၊	ဘယ်မှပြုလိမ့်မည်။
၁၇။	ဤသို့ထင်ရှား၊	ကုတရား၊	ကုတရားများအားသည်၊
၁၈။	ပကတ္တုပ၊	နိဿယ၊	ပစ္စယဖြင့်သည်၊
၁၉။	ကျေးဇူးတရား၊	ပြုလေငြား၊	သိထားသင့်ကြသည်။

၉ / ၁ ။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်း ကု-ကု ဥပနိဿယ ပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၉ / ၂ ။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်း ကု-ဗျာ ဥပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း

၂။ ကု–ဗျာ ဥပနိဿယ ဝိဓိပါဠိတော် (ပကတူပနိဿယော)

၂။ ကုသလော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် အဗျာကတ တရားအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ (အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား–)

အနုဝါဒ ပါဠိတော်

(က) သဒ္ဓံ ဥပနိဿာယ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌမူလကံ ဒုက္ခံ ပစ္စနုဘောတိ – သဒ္ဓါတရားကို အမှီပြု၍၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏။ ထက်ဝန်းကျင် ပူပန်စေ၏။ ရှာမှီးခြင်းလျှင် အရင်းရှိသော ဒုက္ခကို ခံစား၏။

(ခ) သဒ္ဓါ, သီလံ, သုတံ, စာဂေါ, ပညာ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဥပနိဿယ ပစ္စယေန ပစ္စယော – သဒ္ဓါတရားသည်၊ အကျင့်သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည် ခန္ဓာကိုယ် ချမ်းသာခြင်းအားလည်းကောင်း၊ ခန္ဓာကိုယ် ဆင်းရဲခြင်းအားလည်းကောင်း ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အဘိ – ၇ – ပဋ္ဌာန် – ၁၄၇။ အရကောက် – ၄၁၇ / ၈)

ဤဒေသနာတော်အရ ကာယပသာဒနှင့် သုခဿဟဂုတ် ကာယဝိညာဏ်၊ ဒုက္ခဿဟဂုတ် ကာယဝိညာဏ်တို့သည် အဗျာကတတရားတည်း။ သဒ္ဓါဟူသော ကုသိုလ်က သီလ၊ သုတ၊ စာဂ၊ ပညာဟူသော ကုသိုလ်တရားက သုခဿဟဂုတ် ကာယဝိညာဏ်အား၊ ဒုက္ခဿဟဂုတ် ကာယဝိညာဏ်ဟူသော အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (*ကျေးဇူးပြုပုံကား–*)

သဒ္ဓါတရားကို အမှီပြု၍ အိန္ဒြေ စသော ကုသိုလ်ကို ပြုလုပ်ရန်အတွက် ပူသည်၊ အေးသည်များကို မရှောင်နိုင်တော့ဘဲ လုပ်စရာအလုပ်များကို လုပ်ရကိုင်ရ၏။ ထိုအခါ ဤခန္ဓာကိုယ်သည် ပင်ပန်းခြင်း၊ ပူပန်ခြင်းသို့ ရောက်ရ၏။ ထိုမှတစ်ပါး မိမိရည်ရွယ်သည့်အတိုင်း လှုံ့ဆော်နိုင်ရန် အလှူဝတ္ထုတို့ကို ရှာဖွေရ၏။ ထိုအခါ ရှာဖွေရခြင်းကို အရင်းခံ၍ ကိုယ်ဆင်းရဲဒုက္ခကို ခံစားရပြန်၏။ ယင်းသည် သဒ္ဓါတရားကို အမှီပြု၍ ခန္ဓာကိုယ်ဆင်းရဲကို ခံစားရသည်ဖြစ်၍ သဒ္ဓါဟူသော ကုသိုလ်တရားက ခန္ဓာကိုယ် ဆင်းရဲခြင်းဟူသော အဗျာကတတရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပေ၏။

ဤနည်းတူစွာပင် အကျင့်သိလကို အမှီပြု၍၊ ဗဟုသုတကို အမှီပြု၍၊ စာဂကို အမှီပြု၍၊ အသိဉာဏ်ပညာကို အမှီပြု၍ အေးအေးဆေးဆေး မနေအား။ သိလတွေ ကောင်းအောင်၊ သုတတွေ ပိုရှိလာအောင်၊ ပို၍စွန့် ကြဲနိုင်အောင်၊ အသိဉာဏ်ပညာတွေ ပွားအောင် ဆက်စပ်လာရာ အလုပ်ကိစ္စများကို ပြုလုပ်ရ၏။ လိုအပ်သော အရာများကို ရှာရဖွေရ၏။ ထိုအခါ ခန္ဓာကိုယ် ပင်ပန်းခြင်း၊ ပူလောင်ခြင်း ဖြစ်ရပြန်၏။ ခန္ဓာကိုယ်ဆင်းရဲကို ခံစားရပြန်၏။ ဤသည်တို့မှာ သိလ၊ သုတ၊ စာဂ၊ ပညာဟူသော ကုသိုလ်တရားက ခန္ဓာကိုယ်ဆင်းရဲဟူသော အဗျာကတတရားအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပေ၏။

သာဓကအားဖြင့် ဘုရားလောင်းသည် ပါရမီပြည့်စဉ် ဘဝတို့၌ ပိဓိ၏ သဒ္ဓါ၊ သိလ၊ သုတ၊ စာဂ၊ ပညာတို့ကို အမှီပြု၍ ခန္ဓာကိုယ် အပင်ပန်း အဆင်းရဲခံကာ ကုသိုလ်ကောင်းမှု ပါရမီတို့ကို ဖြည့်ကျင့်ပြုလုပ် အားထုတ်ခဲ့ရ၏။ ယင်းသည် ကုသိုလ်တရားက အဗျာကတတရားအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပေ၏။

ထို့နောက် 'သဒ္ဓါ၊ သိလ၊ သုတ၊ စာဂ၊ ပညာ' ရှိသူများတို့သည် ပိဓိ၏ သဒ္ဓါ၊ သိလ၊ သုတ၊ စာဂ၊ ပညာတို့ကို အမှီပြု၍ ဝမ်းမြောက်ဝမ်းသာ ပီတိ, ပါမောဇ္ဇတရားတွေ ဖြစ်ရပြန်၏၊ ထိုအခါ ခန္ဓာကိုယ်သည် သက်သက်သာသာ သာယာမှု ချမ်းသာသဘောသို့ သက်ရောက်ရပြန်၏ – ထိုအခါမျိုးဌိလည်းကောင်း၊ တစ်ခါတစ်ခါ ခန္ဓာကိုယ် ပင်ပန်းဆင်းရဲမှုနှင့် ကြုံရပြန်၏ – ထိုအခါမျိုးဌိလည်းကောင်း သဒ္ဓါ၊ သိလ၊ သုတ၊ စာဂ၊ ပညာဟူသော ကာမကုသိုလ်တရားသည် ခန္ဓာကိုယ်ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲခြင်းဟူသော အဗျာကတတရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

ဤကာမကုသိုလ်တရားများ၌ မဟာကုသိုလ် ပဌမစိတ်သည် ရှေ့တန်းက ပါဝင်လေ၏။ မှန်၏။ သဒ္ဓါ၊ သိလ၊ သုတ၊ စာဂ၊ ပညာဟူသော တရားများသည် မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော စေတသိက်များ ဖြစ်ကြလေကုန်၏။

ဤမျှဖြင့် ကာမကုသိုလ်တရားက အဗျာကတတရားအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ သဘောကို သိမြင်နိုင်ကြပေကုန်၏။

၉/ ၁။ ပကုဓိတ်ကို ပဥ္စာဝါရ ဝိဘင် က္ခ-ဏ္ဍာ ဥပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ကုဗ္ဗာတရား၊	ဖြစ်ပုံအား၊	မှတ်သားနိုင်ကြသည်။
၂။	ကြည်ညိုသဒ္ဓါ၊	ကုသလာ၊	ဖြစ်လာရဌာသည်၊
၃။	ကုသိုလ်ကိစ္စ၊	အဝဝ၊	ပြုကြရလေသည်။
၄။	နေပူမိုးရွာ၊	မရွှေ့ဝင်သော၊	သွားလာကြရသည်။
၅။	ခန္ဓာကိုယ်ထင်း၊	ဆင်းရဲခြင်း၊	ပန်းခြင်းဖြစ်ရသည်။
၆။	ဣာကိုယ်ဆိုတာ၊	ဗျာကတာ၊	ဖြစ်တာသိရမည်။
၇။	ထိုသောအခါ၊	ကုသလာ၊	အဗျာတရားအားသည်၊
၈။	ပကတူပ၊	နိဿယ၊	ပစ္စယဖြင့်သည်၊
၉။	ကျေးလူးတရား၊	ပြုခြင်းအား၊	သိကြားနိုင်ကြသည်။
၁၀။	သီလ,သုတာ၊	စာ,ပညာ၊	ဖြစ်ရဌာလဲသည်၊
၁၁။	ဣာသဘောဟု၊	ကျေးလူးပြု၊	ထောက်ရှုသိနိုင်သည်၊
၁၂။	သဒ္ဓါစကြား၊	ကုတရား၊	ဖြစ်ကြားသူများသည်၊
၁၃။	ကြည်နူးဝမ်းသာ၊	ဗီတိဖြာ၊	ခါခါဖြစ်တတ်သည်။
၁၄။	ထိုသောအခါ၊	ဣာကာယာ၊	သာယာနေပေသည်။
၁၅။	တစ်ခါတစ်ခါ၊	မသက်သာ၊	ပန်းကာနေတတ်သည်။
၁၆။	ဣာသဘောဟာ၊	ကုသဒ္ဓါ၊	အဗျာတရားအားသည်၊
၁၇။	ပကတူဖြင့်၊	ကျေးလူးထင့်၊	ပြုလင့်သိနိုင်သည်။
၁၈။	သဒ္ဓါစပြု၊	စေအစု၊	ပကုဓိတ်ဌာသည်၊
၁၉။	ယှဉ်လာနေချိတ်၊	စေတသိက်၊	ဖြစ်ရပ်သိနိုင်သည်။

၉/၂ ။ ပကုဓိတ်ကို ပဋ္ဌာဝါရ ဝိဘင် က္ခ-ဏ္ဍာ ပကတူပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၉/ ၃ ။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ အကု-က ပကတူပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း

၃။ အကု–က ဥပနိဿယ ဝိဓိပါဠိတော် (ပကတူပနိဿယော)

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော – အကုသိုလ်တရားသည် ကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ကျေးဇူးပြုပုံကား–)

အနုဝါဒပါဠိတော်

(က) ရာဂံ ဥပနိဿာယ ဒေါသံ, မောဟံ, မာနံ, ဒိဋ္ဌိ, ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ ဥပ္ပါဒေတိ။

(က) ရာဂကို အမှီပြု၍၊ ဒေါသကို အမှီပြု၍၊ မောဟကို အမှီပြု၍၊ မာနကို အမှီပြု၍၊ ဒိဋ္ဌိကို အမှီပြု၍၊ ပတ္ထနာကို အမှီပြု၍ အလှူကို ပေးလှူ၏။ သီလ ဆောက်တည်၏။ ဥပုသ်စောင့်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ပွားများ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ၏။ သမာပတ်ကို ဖြစ်စေ၏။

(ခ) ရာဂေါ, ဒေါသော, မောဟော, မာနော, ဒိဋ္ဌိ, ပတ္ထနာ သဒ္ဓါယ, သီလဿ, သုတဿ, စာဂဿ, ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

(ခ) ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ ဒိဋ္ဌိသည်၊ ပတ္ထနာသည် သဒ္ဓါအား။ သီလအား။ သုတအား။ စာဂအား။ ပညာအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(ဂ) ပါဏံ ဟန္ത္വာ၊ အဒိန္နံ အာဒိယိတ္ဝာ၊ မုသာ ဘဏိတ္ဝာ ...ပ... ပရဒါရံ ဂန္ത္വာ တဿ ပဋိယာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ ဥပ္ပါဒေတိ။

(ဂ) သူအသက်ကို သတ်၍၊ သူများဥစ္စာကို ခိုးယူ၍၊ မုသားစကား ပြောဆို၍၊ သူတစ်ပါး သားမယားကို သွားလာပြီး၍ ထိုအကုသိုလ်ကံ၏ အစွမ်းကို၊ အကျိုးပေးမှုကို ပယ်ဖျောက်ခြင်းငှါ အလှူကို ပေးလှူ၏။ သီလ ဆောက်တည်၏။ ဥပုသ်စောင့်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ပွားများ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ၏။ သမာပတ်ကို ဖြစ်စေ၏။

(အဘိ – ၇ – ပဋ္ဌာန် – ၁၄၉။ အရကောက် – ၄၂၂ / ၃)

(က) ဦလာသော ဒေသနာသဘောအရ - အကုသိုလ်ဘက်၌ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ တရားတို့သည် ပင်ကိုယ်သဘောအားဖြင့်ပင် အားကြီးသော သဘောရှိ၏။ ဤ၌ ပတ္ထနာဟူသည် - ဘဝသမ္ပတ္တိ - ဘဝ၏ ပြည့်စုံမှုကိုလည်းကောင်း၊ ဘောဂသမ္ပတ္တိ - စည်းစိမ်၏ ပြည့်စုံမှုကိုလည်းကောင်း တောင့်တသော လောဘ တည်း။ သို့ဖြစ်၍ ယင်းရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူသော အကုသိုလ်တရားများ မိမိသန္တာန်၌ ဖြစ်ပေါ်လာလျှင် သတိမထားသူတို့အား ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာအလျောက် သူ့အသက်ကိုသတ်ခြင်း စသော ဒုစရိုက်တို့ကို ကျူးလွန်ကြတော့မည် ဖြစ်၏။

သတိထားသူတို့ကား ဒုစရိုက် ကျူးလွန်သည်အထိ အရောက်မခံဘဲ ဤရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာတရားများသည် ဒုစရိုက် ကျူးလွန်သူအဆင့်ထိ ရောက်စေပြီးနောက် အပါယ်ငရဲသို့ ပို့ဆောင်တော့ မည် ဖြစ်၏။ ဤသို့ သတိထား၍ ယင်းရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာတရားတို့၏ ဖြစ်ပေါ်လာမှုကိုပင် အမှီပြု၍ အလှူလုပ်၏။ သီလဆောက်တည်၏။ ဥပုသ်စောင့်၏။ ဝိပဿနာ အားထုတ်လေတော့၏။ ထိုအခါ ရာဂ စသော အကုသိုလ်တရားကပင် အလှူပေးခြင်း စသော ကုသိုလ်တရားအား ပကတူပနိဿယပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုလေတော့၏။

(ခ) ဦလာသော ဒေသနာသဘောအရ - ကုသိုလ်ဘက်၌ 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ' တရားတို့ သည် ပင်ကိုယ်သဘောအားဖြင့် အားကောင်းကြ၏။ ထို့ကြောင့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ကို အမှီပြု၍ ဒါန အစရှိသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြ၏။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူသော အကုသိုလ်တရားများ တစ်ပါးပါး ဝင်လာသောအခါ သတိထားသူတို့အား ကုသိုလ်ပြုနိုင်ရန်အတွက် သဒ္ဓါတရားတွေ ဖြစ်ရပြန်၏။ အကျင့်သီလတွေ ထိန်းရပြန်၏။ ဗဟုသုတရှိအောင် လုပ်ရပြန်၏။ စွန့်ကြဲမှုတွေ လုပ်ရပြန်၏။ အသိဉာဏ်ပညာတွေ တိုးပွားအောင် ပြုလုပ်ရပြန်၏။ ထိုအခါ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူသော အကုသိုလ်တရားများက 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ' ဟူသော ကုသိုလ်တရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြန်လေ၏။

(ဂ) ဦလာသော ဒေသနာသဘောအရ - မိမိစိတ်သန္တာန်၌ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာဟူသော အကုသိုလ်တရား ဖြစ်ပေါ်လာသည်ကို သတိမထားသူတို့အား သူ့အသက်ကို သတ်ခြင်း၊ သူဥစ္စာကို ခိုးယူခြင်း၊ လိမ်ပြောခြင်း၊ သူတစ်ပါး အိမ်ယာကို ကျူးလွန်ခြင်း စသော အကုသိုလ် ဒုစရိုက်များကို ကျူးလွန်မိတော့၏။ ကျူးလွန်မိကာမှ နောင်တတရား၊ သတိသံဝေဂတရား ရလာလေတော့၏။ ယင်းဒုစရိုက်ကံတို့၏ အပါယ်ငရဲတို့၌ ဆင်းရဲဒုက္ခပေးမည့် သဘောကို တွေးမိလေ တွေးမိလေ ကြောက်လန့်၍ လာလေတော့၏။ ထိုအခါ ယင်းအကုသိုလ် ကံ၏ အကျိုးပေးမှု ပယ်ဖျောက်လိုသည် ဖြစ်ရကား အလှူဒါနကို ပြုလုပ်၏။ သီလကို စောင့်ထိန်းပြန်၏။ ဥပုသ်စောင့်၏။ ဝိပဿနာတရားများကို ကြိုးကြိုးစားစား အားထုတ်ပြန်လေ၏။ သမထတရားများကို အားထုတ်ပြန် လေ၏။ မဂ်ကုသိုလ် ရအောင်ပင် အားထုတ်မှု ပြုကြလေကုန်၏။ ထိုအခါ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာဟူသော အကုသိုလ်တရားကပင် ဒါနပြုခြင်း စသော ကုသိုလ်တရားတို့အား ပကတူပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေတော့၏။

ဤ၌ တိဟိတ်ပုထုဇဉ်တို့အား ပဋ္ဌာန်တရိယကံကို မကျူးလွန်မိလျှင် ဝိပဿနာတရား အားထုတ်၍ မဂ်ဖိုလ်ကို ရနိုင်ပေ၏။ အရှင်အင်္ဂုလိမာလနှင့် ခိုးသားငါးရာ သာမကများကို ထောက်ရှုပါလေ။ ပဋ္ဌာန်တရိယကံကို ကျူးလွန်မိလျှင်ကား ထိုကံက မဂ်မရအောင်လည်း တားမည်ဖြစ်၏။ အပါယ်ငရဲသို့လည်း သေချာပေါက် ပို့မည်ဖြစ်၏။ အဇာတသတ်မင်းကို ထောက်ပါလေ။

ဤ၌လည်း မဟာကုသိုလ် ပဌမစိတ်သည် အဓိကအခန်းက ပါဝင်နေ၏။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာအရ မဟာကုသိုလ် ပဌမစိတ်၌ယှဉ်သော ဧစေတသိက်များဖြစ်သည်ကို ကောင်းစွာသိမြင်နိုင်ကြပေကုန်၏။

၃။ ပကိဏ်ကို ပဉ္စာဝါရ ဝိဘင်္ဂ အကု–ကု ပကထုပနိဿယပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။	အကုတရား၊	ဖြစ်သမျှား၊	သိထားဖို့ရာသည်၊
၂။	ကုသိုလ်တရား၊	ရှိနေဆဲ၊	ကြိုးစားကြရမည်။
၃။	ရာ, ဒေါ်, မောဟ၊	ဒိ, မာန၊	ပယ်ဆွဲနှုတ်ရားသည်၊
၄။	အကုဘက်မှာ၊	အင်အားဟာ၊	လွန်စွာကောင်းလေသည်။
၅။	အကုဖြစ်တောင်း၊	ကုသိုလ်ပြောင်း၊	အပြောင်းလုပ်ဖို့သည်၊
၆။	အကုတရား၊	ကုသိုလ်အား၊	ပြုပြောင်းရှိလေသည်။
၇။	အကုသိုလ်မှိ၊	ဖြစ်လာဘိ၊	သတိထားရမည်။
၈။	သတိမထား၊	လူအများ၊	ဒုများကျူးတတ်သည်၊
၉။	ဒုစရိုတ၊	ကျူးလွန်က၊	ပါယမလွဲပြီ။
၁၀။	သတိထားရာ၊	လူအများမှာ၊	ဖြစ်တာသိ၍သည်၊
၁၁။	ဒုစရိုက်တရား၊	ကျူးခြင်းအား၊	ရှောင်ရှားနိုင်ကြသည်။
၁၂။	ဒါနစတြား၊	ကုတရား၊	ကြိုးစားပြုကြသည်။
၁၃။	ပကတူပ၊	နိဿယ၊	ပစ္စယဖြင့်သည်၊
၁၄။	အကုတရား၊	ကုသိုလ်အား၊	ပြုပြောင်းခေါ် ရသည်၊
၁၅။	သဒ္ဓါ သီလာ၊	သု, စာဂါ၊	ပညာများတို့သည်၊
၁၆။	ကုသိုလ်ပြုရာ၊	ကိစ္စမှာ၊	လွန်စွာအားကောင်းသည်၊
၁၇။	အားကောင်း၍သာ၊	ကုသလာ၊	သူငါပြုကြသည်။
၁၈။	ရာဂစရိုု၊	အကုမိ၊	သတိထားသူသည်၊
၁၉။	ကုသိုလ်ပြုမှာ၊	စိတ်ကူးရာ၊	သဒ္ဓါဖြစ်ပြန်သည်၊

၂၀။ သီလ, သုတာ၊ စာ,ပညာ၊ ကောင်းစွာဖြစ်စေပြီ။
၂၀။ ပကတူပ၊ နိဿယ၊ ပစ္စယဖြင့်သည်၊
၂၂။ အကုတရား၊ ကုသိုလ်အား၊ ပြုငြားခေါ် ရသည်၊
၂၃။ ရာဂစငြား၊ အကုမ္မား၊ ဖြစ်ငြားရဋ္ဌသည်၊
၂၄။ သတိမထား၊ သူတို့အား၊ ဒုမ္မားကျူးလွန်ပြီ။
၂၅။ နောင်တတရား၊ သံဝေများ၊ ရငြားသဖြင့်သည်၊
၂၆။ အကျိုးပေးတောင်၊ သက်သာအောင်၊ ကုဆောင်ပြုလုပ်သည်။
၂၇။ ဒါနစငြား၊ ကုတရား၊ ကြိုးစားအားထုတ်သည်။
၂၈။ ပကတူပ၊ နိဿယ၊ ပစ္စယဖြင့်သည်၊
၂၉။ အကုတရား၊ ကုသိုလ်အား၊ ပြုငြားခေါ် ရသည်။
၃၀။ အကုတရား၊ ကျူးသူများ၊ သတိထားရမည်။
၃၁။ ပဉ္စာနန္တရိယ၊ မကျူးက၊ မဂ်ရထုတ်နိုင်သည်။
၃၂။ အဂ်လိမာလ၊ သက်သေပြ၊ သာဓကသိနိုင်သည်။
၃၃။ ပဉ္စာနန္တရိယ၊ ကျူးမိက၊ မဂ္ဂတားလေပြီ။
၃၄။ သေပြီးအခါ၊ ငရဲရွာ၊ သေချာသွားရမည်။
၃၅။ အဏတသတ်၊ ဗအေသတ်၊ ဖြစ်ရပ်သိနိုင်သည်။
၃၆။ ပကူစိတ်မှာ၊ ကြည်သဒ္ဓါ၊ ယှဉ်တာသိရမည်။

၃။ ပကူစိတ်ကို ပဋ္ဌာဝါရ ဝိဘင် အကု-ကု ပကတူပနိဿယဖြင့် ဝေဖန်ခြင်း ပြီး၏။

၄။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင် ဗျာ-ကု ပကတူပနိဿယ ပစ္စည်းဖြင့် ဝေဖန်ခြင်း

၄။ ဗျာ–ကု ဥပနိဿယ ဝိဓိပါဠိတော် (ပကတူပနိဿယော)

၄။ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော – အဗျာကတ တရားသည် ကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (*ကျေးဇူးပြုပုံကား* –)

အနုဝါဒပါဠိတော်

(က) ကာယိကံ သုခံ ဥပနိဿာယ ကာယိကံ ဒုက္ခံ၊ ဥတုံ, ဘောဇနံ, သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိ ဥပ္ပါဒေတိ။

(က) ကိုယ်ချမ်းသာခြင်းကို အမှီပြု၍၊ ကိုယ်ဆင်းရဲခြင်းကို အမှီပြု၍၊ ဥတုကို အမှီပြု၍၊ ဘောဇဉ်ကို အမှီပြု၍၊ ကျောင်းအိပ်ရာနေရာကို အမှီပြု၍ အလှူဒါန ပြုလုပ်၏။ သီလဆောက်တည်၏။ ဥပုသ်စောင့်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ၏။ သမာပတ်ကို ဖြစ်စေ၏။

(ခ) ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု ဘောဇနံ သေနာသနံ၊ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

(ခ) ကိုယ်ချမ်းသာခြင်းသည်၊ ကိုယ်ဆင်းရဲခြင်းသည်၊ ဥတုသည်၊ ဘောဇဉ်သည်၊ ကျောင်း အိပ်ရာနေရာသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော ကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(*အဘိ – ၇ – ၁၅၁။ အရကောက် – ၄၂၄ / ၅*)

(က) ဦးလာသော ဒေသနာသဘောအရ – စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောသူသည် ကောင်းသော အထိအတွေ့တို့ကို ထိတွေ့နေရသည်ဖြစ်၍ ကိုယ်၏ချမ်းသာခြင်း ဖြစ်လျက်နေ၏။ ဤပုဂ္ဂိုလ်သည် ဤကဲ့သို့ စည်းစိမ်မျိုး မယုတ်လျော့စေရန်အတွက်လည်းကောင်း၊ နောင်သံသရာတို်၌လည်း ဤကဲ့သို့ စည်းစိမ်မျိုးနှင့် ပြည့်စုံစေရန်အတွက်လည်းကောင်း၊ ထိုစည်းစိမ် ချမ်းသာပြည့်စုံမှု၊ ကိုယ်ချမ်းသာမှုကို အမှီပြု၍ အလှူလုပ်၏။ သီလဆောက်တည်၏။ ဝိပဿနာ ဘာဝနာ ပွားများ၏။ ဥပုသ်စောင့်၏။ သမထတရား ပွားများ၏။ ဤအခါမျိုး၌ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဟု ဆိုအပ်သော ကိုယ်ချမ်းသာမှု အဗျာကတတရားသည် အလှူပေးခြင်း စသော ကုသိုလ်တရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

စည်းစိမ်ဥစ္စာ မပြည့်စုံ၍ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဟု ဆိုအပ်သော ကိုယ်ဆင်းရဲခြင်းနှင့် ကြုံနေရသူ ကလည်း နောင်အခါ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံစေရန် ဤကာယိကဒုက္ခမှ ကင်းလွတ်စေရန် ရည်ရွယ်၍ ကာယိက ဒုက္ခကို အမှီပြု၍ပင် ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြန်၏။

ထိုနည်းတူစွာ လျောက်ပတ်သော ဥတုကို ရ၍လည်းကောင်း၊ မရ၍လည်းကောင်း၊ လျောက်ပတ်သော ဘောဇဉ်ကို ရ၍လည်းကောင်း၊ မရ၍လည်းကောင်း၊ လျောက်ပတ်သော ကျောင်း အိပ်ရာနေရာတို့ကို ရ၍လည်းကောင်း၊ မရ၍လည်းကောင်း ယင်းဥတု၊ ဘောဇဉ်၊ ကျောင်း အိပ်ရာနေရာတို့ကို အမှီပြု၍ ဒိန အစရှိကုန်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြန်၏။ ထိုအခါမျိုးတို့၌ အဗျာကတတရားသည် ကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(ခ) ၌လာသော ဒေသနာအရ – ကိုယ်ချမ်းသာခြင်းရှိသော သူကလည်း ချမ်းသာရရေးကို ရှေးရှုလျက် ကုသိုလ်ပြုရန် သန္ဓိတရား ဖြစ်၏။ သုတနှင့် ပြည့်စုံအောင် အားထုတ်၏။ သီလကို ထိန်းသိမ်း၏။ စွန့်ကြဲ၏။ ဉာဏ်ပညာတိုးပွားအောင် ပြုလုပ်၏။ ထိုအခါမျိုး၌ ကာယိကသုခဟူသော အဗျာကတတရားသည် သန္ဓိ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော ကာမကုသိုလ်အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကိုယ်ဆင်းရဲခြင်းရှိသော သူကလည်း ဤဆင်းရဲမှ လွတ်မြောက်ရေးကို ရှေးရှုလျက် ကုသိုလ်ပြုရန် သန္ဓိ အစရှိသော တရားများ ဖြစ်ပြန်၏။

ဤအတူ ဥတု၊ ဘောဇဉ်၊ ကျောင်း အိပ်ရာနေရာတို့၌ နေထိုင်မှုပြုရင်းပင် ကုသိုလ်ပြုရန် သန္ဓိဖြစ်ပြန်၏။ သီလကို ထိန်းပြန်၏။ သုတနှင့်ပြည့်စုံအောင်၊ အသိဉာဏ်ပညာရှိအောင် အားထုတ်ပြန်၏။ စွန့်ကြဲမှုတွေ့ လုပ်ပြန်၏။ ဤအခါမျိုး၌ အဗျာကတတရားက ကာမကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြန်လေ၏။

ဤသို့လျှင် အဗျာကတတရားက ကုသိုလ်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ထောက်ဆ၍ ကိုယ်ချမ်းသာခြင်းတွေ့ ဖြစ်နေရင်းဖြင့်လည်းကောင်း၊ ကိုယ်ဆင်းရဲခြင်းတွေ့ ဖြစ်နေရင်းဖြင့်လည်းကောင်း၊ လျောက်ပတ်သော ဥတုကို မှီခိုနေရခြင်းဖြင့်လည်းကောင်း၊ မလျောက်ပတ်သောဥတုကို မှီခိုနေရသဖြင့်လည်းကောင်း၊ လျောက်ပတ်သော ဘောဇဉ်အာဟာရများကို စားသောက်နေရသဖြင့်လည်းကောင်း၊ မလျောက်ပတ်သော ဘောဇဉ်အာဟာရကို စားသောက်နေရသဖြင့်လည်းကောင်း၊ လျောက်ပတ်သော ကျောင်း အိပ်ရာနေရာ အိမ်စသည်၌ နေရင်း, ထိုင်ရင်း, အိပ်ရင်းဖြင့်လည်းကောင်း၊ မလျောက်ပတ်သော ကျောင်း အိပ်ရာနေရာ စသည်၌ နေထိုင်ရင်း, အိပ်နေရင်းဖြင့်လည်းကောင်း မဟာကုသိုလ် ပဌမစိတ်ကို၊ မဟာကုသိုလ် ပဌမတရားကို ရရှိနိုင်သည်ကို သိမြင်နိုင်ကြပေကုန်၏။

ထို့ပြင် ပစ္စယနိဒ္ဒေသ၌ ဟောကြားတော်မူကြားချက်အရ သင့်တင့်လျောက်ပတ်သော ပုဂ္ဂိုလ်ကို အမှီပြု၍လည်း ကုသိုလ်တရားများ တိုးပွားလာနိုင်ပေ၏။ အကုသိုလ်တရားများကို ရှောင်ကြဉ်ကာ ကုသိုလ်တရားများကိုသာ တိုးပွားအောင် ပြုလုပ်ကြရမည် ဖြစ်ပေသည်။

၄။ ပကိဏ်ကို ပဉ္စာဝါရ ဝိဘင်္ဂ မှာ–က ပကတူပနိဿယပစ္စည်းဖြင့် ဝေပန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	အဗျာတရား၊	ကုသိုလ်အား၊	ပြုငြားရာ၌သည်၊
၂။	ကာယသုခါ၊	ကိုယ်ဒုက္ခာ၊	အဗျာဖြစ်လေသည်။
၃။	စည်းစိမ်ပြည့်ရာ၊	ကိုယ်ကာယာ၊	ချမ်းသာသူများသည်၊
၄။	စည်းစိမ်ဥစ္စာ၊	ဆက်၍သာ၊	ချမ်းသာဖို့ရာထည်၊
၅။	ကိုယ်ကာယသည်၊	ချမ်းသာဥ၊	အမှီပြု၍သည်၊
၆။	ဒါနစငြား၊	ကုသိုလ်များ၊	ကြိုးစားပြုကြသည်၊
၇။	စည်းစိမ်ကနဲ၊	ကိုယ်ဆင်းရဲ၊	လူဖွဲ့များတို့သည်၊
၈။	ကိုယ်ကာယသည်၊	ဆင်းရဲဥ၊	အမှီပြု၍သည်၊
၉။	ဒါနစငြား၊	ကုသိုလ်များ၊	ကြိုးစားပြုကြသည်၊
၁၀။	ဥတုရာသီ၊	ဘောဇဉ်ဥ၊	အမှီပြု၍သည်၊
၁၁။	ကျောင်းသစ်နှံးသည်၊	နေရာဥ၊	အမှီပြု၍သည်၊
၁၂။	ဒါနစငြား၊	ကုသိုလ်များ၊	ကြိုးစားပြုကြသည်။
၁၃။	ပကတူပ၊	နိဿယ၊	ပစ္စယဖြစ်သည်၊
၁၄။	အဗျာတရား၊	ကုသိုလ်အား၊	ပြုငြားခါ ရသည်၊
၁၅။	ကာယသုခ၊	ကိုယ်ဒုက္ခ၊	ရကြသူများထည်၊
၁၆။	ဥတုဘောဇန၊	ကျောင်းဥပ၊	မှီကြသူများသည်၊
၁၇။	အမှီအခို၊	နေရင်းကို၊	ကုသိုလ်ပြုရန်သည်၊
၁၈။	ကြံစည်လေရာ၊	ကြည်သဒ္ဓါ။	ဖြစ်ခါလာလေသည်။
၁၉။	သီလသုတာ၊	စာ,ပညာ၊	ကုသလာများကိုသည်၊
၂၀။	ရလေအောင်များ၊	မနေနား၊	ကြိုးစားပြုကြသည်။
၂၁။	ပကတူပ၊	နိဿယ၊	ပစ္စယဖြင့်သည်၊
၂၂။	အဗျာတရား၊	ကုသိုလ်အား၊	ပြုငြားခါ လေသည်။
၂၃။	ကိုယ်ချမ်းသာခြင်း၊	ဆင်းရဲခြင်း၊	မှီတင်းပြု၍သည်၊
၂၄။	ဥတုရာသီ၊	ဘောဇဉ်ထိ၊	အမှီပြု၍သည်၊
၂၅။	အိပ်ရာနေရာ၊	ကျောင်းအိမ်မှာ၊	နေရာလူတို့သည်၊
၂၆။	နေရင်းထိုင်ရင်း၊	စားသောက်ရင်း၊	အိပ်ရင်းများဖြင့်သည်၊

၂၇။	ပကုတရား၊	ဖြစ်နိုင်ငြား၊	သိထားကြရမည်။
၂၈။	သင့်တော်လေငြား၊	ပဂ္ဂိုလ်အား၊	မှီငြားသဖြင့်သည်၊
၂၉။	ကုသိုလ်တရား၊	တိုးနိုင်ငြား၊	တုရားဟောထားသည်၊
၃၀။	အကုရောင်ထား၊	ကုတရား၊	ကြိုးစားကြရမည်။

၄။ ပကုစိတ်ကို ပဋ္ဌါဝါရ ဝိဘင်္ဂ် ဗျာ-ကု ပကတူပနိဿယ ပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၉။ ဥပနိဿယ ပစ္စည်း ပြီး၏။

၁၀။ ဗျာ-ကု ပုရေဇာတ ပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၀။ ဗျာ-ကု ပုရေဇာတပစ္စည်း ။ ။ အရင်ဖြစ်နှင့်သော အဗျာကတပစ္စည်းတရားက နောက်မှဖြစ်သော ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုခြင်း သဘောသည် ပုရေဇာတပစ္စည်း မည်၏။ ဗျာ-ကု ပုရေဇာတ၌ စက္ခုပသာဒ စသော အဗျာကတရုပ်တရားက ယင်းစက္ခုပသာဒ စသော ရုပ်တရားကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုသော ဝိပဿနာ ကာမကုသိုလ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤ၌ စက္ခုပသာဒက အရင်ဖြစ်၏။ ဝိပဿနာကုသိုလ်က နောက်မှဖြစ်၏။ ထို့ကြောင့် ရှေးမှဖြစ်သော အဗျာကတတရားက နောက်မှဖြစ်သော ဝိပဿနာကုသိုလ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ ဤဗျာ-ကုတရားကို အာရမ္မဏ ဗျာ-ကုအခန်းက ပြခဲ့ပြီတည်း။

(အဘိ - ၇ - ပဋ္ဌာန် - ၁၅၃)

၁၀။ ပကုစိတ်ကို အာရမ္မဏ ပုရေဇာတဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ပုရေဇာတာ၊	ပစ္စယာ၊	ဓိပ္ပါသိရမည်။
၂။	ရှေးကဖြစ်ငြား၊	နောက်ဖြစ်အား၊	ပြုငြားခြင်းကိုသည်၊
၃။	ပုရေဇာတ၊	ပစ္စယ၊	ခေါ် ရသိနိုင်သည်။
၄။	စက္ခုပသာဒ၊	ဗျာကတ၊	ရှေးကဖြစ်နှင့်သည်၊
၅။	အနိစ္စ ဒုက္ခ၊	အနတ္တ၊	ရှုရဝိပဿီသည်၊
၆။	နောက်မှဖြစ်ရာ၊	ကာကုပါ၊	ကောင်းစွာသိနိုင်သည်၊
၇။	ရှေးမှဖြစ်ရာ၊	မျက်စိပါ၊	အဗျာတရားသည်၊

၈။	နောက်မှဖြစ်ပြု၊	ရှေးဆိတဲ့၊	ဝိကုဗ္ဗနာဇနကံသည်၊
၉။	ပုရေဇာတာ၊	ပစ္ဆာယာ၊	ပြုတာသိဒ္ဓိဇသည်၊
၁၀။	သောတစဖြာ၊	ဤနည်းသာ၊	မိုကာသိဒ္ဓိဖြစ်။

၁၀။ ပကုဗိတ်ကို အာရမ္မဏ ပုရေဇာတဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၁။ ပကုဗိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-ဗျာ ပစ္ဆာဇာတပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၁။ က–ဗျာ ပစ္ဆာဇာတ ။ ။ပစ္ဆာဇာတ ဟူသည် ပစ္စည်းတရားက နောက်မှဖြစ်၏။ ပစ္စယုပ္ပန်တရားက အရင်ဖြစ်၏။ နောက်မှဖြစ်သော ပစ္စည်းတရားက အရင်ဖြစ်သော ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုခြင်းသည် ပစ္ဆာဇာတပစ္စည်း မည်၏။ ပစ္ဆာဇာတ၌ က-ဗျာ၊ အက-ဗျာ၊ ဗျာ-ဗျာ ဟူ၍ သုံးမျာ ဥ-ချက်ရှိရာ ဤ၌ က-ဗျာကို ဖော်ပြပေအံ့။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

က–ဗျာ ပစ္ဆာဇာတ ဝိဓိပါဠိတော်

ကုသလော ဓမ္မော အဗျာကတသဟဇာတော ဓမ္မော ပစ္ဆာဇာတော ပစ္ဆာယေ ဓမ္မေ ပစ္ဆာယော – ကုသိုလ်တရားသည် အဗျာကတ တရားအား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား* –)

အနုဝါဒပါဠိတော်

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော– နောက်မှဖြစ်သော ကုသိုလ်ခန္ဓာသည် ရှေးကဖြစ်သော ဤရုပ်ကိုယ်အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(*အဘိ – ၇ – ပဋ္ဌာန် – ၁၅၃*)

ဤဒေသနာသဘောအရ ဒိန္န အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဤရုပ်ခန္ဓာကိုယ်သည် မဟာကုသိုလ် ပဌမစိတ် မဖြစ်ခင်၊ ကုသိုလ်တရား မဖြစ်ခင် ရှေးဦးစွာ ဖြစ်တည်လျက်ရှိ၏။ ဒိန္န အစရှိသော ကုသိုလ်ကောင်းမှုကို ပြု၍ ရရှိဖြစ်ပေါ်လာသော ကုသိုလ်တရားသည် နောက်မှ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ နောက်မှ ဖြစ်ပေါ်လာသော ကုသိုလ်တရားက အရင်ဖြစ်နှင့်နေသော ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်တို့အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

ထိုသဘောအရ ဤရုပ်ခန္ဓာကိုယ် ကျန်းကျန်းမာမာဖြစ်ဖို့၊ လန်းလန်းဆန်းဆန်းဖြစ်ဖို့၊ အသက်ရှည်ဖို့ရာသည် နောက်မှဖြစ်သော စိတ်, ဧစေတသိက်ဟူသော နာမ်တရားတို့၏ ကျေးဇူးပြုမှု၊ ထောက်ပံ့မှုသည် များစွာလိုအပ်လှပေ၏။

ဒါန အစရှိကုန်သော ကုသိုလ်ပြုနေသူတို့အား မဟာကုသိုလ် ပဌမစိတ်ဖြစ်၏။ ယင်းကုသိုလ်စိတ်များနှင့် အတူ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရ၏။ တက်တက်ကြွကြွလည်း ဖြစ်၏။ ဉာဏ်နှင့်လည်း ယှဉ်နေ၏။ စိတ်သည် ကြည်လင်၍နေ၏။ ယင်းကုသိုလ်တရားတို့က ပဏ္ဍာဇာတပစ္စယသတ္တိဖြင့် ဤရုပ်ခန္ဓာကာယအား ကျေးဇူးပြုသော အခါ ရုပ်သည်လည်း ကြည်ကြည်လင်လင် ဖြစ်လာ၏။ ရွှင်ရွှင်လန်းလန်း ဖြစ်လာ၏။ တက်တက်ကြွကြွ ဖြစ်လာ၏။ စိတ်ကြည် ရုပ်ကြည် ဖြစ်လျက်နေ၏။ ယင်းသည်လည်း ကျန်းမာဖို့ရာ အကြောင်း၊ အသက်ရှည်ဖို့ရာ အကြောင်းများ ဖြစ်၏။ အချုပ်အားဖြင့် – ကုသိုလ်စိတ်တွေ ဖြစ်နေလျှင်၊ ကုသိုလ်တရားတွေ တိုးပွားနေလျှင် ရုပ်သည် ကုသိုလ်ရုပ် ဖြစ်နေမည် ဖြစ်၏။ ကုသိုလ်ရုပ်တွေ ဖြစ်လျှင် ကျန်းမာဖို့ရာ၊ အသက်ရှည်ဖို့ရာ အကြောင်းလည်း ဖြစ်ပြန်သဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို အခါခါ ပြုလုပ်အားထုတ်သင့်လှပေကုန်၏။

၁။ ပကိဏ်ကို ပဥ္စဝါဝါရ ဝိဘင်္ဂ် က–ဗျာ ပဏ္ဍာဇာတပစ္စည်းဖြင့် ဧဝမန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ပဏ္ဍာဇတာ၊	ပစ္စယာ၊	စိပ္ပါသိရမည်။
၂။	နောက်ဖြစ်တရား၊	ရှေးဖြစ်အား၊	ပြုပြားခြင်းကိုသည်၊
၃။	ပဏ္ဍာဇတ၊	ပစ္စယ၊	ခေါ် ရသိနိုင်သည်၊
၄။	ဒါနစတြား၊	ကုတရား၊	ပြုပြားသူတို့သည်၊
၅။	ကုမဖြစ်ခင်၊	ဤကိုယ်ပင်၊	အရင်ဖြစ်နှင့်သည်၊
၆။	ကုတရားဟာ၊	နောက်မှသာ၊	ဖြစ်တာသိနိုင်သည်။
၇။	ပဏ္ဍာဇတ၊	ခေါ် ဆိုရ၊	ပစ္စယဖြင့်သည်၊
၈။	နောက်ဖြစ်ကုကား၊	ရှေးဗျာအား၊	ပြုပြားခေါ် လေသည်။
၉။	ဤရုပ်ခန္ဓာ၊	သက်ရှည်ရာ၊	ကျန်းမာဖို့ရာသည်၊
၁၀။	လောကလူဆို၊	လူတိုင်းမှာ၊	လွန်စွာလိုအပ်သည်။
၁၁။	ဒါနစတြား၊	ကုတရား၊	ပြုပြားသူတို့သည်၊
၁၂။	သဒ္ဓါလဲရှင်၊	စိတ်ကြည်လင်၊	လွန်ပင်ဝမ်းသာသည်၊
၁၃။	တက်ကြွလျက်ပင်၊	ဖြစ်ကင်းစင်၊	ဉာဏ်ရှင်နေလေသည်။
၁၄။	ဤနည်းတူစွာ၊	ဤရုပ်ပါ၊	ဖြစ်လာသိနိုင်သည်။
၁၅။	ပဏ္ဍာဇတေ၊	ကုဗျာပေ၊	ပြုနေသဖြင့်သည်၊

၁၆။ ကုသိုလ်ပြုလုပ်၊ ကုအားထုတ်၊ ကုရုပ်ဖြစ်ရသည်၊
၁၇။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ကြောင်းခြင်းဖြစ်လေသည်။
၁၈။ ထို့ကြောင့်မှန်စွာ၊ ကုသလာ၊ ခါခါပြုရမည်။
၁၉။ မိမိစိတ်အစဉ်၊ မနောက်ပင်၊ ကြည်လင်စေရမည်။

၁၁။ ပကိုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ဗျာ ပစ္စယတပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ ပကိုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ကု အာသေဝနပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၂။ ကု–ကု အာသေဝနပစ္စည်း ။ ။ အကြိမ်ကြိမ် ထုံပွမ်းအပ်သော သဘောကို **အာသေဝနပစ္စည်း** ဟု ခေါ်၏။ ကုသိုလ်, အကုသိုလ်, ကြိယာ, ဝိပါက်ဟူ၍ စိတ် ၄–မျိုးရှိရာ ဝိပါက်စိတ်သည် အကြိမ်ကြိမ်ဖြစ်ခြင်း သဘောမရှိ၍ အာသေဝနပစ္စည်း မတပ်။ ကုသိုလ်၊ အကုသိုလ်၊ ကြိယာတို့ကား အကြိမ်ကြိမ်ဖြစ်ခြင်း သဘောရှိ၍ အာသေဝနပစ္စည်း တပ်လေ၏။ ထိုတွင် ပုထုဇဉ်၊ သေက္ခတို့၌ ကုသိုလ်, အကုသိုလ်တို့သည် အကြိမ်ကြိမ် ဖြစ်၏။ ရဟန္တာတို့၌ ကြိယာသည် အကြိမ်ကြိမ် ဖြစ်၏။ ဤအာသေဝန ပစ္စည်း၌ ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ ဟူ၍ သုံ့ခု–ချက်ရှိရာ ဤ၌ ကု–ကုကို ပြပေအုံ့။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။

၁၂။ ကု–ကု အာသေဝန ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝန ပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် ကုသိုလ်တရားအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။ (*ကျေးဇူးပြုပုံကား–*)

အနုဝါဒပါဠိတော်

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော – ရှေးရှေး ကုသိုလ်တရားတို့သည် နောက်နောက် ကုသိုလ်တရားတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ – ၇ – ပဋ္ဌာန် – ၁၅၃ / ၄*)

ဤဒေသနာသဘောအရ ကုသိုလ်၊ အကုသိုလ်တရားတို့သည် အရှိန်အားကောင်းကြ၏။ ကုသိုလ်စိတ် တစ်ကြိမ်ဖြစ်လျှင်လည်းကောင်း၊ အကုသိုလ်စိတ် တစ်ကြိမ်ဖြစ်လျှင်လည်းကောင်း တစ်ကြိမ်နှင့် ရပ်တန့်မသွားဘဲ

အနန္တရပစ္စည်းမှာ ပြအပ်သကဲ့သို့ အခြားသောစိတ်မခြားဘဲ ကုသိုလ်စိတ်ချည်း၊ အကုသိုလ်စိတ်ချည်း (၇) ကြိမ် ဆက်ဖြစ်၏။ ယင်းကို စိတ်ဖြစ်စဉ် စိတ္တနိယာမ ဝိထိအားဖြင့် ဇော (၇) ကြိမ်ဟု ခေါ်၏။

ထိုတွင် ရှေးရှေးကုသိုလ်တရားသည် နောက်နောက်ကုသိုလ်တရားအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုရာ၌ ပဌမဇောသည် ဒုတိယဇောအားလည်းကောင်း၊ ဒုတိယဇောသည် တတိယဇောအားလည်းကောင်း၊ တတိယဇောသည် စတုတ္ထဇောအားလည်းကောင်း၊ စတုတ္ထဇောသည် ပဉ္စမဇောအားလည်းကောင်း၊ ပဉ္စမဇောသည် ဆဋ္ဌဇောအားလည်းကောင်း၊ ဆဋ္ဌဇောသည် သတ္တမဇောအားလည်းကောင်း အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

စိတ်ဖြစ်စဉ်သဘောအရ ကုသိုလ်စိတ်တွေ ဖြစ်တိုင်း၌ ယင်းသို့ ဇော (၇)ကြိမ် ဆက်တိုက် ဖြစ်ပေါ်သွားရာ ကံအဖြစ်သို့ ရောက်နိုင်သော စေတနာသည်လည်း ကုသိုလ်ဇော (၇) ကြိမ်တိုင်း၌ ပါဝင်လေ၏။ ထို (၇)ကြိမ်၌ ကုသိုလ်ဇော အရှိန်သည် တစ်ကြိမ်ထက်တစ်ကြိမ် အရှိန် ပို၍ပို၍ အားကောင်းသွားလေ၏။ (၇)ကြိမ်မြောက်၌ကား အားအကောင်းဆုံး အရှိန်သို့ ရောက်လေ၏။

လျှော်ပြီးစ အဝတ်ဖြူ သန့်သန့်အား ရေမွှေးရည် တစ်ကြိမ်ထုံလိုက်လျှင် အမွှေးနံ့ ထွက်လာ၏။ နောက် တစ်ကြိမ် ထုံလိုက်လျှင် ပို၍ အမွှေးနံ့ ထွက်၏။ (၇)ကြိမ်မြောက်၌ကား အမွှေးနံ့ ထွက်မှုအရှိန်သည် အားအကောင်းဆုံး အဖြစ်သို့ ရောက်လေ၏။

ဤနည်းတူစွာပင် ကုသိုလ်စိတ်ဖြစ်တိုင်း ကုသိုလ်ဇော စေတနာ (၇)ကြိမ် ဖြစ်ရာ၌ ပဌမဇောစေတနာသည် ဤဘဝ၌ အကျိုးပေးရန် ကံအဖြစ် ရပ်တည်၏။ သတ္တမဇော စေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို ပေးရန် ကံအဖြစ် ရပ်တည်၏။ ဒုတိယဇော စေတနာမှစ၍ ဆဋ္ဌဇောစေတနာအထိ အလယ်ဇော (၅)ချက်သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် အခွင့်သင့်သလို အကျိုးပေးရန် ကံအဖြစ်ရပ်တည်၏။

သတ္တဝါတစ်ဦးတစ်ယောက်၌ ဘဝပေါင်း အသင်္ချေ အနန္တတို့၌ ယင်းကဲ့သို့သော ကုသိုလ်ဇော (၇)ကြိမ် ဖြစ်မှုတို့သည် အနန္တော အနန္တ ရှိခဲ့ပေ၏။ ထိုတွင် ပဌမဇော စေတနာကံ ကိစ္စသည် ဖြစ်ရာဘဝတွင်ပင် အကျိုးပေးပြီး ဖြစ်၏။ သတ္တမဇော စေတနာကံ ကိစ္စသည် ပဋိသန္ဓေနေစဉ်က အကျိုးပေးခဲ့ပြီး ဖြစ်၏။ အလယ်ဇော (၅)ချက် ဇောစေတနာကံကိစ္စသည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် အခွင့်သင့်သလို အကျိုးပေးမှာ ဖြစ်၏။

အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကံတွေအနက် အလယ်ဇော (၅)ချက်ဖြင့် အကျိုးပေးမည့် ကံကုသိုလ်ကို ဤဘဝ၌ မျှော်လင့်နိုင်ကြပေ၏။ ယင်းအလယ်ဇော (၅)ချက်ဖြင့် အကျိုးပေးမည့်ကံကို အပရာပရိယ ဝေဒနီယကံ ဟု ခေါ်၏။ ယင်းကံသည်လည်း အခွင့်သာမှသာ အကျိုးပေးမည် ဖြစ်၍ အခွင့်သာအောင် အကုသိုလ်တွေ ကြားဖြတ်မနှောင့်ယှက်နိုင်အောင် ဤဘဝ၌ ဘိန၊ သိလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို အာသေဝနပစ္စည်းသဘောအတိုင်းပင် အကုသိုလ်ပြုမှုကိစ္စတွေ အခြားမခံဘဲ ဆက်တိုက်ပြုလုပ်ရန် လိုအပ်ပေ၏။

အချုပ်အားဖြင့် မိမိတို့၏ ခန္ဓာငါးပါးကို အကုသိုလ်စိတ်၊ စေတနာကံတို့ဖြင့် ထုံမွမ်းထားသော ခန္ဓာကိုယ်မဖြစ်စေဘဲ ကုသိုလ်စိတ်၊ စေတနာကံတို့ဖြင့် ထုံမွမ်းထားသော ခန္ဓာကိုယ်သာ ဖြစ်စေသင့်ပေ၏။ သို့မှသာ နောင်ဘဝ

တို့၌လည်း ဤဘဝပြုလုပ်သော ကုသိုလ်ကောင်းမှုကံတို့၏ ကောင်းကျိုးပေးမှုကို ရရှိနိုင်ကြသလို ယခုဘဝမှာလည်း အတိတ်ဘဝတွေက ပြုလုပ်ခဲ့သော အပရာပရိယဝေဒနီယ ကုသိုလ်ကံ၏ အကျိုးပေးမှုကို အခွင့်သာအောင် ပြုလုပ်ရာ ရောက်လေတော့၏။

ဤပြဆိုအပ်ခဲ့သော ကုသိုလ်ကံတို့သည်လည်း မဟာကုသိုလ် ပဌမစိတ်နှင့် အတူတကွဖြစ်သော ဧစေတနာကံတရားသည် အဓိကပါဝင်လေ၏။

၁၂။ ပကိဏ်ကို ပဉ္စာဝါရ ဝိဘင်္ဂ် က–က အာသေဝနပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	အာသေဝန၊	ပစ္စယ၊	ခေါ် ရသတော်သည်၊
၂။	အခါခါထင်း၊	ဖြစ်လေခြင်း၊	ထုံခြင်းဖြစ်လေသည်။
၃။	အကုတရား၊	ကုတရား၊	ရှိန်အားကောင်းပေသည်။
၄။	တစ်ကြိမ်ဖြစ်ရာ၊	ရပ်၍သာ၊	နေတာမဟုတ်ပြီ။
၅။	စိတ္တနိယာမ၊	ဝိထိပ၊	အရတို့ဖြင့်သည်၊
၆။	ကုစိတ်တစ်ကြိမ်၊	ဖြစ်လာချိန်၊	ခုနစ်ကြိမ်ဆက်ဖြစ်သည်။
၇။	ရှေးကုဇောပေ၊	နောက်ကုပေ၊	အာသေဖြုလေသည်။
၈။	ပကဒုပေ၊	ဒု,တပေ၊	တလေ စအားသည်၊
၉။	စက မပေ၊	မ, ဆပေ၊	ဆလေ သတ်အားသည်၊
၁၀။	အာသေဝန၊	ခေါ် ဆိုရ၊	ပစ္စယဖြင့်သည်၊
၁၁။	ရှေးကုကရား၊	နောက်ကုအား၊	ပြုငြားခေါ် ရသည်၊
၁၂။	ကုဇောသတ္တာ၊	ဖြစ်ချိန်မှာ၊	စေတနာပါလေသည်။
၁၃။	ကုဇော စေတနာ၊	အရှိန်ဝါ၊	ဖြစ်တာသိရမည်။
၁၄။	ပအကြိမ်မှာ၊	အရှိန်ဟာ၊	အားမှာနည်းသေးသည်၊
၁၅။	တစ်ကြိမ်ထက်တစ်ကြိမ်၊	ဇောအရှိန်၊	အရှိန်အားကောင်းသည်၊
၁၆။	ခုနစ်ကြိမ်တောင်း၊	အရှိန်ကောင်း၊	အကောင်းဆုံးဖြစ်လေသည်။
၁၇။	ဖြုံသန့်နေသည်၊	ဝတ်ကိုသည်၊	မွေးရည်ထုံလျှင်သည်၊
၁၈။	ပအကြိမ်မှာ၊	မွေးနုံ့သာ၊	ရှိန်ဝါနည်းပေမည်။
၁၉။	တစ်ကြိမ်ထက်တစ်ကြိမ်၊	မွေးနုံ့ရှိန်၊	အရှိန်ကောင်းပေမည်။
၂၀။	ခုနစ်ကြိမ်မှာ၊	မွေးနုံ့သာ၊	ရှိန်ဝါလွန်ကောင်းပြီ။

၂၀။ ကျိုနည်းတူစွာ၊ ဈာနစေတနာ၊ ဖြစ်တာသိရမည်။
၂၁။ ဈာနုနစ်ဝ၊ ပဈာက၊ ကျိဘဝကိုပေးမည်။
၂၃။ ဈာသတ္တမ၊ အကျိုးက၊ ဒုဘဝပေးပေမည်။
၂၄။ လယ်ဈာဝါးဝ၊ တတိယ၊ ဘဝမှစ၍သည်၊
၂၅။ နိဗ္ဗာန်တိုင်ရာ၊ အခွင့်သာ၊ သာသလိုပေးပေမည်။
၂၆။ လယ်ဈာဝါးဖြာ၊ ကံနာမာ၊ အပရာခေါ် လေသည်။
၂၇။ သတ္တဝါတိုင်းမှာ၊ အပရာ၊ များစွာရှိလေသည်။
၂၈။ ကျိဘဝမှာ၊ အပရာ၊ ခွင့်သာစေဖို့သည်၊
၂၉။ ဒါနစြား၊ ကုသိုလ်အား၊ ကြိုးစားပြုရမည်။
၃၀။ ကုသိုလ်ကိုမူ၊ မပြတ်ဟူ၊ ပြုသူများတို့သည်၊
၃၁။ နောင်ဘဝတွေ၊ ကောင်းကျိုးတွေ၊ မသွေရနိုင်သည်၊
၃၂။ အတိတ်ဘဝါ၊ ပြုခဲ့ရာ၊ အပရာကံကိုသည်၊
၃၃။ ကျိဘဝမှာ၊ အခွင့်သာ၊ ပြုရာရောက်လေသည်။
၃၄။ ခန္ဓာဝါးဖြာ၊ ရရိုလာ၊ ခန္ဓာကိုယ်ကိုသည်၊
၃၅။ အကုသိုလ်ထင်း၊ ထုံမွှမ်းခြင်း၊ ဖြစ်ခြင်းမသင့်ပြီ။
၃၆။ ကုသိုလ်ဖြင့်ပေ၊ ထုံမွှမ်းလေ၊ ဖြစ်စေသင့်ကြသည်။

၁၂။ ပကုစိတ်ကို ပဥ္စာဝါရ ဝိဘင်္ဂ် က္ခ-က္ခ အာသေဝန ပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၂။ အာသေဝနပစ္စည်း ပြီး၏။

၁၃။ ပကုဓိတ်ကို ပဋ္ဌာဝါ ရ ဝိဘင်္ဂ် က-ဗျာ ကမ္မပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၃။ က-ဗျာ ကမ္မပစ္စည်း ။ ။ ကုသိုလ်ကံသည် ကောင်းသောအကျိုးကို ပေး၏။ အကုသိုလ်ကံက မကောင်းသောအကျိုးကို ပေး၏။ ဤသို့ လူအများ နားလည်ထား၏။ ယင်းသို့ နားလည်ကြသည်အတိုင်း အကုသိုလ်ကံကို ရှောင်နိုင်သမျှ ရှောင်ကြ၍ ကုသိုလ်ကံကို စွမ်းနိုင်သမျှ ပြုလုပ်အားထုတ်ကြကုန်၏။

ယင်းကံနှင့်စပ်၍ မြတ်စွာဘုရားသည် သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ ဟူ၍ နှစ်မျိုး ဟောကြားတော်မူထား၏။

ထိုတွင် သဟဇာတကမ္မ – ဟူသည် ကုသိုလ်ကံ ပြုလုပ်ဆဲခဏ၌ ဖိဖိနှင့်အတူဖြစ်ဘက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား ကုသိုလ်နာမ်ရုပ်တွေ ဖြစ်နေအောင် ကျေးဇူးပြု၏။

နာနာက္ခဏိကကမ္မ – ဟူသည် အသီးသီးသော ခဏရှိသောကံ၊ ကွဲပြားခြားနားသော ခဏရှိသောကံ ဟူ၍ အဓိပ္ပါယ်ရ၏။ ကုသိုလ်ပြုလုပ်ဆဲခဏ၌ အကျိုးပေးခြင်းမျိုး မဟုတ်ဘဲ ကုသိုလ်ပြုလုပ်စဉ်က ခဏတစ်ခု၊ ကုသိုလ်ပြုပြီးခါမှ အကျိုးပေးခြင်းဖြစ်၍ အကျိုးပေးတော့ ခဏတစ်ခု – ဤသို့ ကွဲပြားခြားနားသော အခါကာလ ခဏရှိ၍ နာနာက္ခဏိက ကမ္မဟူ၍ ဆိုရ၏။

ဆက်ဦးအံ့ ။ စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါးဟူ၍ နာမ်တရားများ ရှိရာ၌ စေတနာမှတစ်ပါး ကျန်နာမ်တရားတို့သည် ဖြစ်ပြီးပျက်သွားကြကုန်၏။ ဖြစ်ပြီး၍ ပျက်ပြီးနောက် သတ္တဝါတို့အား ကောင်းကျိုးကို ပေးရန် အတွက်လည်းကောင်း၊ ဆိုးကျိုးကို ပေးရန်အတွက်လည်းကောင်း အရှိန်အဝါ သတ္တိအနေဖြင့် မကျန်ရစ်ခဲ့ပေ။

စေတနာစေတသိက်သည်ကား သခ်ံတပရမတ်တို့၏ သဘောတံထွာ ဓမ္မာအတိုင်း ဖြစ်ပြီးပျက်သွားရ၏။ ထိုသို့ ဖြစ်ပြီးပျက်သွားပြီးနောက် သတ္တဝါတို့အား ကောင်းသောစေတနာက ကောင်းကျိုးကို ပေးရန်အတွက်လည်းကောင်း၊ မကောင်းသော စေတနာက မကောင်းကျိုးကို ပေးရန်အတွက်လည်းကောင်း အရှိန်အဝါ ကံသတ္တိအနေဖြင့် ကျန်ရစ်ခဲ့လေ၏။ သရက်သီး စသော သစ်သီးတို့၌ အပင်ပေါက်ရန် မျိုးစေ့သည် သတ္တိအနေဖြင့် တည်ရှိနေသကဲ့သို့ ထိုကံသတ္တိသည်လည်း အကျိုးမပေးရမချင်း ကံသတ္တိအနေဖြင့် သတ္တဝါတို့သန္တာန်၌ တည်ရှိနေလေ၏။ ထို့ကြောင့် စေတနာကို ကံဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေ၏။ နာနာက္ခဏိကကမ္မ၌ က-ဗျာ၊ အက-ဗျာ ဟူ၍ သန်ဿနစ်ချက်ရှိ၏။ ဤ၌ က-ဗျာကို ဖော်ပြပေအံ့။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

က္ု–ဗျာ ကမ္မဝိဓိပါဠိတော် (နာနာက္ခဏိကာ)

ကုသလော ဓမ္မော အဗျာကတသဒ္ဒေ ဓမ္မသဒ္ဒေ ကမ္မပစ္စယေန ပစ္စယော - ကုသိုလ်တရားသည် အဗျာကတ တရားအား ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား* -)

အနုဝါဒပါဠိတော်

ကုသလာ ခေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော - ကုသိုလ်စိတ် ၂၁–ပါးနှင့် ရှိသော ခေတနာသည် ကုသိုလ်ဝိပါက်စိတ် ၂၉–ပါးတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ ၇ - ၁၅၄။ အရကောက် - ၄၂၉*)

ဤသဘောအရ ဤနှိုင် မဟာကုသိုလ် ပဌမစိတ်၌ရှိသော ခေတနာကို လိုအပ်ပေ၏။ ယင်းခေတနာကို တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ခေတနာဟု ဆိုရ၏။

ယင်းတိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ခေတနာသည် ဒိန္န အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ဖြစ်ပေါ်လာချိန်တွင် အာသေဝနပစ္စည်း၌ ဖော်ပြခဲ့သည့်အတိုင်း ဇော (၇)ကြိမ် ဖြစ်ရ၏။ ပဌမဇောခေတနာသည် ဤဘဝ၌ အကျိုးပေးရန်အတွက်လည်းကောင်း၊ သတ္တမဇောခေတနာသည် ဒုတိယဘဝ၌ အကျိုးပေးရန်အတွက်လည်းကောင်း၊ အလယ်ဇော (၅)ချက် ခေတနာသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် အကျိုးပေးရန်အတွက်လည်းကောင်း ကံအဖြစ် ရပ်တည်လေ၏။

ခေတနာက တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ်ခေတနာဖြစ်၍ အထက်တန်းစား ခေတနာဖြစ်၏။ ခေတနာမှ ကံအဖြစ်သို့ ပြောင်းလဲရာ၌လည်း အထက်တန်းစားကံအဖြစ်သို့ ပြောင်းလဲ၏။ ယင်းအထက်တန်းစားကံက ဤဘဝ အကျိုးပေးရာ၌လည်း အထက်တန်းစား အကျိုးပေးမည်ဖြစ်၏။ ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို ပေးရာ၌လည်း အမြတ်စား၊ အထက်တန်းစား တိဟိတ် ဥက္ကဋ္ဌ မဟာဝိပါက် ပဌမစိတ် ပဋိသန္ဓေကျိုးနှင့် ကမ္မဇရုပ်တို့ကို အကျိုးပေးမည် ဖြစ်၏။ တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်တိုင်အောင် အကျိုးပေးရာ၌လည်း အထက်တန်းစား အကျိုးကိုသာ ပေးမည်ဖြစ်၏။

သတ္တဝါတို့၌ ကံအကျိုးပေးပုံကား ဆန်းကြယ်လှ၏။ မိမိဘက်က ဒိန္န အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်တိုင်း အထက်တန်းစား တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ခေတနာမျိုး ဖြစ်ရှိအောင် ပြုလုပ်ရန်သာ လိုအပ်ပေ၏။ အထက်တန်းစား တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ခေတနာသည် အခြားမဟုတ်။ ကုသိုလ်ပြုလုပ်ရာ၌ ဉာဏ်ယှဉ်၍ ပြုလုပ်ခြင်း၊ ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ခြင်း၊ လိုလိုလားလား တက်တက်ကြွကြွ ပြုလုပ်ခြင်း ဟုဆိုအပ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟု ဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်၌ရှိသော ခေတနာပင်တည်း။

၁၃။ ပကုဗိတ်ကို ကု–ဗျာ ကမ္မပဒဉ်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျန်များ

၁။ ကမ္မပစ္စယာ၊ အဓိပ္ပါ၊ ကောင်းစွာသိရမည်။
၂။ ကုသိလော်ကံမျိုး၊ ပေးလေရိုး၊ ကောင်းကျိုးဖြစ်လေသည်။
၃။ အကုက်ံမျိုး၊ ပေးလေရိုး၊ ဆိုးကျိုးဖြစ်လေသည်။
၄။ ဤသဘောအား၊ လူအများ၊ သိထားကြလေသည်။
၅။ ထို့ကြောင့်လူဘောင်၊ အကုရောင်၊ ကုဆောင်ကျင့်ကြသည်။
၆။ မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြ၊ ကမ္မပစ္စည်းသည်၊
၇။ သဟဇာတမ္မ၊ နာဇာတမ္မ၊ နှစ်ဝဂ်ရှိလေသည်။
၈။ ကောင်းမှုပြုရာ၊ ပြုဆဲမှာ၊ ဖြစ်လာစေတနာသည်၊
၉။ အတူဖြစ်ယှဉ်၊ နာမ်ရုပ်ပင်၊ ကျေးအင်ပြုခြင်းသည်၊
၁၀။ သဟဇာတ၊ ကမ္မပ၊ ခေါ် ရသိနိုင်သည်။
၁၁။ ဖြစ်ပေါ် ဆဲမှာ၊ အကျိုးဟာ၊ ပေးတာမဟုတ်ပြီ။
၁၂။ ဖြစ်ပြီးကာမှ၊ အကျိုးက၊ ပေးရသောထည်၊
၁၃။ ဖြစ်ဆဲတစ်ခဏ၊ ကျိုးတစ်ခဏ၊ ခဏကွဲ၍သည်၊
၁၄။ နာနာက္ခဏိက၊ ကမ္မပ၊ ခေါ် ရသိနိုင်သည်၊
၁၅။ စေတနာကြဉ်၊ ကျန်နာမ်ပင်၊ ဖြစ်လျှင်ပျက်ရသည်။
၁၆။ ဖြစ်ပြီးနောက်မှာ၊ အရှိန်ဝါ၊ ကျန်တာမရှိပြီ။
၁၇။ စေတနာကား၊ ပျက်ပြီးငြား၊ ရှိန်ကားကျန်ခဲ့သည်။
၁၈။ သစ်သီးရှိငြား၊ မျိုးစေ့လား၊ မမှားတူလေသည်။
၁၉။ စေကောင်းကျိုးကောင်း၊ စေမကောင်း၊ ကျိုးမကောင်းသိရမည်။
၂၀။ ထို့ကြောင့်စေမူ၊ ကံလို့ဟူ၊ မြတ်ဆုဟောလေသည်။
၂၁။ ကုသိလ်ပြုရာ၊ စေတနာ၊ ဖြစ်လာချိန်မှာသည်၊

၂၂။	ဈေးခုနစ်ဖြာ၊	ဖြစ်ပုံဟာ၊	အာမှာပြခဲ့ပြီ။
၂၃။	ပဌမဘဝ၊	ဒုဘဝ၊	တ,ဘဝမှသည်၊
၂၄။	နိဗ္ဗာန်တိုင်ကို၊	ပေးပုံကို၊	ပြဆိုပြီးခဲ့ပြီ။
၂၅။	ပကူစိတ်ကို၊	ရအောင်ကို၊	ကုသိုလ်ပြုလျှင်သည်၊
၂၆။	အထက်တန်းလွှာ၊	စေတနာ၊	ကောင်းစွာဖြစ်လေပြီ။
၂၇။	ထက်တန်းစေတနာ၊	ကျိုးပေးရာ၊	ယုတ်မာမဟုတ်ပြီ။
၂၈။	အထက်တန်းပဲ၊	အကျိုးကဲ၊	ပေးမြဲဖြစ်၍သည်၊
၂၉။	ပကူစိတ်အား၊	ဖြစ်အောင်များ၊	ကြိုးစားသင့်ကြသည်၊
၃၀။	ဖြစ်လေရာရပ်၊	မယုတ်လတ်၊	မြင့်မြတ်ကြပေမည်။

၁၃။ ပကူစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ဗျာ ကမ္မပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၄။ ပကူစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ဗျာ-ဗျာ ဝိပါကပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၄။ ဗျာ–ဗျာ ဝိပါကပစ္စည်း ။ ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဟုဆိုအပ်သော ပဝတ္တိကျိုး၊ ပဋိသန္ဓေကျိုးဖြစ်သော ဝိပါက်တရားများကို ဝိပါကပစ္စည်းဟု ခေါ်၏။ ယင်းဝိပါက်စိတ်များသည်လည်း အချင်းချင်း အပြန်အလှန် ပစ္စည်း၊ ပစ္စယုပ္ပန် ဖြစ်ကြလေ၏။ ယင်းသို့ဖြစ်ရာ၌ ပဝတ္တိအခါ၌ဖြစ်ပုံ၊ ပဋိသန္ဓေအခါ၌ဖြစ်ပုံဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် ပဝတ္တိအခါ၌ ဖြစ်ပုံသဘောကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

၁။ ပဝတ္တိအခါ ဗျာ–ဗျာ ဝိပါကပစ္စည်း ဝိဓိပါဠိတော်

၁။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါက ပစ္စယေန ပစ္စယော – ဝိပါက်အဗျာကတတရားသည် ဝိပါက်အဗျာကတတရားအား ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား* –)

အနုဝါဒပါဠိတော်

(ပဝတ္တိအခါ) (က) ဝိပါကာဗျာကတော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော – ဝိပါက် အဗျာကတဖြစ်သော ခန္ဓာတစ်ပါးသည် ဝိပါက်အဗျာကတဖြစ်ကုန်သော ခန္ဓာသုံးပါး တို့အားလည်းကောင်း၊ ဝိပါက်အဗျာကတစိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ခ) တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော – ဝိပါက်အဖျာကတဖြစ်ကုန်သော ခန္ဓာသုံးပါးတို့သည် ဝိပါက်အဖျာကတဖြစ်သော ခန္ဓာတစ်ပါးအားလည်းကောင်း၊ ထိုဝိပါက်အဖျာကတစိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဂ) ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော – ဝိပါက်အဖျာကတဖြစ်ကုန်သော နှစ်ပါးကုန်သော ခန္ဓာတို့သည် ဝိပါက်အဖျာကတဖြစ်ကုန်သော ၂–ပါးကုန်သော ခန္ဓာတို့အားလည်းကောင်း၊ ထိုဝိပါက်အဖျာကတစိတ်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ – ၇ – ပဋ္ဌာန် – ၁၅၅)

ဤဒေသနာသဘောအရ – ဒိန အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်သော ကာမတိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၌ ယင်းကုသိုလ်၏ အကျိုးဖြစ်ကုန်သော အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး တစ်ပါးပါး ဖြစ်နိုင်၏။ ဥပမာအားဖြင့် – မဟာဝိပါက် ပဌမစိတ် ဖြစ်သည်ဟုဆိုလျှင် ထိုစိတ်၌ အပွဲမညာ၊ ဝိရတိကြဉ် စေတသိက် ၃၃–ပါး ယှဉ်လေ၏။ ယင်းကို ခန္ဓာဖွဲ့လျှင် မဟာဝိပါက် ပဌမစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ယင်းစိတ်၌ယှဉ်သော စေတသိက် ၃၃–ပါးအနက် ဝေဒနာသည် ဝေဒနာက္ခန္ဓာ ဖြစ်၏။ သညာသည် သညာက္ခန္ဓာ ဖြစ်၏။ ဝေဒနာ, သညာမှကြွင်းသော ကျန်စေတသိက် ၃၁–ပါးသည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ ဤသို့ မဟာဝိပါက် ပဌမစိတ်ဖြစ်ရာ၌ နာမ်ခန္ဓာ ၄–ပါး ရလေ၏။

ထိုနာမ်ခန္ဓာ ၄–ပါးအနက် နာမ်ခန္ဓာ ၁–ပါးသည် ပစ္စည်းဖြစ်လျှင် ကျန်ခန္ဓာ ၃–ပါးတို့သည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာ ၁–ပါးကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် ဖြစ်ကြရ၏။ ထို့ကြောင့် ဝိပါက်နာမ်ခန္ဓာတစ်ပါးသည် ဝိပါက်နာမ်ခန္ဓာ ၃–ပါးတို့အားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ဟောတော်မူခြင်း ဖြစ်သည်။

နာမ်ခန္ဓာ ၃–ပါးသည် ပစ္စည်းဖြစ်လျှင် ကျန်နာမ်ခန္ဓာ ၁–ပါးသည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာ ၃–ပါးတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် ဖြစ်ကြရ၏။ ထို့နောက် ဝိပါက်နာမ်ခန္ဓာ ၃–ပါးတို့သည် ဝိပါက်နာမ်ခန္ဓာ ၁–ပါးအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ဟောတော်မူခြင်း ဖြစ်သည်။

နာမ်ခန္ဓာ ၂–ပါးတို့သည် ပစ္စည်းဖြစ်လျှင် ကျန်သော နာမ်ခန္ဓာ ၂–ပါးတို့သည်လည်းကောင်း၊ ထိုနာမ်ခန္ဓာ ၂–ပါးတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် ဖြစ်ကြရ၏။ ထို့ကြောင့် ဝိပါက်နာမ်ခန္ဓာ ၂–ပါးတို့သည် ဝိပါက်နာမ်ခန္ဓာ ၂–ပါးတို့အားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ဟောတော်မူခြင်း ဖြစ်သည်။

နာမ်ခန္ဓာ ၁–ပါးသည် ပစ္စည်းဖြစ်လျှင် ကျန်နာမ်ခန္ဓာ ၃–ပါးသည်လည်းကောင်း၊ ယင်းနာမ်ခန္ဓာ ၁–ပါးကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန် ဖြစ်ကြရ၏။ ထို့နောက် ဝိပါက်နာမ်ခန္ဓာ ၁–ပါးတို့သည် ဝိပါက်နာမ်ခန္ဓာ ၃–ပါးအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

ပဋိသန္ဓေအခါ အနဝါဒပါဠိတော်

ပဋိသန္ဓိကွဇ္ဈော -

(က) ဝိပါကာ ဗျာကတော ဇော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော - ပဋိသန္ဓေခဏ၌ ပဋိသန္ဓေစိတ်ဖြစ်သော ဝိပါက်အဗျာက်တ ခန္ဓာ ၁-ပါးသည် ပဋိသန္ဓေစိတ်ဖြစ်သော ဝိပါက် အဗျာကတ ခန္ဓာ ၃-ပါးတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ခ) တယော ခန္ဓာ ဇေသ ခန္ဓသ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော - ပဋိသန္ဓေစိတ်ဖြစ်သော ဝိပါက်အဗျာကတ ခန္ဓာ ၃-ပါးတို့သည် ပဋိသန္ဓေစိတ်ဖြစ်သော ဝိပါက်အဗျာကတ ခန္ဓာ ၁-ပါးအားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဂ) ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော - ပဋိသန္ဓေစိတ် ဝိပါက်အဗျာကတ ခန္ဓာ ၂-ပါးတို့သည် ပဋိသန္ဓေစိတ် ဝိပါက်အဗျာကတ ခန္ဓာ ၂-ပါးတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဃ) ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေန ပစ္စယော - ပဋိသန္ဓေစိတ် ဝိပါက်အဗျာကတ နာမက္ခန္ဓာ တို့သည် ဟဒယဝတ္ထုအား ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ - ၇ - ပဋ္ဌာန် ၁၅၅။ အရကောက် - ၄၃၂)

ဤဒေသနာသဘောအရ - ပဋိသန္ဓေစိတ် ဖြစ်စဉ်အခါ၌လည်း တိဟိတ်ဥက္ကဋ္ဌ မဟာဝိပါက် ပဌမစိတ်ဖြင့် ပဋိသန္ဓေနေချိန်၌ ယင်းပဋိသန္ဓေစိတ်နှင့်အတူ ပဝတ္တိအခါ၌ ပြဆိုခဲ့သည့်အတိုင်း စေတသိက် ၃၃-ပါးနှင့် ကမ္မဇရုပ်များ အတူတကွ ဖြစ်ကြ၏။ ပစ္စည်း, ပစ္စယုပ္ပန်နေပုံကား ပဝတ္တိအခါကဲ့သို့ပင်တည်း။ ပဝတ္တိအခါ စိတ္တဇရုပ်နေရာမှာ ပဋိသန္ဓေအခါ ကမ္မဇရုပ်နေသည်သာ ထူးလေသည်။

ဤ၌ အထူးသတိပြုရန်ကား ဘဝတစ်ခု၌ အစဦးဆုံးဖြစ်သော စိတ်သည် ပဋိသန္ဓေစိတ်တည်း။ ယင်း ပဋိသန္ဓေစိတ်သည် အရေးကြီးဆုံးဖြစ်၏။ 'အစကောင်းမှ အနှောင်းသေချာ' ဆိုဘိသကဲ့သို့ ပဋိသန္ဓေစိတ်က ညံ့သွားလျှင် ဘဝတစ်လျှောက်လုံး ညံ့သွားတော့သည်သာ ဖြစ်၏။ ဥပမာ - လူဘဝ၌ သုဂတိအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေလျှင်လည်းကောင်း၊ ဒွိဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေလျှင်လည်းကောင်း ဤဘဝ၌ ချာန်တရား၊ မဂ်တရား၊ ဖိုလ်တရား ရအောင် ဘယ်လိုမှ အားထုတ်၍ မရနိုင်တော့ပြီတည်း။ သေဆုံးပြီးသော ပုဂ္ဂိုလ်ကို ဘယ်လိုမှ အသက်ရှင်အောင် လုပ်၍ မရသကဲ့သို့တည်း။

မဟာဝိပါက် ပဌမစိတ်ဟုဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေသူ တိဟိတ်ပုဂ္ဂိုလ်မှသာ ပါရမီအားလျော်စွာ ချာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများကို အားထုတ်၍ ရနိုင်ကြကုန်၏။

ယင်းတိဟိတ် ဥက္ကဋ္ဌ ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေနိုင်ခြင်းသည် တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ဧတာနာကံကြောင့် နေနိုင်ခြင်း ဖြစ်၏။ ယင်းတိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် ဧတာနာဟူသည် အခြားမဟုတ်။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟုဆိုအပ်သော မဟာကုသိုလ် ပဌမစိတ်ပင် ဖြစ်၏။

ဤသို့ အဘိဓမ္မာသဘာဝရှိသည်ဖြစ်၍ နောက်ဘဝတို၌ တိဟိတ် ဥက္ကဋ္ဌပုဂ္ဂိုလ် ဖြစ်နိုင်ဖို့ရာအတွက် ယခုဘဝ၌ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်တိုင်း၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်အောင် ပြုလုပ်သင့်ကြသည်ကို အထူးသတိပြုသင့်လှပေ၏။

၁၄။ ပကိဏ်ကို ပဉ္စာဝါရ ဝိဘင်္ဂ် များ–များ ဝိပါကပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကမ်းများ

၁။	ဝိပါကပစ္စယာ၊	အဓိပ္ပါ၊	ကောစိးစွာသိရမည်။
၂။	ကုန့်အက္ခ၊	ပြုလုပ်မှု၊	ကျိုးစုဖြစ်လာထည်၊
၃။	အကျိုးဖြစ်ရ၊	ဝိပါက၊	ခေါ် ရသိနိုင်ထည်။
၄။	ပဝတ္တိကျိုး၊	ပဋိကျိုး၊	နှစ်ကျိုးရှိလေသည်။
၅။	ယင်းနှစ်ကျိုးအား၊	မြတ်တုရား၊	ဟောကြားထားလေသည်။
၆။	ကုသလဝိပါက်၊	ဆယ့်ခြောက်ချက်၊	ရှိလျက်နေလေသည်။
၇။	ထိုဆယ့်ခြောက်တွင်၊	ပဝိအင်၊	ဖြစ်ယှဉ်တော်လျှင်သည်၊
၈။	ပဝိစိတ်မှာ၊	စေယျဉ်တာ၊	တီညာကြဉ်ရသည်၊
၉။	သုံးဆယ့်သုံးပါး၊	စေယျဉ်ငြား၊	သိထားနိုင်ကြသည်၊
၁၀။	ခန္ဓာဇွဲ့ရာ၊	နာမ်ခန္ဓာ၊	လေးဖြာရလေသည်။
၁၁။	နာမ်နှင့်အတူ၊	စိတ်ရုပ်ဟူ၊	အတူဖြစ်ကြသည်။
၁၂။	နာမ်ခန်လေးပါး၊	တစ်ပါးပါး၊	စည်းကားနေလျှင်သည်၊
၁၃။	ကျန်နာမ်ရုပ်မှာ၊	ပစ္စယုပ္ပါ၊	ဖြစ်တာသိရမည်။
၁၄။	သုံးပါးနေနေ၊	နှစ်ပါးနေ၊	နေလေရာလဲသည်၊
၁၅။	ထိုအတိုင်းပဲ၊	ဖြစ်သည်ပဲ၊	မလွဲသိရမည်။
၁၆။	ပဋိဉ္စာဝိ၊	တိဟိတ်ရှိ၊	ပဋိနေလျှင်သည်၊
၁၇။	ပစ္စည်းဖြစ်လိုင်း၊	ပန်ဖြစ်လိုင်း၊	တိတိုင်းဖြစ်လေသည်။
၁၈။	စိတ်ရုပ်နေရာ၊	ကံရုပ်သာ၊	ထူးတာသိရမည်။
၁၉။	လူဘဝမှာ၊	နာမ်ရုပ်သာ၊	ဖြစ်လာရဉ်သည်၊

၂၀။	ဘဝတစ်ခု၊	အစပြု၊	ဖြစ်မှုနာမ်ရုပ်သည်၊
၂၁။	အလွန်အမင်း၊	အရေးထင်း၊	ကြီးခြင်းသိရမည်။
၂၂။	ပဋိစ်တ်တွေ၊	ဒွိတိတ်ပေ၊	ဖြစ်နေလေလျှင်သည်၊
၂၃။	ယခုဘဝ၊	မဂ်ဖိုလ်ပ၊	မရနိုင်တော့ပြီ။
၂၄။	တိဟိတ်စိတ်ဖြင့်၊	ပဋိဌင်္ဂ်၊	နေလင့်ပါမှသည်၊
၂၅။	မဂ်ဖိုလ်တရား၊	စျာန်တရား၊	ရငြားသိနိုင်သည်။
၂၆။	တိဟိတ်စိတ်ပေ၊	စွဲသန္ဓေ၊	နေလေဖို့ရာသည်၊
၂၇။	တိဟိတ်ဉာဏ်၌၊	ကုစေမှ၊	မုချရနိုင်သည်။
၂၈။	ယင်းထက်တန်းစား၊	ကုစေကား၊	အခြားမဟုတ်ဖြို။
၂၉။	ပကုစိတ်သာ၊	ဖြစ်လေရာ၊	ကောင်းစွာသိနိုင်သည်။
၃၀။	ထို့ကြောင့်သာပ၊	ကုသလ၊	ပြုကြရာ၌သည်၊
၃၁။	ပကုစိတ်အား၊	ရအောင်များ၊	ကြိုးစားကြရမည်။

၁၄။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် ဗျာ-ဗျာ ဝိဟိကပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၅။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် ကု-ကုဗျာ အာဟာရပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၅။ ကု-ကုဗျာ အာဟာရပစ္စည်း ။ ။ အာဟာရ - ဟူသည် အာ-လွန်စွာ၊ ဟာရ - ဆောင်ခြင်း = လွန်စွာဆောင်ခြင်း ဟူ၍ အဓိပ္ပါယ်ရ၏။ အိမ်အိုး၊ ကျောင်းအိုများကို ပြုလဲမသွားအောင် ထောက်တိုင်တို့ဖြင့် ကျားကန်ထားဘိသကဲ့သို့ နာမ်ရုပ်နှစ်ပါးကို ယိမ်းယိုင်မသွားအောင်၊ အားနည်းမသွားအောင် ဆောင်ထားသောကြောင့် အာဟာရ ဟူ၍ ခေါ်ရသည်။ ဤအာဟာရသည် နာမ်အာဟာရ၊ ရုပ်အာဟာရ ဟူ၍ ၂-မျိုးရှိ၏။ စိတ်၊ စေတသိက်-ဟူသော နာမ်တရားကို ဆက်လက်၍ ရပ်တည်နေနိုင်အောင် 'စိတ်၊ စေတနာ၊ ဖဿ' ဟူသော နာမ်အာဟာရ ၃-ပါးက ဆောင်ထား၏။ ဤရုပ်ကိုယ်ကြီး ဆက်လက်ရပ်တည်နေနိုင်အောင် ကဗဠိကာရ အာဟာရ- ဟူသော ရုပ်အာဟာရက ဆောင်ထား၏။ နာမ်အာဟာရ ၃-ပါးက ဆောင်ထားရာ၌ ပဝတ္တိအခါ ဆောင်ထားခြင်း၊ ပဋိသန္ဓေအခါ ဆောင်ထားခြင်း ဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် ပဝတ္တိအခါ၌ ဆောင်ထားခြင်းကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

၁။ ပဝတ္တိအဘိ ကု–ကုမ္မာ အဟာရ ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလသော စေ အဗ္ယာကတသော စေ ဓမ္မသော အာဟာရ ပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (*အဘိ – ၇ – ပဋ္ဌာ – ၁၅၅။ အရကောက် – ၄၃၃*)

အနုဝါဒပါဠိတော်

ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော – ကုသိုလ် အာဟာရတရားသည် အတူယှဉ်ဘက် ဖြစ်ကုန်သော စိတ်၊ စေတသိက်တရားတို့အားလည်းကောင်း၊ ထိုကုသိုလ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(*အဘိ – ၇ – ပဋ္ဌာ – ၁၅၅။ အရကောက် – ၄၃၃*)

အထက်ပါ ဒေသနာသဘောအရ စိတ်တွေဖြစ်တိုင်းဖြစ်တိုင်း 'ဖဿ, စေတနာ, ဝိညာဉ် (စိတ်)' ဟူသော နာမ်အာဟာရ တရားကိုယ် ၃–ပါး ပါသည်ချည်းဖြစ်၏။ ထိုသို့ ပါတိုင်းလည်း ထိုအာဟာရတရားကိုယ် ၃–ပါးက ပိဓိနှင့် အတူဖြစ်ဘက် နာမ်ရုပ် ၂–ပါးကို ရပ်တည်နိုင်အောင် အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ရှိ၏။

သို့ဖြစ်၍ ကုသိုလ်ပြုရာ၌လည်း ဤနာမ်အာဟာရ တရားကိုယ် ၃–ပါးသည် ကုသိုလ်စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား ထောက်ပံ့ပေးထားလေ၏။ ဒီန အစရှိကုန်သော ကုသိုလ်ပြုရာ၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်သော အဒါ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ စေတသိက် ၃၈–ပါး၊ စိတ္တဇရုပ်များ ဖြစ်ကြ၏။ ယင်းကုသိုလ်တရားတွင် 'ဖဿ၊ **စေတနာ၊ စိတ်**' ဟူ၍ နာမ်အာဟာရ တရားကိုယ် ၃–ပါး ပါဝင်၏။ ထိုတွင် ဖဿက အာရုံကို တွေ့ထိပေးခြင်းဖြင့် နာမ်ရုပ်တရားတို့ကို ဆက်လက်ရပ်တည်စေ၏။ စေတနာက နှိုးဆော်တိုက်တွန်းမှုသဘောဖြင့် နာမ်ရုပ်တို့ကို ဆက်လက်ရပ်တည်စေ၏။ စိတ်ဝိညာဉ်က အာရုံကို သိနေမှုသဘောဖြင့် နာမ်ရုပ်တရားတို့ကို ဆက်လက်ရပ်တည်စေ၏။ ဤသို့လျှင် နာမ်အာဟာရ တရားကိုယ် ၃–ပါး၏ ထောက်ပံ့ကျေးဇူးပြုမှုကြောင့် နာမ်ရုပ်တရားများ ဆက်လက်တည်တံ့ ရပ်တည်နိုင်သည်ကို သိမြင်နိုင်ကြပေကုန်၏။

(၁) ပဝတ္တိအဘိ ဗျာ–ဗျာ အာဟာရ ဝိဓိပါဠိတော် (နာမ်အာဟာရ)

အဗျာကတော စ ဝေယ္မော အဗျာကတသ္သ ဝေယ္မသ္သ အာဟာရ ပစ္စယေန ပစ္စယော - အဗျာကတ တရားသည် အဗျာကတတရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ကျေးဇူးပြုပုံကား -)

အနုဝါဒပါဠိတော်

ဝိပါကာ ဗျာကတာ ကိရိယာ ဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော - ဝိပါက်ကြိယာ အဗျာကတဖြစ်သော နာမ်အာဟာရတရားသည် အတူယှဉ်ဘက် တရားတို့အားလည်းကောင်း၊ ထိုအဗျာကတတရားတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အား လည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကျေးဇူးပြုပုံကို အထက်က ကု–ကုဗျာ သဘောကို မှီ၍ သိနိုင်ကြကုန်၏။

(ဂ) ပဋိသန္ဓေအဘိ ဗျာ–ဗျာ အာဟာရ အနုဝါဒပါဠိတော်

ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော - ပဋိသန္ဓေအဘိ ဝိပါက်အဗျာကတဖြစ်သော နာမ်အာဟာရတရားသည် ဖိဖိနှင့် အတူဖြစ်ဘက် ဖြစ်ကုန်သော နာမ်တရားတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေ၏။

ဤဒေသနာသဘောအရ မဟာဝိပါက် ပဌမစိတ်ဖြင့် ပဋိသန္ဓေနေသူအား မဟာဝိပါက် ပဌမစိတ်ဟူသော ပဋိသန္ဓေစိတ်နှင့်အတူ ဧစေတသိက် ၃၃–ပါး၊ ကမ္မဇရုပ်များ ဖြစ်ကြ၏။ ယင်းနာမ်ရုပ်များကို ဖဿ၊ ဧစေတနာ၊ ဝိညာဉ်ဟူသော နာမ်အာဟာရ တရားကိုယ် ၃–ပါးက ရပ်တည်နေနိုင်အောင် ကျေးဇူးပြု၏။

အတိတ်က ပြုခဲ့သော တိဟိတ် ဉက္ကဋ္ဌ ကုသိုလ်ကံဧစေတနာကြောင့် ယခုဘဝ မဟာဝိပါက် ပဌမစိတ်ဟု ဆိုအပ်သော တိဟိတ် ဉက္ကဋ္ဌ ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေရ၏။ ပဋိသန္ဓေစိတ်၌ ယှဉ်သော ဖဿ၊ ဧစေတနာ၊ ဝိညာဉ်တို့က မိမိနှင့်အတူဖြစ်ဘက် နာမ်ရုပ်များကို ရပ်တည်နိုင်အောင် ကျေးဇူးပြုပြန်၏။ ထို့ကြောင့် အဓိပ္ပါယ်ထဲ၌ နာမ်ရုပ်တရားများ ရပ်တည်နိုင်ခြင်း ဖြစ်သည်ကို သိမြင်နိုင်ကြပေကုန်၏။

(ဂ) ဗျာ–ဗျာ ဓုပ်အာဟာရ အနုဝါဒပါဠိတော်

ကဗဠိကာရော အာဟာရော ဣမသ္မိံ ကာယသ္မိံ အာဟာရဋ္ဌိတိယာ ပစ္စယေန ပစ္စယော – အလုတ်အလွေးပြု၍ မျိုအပ်သော အဆီ၊ ညှစ်ဟု ဆိုအပ်သော ရုပ်အာဟာရတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်ရသော ဤရုပ်ကာယအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဤဒေသနာသဘောအရ – ထမင်း၊ ဟင်း၊ သစ်သီး၊ မုန့်ခဲပွယ် စသော အစာအာဟာရတို့၌ အင်အားကို ဖြစ်စေနိုင်သော အဆီ၊ ညှစ်ဟူသော အာဟာရများ ပါဝင်၏။ ယင်းအာဟာရများသည် ဤရုပ်ခန္ဓာကိုယ်ကြီး ဆက်လက်ရပ်တည်နေနိုင်အောင် အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်၏။

မှန်၏။ ယင်းအာဟာရတို့၏ ထောက်ပံ့ကျေးဇူးပြုမှုကြောင့်သာ သတ္တဝါတို့ သွားသွားလာလာ လှုပ်ရှားမှု ပြုနိုင်ကြ၏။ ထမင်း စသော အာဟာရများကို ၃–ရက်လောက် မစားဘဲ နေမည်ဆိုလျှင် ဤရုပ်ခန္ဓာကိုယ်သည် သွားသွားလာလာ လှုပ်ရှားနိုင်မည် မဟုတ်ပေ။ အိပ်ရာထဲ၌ ခွေ၍လဲနေကြမည် ဖြစ်၏။

ဤသို့လျှင် ဖဿ၊ စေတနာ၊ ဝိညာဏ်၊ ကဗဠိကာရ အာဟာရ ဟူ၍ အာဟာရတရား ၄–ပါး ရှိလေရာ တွေ့ထိမှု ဖဿ ရှိသောကြောင့်လည်းကောင်း၊ နှိုးဆော်တိုက်တွန်းမှု စေတနာ ရှိသောကြောင့်လည်းကောင်း၊ သိမှုဝိညာဉ်စိတ်တွေ ရှိကြသောကြောင့်လည်းကောင်း နာမ်တရားတွေ တက်တက်ကြွကြွ နှိုးထလျက် ရပ်တည်နေနိုင်သကဲ့သို့ စိတ္တဇရုပ်တွေ တက်တက်ကြွကြွ ဖြစ်နေဘိသကဲ့သို့ ထမင်း စသော အစာအာဟာရကို သုံးဆောင်ရမှု ကဗဠိကာရ အာဟာရကြောင့်လည်း ဤရုပ်ခန္ဓာကိုယ်ကြီး သွားသွားလာလာ လှုပ်လှုပ်ရှားရှား နှိုးထလျက် ရှိနေကြရကုန်၏။ ဤသို့လျှင် ဤဖဿ၊ စေတနာ၊ ဝိညာဏ်၊ ကဗဠိကာရ အာဟာရဟူသော အာဟာရတရား ၄–ပါးသည် ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို ဆောင်ထားနိုင်ပုံကို သိမြင်နိုင်ကြပေကုန်၏။

၁၅။ ပကုဏ်္ဏကို ပဋ္ဌာဝါရ ဝိဘင်္ဂ် နာမ်အာဟာရ၊ ဓုပ်အာဟာရဟူသော အာဟာရပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန် လက်ာများ

၁။	အာဟာရပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	ထောက်တိုင်ပမာ၊	ဆောင်ထားရာ၊	အာဟာဖြစ်လေသည်။
၃။	နာမ်ဟာ, ရုပ်ဟာ၊	အာဟာရာ၊	နှစ်ဖြာရှိလေသည်။
၄။	ဖဿ, စေတနာ၊	ဝိညာဏာ၊	နာမ်ဟာဖြစ်လေသည်။
၅။	ကဗဠိကာရာ၊	အာဟာရာ၊	ရုပ်ဟာဖြစ်လေသည်။
၆။	ပဋိပဝတ္ထိ၊	နှစ်ခုရှိ၊	ပဝတ္တိမှာသည်၊
၇။	နာမ်ဟာသုံးဖြာ၊	စိတ်တိုင်းမှာ၊	ပါတာသိရမည်။
၈။	ကုသိုလ်ပြုရာ၊	ကုစိတ်မှာ၊	နာမ်ဟာသုံးပါးသည်၊
၉။	အတူဖြစ်ငြား၊	နာမ်ရုပ်အား၊	ပြုငြားထား၍သည်၊

၁၀။	ကုန်နာမ်ရုပ်သည်၊	ဆက်လက်ကျ၊	ရုပ်တည်နေနိုင်သည်။
၁၁။	ဖဿဓလေ့၊	အာရုံရှေ့၊	ထိတွေ့ပေးလေသည်။
၁၂။	စေတနာကား၊	နှိုးဆော်ငြား၊	တွန်းအားပေးလေသည်။
၁၃။	ဝိညာဉ်အမှု၊	အာရုံစု၊	သိမှုပြုပေးသည်။
၁၄။	ထို့ကြောင့်အမှန်၊	ရုပ်နှင့်နာမ်၊	ရှင်သန်နေရသည်။
၁၅။	ကျန်စိတ်တွေမှာ၊	ထိုနည်းသာ၊	ပြုတာသိရမည်။
၁၆။	တိဟိတ်သန္ဓိ၊	ဝမ်းဌိတိ၊	တည်ရှိလာခြင်းသည်၊
၁၇။	တိဟိတ်စေတနာ၊	ကုကြောင့်သာ၊	တည်တာသိရမည်။
၁၈။	ဋီစိတ်နှင့်မူ၊	ကံရုပ်ဟူ၊	ဖြိုင်တူဖြစ်ကြသည်။
၁၉။	ယင်းနာမ်ရုပ်အား၊	ဟာသုံးပါး၊	ပြုငြားသိရမည်။
၂၀။	ပဂ္ဂိုလ်သတ္တဝါ၊	အစားစာ၊	ခါခါသုံးဆောင်သည်၊
၂၁။	စားစာထဲမှာ၊	ဆီဩဇ၊	အာဟာဖြစ်လေသည်။
၂၂။	ယင်းအာဟာများ၊	ကျေးလူးကား၊	ပြုငြားသဖြင့်သည်၊
၂၃။	ဤရုပ်တရား၊	ကိုယ်သည်ကား၊	လှုပ်ရှားနိုင်လေသည်။
၂၄။	အစာအာဟာ၊	ကင်းပြတ်ရာ၊	ဘယ်မှာလှုပ်နိုင်မည်။
၂၅။	ဤသို့မှန်စွာ၊	နာမ်အာဟာ၊	ရုပ်ဟာများတို့သည်၊
၂၆။	ခန္ဓာငါးပါး၊	ရုပ်နာမ်အား၊	ဆောင်ထားသိနိုင်သည်။
၂၇။	ကျေးလူးတရား၊	ပြုခြင်းအား၊	သိထားနိုင်ကြသည်။

၁၅။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင် အာဟာရပစ္စည်းဖြင့် ဝေဘန်ခြင်း ပြီး၏။

၁၆။ ပကိုဏ်တိုက်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကုန်ဖြယ်ပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၆။ ကုန်ဖြယ် ပစ္စည်း ။ ။ ကုန်ဖြယ် ဟူသည် အစိုးရခြင်းဟူ၍ အဓိပ္ပါယ်ရ၏။ ဘာကိုအစိုးရသနည်း? ဟူမူ ပစ္စယပ္ပန်တရားတို့အား အစိုးရ၏။ ဤကုန်ဖြယ်သည် သဟဇာတိဖြယ်၊ ပုရေဇာတိဖြယ်၊ ရူပဇီဝိတိန္ဒြိယ ဟူ၍ ၃- မျိုးရှိ၏။ ဤ၌ သဟဇာတိဖြယ်ကို က-ကုဏ္ဍဖြင့်လည်းကောင်း၊ ပုရေဇာတိဖြယ်နှင့် ရူပဇီဝိတိန္ဒြိယတို့ကို ဏာ-ဏာဖြင့်လည်းကောင်း ပြဆိုပေအံ့။

ထိုတွင် သဟဇာတိဖြယ်ဟူသည် ဝိဝိနှင့် အတူဖြစ်ဘက် ပစ္စယပ္ပန်တရားများ ဖြစ်ကုန်သော စိတ်, စေတသိက်ဟူသော နာမ်တရားနှင့် စိတ္တဇရုပ်တို့အား အစိုးရခြင်း ဖြစ်၏။ ဖြတ်စွာဘုရားသည် ဤသို့ ဟောကြား တော်မူထားလေ၏။

၁၆ ။ (က) က-ကုဏ္ဍ ကုန်ဖြယ်ပစ္စည်း၊ ဝိဝိပါဠိတော်

ကုသလော ဓမ္မော ကုသလသ ဓ အဏ္ဏာကတသ ဓ ဓမ္မသ ကုန်ဖြယ် ပစ္စယေန ပစ္စယော - ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဏ္ဏာကတတရားအားလည်းကောင်း ကုန်ဖြယ်ပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား -*)

အနုဝါဒပါဠိတော်

ကုသလာ ကုန်ဖြယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကုန်ဖြယ် ပစ္စယေန ပစ္စယော- ကုသိုလ်ဖြစ်ကုန်သော နာမ်ကွန်ရှေ့တရားတို့သည် ဝိဝိနှင့်အတူ ဖြစ်ကြကုန်သော ကုသိုလ်နာမ်တရားတို့အား လည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ကုန်ဖြယ် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ - ၇ - ပဋ္ဌာန် - ၁၅၆။ အဋ္ဌကောက် - ၄၃၅*)

ဤဒေသနာသဘောအရ နာမ်ကွန်ရှေ့တရားကိုယ် ၈-ပါးရှိ၏။ ယင်းတို့မှာ 'ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ကေဝ္ဘတာ၊ ပညာ' ဟူသည်တို့တည်း။ ဒါနဆိုသော အစရှိကုန်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ် ဖြစ်ရာ၌ ယင်းနာမ်ကွန်ရှေ့ ၈-ပါးလုံး ပါဝင်၏။

ထိုတွင် ဇီဝိတသည် ဝိဝိနှင့် အတူတကွ ဖြစ်ကြကုန်သော စိတ်၊ စေတသိက်၊ နာမ်တရားများနှင့် စိတ္တဇရုပ်တို့အား အစိုးတရ ကျေးဇူးပြု၍ ကုသိုလ်နာမ်ရုပ်များ ဆက်လက်ရှင်သန်နေခြင်း ဖြစ်၏။ ကုသိုလ်စိတ်၌ ပါသော သောမနဿ ဝေဒနာကလည်း ထိုအတူ ကျေးဇူးပြုသည်ဖြစ်၍ ကုသိုလ်နာမ်ရုပ်များသည် လန်းလန်းဆန်းဆန်း ဖြစ်၍နေ၏။

ထို့အတူ သန္ဓိတရားက ကျေးဇူးပြုသဖြင့် ကုသိုလ်နာမ်ရုပ်တို့ ကြည်ညိုသောနာမ်ရုပ်၊ ကြည်လင်သောနာမ်ရုပ် ဖြစ်နေ၏။ ဝီရိယ၏ ကျေးဇူးပြုမှုကြောင့် ကုသိုလ်နာမ်ရုပ်တို့သည် တက်တက်ကြွကြွ ဖြစ်လျက်နေရ၏။ သတိ၏ ကျေးဇူးပြုမှုကြောင့် ကုသိုလ်နာမ်ရုပ်တို့သည် ကုသိုလ်ကိစ္စ၌ မမေ့မလျော့ ဖြစ်၍နေ၏။

ကေဂ္ဂတာ၏ ကျေးဇူးပြုမှုကြောင့် ကုသိုလ်နာမ်ရုပ်တို့သည် ဖရိဖရဲ ပျံ့လွင့်ခြင်း မရှိဘဲ ကုသိုလ်ကိစ္စ၌ အာရုံစူးစိုက်လျက်ရှိ၏။ ဉာဏ်ပညာ၏ ကျေးဇူးပြုမှုကြောင့် ကုသိုလ်နာမ်ရုပ်တို့သည် ကုသိုလ်ကိစ္စ၌ ဉာဏ်နှင့်ယှဉ်၍ ပြုလုပ်ပြောဆို ကြံစည်ကြကုန်၏။

ဤသို့လျှင် မဟာကုသိုလ် ပဌမစိတ်၌ရှိသော နာမ်ကွဲနေ့တရားကိုယ် ၈-ပါးတို့က မိမိနှင့် အတူတကွ ဖြစ်ဘက် နာမ်ရုပ်တို့အား ဂွဲနေ့ယပစ္စည်းဖြင့် ကျေးဇူးပြုပုံသဘောကို သိမြင်နိုင်ကြပေကုန်၏။

၁၆။ (၁) ဗျာ–ဗျာ ပုဗ္ဗေဇာတိန္ဒြေယ ဝိဓိပါဠိတော်

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ဂွဲနေ့ယ ပစ္စယေန ပစ္စယော - အဗျာကတတရားသည် အဗျာကတတရားအား ပုရေဇာတိန္ဒြေယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား-*)

(၁) စက္ခုန္ဒြေယံ စက္ခုဝိညာဏသဿ ဂွဲနေ့ယပစ္စယေန ပစ္စယော - စက္ခုပသာဒသည် စက္ခုဝိညာဏ်စိတ်အား ဂွဲနေ့ယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) သောတိန္ဒြေယံ သောတဝိညာဏသဿ ဂွဲနေ့ယပစ္စယေန ပစ္စယော - သောတပသာဒသည် သောတဝိညာဏ်စိတ်အား ဂွဲနေ့ယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) ဃာနိန္ဒြေယံ ဃာနဝိညာဏသဿ ဂွဲနေ့ယပစ္စယေန ပစ္စယော - ဃာနပသာဒသည် ဃာနဝိညာဏ်စိတ်အား ဂွဲနေ့ယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၄) ဇိဝှိန္ဒြေယံ ဇိဝှါဝိညာဏသဿ ဂွဲနေ့ယပစ္စယေန ပစ္စယော - ဇိဝှါပသာဒသည် ဇိဝှါဝိညာဏ်စိတ်အား ဂွဲနေ့ယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၅) ကာယိန္ဒြေယံ ကာယဝိညာဏသဿ ဂွဲနေ့ယပစ္စယေန ပစ္စယော - ကာယပသာဒသည် ကာယဝိညာဏ်စိတ်အား ဂွဲနေ့ယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဤဒေသနာသဘောအရ စက္ခုပသာဒဟူသော မျက်စိအကြည် အဗျာကတတရားသည် စက္ခုဝိညာဏ်စိတ်ဟူသော မြင်သိစိတ် အဗျာကတအား အစိုးတရ ကျေးဇူးပြု၏။ အစိုးတရ - ဟူသည်ကား မြင်သိစိတ်က အဆင်းမျိုးစုံ ရုပါရုံတို့ကို အစွမ်းကုန် မြင်ချင်၏။ သို့ရာတွင် စက္ခုပသာဒ အကြည်ရုပ်ဟူသော မျက်စိအားကောင်း သလောက်သာ မြင်သိစိတ် ဖြစ်ကြရလေ၏။ *ဥပမာအားဖြင့်* - စက္ခုပသာဒ မျက်စိက ၁-ဖာလုံအတွင်း၌သာ အမြင်အားရှိသည်ဟု ဆိုလျှင် စက္ခုဝိညာဏ်စိတ်က ၁-ဖာလုံအတွင်းလောက်ပဲ မြင်၍ မြင်သိစိတ် ဖြစ်နိုင်၏။ ၁-ဖာလုံကျော်လျှင်ကား မမြင်ရသဖြင့် မြင်သိစိတ် မဖြစ်နိုင်တော့ပေ။ စက္ခုပသာဒရုပ် ပျက်၍ မျက်စိကန်းလျှင်ကား

မြင်သိစိတ် လုံးဝမဖြစ်နိုင်တော့ပြီတည်း။ ထို့ကြောင့် စက္ခုပသာဒသည် မြင်သိစိတ်အား အစိုးရ၏ဟု ဆိုရခြင်း ဖြစ်သည်။

ထိုနည်းတူစွာ သောတပသာဒဟူသော နားသည်လည်း သောတဝိညာဏ်စိတ်ဟူသော ကြားသိစိတ်အား အစိုးရ၏။ နားကောင်းသလောက်သာ ကြားသိစိတ် ဖြစ်နိုင်၏။ နားလုံးလုံးပင်းလျှင် ကြားသိစိတ် မဖြစ်နိုင်တော့ပေ။

ထိုနည်းတူစွာ ဃာနပသာဒရှိဟူသော အနံ့ရှု နှာခေါင်း ကောင်းသလောက်သာ ဃာနဝိညာဏ်စိတ် အနံ့သိမှုစိတ် ဖြစ်နိုင်၏။

ဇိဝှါပသာဒရှိဟူသော လျှာကောင်းသလောက်သာ ဇိဝှါဝိညာဏ်စိတ် အရသာသိစိတ် ဖြစ်နိုင်၏။

ကာယပသာဒရှိဟူသော အရေပြား ကောင်းသလောက်သာ ကာယဝိညာဏ်စိတ် အထိအတွေ့သိစိတ် ဖြစ်နိုင်ကြ၏။ အရေပြားရောဂါ နူနာ စသော ရောဂါကြောင့် ကာယပသာဒ ပျက်စီးလျှင်ကား ကာယဝိညာဏ်စိတ် ထိတွေ့သိစိတ် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် မြတ်စွာဘုရားသည် -

(၁) စက္ခုန္ဒြေ၏ စက္ခုပသာဒသည် စက္ခုဝိညာဏ်စိတ်အားလည်းကောင်း၊

(၂) သောတိန္ဒြေ၏ သောတပသာဒသည် သောတဝိညာဏ်စိတ်အားလည်းကောင်း၊

(၃) ဃာနိန္ဒြေ၏ ဃာနပသာဒသည် ဃာနဝိညာဏ်စိတ်အားလည်းကောင်း၊

(၄) ဇိဝှိန္ဒြေ၏ ဇိဝှါပသာဒသည် ဇိဝှါဝိညာဏ်စိတ်အားလည်းကောင်း၊

(၅) ကာယိန္ဒြေ၏ ကာယပသာဒသည် ကာယဝိညာဏ်စိတ်အားလည်းကောင်း

– ပုရေဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ – ဟု ဟောတော်မူထားခြင်း ဖြစ်လေသည်။

ဤ၌ ပုရေဇာတိန္ဒြိယ – ဟူသည် စက္ခုန္ဒြေ စသော ပသာဒရုပ်ငါးပါးက စက္ခုဝိညာဏ်စိတ် စသော ပဋ္ဌဝိညာဏ် ၅-မျိုးထက် အရင်ဖြစ်နှင့်၏။ ယင်းအရင်ဖြစ်နှင့်သော စက္ခုန္ဒြေ စသော အဗျာကတတရားများက နောက်မှဖြစ်သော စက္ခုဝိညာဏ် စသော ပဋ္ဌဝိညာဏ် အဗျာကတတရားအား ကျေးဇူးပြုခြင်းမျိုးဖြစ်၍ ပုရေဇာတိန္ဒြိယဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

၁၉ (ဂ)။ မျာ– မျာ ရူပဇိဝိတိန္ဒြေယ ဝိဓိပါဠိတော်

အဗျာကတော ဝေမွော အဗျာကတာသေ ဝမွသေ ကွဇ္ဇိဿ ပစ္စယေန ပစ္စယော - အဗျာကတ တရားသည် အဗျာကတ တရားအား ရူပဇိဝိတိန္ဒြေယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား* -)

အနုဝါဒပါဠိတော်

ရူပဇိဝိတိန္ဒြေယံ ကဋတ္တာရူပါနံ ကွဇ္ဇိဿ ပစ္စယေန ပစ္စယော - ရုပ်ဇိဝိတိန္ဒြေပစ္စည်းတရားသည် ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား ရူပဇိဝိတိန္ဒြေယပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(*အဘိ - ၇ - ပဋ္ဌာန် - ၁၅၇*)

ဤဒေသနာ သဘောအရ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော ကမ္မဇရုပ်ကို ဤရုပ်ဇိဝိတက စောင့်ရှောက်မှုပေး၏။ စိတ်၊ စေတသိက်ဟူသော နာမ်တရားကို နာမ်ဇိဝိတက စောင့်၏။ ကမ္မဇရုပ်တို့ကို ရုပ်ဇိဝိတက စောင့်၏။ ထို့ကြောင့် သတ္တဝါများ အသက်ရှင်နေရခြင်း ဖြစ်၏။ ဤနာမ်ဇိဝိတ၊ ရုပ်ဇိဝိတ ပျက်စီး၍ မစောင့်ရှောက်နိုင်တော့လျှင်ကား သေရခြင်းအဖြစ်သို့ ရောက်၏။ ထို့ကြောင့် နာမ်ဇိဝိတက မိမိနှင့် အတူဖြစ်ဘက် နာမ်တရားတို့အား၊ ရုပ်ဇိဝိတက ကမ္မဇရုပ်တို့အား အစိုးရသည်ဟု ဆိုရခြင်း ဖြစ်၏။

သို့ဖြစ်၍ ဆိုင်ရာ ပစ္စယုပ္ပန်တရားအား အစိုးရကြကုန်သော ပစ္စည်းများဖြစ်ကုန်သော မျက်စိကို ကောင်းနေအောင်၊ နားကို ကောင်းနေအောင်၊ နှာခေါင်းကို ကောင်းနေအောင်၊ လျှာကို ကောင်းနေအောင်၊ ကိုယ်အရေပြားကို ကောင်းနေအောင်၊ နာမ်ဇိဝိတ, ရုပ်ဇိဝိတတို့ကို ကောင်းနေအောင် အထူးသတိပြု၍ ပြုလုပ်သင့်ကြပေကုန်၏။

ထိုတရားများ ကောင်းမွန်သလောက်သာ အာရုံခံစားမှု ကောင်းမွန်နိုင်ခြင်း၊ ကျန်းမာရေး ကောင်းမွန်နိုင်ခြင်း၊ အသက်ရှည်ခြင်းများ ဖြစ်နိုင်ကြပေကုန်၏။

၁၉။ ပကုဏ်တ်ကို ဤန္ဒြေယပစ္စည်းပြု၍ ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	ဤန္ဒြေယပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	ပစ္စယုပ္ပန်ကိုပ၊	အစိုးရ၊	ခေါ် ရသိနိုင်သည်။
၃။	သဟဇာတိ၊	ပုရေတိ၊	ရှုတိုက်၍သည်၊
၄။	ဤန္ဒြေယ၊	ဖြစ်ပုံက၊	သုံးဝရိုလေသည်။
၅။	မိမိနှင့်ပ၊	တူတက္ခဏ၊	ဖြစ်ရများကိုသည်၊
၆။	အစိုးတရ၊	ဖြစ်လေက၊	သဟခေါ် ရသည်။

၆။	ကုန့်ကုဗျာ၊	မြတ်ဗုဒ္ဓါ၊	ဟောကာထားလေသည်။
၈။	ကုသိုလ်တရား၊	ကုဗျာအား၊	ပြုပြားရာ၌သည်၊
၉။	နာမ်တုခေါ်ငြား၊	ကိုယ်တရား၊	ရှစ်ပါးရှိလေသည်။
၁၀။	ဇီ, စိတ်, ဝေ, ဒွါ၊	ဝိ,တိ,တာ၊	ပညာဖြစ်လေသည်။
၁၁။	ကုသိုလ်ပြုစဉ်၊	ဇီဝိပဝိ၊	ကျေးအင်ပြု၍သည်၊
၁၂။	ကုနာမ်ရုပ်မှန်၊	လှုပ်ရှားပြန်၊	ရှင်သန်နေရသည်။
၁၃။	သဒ္ဓါကြောင့်ပင်၊	နာမ်ရုပ်အင်၊	ကြည်လင်နေရသည်။
၁၄။	ဝီရိကြောင့်ကား၊	နာမ်ရုပ်များ၊	လှုပ်ရှားတက်ကြွသည်။
၁၅။	ကုသောကြောင့်မှန်း၊	နာမ်ရုပ်ခန်း၊	ရှင်လန်းနေရသည်။
၁၆။	သိစိတ်ကြောင့်သာ၊	သိစရာ၊	သိတာဖြစ်လေသည်။
၁၇။	သတိကြောင့်သာ၊	ကုသလာ၊	မမေ့တာဖြစ်လေသည်။
၁၈။	ဇောကြောင့်ကား၊	ကုသိုလ်အား၊	စိုက်ထြားသိုင်ဝင်သည်။
၁၉။	ပညာကြောင့်ပင်၊	ကုသိုလ်အင်၊	ဉာဏ်ယှဉ်ပြုလုပ်သည်။
၂၀။	သဟဇာတိပစ္စည်း၊	ကျေးလူးတည်း၊	ပြုနည်းသိလောက်ပြီ။
၂၁။	ပုက္ကဲ့ပစ္စည်း၊	ပြုပုံတည်း၊	ထပ်ပြီးသိရမည်။
၂၂။	ပစ္စည်းတရား၊	အရင်ကား၊	ဖြစ်ထြားနေလေသည်။
၂၃။	ပစ္စယဥ္စန်၊	နောက်ကျပြန်၊	အမှန်ဖြစ်လေသည်။
၂၄။	ရှေးဖြစ်တရား၊	နောက်ဖြစ်အား၊	ပြုပြားပုံတို့ကျ၊
၂၅။	မျက်စီစပြား၊	ကြည်ဇီးပါး၊	ရုပ်တရားများတို့သည်၊
၂၆။	မြင်သိစပြား၊	ဝိဉ်ဇီးပါး၊	ပြုပြားသိရမည်။
၂၇။	ပသာဇီးပါး၊	ခေါ် ဆိုပြား၊	တရားများတို့သည်၊
၂၈။	မြင်သိစရိုး၊	ဝိဉ်ဇီးမျိုး၊	အစိုးရလေသည်။
၂၉။	ရုပ်ဇီဝိမျိုး၊	ကံရုပ်မျိုး၊	အစိုးရလေသည်။
၃၀။	နာမ်ဇီဝိမျိုး၊	နာမ်အမျိုး၊	အစိုးရလေသည်။
၃၁။	စိုးရဖြစ်ပြား၊	ပစ္စည်းများ၊	တရားများတို့သည်၊
၃၂။	ကောင်းမွန်လေမှ၊	နာမ်ရုပ်ပ၊	ကောင်းကြပေလိမ့်မည်။
၃၃။	ထို့ကြောင့်မှန်ပေ၊	ပစ္စည်းတွေ၊	ကောင်းနေဖို့ရာသည်၊
၃၄။	မျက်စီကောင်းအောင်၊	နားကောင်းအောင်၊	ကျင့်ဆောင်ပြုရမည်။

၃၅။ နှာခေါင်းကောင်းအောင်၊ လျှာကောင်းအောင်၊ ကျင့်ဆောင်ပြုရမည်။
၃၆။ ကိုယ်ရေကောင်းအောင်၊ ဇီကောင်းအောင်၊ ကျင့်ဆောင်ပြုရမည်။
၃၇။ ယင်းတရားတွေ၊ မှန်မသွေ၊ ကောင်းနေပါမှသည်၊
၃၈။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ မယွင်းဖြစ်ပေမည်။
၃၉။ သဒ္ဓါသတိ၊ ပညာရှိ၊ ဝိုင်ကောင်းလေသည်။

၁၆။ ပကုစိတ်ကို ကွန်ဒိုယပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၇။ ပကုစိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ-က္ခဗျာ စျာနပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၇။ က္ခ–က္ခဗျာ စျာနပစ္စည်း ။ ။ အာရုံကို စိုက်စိုက်စူးစူး နစ်ဝင်နေအောင် ရှုတတ်သော သဘောကို စျာန်ဟု ခေါ်၏။ စိုက်စိုက်စူးစူး ရှုတတ်သောတရားတို့သည် 'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ' ဟူ၍ ၎းပါး ရှိ၏။ ယင်းတရား၎းပါးသည် ပဌမစျာန်ကိုရအောင် အားထုတ်ရာ၌ ပါဝင်သော တရား၎းမျိုး ဖြစ်၏။ ရူပါဝစရကုသိုလ် ပဌမစျာန်ကို ရရှိရန်အတွက် ကသိုဏ်း စသော သမထအာရုံများကို ယင်းတရားတို့ဖြင့် စိုက်စိုက်စူးစူး နစ်ဝင်နေအောင် ရှုပွားသောအခါ ပဌမစျာန်ကို ရ၏။ ထို့ကြောင့် ယင်းတရားများကို စျာန်ဟူ၍ ခေါ်ရ၏။

ထိုသို့ ပဓာနနည်း ဥက္ကဋ္ဌနည်းအားဖြင့် ယင်းတရား၎းမျိုးတို့ကို ပဌမစျာန် ရရှိအောင် စိုက်စိုက်စူးစူး နစ်ဝင်နေအောင် ရှုအပ်သောကြောင့် စျာန်ဟုခေါ်သည်ဟု ဆိုထားသော်လည်း မဟာကုသိုလ် ပဌမစိတ်ရရှိအောင် ဒါန အစရှိကုန်သော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရာတို့၌လည်း စိုက်စိုက်စူးစူး ပြုလုပ်နိုင်လျှင် ပို၍ကောင်းမွန်ပေ၏။ စျာနပစ္စည်းဖြင့် က္ခ–က္ခဗျာဖြစ်ပုံကို မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

၁၇။ က္ခ–က္ခဗျာ စျာနပစ္စည်း ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလသ္သ စ အဗျာကတသ္သ စ ဓမ္မသ္သ စျာနပစ္စယေန ပစ္စယော – ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း စျာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (*ကျေးဇူးပြုပုံကား* –)

အနုဝါဒပါဠိတော်

ကုသလာနိ ဓမ္မာနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဓမ္မာနပစ္စယေန ပစ္စယော– ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟု ဆိုအပ်ကုန်သော ကုသိုလ်ဓာတ်တရားတို့သည် ဖိဖိနှင့်အတူယှဉ်ဘက်တရားတို့အားလည်းကောင်း၊ ထိုကုသိုလ် ဓာတ်တရားတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဓာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အဘိ – ၇ – ပဋ္ဌာန် – ၁၅၇။ အရကောက် – ၄၃၁)

ဤဒေသနာသဘောအရ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ မဟာကုသိုလ် ပဌမစိတ် ရရှိနေသော ပုဂ္ဂိုလ်အား ကုသိုလ်ကို ကြံစည်နေသော ကုသလစိတ်သည် ဖြစ်နေ၏။ ယင်းကုသလစိတ်ဖြင့် ကုသိုလ်ကောင်းမှု ပြုရမည်ကို မပြုချင်သော ဖျင်းရိထိုင်းမှိုင်းသော ထိန၊ မိဒ္ဓ နိဝရဏ တရားများကို ပယ်နိုင်လေ၏။

ထို့နောက် ကုသိုလ်ကောင်းမှုကို သုံးသပ်နေသော ဝိစာရဖြစ်၏။ ယင်းဝိစာရဖြင့် ကုသိုလ်တရား၌ သို့လော သို့လော ယုံမှားသံသယဖြစ်တတ်သော ဝိစိကိစ္ဆာကို ပယ်လေ၏။

ထို့နောက် ဖိဖိပြုလုပ်သော ကုသိုလ်အာရုံကို နှစ်သက်သဘောကျနေသော ပီတိဖြစ်လျက်နေ၏။ ယင်း ပီတိဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ချက်ကို သဘောမကျ၊ မနှစ်သက်နိုင်သော ဗျာပါဒ ဒေါသတရားကို ပယ်လေ၏။

ထို့နောက် ဖိဖို၏ ကုသိုလ်ကောင်းမှုအာရုံကို အာရုံပြု၍ စိတ်ထဲမှာ ကြည်နူးချမ်းသာသော သုခဝေဒနာကို ခံစား၏။ ယင်းသုခဝေဒနာဖြင့် ကုသိုလ်သုခဝေဒနာကို မခံစားနိုင်သော ပျံ့လွင့်သော ဥဒ္ဓစ္စကိလည်းကောင်း၊ နောင်တတစ်ဖန် ပူပန်နေသော ကုက္ကုစ္စတရားကိုလည်းကောင်း ပယ်လေ၏။

ထို့နောက် ဖိဖို၏စိတ်သည် ဖိဖိပြုသော ကုသိုလ်ကိစ္စ၌ ဝူးဝူးဝိုက်ဝိုက် နစ်ဝင်နေသော ဧကဂ္ဂတာ သမာဓိ ဖြစ်နေ၏။ ယင်းသမာဓိဖြင့် ကုသိုလ်ကောင်းမှု၌ မစူးစိုက်နိုင်၊ မသက်ဝင်နိုင်သော ကာမဂုဏ်စိတ်ခေါ် ကာမဆွဲဆွဲကို ပယ်နိုင်လေ၏။

ဤသို့ ကုသိုလ်ကောင်းမှု၌ စိတ်ဝင်တစား အာရုံသက်ဝင်နေသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ကာမကုသိုလ် ချာန်တရား ၅–ပါးတို့သည် ဖိဖိနှင့်အတူဖြစ်ဘက် စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့အားလည်းကောင်း၊ ကုသိုလ်ချာန်စိတ်ကြောင့် ဖြစ်ကြရကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဖိဖိတို့လိုပဲ ကုသိုလ်ကောင်းမှုကိစ္စ၌ အာရုံသက်ဝင်နေအောင် ချာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို သိမြင်နိုင်ကြပေကုန်၏။

၁၇။ ပကတ္တိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် ကု–ကုဗ္ဗာ ဗျာနုပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	ဗျာနုပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	အာရုံကိုများ၊	နစ်အောင်များ၊	ပြုပြောသတောသည်၊
၃။	ဗျာနုပစ္စယ၊	ဟူ၍ပ၊	ခေါ် ရသိနိုင်သည်။
၄။	ဝိစာ, ဝိတက်၊	ဖို့,သုခ်က်၊	ကောင်ပါးပါးသည်၊
၅။	အာရုံကိုများ၊	နစ်အောင်များ၊	ရှုပွားနိုင်ကြသည်။
၆။	ဒါနစပြား၊	ကုသိုလ်အား၊	ပြုပြောရဉ်သည်၊
၇။	ပကတ်စိတ်မှာ၊	စျာန်ဂါးဖြာ၊	ပါတာသိရမည်။
၈။	ကုသိုလ်ကိစ္စ၊	ကြုံစည်က၊	ထိနကင်းလေသည်။
၉။	ကုဝိတက်ဖြင့်၊	ပျင်းကိုထင့်၊	ပယ်လင့်သိနိုင်သည်။
၁၀။	သုံးသပ်နေရာ၊	စိကိစ္ဆာ၊	ထပ်ခါပယ်ပြန်သည်။
၁၁။	နှစ်သက်နေပြား၊	ဖိတရား၊	ဖြစ်ပြားသူမှာသည်၊
၁၂။	သဘောမကျ၊	စိတ်ဆိုးရ၊	ဒေါသပယ်ပြန်သည်။
၁၃။	ကြည်နူးဝမ်းသာ၊	အရသာ၊	သုခါဖြစ်သူသည်၊
၁၄။	စိတ်ပျံ့လွင့်ခြင်း၊	ပူပန်ခြင်း၊	ပယ်ရှင်းနိုင်ပြန်သည်၊
၁၅။	ကုသိုလ်ပြုချက်၊	စူးစိုက်ချက်၊	ပြုလျောက်နေသူသည်၊
၁၆။	စူးစိုက်မရ၊	ကာဆန္ဒ၊	ပယ်ပြနိုင်ပြန်သည်။
၁၇။	ဝိတက်စပြား၊	ကာကုမ္ပား၊	ငါးပါးတရားသည်၊
၁၈။	အတူဖြစ်ကြ၊	နာမ်ရုပ်ပ၊	စျာနစည်းဖြင့်သည်၊
၁၉။	ကျေးဇူးပြုခြင်း၊	သဘောထင်း၊	ထင်လင်းသိနိုင်ပြီ။

၁၇။ ပကတ္တိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် ဗျာနုပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၈။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင် က္ခ-က္ခဏာ မဂ္ဂပစ္ဆည်းဖြင့် ဝေဖန်ခြင်း

၁၈။ က္ခ–က္ခဏာ မဂ္ဂပစ္ဆည်း ။ ။ မဂ္ဂပစ္ဆည်းဟူသည် သွားရာလမ်းခရီးအားဖြင့် ကျေးဇူးပြုခြင်းဟူ၍ အဓိပ္ပါယ်ရ၏။ ယင်းလမ်းခရီးသည် မကောင်းသောနယ်သို့သွားရာ လမ်းခရီး၊ ကောင်းသောနယ်သို့ သွားရာ လမ်းခရီး ဟူ၍ ရှိရာတွင် ဤက္ခ-က္ခဏာ လမ်းခရီးသည်ကား ကောင်းသောနယ်သို့ သွားရာ လမ်းခရီး ဖြစ်ပေ၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူထားလေ၏။

က္ခ–က္ခဏာ မဂ္ဂပစ္ဆည်း ဝိဓိပါဠိတော်

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္ဆယေန ပစ္ဆယော – ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း မဂ္ဂပစ္ဆည်းဖြင့် ကျေးဇူးပြုပေ၏။ (*အဘိ – ၇ – ပဋ္ဌာန် – ၁၅၈။ အရကောက် – ၄၂၈*)

အနုဝါဒပါဠိတော်

ကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္ဆယေန ပစ္ဆယော – ကုသိုလ်ဖြစ်ကုန်သော မဂ္ဂင် ၈–ပါး တရားတို့သည် ပိဖိနှင့်အတူဖြစ်ကုန်သော ကုသိုလ်နာမ်တရားတို့အားလည်းကောင်း၊ ထိုကုသိုလ် မဂ္ဂင် ၈–ပါးတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း မဂ္ဂပစ္ဆယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(*အဘိ – ၇ – ပဋ္ဌာန် – ၁၅၈။ အရကောက် – ၄၂၈*)

ဤဒေသနာသဘောအရ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်သောအခါ၌ ဧစတသိက် ၃၈–ပါး ယှဉ်ရာဝယ် ထိုဧစတသိက်တို့၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော မဂ္ဂင် ၈–ပါးလည်း ပါဝင်လေ၏။ ယင်းပါဝင်သော မဂ္ဂင် ၈–ပါးတရားက ပိဖိနှင့် အတူဖြစ်ဘက် နာမ်တရားအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ကျေးဇူးပြု၏။

ဝိပဿနာတရား အားထုတ်၍ နာမရူပပရိစ္ဆေဒဉာဏ် စသော ဝိပဿနာဉာဏ်ရာ၌လည်း လောကီမဂ္ဂင် ၈–ပါး အနေဖြင့် ပါဝင်၏။ ဂေါတြဘူဉာဏ်မှတစ်ဆင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရာ၌လည်း လောကုတ္တရာမဂ္ဂင် ၈–ပါး ပါဝင်၏။

ဤ၌ ဝိပဿနာ ရှုပွားရာ၌ နာမရူပပရိစ္ဆေဒဉာဏ်ရှေ့၌ မဂ္ဂပစ္ဆည်းဖြစ်ပုံကို သဘောမျှ ရှင်းပြဦးအံ့။

နှာခေါင်း ထွက်လေ၊ ဝင်လေမှ စိတ္တဇဝါယောဓာတ်ဟူသော တွန်းမှုသဘောကို အဖန်ဖန် ရှုပွားသော ယောဂိပုဂ္ဂိုလ်အား တွန်းမှုသဘောသည် ဝါယောဓာတ်မျှသာတည်း။ ရုပ်တရားမျှသာတည်း။ ခေါင်း, ကိုယ်, လက်, ခြေမဟုတ်။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု ဝါယောဓာတ် ရုပ်ပရမတ်ကို ကွဲပြားစွာ သိနေ၏။

တွန်းမှုဝါယောဓာတ်သဘောကို သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ စိတ်တို့ဖြင့် သိနေ၏။ ယင်းသို့မှတို့သည် နာမ်တရားမျှသာတည်း။ အတ္တကောင်၊ ဇီဝကောင်၊ သတ္တဝါကောင်မဟုတ်ဟု တွန်းမှုသဘောကို သိနေသော နာမ်တရားကို ကွဲပြားစွာသိ၏။

ထိုအချိန်၌ နာမ်ရုပ်ကို ပုဂ္ဂိုလ်, သတ္တဝါတို့မှ ခြားနား၍ သဲကွဲစွာသိနေသောကြောင့် စိတ်အားဖြင့် မဟာကုသိုလ် ပဌမစိတ်ဖြစ်၏။ မဂ္ဂင်အားဖြင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ဝိပဿနာပညာမဂ္ဂင် ဖြစ်နေ၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလမဂ္ဂင်လည်း ဖြစ်နေ၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော သမာဓိမဂ္ဂင် ဖြစ်နေ၏။ ယင်းသို့ဖြစ်နေမှုကို လောကီဝိပဿနာမဂ္ဂင် ၈-ပါး ဖြစ်၏ဟု ခေါ်ဆိုရ၏။

ယင်းမဂ္ဂင် ၈-ပါးတရားတို့သည် ပိပိသည်သာ နာမ်နှင့်ရုပ်ကို သဲကွဲစွာ သိမြင်သည် မဟုတ်ဘဲ ပိပိနှင့် အတူဖြစ်ဘက် ကျန်သော နာမ်တရားများကိုလည်း နာမ်ရုပ်ကို သိမြင်နေအောင် ကျေးဇူးပြု၏။ ပိပိနှင့် အတူ ဖြစ်ဘက် စိတ္တဇရုပ်တို့အားလည်း ကျေးဇူးပြု၏။ ထိုသို့ကျေးဇူးပြုသောကြောင့်ပင် ဤခန္ဓာကိုယ်သည် နာမ်ရုပ်ကို သိမြင်သော 'ခန္ဓာကိုယ်၊ ခန္ဓာဇီးပါး' ဖြစ်လျက်နေရသည်ကို ကောင်းစွာသိမြင်နိုင်ကြပေကုန်၏။ ယင်းသို့ သိမြင်ခြင်းသည်ပင် ကောင်းသောလမ်းခရီးကို သွားနေခြင်းဖြစ်၍ နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်လေ၏။

၁၈။ ပကုဏ်တ်ကို ပဉ္စဝါရ ဝိဘင်္ဂ် ကု-ကုဗ္ဗာ မဂ္ဂပစ္ဆည်းဖြင့် ဧဝမနုခြင်း၌ ဆောင်ရန်လက်ကျများ

၁။	မဂ္ဂပစ္ဆယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	သွားရလာရ၊	လမ်းကိုပ၊	မဂ္ဂခေါ် လေသည်။
၃။	မကောင်းသွားလမ်း၊	ကောင်းသွားလမ်း၊	နှစ်လမ်းရှိလေသည်။
၄။	ကုန့်ကုဗ္ဗာ၊	ကောင်းလမ်းပါ၊	မြတ်စွာဟောထားသည်။
၅။	ပကုဏ်တ်ဖြစ်၊	စေယျဉ်လစ်၊	သုံးရှစ်ဖြစ်လေသည်။
၆။	ယင်းစေထဲမှာ၊	မဂ်ရှစ်ဖြာ၊	ပါတာသိရမည်။
၇။	မဂ္ဂင်ရှစ်ဝ၊	ခေါ် ဆိုရ၊	မဂ္ဂပစ္ဆည်းသည်၊
၈။	မိမိနှင့်ပ၊	တူတကွ၊	ဖြစ်ကြများတို့သည်၊
၉။	မိမိသို့ပင်၊	ဖြစ်အောင်ပင်၊	ကျေးအင်ပြုလေသည်။
၁၀။	ဝိပဿနာတရား၊	စိတ်ဝင်စား၊	ရှုပွားသူများသည်၊
၁၁။	ဝါယောဓာတု၊	တွန်းမှုဟု၊	ပွားရှုနေလျှင်သည်၊
၁၂။	တွန်းမှုဆိုတာ၊	ရုပ်မျှသာ၊	သတ္တာမဟုတ်ပြီ။
၁၃။	သတိ,ပညာ၊	နာမ်မျှသာ၊	သူငါမဟုတ်ပြီ။
၁၄။	နာမ်နှင့်ရုပ်အား၊	ဤသို့ပြား၊	ကွဲပြားသိလျှင်သည်၊

၁၅။	ရူပနာမ၊	ဝိုးညာထ်ပ၊	ရှင်ဆိုင်ပ်သည်။
၁၆။	ဤအချိန်တွင်၊	ဝိမဂ္ဂ်၊	ဖြစ်အင််သိုင်ပ်သည်။
၁၇။	မဂ္ဂင်ရှစ်ပါး၊	ရုပ်နာမ်အား၊	သိုင်ားနေခြင်းသည်၊
၁၈။	မိမိတွင်ဆာ၊	သိခြင်းသာ၊	သိတာမဟုတ်ပြီ။
၁၉။	ကျန်နာမ်ရုပ်များ၊	သိအောင်များ၊	ပြုပြားသဖြင့်သည်၊
၂၀။	ရုပ်နာမ်တိုသာ၊	သိမြင်တာ၊	ခန္ဓာဖြစ်လေပြီ။
၂၁။	ရုပ်နာမ်ကိုပင်၊	သဲကွဲအင်၊	သိမြင်နေခြင်းသည်၊
၂၂။	ကောင်းသောလမ်းအား၊	သွားနေပြား၊	မှတ်သားနိုင်ကြသည်။
၂၃။	နတ်ရွာနိဗ္ဗာန်၊	ရောထိမ့်မှန်၊	သွားဟန်ဖြစ်လေသည်။

၁၈။ ပကိုစိတ်ကို မဂ္ဂပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၁၉။ ပကိုစိတ်ကို ပဉ္စာဝါရ ဝိဘင်္ဂ် က္ခ-က္ခ သမ္မယုတ္တ ပစ္စည်းဖြင့် ဝေဖန်ခြင်း

၁၉။ က္ခ–က္ခ သမ္မယုတ္တပစ္စည်း ။ ။ သမ္မယုတ္တ ဟူသည် အထူတကွ ယှဉ်တွဲခြင်း၌ သမအောင်၊ ခွဲမရအောင် ယှဉ်တွဲခြင်း ဟူ၍ အဓိပ္ပါယ်ရလေသည်။ ပျားရည်၊ သကာ၊ ထောပတ်၊ နှမ်းဆီတို့ကို သမအောင်ပြု၍ စတုမဓု ဖော်စပ်သောအခါ ဘယ်ဟာ ပျားရည်အရသာ၊ ဘယ်ဟာ နှမ်းဆီအရသာ စသည်ဖြင့် ခွဲမရအောင် သမယှဉ်တွဲဘိသကဲ့သို့ ဤဒွိလည်း စိတ်တစ်ခုဌ် နာမ်ခန္ဓာလေးပါး ဖြစ်ကြရာတွင် ဘယ်ဟာသည် စိတ်၊ ဘယ်ဟာသည် ဝေဒနာ၊ ဘယ်ဟာသည် သညာ၊ ဘယ်ဟာသည် သင်္ခါရ ဟူ၍ ခွဲမရအောင် သမသွားကြလေသည်။ ညီမျှသွားကြလေသည်။ ယှဉ်တွဲသွားကြလေသည်။

ဤနည်းအတူ မဟာကုသိုလ်စိတ်၌ ဧစေတသိက် ၃၈–ပါး ယှဉ်ရာတွင် ယင်းမဟာကုသိုလ်တရားကို ခန္ဓာပဲ့လျှင် နာမ်ခန္ဓာ ၄–ပါး ရလေသည်။ ယင်းနာမ်ခန္ဓာ ၄–ပါးသည် အာရုံပြုတော့လည်း အတူတူ၊ ဖြစ်တော့လည်း အတူတူ၊ ပျက်တော့လည်း အတူတူ၊ မှီတော့လည်း အတူတူ မှီကြလေသည်။ ယင်းသို့ ခွဲမရအောင် ညီညွတ်သမယှဉ်တွဲကြသည်ကိုပင် သမ္မယုတ္တပစ္စည်းဖြင့် ကုသိုလ်နာမ်တရားက ကုသိုလ်နာမ်တရားအား ကျေးဇူးပြုသည်ဟု ခေါ်ရခြင်း ဖြစ်လေသည်။ အနုဝါဒပါဠိတော်ကား သဟဇာတပစ္စည်းမှာကဲ့သို့၊ အညမညပစ္စည်းမှာကဲ့သို့ ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စသည်ပင် ဖြစ်လေသည်။ ဤသို့ဖြင့် ကုသိုလ်ကောင်းမှု ပြုရာ၌ နာမ်ခန္ဓာလေးပါးတို့၏ သမ္မယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပုံသဘောကို သိမြင်နိုင်လောက်ပြီ ဖြစ်သည်။

၁၉။ ပကတ္တိကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-က သမ္မယုတ္တ ပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	သမ္မယုတ္တ ပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	သမအောင်ထင်း၊	ယှဉ်တွဲခြင်း၊	ခေါ် ခြင်းဖြစ်လေသည်။
၃။	စတုမဓုပမာ၊	ယှဉ်စပ်တာ၊	ကောင်းစွာသိနိုင်သည်။
၄။	ပကတ္တိတ်မှာ၊	နာမ်ခန္ဓာ၊	လေးဖြာရှိလေသည်။
၅။	ဝေဒနာ,သညာ၊	သင်္ခါရာ၊	ဝိညာဏာဖြစ်လေသည်။
၆။	ဘယ်ဟာဝေဒနာ၊	ဘယ်သညာ၊	ခွဲရာမရပြီ။
၇။	အာရုံလဲတူ၊	ဖြစ်ပျက်တူ၊	မှီတူဖြစ်ကြသည်။
၈။	ယင်းသို့ခွဲမရ၊	တူယှဉ်ကြ၊	ညီမျှကြခြင်းသည်၊
၉။	သမ္မယုတ္တ၊	ခေါ် ဆို၊	ပစ္စယဖြင့်သည်၊
၁၀။	ကုသိုလ်တရား၊	ကုသိုလ်အား၊	ပြုကြားခေါ် လေသည်။

၁၉။ ပကတ္တိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-က သမ္မယုတ္တ ပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၀။ ပကတ္တိတ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-ဗျာ ဝိပ္ပယုတ္တ ပစ္စည်းဖြင့် ဝေဖန်ခြင်း

၂၁။ က-ဗျာ ဝိပ္ပယုတ္တပစ္စည်း ။ ။ မယှဉ်ဘဲ ကျေးဇူးပြုမှုသဘောကို ဝိပ္ပယုတ္တပစ္စည်းဟု ခေါ်၏။ နာမ်နှင့်ရုပ်၊ ရုပ်နှင့်နာမ်တို့သည် အတူတကွ ဖြစ်ကြ၏။ သို့ရာတွင် နာမ်အချင်းချင်းကဲ့သို့ ယှဉ်၍ ကျေးဇူးပြုခြင်း မဟုတ်ဘဲ မယှဉ်ဘဲ ကျေးဇူးပြု၏။ နာမ်အချင်းချင်းက အတူတကွ ဖြစ်၏။ အချင်းချင်း ယှဉ်တွဲ၍ ကျေးဇူးပြု၏။ နာမ်နှင့်ရုပ်က အတူတကွ ဖြစ်၏။ သို့ရာတွင် မယှဉ်ဘဲ ကျေးဇူးပြုလေ၏။ မရောဘဲ ကျေးဇူးပြု၏။

ဥပမာအားဖြင့် ဟင်းချက်ရာ၌ အချို၊ အချဉ်၊ အငန်၊ အဖန်၊ အခါး၊ အစပ်ဟူသော အရသာခြောက်မျိုးကို ထည့်၍ချက်သောအခါ ရောနှောမသွားဘဲ သူ့အရသာနှင့်သူ ရှိလေ၏။ သူ့အရသာနှင့်သူ ရှိသော်လည်း အချိုသော်လည်းကောင်း၊ အငန်သော်လည်းကောင်း၊ အစပ်သော်လည်းကောင်း စသည်ဖြင့် တစ်ခုခုလိုနေလျှင် ဟင်းကောင်းတစ်မယ်အဖြစ်သို့ ရောက်မလာပေ။ အရသာ ၆-ပါး အချိုးညီညီ ပါဝင်မှ ဟင်းကောင်းတစ်မယ်အဖြစ်သို့ ရောက်၏။ ဤသို့ အရသာ ၆-ပါးသည် တစ်မျိုးတည်းအဖြစ်သို့ရောက်အောင် ရောနှောမှု မရှိကြသော်လည်း တစ်မျိုးနှင့်တစ်မျိုး ကျေးဇူးပြုသကဲ့သို့ နာမ်နှင့်ရုပ်တို့သည်လည်း ယှဉ်တွဲမှု မရှိဘဲ ကျေးဇူးပြုခြင်းကို ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုရလေ၏။

သဟဇာတပစ္စည်း ကု–ဗျာနှင့် ဝိပ္ပယုတ္တပစ္စည်း ကု–ဗျာသည် တူလေ၏။ ကုသိုလ်တရားနှင့် ကုသိုလ်တရားကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့သည် အတူတကွ ဖြစ်ကြ၏။ သို့ရာတွင် မရောနှောဘဲ၊ မယှဉ်ဘဲ ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုမှုသဘောကို သိမြင်နိုင်ကြပေကုန်၏။

၂၀။ ပကိဏ်းကို ပဒေသာဓိရ ဝိဘင် ကု–ဗျာ ဝိမှယုတ္တပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်များ

၁။	ဝိပ္ပယုတ္တပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	မယှဉ်ဘဲသာ၊	ကျေးလူးဟာ၊	ပြုတာဖြစ်လေသည်။
၃။	နာမ်အချင်းချင်း၊	အတူထင်း၊	ယှဉ်ရင်းပြုလေသည်။
၄။	နာမ်နှင့်ရုပ်အင်၊	အတူပင်၊	မယှဉ်ပြုလေသည်။
၅။	ချို့၊ ချဉ်၊ ဝန်၊ ခါး၊	ငန်၊ စပ်များ။	ခြောက်ပါးရသာသည်၊
၆။	တစ်ခုလိုတောင်း၊	အဘယ်ကြောင်း၊	ဟင်းကောင်းဖြစ်လိမ့်မည်။
၇။	အချိုးညီမှ၊	ဟင်းကောင်းပ၊	ဖြစ်ရသိုင်ဝ်သည်။
၈။	သို့ရာတွင်၏၊	ရောနှောဘိ၊	မရှိလေပဲသည်၊
၉။	တစ်ခုနှင့်တစ်ခု၊	ကျေးလူးမှု၊	အပြုရှိသို့သည်၊
၁၀။	နာမ်နှင့်ရုပ်လေ၊	မယှဉ်ဘဲ၊	ပြုမြဲသိုင်ဝ်သည်။
၁၁။	သဟာတုဗျာ၊	ဝိပ်တုဗျာ၊	တူတာသိုင်ဝ်ပြီ။
၁၂။	ကုနာမ်ဓမ္မ၊	ကုရူပ၊	ဝိပ်ပစ္စယဖြင့်သည်၊
၁၃။	ကျေးလူးတရား၊	ပြုခြင်းအား၊	ဆိုငြားနိုင်ကြပြီ။

၂၀။ ပကိစ်ကို ပဒ္ဓာဝါရ ဝိဘင် ကု–ဗျာ ဝိပ္ပယုတ္တပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၁။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ-ကုဗ္ဗာ အတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း

၂၁။ က္ခ–ကုဗ္ဗာ အတ္ထိပစ္စည်း ။ ။ ဥပါဒ်, ဌိ, ဘင် အားဖြင့် ရှိနေဆဲ ပစ္စည်းတရားက ဥပါဒ်, ဌိ, ဘင်အားဖြင့် ရှိနေဆဲ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုခြင်း သဘောသည် အတ္ထိပစ္စည်း မည်၏။ ဤအတ္ထိပစ္စည်း၌ သဟဇာတတို့, ပုရေဇာတတို့, ပစ္ဆာဇာတတို့, ရုပ်အာဟာရတို့, ရုပ်ဇီဝိတိန္ဒြိယတို့ ဟူ၍ ရှိလေရာ က္ခ-ကုဗ္ဗာ၌ သဟဇာတတို့ကိုသာ ရလေ၏။ အရှေ့မှာ – သဟဇာတပစ္စည်းအတိုင်းသာ ဖြစ်၏။

က္ခ-ကုဗ္ဗာ သဟဇာတတို့၌ မဟာကုသိုလ် ပဌမစိတ်ဖြစ်သောအခါ မဟာကုသိုလ် ပဌမစိတ်သည် ပိဓိနှင့် အတူတကွ ဖြစ်ကုန်သော စေတသိက်နာမ်တရားတို့အားလည်းကောင်း၊ ပိဓိစိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတတို့ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ယင်းသို့ ကျေးဇူးပြုရာ၌ မဟာကုသိုလ် ပဌမစိတ်သည်လည်း ဥပါဒ်, ဌိ, ဘင်အားဖြင့် ရှိဆဲပင်ဖြစ်၏။ အတူဖြစ်ကုန်သော စေတသိက်နာမ်တရားနှင့် စိတ္တဇရုပ်တို့သည်လည်း ဥပါဒ်, ဌိ, ဘင်အားဖြင့် ရှိဆဲပင် ဖြစ်၏။ ယင်းသို့လျှင် ရှိဆဲကုသိုလ်တရားက ရှိနေဆဲ နာမ်နှင့်ရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတတို့ဖြင့် ကျေးဇူးပြုပုံသဘောကို သိမြင်နိုင်ကြကုန်၏။ ပိဓိပါဠိတော်အနေဖြင့် ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – ဟူ၍ နေမည် ဖြစ်၏။ အနုပါဒေါပါဒိဏ္ဏော်မှာလည်း ကုသလော ဇောကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော စသည်ဖြင့် သဟဇာတပစ္စည်းအတိုင်းပင် နေမည်ဖြစ်လေ၏။

အချုပ်အားဖြင့် သဟဇာတတို့ဟူသည် ပစ္စည်းတရားသည်လည်း အတူတကွ ဖြစ်ဆဲ ရှိဆဲတရားဖြစ်၏။ ပစ္စယုပ္ပန်တရားကလည်းအတူတကွ ဖြစ်ဆဲ ရှိဆဲတရားဖြစ်၏။ အတူတကွ ဖြစ်ဆဲ ရှိဆဲ ပစ္စည်းတရားက အတူတကွ ဖြစ်ဆဲ ရှိဆဲ ပစ္စယုပ္ပန် တရားအား သဟဇာတတို့ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းသဘောပင် ဖြစ်လေ၏။

၂၁။ ပကိဏ်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က္ခ–ကုဗ္ဗာ အတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လင်္ကာများ

၁။	အတ္ထိပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	အရှိကအရှိအား၊	ကျေးဇူးကား၊	ပြုကြားခြင်းကိုသည်၊
၃။	အတ္ထိပစ္စယ၊	ဟူ၍ပ၊	ခေါ် ရသိနိုင်သည်။
၄။	သဟ, ပုရေ၊	ပစ်, ဇိဟာ၊	ငါးဖြာရှိလေသည်။
၅။	ကု ကုဗ္ဗာမှာ၊	သဟသာ၊	ရတာသိရမည်။
၆။	ပကိဏ်တွာ၊	ဖြစ်လေရာ၊	ဖြစ်လောခြင်္ကမာသည်၊
၇။	ကုစိတ်လေရှိ၊	စေလဲရှိ၊	ရုပ်လဲရှိလေသည်။
၈။	ရှိကုသလံ၊	ရှိရုပ်နာမ်၊	ပြုဟန်သဘောသည်၊

၉။	သဟဇာတတ္ထိ၊	ဧကံ ဆိုတိ၊	မှတ်သိနိုင်ကြသည်။
၁၀။	တူ့ ရှိနှာမ်ရုပ်၊	ကျေးလူးထုတ်၊	အချုပ်သိနိုင်သည်။

၂၁။ ပကိဏ်္ဏကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-ကဏ္ဍာ အတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၂။ ပကိဏ်္ဏကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က-က နတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း

၂၂။ က–က နတ္ထိပစ္စည်း ။ ။ မရှိဘဲ ကျေးဇူးပြုခြင်း သဘောကို နတ္ထိပစ္စည်းဟူ၍ ဒေါ်၏။ မိုးအလင်းရောင် သည် မိုမိချုပ်ငြိမ်းခြင်းဖြင့် အမှောင်ဖြစ်အောင် ကျေးဇူးပြုသကဲ့သို့ နာမ်တရား တစ်ခုသည် မိမိချုပ်ပျောက်ခြင်းဖြင့် နောက်နာမ်တရားတစ်ခု ဖြစ်ပေါ်အောင် ကျေးဇူးပြု၏။ ဤ၌ က-က နတ္ထိ သဘောကို သိအပ်ပေ၏။ က-က နတ္ထိသည် က-က အနန္တရန့် တူလေ၏။

ပဌမကုသိလစိတ်ဖြစ်ရာ၌ ကုသိလဇောသည် (၇)ကြိမ်စောဏ်။ (၇)ကြိမ် ဆက်တိုက်ဖြစ်၏။ ပဌမကုသိလ ဇော ချုပ်ပြီးနောက် အခြားစိတ် မဖြစ်ဘဲ ဒုတိယ ကုသိလဇော ဆက်ဖြစ်၏။ ယင်းကို ပဌမကုသိလဇောသည် ဒုတိယကုသိလဇောအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုရလေ၏။ ဤ၌ နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြု ပုံလည်း ပါဝင်သွားလေ၏။ ပဌမကုသိလဇောသည် မိမိချုပ်ငြိမ်းခြင်းအားဖြင့် ဒုတိယကုသိလဇောကို အခွင့်ပေးသော အားဖြင့် ကျေးဇူးပြု၏။ ဤသို့ နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုပုံကို သိနိုင်ပေ၏။ ယင်းသည် ကုသလော ဝေမ္မာ ကုသလသော ဝေမ္မသော နတ္ထိပစ္စယေန ပစ္စယော ဟူ၍ ဝိဓိပါဠိတော်အဖြစ် နေမည်ဖြစ်၏။ အနုဝါဒပါဠိတော်ကား အနန္တရပစ္စည်း အတိုင်းပင်တည်း။

၂၂။ ပကိဏ်္ဏကို ပဋ္ဌာဝါရ ဝိဘင်္ဂ် က–က နတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း၌ ဆောင်ရန်လက်ကျများ

၁။	နတ္ထိပစ္စယာ၊	အဓိပ္ပါ၊	ကောင်းစွာသိရမည်။
၂။	မရှိလေဘိ၊	ကျေးဇူး၏၊	နတ္ထိခေါ် လေသည်။
၃။	မိုးရောင်အလင်း၊	ကွယ်ပျောက်ခြင်း၊	မှောင်ခြင်းဖြစ်သို့သည်၊
၄။	ရှေ့နာမ်ကွယ်ဘိ၊	နောက်နာမ်ရှိ၊	နတ္ထိပြုလေသည်။
၅။	ကုကု နတ္ထိ၊	အနန်၏၊	တူဘိသိနိုင်သည်။
၆။	ရှေ့ကုဇဝမှန်၊	နောက်ကုထံ၊	အနန်ပြုလေသည်။
၇။	ရှေးကုဇဝပျက်၊	နောက်ကုဆက်၊	ပြုလျက်နေလေသည်။

၈။ နတ္ထိတရား၊ ပြုပုံအား၊ သိငြားနိုင်ကြပြီ။
၉။ ဝိဓိ အနုဝါဒ၊ ပါဠိက၊ နှံ့ရတူလေပြီ။

၂၂။ ပကတ္တိကို ကု-ကု နတ္ထိပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၃။ ပကတ္တိကို ကု-ကု ဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်း

၂၃။ ကု–ကု ဝိဂတ ။ ။ ကင်းကွာ၍ ကျေးဇူးပြုခြင်းသဘောကို ဝိဂတပစ္စည်းဟူ၍ ဆို၏။ နေအလင်းရောင်သည် မိမိကွယ်ပျောက်ခြင်းဖြင့် လအလင်းရောင် ဖြစ်ပေါ်အောင် ကျေးဇူးပြုသကဲ့သို့ နာမ်တရားတစ်ခုသည် မိမိ ကင်းကွာပေးခြင်းဖြင့် နောက်နာမ်တရားတစ်ခု ဖြစ်ပေါ်အောင် ကျေးဇူးပြု၏။ ဤဝိဂတပစ္စည်းကား နတ္ထိပစ္စည်းနှင့် တူလေပြီ။ မရှိတာနှင့် ကင်းကွာတာ ဝေါဟာရသာ ကွဲ၏။ အဓိပ္ပါယ် တူလေပြီ။

၂၃။ ဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၂၄။ ပကုဏ္ဏကို ပဋ္ဌာဝါရ ဝိဘင်္ဂ ကု-ကုဗ္ဗာ အဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်း

၂၄။ ကု–ကုဗ္ဗာ အဝိဂတပစ္စည်း ။ ။ မကင်းမူ၍ ကျေးဇူးပြုခြင်း သဘောကို အဝိဂတပစ္စည်းဟူ၍ ခေါ်၏။ အဝိဂတပစ္စည်းကား အတ္ထိပစ္စည်းနှင့် တူလေ၏။ ရှိသောတရားနှင့် မကင်းသောတရား ငါဟာရသာ ကွဲ၏။ အဓိပ္ပါယ် တူလေပြီ။

အတ္ထိပစ္စည်း ကျေးဇူးပြုပုံမှာ မြေကြီးနှင့် သစ်ပင်တို့သည် ထင်ရှားရှိကြ၏။ ထင်ရှားရှိသော မြေကြီးက ထင်ရှားရှိသော သစ်ပင်တို့ကို ကျေးဇူးပြုသကဲ့သို့ အတ္ထိပစ္စည်း ကျေးဇူးပြုပုံကလည်း ထင်ရှားရှိသော တရားက ထင်ရှားရှိသော နာမ်တရားအား ကျေးဇူးပြုခြင်း ဖြစ်၏။

အဝိဂတပစ္စည်း ကျေးဇူးပြုပုံမှာ မဟာသမုဒ္ဒရာရေနှင့် ငါးစသော ရေသတ္တဝါတို့ မကင်းကွာကြပေ။ မဟာသမုဒ္ဒရာရေသည် ပိပိနှင့် မကင်းမကွာ ရှိနေသော ငါးစသော ရေသတ္တဝါအား ကျေးဇူးပြုသကဲ့သို့ အဝိဂတပစ္စည်း ကျေးဇူးပြုပုံကလည်း မကင်းမကွာ ရှိသောတရားက ပိပိနှင့် မကင်းမကွာ ရှိသောတရားတို့အား ကျေးဇူးပြုခြင်း ဖြစ်လေ၏။

၂၄။ ပကုဏ္ဏကို အဝိဂတပစ္စည်းဖြင့် ဝေဖန်ခြင်း ပြီး၏။

၇။ ပဋ္ဌာန်းကျမ်း ကျိတ္တင်ရပ်နားပြီ။

အဘိဓမ္မာ (၇) ကျမ်းလာ ကိုယ်ကျင့်တရားများ ကျိတ္တင် ရပ်နားပြီ။

၁၃၇၄ - ခုနစ်၊ နှောင်းတန်ခူးလဆန်း ၄-ရက် (၁၄ - ၄ - ၂၀၁၃) တနင်္ဂနွေနေ့ သကြိန်အကျနေ့ ညနေ (၇) နာရီတွင် ပြီးသည်။

ဆရာတော် ၇-နှစ် အဓိဋ္ဌာန်ဝင်စဉ် ဂျေးသာဒုံမြို့စွဲသော

ဓမ္မစေတီတော် ကျမ်းစာအုပ် အလှူရှင်

ဒိတ္ထိလာမြို့နေ

ဦးဒီဒီး + ဒေါ်ပေပေါက်

(ကျန်ဂါ Electronic)

သမီး - မအေး၀ိမ့်၀ိမ့်သူ (ခ) ကျန်းကျူး ၊

သား - မောင်ဟန်မင်းသာ (ခ) ပေါက်ပေါက်

ပိသားစုမှ

သမီး - မအေး၀ိမ့်၀ိမ့်သူ၏ (၁၂)နှစ်ပြည့်

မွေးနေ့အလှူအဖြစ်

အလှူတော်ငွေ ကျပ် ထိန်း (၅၀) လှူဒါန်း၀ါထည်။

နတ်လူသာဓု ခေါ် စေသော် ... ။

(၂၁-၉-၂၀၁၅)

အဘိဓမ္မာသည်
နက်နဲ၏၊ သိမ်မွေ့၏၊ ကျယ်ပြန့်၏။
အတော်အတန်နှင့် နားလည်ရန် မလွယ်ကူပေ။
ထိုသို့သော အဘိဓမ္မာကို
ဤကျမ်းဌ လူအများနားလည်အောင်၊
လွယ်ကူစွာသဘောပေါက်အောင်၊
စိတ်ဝင်စားဖွယ်ဖြစ်အောင်
သုတ္တန်တရား၊ သုတ္တန်ဝတ္ထုကြောင်းများ
မြောက်များစွာတို့ဖြင့်
ပီပီပြင်ပြင် တင်ပြထား၏။